
www.burmeseclassic.com

အတွဲ (၁၇) အမှတ် (၁)

၂၀၁၇ခုနှစ် ဇန်နဝါရီလ

# သရဖူ


မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ





## ဘာသာရေးဆောင်းပါးများ


၅ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
နို့ညှစ်သမား
(ကထာစာပေါင်းသိုက်)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၃ ပရိမိတ္တဇာလသုတ်နှင့်စပ်လျဉ်း၍
**မြဝင်း(ဒဿန)**

၁၆ ဆီးဖြူကုန်းရွာမှစေတီတော်
ဖူးမြော်ရစဉ် ထူးခြားမှုများ
**တင်တင်ဦး(ပေါင်းတည်)**

၂၅ ရွှေကံကူလေပျံသစ်တော်
ရုပ်ရှင်တော်မြတ်
၂၀၁၅ ခုနှစ်
ပုဂံ-ပုပ္ပား-ကျောက်ပန်းတောင်း၊
မြင်းခြံ-အောင်လံ-မကွေး-
ကျောက်ပန်းတောင်းခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**

၃၅ ပြည့်ဝချမ်းသာနတ်မင်းကြီးလေးပါး
ဂါထာတော်နှင့်
လောကနတ်ကိုဆောင်ပါ
**ရောမြေ-ကျော်ဝေ**

၃၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၅)
**ကံဝင်း**

၄၇ သမိုင်းမတွင်သော
ရှေးဟောင်းဘုရားတစ်ဆူ
ညောင်ရမ်းမြို့ဟောင်းမှ
ဇီဝဇိုးစေတီတော်
**မောင်စိမ်းထွေး(ထားဝယ်)**

၅၃ ပုသိမ် မိဂဒါရုံဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၅၇ ရှင်ပညာသာမိရုပ်ခန္ဓာလျောင်းစက်ရာ
တောင်သုံးလုံးရတနာသိဒ္ဓိတောရဂူ
**အောင်သာကျော်**

၆၄ သမ္ဗုဒ္ဓေရှစ်မျိုးကောင်းကျိုးတိုး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၆၅ ဘုန်းကံကြီးမားမင်းကောရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ (၂၄)
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၆၇ ၂၁ ရာစုခေတ်
အံ့ဖွယ်ထူးခြားနီးဘုရား
**အဌမ(မန္တလေး)**

၇၇ အန္တရာယ်မပြု ဂုဏ်လေးခု
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၈၉ မေခ-မလိခ မြစ်ဆုံဒေသရှိ
ထူးခြား၍တန်ခိုးကြီးသော
ဗုဒ္ဓသာသနာငါးထောင်စံစေတီတော်
**အေးလွင်(ကသာ)**

၁၁၀ တရားအားထုတ်တာခက်သလား
**ချစ်ဖို့(မော်ကျွန်း)**

၁၂၅ လွမ်းစရာမြို့စလင်း သို့မဟုတ်
စလင်းရွှေကျောင်းတော်၊
လောကမှန်ကင်းကျောင်းတိုက်ကြီး၊
ရှင်ပင်ကာသိနာရာမ-ရွှေပြည်အေးဘုရား
နဲ့ဗုဒ္ဓဝင်ပန်းချီကားများ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)**

၁၃၇ အနဝတတ်အိုင်လယ်မှ
နတ်မင်းကြီးလေးပါး
စောင့်ရှောက်သော
ဆံတော်ရှင်စေတီတော်
**အောင်ရွှေစိုး**

၁၄၅ အနန္တောအနန္တငါးပါးဂုဏ်တော်ကို
မမေ့မလျော့ နေ့-ညအမြဲ
ရှိခိုးကန်တော့ကြပါလေ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**


## သုတရသဆောင်းပါး


၁၁ ဆင်းရဲခြင်းကိုအလိုရှိသလား
**ချောင်းဆုံအုန်းသွင်**

၂၂ ထွေရာလေးပါး စာနှင့်စကား(၁)
**ညထက်မြင့်**

၇၀ မုံရွာမြို့က (၃၄) ကြိမ်မြောက်
နွားဘေးမဲ့လွှတ်ပွဲတော်ကြီး
**မောင်မောင်ချစ်ဦး(မုံရွာ)**

၇၆ ဓားပြများမဝင်နိုင်သည့်
သမ္ဗုဒ္ဓေခြံကြီး
**ဓာတ်ပုံ-မောင်မောင်အေး**

၁၀၀ အသက် (၁၀၂) နှစ်
ဘွားသက်ရှည်ဒေါ်ချောစိန်
**ဦးစန္ဒိမာ(စထင်း)**

၁၀၂ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၂)
**ပထမံဆရာဦးအေးရွှေ**

၁၀၇ ရာဇဝင်ထဲက ဒလမြို့ဟောင်းနှင့်
ဗညားဦးမင်းကျောက်စာ
**မောင်ရွှေကျေး(တွံတေး)**


www.burmeseclassic.com

www.burmeseclassic.com


၁၂၂ တရားရှုမှတ်လေတိုင်း
အဖေနဲ့ရွာကိုသတိရတယ်
**မောင်မောင်အောင်မင်း(ဒဿနိက)**

၁၆၇ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၇)
**ပန်းချီထွန်းလု**
**(ရှေးဟောင်းသုတေသန)**

၂၀၀ တစ္ဆေမှုဆိုး
**တိုးထက်**

၂၃၅ တတိယကမ္ဘာစစ်ကြီး
ဖြစ်ပွားလာနိုင်သည့်အန္တရာယ်နှင့်
ကိုင်ရီ၏ဟောကိန်းများ
**ဘုန်းမြင့်(ဘူမိ)**

၂၆၀ ကိုလိုနီခေတ်
ဂျူဗလီဟောခန်းမတွင်ပြုလုပ်ခဲ့သော
ပရဟိတကိုးဒါနအလှူပွဲ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၂၆၈ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ (၈၆)
**မောင်သန်းဆွေ(ထားဝယ်)**

၂၈၃ ပြတိုက်မှူး၏သည်းထိတ်ရင်ဖို
**လှမိုး(ပညာရေး)**

၂၉၈ အကြောင်းအရာကိုလိုက်၍
တံဆိပ်ခေါင်းစုဆောင်းခြင်း
**ကြည်လွင်**

၃၄၄ တပ်မတော်၏
အမြှုတေဘိုးအေကြီးများ၊
တိုင်းပြည်၏ကျေးဇူးရှင်ကြီးများ
ရဲဘော်သုံးကျိပ်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

[illegible] ရှေးဟောင်းပစ္စည်းများနှင့်
ထိုက်တန်လျှင်
**စိုးလင်းအောင် (မြန်အောင်)**

[illegible] အဘအောင်မင်းခေါင်သည်
မည်သည့်ဝိဇ္ဇာမျိုးတွင်
ပါဝင်သနည်းနှင့်
ဝိဇ္ဇာတို့အကြောင်း
**မနင်းပွင့်(ပြည်)**

[illegible] ဆင်ဝင်စားသူ
**ရတနာဒေဝီ**

**သုရဋ္ဌတိုင်းရင်းဆေး**

[illegible] ဩဇာစေ့နဲ့သန်း
**နေပြည်တော်ကျော်ကျော်စိုး**

[illegible] မွေးရာသီမှာဖြစ်တတ်သောရောဂါများ
ပြုစုကုသနည်း
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၁၀၉ သွေးဝမ်းသွား၊ ဝမ်းကိုက်၊
ဝမ်းနာအတွက် ထားဝယ်မှိုင်းရွက်
**မိုးနောင်(ကောထောင်း)**

၂၁၃ ပုံးရည်ကြီး
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၂၅၃ ခွေးလေ့ယားစေ့အနက်
ဆေးစွမ်းထက်သည်ဆိုသော်လည်း
**ဉာဏ်လွင်မြင့်**

၂၅၉ ဘယ်လောက်ထိသွေးတိုးနေမှာလဲ
**သန်းလှိုင်ထွဏ်း-အမြင့်**

၂၇၈ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၂)
**ရွှေနဝင်း(ပုသိမ်)**

၂၉၅ နားထဲပိုးကောင်ဝင်ခဲ့ပါက
**နေပြည်တော်ကျော်ကျော်စိုး**

၃၅၆ အသီးအရွက်စားလျှင်
ဝမ်းပျက်တဲ့ကလေးမ
**မကွေးဝင်းမြင့်**

၄၀၃ ပေါင်းကူးမြစ်ဆေးအသုံးပြုနည်း
**နေအောင်ထင်း(စဝ်လ)**

၄၀၇ ပန်းပေါင်းတစ်ထောင်
သိဒ္ဓိဝင်ပျားရည်
**အောင်စကြာ**
**အရှင်သုမေဓာဘိရ**
**အငြိမ်းစားကျန်းမာရေးမှူး**

**သုရဋ္ဌဝတ္ထုတို**

၇၈ သောတာပန်ဆိုတာ
**ရဲမြတ်တင်(အမျိုးသားစာပေဆုရ)**

၁၁၄ ပြကျောက်(၁၁)
**နေပြည်တော်ကျော်ကျော်စိုး**

၁၄၆ ကျည်ဆန်အလွဲမေတ္တာကဲချုပ်
**ခင်(တောင်ကြီး)**

၁၅၈ သာသနာ့ရတနာထိုက်သော
ရွာကလေး
**အောင်မြင့်ထွန်း(မသုံးလုံး)**

၁၇၁ ထုတာချင်းတော့တူသည်
အသံထွက်ချင်းမတူပါ
**ဝင်းမောင်ကျော်**

၁၇၈ ကျားတစ်ကောင်၏နိဂုံး
**ကြည်ပြာမောင်(သဇင်မြေ)**

၁၈၂ တစ်စမှပြန်မရလည်း
စနေရမှာပဲ စနေနေ့ရေ
**မောင်သင်းထုံ(ကျောက်မဲ)**

၁၉၀ ပဟေဠိဆန်သောလူသေမှုများ
**ထွန်းတောက်**

၁၉၈ ဖြစ်ရပ်ချင်းတူပါသော်လည်း
ဆရာစိုးကသာသွားသည့်
မြင်ကွန်းနယ်က ဇာတ်လမ်းတစ်ပုဒ်
**စိုးရာဇာကျော်**

၂၀၂ သွေးကြွေးကလဲ့စားနှင့်လောဘနိဂုံး
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကာစစ(၁၂)၊ ထုံးဘို**

၂၁၄ နတ်သမီးရေအိုင်
**ခင်မမလင်း(ကလော)**

၂၂၄ ကိုယ်တွေ့
**ဇော်ရဲထူး(ညောင်တုန်း)**

၂၂၆ မြွေစောင့်သည့်ဘော်ငွေသိုက်
**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**

၂၃၈ ပတ္တမြားဒေဝီစောမဲကျီရှင်းတမ်း
**မင်းရှိန်အောင်**

၂၅၄ တွင်းအောင်းကျတ်
**မင်းသန့်ကျော်(ဇီးကုန်း)**

၂၆၂ လမိုင်း
**သန့်ဇင်**

၂၇၄ အင္ဂျုတ္တကိုသိသည့်မိုးစက်
**မောင်မောင်သန်းထွန်း**

၂၈၀ ဘဝတစ်ခုကလွတ်မြောက်တဲ့အခါ
**စောမိသွင်(ရန်ကုန်)**

၃၁၀ မော်ဆရာကြီးအယူကင်နှင့်
မော်ဝင်မိကျောင်း
**ခင်မောင်အေး(မန္တလေး)**

၃၂၂ စိတ်လိပ်ပြာနှစ်ကိုယ်ခွဲ
**နိုင်ပြေသိမ်းချစ်**

၃၃၄ ဖိုးသောင်းနှင့်
ကိုးလောင်းကျော် ကျားကြီး
**ချစ်ဆိုင်**

၃၄၀ ကားရှေ့ကဖြတ်ဖြတ်ပြေးနေသော
ကိုရင်လေးအကြောင်း
**ကိုဇော်ဝင်း(လှတော)**

၃၄၆ နဂါးသိုက်စေတီ
နဂါးသိုက်စောင့်
**ထက်ကောင်းလတ်(မင်းဘူး)**

၃၅၈ ရေငုပ်တွင်း(၁)
**ရွှေပြည်စိုး(မိုးကုတ်)**

၃၆၈ မျက်လှည့်ဆရာ၊ လူတစ်ယောက်နှင့်
ခိုဖြူတစ်ကောင်
**ကောင်းသော်**


၃၇၈ ကျားကြီးသောင်းမြင့်နဲ့
ပိုလီယိုအချစ်
**မောင်စိန်ဝင်း(ရွှေမိုးညို)**


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com






၃၀၅ တကယ်ကြုံခဲ့တာပါ
**မြတ်သောင်း(ပဲခူးယ်ကုန်း)**
၄၀၄ လူမစွမ်း၍နတ်မခြင်းလား
**ရေနံ့သာ-ခင်လေး**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၈၆ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၉၀ ဟူးကောင်းကျား
**ဖိုးကျော့**


## သုရဿ ပညာရပ်


၁၇၅ သွပ်ဓာတ်၏ပရိယာယ်နှင့်
သွပ်ဒုက္ခ(၄)
**မင်းချမ်းမြေ့**
၁၈၆ မြန်မာနိုင်ငံတော်ဇာတာနှင့်
၂၀၁၇ ခုနှစ်လျှောက်လမ်း
**မင်းရှိန်အောင်**
၂၁၉ ဝိဇ္ဇာဓရမြန်မာ့အင်္ဂရတ်ပညာ(၇၀)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၂၅၀ မြင်ရတွေ့ရကြုံရဆုံရခြင်းများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၅၈ အရပ်တစ်ပါးသွားသူပြန်လာစေဖို့
ပဋ္ဌာန်းပွတ်ဓာတ်ဆောင်စို့
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၉၇ အလုပ်အတွက်စိတ်မပျက်နှင့်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၀၄ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
**ဘသန်**
၃၁၅ မြန်မာ့ရိုးရာ
အိမ်တစ်လုံးဆောက်လုပ်ခြင်း
**ဦးကြည်ဝင်း(ရွှေစင့်)ချောက်**
၃၂၉ တားရော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**


## သုရဿလက်တွေ့အသုံးချ


၈၈ မည်သည့်ပစ္စည်းမဆို
အရောင်းထွက်လိုပါက
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၁၃ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၂၃၃ သစ်ဝါးများပိုးမထိုးစေရန် ပြုလုပ်နည်း
**နေပြည်တော်ကျော်ကျော်စိုး**
၃၀၃ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၂၁ ဈေးခေါ်လာဘ်ခေါ်ကောင်းလိုသော်
**ဆရာဦးစိန်လှိုင်**
**(ကျိုက်လတ်)**
၃၃၉ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၃၈၆ မဟာပုရိသလက္ခဏာတော်အင်းဖြင့်
သိဒ္ဓိမျိုးစုံယူလိုလျှင်
**ဘုန်းခေါင်**
၃၇၉ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ မကာရရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၄၀၉ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၁၁ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၁၈ မိဘများအတွက်သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၂၃ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနှစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
[illegible]

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
ဒီမွန်ထွန်း၊ နှင်းသန္တာကျော်၊
သန်းထွန်းမြင့်။
**ရုံးအဖွဲ့**
အေးအေးစန်း၊ စုမွန်၊ ထွေးစန္ဒာ
စုစုဝင်း၊ နန်း ဖြိုးရတနာ၊ ယုယုထွေး
**မြန်မာ့ခရီးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
[illegible]

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**မျှဝေသား**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသာ**-ဂဂ်နေဒီ၊ မီလျံမျာ
**ပဲခူး**- သခင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားမြန်မာ့ဈေး ( ၃000 ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

▫ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ
ဝတ္တုနိ၊
ဇတ္တေ တမ္ပိ ရာသိ ဇကော၊ ဇကေ
ကော ဓမ္မာဘိသယော။ ။

မမသန္တိကေ - ငါ့ဆီဝယ်. . .၊
တက္ကဝစရ ဝတ္တုနိ - တွေးမိတွေး
ရာ ရေးစရာအကြောင်းတို့သည်ကား
. . .၊
ဗဟုလ္လာ - စာပေါင်းသိုက်အလား
များမှများ။
ဇတ္တ - ဤစာပေါင်းသိုက်ထဲ၌

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

# နိုးညွှန့်သမား

(ကထာစာပေါင်းသိုက်)



www.burmeseclassic.com

. . . ၊

**တေမွိ** - နွားနို့ညှစ်စား နို့ညှစ်သမား စကားလုံးလေးကလည်း၊ **ဧကော ရာသိ** - တရားအုပ်စု တစ်ခုဖွဲ့လောက်သော စကားလုံးလေး။

**ဧကောကော ဓမ္မာဘိသယော** - တစ်ခုပေါ် တစ်ခုနင်း တရားသဘင် အခင်းအကျင်း. . . ။

**၁ နွားမကြီးက သားသံယောဇဉ်အကြီးသား**

အားလုံး မြင်တွေ့ဖူးကြပြီးသား . . . ။ နွားမကြီး သားအမိ။

နွားသားငယ်လေးသည် သူနို့ဆာဆာသလို အတင်းခုရှိ နို့အုံကြီးသို့ ပြေးစို့လေးရှိ၏။ နို့တံတစ်ခုက နို့မလိုက်လျှင် တစ်ခုပြောင်းစို့ ၏။ နို့တံများက နို့လိုက်အားနည်းနေက ဆောင့်စို့သေး၏။ နွားမကြီးကား သားဘာလုပ်လုပ်ဝှေ့တုတ်လေ့မရှိ။ ဆောင့်၍ နာသည်လည်း မပြော။ သည်လောက်ဆို တော်တော့လည်းမဆို။ ပြောမလွတ်၊ ဆိုမလွတ်သည့်ပြင် ထိုနွားမကြီးက နို့စို့နေသည့် သားငယ်လေးအား ငုံ့ငဲ့၍ပင် လျှာဖြင့်လျက်ပေးနေသေး၏။ သား စိတ်တိုင်းကျ နို့စို့ရန် ငြိမ်၍လည်း ပေးနေသေး၏။

နွားမကြီးက သားအား သည်လောက်အထိ သံယောဇဉ်များ၏။


ထိုစဉ် . . . နို့စားလို၍ မွေးထားသောနွားပိုင်ရှင်၏အခန်းက ပေါ်လာပြီ။ နွားပိုင်ရှင်သည် နို့စားနွားမကြီးကျွေးထားမွေးထားကတည်းက. . . နို့စားရန် အကြံလည်းပါ၏။ ပို/ရောင်းစားရန် အထိ အကြံပါ၏။ တစ်ဖန် နို့လည်းစားမျိုးလည်းတိုးပွားရန် အကြံလည်းပါ၏။ နို့စားနွားမအုပ်ကြီးအထိ စိတ်ကူးရှိ၏။

သို့ဖြင့် နွားမနှင့်သား တစ်ပတ်အထိ လိုသလိုစို့ခွင့်ပေးထားခဲ့၏။ ယခုသော် နွားသားလေးလည်း အားရှိလာပြီ။ နို့လိုက်ကလည်း မှန်လာပြီဖြစ်ရာ . . . . မူလရည်ရွယ်ရင်းထားအတိုင်း နို့ညှစ်ရန် ပြင်ဆင်တော့သည်။

နွားမကြီး မလှုပ်သာ၊ မရမ်းသာရန် နှစ်ဖက်တန်းလည်း ပြုလုပ်၏။

နွားမကြီး မကန်နိုင်ရန် ခြေတစ်ဖက်ချည်ကြိုးလည်း ပြုလုပ်၏။

ပြီးသည်နှင့် နက်ဖြန်တော့ဖြင့် နို့ညှစ်ရတော့မည် ထိုင်စိတ်ကူးနေမိ၏။ နွားမကြီးနို့အုံ လှမ်းကြည့်၍လည်း အားရနေ၏။ နွားသားလေး၏ အားမာန်ပါပါ နို့စို့နေပုံကြည့်၍လည်း အားရနေ၏။ နို့ညှစ်ခြံ အပြင်အဆင်ကြည့်၍လည်း အားရနေ၏။ နို့ညှစ်ခွက်ကြည့်၍လည်း အားရနေ၏။ အင်း. . . နက်ဖြန်ဆို နို့သောက်ရတော့မှာပါလား. . . ။





www.burmeseclassic.com

www.burmeseclassic.com

□ နွားသားအမိကြားက နို့ညှစ်သမား

နွားရှင်သည် ယမန်နေ့ တစ်နေ့ကုန် မြက်ပေါ်ရာ မြက်တောကြားဝယ် နွားမကြီးကို ဝဝစားစေကာ နို့ထွက်သန်စေရန် စီမံထိန်းကျောင်းထား၏။ သားကိုလည်း တစ်နေ့ကုန် ကြိုက်သလောက် စို့ခွင့်ပေး၏။ အိမ်ရောက်ချိန်တွင်ကား တစ်ညလုံးလုံး နွားမကြီးကိုလည်း တစ်နေရာ တိုင်တစ်တိုင်၌ ချည်နှောင်ထားလိုက်ပြီ။ နွားသားလေးကိုလည်း တစ်နေရာ တိုင်တစ်တိုင်၌ ခွဲ၍ ချည်နှောင်ထားလိုက်ပြီ။

သို့ဖြင့် နံနက်အလင်းထွက် နေတက်ချိန်ပင် တိုင်ခဲ့ပြီ။

နွားသားလေးကလည်း နို့ဆာလွန်းလှသဖြင့် တပူးပူး တပဲပဲ. . .။

နွားမကြီးကလည်း ဖောင်းကားနို့စို့စေလိုသဖြင့် တဟူးဟူး တဘဲဘဲ. . .။

ပိုင်ရှင်ကား စိတ်ကူးယဉ်ယဉ်နှင့် ကြမ်းပြင်၌ ရေနွေးသောက်ကောင်းတုန်း။ နွားလွှတ်ချိန်မရောက်မီ ထိုပိုင်ရှင် နို့ညှစ်ယူလိုက်ရပါတော့မည်။ သို့ကြောင့် ပိုင်ရှင်သည် ထည့်ခွက်နှင့် ညှစ်ခွက် ထပ်ထည့်လျက်က လက်သုတ်ပိုင်းစလေး ခါးညှပ်ကာ အိမ်မှဆင်းလာခဲ့ပါပြီ။ ပြီးသော် . . . နွားမကြီးကို တိုင်မှဖြုတ်၍ ညှစ်ခြံတွင်းသွင်းပေးလိုက်၏။ ခြေထိန်းကြိုးဖြင့်လည်းချည်လိုက်၏။ နွားမကြီး နေသားကျသည်နှင့် နို့ညှစ်ယူတော့သည်။

သို့သော် . . . နွားမကြီး နို့မချအောင့်ထားတာလည်း ပါ၏။ မိမိဘက်က ညှစ်အားမသန်တာလည်း ပါမည်ထင်၏။ သုံး၊ လေးညှစ်စာအရောက် နို့တစ်ပေါက်မှကျမလာ။ သည်ကြားထဲ နွားလေးကလည်း အဝေးကနေ တပဲပဲ အော်မြည်နေသေး၏။ နွားမကြီးကလည်း နွားကလေးဘက် လှည့်ကြည့်နေ . . .။ သို့ကြောင့် နွားကလေးကို တိုင်မှ ကြိုးတန်းလန်းဖြင့် လွှတ်ပေးလိုက်ရ၏။ နွားကလေးကလည်း တစ်ဟုန်ထိုးပြေး၍ [illegible]အားကြီးဆောင့်စို့လိုက်သည်။ နွားမကြီးကလည်း အောင့်ထားသောနို့ချပေးလိုက်ပြီ။ ထိုစဉ် . . .

ပိုင်ရှင်သည် နွားကလေးကို ဆောင့်ဆွဲဆွဲကာ သူ့တိုင်သူ ပြန်ချည်ထားလိုက်သည်။ ဖောင်းကားနေသောနို့[illegible]ကို ဆွဲဖျစ်ဖျစ်ရင်း ညှစ်ယူနေပြန်[illegible] ကြောပါ . . . လေး၊ ငါးညှစ်စာနောက် နို့ပေါက် ပြန်ပိတ်သွားချေပြီ။ သို့ကြောင့် တစ်ဖန် နို့ချူ နို့မြူ သဘောဖြင့် နွားကလေးအား ချည်တိုင်မှနေ ကြိုးတန်းလန်းဖြင့် လွှတ်ပေးကာ နို့စို့စေရပါသည်။ သည်သို့ နွားမကြီးနှင့် နွားသားလေးတို့ နို့ပေးနို့ယူ ကြည်ဖြူနေရာအကြား နို့ညှစ်သမားက ကြားဝင်၍ နွားမွေးရကျိုး ကျွေးရကျိုး အဖိုးအခ အဖြစ် နို့ညှစ်ယူရရာ . . .

နို့ညှစ်သမား၏ခွက်၌ နို့ထွက်သလောက် နို့စက်ရည်များ ကျမလာကြပါ။

နွားငယ်လေး၏ ဝမ်း၌လည်း နို့ထွက်သလောက် နို့စက်ရည်များ ဝင်မသွားကြပါ။

နွားမကြီး၏ကိုယ်၌လည်း နို့ထွက်သလောက် နို့စက်ရည်များလျှံကျမလာပါ။

နို့သည် မိခင်မေတ္တာကြောင့် သွေးမှနေ ပြောင်းလဲလာရသောအရာဖြစ်၏။ နို့သည် စို့မည့်သူ သားငယ်မရှိက ထွက်လာရိုး မရှိချေ။

□ နွားနှင့်ပိုင်ရှင်

နွားသည် ဓာတ်သက်မှဆင်းသက်လာသည့် သဘာဝသားကောင်။

သူ၏ မူလဖြစ်စဉ်သည် ဓာတ်လေးပါးကိုမှီ၍ ဖြစ်တည်လာပြီး . . .

ရေ၊ မြေက မ,ဓာတ် သန္ဓေခံနေရာက တာဝန်ယူ၍ . . .၊

လေ၊ မီးက ဖို,ဓာတ် သန္ဓေပေးနေရာက တာဝန်ယူ၍ . . .၊

ထိုအတွဲကြား စွတ်စိုပူအိုက်ခြင်း ဥတုခိုးက အောင်သွယ်အဖြစ် တာဝန်ယူကာ . . . သူ့ကိုမွေးဖွားပေးခဲ့၏။ မြေဓာတ်အမာခံထား၍ နွားအဖြစ်ထင်ရှားလာ၏။

နွားသည် . . . ဝိညာဉ်မဲ့ဓာတ်မှလာ၍ မသိရာမှလာသောနွား။

နွားသည် . . . အကုသိုလ် ကြိုးကိုင်ဖြင့် ကျက်စားခွင့်ရ၍ မသိရာပြန်ရမည့်နွား။

လူသည်လည်း ဓာတ်မှဆင်းသက်လာသော သဘာဝ သားကောင်တစ်မျိုးပင်။ သို့တစေလည်း လူ၌ မြေသန့်၊ ရေသန့်၊ လေ၊ မီးသန့်ရာတို့အကြားမှ မွေးဖွားခွင့်ရလာခဲ့ခြင်းကြောင့် ဘူတရုပ်အမျိုးအစား သတ္တဝါများထဲတွင် သွေး၊ သည်းခြေ၊ လေ၊ သလိပ် သန့်ရှင်းနေ၏။ သန့်ရှင်းသည့်အလျောက် ဆင်ခြင်ဉာဏ်လည်းပါ၏။ အမြော်အမြင်လည်းပါ၏။ တီထွင်မှုကိုလည်းပြုနိုင်စွမ်းရှိ၏။ သို့ဖြစ်ရာ ထိုလူသား သဒ္ဓါ၊ သတိ အစထားသော ကြိုးကိုင်ကောင်းများ လက်ဝယ်ရှိနေပြီး အရာရာ လူကသာ ဦးဆောင်နေပေ၏။

ယခင်ပင်ကြည့် . . .။ နွားသည် သဘာဝဓာတ်ကောင်ဖြစ်သော်မှ လူ့ခြံထဲမှထွက်ခဲ့ရ၍ လူပိုင်သောနွား ဖြစ်သွားရရှာပြီ။ သို့ကြောင့် ဘာမဆို လူ့အလိုလိုက်ရတော့မည် . . . ထိုနွား။

ထိုစဉ် . . . ညဦးကတည်းက တစ်နေရာစီ တိုင်ချည်အထားခံရသော နွားသားအမိတို့ နံနက်ခင်းရောက်သည်နှင့် တိုင်မှနေ ညှစ်ခြံဆီ ဆွဲခေါ် လာ၏။ နွားမကြီးကလည်း သခင်ခေါ် ရာနောက် အလိုက်သင့် လိုက်ခဲ့ပါ၏။ တစ်ဖန် သခင်က နွားမကြီးအား ညှစ်ခြံထဲဝယ် နေသားတကျ နေရာချပေး၏။ နွားမကြီးကလည်း သခင်ထားသလိုပင် နေပေးရှာပါ၏။ တစ်ဖန် နို့ဆာလွန်း၍ အော်နေသောနွားကလေးကို သခင်က နွားမကြီးဆီ ပို့ပေး၏။ နွားကလေးကလည်း သခင်အခွင့်ပေး အပြေးလေးသွားစို့နေပါ၏။

ထိုစဉ် နွားကလေးအား ဆောင့်ဆွဲဆွဲ၍ တစ်နေရာသို့ သွားချည်ထားပြီး နွားမကြီး၏နို့သခင်က ခွက်ခံကာ ညှစ်စို့စို့သောအခါ ထိုနွားမကြီး သခင့်အလိုနောက်လိုက်မလျှောက်တော့ပါ။ ဘာ့ကြောင့်. . . နွားနို့သည် နွားစို့ရန်အတွက် သက်သက်ပေါ် ထွက်လာသည့် အဖြစ်ကြောင့်။

နွားနို့သည် နွားမှနွား နွားမှနွား မျိုးစဉ်နွယ်ဖွားထားရာ၏ အသက်။

နွားနို့သည် မိခင်၏ သားအပေါ် မေတ္တာထားရာမှ ပေါ်ထွန်းလာသော အချက်။ ယင်းကို လူက ပိုင်ရှင်နေရာကနေ ကြားဝင်ညှစ်သော့အခါ ထိုနွားမကြီး မည်သို့မျှ လူ့အား သားကဲ့သို့ မေတ္တာသက်ဝင်လိမ့်မည်မဟုတ်ချေ။

နွားကနေနွား နွားကနေနွား လူသည် နွားနှင့်ကား တခြား။

အရာရာ လူကသာ ဦးဆောင်သွား နွားသည် လူနှင့် မကင်းတရား။

သို့ဖြင့် လူနှင့်နွားတို့အကြား နို့စို့နှင့် နို့စား တရားဖြစ်လာကြပြီ။ ယင်းကို သင့်အသိဉာဏ်ဖြင့် ဝေဖန်၍ နွားမှန်သည်၊ လူမှန်သည် ဆုံးဖြတ်ကြည့်ပါ။

နွားနို့သည် သူ့သားလေးစို့ရန် ကံက စီမံလိုက်သလား။

နွားနို့သည် ပိုင်ရှင်ညှစ်စားရန်

www.burmeseclassic.com

www.burmeseclassic.com

ကံက စီမံလိုက်သလား။

အကယ်တိတိ . . . သင်က နွားမကြီးနဲ့ နွားလေးအတွက်ပဲဖြစ်သင့်တာပေါ့ ဆုံးဖြတ်ခဲ့သော် . . . ထိုနွားမကြီး သူ့ခြံတွင်းတိုး နွားမျိုးရိုးမှ ပေါက်ဖွားလာသည်ကို သတိပြုပါ။ ထိုနွားမကြီး သူနှင့် (သခင်နှင့်) ယဉ်ပါးနေသည်ကိုလည်း သတိပြုပါ။ ထိုနွားမကြီး သခင်ရှာဖွေကျွေးခဲ့သမျှ မြက် နှစ်သက်စွာခံစားခဲ့သည်ကိုလည်း သတိပြုပါ။ ထိုအချက်တို့ကို ထည့်တွက်၍ ဆုံးဖြတ်ရသော် . . .

ကံသည် သခင်နှင့် နွားကိုလည်း ဖက်စပ်ကျိုးတူအဖြစ် စီမံပေး၏။ တစ်ဖန် . . .

ကံသည် နွားနှင့်သားကိုလည်း ဖက်စပ်ကျိုးတူအဖြစ် စီမံပေးထား၏။

သို့မဟုတ် နွားမကြီးအား လူလည်းပိုင်စေ သားလည်းဆိုင်စေ အမိန့်ချလိုက်သည်။

သို့ဆိုသော် . . . နွားမကြီး၏နို့ကို သားလည်းစို့ထိုက်၏။ လူလည်း ညှစ်ထိုက်၏။ ဤအဖြေဖြင့်သာ ဤအငြင်းပွားမှုကို ဖယ်ရှားရပါတော့သည်။

❑ နွားလျှင်ပိုင်ရှင် ထိုသည့်သင်ကား

အထက်ပါ ပိုင်ရှင်နှင့် နွားသားအမိတို့သည် . . . သင့်ထံရှိ အာရုံများနှင့် တစ်ဖက်စိတ်ခံစားခြင်းကိုလည်း ရည်ညွှန်း၏။ တစ်ဖန် သင့်ဘဝနှင့် သင့်ဘာဝနာ အပေးအယူလုပ်ရာ၌လည်း ရည်ညွှန်း၏။ ထိုစဉ် . . .

လူ့ဘဝဖြစ်စဉ်က ဓာတ်ကောင် သို့ကြောင့် နွား။

လူ့ခန္ဓာစုကား ကုသိုလ်နွယ် သို့ကြောင့် နွားပိုင်ရှင်။

သင့်အာရုံကို တစ်ဖက်တို့က လာရောက်စို့ခြင်းကား နွားသားငယ်လေးများ။

သို့ဖြင့် . . . လူ့ထံရှိ သို့မဟုတ် သင့်ထံ၌လည်းကောင်း၊ ငါ့ထံ၌လည်းကောင်း၊ အများထံ၌လည်းကောင်းရှိကြလေသော ဖြစ်စဉ်နှင့် ခန္ဓာစုတို့သည် မွေးသည်မှ ကာလသားသမီးတိုင်အောင်လည်း နွားမကြီးနှင့်နွား အပြန်အလှန် အခင်ထား အပေးအယူလုပ်စားနေသည်က များ၏။ တစ်ဖန် အိမ်တောင်သားကျ လူလတ်အရွယ်များ၌လည်း . . . ကာမပိုင်က သူလိုသလိုကိုင် ထိုင်အစို့ခံနေကြရ၏။ မပိုင်သူများကလည်း မိရာစို့ သွားရင်းလာရင်း တို့သွားကြသည်ကိုလည်း ခံနေကြရ၏။ ကံအားကျ၍ ဉာဏ်အားပြဆဲ အသက်-၅၀အရွယ်တိုင်အောင်လည်း ပိုင်သူကလည်း မကိုင်တစ်ချက်ကိုင်တစ်ချက်ဖြင့် လက်ဆက်မြဲ လက်ဆက်။ တစ်ဖန် မပိုင်သူများကလည်း အဝေးအနီးကလှည့်မိရာ ထိပါနေကြဆဲ။

သို့ဖြင့် . . . အဆင်း၊ အသံ စသည်တို့၏ ချစ်ချင့်စဖွယ် ကာလသား၊ ကာလသမီးအရွယ်များမှသည် အရွယ်များ၏ မကျမီတဲတဲအလို ငါးဆယ်အရွယ်သို့တိုင် ကိုယ့်မှာရှိ အဆင်း၊ အသံ စသည် နို့ငါးတန်တို့ကို အများတကာတို့သည် မမြင်လိုက်နှင့် မြင်လိုက်သည်နှင့် အငမ်းမရ လုယက်စို့ကြကုန်၏။ မကြားလိုက်နှင့် ကြားလိုက်သည်နှင့် အငမ်းမရ လုယက်စို့ကြကုန်၏။ အချို့ နို့ရင်းအထိလိုက်၍စို့၊ အချို့ အဖျားကနေစို့။

ထိုအတောအတွင်း အိပ်ချိန်ကလွဲ၍ အစို့မခံရသောအချိန်မရှိခဲ့။ သည့်အတူ ကိုယ်ကိုယ်တိုင်ကလည်း ကိုယ့်ထံရှိ မျက်စိ စသည်တို့မှနေ၍ သူ့ကိုယ်လုံးဆိုသော နို့အုံကြီးရှိ သူ့အဆင်း၊ သူ့အသံ စသည့် နို့ငါးတန်တို့ကို ကိုယ့်ရှေ့ဖြတ်အလျှောက် တစ်ယောက်မှ အလစ် မပေးခဲ့။ သူ့မမြင်ရ သူ့အသံလေးကြားရုံမျှဖြင့်လည်း စို့ဖြစ်အောင်စို့လိုက်သေး။ ဖက်လှဲတကင်း နမ်းခွင့်မရ သူ့အနံ့လေးနံရုံမျှဖြင့်လည်း စို့ဖြစ်အောင် စို့လွတ်လိုက်သေး။ သွေးလိုက်ရာထိခွင့်မရ သူ့ကိုယ်တစ်နေရာ ထိရုံမျှဖြင့်လည်း စို့ဖြစ်အောင် စို့လိုက်သေး။

သူ့နို့ငါးခု တစ်ခုခုနှင့်မှ စို့ခွင့်မရချိန် . . . ငါသည် စွဲထင်ကျန်နေခဲ့သော သူ့ပုံရိပ်လေးများကို စမြုံ့ပြန်နေတတ်သေး။ ယင်းကား . . . တစ်ယောက်တည်းကိုမဟုတ်။ တွေ့မိသလောက် အယောက်ယောက်။ တစ်ခါတည်းလည်းမဟုတ်။ တွေ့ခွင့်သာ အခါခါ . . . ။ ဤအတိုင်းဖြင့် သင်သည် လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများတို့သည် လည်းကောင်း ဓာတ်သွေးဆာ ဓာတ်စာဖြည့် သူ့ကိုယ်လှည့် ကိုယ့်သူလှည့် ယနေ့တိုင်အောင်ရှိခဲ့ပြီ။ ထိုစဉ် . . .

အဆင်းကို အဝတ်အစား စသည်များဖြင့် လှပစွာဝတ်ဆင်ပေးထားတာ သူများကြည့်ဖို့။

အသံကို အချိုသာဆုံးဖြင့် သာယာစွာပြောဆိုပေးထားတာ သူများနားထောင်ဖို့။

အနံ့ကို အမွှေးကြိုင်ဆုံးနံ့သာများဖြင့် သင်းပျံ့စွာ ဆွတ်လူးပေးထားတာ သူများနမ်းဖို့ . . . ။ စျေးဗန်းတင် အပြင်အဆင်ကောင်း တောင်းထဲကပစ္စည်း ထုတ်ပြနေစရာမလို။

ယနေ့သော် တစ်ယောက်၏အပေါ် သူ့ဆိုသူမှပင်ဖြင့် ကျော်ဝင်မိခဲ့သောကြောင့် သို့မဟုတ် မည်သူ့ကိုမျှ တော်မကောက် တစ်ယောက်တည်း နေရင်းကပင် အထဲကြေ ကြေနေသောကြောင့် . . .

အဆင်းကလည်း စို့ဒဏ်ထိ ရိလာနေသဖြင့် နို့ထွက်မကောင်းတော့။

အသံကလည်း အပူလောင် ခြောက်လာနေသဖြင့် နို့ထွက်မကောင်းတော့။

အနံ့ကလည်း အပူ၊ အပုပ်ဆန်နံလာနေသဖြင့် နို့ထွက်မကောင်းတော့။

အတွေ့ကလည်း သွေးမြူ၊ သားလျော့ ပျော့လာနေသဖြင့် နို့ထွက်မကောင်းတော့။

အတွေ့ကပါသော အရသာကလည်း အဆီခန်း ကြမ်းလာနေသဖြင့် နို့ထွက်မလှတော့။ သို့ကြောင့် သည်အချိန် . . . စို့သူမျှော် အဖော်ရှာနေရသော သည်အချိန် . . . ။

❑ စားမြုံ့ပြန် တန်ပါတော့

ဘာဝနာသည် ဘာဝနာသူများအားထားရာ ထွက်ပေါက်တစ်ခု . . . ။

သို့ဖြစ်ရာ . . . အချို့ လေ့လှော်ရင်း တက်ကျိုးပမာ ငယ်ငယ်နှင့်ပင် ဘာဝနာခဲ့ကြရပါသည်။ အချို့ ကြီးတောင့်ကြီးမားကျခါမှ အိုစာနာကယ်သဖြင့် ဘာဝနာနှင့် ကြုံကြ၏။ မည်သို့ဆိုစေ အာရုံနှင့် အာရုံခံနှစ်ဖက်အကြား ဘာဝနာကား နွားနို့ညှစ်သမား။ သို့မဟုတ် သူစို့ ကိုယ်စို့ လုစို့ရာအကြား ဘာဝနာကား နွားနို့ညှစ်သမား . . . ။

ပုထုဇဉ်သည် ကာမအာရုံတွေ့ မမွှအာရုံ မေ့တတ်၏။

ပုထုဇဉ်သည် ကာမအာရုံကသာ ခေါ် တော်ပြီမရှိတတ်။

ထိုပုထုဇဉ်သည် ကံပြုစဉ်ကပင် ကာမအာရုံ၌သာ ကျက်စားစေသော ကာမာဝစရကုသိုလ်ဖြင့်သာ ပွဲဝင်ခဲ့ခြင်းကြောင့်။

ဤပုထုဇဉ် အာရုံချင်း လွန်းဝင်ခွင့်ရလျှင် လွန်းတင်။ မရခဲ့သော် အာရုံဟောင်း ပြန်လုပ်နှ အတွေးဖြင့်လူးနေမည်ကား အမှန်။ ယင်းကို အဘိဓာတ် ကုသိုလ်ပြုစဉ်က ပိုင်ရှင်နောက်ကနေ

www.burmeseclassic.com

သည့် စေတနာသည် လူ့ဘဝလာရကျိုး နပ်စေရန် ဘာဝနာဖြင့် တစ်ဖက်လှည့် စီမံရပါတော့မည်။

လူ့အဆင့်မြှင့်တင်လိုလျှင် အာရုံနှင့် အာရုံခံအကြား ဘာဝနာဖြင့်ညှစ်ယူထား။

ဘဝအနာ ကာမဆေးဖြင့် ဖာထေး မရသော် အာရုံနှင့်အာရုံခံအကြား ဘာဝနာဖြင့်ညှစ်ယူထား။

သို့ဖြင့် . . . ကြီးတောင့်ကြီးမား ကာမပုံ စားမြုံ့ပြန်နေသူများ၊ လှေလှော်ရင်း တက်ကျိုး ငယ်ငယ်လေးနှင့် လောကစံဆိုး တိုးမိနေသူများ. . . သည်မှာလာကြ ဓမ္မအာရုံစား သတိအထွတ်တပ်ထားသည့် အားငါးချက် လက်ငါးချောင်းတို့ဖြင့် ညှစ်ယူစားသုံးရအောင် ဓမ္မရိပ်သာ။

ဗိုလ်ငါးပါး အားငါးချက်သည် နှို့ညှစ်စရာလက်။

ပီတိ သုခတို့ အရည်လှည့်နေသော ဓမ္မသတ္တိသည် နို့။

သို့ဖြင့် ဓမ္မနို့အုံကြီးပေါ် ရှိ အဆင်း၊ အသံ စသည်တို့၏ ဓမ္မသတ္တိများကို သတိစသည့် ဗိုလ်ငါးပါးတို့ဖြင့် ဖမ်းညှစ်ယူနေကြရာ. . . အုံရင်းနို့ဖောဌဗ္ဗအတွေ့၏ အညှာမှနေ ဝင်သည်၊ ထွက်ပြီတို့ဖြင့် မှတ်ချက်ယူလိုက်သည်နှင့် ကိုယ့်ထံရှိ ကာမစိတ်သည် သူသွားနေကျ ကာမအာရုံသို့သာ ပြေးတော့၏။ သူ့ထံနေ အဆင်း စသည့် ကာမအာရုံတို့သည် အတွေးမှနေ အသံပေး ပြေးခဲ့ခေါ်နေကြသည်။ နို့ညှစ်သမား သူ့ခွက်ထဲ နို့စားရလိုက်။

တစ်ဖန် . . . အတွေး တွေးသည် တွေးသည်ဖြင့် အာရုံသွားရာ၌ လိုက်ညှစ်ပြန်ရာ ကိုယ့်ထံရှိ ကာမစိတ်သည် သူသွားနေကျ ပြင်ပအာရုံသို့သာ ပြေးဝင်သွားတော့၏။ ပြင်ပနေ အသံဗလံသည်များကလည်း အတွေးဖြင့် အသံပေး ပြေးခေါ်နေကြ၏။အင်း. . . သည်တစ်ခါလည်း နို့ညှစ်သမား ခွက်ထဲ နို့စားရလိုက်။

တစ်ဖန် . . . အကြား ကြားသည် ကြားသည်ဖြင့် အာရုံထားရာ၌ လိုက်ညှစ်ပြန်ရာ . . . ကိုယ့်ထံနေ ကာမစိတ်သည် သူလိုရာမရသဖြင့် ဒုက္ခကြားသွား ရပြန်ပါသည်။ ကိုယ့်ထံရှိ ဒုက္ခဝေဒနာများကလည်း အတွေ့ဖြင့် အသံပေး ခေါ်နေသေး၏။ အင်း. . . နို့ညှစ်သမား နာဝအတွေ့ကနေ ညှစ်မဟဲ့ စောင့်စားနေမိခဲ့သဖြင့် သူ့လက်ထဲက ခွက် နို့တစ်စက်မှ မတက်။

ဤ၌ တရား ၆ - ရိပ်သာသည် နို့ညှစ်ခြံ။

ခန္ဓာ့ဖြစ်စဉ်ကြီးထဲမှ ဖြစ်၊ ပျက် အာရုံသည် ချည်တိုင်။

လူ့ဘဝ အရယူပေးသောက်သည် နွားမကြီးပိုင်ရှင်။

ခန္ဓာ့ဖြစ်စဉ်ထဲက ရှုကွက်သည် နို့ခံခွက်။

သတိဦးစီးသော ဗိုလ်ငါးပါးသည် နို့ညှစ်သောလက်။

အင်း . . . သည်နေ့ တိုင်ချိန် (စကြံချိန်) များအားလုံး နွားမကြီး နို့မချသဖြင့် ယောဂီ၏ခွက်ထဲ နို့စားနည်းနည်းဖြင့် ပွဲသိမ်းခဲ့ရပြီ။ နောက်ရက်ကျသည်နွားမကြီး နို့ချတန် ကောင်းပါရဲ့။

သို့ဖြင့် ရိပ်သာခြံကြီးထဲသွင်း၍ ကိုယ်ခန္ဓာမှ ဓမ္မနို့ ညှစ်ယူဖို့ကြိုးစားခဲ့ရာ . . . ရက်အားဖြင့် ခုနစ်ရက်တစ်ပတ်ရှိခဲ့ပြီ။ နာရီအားဖြင့်လည်း ၁၆၈ - နာရီတိုင်ခဲ့ပြီ။ သို့တိုင်လည်း ခန္ဓာသည် သူ့၌ရှိ အာရုံများကို ကာမကျက်စားလိုသူများဘက် ထွက်ပြနေသည်။ ကာမရှာဖွေရေးသမားများကလည်း ခန္ဓာ့အာရုံဆီ ဦးတည်ဝင်ထွက်ကျက်စားလျက်။ သည်သို့ သူ့အတွဲ့နှင့် သူ့အာရုံတို့အကြား နို့ညှစ်စားရသူများအဖို့ "ငါတပည့် ရွှေကျင်မလား၊ နွားနို့ညှစ်မလား"သည်သို့သာ ဆရာက မေးခဲ့ပါသော် . . . ချက်ချင်းမဆိုင်း အရင်းအတိုင်းပင် "ဆရာ ကျွန်ုပ်ကို ရွှေကျင်ဘက်ပို့ပေးပါ" ဖြေမိမှာ သေချာ၏။

ထိုစဉ် . . . ဆရာ့စကား တိုးတိုးသာသာ နားထဲဝင်နေပါသည်။

"တပည့်တို့ အဆန်သည် အစုန်မဟုတ်။ သို့ကြောင့် အစုန်လို မကျင့်ကြနှင့်။ အစုန်က မျှောလိုက်အကျင့်။ အဆန်က အင်အားသုံးအကျင့်။

ယုံကြည်ချက် အင်အားသတ္တိကလည်း အားကောင်းမောင်းသန်မှ ဆန်ခွင့်ရကြမည်။

ရဲတင်းခြင်း အင်အားသတ္တိကလည်း သေရဲ၊ သတ်ရဲဖြင့် ကြွေးသံပေးနိုင်မှ . . .။

ရှုမှတ်ခြင်း အင်အားသတ္တိကလည်း ဝီရိယနောက်ကနေ ထိုးဖောက်ဝင်နိုင်မှ . . .။

စိတ်တည်ခြင်း အင်အားသတ္တိကလည်း ရှုကွက်နှင့် အမှတ် ကပ်နေအောင်ထားတတ် . . .။

ဖြစ်၊ ပျက်မြင် အင်အားသတ္တိကလည်း အရှိနှင့်အသိ တည့်တည့်မိသိနေပါမှ. . .

ဆယ်ချက်လှော် - လှေတော်တစ်ပေနှုန်းဖြင့် ဆန်ခွင့်ရကြမည်။"

ဤဆရာ့စကား စိတ်နားထဲကြားယောင်လာသောအခါ . . . သူမပေးသောနို့ ငါမစားရသည်မှာ ငါညှံ့နေလို့သာ. . . အဖြေပေါ်လာ၏။

ကာမကုသိုလ်က ဖွဲ့စည်းထားသည့် ငါ့ခန္ဓာ ငါ့အား ဓမ္မမသတာ။

ကာမအာရုံဖြင့် ထုံမွမ်းထားသည့် ငါ့ခန္ဓာ သူ့အား ကာမဖြင့် သထာ၏။

ထိုသည့် အနေအထား ကြားကနေ ဖမ်းညှစ်နေရသည့် ငါ. . . အင်ထွားထွား အားပါပါကျင့်နိုင်မှ တော်ကာကြမည်။ သို့ကြောင့် ဆုံးဖြတ်လိုက်သည် . . .

နို့ရတာ၊ မရတာ ငါ့အလုပ်မဟုတ်။

နို့ညှစ်နေဖို့သာ ငါ့အလုပ်. . .။

သို့ဖြင့် . . . ဝင် ဝင်သည်။ ထွက် ထွက်သည်။ မှတ်အားယူ၏။ ထိုစဉ် . . . အတွေးကလည်း လုတွေး၏။ အမှတ်ကလည်း လုမှတ်၏။ ရံတစ်ခါ အမှတ်တက်လာချိန် အတွေးဘက်က လျော့ပါးသွား၏။ ရံတစ်ခါ အမှတ်အားကျသွားချိန် အတွေးဘက်ကသွက်လက်လာ၏။ အတွေးနှင့်အမှတ်၊ အမှတ်နှင့်အတွေး ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်။

မှတ်ချက်။ ။ အောက်ပြည်ရှိ မြစ်ဝကျွန်းပေါ် ဒေသများ၌ ငါးပျံများတွေ့ရတတ်၏။ ပုံလုံသီးများလည်း မြစ်ထဲဝယ် ပေါလောမျှောပါနေတတ်၏။ ထိုစဉ် ပုံလုံသီးပေါ် ငါးပျံက ခုန်တက်လိုက်စဉ် ပုံလုံကအောက်၊ ငါးပျံကအထက်။ တစ်ဖန် ငါးပျံကလက်သဖြင့် ပုံလုံတက်မှ ဖက်လျက်သား ရေထဲကျသွားချိန် ပုံလုံက အတက် ငါးပျံကအောက်။

သို့ပမာ အားတို့၏ ထိပ်ခေါင် အမှတ်က ယောင်နေချိန် အတွေးက အထက်စီး။ တစ်ဖန် အမှတ်တက်၍ အားများတက်လာချိန် အမှတ်ဘက်က အထက်စီး။

အမှတ်သည် အထက်စီးရရအောက်ကျနေနေ သူ၌ ဓားပါနေခြင်းကြောင့် အမှတ်သာ စိတ်လက်မလွှတ်စေနှင့် ထိုအတွေး သေပေးရမည် ဧကန်။

www.burmeseclassic.com

အနေကြီးသည်မှာ . . .

တရားရလို့မှုထက် တရားအား ထုတ်လိုမှုကိုသာ ဦးစားပေး။

ကိုယ်တိုင် စိတ်လိုက်မာန်ပါ အား ထုတ်နေခြင်းထက် အမှတ်ကိုသာ ဦးစား ပေး။

ဆရာခိုင်း၍ အားထုတ်နေရခြင်း ထက် ကိုယ်တိုင် စိတ်ပါလက်ပါ အား ထုတ်ပေး။

ခန္ဓာက ပြမြဲဒုက္ခ . အစားစား သည်းခံခြင်းဖြင့် ရှုစားပေး။

စိတ်ချုပ်တည်းမှုအစား စိတ်ငြိမ် သက်အေးချမ်းရာ အာရုံယူပေးထား . . .

သို့ဆိုသော် "ငါးပြားစေ့ သိန်း- ၂၀ပြည့် ငွေတစ်သိန်းဖြစ်၏" ပမာ. . .

သင်စို့လိုသော ဓမ္မနို့စား မစို့ချင် ပေါင်ပြောလည်း စို့ရမည်ကေန်။

ငါစို့လိုသော ဓမ္မနို့စား မစို့ချင် ပေါင်ပြောလည်း စို့ရမည် ဧကန်။

အများစို့လိုသော ဓမ္မနို့စား မစို့ချင် ပေါင်ပြောလည်း စို့ရမည် ဧကန်။

သို့တစေလည်း ကာမရွှာ ကာမ သတ္တဝါများ၏ ကာမအကျင့်များက ကမ္ဘာကမ္ဘာ ဘဝဘဝဝါမှ ယခုတိုင် အချိန် ပြည့် စို့သူနှင့်အစို့ခံ အပြန်အလှန် ဆက်ဆံနေမြဲဖြစ်ရာ သင်လွယ်လွယ်နှင့် ကြားဝင် ဖမ်းညှစ်လုပ်၍ရမည်မထင်။

**□ နွားမွေး၍ အစာကျွေးထားခဲ့သော်လည်း**

ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်သည် . . . နိဗ္ဗာန်။

နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းကင်း ငြိမ်းရာဒေသ။ ဤကား . . . ယုံကြည် ချက်။


နိဗ္ဗာန်ရပြီး မဝင်မီ ကာလ၌ကား . . .

အချို့က ဝိမုတ္တိရသခံစားရင်းက နိဗ္ဗာန်ဝင်ရန် အချိန်စောင့်နေ၏။

အချို့က ဓမ္မရသခံစားရင်းက နိဗ္ဗာန်ဝင်ရန် အားယူနေ၏။

အချို့က ဝိမုတ္တိဓမ္မအရသာများ ခံစားခွင့်ရရန် ကြိုးစားနေ၏။

ထိုအားလုံး နိဗ္ဗာန်သို့ မျက်နှာမူ ထားသည်ကား အတူတူ။ သို့ဖြင့် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၌ ခန္ဓာကိုယ်ကို နွားအဖြစ် မွေးမြူကြ၏။ ထိုစဉ် . . . လူ၊ နတ်တို့ ခန္ဓာကား ကာမဓာတ်လိုက် နေသဖြင့် ကာမအာရုံကိုသာ ကြိုက်ကြ ၏။ ဗုဒ္ဓဘာသာဝင် လူ၊ နတ်တို့၏ အကြံ



ကား ခန္ဓာနှင့်ရင်း၍ ဓမ္မရှာဖွေရန် အကြံ။

ခန္ဓာစဉ်နှင့် ခန္ဓာရှင်ကား စည်းဝါး များ ထယ်မလိုက်။ ခန္ဓာကိုယ်အလိုလိုက် က နွားသာကျောင်းရပြီး နို့မစားရဖြစ် တော့မည်။ ခန္ဓာကိုယ်ညှဉ်း အတင်းခိုင်း ကလည်း ထိုနွား အသက်ပင်ရှည်မည် မထင်။ သို့ဆိုသော် . . . နွားနှင့်ပိုင်ရှင် အကျွမ်းတဝင်ရှိဖို့တော့ လိုမည်ထင် သည်။ ယင်းကား ပါရမီအဆင့် ဖြည်း ဖြည်းချင်းကျင့်ရင်း နွားအား ယဉ်သွင်း ပေးရန်ပင်။

ရိုင်းသောနွားမသည် သူ့နို့သွား ကိုင် ကန်လွှတ်လေ့ရှိတတ်သည်။

ယဉ်သောနွားမသည် သူ့နို့ဘယ် လိုကိုင်ကိုင် ငြိမ်ခံနေလေ့ရှိတတ်သည်။

အလယ်အလတ်စားနွားမကား နို့ ကိုသာအကိုင်ခံ၊ ညှစ်ရန်အတွက်ကား နို့ ချမပေးတတ်။

သို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် တစ်ဘဝမှနေ တစ်ဘဝ လူ့အဖြစ်ရရှိကြ လေတိုင်း နွားမွေး၍ နို့ညှစ်အလုပ်ကို လုပ်ကြရမြဲဖြစ်သည်။ နွားသာမွေးစား နို့မစားရသောအလုပ်မျိုးကိုကား ရှောင် ကြဉ်ကြသည်။ အနည်းဆုံး ငါ့ပစ္စည်းစွဲ ထုခွဲသောအားဖြင့် ဒါနပြုကြ၏။ သည့် နောက် ငါ့ဘဝစွဲ ထုခွဲသောအားဖြင့် သီလစောင့်ထိန်းကြ၏။ သည့်နောက် ငါ့ခန္ဓာစွဲ ထုခွဲသောအားဖြင့် ဝိပဿနာ ဘာဝနာဖြင့် အဖြေရှာကြရစမြဲ။

ဝိပဿနာဉာဏ်အဆင့်ဆင့်တို့က မှတ်ချက်ဖြင့် အဖြေရှာဖွေပေးကြပြီး သော် . . .

၁။ အချို့ ငါသွေးအလိုက်စဲ ခန္ဓာ နှင့်ငါစွဲ အိုးစားကွဲတော့ရာ. . . ।

၂။ အချို့ ချစ်၊ မုန်းသွေးများ အလိုက်စဲ ခန္ဓာနှင့်ချစ်၊ မုန်းစွဲ အိုးစားကွဲ တော့ရာ. . . ।

၃။ အချို့ မေ့သွေးများအလိုက်စဲ ခန္ဓာနှင့်မသိစွဲ အိုးစားကွဲကြတော့ရာ . . .

အမှတ် "၁၊ ၂" နွားပိုင်ရှင်တို့ကား ဓမ္မအရသာခံစား၍ နိဗ္ဗာန်ဝင်ဖို့ စောင့်ရ ပြီ။

အမှတ် "၃" နွားပိုင်ရှင်ကား ဝိမုတ္တိအရသာခံစားရင်း နိဗ္ဗာန်ဝင်ဖို့ စောင့်ရပြီ။

နံပါတ်မချိတ်သေးသူတို့ကား နွား ကျောင်းရင်း နို့ညှစ်၊ တစ်ဖန် နို့ညှစ်ရင်း နွားကျောင်းတို့ဖြင့် နိဗ္ဗာန်ကျောင်း ခေါင်းဖော်ကြည့်ကြလေဦး။

နင်ကော တဲ့။

ငါသည်လည်း . . .

အရွယ်ကလည်း ပြိုလုထဲ လွဲပါ နေ။

အား ငါးမျိုးစလုံးကလည်း အညှစ် မသန် လက်အံ့သေ။

အရွယ်၏ အားမာန်များလည်း လေမီးထန်သဖြင့် အပူပုံနေ. . . ।

သို့ဖြစ်ရာ ငါသည် ငါ့နွားမကြီး အား နို့စားနွားမအဖြစ်မှ စွန့်လွှတ်လိုက် ရတော့မလား. . . မသိ။

□ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္တုနိ၊
ဧတ္ထေ တမ္ဗိ ရာသိ ဧကော၊ ဧကေ ကော ဓမ္မာဘိသယော။ ။

**မမသန္တိကေ** - ငါ့ထံ၌ . . . ।

**တက္ကဝစရ ဝတ္ထုနိ** - တွေးစရာ အဖုံဖုံ အကြောင်းစုံတို့သည်ကား . . . ।

**ဗဟုလ္လာ** - စာပေါင်းသိုက်အလား များမှများ။

**ဧတ္ထ** - ဤစာပေါင်းသိုက်ထဲမှ . . . ।

**တမ္ဗိ** - နွားညှစ်သမားဆိုထား ဤစကားလုံးလေးကလည်း၊ **ဧကောရာသိ** - စာပေါင်းသိုက်ပမာပြု စာစုလေး တစ်ခု စုမိသွားခြင်းတည်း။

**ဧကေကောဓမ္မာဘိသယော**- တစ်ခု ပေါ် တစ်ခုနင်းလျက် တက်လာသော တရားပွဲတစ်ပွဲတည်း။ ။

*၁၃၇၃-ခုနှစ် ဝါဆိုလဆန်း ၈-ရက်။ သောကြာနေ့။*

**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**



www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## ဆင်းရဲခြင်းကိုအလိုရှိသလား

တာပဲ။ ဆင်းရဲနှစ်မျိုး၊ ချမ်းသာနှစ်မျိုး ကြားတစ်မျိုး (၅) မျိုး။ ပြီးတော့ ပဋိစ္စသမုပ္ပာဒ် ဒီတရားက ကျယ်ဝန်းတယ်၊ နက်နဲတယ်လို့ အားလုံးသိတယ်။ သမုဒ္ဒရာလိုပေါ့။ ကျယ်ဝန်းများပြားလှတဲ့သမုဒ္ဒရာထဲကရေကို လက်တစ်ခုပ်စာ ခပ်ပြသလို ကျွန်တော်သိသမျှနည်းနည်းကလေးနဲ့ပြောမယ်။

အဓိပ္ပာယ်က စွဲ၍ဖြစ်ခြင်း၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းပေါ့။ ပဋိစ္စသမုပ္ပာဒ်ရဲ့အစက အဝိဇ္ဇာ အမှားအမှန်ကို ခွဲခြား၍မသိခြင်း၊ အမှားကို အမှန်၊ ဆင်းရဲကို ချမ်းသာထင်ခြင်းပဲ။ အဝိဇ္ဇာက ပဋိစ္စသမုပ္ပါဒ်ရဲ့အစပဲ။ အဲဒါကို အချို့က သံသရာရဲ့အစလို့ပြောကြတယ်။



"ကိုအုန်းသွင်၊ ဆင်းရဲခြင်းကို အလိုရှိသလား"

ပြီးခဲ့သည့် ဝါခေါင်လပြည့် (၁၈-၈- ၂၀၁၆) ရက်နေ့က ဓမ္မမိတ်ဆွေ [illegible]အုန်းစိန်ရောက်လာပြီး အထက်ပါအတိုင်းမေးပါသည်။

ကျွန်တော်က -

"ဘာအကြောင်းနဲ့မေးတာလဲ"

ဟု ပြန်မေးတော့ သူက -

"ပဋိစ္စသမုပ္ပာဒ်မှာ ဝေဒနာပစ္စယာ [illegible]လို့ ဆိုတယ်။ ဝေဒနာက [illegible]တာလည်းရှိတယ်၊ ဆင်းရဲတာ [illegible]ရှိတယ်။ တဏှာက လောဘ - [illegible]တာဆိုတော့ ဆင်းရဲတဲ့ဝေဒနာ [illegible]လိုချင်တာပဲလား ဆိုတဲ့အတွေး [illegible]။ ဒါကြောင့်မေးတာ။ ပြော[illegible]မဟုတ်ဘူး၊ ပညာစမ်းတာ [illegible]ဘူး။ ရိုးရိုးသဘောမပေါက် [illegible] ပြောပေးပါ"

ဟု ပြန်ဖြေပါသည်။

ကျွန်တော်က-

"အဲဒါဆိုရင် ခန္ဓာ (၅) ပါးရယ်၊ ဝေဒနာ (၅) ပါးရယ်၊ ပဋိစ္စသမုပ္ပာဒ် (၁၂) ပါးရယ် အရင်ပြောပြဖို့လိုမယ်။ သိပြီးသားဖြစ်မှာပဲ။ ဒါပေမယ့် ပြည့်စုံအောင်လို့"

ဟု ပြောပြီး ဆက်ကာ -

"ခန္ဓာ (၅) ပါးက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ပေါ့။

ဝေဒနာ (၅) ပါးက ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲချမ်းသာမဟုတ်ကြားဖြစ် (မထင်ရှား) ခြင်း၊ ကိုယ်၏ဆင်းရဲခြင်း- စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ချမ်းသာခြင်း- စိတ်၏ချမ်းသာခြင်းဆို

သံသရာရဲ့အစကို ရှာဖို့မလွယ်ဘူး၊ အစမထင်ဘူးလို့ မြတ်စွာဘုရားမိန့်ကြားခဲ့တယ်။ အစမရှိဘူးလို့ပြောတာမဟုတ်ဘူး၊ ရှိမှာပေါ့။ ဒါပေမယ့် အချိန်ကုန် လူပန်းခံပြီး ပြန်ရှာတွေ့လို့ ဘာကောင်းကျိုးမှမရဘူး။ သတ္တဝါအတွက် ကောင်းကျိုးမရှိတဲ့စကား ဘုရားတစ်ခွန်းမှ မပြောခဲ့ဘူး။

အဝိဇ္ဇာဟာ သံသရာကိုလည်စေကြောင်းရဲ့အစပဲ။ အဝိဇ္ဇာမှာလည်း အစရှိတယ်။ အဲဒါက အာသဝ။ သူ့အစလည်းရှိသေးတယ်။ ဆက်မလိုက်နဲ့ မဆုံးဘူး မလိုဘူး။

အဝိဇ္ဇာကြောင့်ဆင်းရဲကိုချမ်းသာထင်လို့ ချမ်းသာရကြောင်း ကောင်း-ဆိုးနှစ်မှုကိုပြုတယ်။ အဲဒီလိုပြုတာ သင်္ခါရပဲ။ အဲဒီလိုပြုတော့ ပဋိသန္ဓေစိတ်ကိုရတယ်။ သင်္ခါရပစ္စယာဝိညာဏ။ အဲဒါရတော့ နာမ်နဲ့ရုပ်ကိုရတယ်။ ဝိညာဏပစ္စယာ နာမရူပ။ အဲဒါကိုရတော့ မျက်စိ၊ နား စတဲ့အာရုံနဲ့ ထိတွေ့နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အရာ (၆) မျိုးကိုရတယ်။ သဠာယတန ပစ္စယာဖဿ ဆိုတာပဲ။ မျက်စိ၊ နား စတာတွေနဲ့. အဆင်း၊ အသံ စတာတွေ တွေ့ထိကြတော့ ကြိုက်-မကြိုက်၊ ချမ်းသာ-ဆင်းရဲ စပ်-ကြား စတဲ့ ခံစားချက်ဝေဒနာတွေပေါ်လာတာပေါ့။ ဒါက ဖဿပစ္စယာဝေဒနာလို့ဆိုတာပဲ။

အဲဒီလို ခံစားချက်တွေကြောင့် လိုချင်တပ်မက်မှုတွေ ဖြစ်ပေါ်လာတယ်။ ဒါကို ဝေဒနာပစ္စယာတဏှာလို့ ဆိုတာပဲ။

ခင်ဗျားပြောတာ ဒီနေရာပဲ။ နောက်မှရှင်းမယ်၊ ဆက်ရအောင်။

အဲဒီတပ်မက်မှုကြောင့် စွဲလမ်းမှု ဖြစ်ရပြန်တယ်။ ဒါကို တဏှာပစ္စယာ ဥပါဒါနလို့ဆိုတာပဲ။ စွဲလမ်းတာကြောင့် ရအောင်ပြုလုပ်တယ်။ ဒါကို ဥပါဒါနပစ္စယာဘဝေါ (ကမ္မဘဝ) လို့ ခေါ်တယ်။ ပြုလုပ်တာကြောင့် ဘဝတစ်ခုရပြန်တာပေါ့။ ဒါကို ဘဝပစ္စယာဇာတိလို့ ခေါ်တယ်။ ဇာတိကိုရတဲ့အတွက်ကြောင့် ဇရာ-မရဏဆိုတဲ့ အိုခြင်း-သေခြင်း ဖြစ်ရပြန်တယ်။

ဒီအထဲ (အချို့ဖြစ်၊ အ ချို့မဖြစ်) စိုးရိမ်ကြောင့်ကြမှု - သောက၊ ပူပန်တောက်လောင်မှု - ပရိဒေဝ၊ ကိုယ်၏ဆင်းရဲမှု-ဒုက္ခ၊ စိတ်၏ဆင်းရဲမှု- ဒေါမနဿ၊ အသက်ပါဆုံးလောက်အောင်ပူပန်မှု-ဥပါယာသ ဆိုတာတွေပါဖြစ်ရတယ်။

ဗုဒ္ဓဘာသာကလွဲပြီး ကျန်တဲ့ဘာသာအားလုံးလိုလိုဟာ ဖန်ဆင်းရှင်ဝါဒကို ယုံကြည်ကြတယ်။ သက်ရှိ - သက်မဲ့အရာအားလုံးကို ထာဝရဘုရားသခင်က ဖန်ဆင်းထားတာ၊ ဆင်းရဲ - ချမ်းသာ စတာအားလုံးဟာလည်း ထာဝရဘုရားသခင်ရဲ့ အလိုကျဖြစ်နေတာလို့ ယုံကြည်လက်ခံထားကြတယ်။ ဒါကို မြတ်စွာဘုရားက ဆန့်ကျင်တဲ့အနေနဲ့ ဒီပဋိစ္စသမုပ္ပါဒ်ကို ဟောတာ။ အကြောင်းကြောင့် အကျိုးဖြစ်ရတာ။ အကြောင်းမရှိဘဲ ဖြစ်တဲ့အကျိုး လုံးဝမရှိဘူးလို့ အခိုင်အမာသက်သေပြတာ။

နောက်တစ်ခုက ကံ၊ ကံ၏အကျိုးကို လက်မခံတဲ့ အရင်ဘဝမရှိ၊ နောက်ဘဝမရှိ သေရင်ပြတ်တယ်ဆိုတဲ့ နတ္ထိကဝါဒ၊ နိယတမိစ္ဆာဒိဋ္ဌိအယူကိုလည်း ချေဖျက်တာ။

ပဋိစ္စသမုပ္ပါဒ်ကို ပြီးခဲ့တဲ့ဘဝ၊ အခုဘဝ၊ နောက်ဘဝလို့ (၃) ဘဝ တစ်ဖြတ်နဲ့သွား။ အဲဒီလိုလည်နေတာ။ အဲဒါကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ဘဝဟတ် သံသရာစက်လို့ ခေါ်တယ်။

အစနဲ့ အလယ်ရှိရင် အဆုံးရှိရမယ်ဆိုတဲ့နိယာမအတိုင်း အဆုံးတော့ရှိမှာပဲ။ ဘယ်မှာဆုံးမယ်မသိဘူး။ ဘဝကိုမသိခဲ့သလိုပေါ့။ ပဋိစ္စသမုပ္ပါဒ်မှာ မူလ၊ အစပ်၊ အခြင်းအရာ၊ ဝဋ် စသဖြင့် အများကြီးရှိသေးတယ်။ ထားခဲ့ပြီး ခင်ဗျားမေးတဲ့ ဝေဒနာပစ္စယာတဏှာအကြောင်းပဲပြောရအောင်။ ကျွန်တော့် ကိုယ်နဲ့ပမာပြုပြီး ပြောပါ့မယ်။

ကျွန်တော့်ခေါင်းကိုနှစ်ပတ်တစ်ခါ ရိတ်ရတယ်။ သုံး၊ လေးရက်လွန်ရင် အနာတွေပေါက်တယ်။ အဲဒီတော့မှ ရိတ်ရင် သွေးချင်းချင်းပဲ၊ အလွန်နာတယ်။

မျက်လုံးနှစ်လုံးစလုံးကရဲနေပြီး မျက်ကြည်လွှာထည့်ထားတယ်။ ဒါပေမယ့် (၅) မိနစ်ကြာအောင် စိုက်ကြည့်ရင် မခံမရပ်နိုင်အောင် စူးတယ်။ ဘယ်ဘက်နားက လုံးဝမကြားဘူး။ ညာဘက်နားကကြားပေမယ့် အခု ခင်ဗျားပြောသလို သုံး၊လေးခါပြောမှ သဲကွဲတယ်။နှာခေါင်းနှစ်ပေါက်စလုံး . မပြတ်အနာပေါက်တယ်။ နှာလည်းစေးတယ်။ လည်ချောင်းက သလိပ်ဆို့တယ်။ လက်နှစ်ဖက်လုံးကလည်း လေဖြတ်ထားလို့ မသန်ဘူး။ ဝမ်းဗိုက်က အဆိုးဆုံးပေါ့။ အစာအိမ်ရောဂါက နှစ် (၅၀) ကျော်ပြီ အနာပေါက်နေတာ။ နို့မှုန့်နဲ့ ဘီစကွတ်မုန့် ဖျော်သောက်တာကလွဲပြီး အခြားဘာမှ စားလို့၊ သောက်လို့မရဘူး။ ဒါတောင် ဆေးခန်းပြေးရသေးတယ်။

အဲ - ကျန်ခဲ့တယ်။ သွားသုံး၊ လေးချောင်းပဲ ကျန်တော့တယ်။ ကျွတ်တိုင်း သုံး၊ လေးရက်ကိုက်ပြီး အော်ရပြီးမှ ကျွတ်တယ်။ နုတ်ရတယ်။ ခြေထောက်က လေဖြတ်ပြီး အကြောတွေဆိုင်းနေလို့ တုန်ချည့်တုန်ချည့်နဲ့ တောင်ဝှေးနဲ့ သွားနေရတယ်။ ဆီးကျိတ်ကြောင့် ဆီးခဏခဏသွားပြီး သွားတိုင်ခက်ခက်ခဲခဲ သွားရတယ်။ လိပ်ခေါင်းနဲ့ ဘရင်ကိုနာက ရှိသေးတယ်။

ဒီတော့ တစ်မျိုးထက်ပိုပြီး အမြဲတမ်း ဒုက္ခဝေဒနာကိုဖြစ်စေနေတာပဲ။ ဒီတော့ ကျွန်တော် ဘယ်လိုဖြစ်မလဲ။ အဲဒီဒုက္ခဝေဒနာပျောက်ရင် သုခဝေဒနာဖြစ်မယ်လို့ သိတယ်။ ဒီတော့ ဆင်းရဲတဲ့ဝေဒနာပျောက်ပြီး ချမ်းသာတဲ့ဝေဒနာဖြစ်စေချင်တာပေါ့။ ဖြစ်စေချင်တာ တဏှာပဲပေါ့။

ဆင်းရဲသူက ချမ်းသာချင်တယ်။ ချမ်းသာသူကအမြဲချမ်းသာနေချင်တယ်။ ပိုပြီးပိုပြီးတော့ ချမ်းသာချင်တယ်။ အဲဒါ ဝေဒနာပစ္စယာတဏှာပဲ"

"ကျေးဇူးတင်လိုက်တာဗျာ အခုမှပဲ ရှင်းသွားတော့တယ်"

ဦးအုန်းစိန်က အားရပါးရပြောလိုက်ပါသည်။

ကျွန်တော်က -

"ကျွန်တော့်ကို ကျေးဇူးမတင်နဲ့။ ဓမ္မကထိကဆရာတော်တွေကို ကျေးဇူးတင်၊ အထူးသဖြင့် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသပဲ။ သူတို့ဟောတဲ့တရားတွေကိုနာပြီး မှတ်ပြီး မှတ်မိသလောက်နဲ့ ပြန်ပြောပြရတာ"

ဟု ပြန်ပြောလိုက်ပါသည်။ ဆက်ပြီး-

"ခင်ဗျားမေးခွန်းအတွက်တော့ ပြီးပြီ။ ဒါပေမယ့် ဆက်ပြောချင်တာရှိသေးတယ်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဒီအတိုင်းထားရင် သံသရာဆုံးအထိ လည်နေမှာပဲ။ သံသရာဝဋ်က အမြန်ကျွတ်ချင်ရင် ဒီစက်ရဟတ်ကို ဖြတ်ပစ်ရမယ်။ ဖြတ်နိုင်တဲ့နည်းကို ဗုဒ္ဓတစ်ဆူပဲ သိလို့ ဟောထားခဲ့တယ်။

အဝိဇ္ဇာက ဝေဒနာထိဟာ အတိတ်တွေ လုပ်ပြီး ဖြစ်ပြီးလို့ ဘာမှပြန်လုပ်လို့ မရတော့ဘူး။

ဥပါဒါန်က ဘဝ (ကမ္မဘဝ)စတာတွေကလည်း မဖြစ်သေးတဲ့ အနာဂတ်ပဲ၊ လုပ်လို့မရဘူး။

ဝေဒနာနဲ့ တဏှာအကြားမှာပဲ ဝင်နိုင်တယ်။

ဝေဒနာပစ္စယာတဏှာ မဖြစ်ရင် ပဋိစ္စသမုပ္ပါဒ် ပြတ်ပြီ။

အဲဒီအတွက် အလုပ်ကတော့ -

ဝိပဿနာအလုပ်ပဲ။ ဘုရားပေးတဲ့ နည်း။ ဘုရားအမှူးရှိတဲ့ ကျွတ်တမ်းဝင်သူ၊ သံသရာကလွတ်သူအားလုံးဟာ ဒီနည်းနဲ့လွတ်သွားတာ ကြိုးစားလုပ်။ ကျွန်တော်လည်း ပိုင်သလောက်လုပ်နေတယ်။ အနည်းဆုံး အထုံပါရမီရဖို့ပေါ့"

"ဟောဒါက မြတ်စွာဘုရားကိုရှိခိုးတာ။

ဟောဒါက ခင်ဗျားပြောတဲ့ ဓမ္မကထိကတွေကိုရှိခိုးတာ။

ဟောဒါက ခင်ဗျားကိုရှိခိုးတာ"

ဦးအုန်းစိန်က ဝမ်းသာအားရ ဦး (၃) ကြိမ်စီချပြီး ပြန်သွားပါသည်။

ဆင်းရဲအပေါင်းမှ
လွတ်ကင်းကြပါစေ

ချောင်းဆုံခုန်းသွင်


www.burmeseclassic.com

www.burmeseclassic.com



# မြဝင်း(ဒဿန)

## ပရိမိတ္တဇာလသုတ်နှင့်စပ်လျဉ်း၍

ဝါတွင်းတစ်မနက်ခင်း အိမ်ရှေ့ခန်းမဆောင်၌ ကျွန်တော် စာဖတ်နေစဉ် လူငယ်နှစ်ဦးရောက်လာပါသည်။

ရောက်လျှင်ရောက်ချင်း လူငယ်တစ်ဦးက ဤသို့စကားစပါသည်။

"ဆရာ၊ အချိန်ရပါတယ်နော်"

"ရပါတယ်ဗျာ၊ ကိုရင်တို့ဘာမေးစရာရှိလို့လဲ"

"ပရိမိတ္တဇာလသုတ်နဲ့ ပတ်သက်လို့ မေးချင်လို့ပါ ဆရာ"

"ကိုရင်တို့က ပရိမိတ္တဇာလသုတ်ကို ရွတ်ကြသလား"

"ရွတ်ကြပါတယ် ဆရာ"

(လူငယ်တစ်ဦးကဖြေပါသည်။)

"ဘာဖြစ်လို့ရွတ်ကြတာလဲ"

"တစ်လောက ကျွန်တော့်ပေါင်မှာ အနာဖြစ်နေလို့ ဆေးဆရာကြီးတစ်ဦးကိုသွားပြတော့ အဲဒီဆေးဆရာကြီးက ပရိမိတ္တဇာလသုတ်ကိုရွတ်ပါလို့ ပြောတာနဲ့ပဲ ပရိမိတ္တဇာလသုတ်ကို ရအောင်ရှာပြီးရွတ်ခဲ့ပါတယ်"

"အဲဒီလိုရွတ်တော့ ပေါင်ကအနာက သက်သာသွားရဲ့လား"

"သက်သာသွားပါတယ် ဆရာ။ ကျွန်တော့်အနေနဲ့ ပရိမိတ္တဇာလသုတ်ကို ရွတ်သာရွတ်ရတယ်။ အဓိပ္ပာယ်ကို ကောင်းကောင်းမသိဘူး ဆရာ။ တချို့ကလည်း ပရိမိတ္တဇာလသုတ်ဟာ ဘုရားဟောမဟုတ်ဘူးလို့ ပြောပါတယ်။ အဲဒါကို ဆရာ့ကိုမေးချင်လို့ လာခဲ့ကြတာပါ ဆရာ"

"ကိုရင်တို့ကမေးတော့ ဆရာသိသလောက် ပြောပြရမှာပေါ့။ ပရိမိတ္တဇာလသုတ်ဟာ အာဋာနာဋိယသုတ်ကို မှီးပြီး ရှေးပညာရှိများစီရင်ခဲ့တာလို့ဆိုကြပါတယ်။ တချို့ပရိတ်ကြီးစာအုပ်တွေမှာတော့ ပရိမိတ္တဇာလသုတ်ကို ဖော်ပြကြတယ်။ တချို့ပရိတ်ကြီးစာအုပ်တွေမှာတော့ မဖော်ပြကြဘူး။ တချို့ပရိတ်ကြီးစာအုပ်တွေမှာတော့ ပရိမိတ္တဇာလသုတ်ကို ပါဠိရောအနက်ပါ ဖော်ပြကြတယ်။ တချို့ပရိတ်ကြီးစာအုပ်တွေမှာတော့ ပါဠိကိုပဲ ဖော်ပြကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ကထုတ်ဝေတဲ့သုတ်တော် (၁၁) သုတ်ပါဝင်တဲ့ သီရိမင်္ဂလာပရိတ်တော်စာအုပ်မှာတော့ ပရိမိတ္တဇာလသုတ်ကို ပါဠိရောအနက်ပါ ဖော်ပြထားတယ်။ နေဦး နေဦး - ပြောရင်း ဆရာသတိရလာတယ်။ ဆရာ့ဆီမှာ ပရိမိတ္တဇာလသုတ်ပါဠိတော်နိသျဆိုတဲ့ စာအုပ်ကလေးရှိတယ်။ ဆရာအမှတ်တရသိမ်းထားတယ်။ ဆရာသွားယူလိုက်ဦးမယ်"

ကျွန်တော်သည် စာကြည့်ခန်းသို့သွား၍ ပရိမိတ္တဇာလသုတ်ပါဠိတော်နိသျစာအုပ်ကလေးကိုယူခဲ့ပါသည်။

ထို့နောက် ဤသို့ စကားဆက်ပါသည်။

"စာအုပ်လေးက အတော်ဟောင်းနေပြီ။ ရိုက်နှိပ်ထုတ်ဝေတဲ့ ပုံနှိပ်တိုက်၊ ရိုက်နှိပ်ထုတ်ဝေတဲ့ခုနှစ်တို့ကို ဖော်ပြမထားဘူး။ နိသျအဆုံးမှာတော့ရေးထားတာလေးရှိတယ်။ ဆရာဖတ်ပြမယ်။

ဤကပ်ကျော်ပရိမိတ္တဇာလသုတ်ပါဠိတော်နိသျကို ဝယ်ယူလှူဒါန်းနိုင်ရန် အလွန်ကောင်းသောအခါဖြစ်၍ ဝယ်ယူလှူဒါန်းတော်မူကြပါ။ ဈေးချိုချိုနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေးအဖွဲ့က ရောင်းချပေးနေပါသည်တဲ့။ စာအုပ်လေးရဲ့အစမှာတော့ အကြောင်းအရာနိဒါန်းဆိုတာပါတယ်။ အဲဒီအကြောင်းအရာနိဒါန်းမှာ ပရိမိတ္တဇာလသုတ်တော်နဲ့ပတ်သက်လို့ မှတ်သားဖွယ်အချက်ကို ဖော်ပြထားတယ်။ ဆရာပြောပြပါ့မယ်"

"ပြောပြပါ ဆရာ"

"အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော်မူတဲ့အခိုက် ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာတဲ့ မဥ္ဇူသကသတို့သားကို အကြောင်းပြုပြီး ပရိမိတ္တဇာလသုတ်ကို ဟောပါသတဲ့။ မြတ်စွာဘုရားက အဲဒီပရိမိတ္တဇာလသုတ်ကို ပွင့်တော်မူတဲ့ ဘုရားတိုင်း တစ်ကြိမ်စီ ဟောခဲ့ပါသတဲ့။

မဥ္ဇူသကသတို့သား . . . တဲ့။ အဲဒီပရိမိတ္တဇာလသုတ်ကို ရေးကူးမူလည်း ရေးကူးအံ့။ ရွတ်မူလည်းရွတ်အံ့။ နာမူလည်းနာအံ့။ ဒါမှမဟုတ် အိမ်မှာ ကောင်းမွန်စွာထားမူလျှင်လည်းထားအံ့။ အဲဒီလိုလုပ်ဆောင်ရင် ဘေးအပေါင်းရန်အပေါင်းမှကင်းသတဲ့။ အသက်ရာကျော်နေရသတဲ့။

ပရိမိတ္တဇာလသုတ်ရွတ်ဖတ်ရတဲ့ အကျိုးဟာ အင်မတန်ကြီးသတဲ့။ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ရွတ်တာနဲ့တူသတဲ့။ မြတ်စွာဘုရားက အဲဒီလိုဟောသတဲ့။ အကြောင်းတိုက်ဆိုင်တုန်း မှတ်မိတာတစ်ခုပြောပြဦးမယ်"

"ပြောပြပါ ဆရာ"

"တစ်ခါက ဦးဉာဏဓဇ. အစိုးရဓမ္မာစရိယ BE (E.P), 77 ရေးသားတဲ့ 'လောက၌ အရေးအကြီးဆုံးအရာ' ဆိုတဲ့ စာအုပ်ကိုဖတ်ရတယ်။ အဲဒီစာအုပ်ထဲမှာ ပရိမိတ္တဇာလသုတ်နဲ့ ပတ်သက်လို့ သိမှတ်ဖွယ်ရေးထားတာဖတ်ရတယ်။ အဲဒီသတ်မှတ်ဖွယ်က မဟာစည်နာယကဟံလင်းဆရာတော် ငယ်စဉ်ကဖျားနာလို့ အိပ်ရာထဲမှာ အလူးအလဲခံနေရသတဲ့။ ကယောင်ကတမ်းတွေပြောနေသတဲ့။ သူ့ကို လူဖြူကြီးများက လာရောက်ဆွဲခေါ်နေကြသတဲ့။ အဲဒါနဲ့ သူ့ဖခင်က သူ့ကိုပွေ့ချီပြီး ပရိမိတ္တဇာလသုတ်ကိုလေး၊ ငါးခေါက်လောက် ရွတ်ဖတ်သရဇ္ဈာယ်ပေးရာ လူဖြူကြီးများနောက်ဆုတ်သွားကြသတဲ့။ အဲဒီအကြောင်းကို ဟံလင်းဆရာတော်က ဦးဉာဏဓဇကို ပြောပြခဲ့တာတဲ့"

"ပရိမိတ္တဇာလသုတ်က သိပ်ကို အစွမ်းထက်တာပဲနော်"

"အစွမ်းထက်တယ်လို့ပြောရမှာပေါ့။ ပရိမိတ္တဇာလသုတ်နဲ့ပတ်သက်လို့ မှတ်မိတာလေးတစ်ခုပြောပြပါဦးမယ်"

"ပြောပြပါ ဆရာ"

"တစ်ခါက ဝေဘူဆရာတော်ဘုရားကြီးဟောကြားတဲ့ တရားတော် စီဒီချပ်တစ်ခုရတယ်။ အဲဒီစီဒီချပ်ကိုဖွင့်ပြီးနာတော့ ဝေဘူဆရာတော်ဘုရားကြီး ပရိမိတ္တဇာလသုတ် ရွတ်ဖတ်ထားတာ နာရတယ်"

"အဲဒီတရားခွေကို ကျွန်တော်တို့ ကူးချင်ပါတယ်"

"ရပါတယ်၊ စီဒီချပ်ကို ဆရာရှာထားလိုက်မယ်"

"ဒါ့ထက် သီရိမင်္ဂလပရိတ်တော်စာအုပ် ဆရာ့ဆီမှာရှိမှာပါနော်"

"ရှိပါတယ်ဗျ"

"ရှိရင် ကျွန်တော်တို့ကို ခဏငှားပါ ဆရာ။ ပရိမိတ္တဇာလသုတ်ပါဠိတော်နိဿယကို မိတ္တူကူးချင်လို့ပါ ဆရာ"

"ရပါတယ်ဗျာ။ နေဦး၊ ဆရာစာအုပ်သွားယူလိုက်ဦးမယ်"

ကျွန်တော်သည် စာကြည့်ခန်းသို့ သီရိမင်္ဂလာပရိတ်တော်စာအုပ်ကိုယူခဲ့ပြီး လူငယ်တစ်ဦးအား ပေးလိုက်ပါသည်။

ထိုလူငယ်ကပင် ဤသို့ ပြောပါသည်။

"ဆရာ၊ ကျွန်တော်တို့တောင်းပန်ပါတယ်။ ပရိမိတ္တဇာလသုတ်ကို အသံထွက်မှန်မှန်၊ အဖြတ်အတောက်မှန်မှန် ရွတ်ဆိုနိုင်အောင် ပါဠိရော အနက်ပါ တစ်ခေါက်လောက် ရွတ်ပြပါ ဆရာ"

"ကောင်းပါပြီဗျာ၊ ရွတ်ပြပါ့မယ်။ ပရိမိတ္တဇာလသုတ်ကို ရွတ်ဖတ်ပူဇော်ရသော ကုသိုလ်ကံစေတနာတို့ကြောင့် ကိုရင်တို့မှ ထက်ဝန်းကျင်မှ မိတ်ဆွေများက ကွန်ရက်သဖွယ် စောင့်ရှောက်ပေးသကဲ့သို့ ဘေးအပေါင်းရန်အပေါင်းတို့မှ ကင်းလွတ်ကြပါစေကုန်သတည်း"

ကျွန်တော်သည် လူငယ်၏လက်မှ သီရိမင်္ဂလာပရိတ်တော်စာအုပ်ကို ပြန်ယူပြီး ပရိမိတ္တဇာလသုတ်ကို ပါဠိရော အနက်ပါ ရွတ်ဖတ်ပူဇော်ပါသည်။

### ❑ ပရိမိတ္တဇာလသုတ္တ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဧဝံ မေ သုတံ - ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန, ဒေဝေန ယက္ခေန, ကုဗေန ယက္ခေန, ဖြဟေ္မန ယက္ခေန, သုပဏ္ဏေန ယက္ခေန၊ နာဂေန ယက္ခေန, ဂန္ဓဗ္ဗေန ယက္ခေန, ပုဗ္ဗဒိသေန ယက္ခေန, အဂ္ဂိဒိသေန ယက္ခေန, ဒက္ခိဏဒိသေန ယက္ခေန, နရတိမဒိသေန ယက္ခေန, ပစ္ဆိမဒိသေန ယက္ခေန၊ ပါရပ္ပဒိသေန ယက္ခေန, ဥတ္တရဒိသေန ယက္ခေန, ဧသန္နဒိသေန ယက္ခေန, သမုဒ္ဒဒိသေန ယက္ခေန, အာကာသဒိသေန ယက္ခေန, ဘူမဒိသေန ယက္ခေန။

၂။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊ အပ္ပမေယျော သံဃော၊ ဘယသဿန္တိ မဟာမောဂ္ဂလ္လာနံ။

၃။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထ ဒွိပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒအန္တ ဉီရုအန္တ စက္ခု အန္တ မုခအန္တ ဇိဝှါအန္တ။

၄။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။ သံကလ လောကဓာတု မာတာပိတုဗုဒ္ဓရက္ခနံ ကတံ၊ သကလလောက ဓာတုမာတာပိတုဓမ္မရက္ခနံကတံ၊ သကလလောက ဓာတုမာတာပိတုသံဃရက္ခနံ ကတံ၊ ရတ္တိံ ဝါဒိဝါဝါ သဒါမံ ရက္ခန္တု။

www.burmeseclassic.com

၅။ သဗ္ဗဒေဝတာယ ဣမဿ ပရိမိတ္တ
ဇာလဿ တေဇေနဣမသ္မိံ အပါ
ကဋ္ဌာ သရီရေ ယေ ကေစိ ဥပဒ္ဒဝါ
အာနုဘာဝေန တေဇေန ဣမသ္မိံ
လောကေ, ဣမသ္မိံ ဇမ္ဗုဒီပေ, ဣမသ္မိံ
ပဗ္ဗတေ, ဣမသ္မိံ နဂရေ, ဣမသ္မိံ
ဂေဟေ သဗ္ဗသတ္တာ ဝိနဿန္တု၊ သဗ္ဗေ
ဥပဒ္ဒဝါ ဝိနဿန္တုတိ။
ပရိမိတ္တဇာလသုတ္တံ နိဋ္ဌိတံ။

□ ပရိမိတ္တဇာလသုတ်နိဿယ

**ဘန္တေ** - အရှင်မဟာကဿပ၊ **မေ** - တပည့်တော် အာနန္ဒာသည်၊ **ဧဝံ** - ဤဆို လတ္တံ့အတိုင်း၊ **သုတံ** - ကြားနာမှတ်ယူ လိုက်ရပါ၏၊ **ဧကံ သမယံ**- အခါတစ်ပါး ၌၊ **ဘဂဝါ**- ဘုရားရှင်သည်၊ **ရာဇဂဟေ** - ရာဇဂြိုဟ်မြို့၏အနီးဖြစ်သော၊ **ဂိဇ္ဈကူဋေ ပဗ္ဗတေ** - ဂိဇ္ဈကုဋ်တောင်၌၊ **ဝိဟရတိ** - သီတင်းသုံးတော်မူ၏။

**တေန ခေါ ပန သမယေန** - ထိုစဉ် အခါက၊ **ကုမ္ဘဏ္ဍေန ယက္ခေန** - ကုမ္ဘဏ် ဘီလူးသည်၎င်း၊ **ဒေဝေန ယက္ခေန** - ဒေဝ ဘီလူးသည်၎င်း၊ **ဣန္ဒေန ယက္ခေန** - ဣန္ဒ ဘီလူးသည်၎င်း၊ **ဗြဟ္မေန ယက္ခေန** - ဗြဟ္မာဘီလူးသည်၎င်း၊ **သုပဏ္ဏေန ယက္ခေန**- သုပဏ္ဏာဘီလူးသည်၎င်း၊ **နာဂေနယက္ခေန** - နာဂဘီလူးသည်၎င်း၊ **ဂန္ဓဗ္ဗေန ယက္ခေန** - ဂန္ဓဗ္ဗဘီလူးသည်၎င်း၊ **ပုဗ္ဗဒိသေန ယက္ခေန** - ပုဗ္ဗဒိသဘီလူးသည်၎င်း၊ **အဂ္ဂိဒိသေန ယက္ခေန** - အဂ္ဂိဒိသဘီလူးသည်၎င်း၊ **ဒက္ခိဏဒိသေန ယက္ခေန**- ဒက္ခိဏာဒိသေဘီလူးသည်၎င်း၊ **နေရတိမဒိသေန ယက္ခေန** - နေရတိမဒိသဘီလူးသည်၎င်း၊ **ပစ္ဆိမဒိသေန ယက္ခေန** - ပစ္ဆိမဒိသဘီလူးသည်၎င်း၊ **ပါရုပ္ပဒိသေနယက္ခေန**- ပါရုပ္ပဒိသဘီလူးသည်၎င်း၊ **ဥတ္တရဒိသေန ယက္ခေန** - ဥတ္တရဒိသဘီလူးသည်၎င်း၊ [illegible]**ဒိသေနယက္ခေန** - ဧသန္ဒဒိသဘီလူးသည်၎င်း၊ **သမုဒ္ဒဒိသေနယက္ခေန**- သမုဒ္ဒဒိသဘီလူးသည်၎င်း၊ **အာကာသဒိသေန ယက္ခေန** -အာကာသဒိသဘီလူးသည်၎င်း၊ [illegible]**ဒိသေနယက္ခေန**-ဘူမဒိသဘီလူးသည်၎င်း၊ [illegible] - ရှုဋ္ဌိသညာခုနစ်ဖြာနှင့် [illegible] အနှုဉ္ဇာဆဲ့တစ်ဝ-ဟု ပေါင်းစုအထူး [illegible]သောက်သော နတ်ဘီလူးတို့ [illegible] **ဂိဇ္ဈကူဋေ ပဗ္ဗတေဝ** - ဂိဇ္ဈကုဋ် [illegible] **ဝိဟရန္တိ** - နေကြကုန်

[illegible] - ထိုနတ်ဘီလူးတို့သည်၊ [illegible] **အပ္ပမေယျော** - မရေ မတွက်နိုင်သော ကျေးဇူးဂုဏ်ရှိတော်မူ ၏၊ **ဓမ္မော** - ဘုရားရှင်၏ တရားတော် ကား၊ **အပ္ပမေယျော** - မရေမတွက်နိုင် သောကျေးဇူးဂုဏ်ရှိတော်မူ၏၊ **သံဃော**- ဘုရားရှင်၏ တပည့်သား သံဃာတော် ကား၊ **အပ္ပမေယျော** - မရေမတွက်နိုင် သောကျေးဇူးဂုဏ်ရှိတော်မူ၏၊ **ဣတိ** - ဤသို့၊ **ဇာနန္တိ**-သိကြကုန်၏၊**ဘယဿန္တိံ**- ဘေးငြိမ်းခြင်းကို ပြုတော်မူတတ်သော၊ **မဟာမောဂ္ဂလ္လာနံ** - လက်ဝဲတော်ရံမဟာ မောဂ္ဂလ္လာန်မထေရ်မြတ်ကို၊ **တသန္တိ** - ထိတ်လန့်ရွံ့ကြောက်ကြကုန်၏။



**ယတ္ထ ယတ္ထ** - အကြင်အကြင် အရပ်၌၊ **အပါဒကာ** - အခြေမရှိသော သတ္တဝါတို့သည်၎င်း၊ **ယတ္ထယတ္ထ** - အကြင်ကြင်အရပ်၌၊ **ဒွေပါဒါ** - အခြေ နှစ်ချောင်းရှိသောသတ္တဝါတို့သည်၎င်း၊ **ယတ္ထယတ္ထ** - အကြင်အကြင်အရပ်၌၊ **စတုပ္ပါဒါ** - အခြေလေးချောင်းရှိသော သတ္တဝါတို့သည်၎င်း၊ **ယတ္ထယတ္ထ**- အကြင် အကြင်အရပ်၌၊ **ဗဟုပ္ပါဒါ**- များသော အခြေရှိသောသတ္တဝါတို့သည်၎င်း၊ **ဝသန္တိ**- နေကြကုန်၏။ **တေ** - ထိုသတ္တဝါတို့ကို၊ **တေဟိ**-ထိုနတ်ဘီလူးတို့သည်၊ **ပါဒအန္တံ**- ခြေကျိုးအောင်၊ **ဦရုအန္တံ** - ပေါင်ကျိုး အောင်၊ **စက္ခုအန္တံ** - မျက်စိကန်းအောင်၊ **မုခအန္တံ** - ခံတွင်းမဟနိုင်အောင်၊ **ဇိဝှါအန္တံ**- လျှာမလိန်းနိုင်အောင်၊ **ကရိသု**- ပြုလုပ်ကြကုန်၏။ **ဣဒါနိ** - ဘုရားရှင်ကြွ ရောက် သီတင်းသုံးတော်မူရာ ယခုအခါ ၌၊ **နကရိသု** - မပြုလုပ်ကြကုန်။

**တေန** - ထို့ကြောင့်၊ **ဗုဒ္ဓဿ** - ဘုရားရှင်အား၊ **နမော** - ရှိခိုးပါ၏။ **ဓမ္မဿ** - တရားတော်အား၊ **နမော** - ရှိခိုးပါ၏။ **သံဃဿ** - သံဃာတော်အား၊ **နမော** - ရှိခိုးပါ၏၊ **ဣတိ**-ဤသို့၊ **သကလလောကဓာတုမာတာပိတုဗုဒ္ဓရက္ခံ** - လောက ဓာတ်ကြီးတစ်ခုလုံး၏ အမိအဘဖြစ် သော ဘုရားတည်းဟူသော အစောင့် အရှောက်ကို၊ **ကတံ**- ပြုအပ်၏၊ **သကလလောကဓာတုမာတာပိတုဓမ္မရက္ခံ** - လောကဓာတ်ကြီးတစ်ခုလုံး၏အမိအဘ ဖြစ်သောတရားတည်းဟူသော အစောင့် အရှောက်ကို၊ **ကတံ**- ပြုအပ်၏၊ **သကလလောကဓာတုမာတာပိတုသံဃရက္ခံ** - လောကဓာတ်ကြီးတစ်ခုလုံး၏အမိအဘ ဖြစ်သောသံဃာတည်းဟူသောအစောင့် အရှောက်ကို၊ **ကတံ** - ပြုအပ်၏၊ **ရက္ခံ ကတံ** - အစောင့်အရှောက်ကို ပြုလုပ် အပ်ပြီးသော၊ **မံ** - ငါ့ကို၊ **ရတ္တိံဝါ** - ညဉ့် အခါ၌၎င်း၊ **ဒိဝါဝါ** - နေ့အခါ၌၎င်း၊ **သဒါ**- အခါခပ်သိမ်း၊ **ရက္ခန္တု** - စောင့်ရှောက်ကြ စေကုန်သတည်း။ **ဣတိပိ** - ဤသို့လည်း၊ **တေ** - ထိုနတ်ဘီလူးတို့ကို၊ **ရက္ခနေ** - အစောင့်အရှောက်၌၊ **ဌပိယမန္တု** - ထားအပ်ကုန်၏။

**သဗ္ဗဒေဝတာယ** - အားလုံးသော နတ်ဗြဟ္မာအပေါင်း၏၎င်း၊ **ဣမဿပရိမိတ္တဇာလဿ**- ဤပရိမိတ္တဇာလသုတ်၏ ၎င်း၊ **တေဇေန**- တန်ခိုးကြောင့်၊ **ဣမသ္မိံ သရီရေ** - ဤငါ၏ကိုယ်၌၊ **အပ္ပါကဋ္ဌ** - မထင်ရှားသော ဘေးအန္တရာယ်သည် ၎င်း၊ **ယေကေစိ ဥပဒ္ဒဝါ**- ထင်ရှားမထင် ရှား များပြားသော ဥပဒ္ဒဝေါတို့သည်၎င်း၊ **ဝိနဿန္တု** - ပျောက်ပျက်ကြပါစေကုန် သတည်း၊ **သဗ္ဗဒေဝတာယ** - အားလုံး သော နတ်ဗြဟ္မာအပေါင်း၏၎င်း၊ **ဣမဿ ပရိမိတ္တဇာလဿ** - ဤပရိမိတ္တ ဇာလသုတ်၏၎င်း၊ **အာနုဘာဝေန တေဇေန** -အစွမ်းအာနုဘော်တန်ခိုးတေဇော် ကြောင့်၊ **ဣမသ္မိံလောကေ**- ဤလောက ၌၊ **ဣမသ္မိံ ဇမ္ဗုဒီပေ** - ဤဇမ္ဗူဒိပ်ကျွန်း၌၊ **ဣမသ္မိံ ပဗ္ဗတေ**- ဤတောင်၌၊ **ဣမသ္မိံ နဂရေ** - ဤမြို့၌၊ **ဣမသ္မိံဂေဟေ**- ဤ အိမ်၌၊ **သဗ္ဗသတ္တာ** - အားလုံးသော ဘေးရန်တို့သည်၊ **ဝိနဿန္တု** - ပျောက် ပျက်ကြပါစေကုန်သတည်း။ **သဗ္ဗေဥပဒ္ဒဝါ** - အားလုံးသော ဥပဒ္ဒဝေါတို့သည်၊ **ဝိနဿန္တု** - ပျောက်ပျက်ကြပါစေကုန် သတည်း၊ **ဣတိ** - ဤသို့၊ **ပတ္ထယန္တေ** - တောင့်တအပ်ကုန်၏။ ။

*ပရိမိတ္တဇာလသုတ်နိဿယ*
*ပြီး၏။*

မြဝင်း (ဒဿန)




www.burmeseclassic.com

www.burmeseclassic.com

တင်တင်ဦး(ပေါင်းတည်)

# ဆီးဖြူကုန်းရွာမှစေတီတော် ဖူးမြော်ရစဉ် ထူးခြားမှုများ



သီရိလင်္ကာနိုင်ငံမှပင့်ဆောင်လာသောဗုဒ္ဓ၏လက်ဝဲအောက်မြတ်စွယ်တော်

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်အပေါင်းတို့သည် ညိုသော ရောင်ခြည်တော်၊ ရွှေရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ ဖြူသော ရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်နှင့် ပြိုးပြိုးပြက်သောရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း ကွန့်မြူးစေတော်မူကြကုန်၏။ ဟောကြားခဲ့တော်မူသော တရားတော်မြတ်တို့မှာ မေတ္တာတရားနှင့်သံသရာမှလွတ်မြောက်ကြောင်းခရီးကို ကျင့်ကြံပွားများအား ထုတ်စေရန် အခြေခံ၍ ဟောတော်မူခဲ့ပါသည်။

ကျွန်မတို့ အပါအဝင် ကိုးကွယ်သူ ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကို စိတ်နှလုံးဝယ် အမြဲကိန်းအောင်းနေခြင်းဖြင့် ကြည်နူးချမ်းမြေ့မှုကို ခံစားကြရပါသည်။ ကုသိုလ်တရားနှင့် အကုသိုလ်တရားတို့ကို ကောင်းစွာခွဲခြားသိစေသည့် တရားတော်များကို နာယူမှတ်သားလိုက်နာစေခြင်းဖြင့် ကောင်းကျိုးကံများကိုလုပ်ကိုင်လိုစိတ်များဖြင့် ထုံမွှမ်းလွှမ်းခြုံနေထိုင်လိုစိတ်များပေါ် ပေါက်စေပါသည်။

ရှေးကာလအချိန်များမှစ၍ ယခုမျက်မှောက်ခေတ် ကာလတိုင်အောင် ဘုရားရှင်တို့၏ ရောင်ခြည်တော်ကွန့်မြူးပုံများကို တစ်ဆင့်စကားဖြင့်သော်လည်းကောင်း၊ စာပေကျမ်းဂန်များဖတ်ရှုခြင်းဖြင့် လည်းကောင်း၊ ကိုယ်တွေ့ဖူးမြော်လိုက်ရခြင်းဖြင့် လည်းကောင်း ကံထူးစွာ ဖူးမြော်ခွင့် ရရှိသူများရှိကြပါသည်။

ကျွန်မကိုယ်တိုင်လည်း မြတ်စွာဘုရား၏ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ငယ်ရွယ်စဉ်က တွေ့မြင်ဖူးမြော်ခဲ့ရပါသည်။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်အချိန်ခန့်က ကျွန်မနေထိုင်ရာ တာမွေမြို့နယ် ကျောက်မြောင်းလမ်းနေအိမ်နှင့်မနီးမဝေးရှိ စေတီငယ်တစ်ဆူ ရောင်ခြည်တော် ကွန့်မြူးနေသည်ကို ဖူးမြော်ခဲ့ရပါသည်။ ညအချိန်ဖြစ်၍ အိမ်ထဲတွင်ရှိနေစဉ် ရပ်ကွက်ထဲမှာ ထူးဆန်းသောအသံများကြားလိုက်ရသဖြင့် အိမ်အပြင်ကိုထွက်ကြည့်လိုက်ရာ လူအချို့မှာ ခပ်သွက်သွက်လမ်းလျှောက်နေပြီး 'ဘုရားရောင်ခြည်တော်လွှတ်လို့ ဖူးဖြစ်အောင်ဖူးကြပါ' ဟုလည်း အချင်းချင်း ပြောဆိုနေကြပါသည်။

ကျွန်မအလွန်စိတ်ဝင်စားသွားပါသည်။ ဘယ်ဘုရားပါလိမ့်။ ငါတို့ရပ်ကွက်ထဲကစေတီကလည်း ဉာဏ်တော်ငယ်ငယ်ပါပဲဟု အတွေးဖြင့် အိမ်ထဲမှထွက်လာကာ လူအများသွားရာနောက်သို့ လိုက်သွားမိပါသည်။ ကိုယ့်ရပ်ကွက်ဖြစ်သည့်အတွက် ခင်မင်သူများပါဝင်နေသောကြောင့် အတူစကားပြောရင်း ဆက်လျှောက်ခဲ့ပါသည်။

"ဟိုမှာတွေ့လားရောင်ခြည်တော်တွေ ကွန့်မြူးနေတယ်"

"ထီးတော်အနားကိုလည်းကြည့်လိုက်ပါ။ တွေ့ရလိမ့်မယ်"

မည်သူပြောသည်ဟူ၍ပင် မသိရလောက်အောင် တစ်ယောက်တစ်မျိုး ပြောသံကြားရသဖြင့် ကျွန်မလည်း စေတီတော်ကို လှမ်းကြည့်မိပါသည်။ ထိုစေတီမှာ ကျွန်မတို့ရပ်ကွက်အတွင်း နှစ်ပေါင်းများစွာက တည်ထားသော စေတီငယ်တစ်ဆူ ဖြစ်ပါသည်။ လူနေရပ်ကွက်အတွင်းမှာရှိနေသောကြောင့် ဆွေဘုရားမျိုးဘုရားအသွင်ရှိနေပါသည်။

စေတီငုက်မြတ်နားကို မော့ကြည့်လိုကရာ ထီးတော်အနီးတွင် အဖြူရောင်အလုံးတစ်လုံးကို တွေ့မြင်ရပါသည်။ ထီးတော်အနီးမှ အပြင်ကို ဝင်းခနဲပေါ်ထွက်လာလိုက်၊ ပျောက်ကွယ်သွားလိုက် ဖြစ်နေပါသည်။ ဖြူဖြူအလုံးမှာ မာကျူရီမီးလုံးများထက်များစွာလင်းပြီးတောက်ပသောအဖြူရောင်နံဘေးတွင် အဖြူစက်ကလေးများက ဖွားခနဲ ဖွားခနဲ အထက်သို့ ကွန့်မြူးလျက်ရှိပါသည်။ အံ့ဩစရာကောင်းလှပါသည်။ ရောင်ခြည်တော်လွှတ်တယ်ဆိုတာ ဒီလိုပါလားဟု တွေးထင်နေမိပါသည်။

ထိုစဉ် ဘုရားဂေါပကအဖွဲ့က -

"ကျွန်တော်တို့အဖွဲ့ လျှစ်စစ်မီးသီးတွေ ခေတ္တပိတ်ထားပေးပါမယ်ခင်ဗျာ။ လျှပ်စစ်မီးရဲ့အရိပ်ကြောင့်လားဆိုတာကို လူအများ ဝေခွဲမရဖြစ်မှာစိုးလို့ပါ"

ချက်ချင်းဆိုသလို မီးမှာရှိသမျှလုံးမှာလည်း မှောင်မည်းသွားပါသည်။

ဘုရားဖူးသူများကလည်း ထီးတော်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝိုက်ကို သေချာစွာ ထပ်မံဖူးမြော်ကြည်ညိုနေကြပါသည်။ မှောင်နေသည့်အချိန်မှာပင် စေတီထီးတော်အနားမှ အဖြူရောင်မီးလုံးတစ်လုံးထွက်ပေါ်လာပါသည်။အရောင်အလွန်တောက်ပလွန်းလှသည့်အဖြူရောင်အလုံးဖြစ်နေပါသည်။ ပေါ်လိုက်ပျောက်လိုက်ဖြင့် အကြိမ်များစွာလင်းလက်နေသည်ကို မျက်မြင်ကိုယ်တွေ့ဖူးမြော်ခွင့်ကြုံကြရသူ ဗုဒ္ဓဘာသာဝင်များမှာ ကတ္တရာလမ်းပေါ်တွင် ကျုံ့ကျုံ့ထိုင်ကာ ထိခြင်းငါးပါးဖြင့် ရောင်ခြည်တော်ကို ရိုသေစွာ ဦးခိုက်ရှိခိုးနေကြပါသည်။ ထိုအဖြစ်အပျက်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော်လည်း ယခုတိုင်အမှတ်တရဖြစ်နေဆဲ ဖြစ်ပါသည်။

လွန်ခဲ့သော(၅)နှစ်ခန့်က ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်မြတ်ကြီး၏ရောင်ခြည်တော်ကွန့်မြူးနေသည်ကို ဖူးမြော်ခဲ့ရပါသည်။ ထိုနေ့က ခင်ပွန်းဖြစ်သူနှင့်အတူ ကျိုက္ကဆံစေတီတော်သို့ ဘုရားဖူးသွားစဉ် ကြုံတွေ့ရခြင်း ဖြစ်ပါသည်။ ဘုရားရင်ပြင်တော်ကိုဝင်လိုက်သည်နှင့် လူအများက ပုဆစ်တုပ်လျက်ထိုင်ပြီး စေတီတော်ကြီးကို အထပ်ထပ်အခါခါ ရှိခိုးလျက် 'ရောင်ခြည်တော်တွေလွှတ်နေတယ်' ဟုလည်း ပြောဆိုနေကြပါသည်။

ကျွန်မတို့လည်း စေတီတော်ကြီးထီးတော်အား မော့ကြည့်လိုက်ရာ အဖြူရောင်အလုံး နှစ်လုံး၊ သုံးလုံးခန့်သည် ဘုရားထီးတော်မှ နံဘေးဘက်သို့ခွဲထွက်ပြီး ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေသည်ကို ဖူးတွေ့ရသည်။ ကျွန်မတို့နှစ်ယောက်နှင့် ကားမောင်းသူတို့မှာ အံ့သြဝမ်းသာကြည်ညိုစိတ်တို့ဖြင့် ဦးချကန်တော့ကြပါသည်။ ထူးခြားသည်မှာ ထိုရောင်ခြည်တော်ကွန့်မြူးနေခြင်းမှာ ညမဟုတ်ဘဲ နံနက် (၉) နာရီအချိန် ဖြစ်နေပါသည်။ နေရောင်ခြည်အလင်းရှိနေသော်လည်း ထိုဖြူဖြူအလုံးတို့မှာ နေရောင်ခြည်ကို ကျော်ဖောက်ကာ လင်းလက်နေပါသည်။ ဘုရားဖူးပရိသတ်များအားလုံး ဖူးမြော်ခွင့်ရကြသဖြင့် ဝမ်းသာအားရဖြစ်နေကြပါသည်။ နေရောင်ရှိသော်လည်း ဖြူသောရောင်ခြည်တော်အလုံးမှာ နေရောင်အောက်တွင် ပျောက်သွားခြင်းမရှိပါ။ ထိုအဖြစ်အပျက်မှာ အချိန်အတော်ကြာမြင့်ပါသည်။ ဘုရားမှပြန်လာသည့်အချိန်ထိ ရောင်ခြည်တော်လွှတ်နေဆဲ ဖြစ်ပါသည်။

အခြားထူးခြားသောစေတီတော်တစ်ဆူမှာ ရန်ကုန်တိုင်းဒေသကြီး သုံးဆယ်မြို့နယ် မြစ်မိန်းတောင်ညိုတောင်ပေါ်ရှိ 'ရွှေစေတီ' ဖြစ်ပါသည်။ ထိုစေတီမှာ ရှေးယခင်အချိန်အခါက ရောင်ခြည်တော်များကွန့်မြူးခဲ့သည်ဟု ဒေသခံ ဦးအေးသောင်း (ဆေးမှူး) က ပြောပြဖူးပါသည်။ ကျွန်မတို့က သင်္ကြန်ရက်များအတွင်း မြစ်မိန်းတောင်ညိုသို့ အဓိဋ္ဌာန်ခရီးထွက်ရာ ကောင်းကင်မှာ မိုးမရွာဘဲ ပဲစေ့အဖြူလေးများ မိုးအသွင်ရွာချသည်ကို ကြုံခဲ့ရပါသည်။ မိုးပေါ်မှ ပဲစေ့လေးများသည် မိုးရွာသကဲ့သို့ပြန့်ကျဲကျဆင်းလာရာ ကျွန်မတို့ဘုရားဖူးအဖွဲ့များမှာ ပျော်ရွှင်စွာကောက်ယူမိပါသည်။ ပဲလွန်းပုံစံပဲစေ့များဖြစ်ပါသည်။

ရောင်ခြည်တော်များ ကွန့်မြူးပြီး ထူးခြားဆန်းကြယ်လှစွာသော တန်ခိုးတော်များဖြင့်ပြည့်စုံတော်မူသည့် ရုပ်ပွားတော်တစ်ဆူမှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် ပွင့်ထွန်းတော်မူသော ရွှေကံကူလေပျံ့ ရုပ်ရှင်တော်မြတ်ကြီးတစ်ဆူ ဖြစ်ပါသည်။ ရွှေကံကူလေပျံ့ရုပ်ရှင်တော်မြတ်ကြီးဖြစ်ပါသည်။ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်တွင် နေထိုင်သည့် ဘုရားဒါယိကာမကြီး အမေကောင်းမိသားစုနေအိမ်မှ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ စတင်၍ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို လူအများတို့ သိရှိဖူးမြော်ရကြောင်း သတင်းစာများတွင် ဖတ်ရှုရပါသည်။

သူရဇ္ဇမဂ္ဂဇင်း၌ ဖော်ပြလေ့ရှိသည့် စေတီပုထိုးများနှင့် ထူးခြားဆန်းကြယ်သည့် အကြောင်းအရာများကို ဖတ်ရှုရသည်မှာ အလွန်စိတ်ဝင်စားစရာကောင်းလှသကဲ့သို့ ကျွန်မ၏စိတ်အတွေးများမှာလည်း လွန်ခဲ့သော နှစ်ပေါင်း (၆၀) နီးပါးကာလ၌ တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်မှန်အတွေ့အကြုံတစ်ခုကို ပြန်လည်ဖော်ပြလိုပါသည်။

အချိန်ကာလအားဖြင့် ၁၉၅၄ ခု၊ ပါလီမန်ဒီမိုကရေစီအစိုးရအုပ်ချုပ်သည့် အချိန်အခါဖြစ်ပါသည်။ ဝန်ကြီးချုပ်မှာ ဦးနု ဖြစ်ပါသည်။ လက်ပံတန်း - သာရဝေါ - ဟင်္သာတမြို့သွား မီးရထားလမ်းဘေးတစ်နေရာတွင် ဇီးဖြူကုန်းရွာလေးတစ်ရွာရှိပါသည်။ ထိုခေတ်ထိုအခါက ဗုဒ္ဓဘာသာဝင်တိုင်းလိုလို စိတ်ဝင်စားစွာဖြင့် သွားရောက်လိုသောနေရာ ဖြစ်ခဲ့ဖူးပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်းလိုလိုဟု ဖော်ပြရခြင်းမှာ သတင်းကြားရသူများက ထိုနေရာသို့ အလွန်သွားချင်ကြပြီး သတင်းမကြားရသေးသူများမှာ မသိရသေးသဖြင့် သွားရကောင်းမှန်းမသိကြခြင်း ဖြစ်ပါသည်။

ကျွန်မတို့၏ မိသားစု အေးအေးဆေးဆေးအနားယူနေစဉ် တစ်နေ့သောညနေစောင်းအချိန်၌ ဖေဖေက ဘုရားဖူးခရီးထွက်မည့်အကြောင်း ပြောဆိုပါသည်။ သာရဝေါ-ဟင်္သာတကြား ဇီးဖြူကုန်းရွာ ဇီးဖြူကုန်းဘုရားသို့ ဖေဖေ၊ မေမေ၊ အစ်ကိုကြီးနှစ်ယောက်နှင့် မောင်အငယ်လေး အပါအဝင် ကျွန်မတို့ မိသားစု (၅) ဦး ခရီးထွက်ဖြစ်ခဲ့ပါသည်။ ကျန်ရစ်ခဲ့သော အစ်ကိုနှင့်အစ်မတို့မှာ အလုပ်ကိစ္စများကြောင့် အိမ်တွင်ကျန်ရစ်ခဲ့ကြပါသည်။ မီးရထားရပ်ပေးသော (ဇီးဖြူကုန်းရွာ) နေရာကို အများက ခမုံဘူတာဟု ခေါ်ပါသည်။

ကျွန်မအနေနှင့် အသက် (၈) နှစ်ခန့်အရွယ်ဖြစ်သည့်အတွက် ခရီးစဉ်အတိအကျကို မမှတ်မိနိုင်ခဲ့ပါ။ ရထားကို အချိန်အကြာကြီးစီးရသည်ကိုသာ မှတ်မိပါသည်။ အရွယ်ရောက်လာသောအခါ အတူပါလာသော အစ်ကိုအကြီးဆုံး (စာရေးဆရာမိုးနတ်ရှင်) နှင့် အစ်ကိုလတ် ဦးမောင်မောင်ညွန့် (စာရင်းစစ်မှူးကြီး-ငြိမ်း) တို့က ရှင်းပြသည့်အခါမှသာ ကျွန်မတို့သွားခဲ့သည့် ခရီးစဉ်မှာ အလွန်တန်ခိုးကြီးသော ရှေးဟောင်းစေတီကြီးကို ထီးတော်တင်သည့်အခမ်းအနား ဖြစ်နေပါသည်။

"ညီမလေးက အလွန်ငယ်သေးတော့ အသေးစိတ်မမှတ်မိတာ မဆန်းပါဘူးကွယ်။ အဲဒီဘုရားက စွယ်တော်ရှင်ဘုရားလို့ ခေါ်ကြတယ်။ ရှေးဟောင်းစေတီတစ်ဆူပေါ့။ ရောင်ခြည်တော်တွေကွန့်မြူးတယ်လို့ တန်ခိုးကြီးဘုရားအနေနဲ့ ဖူးမြော်ကြတယ်လေ"

ရှေးဟောင်း စေတီတော်မှာ သာရဝေါ-ဟင်္သာတသွား မီးရထားလမ်းနှင့် မနီးမဝေးရှိ ဇီးဖြူကျွန်းရွာမှာတည်ရှိပါသည်။ စေတီအနီးတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိပါသည်။ နှစ်ထပ်သစ်သားကျောင်းလေးများဖြစ်ပြီး ပေ (၁၀) ခန့် ကျယ်ဝန်းပါသည်။ ဇီးဖြူကုန်းဘုန်းကြီးကျောင်းဟု အများကခေါ်ဝေါ်ကြသည်။ ဘုန်းတော်ကြီးမှာ သက်တော် (၆၀) ခန့်ရှိပြီး အသားခပ်ညိုညိုနှင့် ပိန်ပိန်ပါးပါးဖြစ်ကြောင်း ကျွန်မမှတ်မိပါသည်။ အရပ်တော်မှာလည်း မနိမ့်မမြင့် အနေတော်ဖြစ်ကာ အလွန်ပင်ဥပဓိရုပ်



www.burmeseclassic.com

www.burmeseclassic.com

"မခက်ပါဘူးဗျ၊ ခင်ဗျားဆက်မမေးလို့လျှို့ထားတာ။ ဖြေဖို့ အဖြေတွေ့ထားပါတယ်။ စိတ်မလျှော့ပါနဲ့"

ဟု မိတ်ဆွေကြီးကို အားပေးစကားဆိုရသေးသည်။

"ဩော်-ခင်ဗျားကလည်း၊ တကယ့်အချက်ကို ကွယ်ဝှက်ထားသဗျာ"

သူက ဆို၏။ ပြီးတော့ မိတ်ဆွေကြီးက -

"ပြောပါဗျာ၊ ပညာသားပြမနေပါနဲ့"

ဟု တောင်းဆိုလာ၏။

သို့နှင့် -

"ဒီလိုဗျ၊ ကွမ်းစားတို့၊ စရွတ်တို့ဆိုတာ ကျွန်တော်တို့ဒေသအသုံးအနှုန်းအခြင်အတွယ်မဟုတ်ဘူး။ မဇ္ဈိမဒေသအသုံးအနှုန်းအခြင်အတွယ်ဖြစ်ပါတယ်။ သူတို့ဒေသမှာကိုပဲ ဒေသတစ်ခုနဲ့တစ်ခုတူကြဘူး။ ကာလဒေသလိုက်ပြီးကွဲပြားကြတယ်။ မဂဓဒေသမှာ လေးကွမ်းစား၊ လေးစလယ်ဟာ ကောသလတိုင်းမှာ (၁) ကွမ်းစား၊ (၁) စလယ်ပဲရှိတာ။ မဂဓ၌ လေးစလယ်ပြည့်မှ (ဝါ) တစ်ပြည်ရှိမှ ကောသလတိုင်းမှာ တစ်စလယ်၊ တစ်ကွမ်းစားရှိတယ်လို့ဆိုတယ်။ ကောသလတိုင်း (၁) ကွမ်းစားကို တစ်ပြည်လို့မှတ်ရမှာ။ ဒီအဆိုက သုတ္တနိပါတ် ကောကာလိကသုတ်အဖွင့်မှာ -

မဂဓကေန ပတ္ထေန စတ္တာရော ပတ္ထာ ကောသလရဇ္ဇေ ဧကော ပတ္ထော ဟောတိ -

လို့ ဆိုတဲ့အဖွင့်အရ မဂဓတိုင်းနဲ့ ကောသလတိုင်းတို့ရဲ့ အခြင်အတွယ်မတူကွဲပြားတဲ့အကြောင်းဖွင့်ပြထားတာဖြစ်ပါတယ်။ သူတို့ဒေသမှာကိုပဲ ဒေသတစ်ခုနဲ့တစ်ခုမတူကြဘူး။ ကာလဒေသလိုက်ပြီး ကွဲပြားကြတယ်။ မဂဓဒေသမှာ လေးကွမ်းစား၊ . လေးစလယ်သည် ကောသလတိုင်း၌ (၁) ကွမ်းစား၊ (၁) စလယ်ပဲရှိတာ။ မဂဓမှာ လေးစလယ်ပြည့်မှ(ဝါ)တစ်ပြည်ရှိမှ ကောသလတိုင်းမှာ (၁) စလယ်၊ (၁)ကွမ်းစားရှိတယ်လို့ဆိုတယ်။ ကောသလတိုင်း (၁) ကွမ်းစားကို တစ်ပြည်လို့မှတ်ရမှာ။ ဒီအဆိုက သုတ္တနိပါတ် ကောကာလိကသုတ်အဖွင့်မှာ -

မဂဓကေန ပတ္ထေန စတ္တာရော ပတ္ထာ ကောသလရဇ္ဇေ၊ ဧကော ပတ္ထော ဟောတိ

လို့ ဆိုတဲ့ အဖွင့်အရ မဂဓတိုင်းနဲ့ ကောသလတိုင်းတို့ရဲ့ အခြင်အတွယ်မတူကွဲပြားတဲ့အကြောင်းဖွင့်ပြထားတာဖြစ်ပါတယ်။ ဒီအဖွင့်ကိုသိရှိတော်မူပြီးဖြစ်တဲ့ ဆရာတော်ဦးဗုဓ်က ကိုးဟာ ဝတ်ရွတ်စဉ်ဓာတ်တော်ဘုရားရှိခိုးမှာ -

- မဟတ္တာ ပဉ္စနာဠိယော၊
  မဇ္ဈိမာ ပဉ္စနာဠိကာ၊
  ခုဒ္ဒကာ ဆနာဠိကာ၊
  တာပိ ဝန္ဒာမိ ဓာတုယော။ ။

အနက်မြန်မာပြန်ဆိုသည့်အခါမှာ ကွမ်းစားဟော နာဠိယသဒ္ဒါကို ကွမ်းစားလို့မပြန်ဆိုဘဲ ပြည်လို့ ပြန်ဆိုထားတာကိုတွေ့ရပါတယ်။ မဟတ္တာ-ကြီးသောဓာတ်တော်တို့သည်၊ ပဉ္စနာဠိယော-(၅)ပြည်တို့တည်း။ မဇ္ဈိမာ - အလတ်ဖြစ်သောဓာတ်တော်တို့သည်၊ ပဉ္စနာဠိကာ - (၅) ပြည်တို့တည်း။ ခုဒ္ဒကာ - အငယ်ဖြစ်သောဓာတ်ကော်တို့သည်၊ ဆနာဠိကာ-(၆) ပြည်တို့တည်း။ တေပိဓာတုယော-ထိုဓာတ်တော်(၃)မျိုးကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ - ရှိခိုးပါ၏ အနက်မြန်မာပြန်ဆိုထားတာကို တွေ့ရပါတယ်။

(ကောသလတိုင်း၌ 'ကွမ်းစား' ကို 'ပြည်' ဟုပြန်သည်။)

"ဒီလိုဆိုတော့ ဓာတ်တော်က (၁၆) ပြည် - (၁) တင်းပေါ့နော်"

"ဟုတ်တယ်ဗျ၊ (၁) တင်းပဲ"

"ဒီလိုဆိုဓာတ်တော်ဘယ်လောက်ကြွင်းသလဲမေးရင် ဖြေနိုင်ပြီပေါ့ဗျ။ ဖြေဆိုနိုင်ရင် ကျွန်တော်တို့မကျက်တကျက်တွေမဟုတ်တော့ဘူးလို့ပြောနိုင်ပြီနော်"

"ဟုတ်ကဲ့ဆိုပါတော့ဗျာ။ကျွန်ဘော်ကတော့ အဲလိုမပြောလိုပါဘူး။ ကျွန်တော်ပြောလိုတာကတော့ စာပေမနှံ့မစပ် တစ်နည်းအားဖြင့်တော့ မကျက်တကျက်ဆိုတော့ ဒီအဖြေရရှိဖို့အတွက် စာအုပ်စာတမ်းတော်တော်များများကိုဖတ်ခဲ့ရတယ်။ မရှိတဲ့စာအုပ်ကိုဝယ်ယူဖတ်ရတယ်။ သမန္တစက္ခုဒီပနီမရှိလို့ မန္တလေးဈေးချိုမှာ (၈၀၀၀) ပေးဝယ်လိုက်ရတယ်။ ကမ္ဘာ့ဂန္ထဝင်ဆိုတဲ့စာအုပ်ကြီးဆိုရင် မန္တလေးမှာမရှိလို့ ရန်ကုန်ကအသိမိတ်ဆွေဆီလှမ်းမှာပြီး ရွှေတိဂုံစောင်းတန်းဈေးက (၂၆၀၀၀) ကျော်နဲ့ဝယ်ယူခဲ့ရတယ်။ကာလအားဖြင့်လည်း (၁၀) လခန့် ကြာခဲ့တယ်။ ဒီကြားထဲဇရာဒုဗ္ဗလအရွယ်မို့ ဆေးခန်းဆေးတိုက်ပြေး ဆေးထိုးရနဲ့ တော်တော် ကြိုးစားပမ်းစားလုပ်ခဲ့ရတာကိုပဲ ပြောချင်ပါတယ်ဗျာ"

ဟု မိမိအဖြစ်ကို အမှန်အတိုင်းပြောမိပါသည်။

"ဒီတော့ ဒေါဏသဒ္ဒါအဘိဓာန်ဟောတာက (၄) ပြည်ဟောပေမယ့် တကယ်ကျတော့ (၄) ပြည်ယူလို့မရဘူးနော်"

ဟု မိတ်ဆွေကြီးကမေးသည်။

"ဟုတ်တယ်ဗျ၊ ဒေါဏဆိုတဲ့ စရွတ်ကို (၂)ပြည်ပဲယူလို့ရတာတွေ့ရပါတယ်"

"ဘယ်မှာတွေ့လဲ၊ကျုပ်တို့ဆွေးနွေးတဲ့အထဲမှာမပါသေးဘူးနော်"

"ဟုတ်တယ်မပါသေးဘူး။ အဲဒါကျန်နေရစ်လို့ ပြောမလို့ဗျ။ ကျမ်းကြီးကျမ်းခိုင်တော့မဟုက်ဘူး။ သာသနာလျှောက်ခန်း (ဓာတ်ဝေခန်း) မှာ တွေ့ရတာက -

- *ခြေတော်အစုံကို*
  *သိမ်းယူတော်အမူတွင်*
  *ပကတိရွှေရောင်ကို*
  *ရှစ်ပြည်ထောင်မင်းသားတို့*
  *ဘွားခန်အမြင်၊ ဟွင်းထဲဝင်၍*
  *သူ့ထက်ငါလုယက်မည်အလာ*
  *မင်းဆရာဒေါဏက*
  *သည်းခံကြ မင်းသားတို့*
  *သူ့ထက်ငါ လုယက်သော်*
  *စစ်ဖက်မည်ထင်သောကြောင့်*
  *နှစ်ပြည်ဝင်ရှုဖလားနှင့်ချင့်ထား*
  *ငါဝေမည်ငြိမ်ကြစေ. . .*

လို့ တွေ့ရတာ ထောက်ထားပြီး ဒေါဏသဒ္ဒါဟော စရွတ်ဟာ (၂) ပြည်လို့သိရခြင်း ဖြစ်ပါတယ်ဗျာ"

ဟု မိတ်ဆွေကြီးကို ရှင်းပြရပါသည်။

"ဒါဆိုတော့ ဓာတ်တော်ခြင်ခွက်ဟာ (၂) ပြည်ဝင်စရွတ်ခွက်လို့ ဆိုရမှာပေါ့"

ဟု မိတ်ဆွေကြီးကဆိုပါသည်။ နောက် သူက ဆက်ပြီးပြော၏။

"ဒီလိုဆို အားလုံးရှင်းသွားပါပြီ။ ဓာတ်တော်ဘယ်လောက်ကြွင်းကျန်သလဲမေးရင် ရဲရဲရင့်ရင့်နဲ့ ဖြေဆိုနိုင်ပြီဗျာ။ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ဗျာ၊ ကျွန်တော်ကလည်း ဆည်းပူးမိသမျှ ဗဟုသုတလေးကို မခြွင်းမချန်ပြောပြရဲတဲ့အတွက် စိတ်ပါလက်ပါနားထောင်ပြီး ဆွေးနွေးဖော်ရတဲ့ မိတ်ဆွေကြီးကို ကျွန်တော်ကလည်း အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားပါရစေ ခင်ဗျာ"

ဟု ပြောကြဆိုကြရင်း ဆွေးနွေးခန်းကို ရပ်နား နိဂုံးချုပ်လိုက်ရပါသည်။

ဉာဏ်မြင့်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ် ရွှေကံကူလေပုံ့ သစ်တော်ရုပ်ရှင်တော်မြတ်၏ (၉) ရက်၊ (၉) လ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်ကြီး သည်ကား ယခင်နှစ်များနှင့်မတူ ၃-၉-၂၀၁၅ ရက်နေ့မှ ၁၄-၉-၂၀၁၅ ရက်နေ့တိုင် (၁၂)ရက်တိတိ ရက်ရှည်ပွဲတော်ကြီးအဖြစ် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ နောင်နှစ်များတွင်လည်း ဤကဲ့သို့ပင် ရက်ရှည်ကျင်းပသွားတော့မည် ဖြစ်ပါသည်။ စာရေးသူတို့သည် ဤကဲ့သို့ ရက်ရှည်ကျင်းပရန် မရည်ရွယ်သော်လည်း ဖြစ်ပေါ် ပြောင်းလဲလာသော အခြေအနေနှင့် အချိန်အခါအရ ရက်ရှည်ပူဇော်ပွဲဖြစ်သွားရခြင်း ဖြစ်ပါသည်။


ပုဂံမြို့မှ ဓမ္မရံကြီးဘုရား

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်
## ၂၀၁၅ ခုနှစ် ပုဂံ-ပုပ္ပား-ကျောက်ပန်းတောင်း၊ မြင်းခြံ-အောင်လံ-မကွေး-ကျောက်ပန်းတောင်းခရီးစဉ်


ရုပ်ရှင်တော်မြတ်အား သပ္ပာယ်စွာ ဖူးတွေ့ရပုံ


'ရွှေရည်ပွင့်' မိသားစုတွင် ပူဇော်ထားရှိပုံ

www.burmeseclassic.com

ထိုသို့ဖြစ်ရခြင်းမှာ စာရေးသူတို့သည် လွန်ခဲ့သော (၆) နှစ်ခန့်စတင်၍ ရွှေကံကူရုပ်ရှင်တော်မြတ်အား ခုနစ်ရက်သားသမီးတို့မှ လှူဒါန်းကြသော ပလ္လင်တော်တို့ကို (၉) ရက်၊ (၉) လနေ့တွင် လာရောက်ကြသော ဘုရားဖူးပရိသတ်တို့အား ဝေငှလာခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တို့တွင် ပရိသတ်တို့သည် ပလ္လင်တော်များကို စနစ်တကျ တန်းစီပြီး အလှည့်ကျ ယူဆောင်ခြင်းမပြုကြဘဲ အတင်းလုယက်ကြသဖြင့် ယခုနှစ်တွင် အောင်မြေ၌ ဝေငှခြင်းမပြုတော့ဘဲ မန္တလေးမြို့ တောင်စလင်းတိုက်သစ်ဝါးခင်းကုန်းဆရာတော်ကြီး၏တောင်တန်းသာသနာပြုအဖွဲ့သို့ လှူဒါန်းနိုင်ရန် စီစဉ်ရသည်။

ထို့အပြင် ဝါးခင်းကုန်းဆရာတော်ဘုရားကြီးသည် ရွှေကံကူရုပ်ရှင်တော်မြတ်အား ကြည်ညိုရုံမျှမက မယ်တော်ကြီးကိုလည်း အထူးခင်မင်လှသည်ဖြစ်ရာ နှစ်စဉ် (၉) ရက်၊ (၉) လ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်သို့ ဆရာတော်ဘုရားကြီး၏ အစီအစဉ်ဖြင့်ပင် ကြွရောက်တော်မူလာမြဲဖြစ်၍ စာရေးသူတို့မှ ဆရာတော်ဘုရားကြီးကို လှူဒါန်းပူဇော်ခွင့်ရရှိသော်လည်း မန္တလေးမြို့မှ အခြားသော အခြားသော ဆရာတော်ဘုရားကြီးများကိုလည်း စာရေးသူတို့ ရွှေကံကူမိသားစုမှ (၉) ရက်၊ (၉) လ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်အဖြစ် လှူဒါန်းပူဇော်လိုသောဆန္ဒတို့ ဖြစ်ပေါ်နေခဲ့မိသည်မှာ ကြာမြင့်ခဲ့ပေပြီ။ သို့သော် ဆရာတော်ဘုရားကြီးများအား စဉ့်ကိုင်မြို့အထိ ဖိတ်ကြားရန်မှာလည်း ပင်ပန်းနွမ်းနယ်မည်စိုးရိမ်မိသည်။ ထို့ကြောင့် မပင့်ဖြစ်ဘဲရှိခဲ့ရပါသည်။

ယခုနှစ်တွင် ဝါးခင်းကုန်းဆရာတော်ဘုရားကြီး၏ တောင်စလင်းတိုက်အသစ်တွင် ပလ္လင်တော်လှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ စာရေးသူတို့ နဂိုကထားရှိခဲ့သောဆန္ဒအတိုင်း မန္တလေးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ မစိုးရိမ်တိုက်ပောင်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ အပါအဝင် မန္တလေးမြို့မှ သက်တော်ရှည် ဆရာတော်ဘုရားကြီး (၉) ပါးတို့အား ၃-၉-၂၀၁၅ ရက်နေ့ ပလ္လင်တော်များလှူဒါန်းပွဲတွင်ပင့်ဆောင်၍ ပူဇော်ခဲ့ကြသည်။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်သည် ၄ ရက်၊ ၉ လနေ့မှစ၍ ရွှေကံကူအောင်မြေတွင် စတင် သီတင်းသုံး စံပယ်ပူဇော်ခံတော်မူဖြစ်ခြင်း ဖြစ်ပါသည်။



စည်သူရှင် သရက္ခန်ရုပ်ပွားတော်အား ရွှေကံကူမိသားစုမှ လှူဒါန်းသော မကိုင်ရုံတော်၊ စလွယ်တော်ဖြင့် ဖူးတွေ့ရပုံ



ရွှေတန့်တစ် သရက္ခန်ရုပ်ပွားတော်အား ရွှေကံကူမိသားစုမှ လှူဒါန်းသော မကိုင်ရုံတော်၊ စလွယ်တော်ဖြင့် ဖူးတွေ့ရပုံ



အလောင်းစည်သူမင်း တည်ထားသော သဗ္ဗညုဘုရား

တစ်ဖန် (၅) ရက်နေ့တွင်လည်း စဉ့်ကိုင်မြို့မှ ပင့်သံဃာ (၁၅) ပါးတို့အား ဆွမ်းများဆက်ကပ်ခဲ့သည်။ ယခင်နှစ်များက ၉ ရက်နေ့မှပင် အရဏ်ဆွမ်းကပ်လှူခြင်းဖြစ်သော်လည်း နံနက်အစောကြီးမှာပင် ဧည့်ပရိသတ်တို့ ပြည့်ကျပ်လျက်ရှိ၍ ဆွမ်းကပ်ရသည်မှာ ခက်ခဲမှုကြုံရ၏။ ထို့ကြောင့် ၅ ရက်နေ့တွင် ကြိုတင်၍ ဆွမ်းကပ်ရခြင်း ဖြစ်သည်။

ထိုသို့ဖြင့် ရက်ရှည်ပွဲတော်ဖြစ်သွားရခြင်း ဖြစ်သည်။ ၂၀၁၄ ခုနှစ်က ပွဲတော်ရက်ကလို ၁၂ ရက်နေ့တွင် အဆုံးသတ်ခဲ့ပြီး ၁၃ ရက်၊ ၉ လတွင် ပုဂံသို့ ဒေသစာရီကြွမြန်းတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (ဂဂ) မြေမြန်တပ်မဟာနချုပ်တွင် ပူဇော်ထားရှိစဉ်



မြင်းခြံမြို့ပြည်ကျော်မိသားစုမှ အောင်လံမြို့သို့ ပင့်ဆောင်စဉ်



(၉-၉-၂၀၁၅) ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်

၂၀၁၄ ပုဂံ - ပုပ္ပား - မြင်းခြံခရီးစဉ် ...ဇင်းကြီးတွင် ဖော်ပြပါရှိပြီး) ...နှစ်တွင်၁၅-၉-၂၀၁၅ နေ့မှ ဒေသ ...မြန်းတော်မူ ဖြစ်ပါသည်။ ၂၀၁၄ ...အတိုင်းပင် ရွှေရည်ပွင့်ဟိုတယ် ...ပင့်ဆောင်ပူဇော်ခြင်း ဖြစ်သည်။

...မန်နှစ် ပင့်ဆောင်ပူဇော်စဉ်က ...အောင် - ဒေါ်ခင်မေစန်းနှင့် ...နှစ်ဦးစလုံးပါဝင်ခဲ့သော်လည်း ...တွင် သားငယ်မှာ ၎င်းတို့မိသားစု ...မြို့တွင် အသစ်ဖွင့်လှစ်သော ...သောက်ဆိုင်ကြီးတွင် လူမနိုင် ...နေခဲ့ရသည်ဟု သိရပါသည်။ နံနက် (၈) နာရီခန့်တွင် ရွှေရည်ပွင့် မိသားစုမှ ရုပ်ရှင်တော်မြတ်ကြီးအား လာရောက် ပင့်ဆောင်ပါသည်။ ပြီးခဲ့သောနှစ် ဤမိသားစုမှ ပင့်ဆောင်ပူဇော်စဉ်က စာရေးသူသည် ပုဂံမြို့ ရွှေရည်ပွင့်ဟိုတယ်သို့ လိုက်သွားခဲ့ဖူးသောကြောင့် စာရေးသူနှင့်လည်း ရင်းရင်းနှီးနှီး ခင်မင်နေပြီဖြစ်ရာ အန်တီစန်းမှ -

"ဆရာ၊ ဒီနှစ်လည်း ပုဂံကို လိုက်ခဲ့ပါဦး"

ဟု ဖိတ်ကြားပါသေးသည်။

ထိုအခါမယ်တော်ကြီးမှ -

"ဆရာဘိုဘိုတို့ မနက်ဖြန်လာကြမှာလေ"

ဟု ဝင်ပြောပါသည်။

ရွှေကံကူရုပ်ရှင်တော်မြတ်သည် အောင်မြေတွင် ယခုနှစ်ပွဲတော်ကာလ၌ ရက်ရှည်သီတင်းသုံးတော်မူခဲ့သည်ဖြစ်ရာ ပွဲတော်ရက်တစ်လျှောက်လုံးတွင်လည်း နေ့စဉ် ဧည့်ပရိသတ်တို့ စည်ကားနေခဲ့ပြီးရှိနေခဲ့ရာမှ ယခုကဲ့သို့ ဒေသစာရီပြန်လည် ကြွချီတော်မူရာ အောင်မြေတွင် ခြောက်သွေ့ တိတ်ဆိတ် ကျန်ရစ်ခဲ့ပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့သည်ကား အံ့ဖွယ်လူသားများဟုဆိုရပေမည်။ပွဲတော်ရက်တွင်လည်း တစ်ရက်မှမနားကြရ။ ပွဲတော်ရက်မတိုင်မီကလည်း ဒေသစာရီခရီးများ မနားတမ်းကြွနေခဲ့ကြရ။ ယခုလည်း ဒေသစာရီခရီး ပြန်လည် ကြွမြန်းကြရပြန်ပြီဖြစ်သော်လည်း မယ်တော်ကြီးတို့သည် ပင်ပန်းနွမ်းနယ်ခြင်းမရှိပါ။ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွပင်ဖြစ်ပါ၏။ စာရေးသူတို့လျှင် မယ်တော်ကြီးတို့ကဲ့သို့ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

အိမ်ရှင်များမှ မည်သို့ပင် ဧည့်ဝတ်ပျူငှာပြုစုပါစေ ဧည့်သည်အဖြစ်နှင့်နေရသည်မှာ စိတ်အနေကိုယ်အနေကျဉ်းကျပ်လှသည်သာဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ကြသူတို့မှာ ဆွေမျိုးများလည်း မဟုတ်ကြ။ မိတ်ဆွေများလည်းမဟုတ်ကြပါ။ တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသောသူများ၊ မရောက်ဘူးသောအိမ်များသာ ဖြစ်ကြပါသည်။ မယ်တော်ကြီးတို့သည် ထိုကဲ့သို့သော အိမ်များသို့ ဆက်ကာဆက်ကာ ဒေသစာရီခရီးများတွင် လိုက်ပါလာခဲ့ကြရသည်မှာ (၁၀) စုနှစ်တစ်ခုပင် ကြာမြင့်ခဲ့ပြီး ဖြစ်ပါ၏။ ထို့ပြင် မည်သို့သော ယာဉ်ရထားနှင့်ပင် သွားရောက်သည်ဖြစ်စေ ပင်ပန်းသည်ဖြစ်ပါ၏။ ထို့အပြင် လူများစွာနှင့်တွေ့ဆုံစကားပြောရသော အလုပ်မှာလည်း ပင်ပန်းလှသည်သာဖြစ်ပါ၏။

နောက်တစ်နေ့တွင် စာရေးသူသည် မန္တလေးမြို့မှ ဦးအေးကိုကိုသွန်း၊ ဖားကန့်မှ မန္တလေးမြို့သို့ ရောက်ရှိနေသော မောင်ဝင်းမိုးနှင့် ကြည်ကြည်ဝင်း ဇနီးမောင်နှံ ကားနှစ်စီးခေါ်ယူလိုက်ပါသည်။ စာရေးသူ၏ အစ်ကိုတော်သူ ကိုဝင်းကို၊ စဉ့်ကိုင်မြို့မှ လွင်အနုပညာ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်၊ မောင်လွင်နှင့် တပည့်တစ်ဦးတို့ကိုလည်း ခေါ်ယူ၍ နံနက် (၅) နာရီခန့်တွင် စဉ့်ကိုင်မြို့မှ ထွက်ခွာခဲ့ကြသည်။ မြင်းခြံမြို့တွင်



www.burmeseclassic.com

www.burmeseclassic.com

ဦးညီညီ (၂၀၁၄ ခရီးစဉ်တွင်ပါရှိသူ) အား ဝင်ရောက်ခေါ်ဆောင်ရာ ဦးညီညီမှ စာရေးသူတို့အဖွဲ့အား ပြည့်ဝကဖေးတွင် ကျွေးမွေးဧည့်ခံပါသည်။ စာရေးသူတို့သည် ပုဂံမြို့သို့အကြိမ်ကြိမ်ရောက်ဖူးခဲ့ပြီဖြစ်သောကြောင့် ပုဂံမြို့ ရှောင်လင်မှ ရွှေရည်ပွင့်ဟိုတယ်ရှိရာ ပုဂံမြို့သစ်သို့ တိုက်ရိုက်သွားရောက်ခဲ့ပါသည်။

နံနက် (၁၀) နာရီလောက်တွင် ရွှေရည်ပွင့်ဟိုတယ်သို့ ရောက်ရှိပါသည်။ အုပ်ချုပ်မှု၊ စီမံမှုကောင်းမွန်ခြင်း၊ ဝန်ထမ်းများမှ တာဝန်သိသိထမ်းဆောင်ကြခြင်းတို့ကြောင့် ရွှေရည်ပွင့်ဟိုတယ်သည် သန့်ရှင်းသပ်ရပ်သစ်လွင်လျက်ရှိပါသည်။ ဟိုတယ်ဝန်ထမ်းများသည် စာရေးသူအား မှတ်မိနေပြီဖြစ်သဖြင့် ဖော်ရွေလှိုက်လှဲစွာ ကြိုဆိုကြပါသည်။ ရုပ်ရှင်တော်မြတ်အား မနှစ်ကအတိုင်းပင် ဟိုတယ်အပေါ်ထပ် သီးသန့်ဘုရားခန်းတွင် ခမ်းနားတင့်တယ်စွာ ပူဇော်ထားရှိပါသည်။ ရုပ်ရှင်တော်မြတ်အား ကင်မရာဖြင့် တိုက်ရိုက်ချိတ်ဆက်ပြီး TV တွင် ပြသထားရှိရာ ယခင်နှစ်များက မျက်နှာတော်ဖြင့်မတူဘဲ တစ်မူထူးခြားစွာ သပ္ပာယ်တော်မူလျက်ရှိပါသည်။

စာရေးသူကို တွေ့မြင်သောအခါ ဦးသိန်းအောင်နှင့် ဒေါ်ခင်မေစန်းတို့သည် ဝမ်းသာလျက်ရှိကြပြီး -

"ဆရာ၊ မနှစ်က ဒီမှာဘုရားပင့်တုန်းက စိန်မကိုဋ်တွေလှူဖို့ရာရည်ရွယ်ခဲ့တာ။ အခုရည်ရွယ်ထားတဲ့အတိုင်း စိန်မကိုဋ်၊ စလွယ်တော်တွေ ပူဇော်ရပြီ။ ဝမ်းသာလိုက်တာ"

ဟု ဒေါ်ခင်မေစန်းမှပြောပါသည်။

ယခု လှူဒါန်းထားသော စိန်မကိုဋ်တော်၊ စလွယ်တော်တို့မှ ကျပ်သိန်း (၇၀၀) ခန့် ကာလတန်ဖိုးသင့်သည်ဟု သိရပြီး ၂၀၁၄ဆောင်းပါးတွင် ရွှေရည်ပွင့်မှ စလွယ်၊ မကိုဋ်တို့ပြုလုပ်သောအခါ လပ်ကီးဟုန်းမိသားစုမှ လှူဒါန်းသော စိန်ထည်တစ်ခုကိုပါ ထည့်သွင်းပြုလုပ်ရန် မယ်တော်ကြီးမှပြောကြားခဲ့သည်ဟု ဖော်ပြပါရှိခဲ့ပါသည်။ ထိုစိန်တို့မှာလည်း အရည်အသွေးကောင်းမွန်လှပြီး ကာလတန်ကြေး ကျပ် သိန်း (၇၀) ခန့်ထိုက်ပါသည်။ သို့သော် ရွှေရည်ပွင့်မိသားစုသည် ၎င်းတို့တစ်ဦးတည်းသာ လှူဒါန်းလိုသည်ဖြစ်၍ ထိုစိန်တို့ကို ထည့်သွင်းခြင်းမပြုဘဲ ၎င်းတို့၏စိန်များဖြင့်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရပါသည်။

ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းမဆက်ကပ်မီ စာရေးသူတို့ နားနေရန်



မြင်းခြံမြို့ စိန်ဝင်းကျော်အချိုရည်မှ 'ရွှေပြည့်အိမ်' မိသားစုသို့ ပင့်ဆောင်စဉ်



မြင်းခြံမြို့ 'ရွှေပြည့်အိမ်' မိသားစု နေ့ဆွမ်းဆက်ကပ်စဉ်



မြင်းခြံမြို့ 'ရွှေပြည့်အိမ်' မိသားစုမှ 'ရွှေနှင်းဆီ' မိသားစုသို့ ပင့်ဆောင်စဉ်



မြင်းခြံမြို့ 'ရွှေနှင်းဆီ' ဆေးလိပ်ခုံမိသားစု နေ့ဆွမ်းဆက်ကပ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

လုံးချင်းဘန်ဂလိုအခန်းပေးထားပါသည်။ မနှစ်က ပေးသော အခန်းနံပါတ် (၁၀၈) ပင်ဖြစ် ပြီးအခြားသူများအတွက်လည်း (၂) ခန်းပေးပါသည်။ မနှစ်က တစ်ခန်းကို မြန်မာငွေ(၇)သောင်းခန့်ကျပြီး ဒီနှစ်တော့ တစ်ခန်းကို မြန်မာငွေနှင့်တွက်ရင် (၂) သိန်းလောက်ကျမည်ဟု ဟိုတယ်ဝန်ထမ်းမှပြောပြရာ ဘယ်လိုကြောင့် ဈေးတက်ရတာလဲဟု ကိုဝင်းကိုမှ မေးသောအခါ ဤဟိုတယ်သည် စွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ကြယ်တစ်ပွင့် တက်သွားပြီဖြစ်ကြောင်း၊ ထိုအခါ ဝန်ဆောင်မှုများ၊ အခွန်အခများပါ တိုးမြှင့်လာကြောင်း၊ ထို့ကြောင့် ဈေးတက်သွားရကြောင်း ရှင်းပြပါသည်။

ဦးသိန်းအောင်နှင့် ဒေါ်ခင်မေစန်းတို့လည်း စာရေးသူနှင့်မျက်နှာချင်းဆိုင် အဆောင်တွင်နေကြရာ စာရေးသူအား ဟိုတယ်ခြံဝင်းအတွင်း သစ်ပင်မန်းပင်များကို လိုက်လံပြသပါသည်။

"ဒီအချိန်မို့ အခန်းတွေအားနေတာ။ (၁၁) လပိုင်းဆိုရင် Tour ရာသီရောက်ပြီ။ အခန်းလွတ်မရှိတော့ဘူး။ ကျွန်မတို့ဟိုတယ်က ကမ္ဘာလှည့်ခရီးသည်လောကမှာ နာမည်ကြီးနေတာ။ နိုင်ငံခြားမှာကတည်းက ကြိုပြီး အခန်းငှားကြတာ"

ဟု ဆိုပါသည်။

(၁၀) နာရီတွင် ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်ပါသည်။ ဆွမ်းကပ်ပြီးသည်နှင့် စာရေးသူတို့ ထမင်းစားပါသည်။ ဦးသိန်းအောင်၊ ဒေါ်ခင်မေစန်းတို့က ဟိုတယ်မန်နေဂျာနှင့် မိတ်ဆက်ပေးပါသည်။ ရွှေရည်ပွင့်ဟိုတယ်အထိမ်းအမှတ် ကျောက်စိမ်းပြားလည်းပေးအပ်ပြီး -

"ဆရာပုဂံကိုရောက်တဲ့အခါတိုင်း ကျွန်မတို့ဟိုတယ်ကိုဝင်ပါ။ မန်နေဂျာကိုမှာထားပါတယ်"

ဟု ပြောရာ စာရေးသူသည် ယခုသို့ နှစ်ကြိမ်ခန့်ရောက်ရှိကြောင်း၊ ယခုသော် ပုပ္ပားတောင်တွင် သာသနာ့အောင်လံလွှင့်ထူရန် နေ့ချင်းပြန်လာရောက်လာခြင်းဖြစ်၍ ဤဟိုတယ်အနီးရောက်သွားသည့်တိုင် မဝင်ဖြစ်ခြင်းဖြစ်ကြောင်းပြောပြသောအခါ -

"ဆရာ၊ ဘုရားဖူးသက်သက်ပဲလား ဒါမှမဟုတ် အမိဋ္ဌာန်နှင့်လား"

ဟု မေးကြပါသည်။

ထိုအခါ စာရေးသူမှ အဓိဋ္ဌာန်ဟုဆိုကြောင်း သို့သော် ရိုးရိုးအဓိဋ္ဌာန်ပြုလုပ်ခြင်းမျိုး မဟုတ်ပါ။ သာသနာ့အောင်လံတံခွန်လွှင့်ထူခြင်းဖြစ်ပါသည်။ သာသနာ့အောင်လံတံခွန် ဟူသည်မှာ ဤသို့ဖြစ်ပါသည်ဟု အောက်ပါအတိုင်း ရှင်းပြရပါသည်။

လွန်ခဲ့သော (၈) နှစ်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူတို့၏ ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းတို့ကို လူတို့ ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြသေးပါ။ ထို့အတူ စာရေးသူသည်လည်း စာရေးသားခြင်းမပြုသေး။ ဆေးကုသပေးမှုတို့မှာလည်း မတွင်ကျယ်သေး။ ခုနစ်ရက်သားသမီးတို့အား ကူညီစောင့်ရှောက်မှုများမှာလည်း နည်းပါးလှသေးရာ စာရေးသူတွင် ယခုကဲ့သို့တပည့်မိတ်ဆွေတို့ မပေါ်များသေးပါ။ ထိုအချိန်တွင် (စာရေးသူ၏ ဆောင်းပါးများတွင် မကြာခဏပါဝင်သူ) စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ တိုက်၊ ကားဆေးသုတ်ဆရာ ကိုမောင်နိုင်သည် စာရေးသူ၏ တပည့်အရင်းပမာဖြစ်နေပြီး စာရေးသူကို အရာရာအားကိုးယုံကြည်လျက်ရှိနေပြီဖြစ်သည်။ စာရေးသူကတော့ မိမိကိုယ်မိမိ မည်သို့မျှသဘောမထား သာမန်ကဲ့သို့ နေထိုင်လျက်ရှိသော်လည်း မောင်နိုင်ကတော့ သာမန်ဟုမသတ်မှတ်။ စာရေးသူအား ဆရာတစ်ဆူကဲ့သို့ပင် မှတ်ယူထားပါသည်။

ထိုစဉ်က မောင်နိုင်သည် ဆိုင်ကယ်ဟောင်းတစ်စီး၊ တပည့် (၅) ယောက်ခန့်၊ အိမ်ငယ်ကလေးဖြင့် ဘဝကို ခက်ခဲစွာ ရုန်းကန်လှုပ်ရှားနေရချိန် ဖြစ်ပါသည်။ စာရေးသူနှင့် သိကျွမ်းစက စာရေးသူအား ဆရာဘိုဟုခေါ်ခဲ့ရာမှ နောက်ပိုင်းတွင် ဆရာကြီးဟု ပိုမိုရိုသေလေးမြတ်စွာ ခေါ်ဝေါ်ဆက်ဆံလာခဲ့လာသူ ဖြစ်ပါသည်။ နေ့စဉ် ညတိုင်း စာရေးသူထံ လာရောက်လေ့ရှိပြီး လက်ဖက်ရည်၊ ဆေးလိပ်၊ ကွမ်းယာ စသည်တို့ကို လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးသူ ဖြစ်သည်။

တစ်ညတွင် -

"ဆရာကြီး၊ ကျွန်တော့်ဘဝအစစအရာရာ အဓိကစီးပွားရေးပေါ့ အောင်မြင်ချင်တယ်။ အဲဒါဘာလုပ်ရမလဲ။ ကျွန်တော့်ကိုပြောပါ"

ဟု ဆိုပါသည်။

"ဒါဆို မင်းတို့အိမ်က သီးပင်ထိပ်ကို ည (၉)နာရီမှာ သာသနာ့အလံချည်လိုက်ကွာ"

မောင်နိုင်သည် စာရေးသူ ညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်သည်။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်နှင့် အခြားသောအကြောင်းအရာတို့ပေါင်းစု၍ မောင်နိုင်၏ဘဝမှာ သိသိသာသာတိုးတက်ပြောင်းလဲ၍သွားခဲ့ပါသည်။

၂၀၁၅၊ (၃)လပိုင်းတွင် မောင်နိုင်သည် တပည့်လက်သား (၈၀) ခန့်ရှိနေပြီး ဆေးသုတ်လုပ်ငန်းတို့မှာလည်း မြန်မာနိုင်ငံတိုင်းဒေသအနှံ့အပြားအထိ ကျယ်ပြန့်နေပြီဖြစ်ပြီး တိုက်တစ်လုံး၊ ကားနှစ်စီးပိုင်ဆိုင်လျက် ဘဏ်တွင်လည်း ရာဂဏန်းမျှသောငွေစုထားနိုင်ပြီဖြစ်သည်။

တစ်ညတွင် -

"ဆရာကြီး၊ ကျွန်တော်ဒီထက်မကအောင်မြင်ချင်သေးတယ်။သာသနာ့အလံလွှင့်ပေးပါဦး"

ဟု ဆိုပါသည်။

ထို့ကြောင့် စာရေးသူလည်း အလံလွှင့်ပေးမည်။ သာသနာ့အလံအရောင်တစ်ကန့်ကို ၎င်း၏လက်ဖြင့် တစ်ထွာ၊ သာသနာ့အလံ၏ အနံကို ၎င်း၏ လက်ဖြင့် တစ်တောင်၊ သာသနာ့အလံ၏ အလျားကို ၎င်း၏ လက်ဖြင့် တစ်လံ၊ ထို့အတူ ဂြိုဟ်ရှစ်ခု၏ အရောင်တို့ကိုလည်း ဤပုံစံအတိုင်း အလံချုပ်လုပ်စေပါသည်။ ထိုအခါ သာသနာ့အလံသည်လည်းကောင်း၊ ဂြိုဟ်ရှစ်ပါးအလံသည်လည်းကောင်း အလျားရှည်လျားသဖြင့် အလံတံခွန်ဖြစ်နေပါသည်။ ထိုအလံတို့ကို ပုပ္ပားတောင်မကြီးတွင် သွားရောက်လွှင့်ထူပေးခဲ့ပါသည်။

ယနေ့အချိန်တွင် စာရေးသူ၌ အမြဲမပြတ်ဝင်ထွက်နေသောတပည့်တို့ ရှိနေပြီဖြစ်ရာ ပထမအကြိမ် မောင်နိုင်အား အလံလွှင့်ထူစဉ်က မည်သူမျှမသိရှိလိုက်ကြသော်လည်း ယနေ့အချိန်တွင် လူအများသိရှိသွားကြပြီး သာသနာ့အောင်လံတံခွန်လွှင့်ထူခြင်းနှင့် ရည်ရွယ်ချက်အကျိုးဆက်တို့ကို မေးမြန်းကြ၏။ (ထိုအကြောင်းကို သီးခြားဆောင်းပါးရေးသားပါဦးမည်။) အကြောင်းစုံကို သိရှိကြသောအခါ ကျန်သောမိတ်ဆွေများကလည်း သာသနာ့အောင်လံတံခွန်လွှင့်ထူပေးရန် တောင်းဆိုကြ၏။ ထို့ကြောင့် စာရေးသူသည် မကြာမကြာ ပုဂံဘက်သို့ ရောက်ရှိရကြောင်းပြောပြရာ ရွှေရည်ပွင့်မိသားစုမှလည်း သာသနာ့အောင်လံတံခွန်လွှင့်ထူပေးပါရန်တောင်းဆိုပြန်ပါသည်။ ဦးသိန်းအောင်မှအတိုင်းအထွာများပေးအပ်သည်။ စာရေးသူလည်း ၁၀ ရက်နေ့တွင် လာရောက်လွှင့်ထူပေးမည်ဟု ကတိပေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ယခုတစ်ခေါက် ပုဂံသို့ စာရေးသူလိုက်လာခဲ့ခြင်းမှာ ပခုက္ကူနှင့် ပခန်းကြီးမြို့တို့တွင်ရှိသော သရက္ခန်ရုပ်ပွားတော်နှစ်ဆူအား ရွှေသားမကိုဋ်တော်၊ စလွယ်တော်တို့ လှူဒါန်းရန်အတွက် ဖြစ်သည်။ ၂၀၁၂ ခုနှစ်က ရုပ်ရှင်တော်မြတ်အား ပခုက္ကူမြို့မှ ပင့်ဆောင် ပူဇော်ခဲ့စဉ်က အိမ်ရှင် ဦးမောင်ညို - ဒေါ်စန်းစန်းထူး (စည်ပင်) မိသားစုတို့မှ ပခုက္ကူဒေသတစ်ဝိုက်တွင်ရှိသော ရွှေတန့်တစ်၊ စည်သူရှင်၊ ဆင်ကြို့ရွှေဂူ၊ ရှင်မတောင် သရက္ခန်ရုပ်ပွားတော်များကို ဘုရားဖူးပို့ဆောင်ပေးခဲ့ပါသည်။ ဤသရက္ခန်ရုပ်ပွားတော်တို့မှာ အလောင်းစည်သူမင်းအား သိကြားမင်းမှ တာဝတိံသာနတ်ပြည်တွင်ရှိသောသရက္ခန်အနှစ်သားများဖြင့် ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ဆက်သရာ ရုပ်ပွားတော်တို့မှာ သေးငယ်လှသည်ဟု အလောင်းစည်သူမင်းက မိန့်ကြားသဖြင့် ကျွန်းဦး ဇမ္ဗူသပြေသားနှင့် ဝိသကြုံနတ်သားအား ဗုဒ္ဓရုပ်ပွားတော်ကြီးများထုလုပ်စေပြီး ထိုရုပ်ပွားတော်ကြီးများ၏အတွင်းသို့ သရက္ခန်ရုပ်ပွားတော်ငယ်များကို သွတ်သွင်းကာ သိကြားမင်းမှ ပြန်လည်ဆက်သရသော ရုပ်ပွားတော်များ ဖြစ်သည်။

ထိုရုပ်ပွားတော်များအနက် ပခုက္ကူ ရွှေတန့်တစ်နှင့် ပခန်းကြီး၊ စည်သူရှင်တို့မှာ ဇမ္ဗူသပြေရုပ်ပွားတော်ကြီးများအတွင်းမှ တစ်စုံတစ်ခုသော အကြောင်းတရားတို့ကြောင့် အပြင်တွင် ပကတိ သရက္ခန်ရုပ်ပွားတော်များအတိုင်းဖူးတွေ့ခွင့်ရရှိပါသည်။ ဉာဏ်တော်တို့မှာ အလောင်းစည်သူမင်းကြီး မိန့်ကြားသကဲ့သို့ပင် အလွန်သေးငယ်လှသည်။ ရွှေတန့်တစ်ရုပ်ပွားတော်မှာ ဉာဏ်တော်လက် (၄) သစ်၊ စည်သူရှင်ရုပ်ပွားတော်မှာ ဉာဏ်တော် လက် (၃) သစ်သာရှိပါသည်။ စာရေးသူသည် သရက္ခန်ရုပ်ပွားတော်များနှင့် ရင်းနှီးနေသလို ဖူးတွေ့နေကျကဲ့သို့ဖြစ်နေပြီး ပခုက္ကူ ပခန်းကြီးဟူသောမြို့တို့မှာလည်း သွားလာနေထိုင်ဖူးသကဲ့သို့ဖြစ်နေပါသည်။

ထိုအခါ ဤရုပ်ပွားတော်နှစ်ဆူအား မကိုဋ်တော်၊ စလွယ်တော်တို့ လှူဒါန်းလိုသောဆန္ဒများဖြစ်ပေါ်လာ၏။ ပခုက္ကူ၊ အရာတော်၊ ကျောက်ခွက်၊ လက်ပန်တိုခရီးစဉ် (ဤခရီးစဉ်အတွင်း ထူးခြားမှုဖြစ်ပေါ်ခဲ့ခြင်းများကို သူရဿမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိပြီး) ပြီးဆုံး၍ စဉ့်ကိုင်မြို့အောင်မြေသို့ပြန်လည်ရောက်ရှိသောအခါတွင် စာရေးသူ၏ ဆန္ဒကို အန်တီအေးနှင့် မယ်တော်ကြီးတို့အား ပြောပြလိုက်ရာ မယ်တော်ကြီးတို့ကလည်း ဝမ်းသာဝမ်းမြောက်စွာပင် ကောင်းတာပေါ့လှူလေဟုဆိုပါသည်။

ထို့ကြောင့် စာရေးသူသည် မန္တလေးမြို့ စန်းရေဆီဆိုင်မှ နန်းခမ်းလီ၊ ထွန်းထွန်းလင်းတို့နှင့်အတူ ရွှေတန့်တစ်နှင့် စည်သူရှင်ဘုရားများသို့ သွားရောက်ပြီး စလွယ်၊ မကိုဋ်တို့၏ အတိုင်းအထွာများကို ရယူခဲ့ပါသည်။ ထိုအတိုင်းအထွာတို့ကို စစ်ကိုင်းမြို့မှ နိုင်ငံကျော် ဝါရင့်ပန်းထိမ်ဆရာကြီး ဦးကျော်ဇော (ရုပ်ရှင်တော်မြတ်၏ရွှေပလ္လင်တော်၊ ရွှေသပိတ်တော်၊ ရွှေဖလားတော်၊ ရွှေထီးတော်၊ ရွှေလင်ပန်းတော်၊ ရွှေအိုးတော်တို့ကို ပြုလုပ်ခဲ့သူ) အား ပြသကြည့်ရာ မကိုဋ်တော်၊ စလွယ်တော်တို့မှာ ဤကဲ့သို့ အတိုင်းအထွာပေးရုံနှင့်မရနိုင်။ မိမိတို့ ပန်းထိမ်ပညာရှင်များကိုယ်တိုင်တိုင်းထွာမှသာ သေချာမည်ဟု ပြောပါသည်။

ထိုအခါ ၂၀၁၅၊ (၃) လပိုင်းခန့်တွင် ပန်းထိမ်ဆရာကြီး ဦးကျော်ဇောနှင့် တပည့်နှစ်ဦးတို့ကို ခေါ်ဆောင်၍ ဒုတိယအခေါက် သွားရောက်ရပြန်ပါသည်။ မောင်ထွန်းထွန်းလင်းမှ လိုက်လံပို့ဆောင်ပေးပါသည်။ ရွှေတန့်တစ်ဂေါပကများ၊ စည်သူရှင်ဂေါပကများတို့မှာ သဘောကောင်းလှပါသည်။ စိတ်ရှည်လက်ရှည်ပင် သရက္ခန်ရုပ်ပွားတော်များကို တိုင်းထွာခွင့်ပြုပေးပါသည်။ အတိုင်းအထွာများရယူပြီးသောအခါ ပန်းထိမ်ဆရာကြီး ဦးကျော်ဇောသည် မကိုဋ်တော်၊ စလွယ်တော်နှစ်စုံကို အားချင်းပြုလုပ်ပါသည်။ ဤသို့ဖြင့် (၈) လပိုင်းခန့်တွင် မကိုဋ်တော်၊ စလွယ်တော်တို့ ပြီးစီးသွားပါသည်။

ထိုရက်များက ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ပေါ်တွင် ဒေသစာရီကြွမြန်းတော်မူလျက်ရှိသောကြောင့်လည်းကောင်း၊ ပုဂံ၊ ပုပ္ပားခရီးစဉ်ရှိနေခြင်းကြောင့် လည်းကောင်း သွားရောက်ကပ်လှူခြင်းမပြုဘဲနေခြင်း ဖြစ်ပါသည်။ ယခုပုဂံခရီးစဉ်မှသာ လှူဒါန်းမည်ဖြစ်၍ စာရေးသူတို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

နေ့လယ် (၂) နာရီခန့်လောက်တွင် ရွှေရည်ပွင့်ဟိုတယ်မှ ပခုက္ကူမြို့သို့ စာရေးသူတို့ ထွက်ခွာခဲ့ကြပါသည်။ ရွှေရည်ပွင့်မိသားစုမှ ကားပေါ်တွင် မယ်တော်ကြီးနှင့် အန်တီအေးတို့လိုက်ပါလာကြသည်။ ပုပ္ပားမှ အမေကြူနှင့် ဒေါ်မြင့်မြင့်ကြည်တို့က ကားတစ်စီး၊ စာရေးသူတို့နှင့်ကားလေးစီးဖြစ်သည်။

ရွှေတန့်တစ်ဘုရားသို့ ရောက်ရှိသောအခါ ဂေါပကလူကြီးမင်းများမှာ ဝမ်းပန်းတသာဖြင့် ကြိုဆိုကြပါသည်။ ရွှေတန့်တစ်ဘုရားတွင် လက်ရှိကပ်လှူပူဇော်ထားသော မကိုဋ်တော်၊ စလွယ်တော်များနှင့် ရတနာပစ္စည်းများကိုဖြုတ်ရပါသည်။ အခိုင်အမြဲ ပူဇော်ထားခြင်းဖြစ်၍ ခဲခဲယဉ်းယဉ်း ဖြုတ်ယူရပါသည်။ ရွှေတန့်တစ်ရုပ်ပွားတော်တော်မြတ်အား မကိုဋ်တော်တို့ချွတ်လိုက်သောအခါတွင် ရွှေကားကူရုပ်ရှင်တော်မြတ်နှင့်မျက်နှာတော်ဆင်လျက်ရှိသည်ကို ဖူးတွေ့ရပါသည်။ ဤသို့ မျက်နှာတော်ဆင်တူနေခြင်းမှာ တိုက်ဆိုင်မှုဟုဆိုနိုင်သော်လည်း ထူးခြားသည်ဟုဆိုရမည် ဖြစ်ပါ၏။

ရုပ်ရှင်တော်မြတ်ကို ထုလုပ်စဉ်က ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်၏ ဓာတ်ပုံကိုပြသ၍ ထုလုပ်စေခဲ့သည် မဟုတ်ပါ။ ထိုသို့ထုလုပ်စေချင်လျှင်လည်း မော်လိုက်မြို့မှ ပန်းပုဆရာကိုအောင်မင်းသည် ထိုစဉ်က ပန်းပုလုပ်ငန်းကို စတင်လုပ်ကိုင်ခါစဖြစ်၍ ပုံတူထုနိုင်စွမ်းရှိမည် မဟုတ်ပါ။ ယခုမူ အတော်ပင်ဆင်တူလျက်ရှိပါ၏။

(ထိုသို့ ဆင်တူရသောအကြောင်းမှာ ဤသို့ဖြစ်ပါ၏။ ၂၀၁၂ ခုနှစ်က ဖြစ်ပါသည်။ (၉)ရက်၊ (၉)လပွဲတော်ရက် မတိုင်မီ (၂) ရက်က မန္တလေးမြို့မှ ဦးထွန်းကြည်မိသားစုဘုရားဖူးရောက်ရှိလာပါသည်။ စာရေးသူနှင့်ရင်းနှီး၍နေပြီဖြစ်ပါသည်။ ဦးထွန်းကြည်သည် မန္တလေးမြို့စည်ပင်အရာရှိအငြိမ်းစားတစ်ဦး ဖြစ်ကြောင်းသိရ၏။ ထိုနေ့က ဦးထွန်းကြည်တို့မိသားစုသည် မယ်တော်ကြီးတို့နှင့် အချိန်အတန်ကြာ စကားပြောခွင့်ရရှိသွားခဲ့ပါသည်။

(၉) ရက်၊ (၉) လ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ဦးထွန်းကြည်တို့မိသားစု ထပ်မံရောက်ရှိလာပါသည်။ စာရေးသူအား လာရောက် နှုတ်ဆက်ပြီး ထူးခြားသော ၎င်း၏အိပ်မက်ကို ပြောပြပါသည်။ ပြီးခဲ့သောအခေါက်က စာရေးသူတို့နေအိမ်မှ ပြန်သွားသောညက ဦးထွန်းကြည်တွင် အောက်ပါ အိပ်မက်ကို မြင်မက်သည်။ အိပ်မက်ထဲတွင် ဦးထွန်းကြည်သည် ကျောင်းဝင်းကြီးတစ်ခုသို့ရောက်ရှိနေသည်။ ကျောင်းတော်ကြီးမှာ(၃)ထပ်ဖြစ်၍ ကြီးမားလှ၏။ ယခုမှ ဆောက်လုပ်ပြီးစီးခါစ အသစ်စက်စက်ဖြစ်သည်။ ကျောင်းထဲတွင် ဘုန်းတော်ကြီးတစ်ပါး

www.burmeseclassic.com

သာရှိပြီး လူသူတစ်ဦးတစ်ယောက်မှမရှိပါ။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ ဘုန်းတော်ကြီးသည် တောထွက်ရဟန်းဟု ယူဆရပါသည်။ သက်န်းကပိုကရိုစလွယ်သိုင်းပတ်ထားပြီး မဆလာဒယ်အိုးဖြင့် သန်လျက်ကိုင်လျက် ပန်းရန်တို့ကျန်ရှိသွားသော သမ်တလင်းထောင့်စွန်းနေရာလေးများကိုဖို့လျက်ရှိသည်။

ဦးထွန်းကြည်လည်း ဘုန်းတော်ကြီးကို ကန်တော့ပြီး ဆရာတော်ထံမှ အင်္ဂတေဒယ်အိုးနှင့် သန်လျက်ကိုယူပြီး ဆရာတော်ညွှန်ပြသောနေရာတို့ကိုညှိပေး၏။

"မကြာခင် ဘုရားကြွလာတော့မှာကွ။ ဒါက ဘုန်းကြီးကျောင်းမဲ့ဟုတ်ဘူး။ ဘုရားကျောင်း၊ ဘုရားသီတင်းသုံးဖို့ဆောက်ထားတာ။ ဘုရားပွဲတော်က ရွှေတန့်တစ်"

ဟု ဆိုပါသည်။

ဦးထွန်းကြည်သည် ဤမျှကြီးမားသောကျောင်းတွင်သီတင်းသုံးမည့်ဘုရားမှာ ဉာဏ်တော်ကြီးမားလှပေမည်။ ကရိန်းကားနှင့်ကြွလာမည်ဟု ထင်မှတ်မိသည်။

ခဏအကြာတွင် ဘုန်းတော်ကြီးမှ -

"ဘုရားကြွလာပြီ"

ဟု ဆိုကာ လက်ဆေးပြီးထွက်သွားပါသည်။ ဦးထွန်းကြည်လည်း လက်ဆေးပြီး ဘုန်းတော်ကြီးနောက်မှ ပြေးလိုက်သွား၏။ ဆလွန်းကား (၃) စီးခန့် ကျောင်းအတွင်းသို့ဝင်လာသည်။ ရွှေ့ပြေးကားများဖြစ်ပေမည်။ ဘုရားသည် (၆)ဘီးကား သို့မဟုတ် (၁၀)ဘီးကားဖြင့်ကြွလာမည်ဟု ထင်မှတ်ထားသော်လည်း ဆလွန်းကားရှေ့ခန်း အခန်းအတွင်းမှနေ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်၍ မယ်တော်ကြီးဆင်းလာပါသည်။ ဦးထွန်းကြည်လည်း အံ့ဩသွား၏။ ဘုန်းတော်ကြီးသည် ရုပ်ရှင်တော်မြတ်၏ဘွဲ့တော်ကိုမသိဘဲ ပြောခြင်းဖြစ်ပေမည်။

"အရှင်ဘုရား၊ အဲဒီဘုရားက အညွှန့်တော်ကိုးကွယ်တဲ့ ရွှေကံကူဘုရား ရွှေတန့်တစ်မဟုတ်ပါဘူး"

ဟု လျှောက်ထားရာ-

"ဒကာ မသိဘူး။ ဒီဘုရားရဲ့ဘွဲ့တော်အရင်းက ရွှေတန့်တစ်၊ ဒါပေမယ့် ဒီအကြောင်းကို လူတွေသိမယ့်အချိန်မှာ ရွှေတန့်တစ်ဘုရားက အရင်ရှိနေမှာဖြစ် ဘုရင်မကြီး ရှင်စောပုက ရွှေကံကူလို့ ဘွဲ့တော်အညွှန်ကိုပြောင်းလဲဆက်ကပ်ခဲ့ ...

ဟု မိန့်ကြားသောအခါ ဦးထွန်းကြည်မှာ ပို၍နားမလည်နိုင်အောင် ဖြစ်ရပါတော့သည်။

"အရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားက ပုဂံခေတ်ကတည်းက ပေါ်ပေါက်ခဲ့တာ။ ရွှေကံကူဘုရားက ၁၉၉၉ ခုနှစ်မှ ပေါ်ပေါက်တာ (၁၀) နှစ်ကျော်လောက်ပဲရှိသေးတာ ဘယ်လိုဖြစ်ရတာလဲ။ တပည့်တော် နားမလည်နိုင်တော့ဘူး ဘုရား"

ဟု လျှောက်ထားပြန်၏။

"ဒါက ဒီလိုရှိတယ်ကွ။ ရွှေကံကူဘုရားမှာ ကိန်းအောင်းနေတဲ့ ဓာတ်တော်ကို နတ်တွေ၊ ဝိဇ္ဇာတွေက ရွှေတန့်တစ်ဘုရားလို့သမုတ်ပြီး စေတီရုပ်ပွားတော်ပမာ ကိုးကွယ်ထားခဲ့ကြတာ။ ပုဂံခေတ်မှာ သိကြားမင်းက သရက္ခန်ရုပ်ပွားတော် အလောင်းစည်သူမင်းကို ပေးအပ်ပြီး ရွှေတန့်တစ်လို့ ဘွဲ့တော်ဆက်ကပ်ခဲ့တာ။ ဒါကြောင့် သရက္ခန်ဘုရားကို ရွှေတန့်တစ်လို့ လူတွေအရင်သိထားပြီးဖြစ်တာမို့ ဒီလေပျံသစ်တော်ရုပ်ရှင်တော်ကို ရွှေကံကူလို့ဘွဲ့တော်ပြောင်းလိုက်တာ"

ဟု မိန့်ကြားပါသည်။

ထို့နောက် ဘုန်းတော်ကြီးသည် မယ်တော်ကြီးထံမှ ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား လွှဲပြောင်းရယူ၍ ကျောင်းကြီးပေါ်သို့ တက်သွားပါသည်။ မယ်တော်ကြီးနှင့် သာဝကများတို့လည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်သွားရာ ကျောင်းပေါ်သို့တက်သွားကြပါသည်။

စာရေးသူသည် ဦးထွန်းကြည်၏ အိပ်မက်ကို ကြားသိရသောအခါ အံ့ဩခြင်းနှင့်အတူ ဝမ်းမြောက်မိပါသည်။ ဦးထွန်းကြည်၏ အိပ်မက်သည် သာမန်မဟုတ်နိုင်။ တကယ်အကြောင်းမှန်တို့ဖြစ်မည်ဟုလည်း ယုံကြည်မိပါသည်။ ဦးထွန်းကြည်၏အိပ်မက်ထဲတွင် တွေ့ရှိသော ဘုန်းတော်ကြီးမှာ ရှင်မထီးဆရာတော်ကြီး ဖြစ်ပေမည်။ စာရေးသူတို့မိသားစုသည် ရှင်မထီးဆရာတော်ဘုရားကြီးနှင့် ပတ်သက်မှုတို့များစွာရှိခဲ့သည်။ စာရေးသူတို့မိသားစုအား များစွာစောင့်ရှောက်ခဲ့သည်ဖြစ်၍ ထိုသို့ယုံကြည်မိခြင်း ဖြစ်ပါသည်။ ဤနေရာတွင် ဘွဲ့တော်နှင့် ပတ်သက်၍ စာရေးသူနားလည်သလို ဥပမာတင်ပြရမည်ဆိုလျှင် သာမန်အရပ်သားတစ်ယောက်၏ အမည်သည် မောင်ဖြူဖြစ်သည်ဟုဆိုပါ၏။ ငယ်နာမည်၊ ကျောင်းနာမည် မောင်ဖြူဖြစ်ပြီး အများကလည်း မောင်ဖြူဟု ခေါ်ကြ၏။ ထိုမောင်ဖြူထက် (၁[illegible]စ်ခန့်ငယ်သော မောင်ဖြူတစ်ယောက်လည်း အခြားတစ်မြို့တွင်ရှိ၏။ မောင်ဖြူအငယ်သည် မောင်ဖြူအမည်နှင့်ပင် အဆိုတော်ဖြစ်လာပြီး အောင်မြင်ကျော်ကြားလာ၏။ ထိုအချိန်တွင်မှာ မောင်ဖြူအကြီးသည် အဆိုတော်လောကသို့ ဝင်ရောက်မည်ဆိုပါက မောင်ဖြူ ဟူသောအမည်ကိုသုံး၍မဖြစ်တော့ပြီ။ အခြားသောအမည်သစ်ဖြင့် ဝင်ရောက်ရမည် ဖြစ်ပါသည်။ ထို့အတူပင် ရွှေကံကူ ဟူသောဘွဲ့တော်သည်လည်း ရွှေတန့်တစ် ဟူသော ဘွဲ့တော်မှ ထိုသဘောအတိုင်း ပြောင်းလဲပေါ်ပေါက်တော်မူရခြင်း ဖြစ်ပေမည်။

ဘုရင်မကြီးရှင်စောပုနှင့်ပတ်သက်မှုမှာလည်း ရွှေတိဂုံကုန်းတော်ပေါ်တွင် ဘုရင်မကြီးရှင်စောပုမှ အရိမေတ္တေယျဘုရားရှင်အား ရည်မှန်းစိုက်ပျိုးခဲ့သော ကံ့ကော်ဗောဓိပင်သည် ယခုတိုင် ဤအရွယ်အတိုင်းပင်ရှိနေသကဲ့သို့ စာရေးသူတို့နေအိမ်တွင်ရှိသောသရက်ပင်မှာလည်း အနှစ် (၃၀) မျှ ဤအရွယ်အတိုင်းရှိနေပါသည်။)

စာရေးသူနှင့် လိုက်ပါလာကြသူတို့မှာလည်း-

"ဟုတ်တယ် ဆရာ၊ ရွှေတန့်တစ်ဘုရားက ရွှေကံကူဘုရားနဲ့ တော်တော်တူတယ်"

ဟု ပြောကြပါသည်။

ထို့နောက် ရွှေတန့်တစ်ရုပ်ပွားတော်မြတ်အား စာရေးသူတို့အားလုံးတစ်ဦးစီ ဦးခေါင်းထက်သို့ ပင့်ဆောင်ပူဇော်၍ တောင်းဆုများပြုကြ၏။ မိမိတို့ဖုန်းကင်မရာများဖြင့်လည်း ဓာတ်ပုံရိုက်ကူးကြ၏။ လွင်အနုပညာမှလည်း မကိုဋ်တော်၊ စလွယ်တော်ကပ်လှူခြင်း အစီအစဉ်တစ်ခုလုံးကို ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းများရယူ၏။ ဝမ်းသာကြည်နူးပီတိဖြစ်၍မဆုံးနိုင်အောင်ရှိရပါသည်။ မကိုဋ်တော်၊ စလွယ်တော်တို့၏ ကျသင့်ငွေမှာ (၂၁) သိန်းကျပ် ဖြစ်ပါ၏။ ဤမကိုဋ်တော်၊ စလွယ်တော်ထဲတွင် မန္တလေးမြို့ ထုံးဖိုလမ်းခွဲ စန်းရေစက်သုံးဆီပန့်ဆိုင်မှ နန်းခမ်းလီ လှူဒါန်းသော ရွှေသားနဂါးလက်စွပ်တစ်ရန်လည်း ပါဝင်၏။ ရွှေရည်ပွင့်ဟိုတယ်မိသားစုမှလည်း (၃) သိန်းကျော်တန် နဝရတ်ဆွဲပြားလည်း ပါဝင်သည်။

ဂေါပကအဖွဲ့မှ စာရေးသူတို့ ရွှေကံကူမိသားစုအား ဂုဏ်ပြုလွှာပြန်လည် ပေးအပ်ပါသည်။ စာရေးသူတို့လည်း ဂေါပကလူကြီးများအား ရိုသေလေးမြတ်စွာ နှုတ်ခွန်းဆက်သ၍



www.burmeseclassic.com

www.burmeseclassic.com

ရွှေတန့်တစ်မှ ပြန်လည် ထွက်ခွာခဲ့ကြပါသည်။

ထို့နောက်တော့ ပခန်းကြီးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြ၏။ ပခန်းကြီးမြို့သည် ပခုက္ကူ - မုံရွာလမ်းမပေါ်တွင် တည်ရှိ၍ ပခုက္ကူမြို့၏မြောက်ဘက်မိုင် (၂၀) ခန့်တွင် တည်ရှိပါသည်။ ပခန်းကြီးမြို့အတွင်း ကားလမ်းမ၏ အရှေ့ဘက်ကပ်လျက်ဖြစ်ပါသည်။ ဘုရားဝင်း၏ အရှေ့ဘက်မုခ်သို့ ကားများရပ်လိုက်ကြ၏။ ထိုနေရာတွင် ရှေးခေတ်စောင်းတန်းဟောင်းရှိပြီး သနပ်ခါးတုံးသည်များနေပြီး တောင်တန်းထိပ်တွင် ကိုကြီးကျော်နတ်နန်းရှိသည်။ နန်းရင်းမဟုတ်ပါ။ နန်းခွဲဖြစ်သည်။ ထိုနေရာမှသွားလျှင် ကိုကြီးကျော်နန်းရင်းပခန်းငယ်သို့ရောက်ရှိမည်ဖြစ်ပြီး (၅) မိုင်ခန့်သာ ကွာဝေးကြောင်း သိရသည်။

စာရေးသူတို့ရောက်ရှိသောအခါ ယခုလေးတွင် ဘုရားပိတ်သွားကြောင်း ဈေးသည်များမှပြောပါသည်။ ထို့ကြောင့် ဂေါပကအိမ်ကို စုံစမ်းပြီးတော့ အကျိုးအကြောင်းပြောရသည်။ ဂေါပကတစ်ဦးလျှင် သော့တစ်ချောင်းသိမ်းဆည်းထားကြပြီး လူစုံမှသာဖွင့်၍ရမည်ဟုပြောပါသည်။ အချို့ဂေါပကတို့မှာ အခြားသောကျေးရွာများတွင် နေထိုင်ကြသည်။ တစ်နာရီကျော်မျှ ကြာသောအခါမှ ဂေါပကတို့စုံညီပါသည်။ ဘုရားတံခါးမဖွင့်မီ နေပြည်တော်မှမချောတို့လည်း ရောက်လာပါသည်။

ထိုအခါ မယ်တော်ကြီးက -

"ဟော့ - မချော၊ ညည်းက တော်တော်ပဋ္ဌာန်းဆက်ကြီးတာပဲ။ ငါတို့ညည်းကိုစောင့်ပေးရသလိုဖြစ်နေတယ်။ ညည်းရောက်မှ ဘုရားတံခါးပွင့်တော့တာပဲ"

ဟု ဆိုပါသည်။

ဂေါပကတို့မှာ စနစ်ကျလှပါ၏။ ပထမဆုံး ဂန္ဓကုဋိတိုက်တံခါးသော့ကိုဖွင့်သည်။ ထို့နောက် မီးခံသေတ္တာ (ဇီရိုးပုံစံ) ဖွင့်သည်။ ထို့နောက် သေတ္တာ၊ ထို့နောက် သေတ္တာ၊ ထို့နောက် ကြုတ်အထပ်ထပ် ခုနစ်ထပ်တိတိ သော့တို့အဆင့်ဆင့်ခတ်ထား၏။ ဟိုတစ်ချိန်က မသမာသူတို့ခိုးယူခြင်းခံရသောကြောင့် ဤသို့ စနစ်တကျလုံခြုံရေးတိုးမြှင့်ထားရကြောင်း ဂေါပကအဖွဲ့မှပြောပါသည်။ စာရေးသူသည် နှစ်ခေါက်တိတိ အတိုင်းအထွာများ လာယူထားသည်ဖြစ်၍ ဂေါပကတို့သည် စာရေးသူအား သိရှိနေကြပြီဖြစ်ပါသည်။ စိတ်ရှည်စွာပင် စည်သူရှင်ရုပ်ပွားတော်အား အပြင်သို့ ပင့် ဆောင်ပေးကြပါသည်။ စည်သူရှင်ရုပ်ပွားတော်မှာ ဉာဏ်တော်ပိုမိုသေးငယ်ပြီး ရွှေတန့်တစ်ရုပ်ပွားတော်နှင့် မျက်နှာတော် တူညီခြင်းမရှိပါ။

မူလမကိုဋ်တော်၊ စလွယ်တော်တို့ကို ဂေါပကများမှ ဖြုတ်ပေးပါသည်။ ပကတိပုံတော်ကို စိတ်တိုင်းကျဖူးတွေ့ရပါသည်။ လိုက်ပါလာသော လူအားလုံးတို့၏ဦးခေါင်းထက်တွင် ရုပ်ပွားတော်အားပင့်ဆောင်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းများပြုလုပ်ကြသည်။ ထို့နောက် စာရေးသူတို့ ကပ်လှူပူဇော်ကြသည်။ ဝမ်းသာပီတိဖြစ်၍မဆုံးနိုင်အောင်ပင်ရှိလှပါသည်။ လောကတွင် ဘုရားဟူသည် အမြတ်ဆုံးချည်းသာဖြစ်ပါ၏။ သို့သော် သိကြားမင်းမှ လူမင်းဖြစ်သော အလောင်းစည်သူမင်း၏ ဘုန်းတန်ခိုးကြောင့် ဆက်သရသော တာဝတိံသာနတ်ပြည်မှ သရက္ခန်သားကို ဝိသကြုံနတ်သားမှထုလုပ်သော ဤသရက္ခန်ရုပ်ပွားတော်တို့မှာ ရှားပါးထူးခြားလှပါ၏။ ဖူးခွင့်ကြုံရန် လွယ်ကူမည် မဟုတ်။ လူတို့ထုလုပ်သော ရုပ်ပွားတော်တို့ကသာလျှင် ခေတ်အဆက်ဆက်တွင် နေ့စဉ်နှင့်အမျှ တိုးပွားနေခြင်း ဖြစ်ပါသည်။ သိကြားမင်းလှူသော ရုပ်ပွားတော်ဟူသည်မှာ အလောင်းစည်သူမင်းအား ဆက်သပြီးသည့်နောက် ထပ်မံပေါ်ပေါက်သည်ဟုမကြားဘူးပါ။ရှိလည်း မရှိပါ။

ထိုကဲ့သို့ ရှားပါးထူးခြားလှသော သရက္ခန်ရုပ်ပွားတော်တို့အား မကိုဋ်တော်၊ စလွယ်တော်တို့ကို ကပ်လှူခွင့်ရရှိသည်မှာ ကံထူးလွန်းလှပါ၏။ ဤကုန်ကျငွေမှာ (၈) သိန်းကျော် ဖြစ်ပါသည်။ စည်သူရှင်ဂေါပကလူကြီးများမှ စာရေးသူတို့မိသားစုအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်းပြောကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ပါသည်။ ထို့နောက် စာရေးသူတို့အဖွဲ့ စည်သူရှင်ဘုရားမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ စာရေးသူတို့သည် ပခုက္ကူတံတားအထိ အတူတကွလာခဲ့ကြပြီး မယ်တော်ကြီးတို့ကားသုံးစီးက ပုဂံသို့ထွက်ခွာ၍ စာရေးသူတို့ ကားနှစ်စီးက မြင်းခြံဘက်သို့ပြန်ခဲ့ကြပါသည်။ ည (၁၀) နာရီခွဲခန့်တွင် စဥ့် ကိုင်မြို့ အောင်မြေသို့ ပြန်လည် ရောက်ရှိပါသည်။

ထိုညက ရွှေရည်ပွင့်ဟိုတယ်တွင် ရုပ်ရှင်တော်မြတ်လည်း မျက်လုံးတော်ပွင့်ခြင်း၊ ပြုံးတော်မူခြင်း၊ ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်းတို့ ဖြစ်ပေါ်ကြောင်းသိရပါသည်။

၁၇-၉-၂၀၁၅ နေ့တွင် စာရေးသူ ဘယ်ကိုမှမသွားပါ။ အောင်မြေမှာပင်ရှိနေပါသည်။ နေ့လယ်ခင်း၌ ထုံးစံအတိုင်း စာရေးသူ စာရေးနေစဉ် ဘုရားဖူးဧည့်သည် ဇနီးမောင်နှံနှစ်ဦး ရောက်ရှိလာ၏။ ဤဇနီးမောင်နှံကို စာရေးသူ မှတ်မိပါသည်။ ပွဲတော်ရက်မတိုင်မီကလေးတွင်မှ ရုပ်ရှင်တော်မြတ်အား အရည်ကောင်းလှသော ကျောက်စိမ်းဆွဲသီးလှူဒါန်းထားကြသူ ဖြစ်ပါသည်။ မောင်စိန်မောင်ဦးဟုသိရပြီး ကျောက်စိမ်းအရောင်းအဝယ်သမားဟု သိရသည်။

"ဆရာ၊ ၈ ရက်နေ့က ကျွန်တော်တို့ ဒီကိုစရောက်ဖူးခဲ့တာ။ အဲဒီနေ့က ကျွန်တော့်အမျိုးသမီးရဲ့ ခြေထောက်က အနာကို သစ်ရွက်နဲ့ ဆရာကုပေးလိုက်တာ သက်သာတယ် ဆရာ။ အဲဒါကြောင့် နောက်တစ်ခေါက်ထပ်လာခဲ့တာ"

- ဟု ဆိုပါသည်။

စာရေးသူကတော့ ကောင်းကောင်း မမှတ်မိပါ။ ၎င်း၏အမျိုးသမီးကလည်း ပြုံး၍ -

"ဟုတ်တယ် ဆရာ၊ ကျွန်မဖနောင့်ထဲမှာ အသားအစားထိုးထားရတာ အနာမကျက်ဘဲ အမြဲပြည်တစိုစိုဖြစ်နေတာ။ ဒီနေရာဂါဖြစ်တာ (၂) နှစ်ရှိပြီ။နှစ်ခါပြန်ခွဲပြီး နှစ်ခါစလုံး အသားအစားထိုးခဲ့ရတယ်။ အခုလည်း ဆရာဝန်ကထပ်ခွဲဖို့ပြောနေပြန်ပြီ။ ကျွန်မမခွဲချင်တော့ဘူး။ ခွဲရတာ၊ ခံရတာမသက်သာဘူး။ ဟိုနေ့က သစ်ရွက်နှင့်ကုပေးလိုက်တာ တစ်ခါတည်းကို အနာပြည်ခြောက်သွားတယ်။ ကျွန်မဒီအနာဖြစ်ပြီးကတည်းက တစ်ခါမှ အနာခြောက်သွားတယ်လို့ မရှိဘူး။ အနာခြောက်သွားရင် ဆရာဝန်ကခွဲစရာမလိုဘူးလို့ ပြောပါတယ်။ ဒါကြောင့် ကျွန်မကို သစ်ရွက်နဲ့ထပ်ကုပေးပါဦး"

ဟု ပြောပါသည်။

"အေး - မင်းတို့ဒီနေ့လာတာ တကယ်ကံကောင်းတယ်။ မနေ့ကလည်း မရှိဘူး ပုဂံသွားနေတာ။ မနက်ဖြန်လည်း မရှိဘူး"

ဟု ဆိုရာ -

"ဆရာမနက်ဖြန်ဘယ်သွားမှာလဲ"

ဟု မေးကြပြန်သဖြင့် ရွှေရည်ပွင့်ဟိုတယ်မိသားစုအတွက် အလံလွှင့်ထူပေးမည့်အကြောင်းကိုပြောပြရာ ၎င်းတို့ကလည်း အလံလွှင့်လိုကြောင်းပြောပါသည်။ ထို့ကြောင့် ၎င်းတို့အတွက်ပါ အလံအပ်နှံပေးလိုက်ရပါသည်။

အလံချပ်သော လူငယ်မှာလည်း စာရေးသူ၏ တပည့်ဖြစ်နေသဖြင့် အမြန်ချုပ်ပေးခြင်း ဖြစ်ပါသည်။ ထွန်းဖန် မောင်ကျော်မင်းသိန်း (ရွှေလေးမြို့ စိန်ကြယ်အထည်ဆိုင်) သည်လည်း



www.burmeseclassic.com

www.burmeseclassic.com

သရက္ခန်ဘုရားများ ဖူးမြော်လိုကြောင်း ပြောကြားလာသဖြင့် မနက်ဖြန် အံ့လံလွှင့်ရင်းလိုက်ပို့မည်ဟု ပြောလိုက်ရပါသည်။

ထို့ကြောင့် ၁၉-၉-၂၀၁၅ ရက်နေ့တွင်လည်း ကားနှစ်စီးဖြင့် ပုဂံမြို့သို့ထွက်ခဲ့ကြပါသည်။ အရင်နေ့ကအတိုင်းပင် ရွှေရည်ပွင့်တွင် နေ့ဆွမ်းဆက်ကပ်ပြီးမှ ရွှေရည်ပွင့်မိသားစုတွင် မယ်တော်ကြီးလိုက်ပါ၍ စာရေးသူတို့ တုရင်တောင်သို့ ထွက်ခဲ့ကြပါသည်။

တုရင်တောင်ထိပ် စွယ်တော်စေတီတော်တွင် ရွှေရည်ပွင့်မိသားစုနှင့် မောင်စိန်မောင်ဦးတို့မိသားစုအတွက် သာသနာ့အောင့်လံတံခွန်လွှင့်ထူပေးခဲ့ပါသည်။ ထို့နောက် စာရေးသူတို့လည်း ပုဂံမြို့မှထွက်ခွာခဲ့ကြပြီး ရွှေတန့်တစ်နှင့် စည်သူရှင်ဘုရားများသို့ ကျော်မင်းသိန်းတို့သီအစ်ကိုအား လိုက်လံပို့ဆောင်ရင်း ထပ်မံဖူးမြော်ခဲ့ပြန်ပါသည်။ ထို့နောက် စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ရုပ်ရှင်တော်မြတ်သည် ပုပ္ပားမြို့ စိမ်သင်းမြိုင်ခြံသို့ ကြွမြန်းတော်မူပါသည်။ ဗိုလ်မှူးကြီး မင်းလှအောင်နှင့် ဒေါ်ကြူကြူမာ(အမေကြူ)တို့၏နေအိမ်ဖြစ်ပါသည်။ ထိုခြံဝင်းမှာ ပုပ္ပားမြို့ထဲမှ ကျောက်ပန်းတောင်းသို့ အဆင်းလမ်း (တောင်ကလပ်မှဆင်းသောလမ်းမဟုတ်ပါ) ဂေါက်ကွင်းအဝင်မှ တောင်ဘက်လမ်းခွဲသို့လိုက်ရပါသည်။ တောင်ကလပ်နှင့် တောင်မကြီး၏အနောက်ဘက်တွင် ရှိပါသည်။ ဗိုလ်မှူးကြီး မင်းလှအောင်သည် စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်ပြီး ရုပ်ရှင်တော်မြတ်ကိုလည်း အထူးကိုးကွယ်ယုံကြည်သူဖြစ်ကာ ၎င်း၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ရန်လည်း ဆန္ဒပြင်းပြခဲ့သူ ဖြစ်ပါသည်။ သို့သော်လည်း ဗိုလ်မှူးကြီး၏ဆန္ဒတို့ ပြည့်ဝသွားခဲ့ရရှာပါ။ လွန်ခဲ့သော (၂) နှစ်ကကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါ၏။ ယခုမှ အမေကြူတစ်ယောက်တည်းသာရှိပါတော့သည်။

အမေကြူတို့၏ခြံထဲတွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်၍ နဂါးနှစ်ကောင်တို့၏ရုပ်တုများနှင့်သိုက်နန်းရှင်များ ကလေးသိုက်များအားလုံးအတွက် ရေစရာများ၊ နန်းအသုံးအဆောင်များ ဖြင့် ဆောင်ရွက်ပေးပါသည်။ မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ ဌာနများတွင် အမြဲ အမေးပေးလျှင် အကျွတ်အလွတ်ဒါနပြုခြင်း နဂါးစာကျွေးခြင်းတို့ပြုလုပ်လေ့ရှိပြီး ခင်ပွန်းကြီး (၁၀) ပါးကန်တော့ပွဲ၊ ခေတ်ကြီး(၄)ပါးဆွမ်းကပ်ခြင်းတို့ ပြုလုပ်ပေးလေ့ရှိရာ အမေကြူတို့၏ခြံထဲတွင်တွင်လည်း အကျွတ်အလွတ်ဒါနပြုပွဲနှင့် နဂါးစာကျွေးခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါသည်။

ထိုညတွင် အမေကြူ၏သားအရင်းတမျှ ခင်မင်ရင်းနှီးသော ကျောက်ပန်းတောင်းမြို့ ရွှေတန်ဆာကျောင်းတိုက်မှ ခန်းနေဦးပဥ္စင်း ဦးပညာဇောတိ တောင်တန်းသာသနာပြုနှင့် နယ်လှည့်တရားဟောဓမ္မကထိကအား အမေကြူ၏ခြံထဲမှ နဂါးများက အိပ်မက်ပေးပါသည်။ ကျွေးမွေးသော အာဟာရတို့ကိုလည်း စားသုံးရကြောင်း၊ ပေးဝေသောအမျှကိုလည်း ရရှိကြောင်း၊ မိမိတို့သည် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ရ၍ အလွန်ပင် ဝမ်းသာကျေနပ်လျက်ရှိကြကြောင်း ရုပ်ရှင်တော်မြတ် ဆက်လက်ကြွမြန်းတော်မူရာ (၇)အိမ်တိတိလိုက်လံဖူးမြော်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် အိမ်ရှင် အမေကြူမှ မိမိတို့အတွက် ရုပ်ရှင်တော်မြတ်အား ပွဲ၊ ပန်း၊ သစ်သီးအစရှိသည်တို့လှူဒါန်းပေးပါ။ ရေစက်ချပေးပါဟု လျှောက်ထားကြပါသည်။ ဆရာတော်လည်း ၎င်းတို့ဆန္ဒအတိုင်း ဆောင်ရွက်ပေးပါမည်ဟု အိပ်မက်ထဲကတိပေးလိုက်ပါသည်။

နံနက်လင်းသောအခါ ဆရာတော်လေးသည် ထူးဆန်းသောအိပ်မက်ကို တွေးမိပြီး ရုပ်ရှင်တော်မြတ်အား ဆက်ကပ်ရန် ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲတို့ကို စီစဉ်ပါသည်။ ထို့နောက် စိမ့်သင်းမြိုင်ခြံသို့ထွက်ခဲ့သည်။ ဦးပဥ္စင်းလေးသည် အိပ်မက်အကြောင်း အမေကြူနှင့် မယ်တော်ကြီးတို့ကိုပြောပြရာ အမေကြူသည် ဝမ်းသာလျက်ရှိပြီး လှူဖွယ်ပစ္စည်းတို့ကို စီစဉ်ပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်ချိန်ကျရောက်သောအခါ လှူဖွယ်ပစ္စည်းအားလုံးကို စီစဉ်ပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်ချိန်ကျရောက်သောအခါ လှူဖွယ်ပစ္စည်းအားလုံးကိုပါရော၍ ဆက်ကပ်ပြီး နဂါးခုနစ်ဖော်အတွက် ရေစက်ချပေးပါသည်။ ထို့နောက်တွင် အမေကြူ၏ခြံအတွင်းရှိ သိုက်နန်းရှင်များ၊ ကလေးသိုက်များအားလုံးတို့အတွက်ပါ ရေစက်ချကာ လှူဒါန်းပေးပါသည်။ ရေစက်ချပြီးသောအခါ ပုပ္ပားတောင်တစ်ခွင်မှ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီအားလုံး နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခတို့နှင့် အိမ်တွင်းမဟာဂီရိ၊ ပုပ္ပားမယ်တော်တို့အား အစထား၍ ပုဂ္ဂိုလ်အပေါင်းတို့အား အမျှပေးဝေ၍ မေတ္တာပို့သပါသည်။

ထိုညတွင် အမေကြူတို့အိမ်၌ ရုပ်ရှင်တော်မြတ်အား လှူဒါန်းပူဇော်ထားရှိသောပန်းတို့သည် အစွမ်းကုန်ငွားစွင့်လန်းဆန်းစွာရှိပြီး ပန်းရနံ့တို့လည်း အထူးပင် မွှေးမြလျက်ရှိသည်မှာ ထူးခြားလှပါသည်။ အမေကြူတို့နေအိမ်တွင် မယ်တော်ကြီးတို့လည်း နားနားနေနေ အပန်းဖြေခွင့်ရရှိပါသည်။ ထို့ကြောင့် မယ်တော်ကြီးတို့လည်း ပုပ္ပားတောင်ကလပ်သို့တက်ရောက်၍ဘုရားဖူးကြသည်။ အဘအောင်မင်းခေါင်၏ထွက်ပွဲလည်း နီးကပ်နေပြီဖြစ်၍ အဘ၏တစ်ကမ္ဘာလုံးကြေးသွန်းရုပ်တုတော်သို့ မေတ္တာပို့သအမျှဝေခြင်းတို့ကိုလည်း ပြုလုပ်ပါသည်။

ထိုအချိန်တွင် ရုပ်ရှင်သရုပ်ဆောင် ဦးချစ်ပန်း၊ ဒေါ်ဂွမ်းဘုံတို့အဖွဲ့ရောက်ရှိလာကြသည်။ ဤရုပ်ရှင်အဖွဲ့သားများသည် အဘဦးမင်းလှအောင်တပ်ထဲတွင် တာဝန်ထမ်းဆောင်စဉ်၊ စီးပွားကူးသန်း၌ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်ရှိစဉ်ကာလကတည်းက အဘသည် စာပေ၊ ဂီတ၊ ရုပ်ရှင်လောကသားတို့နှင့် အကျွမ်းတဝင်ရှိခဲ့ပါသည်။ အဘသည် အဆိုကောင်း၊ အတီးကောင်း၊ အရေးကောင်း အနုပညာဗီဇရှိသူဖြစ်ပါသည်။အနုပညာဘက်တွင်သာ ခြေစုံပစ်၍ လုပ်ဆောင်မည်ဆိုပါက အောင်မြင်ကျော်ကြားသော အနုပညာသည်တစ်ယောက်ဖြစ်နေမည်မှာ အသေအချာပါ။ အမေကြူတို့အိမ်သည် ပုဂံ၊ ပုပ္ပား၊ ကျောက်ပန်းတောင်း တစ်ဝိုက်သို့ စာပေ၊ ဂီတ၊ ရုပ်ရှင်ဂီတသမားများ ရောက်ရှိသည့်အခါတိုင်း လာရောက် တည်းခိုလည်ပတ်ကြလေ့ရှိပါသည်။

ယခုလည်း ဦးချစ်ပန်းတို့အဖွဲ့သည် အမေကြူအား လာရောက်နှုတ်ဆက်ခြင်းပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်ကြွရောက်နေသည်ကို မမျှော်လင့်ဘဲ ဖူးတွေ့ကြရသောအခါ ဝမ်းသာလျက်ရှိကြပြီး မယ်တော်ကြီးတို့ကိုလည်း တွေ့ချင်ကြသည်။ ဦးချစ်ပန်းနှင့် ဒေါ်ဂွမ်းဘုံတို့သည် ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့တွင် ၎င်းတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခဲ့ကြသေးပြီး နောက်ပိုင်းနှစ်များတွင်လည်း ၎င်းတို့သည် မယ်တော်ကြီးတို့နှင့် အဆက်အသွယ်မပြတ်ရှိနေခဲ့ကြပါသည်။ အမေကြူမှ မယ်တော်ကြီးကိုအား ဒေါ်ဂွမ်းဘုံကြီးတို့ရောက်ရှိနေကြောင်း၊ မယ်တော်ကြီးတို့အား စောင့်နေကြကြောင်း ဖုန်းဆက်ပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်ပန်းတို့အဖွဲ့သည် မယ်တော်ကြီးတို့နှင့် တွေ့ဆုံသွားခဲ့ရပါသည်။

၂၃ - ၉ - ၂၀၁၅ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ကျောက်ပန်းတောင်းမြို့ အောင်သပြေကိုယ်ပိုင် အထက်တန်းကျောင်း တည်ထောင် ဖွင့်လှစ်ထားသော ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ထားထက်တို့မှ ပင့်ဆောင်ပူဇော်ကြပါသည်။ ဤမိသားစုသည် ပြီးခဲ့သောနှစ်က အမေကြူတို့အိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူစဉ်အခါက လာရောက် ဖူးမြော်ကြပြီး ကျောင်းအောင်ချက်ကောင်းရန်၊ ကျောင်းသားတွေအများကြီးရပါစေဟု ဆုတောင်းခဲ့ကြသည်။ ၎င်းတို့၏ ဆုတောင်းမှာ ရာနှုန်းပြည့် အောင်မြင်ပြည့်ဝခဲ့သည်။ ထို့ကြောင့် အမေကြူမှတစ်ဆင့် မယ်တော်ကြီးတို့အား ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်ခွင့်ကြိုတင်လျှောက်ထားခဲ့ကြသည်။ ထို့ကြောင့် ယခုကဲ့သို့ ပင့်ဆောင် ပူဇော်ကြရခြင်း ဖြစ်ပါသည်။

ယခုတစ်ကြိမ် ကျောက်ပန်းတောင်းသို့ ကြွရောက်တော်မူခြင်းမှာ (၃) ကြိမ်မြောက်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်အတန်ကြာက နှစ်ကြိမ်ကြွရောက်တော်မူပြီး ဖြစ်ပါသည်။ ဒေါ်မြင့်မြင့်ကြည်တို့ ညီအစ်မသည် ရွှေကံ့ကူဗုဒ္ဓပူဇနိယပွဲတော်သို့ နှစ်ကြိမ်ရောက်ရှိခဲ့ပြီဖြစ်ပြီး အမေကြူတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်ပင့်ဆောင်ပူဇော်သည့်နှစ်ကြိမ်စလုံးလည်း နေ့စဉ်လာရောက်၍နေကုန်နေခဲ့ကြသူများဖြစ်ရာ မယ်တော်ကြီးတို့နှင့် ခင်မင်ရင်းနှီးလျက်ရှိပြီဖြစ်သောကြောင့် ထိုအိမ်တွင်လည်း မယ်တော်ကြီးတို့ လွတ်လပ်အေးဆေးစွာနေကြရပါသည်။

ဤနေအိမ်တွင် ဘုရားဖူးဧည့်ပရိသတ်တို့မှာ တိုးမပေါက်အောင်ပင် စည်ကားလှသည်။ ကျောင်းသူကျောင်းသားများမှတစ်ဆင့် ၎င်းတို့၏မိဘဆွေမျိုးများတို့ ရောက်ရှိလာကြရာ ကျောက်ပန်းတောင်းတစ်မြို့လုံးသာမက တစ်နယ်လုံးမှပင် လာရောက် ဖူးမြော်ကြသည်။ ဤနေအိမ်သို့လည်း ဦးပဥ္စင်းလေး ဦးပညာဇောတိသည် ရုပ်ရှင်တော်မြတ်အား ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်စသည်တို့ နေ့စဉ် လာရောက် ကပ်လှူပါသည်။ ဦးပဥ္စင်းလေးသည် အမေကြူကဲ့သို့ပင် ဤမိသားစုနှင့်လည်း ရင်းနှီးပါသည်။

ရုပ်ရှင်တော်မြတ်အား ထင်ထင်ရှားရှား ဖူးမြော်နိုင်စေရန် ကင်မရာဖြင့် ချိတ်ဆက်၍ တီဗွီတွင်ပြသထားသည်။ ရုပ်ရှင်တော်မြတ်မှ ပြုံးတော်မူပုံ၊ မျက်လုံးတော်ဖွင့်တော်မူပုံ၊ ရောင်ခြည်တော်ကွန့်မြူးတော်မူပုံတို့ကို လူအများတို့ ဖူးတွေ့ကြရပြီး 'တော်သလင်းနေ ပုစွန်သေ' ဟူသောစကားအတိုင်း ရာသီဥတု ပူပြင်းလှရာ အေးမြအောင် မည်သို့ပင် ဖန်တီးထားစေကာမူ လူပရိသတ်တို့ ပြည့်ကျပ်လျက်ရှိသောအခါ လူငွေ့တို့ဖြင့် ပူလောင်အိုက်လျက်ရှိသည်။ ထိုအခါ ရုပ်ရှင်တော်မြတ်သည် သက်တော်ထင်ရှားကဲ့သို့ပင် ချွေးတော်များယိုစီးကျလျက်ရှိသည်ကို ထင်ရှားစွာ တွေ့မြင်ကြရသည်။ အံ့ဩမဆုံးသောတန်ခိုးတော်တို့ကိုဖူးတွေ့ကြရသဖြင့် ရုပ်ရှင်တော်မြတ်အထံတော်တွင် လည်းကောင်း၊ တီဗွီအနီး၌လည်းကောင်း လူတို့အုံလျက်ရှိပါသည်။

ထိုသို့ရှိစဉ် ဒေါ်သန်းသန်းမြင့်ဆိုသူသည် -

"အရှင်ဘုရား၊ အရှင်ဘုရားရဲ့တန်ခိုးတော်တွေကို ကြားသာကြားဖူးတာပါ။ ဒီလိုလက်တွေ့ဖူးရလိမ့်မယ်လို့ မထင်ခဲ့မိပါဘူးဘုရား။ အခုတော့ အပြင်မှာ တကယ်ဖူးတွေ့ရတာဟာ မယုံနိုင်လောက်အောင်ကို အံ့ဩမိရပါတယ်။ ဝမ်းသာမိရပါတယ် အရှင်ဘုရား"

ဟု အော်၍ လျှောက်ထားကာ ချုံးပွဲချ၍ငိုပါတော့သည်။

အခြားသူအချို့လည်း မျက်ရည်ကျသူကျ၊ ရှိုက်သူရှိုက်ဖြင့် ဝမ်းသာဝမ်းနည်းခံစားကြရသည်။ ထိုအခါ ဦးပဥ္စင်း ဦးပညာဇောတိမှ နှစ်သိမ့်ပေးရ၏။ ဖြေသိမ့်ပေးရ၏။ တရားဟောမွှေကထိကဖြစ်သည်နှင့်အညီ နားဝင်အောင်ဟောကြားနိုင်သော်လည်း ဦးပဥ္စင်းကိုယ်တိုင်ပင်လျှင် အသံတို့တုန်ယင်လျက်ရှိပါ၏။ အမေကြူနှင့် ဤညီအစ်မသည် နှစ်အိမ်တစ်အိမ်မိသားစုသဖွယ် နေထိုင်ကြသည်ဖြစ်၍ ဤကျောင်းသို့လည်း အမေကြူသည် နေကုန်လာရောက်နေပေးပါ၏။ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကို ဖူးကြရသူတို့က အခြားသူတို့ကို ပြန်ပြောပြ၏။ လူတိုင်းတွင် ဖုန်းကင်မရာတို့ပါရှိကြရာ ၎င်းတို့ရိုက်ကူးသွားသော ဓာတ်ပုံတို့ကို ပြန်လည်ပြသကြ၏။

"ဒါ စကိုင်းနက်၊ မြဝတီ၊ MRTV-4 ရုပ်သံလိုင်းတွေက လွှင့်နေတဲ့ဘုရား၊ ရတနာပုံသတင်းစာနဲ့ သူရဋ္ဌမဂ္ဂဇင်းတွေမှာ အမြဲပါနေတဲ့ဘုရားမို့လား။ ဖူးရခဲတယ်။ အခုဘယ်မှာကြွနေတာလဲ သွားဖူးမယ်"

ဟု ဆိုကြကာ သွားရောက်ဖူးမြော်ကြ၏။ ဤသို့ဖြင့် ပြန်ခါနီးလေ ဧည့်ပရိသတ်တို့ စည်ကားလေဖြစ်ပါ၏။

ရုပ်ရှင်တော်မြတ်ပြန်လည်ကြွမြန်းတော်မူသောအခါ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ထားထားဦး၊ အမေကြူနှင့်တကွ အနီးကပ် ဝေယျာဝစ္စလုပ်ကိုင်ဆောင်ရွက်ကြသော ဧည့်ပရိသတ်အပေါင်းတို့မှာ ငိုကြသည်။ ထိုအခါ ဦးပဥ္စင်းလေး ဦးပညာဇောတိကမှ မယ်တော်ကြီးနှင့် အန်တီအေးတို့အား ဤသို့ပြောကြားပါသည်။

"မယ်တော်ကြီး၊ မယ်တော်ကြီးတို့ဆီက ဦးပဥ္စင်းဘာကိုမှမတောင်းခံလိုပါဘူး။ နှစ်တိုင်းနှစ်တိုင်း အမေကြူတို့အိမ်နဲ့ ဒေါ်မြင့်မြင့်ကြည်တို့အိမ်ကို ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူပေးပါ"

ဟု ဆိုလေရာ မယ်တော်ကြီးနှင့် အန်တီအေးတို့မှလည်း -

"စိတ်ချပါ အရှင်ဘုရား၊ တပည့်တော်တို့ကလည်း ဘာကိုမှမမျှော်လင့်ဘဲ ရုပ်ရှင်တော်မြတ်ကို ကြည်ညိုစိတ်သက်သက်နဲ့ပင့်ဆောင်ပူဇော်ပြီး တပည့်တော်တို့ကိုလည်း ဆွေမျိုးရင်းချာလိုသဘောထားပြီး ပင့်ဆောင်ပူဇော်တဲ့အိမ်တွေကြွရတာ စိတ်ချမ်းသာပါတယ်။ ဒါကြောင့် အကြောင်းညီညွတ်ရင် နှစ်တိုင်းကြွပေးမှာပါ ဘုရား"

ဟု ကတိပေးပြီး မြင်းခြံမြို့သို့ ပြန်လည်ကြွမြန်းတော်မူခဲ့သည်။

ပင့်ဆောင်ပူဇော်ကြသူမိသားစုမှာ ယခုနှစ် အပါအဝင် (၄)နှစ်(၄)ကြိမ်တိုင်ပြီ ဖြစ်ပါ၏။ မြင်းခြံမြို့ ဗိုလ်ချုပ်လမ်း Great ဟိုတယ်နှင့် မျက်စောင်းထိုး စိန်ဝင်းကျော်အချိုရည် ဦးစိန်ဝင်းကျော်နှင့် ဒေါ်ခင်မာဌေးမိသားစုမှ လာရောက်ပင့်ဆောင်ကြခြင်းဖြစ်၏။ ဦးစိန်ဝင်းကျော်နှင့် ဒေါ်ခင်မာဌေးတို့တွင် မောင်ဝင်းမင်းမြတ်နှင့် မောင်ပွမ်ပွမ် (အိမ်နာမည်) ဟူသော သားလေး နှစ်ယောက်သာရှိသည်။ ယခင်နှစ်များ ပင့်ဆောင်စဉ်က မောင်ဝင်းမင်းသန်းသည် စင်ကာပူနိုင်ငံမှ လာရောက်ခဲ့ရသော်လည်း ယခုနှစ်တွင် မောင်ဝင်းမင်းသန်းသည် ရန်ကုန်မြို့တွင် ဆောက်လုပ်ရေးကုမ္ပဏီကို သူငယ်ချင်းများနှင့် စုပေါင်းတည်ထောင်လုပ်ကိုင်လျက်ရှိပြီး အိမ်ထောင်လည်းကျနေပြီဖြစ်ပါ၏။ မိသားစုအားလုံး စုံညီစွာ လာရောက်ပင့်ဆောင်ကြခြင်း ဖြစ်သည်။ (ဤမိသားစုနေအိမ်တွင် ထူးခြားမှုများဖြစ်ပေါ်လာပုံကို ၂၀၁၄ ပုဂံ၊ ပုပ္ပား၊ မြင်းခြံခရီးစဉ်ဆောင်းပါး၌ရေးသားခဲ့ရာ သူရဋ္ဌမဂ္ဂဇင်းကြီးမှ ဖော်ပြတင်ဆက်ခဲ့ပြီး ဖြစ်သည်။)

(ဆက်ရန်)

ဘိုဘို(ရွှေကံ့ကူ)

www.burmeseclassic.com

စာရေးသူသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ၏ နေ့တစ်နေ့တွင် ညီငယ်ဖြစ်သူ မောင်စံဝင်းခေါ် မောင်စိန်မင်းနှင့် ခယ်မ မအေးစန်းတို့မှတစ်ဆင့် တူ၊ တူမများ ဖြစ်ကြသော မောင်ဇော်ထူးအောင်နှင့် မလှိုင်းဇာဇာတို့ထံမှ ကန်တော့ လက်ဆောင်ပေးပို့လိုက်သော မုန့်ပဲသရေစာလက်ဆောင်ပစ္စည်းများနှင့်အတူ လောကနတ်တံဆိပ်ပါသော စွပ်ကျယ် အင်္ကျီတို့လက်ဝယ်သို့ရောက်ရှိလာသဖြင့် အားရဝမ်းသာမိ၏။ ညီငယ် မောင်စံဝင်းတို့မိသားစုသည် မြန်အောင်မြို့တွင် နေထိုင်ကြပါသော်လည်း စီးပွားရေးအဆင်ပြေကြသလို သမီးဖြစ်သူ မလှိုင်းဇာဇာနှင့် သမက်ဖြစ်သူ မောင်ဇော်ထူးအောင်တို့က သားသမီးဝတ္တရားကျေပွန်ကြသလို လောကနတ် ဟူသော အရောင်းအဝယ်ဈေးဆိုင်ကြီးကလည်း အကျိုးပေးပါသည်။

လောကနတ် အဆောင်ရုပ်နှင့် ပတ်သက်ပြီး တစ်ချိန်က ပန်းပုဆရာကြီး ဦးထွန်းရွှေပြောပြသည်ကို စာရေးသူ ပြန်လည်၍ မြင်ယောင်မိပါသည်။ တစ်နေ့တွင် စာရေးသူသည် စာရေးကြီး ဦးမြင့်ဆွေရှိန်နှင့်အတူ ဆရာကြီး ဦးထွန်းရွှေအိမ်သို့ ရောက်ခဲ့ပါသည်။ ဆရာကြီးသည် ဗုဒ္ဓရုပ်ပွားတော်ပုံတော် တစ်ခုကိုအချောကိုင်နေ၏။ စာရေးသူတို့နှစ်ဦးကို မြင်သည်နှင့် ဖော်ရွေစွာပင်-

"လာကြဟေ့ ထိုင်ကြဦး။ ဖြည်းဖြည်းပေါ့"

ဟုပြောပြီး ထုလုပ်ထားသော ဗုဒ္ဓပုံရုပ်ပွားတော်ကို အနီးရှိသစ်တုံးတစ်တုံးပေါ်သို့တင်ထားလိုက်ပါသည်။

"ကဲ - မောင်ရင်တို့ လာရင်းကိစ္စကိုလည်း ပြောပြပါ"

ဟု ဆိုသောအခါ ဦးမြင့်ဆွေရှိန်က -

"ကျွန်တော် လောကနတ်ပန်းပုရုပ် တစ်ရုပ်လောက်အပ်ချင်လို့ပါ ဆရာကြီး။ အဲဒါ ဘယ်လိုသစ်အမျိုးအစားနဲ့ထုရင် ကောင်းမလဲ"

ဟု ဆရာကြီးကို မေးသောအခါ ဆရာကြီးက -

"မောင်ရင့်အတွက်လား၊အိမ်သားတွေအတွက်လား။ ဒါမှမဟုတ် မိတ်ဆွေတစ်ဦးတစ်ယောက်အတွက်လား"

ဟု ပြည့်စုံစွာမေးပါသည်။

ဦးမြင့်ဆွေရှိန်က -

# ရောမြေ-ကျော်ဝေ

## ပြည့်ဝချမ်းသာနတ်မင်းကြီးလေးပါးဂါထာတော်နှင့် လောကနတ်ကိုဆောင်ပါ



www.burmeseclassic.com

"ကျွန်တော့်အတွက်မဟုတ်ပါဘူး ဆရာကြီး။ ရန်ကုန်က အထက်အရာရှိကြီးတစ်ဦးအတွက် လက်ဆောင်ပေးဖို့ပါ။ ဘယ်နေ့ဘယ်ရက်ရမယ်၊ ဘယ်လောက်ကျမယ်ဆိုတာကိုသာ ပြောပါ ဆရာကြီး"

ဆရာကြီးသည် ဦးမြင့်ဆွေရှိန်ကို သေချာစွာကြည့်ပြီး -

"မောင်ရင် တယ်လည်းလောတာပဲ။ ကျုပ်ပြောတာက လောကနတ်ရုပ်ဆိုတာ လွယ်လွယ်နဲ့ထုလုပ်လို့ရတာမဟုတ်ဘူး။ ပထမဦးဆုံး နေ့သင့်နံသင့်သားရှာရမယ်။ ဒုတိယအနေနဲ့ ပစ္စည်းအပ်သူ စိတ်တိုင်းကျဖြစ်အောင် ဂါထာမန္တန်စုတ်ပြီး နံသင့်သားကိုထုရမယ်။ တတိယအနေနဲ့ အချောသတ်ပြီးမှ ဘုန်းကြီးငါးပါးပင့်ပြီး ပရိတ်ကမ္ဗဝါဖတ်၊ နတ်မင်းကြီးလေးပါးကိုပင့်ပြီး နတ်မင်းကြီးလေးပါးဂါထာတော်ကို (၉)ကြိမ်ရွတ်ပြီး သိဒ္ဓိတင်ရမယ်။ ဒါမှ နတ်မင်းကြီးလေးပါးစောင့်ရှောက်တဲ့ လောကပါလနတ်ရုပ်က အသက်ဝင်မှာ။ အိမ်အတွင်းမှာ အလှပဲထားထား ပန်းပုရုပ်က အသက်ဝင်နေသလိုမျိုးဖြစ်ရမယ်။ ကြည့်သူတိုင်း သဘောကျစေရမယ်။ ရွှေ ငွေဆိုတာကလည်း ဝင်လာမစဲတသဲသဲပဲ။ မောင်ရင်က အထက်လူကြီးကို လက်ဆောင်ပေးမယ်ဆိုတော့ လက်ဆောင်လို့ သဘောမထားနဲ့၊ လှူတယ်လို့သဘောထား"

ဟု ဆရာကြီးက ပြည့်စုံစွာရှင်းပြသောအခါ ဦးမြင့်ဆွေရှိန်သည် ဆရာကြီးကို လက်အုပ်ချီ၍ ထိုင်ကန်တော့ပြီး -

"ဟုတ်ကဲ့ ခင်ဗျာ၊ ပြောမှားဆိုမှားရှိခဲ့ရင်လည်း ခွင့်လွှတ်ပါ ဆရာကြီး။ ကျွန်တော်က ဘုရားပွဲတွေမှာတွေ့ရတဲ့ အလှပြရောင်းတဲ့ ပန်းပုရုပ်တွေကိုမဝယ်ချင်လို့ပါ ဆရာကြီး။ အခုလို ဆရာကြီးကရှင်းပြတော့လည်း ကျွန်တော့်အတွက် မှတ်သားစရာပညာဗဟုသုတရတာပေါ့။ ကျွန်တော့်ရဲ့ ဆရာသမားအတွက်လည်း စိတ်သန့်သန့်နဲ့ ကောင်းကောင်းမွန်မွန် လှူရတာပေါ့"

ဟုပြောပြီး စရန်ငွေပေးချေမည်အပြုတွင် ဆရာကြီးက -

"နေပါဦး၊ မောင်ရင်တို့က ပြန်ချင်ဇောကြီးနေကြတာပဲ။ ကျုပ်အခုအချောကိုင်နေတဲ့ ဗုဒ္ဓရုပ်ပွားတော်က အနေကဇာတင်ပြီးမှ ဘုရားဖြစ်မှာ။ မောင်ရင့်ကို ကျုပ်တစ်ခုမေးရမယ်။ ရုပ်ပွားတော် အနေကဇာတင်ပြီးရင် ဘယ်မှာထားရသလဲ။ လူအတော်များများကိုပြောတာ



နော်။ မောင်ရင်သိရင် သိသလောက် ပြောပြပါဦး"

ဟု ဆရာကြီးက ဆိုသောအခါ ဦးမြင့်ဆွေရှိန်က ဆရာကြီးကိုသေချာစွာ ကြည့်ပြီး -

"များသောအားဖြင့် ဘုရားစင်ပေါ်မှာတင်ပြီးတော့ ကိုးကွယ်ကြပါတယ်။ ဘုရားစာတိုက်ရှိတဲ့သူတွေကလည်း ဘုရားစာတိုက်ထဲမှာ ရုပ်ပွားတော်ကိုထည့်ပြီး ကိုးကွယ်ကြပါတယ်"

ဟု ဦးမြင့်ဆွေရှိန်က ပြောသောအခါ ဆရာကြီးသည် စာရေးသူဘက်သို့ ကြည့်ပြီး -

"ဟော့-မောင်ရင်၊ မင်းလည်းမှတ်ထား ကျုပ်ပြောပြမယ်။ လူတွေက ဘုရားကို 'စင်' နဲ့ထားတတ်လို့ 'ဘုရားစင်' လို့ဆိုပြီး နှုတ်ကျိုးကြီးနဲ့ပြောနေကြတာ။ အဲတာ ငါတို့ ဗုဒ္ဓဘာသာတွေရဲ့ အမှားစကားတွေပဲ။ ဘုရား ဆိုတာ မြင့်မြတ်တဲ့ ဗုဒ္ဓ။ စင်နဲ့ထားလို့ မသင့်တော်ဘူး။ ကျောင်းဆောင်နဲ့ထားရတယ်။ ဘုန်းကြီးတွေတောင် ကျောင်းနဲ့နေကြသလို ဘုရားလည်း ကျောင်းနဲ့မှသင့်တော်မှာပေါ့။ အဲဒါကို အထူးမှတ်ထား။ ကျောင်းဆောင်နဲ့ထား။ 'စင်နဲ့' ဆိုတဲ့စကားအမှားဖယ်ရှားလိုက်တော့။ စင်နဲ့ထားတယ်ဆိုတာ နတ်ရုပ်တွေကိုပြောတာ။ ဆင်းရဲ၊ ချမ်းသာဆိုတာ လူတိုင်းမှာရှိကြသလို လူဆင်းရဲကိုးကွယ်တဲ့ ရုပ်ပွားတော်ကိုလည်း မတတ်နိုင်လို့ စင်နဲ့ထားရင် 'စင်' လို့ မခေါ်နဲ့။ 'ကျောင်းဆောင်' လို့ပဲခေါ်ရမယ်။ လူဦးခေါင်းအထက်မှာထားမှ ဘုရားကျောင်းဆောင်ကွယ့်"

ဟု ဆရာကြီးကရှင်းပြခဲ့ပါသည်။

ဆရာကြီးသည် ရှေးလူကြီးပီသပါပေစွ။ ဦးမြင့်ဆွေရှိန်နှင့် စာရေးသူတို့နှစ်ဦးသည် ဆရာကြီး ဦးထွန်းရွှေ၏ ဩဝါဒများကို မှတ်သားနာယူပြီး ဆရာကြီးရေးပေးသော နတ်မင်းကြီးလေးပါးဂါထာတော်နှင့်အနက်အဓိပ္ပာယ်တို့ကိုယူဆောင်ပြီး ဆရာကြီးကိုနှုတ်ဆက်ကာ ဆရာကြီး၏နေအိမ်မှ ထွက်ခွာခဲ့ပါတော့သည်။

စာရေးသူ၏စိတ်ထဲတွင် လောကနတ်ရုပ်တုသည် ဂမ္ဘီရဆန်လှပေစွဟု ထင်မှတ်ရပါတော့သည်။ လောကနတ်ရုပ်ကို ထုလုပ်ပြီး အိမ်တွင် အဆောင်အဖြစ်ထားမည်ဆိုလျှင် ဤဂါထာမန္တန်များကို မြတ်စွာဘုရားရုပ်ပွားတော်ကျောင်းဆောင်ရှေ့တွင် တစ်နေ့လျှင် (၉) ခေါက်ကျ နေ့နေ့၊ ညညရွတ်ပေးပါက အကျိုးထူးများပြည့်ဝစေပါမည်။ ဂါထာမန္တန်၏အနက်အဓိပ္ပာယ်ကိုလည်း သုရဿမဂ္ဂဇင်းစာဖတ်ပရိသတ်တို့အတွက် ဖော်ပြပေးလိုက်ပါသည်။

### လောကပါလနတ်မင်းကြီးလေးပါး ဂါထာ

- ပုရတ္ထိမေန၊ ဓတရဋ္ဌော၊
  ဒက္ခိဏေန၊ ဝိရူဠှကော၊
  ပစ္ဆိမေန၊ ဝိရူပက္ခော၊
  ကုဝေရော၊ ဥတ္တရံဒိသံ၊
  စတ္တာရောတေ၊ မဟာရာတေ၊
  လောကပါလာ၊ ယသဿိနော၊
  တေပိအမှေ၊ နုရက္ခန္တု၊
  အာရောဂေန၊ သုခေနစ။ ။

**ပုရတ္ထိမေန** - အရှေ့အရပ်၌၊ **ဓတရဋ္ဌော** - ဓတရဋ္ဌ မည်ရကျော်ဟည်း နတ်မင်းကြီးသည်၊ **အတ္ထိ** - ရှိ၏။ **ဒက္ခိဏေန** - တောင်အရပ်၌၊ **ဝိရူဠှကော**- ဝိရူဠှက မည်ရကျော်ဟည်း နတ်မင်းကြီးသည်၊ **အတ္ထိ** - ရှိ၏။ **ပစ္ဆိမေန** - အနောက်အရပ်၌၊ **ဝိရူပက္ခော** - ဝိရူပက္ခ မည်ရကျော်ဟည်း နတ်မင်းကြီးသည်၊ **အတ္ထိ**- ရှိ၏။ **ဥတ္တရံဒိသံ** - မြောက်အရပ်၌၊ **ကုဝေရော** - ကုဝေရဟု မည်ရကျော်ဟည်း နတ်မင်းကြီးသည်၊ **အတ္ထိ** - ရှိ၏။ **စတ္တာရော** - လေးယောက်ကုန်သော၊ **တေ မဟာရာဇော** - ထိုနတ်မင်းကြီးတို့သည်၊ **လောကပါလာ** - လောကကို အစဉ်စောင့်ရှောက်တတ်ကုန်၏။ **ယသဿိနော** - များသောအခြံအရံရှိကြကုန်၏။ **တေပိ** - ထိုလောကပါလ မည်ရကျော်ဟည်း နတ်မင်းကြီးလေးယောက်တို့သည်၊ **အမှေ** - ငါတို့ကို၊ **အရောဂေန**- အနာရောဂါကင်းရှင်း ကျန်းမာစေခြင်းဖြင့် လည်းကောင်း၊ **သုခေနစ** - ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ **အနုရက္ခန္တု** - အစဉ်စောင့်ရှောက်ကြပါစေသတည်း။

ရွှေမြို့-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ


ဟုကျွန်းဇော်မျိုးသွဲ့ ဖော်ထုတ်ရှာသည် အမှတ်(၃၅)

# ဥက္ကလာပမည်ခေါ် ဓာတုစေတီတော်ကြီး


"မြွေတွေက မြွေပေါက်တွေဗျ၊ မာန်ဖီနေကြတယ်။ ကျုပ်တို့လည်း မရှင်းခဲ့တော့ဘူး"

'ဥက္ကလာပစေတီတော်ကြီးသမိုင်း နိဒါန်းအစ ခုနစ်ဆူဘုရား' ဟု အဆိုရှိကြသည့်အတိုင်း ဥက္ကလာပစေတီတော် သမိုင်းဆိုပါလျှင် ခုနစ်ဆူဘုရားသမိုင်း [illegible]မှပြည့်စုံပါမည်။

ခုနစ်ဆူဘုရားဝင်းအတွင်းမှချုံနွယ်ပိတ်ပေါင်းများနှင့် ဝါးရုံများကို ဘုရားလူကြီးများက အလှည့်ကျ ရှင်းလင်းရန် ကြံစည်တိုင်းတွင် အထမမြောက်ခဲ့ကြပါ။ အခက်အခဲအမျိုးမျိုးဖြင့် တစ်မျိုးမဟုတ်တစ်မျိုးကြုံကာ ထိုအကြံစည်များပျက်ရ၏။ တချို့ဘုရားလူကြီးများက ဘုရားသို့ပင် မလာဝံ့ကြတော့။ မြွေတွေက အိပ်မက်ဖြင့်တစ်ဖုံ၊ ကိုယ်ယောင်ပြခြောက်လှန့်၍တစ်နည်း အမျိုးမျိုးလုပ်ပြတော့ ဘုရားလူကြီးများ မည်သူကမျှ ဦးဆောင်၍ အမှိုက်သရိုက်ရှင်းလင်းခြင်း မပြုနိုင်ကြ။ ထိုအခါ တောင်ဥက္ကလာ ခုနစ်ဆူဘုရားဝင်းတွင် ချုံနွယ်ပိတ်ပေါင်းတွေကာမင်းမူလျက် များများလာကြတော့၏။



ဥက္ကာလာပစေတီတော်အား ရွှေသင်္ကန်းကပ်လှူရန် ငြမ်းဆင်နေကြစဉ်



ဥက္ကလာပစေတီတော်



အောင်တော်မူစေတီ



www.burmeseclassic.com

www.burmeseclassic.com




နှစ်ကျိပ်ရှစ်ဆူဘုရားများ



ခုနှစ်ဆူဘုရားအနီးမှ နဂါးရုံဘုရား



အောင်တော်မူအာရုံခံတန်ဆောင်း



ဥက္ကလာပစေတီတော်တံခွန်တိုင်



ခုနှစ်ဆူဘုရားများ ဖူးတွေ့ရပုံ

ဘုရားဖူးသူများပင် သတင်းစကားအမျိုးမျိုးကြောင့် အလာကျဲသွားကြ၏။ အရပ်ထဲမြို့နယ်ထဲတွင် မြွေဆိုးတွေပေါလွန်းတယ်ပြောသူကပြောကြ၏။ သိုက်တွေကလည်းပေါကြောင်း၊ သိုက်နန်းရှင်တွေ မှောင်ရီပျိုးစတွင်တွေ့ရကြောင်း၊ ထိုခုနှစ်ဆူဘုရားနေရာသည် သိုက်ကုန်းကြီးဖြစ်ကြောင်း၊ သိုက်မှ လူစားလဲတော့မည်ဟုပင် ဆိုသူကဆိုကြ၏။ ထိုထိုသောအကြောင်းတရားများနှင့်အတူ သာသနာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြသော်လည်း အကျပ်တည်းအခက်အခဲများနှင့်အတူ ရှေးဟောင်းအောင်တော်မူစေတီနှင့် ခုနစ်ဆူဘုရားများ အကြောင်းပြု၍ ဥက္ကလာပစေတီတော်ကြီးပေါ် ထွန်းလာခဲ့ပုံများက လွန်စွာစိတ်ဝင်စားစရာကောင်းလှပါသည်။

□ ဥက္ကလာပမြို့ခုနစ်ဆူဘုရားနှင့်
အောင်တော်မူစေတီ

၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းကြားဖြတ်အစိုးရကာလ ဗိုလ်မှူးကြီးထွန်းစိန်တို့ စတင်တည်ဆောက်ခဲ့သောတောင်ဥက္ကလာပမြို့သည် ယခု ၁၉၉၁ ခုနှစ်အချိန်တွင် နှစ်ပေါင်း (၃၂) နှစ်မျှပင် မြို့သက်ရှည်ခဲ့ပြီ ဖြစ်၏။ မြို့ဖြစ်စေ ကျေးလက်တောရွာဖြစ်စေ ဗုဒ္ဓဘာသာ မြန်မာတို့အနေဖြင့် ဘုရားကျောင်းကန် စေတီပုထိုးရှိမှကျက်သရေရှိသည်ဖြစ်ရာ တောင်ဥက္ကလာပမြို့တွင်မှ ဖော်ပြပါ


www.burmeseclassic.com


အတိုင်း မြို့သက်(၃၂)နှစ်တိုင်ရှိခဲ့ပြီဖြစ်သော်လည်း ဘုရားစေတီကြီးကြီးမားမား တည်ထားကိုးကွယ်ရခြင်းမရှိခဲ့သေးပေ။


*၌ ဘုရားကလေးကငယ်ငယ်*
*ကိုးတောင်ပြည့်တည်*
*ငယ်ပင်ငယ်ထင်ရှား*
*ဥက္ကလာပမြို့မှာတည်ထား. . .*

တဘောင်စကားနှင့်အညီ တောင်ဥက္ကလာပမြို့၏ နယ်နိမိတ်အတွင်းပါဝင်သာသော ငမိုးရိပ်ချောင်းလက်ယာဘက်ကမ်းအနီးရှိ မြင်သာရွာကြီး၏ ရွာဦးရွာထိပ်တွင် ခုနစ်ဆူရုပ်ပွားတော်များနှင့် ဘဏ်တော် ကိုးတောင်ခန့်ရှိသော အောင်တော်မူ ရှေးဟောင်းစေတီငယ်တစ်ဆူမှာ ရှေးဟောင်းဘုရားများအဖြစ်တည်ရှိနေခဲ့ခြင်းပင် ဖြစ်သည်။ ယင်းစေတီနှင့် ရုပ်ပွားတော်များမှာ ရှေးရှေးရာဇဝင်တိုင်း ဟံသာဝတီမင်းများလက်ထက်ကပင် တည်ရှိခဲ့သော ဘုရားစေတီများဖြစ်ကြောင်း သမိုင်းဟောင်းအရ သိရှိကြရသည်။ နှစ်အားဖြင့် နှစ်ပေါင်း (၇၅၀) ကျော်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဟံသာဝတီမင်းများလက်ထက်က ဤမြင်သာရွာကြီးသည် စည်ပင်သာယာကြီးကျယ်စွာဖြင့် တိုင်းပြည်စည်ပင်ဝပြောခြင်း သွားလမ်းလာလမ်းကောင်းမွန်ခြင်းနှင့် ရောင်းပန်းဝယ်ပန်းပွင့်လင်းခြင်းတို့ကြောင့် ဒဂုံမြို့နယ်အတွင်း ကြီးကျယ်သော ဆိပ်ကမ်းမြို့ရွာကြီးတစ်ရွာဖြစ်ခဲ့ပါသည်။ ၎င်းမြင်သာရွာသားတို့မှာလည်း ဗုဒ္ဓဘာသာဝင် မွန်တိုင်းရင်းသားများဖြစ်ကြသည့်အတိုင်း ကိုးတောင်ပြည့် အောင်တော်မူစေတီနှင့် ဗုဒ္ဓရုပ်ပွားတော် ခုနစ်ဆူတို့ကို တည်ထား၍ အစဉ်အမြဲ ကိုးကွယ်ကြသည်။ ဤစေတီတော်မြတ်သည် ရှေးဟောင်းဖြစ်ကြောင်း သာဓက ... စေတီတော်တည်ရာ၌ အသုံး... အုတ်ချပ်ကြီးများကပြသ၍နေ...သည်။ ယင်းအုတ်ချပ်ကြီးများမှာ ... (၁၀) လက်မ၊ အနံ (၅) လက်မ ... (၂) လက်မရှိသော ရှေးဟံသာဝတီ ... အုတ်ချပ်ကြီးများပင် ဖြစ်ပေ... ခုနစ်ဆူရုပ်ပွားတော်များမှာ ... သုတ်တော်လာ ဘုရား ... ဖြစ်ရာ ဝိပဿီဘုရား၊ သိခီ ... ဝေဿဘူဘုရား၊ ကကုသန္ဓ ... ကောဏာဂမနဘုရား၊ ကဿပ ... ဂေါတမဘုရားတို့၏ ပုံတော် ... ဖြစ်ပါသည်။







**သမိုင်းဝင် အောင်တော်မူစေတီမှန်ဝ**

□ **ဥက္ကလာပစေတီမတည်နိုင်မီက**


တောင်ဥက္ကလာပမြို့ ဖြစ်ထွန်းပေါ်ကာ စည်ကားလာခဲ့သည့်အခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်ကြကုန်သော မြို့သူမြို့သားတို့သည် ဘုရားစေတီတစ်ဆူတည်ထားကြရန် အာသီသရှိခဲ့သော်လည်း အထမမြောက်သေးသဖြင့် ဤအောင်တော်မူစေတီတော်နှင့်ခုနစ်ဆူရုပ်ပွားတော်ကြီးများကို မိမိတို့၏ မြို့ရွာကျက်သရေဆောင်အဖြစ်ဖြင့် ကိုးကွယ်ပူဇော်ခဲ့ကြပေသည်။ မြို့ရွာကျက်သရေတော်ဆောင် အောင်တော်မူဘုရားနှင့်



www.burmeseclassic.com

www.burmeseclassic.com


ရှေးဟောင်း ခုနစ်ဆူရှိပွားတော်များ အနေ မြင်သာမြို့ဦးကျောင်းနှင့်နီးစပ်သော (၁၄) ခိုက်ကွာ၊ (၁၀) ခိုက်ကွာ၊ နှင့် (၇) ခိုက်ကွာ [illegible] များ [illegible] ၁၈၅၇ ခုနှစ်တွင် [illegible] ကို [illegible] ပြန်လည်ဖြင့်[illegible]တည် [illegible]



[illegible]



[illegible]အတွင်းမုခ်



[illegible]

[illegible] (၁၇) [illegible] အမြင့်[illegible] ဖြစ်[illegible] ခဲ့ကြ[illegible] [illegible] အကာ [illegible] [illegible] [illegible] [illegible] မြို့တွင် [illegible] [illegible] ခုနစ်မဟောင်း [illegible] ခဲ့သေည်။

[illegible]အကြိမ် ၁၈၅၈ ခုနှစ်တွင် [illegible] ကြိမ်မြောက် [illegible] [illegible] (၁၀) [illegible] [illegible] [illegible] ဦးကောင်းမိ [illegible] အတွင်းရေး [illegible] ဖြင့် ဖွဲ့စည်း၍ [illegible] အတိုင်း [illegible] တမြန်မှ [illegible] ချက်ခဲ့ပေသည်။ [illegible] ဈေးပွဲ၊ တပြိုင်ပွဲများ [illegible] ခုနစ်ရေ[illegible] [illegible] အောင်တော်မူ [illegible] [illegible] များဖြင့် ပြိုင်သည်စည်ကားလာကြ[illegible] [illegible] မြေ[illegible] [illegible] [illegible]ကြတော့ [illegible] [illegible] သည်။ [illegible]

[illegible]အကြိမ် ၁၈၇၉ ခုနှစ်[illegible] [illegible] ကြိမ် [illegible] အတွင်းရေး[illegible] [illegible]ရုံးခေါင်း[illegible] [illegible] ဆွေးနွေးညှိ[illegible] [illegible] အဖြစ် ပြည်သ[illegible] [illegible] ဝန်ကြီးဌာန[illegible] [illegible]

[illegible] ၁၉၈၀ ပြည့်နှစ် [illegible] ဖြစ်လာသ[illegible] [illegible] တစ်မြို့နယ် [illegible] ဖွဲ့စည်း[illegible] [illegible] (၇) ရပ်ကွက် [illegible] ရပ်ကွက် (၁၃) ရပ်ကွက် [illegible] ရပ်ကွက်[illegible] သေးတော[illegible] [illegible] ဂေါမ[illegible]

www.burmeseclassic.com


အဖွဲ့ ဖွဲ့စည်းခဲ့ပါသည်။

[illegible] ဥက္ကဋ္ဌ [illegible] အတွင်းရေးမှူး [illegible] ဦးဘဝေ ဦးသူတော် တို့နှင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး ထိုအဖွဲ့ [illegible] အကြိုက်တရား [illegible] ပွဲများကိုလည်း ဆောင်ရွက်နိုင်ခဲ့၏။ ဗုဒ္ဓပူဇနီယပွဲတော် [illegible] ဂေါပကအဖွဲ့ နှင့် [illegible] စည်းကျင်းပခဲ့ပေသည်။ ပဉ္စမအကြိမ် ၁၉၈၁ ခုနှစ်တွင် ဗုဒ္ဓပူဇနီယပွဲတော်ကို ဆက်လက်ကျင်းပခဲ့သည်။


ဆဋ္ဌမအကြိမ် ၁၃၈၂ ခုနှစ်တွင် ဂေါပကအဖွဲ့ဝင်ပုဂ္ဂိုလ်များ နာမကျန်းမာဖြစ်ခြင်း အချို့ [illegible] ခြင်းတို့ကြောင့် ဂေါပကကိုယ်စား ဗုဒ္ဓပူဇနီယ [illegible] ကျင်းပရေးကော်မတီဥက္ကဋ္ဌကို [illegible] အတွင်းရေးမှူး ဦးမောင်မောင်ဝင်း [illegible] ဦးစောဖေ [illegible] ဦးကြည်ထွန်းတို့နှင့် ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြ၏။ ဥက္ကဋ္ဌဦးလှအောင် [illegible] ဥက္ကဋ္ဌ ဦးခင်စိုးနှင့် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဇံ တို့အား သာသနာ့စည်ပင်ဖြန့်ပွားစေရန် တစ်မြို့နယ်လုံးရှိ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ဂေါပကအဖွဲ့ ဖွဲ့စည်းပေးရန် အကြံပြု တင်ပြခဲ့သေးသည်။


၁၉၈၃ ခုနှစ်တွင် ဒုတိယအကြိမ် [illegible] ဂေါပကအဖွဲ့ကို တစ်မြို့နယ်လုံး [illegible] ရပ်ကွက်ဥက္ကဋ္ဌများဖြင့်ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့၍ ဥက္ကဋ္ဌ ဦးမြစိန်၊ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်စိန်၊ အတွင်းရေးမှူး [illegible] စသည်တို့ဖြင့် ဂေါပကအဖွဲ့ကို [illegible] ခဲ့သည်။ ထိုသို့ဖွဲ့စည်းပြီးသော [illegible] မြသုံးသာဆရာတော် [illegible] ဂေါပကစည်းမျဉ်းဥပဒေ [illegible] ရွှေဟောင်းခုနစ်ဆူဘုရား [illegible] ပြန်လည်မွမ်းမံရန် အကြိမ်ကြိမ် [illegible] တော်မူခဲ့သည်။ သို့သော်လည်း [illegible] အကြောင်းကြောင်းတို့ကြောင့် ၁၉၈၃ [illegible] ခုနှစ် (၂) နှစ်တိုင် ကြာမြင့်ခဲ့ကာ [illegible] သော အဆောက်အအုံပြင်ဆင် [illegible] ဂေါပကစည်းမျဉ်းဥပဒေရေးဆွဲမှုတို့ [illegible] ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ဗုဒ္ဓ [illegible] ပွဲတော်ကိုသာ နှစ်စဉ်မှန်မှန် [illegible] ခဲ့ပေသည်။

ရွှေဟောင်းခုနစ်ဆူဘုရားနှင့် [illegible] တော်မူစေတီဂေါပကအဖွဲ့ ရှိနေ [illegible] ယခင် မြို့နယ်ပြည်သူ့



ဥက္ကဋ္ဌထားခေါ်တော် [illegible] ဥက္ကဋ္ဌထားတိုင်သောနေ့ [illegible]





ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဇံက အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော စည်းမျဉ်းရေးဆွဲရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ တာဝန်ပေးခဲ့သည်။

(က) ဦးအောင် ဥက္ကဋ္ဌ
(ခ) ဦးလှအောင် အတွင်းရေးမှူး
(ဂ) ဦးသိန်းညို အဖွဲ့ဝင်
(ဃ) ဦးမြင့်သွင် အဖွဲ့ဝင်
(င) ဦးစံရွှေ အဖွဲ့ဝင်
(စ) ဦးခင်မောင်ကျော် အဖွဲ့ဝင်
(ဆ) ဦးမောင်ရည် အဖွဲ့ဝင်

အထက်ပါကော်မတီသည် လက်ရှိ ဂေါပကစည်းမျဉ်းကို ရက်(၂၀)အတွင်း ရေးဆွဲ၍ ယခင်မြို့နယ် ပြည်သူ့ကောင်စီ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြခဲ့သည်။ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဇံနှင့် အမှုဆောင်အဖွဲ့က တင်ပြသောစည်းမျဉ်းကိုအတည်ပြု၍ တတိယမြောက်ဂေါပကအဖွဲ့ကို ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့စွဲပါ စာအမှတ် ၂၉၃၃/လူမှု/၁၇၂ တ/ဥက္ကလာဖြင့် မြို့နယ်ပြည်သူ့ကောင်စီမှ ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့လေသည်။ ယင်းဂေါပကအဖွဲ့ဝင်များမှာ -

(က) ဦးတင်မောင် ဥက္ကဋ္ဌ
(ခ) ဦးအောင် ဒုတိယဥက္ကဋ္ဌ
(ဂ) ဦးမြင့်သွင် ဒုတိယဥက္ကဋ္ဌ
(ဃ) ဦးလှအောင် အတွင်းရေးမှူး
(င) ဦးကျော်စိန် တွဲဖက်အတွင်းရေးမှူး
(စ) ဦးထွန်းရှိန် တွဲဖက်အတွင်းရေးမှူး
(ဆ) ဦးခင်မောင်ကျော် ဘဏ္ဍာရေးမှူး
(ဇ) ဦးကျော်မြင့် စာရင်းစစ်
(ဈ) ဦးစံရွှေ အဖွဲ့ဝင်
(ည) ဦးမောင်မောင်ရည် အဖွဲ့ဝင်
(ဋ) ဦးသိန်းညို အဖွဲ့ဝင်
(ဌ) ဦးကျော်ရင် အဖွဲ့ဝင်
(ဍ) ဦးဝေမင်း အဖွဲ့ဝင်
(ဎ) ဦးမောင်မောင် အဖွဲ့ဝင်
(ဏ) ဦးစိန်ခန့် အဖွဲ့ဝင်

ဤတတိယမြောက်ဂေါပကအဖွဲ့သည် ၁၉၈၆ ခုနှစ်မှစ၍ ရှေ့လုပ်ငန်းစဉ်များချမှတ်လျက် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအုန်းလွင် ဦးစီးဦးဆောင်ပြုကာ အနာဂတ်သာသနာအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။

၁။ နှစ်စဉ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမြဲဖြစ်သည့် အကြိုတရားပွဲ၊ ပဋ္ဌာန်းပွဲ၊ ရှေးဟောင်းခုနစ်ဆူဘုရားကိုယ်ပွားရုပ်ပွားတော်များကို မြို့နယ်တစ်နယ်လုံးသို့ ဒေသစာရီကြွချီအပူဇော်ခံရန် ဆောင်ရွက်နိုင်ခဲ့သည်။

၂။ ပျော်ပွဲရှင်ပွဲများကို ဇာတ်ကြီးဇာတ်ကောင်များသွင်း၍ ဖျော်ဖြေခြင်းအားဖြင့် ပွဲတော်မှာ ပိုမိုစည်ကားလာခဲ့ပြီး ဘုရားအလှူတော်ငွေမှာလည်း တိုးတက်ခဲ့သည်။

၃။ ရှေးဟောင်းခုနစ်ဆူဘုရားကြီးမှာ အကာကျဲကျဲ အမိုးမလုံ အုတ်ခုံအကျိုးအပေါက်တို့ဖြင့် ထိန်းသိမ်းမှုကင်းမဲ့ခဲ့သည့်ကာလအတိုင်း အတာရှည်ကြာခြင်းဇရာသဘောကို ပြန်လည် မွမ်းမံတည်ဆောက်ရန် တာဝန်ယူခဲ့သည်။


ဤနေရာဤဒေသ၌ ရှေးဟောင်းရုပ်ပွားတော်ကြီးများ တည်ထားကိုးကွယ်ထားခဲ့သော်လည်း ပူဇော်ဖူးမြော်သူ၊ လှူဒါန်းသူ၊ ဘာဝနာပွားများသူ အလွန်နည်းပါးလျက်ရှိနေသည်။ ၎င်းမှာလည်း ထိုက်ထိုက်တန်တန် နေရာထိုင်ခင်း တန်ဆောင်း ပြာသာဒ်မရှိ၍ဖြစ်သဖြင့် အနာဂတ်တွင် သာသနာတော် ရှင်သန်ဖွံ့ထွားလာရေးအလားအလာပေါ်ထွက်နိုင်ရန် ဗိုလ်မှူးအောင်လွင်နှင့် ဂေါပကအဖွဲ့က စတင်အကောင်အထည်ဖော်ရန် စီမံချက်ရေးဆွဲခဲ့ပေသည်။

က။ ဩဝါဒါစရိယဆရာတော်ကြီးများကို အမှူးထား၍ တောင်ဥက္ကလာပမြို့နယ်လုံးပါဝင်၍ ဂန္ဓကုဋိတိုက်ကြီးကို ရှေးဟောင်းယဉ်ကျေးမှုမပျက် ပြန်လည်မွမ်းမံရန်။

ခ။ ထိုဂန္ဓကုဋိတိုက်ကြီးပေါ်တွင် စေတီတည်ထားကိုးကွယ်ရန်။

ယင်းစီမံချက်ကိုအကောင်အထည်ဖော်ရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီး ဘဏ္ဍာရှာဖွေရေးကော်မတီများမှ ငွေစတင်ကောက်ခံရန် စတင်ပြီးရှင်းလင်းသည့်နေ့မှာပင် အင်ဂျင်နီယာအဖွဲ့မှ စေတီတော်ကြီးအား ခံနိုင်ရည်ရေရှည်ခံနိုင်ရေးမရှိကြောင်း လေ့လာတွက်ချက်မိကြပါသည်။ ဂန္ဓကုဋိတိုက်ပေါ်တွင် စေတီတော်တည်ရန်လုပ်ငန်းအခက်အခဲရှိကြောင်းတင်ပြခဲ့ခြင်းကြောင့် ဂန္ဓကုဋိတိုက်နှင့် စေတီတော်သီးခြားတည်ဆောက်ရန်ဆုံးဖြတ်၍ စေတီမြေနေရာရွေးချယ်ရေးကို ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်။

မြေနေရာရွေးချယ်ရေးကော်မတီတွင် ဦးသန့်စင် (ဥက္ကဋ္ဌ)၊ ဦးတင်မောင် (ဒုတိယဥက္ကဋ္ဌ)၊ ဦးလှအောင် (အတွင်းရေးမှူး)တို့ပါဝင်၍ (ယခုဥက္ကလာပစေတီတော်တည်ဆောက်မည့်) သစ္စာလမ်းနှင့် သံသုမာလမ်းထောင့် ကွင်းနေရာကို ရွေးချယ်ခဲ့ပေသည်။ ထိုသို့ မြေနေရာကို ရွေးချယ်ပြီးနောက် ဂေါပကအဖွဲ့သည် ၁၄-၃-၈၆ ရက်စွဲပါ စာအမှတ် ၁၀၄/ မြေစေတီ၊ (၈၆) ဖြင့် ဝန်ကြီး-ဆောက်လုပ်



အောင်တော်မူစေတီရှေ့မှ ဝါးရုံတောသိုက်နန်း



ဂေါပကလူကြီးဦးသောင်းညွန့်မှ သိုက်ကုန်းနေရာကို ပြသစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဂေါပကလူကြီး ဦးသောင်းညွန့်မှ စာရေးသူအား ရှင်းလင်းပြ

ရေးဌာနသို့ လျှောက်လွှာတင်ခဲ့ပြီး မိတ္တူကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနသို့ ပေးပို့ခဲ့၏။ အိုးအိမ်ဦးစီးဌာနက လျှောက်လွှာလက်ခံခြင်းမပြုဘဲ ကန့်ကွက်ခဲ့ပြီး ၂၈-၃-၈၆နေ့တွင် ဂေါပကအဖွဲ့အား တရားရုံးတွင် တရားစွဲခဲ့လေသည်။

တရားအစွဲခံနေဆဲမှာပင် ဂေါပကအဖွဲ့သည် စေတီတော်ပန္နက်တင်ခြင်း၊ အုတ်မြစ်ချခြင်းတို့ကို ၁၁-၄-၈၆နေ့တွင် ဆောင်ရွက်ခဲ့ကြသည်။ ထိုနေ့မှာပင် ရွှေဟောင်းခုနစ်ဆူဘုရားဂန္ဓကုဋိတိုက်ကြီးကိုလည်း အုတ်မြစ်ချခဲ့လေသည်။ ဂေါပကအဖွဲ့သည် စေတီတော်ကြီးအတွက် ဝတ္ထုကံမြေရရှိရေးကို တစ်ဖက်မှ ကြိုးပမ်းရင်း တစ်ဖက်မှလည်း ရွှေဟောင်းယဉ်ကျေးမှုဆန်ဆန် ဂန္ဓကုဋိတိုက်ကြီးကိုလည်း တည်ဆောက်ခဲ့သည်။ ဤသို့ ဘာသာသာသနာလုပ်ငန်းများ ဆောင်ရွက်ရင်း တရားရုံးသို့လည်း အမှုဆိုင်ရက်များကို မပျက်မကွက် တက်ရောက်ရင်ဆိုင်ဖြေရှင်းနေခဲ့ရသည်။ ထိုစဉ်က ဂေါပကအဖွဲ့လူကြီးများ၏ ဥက္ကလာပစေတီတော်ကြီးပေါ်ထွန်းရေး တရားစွဲခံ ကြံ့ကြံ့ခံ၍ သာသနာပြုခဲ့ကြသည်ကို ဤစာစုဖြင့် ဂုဏ်ပြုဖော်ပြ မော်ကွန်းထိုး တင်ပြအပ်သည်။

တောင်ဥက္ကလာပ မြို့သူမြို့သားရဟန်းရှင်လူများသည် စေတီတော်ကြီးတစ်ဆူ တည်ထား ကိုးကွယ်ရေးနှင့်ပတ်သက်၍ အထူးပင် စိတ်ပါဝင်စားလျက်ရှိပေသည်။ ဥက္ကလာပမြို့သက်အနှစ် (၂၈) နှစ်ရှိသော်လည်း အခြားမြို့နယ်များကဲ့သို့ ဆည်းကပ် ကိုးကွယ်စရာ ဗုဒ္ဓဘာသာကျက်သရေဆောင်ကြီးကြီးမားမား စေတီတော်မရှိသေးခြင်းကြောင့်လည်းကောင်း၊ သာသနာတော်ကြီးအမွန့်ရှည်စွာစည်ပင်စေမည့် သာသနာ့မြေမရှိခြင်းကြောင့် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် သာသနာ့အကျိုးကို မဆောင်ရွက်နိုင်သေးခြင်းကြောင့် လည်းကောင်း အားမလိုအားမရရှိနေခဲ့ကြလေသည်။

ဝတ္ထုကံမြေအဖြစ် ရည်ရွယ်ထားသောမြေပေါ်တွင် ဆောက်လုပ်ထားသည့်ဂေါပကရုံးယာယီအဆောက်အအုံမှာပင် ဂေါပကအဖွဲ့ အရေးပေါ်အစည်းအဝေး ၂၄ - ၇ - ၈၆ နေ့တွင် ခေါ်ယူ၍ ဂေါပကအတွင်းရေးမှူးက လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြရာတွင် လက်ရှိအချိန်တွင် ဝတ္ထုကံမြေရရှိရေး၊ စေတီတော်တည်ဆောက်ရေးမှာ အခက်အခဲဘေးအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း၊ အဖြစ်မှန်ကို တစ်ဖက်စွန်းမရောက်ဘဲ ပဓာနကျအောင်ဖြေရှင်းရန်လိုအပ်ပါကြောင်း၊ မိမိတို့သည် အမှန်အားဖြင့် ဆန္ဒစောစွာဖြင့် တရားဥပဒေစိုးမိုးရေးကို ဂရုမပြုဘဲ ဥပဒေကိုလည်းကောင်း၊ နိုင်ငံတော်ဆိုင်ရာကိုလည်းကောင်း ထိပ်တိုက်ရင်ဆိုင်သကဲ့သို့ ပန္နက်တင်ခြင်း၊ အုတ်မြစ်ချခြင်းများကို ပြုခဲ့ကြကြောင်း၊ သို့ဖြစ်၍ အချိန်ကြာလေ အောင်မြင်မှုရရှိရန် မလွယ်ကူလေဖြစ်ရကြောင်း၊ လောကကောင်းကျိုးကို လုပ်ဆောင်ခြင်းဖြစ်သော်လည်း မလိုအပ်သောဆိုးကျိုးများနှင့် ရင်ဆိုင်နေရသဖြင့် ကောင်းကျိုးလုပ်၍ ကောင်းကျိုးမရဘဲ ဆိုးကျိုးကိုရနေသဖြင့် တစ်မျိုးတစ်မည် အယူအဆများယွင်းသွားဖွယ်ရှိကြောင်း စသည်တင်ပြ၍ အိုးအိမ်ဦးစီးဌာနနှင့်ညှိနှိုင်းပြီး ပိုနေမြေကျားနေမြေ ရွှေဟောင်းခုနစ်ဆူဘုရားမြေထဲမှာပင် ဂေါပကရုံး ရွှေ့ပြောင်း ဆောက်လုပ်ရန် စေတီတော်အတွက် အုတ်မြစ်ပန္နက်အဖြစ်တူးထားသောမြေကျင်းကို မြူအဖွဲ့ဖြင့် ပြန်လည်ဖို့ညှိရန်၊ နောင်တွင် ကျေကျေနပ်နပ် ဝတ္ထုကံမြေရသောအခါမှ စေတီတော်တည်ထားကိုးကွယ်ရန် အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြလေသည်။

ထို့ကြောင့် ယခင် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအုန်းလွင်နှင့် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၊ ဂေါပကအဖွဲ့တို့သည် ၁၉၈၆-၈၇ ခုနှစ်အတွင်းမှာပင် ခုနစ်ဆူဘုရားဂန္ဓကုဋိတိုက်ကြီးကို ရဟန်းရှင်လူပြည်သူတို့ပါဝင်၍ တည်ဆောက်ခဲ့ကြလေသည်။ ငွေကျပ်ခြောက်သိန်းကျော်အကုန်အကျခံ၍ အလျားပေ (၆၀)၊ အနံပေ (၃၀)ရှိ ဂန္ဓကုဋိတိုက်ကြီးသည် လှပခံ့ညားစွာ မြန်မာ့ယဉ်ကျေးမှု ပန်းဆယ်မျိုးဖြင့် ကြည်ညိုဖွယ်ရာ မွမ်းမံတည်ဆောက်ပြီးမြောက်ခဲ့လေတော့သည်။

၁၉၈၇ ခုနှစ်တွင် နှစ်စဉ်ဗုဒ္ဓပူဇနိယပွဲတော်ကိုကျင်းပရာတွင် အကြိုတရားပွဲများ၊ အသံမစဲပဋ္ဌာန်းပွဲများနှင့် မြန်မာဇာတ်သဘင်မှ နာမည်ကြီးဇာတ်ကောင်းများ ကပြ၍ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုနှစ်မှာပင် တောင်ဥက္ကလာပမြို့တွင် တစ်မြို့လုံးလှည့်လည်ပူဇော်ခံရန် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များထုလုပ်ပူဇော်ရန်အတွက် အစီအစဉ်ချမှတ်၍ ဉာဏ်တော် (၃၇) လက်မ၊ ကြာပလ္လင် (၆) လက်မ၊ စုစုပေါင်း (၄၃) လက်မ၊ တစ်ဆူလျှင် (၅၀၀၀) ကျပ်နှုန်းဖြင့် ဘုရားဒါယကာအလှူရှင်ရှာ၍ ရုပ်ပွားတော်ထုလုပ်ရေးကော်မတီဖွဲ့စည်းလျက် ယင်းကော်မတီမှ ပန်းပုပညာရှင်များထံသို့ တင်ဒါစနစ်ဖြင့် စပေါ်ငွေပေးသွင်းစေခြင်း၊ စံပြနမူနာရုပ်တော်မှု ဗုဒ္ဓရုပ်ပွားတော်များထုလုပ်တင်ပြစေခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ပန်းပုပညာရှင်နှစ်ဆယ် လာရောက်ယှဉ်ပြိုင်ကြသည်။ ယှဉ်ပြိုင်ခဲ့ကြသော ပန်းပုပညာရှင်များအနက်မှ လက်ရာအကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံးပုဂ္ဂိုလ် (၃) ဦးကို ရွေးချယ်၍ ထုလုပ်စေခဲ့သည်။ ထိုနှစ်မှာပင် ပန်းပုထုလုပ်စေခြင်း၊ ရွှေချခြင်း၊ မြို့နယ်အတွင်းလှည့်လည်အပူဇော်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပေသည်။

ဤသို့ တောင်ဥက္ကလာပမြို့



www.burmeseclassic.com

www.burmeseclassic.com

ဝပ်ကွက်ပေါင်းစု ခြံဝိုင်းမှသည် အလှူတော်ခံရာ မိမိတို့နေထိုင်ရာ ကျေးလက် ကျေးရွာမှ လည်းကောင်း၊ ပန်းရေအိုးများ ဖြင့် လည်းကောင်း၊ ဆိပ်ကမ်းမှ ဖြည့် လည်းကောင်း၊ မြို့သစ်ကိုမြင့် လည်းကောင်း အမြိုက်အမြိုင် လှည့်လည် အလှူတော်ခံကြသည်။ အခမ်းအနားများ နေ့ ၁ ကိတ်တွင် ဖော်ပြခဲ့သော ပွဲများ အကအခုန်နှင့် ဗုံ ပတ်ဝိုင်းများ သီဆိုကျူး မြိုင်ထနေစေပြီး ပွဲများဖြင့် ထမင်းဟင်း ... ကျွေးကြသည်။ ထို့ပြင် ဖရုံကြော ၁တ်အသီးများ ပန်းသီးမျှော်ခင် အိုးများ၊ သာသနာ့ဘောင်များ ဆွမ်း ကျွေးမှုလေးများများ အလှူခံနေကြသော များဖြင့် ဒိုက်ပါကြ၍ ပေတွင် ဥက္ကလာပ တစ်မြို့လုံး ဘာသာရေးပွဲတော်ကြီး တစ်ပွဲ ဖြစ်လွှန်းပေါ်ပေါက်လာခဲ့ပေ ကြသည်။ ... ရှစ်ဆူမှတော်လှည့်လည်ပွဲကြီး မှပင် ဥက္ကလာပစေတီတော်ကြီးတစ်ဆူ ပေါ်ပေါက်ခဲ့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း တည်ကြည်း အသိအမှတ်ပြုခဲ့ကြပေသည်။ လက်ဆယ်ဖြာအုပ်မိုး ရှိခိုးပြီး စုဝေဝိုင်းဆုတောင်းကြ၏... ဥက္ကလာပစေတီတော်ကြီး... ပေါ် သွန်း ပါစေ။

ဒ ဘုရားဝတ္ထုကံမြေကို [illegible] ကြီးအား လွှဲအပ်ခြင်း

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ရက် တွင် တိုင်းပြည်အခြေအနေအရ ယင်းရှိ အစိုးရအာဏာကို နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အလုံးရောက် လွှဲပြောင်းယူလိုက်လေသည်။ ထို့နောက် တွင် နှစ်ပေါင်းပြည့်နေကျအတိုင်း ခုနစ်ဆူ ဘုရားကူကိုတိုက်တော်ကြီးတွင် (၁၃) ကြိမ် မြောက် အခမ်းမဲ့ ပဌာန်းရွတ်ဆိုပွဲကို ကျင်းပနေသည်။ ယင်းပဌာန်းပွဲ ခမ်းအနားမှာပင် တောင်ဥက္ကလာပမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ဂေါပက အတွင်းရေးမှူး ဦးလှအောင်တို့က ယင်း စေတီတော်ကြီး တည်ဆောက်ရန်အတွက် ပါ ဩဝါဒခံယူကြလေသည်။

ထိုအခါ ဩဝါဒါစရိယဆရာတော် များအဖွဲ့မှ ကံသာဆရာတော် စေတီ တော်ကြီးတည်ဆောက်နိုင်ရေးအတွက် ဝတ္ထုကံမြေကို နိုင်ငံတော်အကြီးအကဲများ ထံ လျှောက်လွှာတင်ပြရန်ကို တိုက်တွန်း ပြောင်းဖြင့် ဩဝါဒကထာချီးမြှင့်ကြားသွား လေသည်။ ထိုအချိန်တွင် အခမ်းအနား သို့တက်ရောက်ရန် ဖိတ်ကြားထားသော တပ်မတော် ဒုတိယ ဗိုလ်မှူးကြီးသက်ဝင်း ... နှင့်ရုံးအစည်းအဝေးတက်ရောက် နေရ၍ နေ့လယ် (၁၂) နာရီမှ ရောက်ရှိ လာသည်။ ဂေါပကဥက္ကဋ္ဌမှ ဗိုလ်မှူး ဦးမြင့်သွင်၊ ဂေါပကအတွင်းရေးမှူးဖြစ်သူ ဦးလှအောင်နှင့် အဖွဲ့ဝင်များက ခရီးဦး ကြိုဆိုကြပြီး ရှေးဟောင်းခုနစ်ဆူဘုရား အား ကြည်ညိုရန် သမိုင်းကြောင်းကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နှစ်ကျိပ်ရှစ်ဆူပင့်ဆောင်ပွဲဗီဒီယို ကို ပြသကြလေသည်။

ဒုတိယဗိုလ်မှူးကြီး သက်ဝင်းက တောင်ဥက္ကလာပသာသနာ့ရှိုးရှင်းမှာ အလွန်အားရဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း နှင့်ဗစ်ဒေသမှူးကြီးနှင့်အတူ နိုင်ငံတော် အာဏာပိုင်အကြီးအကဲများထံ တင်ပြ နိုင်ရန်အတွက် မြို့ပေါ်ရှိ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင် များ၊ မြို့မိမြို့ဖများ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့်ဆိုင်ရာဌာနမှ များပါဝင်သော အစည်းအဝေးတစ်ရပ် ကျင်းပရန် ဂေါပကအတွင်းရေးမှူးအား မှာကြားခဲ့ပေသည်။ ထို့ကြောင့် ဂေါပက အတွင်းရေးမှူးသည် ၁၉၈၉ ခုနှစ် မတ်လ ၇ ရက်၊ အင်္ဂါနေ့ (၁၄:၀၀) နာရီ တွင် ရှေးဟောင်းခုနစ်ဆူဘုရားဂန္ဓကုဋိ တိုက်တော်၌ ဘုရားဝတ္ထုကံမြေရရှိရေး သို့ချင်းအစည်းအဝေးကို မြို့နယ်အတွင်း ရှိ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့နာယကကြီးများနှင့်အဖွဲ့ဝင် လူကြီးများ၊ မြို့နယ်ရှိ ရပ်ရွာဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများအစုံအညီခေါ် ယူ၍ ကျင်းပ ခဲ့လေသည်။

ထိုအစည်းအဝေးတွင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသက်ဝင်းက (၁၃) ကြိမ် မြောက် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းမဲ့မဟာ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် ရှေးဟောင်း ခုနစ်ဆူဘုရားဂန္ဓကုဋိတိုက်သို့ ရောက်ရှိ ကြည်ညိုခဲ့ပြီး ဘုရားသမိုင်းအကျဉ်းချုပ် နှင့် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပွဲဗီဒီယို မှတ်တမ်းများကို လေ့လာကြည့်ရှု၍ တောင်ဥက္ကလာပမြို့နယ်ရပ်နယ်ရှင်လူတို့ ၏ ဥက္ကလာပစေတီတော်ကြီးတည်ထား ကိုးကွယ်လိုမှုအခြေအနေကိုသိရကြောင်း၊ စေတီအတွက် မူ(၉)ချက်တွင် (၈)ချက် ကိုက်ညီနေသည်ကိုသိရကြောင်း၊ မြေရရှိ ရေးအတွက် နိုင်ငံတော်မှလျှောက်ထားရန် အစွမ်းရှိသလောက် မိမိကြိုးစားမည်ဖြစ် ကြောင်း ပြောကြား၍ မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမောင်ကလည်း (၁၃) ကြိမ် မြောက် ဗုဒ္ဓပူဇနီယပွဲတော် အခမ်းမဲ့ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲတော်သို့ တက်ရောက် ကြည်ညိုရသဖြင့် ဆရာ တော်တို့၏ ဩဝါဒကထာကို ကြားနာရ၍ မြို့နယ်ရှိ ရပ်ရွာလူထုအားလုံးက ဝိုင်း စေတီတည်ထားကိုးကွယ်ခွင့်ရရှိရေးကို စိတ်ညီစွာ စောင့်မျှော်နေကြောင်းသိရ၍ ဆောင် ရွက်မည်ဖြစ်ကြောင်း၊ ... မိမိကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသဖြင့် ... အများအပြား ကျေနပ်ဝမ်းမြောက်ကြလေသည်။ နိုင်ငံတော် အကြီးအကဲများနှင့် ... သဘောကို လည်း စေတီတော်တည်ထားကိုးကွယ်မှု ကိစ္စကို တင်ပြအစီရင်ခံပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အုပ်ချုပ်ရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆက်လက် တင်ပြရန် ညွှန်ကြားမှုရှိခဲ့ကြောင်း ပြောကြားသွားလေသည်။

ဂေါပကအတွင်းရေးမှူးက ယခင် စေတီ အုတ်မြစ်ချခဲ့က ဝတ္ထုကံမြေမရှိ သေးနှင့် စေတီတည်ဆောက်ရေး အတွက် မူ(၉)ချက်ကို ဖော်ပြခဲ့ပါ။ ယခုမှသိရှိရ ကြောင်း တင်ပြ၍ မူ(၉)ချက်ကို ရှင်း လင်းတင်ပြသည်။

ယင်းမူ (၉) ချက်မှာ -

၁။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်း များနှင့် ဂေါပကအဖွဲ့ဝင်များ မြို့နယ် အတွင်းရှိ ဒါယကာ၊ ဒါယိကာမများတို့ က သဒ္ဓါတရားထက်သန်စွာဖြင့် စေတီ တော်ကို ဗိမ္မာန်တော်အလှအပဖြင့် တည်ထားကိုးကွယ်ရန် တာဝန်ယူခြင်း။

၂။ အခွန်လွတ်သာသနာ့မြေဖြစ်ရ မည်ဖြစ်ခြင်း။

၃။ ညွှန်ကြားလွှာ အမှတ် (..) အပိုဒ် (၂ က) အရ လူနေအိမ်ကြား မဟုတ်ဘဲ ကျယ်ဝန်းသောကွင်းပြင်ကြီး ဖြစ်၍ ကြည်ညိုဖွယ်ဆောင်နိုင်လောက် အောင် သဒ္ဓါတရားပွားများနိုင်သောမြေ ဖြစ်ခြင်း။

၄။ မြို့နယ်အာဏာပိုင်အဖွဲ့ အစည်း များကသင့်လျော်သောနေရာကိုဖော်ညွှန်း ပေးသောမြေနေရာဖြစ်ခြင်း။

၅။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ညွှန်ကြားလွှာ အမှတ် (၃၆) အပိုဒ် ၁(က) (ခ) (ဂ)တို့အရ မြို့နယ် သံဃနာယကအဖွဲ့နှင့် မြို့နယ်ပြည်သူ့ ကောင်စီ၊ မြို့နယ်သာသနာရေးတို့နှင့် ညှိနှိုင်းပြီး (၁၂ - ၁၂ - ၈၂) ရက်စွဲဖြင့် ဂေါပကအဖွဲ့ ဂေါပကစည်းမျဉ်းနှင့် ဩဝါ ဒါစရိယတို့ကို ဖွဲ့စည်းထားခြင်း။

၆။ ညွှန်ကြားလွှာ အမှတ် (၄၅) အရ ဥက္ကလာပမြို့အတွင်းရှိ သုမင်္ဂလာ၊ ရွှေကျင်၊ ဝေဠုဝန်၊ မူလဒွါရ ဂိုဏ်း များရှိ သံဃနာယကအဖွဲ့ အားလုံးနှင့် မြို့နယ်သာသနာ့ရေးဆိုင်ရာ ညီညွတ်မှုရှိခြင်း။

www.burmeseclassic.com

[illegible] မြို့နယ်[illegible] [illegible]ဝိုင် [illegible]ဆည်း[illegible] မြို့နယ် [illegible] [illegible]များနှင့် စေတီတော်[illegible] [illegible] ကိုယ်တိုင်[illegible]

[illegible] နိုင်ငံ[illegible]

၉။ အခွဲ[illegible] [illegible]နာမြေ (ဘုရားဝတ္ထုကံမြေ) မြို့[illegible] [illegible]သနာ ရေးဦးစီးဌာန (ပြည်ထဲရေးနှင့် [illegible]သနာ ရေးဝန်ကြီး) ခွင့်ပြုချက်ရရှိခြင်း

တွေ့ရှိ ဖြစ်လေသည်။

[illegible]ပြောင်း ခုနှစ်[illegible]ရားနှင့် အောင်တော်မူစေတီ၏ ၁၉[illegible] ခုနှစ် ဧပြီလ ၁ ရက် ရက်စွဲပါ စာအမှတ် ၁၀၆/ မြေစေတီ/ ၈၇ ဖြင့် ညွှန်ကြား ရေးမှူးချုပ်၊ [illegible] ဦးစီးဌာနသို့ မှ (၉) ချက်နှင့်အတူ ထောင်ဥက္ကလာပ မြို့နယ် မြေပုံ(၁)ချပ်၊ ဝတ္ထုကံမြေနေရာ ပြမြေပုံကြမ်း(၃)ချပ်၊ တည်ဆောက်မည့် စေတီတော်ပုံကြမ်း(၃)ချပ်၊ မြို့နယ်သံဃ နာယက၏ထောက်ခံချက်၊ မြို့နယ်ပြည် သူ့ကောင်စီ၏ ထောက်ခံချက်တို့ဖြင့် တင်ပြလျှောက်ထားရှိ မိတ္တူကို ဥက္ကဋ္ဌ ဗဟိုသံဃနာယကအဖွဲ့၊ ရန်ကုန်မြို့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာန၊ ဝန်ကြီး [illegible]ဝန်ကြီး ဌာန၊ ညွှန်ကြားရေးမှူး[illegible] သာသနာရေး ဦးစီးဌာန၊ ဥက္ကဋ္ဌ[illegible] ရန်ကုန် တိုင်းသံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌ၊ တိုင်း ပြည်သူ့ကောင်စီ၊ ရန်ကုန်တိုင်း၊ တိုင်း သာသနာရေးမှူး ရန်ကုန်တိုင်းတို့ကို မိတ္တူပေးခဲ့သည်။

မှ(၉)ချက်တို့ [illegible] ပြီး နောက် ဂေါပကအဖွဲ့[illegible] ယခု [illegible] နိုင်ငံတော်[illegible]အလဲ [illegible]သည်မှာ အားလုံး[illegible] ဖြစ်သည်။ သာသနာပြုရာတွင် [illegible] တော်နှင့် ဆရာ[illegible]များ ညီညွတ်ညွတ်ဖြင့် သာသနာပြုမသာ [illegible] အောင်မြင်နိုင်မည် [illegible] [illegible] [illegible] [illegible] မြို့နယ်[illegible]များသည် [illegible]သည်းမျှဉ်း[illegible]ကြောင့် [illegible]ရောက်လာ[illegible]သည် [illegible]မှု။ [illegible]ဦးမိဝပ်ပိပြ[illegible] [illegible]ရေး [illegible]ဥက္ကဋ္ဌနှင့် ရပ်[illegible]များမှ [illegible]ဆောက်ရေးအဖွဲ့ [illegible]များ [illegible] မြို့မိဖြိ[illegible]သော [illegible]စေတီတော်[illegible] [illegible]ရှိ [illegible]နေကြောင်း [illegible]

[illegible]လှူသူများနှင့် [illegible]ဆက်တည်း [illegible] မြို့သူမြို့သားများ [illegible] ပြည့်စုံနိုင်မည့်ကြောင်း [illegible] [illegible] အလှူတော်များအား[illegible]နေသည်။

[illegible] [illegible]အောင်[illegible] ဆိုသည့်အတိုင်း ထောင်ဥက္ကလာပ မြို့သူမြို့သားများ၏ စေတီတော်ကြီး တည်ထားကိုးကွယ်လိုသော ပြင်းပြသော ဆန္ဒအာသီသတို့နှင့်အတူ တိုင်း/ခရိုင်/ မြို့နယ်စစ်ဒေသရှိ လူကြီးများ၏ အားပေး ထွင်းသန်းကူညီမှုများ ပူပြင်းလာနိုင်း [illegible] တို့ကြောင့် နိုင်ငံတော်အဖွဲ့ကြီးအားကိုမှ သာသနာအကျိုးမျှော်ကိုးပြီး တစ်ဆုံး တည်ရှိနိုင်ရှိတက္ကကံမြေလျာ[illegible]ခဲ့လေသည်။ ထောင်ဥက္ကလာပမြို့ ကျက်သရေဆောင် စေတီတော်[illegible] တည်ထား ခွင့်ပြုလိုက် ကြောင်း ကြားသိလိုက်ရသည်နှင့် ဥက္က လာပတိုင်းသား သူတော်စင်များသည် အောင်[illegible] အောင်ပြီ... အောင်[illegible] [illegible]ကြေးကာ [illegible] သာ[illegible] ဆိုနိုင်ကြပါတော့သည်။

[illegible] ဆိုခဲ့ပြီးသော အထက်ပါအကြောင်းအရာများဟောင်း ခုနှစ်[illegible]ရားနှင့် အောင်တော်မူစေတီ တော်မှတ်တမ်းများ ဥက္ကလာပစေတီ တော်ကြီး တည်ထားပူဇော်နိုင်ရေး အတွက် ဂေါပကလူကြီးများ၏ အပင် ပန်းခံ ကြိုးစားအားထုတ်မှုများ၊ မင်းနှင့် ပြည်သူ ကြည်ဖြူစွာ ယက်တွဲဆောင်ရွက် [illegible] မှတ်တမ်းမှတ်ရာများကို ဥက္ကလာပစေတီတော်ဂေါပကအဖွဲ့လူကြီး ဦးသောင်းညွန့်၊ ဥက္ကဋ္ဌ - ရွှေသကိန်းနှင့် [illegible] ရေးကော်မတီမှ သဒ္ဓါ [illegible] [illegible]အားဘာန်စွာဖြင့် ရှင်းလင်း [illegible] သမိုင်းတစ်အုပ် [illegible] [illegible] ရှာဖွေပေးခဲ့ခြင်း ကြောင့် [illegible] မှတ်ထွေများထံ [illegible]သည် တင်ပြနိုင်ခဲ့ပါသည်။ [illegible]မိုင်းကြောင်းဆိုင်ရာနေ့စွဲ [illegible] [illegible]၏အာသော [illegible]ကြောင်းနှင့် ဂေါပကလူကြီး များ[illegible] ဥက္ကလာပမြို့သူမြို့ သားများ၏ ကြိုးစားမှုမှတ်တမ်း ဖြစ်ပါ သည်။ ဂေါပကလူကြီး ဦးသောင်းညွန့်၊ ဥက္ကဋ္ဌ ရွှေသ[illegible]နှင့် ဘဏ္ဍာငွေရှာဖွေ [illegible] ဂေါပက[illegible]များအား ကျေးဇူး ဥပကာရတင်ရှိ[illegible]ကြောင်း ဤစာစုဖြင့် ဂုဏ်ပြုအပ်ပါသည်။

[illegible]စေတီတော်အကျယ်အဝန်း

[illegible]ထောင်ဥက္ကလာပမြို့သူမြို့သားများ [illegible]ကြသည့် စေတီတော်ကြီး [illegible] [illegible] [illegible] [illegible] [illegible]ကြီး [illegible] ၇-[illegible]-၈၇ [illegible] [illegible] [illegible] [illegible] နိုင်ငံတော်[illegible] [illegible] အဆင့်ဆင့်တင်ပြ[illegible]ခဲ့ပါသည်။

စေတီတော်ကြီးတည်ဆောက်ရန် [illegible]

ဥက္ကလာပစေတီတော်ကြီး[illegible] မြေကွက်အကျယ်(၁)ဧကခွင့် [illegible] [illegible] စေတီ - မြေကွက်[illegible] [illegible] [illegible] (၅- [illegible]) [illegible] [illegible] ဝတ္ထုကံမြေ[illegible] [illegible] အခွန်လွတ်သာသနာမြေ [illegible] [illegible]သည်။

[illegible]

အသုံးစရိတ်ရှိသော (၅- [illegible]) [illegible] [illegible] တည်ဆောက်[illegible] [illegible] ဆောက်ခြင်းနှင့် လျှပ်စစ်မီးများ[illegible] အတွက် ကြိုတင်ဆောင်ရွက်[illegible] စေတီတော်တည်ဆောက်မည့်နေရာ[illegible] ရှင်းလင်းခြင်း ပြုလုပ်၍ ဆရာတော် သံဃာတော်များထံမှ [illegible] သည်။

၄-၉-၈၇ ရက်နေ့[illegible] စေတီ တော်မြေတည်မည့်နေရာအား [illegible] ၍ အခါရှစ်မှတ်ရွာ[illegible] [illegible] အရှင်သူမြတ်များသည် [illegible] ဂါထာ၊ သုတ်၊ ပါဠိတော်၊ [illegible] များနှင့် ရွတ်ဖတ်ပူဇော်ကြပြီး [illegible] [illegible]အခမ်းအနားကို ကျင်းပ[illegible] သည်။

[illegible]တော်တင်ခြင်း

ပန္နက်တော်တင်မင်္ဂလာအခမ်း အနားကျင်းပမည့် [illegible] ၁၃၅၁ ခု၊ သီတင်းကျွတ်လ[illegible] [illegible] ၂၀ - ၁၀ - ၈၉၊ [illegible] နံနက်(၅)နာရီတွင် [illegible] [illegible]တော်ကြီးများနှင့် မြို့နယ်[illegible] အရာတော်ကြီးများ [illegible] တော်မူကြပါသည်။

[illegible]ဘော်မူလာသော ဆရာ[illegible] သံဃာတော်များမှ ပရိတ်တရား[illegible] များ ရွတ်ဖတ်ပူဇော်ကြ၊ ချီးမြှင့်[illegible] မူကြပြီး တစ်ပြိုက်နက်တည်း [illegible] တော်တင်ခြင်း မင်္ဂလာအခမ်းအနား[illegible] အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

[illegible] အဟ်မြစ်တော်စီမင်္ဂလာ

၁၃၅[illegible] ခု၊ တန်ဆောင်မုန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

၁၄ ရက် (၁၁-၁၁-၁၉၈၉) စနေနေ့ (၁၁) နာရီ၊ (၁၁) မိနစ်၊ (၂၀) စက္ကန့် မင်္ဂလာအချိန်ရောက်လာသောအခါတွင် ကြေးမောင်း (၉) ချက်တီးသည်နှင့် တစ်ပြိုင်နက်တည်း သံဃမဟာနာယက ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်တော်မူကာ အုတ်မြစ်တော်စီမင်္ဂလာကို ဆောင်ရွက်တော်မူကြရာ နံနက် (၁၁း၃၀) နာရီတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

**■ ဌာပနာတော်သွင်းရန် ဓာတ်တော်များ ပင့်ဆောင်လှူဒါန်းတော်မူကြခြင်း**

ရန်ကင်းမြို့နယ် ပညာဝတီကျောင်းတိုက် ဆရာတော်ကြီး၏ လမ်းညွှန်မှုအရ မြင်းခြံမြို့ သာသနာ့ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဦးကောဏ္ဍညထံမှ ၅-၈-၈၉ ရက်နေ့တွင် ဓာတ်တော်ပေါင်း (၁၂၀၀၀) နှင့် ဗုဒ္ဓဓာတ်တော် (၁၄) ဆူ တကောင်းဓာတ်တော်(၅၀၅၀၀၀)ဆူ၊ ရဟန္တာဓာတ်တော်(၇၈၁၆) ဆူတို့ကို ၄-၄-၉၀ ရက်နေ့တွင် ထပ်မံလှူဒါန်းခဲ့သည်။

ဆရာတော် ဦးစန္ဒရမှ ရခိုင်ပြည်နယ် ဝေသာလီမြို့ရှိ ရခိုင်မင်းများ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီပျက်များမှရရှိသည့် အရိုးဓာတ်တော်များကို ၇-၄-၉၀ ရက်နေ့တွင် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ငါးခူအိုင်ကျေးရွာသို့ သွားရောက် ပင့်ဆောင်ခဲ့ပြီး လှူဒါန်းခဲ့သည်။

အိန္ဒိယပြည် ဗုဒ္ဓဂယာမှ ဆရာတော်အရှင်ဉာဏိဿရသည် အိန္ဒိယမှ ပင့်ဆောင်ခဲ့သော ဓာတ်တော်များကို ၃၀-၄-၉၁ ရက်နေ့တွင် ရာဇဝင်များခင်း၍ အခမ်းအနားဖြင့် လာရောက်လှူဒါန်းခဲ့သည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓာတ်တော်များကိုလည်း တောင်ဥက္ကလာ (၁၂) ရပ်ကွက် မိုးကုတ်ဝိပဿနာဓမ္မာရုံမှ ဦးဒွေး၊ ဦးချို၊ ဦးဝင်းအောင်တို့မှ လာရောက် လှူဒါန်းတော်မူကြပါသည်။

**ထီးတော်တင်မင်္ဂလာအခမ်းအနား (၂၅-၉-၉၀)**

ပင့်လျှောက်ဖိတ်ကြားထားသော သြဝါဒါစရိယဆရာတော်များ၊ တိုင်းမှူး၊ တပ်မမှူး၊ မြို့တော်ဝန်နှင့် စစ်ဒေသမှူးများ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဘဏ္ဍာရာဖွေရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်းရန် ပါဝင်သည့်ပုဂ္ဂိုလ်များ၊ ဥက္ကလာပစေတီတော်မတည်အလှူရှင်ကြီးများနှင့်လစဉ်လှူဒါန်းကြသောမြို့သူမြို့သားများ (သုံးသောင်းကျော်) တက်ရောက် ကြည်ညိုကြသည်။

ထီးတော်ရုံရှေ့တွင် ပင့်ဆောင်ရန် အခါရောက်သည့် (၆)နာရီ (၂၅) မိနစ် အချိန်၌ စေတီတော်ကြီး၏ ထီးငြမ်းပေါ်တွင်စိုက်ထူထားသည့် သာသနာ့အောင်လံတော်ကြီးကိုလွှင့်ထူ၍ ငှက်မျောဖူးပေါ်တွင် ကြိုတင်၍ ပင့်ဆောင်ထားသော ထီးတော်တတိယဘုံကို ဥက္ကလာပစေတီတော်ကြီးသို့ အမှတ် (၂) စစ်ဒေသမှူး ဗိုလ်မှူးကြီးဝင်းလှိုင်က အများပြည်သူများ ကိုယ်စားတင်လှူသည်၊ တစ်ချိန်တည်းတွင် သြဝါဒါစရိယဆရာတော်များ၊ တိုင်းမှူး၊ တပ်မမှူးများ၊ မြို့တော်ဝန်နှင့် စစ်ဒေသမှူးများ၊ တပ်ရင်းမှူးနှင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များ၊ စေတီတော်တည်ဆောက်ရေးကော်မတီတို့၏အစီအစဉ်ဖြင့် ဒေဝါဝင်း၊ ရာဇာဝင်းခင်းကျင်း၍ ဥက္ကလာပစေတီတော်ကြီးအား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊ ထီးတော်ကြီး၏ စတုတ္ထဘုံ၊ ပဉ္စမဘုံနှင့် သတ္တမဘုံတို့ကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်အပူဇော်ခံသည်။ အပူဇော်ခံလမ်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာဝင်များသည် သောင်းသောင်းဖြဖြပန်းများကပ်လှူခြင်း၊ ငွေဆွမ်းလှူဒါန်းခြင်း၊ ဆန်ပန်းပေါက်ပေါက်ကြဲခြင်း၊ တံခွန်ကုက္ကားမုလေးပွားများဖြင့် ပူဇော်ခြင်း၊ စိန်ဖူးတော်ကြီးအား အနီးကပ်ကြည်ညိုဖူးမြော်ကြခြင်းတို့ဖြင့် လွန်စွာပင်စည်ကားလှပေ သည်။

သံဃာတော်များနှင့်တိုင်းမှူးသည် စေတီတော်ကြီးအား လက်ယာရစ် (၃) ပတ် လှည့်လည်ပူဇော်ကြပြီးနောက် ထီးတော်ပင့်ဆောင်ရမည့်ရထားပျံစင်မြင့်ပေါ်၌ နေရာယူခဲ့ကြပေသည်။

နံနက် (၉) နာရီတွင် ရထားပျံစင်မြင့်ပေါ်သို့ သြဝါဒါစရိယဆရာတော်များ၊ တိုင်းမှူး၊ တပ်မမှူး၊ မြို့တော်ဝန်နှင့် စေတီတည်ဆောက်ရေးကော်မတီဝင်များက ထီးတော်တင်ရထားပျံဖြင့် စတုတ္ထဘုံကို ကောင်းကင်ကြီးဖြင့် တတိယဘုံ ထီးတော်တင်သည့်အရပ်သို့စတင်ပင့်ဆောင်ကြသည်။ ရထားပျံကြီးများကို မြို့သူမြို့သားများက ဆွဲယူပွဲဇော်ကြ၍ ဝဲဆိုင်း၊ ယာဆိုင်းတို့မှ ကောင်းကင်ကြိုးတူရိယာတို့ဖြင့် သီဆိုတီးမှုတ်ကြရာ အထူးကြည်နူးဖွယ်ကောင်းကြရပေသည်။ စေတီတော်ကြီးတည်ဆောက်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ဦးကျော်မြင့်က အခမ်းအနားအစီအစဉ်များကိုဖတ်ကြား၍ ပတ်ဝန်းကျင်တစ်ပြင်ရှိ ရာသီဥတုကောင်းမွန်မှုကြောင့် ပိုမိုအဆင်ပြေကာ အများပြည်သူများက စတုဒိသာမဏ္ဍပ်များတွင် ဒါနပြုလျက် စားသောက်ဖွယ်ရာများကိုစားသောက်ကြရန် ဖိတ်မန္တကပြုလျက်ရှိနေကြသည်။

ထီးငြမ်းပေါ်တွင်ရှိ အမှတ် (၂) စစ်ဒေသမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် မြလေယာဉ်အဖွဲ့မှ စနစ်တကျ ဆောင်ရွက်ကာ ထီးတော်စင်မြင့်မှ ထီးတော်ဘုံများကို တစ်ဆူပြီးတစ်ဆူ တိုင်းမှူးကပင့်ဆောင်ပေးလျက်ရှိသည်။ ဆက်သွယ်မှုလမ်းကြောင်း စေတီတည်ဆောက်ရေးကော်မတီအတွင်းရေးမှူး ဦးလှအောင်နှင့် အင်ဂျင်နီယာ ဦးလှရီတို့က စကားပြောစက်များဖြင့်ညှိနှိုင်း၍ အဆင့်ဆင့်သတင်းပို့ ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းနှင်နှင် ထီးတော်ဘုံများနှင့် ကာလပ်ဆပ်သွားဖူး ဖွန်း ငှက်မြတ်နားနှင့် စိန်ဖူးတော်ကို ဆက်လက်တင်ဆောင် ပူဇော်ခဲ့ရာ နံနက်(၁၀း၃၀)နာရီတွင် ထီးတော်တင်အခမ်းအနားအစီအစဉ်များအားလုံး အောင်မြင် အထမြောက်ခဲ့ပေသည်။

ဥက္ကလာပစေတီတော်ကြီးအား ရွှေထီးအတွက်တင်လှူပူဇော်ကြပြီးနောက် သဗ္ဗညုတဉာဏ်တော်ကို ရည်မှန်း၍ ဆရာတော်သံဃာတော်က ပရိတ်ကြီး၊ အဋ္ဌဇေယျမင်္ဂလာဂါထာ၊ မဟာသမယသုတ်ပါဠိတော်၊ ဓမ္မစကြာပါဠိတော်၊ အနေကဇာတင်ဂါထာ (၃) ကြိမ်မှစ၍ အစဉ်အတိုင်းရွတ်ဆိုလျက် အနေကဇာတင်တော်မူကြပြီးနောက် အခမ်းအနားကို နံနက် (၁၁) နာရီတွင် အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

မေတ္တာများစွာဖြင့်

**ကံဝင်း**

**ကျမ်းကိုး -**
ဥက္ကလာပစေတီတော်သမိုင်းစာအုပ်
ဦးသောင်းညွန့်၊ ခုနစ်ဆူဘုရား
တာဝန်ခံပြောကြားအတွေ့အကြုံများ
ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ
တ/ဥက္ကလာပပြည်သူများ၏ရင်တွင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ထားဝယ်မြို့မှ (၈) မိုင်ခန့်အကွာ ထားဝယ်မြစ်အနောက်ဘက်ကမ်းတွင်ရှိ လောင်းလုံးမြို့နယ်အတွင်း မြို့ဟောင်းကျေးရွာကြီးအဖြစ် ယနေ့အထင်အရှားတည်ရှိနေသည့် သာဂရရှေးမြို့ဟောင်းကို မြန်မာနှစ် ၁၁၃ ခုနှစ် (AD ၇၅၁) တွင် သမန္တရာဇာမင်းက အုတ်မြို့ဝန်း အကာပေါင်း (၇၃၀)၊ မြို့တံခါး (၄) ခုနှင့် တည်ခဲ့သည်ဟု ဆိုပါသည်။ သာဂရ သက်တမ်း နှစ်ပေါင်း (၁၆၃) နှစ်ကြာပြီးနောက် ဒွါရဝတီမှ ရှမ်း (ယိုးဒယား) အမတ်ကြီး ဩရဂဋ္ဌုက သက္ကရာဇ် ၂၇၆ခု (AD ၉၁၄) တွင် သာဂရကို တိုက်ဖျက်ပြီး သာဂရနှင့်မျက်စောင်းထိုး ထားဝယ်မြစ် အရှေ့ဘက်ကမ်း၌ ညောင်ခရားမြို့ကိုတည်၏။ ညောင်ခရားတွင် ရှမ်းအမတ်ကြီး ဩရဂဋ္ဌု အပါအဝင် မြို့ဝန်မြို့စား (၆) ဦးက သက္ကရာဇ် ၂၇၆ မှ ၃၅၇အထိ နှစ်ပေါင်း (၈၁) နှစ် ပထမရှမ်းမင်းဆက် ထူထောင်အုပ်စိုးသည်။

သက္ကရာဇ် ၃၅၇ နှစ် (AD ၉၉၅) ရောက်သောအခါတွင် ဟံသာဝတီမှ ဗညားဦးက ညောင်ခရားကိုတိုက်ဖျက်ပြီး သာဂရမြို့ပျက်အား ဇလွန် အမည်သစ်ဖြင့် မြို့သစ်တည်၍ ဗညားမင်းဆက်တို့ ဆက်ခံကြသည်။ ထို့နောက် သက္ကရာဇ် ၄၃၈ ခုနှစ် (AD ၁၀၇၆) တွင် တနင်္သာရီမှ ရှမ်းအမတ်ကြီးဖြစ်သော ဩရစက္ကဒိန် (ဩရစက္ကတန်) က သာဂရဇလွန်ကို လာရောက် တိုက်ဖျက်ပြီးနောက် ညောင်ခရားမြို့ပျက်အနီး ညောင်ရမ်း အမည်နှင့် မြို့တည်ထောင်ကာ ဒုတိယ ရှမ်းမင်းဆက် (၄) ဆက် သက္ကရာဇ် ၄၃၈ မှ ၄၉၁ အထိ နှစ်ပေါင်း (၅၃) နှစ် အုပ်စိုးခဲ့ပြန်သည်။

သာဂရနှင့် ညောင်ခရားသည် ခေတ်ပြိုင်ဆက်စပ်လျက်ရှိ၏။ သာဂရကို တိုက်ဖျက်ပြီး ညောင်ခရားတည်၊ ညောင်ခရားကို တိုက်ဖျက်ပြီး သာဂရ (ဇလွန်) တည်၊ သာဂရ (ဇလွန်) ကို တိုက်ဖျက်ပြီး ညောင်ခရား (ညောင်ရမ်း) တည်နှင့် အမည်ရှေ့မှ 'ဩရ'ပါသော ရှမ်းမင်းများနှင့် ဗညားပါသော မွန်မင်းများ ဘတစ်ပြန်ကျားတစ်ပြန် အစွမ်းပြကြသည်ကို ရှေးမှတ်တမ်းဟောင်းစာများတွင် ဖတ်ရှုရပါသည်။

လက်ရှိအချိန် လက်တွေ့မျက်မြင် မြေပြင်အနေအထားများအရဆိုရသော် စာမျက်နှာများအပေါ် ကျန်ရှိသော သာဂရ(ဇလွန်)သည် မြို့ဟောင်းကျေးရွာကြီး၊ ညောင်ခရားသည် ဆင်ဆိပ်ရပ်ကွက်၊

သမိုင်းမှတ်တွင်သော ရှေးဟောင်းသာရေးတစ်ခု

# ညောင်ရမ်းမြို့ဟောင်းမှ ဇီဝဇိုးစေတီတော်

မောင်စိုးတွေး(ထားဝယ်)



ဇီဝဇိုးစေတီတော်အား အနီးကပ် ဖူးမြော်ကြည်ညိုရစဉ်



အရိုးအိုးစေတီ



www.burmeseclassic.com

www.burmeseclassic.com


ညောင်ရမ်းသည် ဝဲကျွန်းညောင်ရမ်းနှင့် ညောင်ရမ်းတောင်ရပ်ကွက်အဖြစ်တည်ရှိသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ညောင်ခရားသည် ဆင်ဆိပ်ရပ်ကွက်နှင့် လက်ဝဲကျွန်းရပ်ကွက်ကိုခွ၍ တည်ရှိနေသလို ညောင်ရမ်းသည်လည်း လေယာဉ်အတွင်းအစမှ လက်ဝဲကျွန်းရပ်ကွက်တောင်ဘက်အစွန်းကိုခွ၍တည်နေခြင်း ဖြစ်သည်။ ထိုသို့ ညောင်ခရားနှင့် ညောင်ရမ်းမြို့ဟောင်းလက်တံတို့ ပူးယှက် ဆက်စပ်နေသည့်အချက်က ရှေးမှတ်တမ်းထဲမှ သမိုင်းပုံရိပ်အား ကွင်းကွင်းကွက်ကွက် ညွှန်ပြနေပေ၏။ ညောင်ခရား၏မြို့ရိုးဟောင်းကျုံးဟောင်း တစ်ပိုင်းတစ်စဖော်ထုတ်တွေ့မြင်နိုင်သေးသော်လည်း ညောင်ရမ်းကား ရိုးတိုးရိပ်တိပ်မျှပင် မမြင်ရတော့ပါ။

❑

မြန်မာသက္ကရာဇ် ၄၃၈ ခုနှစ် ရှမ်းအမတ်ကြီး ဩရစက္ကဒိန်တည် ညောင်ရမ်းမြို့ဟောင်း ယခု ညောင်ရမ်းတောင်ရပ်ကွက်တွင် သာသနာနှစ် ၂၃၅ ခုနှစ် တတိယသင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီးကောင်းမှုတော် စေတီပေါင်း (၈၄၀၀၀) တွင် တစ်ဆူပါဝင်သော အောင်သာဝတီ (ကလိန်အောင်) ဓမ္မသေနမင်းတည် ကြက်သံဒိုင်းစေတီ (ကြက်မင်းစေတီ) နှင့် ဇီဝဇိုးစေတီ ရှေးဟောင်းစေတီတော်နှစ်ဆူကို ထူးထူးခြားခြား ဖူးမြော်ရပါသည်။ (ကြက်မင်းစေတီ ၂၀၁၄၊ မေ၊ သူရဋ္ဌမဂ္ဂဇင်း) ကြက်သံဒိုင်းစေတီတော်ဘုရားတည်သမိုင်းအရ နှစ်ပေါင်းထောင်ချီ အလွန်ရှေးကျကြောင်း သိရှိရသည်။ သို့သော် ဇီဝဇိုးစေတီဘုရားသမိုင်းကို ဂယနဏာသိသူမရှိဘဲ မှတ်တမ်းမှတ်ရာ အချက်အလက် အထောက်အထားများ




တံကဲတော်နှင့်ရုပ်ပွားတော်အား ဖူးမြော်ရစဉ်



တံကဲတော်နှင့် ကျောက်ဆင်းတု (၃) ဆူ



စံကျောင်းဆောင် ကြေးဆင်းတု



ဗုဒ္ဓရုပ်ပွားတော်များ



ဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com


www.burmeseclassic.com

ယနေ့အထိ ရှာဖွေမတွေ့ရှိရသေးပါ။


၂၄-၇-၂၀၁၆ ရက် စာရေးသူသည် ထားဝယ်ဆေးရုံကြီးအနောက် ညောင်ရမ်းတောင်ရပ်ကွက် မျှော်အင်းလမ်းအဆုံး၌ တည်ထားသော ဇီဝဇိုးစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုပါသည်။ ဝန်ခံရလျှင် ရာဇဝင်သမိုင်းထဲက ဖယ်ကြဉ်မေ့ဖျောက်ထားသော ဤစေတီတော်ကြီးထံပါး ကြည်ညိုဖူးမြော်ရင်း စာရေးသူရင်ထဲဘာရယ်မသိ လွမ်းမောဖွယ် ခံစားမိ၏။ ထို့နောက် ဇီဝဇိုး ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယ သက်တော်(၇၄)ခုနှစ်၊ ဝါတော်(၅၄)ဝါအား ရိုသေစွာ ရှိခိုးဦးချကန်တော့ပြီး စေတီအကြောင်း လျှောက်ထားမေးမြန်းခဲ့ပါသည်။

၁၃၄၄ ခု၊ တပို့တွဲလဆန်း၁၀ရက်နေ့ စတင် ရောက်ရှိ သီတင်းသုံးသော ဆရာတော်သည် ကျောင်းထိုင်သက် (၁၄) နှစ်ရှိပေပြီ။ ဗျာတောဝရပ်ကွက်အတိ မွေးချင်း (၇) ဦးရှိရာ အလယ်စတုတ္ထသား ဖြစ်သည်။ လူအမည် ဦးထွန်းဝင်း၊ အသက် (၂၄) နှစ်တွင် ရဟန်းဝတ်၏။ ဆရာတော်ကျောင်းထိုင်ပြီး (၂) နှစ်ကြာ ၁၃၄၆ ခုနှစ်တွင် မှတ်တမ်းမှတ်ရာမရှိ၍ မည်သည့်ခေတ်ကာလအချိန်မခန့်မှန်းနိုင်သော ရှေးလူတို့ တင်လှူပူဇော်ထားခဲ့သည့် စေတီထီးတော်ယိုယွင်းကာ တစ်ဖက်စောင်းလာသဖြင့် ထီးတော်အောက်ချပြုပြင်သည်။ ကျောက်မော်ရပ်နေ ပန်းတဉ်းပညာရှင် (ဆရာမည်မမှတ်မိ) က ထီးတော်အား ပြန်လည်ပြင်ဆင်ပြုလုပ်၏။ ထီးတော်ကြီးမှာ ဘုံ (၉) ဆင့်ရှိ၍ ကြေးနီဖြင့်ပြုလုပ်ထားကြောင်း သိရ၏။ ထီးတော်အား ရွှေစင်ချရာ၌ ရွှေတစ်ဆိုင်းလျှင် (၁၂၀) ကျပ်နှင့် ရွှေဆိုင်း(၉၀)ကုန်သည်။ အများသဘောတူသိုလ်ပါဝင်လှူဒါန်းမှုဖြင့် ရွှေထီးတော်တင်လှူပွဲ ခြိမ့်ခြိမ့်သဲအောင်မြင်ခဲ့၍ ညဉ့်ညပိုင်း ကျောင်းဝင်းအတွင်း ဇာတ်ပွဲကဖျော်ဖြေသည်။ ဇာတ်ပွဲတစ်ည (၁၂၀၀)ပေးရသည်ဟု အမှတ်တရ ရွှေထီးတော်တင်လှူပြီး အနှစ် အကြာ မြန်မာနှစ် ၁၃၇၆ တွင် လျှပ်စီးလျှပ်စီးလျှားစွာ ထုံးသက်န်းနှင့် တော်မူရရှာသော စေတီတော် အများဒကာတို့ကောင်းမှုဖြင့် ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်


ဤစေတီတော်သည် ရှေးခေတ် ယနေ့အထိ ခေတ်အဆက်



စံကျောင်းဆောင် လက်ဝဲရံ၊ လက်ယာရံနှင့်အတူ



စံကျောင်းအတွင်းဘက်



ဇီဝဇိုးစေတီအား အဝေးမှ ဖူးမြင်ရပုံ

ဆက် မည်သည့်မင်းစိုးရာဇာနယ်စားပယ်စားတို့ ဦးဆောင် ပါဝင် အထောက်အပံ့မရရှိခဲ့ဘဲ သာမန်အရပ်သားအများကောင်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့မည်ဟု မှန်းဆရကြောင်း ရပ်ဘုရားရွာဘုရားထုံးစံအတိုင်း ပြုပြင်မွမ်းမံ ထိန်းသိမ်းစရာရှိလျှင် အရပ်မှပင် တာဝန်ယူကာ စုပေါင်း လှူဒါန်း ဆောင်ရွက်ခြင်းမျိုးသာ ကြားရသိရတွေ့ရကြောင်း ဆရာတော်က အမိန့်ရှိပါသည်။ ထို့အပြင် ရှေးလူတို့၏ စိတ်နေစိတ်ထားကပင် ထင်ပေါ်ပလွှားလိုစိတ် အလျှင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

အချိုးမွမ်းမခံလို၍ လူသိရှင်ကြား မထင်ပေါ်ချင်၊ ပြီးလျှင်ပြီးရော ရိုးရိုးအေးအေး သဘောသဘာဝရှိသည့်အတွက် နောင်လာနောင်သားများအမှတ်ရစေဖို့ ဘုရားသမိုင်းမှတ်တမ်း ရေးထိုးချန်ရစ်ထားရကောင်းမှန်းမသိ အမှုမဲ့အမှတ်မဲ့ လစ်ဟင်းသွားရခြင်း ဖြစ်နိုင်ဖွယ်ဟု တွေးတွေးဆဆမိန့်ပါသည်။

❑

ဇီဝဇိုးစေတီ၏ အောက်ပစ္စယံတောင်-မြောက် (၆၂) ပေ၊ အရှေ့-အနောက် (၆၃) ပေ (၇) လက်မ၊ အမြင့် (၅) ပေ၊ အထက်ပစ္စယံတောင်-မြောက် (၄၁) ပေ (၁၀) လက်မ၊ အရှေ့-အနောက် (၄၂) ပေ (၈) လက်မ၊ အမြင့် (၅) ပေ (၇) လက်မ တိုင်းထွာရရှိသည်။ တနင်္ဂနွေထောင့်တွင် အုတ်လှေကား (၉) ထစ်မြောက် လှည့်ချထားသည်။ (၈) မြောင့်ပလ္လင် သုံးဆင့်ခံထားပြီး အောက်ခြေ (၈)မြောင့်ပတ်လည် (၁၀၄) ပေရှိသည်။ ဉာဏ်တော် (၅၃) ပေရှိ၍ အချိုးအစား ပြေပြစ်ကျနသော စေတီဖြစ်သည်။ ဘီလူးပန်းဆွဲအစား စေတီငယ်ကလေးများ ထည့်သွင်းထားသော စိန်တောင်လှန်တို့ စေတီလုံးပတ်တစ်ခုလုံးတွေ့ရ၏။ ကျည်းဝန်းအထက်အနားတစ်လျှောက်တွင်လည်း စိန်တောင်ရှိသည်။ အထက်ပစ္စယံထောင့်များတွင် (၉) ပေအမြင့် ဉာဏ်တော်တူ အရံစေတီ (၄) ဆူရှိကာ စေတီရံများ၏ လုံးပတ် (၆) ပေစီရှိ၏။ (၂) ပေ (၆) လက်မ ပလ္လင်များပေါ် အရံစေတီများတည်ထားသည်။ စေတီတော်သည် မြို့အထွက် ဘုရားကြီးဝင်းအတွင်းရှိ ရွှေတောင်စားစေတီတော်မြတ်နှင့် ရှေ့၊ နောက် မျဉ်းတစ်ဖြောင့်တည်းဖြစ်ပြီး ကုန်းငယ်တစ်ခုပေါ် တည်ထားကြောင်း သတိပြုမိသည်။


ကံအားလျော်စွာ စာရေးသူအား ခန်းနေဦးပဉ္စင်းဦးဓမ္မဝံသပြသောကြောင့် အောက်ပစ္စယံအရှေ့ဘက်ဘေးမျက်နှာတွင် '၁၁၂၁ ခုနှစ် ပြုပြင်သည်' စာတန်းအမှတ်အသားကို ရေညှိပင်ထွေးထွေးကြား ဖယ်ရှားတွေ့ရှိရသည်။ လွန်ခဲ့သော (၂၅၇) နှစ်က နောက်ဆုံးပြုပြင်ခဲ့ကြောင်း သဲလွန်စရရှိ၏။ 'ဥဩအော်သည် ထားဝယ်တည်' နေ့သင့်နံသင့်အက္ခရာအရ ထားဝယ် (သာယာဝတီ) တည်နှစ်မှာ မြန်မာနှစ် ၁၁၁၆ ခုနှစ် ဖြစ်ပေရာ မြို့တည်ပြီးနောက် (၅) နှစ်အကြာ ထိုစဉ်က မြို့ဝန် ရေဝန်ဒေဝဒိဗ္ဗ လက်ထက် ဇီဝဇိုးစေတီအားပြုပြင်သည်ဟု မှတ်ယူရန်ရှိသကဲ့သို့ ထားဝယ်မြို့ဟူ၍ မဖြစ်ပေါ်မီကပင် ဇီဝဇိုးစေတီတည်နှင့်ပြီးသည်ဟု တထစ်ချပြောနိုင်ပေသည်။ ထို့ပြင် စေတီတနင်္ဂနွေထောင့်အနီး၌ အလျား (၁၉) လက်မ၊ အနံ (၁၀) လက်မ၊ အထု (၄) လက်မရှိသော ဂဝံအုတ်များ မြေအောက်ပျံ့နှံ့နစ်မြုပ်လျက်ရှိသည်ကို တွေ့ရသည်မှာ ထူးခြား၏။ ကျောင်းဝင်းအချို့နေရာများတွင်လည်း ဂဝံအုတ်အကျိုးအပဲ့များတွင်တွေ့ရသည်ဟု ဦးဓမ္မဝံသမိန့်ပါသေးသည်။



ဇီဝဇိုးကျောင်းမုခ်ဝ



အောက်ပစ္စယံလှေကား




ဇီဝဇိုးကျောင်းဆင်းမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးနန္ဒိယ



ရှေးကျောင်းကြီးဆီးပျဉ်းတိုင်များ

...ရှေးလူတို့ မူလစေတီတည်ပူဇော်စဉ် ...အချိန်က ဂဝံအုတ်အသုံးပြုသွားခဲ့လေ ...သလား တွေးတောစရာပင်။

စေတီအရှေ့ဘက်တွင် သမုတ် ...ရှိ၏။ သမုတ်သိမ်အတွင်း ပလ္လင် ...တော် တံကဲတော်နှင့်တကွ ကျောက် ...ဆင်းတု (၃) ဆူ ဖူးမြင်ရ၏။ အင်္ဂတေ ...တံကဲတော်များ ရှေးလက်ရာဖြစ်၍ မှန်စီ ...ရွှေချ အားသည်။ အလယ်ထိုင်တော်မူ ...ဆင်းတုသည် အမြင့်(၄)ပေ(၆)လက်မ ...ရှင်ပေါ်စံနေတော်မူပြီး ၁၂၆၈ ခုနှစ် ...ပေါင်းလဆုတ် ၄ ရက် သဘော်ဆိပ် ...ဦးရွှေစီ-မမင်းသာ သားသမီးတစ်စု ...တော်မူ လက်ဝဲဆင်းတုတော်ပလ္လင်၌ ...ခုနှစ်၊ လက်ယာဆင်းတုပလ္လင်၌ ...ခုနှစ် သဘော်ဆိပ်ရပ် ဦးရွှေစီ- ...သမီး မဟံကောင်းမှုအလှူရှင် ...တော်ရသည်။ လက်ဝဲ၊ လက်ယာ ပလ္လင်များ (၄) ပေစီမြင့်သည်။ စေတီ အနောက်ဘက် သိမ်အတွင်း စီဝရဟတ္တ မုဒြာရုပ်ပွားတော် နှစ်ဆူ အပါအဝင် ဗုဒ္ဓ ရုပ်ပွားတော်ခြောက်ဆူသီတင်းသုံးတော်မူ၏။ စေတီရာဟုထောင့်၌ ၁၂၉၃ ခုနှစ် ရှမ္မလည်ဆွဲရပ်နေ ဒေါ်ဧ ကောင်းမှု အရိုးအိုးစေတီတစ်ဆူကိုလည်း ဖူးတွေ့ရ ပါသည်။

❑

"တပေါင်းလ ရက်တော့မမှတ်မိ တော့ဘူး။ ည (၇) နာရီလောက်ရှိပြီ။ မာဒရားမှာ အနာဆေးထည့်ပြီး ဦးထွေးမြင့်ဆိုက်ကားနဲ့ ပြန်လာတယ်။ ကျောင်းရောက်လို့ စေတီတော်လှမ်းဖူး လိုက်တော့ မီးပူဇော်ထားတဲ့ ထီးတော် စိန်ဖူးတော်တို့ကို မမြင်ရဘူး။ မြူဆိုင်းဆို့ (ထားဝယ်စကား= မှုပ်ကျ) သလိုဖြစ်နေ ပြီးဘာမှမမြင်တာ။ ကောင်းကင်လည်း ကြည်ကြည်လင်လင်ပဲ။ အမြင်မှားတာ လားလို့ မျက်စိပွတ်ကြည့်သေးတယ်။ ကျောင်းဝင်းထဲ အခြားမီးတွေထိန်လို့။ ဦးပဥ္စင်းလည်း အံ့အားသင့်နေတာပေါ့။ (၁၅) မိနစ်လောက် ကြာမယ်ထင်ပါရဲ့။ အဦးဆုံး စိန်ဖူးတော် တဖြည်းဖြည်းပေါ် လာတယ်။ ပြီးတော့ ထီးတော်ဘုံတစ်ခု ပြီးတစ်ခု အပေါ်ကစပြီး အောက်ကို ဖြည်းဖြည်းချင်း ထင်ရှားလာတယ်။ စွန်တော်အောက်နား ငှက်ပျောဖူးလည်း ရောက်ရော အလင်းရောင်ရှတ်ခြည်းစု သွားပြီး ဖျတ်ခနဲ စုပ်ယူလိုက်သလို ငှက်ပျောဖူးထဲတိုးဝင်ပျောက်ကွယ်သွား တယ်။ အဲဒီနောက် ထီးတော်တစ်ခုလုံး စိန်ဖူးတော်ပါ သဲသဲကွဲကွဲ မီးရောင်လင်း ထိန်နေတော့တာပဲ။ ဖြစ်စဉ်အစအဆုံး နာရီဝက်လောက် ကြာမယ်ထင်တယ်။ ဦးပဥ္စင်းတွေ့ကြုံခဲ့တာ တစ်သက်တစ်ခါ ပြောရင်ရမယ်ထင်တယ်"

ဟု ဆရာတော် မိန့်ကြားသည်ကို နာရပါသည်။

လွန်ခဲ့သော (၁၀) အနှစ်အလွန် က တော်သတင်းလတွင် ဆရာတော် သီတင်းသုံးသော စံကျောင်းအရှေ့ဘက် တွင်တစ်ကြိမ်၊ အရှေ့မြောက်ဘက် မျှော်အင်းစပ်တွင်တစ်ကြိမ်၊ တောင်ဘက် စေတီတော်အနီးတွင်တစ်ကြိမ် နေ့လယ် ခင်း နှစ်နာရီနှင့်သုံးနာရီကြား သက်တံ (ထားဝယ်အခေါ် ဒန်းရယ်သော့က်) ကျခဲ့ဖူးကြောင်း၊ ရှုမငြီးစရာ အရောင် အဆင်းမျိုးစုံ မြေပြင်တစ်ခုလုံး ဝင်းလက် တောက်ပ လင်းဖြာနေသည်ကို မြင်ရ ကြောင်း မိန့်ဆို၏။

ဟိုအရင်က ကျောင်းထိုင်ဆရာ တော်အဆက်ဆက် သာဂရမြို့ဟောင်း သားအဆက်အနွယ်များဖြစ်သည်ဟုသိ ရ၏။ ၁၂၆၁ ခုနှစ် သစ်သားခါးပန်းတွင် ထွင်းထားသော အမှတ်သညာအရ စံကျောင်းကို ပြန်လည် ပြုပြင်စဉ်အခါ က ဆွေးမြည့်ပျက်စီးနေသော အမိုး ဘုံပြာသာဒ်ကို ဖျက်ချလိုက်ရသော် လည်း (၃) ပေ၊ (၄) လက်မ ပတ်လည် ပျဉ်းတိုင် (၆၉) တိုင်နှင့် ယခုတိုင် ရှေးဟန်မပျက်သေးချေ။ စံကျောင်း ဆောင်တွင် ကြေးဆင်းတုတစ်ဆူ၊ လက်ဝဲတော်ရံအရှင်မောဂ္ဂလာန်မထေရ် နမက္ကာရမုဒြာနှင့် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ တရားထောက်ဟန် သစ်သားပန်းပုရုပ်တုတို့ကို ဖူးမြင်ရ ပါသည်။

ဇီဝဖိုးကျောင်းဝင်းဝတ္တကမြေ...




www.burmeseclassic.com

www.burmeseclassic.com



မျှော်အင်း ခေါ် မျှော်တော်ကန်



(၁၉)လက်မ × (၁၀)ထက်မ × (၄)ထက်မ ဂဝံအုတ်တစ်ချပ်

(၃)ဧကကျယ်၏။ ကျောင်းဝင်းနောက် ကပ်၍ မျှော်အင်း (မျှော်တော်ကန်) ရှိသည်။ မျှော်အင်းကန်ပေါင်ပတ်လည်၌ ရှေးဘုန်းကြီးတို့စိုက်ခဲ့သောထန်းပင်များ ယခင်ကရှိသည်။ (၅) ဧကနီးပါးကျယ်သောကန်ကြီးအတွင်း သက်စေ့ငါးလွှတ်ကုသိုလ်ယူကန်ငယ်တစ်ကန် ပေါင်ခတ်ပြုလုပ်ထားဖူး၏။ မျှော်အင်းကိုငုံလျက် ဝတ္တကမြေပြတုတ်တံကလေးနှင့် အသေအချာလိပ်ထားပြီး အဝတ်စပေါ် ရေးဆွဲထားသော မြေစာရင်းမြေပုံတစ်ခုအား တိုက်သစ်ကျောင်းတွင် တွေ့မြင်ဖူးသည်ဟု ဆရာတော်က မမေ့မလျော့ မိန့်ကြားပါသည်။ မှတ်တမ်းတစ်ခုတွင် သီပေါမင်းပါတော်မူပြီးနောက် မင်းတုန်းမင်း၏ မိဖုရားကြီး ဆင်ဖြူမရှင်၊ စုဖုရားကြီး၊ ရံရွေတော် (၁၂) ဦးတို့အား ဗြိတိသျှအစိုးရက ထားဝယ်သို့ပို့၍ မျှော်အင်းအနီး စံအိမ်တော်တွင် နေရာချထားသည်။ မိဖုရားကြီး ဒနုပြည်တော်နှင့် ရွှေနန်းတော်ကို သတိရတိုင်း မျှော်အင်းသို့ လာရောက် အလွမ်းဖြေလေ့ရှိသောကြောင့် မျှော်တော်ကန်ဟုတွင်ကြောင်း ဖတ်ရဖူး၏။ ကိုလိုနီခေတ်က ...ဝါသည် ဒိုဘီကုလားများ အဝတ်လျှော်ဖွပ်...သော နေရာဟုလည်း အဆိုရှိသည်။

စာရေးဆရာကြီး ရွှေဝယ်ဇေ၏ 'ထားဝယ်ရာဇဝင်သမိုင်းစာအုပ်' တွင် ဘုရားအလောင်းတော် ဇီဝဇိုးငှက်မင်းဖြစ်သည့်အခါက ကျက်စားခဲ့ဖူးသည့် နေရာ ဇီဝဇိုးဘုရား၊ ဇီဝဇိုးဘုန်းကြီးကျောင်းဟု ဖော်ပြထား၏။ ထိုစာအုပ်၌ပင် ဒိန်းဆရာ ဦးဒိုက်က ထားဝယ်ဒိန်းသံ၌ -

*ဥ. နိုင်ငံကျော်ဟိုး၊ ဘုရားပုထိုး*
*ကျောင်းတော်စည်တဲ့ဇီဝဇိုး။*
*ရေရိုးအမှန်၊ ခဝါလျှော်တဲ့၊ မျှော်*
*တော်ကန်*

ဟူ၍စပ်ဆိုခဲ့ကြောင်း ဖတ်ရှုရပါသည်။

ညောင်ရမ်းဈေး မြင်းတစ်ပြေး ရှေးစံကားကြားဖူးပါသည်။ တစ်ခေတ်တစ်ခါတုန်းက ဤဇီဝဇိုးကျောင်းမှာ ဘာသာရေးကိုင်းညွတ်သူများ လူသူခပင်း အုတ်အုတ်ကျက်ကျက် စည်ကားခိုကိုးခဲ့မည်မှာ အမှန်ပင် ဖြစ်သည်။

ဇီဝဇိုးစေတီတော်သည် သမိုင်းမတွင်ငြားသော်လည်း သမိုင်းရှိသော ညောင်ရမ်းမြို့ဟောင်း၏ ရှေးဟောင်းစေတီတော်တစ်ဆူတည်း။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ပုသိမ် မိဂဒါရုံဆရာတော်ဘုရားကြီး

## ဘဝမှတ်တမ်း

၁-၁၂-၁၉၆၂ ရက်နေ့။

ကျွန်တော့်ဖခင် စာရေးဆရာကြီး ဦးရန်အောင်၊ ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်၊ သိပ္ပံဗထွေးတို့သည် ပုသိမ်ကောလိပ်အသစ်ဖွင့်ပွဲနှင့် စာဆိုတော်နေ့ တိုက်ဆိုင်၍ စာပေဟောပြောပွဲတက်ရန် ပုသိမ်မြို့သို့ရောက်ရှိနေကြသည်။ ကျွန်တော်လည်းကပ်ပါသွားသည်။

၁၉၆၁ - ၆၂ ခုနှစ်တွင် ပုသိမ်ကောလိပ်အသစ်ကြီး ပုသိမ်ကန်သုံးဆင့်မှာ ဖွင့်လှစ်ပါသည်။ ကျောင်းအုပ်ကြီးမှာ ဦးလှရွှေဖြစ်ပါသည်။ မြန်မာစာဌာနမှူး ဦးမြင့်ကြည်ဖြစ်သည်။ ဆရာဦးမြင့်ကြည်မှာ ဂီတစာဆို တက္ကသိုလ်မြတ်စိုး ဖြစ်သည်။ မြန်မာစာဌာနရှိ ဆရာတစ်စုမှာ ဆရာဦးအေးဖေ၊ ဆရာဦးခင်အေးနှင့် ဆရာဦးလှမြင့်တို့ ဖြစ်ကြပါသည်။ ဆရာဦးအေးဖေသည် နောင်အခါ အဖေကြီး ဦးအေးဖေ ဖြစ်လာသည်။ ဆရာဦးခင်အေးသည် နောင်အခါ မြန်မာစာပါမောက္ခ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) ဖြစ်လာသည်။ ဆရာဦးလှမြင့်သည် နောင်အခါ မောင်ပန်းမွှေး ဖြစ်လာသည်။

ပုသိမ်ကောလိပ်မှကွေ့သွားလျှင် ဘန်သုံးဆင့်အနီးတွင် မိဂဒါရုံကျောင်းရှိလေသည်။ ပုသိမ်ကောလိပ်တည်ရှိရာ ကန်သုံးဆင့်ပတ်ဝန်းကျင်ဝယ် တောရိပ်တောင်ရိပ်များရှိနေသည်။

အဖေတို့စာရေးဆရာတစ်စုသည် မိဂဒါရုံကျောင်းသို့သွားကြပြီး ရဟန္တာဟု နာမည်ကျော်ခဲ့သည့် ပထမမိဂဒါရုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို သွားရောက် ဖူးမြော်ကြလေသည်။ ရုပ်ကလာပ်တော်မှာ ပကတိ ကျိန်းစက်နေသည့်အလားဖြစ်သည်။

ပထမမိဂဒါရုံဆရာတော်ကြီးများ၏ ထူးခြားအံ့ဖွယ်ရာများမှာ -

**(၃၅) နှစ်ကြာမှတူးဖော်ခဲ့ခြင်း**

ပထမမိဂဒါရုံဆရာတော်ကြီးသည် ၂၃ - ဧပြီလ - ၁၉၂၁ (၁၂၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) တနင်္ဂနွေနေ့တွင် သက်တော် (၈၉) နှစ်၊ ဝါတော် (၆၉) ဝါတွင် ပျံလွန်တော်မူခဲ့ပါသည်။

၁၉၅၅ - ၅၆ ခုနှစ်၊ ၁၃၁၇ ခုနှစ်လောက်က ဆရာတော်ဦးဇာနေယျသည် မိဒဂါရုံကျောင်းတိုက်၏ စတုတ္ထမြောက် မိဂဒါရုံဆရာတော် ဖြစ်သည်။ ဦးဇာနေယျသည် အေဒီ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် (၁၃၁၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) တနင်္ဂနွေနေ့ ညဥ့်ဦးအချိန်တွင် ထူးဆန်းသော အိပ်မက်မြင်မက်လေသည်။ ထိုအိပ်မက်အရ ဦးဇာနေယျ၏ ညွှန်ကြားချက်ဖြင့် ညတွင်းချင်းပင် ကျောင်းသားများနှင့် ပထမဆရာတော်၊ ဒုတိယဆရာတော်နှင့် တတိယဆရာတော်တို့၏ဂူများကို ပြန်လည်ပြုပြင်ရန် တူးဖော်ကြပါသည်။

ထိုအခါတွင် တတိယ မိဂဒါရုံ





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးဦးကုသလ၏ရုပ်ကလာပ်နှင့် ဦးခေါင်းတို့မှာ ကြေမွပျက်စီးနေကြောင်း တွေ့ရသည်။ နောက်တစ်ဖန် ဒုတိယမိဂဒါရုံဆရာတော်ဦးသုဒဿန၏ ရုပ်ကလာပ်နှင့်ဦးခေါင်းတို့မှာ ကြေမွပျက်စီးနေကြောင်း တွေ့ရသည်။

သို့သော်လည်း အလွန်ထူးဆန်းသောအချက်မှာ ပထမမိဂဒါရုံဆရာတော်ဦးသုမနစာရ၏ ရုပ်ကလာပ်တော်နှင့် ဦးခေါင်းတို့မှာ လုံးဝအပျက်အစီး အကြေအမွ တစ်ုံးတစ်မျှမရှိ ပကတိအကောင်းအတိုင်း တွေ့မြင်ကြရပါသည်။ အလွန်အံ့ဩစရာကောင်းလှပါသည်။

**□ သက်န်းတော်အကောင်းပကတိရှိနေခြင်း အံ့ဖွယ်**

ရှေးအခါက ရုပ်ကလာပ်တော်ကို ကျွန်းသားခေါင်းတစ်ထပ်၊ ကြေးဝါခေါင်းတစ်ထပ်၊ မှန်ခေါင်းတစ်ထပ်သုံးထပ်ခံ၍ ဂူသွင်းမြှုပ်နှံခဲ့သည်။ တူးဖော်သောအခါ အပြင်ဘက်က ကျွန်းသားခေါင်းကြီးမှာ ခြတွေစား၍ကုန်နေပြီ ဖြစ်သည်။ အံ့ဖွယ်ကောင်းသည်မှာ ခြများသည် ကြေးဝါခေါင်းကြီးကိုပင် ချောင်ကြိုချောင်ကြားမှပင် ဖောက်ထွင်းပြီးလျှင် ဆရာတော်၏ ရုပ်ကလာပ်နံဘေးသို့ ရောက်ရှိနေလေသည်။ ခြအိမ်များပင်ဖွဲ့လျက်ရှိလေသည်။

သို့သော် အလွန်အံ့ဩဖွယ်ကောင်းသည်မှာ သင်္ကန်းတော်သည် အကောင်းပကတိဖြစ်နေသည်။ ဆွေးမြည့်မှုလည်းမရှိ၊ ခြတို့ကလည်း လုံးဝမစား။ အကောင်းပကတိဖြစ်နေသည်။ အလွန်အံ့ဩဖွယ်ကောင်းသည်။ ခြများကပင် မတို့မထိကြချေ။

**□ အခေါင်းကြီးကို ဖွင့်လိုက်သောအခါ အသားအရေများမွှေးကြိုင်နေခြင်း**

အခေါင်းကြီးကို ဖွင့်လိုက်သောအခါ မွှေးရနံ့တွေတကြိုင်ကြိုင်တသင်းသင်းထွက်လာသည်။ ဆရာတော်ကြီး၏ အသားအရေမှာ အလွန်မွှေးကြိုင်လျက်ရှိသည်။ အလောင်းတော်ကြီးမှာ မပုပ်မသိုး၊ အမွှေးရနံ့များသာထွက်လျက်ရှိသည်။ပကတိကျိန်းစက်နေသည့်အလား ဖြစ်သည်။ စိုစိုပြည်ပြည်ကြီးဖြစ်လေသည်။

ထိုအခါ မြန်မာတို့၏ထုံးစံအတိုင်းပင် အလွန်ကြည်ညိုကြရကား ရဟန္တာအလောင်းတော်ကြီး ဟူ၍ ဟိုးလေးတကျော်ဖြစ်လာပါတော့သည်။

**□ ပုသိမ်သားတွေကံကောင်းသည်၊ ဇာတိမှာ အမရပူရ**

ပုသိမ်သားတို့ အလွန်ကံကောင်းသည်။ အဘယ်ကြောင့်ဆိုသော် မိဂဒါရုံဆရာတော်ကြီးသည် သက်တော် (၈၉) နှစ်အရွယ်တွင် ခန္ဓာဝန်သိမ်းသောအခါ ပုသိမ်တွင်ဖြစ်သော်လည်း ဇာတိစစ်စစ်မှာ အမရပူရမြို့ ဖြစ်လေသည်။

အမရပူရမြို့၏ အဓိပ္ပာယ်မှာ 'အသက်ရှည်စေသောမြို့' ဟု ကျွန်တော်၏ဖခင်က ပြောကြားခဲ့ဖူးလေသည်။

**□ ဖွားသက္ကရာဇ်နှင့်ဇာတိ**

ဆရာတော်ကြီးဖွားသက္ကရာဇ်မှာ ၁၈၃၂ ခု (၁၁၉၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) သောကြာနေ့နံနက် (၁) ချက်တီးကျော်အချိန်တွင် အမပူရမြို့တွင် ဖွားမြင်တော်မူလေသည်။

**□ သီလရှင်မယ်ကင်းအဆက်အနွယ် ကသည်းလူမျိုး**

မင်းတုန်းမင်းကြီးလက်ထက်က အလွန် ကျော်ကြားသော သီလရှင်မယ်ကင်း၏ အဆက်အနွယ်ဖြစ်ကြောင်း သိရလေသည်။ သီလရှင် မယ်ကင်း (အမေကင်း) ၏ အဆက်အနွယ်ဖြစ်သဖြင့် မဏိပူရကသည်းလူမျိုး ဖြစ်ဖွယ်ရှိလေသည်။

**□ ဆရာတော်ကြီး၏ထေရပတ္တိအကျဉ်းမှာ**

မဟာဒွါရနိကာယ တတိယ သာသနာပိုင်ဖြစ်တော်မူသော ၁၁၉၄ ခုဖွား၍ ၁၂၈၃ ခုနှစ်တွင် သက်တော် (၈၉) နှစ်အရောက်၌စံလွန်တော်မူသော မိဂဒါရုံဆရာတော်ကြီးက ပရိယတ်၊ ပဋိပတ်၊ နက္ခတ်ဗေဒင်အရာတို့၌ အထူးကျွမ်းကျင်လိမ္မာတော်မူ၍ ဉဇုပ္ပဋိပန္နစသောဂုဏ်တို့နှင့်ပြည့်စုံတော်မူ သည်။ မောင်းထောင်သောသာသနာပိုင်ဆရာတော်အရှင်ဥေ ယျမွ၏တပည့်ဖြစ်ငြားသော်လည်း အုတ်ဖိုလ်ဆရာတော်ဘုရား၏နည်းဥပဒေသ၊ ဩဝါဒ(အနုသာသနီ) လင်္ဂီကျင့်ထုံးတို့ကို နှစ်ခြိုက်သဘောကျသဖြင့် ဒွါရနိကာယဂိုဏ်းသို့ဝင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကို သာသနာပွင့်လင်းတောက်ပတော်မူစေသည်။ ဂဟဋ္ဌသီလဝိနိစ္ဆယကျမ်းနှင့် ဝါဆို၊ ဝါကပ်၊ လထပ်ရက်ငင် စသောကျမ်းများကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်ကြီးမှာ သောကြာနေ့ဖွားဖြစ်သဖြင့် ရဟန်းဘွဲ့မှာ ဦးသုမနစာရ ဟူ၍ ဖြစ်ပါသည်။ ပဋိကတ်စာပေများသင်ပေးခဲ့သော ဆရာတော်များမှာ ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်အရှင်ဥေ ယျမွနှင့် ရှမ်းကလေးကျွန်းဆရာတော်တို့ ဖြစ်ပါသည်။

**□ ပုသိမ်မှာအခြေချခြင်း**

ဆရာတော် ဦးသုမနစာရသည် ပုသိမ်သို့မရောက်ခင်က ရေး၊ မြိတ်၊ ထားဝယ် စသော တနင်္သာရီဒေသ အနှံ့အပြား ရောက်ဖူးပြီး ၎င်းနောက် ဟင်္သာတ၊ လက်ပံတန်းစသည်တို့လည်း ရောက်ဖူးသည်။ ၎င်းနောက် ပုသိမ်တို့ရောက်သောအခါမှာ အခြေချခြင်း ဖြစ်လေ သည်။

ယခု ပုသိမ်တက္ကသိုလ်တည်ရှိရာ ကန်သုံးဆင့်ပတ်ဝန်းကျင်ဝယ် ယခုတိုင် တောရိပ်တောင်ရိပ်များရှိနေသေးသည်။ ရှေးအခါကမူကား တောကြီးမျက်မည်းဖြစ်လေသည်။ ဆင်များ၊ ကျားများပင် ခိုအောင်းနေထိုင်ကြောင်း သိရပါသည်။

ထိုအချိန်က ဆရာတော်ဦးသုမနစာရသည် တောရကျောင်းတွင် တရားအားထုတ်ခဲ့လေသည်။ တောရကျောင်းဆိုသည်မှာလည်း ထိုအနီးအနားဝန်းကျင်ပင် ဖြစ်လေသည်။

**□ မီးရှို့၍မလောင်ခြင်းအံ့ဖွယ်**

ထိုအချိန်တွင် ဦးသုမနစာရ ဟူ၍ လူသိရှင်ကြားဟိုးလေးတကျော်ဖြစ်သွားသော အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့လေသည်။ ထိုအဖြစ်အပျက်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

ဆရာတော် ဦးသုမနစာရသည် အမှိုက်ပုံတစ်ခုအနီးတွင်တရားအားထုတ်နေစဉ်အခါက ထိုအနားမှာရှိသော ယာသမားတစ်ဦးသည် ဆရာတော်ဦးသုမနစာရရှိနေမှန်း မသိသဖြင့် ထိုအမှိုက်ပုံကြီးကို မီးရှို့လိုက်သည်။ ထိုအမှိုက်ပုံကြီးကိုမီးစွဲ၍ တဟုန်းဟုန်းတောက်နေသောအခါမှ မီးပုံအလယ်တွင် ဆရာတော်ကို အမှတ်မထင်တွေ့လိုက်ရပေသည်။မီးတောက်များအလယ်တွင် တရားအားထုတ်နေခြင်းဖြစ်သည်။ ထိုအခါတွင်မှ ဆရာတော်ကို အတင်းဝင်ရောက် ပွေ့ချီကာယူခဲ့ရလေသည်။ ဆရာတော်ကား ဘာတစ်ခုမှမသိလိုက်ချေ။ မီးရှို့ခဲ့သူကိုလည်း ခွင့်လွှတ်ခဲ့ပါသည်။ ဆရာတော်ကို မီးစွဲမလောင်ခြင်းမှာ အံ့ဖွယ်တစ်ပါးဖြစ်လေသည်။

**□ ဆရာတော် တရားအားထုတ်ခဲ့သော**

www.burmeseclassic.com

www.burmeseclassic.com

**နေရာများနှင့် ဆွမ်းခံကြွခဲ့သောနေရာများ**

ထိုအချိန်မှစ၍ လူသိများလာသောအခါ ဆရာတော်သည် လူအများကိုရှောင်ကာ တရားအားထုတ်ရလေသည်။ တရားအားထုတ်ခဲ့သောနေရာများမှာ ယခု ပုသိမ်မှ မော်တင်စွန်းသွားရာလမ်းရှိ တောကြီးမျက်မည်းထဲတွင်ဖြစ်သည်။ ရှေးအခါက ထိုလမ်းသည် မုဆိုးများသွားရာလျှောက်လမ်းကလေးသာဖြစ်သည်။

ဆရာတော် ဆွမ်းခံကြွခဲ့သောနေရာများမှာ ထိုစဉ်က ပုသိမ်မြို့နှင့် အလှမ်းဝေးသော ကိုးသိန်း၊ ရေတွင်းကုန်း၊ ရေကျော်၊ သစ်ညိုကုန်း၊ မြို့ချောင်းစသောနေရာများဖြစ်လေသည်။ ထိုစဉ်က တောကြီးတစ်ဝိုက်သည် ယခုအခါ ရပ်ကွက်ကြီးဖြစ်၍ အထက်တန်းကျောင်းများ ဖြစ်ထွန်းပေါ်ပေါက်ကာ ပုသိမ်တက္ကသိုလ်ကြီးပင်ရှိ၍နေလေသည်။

၁၈၇၆ ခုနှစ် (၁၂၃၈ ခုနှစ်) တွင် ပုသိမ်မြို့ ကန်သုံးဆင့်အနောက်ဘက် သုံးမိုင်ခန့်အကွာ တောနက်ကြီးထဲတွင် ဆရာတော်တစ်ပါးတည်း ဝိပဿနာဓူရကို ဆောက်တည်ခဲ့ပါသည်။ ထိုနေရာသည် ထိုစဉ်က ဆင်နေကျားအောင်းဖြစ်လေသည်။

၁၈၈၁ ခုနှစ် (၁၂၄၂ ခုနှစ်) တွင် ယခု မိဂဒါရုံကျောင်းဖြစ်သည့်နေရာတွင် သီတင်းသုံးခဲ့ပါသည်။ ၁၈၈၂ ခုနှစ် (၁၂၄၃ ခု) တွင် မိဂဒါရုံကျောင်းတိုက်ကြီး ပဋိကတ်တိုက်ဆောက်လုပ်သည်။ ၁၈၈၁ ခု (၁၂၄၅ ခုနှစ်) တွင် မိဂဒါရုံကျောင်းရှေ့၌ သီဟိုဠ်ကျွန်းမှပင့်ဆောင်လာသော သဃ်မိတ္တာဗောဓိပင်ကို စိုက်ပျိုးတော်မူသည်။

၁၈၉၈ ခု (၁၂၆၀ ပြည့်နှစ်) တွင် ဆရာတော်ဘုရားကြီး ပုသိမ်မြို့သို့ ကြွလာတော်မူသည်။ ၁၉၁၃ ခုနှစ် (၁၂၇၅ ခုနှစ်) တွင် ဒွါရဂိုဏ်းကြီး၏ မြောက်သံဃရာဇာသာသနာပိုင် အပ်နှင်းခြင်းခံတော်မူရသည်။

၁၉၂၁ ခုနှစ် (၁၂၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်) တွင် ညောင်စောင်း၌ လျောင်းစက်ကာ စကားဆွမ်းဘောဇဉ်မသုံးဆောင်တော့သည်။

၁၉၂၁ ခု ဧပြီလ ၂၃ ရက် (၁၂၈၃ တန်ခူးလဆုတ် ၁၂ ရက်) တနင်္ဂနွေနေ့ သက်တော် (၈၉) နှစ်၊ ဝါတော် (၆၉) တွင် မည်သည့်ရောဂါဝေဒနာမျှမရှိဘဲ ခန္ဓာဝန်ချတော်မူသည်။

၎င်းနောက် (၁၂) လ ကာလပတ်လုံး အလောင်းတော်ကို ပူဇော်ထားသည်။

၎င်းနောက် အေဒီ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် (၁၃၁၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) တနင်္ဂနွေနေ့ ညဉ့်ဦးယံအချိန်တွင် ရုပ်ကလာပ်တော်ကို ပြန်လည်တူးဖော်ကြသည်။

**□ ခန္ဓာဝန်မချခင်ကတည်းက အုတ်လိုဏ်ဂူ လုပ်ထားခြင်းအံ့ဖွယ်**

ခရစ်နှစ် ၁၉၁၇ ခု (၁၂၇၉ ခုနှစ်) တွင် ဆရာတော်သည် အုတ်လိုဏ်ဂူတစ်ခုကိုလုပ်စေခဲ့သည်။ အကြောင်းထူးရှိမည်ဟု အားလုံးကရိပ်မိကြလေသည်။

**□ ပိတောက်ပင်ကြီးနှင့် လင်းလွန်းပင်ကြီး အလိုအလျောက်သေခြင်း**

ဆရာတော်ခန္ဓာဝန်မချခင် တစ်လအလိုက ကျောင်းတိုက်၏ အရှေ့ဘက်တွင်ရှိသော လင်းလွန်းပင်ကြီးသည် ခြောက်သွေ့ကာ အလိုအလျောက်သေသွားလေသည်။ ထိုပိတောက်ပင်နှင့် လင်းလွန်းပင်ကြီးမှာ ၁၂၈၂ ခု (၁၉၂၀ ပြည့်နှစ်) က သီဟိုဠ်ကျွန်းမှ ပင့်ဆောင်စိုက်ပျိုးထားသောအပင်ကြီးများ ဖြစ်ကြလေသည်။

**□ အလောင်းကို ဒီလိုဏ်ဂူထဲသွင်းကြပါ မိန့်ခဲ့**

ဆရာတော်က အမိန့်ရှိတော်မူသည်မှာ -

"ငါခန္ဓာဝန်ချရင် မီးမသင်္ဂြိုဟ်ကြနဲ့။ ပွဲလမ်းသဘင်မလုပ်ကြနဲ့။ အလောင်းကို ဒီလိုဏ်ဂူထဲသွင်းထားကြ"

ဟု ကြိုတင်မိန့်တော်မူပါသည်။

၁၂၈၃ ခုနှစ် (၁၉၂၁ ခုနှစ်) တွင် ဆရာတော်သည် ခန္ဓာဝန်သိမ်းတော်မူသည်။

**□ အလောင်းတော်ကိုခိုးယူရန်ကြံကြခြင်း**

နောက်နှစ် တပေါင်းလအထိ (၁၂ လ ကာလပတ်လုံး) အပူဇော်ခံ အလောင်းတော်သည် ပုပ်သိုးခြင်းမရှိချေ။ ထိုအခါ အကြည်ညိုလွန်ကဲသူများက အလောင်းတော်ကိုခိုးယူရန် ကြိုးစားကြလေ၏။ ထို့ကြောင့်လည်း အလောင်းတော်ကို အဆင့်ဆင့်ဂူသွင်းကာ ဂူပေါ်တွင် စေတီတည်၍ ပူဇော်ခဲ့ကြသည်။

**□ (၃၅) နှစ်ကြာမှသိရခြင်းအံ့ဖွယ်**

ဂူထဲတွင် ရုပ်ကလာပ်ကို ကျွန်းခေါင်း၊ ကြေးခေါင်း၊ မှန်ခေါင်းဟူ၍ သုံးထပ်ဖြင့် အဆင့်ဆင့်ဂူသွင်းထားလေသည်။ ထိုဂူကို နှစ်ပေါင်း (၃၅) နှစ်ကြာသောအခါ ပြန်လည်တူးဖော်ရာ မပုပ်မသိုးတွေ့ရှိကြရသဖြင့် ယခုထက်တိုင် အပူဇော်ခံထားရှိသည်ကို ပုသိမ်ကိုရောက်ဖူးသူတိုင်း ဖူးမြော်နိုင်ကြသည်။

**□ အိုးထဲထည့်ထားသောဆီများ အလိုအလျောက် လျှံကျလာခြင်း**

ပုသိမ်တွင် အသည်ကြီးရပ်ကွက်ဟူ၍ ရှိသည်။ ထိုအရပ်တွင် ဦးရန်စိုက်ဟူသော တရုတ်လူမျိုး ဗုဒ္ဓဘာသာဝင်တစ်ယောက်ရှိလေသည်။ သူ၏ဇနီးမှာ ဒေါ်ချင်းမဖြစ်သည်။ တရုတ်လူမျိုးဖြစ်သော်လည်း ဘုရားဒကာ၊ ဘုရားဒကာမဖြစ်သဖြင့် ကျောင်းဒကာကြီးဦးရန်စိုက်ဟူ၍ လည်းကောင်း၊ ကျောင်းအမကြီးဒေါ်ချင်းမ ဟူ၍လည်းကောင်း လူသိများလှပါသည်။

အသည်ကြီးရပ်ကွက် ကုန်သည်လမ်းမှနေ၍ ကန်သုံးဆင့်ရှိရာအရပ်သို့ လမ်းလျှောက်သွားလျှင် သုံးမိုင်လောက်ဝေးပါသည်။ ထိုအခါ ကန်သုံးဆင့်တောရကျောင်းတွင် တရားအားထုတ်နေသော ဆရာတော်ကြီးထံသို့ ဦးရန်စိုက်သည် နေ့စဉ်လိုလို အဖူးမြော်သွားလေ့ရှိပါသည်။

နေ့စဉ်လိုလိုပင် ဆရာတော်ကြီး၏ တရားစကားများကို ကြားရသောအခါ ဦးရန်စိုက်သည် ကျောင်းတွင်နေသည့် အချိန်ကပို၍များလာသဖြင့် မိမိ၏စီးပွားရေးလုပ်ငန်းများကို ဇနီးဖြစ်သူ ဒေါ်ချင်းမအား လွှဲအပ်ထားလိုက်လေသည်။

ဤမျှအထိ မထူးဆန်းသေးပါ။ ထူးဆန်းသည်မှာ ဘုရားဒကာကြီး ဦးရန်စိုက်၊ ကျောင်းအမကြီးဒေါ်ချင်းမတို့၏ ဆန်အိုး၊ ဆီအိုးများသည် လျော့သွားသည်မရှိဘဲ အမြဲတမ်းပြန်၍အလိုလို ပြည့်လာခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းအရ ဦးရန်စိုက်သည် ဆီအရောင်းအဝယ်လုပ်လေသည်။ ဦးရန်စိုက်၏ ဆီအိုးကြီးသည် လျော့သွားသည်မရှိဘဲ အမြဲတမ်းဝေ၍ လျှံကျနေတတ်သဖြင့် ရပ်ဝေး၊ ရပ်နီး ကျော်ကြားလှပေသည်။ အလွန်အံ့ဩဖွယ်ကောင်းပေသည်။

**□ ကိုယ်ရောင်ကိုယ်ဝါများထွက်ခြင်း**

ဆရာတော် ဦးသုမနစာရသည် တရားရှုမှတ်နေသောအခါ ကိုယ်တော်မှ ကိုယ်ရောင်ကိုယ်ဝါများ ကွန့်မြူးနေသည်ကို ဦးရန်စိုက် မကြာခဏတွေ့ရသဖြင့် ဆရာတော်၏တောကျောင်းတွင်ပင် အချိန်ပြည့်နေထိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❑ ပထမအုတ်ဖိုဆရာတော်ကြီးကြွရောက်ခြင်း

ကျောင်းဒကာကြီးဦးရန်စိုက်သည် ဆရာတော်ကြီးကို ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့လေသည်။ ထိုကျောင်းသည် မိဂဒါရုံကျောင်းတိုက်ကြီးပင် ဖြစ်သည်။ ဦးရန်စိုက်သည် အေဒီ ၁၈၈၁ ခုနှစ် (၁၂၄၃ခုနှစ်)တွင် ပိဋကတ်တိုက်ကြီးတစ်တိုက်ကို ထပ်မံဆောက်လုပ်လှူဒါန်းပြန်သည်။

ထိုအခါ ရေစက်ချမင်္ဂလာအခမ်းအနားသို့ ဒွါရသာသနာပိုင်ပထမအုတ်ဖိုဆရာတော်ကြီးကိုယ်တိုင် ကြွရောက် ရေစက်ချပေးခဲ့ပါသည်။

❑ ပြုစုခဲ့သောကျမ်းများ

မိဂဒါရုံဆရာတော်ဘုရားကြီးသည် ပရိယတ္တိဘက်ကလည်း ထူးချွန်ပြည့်စုံသောဆရာတော်ကြီး ဖြစ်လေသည်။ ကျမ်းပေါင်းများစွာကို ပြုစုခဲ့လေသည်။ ထိုကျမ်းများထဲတွင် ဒသသီလဝိနိစ္ဆယကျမ်း၊ ဝိန္ဒနာဒိဝိနိစ္ဆယကထာ၊ သက္ကာယဒိဋ္ဌိကထာ၊ ဩဝါဒကထာစာကျမ်း၊ ယထာဝိနယဝသုကျမ်း၊ ပနာယိကစာတမ်းအပါအဝင် ကျမ်းပေါင်းများစွာ ပြုစုခဲ့လေသည်။

❑ တတိယဒွါရသာသနာပိုင်

ခရစ်နှစ် ၁၉၁၄ ခုနှစ် (၁၂၇၅ ခုနှစ်) တွင် ဆရာတော် ဦးသုမနစာရသည် တတိယမြောက်ဒွါရသာသနာပိုင်အဖြစ် တင်မြှောက်ခြင်းခံရလေသည်။

❑ မန်လည်ဆရာတော်ဘုရားကြီးသည် အိပ်မက်အရ မိဂဒါရုံဆရာတော်ဘုရားကြီးအား လာရောက် ဖူးမြော်ခြင်း

၁၂၆၀ ပြည့်နှစ်သည် အထက်မန်လည်၊ အောက်လယ်တီ၊ တောင်ပေါ်တွင် ရသေ့ကြီးဦးခန္တီ ဟူ၍ မိုးမြေမဆုံ ကျော်ကြားသောကာလ ဖြစ်လေသည်။

ထိုအချိန် မန်လည်ဆရာတော်ဘုရားကြီး၏ နဖူးထက်တွင် ရဟန္တာတော်တစ်ပါး စင်္ကြံလျှောက်သွားသည်ဟု အိပ်မက်မြင်မက်တော်မူလေ၏။ နံနက်လင်းသောအခါ ပုသိမ်မြို့တွင် ရဟန်းထူး၊ ပုဂ္ဂိုလ်ထူးများရှိ မရှိ မေးမြန်းစုံစမ်းရာ ပုသိမ်မိဂဒါရုံဆရာတော်ဘုရားကြီး၏အကြောင်းကို သတင်းရရှိလေသည်။

ထိုအိပ်မက်ထဲမှ ဆရာတော်ကြီးသည် ပုသိမ်မိဂဒါရုံဆရာတော်ကြီးဖြစ်ကြောင်းသိရသောအခါ မန်လည်ဆရာတော်ဘုရားကြီးသည် ပုသိမ်သို့အရောက်သွားကာ မိဂဒါရုံဆရာတော်ဘုရားကြီး



ကို ဖူးမြော်လေသည်။

အေဒီ ၁၈၉၈ ခု (၁၂၆၀ ပြည့်နှစ်) တွင် မန်လည်ဆရာတော်ဘုရားကြီး ပုသိမ်မြို့သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူလေသည်။ ထိုအချိန် မန်လည်ဆရာတော်ဘုရားကြီးမှာ ခြေတစ်ဖက်သိမ်နေသဖြင့် ထမ်းစင်ဖြင့်ထမ်းသွားရကြောင်း သိရှိရပါသည်။

ထို့ကြောင့် လောကီ၊ လောကုတ် စွယ်စုံပေါက်မြောက်အောင်မြင်တော်မူသော ပုသိမ်မိဂဒါရုံဆရာတော်ဘုရားကြီးကို မန်လည်ဆရာတော်ဘုရားကြီးသည် လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်၍ သာသနာ့ရေးရာများကို လျှောက်ထားပြီးလျှင် ပြန်၍လာခဲ့သည်။

❑ ကျောင်းအဝရောက်မှ နောက်တစ်ကြိမ်ပြန်လာပြီး ဖူးပြန်ခြင်းအံ့ဖွယ်

သို့သော် ထူးဆန်းသောအချက်မှာ မိဂဒါရုံကျောင်းတိုက်ကြီး၏ ဂိတ်ပေါက်ဝသို့ မန်လည်ဆရာတော်ဘုရားကြီးရောက်သောအခါ မိဂဒါရုံဆရာတော်ဘုရားကြီးကို နောက်တစ်ကြိမ်ပြန်၍ ဖူးချင်စိတ်ပေါ်လာသဖြင့် ကျောင်းတိုက်အပေါက်ဝရောက်ခါမှ တစ်ဖန်ပြန်လှည့်လာပြီးလျှင် နောက်တစ်ကြိမ် ထပ်မံဖူးမြော်ခဲ့ပြန်လေသည်။ အလွန်ထူးဆန်းသောဖြစ်ရပ်မှန်ဖြစ်လေသည်။

❑ မန်လည်ဆရာတော်က သင်္ကန်းတော်လှူခြင်း

ထိုအခါ မန်လည်ဆရာတော်ဘုရားကြီးက မိမိကိုယ်၌ရုံလွှမ်းထားသော အလွန်မှ အဖိုးထိုက်တန်သည့် ကတ္တီပါဒုကုဋ်သင်္ကန်းကြီးကို အလှူခံတော်မူပါဘုရားဟုဆိုကာ မိဂဒါရုံဆရာတော်ဘုရားကြီးကို လှူဒါန်းလိုက်လေသည်။

ထိုအခါ သီလ၊ သမာဓိ၊ ပညာကြီးမားတော်မူသော မန်လည်ဆရာတော်ဘုရားကြီး လှူဒါန်းသော သင်္ကန်းကြီးကို အလှူခံလိုက်သော်လည်း သုံးစွဲခြင်းမပြုဘဲ သိမ်တော်ကြီးထဲတွင် သီတင်းသုံးနေတော်မူသော လျောင်းတော်မူကိုယ်တော်ကြီးထံ သွားရောက်တင်လွှမ်းလှူဒါန်းလိုက်ပြန်လေသည်။

❑ အံ့ဖွယ်ပုသိမ်မိဂဒါရုံဆရာတော်

မန်လည်ဆရာတော်ဘုရားကြီးသည် သာမန်ပုဂ္ဂိုလ် မဟုတ်။ အလွန်ဘုန်းကံကြီးမားသော ပညာရှိပုဂ္ဂိုလ်တစ်ဆူဖြစ်ပေသည်ဟု မိဂဒါရုံဆရာတော်ဘုရားကြီးက မိန့်တော်မူကြောင်း သိရှိရပါသည်။ ရဟန်းထူးရဟန်းမြတ်များ၏အကြောင်းအရာများကို ကြားနာမှတ်သားရသည်မှာ ကြက်သီးမွေးညင်းထလောက်အောင် ကြည်ညိုဖွယ်ရာဖြစ်ချေတော့သည်။

*(ဤဆောင်းပါးဖြင့် မိဂဒါရုံဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်)*

**တင်အောင် (စက်မှုတက္ကသိုလ်)**

**ကျမ်းကိုး**

၁။ ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော် ပြုစုသော (အင်္ဂပူမဟာထေရုပ္ပတ္တိတွင် မဟာဒွါရနိကာယတတိယသာသနာပိုင် ပုသိမ်မိဂဒါရုံဆရာတော်ဘုရားကြီး)
၂။ ပုသိမ်မြို့ သတိပဋ္ဌာန်နည်းပြ ဆရာတော် ဦးအာစိဏ္ဏ ပြုစုသော (မိဂဒါရုံဆရာတော်ဘုရားကြီးအတ္ထုပ္ပတ္တိကထာ)
၃။ ပုသိမ်မြို့မှ အံ့ဖွယ်မိဂဒါရုံဆရာတော်ဘုရားကြီး (မြတ်မင်္ဂလာစာစောင်၊ ၁၉၇၈ ခုနှစ် မေလ) ပုသိမ်လှကြည် ပြုစုသည်။
၄။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများပထမတွဲ (မောင်ပန်းမွှေး ပြုစုသည်)
၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်)
(တိုးတက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်

# ရှင်ပညာသာမိရှစ်ခန်းလျှောင်းစက်ရာ တောင်သုံးလုံးရတနာသိဒ္ဓိတောရဂူ

အောင်သာကျော်

ကယားပြည်နယ် လွိုင်ကော်မြို့သို့ အခေါက်ခေါက်အခါခါရောက်ဖူးခဲ့သော်လည်း ယခုတစ်ခေါက်သွားရမည်မှာ လွိုင်ကော်မြို့ဝန်းကျင်တွင်တည်ရှိနေသည့် ကျေးရွာများအထိရောက်မည့်ခရီးစဉ်ဖြစ်သည်ဟု ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ပြောလည်းပြော၊ အဖော်အဖြစ်လိုက်ခဲ့ပေးရန်လည်းခေါ်သဖြင့်လိုက်သွားလိုက်ဦးမည်ဟု ဆုံးဖြတ်ချက်ချထားဖြစ်မိသည်။ ခရီးထွက်ခါနီး နှစ်ရက်အလိုမှသိခွင့်ရသည်မှာ ကွန်နားရွာတွင် ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်၍ ပြီးစီးနေပြီဖြစ်သော ဆေးရုံဆေးခန်းနှင့်ကျန်းမာရေးဝန်ထမ်းတို့အတွက် ဆောက်လုပ်ထားသည့် ဝန်ထမ်းအိမ်ရာများအား သွားရောက်စစ်ဆေး ကြည့်ရှုရန်သွားသည့် ခရီးစဉ်ဟု သိရသည်။ မည်သို့ဆိုဆို လွိုင်ကော်ဝန်းကျင်ရှိ တောတောင်သဘာဝအလှရှုခင်းများနှင့် မိမိမရောက်ခဲ့သေးသော ကျေးရွာများဆီ ရောက်ဖြစ်ဦးမှာ အေးချမ်းပါသည်။

ဦးဝင်းလှိုင်ကားနှင့်ပင် ရွှေပြည်သာ နံနက်ဝေလီဝေလင်းအချိန်လေးမှာပင် စတင်ထွက်ခွာဖြစ်သည်။ ကားဖြူလေးသည် တရိပ်ရိပ်နှင့်ပြေးလွှားနေရာက ရန်ကုန်-နေပြည်တော်သွယ်တန်းဖောက်လုပ်ထားသည့် အမြန်လမ်းမကြီးပေါ်သို့ ရောက်လာသည်တွင် ကျယ်ပြန့်ဖြောင့်ဖြူးနေသည့် လမ်းမကြီးဖြစ်နေလေရာ ကားလေး၏အပြေးနှုန်းက ပိုမိုသွက်၍လာသည်။ နေပြည်တော်သို့ ဦးတည်ရာ အမြန်လမ်းမကြီးစတင်ထိမိကတည်းက တဖွဲဖွဲကျနေသည့် မိုးစက်လေးတွေက ဝဿန္တရာသီဦး၏အသွင်ကို ဖော်ဆောင်လျက်သားရှိနေခဲ့ရာ နေပြည်တော်နယ်မြေနှင့်နီးလာလေလေ မိုးစက်မိုးပေါက်တို့က ကြီးမားလာလေဖြစ်နေသည်။ မိုးများသည်းထန်နေသည့်အကြားမှာပင် နေပြည်တော်ဈေးရှေ့သို့ ရောက်လာခဲ့သည်။ နံနက်စာထမင်းဝင်စားဖြစ်ကြသည်။ နံနက်စာစားသောက်နေကြစဉ်မှာပင် မိုးသည် အတော်အတန်စဲသွားခဲ့ပြီး တဖွဲဖွဲလေးမျှသာရွာလျက်သားရှိနေတော့သည်။

မိုးဖွဲဖွဲကျနေသည့်ကြားထဲမှာပင်



လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်



နဂါးရုံဆင်းတုတော်



ရှင်ပညာသာမိရုပ်တုတော်



ဗုဒ္ဓရုပ်ပွားတော်နှင့် ပဥ္စဝဂ္ဂီငါးဦး



တစ်နှစ်တစ်ခါ သင်္ကန်းတော်လဲလှယ်စဉ် မှတ်တမ်းပုံများ



လျောင်းစက်နေသည့် ရုပ်ခန္ဓာ

ခရီးဆက်ဖြစ်ကြရာ နေပြည်တော်နယ် မြေကျော်လွန်လာကတည်းက တောင် ဆင်းတောင်တက်အကွေ့အကောက် ထွေပြားလှသောလမ်းအတိုင်း တရွေ့ ရွေ့သွားနေရသည်။ အမြန်လမ်းပေါ်မှာ မောင်းခဲ့စဉ်ကထက် အနည်းငယ်အရှိန် လျှော့ထားကာ ဂီယာတစ်ပိုက်မောင်းနှင်နေ ရသည်။ မိုးထိအောင်မြင့်မားလှသည့် တောင်ကို ခရုပတ်လမ်းအသွင်ဖောက် ထားသည့်လမ်းကြောဖြစ်သည်။ ကား လေးသည် အကွေ့အကောက်လမ်း ကြောအတိုင်း မောင်းနှင်နေရလေရာ တောင်ကမ်းပါးယံတစ်ဖက်၊ ချောက် ကမ်းပါးနက်နက်ကြီးများက တစ်ဖက်ရှိ နေသလို အချို့နေရာတို့တွင် ချောက် ကမ်းပါးနှစ်ဖက်ရှိနေသောအနေအထား များကိုလည်း တွေ့ရသည်။ တောင်ပေါ် ပတ်လမ်းမှ ဖြတ်ကျော်ခဲ့မိသည်တွင် လိန်းလီတံတားကြီးဆီသို့ ရောက်သွားခဲ့ ရသည်။ တံတားကျော်လွန်ပြီးသည်နှင့် ကယားပြည်နယ်အဝင်သို့ နီးကပ်လျက် ရှိနေပြီဟု သိလိုက်ရသည်။ ကားသွား အရှိန်က ပိုမြန်လာသလို မိုးလည်း ပိုမိုသည်းထန်လို့နေပြီ ဖြစ်သည်။ မိုးလေ



www.burmeseclassic.com

www.burmeseclassic.com

သည်းထန်နေဆဲမှာပင် လှိုင်ကော်မြို့မှ ကြိုဆိုပါ၏ရေးထိုးထားသည့် မှတ်တိုင်ကို မြင်တွေ့ရတော့သည်။

လှိုင်ကော်မြို့သည် ကန္တာရဝတီ ငွေတောင်ပြည်ဟု သိထားကြသူများလှသည့် ကယားပြည်နယ်၏ မြို့တော်ပင်ဖြစ်သည်။ ရှေးကျစဉ်ကာလကတည်းက ကယားတိုင်းရင်းသားတို့လက်ခံထားခဲ့ကြသည်မှာ ပဥ္စမမြောက် အကြီးအကဲဖြစ်သော ဖိုးဖြူလှလက်ထက်တွင် ဘောလခဲနယ်သည် ကယားပြည်နယ်တစ်ခွင်လုံးကို အုပ်ချုပ်ကြိုးကိုင်ထားခဲ့၏။ ဖိုးဖြူလှလက်ထက်တွင် မွန်အမျိုးသားဖြစ်သူ မောင်မောင်အုန်းဆိုသူ ကယားပြည်နယ်အတွင်းသို့ ရောက်ရှိနေထိုင်ခဲ့ရာက တပည့်လက်သားများနှင့် ယုံကြည်ကိုးစားကြသူများ တဖြည်းဖြည်းတိုးတက်များပြားလာခဲ့ရာ ဩဇာအာဏာလွှမ်းမိုးနိုင်မှုရရှိလာခဲ့၏။ ဂူတစ်ဂူထဲတွင် ခြသေ့နှစ်ကောင်မအောင်းသင့်ဟုယူဆမိသည့် ဖိုးဖြူလှသည် မွန်ချောင်းအရှေ့ဘက်ဒေသအား အပိုင်အုပ်ချုပ်ရန် မောင်မောင်အုန်းကို လွှဲအပ်ခဲ့သည်။ ထိုအချိန်မှစတင်ကာ ကန္တာရဝတီနယ် ဟူ၍ စတင်ပေါ်ပေါက်လာခဲ့သည်။ မောင်မောင်အုန်းသည် ဖဖော်ကြီးဘွဲ့ကို ခံယူကာ စောလုံမြို့တွင် ဟော်နန်းစိုက်၍ အရှေ့ကရဝနီနယ်ကို အုပ်ချုပ်ခဲ့သည်။ ထိုအချိန်မှစတင်၍ ကန္တာရဝတီ၊ ကြယ်ဖိုးကြီး၊ နောင်ပုလဲ၊ နန်းမယ်ခုံ ငွေတောင်ပြည် စသည့် နယ်



တစ်နှစ်တစ်ခါ သက်နိုးတော်ထဲလှယ်စဉ်
မှတ်တမ်းပုံများ



တစ်နှစ်တစ်ခါ သက်နိုးတော်ထဲလှယ်စဉ်
မှတ်တမ်းပုံများ




ရှင်ပညာသာမိရုပ်တုတော်



တစ်နှစ်တစ်ခါ သက်နိုးတော်ထဲလှယ်စဉ်
မှတ်တမ်းပုံများ



တစ်နှစ်တစ်ခါ သက်နိုးတော်ထဲလှယ်စဉ်
မှတ်တမ်းပုံများ




တစ်နှစ်တစ်ခါ သက်နိုးတော်ထဲလှယ်စဉ်
မှတ်တမ်းပုံများ




www.burmeseclassic.com

www.burmeseclassic.com



ရတနာသိဒ္ဓိတောရဂူကျောင်းတည်ရာ




ရုပ်ခန္ဓာလျောင်းစက်ရာ




ကျောင်းအတွင်းရှိ တံခွန်တိုင်



တရားကျင့်ကြံပွားများအားထုတ်ခဲ့ရာလိုဏ်ဂူ



လျောင်းစက်ရာရုပ်ခန္ဓာအား ကန်တော့နေစဉ်



ရတနာသိဒ္ဓိတောရဂူကျောင်းသွားရာလမ်းကြော

များ ကွဲပြားပေါ်ပေါက်လာခဲ့တော့၏။ ၁၈၄၂ ခုနှစ် နောက်ပိုင်းတွင် ကယားပြည်နယ်အနောက်ပိုင်းရှိ အကြီးအကဲတို့သည် မြန်မာဘုရင်များထံမှ ဂုဏ်ပြုမှုဆိုင်ရာဘွဲ့ထူးများ၊တံဆိပ်များကို လက်ခံရရှိခဲ့ကြသည်။

ကယားတို့သည် ရှေးလွန်လေပြီးခဲ့သောကာလများက သစ်တောမှရရှိသောချိပ်များကို မိမိတို့ဝတ်ဆင်သောအဝတ်အစားများအား အနီရောင်အဖြစ်ဆိုးလေ့ရှိခဲ့ကြပြီး ချိပ်များကို ပေါက်ကြို့နှင့် ညောင်ပင်များတွင်တင်၍ မွေးမြူကြသည်။ ကယားတို့သည် လူနှင့်ငှက်အနွယ်ဖြစ်သော ကိန္နရီငှက်တို့မှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်ခဲ့ကြသည်ဟု သက်ဝင် ယုံကြည်ကြသူများဖြစ်ကြသည့်အတိုင်း ကိန္နရီ၊ ကိန္နရာတို့မြူးပျော်ရာဒေသဖြစ်သည့်ငွေတောင်ပြည်သို့ရောက်ရန် ဆုတောင်းလေ့ရှိကြသည်။

ထိုအသိများ ရင်ထဲလှုပ်ခတ်နေမိဆဲမှာပင် လွိုင်ကော်မြို့လယ်တွင်တည်ရှိသည့် ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီရုံးခန်းသို့ရောက်ရှိခဲ့တော့သည်။

❑

လွိုင်ကော်မြို့ပတ်ဝန်းကျင်သည် အေးမြမြအနေအထားကလွှမ်းမိုးထားသဖြင့် သွားရေးလာရေး အဆင်ပြေလှသည်။ ဆေးရုံ၊ ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးလုနီးပါးအခြေအနေများ လှည့်လည်စစ်ဆေးရာမှအပြန်တွင် ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က -

"ဆရာကျော့်ကို ခေါ်လာတာ ရေးကွက်လေးတစ်ခုလိုက်ပို့ပေးမလို့ဗျ"

ဟု အစချီကာ မပုပ်မသိုးတည်ရှိ လျက် ယနေ့တိုင် လျောင်းစက်လျက်ရှိ နေသော ရုပ်ခန္ဓာတစ်ခုလျောင်းစက်ရာ နေရာသို့ လိုက်ပြပေးမည်ဖြစ်ကြောင်း

www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော်



ထက်ရှိ ကျောင်းထိုင်ဆရာတော်



ဆရာတော်ပုံ



ဆရာတော်အား ဦးဝင်းထိုင် နဝကမ္မ ကပ်လှူစဉ်

[illegible]ပြီသည်။ မြန်မာပြည်တစ်နံတစ်လျား [illegible]ဆဲမသိုး တည်ရှိနေသည့် ရုပ်ခန္ဓာ [illegible]တော်ရာနေရာများသို့အရောက် [illegible] လမ်းညွှန်ဆောင်းပါးများ [illegible] ပူဇော်လေ့ရှိသည့် စာရေးသူ [illegible]ပီတိတို့ဖြစ်သွားမိရပါသည်။

[illegible]ကယ်တောင်သုံးလုံးတွင်တည်ရှိသည့် ရတနာသိဒ္ဓိကျောင်းတိုက်သို့သွားရမည်ပင် ဖြစ်သည်။ ရတနာသိဒ္ဓိတောရဂူကျောင်းဆရာတော်ရှင်ပညာသာမိ၏ မပုပ်မသိုးဘဲ တည်ရှိနေသည့် ရုပ်ခန္ဓာမှာ ယနေ့တိုင် လျောင်းစက်လျက်ရှိနေသည်ဟု ဆိုသည်။ ကယားပြည်နယ်ရှိ ရှေးမီနောက်မီ နယ်မြေခံပုဂ္ဂိုလ်ကြီးများ ပြောပြချက်အရသိခွင့်ရသည်မှာ အကျင့်စရဏပြည့်ဝကာ အောင်လမ်းသို့မြန်းကြွသွားတော်မူခဲ့သည့်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်သည်။

ကယားပြည်နယ် လွိုင်ကော်မြို့အနီးဝန်းကျင်တွင် တည်ရှိနေသည့် ချီကယ်တောင်သုံးလုံး ရတနာသိဒ္ဓိတောရဂူကျောင်းဆရာတော်ဖြစ်တော်မူသော ရှင်ပညာသာမိ၏ ထေရုပ္ပတ္တိအကျဉ်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလွန်းလှသည်။

ဆရာတော်လောင်းလျာ၏ ဇာတိမြေမှာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဖြစ်သည်။ ဦးခိုန်ဟုတွင်ခဲ့သည်။ ငယ်ရွယ်စဉ်အခါက ရန်ကုန်မြို့ အမဲဈေးအနီးရှိ ကျောင်းတိုက်မှ ကမ္ဘာ့သာသနာပြုဆရာတော် အရှင်သေဠိလထံတွင် ပညာသင် ကြားခဲ့ပြီးနောက် ဆရာတော်အရှင်သေဠိလကို ဥပဇ္ဈာယ်ပြုကာ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ သာမဏေဘဝဖြင့် ငါးနှစ်ကြာ သာမဏေကျင့်ဝတ်များကိုသင်ယူလိုက်နာနေလျက် အသက်(၂၀)အရွယ်တွင် ရဟန်းဘောင်သို့တက်ခဲ့သည်။ (၅)နှစ်ကြာမျှ ဥပဇ္ဈာယ်ဆရာတော်၏ သာသနာပြုလုပ်ငန်းများကို ကူညီကာ ပါရမီဖြည့်တော်မူခဲ့သည်။ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူနေခဲ့ရာမှ အသက် (၂၅) နှစ်အရွယ်ရောက်သည်တွင် ရဟန်းဘဝမှ ထွက်ခဲ့သည်။

လူ့ဘဝသို့ ရောက်သည်နှင့် ကျောင်းဆရာအဖြစ်ခံယူကာ အသက်(၃၅)နှစ်အရွယ်တိုင်အောင် အသက်မွေးဝမ်းကျောင်းပြုနေခဲ့သည်။ အသက်(၃၅)နှစ်ကျော်လာသည်တွင် ရှမ်းပြည်နယ်ရှိ အင်းလေးဖောင်တော်ဦးစေတီကျောင်းတော် တည်ဆောက်ရေးအတွက် ကျွန်းသစ်လုံးများ သယ်ယူရန်ကိစ္စကို အကြောင်းပြု၍ သစ်လုပ်သားဘဝဖြင့် လွိုင်ကော်မြို့သို့ ရောက်ရှိလာကာ အသက်(၄၀)အရွယ်အထိ သစ်လုပ်သားဘဝဖြင့် ရပ် တည်နေခဲ့သည်။ အသက်(၄၀) အရွယ်မှ အသက် (၅၅)နှစ်အရွယ်အထိ ဗိန္ဒောဆရာအဖြစ် လည်းကောင်း၊ မီးသွေးဖုတ်ခြင်းအလုပ်ဖြင့်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုကာရပ်တည်ခဲ့သည်။

အသက် (၇၀) ပြည့်သည်တွင် လွိုင်ကော်မြို့ ချီကယ်ကျေးရွာအုပ်စု ဒေါလျားလီရွာမှ ဒေါလျားလီကျောင်းဆရာတော်အား ဥပဇ္ဈာယ်ပြုကာ

www.burmeseclassic.com

လှိုင်ကော်မြို့ ချီကယ်ကျေးရွာအုပ်စု လေးသမရွာနေ ဦးဘော်ရယ်၊ ဒေါ်ထိုးမြာတို့မှ ရဟန်းဒါယကာ၊ ဒါယိကာမများအဖြစ်ခံယူကာ ကိုရင်ကြီးဘဝဖြင့် သာသနာဘောင်သို့ ပြန်လည်ဝင်ရောက်ကာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေတော်မူစဉ် ဒေါဆော်တီးတောင်ခြေတွင် (၁) ဝါ၊ ရတနာသိဒ္ဓိတောရဂူ (၁) ဝါ၊ နတ်တောင်အရှေ့ဘက် ဒေါပဲရွာဟောင်း (၂) ဝါ၊ ငှက်ပျောတော (၁) ဝါ၊ ရတနာသိဒ္ဓိတောရဂူကျောင်း (၁၀) ဝါ စသည်ဖြင့် (၁၅) ဝါပတ်လုံး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူရင်း အောင်လမ်းသို့ မြန်းကြွနိုင်ရေးအတွက် အကျင့်စရဏပိုင်းကို အရှိန်အဟုန်တိုးမြှင့်ကျင့်ကြံ ပွားများ အားထုတ်ခဲ့သည်။


အရှင်ပညာသာမိသည် ရတနာသိဒ္ဓိတောရဂူကျောင်းတွင် သီတင်းသုံးတော်မူကာ ကျင့်ကြံပွားများအားထုတ်သမှုပြုနေတော်မူစဉ်ကာလအတွင်းတွင် ဒကာ၊ ဒကာမတို့၏ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုများ ခံယူရရှိခဲ့ရာ ရတနာသိဒ္ဓိအောင်တောရကျောင်းအတွင်း ကျင့်ကြံပွားများအားထုတ်နိုင်ကြရန်အတွက် နေရာများ၊ ဓမ္မာရုံ၊ ကျောင်းဆောင်ကြီးများ၊ သာသနိကအဆောက်အအုံများ၊ မြတ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စေတီပုထိုးများ၊ သောက်ရေသုံးရေကန်များ ပွားများဝေစည်လာအောင် သာသနာပြုလုပ်ငန်းအဖြစ် ဆောင်ရွက်တော်မူခဲ့၏။ ထို့ပြင် တောင်တော်ပေါ်တွင် လည်းကောင်း၊ ဓမ္မာရုံအတွင်းတွင် လည်းကောင်း၊ ဂူအတွင်းတွင် လည်းကောင်း ကိုးနဝင်းစေတီ၊ ရတနာမာန်အောင်စေတီ၊ သကျမုနိရုပ်ပွားဆင်းတုတော်ကြီးနှင့် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့သည်။

အရှင်ပညာသာမိ အောင်လမ်းသို့မမြန်းကြွမီ ၁၉၉၁ ခု၊ အောက်တိုဘာလ ၂၃ ရက်နေ့။ ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့် ဗုဒ္ဓဟူးနေ့တွင် တပည့်ဒကာ၊ ဒကာမတို့အား -


"ဤတောင်တော်မြတ်တွင် ဉာဏ်တော် (၅၂) တောင်အမြင့်ဆောင်သော စေတီတော်ကြီးကို မဖြစ်မနေတည်ထားကိုးကွယ်ရန်။ ၎င်းစေတီတော်မြတ်ကြီးတည်ထားပြီးစီးပါက ကယားပြည်နယ်ကြီးအေးချမ်းသာယာလာပြီး ဗုဒ္ဓဘာသာသာသနာတော်ကြီးလည်း ထွန်းကားလာလိမ့်မယ်"

ဟု မိန့်မှာကြားကာ စေတီတော်မြတ်ကြီး တည်ထား ကိုးကွယ်နိုင်ရန် မြေနေရာကိုလည်း သမုတ်ပေးတော်မူခဲ့သည်။ ပြီးနောက် စေတီတော်ကြီးကို ပြီးမြောက်အောင် တည်ထားကြရန်ကိုလည်း မိန့်တော်မူခဲ့သည်။ အရှင်ပညာသာမိသည် ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်။ ၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ အင်္ဂါနေ့ (၁၅:၀၂) အချိန် သက်တော် (၈၅) နှစ်၊ ဝါတော် (၁၅) ဝါတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့၏။ အောင်လမ်းသို့မြန်းကြွသွားတော်မူသည့် အရှင်ပညာသာမိ၏ ရုပ်ခန္ဓာသည် ယနေ့ထက်တိုင် မပုပ်မသိုးအ... အထားတွင် တည်ရှိနေပြီး ကယား... ပြည်နယ် ချီကယ်တောင်သုံးလုံး ရတန... သိဒ္ဓိတောရဂူကျောင်းတွင် လျှောင်းစ... တော်မူလျက်နေဆဲပင် ဖြစ်သည်။


ရှေ့မီနောက်မီ ကယားပြည်န... သားများပြောပြချက်အရ အထက်ဖော်... ပါအချက်အလက်များ သိခွင့်ရလို... သည်တွင် ရတနာသိဒ္ဓိတောရဂူကျောင်း... တည်ရာသို့ အမြန်ရောက်သွားလိုစိ... များက ပြင်းပြလာသည်။ ဦးဝင်း... ၏ ကားဖြူလေးကတော့ ... ကြမ်းကြမ်းကို ကတိမ်းကပ်ဖြင့်လူ... နေရရှာသည်။ မိုးစက်... ပေါက်တို့...



လျှောင်းစက်ရာကျောင်းအထက်က ပန်းတောင်များ



လျှောင်းစက်နေသည့် ရုပ်ခန္ဓာ



လျှောင်းစက်ရာ ရုပ်ခန္ဓာ အနီးကပ်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

လည်း မနားတမ်း သူထက်ငါအလုအယက်ဆင်းနေကြလေရာ ကားကို ဖြည်းဖြည်းချင်းမောင်းကာ တောလမ်းစိမ်းစိမ်းစိုစိုများအကြား ဝက်ပါခရီးသည်ပမာဖြစ်နေကြရသည်။

တောလမ်းကြမ်းကို တလူးလူး တလိမ့်လိမ့်ဖြင့် တစ်နာရီသာသာခန့် အကြာတွင် ချိုကယ်တောင်သုံးလုံး ရတနာသိဒ္ဓိတောရဂူကျောင်းအဝင်လမ်းဆီသို့ရောက်လာတော့သည်။ ချောင်းကျလှသောတောအတွင်းတွင်တည်ရှိသည့် တောင်ကုန်းငယ်ထက်ဝယ် သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများ ဝေဆာပွင့်ထွန်းလျက်ရှိနေသည်ကို တွေ့ရသည်။ ကားပေါ်မှဆင်းမိလိုက်သည်နှင့် ကျောင်းဝင်းအတွင်းဝင်သွားမိခဲ့ကြလေရာ လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝါယမိန္ဒအား ဖူးတွေ့ရသည်။ ဆရာတော် ဦးဝါယမိန္ဒအား ဖူးမြော်ကြည်ညိုပြီးသည်နှင့် ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ဆရာတော်သို့တင်းသုံးရာ တောင်သုံးလုံး ရတနာသိဒ္ဓိတောရဂူကျောင်းအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသမှုပြုသည်။

ဆရာတော်မှ လိုက်လံပြသသဖြင့် ရှင်ပညာသာမိ တရားအားထုတ်ကျင့်ကြံခဲ့သည့်လိုဏ်ဂူ၊ အရှင်ပညာသာမိမှအော်ဆည်းကပ်တော်မူခဲ့သည့် မြတ်ဗုဒ္ဓရုပ်ပွားတော်များနှင့် ကိုးနဝင်းစေတီတော်တို့ကို ဖူးတွေ့ကြရသည်။ ကျောင်းဝင်းအနှံ့ လိုက်လံဖူးတွေ့သမှုပြုနေမိကြရာ ရှင်ပညာသာမိ၏ ယနေ့တိုင် မပုပ်မသိုး တည်ရှိကာ လျောင်းစက်တော်မူနေသည့် ရုပ်ခန္ဓာတည်ရှိရာ စံကျောင်းတော်အတွင်းရောက်သွားမိဖြစ်ကြသည်။ စံကျောင်းတော်အတွင်းတွင် တိတ်ဆိတ်ငြိမ်သက်မှုကလွှမ်းခြုံထား၏။ စံကျောင်းတော်အတွင်း စံပယ်ပန်းရနံ့လိုလိုမွှေးနေသည့်မွှေးရနံ့တစ်ခုက သင်းပျံ့လျက်ရှိနေသည်ကို သတိပြုမိသည်။ အခိုင်အခံ့တာရံထားသည့် သံစကာအတွင်းဝယ် [illegible]ထည်ဝါလှသည့် မှန်သေတ္တာကြီး [illegible]နေရာယူထားသည်။ မှန်သေတ္တာကြီးအတွင်းဝယ် တည်ငြိမ်စွာ လျောင်းစက်တော်မူနေသည့် ရှင်ပညာသာမိ၏ ရုပ်ခန္ဓာတည်ရှိနေသည်ကို ဖူးတွေ့ရ၏။ [illegible]ခန္ဓာတော်မှာ ဝင်းလက်တောက်ပနေ[illegible] ရွှေအဆင်းကဲ့သို့ရှိသည်။ ကြည်ညို[illegible]က လှုံ့ဆော်လာသဖြင့် ထိခြင်း[illegible]ဖြင့် ဦးချကန်တော့မိဖြစ်သည်။ စံကျောင်းတော်အတွင်း အိမ်မြှောင်စုတ်ထိုးသံတို့ လွှမ်းခြုံသွားခဲ့သည်။

ရှင်ပညာသာမိ၏ ရုပ်ခန္ဓာကို နှစ်စဉ်လိုပင် ရေမိုးသန့်စင်ကာ သင်္ကန်းတော်အသစ်လဲလှယ်ကာ ဆက်ကပ်လှူဒါန်းလေ့ရှိသည်ဟု သိရသည်။ သင်္ကန်းတော်အသစ်လဲလှယ်ဆက်ကပ်လှူဒါန်းနေသည့် မှတ်တမ်းဓာတ်ပုံအချို့ကို ကျောင်းထိုင်ဆရာတော် ဦးဝါယမိန္ဒက ထုတ်ပြသဖြင့် ခွင့်ပြုချက်တောင်းခံကာ ကင်မရာဖြင့် ပြန်လည်ရိုက်ကူးယူမိခဲ့ဖြစ်သည်။ မှတ်တမ်းဓာတ်ပုံများ အမြင်အရ လည်းကောင်း၊ လက်တွေ့ဖူးမြင်ရသည့်အမြင်အရ လည်းကောင်း ရှင်ပညာသာမိရုပ်ခန္ဓာမှာ ရွှေလိုဝင်းပနေသည်ကို ဖူးတွေ့ရသည်။ ကျင့်စရဏကောင်းလွန်းလှ၊ ပြည့်ဝလွန်းလှသောကြောင့် အောင်လမ်းပွင့်သွားခြင်းပင် ဖြစ်နိုင်ပါသည်။ ကာယာနုပဿနာ စူးစိုက်ရှုမှတ်မှုအောင်မြင်သော ပုဂ္ဂိုလ်တို့သည် ရူပဈာန်ရရှိခံစားစံစားနိုင်ကြသည်ဟူသော အသိက ရင်ထဲတိုးဝင်သည်။ ယနေ့ထက်တိုင် မပုပ်မသိုးဘဲ ရုပ်ခန္ဓာလျောင်းစက်နေခြင်းက ထူးခြားလှပါသည်။ ရှင်ပညာသာမိ မိန့်တော်မူခဲ့သည့်အတိုင်း တောင်ထက်ရှိ သတ်မှတ်ပေးထားခဲ့သောနေရာတွင် ရတနာသိဒ္ဓိအောင်စေတီတော်မြတ်ပေါ် ထွန်းတည်ရှိနေခဲ့ပြီကိုလည်း ဖူးတွေ့ရသည်။

ရှင်ပညာသာမိသည် ကျင့်စရဏကို ပိုင်နိုင်စွာကျင့်ကြံပွားများ အားထုတ်တော်မူနိုင်ခြင်းဖြင့် အောင်လမ်းသို့ မြန်းကြွသွားတော်မူခဲ့ခြင်းပင် ဖြစ်မည်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူရာတွင် ဓာတ်တော်များဖြစ်တည်ခဲ့ကြောင်းကိုမူ ပရိနိဗ္ဗာနသုတ်တွင် အထင်အရှားရှိပါသည်။ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်များမှာမူကား ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် အဘိညာဉ်ဝင်စား၍ အဓိဋ္ဌာန်ပြုတော်မူမှသာ ဓာတ်တော်ကျနိုင်သည်ကို သုတ္တနိပါတ်အဋ္ဌကထာ ရတနာ့သုတ် မဂ္ဂဝိသာဏသုတ် (၁၀၇) တို့တွင်ပါရှိသည်။ ရဟန္တာအရှင်သူမြတ်များမှာ သုက္ခဝိပဿက (ရိုးရိုးရဟန္တာဖြစ်လျှင်) လူသာမန်တို့ကဲ့သို့ပင် ပကတိ အရိုးသာကြွင်းကျန်ရစ်သည်။ (အင်္ဂုတ္တရ အဋ္ဌကထာ ဝဂ်သာဝတ္ထု ၂၀၉)။ အဘိညာဉ်ရ၍ အဓိဋ္ဌာန်မှသာလျှင် အဓိဋ္ဌာန် အဓိဋ္ဌာန်တည်သည့်အတိုင်းဖြစ်နိုင်ပေသည်။ အရှင်သာရိပုတ္တရာဓာတ်တော်များမှာ ပွတ်သစ်စခရုသင်းကဲ့သို့ ကြွင်းကျန်ရစ်သည်။ (မဟာသဝဂ္ဂသံယုတ် အဋ္ဌကထာ စုန္ဒသုတ် ၂၅၄)။ အရှင်ဒဗ္ဗမထေရ်ကား ကောင်းကင်တွင် တင်ပျဉ်ခွေထိုင်၍ သမာပတ်ဝင်စားပြီး အဓိဋ္ဌာန်တော်မူသည့်အတိုင်း ပြာမျှမကျန်ရအောင် တေဇောဓာတ်လောင်ကျွမ်းလေသည်။ (ဥဒါန်းကထာ အဋ္ဌကထာ ဒဗ္ဗသုတ် ၃၈၉)။ သက်တော်ရှည် ရှင်ဗာကုလမထေရ်ကား အခြားသူတို့ မိမိအတွက် တာဝန်မတက်စေရန် ထိုင်လျက်နှင့်ပင် တေဇောဓာတ်လောင်ကျွမ်းစေပြီး ပရိနိဗ္ဗာန်စံဝင်တော်မူရာ မြတ်လေးငုံပမာ ဓာတ်တော်များကျခဲ့၏။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ ဗာကုလသုတ် ၁၄၀။) ထိုမှတစ်ပါး ကိလေသာအာသဝေါကုန်ခန်းသော ရဟန္တာအရှင်သူမြတ်များ၏ အလောင်းတော်တို့သည် အပုပ်နံ့မထွက်ကြောင်း သုတ္တနိပါတ် အာမဂန္ဓသုတ်အဖွင့် (၃၀၃) ၌ ပါရှိလေသည်။

ထိုအချက်အလက်များကို သိခွင့်ရလိုက်ကတည်းက မြန်မာပြည်အနှံ့အပြားတွင်ရှိနေသည့် မပုပ်မသိုး ရုပ်ခန္ဓာလျောင်းစက်ရာ အောင်မြေမှန်ရာနေရာများသို့ စာရေးသူ အရောက်သွားကာ ကြည်ညို အလေးထားမှုပြုလျက်ရှိနေခဲ့သည်မှာ ကြာပြီပင် ဖြစ်သည်။ ယခုမူ ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးဝင်းလှိုင်ကျေးဇူးဖြင့် အောင်လမ်းသို့ မြန်းကြွတော်မူသွားပြီဖြစ်သည့် ရှင်ပညာသာမိရုပ်ခန္ဓာလျောင်းစက်ရာအောင်မြေသို့ ရောက်သွားဖြစ်ခဲ့ရခြင်းသာ ဖြစ်သည်။ သွားလာရန်ခက်ခဲလှသောတောလမ်းကြမ်းအတိုင်း သွားရသည်ဖြစ်ရာ လူသူ အရောက်အပေါက်နည်းလှသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ တစ်ခါတစ်ခေါက်အရောက်သွားကာ ဖူးမြော်ကြည်ညိုရင်း အောင်မြေမှန်ရာခြေချကာ ဆုတောင်းအဓိဋ္ဌာန်တင်ကြည့်ကြမည်ဆိုပါက လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများ ရရှိခံစားစံစားနိုင်ကြမည်ဖြစ်သဖြင့် ဖော်ကျူး ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

*ဖူးခွင့်ကြုံနိုင်ကြပါစေ*

**အောင်သာကျော်**

*မှတ်တမ်းဓာတ်ပုံရိုက်ကူးပေးသော ကိုနိုင်တူးအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# သမ္ဗုဒ္ဓေရှစ်မျိုး ကောင်းကျိုးတိုး

### ၁။ ရိုးရိုးသမ္ဗုဒ္ဓေ

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟ ဿကေ၊ ပဥ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။ အပ္ပကာ ဝါဠု ကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊ တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေ သတော။ ။

### ၂။ သုဝဏ္ဏဘုမ္မိသမ္ဗုဒ္ဓေ

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟ ဿကေ၊ ပဥ္စဿတ သဟဿာနိ ဂင်္ဂါယံ ဝါဠုကာ စုဏ္ဏော။ ပရာဇေတွာ ဗဟုဖုလ္လော၊ နမာမိ သိရသာမဟံ။ တေသံ ဓမ္မဉ္စ သံဃဉ္စ အာဒရေန နမာ မဟံ။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေ သတော။ ။

### ၃။ ယက္ကန်းစင်တောင် ဆရာတော်ဘုရားကြီး၏သမ္ဗုဒ္ဓေ

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ပဥ္စသတ သဟ ဿံတွော၊ ဒွါဒသေသဟဿတွော၊ ဂင်္ဂါ ဝါဠုကာ တိက္ကန္တော။ အပ္ပမေယျ ဇိနုတ္တရေ အနန္တနိဗ္ဗုတေဇိနေ၊ တေသံ ဓမ္မေစ သံဃေစ၊ အာဒရေန နမာ မဟံ။ နမကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာ ယာပိ၊ ဝိနဿန္တု အသေသတော။ ။

### ၄။ ဘိုးဘိုးအောင်သမ္ဗုဒ္ဓေ

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ပဥ္စသတ သဟ ဿာနိ၊ ဒွါဒသဉ္စ သဟဿကေ၊ ဂင်္ဂါယံ ဝါဠုကစုဏ္ဏော။ ပရာဇေတွာ ဗဟုဖုလ္လော၊ နမာမိ သိရသာမဟံ၊ တေသံ ဓမ္မဉ္စ၊ သံဃဉ္စ အာဒရေန နမာမဟံ။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသ တော။ ။

### ၅။ အကာကြီးသမ္ဗုဒ္ဓေ

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဗုဒ္ဓေါမေ သတ္တာပါကာရဲ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ က္က သွာသု။ ဗုဒ္ဓ သရဏံ ဂတော၊ သဗ္ဗဒုက္ခာ ဝိနဿန္တု။ ဒွါဒသဉ္စ သဟဿကေ၊ ဓမ္မောမေ သတ္တ ပါကာရဲ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ က္က သွာသု၊ ဓမ္မံ သရဏံ ဂတော၊ သဗ္ဗ ဘယာ ဝိနဿန္တု။ ပဥ္စသတ သဟ ဿာနိ၊ သံဃောမေ သတ္တပါကာရဲ သံဃာ သရဏံ ဂစ္ဆာမိ၊ က္ကသွာသု၊ သံဃံ သရဏံ ဂတော၊ သဗ္ဗရောဂါ ဝိနဿန္တု။ နမာမိ သိရသာမဟံ၊ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊ တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန၊ နမာမဟံ။ နမက္ကာရာ နုဘာဝေန၊ မအဥ ဟိတွာ၊ သဗ္ဗေ ဥပဒ္ဒဝေ၊ ဥအမ၊ အနေက အန္တရာ ယာပိ၊ ဝိနဿန္တု အသေသတော။ ။

### ၆။ မဟာသမ္ဗုဒ္ဓေကြီးတစ်မျိုး

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဗုဒ္ဓေါမေ အမှာကံ၊ သတ္တပါက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒွါဒသဉ္စ၊ သဟဿကေ၊ ဓမ္မော မေ အမှာကံ သတ္တပါကာရဲ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ပဥ္စသတ သဟ ဿာနိ၊ သံဃော မေ အမှာကံ သတ္တ ပါကာရဲ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နမာမိ သိရသာမဟံ၊ သဗ္ဗေဗုဒ္ဓါ ဇိန စိတ္တာ။ တေသံ ဓမ္မဉ္စ၊ သဗ္ဗေ ဓမ္မာ ဇိနစိတ္တာ သံဃဉ္စ၊ အာဒရေန နမာ မဟံ၊ နမကာရ သဗ္ဗေသံဃာ၊ ဇိန စိတ္တာ အာနုဘာဝေန မအဥဟိတွာ၊ သဗ္ဗေဥပ္ပဒဝေ ဥအမ အနေက အန္တ ရာယာပိ။

နမောဗုဒ္ဓါယျ၊ ယျဒ္ဓါဗုမောန၊ သံဂုံ ပမယျ၊ ယျမပဂုံသံ၊ နကာရံ မာတာပါပံ ဝိနဿန္တု၊ မောကာရံ ပီတာပါပံ ဝိနဿန္တု၊ ဗုကာရံ ဉာတိပါပံ ဝိနဿန္တု၊ ဒွါကာရံ ရာဂပါမံ ဝိနာသန္တု၊ ယျကာရံ အတ္တ နောပါပံ ဝိနဿန္တု အသေသတော။

### ၇။ သီဟိုဠ်သမ္ဗုဒ္ဓေကြီး

- နမောတဿယတော၊ မဟိမတော၊ ယသတမောန၊ အဋ္ဌာနမေတံ ဘိက္ခ ဝေ၊ အနဝကာသော ယံ ပရှုပက္က မေန၊ တထာဂတံ၊ ဇီဝိတာ ဝေါရော ပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတံ ပရိနိဗ္ဗာယန္တိ။ သမ္ဗုဒ္ဓေန အဋ္ဌဝီသဉ္စ၊ ဗုဒ္ဓေါ မေ သတ္တပါကာရဲ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ က္ကသွာသု၊ ဗုဒ္ဓံ သရဏံ ဂတော၊ သဗ္ဗဒုက္ခာ ဝိနာသန္တု။ ဒွါဒသဉ္စ သဟဿကေ၊ ဓမ္မော မေ၊ သတ္တပါကာရဲ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ က္က-သွာ-သု၊ ဓမ္မံ သရဏံ ဂတော၊ သဗ္ဗဘယာဝိနသန္တု။

ပဥ္စသတ သဟဿာနိ၊ သံဃော မေ သတ္တပါကာရဲ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ က္က-သွာ-သု၊ သံဃံ သရဏံ ဂတော၊ သဗ္ဗေရောဂါ၊ ဝိနာသန္တု၊ နမာမိ၊ သိရသာမဟံ၊ အမတံ ဝါဠုကံ ဂင်္ဂါ၊ အနန္တံ နိဗ္ဗုတံ တေသံ ဗုဒ္ဓံ၊ တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊ နမကာရာ နုဘာဝေန၊ မ-အ-ဥ၊ ဟိတွာ သဗ္ဗေ ဥပ္ပဒ္ဒဝေ၊ ဥ-အ-မ အနေကအန္တရာယာပိ၊ ဝိနာသန္တု အသေသတော။

နမောဗုဒ္ဓါယ၊ ယဒ္ဓါဗုမောန၊ ဗုဒ္ဓ နိမိတ္တံ၊ ဓမ္မနိမိတ္တံ၊ သံဃနိမိတ္တံ၊ ပတိမာဗုဒ္ဓါ သုညဗုဒ္ဓေါ၊ အရဟံ ဘဂဝါတိ။ ။

### ၈။ အခြားသမ္ဗုဒ္ဓေမှုကွဲများ

၁။ သမ္ဗုဒ္ဓေမမ၊ အတီကာလ၊ ဉာဏေန၊ သဗ္ဗကုဿာသယံ၊ စတုဒေဗစက္ကံ၊ ဂဥ္စ ဗုဒ္ဓဉာဏံ အဟံသမိဗ္ဗုန္တု။

၂။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ မမအဋ္ဌဒိကလံ၊ ပရိသေဝနံ-မမရာဇာ၊ ဥဥ-အအ- မမ၊ အန္တောမဟာ ယသဿမန္တာ လောကပါလာ ဂစ္ဆတိ၊ ကရေ ဒေဝ ရာဇိနော ဘဝိဿတိ။

၃။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ မမ အန္တာ ဒိကလံ၊ တြိပေ သဥ္၊ မဟာရာဇာ ဥဥ-အအ-မမ၊ အန္တော မဟာရဿ မန္တာလောကပါလာ၊ ဂစ္ဆတိအန္တစေဝ ရာဇိနော ဘဝိဿတိ။ ။

ဆရာဦးစိန်လှိုင်(ကျိုက်သင်း)




www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကံကြီးမားမင်းဧကရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၂၄)

# သီပေါမင်းနှင့် သဗ္ဗပိယအဆောင်တော်



သစ္စာဝါဒီ-ဦးမြင့်အောင်

မြန်မာနှစ် ၁၂၄၀ ပြည့်တွင် မန္တလေး ရတနာပုံ ထီးတည်နန်းတည် ဗုဒ္ဓမသင်္ဂါယနာတင် မင်းတုန်းမင်း တရားကြီး နတ်ရွာစံပြီးနောက် သားတော် သီပေါမင်း နန်းတက်ခဲ့ပါသည်။ သီပေါမင်းသည် ကုန်းဘောင်မင်းဆက် နောက်ဆုံးမြောက်မင်းဧကရာဇ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နောက်ဆုံးထီးနန်းကိုစိုးစံခဲ့သော မင်း ဖြစ်ပါသည်။

သီပေါမင်း နန်းတက်စတွင် ခမည်းတော် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူ၍ ထီးနန်းဆက်လက် စိုးစံတော်မူကြောင်းကို ဗိလတ်မြို့ ဝိတိုရိယဘုရင်မကြီးထံသို့ ရာဇသံပေးပို့ရာ ဝိတိုရိယဘုရင်မကြီးထံမှ ဤကဲ့သို့ ရာဇသံပြန်ကြားခဲ့ပါသည်။

**ဣန္ဒိယနိုင်ငံတော်**
**ကေရီအရှင်မကြီးဖြစ်တော်မူသော**
**ဂရိတ်ဗြိတိန်နှင့်**
**အိုင်ယာလန်ပြည်ကြီးရှင်**
**အသျှင်ကေရီဘုရင်မကြီးထံမှ**
**မြန်မာပြည့်ရှင် ဘုရင်မင်းတရားထံ**
**ပေးပို့သောရာဇသံ**

*အကြည်တော်မင်းမြတ်၊ အကြည်တော်မင်းမြတ်ထံမှ အကြည်တော်၏ ခမည်းတော်မင်းတရားကြီး နတ်ရွာစံလွန်တော်မူကြောင်းနှင့် အကြည်တော်သည် မြန်မာပြည်ကြီး၏ ထီးနန်းကို ဆက်ခံစိုးအုပ်ရကြောင်းများပါရှိသော အောက်တိုဘာလ ၂၄ ရက်နေ့စွဲပါ ရာဇသံများကို ရရှိပါသည်။*

*အင်္ဂလန်ပြည်နှင့်မြန်မာပြည်ကြီးတို့ တပြည်နှင့်တပြည် ရွှေလမ်းငွေလမ်းဖောက်လျက် မဟာမိတ်အဖြစ်ရှိနေသည့် အချိန်အခါအတွင်း တွင် ဤကဲ့သို့ အကြည်တော်၏ ခမည်းတော်မင်းတရားကြီးနတ်ရွာစံလွန်တော်မူခြင်းကိုကြားသိရသည့်အတွက် ကျွန်ုပ်၌ များစွာ ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရပါသည်။*

*အကြည်တော်သဘောထားချက်အတိုင်း တပြည်နှင့်တပြည်မဟာမိတ်အဖြစ်ကို ဆက်လက် တည်ရှိစေမည် ဖြစ်ပါသည်။ အကြည်တော် စိုးစံအုပ်ချုပ်မှုကြောင့် အကြည်တော်လက်ထက်တွင် မြန်မာပြည်သူပြည်သားကျေးတော်မျိုးကျွန်တော်မျိုးများမှာ ရွှင်လန်းချမ်းမြေ့ကြလျက် တိုင်းပြည်ဝပြောစည်ပင်စေသတည်းဟု ဆုမင်္ဂလာပြုပါသည်။*

*အကြည်တော်၏*
*အကျိုးကိုလိုလားသော*
*မိတ်ဆွေဖြစ်သူ*
*ဝိတိုရိယ*

ဤသို့ သီပေါမင်း နန်းတက်စတွင် အင်္ဂလန်ပြည်ရှင် ဝိတိုရိယဘုရင်မကြီးမှပင် ချစ်ကြည်ရေးသဝဏ်လွှာပေးပို့ခဲ့ရသည်ဖြစ်၍ မြန်မာမင်းဧကရာဇ်ဖြစ်သော သီပေါမင်းသည် ဘုန်းကံကြီးသောမင်း တစ်ပါး ဖြစ်ပါသည်။ သီပေါမင်းတရား မင်းအဖြစ်ရောက်ခဲ့သည်မှာ မင်းဖြစ်ရန် ဘုန်းကံရှိသောကြောင့်ဟု ဆိုရပေမည်။ မင်းတုန်းမင်းတရားကြီးတွင် ထက်မြက်၍အရည်အချင်းပြည့်ဝသောညောင်ရမ်းမင်းသား၊ မက္ခရာမင်းသားတို့ကဲ့သို့သော သားတော်ကြီးများရှိနေပါလျက် သားတော်အငယ်ဖြစ်သော သီပေါမင်းသားမင်းဖြစ်ရခြင်းမှာ နန်းတော်အတွင်း ဩဇာအာဏာကြီးမားသော ကင်းဝန်မင်းကြီးအဖွဲ့နှင့်မင်းတုန်းမင်းကြီး၏ မိဖုရားဆင်ဖြူမရှင်တို့က လိုလားသောကြောင့် ဖြစ်သည်။ သီပေါမင်းသားသည် အသက်ငယ်ရွယ်၍၊ စိတ်သဘောနူးညံ့၍၊ ဘာသာတရားကိုင်းရှိုင်းသူဖြစ်၍ မင်းဖြစ်လျှင် နိုင်ငံအုပ်ချုပ်မှုနှင့် နိုင်ငံခြားဆက်သွယ်မှုများကို အကောင်းဆုံးဖြစ်အောင် မိမိသဘောအတိုင်း ဆောင်ရွက်နိုင်မည့်သူဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။

သီပေါမင်းနန်းမတက်ရမီ ခမည်းတော်မင်းတုန်းမင်းတရားကြီး နာမကျန်းဖြစ်တော်မူစဉ် ဆင်ဖြူမရှင်မိဖုရား အလိုကျ (၁၉) နှစ်သာရှိသေးသော သီပေါမင်းသားကို နန်းလျာအဖြစ် ရွေးချယ်ခဲ့ကြသည်။ ကျန်မင်းသား (၄၀) ကျော်ကို မင်းတုန်းမင်းတရားကြီးမသိစေဘဲ ချုပ်နှောင်ထားခဲ့ကြသည်။ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားညီနောင်တို့ကား အချုပ်မခံဘဲ အင်္ဂလိပ်သံရုံးသို့ခိုဝင်ပြီး အင်္ဂလိပ်ပိုင်နယ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။ မင်းတုန်းမင်းတရားကြီးနတ်ရွာစံသောအခါ သီပေါမင်းသား ထီးနန်းဆက်ခံခဲ့ရခြင်း ဖြစ်ပါသည်။

သီပေါမင်းတရား နန်းတက်သည့်နှစ်မှာပင် ခမည်းတော် နတ်ရွာမစံမီ အကျယ်ချုပ်ထားခဲ့သော ထိုမင်းသား၊ မင်းသမီး (၄၀) ကျော်တို့ကို လက်သုံးတော်ကြီးများက ကွပ်မျက်စီရင်ခဲ့ကြလေသည်။ ထိုသို့ကွပ်မျက်သည်ကို သီပေါမင်း တင်ကြိုမသိရှိရဟုဆိုသည်။

ထိုမဟာဆီမဟာသွေးမင်းသားတို့ ပျက်စီးပြီးနောက်တွင် သီပေါမင်းတရားသည် ပိဋကတ်စာပေတတ်ကျွမ်းသည့် ပထမပြန်နိုင်သူဖြစ်လေ၍ စိတ်မချမ်းမသာခြင်းကြီးဖြစ်ကာ သံဝေဂဖြစ်လျက် ဘုရား၊ ဂူ၊ ကျောင်း တည်ဆောက်ခြင်းစသော ကုသိုလ်ကောင်းမှုများကိုပြုခဲ့လေသည်။

**▫ သီပေါမင်း၏ဆောင်ရွက်ချက်များ**

သီပေါမင်းတရားသည် -

၁။ တိုင်းပြည်အုပ်ချုပ်ရေးတိုးတက်စေရန် (၁၄) ဌာန ခွဲခြားစီမံခြင်း၊

၂။ စစ်ရေးစစ်ရာကို အနောက်နိုင်ငံများစနစ်အရစီမံခြင်း၊

၃။ ပြည်သူများချမ်းသာရန် ရည်ရွယ်၍ ထီရုံများဖွင့်ခြင်း၊

၄။ သာသနာတော်ပွင့်လင်းထွန်းကားစေရန် နယ်စပ်ဒေသများသို့ သာသနာပြုဆရာတော်များစေလွှတ်ခြင်း၊

၅။ ကျွန် (၁၄၀၀) ခန့်ကို ရွေးယူလွှတ်

www.burmeseclassic.com

တော်မူခြင်း၊
၆။ နိုင်ငံတော်ကို ကာကွယ်နိုင်ရန် ဥပရောပတိုက်အချို့က နိုင်ငံကြီးများနှင့် မဟာမိတ်ဖွဲ့ခြင်းတို့ကိုပြုခဲ့ပါသည်။ မျူးတော်မတ်တော်တို့ကို တိုင်းပြည်အုပ်ချုပ်မှုကောင်းမွန်တိုးတက်စေရန် မည်သို့ပြုပြင်ဆောင်ရွက်လျှင်သင့်တော်မည်ကို ထင်မြင်သုံးသပ်ချက်ရေးသားဆက်သွင်းစေခဲ့ပါသည်။

## ၁ သီပေါမင်းနှင့်တိုင်းပြည်ဘေးရန်များ

၁၂၄၂ ခုတွင် အင်္ဂလိပ်နယ်ချဲ့ ကိုလိုနီတို့က အိန္ဒိယပြည် ကလကတ္တားတွင်ထားသော ညောင်ရမ်းမင်းသား၏ညီတော် ညောင်အုပ်မင်းသားသည် မြန်မာပြည်သို့ရောက်ရှိလာပြီး သရက်မြို့နယ်ခြားအနီးတွင် လူသူအင်အားစုဆောင်း၍ သီပေါမင်းအား တိုက်ခိုက်လာခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ပါ။ ထို့နောက် အင်္ဂလိပ်တို့က ညောင်အုပ်မင်းသားကို ကလကတ္တားသို့ ပြန်ပို့သည်။ ဤသည်မှာ မြန်မာနိုင်ငံကို သိမ်းယူရန် နည်းအမျိုးမျိုး အလစ်ချောင်းနေသော နယ်ချဲ့အင်္ဂလိပ်တို့၏ ပယောဂမကင်းသည်ဖြစ်၍ မြန်မာတို့က ညောင်အုပ်မင်းသားနှင့် နိုင်ငံပျက်စီးသည့်အတွက် အလျော်ကြေးတောင်းရာ အင်္ဂလိပ်တို့က သည့်ပြင် မြန်မာနိုင်ငံကို သိမ်းယူရန် ကြံစည်အားထုတ်ခဲ့ကြသည်။

နောက်ဆုံးတွင် နည်းပရိယာယ် အမျိုးမျိုးဖြင့် မြန်မာနိုင်ငံကို ကိုလိုနီနယ်အဖြစ် ထားရှိသိမ်းယူရန် ကြံစည်အားထုတ်ခဲ့ကြသော အင်္ဂလိပ်တိုက်သင်္ဘောများ မြန်မာပြည်အထက်ပိုင်းသို့ဆန်တက်လာခဲ့ကြလေသည်။ မြန်မာတို့ကပြောပလောက်အောင် ခုခံခြင်းမပြုကြဘဲ အင်္ဂလိပ်တို့၏ တောင်းဆိုချက်များကို လိုက်လျောမည်ဆိုသော်လည်း နယ်ချဲ့အင်္ဂလိပ်တို့က တစ်ဖက်သတ်အသာစီးဖြင့် ဘုရင်မင်းမြတ်နှင့်တကွ မန္တလေးမြို့တော်ကို အခုအခံမရှိဘဲ ၎င်းတို့အား အပ်နှံပြီးမှ မဟာမိတ်စာချုပ်အသစ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း ပြန်ကြားသဖြင့် မြန်မာတို့က ခုခံခြင်းမပြုရန် ငြိမ်းချမ်းမှုကို လိုလားသော ကင်းဝန်မင်းကြီး၏ အမိန့်ဖြင့် မြန်မာတို့ ခုခံတိုက်ခိုက်ခြင်းမပြုခဲ့ကြ။

ဤသည်ကို အခွင့်ကောင်းယူကာ အင်္ဂလိပ်တို့သည် ၂၉-၁၁-၁၈၈၅ ခု (၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် သီပေါမင်း၊ မိဖုရားနှစ်ပါးနှင့် မျူးမတ်အချို့ကို ဆောင်ယူ၍ ရန်ကုန်မှ မဒရပ်၊ ထိုမှ ဘုံဘေနယ် ရတနာဂီရိသို့ ပို့ဆောင်ခဲ့လေသည်။

သီပေါမင်းသည် ရတနာဂီရိတွင် (၃၁) နှစ်မျှ နန်းကျမင်းဧကရာဇ်တစ်ပါးအဖြစ်နှင့် အင်္ဂလိပ်အစိုးရတို့ထားရှိသော စံအိမ်တော်ကြီးတွင် နောက်ပါ မျူးမတ်အခြွေအရံအနည်းငယ်တို့ဖြင့်စံနေခဲ့ရပြီး သက်တော် (၅၉) နှစ်တွင် နတ်ရွာစံလွန်ခဲ့သည်။ သီပေါမင်းနတ်ရွာစံပြီးနောက် မိဖုရားခေါင်ကြီး စုဖုရားလတ်ကို မြန်မာပြည်သို့ ပြန်ခွင့်ပြုခဲ့ရာ ရန်ကုန်မြို့တွင် ရှစ်နှစ်မျှ နေထိုင်ခဲ့ပြီး နတ်ရွာစံခဲ့ပါသည်။

၁၁၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအထက်ပိုင်းသည် အင်္ဂလိပ်ပိုင်ဖြစ်ကြောင်း နယ်ချဲ့အင်္ဂလိပ်တို့ ကြေညာခဲ့ကာ မြန်မာမင်းဆက်ပျက်သုဉ်းခဲ့ရပါသည်။

ဤကား မြန်မာနိုင်ငံတော်၏ နောက်ဆုံးမင်းဧကရာဇ်အဖြစ်စိုးစံခဲ့သော သီပေါမင်းတရား၏ အကြောင်းခြင်းရာအချို့ ဖြစ်ပါသည်။ သီပေါမင်းတရား ဘုန်းကံကြီးမား မင်းအဖြစ် ရောက်ရှိစေရန် အထောက်အပံ့အဆောင်အရွက်ကောင်းတစ်ခုအဖြစ် ၁၂၄၀ ပြည့်နှစ်ဦး၌ သီပေါမင်းသားအား ဆရာတော်ကြီးတစ်ပါးက စီရင်ပေးတော်မူခဲ့သော ဂဏ်ဒြပ်ကြီးမား၍ လူနတ်အများချစ်စေသော အဆောင်အစီအရင်တစ်ခုကို ဖော်ပြလိုပါသည်။

### ဂုဏ်ဒြပ်ကြီးမား၍ လူနတ်များချစ်ခင်သော သဗ္ဗပိယသိမ်ဝင်အင်းတော် အင်းဆန်ဂါထာတော်

၁။ ဣတိပိသော ဝိသေသေဣ၊ ဣသေ သေဋ္ဌပနာမိဣ။
ဣမိနာ ဘုမ္မိတံသောဣ၊ ဣသော တံ ဗုဒ္ဓပိတိဣ။

၂။ သိဒ္ဓိတေဇာသိဒ္ဓိဝရာ၊ သိဒ္ဓိဇေယာ သိဒ္ဓိကမ္မံ။
သဗ္ဗာပူဇာ လာဘဝရာ၊ သဗ္ဗေပိယံ ဘဝတုမံ။ ။

ဤအင်းဆန်ဂါထာတော် (၂) ပုဒ်ကို ရွှေပြား၊ ငွေပြား ရရာတွင် တစ်ခုစီ အင်းအစီအရင်ချ၍ မျက်နှာချင်းဆိုင်ပြီးလျှင် လက်ဖွဲ့စီရင်ပြီးသော် ဥပသမ္ပဒကံဆောင်ရာတွင် သိမ်မှာ သုံးခါသွင်း၍ ဆောင်ရမည်။ ဆောင်သောခါ နံ့သာရည်စိမ်၍ မြင့်မြတ်သောနေရာတွင် ရှိသေစွာဆောင်ပါ။ ၎င်းနံ့သာရည်ကို

| | | | | | |
|---|---|---|---|---|---|
| | ၂၅ | ၂ | ၁၅ | ၂၂ | |
| ၁ | ၆ | ၂၃ | ၂၆ | ၃ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၀ |
| ၇ | ၃၂ | ၂၉ | ၂၀ | ၁၇ | ၄ |
| ၂၈ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၃ |
| | ၈ | ၃၁ | ၁၂ | ၁၉ | |

ချရန်အင်းပုံ

လိမ်းသုတ်၍သွားလျှင် ကြံစည်သမျှ အောင်မြင် ပြီးစီးနိုင်၏။

သီပေါမင်းသားသည် ထိုအင်းတော်အစီအရင်ကို အဆောင်အထားပြုခဲ့ရာ အလိုတော်ပြီးမြောက်၍ ငါးနှစ်ခန့်လောက်ရှိသောအခါ ရွှေနန်းတော်တွင် ထိုလက်ဖွဲ့ပျောက်ဆုံးခဲ့ကြောင်း တားမဲ့ဆရာတော်ဘုရားကြီးနှင့် ဝိဇ္ဇာမိုရ်ယောကျ်ားတို့၏ ဥပနိဿယ ဒိဋ္ဌလက်တွေ့ဖြစ်သောအင်း အိုင်၊ ခါးလှည့်၊ မန္တရား စသည့် လောကီပညာများကို မဟာမြိုင်ဆရာတော်ဘုရားကိုယ်တိုင် စီစဉ်၍ စက်တင်ပုံနှိပ်အပ်သော မဟာသိဒ္ဓိကျမ်းရင်းကြီး ပဌမတွဲ၌ ဖော်ပြထားသည်ကို ကောက်နုတ် တင်ပြအပ်ပါသည်။

စာရှုသူများ ဘုန်းကံကြီးမားမင်းဧကရာဇ်တစ်ပါးဖြစ်ခဲ့သော သီပေါမင်းတရား၏အဆောင်ဖြစ်သော ဤအစီအရင်အဆောင်ကို ယုံကြည်အားထားဆောင်ရွက်ခြင်းဖြင့် ဂုဏ်ဒြပ်ကြီးမားလူနတ်အများ ချစ်ခင်၍ ကောင်းကျိုးချမ်းသာမင်္ဂလာတို့နှင့် ပြည့်စုံနိုင်ကြပါစေသောဝ်။

*သဒ္ဒိသံပါက်ဇနေတိ*

**သစ္စာဝါဒီ-ဦးမြင့်အောင်**

**ကျမ်းကိုး -**

၁။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသည်။
၂။ ကျောင်းသုံးမြန်မာရာဇဝင် ဦးဘသန်း-ဘီအေ စီရင်ရေးသားသည်။
၃။ မြန်မာနိုင်ငံတော်သမိုင်း ဗိုလ်မှူးဘရှင် စီရင်ရေးသားသည်။
၄။ မြန်မာရာဇဝင်မှတ်စု စီစဉ်သူ ဦးလှိုင်ဟုတ်၊ ဘီအေဒီတီ ကျောင်းဆရာကြီး။
၅။ မဟာသိဒ္ဓိကျမ်းရင်းကြီးပဌမတွဲ။



www.burmeseclassic.com

www.burmeseclassic.com

အဋ္ဌနု(မန္တလေး)

# ၂၁ ရာစုခေတ် အံ့ဖွယ်ထူးခြား နှီးဘုရား

နံနက်စောစော ရွှေမဥ္ဇူရေလယ် [illegible]ဘုရားကနေ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီးပြန် [illegible]ခဲ့တယ်။ ဥတုက ကြည်ကြည်လင်လင် [illegible]တိုက်လို့ နတ်လမ်းကို လှိုင်းလေတွေ [illegible]ဖျတ်ဖျတ်ရိုက်ခတ်နေတယ်။ အရင် [illegible] (နှစ်-၅၀ ခန့်က) သဲလမ်းပေါ် [illegible]တယ်။ရေလှိုင်းလေးတွေကရိုက်ခတ် [illegible] လူသွားလို့ရအောင် တာရိုးသဖွယ် ပေါ်ပေးတယ်။ ပွဲတော်ပြီးသွားရင် ပျောက်သွားတယ်။ ခုတော့ ကွန်ကရစ်လမ်းပေါ့။ ဒါပေမယ့် ပွဲပြီးတာနဲ့ ရေလွှမ်းပါတော့မယ်။

ချောင်း၀၊ မုဆိုးမဘုရား၊ ကျွဲခြေရာ၊ ရွှေတောင်ဘက်ထွက်မယ့်စက်လှေဆိပ် ရှေ့ရောက်တော့ မိန်းမပျိုနှစ်ယောက်က ဇွတ်အတင်း လူခေါ်တော့တယ်။ နှီးဘုရား ကို Free လိုက်ခဲ့ရမယ်။

စာရေးသူက ခေတ်သစ်လက်ရာတွေဆို စိတ်မပါလှ။ ရှေးဟောင်းသမိုင်း ဝင်ဆို ခက်ခက်ခဲခဲသွားတတ်တယ်။ အားနာပါးနာနဲ့ လှေပေါ်တက်ခဲ့ရပေမယ့် စိတ်မပါလှ။ လူပြည့်ပြီးမှ စက်လှေကမ်းကခွာတော့တယ်။ ရွှေမဥ္ဇူဘုရားကို ရေလယ်ကဖူးရတော့ ပိုသပ္ပာယ်လှတာ တွေ့ရတယ်။ စျေးတန်း၊ တောတန်း၊ တောင်တန်းလေးတွေနဲ့ လှပလို့နေတော့တယ်။

အင်းရေပြင်က ပြာလဲ့လဲ့၊ စင်ရော်ငှက်အုပ်က လှေဆီကိုတန်းလိုက်ပါခဲ့တယ်။ ကင်မရာနဲ့ မှတ်တမ်းယူရတယ်။ ဘုရားဖူးတွေက အစာကျွေးနေကျမို့ လိုက်ပါနေကြခြင်းဖြစ်တာကိုသိရတယ်။


နာမည်ကျော်နှီးဘုရားများ မြန်မာ



အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရား



နှီးဘုရား




နှီးဘုရားမှ ကျောက်စိမ်းဘုရား



www.burmeseclassic.com

www.burmeseclassic.com



အင်းတော်ကြီးဘုရားကုန်းတော်မှ မောင်း၊



နှီးဘုရားဂန္ဓကုဋိကျောင်းတော်



နှီးဘုရား

ပြည်အနှံ့မှာ တွေ့ရတတ်ပေမယ့် အခု နှီးဘုရားကရက်လုပ်ထားတာ မကြာလှသေး။ နှီးဘုရားကို ဝါးပိုးဝါးနဲ့ရက်လုပ်ပူဇော်ကြရတယ်။

စက်လှေဟာ (၁) နာရီလောက်မောင်းပြီးတော့ နန့်မီလောင်ကျေးရွာလှေဆိပ်ကို ရောက်တော့တယ်။ နန့်မီလောင်ရွာဟာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှာ တည်ရှိပါတယ်။ အင်းတော်ကြီးအင်းပတ်လည်မှာတော့ ကျေးရွာပေါင်း (၃၆) ရွာရှိနေပါတယ်။

ရွာထဲရောက်တော့ 'ဆုတောင်းပြည့် အောင်မြင်မြိမ်းအေးချမ်းသာကြီး နှီးဘုရားမှခ်ဦး' ကို တွေ့ရပါတယ်။ နှီးဘုရားကြီး သီတင်းသုံးနေသော ဂန္ဓကုဋိစံကျောင်းတော်ကြီးကလည်း အံ့ဖွယ်ကောင်းပေစွ။ နတ်ဘုံဗိမာန်အလားထင်မှားရတယ်။ စံကျောင်းတော်ကြီးကို အပြင်မှကြည့်ပါက အုတ်တိုက်ကျောင်းတော်ကြီး၊ အတွင်းရောက်သွားပါက သစ်သားကျောင်းတော်ကြီးအဖြစ် ထူးခြားတဲ့ဗိသုကာလက်ရာကို မြင်တွေ့ရတယ်။

'စေတီအစ အကနိဋ္ဌ၊ ရုပ်ပွားအစ ကောသလ' ရှေးပညာရှိတို့စကားအရ နှီးဘုရားသည် ရုပ်ပွားတော်အမျိုးအစားထဲမှာ ပါဝင်နေပါတယ်။

နှီးဘုရားရုပ်ပွားတော်မြတ်ကြီးကို ရှမ်းဘုန်းကြီး ဦးဝိမလဗုဒ္ဓိက ယက်လုပ်ပူဇော်ခဲ့တယ်။ ဦးဝိမလဗုဒ္ဓိသည် ကချင်ပြည်နယ် မန်စီမြို့နယ် မန့်ဝိန်ကြီးကျေးရွာမှာ သီတင်းသုံးနေပါတယ်။

ဆရာတော်ကြီးကို ၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၁၀-၁၀-၂၀၀၉ မှာ စိတ်ဖြာထားသော ဝါးပိုးနှယ်ဝါးတို့နဲ့အတူ ပင့်ဆောင်ခဲ့ကြတယ်။ ၂၀ - ၁၀ - ၂၀၀၉ ရက်နေ့၊ ၁၃၇၁၊ တန်ဆောင်မုန်းလဆန်း ၃ ရက်နေ့ နန့်မီလောင်ကျေးရွာကို ရောက်ရှိခဲ့တယ်။ လိုအပ်တဲ့ သစ်သား၊ ဝါးတို့ကို ဆက်လက်ရှာဖွေစုဆောင်းကြတယ်။

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ (၂၆-၁၀-၂၀၀၉) တနင်္လာနေ့မှာ နှီးနဲ့ စတင်ရက်လုပ်ပူဇော်ပါတော့တယ်။

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၁၂-၁၁-၂၀၀၉ ကြာသပတေးရက်နေ့၌ နံနက် (၄) နာရီအချိန်တွင် နှီးဘုရားကြီးလက်တော်တပ်ဆင်ခြင်းမင်္ဂလာကို ပြုလုပ်ခဲ့ကြတယ်။

နှီးဘုရားကြီးကို အင်းပတ်လည်ကျေးရွာများမှ ကုသိုလ်ပြုလာကြရာ ကြက်ပျံမကျ စည်ကားလှပါတယ်။




www.burmeseclassic.com


www.burmeseclassic.com



မုဆိုးမရုပ်တု



မုဆိုးမခြေရာ



နီးသပိတ်တော်ကြီး



အင်းတော်ကြီးပွဲတော်ဆွမ်းလောင်းပွဲ

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ်တို့မှ ရဟန်းတော်များလည်း လာရောက်လုပ်အားဒါနပြုကြပါတယ်။ သက်သတ်လွတ်နေ့စဉ်ကျွေးမွေးကြပါတယ်။

နှီးဘုရားကြီးရက်လုပ်ပူဇော်ခြင်းကို ၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် ၂၅-၁၁-၂၀၀၉၊ ဗုဒ္ဓဟူးနေ့ ည (၉) နာရီ (၁၅) မိနစ် အလုံးစုံပြီးမြောက်အောင်မြင်ခဲ့ပါတယ်။ ရှမ်းဘုန်းကြီးဦးဝိမလဗုဒ္ဓိဟာ နှီးဘုရားရက်လုပ်ပူဇော်မှုလုပ်ငန်းပြီးစီးတဲ့အခါ အဓိဋ္ဌာန်အတိုင်း ဆံချ(ခေါင်းတုံးတုံး) ပါတယ်။

နှီးဘုရားရုပ်ပွားတော်မြတ်ကြီးကို ရက်ပေါင်း (၃၃) ရက်ဖြင့် ရက်လုပ်ပူဇော်သောရက်ကိုသာယူပါက ရက်ပေါင်း (၃၀) သာ ကြာပါတယ်။

ရှမ်းဘုန်းတော်ကြီး ဦးဝိမလဗုဒ္ဓိရဲ့ (၁၅) ဆုမြောက်လက်ရာဖြစ်ပြီး ထူးခြားအောင်ရုပ်လှပါတယ်။

အလှူရှင်မိသားစုမှာ -

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဆောက်လုပ်ဒါယကာကြီး (ဦးဘသိန်း - ဇနီး ဒေါ်ငွေသိန်း) ဒေါ်နန်းတင်၊ သမီး ဒေါ်တင်ညွန့်၊ တူ ဦးတူးနောင်၊ မြေး စိုင်းစည်သူ၊ ဇနီး နန်းစန်းစန်းဝင်း၊ (ရွှေနဂါးမင်း ကျောက်မျက်သ/မ လီမိတက်) မိသားစုတို့နဲ့ နန့်မီလောင်ကျေးရွာသူရွာသားများက ၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်နေ့ (၂၇-၁၁-၂၀၀၉) သောကြာနေ့၌ -

၁။ ဘဒ္ဒန္တဇိန
နန့်မီလောင်ဆရာတော်
၂။ ဘဒ္ဒန္တဂုဏဝရ
ညောင်ပင်ဆရာတော်
၃။ ဘဒ္ဒန္တတိလောက
လွဲမွန်ဆရာတော်
၄။ ဘဒ္ဒန္တဝိစိတ္တ
ပါဠိဝါခီကျောင်း၊ မန္တလေး
၅။ ဘဒ္ဒန္တဂုဏာလ
၆။ ဘဒ္ဒန္တသဇ္ဇန(လမင်းသစ္စာ)
ဖော့ကန်ဝါဦးပရိယတ္တိစာသင်တိုက်
ရန်ကုန်

ပင့်သံဃာ(၂၀)ကျော်ဖြင့် အနေကဇာတင်ခဲ့တယ်။

နှီးဘုရားရုပ်ပွားတော်မြတ်ကြီး၏ အတိုင်းအရှည်မှာ -

၁။ ဉာဏ်တော်အမြင့် အောက်ခြေပလ္လင်တော်မှ ဦးခေါင်းမုနိတော်အထိ (၁၉) ပေ (၂) လက်မ။
၂။ မုနိတော် (၂) ပေ (၁၀) လက်မ။
၃။ ပလ္လင်တော်အမြင့် (၃) ပေ (၄) လက်မ။
၄။ ဦးခေါင်းတော်၌ ဆံတော်လုံးရေပေါင်း (၃၆၅) လုံး ဦးခေါင်းခွက်အတွင်း၌ ဘုရားဓာတ်တော်၊ ဌာပနပစ္စည်းများ ထည့်သွင်းထားပါတယ်။
၅။ အောက်ခြေပလ္လင်တော်ပတ်လည်၌ ကြာပွင့်ပေါင်း (၄၅) ပွင့်ပါရှိပါတယ်။

၁၃၇၆ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (၇-၁၀-၂၀၁၄) အင်္ဂါနေ့နံနက် (၁၀) နာရီ၊ (၄၉) မိနစ်မှာ ခေတ္တစံကျောင်းတော်မှ ယခုသီတင်းသုံးရာဂန္ဓကုဋိသို့ ရွှေ့ပြောင်းပင့်ဆောင်ကြပါတယ်။

နှီးဘုရားကြီးကို (၃) ကြိမ် စစ်စီးသုတ်ပြီးမှ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။ စစ်စီးတစ်ခါသုတ်လျှင် သိန်းပေါင်း (၃၀) ကျော်ကုန်ကျပါတယ်။ ရွှေသင်္ကန်းတော်မှာ ရွှေ (၆၀) ကျပ်သား သိန်းပေါင်း (၄၅၀) ကျော် ကုန်ကျပါတယ်။

အရင်က နှီးဘုရားဖူးအဖွဲ့များ အပြန် စက္ကူချပ်လေးများကို ပွေ့ပိုက်ကာ ပြန်လာတာတွေ့ရပါတယ်။ ခုတော့ သူတို့မြတ်နိုးစွာယူဆောင်လာခဲ့ကြတာ နှီးဘုရားပုံတော်မှန်း သိရတော့တယ်။ အုံ့ဖွယ်လက်ရာ၊ ရွှေအတိသပ္ပာယ်ထားသော ပုံတော်ကို ကြည်နူးစွာ ဖူးမြော်မိတော့တယ်။


ထူးစွတကား။

အဋ္ဌုန (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com



နွားဘေးမဲ့အဖွဲ့တည်ရာ မုံရွာမြို့ အလယ်ရပ် ချမ်းသာကြီးမြတ်စွာဘုရား



ပထမဦးဆုံးအကြိမ်
နွားဘေးမဲ့ နွား (၈) ကောင်ကို ဝယ်ယူ
လှူဒါန်းထိုက်သော စေတနာရှင်
အလှူရှင် ဒေါ်နှာဂမ

မောင်မောင်ချစ်ဦး(မုံရွာ)

# မုံရွာမြို့က (၃၄) ကြိမ်မြောက် နွားဘေးမဲ့လွှတ်ပွဲတော်ကြီး

**၁ နွားဘေးမဲ့ပွဲတော်ကြီး**


မြန်မာလူမျိုးတို့၏ ရိုးရာပွဲတော် ဖြစ်သော သင်္ကြန်ပွဲတော်ကြီးသည် မြန်မာနှစ် ၁၃၇၇ ခုနှစ် ကုန်ဆုံးသည်နှင့် အောင်အောင်မြင်မြင် ပြီးဆုံးသွားခဲ့ပြီ ဖြစ်သလို ၁၃၇၈ ခုနှစ် နှစ်သစ်သို့လည်း ကူးပြောင်းခဲ့ပြီ ဖြစ်ပါသည်။

အဆိုပါ နှစ်သစ်မှ နှစ်ဆန်း တစ်ရက်နေ့သည် နှစ်သစ်၏ပထမဦးဆုံး သောရက်ဖြစ်သောကြောင့် မြန်မာပြည်သူပြည်သားအပေါင်းတို့၏ အမြတ်တနိုး တန်ဖိုးထား မင်္ဂလာယူကြသော နေ့ထူး နေ့မြတ်ပင် ဖြစ်သည်။

ထိုမင်္ဂလာရက်ဖြစ်သော နှစ်ဆန်း တစ်ရက်နေ့တွင် မြန်မာပြည်သူပြည်သား အပေါင်းသည် ဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြခြင်း၊ ဆရာတော်ကြီးများ၏ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူကြခြင်း၊ ဆွမ်းနှင့် ဒါနပစ္စည်းများကပ်လှူကြခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းမှုပြုလုပ်ပေးခြင်း၊ ကောင်းမှုကုသိုလ်များပြုကြခြင်းနှင့် ဇီဝိတဒါန (သူတစ်ပါးအသက်ကိုချမ်းသာပေးခြင်း၊ သူတစ်ပါးအသက်ကို ကယ်တင်ခြင်း) ဘေးမဲ့လွှတ်ခြင်း စသည်ဖြင့် ၁၃၇၈ ခုနှစ် နှစ်သစ်ကို ကုသိုလ်ကောင်းမှုအစုစုတို့ဖြင့် အစပြုခဲ့ကြပါသည်။

ထိုကဲ့သို့ မြန်မာပြည်သူပြည်သား တစ်ရပ်လုံးမှ ၁၃၇၈ ခုနှစ် နှစ်သစ်၏ နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ကောင်းမှုကုသိုလ်များကိုပြုလုပ်ကြသလို မြန်မာနှစ် ၁၃၄၅ ခုနှစ်မှ ယခုနှစ် ၁၃၇၈ ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အလယ်ရပ်ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့က ကြီးမှူးသည့် ပါရမီရှင် ကုသိုလ်ရှင် စေတနာရှင်များ၏ (၃၄) ကြိမ်မြောက် ဇီဝိတဒါနနွားဘေးမဲ့လွှတ်ပွဲကြီးပင်ဖြစ်ပါသည်။

ဤဇီဝိတဒါနနွားဘေးမဲ့လွှတ်ပွဲ၏ ထူးခြားချက်မှာ နှစ်စဉ်နှစ်တိုင်း နှစ်ဆန်း တစ်ရက်နေ့တွင် မြို့နယ်စည်ပင်သာယာ 'ဓိ' လိုင်စင်ဖြင့် သတ်အံ့ဆဲဆဲနွားများကို သတ်မှတ်နှုန်းထားအတိုင်း နွားဘေးမဲ့




ဘေးမဲ့နွားများ မြို့တွင်း အလှူခံနေပုံ




www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တစ်ဦးချင်း၊ အဖွဲ့လိုက်ဖြင့် ဘေးမဲ့နွားများကို
ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့သို့ လာရောက် လှူဒါန်းကြသည်



မုံရွာမြို့ အလယ်ရပ် ချမ်းသာကြီးဘုရားအတွင်း နွားဘေးမဲ့အထိမ်းအမှတ် နွားရုပ်တုများ



ဘေးမဲ့နွားများ

...ဘွဲ့မှ ဝယ်ယူအသက်ကယ်တင်ဘေးမဲ့ ...တ်ပေးခြင်းပင် ဖြစ်ပါသည်။

ဤကဲ့သို့ သတ်အံ့ဆဲဆဲနွားများ ...င်း အနယ်နယ်အရပ်ရပ်မှ အဖွဲ့လိုက် ...သော တစ်ဦးချင်းဖြစ်စေ လာရောက် လှူဒါန်းကြသောနွားများကို စုစည်း၍ ကယ်တင်ခဲ့သည်မှာ ၁၃၇၈ ခုနှစ်အထိ (၃၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သလို အသက်ကယ်တင်ခွင့်ရရှိခဲ့သော အကောင်ရေ စုစုပေါင်းမှာလည်း (၇၀၂) ကောင် ရှိခဲ့ပြီ ဖြစ်ပေရာ ဂုဏ်ယူဝမ်းမြောက် သာဓု အနုမောဒနာခေါ် ဆိုကြရမည်ပင် ဖြစ်ပါသည်။

## ▫ ဘေးမဲ့အလှူ (၄) မျိုး

နွားသား (အမဲသား) အတွက် သတ်မည့်နွားများကိုရွေးနုတ်၍ အသက်ဘေးမှ ကာကွယ်ပေးပြီး နွားတို့အား ဘေးမဲ့ပေးနိုင်ရန်ကယ်တင်ခြင်းအလှူကို အသက်အလှူခံသောအဖွဲ့ (တစ်နည်းအားဖြင့်) ထိုအဖွဲ့ကို နွားဘေးမဲ့အဘယဇီဝိတဒါနအလှူတော်အဖွဲ့ဟူ၍ ခေါ်ဆိုကြ သည်။ ထိုအမည်နှင့်ထိုလုပ်ငန်းသည် လွန်စွာမှပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ လေးနက် ကောင်းမြတ်သော လုပ်ငန်းပင် ဖြစ်ပါသည်။

ဘေးမဲ့အလှူများတွင် -

၁။ လူအတွက်ဘေးမဲ့

၂။ သားကောင်အတွက်ဘေးမဲ့

၃။ ငှက်အတွက်ဘေးမဲ့

၄။ ရေသတ္တဝါ ငါး၊ လိပ်

စသည်အတွက် ဘေးမဲ့အလှူဟူ၍ အကြမ်းဖျင်း (၄) မျိုးရှိကြောင်း သိရှိရပါသည်။

## ▫ ရှေးရှေးကဘေးမဲ့အလှူများ

ဝေဿန္တရာမင်းကြီး၏ မယ်တော် ဖုသတီမိဖုရားကြီးသည် သေဒဏ်ကျသောရာဇဝတ်သားများကို တရားသဖြင့် နုတ်ပယ်နိုင်စေလိုသောဆု အပါအဝင် ဆုကြီး(၁၀)ပါးနှင့်ပြည့်စုံသဖြင့် သိဝိတိုင်း ဘုရင် သိဥ္စည်းမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်စဉ်က သေဒဏ်ကျရောက်သော ရာဇဝတ်သားတို့ကို သေဘေးမှနုတ်သိမ်း ကယ်တင်နိုင်ခဲ့သည်ဟူ၍ လေ့လာသိရှိရပါသည်။

စကြာမင်းကျင့်ဝတ် (၁၀) ပါး၊ (၁၂) ပါးတို့တွင် သားငှက်တို့ကိုနုတ်ပယ် သတ်မှတ်၍ ဘေးမဲ့ပေးခြင်း၌ရှိခဲ့ပေရာ စက္ကဝတ္တိရာဇမ္မ ကျင့်သုံးရှိခဲ့ပါသည်။ ဤသားငှက်ဘေးမဲ့ပေးရာတွင် အင်းအိုင် ရေကန်တို့၌ ကျက်စားကုန်သော ငါး၊ လိပ်၊ ပုစွန်တို့အား ဘေးမဲ့ပေးခြင်းကိုလည်း အကျုံးဝင်ပေသည်။

က္ကသိပတန မိဂါဝုန်တောသည် ဗာရာဏသီမင်းအဆက်ဆက် သားငှက်ဘေးမဲ့ပေးရာတောဖြစ်ခဲ့သလို စူဠမဟာဟံဇာတ်ကောင်၌လည်း ရေကန်ကြီးကို ဆည်ဖို့၍ ရေသောက်လာသော သားငှက်တို့ကို လည်းကောင်း၊ ငါး လိပ် ပုစွန် စသော ရေသတ္တဝါတို့ကို လည်းကောင်း ဘေးမဲ့ပေးခဲ့ကြောင်း သိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ဗိမ္ဗိသာရမင်းကြီးသည် ရဟန်းပုဏ္ဏားတို့အား နိုင်ငံတော်အတွင်း မြက်၊ ထင်း၊ ရေတို့ကို အလိုရှိတိုင်း သုံးဆောင်ကြစေသတည်းဟူ၍ သားငှက် ငါးဘေးမဲ့အပြင် မြက်၊ ထင်း၊ ရေ ထာဝရ အလှူတို့ကိုပါ အမိန့်တော်ပြန်၍လှူဒါန်း ခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် အသောကာရာမကျောင်းရေစက်ချပွဲကြီး ကျင်းပသောအခါ နိုင်ငံတော်အတွင်း ဤကျောင်းလွှတ်ပွဲတော် ကျင်းပစဉ် အတွင်း၌ သားကြီးငါးကြီးမပေါ် ရ၊ သား ငှက်သတ်ဖြတ်ခြင်းမပြုရ ဟူ၍ အမိန့် တော်ပြန်ခဲ့သည်။ ထို့ပြင် မင်းကြီးသည် ရွှေနန်းတော်စားဖိုအိမ်၌ သားငှက်သတ် ဖြတ်ခြင်းကို လျှော့ချခဲ့ပါသည်။

အထက်ပါအတိုင်း သားငှက်များ ကို ဘေးမဲ့ပေးရာ တော၊ တောင်နှင့် ငါး၊ လိပ်၊ ပုစွန်တို့ကို ဘေးမဲ့ပေးရာအင်းအိုင် တို့ကိုသတ်မှတ်၍ မြန်မာမင်းများ အမိန့်တော်ပြန်တမ်းထုတ်ခဲ့ကြောင်းကို လေ့လာသိရှိရပါသည်။


ထိုသို့ သားငှက်ဘေးမဲ့ဇီဝိတဒါန လုပ်ငန်းကြီးများကို မင်းနှင့်တကွပြုလုပ်ခဲ့ ခြင်းကို အတုယူ၍ မြန်မာနိုင်ငံတစ်ဝန်း လုံး ကြက်၊ ဝက်၊ ဆိတ်၊ နွားဘေးမဲ့လွှတ် ပွဲများ စသည့် ဇီဝိတဒါန ဘေးမဲ့အလှူ ပွဲတော်များကို စိုက်ထူခဲ့သည် ဟူ၍ ဆိုခဲ့ ကြပါသည်။


## ■ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည်ကား 'တစ်ခေတ်တစ်လူ၊ တစ်ခေတ်တစ်ဆူ' ဟု ဆိုသလောက် ထွန်းပေါက်လာသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် ကျော်ဖြစ်သည့်အားလျော်စွာ ထူးခြား သော မြန်မာ့သမိုင်းမှတ်တိုင်ကြီးများကို စိုက်ထူတော်မူခဲ့သည်။ထိုသမိုင်းမှတ်တိုင် တို့တွင် နွားဘေးမဲ့တရား၊ မေတ္တာစာ၊ နွားသားရှောင်ရန်လှုံ့ဆော်သောလုပ်ငန်း ကြီးကား လွန်စွာမှ ထူးခြားလှသော မြန်မာ့သမိုင်းမှတ်တိုင်ကြီးတစ်တိုင်အဖြစ် ထင်ရှားခဲ့ပါသည်။

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် မြန်မာပြည်တစ်ပြည်လုံး လှည့်လည်၍ နွားသားရှောင်တရားကို ထည့်သွင်း ဟောကြားခဲ့ပါသည်။ နွား သားစားခြင်းမှ ရှောင်ကြဉ်သူတို့အား ပဋိညာဉ်ပြုစေ၍ နွားဘေးမဲ့ဇီဝိတဒါန အလှူကိုလှူစေခဲ့ပါသည်။ ဆရာတော် ဘုရားကြီး၏လှုံ့လတော်ကြောင့် နွားသား စားခြင်းကို ရှောင်ကြဉ်ကြသူများ ထောင် သောင်းမက လူပေါင်းများစွာရှိခဲ့ကြ သလို အမြို့မြို့အနယ်နယ်များတွင် လည်း နွားဘေးမဲ့အလှူပွဲတော်ကြီးများ အလျှိုလျှိုပေါ် ထွက်လာခဲ့ပါသည်။

ထို့ကြောင့် နွားဘေးမဲ့ကုသိုလ် လုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သော လယ်တီဆရာတော်ဘုရားကြီး၏ လယ် တီဘေးမဲ့ကုသိုလ်တော်လုပ်ငန်းကြီးကို ဆက်လက် ထိန်းသိမ်း ကျင့်သုံးဆောင်





နွားဘေးမဲ့လွှတ်အဖွဲ့နှင့် ဘေးမဲ့ပေးခံရသော ဘေးမဲ့နွားများဖြင့် မုံရွာမြို့တွင်းအလှည့်နေပုံ



နှစ်စဉ်နှစ်တိုင်း ကြေးအများဆုံးသော ဘေးမဲ့နွားများကို ဝယ်ယူလှူဒါန်းနေသည့် ဦးကျော်နိုင် (ကွမ်းထုန်သည်)



www.burmeseclassic.com

www.burmeseclassic.com



နွားဘေးမဲ့အဖွဲ့များ မုံရွာမြို့တွင်းသို့ လှည့်လည်အလှူခံနေပုံ




ချမ်းသာကြီးဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင့်လွင်နှင့် နွားဘေးမဲ့အလှူခံအဖွဲ့

သွားကြရန် အထူးပင်တာဝန်ရှိသည် ယူဆကြသည်။ လယ်တီတပည့် သား ချမ်းသာကြီးမြတ်စွာဘုရား ပကအဖွဲ့သည် နွားဘေးမဲ့လုပ်ငန်း ၁၃၄၅ ခုနှစ်မှ စတင်၍ ပြုလုပ် သည်မှာ ၁၃၇၈ ခုနှစ်အထိဆိုလျှင် ကြိမ်မြောက်ပင်ရှိခဲ့ပြီ ဖြစ်ပေရာ လွှတ်သက်တမ်းရှည်သော ရှားမှ အာဂနွားဘေးမဲ့အဖွဲ့(တစ်နည်း ) ဖြစ်ပါကြောင်း ဤဆောင်းပါး ပြုမှတ်တမ်းတင်ရပါသည်။

**ပထမဦးဆုံးအကြိမ်နွားဘေးမဲ့**

မြန်မာနှစ် ၁၃၄၅ ခုနှစ်တွင် ဖြစ်

မုံရွာမြို့ အလယ်ရပ် ချမ်းသာကြီး ဘုရား၏ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ စိန် (ဦးလေးစိန် - ကွယ်လွန်) ဂေါပကအဖွဲ့နှင့် အဖွဲ့ဝင် များစုပေါင်း၍ နှစ်ဆန်းတစ်ရက် နေ့တွင် ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲ (ငါးဘေးမဲ့) ပြုလုပ်ကြရန် တိုင်ပင်ကြပြီး အလှူခံငွေဖလားချ၍ အလှူခံခဲ့ရာ အလှူငွေ (၁၀၀၀) ရရှိခဲ့ပါသည်။

ထိုငွေ (၁၀၀၀) သည် (ထိုကာလ က) ငါးလွှတ်ရုံမျှမက ပိုမိုရရှိသဖြင့် ငါးမှ နွားသို့ပြောင်းလဲ၍ဘေးမဲ့လွှတ်ရန် ထပ်မံ တိုင်ပင် ဆုံးဖြတ်ကြပြီး နွားကို မြူနီစပယ် (ယခု စည်ပင်သာယာ) က သားသတ်လိုင်စင်စီရရှိထားသူထံ သွား ရောက် ဝယ်ယူရန် ထွက်ခဲ့ပါသည်။

သို့သော် သားသတ်လိုင်စင်စီရ ထားသူက သတ်မည့်နွားမှာ စုစုပေါင်း (၉) ကောင် ဖြစ်သည်။ ယခုချမ်းသာကြီး ဂေါပကအဖွဲ့ဝယ်ယူနိုင်သည့်ငွေပမာဏ မှာ နွား (၁) ကောင်ဖိုးမျှသာဖြစ်သည်။ ကျန်နွား (၈) ကောင်ကို မဝယ်နိုင်၍ ထားခဲ့ပါကလည်း ထိုနွား(၈)ကောင်မှာ သားသတ်သမားများ၏ လက်တွင် သေ ကြရတော့မည် ဖြစ်သည်။ ဤသို့သော အခြေအနေကြောင့် ဂေါပကအဖွဲ့မှာ မည်သို့မည်ပုံပြုလုပ်ရမည်ပင် မသိကြ တော့ဘဲ စိတ်ဆင်းရဲစွာဖြင့် အကြံအိုက် ၍နေနေရတော့သည်။

ထိုကဲ့သို့ စိတ်ဆင်းရဲစွာဖြင့် အကြံ အိုက်နေစဉ်မှာပင် မုံရွာမြို့ အလယ် ရပ်ကွက် ပွဲစားတန်း-ကြယ်နီဆေးလိပ်ခုံ နှင့် မျက်စောင်းထိုးတွင် နေထိုင်သော ဟိန္ဒူလူမျိုး ဒေါ်နာဂမနှင့် တွေ့ဆုံပြီး စကားစပ်မိကြရာ ဝယ်ရန်ကျန်ရှိသော နွား(၈)ကောင်အား ဒေါ်နာဂမမှ မိမိတို့ မိသားစု၏ အလှူတော်အဖြစ် ဝယ်ယူ လှူဒါန်းလိုက်ပါသည်။

သို့ဖြစ်ရာ သားသတ်လိုင်စင်'စီ' အရ သတ်ခွင့်ပြုထားပြီးသော နွား (၉) ကောင်စလုံး ဝယ်ယူနိုင်ခဲ့၍ ချမ်းသာကြီး မြတ်စွာဘုရားဂေါပကအဖွဲ့၏လုပ်ငန်း တိုးချဲ့ ဇီဝိတဒါနအသက်ကယ်နွားဘေးမဲ့ အလှူတော်ပွဲဟူ၍ စည်ကားသိုက်မြိုက် စွာ ကျင်းပပြုလုပ်နိုင်ခဲ့ရာ ပထမအကြိမ် အောင်ပွဲကြီးပင်ဖြစ်ခဲ့ပါသည်။

(ဤဘေးမဲ့နွားလွှတ်ပွဲတော်ကြီး ဖြစ်မြောက် အောင်မြင်နိုင်စေရန် ပံ့ပိုး ကူညီ၍ နွား (၈) ကောင်ကို ဝယ်ယူ လှူဒါန်းခဲ့သော စေတနာရှင် ကုသိုလ်ရှင် ဒေါ်နာဂမ-ကွယ်လွန်အား ဤဆောင်းပါး ဖြင့် ဂုဏ်ပြုအပ်ပါသည်။)

**❑ အခက်အခဲများ**

နွားဘေးမဲ့လွှတ်ပွဲသည် လွယ်သည် ဟု ထင်မြင်ခဲ့သော်လည်း အမှန်တကယ် လုပ်ကိုင်သည့်အခါတွင် အခက်အခဲများ စွာနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ သို့သော် လည်း နွားဘေးမဲ့လုပ်ငန်းကို အောင်မြင် အောင် ဆောင်ရွက်မည်ဟူ၍ သန္နိဋ္ဌာန် ချထားပြီဖြစ်ကြသော ချမ်းသာကြီး မြတ်စွာဘုရားဂေါပကအဖွဲ့သည် တွေ့ ကြုံလာသည့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပါသည်။

ယခုနွားဘေးမဲ့အသက်ကယ်သည် ဆိုသောသဘောသည်ပင် သာမန်ကယ် တင်ခြင်းမျိုး မဟုတ်ပေ။ သတ်အံ့ဆဲဆဲ သေရတော့မည့်သားသတ်လိုင်စင်စီဖြင့် ခွင့်ပြုထားပြီးသောနွားများကို အသက် ရှင်ရေးကယ်တင်၍ ဘေးမဲ့ပေးကြသည် ဖြစ်သလို အဆိုပါနွားများသည်လည်း သားသတ်ဌာန၏ စည်းကမ်းစည်းမျဉ်း အရ အပြစ်အနာအဆာရှိသော နွားများ သာဖြစ်ရပါမည်။

ငင်းနွားများမှာ -

အသက်ကြီးပြီး လုပ်ငန်းမ



www.burmeseclassic.com

www.burmeseclassic.com

သည့်နွား၊
ရောဂါကူးစက်မဟုတ်ဘဲ အသုံးမဝင်သည့်နွား၊
မသန်မစွမ်းအကျိုးအကန်းနွား။
ညှဉ်ဆိုး ဝေ့ကန်တတ်သော နွားများ
ဖြစ်ကြပါသည်။

ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့သည် အလှူရှင် စေတနာရှင် ဒေါ်နာဂမ၏ လှူဒါန်းမှုဖြင့် (အထက်ပါပြစ်ချက်များပါပြီး) သတ်အံ့ဆဲဆဲ နွား (၉)ကောင်စလုံးကို ဝယ်ယူနိုင်ခဲ့ပါသည်။

သို့သော် ဘေးမဲ့လွှတ် ပို့ဆောင်လှူဒါန်းရမည့်နေရာ နွားဘေးမဲ့ခြံများကို စုံစမ်းကြရပါသည်။ အဆိုပါ နွားဘေးမဲ့ခြံသည် နွားဘေးမဲ့ထား ကျွေးမွေးပြုစုစောင့်ရှောက်ရန်မှာလည်း သတ်မှတ်ထားသောစည်းကမ်းချက်များရှိပါသည်။

ငင်းစည်းကမ်းချက်များမှာ -

၁။ အသက်အန္တရာယ်လုံခြုံရမည်။

၂။ စားရေရိက္ခာပြည့်စုံရမည်။

၃။ ဆေးကုရန် တိ/ကုဆရာဝန် ရှိရမည်။

၄။ ခိုင်းမစားရ ဟူ၍ဖြစ်ပါသည်။

ချမ်းသာကြီးဂေါပကအဖွဲ့သည် အထက်ပါစည်းကမ်းချက်များနှင့် ပြည့်စုံသည့်နွားဘေးမဲ့ခြံများကိုစုံစမ်းရာ မန္တလေးမြို့ တံခွန်တိုင် ဟိန္ဒူအသင်းနွားဘေးမဲ့ခြံကို သိရှိခဲ့ပါသည်။ ထို့ကြောင့် မြန်မာနှစ် ၁၃၄၅ခုနှစ် ပထမဦးဆုံးအကြိမ်အဖြစ် နွားဘေးမဲ့လွှတ်ပွဲကြီး၏ နွား (၉) ကောင်ကို မုံရွာမြို့ဟိန္ဒူအသင်းဥက္ကဋ္ဌဦးတင်မြင့်နှင့် ဦးစံထွန်းတို့၏ ဦးစီးဦးဆောင်မှုဖြင့် အောင်မြင် ချောမောစွာ ပို့ဆောင်နိုင်ခဲ့ကြပါသည်။

**ဘေးမဲ့ပေးခဲ့ပြီးသောနွားအရေအတွက်**

မုံရွာမြို့ အလယ်ရပ် ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့မှ ကြီးမှူးဦးဆောင်၍ စေတနာရှင် အလှူရှင် ကုသိုလ်ရှင်များ စုပေါင်း၍ ဇီဝိတဒါန နွားဘေးမဲ့ပွဲတွင် ၁၃၄၅ ခုနှစ် ပထမအကြိမ်မြောက်မှ ၁၃၇၈ ခုနှစ် (၃၄) ကြိမ်မြောက်အထိ အသက်ကယ်တင်ခဲ့သောနွားကောင်ရေပေါင်းမှာ ဇယားပါအတိုင်းဖြစ်ပါသည်။

**ဘေးမဲ့ပေးပို့ခဲ့သောဘေးမဲ့ခြံများ**

ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့မှ ဦးဆောင်၍ ပါရမီရှင် ကုသိုလ်ရှင် စေတနာရှင်များက စုပေါင်းလှူဒါန်းခဲ့ကြသောဘေးမဲ့နွား ဤသို့ ခုနှစ်အကြိမ်အလိုက် ယှဉ်တွဲပါဘေးမဲ့ခြံများသို့ ပေးပို့လှူဒါန်းခဲ့ကြပါသည်။

၁။ ပထမဆုံးအကြိမ် ၁၃၄၅ ခုနှစ်မှ (၁၃) ကြိမ်မြောက် ၁၃၅၇ခုနှစ်အထိ မန္တလေးမြို့ တံခွန်တိုင်နွားဘေးမဲ့ခြံ။

၂။ (၁၄) ကြိမ်မြောက် ၁၃၅၈ ခုနှစ်မှ (၁၇) ကြိမ်မြောက် ၁၃၆၁ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမည်းပြင်ဘိုးဘိုးကြီးနွားဘေးမဲ့ခြံ။

| | | | |
|---|---|---|---|
| ၁။ | ၁၃၄၅ခုနှစ် | ပထမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၉ကောင် |
| ၂။ | ၁၃၄၆ခုနှစ် | ဒုတိယအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၅ကောင် |
| ၃။ | ၁၃၄၇ခုနှစ် | တတိယအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၉ကောင် |
| ၄။ | ၁၃၄၈ခုနှစ် | စတုတ္ထအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၈ကောင် |
| ၅။ | ၁၃၄၉ခုနှစ် | ပဉ္စမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၆ကောင် |
| ၆။ | ၁၃၅၀ခုနှစ် | ဆဋ္ဌမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၃၇ကောင် |
| ၇။ | ၁၃၅၁ခုနှစ် | သတ္တမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၆ကောင် |
| ၈။ | ၁၃၅၂ခုနှစ် | အဋ္ဌမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၃၄ကောင် |
| ၉။ | ၁၃၅၃ခုနှစ် | နဝမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၃၂ကောင် |
| ၁၀။ | ၁၃၅၄ခုနှစ် | ဒသမအကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၃၈ကောင် |
| ၁၁။ | ၁၃၅၅ခုနှစ် | (၁၁) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၀ကောင် |
| ၁၂။ | ၁၃၅၆ခုနှစ် | (၁၂) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၀ကောင် |
| ၁၃။ | ၁၃၅၇ခုနှစ် | (၁၃) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၄ကောင် |
| ၁၄။ | ၁၃၅၈ခုနှစ် | (၁၄) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၂ကောင် |
| ၁၅။ | ၁၃၅၉ခုနှစ် | (၁၅) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၃ကောင် |
| ၁၆။ | ၁၃၆၀ခုနှစ် | (၁၆) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၉ကောင် |
| ၁၇။ | ၁၃၆၁ခုနှစ် | (၁၇) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၁ကောင် |
| ၁၈။ | ၁၃၆၂ခုနှစ် | (၁၈) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၀ကောင် |
| ၁၉။ | ၁၃၆၃ခုနှစ် | (၁၉) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၅ကောင် |
| ၂၀။ | ၁၃၆၄ခုနှစ် | (၂၀) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၁ကောင် |
| ၂၁။ | ၁၃၆၅ခုနှစ် | (၂၁) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၅ကောင် |
| ၂၂။ | ၁၃၆၆ခုနှစ် | (၂၂) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၇ကောင် |
| ၂၃။ | ၁၃၆၇ခုနှစ် | (၂၃) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၂ကောင် |
| ၂၄။ | ၁၃၆၈ခုနှစ် | (၂၄) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၂ကောင် |
| ၂၅။ | ၁၃၆၉ခုနှစ် | (၂၅) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၄ကောင် |
| ၂၆။ | ၁၃၇၀ခုနှစ် | (၂၆) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၂ကောင် |
| ၂၇။ | ၁၃၇၁ခုနှစ် | (၂၇) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၁၆ကောင် |
| ၂၈။ | ၁၃၇၂ခုနှစ် | (၂၈) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၇ကောင် |
| ၂၉။ | ၁၃၇၃ခုနှစ် | (၂၉) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၉ကောင် |
| ၃၀။ | ၁၃၇၄ခုနှစ် | (၃၀) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၀ကောင် |
| ၃၁။ | ၁၃၇၅ခုနှစ် | (၃၁) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၂၀ကောင် |
| ၃၂။ | ၁၃၇၆ခုနှစ် | (၃၂) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၃၀ကောင် |
| ၃၃။ | ၁၃၇၇ခုနှစ် | (၃၃) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၄၇ကောင် |
| ၃၄။ | ၁၃၇၈ခုနှစ် | (၃၄) ကြိမ်နွားဘေးမဲ့ပွဲတွင်နွား | ၈၂ကောင် |
| | | စုစုပေါင်းနွားကောင်ရေ | ၇၀၂ကောင် |



www.burmeseclassic.com

www.burmeseclassic.com

၃။ (၁၈) ကြိမ်မြောက် ၁၃၆၂ ခုနှစ်မှ (၁၉) ကြိမ်မြောက် ၁၃၆၃ ခုနှစ်အထိ ပြင်ဦးလွင်မြို့ ပွေးတောင်သျှိကစ္စနားနွားဘေးမဲ့ခြံ။

၄။ (၂၀) ကြိမ်မြောက် ၁၃၆၄ ခုနှစ်မှ (၂၅) ကြိမ်မြောက် ၁၃၆၉ ခုနှစ်အထိ နောင်ချိုမြို့နယ် သုံးဆယ်ရွာ လော့ခူး သက်ရှည်မြိုင်နွားဘေးမဲ့ခြင်း။

၅။ (၂၆) ကြိမ်မြောက် ၁၃၇၀ ပြည့်နှစ်မှ (၂၈) ကြိမ်မြောက် ၁၃၇၂ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီး ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။

၆။ (၂၉) ကြိမ်မြောက် ၁၃၇၃ ခုနှစ်မှ (၃၀) ကြိမ်မြောက် ၁၃၇၄ ခုနှစ်ထိ ရန်ကုန် ဂျူဗလီပန်ဂျရာပို(လ်)စိုဆိုက်တီး ဟိန္ဒူဘာသာရေးဂေါသာလဘေးမဲ့နွားခြံ။

၇။ (၃၁) ကြိမ်မြောက် ၁၃၇၅ ခုနှစ်တွင် ရေစကြိုမြို့နယ် ပန်းတိုင်းခြံကျေးရွာ မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ်။

၈။ (၃၂) ကြိမ်မြောက် ၁၃၇၆ ခုနှစ်မှ (၃၃) ကြိမ်မြောက် ၁၃၇၇ ခုနှစ်အထိ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဘောခိငါးထောင်ဘေးမဲ့ခြံ။

၉။ (၃၄) ကြိမ်မြောက် ၁၃၇၈ ခုနှစ်တွင် စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းခွဲရွာ၊ ဦးမှတ်ဘေးမဲ့ခြံ (မန္တလေးမြို့ တောင်စလင်းတိုက်ဆရာတော် ဦးတိက္ခမှ ဦးစီးတည်ထောင်ထားသော နွားဘေးမဲ့ခြံဖြစ်ပါသည်) များ ဖြစ်ကြပါသည်။

ယခုနှစ် (၃၄) ကြိမ်မြောက် ဘေးမဲ့ခြံသို့ ပေးပို့လှူဒါန်းခဲ့သော နွားကောင်ရေ(၈၂)ကောင်အနက်မှ ဘေးမဲ့နွား (၃၀) ကောင်မှာ ဒီပဲယင်းမြို့နယ် ရွှေဒါးကန်ရွာဦးဝင်းဗိုလ်မှ ခြံပြတ်လှူဒါန်းခဲ့သောဘေးမဲ့နွားများပင် ဖြစ်ပါသည်။

ယခုနှစ် (၃၄) ကြိမ်မြောက်တွင် ဦးမှတ်ဘေးမဲ့ခြံသို့ ပေးပို့လှူဒါန်းခဲ့သော နွားကောင်ရေ (၈၂) ကောင်မှာ များပြားနေသည့်အတွက် နွားနေရာအဆောက်အအုံအခက်အခဲရှိနေ၍ နွားခြံဆောက်လုပ်နိုင်ရန် သိန်း (၅၀) ပါဘေးမဲ့နွားများ အတူ လှူဒါန်းခဲ့ကြောင်းလည်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင့်လွင် (ကေသရဝတီ) ၏ပြောပြချက်အရ သိရှိရပါသည်။

နွားဘေးမဲ့လှူဒါန်းမှုတွင် ထူးခြားသော အလှူရှင်ရှိပါသည်။ ၎င်းအလှူရှင်မှာ ရွှေကန်သည် ဦးကျော်နိုင်မိသားစု ဖြစ်သည်။ ၎င်းတို့သည် (၁၄) ကြိမ်မြောက်ကတည်းကစ၍ ယခု (၃၄) ကြိမ်မြောက်အထိ သတ်အံ့ဆဲဆဲနွားထဲမှ အဖိုးအများဆုံး ပေးဝယ်ရသောနွားကိုသာ နှစ်စဉ်ဝယ်ယူ လှူဒါန်းနေသော အလှူရှင်ပင်ဖြစ်ပါသည်။

**■ ပါဏာတိပါတ၏ဆိုးကျိုးနှင့် ရှောင်ကြဉ်ကျိုးများ**

သူတစ်ပါးအသက်ကို သတ်ခြင်းသည် -

ညှဉ်းဆဲသတ်ဖြတ်၊ သက်တိုတတ်၏။ များလတ်ရောဂါ မကျန်းမာဘူး၊ အင်္ဂါချို့ယွင်း၊ ဖောက်ပြန်ခြင်းကြောင့်၊ ရုပ်ဆင်းမလှ၊ ချို့မကျဲ၊ မုန်းသူပေါများ၊ ကြောက်စိတ်များ၏၊ ကြီးမားစိုးပူ နှိပ်စက်သူနှင့် ရန်သူလည်းများ၊ ဆုတ်အင်အားနှင့် သူများသတ်ဖြတ် သေရတတ်၍၊ သေလတ်ပြီးခါ၊ ပါယ်လေးရွာ၊ ရောက်ရာလမ်းကြောင်း အမှန်တည်း. . .

ဟူသည့် ဆိုးကျိုးများ ဖြစ်ပေါ်ရသလို သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်းမပြုခြင်းနှင့် သူတစ်ပါး၏ အသက်ကို ကယ်တင်ခြင်းသည် -

သူ့သက်မသတ်၊ ရှောင်ကြဉ်လတ်မူ၊ မကပ်ရောဂါ၊ လွန်ကျန်းမာလျက်၊ ရှည်စွာအသက်၊ ကြောက်မဖက်ဘဲ၊ စိတ်လက်ချမ်းသာ၊ ပူကင်းကွာ၍၊ အင်္ဂါပြည့်ဝ၊ အချိုးကျလျက်၊ လှပကိုယ်လက်၊ မနှိပ်စက်နိုင် မသတ်နိုင်၊ မြဲခိုင် ကောင်းကျိုးတည်း"

ဟူသည့် ကောင်းကျိုးချမ်းသာများကို ရရှိခံစားနိုင်မည် ဖြစ်သည်။

ယခု ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့နှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ကုသိုလ်ရှင်များ စုပေါင်း၍ သတ်အံ့ဆဲဆဲနွားများကို ကယ်တင်ခြင်းသည်ကား လွန်စွာမှပင် မွန်မြတ်၍ နတ်၊ လူသာခုခေါ်ကြမည်ဖြစ်သလို ပါဏာတိပါတရှောင်ကြဉ်ကျိုးများကိုလည်း မလွဲမသွေ ခံစားစံစားကြရမည်ပင်ဖြစ်သည်။

**■ ကျောက်စိမ်းရတုဆီသို့**

နွားတို့သည် လူသားများ အသက်ရှင်သန်ဖို့ စားသုံးရန် ဆန်၊ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများနှင့်အတူ နေပူမိုးရွာမရှောင် အားသွန်ခွန်စိုက် ရှန်းကန်လုပ်ကိုင်ပေးခဲ့ကြသည့် ကျေးဇူးရှင် စီးပွားဖက်များဖြစ်ကြ၏။ လူတို့သည် နွားများကို အားရှိစဉ်တွင် နည်းမျိုးစုံစေခိုင်း၍ အားနည်းလာသည့်အခါ အသားပေါ်ရောင်းသူများထံသို့ သနားညာတာမှုကင်းစွာဖြင့် ကျေးဇူးတရားကို မငဲ့ကွက်ဘဲ ရောင်းစားကြသည့်သူများလည်းရှိကြပေသည်။

နွားများသည်လည်း သေဘေးကိုသိ၍ ကြောက်ရွံ့တတ်သောသတ္တဝါ ဖြစ်ပါသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် 'နွားမေတ္တာစာနှင့် ဂေါဏမံသဒီပနီ' စသော နွားသား (သို့) အမဲသားမစားကြရန် တစ်ပြည်လုံး လှည့်လည်၍ ဟောပြောသလို စာပေကျမ်းဂန်အဖြစ်လည်း စီရင်ရေးသားတော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ တပည့်များ၊ ဆရာဒကာများမှ လက်ဆင့်ကမ်း ယုံကြည်သက်ဝင်စွာ သယ်ဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ် ချမ်းသာကြီးမြတ်စွာဘုရားကြီး၏ ဂေါပကအဖွဲ့နှင့် စေတနာရှင် အလှူရှင်ကုသိုလ်ရှင်များ စုပေါင်း၍ ၁၃၄၅ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့မှစ၍ နှစ်စဉ် သတ်မည့်နွားတို့ကို အသက်ဘေးမှကာကွယ်ပေးပြီး ဇီဝိတဒါနနွားဘေးမဲ့ပွဲတော်ကြီးကို စည်ကား သိုက်မြိုက်စွာဖြင့် ပြုလုပ်ကျင်းပခဲ့ကြသည်မှာ ယခု ၁၃၇၈ ခုနှစ်တွင် (၃၄) ကြိမ် ပုလဲရတု) သို့ ရောက်ခဲ့ပြီ ဖြစ်ပါသည်။

ဤကဲ့သို့ မုံရွာမြို့၏ ဂုဏ်ယူစရာကောင်းလှသည့်နွားဘေးမဲ့ပွဲတော်ကြီးကို (၃၄) ကြိမ်မြောက် သက်တမ်းရှည်စွာ အောင်အောင်မြင်မြင် ပြုလုပ်လာနိုင်ခဲ့ခြင်းသည် ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့နှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်၊ ကုသိုလ်ရှင်များ ပူးပေါင်းပါဝင်လှူဒါန်းဆောင်ရွက်မှုများကြောင့်ပင် ဖြစ်ပါသည်။

ဤဘေးမဲ့ပွဲတော်ကြီးကို နောင်နှစ်နောင်နှစ်များတွင်လည်း ဆက်၍ဆက်၍ ပြုလုပ်သွားကြမည်ဖြစ်ပေရာ လာမည့်နှစ် 'ကျောက်စိမ်းရတု' (၃၅-ကြိမ်မြောက်) တွင် ဆင်ယင်ပြုလုပ်ပြီးစီးခဲ့သည့်အကြိမ်များထက် ပို၍ပို၍ အောင်မြင်စွာပြုလုပ်နိုင်ရေးနှင့် သတ်အံ့ဆဲဆဲ နွားကောင်ရေများစွာ၏ အသက်ပေါင်းများစွာကိုလည်း ကယ်တင်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့ရင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

(ချမ်းသာကြီး မြတ်စွာဘုရား ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင့်လွင် ကေသရဝတီကွန်ပျူတာစာစီနှင့် မုံရွာမြို့ နယ်စာရေးဆရာအသင်းစဲ့ဖက်အတွင်းရေးမှူး မျိုးဝင်းထွန်း-မုံရွာတို့အား ဤဆောင်းပါးဖြင့် မှတ်တမ်းတင်အပ်ပါသည်)

မောင်မောင်ချစ်ဦး (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ဂုဏ်တော်ပရိတ်တော်များသည် ယုံကြည်သက်ဝင်စွာ ရွတ်ဖတ်ထုံမွမ်းနေလျှင် ရွတ်ဆိုပွားများသူအတွက် လောကီ၊ လောကုတ္တရာကောင်းကျိုးများ မလွဲမသွေ ရရှိစေနိုင်ပါသည်။ အထင်ရှားဆုံးသောသာဓကမှာ ထင်းခွေယောက်ျားသားအဖ၏ ဇာတ်လမ်းလေးသည် လူတိုင်းလိုလိုပင် သိရှိပြီးဖြစ်ပါသည်။

ယခုမျက်မှောက်ကာလတွင်လည်း ထိုဖြစ်စဉ်မျိုးရှိနေပါသည်။ ၂၀၁၆ ခုနှစ် ဇွန်လထုတ် သူရဇ္ဇမဂ္ဂဇင်းကြီး၌ ဆရာကောင်းစံသာ (မင်းတုံး) ၏ သမ္ဗုဒ္ဓေ အစွမ်းတွင် သူပုန်များဖမ်းသွားပြီး သတ်ရန် ချုပ်နှောင်ထားဆဲ သမ္ဗုဒ္ဓေ၏အစွမ်းကြောင့် သေဘေးမှ လွတ်မြောက်ခဲ့ပုံအား ဖတ်ရှုရပါသည်။ သမ္ဗုဒ္ဓေဂါထာတော်နှင့်ပတ်သက်၍ အခြားသောဖြစ်ရပ်ဇာတ်လမ်းတို့လည်း များစွာဖတ်ရှုရပေရာ လွန်စွာမှပင်လေးမြတ်ကြည်ညိုရပါသည်။

ဤစာရေးသားသူ ကျွန်တော်ကိုယ်တိုင်သည်လည်း သမ္ဗုဒ္ဓေသမားဖြစ်ပါသည်။ကျွန်တော့်အမေဒေါ်ဖွားရှင်သည် ၁၉၄၈ ခုနှစ်လောက်မှစတင်၍ ကျွန်တော် (၁၂) နှစ်သားအရွယ်တွင် သမ္ဗုဒ္ဓေဂါထာတော်ကို နှုတ်တက်အာဂုံဆောင်နိုင်အောင် သင်ကြားပေးသလို သမ္ဗုဒ္ဓေ၏အစွမ်းထက်ပုံ သာဓကဖြစ်ရပ်များကိုလည်း ဟောပြောပို့ချပါသည်။ ထိုအရွယ်မှစ၍ ကျွန်တော်လည်း နေ့စဉ် သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုသည့်အလေ့အကျင့်ရပါတော့သည်။

ကျွန်တော်၏ ဇာတိရပ်ရွာသည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ လက်ပံတန်းမြို့အပိုင် ကွမ်းခြံရွာကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဂျပန်နိုင်ငံသို့သွားခဲ့ကြသော ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သူ ဗိုလ်ဘုန်းမြင့်သည် ကျွန်တော်တို့ ကွမ်းခြံရွာသား ဖြစ်၏။ ကျွန်တော်တို့ခြံနှင့် စည်းရိုးသာခြားပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းလာသော ရောင်စုံသောင်းကျန်းသူတို့သည် တစ်ပြည်လုံးလိုလိုပင် ဒုက္ခပေးနေချိန်ဖြစ်သော ၁၉၄၉ ခုနှစ်၏ မိုးတစ်ည (၁၀) နာရီခန့်တွင် ကျွန်တော်တို့ကွမ်းခြံရွာအရှေ့မိုင်းအား မည်သည့်အဖွဲ့အစည်းမှဟု မသိရသော သောင်းကျန်းသူအင်အားနှစ်ဆယ်ခန့်ဝင်စီးပါသည်။ ရွာကို ဓားပြတိုက်ခြင်းဖြစ်ပါသည်။ ကွမ်းခြံရွာသည် ပြည်-ရန်ကုန်အဝေးပြေးလမ်းမကြီးအားထိပ်တိုက်၍ အရှေ့၊ အနောက်တန်းနေသည့်ရွာဖြစ်ပါသည်။ ထိုစဉ်က အိမ်ခြေနှစ်ရာခန့်ရှိမည်ဟု ထင်ပါသည်။

ကွမ်းခြံရွာ၏ ဦးထိပ်ဆုံးအိမ်သည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့် (သခင်တင်အေး)၏မိဘများဖြစ်သော ဦးဘ၏အိမ်ဖြစ်ပါသည်။ ဗိုလ်ဘုန်းမြင့်သည် ထိုအချိန်၌ သူ့မိသားစုနှင့်အတူ လက်ပံတန်းမြို့ပေါ်သို့ရောက်နေပါပြီ။ ဦးဘတို့အိမ်ပြီးလျှင် ကျွန်တော်တို့အိမ် ဖြစ်ပါသည်။ သောင်းကျန်းသူဓားပြတို့သည်

ဓာတ်ပုံ-မောင်မောင်အေး

# ဓားပြများမဝင်နိုင်သည့် သမ္ဗုဒ္ဓေခြံကြီး





www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အန္တရာယ်မပြု ဂုဏ်လေးခု

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိယဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

၄။ ဗုဒ္ဓါနံ ဒ္ဒတ္တိံသ မဟာပုရိသ လက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနဥ္စ ဗျာမပ္ပဘာ ဒိရံသိနဥ္စ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။ ။

ဤဂါထာတော်၏ အကျိုးကျေးဇူးမှာ အသက်၊ အသိဉာဏ်ပညာ၊ ဥစ္စာပစ္စည်းပွား၊ ခြေလက်အင်္ဂါ၊ စွမ်းရည်သတ္တိတို့ အန္တရာယ်မရှိ ထိခိုက်ဆုတ်ယုတ်ခြင်းမရှိ တိုးပွားခိုင်မြဲလိုသူတို့ အရကျက်မှတ်ပြီး၊ နေ့စဉ် (၉) ခေါက် မှန်မှန်ရွတ်ပါ။

## ❑ ဂုဏ်တော်ရှင်

ဣတိပိသော ဘဂဝါ ပုဗ္ဗေနိဝါတ စက္ခုဉာဏံ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဒိဗ္ဗစက္ခုဉာဏံ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော လောကဝိဒူ အာသဝက္ခယ ဉာဏံ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ သဗ္ဗညုတ်ဉာဏ်၊ စက္ခုဝိဉာဏဥ္စ၊ သတ္ထာဒေဝ မနုဿနံ၊ ပုရေရန္တောပိ ဗုဒ္ဓေါ ဘဂဝါ။ ။

အိပ်ရာထပြီးချိန်တွင် ကြေးဖလားငယ်ဖြင့် ရေထည့်၍ ဤဂါထာကို နေ့စဉ် (၉) ခေါက် ရွတ်ဆိုပြီးသောက်ပါ။ အကျိုးထူးတရားရဒုံ။

## ❑ နမော ဗုဒ္ဓါယ သိဒ္ဓံ

န ကာရော ကကုသန္ဓော၊ မော ကာရော ကောဏာဂမနော၊ ဗု ကာရော ကဿပေါဗုဒ္ဓေါ၊ ဒ္ဓါကာရော ဂေါတမော သကျပုတ္တော၊ ယျကာရော အရိမေတ္တယျော ဣမေ ပဥ္စဗုဒ္ဓါ မမသီသေ နိစ္စံ တိဋ္ဌန္တု။

အကြောင်းကိစ္စရှိလျှင် မိမိသွားလိုရာအရပ်သို့ ခြေစုံရပ်၊ မျက်နှာမူ၍ (၇)ခေါက်ရွတ်ပါ။ ဘယ်ခြေမှစလှမ်းပါ။ ကျွဲ၊ နွား၊ ဝက်၊ အရက် ရှောင်ကြဉ်ထားပါ။ ဗုဒ္ဓံ - မြတ်စွာဘုရားကို သရဏံ - ကိုးကွယ် လဲလျောင်း ပုန်းအောင်း မှီခိုရာဟူ၍ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။ ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ - ကိုးကွယ် လဲလျောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။ သံဃံ - အရိယာသံဃာတော်မြတ်ကို၊ သရဏံ - ကိုးကွယ် မှီခိုရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏ ဘုရား။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

ရွာကိုဝင်မိသည်နှင့် တစ်ပြိုင်တည်း ထိုခေတ်က အကောင်းဆုံးဖြစ်သော ဘရင်းဂန်းသေနတ်ဖြင့် အော်တိုမက်တစ် ပစ်၍ ဝင်လာပါသည်။

ဘရင်းဂန်းသေနတ်ကိုသုံးသော ကြောင့် ရိုးရိုးဓားပြမဟုတ်ကြောင်းသိကြပါသည်။ သူတို့အား ခုခံနိုင်သူလည်း မရှိပါဘဲ ဘရင်းဂန်းကိုအဆက်မပြတ်ပစ်၍ ထင်စီးခြင်းဖြစ်သည်။

ကျွန်တော်၏အမေ ဒေါ်ဖွားရှင်သည် ညစဉ်ဘုရားရှိခိုးဝတ်ပြုပြီးသည်နှင့် ကျွန်တော်တို့ခြံစည်းရိုးနယ်နိမိတ်ကိုပတ်လည်အား လက်ညှိုးညွှန်၍ သမ္ဗုဒ္ဓေဂါထာကိုရွတ်ဆိုကာ စည်းချပါသည်။ ထိုသို့ သမ္ဗုဒ္ဓေဂါထာတော်ဖြင့် စည်းချသည်မှာ ညစဉ်ဝတ္တရားမပျက်ပါ။ ကျွန်တော်ကလည်း အမေလုပ်သလို အတူတကွလိုက်၍လုပ်သူ ဖြစ်ပါသည်။ ကျွန်တော်တို့မိသားစု ငါးဦးရှိရာ အမေနှင့် ကျွန်တော်သာ သမ္ဗုဒ္ဓေသမားဖြစ်၍ ကျန်သူတို့က သမ္ဗုဒ္ဓေမရွတ်သူများဖြစ်ကြသည်။

ဓားပြများ ရွာကိုဝင်မစီးခင် ညနေပိုင်းကပင် အမေနှင့်ကျွန်တော်တို့ ညစဉ်ဝတ်မပျက်သော သမ္ဗုဒ္ဓေရွတ်ဆိုစည်းချခြင်းလုပ်ငန်းက ပြုလုပ်ပြီးဖြစ်ပါသည်။ ဘရင်းဂန်းပစ်သံများကြားသော အခါ အားလုံးပင် အိပ်ရာမှအမြန်ထ၍ အိမ်အောက်ဆင်းကာ ကျည်ကွယ်မည်ထင်သောနေရာပုန်းကွယ်ကြရာ အမေနှင့်ကျွန်တော်ကအတူတူ၊ အစ်မကြီးမခင်တင့်က အခြားသူ၏ခြံဘက်ပြေးပါသည်။

ဘရင်းဂန်းကိုင်သောဓားပြသည် ကျွန်တော်တို့အိမ်သို့ဝင်သောခြံတံခါးဝတွင်ရပ်ကာ ဘရင်းဂန်းပစ်ပေးပါသည်။ စတင်းဂန်းပစ်သံလည်း ကြားရပါသည်။ ကွမ်းခြံရွာအရှေ့ပိုင်းရှိ အိမ်အားလုံးသို့ တစ်အိမ်တက်တစ်အိမ်ဆင်း အားလုံးယူငင်ပါသည်။ ဗိုလ်ဘုန်းမြင့်၏အဖေ ဦးဘအိမ်ကဆိုလျှင် ဆရာဦးအေးမောင်၏ ဟမ်းဘားစက်ဘီးပါယူသွားပါသည်။ အခြားသူ၏ခြံသို့ ပြေးပုန်းသော အစ်မကြီးမခင်တင့်ဆိုလျှင် နားကပ်ပေးလိုက်ရပါသည်။

ကျွန်တော်နှင့် အမေဒေါ်ဖွားရှင်သည် မိမိ၏အိမ်အောက်တွင်နေလျက် သမ္ဗုဒ္ဓေဂါထာတော်ကို အထပ်ထပ်ရွတ်ဆိုနေသည်မှာ ဓားပြများ ရွာမှပြန်ထွက်သည်အထိ ဖြစ်ပါသည်။

ထူးဆန်းလွန်းပါသည်။ ဘရင်းဂန်းကိုင်ဓားပြသည် ခြံပေါက်တွင်ရပ်ကာ ဘရင်းဂန်ပစ်နေပါသော်လည်း ခြံစည်းရိုးတွင်းသို့ လုံးဝဝင်ခြင်းမရှိသလို အခြားဓားပြများလည်း အိမ်ပေါက်စေ့ဝင်ကာ ရသမျှ လုယက်ယူငင်ကြပါလျက် ရွာဦးထိပ်၏ ဒုတိယနေရာတွင်ရှိသော ကျည်ကွယ်မျက်ကွယ်မဟုတ်ဘဲ ထင်ထင်လင်းလင်းမြင်နေရသည့် ကျွန်တော်တို့ခြံသို့ လုံးဝမဝင်ခြင်းသည် အလွန်ပင်ထူးခြားလှသည့်ဖြစ်ရပ်ပါ။

(၅၂၈၀၀၀) ကုန်သော ဘုရားရှင်အပေါင်းတို့အား နေ့စဉ်ရှိခိုးပူဇော်ရွတ်ဆိုပွားများရသော သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ တန်ခိုးတေဇော်အာနုဘော်တော်ကြောင့် 'ဓားပြများမဝင်နိုင်သည့်သမ္ဗုဒ္ဓေခြံကြီး' ဖြစ်ပါသတည်း။

(ကျွန်တော် ဓာတ်ပုံ-မောင်မောင်အေး၏ကိုယ်တွေ့ဖြစ်ရပ်အား ရေးသားတင်ပြခြင်း ဖြစ်ပါကြောင်း။)

ဓာတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com



ဦးစံလင်းက သင်္ဘောလက်ရန်းပေါ် လက်နှစ်ဖက်တင်ပြီး ကမ်းခြေဘက်ကို ငေးမျှော်ကြည့်နေမိသည်။ တောတောင်တို့၏ရှုမျှော်ခင်းက သာယာလှ၏။ အနီးရှိ ခပ်နိမ့်နိမ့်တောင်တန်းတွေက စိုစိုစိမ်းစိမ်း ညို့ညို့မှောင်မှောင် သဏ္ဌာန်ဆောင်လျက်ရှိသလို အဝေးမှ တောင်တန်းမြင့်မြင့်တွေကတော့ မှုန်မှုန်မှိုင်းမှိုင်း ဖျော့ဖျော့လွင်လွင်အသွင်ကို ယူလျက်ရှိကြသည်။ ဖြူဖြူနီနီအဆင်းရှိကြသော တောပန်းတောင်ပန်းအချို့ကို ဟိုနားသည်နားတို့၌တွေ့ရသည်။ ရစ်သီရစ်သီနှင့် ဝေ့လည်ဝေ့လည် ထွက်ပေါ်နေသော မီးခိုးငွေ့တချို့ကတော့ တောင်ယာတဲများဆီမှ လွင့်ပျံ့လာဟန်တူသည်။ ကမ်းစပ်ရှိ သစ်ပင်အုပ်အုပ်တွေအောက်မှာ စက်လှေအချို့ စခန်းချပြီး တပျော်တပါး ထမင်းဝိုင်းဖွဲ့စားသောက်နေကြတာမြင်ရပြန်တော့ ရှုခင်းက ပို၍စိုပြည်ပြည့်စုံသလိုဖြစ်သွားတော့သည်။

ချမ်းစီ အမည်ရှိ ကယ်လ်ဗင် နှစ်ထပ်သင်္ဘောကြီးက နှေးနှေးနှင့် မှန်မှန်ပင် ခုတ်မောင်းလျက်ရှိသည်။ သင်္ဘောကြီးက အိုလှပြီ၊ ဟောင်းလှပြီ။ သို့ကြောင့် ခေတ်ပေါ်အမြန်ရေယာဉ်တွေနှင့် ဘယ်လိုမှမယှဉ်ပြိုင်နိုင်တော့ပြီ။ ယခုလို ခရီးစဉ်တစ်ခေါက်တစ်ခေါက်ကိုပင် ရက်အတန်ခြားပြီးမှ သူ့မှာထွက်လာနိုင်တော့သည်။ ခုချိန်က နွေနှောင်းရာသီ ဖြစ်သည်။ ရေကြောင်းအလွန်မကျပ်တော့သော်ငြား ဆီးခုံတွေ၊သောင်ပြင်တွေက မြစ်ကြောင်းတစ်လျှောက် အတော်အတန်ရှိနေသေးသည်။ ရေကြောင်းဖြောင့်အောင် ထိန်းမောင်းနေရသည်မို့ သင်္ဘောက ပို၍သာ နှေးကွေးနေရတော့သည်။

ဦးစံလင်းက မန္တလေးမှ လိုက်ပါလာခြင်း ဖြစ်သည်။ သူ့ခရီးစဉ်က မြစ်ရိုးအနောက်ဘက်ကမ်းရှိ သင်ပေါင်းရွာတွင်ဆုံးလိမ့်မည်။ သင်ပေါင်းတွင် ကိစ္စရှိသည်။ သားကြီး မောင်ညွန့်လွင်မှာ သင်ပေါင်းတွင် ကျန်းမာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သားဖြစ်သူ မောင်ညွန့်လွင်မှာ သင်ပေါင်းသူတစ်ဦးနှင့်ရည်ငံပြီး လာမည့်သန်ဘက်ခါတွင် မင်္ဂလာဆောင်လိမ့်မည်။ ထိုမင်္ဂလာပွဲအမီ ဦးစံလင်း ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။ ဇနီးဖြစ်သူနှင့် အခြားဆွေမျိုးသားချင်းများကတော့ လွန်ခဲ့သည့် (၃) ရက်လောက်က တည်းကကြိုတင်သွားနှင့်ကြပြီ။ ထိုစဉ်က အရေးကြီးကိစ္စတစ်ခုကြောင့် ဦးစံလင်း ကျန်နေခဲ့ရခြင်းဖြစ်ပြီး ယခုကိစ္စဝိစ္စများပြီးပြတ်သဖြင့် နောက်မှ တစ်ဦးတည်းလိုက်လာခဲ့ရခြင်းပင်။

ဦးစံလင်းမှာ အငြိမ်းစားပညာရေးမှူးဟောင်းတစ်ဦး ဖြစ်သည်။ ယ… မန္တလေးမြို့တွင် စာပုံနှိပ်စက်လုပ်ငန်း… ထူထောင်လုပ်ကိုင်လျက်ရှိသည်။

အတန်ကြာအောင် ငေးမျှော်… ကြည့်ရှုပြီးနောက် ခါးညောင်းသလို… လာသဖြင့် မိမိနေရာ သင်္ဘောဦးခန်း… သို့ ဦးစံလင်းပြန်ဝင်လာခဲ့သည်။ သင်္ဘော… တွင် ခရီးသည်က သိပ်မများလှ… အောက်ထပ်တစ်ခုလုံး ကုန်စည်များ… ပြည့်ကျပ်နေသည်။ အပေါ်ထပ်… ကုန်းပတ်ပေါ်တွင် ခရီးသည် ခပ်… သာရှိသည်။ ပထမတန်း… ခန်းပေါက်စေ့ လူမရှိပါ။ ဦးစံလင်း…



www.burmeseclassic.com

www.burmeseclassic.com

ပထမတန်းလက်မှတ်ဖြတ်ယူလာခဲ့သော်လည်း သဘောကောင်းဟန်တူသော သဘော်ာဘဏ္ဍာစိုးက -

"ဆရာကြီးရတဲ့အခန်းက ကြမ်းပိုးသိပ်ကိုက်တယ်။ အနံ့အသက်လည်းသိပ်မကောင်းဘူး။ ဦးခန်းထဲမှာလူချောင်ပါတယ် ဆရာကြီးရာ။ အဲဒီမှာပဲ သက်သက်သာသာသွားနေစမ်းပါ"

ဟု အကြံပြုသဖြင့် ဦးစံလင်းက လိုက်နာပြီး ဦးခန်းထဲဝင်နေလိုက်ခြင်းဖြစ်သည်။

ခင်းထားသော တရုတ်ဖျာလေးပေါ်သို့ ဦးစံလင်း အသာလှဲချလိုက်သည်။ ထိုသို့ သူကျောဆန့်မိပြီးချိန်မှာပင် သူ၏ခေါင်းရင်းပိုင်းလောက်ဆီမှ လူကြီးနှစ်ယောက် မျက်နှာချင်းဆိုင်ပြီး အချေအတင်ပြောဆိုနေကြသောစကား

# ရဲမြတ်တင်
(အမျိုးသားစာပေဆုရ)

# သောတာပန်ဆိုတာ





www.burmeseclassic.com

www.burmeseclassic.com

သံများက သူနားထဲသို့ စီးဝင်လာခဲ့သည်။

"ကျုပ်တို့က ခင်ဗျားပြန်လာမယ့် အချိန်ကို အားခဲပြီးစောင့်နေကြတာ။ ခုတော့ ခဲလေသမျှ သဲရေကျဖြစ်ရပြီပေါ့"

"အေးပေါ့၊ ဒီအတိုင်းပဲဖြစ်သွားတော့တာပေါ့။ ကျုပ်ကိုယ်တိုင် တော်တော်လေး အားလျှော့မိပါတယ်။ ဒါပေမယ့် အတုကို အတုမှန်းသိရတဲ့အတွက် အထိုက်အလျောက်တော့ အမြတ်ရခဲ့တယ်ပြောရမှာပဲ"

"ဆရာတော် ဦးကေသရကို ကျေးဇူးတင်ရမှာပေါ့။ ဘာပဲပြောပြော ကိုတိုင်းကျော်ကတော့ လက်မထောင်သွားပြီ။ ခင်ဗျားတို့ ကျုပ်တို့ ရှုံးပြီ"

"ဟုတ်တယ်၊ ဒီတစ်ပွဲတော့သွားပြီလို့ပြောရမှာပဲ။ ဒါပေမယ့် ကျုပ်က စိတ်တော့မလျှော့ဘူး။ သူတို့ကိုလည်း လုံးလုံးတော့အရှုံးမပေးဘူး။ တစ်နေ့မှာ မိုးကုတ်ဆရာတော်ကြီး ဓာတ်တော်ကျလို အုန်းအုန်းကျွက်ကျွက်ဖြစ်ရသလိုမျိုး ထပ်မကြုံလာဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ၊ ဟုတ်တယ်မို့လား"

"ဒါပေါ့၊ ဒို့အပြင် တရားထူးရသူ သောတာပန်စစ်စစ်တစ်ယောက်ကို အထောက်အထားနဲ့တကွ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့အဖြစ်မျိုး ကျုပ်တို့ မကြုံလာရဘူးလို့ ဘယ်ပြောနိုင်မလဲ။ ကျုပ်လည်း အားမလျှော့ပါဘူး"

"အင်း - တစ်ခုတော့ရှိတယ်။ ဒီကိုတိုင်းကျော်ဟာ လူကတ်ဗျ။ စာတတ်တာနဲ့အမျှ သံသယလည်းအလွန်များတဲ့လူ။ ကျုပ်တို့က သောတာပန်သူတော်ကောင်းစစ်စစ်တစ်ယောက်ကို အမှန်တွေ့ရလို့ သူ့ကိုပြောသည့်တိုင် သူက လက်ခံချင်မှ လက်ခံမယ့်သူ။ ကျားကျားမီးယပ်လုပ်မယ့်သူဗျ"

"အိုဗျာ၊ ဒီအချိန်မျိုးရောက်မှတော့ ကျုပ်တို့က သူ့ကို အရေးလုပ်နေစရာမလိုတော့ပါဘူး။ သူနဲ့ဆက်ပြီးငြင်းနေစရာမလိုတော့ဘူး။ ကျုပ်တို့ကဆည်းကပ်ရမယ့်သူနဲ့သာ ဆက်ပြီးစခန်းသွားလိုက်ရုံပေါ့။ ဒီခေတ်မှာ တရားထူးရနိုင်တဲ့သူ၊ သောတာပန်ဖြစ်နိုင်တဲ့သူ မရှိတော့ဘူးဆိုပြီး ဒုံးခံငြင်းနေတဲ့သူ့ကို သူ့ဝါဒနဲ့အတူ ထားပစ်ခဲ့ရုံရှိတော့တာပေါ့။ ကျုပ်ပြောတာဟုတ်တယ်မို့လား"

တစ်ဖက်လူက 'အင်း' ဟု သံရှည်ဆွဲ မှတ်ချက်ပြုလိုက်ပြီးနောက် သူတို့စကားဝိုင်းက အလျဉ်ပြတ်သွားသည်။

အထက်ပါစကားစုများကို အစအဆုံး ကြားလိုက်ရသူ ဦးစံလင်းက လူတစ်ကိုယ်လုံး နိုးနိုးကြားကြားဖြစ်သွားသည်။ ဖျတ်ခနဲဆိုသလို ငုတ်တုတ်ထထိုင်ပြီးနောက် ထိုလူကြီးနှစ်ဦးကိုပါ လှမ်းကြည့်မိလျက်သားဖြစ်သွားသည်။

ထိုလူကြီးနှစ်ဦးစလုံးမှာ အသက်အရွယ်အားဖြင့် ဦးစံလင်းနှင့် မတိမ်းမယိမ်းမျှ ဖြစ်ကြသည်။ ကြည့်ရသည်မှာ နှစ်ဦးစလုံး ကျေးလက်ဇာတိသားများဖြစ်ကြဟန်တူသည်။ တစ်ဦးက ခပ်ဝဝဖြစ်ပြီး ကျန်တစ်ဦးကလည်း ကိုယ်နေဟန်ထား ခပ်တောင့်တောင့်ပင် ဖြစ်သည်။ အဝတ်အစားသပ်ရပ်ပုံ၊ ဥပမိရုပ်အညံ့စားထဲကမဟုတ်ပုံအပြင် စောစောကပြောသွားခဲ့သော စကားများကိုထောက်၍ လူကောင်းသူကောင်းများသာ ဖြစ်လိမ့်မည်ဟု ဦးစံလင်း ယတိပြတ်မှတ်ချက်ချမိသည်။

ဦးစံလင်း သင်္ဘောကုန်းပတ်ဘက်ထွက်လာခဲ့စဉ် ဤစကားဝိုင်းဖြစ်ပေါ်ခြင်းမရှိသေး။ ဖြစ်ပုံမှာ သူတို့နှစ်ဦးအနက် တစ်ဦးက သင်္ဘောဦးခန်းတွင် နေရာရပြီး ကျန်တစ်ဦးက ကုန်းပတ် (သို့) အခြားတစ်နေရာရာတွင် နေရာရထားရာမှ ဦးစံလင်းဦးခန်းမှထွက်လာပြီးနောက်ပိုင်း သူတို့ချင်း အမှတ်မထင်ဆုံတွေ့မိသွားကြခြင်း ဖြစ်နိုင်သည်။

မည်သို့ဆိုစေ ဦးစံလင်း စောစောကကြားလိုက်ရသော စကားစုများမှာ အတော်တန်ဖိုးရှိသည်။ တန်ဖိုးရှိဆို ထိုလူကြီးနှစ်ယောက် အလေးအနက်စိတ်ဝင်စားနေကြသော အကြောင်းအရာက မိမိအတွက်လည်း ထပ်တူဖြစ်နေခြင်းကြောင့်ပင်။ သို့နှင့် သင့်၏၊ မသင့်၏ စဉ်းစားနေခြင်းပင်မရှိတော့ဘဲ ထိုလူကြီးများ အလျဉ်ပြတ်ခိုက် ဦးစံလင်းက သူ၏ ခွင့်ပန်စကားကို လွှတ်ခနဲပြောမိရက်သားဖြစ်သွားသည်။

"ဒီက နောင်ကြီးတို့၊ စောစောက နောင်ကြီးတို့ ပြောသံဆိုသံတွေကိုကြားရတော့ ကျွန်တော့်မှာ နောင်ကြီးစကားဝိုင်းထဲပါချင်တဲ့စိတ်ကို ဘယ်လိုမှမထိန်းနိုင်အောင်ဖြစ်ရပါတယ်။ အဲဒါကြောင့် ကျွန်တော့်ကိုလည်း နောင်ကြီးတို့နဲ့အတူ နှီးနှောဆွေးနွေးခွင့်ပြုပါလို့ ပန်ကြားပါတယ်ခင်ဗျ"

ခေတ္တမျှ အံ့အားသင့်သွားကြသေးသည်။ သို့သော် မကြာပါ။ တစ်ယောက်က အပြုံးဖြင့် ပြန်ကြားလာခဲ့သည်။

"ရပါတယ်ဗျာ၊ ရပါတယ်။ ဝင်ပါ၊ ဆွေးနွေးပါ။ ကျွန်တော်တို့ပြောနေတဲ့ အကြောင်းကို စိတ်ဝင်စားတယ်ဆိုတော့ နောင်ကြီးမှာလည်း စာသိ၊ ကိုယ်သိ ဗဟုသုတတွေ အတော်အတန်ရှိထားဟန်တူပါတယ်။ ကျွန်တော်တို့ပါ အကျိုးရှိအောင် ဖြန့်ဖြူးပေါ့ခင်ဗျာ"

"အမှန်ပါပဲ။ အဲဒါကိုပဲ အဓိက ရည်ရွယ်တာပါ။ ကျွန်တော့်နာမည်က စံလင်းပါ။ အငြိမ်းစားပညာရေးမှူးပါ။ သင်ပေါင်းက သားဖြစ်သူရဲ့ မင်္ဂလာပွဲကို သွားဖို့ ဒီသင်္ဘောနဲ့ လိုက်လာတာပါ"

"ဟာ - ဒါဖြင့် စခန်းသင့်တာပဲ၊ ကျွန်တော်တို့ကသင်ပေါင်းနဲ့တစ်ချောင်းခြား စန်းကျွန်းရွာကပါ။ သင်ပေါင်းကနေ တံတားလေးကျော်လိုက်တာနဲ့ စန်းကျွန်းကိုရောက်ပါတယ်။ ကျွန်တော်ကတော့ ညိုအောင်ပါ။ သူကတော့ ကျော်ခင်ခင်ဗျ။ တစ်ရွာတည်းသားတွေပါပဲ၊ ကျွန်တော်က သင်္ဘောထွက်ခါနီးမှ တက်လာတာဆိုတော့ သူပါလာတာကို စောစောပိုင်းက သတိမထားမိဘူးခင်ဗျ၊ ဆွေးနွေးပါခင်ဗျ။ ဆရာကြီးသိလိုတာကိုလည်း မေးပါ"

"ကောင်းပါပြီဗျာ။ ခုလို ဦးညိုအောင်တို့၊ ဦးကျော်ခင်တို့နဲ့ ဆုံစည်းရတဲ့အတွက် ဝမ်းသာမဆုံးပါဘူး။ လိုရင်းကိုပြောရရင်ဖြင့် စောစောက ဦးညိုအောင်တို့အကြောင်းအရာကို သိပ်ပြီးစိတ်ဝင်စားမိတာပဲ။ သို့သော်လည်း လိပ်ပတ်လည်အောင်တော့မသိပါဘူး။ တစ်ဆိတ်အဲဒီအကြောင်းလေး ရေလည်အောင် ပြန်ရှင်းပြပါလားခင်ဗျာ"

ဤမှာပင် လူစုံသွားသလောက် ဆွေးနွေးခန်းလည်း ပို၍လေးနက်သွားသော သူတို့စကားဝိုင်းက စတင်ဖြစ်ပေါ်လာတော့သည်။

ဦးညိုအောင်က -

"ဒီလိုပါ ဆရာကြီးရယ်။ ကျွန်တော်တို့က တရားသမားတွေဖြစ်တယ်ဆိုတာကိုတော့ အထူးရှင်းပြစရာမလိုတော့ပါဘူး။ ကျွန်တော်တို့က တရားလိုက်စားခဲ့တာ ကြာလှပါပြီ။ နှစ်ယောက်စလုံး ဝမ်းစာရေးချောင်ချိပြေလည်ကြတာမို့ နောက်ဆံငင်စရာမရှိဘဲ တရားဘက်ကို ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်ကြသူတွေလည်း ဖြစ်ပါတယ်။

လိုရင်းကိုပြောရရင်ဖြင့် ဆရာကြီးသိတဲ့အတိုင်းပဲ တရားလိုက်စားသူတွေ တွေ့ကြရမြဲဖြစ်တဲ့ ပြဿနာတစ်ခု ကျွန်တော်တို့လည်း ကြုံလာကြရပါတယ်။ ဥပမာအားဖြင့် သူဆရာ၊ ငါ့ဆရာ သူ့ကမ္မဋ္ဌာန်း၊ ငါ့ကမ္မဋ္ဌာန်း အစရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာလေးတွေပဲဆိုပါတော့။တကယ် ဆိုရင် ဒီလောက်ကိုလည်း ကျွန်တော်တို့က ပြဿနာလို့ သဘောမထားပါဘူး။ ဒါက ညှိနိုင်းရင် ပြေလည်နိုင်တဲ့ကိစ္စပါ။ တရားအားထုတ်နည်းအများစုဟာ မှားယွင်းခြင်းမရှိဘူး။ ပညတ်လောကထဲမှာသာ ငြင်းချင်ရင်ငြင်းနိုင်တယ်။ ပရမတ်ကိုတွေ့သွားတာနဲ့ ငြင်းစရာမရှိတော့ဘူး။ အတူတူပဲဖြစ်သွားတယ်ဆိုတဲ့ အဆိုအမိန့်က ရှိထားလေတော့ မငြင်းခုံမနေရော ကိုယ်ယုံကြည်တဲ့ကမ္မဋ္ဌာန်းကိုပဲ ကိုယ့်ဘာသာ အာရုံစိုက်အားထုတ်နေလိုက်ရုံရှိတော့တာပေါ့။ ဒီအပိုင်းက ခေါ်ပါဘူး။

ခက်နေတာက တရားအားထုတ်ပြီးတော့ တရားထူးကို တကယ်မျက်မှောက်ပြုနိုင်၊ မပြုနိုင်ဆိုတဲ့ ပြဿနာပဲ ခင်ဗျ။ အဲဒီပြဿနာက ကျွန်တော်တို့နယ်ဘက်က တရားသမားလောကမှာ အတော်ဂယက်ရိုက်နေတယ်၊ ပြောရရင် မူလတုန်းကတော့ ဒီကိစ္စအတွက် ဘာမှရေးကြီးခွင့်ကျယ်ဖြစ်စရာမရှိခဲ့ပါဘူး။ ကျွန်တော်တို့အားလုံး ဆရာတော်သမားတော်ကြီးတွေ သွန်ပြတဲ့နည်းလမ်းအတိုင်း ယုံယုံကြည်ကြည် နာယူမှတ်သား ပြီးရင် ကြိုးကြိုးစားစားအားထုတ်၊ ဒီအတိုင်းပဲနေလာခဲ့ကြတာပါပဲ။

အဲ . . . . ကျွန်တော်တို့နယ်ကို ဦးတိုင်းကျော်ဆိုတဲ့ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီးတဲ့နောက်မှာတော့ ဒီပြဿနာက ထ ဂယက်ထလာတော့တာပဲ။ ဦးတိုင်းကျော်က လူပြန်တော်ခင်ဗျ။ သူကပထမ ကြီး အောင်တဲ့အပြင် တခြားပရိယတ္တိဘွဲ့တွေလည်း ရခဲ့သတဲ့။ သူရခဲ့တဲ့ဘွဲ့တွေကိုတော့ ကျွန်တော်လည်း စေ့စေ့ငငမသိတတ်ပါဘူး။ သူက ကျွန်တော်တို့ဆီက အမျိုးသမီးတစ်ယောက်နဲ့ အကြောင်းပါပြီး ကျွန်တော်တို့နယ်မှာပဲ အခြေချတယ်။ ဒါ သူ့အကြောင်း အကျဉ်းချုပ်ပေါ့။

ဒီတော့ ဆရာကြီးရယ်။ သူရောက်လာတဲ့အတွက် ကျွန်တော်တို့ကလည်း ဝမ်းသာကြိုဆိုပါတယ်။ စာတတ်ပေတတ်တစ်ယောက်ဆိုတော့ သူ့ကိုဆရာ တင်ပြီး မေးတာမေး၊ မတတ်တာသင်ပေါ့။ ကျွန်တော်တို့လည်း အတော်ဟန်ကျသွားတာပေါ့။ အဲဒီလို သူနဲ့ ကျွန်တော်တို့ အားလုံးဖြစ်နေကြရာက တစ်နေ့တော့ ဦးတိုင်းကျော်ကွဲဖို့ ဖန်တီးလာခဲ့ပါရော။ ဦးတိုင်းကျော်က ကျွန်တော်တို့ကို ပြောတယ်။

ခင်ဗျားတို့ တရားကိုတော့ သဘောရှိအားထုတ်နိုင်တယ်။ ဒါပေမယ့် သောတာပန်ဖြစ်အောင်၊ သကဒါဂါမ်ဖြစ်အောင်ဆိုပြီးတော့ ဘယ်တော့မှမမျှော်မှန်းလေနဲ့။ ခုခေတ်က တရားထူးရနိုင်၊ တွေ့နိုင်တဲ့ခေတ်မဟုတ်တော့ဘူး။သာဝကခေတ်ကုန်သွားပြီ။ အဲသလို ပြောတယ်ခင်ဗျ။

အဲဒီစကားမျိုးကြားလိုက်ရတော့ ကျွန်တော်တို့လည်း ဟာ-သွားပါပြီဆိုပြီး ရင်ကျိုးကြရတော့တာပေါ့။ ဘယ့်နှယ် ဒါကိုရချင်လို့ ကြိုးစားနေကြပါတယ်ဆိုမှ ဒါကိုမမှန်းနဲ့၊ မရနိုင်တော့ဘူးလို့ပြောလိုက်တော့ ကျွန်တော်တို့ ဘယ်လိုခံစားရမယ်ဆိုတာ အထူးရှင်းပြနေစရာတောင်မလိုပါဘူး။ ကျွန်တော်တို့က သူပြောတာကိုမကြိုက်ဘူး၊ လက်မခံဘူး။ သူကလည်း ဒါကိုချည်းပဲ ထပ်တလဲလဲ ပြောနေတယ်။ အဲဒီကစပြီး သူနဲ့ကွဲလန်ရတော့တာပဲ။ ကျွန်တော်တို့က ခံစားရလွန်းလို့ သူ့အပေါ် နဂိုကြည်ညိုထားတာလေးတွေ ရုတ်သိမ်းလိုက်ကြတဲ့အပြင် သူ့ကို နည်းနည်းမုန်းသလိုတောင်ဖြစ်မိကြရပါတယ်”

“တစ်ဆိတ်ဖြတ်မေးပါရစေ။ သူက လူပြန်တော်တစ်ယောက်ဖြစ်ပါလျက် ဘာကြောင့်ဒီလိုပြောရသလဲဗျ။ ကျွန်တော်လည်း သူ့စကားကို ဆန့်ကျင်ပါတယ်။ သူက အချက်နဲ့အလက်နဲ့ခြေခြေမြစ်မြစ်ပိုင်းဆစ်ထောက်ပြနိုင်သလား”

“သူကတော့ စာတတ်ပီပီ သိုင်းကာဝိုင်းကာနဲ့ ရှွန်းရှွန်းဝေအောင်ပြောနိုင်တာပေါ့ ဆရာကြီးရာ။ ဒါပေမယ့် ကျွန်တော်တို့က သူ့စကားကို ဘယ်ယုံမတုံး။ ကျွန်တော်တို့က မိုးကုတ်၊ မဟာစည် အစရှိတဲ့ ဆရာတော်ကြီးတွေရဲ့ အဆုံးအမအရိုးစွဲနေတဲ့သူတွေပဲ။ သူ့စကားကိုယုံပြီး သူ့နောက်လိုက်သွားတဲ့ လူတချို့တော့ရှိပါတယ်။ ဒီလူတွေကလည်းသိပ်ရေရာတဲ့လူတွေမဟုတ်ပါဘူး။ ယုတ္တိမရှိ၊ နည်းလမ်းမကျတဲ့ ကမ္မဋ္ဌာန်းနည်းတွေကို ယူယူလာတတ်လွန်းလို့ ကျွန်တော်တို့နဲ့ မကြာမကြာငြင်းခဲ့ပြီး ပြဿနာတက်နေရတတ်တဲ့ လူစားမျိုးတွေပါ။

ဦးတိုင်းကျော်ထောက်ပြပုံက ဒီလိုခင်ဗျ။ အနှစ်ငါးရာဝိပဿနာခေတ်တစ်ပတ်ပြန်ရောက်လာပြီဆိုတာ မှန်တယ်။ ဒါပေမယ့် အာနိသင်က ‘အနှစ်ငါးရာလုံး တင်းပြည့်ကျပ်ပြည့်မတည်နိုင်တော့ဘူး။ ဥပမာအားဖြင့် ဒါနခေတ် အနှစ်ငါးရာ၊ သီလခေတ်အနှစ်ငါးရာစသဖြင့် ခေတ်တွေကို အနှစ်ငါးရာစီဝေပုံကျပိုင်းခြားထားတာမျိုးလောက်ပဲတဲ့။ အခုဝိပဿနာခေတ်ကိုရောက်လာပြီလို့ဆိုတဲ့နေရာမှာ ဒီခေတ်ကိုပဲပြန်ပြီး (၃) ပိုင်းခွဲကြည့်လိုက်ရင် ပထမပိုင်းထဲမှာတင် မဂ်အာနိသင်၊ ဖိုလ်အာနိသင်ဆုံးသွားပြီတဲ့။ ကျွတ်တမ်းဝင်ရမယ့် ပကတိသာဝကအရေအတွက် စုံသလောက်ဖြစ်သွားပြီ။ ကုန်သလောက်ဖြစ်သွားပြီတဲ့။

သူက ဘယ်လိုဆက်ပြီး သာဝကဆောင်ပြသလဲဆိုတော့ ဝိပဿနာခေတ်ပြန်လည်လာတဲ့ အဦးအစကာလကနေ လက်ရှိအချိန်အထိ သမိုင်းကြောင်းကို ပြန်ကြည့်ပါတဲ့။အဲဒီကာလတစ်လျှောက်လုံး ငါးနှစ် (သို့) ဆယ်နှစ်လောက်စီခြားခြားပြီး လျှမ်းလျှမ်းတောက် သာသနာ့အာဇာနည်တွေ ပေါ်ထွက်ခဲ့မြဲပဲတဲ့။ ခေတ်ဦးကာလလောက်တုန်းကဆိုရင် ကျွတ်တမ်းဝင်တဲ့သာဝကတွေ အစုလိုက်အပြုံလိုက်ကိုရှိပြီး ကျော်ကြားထင်ရှားတဲ့ရဟန္တာတွေ အများအပြားပေါ်ထွန်းခဲ့တယ်တဲ့။

နောက်ပိုင်းမှာ တဖြည်းဖြည်းနည်းနည်းသွားရာက စွန်းလွန်း၊ ဝေဘူ၊ မိုးကုတ်၊ မဟာစည်၊ သဲအင်း အစရှိတဲ့ အချွန်အမွန်တွေဟာ နောက်ဆုံးအသုတ်အဖြစ် ကျွတ်တမ်းဝင်သွားတဲ့ သာဝကတွေဖြစ်တယ်တဲ့။ သူတို့နောက်ပိုင်း ထင်ထင်ရှားရှားပေါ်ထွန်းလာခြင်းရယ်လို့ (၅) နှစ်ကြာလည်းမကြားရ၊ (၁၀)နှစ်ကြာလည်း မကြားရတော့ဘူးတဲ့။ ဒီတော့ ယေဘုယျအားဖြင့် ဆန်းစစ်ကြည့်လိုက်ရင် လွန်ခဲ့တဲ့ အနှစ် (၅၀) လောက်ကတည်းက သာဝကခေတ် နိဂုံးချုပ်သွားပြီတဲ့။

ဒီဘက်ခေတ်မှာ အလုပ်သမားထက် အပြောသမားတွေသာ များတယ်တဲ့။ တရားပွဲတွေများသလောက် အရင်က ဆရာတော်ကြီးတွေချပေးထားခဲ့တာတွေကိုပဲ ပြန်ကောက်စာထုတ်ပြီး ဟောနေသူတွေချည်းဖြစ်တယ်တဲ့။ မိမိကိုယ်တိုင် စွတ်စွတ်ရွှတ်ရွှတ်အားထုတ်ပြီး ထိုးထွင်းသိမြင်လာတဲ့ခန္ဓာဉာဏ်ရောက် တရားမျိုးကို ပိုင်ပိုင်နိုင်နိုင်ဟောပြနိုင်တဲ့ ပုဂ္ဂိုလ်မျိုးပေါ် ကိုပေါ်မလာတော့ဘူးတဲ့ ဆရာကြီးရဲ့။ ကျွန်တော်တို့ကလည်း သူ့ကို တတ်သလောက်၊ မှတ်သလောက်တော့ ပြန်ချေပပါတယ်။ မြန်မာပြည်အနှံ့အပြားမှာ ရုံဖန်ရံခါဆိုသလို ဘယ်ပုဂ္ဂိုလ်ဘယ်ပုဂ္ဂိုလ်ကတော့ ထူးခြားတယ်၊ တရားတွေ့တယ်ဆိုပြီး သတင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာတာမျိုးရှိသားပဲဗျလို့ သူ့ကိုပြန်ပြောတော့ အဲဒါတွေက အတုတွေတဲ့။ သောတာပန်တွေသူ့ဆီခေါ်လာစမ်းပါတဲ့။ သူစစ်ပြပ့ါမယ်တဲ့။ သောတာပန်ဟုတ်၊ မဟုတ် မှတ်ကျောက်တင်ခံနိုင်ဖို့ဝေး၊ သူစစ်ဆေးတာကိုတောင် ခံနိုင်ရည်ရှိမယ့်သူတွေမဟုတ်တာ ကျိန်းသေပြောရဲတယ်တဲ့ ဆရာကြီးရဲ့"

ဦးစံလင်းက ခပ်သာသာပြုံးလျက် -

"သူပြောတာလည်း ဟုတ်တုတ်တုတ်ပဲ။ ကိုယ့်ကိုယ်ကိုယ် သောတာပန်လို့ထင်လည်းထင်၊ ပြောလည်းပြောနေတဲ့သူတွေက အများသားပဲ။ တချို့ဆိုကိုယ်လုပ်တဲ့အလုပ်က သောတာပန်မပြောနဲ့၊ ကလျာဏပုထုဇဉ်အဆင့်အတန်းမျိုးလောက်တောင်မမီဘူး။ သူ့ကိုယ်သူတော့ သောတာပန်ကြီးပါဆိုပြီး ဟောင်ဖွာဟောင်ဖွာနဲ့ပြောနေတတ်လေရဲ့။ သို့သော် ဒီအပိုင်းကို ခဏထားပါ။ ဦးတိုင်းကျော်ကို ချေပစရာအချက် ကျွန်တော့်မှာကောင်းကောင်းရှိပါတယ်။ နောက်တော့ ဘယ်လိုတွေဆက်ဖြစ်ကြသေးလဲဗျ"

"စောစောကပြောတဲ့အတိုင်း သူနဲ့ ဂိုဏ်းကွဲရတော့တာပေါ့။ နောက်ပိုင်း သူက ဘယ်လောက်တောင်ပြောလာသလဲဆိုတော့ ဒါနမှု၊ သီလမှုကိစ္စတွေကို ပါထိပါးလာတယ်။ သူကပါဠိအထောက်အထားတွေနဲ့ ခွဲခြမ်းစိတ်ဖြာပြီး ပြောသွားလိုက်တာများ အခု ကျွန်တော်တို့လုပ်နေတဲ့ ဒါန၊ သီလကောင်းမှုတွေကိုတောင် အားလုံးအတုအယောင်တွေဖြစ်လေဟန်၊ ဘာမှအကျိုးမရှိလေဟန်၊ သံထဲရေသွန်ဖြစ်လေဟန်မျိုး ပြောလာတယ်ခင်ဗျ။ မြေဆီဩဇာညံ့ဖျင်းလာတာနဲ့အမျှ ထွက်လာတဲ့အသီးအနှံတွေက အာဟာရမပြည့်ဝဘူးတဲ့။ တစ်ခါ ဒါတွေကို မှီဝဲစားသုံးနေရတဲ့လူတွေရဲ့ အသက်ဓာတ်ကလည်း ခွန်အားမပြည့်ဝဘူးတဲ့။ ဘုရားလက်ထက်က ဝေနေယျတွေလို တင်းပြည့်ကျပ်ပြည့်မရှိဘူးတဲ့။ ဒီတော့ ချည့်နဲ့ယိမ်းယိုင်တဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်ကို အမှီပြုပြီးမှ ဖြစ်ထွန်းလာတဲ့ ကုသိုလ်အာနိသင်မှန်သမျှဟာ အနုံအဖျင်းတွေချည်းသာ ဖြစ်တယ်တဲ့။ အခုနေ အဏုမြူဗုံးကြီးတွေ စုပြုံပေါက်ကွဲပြီး တစ်ကမ္ဘာလုံး ပြာကျသွားတယ်ဆိုကြပါစို့။ ဘဝကူးပြီး လူပြန်ဖြစ်မယ့်သူ၊ နတ်ပြည်သွားမယ့်လူရယ်လို့ တစ်ယောက်မှကို မရှိနိုင်ဘူးဆိုတာ ရဲရဲကြီးပြောရဲတယ်တဲ့။ အဲသလိုကိုပြောတာပါ ဆရာကြီးရယ်"

ဦးစံလင်းကရယ်လျက် -

"တော်တော့်လူပဲ။ မြင်းကိုချိုတပ်ပေးတယ်ဆိုတာ ဒါပဲ။ ပညာတတ်တဲ့သူမလိမ္မာရင် ကြောက်စရာကောင်းတယ်ဆိုတာ ဒါမျိုးပေါ့။ ဆက်ပါဦးဗျာ"

"ဟုတ်ကဲ့ ခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့လည်း သူ့ကိုမကျေနပ်လေ သောတာပန်စစ်စစ်ဆိုတာကို ပိုပြီးတွေ့ချင်လေဆိုသလိုဖြစ်ရတယ်ပေါ့။ မိုးကုတ်ဆရာတော်ကြီးလို ဓာတ်တော်တွေကျပြီး အုတ်အော်သောင်းတင်းဖြစ်ရတဲ့အဖြစ်မျိုး ဘယ်တော့တွေ့ရပ့ါမလဲဆိုပြီးတော့ ကျိတ်မျှော်လင့်နေမိကြတာ။ ကျွန်တော်တို့ကလည်း သူ့ကိုပြန်စိန်ခေါ်ထားတယ်။ သူ့စကားကို လက်မခံဘူး၊ ဘယ်တော့မှ လက်မခံဘူး။ အခုခေတ်ဟာ တကယ်အားထုတ်ရင် တကယ်တရားထူးရနိုင်တယ်။ တရားရနေတဲ့သူတွေလည်းရှိတယ်။ တစ်နေ့မှာ ရှင်လူအများက တညီတညွတ်တည်း ပူဇော်သက္ကာရပြုရတဲ့ ပုဂ္ဂိုလ်ထူးမျိုး ပေါ်ကိုပေါ်လာရဦးမယ်ဆိုပြီး သူ့ကိုပြန်ပြီးလေသံပစ်ထားတယ်။

ဒါကြောင့် ကျွန်တော်တို့က ဘယ်အရပ်၊ ဘယ်ဒေသမှာ ရဟန်းပုဂ္ဂိုလ်ဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်ဖြစ်ဖြစ် မဂ်ပေါက်၊ ဖိုလ်ပေါက်အောင်မြင်တယ်၊ တရားထူးတွေ့တယ်လို့ သတင်းကြားရတိုင်း ကိုယ်တိုင်သွားပြီး လေ့လာစုံစမ်းမြဲ၊ စနည်းနာမြဲပါပဲ။ ဖြစ်ချင်တော့ ကျွန်တော်တို့ကြုံရသမျှက အားမရစရာတွေချည်းပဲဖြစ်နေတယ်။ ကျမ်းတတ်ဆရာတော်ကြီးတွေက ဒီပုဂ္ဂိုလ်မဟုတ်လောက်ဘူး၊ မမှန်လောက်ဘူးဆိုပြီး မှတ်ချက်ပြုခံရတာမျိုးချည်းပဲဖြစ်နေတယ်။ ပြောရရင်တော့ ကျွန်တော်တို့က ဦးတိုင်းကျော်ကို ပွဲတိုင်းရှုံးနေတယ်ပဲဆိုပါတော့။

အဲ - ပြီးခဲ့တဲ့ တစ်ပတ်လောက်တော့ အရင်သတင်းတွေထက် ပိုပြီးထူးခြားတဲ့သတင်းတစ်ခုကို ကျွန်တော်တို့ရခဲ့တယ်။ အဲဒါကတော့ မြစ်အောက်ပိုင်း ကြိမ်တောဆိုတဲ့ရွာတစ်ရွာမှာ သီလရှင်တစ်ပါးဟာ အနာဂါမ်ဖြစ်နေသတဲ့။ အဲဒီသီလရှင်ဟာ အတော်ကျော်ကြားပြီး ကိုးကွယ်ဆည်းကပ်သူတွေနဲ့ တရုန်းရုန်းဖြစ်နေသတဲ့။ အဲသလိုသတင်းကြားရပါတယ်။ ကြားကြားချင်းပဲ ကျွန်တော်တို့လည်း သွားလေ့လာဖို့စီစဉ်တယ်။ ဒါပေမယ့်ခင်ဗျ. . ."

"ဒါပေမယ့် ဒီတစ်ပွဲလည်း ဦးညိုအောင်တို့ မစွံခဲ့ပြန်ဘူးမဟုတ်လား။ အစောပိုင်းက ဦးညိုအောင်တို့ပြောနေတဲ့ စကားတွေနဲ့ဆက်စပ်ပြီး ကျွန်တော်က ရိပ်မိလိုက်ပြီလေ"

"ဟုတ်တယ် ဟုတ်တယ်။ ဆရာကြီးပြောတဲ့အတိုင်းပဲ မစွံခဲ့ပြန်ဘူး။ အဲဒီမစွံခဲ့တဲ့အကြောင်းကိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ်အဖြစ်စေလွှတ်လိုက်တဲ့ ဟောဒီ ကိုကျော်ခင်က အစအဆုံးလုံးစေ့ပတ်စေ့ပြောပြပါလိမ့်မယ်။ ကိုင်း- ကိုကျော်ခင်"

ဤသို့ ဦးညိုအောင်က စကားပို့ပေးလိုက်သည်တွင် ဦးကျော်ခင်က -

"အဟမ်း . . . ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်လည်း ဟောဒီ ကိုညိုအောင်ပြောသလို ကြိမ်တောရွာကိုရောက်သွားရောဆိုပါတော့။ ကျွန်တော်ရောက်တဲ့နေ့က အနာဂါမ် ဒေါ်ကဥ္စနလို့ခေါ်တဲ့ ဆရာလေးက ရွာမှာမရှိဘူးခင်ဗျ။ အနီးအနားရွာတွေက တရားဟောပင့်လို့ လိုက်ဟောနေပါတယ်တဲ့။ ကြိမ်တောကလည်း တော်တော်နဲ့ပြန်လာနိုင်မှာမဟုတ်ဘူးလို့ သိရတယ်။ ဒါနဲ့ ကျွန်တော်လည်း နောက်ကလိုက်သွားတယ်။ အဲဒီဆရာလေးကို ရှားတောဆိုတဲ့ရွာမှာတွေ့ရတယ်။ ဒါပေမယ့် ရှားတောရွာကို ကျွန်တော် ရောက်သွားတဲ့အချိန်က ညနေစောင်းနေပြီဆိုတော့ အဲဒီနေ့က လိုရင်းကိစ္စ ဘာမှမထိတွေ့ရသေးဘဲ ရှားတောမှာ ညအိပ်လိုက်ရတယ်။ အဲ-ဒုတိယမြောက်နေ့ မနက်ပိုင်းကျမှ အဲဒီ ဆရာလေး ဒက်ထိဆုံတွေ့ခွင့်ရပါ တော့တယ်။

မနက်(၉)နာရီလောက်မှာ တရားပွဲစပါတယ်။ တရားပွဲက ရှားတော ... လယ်က ဓမ္မာရုံမှာပဲ။ ပရိသတ်က တော ... တော်များတယ်။ တရားပွဲစတော့မယ် ... တာနဲ့ ဒေါ်ကဥ္စနက ဓမ္မာရုံကိုကြွ ... တယ်။ တချို့ပရိသတ်တွေက လမ်း ... တင်ပဲ လက်အုပ်ချီမိုးပြီးစောင့်ဖူးနေ ... တယ်။ နောက်လိုက်ကပ္ပိယတွေဆီ ... လည်း လှူဖွယ်ပစ္စည်းတွေ၊ ဝတ္ထုငွေ ... လှူကြ ထည့်ကြတယ်ပေါ့။ ဆရာလေး ... က စကြ္ကာနွေ့ချပြီး ဓမ္မာရုံပေါ်ဖြည်းဖြည်း ... ချင်းကြွသွားတယ်။ လူတွေက သူ့နော ... ကနေ တရုန်းရုန်းလိုက်သွားကြတ ... ဓမ္မာရုံပေါ်မှာလည်း တရားနာမယ့် ... တွေက ပြည့်ကျပ်နေပြီ။

ကြည့်ရတာ ဆရာလေးက ... သမ္မတ္တိနဲ့တော့ တော်တော်ပြည့် ... ခင်ဗျာ။ ဥပဓိရုပ်ကလည်း ကြည်ညို ... ကောင်းတယ်။ ဟောတဲ့တရားကလည်း ...

www.burmeseclassic.com

သိပ်ပြီးတော့ ထောက်ပြစရာမရှိဘူး။ ကျွန်တော်တို့သိထားတဲ့ ဗဟုသုတတွေနဲ့ သိပ်ပြီးကွဲလွဲမှုမရှိဘူး။ ရှေးဦးပရိက်ပြုပုံ၊ ဒီနောက် တရားအားထုတ်ပုံတွေကို စနစ်တကျနဲ့ စေ့စေ့စပ်စပ်ဟောသွားတယ်။ မူလကမ္မဋ္ဌာန်းရဲ့သဘောသဘာဝ မူလကမ္မဋ္ဌာန်းနဲ့ပဲ သမာဓိထူထောင်ပုံ၊ သမာဓိ အနုစား၊ အရင့်စားတွေ အဆင့်ဆင့်ရရှိလာပုံ၊ ဝိပဿနာကူးပြောင်းပုံ၊ ဉာဏ်စဉ်အဆင့်ဆင့်တက်ပုံ၊ ဒီနောက် မဂ်ကိုဝင်သွားပုံ စသဖြင့်ဟောသွားလိုက်တာမှ ဘာမှကိုပြောစရာမရှိဘူး။ အတိအကျပဲ၊ ကွက်တိပဲ။ ဆရာလေးကြည်ညို စရာကောင်းပုံ၊ တရားဟောမှန်ပုံကို ကြည့်ပြီး ကျွန်တော်ကတောင်ပုဂ္ဂိုလ်ထူး အစစ်နဲ့တွေ့ရပြီရယ်လို့ ကျိတ်ဝမ်းသာနေမိသေးတယ်။

အဲ-နောက်ပိုင်းလည်းရောက်ရော အရသာပျက်ဖို့က စလာတော့တာပဲ။ ဆရာလေးလည်း တရားဟောပြီးရော ခန်းမထိပ်ဆုံးမှာထိုင်နေတဲ့ ဘုန်းကြီးတစ်ပါးက မိုက်ခွက်ကြီးကောက်ကိုင်ပြီး ကြေညာတော့တာပဲ။ ခုချိန်ကစပြီးတော့ အနာဂါမ်ဒေါ်ကဋ္ဌနက အနာဂါမ်ဖြစ်တာကို သက်သေပြသောအားဖြင့် လက်တွေ့ ဖလသမာပတ် ဝင်စားပြပါတော့မယ်ဆိုပြီး ကြေညာတော့တာပဲ ဆရာကြီးရေ့"

"သွားပြီပေါ့ဗျာ။ လူပုံအလယ်မှာ ဖလသမာပတ်ဝင်စားပြတယ်လို့။ တရားထူးရတဲ့သူဟာ မိမိတရားထူးရတဲ့ အကြောင်းကို ခုလိုမျိုးလုပ်ပြဖို့ဝေးစွ။ လူသိတောင်မခံချင်တဲ့ဟာပဲ။ အဓိဂမ အပိစ္ဆာဂုဏ်နဲ့ ပြည့်စုံပြီးသားဟာပဲ"

"ဟုတ်ပ့ါ ဆရာကြီးရေ့။ ကျွန်တော်လည်း အဲဒီကစပြီး ခေတ်ပျက်သွားတော့တာပဲ။ သိရတာက အဲဒီမိုက်ခွက်နဲ့ ကြေညာတဲ့ ဘုန်းကြီးက အနာဂါမ် ဒေါ်ကဋ္ဌနရဲ့ ဉပဇ္ဈာယ်တဲ့။ ဒေါ်ကဋ္ဌနက ဆရာဘုန်းကြီးရဲ့ နည်းနာအတိုင်း အားထုတ်ရာက တရားထူးရသွားတာတဲ့။

အဲဒီနောက်ဘယ်လောက်တောင် စိတ်ပျက်စရာကောင်းသွားသလဲဆိုတော့ ဘုန်းကြီးကြေညာပြီးတဲ့နောက် ဒေါ်ကဋ္ဌနက လုပ်ငန်းစတယ်။ ထုံးစံအတိုင်း ခါးကို မတ်မတ်ဖြောင့်ဖြောင့်ထားပြီး တင်ပျဉ်ခွေထိုင်တယ်။ လက်နှစ်ဖက်ကိုယှက်ပြီး မျက်စိတွေကိုမှိတ်တယ်။လူတစ်ကိုယ်လုံးလည်း ငြိမ်သက်သွားတယ်။ အဲလို ငြိမ်သွားပြီး ဘယ်နှ မိနစ်လောက်ရှိတယ်ဆိုရင်ပဲ ဘုန်းကြီးက ပရိသတ်ကိုလှမ်းအော်ပြန်တယ်။ အခုအချိန် ဒေါ်ကဋ္ဌနဟာ ဖလသမာပတ်ကို ကောင်းကောင်းဝင်စားနေပြီဖြစ်ကြောင်း၊ ဒီလို ဖိုလ်ဝင်စားနေတဲ့အချိန်မှာ ပြင်ပအာရုံတွေမှန်သမျှ ချုပ်ငြိမ်းနေကြောင်း၊ ခုနေမိုးကြိုးပစ်လိုက်ရင်တောင် လုံးဝမကြားရတော့ကြောင်း၊ အထိအတွေ့မှန်သမျှကိုလည်း ဘာမှမတုံ့ပြန်တော့သလို ဝင်သက်ထွက်သက်တွေပါချုပ်နေပြီဖြစ်ကြောင်း၊ ဒါကြောင့် လက်တွေ့စမ်းသပ်လိုသူတွေက ဒေါ်ကဋ္ဌနကို လာရောက်ပြီး လက်တွေ့စမ်းသပ်နိုင်ကြောင်း၊ ပလတ်စတစ်အိတ်တစ်လုံးနဲ့ အပ်ဘူးတစ်ဘူးကို အသင့်ချထားပေးကြောင်း၊ စမ်းသပ်လိုသူက ဒေါ်ကဋ္ဌနဦးခေါင်းကို ပလတ်စတစ်အိတ်နဲ့ ကြိုက်သလောက်စွပ်ထားနိုင်သလို ဒေါ်ကဋ္ဌနရဲ့ အသားကိုလည်း အပ်နဲ့ထိုးကြည့်နိုင်ကြောင်း အဲသလိုကြေညာတော့တာပဲ ဆရာကြီးရေ့"

"သွားပါပြီဗျာ။ သာသနာ့ဝန်ဆောင်မဟုတ်ဘဲ သာသနာ့ဝန်စီးတွေဆိုတာ ဒါကိုပြောတာ။ သာသနာကိုအိုးမဲသုတ်တဲ့ပုဂ္ဂိုလ်တွေ။ နို့ - စမ်းတဲ့သူကကော တကယ်စမ်းကြသတဲ့လား"

"ဟုတ်ကဲ့ - ဘုန်းကြီးက ပရိသတ်ကို လုပ်ပါ လုပ်ပါ ထွက်ခဲ့ပါ လာစမ်းကြည့်ပါဆိုပြီး အကြိမ်ကြိမ်ဖိတ်ခေါ်နေတာကိုး ဗျ။ အဲလိုခေါ်လွန်းမကခေါ်တော့ ပရိသတ်ထဲက ယောကျ်ားတစ်ယောက် ခပ်ရွံ့ရွံ့ထလာတယ်။ ထလာပြီး အသင့်ရှိနေတဲ့ ပလတ်စတစ်အိတ်နဲ့ ဒေါ်ကဋ္ဌနရဲ့ခေါင်းကိုစွပ်တယ်။ အဲလိုစွပ်ထားတာဟာ တော်တော်ကြာတယ်။ ဒီနောက် အဲဒီစွပ်တဲ့လူကလည်း ကျေနပ်လို့ ပလတ်စတစ်အိတ်ကိုပြန်ချွတ်ပြီး သူ့နေရာသူပြန်သွားတယ်။ နောက်ထပ် မိန်းမတစ်ယောက်ထွက်လာပြန်တယ်။ အဲဒီမိန်းမကတော့ ဒေါ်ကဋ္ဌနကို အပ်နဲ့ထိုးကြည့်ဖို့လုပ်တယ်။ ဒီအချိန်မှာ ဘုန်းကြီးက ညာဘက်ပေါင်ကိုထိုးကြည့်၊ ညာဘက်ပေါင်ကိုထိုးကြည့်ဆိုပြီး လှမ်းအော်ပြောတယ်။ ဘုန်းကြီးပြောတဲ့အတိုင်း အဲဒီမိန်းမက ညာဘက်ပေါင်နေရာကို အပ်ကလေးနဲ့ ထိုးထိုးကြည့်တယ်။ ဒေါ်ကဋ္ဌနကမလှုပ်ဘူး။ကျောက်ရုပ်ကြီးအတိုင်းပဲ။ တင်းတင်းတောင့်တောင့်ကြီးပဲ။ ဟိုမိန်းမလည်းကျေနပ်ပြီး သူ့နေရာသူပြန်သွားတယ်။ ပရိသတ်ကတော့ အံ့သြတဲ့သူအံ့သြ၊ ချီးမွမ်းတဲ့သူ ချီးမွမ်းနဲ့ပေါ့။

ဒီလိုနဲ့ အချိန်စုစုပေါင်း နာရီဝက်လောက်ကြာတယ်ဆိုရင်ပဲ ဒေါ်ကဋ္ဌနာက လုပ်ငန်းပြီးဆုံးသွားတယ်။ မျက်လုံးပွင့်လာတယ်၊ ခါးညွတ်လာပယ်၊ လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာတယ်။ အဲဒီမှာတင် ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ ဘာမှလှည့်မကြည့်တော့ဘဲ ထပြန်လာခဲ့တော့တာပဲ"

"ကမောက်ကမတွေချည်းပဲဗျ။ သူ့ဟာက အနာဂါမ်လို့လည်းပြောတယ်။ ဝင်သက်ထွက်သက်ချုပ်နေတယ်လို့လည်း ပြောတယ်။ တစ်ခါ ဖလသမာပတ်ဝင်စားတယ်လို့လည်း ပြောပြန်တယ်။ တကယ်ဆို နိရောဓသမာပတ်လို့ပဲ ပြောရမယ့်ဉစ္စာ။ နောက်ထပ် ဦးကျော်ခင် ဘာသိခဲ့ရသေးလဲ"

"သိရပါတယ်။ သူတို့အကြောင်းကို လုံးစေ့ပတ်စေ့ကိုသိခဲ့ရပါတယ်။ ကျွန်တော်က အဲဒီကအပြန် ပဒင်ဆိုတဲ့ ရွာကိုလှည့်ဝင်ခဲ့တယ်။ ပဒင်မှာကျောင်းထိုင်နေတဲ့ ကျွန်တော်တို့ရွာသားဖြစ်တဲ့ ဦးကေသရဆိုတာရှိတယ်။ ဦးကေသရကို ဝင်ဖူးတာပေ့ါ။ ဖြစ်ချင်တော့ ကြိမ်တောဘုန်းကြီးနဲ့ ပဒင်ဘုန်းကြီးက မတည့်ကြဘူး။ တစောင်းစေးနဲ့ မျက်ချေးတွေ။ ကျွန်တော်က ကြိမ်တောက ပြန်ခဲ့တဲ့ အကြောင်းလည်း ပြောပြလိုက်ရော ဦးကေသရက အိတ်သွန်ဖာမှောက်ဖွင့်ချပြတော့တာပဲ။ ဒီနေရာမှာ ဦးကေသရက သူနဲ့ကဏ္ဍကောစဖြစ်နေတဲ့သူအကြောင်းကို ဘာသာထိုးထိုးနဲ့ ပိုပြောတာလည်း ဖြစ်ကောင်းဖြစ်မယ်။ သို့သော် ကျွန်တော်ကိုယ်တိုင် ဘဝင်မကျခဲ့တဲ့ အခံခေတ်နဲ့ ဦးကေသရပြောပြတဲ့ အချက်အလက်တွေကိုပေါင်းလိုက်ရင် ဦးကေသရက တစ်ဆင့်သိခဲ့ရတာတွေဟာ ဖြစ်နိုင်ခြေဘက်က ပိုများတယ်လို့ မှုမှုတတတွေးမိပါတယ်။

ကြိမ်တောဘုန်းကြီးဟာ လာဘ်လာဘအလွန်မက်မောတယ်တဲ့။ ဒကာတွေဆီက အလှူခံလည်း အတော်ပက်စက်တယ်တဲ့။ ဒီကိစ္စဟာ ထွင်လုံးသက်သက်ပဲတဲ့။ ပထမ သူ့တပည့်သီလရှင်က သူ့ဆီမှာ တရားအားထုတ်ရင်း ကိုယ့်ကိုယ်ကိုယ် တရားထူးရနေသလိုလိုဘာလိုလို တောင်ထင်မြောက်ထင်ထင်နေတာမျိုး ဖြစ်လိမ့်မယ်တဲ့။ ဒါကိုပဲ ဆရာလုပ်တဲ့သူက အနာဂါမ်လက်မှတ်တန်းပေးပြီး ထပ်မြှောက်ပေးလိုက်တာတဲ့။ ဒီနောက် သူ့တပည့်တရားထူးရကြောင်း ဆရာလုပ်တဲ့သူကကြေညာပြီး ဒေါ်ကဋ္ဌန

www.burmeseclassic.com

ကိုပဲ ရွာစဉ်လှည့်တရားဟောခိုင်းတာတို့၊ တရားဟောရင်း ဖလသမာပတ်ဝင်စားပြတာတို့လုပ်ခိုင်းတယ်တဲ့။ ဒီနည်းနဲ့ နာမည်ကြီးအောင်လုပ်ပြီး လူတွေအားတက်သရော လှူဒါန်းလာကြတဲ့ လာဘ်လာဘတွေကို သိမ်းကျုံးယူသွားတာတဲ့။

ဦးကေသရက ပြောပါတယ်။ တစ်ကိုယ်လုံး ကျောက်ရုပ်ကြီးလိုဖြစ်နေအောင်လုပ်ဖို့တာလေ့ကျင့်ယူလို့ရတယ်။ ပလတ်စတစ်အိတ်နဲ့ ခေါင်းကိုစွပ်ကြည့်တဲ့သူကလည်း ဘယ်လောက်ကြာအောင်စွပ်ထားရဲလို့လဲ။ သတ္တိရှိရင် (၁၀) မိနစ်၊ (၁၅) မိနစ်လောက်ကြာအောင် စွပ်ထားကြည့်ပါလား။ ဒီသီလရှင် တုံးခနဲလဲသေမသွားရင် ကြိုက်သလိုပြောတဲ့။ ခုတော့ စွပ်တဲ့သူက (၅) မိနစ်လောက် ကလေးစွပ်ထားတာကိုပဲ ကြာလှပြီထင်ပြီး အားနာပါးနာနဲ့ ပြန်ချွတ်လိုက်တာပဲတဲ့။ ဒီလောက်ကလေးကတော့ ဘယ်သူမဆို ကျိတ်ပြီး အသက်အောင့်ထားနိုင်တာပဲတဲ့ခင်ဗျ။

နောက်ပြီး ဒီသီလရှင်ဟာ လွန်ခဲ့တဲ့ (၆) လလောက်က ကျီးပေါင်းရောဂါကြောင့် အကြီးအကျယ်ခါးနာပြီး ဆေးရုံသွားတက်ခဲ့ရတယ်တဲ့။ ခါးနာသက်သာသွားပေမယ့် ကျီးပေါင်းကြောင့် သူ့ရဲ့ပေါင်တွေကထုံသွားခဲ့တယ်တဲ့။ ထုံသွားလို့လည်း ကိုင်လို့ကိုင်မှန်းမသိ၊ ထိလို့ထိမှန်းမသိဖြစ်သွားတယ်တဲ့။ အပ်နဲ့ထိုးကြည့်မယ့်သူကို ဘုန်းကြီးက ညာဘက်ပေါင်ထိုးကြည့်ဖို့ပြောတာဟာ အဲဒါကြောင့်ပေါ့တဲ့။ ပြီးတော့ ထိုးတဲ့သူကလည်း ဘယ်ကလာဆိုးခနဲဆက်ခနဲထိုးပါ့မလဲ။ အားနာပါးနာနဲ့ ထိုးတယ်ဆိုရုံလေးထိုးမှာပေါ့တဲ့။ ဒီတော့ အပ်ဖျားကလေးနဲ့ထိုးကြည့်တာမျိုးလောက်တော့ ဟိုထုံနေတဲ့ပေါင်က ဘယ်ဖြုပ်ပါ့မလဲတဲ့။ ဆရာတပည့် အကြံအဖန်တွေပါဗျာတဲ့။ အဲသလိုကိုပစ်ပစ်ခါခါပြောလာပါတယ်။ ကျွန်တော်လည်း အဲဒီအခါကျမှ အလုံးစုံသိရပြီး ဦးကေသရကိုလည်း အထိုက်အလျောက် ကျေးဇူးတင်ရတာပေါ့လေ"

"အားလုံးလိပ်ပတ်လည်ပါပြီဗျာ။ ဒီတစ်ခါလည်း ဦးကျော်ခင်တို့က ဦးတိုင်းကျော်ကို ရှုံးရပြန်ပြီပေါ့။ သတင်းကြားလို့ သွားကြည့်လိုက်တိုင်း အတုတွေနဲ့ချည်းညားညားနေတာဆိုတော့ သူ့ကိုလှန်နိုင်တဲ့အဖြစ်မျိုး ဘယ်တော့မှမရောက်နိုင်တော့ဘူးပေါ့"

"ဟုတ်ပါတယ် ခင်ဗျား။ ဒီတစ်ကြိမ်လည်း ကျွန်တော်တို့ပဲရှုံးပါတယ်။ ကြိမ်တောသတင်းကိုတော့ ကိုယ့်လူအချင်းချင်းပဲ တိုးတိုးတိတ်တိတ်ရှင်းပြလိုက်ပါ့မယ်။ ဦးတိုင်းကျော်တို့ဘက်ကိုတော့ လေသံတောင်ဟ,မနေတော့ပါဘူး။ကိုယ့်အအထုပ်ကိုယ်ဖြေပြတဲ့အလုပ်မျိုး လုပ်မနေတော့ပါဘူး"

ခေတ္တခဏစကားပြတ်သွားသည်။ သဘော်ကြီးက ပုံမှန်အတိုင်း ခုတ်မောင်းနေသည်။ ဦးခန်းထဲမှာတော့ ခရီးသည်နည်းရသည့်အပြင် အားလုံးလိုလို ခွေလျက်တစ်မျိုး၊ ကျောခင်းလျက်တစ်သွယ် အိပ်စက်နေကြသည်မို့ လူသံသူသံ ဟူ၍ လုံးဝမကြားရဘဲ တိတ်ဆိတ်လျက်ရှိသည်။ မကြာမီပင် ပြတ်နေသောစကားအစကို ဦးညိုအောင်က ပြန်ဆက်ပေးလိုက်သည်။

"ဒါထက် စောစောက ဆရာကြီးအမိန့်ရှိလိုက်ပါတယ်။ ဦးတိုင်းကျော်ရဲ့ အယူအဆတွေကို ချေဖျက်ပြမယ့် အချက်အလက်ကောင်းတွေ ဆရာကြီးမှာရှိတယ်ဆိုပြီး ပြောလိုက်သလားလို့ ခင်ဗျ"

"ဟုတ်ပါတယ်ပြောလိုက်ပါတယ်။ တကယ်လည်းရှိပါတယ်။ ခင်ဗျားတို့စကားဝိုင်းထဲကို ဝင်ခွင့်တောင်းရခြင်းကိုက ဒီအချက်ကို အဓိကဦးတည်ပါတယ်။ ပြောရရင် သောတာပန် ဆိုတဲ့ စကားဝေါဟာရဟာ ကြားလိုက်တာနဲ့ အလွန်မင်္ဂလာရှိပြီး အလွန်ပီတိဖြစ်စရာကောင်းတဲ့ဝေါဟာရပါ။ ကျွန်တော်က ဒီဝေါဟာရနဲ့ပတ်သက်ပြီးတော့ အလွန်စိတ်ဝင်စားပြီး အလွန်လည်း စိတ်ညွတ်ထားတဲ့သူကိုးဗျ။ ဒါကြောင့် သောတာပန်ဆိုတဲ့စကားကို ဘယ်သူ့ပါးစပ်ဖျားကပဲကြားရကြားရ စိတ်ကိုသံလိုက်နဲ့အဆွဲခံလိုက်ရသလို အလွန်စူးစိုက်ပြီး အလွန်နားစိုက်ပြီးဖြစ်ဖြစ်သွားတယ်။ နှစ်သက်စွာနဲ့လည်း နားထောင်လိုစိတ်က အဆင်တသင့်ဖြစ်သွားတယ်။ ဝါသနာတူဦးညိုအောင်တို့ဆီက ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ကြားလိုက်ရတဲ့အပြင် ဦးညိုအောင်တို့ရဲ့ အခြေအနေကိုလည်း အထိုက်အလျောက် ရိပ်မိလိုက်တာမို့ ငါတော့ဝင်မှဖြစ်မယ်။ ငါ့ရှိတာကိုလည်း ထုတ်ပြပြီး ကူသိုလ်ယူမှဖြစ်မယ်ဆိုတဲ့ ဆန္ဒက ထောင်းခနဲဖြစ်ပေါ်လာပါတယ်။ အခုကို ဒီအကြောင်းပြောရင်း ကျွန်တော့်စိတ်ထဲ အထူးတက်ကြွလာတာမို့ အခုပဲ စလိုက်ပါတော့မယ်။

ကိုင်း . . . ကျွန်တော်ဟာ မကြာခင်ကပဲ ဦးညိုအောင်တို့မျှော်မှန်းတမ်း[illegible] နေတဲ့ မင်္ဂပေါက်ဖိုလ်ပေါက်ပုဂ္ဂိုလ်တစ်[illegible] နဲ့ နဖူးတွေ့ဒူးတွေ့ ဆုံခဲ့ရ ကြုံခဲ့ရပါတ[illegible] လို့ဆိုရင် ဒီစကားကို ဦးညိုအောင်တို့ [illegible] နိုင်ပါ့မလားဗျာ"

"ဟာ - ဒါမင်္ဂလာသတင်း၊မင်္ဂလာ[illegible] စကားပဲ။ ဆရာကြီးဟာ ဉာဏ်ပညာ[illegible] အစ ကျွန်တော်တို့ထက် ဂုဏ်အထူးထူ[illegible] မြင့်မားတဲ့သူဆိုတာ ကျွန်တော်တို့[illegible] လက်ခံပြီးပါပြီ။ ဆရာကြီးလို ပုဂ္ဂို[illegible] တစ်ယောက်ကပြောတဲ့ စကား[illegible] အကြောင်းစုံကြားရဖို့ ငံ့လင့်ပါတယ်[illegible] ရုံအပြင် ဘယ်ပစ်စလက်ခတ်ပယ်ချ[illegible] မလဲ။ ပြောရပါစီရဲ့။ ခုကို သောတာ[illegible] စစ်စစ်တစ်ယောက်အကြောင်း သေ[illegible] ပေါက်ကြားနာရတော့မလိုမျိုး ကျွန်တော်[illegible] စိတ်ထဲမှာဖြစ်ပေါ်နေမိပါတယ်။ မြန်မြ[illegible] သာအမိန့်ရှိပါတော့"

"ဟုတ်ကဲ့တယ်ဗျို့။ ကျွန်တော်လည်[illegible] ကိုညိုအောင်လိုပဲ ချက်ချင်းမရိုးမရွ[illegible] ဖြစ်လာနေမိတယ်။ ကြားပါရစေတော[illegible] ခင်ဗျာ"

"ဝမ်းသာစရာပဲ။ ကုသိုလ်လည်[illegible] ခုချိန်ကတည်းက အများကြီးရနေပါ[illegible] သို့သော်လည်း ကျွန်တော်က နောင်ကြ[illegible] တို့ထက် ဂုဏ်အထူးထူးမြင့်မားတဲ့သ[illegible] အဖြစ်ကိုတော့မခံယူပါရစေနဲ့။ လော[illegible] နယ်ပယ်ထဲက မျက်စိနဲ့မြင်နိုင်တဲ့ ပ[illegible] သနအဆောင်အယောင်တွေ၊ ဘွဲ့ထူ[illegible] ဂုဏ်ထူးတွေဆိုတာဟာ လောကုတ္တ[illegible] နယ်မှာတော့ ဘာမှအဆင့်အတန်းမ[illegible] တာ၊ အရေးမပါအရာမရောက်တာ[illegible] နောင်ကြီးတို့လည်း အသိပဲဖြစ်ပါလိ[illegible] မယ်။

ကိုင်း-သတင်းကောင်းကိုပြောကြ[illegible] ပါစို့။ ဒီနေရာမှာ ကျွန်တော့်အနေ[illegible] ထပ်ပြီးခိုင်မာစေမှာကတော့ ကျွန်တော်[illegible] က ကျွန်တော့်ကိုယ်တွေ့လောက်ကို[illegible] တစ်ဆင့်ပြန်ပြောပြရုံမျိုး မဟုတ်ပါဘူး[illegible] အခု ကျွန်တော်ညွှန်းဆိုခဲ့တဲ့ပုဂ္ဂိုလ်ဟာ[illegible] မင်္ဂပေါက်ဖိုလ်ပေါက်ပုဂ္ဂိုလ်အစစ် ဖြ[illegible] ကြောင်း၊ ကျွန်တော်ဘယ်လိုတွေ့ခဲ့[illegible] ဘယ်လိုမြင်ခဲ့ရ ဘယ်လိုသိခဲ့ရတယ် ဆ[illegible] တာမျိုးလောက်ပဲ ပြန်ပြောမယ့်သဘော[illegible] မျိုးမဟုတ်ပါဘူး။ ကံအားလျော်စွာ[illegible] ကျွန်တော်က အကြံတစ်ခုရခဲ့ပါတယ်[illegible] အဲဒီအကြံအတိုင်း ဆောင်ရွက်ဖို့ အခွ[illegible] အရေးကိုလည်း ရခဲ့ပါတယ်။ တ[illegible] မဟုတ်ပါဘူး။ အဲဒီပုဂ္ဂိုလ်နဲ့ တွေ့ဆုံ[illegible] သခိုက် ကျွန်တော်ကမေးပြီး သူကပြ[illegible] လည်ဖြေဆိုခဲ့တဲ့ [illegible]ဆိုးမဖြတ်နိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးခန်းမှတ်တမ်းကို ကျွန်တော်က အသံသွင်းယူနိုင်ခဲ့ပါတယ်။ ကျွန်တော့်ကြိုတင်ပန်ကြားချက်ကို သူက သဘောတူတဲ့အတွက်ကြောင့်လည်း အဲလိုအသံပါသွင်းယူလိုက်နိုင်ခဲ့တာပါ။ အဲဒါကို ကျွန်တော် အခုပဲဖွင့်ပြသွားပါ"

"ကောင်းပြီပေါ့ ဆရာကြီးရယ်။ ကာယကံရှင်ရဲ့ ကိုယ်တိုင်မြွက်ဟချက်တွေကိုပါ ကြားရမယ်ဆိုမှတော့ တကယ့်ပွဲကြီးပွဲကောင်းပဲပေါ့ခင်ဗျာ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်။ သို့သော် ၊ အဲလိုအသံသွင်းထားတာကို အခုတန်းပြီးဖွင့်ပြလိုက်ရင် တုံးတိကြီးဖြစ်နေပါလိမ့်မယ်။ သူနဲ့ ကျွန်တော်နဲ့ ဆုံစည်းခဲ့ရတဲ့ ဖြစ်စဉ်အကျဉ်းချုပ်ကလေးကို ကြိုပြီးပြောပြပေးထားခြင်းအားဖြင့် ဦးကျော်ခင်တို့လည်း အကျိုးအကြောင်းကို ရှေ့နောက်ဆက်စပ်ပြီး ပြည့်ပြည့်စုံစုံသိသွားမယ်။ နားကြားရသမျှလည်း ပိုပြီးအနှစ်သာရရှိသွားမယ်လို့ ယူဆပါတယ်။ ဒါကြောင့် အဲဒါလေးကို ကျွန်တော်နည်းနည်းလောက် ပြောပြပါရစေ။

သူ့နာမည်က ကိုမျိုးအောင်တဲ့ခင်ဗျ။ အသက်က (၄၈) နှစ်လောက်ရှိပါပြီ။ ဥပမိရုပ်ကြည်လင်ခြင်း၊ တည်ငြိမ်ခြင်း အပါအဝင် ကိုယ်ကျင့်အမူအရာတွေ ပြည့်ဝကောင်းမွန်တဲ့အကြောင်းကိုတော့ ဒီနေရာမှာ ဘာမှထည့်မပြောလိုတော့ပါဘူး။ သူနဲ့ ကျွန်တော်က မန္တလေးမြို့ မဟာဗောဓိတရားရိပ်သာမှာဆုံစည်းခဲ့ရတာပါ။ သူက ပျဉ်းမနားနယ်ဘက်ကလို့ သိရပါတယ်။ တခြားသူ့ကိုယ်ရေးရာဇဝင်ကိုတော့ ကျွန်တော်လည်း ပြည့်ပြည့်စုံစုံမသိဘူး။ ဒါက သူ့ကိုမေးဖို့မလိုသလို သိစရာလည်းသိပ်မလိုအပ်ဘူးလေ။ သို့သော် တရားနဲ့ပတ်သက်ရာပတ်သက်ကြောင်းဖြစ်တဲ့ သူ့ကိုယ်ရေးအဖြစ်အပျက်တချို့တလေကိုတော့ သူ့ပြောကြားချက်တချို့မှာ အလျဉ်းသင့်သလို သူက ထည့်ပြောပြသွားပါတယ်။

ဒီလိုခင်ဗျ။ မဟာဗောဓိရိပ်သာဆိုတာက တရားစခန်းသက်သက်မဟုတ်ဘဲ ပရဟိတကိုလည်း ပူးတွဲဆောင်ရွက်ပါတယ်။ လူအိုရုံတို့၊ ကုသိုလ်ဖြစ်ဆေးရုံတို့ စသဖြင့်ပေါ့ဗျာ။ ဒီတော့ ရိပ်သာက တကယ့်ရိပ်သာစစ်စစ်မျိုးကြီးတော့ မဟုတ်ဘူးပေါ့။ တရားပြဆရာ၊ တရားစစ်ဆရာတွေနဲ့ ကြပ်ကြပ်မတ်မတ်လုပ်အားတာမျိုးမရှိဘူး။ လူတိုင်းကိုယ်ကြိုက်တဲ့ကမ္မဋ္ဌာန်းနဲ့ ရိပ်သာမှာလာအားထုတ်နိုင်တယ်။ ကမ္မဋ္ဌာန်းမရှိသေးတဲ့သူတွေအတွက်တော့ လိုချင်တဲ့ ကမ္မဋ္ဌာန်းကိုပြော။ အဲဒီမှာရှိတဲ့ဆရာတော်တွေက ကမ္မဋ္ဌာန်းချပေးတယ်။ တရားအားထုတ်ချိန်ကို သတ်သတ်မှတ်မှတ်လုပ်ထားတယ်။ ဒါ့အပြင် အလှည့်ကျဓမ္မကထိကတွေ တရားဟောတာကို နာယူတဲ့အချိန်၊ မိုးကုတ်၊ မဟာစည် အစရှိတဲ့ ဆရာတော်ကြီးတွေရဲ့ တရားတိပ်ခွေတွေကို ဖွင့်ပြပြီး တရားနာယူကြရတဲ့အချိန်တွေကိုပါ နေ့စဉ်အချိန်ဇယားထဲမှာ ထည့်ဆွဲထားတယ်။

ယောဂီအများစုကတော့ ပင်မဓမ္မာရုံမှာပဲ စုဝေးပြီး အားထုတ်ကြပါတယ်။ တတ်နိုင်သူတွေကတော့ သီးခြားစီဆောက်ထားတဲ့တစ်ပါးကျောင်းကလေးတွေကိုငှားရမ်းပြီး နေလိုကနေနိုင်တယ်။ အဲဒီတစ်ပါးကျောင်းလေးတွေမှာပဲ ကိုယ့်ဘာသာချက်ပြုတ်စားသောက်ပြီး ကိုယ့်တရားကိုယ်အားထုတ်နေကြပေါ့။ တစ်ပါးကျောင်းဆိုပေမယ့် သိပ်မသေးပါဘူး။ လူနှစ်ဦးလောက်တော့ ခပ်ချောင်ချောင်နေနိုင်လောက်တဲ့ကျောင်းလေးတွေပါ။ ကျွန်တော်က ဆရာဝန် ဦးတင်မောင်ဆိုတဲ့ပုဂ္ဂိုလ်နဲ့အတူ ကျောင်းကလေးတစ်ကျောင်းရပြီး အဲဒီ ကျောင်းကလေးမှာပဲ ချက်ပြုတ်စားသောက်၊ သီလယူပြီး တရားအားထုတ်ကြတယ်ပေါ့။ ကျွန်တော်က မဟာစည်၊ ဦးတင်မောင်က ဉာဏစာရီ။

အဲ-ကျွန်တော်တို့နဲ့ဘေးချင်းကပ်လျက်ကျောင်းက အဲဒီကိုမျိုးအောင်တို့သားအဖနေတဲ့ကျောင်း ဖြစ်နေတယ်။ သူတို့သားအဖက အဲဒီကျောင်းကလေးမှာ တရားအားထုတ်နေကြတယ်။ ပြောရရင် ကိုမျိုးအောင်က အဖေလုပ်တဲ့သူကို တရားအားထုတ်စေချင်လွန်းလို့ အဲဒီလိုဆွဲခေါ်ပြီး ခေါ်လာတဲ့သဘောပါ။ တစ်ပိုင်းကလည်း ကိုမျိုးအောင် ကိုယ်တိုင်ခရီးဆုံးကိုမရောက်သေးဘူး။ မဆုံးသေးတဲ့ သူ့ခရီးကိုဆက်ဖို့ အဲဒီမှာ သူပါ ပြင်းပြင်းထန်ထန်လာအားထုတ်မယ်ဆိုတဲ့သဘောပေါ့။ ဒါကတော့ စကားချပ်ပေါ့ဗျာ။

အိမ်နီးချင်းတွေဖြစ်တာနဲ့အညီ ကျွန်တော်တို့နဲ့ ကိုမျိုးအောင်တို့သားအဖက ခင်မင်ရင်းနှီးသွားကြပါတယ်။ ကျောင်းနှစ်ကျောင်းကြားက ဘူးစင်အောက်မှာ ကွပ်ပျစ်ကလေးတစ်ခုရှိတယ်။ အဲဒီကွပ်ပျစ်ကလေးပေါ်မှာထိုင်ပြီး ကျွန်တော်တို့နဲ့ သူတို့က နေ့စဉ်လိုလိုတရားဆွေးနွေးဖြစ်ကြတယ်။ ဒီလိုနဲ့ပဲ တစ်နေ့ထက်တစ်နေ့ ကိုမျိုးအောင်ရဲ့ တရားအဆင့်အတန်း နှယ်နှယ်ရရမဟုတ်ပုံကို ကျွန်တော်က သတိပြုမိလာပါတယ်။ အတူနေဆရာဝန်ဦးတင်မောင်ကပါ ကိုမျိုးအောင်ကို လေးစားလောက်သူဖြစ်မှန်း အကဲခတ်မိနေတယ်။ သူ့ရဲ့ တရားအမြင်ထဲထဲဝင်ဝင်ရှိပုံနဲ့ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေ၊ အမှားအယွင်းတွေကို သူထောက်ထောက်ပြသွားပုံက တကယ့်အမြင့်စားတွေ၊ ပရမတ်စစ်စစ်တွေချည်းပဲဖြစ်နေတယ်လေ။

တိုတိုဖြတ်ပြောရရင် တစ်နေ့မှာတော့ ကိုမျိုးအောင်ရဲ့အဖေ မကျန်းမမာဖြစ်တယ်။အဲဒါကို ဆရာဝန်ဦးတင်မောင်ကကြည့်ရှုကုသပေးတယ်။ ဦးတင်မောင်က တခြားယောဂီတွေအတွက်ပါ ဆေးဝါးကိုဒါနပြုထားတယ်။ ဦးတင်မောင်နဲ့အတူ ကျွန်တော်ပါ ကိုမျိုးအောင်အဖေကို ကူညီပြုစုပေးပါတယ်။ ဒါနဲ့ အတော်အတန်နေကောင်းတယ်ဆိုရင်ပဲ ကိုမျိုးအောင်က အဖေလုပ်သူကို အိမ်မှာအနားယူဖို့ ပြန်ပို့ထားလိုက်တယ် ခင်ဗျ။ ဒီနောက် ဆရာဝန်ဦးတင်မောင်ကလည်း သူ့ခွင့်ရက်စေ့လို့ ရိပ်သာကနေ ထွက်သွားတာမို့ ကျောင်းတစ်ကျောင်းစီမှာ ကျွန်တော်နဲ့ ကိုမျိုးအောင်ပဲကျန်ခဲ့တော့တယ်ပေါ့။

ဒါနဲ့ ကျွန်တော်က ကိုမျိုးအောင်နဲ့ ပိုပြီးရင်းနှီးခွင့်ရခဲ့သလို ပိုပြီးတော့လည်း သူ့အကြောင်းကို သိခွင့်ရခဲ့တယ်။ တစ်ညမှာတော့ သူနဲ့စကားပြောနေရင်း ကျွန်တော်က ပွင့်ပွင့်လင်းလင်းပဲမေးလိုက်မိတယ်။ ကိုမျိုးအောင်၊ မဟုတ်မှလွဲရော၊ ခင်ဗျားဟာ တရားထူးရပြီးပြီထင်တယ်။ ကျွန်တော့်သဒ္ဓါတရားကို ထောက်ပင့်ပေးသောအားဖြင့် ခင်ဗျားသိတဲ့မြင်တဲ့တရားကို မျှဝေပေးပါဗျာလို့ ပြောလိုက်မိတယ်။

ဒီတော့ သူက မျက်စိမှိတ်ပြီး ငြိမ်နေသေးတယ်ခင်ဗျ။ နောက်တော့မှ သက်ပြင်းချပြီး ပြန်ပြောဟယ်။ ကျွန်တော်က ကျွန်တော်သိတဲ့မြင်တဲ့တရားကို ဘယ်သူ့ကိုမဆို အလွန်မျှဝေချင်၊ ပြောပြောချင်တာပေါ့ဗျာတဲ့။ ဒါပေမယ့် ဒီကိစ္စဟာ တခြားကိစ္စတွေနဲ့မတူဘူး။ စိတ်ထဲက မရိုးမရွဖြစ်နေမိသလောက် တကယ်ပါးစပ်ကပြောထွက်ဖို့ကျတော့ အလွန်ခက်ပါတယ်တဲ့။ ကိုယ်ဖွင့်ပြောထားတဲ့သူ့ရှေ့မှာ မကုန်သေးတဲ့ ကိုယ့်ကိလေသာတွေထုတ်ပြတဲ့အခါ အလွန်ရှက်ဖို့ကောင်းပါသယ်



www.burmeseclassic.com

www.burmeseclassic.com

တဲ့။ ဒီထက်ရက်စရာကောင်းတာ ဘာမှ မရှိတော့ဘူးတဲ့။ ပြီးတော့ ကိုယ်က ကိုယ့်ကိုယ်ကိုယ် တရားထူးရပြီးသူလို့ ထင်မှတ်ယုံကြည်နေသည့်တိုင် စောစောကပြောခဲ့သလို မကုန်သေးတဲ့ ကိလေသာတွေ ကိုယ့်ခန္ဓာမှာပေါ်လာတဲ့အခါတိုင်း ငါဟုတ်မှဟုတ်ရဲ့လားဆိုပြီး ပြန်သံသယဝင်နေမိတာတို့၊ စောကြောနေမိတာတို့ ဖြစ်တတ်ပါသေးတယ်တဲ့။ ဒါကြောင့် တစ်ဦးတစ်ယောက်ရှေ့မှာ အလုံးစုံ ဝန်ခံလိုက်ဖို့ကို ကျွန်တော့်အနေနဲ့ အလွန်ပဲ ဝန်လေးမိပါတယ်တဲ့။ သူကပြန်ပြောတယ်။

ဒီတော့ ကျွန်တော်က သူ့ကိုပြန်ပြီးအားပေးရတာပေါ့။ ဒီပရိယာယ်တွေ၊ ဒီသဘောသဘာဝတွေကို ကျွန်တော်နားလည်ပါတယ်ဗျာလို့။ ဒါပေမယ့် ကျွန်တော့်မှာလည်း ကျိုးကြောင်းဆင်ခြင်ပြီးပိုင်းဆစ်ဝေဖန်တတ်တဲ့ ဉာဏ်ပဋိဘာန်မျိုး ရှိသင့်သလောက်ရှိပါတယ်လို့။ အဲဒါကြောင့် ကျွန်တော့်ကိုတော့ အထူးအခွင့်အရေးပေးသောအားဖြင့် နောက်ဆံမငင်ဘဲ လွတ်လပ်ပေါ့ပါးတဲ့စိတ်မျိုးနဲ့ စိတ်ချလက်ချပြောပြစေချင်ပါတယ်လို့။ တစ်ကြောင်းအားဖြင့်လည်း ကျွန်တော်နဲ့ ကိုမျိုးအောင်နဲ့က မကြာခင် တစ်လမ်းစီ ခွဲခွာသွားကြရတော့မှာဖြစ်ပြီး နောက်ကိုလည်း ပြန်ဆုံတွေ့ဖို့ လမ်းစမမြင်ပါဘူး။ ကိုမျိုးအောင်အနေနဲ့ ကျွန်တော့်ကိုအလုံးစုံပြောပြရတဲ့အတွက် နောင်တရနေမိတာမျိုး ဘာမှကိုဖြစ်လာစရာမရှိပါဘူးလို့ ပြန်ပြောပါတယ်။

အဲသလိုပြောလိုက်မှပဲ သူလည်း တက်ကြွရွှင်လန်းလာပြီး ဒါဖြင့် ကောင်းပါပြီ။ ကျွန်တော့်အဖေကို ဝိုင်းဝန်းပြုစုပေးခဲ့တဲ့ ကျေးဇူးတွေကိုလည်း ထောက်ထားသောအားဖြင့် ကျွန်တော်ပြောပြပါတော့မယ်။ သို့သော် ကျွန်တော်က ကျွန်တော့်အတွေ့အကြုံတွေကို တရားဟောသလိုမျိုး တောက်လျှောက်တစ်သီကြီး ဖွင့်ပြသွားတာမျိုးကတော့ သိပ်မကောင်းဘူးထင်ပါတယ်။ မေးသူက လိုရင်းအချက်ကိုမေးပြီး ဖြေသူက ပြန်ဖြေပေးတဲ့ပုံစံမျိုးပဲ ပိုပြီးသင့်တော်မယ်လို့ ထင်ပါတယ်တဲ့။ သူက အဲသလိုပြန်ပြောတယ်။ ကျွန်တော်က ကောင်းပါပြီ၊ အဲဒါကောင်းပါတယ်လို့ ပြန်ပြောတယ်။ ဒီနောက် နောင်တစ်ချိန်မှာ မေ့သွားတာမျိုးရှိခဲ့ရင် ပြန်ပြီးနာကြားရအောင်လို့ ကျွန်တော့်ကိုအသံသွင်းခွင့်ပြုဖို့ ခွင့်တောင်းတယ်။ သူကလည်း ခွင့်ပြုတယ်။ ကျွန်တော်လည်း အသံဖမ်းပြီးတော့ မီမိုရီစတစ်ကလေးတစ်ခုထဲမှာ ကူးပြောင်းထည့်သွင်းခဲ့ပါတယ်။ ကိုင်း - ခုချိန်ကစပြီး ကျွန်တော်တို့ အဲဒါကို နာကြားလိုက်ကြပါစို့"

ပြောပြီး ဦးစံလင်းက ခရီးဆောင်အိတ်အတွင်းမှ ရေဒီယိုကက်ဆက်လေးတစ်လုံးနှင့် မီမိုရီစတစ်ကလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ပြီးလျှင် ရေဒီယိုကက်ဆက်တွင် အသင့်ပါရှိပြီးဖြစ်သော အပေါက်ကလေးထဲသို့ မီမိုရီစတစ်ကို ထိုးသွင်းလိုက်ကာ ခလုတ်ကိုဖွင့်လိုက်သည်။ ဦးညိုအောင်နှင့် ဦးကျော်ခင်တို့က တောက်ပြောင်သောမျက်လုံးများဖြင့်နားစွင့်နေကြ၏။ ပထမတွင် စက္ကန့်အနည်းငယ်ခန့် လေလှိုင်းသံတရှဲရှဲကို ကြားနေရသေးသော်လည်း မကြာမီပင် တွေ့ဆုံမေးမြန်းခန်း၏ကြည်လင်ပြတ်သားသောအသံများက ဆက်တိုက်ဆိုသလို ထွက်ပေါ်လာပါတော့သည်။

မေး။ ။ မင်္ဂလာပါ ကိုမျိုးအောင်ခင်ဗျား။ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့် မင်္ဂလာအချိန်အခါနဲ့ ကျွန်တော်တို့ကြုံကြိုက်ခွင့်ရကြပါပြီ။ ကိုမျိုးအောင်က မပြီးသေးတဲ့ ရှေ့စခန်းတွေအတွက် ဒီမှာလာပြီး ဆက်ကြိုးပမ်းနေတယ်လို့ ကျွန်တော် ယူဆပါတယ်။ ကိုမျိုးအောင်အနေနဲ့ ဘယ်အထိ ခရီးတွင်ခဲ့ပြီးပြီလဲခင်ဗျ ဘယ်စခန်းအထိရောက်ပြီးပြီလဲ။ မဂ်ဖိုလ်ကို ဘယ်နှကြိမ်အထိ မြင်ပြီးပါပြီလဲ။

ဖြေ။ ။ နှစ်ကြိမ်တိတိ မြင်ပြီးပြီလို့ ကျွန်တော်ယူဆပါတယ်။

မေး။ ။ နှစ်ကြိမ်ဆိုတော့ သကဒါဂါမိပေါ့ခင်ဗျာ။ ကိုမျိုးအောင်အနေနဲ့ ဘယ်အထိရည်မှန်းထားသလဲ။ ဘယ်စခန်းအထိ စိတ်ညွတ်ထားပါသလဲ။

ဖြေ။ ။ အရိယာ (သက္ခ) ပုဂ္ဂိုလ်ဟာ ပုထုဇဉ်ထက် ပိုဆင်းရဲတယ်လို့ပြောရင် ဘယ်သူမှလက်ခံနိုင်မှာမဟုတ်ပါဘူး။ ခန္ဓာဝန်ကြီးလေးလွန်းတာကို အရိယာပုဂ္ဂိုလ်ကပိုသိပါတယ်။ လောကရဲ့အချည်းနှီးဖြစ်ပုံ၊ ငြီးငွေ့ဖွယ်ဖြစ်ပုံ၊ ကြောက်လန့်ဖွယ်ဖြစ်ပုံတွေကို ပုထုဇဉ်တွေထက် ပိုပြီးသိရှိပါတယ်။ ဒါကြောင့် လောကကနေ ကျွတ်လွတ်ချင်တဲ့စိတ်၊ ထွက်မြောက်လိုတဲ့စိတ်မျိုး အမြဲတမ်းရှိပါတယ်။ တစ်ပိုင်းကလည်း မိမိကသာ ကျွတ်လွတ်ချင်သော်လည်း ကျွတ်လွတ်နိုင်တဲ့ဉာဏ်စခန်းကို မရောက်နိုင်သေးတာမို့ ဒီခန္ဓာဝန်ကြီးကိုပဲ ဖြူဖြူစုစုနဲ့ ဆက်ပြီးရွက်ဆောင်နေရပါတယ်။ မိမိမနှစ်သက်တော့ပေမယ့် ကွဲကွာလို့လည်းမရတဲ့ မိန်းမတစ်ယောက်ကို အောင့်အည်းပေါင်းသင်းနေရတဲ့ယောကျ်ားမျိုးနဲ့ ဥပမာအားဖြင့် တူညီပါလိမ့်မယ်။ ပုထုဇဉ်တွေကတော့ မေ့လျော့ခြင်းကြီးစွာနဲ့ လောကထဲမှာ ကျင်လည်ကျက်စားပြီး ခင်တွယ်ပျော်ပါးနေတတ်ကြတာပဲများပါတယ်။ ဒီအချက်ကိုပဲ အရိယာက ပိုဆင်းရဲတယ်လို့ ပရိယာယ်အားဖြင့် ကျွန်တော် ဆိုလိုခြင်း ဖြစ်ပါတယ်။

မေး။ ။ ဖြတ်မေးပါရစေ။ လောကကို သိပ်ပြီးအပြစ်မမြင်တတ်တဲ့ အရိယာပုဂ္ဂိုလ်မျိုးရော မရှိနိုင်ဘူးလား။ ဥပမာ ဝိသာခါတို့၊ အနာထပိဏ်တို့ဟာ အဲလိုအမျိုးအစားထဲကလို့ ကျွန်တော်ထင်တယ်လေ။ သူတို့က တစ်မဂ်တစ်ဖိုလ်ရပြီးတဲ့နောက် လက်ကျန်ဘဝကို ပျော်ပျော်ရွှင်ရွှင်ပဲ နေထိုင်စံစားသွားကြတယ်မဟုတ်လားခင်ဗျာ။

ဖြေ။ ။ အဲလိုမျိုး ဖြစ်နိုင်ပါတယ်။ ရှိလည်းရှိနိုင်ပါတယ်။ ဘဝသမ္ဘာရနဲ့ ပြည့်စုံကြွယ်ဝလွန်းတဲ့ အရိယာပုဂ္ဂိုလ်တွေအဖို့ သံဝေဂစိတ်မထက်သန်အောင် ဖုံးကွယ်ခံထားရတာမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် သူတို့သိပါတယ်။ လောကီချမ်းသာဆိုတာ ပန်းတိုင်မရှိဘဲ ဦးတည်ရာမဲ့ စီတန်းတိုးဝှေ့ပြီး အချည်းနှီးခရီးဆက်နေရတဲ့အဖြစ်ပဲရယ်လို့ သူတို့ကောင်းကောင်းသိပါတယ်။ အမေ့လျော့ကြီးမေ့လျော့နေတဲ့ အရိယာပုဂ္ဂိုလ်မျိုးပဲဖြစ်ပါစေ တစ်ချီတစ်ချီမှာတော့ ဒီအသိတွေက ဝင်ဝင်ဆောင့်ပြီး သတိပေးလာမြဲပဲ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဘဝမှာဆင်းရဲခြင်းမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသူပါ။ ဒါကြောင့် ကျွန်တော့်မှာ ဒုက္ခလက္ခဏာ ပိုပြီးထင်ရှားနေတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်မပျော်ပါဘူး။ ကိုယ့်ပတ်ဝန်းကျင်တစ်ခွင် ပုပုရွရွလှုပ်ရှားသွားလာနေကြတဲ့လူတွေကိုကြည့်ပြီး သူတို့ရဲ့အပူရှာနေတဲ့အဖြစ်၊ ဒုက္ခရှာနေတဲ့အဖြစ်ကိုချည်း မြင်ယောင်နေမိပါတယ်။ အဲဒါကြောင့် ကျွန်တော်ဖြစ်ချင်တာကိုပြောရရင် ဒီဘဝမှာတင် အပြီးတိုင်ကျွတ်လွတ်သွားချင်ပါတယ်။ ထွက်မြောက်သွားချင်ပါတယ်။ အဲဒါ ကျွန်တော့်ရည်မှန်းချက်ပါ။

ဒါပေမယ့် အဲဒါကို ကျွန်တော် ဘယ်လိုမှမလုပ်နိုင်တော့ဘူးလို့ထင်တာပဲ။ ရှေ့တစ်စခန်းကို ကျွန်တော် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

မှ မလှမ်းနိုင်တော့ဘူးလို့ထင်တာဘဲ။ ကျွန်တော်အကြိမ်ကြိမ်ကြိုးစားကြည့်ပြီးပါပြီ။ ဘယ်လိုမှအားထုတ်လို့မရတော့ဘူး။ ပြောရရင် ကျွန်တော့်ရဲ့ ပထမအကြိမ် အတွေ့အကြုံထူးကို ၁၉၉၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ နေ့လယ်(၁)နာရီအချိန် မန္တလေးမြို့ ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်းမှာ မျက်မှောက်ပြုခဲ့ရပါတယ်။ ဒုတိယအကြိမ်ကိုတော့ ကျွန်တော့်ဇာတိရပ်ရွာက ဆုတောင်းဦးဆိုတဲ့ ဘုန်းတော်ကြီးကျောင်းမှာ မေလ ၁၅ ရက်၊ ည(၈)နာရီတိတိအချိန် ထပ်မံကြုံတွေ့ခဲ့ရပါတယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်ဟာ (၁၅) ရက်ပဲခြားပါတယ်။ အားထုတ်ရတာလည်း အလွန်လွယ်ကူပါတယ်။ ပထမအကြိမ်ရပြီးတာနဲ့ ဒုတိယအကြိမ် ထပ်ရစရာရှိသေးတယ်ဆိုတာကို စိတ်ထဲကအလိုလိုသိနေသလိုမျိုးခံစားရပါတယ်။ သမာဓိရဲ့အရှိန်ဟာ လုံးဝပေ့ါသွား၊ ကျသွား၊ တန့်သွားတာမျိုးမရှိဘူး။ လေးလေးပင်ပင်ရှိမြဲရှိနေတယ်။ဆက်အားထုတ်လိုတဲ့ အာသီသကလည်း ထက်ထက်သန်သန်ပဲဖြစ်ပေါ်နေတယ်။ ဒါကြောင့် ဒုတိယစခန်းကို (၁၅) ရက်လောက်ပဲခြားပြီး အလွယ်တကူဝင်နိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ထူးခြားတာလေးတစ်ခုကိုတော့ ကျွန်တော်ပြောပြချင်ပါသေးတယ်။ ဒီစခန်းနှစ်ခုကို ပန်းဝင်တဲ့အချိန်မှာ အတွေ့အကြုံက တစ်ခုနဲ့တစ်ခု ဖြစ်ပုံချင်းမတူဘူး။ ဒါ ကျွန်တော်ခံစားရတာကိုပြောတာပါ။ ပထမအကြိမ်တုန်းက ကျွန်တော်ဟာ ထိုင်ပြီးအားထုတ်နေရာကနေ အချိန်စေ့တာနဲ့ တရားဖြုတ်ပြီး ခုံတန်းတစ်ခုပေါ် လဲလျောင်းနေလိုက်မိတယ်။ အဲသလို လဲလျောင်းနေတယ်ဆိုပေမယ့် လူက အမှတ်တော့မပျက်ဘူး၊ သတိရှိနေတယ်။ အဲသလို ရှုမှတ်မြဲရှုမှတ်နေရာက (၁၀) မိနစ်လောက်ကြာတယ်ဆိုရင်ပဲ လူတစ်ကိုယ်လုံး ခြေဆုံး၊ ခေါင်းဆုံး ဖျတ်ခနဲဆိုချုပ်သွား၊ ပြတ်သွားတယ်။ အချိန်က စက္ကန့်ဝက်လောက်တောင် မကြာဘူးခဏလေးပဲ။ ခဏလေးဆိုပေမယ့် အဲဒီဖျတ်ခနဲပြတ်သွားတဲ့ 'ပြတ်ရာ' ကြီးဟာထင်ရှားလို့လို့ အံ့အားသင့်နေမိပါတယ်။ ဘာ - ဒါ ဘာပါလိမ့်ဆိုပြီး လူကလည်းချက်ချင်းပဲ ငုတ်တုတ်ထထိုင်လိုက်မိပါတယ်။ ဒါကို နောင်တစ်ချိန်ကျမှ ဓမ္မစက္ခုဏာဆင်ခြင်တဲ့လက္ခဏာတစ်ပါးအဖြစ်သိခဲ့ရပါတယ်။ ဒါက ပထမအကြိမ်ပေါ့။

ဒုတိယအကြိမ်ကျတော့ ကျွန်တော်က ထိုင်လျက်အားထုတ်နေတယ်။ သမာဓိဟာ အထွတ်အထိပ်ပဲ။ တကယ့်လေးလေးပင်ပင်ပဲ။ ရုပ်နာမ်တွေဟာ တစ်ကောင်တစ်မြီးလောက်တောင်မှ အနားမကပ်နိုင်တော့ဘူး။ စထိုင်လိုက်ကတည်းက စိတ်ဟာ တစ်ချက်ကလေးမှ အပြင်မရောက်ဘူး။ ဒီလိုနဲ့ စထိုင်ပြီးမိနစ် (၂၀) လောက်ကြာတယ်ဆိုရင်ပဲ ကျွန်တော့်နားထဲမှာ 'ဝုန်း' ဆို အသံကြီးတစ်ခုကြားလိုက်ရတယ်။ လူတစ်ကိုယ်လုံးလည်း ပျောက်သွားသလိုဖြစ်သွားတယ်။ အဲဒီမှာ လုပ်လက်စအလုပ်လည်း ရပ်သွားပြီးတော့ ထုံးစံအတိုင်း ဒါဘာပါလိမ့်ဆိုပြီးတော့ ပြန်ကြည့်နေမိတယ်။ ကျွန်တော်ဗဟုသုတနည်းပါတယ်။ အဲဒါကိုလည်း ဒုတိယမဂ်ပါလားလို့ ချက်ချင်းမသိခဲ့ဘူး။

နောက်တစ်ရက်ရှိတော့မှ ဇာတိက စပြီးပြလာတယ်။ လင်းနေတဲ့ မီးသီးတစ်လုံးကို စူးစိုက်ကြည့်နေမိရာက ဖိုလ်ဓာတ်တွေအလိုလိုကျရောက်လာပါတယ်။ အဲဒီနေ့က မနက်ပိုင်း ကျွန်တော့်အမေအိမ်ကိုသွားတော့ လမ်းတစ်လျှောက်လုံးမှာ တငြိမ့်ငြိမ့်နဲ့အငြိမ်းကြီးငြိမ်းနေတဲ့အရသာထူးကိုခံစားရတယ်။ အိမ်ရောက်လို့ အမေနဲ့ စကားပြောရတဲ့အချိန်မှာလည်း စကားတွေကလျှံထွက်နေသလိုမျိုးကြီးဖြစ်နေတယ်။ သိသိရှိရှိ၊ ထိထိမိမိကိုမဖြစ်ဘူး။ အာရုံဟာ အငြိမ်းဓာတ်ထဲမှာပဲဝင်ကိန်းနေပြီး အပြင်ကိုဘယ်လိုမှမထွက်နိုင်ဘဲဖြစ်နေတယ်။အမေချူးကျွေးတဲ့ထမင်းကို စားရပြန်တော့လည်း အရသာကမရှိဘူး။ ရေသောက်ရင်လည်း အရသာကပျက်နေတယ်။ နီးရာစာအုပ်တစ်အုပ်ကိုကောက်ကြည့်လိုက်ပြန်တော့ စာတွေကိုဖတ်လို့မရဘူး။ စာလုံးတွေက ကွန့်လိမ်ကောက်ကွေ့ပြီးအထပ်ထပ်ဖြစ်နေတယ်။ ဒါနဲ့ နေရတာတစ်မျိုးကြီးပဲဆိုပြီး ကျွန်တော်အဓိဋ္ဌာန်ဝင်နေတဲ့ကျောင်းကိုပဲပြန်လာခဲ့တယ်။

ကျောင်းရောက်ပြန်တော့လည်း ဒီအတိုင်းပဲ။ ထိုင်ရ၊ ထရ၊ လမ်းလျှောက်ရတာတွေ၊ တစ်စုံတစ်ခုကို လုပ်ရကိုင်ရတာတွေအားလုံးဟာ ဘာမှထိထိမိမိမရှိဘူး။ ပေ့ါရွှတ်ရွှတ်ကြီးတွေဖြစ်နေတယ်။ စောစောကပြောခဲ့သလို စိတ်ဟာ အပြင်မထွက်နိုင်ဘူး။ ကန့်သတ်ခံထားရသလို၊ အချုပ်ခံထားရသလို၊ တားဆီးခံထားရသလိုဖြစ်နေတယ်။ ယုတ်စွအဆုံး စိတ်ဟာ ဘာအကြောင်းမှကိုစဉ်းစားလို့မရနိုင်ဘဲဖြစ်နေတယ်။ စိတ်ကိုတမင်အပြင်ထွက်ကြည့်တယ်၊ တစ်ခုခုစဉ်းစားကြည့်တယ် မရဘူး။ ဥပမာ 'က-ကလေးငယ်၊ ချစ်စဖွယ်' ဆိုတဲ့ လင်္ကာလေးကို စိတ်ထဲက ဆိုရွတ်ကြည့်တယ် ဆိုပါတော့။ အစအဆုံးရွတ်နိုင်စွမ်းမရှိဘူး။ ကဆိုတာလောက်မှာပဲရပ်နေတယ်။ ရှေ့တိုးလို့မရတော့ဘူး။ အကြိမ်ကြိမ်ထပ်ရွတ်ကြည့်တယ်။ က-က-က-က ဆိုတာလောက်နဲ့တင် တားဆီးခံနေရတယ်။ ဘယ်လိုမှအပြင်ထွက်လို့မရဘူး။ ထွက်ကြည့်လိုက်ဟိုင်း အထဲကိုပြန်ပြန်ပို့နေသလိုမျိုးပဲဖြစ်နေတယ်။ အဲလိုတမင်ထွက်ကြည့်တဲ့စိတ်ကို ပြန်ပြန်အပို့ခံရတာများလွန်းတဲ့အခါမှာကြာတော့ နားထင်နားရင်းတွေတင်းရင်းပြီး ကျပ်တပ်တပ်တောင်ဖြစ်လာပါတယ်။ နောက်တော့ လက်လျှော့ပြီးငြိမ်းနေတာကို ငြိမ်းနေတဲ့အတိုင်းပဲ မျှောပြီးလွှတ်ထားလိုက်တော့တယ်။

တစ်မျိုးကြီးဆိုမှ တစ်မျိုးကြီးပါပဲဗျာ။ အလွန်ငြိမ်းအေးတယ်။ အလွန်ချမ်းသာတယ်ဆိုတာကတော့ ငြင်းလို့မရပါဘူး။ ဒါပေမယ့် အရင်ကမကြုံဘူးတဲ့အရသာမျိုးဆိုတော့ အနေရခက်သလိုမျိုး ခံစားနေရတာပေ့ါ။ အဲသလိုဖြစ်နေတာဟာ (၃) ရက်လောက်ကြာပါတယ်။ နေ့ရောညပါ အပြတ်အတောက်မရှိ တောက်လျှောက်ကြီး တရစပ်ဖြစ်နေတာပါ။ (၃) ရက်ကျော်သွားတော့မှ တဖြည်းဖြည်းပြယ်လာပြီး အရင်လိုပုံမှန်အတိုင်းပြန်ဖြစ်စပြုလာတယ်။ စိတ်က ခပ်ကျဲကျဲ ခပ်ပေ့ါပေ့ါပဲဖြစ်လာတယ်။ ကျွတ်ကျွတ်လွတ်လွတ်ချောင်ချောင်ချိချိဖြစ်လာတယ်။ အရင်အတိုင်းစဉ်းစားတာမျိုး၊ တွေးတောတာမျိုးတွေပြန်လုပ်နိုင်လာတယ်။ နောင်တစ်ချိန် စာပေတွေကိုဖတ်ရှုရတော့မှ ဒါဟာ ဖိုလ်စိတ်ဖိုလ်ဉာဏ်တွေ အဆက်မပြတ် တရစပ်ကျရောက်နေတဲ့သဘောပါလားဆိုတာ ရိပ်စားမိခဲ့ပါတယ်။ ကျွန်တော်လည်း ပထမအကြိမ်ဖြစ်တဲ့ ဖျတ်ခနဲ အတွေ့အကြုံနဲ့ ဒုတိယအကြိမ်ဖြစ်တဲ့ ဝုန်းခနဲ အတွေ့အကြုံနှစ်ခုကို ဘယ်တော့မှ မေ့ပျောက်နိုင်ခြင်းမရှိဘဲ အခါအားလျော်စွာ အဲဒီအကြောင်းပြန်တွေးပြီး ပီတိဖြစ်နေရပါတော့တယ်။

(ဆက်ရန်)

ရဲမြတ်တင်(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မည်သည့်ပစ္စည်းမဆို အရောင်းထွက်လိုပါက
## ထွက်စေလိုလျှင် ရန်နှင့်ဆင်၊ ဆ-ပင်ကိုင်းနှင့်ရိုက်။
## အရင်းနံ့တူ ဖျားရန်သူ-ကြံယူအသင့်လိုက်။

မည်သည့်ပစ္စည်းမဆို အရောင်းထွက်စေလိုပါက ၎င်းထွက်စေလိုသော ပစ္စည်း၏နံကို အရင်းကခံ၍ အဖျားက ရန်နှင့်တွဲသောအသားဖြင့် ရန်အခါဝယ် ၎င်း၏ဆပွတ်နံသင့်အတိုင်း အချက်စေ့ ရိုက်ပါ။

**၁။တနင်္ဂနွေနံပစ္စည်းထွက်လိုလျှင်** မည်သည့်နေ့မှာမဆို ရန်ဘက်အင်္ဂါအခါ တွင် ပစ္စည်းအပေါ်၌ အထွက်စမ ဩ အက္ခရာရေးပြီး ၎င်းပစ္စည်းမြန်မြန်ရောင်း၍ထွက်ပါစေဟု အချက်တိုင်းဆို၍ ဩဇာကိုင်းနှင့် (၂၁) ချက် အရှေ့တောင် အရပ်သို့ မျက်နှာမူ၍ ဆပွတ်ဂြိုဟ်သက် အရ (၂၁) ချက်ရိုက်ပြီး ဩဇာကိုင်းကို ရောင်းမည့်ပစ္စည်းအပေါ်မှာတင်ထားပါ။ (မရွေ့ပါစေနှင့်)

**၂။ တနင်္လာနံပစ္စည်းထွက်လိုလျှင်** မည်သည့်နေ့တွင်မဆို ရန်ဘက်ဖြစ်သော ကြာသပတေးအခါတွင် ပစ္စည်းအပေါ်၌ အထွက်ဖြစ်သော င အက္ခရာကိုရေးပြီး မြန်မြန်ရောင်းထွက်ပါစေဟု ဆိုလျက် အနောက်အရပ်သို့ မျက်နှာမူ၍ ကင်ပွန်းကိုင်းနှင့် ဆပွတ်ဂြိုဟ်သက်အရ (၁၀)ချက် ပစ္စည်းကိုရိုက်ပါ။ ရိုက်ပြီးလျှင် ကင်ပွန်းကိုင်းကို ပစ္စည်းအပေါ်မှာတင်ထားပါ။ (မရွေ့ပါစေနှင့်)

**၃။ အင်္ဂါနံပစ္စည်း စက်၊ ဆေး၊ ဆီ ထွက်လိုလျှင်** မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော တနင်္ဂနွေအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက်အက္ခရာ **ည**ကိုရေး၍ အရှေ့မြောက်အရပ်သို့ မျက်နှာမူပြီး အင်္ဂါနံပစ္စည်းမြန်မြန်ရောင်း၍ ထွက်ပါစေဟု အချက်တိုင်းဆိုလျက် ဆန်အိတ်ငယ်နှင့်ဖြစ်စေ၊ စိမ်းစားဥနှင့်ဖြစ်စေ၊ ဆပွတ်ဂြိုဟ်သက်အရ (၆) ချက် ရိုက်ပြီး ရိုက်သောပစ္စည်းကို ရောင်းမည့် ပစ္စည်းပေါ်မှာ တင်ထားပါ။ (မရွေ့ပါစေနှင့်။)

**၄။ ဗုဒ္ဓဟူးနံ ရွှေ၊ ငွေ၊ လှည်း စသည်တို့ မြန်မြန်အရောင်းထွက်လိုသော်** မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ရောင်းမည့်ပစ္စည်းများ အပေါ်တွင် အထွက်ဖြစ်သော ဝအက္ခရာ ကိုရေး၍ အနောက်မြောက်အရပ်သို့ မျက်နှာမူလျက် ရွှေစသည် မြန်မြန်ရောင်း ထွက်ပါစေဟု အချက်တိုင်းဆိုပြီးလျှင် ဝါးယားကိုင်းနှင့် ဆပွတ်ဂြိုဟ်သက်အရ (၁၅) ချက်ရိုက်ပါ။ ဝါးယားကိုင်းကို ရောင်းမည့်ပစ္စည်းပေါ်မှာတင်ထားပါ။ (မရွေ့ပါစေနှင့်။)

**၅။ ကြာသပတေးနံ မြေ၊ ပဲ၊ ဖက် ရောင်းလိုလျှင်** မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော တနင်္လာအခါ၌ ၎င်း ပစ္စည်းများအပေါ်တွင် အထွက်စမဖြစ် သော မအက္ခရာကိုရေး၍ အရှေ့အရပ် သို့မျက်နှာမူပြီးလျှင် မိမိပစ္စည်း (မြေ) မြန်မြန်ရောင်း၍ထွက်ပါစေဟု အချက် တိုင်းဆို၍ ဆပွတ်ဂြိုဟ်သက်အရ မန်ကျည်းကိုင်းနှင့် (၈)ချက်ရိုက်ပြီးလျှင် မန်ကျည်းကိုင်းကို ရောင်းမည့်ပစ္စည်း ပေါ်မှာတင်ထားပါ။ (မရွေ့ပါစေနှင့်။)

**၆။ သောကြာနံ သံ၊ သွပ်၊ သစ် စသောပစ္စည်းများ အရောင်းထွက်စေလို သော်** မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ် သော စနေအခါ၌ ၎င်းပစ္စည်းများပေါ် တွင် အထွက်ဖြစ်သော ဋ အက္ခရာကို ရေး၍ အနောက်တောင်ထောင့် စနေ အရပ်သို့ မျက်နှာမူပြီးလျှင် သောကြာနံ ပစ္စည်း သစ်၊ သံ၊ သဘော် အမည်တပ် ခေါ်၍ မြန်မြန်အရောင်းထွက်ပါစေဟု ဆိုပြီး သနပ်ကိုင်းနှင့် ဆပွတ်ဂြိုဟ်သက် အရ (၁၇) ချက်ရိုက်ပါ။ ရိုက်သည့် အချက်တိုင်း မြန်မြန်ရောင်း၍ထွက်ပါ စေဟုပြောပါ။ ရိုက်ပြီးလျှင် သနပ်ကိုင်း ကို ပစ္စည်းပေါ်မှာ မရွေ့အောင်တင်ထား ပါ။

**၇။ စနေနံ တိုက်၊ ထီး၊ ဓား၊ ခနိ စသည်များ မြန်မြန်အရောင်းထွက်စေလို ပါက** မည်သည့်နေ့မှာမဆို ၎င်းပစ္စည်း များအပေါ်တွင် အထွက်အက္ခရာဖြစ် သော နအက္ခရာကိုရေး၍ ဤစနေနံ ပစ္စည်း မြန်မြန်ရောင်းထွက်ပါစေဟု ရိုက် သည့်အခါ ဆပွတ်ဂြိုဟ်သက်အရ ဒဟတ်ကိုင်းနှင့် (၁၉) ချက်ရိုက်ပါ။ တစ်ချက်ရိုက် တစ်ခါပြောရိုက်ပြီးလျှင် ဒဟတ်ကိုင်းကို ရောင်းမည့်ပစ္စည်း အပေါ်မှာ မရွေ့အောင်တင်ထားပါ။

**၈။ ရာဟုနံ ယာဉ်ရထား၊ ရေနံ၊ ရှား စေး၊ ရက်ကန်း၊ ရော်ဘာပစ္စည်းများ အမြန် အရောင်းထွက်စေရန်** မည်သည့်နေ့မှာ မဆို ရန်ဘက်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက်ဖြစ် သော ရအက္ခရာစာလုံးကိုရေး၍ တောင် အရပ်ကို မျက်နှာမူပြီးလျှင် ရောင်းမည့် ပစ္စည်းကိုအမည်ခေါ်လျက် ဆပွတ်ဂြိုဟ် သက်အရ ရှက်လှကိုင်းနှင့် (၁၅) ချက် ရိုက်ပါ။ ရှက်လှကိုင်းကို ပစ္စည်းအပေါ် တင်ထားပါ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်အေးလွင်(ကသာ)

# မဲဇ-မလိဘ မြစ်ဆုံဒေသရှိ ထူးခြားဂျိတန်ခိုးကြီးသော
# ဗုဒ္ဓသာသနာငါးထောင်စံစေတီတော်

၆-၇-၂၀၁၆ ရက်နေ့တွင် မရောက်ဖြစ်သည်မှာကြာပြီဖြစ်သော မြစ်ကြီးနားသို့ ခရီးထွက်ဖြစ်ခဲ့ပါသည်။ အဓိကအကြောင်းအရာကတော့ မြစ်ကြီးနားမှ (၂၈) မိုင် ကွာဝေးသော မြစ်ဆုံဒေသတွင် တည်ထား ကိုးကွယ်နေသည့် ဗုဒ္ဓသာသနာ ငါးထောင်စံစေတီတော်မြတ်အကြောင်း သူရဋ္ဌမဂ္ဂဇင်းပရိသတ်အတွက် ဆောင်းပါးရေးရန် ဖြစ်ပါသည်။ ကသာမှ နဘားသို့ ကားဖြင့်လာပြီး မန္တလေးမှတက်လာမည့် အမှတ် (၅၅) အဆန်ရထားကိုစောင့်စီးရာ ည (၇း၃၀) နာရီမှစီးရသည်။ ကသာမှ ပထမတန်းတွဲ သက်မှတ်ရသဖြင့်စီးခဲ့ရာ ရထားတစ်စင်းလုံး၌ ကျွန်တော်တို့တွဲတစ်တွဲပဲမီးပျက်ကာကြုံရသည်။ မှောင်နှင့်မည်းမည်းထဲ ရထား၏တဂျုန်းဂျုန်းခုတ်သံကိုနားဆင်ခင်းခရီးဆက်ခဲ့ရာ ပြောင်းလဲလာသော



ဗုဒ္ဓသာသနာငါးထောင်စံမြစ်ဆုံစေတီတော်




ရန်ပြေမာန်ပြေကမ္ဘာငြိမ်းချမ်းရေးစေတီတော်




www.burmeseclassic.com

www.burmeseclassic.com



အင်ဂျွန်းယန်းမြို့မှစေတီတော်



တန်ခိုးကြီးသောမြစ်ဆုံစေတီတော်

ခေတ်အခြေအနေကို သတိထားမိသည်။

မန္တလေး - မြစ်ကြီးနားလမ်းပိုင်း ရထားကို အခေါက်ရေပေါင်းရာနှင့်ချီ ကာစီးခဲ့ဖူးသည်။ ကျွန်တော်တို့ ငယ်စဉ် ကရထားများတွင် မီးမပါသည်ကများ သည်။ ခရီးသည်များက ညအမှောင် ရောက်သည်နှင့် ဖယောင်းတိုင်မီးထွန်း ကာ ရထားစီးခဲ့ရသည်။ တစ်ညလုံး ရထားစီးရာတွင် အပြင်မှာလည်းမှောင် တွဲထဲမှာလည်းမှောင် အမြဲကြုံခဲ့ရသည်။ ယခုခေတ်တော့ အတွဲတိုင်းမီးပါသော် လည်း ကျွန်တော်စီးသည့်နေ့မှစီးမိသည့် တွဲတွင် မီးပျက်သည်နှင့်ကြုံရာ ဖုန်းမီး ရောင်ဖြင့်တွဲကိုလင်းစေသူ ခရီးသည် များကိုမြင်ရတော့ ခေတ်ပြောင်းသွားပြီ ဟု သတိပြုမိရတော့သည်။ တစ်ညလုံး ရထားစီးပြီးနောက် မနက်(၅)နာရီကျော် တွင် မြစ်ကြီးနားဘူတာသို့ ရထားဝင် သည်။

ရထားပေါ်မှ ဆင်းဆင်းချင်း တည်းခိုရာ ရန်ကြီးအောင်မီးစက်ဝင်းထဲ ရှိ အစ်မဝမ်းကွဲအိမ်သို့ ဆိုင်ကယ် ကယ်ရီဖြင့်သွားသည်။ ရောက်ရောက် ချင်းမိုးရွာသည်နှင့်ကြုံသော်လည်း ခေါ် ချိုးကာ မီးစက်ဝင်းထဲရှိ ခေါက်ဆွဲဆိုင် ၌ ဆန်ခေါက်ဆွဲစားသည်။ ခဏနေကြာ သောအခါ ဘူတာကြီးနားရှိ ကိုထွန်းဝင်း (ရီရီထွန်း-ဂက်စ်အရောင်းဆိုင်) မှ ဖုန်း ဆက်ခဲ့ပြီး လာတွေ့လာသည်။ ယခု ခရီး စဉ်ထွက်ဖြစ်ခဲ့သည့် အဓိကအကြောင်း မှာ ကိုထွန်းဝင်း၏ ဖိတ်ခေါ်မှုလည်းပါ သည်။ သူ၏ သာသနာပြုလုပ်ငန်းများ ကို လာရောက် လေ့လာရန်နှင့် မြစ်ဆုံ ဒေသတွင် တည်ထားသော စေတီတော် ၏ ထူးခြားဆန်းကြယ်သော သမိုင်း ကြောင်းများကို စာပေနှင့် မှတ်တမ်းတင် ရန် ဖြစ်သည်။


ကချင်ပြည်နယ်မြောက်ပိုင်းဒေသ တွင် ဗုဒ္ဓဘာသာပြန့်ပွားအောင် ကြိုးပမ်း လုပ်ဆောင်မှုများကို အခက်အခဲများကြား ကြားမှဆောင်ရွက်ခဲ့ကြသူများအကြောင်း ကြားရသောအခါ လေးစားမိပါသည်။ ကိုထွန်းဝင်းက သူနှင့်တွဲဖက်သာသနာ ပြုလုပ်ငန်းများလုပ်နေသူ ဦးအောင်မင်းသူ နှင့် မိတ်ဆက်ပေးပြီး မြစ်ဆုံဘုရားသို့ သွားကြရန် ပြင်ဆင်ကြတော့သည်။ ၈-၆-၂၀၁၆ ရက်နေ့တွင် ကိုထွန်းဝင်း ၏ကားက လာကြိုပြီး မြစ်ဆုံဘုရားသို့ သွားကြသည်။ လမ်းတစ်လျှောက်စကား ပြောကြရင်း ကိုထွန်းဝင်းနှင့် ဦးအောင် မင်းသူတို့က သူတို့၏သာသနာပြုလု

www.burmeseclassic.com

ဝန်းအခက်အခဲများကို ပြောကြသည်။ အင်ခိုင်ဘွန်တောင်တန်းကြီးဘေးတွင် အောင်မြင်သာစေတီတည်ဖြစ်ခဲ့သော အကြောင်းအရာများကို ပြောကြရင်း အောင်မြင်သာစေတီသို့ ဝင်ရောက်ဖူးမြော်ကြရသည်။ မြစ်ဆုံစီမံကိန်းလုပ်မည်ဆိုစဉ်က မြစ်ဆုံမှ တန်ဖဲရွာကို အင်ခိုင်ဘွန်တောင်ဘေး၌ အောင်မြင်သာကျေးရွာဟုတည်ပေးပြီးရွာကိုရွှေ့ပြောင်းစေခဲ့သည်။ ရွာဘေးမှ တောင်ကုန်းပေါ်တွင် အောင်မြင်သာစေတီကို ကိုထွန်းဝင်းတို့အဖွဲ့က အောင်မြင်စွာတည်ထားခဲ့ပြီး ထီးတော်တင်နိုင်ခဲ့သည်က အလွန်တရာသာယာလှပသော ပတ်ဝန်းကျင်ရှုခင်းများနှင့် စေတီတော်တို့မှာ သပ္ပာယ်တင့်တယ်လှပေသည်။

ယခုအခါ မြစ်ကြီးနားမြို့ပေါ်မှ လူအများလာရောက် အပန်းဖြေ၊ ဘုရားဖူးကြသလို နိုင်ငံခြားသားများကလည်း လာရောက် လေ့လာသောနေရာတစ်ခု ဖြစ်နေပြီ ဖြစ်၏။ ဘုရားတည်ရာတွင် အခက်အခဲမျိုးစုံ တွေ့ရသော်လည်း အမိဋ္ဌာန်ဖြင့် ကြိုးစားပြီး အောင်မြင်အောင်လုပ်နိုင်ခဲ့သည့်အတွက်ကြောင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိပါသည်ဟု ကိုထွန်းဝင်းကဆိုသည်။ အောင်မြင်သာစေတီတော်ဘေးရှိ ဘုန်းကြီးကျောင်းသို့ ဝင်ပြီး ဆရာတော်ကိုဦးချပြီး ကိုဝင်းထွန်းနှင့် ဦးအောင်မင်းသူတို့က စကားပြောကြသည်။ ဆရာရင်း၊ ဒကာရင်းတွေမို့ ဆရာတော်က ထမင်းကျွေးခဲ့သည်။ ထမင်းစားပြီးနောက် မြစ်ဆုံသို့ဆက်သွားကြသည်။ အောင်မြင်သာစေတီတော်မှ မြစ်ဆုံသို့ (၇) မိုင်သာဝေးတော့သည်မို့ ခဏအကြာမှာပဲ ရောက်သွားသည်။ လမ်းတစ်လျှောက် ကွန်ကရစ်လမ်းများကို ဘရိတ်ကခင်းထားသဖြင့် ကားလမ်းကောင်းသည်ကို တွေ့ရ၏။ မြစ်ဆုံအနားအရောက် View Point အရောက်တွင် ခဏဆင်းပြီးနောက် ဓာတ်ပုံရိုက်ကြသည်။ တောင်တန်းကြီးဘေးမှဖြတ်သန်းစီးဆင်းလာသော ဧရာဝတီမြစ်ဖျားတို့၏ အလှအပရှုခင်းများကို တအံ့တသြငေးမောကြည့်မိသည်။ နိုင်ငံခြားခရီးသွားတစ်ယောက်ကလည်း ဆိုင်ကယ်ဖြင့် မြစ်ဆုံသို့လာလည်သည်ကို တွေ့ရသည်။ နှုတ်ဆက်စကားပြောကြတော့ ပိုလန်မှဟုသိရသည်။

ခဏအကြာတွင် မြစ်ဆုံသို့ရောက်ရှိသည်။ မိုးသားများကအုံ့ဆိုင်းနေ၍ ဓာတ်ပုံကိုစိတ်ကြိုက်မရနိုင်သော်လည်း





မြစ်ဆုံစေတီတော်တန်ဆောင်းအတွင်းမှ ဆင်းတုတော်




ရန်ပြေမာန်ပြေကမ္ဘာငြိမ်းချမ်းရေးစေတီတော်အဝင်ဝမုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆုံမှရှေ့လာရသော အောင်မြင်သာရွာမှစေတီတော်



မြစ်ဆုံမှရှေ့လာရသော အောင်မြင်သာရွာမှစေတီတော်ရှိရှင်ဥပဂုတ္တရုပ်ပွားကြီး



မြစ်ဆုံကိုးတောင်ပြည့်စေတီတော်ဒါယကာနှင့်ပါရမီရှင်များ

ကြိုးစားပြီးရိုက်သည်။ ဓာတ်ပုံရိုက်ပြီး
နောက် မြစ်ဆုံဗုဒ္ဓသာသနာငါးထောင်
စေတီတော်မြတ်တည်ရခြင်းအကြောင်း
ကို ဆရာဦးအောင်မင်းသူ (အင်း
ညောင်ရမ်းမိသားစုကြီး၊ ဗုဒ္ဓသာသနာပြု
အဖွဲ့၊ မြစ်ကြီးနား) က ပြောပြရာတွင်
ဘုရားဒါယကာ၊ ရဟန်းဒါယကာ၊ သိမ်
ဒါယကာကြီးဖြစ်သော ညောင်ရမ်းဗေဒ
ပဏ္ဍိတကျမ်းပြုဆရာသည် နိမ္မိတ
ရောင်ပုံရောင်ဘုရားသမိုင်းဗျာဒိတ်တော်
အရ မေခ၊ မလိခမြစ်ဆုံဒေသ၌ အနာဂတ်
သာသနာအတွက် လည်းကောင်း၊ ဒေသ
ခံဝေနေယျတို့အတွက် လည်းကောင်း
ရည်ရွယ်၍ ဘုရားတည်မည့်နေရာကို
ရှာဖွေခဲ့သည်။ ၁၉၇၂ ခုတွင် မြစ်ကြီးနား
မှ မေခ၊ မလိခ မြစ်ဆုံရှိရာဒေသသို့
ထိုခေတ်အခြေအနေအရ ဂျစ်ကားဖြင့်
ခက်ခဲစွာလာခဲ့ပြီး မြစ်ဆုံရာ ဧရာဝတီ
မြစ်အစနေရာ မြစ်၏အနောက်ဘက်
လမ်းတစ်လျှောက်တွင် ဘုရားတည်ရန်
အတွက် ထူးခြားမည့်နေရာကို ရှာဖွေ
သည်။

ဂျစ်ကားကိုရပ်ကာ နေရာအနှံ့
ရှာဖွေကြသော်လည်း ထူးခြားသည့်
နိမိတ်လက္ခဏာ မတွေ့ရသဖြင့် ပြန်လာ
လိုက်၊ ပြန်ရှာလိုက် (၃) ကြိမ်မြောက်ပြီး
သောအခါ ပြန်ဖို့စီစဉ်ပြီး ကားစက်နှိုး
သည်ဟု ဆိုသည်။ ကားစက်နှိုးသော်
လည်း ကားမှာလုံးဝထွက်မရအောင်ဖြစ်
နေသဖြင့် ထူးခြားသောနိမိတ်အဖြစ်
မှတ်ယူပြီး ကားရပ်ထားသောနေရာ
ပင် ဘုရားတည်ရန် ဆုံးဖြတ်လိုက်ကြ
သည်။ မြစ်ဆုံဒေသ (၉) တောင်ပြည့်
စေတီတည်ရာတွင် ထူးခြားချက်များ
တွေ့ရှိရသည်။ စေတီတော်တည်ရန်
အတွက် အုတ်မြစ်ချရန်မြေတူးသောအခါ
ရှေးမူနှင့်အစစ်များသာရှိသော ဌာပနာ
တိုက်ပုံသဏ္ဌာန်ကို ထူးခြားစွာတွေ့ရှိခဲ့
လေသည်။ ထိုဌာပနာတိုက်အတွင်း
ကြေးပုရပိုက်တစ်ဆူကို တွေ့ရသည်။
ကြေးပုရပိုက်ကို ပါဠိဘာသာဖြင့်ရေး
ထားသဖြင့် ဆရာတော်ကြီးများဖတ်
ကြည့်ရာ ဤဒေသ၏ နောင်ဖြစ်လာ
မည့် အနာဂတ်ကို ရေးထားသည်ကို
တွေ့ရသည်။ ဘုရားတည်ပြီးသောအခါ
ထိုပုရပိုက်အတွင်းရှိ စာများအား
မော်ကွန်းကျောက်စာရေးထိုးထားသည်
ကို ယခုအခါ တွေ့မြင်နိုင်ပါသည်။ စေတီ
တော်တည်စဉ်က ကိုယ်တိုင်ကိုယ်ကျ
ပါဝင်ခဲ့သူ မိတ္ထီလာမြို့ ကျောက်တံခါး
တောရကျောင်းဆရာတော်မှ ပြောပြ




www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ပုရပိုက်ပါအကြောင်းအရာများကို ကူးယူပြီးနောက် ထိုရွှေမြေထဲတွင် ပုရပိုက်ကို ပြန်လည်ထားရှိပြီး ဌာပနာခဲ့ကြောင်း သိရသည်။

ကိုးတောင်ပြည့်စေတီတော်တည်ရာတွင် အဓိကပါဝင်သည့် ပုဂ္ဂိုလ်များမှာ မိုးကုတ်မြို့ အုတ်ဒါန်ကျောင်းမှ ဆရာတော် အရှင်နာယကသီရိဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ မိတ္ထီလာမြို့ ကျောက်တံခါးတောရကျောင်းတိုက် ဆရာတော်အရှင်မေဓာဝီလင်္ကာရ ဓမ္မာစရိယ၊ မော်လမြိုင်မြို့ဆရာတော် အရှင်ပဝရာဘိဝံသ၊ ပုပ္ပားတောင်ကလပ်မှ ဆရာတော်ဘိုးပဲ စသော ဆရာတော်ကြီးများကို ဩဝါဒါစရိယထားရှိ၍ ဘုရားဒါယကာ ကျမ်းပြုဆရာ၊ ညောင်ရမ်းဒေယျပဏ္ဍိတ ဦးဆောင်သော အင်းဝ ညောင်ရမ်းမိသားစုနှင့် ဒေသခံပါရမီရှင်၊ အလှူရှင်များ စုပေါင်းပါဝင်ကာ တည်ထားခဲ့ကြကြောင်း သိရသည်။

ဆရာဦးအောင်မင်းသူ၊ ကိုထွန်းဝင်းတို့ဖြင့် မြစ်ဆုံဒေသတစ်ဝိုက် ဓာတ်ပုံများရိုက်လိုက်၊ ရှင်းပြသည်များကိုမှတ်အားလိုက်ဖြင့် မောသောအခါ ဇရပ်လေးတွင်ထိုင်ရင်း ဧရာဝတီမြစ်ဦးအလှကို ခံစားမိသည်။ မေခနှင့် မလိခမြစ်နှစ်ခုလာဆုံ၍ ဧရာဝတီမြစ်တည်ကာပြီး မိုင်ပေါင်း (၁၃၂၈) မိုင်ရှည်လျားစွာဖြင့် မြန်မာပြည်မြောက်ဖျားမှ တောင်ဘက်ဘင်္ဂလားပင်လယ်အော်ထိ စီးဆင်းသွားသည့်မြစ်သည် နှစ်သက်တမ်းသန်းပေါင်းများစွာကြာခဲ့ပြီ ဖြစ်သည်။ အဖိုးတန် သယံဇာတများစွာရှိသော ရတနာမြစ်ကို အစပြု၍ မြန်မာပြည်သားများစွာ အသက်ရှင်နေထိုင်ကြသည်။ မြစ်ရေကြီး၍ ရေကျသောအခါ မြေဆီမြေသြဇာ နုန်းမြေများ ကျန်ရစ်ခဲ့သဖြင့် စိုက်ပျိုးရေးကောင်းမွန်သည်။ မြစ်ကြောင်းတစ်လျှောက် လှေ၊ သင်္ဘောများဖြင့် ရေကြောင်းသွားလာ၍ ကုန်စည်ကူးသန်းမှု ကုန်သွယ်မှုဖလှယ်ရာဖြစ်ခဲ့သည်။ မြစ်ကမ်းနဲ့သာသစ်တောများမှာ သစ်၊ ဝါးများကို ဖောင်ဖွဲ့မျှောကြသည်။ မြစ်ထဲမှ ငါးသားငါးအစုံကို စားသုံးကြသည်။ ဧရာဝတီမြစ်ကြီး၏ မြန်မာပြည်သားတို့အပေါ် ကျေးဇူးပြုသည့်အချက်များကို ရေတွက်၍ကုန်နိုင်ရှိသည်ကိုတွေးမိသည်။ ဆိပ်ကမ်းဘေးတစ်လျှောက်လိုက်ကြည့်ရာ မြစ်ထဲဆင်းကြည့်၏။ ရေစီးအလွန် သန်သည့် မြစ်ထဲရေဆင်းချိုးသည့် ဒေသခံများမကြာခဏရေနစ်သေသဖြင့် မြစ်ထဲရေဆင်းချိုးခြင်း တားမြစ်ထားသည်ကို တွေ့ရသည်။အေးစက်လှသော ရေသည် ကြည်လင်မနေပါ။ နောက်ကျိနေသဖြင့် မေးကြည့်သောအခါ မြစ်ဖျားအစပိုင်းတွင် မိုးရွာလည်းရွာနေသည်။ ရွှေနိုးကျင်သဖြင့် ရေမကြည်ကြောင်းပြောပြသည်။မိုးတိမ်များဖြင့်အုံ့ဆိုင်းနေသော တောင်တန်းကြီးကိုကြည့်ရင်း မြစ်ဆုံစီမံကိန်းလုပ်ပါက သဘာဝရေကာတာအဖြစ် ရွေးထားသည့် တောင်နံရံကြီးပါလားဟု သတိပြုမိသည်။ ဧရာဝတီမြစ်အစ၏ ရှိသမျှမြေအားလုံးသည် ရွှေထွက်ရာမြေများဖြစ်နေသည်။ ကမ်းပါးတွင် ရွှေကျင်သည်ကို တားမြစ်ထားသည်ကို တွေ့ရ၏။


အင်ခိုင်ဘွမ်တောင်တန်းနှင့်အောင်မြင်သာစေတီတော်


ကြည်ညိုဖွယ်ရာအာရုံခံတန်ဆောင်းနှင့်ဗုဒ္ဓသာသနာငါးထောင်စံမြစ်ဆုံစေတီတော်



မြစ်ဆုံစေတီတော်တည်ထားမည့်နေရာမှ ရရှိခဲ့သော ပုရပိုဒ်ထဲမှ စာသားများကို ကျောက်စာထုထားပုံ


မြစ်ဆုံစေတီတော်တည်ထားခြင်း ရက်စွဲများမှာ ပန္နက်တော်မင်္ဂလာကို ၂-၃-၂-၁၉၇၁၊ သာသနာနှစ် ၂၅၁၅၊ ကောဇာနှစ် ၁၃၃၃ ခုနှစ်၊ နတ်တော်လပြည့် ကြာသပတေးနေ့တွင် စတင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com





ရွှေ့ပြောင်းခံခဲ့ရသော တန်ဖရဲရွာမှ အိမ်များ



ဖျက်ဆီးခြင်းခံခဲ့ရသော ကြေးဆင်းတုတော်



ကြွက်ဖြူများကျရောက်ခြင်းအထိမ်းအမှတ်ပြုလုပ်ထားသော ကြွက်ဖြူရုပ်တု



မှလမြစ်ဆုံစေတီတော်နှင့်ဦးအောင်မင်းသူတို့အဖွဲ့

သည်။ ၁၃-၃-၁၉၇၂ ခုနှစ်(၁၃၃၃ ခုနှစ်၊ တပေါင်းလပြည့်ကျော်၊ ၁၄ ရက်နေ့)တွင် အုတ်မြစ်စီမင်္ဂလာကျင်းပပြုလုပ်ခဲ့သည်။ ၂၄ - ၃ - ၁၉၇၂ ခုနှစ်၊ (၁၃၃၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်) နေ့တွင် ဌာပနာသွင်းမင်္ဂလာ (ဌာပနာ ၄-ဆင့်) ကျင်းပပြုလုပ်ခဲ့ကြသည်။ (၃)ဘုံ(၃)ဆင့် မဟာဇေယျာဘုံရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင်ပွဲ၊ ဗုဒ္ဓပူဇနီယပွဲကိုပါ ၂၉-၃-၁၉၇၂ ခုနှစ် (၁၃၃၃ခုနှစ်၊ တန်ခူးလပြည့်နေ့) တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်းသိရသည်။ ဘုရားတည်မည့်နေရာမှ တွေ့ရှိရသော ရွှံ့မှုန်များအကြားမှ ကြေးပုရပိုက်တစ်ဆူကို ဘုရားဌာပနာရာတွင် ပြန်လည်ဌာပနာခဲ့သည်။ ကြေးပုရပိုက်တွင် ရေးထားသော စာမှာ ပါဠိလိုဖြစ်၍ ဘာသာပြန်သောအခါ ဤဒေသ၌ ဖြစ်လာမည့်အနာဂတ်ကို ဟောထားသော အချက်(၉)ချက်တွေ့ရသည်။

၎င်းတို့မှာ -

၁။ သာသနာတစ်ဝက်ကျော်လျှင် ဤနေရာ၌ စေတီဖြစ်ထွန်းအံ့။

၂။ ထိုစေတီတော်ကို နောင်တွင် ဉာဏ်တော်မြှင့်လတ္တံ့။

၃။ ဒေသတစ်ခုလုံးအေးချမ်းသာယာ စည်ပင်ထွန်းကားအံ့။

၄။ မြစ်နှစ်ခုအဆုံတွင် မြစ်ကြောင်းပြောင်းလဲမှုဖြစ်အံ့။

၅။ မြို့ကြီးနှစ်မြို့ပေါ်ထွန်းအံ့။

၆။ သင်္ဘောဆိပ်ကမ်း (၂) ခု ပေါ်လတ္တံ့။

၇။ စေတီတော်သည် ရွှေစေတီဖြစ်လတ္တံ့။

၈။ တိုင်းပြည်နှစ်ခုကူးသန်းသွားလာမှု လွယ်ကူလတ္တံ့။

၉။ သာသနာတော်စည်ပင်ထွန်းကားအံ့ဟု ပါရှိသည်ကို ယခုအခါ ကျောက်စာရေးထိုးထားသဖြင့် တွေ့မြင်နိုင်ပါသည်။

မြစ်ဆုံစေတီတော်ကို တည်ထားကိုးကွယ်ရာတွင် ပါဝင်ကြသော ပုဂ္ဂိုလ်များမှာ -

၁။ ဆရာတော် အရှင်နာယကသီရိ၊ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိပါရဂူ၊ မိုးကုတ်မြို့၊ အုန်းဒါန်ကျောင်း။

၂။ ဆရာတော်အရှင်မေဓာဝီလင်္ကာ၊ ဓမ္မာစရိယ၊ မိတ္ထီလာမြို့၊ ကျောက်တံခါးတောရကျောင်းတိုက်။

၃။ ဆရာတော် အရှင်ပဝရာဘိဝံသ မော်လမြိုင်မြို့။

၄။ ဆရာတော်ဘိုးပဲ၊ ပုပ္ပားတောင်ကလပ် စသော ဆရာတော်ကြီးများကို ဩဝါဒါစရိယပြု၍ ဘုရားဒါယကာကျမ်းပြုဆရာ၊ ညောင်ရမ်းဇေယျပဏ္ဍိတ ဦးဆောင်ဒါယကာပြု၍ အင်း၀၊ ညောင်ရမ်းမိသားစုနှင့် ဒေသခံပါရမီရှင်များစုပေါင်းပါဝင်ကာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပါသည်ဟုသိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။


သွားလာရေး ခက်ခဲသည့်အပြင် ဒေသခံမဟုတ်သူများဝင်ထွက်သွားလာမှုခွင့်မပြုသည့်အချိန်၊ မငြိမ်းချမ်းသေးသော နယ်မြေတစ်ခုတွင် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သော သဒ္ဓါစိတ်တစ်ခုဖြင့် ကိုးတောင်ပြည့်စေတီကိုတည်ခဲ့ခြင်းဖြစ်သဖြင့် ဘုရားဒါယကာနှင့် ပါရမီရှင်များကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာမထွန်းကားသေးသည့်နယ်မြေ၊ အသက်အန္တရာယ်အချိန်မရွေး ကျရောက်နိုင်သည့်နယ်မြေတွင် ယုံကြည်မှုသဒ္ဓါတရားပြည့်ဝစွာဖြင့်သွားရောက်တည်ထားခဲ့ခြင်း ဖြစ်သည်။

မြစ်ဆုံပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုရင်း အတွေးရေလျဉ်ကြောမျောမိသည်။ မြစ်ကြီးနားမှ မြစ်ဆုံသို့လာရာလမ်းတစ်လျှောက်သည် တောကြီးမျက်မည်းဖြစ်၍ ဂျစ်ကားတစ်စီးဖြင့်လာခဲ့ကြပြီး ဘုရားစေတီတည်ခဲ့သူများ၏ ဇွဲသတ္တိအကြောင်း စဉ်းစားမိသည်။ ဤနေရာ၊ ဤဌာနသည် သာသနာတော်ထွန်းကားမည့်နေရာဟု ဗျာဒိတ်များထားရှိခဲ့ပြီး ထူးဆန်းအံ့သြဖွယ်ရာတိုက်ဆိုင်မှုများဖြင့် ဘုရားတည်မည့်နေရာကို တွေ့ရှိခဲ့သဖြင့် ဘုရားတည်ခြင်းဖြစ်သည်။ တည်ထားသော ဘုရားစေတီတော်များကိုယုံကြည်စွာရှိခိုးဦးခိုက်ပြုသူများအတွက် ကောင်းကျိုးချမ်းသာများရရှိရန်တည်ထားကြခြင်းဖြစ်သည်။

ဗုဒ္ဓစေတီတော်များ တည်ထားရခြင်းမှာ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်၊ မွေတော်၊ ဆံတော်၊ စွယ်တော်များကို ထိန်းသိမ်းစွာဖြင့် သာသနာ့ငါးထောင်ကာလပတ်လုံး တည်တံ့ရန်အတွက် အုတ်၊ အင်္ဂတေ၊ ဘိလပ်မြေတို့ဖြင့် မွမ်းမံတည်ထားခြင်း၊ ထီးတော်၊ စိန်ဖူးတော်တို့ဖြင့် မွမ်းမံပူဇော်၍ ကိုးကွယ်ကြခြင်း ဖြစ်သည်။ မြတ်ဗုဒ္ဓဓာတ်တော်များတည်ရှိနေရခြင်းအကြောင်းရင်းများကိုကြည့်ပါက -

၁။ ပွင့်တော်မူပြီးသမျှသော မြတ်စွာဘုရားရှင်အဆူဆူတို့သည် လေးကျွန်းတစ်မြင်းမိုရ်အတွင်း ကယ်ချွတ်ရမည့်သတ္တဝါအပေါင်းတို့မှာ (၂၄) သင်္ချေ ကုဋေ (၈၀)၊ ဗိုလ်ခြေတစ်သိန်း အရေအတွက် ဖြစ်သည်။

၂။ ဂေါတမမြတ်ဗုဒ္ဓသည် ပွင့်စဉ်ကာလမှာ လူသက်တမ်းတစ်ရာတမ်းတွင် ပွင့်ခဲ့ရ၍ ဘုရားအဖြစ် (၄၅) ဝါ ကာလပတ်လုံး နံနက်၊ နေ့၊ ည ဟောပြောကယ်ချွတ်ရာတွင် ကျွတ်ထိုက်သူတို့မှာ လေး



အင်ဂျန်းယန်မြို့မှစေတီတော်



မြစ်ဆုံစေတီဆရာတော်



ရွှေ့ပြောင်းခံခဲ့ရသော တန်ဖရဲရွာမှ အိမ်များ



www.burmeseclassic.com

www.burmeseclassic.com

သခေါ်နှင့် ဗိုလ်ခြေတစ်သိန်းမျှလောက်သောဝေနေယျများ ကျန်ရစ်ခဲ့သည်။


၃။ ဗုဒ္ဓမြတ်စွာဘုရားသည် ကျွတ်တမ်းစာရင်းဝင် ဝေနေယျအားလုံးတို့ ကျွတ်တမ်းဝင်မည့်ကာလကို အတုမရှိသော ဉာဏ်တော်ဖြင့် မြင်တော်မူ၍ သာသနာ့အဆုံးအမကာလ နှစ်(၅၀၀၀)ကို ဗျာဒိတ်တော်ထားခဲ့ခြင်း ဖြစ်သည်။

၄။ ဝေနေယျသတ္တဝါအပေါင်းတို့ ကိုးကွယ်အားထားပူဇော်နိုင်ရန်အတွက် ဓာတ်တော်၊ မွေတော်၊ ဆံတော်၊ စွယ်တော်မြတ်များ ကြွင်းကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုးကွယ်ယုံကြည်သူများသည် အကျိုးထူးရရှိမည် ဖြစ်သည်။ သိသူဖော်စား၊ မသိသူကျော်သွားဆိုသည့်စကားအတိုင်းပင် ဖြစ်လေတော့သည်။

ကချင်ပြည်နယ်သည် ပြည်တွင်းစစ်ကြောင့် နှစ်ပေါင်းများစွာ အေးချမ်းမှုမရှိခဲ့သလို ယခုတိုင်အောင်လည်း ငြိမ်းချမ်းမှုတို့အပြည့်အဝမရရှိသေးပေ။ ကိုးတောင်ပြည့်စေတီတော်တည်ခါစဆိုလျှင် လုံခြုံမှုလုံးဝမရှိသော အခြေအနေဖြစ်နေသည်။ ဒေသခံမဟုတ်သည့်သူများ သွားရောက်ခွင့်မရသည့် အနေအထား၌ ဘုရားတည်ခဲ့ခြင်း ဖြစ်သည်။ ဘုရားပန္နက်ရိုက်သည်မှ ထီးတော်တင်ပြီးသည်အထိ (၃) လတာကြာသည့်အချိန်အတွင်း နှောင့်ယှက်ဖျက်ဆီးမည့်သူများကို လုံးဝမကြုံတွေ့ရပေ။ ဘုရားကို အုတ်မသုံးဘဲ မြစ်ထဲမှ ကျောက်ကိုသာသုံး၍ တည်လေရာ ကျောက်တုံးများကုန်သည်နှင့် မြစ်ရေတက်လာပြီး မူလနေရာသို့ ကျောက်တုံးများ၊ သဲများရောက်လာသည်မှာလည်း ထူးခြားလှပေသည်။ နေပူပါက တိမ်များတက်လာ၍ မိုးအုံ့ပေးသောအခါ ဘုရားတည်သူများ နေပူဒဏ်ကင်းဝေးရသည်ကို ကြုံတွေ့ရ၏။ ဘုရားတည်နေစဉ် စေတီနှင့်မြစ်ဝေးနေသော်လည်း မြစ်ရေတက်ပေး၍ ရေအခက်အခဲမရှိခြင်းတို့ကို ထူးခြားမှုအဖြစ်ကြုံခဲ့ရသည်။ ဘုရားထီးတော်တင်ပြီးသည်နှင့်တစ်ပြိုင်နက် ဘုရားတည်သည့်သူများ ချက်ချင်းဆိုသလို မြစ်ကြီးနားသို့ ပြန်ကြလေသည်။ သူတို့ပြန်ပြီးမှသာ အနှောင့်အယှက်ပေးမည့်သူများသည် ဘုရားတည်သွားသည်ကို တွေ့မြင်ရသည်ဟု ဆို၏။

ကိုးတောင်ပြည့်စေတီတော်ကို တည်ထားခဲ့ပြီးသော်လည်း မအေးချမ်းသည့် ဒေသအခြေအနေအရ ပြုပြင်မှုထိန်းသိမ်းမှုမလုပ်နိုင်ဘဲပစ်ထားရသည်။ စေတီတော်တည်ပြီး ခုနှစ်အတွင်း စေတီတော်ကို အမျိုးမျိုးဖျက်ဆီးကြသည်ကို တွေ့ခဲ့ရသည်။ မသမာသူ လူယုတ်မာများက စေတီထောင့် (၄) ထောင့်ရှိ ခြင်္သေ့ရုပ်များကို ရိုက်ချိုးဖျက်ဆီးခြင်း၊ စေတီတော်ထီးတော်ကို ဖြုတ်ချဖျက်ဆီးခြင်းတို့ကိုပြုလုပ်လာကြသည်။ သံဆန်ခါကွက်ဖြင့် အခိုင်အမာကာရံထားသည့် ကြေးဆင်းတုတော်ကို သံဆန်ခါအားဖျက်ဆီး၍ ရိုက်ချိုးသဖြင့် လက်တော်တစ်ဖက်ပျက်စီးခြင်းတို့ကိုကြုံလာရသည်။ ဗုဒ္ဓဘာသာမရှိသည့် တောကြားထဲ ဘုရားသွားတည်ထားပြီး အခြားဒေသမှလူစိမ်းများ လာရောက်ခွင့်မရှိသည့်နေရာမို့ စောင့်ရှောက်သူမရှိသဖြင့် ဖျက်ဆီးလိုသူတို့က အလွယ်တကူ ဖျက်ဆီးနိုင်ခြင်း ဖြစ်သည်။


ကိုးတောင်ပြည့် စေတီတော်ကို ဖျက်ဆီးပြီးနောက် မြစ်ဆုံဒေသတွင် ကပ်ဘေးဆိုးကြီးများကျလာသည်ကိုကြုံ




မြစ်ဆုံစေတီတော်ဘုရားဒယကာ၊ဒယာကာမ



မြစ်ဆုံမရောက်ဗီ လမ်းညွှန်မှတ်တိုင်



ဘုရားဒါယကာများဖြစ်သော ဦးထွန်းဝင်း၊ဦးအောင်မင်းသူ




ဦးအောင်မင်းသူနှင့်အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ရှောဝတီမြစ်ဦးအလှ

ေတာ့သည်။ မေခ၊ မလိခမြစ်နှစ်ခုဆုံ ရာ အလယ်ကျွန်းနေရာ၌ မြစ်ဆုံဟူသော ရွာတစ်ရွာရှိခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူ ရေး ရွှေလုပ်ငန်းတို့ဖြင့် စီးပွားဖြစ်ထွန်း၍ ည်ကားခဲ့သောရွာတစ်ရွာဖြစ်၏။ ရွှေကို အလွယ်တကူ ကျင်ယူနိုင်သည်။ ရွှေ ာယ်လောက်ထိထွက်သလဲပြောရလျှင် မွေးထားသောဝက်များ မြစ်ကမ်းဘေးရှိ ချောင်းများ၊ ရေအိုင်များတွင် လူးပြီးပြန် လာခဲ့ပါက ဝက်များ၏ ခန္ဓာကိုယ်တွင် ရွှေမှုန်များကပ်ပါလာပြီး ရေဆေးလောင်း ၍ ကျင်ယူရသည်အထိ ရွှေပေါများခဲ့ သည်၊ စေတီတော်ကိုဖျက်ဆီးပြီးနောက် ပိုင်း၌ ရွှေများတစ်စတစ်စပျောက်ကွယ် သွားတော့သည်။ ရွာထဲရှိ လူများ၏ ကျန်းမာရေး၊ စီးပွားရေးများ ဆုတ်ယုတ် ကျဆင်းလာသည်ကို တွေ့ကြုံလာရတော့ သည်။

မြေဆီမြေသြဇာအလွန်ကောင်း သောဒေသဖြစ်၍ ယခင်က သီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်ခဲ့သောလယ်ယာမြေ၊ ကိုင်းယာမြေများတွင် သီးနှံပျက်စီး ဆုံးရှုံးမှုများကို ကြုံတွေ့လာရသည်။ ကျန်းမာရေးအနေဖြင့် ရွာသူရွာသားများ ဝမ်းရောဂါ၊ ငှက်ဖျားရောဂါဖြင့် သေကျေပျက်စီးခြင်း၊ ရေနစ်သေခြင်း၊ မြွေဆိုးများကိုက်၍ သေခြင်းတို့ကို ကြုံ ခဲ့ရာမှ ၁၉၇၈ ခုနှစ်တွင် ကြွက်ဖြူများ မြစ်ဆုံရွာကို ဝင်ရောက်ဖျက်ဆီးသည်ကို ထူးဆန်းစွာကြုံရတော့သည်။ ထိုကာလ တွင် ဆွမ်ပရာဘွမ်၌ လယ်ကြွက်ကြီးများ ၏ ဖျက်ဆီးမှုခံရသောအချိန် ဖြစ်သည်။ ဇရာမလယ်ကြွက်ကြီးများ ဆွမ်ပရာဘွမ် ကို ဝင်ရောက်ဖျက်ဆီးခဲ့သည်ကို ထိုစဉ် က သတင်းစာထဲပါသဖြင့် တစ်တိုင်း ပြည်လုံးသိခဲ့ကြသော်လည်း မြစ်ဆုံရွာသို့ ကြွက်ဖြူများ ဝင်ရောက် ဖျက်ဆီးခဲ့သည် ကတော့ လူသိထင်ရှားမဖြစ်ခဲ့။ ကြွက်ဖြူ များကျရောက်ပုံကလည်း ထူးဆန်းလှပေ သည်။ မိုးရွာသကဲ့သို့ ကြွက်ဖြူများ မြစ်ဆုံရွာသို့ကျလာသည်ကို မျက်မြင် ကိုယ်တွေ့ကြုံရသူများ၏ပြောပြချက်အရ သိရလေသည်။

မြစ်ကြီးနား မန်ခိန်ရွာတွင် နေထိုင် သူတစ်ယောက်က တစ်ဖက်ကမ်းမှနေ၍ ကြွက်ဖြူများ ကောင်းကင်မှကျလာသည် မြင်တွေ့ခဲ့ရသည်ဟု ဆို၏။ မေခ၊ မလိခ မြစ်ဆုံဒေသအနီး တန်ဖဲရွာရှိ ခရစ်ယာန် ကက်သိုလစ်ဘုရားကျောင်းမှ ကျောင်း ထိုင် ဖာသာကြီးက စေတီတော်ကို ဖျက်ဆီးပြီးနောက် ကြွက်ဖြူများကျလာ သည်ကို မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ ရပြီး ထိုမကောင်းဆိုးဝါး သူ့ရွာဘက်သို့ မလာစေရန် မြစ်ဆုံဘုရားလမ်းဆုံနေရာ တွင် လက်ဝါးကပ်တိုင်စိုက်ထူခဲ့ရကြောင်း ပြောကြသည်ဟု သိရသည်။ မြစ်ဆုံရွာ တွင် ဘေးဆိုးကပ်ဆိုးများကျရောက်ပြီး နောက် တောတွင်းလက်နက်ကိုင်တို့က ရွာကိုမီးရှို့ဖျက်ဆီးပစ်သဖြင့် မြစ်ဆုံရွာ ပျောက်ကွယ်သွားတော့သည်။ စေတီ တော်ကို အမျိုးမျိုးဖျက်ဆီးသော်လည်း စေတီတော်ကြီးနှင့် အတွင်းဌာပနာကို ဖျက်ဆီးမရသဖြင့်ထားခဲ့ရာ စေတီတော် အတွင်းမှ ဓာတ်တော်များ၊ ရောင်ခြည် တော် မကြာခဏ ကွန့်မြူးသည်ကို တန်ဖဲ ရွာသားများ မကြာခဏမြင်ရလေသည်။ ထိုသို့ရောင်ခြည်တော်မကြာခဏကွန့်မြူး သည်ကို ရွာသားများက ဘုရားမီးလောင် သည်ဟု ပြောတတ်ကြသည်။ ဗျာဒိတ် တော်နှင့်အညီ အနာဂတ်သာသနာ တော်အကျိုးအတွက် သတ္တဝါဝေနေယျ အပေါင်းကောင်းကျိုးအတွက်တည်ထား ခဲ့သော မြစ်ဆုံစေတီတော်ကြီးသည် ဘေးရန်ဒုက္ခအပေါင်းတို့ ကြုံကြုံခဲ့လျက် အနှစ် (၂၀) ကျော်ကြာ တည်တံ့ခဲ့ရေ

www.burmeseclassic.com

သည်။ ထိုကာလအတွင်း ဗုဒ္ဓသာသနာ ငါးထောင်စံစေတီတော်ကို မထိန်းသိမ်း မပြုပြင် မစောင့်ရှောက်နိုင်သော်လည်း ထိုဒေသသို့ လုံခြုံရေးတာဝန်ကျသော တပ်ဖွဲ့ဝင်များက တစ်ခါတစ်ရံ ချုံနွယ် ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စေတီတော်အား ထုံးသင်္ကန်းကပ်လှူခြင်းတို့ကို ပြုလုပ်ကြပြီး စေတီတော်ကိုလည်း 'ဧရာမြစ်ဆုံစေတီတော်'ဟု ကမ္ပည်းဆိုင်းဘုတ် သစ်ထူခဲ့သည်။

မြစ်ဆုံဒေသတစ်ဝိုက် ဦးအောင်မင်းသူ၊ ကိုထွန်းဝင်းတို့နှင့် လိုက်လံကြည့်ရှုရင်း သမိုင်းအချက်အလက်များကို စဉ်းစားတွေးတောမိသည်။ နှစ်များစွာ မကြာသေးသဖြင့် နေ့ရက်စွဲ၊ အဖြစ်အပျက်များကို အတိအကျမှတ်တမ်းများ ရှိသဖြင့် စာပေဖြင့်မှတ်တမ်းတင်ရန် အရေးကြီးပေသည်။ စေတီတော်တစ်ဆူ တည်ရန် တော်ရုံပါရမီဖြင့်မရပါ။ မငြိမ်းချမ်းသေးသောဒေသတွင် လုံခြုံမှုမရှိ။ အသက်အန္တရာယ် စိုးရိမ်ရသည့်နေရာတွင်မှ ဝေနေယျအပေါင်းအတွက် လာပြီး ဘုရားတည်ခဲ့သည့် အလှူ့ဒါယကာကြီးနှင့် ပါရမီရှင်တို့၏ သဒ္ဓါတရားကြီးမားပုံကို လေးစားချီးကျူးမိသည်။ မြစ်ဆုံဒေသတွင် ရွှေတူးဖော်မှုကို တားမြစ်ထားသော်လည်း ယခင်က ရွှေကျင်ခဲ့သောလက္ခဏာများကို တွေ့မိပြီး ဤဒေသသည် ရတနာမြေပါလားဟုတန်ဖိုးထားမိသည်။ တရုတ်တို့၏ မြစ်ဆုံစီမံကိန်းအတွက် မြေကြီးများကို ကားအစီးရာထောင်ချီ၍ တရုတ်ပြည်သို့ သယ်ဆောင်သွားသည့် သတင်းကို ဟိုးအရင်က ကြားဖူးခဲ့သည်။ ရွှေမြေအတိပါ၍ အခြားသတ္တုများစွာပါသော သယံဇာတများကို လိုင်စင်ရခိုးထုတ်ခြင်းပင်ဖြစ်သည်။ မြစ်ဆုံဒေသတွင် ကျောက်ခဲအမည်းများကို တရုတ်ပြည်မှ ဝယ်ယူစဉ်က ကောက်ယူပြီး ရောင်းချသူတို့ ကြုံခဲ့ရသော အဖြစ်တစ်ခုကို ရေးချင်ပါသေးသည်။

ကျောက်ခဲတွင် မည်သည့်သတ္တုပါသည်မသိသော်လည်း တရုတ်ကဝယ်သဖြင့် မြစ်ဆုံကျောက်ဆိုပြီး အရောင်းအဝယ်ဖြစ်ခဲ့သေးသည်။ ဆရာဦးအောင်မင်းသူက ပြောပြသောအဖြစ်မှာ မြစ်ဆုံကျောက်ကောက်သူများမှာ မြစ်တစ်ဖက်ကမ်း၌ တဲထိုးပြီးကျောက်ယူစဉ် ညအချိန်၌ မြွေသဏ္ဍာန်မည်းမည်းကြီးထွက်လာပြီး လူတစ်ယောက်ကို မြစ်ထဲဆွဲချသဖြင့် အော်ဟစ်ရုန်းကန်ရာ အဖော်များကဝိုင်းလာပြီး ပြန်ဆွဲသဖြင့်လွတ်ထွက်သွား၏။ တစ်ဖန် နောက်တစ်ယောက်ကို လာဆွဲပြန်သဖြင့် ဝိုင်းဝန်းပြီး ပြန်ဆွဲရာ လွတ်ပြန်သည်။ တစ်ညလုံး တစ်ယောက်ပြီး တစ်ယောက် လာဆွဲချနေ၍ မအိပ်ရဟု သိရသည်။ မြစ်တစ်ဖက်ကမ်းမှနေသူများက အသံတွေကိုကြားရသော်လည်း အရက်မူးပြီး ဆူညံနေသည်ဟုယူဆပြီး လာရောက် မကူညီကြသဖြင့် တစ်ညလုံး မအိပ်နိုင်အောင် ဒုက္ခရောက်ကြသည်ဟု သိရသည်။ တုတ်၊ ဓား၊ ကျောက်ခဲများဖြင့် ထိုးခုတ်ရိုက်ပုတ်သော်လည်း ဘာမှ မဖြစ်ဘဲ တစ်ညလုံး တစ်ယောက်ပြီး တစ်ယောက်လာဆွဲရာ မိုးလင်းခါနီးမှ ရပ်သွားသည်ဟု ဆို၏။ မိုးလင်းသည်နှင့် ကျောက်ခဲကောက်သည့်အဖွဲ့ တစ်ခါတည်း ထွက်ပြေးတော့သည်။ နောက်ကို ဘယ်တော့မှကျောက်ခဲလာမကောက်တော့ပေ။

မြစ်ဆုံဒေသ၏ မြစ်ထဲတွင် နဂါးစောင့်သည်ဟု ဒေသခံများက ယူဆကြသည်။ ကချင်ပြည်နယ်သည် သဘာဝသယံဇာတတို့မြောက်မြားစွာထွက်ရှိသလို ယခုအခါ လူမံနေသော တောကြီးမျက်မည်းထဲ၌ ရှေးနှစ်ပေါင်းများစွာက စေတီ၊ ပုထိုးပျက်များကို တွေ့ရတတ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မြန်မာပြည်ကို ဗုဒ္ဓသာသနာမရောက်မီ ကချင်ပြည်နယ်အတွင်း၌ ဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်း သက်သေဖြစ်သည်။ ဒုတိယအကြိမ် ကိုးတောင်ပြည့်စေတီတော်ကို (၄၅) တောင်အထိ မြှင့်တင်ခြင်းအား နှစ်ပေါင်း (၂၀) ကျော်ကြာသောအခါ ပြုလုပ်ဖြစ်ခဲ့သည်။ စေတီတော်ကို ပြုပြင်စောင့်ရှောက်မည့်သူမရှိသော်လည်း နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက အခါအားလျော်စွာ ချုံနွယ်များကို ရှင်းလင်းခြင်းလုပ်ခဲ့ကြရာမှ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လတွင် တန်ဖဲရွာ၌ တာဝန်ကျနေသော ကျောင်းဆရာ ဦးမြင့်ဝေက ဘုရားကို ထုံးသင်္ကန်းကပ်လှူရင်း စေတီတော်ကို ဉာဏ်တော်မြှင့်ကိုးကွယ်လျှင်ကောင်းမည်ဟု အကြံအစည်ဖြစ်လာ၏။ နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူး တင်မောင်ဆွေနှင့် ဘုရားတွင်ဆုံကြ၍ ဘုရားကိုပြုပြင်ရန်လှည့်ပတ်စစ်ဆေးကြည့်သောအခါ စေတီတော်၏ အရှေ့မုခ်အတွင်း၌ ပူဇော်ထားရှိသည့် ရုပ်ပွားတော်၏အောက်ခြေတွင် အလှူရှင်ကမ္ပည်းတွေ့ရသဖြင့် ဖတ်ကြည့်ရာ ဘုရားဒါယကာ အင်းဝညောင်ရမ်းဒေယျပဏ္ဍိတနှင့် ပါရမီရှင်များတို့၏ ကောင်းမှုဖြစ်ကြောင်း တွေ့ရသဖြင့် မြစ်ကြီးနား၊ အေးစေတီရပ်တွင် ညောင်ရမ်းမိသားစုရှိကြောင်းသိ၍လာတွေ့လာသည်။ ဘုရားစေတီကို ဉာဏ်တော်မြှင့်မည့်ကိစ္စကို ညောင်ရမ်းမိသားစုအလှူရှင်များက ဆောင်ရွက်နိုင်မလား (သို့) နယ်မြေခံတပ်ရင်းမှူးနှင့် ဝန်ထမ်းများက ပြုပြင်မွမ်းမံသည်ကို ခွင့်ပြုမလားဟု လာရောက်မေးမြန်းခဲ့ရာ ညောင်ရမ်းမိသားစု မြစ်ကြီးနားတာဝန်ခံ ဦးအောင်မင်းသူမှ စေတီတော်ကြီးကို ဆက်လက်မွမ်းမံပြုပြင်မည်ဟု တာဝန်ယူလိုက်သည်။ စေတီတော်ကြီးရှိရာဒေသသို့သွားပြီး ထိုစဉ်က နယ်မြေခံတပ်ရင်းမှူးနှင့်တွေ့ဆုံ၍ စေတီတော်ကို ညောင်ရမ်းမိသားစုမှ တာဝန်ယူ ပြုပြင်မွမ်းမံမည့်အကြောင်းပြောရာ ခလရ (၃၂၁) မှ ဗိုလ်မှူးမှုကျော်ကျော်ခင်က လုံခြုံရေးမှ အစပြုပြီး တတ်နိုင်သမျှ ကူညီပံ့ပိုးပေးမည်ဟု ပြောကြားခဲ့သဖြင့် ထိုအချိန်မှစ၍ မြစ်ဆုံစေတီတော်အား ဉာဏ်တော်မြှင့်ပြုပြင်ခြင်းကို စတင်ဆောင်ရွက်တော့သည်။ ညောင်ရမ်းမိသားစုအလှူရှင်များက မြစ်ဆုံစေတီတော်ကို (၄၅) တောင်အဖြစ် စတင်တိုးမြှင့်သော ပန္နက်တော်မင်္ဂလာကို ၁၉၉၃ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့သည်။ ဘုရားဒါယကာကိုယ်တိုင် လာရောက်၍ ၃၀-၅-၁၉၉၃ ခုနှစ် (၁၃၅၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့) နံနက် (၉) နာရီ (၁၀) မိနစ်၊ (၃၀) စက္ကန့်အချိန်၌ အုတ်မြစ်တော်စီမင်္ဂလာ ပြုလုပ်သည်။ ၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ (၂၄-၄-၁၉၉၄ ခုနှစ်) နံနက် (၉) နာရီ (၁၈) မိနစ်အချိန်တွင် စေတီအတွင်း ပထမအကြိမ် ဌာပနာတော်သွင်းမင်္ဂလာ ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ဌာပနာတော်သွင်းမင်္ဂလာကို ၂၈-၆-၁၉၉၄ခုနှစ် သောကြာနေ့ (၁၃၅၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်နေ့) နံနက် (၈) နာရီ (၁၀) မိနစ်တွင်လည်းကောင်း၊ တတိယ ဌာပနာတော်သွင်းမင်္ဂလာ ၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (၁၇-၁၁-၁၉၉၄) ကြာသပတေးနေ့နံနက် (...) နာရီ အချိန်တွင် ရွှေတိဂုံစေတီတော်... ဌာပနာသွင်းမင်္ဂလာပွဲကို ကျင်းပခဲ့သေးသည်။

ရွှေထီးတော်မင်္ဂလာနှင့် စိန်...တော်မင်္ဂလာပွဲကို ၁၃၅၆ ခုနှစ်၊ တ...လပြည့်နေ့ (၁၅-၃-၁၉၉၅) ...ဟူးနေ့ နံနက် (၇) နာရီ (၁၈) မိနစ်အချိန်တွင်

www.burmeseclassic.com

တစ်ပြည်လုံးမှ ဘုရားဒါယကာများနှင့် အင်းဝဩဘာင်ရမ်းမိသားစုနှင့် မြို့ပေါ်ရှိ ဒေသခံဗုဒ္ဓဘာသာရဟန်းရှင်လူအပေါင်းဖြင့် စည်ကားစွာကျင်းပပြုလုပ်နိုင်ခဲ့ကြလေသည်။ ထိုဘုရားတည်စဉ်အတောအတွင်း ထူးခြားမှုများစွာဖြင့် ကြုံတွေ့ခဲ့သည်။ မြစ်တွင်းမှသဲများသည် ဘုရားတည်ရန်နေရာထိ မြစ်ရေကြီးပြီးရောက်လာ၍ အင်္ဂတေဖျော်စပ်ရာတွင် အခက်အခဲမရှိပေ။ ဘုရားကို အုတ်မသုံးဘဲ ကျောက်တုံးများဖြင့်သာသုံးလေသည်။ ကျောက်တုံးများ ကုန်သွားသောအခါ မြစ်ရေတိုးလာပြီး ကျောက်တုံးများ မူလနေရာသို့ ပြန်ရောက်လာသည်။ ရေကြီးပြီး ကျောက်တုံးများပြန်ပေါ်လာသည်။ ဘုရားတည်ရာတွင် လုပ်အားပေးသူများက နေပူသည်ဟု ညည်းညူမိလျှင် မကြာမီအချိန်အတွင်း တိမ်များအုပ်လာ၍ အရိပ်ရလာခြင်းနှင့် မြစ်ဆုံဒေသ၏ ရာသီဥတုပြင်းထန်သော်လည်း ဘုရားတည်ရန် လုပ်အားပေးလာသူများ ဖျားနာခြင်း၊ သေဆုံးခြင်းလုံးဝမဖြစ်ခြင်းတို့ပင် ဖြစ်သည်။

ဘုရားတည်နေစဉ်အတွင်း ဆရာဦးအောင်မင်းသူထံသို့ လူတစ်ယောက်လာပြီး မိတ်ဆက်သည်။ မိုးကလည်း ရွာနေသည်။ ထိုသူက မြစ်ကြီးနားမြို့မှ စေတနာ့ဝန်ထမ်း ဒု-ဗိုလ်မှူးကြီး အောင်ဆန်းဖြစ်ကြောင်းပြောပြီး ယခုအရေးကြီးပုဂ္ဂိုလ် ရဟတ်ယာဉ်ဖြင့်လာမည်ဖြစ်သော်လည်း မိုးရွာနေသဖြင့်အခက်ခဲတွေ့နေကြောင်း ဘုရားလူကြီးများအနေဖြင့် မိုးတိတ်အောင်လုပ်ပေးနိုင်မလားဟုလာမေးရာ ဦးအောင်မင်းသူက တတ်နိုင်သမျှ ကြိုးစားမည်ဟု ပြောလိုက်သည်။ ဆရာဦးအောင်မင်းသူ ဘုရားရှိခိုးပြီး သစ္စာအဓိဋ္ဌာန်ပြုရာ မကြာမီအချိန်အတွင်း မြစ်ဆုံစေတီတော်၏အနီးတစ်ဝိုက်တွင် မိုးတိတ်သွားသဖြင့် အားလုံးအံ့ဩသွားကြသည်။ စက်အဆက်အသွယ်လုပ်ပြီး မကြာမီ ရဟတ်ယာဉ်များဆင်းလာတော့ ထိုစဉ်က အတွင်းရေးမှူး-၁ မှန်းသိရသည်ဟု ဦးအောင်မင်းသူကပြောသည်။ မကြာမီ ဘုရားသို့လာပြီး ဘုရားသမိုင်းမိတ်ဆက်ပြီးမေးရာ သဘောကျကျေနပ်သွား၍ ဘိလပ်မြေနှင့်သံများလှူဒါန်းသွားသည်ဟု သိရသည်။

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်နေ့ မနက် (၄) နာရီတွင် မြစ်ဆုံစေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို တွေ့ရှိရသည်။ ရောင်ခြည်တော်ကွန့်မြူးသည်ကို တပ်မတော်ကင်းစခန်းမှ ရဲဘော်က စတင်မြင်ရပြီးနောက် တပ်စခန်းတစ်ခုလုံးမြင်ရ၏။ ရောင်ခြည်တော်ကွန့်မြူးသည်မှာ မနက် (၄) နာရီမှ မနက် (၆) နာရီထိအောင်ကြာမြင့်သည်။ ဒေသခံများအားလုံးလည်းမြင်တွေ့လိုက်ရသည်။ မြစ်ဆုံနှင့် (၂၇) မိုင်အကွာရှိ အင်ဂျန်းယန်မြို့မှ စေတီတော်လည်း တစ်ပြိုင်နက် ရောင်ခြည်တော်ကွန့်မြူးပြီး ကောင်းကင်ထက်၌ ဆုံကြသည်ကို အားလုံး မြင်တွေ့ကြရ၏။ အင်ဂျန်းယန်မြို့ ရဲစခန်းမှူးကလည်း မြစ်ဆုံတန်ဖဲရွာသို့ ရောက်ရှိနေချိန်ဖြစ်သဖြင့် သူလည်းမြင်ရသည်။ အင်ဂျန်းယန်မြို့ သစ္စာဇေယျအောင်ဆုပန်စေတီတော်ကိုလည်း အင်းဝဩဘာင်ရမ်းမိသားစုကြီး၊ ဗုဒ္ဓသာသနာပြုအဖွဲ့မှ တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ စေတီ၏ရောင်ခြည်တော်ကွန့်မြူးပုံမှာ စေတီတော်မှ ရောင်ခြည်များဖြာထွက်လာပြီး အဝန်းအဝိုင်းပုံသဏ္ဌာန်ဖြင့် စေတီတော်ကို ဝန်းရံပြီး အထက်သို့တက်သွားသည်။ ကောင်းကင်ထက်၌ အခန်းသဏ္ဌာန်ဖြင့် မြစ်ဆုံဆီသို့ အလင်းတန်းကြီးဖြာထွက်ပြီး အင်ဂျန်းယန်မြို့ဘက်သို့ ရွေ့သွား၍ အင်ဂျန်းယန်ဘက်မှလည်း အလင်းတန်းကြီးလာကာ ကောင်းကင်၌ဆုံကြလေသည်။ ကောင်းကင်ထက်မှ ကြယ်များသည် စေတီတော်တစ်ဝိုက် အဝန်းအဝိုင်းသဏ္ဌာန် ဖြစ်တည်လာပြီး ရောင်ခြည်တော်များကွန့်မြူးရာနောက် ထူးဆန်းစွာ ရွေ့လျားလိုက်ပါသည်ကို အံ့ဩဖွယ်မြင်ရသည်။

အင်ဂျန်းယန်မြို့မှ စေတီတော်ဓာတ်တော်ကွန့်မြူးနေသည်ကို တပ်မတော်စခန်းမှ ဗိုလ်မှူးဝင်းသိန်းနှင့်ရဲဘော်များမြင်ရသည်ဟုသိရသည်။ တနိုင်းမြို့ ခလရ(၃၁၈)မှ လာရောက် တပ်စွဲနေစဉ်ဖြစ်၏။ အင်ဂျန်းယန်မြို့ သစ္စာဇေယျအောင်ဆုပန်စေတီတော်ကို ၁၉၉၅/၉၆ ခုနှစ်က ကိုးတောင်ပြည့် စေတီတော်အဖြစ် တည်ခဲ့ရာမှ ဉာဏ်တော် (၂၇) တောင်မြှင့်တင်ခြင်းကို (၁-၂-၂၀၀၆) မှ စတင်၍ ရွှေတိဂုံပုံစေတီ အခြေခံ၍ မုခ်လေးဖက်ဖွင့် အရံစေတီ (၈) ဆူပါအောင် တည်ထားခဲ့သည်။ တစ်ချိန်က ကချင်ပြည်နယ်တွင် သာသနာထွန်းကားခဲ့သည့်အမှတ်အသားအဖြစ် စေတီပုထိုးများစွာ တောထဲ၌တွေ့ရပြီး လက်ရာများမှာ အိန္ဒိယလက်ရာများဖြစ်သည်ဟု သိရ၏။ မြို့ရွာသာသနာများထွန်းကားခဲ့ပြီး ကွယ်ပျောက်ခဲ့ရသည်။ ယခုဒာဇ်ဖန်သာသနာ ပြန်လည်ထွန်းကားလာပြီဟု ဆိုရမည် ဖြစ်သည်။

မိုးတိမ်များကြားမှ တောင်တန်းကိုကြည့်လိုက်၊ မြစ်ဆုံအလှကိုခံစားလိုက်ဖြင့် စေတီတော်ကိုဖူးမြော်ကာ လှိုက်လှဲစွာ ဆုတောင်းမိပါသည်။ ကြွက်ဖြူများကျရောက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် ကြွက်ဖြူရုပ်ထုထားသည်ကိုလိုက်ရှာသောအခါ ခေါင်းပြတ်နေသော ကြွက်ဖြူရုပ်တစ်ခုသာတွေ့၍ ဓာတ်ပုံရိုက်ခဲ့သည်။ ဆရာဦးအောင်မင်းသူ၊ ကိုထွန်းဝင်းတို့နှင့်အတူ တန်ဖဲရွာကိုဖြတ်တော့ ရွာသည်ခြောက်ကပ်တိတ်ဆိတ်နေသည်။ မြစ်ဆုံစီမံကိန်းကြောင့် ရွာကိုရွှေ့ပြီး အင်ခိုင်ဘွန်တောင်ဘေး၌ အောင်မြင်သာရွာအဖြစ် ရွှေ့ထားသောကြောင့် ဖြစ်၏။

တန်ဖဲရွာဆိုင်းဘုတ် အမှတ်တရဓာတ်ပုံရိုက်ကြသလို ချုံကြားထဲရောက်နေသော ယခင်ကျေးရွာကောင်စီရုံးကို မှတ်တမ်းတင်မိသည်။ မြစ်ဆုံစီမံကိန်းသာလုပ်ပါက အလွန်ကျယ်ပြန့်လှသော ရေပြင်ကျယ်ဖြစ်မည်ကို ပတ်ဝန်းကျင်ကိုကြည့်ပြီး တွက်ဆကြည့်မိသည်။ မြစ်ဆုံဒေသမှ ဗုဒ္ဓသာသနာ့ငါးထောင်စံစေတီတော်ပါ ရေအောက်ရောက်ရမည့်အဖြစ်နှင့် ကြုံရမည် ဖြစ်၏။ အပြန်လမ်းတွင် တန်ဖဲရွာမှရွှေ့ခဲ့သော အောင်မြင်သာရွာထဲဝင်ကြည့်သလို အောင်မြင်သာစေတီတော်ကိုလည်း ဓာတ်ပုံရိုက်မိသည်။

တန်ခိုးကြီးမားသော မြစ်ဆုံဗုဒ္ဓသာသနာ့ငါးထောင်စံစေတီကို ဖူးမြော်ခဲ့ရသလို စိတ်ကူးထဲအကြိမ်ကြိမ်ရောက်ချင်လှသော မေခ၊ မလိခ မြစ်ဆုံရာဒေသအလှကိုခံစားခဲ့ရသဖြင့် မြစ်ကြီးနားသို့ခရီးစဉ်သည် မိုးကြားထဲလာခဲ့ရသော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ခရီးတစ်ခုဟုဆိုရမည် ဖြစ်၏။

(ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အစစအရာရာကူညီပေးခဲ့သော ဘုရားဒါယကာ ဦးထွန်းဝင်း (ရီရီထွန်းဂက်စ်-အိုးအရောင်းဆိုင်) ဘူတာကြီးအနီး မြစ်ကြီးနားနှင့် ဦးအောင်မင်းသူ (အင်းဝဩဘာင်ရမ်းမိသားစုကြီး၊ ဗုဒ္ဓသာသနာပြုအဖွဲ့၊ မြစ်ကြီးနား)၊ ဆရာရဲရင့်အောင် (နက္ခတ္တဗေဒပညာရှင်) တို့အား လှိုက်လှဲစွာကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။)

အေးလွင်(ကသာ)



www.burmeseclassic.com

www.burmeseclassic.com

# အသက်(၁၀၂)နှစ် ဘွားသက်ရှည် ဒေါ်ချောစိန်

ဦးစန္ဒိမာ(စလင်း)

စာရေးသူက ညအိပ်ရာဝင်ရင် နေ့စဉ်လိုလို စာကြည့်တယ်။ နေထိုင်မကောင်းလွန်းမှသာ ဒီဝတ်ကိုအပျက်ခံတယ်။ နံနက်စောစောထ လမ်းလျှောက် လေ့ကျင့်ခန်းလုပ်လေ့ရှိတာလည်းပါတာပေါ့။ နို့ပေမယ့် စာကြည့်တာ ညဉ့်နက်သွားရင် မနက်စောစောကျ မထချင်ဘူး။ ဇွတ်အားတင်းပြီးတော့ ထရပါတယ်။ လမ်းမလျှောက် လေ့ကျင့်ခန်းမလုပ်ရင် တစ်နေ့တာ အဆင်မပြေလှပါဘူး။

ဒီနေ့တော့ ညကလည်းညဉ့်နက်၊ မနက်ကျတော့လည်း စောစောထဆိုတော့ကာ နေ့လယ်နေ့ခင်းအိပ်ချင်နေတယ်။ အိပ်ခါနီးမှာ အသက်(၁၀၂)နှစ် ဒေါ်ချောစိန်အကြောင်း မျက်စိထဲမြင်ယောင်လာတာနဲ့ အိပ်ချင်စိတ်ပျောက်သွားရော။ ပျောက်ဆို စိတ်က ဒီဘွားသက်ရှည်ရှိရာ လင်းဇင်းရွာကို ရောက်ရောက်သွားနေတော့တာကလား။ အိပ်ရာထသွားလည်းရတာပဲဆိုပြီးပြန်အိပ်ကြည့်တယ်။ အိပ်လို့မရဘူးရယ်။ ဒါနဲ့ လိုက်ပို့မယ့် ကားဆရာ မောင်သန်းထိုက်ဆီ လှမ်းဖုန်းဆက်လိုက်တယ်။ သူကလည်း အားတယ်၊ ပို့မှာပေါ့တဲ့။ ဒါနဲ့ စလင်းမြို့နဲ့ (၁၂) မိုင်ဝေးတဲ့ လင်းဇင်းရွာခရီးစဉ်လိုက်တယ်လေ။

လင်းဇင်းရွာက အိမ်ခြေ (၁၂၀) ရှိပြီး ဆန်စပါးကို အဓိကထားလုပ်ကြရဲ့။ ချောင်းနားရွာတွေကတော့ ကြက်သွန်နီလုပ်ရဲ့။ ဒေါ်ချောစိန်နေတဲ့ လင်းဇင်းရွာမှာ လွတ်လပ်ရေးကျောက်တိုင် (တချို့အခေါ် ဗိုလ်ချုပ်ကျောက်တိုင်) ရှိတယ်။ လွတ်လပ်ရေးကျောက်တိုင်ကို လင်းဇင်းရွာဦးရွာထိပ်မှာ ၁၉၄၈ ခုနှစ်က တည်ခဲ့တယ်။ အတောင်ရေအားဖြင့် (၉)တောင်ရှိပါတယ်။ လင်းဇင်းရွာအနောက်ဘက်မှာတော့ လင်းဇင်းဆည်ကြီးရှိပါတယ်။ အင်္ဂလိပ်မင်းလက်ထက် ၁၉၃၃ ခုနှစ်က တည်ခဲ့ပြီး လှေကားထစ်ပေါင်း (၃၄) ထစ်၊ ရေတံခါးအဖွင့်အပိတ် (၂) ခု၊ ရေကျော်တံတားအမြင့် (၇) ပေနဲ့ဖွဲ့စည်းတည်ဆောက်ခဲ့ပါတယ်။ အိမ်ခြေ(၂၀၀) ကျော်ပဲရှိပါသတဲ့။ လင်းဇင်းရွာမရောက်ခင် ပေါင်းတစ်ထပ်၊ ချောင်းတစ်ထပ်၊ မြောင်းတစ်ထပ်လည်း တွေ့ရပါသေးတယ်။ ပြီးတော့ လင်းဇင်းရွာ လွတ်လပ်ရေးကျောက်တိုင်ကွင်းမှာ နှစ်စဉ် လွတ်လပ်ရေးနေ့ ပွဲလမ်းသဘင်များ ကျင်းပလေ့ရှိပြီး ဈေးသည်ဈေးဝယ်များနဲ့ အလွန်စည်ကားလှပါတယ်။ ဒီထူးခြားမှုတွေနဲ့ လင်းဇင်းရွာကထင်ပေါ်လို့နေပါတယ်။

စာရေးဆရာကြီး သိပ္ပံမောင်ဝ စလင်းမြို့နယ်မှာ မြို့အုပ်အဖြစ် တာဝန်ကျစဉ်က လင်းဇင်းဘိုတည်းအကြောင်း ရေးသား မှတ်တမ်းတင်ထားတာတွေလည်း ရှိပါတယ်။

လင်းဇင်းရွာကို စာရေးသူတို့ ၂၇-၈-၂၀၁၆ နေ့ နေ့လယ် (၂) နာရီခွဲ ကျော်ကျော်ရောက်သွားပါတယ်။

ဒေါ်ချောစိန်မြေး ကိုဇော်လွင်ဦးက -


"အဘွား၊ စလင်းမြို့က ညော[illegible] နှစ်ပင်ကျောင်းဆရာတော်ကြွလာတယ်"

ဆိုပြီး သတင်းပါးလိုက်တယ်ဒ[illegible] ရင်ပဲ -

"ဆရာတော် ဦးစန္ဒိမာအတွက်[illegible] နေရာထိုင်ခင်းလုပ်ပါကွယ့်"

လို့ အသံမာကြီးနဲ့ သူ့မြေးက[illegible] ပြောလိုက်ပါတယ်။

"ကိုယ်တိုင်လာရောက်တွေ့ဆုံတာ[illegible] ဝမ်းသာပါတယ်ဘုရား။ ပြီးခဲ့တဲ့ တပို့[illegible] လတုန်းကလည်း ကဗျာဆရာဒွေးကြည[illegible] နောက် ပုစွန်ခြောက်နဲ့ လက်ဖက်ဝေ[illegible]





www.burmeseclassic.com

www.burmeseclassic.com

အပို့ခိုင်းတာ ရတယ် ဘုရား။ အရှင်ဘုရားကျောင်းထိုင်ခါစ ပြီးခဲ့တဲ့ အနှစ်(၃၀)လောက်ကလည်း ကဆုန်လပွဲတော်ကြီး တပည့်တော် ကျောင်းပေါ် ရောက်တယ်ဆိုရင်ပဲ အရှင်ဘုရားက ငွေ(၂၅)ကျပ်ပေးတယ်၊ ကော်ဖီတိုက်တယ်၊ မုန့်ကျွေးတယ်။ အပြန်စားဖို့ဆိုပြီး ကြက်ဟင်းခါးသီးချက်၊ ငါးခြောက်ကြော်နဲ့ ထမင်းထုပ်ပေးလိုက်သေးတယ်လေ"

စာရေးသူတို့ငယ်ရွယ်သူတွေထက်တောင် သတိကောင်းနေပါသေးတယ်။ ပြောနေလိုက်တာများ အတိအကျလုံးစေ့ပတ်စေ့။ သည့်နောက် မေးတာတွေကို တပြန့်တပြော ဖြေကြားပေးလိုက်ပုံကလည်း -

"တပည့်တော်အဖေက ဦးကြာတဲ့ (ပေါက်မရွာသား)၊ အမေက ဒေါ်အေးမြင့် (အိုးသည်ရွာသူ)။ လင်းဇင်းနဲ့ မဝေးတဲ့ရွာတွေပေါ့။ အမေက တပည့်တော် (၁၆) နှစ် သမီးလောက်မှာ ဆုံးရှာတယ်။ အဖေနဲ့ စူလတီခေါ် အလုကုန်လည်ဆောင်းရတာ။ ယော၊ ဆော၊ စေတုတ္တရာ အနောက်ရိုးမ ချင်းရွာတွေအထိ အနှံ့ပေါ့"

(လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ အချိန်မှာ ဖခင်ကြီးနှင့် သမီးပျိုကလေး ... ဒေးပြမကြောက်၊ သူပုန်မကြောက် ... နှိခဲ့ရတဲ့သတ္တိကို ချီးကျူးနေမိရဲ့။)

နေပါဦး ဘုရား၊ တပည့်တော် ... တ္တရာဇ်တွေဘာတွေပြောပါဦးမယ်။ ... ပြောလောသွားလို့။ တပည့်တော် ... မြန်မာနှစ် ၁၂၇၇ ခု၊ တန်ဆောင်မုန်း ... ၉ ရက် တနင်္လာနေ့မှာမွေးတယ်။ ... ကြီးက ချောစိန်တဲ့။ တစ်ဦးတည်း ... သမီး။ စာကတော့ သေစာရှင်စာပဲ ... တတ်တယ်။ တန်းကျောင်းတွေဘာ ... လည်းမရှိပါဘူး။ ဘုန်းကြီးကျောင်း ... မိန်းကလေးတွေရော ယောကျ်ား ... ပါသင်ကြတယ်။ တပည့်တော် ... (၂၂) နှစ်မှာ ပေါက်မသား ... နဲ့ အကြောင်းပါရော။ သူက ... တော်နဲ့ မွေးသက္ကရာဇ်တူတယ်။ ... မွေးရယ်။ သမီး မခင်ရီ၊ သား ... ထွန်းဆိုပြီး ပေါ်ပေါက်တယ်။

(ဒေါ်ချောစိန်က မထစ်မငေါ့ ... ပြောရှာတယ်လေ။)

တပည့်တော်ခင်ပွန်းက အသက် ... နှစ်မှာ ဆုံးတယ်။ သမီးဖြစ်သူ ... (၆၂) နှစ်မှာဆုံးတယ်။ မခင်ရီ ... ကိုအောင်ရင်တဲ့။ သား ... ထွန်းအိမ်သူက ဒေါ်ခင်စန်းရင်။ သားနဲ့ ချွေးမက ကျောင်းဆရာ၊ ဆရာမတွေပေါ့။ သူတို့တောင် ပင်စင်ရကုန်ပါပြီ။ တပည့်တော်တို့မိသားစုက ဉယျာဉ်စုရွာမှာနေရင်း တပည့်တော် အသက်(၆၀)လောက်မှာ ဒီလင်းဇင်းကို ပြောင်းလာကြတာပါ။ မိဘတွေ လက်ငုတ်တောင်သူလုပ်တယ်။ နောက်တော့ စကုမြို့က ဦးမောင်ခင်ဆီက ချက်ပလက်ကား နံပါတ် က/၁၁၇၅၊ ကားနာမည်က စိန်ငွေမောင်တဲ့။ ဝယ်တာ ငွေ (၂၈၀၀) ကျပ်ပေးရတယ်။ ဟိုကလည်း ချမ်းသာလိုက်သမ အာဂမောင်၊ စိန်ငွေမောင်၊ တကယ့်မောင် နာမည်တွေနဲ့ ကား (၃)စီးပိုင်တာ။ ပိုက်ဆံပေးနိုင်တဲ့အချိန်ကျမှ ပေးဆိုပြီး ရောင်းလိုက်တာ။ လင်းဇင်းနဲ့ စလင်းမြို့လိုင်းကားကြီး။ လူတစ်ယောက်မှ တစ်မတ်ဆိုတာ အလွန်ကြီးကားခ။ ပထမကားမောင်းသူက ကိုအေးသောင်တဲ့။ ဆင်ဖြူကျွန်းသား။ ဒုတိယကားမောင်းသူက ကိုဖိုးထူးတဲ့။ စလင်းသား။ အဲဒီတုန်းက ရွှေတစ်ကျပ်သားမှ (၁၀၀) လောက်ရှိတာ အဖိုးတန်လိုက်ချည့်။ ငွေကလည်း အသုံးခံသလားမမေးနဲ့။

အရှင်ဘုရား၊ လိုက်ရေးရတာ အဆင်ပြေရဲ့လား။ မရှင်းတာရှိမေးနော် အားမနာနဲ့။

နောက်ဆုံး သမက်ဖြစ်သူက ဒီကားကိုမောင်းတယ်။

နေပါဦး၊ အဲဒီတုန်းက ဒီအိမ်ကြီးဝယ်တာ အထက်အရပ်က ခေါင်းကူးရွာ ဦးအုန်းပင်၊ မမြင့်တို့ဆီက တစ်အိမ်လုံး (၂၂၀၀) ပဲ ပေးရတာ။ အရှင်ဘုရားမြင်တဲ့အတိုင်း သစ်ကြီးတွေအယ်နေတာပဲ။ အခုထိ ဘာမှမဖြစ်ဘူး။ ဒေါင်ဒေါင်မြည်။ သူခိုးဓားပြကြောက်လို့တဲ့။ ရောင်းလိုက်တဲ့အိမ်ရှင်က အိမ်ဖိုးဘယ်လောက်ပေးရတယ်ဆိုတာ သူများကိုမပြောဖို့တောင် မှာလိုက်သေးတာရယ်။ ခင်လို့ အလကားပေးလိုက်တာလို့ပြောပါတဲ့။ ခုလည်းမပေးနဲ့၊ ဖြည်းဖြည်းမှပေးတဲ့လေ။ ဒီအိမ်က ခုဆို (၄၅) နှစ်။ ဇော်လွင်ဦး အသက်နဲ့အမျှပေါ့။

ဆန်ဈေးလား။ တစ်ပြည်အပြား (၃၀)၊ ဆီတစ်ပိဿာ (၃) မတ် (၁)ကျပ်၊ ကြက်တစ်ကောင် (၁) မတ်၊ ဝက်, အမဲဆိုလည်း တစ်ပိဿာ (၅) ပဲ (၆) ပဲ စားပါလေ့။ မော်တော်ကားမထောင်တော့တာက ပါတီကောင်စီခေတ်မှာ ချောဆွဲလွန်းလို့ရောင်းပစ်လိုက်တာလေ။ (၁၅၀၀၀) ရတယ်။ မြေးတွေရှင်ပြုတော့ မန္တလေးသွားပြီး ဝယ်ခြမ်းလာတာရယ်။ ဘုန်းကြီးတစ်ပါး ဖိနပ်တစ်ရန်၊ ထီးတစ်လက်၊ သင်္ကန်းတစ်စုံစီ ဝတ်ရုံဆင်မြန်း ဖိနပ်စီး၊ ထီးဆောင်းပြီး မဏ္ဍပ်ထဲကြွစေတာပါ။ ကိုယ်လှူတာလေးဝတ်စေချင်၊ စီးစေချင်၊ ဆောင်းစေချင်လို့။

မြေးတွေမြစ်တွေလား မြေး (၁၀) ယောက်၊ မြစ် (၁၇) ယောက်၊ တီ (၂) ယောက်။ ဘယ်သူတော့တွေ့ချင်ရဲ့၊ ဘယ်သူနဲ့တော့နေချင်ရဲ့၊ ဘယ်သူတော့ ငါ့ဆီမလာဘူးဆိုတဲ့အစွဲတွေမရှိပါဘူး။ အတူနေမြေး မောင်ဇော်လွင်ဦး-မကြည်ကြည်ဝေတို့ကျွေးတာ စားလိုက်တာပဲ။ ပြုစုကျွေးမွေးကြပါတယ်။ လိုလေသေးမရှိပါဘူး။ ရွံ့တာလည်းမရှိပါဘူး။ မျက်စိနားအကုန်ကောင်းတယ်။ သွေးတိုး၊ ဆီးချိုဘာရောဂါမှမရှိဘူး။ ဘာနဲ့မတည့်ပါဘူးလို့လည်းမရှိဘူး။ အစာကလည်း ကြေသလားမမေးနဲ့။ မနက် (၆) နာရီ မုန့်ဟင်းခါးတစ်ပွဲစားပြီး (၁၀) နာရီလောက်ဆိုရင်ဆာပြီ။ ညအခါ စားဖို့ မြေးတွေက ကြိုက်တတ်တဲ့ မုန့်ပဲသရေစာ၊ လက်ဖက် မပြတ်ထားပေးတယ်။ စားတာပဲ။ အိပ်မပျော်ဘူးရယ်လို့လည်း မရှိဘူး။ လူကြီးဆိုတော့ အအိပ်အနေတော့နည်းသွားပြီဘုရား။

အိမ်သားက (၇၁) နှစ်မှာ ဆုံးတယ်။ သမီးမခင်ရီက (၆၂) နှစ်မှာဆုံးတယ်။ သမက်ကလည်း သိပ်မကွာဘူး (၆၄) နှစ်မှာဆုံးတယ်။ တစ်နေ့ ကိုယ့်လမ်းကိုယ်သွားရမှာပဲလို့တွေးပြီး ဆွေးမြည့်တမ်းတငိုတာတွေမရှိပါဘူး။ တပည့်တော်က နဂိုကတည်းကစိတ်မညစ်တတ်တာ။ ညစ်လည်း တကယ့်ခဏလေးပဲ။ ပြီးပြီ။ အဲဒါကြောင့် အသက်ရှည်တယ်လို့ထင်တာပဲ။


အို - ဒုက္ခတော့ရှိတာပေါ့ဘုရား။ အစာစားတော့ အပေါ့၊ အလေးစွန့်ရနေရာရွှေ့ရနဲ့ ညောင်းညာကိုက်ခဲတာလည်း သိပ်မရှိဘူး။ သို့သော် မမြတဲ့ခန္ဓာကြီးပဲ့လား၊ ကိုယ့်အလိုမလိုက်ပဲ့လား။ တစ်နေ့တစ်နေ့တရွှေ့ရွှေ့အိုမင်းရင့်ရော် နေတာပဲ့လား။ အဲသလိုတော့ အမြဲရှုမှတ်နေမိရဲ့။ တပည့်တော်က ဆွမ်းတော်ပန်းတော်ဝတ်တော့မြဲတယ်။ဘုရားမကပ်ဘဲနဲ့မစားဘူး။ ဘယ်သူကပေးပေး ဘုရားအရင်ကပ်ပြီးမှစားတာ။ မေတ္တာပို့၊ အမျှဝေတာ၊ ခန္ဓာဝန်ဒုက္ခရှုမှတ်တာ ဒါတွေနဲ့ပဲ အချိန်ကုန်နေတယ်။ သေမယ့်ရက်စောင့်နေရတယ်ဆိုပါတော့ဘုရား"

ဦးစန္ဒိမာ(စလင်း)



www.burmeseclassic.com

www.burmeseclassic.com



❑ **တကယ့်အကျဉ်းအကျပ်ဝင်ခဲ့ရသော အတွင်းထူပါရုံ**

ကာရံထားသော တံတိုင်းကြီး၏ အမြင့်သည် အလွန်အင်မတန်မြင့်မားလှသဖြင့် ထိုကိုကျော်တက်ပြီး ဝင်ရောက်ရန်မှာလည်း မည်သည့်နည်းနှင့်မျှမတွေ့ရသဖြင့် အကြံအိုက်သွားလေသည်။ ထိုအခါ ကိုယ်ပွားက မောင်ထွန်းမြိုင်၏ပခုံးကိုပုတ်လိုက်ပြီး -

"ဒီလောက်လည်း စိတ်အိုက်မနေပါနဲ့ ကိုထွန်းမြိုင်။ ဝင်ပေါက်က သူ့ဟာနဲ့သူရှိပြီးသားပါ"

"ဝင်ပေါက်ရှိတယ် ဟုတ်လား၊ ဘယ်မှာလဲဗျ ဘယ်မှာလဲ ပြစမ်းပါဦး"

ဟု ဒရောသောပါးမေးမိလိုက်ရာ ကိုယ်ပွားက မောင်ထွန်းမြိုင်ကိုဆွဲခေါ်သွားပြီး နေရာတစ်နေရာကိုပြလေ၏။ ကိုယ်ပွားပြသသောနေရာကိုကြည့်ပြီးနောက် မောင်ထွန်းမြိုင်သည် ဇဝေဇဝါဖြစ်သွားသောအမူအရာမျိုးနှင့် ခေတ္တမျှ မှင်တက်မိသွားလေသည်။ ပြီးနောက် မောင်ထွန်းမြိုင်သည် ကိုယ်ပွားကို အသေအချာကြည့်လိုက်ပြီး နှုတ်မှလည်း -

"ဒီအပေါက်က လူဝင်ပေါက်ဟုတ်လား"

ဟု အံ့သြစွာဖြင့် မေးလိုက်၏။

ထိုအခါ ကိုယ်ပွားက -

"ဟုတ်တယ်လေ ကိုထွန်းမြိုင်ရဲ့။ ဒါ လူဝင်ပေါက်ပါပဲ၊ ဘာဖြစ်လို့လဲ"

"ဟာ - ဘာဖြစ်ရမှာလဲဗျ။ ခင်ဗျား လူဝင်ပေါက်ဆိုတာက ကျပ်ဝိုင်းလောက်ရှိတဲ့အပေါက်ကလေးပဲ။ ဒီလောက် လူကောင်ကြီးက ဒီအပေါက်လေးကနေ ဘယ်လိုလုပ်ပြီးဝင်မှာလဲဗျ။ သေသေချာချာလုပ်ပါဦး"

"ဟုတ်ပါတယ် ကိုထွန်းမြိုင်ရဲ့။ ဒါကလူဝင်ပေါက်ပါ။ ဒီကနေပဲဝင်ရတာပဲ။ ကဲ - ဒါဆို ခင်ဗျားဖယ်လိုက်။ ကျွန်တော်ဝင်ပြမယ်"

ဟု ဆိုလာသဖြင့် မောင်ထွန်းမြိုင်လည်း ဇဝေဇဝါဖြစ်နေသောအမူအရာဖြင့် ထိုနေရာမှဖယ်ပေးလိုက်ရာ ကိုယ်ပွားလည်း ထိုအပေါက်နားသို့ကပ်သွားပြီးနောက် အပေါက်ငယ်တည့်တည့်သို့ ရောက်သောအခါ ထိုအပေါက်ထဲသို့ သူ့ခေါင်းကို တစ်ခါတည်းထိုးစိုက်သွင်းလိုက်ပြီးနောက် သူ့တစ်ကိုယ်လုံးပါ ဝင်ရောက်သွားလေတော့၏။

ထိုအဖြစ်အပျက်တို့ကိုကြည့်ပြီး မောင်ထွန်းမြိုင်လည်း အံ့သြခြင်းမကအံ့သြနေတော့၏။ သူ့အနေနှင့်ကား ဤကျပ်ဝိုင်းပေါက်ကလေးအတွင်းသို့ သူ့တစ်ကိုယ်လုံးဝင်ရန်ကား မည်သည့်နည်းဖြင့်မျှဖြစ်နိုင်မည်မဟုတ်ဟု ယူဆမိ၏။ သို့သော် ဘေးပတ်ဝန်းကျင်၌လည်း အထဲသို့ဝင်ရောက်ရန် အပေါက်တစ်ပေါက်မျှ မတွေ့သကဲ့သို့ ဤတံတိုင်းအပေါ်မှ ကျော်တက်ရန်ကလည်း တစ်မျှော်တစ်ခေါ် မြင့်မားလွန်းသဖြင့် မည်သို့မျှမဖြစ်နိုင်ပေ။ ဤနေရာတစ်ဝိုက်တွင် အပေါက်ဆို၍ စောစောက ကိုယ်ပွားဝင်သွားသည့် ကျပ်ပြားဝိုင်းလောက်သာရှိမည့် အပေါက်ငယ်တစ်ခုမှတစ်ပါး အခြားမည်သည့်အပေါက်မျှ မရှိပေ။

မောင်ထွန်းမြိုင်လည်း မည်သို့မျှ ကြံရာမရတော့သည့်အဆုံးတွင် ကိုယ်ပွားဝင်သွားသည့်အပေါက်မှပင် ဝင်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် ကိုယ်ပွားဝင်သွားသည့် အပေါက်ဆီသို့ပင် ပြန်ပြီးသွားရောက်ကာ အပေါက်ထဲသို့ ဖြစ်လိုရာဖြစ်စေတော့ သဘောထားပြီး ခေါင်းကိုထိုးစိုက်ချလိုက်သောအခါ ကိုယ်ပွားကဲ့သို့ပင် တံတိုင်းအတွင်းဘက်သို့ ရောက်ရှိသွားတော့၏။

ထိုအခါတွင် ကိုယ်ပွားက -

"ဒီလိုမှပေါ့ ကိုထွန်းမြိုင်ရဲ့။ တခ်ို့ကိစ္စတွေမှာက အကြောင်းကိစ္စဟုတ်တယ်၊ မဟုတ်ဘူး၊ ယုတ္တိတန်တယ် မတန်ဘူးဆိုပြီး သိပ်စဉ်းစားလို့မရဘူး။ စဉ်းစားလည်းသိပ်တော့မထူးနိုင်တဲ့ကိစ္စတွေလည်းရှိတတ်တယ်ဗျ။ ကဲ - အရင်ဆုံးတော့ ဘုရားသွားဖူးကြရအောင်"

ဟု ပြောပြီး ဦးဆောင်ခေါ်သွားသဖြင့် မောင်ထွန်းမြိုင်လည်း လိုက်သွား၏။ လမ်းတွင် များစွာသော ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်တို့ကိုတွေ့ရ၏။ ထိုပုဂ္ဂိုလ်တို့သည် သူတို့လုပ်စရာရှိသည်ကိုလုပ်နေကြ သွားလာလှုပ်ရှားနေကြ၏။

ထိုပုဂ္ဂိုလ်များသည် လူပေါင်းများစွာသွားလာလှုပ်ရှားနေကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကားပြောခြင်း လုံး မပြုကြသည်ကို မောင်ထွန်းမြိုင်သတိ မိ၏။ ထိုအခါတွင်မှ ကိုယ်ပွားပြော သည့်လုံးဝစကားမပြောရဟုသည့်အချ ကို သတိရမိတော့၏။ ထို့ကြောင့်ပြ မည်ထင်၏။ အဆိုပါ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ ထဲတွင် မောင်ထွန်းမြိုင်သည် သူ့ အလွန်ရင်းနှီးသော ဆံရှည်ဆရာ ဦးကောဏ္ဍည ကို စောစောကတွေ့လိုက် မိ၏။ ဆရာတော်ကြီးကလည်း သူ့ကို သဖြင့် ကြည့်တော့သွား၏။ သို့သော် စကားတစ်ခွန်းမျှမိန့်တော်မမူသွားခဲ့

မကြာမီပင် မောင်ထွန်းမြိုင် လည်း ခပ်လှမ်းလှမ်းတွင် မီးရောင်စုံ ဖြင့် ထိန်ထိန်ညီးနေသော စေတီ တစ်ဆူကို ဖူးမြော်ရလေ၏။ မောင်ထွန်းမြိုင်က -



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ပွားရေ ကျွန်တော်တို့သွားဖူးရမှာက တောဟိုမှာလှမ်းမြင်နေရတဲ့ဘုရားလား"

"ဟုတ်တယ် ကိုထွန်းမြိုင်၊ အဲဒီဘုရားပဲဗျ။ လာဗျို့၊ ခပ်သုတ်သုတ်သွားကြရအောင်၊ အချိန် သိပ်မရှိတော့ဘူး"

ဟု ပြောပြီး ကိုယ်ပွားလည်း လမ်းကို ပို၍မြန်မြန်လျှောက်လေတော့ရာ မောင်ထွန်းမြိုင်လည်း ခပ်သုတ်သုတ်လိုက်ရလေတော့၏။ လမ်းလျှောက်ရင်း မောင်ထွန်းမြိုင်က -

"ဒါနဲ့ ဒီဘုရားရဲ့ ဘွဲ့တော်က ဘယ်လိုခေါ်..."

"အတွင်းထူပါ ဆု... ပြည့်စေတီလို့ပဲ ခေါ်ထားလိုက်ပါဦးဗျာ။ ဒီစေတီတော်က ဆုတောင်းအစ်မတန်ပြည့်တာဗျ"

"ဟာ - ဒါဆိုအတော်ပဲ။ ကျုပ်အပြည့်ဝဆုံးဖြစ်ချင်တဲ့ ဆုတောင်းကို ဒီမှာတောင်းရတော့မယ်"

"ဘာဆုတောင်းလဲ။ ဝိဇ္ဇာမိုရ်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်လိုတဲ့ ဆုတောင်းအေး..."

ဒါ... ကျွန်တော်... ဆို... ကျွန်တော်... ဆုတောင်း...

"ဟုတ်ကဲ့... ချာသာ ဆုတောင်းပေတော့..."

ဟု ပြောပြောဆိုဆိုနှင့် ... စေတီတော်သို့ရောက်ရှိပြီး ရင်ပြင်တော်ပေါ် သို့တက်ခဲ့ကြ၏။ မောင်ထွန်းမြိုင်သည် စေတီတော်အား ဖူးရသောအခါ လွန်စွာပင် စိတ်ကြည်နူးချမ်းမြေ့သဖြင့် အချိန်အတန်ကြာအောင်ပင် ကြည်ညိုနေမိလေ၏။



ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

(၂၂)

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင်မှ ကိုယ်ပွားက -

"ကဲ - ကိုထွန်းမြိုင် ဒီလောက် ကြည်ညိုခွင့်ရရင်တော်ရောပေါ့"

ဟု သတိပေးလာ၍ မောင်ထွန်းမြိုင်လည်း သတိဝင်လာပြီး ဘေးဘီသို့ကြည့်လိုက်ရာ လူအတော်ပင်ရှင်းနေသည်ကို တွေ့ရသဖြင့် -

"ဟင် - ခုန ကျွန်တော်တို့ ဘုရားပေါ် ကိုတက်လာတုန်းက ရင်ပြင်ပေါ် မှာ လူအတော်များများတွေ့ရတယ်။ အခုတော့ သူတို့တွေဘယ်ရောက်သွားကြလဲဗျ၊ ပြန်သွားကြတာလား"

ဟု မေးလိုက်ရာ ကိုယ်ပွားလည်း ခေတ္တမျှစဉ်းစားလိုက်ပြီးနောက် -

"ကိုထွန်းမြိုင်ကို သတင်းထူးတစ်ခု ပြောရဦးမယ်ဗျ။ ဒီနေ့ညဟာ ခင်ဗျား ရောက်လာတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဝိဇ္ဇာဓရနဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဆိုင်ရာ အထူးညီလာခံကျင်းပမယ့်နေ့ပဲဗျ။ အဲဒီညီလာခံအတွက် ခုန စေတီတော်ရင်ပြင်ပေါ် မှာတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်တွေက ကြိုတင်သွားပြီးပြင်ဆင်နေကြတာဗျ"

"ဟာ - ဒါဆိုအဆင်ပြေတာပေါ့။ အဲဒီညီလာခံကို ကျုပ်လည်းသွားလို့ရလား။ အဲအဲ - တက်ခွင့်ရှိနိုင်မလား"

"ဘာလဲ၊ ကိုထွန်းမြိုင်က ညီလာခံ တက်ချင်လို့လား"

"ဟာ - တက်ချင်တာပေါ့ဗျာ။ ဒီလောက် ကြုံတောင့်ကြုံခဲညီလာခံမျိုးဟာကို၊ ကိုယ်ပွားအနေနဲ့ဆောင်ရွက်လို့ရရင် ဆောင်ရွက်ပေးပါဗျာ"

"အဲဒီလောက်တက်ချင်တယ်ဆိုရင်လည်း ဒီညီလာခံကျင်းပတဲ့တာဝန်ခံပုဂ္ဂိုလ်ကိုပြောပေးပါမယ်။ အခုတော့ ကျင်းပဖို့အချိန်နည်းနည်းလိုသေးတယ်။ ဒါကြောင့် ခင်ဗျားသွားချင်တယ်ဆိုတဲ့ နေရာတစ်ခုကို လိုက်ပို့ပေးမယ်။ ခင်ဗျားတွေ့ဖူးသွားအောင်ပါ"

"ကျုပ်သွားချင်တဲ့နေရာ ဟုတ်လား၊ ဘယ်နေရာလဲဗျ"

"ဟိုရောက်တော့တွေ့မှာပေါ့ဗျာ"

ဟု ကိုယ်ပွားက ပြန်ပြောသဖြင့် မောင်ထွန်းမြိုင်လည်း ဆက်မမေးတော့ဘဲ ထိုနေရာသို့ နှစ်ယောက်သားထွက်လာခဲ့ကြတော့၏။ ထိုနေရာသို့ထွက်ခွာရာလမ်းခရီးသည် လပြည့်ရက်ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးသည် ညပိုင်းဖြစ်သော်လည်း ထိန်ထိန်သာလျက်သာရှိပါတော့သည်။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်သည် လမ်းလျှောက်ရင်း အတွင်းထူပါ၏ ညချမ်းသာယာမှုကို ကောင်းစွာခံစားရရှိလေ၏။ ထိုသို့ ခံစားလမ်းလျှောက်လာရင်း တစ်ချိန်တွင် မောင်ထွန်းမြိုင်၏ခေါင်းထဲ၌ ဖျတ်ခနဲအတွေးတစ်ခုဝင်လာသဖြင့် ကိုယ်ပွားအား -

"ဒီမယ် ကိုယ်ပွားရဲ့၊ အခုဝိဇ္ဇာတွေကျင်းပမယ့်ညီလာခံမှာ ဘယ်လိုအကြောင်းတွေများ ပြောဆိုဆွေးနွေးကြမှာလဲ"

"အင်း - ဒီညီလာခံကျင်းပရတဲ့ အဓိကရည်ရွယ်ချက်ရှိတယ်ဗျ။ ဒီနေ့ကာလမှာ မြန်မာမှာရော ကမ္ဘာမှာပါ အပြောင်းအလဲတွေအများကြီးဖြစ်လာနိုင်တယ်ဗျ။ အထူးသဖြင့် ဘာသာရေး၊ သာသနာရေးဆိုင်ရာတို့မှာ ပိုပြီးဖြစ်လာနိုင်တယ်ဗျ။ အဓိကကတော့ ကျွန်တော်တို့ဗုဒ္ဓဘာသာအတွက် ကာကွယ်စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးပေါ့ဗျာ။ ဒီအချိန်ကာလမယ် ကမ္ဘာပေါ် မှာရုပ်ဝါဒတွေကလည်း အင်မတန်မှ ကြီးစိုးလွှမ်းမိုးလာတယ်။ နောက်ပြီး ဘာသာခြားတွေကလည်း သူတို့ဘာသာမှ သူတို့ဘာသာ တစ်စခန်းထလာကြတယ်ဗျ။ ဘယ်လိုပဲဖြစ်ဖြစ်ဗျာ အဲဒီအတွေးအခေါ် တွေ၊ အယူဝါဒတွေ ကျွန်တော်တို့ဗုဒ္ဓဘာသာထဲကို စိမ့်ဝင်ထိုးဖောက်မလာအောင် ကာကွယ်ထိန်းသိမ်းဖို့ပါပဲ။ ဒါကြောင့် ဒီညီလာခံနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ပြောရရင် အမျိုးဘာသာသာသနာနဲ့ပတ်သက်ပြီး စီမံဆောင်ရွက်ဖို့နဲ့ တာဝန်ပေးဖို့ကိစ္စတွေပဲဖြစ်လိမ့်မယ် ကိုထွန်းမြိုင်ရဲ့"

"ဒါဆို ဒီညီလာခံမှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ရှေ့ရေးနောက်ရေး အတွင်းရေးတွေကို တော်တော်လေးသိရနိုင်မှာပေါ့နော်"

"အင်း - အဲဒီလိုပဲဖြစ်မယ်ထင်ပါတယ်။ ဟော - စကားတပြောပြောနဲ့ ကျွန်တော်တို့လာခဲ့ရတာ ခင်ဗျားသိချင်နေတဲ့နေရာကိုရောက်ပြီဗျ။ ခင်ဗျားရဲ့ ဘယ်ဘက်ကိုကြည့်လိုက်ပါလား"

ဟု ဆိုသဖြင့် မောင်ထွန်းမြိုင်လည်း လှည့်ကြည့်လိုက်ရာ အတော်အသင့်ရှည်လျားသော တောင်စောင်းတစ်ခု၌ ယောဂီရောင်ကို လည်းကောင်း၊ ဝတ်ဖြူစင်ကြယ်တို့ကို လည်းကောင်း ဝတ်ဆင်ထားကြသည့်အမျိုးသမီးဝိဇ္ဇာမိုရ်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အများအပြားကိုတွေ့လိုက်ရသဖြင့် အံ့ဩသွားလေ၏။

ထိုပုဂ္ဂိုလ်တို့သည် အသီးသီး အသက ကိုယ်စီကိုယ်ငအလုပ်လုပ်နေကြ၏။ ထိုအထဲမှ အချို့သည် ဖားဖိုကြီးများဖြင့် အဂ္ဂိရတ်ထိုးနေကြ၏။ အချို့သည် အင်းစမများကို စီရင်နေကြ၏။ အချို့လည်း တောင်စောင်းထိပ်တွင် သမထထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများကိုပြုနေကြ၏။အချို့လည်း ဆေးကျောက်ပျဉ်ကြီးများဖြင့် ဆေးကြိတ်ခြင်း၊ ဆေးဝါးဖော်စပ်ခြင်းများပြုနေကြလေ၏။ အချို့ကလည်း ဂါထာ၊ မန္တန်၊ မန္တရားများကို ရွတ်ဖတ်ပူဇော်နေကြ၏။ အချို့ကလည်း ကောင်းကင်ရှိ ဗြိုဟ်နက္ခတ်တာရာများကိုကြည့်ပြီး တွက်ချက်နေကြသည်။ ထိုအမျိုးမျိုးသောအမျိုးသမီးထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်များကို တစ်နေရာတည်းတွင် တစုတဝေးကြီးရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် မောင်ထွန်းမြိုင်သည် အလွန်အံ့ဩဖွယ်ရာကောင်းသောအခြေအနေတစ်ရပ်ဖြင့်ကြုံတွေ့လိုက်ရသကဲ့သို့ ဖြစ်သွားလေ၏။

ထို့ကြောင့် သူက -

"ကိုယ်ပွားရယ် အမျိုးသမီးဝိဇ္ဇာတွေ ဒီလောက်များများရှိလိမ့်မယ်လို့ ကျွန်တော်ဘယ်တုံးကမှမတွေးမိခဲ့ဘူး။ အခု မျက်မြင်ကိုယ်တွေ့ကြုံရတော့မှပဲ တကယ်ရှိတာပါပဲလားဆိုတာသိရတော့တယ်"

ဟု ပြောလိုက်သောအခါ ကိုယ်ပွားက -

"နေပါဦး ကိုထွန်းမြိုင်။ ခင်ဗျားက အမျိုးသမီးဝိဇ္ဇာဓိတွေကိုတွေ့လိုက်ရတာနဲ့ ဘာဖြစ်လို့ဒီလောက်အံ့ဩရတာလဲ"

"အမျိုးသမီးဝိဇ္ဇာတွေကို အခုလို တစ်နေရာတည်းမှာ အခုလို တစုတဝေးကို တွေ့လိုက်ရတာကို ဘယ်မအံ့ဩဘဲရှိနိုင်ပါမလဲဗျ။ အဲ-အံ့ဩတာနဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် ကျွန်တော့်စိတ်အထင်ပေါ့လေ၊ ဒီလိုဝိဇ္ဇာဓရပညာတွေကို အမျိုးသမီးတွေအနေနဲ့ ဒီလောက်စိတ်ဝင်စားမယ်လို့ ထင်မထားမိဘူး။ နောက်ပြီး သူတို့အနေနဲ့ ဒီလောက်ကြီးအထိ ထဲထဲဝင်ဝင်လုပ်ကြလိမ့်မယ်လို့လည်းဘယ်လိုမှထင်မထားမိဘူး။ တစ်ခါ အဆီးအတား အကန့်အသတ်တွေများလှတဲ့ သူတို့ရဲ့ ဘဝနေထိုင်မှုပုံစံအနေအထားတွေအရလည်း ဒီလောက်ဖြစ်နိုင်လိမ့်မယ်ဆိုတဲ့အတွေးနဲ့ ဝေးကွာနေလို့ပါဗျာ"

"ဟာ - ကိုထွန်းမြိုင်ကလည်း ကျွန်တော်တို့ရဲ့ ဣစ္ဆာသယပဏ္ဍိတ်ညာလမ်းစဉ်မှာလည်း အမျိုးသမီးထွက်ရပ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ဝိဇ္ဇာမိုရ်တွေဖြစ်တဲ့ သထုံအမေစပါယ်တို့၊ အမေနီတို့ဆိုတာတွေရှိတယ် မဟုတ်လား။ အခုတောင် ညီလာခံတက်ဖို့ သူတို့ကြွလာကြတယ်လေ"

"ဟုတ်လား၊ ကျုပ်တစ်ခါမှမတွေ့ဖူးဘူး၊ တွေ့ချင်လိုက်တာဗျာ"

"ခင်ဗျားတွေ့ချင်ရင်တွေ့လို့တော့ရတယ်နော်။ ဒါပေမယ့် စကားပြောလို့တော့မရဘူး။ အဲဒါတော့ သတိထားပါ"

"သိပါတယ် ကိုယ်ပွားရယ်။ အဲဒီအမေစပါယ်နဲ့ အမေနီဘယ်မှာလဲလိုက်ပြပါဦးဗျာ"

"လိုက်ပြဆို သူတို့က ဟိုဘက်ကဂူထဲမှာအားထုတ်နေကြတယ်။ လာလာ"

ဟု ပြောပြီး ကိုယ်ပွားအခေါ်သွားသဖြင့် မောင်ထွန်းမြိုင်လည်း နောက်မှ ခပ်သုတ်သုတ်လိုက်သွားရလေသည်။ တစ်နေရာသို့အရောက် ဂူသုံးလုံးယှဉ်လျက်ရှိနေသည်ကို လရောင်အောက်တွင် ထင်ရှားစွာတွေ့ရလေ၏။ ထိုဂူသုံးလုံးစလုံး၏အတွင်းဘက်တွင် ဆီမီးများထွန်းညှိထားဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် ဂူအတွင်းထဲမှ အလင်းရောင်တို့သည် ဂူအပြင်ဘက်သို့ပင် ဖြာထွက်နေသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

ထို့ကြောင့် မောင်ထွန်းမြိုင်တို့သည်။ လက်ယာဘက်အစွန်ဆုံးဂူရှေ့သို့ရောက်သောအခါ ကိုယ်ပွားက လက်ဖြင့်အတွင်းဘက်သို့ ညွှန်ပြသဖြင့် ဂူအတွင်းသို့ ခြေသံလုံလုံဖြင့်ဝင်ခဲ့ကြ၏။ ဂူအတွင်းပိုင်းသို့ရောက်သောအခါ ခန်းမသဖွယ်ဖြစ်နေသော အခန်းကြီးတစ်ခန်းကိုတွေ့ရလေ၏။ အခန်း၏ထိပ်တွင် လွန်စွာအဓ္ဓာယ်ကြည်ညိုဖွယ်ကောင်းလှသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသဖြင့် မောင်ထွန်းမြိုင်နှင့် ကိုယ်ပွားလည်း ဦးသုံးကြိမ်ကန်တော့လိုက်ကြ၏။ ပြီးနောက် သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာပင် ဘုရားအာရုံပြုနေလိုက်ကြ၏။

ခေတ္တမျှကြာသောအခါ သူတို့ရှိနေသည့်အခန်းထဲ ဘုရားရှေ့တွင် အမျိုးသမီး ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်အချို့တို့များ တစ်ပါးပြီးတစ်ပါး ရုပ်လုံးဖော်ခြင်းဖြင့် ထင်ရှားစွာ ရုတ်ခြည်းပေါ်လာသည်ကို ရုတ်တရက်မြင်လိုက်ရသဖြင့် မောင်ထွန်းမြိုင်သည် ပထမတွင် အံ့သြ၍ ဒိတ်ခနဲပင်ဖြစ်သွားလိုက်မိ၏။ နောက်တွင်မှ စိတ်ကိုတည်ငြိမ်အောင် ထိန်းသိမ်းလိုက်၏။ ထိုသို့ပေါ်လာသော ပုဂ္ဂိုလ်တို့မှာ စုစုပေါင်း (၉) ပါးရှိလေ၏။ သူတို့သည် ကိုယ်စီကိုယ်င ပုတီးစိပ်နေကြလေ၏။ ခေတ္တမျှကြာသောအခါ ကိုယ်ပွားက လက်ကုတ်ပြီး ကိုယ်အမူအရာဖြင့် အမေစပါယ်နှင့် အမေနီတို့ကိုပြသဖြင့် တွေ့မြင်ရလေ၏။

သူတို့သည် ရိုးရိုးရှင်းရှင်းပင် အပေါ်တွင် အင်္ကျီအဖြူလက်ရှည်ကို ဝတ်ဆင်ထားပြီး ယောဂီတဘက်တစ်ထည်ကို ပခုံးပေါ်တွင်တင်ထား၏။ အောက်တွင် ယောဂီရောင်ထဘီကိုဝတ်ထားကြ၏။ အမေစပါယ်၏ထူးခြားချက်မှာ ပါးပေါ်တွင် စံပယ်တင်မဲ့တစ်လုံး ထူးခြားစွာရှိနေသည်ကို တွေ့ရလေ၏။ ပုဂ္ဂိုလ်နှစ်ပါးစလုံး၏ပုံဟန်မှာ တည်ကြည်လေးနက်သောအသွင်ကိုဆောင်နေလေ၏။ မယ်တော်တို့သည် သူတို့အလုပ်ကိုသာ အာရုံစိုက်ပြီးလုပ်နေကြသဖြင့် မောင်ထွန်းမြိုင်တို့လည်း ဂူအပြင်သို့ ပြန်ထွက်လာခဲ့ကြလေ၏။

ဂူအပြင်သို့ ရောက်သောအခါ မောင်ထွန်းမြိုင်၏အတွေးတို့သည် ပို၍လေးနက်လာလေ၏။ ထိုကိုသတိပြုမိသော ကိုယ်ပွားက -

"ဘယ်လိုလဲ ကိုထွန်းမြိုင်ရဲ့။ ဘာတွေများအတွေးတွေလေးနက်နေရတာလဲ"

"အင်း - ကိုယ်ပွားရယ်၊ ကျုပ်အတွေးနက်သွားတယ်လို့ပဲပြောချင်ပြောပါတော့။ ကျုပ်တွေးနေတာတခြားတော့မဟုတ်ပါဘူး။ မျက်နှာမှာ စံပယ်တင်မဲ့လေးနဲ့ တည်ကြည်ခံ့ညားတဲ့ အမေစပါယ်ကိုကြည့်ပြီး သူ့အသက်ကိုခန့်မှန်းကြည့်နေတာပါ"

ဟု ဆိုလိုက်သောအခါ ကိုယ်ပွားက-

"ဒီလိုဆို ကိုထွန်းမြိုင်က အမေစပါယ်ရဲ့ရုပ်ကိုကြည့်ပြီး အသက်ကိုဘယ်လောက်လို့များ ခန့်မှန်းလို့လဲ"

ဟု ဆိုလိုက်ရာ မောင်ထွန်းမြိုင်က-

"ကျုပ်ဖြင့် အမေစပါယ်ရဲ့အသက်ကို ခန့်မှန်းရရင် အသက် (၃၀) ကျော်အများဆုံး (၄၀) ပေါ့ဗျာ"

ဟု ဆိုလိုက်သောအခါ ကိုယ်ပွားသည် ရုတ်တရက်ဟာထရယ်လေတော့၏။

ထိုသို့ ကိုယ်ပွားကရယ်လိုက်သဖြင့် မောင်ထွန်းမြိုင်လည်း ရုတ်တရက် ဇဝေဇဝါဖြစ်သွားပြီး -

"ဘာဖြစ်လို့လဲ ကိုယ်ပွားရဲ့၊ ကျုပ်ရဲ့အဖြေက ရယ်စရာအတော်ပဲကောင်းနေလို့လားဗျ"

နားမလည်နိုင်စွာဖြင့် ပြန်ပြောလိုက်ရာ ကိုယ်ပွားက -

"ဟုတ်တယ်လေ ရယ်မှာပေါ့။ သက်တမ်းရာပေါင်းများစွာချီပြီးရှိနေတဲ့ ပုဂ္ဂိုလ်ကို ခင်ဗျားက အသက်(၃၀)ကျော် (၄၀) လောက်ဆိုပြီးမှန်းတာ ကြားလိုက်လို့ရယ်ရပါဗျာ"

"ဟာ-အမေစပါယ်ရဲ့အသက်က အဲဒီလောက်တောင်ရှိပြီလားဗျ။ ကျုပ်က ဘယ်သိပါ့မတုံး။ ဒါဆို ခင်ဗျားအမေစပါယ်အကြောင်းတော့သိမှာပဲ။ ကျုပ်ကို နည်းနည်းလောက် ပြောပြလို့ရမလား"

"အင်း- ခင်ဗျားသိချင်ရင်တော့ အကျဉ်းချုပ်ပြီးပြောပြပါမယ်။ သေသေချာချာတော့မှတ်ထား"

**□ မြန်မာ့စာတ်ပန္နက်သို့ ပြောင်းရွှေ့ခိုလှုံလာသော သာကီဝင်များ**

သာကီဝင်များ၏ မူလအခြေစိုက်ရာဒေသမှာ မဇ္ဈိမဒေသ ဖြစ်၏။ သာကီဝင်များသည် အခြားသောလူမျိုးများနှင့်မတူ တမူထူးခြား၏။ မိမိတို့မျိုးနွယ်မတူသူများနှင့် ပေါင်းသင်းခြင်း၊ ဆက်ဆံခြင်း၊ လက်ထပ်ထိမ်းမြားခြင်းတို့မပြုကြပေ။ မျိုးနွယ်တူချင်းသာ ပေါင်းဖော်ကြ၏။ ဤအချက်ကား သာကီဝင်တို့၏ ထူးခြားချက်ဖြစ်၏။ ထို့အပြင် သာကီဝင်တို့ကားအခြားစောင့်ထိန်းရမည့်စည်းကမ်းချက်တို့က များပြားလှ၏။ ထို့ကြောင့် သာကီဝင်တို့၏ လူဦးရေသည် အခြားသောလူမျိုးများနှင့်ယှဉ်လျှင် အလွန်ပင်နည်းပါးလှ၏။ သာကီဝင်တို့သည် ဉာဏ်ရည်မြင့်မားခြင်း စသည့် အရည်အချင်းကောင်းများစွာ ပိုင်ဆိုင်ထားကြသော်လည်း အဓိကအားနည်းချက်မှာ လူဦးရေနည်းပါးခြင်းနှင့် စစ်ရေးဆိုင်ရာတို့တွင် အားနည်းချက်များရှိသောကြောင့် အခြားသော လူဦးရေများသည့် တိုင်းနိုင်ငံကြီးများနှင့် စစ်ဖြစ်သည့်အခါများတွင် စစ်ရှုံးကြရလေ့ရှိ၏။

ဗုဒ္ဓဂေါတမဘုရားရှင်မပွင့်ထွန်းမီ နှစ်ပေါင်းငါးရာခန့်ကဖြစ်၏။ သာကီဝင်တို့နှင့် အိမ်နီးချင်းတိုင်းပြည်ကြီးဖြစ်သော ပဉ္စာလရာဇ်နိုင်ငံမှ ဘုရင်ဖြစ်သူသည် သာကီဝင်တို့နှင့် ဆွေမျိုးတော်စပ်လိုသဖြင့် မိဖုရားမြှောက်ရန်အတွက် သာကီဝင်မင်းထံ သမီးတော်တောင်းလေ၏။ အခြားသောမင်းများအဖို့ သမီးတော်တောင်းခြင်း၊ သမီးကညာဆက်သခြင်းတို့သည် သမားရိုးကျလုပ်ထုံးလုပ်နည်း၊ သံခင်းတမန်ခင်းဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

သာကီဝင်တို့ကား သူတို့ထံမှ သမီးတော်ကောင်းခြင်းကိစ္စသည် သူတို့အပေါ်၌ စော်ကားပြုကျင့်ရာကြသည်ဟု ခံယူကြ၏။ သာကီဝင်တို့၏ ခံယူချက်ကား သူတို့၏ မျိုးနွယ်စဉ်ဆက်တွင် သာကီသွေးမှတစ်ပါး အခြားသောလူမျိုးတို့၏ သွေးတစ်စက်တစ်ပေါက်မျှအရောအနှော မခံလိုခြင်း ဖြစ်၏။ အကယ်၍ ထိုသို့ ရောနှောခဲ့လျှင် သာကီဝင်တစ်မျိုးလုံး နိမ့်ကျခြင်း၊ ယုတ်နွမ်းခြင်းဖြစ်စေနိုင်သည်ဟု သဘောထားကြ၏။

ထိုကြောင့်လည်း သာကီဝင်တို့သည် ပဉ္စာလရာဇ်မင်း၏ သမီးကညာတောင်းခံခြင်းအား သဘောမတူကြောင်း၊ မဖြစ်နိုင်ကြောင်းဖြင့် အကြောင်းပြန်ကြားခဲ့၏။ ထိုအကြောင်းပြန်ကြားချက်သည် စစ်အင်အားကြီးမားသော ပဉ္စာလရာဇ်မင်းအား ဒေါသအမျက်ခြောင်းခြောင်းထွက်စေ၏။ ထို့အတွက်လည်း ပဉ္စာလရာဇ်တို့သည် သာကီဝင်တို့အား စစ်အင်္ဂါလေးပါးဖွင့်လျက် ချီတက်တိုက်ခိုက်လေတော့၏။

ထိုအခါ သာကီဝင်တို့သည် အင်အားချင်းမည်သို့မျှမမျှသဖြင့် စစ်ရှုံးကြရလေ၏။ ထိုအခါ သာကီဝင်တို့သည် အခြားတစ်ပါးသောလူမျိုးတို့၏လွှမ်းမိုးမှုကိုမခံလိုသောကြောင့် လည်းကောင်း၊ မိမိတို့မျိုးနွယ်မပျက်စီးအောင် ထိန်းသိမ်းကာကွယ်လိုသဖြင့် လည်းကောင်း အရှေ့ဘက်သို့ထွက်ခွာပြီး မြန်မာပြည်ထဲသို့ ဝင်ရောက်ခိုလှုံကာ တကောင်းအရပ်၌ သာကီဝင်သီးသန့်မြို့တည်ထောင်ပြီးနေခဲ့၏။

ထိုအချိန် မြန်မာနိုင်ငံထဲ၌ ပြဟ္မာခေါ် ပြူမှာခေါ် ပျူမာခေါ် နောက်ပိုင်းခေတ်တွင် မြန်မာလူမျိုးဖြစ်လာမည့် ပျူလူမျိုးကြီးများ နေထိုင်ကြ၏။ ပျူလူမျိုးတို့ကလည်း သာကီဝင်တို့အား စိတ်သဘောထား နူးညံ့သိမ်မွေ့ခြင်း၊ ယဉ်ကျေးမှုဓလေ့စရိုက်ချင်း တူညီခြင်းတို့ကြောင့် ကောင်းစွာ လက်ခံထားပြီး ကူညီစောင့်ရှောက်ပေးကြ၏။ ထိုကဲ့သို့ အဖြစ်အပျက်မျိုးသည် နောက်ထပ်တစ်ကြိမ် ထပ်မံ ဖြစ်ပွားခဲ့ပြန်သဖြင့် သာကီဝင်တို့သည် မြန်မာပြည်သို့ဝင်ရောက်ခဲ့ပြန်၏။ ထိုကာလသည် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူနေသည့်အချိန် ဖြစ်၏။

ဤသို့ဖြင့် သာကီဝင်များ မြန်မာနိုင်ငံတွင် အခြေစိုက်ကာနေထိုင်ကြစဉ်ကာလအတွင်း ဘေးအန္တရာယ်ကြုံတွေ့ရသော အခြေအနေတစ်ရပ်နှင့် ကြုံတွေ့ကြရ၏။ ထိုဘေးအန္တရာယ်မှာ နဂါးဘေးအန္တရာယ်ဖြစ်၏။ ထိုနဂါးသည် တကောင်းထီးနန်းထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာရာမှ စတင်ခဲ့ခြင်းဖြစ်၏။

ဖြစ်ပျက်ပုံမှာ တကောင်းထီးနန်းတိုးချဲ့မွမ်းမံပြင်ဆင်ရန်အတွက် မိုးကုတ်၊ သပိတ်ကျင်းအရပ်တို့မှ ကျွန်းပင်ကြီးများကို ခုတ်လှဲပြီး သယ်ဆောင်လာခဲ့၏။ ထိုအထဲမှ အပင်ကြီးတစ်ပင်တွင် နဂါးပါလာခဲ့၏။ တိုက်ဆိုင်စွာပင် ထိုနဂါးပါလာသည့် ကျွန်းပင်သည် နန်းတော်တိုင်ပြုလုပ်သည့်အထဲသို့ ပါသွားခဲ့၏။ ထိုနဂါးသည် တကောင်းနန်းတော်ထဲတွင် သူက ကမ္ဗောဇ်ဒွိတန်ခိုးဖြင့်နေထိုင်ရင်း တကောင်းဘုရင်၏ မိဖုရားဖြစ်သူအား သဘောချနှစ်ခြိုက်မိသွားသဖြင့် ဘုရင်ဖြစ်သူအား ပေါက်သတ်ပစ်လိုက်သဖြင့် နတ်ရွာစံသွားခဲ့၏။ ဤသို့ဖြင့် ဘုရင်တစ်ပါးနတ်ရွာစံလိုက်၊ နောက်တစ်ပါးတင်လိုက်၊ နတ်ရွာစံလိုက်ဖြစ်နေ၏။ ဤသို့ဖြင့် ဘုရင်အပါး (၃၀) ကျော် နတ်ရွာစံသွားခဲ့သဖြင့် သာကီဝင်မျိုးထဲမှ ဘုရင်လုပ်ရန် စွမ်းရည်သတ္တိပြည့်စုံသူကုန်ပြီး ဘုရင်လုပ်မည့်သူ၊ ဆက်ခံမည့်သူမရှိသလောက်ဖြစ်သွားခဲ့၏။

ထိုအခါ သာကီဝင်တို့သည် မိမိတို့ မျိုးနွယ်ကိုထိန်းသိမ်းခြင်းငှာ မည်သို့မျှ မတတ်နိုင်တော့သဖြင့် ဒေသခံ ပျူမြန်မာထဲမှ ဘုရင်လုပ်ဝံ့သူကို ရွေးချယ်ရလေတော့၏။ ထိုအခါ ပျူမြန်မာမျိုးထဲမှ မောင်ပေါက်ကျိုင်းသည် မင်းဖြစ်လာခဲ့၏။ မောင်ပေါက်ကျိုင်းကလည်း စွမ်းရည် ထက်မြက် ပြည့်စုံစွာဖြင့်ပင် ထိုနဂါးကြီးအား နှိမ်နင်းသတ်ဖြတ်နိုင်ခဲ့သဖြင့် သတိုးနဂါးနိုင်မင်း ဟူသော အမည်တွင်လေ၏။ ထိုအခါတွင်မှစ၍ သာကီဝင်တို့နှင့် ပျူမြန်မာတို့သည် ရောနှောပေါင်းစပ်သွားခဲ့ကြ၏။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းထဲတွင် အမေစပါယ်သည် သာကီဝင်မင်းသမီးတစ်ပါးဖြစ်ခဲ့၏။ သူမ၏ ဖခမည်းတော်ကလည်း သာကီဝင်မင်းသားတစ်ပါး ဖြစ်၏။ ထိုဖခင်ဖြစ်သူသည် နောင်တစ်ချိန်တွင် ဣန္ဒာသယပထမံပညာကို စတင်ဖော်ထုတ်တည်ထောင်ခဲ့သည့် ဣန္ဒာသယဘိုးဘိုးကြီးဖြစ်လာခဲ့၏။ ဒုတိယသာကီဝင်မင်းဆက်ကို ထူထောင်ခဲ့သည့် အဘိရာဇာမင်းသည် အမေစပါယ်၏သားအဖြစ် တော်စပ်ခဲ့၏။

ထိုအဘိရာဇာသာကီမင်းသည်လည်း နောင်တစ်ခုသောဘဝတွင် စစ်ကွင်းဆရာတော်ဦးစန္ဒောဘာသအဖြစ်ဖြင့် ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ဖြစ်ခဲ့၏။ စစ်ကွင်းဆရာတော် ထွက်ရပ်ပေါက်ခဲ့သည့် ဝိဇ္ဇာဓရပညာမှာ ဣန္ဒာသယ ပထမံပညာပင် ဖြစ်၏။

အမေစပါယ်သည် နောက်ပိုင်းတစ်ခုသောဘဝတွင် မစပါယ်ဟူသော အမည်ဖြင့် သထုံမြို့ရှိ မိဘနှစ်ပါးထံ၌ မွေးဖွားခဲ့၏။ သူမသည် စတင်မွေးဖွားစဉ်ကတည်းက ဘုန်းကံကြီးမားစွာပါခဲ့၏။ သူမပင်္ကိသန္ဓေကိုယ်ဝန်ရှိစကတည်းကပင် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များစောင့်ရှောက်ခြင်းခံရ၏။ သူမမွေးဖွားပြီး ပုခက်ထဲရှိစဉ်အရွယ်၌ပင် ရက်ပေါင်းအတန်ကြာအောင် ပျောက်သွားခဲ့သဖြင့် မိဘများသည် ဒေါင်းတောက်အောင် ရှာဖွေခဲ့ကြ၏။ နောက်တွင် သူ့အလိုအလျောက် ပုခက်ထဲပြန်ရောက်လာပြန်၏။ ထိုအခါမှ သူမအား ထူးခြားသည့် ပါရမီရှင်အဖြစ် လက်ခံထားခဲ့ကြ၏။

ဤသို့ဖြင့် သူမသည် မိဘများနှင့် အတူနေထိုင်ရင်း အသက် (၁၆) နှစ်အရွယ်သို့ရောက်ရှိသောအခါ ငယ်စဉ်ကကဲ့သို့ ပျောက်ခြင်းမလှ တစ်ဖန်ပျောက်သွားပြန်တော့၏။ သူမ၏မိဘများက ဟိုတစ်ချိန်ကကဲ့သို့ပင် တစ်နေ့နေ့တွင် ပြန်ရောက်လာမည်ဟု ယူဆထားကြသော်လည်း ယခုတစ်ခါတွင်ကား လုံးဝပြန်ရောက်လာခဲ့ခြင်းမရှိတော့ပေ။ ထိုအရွယ်ကတည်းကပင် အမေစပါယ်သည် ထွက်ရပ်စခန်းသို့ ရောက်ရှိခဲ့ပြီဖြစ်တော့၏။ ဤကား ဣန္ဒာသယ ပထမံ အမေစပါယ်၏ အတ္ထုပ္ပတ္တိအကျဉ်းပင်ဖြစ်ပါသည်။

❑

ကိုယ်ပွားပြောပြသော အမေစပါယ်၏ ဘဝဇာတ်ကြောင်းကို ကြားသိလိုက်ရသောမောင်ထွန်းမြိုင်အဖို့ကား အထူးအဆန်းများချည်းသာ ဖြစ်နေလေတော့၏။ ထို့နောက် မောင်ထွန်းမြိုင်တို့သည် ဂူမှပြန်လာကြပြီးနောက် ကိုယ်ပွားက မောင်ထွန်းမြိုင်အား မလှမ်းမကမ်းရှိ အိမ်ကြီးတစ်လုံးထဲသို့ခေါ်ဆောင်သွားလေတော့၏။

(ရွှေလဆာက်ဖတ်[illegible])

ပထမံဆ[illegible]ဦးအေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

**မောင်ရွှေကျေး(တွံ့တေး)**

# ရာဇဝင်ထဲက ဒလမြို့ဟောင်း နှင့် ဗညားဦးမင်းကျောက်စာ

ကျွန်မတို့ ဘုရားဖူးလေ့လာရေးအဖွဲ့သည် ဓမ္မမိတ်ဆွေ ဦးငွေလှိုင်၏ သတင်းပေး ဖိတ်ကြားမှုကြောင့် လွန်ခဲ့သော နှစ်ပေါင်း (၆၅၀) ကျော်ခန့်က ဗညားဦးမင်း တည်ထားခဲ့သော ကျိုက်ဇင် (နောင်တရ) စေတီအား လေ့လာဖူးမြော်ရန် သဝန်းတောကျေးရွာသို့ ရောက်ရှိနေကြပါသည်။ သဝန်းတောကျေးရွာသည် ယခုခေတ် တွံ့တေးမြို့နယ်နိမိတ်အတွင်း တည်ရှိသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။

'နောင်တရ' စေတီ တည်ရှိသော သဝန်းတောကျေးရွာသည် တွံ့တေးတူးမြောင်းမြောက်ဘက် (၂) မိုင်ကျော်ခန့်အကွာတွင် ရှိပါသည်။ တွံ့တေးတူးမြောင်းကို မြန်မာနှစ် ၁၂၃၅ ခုနှစ်တွင်ဖောက်ခဲ့ပါသည်။ 'အောက်ကစပါး' ဟု အမှတ်အသားပြုခဲ့၏။ တူးမြောင်းမဖောက်ခင်က တွံ့တေးမြို့နှင့် သဝန်းတောရွာတို့သည် ကုန်းတန်းတစ်ဆက်တည်း ဖြစ်ပါသည်။


မြို့သမိုင်းပြုစုရေးကော်မတီမှ တွံ့တေးသည် မွန်ဘာသာ တုန်တလဲ့မှ ဆင်းသက်လာကြောင်း၊ တုန်တလဲ့မှသည် တုန်တလ၊ တုန်တလမှသည် တလ၊ တလမှသည် 'ဒလ' ဟု အခေါ်ပြောင်းခဲ့ကြောင်း ဖွင့်ဆို ရေးသား ပြုစုခဲ့ကြပါသည်။ ထို့ကြောင့် ယခု တွံ့တေးမြို့သည် ရှေးဟောင်းရာဇဝင်သမိုင်းထဲက ဒလမြို့ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ကျွန်မတို့အဖွဲ့သည် ရာဇဝင်ထဲက ဒလမြို့ဟောင်းသို့ ရောက်ရှိနေပြီး လွန်ခဲ့သော နှစ်ပေါင်း (၆၅၀) လောက်က ဗညားဦးမင်း ရေးထိုးခဲ့သော ပါဠိ-မွန်ကျောက်စာနှင့် ဗညားဦးမင်းတည်ထားသော ကျိုက်ဖြင်စေတီတော်အား ဖူးမြော်ကြပါသည်။

ကျောက်စာတွေ့ရှိပုံမှာ သဝန်းတောကျေးရွာနေ စောင်းတန်းအလှူရှင် ဦးကြီးမှ စောင်းတန်းလှူရန် မြေတူး နေစဉ်၊ မြေတူးဖော်စဉ် ၃၀-၈-၉၉ ရက်နေ့၌ (ကျိုက်ဖြင့်) (နောင်တရ) စေတီ၏ ရင်ပြင်တော် တနလ်ာထောင့် ပန်းတင်ခုံနှင့် ကပ်လျက်နေရာတွင် မမျှော်လင့်ဘဲ ကျောက်စာတစ်ချပ်ကို တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။ ရပ်မိရပ်ဖများဖြစ်သော ဦးညိုကြီး၊ ဦးဌေးကြွယ်နှင့် တာဝန်ရှိသူများမှ စေတီတော်၏သမိုင်း ကျောက်စာကိုသိရှိနိုင်ရန်အတွက် ရန်ကုန်မှ ဒေါက်တာနိုင်ပန်းလှ၊ မွန်ပဏ္ဍိတ် နိုင်ဘရှင်၊ ပါဠိဆရာနိုင်ဥတ္တမ၊ နိုင်ကုမာရ ရွှေဟိဂုံဂေါပကရုံးမှ နိုင်ညွှန့်တင်တို့ကို ရွာသို့ဖိတ်ကြားခဲ့ပါသည်။

ကျောက်စာမှာ အမြင့် (၃) ပေ၊ အနံ (၂) ပေ၊ အထူ (၄) လက်မခန့်ရှိပြီး စကျင်ကျောက်အမျိုးအစားဖြစ်ပါသည်။ ကျောက်စာတွင် စာကြောင်းရေ (၂၈) ကြောင်းပါရှိပြီး ကျောက်စာအစတွင် ပါဠိဘာသာဖြင့် (၁၄) ကြောင်းရေးပြီးနောက် မွန်ဘာသာဖြင့် (၁၀) ကြောင်း၊ ထို့နောက် ပါဠိဘာသာဖြင့် (၄) ကြောင်း ရေးသားကာ အဆုံးသတ်ထားပါသည်။

မွန်ပဏ္ဍိတ် နိုင်ဘရှင်သည် ၁၅-၉-၉၉ ရက်နေ့တွင် ကျောက်စာပါ ပါဠိ - မွန်စာပေများကို ဖတ်ရှုကူးယူခဲ့ပါသည်။ ကူးယူချက်ကျောက်စာမှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



နောင်တရစေတီကျောက်စာဘာသာပြန်အား ဆရာတော်မှ စာရေးသူအား ညွှန်ပြနေပုံ



ကျောက်စာတွေ့ရှိသည့်နေရာအား ဆရာတော်မှ ပြသနေသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com

**လိက်တွံ 'ကျာ်ဖြင်'**
**ကွာန်သဝ်နီးတော၊ ပွိုင်ချင် တွံတေး**
**'ကျိုက်ဇွှန်'ဘုရားကျောက်စာ(တစ်မျက်နှာ)**
**သဝ်နီးတောကျေးရွာ၊ တွံတေးမြို့နယ်။**

၁။ ॥ဝ॥ဥတ္တမောယံ မဟာထူပေါ။ အနုတ္တရ ဖလာဝဟော။ ကာရိ တောဓမ္မ
၂။ ရာဇေန။ ဥဂ္ဂတေဇေနမိမဟာ။ ॥ သက္ကရာဇေ သတ္တသတေ။ စတု
၃။ ဝီသာဓိကေ ယဒါ။ ဝီသာခပရမေ ဒါသေ။ ဂုရုဝါရေ တဒါမိဓံကာ။ ॥
၄။ ထပိတော ယံမဟာထူပေါ။ ပဝ ရေဟိဇနေဟိဝါ။ ပေါရာနေဟိ အ
၅။ နေကေဟိ။ မဟိတော နိဇရေဟိ ဝါ။ ॥ အထာယံ ပဝရော ထူ
၆။ ပါ။ သောတ ကုညူရ သာမိနာ။ ကာရပိတော ဗုဒ္ဓဘာဝံ။ ပရေန္တေ
၇။ န သုဓိမတာ။ ॥ ဥတ္တမောယံ မဟာထူပေါ၊ ကုဒ္ဓိမာ ဗုဒ္ဓဘာ
၈။ သနေ။ ဇိဝမာနော ဝသံဗုဒ္ဓေါ။ ဟိတံ လောကဿ။ သာဓ္ဓယေ။ ॥ ထေ
၉။ ရောပိ ဗုဒ္ဓကရ် ဓမ္မ မနန္တရူပံ။ သံပူ ရယံ ဒဒိ ပူဂဝရံသဟဿ။ တာ
၁၀။ လ မ္ပိနာဂပဟိဇမ္ပိ သဟဿမေဝ။ တဗ္ဗန္တဝေပိ မုနိထူပဝရ
၁၁။ ဿ ဒေတ။ ॥ ပစ္စောသေတွာန မစ္စံ သက္ကဝစနကရံ နန္ဒသူရံမဟန္တံ။ ဝါစ
၁၂။ န္တအာဟ ရာဇကရအမထဒံ စေတိယန္တံ သထူပံ။ သောမစ္စော ကမ္မကာရေ
၁၃။ ဝသိ ဖရသုကရေ တေဂဟေတွာ နယူပံ။ တဗ္ဗုမ္မိဇိဿမာသေ သိနိ ဒိဝ
၁၄။ သဝရေ ကာသိသေရံ သထူပံ။ သက္ကရာတ် ရာဝ။ တြလစိင်ဗ တာင်ပ
၁၅။ သွိင်။ သက္တ်ရာက် ၇၂၄ တိလစိင် ဗတာစိုပ်ဒလ ဖြပေင် ဂတု
၁၆။ ဇိသေက် တေယ်ဖြဟပ်ဗတိ ယောက် ဖြသာတ် ကျက်ဖြင် ဝေါအ်။
၁၇။ ဒိုက်ကျက်စောသ်သိ။ တိစောသ် ငုက်။ သတ်တြပိုန်ဖြင် ပိလိ
၁၈။ မ်။ သတ် တွးဍေဟ် တြပိုန် ကသ် လေရ်လိမ်။ သတ်ဝေါအ်ကိုမ် လော
၁၉။ ရ်။ တိစောသ် ငုက်ဝေါအ်ကိုမ် လောရ်။ ဒိုက်ကျက် စောသ်သိ ဝေါအ်ကို
၂၀။ မ်လော ရ်။ ညးမဟေန်ဆာယ် ပဏ။ ပွေယ်လောက်ဝေါအ်လေရ် ဖြသော
၂၁။ က်လ ပကိလ်ဂေါအ်။ ခွိုတ်အာ နောဝ်ရ် ဝေါအ်လေရ်ပွေယ် မဟာ ဝိတ်လေရ်
၂၂။ ကိလ်ကုလ် စိန်တောင်ယောင်ညိ။ သတ်နုရာက်လေရ်ဝါလိမ်။ သတ် နတ
၂၃။ . . . လေရ်ဝါလိမ်။ ကောန်တိလ စိင်ဗတာင် မေရ်ဒေါဝ်ဖြ
၂၄။ ဗိ မပ ဒကာကျက်ဖြင်ဝေါအ်။ ॥ မေဒါဖြဗိတိအဝ့ါ။ ဗဟု
၂၅။ . . . ရာ ဇသေရဿဓိတာ၊ ရာဇာ မေယံ့ပိဓိတာ၊ ပဝရနေ
၂၆။ . . . . . တိ ဟိသေဌာ။ ၶသာထူ ပေါ ဗုဒ္ဓထူပေါ။ ဥပါသိက
၂၇။ . . . . . . . . . တ္တာ။ ရာဇာဇဝမ္ပိ ဗုဒ္ဓထူပေါ။ ဥပါသိက
၂၈။ . . . . . . . . . . . . . . သိ။

ဦးဘရှင်
(၁၅-၉-၉၉)

ကျွန်မတို့ ဘုရားဖူးလေ့လာရေးအဖွဲ့အား နောင်တရစေတီ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးကုဏ္ဍလမှ ကျောက်စာနှင့်ကျောက်စာတွေ့ရှိသောနေရာတို့ကို လမ်းညွှန် ပြသပေးပါသည်။ ဗုဒ္ဓဘာသာသာသနာ နေရောင်၊ လရောင်ပမာ ထွန်းလင်းတောက်ပရေးအတွက် တစ်ဖက်တစ်လမ်းမှ ကုသိုလ်ယူ ဆောင်ရွက်နေကြသော ကျွန်မတို့အဖွဲ့အား ဆရာတော်မှချီးကျူးစကားမိန့်ကြားခဲ့ပါသည်။

ထို့ပြင် ဆရာတော် ဦးကုဏ္ဍလမှ ရန်ကုန်တက္ကသိုလ် ပါဠိပါမောက္ခ ဒေါက်တာဒေါ၊ စစ်သိန်း၏ ပါဠိ - မြန်မာပြန်နှင့် ဂျပန်ပြည် မေယိုတက္ကသိုလ် ပါမောက္ခ ဒေါက်တာ နိုင်ပန်းလှ၏ ရှေးမွန်ကျောက်စာဘာသာပြန်တို့အား လိုက်လံပြသပြီး ဖတ်ရှုစေပါသည်။ စာဖတ်သူများ ဗဟုသုတတိုးပွားရန်အတွက် ဆရာနှစ်ဦး၏ ဘာသာပြန်ဆိုချက်ကို ဖော်ပြလိုက်ပါသည်။

**□ ကျောက်စာပါဠိဘာသာမြန်မာပြန်**
**(ပါဠိပါမောက္ခဒေါ၊ စစ်သိန်း)**

**ဥတ္တမော** - မြတ်သော၊ **အနုတ္တရဖလာဝဟော** - လောကုတ္တရာအကျိုးကိုရွက်ဆောင်နိုင်သော၊ **အယံမဟာထူပေါ**- ဤပုထိုးတော်ကြီးကို၊ **ဥဂ္ဂတေဇေန** - တန်ခိုးအာဏာထက်သော၊ မဟာဉာဏ်မြော်အမြင်နှင့်ပြည့်စုံသော၊ **ဓမ္မရာဇာန**- တရားမင်းသည်၊ **ကာရိတော** - တည်ထားစေခဲ့ပါသည်။

**ယဒါ** - အကြင်အခါ၌၊ **စတုဝီသာဓိကေ၊ သတ္တသတေ သက္ကရာဇေ** - သက္ကရာဇ် ၇၂၄ ခုနှစ်သည်၊ **ဝိသာခါဝရမေ သာဒေ** - ကဆုန်လမြတ်၊ ပြီးသရာသီသည်၊ **ဂုရုဝါစေ** - ကြာသပတေးနေ့သည် (**ဟောတိ** - ဖြစ်၏) **တဒါမိတေ** - ထိုနေ့ဟု မှတ်အပ်သောအခါ၌၊ **ပဝရေဟိ** - မြတ်ကုန်သော၊ **ပေါရာဏေဟိဇနေဟိဝါ** - လူငယ်တို့သည် လည်းကောင်း၊ **အယံမဟာထူပေါ** - ဤပုထိုးတော်ကြီးကို၊ **မဟိတော** - ပူဇော်အပ်ပါ၏။

**ဥတ္တမော**- မြတ်သော၊ **အယံမဟာထူပေါ** - ဤပုထိုးတော်ကြီးသည်၊ **ဗုဒ္ဓသာသနေ**- မြတ်စွာဘုရားသာသနာတော်နှင့် **ဇီဝမာနော** - သက်တော်ထင်ရှားရှိသော၊ **သမ္မုဒ္ဓေါဝ**- မြတ်စွာဘုရားကဲ့သို့၊ **ကုဒ္ဓိမာ**- တန်ခိုးကြီးပါ၏။ **အဟံ** - အကျွန်ုပ်သည်၊ **လောကဿ** - လူပေါင်း၏၊ **တံ** - ထိုပုထိုးတော်ကြီးကို၊ **သာဓ္ဓယေ** - ယုံကြည်မြတ်နိုးပါ၏။

**ထေရောပိ** - ဦးဆောင်မထေရ်သည်လည်း၊ **အနန္တရူပံ** - အဆုံးမရှိသောသဘောရှိသော၊ **ဗုဒ္ဓကရဓမ္မံ** - ဘုရားဖြစ်ကြောင်းတရားကို၊ **သံပူရယံ**- ကောင်းစွာပြည့်စေလျက်၊ **သဟဿံ** - တစ်ထောင်သော၊ **ပူဂဝရမ္ပိ** - ကွမ်းသီးပင်ကောင်းကိုလည်းကောင်း၊ **သဟဿမေဝ** - တစ်ထောင်သာဖြစ်သော၊ **တာလမ္ပိ** - ထန်းပင်ကို လည်းကောင်း၊ **နာဂမဟိဇမ္ပိ** - ကံ့ကော်ပင်ကို လည်းကောင်း၊ **ဒဒိ** - ပေးလှူခဲ့၏။ **မုနိထူပဝရဿ** - မြတ်စွာဘုရား၏ ပုထိုးတော်မြတ်နှင့်တကွ၊ **တဗ္ဗန္တဝေ**- ထိုပုထိုးတော်၏အနီးတွင်၊ **ဒေဝါ** - နတ်တို့သည်၊ **သိဝိကာ** - ကောင်းစွာထည်ကြကုန်၏။

**ရာဇာ** - မင်းကြီးသည်၊ **သက္ကသဇကရ** - စွမ်းနိုင်၍ စကားကိုနာယူသော **နန္ဒသူရ** - နန္ဒသူရ မည်သော၊ **မဟာ** **အမစ္စံ** - အမတ်ကြီးကို၊ **ပစ္စောဒသေတွာန**- ခေါ်၍၊ **တံ့ဂါစ** - ထိုစကားကို၊ **အာသ သိ** - (ကိုး- အသို့ဆိုနည်းဟူမူ) **သယူပံ** - ပြာသာဒ်နှင့်တကွသော၊ **အမတဒဒံ** - အမြိုက်နိဗ္ဗာန်ကိုပေးတတ်သော၊ **တံ** **စေတီယံ** - ထိုစေတီတော်ကို၊ **ကရ** - တည်ထားပါလော့။ (**ဣတိ**-ဤသို့ဆို **သော အမစ္စော**- ထိုနန္ဒသူရအမတ်သည် **ဝါသိဖရသုဂရေ (ဂဟေ)** - ပဲခွပ်ပုဆိန်သည် ဆွဲကိုင်ကုန်သော၊ **ကမ္မ** **ကာရေ** - ထိုအလုပ်သမားတို့ကို **ဂဟေ** **တွာန** - ခေါ်ယူ၍၊ ယူ ပြာသာဒ်

www.burmeseclassic.com

လည်းကောင်း၊ **နီဒိဝပရံ** - ရွှေအိုးကဲ့သို့ တောင့်တအပ်သော၊ **သေဌ်** - မြတ်သော၊ **သယုဝံ** - ပြာသာဒ်အထွဋ်နှင့်တကွသော၊ **တိဘူမိ** - ဘုံသုံးဆင့်ရှိသော၊ **ဇေတ္တံ** - စေတီတော်ကို(?)၊ **အာသေသိ** - ဖြစ်ပေါ်စေခဲ့ပြီး၊ **အကာသိ** - ပြုစီမံခဲ့ပြီ။

(ဖင်းပါဠိကျောက်စာကို ရန်ကုန်တက္ကသိုလ် ပါဠိပါမောက္ခဒေါ်စစ်သိန်းမှ ဘတ်ရှုပြန်ဆိုသည်။)

၁ ကျောက်စာမွန်ဘာသာမြန်မာပြန်
(ဒေါက်တာနိုင်ပန်းလှ)

စာကြောင်း (၁၄) ။ ။ သက္ကရာဇ် ၇၁၀ ဆင်ဖြူရှင်မင်းပြု

စာကြောင်း (၁၅)။ ။ သက္ကရာဇ် ၇၂၄ ဆင်ဖြူရှင် 'ဒလ' ရောက်သည်။ တဆုန်လပြည့် ကြာသပတေးနေ့ ဤ

စာကြောင်း (၁၆)။ ။ ကျိုက်ဖြင်(နောင်တရဘုရား) ကို ပြာသတ်တင်တော်မူသည်။

စာကြောင်း (၁၇)။ ။ ဘုရားကျွန်ဆယ်အိမ်၊ မြေဆယ်ပယ် (မြေအကျယ်တစ်ပယ် = ၁. ၇၅ ဧက) ဖြင်ဘုန်းရှင်၏ ကွမ်းသီးပင်သုံးထောင်၊

စာကြောင်း (၁၈)။ ။နိုင်ငံဘုန်းရှင်၏တပည့်ကွမ်းသီးပင်လည်း တစ်ထောင် ဤကွမ်းသီးပင်များကိုလည်းကောင်း

စာကြောင်း (၁၉)။ ။ မြေဆယ် ယ်တို့ကိုဖင်း၊ ဘုရားကျွန်ဆယ်အိမ် တို့ကိုဖင်း

စာကြောင်း (၂၀)။ ။ စုပေါင်း၍ ဖျက်ဆီးပါက၊ သူတို့အား ဤလောက တွင်လည်း သုခချမ်းသာမှု မရပါစေ။

စာကြောင်း (၂၁)။ နှင့်။ ဤဘဝ သေလွန်ပြီးလည်း မဟာအဝီစိတွင် သူတို့အား လောင်ကျွမ်းပါစေ။

စာကြောင်း (၂၂)။ ။ငရဲသတ္တဝါ ဖြစ်လည်း နှစ်ထောင်၊ နတ. . . . .

စာကြောင်း (၂၃)။ ။ ငရဲလည်း ထောင်၊ ဆင်ဖြူရှင်၏ သမီးမေရ် ငြ၊

စာကြောင်း (၂၄)။ ။ ဗိုသည်၊ ဤ ကျိုက်ဖြင် (နောင်တရ) ဘုရားအား တာပြုပါသည်။

**ဗဟုရာဇသေဌသ** - စွမ်းရည်ရှိ မင်းမြတ်၏၊ **ဓိသာ** - သွီးကား၊ **ဒြပ်တိအတု** - မေဒေါဖြစ်အမည် ဆာဇမင်းကြီးသည်၊ **မယုံ** - ငါ၏၊ - သမီးတော်သည်လည်း၊ **ပဝရ** - မြတ်သောဥစ္စာရှိသူ ဆွေမျိုး **သေဌာ** - အထူးသဖြင့် ချီးမွမ်း အပ်၏။ **သောထုပေါ** - ထိုပုထိုးသည်၊ **ဗုဒ္ဓထုပေါ** - မြတ်စွာဘုရား၏ပုထိုးတည်း။ **ဥပသိကာတာဝတ္ထာ** - ဥပါသကာမဖြစ်စေခြင်း အကျိုးရှိရာ၏။ ရာဇမင်းသားသည်၊ **ဇဝမ္ဘိ** - ဤသို့အားဖြင့်လည်း၊ **မန္တာ** - သိမြင်၍၊ **ဝရဓနဓညံ** - မြတ်သော ဥစ္စာစပါးကို၊ **အဒါသိ** - ပေးခဲ့ပြီ။

(ဖင်းရှေးမွန်ကျောက်စာကို ဂျပန်ပြည် မေယိုတက္ကသိုလ် ပါမောက္ခဒေါက်တာနိုင်ပန်းလှမှ ဖတ်ရှုပြန်ဆိုသည်။)

ကျောက်စာတွင် ရှေးမွန်ဘာသာဖြင့် (ကျာ်ဖြင်)၊ ခေတ်မွန် (ကျဖြဟော) ဟူ၍ ရေးသားထား၏။ အနက်မှာနောင်တရ 'နောင်တရ' ဘုရားစေတီဟု အနက်ရသည်။ ဘုရားဒါယကာဖြစ်သူမှာ မုတ္တမပြည့်ရှင် ဆင်ဖြူရှင် ဗညားဦး၏ချစ်သမီး မင်းသမီး (မေရ်ဒေါ်ဖြစ်) ဖြစ်သည်။ ဤ နောင်တရစေတီကျောက်စာအရ ဗညားဦးသည် သက္ကရာဇ် ၇၁၀ ပြည့်တွင် မုတ္တမတွင် နန်းတက်သည်။ သက္ကရာဇ် ၇၂၄ ခုနှစ်၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့တွင် ဤ ဒလမြို့သို့ အခြွေအရံများစွာဖြင့် ဆိုက်ရောက်ကာ မိမိ၏ချစ်သမီး မေရ်ဒေါင်ဖြစ်တည်ထားသော နောင်ထရစေ့တီ (ကျာ်ဖြင်) ကို ပြာသာဒ် (ယခုထီး) တင်တော်မူသည်ဟု ပါရှိသည်။ အလှူအတန်းများပြုခဲ့သည်။ လှူသောပစ္စည်းများမှာ ကျွန်များ၊ လယ်မြေများ၊ ထန်းပင်၊ ကွမ်းသီးပင်၊ ကုံကော်ပင်၊ ကြာပင်များ ဖြစ်သည်။ မိမိလှူထားသောပစ္စည်းများကို စုပေါင်း၍ ဖျက်ဆီးပါမူ ယခုဘဝတွင် ချမ်းသာသုခမရပါစေနှင့်။ နောင်ဘဝများတွင် အဝီစိငရဲ ပဥ္စနန္တရိယငရဲများတွင် လောင်ကျွမ်းရပါစေသတည်းဟုကျိန်ထားသည်။ သက္ကရာဇ် ၇၂၄ ခုနှစ်ထိုး ပါဠိ - မွန်ဘာသာဖြင့် ဆင်ဖြူရှင် ဗညားဦးမင်း ကျောက်စာ (နောင်တရစေတီကျောက်စာ) သည် မမျှော်လင့်ဘဲ တွေ့ရှိရသည့် ကံကောင်းမှုတစ်ခုဖြစ်ပြီး တန်ဖိုးကြီးမြင့်ရှားပါးလှသည့်ကျောက်စာတစ်ခုဖြစ်ပါသည်။ ဗညားဦးကျောက်စာကို ယခုပထမအကြိမ်တွေ့ရ၍ အထူးဝမ်းသာသည်။ မြန်မာ့သမိုင်းအတွက် အထောက်အထားကြီးတစ်ခုဖြစ်သည်ဟု ဒေါက်တာနိုင်ပန်းလှမှ ကလျာမဂ္ဂဇင်းတွင်ရေးသားခဲ့ပါသည်။

တစ်ချိန်တွင် ပဲခူးမြို့ကို ဂျွမ်းခေါ်ခမာများ လာရောက်တိုက်ခိုက်၍ အားပျော့ညံ့နေသည့် မွန်ဘုရင် မနူဟာခေါ် မကုဋ္ဌမင်းသည် ပုဂံပြည့်ရှင်အနော်ရထာခေါ် အနိရုဒ္ဓမင်းထံ စစ်ကူတောင်းခံသဖြင့် ကျန်စစ်သားခေါင်းဆောင်သော မြန်မာစစ်ကူများဆင်းကာ တွန်းလှန်တိုက်ဖျက်ခဲ့သည်။ စစ်သံ့ပန်းများကို ပဲခူးအနောက်တောင် ဒလတစ်ဝိုက်တွင်နေရာချခဲ့ကြောင်း ကလျာဏီကျောက်စာကဆို၍ တွံတေးကို ဒလဟုသိခဲ့ခြင်း ဖြစ်သည်ဟု ကလျာမဂ္ဂဇင်းတွင် ဒေါက်တာနိုင်ပန်းလှမှ ဖွင့်ဆိုရေးသားခဲ့ပါသည်။

ယခုအခါ တွံတေး (ရှေးဟောင်းဒလ) မြို့ရှိ သဝန်းတောကျေးရွာ 'နောင်တရစေတီဘုရား' ကျောက်စာအရလည်း တွံတေးမြို့သည် ရှေးဟောင်းဒလမြို့ဖြစ်ကြောင်း ခိုင်မာသောအထောက်အထားတစ်ခု ဖြစ်ပါသည်။

စာရှုသူမိတ်ဆွေ. . .

သက္ကရာဇ် ၇၂၄ ခုနှစ် လွန်ခဲ့သော နှစ်ပေါင်း (၆၅၀) ကျော်ခန့်က ဆင်ဖြူရှင် ဗညားဦး ထီးတင်ခဲ့သော နောင်တရစေတီဘုရားနှင့် ကျောက်စာကို သင်ဖူးမြော်လေ့လာလိုပါသလား။

ရာဇဝင်ထဲက ရှေးဟောင်းဒလမြို့ကို ကျွန်ုပ်တို့လို ရောက်ဖူးချင်ပါသလား။

လာရောက်ဖူးမြော်၍ လေ့လာပြီး ကုသိုလ်ယူကြပါရန် အောက်ပါ ကဗျာဖြင့် ဖိတ်ခေါ်လိုက်ပါသည်။

**ဖိတ်ခေါ်ခြင်း**

- သက္ကရာဇ် ခုနစ်ရာနှစ်ဆယ့်လေး ကြာသပတေးနေ့ချိန်အခါ။
- ဗညားဦးမင်း
  ရေးထွင်းတဲ့ ထိုကျောက်စာ။
- လေ့လာလှည့်ပါ. . .
  စာချစ်သူ မိတ်ဆွေများ။
- လာချင်ရင်ခရီးမဝေးပါဘူ
  တွံတေးဟာ 'ရှေးဒလ' ပါကွယ့်
  ကျောက်စာကို ထောက်ကာပြ
  လိုက်မယ်
  (ကွယ်). . . သက်သေအထောက်
  အထား။ ။

မောင်ရွှေကျေး (တွံတေး)

**ကိုးကား -**


၁။ ၁၉၉၉ ခု၊ စက်တင်ဘာလထုတ် ကလျာမဂ္ဂဇင်း စာ - ၂၆၊ ၂၇၊ ဒေါက်တာနိုင်ပန်းလှ (ဒလမြို့ဟောင်းမွန်ကျောက်စာဆောင်းပါး)
၂။ ၁၉၉၀ ပြည့်နှစ်၊ ဒလမြို့ဟောင်းသမိုင်း၊ စာ-၁

www.burmeseclassic.com

တစ်နေ့သ၌ စာရေးသူ၏မြေးဖြစ်သူက -

"ဘဘ၊ တရားအားထုတ်တာ ခက်သလား။ ဘာဖြစ်လို့အားထုတ်ရတာလဲ။ ဘယ်လိုအားထုတ်ရတာလဲ"

ဟု မေးလာပါသည်။

မြေးဖြစ်သူအနေဖြင့် လူကြီးတွေ တရားထိုင်တာ၊ တရားစကားဆွေးနွေးပြောကြားတာတွေကို တွေ့မြင်ပြီး သိလိုစိတ်ဖြင့်မေးမြန်းလာသဖြင့် စာရေးသူလေ့လာမှတ်သားအားထုတ်ထားသည့် တရားအသိအမြင် ဗဟုသုတများကို အခြေခံပြီး စိတ်ရှည် လက်ရှည်ဖြေကြားခဲ့ပါတယ်။

တရားအားထုတ်တယ် ဆိုတာ မခက်ပါ။ ပစ္စုပ္ပန်မှာ တစ်နည်းအားဖြင့် ယခုအချိန်အခိုက်အတန့်အတွင်းမှာ မိမိခန္ဓာမှာဖြစ်နေတာ (ဝါ) မိမိကိုယ်တိုင်လုပ်နေတဲ့ကိစ္စတစ်ခုအပေါ်မှာ မိမိစိတ်ကိုကပ်ထားတာ၊ ရှိနေဖြစ်နေတဲ့ အာရုံအပေါ်မှာ စိတ်ကိုကပ်ထားတာကို တရားအားထုတ်တယ်လို့ အကြမ်းအားဖြင့် ပြောနိုင်ပါတယ်။

မေ့တိမေ့လျော့မနေဖို့ သတိနဲ့နေဖို့ဖြစ်ပါတယ်။ မေ့မနေနဲ့ဆိုတာ သိနေဖို့ပါ။ ဘာကိုသိနေရမှာလဲဆိုတော့ ရုပ်သဘော၊ ဝေဒနာသဘော၊ ဓမ္မသဘောတွေကို သိနေရမှာဖြစ်တယ်။ မိမိစိတ်ထဲမှာ ဝမ်းသာနေသလား၊ ဝမ်းနည်းနေသလား၊ လိုချင်စိတ်ဖြစ်နေသလား စသဖြင့် စိတ်ထဲမှာဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း၊ ရှိနေတဲ့အတိုင်း လိုက်သိနေဖို့ပဲ။ တစ်မျိုးတစ်ဖုံဖြစ်အောင်လည်းမလုပ်၊ ပြောင်းလဲအောင်လည်းမလုပ်၊ မှန်းဆပုံဖော်ခြင်းလည်းမပြုရဘူး။ စိတ်ထဲမှာဖြစ်နေတာတွေကတော့ အများကြီးပေါ့။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ပြုလုပ်နေတာဖြစ်စေ ခံစားနေတာဖြစ်စေ၊ စိတ်ကကပ်ပြီးသိနေဖို့ပါပဲ။

လူတွေဟာ အချိန်တိုင်း တစ်ခုခုကို တွေးတောနေမယ်၊ ကြံစည်နေမယ်၊ ပြုလုပ်နေမယ်၊ ခံစားနေမယ်၊ အာရုံတစ်ခုခုတော့ရှိနေမှာပဲ။ သိနိုင်တာအာရုံပဲရှိတယ်။ လောကကြီးမှာ သိစရာနဲ့ သိတာနှစ်မျိုးပဲရှိတယ်။ သိစရာ ဆိုတာ ရုပ်ဓမ္မ သို့မဟုတ် နာမ်ဓမ္မတစ်ခုခုဖြစ်မယ်။ သိတာ ဆိုတာက စိတ်လို့ခေါ်တဲ့ နာမ်ဓမ္မကိုဆိုလိုခြင်းဖြစ်တယ်။

ကုသိုလ်ရေးကိစ္စတွေဖြစ်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာရယ်လို့ ရှိကြရာမှာ ကုသိုလ်မှန်သမျှ အားလုံးကောင်းတဲ့အတွက် အားလုံးလုပ်သင့်ပါတယ်။ အဲဒီ ကုသိုလ်များစွာထဲက အကောင်းဆုံးကုသိုလ်ဖြစ်တဲ့ သတိကလေးကပ်ပြီး သိနေတဲ့ အလေ့အကျင့်ကတော့ အားထုတ်ရကျိုးနပ်တဲ့ တစ်ခုတည်းသော အကောင်းဆုံးကျင့်စဉ်၊ အချိန်တိုင်း၊ နေရာတိုင်း ငွေကုန်ကြေးကျမရှိပြုကျင့်၍ရသောကျင့်စဉ်ဖြစ်လို့ လူမျိုး၊ ဘာသာ၊အသက်အရွယ်၊ကျား၊မ မရွေး လူသားတိုင်း ကျင့်ထိုက်တဲ့အလုပ်ပါ။



အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း အလေးအမြတ် အပူဇော်ခံ၊ အကြည်ညိုခံဖြစ်တဲ့ သံသရာခရီးလမ်းပြ မြတ်ဗုဒ္ဓရဲ့ ကျေးဇူးတော်အနန္တကိုဆပ်လိုတယ်ဆိုရင် မြတ်ဗုဒ္ဓ အမြဲတမ်းသတိပေးဆုံးမနေတဲ့ မမေ့မလျော့ မပေါ့မဆ သတိနဲ့နေကြဖို့ ဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရှင် ကျေနပ်တော်မူတဲ့ အတိုင်းအတာအဆင့်တစ်ခုအထိ ရရှိအောင် ကြိုးစားအားထုတ်ခြင်းဖြင့် 'ဓမ္မာနု ဓမ္မပဋိပတ္တိယာ'တရားနှင့်ပူဇော်ခြင်း ဖြစ်ပါမယ်။

ဗုဒ္ဓဘာသာကို ငါ့ဘာသာပဲ၊ သူ့ဘာသာပဲလို့ ပိုင်ဆိုင်သတ်မှတ်ထားလို့မရ။ ဗုဒ္ဓဘာသာ ဆိုတာ ပိုင်ရှင်မရှိ။ လူနတ်ဗြဟ္မာသတ္တဝါအားလုံးနဲ့ဆိုင်တဲ့တရား။ ကိုယ်နှစ်သက်ရင်ကိုယ်ကျင့်သုံး။ ဗုဒ္ဓဘာသာဆိုတာ အတွေးအခေါ်မဟုတ်။ သဘောတရားတွေချည်း ဟောကြားထားတာမဟုတ်။ လက်တွေ့ကျင့်သုံးရမယ့်အပိုင်းများစွာ ပါဝင်တယ်။ ကိုယ်တိုင်လုပ်ကြည့်၊ စမ်းကြည့်လို့ရတဲ့ ကျင့်စဉ်တွေထဲမှာ မဟာသတိပဋ္ဌာန သုတ်မှာလာတဲ့ သတိဖြင့်နေထိုင်ခြင်းကျင့်စဉ်ဟာ အကောင်းဆုံးကျင့်စဉ်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် အကောင်းဆုံးကို အရင်ဦးဆုံး လုပ်ကြည့်သင့်ပါတယ်။

# ချစ်ဖိုး (မော်ကျွန်း)

# တရားအားထုတ်တာ ခက်သလား

ဉာဏ်ကြီးလိုရင် သတိနဲ့နေပါ။ စိတ်ချမ်းသာလိုရင် သတိနဲ့နေပါ။ အစစအရာရာ အဆင်ပြေလိုရင် သတိနဲ့နေပါ။ ဘယ်အချိန်မှာမှမမေ့ပါနဲ့။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ်စွန့်ရင်တောင် သတိနဲ့စွန့်ပါလို့ ဗုဒ္ဓကမှာကြားခဲ့ပါတယ်။ အဲဒီလို မိမိခန္ဓာမှာ သတိနဲ့ကပ်ထားတဲ့အတွက် စိတ်ကြည်လင်လာမယ်။ လူအတော်များများ စိတ်ဆင်းရဲနေကြရတာ များများတွေးတောနေကြလို့ပါ။ အတွေးတွေက စိတ်အခြေအနေကိုအမျိုးမျိုးဖြစ်အောင် ဖန်တီးလှုံ့ဆော်နေတယ်လေ။ မိမိကို အနှိပ်စက်ဆုံးက တခြားလူမဟုတ်ပါဘူး။ မိမိစိတ်ပဲဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ လောကမှာ လူတွေဟာ အတွေးအတောအကြံအစည်အများဆုံးသတ္တဝါပါပဲ။ တွေးတောကြံစည်ရမှာက မဂ္ဂင်ရှစ်ပါးထဲက သမ္မာသင်္ကပ္ပမဂ္ဂင်ပါ။ မဂ္ဂင်ရှစ်တန်အကျင့်မှန်လမ်းပေါ်က သွေဖည်စေတဲ့ မိစ္ဆာသင်္ကပ္ပကိုတော့ ရှောင်ကြည်ရမှာဖြစ်ပါတယ်။

သတိနဲ့ စောင့်ကြည့်တတ်လာတဲ့အခါ ဦးစွာပထမ မိမိရဲ့ရုပ်အကြမ်းစားတွေကို သိမြင်မယ်။ ကြည့်ပါများလာရင် သိမ်မွေ့တဲ့ ရုပ်သဘောလေးတွေကို သိမြင်လာမယ်။ အလားတူ စိတ်ကိုကြည့်ရာမှာလည်း ပထမတော့ ကြမ်းတမ်းတဲ့ စိတ်သဘောကိုသိမယ်။ သတိကောင်းလာမှ သိမ်မွေ့တဲ့စိတ်သဘော၊ ဝေဒနာသဘောတွေကို သိလာမယ်။ အဲဒီအခါမှာ ရုပ်ဓမ္မ၊ နာမဓမ္မတွေဟာ သူ့အကြောင်းနဲ့သူဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားပါလားဆိုတာ ရိပ်မိလာမယ်။ သိတယ်ဆိုတာလည်း တစ်ဆက်တည်းသိနေတာမဟုတ်ဘဲ တစ်သိပြီးရင် တစ်သိဆိုတာသဘောပေါက်လာမယ်။ အကြည့်ခံဓမ္မတာ မမြဲသလို ကြည့်တဲ့ဉာဏ်ကလည်း မမြဲဘူး။ အင်မတန်လျင်မြန်တဲ့နှုန်းနဲ့ ပျောက်ပျောက်သွားပါလားဆိုတာသိလာပါမယ်။ ဘာကိုပဲကြည့်ကြည့် အကြည့်ခံဘဲ မရှိတော့တာကိုသိလာပါမယ်။ ဒါဟာ သဘာဝတရားကို အမှန်မြင်ခြင်းအစဖြစ်တယ်။ အဲဒီလိုသိလိုက်ခြင်းဟာ အလွန်လေးနက်တဲ့ မြင့်မြတ်တဲ့အသိဖြစ်တယ်။ ဖြစ်ပေါ်နေတဲ့အာရုံ ဆိုတာကလည်း ရိုးရိုးလေးပါ။ ကြည့်နေသိနေတဲ့စိတ်ကလည်း အတွေးအတောမပါဘဲ ရိုးရိုးလေးနဲ့ တိုက်ရိုက်ကြည့်နေတာ။ လူတွေရဲ့အထင်က နက်နက်နဲနဲ ကြံစည်တွေးတောနိုင်မှ လေးနက်တယ်။ ဉာဏ်ကြီးတယ်လို့ထင်ကြတာ။ လောကီကိစ္စအချို့မှာတော့ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။ အမှန်တကယ် အာရုံရဲ့သဘာဝကိုအရှိအတိုင်း၊ အမှန်အတိုင်းသိလိုက်တဲ့အခါ ဖြစ်ပေါ်လာတဲ့အသိဉာဏ်ကတော့ အင်မတန် လေးနက်တဲ့ အသိဉာဏ်ဖြစ်ပါတယ်။ ဒါကြောင့် အာရုံကဆန်းကြယ်မှ အာရုံဖြစ်ဖို့ မလိုသလို၊ သိတဲ့စိတ်ကလည်း ဆန်းကြယ်တဲ့အတွေးစိတ်မျိုးဖြစ်စရာမလိုဘူး။ အဆန်းတကြယ်နောက်ကိုလိုက်ခြင်း လမ်းလွဲသွားတတ်တာကိုသတိပြုမိဖို့ အရေးကြီးပါတယ်။

အနိစ္စ-မမြဲဘူး၊ ဒုက္ခ-ဆင်းရဲတယ်၊ အနတ္တ- ကိုယ့်အလိုအတိုင်းမဖြစ်ဘူးဆိုတာ ပြောနေကျ၊ ကြားနေကျဖြစ်ပါသည်။ ဒါက အပေါ်ယံတွေးသိပြီးပြောနေကြတာပါ။ ခန္ဓာအပေါ် သက်ိနဲ့ကပ်ပြီးကြည့်လို့ အလေ့ကျင့်များများရလာရင် သူ့သဘောသူဆောင်ပြီး သူ့ဟာသူဖြစ်ပျက်နေကြတာ။ ဒီဖြစ်စဉ်ထဲမှာ ငါမပါ၊ သူမပါ၊ ပုဂ္ဂိုလ်သတ္တဝါမပါဆိုတာ ထင်ရှားလာပါလိမ့်မယ်။ အဲဒီလို အတွေးအတောမပါဘဲ သတိ၊ ဉာဏ်ပညာနဲ့ ကြည့်တတ်တဲ့အခါ ဖြစ်ပေါ်နေတဲ့အာရုံသဘောတွေက ဝမ်းသာစရာလည်း မဟုတ်၊ ဝမ်းနည်းစရာလည်းမဟုတ်၊ ဘာမှကျေနပ်အားရစရာလည်း မဟုတ်ဆိုတာ ရိပ်မိလာတယ်။ ဒါဟာ ယခင်ကသိနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အပေါ်ယံအသိနဲ့မတူဘဲ ဓမ္မသဘောကို သိခြင်းရဲ့လက္ခဏာဖြစ်တယ်။ ဆင်းရဲလှချည်ရဲ့လို့ အော်ဟစ်ညည်းတွားနေရတဲ့ ဒုက္ခကိုသိတဲ့အသိမျိုး မဟုတ်ဘူး။ ခံစားရတဲ့ဝေဒနာဟာ ကျေနပ်စရာကောင်းတဲ့ သုခဝေဒနာပင်ဖြစ်ပေမယ့် ဉာဏ်နဲ့ကြည့်လိုက်ရင် မမြဲတဲ့သဘောကိုသိမြင်နေတဲ့အတွက် မိမိစိတ်ကို ကျေနပ်မှုအပြည့်အဝမပေးနိုင်ဘူးဆိုတာ ရိပ်စားမိလာတယ်။ ဒီသဘောတွေကို သိမြင်နိုင်ဖို့ စိတ်ပါဝင်စားမှုအပြည့်နဲ့စိတ်ရှည်ရှည်နဲ့ကြိုးစားရင်း အနှေးနဲ့အမြန်သိလာမှာပါ။ တရားအားထုတ်တယ်ဆိုတာ မခက်ပါဘူး။ သဘာဝကို အမှန်အတိုင်း သစ္စာဆိုက်အောင် သိမြင်နိုင်ဖို့သာ မလွယ်ကူတာပါ၊ စိတ်ရှည်ရမယ်၊ ဇွဲသန်ရမယ်၊ သည်းခံရမယ်ပေါ့။

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်လို့ ကာလသုံးပါးရှိရာ တကယ်တော့ အတိတ်ဆိုတာ မရှိတော့ပါဘူး။ မှတ်မိတာလေးပဲကျန်တာ။ ဒါတောင် မှတ်ဉာဏ်ထဲမှာ အပြည့်အစုံ တိတိကျကျ မှတ်မိတာ မဟုတ်ဘူး။ မပီမပြင်လေးဘဲကျန်ခဲ့တာ။ အနာဂတ်ဆိုတာလည်းတကယ်မရှိသေးဘူး။ မှန်းဆကာ စိတ်ကူးတာပါ။ ကိစ္စအတော်များများဟာ မှန်းဆသလို မဖြစ်တာကများပါတယ်။ အတိတ်နဲ့ အနာဂတ်ကို တွေးတောင်းမောပြီးနေတဲ့သူဟာ မြင့်မြတ်တဲ့အကျင့်ကိုကျင့်နေတာလို့မဆိုနိုင်ဘူး။ ဒီမှာ-ဒီအချိန်မှာ၊ မိမိခန္ဓာမှာဖြစ်နေတာ၊ မိမိစိတ်မှာဖြစ်နေတာကိုသိနေခြင်းသည်သာ မြင့်မြတ်တဲ့ အကျင့်ကိုကျင့်နေတာလို့ခေါ်တယ်။

အတိတ်၊ အနာဂတ်ကို လုံးဝမတွေးရတော့ဘူးလားဆိုတော့ အတိတ်က တွေ့ကြုံခဲ့ရတဲ့ အပေါ်မှာအခြေခံပြီး မှတ်သားစရာ၊ သင်ခန်းစာယူစရာ အသုံးဝင်တဲ့အချက်တွေကိုတော့ မှတ်သားထားဖို့လိုတာပေါ့။ လိုအပ်ရင်ပြန်သုံးလို့ရတာပေါ့။ ဥပမာ ရစရာရှိတာ၊ ပေးစရာရှိတာတွေ၊ ဖုန်းနံပါတ်တွေ စသဖြင့်ပေါ့။ ဒါပေမယ့် အတိတ်ကဖြစ်ခဲ့တဲ့ ဝမ်းနည်းစရာတွေ၊ ဝမ်းသာစရာတွေကို အများကြီး တွေးတောင်းမောနေတာကတော့ အချိန်ဖြုန်းခြင်းပါပဲ။ အနာဂတ်အတွက် မနက်ဖြန်ဘာလုပ်မယ်၊ ရှေ့ကိုဘာဆက်လုပ်မယ် စသဖြင့် စီမံဆောင်ရွက်သင့်တာတွေကို စီစဉ်ထားဖို့တော့ လိုတာပေါ့။ ဘာများဖြစ်ဦးမလဲ စိုးရိမ်စိတ်နဲ့ သောကတွေနဲ့တွေးပြီး အချိန်မဖြုန်းသင့်ဘူး။ ပစ္စုပ္ပန်မှာ သတိနဲ့အကောင်းဆုံးနေလိုက်ခြင်းဖြင့် အနာဂတ်မှာလည်း ဖြစ်သင့်တဲ့၊ ဖြစ်နိုင်တဲ့ အတိုင်းအတာအထိ ဖြစ်လာမှာပါ။ ပစ္စုပ္ပန်မကောင်းရင် အနာဂတ်လည်းမကောင်းနိုင်ပါ။ ဘဝကို တန်ဖိုးရှိရှိ အသုံးချလိုရင် ပစ္စုပ္ပန်မှာ အကောင်းဆုံးနေနိုင်အောင် ကြိုးစားဖို့ပါပဲ။

လူတွေရဲ့စိတ်ထဲမှာ စိတ်မချတဲ့သဘောတွေအများကြီးရှိနေတတ်တယ်။ ဒီလိုမှ အနာဂတ်အတွက်တွေးပြီးပူမနေရင် လုပ်စရာရှိတဲ့ကိစ္စတွေ လစ်ဟင်းမှာပေါ့လို့ ထင်နေတတ်တယ်။ တကယ်သာ ပစ္စုပ္ပန်မှာ အကောင်းဆုံးနေကြည့်ပါ။ တရားကိုတကယ်ယုံကြည်ရင် တရားကပြန်ပြီးစောင့်ရှောက်ပါလိမ့်မယ်။ စိတ်အေးပြီးရှင်းနေတဲ့အတွက် အသိဉာဏ်ရှင်းပြီးလင်းနေမယ်။ ကိစ္စတစ်ခုကိုဘယ်လိုမျိုးဖြေရှင်းဆောင်ရွက်ရမယ်၊ ဘယ်လိုပြောရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ တိတိကျကျဆုံးဖြတ်နိုင်တယ်။ အချိန်ကိုလည်း စိတ်ရှည်စွာနဲ့စောင့်ဆိုင်းတတ်လာမယ်။ ချီတုံချတုံ နေမထိထိုင်မသာမဖြစ်တော့ဘူး။

တကယ်သာ သမာဓိတွေအားကောင်းလာပြီး အဆင့်တစ်ခုအထိရောက်လာရင် အနာဂတ်ကာလအတွက် အမှန်နဲ့ အနီးစပ်ဆုံးအထိ ကြိုတင်တွက်ချက်နိုင်လာပါမယ်။ ဒါကြောင့် သတိနဲ့နေခြင်းသည်သာ ဘဝအတွက်အကောင်းဆုံးအဖော်ပါ။ နောက်ဆုံးထွက်သက်အထိ အကောင်းဆုံးဘဝနေနည်း၊ အဓိပ္ပာယ်ရှိသောဘဝနေနည်းပါ။ ဘဝမှာ အသိဉာဏ်ရင့်ကျက်ပြီး အဓိပ္ပာယ်ပြည့်ဝစွာနဲ့နေချင်ရင် နှစ်သက်မှု၊ ကျေနပ်မှု၊ ပီတိအပြည့်နဲ့နေချင်ရင် အပ္ပမာဒတရားနဲ့နေနိုင်အောင် ကြိုးစားရပါမယ်။

www.burmeseclassic.com

အချိန်တိုင်း သတိကပ်ပြီး နေနိုင်ဖို့ဆိုတာ တကယ်တော့မလွယ်ပါဘူး။ စိတ်ဆိုတာ ဒီနေရာထားပေမယ့်လည်း ဟိုနေရာရောက်ရင်ရောက်မယ်။ ပျံ့လွင့်မှုကရှိနေတာကိုး။ ဒါပေမယ့် ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ စိတ်ရှည်ရှည်လေ့ကျင့်ရင်တော့ အထိုက်အလျောက် အောင်မြင်လာမှာပါ။

ဘဝမှာ တကယ်ရှိတာက ပစ္စုပ္ပန်ပဲ။ အဲဒီပစ္စုပ္ပန်ကာလဆိုတာလည်း ကုန်သွားပြီလားဆိုတော့ မကုန်နိုင်ဘူး။ ယခုပြီးရင် ယခု-ယခု-ယခု မကုန်ဆုံးနိုင်သောအချိန်ဆိုတာ ပစ္စုပ္ပန်ကာလကိုပြောတာပါ။ ဒါကြောင့် သတိနဲ့သာနေရင် ဘယ်တော့မှ မကုန်ဆုံးနိုင်သောအချိန်မှာနေတာပါ။

လူအတော်များများဟာ တစ်နေ့တစ်နေ့ စက်ရုပ်ကြီးတစ်ရုပ်လို လှုပ်ရှားနေကြတာများတယ်။ ဘဝကို ဖျင်းရိဖွယ်ရာ ကုန်ဆုံးနေကြတယ်။ ဒီလိုနဲ့ တဒင်္ဂပျော်ရွှင်မှုရအောင် ဖန်တီးရှာဖွေနေကြတယ်။ ခံစားနေရတုန်း ကျေနပ်ပျော်ရွှင်သလိုထင်ရပေမယ့် ရာခိုင်နှုန်းပြည့်မပျော်ရွှင်ကြပါဘူး။ သတိနဲ့သာနေရင်၊ မိမိခန္ဓာကိုသာ ပြန်ကြည့်တတ်ရင် စိတ်ဝင်စားစရာ အမြဲတမ်းရှိနေတာပါ။ သာမန်လူတွေမသိမမြင်နိုင်တဲ့ အသိအမြင်တွေကို ရရှိလာပါတယ်။ ဘဝဆိုတာ အချိန်၊ အချိန်ဆိုတာ ဘဝလို့သိထားတဲ့အတွက် အချိန်တန်ဖိုး၊ ဘဝတန်ဖိုးကို ပိုပြီးနားလည်လာတယ်။ အချိန်မရဘူး၊ မအားဘူးလို့ပြောနေကြသူအတော်များများဟာ အရေးမကြီးတဲ့၊ အရေးမပါတဲ့ အပိုအလုပ်တွေကို အရေးကြီးတယ်ထင်ပြီးလုပ်နေကြလို့ပါ။ အရေးကြီးမှန်း၊ မကြီးမှန်းခွဲခြားနိုင်တဲ့ဉာဏ်လည်းနည်းလာကြတယ်လေ။

တရားအားထုတ်လို့ ရင့်ကျက်လာတာနဲ့အမျှ အတော်များများကိစ္စတွေဟာ အရေးမကြီးမှန်းသိလာပါလိမ့်မယ်။ အရေးမကြီးမှန်းသိလာလို့လည်း အဲဒီကိစ္စတွေအတွက် အချိန်ကုန်မခံတော့လို့ အချိန်ပိုတွေရလာတယ်။ အဲဒီအချိန်တွေကို တရားအတွက် အသုံးချတတ်လာတယ်။ ရုပ်ဝတ္ထုပစ္စည်းနဲ့ လောကီအာရုံအမျိုးမျိုးတွေအပေါ် လိုချင်တဲ့လောဘနေရာမှာ နက်နဲတဲ့တရားအသိဉာဏ်ပညာတွေကို လိုလားတဲ့စိတ်က အစားထိုးလာတယ်။ အခြားသူတွေကိုလည်း အသိဉာဏ်တို့ရင့်ကျက်လာစေချင်တယ်။ အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို ရရှိစေချင်တယ်။ သူတစ်ပါးကို ကူညီချင်တယ်။ အထူးသဖြင့် တရားဓမ္မ၊ အသိဉာဏ်ပညာတွေတိုးတက်စေမှုနဲ့ပတ်သက်လို့ အားပေးအားမြှောက်ပြုချင်လာတယ်။ တစ်ပါးသူ ဆင်းရဲဒုက္ခရောက်မှာ စိုးရိမ်တယ်။ မေတ္တာ၊ ကရုဏာကြီးလာတယ်ဆိုရမှာပေ့ါ။

မိမိကို မိမိတန်ဖိုးထားသလို ပိုပြီးတန်ဖိုးရှိလာတယ်လို့လည်း ယုံကြည်လာတယ်။ ငါ ဆိုတဲ့ အတ္တဒိဋ္ဌိကြီးလာတာမဟုတ်ဘဲ မိမိကိုမိမိ ယုံကြည်မှုခိုင်မာလာခြင်းဖြစ်တယ်။ တစ်ဖက်သားရဲ့ ချစ်ခင်လေးစားမှုတွေကို ယုံကြည်ဝမ်းမြောက်စွာ လက်ခံရဲသလို မိမိကလည်း တစ်ဖက်သားကို ချစ်ခင်လေးစားတန်ဖိုးထားတတ်လာတယ်။ မေတ္တာပေးပြီး မေတ္တာယူတတ်လာတယ်ဆိုရမှာပေ့ါ။ အတော်များများက သူတစ်ပါးရဲ့မေတ္တာကို သိပ်လိုချင်ပေမယ့် ရလာတဲ့အခါမှာ သိပ်မယုံရဲဘူး။ အသိဉာဏ်ရင့်ကျက်လာရင် ယုံလည်းယုံတယ်၊ ရဲလည်းရဲတယ်။ ကြောင့်ကြမှုနည်းလာသလို တောင့်တမှုလည်းနည်းလာတယ်။ တရားသဘောကို သိလာလို့လည်း မိမိအပေါ်ကိုခံနိုင်ရည်ရှိလာသလို တစ်ပါးသူအပေါ်လည်း သည်းခံနိုင်လာတယ်။ အယူအဆသဘောထား အမြင်မတူညီလည်း အတိုက်အခံမလုပ်တော့ဘဲ ကျေကျေနပ်နပ်လက်ခံပြီး ဆက်ဆံနိုင်တယ်။ လောကရဲ့သဘောကို နားလည်လာလို့ သည်းခံနိုင်စွမ်းတိုးလာခြင်း ဖြစ်တယ်။ မိမိကိုမိမိနားလည်နိုင်ဖို့၊ ကြည်ညိုနိုင်ဖို့ဆိုတာ အရေးကြီးတဲ့အချက်ဖြစ်တယ်။ မိမိစိတ်ကိုလည်း နားမလည်၊ သူတစ်ပါးကိုလည်း နားမလည်လို့ ဒုက္ခရောက်နေကြရတာများတယ်။ သဘာဝကိုနားလည်လာရင် သူတစ်ပါး အထင်ကြီးအောင် ဟန်လုပ်ချင်တဲ့စိတ်နည်းလာပြီး အပေါ်ယံဆန်တဲ့ အနှစ်မပါ အကာသက်သက်ဘာသာ ရေးလုပ်ငန်းတွေကို စိတ်ဝင်စားမှုနည်း ပါးလာတယ်။

ကိုယ်ရရှိလာတဲ့ ဘဝဟာ အဓိပ္ပာယ်ရှိတယ်။ မတော်တဆရလာတာ မဟုတ်ဘူး။ လေးနက်တဲ့မြင့်မြတ်တဲ့ ဦးတည်ရည်မှန်းချက်တွေကြောင့် ကံ တရားက ပို့ဆောင်လိုက်လို့ရလာတာ။ ရရှိလာတဲ့ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်ရည်မြင့်မားအောင် တန်ဖိုးရှိတဲ့ အလုပ်တွေကိုကြိုးစားပွားများရင်း တစ်ခါတစ်ရံရရှိလာတဲ့ ဘဝအမြင်သစ်ကြောင့် ဝမ်းသာကြည်နူးရတဲ့ကျေနပ်မှုဟာ ပြောမပြတတ်အောင်ပိုလွန်းပါတယ်။

ဘဝရဲ့အဓိပ္ပာယ်ကို ပိုပြီးနားလည်လာလို့ တရားအသိရင့်ကျက်လာတဲ့သူဟာ အဆိုးလောကဓံနဲ့တွေ့ရင်လည်း ရင့်ကျက်တဲ့အသိဉာဏ်ကြောင့် ကျေနပ်မှုတစ်မျိုးရလိုက်ပြီး အမြတ်ထွက်အောင်ကြိုးစားတယ်။ အကောင်းလောကဓံနဲ့တွေ့ရင်လည်း ကောင်းသထက်ကောင်းအောင် အသုံးချတတ်တယ်။ မိမိလည်း ချမ်းသာ၊ တစ်ပါးသူလည်း ချမ်းသာစေဖို့ ရည်စူးတယ်။ လောကီအရေးအဆင်ပြေလာလေ လောကမှလွတ်မြောက်ဖို့ အခွင့်အရေးရလာလေလို့ မှတ်ယူတယ်။ မိမိနှင့်တကွ တစ်ပါးသူအတွက်လည်း အထောက်အပံ့ကောင်းတွေ ပိုပြီးပေးတတ်လာတယ်။

လူ့ဘဝကိုရလာတာ သစ္စာအမြင်နဲ့ကြည့်ရင်တော့ ဒုက္ခသစ္စာကိုရလာတာပါ။ ရလာတဲ့လူ့ဘဝမှာ သာသနာနဲ့လည်း ကြုံကြိုက်၊ ဗုဒ္ဓရဲ့အဆုံးအမဒေသနာတွေကိုလည်း လေးစားမြတ်နိုးတန်ဖိုးထားပြီး ကျင့်သုံးခွင့်ရတာဟာ ဒုက္ခသစ္စာမှလွတ်မြောက်စေဖို့ ကြီးမားသော အကြောင်းအထောက်အပံ့ကောင်းကို ရရှိလာခြင်းပါ။သစ္စာလေးပါးမြတ်တရားကို နာကြားကျင့်သုံးပြီး မြင့်မြတ်တဲ့ တရားအသိထူးတွေကို အထိုက်အလျောက်ရရှိလာတဲ့အခါ ကြောင့်ကြမှု၊ တောင့်တမှုတွေ နည်းပါးလာပြီး အနေတတ်လာတယ်။ နောက်ဆုံးတစ်နေ့ သေရမှာကိုလည်း တွေးတောပြီး စိုးရိမ်ထိတ်လန့်မနေဘဲ သေခါနီးရင် ဘယ်လိုသေရမလဲဆိုတာကို ကြိုတင်စဉ်းစားပြင်ဆင်တက်လာတယ်။ ဒီလို အကျိုးတရားတွေကို ရရှိလာတာဟာ တရားအလုပ်အားထုတ်ခြင်းရဲ့အကျိုးကျေးဇူးတွေဖြစ်တာကြောင့် အနေမြတ်ပြီး အသေတတ်စေဖို့ ယနေ့ယခုအချိန်ကစပြီး 'အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ နောက်ဆုံးဩဝါဒကို လက်ကိုင်ထားပြီး တရားအလုပ် အားထုတ်ကြပါစို့လို့ တိုက်တွန်းဆန္ဒပြုလိုက်ရပါတယ်။

(ဤစာစုဖြင့် ကျေးဇူးတော်ရှင်မဟာမြိုင်တောရဆရာတော်ဦးဇောတိက အရှင်သူမြတ်အား ကြည်ညိုဦးခိုက်ပူဇော်ကန်တော့လိုက်ပါတယ်။)

*တရားထူးရကြပါစေ*

ချစ်ဖို့ (ဓနကွန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လင်္ဂဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါး ထပ်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓန်လာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာ ရရှိမည်မှာ ဧကန်ဖြစ်ပါသည်။

ဤကာလတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်မှု နှစ်ကြိမ်ဖြစ်ပွားသည်။ ပထမအကြိမ်တွင် ၁-၁-၂၀၁၇ နေ့ နံနက် (၃း၂၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သို့ စန်းစတင်ဝင်ရောက်ပြီး ၎င်းနေ့ ညနေ (၃း၂၂း၄၈) နာရီတွင် စန်းနှင့် ဓနသိဒ္ဓိ နက္ခတ် ယှဉ်ဖက်မည်ဖြစ်ပြီး ၂-၁-၂၀၁၇ နေ့ နံနက် (၃း၂၃) နာရီမှာ ဓနသိဒ္ဓိနက္ခတ်မှ စန်းစတင်ထွက်ခွာမည် ဖြစ်သည်။ လင်္ဂသည် ၁-၁-၂၀၁၇ နေ့ နံနက် (၉း၀၉း၀၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၎င်းနေ့ နံနက် (၁၁း၁၀း၂၇) နာရီမှာ ထွက်ခွာမည်ဖြစ်သည်။ မွန်းတည့်မျဉ်းသည် ၁-၁-၂၀၁၇ နေ့ မွန်းလွဲ (၁၅း၃၅း၄၉) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သို့ ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ (၁၅း၄၄း၀၃) နာရီတွင် စတင်ထွက်ခွာမည်ဖြစ်သည်။

ဒုတိယအကြိမ်မှာမူ ၂၈-၁-၂၀၁၇ နေ့ နံနက် (၁၀း၀၃) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်မည် ဖြစ်ပြီး ၎င်းနေ့ ည (၁၀း၀၂း၁၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့် ယှဉ်ဖက်မည်ဖြစ်ကာ ၂၉-၁-၂၀၁၇ရက်နေ့ နံနက် (၁၀း၀၃) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ ထွက်ခွာမည်ဖြစ်သည်။ လင်္ဂသည် ၂၉-၁-၂၀၁၇ နေ့ နံနက် (၇း၂၀း၅၁) နေ့ နာရီတွင် ဓနသိဒ္ဓိနက္ခတ်သို့ ဝင်ရောက်မည်ဖြစ်ပြီး (၉း၁၈း၁၉) နာရီတွင် ထွက်ခွာမည် ဖြစ်ပါသည်။ မွန်းတည့်မျဉ်းသည် ၂၈-၁-၂၀၁၇ နေ့ နေ့လယ် (၁၃း၄၇း၃၅) နာရီတွင် ဓနသိဒ္ဓိနက္ခတ် စတင်ဝင်ရောက်လျက် (၁၃း၅၇း၅၁) နာရီတွင် ထွက်ခွာမည်ဖြစ်သည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| နေ့ | စဝင်ချိန် | စထွက်ချိန် | နေ့ | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၉း ၀၉း ၀၃ | ၁၁း ၁၀း ၂၇ | ၁ | ၁၅း ၃၅း ၄၉ | ၁၅း ၄၄း ၀၃ |
| ၂ | ၉း ၀၅း ၀၇ | ၁၁း ၀၆း ၃၁ | ၂ | ၁၅း ၃၁း ၅၃ | ၁၅း ၄၀း ၀၇ |
| ၃ | ၉း ၀၁း ၁၁ | ၁၁း ၀၂း ၃၅ | ၃ | ၁၅း ၂၇း ၅၇ | ၁၅း ၃၆း ၁၁ |
| ၄ | ၈း ၅၇း ၁၅ | ၁၀း ၅၈း ၃၉ | ၄ | ၁၅း ၂၃း ၀၁ | ၁၅း ၃၂း ၁၅ |
| ၅ | ၈း ၅၃း ၁၉ | ၁၀း ၅၄း ၄၃ | ၅ | ၁၅း ၁၉း ၀၅ | ၁၅း ၂၈း ၁၉ |
| ၆ | ၈း ၄၉း ၂၃ | ၁၀း ၅၀း ၄၇ | ၆ | ၁၅း ၁၅း ၀၉ | ၁၅း ၂၄း ၂၃ |
| ၇ | ၈း ၄၅း ၂၇ | ၁၀း ၄၆း ၅၁ | ၇ | ၁၅း ၁၁း ၁၃ | ၁၅း ၂၀း ၂၇ |
| ၈ | ၈း ၄၁း ၃၁ | ၁၀း ၄၂း ၅၅ | ၈ | ၁၅း ၀၇း ၁၇ | ၁၅း ၁၆း ၃၁ |
| ၉ | ၈း ၃၇း ၃၅ | ၁၀း ၃၈း ၅၉ | ၉ | ၁၅း ၀၃း ၂၁ | ၁၅း ၁၂း ၃၅ |
| ၁၀ | ၈း ၃၃း ၃၉ | ၁၀း ၃၅း ၀၃ | ၁၀ | ၁၄း ၅၉း ၂၅ | ၁၅း ၀၈း ၃၉ |
| ၁၁ | ၈း ၂၉း ၄၃ | ၁၀း ၃၁း ၀၇ | ၁၁ | ၁၄း ၅၅း ၂၉ | ၁၅း ၀၄း ၄၃ |
| ၁၂ | ၈း ၂၅း ၄၇ | ၁၀း ၂၇း ၁၁ | ၁၂ | ၁၄း ၅၁း ၃၃ | ၁၅း ၀၀း ၄၇ |
| ၁၃ | ၈း ၂၁း ၅၁ | ၁၀း ၂၃း ၀၅ | ၁၃ | ၁၄း ၄၇း ၃၇ | ၁၄း ၅၆း ၅၁ |
| ၁၄ | ၈း ၁၇း ၅၅ | ၁၀း ၁၉း ၁၉ | ၁၄ | ၁၄း ၄၃း ၄၁ | ၁၄း ၅၂း ၅၅ |
| ၁၅ | ၈း ၁၃း ၅၉ | ၁၀း ၁၅း ၂၃ | ၁၅ | ၁၄း ၃၉း ၄၅ | ၁၄း ၄၈း ၅၉ |
| ၁၆ | ၈း ၁၁း ၅၉ | ၁၀း ၁၁း ၂၇ | ၁၆ | ၁၄း ၃၅း ၄၉ | ၁၄း ၄၅း ၀၃ |
| ၁၇ | ၈း ၀၈း ၀၃ | ၁၀း ၀၇း ၃၁ | ၁၇ | ၁၄း ၃၁း ၅၃ | ၁၄း ၄၁း ၀၇ |
| ၁၈ | ၈း ၀၄း ၀၇ | ၁၀း ၀၃း ၃၅ | ၁၈ | ၁၄း ၂၇း ၅၈ | ၁၄း ၃၇း ၁၁ |
| ၁၉ | ၈း ၀၀း ၁၁ | ၉း ၅၉း ၃၉ | ၁၉ | ၁၄း ၂၃း ၀၁ | ၁၄း ၃၃း ၁၅ |
| ၂၀ | ၇း ၅၆း ၁၅ | ၉း ၅၅း ၄၃ | ၂၀ | ၁၄း ၁၉း ၀၅ | ၁၄း ၂၉း ၁၉ |
| ၂၁ | ၇း ၅၂း ၁၉ | ၉း ၅၁း ၄၇ | ၂၁ | ၁၄း ၁၅း ၀၉ | ၁၄း ၂၅း ၂၃ |
| ၂၂ | ၇း ၄၈း ၂၃ | ၉း ၄၇း ၅၁ | ၂၂ | ၁၄း ၁၁း ၁၃ | ၁၄း ၂၁း ၂၇ |
| ၂၃ | ၇း ၄၄း ၂၇ | ၉း ၄၃း ၅၅ | ၂၃ | ၁၄း ၀၇း ၁၇ | ၁၄း ၁၇း ၃၁ |
| ၂၄ | ၇း ၄၀း ၃၁ | ၉း ၃၉း ၅၉ | ၂၄ | ၁၄း ၀၃း ၂၁ | ၁၄း ၁၃း ၃၅ |
| ၂၅ | ၇း ၃၆း ၃၅ | ၉း ၃၆း ၀၃ | ၂၅ | ၁၃း ၅၉း ၂၅ | ၁၄း ၀၉း ၃၉ |
| ၂၆ | ၇း ၃၂း ၃၉ | ၉း ၃၂း ၀၇ | ၂၆ | ၁၃း ၅၅း ၂၉ | ၁၄း ၀၅း ၄၃ |
| ၂၇ | ၇း ၂၈း ၄၃ | ၉း ၂၆း ၁၁ | ၂၇ | ၁၃း ၅၁း ၃၃ | ၁၄း ၀၁း ၄၇ |
| ၂၈ | ၇း ၂၄း ၄၇ | ၉း ၂၂း ၁၅ | ၂၈ | ၁၃း ၄၇း ၃၇ | ၁၃း ၅၇း ၅၁ |
| ၂၉ | ၇း ၂၀း ၅၁ | ၉း ၁၈း ၁၉ | ၂၉ | ၁၃း ၄၃း ၄၁ | ၁၃း ၅၃း ၅၅ |
| ၃၀ | ၇း ၁၆း ၅၅ | ၉း ၁၄း ၂၃ | ၃၀ | ၁၃း ၃၉း ၄၅ | ၁၃း ၄၉း ၅၉ |
| ၃၁ | ၇း ၁၂း ၅၉ | ၉း ၁၀း ၂၇ | ၃၁ | ၁၃း ၃၅း ၄၉ | ၁၃း ၄၆း ၀၃ |



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး ၁၀ ပြကျောက်



၊ သူကြီးခေတ်

မိုးကုတ်ပတ္တမြားမြေ မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်ဒေသရှိ ကျေးလက်ရွာများတွင် ကျောက်ပြသဒ်ရွာကြီးသည် ထင်ပေါ်ကျော်ကြားသောရွာကြီး ဖြစ်ပေ၏။

ကျောက်ပြသဒ်ရွာ ဟူသော အမည်ကား ရွာတောင်ဘက်၌ ထီးတီးမားမားရပ်တည်လျက်ရှိသည့် ပြာသာဒ်အလား စကျင်ကျောက်တို့ဆင့်လျက် အတိပြီးသော ကျောက်ပြသဒ်ဘုရားတောင်ကြီးကိုစွဲ၍ မှည့်ခေါ်ထားသော အမည် ဖြစ်ပေ၏။

မန္တလေးမှလာသော် သို့မဟုတ် သပိတ်ကျင်းမှလာသော် တောင်တက်လမ်းအဆုံး ကုန်းထိပ်ပြန့်ကျောက်ဖားသို့ရောက်သော် အနောက်ဘက်ချိုင့်ဝှမ်းထဲမျှော်ကြည့်ပါက လှပသောကျောက်ပြသဒ်ရွာကြီးကို ရှုမြင်ကြရပေမည်။ ထို့ပြင် ကျေးလက်ပြသဒ်ဘုရားတောင်မည်းမည်းကြီးကိုလည်း ရှုမြင်ကြရပေမည်။ ရံဖန်ရံခါ မြူတိမ်ဖုံးအုပ်နေသည်ကိုလည်း တွေ့မြင်ကြရပေမည်။

ထိုရွာ၏အနောက်တောင်ဘက်၌ ထီးထီးမားမားကြီးတည်ရှိနေသောတောင်ကား သူရိန်တောင်တန်းကြီး ဖြစ်သည်။ ထိုသူရိန်တောင်တန်းကြီးသည် ကျောက်နီ၊ ကျောက်ပြာများ အကြောလိုက်ထွက်သဖြင့် နာမည်ကြီးတောင်တန်းကြီး ဖြစ်သည်။ ထိုက်သူတို့အတွက် ထိုသူရိန်တောင်ကြီး၏ဝမ်းဗိုက်ထဲတွင် ပတ္တမြားသိုက်တို့ရှိနေလေ၏။ ထို့ကြောင့် မိုးကုတ်သားတို့အလေးထားရာ တောင်တန်းကြီး ဖြစ်သည်။

ထိုကျောက်ပြသဒ်ရွာကြီးတွင် ပါလီမန်ဒီမိုကရေစီခေတ်ကာလတုန်းတွင် အုပ်ချုပ်သောသူကြီးကား သူကြီးဦးဘဒင် ဖြစ်သည်။ သူ့ခေတ်သူ့အခါ သူ့ဘုန်းတန်ခိုးအာဏာကလည်း မသေးလှပါ။ ကျောက်ပြသဒ်က သူကြီးဦးဘဒင်ဆိုလျှင် မိုးကုတ်တစ်ခွင်သိကြလေသည်။ ထို့ပြင် သူရိန်တောင်တန်းကြီးပေါ်၌ နီလာများအကြောလိုက်ထွက်ရာ သူကြီးလူးဟုအမည်တွင်သော လူးတွင်းတစ်တွင်းလည်းရှိရာ သူ့ဘုန်းသူ့ကံအလျောက် ကျောက်ကြောများလည်းပေါက်ပေးခဲ့ရပါသည်။ သို့ကြောင့် ချမ်းသာကြွယ်ဝ၏။ ဩဇာအာဏာရှိ၏။ ဥပမိခံ့ညားသော ဂုဏ်နှင့်လည်း ပြည့်စုံ၏။

သို့သော် ခြွင်းချက်တစ်ခုတော့ရှိလေ၏။ ထိုသည်မှာ ထိုခေတ်ထိုအခါက ပေါလံခေါ် တွင်းပိုင်ကြီးတို့သည် ကံစားခေါ် (၃၀) ရာခိုင်နှုန်းသာရသော တွင်းသားတို့အပေါ်၌လည်းကောင်း၊ ထက်ဝက်စားခေါ် (၅၀) ရာခိုင်နှုန်းရသည့် လုယုံတွင်းဆရာအပေါ်၌ လည်းကောင်း ကျောက်ရောင်းရသော ငွေကြေးများထဲမှ ရာနှုန်းမှန်ကန်စွာရှင်းပေးခြင်းမရှိဘဲ မိမိတို့စေတနာရှိသလောက်သာပေးသောမလေ့ဖြစ်ပေ၏။ ဆိုလိုသည်မှာ ကျောက်ရောင်းရငွေပွဲခသာသာမျှသာရှင်းပေးကြခြင်း ဖြစ်သည်။

ရလာသော ကျောက်တို့အား ပေါလံထံအပ်ပြီးသော် မည်မျှရောင်းရသည်ကို သိခွင့်၊ မေးမြန်းခွင့်၊ ကြည့်ခွင့် စပ်စုခွင့်လုံးဝမရကြပေ။ ကျောက်ရောင်းအလုပ်ကား ပေါလံအလုပ် ဖြစ်သည်။ တွင်းသားတို့အလုပ်ကား တွင်းတူးပိုရန်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သောသူကြီး၏တွင်းသားတို့သည်လည်း မည်မျှကျောက်တွေရပါစေ သူကြီးရှင်းပေးသမျှနှင့် ကျေနပ်တင်းတိမ်ရောင့်ရဲကြရလေသည်။ ကံစားထက်ဝက်စားဟူသည်ကား အမည်ခံသာ ဖြစ်၏။

**□ ပေါက်ကွဲကြပြီ**

"မောင်တင်မြင့်"

"ဗျာ - တွင်းဆရာ ဘာတုန်း"

လူးထဲတွင် ရှေ့မှဦးဆောင်လုပ်နေသော အသက် (၄၀) ခန့်ရှိ ညိုညိုတုတ်တုတ် တွင်းဆရာ ကိုအုန်းမောင်သည် သူနောက်လိုက် မောင်တင်မြင့်အား စကားပြောလိုသဖြင့် အသံပြုလိုက်ခြင်းဖြစ်သည်။

"မနေ့က ရှင်းပေးတာနည်းလိုက်တာကွာ။ ငါတို့က သိန်းကျောက်မှန်းထားတာကွ။ နီလာအစစ်တစ်ဗလီကျော်တယ်ကွာ။ အောက်ကျောက်လေး၊ ငါးရတီအစစ်တွေကို ထည့်မတွက်ဘူးနော်။ အဲဒါမှကွာ သုံးသောင်းရောင်းရသတဲ့ကွ။ သုံးသောင်းဆိုတာ အောက်ကျောက်တွေနဲ့ကို တန်နေပါပြီကွာ။ အောက်ကျောက်ကိုက နို့ဆီတစ်ဘူးလောက်ရှိတဲ့ဟာ။ ကျောက်စစ်ကျောက်ကောင်းတွေ အများကြီးပါပါတယ်ကွာ။ သူကြီးလုပ်ချက်ကတော့ ရက်စက်ပါတယ်"

"ဩော် - တွင်းဆရာက (၁၇၀၀) တောင်ရတာပါဗျာ။ ရွှေဝယ်ရင် ရှစ်ကျပ်သားလောက်ရပါတယ်။ တော်သေးတာပေါ့။ ကျွန်တော်တို့ ကံစားကျတော့ (၁၀၀၀) ပဲရှင်းပေးတာ။ ရွှေငါးကျပ်သားလောက်တော့ရတာပေါ့။ တွင်းသားဆိုတာ အမည်ခံပါဗျာ။ သူတို့ရဲ့ကျွန်ပါ။ ပေးသမျှယူ၊ ကျွေးသမျှစားရတဲ့ဘဝပါ"

"အေး - အဲဒါကြီးကို ငါမကျေနပ်တာ။ မင်းစဉ်းစားကြည့်၊ ငါတို့မှာတော့ လုပ်လိုက်ရတာ သက်စွန့်ကြိုးပမ်း ဖင်ထဲရွံ့အတောင့်လိုက်ဝင်အောင်လုပ်ရတာ ဘယ်လောက်ပင်ပန်းလဲ။ သူတို့ကျတော့ လိုင်စင်စုတဲ့၊ ပေါလံစုတဲ့။ သူကြီးကတော်က ထမင်းချက်စုတဲ့။ ပြီးတော့ တွင်းစုတဲ့ကွာ။ တော်သေးတယ်။ သူ့သမီးတွေ အစုမထည့်လို့။ အဲဒီမှာ လေးစုရှိနေပြီ။ ငါတို့ငါးယောက်က ငါးစုဆိုတော့ ကိုးစုဖြစ်နေတာပေါ့။ကိုးစုဆိုတော့ (၉၀၀၀) ရောင်းမှ ငါက (၅၀၀၀) ရမယ်။ မင်းတို့က (၃၀၀၀) စီရမယ်။ တယ်ဂိုက်မကျပါဘူး"

"ဟုတ်တယ်၊ ကျွန်တော် ရွာထဲအမြဲလည်နေတာ။ ဘယ်အိမ်မှာမှသူကြီးလောက်အစုမများဘူး။ မတရားမှန်းသိနေပေမယ့် ဒီတွင်းကို လက်လွှတ်လို့မရဘူးဆရာရဲ့။ တွင်းဆရာလည်း အမြင်ပဲလေ။ တစ်နေ့တစ်နေ့ သူကြီးဆီမှာ တွင်းသားလိုပါသလားလို့ လာလာမေးနေတဲ့လူတွေမနည်းမနောပဲ။ ဒီလိုလတိုင်း ပုံမှန်သုံးနေရတဲ့ အခြေကျတွင်းဆိုတာ အလွန်ရှားတာ။ တချို့ဆို တစ်လလုံးနေတာတောင်မှ ငါးကျပ်တောင်မသုံးရတဲ့ တွင်းကရှိသေးတာ။ ဒီမှာကတော့ သောင်းငွေသာမရမယ်၊ ထောင်ငွေဆိုတာ လတိုင်းရနေတော့ သူများတွေနဲ့စာရင် ကျွန်တော်တို့က သုံးနိုင်စွဲနိုင်တဲ့အဆင့်ရှိတယ်လေ။ တွင်းဆရာဆိုရင် ထက်ဝက်စားတောင် ပေးထားတာပဲဗျာ။ အဲဒါနဲ့ ဖြေသိမ့်ရမှာပေါ့"

"ထက်ဝက်စားတော့ ထက်ဝက်စားပေါ့ကွာ။ ဒါပေမယ့် ဒီလောက်တွင်းစမြိုင်နေတာကွာ။ တစ်လကို ထမင်းစရိတ် (၁၀၀) ကြီးများတောင် နုတ်တာတော့ လွန်တာပေါ့။ ထမင်းဆိုင်တွေမှာ ထမင်းအဝစားတာတောင်မှ တစ်ကျပ်ပဲပေးရတာ။ ကြက်၊ ဝက်၊ ဆိတ်၊ ငါး ကြိုက်တာမှာစားလို့ရတယ်။ တစ်နေ့သုံးနပ်စားရင် သုံးကျပ်ပဲကုန်မယ်။ တစ်လစားရင် ကိုးဆယ်ပဲကုန်မယ်ကွ။ ခုဟာက လွန်ကိုလွန်လွန်းပါတယ်ကွာ။ တစ်ရာဆိုတဲ့ငွေဟာ ရွှေငါးမူးသားရတယ်ကွ။ ငါတို့က ပေါလံတို့ကို တစ်လ ရွှေငါးမူးသားပေးပြီး စားနေရတဲ့သဘောပဲ။ ငါကတော့ တယ်ပြီးမကျေနပ်ချင်ဘူးကွ"

"ဒါကတော့ တွင်းဆရာရယ်၊ ကျွန်တော်တို့က သူတို့လိုရှေးဘုန်းရှေးကံမရှိတော့ကာ သူတို့ရဲ့ဘုန်းကံရိပ်မှာ မှီခိုကြရကိုးဗျ။ ဒီတော့ပြုသမျှနုကြရမှာပေါ့"

"တင်မြင့်ရာ၊ မင်းကို ပြောရတာ ပျော့ညံ့ညံ့နဲ့ တယ်ပြီးအဆင်မပြေချင်ပါဘူးကွာ။ ငါက အစုတွေများတာ၊ မှန်မှန်ကန်ကန်ရှင်းမပေးတာ၊ ထမင်းစရိတ်နုတ်တာ တယ်ပြီးကျေနပ်ချင်တာမဟုတ်ဘူး။ ချောင်ပိတ်ရိုက်ရင် ခွေးတောင်ကြောက်ကြောက်နဲ့ ပြန်ကိုက်သတဲ့ကွ။ ငါလည်းခံရတာတွေများလာတော့ ခေါင်းငုံ့ပြီးမခံချင်တော့ဘူးကွာ"

တွင်းဆရာ ကိုအုန်းမောင်သည် ရှေ့မှ ဖြုန်းများပေါက်ချကာ နောက်သို့ ဆွဲပုံရင်းပြောနေခြင်း ဖြစ်၏။ တွင်းဆရာ အကူအဖြစ် မောင်တင်မြင့်က နောက်မှ ထိုင်ကာ လိုအပ်သည်တို့ကို ကူညီပေးရခြင်း ဖြစ်သည်။

"ဘာလဲ၊ တွင်းဆရာက မကျေနပ်လို့ထွက်တော့မလို့လား"

"အိုကွာ၊ ထွက်လို့ဘယ်ဖြစ်မလဲဟ။ ငါတွင်းဆရာဖြစ်အောင် ဒီအိမ်မှာ နေခဲ့ရတာ ဆယ်နှစ်တောင်ရှိရော့မယ်။ ဒီလောက်တွင်းစမှန်တဲ့တွင်းက ထွက်ရင် အဲဒီကောင်ရှူးလို့ပဲနေမှာ။ ကဲဟေ့ . . . ထမင်းစားချိန်ရောက်ပြီ၊ ထမင်းတက်စားကြရအောင်။ ပြီးမှဖြုန်းတွေတင်ကြမယ်"

"ဟုတ်ကဲ့ ဆရာ၊ ကဲ-ဟေ့ကောင်တွေထမင်းစားတက်ကြမယ်။ ရှေ့က တက်ကြပါ"

ဟု မောင်တင်မြင့်က အော်လိုက်သည်နှင့် ဖြုန်းများကဲ့ထုတ်နေကြသော တွင်းသား သုံးယောက်သည် ရှေ့မှ ဖယောင်းတိုင်ကိုယ်စီဖြင့် ဦးဆောင်တက်ကြလေ၏။ လူးဟူသည်မှာ ကွေ့ကွေ့ကောက်ကောက် ခက်ခက်ခဲခဲတက်ရဆင်းရသောတွင်း ဖြစ်လေ၏။

**□ မကောင်းသောအကြံ**

အပေါ်ရောက်သည်နှင့် ဦးစွာ ရေချိုးတည်ကြရ၏။ ရေချိုးရသော် ထမင်းစားကြပါသည်။ မိုးကုတ်တွင် ဓလေ့တစ်ခုရှိသည်။ ထိုသည်မှာ ထမင်းစားလျှင် ရေနွေးကြမ်းနှင့်သောက်၍စား သောဓလေ့ ဖြစ်သည်။ ချဉ်ရည်ဟင်း ဟင်းချိုဟင်း၊ တို့သောက်စရာပါသည့် တိုင် မည်သူမျှ ဟင်းရည်ကို မက်မက် စက်စက်သောက်သူသိပ်မရှိပါ။ ရေနွေး ကိုသာ အားထား၍သောက်ကြပါသည်။ ထို့ကြောင့် ထမင်းစားတော့မည်ဆိုပါက ရေနွေးကြမ်းအသင့်ဖြစ်မှ စားကြလေ့ရှိ သည်။

အောက်ပြည်အောက်ရွာမှရောက် လာသော တွင်းသားတို့သည်လည်း အကျင့်ဖြစ်ကာ ရေနွေးကြမ်းမပါက ထမင်းမစားတတ်ကြတော့ပြီ။ အတော် အတန် ဟင်းအကြိုက်မတွေ့သော် ရေနွေးကြမ်းကလေးဖြင့် မျှောချသော ထမင်းအဝင်ဖြောင့်လေ၏။

တွင်းသမားများ ဖြစ်ကြသော ကိုအုန်းမောင်တို့အုပ်စုသည် ချိုင့်ကြီးဖြ ပါလာသော ထမင်း၊ ဟင်းတို့ တက်တ ပြောင်သွားလေ၏။ စားနိုင်မှလုပ်နိုင် သော တွင်းသားတို့ဘဝဖြစ်ရာ ပိုသည် ဟူ၍ရှိခဲလေ၏။ ထည့်လာသမျှ ပြော သည်သာ ဖြစ်သည်။

ထမင်းစားပြီးသောအခါ ဆေး လိပ်သောက်ကြပါသည်။ တွင်းဆ ကိုအုန်းမောင်သည် တဲတိုင်တွင် ကာ စကားစလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ဟော့ကောင်တွေ၊ မင်းတို့ကို ငါတိုင်ပင်စရာရှိတယ်။ ငါတိုင်ပင်မှာက အလွန်အရေးကြီးတယ်နော်။ မင်းတို့ အားလုံးသစ္စာရှိမှဖြစ်မယ်။ သစ္စာဖောက် ရင်တော့ ငါတို့အားလုံးခြေနဲ့မဆင်းဘဲ ခေါင်းနဲ့ဆင်းပြီးခွေးပြေးပြေးရမှာနော်"

"တိုင်ပင်ပါ ဆရာ၊ တွင်းဆရာနဲ့ ကျွန်တော်တို့ဆိုတာ ဆိုးတိုင်ပင်ကောင်း တိုင်ပင်ဆိုးတူကောင်းဖက်ပဲ၊ တစ်သွေး တစ်သားတည်းပဲဆရာရယ် ဘာကိစ္စဖြစ် ဖြစ်တိုင်ပင်ပါ။ ကျွန်တော်တို့သစ္စာရှိပါ တယ်။ ဦးအောင်ဇေယျရဲ့ ရွှေဘိုသွေးပါ ဆရာရဲ့။ ဆရာလည်း ရွှေဘိုသား၊ ကျွန်တော်တို့လည်း ရွှေဘိုသားတွေ လေ။ သွေးသောက်ရဲဘော်တွေလို့သာ သဘောထားပါ။ ဆရာ့ဆန္ဒကို ကျွန်တော် တို့လိုက်နာပါ့မယ်။ ကောင်းကောင်း ဆိုးဆိုးဗျာ"

ဟု တွင်းသား ငမုန်းက ထပြော သည်။

"ဒီမယ် မင်းတို့ငါတို့အပေါ် သူကြီး က မှန်မှန်ရှင်းမပေးဘဲ ညစ်ပတ်နေတာ တွေသိတယ်မဟုတ်လား"

"ဩော်-တွင်းဆရာရယ် မိုးကုတ် မှာနေနေတာ အံ့ခွနေပြီဥစ္စာ မသိဘဲရှိ မလား သိတာပေါ့။ ကျွန်တော်တို့ကို ရှင်းပေးတယ်ဆိုတာက သူတို့ရဲ့အစွန်း ထွက်လောက်လေးပဲရှင်းပေးနေတဲ့ဥစ္စာ။ ကျွန်တော်တို့ဆိုတာက ပေးသမျှယူ၊ ကျွေးသမျှစားရတဲ့ တွင်းသားဘဝလေ။ မကျေနပ်လို့ပြောကြည့်ပါလား။ချက်ချင်း အိပ်ရာလိပ်ရတော့မှာပေါ့။ အဲဒီတော့ ကျေနပ်လည်းနေ၊ မကျေနပ်လည်းနေ ပေါ့ ဆရာရယ်။ မကျေနပ်လည်း ထွက်ရုံ ရှိတာပေါ့။ ဒါပေမယ့် ဒီလောက် ကျောက် ပေါတဲ့တွင်းကို ဘယ်ခွာနိုင်မလဲ ဆရာ ရယ်၊ တစ်ယောက်ထွက်ကြည့်လေ၊ ဝင် ချင်တဲ့လူက ဆယ်ယောက်မကရှိမယ်။ အဲဒီတော့ လူညီပြီးထွက်ဖို့ဆိုတာတော့ အတော်ခက်မယ် ဆရာ"

"ဟော့ကောင် ငမုန်း၊ ငါကထွက်ဖို့ ပြောနေတာမဟုတ်ဘူးကွ"

"ဘာလဲ ဆရာ၊ ဓားပြပြန်တိုက်ကြ မလို့လား"

"ဩော် - ဒီကောင် မဦးမချွတ်။ မင်းဘာက ထောင်စော်နံပါတယ်ကွာ။ ဓားပြဘယ်တိုက်ရပါ့မလဲဟ။ ငါပြောချင် တာက တွင်းစတွင်းစုအရမ်းမြိုင်ပြီးဖြုန်း ကောင်းတဲ့နေ့မှာ စိတ်တိုင်းကျဖြုန်းတွေ ခိုးပြီး ညမှာ ငါတို့လာခိုးဆေးဖို့ပြော တာ"

"ဩော် - အဲဒါများဆရာရယ်၊ ဒီတွင်းဆိုတာက ကိုယ့်ခြေကိုယ့်လက်ပဲ ဥစ္စာ။ ညပိုင်း ပြန်လာဆေးလည်း ဘာ အခက်အခဲရှိမှာလဲဗျာ။ ဖြုန်းကောင်း တွေ့ရင်သာ ဆရာစီစဉ်ပါ။ ဆရာ့စိတ် ကြိုက်ဖြစ်ရပါစေ့မယ်။ ကျွန်တော်တို့က တော့ အသင့်ပါပဲ။ ကဲ - ဘယ်ကိုလဲ ဟော့ကောင်တွေ"

"ငမုန်းရာ၊ ပြောမနေစမ်းပါနဲ့။ ဆရာ့ဆန္ဒ တို့ဆန္ဒပေါ့ကွ။ ဆရာက တို့အတွက် စီစဉ်တဲ့ဥစ္စာ"

"ပေါလံ တို့ဆီကဖြတ်စားလျှပ်စား လုပ်ထားတာတွေများပြီကွ။ ဒီတစ်ခါ တော့တို့အလှည့်ပဲ။ ငရဲမကြီးပါဘူးကွာ။ သူ အခါတစ်ရာမကယူတာမှ ငါတို့က တစ်ခါပဲယူမှာ"

"အေး - ဟုတ်တယ်"

ဟူ၍ တွင်းသားတို့က ထောက်ခံ ကြ၏။

"ကဲ - ဒါဆိုကောင်းပြီ။ ဒီကိစ္စကို နှုတ်လုံကြပါစေ။ အရက်ဘယ်လောက် မူးမူးနှုတ်မကျူးမိကြစေနဲ့။ သူကြီးသိ သွားလို့ကတော့ မင်းတို့ငါတို့ဖနောင့်နဲ့ တင်ပါးတစ်သားတည်းကျအောင်ပြေးမှ ရမှာ။ သူကြီးက ရုံးတို့ဂါတ်တို့ပေါက် တယ်ကွ။ မတော်အချုပ်ထဲဆွဲထည့်မှာ တောင်စိုးရတယ်"

"စိတ်ချပါဆရာရယ်၊ ကျွန်တော် တို့ ကတိရှိပါတယ်။ သတိလည်းရှိပါ တယ်။ ဆရာသာ စိတ်တိုင်းကျ စီစဉ်ပါ"

ဟု ငမုန်းက ဆို၏။ ကျန်လူတို့မှာ ခေါင်းညိတ်ခေါင်းခါဖြင့်သာ အများအား ဖြင့်ဆန္ဒပြုကြလေ၏။

□ စမြေသဲထူဖြုန်း

ကမ္ဘာကြီးတည်စဉ်က ကမ္ဘာသည် ကုန်းမြေအနည်းငယ်သာရှိပြီး ရေထုဖြင့် သာဖုံးအုပ်၍နေ၏။ ထိုရေရိုက်ခတ်မှု ကြောင့် မြေအောက်ကမ္ဘာတွင် မြေအမျိုး အစားများစွာ အလွှာဖြင့်ဖြစ်တည်၍နေ ကြရလေ၏။ ကနယ်ခေါ် ရွှံ့မြေလွှာရှိ၏။ မုံခေါ် သဲနုလွှာရှိ၏။ သဲကြမ်းလွှာရှိ၏။ ထုံးပျော့လွှာရှိ၏။ ထုံးမာလွှာရှိ၏။ ထုံးနု လွှာရှိ၏။ ထုံးကြောများအား ကျောက် ပုပ်လွှာဟု ခေါ်ကြ၏။ ခဲများရောပြွမ်း သောအလွှာရှိ၏။ လကြေးလွှာရှိ၏။ စမြေလွှာရှိ၏။ (စမြေသည် သဲနု၊ သဲကြမ်း မြေတို့ သမ၍နေသောဖြုန်းမျိုးဖြစ်ပြီး စင်းရှ ဆေးရလွယ်၏။) မည်း၍မာကျော သော မီးလောင်မြေလွှာရှိ၏။ အပြာ ရောင်မြေလွှာရှိ၏။ အဝါရောင်၊ အနီ ရောင်မြေလွှာတို့ရှိ၏။ ရှားရှားပါးပါး ပန်းရောင်မြေလွှာလည်းရှိ၏။ အလွန် စေးပိုင်မာကျောသော ဂရိတ်မြေလွှာ ဖြုန်းအား အကြိမ်ကြိမ်စင်းပါမှ သဲဖြစ် သဖြင့် ရွှံ့တလူးလူးဖြင့် ကျွဲဖြစ်အောင် စင်းရမွှေရ၏။

ထိုသို့ မြေအောက်ကမ္ဘာတွင် ရေ ကြောင့် အမျိုးမျိုးအရစ်ရစ်ဖြစ်တည်နေ သည်မှာ နှစ်သန်းပေါင်းများစွာကြာပေ မည်။ ကျွန်ုပ်တို့၏လုံးဝန်သောကမ္ဘာအား အခြားလွင့်မျောကမ္ဘာတစ်ခုမှ ဝင်တိုက် မိသောအခါ ကမ္ဘာကြီးသည် ပွဲ့စဉ်ထွက် လျက် အလွန်ကြီးမားသော ချိုင့်ဝှမ်းကြီး ကို ဖြစ်ပေါ်စေပါသည်။ ရေတို့သည် ထိုချိုင့်ဝှမ်းထဲသို့ စီးဝင်ကုန်သောအခါ ထိုစီးဝင်ရာချိုင့်ဝှမ်းသည် ပစိဖိတ်သမုဒ္ဒရာ ကြီးဖြစ်ပေါ်လာလျက် ကုန်းမြေတို့များစွာ ပေါ်ထွက်လာကာ သက်ရှိ၊ သက်မဲ့တို့ စတင်ပေါက်ဖွားလာလေတော့၏။ ပွဲ့စဉ် ထွက်သွားသော ကမ္ဘာ့မြေထုကား လအဖြစ် ပြောင်းလဲဖြစ်တည်လျက် ကမ္ဘာကိုပတ်လျက်ရှိချေ၏။

ဤသည်မှာ မြေအောက်ကမ္ဘာတို့ ၌သာ တွေ့ရမြင်ရကြုံရဆုံရသော မြေလွှာ အထပ်ထပ်ရပ်တည်နေပုံ ဖြစ်လေသည်။ ကမ္ဘာကြီး၏ဖြစ်စဉ်နှင့် လွန်စွာလျော်ညီ သည်ကိုတင်ပြခြင်း ဖြစ်ပါသည်။

သူကြီးလူးကား ခန့်မှန်းခြေ ပေသုံးရာခန့်နက်ရှိုင်းနေပြီဖြစ်ရာ ဖြုန်း အား အဆင့်ဆင့်တင်ရခြင်းကြောင့် သုံးရက်မှ တစ်မုံသာဆေးနိုင်ကြပါသည်။ တစ်မုံဆေးသော် လူးခြင်းခေါ် နှီးခြင်းလုံး ဖြင့် အခြင်းတစ်ရာခန့်သာဆေးနိုင်လေ ၏။ ကျောက်မျိုးကျောက်သားအခြောက် မပါဘဲ အစိုချည်းဖြစ်ရာ ကျောက်တို့ မှာ အဆင့်မြင့်ကျောက်တို့ ဖြစ်ကြသည်။ နီလာအခြောက်တို့သည် အပေါ်ယံ၌ သာ အံနေများလေ၏။ အောက်ရောက် လေ ကျောက်ရည်ကျောက်သားကောင်း လေ ဖြစ်သည်။

တွင်းသမားတို့အကြိုက်ဆုံး ဖြုန်း ကား စမြေသဲထူဖြုန်း ဖြစ်သည်။ ကြာ ကြာမွှေစရာမလို ရေထည့်ပြီး တစ်ပတ် လောက်ဆွဲလှန်ရုံမျှဖြင့် သဲဖြစ်သောဖြုန်း ဖြစ်ကာ ပါလာသောကျောက်တို့လည်း မြင်နေရလေ့ရှိ၏။ ကျောက်ကြီးကျောက် ကောင်းကား မွှေပြီးရုံမျှဖြင့် မြင်ရရာ ကောက်ယူရုံသာရှိ၏။ စလုတ်ထဲသို့ဆွဲ ချပြီးဆေးသော ကျောက်များကား အောက်ကျောက်ခေါ် အမှုန့်အညာတို့ သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုအုန်းမောင်တို့ကား တိုင်ပင်ပြီး မကြာမီမှာပင် စမြေသဲထူလက်ကြား ဖြုန်းကိုတွေ့ရရာ အထူးတက်ကြွဝမ်းမြောက်လျက်ရှိချေ၏။

"တင်မြင့်ရေ"

"ဗျာ"

"ဖြုန်းကတော့ အိုကေပဲကွ။ ဒီနေ့ ညနေအပေါ် ရေမုန်ထဲရောက်မှာဆိုတော့ ဒီနေ့ည လာဆေးကြမယ်ကွ။ ကောင်းလိုက်တဲ့ဖြုန်းကွာ။ ပေါက်လိုက်ရင် မီးတောင်ပွင့်ပွင့်သွားတယ်။ သဲထူပုံကရက်စက်ပုံကွာ။ကျောက်ကြီးကျောက်ကောင်းတွေနိုင်းချင်းနေမှာ။ မင်းတို့ငါတို့တော့ သူဌေးမဖြစ်ချင်ပါဘူးဆိုပြီး ငိုနေလို့တောင်ရမယ်မထင်ဘူး။ သူဌေးဖြစ်ကြတော့မှာကွ။ သိလားဟေ့ကောင်"

"ဟုတ်ကဲ့ပါ ဆရာ"

"သူကြီးတော့အားနာပါတယ်ကွာ။ ပါးကိုက်လို့ နားပြန်ကိုက်ရတာ ငါတို့မှာ အပြစ်မရှိပါဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီတစ်မုံတော့ သူကြီးအတွက် မဟုတ်ဘူး။ ငါတို့အတွက်ပဲကွ"

"ဟုတ်ကဲ့ ဆရာ"

"အင်း-မင်းဟာကလည်း ဟုတ်ကဲ့ပါဆရာကလွဲလို့ ဘာမှမပြောတတ်ဘူးထင်ပါရဲ့"

ဟု ပြောကာ ဖြုန်းများအား လူးခြင်းထဲထည့်ပေးနေလေ၏။ တင်မြင့်မှာမူ စက်သီးချိတ်သို့ချိတ်ပေးနေရလေ၏။ တွင်းနက်သဖြင့် စက်သီး (၄) ဆင့်မျှ အဆင့်ဆင့်တင်ကြရသဖြင့် (၃) ရက်မှ တစ်မုံဆေးနိုင်ကြပါသည်။

ရေမုန်ထဲ ဖြုန်းအဆင်သင့်ဖြစ်သော် ပေါလံကို အကြောင်းကြားရ၏။ ဆေးမည့်နေ့တွင် ပေါလံကဘေးမှစောင့်ကြည့်၏။ တွင်းဆရာ၊ တွင်းသားတို့သည် သဲဖတ်လည်းရွေးခွင့်မရှိပါ။ သူကြီးကိုယ်တိုင်ရွေး၏။ သူကြီးသမီးရွေး၍ရသော ကျောက်သည် သူကြီးသမီးသာ ပိုင်ပါသည်။ ထိုသို့ရွေးပြီးမှ ကနဲဆေးမတို့က ရွေးကြရပါသည်။ ကောက်သင်းကောက်သည့်သဘော ဖြစ်၏။ တွင်းဆေးပြီးသည်နှင့် သူကြီးက ကျောက်ထုပ်ပိုက်လျက်ပြန်၏။ တွင်းသားတို့မှာမူ တွင်းဆင်းကြရ၏။ ဤသည်မှာ ထုံးစံဖြစ်သည်။

□ **ခိုးဆေးကြခြင်း**

တွင်းဆရာ ကိုအုန်းမောင်သည် ညစာထမင်းစားပြီးသည်နှင့် တပည့်များကိုဘာမှမပြောတော့ဘဲ မျက်ရိပ်မျက်ကဲပြကာ အိမ်မှစတင်ထွက်ခွာ၏။ ဆိုလိုသည်မှာသွားကြစို့ဟူသည့်သဘောဖြစ်သည်။

သူကြီးတို့မိသားစုသည် သီးခြားထမင်းစားကြ၏။ တွင်းသားတို့သည် ကိုယ့်သဘောနှင့်ကိုယ် လွတ်လပ်စွာ ဒူးခပ်စားသောက်ကြသည်မှာ ဤအိမ်၏ ထုံးစံ ဖြစ်သည်။ ကိုအုန်းမောင်တို့စားပြီးချိန်သည် မှောင်ရီပျိုးစဖြစ်ရာ အချိန်တော်ပင် ဖြစ်သည်။

ထိုခေတ်ထိုအခါသည် တိုးတက်မှုမရှိသေးသောခေတ်ဖြစ်ရာ အိမ်တို့တွင် မီးခွက်များ၊ မှန်အိမ်များ၊ ချမ်းသာသော အိမ်တို့မှ အောက်လင်းလက်ဆွဲမီးများ ထွန်းညှိသောခေတ် ဖြစ်သည်။ အပျင်းပြေရေဒီယိုစုပြီးနားထောင်ကြခြင်းသာ သူတို့အတွက် ဖြေစရာဖြစ်သည်။ အများအားဖြင့် အိမ်လည်ကြကာ စုဝေးစကားပြောကြခြင်းဖြင့် အချိန်ကိုကုန်လွန်စေပါသည်။ ပိုက်ဆံရှိသူတို့က ရွာရှိလက်ဖက်ရည်ဆိုင်တွင်ထိုင်၍ အချိန်ဖြုန်းကြ၏။

မည်သည့်ပေါလံမဆို တွင်းသားတို့ကို ချုပ်ချယ်လေ့မရှိပါ။ ညအိပ်ချိန်ပြန်ရောက်လျှင်ပြီးသည်။ ထိုအုန်းမောင်တို့သည် လူလုံးမကွဲသောအမှောင်ထုလွှမ်းမိုးသည်နှင့် လူစုခွဲကာ တစ်ယောက်ချင်း ကျောက်ပြသဒ်အနောက်ရွာသို့လာကြ၏။ ထိုမှ သူရိန်တောင်သွားရာ ရွာတောင်ဘက် အထွက်လမ်းအတိုင်း ထွက်ခဲ့ကြပါသည်။ ထိုကာလသည် ရွာစည်းများ ကင်းများမရှိချိန်ဖြစ်သဖြင့် တံခါးမရှိဓားမရှိ ဝင်နိုင်ထွက်နိုင်သော ကာလဖြစ်ရာ အဆင်ပြေချောမွေ့လှပေ၏။

လမ်းဘေးချုံရိပ်တစ်ခုကို စုရပ်ပြုကာ လူစုံသည်နှင့်တွင်းရှိရာတောင်ထိပ်သို့တက်ခဲ့လေ၏။ သူကြီးလူးကား မြင့်မားသောတောင်ထိပ်၏ တောင်ဘက်စောင်းတွင်တည်ရှိရာ. သွားနေလာနေကျမို့ အခက်အခဲမရှိရောက်ခဲ့ကြရသည်။ လမ်းတွင် ဓာတ်မီးလုံးဝမသုံးဘဲလျှောက်ခဲ့ခြင်း ဖြစ်သည်။ ဓာတ်မီးရောင်များ လူတွေမြင်သော် သင်္ကာမကင်းဖြစ်မှာစိုး၍ ဖြစ်သည်။

"ကဲဟေ့၊ ငမုန်း ရေသွားဖွင့်ကွာ"

ဆိုသည်နှင့် တွင်းဘေးတွင်လှောင်ထားသောရေကန်မှ ရေသွားဖွင့်ပါသည်။ ရေရောက်သည်နှင့် အဝတ်များချွတ်ပုံကာ ဘောင်းဘီတိုနှင့် ဖြုန်းမွှေကြပါသည်။ စမြေသဲဖြုန်းဖြစ်ရာ နှစ်ပတ်မျှဆွဲလှန်ရုံဖြင့် လွယ်ကူစွာ သဲဖြစ်သွားပါသည်။

ရေမုန်ပတ်ပတ်လည်၌ ဖယောင်းတိုင်အတုတ်ကြီးများထွန်းညှိထားသဖြင့် ရှင်းရှင်းလင်းလင်း မြင်နေရလေ၏။ ထို့ကြောင့် ထုံးစံအတိုင်း သဲများရေမုန်ဦးတွင်ဆွဲကာ ကျောက်ဖြုန်းများကောက်၍ ကျောက်ကို ပြူးပြဲရှာနေကြလေ၏။ မျက်လုံးဆယ်လုံးသည် အလိုရမ္မက်ကြီးစွာ ကျောက်ကြီးကျောက်ကောင်းကို မျှော်လင့်နေသော်လည်း ခဲနှင့်သဲတို့သာ မြင်နေရပါသည်။ သို့ကြောင့် အသက်ပင် ပြင်းပြင်းမရှူဝံ့ကြပေ။

"ဟား-လာဘ်ပါးလှပါလားဟေ့။ ကျောက်နဲ့တူတာကို မမြင်ရသေးဘူး။ ကဲကွာ အချိန်သိပ်ရတာမဟုတ်ဘူး။ ဆွဲချပြီးဆေးကြရအောင်"

ဟု တွင်းဆရာမှပြောကာ တွင်းဆရာသည် စလုတ်တွင်ပြောင်းထိုင်ကာ ဆွဲချနိုင်းလေသည်။ တစ်စလုတ်ပြီး တစ်စလုတ်သာဆေးခဲ့သည်။ ကျောက်နှင့်တူတာမတွေ့ပါ။ စကာခေါက်လိုက်၊ ကျောက်ဖြုန်းများ စောကူထဲထည့်လိုက်၊ စောကူစောင့်သူကယက်ရှာလိုက်၊ ပြည့်သော် ပြေးသွန်လိုက် အကြိမ်ကြိမ်လုပ်ပြီးသော် သဲစစ်အား စောကူထဲပက်ထည့်၏။ သဲထဲမှ ကျောက်ပါ၊ မပါစောင့်သူကယက်ရှာရ၏။ သဲပြည့်သော် သဲဖတ်ခုံတွင်ပုံရ၏။ ရှိသမျှသဲသာကုန်လုနီးပါးဖြစ်သော်လည်း ကျောက်က တစ်စက်ကလေးမှမတွေ့ရပါ။ သို့နှင့် နောက်ဆုံးသဲကပ်သာကျန်ပါတော့သည်။

"ကဲ-တွင်းဆရာရေ့၊ နောက်ဆုံးစကာ ကျောက်ကြီးပါတဲ့ဗျ။ ကဲ-လာလေ့ကျောက်ကြီး"

ဟု ပြောကာ နောက်ဆုံးသဲချပေးလိုက်၏။ ကိုအုန်းမောင်သည် သဲကုန်စင်အောင်ချပြီးသည်နှင့် စကာကို ဖော်ကာ အထက်အောက် စကာခေါက်၍ ကြည့်လိုက်၏။

"ဟာ"

ဟူ၍ အံ့ဩတကြီးဖြစ်ကာ ပါလာသောခရစ္စတယ်ခေါ် ပုံဆောင်ခဲကျောက်ကြီးအား စကာထဲမှ ကောက်ကြည့်လိုက်၏။

"ဟာကွာ - သုံးစားမရတဲ့မိုင်းသာပြာအညို့ တုံးကြီးဖြစ်သွားတယ်ကွာ။ နီလာကြီးဆိုလို့ကတော့ မင်းတို့ငါတို့ သူဌေးဖြစ်ပြီပေါ့ကွာ။ အား - ကံမ[illegible]ခေလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ မိုင်းသာပြာအညှံ့တုံးကြီးအား စလုတ်နှုတ်ခမ်းပေါ်တင်ထားကာ နောက်ဆုံးဇလုတ်ကိုကြုံး၍နေပါသည်။ မျှော်လင့်ခြင်းကြီးစွာဆေးခဲ့ကြသော်လည်း ဘာကျောက်မှမတွေ့ကြရပေ။ အားလုံးပင် စိတ်ဓာတ်အကျကြီးကျကုန်ကြလေပြီ။

"ကဲကွာ၊ သဲဖတ်ထဲမှာ မျှော်လင့်ချက်ရှိပါသေးတယ်။တို့တွေလာရကျိုးနပ်အောင် သေချာပြုပြီးရှာကြကွ"

ဟု ပြောကာ ဖယောင်းတိုင်မီးများထိန်နေအောင်ထွန်း၍ သဲဖတ်ရွေးကြပြန်ပါသည်။ သဲကား သဲထူဖြုန်းဖြစ်၍ (၇) တောင်းရှာ သဲအတော်များလေ၏။ သို့သော် သူတို့ထင်သလို နီလာနှင့်တူတာ ဘာမှမတွေ့ရပေ။

"ဖြုန်းကကွာ အော်သာအော်တယ် ကလေးကမထွားဘူးဆိုတာလိုပဲကွ။ ကောင်းသာကောင်းတာ ကျောက်က လုံးဝကိုမရှိဘူးဘဲ။ အလကားဖြုန်းပါကွာ။ အသုံးမကျတဲ့ဖြုန်းဘဲ။ ငါဖြင့်အထင်တကြီးရှိလိုက်ရတာ၊ တစ်သက်လုံးရှိုးသားခဲ့တာ။ အခုတော့ ခိုးပြစ်သာအဖတ်တင်တယ် ဘာမှမရဘူး။ သူကြီးကတော့ နက်ဖြန်ဆို သူကြီးတော့ သူဖြုန်းတွေ သူခိုးတွေခိုးဆေးသွားတယ်ဆိုပြီး ခင်ကွဲတော့မှာကွ။ နေဦးကွ၊ သူကြီးပိုပြီး စိတ်ဆင်းရဲသွားအောင် မိုင်းသာပြာအညှံ့တုံးကြီးကို ရေမှုန်ထိပ်မှာ ကနယ်(ရွှံ့)နဲ့ ကပ်ပေးခဲ့မယ်။ ဒါမှ သူခိုးတွေက သူ့အတွက် မိုင်းသာကြီးချန်ပေးခဲ့တာ သိပြီး ပိုသောကဖြစ်မှာ"

ဟု ကိုအုန်းမောင်က ပြောကာ ရွှံ့စေးများဖြင့် ရေမှုန်ထိပ်တွင်ကပ်ထားပေးလိုက်ပါသည်။ တကယ်သော် သူတို့သည် သူကြီးအား ဟာသလုပ်လိုက်ခြင်းပင် ဖြစ်သည်။

"ကဲ-ပြန်ကြမယ်၊ ငါနောက်ဆုံးမှ ထင်မယ်။ မင်းတို့ တစ်ယောက်ချင်းရှာထဲ ထင်ကြ"

ဟု ပြောကာ သူရိန်တောင်ထိပ်မှ ပြန်ဆင်းခဲ့ကြလေ၏။

## နှစ်ဗလီကျော်ရှိသော နီလာကြီး

တွင်းဆေးမည့်နေ့ဖြစ်ရာ သူကြီးထိုက်လာပါသည်။ သို့သော် လူငယ်တို့အခြေကိုမမီသဖြင့် နောက်တွင်ကျန်ရစ်၏။ သူကြီးသမီးကလည်း သူကြီးရွှေပြီး အသဲဖတ်ကိုရွေးရန် ခြွေရံသင်းပင်းများရောက်လာမည်ဖြစ်သည်။

စိတ်ဓာတ်ကျနေသောတွင်းသမားအုပ်စုသည် လိပ်ပြာမလုံသဖြင့် ရေမှုန်သို့သွားမကြည့်ဘဲ ရေနွေးအိုးတည်ကာတဲတွင်စုပုံထိုင်နေကြလေ၏။ အတန်ကြာမှ သူကြီးရောက်လာ၏။ ရွှဲနစ်နေသော ခြေးတို့အား ခါးကြားမှလက်ကိုင်ပဝါထုတ်၍သုတ်လိုက်ပြီး တဲထဲဝင်ထိုင်လိုက်၏။

"ပေါလံရေ ကျွန်တော်တို့ ဖြုန်းတွေ မနေ့ညက သူခိုးတွေခိုးဆေးသွားတယ်ဗျ။ ဆေးစရာမရှိတော့ဘူး"

ဟု လွှဲမရှောင်သာ ကိုအုန်းမောင်မှတင်ပြပါသည်။

သူကြီးသည် ဒေါသဖြစ်သောအမူအရာ၊ ထိတ်လန့်သောအမူအရာလုံးဝမပြပါ။ အေးဆေးစွာပင် -

"အေးကွာ၊ ခိုးချင်လို့ခိုးသွားတော့လည်း ဘာတတ်နိုင်မှာလဲကွာ။ ခိုးကြပါစေ။ ငါ့တစ်သက် ဒီလိုခိုးဆေးခံရတာမျိုး ဒီတစ်ခါပဲကြုံဖူးတယ်ကွာ။ ဒါပေမယ့် ဒီကောင်တွေအကုန်ကော့ယူမသွားနိုင်ပါဘူး။ ငါ့အတွက်ကျန်ကောင်းကျန်နေဦးမှာပါ။ လာ - မောင်အုန်းမောင် ရေမှုန်ကိုသွားကြည့်ရအောင်"

ဟု ဆိုပြီးရေမှုန်ရှိရာထသွားသဖြင့် တွင်းသားတို့ နောက်မှလိုက်ရပါသည်။ ရေမှုန်ထိပ်တွင်မူ မိမိညကကပ်ခဲ့သော မိုင်းသာပြာကြီးကိုမြင်သဖြင့် ကိုအုန်းမောင် စိတ်ထဲတွင် ကျိတ်ပြုံးမိလေ၏။ သူကြီးသည် ရေမှုန်ထိပ်မှ မိုင်းသာပြာကြီးကို ဆွဲခွာကာ ရေမှုန်ဦးရှိ စလုတ်ထဲမှရေဖြင့်ဆေးကာ နေရောင်တွင်ထောင်ကြည့်လိုက်၏။

"ဟား-နီလာအစစ်ကြီးပဲ နှစ်ဗလီလောက်ရှိမယ်ကွ"

ဟု ပြောသဖြင့် ဝိုင်း၍ ကြည့်ကြရာ ရင်သပ်ရှုမောလောက်အောင်လှပသော နီလာအစစ်ပုံဆောင်ခဲကြီးဖြစ်၍နေလေတော့၏။

ထို့ကြောင့် တွင်းသားတို့မှာ -

"ဟင်"

"ဟာ"

"သွပ် သွပ် သွပ်"

"ကျွတ် ကျွတ် ကျွတ်"

စသည်ဖြင့် အံ့ဩသံတို့ထွက်ပေါ်လာခဲ့လေတော့၏။

"ကဲ-ငါမပြောလား၊ ငါ့တွက်ကျန်မှာပါလို့။ဒီကောင်တွေရအောင်ယူမသွားနိုင်ပါဘူးကွာ။ ငါ့တွက်ထားပေးခဲ့တာပဲ။ ဒီတော့ ဒီကျောက်က မင်းတို့နဲ့ လုံးဝမဆိုင်တော့ဘူး။ အမှိုက်ထဲကနေပြန်ရတာ။ ပစ်စာပုံထဲ သဲဖတ်ထဲမှာလည်း ငါ့အတွက်ကျန်နေဦးမှာပဲကွ"

ဟု ဆိုကာ ပစ်စာပုံတွင်သွား၍ရှာပြန်၏။ ထို့နောက် သဲဖတ်ခုံတွင် ပြန်၍ရွေးပြန်၏။ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ကျောက်တို့များစွာပြန်၍ရလေ၏။

## ▫ပြကျောက်

သူကြီးသည် ရှာ၍ရသမျှသော ကျောက်တို့အား ကိုအုန်းမောင်တို့အုပ်စုကို ပြလေ၏။ နှစ်ကျပ်သားခန့်ရှိသော နီလာအစစ်ကြီးကား ပြာလဲ့တောက်ပနေကာ ကိုအုန်းမောင်တို့ကို ကျီစယ်သကဲ့သို့ရှိလေ၏။ ကျောက်တို့ကား အများအပြားပင်ရှိနေသည်ကို မယုံမရဲမြင်တွေ့နေရလေ၏။ သူကြီးသည် သူ့လူများကိုကြည့်ကာ ပြောပြ၏။

"ကဲ-အုန်းမောင်မြင်တယ်မဟုတ်လား။ သူခိုးတွေက ငါ့အတွက် ကျောက်စစ်ကျောက်ကြီးကျောက်ကောင်းတွေကို ရေမှုန်ဦးမှာကပ်ပေးခဲ့တာ မင်းတို့အမြင်ပဲ။ အဲဒါ ပြကျောက်လို့ ခေါ်တယ်ကွ။ ပြကျောက်ဆိုတာ အမျိုးမျိုးရှိတယ်။ ဒီနီလာကြီးကို ဘုန်းကံမရှိတဲ့သူခိုးတွေအနေနဲ့ ကျောက်စစ်ကျောက်ကောင်းလို့ မမြင်ဘဲ ပုံဆောင်ခဲမိုင်းသာပြာအညှံ့တုံးပုံစံဆိုတော့ သူတို့ကို မိုင်းသာပြာအဖြစ်ပြလိုက်တာနေမှာ။ ကျောက်ကိုကြည့်လေ တွင်းတိုင်းမှာပေါများစွာတွေ့ရတတ်တဲ့ မိုင်းသာပြာပုံစံကွ။ အဝေးကြည့်ရင် မိုင်းသာပြာပဲ။ သူတို့က ဟာသလုပ်ပြီး ရေမှုန်ဦးမှာကပ်ခဲ့တော့ ငါ့ကို အလွယ်တကူပြတဲ့ ပြကျောက်နီလာအစစ်ကြီးပေါ့ကွာ။ ပြတဲ့နေရာမှာ အမြင်မတူကြတာကတော့ ရှေးဘုန်းရှေးကံမတူလို့ဘဲ အုန်းမောင်။ သူခိုးမျက်စိမှာ တစ်ပြားမှမတန်တဲ့အညှံ့ပေါ့။ ငါ့မျက်စိမှာကျတော့ မင်းတို့မြင်တဲ့အတိုင်းပေါ့ကွာ။ ပြခဲ့တဲ့ကံဆိုတာရှိတယ်ကွ။ အဲဒီကံအတိုင်း လူတွေဖြစ်နေကြရတာ။ သူတို့ဆိုလည်း ပါသင့်သလောက်ပါသွားမယ်ထင်တယ်။ ဒါပေမယ့် ငါစိတ်မဆိုးဘူး။ ကြောင့်ကြမဖြစ်ဘူး။ ငါ့ကံကိုငါယုံတယ်။ ဘယ်လောက်ခိုးခိုး ငါ့ကျောက်မှန်ရင် ငါ့ကိုပဲပြမှာ။ သူတို့ကိုပြရင်လည်း အခုလိုအညှံ့အဖြစ်နဲ့ပဲပြမှာ။ ဒီတွင်းကရခဲ့သမျှကျောက်တွေထဲမှာ ဒီကျောက်ကတော့ စံကျောက်ပဲ။ သူခိုးတွေကို ကျောက်ကြီးမဆေးဘဲရလို့ ကျေးဇူးတောင်တင်သေးရဲ့။ ကဲကဲ-တွင်းဆင်းဖို့ပြင်ကြ။ မင်းတို့လည်း စိတ်မကောင်းမရှိကြနဲ့သိလား"



www.burmeseclassic.com

www.burmeseclassic.com

ငါသွားမယ်"

ဟု ပြောကာ ကျောက်တို့အား လက်ကိုင်ပဝါဖြင့် စုအုပ်ကာ ပြန်သွားလေတော့၏။ ပစ်စာခဲပုံထဲသွားရှာသဖြင့် သူကြီးသည် လက်သန်းလုံးခန့် ပြောင်ပြောင်ချောချောကျောက်စစ်နှစ်ပွင့်ရခဲ့ပြီး သဲဖတ်ပုံဟောင်းထဲမှ ငါးမူး၊ သုံးမတ်၊ တစ်ကိုက်၊ နှစ်ကိုက်ကျောက်များပြန်လည်ရရှိသွားရာ ကိုအုန်းမောင်တို့ရပ်စုကား ကြိတ်မနိုင်ခဲမရဖြစ်လျက်ကျန်ရစ်လေ၏။

## ▫ မြင်လျက်နှင့်ကန်းနေသောမျက်စိများ

တွင်းသားတို့သည် ထုံးစံအတိုင်း ဖယောင်းတိုင်မီးများ ကိုယ်စီကိုင်ကာ တွင်းထဲဆင်းခဲ့ကြပြီး နားနေစခန်း၌ ခေတ္တနားကြပါသည်။ ငမုန်းသာ ခြေပစ်လက်ပစ် ကျောက်နံရံကိုမှီကာ ထိုင်ချလိုက်၏။

"တောက်"

ပြင်းထန်သော တောက်ခေါက်သံပေါ် လာသဖြင့် တွင်းဆရာသည် ငမုန်းအား ချက်ချင်းတားမြစ်၏။

"ဟေ့ကောင်၊ - တွင်းထဲတောက်မခေါက်နဲ့ကွ။ ပေါက်ကရမလုပ်နဲ့။ ဒါဟာ လူးကွ။ နတ်ကြီးတယ်"

"နီလာအစစ်ကြီးကိုမှ ပစ်ထားခဲ့မိလို့ပါဗျာ။ ပြီးတော့ သူကြီးရဲ့စကားတွေက ကျွန်တော်တို့ကိုပြောနေသလိုပဲ။ ခံပြင်းလွန်းလို့ပါ"

"အေးကွာ၊ ငါတို့ကလည်းမဟုတ်တာလည်းလုပ်ထားတော့ မျက်နှာရိပ်မျက်နှာကဲသိနေပုံရတယ်ကွ။ ပြီးတော့ မိုးကုတ်အနောက်ပိုင်းတစ်ခွင်မှာ သူများတွင်းခိုးဆေးတယ်ဆိုတာကလည်း မရှိသလောက်ပဲကွ။တကယ်ဆိုကြားတောင်မကြားဖူးဘူး။ ငါတို့သာ မတော်လောဘနဲ့ခိုးဆေးမိကြတာ။ မင်းတို့ ငါတို့အမြင်မှာ ဒီကျောက်ကြီးကကျောက်မှမဟုတ်တာကွာ။ အားလုံးလည်းအမြဝ်ပဲ။ သူကြီးနဲ့တွေ့မှ ကျောက်အဖြစ်ပြောင်းလဲသွားတာတော့ တို့လည်း ဘာတတ်နိုင်မှာလဲကွာ"

"လူချင်းသာပြိုင်လို့ရမယ်။ ကံချင်းပြိုင်လို့မရဘူးဆိုတာ ဒါမျိုးပဲနေမှာနော် တွင်းဆရာ"

ဟု တင်မြင့်က ဝင်ပြောလေ၏။

"အေး - ဟုတ်တယ်၊ ဒါပေမယ့် ငါ့နောက်တစ်ကြိမ်ပြန်ခိုးဆေးကြည့်ချင်သေးတယ်။ ဒီတစ်ခါသာ မျက်စိမှောက်လို့ရမယ်။ နောက်တစ်ခါမျက်စိမမှောက်စေရပါဘူးကွာ။ တို့ရဲ့မျက်လုံးတွေဟာ ကျောက်ကြီးကို မြင်နေရပါလျက်နဲ့ ကျောက်မှန်းမသိဘဲကန်းနေကြတာကွ"

"သူကြီးပြောသလို ပြကျောက်နေမှာပေါ့ တွင်းဆရာရယ်"

"တို့တွေဘယ်နေ့ပြန်ခိုးဆေးမလဲ"

"လောလောဆယ်တော့ နေဦးဆရာရဲ့။ ခိုးထားတာက ပူပူနွေးနွေးရှိသေးတာ။ နောက်တစ်လောက်နေမှ ကြိုက်တဲ့ဖြုန်းကိုခိုးဆေးကြတာပေါ့"

ဟု ငမုန်းက အကြံပြု၏။ အားလုံးက -

"တွင်းဆရာ ရှေ့ကသွားရင် ကျွန်တော်တို့က နောက်ကလိုက်ပြီးသွားပါ ဆရာ"

ဟု ဆိုကြလေ၏။

"အေး - ဒီတစ်ခါမျက်စိမမှားစေနဲ့ကွ။ ကဲ - ဆင်းကြစို့"

ဟု ပြောကာ ကိုအုန်းမောင်ဦးဆောင်လျက် တွင်းထဲဆက်၍ ဆင်းသွားကြတော့၏။ သို့သော် သူတို့မျက်စိထဲဝယ် သူကြီးရသွားသောကျောက်ကြီးအား မျက်စိထဲကမထွက်ကြပါ။ လှလိုက်သည့်ကျောက် ပြာလဲ့နေကာ ထိရက်စရာပင်မရှိအောင် လှလွန်းလှပေ၏။ ကတ္တီပါအပြာရည်စစ်စစ် ဖြစ်သည်။

တစ်ဗလီကို (၆၄) ရတီရှိ၏။ ထို(၆၄) ရတီသည် တစ်ကျပ်သားဖြစ်ပါသည်။ ကျောက်မှာ (၂) ဗလီကျော်ခန့်ရှိရာ (၂) ကျပ်သားကျော်သော နီလာအစစ်ကြီး ဖြစ်ပေ၏။ ထိုကျောက်ကြီးသည် ကိုအုန်းမောင်တို့အား ပညာပြလိုက်ခြင်း ဖြစ်ပေ၏။ ကျောက်စစ်ကျောက်ကောင်းတို့သည် နတ်ပစ္စည်းများဖြစ်ရာ ဆန်းကြယ်သောပြကျောက်တို့ ဖြစ်လေ၏။

## ဒုတိယအကြိမ်

တစ်လခန့်အကြာ သူတို့အုပ်စုသည် စိတ်ကြိုက်ဖြုန်းကိုတင်ကာခိုးဆေးကြပြန်၏။ တစ်ခါတွင်မူ နေ့ကဲ့သို့နီးနီးလင်းနေစေရန် ဓာတ်မီး(၅)လက်ဘေးမှဝိုင်းထိုးထားသလို (၈)တိုင်ထုပ်ဖယောင်းတိုင်ကြီးများကိုလည်း စီနေအောင်ထွန်းထားသဖြင့် လင်းရှင်း၍နေလေသည်။ အလင်းအားကိုးဖြင့် အသေအချာပြူးပြဲကြည့်၍ ကျောက်တို့ကိုရှာဖွေ၏။

ရွှေနက်များ၊ ကျောက်မာရှာများ၊ မုပဆစ်များသည်လည်း မည်းမှောင်သောအရောင်ရှိရာ နီလာကျောက်ပြာတို့၏အရောင်နှင့် ရောနှောနေသဖြင့် မြင်တွေ့ရန်မလွယ်ကူလှပေ။ နေ့လယ်နေ့ခင်းမှသာ လင်းရှင်းသော နေပဏ္ဏာနှင့် ကွဲပြားခြားနားသိနိုင်လေ၏။ ဤသည်မှာ ကိုအုန်းမောင်တို့သတိမထားမိသောအချက်တစ်ခု ဖြစ်ပါသည်။ သူတို့၏အတွေးဝယ် နေ့ကဲ့သို့ အလွယ်တကူမြင်ရမည်ဟု ထင်ကြပါသည်။

အသေးစိတ် ရှာဖွေကြည့်ရှုပါသော်လည်း ကျောက်တူ၍ မတွေ့ရရာ ကိုအုန်းမောင်တို့ စိတ်ဓာတ်အကျကြီးကျသွားပြန်ပါသည်။ ဆေး၍ပြီးသည်နှင့် ဘာမှမမြင်မတွေ့ရရာ -

"ကဲ - ငါတို့လည်းဂရုစိုက်ပြီးရှာကြတာပဲ။ ကျောက်နဲ့တူတာကိုမတွေ့ပါဘူးကွာ။ အလကားရေစိုပြီးချမ်းတာပဲအဖတ်တင်တယ်။ မနက်ဖြန် သူကြီးရောက်လာရင်တော့ အရင်တစ်ခါလိုဖြစ်ဦးမလားမသိပါဘူးကွာ"

ဟူ၍ ကိုအုန်းမောင်က ညည်းတွားပါသည်။

"ကဲဗျာ မရလည်းဘာတတ်နိုင်မှာလဲ။ သူကြီးရလည်း သူ့ကံပေါ့ဗျာ။ ချမ်းလှပြီပြန်ကြစို့"

ဟု တင်မြင့်က လောလေ၏၊

"ကဲ-ဒါဆိုပြန်ကြမယ်။ အပြန်မှာ အရင်လိုပဲ လူစုခွဲပြီး ရွာထဲဝင်မယ်။ နက်ဖြန်မနက် တွင်းဆေးရက်ဆိုတော့ သူကြီးပါမယ်။ ဒီတော့ ငမုန်းက ရှေ့ကသွက်သွက်သွားပြီး ရေမုန်ဝန်းကျင်နဲ့ ပစ်စာသွန်တဲ့နေရာတွေ ကျောက်ရှိ မရှိ ပြန်ရှာကြည့် ဟုတ်လား။ ညက မျက်စိမှားပြီးသွန်ထားရင်လည်း ပြန်ရှာတာပေါ့ကွာ"

"ဟုတ်ကဲ့ - စိတ်ချပါ တွင်းဆရာ"

ဟု ငမုန်းက ဝန်ခံ၏။

သို့နှင့် သူတို့သည် တိတ်ဆိတ်စွာပြန်ခဲ့ကြပါသည်။ ညအမှောင်ဝယ် လူတို့သွားလာနေကြရာ သူတို့အား မည်သူကမျှ အလေးမထားကြပါ။ ထိုကာလသည် အိမ်လည်သည့်အလုပ်သာရှိသောခေတ်ဖြစ်သောကြောင့် ဖြစ်ပေ၏။

## ▫ ဒုတိယပြကျောက်

"တွင်းဆရာ၊ တွင်းဆရာ"

ငမုန်းက တွင်းမှကြိုကာ အထိတ်တလန့်ခေါ်၏။ သူကြီးမှာ မော်ဟိုက်သဖြင့် ပဝါဖြင့်ချွေးသုတ်နေလေသည်။ တွင်းသားများက ငေးနေ၏။

"ဘာလဲ ငမုန်းရဲ့ မင်းဟာက အထိတ်တလန့်"

"တွင်းခိုးဆေးသွားပြန်ပြီဗျို့။ ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာခြေရာလက်ရာပျက်နေလို့ ရေမုန်ဆီ ပြေးကြည့်တာ။ ညက ခိုးဆေးသွားပြီ တွင်းဆရာရဲ့"

"ဟာ-ဒုက္ခပါပဲကွာ။ ဖြန်းကောင်းတဲ့နေ့မှခိုးဆေးခံရတယ်လို့ကွာ။ ကဲဗျာ- ပေါလ်ကြားတဲ့အတိုင်းပဲ။ ညက ခိုးဆေးသွားပြန်ပြီတဲ့ဗျ"

သူကြီးကား ကွန္ဒြေမပျက်ပေ။ အေးဆေးစွာချွေးသုတ်၍နေ၏။ ပြီးမှ -

"သူတို့ယူသွားလည်းယူသွားပါစေကွာ။ မရှိလို့ခိုးစားကြတာပဲစားကြပါစေ။ ဒါပေမယ့် ငါ့တွက်တော့ ကျန်ဦးမယ် ထင်ပါတယ်။ လာကွာ ရေမုန်ဆီသွားကြည့်ကြစို့"

ဟု ပြောပြီး ရေမုန်ဆီလာခဲ့ကြလေ၏။ ဖယောင်းတိုင်တို့နှင့်မသပ်မရပ် ဆေးသွားသည်ကို တွေ့ရလေ၏။

ကိုအုန်းမောင်တို့သည် ရပ်လျက်ကြည့်နေ ကြ၏။ သူကြီးသည် ရေမုန်ကိုကြည့်ပြီးသည်နှင့် ကျောက်ရှာသောသတ်ခတ်ကိုယူကာ ပစ်စာပုံထဲမွှေ၍ရှာနေလေ၏။

မကြာလိုက်ပါ။လှောက်စာလုံးခန့်ရှိသော ခရစ္စတယ်ပုံဆောင်ခဲ ဗုံတိုနီလာကြီးတစ်ပွင့်ကို တွင်းသမားအုပ်စုလက်ထဲသို့ထည့်၍ကြည့်ခိုင်း၏။ ကိုအုန်းမောင်မှာ တုန်ရင်သောလက်တို့ဖြင့် ကျောက်ကိုဆောင်၍ကြည့်လိုက်၏။ အပြစ်ဟူ၍မရှိပါသော အပြစ်စင်ငေါ် စင်ကျောက်စစ်ကျောက်ကောင်းကြီးတစ်ပွင့်ဖြစ်၍နေလေ၏။ အားလုံးပင် မှင်တက်မိငေးမောကာ စိတ်မကောင်းခြင်းကြီးစွာခံစားကြရလေ၏။

သူတို့၏စိတ်ထဲတွင်မူ -

'ဒီလောက်လှတဲ့ကျောက်၊ ငါတို့ ဘာလို့မမြင်ခဲ့တာလဲ'

ဟူသောအတွေးက နှိပ်စက်လျက်ရှိလေ၏။

"ကဲ-မောင်အုန်းမောင်၊ မြင်တယ်မဟုတ်လား။ ငါ့တွက်တော့ ဒီကောင်တွေ ချန်ထားခဲ့ဦးမှာလို့ပြောသားပဲ။ ဒါပဲကွာ . ခိုးဆေးတဲ့ကောင်တွေကို ကျေးဇူးတင်ရမှာပဲ။ အလွယ်တကူရှာတွေ့တာလေ။ ဒါပေမယ့် ဒီကောင်တွေ ဆေးသွားသည်တာက သူ့ပစ္စည်းမှန်း၊ ကိုယ့်ပစ္စည်းမှန်းမသိတာဘဲ။ ကျောက်စစ်ကျောက်ကောင်းဆိုတာ နတ်စောင့်တဲ့ပစ္စည်းကွ။ ထိုက်တဲ့လူကျတော့ ပစ်စာပုံထဲမှာတောင် ပစ်ချမှတ်မွှေလိုက်တာနဲ့ ဒီကျောက်က ပေါ်လာလာတာပဲ။ ဒီကောင်တွေ ကျတော့ ရွေးနက်မှန်းမသိ၊ ကျောက်မှန်းမသိဖြစ်နေမှာပေါ့ကွာ။ ဒီကျောက်ကို နတ်ကရွှေးနက်အဖြစ်ပြလိုက်တာနေမှာ။ ဒီတော့ ပစ်စာထဲပစ်လိုက်တာပေါ့။ ဟော - ငါ့ကျတော့ လင်းခနဲ ရှင်းခနဲပြတယ်လေ။ ဒါပြကျောက်လို့ခေါ်တယ် မောင်အုန်းမောင်ရဲ့။ ကဲကဲ - သွားကြတော့။ တွင်းဆေးဖို့ပြင်ကြတော့။ သူခိုးရွေးပြီးသား သဲဖတ်ထဲက ငါ့အတွက်ရှာလိုက်ဦးမယ်"

ဟု ပြောကာ သဲဖတ်ခုံဆီ လက်ယက်ဝါးတုတ်လေးဖြင့်သွားလေတော့၏။ ကိုအုန်းမောင်တို့အုပ်စု တွင်းတဲဆီပြန်လာကြလေ၏။

❑ မပြစ်မှားဝံ့ကြတော့ပေ

"တွင်းဆရာ"

"xxx"

"တွင်းဆရာ"

"xxx"

"အင်း-တွင်းဆရာစကားတောင်မပြောနိုင်တော့ဘူးဘဲ"

ကြားထောက်နားစခန်းတွင် ကိုယ်စီကျောက်နံရံကိုမှီကာ နားနေကြရာမှ ခပ်ခွာခွာငမုန်းက စကားပြောလို၍ ခေါ်ခြင်း ဖြစ်၏။ သို့သော် ကိုအုန်းမောင်သည် စကားပြောချင်စိတ်မရှိအောင်ဖြစ်နေရလေ၏။ ကိုအုန်းမောင်ကား ဆေးပေါ့လိပ်ခဲကာ နံရံကိုမှီလျက် ငြိမ်ချက်သားကောင်းနေလေ၏။ ထို့ကြောင့် ငမုန်းက စိတ်မရှည်စွာကိုင်လှုပ်လျက် -

"ဟေ့ကောင်တွေ၊ တို့တွင်းဆရာ သတိမှရှိသေးလားမသိဘူး"

ဟု ဆိုလေ၏။

"ဒီကောင်ကွာ၊ ငါဘာမှမပြောချင်ဘူးဟေ့ကောင်။ ဒါတွေဟာ ငါ့ကြောင့်။ ငါဝိသမလောဘကြောင့်ဖြစ်ရတာ"

"ဘာတွေတုံး တွင်းဆရာရဲ့"

"ကျောက်တွေလေကွာ၊ ကျောက်တွေ။ အရင်တစ်ခါဆေးတုန်းက နီလာအစစ်ကြီးနှစ်ဗလီကျော်ကျော်ကို သူကြီးက အချောင်ရသွားတယ်ကွ။ ဟော - ခုတစ်ခါကျတော့လည်း တစ်ဗလီကျော်ကျော်ကျောက်စစ်ကြီးရသွားပြန်တယ်။ အဲဒီကျောက်တွေကနေ ငါတို့ခံစားခွင့် တစ်ပြားမှမရတော့ဘူး။ သူကြီးအတွက် သက်သက်ရသွားတာ။ တကယ်လို့ငါတို့ တွေ့ခိုးမဆေးခဲ့ရင် ဒီကျောက်ကြီးတွေ အပေါ်မှာ ပါတို့အနည်းနဲ့အများ ခံစားခွင့်ရကြမယ်။ ဟော - ခုတော့ အလိုကြီးတာကြောင့် တစ်ပြားမှတောင်ခံစားခွင့်မရကြတော့ဘူး။ ငါ့ရင်မှာပူလောင်နေတယ်ကွာ။ ငါနောင်တရနေတယ်။ မတော်လောဘကြောင့် အားလုံးအခွင့်အရေးဆုံးရှုံးရတာ။ အဲဒါငါ့အပြစ်တွေပါကွာ။ ငါ့အပြစ်တွေပါ"

"အိုဗျာ - ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ တွင်းဆရာရယ်။ အားလုံးက တစ်စိတ်တစ်ဝမ်းတည်းပဲဟာ။ အားလုံးအပြစ်ပါ။ စိတ်ထဲထားမနေပါနဲ့။ ဒါဟာ သင်ခန်းစာပါ။ နောက်နောင်မပြစ်မှားမိအောင် ကျွန်တော်တို့နေကြတာပေါ့။ အခု ကျောက်ကြီးတွေက ကျွန်တော်တို့နဲ့လုံးဝမထိုက်လို့ ပထမကျောက်က မိုင်းသာပြာအသွင်နဲ့ပြတယ်။ ဒုတိယကျောက်ကျပြန်တော့ ရွှေးနက်ပုံစံနဲ့ပြတယ်။ ကျွန်ုပ်တော်တို့ဟာ မဟုတ်တော့ ကျောက်အသွင်နဲ့မပြဘဲ သူကြီးကျမှ ကျောက်အသွင်နဲ့ပြတာလေ။ သူ့ဘုန်းသူ့ကံပေါ့ဗျာ။ စိတ်ထဲထားမနေနဲ့။ နောက်နောင် ဒါမျိုးမဖြစ်ရအောင် ကျွန်တော်တို့ကြိုးစားရမှာပေါ့ ဟုတ်ဖူးလား တွင်းဆရာ"

"ဟား - အင်းပါကွာ။ အင်းပါ။ ကဲ - ဝတ္တရားမကင်းတဲ့တို့တွေ တွင်းဆင်းကြရအောင်"

ဟုပြောကာ တွင်းထဲသို့ဆင်းသွားကြလေ၏။ ထို့နောက်တွင်မူ သူကြီးလူးတွင်းခိုးဆေးခံရသည်ဟူသောအဖြစ်သည် ပြည်သူပိုင်အသိမ်းခံရသည့် တော်လှန်ရေးအစိုးရခေတ်တိုင်အောင် မကြားရတော့ပေ။

တော်လှန်ရေးအစိုးရတက်လာပြီးသောအခါ ၁၉၆၉ ခုနှစ်လောက်တွင် မိုးကုတ်ကျောက်တွင်းများ ပြည်သူပိုင်အသိမ်းခံရသဖြင့် လိုင်စင်တွင်းများလုံးဝရပ်နားရလေတော့၏။

ထိုအခါ သူကြီး၏တွင်းသားများသည် တွင်းမှရသောငွေတို့ဖြင့် မိမိတို့ဒေသတွင် လက်ယာများဝယ်ထားကြရာ လယ်ပိုင်ရှင်တောသူဌေးများအဖြစ်နှင့် ရပ်တည်နိုင်ကြလေ၏။

*ချမ်းမြေ့ကြပါစေ*

နေပြည်ဘော်ကျော်ကျော်စိုး

**ကိုးကား -**

*၂၀၀၃၊ ဧပြီလ၊ သူရဋ္ဌမဂ္ဂဇင်း*
*ရွှေပြည်စိုး(မိုးကုတ်)၏သူကြီးလူး*



www.burmeseclassic.com

www.burmeseclassic.com



(ဒေါ်သနိုက်)

# မောင်မောင်အောင်မြင်း

## တရားရှုမှတ်လေတိုင်း အမေနဲ့ရှာကိုသတိရတယ် (၈)

ဝိပဿနာတရားကို အားထုတ်သောယောဂီသည် သစ္စာလေးပါးတရားကို နားလည် သဘောပေါက် နာယူမှတ်သားပြီးသောအခါမှ တရားစစ်တရားမှန်ကိုသိသွားသည်ဟု နာကြားမှတ်သားခဲ့မိပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော် စက်ဝိုင်းကြီးကို ပာရားပြမွေကထိက ဆရာတော်မှ ရှင်းလင်းဟောကြားတော်မူသည်ကိုလည်း မိမိဉာဏ်မီသလောက် သိရှိလက်ခံယုံကြည်သွားပြီး ဝိပဿနာတရားအားထုတ်ခြင်းသည် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို အမှန်တကယ် ဆိုက်ရောက်သည့် မဂ္ဂင်လမ်းဖြစ်ကြောင်း ယုံကြည်မှုအပြည့်ရှိသွား၍ဖြစ်ပါသည်။ ထိုသို့ ယုံကြည်မှုကြောင့် ဝိပဿနာတရားအားထုတ်ခြင်းကို တစိုက်မတ်မတ်ဖြင့် မဂ္ဂင်လမ်းကြောင်းမှန်ပေါ် စတင်လျှောက်လှမ်းသွားသည်ဟု သုံးသပ်မိပါသည်။

ကျွန်ုပ်သည် အထက်ဖော်ပြပါအတိုင်း လက်ခံယုံကြည်ခဲ့သောကြောင့် ဆယ်စုနှစ်တစ်ခုတိုင်အောင် ဝိပဿနာဘာဝနာအလုပ်ကို ကြိုးစားကျင့်ကြံအားထုတ်လျက်ရှိပါသည်။ ထိုသို့ကြိုးစားအားထုတ်မှုအချိန်ကြာလာသည်နှင့်အမျှ ရတနာမြတ် (၃) ပါးအပေါ်တွင်လည်း ဝိပဿနာတရားအလုပ်မလုပ်မီကထက် ပိုမို ကြည်ညို အားထား ကိုးကွယ်ခဲ့မိပါသည်။ နိဗ္ဗာန်ချမ်းသာကို လမ်းညွှန်ဟောကြားတော်မူခဲ့သည့် မြတ်ဗုဒ္ဓကိုလည်း ကြည်ညိုမဆုံးနိုင်သည့် သဒ္ဓါတရား... ကျွန်ုပ်စိတ်၌ ဖြစ်ပေါ်ခဲ့ပါသည်။ ငါး... သီလကိုလုံခြုံအောင် တတ်နိုင်သမျှ နေ... စောင့်ထိန်းခဲ့ပါသည်။ ယခင်က နံ... တစ်ကြိမ်သာ ဘုရားသောက်တော်ရေ... များ ကပ်လှူပူဇော်ခဲ့ရာမှ ယခုဆို... ည (၇) နာရီတစ်ကြိမ် နေ့စဉ်မ... သောက်တော်ရေချမ်းများကပ်လှူ... လျက်ရှိသည်။ ဥပုသ်နေ့တိုင်း ဘုန်း... ကျောင်းသို့သွားပြီး (၉) ပါးသီလ... မြတ်ကို ခံယူစောင့်ထိန်းခဲ့ပါသည်...

ကျွန်ုပ် အာစိဏ္ဏကံယောဂီအ... ဝိပဿနာဘာဝနာတရားအလုပ်... နေသည့် မကွေးမြို့ ကျောင်းထိုင်... သင်တန်းကျောင်းတွင် ဥပုသ်နေ့...



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးကိုယ်တိုင် သီလမပေးမီ ဝိပဿနာတရားကို အကျဉ်းမျှဟောကြား တော်မူပါသည်။ ဥပုသ်နေ့တိုင်း ဥပုသ်သည် ယောဂီတစ်ရာကျော်မျှရှိနေပြီး အခါကြီးရက်ကြီးဆိုလျှင် ပိုမို များပြား လျက်ရှိပါသည်။

ယခင်က နံနက် (၅) နာရီအိပ်ရာ ထ ဘုရားရှိခိုး၊ သောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများကပ်၊ မေတ္တာပို့၊ တရားရှုမှတ်ခြင်း စသည်များလုပ်ခဲ့သည် ကို ကျွန်ုပ်ပြန်လည်ဆန်းစစ်မိသည့်အခါ မြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်း၊ နံနက်ဆွမ်းများ ကပ်လှူခဲ့ခြင်းမရှိဘဲ လူက နံနက်(၆)နာရီကျော်လျှင် လက်ဖက်ရည် သောက်၊ မုန့်စား၊ ထမင်းကြမ်းစားကြပြီး အိမ်ရှင်မက နံနက်စာချက်ပြုတ်ပြီးသည့် နံနက် (၉) နာရီခွဲခန့်မှသာလျှင် ဘုရား အား ဆွမ်းများကပ်သည်ကို တွေးခဲ့မိပါ သည်၊

ထို့ကြောင့် ကျွန်ုပ်မှ အိမ်ရှင်မ အား -

"လူက မိုးလင်းတာနဲ့ နံနက်စာ ရင်စားကြပြီး . အိမ်အပေါ်ထပ်က ဘုရားကိုတော့ ထမင်း၊ ဟင်းကျက်တဲ့ နံနက် (၉) နာရီခွဲလောက်မှ ဆွမ်းကပ် ကြတာ တို့အိမ်ကဘုရား အရုဏ်ဆွမ်း ကပ်ပေးရတာ နှစ်တွေတောင်အတော် ကြာနေပြီ"

ဟု ပြောခဲ့ပါသည်။

ထို့ကြောင့် ထိုပြောသည့်နေ့မှစပြီး နေ့တိုင်း ဘုရားကို နံနက်စောစော အရုဏ်မုန့်ဆွမ်းများကို ကပ်လှူပူဇော် လျက်ရှိပါသည်။

ဗုဒ္ဓက အလှူတကာ့အလှူတွင် တရားအလှူက အမြတ်ဆုံးဖြစ်သည်ဟု ဟောကြားတော်မူခဲ့သဖြင့် ကျွန်ုပ်သည် ဓမ္မဟောဓမ္မကထိကပင့်ပြီး ဓမ္မပူစာ ပွဲကြီး လူအများ တရားနာကြားနိုင် အောင် မပြုလုပ်နိုင်ခဲ့သော်လည်း ယခု ကျွန်ုပ်ကိုယ်တိုင် ဝိပဿနာတရားကို ယုံကြည်ဆည်းပူးပြီး မိမိသိရှိနားလည် သလောက် မျှဝေပေးနိုင်ခြင်းသည်လည်း တရားအလှူဟု ခံယူထားမိပါသည်။ ထိုအချက်အရ ယခုလို ဘာသာရေး ဆောင်းပါးများကို ရေးသားနေခြင်း ဖြစ် ပါသည်။

ကျွန်ုပ်၏ မွေးရပ်ဇာတိမြေက ဧရာဝတီတိုင်းဒေသကြီး ဝေါမြို့နယ် စိုင်တီစု ကျေးရွာ ဖြစ်ပါသည်။ အသက်(၁၄)နှစ် အရွယ်တုန်းက ရန်ကုန်မြို့သို့ အစ်ကို တစ်ယောက်ထံ ခေါ်ဆောင်မှ ပညာသင်ကြားပေးရန် ခေါ်ယူခဲ့သဖြင့် ဇာတိရပ်ရွာနှင့်ခွဲခဲ့ရပါ သည်။ ကျွန်ုပ်တို့ရွာက လယ်လုပ်၊ ငါး ရှာ၊ ဖားရှာအလုပ်ဖြင့် အသက်မွေးဝမ်း ကျောင်း ပြုကြပါသည်။ ကျွန်ုပ်လည်း (၁၄) နှစ်သားအထိ ရွာတွင် နွားကျောင်း ရင်း ငါးရှာ၊ ဖားရှာအလုပ်ကို လုပ်ကိုင် ခဲ့မိပါသည်။ ယခု ဝိပဿနာအလုပ်ကို လုပ်နေသည့်အချိန်၌ ဟိုယခင် ရွာတွင် နေခဲ့စဉ်က မိမိလုပ်ကိုင်ကျူးလွန်မိခဲ့ သော အကုသိုလ်ဆိုးများ စိတ်၌ မကြာ မကြာပေါ်ခဲ့မိပါသည်။ ရွာက လက်ရှိ သက်ကြီးရွယ်အိုများကိုလည်း ဝိပဿနာ တရားများ ရှုမှတ်ပွားများစေချင်မိပါ သည်။

ကျွန်ုပ်သည် ၂၀၀၈ ခုနှစ်က မိမိ မွေးရပ်မြေသို့ သွားရောက်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆွမ်း စားကျောင်းဆောက်လုပ်နေသဖြင့် အခန်း တစ်ခန်းစာ အလှူငွေကို ဆရာတော်ထံ လှူဒါန်းခဲ့ပါသည်။ ဝတ္ထုငွေကပ်လှူပြီး နောက် ကျွန်ုပ်မှ ဆရာတော်အား -

"ဆရာတော်ဘုရား၊ တပည့်တော် လည်း မကွေးမြို့၌ ဝိပဿနာတရား အလုပ်ကို လုပ်ကိုင်နေပါသည် ဘုရား။ ရွာကလူတွေကိုလည်း ဝိပဿနာတရား အလုပ်ကိုလုပ်စေချင်မိပါသည်။ ယခု ရွာက အမျိုးသမီးတချို့ တခြားမှာရှိနေ သည့် တရားစခန်းများသို့ သွားရောက်ပြီး ဘာဝနာအလုပ်ကိုလုပ်နေသည်ကိုလည်း သိရပါသည်ဘုရား။ တပည့်တော်တို့ရွာ က ငါးရှာ၊ ဖားရှာ အကုသိုလ်သိုလ်နဲ့ လည်းမကင်းပါဘူးဘုရား။ ဒါကြောင့် ဆရာတော်ရဲ့ကျောင်းမှာ တရားစခန်း ဖွင့်နိုင်အောင် ဆောင်ရွက်ပေးစေချင်ပါ သည်ဘုရား"

ဟု လျှောက်တင်ခဲ့မိပါသည်။

ဆရာတော်မှ တရားစခန်းဖွင့် လျှင် အိမ်သာ၊ ရေချိုးခန်း စသည်များ လိုမည်ဖြစ်ကြောင်းရှင်းပြပါသည်။ ဆရာ



တော်မှ ဆက်လက်ရှင်းပြရာ ဝေါမြို့မှ ဆရာတော်၏ သူငယ်ချင်း ဘုန်းကြီး တစ်ပါး ရွာကိုရောက်ခဲ့စဉ်က -

"မင်း ကျောင်းမှာ တရားစခန်းဖွင့် ရင်သိပ်ကောင်းမှာ။ တိတ်ဆိတ်ငြိမ်သက် နေတာပဲ။ တို့မြို့မှာက ဆိုင်ကယ်သံ၊ ကားသံတွေနဲ့ဆူနေတာပဲ"

ဟု ပြောခဲ့ကြောင်း ရှင်းလင်းပြော ပြပါသည်။ ကျွန်ုပ်လည်း ဆရာတော်မှ အခက်အခဲများကို ပြန်လည်ရှင်းလင်း ပြောဆိုသဖြင့် ဘာမှဆက်မလျှောက် တင်ခဲ့တော့ပါ။ ရှင်းပေးနိုင်စွမ်းမရှိသဖြင့် ရွာက သက်ကြီးရွယ်အိုများအတွက် စိတ်မကောင်းရုံသာဖြစ်ခဲ့မိပါသည်။

ကျွန်ုပ်သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဇာတိရပ်ရွာသို့ ရောက်သွားပါ သေးသည်။ ဘုန်းကြီးကျောင်း၌ ကထိန် ပွဲနှင့် ဆုံနေသဖြင့် ဆရာတော်နှင့် အေးအေးဆေးဆေးစကားပြောခဲ့ရခြင်း မရှိပါ။ ဆရာတော်နှင့် အခွင့်ကြုံလျှင် တရားစခန်းကိစ္စ ထပ်မံလျှောက်ထားဦး မည်ဟု ကြံရွယ်အားခဲသွားခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပါ။ မကွေးကျောင်း ထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ဝါတွင်း ကာလ နေ့တရားစခန်းများဖွင့်လှစ်ပြီး ယောဂီများ မိမိထမင်းချိုင့်နှင့် အိမ်မှ နံနက် (၉) နာရီခွဲခန့် အရောက်လာကြ ရပြီး နေ့တရားစခန်းကို ညနေ (၅) နာရီ အထိ တရားထိုင်ပြီး မိမိအိမ်သို့ပြန်ရ သည့်သာကေကို တင်ပြလျှောက်ထား ၏။ ထိုသို့ ဆရာတော်မှ လုပ်ပေးနိုင်လျှင် လုပ်ပေးပါရန် တင်ပြလျှောက်ထားရန် ကြံရွယ်သွားခဲ့ပါသည်။

ကျွန်ုပ်၏ မိဘနှစ်ပါးသည် ထိုရွာ၌ ကွယ်လွန်သွားခဲ့ကြသလို ကျွန်ုပ်၏ အစ်ကိုကြီးနှင့် အစ်ကိုလေးတို့လည်း အသက် (၇၀) ကျော်၊ အသက် (၉၀) ကျော်ဖြင့် ကွယ်လွန်သွားခဲ့ကြပါသည်။ ဝိပဿနာတရားများကို နာယူမှတ်သား ကျင့်ကြံပွားများသွားနိုင်ခဲ့ခြင်း မရှိပါ။ ယခု ကျွန်ုပ်ကိုယ်တိုင် ဝိပဿနာတရား အလုပ်ကို လက်တွေ့လုပ်နေရသဖြင့် ကျွန်ုပ်၏ဇာတိရပ်ရွာမှ သက်ကြီးရွယ်အို များကိုလည်း ဝိပဿနာတရားများနာယူ မှတ်သား ကျင့်ကြံပွားများ အားထုတ် စေလိုသည့်ဆန္ဒများ ကျွန်ုပ်၏ရင်၌ဖြစ် နေမိပါသည်။ ရွာ၌ တရားစခန်းရှိနေ လျှင် အခြားမြို့ရွာများသို့ သွားရောက် တရားရှုမှတ်ရန် မလိုတော့ပါ။ ရွာမှ လူငယ်များလည်း အကျင့်စာရိတ္တတွေ ကောင်းလာမည်ဟုထင်ပါသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com

တော့ အရက်သောက်၊ ငါးရှာ၊ ဖားရှာ၊ အကုသိုလ်အလုပ်များကိုသာ မနားမနေ လုပ်နေကြသည်ကို တွေ့နေရလေသည်။ ဓမ္မအသိများ ဝေးမြဲဝေးနေကြဆဲဖြစ်ပါသည်။

အမှတောင့်မှ သီလစောင့်နိုင်သည်မှန်သော်လည်း အကုသိုလ်ဒုစရိုက်အလုပ်များကိုသာ လုပ်ကိုင်နေသမျှ အကုသိုလ်သမားတို့ သွားရာလမ်းကိုသာ သံသယခရီးတစ်လျှောက်လုံးသွားနေကြရမည်ကို မအိုမီ၊ မနာမီ၊ မသေမီ သိသွားပါက ဆင်ခြင်နိုင်စရာများကို ဓမ္မအသိဖြင့် ဆင်ခြင်သွားနိုင်ဖွယ်ရှိပါသည်။ ဝိပဿနာတရားအလုပ်ကို တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီမျှ လုပ်သွားနိုင်ပါက ထိုဘာဝနာကုသိုလ်က ၎င်းတို့သွားရာနောက်သို့ အရိပ်မပါလိုက်ပါ အကျိုးပေးနေမည် ဖြစ်ပါသည်။ ထိုအသိကို ကျွန်ုပ်၏ ရပ်ရွာမှ ပုဂ္ဂိုလ်များသိစေချင်မိပါသည်။ ယခုတော့ သူတို့မှာ ဒါနနှင့် သီလလောက်ကိုပင် မနည်းကြိုးစားလုပ်နေကြရပါသည်။

ကျွန်ုပ်၏ မွေးရပ်မြေ၌ တရားစခန်းလေးအကောင်အထည်ပေါ်ပေါက်ရန် ကျွန်ုပ်မသေမီ ကြိုးစားအားထုတ်သွားရန် ဆုံးဖြတ်ထားပါသည်။ ရွာမှ ဦးစီးဦးဆောင်လုပ်နိုင်သည့် သက်ကြီးရွယ်အိုများကိုလည်း ကျွန်ုပ် ဉာဏ်မီသလောက် ရှာဖွေကြည့်မိပါသည်။ သူတို့လည်း မိရိုးဖလာဒါနနှင့် သီလလောက်သာ ပြုလုပ်နေသည်ကိုသာ တွေ့ရပါသည်။ ဝိပဿနာတရားကို သဘောပေါက် နားလည်သူမှသာလျှင် ဆရာတော်ကို မကြာခဏ တင်ပြလျှောက်ထားနေလျှင် ထိုတရားစခန်း အနေးနှင့်အမြန်ပေါ်ပေါက်လာလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်နေမိပါသည်။ ရွာမှ အခြားမြို့နယ်များသို့ တရားစခန်းသွားဝင်ကြသူများမှာလည်း အသက် (၅၀) ကျော် အမျိုးသမီးများကိုသာ တွေ့ရပါသည်။ ထိုအမျိုးသမီးများမှလည်း ဆရာတော်ကို တင်ပြလျှောက်ထားဝံ့သော အမျိုးသမီးများ မဟုတ်ကြပါ။

ဝိပဿနာတရားများ ဆွေးနွေးပြောဆိုရာတွင်လည်း ဝိပဿနာတရားသမားအချင်းချင်းသာလျှင် ဆွေးနွေးပြောဆိုလို့ရပါသည်။ ဝိပဿနာတရားအခြေခံမရှိသူများကို ဝိပဿနာတရားစကားပြောနေပါက ဘိုးတော်ကြောင်ဟုပင် နောက်ကွယ်၌ ပြောကြပါလိမ့်မည်။ ကျွန်ုပ်လည်း သစ္စာလေးပါးမသိ၊ ရုပ်မသိ၊



နာမ်မသိ၊ ပညတ်မသိ၊ ပရမတ်မသိမီက ထိုနည်းနှင့်ရှိခဲ့ပါသည်ဟု ဝန်ခံပါသည်။ ယခု ဝိပဿနာတရားအလုပ်ကို တကယ့်လက်တွေ့လုပ်နေသည့်အချိန်၌ ငါ အသက် (၄၀) ကျော်၊ (၅၀) ကျော် အရွယ်လောက်ကတည်းက ဒီတရားကို လုပ်ခဲ့ရမှာဟု မိမိကိုယ်မိမိ အပြစ်တင်နောင်တရနေမိပါသည်။

ကျွန်ုပ် တရားစခန်းစတင်ဝင်စဉ်ကတည်းက ဟောကြားပို့ချသည့် တရားများကို မှတ်စုဖြင့် လိုက်လံရေးသားမှတ်သားခဲ့ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သည့် တရားစာအုပ်ပေါင်း (၃၀) ကျော်ကိုလည်း ငှားယူဖတ်ရှု၍ ထိုနည်းအတူ တရားအနှစ်သာရများကို အကျဉ်းချုပ်ရေးမှတ်ခဲ့ပါသည်။ ရည်ရွယ်ချက်က ကျန်းမာရေးမကောင်းသည့်အချိန်၊ အိပ်ရာထဲမှ မထနိုင်သည့်အချိန် ထိုမှတ်စုများကို အိပ်ရာဘေးထားပြီး တရားနှလုံးသွင်းရန် ရည်ရွယ်ချက်ဖြင့် ဖတ်ရှုနေမည်ဟု စိတ်ကူးဖြင့်ရေးမှတ်နေခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်မှတ်မိသမျှ လှူဒါန်းခဲ့မှုများကိုလည်း ကုသိုလ်မှတ်တမ်းစာအုပ်၌ ရေးသားထားပြီးဖြစ်ပါသည်။ မသေမီကြိုတင်ပြင်ဆင်ထားခြင်းလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တရားရှုမှတ်နေသည့်အခါ ဝိပဿနာတရားကို အားမထုတ်သွားနိုင်ခဲ့သော ကျွန်ုပ်၏ ဖခင်ကို သတိရနေမိပါသည်။ အမေ့ကိုတော့ သတိမရခဲ့ပါဟု ကျွန်ုပ် ရိုးသားစွာ ဝန်ခံပါသည်။ အမေ့ကိုသတိမရခြင်းမှာ ကျွန်ုပ်ကိုမွေးပြီး ကျွန်ုပ်အသက် (၁) နှစ်သားလောက်မှာ အမေဖြစ်သူ ကွယ်လွန်သွား၍ အမေ့ကို မြင်ခဲ့ဖူးခြင်းမရှိသဖြင့် သံယောဇဉ်မတွယ်မိခြင်း ဖြစ်မည်ဟု ကျွန်ုပ်ထင်မိသည်။ အဖေက အသက် (၉၃) နှစ်အထိနေသွားခဲ့ရသဖြင့် အဖေ့ကိုတော့ သံယောဇဉ်တွယ်နေမိခြင်းဖြစ်မည်ဟုထင်သည်။ သို့သော် မွေးမေကျေးဇူးကိုတော့ မေ့နိုင်စွမ်းမရှိခဲ့သဖြင့် ယနေ့တိုင် နံနက်ဘုရားရှိခိုးပြီးတိုင်း ကွယ်လွန်သွားရှာသည့် မိဘနှစ်ပါးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ရှိခိုးဦးချလျက်ရှိနေပါသည်။ အဖေ့ကိုသာမက ရွာမှ ဆွေမျိုးများနှင့် အသက်အရွယ်ကြီးသူများကိုလည်း ကျွန်ုပ် အမြဲသတိရနေမိသည်။ သူတို့အား ဝိပဿနာတရားထူးတရားမြတ်ကို သိရှိနားလည်စေချင်သည်။ ကျင့်ကြံပွားများအားထုတ်စေချင်သည်။ ရွာမှ အထူးသဖြင့် ဘဝနေဝင်ချိန်ရောက်နေကြသူများအားလုံးတို့သည် အသက်အရွယ်ငယ်စဉ်ကာလက တံငါတောမှာပျော်ခဲ့ကြသူများဖြစ်၍ ထိုသူတို့၏ နေဝင်ချိန်ဘဝကို ကျွန်ုပ် စိုးရိမ်နေမိပါသည်။

တစ်ခါတစ်ရံတော့ ဟင်္သာတ ထွန်းရင် သီဆိုထားသည့် 'အမေနှင့်ရွာကိုလွမ်းသည်' သီချင်းကဲ့သို့ ကျွန်ုပ်လည်း တရားရှုမှတ်ပွားများနေသည့်အချိန်၌လျှင် 'အဖေနှင့်ရွာကိုသတိရသည်' ဟု ဆိုရလေမလားမသိ။ အဲဒီလိုသတိရနေပါလျှင် သီလပတာပရာမာသသံယောဇဉ်များဖြစ်နေမိမလားဟု ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြန်လည် ဆန်းစစ်မိသည်။ ထို 'သီလပတာပရာမာသသံယောဇဉ်' ဆိုသည်မှာ မိဘများခေါင်းချရာနေရာကို စွဲလမ်းမှု၊ မိမိမွေးရပ်ဇာတိမြေကိုစွဲလမ်းမှုဟု ကျွန်ုပ်တို့ အာစိဏ္ဏကပြုလုပ်နေသည့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ဆရာတော်ဘုရားကြီးမှ ယောဂီအားလုံး သိစေရန်ဟောကြားတော်မူခဲ့သည်ကိုနားလည်မှတ်သားမိခဲ့၍ ထိုသို့ ဆန်းစစ်မိခြင်းဖြစ်ပါသည်။

ထိုသို့ ဆင်ခြင်မိသည့်အခါ ကျွန်ုပ် ဝိပဿနာဉာဏ်ဖြင့် အဖေနှင့် ရွာကို ကြည့်မိသည်။ အဖေလည်း မတွေ့၊ ဇာတိရပ်ရွာကိုလည်း မတွေ့ခဲ့မိ။ ထို့ကြောင့် ကျွန်ုပ် ပညတ်ကို ဉာဏ်ဖြင့် ပယ်လိုက်သည့်အခါ ရုပ်နှင့်နာမ်ကိုသာ တွေ့ရပါသည်။ မြတ်စွာဘုရားဟောကြားခဲ့သည့် ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရ နှလုံးသွင်းဆင်ခြင်လိုက်မိသည့်အခါတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင် ကျွန်ုပ်ဉာဏ်အမြင်မှာ တွေ့မြင်နေရတော့သည်။

မောင်မောင်အောင်မင်း(...)



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းစရာ မြို့စလင်း

သို့မဟုတ်

## စလင်းရွှေကျောင်းတော်၊ လောကမှန်ကင်းကျောင်းတိုက်ကြီး၊ ရှင်ပင်ကုသိနာရာမ-ရွှေပြည့်အေးဘုရားနဲ့ ဗုဒ္ဓဝင်ပန်းချီကားများကိုအားမြင့်(မဟာဝိဇ္ဇာ၊ ရေး-သှု)



စလင်း ရွှေကျောင်းတော်မှ စေတီ၊ ကျောင်းနဲ့ဆင်းတုတော်များ

စလင်းမြို့ နရပတိစည်သူလမ်းမကြီးပေါ်က တည်းခိုအိမ်ရဲ့အရှေ့ လမ်းတစ်ဖက်မျက်စောင်းထိုးလောက်မှာတော့ သူကောင်းမျိုး ဦးစိန်ရိုး (ကိုလိုနီခေတ်မြို့အုပ်တစ်ဦး၏မှတ်တမ်း ဆောင်းပါးရှည်ကြီးကို သူရဇ္ဇမဂ္ဂဇင်းမှာ အနောက်ဘုံခါးမှုးမောင်မှုးအမည်နဲ့ လစဉ်ရေးနေတဲ့ လူဝင်မှုကြီးကြပ်ရေးအရာရှိဟောင်း)ရဲ့ အိမ်ဝိုင်းများစွာထဲကဝိုင်းကြီးတစ်ခုရှိပါတယ်။ စလင်းမြို့နဲ့သူကောင်းမျိုးတွေအကြောင်းကတော့ ခွဲမရနိုင်တဲ့ လွမ်းမောဖွယ်ဇာတ်လမ်းတွေအပြည့်နဲ့ပါ။ အဲဒီဦးလေးဦးစိန်ရိုးတို့အိမ်ဝိုင်းကြီးရဲ့နောက်ဘက်နားဆီမှာတော့ စလင်းဈေးရှိပါတယ်။

စလင်းမြေကို စတင်ရောက်ရှိပြီးခြေချမိတဲ့မနက်မှာပဲ ဈေးရှေ့က သစ်ပင်တန်းအုပ်အုပ်ကြီးတွေရဲ့အရင်းက လမ်းဘေးဆိုင်လေးမှာ မုန့်ပျားသလက်ဝယ်ပြီး လက်ဖက်ရည်ဆိုင်သွားကြတယ်။ ပဲစေ့လေးတွေနဲ့လုပ်ထားတဲ့ဆန်မုန့်ကို ကြာဖတ်ဝိုင်းဝိုင်းနဲ့ထုပ်ပေးလိုက်တာလည်း သဘောကျမိရဲ့။ ဒီကြာဖတ်တွေကိုတော့ စလင်းရဲ့မြို့ဂုဏ်ဆောင် ဝက်သည်းကန်





စလင်းမင်းသမီးကုသိုလ်တော်ဘုရား



စလင်း ရွှေကျောင်းတော်မှ စေတီ၊ ကျောင်းနဲ့ဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com



စလင်း၊ ရွှေကျောင်းတော်မှ စေတီ



စလင်းမြို့ကျက်သရေဆောင် ရှင်ပင်ကုသိနာရာမ (ရွှေပြည်အေး) စေတီ



စလင်းမြို့ကျက်သရေဆောင် ရှင်ပင်ကုသိနာရာမ (ရွှေပြည်အေး) စေတီ

ကြီးထဲကနှူးခဲ့ကြတာဖြစ်မယ်။ရှေးဟောင်း
တိုက်အိုကြီးတစ်ခုရှေ့မှာ ဖွင့်ထားတဲ့
လက်ဖက်ရည်ဆိုင်ကလည်း စိတ်ဝင်စား
စရာပါ။ အဲဒီဆိုင်မှာ စမူဆာကောင်း
တယ်ဆိုလို့ စမူဆာပါစားကြည့်လိုက်
သေးတယ်။ နေ့လယ်စာကိုတော့ ဒေသ
ထွက် ဝက်သည်းကန်ထဲက ပိတ်စွယ်
ဟင်း၊ ဝါခူပင်ပေါက်၊ ဘူးသီးဟင်းချိုတို့
နဲ့ စားခဲ့ရတယ်။

စလင်းမြို့မှာ ဘုရားစေတီတွေ
ဘုန်းကြီးကျောင်းတွေလည်း ပေါများလှ
ရဲ့။ စေတီပုထိုးတော်ပေါင်းတစ်ထောင်
ကျော်ရှိပါသတဲ့။ မြို့ရဲ့ဘုန်းကြီးကျောင်း
တွေမှာ အသားကျောင်း၊ အုတ်တိုက်
ကျောင်း (၆၀) အပြင် သစ်ထွင်းပန်းပုချ
လုံးရုပ်ကြွတွေ၊ ပန်းခက်ပန်းနွယ်တွေနဲ့
တန်ဆာဆင်ထားတဲ့ကွမ်း(၅)ဆင့်ကျောင်း
တော်ကြီး (၁၂) ကျောင်းတောင်ရှိ နေပါ
တယ်။'စလင်း-ပန်းပု၊ စကု-ပန်းချီ' ဆို
သလို ရုပ်စုံကျောင်းကြီးတွေလို လက်ရာ
ကောင်းပြီး လှပအနုပညာမြောက်တဲ့
ရုပ်စုံကျောင်းကြီးတွေလည်း ဝင့်ကြွား
ထည်ဝါစွာရှိနေရဲ့။ ရက်သတ္တနှစ်ပတ်
လောက် စလင်းမှာနေထိုင်ခဲ့ရတဲ့ကာလ
တွေမှာ ဘုရားပုထိုးနဲ့ ရှေးဟောင်းသမိုင်း
ဝင်နေရာတွေဟာ လေ့လာလို့မနိုင်
အောင်ပါဘဲ။ သမိုင်းဝင်စေတီပုထိုးတွေနဲ့
အတူ ဘုန်းကြီးကျောင်းတွေများပေမယ့်
ရပ်ကွက်အလိုက် သူ့လ၊ သူ့ရက်နဲ့သ
ခွဲဝေတာဝန်ယူပြီး ဆွမ်းသပိတ်လောင်း
လှူပွဲတွေကို တစ်နှစ်ပတ်လုံး ကျင်းပနေ
ကြလို့ မြို့နေရဟန်းသံဃာတွေအတွက်
ဆွမ်း၊ ကွမ်း အဆင်ပြေခဲ့ကြပါတယ်။
အခြားသော ဘာသာဝင်၊ နိုင်ငံခြား
သာသနာပြုတွေ စလင်းကိုရောက်လာ
ပြီး အခြေချမယ်ကြံရင်လည်း အဲဒီထ
အရုဏ်ဆွမ်း၊ နေ့ဆွမ်းတွေကို မပြတ်
မလပ်ရအောင် လှူဒါန်းသလို သံဃာ
တော်တွေကိုလည်း မြို့လူထုက ကျောင်း
ကြီးကျောင်းခိုင်တွေနဲ့ တရိုတသေ
တလေးတစား ကိုးကွယ်ပူဇော်ထားတာ
မြင်ရလို့ မကြာခင်မှာပဲ စလင်းမြေက
အလိုလျောက် ဆုတ်ခွာသွားတတ်ကြ
သတဲ့။ ဒီလိုနဲ့ ဗုဒ္ဓသာသနာတော်ဟာ
စလင်းမြေမှာ အမြစ်ခိုင်ခိုင်တွယ်လို့နေပါ
တော့တယ်။

ကဆုန်လပြည့် ညောင်ရေသွန်း
တော်နေ့ ညနေ (၄) နာရီခွဲလော
အညာနွေရဲ့ ပူပြင်းလှတဲ့ နေမင်းအ
အဝါတွေစတင်ညှိုးချိန်မှာတော့ အ
ကြီးလှတဲ့ စလင်းရဲ့ ညောင်ရေသွန်း




www.burmeseclassic.com

www.burmeseclassic.com




ရှင်ပင်ကုသိနာရာမဘုရားခန်းအတွင်းက ဆင်းတုတော်





စလင်းမြို့ကျက်သရေဆောင် ရှင်ပင်ကုသိနာရာမ (ရွှေပြည်အေး) စေတီ



စလင်းမြို့ကျက်သရေဆောင် ရှင်ပင်ကုသိနာရာမ (ရွှေပြည်အေး) စေတီ


တော်ကျင်းပရာ ကုသိနာရုံဘုရားဆီကို ည်းခိုအိမ်ကနေ လမ်းလျှောက်သွား ကြတယ်။ လမ်းပေါ် တစ်လျှောက်မှာ တော့ ဆင်အက၊ ဇော်အက၊ လိပ်အက တဲ့ ဖျော်ဖြေရေးအဖွဲ့တွေကပြနေသလို ပေါင်းစုံထိုးစိုက်ထားတဲ့ပန်းအိုးတွေ၊ ောင်ရေလောင်းဖို့ မြေအိုးလေးတွေ ရင်း ကဆုန်ညောင်ရေသွန်းပွဲတော် ချီတက်နေကြတာမို့ ကြိတ်ကြိတ်တိုး ားနေရဲ့။ လမ်းဘေးမှာရပ်ကြည့် ကြသူတွေ၊ ဘုရားအုတ်တံတိုင်းတွေ၊ တွေ၊ ကျောင်းတွေ၊ အိမ်တွေ၊ င်တွေပေါ်မှာတက်ပြီး ပွဲကိုရပ်ကြည့် ကြသူတွေကလည်း တစ်ပုံကြီးပေါ့။ ော်ဆိုင်ကယ်တဖုံးဖုံးခေတ်ပေမို့ ယ်တွေကိုလည်း မနည်းရှောင်နေ ရ။

မကွေးတိုင်းဒေသကြီး စလင်း ဖောင်းလင်းကျေးရွာအုပ်စု ်သင်း မြို့မကျောင်း ဇော်ဂျီယိမ်း လို့ ဗိုနိုင်းဆိုင်းဘုတ်ကြီးနဲ့ ဇော် အကအဖွဲ့ကတော့ လူကြိုက်များပြီး အလွန်လည်း ကျော်ကြားပါတယ်။ ဒေါက်ခြာဆောင်း ရသေ့တစ်ပါး၊ အဝတ်ဖြူဝတ် ဖော့ဦးထုပ်ဖြူဆောင်း ဘိုးသူတော်တစ်ဦး၊ ဇော်ဂျီ(၁၄)ယောက် တို့နဲ့ ယိမ်းလိုကပြရင်း ပွဲတော်ကွင်းဆီ ကိုချီတက်လာကြတာမို့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှတယ်။ အရပ်ဝတ်နဲ့သီချင်းတိုင်ပေး တဲ့ ယိမ်းဦးစီးလူကြီးတွေက 'လေး-လေး -လေး-လေး မောင်တို့မောင်တို့၊ မောင်




www.burmeseclassic.com

www.burmeseclassic.com



စလင်းမြို့ကျက်သရေဆောင် ရှင်ပင်ကုသိနာရာမ (ရွှေပြည်အေး) စေတီ



ရှင်ပင်ကုသိနာရာမဘုရားခန်းအတွင်းက ဆင်းတုတော်များ



စလင်း လောကမှန်ကင်းကျောင်းတိုက်ကြီး

တို့ မောင်တို့ လေး-လေး-လေး-လေး' လို့ ဩသံပေးလိုက်၊ အကအဖွဲ့သားတွေက 'ဇော်ကိုတုလို့ ဝါနေပါတယ်၊ ဂျီကိုတုလို့ဝါနေပါတယ်၊ ဝါမကြွားနဲ့××× ဇော်ဂနီ -ဇော်ဂနီ တိုင်းလုံးကျော်တဲ့ ဇော်ဂနီဗျ၊ မောင်တို့၊ မောင် တို့' စသဖြင့် သံပြိုင်ဆိုကြပြီး မြူးကြွထိမိလှတဲ့စာသားတွေကို အားပါးတရ သံပြိုင်သီဆိုဟစ်ကြွေးရင်း ကပြနေကြတာပါ။ သီဆိုတဲ့ သီချင်းစာသားတွေကလည်း မြန်မာဆန်ဆန်နဲ့ မြိုင်ဆိုင်ကောင်းမွန်လှပါတယ်။ ကြေးနောင်၊ မောင်း၊ ဒုတ် (ဇော်ဂျီကိုင်တောင်ဝှေး) ရိုက်ခတ်သံတွေသုံးပြီး ကပြရလို့ အတော့်ကို ကြည့်ကောင်းလှသလို စည်စည်ဝေဝေနဲ့ စေးစေးပိုင်ပိုင်ရှိလှပါတယ်။

ဇော်ယိမ်းအဖွဲ့သားတစ်ဦးဖြစ်တဲ့ ဘိုးသူတော်ကလည်း လက်ထဲက လင်းကွင်းလေးကို တီးကာတီးကာ အဖွဲ့ရှေ့ကအသံတိုင်ပေးသလို ရသေ့ကြီးကလည်း စိပ်ပုတီးကြီးတယမ်းယမ်းနဲ့ အဖွဲ့ကိုပန်းပြီး ရှေ့ဆီကိုသွားလိုက်၊ နောက်ကို ပြန်ပြီးစောင့်ခေါ် လိုက်နဲ့ပါ။ မောင်းသံတဒူဒူကြားမှာ ဇော်ဂျီတွေကလည်း တောင်ဝှေးကို ကတ္တရာလမ်းမြေအပြင်မှာ အသံတဒေါက်ဒေါက်မြည်အောင် ထောက်လိုက်ကြ၊ ဘယ်လက်တွေမှာကိုင်ထားတဲ့တောင်ဝှေးတွေကို ညာလက်မှာ ကိုင်ဆောင်ထားတဲ့ တစ်ပေသာသာ တုတ်တိုလေးနဲ့ တဒုတ်ဒုတ်ရိုက်လိုက်ကြမို့ သူ့စည်းချက်နဲ့သူဟုတ်လို့ပါပဲ။ အဖွဲ့သားဇော်ဂျီတွေကလည်း တောင်ဝှေးကို ပခုံးမှာထမ်းလိုက်၊ ဝှေ့ယမ်းလိုက်၊ လူကို တစ်ပတ်လှည့်ကလိုက်၊ မောင်းသံလေး တဒူဒူပေးလိုက်နဲ့ တစ်အုပ်ကြီးကရင်း ရှေ့ကိုတိုးတိုးသွားလိုက်၊ ပြန်ပြန်ဆုတ်လိုက်မို့ ကရင်းချီတက်၊ ချီတက်ရင်းက နေကြသလိုပါ။ လမ်းဘေးမှာရပ်ကြည့်နေတဲ့ပရိသတ်တွေကလည်း အားပါလာပြီး ဆုတော်ငွေတွေကို ဇော်ဂျီတွေဆီ လာလာချိတ်ပေးကြရဲ့။ ဒါမျိုးဇော်ဂျီယိမ်းကို အဲဒီဖောင်းလင်းတစ်ရွာထဲမှာပဲ ကလေ့ရှိပြီး သူတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု တစ်ရပ်လည်းဖြစ်ပါတယ်။ ဆွေစဉ်မျိုးဆက်ထိန်းသိမ်းကပြရတဲ့ ဒြပ်မဲ့ယဉ်ကျေးမှု (Intangible Culture) ရဲ့ လက်ဆင့်ကမ်းရိုးရာအမွေအနှစ်တစ်ရပ်ပါ။ ဒီအဖွဲ့ကို ရှိုင်းဟုတ်ကုမ္ပဏီကလည်းဌားရမ်းပြီး ဖြေဖျော်စေခဲ့ဖူးပါသတဲ့။ SkyNet ရုပ်သံ အစီအစဉ်ကနေလည်း ရိုက်ကူးတင်ဆက် ပေးဖူးတယ်လို့ဆိုပါတယ်။ ကိုင်းကျေ



www.burmeseclassic.com

www.burmeseclassic.com

ပြည်ကျော်တွေ့ပေ့။

အနောက်တံခါးမှူး မောင်မှူးရဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာတော့ (စလင်းမြို့၌ နယ်ပိုင်ဝန်ထောက်တာဝန်ထမ်းဆောင်ခဲ့သောဦးဝင်းမောင်သည် ရန်ကုန်မြို့ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အတွင်းဝန်ကလေးအဖြစ် တာဝန်ထမ်းဆောင်ရသောအခါ ဘောင်လင်းရွာမှ ပုဂံခေတ်က အစဉ်အလာ ရိုးရာမပျက်ကခဲ့သော ဇော်ဂျီယိမ်းကို ယဉ်ကျေးမှုဌာနမှ ပညာရှင်များအား လာရောက်၍ လေ့လာစေခဲ့ပါသည်။ လယ်ပြင်ကျောင်းမှ ကင်းဝန်မင်းကြီး၏ ဝေါဟာရလည်း လယ်ပြင်ကျောင်းဆရာတော် ဦးကုသလအား လျှောက်ထား တောင်းပန်ပြီး အမျိုးသားပြတိုက်၌ထားရှိသဖြင့် ယနေ့တွေ့မြင်နိုင်ပါကြောင်း) လို့ မှတ်ချက်ပေး ရေးသားထားတာ ဖတ်ရဖူးပါတယ်။

လမ်းဘေးတစ်နေရာ 'လက်တောလမ်း'ရဲ့ထိပ်ဘက်ကပ်လျက်နားမှာတော့ တည်ဆောက်နေဆဲဖြစ်တဲ့ ဆင်ရုပ်ဖြူဖြူကြီးတွေပတ်ပတ်လည်ရံနေတဲ့ ခပ်ဝိုင်းဝိုင်းသာသနိကအဆောက်အအုံကြီးတစ်ခုကို တည်းတွေ့လိုက်ရတယ်။အဲဒီအဆောက်အအုံအပေါ်ကမှ စေတီပေါက်မယ်ထင်ရဲ့။ အင်း - ဒီလိုနဲ့ပဲ စလင်းဟာ စေတီဘုရားတွေနဲ့ပေါကြွယ်ဝတဲ့ မြို့တစ်မြို့ အဖြစ်ကို ဆက်လက် တိုးမြှင့်ထိန်းသိမ်းသွားတာဖြစ်မှာပါ။


**စလင်းရဲ့ညောင်ရေသွန်းပွဲတော်**

ညောင်ရေသွန်းပွဲတော်ကျင်းပရာ ဆောင်ညောင်ပင်ဆီကိုသွားဖို့ ကုသိနာရုံဘုရားဂန္ဓကုဋိတိုက်ကို ဖြတ်ခဲ့ရပါတယ်။ ညောင်ရေသွန်းဖို့ ဦးခေါင်းပေါ်မှာရွက်ဆောင်း သယ်လာကြတဲ့ မြေအိုးလေးတွေမှာတော့ ရေတွေမဖိတ်စဉ်ရလေအောင် အပေါ်ကနေ ကြာဖတ်ဝိုင်းဝိုင်းလေးအုပ်ပြီး အိုးမှာစည်းနှောင်ထားကြရဲ့။

**သိပ္ပမောင်ဝရဲ့အညာဘုရားပွဲ**

ညောင်ရေသွန်းတဲ့အစီအစဉ်ပြီးတဲ့အခါ ပွဲဈေးကိုလျှောက်ကြတယ်။ အတော်လေးကို စည်ကားပြီး ရပ်ရွာအသီးသီးက ဒေသထွက်ကုန်ပစ္စည်းတွေကိုခင်းကျင်းရောင်းချနေကြပါတယ်။ ဂန္ထလောကမဂ္ဂဇင်း (၁၂၉၅ ခု၊ သီတင်းကျွတ်လမှာ ထုတ်ဝေဖြန့်ချိ) မှာ သိပ္ပမောင်ဝ ရေးခဲ့တဲ့ 'အညာဘုရားပွဲ' ဟာ စလင်းဝင်ရွှေပြည်အေး (ကုသိနာရုံ)ဘုရားပွဲပါတဲ့။ သိပ္ပမောင်ဝက (အညာတွင်ဘုရားပွဲသွားသူတို့သည် မိမိတို့၌ ရောင်းရန်ရှိသော အရာဝတ္ထုများကို ယူဆောင်သွားကြပြီးလျှင် ဆိုင်များခင်းကျင်း၍ ရောင်းချကြလေသည်။ တစ်ဦးတွင်ပါလာသောပစ္စည်းကို တစ်ဦးကဝယ်နှင့် ပစ္စည်းများကို ဘုရားပွဲ၌ ဖလှယ်လေ့ရှိကြသည်။ အညာဘုရားပွဲကား ဘုရားပွဲနှင့် ဈေးကိုတွဲ၍ထားသောကြောင့် တစ်လကိုးသီတင်း စည်ကားလေ့ရှိသည်) လို့ ရေးခဲ့ပါတယ်။ (စလင်းကုသိနာရုံဘုရားပွဲတော်ကား ကဆုန်လဆန်း ၈ရက်၊ ၉ရက်မှစ၍ လပြည့်ကျော် ၉ ရက်၊ ၁၀ ရက်တိုင်အောင် စည်ကားလေသည်) လို့လည်း ဖော်ပြထားရဲ့။ လှည်းအစီးပေါင်း (၆၀၀) ကျော် ပွဲတော်ဆီ ရောက်လာကြပြီး နှစ်ပတ်ကျော်ကြာကျင်းပကြတဲ့ပွဲဖြစ်ပါတယ်။ မြန်မာပြည်အထက်အောက်က ကုန်ပစ္စည်းတွေရောင်းချရာ ကုန်စည်ဖလှယ်ရာဖြစ်လို့ ဒီနေ့ခေတ်'ဈေးပွဲတော်' လိုပါပဲ။

ယနေ့ခေတ်မှာတော့ ဖာတ်ခဲ့တွေ



**စလင်း ကုသိနာဘုရားဘေးက ညောင်ရေသွန်းရာ**



**စလင်းမြို့သူများရဲ့ ညောင်ရေသွန်းပွဲတော်အပြင်အဆင်များ**



www.burmeseclassic.com

www.burmeseclassic.com


လည်းသွင်းပြီး နာမည်ကြီးအဆိုတော်တွေ၊ နိုင်ငံကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေပါ လာရောက် ဖြေဖျော်ကြပါတယ်။ ပွဲဈေးတန်းကြီးကလည်း အုတ်အုတ်သည်းသည်းနဲ့ ရွာကြီးတစ်ရွာလို စည်ကားလှရဲ့။ နယ်လှည့်ဈေးသည်တွေ၊ မြို့ခံနယ်ခံဈေးသည်တွေရဲ့ ရောင်းကုန်တွေကလည်း အမျိုးအစားစုံလင်ပ့ါ။ ဒယ်အိုး၊ ဒန်အိုး၊ စဥ့်အိုး၊ မြေအိုး၊ အင်တုံ၊ ဝါးနဲ့ရက်တဲ့ တောင်းပလုံး၊ စကော၊ ဆန်ခါ၊ ဇွန်း၊ ပန်းကန်၊ ငရုတ်ဆုံ စတဲ့ မီးဖိုချောင်သုံးတွေ၊ သနပ်ခါး၊ နံ့သာဖြူ၊ ကရမက်၊ ကျောက်ပျဉ်၊ ဖျာ၊ သင်ဖြူး၊ ပလတ်စတစ်ပစ္စည်း၊ စတီး(လ်)ပစ္စည်း စတဲ့ အိမ်သုံးကုန်တွေ၊ အထည်အလိပ်၊ ဘောင်းဘီ၊ ပုဆိုး၊ အင်္ကျီ၊ လွယ်အိတ်၊ ကျောပိုးအိတ်၊ ဦးထုပ်၊ ဖိနပ် စတဲ့ ဝတ်ဆင်စရာတွေ၊ စလင်း-ကရေကရာ၊ စလင်း-မုန့်ညှင်းဇာ၊ မြေပဲယို၊ နှမ်း၊ ပြောင်း၊ ကြက်သွန်၊ ငရုတ်စတဲ့ စားသောက်စရာတွေစုံလို့ပါ။ အဲဒီလိုစုံလင်လှလို့လည်း 'ပျိုခင်၊ လိုချင်တာပြော၊ ကဆုန်လ၊ အကုန် ရမည်သဘော'လို့တောင် စာချိုးရှိသတဲ့။

စလင်းမြို့ခံ ကဗျာဆရာ စလင်း-ငွေးကြည်ကတော့ အဲဒီပွဲဈေးရဲ့သရုပ်သဏ္ဌာန်ကို -

□ *လှည်းတန်းကြီးက ရာကျော်ထောင်ကျော်၊ ပွဲဈေးတန်းက တစ်မျှော်တစ်ခေါ်၊ ထွန်တုံးထွန်သန်၊ ပြောင်းဆန်၊ ဆေးရိုး၊ ကုန်မျိုးစုံစွာ၊ သူ-ငါဝယ်ရ၊ စည်ကားလို့ပျော်၊ ဦးဦးဒေါ်ဒေါ်၊ ကိုကိုမမ၊ လာကြလာကြ၊ ထာဝရဖိတ်ခေါ်၊ ရွှေစလင်းရဲ့ နွေမင်း သည်ပွဲတော်*

လို့ တေးသီစပ်ဆိုကာ သီကုံးခဲ့ပါတယ်။

ရုပ်ဝေး၊ ရုပ်နီးဘုရားပွဲလာတွေက ကုသိနာရုံဘုရားဝင်းထဲမှာရော အနီးအပါးက ရွှေမြင်တင်ကျောင်း၊ မှန်ကင်းကျောင်း၊ လက်တောကျောင်းနဲ့ ညောင်နှစ်ပင်ကျောင်းဝိုင်းတွေမှာ စတည်းချနေကြရဲ့။ မန်ကျည်းပင်၊ ကုက္ကိုပင်၊ ထနောင်းပင်၊ တမာပင်ကြီးတွေအောက်မှာလည်း နေရာယူထားကြပါတယ်။အချို့ကတော့ ပွဲဈေးတန်းကဆိုင်တွေမှာပဲ အိမ်လုပ်နေကြတယ်။ သူရဋ္ဌမဂ္ဂဇင်းမှာ မကြာခဏဆောင်းပါးတွေရေးရေးနေတဲ့ဆရာတော် ဦးစန္ဒိမာ-စလင်းရဲ့ ကျောင်းဝင်းထဲမှာတောင် ဈေးသည်တွေရဲ့ ရောင်းကုန်တွေနဲ့အပြည့်ပါ။




ရှင်ပင်ကုသိနာရာမဘုရားမှ အဖိုးတန်အနုလက်ရာ ဗုဒ္ဓဝင်ပန်းချီကားများ



www.burmeseclassic.com

www.burmeseclassic.com

ညောင်ရေသွန်းပွဲတော်နေ့ကတော့ ဒီရှင်ပင်ရွှေပြည်အေးဘုရားကြီးကို ပွဲခင်းသာပရိသတ်တရှန်းရှန်းနဲ့မို့ အေးအေးဆေးဆေးမဖူးခဲ့ရ၊ မလေ့လာခဲ့ရပေမယ့် နောက်တစ်နေ့ နေ့လယ်ခင်း နေပူပူမှာတော့ အရိပ်ခိုရင်း ရောက်ရှိသွားခဲ့ရပြန်ပါတယ်။ အမှန်က အဲဒီနေ့ မနက်ပိုင်းက စလင်းရဲ့ နာမည်ကျော် ကျောင်းတစ်ကျောင်းဖြစ်တဲ့ ရွှေကျောင်းကိုသွားကြတာပါ။ သူကောင်းမျိုးတွေဖြစ်တဲ့ ဦးညို-ဒေါ်တု၊ သမီး မယ်တုတ်အိုနဲ့ ဦးမန်တို့ရဲ့ ရွှေကျောင်းတော် ဖြစ်ပါတယ်။ ကိုယ်တို့က စလင်းသားမဟုတ်ပေမယ့် ဆရာတော်မိန့်ကြားနေတဲ့ အကြောင်းအရာတွေမှာ သူကောင်းမျိုးရိုးဖြစ်တဲ့ ဦးပန်၊ ဒေါ်တုတ်အို၊ မယ်နှင်း၊ ယယ၊ မမနဲ့ ရေးရေးဆိုတဲ့အမည်တွေကို စလင်းသားတွေမကြာခဏပြောကြဆိုကြ၊ စလင်းနဲ့ဆိုင်တဲ့ စာတွေပေတွေမှာဖတ်ရမို့ နားထဲမှာစိမ်းမနေပါဘူး။ အဲဒီ ရွှေကျောင်းတော်ကျောင်းဆောက်စဉ်က ကျောင်းတိုင်ထူရာမှာလည်း လူစုလူဝေးနဲ့ထူရတော့ ကိုလိုနီခေတ်ဖြစ်လို့ မြို့မှာတပ်စွဲနေတဲ့ စစ်ဘာရီတွေပါ မြို့ထဲဝင်လာပြီး ကျောင်းဆောက်ရာမှာ သူတို့ပါ ဝိုင်းကူတိုင်ထူပေးသွားကြတယ်လို့ ပြောစမှတ်ပြုခဲ့ကြရဲ့။ ရွှေကျောင်းဒကာမျာဖြစ်ကြတဲ့ သူကောင်း ဦးပန်နဲ့ ဒေါ်တုတ်အိုတို့ဟာ ၁၂၇၁ ခုမှာတော့ အုတ်ကျောင်းအမိုးကို သွပ်ပြားများနဲ့ ပြန်လည်ပြုပြင်မိုးပေးခဲ့ပါတယ်။



ရှင်ပင်တုသိနာရာမဘုရားမှ အဓိုးတန်အနုထက်ရာ ဗုဒ္ဓဝင်ပန်းချီကားများ

၁၉၆၇ ခုနှစ် (၁၃၂၉ ခုနှစ်) မှာ စလင်းမြို့မှာ စကုကျောင်းကြီးမီးလောင်တာနဲ့တစ်ဆက်တည်း မီးသင့်လောင်ပြီး ရွှေကျောင်းကြီးလည်း မီးထဲပါသွားခဲ့ပါတယ်။ ရွှေဇဝါယွန်းတိုင်လုံးတွေနဲ့ ရွှေပိန်းချကျောင်းကြီးပေါ့လို့ လက်ရှိရွှေကျောင်းဆရာတော်ကပြောပြတော့ ယနေ့ အခုလက်ရှိ သစ်သားကျောင်းလေးရဲ့ အောက်ထပ်ကတိုင်လုံးတွေကိုလည်း ရွှေပိန်းတွေချထားတာ သတိထားလိုက်မိပြီး ရှေးကရွှေကျောင်းကြီးကို အမှတ်ရအောင် စတိုလုပ်ထားတာဖြစ်မယ်လို့ တွေးမိသွားတယ်။ ရှေးခေတ်ဟောင်းအလွမ်းပြေပေ့ါ။

ရွှေကျောင်းအပေါ်ထပ် ဘုရားဆောင်မှာတော့ သစ်လုံးကြီးတစ်လုံးထဲကိုထွင်းထုထားတဲ့ မတ်ရပ်ကိုယ်တော်ဆင်းတုကြီးရှိတယ်။ ဦးခေါင်းတော်ထက်မှာ ကြာဖူးလုံးကြီးရှိပြီး အထက်ကိုချွန်တက်နေပါတယ်။ မျက်လွှာတော်ချထားပြီး နားတော်များက ပခုံးကိုထိနေတယ်။ လက်တော်နှစ်ဖက်ကို တံတောင်ဆစ်ကွေးကနေ ရှေ့ကိုဆန့်ထုတ်ထားပြီး ဘယ်လက်ဝါးတော်ကို အပေါ်လှန်ထားကာ ညာလက်ဝါးတော်ကို မှောက်ထားတယ်။ ရင်ဘတ်တော်ပေါ်မှာ သင်္ကန်းတော်အတွန့်အကွေးတွေ ဘာမှမရှိဘဲ လက်တော်နှစ်ဖက်ကနေ တစ်ဆက်တည်းဆင်းကျသွားတဲ့ သင်္ကန်းတော်ရဲ့ အောက်နားတွေက ကားထွက်နေရဲ့။ အသားထည်ကျောင်းရဲ့ ခေါင်းရင်းဘက်က အုတ်တိုက်လေးမှာလည်း ခုလိုပဲ သစ်တစ်လုံးထွင်းမတ်ရပ်ဆင်းတုတော်တစ်ဆူရှိသေးပြီး အဲဒီတစ်ဆူမှာတော့ လက်နှစ်ဖက်ကိုဆန့်တန်းကာ ဘေးသို့ချထားကာ သင်္ကန်းတော်ကို ဘယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com

ပခုံးထက်ကနေ ရှေ့ကိုအပြားလိုက်ချထားပါတယ်။


ဆရာတော်က ဆွမ်းဘုဉ်းရင်း သိလိုသမျှတို့ကို ဖြေကြားပါတယ်။ ပြီးတော့ ဘုန်းကြီးတွေဝိုင်းသိမ်းတာနဲ့ ကိုယ်တို့အဖွဲ့ကိုလည်း ထမင်းကျွေးပါတယ်။ ဒါတင်မက သူ့ရွှေကျောင်းကနေ လောကမှန်ကင်းတိုက်ကျောင်းကို ခရီးဆက်ကြတော့လည်း 'နေပူပါတယ်ဗျာ' ဆိုပြီး သူကိုယ်တိုင် သူ့ကားနဲ့လိုက်ပါပို့ပေးပြီး လောကမှန်ကင်းကျောင်းက ဘုန်းကြီးတွေနဲ့လည်း မိတ်ဆက်ပေး၊ သိလိုသမျှလည်း သူပါဝင်ရောက် ရှင်းလင်းပြသပေးခဲ့ပါသေးတယ်။

၂

## လောကမှန်ကင်းတိုက်ကျောင်း

လောကမှန်ကင်းတိုက်ကျောင်းဟာ စလင်းမြို့ရဲ့အရှေ့မြောက်ထောင့်အရပ်မှာရှိပါတယ်။ စလင်းကိုရောက်စနေ့ ညနေပိုင်းထဲက ဒေါ်ရောင်ရေသွန်းပွဲတော်ဆင်နွှဲရင်း သွားရောက်ခဲ့ဖူးတဲ့ ကုသိနာရုံ(ရွှေပြည်အေး)ဘုရားနဲ့ ဘုရားပွဲဈေးနောက်ကပ်လျက်လေးမှာ တည်ရှိနေတာပါကလား။ ပွဲဈေးက ဈေးသည်တွေမှ နွေနေပူပူမှာ၊ လောကမှန်ကင်းကျောင်းဝန်းကျင်မှာ တုံးလုံးပက်လက်တွေအိပ်နေကြရဲ့။ ဩော် - မြန်မာနိုင်ငံမှာတော့ ပြည်သူပြည်သားတွေနဲ့ ဘုန်းကြီးတွေ၊ ဘုန်းကြီးကျောင်းတွေဟာ ခွဲမရအောင်ကို ထွေးရောယှက်တင်ပါလား။ ဘုန်းကြီးကျောင်းတွေဟာ လူထုအတွက်နားခိုရာ၊ ပညာသင်ကြားရာ၊ အားကိုးအားထားပြုစရာ လျှုတန်းပျော်ရွှင်ကြည်မွေ့စရာနေရာတွေပေါ့။

စစ်အတွင်းမှာ ဗုံးထိသွားခဲ့ရတဲ့ လောကမှန်ကင်းတိုက်ကျောင်းကြီးဟာ အတော်ကြီးတဲ့ နှစ်ထပ်ကျောင်းကြီးပါ။ အောက်ထပ်ရောအပေါ်ထပ်ပါ အခန်းတွေဟာအတော်မြင့်ရဲ့။ ကျောင်းကြီးက မားမားသွန်းသွန်းရှိရတဲ့အပြင် လှေကားရှစ်ထစ်တက်ရတဲ့ အောက်ခံအုတ်ခုံမြင့်ကြီးပေါ်မှာ တည်ဆောက်ထားလို့ ပိုမြင့်နေပါတယ်။ တိုက်ကြီးရဲ့ ဆင့်တန်းတွေကိုလည်း ထုထည်ကြီးတဲ့ သံတန်းကြီးတွေနဲ့ပစ်ပြီး ဆောက်လုပ်ထားတာပါ။ ပြတင်းပေါက်ကြီးတွေ၊ လူဝင်ပေါက်ကြီးတွေကလည်း ကျယ်ဝန်းကြီးမားလှပြီး သံတိုင်တွေ၊ သစ်သားတရုတ်ကပ်တံခါးရွက်တွေ တပ်ဆင်ထားပါတယ်။ အုတ်သားနီနီကြီးတွေ၊ အချွန်အတက်၊




ရှင်ပင်ကုသိနာရာဘုရားမှ အမိုးတန်အနယ်လက်ရာ ဗုဒ္ဓဝင်ပန်းချီကားများ

အပြောက်အမွမ်းမျိုးစုံနဲ့ တန်ဆာဆင်ထားတဲ့ အဝါရောင်အင်္ဂတေပန်းတွေ၊ တိုင်ထိပ်ပန်းတွေဟာ အတော့်ကို ခံ့ညားလှပရဲ့။ အပေါက်မထားတဲ့ အခန်းနံရံတွေရဲ့အပြင်ဘက် အုတ်ကွက်တွေမှာတော့ ပလ္လင်တော်တံကဲပုံတွေကို အင်္ဂတေပန်းနဲ့ အသေးစိတ် ဖော်ကျူး အလှဆင်ထားတော့ ပိုပြီးထည်ဝါနေပါတယ်။ တိုက်ကျောင်းကြီးရဲ့အမိုးပတ်လည်ဟာ ပန်းကုံးတွေနဲ့ သရဖူဆောင်းထားသ အရစ်လိုက်လှပနေပါသေးရဲ့။

မှန်ကင်းကျောင်းအလယ်တို ကျောင်းကြီးရဲ့ခြေရင်းဘက် အထ နှဖူးစည်းမှာ ခုနှစ်သက္ကရာဇ်တစ် အင်္ဂတေနဲ့ အကြွရေးထိုးထားပေ (၁၃၀) ပဲပေါ်ပြီး နောက်ဆုံးဂဏန်း ပျက်နေရဲ့။ ၁၃၀၃ လား၊ ၁၃၀၀ ပြ အလွန် ဆယ်စုနှစ်အတွင်း ပါ



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရေသွန်းပွဲတော်ကို အကအလှ တွေနဲ့ ချီတက်ပူဇော်နေကြတဲ့ စလင်းသားများ






စလင်း ကုသိနာရုံဘုရားပွဲဈေးတန်းက မြန်မာ့ရိုးရာကစားစရာများ

…ားရင်း ဒီတိုက်ကျောင်းကြီးကိုတော့ …ကောင်း-ဦးအောင်ကြီး၊ သူကောင်းမ- …မကြီးတို့က ၁၃၀၃ ခုနှစ်မှာ …ောက်လုပ်လှူဒါန်းခဲ့တာသတိပြုမိပြီး ၁၃၀၃ ခုက အမှန်ဆိုတာ သိလိုက်ရပါတယ်။

လောကမှန်ကင်းတိုက်ကျောင်းကြီးမှာ အမိုးနဲ့ အခင်းမရှိတာကလွဲလို့ အင်္ဂတေသားတွေက အကောင်းကြီးမို့ စလင်းမြို့ 'အနုပညာပြတိုက်ကြီး' လုပ်မယ်ဆိုရင် သီးခြားအဆောက်အအုံ တစ်ခုထပ်မဆောက်တော့ဘဲ ဒီကျောင်းကြီးကိုပဲ ပြုပြင်မွမ်းမံပြီး ပြတိုက်လုပ်သင့်တယ်လို့ မြို့ခံတွေကိုအကြံပေးမိတယ်။ စလင်းမြို့ရဲ့ ယခုတိုင် ကြွယ်ဝစွာ ကျန်ရှိနေသေးတဲ့ စာတိုက်ကြီးတွေ၊ ယွန်းထည်၊ သစ်သားပန်းပုထည်၊ ပေစာ၊ ကျောက်စာ၊ ဆင်းတုရုပ်တုတော်တွေကို ပြထားလိုက်ရရင်လို့ မျက်စိထဲမြင်ယောင်ပြီးလည်း ကြည်နူးနေမိပါရဲ့။ ကျောင်းအရှေ့ကပ်လျက်မှာ သစ်သားထည်ဇရပ်သေးသေးလေးကိုလည်း သစ်သားပန်းပု၊ ပန်းဆွဲတွေ၊ သစ်သားကနုတ်ပန်းဖော်လက်ရန်းတွေနဲ့ ဆောက်လုပ်ထားပြီး ဦးပဥ္စင်းလေးတွေအိပ်နေကြပါတယ်။ လောကမှန်ကင်းတိုက်ကျောင်းကြီးရဲ့ခြေရင်းဘက်ထောင့်မှာ အင်ကြင်းပင်ကြီးတစ်ပင်ကလည်း ပင်စည်မှာ အပွင့်တွေဝေလို့ပါ။

## ❑ လောကမှန်ကင်းကျောင်းတိုက်ကြီး

လောကမှန်ကင်းတိုက်ကျောင်းခြေရင်းက အုတ်တိုက်ခံသစ်သားဘုန်းကြီးကျောင်းကြီးကို ဝင်ရောက်လေ့လာကြတယ်။ ကျောင်းတိုက်ကြီးအလှူရှင်တွေရဲ့ဓာတ်ပုံဝါကြင်ကြင်တွေ၊ ကျောင်းအလှူမှတ်တမ်းဓာတ်ပုံတွေကို သစ်သားတိုင်ကြီးတွေမှာ ချိတ်ဆွဲထားတယ်။ ဆင်ဖြူတော်ရုပ်ကြီးမှာ ထီးဖြူတွေမိုးလို့ ကရဝိက်ဖောင်ပေါ်မှာ ပြာသာဒ်တွေဆောက်ပြီး ခင်းကျင်းထားတာလည်းပါရဲ့။ ဓာတ်ပုံများကပြောသောသမိုင်းပေါ့။

လောကမှန်ကင်းကျောင်းတိုက်ကြီးကို (တေဇိန္ဒာဘိဉာဏ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တေဇိန္ဒာ သီရိပဝရဉာဏသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု) ဘွဲ့တံဆိပ်နှစ်ထပ်ရ ဆရာတော်ဦးတေဇကို မြို့သူကြီး ဦးကြီးနဲ့ ဒေါ်မိတို့က လှူဒါန်းခဲ့ပါတယ်။ ဘတ္တရာဇာဘွဲ့ခံ ဦးကြီးနဲ့ ငါးစဉ်ကျောင်း ဒါယကာဦးတိုးရဲ့ဇနီး မယ်ကြီးညိုတို့ဟာ မောင်နှမအရင်းတွေဖြစ်ကြပါတယ်။

ခေတ်အဆက်ဆက် ရှေးဟောင်းဘုရားဆင်းတုတော်အကြီး၊ အသေးမျိုးစုံကို သစ်သား၊ ကျောက်၊ ကြေး၊ ယွန်းစတဲ့ ပြုလုပ်ပစ္စည်းမျိုးစုံနဲ့ ထုလုပ်သွန်းလုပ်ထားတာတွေကိုလည်း ဂိုဒေါင်တစ်ခုမှာထည့်ထားသလို အများအပြားမြင်ခဲ့ရတယ်။ လက်ရာကောင်းလှတဲ့ ကနေ…



www.burmeseclassic.com

www.burmeseclassic.com

ပန်းအပြောက်အမွမ်းတွေနဲ့ သစ်သား ပရိဘောဂအဟောင်းတွေ၊ မှန်တင်ခုံ၊ ဘုရားကျောင်းဆောင်တွေလည်းအတော် များရဲ့။ ဒါတောင် မီးဘေး၊ ခိုးဝှက်သူ ဘေး၊ ဖျက်ဆီးသူဘေးက ကြွင်းကျန်နေ တာနော်။ ဟိုးကျောင်းအမတို့တစ်ခေတ် တုန်းကဆိုရင်ဖြင့် ဘယ့်ကလောက်များ ပြားထည်ဝါလိုက်မလဲ။


## ၁ ပိဋကတ်တိုက်

လောကမှန်ကင်းတိုက်ကျောင်းရှေ့ မှာတော့ ပိဋကတ်တိုက်လေးရှိပါတယ်။ ၁၃၃၅ ခုနှစ်မှာ ပြုပြင်ထားတာဆိုပေ မယ့် အတော်သစ်လွင်နေရဲ့။ ပိဋကတ် တိုက်ထဲမှာ ပေပုရပိုက်သေတ္တာကြီးတွေ ရှိတယ်ဆိုပေမယ့်လည်း ဘာပေစာ၊ ပုရပိုက်စာနဲ့ကျောက်စာမှမမြင်ခဲ့ရပါဘူး။ ရှေးဆင်းတုတော်အချို့နဲ့ သစ်သား ပရိ ဘောဂအချို့ပဲရှိပါတယ်။ ပိဋကတ်တိုက် ရဲ့ကျောဘက်ကပ်လျက်မှာကော့ ကုသိ နာရုံဘုရားပွဲဈေးဆိုင်တွေပေါ့။ ကုသိနာ ရုံမှာ နှစ်စဉ်ပဲ ကဆုန်လရောက်တိုင်း ဘုရားပွဲကြီးကို ဇာတ်ပွဲတွေ၊ ဘုရားဈေး တွေနဲ့ ကြီးကျယ်ခမ်းနားစွာ တစ်လ ကိုးသီတင်း ကျင်းပမြဲမို့ပါ။

## ၂ ရှင်ပင်ကုသိနာရာမ သို့မဟုတ် ရွှေမြည် အေးဘုရား

ပွဲဈေးတန်းတွေထဲကို တိုးဝင်ပြီး ကုသိနာရုံဘက်ကူးခဲ့ကြတယ်။ ရှင်ပင် ကုသိနာရာမလို့ အမည်ရှိခဲ့တဲ့ ရွှေမြည် အေးဘုရားရဲ့ ဘုရားတန်ဆောင်း၊ ဇရပ် အားလုံးမှာ ပွဲဈေးကဈေးသည်တွေ၊ မိသားစုတွေနဲ့ ကလေးတွေဟာ အတုံး အရုံးအိပ်ပျော်နေကြရဲ့။ ဖိနပ်ကိုင်ရင်း သူတို့ကြားမှာ လူတွေကိုမနင်းမိအောင် ကျော်ခွပြီးဝင်ခဲ့ရတယ်။ ကုသိနာရာမ ဆင်းတုတော်ကြီးစံရာ ဂန္ဓကုဋိတိုက် နောက်ကျောထိုင်တော်မူဆင်းတုတော် တွေ အများကြီးစီတန်းရှိနေတဲ့ တန်ဆောင်း ကို အရင်ရောက်ပါတယ်။ အဲဒီကနေမှ မှန်စီရွှေချထားတဲ့ အာရုံခံတန်ဆောင်း ဘက်ကိုကူးကြတယ်။ ကုသိနာရုံမှာ ပင်မ စေတီနဲ့အတူ စေတီအရံပေါင်း (၅) ဆူ လည်း ရှိပါသေးတယ်။

မှန်စီရွှေချဂန္ဓကုဋိတိုက်ထဲမှာတော့ ကုသိနာရာမဆင်းတုတော်ကြီးကို မှန်ခန်း နဲ့လှောင်ထားပြီး မှန်ခန်းကိုတော့ မှန်တူ ကွက်တွေ၊ ရွှေဇဝါယွန်းတိုင်တွေနဲ့ တန်ဆာဆင်ပူဇော်ထားပါတယ်။ ဆင်းတု တော်ကြီးရှေ့မှာတော့ စံပယ်ပန်းတွေနဲ့ အမျိုးမျိုးသောပန်းတွေ တစ်ပုံတစ်ပင်





စထင်းမြို့သူများရဲ့ ညောင်ရေသွန်းပွဲတော်အပြင်အဆင်များ


စထင်းမြို့သူများရဲ့ ညောင်ရေသွန်းပွဲတော်အပြင်အဆင်များ



www.burmeseclassic.com

www.burmeseclassic.com

သွားထားကြတယ်။

ကုသိနာရုံဘုရားကို ကောဇာနှစ် ၁၂၀၄ ခုနှစ်မှာ အမရပူရနန်းစံ ဘုန်းဘောင်မင်းတရားရဲ့ အမတ် စစ်ကဲတော်ကြီးမင်းနတ်မီးက သူတော်ကောင်းတို့အား နှိုးဆော်ပြီး အရှင်ပုညမထေရ်မြတ်ကို ဦးဆောင်စေကာ တည်ထားကိုးကွယ်စေခဲ့ပါတယ်။ စေတီပရဝုဏ်အတွင်း တန်ဆောင်းတွေမှာ ဗုဒ္ဓဝင်ရုပ်တုများကိုလည်း လှူဒါန်းခဲ့တယ်။

ကောဇာနှစ် ၁၂၃၉ ခုနှစ်တော့ ချက်စီးစပြုနေတဲ့ စေတီနဲ့ တန်ဆောင်းတွေကို မင်းတုန်းမင်းတရားက သမီးတော် စလင်းမြို့စား သုသီရိမြတ်စွာ သုနာဒေဝီ ပင်တိုင်စံမင်းသမီးကို ငွေသား (၄၀၀၀) ထုတ်ပေးရာ စလင်းနယ် ဒူနယ်သားများရဲ့ ငွေဒင်္ဂါးတစ်သောင်းနဲ့ ဦးပေါင်းကာ ဂိုဏ်းချုပ်ဆရာတော် ဦးဉာဏိန္ဒမထေရ်ဦးစီးပြီး မွမ်းမံပြင်ဆင်ခဲ့ပါတယ်။ ပရိနိဗ္ဗာန်ပြုဟန်ရုပ်ပွားတော်ကိုငုံပြီး ညဏ်တော် (၁၀) တောင်ရှိတဲ့ တင်ပျဉ်ခွေဆင်းတုတော်ကိုထုလုပ်လိုက်ပါတယ်။ ကုသိနာရုံဆင်းတုတော်ကိုငုံ (Incased) ပြီး တည်လိုက်တဲ့ ဆင်းတုတော်ဟာလည်း အလွန်သပ္ပာယ်လှတဲ့ ဘူမိဖဿမုဒြာဟန် ဆင်းတုကြီးပါ။ ဒါကြောင့်လည်း အဲဒီဆင်းတုတော်ကြီးရဲ့ ဝမ်းဗိုက်တော်ထဲမှာ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူပုံဆင်းတုတော်ရှိတယ်လို့ အရပ်ထဲမှာလည်း ခုတိုင် တီးတိုးစကားဆိုနေကြတာဖြစ်မယ်။

နောက်ပိုင်းမှာတော့ ကုသိနာရုံဘုရားကို ပိုမိုကျက်သရေရှိပြီး အတိတ်နိမိတ်ကောင်းအောင် ရွှေပြည်အေးဘုရားရယ်လို့ ဘွဲ့တော်သစ်ပြောင်းပေးပြီး ခေါ်တွင်စေခဲ့ပါတယ်။ ကုသိနာရုံဘုရားဆိုတော့ ပရိနိဗ္ဗာန်စံဝင်တာနဲ့ဆိုင်နေလို့ ပိုကျက်သရေမင်္ဂလာရှိအောင် ဘွဲ့မည်ပြင်လိုက်တာလို့ တချို့ကပြောကြရဲ့။ ၁၃၄၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်နေ့မှာ ကုသိနာရုံဘုရားအနီးကစလို့ မီးလောင်ခဲ့ရာမှာ ပုထိုးဖြူရပ်ကွက်နဲ့ မြင်တင်ရပ်ကွက်တို့ မီးသင့်ခဲ့ပေမယ့် ကုသိနာရုံဘုရားကတော့ မီးဘေးက ကင်းလွတ်ခဲ့ပြီး ၁၃၄၂ ခုမှာ ဘွဲ့မည်တော်ပြောင်းခဲ့တာလို့ သိလိုက်ရတယ်။

**□ ရှင်ပင်ကုသိနာရာမဘုရားနဲ့ ဗုဒ္ဓဝင်ပန်းချီကားများ**

ရွှေပြည်အေးဘုရား တစ်ဖြစ်လဲ ကုသိနာရုံဘုရားရဲ့ ဂန္ဓကုဋိတိုက်ပတ်ပတ်လည်အမိုးမှာတော့ ထွင်းထုတန်ဆာဆင်ကာ ဆေးနီခြယ်ထားတဲ့ သစ်သားထုပ်တန်းကြီးတွေက ဂန္ဓကုဋိတိုက်ရဲ့ ဗိသုကာပညာကို ဖော်ပြနေပေမယ့် အချို့သော သစ်သားတန်းတွေဟာ ဆွေးမြည့်ပြီး ပြုတ်ထွက်လုလုရှိနေပါပြီ။ ဒါတွေကျိုးပျက်ကျသွားရင် အရင်ဆုံး ထိခိုက်မှာကတော့ ချိတ်ဆွဲထားတဲ့





စလင်းမြို့ရဲ့ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးများနဲ့ မြန်မာ့ရိုးရာအစားအစာများ



...ဦးစိန်ရိုး (အနောက်တံခါးမှူး ...)နဲ့ စလင်းသူ ညီမငယ်မာလာအောင်



စလင်းမြို့ရဲ့ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးများ



စလင်းမြို့ရဲ့ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးများနဲ့ မြန်မာ့ရိုးရာအစားအစာများ

www.burmeseclassic.com

အင်မတန်လက်ရာကောင်းတဲ့ မန္တလေး ဆရာအေး၊ ရတနာပုံ ဆရာလှတို့ရဲ့ လက်ရာ ဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော် ပန်းချီကားကြီးတွေပါပဲ။ '(ဝိဓူရဇာတ်) ဘုရားအလောင်း ဝိဓူရ အမတ်ကြီးသည် ပုဏ္ဏကထန်လိုက်ရမည်ဖြစ်၍ သားတော်များကို အဆုံးအမပေးသောအခန်း'၊ '(ဝေဿန္တရာဇာတ်) ဘုရားလောင်း ဝေဿန္တရာမင်းသည် သားတော်ဇာလီ၊ သမီးတော် ဂဏှာစိန်တို့ကို စူစကာပုဏ္ဏားအားလှူပြီးသည်ရှိသော် ပုဏ္ဏားသည် ကလေးတို့ကို နှိပ်စက်သောအခန်း'၊ '(စန္ဒကုမာရဇာတ်) စန္ဒကုမာရမင်းသား၏ခမည်းတော်မင်းကို ခဏ္ဍဟာလပုဏ္ဏား အကျောက်ညန်ပေး၍ ဘုရားလောင်းနှင့်တကွ သားသမီးတို့ကို ယစ်စီရင်သောအခန်း'၊ '(မဟာဇနကဇာတ်) ဘုရားလောင်း မဟာဇနကမင်းသည် သမုဒ္ဒရာ၌ သင်္ဘောလွှင့်သည်တွင် လေပြင်းမိသဖြင့် မဏိမေဂလာနတ်သမီး ကယ်တင်သောအခန်း'၊ '(သုဝဏ္ဏသာမဇာတ်) - တောဖြားလွန်သော ပီလိယက္ခမင်းသည် ဘုရားလောင်း သုဝဏ္ဏသာမရသေ့ကို မြှားဖြင့်လွှတ်မိသောအခန်း'၊ (တေမိယဇာတ်) ဘုရားလောင်းတေမိမင်းသည် ဆွံ့အသည်အမှတ်ဖြင့် ခမည်းတော်မင်းကြီးအမိန့်ဖြင့် သုပ်သန်သို့ထုတ်ရာ မယ်ဒေါ်မေးမောသောအခန်း'၊ '(နေမိဇာတ်) ဘုရားလောင်းနေမိမင်းကြီးကို-နတ်ပြည်သို့ပင့်ဆောင်သည်ကို-ပြည်သူအများတို့ကြိမ့်မြှော်ကတော့သောအခန်း'၊ '(မဟောသထာဇာတ်) စူဠဏီမင်းကြီးသည် အခေါ်ပဏီမကသောစစ်တို့ဖြင့် ဥပကာရီမြို့ကိုဝိုင်းလျှင် ဘုရားအလောင်း မဟောသထာသည် များစွာသောပရိယာယ်ဒကာဖြင့်များသောအခန်း'၊ '(ဘူရိဒတ္တဇာတ်) အလံဘာယ်ပုဏ္ဏားသည် ဘုရားလောင်း ဘူရိဒတ္တနဂါးမင်းကို ကစားပြရာ ညီတော် သုဒဿန ရောက်လာ၍ နှမတော်ဘားမအဆိတ်များပြခန်း'၊ 'ဇမ္ဗူပတိမင်းကြီးသည် ဆင်ပေါ်မှမဆင်းမူ၍ နေလျှင် မာဃလုလင်သူငယ်သည် မင်းကြီးကိုဆွဲချ၍ မြတ်စွာဘုရားထန်တော်လွှတ်ခန်း'၊ 'ဇမ္ဗူပတိမင်း၏ စစ်သည်ဗိုလ်ပါအပေါင်းတို့ကို မာဃလုင်သူငယ်က ဆွဲငင်၍ပစ်ချခန်း'၊ '(နာရဒဇာတ်) ရုဇာမင်းသမီးသည် ခမည်းတော် အင်္ဂတိမင်းကြီး၏ ယုံမှားသောအယူကို ပြောစိန်သောငှာ သစ္စာဆိုသဖြင့် ဘုရားအလောင်း နာရဒဗြဟ္မာမင်းသည် ရသေ့အသွင်ဖြင့်''ကြွလာခန်း' စသဖြင့်ပေါ့။

ပုံသရုပ်ဖော်စာတန်းတွေကို ပန်းချီကားကြီးရဲ့အပေါ်မှာ စာလုံးအဝိုင်း ဒါမှမဟုတ် လေးထောင့်ပုံဖြင့် ရေးထားပါတယ်။ စာလုံးပေါင်းတွေကတော့ မှားမှမှားပါပဲ။ ပန်းချီကားများကို ထိန်းသိမ်းပေးခြင်းနဲ့ အတူ စာလုံးပေါင်းအမှန်ကိုလည်း အောက်ဘက်မှာ သီးခြားပြန်လည်ရေးထိုးပြရင် ကလေးတွေအတွက် စာလုံးပေါင်းကိစ္စမှာ အမှတ်မမှားနိုင်တော့ဘူးထင်ရဲ့။ ပုံအချို့ကတော့ မြန်မာပြည်တစ်နံတစ်လျားမှာ တစ်ချိန်သောအခါက ခေတ်စားခဲ့တဲ့ 'ထုံးသုတ်ယဉ်ကျေးမှုကြီး'ကြောင့် ထုံးတွေပေကျံပြီး ပျက်စီးခဲ့ပြီးပါပြီ။

အဲဒီ အာရုံခံတန်ဆောင်းထဲမှာ ၁၂၈၄ ခုနှစ်က မန္တလေး ဆရာအေး (ပုံတူရေးဆရာအေး၊ ဇောတိကုန်းရပ်၊ မန္တလေး) ဆွဲခဲ့တဲ့ နိပါတ်တော်လာ ပန်းချီကားကြီးပေါင်း (၁၄)ချပ်ရှိပါတယ်။ ဇာတ်ကြီးဆယ်ဘွဲ့နဲ့ ဇမ္ဗူပတိချွတ်ခန်းတွေကို သရုပ်ဖော်ထားတာပါ။ သစ်သားဘောင်ခတ်ထားတဲ့ ရှစ်ပေ-သုံးပေ အရွယ် သွပ်ပြားပြောင်ပေါ်မှာ ရတနာပုံခေတ်ဟန်အတိုင်း ဆီဆေးနဲ့ရေးဆွဲထားခဲ့တာပါ။ ခုဆိုရင် နှစ်တစ်ရာသက်တမ်းတောင်နီးနေပေါ့။ ဒါ့အပြင် ဘုရားဝင်းရဲ့မြောက်အရပ်က တန်ဆောင်းပြတိုက်မှာလည်း ပန်းချီဆရာကြီး ဦးချစ်မြ ရေးဆွဲခဲ့တဲ့ သိဒ္ဓတ္ထမင်းသားတောထွက်ခန်း၊ မာရ်နတ်မင်းကိုအောင်တော်မူခန်းနဲ့ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခန်း ပန်းချီကားတွေရှိပါသေးသတဲ့။ ပန်းချီကားတွေကို (၁၂ပေ × ၉ပေ) အရွယ် သွပ်ပြား (၆) ချပ်မှာ ဆက်ပြီးရေးထားတာပါ။ပန်းချီကားတွေရဲ့အောက်ခြေတွေမှာတော့ ဆရာအေးတပည့် မောင်ချစ်မြ (ပန်းချီ) မန္တလေးလို့ရေးထိုးတာပါသတဲ့။ ပန်းချီကားတွေက အနှစ် (၈၀) နီးပါး သက်တမ်းရှိနေပါပြီ။ ပန်းချီကားကောင်းမှုရှင်တွေကတော့ အာရုံခံတန်ဆောင်း အလှူရှင် ၁၂၈၃ ခုနှစ် သူကောင်း မမကြီး၊ မမလေး၊ မရွှေမီ၊ မရွှေအိတို့ပါ။ ထိုမျှမက ဥပက-မဆာဝါပန်းပု၊ နိမိတ်လေးပါးပြ သူအို-သူနာ-သူသေ-ရဟန်းတို့ရဲ့ ပန်းပုလက်ရာကောင်းတွေလည်း ရှိတယ်တဲ့။ စလင်းမှာရှိနေတုန်းက အဲဒါတွေကိုမသိခဲ့လို့ မကြည့်ခဲ့ရတာကိုလည်း အခုမှပြန်တွေးရင်း နှမြောတာသဖြစ်နေမိပါရဲ့။

ဘုရားကျောင်းကန်တွေမှာ ဗုဒ္ဓဝင်ပန်းချီကားတွေ ရေးဆွဲထားတာကို ကြည့်ရင်း ကြီးပြင်းလာခဲ့ရတာဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အစဉ်အလာဓလေ့ကောင်းတစ်ခုပါပဲ။ ငယ်စဉ်ကလေးဘဝက ဒီလိုပန်းချီ၊ ပန်းပုတွေကိုကြည့်ရင်း ပန်းချီတွေအောက်မှာ ရှင်းလင်းပြောပြထားတဲ့ စာသားတွေကိုဖတ်ရင်း ဗုဒ္ဓဝင်နဲ့ ဗုဒ္ဓတရားတွေကို သိရှိလာခဲ့ကြတာပါ။ အရွယ်ရလာတဲ့အခါမှာတော့ အသိဉာဏ်ရင့်ကျက်ခဲ့လို့ ပန်းချီထဲကရုပ်ပုံတွေကို တအံ့တဩမဖြစ်တော့ပေမယ့် ဒီပန်းချီကားကို ဘယ်ခါတုံးက ဘယ်ပန်းချီကျော်တွေရေးဆွဲခဲ့သလဲ၊ ဘယ်လိုရေးဆွဲနည်းတွေသုံးစွဲခဲ့သလဲ၊ ခေတ်ရဲ့သရုပ်သတန်တွေ အဲဒီပန်းချီထဲမှာ ဘယ်လောက်ထင်ဟပ်နေသလဲ။ ခေတ်ပြိုင်ဝတ်စားဆင်ယင်မှုတွေကို ဘယ်လိုမြင်တွေ့နိုင်မလဲဆိုတဲ့ သုတေသနဆန်တဲ့အမြင်တွေနဲ့ တစ်မျိုးစိတ်ဝင်စားနေမိပြန်ရဲ့။ ကိုယ်တို့တိုင်းပြည်မှာ ထိန်းသိမ်းစရာအနုလက်ရာတွေကများလှပါတယ်။ ဒီလို စလင်းမြို့လေးမှာတောင် မနည်းမနောပါလား။

နောက်တစ်နေ့ မနက်မှာတော့ စလင်းမြို့ မြင်တင်ရပ် မစိုးရိမ်လေးထပ်ကျောင်းကိုသွားကြပြန်တယ်။ ကျောင်းဝင်ပေါက်မုခ်ဦးဘယ်ဘက်မှာ မန်ကျည်းပင်ကြီးဟာ ရန်ကုန်တက္ကသိုလ်ဝင်းထဲက သစ်ပုပ်ပင်ကြီးနဲ့တူပြီး အတော်လှတယ်။ အဲဒီဘေးမှာတော့ အသီးတွေပြွတ်ခဲနေတဲ့သရက်ပင်ကြီးပါ။ သဘာဝကပေးထားတဲ့သီးနှံအပြည့်နဲ့ပဒေသာပင်တွေအပြင် ယဉ်ကျေးမှုရတနာတွေပြည့်လျှံနေတဲ့ စလင်းမြို့လေးကို အချိန်သလောက် အပြေးအလွှား လေ့လာခြေလှမ်းတွေကသွက်နေပေါ့။ ရန်ကုန်ပြန်ရောက်ရင် ဦးလေး ဦးစိန်ရှိုး၊ ဦးလေးသမီး ဆရာမဒေါက်တာကြော့မှူးအောင်တို့နဲ့ သူတို့စလင်းအကြောင်း ပြောစရာတွေ အများကြီးရှိနေတာကိုလည်း ကျေနပ်နေမိပါတယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု

**စာကိုး -**

စလင်းဦးစန္ဒိမာ၊ ဦးလေး ဦးစိန်(အနောက်တံခါးမှူးမောင်မှူး)၊ စလင်းညီမငယ်မာလာအောင်တို့ရဲ့ အကူနဲ့စာအုပ်စာတမ်းများ၊ ကိုယ်တွေ့အတွေ့အကြုံများ။



www.burmeseclassic.com

www.burmeseclassic.com

အောင်ရွှေစိုးတို့၏ ဗုဒ္ဓသာသနာတော်မြတ်တွင် ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဓာတ်တော်မြတ်တို့ကိုပူဇော်သော စေတီတော်လေးမျိုးရှိသည်။

(၁) ဓာတုစေတီ၊
(၂) ဓမ္မစေတီ၊
(၃) ပရိဘောဂစေတီ၊
(၄) ဥဒ္ဒိဿစေတီ

ဟူ၍ စေတီတော်လေးဆူ (လေးမျိုး) ရှိသည်ကို ဗုဒ္ဓဘာသာဝင်တိုင်းသိကြပါသည်။ ထိုလေးမျိုးသောစေတီတော်များကို အောင်ရွှေစိုးတို့မြန်မာနိုင်ငံနေရာအတော်များများတွင် ဖူးမြော်နိုင်ရပါသည်။

ဤသည်ကို အကြောင်းပြုပြီး အောင်ရွှေစိုး၏ အဘိုးက -

"မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးဖြစ်ရတာ မြတ်စွာဘုရားမျောက်တော်ကာလမှာ လူဖြစ်နေတဲ့အတိုင်းပါပဲကွာ"


ဟု အောင်ရွှေစိုးငယ်ငယ်ကပြောခဲ့ဖူးပါသည်။

ငယ်စဉ်တုန်းက ကောင်းစွာနားမလည်ခဲ့သော်လည်း ယခု တတိယအရွယ်သို့ ရောက်လာလေတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားကြီး၏ ဓာတ်တော်၊ ဓမ္မတော်၊ ဓမ္မတရားတော်၊ ပရိဘောဂတော်၊ ရည်စူးထင်မှတ်အပ်သောဥဒ္ဒိဿရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီတော်များရှိနေသောကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီး သက်တော်ထင်ရှားရှိနေသလိုပင်ဖြစ်ကြောင်း အထင်အရှားအာရုံထားမိကာ အဘိုး၏ဆိုစကားကို လေးလေးနက်နက်သဘောပေါက်ရခြင်း ဖြစ်၏။ ထို့ပြင် နိုင်စွမ်းသမျှအားဖြင့် သမထ၊ ဝိပဿနာအကျင့်များကိုကျင့်လေရာတွင်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးရှိတော်မူနေသည်ဟုသာ အာရုံခံထားသဖြင့် ကျင့်ရ၊ အားထုတ်ရသည်မှာလည်း နွေးထွေးလှပါ၏။ ဤသို့ အာရုံပြုမှုအရင်းခံရှိသောကြောင့် စေတီပုထိုးများကို ဖူးမြော်ကန်တော့ရလေတိုင်း


# အောင်ရွှေစိုး

## အနုဝတ်တာဒိုင်လယ်မှ နတ်မင်းကြီးလေးပါးတင်ရောက်သော

# ဆံတော်ရှင်စေတီတော်




ရွှေဂါ ကျိုက္ကစံဆံတော်ရှင်စေတီတော်



ယနေ့ ကျိုက္ကစံဆံတော်ရှင်စေတီတော်

www.burmeseclassic.com





စေတီတော်၏ခေါင်းလောင်းတော်အဆင့်
နတ်မင်းကြီးများနှင့်အနဝတတ်ရေသွန်ပေါက်





စောင်းတန်းကြီးများ



ရဟန္တာရှင်ယသသိမ်တော်

သက်တော်ထင်ရှား မြတ်ဘုရားကိုယ်တော်မြတ်ကြီးကို ရှိခိုးကန်တော့ရသည်ဟုသာ ပီတိဖြစ်မိပါ၏။ ဖြစ်ပေါ်ခံစားရသောပီတိကိုအားပြု၍ စေတီပုထိုး၊ ဂူ၊ ကျောင်း၊ ဘုရားများကို ပူဇော်လှူဒါန်းကန်တော့ရသောကောင်းမှုများကိုလည်း

အနီးနေ၊ အဝေးနေ သုံးဆယ့်တစ်ဘုံသားတို့ကိုလည်း မိမိနှင့်ထပ်တူထပ်မျှကုသိုလ်ရစေရန် အမျှပေးဝေလေ့ရှိ၏။ သို့သော် မိမိ၏ သီလ၊ သမာဓိ၊ ပညာ အင်အားကို မယုံကြည်ဝံ့သဖြင့် (၃၁) ဘုံမဆိုထားဘိ မိမိအိမ်ထဲရှိ အတူနေသူများပင်ကြား

ကြရပ့ါမလားဟု ကိုယ့်ကိုယ်ကိုယ်အား မရဖြစ်ကာ အများဆုံး သာဓုခေါ် ကြည်ညို နိုင်ကြအောင် အက္ခရာစီကာ သူ မဂ္ဂဇင်းမှတစ်ဆင့်မျှဝေခဲ့သည်မှာ ကြာ လေပြီ။ထူးဆန်းအံ့ဩကြည်ညိုရပါသော စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဘုရားမျ ဖူးရလေတိုင်း သူရဋ္ဌမဂ္ဂဇင်းနှင့်စာဖတ် တို့ကို သတိရမိလေ့ရှိ၏။ အမျှပေး လေ့ရှိပါ၏။ ထို့ပြင် သူရဋ္ဌမဂ္ဂဇင်း မွမိတ်ဆွေများကိုယ်တိုင်လည်း အာ ကြည်ညိုနိုင်ကြရန် တွေ့သမျှ၊ မြင်သ ကြားသမျှ၊ သိသမျှများကိုစာစီကာ မှ မိလေ့ရှိပါ၏။


ယခုလမျှဝေပေးလိုသည်က 'အနဝတတ်အိုင်လယ်မှ နတ်မင် လေးပါးစောင့်ရှောက်သော ဆံတော် စေတီတော်ကြီးတစ်ဆူ' အကြောင်း




www.burmeseclassic.com

www.burmeseclassic.com









ဘိုးမင်းခေါင်ဘုရား



ရှင်သီဝလိရဟန္တာ



ဇမ္ဗူညောင်ပင်

...ဘဲ့သို့ပါသည်။

ထိုစေတီတော်မြတ်ကြီးသည်ကား ...ခ်နှီးကျွန်းမြို့နယ်တွင်းရှိ 'ကျိုက္ကစံ ...တော်ရှင်စေတီတော်' ပင် ဖြစ်၏။

**...အနုဝတတ်အိုင်လယ်မှ နတ်မင်းကြီး ...ပါးစောင့်ရှောက်သော ဆံတော်ရှင် ...တီတော်**

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်က ... ထိုစဉ်က ဗုဒ္ဓရှင်တော်မြတ်သည် ...ဖြစ်တော်မူပြီး (၈) ဝါမြောက် ...တော်မူစဉ်ကာလ ဖြစ်၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ...သော သာဝကများထဲတွင် ...အဝင်အပါဖြစ်တော်မူသော အရှင် ...တိရဟန္တာမြတ်ကြီးက ဗုဒ္ဓမြတ်စွာဘုရားအား မိမိ၏အရပ် သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်သို့ ပင့်လျှောက်သည့်အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ရဟန္တာအရှင်မြတ်ပေါင်းနှစ်သောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့်ကြွတော်မူလေသည်။

ထိုအချိန်က သထုံပြည့်ရှင်မင်းကားသီရိမာသောကဖြစ်၏။ သီရိမာသောကမင်းသည် ရှေးမဆွကတည်းက မြတ်ဗုဒ္ဓသာသနာတော်ကို ကြည်ညိုရင်းရှိသည်ဖြစ်ရာ ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်ပေါင်းနှစ်သောင်းကို ကြီးကျယ်သောမဏ္ဍပ်တို့ကို ဆောက်လုပ်လှူဒါန်းလေ၏။ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် သီရိမာသောကမင်း၏ကြီးကျယ်မွန်မြတ်သောစေတနာကို အလှူခံတော်မူပြီး မင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့အား တရားဟောတော် မူလေသည်။

ဗုဒ္ဓရှင်တော်မြတ်၏ သုဝဏ္ဏဘုမ္မိတိုင်းတရားပွဲ၌ တိုင်းအတွင်းရှိ ပြည်သူပြည်သားများအားလုံး လာရောက်တရားနာယူကြရာ သုဝဏ္ဏဘုမ္မိတိုင်းအတွင်း ပါဝင်သော တြိယဝဏ်ကျွန်းသား ရသေ့နှစ်ဆယ့်လေးဦးတို့နှင့်အတူ ရသေ့တို့၏အကြီးအမှူးဖြစ်သော ရသေ့ခေါက်တို့သည်လည်း မြတ်စွာဘုရား၏ တရားတော်မြတ်ကို လာရောက်နာယူကြလေသည်။

ဘုရားရှင်သည် သာသနာတော်၏ရှေ့ရေးအရှည်ကို မြင်တော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပရိသတ်နှင့်လိုက်လျောညီထွေသောတရားတော်ကို



www.burmeseclassic.com

www.burmeseclassic.com


ဟောကြားတော်မူလေ၏။မြတ်စွာဘုရား၏တရားတော်သည် ရသေ့ခေါက်အမှူးရှိသော နှစ်ဆယ့်လေးဦးသော ရသေ့တို့၏နှလုံးအိမ်အတွင်းသို့ စိမ့်ဝင်ရုံမျှမက မြတ်စွာဘုရားရှင်၏ ချိုမြိန်သာယာသောအသံတော်၊ ဘုရားရှင်၏ သုံးဆယ့်နှစ်ဖြာသော လက္ခဏာတော်တို့ဖြင့် မြင့်မြတ် တင့်တယ်စွာ ဖူးမြင်ရသော ရူပကာယအဆင်းတော်တို့ကိုပါ ကြည်ညို၍မဝနိုင်အောင်ပင် ဖြစ်သောကြောင့် ကိုယ်တော်မြတ်အား အမှတ်ထား၍ ဘုရားရှင်ကိုယ်ပွားတော်အဖြစ် ပူဇော်နိုင်ရန် ကိုးကွယ်ပူဇော်ဖွယ်ရာဝတ္ထုအစားကိုပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်လေသည်။

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်သည် အဓိဋ္ဌာန်တော်ဖြင့် ဦးခေါင်းတော်မြတ်ကို လက်တော်ဖြင့်သပ်တော်မူရာ ဆံတော်ဓာတ်မြတ်နှစ်ဆူသည် ဘုရားကိုယ်တော်မြတ်ကြီး၏လက်တော်တွင် ကပ်ငြိပါလာလေသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ထိုဆံတော်ဓာတ်မြတ်နှစ်ဆူကို လက်တော်တွင် ကိုင်ဆောင်ထားတော်မူလျက် -


"ဤငါ၏ဆံတော်ဓာတ်မြတ်နှစ်ဆူကို လွန်လေပြီးသောအခါ ငါဘုရားအလောင်းတော်သည် တေရဉ္ဇဟသာမင်းဖြစ်စဉ်အခါက အခြံအရံဟင်္သာပေါင်း (၁၅၀၀)တို့နှင့်သမုဒ္ဒရာကိုဖြတ်ပျံကြလေရာ ကြီးစွာသော လေပြင်းမုန်တိုင်းခတ်၍ ရှေးဦးစွာကျရာ ပထမ ပတိတကုန်း ဆံတော်တစ်ဆူ သမုဒ္ဒရာသို့မျောပါသွားရာ သိကြားမင်းသည် ပတ္တမြားကို ပစ်ချ၍ ပေါ်ထွန်းလာသော မဏိဒီပကျွန်းသို့ တက်ရောက်ရာ ဆံတော်တစ်ဆူ၊ ဤနှစ်ဌာနတို့၌ စေတီတည်ထားကိုးကွယ်လေသော် သာသနာတော်အမွန့်ရှည်စွာ တည်လတ္တံ့"

ဟု ဗျာဒိတ်တော်မြတ်ထား၍ ရသေ့ခေါက်အား ဆံတော်ဓာတ်နှစ်ဆူကို ပေးတော်မူခဲ့လေသည်။

ရသေ့ခေါက်သည်လည်း ဗုဒ္ဓရှင်တော်မြတ်၏ ဆံတော်ဓာတ်နှစ်ဆူကို



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးကြီးများဓာတ်နန်း





သူတော်စင်ပုဂ္ဂိုလ်ထူးကြီးများ



ခေါင်းလောင်းတော်



www.burmeseclassic.com

www.burmeseclassic.com



တော်ရှလဒကာတော်ရသေ့ကြီးအဘခေါက်




ကျိုက္ကစံဘိုးဘိုးကြီး



ဘုရားဒကာကြီး တြိယဝက်ဘုရင်



မယ်တော်ကြီး မြနန်းနွယ်



အနောက်ဘက်မုခ်မှ နောင်တော်ယက္ခ



အနောက်ဘက်မုခ်မှ ညီတော်ယက္ခ



သူရဿတီဒေဝီမယ်တော်

ပတ္တမြားကြုတ်အတွင်း ထည့်သွင်းကာ ဦးထိပ်ဆံကျစ်၌ပန်ဆင်၍ အခြံအရံဖြစ်သော နှစ်ဆယ့်လေးဦးသော အခြွေအရံ ရသေ့တို့နှင့်အတူ မိမိတို့သီတင်းသုံးတော်မူရာ တြိယဝက်ကျွန်းသို့ ပြန်ခဲ့ကြလေသည်။

'တြိယ'သည် သုံးခုဟုအဓိပ္ပာယ်ရ၏။ ဝက်သည် အကောက်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တြိယဝက်ကျွန်းဟူသည်မှာ အကောက်သုံးခုရှိသော ကျွန်းဟု အဓိပ္ပာယ်ရလေ၏။ ယခုအခါ သန်လျင်မြို့ဟု ခေါ်၏။ ရသေ့ခေါက်ဟူသည်မှာလည်း မွန်ဘာသာစကားဖြစ်ပြီး ရသေ့ခါးကုန်းဟု အဓိပ္ပာယ်ရ

www.burmeseclassic.com

လေသည်။

အဘရသေ့ခေါက်သည် တြိယဝက် ကျွန်းသို့ရောက်သည်နှင့် ထိုကျွန်းကို အစိုးရသော တြိယဝက်မင်းနှင့်တိုင်ပင်၍ ဘုရားရှင်ဗျာဒိတ်ပေးသောနှစ်ဌာနကို ဘယ်သို့အကြောင်းနိမိတ်ဖြင့်သိရပါအံ့သနည်းဟု တွေးတောဆင်ခြင်ကြလေသည်။

ထိုအခါ သိကြားမင်းကပင် ရှေးဦးစွာ ဟင်္သာတို့ကျသော ပတိကကုန်းနှင့် မဏိဒီပကျွန်းတို့ကို ညွှန်ပြပေးလေသည်။

ထိုအခါ တြိယဝက်မင်းနှင့် ရသေ့ကြီးအဘခေါက်တို့သည် ပတိတကုန်းသို့လာပြီးလျှင် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံစီခြယ်သော ဌာပနာတိုက်အတွင်းသို့ ပတ္တမြားခြယ်စီထားသော ပြာသာဒ်ကို ရွှေသင်္ဘောအထက်၌တင်၍ ရတနာခုနစ်ပါးတို့ဖြင့် ခုနစ်ထပ်လုပ်သော ကြုတ်ကို ဆံတော်ထည့်သွင်းဌာပနာလေသည်။ အသီတိသာဝက၊ မဟာသာဝက၊ ရသေ့ခေါက်၏ပုံတော်တို့ကိုလည်း ဌာပနာ၏။ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်တို့ကိုလည်း သာသနာတော်ငါးထောင်တိုင် အောင်တည်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုပူဇော်ကြလေသည်။

ဤသို့လျှင် သိကြားမင်း၊ တြိယဝက်မင်း၊ ရသေ့ခေါက်တို့ ကြီးမှူးကာ ပတိတကုန်း၌ ဆံတော်ဓာတ်တစ်ဆူကို ဌာပနာ၍တည်ခဲ့သော စေတီတော်ကြီးဦးစွာ ထင်ရှားပူဇော်ခံရန် ဤကမ္ဘာ၌ပေါ်ထွန်းပွင့်လာတော်မူလေသည်။ ထိုစေတီတော်ကို ယခုအခါ ကျိုက္ကစံစေတီတော်ဟု ထင်ရှားစွာဖူးတွေ့ရလေသည်။

မဏိဒီပကျွန်းပေါ်ရှိ ဥတ္တရက်ကုန်းတော်ပေါ်၌ ဆံတော်တစ်ဆူဌာပနာ၍ တည်ကြပြန်၏။ ထိုစေတီတော်ကို ယခုအခါ သန်လျင်မြို့၌ ကျိုက်ခေါက်စေတီတော်ဟု ထင်ရှားစွာဖူးတွေ့ရလေသည်။

**□ ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်၏ ဉာဏ်တော်အမြင့်**

ကျိုက္ကစံ ဆံတော်ရှင် စေတီတော်သည် ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်ကြီးမှ ရှေးအတိုင်းအတာ(၇)တောင်တာဖြင့် တာပေါင်း (၁၅၀၀)ဝေးသည်ဟု သမိုင်းအရ သိရ၏။

ကျိုက္ကစံ ဆံတော်ရှင် စေတီတော်သည် ပင်လယ်ရေပြင်အထက် ပေပေါင်း (၂၃၅. ၇၅) ပေမြင့်သည်။ စေတီတော်အနောက်မြောက် ပေပေါင်း (၃၂၇) ပေဝေသော မြေပြင်အထက် ပေပေါင်း (၂၃၄. ၄၁) ပေမြင့်၏။ စေတီတော်၏ အနောက်တောင် ဝေဠုကျောင်းသံတံခါးအနီး မြေပြင်အထက် ပေ (၁၉၉. ၂၆) ပေမြင့်၏။ ဖိနပ်ဝန်းပေပေါင်း (၈၅) ပေရှိ၏။

**□ ရဟန္တာသိမ်တော်**

စေတီတော်ရင်ပြင် စနေထောင့်ခြသေ့်ကြီး၏အနောက်တောင်ဘက် ပေပေါင်း (၂၆၃) ပေအကွာတွင် ရဟန္တာသိမ်တော်ကြီးရှိ၏။ ထိုသိမ်တော်ကြီးကို ရဟန္တာအရှင်ယသအရှင်မြတ်ကြီးက ကြီးကြပ်သမုတ်သောကြောင့် ရှင်ယသ ရဟန္တာသိမ်ဟု ခေါ်ကြ၏။


**□ ကျောက်စာတော်နှင့် ရှင်ယသစေတီတော်**


ရဟန္တာ အရှင်ယသ အရှင်မြတ်သည် ကျိုက္ကစံစေတီတော်အနီးတွင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ သီဟဒီပမင်းကြီးသည် သျှင်ယသအလောင်းတော်ကို မီးပူဇော်၍ ဓာတ်တော်တို့ကို စေတီတော် တစ်ဆူတည်ပြီး ဌာပနာတော်မူသည်။ ထိုစေတီတော်ကို ကျိုက်ယသစေတီ တော်ဟု ဘွဲ့တော်ကပ်ခဲ့၏။ စေတီတော် သုံးဆူစီတန်း၍တည်ထားရာ အလယ် ဆူသည် ရှင်ယသရဟန္တာအရှင်မြတ်၏ ဓာတ်တော်စေတီ ဖြစ်၏။

နောက်ပိုင်းတွင် ထိုစေတီတော် ပတ်လည်တွင် တံတိုင်းကာရံ လျ ဝိနည်းပိဋကတ်တော် ကျောက်ချပ် (၉၅)ချပ် ရေးသားလျက် စေတီငယ် အုပ်မိုးလျက်ထား၏။ ၁၂၇၁ ခုနှ ပူဇော်ခဲ့ခြင်းဖြစ်၏။ ထိုကျောက်စာ များကိုအစွဲပြု၍ ယခုအခါ ကျောက် တော်ဘုရားဟု လူသိများလျက်ရှိ၏။

ကျိုက္ကစံဆံတော်ရှင်စေတီတော် ပတ်ဝန်းကျင်ကို လှမ်းမျှော်လေ့ ပူဇော်ပြီးနောက် ကျိုက္ကစံဆံတော် စေတီတော်၏ ရင်ပြင်တော်သို့ ပူဇော်ကြရအောင်ပါ။

ကျိုက္ကစံ ဆံတော်ရှင် စေတီတော်





ဂေါပကအဖွဲ့ရုံး



www.burmeseclassic.com

www.burmeseclassic.com


မြတ်ကြီးရင်ပြင်တော်သည် အတန်ကျယ်၏။ စေတီတော်မြတ်ကြီး၏ဉာဏ်တော်အမြင့်၊ လုံးပတ်တော် စသည့် အရွယ်အစားတော်နှင့် တင့်တယ်အောင် ကျယ်ပြန့်လှပေသည်။ ဘုရားဂေါပကအဖွဲ့၏ စီမံကွပ်ကဲမှု၊ စေတီတော်ဘက်စုံတိုးတက်ရေးကို အကောင်အထည်ဖော်ပေးနေကြသော ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ စေတနာကြောင့် စေတီတော်ရင်ပြင်ကြီးမှာ သန့်ရှင်းစင်ကြယ်ပြီး သာသနာတော်နှင့်လျော်စွာ ရှိသင့်နှိုက်သော ယုံကြည်ကိုးကွယ်မှုများကိုလည်း ပြည့်စုံစွာဖူးမြင်ခွင့်ရရှိကြပေရာ ဘုရားဖူးတို့ကြည်လင်ဝမ်းမြောက်စွာဖြင့် တစ်ခေါက်ရောက်ပြီးနောက် ဆက်တိုက်ပင် ရောက်လာလေ့ရှိကြပေသည်။

စေတီတော်ကြီး၏ ရင်ပြင်တော်ရှိ ကုသိုလ်တော်ဌာနများကို မဖော်ပြမီ စေတီတော်ကြီး၏ ရူပကာယရုပ်လုံးတော်ကို ပုံပေါ်ရုံမျှ ဖော်ပြလိုပါသည်။

စေတီတော်ကြီးသည် ယေဘုယျပုံတော်ဖြစ်သော ခေါင်းလောင်းပုံတော်ဖြစ်၏။ စေတီတော်ကြီး၏အရပ်လေးမျက်နှာတွင် ပစ္စယံခုံနှင့်ဆက်စပ်လျက်ရှိသော လိုဏ်မုခ်တစ်ခုစီဖြင့် လေးခုရှိ၏။ ထိုလိုဏ်တော်ဂူကျောင်းတို့တွင် အရပ်မျက်နှာအလိုက် ပွင့်တော်မူပြီးကုန်သော ကကုသန္ဓ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ တည်းဟူသော ဗုဒ္ဓလေးဆူအောင်တော်မူ အရှင်မြတ်ကြီးတို့က အစဉ်လိုက်အားဖြင့် သက်ဆိုင်ရာအရပ်အလိုက် တစ်ပါးစီ သီတင်းသုံးကာ အပူဇော်ခံတော်မူလျက်ရှိကြ၏။

စေတီတော်ကြီး၏လုံးပတ်တော်တွင် အရှေ့၊ အနောက်၊ တောင်မြောက် အရပ်လေးမျက်နှာအလိုက် အရှေ့အရပ်တည့်တည့်တွင် ဓာတရဋ္ဌနတ်မင်းကြီး။ တောင်အရပ်တည့်တည့်တွင် ဝိရူဠှကနတ်မင်းကြီး၊ အနောက်အရပ်တည့်တည့်တွင် ဝိရူပက္ခနတ်မင်းကြီး၊ မြောက်အရပ်တည့်တည့်တွင် ကုဝေရနတ်မင်းကြီးတို့ ပလ္လင်ခုံတွင်ထိုင်ကာ သန်လျက်ထမ်းပြီး စောင့်ရှောက်တော်မူလျက်ရှိ၏။ သိကြားမင်းပါဝင်၍တည်သော စေတီတော်ဖြစ်၍ သိကြားမင်းက လောကပါလနတ်မင်းကြီးလေးပါးကို စောင့်ရှောက်စေခဲ့ခြင်းဖြစ်ဟန်တူသည်ဟု တွေးမိ၏။

စေတီတော်မြတ်ကြီး၏ အထက်ပစ္စယံထက်တွင် အရံစေတီတော်ငယ်များရှိ၏။ လွန်စွာ အချိုးအစားကျပြီး ကြည်ညိုဖွယ် ဖူးတွေ့ရ၏။ ဘုရားဖူးအတော်များများသတိမထားမိကြသော ထူးခြားသည့်အရံစေတီတော်တစ်ဆူကို အထက်ပစ္စယံတွင်သတိဖြင့်ဖူးမြော်ပါက ဖူးတွေ့နိုင်သည်။ ဘုရားဖူးအချို့က ဘိုးမင်းခေါင်ဘုရားကို ထူးခြားသောဘုရားဟု ဆိုကြ၏။ မှန်ပါသည်။ အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ဘုရားကလည်း ထူးခြားပါ၏။ သို့သော် ကမ္ဘည်းဘွဲ့တော်ကို ရေးသားပူဇော်ထား၍ လည်းကောင်း၊ တန်ဆောင်းအမိုးဖြင့် ပူဇော်ထား၍ လည်းကောင်း ဘုရားဖူးသူတိုင်း လွယ်လင့်တကူ သတိပြုမိကြပါသည်။ အောင်ရွှေစိုး ညွှန်းလိုသော ထူးခြားသည့်စေတီတော်မှာ တနင်္လာထောင့်ဂြိုဟ်တိုင်နှင့် တည့်တည့်တွင်ရှိသော အထက်ပစ္စယံပေါ်မှ စေတီတော်ဖြစ်ပါသည်။ ထိုစေတီတော်မှာ အခြားသော အရံစေတီတော်များနှင့်မတူဘဲ ကျိုက္ကစံစေတီတော်ကြီးနှင့် ထပ်တူတည်ထားသော ပုံတော်တူစေတီတော်ပင်ဖြစ်ပါသည်။ ထိုစေတီတော်တွင် အရပ်လေးမျက်နှာရှိ နတ်မင်းကြီးလေးပါးရုပ်တုတော်လေးများမှအစ ပုံတူပါရှိနေသည်ကို အောင်ရွှေစိုးဖူးတွေ့ရပါသည်။ ရွှေတိဂုံစေတီတော်ကြီးရှိ 'နောင်တော်ကြီးစေတီတော်' ကို သတိရမိပါသည်။ ထိုကျိုက္ကစံစေတီတော်၏ပုံတော်တူစေတီတော်နှင့်ကပ်လျက်ရှိတော်မူသော အရံစေတီတော်မှာ အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ဘုရား သီတင်းသုံးတော်မူသော စေတီတော် ဖြစ်ပါသည်။



ရှင်ဥပဂုတ္တရေသွန်ကျောင်းတော်



မင်းတုန်းမင်းကြီး၏ကုသိုလ်တော်ဇရပ် (ဗွားစေတာဇရပ်)

## ❑ ယက္ခညီနောင်ဘိုးဘိုးကြီးများ

အနောက်ဘက်မုခ်၏ အဝင်ဝတစ်ဖက်တစ်ချက်တွင် ယက္ခနောင်တော်နှင့် ယက္ခညီတော်ရုပ်တုကြီးများရှိ၏။ ယခင်က ထိုယက္ခကြီးများသည် ဘုန်းကံမတောက်နိုင်ဘဲ လူတောလူပေလူရွတ်တို့၏ အိုးမဲသုတ်ခြင်း၊ ဆေးလိပ်တိုများထိုးထည့်ခြင်း စသည်ဖြင့် မလေးမစားပြုလုပ်ခဲ့ကြသော်လည်းပဲ ယခုအခါတွင် ကန်တော့ပွဲရာချီရပြီး ပူဇော်ပသမှုအမျိုးကို ခံယူရရှိနေသော အမိဋ္ဌာန်အောင်ယက္ခကြီးများအဖြစ် ဘုန်းတန်ခိုး

www.burmeseclassic.com

တောက်လျက်ရှိကြ၏။ ထိုယက္ခညီနောင်တို့ တံန်ခိုးထွန်းတောက်လာပုံနှင့် ကိုယ်တွေ့ကြုံဖူးကြသူတို့၏ ထူးဆန်းအံ့ဖွယ်များလည်း အများအပြားရှိ၏။ ထိုသူတို့၏ ကိုယ်တွေ့ကိုထား၍ လက်ရှိတွင် ကန်တော့ပွဲပေါင်းများစွာ၊ ဝတ်လဲတော်၊ ဖောင်းတော်ပေါင်းများစွာဖြင့် တစ်ထီးတစ်နန်း အကန်တော့ခံနေရပုံကိုကြည့်၍ ယက္ခညီနောင်ဘိုးဘိုးကြီးတို့၏ ဘုန်းတန်ခိုးကို ခန့်မှန်းနိုင်လောက်ပေပြီ။ ယုံကြည်သူတို့ အချိန်မရွေး အဓိဋ္ဌာန်ပြုနိုင်ပါသည်။

❑ အဘခေါက်ရသေ့ကြီး

အဘခေါက်ရသေ့ကြီးသည် ဦးဆုံးသော ဘုရားဒကာကြီးဖြစ်၏။ ဘုရားရှင်ကိုယ်တော်မြတ်ကို ကိုယ်တိုင်ဖူးမြင်ကာတရားတော်နာပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဆံတော်ချီးမြှင့်မှုကိုခံယူခဲ့ရသော ထူးမြတ်သည့် ပါရမီရှင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်၏။ အဘခေါက်ရသေ့အရှင်မြတ်ကြီးသည် စေတီတော်တောင်ဘက်ရင်ပြင်တော်ပေါ်ရှိ ကျောင်းတော်တစ်ဆောင်တွင် သီတင်းသုံးတော်မူလျက်ရှိ၏။

ရသေ့ခေါက် ဟူသော အဓိပ္ပာယ်မှာ ရသေ့ခါးကုန်းဟု အဓိပ္ပာယ်ရသော်လည်း ယနေ့ကန်တော့ခွင့်ရနေသော အဘခေါက်၏ ပုံတော်မှာ ခါးမကုန်းသည်ကိုဖူးရ၏။ သို့သော် အလွန်ပင်ကြည်ညိုဖွယ်ကောင်းသော ရုပ်တုတော်ဖြစ်၏။ အဘခေါက်၏ရုပ်တုတော်ကြီးမှာ ပကတိ လူတစ်ရပ်စာသာသာမြင့်သဖြင့် ထည်ဝါလပေသည်။ ဒေါက်ခြာဆောင်း ရသေ့ရှင်မြတ်ပုံတော်ဖြစ်၍လည်းကောင်း၊ ရုပ်သက်နာမ်သက်ကိန်းပေါ်မှုထင်ရှားလှသဖြင့် လည်းကောင်း ကြည်ညိုရုံမျှမက အားကိုးသူလည်းများလှ၏။ သမထယာနိကာဂမ္ဘီရပုဂ္ဂိုလ်များလည်း . အဘခေါက်ကျောင်းတော်သို့ အဝင်အထွက်များလှ၏။ အဓိဋ္ဌာန်ပြု၍ အဓိဋ္ဌာန် မှန်ကန်ပြည့်ဝစွာ အောင်မြင်ပါက ဆုတောင်းသည့်အတိုင်း ပြည့်ဝသည်ဟုကြားသိရ၏။ သို့သော် ကောင်းမြတ်သောဆုမျိုးအတွက်သာ ဖြစ်ပါလိမ့်မည်။ အောင်ရွှေစိုးကလည်း အဘခေါက်အား ကြည်ညိုလေးစား ယုံကြည်စွာအားထားကြသူများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်၏။

❑ မင်းတုန်းမင်းဇရပ်

စေတီတော်၏အနောက်ဘက်မုခ်အနီးတွင် ခိုင်ခံ့ထည်ဝါသော အုတ်ဇရပ်ကြီးတစ်ဆောင်ရှိ၏။ ထိုဇရပ်ကို မင်းတုန်းမင်းကြီး ကုသိုလ်ပြု လှူဒါန်းသောဇရပ်ဟုသိရ၏။ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ဇရပ်ကို မပျက်မစီး မယိုယွင်းရန် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရာမှ ဘုရားလူကြီးဦးဘိုနီ၊ ဦးလှပေါ်တို့၏ နှီးဆော်ချက်ဖြင့် ပိုးကုန်သည် ဒေါ်ဖွားက အကြီးစား အသစ်ပြုပြင်လှူဒါန်းသဖြင့် ဒေါ်ဖွားဇရပ်ဟု ယခုတိုင်လူသိများလျက်ရှိ၏။

❑ အနဝတတ်အိုင်လယ် နတ်မင်းကြီးလေးပါး စောင့်ရှောက်သော စေတီတော်

ရွှေသက်န်းတော်ဖြင့် အတိုင်းမသိတင့်တယ်တော်မူလှသော စေတီတော်ဖြစ်သည်။ ထိုစေတီတော်မြတ်ကြီး၏ ခေါင်းလောင်းတော်လုံးပတ် အရှေ့မျက်နှာအရပ်၌ ဓာတရဋ္ဌနတ်မင်းကြီးသည် သန်လျက်ထမ်းလျှက် ပလ္လင်ခုံပေါ်မှနေ၍ ဗုဒ္ဓရှင်တော်မြတ်၏ဆံဓာတ်မြတ်ကို စောင့်ရှောက်နေသလို စေတီတော်မြတ်ကြီး၏ အရှေ့အရပ်တွင် နေ့ထိုင်လျက်ရှိသော ကျိုက္ကစံ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏သာဝကများကို အန္တရာယ်အသွယ်သွယ်မှ အကာအကွယ်ပေး စောင့်ရှောက်နေသည်ဟု ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဌမတ္တာတော်ရိပ်အောက်တွင် ခိုလှုံလျက်ရှိသော အောင်ရွှေစိုး ထင်မှတ်ခံစားမိ၏။ ထိုအတူ တောင်အရပ်တွင် ဝိရူဠှက၊ အနောက်အရပ်တွင် ဝိရူပက္ခ၊ မြောက်အရပ်တွင် ကုဝေရနတ်မင်းကြီးတို့ကလည်း ထိုသဘောအတိုင်း စောင့်ရှောက်ကာကွယ်နေပေသည်။ အရပ်လေးမျက်နှာတွင် သက်ဆိုင်ရာနတ်မင်းကြီးများရှိနေ၍ ကျိုက္ကစံဆံတော်ရှင်ကို မြင်းမိုရ်ဓာတ်ဆောင်သောစေတီတော်ဟု ဝိဇ္ဇာလမ်းစဉ်လိုက်နေသောရသေ့ကြီးတစ်ပါးက ဓာတ်ကောက်ဖူးသည်ကို မှတ်သားရဖူး၏။

ထို့ပြင် ကျိုက္ကစံစေတီတော် တတိယပစ္စယံ တံတိုင်းလေးမျက်နှာတွင် ရေကျဆင်းရန် ရေဆင်းပေါက်များဖြင့် နဝတတ်အိုင်ပုံစံ စီရင်ထား၏။ တံတိုင်း၏ အရပ်လေးမျက်နှာတွင် သက်ဆိုင်ရာအရပ်မျက်နှာအလိုက် သက်ဆိုင်ရာသတ္တဝါတို့၏ ခံတွင်းမှ ရေကျဆင်းရန် ရေသွန်ပေါက်များကို သတ္တဝါတို့၏ ခံတွင်းသဏ္ဌာန် ရုပ်လုံးဖော်ထုလုပ်ထား၏။ အရှေ့မျက်နှာ၌ 'နွား'၊ မြောက်မျက်နှာအရပ်၌ 'မြင်း'၊ အနောက်အရပ်မျက်နှာ၌ 'ခြင်္သေ့'၊ တောင်အရပ်မျက်နှာ၌ 'ဆင်' ထုလုပ်ထား၏။

ကျမ်းဂန်ထဲ၌ အရှေ့ 'ခြင်္သေ့'၊ မြောက်ဘက် 'မြင်း'၊ အနောက်ဘက်၌ 'ဆင်'၊ တောင်ဘက်၌ 'နွား' ဟု ပါသဖြင့် ကွဲလွဲမှုတော့ရှိ၏။ အဘယ်အကြောင်းကို အခြေခံ၍ ကွဲလွဲမှုရှိနေသည်ကိုမူ သေချာ တိကျစွာ ရှင်းပြနိုင်သူကို လက်လှမ်းမီ တတ်စွမ်းသမျှရှာဖွေနေပါသော်လည်း အောင်ရွှေစိုး မတွေ့ရသေးပေ။ သိလိုလှပါ၏။ သိသူရှိက သိခွင့်ရလိုပါ၏။

❑ ပုဂ္ဂိုလ်ထူးကြီးများ၏ ဓာတ်နန်းတော်

ကျိုက္ကစံ ဆံတော်ရှင် ရင်ပြင်တော်နှင့်ဆက်လျက် အဆောင်ထုတ်ထားသောပုဂ္ဂိုလ်ထူးကြီးများ၏ ဓာတ်နန်းကို လက်ရှိ ဂေါပကရုံး၏ မျက်နှာချင်းဆိုင်တွင် တွေ့နိုင်၏။

ဓာတ်နန်းတွင် ဗားမဲ့ဝိဇ္ဇာဆရာတော်ကြီး၊ ယက္ကန်းစင်တောင်ဆရာတော်ကြီး၊ ရာကျော်ဆရာတော်ကြီးတို့မှစ၍ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင် စသဖြင့် ရဟန်းဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများ လူဝိဇ္ဇာထူးကြီးများ သီတင်းသုံးတော်မူလျက်ရှိ၏။ ပုဂ္ဂိုလ်ထူးကြီးများ၏ရှေ့တွင် ပုတီးစိပ်ရန်နေရာချန်ပြီး မှန်ခန်းဖွဲ့ကာ လေအေးပေးစက်တပ်ဆင်လှူဒါန်းထားသဖြင့် အဓိဋ္ဌာန်ပုတီးစိပ်ကြသူတို့အတွက် လွန်စွာပင်ကောင်းလှ၏။ အလှူရှင်တို့ ကား ထူးလှတော့၏။ သာဓုအကြိမ်ကြိမ် ခေါ်မိပါ၏။ အောင်ရွှေစိုးကိုယ်တိုင်ပင် ထိုဓာတ်နန်းတွင် စေတီတော်ဥပါသကာကြီး ဦးမောင်မောင်သွင်၊ ကျူရှင်ဆရာကြီးဦးသန်းလင်း စသော ကျောင်းနေဖက် သူငယ်ချင်းများနှင့်ဆုံကာ မကြာခဏ ကောင်းမှုပြုကြလေ့ရှိ၏။ အဓိဋ္ဌာန်ဝင် ပုတီးစိပ်လိုသူများအတွက်တော့ အလွန် သင့်လျော်ကောင်းပြေသောဓာတ်နန်းဖြစ်၏။

စာဖတ်သူတို့ကိုယ်တိုင် သွားရောက် ဖူးမြော်စေချင်ပါသည်။ ထို့ပြင် ဂန္ဓာရီဝိဇ္ဇာလမ်းဖြင့် ပါရမီဖြည့်နေကြသော သမထယာနိကာပုဂ္ဂိုလ်များအတွက် လောကီ၊ လောကုတ္တရာဓာတ်ရင်းများနှင့်ပြည့်စုံသော အောင်မြေစိုး နှစ်ပေါင်း နှစ်ထောင်ကျော် ဝါတော်ကြီး စေတီတော်တစ်ဆူဖြစ်ပါကြောင်း သတင်းဒါနပြုလိုက်ပါတော့သည်။

အောင်ရွှေစိုး

www.burmeseclassic.com

www.burmeseclassic.com

# အနန္တောအနန္တငါးပါးဂုဏ်တော်ကို မမေ့မလျော့ နေ့-ညအမြဲ ရှိခိုးကန်တော့ကြပါလေ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

*ဘေးဥပဒ်ကင်း၍*
*ကိုယ်စိတ်နှစ်ပါးချမ်းသာမည်*

**၁။ ဗုဒ္ဓဂုဏော အနန္တော၊ တံ ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိပါ ဘုရား။**

သက်တော်ထင်ရှားမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဤရွေ့ဤမျှဂဏန်း ချ၍ လုံးဝပိုင်းခြားမှတ်ထား၍ မရနိုင် အောင် များပြားလှပါပေ၏။ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို တပည့်တော် သည် ရှိသေစွာရှိခိုးပါ၏။ ကန်တော့ပါ၏။ ပူဇော်ပါ၏ အရှင်ဘုရား။

**၂။ ဓမ္မဂုဏော အနန္တော၊ တံ ဓမ္မ ဂုဏံ အဟံ ဝန္ဒာမိပါဘုရား။**

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ် ဆယ်ပါးသောတရား တော်မြတ်၏ဂုဏ်ကျေးဇူးတော်တို့သည် ဤရွေ့ဤမျှ ဂဏန်းချ၍ ဆုံးစပိုင်းခြား မှတ်သား၍များပြားလှပါပေ၏။ ထိုဆယ် ပါးပိုင်းခြား မြတ်တရား၏ ဂုဏ်ကျေးဇူး တော်ကို တပည့်တော်သည် ရှိသေစွာ ရှိခိုးပါ၏။ ကန်တော့ပါ၏။ ပူဇော်ပါ၏ အရှင်ဘုရား။

**၃။ သံဃဂုဏော အနန္တော၊ တံ သံဃံ ဂုဏံ အဟံ ဝန္ဒာမိပါဘုရား။**

နည်းမှန်လမ်းမှန်အကျင့်မှန်တို့ကို ကျင့်ကြံတော်မူကြသဖြင့် ဖြူစင်ဖြောင့် မတ်မှန်ကန်သောအသိဉာဏ်ကိုရရှိတော် မူကြတုန်ပြီးသော အရိယာသံဃာတော် တို့၏ ဂုဏ်ကျေးဇူးတော်ကို ဤရွေ့ဤမျှ ဂဏန်းချ၍ ဆုံးစပိုင်းခြားမှတ်သား၍ မရအောင်များပြားလှပေ၏။ ထိုအရိယာ သံဃာတော်တို့၏ ဂုဏ်ကျေးဇူး တော်များကို တပည့်တော်သည် ရှိသေ စွာရှိခိုးပါ၏။ ကန်တော့ပါ၏။ ပူဇော်ပါ၏ အရှင်ဘုရား။

**၄။ မာတာ ပီတု ဂုဏော အနန္တော၊ တံ မာတာပီတုဂုဏံအဟံဝန္ဒာမိပါဘုရား။**

လက်ဦးဆရာ မည်ထိုက်စွာသား မာတာပီတ မိနှင့်ဖတို့၏ ဂုဏ်ကျေးဇူး တော်တို့သည် ဤရွေ့ဤမျှ ဂဏန်းချ၍ ဆုံးစပိုင်းခြား မှတ်သား၍မရနိုင်အောင် များပြားလှပါပေသည်၊ မာတာပီတ မိနှင့် ဖတို့၏ဂုဏ်ကျေးဇူးတော်များကို တပည့် တော်သည် ရှိသေစွာရှိခိုးပါ၏။ ကန်တော့ ပါ၏။ ပူဇော်ပါ၏ အရှင်ဘုရား။

**၅။ အာစရိယဂုဏော အနန္တော တံ အာစရိယဂုဏံ အဟံဝန္ဒာမိပါဘုရား။**

လိမ္မာစေချင် တတ်စေချင်၍ သင်ပါ အံ့ပါတစာစာနှင့် သေချာဂန တနပ့်ပြင် သွန်သင်ပေသော ဆရာနှင့်တကွ နိဗ္ဗာန် ရောက်ရန် နည်းအမှန်ကို မချန်မယွင်း အမှန်လင်းတတ် ဆုံးမသော ဆရာမြတ် တို့၏ ဂုဏ်ကျေးဇူးတော်တို့သည် ဆုံးစ ပိုင်းခြားမှတ်ထား၍မရနိုင်အောင်များပြား လှပါပေ၏။ ထိုဆရာမြတ်တို့၏ ဂုဏ် ကျေးဇူးတော်များကို တပည့်တော်သည် ရှိသေစွာရှိခိုးပါ၏။ ကန်တော့ပါ၏။ ပူဇော်ပါ၏ အရှင်ဘုရား။

အနန္တဂုဏ တေဇေန မမကာယေ၊ သဗ္ဗရောဂါစ၊ သဗ္ဗအန္တရာယော၊ သဗ္ဗ သောကစ၊ ခိပ္ပဝိနဿန္တု၊ သဗ္ဗဝေရီယော၊ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ တိဋ္ဌာ ဟိ တိဋ္ဌာဟိ။ ။

**အနန္တဂုဏတေဇေန** - အနန္တဂုဏ် တော်ငါးပါးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်၊ **မမ** - ငါ၏၊ **ကာယေ** - ကိုယ်ခန္ဓာ၌၊ **သဗ္ဗရောဂါစ** - အလုံးစုံသော အနာရောဂါတို့သည် လည်းကောင်း၊ **သဗ္ဗသောကာစ** - အလုံးစုံ သော စိုးရိမ်ကြောင့်ကြစတသောကဖြစ် မှုတို့သည် လည်းကောင်း၊ **သဗ္ဗအန္တရာ ယောစ** - အလုံးစုံကုန်သော အန္တရာယ် ရန်စွယ်ရန်ငြောင့်အပေါင်းတို့သည်လည်း ကောင်း၊ **ခိပ္ပံ** - မကြာမတင် ဆောလျင် စွာသာ၊ **ဝိနဿန္တု** - ပျက်ပြယ်ခြင်းသို့ ရောက်ပါစေကုန်သတည်း။ **သဗ္ဗဝေရီ ယော** - အလုံးစုံသော ရန်အမျိုးမျိုးတို့ သည်လည်း၊ **ဂစ္ဆ** - သွားလေ၊ **အမုမှိ ဩကာသေ** - ဤငါတို့နေရာအိမ်ဂေဟာ မှ ဝေးကွာသောအရပ်သို့၊ **တိဋ္ဌာဟိ တိဋ္ဌာဟိ တိဋ္ဌာဟိ** - ရှောင်ဖယ်ခွာလေ တော့။

၂ ဇိနော မယှံ ဇယံ ဒေတု။

**ဇိနော** - မြတ်စွာဘုရားရှင်သည်၊ **မယှံ**-တပည့်တော်အား၊ **ဇယံ**-အောင်ဆု ကို၊ **ဒေတု**-ပေးသနားတော်မူပါဘုရား။

၂ နမောတဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ။

**အရဟတော** - ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ရှိခိုးပူဇော်ခြင်းကို ခံယူ တော်မူထိုက်ပါပေသော၊ **သမ္မာသမ္ဗုဒ္ဓ ဿ** - ဥ ယျင်းဆူ တရားဟူသည်ကို ဘုသယံဖြင့် သူမဆံဘီအောင်၊ မိမိ အလိုလို ကိုယ်တော်တိုင်သိတော်မူပြီးထ သော **တဿဘဂဝတော သဟဿ** - ရောင်ခြည်တစ်ထောင်ကဲ့သို့ ရှိမှောင်မခို၊ ဘုန်းတော်ရောင်စိုလှသော ထိုရှင်တော် မြတ်ဘုရားကြီးအား+ **နမော** - ရွှေငှက် ပျောရွက်၊ မြေလျှောက်သကဲ့သို့ လက်စုံ ဝပ်လျှိုး ဦးနှိမ်မိုးကာ ရှိခိုးပါ၏ ကိုယ် တော်မြတ်ကြီးဘုရား။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# ခင်(တောင်ကြီး)

# ကျည်ဆန်အလွဲ မေတ္တာကဲချပ်

## (ဖြစ်ရပ်မှန်ဝတ္ထုတို)



လူတို့လောက၌ ဖြစ်ရပ်မှန်ဟူသည့် အကြောင်းအခြင်းရာများသည် လူတို့ လုပ်ကြံဉာဏ်ထွင်ဇာတ်လမ်းဆင်ထားကြသော ဇာတ်လမ်းဇာတ်ကွက်များစွာတို့ထက် ထိုးထိုးထွင်းထွင်း အံ့ဩစရာကောင်းလှသောဖြစ်စဉ်များ ဖြစ်နေတတ်ပါလေသည်။ ဤဇာတ်လမ်းရေးသားရာတွင် ပူးတွဲတင်ပြခဲ့သော ကျည်ဆန်မိဘုရားရှင်အား အမှန်တကယ်ထုဆစ်ပုံဖော်ဖြစ်ခဲ့မိသည့်ထူးဆန်းသော ဖြစ်ရပ်မှန်တစ်ခု၏အကြောင်းကို မှန်ကန်သောသစ္စာတိုင်တည်မှုများဖြင့် စာရေးသူမှ ဖွဲ့နွဲ့ရေးသားတင်ပြလိုပါသည်။

❑

မြန်မာနိုင်ငံတွင် အင်္ဂလိပ်အထွက် ဂျပန်အဝင်ဟူသော ခေတ်ကာလတစ်ခု ရှိခဲ့ဖူးကြောင်း စာရှုသူတို့ သိရှိကြပြီးဖြစ်ပါ၏။ တောင်ကြီးမြို့ ဟူ၍ ဖြစ်လာလေမည့်ရွာတစ်ရွာတွင် မြို့ခံတိုင်းရင်းသားလေး မောင်ရွှေသည် ဤဇာတ်လမ်းဇာတ်ကွက်တွင် အဓိကအဖြစ် အနီးကပ်ပတ်သက်နေသူဟူ၍ ယုံကြည်ထားကြသူ ရွာသားဟောင်းကြီးတစ်ဦးလည်းဖြစ်ပါသည်။ မောင်ရွှေတို့နေအိမ်ရှိသောရွာလေး၏ထိပ်တွင် ရွာဦးကျောင်းတည်ရှိလေရာ ထိုနေရာသည် သစ်ပင်ကြီးများစွာဖြင့် အုံ့ဆိုင်းညို့မှိုင်းလျက် လူလက်နှစ်ဖက်စာမကသော ညောင်ပင်ကြီးများလည်း ပေါက်ရောက်လျက်ရှိနေသောနေရာ ဖြစ်လေသည်။

ယခုကဲ့သို့ မြို့ကြီးပြကြီးတစ်ခုဖြစ်လာမည့် ဒေသတစ်ခု၏ မြို့နာမ်ဘုရားဟူ၍ အထင်ကရသတ်မှတ်ခဲ့ကြသည့် ရွာဦးစေတီလေးနှင့် ရှေးဘုရားလေးတစ်ဆူသည် မောင်ရွှေ မမွေးဖွားခဲ့သေးသော ကာလကတည်းကပင်လျှင် တည်ရှိခဲ့ခြင်းဖြစ်သည်။ လူမမည်ကလေးဘဝကပင်လျှင် ခွလေးတစ်ချောင်းဖြင့် လက်တည့်စမ်းထွက်လေ့ရှိတတ်သည်က မောင်ရွှေ၏ အကျင့်ဖြစ်လေသည်။ ခေတ်ကာလအနေအထားအရ လူဆိုးသူခိုးများလှသဖြင့် မိခင်မှ တားမြစ်ရလေ့





www.burmeseclassic.com

www.burmeseclassic.com



ရှိပါ၏။

"မောင်ရွှေ၊ ဘယ်သွားမို့တုံး"

"ဩော -ဘုရားနားသွားမလို့"


"မောင်ရွှေ ပြန်လာစမ်း။ သစ်ပင်အကြိုအကြား အင်္ဂလိပ်ပုန်းနေမှန်းမသိ၊ ဂျပန်ခိုနေမှန်းမသိနဲ့။ သူတို့က သေနတ်နဲ့ ကျည်ဆန်နဲ့လာကြတာ။ နင့်လိုမျိုး လောက်စာလုံးနဲ့လာမှာမဟုတ်ဘူး။ မသွား

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်ဗိုဘုရားဆင်းတုတော်၏
တင့်တယ်သပ္ပာယ်တော်မူပုံဟန်



တောင်ကြီးမြို့၏ မြို့နှာဝ်ဘုရားဖြစ်သော
ရှေးဘုရားဆုတောင်းပြည့်ကိုယ်စားတော်



မြို့နှာဝ်ဘုရားဝင်းအတွင်းမှ
ရွှေစေတီတစ်ဆူ



ရွှေရောင်ခြယ်ထားသော
ကျည်ဆန်ထိပ်ဖူးခဲသီးလေးအား
အနီးကပ် တွေ့မြင်ရစဉ်



ကျောင်းဆောင်၏တောင်ဘက်အဝင်မုခ်ဦးဘက်မှအမြင်

နဲ့ဆို မသွားနဲ့"

ပြောရင်း စိတ်ဆိုးလာသည့်အဘ အသံကြောင့် မောင်ရွှေ ခြေလှမ်းများ တုံ့ခနဲဖြစ်သွားရသည်။

"အဘပြောနေရင် မသွားနဲ့တော့ ငါ့သား။ ဟုတ်တယ်၊ အဲဒီနေရာတွေက စိတ်မချရဘူး။ တောကြောင်တွေက လည်းဆိုးတယ် သားရဲ့။ ဟော-ပြောရင်း ဆိုရင်း ခပ်ဝေးဝေးက သေနတ်သံတွေ ကြားရပြန်ပြီ။ လာလာ - သား အိမ်ပေါ် တက်တံခါးတွေပိတ်ကြမယ်"

ဤသို့နှင့် တွေ့ကြုံရနေကျဖြစ်သော တစ်အိမ်ဝင်းလုံး ဆူးစည်းရိုးခတ်၊ အိမ်တံခါးဝကို အခိုင်အမာပိတ်၊ ပြတင်းပေါက်များကိုလည်း အသေအချာပိတ်၍ အိမ်တွင်းပုန်းကြရပြန်ပြီ ဖြစ်ပါသည်။ ရန်သူတို့ ရွာတွင်းဝင်ရောက်လာကြပါက တစ်ရွာလုံးသည် မီးခိုးတိတ်ဆိတ်ငြိမ်လျက်ရှိသော ရွာပျက်တစ်ခုလိုပုံစံမျိုး မြင်သွားကြစေရန်ဟူ၍ ကလေးပါ မကျန် ခွေးပါမကျန် ပုန်းနေကြရသော အခြေအနေမျိုးဖြစ်နေ၏။

ဤသို့ဖြင့် ခြေတံရှည်ရှည် လှေကားမြင့်မြင့် ထရံတို့ရွဲ့စောင်းလျက်ရှိနေလေသော အိမ်အဟောင်းသဏ္ဍာန်နေအိမ်ပေါ်တွင် အမိ၊ အဖတို့စကားကို နားထောင်လျက် တံခါးအလုံပိတ်၍ နေကြရပါလေ၏။ အသံမထွက်အောင် မြေပဲခွံခွာကြရင်း သားအမိသားအဖ (၃) ဦးသားတို့ တိတ်ဆိတ်စွာဖြင့် ပတ်ဝန်းကျင်အသံဗလံများကို နားစွင့်နေကြရသည်။ နံနက်စာစားချိန်တွင်လည်း မှတ်မှတ်ရရ ထိုနေ့က ညောင်ချဉ်ဖူးဟင်းရည်နှင့် ပဲပုပ်ထောင်း၊ ငရုတ်သီးစပ်စပ်နှင့်ဖြစ်သည်။ တိတ်ဆိတ်စွာ စားနေကြရင်းမှ အမေက -

"ပဲပုပ်ထောင်းလေးထဲ 'ချွန်းပွေ့' လေးမှ မထည့်ရနဲ့"

တမ်းတမ်းတတပြောနေသည်ကို ဖခင်ဖြစ်သူမှ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်သဖြင့် မိခင်မှာ ဇက်ကလေး ပုသွားခဲ့ရရှာသည်ကို မောင်ရွှေကြည့်ရင်း ရယ်ချင်သွားမိခဲ့၏။ ချွန်းပွေ့ဆိုသည်မှာ မောင်ရွှေတို့လို တောင်ပေါ်ဒေသ ပအိုဝ်၊ ဓနုနှင့် ရှမ်းတိုင်းရင်းသားတို့ နှစ်ခြိုက်ကြသော ဟင်းခတ်အမွှေး အကြိုင်တစ်မျိုးပင် ဖြစ်သည်။ အလွန် ဆေးဖက်ဝင်ပြီး ထိုချွန်းပွေ့ရနံ့သင်းပျံ့ သော ဟင်းလျာများသည် စားသူ အာသီသတို့ကို လှုံ့ဆော်ပေးတတ်သော သတ္တိမျိုးရှိသည်။ အစားအသောက်ပျက် သူတို့အတွက် စားဝင်အိပ်ပျော်စေတတ် သော ဆေးစွမ်းကောင်းတစ်မျိုးဟု ဒေသခံတို့က ယူဆကြသော လက်သုံး ဟင်းခတ်အရွက်တစ်မျိုး ဖြစ်ပါသည်။ ယခုလည်း မောင်ရွှေ၏မိခင်မှ ခြံအတွင်း စည်းရိုးပေါ်တွင် အခြောက်ခံချိတ်ထား ထားသော ခရမ်းရောင်ချွန်းပွေ့စည်းကို ယူမတက်ခဲ့လိုက်ရ၍ ပြောနေခြင်း ဖြစ်သည်။ မောင်ရွှေဟင်းညီတစ်ခွ



www.burmeseclassic.com

www.burmeseclassic.com




ရွှေဘုရားတည်ရှိတော်မူနေရာကို တွေ့ရှိရစဉ်



ဘုရားဒကာအသီးသီးတို့၏
ပူဇော်ထားကြသော ဆင်းတုတော်များ



တောင်ကြီးမြို့၏ မြို့နာမ်ဘုရားဖြစ်သော ရွှေဘုရားဆုတောင်းပြည့်ကိုယ်စားတော်



ဟသ်ာဝိုင်နှင့် အရံစေတီများ

ခတ်၍ထမင်းပေါ် ဆမ်းလိုက်ချိန်အတွင်း တွင်-

"ဒိုင်း . . . ဒက် . . . ဒက် . . . ဒက်"

"ဟော"

အဘ၏ 'ဟော' ဆိုသော အသံနှင့်အတူ အမေ၏ ခပ်တောင့်တောင့်ဖြစ်သွားသောကိုယ်ဟန်တို့က မောင်ရွှေ့အတွက် ပို၍ပင်အထိတ်တလန့်ဖြစ်သွားရပါသည်။ အခြားအိမ်တို့ မည်သို့ရှိနေကြလေသည်လဲ။ မည်သူတို့ရွာတွင်းဝင်လာကြသည်လဲဟူသောစိတ်တို့ဖြင့် သားအမိသားအဖတို့ နီးရာထရံပေါက်ကြားမှ ကြည့်နေမိကြပါလေ၏။ ရွာတွင်းသို့ ဝင်လာသည်တို့ မတွေ့ရသော်ငြားတစ်ရွာလုံးမှာမူ အပ်ကျသံကြားရမတတ် ငြိမ်နေကြလေသည်။ အိမ်တိုင်းအိမ်တိုင်းသည် ထရံအပြည့်ပိတ်ထားသော ပုတ်တောင်းကြီးများပမာ ရွာလယ်တွင် တိတ်ဆိတ်စွာ ရပ်တည်နေကြပါလေ၏။

သေနတ်သံတို့သည် ရွာဦးစေတီဘက်နေရာဆီမှဖြစ်နိုင်ကာ တစ်ချက်တစ်ချက် ထပ်မံကြားလိုက်ကြရပြီး တဖြည်းဖြည်း ဝေး၍ဝေး၍သွားကြမှသာ သူတို့လည်း သက်ပြင်းချနိုင်ခဲ့ကြပါလေသည်။

"လူဆိုးသူခိုးတွေလား၊ တောကြောင်တွေလားပဲနေမှာ။ အခြေအနေကြည့်နေနော် မောင်ရွှေ။ နင်ဟိုသွားဒီသွား သွားနေလို့ သူများမိသွားရင် သေနတ်နဲ့ပစ်သတ်ကြမှာသိလား"

မောင်ရွှေအတွက် ပို၍ကြောက်မိသွားပါလေတော့၏။

❑

နောက်တစ်ရက် မိုးလင်းချိန်

www.burmeseclassic.com

ရောက်ခဲ့ရပြီဖြစ်ပါ၏။ မီးမထွန်းရဲ၍ တစ်ညလုံး လရောင်၊ ကြယ်ရောင်ဖြင့် နေကြရသဖြင့် မနက်တွင် အစောကြီး နိုးထကာ တစ်နေ့တာအတွက်ပြင်ကြရပြန်သည်။ ငါ့ဝမ်းပူဆာမနေသာကြသည်ဖြစ်၍ ခိုးဝှက်စိုက်ပျိုးထားကြသော သူ့လယ်ကိုယ့်လယ်တို့ ရတတ်သမျှ စုဆောင်းသယ်ယူကြရသည်မျိုး၊ ပိန်းဥ ကျွေးဥတို့ကို ရှာဖွေတူးယူကြရသည်မျိုးတို့ကို အရုဏ်တက်ချိန်အတွင်း ပြီးစီးအောင်လုပ်ကြရမြဖြစ်လေသည်။ ကိုယ့်အိမ်သူ့အိမ်စားရေရိက္ခာဖြည့်တင်းပြီးကာ တစ်နေကုန်ပုန်းအောင်းနေကြရသည်ကလည်း ကမ္ဘာစစ်အတွင်းဒုက္ခကြီးတစ်မျိုးဖြစ်လေသည်။

တစ်ရက်၊ နှစ်ရက် အေးဆေးသွားကြသည်နှင့် တောတောင်ကြားရွာပီပီပင် ထုံးစံအတိုင်း စားစားသွားသွားဖြစ်လာကြပြန်သည်။ သို့သော် မကြာမြင့်သော တစ်ရက်တွင် တောလည်သွားသော ရွာသားတစ်ဦးမှ အော်အော်ပြေးပြေးဖြင့် ရွာတွင်းဝင်ရောက်လာခဲ့ပြန်တော့၏။

"ဂျပန်ငပုတွေဝင်လာနေတယ်။ လမ်းကြောင်းက ရွာထဲဖြတ်ဝင်မယ့်သဘောပဲ။ ပြေးကြ၊ ပုန်းကြဦးဟေ့။ ရွာထဲကအမြန်ဆုံးထွက်ပြီး တောထဲပုန်းကြတော့၊ မြန်မြန်လုပ်ကြ"

"ဟင်. . ."


မောင်ရွှေမှင်တက်နေစဉ်မှာပင်-


"လာလာ - သား ဒီအဝတ်ထုပ်ကို လွယ်ထား။ ဒီအထုပ်ကိုလက်ကဆွဲ။ အဲဒါထမင်းခြောက်ကိုလှော်ထားတာ။ ဆာရင်ဖြေစား။ အမေနဲ့ လူမကွဲစေနဲ့။ လာ - ပြေးကြမယ်"

"အဘ၊ အဘကော"

"အဘလိုက်လာမယ်သား၊ သွားနှင့်ကြ။ ရွာကလူတွေနဲ့စုပြီးပုန်းကြနော်"

ထိုအခါမှ မားကြီးတဝင့်ဝင့်နှင့် အဘကို မောင်ရွှေသတိပြုမိသွားသည်။ မောင်ရွှေတို့ကဲ့သို့ အဝတ်ထုပ်၊ ထမင်းခြောက်လှော်ထုပ်တို့ကို ကျောတွင်သိုင်းလျက်ပြေးကြသူ ရွာသူရွာသားအကျန်မရှိရလေအောင် စောင့်ပေးနေခြင်း ဖြစ်သည်။ အမေဆွဲပြေးရာနောက်လိုက်နေရင်း အိမ်အောက်မှ ကြက်ပေါက်ကလေးများ၊ အိမ်လည်ရှိမောင်ရွှေ၏ ရွှံ့နွားရုပ်များ၊ အမေမြေတွင်းထဲအမြန်ထည့်မြေဖို့ခဲ့သော စားအိုးစားခွက်များနှင့် ဆင်းတုတော်များ ၊ အလေ့ကျပေါက်နေသော ဟင်းသီးဟင်းရွက်များ၊ ချုံကြိုချုံကြား၌ ဖွက်ထားကြရသောဆန်ထုပ်ပြောင်းထုပ်



ကျောင်းဆောင်၏မြောက်ဘက်အရပ်မှအမြင်


သန့်ရှင်းသပ်ရပ်သော မြို့မှာမ်ဘုရား၏ပရိဝုဏ်


ရွှေဘုရား၏လုံခြုံမှုအတိုင်းအတာအတွက် အကာအရံများမှာ . . .

www.burmeseclassic.com


www.burmeseclassic.com



မြို့မှာဝ်ဘုရားသို့ အဝင်မုခ်ဦး



နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခတို့ အား
နေရာပေးထားရာမှ ဂဠုန်မင်းကြီး၏နေရာ



တရားအားထုတ်လိုသူ လူဗုဒ္ဓိုယ်အားလုံးတို့အတွက် နေရာထိုင်ခင်းများ



ရဟန်းသံဃာတို့၏နေရာ



မြို့မှာဝ်ဘုရားဆရိဝုဏ်နှင့် အေးစေတီကျောင်းဝင်းတို့မှာ ကားလမ်းတစ်ထမ်းသာခြားသည်

များအားလုံးတို့သည် သခင်မဲ့စွာကျန်နေရစ်ခဲ့ကြသည်။

ရွာနှင့်အလှမ်းကွာသော လုံခြုံရာနေရာတစ်ခုသို့ရောက်အောင် တစ်ရွာလုံးစုပေါင်းပြေးခဲ့ကြရသည်။ တစ်အုပ်တစ်ဖွဲ့လုံးသည် အသံမထွက်တမ်း တိုးတိတ်စွာ နားခိုနေကြရသည်။ နဂိုကပင် ရွေးချယ်ခဲ့ကြသောနေရာဖြစ်ပြီး ကျောက်တောင်တစ်ခု၏အပေါ် တစ်ဆင့်ရှိ ဂူတစ်ခြမ်းနေရာလိုမျိုး ဖြစ်သည်။ အပေါ်စီးအနေအထားမျိုးဖြစ်၍ ရန်သူလာလျှင် ကြိုသိနိုင်သောနေရာလည်း ဖြစ်လေသည်။ သို့သော် ဤလိုနေရာမျိုး၌ ကလေးငယ်တို့ကိုတော့ ပို၍ဂရုစိုက်ရလေသည်။ ကလေးငိုသံမထွက်စေရန် အလွန်သတိထားကြရသောအနေအထား ဖြစ်သည်။

"ဟဲ့-ငိုတော့မယ်၊ နို့တိုက်နို့တိုက်။ အသံမထွက်စေနဲ့ ဘုရားဘုရား"

ပြောသူကပြော၍ တိုက်သူကတိုက်သော်လည်း ပင်ပန်းနွမ်းနယ်လ၍

www.burmeseclassic.com

အာဟာရမပြည့်သောမိခင်၏ နို့ရည်တို့ကတော့ တတောက်တောက်ယိုစီး၍ မလာနိုင်ဘဲ အရည်ပျော်ကျလာရုံသာ ထွက်လာပါလေ၏။ ဤသို့ဖြင့် ကလေးငယ်၏ညည်းတွားဟန်၊ ခပ်အုပ်အုပ်ငိုသံကတော့ 'သနား'စဖွယ်ထွက်ပေါ်လာပြန်လေသည်။

"နို့မထွက်ဘူးလား၊ လက်နှင့်ကိုင်ညှစ်ပေးလေ"

ရန်သူတို့၏ အာရုံစိုက်လာမိမည်စိုးနေသော မိခင်မှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ညှစ်ပေးရှာပါသည်။ သို့သော်လည်း မိခင်၏ နို့အုံငယ်လေးမှာ ညှစ်လိုက်တိုင်း ပူစီဖောင်းတစ်လုံးအတွင်း လေမျှာနေရာရွေ့သွားသလို ပြား၍ပြား၍သွားလေတော့ရာ စိတ်ပျက်စရာပင်ဖြစ်လေသည်။

"ချော့ပါဦးကွယ်၊ ကလေးကျောလေးပွတ်ပေး"

အသက်ကြီးကြီးအဘွားတစ်ဦး၏ တုန်ခတ်ခတ်အသံဖြစ်ပြီး တစ်ယောက်ကလည်း -

"နေဦး နေဦး၊ ငါ့မှာ ထမင်းခဲလေးပါလာတယ်။ ရော့ရော့-ဝါးပေး ညက်ညက်လေး စေးပိုင်နေအောင်ဝါး။ ပြီးရင်နင့်ကလေးလေးပါးစပ်ထဲထည့်ပေးလိုက်ဟဲ့"

"ဟယ်-ရပ့်မလားထွေးတင်ရယ်။ ကလေးကဖြင့် တစ်လတောင်မပြည့်သေးဘူး။ တော်ကြာ ကလေးလေးဗိုက်နာနေမှ"

"အမယ် ငါ့သားသမီးတွေဆို ငါမီးတွင်းကတည်းကကျွေးတာ။ ကစီကျအောင်သာဝါးပြီးကျွေး ဘာမှမဖြစ်ဘူး။ ခေတ်ကာလကမှမကောင်းတာ။လူဆက်ဖြစ်မယ့် ကလေးဆိုရင်ဘာမှကိုမဖြစ်ဘူး စိတ်သာချ ငါ့တူမ။ ခုလောလောဆယ်နင့်ကလေးအသံတိတ်မှကိုဖြစ်မှာဟဲ့။ မတော် ဟိုတစ်ခါတုန်းက ညောင်တန်းရွာအုပ်စုလိုဖြစ်နေမစိုးလို့။ ဖွ - မပြောကောင်းမဆိုကောင်း"

"ဒေါ်ထွေးမိကလည်းဗျာ နိမိတ်မရှိ၊ နမာမရှိ။ ခင်ဗျားဗျာ"

"မဟုတ်ပါဘူးဟယ်၊ ငါကစေတနာနဲ့ပြောတာပါ။ မဟုတ်ရင် ကလေးအမေ သဘောမပေါက်ဘဲနေမှဖြင့် ငါတို့လည်း စိုးရိပ်ရလို့ပါ ကြီးမောင်ရယ်"

ရွှေ့တစ်လခန့်ကပင် ရွာနီးချင်းတစ်ရွာ၏အဖြစ်တစ်ခုပင် ဖြစ်ပါ၏။ ထိုစဉ်က ညောင်တန်းရွာသည် ဂျပန်လမ်းကြောင်းကျနေသည်ဟူ၍ ကြိုတင်သတင်းရကြသဖြင့် အလျင်အမြန်ပင် ရွာကိုပစ်၍ပြေးခဲ့ကြရဖူးလေသည်။ အမြန်ဖြစ်၍ လူစုများကွဲကာ ဆယ်ယောက်စု၊ ဆယ့်ငါးယောက်စုဖြင့် လွတ်မည်ထင်ရာများဆီပြေးခဲ့ကြရသည်ဆိုပါ၏။ ကလေးပေါက်စအနီးထုပ်လေးပါသော ဆယ်ယောက်စုအဖွဲ့တို့ ကြီးမားလှသော ချုံကြီးအတွင်း ပုန်းခိုနေကြစဉ် ဂျပန်စစ်ဖိနပ်သံများကိုကြားလာရသဖြင့် အသံတိတ်ပုဝပ်ပုန်းနေကြရလေသည်။ ထိုစဉ်မှာပင် ထိုပါလာသောကလေးငယ်မှ အဲ့ခနဲထ၍ငိုလိုက်သောအသံထွက်သွားခဲ့လေရာ ခပ်သုတ်သုတ်သွားနေကြသောဂျပန်တို့ သတိပြုမိသွားကြလေသည်။ ဂျပန်များသည် နောက်ပြန်လှည့်ကြည့်ကြပြီး ကြီးမားလှသော ဆူးချုံကြီးအတွင်း ဝင်ရောက်ရန်လည်း မလွယ်ကူသဖြင့် အလျင်စလိုပင် ထိုချုံကြီးအတွင်း ပိုင်းသို့ရည်ရွယ်၍ စက်သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်လိုက်ကြပါလေတော့၏။ ကလေး၊ လူကြီး အရွယ်စုံဆယ်ယောက်စလုံးပင် ပွဲချင်းပြီးခဲ့ကြရပါလေတော့၏။ ဂျပန်တို့လွန်သွားပြီးကာမှ ကျန်လူတို့ဝိုင်းဝန်းကယ်ဆယ်ကြသော်လည်း အသက်ထွက်လုဆဲလူတစ်ဦး၏ ပြောပြချက်ကိုသာ သူတို့ရရှိနိုင်ခဲ့ကြပါလေသည်။

ထိုအဖြစ်ကို ပြန်၍အမှတ်ရကြသွား၍ အားလုံးပင် ကျောချမ်းသွားမိကြခြင်း ဖြစ်လေသည်။ ကလေးအမေမှာမူ နာနာဝါးရင်း ကလေးအား ခွံ့ရင်းဖြင့် ကြောက်လန့်တကြီး ပြုလုပ်နေရှာလေသည်။ တစ်ခါမှ နှစ်ခါ၊ နှစ်ခါမှ သုံးခါရှိလာသောအခါ ကလေးမှာအတန်ငယ်ငြိမ်သက်သွားလျက်ရှိလာ၏။

"ဟူး"

ကလေးလေးအား ဝိုင်းကြည့်နေကြသူများထဲမှတစ်ဦး၏ သက်ပြင်းချသံပင် ဖြစ်လေ၏။ မောင်ရွှေသည် ကလေးကိုတစ်လှည့်၊ ကလေးအမေကိုတစ်လှည့် တစိုက်မတ်မတ်ကြည့်နေလေရာ ကလေးငယ်လေး ဗိုက်တင်းပြည့်ဝမှုရှိလာလေလေ ကလေးအမေ၏ ပါးစောင်များပို၍ ပိန်လိုက်လာလေလေရှိကြောင်းထင်နေမိပါလေတော့သည်။ ကလေးကိုကြည့်နေသောအမေ၏ ခြောက်သွေ့ပြာနှမ်းနေသော နှုတ်ခမ်းများသည် စိတ်သက်သာရာရသွားဟန်များဖြင့် ရှိနေသည်ကိုလည်း တွေ့ရပါလေ၏။

ထိုနေရာ၌ မောင်ရွှေနှင့် ရွာသားအုပ်စုတို့ တစ်နေ့နှင့်တစ်ညပုန်းခိုခဲ့ကြရပြီး အေးချမ်းသောအခါမှ ကိုယ့်အိမ်သူ့အိမ်ပြန်ခဲ့ကြရလေသည်။ မောင်ရွှေသည် အမေနှင့် အိမ်ဘက်ဆီသို့လိုက်မသွားဘဲ အခြားကလေးများနှင့် မြို့နာဘုရားရှိရာဘက်သို့ ပြေးသွားလိုက်ပါ ရေညှိများတက်နေသော စေတီအိုတန်ဆောင်းပျက်ကြား၊ မုခ်ပျက်ကြား ဆင်းတုတော်တို့ကမူ ဘေးကင်းစံပယ်နေကြဆဲဖြစ်ကြောင်း တွေ့လိုက်ပါသည်။ ထိုပတ်ဝန်းကျင်တစ်ဝိုက်လူ့လက်နှစ်ဖက်စာမကကြီးမားလှသော ညောင်ကြွတ်ပင်၊ ညောင်ပိန္နဲပင်တို့ကျည်ဆန်ရာများ ထိမှန်ထားကြော မောင်ရွှေ မြင်တွေ့လိုက်ရပါလေသည်

❑

မောင်ရွှေ လူပျိုကြီးဖားဖားဖြစ် အထိ ထိုဒေသတစ်ဝိုက်တွင် ရော သောင်းကျန်းသူများ ဝင်လာနေကြ ပင်ဖြစ်လေသည်။ မူလတန်းအဆင့် ကျောင်းပြီးခဲ့ရသော မောင်ရွှေသ သူတို့ရွာတွင်တော့ အဆင့်မြင့်သ ရေးနိုင်ဖတ်နိုင်သူတစ်ဦး ဖြစ်လာ သည်။ သစ်တော့သီး၊ မက်မန်းသီး ကို စိုက်ပျိုးစားသောက်နိုင်သော ရှင်ဖြစ်လာခဲ့ချိန်တွင်မူ ရပ်ရွာသ အေးချမ်းမှုအတန်ငယ်ရှိလာခဲ့ပြီ ၏။

"ဦးလေး မောင်ရွှေ မနေ့က နာမ်ဘုရားကို ဘုရားဖူးတွေအများ လာကြတယ်နော်"

"အေးလေ၊ဒီလိုပဲလာနေကျပဲ အရင် ငါတို့ငယ်ငယ်ကတော့ တော တွေများလို့ လူတွေမလာရဲကြတာ။ တော့ လူသွားလူလာလည်းများလာ ပြီကိုးကွ"

"ပြီးတော့ လူတွေကပြောတယ် ဒီဘုရားလေးက ဆုတောင်းပြည့် တဲ့"

"ရှေးဘုရားမို့လို့ပြောကြတာ ပါကွာ"

"မဟုတ်ဘူး ဦးလေး။ အမ် လာယူပြီး ပုတီးစိပ်တဲ့လူတိုင်း ကြတာ။ ရာထူးတက်တဲ့လူနဲ့၊ အောင်တဲ့လူနဲ့၊ ကြက်သွန် ကောင်းရတဲ့လူနဲ့ သူတို့က ဒီဘု အဓိဋ္ဌာန်ပြုပြီးမှ အဲသလိုအောင် တာတဲ့"

"ဟေ-အေးပေါ့၊ဖြစ်နိုင်တာ ရှိမှာပေါ့ ဟုတ်လား"

"ကျွန်တော်တို့လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဒီဘုရားနားဖြတ်ပြန်ရရင် ကျောထဲစိမ့်စိမ့်လာတာဗျ။ မနေ့ကလည်း ကျွန်တော်တို့ သူငယ်ချင်းငါးယောက် ဘောလုံးကန်ပြန်လာတာ မိုးချုပ်ချုပ်နဲ့ ဒီဘုရားဘေးဖြတ်ပြန်ကြတာ ဘယ်လိုကြောက်မှန်းမသိဘူး၊ တစ်မျိုးပဲဗျာ"

"အဲဒါ မင်းတို့ ဘာမှမဟုတ်ဘူး၊ ဘုရားမေ့တရားမေ့ဖြစ်ကြလို့ပဲနေမှာ။ အားအားရှိ ကစားနေကြတာကို"

"မဟုတ်ပါဘူးဦးလေးရာ။ ဘုရားကိုက ထူးကိုထူးနေတာမျိုးပါ"

မကြာမီ နှစ်အတွင်းမှာပင် ထိုလူငယ်တို့ပြောသော ထူးခြားမှုဆိုသည်ကို ဦးမောင်ရွှေတစ်ယောက် မြင်သာသိမြင်နိုင်ခဲ့ရပါလေသည်။

❑

ထိုနေ့က ဦးမောင်ရွှေတို့ ရပ်ရွာလူကြီးများ စည်းဝေးတိုင်ပင်ကြပြီး ထိုမြို့နာမ်ရှေးဘုရားတစ်ဆူနှင့် စေတီအိုလေးအား ဝတ္တကမြေတိတိပပရှိနိုင်ရေးနှင့် ပြန်လည် ပြုပြင်ရေးလုပ်ငန်းများအတွက် ဆုံးဖြတ်ချက်ချမှုများ ပြုလုပ်ခဲ့ကြပါလေ၏။ အများသူငါ ခုနစ်ရက်သားသမီးတို့၏ အလှူဒါနများနှင့် ကျောင်းတော်လေးအဖြစ်တည်ဆောက်လှူဒါန်းဖြစ်ခဲ့ကြပါလေသည်။ ဗုဒ္ဓဂယာမှကျောင်းတော်ပုံစံမျိုးနှင့် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခတို့၏ကိုယ်စားပြုရုပ်တုများ နတ်ဒေဝတာတို့၏ ကိုယ်စားပြုရုပ်တုများ စသည်တို့ဖြင့်ပြည့်စုံတင့်တယ်ကျယ်ပြန့်သော ပရိဝုဏ်လေးဖြစ်လာခဲ့ပါသည်။ ထိုကျောင်းတော်အတွက် နေရာပြုပြင်စဉ်က မလွတ်ခဲ့သောညောင်ကြတ်ပင်၊ ညောင်ပိန္နဲပင် (၃) ပင်ခန့်ကို ဖြတ်တောက်ဖယ်ရှားခဲ့သဖြင့် ပိုမိုသင်းကျင်းသော ပတ်ဝန်းကျင်ကိုလည်း ဖြစ်ပေါ်စေနိုင်ခဲ့ပါလေသည်။

အတုံးအရှုံးရှိနေကြလေသော ညောင်သားတုံးတို့ဖြင့် ဆင်းတုတော်များအဖြစ် ထုလုပ်ပူဇော်ကြရန် အများသဘောတူဆုံးဖြတ်ကြပြန်သဖြင့် တစ်နယ်တစ်ကျေးမှ ဆင်းတုတော်ထု ကျွမ်းကျင်သူများကို သွားရောက်ခေါ်ယူခဲ့ကြရပြန်ပါသည်။ မုံရွာဘက်မှ လာခဲ့ကြသော ဆင်းတုတော်ထုကြမည့်သူများသည် သားအဖနှစ်ဦးဖြစ်နေကြသဖြင့် အဆင်ပြေစွာ နေရာချထား စိတ်တိုင်းကျခိုင်းစေနိုင်ခဲ့ကြလေသည်။ ထိပ်ဆုံးထုဆစ်မည့် ညောင်သားတုံးကို သူတို့ကိုယ်တိုင်ရွေးချယ်ကြပြီးကာ ထုဆစ်ရန် ပြင်ဆင်ကြသည်။ ဦးလေးအရွယ်ကျော်စ ဘကြီးမောင်ရွှေလည်း ထိုအတတ်ပညာကို စိတ်ဝင်စားလှသဖြင့် မနီးမဝေးမှ အမြဲလေ့လာကြည့်ရှုမိသည်က နေ့စဉ်လိုလိုပင် ဖြစ်လေသည်။

ရွာဦးဆရာတော်မှလည်း လိုအပ်ရာ ကူညီဖြည့်ဆည်းပေးရန် ရွာခံတစ်ဦးအနေနှင့် ကြည့်ရှုပြုလုပ်မှုပေးသင့်ကြောင်း မိန့်ကြားထားသဖြင့် ဘမောင်ရွှေမှ မျက်ခြည်မပြတ် ကြည့်ရှုပေးနေမိခြင်း ဖြစ်လေသည်။ စတင်ထုဆစ်တော့မည့်နေ့ အကြမ်းထည်ခွာချမှုများပြုလုပ်ကြပြီးသည့်အချိန် သူတို့အနီးသို့ တဝီဝီ အော်သံများ နီးကပ်လာ၍ လှည့်ကြည့်မိကြသောအခါ -

"ဟာ - မနည်းပါလား"

ထခုန်ရင်း ဘမောင်ရွှေ ရုတ်တရက်ပင် လန့်ဖျပ်အော်မိလိုက်ပါ၏။

"ပျား. . . ပျားတွေဗျ"

ဘုရားထုဆစ်လက်စဖြင့် ဦးဘဖြူတို့သားအဖ ထိုင်လျက်မှ အမြန်ထပြေးကြရ၏။ နည်းသည့်ပျားအုပ်မှုမဟုတ်ပါဘဲ။ မည်သည့်အရပ်မှထွက်၍ မည်သည့်အရပ်သို့ဝင်သည်ဟူ၍ မပြောနိုင်အောင်ရှိလှသည်။ ဖြတ်ချည်းရောက်လာပြီးကာ ဘုရားထုရာနေရာတစ်ဝိုက်ကို လှည့်ကာပတ်ကာ ပျံဝဲကြပြီး အပေါ်ဘက်သို့ တစ်စုတည်းထောင်တက်သွားကြသည်ကိုသာ မြင်လိုက်ကြရပါလေသတည်း။

"ပျားကြီးတွေဗျား. . ."

"ဟုတ်ပ့၊ ဘယ်လိုကနေ ဘယ်လိုရောက်လာတာပါလိမ့်။ ထူးတော့ထူးတယ်နော် ဦးဘဖြူ"

"ဘမောင်ရွှေ ဆရာတော်ကြီးကို အတိတ်ကလေးနိမိတ်ကလေးမေးကြည့်လိုက်ပါဦး"

ဦးဘဖြူ၏သားစိန်တင်၏စကားက ဖြစ်နိုင်ခြေရှိနေသဖြင့် -

"အေး - ဟုတ်သကွ။ ဘလည်းစိတ်ဝင်စားတယ်။ မေးကြည့်လိုက်ဦးမယ်"

ဘမောင်ရွှေ ဆရာတော်ကြီးအား တင်လျှောက်သောအခါ -

"အိမ်း - ဒါကတော့ဒကာကြီးရာ ပျားတွေကလည်း သူတို့အလုပ်သူတို့လုပ်ကြတာပဲလို့ မှတ်ရမှာပဲပေ့ါ။ ဒကာတို့လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြရမှာပေ့ါ ဟုတ်ဘူးလား။ ကဲ - ကျုပ်လည်း နေဝင်မိုးချုပ်တရားအလုပ်လုပ်ရဦးမှာမို့ ဘုရားရှေ့သွားလိုက်ဦးမယ်နော"

"ဟို - တင်. . . တင်ပ့ါဘုရား"

❑

ဘမောင်ရွှေစိတ်တွင်း မတင်မကျနှင့်နောက်တစ်ရက်မိုးလင်းခဲ့ပါလေတော့၏။ အယူသီးသည်မျိုးမဟုတ်သော်လည်း ထူးဆန်းသောပျားကြီးအုပ်တို့၏ လူကြားသူကြား ဂရုမထားသလိုဖြတ်လာခဲ့ကြသည်ကမူ ဖြစ်ရိုးဖြစ်စဉ်ထက် လွန်ကဲနေပါလေသည်။ ဘမောင်ရွှေအတွက် လုပ်ငန်းဆောင်တာဟူ၍ မည်မည်ရရမရှိ။ မက်မန်းခြံတို့ အသီးထွက်ချိန်လည်း မဟုတ်သေးသဖြင့် အချိန်အားများစွာရှိနေသဖြင့်လည်း ဤဘုရားများထုသည့် လုပ်ငန်းကို စိတ်ဝင်စားလေ့လာနိုင်နေသည့် အခွင့်အရေးကို ရရှိနေပါ၏။

ထို့ကြောင့် နေထွက်စပြုသည်နှင့် ထမင်းကြမ်းလျော်နှင့် ဇနီးသည်ပြင်ဆင်ပေးသော နံနက်စောစောစာကို စားသောက်ပြီးသည်နှင့် မြို့နာမ်ဘုရားရှိရာဘက်ထွက်လာခဲ့မြဲဖြစ်လေသည်။ နိစ္စဓူဝကျင့်စဉ်ဖြစ်သော တရားထိုင်ခြင်းအလုပ်နှင့် ဆီမီး၊ ပန်း၊ ရေချမ်းတို့ ပူဇော်လှူဒါန်းခြင်းအလုပ်တို့ကိုလည်း မပျက်မကွက်လုပ်ဖြစ်ခဲ့ပါလေသည်။ ဘုရားအလုပ်၊ တရားအလုပ်တို့ အောင်မြင်ပြီးမြောက်သွားပြီးသောအခါမှ ဦးဘဖြူတို့ရှိရာသို့ သွားဖြစ်လေ့ရှိပါသည်။

"ထိပ်ဆုံးတစ်ဆူကို ဘယ်လိုမုဒြာမျိုးထုဖို့ စိတ်ကူးထားလဲ ဦးဘဖြူ"

"အဲဒါကို စဉ်းစားနေတာဘမောင်ရွှေ။ ကျွန်တော်တို့သားအဖ တစ်ယောက်တစ်ဆူစီတာဝန်ယူကြမှာမို့ သားကစျာနမုဒြာတရားစျာန်ဝင်နေတဲ့ ဘုရားရှင်ပုံတော်ထုဖို့ ရည်ရွယ်ထားတယ်ပြောတယ်။ ကျွန်တော်တော့ ထိပ်ဆုံးတစ်ဆူလည်းဖြစ်တော့ကာ ဓမ္မစကြာ တရားဦးဟောနေတဲ့မုဒြာကို ထုဆစ်ပူဇော်မယ်ဗျာ"

ဦးဘဖြူကပြောရင်းဖြင့် ထုဆစ်ရမည့်နေရာများကို လက်များနှင့် အသာတို့ထိကိုင်တွယ်နေသည်ကို ဘမောင်ရွှေငေးကြည့်နေမိပါသည်။ ဦးဘဖြူ၏စိတ်အတွင်း၌ လျာထားချက်များဖြင့် ဆက်လက်ထုဆစ်တော့မည်ဖြစ်ပါ၏။တဖြည်းဖြည်းနှင့် ပလ္လင်နေရာများကို စတင်ကာကြာမှောက်၊ ကြာလန်များဖြစ်အောင် လှပကျွမ်းကျင်စွာ ထုဆစ်နေသည်များကို စိတ်ဝင်စားဖွယ် တွေ့မြင်ရလေသည်။ နေ့လယ်ပိုင်း ထမင်းစားနားကြချိန်၌ ဘမောင်ရွှေလည်း အိမ်ပြန်လာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါလေသည်။

တစ်ရက်မှနှစ်ရက်၊ နှစ်ရက်မှ သုံးရက်ရှိလာသောအခါ ဘုရားရှင်၏ အကြမ်းဖျင်းကိုယ်နေဟန်ထားတို့ ပေါ်လာခဲ့ပြီဖြစ်ပါ၏။ ရက်များစွာကုန်လွန်လာပြီးသည့်အခါ လက်ချောင်းတော်များကို အကြမ်းဖျင်းစတင်ထုဆစ်နိုင်ခဲ့ကြသည်။

"ဒီနေရာလေးတွေမှာလက်ချောင်းတော်လေးတွေဖြစ်လာမှာပေါ့နော် ဦးဘဖြူ"

"ဟုတ်တယ် ဘမောင်ရွှေ။ လက်ချောင်းတော်တွေကို ထုဆစ်တဲ့နေရာမှာ အင်မတန်ကို အနုစိတ်လုပ်ရတာဆိုတော့ သတိထားရတာမျိုးလို့ပြောလို့ရတယ်ပေါ့ဗျာ"

သူ့ပညာကိုလေးစားသောအားဖြင့် ဘမောင်ရွှေ ငြိမ်သက်စွာထိုင်ကြည့်နေမိပါသည်။ ဓမ္မစက္ကမုဒြာ ဟူသည်ကို ဘမောင်ရွှေအနည်းငယ်တော့မှတ်မိနေပါလေသည်။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူစ သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီးသည့်အခါ ရှေးဦးစွာတရားဦးဟောကြားရန် ပဥ္စဝဂ္ဂီငါးဦးရှိရာသို့ ကြွတော်မူခဲ့ခြင်းဖြစ်သည်။ မယုံကြည်နိုင်ကြသေးသဖြင့် ဘုရားရှင်အား အထင်အမြင်မှားယွင်းနေခဲ့သည်များ ပပျောက်နိုင်ကြစေရန် မြတ်စွာဘုရားရှင်မှ ဓမ္မစကြာတရားဦးကို ထင်လင်းစွာ ဟောဖော်ညွှန်ပြပေးတော်မူခဲ့ပါလေသည်။ ဤဘုရားရှင်၏ မုဒြာသည် အခြားသော မုဒြာများထက် ထူးခြားသပ္ပာယ်တော်မူလ၍ ဘမောင်ရွှေနှစ်သက်မိသော မုဒြာလည်းဖြစ်ခဲ့သည်။

ဦးဘဖြူ၏ ကျွမ်းကျင်သွက်လက်သော လက်ချောင်းများသည် ဂရုတစိုက်ဖြင့် ဖော့ချည်တစ်လှည့်၊ ဖိချည်တစ်ခါဖြင့် လှုပ်ရှားလျက်ရှိနေပါလေသည်။ အဓိကကျသော လက်ညှိုးတော်တို့ရှိ ပထမလက်ဆစ်တော်၊ ဒုတိယလက်ဆစ်တော်၊ တတိယလက်ဆစ်တော်တို့၏ အချိုးအစား ညီညွတ်မျှတရန်ကိုလည်း သတိထားနေဟန်တူပါ၏။ လက်ချောင်းတော်များနှင့် လက်ဖဝါးတော်ထိစပ်ရာနေရာ၏ ပြေပြစ်တင့်တယ်မှုကလည်း အရေးကြီးလှပါလေသည်။

"အတော်တော့ခက်ခဲတဲ့ပညာမျိုးပဲဗျ၊ ဦးဘဖြူ"

"ကျွမ်းကျင်ရာလိမ္မာပေါ့ဘမောင်ရွှေရာ။ ဒီမုဒြာမှာက လက်ညှိုးတော် နှစ်ဖက်စလုံးက သိပ်အရေးကြီးတာ"

"ဟုတ်တာပေါ့"

ပထမ ဦးဘဖြူပုံဖော်လိုက်သည်က ဘယ်ဘက်လက်၏ လက်သန်းတော်ဖြစ်သည်။ လက်သန်းတော်သည် လက်သူကြွယ်တော်နှင့် ထိစပ်နေရမည်ဖြစ်ပြီး လက်သူကြွယ်တော်သည်လည်း လက်ခလယ်တော်နှင့်ထိစပ်နေရမည့်ပုံသွင်မျိုးဖြစ်လေသည်။ တစ်ဖန် ဘုရားရှင်၏ ညာဘက်လက်ညှိုးတော်နှင့် လက်မတော်တို့သည် ထိသည်ဆိုရုံမျှရှိနေရမည်ဖြစ်ကြောင်း သူသဘောပေါက်မိ၏။ ဘယ်ဘက် လက်ခလယ်လက်ချောင်းတော်သည် ဘယ်လက်ညှိုးတော်ထိပ်ကို ထိနေဟန် ထုဆစ်မည့်ပုံထင်မိပါသည်။ ဦးဘဖြူ၏ ထုဆစ်နေပုံမှာ ဘုရားရှင်၏ ကိုယ်လုံးတော်အနေအထား ဆူမှုကြံမှု၊ ဉာဏ်တော်အနေအထား နိမ့်မှုမြင့်မှုတို့အပေါ် လိုက်လျောညီထွေသော လက်တော်များဖြစ်စေရန် စိတ်ကို ငြိမ်သက်နစ်ဝင်လျက် လှုပ်ရှားနေသည့်မျိုးဖြစ်နေပါလေသည်။

ဦးဘဖြူသည် ဆောက်သွားငယ်ဖြင့် တစ်ချက်တစ်ချက်ထုရင်း ထွက်လာသော သစ်မှုန်သစ်စများကို ပွတ်သပ်ဖယ်ထုတ်ရင်း သူ့ကိုပင် သတိမမူမိဟန်ရှိနေပါတော့၏။

❑

နောက်တစ်ရက်၌ ဘမောင်ရွှေ ဦးဘဖြူတို့ရှိရာ မရောက်ဖြစ်ခဲ့။ ခြံရှိရာဘက် အလုပ်သမားတို့ထံသွားရန်လိုသဖြင့် မရောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ (၃) ရက်ကျော်မှ ရောက်သွားသောအခါ ဘုရားရှင်ပုံတော်၏ ညာဘက်လက်ချောင်းများ အတန်အသင့်ပြီးစီးနေပြီဖြစ်ပြီး လက်တော်လက်မောင်းတော်ရှိ သက်န်းစအနေအထားတို့ပင် ပြီးစီးလုရှိနေပြီ ဖြစ်လေသည်။ ဘယ်ဘက်လက်ခလယ်တော်၊ လက်သူကြွယ်တော်၊ လက်သန်းတော်တို့သည် ပကတိလူ့လက်နှင့်မခြား ပျော့ပျောင်းဟန်များနှင့် ဦးဘဖြူ ထုဆစ်ထားခဲ့သည်။

"ဩော်-လက်ညှိုးတော်နဲ့လက်မတော်ပဲ ကျန်တော့တာကိုး"

"ဟုတ်တယ် ဘမောင်ရွှေ ဘာအလုပ်တွေများပေါ်လာလို့တုံး။ ဘမလာတော့ ကျုပ်စကားပြောဖော်မရှိဖြစ်ရရော"

"အေးဗျာ-လာမလို့ပါဘဲ၊ ခြံထဲမှာ ပေါင်းပင်တွေထူနေတာကို လူငှားခေါ်နေရလို့ပါ။ တော်တော်တောင်ပြီးသွားပြီပဲဗျ"

"ဟုတ်တယ်။ ဒီနေ့ လက်ညှိုးတော်နဲ့ လက်မတော် အချောလိုက်ပြီးရင်တော့ လက်စသတ်လောက်ပါပြီ"

ဦးဘဖြူသည် ချွေးစို့နေသောနဖူးကို အသာပွတ်သပ်လိုက်ပြီး ရေနွေးတစ်ခွက်ကို မော့ချရင်းမှ ဖြေလာ၏။ ထို့နောက် ဆက်လက် ထုဆစ်နေရာမှ တဖြည်းဖြည်းလက်ညှိုးတော်ထိပ်နေရာရှိ သစ်ပိုများကို ဖယ်ရှားလိုက်စဉ်တွင် သစ်သားအရောင်ကြားမှ ခပ်မည်းမည်းအကွက်ကလေးပေါ်လာ၍ -

"ဟင် - ဘာလေးပါလိမ့်"

"ဘာတွေ့လို့လဲ ဦးဘဖြူ"

"မည်းမည်းလေးဗျ။ နဂိုသစ်သားအရောင်မဟုတ်တော့ တစ်ခုခုဖြစ်နေသလားလို့"

ဦးဘဖြူကပြောရင်းမှ ထိုအရာကို ဆောက်သွားဖြင့် ထိကြည့်လိုက်သည်။

"ကျလိ. . . ကျလိ"

"ဟင်- ဘမောင်ရွှေ လာကြည့်ပါဦး"

"ဟေ- ဘာတုံးကွ၊ မှန်း-ကျောက်ခဲလေးများလား"

"ဘကလည်း ကျောက်ခဲသလဲကွ ဒီလိုသစ်လုံးအတွင်းဘက်ထိ ဘယ်လို ဝင်လာနိုင်မှာလဲ တွေးကြည့်ပါဦး"

"ဟုတ်တယ် - အံ့ဩစရာပါလား အပင်ငယ်ငယ်ကတည်းက ပင်စည်ကြား ညှပ်သွားတဲ့တစ်ခုခုများလားပဲဦးဘဖြူ ကျုပ်တစ်ခါက တွေ့ဖူးတယ်။ ကြာလာတော့ ကျောက်ဖြစ်သွားတာ"

"အင်း - ကြည့်ရတာတော့ ခပ် မည်းမည်းအရောင်လေးဗျ ဘမောင်ရွှေ ကလော်ထုတ်လိုက်ရင် ကောင်းမလား"

"နေဦး ဦးဘဖြူ မကော်နဲ့ဦးဗျာ ကျုပ်သေချာကြည့်ပါဦးမယ်"

ဘမောင်ရွှေ အနီးကပ်၍ သေချာ ကြည့်၏။

"ခဲတံထဲက အဆန်လိုအရောင် များ ဖြစ်နေသလားလို့ဗျာ"

ဘမောင်ရွှေနည်းတူ ဦးဘဖြူ လည်း မျက်မှန်တကားကားဖြင့် အ လိုက်ပါကြည့်နေရင်းမှ -

"ကျွန်တော်နည်းနည်းဝိုက်ပြီး ယူလိုက်မယ်ဗျာ ဘမောင်ရွှေ။ လ တော်လည်း ပုံစံမပျက်အောင် ဒီပ လေးရဲ့ပုံသဏ္ဍာန်အတိအကျကိုလ သိရအောင်ပေါ့"

ဤသို့ဖြင့် နှစ်ဦးသားစိတ် နေမိကြသည်။ ဦးဘဖြူမှ ဖြည်း



www.burmeseclassic.com

www.burmeseclassic.com

သာသာ မျက်နှာပြင်လုံးပတ်ကိုဖွင့်လိုက်သောအခါ-

"ဒါ ကျည်ဆန်ထိပ်က ခဲသီးလေးတွ"

"ဟာ - ဘယ်လိုကနေဘယ်လိုရောက်နေတာလဲ ဘမောင်ရွှေ"

"ညောင်ပင်လုံးပတ်ဒီလောက်ကြီးတဲ့အထဲထိရောက်နေတယ်ဆိုတော့ တော်ရုံအရှိန်လောက်နဲ့တောင်မရနိုင်ဘူး"

"အဲဒါပြောတာ အပင်လုံးပတ်အဲဒီလောက်မကြီးခင်ကတည်းကဆိုရင်တော့ ရှေးနှစ်ပေါင်းတော်တော်ကြာကြာကတည်းကဖြစ်မှာ"

"အပင်လုံးပတ်ကြီးခဲ့ပြီးမှဆိုရင်တော့ ပစ်လွှတ်လိုက်တဲ့ကျည်အားတော်တော်ပြင်းလို့ဖြစ်မှာ"

"ဒကာကြီးတို့ ဘာအကြောင်းတွေပြောနေကြတာတုံး"

ကျောင်းထိုင်ဆရာတော်ကြီးကြွလာသည်ကိုပင် သတိမထားမိနိုင်လောက်သည်ထိ သူတို့နှစ်ဦးမှာ စိတ်ဝင်တစားပြောဆိုနေမိခဲ့ကြပါလေသည်။ သူတို့ပြောပုံသလဲ ဆီးကြိုဝတ်ပြုကြရင်းမှ-

"တင်ပ့ါဘုရား။ တပည့်တော်ဆင်းတုတော်ရဲ့ လက်ချောင်းတော်ပုံဖော်နေတဲ့အဆင့်ကိုရောက်နေခဲ့တာပါဘုရား၊ အဲဒါလက်ချောင်းတော် နံဘေးနေရာလောက်မှာ ဟောဒီဟာ့လေးပေါ်လာတာဘုရား"

"ဘာလေးတုံး ဒကာကြီး"

"ဒါလေးဘုရား။ ခုဘေးသားတွေခိုက်ယူပြီး ဖော်ကြည့်လိုက်တော့ ဒါကကျည်ဆန်ထိပ်ဖူးလေးဖြစ်နေတာဘုရား"

"ဟေ-မှန်းစမ်းကွယ်၊ အေး-ဟုတ်နေသကွယ့်"

"အံ့ဩစရာကောင်းနေပါတယ်ဘုရား"

"အင်း - တိုက်တိုက်ဆိုင်ဆိုင်ပါကွယ်။ တခြားနေရာဆိုလည်းတစ်မျိုး ခုတော့ တရားဦးဟောပြတော်မူတယ်ဆိုတဲ့အကြောင်း အဓိကပြသတဲ့အနေအထားရဲ့ တကယ့်နေရာကြီးဟာ"

"တင်ပ့ါဘုရား။ ဒါနဲ့ပဲ တပည့်တော်တို့နှစ်ယောက် ဒီခဲသီးလေးကိုဘယ်လိုလား၊ ဖယ်ထုတ်လိုက်ရမလားဆိုတာ ပြောနေမိကြတာ။ တကယ်တော့ကြပြီးရင်လည်း အရှင်ဘုရားဆီရောက်ပြီး အကျိုးအကြောင်းရှင်းလို့ပါဘုရား"

"ကိုယ်တော်တွေးမိတာကတော့ ဒီကျည်ဆန်ထိပ်ဖူးဟာ တော်တော်ဝေးဝေးနေရာကနေ အရှိန်နည်းနည်းနဲ့လာတာ မဖြစ်နိုင်ဘူး။ ခပ်နီးနီးနေရာလိုမျိုးကနေ ပစ်ကြခတ်ကြရင်းနဲ့ တော်ရာရော်ရာချော်ထွက်လာတဲ့အနေအထားမျိုးဖြစ်နိုင်တယ်။ အဲဒါကြောင့်လည်း ပင်စည်အလယ်လောက်ထိ ဝင်နေခဲ့တာပေ့ါ"

"တင်ပ့ါ၊ အဲဒီအချိန်လောက်က ပင်စည်လုံးပတ်လည်းဒီလောက်ကြီးဦးမှာမဟုတ်ပါဘူး ထင်ပါတယ်ဘုရား"

"ဖြစ်နိုင်တာပေ့ါလေ။ ဘယ်သူကဘယ်သူ့ကိုပစ်ခဲ့သလဲ၊ ဘယ်ပစ်မှတ်ကိုလွဲခဲ့တဲ့ကျည်ဆန်လဲ၊ ဒါကလည်း ဘုရားကမှသာ သိနိုင်မှာလေ"

"တင်ပ့ါ ဘုရား"

"ကျည်လွဲတယ်ဆိုမှတော့ လောကကြီး အေးချမ်းဖို့ လူသတ္တဝါငြိမ်းချမ်းဖို့အတွက်ပဲပေ့ါ။ ဘယ်အဖွဲ့အစည်း၊ ဘယ်သင်းဘယ်သူကပဲပစ်ပစ် လွဲတယ်ဆိုမှတော့ ပစ်တဲ့လူလည်း အပစ်မဖြစ်ဘူး။ အပစ်ခံရမယ့်လူလည်း ဒုက္ခမဖြစ်ဘူးဘဲပေ့ါ။ ဒီလိုမျိုးတွေးလို့လည်းရတယ်"

"မှန်ပါတယ် ဘုရား"

"တို့များ လူတွေရဲ့ဘဝမှာလည်း ဒီလိုပဲ။ တစ်ဦးတစ်ယောက်ကို ပျက်စီးတိမ်းပါးစေလိုတဲ့ စိတ်၊ စေတသိတ်လေးများဖြစ်ပေါ်လာခဲ့ရင် ကိုယ်ရော သူ့ကိုရော ငြိမ်းချမ်းကြဖို့ဆိုတာ ဘုရားရှင်ရဲ့တရားတော်နဲ့ ဖြေသိမ့်ပယ်ရှားမှ ဖြစ်နိုင်ကြတာမျိုး မဟုတ်ပါလား။ ဘုရားရှင်မိန့်ကြားတော်မူသလို မေတ္တာကို မေတ္တာနဲ့ ဖလှယ်နိုင်မှ သူတော်ကောင်းတို့ရဲ့စိတ်ရင်းမှန်ဖြစ်ပေတယ်။ ဒါကို နားလည်ကြရင် ရန်သူတောင် လက်နက်ချကျေအေးလာနိုင်တာ ဒကာတို့ရဲ့"

"တင်ပ့ါ ဘုရား"

"ခုလည်းကြည့်ပါဦး။ လက်ချောင်းတော်နဲ့ နီးနီးကပ်ကပ် ရင်ဘတ်တော်ရဲ့နှလုံးတော်နဲ့ အနီးစပ်ဆုံးနေရာမှာမှ ဒီပစ်မှတ်လွဲသွားတဲ့ကျည်ဖူးလေးကလာပြီးကပ်နေတာများ ဘုရားရှင်က တစ်ဦးကိုတစ်ဦး ရန်မီးမပွားကြဖို့ တစ်ဦးနဲ့တစ်ဦးမေတ္တာထားကြဖို့ ဖော်ပြနေသလိုပါပဲ။ ဒီတော့ကာ ဒကာကြီးဦးဘဖြူ"

"မိန့်ပါဘုရား"

"ဒီခဲသီးကျည်ဖူးလေးကို ဘုရားရှင်က ဖမ်းယူတော်မူပြီး လူအပေါင်းတို့ကိုတရားပြတော်မူနေဟန်မျိုးသာ ထုလုပ်လိုက်ပါ ဒကာကြီး။ နှစ်ရာချီပြီး သစ်သားထဲအောင်းနေတဲ့ ကျည်ဖူးလေးကိုလည်း မဖယ်ထုတ်လိုက်ပါနဲ့တော့။ ရှိနေပါစေ"

"သဘောပေါက်ပါပြီ ဘုရား"

ဦးဘဖြူမှာလည်း ထိုအခါမှပင် နယ်ချဲ့ခေတ်၊ ဂျပန်ခေတ်၊ ပြည်တွင်းစစ်ခေတ် မည်သည့်ခေတ် မည်သည့်အခါကတည်းက ကိန်းအောင်းနေခဲ့ဟန်မသိနိုင်ကြတော့လေသော ထိုပစ်မှတ်လွဲကျည်ဖူးလေးအား ဆရာတော်ဘုရားမိန့်ကြားသံကဲ့သို့ပင် ထုဆစ်ဖော်ပြနိုင်ရန် ဝါယမစိုက်ကြိုးစားထုဆစ်ရပါလေတော့၏။ နောက်ဆုံး အချောသတ်ပြီးစီးသွားသောအခါ ပစ်မှတ်မမှန်၊ ကျည်ဆန်အလွဲ၊ မေတ္တာကဲချုပ်၊ သရုပ်သဏ္ဌာန်မှန်ကန်စွာ ဖော်ပြနေလေသော ဆင်းတုတော်တစ်ဆူကို ဉာဏ်တော် (၃) ပေခန့်အမြင့်ဖြင့် ထုဆစ်ပူဇော်နိုင်ခဲ့ကြပါလေသည်။

ဤကဲ့သို့ ဖြစ်ရပ်မှန်နောက်ကြောင်းခံဖြင့် သပ္ပာယ်စွာပေါ်ထွန်းလာသော ဆင်းတုတော်အား ဖူးတွေ့ရသူအပေါင်းတို့သည် စိတ်နှလုံးကြည်လင်အေးချမ်းခြင်း၊ ထိခိုက်အနာတရဖြစ်မှုတို့မှကင်းဝေးခြင်း၊ တစ်ဖက်ရန်သူလိုပုဂ္ဂိုလ်တို့၏ အငြိုးအာဃာတတို့မှလွတ်မြောက်နိုင်ခြင်း စသည့်ဆုများပြည့်စုံနိုင်ကြပြီး အထူးသဖြင့် အခြားတစ်ပါးသောသူတို့၏ လက်နက်ကြီးငယ်အန္တရာယ်အသွယ်သွယ်တို့မှ ကျော်လွှားလွန်မြောက် ရန်ပယ်ဖျောက်နိုင်သော အဓိကဆုကြီးကိုပါ ပြည့်စုံနိုင်ကြကြောင်း အများသူငါတို့၏ ပြောကြားချက်များအရ သိရှိနိုင်ခဲ့ကြပါလေသည်။


ထို့ကြောင့်လည်း ရှေးမြို့နာမ်ဘုရားအား လိုရာတောင်းသောဆုများပြည့်သည်ဟူ၍ ကိုးကွယ်ဆည်းကပ်ကြသည့်နည်းတူပင် ထိုကျည်ဆန်မိဘုရားဟူ၍ အများက သမုတ်ကြလေသော ထိုဘုရားရှင်ကိုလည်း အကာအကွယ်အရန်အတားအလို့ငှာ ကိုးကွယ်ဆည်းကပ်ကြလေ့ရှိပါကြောင်း ဆင်းတုတော်တို့၏ မူရင်းဓာတ်ပုံများဖြင့် ဖော်ပြလိုက်ရပါလေသည်။ ထိုဘုရားနှစ်ဆူတို့၏ တည်တော်မူရာနေရာမှာ တောင်ကြီးမြို့ အေးစေတီဘုရားဝင်းအနီးရှိ မြို့နာမ်ဘုရားတည့်ရှိရာနေရာပင် ဖြစ်ပါသည်။

ခင်(တောင်ကြီး)

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

# သြဇာစေ့နဲ့သန်း



သြဇာသီးကိုတော့ အားလုံးစားဖူးကြမယ်။ အားလုံးသိကြမယ်ထင်ပါတယ်။ သို့သော်လည်း အဆင့်ဆင့်တိုက်ခန်းတွေမှာနေကြရတဲ့ မြို့ကြီးပြကြီးတွေက ကလေးသူငယ်တွေအနေနဲ့တော့ အသီးစားဖူးသော်လည်း အပင်မြင်ဖူးချင်မှ မြင်ဖူးမှာပါ။



သြဇာသီးဆိုတာ အဖြူသီး၊ အနီသီးဆိုပြီး နှစ်မျိုးနှစ်စားရှိတယ်။ အဖြူသီးက သီးစမှာ စိမ်းစိမ်းလေးတွေသီးတယ်။ ကြီးမှအခွံဖုကြပြီးဖြူလာပါတယ်။ အနီသီးကတော့ နီညိုညိုလေးတွေသီးတယ်။ အသီးခြောက်ကလေးတွေနဲ့တူတယ်။ သူက ကြီးမှကြည့်ကောင်းပါတယ်။ နီညိုညိုအရောင်ပါ။ အရသာကတော့ အတူတူပါပဲ။ အခွံရောင်ပဲကွဲပါတယ်။ သြဇာသီးအနီတွေကို မြင်းခြံခရိုင်နွားထိုးကြီးမြို့နယ်ကရွာတွေမှာ အများအပြား မြင်တွေ့ခဲ့ရပါတယ်။ အနီက နေရာတိုင်းမှာ မရှိပါဘူး။

ပြီးတော့ သြဇာမှာ သဘော်သြဇာ၊ ဒူးရင်းသြဇာဆိုပြီးတော့ကာမျိုးကွဲတွေရှိပါသေးတယ်။ အရွက်ချင်းဆင်ပေမယ့် အသီးပုံစံနဲ့ အရသာမတူပါဘူး။ သဘော်သြဇာက အသီးပြောင်တယ်။ အချိုဓာတ်နည်းလို့ သကြားနဲ့မွှေစားကြတယ်။ အစေ့ကျတော့ သိပ်မတူချင်ပါဘူး။ ဒူးရင်းသြဇာကျတော့ အလုံးအတော်ကြီးတယ်။ ဒူးရင်းသီးလိုဆူးမပါဘဲ ခပ်ပြောင်ပြောင်ခပ်ရှည်ရှည်လေးသီးတယ်။ သူ့အနံ့က ဒူးရင်းသီးလိုအနံ့ပါတယ်။ ဒူးရင်းနံ့တော့မဟုတ်ပါဘူး။ အနံ့နံလို့ ဒူးရင်းနဲ့တင်စားတာပါ။ အသားက အမျှင်တွေဖြစ်ပြီး အခြားသြဇာတွေလို စားမကောင်းတာတစ်ကြောင်း၊ နံတာတစ်ကြောင်းတို့ကြောင့် ကျွန်တော်တို့သိပ်မကြိုက်ကြပါဘူး။ အချိုဓာတ်လည်းပေါ့ပါတယ်။ ခုခေတ်မှာ ဒူးရင်းသြဇာမရှိတော့သလောက်ရှားပါးသွားပါပြီ။ ဒါက သြဇာနဲ့ဆက်နွယ်လို့ပါ။ ဒီသြဇာသီး၊ သြဇာရွက်တွေ ဆေးသုံးဝင်ပုံတွေ မကြာမကြာဖတ်ရပါတယ်။

သြဇာဆိုရာမှာ အပင်သာရှိတာမဟုတ်ပါဘူး။ လူ့လောကမှာလည်း သြဇာအာဏာရှိဖို့လိုတယ် ဆိုတဲ့စကားရှိပါတယ်။ ဒီလူက သြဇာရှိတယ်ဆိုရင် ဒီလူဟာ လူတွေလေးစားရတဲ့ပုဂ္ဂိုလ်ပါ။ သူ့မှာသြဇာအာဏာရှိလို့ပါ။

ပြီးတော့ အသံသြဇာဆိုတာရှိပါသေးတယ်။ သူ့ရဲ့အသံကိုက သြဇာရှိတဲ့အသံပါ။ လူတွေဆူညံဆူညံဖြစ်နေမယ်။ အဲဒီ အသံသြဇာရှိတဲ့လူ ပြောလိုက်တာနဲ့ အဲဒီလူရဲ့ အသံသြဇာအာဏာ ရိပ်အောက်မှာ အားလုံးငြိမ်ကျသွားမယ်။ သူ့စကား နားထောင်ပြီး ကျေအေးသွားကြမယ်။



အချို့ကျတော့လည်း အသံသြဇာ မရှိပေမယ့် ဘုန်းတန်ခိုးသြဇာပါတာကြောင့် သူ့စကားကို လူတွေ အလေးထားကြတာတွေရှိတယ်။ ရပ်တွေရွာတွေမှာ အုပ်ချုပ်ရေးမှူးဖြစ်တယ်ဆိုရင် အဲဒီလူဟာ အသံသြဇာမရှိသော်လည်း ဘုန်းတန်ခိုးသြဇာရှိတဲ့အတွက် အဲဒီလူရဲ့စကားကို နားထောင်ကြရပါတယ်။

အဲဒါကြောင့် အချို့လူတွေဟာ သြဇာရှိအောင်ဆိုပြီး မိမိတို့ဂြိုဟ်ခွင်ဘုရားမှာ သြဇာညွန့်တွေလှူလှူထားတာတွေ မကြာခဏတွေ့ရလေ့ရှိတယ်။ ကျွန်တော်နဲ့ ကိုတင်ထွန်းက ဘုရားတွေမှာလှည့်လည်ပြီး ပန်းတော်တွေလှူနေကျမို့ တွေ့ရခြင်းပါ။ နေရာဌာနမပြောင်းရအောင် ပြောင်းဖူးတွေလှူကြတာတွေ တွေ့ရသလို ဒီမှာအဆင်မပြေလို့ပြောင်းရအောင် စမူဆာတွေလှူတာလည်း တွေ့ရပါရဲ့။ စမူဆာတွေဘာလို့လှူသ... ဆိုတာမေးကြည့်မှ ဗေဒင်ဆရာရဲ့ယ... ကြောင့် ပြောင်းမိန့်ကျအောင် စမူဆာ... လှူရခြင်းပါပဲ။ ဒါကလည်း ဆက်စပ်... နော် ဗဟုသုတအဖြစ်တွေ့ကြုံရပုံပြော... တာပါ။

ပရိတ်ပန်းအိုးလုပ်ရာမှာ သြ... ကောင်းအောင်၊ သြဇာရှိအောင် သြ... ရွက်ထည့်ကြတဲ့ဓလေ့ရှိတယ်။ မရှိ... တော့ မထည့်ဘူးပေါ့လေ။ သြဇာ... ဟာ ဆေးသုံးဝင်လှပါတယ်။ သူ့ရဲ့အနံ့... ဒီအတိုင်းသာနံတာ ဟင်းထဲထည့်ခ... တော့ အနံ့ပြောင်းလဲပြီးမွှေးလာပါတ... ခေါင်းမူးရင် သြဇာရွက်ခြေပြီးရှူ... ပျောက်တယ်။ ဒါက သာမန်လော... သာပါ။ အကြီးအကျယ်မူးပြီဆိုရင်... ရှူရုံနဲ့ မရတော့ပါဘူး။ သြဇာရွက်နှ... ငါးခူနဲ့ ဆီပြန်သာ ချက်စားလိုက်... အကြီးအကျယ်မူးတာ ခဏနဲ့ပျောက်... တယ်။ သူက အမူးအမော်ကိုနိုင်တဲ့သ... ရှိပါတယ်။

သြဇာသီးရဲ့အရသာဟာ အ... ဘာအရသာနဲ့မတူတဲ့ချိုမြိန်တဲ့အ... တစ်မျိုးပါ။ သူ့ရဲ့အစေ့က အစေ့မာ... အခွံမာအစေ့ဖြစ်ပြီး မည်းပြောင်... တယ်။ မန်ကျည်းစေ့လို အခွံမာ... တာကြောင့် မန်ကျည်းစေ့တို့သြဇာ...



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ကလေးတွေ ဖယ်တောက်ကစား လေ့ရှိတယ်။ မန်ကျည်းစေ့ကို အညာဒေသတွေမှာ အပျင်းပြေဝါးဖို့လှော်ပြီး ရောင်းကြတယ်။ အရည်မရအဖတ်မရ ဒီလောက်မာလှတဲ့ မန်ကျည်းစေ့ကို ကောင်မလေးတွေတတောက်တောက်နဲ့ ဝါးနေတာတွေတွေ့ရတယ်။ ပါးစပ်အငြိမ်မနေနိုင်သူတွေအတွက်တော့ အဆင်ပြေလှပါတယ်။

ဩဇာစေ့ကိုကျတော့သွားမဝါးမိလေနဲ့။ သူ့ရဲ့အတွင်းသားဖြူဖြူဖွေးဖွေးက အဆိပ်ပါ။ အတွင်းသားအနေနဲ့သာ အဆိပ်ရှိတာပါ။ ဩဇာသီးစားရင်း ဗိုက်ထဲ အစေ့ဝင်သွားရင် အန္တရာယ်မရှိပါဘူး။ အခင်းကြီးစွန့်ရင် အော်ရီဂျင်နယ်အတိုင်းပြန်ထွက်လာတာပါ။ ဘာလို့လဲဆိုတော့ အဆိပ်ကို အခွံမာကကာထားလို့ပါပဲ။

အဆိပ်ရှိတယ်ဆိုတာ လူကြီးသူမတွေက ပြောပြထားလို့မဟုတ်ပါဘူး။ ခေါင်းထဲမှာနေတဲ့သန်းတွေကို ဩဇာစေ့က သတ်နိုင်စွမ်းရှိတာတွေ့ရလို့ပါ။ သန်းဆိုတာ ခေါင်းဆံပင်ထဲမှာနေတဲ့သန်း၊ ကိုယ်မှာနေတဲ့သန်း၊ ပြီးတော့ ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါအမွေးထဲမှာနေတဲ့သန်းဆိုပြီး အမျိုးမျိုးရှိပါတယ်။ ကိုယ်သန်းကျတော့အင်္ကျီချုပ်ရိုးကြောင်းတွေမှာနေတာပါ။ အများအားဖြင့် ထောင်ထဲနေသူတွေမှာ ကူးစက်ပျံ့နှံ့တတ်ပါတယ်။ အင်္ဂါမှာနေတဲ့သန်းကျတော့ သူက ခေါင်းသန်း၊ ကိုယ်သန်းတွေနဲ့ ပုံစံရောအမျိုးပါမတူပါဘူး။ လူတွေ ကျပ်ကျပ်ကပ်ကပ် စုဝေးနေထိုင်ရာတွေမှာ ကူးစက်တတ်ပါတယ်။ မွေးညင်းပေါက်ထဲ ခေါင်းလျှိုသွင်းပြီး ခြေ၊ လက်မြဲမြဲကုပ်တဲ့အမျှင်တွေပါတာကြောင့် ခိုင်ခိုင်မာမာကုတ်ထားပြီး သွေးစုပ်တဲ့သတ္တဝါ အလွန်ယားပါတယ်။ ခွာရလည်း



အလွန်ခက်ပါတယ်။ သူ့ကိုနှိမ်နင်းဖို့ကျတော့ သူ့ခေါင်းကမွေးညင်းပေါက်ထဲနေတာမို့ပဋိဇီဝဆေးတွေနဲ့တောင်မရပါဘူး။ ဘရိတ်ဓားနဲ့ ပြောင်နေအောင်တောရှင်းပစ်လိုက်မှာပဲ ဒီကောင်ခေါင်းပြတ်ပြီး သေတာပါ။ ဒါမှအမြစ်ပြတ်ပါတယ်။ ဒါကလည်း သန်းနဲ့ ဆက်နွှယ်ပြီး တင်ပြခြင်းပါ။ အဲဒီအကောင်ကို လူတွေက ဂျပ်ကောင်လို့လည်း ခေါ်ကြပါတယ်။ ညစ်ပတ်တဲ့လူတွေမှာ မျိုးပွားရှင်သန်ကူးစက်ပြီးရှိနေဦးမှာပါ။ ထားပါတော့။

ကျွန်တော့်ခြံထဲက ဩဇာပင်က မနှစ်က (၃) လုံးသီးတယ်။ ဒီနှစ် (၈)လုံးသီးတယ်။ အပင်က ငယ်သေးတာကိုး။ ဩဇာသီးတွေစားပြီးတော့ အချို့အစေ့တွေ မျိုးပွားအောင်ခြံထဲပြန်ပစ်တယ်။ အချို့အစေ့တွေကျတော့ လိုရမည်ရသိမ်းထားပါတယ်။ ဘာလို့လဲဆိုတော့ ဩဇာစေ့အဆိပ်က ခေါင်းထဲမှာနေတဲ့ သန်းတွေကိုနိုင်လို့ပါပဲ။ အဓိကပြောပြချင်တာက အဲဒါပါ။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ပြန်ကပြေး မှန်ကျောင်းမှာ စာသင်ခဲ့ရလေတော့ ဘုန်းကြီးကျောင်းသားပီသစွာ ဂျာရစ်ဝိုင်းသျှောင်ထုံးလေးတွေနဲ့နေကြရတာပါ။ ဘုန်းကြီးကျောင်းသားတွေတိုင်းမှာ သျှောင်ထုံးတွေနဲ့ဆိုတော့ ညစ်ပတ်တဲ့ကျောင်းသားတွေရဲ့ခေါင်းထဲမှာ သန်းတွေ တရှုရှုနဲ့နေတာပါ။ ဒီတော့ ဘယ်သူ ဘယ်လောက် မိဘက သန့်ရှင်းအောင်ပြုပေးပါစေ။ ညအိပ်ရင် တန်းစီပြီးအိပ်ရတော့ကာ သန်းတွေကူးတာပါပဲ။ အဲဒီတော့ သန်းထူတဲ့ကောင်နဲ့ မထူတဲ့ကောင်ပဲကွာတယ်။ ကျောင်းသားတိုင်း သန်းရှိကြပါတယ်။ ဆိုထားတယ် မဟုတ်လား။ ကြွေးထူတော့မပူ၊ သန်းထူတော့မယားတဲ့။ ကြာတော့လည်း သန်းတွေနဲ့နေနေကျဖြစ်တော့လည်း ထူးပြီးမယားတော့ဘူးလေ။


ဥပုသ်နေ့ကျရင် ကျွန်တော်တို့စာသင်နားကာ အိမ်ပြန်ကြရတယ်။ ခေါင်းလျှော်၊ ရေချိုး၊ လက်သည်းညှပ်၊ ခြေသည်းညှပ် မိဘတွေက အမြဲလုပ်ပေးပါတယ်။ ခေါင်းလျှော်ပြီးပြီဆိုရင် ဆီလူးပေးပြီး ဘီးစိပ်တိုက်ပေးတာ ထုံးစံပါ။ ဘီးစိပ်နဲ့ဆိုရင် သန်းပျပျလေးတွေတောင်ပါတယ်။

ဩဇာသီးပေါ်ချိန်ရောက်ပြီဆိုလို့ကတော့ အဖေနဲ့ အမေတို့က အစေ့လေးတွေစုထားတယ်။ ပြီးရင် ဆုံနဲ့ညက်အောင်ထောင်းပြီး အုန်းဆီနဲ့ အဝကျယ်ပုလင်းထဲထည့်ပြီး စိမ်ထားတာပါ။ ခေါင်းလျှော်ပြီးလို့ ခြောက်ပြီဆိုတာနဲ့ အဲဒီဩဇာစေ့နဲ့စိမ်ထားတဲ့ အုန်းဆီကို အရေပြားရောက်အောင် ဖိနယ်ပြီးလူးပေးတော့တာပဲ။ အရေပြားမွေးညင်းပေါက်တွေမှာ သွေးစုပ်ပြီး မှီတည်ရတဲ့သန်းတွေဟာ ဩဇာစေ့ရဲ့ အဆိပ်ဒဏ်မခံနိုင်ဘဲ မျိုးတုန်းသွားအောင်သေကျေပျက်စီးကုန်ကြပါတယ်။ ဒီလိုနဲ့ သန်းတွေပျောက်ကုန်ပြီး အကုတ်ရသက်သာသွားလေ့ရှိတယ်။ ဒါကလည်း ဩဇာသီးပေါ်ချိန် ခဏရယ်ပါ။ နောင်တော့လည်း ဘုန်းကြီးကျောင်းသားတို့ဘာသာဘာဝ သန်းကြွယ်သူဌေးတွေဖြစ်ကြရပြန်တာပါပဲ။

ဆိုလိုတာက ဒါဟာ ဘာဓာတုအဆိပ်မှမပါတဲ့ မြန်မာ့ရိုးရာသန်းချဆေး စစ်စစ်ဖြစ်တယ်ဆိုတာပါပဲ။ အဆင့်မြင့်မြင့် သန့်သန့်ရှင်းရှင်းနေတဲ့ လူတန်းစားတွေအနေနဲ့တော့ သန်းဆိုတာ မြင်တောင်မြင်ဖူးကြမှာမဟုတ်ပါဘူး။ ဒါပေမယ့် အခြေခံလူတန်းစားတွေအနေနဲ့ကတော့ သန်းဆိုတာ သားစဉ်မြေးဆက်ရှိနေဦးမှာပါ။ ဒီအခါမှာ ဓာတုအဆိပ်ကင်းစင်တဲ့ဩဇာစေ့နဲ့သာ သန်းတွေနှိမ်နင်းကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်နိုး





www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော မိုးဦးရာသီတွင် ပြည်သူ့ဝန်ထမ်းဖြစ်သော သားငယ်သည် တာဝန်ကျရာ စစ်ကိုင်းမြို့မှ ဧရာဝတီတိုင်းဒေသကြီးသို့ပြောင်းရွှေ့မိန့်ဖြင့် ရောက်ရှိလာ၏။ ပုသိမ်တိုင်းရုံးသို့ သတင်းမပို့မီ ဇာတိ မြောင်းမြမြို့သို့ဝင်လာသည်။ ကျွန်ုပ်နှင့်တွေ့ရန်ဖြစ်၏။ သူ့အစ်ကိုဝမ်းကွဲနှင့်ပါတွေ့လိုသည်။ ကျွန်ုပ်တို့သားအဖမှာ ကမ်းနားလမ်း မြသာယာဈေးရှိ T.Vပြင်သောဆိုင်သို့လာခဲ့ကြ၏။ ကျွန်ုပ်တို့သုံးယောက် (၃) လမ်းရှိ တာရာလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်းစကားပြောကြ၏။ညီအစ်ကိုနှစ်ယောက် စစ်ကိုင်းမှ တန်ခိုးကြီးဘုရားများအကြောင်း စကားလက်ဆုံကျနေကြသည်။

သားငယ်၏အစ်ကိုဝမ်းကွဲ ကျွန်ုပ်၏ တူတော်မောင်သည် မြောင်းမြမြို့မှ အိမ်မဲမြို့သို့သွားသောကားလမ်းနံဘေးရှိ ကံကြီးရွာမျိုးရိုး (သို့) မျိုးဆက်သစ်တစ်ဦးဖြစ်လေ၏။ ကံကြီးရွာနီးချုပ်စပ်တွင်ရှိ ကျေးရွာအချို့တွင် ဥစ္စာစောင့်ပေါများကြောင်း သူတို့ဘိုးဘေးဘီဘင်အဆက်ဆက်က ပြောကြားခဲ့ကြသည်။ သူလည်း ဒီဖြစ်ရပ်မှန်တွေကိုသိ၏။ ကျွန်ုပ်နှင့်တွေ့ဆုံခိုက် အမှတ်ရစွာ ကျွန်ုပ်အား ပြန်လည်ပြောပြပါသည်။ အကြောင်းအရာ အဖြစ်အပျက်စုံလင်၏။

မှတ်တမ်းမှတ်ရာထားရှိခဲ့ကြသည်တော့မဟုတ်။ ပါးစပ်ရာဇဝင်ဖြင့်သာ လက်ဆင့်ကမ်း သယ်ဆောင် ထိန်းသိမ်းလာခဲ့ကြပါ၏။ သို့သော်လည်း ဖြစ်ရပ်ကတော့ အမှန်ပင်။

သူပြောပြသည်များထဲတွင် လက်ပံကန်ဘုရားသိုက်မှ လောဘသားသိုက်သမားထွက်ပြေးရခြင်း၊ ဥစ္စာပေးသော်ငြား ကြောက်ရွံ့နေမှုကြောင့် မရလိုက်ခြင်း၊ ဥစ္စာပေးသော်လည်း ကတိမတည်မှုကြောင့် မရရှိလိုက်ခြင်း။

ဤဖြစ်စဉ်တို့ကိုသုံးသပ်ကြည့်လေသော် လက်ပံကန်ဘုရားသိုက်မှ ဥစ္စာပစ္စည်းရတနာတို့ကို ဘုရားမှတစ်ပါး မည်သည့်လူပုဂ္ဂိုလ်မျှ သုံးစွဲခွင့်မရှိကြောင်း တွေ့ရှိနိုင်ပါသည်။

စာရှုသူတို့ ဗဟုသုတရဖွယ်၊ မှတ်သားဖွယ်၊ သင်ခန်းစာယူဖွယ် ကျွန်ုပ်တင်ဆက်ပါအံ့။

(စာရေးသူ)

❑

ဥစ္စာစောင့်ပေါများသောနေရာကို ညွှန်ပြပါဆိုလျှင် အောက်ပြည်အောက်ရွာမှ လက်ပံကန်ကျေးရွာလေးကိုညွှန်ရပေလိမ့်မည်။ မှန်ပါ၏။ မြောင်းမြမြို့ကို မြောင်းမြစားလောက်ဖျားမင်း အုပ်စိုးစဉ်က ဖြစ်၏။ အေးအေးလူလူနေထိုင်လိုကြသော အချို့သော မွန်တိုင်းရင်းသားလူကုံထံတို့သည် တောလက်ကျေးနယ်ဇနပုဒ်အရပ်ကိုသာ ရွေးချယ်နေထိုင်လေ့ရှိကြကုန်၏။ အထူးသဖြင့် ပစ္စည်းဥစ္စာကြွယ်ဝသောပုဂ္ဂိုလ်အများစုတို့မှာ တောအရပ်၌ ဇာတ်မြှုပ်နေထိုင်ကြကုန်သည်။

လက်ပံကန်ကျေးရွာလေးတွင်ကား မွန်သူဌေးတို့စုဝေးသောဌာနတစ်ခု ဖြစ်ခဲ့ပါ၏။

ရှေးခေတ်သူဌေးသူကြွယ်တို့သည် ထိုခေတ်က မီးခံသေတ္တာမပေါ်သေး၊ မိမိတို့ဥစ္စာပစ္စည်းတို့ကို အိုးများဖြင့်ထည့်ကာ မိမိတို့ခြံဝင်းအတွင်း သင့်တော်ရာနေရာရွေးချယ်၍ မြှုပ်နှံခဲ့ကြပါသည်။ အောက်ပြည်အောက်ရွာ မြစ်ဝကျွန်းပေါ်နယ်တွင် မွန်တစ်ခေတ် ကုန်ဆုံးခဲ့သည်။ ကိုလိုနီခေတ်သို့တိုင်ခဲ့သည်။ ထိုခေတ်အခါတွင် လက်ပံကန်ကျေးရွာ၌ လူနေအိမ်ခြေအဖြစ် နေထိုင်ကြရန်၊ အိမ်တိုင်ကျင်းတူးရာတွင် လည်းကောင်း ရေတွင်းတူးရာတွင် လည်းကောင်း အိမ်သာကျင်းတူးရာတွင် လည်းကောင်း မည်သည့်နေရာတူးတူး ငွေဒင်္ဂါးပြားအစ အနတစ်ပြားတလေ ရရှိတတ်သည်။ ရှေးဟောင်းကြွေပန်းကန်ပြားချပ်ကြီးများ (ပုဂံခေတ်လက်ရာပုံများပါရှိသည်) ရှာဖွေ ဖူးသူရှိခဲ့ပါ၏။

လက်ပံကန်ကျေးရွာလေး၌ ဆိုခဲ့ပြီးသော မွန်သူဌေးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်လေရကား မွန်ဘုရင်အမိန့်ဖြင့် ဘုရားစေတီများစွာတို့ တည်ထားပူဇော်ခဲ့ကြကုန်၏။ ထို့ကြောင့်ပင် လက်ကျန်အနေအထားမှာ စေတီပုထိုး များစွာကို တွေ့မြင်နေရခြင်းပင်။ အချို့ နေရာများတွင် ဘုရားစေတီငုတ်တိုတို့ သည် ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးအုပ်ခဲ့သော် ပြီ။ အချို့မြေပြင်များ၌ ရှေးဟောင်း အုတ်ချပ်ကြီးများကိုသာ တွေ့မြင်နိုင်ပါ တော့သည်။ စေတီငုတ်တိုများပင်မရှိ တော့ပါ။

လက်ပံကန်ကျေးရွာ၌သာ ရှေးဟောင်းကြီးတစ်ဆူကို ခေတ်အဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင့်ထွန်း (မြသိုးလုံး)

## သာသနာ့ရတနာထိုက်သော ရွာကလေး

ငံထိန်းသိမ်းလာခဲ့ကြ၏။ ရွှေရောင် တောက်ပစွာ ဖူးမြင်ရဆဲ ဖြစ်ပါသည်။ စေတီကြီးကား ချုံပင်များဖုံးအုပ်ခဲ့၍ ယ်ပျောက်နေ၏။ ရွာသားတို့ ထင်း နှယ်ခုတ်ကြရာမှတွေ့ရှိခဲ့ရခြင်း ဖြစ် တော့သည်။ ထိုမှစ၍ ရပ်သူရွာသား ကာ ချုံနွယ်ပေါင်းပင်များကိုရှင်းကာ ကြ၏။ ထိုမှတစ်ဆင့် စေတီပျက် ထိုစေတီမူလငုတ်တိုပေါ်မှဆင့်၍ စ်ကာ စေတီထီးတော်တင်လှူကြ ဘုံးသက်န်းဖြင့် စတင်ကိုးကွယ်လိုက် တော့သည်။ ထိုစေတီတော်တည် ငံပြီးမှ မကြာသေးမီ စေတီအား ဖောက်သောညက ခွေးများဆူညံ ဟောင်သည်။ မသမာသူတို့ကြံစည် ၏။ထိုစေတီဌာပနာဖောက်သော ခွေးများဆူညံစွာဟောင်သည်။ဥစ္စာ ါသွားသည်ဟုမကြားရချေ။

သိုက်ဆရာများ၏ လက်ချက်ဟု ။ သိုက်ဆရာများစည်းချထား ကြောင့် ရွာသားတို့အဟန့်ဖြစ်ကာ ဟောင်သံများ ကြားသော်လည်း တက်ကြည့်ရှုရန် ဆံ့အကြလေ



www.burmeseclassic.com

www.burmeseclassic.com

ကုန်၏။လက်ပန်ကန်ရွာတွင် သိုက်ဆရာ မရှိပါ။ အခြားသောအရပ်ဒေသမှ လာရောက် ဖောက်ထွင်းသူများဖြစ်ကြောင်း သေချာ၏။ ထိုစေတီဟောင်းလောင်းကြီးကို ပြန်လည် ပြုပြင်ကိုးကွယ်ကြပြန်သည်။ နှစ်များစွာမကြာမီ လက်ပံကန်စေတီတော် ထပ်မံအဖောက်ခံရပြန်၏။ ဤနည်းနှင်နှင် စေတီဌာပနာအကြိမ်ကြိမ် ဖောက်ခံရသော်လည်း အဘယ်ကြောင့် ဌာပနာမရရှိကြလေကုန်သနည်း။

သက်ကြီးစကား သက်ငယ်ကြား ပြောစကားများအရဆိုပါက ထိုစေတီအများအပြားကို တည်ထား ကိုးကွယ်ကြသူတို့မှာ အောက်ပြည်အောက်ရွာကို အုပ်ချုပ်ခဲ့ကြကုန်သော မွန်တလိုင်းမင်းတို့ ဖြစ်ကြကုန်၏။ မွန်တလိုင်းမင်းတို့ အောက်ပြည်အောက်ရွာသို့ ရောက်ရှိခဲ့ကြောင်း သမိုင်းအထောက်အထား ခိုင်လုံစွာရှိနေ၏။ လက်ပံကန်ရွာသည် မြောင်းမြမြို့နယ်အတွင်း တည်ရှိ၏။ မြောင်းမြမြို့(ဟောင်း)ကို လွန်ခဲ့သော နှစ်ပေါင်း(၆၀၀)ကျော်က မွန်မြို့စားကြီး လောက်ဖျားမင်း အုပ်ချုပ်ခဲ့ပါသည်။ မြောင်းမြမြို့၏အမည်အား ထိုစဉ်က ကျိုက်ဇလဲထော်၊ မင်မလ (မောင်မလဲ့)၊ ရောင်မြမြောင်းများ (ကျိုက်ဇလိုင်ထော) ဟူ၍ ပညတ်အမျိုးမျိုး ခေါ်ဝေါ် သမုတ်ကြကုန်၏။

တလိုင်းမင်းတို့ စေတီတည်သည့်အခါ ဘုရားဌာပနာသွင်းပုံမှာ ဤသို့ဖြစ်လေ၏။ မွန်တလိုင်းမင်းတို့သည် စေတီတော်တွင် ဌာပနာအဖြစ် ရွှေဟောင်းဘုရားများ၊ ကျောက်သံပတ္တမြားမြောက်မြားစွာကို ဌာပနာသွင်းလေ့ရှိကြကုန်၏။ စေတီတိုင်းတွင် ဌာပနာအများအပြားသွင်းကာ ပူဇော်ခဲ့ကြပါသော်လည်း သိုက်ဆရာတို့ ဘုရားဌာပနာကို ဖောက်ထွင်းမရရှိကြလေကုန်။ တလိုင်းမင်းတို့သည် စေတီတည်မည့်နေရာကို ရှေးဦးစွာ ဝါးတစ်ပြန်သာသာ မြေကြီးနက်နက်တူးလေ့ရှိကြ၏။ ထိုမြေကျင်းကို အုတ်ရိုးစီကာ အောက်ခြေကျကျအနက်ဆုံးနေရာ၌ စေတီဌာပနာလိုသောအရာအားလုံး ထည့်သွင်းဌာပနာ၏။ အပေါ်မှ အုတ်စီထပ်ကာ အသေပိတ်လိုက်၏။ မြေပြင်ရောက်ခါနီးမှသာ စေတီအခြေတည်၏။ အပေါ်ယံစေတီကို စေတီလုံးတော်အဖြစ်သာလျှင်တည်ထားကိုးကွယ်လိုက်ကြပါသည်။

နောင်လာနောက်သား လူ့အန္ဓမသမာသူတို့သည် တလိုင်းမင်းတို့တည်ထားကိုးကွယ်ခဲ့သည့် စေတီအားလုံး တစ်ခုမကျန် ဌာပနာဖောက်၍မရကြလေကုန်။

တလိုင်းမင်းတို့၏ ပညာရှိပုံ၊ ဉာဏ်သွားပုံတို့ကား အောချလောက်ပါပေ၏။ နောင်လာမည့် ခေတ်အဆက်ဆက်တို့တွင် မသမာသူများပေါ်ပေါက်လာမည်ကို ကြိုတင်သိလေသလား။ ထိုအတွေးသည် လျော်ကန်သင့်မြတ်နေပါတော့သည်။ ခေတ်ဆိုးခေတ်ပျက်ကြီးထဲတွင် ပေါက်ဖွားလာကြကုန်သော လူသားတို့အကျင့်ပျက်ရက်စက်ပုံကား ကမ်းကုန်လျက် မတွေးဝံ့စရာဖြစ်ရပ်များဖြင့် တွေ့နေကြရလေကုန်သတည်း။

❑

အထက်ကတင်ပြခဲ့သလို လက်ပံကန်ကျေးရွာလေးကား လယ်ထွန်ရာ၌ပင် ငွေဒင်္ဂါးပြားကြိုကြားကြိုကြားတွေ့ရှိနေကြသည်။ ထိုရွာတွင် လယ်ယာစိုက်ပျိုးကြသည့် လယ်သမားများ၊ စိုက်ပျိုးရေးနှင့် အသက်မွေးကြသူ အများစုနေထိုင်ကြ၏။

လက်ပံကန်စေတီကြီးတွင် ဥစ္စာစောင့်များရှိသည်။ အများစုနေထိုင်ကြသည်။ ရေကန်တွင် ရေနစ်သေသောသူသည် ဘုရားတွင် ဥစ္စာစောင့်ဖြစ်နေသည်။ ရွာအနီးရှိ တောအုပ်ကြီးထဲတွင် တစ်ခုသော သစ်ပင်ကြီး၏သစ်ကိုင်းတွင် နွယ်ကြိုးချည်ဆွဲကြိုးချသေဆုံးသူသည်လည်း ထိုဘုရား၌ပင် ဥစ္စာစောင့်ဖြစ်နေသည်။ ထိုသို့ ဥစ္စာစောင့်နေကြောင်း၊ မည်သူ့ပယောဂမျှ ပါဝင်ပတ်သက်ခြင်းမရှိဘဲ မိမိတို့၏ကံတရားအလျောက်သာလျှင်ဖြစ်ကြောင်း၊ မယုံသင်္ကာမဖြစ်ကြရန်နှင့် မည်သူ့ကိုမျှ ဖမ်းဆီးခြင်းမပြုကြရန်၊ ရွာထဲမှ တစ်ဦးဦးကိုပူး၍ ပြောပြလေ့ရှိကြကုန်၏။

သေဆုံး၍ ဘုရားဥစ္စာစောင့်ဖြစ်သွားကြသူတို့မှာလည်း လူ့ဘဝတုန်းက မည်သူနှင့်မျှ ရန်ငြိုးရန်စမရှိကြလေကုန်။ စိတ်ညစ်စရာများနှင့်လည်း ကင်းရှင်းကြကုန်သောသူများသာ ဖြစ်ပါသတည်း။

လက်ပံကန်ကျေးရွာသည် ဥစ္စာစောင့်များလွန်းသော နယ်ပယ်ဒေသဖြစ်နေပါ၏။ မြေနေရာအနေအထားအရ ငွေထည်ပစ္စည်းကလေးများမကြာခဏတွေ့ရှိရခြင်း၊ စေတီငုတ်တိုကြီးများတွင်လည်း ဥစ္စာသိုက်များရှိနေကြောင်း သတင်းပျံ့နှံ့လျက်ရှိနေပါသည်။ တလိုင်းမင်းတို့လက်ထက်မှသည် ကိုလိုနီစနစ်အုပ်ချုပ်ရေးကာလသို့ ရောက်ရှိချိန် ၁၈၉၃ ခုနှစ်တွင် သိုက်ဆရာထွက်ပြေးသွားရပုံတို့လည်းရှိခဲ့ပါ၏။ ထိုအဖြစ်အပျက်သည် မြောင်းမြမြို့(သစ်)ကို ၁၈၉၃ ခုနှစ်တွင် ခရိုင်မြို့အဖြစ် အဆင့်မြှင့်တင်သတ်မှတ်အတည်ပြုလိုက်သော နှစ်တွင် အမှတ်တရရှိခဲ့ရပါ၏။

ထိုလက်ပံကန်စေတီတော်ကြီးကို သိုက်ဆရာတို့ မျက်စိကျလျက်ရှိကြကုန်၏။ ထိုလက်ပံကန်စေတီကြီးသို့ သိုက်တူးရန် မည်သည့်ဒေသကဟုမသိရသော သိုက်ဆရာတပည့်နှစ်ယောက်တို့ရောက်ရှိလာကြ၏။ ထိုစေတီတော်ကြီးအနီးရှိ ထန်းပင်ကြီးအောက်တွင် တစ်ခုသော လကွယ်ညဉ့် သိုက်ဆရာစီရင်လေ၏။ ဘုရားခြေတော်ရင်း သိုက်မြေ၌ပင် ဖြစ်ပါ၏။ ထိုမြေနေရာ၌ သိုက်ဆရာက သူ၏ပညာစွမ်းဖြင့် ဂါထာမန္တရားများ မန်းမှုတ်နေပါသည်။ သူ၏ဆေးကြိမ်လုံးဖြင့် စည်းဝိုင်းဝိုင်းလိုက်သည်။ သိုက်ဆရာက သူ၏တပည့်ကို စည်းဝိုင်းထဲတွင် မှုဆိုးဒူးထောက်ထိုင်စေလိုက်သည်။

သိုက်ဆရာက တပည့်ဖြစ်သူ အထူးမှာကြားသည်မှာ -

"ငါ့တပည့်ကြီး၊ မင်းရဲ့မျက်လုံး သေချာမှိတ်ထားပါ။ မျက်လုံးဖွင့်ဖို့ မကြိုးစားလေနဲ့။ မင်းရဲ့မျက်လုံးပိတ်ထားပေမယ့်လည်း အရာအားလုံး မင်းအသေချာမြင်နေရလိမ့်မယ်ကွယ့်။ အလှအပတွေလည်းမြင်ရမယ်။ ကြောက်စရာတွေကိုလည်း မြင်ရလိမ့်ဦးမယ် ဒါပေမယ့် ငါ့တပည့်မင်းလုံးဝကြောက် ဖို့ရာမလိုပေဘူး။ လုံးဝမကြောက်ပါနဲ့ မင်းရဲ့အနီးမှာ ဆရာရှိနေမှာကွယ့်။ စည်း ဝိုင်းအပြင်ကနေ ဆရာက ဆေးကြိမ် နဲ့စောင့်နေမယ်။ ကြုံလာမျှအန္တရာယ် တွေကို ရင်ဆိုင်ဖြေရှင်းမယ့် မင်းရဲ့ဆရာ ကြီးကို စိတ်ချယုံကြည်လိုက်စမ်းပါ တပည့်။ လုံးဝမကြောက်လေနဲ့။ ကိုင်း စပြီဟေ့"

တပည့်လုပ်သူ၏ရှေ့တွင် အ ငှက်ပျောသိုက်ပွဲနှင့်အတူ ဝါဆိုဖယောင်း တိုင်အရှယ် ဆေးဖယောင်းတိုင်ကြီး ထူထားသည်။ ဆရာက ဆေးဖယောင်း တိုင်ကြီးကို သူ၏ အနက်ရောင်တိုက် အင်္ကျီအိတ်ထဲမှ တယောတံဆိပ်သင် မီးခြစ်ဆံဖြင့် မီးခတ်ကာ စတင် ထွန်း လိုက်ပါ၏။ အနီးဝန်းကျင်လင်းထိန် ပါတော့သည်။ ထိုအလင်းရောင် မျက်စိမှိတ်ထားသောတပည့်ပြင် ၏။ သူအားတက်သွားသည် ထိုအ



www.burmeseclassic.com

www.burmeseclassic.com

ရောင်ကြောင့် တပည့်လုပ်သူ ကြောက်စိတ်တို့ အနည်းငယ်ပြေသွားပါသည်။ အလင်းရောင်သည် ကြောက်စိတ်ကိုပြေစေကြောင်း သိသာထင်ရှားပါလေ၏။

ကမ္ဘာဦးလူတို့ နေ့ဘက်တွင်သူရိန်နေမင်းကြီးနှင့်အတူ နေကြရကုန်သည်ဖြစ်၍ သူရသတ္တိရှိကြလေကုန်သည်။ သို့ရာတွင် ညပိုင်းသို့ရောက်ရှိလာချိန်၌ကား အမှောင်ထုကြီးသာလျှင် ကြီးစိုးမင်းမူလေတော့သည်။ အမှောင်ထုကြီးကို လူသားတို့သည် ကြောက်စိတ်အပြည့်ဖြင့် ထိတ်လန့်တုန်လှုပ်ကြကုန်၏။ အလင်းရောင်ကိုသာ တမ်းတသောဆန္ဒဖြစ်ပေါ်လာကြကုန်သည်။ လူသားတို့အလိုရှိကာ တောင့်တနေကြသည့် အလင်းရောင်အဝန်းအဝိုင်းကြီး အမှောင်ထုအတွင်းမှ ထိုးဖောက်ထွက်ပေါ်လာခဲ့ချိန်တွင် လူတို့၏ကြောက်စိတ်ပြေလျော့ကြကုန်သည်။ လူတို့၏ဆန္ဒကြောင့်ဖြစ်ပေါ်လာသော အလင်းရောင်အဝိုင်းကြီးကို ဆန္ဒဟု ခေါ်ကြပါသည်။ ဆန္ဒဟုခေါ်လာကြရာမှ နောင်တစ်ချိန် ကာလရွှေ့လျောလာကာ စန္ဒာဟု ပြောင်းလဲခေါ်ဝေါ်လာကြပါသည်။ စန္ဒာဆိုသည်မှာ ညအခါ မြင်တွေ့နေကြရသည့် တောင်းကင်ပြာပြာထက်က ဖိုးလမင်းကြီးသာလျှင်ဖြစ်ချေ၏တကား။ ဤကားစကားချပ်။

ဆိုလိုသည်မှာ လူသားအားလုံး အမှောင်ထုကိုကြောက်၍ အလင်းရောင်မြင်ရလျှင် အားတက်ကြလေကုန်၏။ ထိုအထဲတွင် သိုက်ဆရာ၏ တပည့်သည်လည်း တစ်ဦးအပါအဝင်ဖြစ်လေရာ ဖယောင်းတိုင်မှ မီးအလင်းရောင်ကြောင့် သူ၏ကြောက်စိတ်ပျက်ပြယ်သွားလေသည်။ သိုက်ဆရာက သိုက်စောင့်ခေါ် ယူသည့် ဂါထာမန်းမှုတ်လိုက်ပါ၏။ ဆေးကြိမ်လုံးဖြင့် မြေပြင်ကိုတစ်ချက်ပြင်းထန်စွာရိုက်လေ၏။ တပည့်သည်မျက်လုံးစုံမှိတ်ထားသည်။ သူ၏အမြင်အာရုံထဲတွင် တောထဲမှ ချောမောလှပသော မင်းသမီးလေးတစ်ပါး သူ့ထံသို့ ခင်မယဉ်သာလျှောက်လှမ်းလာနေပါ၏။ တပည့်လုပ်သူသည် မျက်စိမှိတ်ထားပါလျက် အလွန်လှသော ရွှေမင်းသမီးလေးကို ငေးမောကြည့်နေမိ၏။ သူ၏စိတ်ထဲတွင်သာယာနေမိသည်။ မင်းသမီးလေးသည် သူ့ထံသို့ တည့်တည့်လျှောက်လှမ်းလာနေပါသည်။ တပည့်သည်ရှေ့ခင်းခုန်လျက်ရှိနေပါ၏။ သူ၏အတွေးအာရုံထဲမှာ ငေးမောနေဆဲ။ မင်းသမီးလေးသည် စည်းဝိုင်းလေးနားအရောက် ပျောက်ကွယ်သွားလေ၏။ တပည့်လုပ်သူ၏ရင်ထဲဟာသွားရသည်။ သူ၏စိတ်မကျေမနပ်ဖြစ်သွားရတော့သည်။

ဒုတိယဆေးကြိမ်လုံးတစ်ချက်။

တောထဲမှ မြွေတစ်ကောင်ထွက်လာသည်။ လျှာတစ်လစ်လစ်ဖြင့် ဝင်ချည်ထွက်ချည်ဖြင့် သိုက်ဆရာ တပည့်၏စိတ်အလိုကို စမ်းသပ်ပြုမူနေပုံရ၏။ သာမန်မြွေအရွယ်သာဖြစ်ချေ၏။ ထိုမြွေသည်လည်း မင်းသမီးလာလမ်းအတိုင်း တွန့်လိမ်လျက် ရွှေ့လျားလာခဲ့ပါသည်။ သိုက်ဆရာ၏စည်းဝိုင်းဘက်သို့ပင် ဖြစ်ပါသည်။ သိုက်ဆရာ၏ တပည့်သည် မြွေ၏လျှာတစ်လစ်လစ်လုပ်ပြနေပုံကြည့်၍ ရင်ထိတ်လာ၏။ စောစောက မင်းသမီးလေးကိုကြည့်၍ ရင်ခုန်ခဲ့ရပုံနှင့် လုံးဝမတူချေ။ သူ၏နှလုံးအိမ်လျှင်မြန်စွာခုန်လာသည်။ မြွေသည် သူနှင့် နီးကပ်လာချေပြီ။ ရင်ခုန်နှုန်းပို၍မြန်လာပါတော့၏။ သူ၏မျက်စိကိုဖွင့်ရန် ကြိုးစားမိပါသည်။

"မင်းမျက်လုံးကိုမဖွင့်နဲ့"

သိုက်ဆရာ၏ အမိန့်ကို နားထဲတွင် ကြားယောင်လာသည်။ တပည့်လုပ်သူသည် သူ၏ဆရာကို ယုံကြည်စိတ်ချထားပါ၏။ ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်ဆုံးဖြတ်ကာ မျက်လုံးကို ပို၍တင်းတင်းကျပ်ကျပ်မှိတ်၏။ မြွေလေးသည် စည်းဝိုင်းနားတွင် ပျောက်ကွယ်သွားပါသည်။ သိုက်စောင့်တို့၏ ဒုတိယတိုက်ကွက်ကိုလည်း အောင်မြင်သွားပြန်၏။ သိုက်ဆရာ ကောင်းစွာ ကျေနပ်လေ၏။ နောက်ဆုံးတိုက်ပွဲသည် သာမန်မဟုတ်။ နှစ်ဖက်သောအင်အား မည်သူသာမည်နည်း။ အစွမ်းကုန်ကြရပေလိမ့်မည်။ သိုက်ဆရာက အဘက်ဘက်က ပြင်ဆင်လာခဲ့သဖြင့် နောက်ဆုံးတိုက်ပွဲ သူသာလျှင် အောင်မြင်ရမည်ဟုယုံကြည်လေသည်။ သိုက်ဆရာသည် အပိုင်တွေးကာ အချိန်မဆိုင်းတော့ဘဲ -

တတိယဆေးကြိမ်လုံးတစ်ချက်။

တောဟည်သံကြီးမြည်ဟိန်းလေ၏။ သိုက်ဆရာတပည့် အနည်းငယ်တုန်လှုပ်မိ၏။ ယောကျ်ားရင့်မကြီး၏ပေါင်လုံးအရွယ် မြွေကြီးတစ်ကောင်။ နီရဲသောမျက်လုံးကြီးနှစ်လုံးက ဝင်းဝင်းတောက်နေ၏။ မြွေကြီးပါးပျဉ်းထောင်ကာ ဘယ်ယိမ်း၊ ညာယိမ်း ယိမ်းလာနေ၏။ သိုက်ဆရာ၏တပည့်သည် မြွေ၏မျက်လုံးနီရဲရဲကြီးကို လည်းကောင်း၊ ပါးပျဉ်းခွက်ကြီးမှာလည်း စကောဝိုင်းလောက်ရှိလေရကား နှလုံးသွေးရပ်မတတ် ခံစားရရှာ၏။ သိုက်ဆရာ၏တပည့်ဖြစ်သူသည် ထိန်း၍မရလောက်အောင် ဒူးနှစ်လုံးတဆတ်ဆတ်တုန်ခါလျက်ရှိ၏။ ဒူးခေါင်းချင်းရိုက်မိသည် အထိဖြစ်တော့သည်။

"မျက်လုံးမဖွင့်နဲ့၊ မကြောက်နဲ့"

သူ့ဆရာအထပ်ထပ်မှာထားသော်ငြား ဆရာ၏ညွှန်ကြားသံတို့ နားလျှံကုန်၏။ ဆရာ့အမှာစကားတို့ လွင့်ပျောက်ကုန်ပြီ။ သိုက်ဆရာ၏တပည့် မျက်လုံးစုံဖွင့်ကြည့်လိုက်ပါတော့သည်။ အမှန်တကယ်ပင် မြွေကြီးကိုထင်ထင်ရှားရှားတပ်အပ်မြင်လိုက်ရချေ၏။ ပင့်သက်ရှိုက်ကာ ကြောက်လာတော့သည်။ သူသည် စည်းဝိုင်းပြင်ပသို့ ခုန်ထွက်လိုက်ပါတော့သည်။

ဤတွင် သိုက်ဆရာစည်းပေါက်လေပြီ။ သိုက်ဆရာက မည်သို့ထိန်းချုပ်လေမည်နည်း။ စီမံထားသမျှ သဲထဲရေသွန်ဖြစ်ရပါတော့သည်။ သိုက်ဆရာမျက်လုံးပြူးကိန်းဆိုက်၏။ စည်းဝိုင်းထဲက ဆေးဖယောင်းတိုင်လဲ၏။ မီးငြိမ်း၏။ အလင်းရောင်လုံးဝပျောက်သည်။ မှောင်အတိပြီးလေ၏။

"ဝုန်း"

တော်လည်းသံ၊ မိုးကြိုးပစ်သံ ကြောက်ခမန်းလိလိ ကြားလိုက်ရ၏။ မိုးသားခဲကြီးများထဲမှ မိုးရေပေါက်အလုံးအခဲ ကောင်းကင်မှသွန်ချလာ၏။ အိမ်လုံးခန့်ရှိ ဒီရေလှိုင်းလုံးကြီးများတဝုန်းဝုန်းဖြင့်ဆူညံကာ ဘုရားခြေတော်ရင်းသို့လှိမ့်တက်လာ၏။ လှိုင်းလုံးကြီးနှင့်အတူ ဆရာတပည့်နှစ်ယောက် မြောက်တက်ပါသွား၏။ လှိုင်းလုံးကြီးပြန်ရိုက်ချလိုက်သည်နှင့် ဘုရားခြေတော်ရင်း ရေပြင်ပေါ်ဝယ် ဆရာတပည့်နှစ်ယောက် အသက်လုကူးခပ်လျက်ရှိသည်။ လှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် သူတို့သည် ဘုရားအနီးမှမရွေ့ချေ။ ကြိုးစား၍ အားသွန်ခွန်စိုက်ကူးကြသည်။ တစ်ညလုံး ကူးခပ်ပါသော်လည်း နေရာကမရွေ့ကြပါ။ နံနက်အရုဏ်ကျင်းလာခဲ့၏။ ရွာထဲမှ လယ်သမားတစ်ဦး လယ်ထဲဆင်းရန် ဘုရားအနီးကဖြတ်လာခဲ့သည်။ ရေမရှိသော ဘုရားကုန်းတော်ပေါ်မှာ လူနှစ်ယောက် ရေကူးနေကြပုံမှာ ရင်ဘတ်စုတ်၊ မျက်နှာစုတ်၊ တံတောင်ဆစ်များ အသားတစ်လန်ကာ သွေးချင်းချင်းရဲ၏။ လယ်သမားသည် ထိုသို့ ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com

ကုန်းခေါင်ခေါင် ရေကူးနေကြသူတို့ကို-

"ဟေ့လူတွေဘာလုပ်နေကြတာတုံး"

ဟု အဝေးမှ လှမ်းမေးလိုက်ပါသည်။

သူတို့ကတော့ ဂရုမစိုက်၊ အသက်ဘေးမှလွတ်ကင်းရန် ကူးမြဲကူးလျက်။ မဖြစ်သေးပါဘူး ဆိုသောသဘောဖြင့် လယ်သမားသည် မနေသာတော့ဘဲ နှစ်ယောက်လုံး၏ပခုံးတို့ကို လှုပ်ခါ၏။ ထိုအခါမှ နှစ်ယောက်သား သတိဝင်လာကာ ရေကူးခြင်းကိုရပ်လိုက်ကြ၏။ တစ်ယောက်နှင့်တစ်ယောက်ကြည့်ကာ မောဟိုက်နေကြပါသည်။ နှစ်ဦးသား တိုင်ပင်ထားသည့်အလား ခြေကုန်သုတ်လျက် ဝေးရာသို့ထွက်ပြေးကြလေကုန်သတည်း။

ပြေးသွားသူနှစ်ယောက်ကို လယ်သမားက နားမလည်သောအကြည့်ဖြင့် ကြည့်လျက်။

❑

နောက်ဖြစ်ရပ်တစ်ခု။

လက်ပံကန်ရွာတွင် ကုန်းကောက်စရာမရှိအောင် ချို့တဲ့ရှာသောလယ်စောင့်လင်မယားရှိလေ၏။ အသက်အရွယ်အားဖြင့် (၅၀) ကျော်သည့်တိုင် ရောက်ရှိသော်ငြား ဆင်းရဲတွင်းက မလွတ်ကင်းကြကုန်။ ရွာအတွင်း၌ပင် မနေနိုင်ကြပါ။ လူသူပြတ်သောလယ်ကွင်းစပ်မှာ လယ်စောင့်တဲထိုးကာနေကြရရှာ၏။ မိုးရာသီတွင် ပေါက်ရောက်လေ့ရှိသော ကနဖော့၊ မှိုနားတို၊ ကန်စွန်းရိုးနီတို့မှာ သူတို့၏အာဟာရများ ဖြစ်ကြလေသည်။ ယောကျ်ားလုပ်သူက ဖားရှာ၊ ငါးရှာရသည့်နေ့တွင် ငရုတ်ရည်ကျဲကျဲ၊ ငါးပေါက်စဟင်းလျာဖြင့်လွေးကြကုန်၏။ ကျန်ရက်များ၌ ငါးပိရည်ကျဲကျဲ၊ တို့စရာဖြင့် ထမင်းတစ်နပ်ပြီးကြရလေ၏။

မိုးရာသီရောက်ပြန်တော့ မီးအုပ်ဆောင်းပြင်ဆင်ရသည်။ ကွင်းထဲက ဖားအော်သံတို့က သူတို့လင်မယားကို မြူဆွယ်နေကြကုန်၏။ လင်ယောကျ်ားလုပ်သူက မီးအုပ်ဆောင်းအလင်းရောင်အားကိုးဖြင့် ဖားရှာထွက်ရလေ၏။ ကံကောင်း၍ ချောင်းရိုးရေစီးကြောင်းလေးမှ လယ်ထဲသို့ဖျတ်ဖျတ်လူးတက်လာသော ငါးရစ်ငါးတို့ဖြင့်ကြုံလျှင်တော့ ငါးပြေမ၊ ငါးရံ့ ရရှိနိုင်၏။ သူတို့လင်မယားထမင်းဝိုင်း ခံတွင်းမြိန်ပေရော့မည်။ မိုးဦးကျရာသီကား သူတို့ဝမ်းစိုသောရာသီဟု ခေါ်ဆိုလောက်သည်။ ထို့ကြောင့် ယောကျ်ားလုပ်သူက ဇနီးသည်ကို တဲကလေးမှာ တစ်ယောက်တည်းထားခဲ့ရသည်။ လင်ယောကျ်ားဖြစ်သူသည် ဇနီးသည်ကို စိတ်မချစွာဖြင့် ဖားရှာ၊ ငါးရှာထွက်ခဲ့ရပေသည်။

တစ်ခုသောညဥ့်ဦးပိုင်းတွင် လင်ယောကျ်ား ဖားရှာ၊ ငါးရှာထွက်နေချိန်-

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

လယ်စောင့်တဲလေးရှေ့မှ တစ်စုံတစ်ဦး၏ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ မိုးတစိမ့်စိမ့်ရွာနေ၍ ရာသီဥတုအေးမြလေ၏။ မိုးဖွဲလေးများက ပုလဲငွေရည်သွန်းနေသည့်နှယ်။

"အိမ်ရှေ့ကဘယ်သူတုံး"

အိမ်ရှင်မက မီးခွက်မြှောက်ကာ အိမ်ရှေ့ဆီသို့ လှမ်းကြည့်လိုက်ပါသည်။ တဲကလေးရှေ့ မိုးရေထဲမှာ အဘွားအိုတစ်ယောက်တောင်ဝှေးထောက်ကာရပ်နေသည်ကိုတွေ့လိုက်ရ၏။ အဘွားအိုက ပလီမဟုခေါ်သည့်ဝါးဖတ်ဖြင့်ပြုလုပ်ထားသော်ခေါင်းဆောင်းဆောင်းထားသည်။ မိုးစိမ့်စိမ့်အအေးဒဏ်ခံစားနေရသောအဘွားအိုမှာ တုန်ယင်နေပါသည်။ မေးချင်းရိုက်နေသည်။

အိမ်ရှင်မသည် အဘွားအိုကို ကြင်ကြင်နာနာဖြင့် -

"အလို - အဘွားတစ်ယောက်ပါလား၊ လာပါရှင် တဲထဲကိုဝင်ခဲ့ပါ"

အိမ်ရှင်မ၏ ဧည့်ဝတ်ပျူငှာဖိတ်ခေါ်မှုကြောင့် အဘွားအို တဲကလေးအတွင်းသို့ ဝင်လာခဲ့လေ၏။ အိမ်ရှင်မက အဘွားအိုကို ဂုန်နီအိတ်အဟောင်းတစ်လုံးခင်းပေးသည်။ အဘွားအိုကို ဂုန်နီအိတ်နောက်တစ်လုံးဖြင့် ထပ်မံခြုံပေးလိုက်ပြီး နွေးထွေးစေပါ၏။ ရေနွေးကြမ်းပူပူကိုလည်းငှဲ့ပေး၍ နွေးထွေးသွားစေရန်သောက်စေလိုက်ပါသည်။

အဘွားအို အချမ်းပြေလေ၏။

"ကျေးဇူးတင်ပါတယ်ကွယ်"

အဘွားအိုက ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကိုထုတ်ယူ၍ ရေနံဆီမီးခွက်မှ မီးညှိနှုန်ဖြင့် မီးညှိကာဖွာရှိုက်နေသည်။ ဆေးလိပ်မီး ရဲခနဲရဲခနဲဖြင့် ဖွာရှိုက်ကာ မီးခိုးများကိုမှုတ်ထုတ်လိုက်ပါ၏။

အိမ်ရှင်မက အဘွားကို မေးခွန်းထုတ်လိုက်ပါသည်။

"အဘွားကဘယ်ကိုသွားမလို့တုံးရှင့်"

"ကျုပ်က ဟိုဘက်ရွာက ကြွေးတောင်းပြန်လာတာအေ့။ မိုးရွာလာတာနဲ့ မိုးခိုချင်လို့ဝင်လာခဲ့တာ။ ဒါနဲ့ ထမင်းလေးဘာလေးမကျန်ဘူးလားအေ့။ ဒီနေ့မှပဲ ဗိုက်ဆာလိုက်တာအေ"

"အဘွားရယ်၊ အားတော့နာပါတယ်ရှင်။ ထမင်းကျန်လက်သီးဆုပ်လောက်နဲ့ ငါးပိရည်ကျဲကျဲပဲရှိလို့ပါရှင်"

"ညည်းစေတနာရှိသလောက်ကျွေးစမ်းပါအေ၊ ကျုပ်ဆာလွန်းလို့ပါ"

အဘွားအိုက ထမင်းကို ငါးပိရည်ဆမ်းကာ နယ်ဖတ်လိုက်သည်။ အားရပါးရ ပလုတ်ပလောင်းစားသည်။ ရေနွေးကြမ်းပူပူကိုလည်း မှုတ်သောက်လိုက်သည်။ အဘွားစားသောက်နေသည်ကိုကြည့်၍ အိမ်ရှင်မ အားရဝမ်းသာပီတိဖြစ်မိပါ၏။

"အားရပါးရစားပါ အဘွား"

"ကျေးဇူးတင်လိုက်တာ။ ကိုင်း - မိုးစဲသွားပြီ။ ကျုပ်ပြန်လိုက်ဦးမယ်အေ"

"ဟုတ်ကဲ့ပါ အဘွား။ နောက် လမ်းကြုံရင်လည်းဝင်ခဲ့ပါနော် အဘွား။ ရှိတာကျွေးပါ့မယ်"

အဘွားအိုက သူမကိုပြုံး၍ကြည့်နေသည်။ အိမ်ရှင်မ၏ စေတနာကို အဘွားအို အသိအမှတ်ပြု ခေါင်းညိတ်သည်။ ထို့နောက် အဘွားအိုသည် တောင်ဝှေးထောက်ကာထောက်ကာဖြင့် အမှောင်ထုအတွင်း ဝင်ရောက်ပျောက်ကွယ်သွားပါသည်။

"ဘွားဘွား လမ်းမှာခလုတ်မ... ဆူးမငြိပါစေနဲ့"

ဟု အိမ်ရှင်မသည် အဘွားအို... လှမ်းမျှော်ကြည့်ရင်းက ဆုတောင်း... လိုက်ပါသည်။ အိမ်ရှင်မသည် လူဆင်း... သော်လည်း စေတနာမဆင်းရဲပါ။ ... မွေးချင်စိတ်၊ ကူညီချင်စိတ်ရှိပါသည်... လင်မယားနှစ်ယောက်တို့သည် ကို... တိုင်က ချို့တဲ့၍သာ တစ်ဖက်တစ်လ... စားသောက်စရာ ရလိုရငြား ဖားရှာ... ရှာ ရှာဖွေသမှုပြုခဲ့ရသည်။ သူတစ်... အသက်ကိုတော့ မသတ်ဖြတ်လို။ ... ထားကောင်း၍ သဘောမနော... ကြကုန်၏။ အဘွားအိုသည် အိမ်ရှင်... တစ်ယောက်တည်းရှိချိန်ကိုသာ ... ရောက်ရောက်လာတတ်ပါ၏။

"အဘွားဘယ်ကပြန်လာတာ..."

"ကြွေးတောင်းရာကပြန်လာခဲ့... ပါကွယ်"

ဟု အိမ်ရှင်မမေးတိုင်း အဘွား... ကလည်း ထုံးစံအတိုင်းပင် ဖြေလေ့... ဆေးပေါ့လိပ်မီးကြီးကိုလည်းရဲ... ဖွာလေ့ရှိပါသည်။ အဘွားအို...

www.burmeseclassic.com

သို့ရောက်တိုင်း အိမ်ရှင်မထံမှ တစ်ခုခု တောင်းစားမြဲ။

အိမ်ရှင်မ၏ စေတနာကောင်းပုံမှာလည်း သူမစားမည့်အထဲကပင် မစားရက်ဘဲ အဘွားအိုအတွက် ချန်ထားလေ့ရှိနေပါသည်။ အဘွားအိုကိုမျှော်နေမိသည်။ တစ်နေ့သော ညဥ့်ဦးယံအခါ သမယ၌ အဘွားအိုရောက်လာသည်။

"အဘွား၊ ထမင်းကျန်စားမလား။ ကြံသကာနဲ့စားဖို့ သမီးမစားဘဲချန်ထားပါတယ် အဘွားဖို့"

"အို - သမီးရယ် တကယ်တော့ အဘွားမဆာပါဘူးကွယ်။ သမီးတို့ဆင်းရဲတာကိုသနားလို့ သမီးရဲ့စိတ်ထား စေတနာကို စမ်းသပ်ကြည့်လိုက်တာကွယ့်။ သမီးတို့စိတ်သဘောထားဖြူစင်တာကို အပြောနဲ့အလုပ်ကိုက်ညီတာကို အဘွားသိလိုက်ရပြီ။ သမီးရဲ့ပြုမူလုပ်ဆောင်ချက်တွေက သမီးစေတနာအမှန်တကယ်ကောင်းမွန်ကြောင်း ပြောပြနေသလိုပါပဲလားကွယ်။ သမီးရဲ့စေတနာဖြူစင်တာကို အဘွားလက်ခံယုံကြည်တဲ့အထိ တွေ့မြင်နေရပါတယ်။ ဩော် - ချစ်နဲ့သမီး"

"ရှင်၊ ဘာလဲ အဘွား"

"အဘွားကလေ သမီးတို့ဆင်းရဲတာကို ကယ်တင်ချင်တယ်။ အမှန်တော့ အဘွားက လူ့ဘုံလောကသား မဟုတ်ဘူးကွယ့်"

"ရှင်"

"အဘွားက အရိမေတ္တေယျဘုရားရှင်ကို စောင့်ရှောက်နေရတဲ့ သိုက်စောင့်ကြီး ဒေါ်မင်းအိုလို့ ခေါ်ပါတယ်။ သမီး အဘွားကိုမကြောက်နဲ့။ အဘွားစကားကိုသာ နားထောင်။ သမီးရဲ့ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ သမီးတို့တစ်သက်စာဖူဖူလုံလုံစားသောက်နေထိုင်သွားနိုင်အောင် အဘွားပေးခဲ့မယ်။ အဘွားတို့ သန်ဘက်ခါ ညဥ့်(၁၂) နာရီအချိန်ပြောင်းကြမှာ"

"အို"

"သွားရမယ့်လမ်းကြောင်းက သမီးတို့အနောက်က တောတန်းထဲကနေ ချောင်းကိုသွားရလိမ့်မယ်။ နွားလှည်းလမ်းတန်းကြီး သမီးတွေ့လိမ့်မယ်။ နောက်ဆုံးလှည်းမှာ အဘွားလိုက်လာမယ်။ အဘွားပိုင်တဲ့အထဲက သမီးကို ခွဲဝေပေးမယ်။ သမီးက လှည်းနားရောက်ပြီးတောင်းတစ်လုံးနဲ့ခံယူပါ။ မမေ့နဲ့ သမီး"

အိမ်ရှင်မသည် အဘွားအိုထံမှ ထူးခြားဆန်းကြယ်သော စကားလုံးများကြားလိုက်ရသောကြောင့် တွေဝေနေပါသည်။ စိတ်လှုပ်ရှားလျက်ရသည်။ အဘွားအိုက နှုတ်ဆက်ထွက်ခွာသွားလေပြီ။ အိမ်ရှင်မတစ်ယောက်တည်း ငေးငိုင်ကျန်နေခဲ့ရှာသည်။

အဘွားအို ချိန်းဆိုထားသော ထိုညဥ့်သန်းခေါင်ယံ ကြက်တွန်သံကြားလိုက်ရချိန်။ ဖား၊ ငါးရှာဖွေရာမှာပြန်လည်ရောက်ရှိနေသော လင်ယောကျ်ားခမျာ မောမောနှင့်အိပ်မောကျနေရှာသည်။ အဘွားအို၏ အမှာစကားတွင် မည်သူ့ကိုမျှခေါ်မလာရ ‚တစ်ယောက်တည်းလာရမည်' ဟူ၍ မှာကြားထားသည်။တကယ်တမ်း တစ်ယောက်တည်းသွားရမည်ဆိုသောအခါ အိမ်ရှင်မအဖို့ ရွံ့တွန့်တွန့်ဖြစ်နေပါ၏။ အမှန်ကိုဝန်ခံရလျှင် ကြောက်ရွံ့နေမိတော့သည်။ စိတ်လှုပ်ရှားကာ သူမ၏ရင်တွေတဒိန်းဒိန်းရင်ခုန်လှုပ်ရှားနေဆဲ။ တောတန်းလေးကိုဖြတ်သန်းနေသော နွားလှည်းများဆီမှ ချူသံများကိုလည်း ပီပီသသကြားလာရပြီ။ အချို့လှည်းတွင် အိုးစည်သံ၊ မောင်းထုသံများလွှမ်းမိုးနေ၏။ မောင်းထုသံကြီးကိုကြားလိုက်ရသောအိမ်ရှင်မ သူမလက်ထဲမှ တောင်းလွတ်ကျသွားလေ၏။ အဘွားအမှာစကားကြောင့် ယောကျ်ားလုပ်သူကိုလည်း မနှိုးရဲ၊ လှည်းတန်းဆုံးတော့မည်။ သွားရကောင်းမလား၊ မသွားရကောင်းမလား ချီတုံချတုံဖြစ်နေစဉ် နောက်ဆုံးလှည်းဆီမှ -

"သမီးရေ လာခဲ့တော့လေ အမြန်လာ၊ အမြန်လာ"

အိမ်ရှင်မ မသွားရဲပါ။ လှည်းတန်းကြီးမှ ထွက်ပေါ်လာသောအသံမျိုးစုံတို့ကိုကြားရပြီး သူမ၏ စိတ်ချောက်ချားလျက်ရှိနေပါသည်။

"သမီးရယ်၊ အမြန်လာပါတော့"

သူမကိုခေါ်သည့် အသံဝိုးတဝါးမှုန်ပျပျဖြင့် မှေးမှိန်ပျောက်ကွယ်သွားပါတော့သည်။ အိမ်ရှင်မသည် ထိုအခါမှ ဝမ်းနည်းပက်လက်ဖြစ်ကာ -

"အီး . . . ဟီး . . . ဟီး . . . "

ဟု ချုံးပွဲချရင်ထုမနာငိုညည်းကာ အော်ဟစ်မိလေ၏။ ဘီလူးဆိုင်းတီးနေသော အိမ်ရှင်မ၏ အပြုအမူကြောင့် တဲအိမ်လေးသိမ့်သိမ့်ခါနေ၏။ ထိုအခါ ယောကျ်ားဖြစ်သူခမျာ လန့်နိုးပါတော့သည်။

"ဟဲ့ဟဲ့ - ရှင်မဘာဖြစ်တာတုံး"

အိမ်ရှင်မ ဆို့နင့်ကာ ချက်ချင်းပြန်လည် မပြောကြားနိုင်ချေ။ အတန်ကြာမှ သတိလည်ကာ သူ့ယောကျ်ားကို အဘွားအို၏အမှာစကား တစ်လုံးမကျန်ရှင်းပြနိုင်ပါတော့သည်။ လင်ယောကျ်ားဖြစ်သူ ဒေါသူပုန်ထလေ၏။ ရှူးရှူးရှဲရှဲဖြင့် ဇနီးသည်အားပြောလေသည်မှာ -

"ဒီလောက် အ,ရသလားကွာ။ အဲဒါဥစ္စာပေးတယ်လို့ခေါ်တယ်ဟဲ့။ ဒါကြောင့် ရှေးလူကြီးသူမတွေပြောတာပေါ့။ ဥစ္စာပေးတုန်းယူရတယ်၊ နောင်မှဆိုရင် ဟင်းရွက်ကန်စွန်းတောင် ရယ်တယ်တဲ့။ နင်လုပ်ပုံမဟုတ်လို့ ခုတော့ လွတ်ပြီပေါ့"

မိန်းမလုပ်သူကို ဒေါသအရှိန်ကြောင့် ဖနောင့်ဖြင့်အချက်ပေါင်းများစွာပေါက်လေသည်။ လင်မယားဝရုန်းသုဉ်းကားရန်ဖြစ်ကြလေရာ ဥစ္စာမရရှိလိုက်သည့်ပြင် တဲအိမ်ကလေးအကာအရံပျက်စီးကုန်၏။ ကြမ်းခုနစ်ချောင်းကျိုးကာ အပေါက်ကျွံကျသည်။ နေစရာမရှိအောင် ပျက်စီးသွားသောဟူ၏။ လင်မယားရန်ပွဲ အရှိန်မြင့်ကာ အထွတ်အထိပ်သို့ ရောက်ကုန်ကြတော့သည်။ ဥစ္စာရူးလောဘသားတို့ တစ်ညလုံး ဥစ္စာသိုက်တိုက်ပွဲ ရင်ဆိုင်ဆင်နွှဲကြလေကုန်သတည်း။

❑

လက်ပံကန်ရွာသို့ သိုက်ဆရာများ သိုက်လာတူးဖော်ကြသော်လည်း ဥစ္စာပစ္စည်းမရရှိဘဲ ထွက်ပြေးကြရခြင်း၊ ဥစ္စာစောင့်များကလည်း ဥစ္စာပေးလိုသူတို့ကိုပေး၍ မရနိုင်ခြင်းတို့မှာလည်း ထူးခြားမှုတစ်ရပ်ဖြစ်နေသည်။ ဥစ္စာပစ္စည်း မိမိလက်အတွင်းသို့ရောက်ရှိပြီးကာမှ 'မင်းမှာ သစ္စာ လူမှာကတိ' ဟု အဆိုရှိခဲ့ပါသော်လည်း ကတိမတည်သူလူသားတစ်ယောက် ဥစ္စာပစ္စည်းလက်လွှတ်လိုက်ရသည့်ပြင် မိမိအသက်ကိုပင် စွန့်လွှတ်လိုက်ရရှာသည်။

လက်ပံကန်ရွာမှ ဥစ္စာပစ္စည်းရတနာသိုက်ကို မည်သူမျှ ထိပါး၍မရချေ။ ဥစ္စာစောင့်မှ ဥစ္စာပေးပါသော်လည်း နှုတ်ကတိမတည်ဖြစ်ရလေသောဖြစ်ရပ်ရှိခဲ့ဖူး၏။ လက်ပံကန်ရွာမှ ဘုရားသိုက်ပစ္စည်းများကို မည်ကဲ့သို့သော ပုဂ္ဂိုလ်အရင့်အမာကြီးများ စောင့်ရှောက်ကြလေကုန်သနည်း။ မြန်မာနိုင်ငံကို နယ်ချဲ့စစ်ဘီလူးတို့ ကျူးကျော်ဝင်ရောက်နေချိန်က ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းမှ မျိုးချစ်သူရဲကောင်းတို့



www.burmeseclassic.com

www.burmeseclassic.com

ဇာတိသွေးဇာတိမာန် ရဲရဲစွာဖြင့် နယ်ချဲ့တို့ကို စွန့်စွန့်စားစား တွန်းလှန်တိုက်ခိုက်မောင်းထုတ်နေကြသည်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလို မြွေပူရာကင်းမှောင့် ပြည်တွင်းသစ္စာဖောက်အချို့ နယ်ချဲ့တို့ကိုအတွင်းရေးသတင်းပေးကာ ရသာလျှင် ဘနဖူးသိုက်တူးမည့်သူများ တစ်စခန်းထနေကြကုန်၏။

မြန်မာနိုင်ငံအနှံ့အပြားမငြိမ်မသက်ဆူပူအုံကြွလျက်ရှိ၏။ မြစ်ဝကျွန်းပေါ်မြောင်းမြ ဒီဝီဇံနယ်အတွင်းရှိ တောလက်ကျေးရွာများ၌လည်း ကျီးလန့်စာစားအငြိမ်မနေကြရလေကုန်။ ရှေးလူကြီးတို့အဆိုအရ မြန်မာနိုင်ငံအရေး စိတ်မဝင်စားဘဲ လက်ပံကန်ကျေးရွာတွင် စေတီပုထိုးများကို လိုက်လံဖောက်ထွင်းနေကြသူသိုက်သမားများ များစွာပေါ်ထွက်လာကြောင်းသိရ၏။ ဘုရားဌာပနာများရရှိသွားသည့်သတင်း အလျှင်းမကြားသိရချေ။

ခေတ်ဆိုးခေတ်ပျက်ကြီးထဲတွင် လက်ပံကန်ကျေးရွာသူကျေးရွာသားများထဲမှ လယ်ယာလုပ်ငန်းကိုသာ တစိုက်မတ်မတ် လုပ်ကိုင်လျက်ရှိကြသော လင်မယားနှစ်ယောက်တို့ ရှိကြလေကုန်၏။ ကိုဖိုးအောင်နှင့် မအိမ်မေတို့သည် ရိုးသားသောလယ်သမားများ ဖြစ်ကြပါသည်။ အများသူငါတို့ တစ်နပ်စားဉာဏ်ဖြင့် နယ်ချဲ့အလိုတော်ရိနောက်လိုက်လုပ်စားနေကြခြင်း၊ တောမီးလောင်တောကြောင် လက်ခမောင်းခတ်ကာ ဘုရားစေတီပုထိုးများကို လိုက်လံဖောက်ထွင်းနေကြခြင်း စသည်တို့ကို စိတ်ဝင်စားခြင်းမရှိ။ ရွာဦးကျောင်းဆရာတော်၏ဆိုဆုံးမမှုကိုနာခံ၍သာ သီလစောင့်ထိန်းလျက် သူတို့၏ဘဝရှေ့ရေးကို ဖြတ်သန်းကြကုန်သည်။ ယခုလို ခေတ်ပျက်ကြီးထဲမှာ ရိုးသားစွာရှာဖွေစားသောက်ရုံဖြင့် မကြီးပွားနိုင်ကြောင်း၊ ဖြတ်လမ်းကိုအသုံးပြုကာ လူညွန့်ခူးစားရန်တိုက်တွန်းကြသူများ၊ ဘုရားဌာပနာဖောက်ရန်လာရောက်ဆွယ်တရားဟောသူများကို ခါးခါးသီးသီးငြင်းဆန်လိုက်ပါ၏။

ဗုဒ္ဓ၏သားတော်၊ သမီးတော်များပီပီ ဘဝကို မဇ္ဈိမပဋိပဒါလမ်းစဉ်ကျင့်သုံး၍ လျှောက်လှမ်းမှသာ ရေရှည်တည်မြဲကြောင်း၊ ဖြတ်လမ်းအသုံးပြု၍ တစ်နပ်စားဉာဏ်ဖြင့် လုပ်ကိုင်စားသောက်ပါက လောလောဆယ် အမြင်လှ၏။ ရှေ့တွင်လှပနေသည်။ အနောက်



တွင် လုံခြုံမှုမရှိချေတကား။ ပူပန်မှုအပြည့်ဖြင့် နေထိုင်ရပေလိမ့်မည်။ မချိလို့သွားဖြဲရယ်နေသလားဟု အများကမြင်နေကြရမည်။ အပူရေစာစားသုံးသူတို့သည် အပူဒဏ်၏ထိုးနှက်မှုကောင်းစွာခံစားကြရမည်ဖြစ်ပါ၏။ ရေရှည်တည်တံ့ခိုင်မြဲမှုကင်းပ၏။ ယိုင်လဲမှုဖြင့်သာ မလွဲဧကန် ကြုံဆုံကြရမည် ဖြစ်တော့သည်။

ထိုအဖြစ်သည် ပစ္စက္ခအခြေအနေလောက်သာ ဖော်ပြပေးခြင်း ဖြစ်၏။

အပူရေစာစားသုံးသူတို့၏တမလွန်ဘဝ တွေးဝံ့စရာမရှိတော့ချေ။ ဆရာတော်ဟောကြားသောတရားကိုနာကြားခဲ့ရသည်မှာ ငရဲသို့ရောက်ခြင်းမှလွဲ၍ အခြားမရှိနိုင်။

ကိုဖိုးအောင်တို့လင်မယားသည် သိတတ်စအရွယ်မှစ၍ ဘုရားကျောင်းကန်အရိပ်ကိုခိုလှုံခဲ့ကြသူများ ဖြစ်ကြပါ၏။ ထို့ကြောင့်ပင် အပူအပင်မရှိ သူတို့ဘဝအေးငြိမ်းလေ၏။

"မောင်ကြီးရယ်၊ အိပ်ရာထစ နံနက်စောစော သတ္တဝါတွေကို မေတ္တာပို့ရတာ အေးချမ်းပါဘိသော့တယ်ရှင်။ မောင်ကြီးကော ဘယ်လိုခံစားရလဲ"

"ဒါပေါ့ ရှင်မရဲ့။ ဆရာတော်ရဲ့ ကျေးဇူးကြောင့် နေရထိုင်ရတာ ကြည်နူးပီတိဖြစ်လိုက်ပါဘိတော့တယ်ကွယ်။ ဗုဒ္ဓဘုရားတော်တွေကို လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြတဲ့ သံဃာတော်တွေရဲ့ ဂုဏ်ကျေးဇူးကြီးမားလှပါဘိ ရှင်မရာ"

"ဟုတ်ပါ့ မောင်ကြီးရယ်။ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ပါစေတော်"

သူတို့လင်မယားသည် ကလေးသားမြေးမရှိကြပါ။ အိမ်ထောင်သက်ရလာပြီဖြစ်သော်လည်း ကလေးအဖတ်တင်ခြင်းမရှိချေ။ သူတို့၏စားဝတ်နေရေးအတွက်သာအလုပ်လုပ်သည်။ သူများထက် ချမ်းသာအောင် အလုပ်လုပ်မည်ဟု အတွေးမရှိချေ။ ရောင့်ရဲတင်းတိမ်မှုနှင့် ပြည့်စုံ၏။ သူတို့၏ နှလုံးစိတ်ဝမ်းထဲဝယ် သူတစ်ပါး၏စည်းစိမ်ကို မတရားလိုချင်တတ်သောလောဘစိတ်ဖြစ်သည့် အဘိဇ္ဈာမှုလည်းကောင်း၊ သူတစ်ပါးကိုသေကျေပျက်စီးစေလိုသောပြစ်မှားမှုဖြစ်သည့်ဗျာပါဒမှု လည်းကောင်း၊ သူများဂုဏ်သိမ်စည်းစိမ်ကို စောင်းမြောင်းငြူစူတတ်သော ဣဿာမှုလည်းကောင်း လုံးဝကင်းရှင်းလေကုန်၏။ ကိုဖိုးအောင်သည် လောဘစိတ်မရှိဟုဆိုသော်ငြား သူတစ်ပါးထံမှ မတရားရယူခြင်းမျိုး မဟုတ်ဘဲ အမှန်တကယ် စေတနာသန့်သန့်ဖြင့် ကြည်ဖြူစွာပေးကမ်းလာသော ဥစ္စာပစ္စည်းကို လက်ခံမိရာ လူ့ကျင့်ဝတ်ဖြစ်သော ကတိတစ်လုံး ဖောက်ဖျက်ခဲ့မိလေ၏။ သူသည် လူသား စင်စစ်ဖြစ်ပါ၏။ လူသားမှ အပါ ဘုံသားကို တည်ကြည်သော ကတိ ထားမိလျက် မိမိကတိကိုမိမိဖောက်ဖျက် လိုက်သည့် အကျိုးခံစားရပုံ အောက်ပါအတိုင်း တင်ပြပေးလိုက်ပါ တော့သည်။

❑

ကိုဖိုးအောင်၊ မအိမ်မေတို့သည် လက်ပံကန်ကျေးရွာတွင် အေးချမ်း နေထိုင်ကြပါသည်။ အထက်တွင်တ ခဲ့သည့်အတိုင်း ဘုရားတရား သူတို့၏ ဝမ်းစာရေးအတွက် လယ် လုပ်ကိုင်စားသောက်ကြ၏။ ကိုဖိုးအော သည် နံနက်စောစော ထွန်တုံး၊ ထွ ပြင်ဆင်ကာ အားကိုးလောက်သော ဖွဲ့သားကြီး နွားတစ်ရှဉ်းနှင့်အ လယ်တောသို့သွားသည်။ မိမိတို့ လယ်ကွက်မှ ရိုးပြတ်များကို ရှင်း ခြင်း၊ ထွန်ရေးငင်ခြင်း၊ တမန်းညှ ခြင်း စသည့် လုပ်ငန်းဆောင်တာ လိမ္မာသော နွားကြီးနှစ်ကောင်အ လျက် နဖူးကချွေး ခြေမကျသည် ရှန်းကန်ရသည်။

လယ်သမားတို့ဘဝ ဆင်းရဲ နက်ချေ၏။ တစ်ခါတစ်ရံ ချစ်တီး ယုတ်မာစော်ကားမှုကိုလည်းခံရ သေး၏။ ချစ်တီးတို့၏ လယ်သိ သိမ်းခံလိုက်ရသော လယ်သမား ရှိ၏။ ထိုလယ်သမားတို့၏ဘဝ မထူနိုင်တော့ချေ။ ထိုခေတ်ထိုအ လယ်သမားများကို ကျောမွဲလူတ ဟုခေါ်ဆိုကြကုန်၏။ ထိုကဲ့သို့ အနေများကြားထဲမှ ဘုရားတရား ကို ခံစားကြရကုန်သော ကိုဖိုးအေ

www.burmeseclassic.com

အနေဖြင့် ချစ်တီးတို့၏ အန္တရာယ် စက်ကွင်းမှ လွတ်လွတ်ကင်းကင်းရှိခဲ့ကြပါသည်။ လယ်သမားတို့ဆင်းရဲတွင်းနက်ပုံကိုမြင်တွေ့နေရသော ကိုဖိုးအောင် စိတ်မကောင်းဖြစ်မိလေ၏။

သူရိန်နေမင်းကြီး လယ်သမားတို့၏ ငယ်ထိပ်ပေါ်ရောက်ချိန်။ ထိုအချိန်သည်ကား အိမ်မှ ဇနီးသည်တို့ လယ်တောယာတောမှ လင်ယောက်ျားတို့ထံ ထမင်းပို့ချိန်တည်း။ ကိုဖိုးအောင်သည် မအိမ်မေကိုမျှော်လေ၏။ ယမင်းရုပ်လေးတစ်ရုပ် တလှုပ်လှုပ်ဖြင့်ရွေ့လျားလာနေပုံကို မပီဝိုးတဝါးမြင်လာရချေပြီကော။ မှန်ပါ၏။ ရွာဘက်ဆီမှ သနပ်ခါးဘဲကျား၊ ထဘီတိုတိုဖြင့် ထမင်းတောင်းရွက်ကာလာနေပြီဖြစ်သော မအိမ်မေကို လှမ်းမြင်လိုက်ရ၏။မအိမ်မေ၏တစ်ပတ်သျှိဆံထုံးမှာ အဝါရောင်တောပန်းလေး တစ်ပွင့် ငွားငွားစွင့်စွင့်ဝင့်ထည်နေပါ၏။ ရွှံ့ထဲရေထဲတွင် ပင်ပန်းကြီးစွာ လယ်ထွန်နေသည့် ဖိုးအောင် အမောပြေလေ၏။ ချက်ချင်းပင် ထွန်တုံးမှ နွားနှစ်ကောင်ကို ဖြုတ်၏။ သူတို့လယ်အနီးက ဖက်သန်းပင်စုစုလေးရှိရာ ဆွဲခေါ်လာခဲ့သည်။ အရိပ်ကောင်းသည့်သခွတ်ပင်ကြီးလည်း ရှိပါသည်။ ထိုအပင်ကြီး၏အောက်တွင် နွားနှစ်ကောင်ကိုလွှတ်ထားလိုက်သည်။ နွားကြီးနှစ်ကောင် သခွတ်ပင်အောက်တွင် အေးမြသောအရိပ်ခိုလှုံကာအနားယူကြသည်၊ အခြားနေရာသို့ ထွက်ခွာသွားခြင်းမရှိကြပါ။

ကိုဖိုးအောင်က မအိမ်မေ ခေါင်းပေါ်မှ ထမင်းတောင်းကိုချပေးသည်။ မအိမ်မေပါးပြင်ထက်က ရွှေဘိုသနပ်ခါးနံ့က ကိုဖိုးအောင်ရင်ကိုအေးမြစေပါသည်။ မအိမ်မေသည် ကြွေရည်သုတ်သံပန်းကန်ပြားဖြင့် ထမင်းပွဲပြင်သည်။ ငါးဆားနယ်မီးသင်းနံ့က ကိုဖိုးအောင်နှာတွင် ကလူကျီစယ်နေပါ၏။ ကိုဖိုးအောင် ဆာဆာဖြင့် ထမင်းမြိန်မြိန်လွေးသည်။ မအိမ်မေ၏ လက်ရာဆိုကာ ကိုဖိုးအောင် ခံတွင်းတွေ့နေပါသည်။ လင်သားဖြစ်သူ ထမင်းစားနေပုံ မအိမ်မေ အားရကျေနပ်လျက်ရှိ၏။ ထမင်းစားရင်း ကိုဖိုးအောင်သည် မြေအိုးထဲမှ လက်ဖက်ခြောက်ကျကျ ရေနွေးကြမ်းကို ဖိမ်ခံ၍သောက်သည်။

"မောင်ကြီး၊ ထမင်းစားလို့ကောင်းလား"

"ရှင်မရှာ၊ ဆွေမျိုးတောင်မေ့ပါသည်"

"သူကတော့ပိုပြီ"

မအိမ်မေက မျက်စောင်းထိုး၏။ ကိုဖိုးအောင်က သဘောကျစွာဖြင့် တဟားဟားရယ်မောနေပါသည်။

သူတို့နှစ်ဦး၏ဘဝ အလွန်ပင် အေးချမ်းလှပနေပါသည်။ သို့သော် ကြမ္မာမုန်တိုင်းသည် မည်သို့ဝင်ရောက်ရိုက်ခတ်လေသနည်း။ ဒီကြမ္မာရိုင်းကို သူတို့လက်ယပ်ခေါ်ခဲ့သည်လည်းမဟုတ်ပါ။ ဘဝဝဋ်ကြွေး ပြေးမလွတ်သည်က ကိုဖိုးအောင်၏ ကတိကဝတ်ပျက်ကွက်မှု။

လယ်ယာလုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်လာခဲ့သော ကိုဖိုးအောင် ဘဝ အပြောင်းအလဲဖြစ်ရန် စတင်သောနေ့။ ထိုနေ့က ကိုဖိုးအောင်လယ် တောကပြန်လာသည်။ မအိမ်မေ အိမ်ပေါက်ဝမှ ပြုံးရွှင်စွာ ဆီးကြိုသည်။ ဒါက သူတို့ရဲ့နေ့စဉ်အလေ့အထ။ ပြီးတော့ အိမ်ဝေယျာဝစ္စကိစ္စများမြောင်တို့ကို သူ့အလုပ်ကိုယ့်အလုပ်မခွဲခြား၊ ခိုကပ်မနေ၊ လင်မယားနှစ်ယောက်တက်ညီလက်ညီလုပ်ကိုင်ကြ၏။ မအိမ်မေ အိမ်နောက်ဖေးသန့်ရှင်းရေးအလုပ်ကို လက်စသတ်လိုက်သည်။ ပြီးသည်နှင့် သူမအိမ်ပေါ်သို့တက်အလာ -

"ယောက်ျားရေ"

ကိုဖိုးအောင်၏ ထူးသံမကြား။ အိမ်အောက်သို့ဆင်း၍ရှာရသည်။ နွားတင်းကုပ်သို့ဝင်ကြည့်သည်။ ခြံထဲက သီးပင်စားပင်စိုက်ခင်းသို့လည်း မအိမ်မေ ရောက်သည်။ ကိုဖိုးအောင် ပျောက်နေသည်။ မအိမ်မေ စိတ်ပူလာသည်။ ရွာထဲက ဘထွေးတို့အိမ်သွားကြည့်ရသည်။ မတွေ့။ ရွာတောင်ပိုင်းက ကြီးတော်တို့အိမ်ကို သွားရှာသည်။ ကိုဖိုးအောင် မရှိ။ မိုးချုပ်တော့မည် ဖြစ်ပါသည်။ အချို့အိမ်လေးများပင်လျှင် ရေနံဆီမီးခွက်ထွန်းညှိထားကြ၍ အလင်းရောင်တလက်လက်။ မအိမ်မေသည် ရွာလမ်းတစ်လျှောက် အိမ်ပေါက်စေ့မေးကြည့်ရင်း အိမ်နားရောက်လာသည်။ မိမိအိမ်တွင်လည်း မီးခွက်အလင်းရောင်နှင့်ပါလား။ ဘယ်လိုကြောင့်ပါလိမ့်။ သို့လောသို့လော ဒွိဟစိတ်ဖြင့် အိမ်ပေါ်သို့လှမ်းကြည့်လိုက်ရာ -

"မောင်ကြီးပါလား၊ တော်ဘယ်သွားနေတာတုံး။ ကျုပ်မှာဖြင့် စိတ်ပူလို့ လိုက်ရှာလိုက်ရတာ ခြေတိုတော့မယ်"

"ရှင်မရယ်၊ မောင်ကြီးအညောင်းပြေ ရွာပြင်ထွက်ပြီး လေညင်းခံရင်း လျှောက်ကြည့်နေတာပါကွာ။ စိတ်ပူရန်ကော မိန်းမရယ်"

ထိုနေ့မှစတင်၍ ကိုဖိုးအောင် တစ်ယောက် ညနေတိုင်း ပျောက်ချက်သားကောင်းနေတော့သည်။ မအိမ်မေကို အကြောင်းအမျိုးမျိုးပြကာ သွားမြဲသွားလျက်။ ကိုဖိုးအောင် ခြေလှမ်းပျက်နေသည်ကို မအိမ်မေ မသင်္ကာတော့။ မအိမ်မေသည် ဒီအတိုင်းဆိုလျှင်အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရော့မည်။ ကိုဖိုးအောင်ကို လွှတ်ထား၍မဖြစ်တော့ပြီ။ စုံစမ်းရမည်။ သူမနှင့်ခင်သော ရွာထဲမှ ကိုထွန်းဟံကို အကူအညီတောင်းရမည်။ ဤအတိုင်း ဆုံးဖြတ်လိုက်သည်။

ကိုထွန်းဟံ၊ လိုက်လံစုံစမ်းသောနေ့ -

"မအိမ်မေရဲ့ယောက်ျားက ရွာပြင်ထွက်သွားတာမဟုတ်ဘူးဗျ။ အနောက်လက်ပံကန်ရေကန်ကြီးနားကိုသွားတာ။ အဲဒီမှာ ဆံပင်အရှည်ကြီးနဲ့အမျိုးသမီးနှစ်ယောက် ရောက်လာတယ်။ စကားတွေပြောကြတယ်။ ဘာပြောကြလဲတော့ မကြားရဘူး။ အမျိုးသမီးနှစ်ယောက် တောထဲဝင်ရောက်ပျောက်သွားတော့မှ ကိုဖိုးအောင်ပြန်လာတာ။ အမျိုးသမီးတွေက ဘယ်ကမှန်းလဲမသိဘူး။

ကိုဖိုးအောင် အခြေအနေကို လှူမိသွားသည်။

ကိုဖိုးအောင်၏ အိပ်မက်ထဲသို့ ဆံပင်ရှည်အမျိုးသမီးနှစ်ဦးရောက်လာသည်။ အကြီးမဖြစ်ဟန်တူသူ အမျိုးသမီးက ကိုဖိုးအောင်ကို ဤသို့ပြောလေ၏။

"မောင်လေးရယ် အစ်မတို့ မောင်လေးနဲ့တွေ့ဆုံဖို့ မဖြစ်နိုင်တော့ဘူးကွယ်။ ပြဿနာရှုပ်ထွေးလာနိုင်တယ်။ မောင်လေးနဲ့လာတွေ့ဖို့ သိုက်ချုပ်ကြီးက ခွင့်မပြုတော့ဘူး။ မောင်လေးကိုကြည့်ရှုစောင့်ရှောက်ကူညီဖို့အတွက် နောက်ဆုံးတစ်ခုကတော့ မမတို့ပိုင်တဲ့ကျောက်မျက်သုံးလုံး မောင်လေးကိုပေးထားခဲ့မယ်။ ရွာအနောက် တောထဲက ထိမ်ပင်ကြီးအောက်မှာတူးယူပါ။ မောင်လေး တစ်ယောက်တည်းသွားပါ။ အဲဒီကျောက်မျက်သုံးလုံးကို အမေတို့ပြောတဲ့ဈေးအတိုင်းမြို့ကိုတက်ရောင်းပါ။ ဈေးလျှော့မရောင်းပါနဲ့။ မောင်လေးပင်ပန်းတဲ့အလုပ်တွေကို လုပ်စရာမလိုတော့ဘူး။ မောင်လေးချမ်းသာလာမှာ။ မမတို့ကူညီနိုင်တာ ဒါပါပဲကွယ်။ ဪ - ဒါနဲ့ ကျောက်သွားရောင်းရင် တစ်ယောက်

www.burmeseclassic.com

တည်းသွားဖို့ မမေ့နဲ့နော်။ မမတို့ကို ကတိပေးစမ်း"

"ဟုတ်ကဲ့ မမ၊ ကျွန်တော် တစ်ယောက်တည်းသွားပါ့မယ်လို့ ကတိပေးပါတယ်"

ကိုဖိုးအောင် အိပ်ရာမှ လန့်နိုးလေ၏။ ထူးထူးခြားခြား ထင်ထင်ရှားရှားကြီး အိပ်မက်မြင်မက်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုဖိုးအောင်ရင်ဖိုလျက်ရှိသည်။ သောက်ရေအိုးမှ ရေအေးအေးတစ်ခွက် ရေမှုတ်ဖြင့်ခပ်ယူကာ မော့ချလိုက်၏။ ရင်ထဲအေးသွားသည်။ မအိမ်မေတစ်ယောက် အိပ်မောကျလျက်ရှိ၏။ ထိုသည့်အခိုက် သန်းခေါင်ယံကြက်တွန်လေ၏။

"ဟော - မမတို့ပြောတဲ့အချိန်ပဲ။ မမတို့နဲ့ပြောထားတဲ့အတိုင်း မအိမ်မေကို မခေါ်ဘဲ ငါတစ်ယောက်တည်းသွားယူလိုက်မယ် ဟုတ်ပြီ။ မိန်းမရေ ငါတို့တော့ ချမ်းသာပြီဟေ့"

ကိုဖိုးအောင် အိမ်မှတိတ်တဆိတ် ထွက်ခွာလာသည်။ တစ်ရွာလုံးအိပ်မောကျနေကြသည်။ ဘထွေးကြီးတို့အိမ်မှ အလွန်ကိုက်တတ်၊ ဟောင်တတ်သည့် ဂုတ်ကျားတစ်ကောင်လည်း အိပ်မောကျနေလောက်၏။ ကိုဖိုးအောင် ကံကောင်းသည်။ အနှောင့်အယှက်မရှိ ရွာအနောက်တောထဲသို့ရောက်လာသည်။ ရေစီးသံကြားနေရသော လျှိုတစ်ခုကိုလွန်သော် မမတို့ညွှန်လိုက်သည့် ထိမ်ပင်ကြီး။ သုံးရက်လ၏ မှိန်ပျပျအလင်းရောင်ဖြင့် မြင်ရခြင်း ဖြစ်ပါသည်။ တောသည် တိတ်ဆိတ်လွန်းနေ၏။ အသံများဆူညံနေလျှင် ကြောက်စရာကောင်းသလို ဘာသံမှမကြားရပြန်တော့လည်း မထိတ်သာမလန့်သာ။ တောပရိယာယ်ဖြင့် တောကြီးမာယာက ကိုဖိုးအောင်ကို ခြောက်လှန့်နေသလား။

ကိုဖိုးအောင်သည် အသင့်ပါလာသော ပေါက်တူးဖြင့် ထိမ်ပင်အောက် မြေပြင်ကို စတင်တူးဆွသည်။ မြေမွသောကြောင့် နှစ်တောင်ခန့် အလွယ်တကူတူးနိုင်ခဲ့သည်။ တန်ဖိုးရှိသော ရတနာကို မြေပေါ်အပေါ်ယံတွင် မြှုပ်လိမ့်မည်မဟုတ်ပါ။ ကွမ်းတယာညက်ခန့်ကြာသောအခါ -

"ဂုတ်..."

အိုးတစ်လုံးကို ပေါက်တူးသွားမိတ်ဆက်သံပေါ်လာ၏။ ကိုဖိုးအောင် မျက်နှာဝင်းပသွား၏။ လက်နှင့်အသာစမ်းကြည့်လိုက်၏။ စဉ့်အိုးတစ်လုံးပါလား။ မမတို့ပြောတာ သေချာပြီ။ အိုးဘေးရှိ မြေသားယက်ထုတ်ပြီး စဉ့်အိုးကိုဖော်ယူလိုက်နိုင်၏။ သားရေချပ်ဖြင့်ဖုံးထားသည်ကို ဖယ်ထုတ်လိုက်သော် အိုးအတွင်းမှ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်တို့ကို မြင်လိုက်ရသည်။ အထဲသို့နှိုက်ယူကြည့်လိုက်သောအခါ ပတ္တမြားတစ်လုံး၊ နီလာတစ်လုံး၊ ကျောက်စိမ်းတစ်လုံးပေါင်း (၃) လုံးကို ရရှိလိုက်ပါတော့သည်။ ကျောက်မျက်ရတနာ (၃) လုံးကို ခေါင်းတွင်ပတ်လာသောပုဆိုးဟောင်းဖြင့် သေချာထုပ်ပိုးကာ အိမ်သို့အမြန်ပြန်ခဲ့သည်။ ကိုဖိုးအောင်သည် ကျောက် (၃) လုံးကို ဘုရားကျောင်းဆောင်တွင် ရိုရိုသေသေပင် တင်ထားလိုက်ပါ၏။ ကိုဖိုးအောင် ကျောက်သုံးလုံးရလာ၍ မအိမ်မေသည် ပျော်ရွှင်မဆုံးဖြစ်နေပါသည်။

❑

သူတို့၏ကံကြမ္မာအပြောင်းအလဲ ဖြစ်ပေါ်လာပုံမှာ -

ကိုဖိုးအောင် ကျောက်ရောင်းရန် ဤသို့စီစဉ်လေသည်။ သူသည် ကျောက်မျက်အရည်အသွေးကို နကန်းတစ်လုံးမျှသိသူမဟုတ်ပါ။ မြို့တွင် လူလိမ်များပေါများကြောင်း သူသိထားသည်။ ဒါကိုပင် သူအကြောက်အဆုံးဖြစ်တော့၏။ လူလိမ်မခံရလေအောင် ကျောက်အရည်အသွေးနားလည်သူနှင့် သွားနိုင်လျှင် အဆင်ပြေကောင်းပါ၏။ ကိုဖိုးအောင် ဦးနှောက်အသိဉာဏ်ထဲမှာ ကိုထွန်းဟံပေါ်လာသည်။ ကျောက်အရည်အသွေး ကောင်းစွာ နားလည်သလို ယုံကြည်ရသူလည်းဖြစ်နေပါ၏။ ကိုထွန်းဟံကို အဖော်ခေါ်၍ မြို့တက်ရန် ကိုဖိုးအောင် ဆုံးဖြတ်ချက်ချလေ၏။

ဤသည်ကိုပင် ကိုဖိုးအောင်၏ အမှားဖြစ်ချေသည်။

ယနေ့ည မိုးအေးအေးနှင့် အိပ်ကောင်းသည်။ သန်းခေါင်ယံလွန်ချေ၏။ ရွာဦးကျောင်းက အုန်းမောင်းခေါက်ပြီ။ မအိမ်မေ အိပ်ရာကထပြီး ထမင်းဟင်းချက်ပြုတ်သည်။ တောင်စွန်းဖက်ဖြင့် စားမြိန်စာနှစ်ထုပ်ကိုထုပ်လိုက်ပါသည်။ ကိုဖိုးအောင်နှင့်ကိုထွန်းဟံတို့ထမင်းထုပ်ချည်ထားသည့်သင်အူကြိုးကိုလက်တွင်ဆွဲလာကြရင်း အမှောင်ထဲသို့ထွက်လာခဲ့ကြသည်။ ရွာလမ်းမအတိုင်းလျှောက်လျှင် ခရီးဝေး၏။ ရွာအနောက်တောကိုဖြတ်၍သွားလျှင် မြို့ကိုသွားသည့်တာလမ်းမကြီးသို့ ဝေလီဝေလင်းတွင်ရောက်သွားနိုင်ပါသည်။

ကိုဖိုးအောင်က -

"ထွန်းဟံရေ အရုဏ်ကျင်းလာပြီကွ။ တို့တစ်တွေ အနောက်တောကဖြတ်လျှောက်ကြမယ်ကွာ။ ခရီးတွင်တာပေါ့ ဘယ့်လိုလဲ"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

သူတို့နှစ်ဦး တောထဲသို့အဝင် -

"ဟာ-ရှေ့မှာလူဖြူဖြူကြီး၊ မျက်လုံးကြီးကရဲပြီး သွားချွန်ချွန်ကြီးတွေနဲ ကြောက်စရာကောင်းလိုက်တာ။ဟိုဘက်လမ်းကပြေး ထွန်းဟံ"

"ဟော ... ဒီဘက်မှာလည်း တစ်ကောင်ပါလား။ မရတော့ဘူး ဖိုးအောင်၊ တာလမ်းဘက်ကိုသွားတဲ့ လမ်းမှန်သမျှ သူတို့တွေတားထားကြ တယ်ကွ။ မြို့ကိုမသွားစေလိုတဲ့သဘော ပဲ။ လာကွာ၊ တို့ပြန်လှည့်ကြရအောင်"

သူတို့နှစ်ဦး တောထဲသို့ မဝင်ကြ တော့ဘဲ ရွာအပြန်လမ်းဆီသို့ယွန်းကြ လေကုန်၏။ ရွာဘက်သို့ပြန်သောလမ်း ချောချောမောမော ပြန်လည်ရောက်ရှိ ကြပါသည်။ သူတို့မသွားဖြစ်ကြတော့ပါ ကျောက်အရောင်းအဝယ်ခေတ္တရပ်ဆိုင်း ထားလိုက်သည်။ ကျောက်မျက်ရတနာ (၃) လုံး ဘုရားကျောင်းဆောင်ပေါ်သို့ ပြန်လည် ရောက်ရှိသွားပါသည်။ ထို ကျောက်မျက် (၃) လုံး ဘုရားကျောင်း ဆောင်မှ မည်သည့်နေရာသို့ရောက်ရှိ လေမည်နည်း။

တစ်နေ့တွင် ကိုဖိုးအောင် လယ် တောမှ ပြန်လာ၏။

မအိမ်မေကို -

"ရှင်မရေ မောင်ကြီးကို လယ်ထဲ က အရောင်ပြောင်ပြောင်နဲ့ မြွေလေး တစ်ကောင်ကိုက်လိုက်တယ်ကွ"

"ဟယ်-မောင်ကြီး ဒီအတိုင်းနေလို့ မဖြစ်ဘူးလေ။ ရွာဦးကျောင်းဆရာတော် ဆီမှာသွားမန်းကြရအောင်လေ"

"ဟဲဟဲ - ဒီမြွေလောက်တော့ အပျော့ပါ ရှင်မရာ။ မောင်ကြီးက မြွေ ဆေးထိုးထားတာပဲကွယ်၊ စိတ်မပူစမ်း ပါနဲ့။ မောင်ကြီးဘာမှမဖြစ်ပါဘူး"

အမှန်တကယ်ပင် ကိုဖိုးအောင်၏ မြွေဆိပ်မတက်ခဲ့ပါ။ ကံဇာတာမြင့်သော သလား၊ မြွေဆေးက စွမ်းလေသလား၊ မြွေလေးကိုက်ပြီး (၇) ရက်အကြာ -

ကိုဖိုးအောင်လယ်ထဲမှအလုပ် လက်စသတ်လိုက်၏။ သူ၏ကောက်စိုက် သမတို့ကို နှုတ်ဆက်လိုက်ပုံမှာ -

"ညီမကြီးတို့ရေ ငါသွားပြီ



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးခေတ်လယ်

# ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

## ဝန်းချီထူးလှ (ရှေးဟောင်းသုတေသန)



ပုံ (၃၁)

ပုံ (၃၁) အမျိုးသမီးဒီဇိုင်း လက်ရာသည် ထုက္ကန့်သိမ်ပုထိုး တော်ကြီးအဝင်ဝ လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံမှကျောက် ဆစ်ရုပ်ကြွနံပါတ် (၉၀) လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ ပင် ဖြစ်ပါသည်။ မူရင်း ကျောက်ဆစ် ရုပ်ကြွကို ဘုရားမုခ်ငယ် နံပါတ်(၄၅)လက်ယာဘက် တွင် တွေ့ရှိနိုင်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၆၀)စင်တီမီတာခန့်၊ အကျယ် (၄၂)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၂) စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ တွင် ညာဘက်နားရွက်မရှိတော့။ ပဲ့နေ ပေပြီ။ မျက်နှာလည်း ပီပြင်မှုမတွေ့ရှိ ရတော့ပေ။ ခါးလောက်တွင် ကျောက် ဆက်အက်ကွဲ၍ ဟနေပါသည်။ လက် နှစ်ဖက်တွင်လည်း လက်ကောက်အရာ သာ တွေ့ရှိရပါသည်။

ဆံထုံးထုံးဖွဲ့ပုံမှာ အဆင့် (၄) ဆင့် ဖြင့် ထုံးထားသည်ကို တွေ့ရှိရပါသည်။ ထိပ်ဆုံးအဆင့်ဖွဲ့စည်းပုံမှာ နှစ်ထပ် ပွင့်ဖတ်သဏ္ဌာန် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်မှာ ပထမအဆင့်ထက် ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်ထက် တတိယအဆင့်ပိုကျယ်သည်ကို တွေ့ရှိရ ပါသည်။ ဆံထုံးအဆင့်များတွင် တတိယ

---

...ရှည်ထွက်ရတော့မှာမို့ နောက်ဆို ...မှ မတွေ့နိုင်တော့ဘူး"

ကောက်စိုက်သမတို့သည် ကိုဖိုး အောင်၏ စကားအထူးအဆန်းကြောင့် ...ယောက်မျက်နှာတစ်ယောက်ကြည့် ...ကြသည်။ ပြီးတော့ သူတို့နားမှ ...သွားပြီဖြစ်သော ကိုဖိုးအောင် ...သို့လှည့်ကြည့်လိုက်ကြသောအခါ-

"ဦးဖိုးအောင်၊ နောက်မှာမြွေကြီး ... . . ပြေး"

ကောက်စိုက်သမတို့၏အော်ဟစ် ...ပေးသံကြောင့် ကိုဖိုးအောင် ပြန် ...အကြည့်၊ ထွက်ပြေးရန်ကြိုးစား ...လည်းနောက်ကျခဲ့ချေပြီတကား။ ...တုံးပေါင်လုံးခန့်ရှိ မြွေကြီးက သူ ...ဘက်ဖနောင့်ကို ပေါက်ချလိုက် ...

"အား. . ."

ကိုဖိုးအောင် အိမ်ကိုအရောက် ...၏၊ မြွေဆိပ်တက်နေသော ကိုဖိုး ... လယ်ကန်သင်းခလုတ်တိုက်လဲ ... ခဏခဏလဲကျသော်ငြား ပြန် ...၍ ကုန်းရုန်းထပြီး ခြေတစ်ဖက် ...ဆွဲလာသည်။ သည်လိုရုန်းရင်း ... အိမ်ကိုတော့ရောက်ခဲ့ပါသည်။

"ရှင်. . . မ. . . ရေ"

မအိမ်မေ အိမ်ထဲကပြေးအထွက် အိမ်ပေါက်ဝလှေကားရင်းမှာ ကိုဖိုးအောင် လဲကျသည်။ မအိမ်မေ ကိုဖိုးအောင်ထံ သို့ပြေးသွားကာ ထွေးပွေ့ထားလျက် -

"မောင်ကြီး၊ မောင်ကြီး"

"ရှင်မရယ်၊ ဥစ္စာစောင့်တွေကို မောင်ကြီး ကတိမတည်ခဲ့ဘူး။ အဖော် ခေါ်မသွားပါနဲ့လို့ မမက မောင်ကြီးကို သေချာမှာထားတာ။ မောင်ကြီးကတိ ပျက်ခဲ့မိပြီကွယ်။ သူတို့က မောင်ကြီးကို ဒဏ်ခတ်လိုက်ကြပြီကွယ့်။ မောင်ကြီး မနေရတော့ပါဘူး။ ရှင်မ ဒီရတနာတွေ ကို ရောင်းရင်တော့ ထပ်ပြီးဒုက္ခပေးမှာ သေချာတယ်။ မောင်ကြီးမရှိတော့တဲ့ နောက်ပိုင်း. . ."

"အို-မောင်ကြီး ဘာတွေပြောနေ တာလဲ။ မောင်ကြီးမသေရဘူး၊ မောင် ကြီးမသေရဘူး"

"ရှင်မ. . . ရှင်မ"

"ဒီ ဒီရတနာတွေကို တောထဲက ထိမ်ပင်ကြီးအောက်သွားထား. . . ထား"

ကိုဖိုးအောင် ဇက်ကျိုးကျသွား လေ၏။

မအိမ်မေတစ်ယောက် ရင်တွင်း အပူလှိုက်ဆူကာ ရူးမတတ်ခံစားရရှာပါ သည်။ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံရာတွင် ကတိတစ်လုံး အရေး ကြီးကြောင်း မအိမ်မေ သဘောပေါက်ရ ပါတော့သည်။ ထိုကျောက်မျက် (၃) လုံး ကို လက်ဝယ်ထားရန် မဖြစ်နိုင်တော့ပါ။ နောက်ဆက်တွဲဆိုးကျိုးများရောက်လာ ဖွယ်ရာသာရှိချေ၏။ အသက်အန္တရာယ် ထိခိုက်လာနိုင်ပါသည်။ ထို့ကြောင့် မအိမ်မေသည် လူခြေတိတ်ချိန်တွင် စွန့်စားရလေ၏။ ဤလို အကာလ ညဉ့် အခါဝယ် အသက်အန္တရာယ်အရေး ထက် မည်သည့်အရေးကိုမျှ ကြောက် မနေအားတော့ပါ။ မအိမ်မေသည် ညမှောင်မှောင် တောထဲသို့တစ်ယောက် တည်းဝင်၏။ ကျောက်(၃)လုံးကို ထိမ်ပင် ကြီးအောက်၌ လုံခြုံစိတ်ချစွာ မြှုပ်နှံ လိုက်လေသတည်း။

(ဤတွင် လက်ပံကန်ကျေးရွာမှ အမှန်တကယ် ဖြစ်ပျက်ခဲ့သည်တို့ကို ကျွန်ုပ် တင်ပြ၍ ပြီးလေ၏။)

သုခီအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း(မသုံးလုံး)



www.burmeseclassic.com

www.burmeseclassic.com

အဆင့်မှာ အကျယ်ဆုံးအနေအထား တွေ့ရှိရပါသည်။ စတုတ္ထအဆင့်မှာကျဉ်းပါ၏။ ဆံထုံးဖွဲ့စည်းပုံအနေအထားကို ကြည့်ခြင်းအားဖြင့် နှစ်ပတ်ခွေဆံထုံး အမျိုးအစားဖွဲ့စည်းပုံနှင့် တူညီမှုနီးစပ်သည်ကို တွေ့ရှိရပါသည်။ နားတွင် နားတောင်းဝန်းကြီး ပန်ဆင်ထားပါ၏။ မျက်နှာဝန်းပြီး ပါးစပ်တစ်ခုသာ ပီပြင်မှုရှိသည်ကို တွေ့ရှိရပါတော့သည်။ ပါးစပ်ပြုံးနေသည့်အနေအထားတွေ့ရှိရပါ၏။ လည်ပင်းတွင် လည်ရစ် (၃) ရစ်ပါရှိပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်ခြုံထားပြီး တဘက်စနှစ်ဖက်ကို ခါးလောက်မှ ဘေးသို့ ပြန့်ကားစွာဖြန့်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စအနားကို အရစ်များဖော်ထားပါ၏။ တဘက်စအဖျားနှစ်ဖက်တွင် အစင်းကြောင်းများဖြင့် ဆံမြိတ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ရင်ဘတ်တွင် ရင်ဖုံးအင်္ကျီဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဖုံးအင်္ကျီတွင် အရစ်ငယ်များဖော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အနည်းငယ်အောက်ချပြီး တံတောင်ဆစ်မှကွေးကာ လက်ဖျားကို ဘယ်ဘက်သို့ ထုတ်၍ လက်ဖျားကို မြှောက်ထားပါသည်။ လက်နှစ်ဖက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံးတွင် လက်ကောက်တစ်ဖက်(၅)ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင် ဝတ်ဆင်ထားပါ၏။ အင်္ကျီအနားကို အရစ်(၂)ရစ်ဖြင့် အလှဆင်ထားပါသည်။ ခါးကြိုးစနှစ်စကို ပေါင်ပေါ်တွင် အပြားလိုက်ချထား၏။ ခါးကြိုးစအဖျားကို ပန်းဖွားသဏ္ဍာန်ဖော်ထားပြီး အရင်းကို ကောက်ရိုးမထုံးပုံစံ အဆစ်ငယ်များဖော်ထားသည်ကို တွေ့ရှိရပါသည်။ထဘီအထပ်ကိုလည်း ပေါင်ပေါ်တွင်ဖော်ထားပါသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၊ ခြေဖျားကော့၍ ထောက်၍ ဒူးတုပ်ကာ ဘယ်ဘက်သို့ လှည့်ထိုင်ထားပါသည်။ ထဘီအောက်နားစကို ခြေချင်းဝတ်လောက်တွင်ဖော်ထားပါ၏။ အောက်နားကို ရပ်စောက်အစင်းကြောင်းနှစ်ကြောင်းခံ၍ ကန့်လန့်ဖြတ်အစင်းကြောင်းငယ်များဖြင့် အလှဆင်ထားပါသည်။ ဤပုံ(၃၁)အမျိုးသမီးဒီဇိုင်းလက်ရာ ဝတ်ဆင်ထုံးဖွဲ့မှုသည်လည်း ရိုးရိုးနှင့်ယဉ်ယဉ်လေးသာ တွေ့ရှိရပါသည်။

ပုံ(၃၂)ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း၊ လက်ယာဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၂)လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာ တစ်ခုပင်ဖြစ်သည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၄၇) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၄) စင်တီမီတာခန့်၊ အကျယ် (၃၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၉) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် ခါးအထက်ဆက်ထားသည့် ကျောက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသမီးဆံထုံးဖွဲ့စည်းပုံမှာလည်း အဆင့် (၄) ဆင့် ဆင့်၍ဖွဲ့စည်းထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်တွင် အလယ်၌ ပွင့်ဖတ်ကြီးသဏ္ဍာန်တစ်ခုကို မဏ္ဍိုင်ထားပြီး ဘယ်ဘက်၌ ပွင့်ဖတ်အသေးသဏ္ဍာန်တစ်ခု၊ ညာဘက်၌ ပွင့်ဖတ်အသေးသဏ္ဍာန်တစ်ခုနှင့် အစတစ်စချထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်တွင် အကျယ်ဆုံးအနေအထားမျိုး တွေ့ရှိရပါသည်။ တတိယအဆင့်သည် ဒုတိယအဆင့်ထက် ပိုကျဉ်းပါသည်။ တတိယအဆင့်ထက် စတုတ္ထအဆင့် ပိုကျဉ်းပါသည်။ စတုတ္ထအဆင့်တွင် ပုလဲလုံးလေးများပတ်စီထားသည်ကို တွေ့ရှိရပါသည်။ ဤဆံထုံးထုံးနည်းကို ပုလဲကုံးစူးထိုးဆံထုံးဖွဲ့စည်းပုံဟူ၍လည်း ခေါ်ကြသည်ကို သိရှိရပါသည်။

ဤပုံ(၃၂)အမျိုးသမီး၏မျက်နှာအနေအထားမှာ လုံးသွယ်ပြီး မျက်ခုံးပျက်စီးသောသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားပါသည်။ မျက်လုံးမှာ အရာလောက်သာ တွေ့ရှိရပါသည်။ နှာခေါင်းစင်းပြီး နှာဝကားသည်ကို တွေ့ရှိရပါသည်။ ပါးစပ်လည်း ပီပြင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ဖော်ထားပါသည်။ ပခုံးနှစ်ဖက်တွင် တဘက် (ပုဆိုးပိုင်း)တင်ထားသည်။ တဘက်အစနှစ်ဖက်ကိုလည်း လက်ဝဲ၊ လက်ယာဘေးသို့ကား၍ ဖြန့်ထားသည်။ တဘက်အလယ်သားကို အလျားလိုက် အစင်းကြောင်းငယ်များဖြင့် အလှဆင်ထားပါသည်။ တဘက်အဖျားပိုင်းတွင် ကန့်လန့်ဖြတ်အစင်းကြောင်း လေးကြောင်း စီမံ၍ ဆံမြိုက်အစင်းကြောင်းလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကိုလည်း တင်ပါးဖုံးအောင် ဝတ်ဆင်ထားပါသည်။ အင်္ကျီကိုလည်း ရပ်စောက်အစင်းကြောင်းငယ်များဖြင့် အလှဆင်ထားပါသည်။ ခါးအောက်ပိုင်းလောက်မှ ခါးကြိုးစနှစ်စကို ပေါင်ပေါ်တွင်ချထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစအဖျားကို ပန်းဖွားသဏ္ဍာန်လုပ်၍ အရင်းပိုင်းကို ကောက်ရိုးမထုံးကျစ်သကဲ့သို့ အဆစ်ငယ်များသဏ္ဍာန်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအခေါက်ကိုလည်း ပေါင်ရင်းမှ ဒူးအထိချထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှကွေးကာ လက်နှစ်ဖက် ညာဘက်သို့ထောင်၍ ဘုရားကန်တော့နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံးတွင် လက်ကောက်အချောတစ်ဖက် (၄) ကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ တင်ပါးတွင် ဖနောင့်ကိုကပ်၍ ခြေဖျားထောက်ကာ ဒူးကုပ်၍ ညာဘက်သို့ လှည့်ထိုင်ထားပါသည်။ ထဘီအောက်နားစကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။



ပုံ(၃၂)

www.burmeseclassic.com


သုရဿမဂ္ဂဇင်း

ထဘီအောက်နားစကို အရစ်(၄)ရစ်ဖြင့် အလှဆင်ထားပါသည်။ ဤပုံ(၃၂)အမျိုးသမီး၏ဝတ်ဆင်ထုံးဖွဲ့ပုံမှာလည်းကြည့်ကောင်းလှသည့်အနေအထားမျိုး တွေ့ရှိရပါသည်။

ပုံ (၃၃)ဒီဇိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း၊ လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၃)လက်ရာကို ကူးယူရေးဆွဲထားသော ယောကျ်ားဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ဝယ် နံပါတ် (၄၇) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၄) စင်တီမီတာခန့်၊ အကျယ် (၃၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် ဗောင်းတော်ပီပြင်မှု အသေးစိတ်မတွေ့ရှိရတော့ပေ။ မျက်နှာလုံးသွယ်ပြီး ရင်အုပ်တွင် ဆက်ရာအက်ကွဲနေသည်ကိုတွေ့ရှိရပါသည်။

ဗောင်းတော်ဖွဲ့စည်းပုံအနေအထားကို တွေ့ရသလောက် ရေးဆွဲထားပါသည်။ ဗောင်းတော် လက်ဝဲ၊ လက်ယာအထက်တို့တွင် ပွင့်ဖတ်များအဆင့်ဆင့်ဖြင့် အကြောဖော်ထားသည်ကို တွေ့ရှိရပါသည်။ ရှေ့တည့်တည့်တွင် ပွင့်ဖတ်များကို အကြီးအငယ်အဆင့်ဆင့်ထပ်၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဗောင်းတော့်အောက်အနားရစ်ကို ဖောင်းနှစ်ဆင့်ဖြင့် အနားသတ်ထားပါ၏။ ဗောင်းတော်မှာ အနုစိတ်လက်ရာမြောက်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။ နားနှစ်ဖက်တွင်နားတောင်းကြီးများပန်ဆင်ထားပြီး မျက်ခုံးနှစ်ခုကို ပန်းညွှန့်ခုံးနှစ်ခုဆက်ထားသည့်ဟန်တွေ့ရှိရပါသည်။ မျက်လုံးမှာ ပီပြင်ပြီး အပေါ်မျက်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းသွယ်၍ နှာဝကား၏။ ပါးစပ်တည်ငြိမ်၍ အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်(၃)ရစ် တွေ့ရှိရပါ၏။ ဘယ်ဘက်ပခုံးတွင် ပုဆိုးပိုင်း (တဘက်စ) ကိုဆောင်၍ တဘက်စအဖျားနှစ်ဖက်ကို ခါးလောက်တွင် ဘေးသို့ လက်ဝဲ၊ လက်ယာဖြန့်ကားထားသည်ကိုတွေ့ရှိရပါသည်။ တဘက်တွင် အစင်းကြောင်းများဖြင့် အလှဆင်ထားပြီး ညာဘက်တဘက်အဖျားတွင် ကန့်လန့်ဖြန့်အစင်းကြောင်းနှစ်ကြောင်းခံ၍ အစင်းကြောင်းအပြင်ဘက်တွင် နှစ်ထပ်ပွင့်ဖတ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်တဘက်ဖျားတွင် ကန့်လန့်ဖြတ်အစင်းကြောင်းနှစ်ကြောင်းခံ၍ ကန့်လန့်ဖြတ်အစင်းကြောင်းအပြင်ဘက်ကို ဆံမြိတ်သဏ္ဍာန်အစင်းကြောင်းများဖြင့် ဖန်တီးထားပါသည်။ လက်နှစ်ဖက်ကို ဘယ်ဘက်သို့စောင်း၍ ပန်းဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့်ပတ်ထားပါ၏။ ခါးပတ်ပေါ်မှ ကြွေကြာပြားတစ်ခုကို ပေါင်ပေါ်တွင်အပြားလိုက်ချထားပါသည်။ ကြွေကြာပြားပေါ်တွင် အရစ်ငယ်များအဆင့်ဆင့်ဖြင့် အလှဆင်ထားပါသည်။

ပုဆိုးဝတ်ထားသည့် အထပ်ကို ပေါင်ပေါ်မှ ဒူးခေါင်းထိဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးအောက်နားကို ခြေချင်းဝတ်လောက်တွင်ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးအောက်နားကို အရစ် (၂) ရစ်ဖြင့် အလှဆင်ထားပါသည်။ တင်ပါးတွင် ဖနောင့်ကပ်၍ ခြေဖျားကွထောက်ကာ ဒူးကုပ်၍ ဘယ်ဘက်သို့ လှည့်ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ဤ ပုံ (၃၃) အမျိုးသားဝတ်ဆင်ထုံးဖွဲ့ပုံမှာ ရိုးရှင်းလိုလိုနှင့် ဗောင်းတော်ဖွဲ့စည်းပုံမှာ ဆန်း၍ အနုစိတ်လက်ရာမြောက်လှပေသည်။

ပုံ (၃၃)



ပုံ (၃၄) အမျိုးသမီးဒီဇိုင်းလက်ရာသည် ထုတ္တန့်သိမ်ပုထိုးတော်ဝင်ဝလိုဏ်ပတ်လမ်းလက်ယာဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၄)လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၄၈) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၄) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာလုံးသွယ်ပြီးချောမွတ်နေပါသည်။ နှာခေါင်းအရာသာကျန်ရှိပါတော့သည်။ ရင်ဘတ်မှ ကျောက်ဆက်အက်ကွဲနေပါ၏။ လက်ကောက်ရှိခဲ့ဟန်၊ ဝတ်ခဲ့ဟန်တူပါသည်။ ဆံထုံးပီပြင်မှုမရှိ၍ မြင်ရသလိုကူးယူရေးဆွဲထားပါသည်။ စာရေးသူ၏မျက်စိအမြင်မှာ ပြိုင်တောင်မွှိန့်အသီးသဏ္ဍာန် မြင်တွေ့ရပါ၏။ သို့သော်လည်း မူရင်းဆံထုံးထုံးပုံမှာ ကြာဝတ်ဆံဆံထုံးထုံးပုံနှင့်တူသည်ဟု သိရှိရပါသည်။ ကြာဝတ်ဆံဆံထုံးထုံးပုံနှင့် နီးစပ်သလောက်တော့ တူဟန်ရှိပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းများ ပန်ဆင်ထားပါသည်။ လည်ပင်းတွင်

ပုံ (၃၄)



www.burmeseclassic.com

လည်ရစ် (၃) ရစ် ပါရှိပါသည်။ တဘက် (ပုဆိုးပိုင်း) ကို ပခုံးနှစ်ဖက်တွင် ခြုံထားသည်ကို တွေ့ရှိရပါသည်။ တဘက်စအလယ်တွင် အစင်းကြောင်းများ၊ ဖောင်းများ၊ ပွင့်ဖတ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စအဖျားနှစ်ဖက်ကို ခါးလောက်မှ ဘယ်၊ ညာဖြန့်ကားထားသည်ကို တွေ့ရှိရပါသည်။တဘက်စအဖျားတွင် ဆံမြိတ်ငယ်အစင်းကြောင်းများဖော်၍ ကန့်လန့်ဖြတ်ဖောင်းနှစ်ဆင့်ဖော်ထားပါသည်။ လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှကွေးကာ လက်ဖျားနှစ်ဖက်ကို ညာဘက်သို့စောင်းထောင်ထားပါသည်။ လက်နှစ်ဖက်ထဲတွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

အင်္ကျီကို တင်ပါးဖုံးသည်အထိ ဝတ်ဆင်ထားပါသည်။ အင်္ကျီအနားကို ဖောင်းနှစ်ဆင့်ကွပ်ထားပါသည်။ အင်္ကျီအလယ်သားကို လှိုင်းတွန့်ငယ်များဖြင့် အဆင့်ဆင့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအတွင်းမှထွက်၍ ပေါင်ပေါ်တွင် ခါးကြိုးစနှစ်စကိုချထားပါသည်။ ခါးကြိုးစအဖျားကို ပန်းဖွားသဏ္ဌာန်အလှဆင်ထားပြီး အရင်းကို ကောက်ရိုးမထုံးကျိုက်ထားသည့်ဟန် အဆစ်ငယ်များ အဆင့်ဆင့်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအထပ်ကို ပေါင်ရင်းမှ ဒူးဆစ်ထိဖော်ထားသည်ကို တွေ့ရှိရပါသည်။ တင်ပါးတွင် ခြေဖနောင့်ကပ်၍ ခြေဖျားကွထောက်ကာ ဒူးတုပ်၍ ညာဘက်သို့လှည့်ထိုင်နေသည်ကိုတွေ့ရှိရပါသည်။ ထဘီအောက်နားစကိုလည်း ဖောင်းနှစ်ဆင့်ဖြင့် ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါ၏။ ထဘီအလယ်သားကို ဆန္ဒင်းမကင်းကွက်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤ ပုံ (၃၄) အမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာသည် ရှေးခေတ် ရခိုင်ရိုးရာစိတ္တလက်ရာအနုလက်ရာများဖြင့် အနုစိတ်ဖန်တီးထားသည့်အတွက်ကြောင့် လှပဆန်းကြယ်နေသည်ဟု ဆိုရမည်ပင် ဖြစ်ပါ သည်။

ပုံ (၃၅) အမျိုးသားဒီဇိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်း၊လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၉၅)လက်ရာမှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ ဤမူရင်း ကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် နံပါတ် (၄၈) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၅၄) စင်တီမီတာခန့်၊ အကျယ် (၂၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့် ရှိပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာချောပြီး လုံးသွယ်နေသည်ကိုတွေ့ရှိရပါသည်။ ပုဆိုးအချောသာတွေ့ရှိရပြီး ရင်ဘတ်ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၃၅) ဒီဇိုင်းလက်ရာ၏ အမျိုးသားဗောင်းတော်မှာ အထက်ပိုင်းလုံးချောပြီး အောက်ပိုင်း ဖောင်းလုံးပြားကြီးခံထားသည်ကို တွေ့ရှိရပါသည်။ ဤဗောင်းတော်အမျိုးအစားဖွဲ့စည်းပုံကို ခွင်ဆရာဗောင်းတော်ဖွဲ့စည်းပုံဖြစ်သည်ဟု သိရှိရပါသည်။ မျက်နှာမှာ လုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းကိုပန်းဖူးသဏ္ဌာန်ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၃၅)



လည်ပင်းတွင် လည်ရစ် (၃) ရစ် ပါရှိပါသည်။ လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှကွေးကာ ဘယ်ဘက်သို့ စောင်း၍ လက်ဖျားထောင်ထားပါသည်။ ထောင်ထားသော လက်ဖျားနှစ်ဖက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။

အင်္ကျီဝတ်ထားသည့်အနေအထားမှာ လုံးစွပ်ဝတ်ထားသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ အင်္ကျီလုံးစွပ်၏ လိုင်ပေါက်ကို ဗွီပုံသဏ္ဌာန်အနားသတ်ဖောင်းဖြင့် တွေ့ရှိရပါသည်။ အင်္ကျီအောက်နားစကိုလည်း ဖောင်းပြားဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအလယ်သားကိုရပ်စောက်အစင်းကြောင်းလိုင်းများဖြင့် အလှဆင်ထားပါသည်။ အင်္ကျီကို ပုဆိုးအထက်မှ တင်ဝတ်ထားပါ၏။ ပုဆိုးအခေါက်ကို ပေါင်ထက်နှင့် ဒူးကုပ်လောက်ထိဖော်ထားပါ၏။ ပုဆိုးကိုခြေချင်းဝတ်လောက်တွင်အနားရစ်ဖော်ထားပါသည်။ တင်ပါးတွင် ဖနောင့်ကပ်၍ ခြေဖျားကွထောက်ကာ ဒူးထောက်၍ ဘယ်ဘက်သို့ လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၃၅) အမျိုးသား ဒီဇိုင်းလက်ရာမှာ ခွင်ဆရာဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာပင်ဖြစ်သည်ဟု သိရှိရပါသည်။ အထက်ဖော်ပြပါ လက်ရာများသည်လည်း မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှုကို ဖော်ပြနေသော ဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။ မိမိ၏ ရိုးရာယဉ်ကျေးမှုကိုမြတ်နိုးသူများ ဖော်ပြပါဝတ်ဆင်ထုံးဖွဲ့မှုလက်ရာများကို အခြေခံ၍ ဆက်လက်၍ ခေတ်ထွင်ဖန်တီးသင့်သည်ဟု ထင်မြင်မိပါသည်။

အနန္တောအနန္တငါးပါး
ကာဝရဦးထိပ်ပန်ဆင်
ကန်တော့လျက်

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
၂။ ဖော်ပြပါ မူရင်းကျောက်ဆစ်ရုပ်ကြွများ
၃။ ရခိုင် - မြန်မာပန်းချီဆရာ ဦးဦးသာထွန်းရေး ရက္ခိုင်ဝတ်ဆင်ထုံးဖွဲ့မှု



www.burmeseclassic.com

www.burmeseclassic.com



# ဝင်းမောင်ကျော်

## ထုတာချင်းတော့တူသည် အသံထွက်ချင်းမတူပါ

ဤလူ့ဘုံလောကတွင် အသက်မွေးဝမ်းကျောင်းတစ်ခုခု ပြုလုပ်နေကြသောလူတွေထဲတွင် ကိုယ်လုပ်သောအလုပ်သည် အကုသိုလ်လား၊ အကုသိုလ်ကင်းလားဆိုတာကိုတော့ အလေးမထားမိတတ်ကြပါ။ ကုသိုလ်ကောင်းမှုကို အမြဲပြုသောကြောင့် နူနယ်ချောမွေ့သာယာသည်ကိုတွေ့ပြီး အေးမြကြည်ရွှင် သာယာချမ်းမြစ်ကင်းသောဘဝနှင့်ကြုံရမည်မှာ အမှန်ပင်။ ကုသိုလ်ကင်းစင်သောအလုပ်ကိုလုပ်ကိုင်စားသောက်နေသောသူများလည်း တွေ့ရပါသည်။

အကုသိုလ်အလုပ်လား၊ ကုသိုလ်အလုပ်လားဆိုတာမစဉ်းစားဘဲ သာယာမှုနှင့် ငွေနောက်ကိုလိုက်နေသောသူများလည်း တွေ့ဖူးပါသည်။ ဒါကတော့ များသောအားဖြင့် ငယ်ရွယ်သူတွေများသည်။ ဖြုန်းစားကြီး မမျှော်လင့်ဘဲ အခက်အခဲ၊ မမျှော်လင့်သော အကျပ်အတည်း၊ မစဉ်းစားမတွေးခဲ့သော ဒုက္ခဆိုးတွေတွေ့ပြီဆိုလျှင် နောင်တတရားတွေ ပေါ်ပေါက်လာတတ်ပါ၏။ ... ဘဲနေလိုက်လျှင် အကောင်းသား၊ ... ဘဲနေလိုက်လျှင် အကောင်းသား ... စကားတွေ ညည်းညူတတ်ကြသည်။

အကြောင်းအရင်း တစ်စုံတစ်ရာ မဖြစ်သေးခင်တော့ ဒီလိုမညည်းညူတတ်ကြပါ။ ဒါတွေက လူနှင့်လူ့ပတ်ဝန်းကျင်မှာ လူတချို့တွေ့ကြုံနေရတာအမှန်ပင်။ အကုသိုလ်အလုပ်နှင့်အကုသိုလ်မရှိသောအလုပ်ဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ပါမှ သင့်တော်ပေလိမ့်မည်။ အကုသိုလ်အလုပ်လုပ်လို့ အတိတ်ကအရိပ်နောက်ကပ်လိုက်တဲ့သူတွေလည်း မြင်ချင်မြင်မှာပေါ့။ ကိုယ်ပြုခဲ့တဲ့ ကံကြမ္မာတွေဟာ ဘယ်ပြေးမှာလဲ။ အရိပ်သဖွယ်နောက်ကလိုက်တယ်ဆိုတာကို တွေ့ဖူးခဲ့ပါသည်။

ကျန်ခဲ့သော (၁၅) နှစ်လောက်က ကျွန်တော်နေထိုင်သောနေရာနှင့်မလှမ်းမကမ်းတွင် မိတ်ဆွေမဟုတ်သောသူတစ်ယောက်၏ နေ့စဉ်နေ့တိုင်း နံနက် (၄) နာရီခွဲလောက်မှာ ကြက်သတ်သံကြားရပါသည်။ ကြားရသည်ဆိုသောအသံမှာ ကြက်၏ကျောကုန်းကို တုတ်နှင့်ရိုက်သောအသံ ဖြစ်သည်။ ဘယ်အတွက်ကြောင့်ဆိုသော် နံနက်(၄)နာရီခွဲလောက်ဆိုတော့ လူခြေတိတ်သောအချိန်ဖြစ်သဖြင့် အသံကျယ်ကျယ်လောင်လောင် စူးစူးရှရှအသံဆိုလျှင်ကြားရပါသည်။ ကြက်၏ကျောကုန်းထုသောအခါ အုပ်အုပ်နှင့်အသံမျိုးထွက်ပါသည်။ ဒီအချိန်တွင် တချို့သောအိမ်များတွင် ဘုရားဝတ်တက်နေ၍ကြေးစည်ထုသံ ဒူဝေ . . . ဝေ . . . ဝေ . . . အသံမျိုးကြားရပါသည်။ ထိုအခါ ကျွန်တော်စဉ်းစားမိသည်မှာ ထုတာချင်းတော့တူသည်။ အသံထွက်တာချင်းတော့ မတူဘူးဟုတွေးတောမိပါသည်။ ဤလူသည် ပထမတော့ ကျွန်တော်နှင့်မရင်းနှီးသည့်အတွက်ကြောင့် သူနှင့်ခင်သောသူမှာ ကျွန်တော်နှင့်ရင်းနှီးသည်။ ဒါကြောင့် မိတ်ဆွေဖြစ်ရန် လွယ်ကူလိမ့်မည်ဟု မှတ်ချက်ချမိပါသည်။

တစ်နေ့ လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်နှင့်ရင်းနှီးသည့် ကိုသန်းကျော်နှင့် ထိုသူပါလာပါသည်။ လက်ဖက်ရည်ဆိုင်ထဲသို့ နှစ်ဦးသားဝင်အလာ -

"ကိုသန်းကျော်၊ ဒီမှာလာထိုင်"

"ဆရာရောက်နေတာကြာပြီလား"

"မကြာသေးပါဘူး၊ ခင်ဗျားတို့ ရှေ့လေးတင်။ လာလာ-လက်ဖက်ရည်သောက်မယ်"

ကိုသန်းကျော်ကလည်း လက်ဖက်ရည်မှာဆိုတော့ သူကလည်းမှာလိုက်သည်။ ကျွန်တော်ကတော့ သူတို့အရင်မှာထားပြီးပါပြီ။ ကိုသန်းကျော်က ကျွန်တော့်ကို ထိုလူနှင့်မိတ်ဆက်ပေးပါသည်။

"ဒီမယ် ကိုထင်အောင်၊ ဟိုတိုက်တွေက ဆရာ့တိုက်တွေပဲဗျ။ ဒီနေရာ...



www.burmeseclassic.com

www.burmeseclassic.com



တော့ အိမ်ခြံမြေတွေသူနဲ့မကင်းတဲ့သူတွေများတယ်။ ဆရာ၊ သူက ကိုထင်အောင်တဲ့။ ဟိုလမ်းထဲက ကိုပုအိမ်မှာ ကျွန်တော်ငှားပေးလိုက်တာလေ။ ကြက်ဒိုင်မှာ အလုပ်လုပ်တယ်။ ဆရာကမကြာခဏလှူတယ်။ ကြက်သားလိုရင်ပြော၊ ကြက်ဒိုင်မှာ ဈေးသက်သက်သာသာနဲ့ ဒိုင်ဈေးသူလုပ်ပေးမှာပေါ့ ဆရာရဲ့"

"အဲဒီလိုသိထားရတာ ကောင်းတာပေါ့၊ ကိုသန်းကျော်။ သောက်ကြ ကိုသန်းကျော်နဲ့ ကိုထင်အောင်"

ကိုသန်းကျော်မိတ်ဆက်ပေးလို ၍ ထိုသူ၏အမည်နာမမှာ ကိုထင်အော ဆိုတာ သိသွားပါပြီ။ စကားလက်ဆုံ ပြီးနောက်တွင် မိတ်ဆွေအဖြစ် အကျွ ဝင်ခဲ့လေသည်။ ကျွန်တော်ကလ သူ့ကို ကြက်ထုသောလက်ကို ကြေး ထုသောလက်ဖြစ်စေချင်သည့်အ အခွင့်အရေးတော့ကြုံပြီဆိုပြီး တစ် နှစ်ကြိမ်၊ သုံးကြိမ်မက တွေ့ဆုံပြီးနော အလွန်ရင်းနှီးလာသောအခါ -

"ကိုထင်အောင်၊ မနက်မန ကြက်တွေသတ်ပြီး ဘယ်ဈေးကို ရောင်းတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ကြက်သတ်ပြီး ဈေးထဲမရောင်းပါဘူးဗျာ"

"ဒါဆိုရင် ကြက်တွေဘယ်သွားပို့လဲ"

"ကျွန်တော်က လက်ခစားလုပ်တာပါ ဆရာ"

"ဪ - ဒီလိုလား"

"ကျွန်တော်က တစ်ကောင်သတ်ပြီး အမွေးနုတ်ပေး ဘယ်လောက်ပေါ့ ဆရာရယ်။ အကောင်ရေများများဆိုရင် ကျွန်တော့်အတွက် အဆင်ပိုပြေတာပေါ့ ဆရာ။ ကြက်ဒိုင်ကအော်ဒါပေးသလောက် အလုပ်လုပ်ရတယ်"

အမလေး-အကောင်ရေများများဆိုလျှင် ပိုကိုက်တယ်ဆိုပဲ။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးကြက်သီးထမိသည်။ ကြက်သတ်သည့်လုပ်ငန်းကို မမြင်ချင်၊ မတွေ့ချင်၊ မကြားချင်သည့်အတွက် ကိုထင်အောင်နှင့် အလွန်တရာရင်းနှီးအောင်ပြုလုပ်၍ သူ့ကိုတရားဟောမည်ဟု ဆုံးဖြတ်ထားသည်။ ရင်ထဲမှာရှိသော အကုသိုလ်စရိုက်ဆိုးတွေကို တတ်နိုင်သမျှ ပြုပြင်ပြောင်းလဲပေးချင်သည်။ နေ့စဉ်နေ့တိုင်း ကြက်ကျောကုန်းကို ဆုနေသောလက်ကို ကြေးစည်ထုရန် ညွှန်းရုံးမိခဲ့ပါသည်။ ကိုယ်လုပ်ခဲ့သမျှ အကုသိုလ်တွေ ကိုယ့်နောက်တစ်ချိန်ချိန်မှာ လိုက်လိမ့်မယ်ဆိုတာ အနည်းငယ်မျှ ပြောပြဖြစ်လေသည်။ သူသည် သဘောကောင်း အလွန်ကောင်းသူ ဖြစ်ပါသည်။ မိသားစုတာဝန်ကို မလွှဲမသွေထမ်းဆောင်နေရလို့သာ ကြိတ်မှိတ်လုပ်နေရခြင်းဖြစ်ပါသည်။ ကျွန်တော်ပြောနေသောစကားများကိုလည်း မငြင်းဆန်၊ နားထောင်လျက်ရှိပါသည်။ အဆင်ပြေလောက်ပြီး ငြင်းဆန်လောက်တော့ဘူးဆိုတော့ ကျွန်တော်ပုံစံသွင်းခဲ့သည်။

"ကိုထင်အောင်"

"ဗျာ - ဆရာ"

"ကျွန်တော် ခင်ဗျားကို စကားတစ်ခွန်းပြောချင်တယ်"

"ပြောပါ ဆရာ"

"ကျွန်တော် အိမ်တစ်လုံးဆောက်မလို့ ခင်ဗျားလခနဲ့ပဲလုပ်လုပ်၊ နေ့စားပဲလုပ်လုပ် လုပ်ချင်သလိုဖြစ်တယ်"

"ကောင်းတာပေါ့ ဆရာရယ်။ ကျွန်တော်လုပ်ချင်တာပေါ့"

"ခင်ဗျားလုပ်ရမှာက လုံခြုံရေးသဘောပေါ့ဗျာ။ အချိန်ကာလကတော့ တစ်လကျော် နှစ်လလောက်ဖြစ်နိုင်တယ်။ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေနဲ့ သံ၊ သွပ်တို့ကို တစ်ခါတည်း ဂိုဒေါင်ဆောက်ပြီး ပုံထားလိုက်မယ်။ ခင်ဗျား ကြပ်မတ်စောင့်ရှောက်ပေး"

"ကောင်းတာပေါ့ ဆရာရယ်၊ ကျွန်တော်လုပ်ပါ့မယ်"

"ဒါဆိုရင် အဲဒီအလုပ်ကိုလုပ်တဲ့နေ့ကစပြီး ခင်ဗျားကြက်မသတ်နဲ့တော့ဗျာ။ ကြက်သတ်တာကိုမကြားချင်၊မမြင်ချင်လို့ပါ"

သည်လို ကျွန်တော် ပြောလိုက်သောအခါ ကိုတင်အောင်တစ်ယောက် မျက်နှာမကြည်မလင်ဘဲနှင့် တွေဝေသွားသည်။ ဒါပေမယ့် ကိုထင်အောင်ဟာ ခင်စရာကောင်းလှပါသည်။ စိတ်နေသဘောထားဖြောင့်မတ်သူတစ်ယောက်ပါ။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး ခေါင်းအစခြေအဆုံးကြည့်မည်ဆိုလျှင် ခန္ဓာမှာ ချို့ယွင်းမှုတစ်ခုမှမရှိပါ။ သည်လိုလူမျိုးသည် များသောအားဖြင့် အတွင်းစိတ်နှင့် အပြင်စိတ် တညီတညာတည်းဖြစ်တာကို တွေ့ရပါသည်။

ဒါကြောင့် ကျွန်တော်လိုချင်သောအချက်များကို တွန်းပြောပါတော့သည်။ ဘယ်အတွက်ကြောင့်ဆိုတော့ ဒီလူမျိုးဟာ အတွင်းမကောက်တတ်။ မိသားစုအရေး စားဖို့သောက်ဖို့ နေ့စဉ်ဖြေရှင်း၍သာနေရသည်။ ဒီအလုပ်ကို စိတ်ပါချင်မှလည်းပါမည်။ အကုသိုလ်အလုပ်လား၊ အကုသိုလ်မရှိတဲ့အလုပ်လား မရွေးချယ်နိုင်။ ဘဝတိုက်ပွဲဖြေရှင်းနေရတဲ့သူဖြစ်နိုင်သည်။

"ဆရာပေးတဲ့အလုပ် ကျွန်တော်လုပ်မယ်။ ကျွန်တော့်မှာ နေ့စဉ်နဲ့အမျှ ကြက်သာသတ်နေရတယ်။ တစ်ခါတစ်ရံ ကြက်သားစားချင်ပေမယ့် မစားရပါဘူး ဆရာရယ်"

"ကောင်းပြီ၊ ဒါဆိုရင် လာမယ့်တနင်္ဂနွေကစပြီး ကျွန်တော့်အလုပ်ကို လုပ်တော့ဗျာ။ အဲဒီနေ့ကစပြီး ကြက်မသတ်ဘူးလို့ ကတိပေးပါနော်"

ဤသို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် ကတိစကားတွေပြောခဲ့ကြပြီးနောက် အိမ်ဆောက်သည့်လုပ်ငန်းမှာ ကိုထင်အောင်တစ်ယောက် လုံခြုံရေးတာဝန်ယူရသည်။ သူ့လုပ်ခကို နေ့စားနှင့်ရှင်းပေးသောအခါတွင် သူအလွန်သဘောကျပါသည်။ ကြက်သတ်သည့်လုပ်ငန်းနှင့် အတော်လေး အလှမ်းကွာသွားသည်။ ကျွန်တော့်အိမ်ဆောက်သည့်ကိစ္စလည်း တစ်အိမ်လုံး အကောင်အထည်ပေါ်ပြီး ပြီးလုမခန်းရှိပါတော့သည်။ ထိုအချိန်တွင် သင်္ကြန်နားနီးလာပြီဖြစ်၍ အိမ်ကိစ္စကို အဆုံးသတ်လိုက်ပါတော့သည်။

သင်္ကြန်တွင် ပုပ္ပားသို့ ကျွန်တော် သင်္ကန်းဝတ်သည်မှာ နောက်နောင်တုန်းကတည်းက နှစ်စဉ်နှစ်တိုင်းသွားလေ့ရှိ၏။ ယခုနှစ်တော့ ကိုထင်အောင်ကိုလည်းခေါ်သည်။ မလိုက်ပါ။ ဒီအတွက် သူ့မိသားစု သင်္ကြန်ရက်တွင်းစားစရိတ်ပေးခဲ့ပြီး ပုပ္ပားသို့ ကျွန်တော်ထွက်ခွာသွားခဲ့ပါသည်။ ပုပ္ပားတွင် သင်္ကန်းဝတ်ပြီး အိမ်အပြန်တွင် မွေးရပ်မြေမှ အမေကျန်းမာရေးမကောင်းသဖြင့် ပြန်အသွားနယ်မှာ အချိန်အတော်ကြာခဲ့ပါသည်။ ရန်ကုန် ရွှေပြည်သာပြန်ရောက်တော့ ကိုထင်အောင်တစ်ယောက် မတွေ့တာနှင့် သူ့ငှားနေသောကိုပုအိမ်ကိုသွားမေးသောအခါ အိမ်ပြောင်းသွားပြီဆိုတာ သိရပါသည်။

နောက်တစ်ပတ်မျှလောက်ရှိတော့ ကိုထင်အောင်ကို တံတားကြီးဘက်တွင် တွေ့ဖြစ်ပါတော့သည်။ ကျွန်တော့်ကို ခေါ်နေတာလား ဘယ်သူ့ကိုခေါ်နေမှန်း မသိသောအသံတော့ ကြားနေရသည်။ ဗြုန်းဒိုင်းဆိုတော့ လူတော့မမြင်ရ။ ဘယ်အတွက်ကြောင့်ဆိုသော် ကားမှတ်တိုင်တွင် ကားရပ်စောင့်သောသူတွေများနေသည့်အတွက် မမြင်ရပါ။

"ဆရာ၊ ဆရာ ဟို့ဆရာ ခေါ်လိုက်ရတာ ဆရာရယ်"

"ဘယ်သူ့ကိုခေါ်မှန်းမသိလို့ ကြားတယ် ကိုထင်အောင်။ ခင်ဗျားဘယ်ရောက်နေတာလဲ"

"ကျွန်တော် ဒီအနားမှာနေတယ် ဆရာ"

"ကျွန်တော့်အနားက အိမ်မှာ မနေတော့ဘူးလား"

"အဲဒီကိစ္စ လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေးပြောပြမယ် ဆရာလာပါ"

လက်ဖက်ရည်ဆိုင်တွင် သူ၏ ဒုက္ခအခက်အခဲများကို ရင်ဖွင့်ပါတော့သည်။

"လေးလပိုင်း ၁၅ ရက် သင်္ကြန်တွင်းပေါ့။ ကျွန်တော့်အမျိုးသမီး ဆေးရုံတင်ရတယ်။ ဆရာကလည်းမရှိတော့ အဲဒီတော့ ငွေရေးကြေးရေးက ဘယ်မှအလှမ်းအကမ်းမမြင်။ ရှာလို့မရတော့ ကြက်ဒိုင်မှာ ငွေရှာရတယ် ဆရာ"

"အဆင်ပြေလား ကိုထင်အောင်"

"အဆင်တော့ပြေပါတယ်။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ကျွန်တော့်ကိုဗျာ ပြောလိုက်တာ ခွေးမောင်းသလိုနွားမောင်းသလိုအပြော ခံရပါတယ်။ နောက်ကို အလုပ်ကိုလုပ်ချင်သလို မလုပ်ချင်သလိုမလုပ်နဲ့တဲ့။ ခင်ဗျားမလုပ်တဲ့အချိန်မှာ တခြားသူတွေကိုခိုင်းထားရတယ်။ ခင်ဗျားဒုက္ခရောက်မှ ငွေလိုတဲ့အခါကျမှ ဒီကိုလာတာ။ စွဲစွဲမြဲမြဲလုပ်မယ်ဆိုရင် ငွေကူညီလိုက်မယ်။ လာလိုက်မလာလိုက်၊ လုပ်လိုက်မလုပ်လိုက်ဆိုရင် နောက် ခင်ဗျား ကျုပ်ဆီဘယ်တော့မှမလာနဲ့လို့ ပိုးစိုးပက်စက်ပြောတယ်ဆရာ။ ကျွန်တော်နောက်စွဲစွဲမြဲမြဲလုပ်ပါ့မယ်လို့ ကတိပေးလိုက်တယ်။ ကျွန်တော့်မှာက မိန်းမကျန်းမာရေးမကောင်းတဲ့ကိစ္စတစ်ခုတည်းမဟုတ်ဘူး၊ အိမ်စပေါ်ကလည်းတင်ရဦးမယ်လေ။ ဒီတော့ ကျွန်တော် ဒီအလုပ်ပဲပြန်လုပ်မှပဲဖြစ်တော့မှာပေါ့ ဆရာရယ်"

"ဒါဆိုရင် ကြက်ဒိုင်ကခင်ဗျားကိုပါမစ်နစ်အလုပ်ပေးလိုက်ပြီပေါ့"

"အင်း - အဲဒီလိုပဲပြောပါတော့ဆရာရယ်"

ကိုထင်အောင်နှင့် လမ်းခွဲသွားပြီးနောက် ကျွန်တော့်အိမ်သို့ ကျွန်တော်ရောက်သောအခါ စဉ်းစားမိသည်မှာ သူဟာ နောက်တုန်းကလိုအများကြေးစည်ထုသောအချိန်အခါမှာ ကြက်ကျောကုန်းကိုထုနေလိမ့်မည်ဟု တွေးတောစဉ်းစားမိပါသည်။ သည်လိုနှင့် လမ်းခွဲခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပါသည်။ မေ့မေ့ပျောက်ပျောက်တော့ရှိပါသည်။ ဘယ်အတွက်ကြောင့်လဲဆိုတော့ ကျွန်တော်နှင့်နီးတဲ့နေရာမှာမရှိတော့ နံနက်တိုင်း နံနက်တိုင်း ကြက်ထုသံမကြားရသည့်အတွက် မေ့ပျောက်သွားပြီးနောက် တစ်နေ့ ကိုထင်အောင်၏ အမျိုးသမီး ကျွန်တော့်အိမ်ကို အမှတ်မထင် ရောက်လာပါသည်။

"ဟယ် - ဒေါ်သန်းမြင့် ဘာကိစ္စရှိလို့လဲ"

"ကျွန်မစကားနည်းနည်းလောက် အစ်ကိုနဲ့ပြောချင်လို့ လက်ဖက်ရည်ဆိုင်သွားရအောင်"

"ဒီမှာပဲပြောပါ၊ အရေးကြီးကိစ္စရှိလို့လား"

"အစ်ကို့တပည့်သေပြီ"

"ဟင် - ဘယ်တုန်းကလဲ"

"သေတာကတော့တစ်လလောက်ရှိသွားပါပြီ"

"ရက်လည်တုန်းက ကျွန်တော့်ကိုဘာဖြစ်လို့မပြောတာလဲ"



"ကျွန်မလည်း စိတ်တွေပူထူပြီး မပြောဖြစ်ပါဘူး အစ်ကိုရယ်"

"ဘာရောဂါနဲ့ သေတာလဲပြောပါဦး"

"ဘာရောဂါမှမဟုတ်ဘူး အစ်ကို။ ကြက်ဒိုင်က ကြက်တွေသတ်ပြီးသွားအပို့ ဈေးထဲကိုလိုက်ပို့နေကြလူတစ်ယောက် မလာလို့တဲ့ လိုက်ပို့ပေးပါဆိုတော့ အဲဒီနေ့ လိုက်ပို့ရတာပေါ့ အစ်ကိုရယ်။ ဒါလည်း မကြာခဏလိုက်ပို့နေကြပါ။ အဲဒီနေ့မှာ ကားဘီးပေါက်လို့ ကားဂျိုင့်ထောင့်ပြီး သူဝင်လုပ်မှာပေါ့။ ဂျိုင့်ကချော်ကျပြီး သူ့ခေါင်းထိတာ ဆေးရုံမှာ တစ်ရက်ပဲခံတယ်။ ဆုံးသွားတယ်အစ်ကို။ ကြက်ဒိုင်ကအလုပ်ရှင်ကလည်း အားလုံးသေစရိတ်၊ ရက်လည်၊ လလည်အထိ တာဝန်ယူပေးပါတယ်။ ကျွန်မတို့ မိသားစုကို ခုထိ စရိတ်ထောက်ပါတယ် အစ်ကို"

"အဲဒီလို စရိတ်ထောက်တာ ဝမ်းသာပါတယ်"

"ဒါလည်း အစ်ကိုရယ်၊ သူအများဆုံးစရိတ်ထောက်ရင် ငါးလ၊ ခြောက်လပေါ့။ ဒီထက်တော့ သူလည်းဘယ်ပေးချင်မလဲ"

"ဒေါ်သန်းမြင့် ခုလာတဲ့ အဓိကစကားပြောပါဦး"

"ပြောရမယ်ဆိုရင် အစ်ကို အိမ်မှာ ဟိုးတုန်းက ကြက်သတ်တဲ့နေရာမှာ (၄) နာရီလောက်ဆိုရင် ကြက်ထုနေတဲ့အသံမျိုးကြားကြားနေရတယ် အစ်ကို။ အဲဒါ ဘယ်လိုလုပ်ရမလဲ။ အိမ်ဘေးကလူတွေကလည်းပြောတယ်။ သေခါနီးမှာ ကိုယ်စွဲလမ်းတဲ့ဟာစွဲလမ်းပြီး မကျွတ်မလွတ်ဘူးပေါ့အစ်ကိုရယ်။ သူရှိတုန်းက အစ်ကို့အကြောင်း မကြာခဏပြောဖူးတယ်။ ကိုယ်လုပ်သမျှကံတွေဟာ ကိုယ့်ထံပြန်လာတတ်တယ်ဆိုတဲ့ အကြောင်း၊ ငါ့ဆရာက ကြက်ကိုလည်းမသတ်စေချင်တဲ့အကြောင်း၊ ဒါကြောင့်မို့လို့ ကြက်မသတ်ခိုင်းဘူး အလုပ်ပေးတဲ့အကြောင်း၊ ကိုယ်လုပ်နေသမျှအလုပ်တွေဟာ ကိုယ့်စွဲလမ်းတတ်တယ်ဆိုတာ အစ်ကိုက ဟိုတုန်းက မကြာခဏတရားဟောတာကို သူကပြောခဲ့တော့ ဒါကြောင့် ကျွန်မ ဘယ်လိုလုပ်ရရင်ကောင်းမလဲလို့ အစ်ကို့ဆီကို အကူအညီလာတောင်းတာပါ"

"ဒါလည်း ဖြစ်နိုင်ပါတယ် ဒေါ်သန်းမြင့်။ သူအစွဲအလမ်းကြီးသွားတာမျိုးဖြစ်နိုင်တာပေါ့။ သူဟာ မိသား[illegible] ထမင်းစားဖို့ကို အင်မတန်အလေးထား[illegible] တဲ့လူတစ်ယောက်။ သူသာ ထမင်း[illegible] အငတ်ခံရင်ခံမယ်၊ သူ့သားလေးတွေ[illegible] သမီးလေးတွေ မစားရမှာမသောက်ရမှာ[illegible] အလွန်ပူပင်တတ်တဲ့ လူတစ်ယောက်[illegible] အဲဒီတော့ သူ့မိသားစုထမင်းစားဖို့ ခေါင်း[illegible] ထဲမှာ စွဲသွားလိမ့်မယ်ထင်ပါတယ်။ သူ[illegible] ဒီအလုပ်လုပ်မှ သူ့ကလေးတွေ ထမင်း[illegible] စားရမယ်ဆိုတဲ့ အသိရှိနေမှာပေါ့။ သေ[illegible] သွားတဲ့နေ့ကစပြီး ဘယ်နှရက်လောက်[illegible] ဖြစ်သွားပြီလဲ"

"မနေ့ကဆိုရင် တစ်လပြည့်တဲ့နေ့[illegible] ပေါ့"

"ကဲ - ဒါဆိုရင် ဒေါ်သန်းမြင့်[illegible] သူ့ကောင်းရာမွန်ရာရောက်စေချင်[illegible] သဘောထားပေါ့နော်"

"အဲဒီလိုပဲ သဘောထားပါတ[illegible] အစ်ကိုရယ်"

"နေ့စဉ် နေ့တိုင်း ကြက်သတ်[illegible] နေရာမှာ ဟာအုန်းအုန်း တဝွမ်းဝွမ်း[illegible] လုပ်တာကိုကြောက်လို့ ဘုန်းကြီးတွေ[illegible] ပြီး ကမ္မဝါရွတ်ဖတ်လွှတ်တာလိုသဘော[illegible] မထားနဲ့။ သန်ဘက်ခါကျရင် ဘုန်း[illegible] ငါးပါး ကျွန်တော်ပင့်ခဲ့မယ်။ ဆွမ်းခ[illegible] ထားလိုက်၊ ငွေလည်းယူသွား၊ အရ[illegible] ဆွမ်းပေါ့။ အရုဏ်ဆွမ်းဆိုတော့ နံန[illegible] (၆) နာရီလောက်ပေါ့"

ကျွန်တော်လည်း သံဃာ[illegible] ပင့်ဆောင်သွားပြီး ကမ္မဝါများချီးမြှင့်[illegible] ပါရန် လျှောက်ထားသည့်အခါ ရ[illegible] သံဃာများမှ ရွတ်ဖတ်သရဇ္ဈာယ်[illegible] ပြည့်ပြည့်စုံစုံ ချီးမြှင့်ပေးပါသည်။ ထ[illegible] မှစ၍ ဒေါ်သန်းမြင့်တို့ မိသားစု[illegible] လည်း နံနက်တိုင်း ကြက်ကျော[illegible] ထုသံ၊ အိမ်ကြမ်းပြင်ကိုထုတဲ့အ[illegible] မကြားရတော့ပါ။ ကျွန်တော်[illegible] ကိုထင်အောင်တစ်ယောက် နော[illegible] လူဖြစ်လျှင် ကြေးစည်ထုသောသူ[illegible] စေဟု စိတ်ထဲမှ ဆုတောင်းမိလ[illegible] တော့သည်။

ဝင်းမောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရဓာတ်အဂ္ဂိရတ်ဆေးပညာရှင်များ၏ သမားစဉ်အရ လူ၏ခန္ဓာကိုယ်ရုပ်ဓာတ်တွင် ဓာတ်သတ္တုရုပ်ဓာတ် (၉) ပါး အချိုးညီစွာ ပါဝင်ပေါင်းစပ်ဖွဲ့စည်းထားပြီး ၎င်းသတ္တုရုပ်ဓာတ်များမှ တစ်ပါးပါးယုတ်လျော့လာပါက ခန္ဓာကိုယ်တွေ အနာရောဂါဖြစ်ပေါ်လာစေသည်ဟု အတိအလင်း ပြဆိုထားခဲ့ပါသည်။

ဤသည်ကိုဆောင်ပုဒ်လင်္ကာဖြင့်-

□ လူတို့ခန္ဓာ ရုပ်ရှုပကာမှာ ဓာတ်မှာ
ကိုး၀ ယုတ်လျော့လာလျှင် ဖြစ်ထ
ရောဂါ သိကြောင်းမှာကား. . .
နားမှာ ဆီးချုပ်
ဘင်ယုတ် ဖျားနာ
ကြေးမှာ ရောင်ဖော
သံလျော့ မြင်းသရိုက်
သွေးလို့ တလိုက် ပွေးညှင်း
တသင်း တင်းတိပ်
သွပ်ယုတ် မူးဝေ ဦးခေါင်းထွေ
မျိုးဗီဇ ဖျဉ်းသိန်
ကြွပ်လို ဝမ်းချုပ်
ဘော် ယုတ် အိုင်းမာ အကျိတ်နာ
တည်း
ပြဒါးမှာယုတ် အဟုတ်ရှိးပျော့
ကြောသေ
ရွှေမှာယွင်းပြား ကိုယ်သားကိုယ်ရေ

# မင်းချမ်းမြေ့

## သွပ်ဓာတ်ဗေါပရိယာယ်နှင့်

## ⑨ သွပ်နက္ခ





www.burmeseclassic.com

www.burmeseclassic.com

နွမ်းညစ်ပေရာ
မှတ်လော့ သေချာရှင်းရှင်းတည်း။

ဟု မှတ်သားလွယ်အောင် လင်္ကာဖွဲ့၍ ထားရစ်ခဲ့လေသည်။

ရင်းလင်္ကာဆောင်ပုဒ်၏အဓိပ္ပာယ် အပြည့်အစုံမှာ -

**၁။ နာ (ခဲ) ဓာတ် ယုတ်လျော့ပါက**

- ဆီးရောဂါ၊ ဆီးချုပ်၊ ဆီးပျက် (သွေးချို၊ ဆီးချို)၊
- ဆီးအိမ်နှင့် ကျောက်ကပ်တို့တွင် အနာရောဂါစွဲကပ်တတ်ပါသည်။

**၂။ ဘင်ဓာတ်ယုတ်လျော့ခဲ့သော်**

- အဖျားရောဂါ၊ ဖျားနာခြင်း၊ မကြာခဏဖြစ်ခြင်း၊
- ရာသီဥတု ဒဏ်မခံနိုင်ခြင်း၊ ရာသီနာများကိုခံနိုင်ရည်မရှိခြင်း၊

**၃။ ကြေးနီဓာတ်ယုတ်လျော့ပါက**

- အသည်းရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် သိုင်းရှိုက်ဂလင်းရောဂါစသည်တို့ဖြစ်တတ်ပါသည်။

**၄။ သံဓာတ်ယုတ်လျော့ပါက**

- မြင်းသရိုက်၊ သွေးပါ၊ ပွေး ဝဲ ညှင်း အနာ၊
- ဖြူနီညိုနက်၊ ခရုသင်းကွက်နှင့် သွေးအားနည်း၍ ဘေလုံးကြီးခြင်း စသည်တို့ ဖြစ်တတ်ပေသည်။

**၅။ သွပ်ဓာတ်ယုတ်လျော့ပါက**

- သတိမေ့ခြင်း၊ အာရုံကြောရောဂါ၊ စိတ်ပျံ့လွင့်ခြင်း၊ ဦးနှောက်တွေဝေထိုင်းမှိုင်းခြင်း၊
- မျိုးဗီဇမအောင်ခြင်း (သုက်ဓာတ်အားနည်းခြင်း) သားသမီးရတနာ မထွန်းကားခြင်း စသည်တို့ဖြစ်စေပါသည်။

**၆။ ကြွပ်ဓာတ်ယုတ်လျော့ပါက**

- ဝမ်းချုပ်၊ ဝမ်းကျန်၊ ဝမ်းမမှန်၊ လိပ်ခေါင်းရောဂါနှင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ။
- ဂရင်ဂျီနာ၊ အကြောအားနည်းရောဂါများဖြစ်တတ်ပါသည်။

**၇။ ဘော်ဓာတ်လျော့ပါက**

- အကျိတ်၊ အဖု၊ အနာပုဆုပ်၊ ဖက်ခွက်နာ၊ အိုင်းအမာအဆီကျိတ်၊ အသားကျိတ်၊ ကင်ဆာကျိတ်ကဲ့သို့သောရောဂါများဖြစ်တတ်ပါသည်။

**၈။ ပြဒါးဓာတ်ယုတ်လျော့ပါက**

- အရိုးရောဂါ၊အကြောသေ၊အကြောလျော့ရောဂါ၊ ကိုယ်လက်လေးလံ၊ ထိုင်းမှိုင်းပြီး ခြေလက်မသယ်ချင်လောက်အောင် နုံးခွေ၊ ပင်ပန်း၊ မောပန်းမရွှင်ဖြစ်တတ်သည်။

**၉။ ရွှေဓာတ်ယုတ်လျော့ပါက**

- ကိုယ်သားကိုယ်ရေညစ်ညမ်း၊ မရွှင်လန်း၍ ပန်းသော၊ ပန်းညိုး၊ ဥတုပန်းမပွင့်၊ ကိုယ်ခန္ဓာကို ခုခံမှုအားလျော့နည်းရောဂါ၊ ခယရုဂ်နာ၊ အားအင်ကုန်ခန်း၊ ချိနဲ့၊ ပိန်ချုံး၊ လှုံ့လုံးမလှရှိတတ်ကြသည်။

ထိုသို့ လူ၏ခန္ဓာကိုယ် ရုပ်တရားကြီးမှာ မရှိမဖြစ် အရေးပါလှသည့် ဓာတ်သတ္တု၊ ရုပ်ဓာတ် (၉) ပါးသည် အလိုအပိုအလွန်အယုတ်မရှိ ထွန်းညှိစံမီရှိနေပြီဆိုမှ ကျန်းမာရွှင်လန်း၍ ခန္ဓာကိုယ်ရုပ်တရားကြီး ဖွံ့ဖြိုးကြံ့ခိုင်လာပြီး ရုပ်ပျိုကိုယ်နုတဲ့ ရသာယနဓာတ်အစုကို အားပြုမှီခိုပြီး အသက်ရှည်၍ အနာကင်းခြင်းဆုလာဘ်ကို ရရှိခံစားနိုင်ကြပေမည်။

ဤကဲ့သို့သော အကျိုးတရားများကို ထိထိရောက်ရောက် ရရှိခံစားနိုင်ကြအောင် ရှေးဆရာအစဉ်အဆက်ကစပြီး သမားစဉ် ဝိဇ္ဇာဓရ အဂ္ဂိရတ်အတတ်ဓာတ်ဆေးပညာရပ်တို့ဖြင့် ဓာတ်သတ္တု၊ ရုပ်ဓာတ် (၉) ပါးတို့မှ တစ်ပါးပါးကိုအခြေတည်ပြီး အဂ္ဂိရတ်ဓာတ်ပညာ နည်းစနစ်အမျိုးမျိုး၊ အာစရိယဝါဒ အဖုံဖုံတို့ဖြင့် ဓာတ်တစ်ပါးကို သေအောင်ကြံစည်ကြပြီး ထိုဓာတ်သေ၊ ဓာတ်လုံးဖြင့် ကျန်ဓာတ် (၉) ပါးစလုံးကို လိုသလိုစီမံထိန်းချုပ်၍ ပြာစိုက်ပြီး ရရှိလာသောဓာတ်(၉)ပါးတို့၏ ပြာအစွမ်းဂုဏ်သတ္တိကို ဆင်ခြင်စစ်ဆေးပြီး လူ့ခန္ဓာကိုယ်ကိုရုပ်တရားကြီးမှာ ဖြစ်ပွားနေတဲ့ အနာရောဂါများကို ကုစားပေးသည့် ပညာရပ်ကို အဂ္ဂိရတ်ဓာတ်ဆေးပညာဟု ခေါ်ဆိုကြပါသည်။

ယခင်ပြီးခဲ့သောလများတွေမှာ တင်ပြခဲ့သော 'ဦးဘညွန့်၏ သွပ်ဒုက္ခ' အကြောင်းအရာ ဇာတ်လမ်းများသည်လည်း ၎င်းအဂ္ဂိရတ်ဓာတ်ဆေးပညာနှင့် နှီးနွယ်ပတ်သက်နေသော အကြောင်းအရာများပင် ဖြစ်ပါသည်။

သို့ဖြစ်၍ အဂ္ဂိရတ်ပညာသင် ဝါသနာရှင် သုတေသီအပေါင်းတို့သည် အဘဦးဘညွန့်ကဲ့သို့ ဓာတ်သေ၊ ဓာတ်ကောင်း၊ ဓာတ်လုံးကောင်းများ ကံအားလျော်စွာရရှိခဲ့ကြပြီး ရုပ်ဓာတ် (၉) ပါးကို ပြာရိုက်လို့ရရှိခဲ့ကြပါလျှင် အဘဦးဘညွန့်ကဲ့သို့ ပြာဆေးကိုသုံးစွဲရာတွင် အရင်လို၍ လောဘမကြီးဘဲ အဂ္ဂိရတ်ဓာတ်ပြာဆေးတို့ကို အသိဉာဏ်ပညာဖြင့် ချင့်ချိန်၍ အသုံးပြုနိုင်ကြစေရန် စေတနာရည်ရွယ်၍ အဂ္ဂိရတ်ဓာတ်ပြာဆေးသုံးစွဲပုံနည်းစနစ်ကို တင်ပြပေးလိုက်ပါသည်။

ယခု တင်ပြခဲ့သော ဦးဘညွန့်၏ သွပ်ဒုက္ခ ဟူသော ဆောင်းပါးကိုအခြေခံထား၍ တင်ပြမည့်ဖြစ်၍ ရုပ်ဓာတ် (၉) ပါးထဲမှ သွပ်ဓာတ်သွပ်ပြာတို့၏ ခန္ဓာကိုယ်အကျိုးပြုပုံနှင့်တကွ ပြာသုံးစွဲနည်းကို အဓိကထား၍ တင်ပြပေးပါမည်။

စာရေးသူတို့၏ အဂ္ဂိရတ်ဓာတ်ပညာလောကတွင် သွပ် (Zinc) ဓာတ်သည် ဓာတ်အစိမ်းဆင့်မှာရော ဓာတ်သေအဆင့်မှာပါ အဆင့်မရွေး ဉာဏ်ရှိသလို အသုံးချနိုင်ခြင်းကြောင့် ၎င်းသွပ်ဓာတ်သေဓာတ်လုံးအဆင့်သို့ရောက်ရှိခဲ့ပြီဆိုလျှင် လူသိများတဲ့အစွမ်းသိဒ္ဓိတော့ အပွင့်အလန်းအလွန်ကောင်းပြီး ပီယဓာတ်နှင့် ပြီးပြည့်စုံစေသောကြောင့် လူကြိုက်များပါသည်။

တစ်ဖန် သွပ်ဓာတ်သေကို ပြာအဖြစ်သို့ရောက်အောင် စီမံနိုင်ခဲ့လျှင် ဘော်၊ ကြေးနီကဲ့သို့သော ရုပ်ဓာတ်များကို နိဗ္ဗာန္ဓဓာတ်၊ ရွှေကိတ်ဓာတ်အဖြစ်သို့ အလျင်အမြန်ဆုံး ပြုပြင်ပေးနိုင်သောကြောင့် လူကြိုက်များရပါသည်။

၎င်းကဲ့သို့ ရုပ်ဓာတ်တစ်ပါးပါး ရွှေကိတ်သက်ဝင်အောင် မကူးနိုင်လျှင်တောင်မှ သွပ်ပြာသည် မီးပြင်း၍ အခိုးမထွက် မီးမတောက်ဘဲ သွပ်ပြာသေဖြစ်ခဲ့ပြီဆိုလျှင် အဂ္ဂိရတ်ဓာတ်ဆေးဝါးအနေဖြင့် ချင့်ချိန်၍သင့်တော်သည့်ဆေးအစွယ်ရေလဲတို့ဖြင့်သုံးဆောင်မှီဝဲခဲ့မည်ဆိုလျှင် -

- ရုပ်ပျို၊ ကိုယ်နု၍ကျန်းမာခြင်း။
- ပန်းသော၊ ပန်းညိုးရောဂါများအတွက် နတ်ဆေးတမျှအစွမ်းထက်လှပါသည်။
- သားသမီးရတနာ မထွန်းကားသူများအတွက် အလွန်တန်ဖိုးရှိသောပြာဆေး ဖြစ်၏။
- ဦးနှောက်အာရုံကြောရောဂါ၊
- လေငန်း၊ လေဖြတ်ရောဂါ
- သွေးလေမလျှောက်အကြောနည်းချည်နဲ့သောရောဂါများအတွက်

www.burmeseclassic.com

လွန်စွာ အဖိုးတန်လှပါသည်။

- သွေးချို၊ ဆီးချိုရောဂါ
- ဆီးလမ်းကြောင်းပိတ်ဆို့ရောဂါ
- ကင်ဆာကဲ့သို့သော ရောဂါများကို အထူးနိုင်နင်းပါသည်။

ယခုလို အင်္ဂရိတ်ဓာတ်ပညာဖြင့် စီမံထားသော ကောင်းမွန်စွာ သေနေသည့်သွပ်ပြာဓာတ်ပြာသေကို မဆိုထားနှင့် -

ယနေ့ ဆေးသိပ္ပံနယ်ပယ်မှာ အလွန် အသုံးဝင် အသုံးတွင်ကျယ်နေသောအားဆေး (အနောက်တိုင်းအားဆေး) အများစုတွင် ဆေးပါဝင်ဖွဲ့စည်းမှု အညွှန်းကို စာရှုသူတို့ ဖတ်ကြည့်လိုက်မည်ဆိုလျှင် Zinc (သွပ်)ဓာတ် 50mg/100mg စသည် ပါဝင်ဖွဲ့စည်းထားကြောင်းကို မျက်ဝါးထင်ထင် တွေ့ရှိရပါလိမ့်မည်။

ဘာကြောင့်လဲဆိုတော့ သွပ်(Zinc) ဓာတ်အစိမ်းဘဝမှာကိုက သွပ်ဓာတ်၏ ခန္ဓာကိုယ်အတွက် အကျိုးပြုစွမ်းအင်က အစွမ်းထက်လှသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဆေးသိပ္ပံသုတေသနတွေ့ရှိပြီး ယနေ့ ကမ္ဘာ့ဆေးလောကမှာ လက်ခံ အတည်ပြုထားသော သွပ် (Zinc) ဓာတ်၏ အကျိုးအာနိသင်များကို တင်ပြရသော် သွပ်ဓာတ်ကို Zinc ဟုခေါ်ပြီး ဓာတုဗေဒသင်္ကေတ Zn ဟု ရေးကြပါသည်။ သွပ်ဟာ အဖြူရောင်ရှိပြီး အက်တမ်နံပါတ် ၃၀ (Atonic No.30) ဖြစ်တဲ့ သတ္တုဓာတ်တစ်မျိုးဖြစ်သည်။

**သွပ်ဓာတ် (Zinc) အကျိုးပြုအသုံးဝင်ပုံ**

၁။ သွပ်ဟာ လူတစ်ကိုယ်လုံးမှာရှိတဲ့ ဇီဝဖြစ်စဉ်တွေမှာ မရှိမဖြစ်လိုအပ်တဲ့ တွင်းထွက်သတ္တုဓာတ်တစ်မျိုးဖြစ်ပါတယ်။

၂။ လူတွေရဲ့ သုက်ပိုးများရှင်သန်ဖို့၊ မျိုးဗီဇသန်စွမ်းဖို့ သန္ဓေသားများကြီးထွားဖွံ့ဖြိုးဖို့အတွက် အလွန်လိုအပ်ပါသည်။

၃။ အသည်းမှာသိမ်းထားတဲ့ ဓာတ်တွေ သွေးထဲကိုထုတ်ပေးဖို့ သွပ်ဓာတ်က အရေးပါပါတယ်။

၄။ ကိုယ်ခံအားကို မြှင့်တင်ပေးပြီး အသည်းရောင်ဘီပိုး၊ စီပိုးတွေကို ခန္ဓာကိုယ်က တိုက်ခိုက်မှုအားကောင်းအောင် လုပ်ဆောင်ပေးပါတယ်။

၅။ အသည်းအတွက် အဆိပ်အတောက်ဖြစ်တဲ့ အမိုးနီးယားတွေကို ယူရီးယားဖြစ်အောင် ပြောင်းပေးပါတယ်။

၆။ အသည်းထဲမှာ အနာရွတ်တွေဖြစ်တာကိုကာကွယ်ပေးပြီး အသည်းခြောက်ခြင်းကို ရပ်တန့်စေပါသည်။

ယခုတင်ပြခဲ့တဲ့ အချက်အလက်များဟာ အင်မတန်စေ့စပ်သေချာတိကျလှပါတယ်ဆိုတဲ့ ယနေ့ ကမ္ဘာ့ဆေးသိပ္ပံသုတေသနပါရဂူကြီးများကိုယ်တိုင်က လက်ခံအတည်ပြုဖော်ပြခဲ့တဲ့တွေ့ရှိချက်အသစ်များ ဖြစ်ပါတယ်။

ကောင်းလှပါတယ်။ ဒါဆိုရင် သဘာဝအစားအစာတွေထဲမှာ -

**သွပ် (Zinc) ဓာတ် အများအပြားပါဝင်နေတဲ့ အစားအစာများမှာ**

၁။ အနီရောင်ရှိသော အသားများ (အမဲသား၊ ဆိတ်သား၊ ဘဲသား)

၂။ အစေ့အဆန်များ (ဖရုံစေ့၊ နေကြာစေ့၊ သစ်ကြားသီး၊ ဗာဒံစေ့၊ သီဟိုဠ်၊ အခွံမာသီးများ)

၃။ အသည်းများ (ကြက်၊ ဝက်၊ အမဲ စသည့် အသည်းများ ကျောက်ကပ်အမျိုးမျိုး)

၄။ Sea Food (ပင်လယ်စာများ ကမာအစိမ်း၊ ကဏန်း၊ ခုံကောင်၊ ငါးပါးနီ၊ ငါးသေတ္တာ၊ ကျောက်ပွင့်)

၅။ သွပ် (Zinc) ဓာတ်ပါဝင် ဖော်စပ်ထားသော အားဆေးများ။

စသည့်တို့တွင် သဘာဝသွပ်ဓာတ်ကို ရရှိနိုင်ပါသည်။

**သွပ် (Zinc) ဓာတ်ချို့တဲ့ခဲ့လျှင်**

၁။ Vit A ချို့တဲ့ပြီး အရေပြားမှာ ကြာဆူးထွက်ခြင်း၊ ကြက်မျက်သင့်ရောဂါ၊ အသားအရေကြမ်းတမ်းခြင်း၊ မျက်စိရောဂါများ ဖြစ်တတ်သည်။

၂။ အသည်းခြောက်ရောဂါရှင်များ၊ အသည်းအားနည်းရောဂါသမားများ ရောဂါပိုဆိုးဝါးစေမည်။

၃။ အရေပြားရောဂါ၊ ပွေး၊ ဝဲ၊ ညှင်း၊ နှင်းခူ၊ ခရုသင်းကွက်ထွက်ခြင်း ဖြစ်နိုင်သည်။

၄။ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သော ဝမ်းပျက် ဝမ်းလျှောရောဂါများ ဖြစ်နိုင်သည်။

၅။ ကလေးသူငယ်များ ဖွံ့ဖြိုးမှုအားနည်း၊ ဉာဏ်ရည်နိမ့်မျိုးဗီဇ မပွားနိုင်ဖြစ်တတ်သည်။

၆။ ပန်းသေ၊ ပန်းညှိုး၊ ပန်းအားနည်း၊ သုက်စံချိန်မမီ မျိုးဆက်ပွားမှုဟန့်တားခြင်း ဖြစ်နိုင်သည်။



**သာမန်ထက် သွပ်ဓာတ်ချို့တဲ့မှု အများဆုံးဖြစ်တတ်တဲ့ ပုဂ္ဂိုလ်များမှာ**

၁။ အသည်းဒဏ်ပိ၊ အသည်းခြောက်ရောဂါသည်များ။

၂။ သွေးချို၊ ဆီးချိုရောဂါသည်များ။

၃။ အရက်စွဲနေသူများ၊ အရက်ကြောင့် အသည်းရောင်မှု၊ အသည်းကျစ်နေသူများ။

၄။ သွပ်ဓာတ်စုပ်ယူမှုကို ဟန့်တားစေတဲ့ ဆေးဝါးများ သုံးစွဲနေသူများ။

ဥပမာ PENICILLAMINE, SODIUM VALPROATE. ETHAMBUTOLL . . . စသည်များ။

၅။ AIDSရောဂါသည်များ စသည့် ရောဂါသည်များသည် သာမန်လူတွေထက် သွပ် (Zinc) ဓာတ်လိုအပ်မှုများပြီး ချို့တဲ့တတ်ပါသည်။

ဒါကြောင့် ဆေးသိပ္ပံပညာအရ သွေးထဲမှာ သွပ် (Zinc) Levle ကို တိုင်းတာစစ်ဆေးကြည့်ပြီး 12 umoi/L ထက်နည်းနေပြီဆိုလျှင် သွပ်ဓာတ်ချို့တဲ့နေပြီဟု သတ်မှတ်နိုင်ပါသည်။

ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်

မင်းချမ်းမြေ



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်း (၃၀)ခန့်က ဖြစ်၏။ ဆင်ဘုတ်နယ်တစ်ကြောတွင် မားဘီလူးဆိုပါက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရ၏။ ဆင်ဘုတ်နယ်သည် ရွာပေါင်း (၁၂) ရွာနှင့် ဖွဲ့စည်းထား၏။ ယင်းအချိန်က လမ်းပန်းဆက်သွယ်ရေး အခက်အခဲတို့ကြောင့် မြို့နှင့်အဆက် အသွယ်နည်း၏။ အုပ်ချုပ်ရေးပိုင်းကို ထိထိရောက်ရောက် မဆောင်ရွက်နိုင် သောကြောင့် ဒေသခံလူမိုက်တို့ ကြီးစိုး ရာဒေသ ဖြစ်သည်။ မားဘီလူးသည် ဆင်ဘုတ် (၁၂) ရွာထဲတွင်အပါအဝင် ဖြစ်သော ဆားတလင်းကျွန်ရွာသား ဖြစ်၏။ အဖ ဦးစိန်မောင်၊ အမိ ဒေါ်ခင်ပု တို့၏ တစ်ဦးတည်းသောသား ဖြစ်၏။ သူ့မိဘနှစ်ပါးတွင် သူ့အထက်ကမွေး သမျှ အဖတ်မတင်ခဲ့ပေ။သူမွေးလာသော အချိန်တွင် မိဘနှစ်ပါး ရင်တထိတ်ထိတ် နှင့် စောင့်ကြည့်ခဲ့ကြ၏။ သူ့ကိုယ်၌က ကျန်းမာရေးချူချာ၏။ ထိုသို့ရှိစဉ် သူ (၄)လသားအရွယ်၌ ရွာသို့ ဘိုးသူတော် တစ်ယောက်ရောက်လာ၏။

"ဟော့ - နင်တို့ကလေးကတော့ ထူးရင်ထူး၊ မထူးရင်ရူးလိမ့်မယ်။ ဒီကလေး ကို ငါနာမည်ပေးခဲ့မယ်။ ဘီလူး၊ ဘီလူး၊ မောင်ဘီလူး မှတ်ထားကြ ဟားဟားဟား"

ဘိုးသူတော်သည် ထိုသို့ပြောဆို ပြီးထွက်သွားခဲ့၏။ မည်သည့်အရပ်က လာ၍ မည်သည့်အရပ်သို့သွားသည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှမသိကြ ပေ။ နောင်တွင်လည်း ဘိုးသူတော်၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ ပေ။ ထိုအချိန်မှစပြီး ဘီလူးတစ်ယောက် ကျန်းမာရေးဒေါင်ဒေါင်မြည်သွား၏။ ငယ်မည် ပေါက်ကျော်နာမည်ပျောက်ပြီး ဘီလူးဟုသာခေါ်ကြတော့၏။ သူ့မိဘ နှစ်ပါးကလည်း သားဖြစ်သူ ကျန်းမာရေး ကောင်းလာပုံကိုထောက်၍ ဤနာမည် ကို သဘောတွေ့ကြ၏။ ဘီလူးသည် နာမည်နှင့်ရုပ် ဆန့်ကျင်ဘက်ဖြစ်သည်။ အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့်နှင့် မြင်ရသည့်ကုတ္တိယ တို့အဖို့ စွဲမက်စရာ ရုပ်ရည်ပိုင်ရှင် ဖြစ် ၏။ သို့သော် ဘီလူးသည် အေးအေး ဆေးဆေးနေလေ့ရှိသည်။ မိန်းမ မပွေ၊ အရက်မသောက်၊ ဖဲမကစား၊ မိဘစကား ကို မြေဝယ်မကျနားထောင်တတ်သော သားလိမ္မာတစ်ဦးဖြစ်၏။ အသက် (၂၀) ကျော်အရွယ်တွင် တစ်ရွာတည်းနေ ဦးမောင်အောင်ခင်၊ ဒေါ်ယိုင်နုမတို့၏ တစ်ဦးတည်းသောသမီး မခင်သန်းနှင့် အိမ်ထောင်ကျ၏။ နှစ်ဖက်မိဘနှစ်ပါးက ဥစ္စာပစ္စည်းပြည့်ဝသူများဖြစ်သောကြောင့် မပူမပင်နေနိုင်ခဲ့ကြ၏။ လင်မယား နှစ်ယောက်စလုံး သဘောမနောကောင်း ကြ၏။ ထို့ကြောင့် လူအများ၏ ချစ်ခင် မှုကိုရကြသည်။ သို့သော် ဘီလူးသည် မဟုတ်မခံ မမှန်မလုပ်သောလူစားမျိုး ဖြစ်၏။ ဤစိတ်ကြောင့် ရိုးရိုးဘီလူးဘဝမှ မားဘီလူးဘဝသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်၏။

မားဘီလူးဖြစ်လာရခြင်းအကြောင်း ကား ဤသို့တည်း။

❑

တစ်ခုသော တပေါင်းလ၏ ည တစ်ညဝယ် ဆင်ဘုတ်နယ် ရွာမရွာတွင် ဘုန်းကြီးပျံပွဲရှိ၏။ဇာတ်ပွဲပါသောကြောင့် တစ်နယ်လုံး သွားရောက် ကြည့်ရှုကြ၏။ ကြောင့် ပွဲမကြည့်ရသည်မှာကြာခဲ့ပြီ။ ယခုမှကြည့်ရမည်ဆိုတော့ တစ်နယ်လုံး ဝမ်းသာနေကြ၏။ လုံခြုံရေးကိုလည်း စစ်တပ်နှင့်ရဲပူးပေါင်းပြီး တာဝန်ယူထား ကြ၏။

မခင်သန်းတို့အုပ်စု သတွတ်တွိန် ရွာသို့ရောက်သောအခါ အမှောင်ရိပ်က သန်းစပြုလာ၏။ ပွဲကပြန်လာသူ၊ ပွဲသွား သူ စသည်ဖြင့် ပျားပန်းခပ်မျှစည်ကား နေသည်။ မူးသူကမူး၊ ဆဲသူကဆဲနှင့် မခင်သန်းတို့အဖို့ ကြောက်စိတ်ကို မနည်းထိန်းချုပ်ထားရ၏။ ယောက်ျား လေးတွေပါသည့်အတွက် စိတ်သက်သာ ရာရကြ၏။ သတွတ်တွိန်နှင့်ကျွန်းကြီးရွာ အကြားတွင် ကုန်းတန်းတစ်ခုရှိ၏။ ကုန်းတန်းအောက်ဘက်တွင် ချောင်းကို ဖြတ်ထိုးထားသော ဝါးတံတားကလေး တစ်ခုရှိ၏။ ထိုနေရာသည် လူပြတ်၏။ မကြာခဏလူသတ်မှု၊ လုယက်မှုဖြစ်ပွား



ညနေ နေဝင်ရီတရောအချိန်တွင် ပွဲသွား ကြည့်သူများနှင့် စည်ကားနေ၏။

"ဟော့ - စိန်ပု၊ အလှပြင်လို့မပြီး သေးဘူးလား"

ဂျမ်းပုံကအော်မေးလိုက်၏။

"ပြီးပါပြီတော်ရေ"

"ဟော့လုပ်မနေနဲ့။ ဟိုမှာ မခင်သန်း တို့၊ ရီရီဝင်းတို့စောင့်နေကြပြီ။ အမြန် လာခဲ့"

"အေးပါတော်၊ လာပါပြီ လာပါ ပြီ"

စိန်ပုတစ်ယောက် ဘုဆတ်ဆတ် နှင့်ပြောပြီးထွက်လာခဲ့၏။ သူတို့လူသိုက် ပွဲကြည့်ရမည်ဖြစ်သောကြောင့် အလွန် ပျော်ရွှင်နေကြ၏။ နယ်မြေကြမ်းသော

သောနေရာ ဖြစ်သည်။ သူတို့အ[illegible] ကုန်းတန်းသို့ရောက်သွားချိန် အ[illegible] မထင် လူတစ်စုနှင့် တွေ့လိုက်ရသ[illegible] လဆန်းရက်မို့ လရောင်ကို အနည်း[illegible] သာ မြင်တွေ့ရ၏။

"ဟော့-ဘယ်သူတွေလဲ၊ ရပ်[illegible] ကြစမ်း"

ရှေ့ဆုံးက အရပ်ထောင်[illegible] မောင်းမောင်းနှင့်လူက မေးလိုက်[illegible]

"ကျွန်တော်တို့ ဆားတလ[illegible] ကပါ။ ပွဲကြည့်သွားကြတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

"ဟားဟား-ပွဲကြည့်သွားကြတာ ဟုတ်လား။ ဟားဟား-အဆင်သင့်လိုက် ဘာကွာ။ ပေ့ာကောင်တွေ တစ်ယောက် မှမလွှတ်စေနဲ့ အားလုံးဝိုင်းထား ဟား ဟား"

ခေါင်းဆောင်ဖြစ်လေဟန်တူသူက အမိန့်ပေးလိုက်၏။ သူ့လူတွေကတော့ ဘာစ်သဝေမတိမ်းလိုက်နာကြ၏။ မခင်သန်းတို့အုပ်စု မားပြအတိုက်ခံရလေပြီ။

"ဩော် - ဘယ်သူများလဲလို့။ ဆားတလင်းကျွိန်က သူဌေးကတော် မခင်သန်းပါလား ဟား ဟား ဟား"

ယခုမှ အသံရှင်ကို ကောင်းစွာ မှတ်မိတော့၏။ ကျွန်းကြီးက လူမိုက် ဖိုးတုတ်တို့အဖွဲ့ပင်ဖြစ်၏။ ဖိုးတုတ်သည် ငယ်စဉ်ကတည်းက မခင်သန်း တို့ ပိုးပန်းခဲ့၏။ အရက်သမား၊ ဖဲသမား၊ ကြက်သမား လူမိုက်ဖြစ်သောကြောင့် မခင်သန်းတစ်ယောက် ယောင်လို့တောင် မကြည့်ခဲ့။ ဤသည်ကို ဖိုးတုတ်က အငြိုးထား၏။ ဘီလူးနှင့်အိမ်ထောင်ကျသွားတော့ ပိုဆိုး၏။ လမ်းမှာ ဘီလူးကိုတွေ့တိုင်း ရန်ရှာသည်ဟုကြားသိရ၏။ ဘီလူးက မည်သို့မျှ မတုံ့ပြန်သောကြောင့် အခြေအနေငြိမ်နေခဲ့ခြင်း ဖြစ်၏။


"ဖိုးတုတ် နင့်လမ်းနင် သွားပါ၊ ငါတို့ကို မနှောင့်ယှက်ပါနဲ့"

မခင်သန်းက ပြောလိုက်၏။

"ဘာ- ဘယ်လို နင့်လမ်းနင်သွား ဟုတ်လား။ ဟား ဟား ဟား - ရယ်စရာကောင်းလိုက်တာ။ မျက်စိရှေ့ကသမင်ကိုလွှတ်ပေးလိုက်တဲ့မုဆိုးရယ်လို့မရှိဘူးဟ။ ဒီမှာ မခင်သန်း၊ နင့်ကို ငါဘယ်လောက်ထိချစ်ခဲ့တယ်၊ မြတ်နိုးခဲ့တယ် ဆိုတာ လူတိုင်းသိတယ်။ ဒါပေမယ့် ဟိုကောင် ဘီလူးကိုမှ နင်လက်ထပ်သွားတယ်။ ငါဘယ်လောက်ထိခံစားခဲ့ရတယ် ဆိုတာ နင်သိရဲ့လား။ အခုတော့ နင်နဲ့ ငါ ထိပ်တိုက်တွေ့ပြီ။ နင်ပြေးလို့မလွတ်တော့ဘူး မခင်သန်း ဟား ဟား ဟား"

"နင် ခွေးစကားမပြောနဲ့ ဖိုးတုတ်"

"ခွေးစကားမဟုတ်ဘူး လူစကားပြောနေတာ"






www.burmeseclassic.com

www.burmeseclassic.com

ဖိုးတုတ်သည် ပြောရင်းဆိုရင်း မခင်သန်း၏လက်ကိုဆွဲ၏။

"နင်ငါ့လက်ကိုလွှတ်နော်ဖိုးတုတ်"

"ဟား ဟား ဟား"

မခင်သန်းတို့နှင့်အတူပါလာသော ယောကျ်ားလေးများ ရှေ့သို့တိုးလာကြ၏။

"ဟေ့ကောင်တွေ ကိုယ်နဲ့မဆိုင် ဝင်မရှုပ်ကြနဲ့၊ သေသွားချင်လား။ ဒီမှာ တွေ့လား"

ဖိုးတုတ်သည် ခါးကြားက အသွား (၈)လက်မခန့်ရှိသောဓားကိုထုတ်ပြ၏။ သူ့လူတွေကလည်း ဓားကိုယ်စီနှင့် ရှေ့သို့တက်လာကြ၏။ လရောင်အောက်တွင် ဓား၏အရောင်တွေက ဖွေးခနဲ လက်ခနဲ။

"ဟေ့ကောင်တွေ၊ ကောင်မတွေ၊ သွားကြ၊ နင်တို့ရဲ့ ခွေးဘီလူးကိုသွားပြောကြ။ သူ့မိန်းမကို အရင်လာမကယ်ရင်တော့ အသက်နဲ့ခန္ဓာ အိုးစားကွဲပြီသာမှတ်လို့ ဟား ဟား ဟား"

"ဖိုးတုတ် နင်ယုတ်မာလှချေလား။ နင်ငါ့လက်ကိုလွှတ်နော်လွှတ်"

မခင်သန်းတစ်ယောက် ဖိုးတုတ်တို့အုပ်စုနှင့် ရုန်းရင်းကန်ရင်းပါသွား၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် လူသွားလူလာကလည်းပြတ်လှ၏။ ဂျမ်းပုံတို့အုပ်စု ကျွန်းကြီးရွာဘက်သို့ သုတ်ခြေတင်၍ ပြေးခဲ့ကြ၏။ ကျွန်းကြီးရွာနှင့်ရွာမရွာ ကြားတွင် ဘီလူးနှင့်ဆုံတွေ့ကြသည်။ အကျိုးအကြောင်းကို အမြန်ပြောပြပြီး ယောကျ်ားလေးတွေက ဘီလူးနှင့်လိုက်ပါလာကြ၏။ မိန်းကလေးတွေကတော့ ရဲတွေကိုခေါ်ဖို့ ရွာမရွာသို့ပြေးခဲ့ကြ၏။

❑

ဗြာဝေတောင်သည် ဆားတလင်း ကျိုန်ရွာနှင့် တံတားဦးရွာအကြားတွင် တည်ရှိ၏။ အမြင့်ပေ (၁၀၀) ခန့်ရှိပြီး တောင်ပေါ်တွင် ညီညာသောမြေပြင်ရှိ၏။ တောင်အောက်သို့ကြည့်ပါက ကွမ်းချိုန်ချောင်းကိုမြင်ရ၏။ လူတစ်စုသည် ဗြာဝေတောင်ထက်သို့ တစ်စုံတစ်ခုကို ထမ်းကာ တရွေ့ရွေ့တက်နေကြ၏။ အားလုံးပေါင်း (၆) ယောက် ဖြစ်၏။ သူတို့သည် တောင်ပေါ်သို့ရောက်သွားအခါ ထမ်းလာသောအရာကို မြေပေါ်တွင်ချလိုက်ပြီး ခြေပစ်လက်ပစ်ထိုင်လိုက်ကြ၏။

"ဟား ဟား ဟား ဘီလူး ဘီလူး အခုလောက်ဆိုရင် ငါးပြေမဆားသိပ်သလိုဖြစ်နေရောပေါ့ကွာ"

"သိပ်မှန်တာပေါ့ အာစရိ။ အခုလောက်ဆို ရဲကိုများခေါ်နေပြီလားမသိဘူး"

"ခေါ်ချင်တာသာ ခေါ်ပါစေ၊ ဖိုးတုတ်တို့ကတော့ ဂရုမစိုက်ဘူး။ ကဲ- ပြောနေကြာတယ်။ ဟိုကောင်ရောက်လာရင် အစီအစဉ်တွေပျက်ကုန်မယ်။ ခုတော့ ရသမျှအချိန်လေးမှာ အောင်သေအောင်သားစားလိုက်ဦးမယ်ဟေ့. . .။ ဟိုကောင်လာရင် အပြတ်ရှင်းလိုက်ကြကွာ"

ထိုစဉ် လူရိပ်တစ်ခုသည် တောင်ပေါ်သို့ လျှင်မြန်စွာပြေးတက်လာ၏။ သူ၏ကျောကုန်းတွင် ရှည်မျောမျောအရာတစ်ခုကိုလွယ်ထား၏။ တောင်၏အရှေ့၊ အနောက်၊ တောင်၊ မြောက်တွင်လည်း အစောင့်တစ်ယောက်စီနေရာချထား၏။ လူရိပ်သည် တောင်ပေါ်သို့ရောက်ရှိလာ၏။ မြင်လိုက်ရသောမြင်ကွင်းကြောင့် ဒေါသအလိပ်လိပ်တက်လာ၏။ ထိုသူကား ဘီလူးဖြစ်၏။

"ဖိုးတုတ်၊ နင်မယုတ်မာနဲ့နော်၊ လွှတ် ငါ့ကိုလွှတ်စမ်း"

မခင်သန်းသည် ဖိုးတုတ်၏လက်ကရုန်းကန်၏။ ဖိုးတုတ်က အတင်းရှေ့သို့တိုးလာ၏။ ဘီလူးသည် အသားတဆတ်ဆတ်တုန်လာ၏။ မီးပွင့်မတတ်သောမျက်လုံးများနှင့် စိုက်ကြည့်ကာ အံကိုတင်းတင်းကြိတ်ထားလိုက်၏။

"ဖိုးတုတ် လူယုတ်မာ၊ မင်းဘယ်လောက်သတ္တိရှိလဲ ထွက်ခဲ့စမ်းကွာ"

ဘီလူး၏အသံသည် တောင်ပေါ်တွင် ပဲ့တင်ထပ်သွား၏။

"ဩော် - ခွေးဝဲစားရောက်လာပြီလား။ အောင်သေအောင်သားတောင် မစားရသေး အနှောင့်အယှက်ပေးတဲ့ခွေး အမျိုးနန့်သွားအောင်လုပ်ပြလိုက်ကြစမ်းကွာ"

ဘီလူးသည် ဓားရှည်ကိုဆွဲထုတ်လိုက်၏။ လရောင်အောက်တွင် ဓားချင်းထိသံ၊ ဆဲသံအော်သံတို့ဖြင့် ဗြာဝေတောင်တစ်ခုလုံး ပွက်လောရိုက်နေ၏။ မကြာမီ ဖိုးတုတ်၏လူ (၅)ယောက်သည် ဘီလူး၏ဓားချက်မိသွားကြ၏။ တောင်အောက်ကိုပြေးသူကပြေး၊ လဲသူလဲ၊ အကွဲကွဲအပြဲပြဲဖြစ်ကုန်ကြ၏။ ဘီလူး၏ခန္ဓာကိုယ်ပေါ်တွင်လည်း သွေးကွက်တွေက အထင်းသား။ ဘီလူးသည် ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဖိုးတုတ်ရှေ့၌ရပ်လိုက်၏။

"ဖိုးတုတ် ခွေးယုတ်မာ လာခဲ့လေကွာ"

"အောင်မာ ခွေးဝဲစားကများ သေ ဖို့သာပြင်ထားပေတော့"

ဖိုးတုတ်နှင့် ဘီလူးသည် ဓားချင်း ယှဉ်လိုက်ကြ၏။ ဖိုးတုတ်သည် နှယ်နှယ် ရရမဟုတ်။ ဆင်ဘုတ်နယ်တစ်ကြော တွင် ယှဉ်ပြိုင်ရဲသူမရှိသော လူမိုက်ကြီး ပင်တည်း။ လူမိုက်ဆိုဗိုလ်မထား။ သူ့ ထောက်အောက်၌ ပြားပြားဝပ်ရသည့် ချည်း ဖြစ်၏။ ဖိုးတုတ်၏ဓားတစ်ချက် သည် ဘီလူး၏မျက်နှာပေါ်သို့ ကန့်လန့် ဖြတ်ကျသွား၏။ ညာလက်မောင်း တစ်ချက်ထိပြန်၏။ ဘီလူးလဲကျသွား ၏။

"ဘီလူး ဘီလူး မင်းရဲ့အစွယ် ငါဒီနေ့ချိုးပြမယ် ဟား ဟား ဟား"

ဘီလူးသည် လဲနေရာကကုန်း လိုက်၏။ မျက်နှာပေါ်ကစီးကျလာသော သွေးကို ဘယ်လက်နှင့်သုတ်လိုက်ပြီ တွေတွေကြီးစိုက်ကြည့်လိုက်၏။ ဖိုးတုတ် သည် ဓားကိုမြှောက်ကာ အပိုင်သိ လိုက်၏။ သို့သော် သူထင်ထားသည့် အတိုင်းဖြစ်မလာခဲ့ပေ။ ဘီလူးသည် မြေပြင်ပေါ်သို့ လှဲချလိုက်ပြီး ဓား ရှောင်လိုက်၏။ ထို့နောက် မြေပေါ် ပြန်ထကာ ဖိုးတုတ်၏ဝမ်းဗိုက်ကို သွေး နှင့်တအားထိုးသွင်းလိုက်၏။

"အား"

ဖိုးတုတ် မြေပေါ်သို့လဲကျသွား ၏။ ဘီလူးသည် ဖိုးတုတ်၏ဆံပင် ဆောင့်ဆွဲလိုက်၏။

"မင်း. . . မင်း. . . မင်း"

ဖိုးတုတ်တစ်ယောက် အထစ် အငေါ့ငေါ့ဖြစ်နေစဉ် သူ၏လည်ပင်း သွေးတွေပန်းထွက်လာကြ၏။ ဘီလူး သည် ဖိုးတုတ်၏ဓားကိုကောက်ယူ နောက်ပြန်ပိုင်းချလိုက်၏။ ဖိုးတုတ်တစ် ယောက် ခေါင်းနှင့်ကိုယ် အိုးစားကွဲသွား ရလေသည်။ ဘီလူးသည် ဖိုးတုတ် ခေါင်းပိုင်းကိုကောက်ယူလိုက်ပြီး တော အောက်သို့ပစ်ချလိုက်၏။

"ဟား ဟား ဟား ဘီလူးတဲ့ မှတ်ထားကြ ဟား ဟား ဟား"

ဘီလူးသည် လူသတ်မှုနှင့်အ ခံရ၏။ ပြစ်မှုထင်ရှားသဖြင့် ထောင် နှစ်ကျသွား၏။

ဤကား ဓားဘီလူးဖြစ်ပေါ် ရသောအကြောင်းအရင်းပေတည်း။

လေရူးမွှေသောနေ့တစ်ရက် ဘီလူး ထောင်ကလွတ်လာ၏။ မျ ပေါ်တွင် ကန့်လန့်ဖြတ်ဓား ကြောင့် ရုတ်တရက် မမှတ်မိကြ ဘီလူးထောင်ကလွတ်လာသော



www.burmeseclassic.com

www.burmeseclassic.com

နယ်ခံလူမိုက်တို့တီးတိုးတိုင်ပင်ကြတော့၏။ ဘီလူးကား အရင်ကဘီလူးနှင့်မတူတော့ပေ။ ကျောတွင် ဓားရှည်တစ်ချောင်းကိုလွယ်ပြီး အမြဲသွားလာနေတော့၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန္တရာယ်မပြုပေ။ အရင်တအတိုင်း အေးအေးဆေးဆေးနေ၏။ တစ်နယ်လုံးကတော့ မျက်လုံးလှုပ်လှုပ်ဖြစ်နေကြ၏။

တစ်နေ့ မင်းတက်တောင်ရွာအနီးတချောင်းနံဘေးတွင် အလောင်းတစ်လောင်းတွေ့ရ၏။ ဓားနှင့်အပိုင်းပိုင်းခုတ်ထစ်ပြီး အိတ်နှင့်ထည့်ကာ စွန့်ထားခဲ့ခြင်းဖြစ်၏။ သေဆုံးသူသည် တစ်ချိန်က ဘီလူးနှင့်ယှဉ်ပြိုင်ခဲ့သော ဖိုးတုတ်၏တပည့် မောင်မြနုဖြစ်ကြောင်းကို ရဲက အတည်ပြု၏။ တစ်လခန့်အကြာတွင် မောင်မြနုကိုသတ်မှုနှင့် ဘီလူးတစ်ယောက်ထောင် (၈) နှစ်ကျသွားပြန်၏။

❑

"ဘီလူး ထောင်ကပြန်လွတ်လာပြီ"

"သေချာလို့လားဟေ့"

"သိပ်သေချာတာပေါ့ကွာ၊ မယုံရင် သူ့အိမ်ကိုသွားကြည့်"

ဆောင်းတစ်ရက်၏ ညနေပိုင်းအချိန်တွင် ဆားတလင်းကျွန်တစ်ရွာလုံးလှုပ်လှုပ်ရွရွဖြစ်နေ၏။ အကြောင်းကား ဘီလူး ထောင်ကပြန်လွတ်လာသောကြောင့်ပေတည်း။ သည်တစ်ခါ မည်သူ့အလှည့်ရောက်လာမည်နည်းဟူသောအတွေးဖြင့် စိတ်ပူနေကြ၏။ ဘီလူးသည် ထောင်ကလွတ်စနေ့တွင် အိမ်မှာမအိပ်ဘဲ ရွာပြင်သို့ထွက်သွား၏။ ကုပ်ပေါ်ဝဲသောဆံပင်နှင့် ညှင်းသိုးသိုးပုံစံကြောင့် မြင်ရသူအဖို့ ကြောက်စရာလူဝါတစ်ကောင်နှယ်။ ဘီလူးကား သူ့ကိုမျှဂရုမစိုက်ပေ။

ဘီလူးထောင်ကလွတ်ပြီး တစ်လအကြာတွင် တံတားဦးရွာက လူမိုက်မောင်တစ်ယောက် ဖြာဝေတောင်ချောင်းတွင် ဓားဒဏ်ရာနှင့်လဲနေသည် သတင်းထွက်ပေါ်လာလေသည်။ မောင်မောင်တစ်ယောက် ကံကောင်းထောက်မစွာပင် အသက်မသေခဲ့ပေ။ အချိန်ကစပြီး ဓားဘီလူးဟု နာမည်တွင်လာတော့၏။ ဆင်ဘုတ်တစ်နယ်လုံး လူမိုက်ဟူသမျှ ဘီလူးထံတွင်ခံကြ၏။ ဘီလူးသည် တပည့်သားများလာသောအခါ တစ်နယ်လုံးမိုက်ကြေးခွဲတော့၏။ အရက်လေးနှင့် မိုက်လုံးကြီးလာ၏။ ဇနီးဖြစ်သူက မည်မျှပင်ပြောပြော ဂရုမစိုက်။ တစ်ခုတော့ ကံကောင်းသည်ဟု ဆိုရမည်။ ဇနီးဖြစ်သူအပေါ်တွင် နှိပ်စက်ကလူပြုသည်ဟူ၍ကား တစ်ခါဖူးမျှမရှိပေ။ ဤသို့ဖြင့် ဆင်ဘုတ်တစ်နယ်လုံးတွင် ဘီလူးဆိုပါက ခွေးကအစ ကြောင်ကအဆုံး ကြောက်ရ၏။ ဘီလူးသည် လက်ရဲဇက်ရဲနှင့် လုပ်ဆောင်တတ်၏။ မည်သည့်ကိစ္စ၌မဆို ဘီလူးပြီးလျှင်ပြီးရ၏။ ပွဲပြင်ကနားရှိပါက ဘီလူးကိုတကူးတကလာခေါ်ကြ၏။ဘီလူးရှိလျှင် ပွဲငြိမ်၏။ ရဲကလည်း ဘီလူးကို အခွင့်အရေးပေးထား၏။ ဤဒေသသည် လူမိုက်ပေါသောနယ်မြေဖြစ်သောကြောင့် လူသတ်မှု၊ လုယက်မှု မကြာခဏဖြစ်ပွား၏။ ယခု ဘီလူးကို အခွင့်အရေးပေးထားသောအခါ၌ အမှုအခင်းလျော့နည်းလာ၏။

ဤမျှအထိ ဩဇာအာဏာသက်ရောက်လာသော ဓားဘီလူး၏ နောက်ဆုံး နေဝင်ချိန်ကား -

❑

"သေချာလို့လားကွ၊ လွဲလို့ကတော့ ငါတို့မသာပေါ်သွားလိမ့်မယ်"

"သေချာပါတယ်ကွာ၊ မယုံရင် သူ့ကိုမေးကြည့်"

"ဟုတ်တယ်ကွ၊ ငါသေသေချာချာ သတင်းရခဲ့တာ တစ်ယောက်တည်းတဲ့"

"ဟုတ်ရင်လည်းပြီးပြီကွာ။ ဒါပေမယ့် လက်တော့မနှေးစေနဲ့"

လူသုံးယောက်သည် မင်းတက်ကုန်းတောင်ခြေတွင် တီးတိုးပြောနေကြ၏။ သူတို့သည် တစ်စုံတစ်ဦးကိုစောင့်နေကြ၏။ မကြာမီ နေဝင်တော့မည်။ ထိုအချိန်တွင် ရှမ်းဘောင်းဘီနှင့်လူတစ်ယောက်သည် မင်းတက်ကုန်းသို့တက်လာ၏။ ထိုသူ၏မျက်နှာပေါ်တွင် တစ်စုံတစ်ခုကို စိုးရိမ်နေပုံရ၏။ မကြာခဏ သူ့အကျီအိတ်ထဲသို့ လက်နှိုက်ကြည့်၏။ ထိုသူကား အခြားမဟုတ်၊ တစ်နယ်လုံးကြောက်ရသော ဓားဘီလူးပင်တည်း။ ဘီလူးသည် သူ့သားလေးနေမကောင်းသောကြောင့် သပြုတောင်ဆရာတော်ကြီးထံ ဆေးသွားတောင်းရာမှပြန်လာခြင်း ဖြစ်၏။ သူ့သားလေး နေမကောင်းသည်မှာ တစ်ပတ်ကျော်ပြီ။ သူ့သားအရေးဖြစ်သောကြောင့် တပည့်တွေကို မခိုင်းချင်။ ဇနီးဖြစ်သူကလည်း သူ့ကိုသာလျှင်သွားစေချင်၏။ ဘီလူးသည် သားကလေးနှင့် ဇနီး၏မျက်နှာကို မြင်ယောင်မိ၏။ သားလေးဘာမှမဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိ၏။

"ဟားဟားဟား - ဘီလူး ဘီလူး စောင့်လိုက်ရတာဗျာ၊ ဒီနေ့တော့ ခင်ဗျားရဲ့အစွယ်ကို ကျုပ်တို့ချိုးပြမယ်။ သေဖို့သာပြင်ထားပေတော့"

ရုတ်တရက် နောက်ကထွက်ပေါ်လာသောအသံကြောင့် ဘီလူးသည် ကျောတွင်လွယ်ထားသည့်ဓားကိုဆွဲထုတ်လိုက်၏။

"မင်းတို့ဘယ်သူလဲ"

"ပြောနေကြာတယ်ကွာ"

ပြောပြောဆိုဆိုနှင့် ထိုလူသုံးယောက်သည် ဓားနှင့်ဝင်ခုတ်၏။ ဘီလူးသည် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ဓားချက်ကိုရှောင်လိုက်၏။ ဓားချက်ကိုရှောင်နိုင်သော်လည်း မိုးတွင်းကကျန်ခဲ့သောနွားခြေရာခွက်တွင် ခြေချော်ကာလဲကျသွား၏။ ထိုအခွင့်အရေးကိုမြင်လိုက်သည်နှင့် ထိုလူသုံးယောက်က အတင်းဝင်ခုတ်၏။ ဘီလူးသည် နာကျင်နေသောညာခြေကို လက်နှင့်ထိန်းကာ ထဖို့ကြိုးစား၏။ ဘီလူးကံဇာတာနိမ့်ခဲ့လေပြီ။ သူ၏ညာဘက်ပခုံးကို ဓားချက်ထိမှန်သွား၏။ ဆက်တိုက်ဆိုသလိုပင် သူ၏ခန္ဓာကိုယ်အနှံ့အပြားသို့ ဓားမိုးရွာချ၏။

"ဟားဟားဟား - ခင်ဗျားဘာတတ်နိုင်သေးလဲ ခွေးဘီလူးရဲ့"

"မင်းတို့ဘယ်သူတွေလဲ"

"ဟားဟားဟား - မသေခင်သိသွားချင်တယ်ပေါ့။ ပြောပြမယ် ပြောပြမယ်။ ကျုပ်က ခင်ဗျားသတ်ခဲ့တဲ့ဖိုးတုတ်ရဲ့ညီ၊ သူတို့နှစ်ယောက်ကတော့ ခင်ဗျားရက်ရက်စက်စက်သတ်ခဲ့တဲ့ မောင်မြနုရဲ့သားနှစ်ယောက်ပဲ။ ကဲ- ဘာသိချင်သေးလဲ"

ဘီလူးတစ်ယောက် ဘာမှပြန်မပြောတော့ပေ။ သူ့မျက်လုံးထဲတွင် သူပြန်လာမည့်လမ်းကိုမျှော်နေသော ဇနီးသည်နှင့်သားကလေးကိုသာ မြင်ယောင်မိတော့သည်။ ဘီလူးသည် မကျစဖူး မျက်ရည်ကျလာ၏။ သို့သော် နှောင်းခဲ့လေပြီ။ သူ၏လည်ပင်းနေရာမှ ပူခနဲခံစားလိုက်ရ၏။ ထို့နောက် ခေါင်းနှင့်ကိုယ်အိုးစားကွဲသွားခဲ့ရသည်။ ဘီလူးတစ်ယောက် သူ့သားလေးဆုံးသွားသည်ကိုပင် မသိနိုင်တော့ချေ။ ဆင်ဘုတ်တစ်နယ်လုံး ဖိမ့်ဖိမ့်တုန်အောင်ကြောက်ခဲ့ရသောဓားဘီလူး(ဝါ)ကျားတစ်ကောင်၏နိဂုံးကား အဆုံးသတ်မလှခဲ့ပါတော့တကား။

ကြည်ပြာမောင် (သင်္ဂဇင်းမြို့)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ကိုရောက်တိုင်း ရွှေတိဂုံဘုရားကိုရောက်ဖြစ်ပေမယ့် နယ်မှာနေကြတာဆိုတော့ ရန်ကုန်က လေးငါးဆယ်နှစ်မှတစ်ခါရောက်ဖြစ်ခဲ့ပါတယ်။ ခေါ်သူရှိမှ၊ အကြောင်းရှိမှ မသွားမနေသွားရတော့မှဘဲ ရန်ကုန်ကတော့ရောက်ဖြစ်တော့တာပါ။ ကိုယ့်မြို့မှာဆိုရင်တော့ တကယ့်ဂြိုဟ်ပြေနံပြေဘုရားဆိုတာက သေးသေးကျဉ်းကျဉ်းကလေး။ ခုနစ်နေ့ခုနစ်နံ့ရှိတယ်ဆိုပေမယ့် ကိုယ့်ရဲ့နေ့နံ့ထောင့်၊ ကိုယ့်မွေးနံထောင့်မှာ ရှိခိုးပူဇော်နေတဲ့ လူတစ်ယောက်ရှိနေရင် အဲဒါအခွင့်ကမသာတော့ဘူးရယ်။ ကိုယ့်အလှည့်မရောက်မချင်းစောင့်ပေဦးတော့။ ကိုယ်က မွေးနေ့မှာမှ ပုတီးစိပ်၊ အဓိဋ္ဌာန်ပြုချင်တာဆိုတော့ ကိုယ့်လိုပဲ မွေးနေ့မှာဘုရားလာကြတဲ့သူတွေက အများကြီး။ ပုတီးကသက်ပြည့်စိပ်ရင်တော့ ကိုယ့်ရှေ့ကဘုရားမှာ ပုတီးစိပ်နေတဲ့သူက (၇၀) ကျော်လောက် အဘွားကြီးဆိုရင်တော့ အဲဒါ ပုတီးအပတ် (၇၀) ကျော်တဲ့အထိ စိတ်ရှည်လက်ရှည် စောင့်ပေဦးရော့။ ကိုယ့်မွေးနံထောင့်ဘုရားမှာ နေရာမှ မအားတဲ့ဟာ။

ရွှေတိဂုံမှာကျတော့ အားပါးတရသာ ပူဇော်ကန်တော့ပေတော့။ ဂြိုဟ်တိုင်ဘုရားတွေ၊ နေ့နံဘုရားတွေမှာလည်း အချိန်မရွေး၊ နေရာမရွေးကို ရေမီးပူဇော်တဲ့သူတွေကရှိနေကြတာပါပဲလား။ ဒါပေမယ့် နေရာအနေအထားကကျယ်တော့ သိပ်စောင့်စရာမလိုပါဘူး။ အလျင်စလိုဆိုရင်လည်း တိုးတိုးမဝ့ှဝ့ှသာ ပူဇော်လိုက်ရင်ရတာပါပဲ။ အဆင်ပြေလိုက်တာ။ စိတ်ချမ်းသာလိုက်ပုံများပြောပါတယ်။ ကုန်းတော်ပေါ်ကို ခရီးသွားတွေထုံးစံအတိုင်း နီးစပ်ရာမုခ်ကနေတက်ခဲ့ကြတယ်။ တက်နေရင်း ဖျတ်ခနဲသတိရလိုက်တာက 'ရွှေတိဂုံကုန်းတော်ပေါ်က ဒေါင်ဒေါင်မြည်သံခေါင်းလောင်းသံ' ဆိုတဲ့ သီချင်းပါ။ ဘယ်ကမှ အသံချဲ့စက်သံကြားရလို့မဟုတ်ပါဘူး။ ဒီသီချင်းရှင်ကတော့ စာရေးဆရာ ကိုလွမ်း-နမ့်စန်တဲ့။ ကျွန်တော် နမ့်စန်ကိုရောက်တုန်းက ကိုလွမ်းအိမ်ရောက်ခဲ့ဖူးပါတယ်။

ရွှေတိဂုံကုန်းတော်ပေါ်ကိုရောက်တယ်။ တစ်ခါတလေမှရောက်ဖူးတဲ့သူဆိုတော့ သစ်ပင်တွေ၊ အဆောက်အအုံတွေကို သတိမထားနိုင်ဘူး။ ရွှေတိဂုံဘုရားမှာက မျက်နှာစာတွေက တစ်ဖက်နဲ့တစ်ဖက်တူတူနေကြတာကိုး။ အပေါ်ရောက်လို့ ဂြိုဟ်တိုင်တွေဖတ်ကြည့်ရတယ်။ ဟောဟိုမှာ 'တနင်္ဂနွေ ဂြိုဟ်' လို့ရေးထားတာတွေ့ရတယ်။ ဒါဖြင့် ဒါက အရှေ့မြောက်ထောင့်ပေါ့။ ကျွန်တော်တို့မိသားစု ရွှေတိဂုံစေတီတော်ကြီးကိုရောက်နေတဲ့နေရာတွေကနေထိုင်ချလိုက်ပြီးမှ ဦးချရှိခိုးကြတယ်။ နောက်တော့ ရွှေတိဂုံကိုရောက်နေကျအတိုင်း ဂြိုဟ်တိုင်တွေမှာ ဆီမီး၊ ရေချမ်းကပ်လှူကြရအောင် စဉ်းစားကြတယ်။ ဆီမီးအတွက် ဖယောင်းတိုင်က ပါမလာတော့ ရေချမ်းတော့ မဖြစ်မနေ ပူဇော်ကြမှာပါ။

တနင်္ဂနွေထောင့်မှာရောက်တော့ ခရီးထွက်လာရင်း မနေ့ညက အိပ်မက်ကို သတိရလိုက်တယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ဒေါ်အေးသွယ်ကိုပါ။ ကျွန်တော့်အဒေါ်အရင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်ခါကငှားနေခဲ့ဖူးတဲ့ အိမ်ရှင်ပါ။ ဒါပေမယ့် 'ရှေးကပဋ္ဌာန်းဆက်ကြောင့်လားမဆိုနိုင်ဘူး။ ဒေါ်အေးသွယ်နဲ့ ကျွန်တော်တို့မိသားစုဟာ ဆွေမျိုးတွေလိုကို အတော်ခင်ကြတာပါ။ ကျွန်တော့်အမျိုးသမီးကိုလည်း သူ့တူမလေးလိုချစ်တယ်။ စားစရာရှိရင် ကျွန်တော့်သားသမီးတွေကိုလည်း ကျွေးတယ်။ နောက်ဆုံး ကလေးချင်းရန်ဖြစ်ရာက လူကြီးချင်းပါ ရန်ဖြစ်ကြတဲ့ သူ့တူနဲ့ ကျွန်တော်တို့ရဲ့ရန်ပွဲမှာ ကျွန်တော်တို့မိသားစုဘက်ကလိုက်ပေးလို့ သူ့တူရဲ့ မုန်းတာခံခဲ့ရပါပကော။ ကျွန်တော်တို့ နောင်ချိုကို အလုပ်ပြောင်းလို့ ဒေါ်အေးသွယ်ကို ထိုင်ကန်တော့တော့ ဒေါ်အေးသွယ် ငိုကျန်ရစ်ခဲ့ပါလား။ အဲဒီဒေါ်အေးသွယ်ကို မနေ့ညက အိပ်မက်မက်တယ်ဆိုတော့ ဒေါ်အေးသွယ်အတွက် တနင်္ဂနွေထောင့်မှာ ရေကို ဂြိုဟ်သက်စေ့ ခြောက်ခွက်လောင်း၊ ဘုရားရှိခိုး မေတ္တာပို့ပေးရတယ်။ နောက်တွေ့ရတဲ့ သီလရှင်တစ်ပါးကို ငွေတစ်ထောင်ကန်တော့ပြီးတော့ ဒေါ်အေးသွယ်အတွက် ကောင်းမှုပြုပေးပါတယ်။ စိတ်ကြောင့်ပဲလား၊ သံယောဇဉ်ကြောင့်လား ခုထိကို သတိရနေကြတုန်းပါ။ ကျွန်တော့်အမျိုးသမီးလည်း ခဏခဏအိပ်မက်မက်တတ်ပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ ဘုရားဖူးမိသားစု တနင်္လာထောင့်ရောက်ကြတော့မှ ဘုရားကို လက်ဝဲရစ်ပတ်လာခဲ့ကြတာ သတိပြုမိပါတယ်။ တနင်္လာထောင့်မှာ ရေချမ်းလှူဖို့ စဉ်းစားတော့ ကျွန်တော့်သား ကျော်စွာတင်ဝင်းကို ဦးဆုံးသတိရလိုက်တယ်။ ဒီကောင်က လူရိုးလူအေး စိတ်ရင်းကောင်းသူပါ။ နို့စို့အရွယ်ကတည်းက ငိုလည်းသိပ်မငိုဘူး။ စကားပြောနောက်ကျတယ်။ လူတွေက သူ့နာမည် 'အန်ကူးရေ' လို့ခေါ်ရင် ဒီကောင်က 'ဝူး' လို့ ထူးတတ်တယ်။ စကားမှပြောမှပြောတတ်ပါ့မလားရယ်လို့ စိုးရိမ်လိုက်ရတာ။ ကြီးလာတော့ ဒီကောင် ဘောလုံးကစားတယ်။ ခရိုင်အဆင့်ကိုးသမားလက်ရွေးစင်တောင် ဖြစ်ခဲ့တယ်။

"ငါလေ တစ်နေ့တခြား အဖေနဲ့တူတူလာပြီဟ သိလား"

ကျော်စွာတင်ဝင်းက သူ့အစ်မနှမတွေကိုပြောတဲ့စကားပါ။



www.burmeseclassic.com

www.burmeseclassic.com

အကောင်းတူတာမဟုတ်ပါဘူး။ ဒေါ်သကြီးတာ။ စိတ်ဆိုးလာရင် နင့်နင့်သီးသီးဆဲတတ်တာ။ လူတကာကို မဖားတတ်တာ။ ခိုင်းမှလုပ်တတ်တာ။ ခုတော့ ဒီယက်နမ်နိုင်ငံ ဟိုချီမင်းမှာနေလေရဲ့။ တစ်လောက သူ့ညီမရှိတဲ့ ဘန်ကောက် အလည်သွားရင်း တွေ့သခိုက် မောင်နှမ နှစ်ယောက် စကားများ ရန်ဖြစ်ကြတော့ ကျော်စွာတင်ဝင်းက သူ့နှမကို သူ့အဖေ ဆဲသလို ဆဲလို့ဆိုပါလား။ မခံမရပ်နိုင် ဖြစ်ပြီး ဖုန်းထဲကနေ အဖေ့ကို ငိုယို တိုင်တာရော၊ ဘာပဲဖြစ်ဖြစ် သမီး နှစ်ယောက်၊ သားတစ်ယောက် ရှိတာ။ ဒီတနလ်ာထောင့် ရောက်တုန်း အဝေးက တနလ်ာသား အတွက် ရေချမ်းလှူ ဆုတောင်းဦးမှပါ။ ကျန်းမာပါစေ၊ ချမ်းသာပါစေပေါ့။

တနလ်ာဂြိုဟ်သက်" ရေ (၁၅) ခွက်ကို တနလ်ာဂြိုဟ်မင်းကြီးအပေါ် ရော အောက်မှာရှိတဲ့ ဂြိုဟ်ခွင်ရုပ်ကျား အပေါ်မှာပါလောင်းပြီးမှ သားအတွက် ဆုတောင်းပေးရတယ်။ အဓိကကတော့ ဒေါ်သခပ်သိမ်းငြိမ်းပါစေ၊ မောဟခပ်သိမ်း ငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေပေါ့။ အဝေး ရောက်သားအတွက် ဆုတွေတောင်း ပေးနေရတယ်။ သားရေ အဖေ့လို တော့ အလုပ်တစ်ခုကို စိတ်ပါမှ လုပ်၊ စိတ်မပါရင် မလုပ်ဘဲနဲ့ တော့မနေနဲ့ကွ။ ခုဟာ မင်းက စီးပွားရှာအလုပ်လုပ်ချင်လို့မှ နိုင်ငံခြားမှာရောက်နေတာ မဟုတ်လား။ နောက်ပြီး ဒေါ်သလည်းလျှော့ဦးဟသိလား။

ရွှေတိဂုံရင်ပြင်ပေါ် ကျောက်ပြား ဖြူဖြူ ပူကပူသနဲ့။ ဒီလိုပဲ လက်ဝဲရစ်ရစ် လာကြတဲ့ ကျွန်တော်တို့မိသားစု ဆက်တိုက်ဆိုသလိုပါပဲ အင်္ဂါထောင့်မှာ ရောက်လာကြရော။ အခု ဒီဘုရားဖူး အဖွဲ့ထဲမှာ ကျွန်တော့်ရဲ့အင်္ဂါသမီးလည်း ပါလာတယ်။ အင်္ဂါသမီးက အင်္ဂါထောင့် မှာ ရေချမ်းလှူ ဆုတောင်းဆုယူလုပ်မှာ ဖြစ်သလို ကျွန်တော်တို့ကလည်း အင်္ဂါ သမီးအတွက် တစ်ခါဆုတောင်းပေးရဦး မှာပါ။ ဘာပြုလို့လဲဆိုတော့ အင်္ဂါသမီး ဟို့မိသားစုဟာ ဒီနေ့အထိ ကျွန်တော် တို့မိဘနှစ်ပါးကို ငွေကြေးထောက်ပံ့ နေခဲ့နေဆဲမို့ပါ။ တစ်ခါတလေတော့ ကျွန်တော့်သမီးကြီး သောကြာ သမီးက ပြောတာရှိပါတယ်။ ဘာတဲ့။



(ကျော်ဇကဗျိမ်)

# မောင်သင်းထုံ

## တစ်စမှပြန်မရလည်း စနေရမှာပဲ စနေနေ့ရေ



www.burmeseclassic.com

www.burmeseclassic.com

"အဖေတို့ အမေတို့နော် သားသမီးတွေအတွက်ချည်း ဆုတောင်းမနေကြနဲ့ဦး။ ကိုယ့်အတွက်ကိုလည်း ဆုတောင်းကြ၊ အသက်တွေကလည်းငယ်ကြတော့တာမဟုတ်ဘူး"

ဘုရားပေါ် ရောက်လို့ ပြောတဲ့စကားမဟုတ်ပါဘူး။ အိမ်မှာနေရင်းလည်း သမီးကပြောတာပါပဲ။ ကျွန်တော့်ဘဝအတွေ့အကြုံအရ အင်္ဂါသားသမီးတွေဟာ ထက်မြက်ကြတာများပါတယ်။ အလုပ်ကြိုးစားတယ်။ ရှေ့ကြည့်မြင်တယ်။ အမြဲတမ်းဦးဆောင်နေကြတယ်။ သားသမီး (၃) ယောက်ထဲမှာ အဲဒီသမီးက အငယ်ဆုံး၊ ရုပ်လည်းအချောဆုံးမို့ စောစောစီးစီး အိမ်ထောင်ကျသွားခဲ့ပါတယ်။ ဘန်ကောက်မှာပါ။ ခု ခဏလာလည်တာ။ သူ့အပြန် ကျွန်တော်တို့က ရန်ကုန်လိုက်ပို့ကြရင်း ရောက်နေတာပါ။ မိဘတွေကို ငွေပို့ပို့ပေးနေတဲ့ သမီးလိမ္မာလေးဆိုတော့ ခါတိုင်းလည်း အိမ်မှာ ဒီသမီးအတွက်၊ သူ့မိသားစုအတွက် သီးသန့်ဆုတောင်းပေးနေကြပါ။ အခုလည်း ဆုတောင်းပေးရဦးမယ်။ ကာယကံရှင် အင်္ဂါသမီးကလည်း ရေချမ်းလှူ၊ ပုတီးစိပ်၊ အင်္ဂါထောင့်မှာ ဆုတောင်းနေလေရဲ့။ ဘာတွေဆုတောင်းနေသလဲတော့ မသိဘူး။

မေလ ၁၄ ရက်နေ့ အင်္ဂါသမီး မွေးနေ့ရောက်တိုင်း အိမ်ကဘုရားမှာ သူ့အတွက် ရေသက်စေ့၊ ဆွမ်းသက်စေ့ လှူပေးရပါတယ်။ အသက်ရှည်ပါစေ၊ ဆတက်ထမ်းပိုး ကျေးဇူးရှင်မိဘနှစ်ပါးကို ကျေးဇူးဆပ်နိုင်ပါစေပေါ့။ ဒီကြားထဲ အင်္ဂါသမီးတို့မိသားစုနဲ့ သတင်း သမီးကြီးဆီကဖုန်းရတတ်တယ်။ သူ့ယောကျ်ားနဲ့ စကားများလို့၊ ယောက္ခမနဲ့မတည့်လို့၊ ယောက်မနဲ့မခေါ် လို့ဆိုရင် အဲဒါ သူတို့အမေက ကိုအဟွာရယ် ဘန်ကောက်မှာ ကျုပ်တို့သမီးလေး စိတ်ဆင်းရဲနေပါ့မယ်။ တော်ကျောင်းကြီးဘုရားသွား ယတြာလေးဘာလေးချေ၊ ရေချမ်းဆီမီးလှူချေပါဦးဆိုရင် အဲဒါပြောရပြီ။ အင်္ဂါသမီးအတွက် ပုတီးသက်စေ့စိပ်ပေး၊ ရေချမ်း ဂြိုဟ်သက်စေ့လှူပေးရတယ်။

စေတီရင်ပြင်ပေါ်မှာက ဘုရားဖူးတွေကများတော့ ဘုရားအာရုံပြု၊ ပုတီးသာစိပ်နေရတယ်။ ဖင်ခုထိုင်ထားရတဲ့ ဖိနပ်ပျောက်မှာ၊ ကျန်ခဲ့မှာ၊ နောက်ပြီး အတူလာတဲ့မိသားစုနဲ့ လူစုကွဲသွားခဲ့မှာစိုးတော့ သိပ်တော့ နက်နက်နဲနဲကုသိုလ်ရဖို့ကမလွယ်ဘူး။ ဘယ်အာရုံကစုစည်းလို့မှမရခဲ့ဟာကြီးကို။ အင်္ဂါထောင့်မှာ ဆုတောင်း ဆုယူပြီးတော့ တစ်ဆက်တည်း ဗုဒ္ဓဟူးထောင့်ရောက်လာပြန်ရော။ ဒီတော့ စဉ်းစားရတယ်။ ဗုဒ္ဓဟူးထောင့်မှာ ရေချမ်းလှူဖို့၊ ပုတီးစိပ်ဆုတောင်းဖို့က မိသားစုထဲမှာ ဗုဒ္ဓဟူးက ဘယ်သူရှိသလဲပေါ့။ ကျွန်တော်က စနေသားဆိုတော့ ကျွန်တော့်အမျိုးသမီးက သူ့ကိုသူ ဗုဒ္ဓဟူးသားသမီးတဲ့။ စနေ၊ ဗုဒ္ဓဟူး ရှုတောင် ထမင်းမတော်လို့ စာဆိုတော့ရှိတာကိုး။ ရှုနေလည်း အရှုကို လူတွေက သနားပြီးတမင်ဘာညာကျွေးတတ်ကြတာကိုး။

ကျွန်တော့်အမျိုးသမီးက ဗုဒ္ဓဟူးဆိုတာ သေချာပုံမရပါဘူးဗျာ။ ဘာပြုလို့လဲဆိုတော့ သူ့ရဲ့အိမ်ထောင်စုဇယားလုပ်တော့ကို မွေးလ၊ မွေးရက်က ကျွန်တော်ကိုယ်တိုင် နီးစပ်အောင်ထည့်ပေးရတဲ့ဟာကို - သူ့ဘဝကြည့်တော့လည်း သူတို့မောင်နှမတွေ ငယ်ငယ်လေးကတည်းက သူတို့အမေဆုံးခဲ့တယ်။ သူတို့အဖေရဲ့အလုပ်က ခရီးထွက်နေရတဲ့အလုပ်။ ကျွန်တော့်အမျိုးသမီးက ဖေဖေမေးယတြာချေတော့မယ်ဆိုရင်တော့ သူ့ခမျာ တွက်ရချက်ရ စဉ်းစားရပါပြီ။

"ငါ့ကိုအဖေပြောတာ ငါမွေးတဲ့ရက်က သင်္ကြန်ရေပက်တဲ့ရက်ကြီးတဲ့. . . ၊ ဟုတ်တယ်"

"ကောင်းကွာ သေချာလိုက်တာ"

"တရုတ်လိုတော့ မှတ်မိတယ်။ ငါမွေးတဲ့နှစ်က နွားနှစ်တဲ့"

"အဲဒါလောက်ဆိုရင်တော့အသက်ကိုတွက်လို့ရပါပြီ၊ အင်း. . ."

ဒီတော့ ဗုဒ္ဓဟူးသမီးဟုတ်၊ မဟုတ်က မသေချာဘူး။ ကျွန်တော့်အထင်တော့ တနင်္ဂနွေများလားမသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိတ်မှတ်ကြီးလွန်းလို့ပါ။ ကိုင်း - ထားပါ။ ခုရောက်နေတာ ဗုဒ္ဓဟူးထောင့်။ သူပြောတာက ဗုဒ္ဓဟူးသမီးဆိုတော့ ကျွန်တော်ကပဲ ဗုဒ္ဓဟူးသမီးအတွက် ဗုဒ္ဓဟူးဂြိုဟ်တိုင်မှာ ရေ (၁၇) ခွက်လောင်းလှူ၊ ဗုဒ္ဓဟူးသမီးအတွက် ပုတီး(၁၇)ပတ်စိပ်ပြီးမှ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတာ ဆုတောင်းပေးရပါတယ်။ သူ့ကိုယ်စားပေါ့။

ဘုရားရင်ပြင်ပေါ်မှာ ကင်မရာပါလာတဲ့သူတွေက မိသားစုအမှတ်တရ ဓာတ်ပုံရိုက်ကြတယ်။ နိုင်ငံခြားသားတွေက ဓာတ်ပုံရိုက်၊ ဗွီဒီယိုရိုက်နေကြတာတွေ့တော့ သူတို့တစ်တွေ အနှောင့်အယှက်မဖြစ်ရအောင် ကျွန်တော်တို့မိသားစုတွေ ခပ်သွက်သွက်လျှောက်လာကြတယ်။ ဒါတောင် ဘုရားရင်ပြင်ပေါ်မှာ ဓာတ်ပုံရိုက်နေတဲ့အဖွဲ့က ကျွန်တော်တို့မိသားစုကို ဓာတ်ပုံရိုက်ကြမလားလို့ နောက်ကနေလိုက်မေးနေပါရောလား။ သူတို့လက်ထဲမှာလည်း လှမင်းနှင့်မိုးဟေကိုစံတဲ့ ရွှေတိဂုံဘုရားကြီးဘက်ကရောင်းနဲ့ရိုက်ထားတဲ့ နမူနာဓာတ်ပုံလှလှလေးလည်းပါတယ်။ ဒီပုံလိုလှစေရမယ်ပေါ့။ ဟိုအရင်တစ်ခေါက်က ရိုက်ကြတုန်းကတော့ မိသားစုပုံရိုက်တာ ပုံကြီးကူးတဲ့ပုံမှာ တချို့က မတ်တတ်ရပ်လျက်ကြီးကနေ အိပ်ပျော်နေတဲ့ပုံတွေပါတာတောင် မဆင်မခြင်ကူးပေးရပါမလားလို့ စိတ်ဆိုးစိတ်ညစ်ဖြစ်ခဲ့ရဖူးတယ်။ ဒါနဲ့ တော်ပါပြီဆို။ ဓာတ်ပုံသမားတွေရှောင်ရင်း လျှောက်လာလိုက်တာ ဒီလိုနဲ့ ဟော - ရှေ့ကထောင့်က ဘာထောင့်ပါလိမ့်မလဲ။ ဂြိုဟ်တိုင်ဆီလှမ်းကြည့်တော့ မှန်း-ကြာသပတေးထောင့် ဂြိုဟ်သက်က (၁၉)။ အင်း - ဒါဆို ... မိသားစုတွေ ရွှေတိဂုံဘုရားရဲ့ အနော... ဘက်မုခ်ရောက်လာကြပြီပေါ့။

ကျွန်တော်တို့ မိသားစုဘဝ... အစောကပြောတဲ့ အင်္ဂါထောင့်... အရေးပါသလို အခုရောက်နေ... ကြာသပတေးထောင့်ကလည်း အရေး... နေတာပါပဲ။ ဘာပြုလို့လဲဆိုတော့ အ... သမီးရဲ့အမျိုးသားဟာ ကြာသပတေးသားဖြစ်နေလို့ပါပဲ။ အင်္ဂါသမီးက... တတ်လို့ အဖေ၊ အမေတွေကို လှမ်း... ငွေကြေးထောက်ပံ့နေပေမယ့် တကယ်... တမ်းကတော့ အင်္ဂါသမီးကမှီခို၊ ကြာ... ပတေးသားက အိမ်ထောင်ဦးစီး လုပ်ငန်း... ရှင်မို့ပါ။ သူနေကောင်းကျန်းမာဖို့လည်း လိုတာပေါ့နော်။ ကျွန်တော်မှာ တ... ဆိုရင် သမီးနှစ်ယောက်၊ သား... ယောက် ပေါင်းသုံးယောက်ပဲရှိတဲ့... ခုတော့ ဘုရားရှိခိုး၊ မေတ္တာပို့ အမျှ... တော့မယ်ဆိုရင် သားသမီးလေးယော... လည်း ကျန်းမာချမ်းသာကြပါစေ... ကြာသပတေးသား အပါအဝင်လေ...

အင်္ဂါသမီး စန္ဒာတင်... ကြာသပတေးသားတို့က တာချီလိတ်... တွေ့ကြပြီး မေတ္တာရှိကြတာ။ ကြာ... တေးသားက ဘန်ကောက်မှာနေ... ဖူးစာရှင်ရှာနေတာ။ သူတို့တရုတ်... မိန်းကလေးက ဆိတ်ဖာတာရှင်... မယ်။ အဲဒီဆိတ်ဟာလည်း နေ... ဆိတ်မဖြစ်ရဘူး။ ညမွေးတဲ့ဆိ... မယ်နဲ့ ရှာလိုက်တာ စန္ဒာတင်...



www.burmeseclassic.com

www.burmeseclassic.com

တော့တာပါပဲ။ ဗမာလိုကြတော့လည်း ဥဿာ၊ စိန်ပန်း၊ ဒါန်းလှကိုရှာ ဖြစ်နေတယ်။ ကြာသပတေးသားနဲ့ အင်္ဂါသမီး။ သူတို့လူမျိုး စနစ်ကျပုံကတော့ ဖူးစာရှင်တွေ့တာတောင် ရမ်းမယူသေးပါဘူး။ မိဘတွေရှိရာလိုက်လာ၊ မျိုးရိုးဘာညာ စုံစမ်းပြီးမှ စိတ်ကျေနပ်တော့မှ တောင်းယူတာပါ။

သူ့ရဲ့အဓိကအလုပ်က ပရိဘောဂ စက်ရုံထောင်တာပါ။ တရုတ်ပြည်နယ်မှာသွား စက်ရုံထောင်ပါတယ်။ ထွက်လာတဲ့ကုန်တွေတင်ပို့တော့ အမေရိကန်ကိုပို့ပါတယ်။ အခုနောက်ပိုင်း တောင်ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာ လုပ်ငန်းတွေထပ်တိုးချဲ့ထားတယ်။ အစောက ပြောတဲ့ ကျော်စွာတင်ဝင်းက ဗီယက်နမ်မှာအလုပ်သွားလုပ်နေရတာပါ။ ကြာသပတေးသားမှာက သူ့မိသားစုမှာ အမေအိုကြီးနဲ့။ ညီမတက္ကသိုလ်ကျောင်းသူကိုလည်း ထောက်ပံ့ရ၊ ကျွန်တော်တို့ဘက်လည်း ထောက်ပံ့နေရပါသေးတယ်။ ဒီတော့ ရွှေတိဂုံဘုရားရဲ့ ကြာသပတေးထောင့်ရောက်တုန်း ကျွန်တော့်မှာ ရေချမ်းလှူ ဆုယူ ဆုတောင်းရပါတယ်။ ခု ဒီမှာ အင်္ဂါသမီးကိုယ်တိုင်ကလည်း ကြာသပတေးထောင့်မှာ ပုတီးစိပ်ပြီး ဆုတောင်းနေတာ တွေ့ရပါတယ်။ ဆင်ဖြူတော်မှီ ကြံစုပ်ကြရမှာဆိုတော့ ဆင်ဖြူတော်ကြီး ထာဝရနေကောင်း ကျန်းမာနေဖို့တော့လိုမှာပေါ့နော်။

ကြာသပတေးသား မြန်မာပြည် ရောက်တုန်းကလည်း ဒီရွှေတိဂုံဘုရား သွားဖူးနေကျပါ။ ဟိုးတစ်ခါက ကျွန်တော်တို့မိသားစု ကြာသပတေးသားနဲ့ခရီးသွားကြတော့ စားသောက်ဆိုင်မှာ ကျွန်တော့်အမျိုးသမီး ငါးအရိုးစူးပါရောလား။ ရေသောက်လည်းနာ၊ စကားပြောလည်းနာ၊ အစာစားလည်းနာဆိုတော့ ကြာသပတေးသားက စိတ်မချမ်းသာပါဘူး။ ဒီတော့ ရွှေတိဂုံဘုရားကြီးမှာ လိုရာဆုတောင်းပြည့်တယ်ဆိုလို့ ဆုတောင်းတာ။ ဟော-နောက်နေ့ရောက်တော့ ကျွန်တော့်အမျိုးသမီးရဲ့ ငါးရိုးစူးတဲ့ဝေဒနာ ပျောက်ရပါရောလား။ သူရွှေတိဂုံဘုရားကြီးကို အတော့်ကိုကြည်ညိုသွားခဲ့ပုံရပါတယ်။

ကြာသပတေးသားအိမ်မှာက သူ့အဖေက သူတို့ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တာ။ အမေဆိုတာက အရက်သမ အိမ်မှာ ဘုရားကျောင်းဆောင် ဘာညာ မမြင်ပေါင်။ သေသွားတဲ့ သူတို့အဖေရဲ့ဓာတ်ပုံရှေ့မှာ အမွှေးတိုင်၊



ဖယောင်းတိုင် သတိရတဲ့အခါထွန်းတာပဲရှိတယ်။ သူတို့ညီမဖြစ်တဲ့ တက္ကသိုလ်ကျောင်းသူကဆိုတာ သွားလိုက်လာလိုက်ပျော်လိုက်ပါးလိုက်ပါပဲ။ ခု သူတို့မှာက ကိုယ်ပိုင်တိုက်နဲ့ကားနဲ့ရှိတယ်။ မနက်ဆိုနေမြင့်မှ အိပ်ရာထ၊ နိုးလာတာနဲ့ အဘွားကြီးက အိုင်ပက်နဲ့ တစ်နေကုန်ဂိမ်းကစား၊ ညနေရောက်တော့ ဘီယာသောက်တယ်။ ဘုရားရှိခိုး၊ ပုတီးစိပ်သာတွေ့ပေါင်။ အရင်ဘဝက ကုသိုလ်လက်ကျန်ကြောင့်သာရယ်။ အခုဘဝနေပုံအတိုင်းဆိုရင် ကုသိုလ်ရဖို့က ဝေးပါ့။

ဘာပဲဖြစ်ဖြစ် ခုလို ရွှေတိဂုံဘုရားရဲ့ရင်ပြင်ထက် ကြာသပတေးထောင့်ရောက်တုန်းမတော့ ကြာသပတေးသားအတွက် ရေ ဂြိုဟ်သက်စေ့ (၁၉) ခွက်လောင်းလှူ ရေလိုအေးလို့ ပန်းလိုမွှေးပါစေဆုတောင်း။ အပြင်မှာ နေ့ကပူလာတော့ ကြာသပတေးစောင်းတန်းထဲဝင် ဒီနေ့ ဒီရက်ကစလို့ ကြာသပတေးသားတို့မိသားစု ကျန်းမာပါစေ ချမ်းသာပါစေ ဆုတောင်းပြီး နောက်ဆုံးကျတော့ နှစ်ဖက်မိဘများကိုလည်း ဆတက်ထမ်းပိုး ကျေးဇူးဆပ်နိုင်တဲ့သူဖြစ်ပါစေလို့ အပြည့်အစုံဆုတောင်း ပုတီးစိပ်ရပါတယ်။

သောကြာထောင့်မှာကျတော့ သမီးကြီး သူဇာတင်ဝင်းက ရေသပ္ပာယ်ပြီးလို့ သောကြာထောင့် တန်ဆောင်းထဲက အရိပ်မှာ ပုတီးစိပ်နေပါပြီ။ တကယ်ကတော့ ဒီဘုရားဖူးခရီးမှာ သောကြာသမီးကိုယ်တိုင်ပါပေမယ့် ကျွန်တော်ကလည်း ဖခင်တစ်ယောက်အနေနဲ့ သောကြာသမီး ကျန်းမာချမ်းသာပါစေ၊ ကံမြင့်ကံပွင့်ပါစေလို့ဆုတောင်းရ၊ ရေစင်လှူရဦးမှာပါ။ တကယ်တော့ သောကြာသမီးဟာ (၁၀) တန်းအောင်ကတည်းက မိဘကို လုပ်ကျွေးလာတဲ့ သမီးကြီးပါ။ အဝေးသင်တောင် သူ့စရိတ်နဲ့သူတက်ဘွဲ့ယူခဲ့ပြီးပါပြီ။

သူ့အောက်က မောင်တွေ၊ ညီမတွေ အသက်ကြီးလာတော့ မောင်နှမသုံးယောက် တာချီလိတ်မှာ အလုပ်သွားလုပ်ကြ၊ ချွေတာစုဆောင်းကြပြီးမှ ငွေတွေပို့၊ အဲဒီငွေတွေနဲ့ မိသားစုနေစရာ အိမ်ကိုဆောက်နိုင်ခဲ့ကြပါတယ်။ ဒါပေါ့။ ဒီအထဲက သောကြာသမီးကအကြီးဆုံးဆိုတော့ ပိုပင်ပန်းတာပေါ့။ ဒီအထဲမှာ အငယ်တွေက ရတဲ့လခကိုအပြည့်မအပ်ချင်၊ အပျော်အပါးတွေမှာသုံးချင်တော့ သူတို့နဲ့အမုန်းခံ၊ ရန်ဖြစ်ပြီးမှအိမ်ဆောက်ဖို့လိုတဲ့ငွေ ကုပ်ကပ်စုခဲ့ရတာပါ။ အိမ်ဆောက်ဖို့ငွေမရခင်တုန်းကဆို မုန့်ဝယ်စားချင်တာတောင် ဝယ်မစားရက်ဘူးဆိုတော့ ကျွန်တော်တို့မိဘတွေမှာ ဘယ်ကလာ စိတ်ကောင်းကြပါ့မလဲ။ တခြားသားသမီးတွေ နိုင်ငံခြားသွားကြတာ။ လေးငါးဆယ်နှစ်ကြာတာတောင် အိမ်တစ်လုံးဖိုးမပို့နိုင်ကြတဲ့ဟာ။ ခု သားသမီးတွေက (၃) နှစ်နဲ့ အိမ်အပြီးဆောက်နိုင်ခဲ့ပြီဆိုတော့ ဆွေမျိုးတွေက အံ့သြကြတာပေါ့။ ကလေးတွေက လိမ္မာလိုက်ကြတာတဲ့။

သောကြာသမီးကြီးမှာကလား ငယ်ငယ်တုန်းကတော့ ရည်စားဘာညာတွေရှိခဲ့မှာပါ။ အခုလည်း သူ့ကိုချစ်သူခင်သူတွေရှိပ့ါ။ အားကိုးလောက်တဲ့ အိမ်ထောင်ဖက်မတွေ့သေးလို့နေမှာပါ။ သူ့ ညီမအင်္ဂါသမီးကတော့ မမကို ဗေဒင်ဆရာကဟောတယ်။ မိဘကိုလုပ်ကျွေးရမည့်ဇာတာရှင်တဲ့။ ကျွန်တော်ဆုတောင်းတဲ့အထဲမှာ သောကြာသမီးကြီး အချိန်တန် အရွယ်ရောက်ရင် ဖူးစာရှင်တွေ့ပါစေလည်း မမေ့အောင် ဆုတောင်းခဲ့ပါတယ်။

ရွှေတိဂုံကုန်းတော်ပေါ်တွင် ပြန်ဆင်းလာမှ တနင်္ဂနွေထောင့်မှာတုန်းက အမေ့အတွက်ရယ်၊ တနင်္လာထောင့်မှာ အဖေ့အတွက် ဆုတောင်းဖို့ကျန်သွားတယ်။ ဘာထူးလဲ။ နေ့နံတော်တော်များများ ဆုတောင်းခဲ့ပေမယ့် ကိုယ့်ဖို့ကျတော့ ဘာမှဆုမတောင်းခဲ့ရပါလား။ ကျွန်တော်က စနေသားလေ။ ဂြိုဟ်သက်က (၁၀)။ အဲဒါတော့ မမေ့ဘူးရယ်။


မောင်သင်းထုံ(ကျောက်ဆည်)




www.burmeseclassic.com

www.burmeseclassic.com


# မင်းရှိန်အောင်
# မြန်မာနိုင်ငံတော်ဇာတာနှင့် ၂၀၁၇ ခုနှစ်ဟောကိန်းလက္ခဏာ





နိုင်ငံတော်ဇာတာခွင် (မူလ)
သာယနစနစ်




၂၀၁၇ ခုနှစ် ကောဇာဇာတာခွင်
သာယနစနစ်




နိုင်ငံတော်ဇာတာခွင် (မူလ)
နိယာနစနစ်




၂၀၁၇ ခုနှစ် ကောဇာဇာတာခွင်
နိယာနစနစ်

မြန်မာနိုင်ငံတော်ဇာတာ ဆိုသည်မှာ တခြားမဟုတ်။ မြန်မာ့လွတ်လပ်ရေးဇာတာပင် ဖြစ်ပါသည်။ အေဒီ ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်၊ နံနက် (၄) နာရီ (၂၀) မိနစ် ရန်ကုန်မြို့ကို အခြေပြုတွက်ချက်ထားခြင်း ဖြစ်သည်။ ကောဇာဇာတာ ဆိုသည်မှာ အေဒီ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့ ဂြိုဟ်နေဂြိုဟ်တည်ဇာတာခွင်ပင်ဖြစ်သည်။ ၄-၁-၁၉၄၈ နေ့ ဇာတာခွင်ကို မူလဇာတာခွင်ဟုခေါ်ပြီး ၄-၁-၂၀၁၇ ရက်နေ့ ဇာတာခွင်ကိုတော့ ကောဇာဇာတာခွင်ဟု ခေါ်ဆိုကြောင်းကို သိရှိရန်လိုပါသည်။

ဤနေရာမှာ ထောက်ပြပြောဆိုချင်သည်က မူလဇာတာခွင်နှင့် ကောဇာဇာတာခွင်ကို နှိုင်းယှဉ်နှီးနွှယ်ကောက်ချက်ငင်ယူရန်ပင် ဖြစ်သည်။ ထူးခြားချက်မှာ မူလဇာတာခွင် သမာဇဘာဝ မိန်ရာသီ၌ ကောဇာဂြိုဟ်များဖြစ်ကြသော နက်ပကျွန်းဂြိုဟ်နှင့်အင်္ဂါဂြိုဟ်သည် (၁) ဒီဂရီအတွင်း၊ နက်ပကျွန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်သည် (၆) ဒီဂရီအတွင်း၊ ကိတ်ဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် (၄) ဒီဂရီအတွင်း ပူးယှဉ်သည်။ ကောဇာယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ဂြိုဟ်ပြိုင်ဖြစ်နေသည်။ ကောဇာစနေဂြိုဟ်က မူလယူရေးနပ်ဂြိုဟ်ကို (၁၈၀) ဒီဂရီ မြင်ထားသည်။ (၄) ဒီဂရီအတွင်း ပူးယှဉ်နေသော တနင်္ဂနွေဂြိုဟ်နှင့်ပလူတိုဂြိုဟ်(ကောဇာ)တို့က (၁) ဒီဂရီအတွင်း ပူးယှဉ်နေကြသော မူလတနင်္ဂနွေဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့နှင့် (၃) ဒီဂရီအတွင်း ယှဉ်တွဲနေကြသည်။ မူလကြာသပတေးဂြိုဟ်နှင့် ကောဇာ စနေဂြိုဟ်တို့သည် (၅) ဒီဂရီအတွင်း ပူးယှဉ်ကြသည်။ မူလတနင်္လာဂြိုဟ်နှင့် (၄) ဒီဂရီအတွင်း ပူးယှဉ်နေသော ကောဇာကြာသပတေးဂြိုဟ်သည် ကောဇာယူရေးနပ်ဂြိုဟ်ဖြင့် (၁၈၀) ဒီဂရီအတွင်းမြင်နေကြသည်။

အဆိုပါတို့ကို ခြုံငုံအနှစ်ချုပ်ကောက်ချက်ချရလျှင် နယ်စပ်ရေးရာနှင့် လုံခြုံရေးဆိုင်ရာတို့နှင့်ဆက်နွှယ်နေသည့် တိုင်းရင်းသားရေးရာတို့နှင့် ပတ်သက်နေသော ပဋိပက္ခဖြစ်မှု၊ ဝိရောဓိဖြစ်မှု ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ စီးပွားရေးတို့နှင့် နှီးနွှယ်နေသော ဒုက္ခသည်အရေး ရွှေ့ပြောင်းနေထိုင်သူများအရေး၊ ရွှေ့ပြောင်းလုပ်သားများအရေး၊ ဥပဒေပြုရေး၊ ဘာသာရေး၊ အမျိုးသားရေးတို့နှင့် ဆက်စပ်နေသော အရေးကိစ္စများဖြေရှင်းရသည်မှာ ဓားတောင်ကိုတော် မီးပင်လယ်ဖြတ် အဆုံးသတ်မရနိုင်သလို ရှိနေလိမ့်မည်။ ၎င်းတို့သည် အိမ်နီးချင်း တိုင်းပြည်အရေး၊ နိုင်ငံတကာ အရေးတို့နှင့် နွှယ်ယှက်နေလျှင် ပို၍ဆိုးရွားချက်ကြီးနေလိမ့်မည်။

တစ်ခါ စီးပွားရေး၊ ဘဏ္ဍာငွေရေးကြေးရေး၊ စာချုပ်စာတမ်းကိစ္စများ ၎င်းတို့နှင့်နွှယ်ယှက်နေစီမံကိန်းစီမံချက်များနှင့်ပတ်သက်သော နိုင်ငံတကာအရေးအရာ၊ သံတမန်အရေးအရာ ပုံရိပ်ကောင်းရသလို ဖိအားပေးခံရမှု ထိုးနှက်ထိပါးခံရမှုတို့ရှိမည်။

သယံဇာတမြေယာ၊ သစ်တောမြေယာ၊ လယ်ယာမြေတို့ ပါဝင်သော မြေယာမှုခင်းများ၊ အမျိုးသမီး ကလေးသူငယ်တို့နှင့်ဆက်နွှယ်နေသော မှုခင်းများ၊ လူကုန်ကူးမှုဆိုင်ရာမှုခင်း၊ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းတို့ ရှင်း... လေရှိနေဦးမည်။ ပညာရေး... ပရဟိတဆိုင်ရာ၊ ဘာသာရေး... လူမှုရေးဆိုင်ရာ၊ လူငယ်အဖွဲ့အစည်း... ဘေးဒဏ်သင့်တတ်မည်။

ဘတ်ဂျက်နှင့် ရငွေသုံးငွေ၊ ... ငွေ၊ ချေးငွေ ငွေကြေးစီမံခန့်ခွဲမှု ... ဈေးကွက်၊ စတော့ရှယ်ယာဈေး...



www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်နေနေနိုင်ရည် (တိုင်းရင်းဆေးပညာ)

# နွေရာသီမှာဖြစ်တတ်သောရောဂါများ ပြုစုကုသနည်း

ရာသီစက်ဝန်း လှည့်လည်လာခဲ့သည်မှာ ယခုဆိုလျှင် နွေရာသီသို့ပင် တစ်ပတ်လည်ရောက်ရှိ၍လာခဲ့ပါပြီ။ နွေရာသီသည် ပြင်ပဗဟိဒ္ဓသြကာသ လောကကြီးကို မိမိ၏အစွမ်းဖြင့် ပူပြင်းခြောက်သွေ့စေသည်။ လူတို့၏ အသွေးအသား၊ ခွန်အားဗလများကိုလည်း သုတ်လျှော့သောရာသီလည်း ဖြစ်ပြန်သည်။

ဤသို့ ပင်ကိုဗီဇကပင် လူတို့၏ အင်အားကို ကုန်ခန်းစေသောရာသီမှ ရာသီအလိုက် ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါများကို သိရှိစေချင်ပါသည်။ ထိုသို့ ဖြစ်လာခဲ့လျှင်လည်း ပြုစုကုသမှုများ မိဘာသာ တစ်နိုင်တစ်ပိုင် ကာကွယ်နိုင်ကြစေရန် ရည်ရွယ်၍ ဤဆောင်းပါးအား ရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

နွေရာသီ၌ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါအချို့ကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ဖော်ပြပါမည်။ ၎င်းရောဂါများမှာ -

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲ၊ ခေါင်းမူးရောဂါ၊ အပူဝင်၊ အပူငုပ်ရောဂါများ၊ မျက်စိကျိန်း၊ မျက်စိနာရောဂါများ၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်ရောဂါများ နှာခေါင်းသွေးလျှံရောဂါတို့ ဖြစ်ပါသည်။

ဤရောဂါများကို ရာသီနာဟုလည်းကောင်း၊ ဥတုနာဟုလည်းကောင်း၊ အာဂန္တုကနာဟုလည်းကောင်း ခေါ်ဆိုကြသည်။ နွေရာသီတွင်ဖြစ်တတ်သော ရောဂါများသည် လူတိုင်းတွင်ဖြစ်တတ်ခြင်းတော့မဟုတ်ပါ။ ရောဂါများကိုဖြစ်စေနိုင်သည့် နေမှုထိုင်မှု၊ စားသောက်မှုတွေနှင့် ဥတုဒဏ်၊ ရာသီဒဏ်မခံနိုင်ကြသည့်သူများသာဖြစ်တတ်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဥတုနှင့်ဆန့်ကျင်သောနေထိုင်မှုစားသောက်မှုများကို ရှောင်ကြဉ်ကြရမည် ဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းသည် အထိရောက်ဆုံး ကုသမှုပင် ဖြစ်သည်။

ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲ၊ ခေါင်းမူးရောဂါသည် ဆောင်းရာသီမှ နွေရာသီသို့ အကူးအပြောင်းတွင် ပို၍ဖြစ်တတ်လေသည်။ ခန္ဓာကိုယ်၏ ဗဟိဒ္ဓခေါ် ပြင်ပ ပထဝီဓာတ်တို့က နေရာယူပတ်ဖွဲ့ထားသည့် အခိုက်အတန့်တွင် တေဇော၊ ဝါယော ဓာတ် (၂) ပါးတို့က ထွက်ပေါက်ရှာ တိုးဝှေ့တွန်းကန်ကြခြင်းကြောင့် အရှိန်ဓာတ်၊ အဟုန်ဓာတ်တို့ စုဝေးရာ ဦးခေါင်းပိုင်းရှိ ကလာပ်စည်းနုလေးများ ရောင်ရမ်း နာကျင်ကိုက်ခဲခြင်းပင် ဖြစ်သည်။ မိမိအနေဖြင့် ဤသို့ဖြစ်ရခြင်းမှာ နေပူ၊ မီးပူတို့ကို လွန်စွာခံခြင်း၊ အချိန်မဲ့အခါမဲ့ ရေချိုးခြင်း၊ ပန်ကာလေ၊ ယပ်လေ၊ အဲယားကွန်းတို့ကို လွန်စွာခံခြင်း၊ တစ်ဖက်သတ်အပူစာများ၊ အအေးစာများကို လွန်စွာစားခြင်း၊ အပင်ပန်းခံမှုများခြင်း၊ ဆီး၊ ဝမ်းတို့ချုပ်ခြင်း စသော အကြောင်းတို့ကြောင့် ရောက်ဆဲ ဥတုနှင့် ဝိရောဓိ (ဆန့်ကျင်) ဖြစ်ပြီး ၎င်းရောဂါများကိုဖြစ်စေမည်။

၎င်းရောဂါဖြစ်လျှင် ကိုယ်ခန္ဓာရှိ အပူရှိန်များတိုးလာခြင်း၊ သွေးတိုးမှုလျင်မြန်ခြင်း၊ ချွေးများငုပ်နေတတ်ခြင်း၊ ဓာတ်ချုပ်ခြင်း (ဝမ်းချုပ်ခြင်း) ဆီးနီခြင်း၊ ဝါခြင်း၊ နည်းခြင်း၊ ကိုယ်အင်္ဂါများကိုက်ခဲခြင်းလက္ခဏာများကို ဖြစ်စေသည်။

ကြိုတင်ကာကွယ်နည်းများအနေဖြင့် -

နေပူထဲ အဆောင်းမပါဘဲ သွားမှု၊

---

...ဏ်တိုက်ဆိုင်ရာတို့၌ တိုးတက်မှုရှိ...သို မရိုးဖြောင့်မှု၊ အကျင့်ပျက်ခြစား...များကိုလည်း သိသာတွေ့ရှိလာနေလိမ့်...ည်။

အလုပ်သမား၊ လယ်သမားတို့ ...ဝင်သော အခြေခံလူတန်းစားတို့၏ ...တ်နေရေး၊ ကျန်းမာရေးတို့ကို ...စုံသက်အောင် ဖြည့်ဆည်းပေးမှု၌ ...အပ်ချက်များ ကွာဟချက်များရှိနေ ...သဖြင့် တောင်းဆိုမှုများတင်းမာ ...လိမ့်မည်။ နိုင်ငံတကာဖိအားပေးမှု၊ ...တကာအဖွဲ့အစည်းများလုပ်ဆောင် ...ပေါ်၌ မကျေနပ်မှုတို့ကြောင့် ပြည် ...တို့၏ဆန္ဒထုတ်ဖော်မှုများရှိလာတတ် ... အစိုးရအဖွဲ့၏လုပ်ဆောင်မှုအပေါ် ...သောမကျေမနပ်ချက်များကိုလည်း ...တ်ထန်ထန် ထုတ်ဖော်ပြသမှုများ ...လိမ့်မည်။

စာနယ်ဇင်းလောက၊ မီဒီယာလောက၌ တိုးတက်မှု၊ အောင်မြင်မှုရှိသလိုလို ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကိုလည်းခံရလိမ့်မည်။ ဤစာနယ်ဇင်းလောက၊ မီဒီယာလောကမှ ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းစရာဖြစ်လိမ့်မည်။ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ လူစည်ကားရာတို့၌ မတော်တဆထိခိုက်မှုများရှိတတ်မည်။

လွှတ်တော်တွင်း၊ အစိုးရအဖွဲ့တွင်းတို့မှာ အကျောက်အကန်ငြင်းခုံရမှုများ၊ အားကုန်ရုန်းကန်ပြုပြင်ပြောင်းလဲရမှုများ၊ ပြင်းထန်သော စိန်ခေါ်မှုများကို အန်တုလုပ်ဆောင်ရမှုများရှိလာမည်။လွှတ်တော်အတွင်း၊ အစိုးရအဖွဲ့တွင်း၌ ပြုပြင်ပြောင်းလဲမှု မကြာခဏဖြစ်ထွန်းရလိမ့်မည်။ အစိုးရအဖွဲ့၏ အောင်မြင်မှုပုံရိပ်ကောင်းများကို တွေ့မြင်ရသော်လည်း မနှစ်မြို့စရာ ဘေးထွက်ဆိုးကျိုးများကိုလည်း တွေ့မြင်ရလိမ့်မည်။ နိုင်ငံ့ထိပ်သီးပုဂ္ဂိုလ်တို့ ဦးနှောက်ခြောက်ရသလို ဝေဖန်ပြစ်တင်မှုကိုလည်း ရင်ဆိုင်ရလိမ့်မည်။ ထိပ်သီးပုဂ္ဂိုလ်တစ်ဦးကျန်းမာရေးညံ့တတ်မည်။ အစိုးရလွှတ်တော်တို့အား ဝေဖန်ထောက်ပြသော တက်ကြွလှုပ်ရှားသူများ၊ အတိုက်အခံများ အင်အားကောင်းလာတတ်မည်။

ရာသီဥတုဆိုးဝါးတတ်သော်လည်း အကောင်းဘက်သို့ ပိုယိမ်းတတ်မည်။ သို့သော် မိုးကြီးမှု၊ ရေကြီးရေလျှံမှု၊ ဒီလှိုင်းကြီးမှု၊ မြေငလျင်လှုပ်မှု၊ လေပြင်းထန်မှု၊ လေမုန်တိုင်းကျမှုတို့ကိုတော့ ရင်ဆိုင်ရလိမ့်မည်။

မင်းရှိန်အောင်



www.burmeseclassic.com

နေပူထဲ အလုပ်လုပ်မှု၊ မီးပူခံမှုတို့ကို လွန်စွာခံခြင်းမှရှောင်ကြဉ်ခြင်း၊ နံနက်စောစောနှင့် အေးသည့်အချိန်မျိုးတွင် ညဘက်၌ ခေါင်းမလျှော်ခြင်း၊ ပန်ကာလေ၊ လေအေး၊ အဲယားကွန်းတို့တာရှည်စွာမခံခြင်း၊ အပူတစ်ဖက်သတ်လွန်သော အစာများကိုမစားသုံးခြင်း၊ မှန်မှန်အလုပ်လုပ်၍ အားအင်ကုန်ခန်းမှုကို လျှော့ချခြင်း၊ ဆီး၊ ဝမ်းတို့ကို မှန်စွာပြုပြင်ပေးခြင်း စသည့်အကြောင်းတရားများကို ပြုပြင်နေထိုင်ကျင့်သုံးသွားလျှင် ခေါင်းအုံခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းခဲမူးဝေခြင်း၊ စိတ်မကြည်လင်ခြင်းတို့ကို ကာကွယ်ပြီးသားဖြစ်ပါသည်။

တိုင်းရင်းဆေးဖြင့် ပြုစုကုသလျှင် ချွေးငုပ်နေခြင်းမှ ထွက်ရှိလာအောင် ကွမ်းရွက်၊ ထန်းလျက်တို့ကို ပြုတ်ပြီး လူကြီးအကြမ်းပန်းကန်(၁)လုံး၊ ကလေးအကြမ်းပန်းကန် (၁) ဝက်ခန့် ပူပူမှုတ်သောက်ပါ။ နနွင်းမှုန့်ခံ၍ ရှူပေးပါ။ ကွမ်းရွက်သတ္တုရည်ကို မျက်စဉ်းခတ်ပေးပါ။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၂၅) မတဲမြင်းမိုရ်ကုန်းဆေး လက်ဖက်ရည်ဇွန်း (၁) ဇွန်းကို နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ (၃) ကြိမ် ရေနွေး (သို့) ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်ပါ။ တိုင်းရင်းဆေးအမှတ် (၁၂) စက္ကူပါလဆေး (၅) ပြားကို ညအိပ်ရာဝင် ရေအေးနှင့်သောက်ပေးလျှင် အထက်ပါရောဂါကို သက်သာပျောက်ကင်းစေပါသည်။

အပူဝင်၊ အပူငုပ်ရောဂါများသည် တေဇောအပူဓာတ် ခန္ဓာကိုယ်တွင်းဝင်ရောက်နေခိုက်တွင် ပထဝီ၊ အာပေါဓာတ်တို့က ရုတ်တရက် ပတ်ဖွဲ့လိုက်ရာမှ ဥဏှတေဇောဓာတ် ထွက်ပေါက်မရဘဲ အတွင်း၌သာ ငုပ်လျှိုးနေသည့် ရောဂါဖြစ်သည်။ ရောဂါဖြစ်ရခြင်းမှာ မိမိတို့အနေဖြင့် အအေးမိခံခြင်း၊ ရေချိုးမှားခြင်း၊ ဆီး၊ ဝမ်းတို့အချုပ်ခံခြင်း၊ အေးသောဖွဲ့သောအစာများကို လွန်စွာစားမိခြင်း၊ ပူရာမှ အေးသောဥတုနှင့် ကြုံကြိုက်ခြင်း စသောအကြောင်းတို့ကြောင့်ဖြစ်သည်။ ခံစားရမည့် လက္ခဏာများမှာ ကိုယ်တစ်ပိုင်းပူ၊ တစ်ပိုင်းအေးဖြစ်နေခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ ချွေးငုပ်ခြင်း၊ နှာရည်၊ မျက်ရည်တို့ ယိုစီးနေခြင်း၊ ဆီးပူခြင်း၊ ဆီးနည်းခြင်းနှင့် ဝမ်းချုပ်ခြင်း စသည့်လက္ခဏာများ ခံစားနေရတတ်သည်။

ဤရောဂါ ပြုစုကုသလရလျှင် နံနက်နှင့် နေ့လယ်အတွက် ဆေးခန်းသုံးဆေးအမှတ် (၁၇) သွေးဆေးနီကြီး (၅) ပြားကို ထန်းလျက်ပြုတ်ရည်(သို့)ကော်ဖီပူပူနှင့် သောက်ပါ။ ညနေဆေးအဖြစ် ဆေးခန်းသုံး ဆေးအမှတ် (၂၅) လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာကို ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်ပါ။ ညဆေးအဖြစ် ဆေးခန်းသုံးဆေးအမှတ် (၉) ဆီးဒူလာဆေး (၅) ပြားကို ရေနွေးဖြင့်သောက်ပါ။ သက်သာပျောက်ကင်းစေပါသည်။ မျက်စိကျိန်း၊ မျက်စိနာရောဂါဖြစ်ရခြင်းမှာ နေပူထဲကအပြန်အအေးခံခြင်း၊ ရေချိုးခြင်းကြောင့် အပူမိအပူဝင်ခြင်း၊ နေပူ၊ မီးပူ အခံများခြင်း၊ ဝမ်းချုပ်ခြင်း (အချို့အပူဝမ်းသက်တတ်ခြင်း) ခြေထောက်ကို ရေခဏခဏဆေးခြင်း၊ အောက်ပိုင်းကိုယ်ခန္ဓာများ အအေးမိခြင်းအကြောင်းများကြောင့် ဖြစ်တတ်သည်။

ခံစားရမည့် လက္ခဏာများမှာ မျက်စိများကျိန်းခြင်း၊ မျက်သားနီမြန်းခြင်း၊ မျက်ရည်များယိုခြင်း၊ မျက်ရိုးများကိုက်ခြင်း၊ အလင်းရောင်မကြည့်နိုင်ခြင်း၊ အလင်းရောင်မဲ့နေရာ၌နေလိုခြင်းစသောလက္ခဏာများခံစားရမည်။ ကာကွယ်ကုသနည်းများမှာ နေပူ၊ မီးပူတို့မှ ရှောင်ကြဉ်ခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်းတို့ကို အချိန်အခါမဲ့ ရေ စသော အေးသည့်အရာများမထိစေခြင်း၊ ဆီဝမ်းတို့ကို မှန်ကန်စွာ ပြုပြင်ပေးခြင်းများ ပြုလုပ်ခြင်းဖြင့် ကာကွယ်နိုင်သည်။ ပြုစုကုသနည်းအနေဖြင့် မန်ကျည်းနီခေါက်နှင့် ဆားသွေး၍ နဖူးကိုလိမ်းပေးပါ။ ဆင်တုံးမနွယ်နှင့် ဆားသွေး၍ မျက်စိကိုကွင်းပါ။ ဆီးဖြူသီးနှင့် ဆားကိုသွေး၍ကွင်းပေးနိုင်သည်။ငှက်ပျောသီးဖီးကြမ်းပျော့ပျော့ကိုစားပါ။ နံနက်အချိန်တွင် နွားနို့ကို ဆားခတ်ပြီးသောက်ပါ။ ညဘက်တွင် မန်ကျည်းဖျော်ရည်ကို ဆားခတ်သောက်ပါ။ မျက်စိစူးလျှင် နနွင်းကို ရေနွေးထဲထည့်ပြီး မှိုင်းခံပေးပါ။ သောက်ဆေးအဖြစ် နံနက်တွင် ဆေးခန်းသုံးဆေးအမှတ် (၁၆) လက်ဖက်ရည်ဇွန်း (၁)ဇွန်းကို ရေနွေးဖြင့်သောက်ပြီး ညပိုင်းတွင် စက္ကူပါလဆေး(၁၂) (၅) ပြားကို ရေအေးဖြင့်သောက်လျှင် အထက်ပါ ရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်ရောဂါဖြစ်လျှင် ခံစားရသောလက္ခဏာများမှာ ဆီးဝါခြင်း၊ နီခြင်း၊ နည်းခြင်း၊ ဆီးပူခြင်း၊ ဆီးအောင့်ခြင်း၊ ကိုယ်ခန္ဓာအထက်ပိုင်းများ ကိုက်ခဲခြင်း၊ မျက်စိများဝေခြင်း၊ မျက်လုံးများပူခြင်း၊ အာခံတွင်းများခြောက်ခြင်း၊ နှုတ်ခမ်းများကွဲခြင်းစသောလက္ခဏာများကို ခံစားရတတ်သည်။ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် တာရှည်စွာထိုင်၍ အလုပ်လုပ်ခြင်း၊ အပူထဲမှာနေခြင်း၊ နေပူထဲအသွားများခြင်းနှင့် အပူဆေး၊ အပူတက်စာများကို စားခြင်း၊ ရေခဲရေသောက်ခြင်း ရှောင်ကြဉ်ပါ။ ကုသနည်းမှာ နံနက်အိပ်ရာထတွင် ရေ ကိုဝအောင်သောက်ပါ။ နှစ်ထပ်ဆေးပြီးသော ဆန်ဆေးရည်ကို သကြားသနည်း ငယ်ထည့်၍ လူကြီးအကြမ်းပန်းကန် တစ်လုံး၊ ကလေးအကြမ်းပန်းကန် တစ်ဝက်စာသောက်ပေးပါ။ ဆူးလေပင် ပဥ္စငါးပါး (သို့) ကုလားမျက်စိပင်ပဥ္စ ငါးပါးကိုပြုတ်၍ လူကြီးအကြမ်းပန်းကန် တစ်လုံး၊ ကလေးအကြမ်းပန်းကန်တစ်ဝက် စာသောက် ဆေးကုလားမတ် သောက်ပေးပါ။ အကြမ်းပန်းကန်(၁)လုံး နံနက်တွင်သောက်ပါ။ ဆေးအမှတ်(၂၁) ဆီးဆေးဖြူ(၅)ပြားကို သံပရာဖျော်ရည် နှင့် တစ်နေ့ (၂) ကြိမ်သောက်ပါ။ ဆီးပူ ဆီးအောင့်၊ ဆီးချုပ်ရောဂါကို သက်သာ စေပါသည်။

နှာခေါင်းသွေးလျှံခြင်းဖြစ်ပါ ကာကွယ်ရန် အပူအစပ်စာများ၊ အတက် စာများ၊ ဆေးပူများ စွဲးသောက်ခြင်း ရှောင်ကြဉ်ခြင်း၊ နေပူ၊ မီးပူခံပြီးစအချိ တွင် ရေချိုးမှုမပြုခြင်း၊ ပူပြင်းသော အချိန်၌ ကိုယ်လက်လှုပ်ရှားမှုအလွ အကျူးပြုလုပ်ခြင်းတို့မှ ရှောင်ကြဉ် ပြုစုကုသနည်းမှာ နှာခေါင်းကို ရေအေ အေးသန့်သန့်ဖြင့် စင်အောင်ဆေး သပြေရွက်၊ သြဇာရွက်၊ မာလကာရွ တစ်ခုခုကို ပွတ်ခြေ၍ ရှူပေးခြ သကြားနှင့် သံပရာရည်ဖျော်၍ တို ခြင်း၊ သွေးဆေးအေးတိုက်ခြင်းများ ရင်းအပြင် ဆီးဖြူသီးစားပေးပါ။ ဝမ်းနု ပေးပါ။ ဆေးအနေနှင့် တိုင်းရင်းဆေး သုံးဆေးမှတ် (၁၆) အပူငြိမ်းဆေး လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာ ရေကျ အေးနှင့် မကြာခဏသောက်ပေး ဤဆေးကိုရှူပေးလျှင်လည်း သက် ပျောက်ကင်းစေပါသည်။

မှတ်ချက်။ ။ မကြာခဏနှာ သွေးယိုမှုဖြစ်နေလျှင် သွေးနီဥ၊ သွေ တို့ကို ကျွမ်းကျင်သူများနှင့် စစ် သင့်ပါသည်။

ဒေါ်နေနေမြ

(တိုင်းရင်းဆေးပညာ

www.burmeseclassic.com

# မိုးနောင်(ကောလင်း)

# သွေးဝမ်းသွား၊ ဝမ်းကိုက်၊ ဝမ်းနာအတွက် ထားဝယ်မှိုင်းအရွက်

စာရေးသူသည် နှစ်သစ်ကူးသင်္ကြန် အခါကြီး ရက်ကြီးဖြစ်သော ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ သင်္ကြန်အတက် နေ့ညနေတွင် ကောလင်းအနောက် (၃) မိုင်ခန့်ဝေးသော စိမ့်တွင်းတောင် အေးတောရကျောင်းမှ ဥပုသ်စောင့် ပြီး နေအိမ်သို့ပြန်ခဲ့လေသည်။

ထိုအခိုက် ရပ်ကွက်လူကြီးများဖြစ် ကြသော ဦးဖိုးဇော် (ခြင်း)၊ ဦးမောင်နိုင်၊ ဦးဘိုးဝယ်၊ ဦးသိန်းဟံတို့ ရောက်လာကြ လေသည်။

ဦးမောင်နိုင်က -

"ဆရာနီဆီဖုန်းဆက်တယ်၊ ဖုန်း မကိုင်ဘူးဗျာ။ နက်ဖြန်နှစ်ဆန်းတစ်ရက် နေ့ အန္တရာယ်ကင်းပရိတ်မွမ်းဖို့ အလှူ ခံကောက်သွားဖို့ပါ။ ဆရာထိန်လည်း ရောက်သေးဘူးဗျ"

ဦးဘိုးဝယ်က -

"ဟုတ်တယ်ဗျ၊ ခုတော့ ကောက် ပြီးသလောက်ရှိပါပြီ"

စာရေးသူက -

"အေးဗျာ ကျွန်တော်လည်း စိမ့် တွင်းတောင်သွားနေလို့ပါ။ ဒီမှာ အလှူ ငွေ နစ်ထောင်ပါ"

ဦးသိန်းဟံက -

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဦးဖိုးဇော် (ခြင်း) က အိမ်ရှေ့ ထားဝယ်မှိုင်းပန်းများကိုကြည့်ရှုပြီး -

"ဟင်-ဒီပန်းတွေက ထားဝယ်မှိုင်း ပန်းပါလား။ သိပ်ကိုရှားပါးတဲ့ပန်းပင်ပေါ့ ဗျာ။ ပြီးတော့ ဆေးဖက်လည်းသိပ်ဝင် တယ်"

စာရေးသူက -

"ဟုတ်ကဲ့ - ဘယ်လိုဆေးဖက်ဝင် တာလဲ ပြောပြပါဦးဗျ။ ကျွန်တော်က အထူးဆေးဖက်ဝင်တာတော့ သိထား ပေမယ့် မေ့သွားတယ်ဗျ"

ဦးဖိုးဇော်(ခြင်း)က -

"သွေးဝမ်းသွားတာ၊ ဝမ်းကိုက် တာ၊ ဝမ်းနာတာတွေ ပျောက်ကင်းတယ် ဗျ"

ဦးဘိုးဝယ်က -

"လာကြဗျာ။ ဒီနားမှာ နှစ်အိမ် သုံးအိမ်ကျန်သေးတယ်။ ကိုမောင်နိုင် အိမ်မှာ ဆက်ပြောကြတာပေါ့"

ထို့နောက် ငွေများကောက်ခံပြီး ဦးမောင်နိုင် အိမ်ရှေ့ခုံတန်းလျားများ၌ လူစုံတက်စုံ ထိုင်မိကြသောအခါတွင် ဦးမောင်နိုင်က -

"ဆရာနီရဲ့ပန်းပင်တွေက ထားဝယ် မှိုင်းနော်။ အဲဒါဘယ်ကမျိုးရတာလဲဗျာ"

စာရေးသူက -

"ကျွန်တော့်အမေအိမ်ကရတာပါ။ အမေက အောက်ပိုင်းက မျိုးတောင်း လာခဲ့တာထင်တယ်။ အမေတို့အိမ်မှာ မီးလောင်တာတောင် အမြစ်ကနေပြန် ပေါက်ခဲ့တာဗျ။ ကျွန်တော်လည်း ခြံ အပြင်ဘက်နှစ်ဖက်စလုံးစိုက်ထားတာ။ အပင်တွေက တအားသန်တယ်ဗျာ။ ထူးထူးခြားခြားစိုက်ထားတာပေါ့ဗျာ"





ဦးဘိုးဝယ်က -

"ကိုင်းချိုးစိုက်ရင်ရသလားဗျ"

ဦးဖိုးဇော် (ခြင်း) က -

"ရတာပေါ့ဗျာ"

စာရေးသူက -

"ထားဝယ်မှိုင်းက ဘယ်ဒေသမှာ ပေါသလဲဗျ"

"ကျောက်ဆည်မှာ ပေါပါတယ်။ မန္တလေးဘက်ရောပေါ့ဗျာ"

"အဲဒီလိုဆိုရင် အပူပိုင်းဒေသတွေ မှာရှိနိုင်တာပေါ့နော်"

"သိပ်ရှိတာပေါ့ဗျာ"

"ဆေးဖက်သုံးနည်းကိုလည်း ပြော ပြပါဦးဗျ"

"ထားဝယ်မှိုင်းအရွက်ကို သွေးဝမ်း သွားတာ၊ ဝမ်းကိုက်တာ၊ ဝမ်းနာတာတွေ အတွက် အသုံးပြုရပါတယ်။ နုရင်ပြုတ် သုပ်စားရတယ်။ ရင့်ရင်ကြော်စားရ တယ်။ မုန့်နှစ်နဲ့မြင်းခွာရွက်ရောပြီးကြော် စားသလိုကြော်စားရတယ်။ ကြက်ဥနဲ့ လည်း ကြော်စားလို့ရတယ်။ ဗယာကြော် နဲ့လည်းမြှုပ်စားရတယ်။ သွေးဝမ်းသွား တာ၊ ဝမ်းကိုက်တာ၊ ဝမ်းနာတာတွေ ပျောက်ကင်းပါတယ်။ အထူးသဖြင့် အပူ ကိုနိုင်နင်းတယ်ဗျ"

"ဟုတ်လား၊ ကျွန်တော့်သူငယ်ချင်း ခ်ီးပိန်ကလည်း အရွက်ကိုသုပ်စားရတယ် လို့ ပြောဖူးတယ်ဗျ။ ကျွန်တော်ကတော့ အပွင့်ကမွှေးလို့၊ ညဘက်ဆို ညမွှေးပန်း လို ပိုမွှေးလွန်းလို့ စိုက်သာစိုက်ထားရ တာ သိပ်တော့မသိဘူးဗျ။ ဒါဆိုရင် ကျွန်တော်က သူရဿမဂ္ဂဇင်းကို ဆေးဖက် ဝင်ဆောင်းပါးရေးပြီး ကိုဖိုးဇော် ပြောပြ တာကိုပါ ထည့်ရေးလိုက်ဦးမယ်နော်"

"ရေးလိုက်လေဗျာ။ နို့ပြီး ဒါက ကျုပ်ဖခင် မြန်မာသမားတော်ကြီး ဦးအုန်းခိုင်က လက်တွေ့ကုသလို့ ပျောက်ကင်းခဲ့တဲ့ ဆေးနည်းပဲဗျ။ ရှေးဘုရင်အစဉ်အဆက်က ဖခင်ရဲ့ ဘိုးဘေးတွေကုသခဲ့တဲ့ ဆေးနည်းတစ်ခု ပေါ့ဗျာ"

(ဤဆောင်းပါးအတွက် ဆေးနည်း ပြောပြ၍ ခွင့်ပြုပေးပါသော ဦးဖိုးဇော် (ခြင်း) အား အထူးကျေးဇူးတင်ရှိပါ သည်။)


(မှတ်ချက် - ထားဝယ်မှိုင်းသည် အပွင့် အဖြူ၊ အနီ၊ ပန်းရောင် အဆုပ် လိုက်ပွင့်သော အမြင့်တက်နွယ်ပင်ကြီး မျိုး ဖြစ်သည်။)

မိုးနောင် (ကောလင်း)



www.burmeseclassic.com

www.burmeseclassic.com



# ပဟေဠိဆန်သောလူသေမှုများ

## ထွန်းတောက်

၁၉၆၈ ခု နှစ်လယ်ပိုင်းတွင် ဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည်လည်း တပ်ထဲသို့ဝင်ရောက်ခါစ တစ်နှစ်ပင်မပြည့်သေး။ အသက်(၁၈)နှစ်အရွယ် တပ်သားသစ်တစ်ယောက်မျှသာရှိသေးသည်။ စစ်သားဖြစ်ချင်သည့်စိတ်ကြောင့် စစ်သားတို့၏အကြောင်းကိုပင် လေ့လာလာမရှိခဲ့ဘဲ တပ်မတော်ထဲသို့ဝင်

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာခဲ့သည်။

(၁၀) တန်းကိုဖြေဆိုပြီးနောက် တပ်မတော်ထဲသို့ဝင်လာခဲ့ရာ (၁၀)တန်းအောင်သည်ကိုပင်မသိခဲ့ပေ။ စင်စစ်တွင် (၁၀) တန်းအောင်ပြီးမှ ဗိုလ်သင်တန်းလျှောက်ကာ စစ်တက္ကသိုလ်ကိုတန်းတက်ခဲ့လျှင် ယခုအချိန်တွင် အနည်းဆုံး ဗိုလ်လောင်းတစ်နေရာတွင်ရှိနေနိုင်သည်။ ထိုကဲ့သို့မသိတတ်ခဲ့ဘဲ တပ်ထဲသို့တန်းဝင်လာခဲ့၍လည်း ယခုလို အောက်ခြေတပ်သားဘဝမှစခဲ့ရခြင်း ဖြစ်သည်။

ယခု ကျွန်တော်တို့၏တပ်စခန်းတည်နေရာမှာ သရက်ခရိုင် မင်းလှမြို့၏ အနောက်တောင်ဘက် ရေနံမ အမည်ရှိသောတိုက်နယ်မြို့ (မြို့နယ်ခွဲ)လေးတွင်ဖြစ်သည်။

ဤနေရာနှင့် ပတ်ဝန်းကျင်တွင် ရခိုင်ရိုးမကြီး၏တောင်ဆွယ်တောင်လက်မောင်းဖြစ်သော တောတန်းငယ်များ၏ အကြား၌ ရွာကြီးရွာငယ်အသွယ်သွယ်တို့ရှိနေကြသည်။ ရွာသူရွာသားများမှာ တောင်ယာကိုင်းခင်းလယ်လုပ်ခြင်းဖြင့် အသက်မွေးကြသည်။

ဤပတ်ဝန်းကျင်သည် တောတောင်များ အဆက်မပြတ်ရှိနေပြီး သစ်တောဝါးတောများလည်း ထူထပ်သောကြောင့် မြေအောက်လှုပ်ရှားရေးအဖွဲ့များအဖို့ အဆင်ပြေသည့်အတွက် အကာအကွယ်ရသည့်သဘောဖြစ်နေလေသည်။

ထို့ကြောင့်လည်း ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရတက်လာသည်မှ သဘောထားများကွဲပြားကာ တောခိုသွားကြသည့်အထဲတွင် ဗိုလ်သက်ထွန်းဦးစီးသည့်ရခိုင်ရိုးမကြီးထဲက မြန်မာပြည်





www.burmeseclassic.com

www.burmeseclassic.com

ကွန်မြူနစ်ပါတီအမည်ရှိ ဗကပတို့သည် ဤပတ်ဝန်းကျင်၌ နေ့နေ့ညည ဝင်ထွက်သွားလာလျက် လက်နက်၊ ရိက္ခာနှင့် ဆက်ကြေးကောက်ခံခြင်း၊ တပ်သားသစ်စုဆောင်းခြင်းများကိုလည်း မပြတ်ပြုလုပ်နေကြသည်။

ရွာတိုင်းကို သူပုန်တစ်ယောက်ရအောင်ဖန်တီးပြီး ထိုသူပုန်ကပင် အနည်းဆုံး နောက်သုံးယောက်တိုးရအောင် ဖန်တီးထား၍ ရွာတိုင်းမှာပင် ရွာခံ၊ နယ်ခံအဖြစ် အနည်းဆုံး သူပုန် သုံး၊ လေးယောက်ရှိနေသောကြောင့် ထိုထိုပတ်ဝန်းကျင်တွင်၌ ဝင်ရောက်လှုပ်ရှားနေကြသော ကွန်မြူနစ်၊ ဗကပတို့အား ချေမှုန်းနှိမ်နင်းရန်မလွယ်ကူဖြစ်နေရသည်။

ထို့နောက် ပတ်ဝန်းကျင် သူပုန်အဖွဲ့များ ရခိုင်ရိုမကြီးထဲက အခြေစိုက်/အမာခံပြုကာ ခြေကုပ်ယူထားကြသည့် သူပုန်အဖွဲ့များ စုပေါင်းပြီးလည်း အားနည်းပြီး ကုန်ကြောင်း၊ ရေကြောင်းဆက်သွယ်ရန်ခက်ခဲသည့် ဂါတ်တဲဂါတ်စခန်းစသည်များကို အင်အားသုံးလျက် တိုက်ခိုက်သိမ်းပိုက်ပြီး အောင်ပွဲခံကာ အင်အားပြသခြင်း။

ရွာသူကြီး၊ တိုက်သူကြီး စသောပုဂ္ဂိုလ်များကိုလည်း အစိုးရဘက်တော်သားများ၊ သတင်းပေးသူများ၊ သူလျှိုများဟု အမျိုးမျိုးအကြောင်းပြပြီး စွပ်စွဲသတ်ဖြတ်ကာ ထိုထိုအကြောက်တရားဖြင့်ပင် ရွာသူရွာသားများအား ဖုံးလွှမ်းထားကြ၍လည်း သူတို့၏ သတင်းအချက်အလက်များကိုရရှိရန် ခက်ခဲနေပြန်သည်။

ထို့ကြောင့်ပင် ကျွန်တော်တို့ တပ်ဖွဲ့များ ရေနံမမြို့နယ်ခွဲတွင် ရုံးစိုက်ပြီး နယ်မြေလုံခြုံရေး၊ ဥပဒေစိုးမိုးရေးနှင့် သောင်းကျန်းသူ ဗကပတို့အား အမြစ်ဖြုတ်ချေမှုန်းရေးကိစ္စများကို ဆောင်ရွက်နေကြရသည်။ သို့သော်လည်း ဆိုခဲ့သည့်အတိုင်း ရွာတိုင်းမှာပင် သောင်းကျန်းသူများမလွယ်၊ ကြိုးစားသလောက် ခရီးမပေါက်ဖြစ်နေရသည်။ ဖြည်းဖြည်းလုပ်ပြီး တစ်ရစ်ချင်းဖြုတ်ရမည့်သဘောကိုဆောင်နေလေသည်။

ထိုအချိန်က ဖွဲ့စည်းပုံအရ ကျွန်တော် ထမ်းဆောင်ရသည်မှာ တပ်ရင်းမှူး၏ အနီးကပ်ထောက်လှမ်းရေးတပ်စိတ် (တပ်သား) ဖြစ်ပြီး တပ်ရင်းမှူးရုံးအဖွဲ့တွင် မြေပုံတင်ခြင်း၊ ဝင်ထွက်မှတ်တမ်းများရေးသားခြင်း၊ ထောက်လှမ်းရေးအရာရှိ၏ ကြေးနန်းစာများကိုဝှက်စာဝှက်ခြင်း စသည်များကို တာဝန်ယူပြီး ဆောင်ရွက်ရသည်။

❑

သည်နေ့ သိပ်ပြီးအလုပ်မများပေ။ ထို့ကြောင့် ကျွန်တော် လုံခြုံရေးမောင်းတံဂိတ် (ရေနံမမြို့နယ်ခွဲထဲသို့ ဝင်ထွက်ဂိတ်)ထဲတွင် ဂိတ်စောင့်တာဝန်ကိုယူနေရသော လုံခြုံရေးလက်ဖြောင့်တပ်သားလည်းဖြစ်သည့် သူငယ်ချင်း ကျော်ကိုကိုဆီသို့ရောက်နေသည်။ ကျော်ကိုကိုနှင့် ထွေရာလေးပါးစကားပြောနေကြရာမှ ဂိတ်ဆီသို့ ဦးတည်ပြီး မောင်းလာနေသော နွားလှည်းတစ်စီးကိုတွေ့ရသည်။

နွားလှည်းပေါ်တွင် လူနာလား၊ အဝတ်ထုပ်လား၊ စောင်ထုပ်လားတစ်ခုခုကိုတင်ယူလာပြီး နွားလှည်း၏ နောက်မှ လူကြီးသုံးယောက် ခြေကျင်လျှောက်ကာ လိုက်လာနေကြသည်ကိုလည်း တွေ့ရသည်။

ဂိတ်ဝနှင့် ဆယ်လံခန့်အနီးသို့ ရောက်လျှင် နွားလှည်းရပ်သွားသည်။ ထို့နောက် နွားလှည်းမောင်းသူက တစ်စုံတစ်ခုကိုပြောလိုက်၍ နောက်မှလူကြီးတစ်ယောက်သည် ရှေ့သို့တက်လာပြီး ကျော်ကိုကိုအားပြောသည်။

"ရဲဘော်ကြီး၊ ရဲစခန်းကကျွန်တော်တို့ကို ခေါ်ထားလို့ ဝင်ခွင့်ပြုပါ"

"ဦးကြီးတို့က ဘယ်ရွာကလဲ၊ ဘယ်လိုအကြောင်းကိစ္စများရှိလို့ပါလဲ"

"လက်ပန်တံခါးရွာကပါ။ လူသေမှုတစ်ခုဖြစ်လို့ သေမှုသေခင်းစစ်ဆေးဖို့ဆိုပြီး ခေါ်ထားတာပါ။ ကျွန်တော်တို့ လူကြီးသုံးယောက်က သေသူရဲ့ဆွေမျိုးတွေပါ"

ထိုဦးကြီးက ကျော်ကိုကိုအား ပြောပြနေသည်ကို နားထောင်ရင်း မျက်လုံးကျယ်သွားသည်။ လူသေမှုဆို၍ စပ်စုချင်နေသော ကျွန်တော်အဖို့ သိချင်စရာလည်းဖြစ်သွားရလေသည်။ သို့မှလှည်းပေါ်တွင်လာသောအထုပ်မှာ စောင်၊ အဝတ်တစ်ခုမှမဟုတ်ဘဲ လူသေအလောင်းကောင်ကြီးဖြစ်နေကြောင်းကိုလည်း သိလိုက်ရသည်။

ဤဒေသသည် အဖြူ၊ အမည်းမရှင်းသေးသည့်အလျောက် မကြာခဏဆိုသလိုပင် လုယက်၊ တိုက်၊ ခိုး၊ သတ်ဖြတ်စသောမှုခင်းများဖြစ်လေ့ရှိသည်။

နွားလှည်းလည်း တဖြည်းဖြည်းမောင်းလာနေ၍ ဂိတ်ဝနားသို့ရောက်လာ၏။ ထို့ကြောင့် ကျွန်တော်မတ်တတ်ရပ်ပြီး ပြူးတူးပြဲတဲစူးစမ်းသောအမူအရာဖြင့် လူသေအလောင်းကိုကြည့်လိုက်၊ နွားလှည်းမောင်းသူကိုကြည့်လိုက်လုပ်နေ၍ထင်သည်။

နွားလှည်းမောင်းသူက -

"သေဆုံးသူအမည်က ကိုမာအေးပါ။ လွန်ခဲ့တဲ့နှစ်ရက် ည(၉)နာရီကျော်လောက်မှာ ရွာနောက်ဘက် တစ်မိုင်ကျော်အကွာ ရိုးမတောစပ်ဘက်ကို ဖားရိုက်သွားရင်း သစ်ပင်ကြီးတစ်ပင်အောက်မှာ လဲကျပြီးသေဆုံးနေတာကို မနက်ကိုးနာရီလောက်မှ နွားကျောင်းသားလေးတွေသွားတွေ့လို့ ဥက္ကဋ္ဌကြီး ဦးပေါက်စီကိုပြောပြပြီး ဦးပေါက်စီက တစ်ဆင့် ရဲစခန်းကိုတိုင်ကြားလိုက်လို့ အခု လူသေအလောင်းကို စစ်ဆေးဖို့လာပို့ကြတာပါ။ကိုမာအေးမှာ ဇနီးသည် မအေးပုံနဲ့ ငါးနှစ်သမီးလေးတစ်ဦးရှိပါတယ်။ ကိုမာအေးက လူအေးလူကောင်းလေးဖြစ်လို့ ရန်ဆူးရန်စလည်းမရှိပါဘူး။ ဒါကြောင့် အခု ကိုမာအေးသေဆုံးခြင်းနဲ့ပတ်သက်ပြီး အရမ်းပဲထူးဆန်းနေပါတယ်"

ထိုသို့ နွားလှည်းမောင်းသမားက ပြည့်ပြည့်စုံစုံပြောပြသည်။ ကိုမာအေးမှာ ရန်သူမရှိဘဲ ထူးဆန်းစွာဖြင့်သေဆုံးသွားရသည်ဟု သိလိုက်ရ၍လည်း ကျွန်တော်ပိုပြီးစိတ်ဝင်စားသွားမိသည်။ သို့သော်လည်း ကိုယ်နှင့်မဆိုင်သောကြောင့် စပ်စုမေးမြန်းခြင်းမပြုမိပေ။

ကျော်ကိုကိုက မောင်းတံကိုဖွင့်ပေးလိုက်၍ အလောင်းတင်လာသော နွားလှည်းကို ရဲစခန်းရှိရာဘက်သို့ ဆက်မောင်းသွားကြလေသည်။

❑

ကျွန်တော်အိပ်မပျော်ဖြစ်နေ၏။ အလောင်းကိုပတ်ထားသောဖျာလိပ်ကြီးကိုသာ မြင်ယောင်နေမိသည်။ ည (၁၀) ထိုးနေပြီ။ ထို့ကြောင့် အိပ်ပျော်အောင် မကြိုးစားဘဲ လူးလှိမ့်ထကာ ကျော်ကိုကိုဆီကိုသွားသည်။ ကျော်ကိုကို ရေနွေးထိုင်သောက်နေသည်။

"သူငယ်ချင်း၊ နေ့လယ်ကကိစ္စ ငါမရှင်းဘူးကွ။ ဒါကြောင့် အိပ်မရလို့ မင်းဆီလာခဲ့တာ. အဲဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းဘာတွေသိထားသေးလဲ"

"ဘာအကြောင်းတုံး"

"နေ့လယ်က ဖျာနဲ့ပတ်လာတဲ့ လူသေအကြောင်းလေကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - အဲတာက ရဲအလုပ်ပဲလေ၊ တို့နဲ့မှမဆိုင်တာ။ ငါတာဝန်ချိန်ပြီးတဲ့အထိလည်း အဲဒီလူတွေထွက်မလာကြသေးတော့ ငါလည်းဘာမှတိုးပြီးမသိပါဘူး"

ကျော်ကိုကို့အဖြေကို ကျွန်တော်မကျေနပ်ပေ။ ထို့ကြောင့် ဘဝင်မကျလည်းဖြစ်နေမိသည်။ ထိုအကြောင်းကိုလည်း ကျွန်တော်နားလည်ချင်နေသည်။

"မင်းအပြောကို ငါမကြိုက်ဘူး ကျော်ကို။ သူတို့ပြောတဲ့အတိုင်းသာဆိုရင် အဲဒီလူသေဆုံးသွားတာဟာ သက်သည်မပေါ် ဆိုမဟုတ်လား။ အဲဒီတော့ သေသူအဖို့ပိုပြီးမနစ်နာဘူးလား။ ဒါ့အပြင် ငါသိချင်နေတာက အဲဒီလူသေမှုကဆန်းနေတယ်ကွ။ လုံးဝရန်ငြိုးရန်စမရှိဘဲ အသတ်ခံရတယ်ဆိုတော့ စဉ်းစားစရာပဲလေ"

"တော်စမ်းပါကွာ၊ ဘာလဲ မင်းကဒွားလော့ဟုန်းလုပ်ချင်နေသလား။ ကိုယ့်အလုပ်ကိုလုပ်၊ သူများအလုပ်သွားလုပ်ရင် ဝါးရင်းတုတ်နဲ့ အံအုပ်ခံရတတ်တယ်"

ဟုပြောပြီး ကျော်ကိုကိုကနောက်သလိုပြောင်သလိုနှင့်ရယ်နေလေသည်။ ထို့ကြောင့် ကျွန်တော် သာ၍ပင် ဘဝင်မကျဖြစ်ပြီး သတ်မတစ်ချက်ချလိုက်မိသည်။

သိချင်နေသော ထိုလူသေ၏အကြောင်းကိုလည်း သိခွင့်မရ။ ကျော်ကိုကိုနှင့် စကားပြော၍လည်း အကြိုက်သဖြင့် ကျွန်တော်တစ်ယောက်တည်း တွေဝေနေပြီးနောက် ပြန်လာခဲ့၏။ အိပ်ရာသို့ပြန်ရောက်ပြီးနောက်လည်း အတော်ကလေး ညဉ့်နက်သည်အထိ ထိုအကြောင်းကိုပင် ဆက်တွေးနေမိသည်။

ထို့နောက် သုံးလခန့်အကြာတွင် တစ်စိတ်တစ်စိတ်နှင့် ရဲ၊ ပြည်သူ့စစ် စုစုပေါင်း အင်အားသုံးဆယ်ကျော်တို့ ထိုရွာသို့သွားရန် အကြောင်းပေါ်လာခဲ့သည်။ ထို့ကြောင့် ကျွန်တော် ဝမ်းသာသွားပြီး တပ်စုမှူး ထောက်လှမ်းရေးအရာရှိထံ သွား၍ခွင့်တောင်းသည်။

"ဗိုလ်ကြီး၊ ကျွန်တော် ပူးပေါင်းအဖွဲ့နဲ့ အဲဒီရွာကိုလိုက်သွားချင်ပါတယ်"

"ဘာလုပ်ဖို့တုံး"

တပ်စုမှူးသည် ဖတ်လက်စစာအုပ်ပေါ်မှ မျက်နှာမခွာဘဲ အသံကြီးဖြင့်မေးသည်။

"မရောက်ဘူးလို့လိုက်သွားချင်တာပါ။ နယ်မြေဗဟုသုတလည်းရတာပေါ့"

"မင်းကဘာတွေဗဟုသုတလိုနေလို့လဲ"

"ဟို - နောက်သုံးလလောက်ကပဲ အဲဒီရွာက ရဲစခန်းကိုသွားပို့ကြတဲ့လူသေမှုဟာ အရမ်းထူးဆန်းနေလို့ ကျွန်တော်သိချင်နေပါတယ်။ ဒါကြောင့်ပါ"

တပ်စုမှူးသည် ဖတ်လက်စစာအုပ်ကို စားပွဲပေါ် တင်ထားလိုက်ပြီး မျက်မှန်ကိုချွတ်ကာ -

"အဲတာ မင်းနဲ့ဘာဆိုင်လို့တုံး၊ မှုခင်းဆိုတာက ရဲအလုပ်ပဲလေ"

"ဆိုင်တော့မဆိုင်ပါဘူး၊ ဒါပေမယ့် အဲဒီအကြောင်းကို ကျွန်တော်အရမ်းသိချင်နေပါတယ်"

"အေး - လိုက်မယ်ဆိုရင် လိုက်သွား၊ ဒါပေမယ့် ဆရာကြီးမြင့်ဆွေကို အသိပေးပြီးမှသွားပါ။ ဟိုရောက်ရင်လည်း သူများအလုပ်ကိုဝင်မရှုပ်နဲ့"

❑

အရှေ့နှင့်အနောက်ကိုသွယ်တန်းထားသော ရွာဂန်းရှည်ကြီးဖြစ်သည်။ သစ်ဝါးတွေပေါ်သောအရပ်ဖြစ်သည့်အလျောက် ပျဉ်စီပျဉ်ထောင်သစ်သားအိမ်များ၊ သစ်သားတိုင်တန်းနှင့် သက်ငယ်မိုး၊ ဝါးခင်းဝါးကာအိမ်များကို အတန်းလိုက်ဆောက်လုပ်ထားကြသည်။

ခြံဝိုင်းကြီးများကလည်း ကျယ်သည်။ တချို့မှာ လေး၊ ငါးဧကခန့်အထိပင်ရှိနိုင်သည်။ ခြံတိုင်းမှာပင် သရက်၊ ပိန္နဲ၊ ကျွဲကော၊ မာလကာ စသော သီးပင်စားပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။



ရွာဦးနှင့် ရွာလယ်တွင် ခရီးသွားဧည့်သည်များတည်းခိုနေထိုင်ရန်အတွက် ရည်ရွယ်ပြီး ဆောက်လုပ်ထားဟန်ရှိသောဇရပ်ကြီးက နှစ်ဆောင်။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူထားသောစေတီတော်ကြီးနှင့် သစ်သားများဖြင့် ဆောက်ထားသော ရေနံချေးဝကာ အနက်ရောင်ထနေသည့် ဘုန်းတော်ကြီးကျောင်းမှာလည်း ထည်ဝါခံ့ညားလှသည်။

ရိုးပေါက်တောင်ကျချောင်းကြီးကလည်း ရွာနံဘေးကအလျားလိုက်စီးဆင်းနေသည်။ နွေရာသီတွင် ရေပေါင်လယ်ခန့်မျှသာရှိသော်လည်း မိုးရာသီတွင် တောင်ကျရေများရွာထဲတိုင်အောင် လွှမ်းတက်လေ့ရှိသည့်အကြောင်း ရွာသားများကပြောပြကြသည်။

ရွာဘေးချောင်းရိုးတစ်လျှောက် သဲသောင်ပြင်ကြီးကလည်းဖွေးဖွေးဖြူနေသည်။ သဲသောင်ပြင်ကြီးနှင့်တစ်ဆက်တည်း တောင်ကျချောင်းကြီး၏ကမ်းနဖူးများတွင် ပဲ၊ ပြောင်း၊ နှမ်း စသောကိုင်းပင်များဖြင့် စိမ်းစိုလျက်ရှိသည်။

ရွာ၏ပတ်ဝန်းကျင်များတွင်လည်း လယ်ကွင်းများ၊ ကိုင်းခင်းများ၊ ဥယျာဉ်ကလေးများရှိပြီး ဥယျာဉ်လေးများနှင့်တစ်ဆက်တည်းဖြစ်သည့် တောင်တန်းငယ်များမှသည် အဆင့်ဆင့်မြင့်လျက် ရခိုင်ရိုးမကြီးတိုင်အောင်ပင် ဆက်၍သွားလေသည်။

သစ်တော၊ ဝါးတောကြီးများထူထပ်ကာ အလျား၊ အနံ့ကျယ်ပြန့်သည့် ရခိုင်ရိုးမကြီးနှင့် တစ်ဆက်တည်းရှိနေ၍ပင် 'ဥတုရာသီတောကိုမှီ' ဆိုသည့်အတိုင်း ရာသီဥတုပိုမိုကောင်းမွန်သောကြောင့် လယ်ယာနှင့်ရာသီပေါ်စိုက်ခင်းများ၊ ဥယျာဉ်ခြံမြေများ ဖြစ်ထွန်းပြီး ကျွဲ၊ နွား စသော မွေးမြူရေးတို့တွင်လည်း ပေါက်မြောက် အောင်မြင်နေကြ၍ထင်သည်။ တစ်ရွာလုံး မပေါမရှားနေနိုင်၊ စားနိုင်ကြသည့် အခြေအနေကိုလည်း တွေ့ရသည်။

ဤမျှလောက်အထိ အဆင့်မီပြီး အဆင်တပြေရှိနေသည့်ကျေးရွာများဖြစ်ပါလျက် ပတ်ဝန်းကျင်တွင် မကြာခဏဆိုသလို လူသတ်မှု၊ လူသေမှုများဖြစ်နေရသည်ကိုလည်း အံ့ဩမိသည်။

ထိုအထဲမှ သာ၍ ထူးဆန်းပြီး အံ့ဩဖွယ်ဖြစ်ရသည်မှာ ဒဏ်ရာလည်းပြောလောက်အောင်မရှိ။ သတ်ဖြတ်သူလက်သည်လည်းမပေါ်ဘဲ တစ်လောက



www.burmeseclassic.com

www.burmeseclassic.com

နွားလှည်းဖြင့်တင်ယူလာကြသော လူသေအလောင်းကဲ့သို့ သေဆုံးနေကြရသည့်အဖြစ်ကိုမူ ပိုပြီးပင်နားမလည်နိုင်ဖြစ်ရသည်။

ရှိုးရာဟုပင်ဆိုရမည်လား၊ ပတ်ဝန်းကျင်တောတောင်ထဲက နတ်ဆိုး၊ နတ်ဘီလူးကြီးများပင်သတ်ဖြတ်နေကြလေသလားအတွေးရခက်သည်။ ထို့ကြောင့် 'တောင်သူသေ မြေယိုး' ဆိုဘိသို့ ကိုယ်နှင့် တိတိကျကျမပတ်သက်သည့်တိုင်အောင် စိတ်ထဲတွင် မကောင်းလွန်း၍ ကျွန်တော်အမျိုးမျိုးစဉ်းစားနေမိသည်။

ပတ်ဝန်းကျင်နှင့်ရာသီဥတုကောင်းမွန်ပြီး လုပ်စားကွင်းများလည်း ပြည့်ပြည့်စုံစုံရှိနေပါလျက် မငြိမ်းနိုင်ဖြစ်နေကြရသောသူတို့အတွက် ကျွန်တော်စိတ်မကောင်းနိုင်ပေ။ ငြိမ်းချမ်းသောပတ်ဝန်းကျင်နှင့် သာယာသောရွာကလေးများဖြစ်စေချင်လှသည်။

❑

"ဆရာကြီး၊ ဟိုဘက်တောစပ်ကသစ်ပင်ကြီးနားမှာ လူတစ်ယောက်လဲနေတာမြင်လို့ သွားကြည့်ကြတော့ သေဆုံးနေတာတွေ့ရပါတယ်။ စစ်ကြည့်ကြတော့လည်း ဘာဒဏ်ရာမှမတွေ့ရဘူး။ အဲ့တာ ဆရာကြီးလိုက်ကြည့်ပါဦး"

ဟု ရဲသားလေးတစ်ယောက်က သတင်းလာပို့သည်။

ထိုအချိန်က ကျွန်တော်၊ ရဲဘော်သက်ဦးနှင့် ဆရာကြီးဦးမြင့်ဆွေတို့ ရွာမြီးပိုင်းက အိမ်တစ်အိမ်တွင် အိမ်ရှင်ဦးကြီးတစ်ယောက်တည်ခင်းဧည့်ခံသောရေနွေးကိုသောက်ပြီး ရွာအကြောင်း၊ ပတ်ဝန်းကျင်အကြောင်းများကိုပြောနေကြသည်။

ဆရာကြီးဦးမြင့်ဆွေက သတင်းလာပို့သောရဲသားလေးအား -

"မင်းတို့ ရဲတပ်ကြပ်ကြီးကောဘယ်မှာလဲ"

ဟု မေးသည်။

"အဲဒီလူသေအလောင်းနားမှာပါ ဆရာကြီး။ ဒါကြောင့် ဆရာကြီးကိုလည်း လာကြည့်စေချင်တယ်ဆိုပြီးပြောလိုက်လို့ ကျွန်တော်လာခဲ့တာပါ"

"အေးအေး"

ဟုပြောပြီး ဆရာကြီးဦးမြင့်ဆွေက အိမ်ရှင်ဦးကြီးအား -

"ဦးကြီးလည်း အပန်းမကြီးဘူးဆိုရင် ရွာသူကြီးကိုခေါ်ပြီး လူသေအလောင်းရှိတဲ့နေရာကို လိုက်လာစေချင်တယ်"

ဟု ပြောလိုက်ရာ ဦးကြီးက -

"အေး - မင်းတို့သွားနှင့်ကြပါ။ ငါဥက္ကဋ္ဌကြီးနဲ့နောက်ကလိုက်လာခဲ့မယ်"

ဟု ပြောလိုက်သော်လည်း အဘယ်ကြောင့်မှန်းမသိ၊ ထိုဦးကြီးနှင့် ဥက္ကဋ္ဌကြီးတို့ လိုက်မလာကြပေ။

ကျွန်တော်တို့လည်း ရဲသားလေးနှင့်အတူ ရွာထဲမှထွက်၍ တစ်မိုင်ကျော်ကျော်လောက်ကိုရောက်လျှင် သစ်ပင်ကြီးတစ်ပင်အောက်၌ ရဲတပ်ကြပ်ကြီးဦးသောင်းကြည်နှင့်အဖွဲ့ဝင်များ ဝိုင်းအုံနေကြသည်ကို လှမ်းမြင်ရလေသည်။ အလောင်းကို ကြည့်ရှုစစ်ဆေးနေကြခြင်းပင် ဖြစ်ပေမည်။

အနားသို့ရောက်တော့ ကျွန်တော်တို့လည်း ရဲသားများနည်းတူ ဝိုင်းအုံပြီးကြည့်ကြသည်။ အလောင်းမှာ ဒဏ်ရာဟူ၍ မည်မည်ရရမတွေ့ရဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"လွန်ခဲ့တဲ့ (၅) နာရီလောက်ကသေဆုံးတာဖြစ်မယ်"

ဟု ရဲတပ်ကြပ်ကြီး ဦးသောင်းကြည်က မှတ်ချက်ပြုသည်။ သို့သော်လည်း အလောင်းသည် မာတောင့်ခြင်းမရှိဘဲ ပျော့ပျောင်းနေဆဲ ဖြစ်သည်။

ဖျင်ကြမ်းပုဆိုးနှင့်ပင်နီတိုက်ပုံကိုဝတ်ဆင်ထားသည်။ ပင်နီတိုက်ပုံကိုကြယ်သီးတပ်မထားပေ။ အသက် (၃၀) ဆယ်ဝန်းကျင်ခန့်ရှိကာ တောင့်တင်းသောကိုယ်လုံးဗလလည်းရှိသည်။

ရဲတပ်ကြပ်ကြီးဦးသောင်းကြည်က-

"ကိုမြင့်ဆွေရေ သေမှုသေခင်းက အရင်လူလိုပဲဗျ။ ခုနဆို ကျွန်တော်ရောက်ပြီးမှ ဒါမျိုးသေတာနှစ်ယောက်တောင်ရှိသွားပြီ"

ဆရာကြီးဦးမြင့်ဆွေလည်း ဘာမှမပြောသေးဘဲ နားမလည်စွာဖြင့်သာငေးစိုက်ကြည့်နေသည်။

ထို့နောက် ဒဏ်ရာမဲ့သေဆုံးပုံထူးဆန်းနေ၍ မယုံနိုင်အောင်ဖြစ်ကာ တစ်စုံတစ်ခုသော ဒဏ်ရာဒဏ်ချက်ကိုတွေ့လိုတွေ့ငြား ကိုယ်ကအဝတ်များကို ဖယ်ပြီး မှောက်လှန်ကြည့်ကြသည်။ ခပ်စွာစွာသဘောရှိသော ကျွန်တော်လည်း လူအုပ်ကြားထဲ အတင်းတိုးဝှေ့ကြည့်ရာ ဆရာကြီးမြင့်ဆွေက -

"ဟေးဟေးဟေး - မင်းအလုပ်လား၊ သူတို့အလုပ်သူတို့လုပ်ပါစေ။ နောက်ဆုတ်"

ဟု ဟောက်ထုတ်လိုက်သဖြင့် ကျွန်တော်လည်း လန့်ဖျပ်ပြီး နောက်သို့ရောက်သွားသည်။

"ဆရာကြီးကလည်းဗျာ၊ အထူးအဆန်းဆိုတော့ ကျွန်တော်လည်းကြည့်ချင်တာပေါ့ဗျ။ ကြောက်နေပါတယ်ဆို ဆရာကြီးကဟောက်လိုက်တော့ လန့်သွားတာပဲ"

ထို့နောက် အခြေအနေကြည့်ပြီး ကျွန်တော်အလောင်းနားကိုကပ်သွားပြန်သည်။ အလောင်းကိုလည်း ရှေ့နောက်အနှံ့ကြည့်သည်။ ထို့နောက် မသက်စရာတစ်ခုကိုတွေ့၍ အသေအချာစိုက်ကြည့်ပြီး -

"ဟာ-ဟိုမှာဆရာကြီး၊ လည်ပင်းသွေးကြောမှာ အနီကွက်ကလေးနှစ်ကွက်တွေ့တယ်ဗျ"

ကျွန်တော်ပြလိုက်သည့်နေရာကို ဆရာကြီးနှင့်ရဲတပ်ကြပ်ကြီးတို့ တိုးကပ်ပြီး အသေချာကြည့်ကြသည်။ ထို့နောက် ရဲတပ်ကြပ်ကြီး ဦးသောင်းကြည်က တစ်ချက်နှစ်ချက်ခေါင်းညိတ်လိုက်ပြီး -

"ဟုတ်တယ် ဦးမြင့်ဆွေ၊ အရင်လူကိုစစ်ဆေးကြတုန်းကလည်း ဒီဒဏ်ရာမျိုးဗျ။ တော်တော်တော့ထူးဆန်းတယ်။ သေလောက်တဲ့ဒဏ်ရာမျိုးလည်းမဟုတ်ဘူး"

"အေးဗျ၊ တော်တော်ကြီးတော့ထူးဆန်းတယ်။အလောင်းမှာလည်းသွေးတစ်စက်မှကျန်ဟန်မတူဘူး။ ဖြူဖပ်ဖြူရော်ဖြစ်နေတယ်။ နာနာဘာဝကြီးတွေ၊ ကောင်ကောင်ကများ သွေးတွေကိုစုပ်သွားလို့ သေဆုံးရသလားမသိဘူး"

ဆရာကြီးနှင့်ရဲတပ်ကြပ်ကြီးတို့ တစ်ယောက်တစ်ပေါက် ပြောဆိုပြီး စဉ်းစားနေကြသော်လည်း မှန်ကန်သောအဖြေကိုမသိနိုင်ကြပေ။ ထိုမျှသာမြင်ကြရပြီး ထိုမျှသာသိကြရသည်။

ထို့နောက် အလောင်းကို ထောင်ပုခက်ဖြင့်ထမ်းယူလာကြသည်။ ဖြစ်စဉ်၏အမျိုးအမည်ကိုမသိနိုင်ဘဲ လူမမြင်မမြင် တောထဲတွင် သေဆုံးသွားရသူများကို အရပ်စကားဖြင့် အစိမ်းသေဟုဆိုကြသည်။

ယခု ထိုအစိမ်းသေကိုပင် ရွာသို့ထမ်းသွင်းလာကြပြန်၍ ကျွန်တော်နားမလည်နိုင်ဖြစ်ရသည်။ အစိမ်းသေကိုရွာထဲသို့သွင်းလျှင် ရွာနာသည်ဟုကြားဖူးသည်။ ထို့ကြောင့် ကျွန်တော့်မှာ သည်အရပ်ဒေသ၏အယူအဆကို နားမလည်နိုင်အောင်ဖြစ်ရလေသည်။

ကျွန်တော်တို့ ရေနွေးသောက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြသောအိမ်၏အနီးက ညောင်ပင်ကြီးအောက်မှာပင် စင်ဆောက်ကာ ရွာထုံးစံအတိုင်း အလောင်းမွေးကြသည်။ သေဆုံးသူ၏ဆွေမျိုးများလည်း တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြပြီးငိုကြသည်။ပြောလောက်အောင်ဒဏ်ရာဒဏ်ချက်ကိုမတွေ့ရဘဲ သေဆုံးသွားရသည်၏အဖြစ်ကို နားမလည်နိုင်ကြောင်း စသည်ဖြင့်လည်း ပြောဆိုဝေဖန်ကြသည်။

အလောင်းစောင့်တာဝန်ကိုယူကြရသည်မှာ ကာလသားများသာဖြစ်ဟန်တူသည်။ အလောင်းစင်နားတွင် လူကြီးတစ်ယောက်တလေသာရှိပြီး ကာလသားတွေကပိုများသည်။ ညနေမိုးချုပ်တွင် အလောင်းစောင့်ကာလသားများ ခိုက်ကြသည်။ သောက်ကြစားကြသည်။

ညသန်းခေါင်အချိန်တွင် ထူးခြားချက်တစ်ခုဖြစ်ပေါ်လာသည်။ ရွာထဲမှ ခွေးအကောင်တစ်ဆယ်ကျော်ခန့်ရောက်လာကြပြီး အလောင်းစင်ကိုကြည့်ကာ ဟောင်ကြသည်။ အလောင်းစင်ကို ပတ်ပြေးပြီးလည်း ဆူဆူညံညံနှင့်အူကြ ဟောင်ကြသည်။

ခွေးများအူနေ၊ ဟောင်နေကြဆဲတွင် ငှက်ဆိုးတစ်အုပ်ပျံဝဲလာပြီးလည်း ... ကူးပါးဟု အော်လိုက်ကြ၍ ဆိတ်သောညအခါ၌ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံပြီး အကျည်းတန်သွားသည်။ ထို့ကြောင့် ကျွန်တော်လည်း ကြက်သီးမွေးညင်းထကာ ဆံပင်များပါ ထောင်သွားလေသည်။

ကျွန်တော်က ထိတ်လန့်တုန်လှုပ်သော်လည်း ရွာသားများမှာ အရက်သောက်၊ ဖဲရိုက်မှုပင်မပျက်ကြဘဲ ထိုမျှ ဆူညံနေသော ခွေးဟောင်သံ၊ ငှက်ဆိုးထိုးသံများကိုလည်း ဂရုတစိုက်ကြသလို ကြားဟန်ပင်မရှိကြပေ။ ထို့ကြောင့် ကျွန်တော့်မှာ ရွာသားများကို အံ့တသြဖြစ်ရသည်။

ခနက်အရုဏ်တက်ခါနီးမှ ခွေးဟောင်သံနှင့်ငှက်ဆိုးထိုးသံများ ချုပ်ငြိမ်း သို့မှ ကျွန်တော်လည်း ကြောက်လှကာ ဆရာကြီးဦးမြင့်ဆွေ၏ ကပ်အိပ်ရန်ပြင်ဆင်လေသည်။

"ဟိုက်ကောင်ဘာဖြစ်နေတာတုံး၊ ကြောက်နေသလား"

ဟု ဆရာကြီးကမေးသည်။

"ကြောက်တာပေါ့ ဆရာကြီးရဲ့ အလောင်းကြီးကအနားမှာရှိနေပြီး



အဲလောက်ထိခွေးတွေအူသံ၊ ငှက်ဆိုးထိုးသံတွေဆူညံနေတာ မကြောက်ဘဲနေမလား"

"ဟ-မင်းစစ်သားမဟုတ်ဘူးလားကွ"

"စစ်သားတော့ ဟုတ်တာပေါ့ဗျ။ ဒါပေမယ့် ဒီအသုဘကြီးက ရိုးရိုးသေတာမဟုတ်ဘူးလေ။ အရင်လည်း ဒါမျိုးတွေသေသေနေကြသေးတယ်ဆိုတော့ အရမ်းထူးဆန်းတာပဲ။ ဒီအထဲ အသုဘအလောင်းပတ်ဝန်းကျင်မှာ ညလုံးပေါက်ခွေးတွေဟောင်သံ၊ ခွေးအူသံတွေကဆူညံနေပြီး ငှက်ဆိုးတွေကလည်း အသံပြကြီးတွေနဲ့မပြတ်အော်နေထိုးနေကြတော့ ကျွန်တော်ကြောက်တာလွန်သလားဗျ"

ဆရာကြီးဦးမြင့်ဆွေက အသံတိုးတိုးဖြင့် တစ်ချက်ရယ်လိုက်ပြီး ကျွန်တော့်အား ခပ်ဖွဖွတစ်ချက်ဆောင့်ကန်သည်။ ကျွန်တော် ဘာမှမစဉ်းစားဘဲ ကျောပိုးအိတ်ထဲမှ လွှာစောင်လေးထုတ်ခြုံကာ ကျောပိုးအိတ်ကို ခေါင်းအုံးပြီးအိပ်ချလိုက်သည်။

သို့သော် အိပ်၍မပျော်တပျော်အချိန်မှာပင် ရွာဦးကျောင်းမှ သံဃာတော်သုံးပါးကြွလာကြသည်။ ထို့ကြောင့် ဆရာကြီးရောကျွန်တော်ပါ ကပျာကယာထပြီး ရွာသားများနှင့်အတူ သက်ပျောက်ဆွမ်းဝေယျာဝစ္စများကို ဝိုင်းကူလုပ်ကိုင်ပေးကြသည်။ သံဃာတော်များကလည်း ဆွမ်းဘုဉ်းပေးပြီးနောက် သက်ပျောက်တရားဟောကြားကာ ပြန်ကြွသွားကြသည်။

သို့သော် ထိုအသုဘတွင် ကျွန်တော်တို့ ထိုမျှသာ ကူညီလုပ်ကိုင်ပေးခဲ့ကြသည်။ လူသတ်မှု၊ လူသေမှုစသည်များမှာလည်း ကျွန်တော်နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိပေ။ ဥပဒေဘက်တော်သားဟုဆိုရမည့် ရဲများ၏တာဝန်သာဖြစ်သည်။

ယခုကဲ့သို့ ကျွန်တော်တို့ပါဝင်လာကြခြင်းမှာလည်း ဤရွာမှာပင် လွန်ခဲ့သောသုံးလခန့်က သေမှုသေခင်းတစ်ခုဖြစ်ခဲ့ဖူး၍ ထိုမှုခင်းအတွက် တာဝန်ရှိရဲစခန်းက သွားရောက်စစ်ဆေးလိုကြောင်းတင်ပြပြီး အကူအညီတောင်း၍သာ ပူးပေါင်းတပ်ဖွဲ့တစ်ခုဖွဲ့စည်းပြီး စေလွှတ်သောကြောင့် လိုက်ပါလာကြရခြင်း ဖြစ်သည်။

ထိုကိစ္စကိုလည်း ရဲတပ်ကြပ်ကြီးဦးထွန်းကြည်နှင့် သူ့တပည့်ရဲသားများလိုသလို ဆောင်ရွက်နေကြပြီဖြစ်၍ ကျွန်တော်တို့၏ လာရင်းတာဝန်သည် ပြီးဆုံးသလောက်ပင်ရှိနေလေပြီဖြစ်၏။ ထို့ကြောင့် ဆရာကြီး ဦးမြင့်ဆွေက ရဲတပ်ကြပ်ကြီး ဦးထွန်းကြည်အား ပြောဆိုထားခဲ့ပြီး ရှေ့တန်းရုံးစိုက်ရာ ရေနံမသို့ပြန်လာခဲ့ကြ၍ သေဆုံးသူ၏အမည်ကိုပင် မသိခဲ့ပေ။

သို့သော်လည်း ကျွန်တော်သည် သေသေချာချာ ထိုလူသေအလောင်းကောင်ကြီး၏ဒဏ်ရာကို ရှာဖွေကြည့်ရှု၍ မျက်စိထဲကဖျောက်၍မရအောင်ပင်ဖြစ်နေမိ၏။သေမှုသေခင်းကိုနားမလည်နိုင်ဘဲ ပဟေဠိဆန်စွာသေဆုံးနေကြရသောလူများ၏အဖြစ်ကို စိတ်ဝင်စားနေမိ၍လည်း အာရုံထဲတွင် ပိုပြီးစွဲထင်နေမိသည်။

ထို့နောက် သိပ်ပြီးမကြာမီပင် ကျွန်တော်တို့၏ရှေ့တန်းတာဝန်ပြီးဆုံးသွားခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့နေရာကို အစားဝင်၍တာဝန်ယူကြမည့် တပ်လည်းရောက်လာလေသည်။

တပ်မပြောင်းမီကလေးမှာတင်ပင် ကျွန်တော်နှင့် တပ်စိတ်တစ်စိတ်တည်း တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်ထွန်းကြည်သည် အထက်လူကြီးများကို အသိမပေးဘဲ ည (၁၀)နာရီအချိန်တွင် ရေနံမသူမသန်းနွဲ့အားခိုးလာလေသည်။ ထို့ကြောင့် ကျွန်တော် အံ့သြသလိုဖြစ်ကာ-

"ဟ-ထွန်းကြည်၊ ဒါဘယ်သူတုံး"

ဟု အမှောင်ထဲတွင်ဖြစ်၍ သဲကွဲစွာမမြင်ရသောကြောင့် အသံကိုအနည်းငယ်မြှင့်ပြီး အော်မေးလိုက်မိသည်။

"မသန်းနွဲ့လေကွာ"

ရဲဘော်ထွန်းကြည်က မသန်းနွဲ့ဘက်လှည့်ကြည့်ပြီးပြောလိုက်ရာ မသန်းနွဲ့



www.burmeseclassic.com

www.burmeseclassic.com

ရှက်သွားပုံရသည်။ အနည်းငယ်တုန် လှုပ်သွားသည်ကို သတိပြုလိုက်မိသည်။ မသန်းနွဲ့ ထွန်းကြည်နှင့်ချစ်ကြိုက်နေကြသည်ကို ကျွန်ုပ်တော်လည်းသိနေသည်။

ထို့နောက် မသန်းနွဲ့ မီးရောင်ဘက်သို့ရွေ့ရပ်ကာ ကျွန်တော့်အား -

"ရှင်တို့တပ် မနက်ဖြန်ပြန်ကြတော့မယ်ဆို"

ဟု လေသံတိုးတိုးဖြင့် မေးသည်။

"အေးလေ၊ အဲတာဘာဖြစ်တုံး"

"ဘာမှတော့မဖြစ်ပါဘူး။ ကျွန်မလည်း ကိုထွန်းကြည်နဲ့လိုက်တော့မလို့ အိမ်မှာစာရေးထားခဲ့တယ်"

ကျွန်တော် သက်မတစ်ချက်ချလိုက်မိသည်။ ထွန်းကြည်က ကျွန်တော့်ကိုကြည့်လိုက်၊ မသန်းနွဲ့ဘက်ကြည့်လိုက်နှင့် ကြောင်နေသည်။

"ဒီလိုဆိုလည်း အဲလိုတော့မလုပ်ကြနဲ့လေဟာ။ တို့စစ်သားများဆိုတာ လုပ်ချင်တိုင်းလုပ်လို့မရဘူး။ အတော်လေးကို စည်းနဲ့ကမ်းနဲ့နေကြရတာ။ ကိုယ်တို့ချင်း ချစ်ကြိုက်လို့ယူကြမယ်ဆိုရင်လည်း သက်ဆိုင်ရာ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေကိုအသိပေးပြီး တင်ပြရတယ်။ နင့်မိဘတွေကလည်း သဘောတူရမယ်။ ဒီတော့မှ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေက သက်ဆိုင်ရာရွာလူကြီးတွေနဲ့ တင့်ကောင်းတင့်တယ်လာတောင်းပြီး လက်ထပ်ပေးရမှာ။ အခု နင့်မိဘတွေကကော ထွန်းကြည်နဲ့ သဘောတူကြရဲ့လား"

"တူပါတယ်၊ ဒါပေမယ့် ခုချက်ချင်းကြီးတော့ ထည့်မှာမဟုတ်ဘူး။ ကျွန်မလည်း ကျန်မနေခဲ့ချင်တော့ဘူး"

"အိုအို- ဒီလိုလား၊ မခွဲနိုင်ကြဘူးဆိုတာမျိုးပေါ့ ဟဲဟဲ။ ဟုတ်ပြီလေ၊ ဒီလိုဆိုလည်း ခဏစောင့်ကြ၊ ငါ တပ်မှူးဆီကိုသွားပြီး သတင်းပို့လိုက်ဦးမယ်"

ကျွန်တော် တပ်စုမှူးဆီကိုသွားပြီး ထွန်းကြည်၏အကြောင်းကို သတင်းပို့သည်။ တပ်စုမှူးကပြုံးသည်။ ဆူလည်းမဆူ။

"ဒီလောက်တောင်မှအဖြစ်ကသည်းနေကြတယ်ဆိုတော့လည်း အဆင်ပြေသလိုလုပ်ရတော့မှာပေါ့ကွာ။ ကိုင်း- ဒီတော့ မင်းနဲ့နောက်ရဲဘော်တစ်ယောက် ငါနဲ့လိုက်ခဲ့ကြ"

ဟုဆိုကာ ဦးစွာ ဥက္ကဋ္ဌကြီး၏အိမ်ကိုသွားကြသည်။ ဥက္ကဋ္ဌကြီးကို အကျိုးအကြောင်းပြောပြပြီးနောက် မသန်းနွဲ့၏ မိဘအိမ်ကိုဆက်သွားပြီး အကြောင်းစုံကိုပြောပြကြသည်။ မသန်းနွဲ့၏မိဘများကလည်း ကြည်ကြည်ဖြူဖြူပင် လက်ခံကြ၍ ရဲဘော်ထွန်းကြည်နှင့်မသန်းနွဲ့တို့ကို ညတွင်းချင်း လက်ထပ်ပေးလိုက်ကြသည်။

တပ်ပြောင်းခါနီးဖြစ်၍ ဖြစ်သလိုစီစဉ်လိုက်ရသော ရဲဘော်ထွန်းကြည်နှင့် မသန်းနွဲ့တို့၏လက်ထပ်မင်္ဂလာပွဲမှာ ထိုမျှဖြင့်ပင် ပြီးဆုံးခဲ့ရသည်။ စိတ်မကောင်းစရာပင်။ တစ်ဘဝမှာ လက်ထပ်မင်္ဂလာဟူသည်ကို တစ်ခါသာရကြသည်။ ဤတစ်ကြိမ်တစ်ခါလေးကို လူတိုင်းပင်တတ်နိုင်သမျှ တင့်ကောင်းတင့်တယ်ဖြစ်ချင်ကြသည်။

သို့သော် မတတ်နိုင်။ နောက်နေ့မနက်မှာပင် ကျွန်တော်တို့တပ်စု မိခင်တပ်ရင်းတည်ရှိရာ ချောက်မြို့ကိုပြောင်းကြရပေတော့မည်။ မိခင်တပ်ရင်းမှာ ခဏမျှနားပြီးနောက် ကချင်ပြည်နယ်ကို ဆက်ထွက်ကြရမည်ဖြစ်သည်။

အထက်အစီအစဉ်ကို ထိုကဲ့သို့ပင် တန်းစီ၍ရှိနေသောကြောင့် အချိန်သည် တိုတောင်းလှသဖြင့် ရဲဘော်ထွန်းကြည်နှင့်မသန်းနွဲ့တို့၏ လက်ထပ်မင်္ဂလာကိစ္စကိုလည်း အချိန်မပေးနိုင်၍ အရင်တာလို စီစဉ်လိုက်ကြရခြင်းဖြစ်သည်။

❑

၁၉၇၂ ခုနှစ်သို့ ရောက်လာခဲ့သည်။ ကျွန်တော်သည်ပင် တပ်ကြပ်ဖြစ်နေပေပြီ။ ယခုရှေ့တန်းမှသင်တန်းတက်ရန် ကချင်ပြည်နယ်၊ မြစ်ကြီးနားတပ်ရင်းသို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် ထွန်းကြည်က ဒုတပ်ကြပ်ဖြစ်နေပြီး ဇနီးသည်မသန်းနွဲ့နှင့် အိမ်ထောင်သည်လိုင်းမှာ နေထိုင်ကြသည်။ ကျွန်တော်လည်း ရောက်တုန်းရောက်ခိုက် သူငယ်ချင်းထွန်းကြည်တို့ အိမ်ထောင်သည်လိုင်းကိုသွားသည်။

ထွန်းကြည်တို့လင်မယားသည် ကျွန်တော့်ကို ဝမ်းမြောက်ဝမ်းသာနှင့်ပင် ဆီးကြိုကာ ရေနွေးကြမ်း၊ လက်ဖက်သုပ်များဖြင့် တည်ခင်းကာ ဧည့်ခံကြသည်။ ထို့နောက် မာကြောင်းသာကြောင်းမှသည် ရှေးဟောင်းနှောင်းဖြစ်စကားများကိုလည်း ကြည်နူးတသပြောဆိုကာ ရယ်မောကြသည်။

"ထွန်းရီ၊ မင်း ဒီဦးကြီးကိုမှတ်မိလား"

ဟု ထွန်းကြည်က သူတို့အိမ်မှာ ရောက်နေသော ဧည့်ကြီးတစ်ယောက်ဘက်သို့ မေးထိုးပြကာ မေးသည်။ ထို့ကြောင့် ကျွန်တော် ထိုဦးကြီးကိုကြည့်သည်။ သို့သော်လည်း မမှတ်မိပေ။

"လက်ပန်တံခါးရွာက မသန်းနွဲ့ ဦးကြီးလေကွာ။ တို့ ရေနံမမှာတာဝန်ကျနေတုန်းက လက်သည်မပေါ်၊ ဒဏ်ရာလည်းပြောလောက်အောင်မရှိဘဲသေဆုံးနေကြတဲ့လူတွေနဲ့ပတ်သက်လို့ ရဲတွေနဲ့ ပူးပေါင်းပြီး တို့သွားကြတုန်းက ဒီဦးကြီး အိမ်ဝင်ပြီးတောင် ရေနွေးသောက်ခဲ့ကြသေးတယ်လေ"

ကျွန်တော် တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်လိုက်သည်။ ထိုဦးကြီးကို မှတ်မိ၍မဟုတ်ပေ။ ကျွန်တော် အလွန် စိတ်ဝင်စားခဲ့ဖူးသော လူတွေထူးဆန်းစွာ သေဆုံးနေကြသည့်အကြောင်းကို ပြန်လည် အမှတ်ရလာ၍ဖြစ်သည်။

ထို့ကြောင့် ကျွန်တော် ချက်ချင်း ထိုအကြောင်းကို မေးချင်သော်လည်း သင့်မည်ဟုမထင်၍ ထိုအချိန်တုန်းက လက်ပန်တံခါးရွာအကြောင်း၊ ကွန်မြူနစ် ဗကပတို့အကြောင်း စသည်များကို တစ်အောင့်ကြာအောင်ပြောဆိုလိုက်ပြီး ထူးဆန်းစွာသေဆုံးနေကြသည့်လူများ၏ အကြောင်းကို ဆက်မေးလေသည်။

"အဲဒီတုန်းက လူတွေသေဆုံးနေကြတာ ဘယ်လိုသဘောလဲဦးကြီး။ ... သတ်တရားခံလည်းမပေါ်၊ ပြောလောက် အောင်လည်း ဒဏ်ရာဒဏ်ချက်မရှိ... တစ်ယောက်ပြီးတစ်ယောက်သေဆုံး... ကြတာ တော်တော်ထူးဆန်းတယ်၊ အဲ... ကိစ္စက နောက်ဘာတွေဆက်ဖြစ်... လဲ ကျွန်တော်အရမ်းသိချင်နေတာ"

"အဲဒီကိစ္စကို ကိုတိကျကျပြော... တော့ ခက်တယ်ကွ။ တကယ့်နားလည်... ခက်တဲ့ အဖြစ်ဆိုးကြီးပဲ။ မင်းတို့... ပြောင်းသွားပြီး တစ်လကျော်လောက်... တစ်ယောက်ထပ်သေတယ်။ လူငယ်... ပဲ။ အသက် (၃၀) ဝန်းကျင်ပေါ့... ညောင်ပင်အောက်မှာ ပုံစံတူပါပဲ... ဒဏ်ရာဆိုလို့ သေဆုံးသူရဲ့လည်တိုင်... နေရာမှာ ပန်းနုရောင်သန်းနေတဲ့... အစက်ကလေးနှစ်စက်ပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ရှိနေ... က သေဆုံးသူကို ကျွန်တော်ကိုယ်... ကြည့်ခဲ့တုန်းကလည်း ဦးကြီးပြော... အတိုင်း ဒဏ်ရာက ညာလည်တိုင်... ဘဲဥပုံပန်းနုရောင်အစက်ကလေးနှစ်... ပဲ"

"အေး - သေမှုသေခင်းက... လူတွေအတိုင်းချည်းပဲ။ ဘာ...



www.burmeseclassic.com

www:burmeseclassic.com

ခြင်းမရှိဘူး။ (၃) လခြားတစ်ယောက် မှန်မှန်သေဆုံးနေကြလို့ ရွာကလူတွေရော ပတ်ဝန်းကျင်ရွာတွေကပါ အတော်တလေး အထိတ်တလန့်ဖြစ်နေကြတာလေ။ ဒါကြောင့် ရွာသူရွာသားတွေဟာ အဲဒီအပင်ကြီးနဲ့တစ်ခေါ် လောက်ဝန်းကျင်ကိုတောင် မသွားရဲကြတော့ဘူး။ ရဲကဖြစ်သမျှမှုခင်းတွေကိုပိတ်သလား၊ ဖွင့်သလား ငါလည်းအတိအကျမသိပါဘူး"

- ကျွန်တော် အသံထွက်အောင် တစ်ချက်ရယ်လိုက်မိသည်။

"အဲ - နောက်ဆုံးလူတစ်ယောက်ဖြစ်ပြီးလို့ တစ်လလောက်အကြာမှာတော့ အသက်(၄၀)အရွယ်လောက် ထူးဆန်းတဲ့လူတစ်ယောက်ရောက်လာတယ်။ သူ့ကိုအကဲခတ်ရတာလည်း အညိုရောင်ယောဂီဝတ်စုံကိုဝတ်ဆင်ထားပြီး ရိုးသားတဲ့ပုံစံပဲ။ သူ့မှာလွယ်အိတ်ကြီးတစ်လုံးနဲ့ အညိုရောင်ယောဂီဝတ်စုံတစ်စုံပဲအပိုပါတယ်။ သူ့အကြောင်းကိုမေးကြတော့လည်း သူဘယ်သူဖြစ်တယ်၊ ဘယ်ကလာတယ်၊ ဘာလုပ်တယ်ဆိုတာကိုမမေးပါနဲ့လို့ပြောတယ်။ အဲဒီအချိန်က ဗကပလက်ကျန်တွေကလည်းရှိနေသေးတော့ ရွာလူကြီးတွေက အတင်းအကျပ်ကြီးမေးရကြဘူးလေ။ သတိထားပြီးပဲစောင့်ကြည့်နေကြရတာပေါ့"

ကျွန်တော်ထပ်ပြီးရယ်မိပြန်သည်။ ဘာတ်သည်။ မတော်လို့သာ ထိုလူ ဗကပဖြစ်နေလျှင် အတင်းအကျပ်မေးရကောင်းသားဆိုပြီး သူ၏ အကြံအစည်များ ပျက်ပြားမည်စိုး၍ ပြဿနာရှာကောင်းရှာလာနိုင်သည်။ 'ဗကပတို့မှာ ထောင်ချို အားသာရှိသည်'ဟူသော စကားအရလည်း သတ်ဖြတ်ခြင်းလည်းခံရနိုင်သည် ဟု ဦးကြီး၏စကားအရ ကျွန်တော် ဖြည့်တွေးမိသည်။

"ဟုတ်တယ်၊ ပြီးတော့ သူက ရွာလူကြီးတွေဆီမှာလည်း လူတွေသေဆုံးကြတဲ့သစ်ပင်ကြီးအောက်မှာ နေခွင့်တောင်းတယ်။ ရွာလူကြီးတွေက ချက်ချင်းခွင့်မပြုကြဘူး။ (၃) လတစ်ယောက်သေနေကျဖြစ်ပြီး (၃) လပြည့်လို့ ဒီလူသပ်သေနေရင် ဘယ်ကမှန်းလဲမပြော၊ ဘာပဆို ပိုဆိုးမယ်။ ပြဿနာလည်းကြီးကျယ်ကျယ်တက်လာနိုင်တယ်ဆိုပြီး ပြောဆိုတားမြစ်ကြပေမယ့်မရဘူး။ အပ်ခါတလဲလဲတောင်းဆိုနေလို့ ခွင့်ပြုလိုက်ရတယ်"

"တော်တော်သတ္တိရှင်ကြီးပဲ"

"အင်း - ရွာသားတွေက ဝိုင်းဝန်းပြီး တဲလေးတစ်လုံးဆောက်လုပ်ပေးကြတယ်။ သူတောင်းဆိုလို့တဲလေးဆောက်ပေးကြပေမယ့် ရွာသားတွေကတော့ ဒီလူ ဘယ်နည်းနဲ့မှအသက်မရှင်နိုင်ဘူးဆိုပြီးထင်နေကြတာပေါ့။ ဟုတ်တယ်၊ ထင်ထားကြသလိုပါပဲ။ သူနေစကအိပ်လို့မရလောက်အောင်အထိ အရုပ်၊ အသံ၊ အနံ့တွေအမျိုးမျိုးနဲ့ ခြောက်လှန့်နှောင့်ယှက်တယ်လို့ဆိုတယ်"

"အိုးအို - တယ်မလွယ်ပါလားဗျ"

"ဘယ်လွယ်မလဲကွ၊ အဲ့လောက်ထိ လူပေါင်းများစွာ လက်သည်ရှာမရအောင် သေဆုံးနေကြတဲ့နေရာမှာ တစ်ယောက်တည်းသွားနေတော့လည်း ဖြစ်တော့မှာပေါ့။ ဒါကြောင့် နောက်နှစ်ပတ်လောက်အကြာမှာ ရွာလူကြီးတွေဆီကိုရောက်လာပြီး လူဝတ်ကြောင်နဲ့ တရားအားထုတ်၊ မေတ္တာပို့၊ အမျှဝေရတာ ထင်သလောက် ခရီးမပေါက်ဘူး။ ဒါကြောင့် သူ့ကို ရဟန်းဝတ်ပေးကြပါဆိုလို့ လက်ပန်တံခါးရွာဦးကျောင်းက ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဝတ်ပေးလိုက်ကြတယ်။ တဲကလေးကိုလည်း ကျောင်းလေးအဖြစ် မွမ်းမံပေးလိုက်ကြတယ်။ အဲဒီနေ့ကစလို့ သိပ်ပြီးအခြောက်အလှန့်မခံရတော့ဘူးလို့ဆိုတယ်"

"အေးပေါ့၊ လူနဲ့ရဟန်းဘယ်တူပါ့မလဲ။ ရဟန်းဝတ်ပြီး ရဟန်းအလုပ်ကိုလုပ်ရင်ပိုပြီးထိရောက်မှုရှိတာပေါ့"

"ဒါကြောင့် ပိုမိုအဆင်ပြေလာပြီး တရား၊ မေတ္တာတွေကို ရှုမှတ်ပွားများတိုင်း အမျှအတန်းပေးဝေသလို သီးသန့်လည်း သူတို့ကို မေတ္တာပို့၊ အမျှဝေပြီး ကုသိုလ်ကောင်းမှုတွေကိုလုပ်ပေးနေလို့ နောက်ထပ်လူတွေမသေတော့ဘဲ ညောင်ပင်စောင့်နတ်ဘီလူးနဲ့ သေဆုံးသွားကြသူတွေအားလုံး အဲဒီဦးပဉ္ဇင်းဆီမှာ အမျှမေတ္တာခံယူပြီး ဝေယျာဝစ္စကုသိုလ်တွေကို ပြုလုပ်ရင်း ကုသိုလ်ရသွားကြလို့ အကျွတ်ရပြီး ပျောက်ကွယ်သွားကြပြီလို့ပြောတယ်"

"ဟာ - တော်လိုက်တာ၊ တော်တော်ထက်တဲ့ဦးပဉ္ဇင်းပဲ"

"သူတော်လို့ပေါ့၊ မဟုတ်ရင်ဘယ်လွယ်မလဲ။ တော်ရုံမက ထက်လည်းထက်တယ်။ အခုဆိုရင် အဲဒီနေရာမှာ တိုက်ကျောင်းကြီးနဲ့ စေတီပုထိုးတည်ပြီး သာသနာပြုနေတာ ငါးဝါတောင်ရှိသွားပါပြီ"

ကျွန်တော် သက်မတစ်ချက်ကိုချလိုက်သည်။

မသန်းနွဲ့၏ဦးကြီးပြောပြသည်မှာ ထိုအကြောင်းနှင့်ပတ်သက်၍ အတော်လေးပင် ပြည့်ပြည့်စုံစုံရှိသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ဝမ်းမြောက်ဝမ်းသာလည်းဖြစ်ရသည်။

သို့သော်လည်း လက်သည်မပေါ်ဘဲ လူများသေဆုံးနေကြရသည့် မူလဖြစ်သော အရင်းဇာစ်မြစ်သည် မြင်သာအောင် ထင်ရှားခြင်းမရှိဟု ဆိုကဆိုနိုင်သည်။ မသန်းနွဲ့၏ဦးကြီးပြောပြသည်ကို ဖြည့်ပြီးတွေးကြည့်လျှင်

ထိုညောင်ပင်စောင့်နတ်ဘီလူးကြီးကပင် လူများ၏လည်ချောင်းသွေးကို ဖောက်သောက်သတ်ဖြတ်နေသည်ဟုဆိုရမည်။ နတ်ဘီလူးတို့၏ ကမ္မဇိဒ္ဓိတန်ခိုးကြောင့်ပင် ဒဏ်ရာဒဏ်ချက်တို့ ပြောပလောက်အောင်မရှိဘဲ လူ၏သွေးကို ဖောက်သောက်နိုင်သည်။ ထို့ကြောင့်လည်း လူသတ်တရားခံကို ရှာမရနိုင်ကြခြင်းဖြစ်သည်။

သို့သော်လည်း ယခုတွင် သူတော်ကောင်းကြီးတစ်ဦး၏ မေတ္တာဘာဝနာတန်ခိုးသတ္တိကြောင့် လူ့ဘဝမှသည် ရဟန်းဘဝတိုင်အောင် တက်ရောက်အားထုတ်ပွားများပြီး ထိုနတ်ဘီလူးကြီးနှင့် သူ၏လက်ချက်ဖြင့် သေဆုံးကာမကျွတ်မလွတ်ဘဲ နာနာဘာဝဖြစ်ကာကျင်လည်နေကြရသောပုဂ္ဂိုလ်အားလုံးတို့အား အကျွတ်ရအောင် စွမ်းဆောင်လိုက်နိုင်ပြီ။

ထို့ကြောင့်လည်း လူသေရပ်ကာ နတ်ဘီလူးကြီးနှင့်တကွဖြစ်တည်နေကြဆဲအစိမ်းသရဲ၊ သင်းကွဲပြိတ္တာအားလုံးတို့သည်ပင် ထိုက်ရာဘုံတန်ရာဘဝတစ်ခုဆီသို့ ရောက်ရှိသွားကြပြီဟု သိလိုက်ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပေတော့မည်။

ထိုထက်ဝမ်းမြောက်ဝမ်းသာသဒ္ဓါကြည်ညိုဖြစ်ရသည်မှာ ထိုဦးပဉ္ဇင်းသည်လည်း သူ၏မူလဦးတည်ချက်ကြီးပြီးဆုံးသွားသည့်တိုင်အောင် ပြောင်းရွှေ့ကြွသွားခြင်းမရှိဘဲ ထိုနေရာ၌ပင် ကျောင်းတိုက်တည်ဆောက်ကာ ဆက်လက်၍ သာသနာပြုတော်မူနေသည်ဟုသိလိုက်ရသောကြောင့်ပင် ဖြစ်ပေသည်။

*လူ၊ နတ်အားလုံးတို့ သာဓုခေါ်ကြရမည်သာတည်း။*

ထွန်းတောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းနယ်သည် ကုန်းဘောင်ခေတ်က မြင်ကွန်းမင်းသားကြီး အပိုင်စားရသောနယ်ဖြစ်ပြီး မင်းတုန်းမင်းလက်ထက်တွင် သဘော်ာဆိပ်မြို့ဖြစ်ခဲ့သည်။ အေဒီ ၁၃ ရာစုနှစ်ကတည်ထားခဲ့သော သာသနိကအဆောက်အအုံများကိုလည်း တွေ့ရှိရသည်။ ထိုသာသနိကများထဲမှ ရွှေနန်းပေါက်စေတီ (သက်နှင်းထောင်ဘုရား) နှင့် နန်းဦးကျောင်းတို့မှာ ထင်ရှားသည်။ ရွှေနန်းပေါက်စေတီသည် မောင်းထောင်ခွက်ထဲတွင် သက်နှင်းထည့်ထားသည့်ပုံသဏ္ဌာန်ရှိသောကြောင့် သက်နှင်းထောင်ဘုရားဟု အမည်တွင်ခဲ့သည်။ ပရလောကသားများ နေဝင်ဆည်းဆာတွင် လူအသွင်ဆောင်သွားလာခြင်းကို ဘုရားအနီးရှိ အထက်တန်းကျောင်းသားများကတွေ့ရှိပြီး မိဘများကို ပြန်ပြောကြရမှ လူသိများလာခဲ့၏။ ကျောင်းမှပြန်လာကြသောကျောင်းသားများ နေဝင်ဆည်းဆာချိန်တွင် ပစ္စည်းများပေးခြင်း၊ မုန့်များပေးခြင်းတို့ကိုပြုလုပ်ရာမှ တစ်စတစ်စနှင့် လူသိများလာကြသည်။

မြင်ကွန်းမြို့သည် ယခင်က အထက်ရှိမကွေးမြို့နှင့် အောက်ဘက်ရှိ မင်းလှမြို့တို့မှသာ အစိုးရသဘော်ာနှင့် စက်လှေတို့ဖြင့်သာ ခရီးသွားလာကြရသည်။ ယခုအခါ မိချောင်းရဲ၊ သစ်ရာကောက်ရွာတို့မှ မော်တော်ကားလမ်းပေါက်ပြီး တောင်တွင်းကြီးမြို့နှင့် မကွေးမြို့သို့သွားလာနိုင်ပြီ ဖြစ်သည်။ မြင်ကွန်းမြို့တွင် ပုဂံမျော်ဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဖိုလ်ဂူ၊ ဓာတ်လုံးပွင့်ရှေးဟောင်းကျောင်းတိုက် အစရှိသည်တို့ရှိကြပြီး ရှေးဟောင်း တိုက်ကျောင်းကြီးများ၏ ကြမ်းပြင်၌ 3D ပုံပန်းချီကဲ့သို့ တံခါးချပ်များပုံဖော်ရေးဆွဲထားသည်။ ထိုတံခါးပန်းချီကားများကိုတူးဖော်လျှင် နန်းတော်ဆောင်ကဲ့သို့ အဆောင်များရှိသည်ဟု ပြောကြသည်။

မင်းလှမြို့သည် မြင်ကွန်းမြို့၏ တောင်ဘက်တွင်ရှိပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မြင်ကွန်းမြို့သည် ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ မင်းလှနှင့် မြင်ကွန်း ရေဆန်ခရီး (၄) နာရီခန့်နှင့် ရေစုန်ခရီး (၁) နာရီခွဲခန့် ကြာမြင့်သည်။

၁၉၈၉ ခုနှစ်ဝန်းကျင်က မင်းလှမြို့မှ သွားဆရာဝန် ဒေါက်တာစိုးသည် မြင်ကွန်းမြို့သို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်ရသည်။ မြင်ကွန်းမြို့တွင် အထွေထွေရောဂါကုဆရာဝန်မရှိသေးသောကြောင့် သွားရောဂါကုဆရာဝန်ရောက်ရှိလာခြင်းဖြစ်ပြီး မြင်ကွန်းဆေးခန်းတွင် သွားရောဂါကုဆရာဝန်မှပင် အထွေထွေရောဂါများကို တတ်နိုင်သလောက် ကုသပေးနေရလေသည်။ ဒေါက်တာစိုး မြင်ကွန်းသို့ ရောက်ရှိပြီး နှစ်လခန့်အကြာတွင် မြင်ကွန်းမြို့မှ (၃) မိုင်ကျော် ကွာဝေးသော တုတ်စန်းရွာမှ လူနာတစ်ယောက်နေမကောင်း၍ ဆရာဝန်ကို လှည်းဖြင့်လာပင့်ကြသည်။ လာပင့်ချိန်မှာ ညနေ (၄) နာရီကျော်ဖြစ်ပြီး ဆရာဝန်သည် သူ၏လုပ်ငန်းများပြီးပြတ်မှ တုတ်စန်းရွာသို့လိုက်လာနိုင်မည်ဖြစ်ကြောင်းပြောပြီး ဆရာဝန်လာပင့်သောလှည်းနှင့်လိုက်ပါလာသူများကို ပြန်လွှတ်လိုက်သည်။

ဒေါက်တာစိုးသည် (၅) နာရီခွဲတွင် အိမ်မှ တုတ်စန်းရွာသို့ လမ်းလျှောက်သွားခဲ့ပြီး လူနာအိမ်တွင် ဆေးကုသရာမှအပြီး မြင်ကွန်းသို့ ပြန်လာခဲ့သည်။ လူနာရှင်မှ လှည်းဖြင့်လိုက်ပို့ပေးရန်ပြောသော်လည်း တန်ဆောင်မုန်းလပြည့်နေ့ အရသာကိုခံစားလိုသဖြင့်လမ်းလျှောက်ပြန်မည်ဟုပြော၏။ ထိုအခါ လူနာရှင်အိမ်မှ ဆရာဝန်နှင့်အတူ အဖော်တစ်ဦးထည့်ပေးလိုက်ပါမည်ဟုပြောသော်လည်း ဒေါက်တာစိုးက -

"ကိစ္စမရှိပါဘူး၊ ကျွန်တော် လမ်းလျှောက်ပြန်မယ်။ ကျွန်တော် မကြောက်တတ်ပါဘူး။ တန်ဆောင်မုန်းလပြည့်ရဲ့ အရသာကိုခံစားချင်လို့ လမ်းလျှောက်ပြန်မယ်"

ဟု ပြောပြီး ဒေါက်တာစိုး တုတ်စန်းရွာမှ မြင်ကွန်းသို့လမ်းလျှောက်ပြန်လာခဲ့သည်။ အချိန်ကမူ (၈) နာရီကျော်ပြီ ဖြစ်သည်။

တုတ်စန်းနှင့် မြင်ကွန်းသည် ကျောက်ခင်းလမ်းဖြစ်ပြီး ကားလမ်း ဝဲ၊ ယာတွင် ကုက္ကိုပင်တန်းများ အစီအတန်းပေါက်နေကြရာ တန်ဆောင်မုန်းလပြည့်၏ လရောင်သည် ကုက္ကိုတန်းကြားမှ ကျောက်ခင်းလမ်းသို့ဖြာမကျသော်လည်း ကုက္ကိုတန်းနှစ်ဖက်၏လယ်ကွင်းပြင်တွင်မူ လရောင်ဖြာကျပြီးလင်းလျက်ရှိနေပေသည်။ ကုက္ကိုပင်တန်းအပေါ်တွင်ရှိကြသော ကျေးငှက်တို့၏ အသံအနည်းငယ်မှတစ်ပါး ဆိတ်ငြိမ်လျက်ရှိနေပေသည်။ ဒေါက်တာစိုးသည် တိတ်ဆိတ်သောည၏ အရသာကို ခံစားရင်း လမ်းလျှောက်လာခဲ့ရာ နာရီဝက်ခန့်အကြာ၌ ရဲစိုက်ခင်းနေရာသို့ရောက်ရှိလာရာ စိုက်ခင်းအတွင်းမှ အမျိုးသမီးတစ်ယောက်သည် လွယ်အိတ်ကို လွယ်လျက် ရှည်လျားသော ဆံနွယ်ကို ဝေ့လျားရင်း ကုက္ကိုတန်း ကျောက်ခင်းလမ်းဘက်သို့ ဦးတည်လျှောက်လာပြီး -

"ဆရာစိုး၊ ဆရာ[illegible]စိုး"

ဟု လှမ်းခေါ်သံကို ဒေါက်တာ[illegible]ကြားလိုက်ရသည်။

ထိုအမျိုးသမီး လှမ်းမခေါ်မီ[illegible]တည်းကပင် ဒေါက်တာစိုး ထိုအမျိုး[illegible]ကိုတွေ့ထားပြီး ဖြစ်သည်။ [illegible]ဆက်လမ်းလျှောက်ခဲ့ပြီး ထို[illegible]မျိုးသ[illegible]

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကို ကျော်လွှန်သွားပြီးမှ လှမ်းခေါ်လိုက်ခြင်းဖြစ်၏။ တစ်ဖက်သို့ ငဲ့စောင်းကြည့်လိုက်သောအခါ ထိုအမျိုးသမီးက -

"ဆရာစိုး၊ ဆရာစိုး"

ဟု ထပ်မံခေါ်ပြီး -

"ဆရာက ကျွန်မတို့ကို မသိပေမယ်လို့ ဆရာ မြင်ကွန်းကိုရောက်လာကတည်းက ကျွန်မကသိပါတယ်"

ဒေါက်တာစိုးက -

"မင်းဘယ်ရွာကလဲ၊ အချိန်မတော်ကြီးမှာဘယ်ကိုသွားမလို့လဲ"

ဟု မေးလိုက်ရာ အမျိုးသမီးက-

"ကျွန်မနာမည်က ဒေဝီပါ။ တန်ဆောင်မုန်းလပြည့်ညမှာ ရွှေနန်းပေါက်ဘုရားမှာလှူဖို့ ထွက်လာခဲ့တာ အခု ဆရာစိုးကိုတွေ့ရလို့ ရွှေနန်းပေါက်ဘုရားကိုမသွားတော့ဘူးလေ။ ဒီမှာ ဆီမီးခွက်လေးပါ။ နံ့သာတုံးကို နှမ်းဆီစိမ်ထားတယ်။ ရွှေနန်းပေါက်ဘုရားမှာ ဒီညဆီမီးထွန်းပေးပါ။ ဒီလွယ်အိတ်လေးထဲမှာ ဘုရားလှူဖို့ပစ္စည်းတွေပါတယ်။ ဒါနောက်မှလှူမယ်။ ခု ဘုရားမှာ ဆီမီးသာပူဇော်ပေးပါ။ ဒီလွယ်အိတ်ကို ဒီညကနေ သုံးရက်မြောက်နေ့မှာ ဆရာ့အိမ်ကို နံနက်ပိုင်းမှာလာယူမယ်လေ။ ဆရာ့အိမ်ကိုလည်း ဒေဝီသိပါတယ်လေ။ ဆရာ ခုရွှေနန်းပေါက်စေတီကိုမလိုက်တော့ဘူး။ ဆီမီးသာပူဇော်ပေးပြီး လွယ်အိတ်လေးသာယူသွားပါ ဆရာ။ ဒေဝီလာခဲ့ပါမယ်ဆရာ"

ဟု ပြောဆိုပြီး လှမ်းလျှောက်လာခဲ့ကြရာ ရဲစိုက်ခင်းတွင် နားနေတဲလေးတစ်ဆောင်သို့ ရောက်ရှိလာခဲ့ကြသည်။

ထိုအခါ ဒေဝီက -

"ဆရာ၊ ဟိုတဲလေးမှာထိုင်ပြီး စကားပြောရအောင်လေ"

ဟု ပြောရာ ဆရာက ဒေဝီကို ကြည့်မိလိုက်သည်။ လရောင်အောက်တွင် ဒေဝီ၏ဆံပင်များက မျက်နှာတစ်ခြမ်းကိုမြင်ရပြီး မျက်နှာတစ်ခုလုံးကို မတွေ့ရသော်လည်း မြင်ရသည့်တစ်ခြမ်းသည် အလွန်လှပသော၊ ဝင်းပသော၊ တောက်ပြောင်သောအဆင်းကို တွေ့ရှိရပြီးနောက် ဆရာစိုးသည် အလိုက်သင့်ပင် -

"ထိုင်လေ၊ ထိုင်ကြတာပေါ့"

ဟု ပြောကြပြီး ရဲစိုက်ခင်းတဲလေး၏ ကွပ်ပျစ်ပေါ်တွင် နှစ်ဦးထိုင်စကားပြောကြပါသည်။ ထိုချိန်တွင် ဒေဝီက စကားစတင်လိုက်ပါသည်။

"ကျွန်မက ဒီရဲစိုက်ခင်းအလွန် သံဗိုလ်ရွာမှာနေပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့မှာ မြတ်စွာဘုရားကို ဆီမီးပူဇော်ချင်လို့ မိဘတွေကိုပြောပြီး ခွင့်တောင်းလာခဲ့တာ။ ခု ဆရာနဲ့တွေ့တော့ မသွားတော့ဘူးလေ။ ဘုရားမှာသာ ဆီမီးပူဇော်ပေးပါရှင်။ တန်ဆောင်မုန်းလပြည့်နေ့ညက နက္ခတ်တာရာ အစုံအလင်ပေါ်ထွန်းတဲ့ (၁၂) ရာသီလထဲမှာ ထူးခြားတဲ့လလေ။ ဆီမီးပူဇော်ရတယ်။ ဒါကြောင့် နှမ်းဆီနဲ့ နံ့သာဖြူတိုင်စိမ်ပြီးယူလာတာပေါ့။ ဆရာမီးထွန်းပြီးရင် ဒေဝီရဲ့ဆန္ဒပြည့်ဝပါပြီရှင်။ ဆရာ ကျွန်မကိုယ်စား ပူဇော်ပေးပါနော်"

ဟု ပြောရာ ဒေါက်တာစိုးက -

"စိတ်သာချပါ။ ဒေဝီအတွက် ပူဇော်ပေးမှာပါ"

နှစ်ဦးသားထိုင်နေစဉ် တန်ဆောင်မုန်းလ၏ အအေးဒဏ်ကြောင့် ဒေဝီနှင့် ဒေါက်တာစိုးပူးကပ်မိသွားရာမှ သူဒေဝီ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ထိုအချိန်ဆောင်းလေပြည်တစ်ချက်တွေ့လိုက်ရာ ဒေဝီ၏ ဆံနွယ်များသည် ဒေါက်တာစိုး၏မျက်နှာပေါ်သို့ လွင့်ပျံ့ကြလာသည်။ ဒေါက်တာစိုးသည် သူ၏ မျက်နှာပေါ်သို့ကျလာသော ဆံနွယ်များကို လက်ဝဲလက်ဖြင့်ဖယ်ရှားရန် လက်လှမ်းလိုက်သလို ဒေဝီကလည်း ဒေါက်တာစိုးမျက်နှာပေါ်က ဆံနွယ်များကို ရှင်းပေးရန် လက်ယာလက်ဖြင့် လက်လှမ်းလိုက်ရာ ဆရာစိုးနှင့်ဒေဝီတို့၏လက်များ ဆံနွယ်တွင်ပေါင်းဆုံမိကြလေသည်။

ထိုအခါတွင် ဆရာစိုးက -

"ဒေဝီရယ်၊ လက်ကလေးတွေက တယ်ပြီး နူးညံ့လှပလားကွယ်"

ဟု ပြောဆိုရင် မျက်နှာချင်းဆိုင်မိကြလေသည်။ ဒေဝီက ရှက်စနိုးဖြင့် ပြုံးပြလိုက်သည်။ ဆရာစိုးနှင့်ဒေဝီတို့လည်း ဆံနွယ်၏အောက်တွင် မျက်နှာချင်းထိအပ်မိလေတော့သည်။ မျက်နှာချင်းထိစပ်ရာမှ ဆရာစိုးနှင့် ဒေဝီတို့၏ ကိုယ်လုံးချင်းလည်း ပူးကပ်လာပြီး ညချမ်း၏ဆောင်းလေတွင် တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာဖက်တားမိကြပြီး စကားပြောဆိုကြရာ ဒေဝီ၏ကိုယ်သင်းရနံ့ကို ဆရာစိုးရှူရှိုက်မိရပြီး ဒေဝီအား အနမ်းပန်းများခြွေခဲ့သည်။ အတန်ကြာ အနမ်းပန်းခြွေပြီး ဒေါက်တာစိုးနှင့်ဒေဝီ တို့ တဲလေး၏ကွပ်ပျစ်ပေါ်တွင် အချစ်ရည်လူးခဲ့ကြလေတော့သည်။

ဒေဝီက ဒေါက်တာစိုးအား -

"ဆရာစိုး၊ သန်းခေါင်ယံရောက်တော့မယ်။ မြို့ကိုပြန်ပြီး ရွှေနန်းပေါက်ဘုရားမှာ မီးပူဇော်ရဦးမယ်လေ။ နောက်သုံးရက်ပြည့်တဲ့နေ့ အရုဏ်တက်မှာ ဆရာအိမ်ကို ဒေဝီအရောက်လာခဲ့ပါမယ်"

"မပြန်ချင်သေးဘူး ဒေဝီရယ်၊ ခဏလောက်နေပါရစေဦး"

"နေချင်ပါတယ် ဆရာရယ်။ အခု လပြည့်ညလ ကိုယ်ရဲ့အပေါ် တည့်တည့်ရောက်တဲ့အချိန် ဘုရားမှာ မီးပူဇော်ရမယ်လေ။ ဒေဝီလိုချင်တဲ့အခွင့်အရေး အဲဒီအချိန်မှာ သက်ရောက်မယ်လေ။ ဒါကြောင့် ဆရာ့ကိုပြန်လွှတ်ရတာပါ"

"ဒါဆိုလည်း ပြန်ပြီး မီးပူဇော်ပေးမယ်လေ။ သုံးရက်မြောက်နေ့မှာ ဒေဝီ ဆက်ဆက်လာမှာနော်"

"ဆက်ဆက်လာမှာပါ ဆရာရယ်"

ထို့နောက် ဆရာစိုးက နှုတ်ဆက်လက်ပြပြီး စိုက်ခင်းတဲမှ ကျောက်ခင်းလမ်းပေါ်သို့ရောက်ရှိပြီး မြင်ကွန်းဘက်သို့လမ်းလျှောက်ခဲ့သည်။ ရွှေနန်းပေါက်ဘုရားတွင် ဆီမီးပူဇော်ပေးခဲ့ပြီး အိမ်သို့အရောက် ဒေဝီပေးလိုက်သော လွယ်အိတ်ကို ဖွင့်ကြည့်လိုက်သောအခါတွင် လက်ဝတ်ရတနာများဖြစ်နေသဖြင့် အံ့အားသင့်သွားပြီး ဒေဝီနှင့် ဆုံတွေ့ခဲ့မှုများကို ပြန်လည်စဉ်းစားရင်း အိပ်ပျော်သွားခဲ့ပါသည်။

သုံးရက်မြောက်နေ့ အရုဏ်တက်အချိန်တွင် ဒေါက်တာစိုး၏အိမ်သို့ ဒေဝီ ရောက်ရှိလာခဲ့သည်။ ဒေါက်တာစိုးမှာ အိပ်ရာမှမနိုးသေးပေ။ ထိုအခါ ဒေဝီ တံခါးခေါက်ပြီး -

"ဆရာစိုး ဆရာစိုး ဆရာစိုး"

ဟု နှိုးသောအခါ ဒေါက်တာစိုး နိုးလာပြီး မျက်နှာသစ်မည်အပြုတွင် ဒေဝီက -

"ဆရာ၊ ကျွန်မသွားစရာရှိသော... ချိန်းထားတဲ့ရက်ကိုမပျက်စေချင်လို့... ခဲ့ရတယ်ဆရာ။ လွယ်အိတ်ထဲမှာ... လက်ဝတ်ရတနာထဲက နားကပ်... ရောင်းပြီး သင်္ကန်းဝယ်ပေးပါ ဆရာ... နောက်လေးရက်ကြာရင် ခုလိုပဲလာ... ဆရာနဲ့အတူတူ ရွှေနန်းပေါက်ဘုရား... သင်္ကန်းလှူမယ်။ နောက်လက်ဝတ်ရ... တွေကို ဆရာစိုးသုံးလိုရာသုံးပေါ့..."

ဟု ပြောဆိုပြီး တံခါးဝမှထွက်... ခဲ့သည်ကို ဒေါက်တာစိုးအိမ်... လှမ်းကြည့်ပြီး ကျန်ရစ်ခဲ့လေ... သည်။

www.burmeseclassic.com

www.burmeseclassic.com

သက်န်းဝယ်ရန်အတွက် မကွေးမြို့သို့ နေ့စဉ်စာပို့နေသော ရဲဝန်ထမ်းတစ်ယောက်အား မှာကြားပြီး ဝယ်ယူရသည်။ ထိုအချိန်က မြင်ကွန်းတွင် ပရိက္ခရာဆိုင်မရှိသေး၍ မကွေးတွင်သာ တက်ရောက်ဝယ်ယူရသည်။ ရဲစာပို့မှ ညဘက်တွင် ရောက်ရှိလာပြီး သင်္ကန်းကို ဒေါက်တာစိုးထံသို့ ပေးအပ်ရာ ဒေါက်တာစိုး ဒေဝီနှင့်အမြန်တွေ့ဆုံရန်ကိုသာစိတ်စောပြီး စဉ်းစားလျက် ထိုညအိပ်မပျော်ခဲ့ပေ။

ဒေါက်တာစိုး မြင်ကွန်းမှ အသိမိတ်ဆွေများကို သံပိုလ်ရွာနှင့်ပတ်သက်ပြီးလည်းကောင်း၊ ဒေဝီနှင့်ပတ်သက်ပြီးလည်းကောင်း စုံစမ်းရာ ဒေဝီဆိုသော အမျိုးသမီးဆိုသူနှင့်ပတ်သက်၍ မသိကြကြောင်းသာ စုံစမ်းသိရှိရသည်။

(၄) ရက်မြောက်သောနေ့တွင် ဒေါက်တာစိုး နံနက်အစောအိပ်ရာမှထပြီး ဒေဝီအလာကိုစောင့်မျှော်နေစဉ် -

"ဆရာစိုး၊ ဆရာစိုး"

ဟူသော ခေါ်သံကြားပြီး ဒေဝီ၏အသံမှန်းသိပြီး အိမ်တံခါးမကိုဖွင့်လိုက်ပြီး ဆရာစိုးက -

"ဒေဝီ၊ အိမ်ထဲကိုလာလေ"

ဟု ခေါ်လိုက်သည်။

ထိုအခါ ဒေဝီက -

"ဆရာ အဝတ်အစားလဲ၊ ပြီးရင် ရွှေနန်းပေါက်ဘုရားကိုသွားကြစို့လေ"

ဟု ပြန်ပြောပြီး ဆက်တီထိုင်ခုံတွင် ဝင်ရောက်ထိုင်ပြီး ဒေါက်တာစိုးအား စောင့်ဆိုင်းနေလေသည်။ ခဏအကြာ ဒေါက်တာစိုးအဝတ်အစားလဲပြီး ထွက်လာသည်။



ဒေါက်တာစိုး ဒေဝီအတူ ရွှေနန်းပေါက်ဘုရားသို့ ထွက်ခွာလာခဲ့ရာ ဒေဝီက -

"လက်ဝတ်ရတနာတွေမရောင်းရသေးရင်လည်း ဆရာအလိုရှိသလောက်ယူပြီး ကျန်တဲ့ရတနာတွေကို ဆရာနှစ်သက်တဲ့ဘုရားမှာ ဒေဝီအတွက် ရည်စူးပြီး လှူဒါန်းပေးပါ။ ဒီနေ့တော့ ရွှေနန်းပေါက်ဘုရားမှာ သင်္ကန်းလှူပြီးရင်ဆိုရင်ပဲ ဒေဝီစိတ်ကျေနပ်ရပါပြီ"

ဟု ပြောဆိုလမ်းလျှောက်လာရင်း ရွှေနန်းပေါက်စေတီမုခ်ဦးသို့ ရောက်ရှိလာခဲ့သည်။ ဘုရားရင်ပြင်အတွင်းသို့ ဝင်ရောက်ပြီး စနေထောင့်ရောက်သောအခါ ဒေဝီက -

"ဆရာ၊ အဲဒီထောင့်မှာ ဒေဝီရဲ့ကိုယ်စားသင်္ကန်းကပ်လှူပေးပါ။ ရုပ်ပွားတော်ရဲ့ရှေ့ကို ဆရာသွားပြီး မြတ်စွာဘုရားထံမှာ ဒေဝီအတွက် ဆုတောင်းပြီးသာလှူဒါန်းပေးပါဆရာ။ ဒေဝီ ဆရာရဲ့နောက်ဘက်မှာ ဘုရားရှိခိုးပြီး စောင့်နေပါမယ်"

ဟု ပြောခဲ့ရာ ဒေါက်တာစိုးသည် ဗုဒ္ဓရုပ်ပွားတော်မြတ်၏ရှေ့တွင် သင်္ကန်းကပ်လှူပြီး မြတ်စွာဘုရားထံတွင် ဒေဝီကိုယ်စား ဆုတောင်းရှိခိုးကန်တော့ပြီး -

"ဒေဝီရေ၊ လှူဒါန်းမှုအားလုံးပြီးသွားပါပြီခင်ဗျာ။ သာဓုသာခေါ်ပေတော့"

ဟု နှုတ်မှပြောဆိုပြီး မိမိ၏နောက်ဘက်သို့လှည့်ကြည့်လိုက်ရာ ဒေဝီမရှိတော့ပေ။ ထို့နောက် ဘုရားရင်ပြင်တစ်ခုလုံး ပတ်ကြည့်ရှာဖွေသော်လည်း ဒေဝီ့ကို မတွေ့ရတော့ပေ။ နောက်သံပိုလ်ရွာသို့ စုံစမ်းသော်လည်း ဒေဝီ့ကို သိရှိသူတစ်ယောက်မျှမရှိပေ။ ဤသို့ဖြင့် ဒေါက်တာစိုးသည် လွမ်းဆွေးစွာ ကျန်ရစ်ခဲ့တော့သည်။

ဒေါက်တာစိုးနှင့် ဒေဝီတို့၏ ဇာတ်ကြောင်းကို ကျွန်ုပ် မင်းလှမြို့မှ မြင်ကွန်းမြို့သို့အသွား မြင်ကွန်းမြို့မှ တောင်တွင်းကြီးမြို့သို့သွားရန်အတွက် မြင်ကွန်းမြို့သို့ ရောက်ရှိစဉ် ရွှေနန်းပေါက်စေတီအနီး လက်ဖက်ရည်ဆိုင်တွင် ခေတ္တဝင်ထိုင်ရာမှ ကျွန်ုပ်နှင့်မင်းလှမှအတူပါလာသော ရေယာဉ်မှူး၏ မိတ်ဆွေက မြင်ကွန်းနယ်မှ တကယ့်ဖြစ်ရပ်ကို ကျွန်ုပ်အား လက်ဖက်ရည်ဆိုင်တွင်ပြောပြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သုံးဦး ဤကဲ့သို့ ပြောဆိုနေပုံကို အသက်ကြီးပိုင်းလူတစ်ဦးမှ နားထောင်နေရင်း -

"ဆရာတို့ အခုပြောနေတဲ့ ဒေဝီဆိုတဲ့ အမျိုးသမီးကို တွေ့ကြုံခဲ့ဖူးတယ်။ တုတ်စန်းရွာသွားတဲ့လမ်းမှာတော့မဟုတ်ဘူး။ ကျွန်တော် သစ်ရာကောက်ကနေ မိချောင်းရဲ့ကို ဂျစ်ကားနဲ့လာတုန်းက ညနေနေဝင်ရီတရောမှာ လွယ်အိတ်တစ်လုံးကိုလွယ်လို့ ကားလမ်းမှာရပ်ပြီး ကျွန်တော်ရဲ့ကားကိုတားလို့ ရပ်ပေးခဲ့တယ်။ ကျွန်တော် မျက်နှာကို တစ်ချက်ကြည့်ပြီး ညီမလေး ဘယ်ကိုသွားမလို့လဲလို့ မေးလိုက်မိတယ်။

သူက အစ်ကို့ကားက မြင်ကွန်းကိုသွားမယ့်ကားဆိုတာ ညီမသိတယ်။ ရွှေနန်းပေါက်ဘုရားကို လိုက်ချင်လို့ပါလို့ အမျိုးသမီးက ပြန်ပြောတယ်။ ကျွန်တော်က ဒါဆိုရင်လည်းလိုက်ခဲ့လေလို့ ပြောလိုက်တော့ ကျွန်တော်ရဲ့နံဘေးမှာထိုင်ပြီးလိုက်ခဲ့တယ်။ အခုန ဆရာတို့ပြောတဲ့ပုံစံပါပဲ၊ ရွှေနန်းပေါက်ဘုရားနားရောက်တော့ သူရဲ့ကိုယ်သင်းနံ့ကအရမ်းမွှေးလာတော့ ကျွန်တော်ကြက်သီးမွေးညင်းထသွားမိတယ်။ ဘုရားနားလည်းရောက်ရော သူက ကျွန်တော့်ကို ဘုရားမီးပူဇော်ဖို့ နံ့သာဖြူချောင်းလေးတွေ ဟိုဆိုင်မှာရှိတယ် သွားဝယ်ပေးပါဆိုလို့ ကားပေါ်ကဆင်းပြီးသွားဝယ်ပေးတယ်။ ပိုက်ဆံတစ်ရာပေးလိုက်တယ်။ကျွန်တော် နံ့သာဖြူချောင်းလေးတွေတစ်ရာဖိုးဝယ်ပေးပြီး ပြန်လာတော့ အဲဒီအမျိုးသမီးမရှိတော့ဘူး။ လက်ကိုင်ပဝါပေါ်မှာ စာရေးထားတယ်။ အစ်ကို ညီမကိုယ်စား နံ့သာဖြူချောင်းနဲ့ ဘုရားမှာမီးပူဇော်ပေးပါတဲ့။ ဒီစာကိုဖတ်ကြည့်ပြီး အရမ်းတုန်လှုပ်သွားတယ်။ လက်ကိုင်ပဝါထိပ်စွန်းလေးကို ဖြေကြည့်လိုက်တော့ ပတ္တမြားလက်စွပ်တစ်ကွင်းတွေ့ရတယ်။ အခု ကျွန်တော်ဝတ်ထားတဲ့လက်စွပ်ပေါ့"

ဟု ပြပါသည်။

နောက်ဆက်ပြောသည်မှာ -

"ကျွန်တော် ဒေါက်တာစိုးလိုတော့ ချစ်ရည်မလူးခဲ့ရဘူး။ ဒါနဲ့ ကျွန်တော် လူကြီးသူမတွေကိုမေးစမ်းကြည့်ခဲ့တယ်။ လူကြီးသူမတွေကပြောကြတယ်။ မင်းတွေ့တာ ဥစ္စာစောင့်မတဲ့"

ကျွန်ုပ် ပြန်လည် စဉ်းစားသုံးသပ်မိသည်။ ဖြစ်ရပ်ချင်းတူသော်လည်း ဒေါက်တာစိုးကသာသွားသည်။

စိုးရာဇာကျော်

www.burmeseclassic.com

၁၉၆၀ ပြည့်နှစ်ဝန်းကျင်က မြန်မာပြည်အထက်ပိုင်း ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းနံဘေးက ကုက္ကိုကုန်းရွာလေးတစ်ရွာဆိုသည် ရှိခဲ့ပါ၏။ ထိုရွာလေးသည် လူနေအိမ်ခြေ (၂၀) မျှဖြင့်သာ ရွာတည်ထားသည့်ရွာလေးတစ်ရွာဖြစ်ပါသည်။ ရွာရှိလူများမှာ ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းတို့ဖြင့် အသက်မွေးကျောင်းပြု၍နေကြသည်။ မြစ်ရေကျဆင်းသွားပါက သဲသောင်ပြင်ကြီးထွန်းကားကာရှိပါလေသည်။

မိုးရာသီမှာတော့ ထိုသို့ထွန်းနေသော သဲသောင်ပြင်ကြီးအား မြစ်ရေများ ပြန်လည်၍ ဖုံးလွှမ်းကာသွားပြန်ပါသည်။ နှစ်စဉ်နှစ်တိုင်းလိုလို သဲသောင်ပြင်ဖွေးဖွေးတွင် ကုက္ကိုကုန်းရွာလေးနှင့် မနီးမဝေး၌ ထန်းရွက်၊ ထန်းလက်တို့ဖြင့် မိုးကာထားသည့် လေးတိုင်စင်တဲလေး တစ်လုံးရှိလေသည်။

ထိုတဲလေးတွင် ကိုထောက်ကြီး၊ မမယ်သုန်တို့လင်မယားနှင့် သူတို့၏သား (၁၀) နှစ်အရွယ် မောင်ဒိုးတို့ နေထိုင်ကြလေသည်။

သူတို့မိသားစုသည် ကုက္ကိုကုန်းရွာသားများဖြစ်ကြသော်လည်း ရွာထဲတွင် နေစရာအိမ်မရှိသဖြင့် သဲသောင်ပြင်တွင် တဲထိုးကာနေကြပြီး မိုးကျလျှင်တော့ ထန်းလက်တဲလေးအား ဖျက်သိမ်း၍ မြစ်ကမ်းနှင့်ဝေးရာ ကုန်းပေါ်သို့ ပြောင်းရွှေ့ကာဆောက်လုပ်နေထိုင်ကြပါသည်။


ကိုထောက်ကြီး၊ မမယ်သုန်တို့မှာ အင်မတန်မှပင် ဆင်းရဲကြပါ၏။ ဆင်းရဲလွန်း၍ သားလေး မောင်ဒိုးအားလည်း ယခုအသက်အရွယ်အထိ ကျောင်းမထားနိုင်။ ဝမ်းရေးအတွက်ကတော့ ဧရာဝတီမြစ်ကြီးအားအမှီပြု၍ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရလေသည်။

ကိုထောက်ကြီးမှာ မြစ်ထဲငါးရှာသွားရန်အတွက် လှေမဝယ်နိုင်သဖြင့် သူများပေးထားသော နွားစာခေါင်း (အလုံး(၃)တောင်၊ အလျား(၆)တောင်ရှိ သစ်လုံးကို ဖောက်နက်နက်၊ အဝကျယ်ကျယ်ထွင်းထားပြီး နွားများအစာထည့်ကျွေးရသည့်အရာ) ကို ရေစိမ့်သည့်နေရာများအား ပွဲ့လျက်နှင့်ဖာထေး၍ သုံးရသောလှေဖြစ်လေ၏။

# ဦးကိုကိုကြီး

(စစ်ဆေးရေး) ကစစ(၁၂)၊ ထုံးစုံ

## သွေးကြွေးကလဲ့စားနှင့်လောဘာနိဂုံး



www.burmeseclassic.com

www.burmeseclassic.com

ငါးဖမ်းပိုက်ကွန်မှာလည်း အဖာ ပေါင်းများစွာနှင့် ငါးဖမ်းရရှာပါသည်။ ငါးဖမ်းပိုက်ကွက်မကောင်းသဖြင့် ငါးရှာရာတွင် ငါးကထင်သလောက်မရပါ။ ရသောသည့်ငါးမျိုးစုံအားလည်း မမယ်သုန်နှ မိမိတို့မိသားစုစားဖို့ ငါးအချို့ကိုရင်ခွဲဆားသိပ်ပြီး အခြောက်လှန်းတန်လှန်းပြီး ကျန်သည့်ငါးများကို ကုက္ကိုကုန်းရွာထဲသို့ သွားပြီး လိုက်လံ ရောင်းချရပါသည်။ ငါးရောင်း၍ရလာသည့်ပိုက်ဆံကိုလည်း မိသားစုစားသုံးရန် ဆန်၊ ဆီ၊ ဆားတို့ ဝယ်၍ တဲသို့ပြန်ရလေသည်။

ဧရာဝတီမြစ်ထဲသို့ ငါးရှာသွားသည့်အခါတိုင်း သားဖြစ်သူ မောင်ဒိုးအား ကိုထောက်ကြီးမှခေါ်သွားလေ့ရှိပါသည်။ မောင်ဒိုးမှာ ငယ်သေး၍ ကွန်ကို မနိုင်သေးသော်လည်း ကိုထောက်ကြီး လက်တိုလက်တောင်းခိုင်းရန် အထောက်အကူတစ်ခုအဖြစ်သုံးရလေ၏။

မောင်ဒိုး အသက်အရွယ်ရလာပါလျှင်လည်း ငါးရှာခြင်းအလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်စေရန် ယခုကတည်းက လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။

လတစ်လ၏ နေ့တစ်နေ့တွင် နေမင်းကြီးကလည်း တောင်ဆွယ်တွင် နေကွယ်တော့မည်ဖြစ်သလို ကိုထောက်ကြီးတို့သားအဖမှာ ယနေ့ဘယ်လိုဖြစ်သည်မသိ နှစ်ကျပ်ခွဲသား ငါးခုံးမလေးနှစ်ကောင်မျှသာ ရရှိနေပေသေးသည်။

အချိန်ကလည်း မှောင်လာတော့မှာဖြစ်သလို လမိုက်ညကလည်းဖြစ်သောကြောင့် ကမ်းမမြင်လမ်းမမြင်ဖြစ်မှာစိုးရသဖြင့် မြစ်ကမ်းစပ်သို့ နွားစာ





www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလှေအား ဦးတည်၍လှော်ခတ်ကာ ကမ်းစပ်သို့ ဆိုက်ရောက်ကြလေသည်။

ဒီနေ့သည် ကိုထောက်ကြီးအဖို့ နေ့တွက်မကိုက်သောနေ့ဖြစ်နေပါသည်။ ဒီနေ့ညနေ ငါးရမှသာ မနက်ဖြန်မနက် မမယ်သုန်ရွာထဲသွားပြီး ငါးရောင်းသွားကာ ဆန်ဝယ်နိုင်မှာဖြစ်၍ ကိုထောက်ကြီးသက်ပြင်းရှည်ကြီးဆွဲချကာ နွားစာခေါင်းလှေပေါ်မှဆင်းလိုက်ပါသည်။

သည့်နောက် လှေအောက်သို့ အရောက်တွင် လှေအား ကမ်းစပ်၏ချည်တိုင်တွင် မောင်ဒိုးမှချည်လိုက်ပါသည်။ ကွန်ကိုတော့ လှော်တက်၏ အလယ်တွင် တင်လိုက်ပြီး သားအဖနှစ်ယောက် ရှေ့၊ နောက်ထမ်းကြပါသည်။ ငါးလေးနှစ်ကောင်ထည့်ထားသည့် ပလိုင်းကိုတော့ ကိုထောက်ကြီးသည် လက်မှ ဆွဲကိုင်ရင်း ဓားမအား နောက်ကျောဘက်ပုဆိုးတွင်ထိုး၍ တဲရှိရာသို့ပြန်သွားကြပါတော့သည်။

မှောင်ရီပျိုးစအချိန်ရောက်ပြီဖြစ်၍ မမယ်သုန်မှလည်း ကိုထောက်ကြီးတို့ သားအဖအား လည်ပင်းတရှည်ရှည်ဖြင့် မျှော်နေပြီ ဖြစ်ပါသည်။ အဝေးကပြန်လာပြီကိုမြင်လိုက်သောအခါ မမယ်သုန် အပြေးကလေး သွားရောက်ကြိုဆိုရင်း ကိုထောက်ကြီးဆီမှ ငါးပလိုင်းအားလှမ်းယူရင်း ပလိုင်းထဲသို့ငုံ့ကြည့်လိုက်ရာ ငါးခုံးမလေးနှစ်ကောင်သာ တွေ့ရှိရသဖြင့် မမယ်သုန် ရင်မောသွားရပါလေသည်။

ကိုထောက်ကြီးကလည်း -

"မယ်သုန်ရေ ဒီနေ့ငါးမရဘူးကွာ။ ငါးတွေကဘယ်သွားသေနေကြလဲမသိဘူး။ ကွန်ကိုပစ်ရတာ လက်ပမ်းကိုကျရော မနက်ဖြန်တော့ ဗိုက်မှောက်နေရလိမ့်မယ်ဟေ့"

ဟု ပြောလိုက်ရာ မမယ်သုန်မှ ဘာမှပြန်မပြောတော့ဘဲ မချိသောမျက်နှာနှင့် မချိပြုံးလေးသာပြုံးနိုင်ရှာပါသည်။

သူမပြောလိုက်ပါက ကိုထောက်ကြီး စိတ်မချမ်းသာဖြစ်မည်ကိုလည်း စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ ထို့နောက် မမယ်သုန်သည် ရေနံဆီမီးခွက်ကလေးအား တဲအတွင်းထွန်းညှိလိုက်ပါသည်။ မီးခွက်၏အလင်းရောင်ကြောင့် တဲအတွင်းအလင်းရောင်မှိန်ပျပျလေးလင်းကာ နီးချောဖျာအစုတ်လေးပေါ်တွင် ထမင်းဝိုင်းပြင်လိုက်ပါသည်။

ထမင်းဇလုံးလေး (၃) လုံးတွင် ထမင်းအိုးထဲမှ ထမင်းခဲများကို ဇလုံ (၃)လုံးထဲသို့မျှ၍ ထမင်းအရင်ထည့်လိုက်ပါသည်။

ကိုထောက်ကြီးကိုတော့ မမယ်သုန်မှ သူတို့ထက် ထမင်းအနည်းငယ်ပို၍ထည့်ပေးထားပြီး ဟင်းက နေလှန်းထားသည့် ငါးနှစ်ကောင်အား မီးကင်၍ ဆီမပါတပါလေးဆမ်းထားသော ဟင်းတစ်ခွက်တည်းမျှသာ ဖြစ်ပါသည်။ မြေရေနွေးအိုးတစ်လုံးနှင့် ညစ်နွမ်းနွမ်းမတ်ခွက်တစ်လုံးကိုတော့ ထမင်းကို ရေနွေးနှင့်မျှောချရန် ထမင်းဝိုင်း၏ဘေးတွင်ချထားပါသည်။

ကိုထောက်ကြီးသည် ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး ထမင်း၊ ဟင်းတို့အားကြည့်ကာ စိတ်ပျက်ပျက်နှင့် ရေနွေးအိုးထဲမှ မတ်ခွက်ထဲသို့ ရေနွေးများလောင်းငှဲ့ချလိုက်ပါသည်။

"တောက် - ငါ့ဘဝကလည်းနုံချာပါ့ကွာ။ ဆိုးချက်ကတော့ ပြောကိုမပြောချင်ဘူး။ ဒီတိုင်းသာဖြစ်နေဦးမယ်ဆိုရင် အသက်တောင်ရှင်ပါဦးမလား။ ရိုးရိုးသားသားလုပ်စားနေလို့တော့မဖြစ်တော့ဘူးထင်တယ်။ လူသတ်၊ ဓားပြတိုက်လုပ်မှဘဲဖြစ်တော့မယ်ထင်ပ"

ဟု ကိုထောက်ကြီး ထမင်းမစားခင် ပြောချကြိမ်းဝါးလိုက်ပါသည်။

လင်ယောကျ်ားပြောလိုက်သည့် စကားကြောင့် မမယ်သုန်မှ -

"အမယ်လေး - ကိုထောက်ကြီးရယ် ပြောချက်ကတော့ ကြောက်စရာကောင်းလိုက်တာ။ မကြံကောင်းမစည်ရာ မပြောကောင်းပြောကောင်း စကားနောက်တရားပါဖြစ်နေပါဦးမယ်ပ"

ဆက်လက်ပြီး မမယ်သုန်မှ -

"ဘဝဆိုတာ ဒီအတိုင်းတော့ရပ်မနေပါဘူး။ သားမောင်ဒိုးကြီးလာရင်တော့ အပြောင်းအလဲဆိုတာရှိလာဦးမှာပ ကိုထောက်ကြီးရယ် စိတ်မပျက်စမ်းပါနဲ့"

ဟု ကိုထောက်ကြီးအား သူ့သားမောင်ဒိုးအား စေ့စေ့ကြည့်ရင်း မျက်လုံးအိမ်မှ မျက်ရည်တို့သည် ရစ်ဝိုင်း၍လာပါတော့သည်။ ထို့နောက် ကိုထောက်ကြီးတို့ ထမင်းဝိုင်းမှာ ငြိမ်သက်သွားကြပြီး အသက်ရှင်သန်နေထိုင်ရေးအတွက် ထမင်းကို ကိုယ်စီကိုယ်င ကိုယ့်အတွေးနှင့်ကိုယ်ထမင်းစားနေကြပါသည်။ထမင်းစားသောက်ပြီးနောက် ထမင်းဝိုင်းအားသိမ်းကာ ထိုနေရာမှာပင် ကိုထောက်ကြီးတို့ စောစီးစွာအိပ်ကြလေသည်။

ထိုညအဖို့မှာတော့ ကိုထောက်ကြီးခမျာ အတွေးပေါင်းမြောက်မြားစွာဖြင့် တော်တော်နှင့်အိပ်မပျော်ရှာပေ။ ညက တော်တော်နှင့် အိပ်မပျော်သဖြင့် မနက် မိုးစင်စင်လင်းမှ ကိုထောက်ကြီး အိပ်ရာမှနိုးလေသည်။

နိုးသည်နှင့် မျက်နှာသစ်ကာ မမယ်သုန်ထည့်ထားသော ရေနွေးအိုး ထဲမှ ရေနွေးကြမ်းအား မတ်ခွက်(၂)ခွက် မော့သောက်လိုက်ပြီး လှော်တက်ပေါ် တွင် ကွန်တင်လျက် -

"မယ်သုန်ရေ၊ ဒီကနေ့မောင်ဒိုး ခေါ်မသွားတော့ဘူး။တစ်ယောက်တည်း ပဲသွားတော့မယ်"

ဟု ပြောကာ လှော်တက်ထမ်း၍ ဧရာဝတီမြစ်ဆီသို့ လှမ်းထွက်သွား လေတော့သည်။

"သွားသွား - ကိုထောက်ကြီး ဒီနေ့ ငါးရမှဖြစ်မယ်။ ကျုပ်လည်း ရွာ သွားပြီးဆန်ကြွေးဝယ်သွားရဦးမယ်"

ဟုပြန်လည်ပြောဆိုကာ ယောက် ဖြစ်သူ၏ ကျောပြင်အားကြည့် မမယ်သုန် ကျန်ရစ်ခဲ့လေသည်။

ယခုလို ငါးရှာထွက်ပြီဆို ကိုထောက်ကြီးသည် တစ်နေ တစ်နေခန်း ငါးရှာဖွေကာ ညနေစော မှ အိမ်သို့ပြန်တတ်လေသည်။ မြစ် စပ်သို့ရောက်သွားသော ကိုထောက် သည် နွားစာခေါင်းလှေအား ငုတ် တွင်ချည်ထားသောကြိုးကိုဖြုတ်၍ ပေါ်သို့ ကွန်ကိုပစ်တင်ရင်း လှေ သို့တက်ကာ မြစ်လယ်သို့လှော်ခတ် ပါလေတော့ သည်။

ကိုထောက်ကြီး ငါးရှာရသည် ငါးဖမ်းပိုက်ကွန်သည် အပေါက် အဖာတစ်ရာဆိုတာမျိုးလိုဖြစ်နေ ငါးဖမ်းပိုက်ကွန်မကောင်းသော ငါးဖမ်းရသည်မှာ အိတ်ပေါက်နှင့် ကောက်ရသည်မျိုးလိုဖြစ်နေ၍ ထင်သလိုမျိုးမရဖြစ်နေပါသည်။

သို့အတွက် ငါးဖမ်းပိုက်ကွ နိုင်ရေးကို စဉ်းစားမိတိုင်း ပို ပိုပိုလျှံလျှံမရှိသဖြင့် ကိုထောက် မိမိ၏ရင်ဘတ်ကိုသာဖိနေရင်း ကို ဖြေသိမ့်နေရပါလေ၏။

ဩော် - ကိုထောက်ကြီး ဆိုးရွားလိုက်ပါဘိနော်။

❑

ညနေစောင်းမှသာ ပြန် ရှိသည့် ကိုထောက်ကြီးသည် နေမွန်းလွဲရုံသာရှိသေးသေး



www.burmeseclassic.com

www.burmeseclassic.com

ကို ကမ်းစပ်သို့ထိုးကပ်ကာ လှေပေါ်မှ ဆင်းပြီး ချည်တိုင်တွင် လှေကို ကြိုးချည်လိုက်ကာ လှေပေါ်တွင်ရှိသော ငါးထည့်ပလိုင်းအား လှမ်းယူလိုက်ပါသည်။

ကွန်နှင့်လှော်တက်ကိုတော့ လှေပေါ်မှာမယူဘဲထားခဲ့ပြီး ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် တဲရှိရာသို့ ကိုထောက်ကြီးသွားလေသည်။ တဲနားအရောက်တွင် မမယ်သုန်မှ -

"ဟောတော် - ကျားသားမိုးကြိုး ကိုထောက်ကြီး ဒီကနေ့ အစောကြီးပြန်လာပါလား။ ငါးတော်တော်ရလာတယ်ထင်ပတော်။ ပေးပေး၊ ကျုပ်ကို ပလိုင်းပေး၊ ငါးစောစောသွားရောင်းပြီး ဆန်ဘိုးအကြွေးသွားဆပ်ရမယ်"

ဟု ပြောပြောဆိုဆို ငါးပလိုင်းအား လှမ်းယူလိုက်ပါသည်။

BURMESE CLASSIC

ကိုထောက်ကြီးမှ -

"တဲအတွင်းကျတော့မှယူစမ်းပါ ယ်သုန်ရယ်"

ဟု ပြောဆိုကာ ကိုထောက်ကြီး တဲအတွင်းသို့ ရှေ့မှဦးဆောင်၍ဝင်သွား ရာ မမယ်သုန်မှာ ဘယ်လိုပါလိမ့်ဆိုသောအတွေးနှင့် ကိုထောက်ကြီးနောက် လိုက်သွားပါလေသည်။

ခါတိုင်းဆိုပါလျှင် ကိုထောက်ကြီး ရာ၍ တဲသို့ပြန်ရောက်လာတိုင်း လိုင်းကို မမယ်သုန်အား တန်းပေး ဖြစ်သော်လည်း ဒီတစ်ခါ တန်း သည့်အတွက် မမယ်သုန်တွေဝေ ါ၏။

တဲအတွင်းသို့ရောက်လတ်သော် နေသော မောင်ဒိုးမှာ အဖေ၏ ကြား၍ ထထိုင်လိုက်ပါသည်။

သည့်နောက် ဖျာစုတ်ပေါ်တွင် ောက်ကြီးထိုင်ကာ ငါးပလိုင်းကို -

"အေး- ဟောဒီငါးပလိုင်းထဲကို လိုက်ကြ"

ဟု ပြောဆိုသဖြင့် မမယ်သုန်နှင့် တို့သားအမိ နှစ်ယောက်ဝိုင်း ကြပါလေသည်။

မယ်သုန်မှ -

"ဘယ် - ကိုထောက်ကြီး"

ဟု ဆိုပြီး မောင်ဒိုးမှလည်း -

"ဘာ - အဖေ"

ဟု ဆိုကာ သားအမိနှစ်ယောက် ကျယ်သော မျက်လုံးများဖြင့် ကြလေတော့သည်။

နောက်တွင်မတော့ ကိုထောက် ယောက် နောက်တစ်နေ့မနက် စောစောတွင် မြို့သို့တက်သွားပါလေသည်။ မြို့မှပြန်ရောက်လာပြီးသည့်နောက်ပိုင်း ကိုထောက်ကြီးတို့မိသားစုသုံးယောက်သည် ဧရာဝတီမြစ်ကမ်းနံဘေးရှိ သဲသောင်ပြင်၏တဲတွင် မနေကြတော့ဘဲ ကုက္ကိုကုန်းရွာအတွင်း ပြောင်းရွှေ့နေထိုင်ကြပါသည်။

အိမ်ကို ထရံကာ၊ ဖျဉ်ခင်း၊ သုံးပင်အိမ်ကို ခန်းပွင့်ကျယ်ကျယ်တစ်လုံး ဆောက်လုပ်ကြပြီး ခြံဝင်းကိုလည်း ဝါးတို့ဖြင့် သေချာခတ်၍ထားပါသည်။ နွားစာခေါင်းလှေကိုဖြင့် ကိုထောက်ကြီးမှ ထင်းအဖြစ် ခွဲခြမ်းစိတ်ဖြာ၍အသုံးပြုလိုက်ပြီး သူ့အတွက် လှေအသစ်တစ်စင်းဝယ်ယူလိုက်ပါသည်။

နားပေါက်ဟောင်းလောင်းဖြစ်နေလာရသည့် မမယ်သုန်မှာလည်း နားတွင် နားကပ်တစ်ရန် ပန်ဆင်ထားသည်ကို မြင်တွေ့ရပြန်ပါသည်။

စာမတတ်ပေမတတ်ဖြစ်နေသည့် မောင်ဒိုးကိုတော့ ရွာကျောင်းရှိ ဘုန်းတော်ကြီးထံ အပ်နှံ၍ စာသင်စေလေသည်။

ကုက္ကိုကုန်းရွာမှ ရွာသူရွာသားများကလည်း ကိုထောက်ကြီးတို့ ချက်ချင်းလက်ငင်း အပြောင်းအလဲကြီး ပြောင်းလဲကြသည်ကို မြင်တွေ့ကြရ၍ ရိုးသားသည့် ရွာသူရွာသားများပီပီ ဝမ်းသာကုန်ကြပါသည်။

ကိုထောက်ကြီးသည် စီးပွားရေးအတွက် တံငါလုပ်ငန်းကိုပင် ဆက်လက်ဇောက်ချလုပ်ကိုင်ပါသည်။ ငါးဖမ်းပိုက်ကွန်ကောင်းလာသဖြင့် ငါးကလည်း ယခင်ကလို မရတစ်ချက်ရတစ်ချက် မဟုတ်ဘဲ ငါးများအရကောင်းကာ ရောင်းအားကောင်းနေသဖြင့် ငွေစလေးများကရှင်လှပေသည်။

သို့နှင့် ကိုထောက်ကြီးတို့မိသားစု မောမောပန်းပန်းနှင့် အိပ်မောကျနေကြ



စဉ် -

"ဝူး. . . ဝူး. . . ဝါး. . . မပေးဘူး။ ဘာလို့ပေးရမှာလဲ။ ဒါ ငါ့ဟာတွေ နင် ငါ့နားကထွက်သွားစမ်း အူး. . . အူး. . ."

ကိုထောက်ကြီးကယောင်ကတမ်းနှင့်လူးလဲအော်လေသည်။

ထိုအခါ မမယ်သုန်မှာ လန့်နိုးလာပြီး -

"ကိုထောက်ကြီး ဘာဖြစ်တာလဲ။ ထစမ်း ထစမ်း အမယ်လေးတော် ဘာများဖြစ်တာပါလိမ့်"

ဟု ကိုထောက်ကြီးအား လှုပ်နှိုးလိုက်ပါသည်။

အနီးရှိ မီးခွက်ကြီးအားလည်း မမယ်သုန်မှ သစ်သားမီးခြစ်ကိုခြစ်၍ မီးထွန်းလိုက်ပါသည်။

မမယ်သုန် နှိုးလိုက်မှုကြောင့် ကိုထောက်ကြီး ချွေးတလုံးလုံးနှင့်ထလာပြီး -

"မယ်သုန်၊ ငါ့ကိုရေ. . . ရေတစ်ခွက်လောက်ပေးပါကွာ"

ဟု တောင်းဆိုသဖြင့် မမယ်သုန် ရေခပ်ပေးလိုက်ပါသည်။

ကိုထောက်ကြီး ရေကိုမော့သောက်ချလိုက်ပြီး -

"အိပ်မက်မကောင်းဘူး မယ်သုန်ရယ်"

ဟု ဆိုပြီး မမယ်သုန်စိတ်မကောင်းဖြစ်မှာစိုးသဖြင့် မပြောတော့ဘဲ အိပ်ရာထဲပြန်လှဲအိပ်လိုက်သည်။ မောင်ဒိုးမှာ ကိုထောက်ကြီး၊ မမယ်သုန်တို့၏အသံများကိုကြားရသဖြင့် ထထိုင်ကာ မိဘနှစ်ဦး၏အဖြစ်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေရှာလေသည်။

ထိုနေ့ညက ကိုထောက်ကြီး အတွေးပေါင်းများစွာနှင့် တော်တော်နှင့် အိပ်မပျော်ရှာပေ။

❑

နောက်တစ်လ၏ ဒုတိယလမိုက်ညတစ်ည။

ညသန်းခေါင်ယံအချိန်ဟု ဆိုရမှာဖြစ်ပါသည်။ ကိုထောက်ကြီးတို့မိသားစု အိပ်မောကျနေချိန်တွင် ကိုထောက်ကြီး အိပ်မက်ကြောင့် ဖျတ်ခနဲလန့်နိုးလာပြီး အိပ်ရာမှထလိုက်ပါသည်။ ပြီးနောက် အိမ်တံခါးပေါက်ရှိရာသို့သွားပြီး တံခါးကိုဖွင့်ကာ အိမ်ရှေ့ခြံစည်းရိုးအပေါက်ဝဆီသို့ လှမ်းကြည့်လိုက်ပါသည်။

ထိုအခါ ခြံစည်းရိုးတံခါးအပေါက်ဝ



www.burmeseclassic.com

www.burmeseclassic.com

ဧ၏အပြင်တက်တွင် ရေများတစ်ကိုယ်လုံးစိုရွှဲနေပြီး ရေစိုဆံပင်ကြီးကိုဖားလျားချကာ မျက်ကွင်းညိုညိုကြီးဖြင့် ခပ်ရွယ်ရွယ် အသက် (၃၀) ခန့် အမျိုးသမီးတစ်ယောက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို ပတ်ဝန်းကျင်တစ်ခုလုံးမှောင်နေသည့်ကြားမှ ကိုထောက်ကြီး အရှင်းသားလှမ်းမြင်ရလေသည်။ မြင်လိုက်ရသည့်အတွက် မကြောက်တတ်သောကိုထောက်ကြီးမှာ ရုတ်တရက်ကြီး တွေ့လိုက်ရ၍ လန့်သွားပါသည်။

တံခါးဖွင့်ပြီး လှမ်းကြည့်နေသည့် ကိုထောက်ကြီးကို ထိုမိန်းမရွယ်မှအဝေးမှ လှမ်းတွေ့သွားပါသည်။

ထိုမိန်းမရွယ်သည် ကိုထောက်ကြီးအား စားမတတ်ဝါးမတတ် စူးစူးစိုက်စိုက်ကြည့်ကာ နှုတ်မှဘာမှမပြောဘဲ ကိုထောက်ကြီးကို လက်ယပ်ခေါ်နေသလို ခေါင်းမှလည်း တဆတ်ဆတ်ညိတ်ခေါ်နေပြန်ပါသည်။လက်ဆန့်တန်းပြီး လက်ဝါးဖြန့်ကာ တောင်းနေဟန်ပြုလေသည်။

ထိုအခြင်းအရာကိုမြင်တွေ့ရသည့် ကိုထောက်ကြီးသည် ဒေါသစိတ်တို့ပေါက်ကွဲကာ စိတ်မထိန်းနိုင်တော့ဘဲ -

"နင် ဘာလာလုပ်တာလဲ။ နင်နဲ့ငါနဲ့ ဘာမှမပတ်သက်ဘူး။ ငါ့ခြံရှေ့က ခုချက်ချင်းထွက်သွား။ နင်ထွက်မသွားရင် ငါ့လှော်တက်စာမိသွားမယ် ဘာမှတ်နေသလဲ ထွက်သွား"

ဟု ကျယ်လောင်းစွာ အော်ဟစ်ပြောလိုက်ပါသည်။

ကိုထောက်ကြီး၏ အသံကြောင့် မမယ်သုန်နှင့်မောင်ဒိုးတို့မှာ နိုးလာကြပြီး ကိုထောက်ကြီးအနားသို့သွားကာ မမယ်သုန်မှ -

"ကိုထောက်ကြီး ဘာဖြစ်တာလဲ သတိလည်းထားပါဦးတော်"

ဟု ကိုထောက်ကြီး၏လက်မောင်းကို လှုပ်ကာ သတိပေးလေသည်။

"ငါသတိကောင်းတယ် မယ်သုန် ငါဘာမှမဖြစ်ဘူး။ ဟိုမှာတွေ့လား ခြံဝက ကောင်မကို ငါမောင်းထုတ်နေတာ"

ဟု ပြောလိုက်ရာ မမယ်သုန်ရော မောင်ဒိုးပါ ခြံစည်းရိုးအဝသို့ လှမ်း၍ ကြည့်လိုက်ကြရာ ဘာကိုမှမမြင်တွေ့ရဘဲ လမိုက်ညဖြစ်သည်မို့ မှောင်မည်းနေသည်ကိုသာ တွေ့မြင်ရသဖြင့် မမယ်သုန်မှ -

"မဟုတ်တာပ ကိုထောက်ကြီးရယ် ဘာမှမရှိပါဘူး။ အိပ်ချင်မူးတူးနဲ့မို့ ကယောင်ကတမ်းဖြစ်နေတာပါ။ လာလာ - အိပ်ရအောင်"

ဟုခေါ်သဖြင့် ကိုထောက်ကြီးမှ-

"မဟုတ်ဘူး မယ်သုန်။ နင့်မျက်စိကန်းနေသလား။ ဟိုမှာ မမြင်ဘူးလား ငါ့ကိုလက်ယပ်ခေါ်ပြီး လက်ဖြန့်တောင်းနေတာ။ လှော်တက်နဲ့ ဆင်းရိုက်မှကိုဖြစ်မယ်"

ဟုထပ်ပြောပြန်သဖြင့် မမယ်သုန်မှာ ဟုတ်လိုဟုတ်ငြား ထပ်ကြည့်ရပြန်ရှာပါသည်။

မမယ်သုန်မမြင်မတွေ့ရပါ။ မမယ်သုန်လည်း ကိုထောက်ကြီးကြည့်နေသော အိမ်တံခါးအား အတင်းပိတ်လိုက်ပြီး မောင်ဒိုးနှင့်နှစ်ယောက် အိပ်ရာထဲဆွဲခေါ်၍အိပ်ခိုင်းလိုက်လေသည်။

ထူးသည်က ကိုထောက်ကြီး အိပ်ရာထဲသို့ရောက်သည်နှင့် တန်း၍ အိပ်ပျော်သွားပါသည်။ ခဏအကြာတွင် ကိုထောက်ကြီး၏ဟောက်သံကိုကြားရလေ၏။

အိပ်မပျော်သေးသည်က မမယ်သုန်နှင့် မောင်ဒိုးတို့ ဖြစ်ပါသည်။

မမယ်သုန်သည် မောင်ဒိုးကို ကြင်နာသောအကြည့်ဖြင့်ကြည့်လျက်-

"မင်းအဖေအတွက် ရင်မောလိုက်ပါဘိ မောင်ဒိုးရယ်"

မောင်ဒိုးကတော့ ဘာပြန်ပြောရမလဲဆိုသည်ကိုတွေးရင်း အိပ်ပျော်သွားရှာလေသည်။ မမယ်သုန်မှာ အိပ်မပျော်နိုင်သေးချေ။

❑

ကိုထောက်ကြီး ထိုကဲ့သို့ဖြစ်ပျက်ခဲ့ပြီး နောက်တစ်လ၏တတိယလမိုက်ညတွင် အဖြစ်တစ်ခုထပ်မံကြုံရပြန်ပါသည်။

ထိုနေ့က ကိုထောက်ကြီးနှင့်အတူ မောင်ဒိုးပါ ငါးရှာလိုက်ခဲ့ပါသည်။ ငါးက ထိုနေ့က လှိုင်လှိုင်ရသဖြင့် ပိုက်ကွန်ပစ်ရင်းပစ်ရင်း အချိန်ကြာမြင့်ကာ အိမ်အပြန် ညဦးနက်သွားလေသည်။

အိမ်အပြန်လမ်းတွင် အမှောင်က စိုးမိုးနေသဖြင့် ကိုထောက်ကြီးက လှော်တက်နှင့် ပိုက်ကွန်ထမ်းပြီး မောင်ဒိုးက ငါးပလိုင်းကိုလက်ဖြင့်ဆွဲကာ ဖြည်းဖြည်းချင်း လမ်းလျှောက်ပြန်ရလေသည်။

လမ်းခုလတ်သို့ အရောက်တွင် ကိုထောက်ကြီးရှေ့မှ ပြီးခဲ့တဲ့ လမိုက်ညကတွေ့ခဲ့ရသည့် တစ်ကိုယ်လုံးရေတွေစိုရွှဲနေပြီး ဆံပင်ဖားလျားနှင့်မိန်းမက ရပ်ကာ မျက်လုံးကြီးပြူးလျက် စူးစူးဝါးဝါး ကြည့်နေပါသည်။ ခေါင်းတဆတ်ဆတ်ညိတ်ခေါ်ရင်း လက်ဝါးနှစ်ဖက်လုံးဖြန့်ပြီး လက်ဆန့်တန်းကာတောင်းနေသည်ကို မြင်တွေ့လိုက်ရသည်နှင့် ကိုထောက်ကြီး ဒေါသူပုန်ထပြီး လှော်တက်ပေါ်မှကွန်ကို အောက်သို့ ဖြုတ်ချလိုက်၏။ ထို့နောက် ထိုမိန်းမထံသို့ လှော်တက်ကိုမြှောက်လျက် -

"သေပေတော့ကွာ"

ဟု ပြောရင်း သွားရိုက်လေရာ မောင်ဒိုးမှာ သူ၏အဖေအဖြစ်ကို အံ့ဩစွာကြည့်ရင်း -

"အဖေဘာဖြစ်တာလဲ"

ဟု အော်ဟစ်လိုက်ပါသည်။

အမှောင်ထဲတွင် သူ့အဖေသည် လူတစ်ယောက်ကိုလိုက်ရိုက်နေသည်ကို မောင်ဒိုးမြင်တွေ့နေရတာဖြစ်သော်လည်း အနေထားသည် သူ့အဖေကသာ လိုက်ရိုက်နေတာဖြစ်ပြီး သူ့အဖေလိုက်ရိုက် သောသူကို မောင်ဒိုး မမြင်တွေ့ရ သူ့အဖေဖြစ်ပျက်ပုံကို အမှောင်ထဲတွင် စမ်းတဝါးဝါးမြင်တွေ့ရသော မောင် သည် -

"အဖေသတိထားပါ။ အဖေဘာ သူကိုရိုက်နေတာလဲ။ ကျုပ်တော့ဘာ မမြင်ဘူး"

ဟုထပ်အော်လိုက်ရာ ကိုထော ကြီးသည် လိုက်ရိုက်နေရာမှရပ်လိုက်

"ဟိုကောင်မပြေးပြီ။ ထော ကို ဘာကောင်မှတ်လို့လဲကွ"

ဟု ဆိုကာ ချထားသော ပိုက် အား လှော်တက်တွင်ပြန်တင်လိုက်

"လာ - မောင်ဒိုးသွားမယ်"

ဟု ဆို၍ ရှေ့မှဦးဆောင် သွားလေသည်။

ထိုသို့ဖြစ်ပျက်ခဲ့သည့်အခြေအ ကို မောင်ဒိုးသည် အိမ်ပြန်အရော တွင် အမေဖြစ်သူအား ကိုထော အလစ်တွင် ပြောပြလေရာ မမယ် မှ-

"မင်းအဖေအတွက်တော့ ဒုက္ခပဲ မောင်ဒိုးရယ်"

ဟု ဆိုကာ သက်ပြင်းရှည် လိုက်ပါသည်။

❑

နောက်တစ်လ၏စတုတ္ထ ညဖြစ်ပါသည်။

ဒီကနေ့နံနက် ကိုထော တစ်ယောက် အိမ်မှထမင်း သောက်ပြီး ပြန်ရောက်ချိန်



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် မမယ်သုန်သည် ကိုထောက်ကြီး ပြန်လာမည့်လမ်းအား မျှော်ကြည့်ရင်း စောင့်ဆိုင်းနေလေသည်။

စောင့်ဆိုင်းနေရင်းက မမယ်သုန်သည် ဘုန်းကြီးကျောင်းဆီမှ ည (၈) နာရီထိုးသံကြားလိုက်ရသောအခါ ယခုချိန်အထိပြန်မလာသော ကိုထောက်ကြီး အတွက် စိတ်ပူပင်သောကပိုကဲလာရလေသည်။

မျှော်နေရင်းက ပြန်မလာသည့် အဆုံး သားဖြစ်သူမောင်ဒိုးအားခေါ်ပြီး သူကြီးအိမ်သို့ထွက်ခဲ့လေသည်။

သူကြီးအိမ်အရောက်တွင် သူကြီးမှ -

"ဟဲ့- မယ်သုန် ကသုတ်ကပျာနဲ့ ညကြီးမင်းကြီး ဘာကိစ္စလဲကွယ့်"

ဆိုလေရာ -

"သူကြီးမင်း ကိုထောက်ကြီးမနက်အတည်းက ငါးရှာထွက်သွားတာ ခုထိ ပြန်ရောက်မလာလို့ သူကြီးကို အကူအညီလာတောင်းတာပါ"

သူကြီးသည် ခဏမျှစဉ်းစားပြီး -

"ကဲ - ဖိုးညက်ရေ၊ ရွာထဲက ယောကျ်ားသားလေး၊ငါးယောက်သွားစုပြီး ငါ့ဆီခေါ်ခဲ့။ မီးတုတ်တွေပါယူခဲ့ဖို့ ပြောကြားလား"

အရေးကြုံလာလျှင် သူကြီး၏ ဦးဆောင်မှုကိုခံယူ၍ လူညီညာမှုရှိသော တောင်ကုန်းရွာလေးဖြစ်ပါ၏။

လူအများရောက်လာပြီးသည်နှင့် သူကြီးမှဦးဆောင်ကာ မီးတုတ်ကိုယ်စီဖြင့် ဧရာဝတီမြစ်ကမ်းခြေသို့သွားကြပါသည်။

လမ်းတစ်လျှောက် ဟိုဟိုဒီဒီကြည့်ရင်း မြစ်ကမ်းခြေသို့ရောက်ကြသောအခါ မီးတုတ်များ၏အလင်းရောင်ကြောင့် ကမ်းခြေ၏ချည်တိုင်တွင် လှေတစ်စီးချည်ထားသည်ကို တွေ့ရသဖြင့် သူကြီးမှ -

"ဟဲ့ - မယ်သုန် ဒါနင်တို့လှေလား ကြည့်စမ်း"

ဟု မေးရာ မမယ်သုန်မှ လှေအား ကြည့်လိုက်ပြီး -

"ဟုတ်ပါ့ သူကြီးမင်း။ ဒါကျုပ်တို့ လှေအစစ်ပါ"

ထိုအခါ သူကြီးမှ-

"ဒါဆို ထောက်ကြီး ကုန်းပေါ်ကို တက်နေတာ သေချာတယ်။ လှော်တက် ငါးဖမ်းပိုက်နဲ့ ငါးပလိုင်းတွေလည်း လှေပေါ် မှာမရှိဘူး။ ဒီကောင် ကုန်းပေါ်ကျန်နေတာဖြစ်ရမယ်ကွ။ ထောက်ကြီးဟာ တံငါဖြစ်ပေမယ့် အရက်လည်း မသောက်တတ်ပါဘူး။ ရွာထဲမှာလည်း သူ့ကိုမုန်းတဲ့လူမရှိပါဘူး။ ဒီကောင် ဘယ်ကို များသွားတာပါလိမ့်"

ထိုအခါ မမယ်သုန်မှ -

"မှန်ပါ့ သူကြီးမင်းရယ်၊ ငါးရှာပြန်လာရင် ဘယ်ကိုမှမသွားတတ်ဘူး။ အမြဲ ပဲ အိမ်တန်းပြန်လေ့ရှိတယ်။ သူကြီးမင်း ခုလာခဲ့တဲ့လမ်းက ရွာထဲတလာခဲ့တာ။ ကိုထောက်ကြီးက ရွာပြင်လမ်းက ပြန်နေကျ သူကြီးမင်းရဲ့"

"ကဲကဲ - ဒီလိုဆို ရွာပြင်လမ်းက နေ ဆက်ရှာကြမယ်"

ဟု သူကြီးမှပြောသဖြင့် ရွာသားများ မီးတုတ်ကိုယ်စီဖြင့် သူကြီးမှရှေ့ဆောင်ကာသွားကြပြန်လေသည်။

ခပ်လှမ်းလှမ်းအရောက် သူကြီးမှ မီးတုတ်ကိုမြှောက်ကြည့်လိုက်ပြီး -

"ဟေ့- ရှေ့မှာကြည့်စမ်း ငါးပလိုင်း မဟုတ်လား"

ဟု ပြောလိုက်ရာ ရွာသားတစ်ယောက်မှ အပြေးလေးသွားကြည့်လိုက်ပါသည်။

"ဟုတ်တယ် သူကြီးမင်း။ ပလိုင်းထဲမှာလည်း ငါးတွေတစ်ပိဿာလောက်တော့ရှိမယ်ထင်တယ်။ ဟားဟိုမှာလည်း ငါးဖမ်းကွန်ပါလား"

ဟု ပလိုင်းနှင့်သုံးတောင်လောက်အကွာတွင်ရှိနေသည်ကိုမြင်သော ရွာသားမှပြောလိုက်ရာ သူကြီးမှ -

"မယ်သုန် နင်တို့ဟာဟုတ်၊ မဟုတ်သွားကြည့်စမ်း"

ဟု ပြောသဖြင့် မမယ်သုန်မှ မောင်ဒိုးနှင့်အတူ အပြေးလေးသွားကြည့်ပြီး-

"ဟုတ်ပါ့ သူကြီးမင်း။ ဒါ ကျုပ်တို့ ပလိုင်းနဲ့ကွန်အမှန်ပဲ"

ဟု ပြန်ပြောလိုက်ပါသည်။

ထိုအခါ သူကြီးသည် -

"အဲဒီလိုဆိုရင် ထောက်ကြီး ဒီနားမှာပဲရှိမယ်။ လူဖြန့်ပြီးရှာကြည့်စမ်း"

ဟု အမိန့်ပေးလေရာ ရွာသားများ မီးတုတ်ကိုယ်စီဖြင့် လူဖြန့်၍ရှာကြလေသည်။

ခဏမျှအကြာတွင် ပလိုင်းနှင့်ငါးဖမ်းကွန်နေရာ၏ အတောင် (၂၀) မျှ အကွာတွင် စောစောက ကွန်တွေ့သော ရွာသားမှပင် -

"တွေ့ပြီဗျို့ တွေ့ပြီ။ ဒီမှာ ကိုထောက်ကြီး ပက်လက်ကြီးလန်လို့။ သူ့ဘေးမှာလည်း လှော်တက်နဲ့"

ဟု လှမ်းအော်လေရာ လူဖြန့်ရှာနေရာမှ သူကြီးတို့အဖွဲ့သည် ကိုထောက်ကြီးရှိရာသို့ အပြေးလေးလာလိုက်ကြပါသည်။

အနားရောက်သောအခါ ရွာသားများမှ မီးတုတ်များဖြင့် ကိုထောက်ကြီးအား ဝိုင်းဝန်း၍ သေချာကြည့်လိုက်ကြရာ ကိုထောက်ကြီးမှာ ခြေကားရားလက်ကားရားဖြင့် ပက်လက်ကြီးတွေ့ကြရလေသည်။

ကိုထောက်ကြီး၏ မျက်လုံးနှစ်လုံးမှာပြူးလျက် ပါးစပ်ကလည်း သွေးများယိုစီးကျနေပြီး သွေးကြောများမှသွေးများလည်းတိုးသည်ကို မတွေ့ရတော့သဖြင့် ကိုထောက်ကြီး သေသွားပြီဟု မှတ်ချက်ချလိုက်ပါသည်။

သူကြီးသည် မီးတုတ်နှင့်ကပ်၍ သေချာကြည့်လိုက်သည်။ ထူးခြားချက်မှာ ကိုထောက်ကြီး၏ လည်ပင်းတွင် လက်ချောင်းရာများနှင့် ညိုမည်းနေသည်ကို မြင်တွေ့လိုက်ရပါသည်။

ကိုထောက်ကြီး၏အဖြစ်ကို မြင်တွေ့လိုက်ရသော မမယ်သုန်နှင့်မောင်ဒိုးတို့မှာ ကမ္ဘာမီးလောင်သည့်ပမာ -

"ကိုထောက်ကြီး"

"အဖေ"

ဟု ဟစ်အော်ကြရင်း ချုံးပွဲချငိုကြွေးကြပါလေသည်။

မောင်ဒိုးကဖြင့် ဤနေရာကိုသူမှတ်မိနေပါသည်။ ကိုထောက်ကြီးနှင့် မောင်ဒိုးတို့ အတူပြန်သည့်ညက ကိုထောက်ကြီး ဘာကိုမှမမြင်ရဘဲ လှော်တက်ဖြင့်လိုက်ရိုက်သောနေရာ ဖြစ်နေပါပေ၏။

❑

ဒီကနေ့ကတော့ဖြင့် ကိုထောက်ကြီး၏ ရက်လည်သည့်နေ့ဖြစ်ပါသည်။

ရွာကျောင်းရှိဘုန်းတော်ကြီးသည်လည်း ကြွရောက်၏။

မမယ်သုန်၏ရှေ့တွင် ရေစစ်ခွက်တစ်ခွက်ချထားပြီး မမယ်သုန်၏ ညာဘက်တွင် မောင်ဒိုးထိုင်ကာ ဘယ်ဘက်မှာတော့ သူကြီးထိုင်နေပါသည်။

သူတို့၏နောက်မှာတော့ ရွာသူရွာသားများမှ ဘုန်းကြီးတရားချီးမြှင့်မည်ကို ငြိမ်သက်စွာ စောင့်ဆိုင်းနေကြပါသည်။

ထိုအချိန်တွင် ဘုန်းကြီးသည် မျက်လွှာချထားရာမှ သူကြီးဘက်သို့ ကြည့်ကာ -

"လူစုံပြီလား ဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ သူကြီးမှနောက်ဘက်သို့ တစ်ချက်ကြည့်လိုက်ပါသည်။

ပြီးနောက် -

"လူစုံပါပြီဘုရား။ ကဲကဲ-ပရိသတ်တို့ ကန်တော့ကြမယ်"

ထိုစဉ် မမယ်သုန်မှာ လက်အုပ်ချီလျက် မျက်စိမှိတ်ထားရာမှ တုန်တုန်ယင်ယင်ဖြစ်လာသည်ကို ဘုန်းကြီးမှမြင်တွေ့လိုက်သောအခါ အတွေ့အကြုံရှိသည့် ဘုန်းကြီးပီပီ-

"ခု ဝင်လာတာ ဘယ်သူလဲ။ ဘာပြောချင်လို့လဲ။ ပြောချင်တာရှိရင် ဘုရားကို ဦးသုံးကြိမ်ချပြောစမ်းဟေ့"

ဟု မိန့်လေရာ လူအများလည်း မမယ်သုန်အား ဝိုင်းကြည့်ကြပြီး -

"မယ်သုန်ကို ဝင်ပူးနေတာ ဘာလဲမသိဘူး"

ဟုပြောနေကြပါသည်။

မမယ်သုန်သည် နတ်ပူးသလိုမျိုး တဆတ်ဆတ်တုန်နေရာမှ ဘုန်းကြီးအမိန့်ရှိသည့်အတိုင်း ဘုရားကိုဦးသုံးကြိမ်ချလိုက်ပါသည်။

အဲသည်နောက် ငိုယိုလျက် -

"ဟီးဟီး. . . တပည့်တော်မကို သတ်ခဲ့လို့ ကိုထောက်ကြီးကို တပည့်တော်မ ကလဲ့စားပြန်ချေသတ်လိုက်ရတာပါဘုရား။ တပည့်တော်မ မြစ်ကမ်းစပ်က ကုက္ကိုပင်ကြီးမှာ အစိမ်းမဖြစ်နေပါတယ်။ တပည့်တော်မ ဒီဘဝကနေ ကျွတ်ချင်လွတ်ချင်လွန်းလို့ ဒီကိုလာခဲ့တာပါဘုရား။

ကိုထောက်ကြီးကို သတ်လိုက်ရတာလည်း နာကြည်းလွန်းလို့ပါ။ တပည့်တော်မ ဖြစ်ကြောင်းကုန်စင်ပြောပါ့မယ်ဘုရား။ တပည့်တော်မနာမည်က. . ."

ဟု အစအဖျားတွင် ဘုန်းကြီးမှ -

"တော်ပြီ ရပ်တော့၊ ဘုန်းကြီးသဘောပေါက်ပြီ။ သင့်ရာမှာသာထိုင်နေပါ။ အမျှပေးဝေသံကြားရင် သာဓုခေါ်လိုက်ပေတော့ ဒကာမ"

ဟု မိန့်လိုက်ရာ ဆံပင်ဖားလျားချအနေအထားဖြင့် ခေါင်းကိုတွင်တွင်ကြီးသာညိတ်ရင်း မမယ်သုန်ထံမှထွက်သွားပါသည်။

ဝင်ပူးနေသည့်အစိမ်းမထွက်သွားသည်နှင့် မမယ်သုန်နောက်ပြန်လဲကျသွားရာ နောက်ရှိသူများမှ ဝိုင်းထိန်းထားကြရင်း ယပ်ခတ်ပေးနေကြပါသည်။

အစိမ်းမပြောကြားလိုသည့်စကားအစပျိုးနေတုန်းမှာပင် ဘုန်းကြီးကပြောလာမည့် စကားကိုပိတ်လိုက်ရခြင်းသည်



ပတ်ဝန်းကျင်ရှိ လူများအကြားတွင် မလိုလားအပ်သောစကားများ ပြောဆိုလာသည့်အခါ မမယ်သုန်တို့၏သိက္ခာကို ထိခိုက်စေမည်ကို စိုးရိမ်မိ၍ ဘုန်းကြီးမှ ဉာဏ်အမြော်အမြင်ကြီးစွာ တားမြစ်လိုက်ခြင်းသာ ဖြစ်ပါသည်။

ရက်လည်နေ့သည် မမယ်သုန်နှင့် မောင်ဒိုးတို့အဖို့ ပူပင်သောကမျက်ရည်များဖြင့် အပြီးသတ်ခဲ့ကြပါသည်။

❑

အစိမ်းမနှင့် ကိုထောက်ကြီးတို့၏ ဖြစ်ပျက်ပုံကား ဤသို့ဖြစ်ပါ၏။

ထိုနေ့က မောင်ဒိုးလည်းမပါ။ ကိုတောက်ကြီးတစ်ယောက် စိတ်ညစ်ညစ်နှင့်ငါးရှာထွက်ခဲ့ပါသည်။

လှေလှော်ရင်းမြစ်လယ်သို့ရောက်သွားရာ လှေနှင့်မနီးမဝေးနေရာလောက်တွင် လူတစ်ယောက်လိုလိုဘာလိုလိုနှင့် ကိုထောက်ကြီး ဝါးတားတား လှမ်းမြင်လိုက်ရပါသည်။

သဲသဲကွဲကွဲမြင်နိုင်ရန် ကိုထောက်ကြီးသည် ထိုဘာလိုလိုနေရာအနီးသို့ လှေကိုလှော်ခတ်သွားလေသည်။

တဖြည်းဖြည်း နီးလာသောအခါ မြင်တွေ့လိုက်ရသည်မှာ လူတစ်ယောက်ရေနစ်နေသည့်ပုံ ရှင်းရှင်းလင်းလင်းမြင်တွေ့ရလေသည်။

ပို၍နီးကပ်လာသည့်အခါ အမျိုးသမီးတစ်ဦးဖြစ်နေမှန်း ကိုထောက်ကြီး ရှင်းရှင်းလင်းလင်းသိသွားလေသည်။

ရေနစ်နေသူ အမျိုးသမီးမှာ ကိုထောက်ကြီးမြင်သွားသည်နှင့် စိုးရိမ်ပူပန်သောမျက်နှာနှင့် -

"ကယ်ပါရှင်၊ ကယ်ပါ"

ပြောဆိုရင်း လက်နှစ်ဖက်ကလည်း (၅)ပေခန့်ရှိ သစ်သားပြားတစ်ချပ်ကို မလွတ်တမ်းဖက်တွယ်ထားသည်ကို ကိုထောက်ကြီးမြင်ရပြန်ပါသည်။

ကိုထောက်ကြီးလည်း လှေ[...] တိမ်းမှောက်မသွားစေရန် အနေအထား[...] မှန်အောင်ထားလိုက်ပြီး ထိုအမျိုးသမီး[...] အား လှေပေါ် သို့ဆွဲတင်လိုက်ပါသည်[...]

လှေပေါ် သို့ ရောက်ရှိသည်နှင့်[...] ထိုအမျိုးသမီးမှာ တုန်တုန်ယင်ယင်[...] စိုးရိမ်ပူပန်ကြောင့်ကျ ဖြစ်နေသည်ပုံအား[...] ကိုထောက်ကြီး သေသေချာချာကြီး[...] ကြည့်လိုက်မိပါသည်။

အသက်အားဖြင့် (၃၀) ဝန်းကျင်[...] ခန့်ရှိပုံရပါသည်။ အမျိုးသမီး၏လက်[...] တွင် ရွှေလက်ကောက်(၃)ကွင်းဝတ်ထား[...] ပြီး ဆွဲကြိုးတစ်ကုံးနှင့် နားကပ်တစ်စုံ[...] ရှိနေသည်တို့ကိုပါ ထပ်မံမြင်လိုက်ရပြ[...] ပါသည်။

ထိုကဲ့သို့ ကိုထောက်ကြီး သူ[...] အားစူးစူးစိုက်စိုက်ကြီး ကြည့်နေသည်[...] အတွက် ထိုအမျိုးသမီးမှာ တုန်လှုပ်သွား[...] ပုံရပါသည်။ ပြီးနောက် ထိုအမျိုးသမီး[...] တုန်တုန်ယင်ယင်နှင့်ပင် -

"ကျုပ်ကိုကယ်ပါ မောင်ကြီးရယ်[...] ကျုပ်စီးလာတဲ့ မော်တော်ကမှောက်[...] ခရီးသည်တွေလည်း ရေနစ်သေကုန်[...] ပြီထင်ပါရဲ့။ ကျုပ်လည်း မော်တော်[...] မှောက်မှောက်ချင်း ကြောက်အားလ[...] အားနဲ့ ဆွဲမိဆွဲရာ ဒီသစ်သားပြားကို[...] ကိုင်ထားရာက ရေထဲမျောလာပြီး မော[...] ကြီးနဲ့တွေ့လို့အသက်မသေတာပါတော်"

"ကျုပ် ကယ်တင်ရှင်ကိုမျှော်[...] ရေထဲမှာ အတော်ကြာနေပါပြီ။ မော[...] ကြီးနဲ့သာမတွေ့ရင် ကျုပ်သေမှာ[...] ကျေးဇူးရှင်ကြီးရယ်၊ ကျုပ်ရွာကို[...] အရောက်ပြန်ပို့ပေးပါ။ မောင်ကြီး[...] ကျုပ်ရွာရောက်ရင် ကျေးဇူးဆပ်ပါ့မယ်"

ဟု ကိုထောက်ကြီးအား အသ[...] ခံပြောပြနေလေသည်။

ကိုထောက်ကြီးသည် ထိုအ[...] သမီးစကားကို နားဦးကြားနေရ[...] လည်း ဘာမှပြန်မပြောနိုင်ဘဲ အ[...] သမီး၏ ရွှေလက်ကောက်၊ ရွှေဆွဲကြိုး[...] ရွှေနားကပ်တို့ထံတွင်သာ မျက်စိနှင့်စိ[...] တို့ကရောက်နေရင်း စိတ်ဂနာမငြိမ်[...] နေပါသည်။

စိတ်ထဲမှာလည်း -

"ဒီအမျိုးသမီးရဲ့ရွှေတွေကို [...] လိုက်ရင် ငါတို့ဘဝအဆင်ပြေပြီ"

ဆိုသည့် မနောက်မှလည်း စ[...] ပြစ်မှားနေလေသည်။

နောက်ဆုံး ကိုထောက်ကြီး[...] စိတ်ကိုပိုင်နိုင်စွာ ဆုံးဖြတ်ချ[...] ရင်း -

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ဘာမှပြောမနေနဲ့။ နင့်မှာပါလာတဲ့ ရွှေတွေအကုန်ချွတ်ပြီး ငါ့ကိုပေးစမ်း။ မပေးရင်တွေ့လား လှော်တက်စာမိသွားမယ်"

ဟု မာမာထန်ထန်ပြောချလိုက်ပါသည်။

ထိုအခါ ထိုအမျိုးသမီးမှ -

"ကြောက်ပါတယ်မောင်ကြီးရယ်။ ဒီရွှေတွေဟာ ကျုပ်သားလေးရှင်ပြုခါကျ ထုခွဲရောင်းချပြီး ရှင်ပြုပေးဖို့စုထားတာပါ။ ငွေစုရင်သုံးမိမှာစိုးလို့ ရွှေစုတာပါတော်။ မောင်ကြီးလိုချင်ရင် ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောဒီဆွဲကြိုးကိုယူပါတော်"

ဟု ပြောကာ ဆွဲကြိုးကိုလည်ပင်းမှ ဖြုတ်ကာပေးလေ၏။ ကိုထောက်ကြီးသည် ဆွဲကြိုးအား လှမ်းယူလိုက်ရင်းထပ်ကာ -

"ငါပြောနေတာက အကုန်ချွတ်ပေး။ မပေးရင်သတ်ပစ်လိုက်မယ်"

ပြောလေရာ ထိုအမျိုးသမီးမှ -

"ကျုပ်ကိုသနားပါ မောင်ကြီးရယ်။ ကျန်တာတွေကိုတော့ မလုပ်ပါနဲ့။ ကျုပ်ရွာပြန်ရောက်ရင် ရင်းနှီးစားရဦးမှာမို့ပါ။ မှောက်တဲ့မော်တော်ပေါ်မှာလည်း ကျုပ်ကုန်ပစ္စည်းတွေ အကုန်ပါသွားလို့ပါ။ ကြောက်ပါတယ် မောင်ကြီးရယ်။ ကျုပ်ကိုသနားပါတော်"

ဟု ထပ်ခါတလဲလဲ တောင်းပန်နေရှာပါသည်။

ထိုသို့ ပြောနေပါသော်လည်း ကိုထောက်ကြီးမှာ လောဘဇောများသည်ထက်တိုးလာပြီး -

"မပေးဘူးလား ကဲ"

ဟုဆိုကာ လှော်တက်ကြီးအား သေပေါ်မြှောက်လိုက်ရာ ထိုအမျိုးသမီးမှ -

"ကြောက်ပါပြီတော်။ ပေးပါ့မယ် ပေးပါ့မယ်"

ဟု ပြောဆို၍ လက်ကောက် (၃) ကွင်းနှင့် နားကပ်တစ်ရန်အား ဖြုတ်ပေးလိုက်သည်နှင့် ကိုထောက်ကြီးလှမ်းယူလိုက်ပြီး ထိုအမျိုးသမီး၏ဦးခေါင်းအား လှော်တက်ဖြင့် ပြင်းထန်စွာရိုက်ချလိုက်လေတော့သည်။

လှော်တက်၏ ရိုက်ချက်ဖြင့် ထိုအမျိုးသမီးသည် မြစ်ထဲသို့ ခေါင်းစိုက်ပြီး ဗွမ်းခနဲထိုးကျသွားပြီး ရေပေါ်သို့ပြန်မလာသည့်အဆုံး၌ ကိုထောက်ကြီးသည် ဘေးဘီကိုအကဲခတ်ကာ ရွှေများအား ငါးပလိုင်းထဲထည့်၍ နွားစာကောက်လှေအား လျင်မြန်စွာလှော်ခတ်ရင်း မိမိတဲရှိရာသို့ ပြန်ခဲ့လေသည်။

တဲအတွင်းသို့ ရောက်သောအခါ မမယ်သုန်ရော မောင်ဒိုးတို့ပါ ပလိုင်းထဲမှ ရွှေများကိုကြည့်ပြီး ပြူးကျယ်သောမျက်လုံးတို့နှင့်အတူကြည့်ကြရင်း အံ့ဩနေကြပါသည်။

ထိုသည့်အခါ ကိုထောက်ကြီးမှ-

"အံ့ဩနေကြပြီ မဟုတ်လား။ အဲဒါခဏထား ဒီမှာထိုင်ကြဦး။ ခု ရွှေရလာတဲ့အဖြစ်အပျက်ကို နင်တို့လည်းသိထားကြရအောင် ငါပြောပြမယ် ဒီလိုဟ"

ဟုဆိုကာ သူ၏အဖြစ်အပျက်ကို မမယ်သုန်နှင့် မောင်ဒိုးတို့အား ပြောပြလိုက်ပါလေသည်။

❑

၁၀-၂-၂၀၁၆ နေ့ နံနက်(၈)နာရီခန့်က ပြည်မြို့ ကညနတွင် စာရေးသူ၏ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးရန် သွားရင်းက ကညနရုံးဖွင့်ရန်အချိန်လိုသေးသဖြင့် အမေ့လက်ရာလက်ဖက်ရည်ဆိုင်ဘက်သို့သွားခဲ့ပါသည်။

ထိုဆိုင်ရောက်လျှင် စားပွဲတိုင်းလူပြည့်နေသဖြင့် အသက်ကြီးကြီးလူတစ်ယောက်သာထိုင်၍လက်ဖက်ရည်သောက်နေသော စားပွဲသို့သာ သွားရောက်ကာ ထိုလူကြီးနှင့် မျက်နှာချင်းဆိုင်တွင် စာရေးသူ ဝင်ထိုင်လိုက်ပါသည်။

စားပွဲထိုးလေးတစ်ယောက်ရောက်လာပြီး -

"ဘာသောက်မလဲ ဆရာ"

ဟု စာရေးသူအားမေးလာသဖြင့်-

"လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်နဲ့ အီကြာကွေးတစ်ချောင်းချပေးကွာ"

ဟု ပြောလိုက်ရာ ခဏအကြာတွင် လာရောက်ချပေးပါသည်။

ထိုလူကြီးမှ စာရေးသူအား စတင်ပြုံးပြသဖြင့် စာရေးသူမှလည်း ပြန်လည်ပြုံးပြလိုက်ပါသည်။

ထိုလူကြီးကို ကြည့်ရသည်မှာ အသက် (၆၀) ကျော် (၇၀) ဝန်းကျင်လောက်တော့ရှိမည် ထင်ရပါသည်။ ဝတ်စားဆင်ယင်ပုံအရ နွမ်းပါးပုံရပါ၏။ သူ၏ဘေးမှာလည်း အထုပ်တစ်ထုပ်ကိုချထားသဖြင့် ခရီးသွားတစ်ဦးဖြစ်ဟန်တူပါသည်။

သို့နှင့် စာရေးသူမှ -

"ဒါနဲ့ ဦးက ဘယ်ကလာလို့ဘယ်ကိုသွားမလို့လဲ"

ဟု စတင်နှုတ်ဆက်စကားအနေဖြင့် မေးလိုက်မိရာ ထိုလူကြီးမှ -

"အညာပြန်မလို့ပါ မောင်ရင်ရာ။ မရောက်တာလည်းကြာပြီကွယ့်။ မိဘနှစ်ပါးဆုံးပြီးကတည်းက ကြံခင်းမြို့နယ်ဘက်ရဲဘက်မှာ အလုပ်သွားလုပ်ရာကအိမ်ထောင်ကျတယ်။ အဲဒီမှာ အခြေချရင်း သားနှစ်ယောက်၊ မြေးနှစ်ယောက်ရတယ်လေ။ ဇနီးကတော့ ဆုံးသွားပါပြီ။ အခုသားအကြီးနဲ့အတူနေပါတယ်။အလုပ်ကတော့ ကျပန်းအလုပ်ပေါ့"

ဟု ပြန်ပြောပါသည်။

ထွေရာလေးပါးစကားတွေပြောနေရင်းက အသက်ကြီးသော်လည်း စကားအပြောအဆိုကောင်းသော ထိုလူကြီးက -

"ဦးနာမည်က ဦးမောင်ဒိုးပါ။ ပြည့်စုံအောင်ပြောပြရရင် အညာကုက္ကိုကုန်ရွာက ကိုထောက်ကြီး၊ မမယ်သုန်တို့ရဲ့ တစ်ဦးတည်းသောသား"

ဟု အစချီကာ အထက်တွင် ရေးသားတင်ပြခဲ့သည့် သူ၏မိသားစုဖြစ်ရပ်မှန် ဇာတ်လမ်းကိုပြောပြပါလေသည်။

စာရေးသူသည် မောင်ဒိုး (သို့) ဦးမောင်ဒိုးပြောပြစဉ်က စိတ်ဝင်စားဖွယ်ရှိလှသဖြင့် ရေးသားမှတ်သားခဲ့ပြီး ယခုအခါ ဆီလျော်အောင် ရေးသားကာ စာရှုသူများထံ ဦးမောင်ဒိုးပြောပြသည့်အမည်နှင့် နေရပ်အတိုင်း တင်ဆက်လိုက်ရပါပေသည်။

လက်ဖက်ရည်ဆိုင်တွင် ဦးမောင်ဒိုးနှင့် စကားလက်စုံပြောပြီးသောအခါ လက်ဖက်ရည်ဖိုးနှင့်တကွ ငွေငါးထောင်ကို စာရေးသူမှ ဦးမောင်ဒိုးအား ကန်တော့ခဲ့ပါသည်။

ဦးမောင်ဒိုးမှလည်း စာရေးသူအား ဝမ်းပန်းတသာဆုတွေပေးပြီး -

"မောင်ရင် ကျုပ်ဆီလာချင်ရင် ဘက်ရဲအနောက်ဘက် ခုံကြီးရွာရှိတယ်။ အဲဒီရွာရဲ့အနောက်ယွန်းယွန်းက တောင်ခြေရင်းမှာ သစ်ခုတ်၊ ဝါးခုတ်လုပ်ရင်းနေကြတယ်။ မေးလာရင် ရပါတယ်"

ဟု နှုတ်ဆက်စကားဆိုခဲ့ပါလေသတည်း။

ဦးမောင်ဒိုးတစ်ယောက် ဘဝအမောတွေပြေနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း သူရဋ္ဌမဂ္ဂဇင်းကြီးနှင့်တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစားလျက်။

ဦးကိုကိုကြီး (စစ်ဆေးရေး)

ကစစ(၁၂)၊ ထုံးဘို



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်နိုင်ငံ ရှော့ခ်မြို့ရှိ ကိုယ်ကာယအလှပြင်ဆိုင်တွင် အလှပြင်ပစ္စည်းများ မီးပုံ့လာကြသည်။ တစ်ဂါလန်ဝင် ခေါင်းလျှော်ရည်ဘူးများ ပစ္စည်းစင်များထက်မှ လွင့်ပျံကုန်သည်။

"အဲဒီခေါင်းလျှော်ရည်ဘူးကြီးတွေ လွင့်ပျံကျပေမယ့် မကွဲမအက် အတည့် ဖင်ထိုင်ကျလေ့ရှိခဲ့တယ်။ ဒါပေမယ့် အဲဒီ ခေါင်းလျှော်ရည်ဘူးတွေကိုပဲ ကျွန်မတို့က စင်ထက်ကနေ တွန်းချရင် ပုံ့ပျက်ပန်းပျက်ကျပြီး ပိန့်ချိုင့်ကုန်တယ်"

ဆိုင်ရှင်ဖြစ်သူ ကယ်ရီလစ်မင်းက ဆိုခဲ့သည်။

တစ်ညတွင် မီးလုန့်ခေါင်းလောင်း မြည်လာ၍ မီးသတ်သမားများ အပြေးအလွှား ရောက်လာခဲ့ကြသည်။ သို့သော် သော့ခတ်ပိတ်ထားသောဆိုင်ခန်းထဲတွင် လူသူအရိပ်အယောင်လုံးဝကင်းနေသည်ကိုသာတွေ့ခဲ့ရသည်။ သို့တိုင်အောင် မီးလုန့်အချက်ပေးဘူးမှန်ခွက်ခွဲခံထားရသည်ကို တွေ့ကြရသည်။

# တိုးထက်

## တစ္ဆေမှုဆိုး

သီတင်းနှစ်ပတ်ကြာမှ ထိုသို့ ထူးထူးဆန်းဆန်းဖြစ်ရပ်များဖြစ်ပွားပြီးနောက်တွင်မှ ထိုဖြစ်စဉ်အားလုံး ရပ်တန့်သွားပေသည်။ ထိုဖြစ်ရပ်ဖြစ်စဉ်များဖြစ်ရသည့်အကြောင်းကို သိပ္ပံနည်းကျကျ အကြောင်းပြ၍မရသောအခါ ကယ်ရီလစ်မင်းသည် သူမ၏ဆိုင်တွင် သရဲခြောက်ခြင်းသာလျှင်ဖြစ်မည်ဟု သဘာဝလွန် စိတ်ပညာရှင်တစ်ဦး၏ သုံးသပ်ကောက်ချက်ချမှုကို လက်ခံခဲ့ရသည်။

သရဲဆိုသည်မှာ အကာလည အခါတွင် ထုသံနှက်သံများပေါ် စေနိုင်၊ ပစ္စည်းများ မီးပုံ့လွင့်စေနိုင်၊ အံဆွဲများ အလိုအလျောက်ဖွင့်စေနိုင်၊ ပရိဘောဂများ လဲပြိုစေနိုင်၊ ပစ္စည်းပစ္စယများ နံရံကို ဖောက်ထွင်းဝင်ရောက်သွားစေနိုင်စွမ်းသော သဘာဝလွန်စွမ်းရည်များရှိသောနာနာဘာဝကောင်ပင်ဖြစ်သည်ဟု ဆိုရမည်။ ရှေးအကျဆုံး မှတ်တမ်းဝင် သရဲခြောက်မှုဖြစ်စဉ်မှာ အေဒီ ၅၃၀ ခုနှစ်က အီတလီနိုင်ငံ ရာဗီနာမြို့တွင် ဖြစ်ပွားခဲ့သည့်သရဲခြောက်မှုပင် ဖြစ်သည်။ ၁၈ ရာစုနှစ် လန်ဒန်မြို့သူမြို့သားများကမူ 'ကုတ်ခြစ်သံပေးသောဖန်နီ' ဟု အမည်တွင်သော သရဲအကြောင်းကို နားရည်ဝအောင် ကြားခဲ့ရသည်။ ထိုဖန်နီသည် အိမ်အနှံ့ခေါက်သံ၊ ကုတ်ခြစ်သံများပေး၍ ခြောက်လှန့်ခဲ့သည်ဟု ဆိုသည်။

မျက်မှောက်ကာလ သရဲများမှာမူ ခေတ်ကာလနှင့် လိုက်လျောညီထွေစွာပင် အဆင့်မြင့်လာနေကြသည်ဟု ဆိုရမည်။ အဆင့်မြင့်နည်းပညာပစ္စည်းများကို ကိုင်တွယ်နိုင်သောစွမ်းရည်ရှိနေကြသည်။ နော့သင်းဟပ်ပြည်နယ်မှ ပက်ဒ်မိသားစုသည် အလိုအလျောက်မြည်သော လူခေါ်ခေါင်းလောင်းသံနှင့် လေ့ကားထစ်များပေါ်မှ တဒေါက်ဒေါက်မြည်သံတို့ကြောင့် အိမ်မှထွက်ပြေးခဲ့ကြရသည်။ ဆူရီမြို့နယ် ကရိုဒွန်မြို့ရှိ အရက်ဆိုင်တွင်မူ အလိုအလျောက် ငွေဝင်ငွေထွက် တွက်နေသော ငွေသိမ်းစက်များ အပြင် အလိုအလျောက် လွင့်ပျံလာသော ပုလင်းများနှင့် မည်သို့မျှ အပ္ပပေး၍ မရသော အခန်းထောင့်များ ကြုံရခြင်းတို့ကြောင့် မန်နေဂျာ တစ်ယောက်ပြီး တစ်ယောက်ပြောင်းပြေးမှုကြုံခဲ့ရသည်။

ဘရင်လင်တွန်မြို့ ဟိုလီကြို နတီဝတ်ကျောင်းတော်မှ ဘုန်းကြီး တွန်ဝီလ်လီစ်သည် (၆၅) ပေရှည်သော ငါးဖမ်းသင်္ဘောပစ်ကာရင်ပေါ်တွင် ထူးဆန်းစွာဖြစ်ပေါ်နေသည့်ကိစ္စများကို ဖြေရှင်းပေးပါရန် ပင့်ဖိတ်ခြင်းခံခဲ့ရသည်။

၁၉၇၂ ခုနှစ်တွင် ဒေသဆိုင်ရာ ဂိုဏ်းချုပ်ဘုန်းတော်ကြီးက တရားဝင် အထက်လမ်းအရာအဖြစ် အသိအမှတ်ပြုခန့်အပ်ခံရသော ဝီလ်လီစ်သည် သင်္ဘောထက်မှ မီးအင်ဂျင်နှင့် ရေဒါတို့ အကြောင်းမဲ့အခါခါပျက်ပျက်သွားနေတတ်သည့်အပြင် သင်္ဘောကသူ့အလိုလို ပတ်ချာလည်ခုတ်မောင်းနေသောအခါ မည်သူက မည်သို့ပင်ပြုပြု တည့်မတ်စွာ ပြန်ခုတ်မောင်း၍မရသည့်အကြောင်းတို့ကို သင်္ဘောဦးစီးမှူး ဒဲရစ်ဂိုဟ်ထံမှသိခဲ့ရသည်။ သူမတိုင်ခင် သင်္ဘောဦးစီးမှူးဖြစ်သူ မိုက်ကယ်လောကမူ သူ့အထက်ရှိအိပ်စင်ကို တစ်စုံတစ်ယောက်ဝင်အိပ်သည့်အသံကိုကြားသည့်တိုင်အောင် ထိုအိပ်စင်ကိုတကြည့်သောအခါ မည်သူမျှမတွေ့ခဲ့ဘူးကြောင်း ပြောပြခဲ့သည်။

သိပ္ပံနည်းကျကျ ကြောင်းကျိုးတစ်ခုမှ တွေးဆကြည့်၍မရတော့သောအခါတွင် ဝီလ်လီစ်သည် ပရိတ်ရေစင် တစ်ကရားဖြင့် သင်္ဘောထက်သို့တက်သွားခဲ့သည်။

"ကျွန်တော်တို့ ပင်လယ်အော်ထဲမှာ ပတ်ချာလည် ခုတ်မောင်းနေတုန်းမှာ ကျွန်တော်က သင်္ဘောအနှံ့မှာ ပရိတ်ရေစင်နဲ့ လက်ဝါးကားတိုင် သင်္ကေတ လုပ်ပြီး ဘုရားစာရွတ်ဆိုခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

မလွတ်မကျွတ် (သို့) မကောင်းဆိုးဝါး ဝိညာဉ်ကောင်ကို ငြိမ်းချမ်းစွာ သွားနိုင်အောင်မေတ္တာပို့ခဲ့တယ်။ခုတော့ အဲဒီသဘော်ပေါ် အခြေအနေကောင်းနေပြီလို့ကြားတယ်။ ငါးတွေကောင်းကောင်းမိနေတယ်လို့သိရတယ်"

ဘုန်းကြီးဝီလ်လီစ်က ဆိုခဲ့သည်။

သိပ္ပံပညာရှင်များ အပါအဝင် စိတ်နယ်လွန်ဖြစ်ရပ်ဆန်းသုတေသီများစွာတို့သည် သရဲတစ္ဆေဖြစ်စဉ်တို့ကို ဖြေရှင်းရန် ရာစုနှစ်တစ်စုမက ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ယင်းတို့ တင်ပြလာခဲ့သမျှ ဖြစ်နိုင်ခြေတို့တွင် မကျွတ်မလွတ်နိုင်သောဝိညာဉ်၊ လျှပ်စစ်သံလိုက်လှိုင်း၊ ပံ့ရိပ်ကြွမှု၊ မြေထုလှုပ်ရှားမှု၊ လေထုအေးခဲလာမှုကြောင့် စွမ်းအင်လှိုင်းဖြစ်ပေါ်မှုနှင့် ပြဿနာရှာရန်အတွက်သက်သက် လူသား၏ ဘာယန်ကြားမှထွက်သည်ဆိုသည့် စိတ်နာမ်ရုပ်ပွား စသည်ဖြင့် ကြောင်းရပ်အမျိုးမျိုးပါဝင်ခဲ့သည်။

ထိုယူဆချက်ပေါင်းစုံမှ နှစ်ချက်ကိုသာ အခိုင်အမာ အတည်ပြုနိုင်ခဲ့သည်။ သို့တိုင်အောင် ထိုအတည်ပြုချက်နှစ်ရပ်က ဖြစ်စဉ်အားလုံး၏ အကြောင်းကျိုးကို ခမ္မမိဋ္ဌာန်ကျကျ အဖြေမပေးနိုင်သေးချေ။ ထိုအချက်နှစ်ရပ်မှာ တစ်ခုကား သာမန်နိစ္စဓူဝဖြစ်ရပ်ကို နားလည်မှုလွဲမှားခြင်းဖြစ်ပြီး နောက်တစ်ချက်ကား ထိမ်ညာလှည့်စားမှုသက်သက်ပင် ဖြစ်သည်ဟုပင် ဖြစ်သည်။

စိတ်ပညာရှင် ဆူဆန်ဘလက်မိုးသည် ထိုတစ္ဆေသရဲကိစ္စကို (၁၅) နှစ်ကာလလုံးလုံးသုတေသနပြုလာခဲ့သည်။ ခန်ရွှေ့သောစားပွဲတင်နာရီအမှုကိုကြုံလာသောအခါတွင်မူ ယခုမှ ပညာရှင်ရှေ့တွင် လက်တွေ့ခြောက်ပြရဲသောသရဲကိုတွေ့ပြီဟု သူမထင်မှတ်လိုက်သည်။

ခုန်ရွှေ့သောစားပွဲတင်နာရီဖြစ်စဉ်အား မီးလင်းဖိုထက် ကြွေကျောက်ပြားခင်လေးတစ်ခုပေါ်တွင် တင်ထားသော စားပွဲတင်နာရီတစ်လုံးသည် အခါအားလျော်စွာပင် ဘေးတစ်ဖက်သို့ လက်မ ခန့် ရွေ့သွားလေ့ရှိခဲ့သည်။ ဤဖြစ်စဉ်နှင့် အိမ်အနံ့မြည်သံ၊ တိုက်မိခိုက်မိ အချို့ကြောင့် သူတို့အိမ်တွင် သရဲခြောက်နေသည်ဟု အိမ်ရှင်များက မှတ်ယူနေခဲ့ကြသည်။

ဒေါက်တာဆူဆန်ဘလက်မိုးသည် စားပွဲတင်နာရီကို အိမ်သို့ယူသွားပြီး စစ်တိုက်ထားသည့် သူမ၏ စာရေးစားပွဲထက်တွင်လည်း ဘေးတိုက်သုတ်




ခနဲရွှေ့သွားသည်ကိုတွေ့ရ၏။ ထို့ကြောင့် သူမသည် ထိုနာရီကို ဘရစ်တိုတက္ကသိုလ်ဆေးကျောင်းရှိ စက်ဆရာတစ်ဦးထံပို့လိုက်သည်။ထိုစားပွဲတင်နာရီကို ထိုစက်ဆရာက ဖွင့်ကြည့်လိုက်သောအခါတွင် နာရီ၏ အဓိကစပရိန်ကို နှစ်ပေါင်းများစွာ မဆေးမကြောထားခဲ့၍ ဆီချေးများတက်နေသည်ကို တွေ့ရသည်။ စပရိန်က ဆက်၍ရွေ့လျားတင်းနေခဲ့ပါသော်လည်း စပရိန်ပြန်ပြေသောအခါတွင် အရှိန်ကပြင်းသောကြောင့် ပေါ့ပါးသောသတ္တုနာရီသည် ချောမွတ်သောမျက်နှာပြင်တွင် သိသိသာသာရွေ့လျားလေ့ရှိခဲ့သည်။ ဤအချက်က စားပွဲတင်နာရီကို ခုန်ရွှေ့သွားစေခြင်း ဖြစ်သည်။

တိုနီကော်နလ်သည် ကမ်ဘရစ်တက္ကသိုလ် စိတ်နယ်လွန်သုတေသနအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေခဲ့သူဖြစ်သည်။ သူသည် နှစ်ပေါင်း (၃၀) မျှပင် သရဲမုဆိုးအဖြစ် ဆောင်ရွက်လာခဲ့ရာ အတွေ့အကြုံသမ္ဘာပေါ် အခြေခံ၍ သရဲခြောက်မှုဖြစ်စဉ်တိုင်းကို သံသယဖြင့် ပထမရှုလေ့ရှိခဲ့သည်။ ထို့ကြောင့် လန်ဒန်မြို့မြောက်ပိုင်းရှိ အိမ်တစ်အိမ်ကို သွားရောက်ကြည့်ရှုရန် လိုအပ်သောအခါတွင် သံသယစိတ်ဖြင့်ပင်သွားခဲ့သည်။

ထိုအိမ်တွင် အဘိုးကြီးတစ်ယောက် သူ့သားနှင့် ချွေးမတို့နှင့်အတူ နေထိုင်ရာ ညညတွင် သရဲခြောက်သံအဖုံဖုံကြားရ၍ သားနှင့်ချွေးမက အိမ်ပြောင်းပြေးသွားခဲ့ကြသည်။ ရဲကလည်း ထိုအိမ်ကို သရဲခြောက်သည်ဟု လက်ခံယုံကြည်ထားခဲ့ကြ၏။ သို့သော် အဘိုးကြီးက မီးလင်းဖိုအနီးရှိ သူ၏ကုလားထိုင်မှထ၍ လက်ဖက်ရည်သွားဖျော်သည့်အခါတွင် သရဲတစ္ဆေမြည်သံများ တိတ်ဆိတ်သွားသည်ကိုကြုံရသောအခါ ကောနယ်သံသယဖြစ်သွားခဲ့သည်။

အဘိုးကြီးသည် သူ့ကုလားထိုင်ဘေးရှိ နံရံကပ်ပြားတွင် ဖဲကြိုးများဆင်ထားပြီး ထိုဖဲကြိုးတစ်ချောင်းကို လူခေါ်ခေါင်းလောင်းသံကြိုးတစ်ချောင်းနှင့်ဆက်ထားကြောင်း ကောနယ်ရှာဖွေတွေ့ရှိခဲ့သည်။ အဘိုးကြီးက ထိုဖဲကြိုးကို လက်လျှိုလှမ်းဆွဲလိုက်လျှင် အိပ်ခန်းကြမ်းပြင်အောက်တွင်ဆင်ထားသော ခဲစေ့များထည့်ထားသည့်ဒန်ခွက်က ဂလောင်လောင်မြည်အောင်ထခုန်တော့သည်။

"ချွေးမက အဘိုးကြီးကို လူအိုရုံပို့ဖို့ကြံနေတော့ အဘိုးကြီးကလည်း တတ်သမျှ မှတ်သမျှ ကြံဆပြီး သူ့ကိုယ်သူ ကာကွယ်လိုက်တဲ့ကိစ္စပဲဗျ"

ကောနယ်က ဖြစ်စဉ်ကို ထိုအတိုင်းနိဂုံးချုပ်ပြောကြားခဲ့သည်။

သဘောပေါက်မှု မှားယွင်းခြင်းသို့မဟုတ် မလိမ့်တပတ်လုပ်ခြင်းများမဟုတ်ဟု အတိအကျမဆိုသာသည့်တိုင်အောင် ဖြစ်ရပ်ဖြစ်စဉ်တိုင်းကို သက်သေထူရန် မလွယ်ချေ။ ကောနယ်သည် လည်းကောင်း၊ ဝီလ်လီစ်သည် လည်းကောင်း၊ ကြောင်းကျိုးညီညွတ်စွာ ဖြေရှင်း၍မရနိုင်သောအတွေ့အကြုံများစွာရှိကြသည်။ သရဲခြောက်သည်ဟုဆိုသောအိမ်တွင် လက်ဖက်ရည်သောက်နေခဲ့သော ကောနယ်သည် လွန်ခဲ့သောစက္ကန့်အနည်းငယ်က ကိုက်အတော်ဝေးသော အိမ်ရှေ့တံခါးတွင်တွေ့ခဲ့သောသော့တံကို သူ၏ လက်ဖက်ရည်ခွက်ထဲတွင်တွေ့ရသည့်အဖြစ် ကြုံဖူးသည်။

သရဲခြောက်ခံနေရသည်ဆိုသည့် အိမ်တစ်အိမ်မှပင့်၍ ဝီလ်လီစ်သည် နံနက် (၃) နာရီအချိန်တွင် ထိုအိမ်သို့ အဆောတလျင် ရောက်ခဲ့ရဖူးသည်။ ထိုအိမ်သို့ရောက်သောအခါ ပရိဘောဂများ ဇောက်ထိုးမိုးမျှော်ဖြစ်နေပြီး စားပွဲတင်ပစ္စည်းများရိုက်ခွဲခံထားရသည်ကို တွေ့ခဲ့ရသည်။ ဝီလ်လီစ်သည် ထိုအပျက်အစီးပုံကြားမှာပင် အိမ်ရှင်အမျိုးသမီး၊ သူမသားတို့နှင့်အတူထိုင်နေလိုက်သည်။

"ရုတ်တရက်ပဲ ကျွန်တော့်ခေါင်းကို လျှပ်စစ်ဓာတ်ကျဉ်စက်နဲ့တို့လိုက်သလိုအဖြစ်ကိုကြုံပြီး ခေါင်းလန်ထွက်ထွက်တယ်။ အိမ်ရှင်အမျိုးသမီးရောသူ့သားပါ အဲဒီလို လျှပ်စစ်လိုက်တဲ့အဖြစ်မျိုးကြုံတာကို တွေ့မိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ကျွန်တော်ခံရတာလောက် အရှိန်ပြင်းလှပုံမရဘူး။ ကျွန်တော့်ခေါင်းကတော့ မိနစ် (၂၀) လောက်ကိုက်သွားတယ်"

သရဲခြောက်ခံရသည်ဟု ယူဆပြီး ကြောက်လန့်နေသူတို့အပင့်ခံရသောအခါတွင် ဝီလ်လီစ်သည် ပြဿနာရင်းမြစ်ကို ကနဦးရှာဖွေမှုပြုလေ့မရှိချေ။ ထိုသူတို့၏ စိုးရိမ်ကြောင့်ကြစိတ်ကို ဖြေလျော့အောင် အရင်ဆောင်ရွက်သည်။

ဟောလ်ရပ်ကွက်တွင် အိမ်အိုကြီးတစ်လုံးရှိခဲ့သည်။ ထိုအိမ်ကိုပိုင်း၍ သီးခြားအခန်းများဖော်ကာငှားရမ်းထားခဲ့သည်။ ထိုအိမ်၏ လှေကားထစ်တွင် ထက်အောက်ပြေးလွှားစကားများနေသည့်အသံတို့ကိုကြား၍ အိမ်ငှားမိသားစု (၁၆) ဦးစလုံး ထွက်ကြည့်ခဲ့ကြသည်။ သို့တိုင်အောင် ဘာမှမတွေ့မမြင်ခဲ့ရပေ။ ဝီလ်လီစ် ရောက်ရှိလာသောအခါတွင် အားလုံးတိတ်ဆိတ်နေခဲ့သည်။ သို့သော် သူသည် အခန်းတိုင်းကို ပရိတ်ရေစင် ပက်ဖျန်းကောင်းချီးပေးပြီး လှေကားရင်းသို့ရောက်သောအခါ လှည့်၍မကောင်းဆိုးဝါးမှန်သမျှ ပယ်စေရှားစေရန် (ဝါ) ဤနေရာမှ ထွက်ခွာသွားရန် အမိန့်ပေးလိုက်သည်။

"လူတွေက ကျွန်တော့်ပခုံးကို ကျော်ပြီး အိမ်ရှေ့တံခါးကို အထိတ်တလန့်ကြည့်နေခဲ့ကြတာကို ကျွန်တော်တွေ့လိုက်တယ်။ အိမ်ရှေ့တံခါးက ဖြည်းဖြည်းလေးပွင့်သွားတယ်။ ပြီးတော့ ဝုန်းခနဲပိတ်သွားတယ်။ ကျွန်တော်က 'ဘာကောင်ပဲဖြစ်ဖြစ်သွားပြီ' လို့ ပြောလိုက်တယ်။ အဲဒီသရဲအကြောင်း နောက်ထပ်ဘာမှမကြားခဲ့တော့ဘူး"

ဝီလ်လီစ်က ပြန်ပြောင်းသတိရစွာ ပြောကြားခဲ့သည်။

သို့သော် အချို့တစ္ဆေသရဲတို့သည် ပရိတ်ရေနှင့် ဘုရားစာတို့ကိုကြုံကာမှ ပို၍ သောင်းကျန်းလေ့ရှိသည်ကိုလည်း သူဝန်ခံသည်။ ဂိုဏ်းချုပ်ဘုန်းတော်ကြီးတစ်ပါးသည် သရဲတစ္ဆေကို ဘေးအိမ်သို့ သာနှင်နိုင်ခဲ့သည်။ သရဲတစ္ဆေတို့၏ တုံ့ပြန်မှုက မြန်ဆန်တတ်သလို မှမျှော်လင့်သောအချက်လည်း ဖြစ်တတ်သည်။

ကြောင်းကျိုးရှာမရ ပေါက်ကရအမျိုးမျိုးဖြစ်နေခဲ့သော မိသားစုတွင် ဓာတ်မီးခြစ်တစ်လက်ပျောက်သွားသည့်အဖြစ်ကြုံရသည်။ အထက်အထပ်မှ ဒုန်းခနဲမြည်သံကြားသောအခါ သူသည် တက်ကြည့်ရင်း ထိုအိမ်မိသားစုဝင်များ မကြားရလေအောင် တီးတိုးအမိန့်ပေးလိုက်သည်။

"မင်းဘာအကောင်ပဲဖြစ်ဖြစ် အဲဒီမီးခြစ်ပြန်ပေး"

သူသည် လှေကားအတိုင်း အိမ်အောက်သို့ပြန်အဆင်းတွင် 'ဒေါင် . . . တန်' ဟု အသံကြားလိုက်ရပြီး ဧည့်ခန်းသို့ သူရောက်သွားချိန်တွင် ကြမ်းပြင်ပေါ်၌ မီးခြစ်ကို တွေ့လိုက်ရသည်။ မီးခြစ်သည် နံရံနှင့်ကပ်ပြီးကျလာခဲ့၏။ မီးလင်းဖိုစင်ကိုထိပြီး လျှပ်စစ်မီးဖို၏ သံဆန်ခါကိုထိသွားခဲ့သည်။ ထို့ကြောင့် 'ဒေါင် . . . တန်' ဟု အသံမြည်သွားခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်ကမူ ပါလီမန်လွှတ်တော်အမတ် ဒဲရစ်ပေ့ခ်ဟု အမည်တွင်ခဲ့သော လော့ဝက်ဒ်ဒွန်သည် ကမ်ဘာရစ်ရှိုင်းယားပြည်နယ် ဝမ်ဘတ်စ်မြို့အနီးရှိ ဒျူဒေါခေတ် လယ်ယာအိမ်ကြီးတစ်လုံးကို ငှားရမ်းခဲ့သည်။ ထိုအိမ်သည် သရဲခြောက်သည့်အိမ်ဟု နာမည်ကြီးခဲ့သည်။ ဤသတင်းကိုကြားသောအခါတွင် တိုနီကောနလ်နှင့် ယခုအခါ နော့သင်းဟမ်တက္ကသိုလ် စိတ်ပညာဌာနမှ အကြီးတန်းကျူတာတစ်ဦးဖြစ်သူ၊ သူ၏ လုပ်ဖော်ကိုင်ဖက် ဒေါက်တာအလန်ဂေါလ်က ထိုကိစ္စကို စုံစမ်းခွင့်ပေးပါရန် ခွင့်ပန်ခဲ့သည်။

သုတေသီနှစ်ဦးသည် အသုံးမပြုဘဲထားသော အိပ်ခန်းက တစ်ခန်းတွင် နေရာယူလိုက်ကြသည်။ မကြာခင်မှာပင် ကြမ်းခင်းမှနေ၍ ကျယ်လောင်သောခေါက်သံများကြားရသည်။ သုတေသီနှစ်ဦးသည် ထိုခေါက်သံပြုနေသူဖြင့် သင်္ကေတတစ်ခုညှိလိုက်သည်။ တစ်ချက်ခေါက်သံက ဟုတ်ကဲ့၊ နှစ်ချက်ခေါက်သံက မဟုတ်ဘူးဟု ထို့နောက် ထိုနည်းဖြင့် ခေါက်သံပြုသူဖြင့် စကားဆိုကြရာ ထိုခေါက်သံပြုနေသူမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ထိုအိမ်တွင် အဘတ်ခံလိုက်ရသော အမျိုးသမီးတစ်ဦး၏ ဝိညာဉ်ဖြစ်ကြောင်းသိရ၏။ ထိုအချက်ကို နောက်ပိုင်းတွင် စုံစမ်းသောအခါတွင် ထိုလူသတ်မှုဖြစ်စဉ်မျိုးရှိခဲ့ကြောင်း မှတ်တမ်းတစ်ခုမှမတွေ့ခဲ့ရချေ။

ဂေါလ်က ကြမ်းပြင်ကို ဓာတ်မီးထိုးကြည့်သောအခါတွင် ထိုခေါက်သံများ ရုတ်တရက်တန့်သွားသည်။ ထိုညနှောင်းပိုင်းတွင် သုတေသီများသည် အိပ်ခန်းထဲသို့ တစ်ကြိမ်ပြန်ဝင်ခဲ့ကြသည်။ ဝိုနီကောနလ်က တံခါးကို ဆောင့်ပိတ်လိုက်ချိန်တွင် သတ္တုသံတစ်ခုမြည်သွားသည်။ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သောအခါတွင် တံခါးမင်းတုပ်ထဲ ရှေးဟောင်းကြေးမီးကင်သုံးခွစူးတစ်ခု ညပ်နေသောကြောင့် သူတို့ကို အခန်းထဲ မင်းတုပ်ပိတ်ပြီးသားဖြစ်နေကြောင်းတွေ့လိုက်ရသည်။

ထိုသရဲမှုဆိုးများ၏ အကြောင်း အိမ်နီးချင်းများက သိသောကြောင့် တစ်ယောက်ယောက် လုပ်ကြံနေသည်ဟု လော့ဝက်ဒ်ဒွန်က ထင်လိုက်သည်။ သို့သော် နောက်တစ်နေ့မနက်တွင်မူ ညက လှုပ်လှုပ်ရှားရှားအရေးဖြစ်နေစဉ်က အိပ်နေခဲ့သော သူ၏ငါးနှစ်အရွယ်သားငယ်က မနက်စာအတွက်ခင်းထားသည့်စားပွဲကိုကြည့်၍ -

"မနေ့ညက ကျွန်တော့်အခန်းနံရံကို ဖြတ်လျှောက်သွားတဲ့ ဆံပင်အနီနဲ့ ကိုယ်တုံးလုံးလူအတွက် တစ်နေရာစာ လိုသေးတယ်လေ"

ဟု ဆိုလိုက်သောအခါ တစ်မျိုးတွေးစရာဖြစ်သွားခဲ့သည်။

တိုနီကောနလ်သည် တစ္ဆေသရဲကိစ္စကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာရန်ရည်ရွယ်လျက် လျှပ်စစ်ပစ္စည်းကိရိယာများ စုဆောင်းထားသည်။ ဗီဒီယိုကင်မရာ၊ ရုပ်သေကင်မရာ၊ အသံဖမ်းကိရိယာ၊ အပူချိန်တိုင်းကိရိယာနှင့် အခြားကိရိယာတန်ဆာပလာမျိုးစုံပါဝင်သည်။ တစ်ချိန်ချိန်တွင် ကလေးသူငယ်များကင်းမဲ့နေသော သရဲခြောက်သည့် အိမ်တစ်အိမ်ကိုတွေ့ပြီး ကိရိယာများ ချိတ်ပိတ်ထားသည့် အခန်းတစ်ခန်းတွင် တစ်လခန့်တွင်ထား၍ အသံဗလံလှုပ်ရှားမှုမှန်သမျှကို အသံဖမ်းဓာတ်ပုံရိုက်ယူရန် သူရည်ရွယ်ထားခဲ့သည်။

"အဲဒီတော့မှ လူတွေကို နှစ်ထောင်ပေါင်းများစွာချီပြီး ခြောက်လှန့်လာခဲ့တဲ့ ထူးဆန်းတဲ့ဖြစ်စဉ်တွေရဲ့ နောက်ကွယ်က အကြောင်းတရားရင်းမြစ်ကို ကျွန်တော်တို့ အခိုင်အမာသိလာမယ်လို့ ယူဆတယ်"

တိုနီကောနလ်က သူ့ယုံကြည်ချက်ကို အထက်ပါအတိုင်း ဖွင့်ပြောကြားလိုက်သည်။

တိုးထား

*Things That Go Bump in the Night by Martin Bentley* ကို ... သည်။ *1989, December RD*

www.burmeseclassic.com

www.burmeseclassic.com

# ပုံးရည်ကြီး

## (တိုင်းရင်းဆေးပညာ)

### ဒေါ်နေနေနိုင်ရည်

အညာပုံးရည်ကြီးဆိုလျှင် မသိသူများသလောက် ရှမ်းပဲပုပ်၊ ပဲငါးပိဆိုလျှင်လည်း အသိများ၍ တစ်ခါတစ်ရံ ဗမာ့ဟင်းလျာများတွင် အာဟာရအဖြစ် အသုံးပြုကြလေသည်။ ထိုပုံးရည်ကြီး၊ ပဲပုပ်၊ ပဲငပိတို့သည် ပဲပိစပ်မှထွက်လာသောပစ္စည်းများ ဖြစ်သည်။ ၎င်းပဲပိစပ်ပင်များကို အညာကျေးလက်ဒေသများနှင့် ရှမ်းပြည်နယ်တွင် များပြားစွာ စီးပွားဖြစ်စိုက်ပျိုးကြပြီး ပုံးရည်ကြီးချက်လုပ်သောလုပ်ငန်းကို အညာကျေးလက်ဒေသများမှ လုပ်ကိုင်ကြ၍ ပဲပုပ်နှင့် ပဲငါးပိလုပ်ငန်းများကို ရှမ်းပြည်နယ်မှ လုပ်ကိုင်ကြလေသည်။

ပဲပိစပ်ပင် စိုက်ပျိုးရန် အညာကျေးလက်တွင် တော်သလင်းလအလယ်လောက်မှ စတင်၍ ထွန်ယက်ကြပြီး မြေတစ်ဧကလျှင် ပဲမျိုးစေ့ (၄) ပြည်ကျချပြီး (၃) လခွဲအကြာတွင် ရိတ်သိမ်းနိုင်တော့သည်။ ပဲအထွက်မှာမူ တစ်ဧကတင်းကို (၅) တင်းမှ (၈) တင်းအထိထွက်လေသည်။

ပထမတန်းစား ပုံးရည်ကြီးပြုလုပ်ရပုံမှာ ရေစင်ကြယ်စွာဆေးပြီးနောက် ပဲပိစပ်တစ်ပြည်လျှင် ရေ(၄)ဆနှင့်ရော၍ကျိုရသည်။ ပဲနပ်သောအခါပဲစေ့များကို ဆယ်ယူ၍ ပြန်အခြောက်လှန်းရသည်။ အိုးတွင်း၌ကျန်ရစ်သောအရည်များကို သန့်ရှင်းသောအိုးတွင်ပြောင်း၍ထည့်ထားရလေသည်။ အချို့က (၃) ရက်၊ အချို့က (၅) ရက်စသည်အားဖြင့် ချဉ်ချဉ်ကြိုက်လျှင် ရက်ကြာကြာထားပြီး ပုံးရည်ဖြစ်အောင် ကျိုချက်ရလေသည်။

ထိုသို့ ကျိုချက်သောအချိန်တွင် အမြဲတမ်း မရပ်မနားမွှေပေးနေရမည်။ ထိုသို့ မမွှေပေးနိုင်ပါက ပုံးရည်မှာ ကောင်းတော့ပေ။ မွှေရင်းမွှေရင်းနှင့် ပုံးရည်မှာ ပျစ်ချွဲ၍ကြွက်မြီးတန်းလာသောအခါ ဖို့ခွင်ပေါ်မှချ၍ မြေအိုးအသစ်ငယ်လေးများနှင့်ထည့်သိုကာ ရောင်းနိုင်ပြီဖြစ်တော့မည်။ ယခုကျိုနည်းဖြင့်ကျိုချက်လျှင် ပဲတစ်တင်းလျှင် ပုံးရည်(၃)ပိဿာခန့်ကျော်လောက် ထွက်ရှိပေသည်။

အညံ့စားပုန်းရည်ကိုကျိုချက်သောအခါ ပဲစေ့များကို ဆယ်မပစ်ဘဲ ကြိတ်ခြေ၍ထည့်ကြသဖြင့် ပဲစေ့အနည်း၊ အများအလိုက် ပုံးရည်အထွက်များလေသည်။ အညာပုံးရည်ကြီးစစ်စစ်ကို ကြက်သွန်စိမ်း၊ ဆီနှင့်သုပ်၍ ထမင်းဝိုင်းတွင်ပါလာလျှင် ထမင်းမြိန်သည်ကို အကြိမ်ပေါင်းများစွာ ကိုယ်တွေ့ကြုံဖူးကြပေလိမ့်မည်။ ၎င်းပဲပိစပ်နှင့် ပုံးရည်ကြီးတို့၏ အရသာနှင့် ဓာတ်သဘာဝတို့ကို အာယုဗ္ဗေဒဆရာကြီး ဦးစံတင့် ရေးသားပြုစုသော တိကိစ္စကစက္ခုဆေးကျမ်း၊ အဘိဓာနကဏ္ဍအပိုင်းတွင် ဖော်ပြထားသည်မှာ-

ပဲပိစပ်သည် ဆိမ့်၍ ပူ၊ ဖန်သောအရသာရှိ၏။ သွေးသည်းခြေကိုပျက်စေ၏။ ပန်းနာ၊ ချောင်းဆိုးနာ၊ သလိပ်နာ၊ မောဟိုက်နာ၊ ကျောက်တည်သောရောဂါ၊ နှာစေးရောဂါ၊ အဆီခဲသောရောဂါ၊ ပိုးနာ၊ ရင်ဘတ်နာ၊ ချွေးငုပ်သောအနာတို့ကိုပယ်ဖျောက်စေနိုင်ဟု ဖော်ပြထားလေသည်။

ထို့အပြင် အညာဒေသမှ ဘကြီးတော်တစ်ဦးက ရွတ်သဖြင့် မှတ်သားထားမိသော ပုံးရည်ကြီးအကျိုးသတ္တိပြလင်္ကာကို အလျဉ်းသင့်သဖြင့် တင်ပြလိုပေသည်။

- *ချဲ့ထွင်သရုပ်၊ အကျဉ်းချုပ်ဖြင့် ရှင်းထုပ်ကုံးသီ၊ ပအုံးရည်ကို ၊ ရုံးချီစကား၊ လင်္ကာကြားအံ့။ စပါးပဲသီး၊ ရင့်ကြီးလုံးတံ၊ ခွံကြွေဆံကို၊ ရေလျှံဖို့မြှုပ်၊ မီးနှင့်ပြုတ်၍၊ ရွှေနုတ်စစ်ယူ၊ ထိုရေပူကို၊ ရောကူငန်ဆား၊ ရက်ကြာထားက၊ မခါးချဉ်ပေါက်၊ ပုံးရည်ရောက်၍၊ မူးနောက်သွေးဆူ၊ ကိုယ်ပူဖျားနာ၊ သလိပ်နာနှင့် လေနာရှင်းပယ်၊ ကြေလယ်တက်ပူ ချဉ်သောဟူ၏။ အပူပိုင်းဖြတ်၊ ပဲပိစပ်ကို၊ ပြုတ်နပ်စီမံပြည်ထုံးစံဖြင့်၊ ပုဂံမြို့တော် ပုံးရည်ခေါ်သည်။ ပွဲချော်တိမ်းပါး နောင်မမှားအောင်၊ စကားပီသတိုက်ရိုက်ပြခဲ့။*
  *ထောင်းဆွထုမွှေ၊ မတ်ပဲကြေကို ချင်း ရေ ရှိန်းခို၊ ဆားမပို့နှင့်၊ ဆိမ့်ချိုပေးရုံ၊ စုလုံးပုံ၍၊ သင်းထုံဆီညှော်၊ ချက်နပ်ကြော်က၊ ဆီပေါ်ရသာ၊ မုန့်ဗရာတည်း။ အနာတက်ရှန်း၊ မျက်လုံးနာခေါင်း၊ နာရွက်စောင်းကို အကြောင်းတွေ့ဆိုင် ပျောက်စွမ်းနိုင်ခဲ့။ ဆိုင်ရာတစ်မျိုး၊ မှတ်ဉာဏ်တိုးစေ၊ အိုးသစ်အတွင်း၊ မုန်ညှင်းဆီလိမ်း၊ ချင်းစိမ်းဇီရာ၊ နနွင်းဝါနှင့်၊ ဖလာရှိန်းခို၊ ရေချိုကြည်အေး၊ အထက်ဆေးဖြင့် မွှေးအောင်စပ်ဖျော်၊ ဗယာကြော်လည်း၊ တော်အောင်ချေစိတ်၊ အိုးကိုပိတ်၍ ညဥ့်သိပ်ပိုင်းခြား၊ သုံးရက်ထားသော်၊ ဆားနှင့်တကွ ပုံးရည်ကျ၏။*
  *အရသာတွင်၊ ပုံးရည်ချဉ်ကားဝမ်း၊ ရင်၊ လေနာ၊ အစာမကျက်၊ ဆီးအတွက်ကို၊ ဆင်းသက်ကွဲကြေ၊ ပျောက်ကင်းစေ၏။ မူးဝေအားကုန်၊ မောတုံပူဆာ၊ နူနာသလိပ်၊ ရတ္တပိတ်တို့၊ အဆိပ်ထားမှတ်၊ မစားအပ်ဘူး၊ ဓာတ်မဖောက်ပြား၊ စပါးခွံဖုံး၊ မုရောလုံးကို အဆုံးရေနစ်၊ ပုံးရည်ဖြစ်သော်၊ ပိုးပြစ်တစ်ခု၊ ပဏ္ဍုနာရှိန်၊ ဆီးအိမ်မထွက်၊ စာမကျက်ကို၊ ဆင်းသက်ကြေပြို၊ လေကိုနိုင်ခြင်း၊ မခိုင်ယွင်းသည်၊ အတွင်းဒေါသ၊ သွေးသည်းခြေတည်း။ ခွံကြွေလုံးတံ၊ မုယောဆန်ကို၊ ရေတန်ရုံဖောက်၊ ပုံးရည်ရောက်သော်၊ မခြောက်ဆီးအိမ်၊ ညှိုးပိန်ဝမ်းကိုက်၊ မြင်းသရိုက်နှင့်။*
  *မောဟိုက်သလိပ်၊ အဆို့ပိတ်အောင်၊ ပယ်ရိတ်ဖြတ်ရှင်း၊ မှတ်မယွင်းနှင့် ဓာတ်ရင်းဩဇာ၊ မြိန်ရသာဖြင့်၊ အနာသက်ဆိုင်၊ ရောက်ဆုံးပိုင်သည်၊ ခိုင်ခိုင်ရှုပုံ၊ ဥဒါရုံကား၊ မြုံစောင်သေတ္တာ၊ ရိုင်ဖျာအစ်တောင်း၊ ယွန်းအုပ်ဆောင်းဖြင့်၊ သစ်တောင်းဝါးကိုက်၊ ကြွက်ယစ်မိုက်ကို၊ ခုတ်ကိုက်ဖမ်းယူ၊ ကြောင်မင်းမူသို့၊ အတူမခြား၊ အနာအားကိုး၊ ဆေးအာစုံ၊ ပိုက်သိမ်းခြုံသည်၊ သူပုန်ပျောက်လွင့် ပြေငြိမ်းတည်း။ ။*

ဟူ၍ ပုံးရည်လုပ်နည်းအမျိုးမျိုးနှင့်တကွ ကျန်းမာရေးနှင့်သက်ဆိုင်ရာအကျိုးအပြစ်များကိုပါ တင်ပြလိုက်ရပါသည်။

**နေနေနိုင်ရည်(တိုင်းရင်းဆေး)**



www.burmeseclassic.com

www.burmeseclassic.com

စိမ်းမှောင်ကာ ညို့မှိုင်းလှသော ရှမ်းတောင်တန်းတွေပေါ်မှာ ထင်းရှူးတော၊ ယူကလစ်ပင်၊ စိန်ပန်းပြာ၊ ချယ်ရီပန်းတွေနှင့် ရာသီမရွေးလှနေ၊ စိမ်းစိုနေလျက်ပါ။ တောင်ကျစမ်းရေတွေ၊ သုံးရာသီလုံးမပြတ် ရေပြည့်နေသော ရေအိုင်တွေကလည်း ရှမ်းရိုးမတောင်ပေါ်တစ်ကြောမှာ များပြားလှသည်။

အိုက်ပင်းတို့၏ ရွာလေးသည် တောင်ပေါ်မြို့တော်မှ လမ်းခွဲကာ အတွင်းဘက် မိုင်(၅၀)ကျော်ဝေးသည့်ရွာ။ ဟိုတုန်းကတော့ ဒီလိုရွာလေးမှာ မွေးပြီး မြို့ပေါ်ကို တစ်ခေါက်တောင် မရောက်ဘူးဘဲ ရွာမှာခေါင်းချ... တွေများသည်။

မှာ စားစရာ၊ ဝတ်စရာရှိတာပဲ။ သီချင်းဆိုတာ၊ ကတာက ပိုပျော်စရာကောင်းတာ"

ခွန်မောင်က သူ့မှာရှိသည့် ပြောင်းဖူးမီးဖုတ်တွေ သယ်လာရင်း စာသင်နေသည့်အိုက်ပင်းကို သီချင်းဆိုခိုင်းသည်။

တကယ်ပဲ စားစရာသောက်စရာ မပူရပါ။ ပြောင်းလည်းထွက်သည်။

ရွာရိုးလူကုန် မိုးရာသီကုန် ဆောင်းမတိုင်မီ သစ်သီးပွဲ၊ ဆွမ်းပွဲတင်ကြသည်။ ဆွမ်းတင်ပွဲနေ့မှာ တောင်ပေါ် ရွာနီးစပ်ကလူတွေလာပြီး ပလိုင်းထဲမှာ လှူစရာတွေ ထည့်ကာ အပြန်မှာလည်း ဘုရားတင်ရာမှ စွန့်သည့်အစားအစာတွေသယ်ကာ ပြန်ကြသည်။

ဒီလိုအချိန်မှာ အိုက်ပင်းတို့ကာလသားတွေ အပျော်ဆုံးပါ။ ကိုယ့်တောင်



(ကလော) ခင်မမလင်း

# နတ်သမီးရေအိုင်

ရွာလို့သာခေါ်ရသည်။ ရွာသားတွေကိုယ်တိုင် တောင်ယာစိုက်၊ ဆီထွက်သည့်ပန်းနှမ်းစိုက်သူတွေမို့ တစ်အိမ်၊ နှစ်အိမ်လောက်တစ်ခု နောက်တစ်မျှော်တစ်ခေါ် ဝေးသည့်နေရာမှာ တစ်စုပေါင်းပြီး ရွာလို့အမည်တွင်ခြင်းပါ။

မြို့မှာ ရှစ်တန်းလောက်တတ်သူက ကျောင်းဆက်မတက်ဘဲ ရွာမှကလေးတွေ တတ်သလောက်စာပြန်သင်ပေးရုံကလွဲ၍ ကျောင်းဟုသတ်မှတ်ထားတာလည်းမရှိ၊ နေထိုင်မကောင်းလည်း တောထဲမှ သစ်မြစ်ဆေးဥတွေစားသောက်ပြီး ပြန်နေကောင်းလာတာများလို့ ဆေးခန်းလည်းမရှိသည့်ရွာ။

ဖွံ့ဖြိုးမှုမရှိ၊ တိုးတက်မှုနှေးကွေးသော်လည်း ဒီရွာမှာမွေးသည့်ကလေးတွေ မြို့ကိုကျောင်းတက်ဖို့ တိုက်တွန်းလည်း နွားကြီးနှင့်ခြေကန်ဆွဲတောင်ခေါ်လို့မရတာကြောင့် အိုက်ပင်းသာ မြို့ကျောင်းမှာ ရှစ်တန်းထိတက်ပြီး ဆရာအဖြစ် ညဘက်ကလေးကျောင်းဖွင့်ကာ အော်တစ်လှည့်ငေါက်တစ်ခါနှင့် စာသင်ပေးရသည်။

"ဆရာရယ်၊ သီချင်းလေးသာဆိုပြပါ။ စာမသင်လည်းရပါတယ်။ ငါတို့ရွာ

အာလူး၊ ငရုတ်၊ မုန်လာထုပ်မှအစ စားလို့ရတာ အိမ်တိုင်းစိုက်ကြလို့ ပိုလျှံတာတွေ မြို့တက်ရောင်းသူတွေလည်းရှိသည်။ အပြန်မှာ အဝတ်အထည်လေးတွေဝယ်လာ၊ လိုချင်သူတွေက ဆန်နှင့်လဲ၊ ဆီနှင့်လဲလုပ်ကြသည်။

ဆန်ရေဆီပါ မောင်းထောင်းစင်၊ မောင်းဆုံနှင့်သာထောင်းကြသူတွေဖြစ်လို့ အရသာရှိရှိအာဟာရပြည့်ပြည့် စားနိုင်သည်။ အများအမြင်မှာ သူတို့ရွာကို ဆင်းရဲလို့သနားသွားကြပေမယ့် ဒီရွာဇာတိသားတွေက သူတို့လည်း တခြားနယ်မြေမပြောင်းသွားသလို တစိမ်းလည်း ရွာမှာအနေမခံပါ။

မြို့ဘက်ကလူတွေကလည်း မြေနီလမ်းကြမ်းကြမ်း တောင်အဆင်းအတက်များသည့် ဒီလိုရွာကိုတစ်ခေါက်ရောက်ဖူးတာနှင့် အိပ်မက်ထဲတောင်ထည့်မမက်ရဲအောင်ဖြစ်သွားကြသည်။

သည်လိုနှင့် လွယ်မော့ရွာသည် သီးခြားတောင်ပေါ် ရွာလေးဖြစ်နေကာ တောင်ပေါ်မှာတော့ စေတီသေးသေးလေးတစ်ဆူတည်ထားသည်။ နှစ်တိုင်း

ယာစိုက်ခင်းမှာ အလုပ်နားပြီး ဘုရား... မှာ ဆိုကြီးကကြသည်။

တစ်ယောက်နှင့် တစ်ယော... ရင်းနှီးခင်မင်လျက် သူ့အိမ်ကိုယ့်အိ... အလည်လာဖို့ ဖိတ်ခေါ်ကြသည်... 'တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်... တူ နိုင်ရိုးလား' စကားအတိုင်း ဝ... သီတင်းကျွတ်၊ တန်ခူးလတွေမှာ... ရွာစွန်မှာရှိသည့် ဘုန်းကြီးကျောင်း... ဥပုသ်စောင့်ပြီး နေ့တိုင်းချက်ပြုတ်... ဆွမ်းချိုင့်ပို့ကြတာ အလျှံပယ်ပို့သည်...

တစ်နေ့ မြို့မှ အိုက်ပင်းသူငယ်ချ... ရောက်လာပြီး တစ်လလောက် ဘုန်း... ကျောင်းမှာအိပ်၊ ဝေယျာဝစ္စလုပ်... ညဘက်တွေသာ အိုက်ပင်းရှိရာ... တတ်သည်။

"မင်း ရွာမှာနေတာအဆင်... လား။ မြို့မှာ ကိစ္စတစ်ခုခုများဖြစ်... လား သိဟ"

အိုက်ပင်းက သူ့အိမ်လ... ပေမယ့် သိဟခေါင်းခါလျက် -



www.burmeseclassic.com

"ငါ အေးအေးဆေးဆေး ဘုန်းကြီးကျောင်းမှာပဲနေချင်တယ်။ တစ်ပတ်၊ နှစ်ပတ်လောက်ပါပဲ။ အဆင်ပြေပြေ၊ မပြေပြေပြန်မှာပါ"

သီဟမျက်နှာမှာ တစ်ခုခုလျှို့ဝှက်မှုရှိနေတယ်ထင်သော်လည်း အိုက်ပင်း ဘယ်လိုမေးမေး အဖြေထွက်မလာပါ။ သူ့စိတ်က သူငယ်ချင်းအပေါ် သံသယများနေတာပဲဖြစ်မည်ဟု ဖြေသိမ့်ဖြစ်သည်။

အိုက်ပင်းတို့အိမ် သီဟနှစ်ညခြား၊ သုံးညခြားလာသည်။ မှောင်လို့ညအိပ်ပါပြောသော်လည်း တားမရ။ ခေတ်မီးကြီးတထိုးထိုးနှင့် ရွာပြင်ထိပ်က ဘုန်းကြီးကျောင်းဆီပြန်သွားတော့သည်။

❑

"သား အိုက်ပင်း မင်းသူငယ်ချင်း အိမ်မလာနေခိုင်းလိုက်။ ရွာထဲကလူတွေ ပြောနေကြပြီ။ ညဥ့်နက်သန်းခေါင်လည်း



လျှောက်သွားနေတယ်စုံစုံ တစ်ခါတလေ ဟောင်ပေါ်တက် သွားတာမြင်သူတွေလည်းရှိတယ်။ နတ်သမီးရေအိုင်ဘက်ကို ရောက်သွားမှာ ရွာကလူတွေစိုးရိမ်ကြတယ်"

"နတ်သမီးရေအိုင် ဟုတ်လား အဘ"

"အေး- အဲဒီဘက် ရောက်သွားရင်တော့ပြဿနာ တက်မှာကွယ့်"

အဘစကားကြောင့် အိုက်ပင်း စိတ်လှုပ်ရှားသွားမိသည်။ ဖြစ်တော့မဖြစ်နိုင်ပါ။ နတ်သမီးရေအိုင်နှင့် အိုက်ပင်းတို့ရွာနီးပေမယ့် တော်ရုံသတ္တိနှင့် လာရှာရဲမှာမဟုတ်။

ညဘက် သီဟ ရောက်လာတော့ နှုတ်ခမ်းတွေပြာနှမ်းနေပြီး တစ်ကိုယ်လုံး ပူချစ်နေသည်။ အိုက်ပင်း၏အမေက ဆေးခါးပူပူတိုက်ပြီး သိပ်လိုက်မှ ကိုယ်ပူကျသွားသည်။

သူငယ်ချင်းဘေးမှာဝင်အိပ်ရင်း နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ရုပ်ရည်၊

www.burmeseclassic.com

အသားအရောင်ပြောင်းသွားပြီး တစ်ခါတလေ ငေးငေးငိုင်ငိုင်နှင့် တစ်ယောက်တည်းစကားပြောနေတတ်သောသီဟကို ဘာတွေဖြစ်နေတာလဲသိချင်မိသည်။

ယောက်ျားပီသကြည့်ကောင်းသည့် သီဟ ခုတော့ ပါးချောင်တွေကျ အသားအရောင်တွေ ခြောက်သွေ့ပြီး စကားပြောရင်း တစ်ခါတစ်ခါအကြောင်းအရာတွေတည့်တည့်မရှိဘဲ တခြားတစ်နေရာလျှောက်ပြောတတ်သည်။

ရွာရောက်သည့် လေး၊ ငါးရက်မှာ ပို၍ဆိုးလာသလိုထင်ရ၏။ သီဟအဖေကို သွားခေါ်ပြီး ပြန်ပို့ရကောင်းမလား၊ သူ့စကားအတိုင်း တစ်လလောက် အေးဆေးစွာ နေခွင့်ပေးရမလား အိုက်ပင်း ဝေခွဲမရဖြစ်မိသည်။

"အဘ၊ သီဟကိုပြန်လို့ပြောလိုက်ရမလား"

"ကိုယ့်ရွာလာတဲ့ ဧည့်သည်ကို ဧည့်ဝတ်ကျေစေဖို့ရောက်ဖေးရမှာပေါ့။ မနေနဲ့လို့နှင်ခွင့်မရှိဘူးလေ။ သူနေတာလည်း ဘုန်းကြီးကျောင်းမဟုတ်လား။ အခြေအနေသာကြည့်ပါကွာ"

အဖေကတော့ ရွာမှာ ပျော်သလောက်နေ နတ်သမီးရေအိုင်ဘက် မသွားလျှင်ပြီးရောဆိုသည့်သဘောပါ။ နောက်တစ်နေ့မနက်မှာတော့ သီဟ ရှင်လန်းတက်ကြွစွာနိုးလာသည်။

"ညကပျင်းလို့ မင်းအိမ်လာအိပ်မယ်လို့ ဘုန်းဘုန်းကိုလျှောက်ခဲ့တာ။ ဗိုက်ဆာတယ် တစ်ခုခုကျွေး"

"မင်းအတွက်ထမင်းပြင်ပေးမယ်။ ဒီရွာလာတာ မင်းအဖေ သိလား"

"အင်း - သိတော့သိတယ်။ မိတ္ထီလာကသူငယ်ချင်းအိမ်သွားမယ်ပြောခဲ့တယ်"

ငယ်သူငယ်ချင်းလည်းဖြစ်၊ စိတ်ညစ်နေပုံလည်းရသောသီဟကို ထပ်စပ်စုမေးခွန်းမထုတ်တော့ဘဲ မှို၊ ငရုတ်သီးချက်၊ သခွားသီးနှင့် ပဲပြင်းစေ့ဟင်းရည်တွေ ခူးခပ်ပေးခဲ့သော စားပွဲလေးရှိရာ ခေါ်ခဲ့သည်။

"ကဲ - စားစား၊ ငါ့အမေချက်ပေးထားခဲ့တာ။ ဘုန်းကြီးကျောင်းမှာမနေဘဲ ငါ့အိမ်လာနေပါလား သီဟ။ ညဘက်အဖော်ရတာပေါ့"

"ငါက ညဘက်တွေအိပ်မပျော်ခင် လျှောက်လည်ချင်တာ"

"အင်းလေ၊ လည်ပေါ့။ ဘယ်အိမ်ဖြစ်ဖြစ် ငါလိုက်ပို့မယ်"

"တောင်ပေါ်တွေပဲလည်ချင်တယ်။ အိမ်မလည်ဘူး"

သီဟ စကားတည့်တည့်ကြီးဖြေတော့ အဖေထင်တာမှန်နေပြီဟုသိလိုက်သည်။ တောင်ပေါ်မှာ ဘာရှိမလဲ။ ထင်းရှူးပင်တွေနှင့် သစ်ခွပန်းတွေပဲရှိသည်။ မမြင်ဖူးလို့လားမေးတော့ ငြိမ်နေသည်။

ယာခင်းထဲ ထမင်းသွားပို့ရင်း -

"သီဟက ညဘက်တွေအိပ်မပျော်လို့ တောင်ပေါ်တွေလျှောက်သွားချင်လို့တဲ့"

ပြောတော့ -

"ငါထင်တာ သီဟပုံမှန်စိတ် အမြဲတမ်းမရှိလောက်ဘူး"

ဟု မှတ်ချက်ချသည်။

"ကျွန်တော် သူ့ကို အိမ်မှာလာအိပ်လို့ပြောထားတယ်"

"အေးအေး - ကောင်းတယ်၊ သူညပိုင်း တောင်ပေါ်သွားချင်တယ်ပြောရင် မင်းပါလိုက်သွား အိုက်ပင်း"

"ဟာ - ညကြီး တောင်ပေါ်မတက်ချင်ပါဘူး။ တောင်ပေါ်မှာ ရေအိုင်တွေ၊ စမ်းချောင်းတွေပဲရှိတာ သိပြီးသား"

"လိုက်သွားလိုက် အိုက်ပင်း၊ မင်းသူငယ်ချင်းက တို့ရွာကတောင်ပေါ်မှာ နတ်သမီးရေအိုင်ရှိတာသိတယ်။ သူ့ကိုစွန့်ပြီး အဲဒီနတ်သမီးရေအိုင်ရှာဖို့ရောက်လာတာ။ မသွားနဲ့တားလည်း ရမှာမဟုတ်ဘူး။ တစ်ခုခုဖြစ်ရင်လည်း ရွာနာတယ်။ မင်းမဖြစ်မနေလိုက်သာသွား"

အဖေ့စကားကို နားမထောင်လို့မဖြစ်။ သီဟသွားရာမလိုက်လျှင်လည်း တစ်ခုခုဖြစ်မှာတွေးပူကာ သီဟနှင့်အတူ ရွာနှင့်ခပ်လှမ်းလှမ်းမှာရှိသည့် တောင်ပေါ်ကို လပြည့်ညမှာသွားဖို့ သဘောတူပေးလိုက်သည်။

သူလိုက်ဖို့ ကတိပေးလိုက်သည့်နောက် သီဟ ဝမ်းသာအားရ ဘုန်းကြီးကျောင်းပြန်သွားသည်။

"မင်း ညတိုင်းတော့ အပြင်မထွက်နဲ့ သူငယ်ချင်း။ တို့ရွာက သက်ကြီးရွယ်အိုတွေ ညဦးနက်သည်ထိ မီးဖိုဘေးမှာ အခါးရည်သောက် စကားပြောနေကြတာ မင်းကို သွားလာနေတာမြင်သူတွေရှိတယ်။ သူတို့သိပ်မကြိုက်ဘူး။ ငါ့အဖေကို လာတိုင်တယ်"

"ဟုတ်ပါပြီကွာ၊ ငါညအပြင်မထွက်တော့ပါဘူး။ ကတိပေးပါတယ်"

❑

လွယ်မော့တောင်ပေါ်မှာ ညောင်ပင်ကြီးတွေရှိပြီး ပင်စိမ်းပင်၊ သစ်အယ်ပင်တွေကလည်း နေရာအနှံ့ပေါက်နေသည်။ ထင်းရှူးပင်အိုတွေနှင့် ယူကလစ်ပင်တွေကလှမ်းကြည့်လျှင် စိမ်းညို့မှိုင်းနေသည်။ ရေတံခွန်သေးသေးလေးက တောင်ကြောမှ အရှိန်ဖြင့်စီးဆင်းပြီး အိုက်ပင်းတို့ရွာတွင်းကို ချောင်းကလေးတစ်ခုအဖြစ် ဝင်ရောက်လာသည်။

ဒီစမ်းချောင်းလေးက တဖြည်းဖြည်းကျယ်လာပြီး တစ်ရွာလုံးစိုက်ခင်းလည်းသုံး၊ သောက်သုံးရေလည်းလုပ်ကြသည်။ ရွာထိပ်မှာ ရေချိုး၊ အဝတ်လျှော်တာမလုပ်ကြဘဲ အောက်ဘက်အထိရောက်အောင်ဆင်းပြီး ရွာအလွန်မှ ရေချိုး၊ အဝတ်လျှော်လုပ်ကြသည်။

လွယ်မော့ရွာကို ဖေးသီခေါင်ဖွား လွန်းတာကြောင့် အပြင်လူတွေအရောက်အပေါက်နည်းပြီး ပျော်စရာမကောင်းသော မယ့် အိုက်ပင်းတို့ရွာသားတွေအတွက်တော့ နတ်ပြည်အလားထင်ထားကြသူတွေပါ။

လွယ်မော့တောင်ပေါ်မှာ နတ်သမီးရေအိုင်ရှိတာ အိုက်ပင်းတို့ရွာသားမှန်သမျှ ငယ်ကတည်းကသိပြီးသားပါ။ ထူးဆန်းကာ လျှို့ဝှက်မှုတွေများသည်။ အန္တရာယ်လည်းရှိသည်။ တော်တန်ရုံကိစ္စမရှိလျှင် နတ်သမီးရေအိုင်ဘက် မသွားဖြစ်ကြပါ။

ထူးဆန်းစွာ သီဟတစ်ယောက် သာရွာအလည်လာပြီး နတ်သမီးရေအိုင်ဘက်သွားဖို့ပြောသူ၊ သွားချိန်ကလည်း ညဘက်မှသွားချင်တာတဲ့။ ဘာပဲပြော ပြော အိုက်ပင်းအဖေကတော့ ရွာခံ အနေနဲ့ လိုက်သွားရမယ်။ သူသွား တာ လိုက်ပို့လိုက်တဲ့။

"ညဘက် တောင်ပေါ်တက်ရတာ ကြောက်သလား အိုက်ပင်း"

"မွေးကတည်းကနေတဲ့ရွာ ငယ်တုန်းက တူတူပုန်းတမ်းကစားရင် တောင်တွေပေါ်ပဲပုန်းကြတာ၊ ရေသဖန်း ပင်ကြီးအခေါင်းပေါက်တွေထဲဝင်ပုန်း ကြတယ်။ ညောင်မြစ်ဆုံအောက်ဝင်ပုန်း တယ်။ နေ့တွေမှာ အလင်းရောင်ရှိ အလွယ်တကူတွေ့ပေမယ့် ညဆို တော်နဲ့ ရှာမတွေ့တတ်ဘူးကွ"

သူငယ်ချင်းနှစ်ယောက် စကား တပြောပြောနှင့် တောင်ကြော လျှောက်ခဲ့ကြသည်။ သစ်ပင်တွေ ပွတ်သိပ်ပေါက်နေခြင်းမရှိလို့ လရောင် က ဖြာဆင်းလျက် တောလမ်းလေး

www.burmeseclassic.com

ဆင်ရှားစွာမြင်နိုင်သည်။

"လူအသွားအလာသိပ်မရှိသလိုဘဲနော် အိုက်ပင်း"

"အင်း - လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဒီတောင်ပေါ်မှာ လူသေဖူးတယ်။ ဆိုဘက်လဲရှားရှားကတဲ့။ အကောင်ကိုက်တာလား၊ အဆိပ်မိတာလားသေချာမသိဘူး။ ငါမြို့မှာကျောင်းတက်နေချိန်ဆိုတော့ အဘတို့ကလည်း သေချာမရှင်းပြဘူး"

"နတ်သမီးရေအိုင်ကို မင်းရောက်ဖူးလား အိုက်ပင်း"

"ငါဘာကိစ္စသွားမှာလဲ။ လူကြီးတွေတောင်မသွားတာ"

"ထူးဆန်းတယ်ဆိုလို့ ရောက်ဖူးချင်တာပါကွာ။ ညဘက်သွားရင် ရေထဲကအလင်းရောင်တွေထိုးထွက်လာတာမြင်ရတယ်။ နတ်သမီးလေးကလည်း ရေကန်ထဲကအလင်းရောင်နှင့်အတူ ရေကန်ပေါ်ရောက်လာတာမြင်ရတယ်တဲ့"

"မင်းဘယ်ကကြားလာတာလဲ"

"ငါ့အဘိုးပြောပြတာ။သူငယ်ငယ်တုန်းက ထူးဆန်းတာတွေအများကြီးပဲ။ အဘိုးပြောပြတဲ့ နတ်သမီးရေအိုင်အကြောင်းသိပြီးကတည်းက ညတိုင်းအိပ်မက်မက်ပြီးသွားချင်နေတာ။ ကစ်ခါတလေ ငါ သတိမထားမိဘဲ လွယ်မော့တောင်အောက်မှာရောက်နေတတ်တယ်"

အိုက်ပင်းတို့ စကားပြောရင်း တောင်ကြောတစ်လျှောက်လျှောက်လာလိုက်တာ စမ်းချောင်းလေးတွေ၊ ရေအိုင်တွေတွေ့ရပေမယ့် နှစ်ယောက်စလုံးကြားဖူးထားသည့် နတ်သမီးရေအိုင်ကိုတော့မတွေ့ရပါ။

"ရေအိုင်ကကျယ်ပြီး ကြည်လင်နေတယ်။ ရေအိုင်ဘေးပတ်လည်မှာ သတ်တမ်းရင့်ညောင်ပင်တွေရဲ့ အမြစ်တွေက ကန်ထဲတချို့တစ်ဝက်ရောက်နေတယ်။ နတ်သမီးရေအိုင်ဘေးမှာရှိတဲ့ ကျောက်ဂူက စကောဝိုင်းတစ်ချပ်စာအပေါက်ရှိတယ်"

ဆိုသည့် ကြားဖူးနားဝလူကြီးပြောစကားတွေကြောင့် သူတို့တွေ့သောအိုင်နှင့်သမျှ နတ်သမီးရေအိုင်မဟုတ်တာသေချာသည်။

"စိတ်လျှော့လိုက်တော့ သီဟ၊ ငါတို့တောင်ပေါ်ရောက်လာတာ နှစ်နာရီလောက်ရှိပြီ။ ပြန်သင့်ပြီမထင်ဘူးလား"

"အေးပါကွာ အေးပါ၊ ငါလည်းစိတ်ကျေနပ်ပါပြီ။ ရှာပြန်ကြတာပေါ့"

❑

အိုက်ပင်းတို့မိသားစုကို နှုတ်ဆက်စကားပြောပြီး ဆိုင်ကယ်လူကြုံလာခေါ်သည့်နောက်လိုက်သွားသည့် သီဟကို ဘာကြောင့်မှန်းမသိဘဲ စိတ်ထဲမှာ စိုးရိမ်ပူပန်နေမိသည်။

သူပြန်သွားတာ နတ်သမီးရေအိုင်ရှာမတွေ့လို့စိတ်လျှော့ပြန်သွားတာလား၊ မြင်ဖူးချင်တာသက်သက်မဟုတ်ရဲ့လားဆိုတာ သီဟမှလွဲ၍ ဘယ်သူမှမသိနိုင်မှာမဟုတ်။ အိုက်ပင်းတို့ရွာသားတွေတောင် နတ်သမီးရေအိုင်ရှိတာ လူကြီးတွေပြောလို့သိတာ မြင်ဖူး၊ ရောက်ဖူးသူမရှိကြပါ။

လွယ်မော့ရွာမတည်ခင် ရှေးနှစ်ပေါင်းများစွာက နတ်သမီးရေအိုင်မှာ ထူးဆန်းသည့် ပတ်သက်မှုတွေရှိခဲ့ဖူးသည်။ ဘာတွေဖြစ်တာလဲ၊ ဘာရှိလို့လဲ အိုက်ပင်းမေးဖူးပေမယ့် အဘတို့လူကြီးတွေက -

"မင်းတို့ကလေးတွေနဲ့ဘာဆိုင်လို့သိချင်တာလဲ။ သိလို့လာဘတက်ရင် သေလိမ့်မယ်။ အေးအေးသက်သာ စိုက်ပျိုးနေထိုင်ရတဲ့ဘဝကို မလိုချင်တော့ဘူးလား"

ဟု ဆူလည်းဆူ၊ နောက်တစ်ခါ နတ်သမီးရေအိုင်ရှိတယ်ထင်တဲ့နေရာ ခြေဦးတောင်မလှည့်နှင့်ဟု ပိတ်ထားလိုက်သည်။

တောင်ပေါ်ဆောင်းက ညနေမစောင်းခင် အေးစိမ့်သောလေနှင့်အတူ တောင်တွေမှာဝေသော မြူနှင်းတွေကြောင့် ချမ်းခိုက်စပြုလာပြီ။ တောင်ယာခင်းတချို့မှ လုံးထွေးတက်လာသော မီးခိုးလုံးတွေ၊ အိမ်တွေမှာ ထင်းမီးဖိုပြီးဖြစ်၍ ထိုးထွက်လာသောမီးခိုးတွေက ကောင်းကင်အလင်းရောင်ကို သဲကွဲစွာမမြင်နိုင်ပါ။

သို့သော်လည်း တပို့တွဲလပြည့်ရက်နီးလာပြီဖြစ်လို့ မကြာခင် လရောင်က တောင်တန်းတွေပေါ် သဲကွဲစွာမြင်တော့မည်။ အဘမျက်နှာက အိုက်ပင်းကို တစ်ခုခုပြောချင်ပုံရသည်။ အိုက်ပင်းကို -

"သီဟ နောက်တစ်ခေါက် ရွာပြန်လာဦးမလား"

ဟုမေးတာ တစ်ခါ၊ နှစ်ခါမကတော့ပါ။

"လွယ်မော့တောင်တန်းကြီးက လရောင်အောက်မှာ သိပ်လှနေပြီ။ တပို့တွဲလပြည့်ဖို့ နှစ်ရက်ပဲလိုတော့တယ်။ နတ်သမီးရေအိုင်သွားသူတွေမရှိပါစေနဲ့ဆုတောင်းရမှာပဲ။ အထူးသဖြင့် အိုက်ပင်းမင်းသူငယ်ချင်းသီဟ နောက်တစ်ခေါက်ရွာပြန်လာမှာစိုးရိမ်ရတာ"

လရောင်အောက်မှာ စိမ်းစိုလှပနေသောလွယ်မော့တောင်ကို မီးလုံ့ရာမှထွက်ကြည့်ရင်း သီဟအကြောင်းကို အဆက်အစပ်မရှိ အမေနှင့် အိုက်ပင်းကိုပြောလိုက်သည်။

"မလာတော့ပါဘူး အဘ၊ သီဟလာတာ သူ့အဘိုးပြောပြတဲ့ နတ်သမီးရေအိုင်ကိုမြင်ဖူးချင်လို့ပါ"

"ငါတော့စိတ်လေးနေတယ်။ သူ့အဘိုးက နတ်သမီးရေအိုင်မှာ ဘာတွေရှိတယ်ဆိုတာပါပြောလိုက်လို့ လူငယ်ပီပီ အရဲစွန့်လာတာဖြစ်မယ်"

"နတ်သမီးရေအိုင်မှာ ဘာတွေရှိလဲအဘ"

"မင်းသိစရာမလိုဘူး အိုက်ပင်း၊ အိပ်တော့ ငါတို့လည်းအိပ်မယ်။ သီဟလာခေါ်လို့ဆိုပြီး နောက်တစ်ခေါက်တောင်ပေါ်မတက်နဲ့တော့ ကြားလား"

"ဟုတ်ကဲ့ပါ အဘ စိတ်မပူပါနဲ့။ မလိုက်တော့ပါဘူး"

အဘစိတ်ပူသည့်အတိုင်း တပို့တွဲလမပြည့်ခင် သီဟရောက်လာပြီး တောင်ပေါ်တက်ချင်လို့ အဖော်လိုက်ခဲ့ပါဟု အိုက်ပင်းရှိရာ ဂေါ်ဖီစိုက်ခင်းထဲလာခေါ်သည်။

"ဒီတစ်ခါတော့ ဘယ်လိုနည်းနဲ့မှ မလိုက်ရဘူးလို့ အဘမှာထားတာကွာ။ မင်းအရင်တစ်ခေါက်ကလည်း လိုက်ပို့ပေးသားပဲ။ ဘာမှလဲမရှိဘဲနဲ့ မြို့ပေါ်မှာ ထမနဲပွဲတွေနဲ့ပျော်စရာကောင်းတယ်။ ငါအလည်လိုက်ခဲ့မယ် ပြန်မလား"

"ပြန်ဖြစ်ရင် လာခေါ်မယ်"

စိတ်ဆိုးပေမယ့် နှုတ်ဆက်စကားဆိုလျက် သီဟပြန်သွား၏။ နောက်နေ့ သီဟရောက်လာမလားမျှော်သော်လည်း ရောက်မလာတာကြောင့်ပြန်သွားပြီဟု ထင်လိုက်သည်။

တပို့တွဲလပြည့်ကျော်တစ်ရက်နေ့ မနက်အစောကြီး ထမနဲဆွမ်းကပ်ရန် ဘုန်းကြီးကျောင်းသွားမှ သီဟ မြို့မပြန်ဘဲ ဘုန်းကြီးကျောင်းမှာ ဆက်နေဖြစ်တာသိလိုက်ရသည်။

မနေ့ည ရှစ်နာရီလောက်က အိုက်ပင်းတို့အိမ်သွားမယ်ပြောထွက်သွားတာ ရောက်မလာဘူးလား မေးသည့် ကိုရင်လေးကို သူခေါင်းယမ်းပြလျက် ကျောင်းအောက်မှာအိပ်နေမလားသွားကြည့်ပါဦးမယ်ဆိုကာ ကျောင်းပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com

ပြေးလွှားဆင်းခဲ့သည်။

အဘစိုးရိမ်သလို တစ်ယောက်တည်း နတ်သမီးရေအိုင်ဘက်သွားမလား၊ အိုက်ပင်းမလိုက်တာနှင့် စိတ်ဆိုးပြီး မြို့ပြန်သွားတာလား။ အိုက်ပင်းဆွမ်းချိုင့်တောင်စောင့်မယူနိုင်ဘဲ အိမ်ရှိရာ သုတ်ခြေတင်ခဲ့သည်။

"အဘ၊ သီဟမြို့မပြန်ဘဲကျောင်းမှာအိပ်တာတဲ့။ တစ်ယောက်တည်း တောင်ပေါ်တက်သွားတာတော့မဟုတ်လောက်ပါဘူးနော်။ ညက အိပ်မက်မကောင်းဘူးအဘ။ သီဟရေနစ်နေတာမက်တယ်"

"ဟော - ပြဿနာတက်ပြီပေါ့။ မြို့က သူ့မိဘတွေဆီ လူလွှတ်မေးခိုင်းဦးလေ။သူနတ်သမီးရေအိုင်တကယ်ရောက်သွားလို့ အနီးစပ်ဆုံးလူကို အိပ်မက်ပေးတာ"

အေးချမ်းစွာ နေထိုင်သော လွယ်မော့ရွာလေးသည် တစ်ခဏချင်းသောကတွေ၊ စိုးရိမ်မှုတွေနှင့် တစ်ယောက်တစ်ခွန်းမေး၊ တစ်ယောက်တစ်မျိုးထင်မြင်ချက်ပေးနှင့် စိတ်မကောင်းဖြစ်နေသည့် အိုက်ပင်း ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ ဒီရွာကို ငါးတန်း၊ ခြောက်တန်းလောက်က သီဟအဖေခွင့်ပြုချက်နှင့်ရောက်လာပြီး တစ်ရွာလုံးနီးပါးခင်မင်ကာ ခုနောက်တစ်ခေါက်ရောက်လာခြင်းပါ။

သူတို့ရွာက ရွာလူကြီးတွေနားထည်ပေးသည့်တိုင် သီဟအဖေ အပြစ်တင်မှာ ကြောက်မိသည်။ လဲရှားရွာက လူနတွေရောက်လာချိန် သီဟမိဘနှစ်ပါး၊ အဘိုးတော်သူတွေလည်း ရောက်လာသည်။

"ညက တောင်ပေါ်မှာ တောခြောက်သံတွေကြားရတယ်။ ရွာနဲ့ နတ်သမီးရေအိုင်ကနီးတော့ သဲသဲကွဲကွဲကြားရတာ"

"ဘယ်လိုအသံတွေကြားရတာလဲအဘ၊ ကျွန်တော်သိပ်သိချင်လို့ပါ"

အိုက်ပင်း သူ့အဖေမကြားအောင်တိုးတိုးလေးကပ်မေးမိသည်။

ဦးခွန်မောင်းက သူကြားသည့်အတိုင်း အသံနေအသံထားနှင့် အော်ပြသည်။

"ကယ်ကြပါကြောက်ပါပြီကြောက်ပါပြီကယ်ကြပါလို့ ထပ်တလဲလဲကြားရတာ အချိန်အတော်ကြာတယ်။ ပြီးတော့တစ်ယောက်တည်းအသံမဟုတ်ဘူး"

ထိုစကားကြောင့် သီဟအဖေ ဦးကျော်မောင် မျက်နှာပျက်သွားသည်။

ဟုတ်ပါပြီ။ သီဟ သူငယ်ချင်းခေါ်လာပြီး နတ်သမီးရေအိုင်သွားတာသေချာပြီ။ အသက်ရှင်လျက်ရှိပါသေးရဲ့လား။

ရှေ့လမ်းပြခေါ်ဆောင်သွားသည့် လဲရှားရွာလူကြီး ဦးခွန်မောင်နောက် သီဟမိဘ၊ အိုက်ပင်းတို့သားအဖနှင့် လွယ်မော့ရွာက လူကြီးလေးယောက်သာ လိုက်ခွင့်ပြုသည်။ လူငယ်တွေ နတ်သမီး ရေအိုင်သွားတဲ့လမ်းသိမှာစိုး၍ မခေါ်ရဘူးတဲ့။

ထူးဆန်းစွာ လဲရှားရွာက လူကြီးသုံးယောက်စလုံး လက်ထဲမှာ ဂုန်နီအိတ်လိပ်ကြီးတွေသယ်လာခြင်းပါ။ လဲရှားရွာ၏ မြောက်ဘက်စူးစူး သုံးဖာလုံလောက်လျှောက်ပြီး ကျောက်တုံးတွေ ထူထပ်သောအကြိုအကြားမှ ခက်ခဲစွာတောင်ပေါ်တက်ခဲ့ကြသည်။

လွယ်မော့တောင်က လဲရှားရွာဘက်ကတက်လျှင် ပို၍မတ်စောက်သည်ထင်ရ၏။ တောင်ပေါ်ရောက်ပြီး နာရီဝက်လောက်လျှောက်ရပြန်သည်။ ချုံတွေနွယ်တွေမရှိ ပကတိ ရှင်းလင်းသော လမ်းကလေးအတိုင်း သွားရာမှ ကြည်လင်ကျယ်ပြောသောရေအိုင်ကြီးကို ဘွားခနဲတွေ့လိုက်ရသည်။

သာယာလိုက်တာ။ ရေမှော်မရှိ အမှိုက်သစ်ရွက်မရှိ ညောင်ပင်ကြီးတွေ အစီအရီပေါက်နေတာကလွဲလို့ ရေကန်ကြီးသည် ထင်မထားလောက်အောင် သန့်ရှင်းနေ၏။ အိုက်ပင်းအတွက်တော့ နတ်သမီးရေအိုင်ကို ပထမဦးဆုံးမြင်ဖူးခြင်းပါ။ ဘေးမှာရှိနေသည့်ချောက်ကမ်းပါးတွေက ဟိုတစ်ဖက် မိုးကောင်းကင်အနားသတ်ထားသလား ထင်ရအောင် မြင့်မားလွန်းသည်။

ရေအိုင်ကြီးကို တအံ့တသြငေးမောနေသောလူတွေအားလုံး ရေအိုင်ကြီး၏ ခပ်လှမ်းလှမ်းတွင် မှောက်လျက်ငြိမ်သက်နေသည့် သီဟနှင့်တခြားတစ်ယောက်ကို တွေ့လိုက်ပြီ။ အသက်ရှိသေးရဲ့လား။အေးစက်သောခန္ဓာကိုယ်ပေါ်မှာ ရေညှိရေမှော်ရှိသော နတ်သမီးရေအိုင်အောက်ဆုံးအထိ ရောက်သွားသလား ဘယ်သူမှသေချာမသိကြတော့ပါ။ အလောင်းနှစ်လောင်းစလုံး၏ လက်ထဲမှာ ကျစ်လျစ်စွာဆုပ်ကိုင်ထားသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေကို သီဟအဖေကိုယ်တိုင် နတ်သမီးရေအိုင်ထဲပြန်ပစ်ချပေးခဲ့သည်။ လွယ်မော့၊ လဲရှား၊ နန်းသဲသုံးရွာ၏ထိပ်မှာရှိသောနတ်သမီးရေအိုင်မှာ ရေနစ်သေဆုံးသွားသော သီဟနှင့် သူ့သူငယ်ချင်းကို မြို့ပြန်သယ်သွားပြီးနောက် ရွာသည် တစ်လကိုးသီတင်း ခွေးဟောင်သံတောင်မကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

❑

"ရိုးရိုးသားသားရှာဖွေစားသောက်ပြီး တတ်နိုင်သလောက်လှူဖို့စိတ်မထား ကြဘူး။ လူငယ်တွေဖြစ်ပြီး မလုပ်သင့် တာလုပ်တယ်။ နတ်သမီးရေအိုင်မှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေက တင်းနဲ့ချိန်လို့ရ လောက်အောင်များတာ။ ရွှေဒင်္ဂါးတွေ အပေါ်ဘက်ရောက်လာရင် ရေကအဝါ ရောင်တောက်နေတတ်တယ်။ ငွေဒင်္ဂါး တွေအပေါ်ဘက်ရောက်လာရင် ရေက အဖြူရောင်တောက်တယ်။ သုံးရာသီ စလုံး ရွှေတစ်လှည့်၊ ငွေတစ်လှည့်အပေါ် အောက်လဲနေတာ"

အဘပြောပြတာနားထောင်ရင်း အိုက်ပင်း သူ့သူငယ်ချင်းသီဟကို မြင် ယောင်မိသည်။ ရေတွေရွှဲစိုတောင့်တင်း နေပါလျက် သူ့မျက်နှာက ပြုံးနေသယောင် ထင်ရ၏။ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ နတ် သမီးရေအိုင်မှာရှိတယ်လို့ပြောပြသည့် သူ့အဘိုးစကားကို ကြားရသည့်နောက် လောဘလည်းတက်၊ ဆေးကလည်း ကြောင်ကာ နတ်သမီးရေအိုင်ကိုမရအ ရှာပြီး ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးတွေကို ရေငုပ်ဆ ခြင်းပါ။

နတ်သမီးရေအိုင်မှာရှိသည့်ဒင်္ဂါး တွေက နောင်ဘုရားပွင့်ချိန် ရွှေစေတီ ငွေစေတီတည်ဖို့ ရှမ်းစော်ဘွားမိသား က သစ္စာဆိုပြီး ရေအိုင်ကြီးထဲ လှည်း သုံးစီးတိုက် ငွေဒင်္ဂါးရွှေဒင်္ဂါးတွေသွန်ခ ခဲ့သည်တဲ့။

ရေအိုင်စောင့်နတ်သမီးကိုလည်း ယုံကြည်စွာ ကန်တော့ပွဲပေး၍ နှစ်ပေါင်း ထောင်ချီပါစေ ဒင်္ဂါးတစ်ပြားတောင် မလျော့ဘဲ စောင့်ရှောက်ဖို့တိုင်တည် သည်တဲ့။

လွယ်မော့တောင်တန်းကြီးသည် စိမ်းစိုလန်းဆန်းသောသစ်ပင်၊ လှပသော နွေမိုးဆောင်းရာသီပန်းတွေနှင့် တည် စွာ တောင်မြောက်ရှည်လျားမြင့်မား မြဲပါ။ လပြည့်ညတွေ ဒီတောင်တန်း ပေါ် ရွှေရောင်၊ ငွေရောင်ဖြာထွက် လောဘသမားတွေ မသွားဖြစ်ကြ နှင့်ဟု သီဟအလောင်းပြန်မြင်သ အိုက်ပင်း အကြိမ်ကြိမ်ဆုတောင်းဖြ တော့သည်။

ခင်မင်လင်း (ကလော)



www.burmeseclassic.com

www.burmeseclassic.com

□ ဝိဇ္ဇာဓရလောကဝေါဟာရများ

ဤဆောင်းပါးများကို ယခုအချိန်အထိ ဖတ်ရှုအားပေးကြသည့် ပုဂ္ဂိုလ်အပေါင်းတို့အား အသိပေးလိုသည်မှာ ဤဆောင်းပါးစုကြီး၏ ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာဟု လည်းကောင်း၊ ကမ္ဘာ့အဂ္ဂိရတ်ပညာဟု လည်းကောင်း အဂ္ဂိရတ်ပညာဆိုင်ရာ ခေါင်းစဉ်များဖြင့် ဖော်ပြခဲ့သော်လည်း ပါဝင်သည့် အကြောင်းအရာများမှာ အဂ္ဂိရတ်ပညာဆိုင်ရာ တစ်မျိုးတည်းကိုသာ ဖော်ပြခြင်းမျိုး မဟုတ်ကြောင်း တွေ့မြင်ဖတ်ရှုကြရမည် ဖြစ်ပါသည်။

အဂ္ဂိရတ်ပညာရပ် ဟူသည် ဝိဇ္ဇာဓရဟု ခေါ်ဆိုသော ပညာရပ်ဝန်းကြီး၏ အစိတ်အပိုင်းတစ်ရပ်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် အဂ္ဂိရတ်ပညာရပ်တစ်ခု

ဓာတ်လုံးတည်ခြင်းအား ထမင်းအိုးတည်သောအကြောင်းအရာနှင့်နှိုင်းယှဉ်ဖော်ပြခဲ့ပါသည်။ ဤထမင်းအိုးတည်သောကိစ္စကား သက်မဲ့ဆိုင်ရာ အကြောင်းအရာဖြစ်သဖြင့် ပိုမိုပြည့်စုံစေရန်အတွက် သက်ရှိဆိုင်ရာအကြောင်းခြင်းရာနှင့်ပါ ယှဉ်တွဲ၍ ထပ်မံ ဖော်ပြလိုပါသည်။

□ ဓာတ်လုံးတည်ခြင်းနှင့်ပဋိသန္ဓေယူခြင်း

တစ်ဖန် ဓာတ်လုံးတည်ခြင်းနှင့် လူသား၏ ပဋိသန္ဓေကိစ္စတို့ကို ယှဉ်တွဲဖော်ပြလိုပါသည်။ ပဋိသန္ဓေကိစ္စ၊

ဓာတ်သည်ကား သန္ဓေသားလောင်းပင်ဖြစ်တော့၏။ ထိုသန္ဓေသားလောင်းသည် သားအိမ်အတွင်း သတ်မှတ်ကာလအတိုင်းအတာပြည့်အောင်နေရမည်ဖြစ်၏။ ထိုသို့ နေထိုင်စဉ်ကာလအတွင်း မည်သို့သော ချွတ်ချော်တိမ်းစောင်းမှား ယွင်းမှုမျိုးကိုသော်မျှ ကြုံတွေ့၍မရပေ။ အကယ်၍တစ်စုံတစ်ရာသောချွတ်ချော်မှု၊ မပြည့်စုံမှု၊ စံလွဲမှု၊ ချို့ယွင်းမှုတို့သည် တစ်ခုခုသော်တွင် လည်းကောင်း၊ နှစ်ခုစလုံးတွင် လည်းကောင်း ဖြစ်ပေါ်နိုင်၏။ ထိုထက်ပို၍ဆိုးလျှင်ကား ထိုသန္ဓေသားသည် အဖတ်မတင် တော့ဘဲ လျှောမွေးသော်လည်းကောင်း၊

ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ (၇၀)

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရလောကဝေါဟာရများ



တစ်ခုတည်းကိုသာကွက်ပြီးလေ့လာခြင်းဖြင့် ပြီးပြည့်စုံနိုင်မည်မဟုတ်သကဲ့သို့ အပြည့်အဝလည်း နားလည်သဘောပေါက်နိုင်မည်မဟုတ်ပေ။ ဝိဇ္ဇာဓရပညာတွင် အဂ္ဂိရတ်ပညာရပ်အပြင် မန္တန်ပညာ၊ အင်းစမပညာ၊ ဆေးပညာ၊ နက္ခတ္တဗေဒပညာရပ်များ ပါပါဝင်နေ၏။ ထိုမျှမက အဆိုပါ ဝိဇ္ဇာဓရပညာရပ်များကိုလေ့လာ ညေ်ဆိုပါက မပါလျှင်မဖြစ် အချုပ်လေ့လာ တတ်မြောက်ထားရမည့်ပညာမှာ ဗုဒ္ဓပညာ ဖြစ်၏။

ထို့ကြောင့် ဤဆောင်းပါးများတွင် အဂ္ဂိရတ်ပညာဟုဆိုသော်လည်း ဝိဇ္ဇာဓရပညာရပ်များ အားလုံးအပြင် ဗုဒ္ဓဝါဒဆိုင်ရာတို့ကိုပါ အတူယှဉ်တွဲ၍ ဖော်ပြလျှင်မဖြစ်သောကြောင့် ဖော်ပြရခြင်းဖြစ်သည်ကို နားလည်ပေးစေလိုကြောင်း ဦးစွာပထမဖော်ပြလိုပါသည်။ ဆက်လက်ပြီး 'အ' အက္ခရာသေပြီးသော ဝိဇ္ဇာဆိုင်ရာ အကြောင်းခြင်းရာနှင့် ပတ်သက်ပြီး ဓာတ်လေးပါးနှင့်ယှဉ်သည့်

မွေးဖွားခြင်းကိစ္စ၊ မွေးဖွားပြီး ကြီးပြင်းရသော ကိစ္စတို့သည် နုရာမှရင့်ရသောကိစ္စများ ဖြစ်၏။ ဓာတ်လုံးတည်ခြင်းဟူသည်လည်း ဓာတ်တို့ကို နုရာမှရင့်စေခြင်းပင် ဖြစ်၏။ ဤတွင် အဂ္ဂိရတ်ထိုးသည့်ဖိုတိုက်ကြီးကို လူသားတို့နေထိုင်ရာ ကမ္ဘာကြီးအဖြစ် လည်းကောင်း၊ လူသား၏ခန္ဓာကိုယ်ကြီးအဖြစ် လည်းကောင်း သတ်မှတ်ပါက ဓာတ်လုံးထည့်ထိုးသည့် 'လုံ' ကိုကား မိခင်ဖြစ်သူ၏ သားအိမ်အဖြစ်သတ်မှတ်နိုင်၏။ သားအိမ်သည် သန္ဓေသားတို့၏မှီခိုရာ၊ ပြည့်ဝကုံလုံစေရာလည်းဖြစ်၏။

ထိုလုံအထဲတွင်ထည့်ထားသော

ပျက်ကျခြင်းမျိုးသည် လည်းကောင်း ဖြစ်ပေါ်နိုင်၏။ ထိုအခါ ကြိုးပမ်းခဲ့သမျှမျှော်လင့်ခဲ့သမျှသော အရာအားလုံးတို့သည် အဟောသိကံဖြစ်သွားရတော့မည်ဖြစ်သည်။ ထို့ကြောင့် သန္ဓေသားလောင်းဘဝသည် အလွန်အရေးကြီးလှသဖြင့် အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေရမည့်ကာလဟူ၍ ရိုးရာအစဉ်အလာတွင် ဆိုရိုးထားခဲ့ခြင်း ဖြစ်၏။ ထို့အတူပင် ဓာတ်လုံးတည်သည့်ကိစ္စသည်လည်း မည်သို့သောအကြောင်းကြောင်းနှင့်မျှ မှားယွင်းတိမ်းစောင်းမခံသည့်ကိစ္စ

www.burmeseclassic.com

ပင် ဖြစ်၏။

မြန်မာ့ရိုးရာဆေးပညာ၌ ပဋိသန္ဓေယူခြင်းနှင့် ပတ်သက်ပြီး 'တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီစဉ်စီကာသ ဓာတ်ထို့မျှ' ဟု ဆိုထားသည်ကို တွေ့ရမည်ဖြစ်၏။ ထိုစာချိုး၏အဓိပ္ပာယ်မှာ လူသားသည် ပဋိသန္ဓေစယူလျှင် ဦးစွာပထမတေဇောဓာတ်ဖြင့်စ၏။ထို့ကြောင့် ပထမအဦးအစ ရက်သတ္တပတ်သည် တေဇောရက်သတ္တပတ် ဖြစ်၏။ ဒုတိယသည် အမြှုပ်စသည်တို့ ဖြစ်ပေါ်သော ဝါယောရက်သတ္တပတ်ဖြစ်၏။ တတိယရက်သတ္တပတ် သွေးသားစသည်တည်ရာ အာပေါရက်သတ္တပတ် ဖြစ်၏။ စတုတ္ထရက်သတ္တပတ်သည် သားတစ် စသည့် ပထဝီရက်သတ္တဝါဖြစ်၏။ သတ္တမရက်သတ္တပတ်သည် လူသား၏ခက်မငါးဖြာထင်ရှားဖြစ်ပေါ်လာသည့်ရက်သတ္တပတ်ဖြစ်၏။

ဤဖြစ်စဉ်သည်ပင် လူသား၏ ရုပ်ဖြစ်ကြောင်းဖြစ်၏။ ထို့ကြောင့် ရုပ်ဖြစ်ကြောင်းမှန်သမျှသည် ဤအစဉ်အတိုင်းပင်သွားသည်။ ထိုကို ဂဏန်းသင်္ကေတဖြင့် ဖော်ပြရပါမူ ပထဝီကို (၁) ဂဏန်း၊ အာပေါကို (၂) ဂဏန်း၊ တေဇောကို (၃) ဂဏန်း၊ ဝါယောကို (၄) ဂဏန်း၊ သည်းခြေကို (၅) ဂဏန်း၊ အပုပ်ကို (၆) ဂဏန်း၊ အာကာသကို (၀) ဂဏန်း စသဖြင့် အသီးသီးသင်္ကေတပြုထား၏။ ဤသို့ဖြင့် ဓာတ် (၇) ပါးကို ဓာတ်တစ်ပါးလျှင် ရက်သတ္တတစ်ပတ်နှုန်းဖြင့် လူသား၏ပဋိသန္ဓေဖြစ်စဉ်သည် သွား၏။ ထိုတွင် သည်းခြေနှင့် အပုပ်ဓာတ်တို့သည် ထင်ရှားမှုအားနည်းသဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ စသည့် ဓာတ်ကြီးငါးပါးကိုသာ ပဓာနပြုထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လူသား၏ ပဋိသန္ဓေဖြစ်စဉ်ရုပ်ဖြစ်ကြောင်းကို ဂဏန်းသင်္ကေတဖြင့်ဖော်ပြပါက ၃၊ ၄၊ ၂ ၁၊ ၀ ဖြစ်၏။ သို့ပါ၍ ရုပ်ဖြစ်ကြောင်းတွင် တေဇောမှစပြီး အာကာသဓာတ်တွင် ပြီးဆုံးရ၏။ ချုပ်ရမည်ဟုဆိုခြင်းဖြစ်ပါသည်။ ထို့အတူ ဓာတ်လုံးတည်သည့် ကိစ္စတွင်လည်း ဤဓာတ်သွားကိန်းအစဉ်အတိုင်းသာသွားရမည်ဖြစ်၏။ ပဋိသန္ဓေဓာတ်သွားကိန်းသည် သဘာဝနိယာမအတိုင်းသာ ဖြစ်ပေါ်သောဓမ္မတာဓာတ်သွားကိန်း ဖြစ်သည်။ ထို့ကြောင့် ဓာတ်လုံးတည်သည့်ကိစ္စသည် ဓမ္မတာကိန်းအတိုင်းသွားခြင်းသာ အကောင်းဆုံး အခြေအနေဟု ယူဆနိုင်မည် ဖြစ်၏။

ဓာတ်လုံးတည်ခြင်း ဟူသော အင်္ဂလိပ်ပညာရပ်သည် မူလဓမ္မတာအတိုင်းသာဆိုပါက ဓာတ်တို့သည် ကမ္ဘာတည်ကိန်း၊ ကမ္ဘာပျက်ကိန်း၊ ကမ္ဘာမီးဖျက်ကိန်း၊ ရေဖျက်ကိန်း၊ လေဖျက်ကိန်း၊ ကမ္ဘာပြုမိုးရွာကိန်းစသည့် အဆင့်ဆင့်သောအခြေအနေများကို ဖြတ်သန်းရမည် ဖြစ်၏။ ထိုကိန်းတစ်ကိန်းကို ဖြတ်သန်းရမည့် အချိန်ကာလသည်လည်း နည်းနည်းနောနော မဟုတ်ပေ။ နှစ်ပေါင်းသန်းချီပြီး ကြာမြင့်မည်ဖြစ်၏။ ထိုဖြစ်စဉ်ဓမ္မတာသဘာဝကိန်းများ၏ သာဓကကိုယူ၍ အင်္ဂလိပ်ပညာရပ်ဖြင့် ဓာတ်များကို ပြုပြင်စီရင်ခြင်း ဖြစ်၏။ ထိုသို့ပြုပြင်သောအခါက ဘား မီးကိန်း၊ ရေကိန်း၊ လေကိန်းစသည်တို့ကို လူသားတို့က လိုအပ်သောအချိန်ကာလအတွင်းတွင် မူလဓမ္မတာသဘာဝကိန်းများအတိုင်းသာ ပြုပြင်စီရင်ပြီး လိုအပ်သောအကျိုးကို ပြီးစီးခြင်းသာ ဖြစ်၏။ သို့သော် သဘာဝ၏ ပြုပြင်စီရင်ရသည့် အချိန်ကာလနှင့် လူသားတို့၏ အင်္ဂလိပ်ပညာရပ်တို့ပြုပြင်စီရင်ရသည့် အချိန်ကာလသည် အလွန်ပင်ကွာခြားသွားရပါသည်။ ဤသည်ပင် အင်္ဂလိပ်ပညာရပ်၏အကျိုးကျေးဇူးပင် ဖြစ်ပါသည်။

ထို့ကြောင့် အင်္ဂလိပ်ပညာရှင်များကို အချို့သောသူများက ခပ်ကြောင်ကြောင်လူများဟု ပြက်ရယ်ပြုကြလေ့ရှိသည်ကို မကြာခဏ တွေ့မြင်ရလေ့ရှိ၏။ အမှန်ကား အင်္ဂလိပ်ပညာရှင်များသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းကပင် ကမ္ဘာတည်ကိန်း၊ ကမ္ဘာပျက်ကိန်း၊ မီးကိန်း၊ ရေကိန်း၊ လေကိန်းများကိုလည်းကောင်း၊ ကမ္ဘာမြေ၏အတွင်း၌ိုင်း၌ရှိသော ဓာတ်သတ္တုများ၏အရည်ပျော်မှု၊ အေးခဲမှုဆိုင်ရာဖြစ်စဉ်များကိုလည်းကောင်း၊ အဖုံဖုံအလီလီသောဓာတ်သတ္တုအမျိုးအစားများကို လည်းကောင်း၊ ထိုအချိန်ကာလကတည်းက ကောင်းစွာနားလည်သိမြင်ခဲ့ကြပြီး ဖြစ်၏။ သိပ္ပံပညာကား ဤကိစ္စနှင့်ပတ်သက်ပြီးသိရှိလာခြင်းမှာ ကမ္ဘာတည်ကိန်း၊ သက်တမ်းများအရဆိုရပါမူ မကြာမတင်သော ကာလမှပဟု ဆိုရမည်ဖြစ်ပါသည်။ ဤအခြင်းအရာတို့ကို မည်သို့သိကြပါသနည်းဟု သုံးသပ်ပါက အထူးသဖြင့် မြန်မာ့အင်္ဂလိပ်ပညာရှင်များသည် ဗုဒ္ဓစာပေများမှလည်း သိရှိကြသကဲ့သို့ သမားစဉ်ပညာ၊ အဘိညာဉ်ဆိုင်ရာများဖြင့် သိရှိခဲ့ကြခြင်းပင် ဖြစ်၏။ ဝိဇ္ဇာခရေပညာသည် ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားရှင်တစ်ဆူနှင့်တစ်ဆူအကြားဝေးကွာသော ကာလများအတွင်းတွင်လည်း စဉ်ဆက်မပြတ်တည်ရှိခဲ့သောကြောင့်ဟု ဆိုနိုင်မည် ဖြစ်၏။ ထို့ကြောင့် ဝိဇ္ဇာခရေပညာရပ်သည် သာသနာပကာလများတွင်လည်းကောင်း၊ ဘုရားရှင်တို့ပွင့်တော်မမူသည့် သုညကမ္ဘာတွင်ပါ အစဉ်အမြဲတည်ရှိနေသော ကမ္ဘာတည်ပညာရပ်ပင် ဖြစ်ပါသည်။သာသနာတွင်းကာလတွင်မူ ဝိဇ္ဇာခရေပညာသည် ဗုဒ္ဓဝါဒနှင့်ပေါင်းစပ်သဖြင့်လည်း အလွန်ခိုင်မာသောပညာရပ်ကြီး ဖြစ်ပါသည်။

သို့ပါသောကြောင့် ဝိဇ္ဇာခရေပညာသည် စိတ်အထင်အမြင်များ၊ အနုမာနအယူအဆများနှင့် တည်ဆောက်ထားခြင်းမျိုး လုံးဝမဟုတ်ကြောင်း သတိပြုရမည် ဖြစ်ပါသည်။ ဤနေရာတွင် ဝိဇ္ဇာခရေပညာရပ်ဟူ၍ ခြုံငုံပြီးဆိုရသော်လည်း အဓိကရည်ညွှန်းသည်မှာ မြန်မာ့ဝိဇ္ဇာခရေပညာရပ်ပင် ဖြစ်ပါသည်။

## ▫ မြန်မာ့ဝိဇ္ဇာခရေပညာနှင့် ကမ္ဘာ့ဝိဇ္ဇာခရေပညာ

မြန်မာ့ဝိဇ္ဇာခရေပညာဟု ဝိသေသဆိုရခြင်းမှာ မြန်မာ့ဝိဇ္ဇာခရေပညာသည် ကမ္ဘာ့အခြားသောဝိဇ္ဇာခရေပညာများနှင့် အလွန်ပင် ကွဲပြားခြားနားလှပါသည်။ အဘယ်ကြောင့် ဤသို့ဆိုရပါသနည်းဟူမူ မြန်မာ့ဝိဇ္ဇာခရေပညာရပ်မျိုးနှင့် အလားတူသည့် ပညာရပ်မျိုးသည်လည်းကောင်း၊ ပညာရပ်အဆင့်အတန်းမျိုးသည် လည်းကောင်း၊ အခြားသော ကမ္ဘာ့ဝိဇ္ဇာခရေပညာရပ်များတွင် မရှိပေ။ ထို့ကြောင့် မြန်မာ့ဝိဇ္ဇာခရေပညာရပ်သည် တစ်မူထူးခြားလှသော ကိုယ်ပိုင်မူပင်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာ့ဝိဇ္ဇာခရေပညာရပ်များသည် ကြီးကျယ်သောဝိဇ္ဇာခရေပညာရှင်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များစွာပေါ်ထွက်ခြင်း၏ အခြေခံအကြောင်းအရင်းတို့ကို လေ့လာသုံးသပ်ကြည့်ပါက ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာလူမျိုးစုကြီးမှ ဆင်းသက်လာသည်၊ မဇ္ဈိမဒေသမှ ဆင်းသက်ဝင်ရောက်လာသည်။ တရုတ်ပြည်၏ အနောက်ဘက်ရှိ သောပြည်နယ်များရှိ လူမျိုးစုများမှဆင်းသက်ဝင်ရောက်ပြောင်းရွှေ့အခြေချခဲ့သည့်လူမျိုးများဖြစ်သည်ဟု အမျိုးမျိုး အဖုံဖုံ ထင်မြင်ချက်ပေးကြသည်များ ရှိပါသည်။

www.burmeseclassic.com

အမှန်တကယ်တွင်မူကား အထက်ပါယူဆချက်များသည် အထင်အမြင်ဆိုင်ရာ မူကြမ်းကောက်ချက်ချသော အဆင့်မျှသာ ဖြစ်ပါသည်။ တကယ့်လက်တွေ့ထင်ရှားသော တွေ့ရှိချက်များ အရမူ လွန်စွာပင် ခြားနားလှပါသည်။

**ပ မြန်မာအစ မြန်မာက**

မြန်မာလူမျိုးတို့သည် ဤမြေ၊ ဤရေ၊ ဤဒေသကို နိုင်ငံတော်ကြီးတွင် စတင် အခြေချနေထိုင်လာကြခြင်းမှာ ကမ္ဘာပေါ်တွင် လူသားဟူ၍ စတင်ဖြစ်တည်လာခဲ့သည့်အချိန်ကာလသက်တမ်းများကတည်းက စတင်ခဲ့သည်ဟုဆိုရမည် ဖြစ်ပါသည်။ ကမ္ဘာတည်ဦးစအချိန်ကာလက မြန်မာ့ကုန်းမြေသည် ယခုခေတ်ပုံစံအတိုင်းမဟုတ်ခဲ့ပေ။ ထိုစဉ်က မြန်မာ့ကုန်းမြေသည် ယခုခေတ်ပုံစံအတိုင်းမဟုတ်ခဲ့ပေ။ ထိုစဉ်က မြန်မာ့ပင်လယ်ကမ်းစပ်နှင့် ကမ်းဦးရေတိမ်ပိုင်းဒေသသည် ယနေ့ခေတ်အချိန်ကာလ နေရာများဖြင့် နှိုင်းယှဉ်ပြရပါမူ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၏နေရာဒေသအချို့သည် ပင်လယ်ကမ်းစပ်နေရာ ဖြစ်၏။ ကချင်ပြည်နယ်ဒေသသည် မြစ်ဝကျွန်းပေါ် အရပ်ဒေသဖြစ်၏။

ဤနောက်ပိုင်းတစ်ခုသောကာလတွင် အိန္ဒိယတိုက်ငယ်ဖြစ်လာမည့် ကုန်းမြေကြီးတစ်ခုသည် ယနေ့အာဖရိကဟုဆိုနိုင်သောအရပ်ဒေသမှ ရွေ့လျားလာခဲ့ပြီးနောက် မူလမြန်မာ့ကုန်းမြေ ပင်လယ်ကမ်းစပ်အား ဝင်ရောက်တွန်းတိုက်မိကြ၏ ။ ထိုတိုက်မိသောအရှိန်ကြောင့် မြန်မာ့ကုန်းမြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ကချင်တောင်တန်း၊ ချင်းတောင်တန်းများပေါ်တွင် ခါရာဘိုရာဇီ စသည့် တောင်ထွတ်ကြီးများနှင့် ဟိမဝန္တာတောင်တန်းများ၊ တောင်စဉ်တောင်ထွတ်များ ဖြစ်ပေါ်ခဲ့၏။

ထိုသို့ ကုန်းမြေကြီးနှစ်ခုတွန်းတိုက်မိသော အခြေအနေ၏ အကျိုးဆက်ကြောင့် မြန်မာ့ကမ်းဦးရေတိမ်ပိုင်း ပင်လယ်ကမ်းစပ်သည် ကွယ်ပျောက်ခဲ့ရ၏။ ထိုနေရာတွင် ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ပေါ်စေခဲ့၏။ ကျောက်ဖြစ်ရုပ်ကြွင်းများတွင်လည်း ဇီဝကျောက်ဖြစ်ရုပ်ကြွင်းများ၊ ရုက္ခကျောက်ဖြစ်ရုပ်ကြွင်းများစွာ ဖြစ်ပေါ်စေခဲ့သည်။ သက်သေအထောက်အထားများအဖြစ် တောင်တွင်းကြီးမြို့အနီးတစ်ဝိုက်၌လည်းကောင်း၊ မကွေးမြို့အနီးတစ်ဝိုက်၌လည်းကောင်း၊ မင်းဘူးမြို့အနီးတစ်ဝိုက်၌လည်းကောင်း နွားထိုးကြီးမြို့တစ်ဝိုက်၌လည်းကောင်း စသည့်နေရာများစွာတွင် ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းတောကြီးများကိုလည်းကောင်း၊ ဆင်၊ ကျား၊ မိကျောင်း၊ ငှက် စသည့် အရိုးကျောက်ဖြစ်ရုပ်ကြွင်းများကို လည်းကောင်း များစွာတွေ့ရှိပါသည်။ ဤနေရာဒေသတို့သည် ပင်လယ်ကမ်းစပ်ဖြစ်ခဲ့ကြောင်း ပို၍ထင်ရှားသည်မှာ ရေနေသတ္တဝါဖြစ်ကြသော လိပ်၊ မိကျောင်း၊ ကဏန်း၊ ခရု၊ ငါး စသည့် သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုကြည့်ခြင်းဖြင့် ဤနေရာသည် ရှေးယခင်တစ်ချိန်သောကာလက ပင်လယ်ကမ်းစပ်ခဲ့ခြင်းကို အခိုင်အမာသက်သေထူနေသကဲ့သို့ ရှိပါသည်။

ထို့ပြင် သတ္တဝါတို့၏ဇီဝဗီဇအစသည် ပင်လယ်သမုဒ္ဒရာသတ္တဗီဇများမှ စတင်ခဲ့၏။ ထိုအဏ္ဏဝါဗီဇမှ ကုန်းနေသတ္တဝါဖြစ်ကြရ၏။ ထိုကုန်းနေသတ္တဝါတို့၏မျိုးစိတ်အချို့မှ လူသား၏သတ္တဗီဇတို့ ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ဤကမ္ဘာမြေ၏လူသားဟူ၍ စတင်ချိန်ကာလက ဖြစ်ပေါ်ရာဒေသသည် ဤပင်လယ်နှင့် မနီးမဝေး၌သာဖြစ်ရပါမည်။ ထိုအချက်ကို ပို၍ခိုင်မာစေသည့်အချက်မှာ မြန်မာ့ပုံတောင်၊ ပုံညာဒေသတွင် လူတူပရိုင်းမိတ်၏ အရေးကြီးသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၏ကျောက်ဖြစ်ရုပ်ကြွင်းတို့ကို တွေ့ရှိခဲ့သည်။ ထိုပုံတောင်လူတူပရိုင်းမိတ်၏သက်တမ်းသည် နှစ်ပေါင်းသန်း (၄၀) ရှိပြီဟု တွက်ချက်၍ရ၏။ ဤနှစ်ပေါင်း သန်း (၄၀) ဟူသည်မှာလည်း ကမ္ဘာပေါ်တွင် ယနေ့အထိတွေ့ရှိရသမျှသော လူတူပရိုင်းမိတ်များအနက် အစောဆုံးဖြစ်ကြောင်း မြန်မာ့ပညာရှင်၊ ကမ္ဘာ့ပညာရှင်အားလုံးက တညီတညွတ်တည်း လက်ခံခဲ့ကြပြီးဖြစ်၏။ ထို့ကြောင့် ဤမြန်မာ့ရေမြေဒေသတွင် လူတူပရိုင်းမိတ်ဘဝကတည်းက နေထိုင်ခဲ့ကြောင်း ထင်ရှားသည့် သက်သေအထောက်အထားပင် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာလူမျိုးစုကြီးဟူသည် လွန်စွာဝေးလံသီခေါင်လှသော တိဗက်ကုန်းပြင်မြင့်မှ ဆင်းသက်လာခြင်းလည်း မဟုတ်ပေ။ တရုတ်ကန်စုဒေသမှ ပြောင်းရွှေ့လာခြင်းမျိုးလည်း မဟုတ်သကဲ့သို့ အိန္ဒိယမဇ္ဈိမဒေသမှ ဆင်းသက်လာကြခြင်းမျိုးကြောင့် စတင်ဖြစ်ပေါ်ရသည်ဟူသော အခြေအနေမျိုးသည် မဖြစ်နိုင်ပေ။ ထိုအရပ်ဒေသမှ လူအချို့တို့သည်သာ မြန်မာ့ဒေသသို့ ပြောင်းရွှေ့ခိုဝင်အခြေစိုက်လာခြင်းမျိုးတော့ ရှိနိုင်ပါသည်။ ဆိုလိုသည်မှာ ထိုလူမျိုးတို့ကြောင့် မြန်မာလူမျိုးတော့ ရှိနိုင်ပါသည်။ ဆိုလိုသည်မှာ ထိုလူမျိုးတို့ကြောင့် မြန်မာလူမျိုးဖြစ်လာသည် မဟုတ်ဟုဆိုခြင်း ဖြစ်ပါသည်။ ထိုလူမျိုးများအခြေမချမီ နှစ်ပေါင်းသိန်းသန်းမကတည်းက ဤနေရာတွင် မြန်မာလူမျိုးတို့သည် အခြေချနေထိုင်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် သတ္တဝါတို့၏ ဇီဝရုပ်အစ လူသားဇီဝအစ ဟူသည်တို့သည် ပင်လယ်ကမ်းစပ်နှင့်နီးရာတွင်သာ ဖြစ်နိုင်၏။ တိဗက်ကုန်းမြေ၊ အိန္ဒိယကုန်းမြေ၊ တရုတ်ကုန်းမြေတို့တွင် စတင်ဖြစ်ပေါ်ခြင်းကာ ယုတ္တိဗေဒသဘောအရလည်း မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ ဖြစ်ချင်းဖြစ်လျှင် မြန်မာပင်လယ်ကမ်းစပ် လူသား အစောဆုံးစတင်ဖြစ်ပေါ်ရာ ဤဒေသမှနေပြီးတော့သာ အဆိုပါနေရာများသို့ လူသားတို့သည် ဘေးအန္တရာယ် စသည့် အကြောင်းတစ်စုံတစ်ရာတို့ကြောင့် ပြောင်းရွှေ့ပြီးရောက်ရှိသွားခြင်းကသာ အဖြစ်နိုင်ဆုံးဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာလူမျိုးတို့သည် ကမ္ဘာ့လူသားရင်းမြစ်မျိုးနွယ်စုကြီးတို့၏ ဘိုးဘေးမျိုးနွယ်စုများအဖြစ်ကို လူသားငြင်းဆိုရန် ခဲယဉ်းမည်သာ ဖြစ်ပေသည်။ ဤအကြောင်းခြင်းရာနှင့် တစ်ဆက်တစ်စပ်တည်းပင် မြန်မာလူမျိုးနွယ်စုများနှင့် မြန်မာ့ဝိဇ္ဇာခရပညာတွင် အစောဦးပိုင်းကာလကတည်းက ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၏။ အခြားသော ဝိဇ္ဇာခရပညာရပ်များထက် ပိုပြီးရင်းမြစ်ကျ၏။ ပညာရပ်အင်အားချင်း၊ စွမ်းအားချင်းလည်း အလွန်ပင် ကွာခြားသည်။ အတ္တလန်တစ်မဟာဂန္ဓာရီပညာ၊ မာယာဂန္ဓာရီပညာ၊ အီဂျစ်ဂန္ဓာရီပညာ၊ တိဗက်ဂန္ဓာရီပညာ၊ အိန္ဒိယဂန္ဓာရီပညာ၊ တရုတ်ဂန္ဓာရီပညာ စသည်တို့ထက်လည်း များစွာစောလှ၏။ ပညာရပ်လည်းများစွာ အဆင့်အတန်းမြင့်လှပါသည်။

အထက်ဖော်ပြပါ မဟာဂန္ဓာရီပညာရပ်များထဲမှ ပညာရပ်အတော်များများသည် ယနေ့အချိန်အခါတွင် ပျောက်ကွယ်လုခမန်းဖြစ်ကုန်၏။ အချို့လည်း ကွယ်ပျောက်သွားကြပြီ ဖြစ်၏။ မြန်မာ့ဝိဇ္ဇာခရပညာရပ်ကား ဗေဒါနှင့်



www.burmeseclassic.com

www.burmeseclassic.com

အားကြီးစွာချိတ်ဆက်ထားမှု၊ ပညာရပ်ကို အာစရိယဝါဒအတိုင်း အစဉ်အဆက် ထိန်းသိမ်းထားနိုင်မှု၊ လက်ဆင့်ကမ်းနိုင်မှု၊ ပညာရှင်အင်အားများပြားမှု၊ တတ်မြောက်ထားသောပညာ၏အဆင့်အတန်းမြင့်မားမှုတို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝိဇ္ဇာဓရပညာအားကြီးနိုင်ငံ ဖြစ်၏။ ထို့အပြင် ဝိဇ္ဇာဓရပညာရပ်ကိုလည်း လျှို့ဝှက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်ပိုင်နိုင်မှုလည်းရှိ၏။ ထိုထက်ပို၍ အရေးကြီးသည်ကား ဝိဇ္ဇာဓရပညာရပ်သည် ကမ္ဘာ့နေရာဒေသတိုင်းတွင် ပေါ်ထွန်းသည်မဟုတ်ပေ။ ရေခံမြေခံလိုသေး၏။ရေခံမြေခံမကောင်းသောနေရာ၌ ပေါက်ရောက်ပြီးသောပညာရှင်လည်း မရှိနိုင်သကဲ့သို့ တကယ့်ပညာရပ်များလည်း မရှိနိုင်ပေ။ ထိုရေခံမြေခံကို ဘူမိနက်သန်ဟုလည်း ခေါ်၏။ မြန်မာ့ဝိဇ္ဇာဓရအခေါ်အဝေါ်အရမူ ဘူမိနက်သန်အောင်မြေဟု အပြည့်အစုံခေါ်၏။

ထို့ကြောင့် ဗုဒ္ဓမေ့ကိုပဲကျင့်ကျင့်၊ ဝိဇ္ဇာဓရပညာကိုပဲကျင့်ကျင့် ဦးစွာပထမ ဘူမိနက်သန်အောင်မြေကို ဦးစွာပထမရှာဖွေရ၏။ ထို့နောက် မိမိ၏အာစရိယဆရာအရှင်မြေဖြစ်သည့် ဂုရုပုဂ္ဂိုလ်ကိုရှာရ၏။ ဆရာကိုတွေ့လျှင် ဆရာနှင့်ပညာသည် တစ်ကြောတည်းပင်ဖြစ်သဖြင့် ဆရာကိုတွေ့လျှင် ပညာပါရနိုင်မည် ဖြစ်၏။

ဤနေရာ၌ ဘူမိနက်သန်အောင်မြေဟူသော ရေခံမြေခံကို ပထမဦးဆုံးရှာဖွေရသည့်အကြောင်းအရင်းမှာ ဘူမိနက်သန်အောင်မြေမှန်လျှင် ထိုနေရာသို့ အမျိုးမျိုးသော ဝိဇ္ဇာဓရပညာရှင်များ တစ်ချိန်မဟုတ် တစ်ချိန်ချိန်တွင် လာရောက်လေ့ရှိကြသောကြောင့် ဖြစ်၏။ မြန်မာနိုင်ငံသည် အဆိုပါ ဘူမိနက်သန်အောင်မြေများစွာရှိသော ထူးခြားသည့်နိုင်ငံ ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပွင့်ထွန်းတော်မူပြီးခဲ့သမျှသော ဘုရားရှင်လေးဆူစလုံးနှင့် အမိကချိတ်ဆက်ထားသည့် တစ်ခုတည်းသော နိုင်ငံလည်း ဖြစ်၏။ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသော ပဓာနကျသည့် ဘူမိနက်သန်အောင်မြေလည်း ဖြစ်၏။

သာဓကအားဖြင့်ဆိုရပါမူ ဝိဇ္ဇာဓရပညာကို အားထုတ်ရာတွင် မြန်မာနိုင်ငံတွင် အားထုတ်ခြင်းနှင့် အာဖရိက၊ ဥရောပ၊ အမေရိက စသည်တို့တွင် အားထုတ်ခြင်းတို့၏ လက်တွေ့အကျိုးရလဒ်များ မည်သို့မျှမတူနိုင်ကြောင်းကိုလည်း သတိပြုသင့်၏။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဘူမိနက်သန်ဖြစ်မှုကို မည်သည့်အခါတွင်မျှ လျှော့မတွက်သင့်ပေ။ မြန်မာတို့သည် မည်သို့မျှ တန်ဖိုးဖြတ်၍မရနိုင်သော အဖိုးတန် ရတနာဘူမိကြီးတစ်ခုကို ဘိုးဘွားအမွေအနှစ်အဖြစ် အမွေဆက်ခံပိုင်ခွင့်ရရှိခြင်းသည် ကပင်လျှင် အတိတ်ကံအား၊ အကြောင်းဆက်အား၊ ပဋ္ဌာန်းဆက်အား အလွန်ကြီးမားလှသောကြောင့်သာဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် မြန်မာလူမျိုး ဗုဒ္ဓဝါဒီဟူသော ဂုဏ်ပုဒ်ဖြင့် လူသားတစ်ဦးဖြစ်လာသည့်ပုဂ္ဂိုလ်၏ အတိတ်ဘုန်းကံသည် မည်မျှကြီးမားမည်ဖြစ်ကြောင်းကိုလည်း ဆင်ခြင်သင့်၏။

**□ မြန်မာလာရာလမ်းသည် သေးသိမ်မှေးမှိန်သော မှုန်ပျပျလမ်းမျိုးမဟုတ် ထည်ဝါခမ်းနားသောလမ်းကြီးသာဖြစ်ခြင်း**

မြန်မာတို့ စတင်လာခဲ့လမ်းကို အချို့သော ပညာရှင်များက အတ္တနောမတိဖြင့် ခပ်မှုန်မှုန်သာပြခဲ့၏။ အချို့ကား ဆေဝေဝါးဝါးသာ ဖော်ပြခဲ့ကြ၏။ မြန်မာ့သမိုင်းသည် ပုဂံခေတ်မှစတင်သယောင်ယောင်ဆိုခဲ့ကြ၏။ ပုဂံမတိုင်မီသည် ပျူနှင့်ပဲသက်ဆိုင်သယောင်ယောင် ဆိုခဲ့ကြ၏။ အချို့ကလည်း မြန်မာအစ တကောင်းကဟု ဆိုခဲ့ကြ၏။ ဤသည်ကိုပင် နောင်းပိုင်းပညာရှင်အချို့ကလည်း သံယောင်လိုက်ခဲ့ကြ၏။ ဤတွင် သမိုင်းဟူသည် မင်းဆက်များ၏ရာဇဝင်သမိုင်းမျှလောက်ကိုပင် သမိုင်းဟုထင်လျှင် အလွန်ပင်တိမ်ပါလိမ့်မည်။ အထူးသဖြင့် လူမျိုးတစ်မျိုး၏သမိုင်း၊ နိုင်ငံတစ်နိုင်ငံ၏သမိုင်းကို တကယ်တမ်းနှိုက်နှိုက်ချွတ်ချွတ်လေ့လာမည်ဆိုလျှင် စာပေဖြင့် သမိုင်းတင်သည်။

အထောက်အထားမျှလောက်ကိုသာ လေ့လာနိုင်ရုံမျှသောအဆင့်သည် တကယ့်သမိုင်းပညာရပ်ကြီး၏တန်းမဝင်သေးသော မူကြိုအဆင့်မျှလောက်သာဟု ဆိုရမည် ဖြစ်၏။ တကယ်တမ်းလေ့လာမည်ဆိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ဘူမိဖြစ်စဉ်ပြောင်းလဲမှုသမိုင်း၊ မနုဿဗေဒသမိုင်း၊ ဘာသာ သာသနာသမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ လူ့ယဉ်ကျေးမှုအဆင့်အတန်းသမိုင်း၊ အတွေးအခေါ်သမိုင်း၊ ယုံကြည်မှုဆိုင်ရာသမိုင်း၊ သုံးစွဲခဲ့သော ပစ္စည်းအသုံးအဆောင်များ၏ သမိုင်း၊ ထိုလူမျိုးတို့၏ဓလေ့များသမိုင်း၊ တူးဖော်ပြီး တူးဖော်ဆဲ တူးဖော်လတ္တံ့သော ရှေးဟောင်းပစ္စည်းတို့၏သမိုင်း မြို့ပြဖယဉ်ကျေးမှုများသမိုင်း၊ ကိုးကွယ်ဆိုင်ရာသာသနိကအဆောက်အအုံများသမိုင်း၊ ရိုးရာပညာရပ်များ၊ ရိုးရာအ ပညာရပ်များ၏သမိုင်း စသည့်စသ မြန်မာလူမျိုးတို့နှင့် သမိုင်းပေါင်းများ ကို အနုလုံ၊ ပဋိလုံ သုံးသပ်လေ့လာ ပြုပြီးသောအခါတွင်မှ မြန်မာလူမျိုး ဟူသည်ကို အကဲဖြတ်သင့်၏။ ထို မဟုတ်မူဘဲ မိမိနှင့်ပတ်သက်သည့်သမိုင်း ဆိုင်ရာကွက်ကွက်လေးမျှကိုသာ တတ သမိုင်းဟုဆိုပြီး ဝေဖန်သုံးသပ်နေခြင်း သည် မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်ဖမ်းနေသကဲ့သို့သာဖြစ်ပါလိမ့်မည်။

အထက်ဖော်ပြပါ လေ့လာ အားထုတ်ရမည့်သမိုင်းများအနက် ဘူ သမိုင်း၊ မနုဿဗေဒသမိုင်းဆိုင်ရာတို့ အထက်တွင် အရိပ်အမြွက်မျှ ဖော်ပြ သဖြင့် ရိပ်စားနိုင်လောက်၏။ တစ်ခ ဘာသာသာ သနာသမိုင်းတွင်လည်း ဗုဒ္ဓ ဘာသာသည် ပုဂံခေတ် အနော်ရထာ မင်းလက်ထက်တွင်မှ ပိဋကတ်တော်များ သထုံမှရောက်ရှိသောအခါတွင်မှ ဗုဒ္ဓ သာသနာစတင်သယောင်ယောင်ဆို ၏။ မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင် ကတည်းက ခိုင်မာတိကျသော ဗုဒ္ဓ ဘာသာသည် ရှိနှင့်ပြီးပြီဟုဆိုရမည် ဖြစ် ၏။ မြန်မာနိုင်ငံတွင် ရဟန္တာသာသနာ သည် ရှေးအတိတေကာလကတည်းက မဆိတ်မသုဉ်းရှိခဲ့ကြောင်း တွေ့နိုင်၏ သာဓကအားဖြင့် တကောင်းခေတ် သုံးကျိပ်သုံးပါးသော ရဟန္တာဓာတ်တော် များကို ယနေ့ထက်တိုင် ဖူးတွေ့ရခြင်း ဖြင့် သက်သေပြုနိုင်၏။ ဆိုလိုသည်မှာ ပုဂံခေတ်ထက်များစွာ စောလှသော တကောင်းခေတ်ကတည်းကပင် မြန်မာ နိုင်ငံ၌ ရဟန္တာများရှိနေနှင့်ပြီးဖြစ်သည် ဟု ဆိုနိုင်၏။

ရဟန္တာပုဂ္ဂိုလ်များရှိနေပြီဆိုလျှင် ပင် ဗုဒ္ဓသာသနာတော်၏ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ တည်းဟူသော သာသနာ သုံးရပ်စလုံး ပြည့်စုံနေခြင်းကြောင့် အခိုင်အမာဆိုနိုင်၏။ ထို့ကြောင့် ပုဂံခေတ် တွင်မှ ပရိယတ္တိသာသနာဝင် ပိဋကတ် သုံးပုံကို သထုံမှပင့်ရသည်ဆိုခြင်းသည် မြန်မာတို့၏ ဗုဒ္ဓသာသနာတော် ပြက်ရယ်ပြုနေခြင်းဟုသာဆိုရမည် ဖြစ်နေ၏။ တကယ်တမ်း ပျူဆိုသည်မှာ လည်း မြန်မာ့လူမျိုးနွယ်စုကြီး၏ သမိုင်း နှင့်ယှဉ်လျှင် လွန်စွာသေးကျနေသော



www.burmeseclassic.com

www.burmeseclassic.com

သောအဆင့်မျိုးတွင်သာရှိနေသေးသည် ဟု ဆိုရမည် ဖြစ်ပါသည်။

ထို့ပြင်မက လေ့လာရမည်မှာ မြန်မာ့ရိုးရာပညာရပ်များ၏သမိုင်းဟုဆိုရာတွင် မြန်မာ့ရိုးရာဆေးပညာအပါအဝင် ဝိဇ္ဇာရေးပညာရပ်များ၊ ကိုယ်ခံပညာရပ်များ၊ စစ်ရေးနိုင်ငံရေး၊ ဗျူဟာများ စသည့်များစွာ ပါဝင်နေ၏။ ထိုအထဲတွင်မှ၊ မြန်မာ့ရိုးရာ ဆေးပညာရပ်များတွင်မှ အခြားသောဆေးပညာများကိုပင်ထားဦး။ ထိုးဆေးဆိုင်ရာပညာရပ်တစ်ခုတည်း၏ သမိုင်းသည်ကပင်လျှင် မြန်မာတို့၏ထိုးဆေးပညာသည် ဒွတ္တပေါင်မင်းသက်ထက်ကတည်းကပင်လျှင် စတင်ခဲ့ကြောင်း အဘိဓမ္မာတောင်သာဆေးပညာသမိုင်းဆိုင်ရာပုရပိုက်မူတစ်ခုတွင်ဖော်ပြထားသည်ကိုတွေ့နိုင်၏။ ဗိသနိုးပန်ထွာမိရုံး၏မီးယပ်ရောဂါကို ထိုးဆေးနည်းပညာဖြင့် ပျောက်ကင်းကြောင်း ဖော်ပြထား၏။ ထိုးဆေးထိုးသည့်အပ်ကိုပင် ရွှေဦးစွာ ကိတ်သတ္တုဖြင့်လုပ်၏။ ပျော့လွန်းသဖြင့် ထိုးမရပေ။ ထို့ကြောင့် နောက်ဆုံးတွင် မိုးကြိုး (လောဟာ) နှင့်သပ်သောအခါတွင်မှ လူ့အသားထဲသို့ ထိုး၍ရသည်ဟု ဆိုထား၏။

လွန်စွာ ရှေးကျသော ယုဂန္ဓိုလ်ဆေးကျမ်းထဲတွင်လည်း ထိုးဆေးလုပ်နိုင်သော အသုံးပြုနိုင်သောအပင်ပေါင်း (၂၅) မျိုးတို့၏ အမျိုးအမည်များကိုလည်း ဖော်ပြထား၏။ ထိုပညာရပ်အစိတ်အပိုင်းတစ်ခု၏ သမိုင်းသည်ပင်ညည်မျှကျယ်ဝန်းကြောင်း ဆဝါးနိုင်၏။ ထိုးဆေးပညာသည် ကမ္ဘာ့ဆေးပညာတွင် ပါဝင်လာသည်မှာ သမိုင်းအရဆိုလျှင် လွန်စွာမကြာသေးသောကာလတွင်တမှ ဖြစ်၏။ သို့သော် အထက်ပါမြန်မာ့ထိုးဆေးပညာတွင် လွန်စွာသမိုင်းကြောင်း ကြီးမားလှသော်လည်း မြန်မာ့ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့က မြန်မာ့ဆေးပညာနှင့် မြန်မာထိုးဆေးပညာတို့၏ အဆင့်အတန်းကို သုံးစွဲခွင့်မပေးဝံ့ဘဲ လျစ်လျူပြုထားခြင်းသည် အလွန်ပင်ဝမ်းနည်းဖွယ်ကောင်းလှသော မြန်မာ့ရိုးရာပညာရပ်ကြီးတစ်ခု၏ ဆုံးရှုံးမှုပင်ဖြစ်တော့၏။

အထက်ဖော်ပြပါ အမျိုးမျိုးသောသမိုင်းတို့ကို ဆိုင်ရာပညာရှင်တို့သည် လေ့လာရာတွင် ယေဘုယျအားဖြင့်အပေဖြင့်သမိုင်းတင်ပြီးသောအပိုင်းကိုသာ လေ့လာ၍ လွယ်ကူနိုင်၏။ သမိုင်းမတင်မီအပိုင်းကိုကား လေ့လာသောအခါတွင် ကြီးစွာသောအခက်ကြုံမည်ဖြစ်တော့၏။ ထိုအပိုင်း၏ဖြစ်စဉ်တို့ကိုသာမန်သမိုင်း၊ သာမန်ဉာဏ်ပညာမျိုးဖြင့် မရနိုင်တော့ပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် စသည့် ကာလသုံးပါးစလုံးကိုသိနိုင်သည့်ပညာမျိုး၊ ပုဂ္ဂိုလ်မျိုးတို့အရေးပါစွာ လိုအပ်လာပြီ ဖြစ်သည်။ အဆိုပါ ပညာရပ်မျိုး၊ ပုဂ္ဂိုလ်မျိုးတို့သည် ဗုဒ္ဓသာသနာဆိုင်ရာနှင့် ဝိဇ္ဇာရေးဆိုင်ရာတို့တွင်သာရှိနိုင်သည်။ အချို့သောအကြောင်းခြင်းရာတို့သည် အဘိညာဉ်ဆိုင်ရာအဆုံးအဖြတ်မျိုးနှင့်သာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အဆိုပါပညာရပ်များ၊ သမိုင်းများသည် အခရာကျလှပါသည်။ သို့မှသာ မြန်မာတို့၏လာရာလမ်း၏ ကြီးကျယ်ဝင့်ထည်မှုကို တွေ့မြင်နိုင်မည် ဖြစ်၏။

ထို့ကြောင့် စစ်မှန်သော မြန်မာ့သမိုင်းကို သမိုင်းအချို့သာသိသော မြန်မာ့ပညာရှင်၊ ကမ္ဘာ့ပညာရှင်၊ ပညာရပ်ဆိုင်ရာပညာရှင်တို့၏ ထင်မြင်ချက်၊ ယူဆချက်၊ ကောက်ချက်၊ ဆုံးဖြတ်ချက်မျိုးများဖြင့်သာ လမ်းဆုံးမနေသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်တို့၏စာများတွင် မြန်မာနှင့်ပတ်သက်၍ သက်ာယနမကင်းဖွယ်သော ကောက်ချက်များ၊ မှတ်ချက်များ တွေ့နေရသည်။ မြန်မာဟူသည်ကို သေးသိမ်နုံချာအောင် တမင်ပြုထားလိုခြင်းကြောင့်လော သို့မဟုတ် မြန်မာဆိုင်ရာသမိုင်းအလုံးစုံကို ကုန်စင်အောင် မသိထားသောကြောင့်လော ဟူသော ဝေခွဲရခက်သည့်သဘောများ တွေ့နေရသောကြောင့်ဖြစ်၏။ မြန်မာဟူသည် တို့ခေတ်ရောက်မှ ညှံ့ကြတော့မှာလားဟူသောအဖြစ်မျိုး မည်သို့မျှ အဖြစ်မခံနိုင်ပါ။

ထို့ကြောင့် မြန်မာ့သမိုင်းဆိုင်ရာတို့နှင့် ပတ်သက်၍ဆိုကြမည်ဆိုလျှင် မကွေးတိုင်းဒေသကြီး သရက်လေးပင်ကျေးရွာ တောတောင်ထဲမှ လင်းပိုင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းသမိုင်း၊ ဒိုင်နိုဆောတစ်ကောင်၏ လူချောက်ယောက်ခန့်မ,ရသောကျောက်ဖြစ်ရုပ်ကြွင်းခုကြီးတစ်လုံး၏သမိုင်း၊ လူသားတစ်ယောက်၏ကျောက်ဖြစ်နေသောအရိုးစုများ၏အတ္ထုပ္ပတ္တိ။ မကွေးတိုင်းဒေသကြီး ဖိုလေးလုံးကျေးရွာမှ ဆင်၊ ဖား၊ လိပ်၊ ကဏန်း၊ ငါး စသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၏ရာဇဝင်။ နွားထိုးကြီးမြို့နယ်ထဲမှ ကျောက်ဖြစ်နေသောအင်ကြင်းပင်ကြီး၏ဒဏ္ဍာရီ၊ ဟန်လင်းမြို့၏သချိုင်းထဲမှ အောက်အလွန်နက်သောမြေလွှာများထဲ၊ မြေလွှာအလိုက်အထပ်အထပ်ဖြင့်မြှုပ်ထားသော အရိုးစုရုပ်ကြွင်းများ၏ဖြစ်စဉ်၊ ထိုအရိုးစုရုပ်ကြွင်းများပေါ်မှ ဖုံးအုပ်ထားသောရွှေ၊ ကြေး၊ မြေတို့ဖြင့် ပြုလုပ်ထားသော မျက်နှာဖုံး၊ ကိုယ်ခန္ဓာဖုံး၊ လိင်အင်္ဂါဖုံးများ၏အယူအဆ၊ ခေါင်းများပေါ်တွင်ရိုက်ထားသော ဣ အက္ခရာများ၏အကြောင်း၊ ပျူဒင်္ဂါးလက်စွပ်များပေါ်မှ သင်္ကေတများ၏ လျှို့ဝှက်ချက်နှင့် ဝိဇ္ဇာရေးပညာတို့၏ ဆက်စပ်ပတ်သက်မှုများ၊ ခင်ဘကုန်း စသည်တို့မှတွေ့ရသော ရွှေပုရပိုက်ပေါ်ရှိ ယေဓမ္မာဟေတုပ္ပဝါအစချီဂါထာ၏ နက်ရှိုင်းမှု၊ ဒွါရပါလနှင့်အကာအကွယ်ဆိုင်ရာ ဆက်စပ်မှုများ၊ မြို့ရိုးတံခါးတို့၏ ထိပ်ကားနောက်ရှုး မဟာဗျူဟာသဘောတရားများ၊ ပျူပုတီးစေ့ရုပ်ပုံသင်္ကေတများမှပြောနေသော ရာဇဝင်သမိုင်းများ၊ တရုတ်ပြည်သွားရောက်ခဲ့သော ပျူအကနှင့်ဖျော်ဖြေရေးအဖွဲ့၏ အနုပညာများထဲမှ ဗုဒ္ဓနာမံတော်ဟူသော သီချင်း၏အဓိပ္ပာယ်နှင့် သံစဉ်သဘောတရားဆိုင်ရာလေးနက်မှုများ၊ မော်ပေါက်ကျိုင်း၏ကြေးသည်းအင်္ကျီနှင့် အနုရာဓ၊ မာဃ၊ မူလဟူသော နဂါးဦးခေါင်း၊ နဂါးလည်ဆစ်၊ နဂါးအမြီးတို့၏ဆက်စပ်မှု၊ အနော်ရထာ အရိန္ဒမာလုံနှင့် မဂ္ဂဒေဝဆရာတော် ကပ္ပာလက်ာရပညာတို့၏ အဆက်အစပ်စသည့်သမိုင်းများနှင့်တကွ ဗုဒ္ဓသာသနာတော်ဆိုင်ရာတွင်လည်း မြန်မာတို့နှင့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင်တို့၏ဆက်စပ်နေမှုများ ပါရမီဖြည့်ကျင့်ခဲ့သော ဘူမိနက်သန်အောင်မြေနေရာများ၏ အရေးပါမှု၊ အဘိဇိနက္ခတ်နှင့်ဗုဒ္ဓသာသနာဆိုင်ရာ စသည့်စသည့်သမိုင်းနှင့်ပညာရပ်ဆိုင်ရာများ၊ ဘာသာသာသနာဆိုင်ရာများ၊ ဝိဇ္ဇာရေးဆိုင်ရာများ၊ ဖြစ်စဉ်ဖြစ်ရပ်များအားလုံးကိုပြည့်စုံအောင် ရယူဆောင်ရွက်ပြီးမှသာ မြန်မာ၏လာရာလမ်းနှင့် ဥပမိရုပ်တို့၏ အခြေအနေကိုဖော်ပြမှသာ သင့်လျော်မှန်ကန်မည်ဟု ယူဆပါသည်။

(ရှေ့လဆက်ဖတ်ပါရန်)

ဆရာဦးဆက်ထွန်းသင်း
(အာယုဗ္ဗေဒ)

www.burmeseclassic.com



# ဇော်ရဲထူး (ညောင်တုန်း) ကိုယ်တွေ့

စာရေး၊ စာဖတ်တတ်ကာလည်း ဝါသနာပါသဖြင့် အလုပ်တွေအားနေပြီဆိုလျှင် ဦးရဲထူးတစ်ယောက် တွေ့မြင်ရာစာအုပ်များကို ရှာဖွေဖတ်တော့၏။ စားဝတ်နေရေးအတွက်ကိုလည်း ကိုယ်ပိုင်ငွေနှင့် မရင်းနှီးနိုင်တော့ အလုပ်ကြမ်းများ လုပ်ကိုင်စားရသည်။ ထို့ကြောင့် အသောက်အစားများရှိလာကြသည်။ နှစ်ပေါင်းများစွာကြာမြင့်လာခဲ့သည်နှင့် အရက်ကို နေ့တိုင်း စွဲစွဲမြဲမြဲသောက်ခဲ့သည်ကများလာခဲ့ရာ ကျန်းမာရေးထိခိုက်ပြီး ဆေးရုံတက်ရတော့၏။ ငါးရက်ခန့်ကုသပြီးမှ ဆေးရုံကဆင်းခဲ့သည်။ အရက်ကို အရင်တုန်းကသောက်ခဲ့သော်လည်း အခုတော့ မသောက်တော့ပါ။ ဦးရဲထူးသတိလစ်မေ့မြောသွားစဉ် သူတွေ့ကြုံခံစားရသည့်အကြောင်းကိုလည်း မည်သူကိုမျှပြောမပြခဲ့ပါ။ ပြောခဲ့လျှင်လည်း အရက်သမားစကားအလကားဆိုပြီး ယုံကြည်မှုမရှိသည့်အပြင် ပုံပြင်သဖွယ် ဟာသဖြစ်သွားပေတော့မည်။ ထို့ကြောင့် မိမိကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရပုံကို စာနှင့်ရေးသား၍ မှတ်တမ်းတင်ထားပါတော့သည်။

တစ်နေ့ လွှတ်လပ်ရေးနေ့ရောက်ခဲ့ရာ ည (၇) နာရီခန့်တွင် ပျော်ပွဲရှင်ပွဲများမြှုလုပ်ကြသောနေရာများရှိရာကို မိသားစုနှင့် လမ်းလျှောက်ထွက်ခဲ့ကြသည်။ လမ်းတစ်ဝက်ခန့်သို့အရောက် ဦးရဲထူးနှင့်အတူ တစ်ချိန်တုန်းက လုပ်ဖော်ကိုင်ဖက်ပေဖက် သူငယ်ချင်း ဦးဘဂျမ်းနှင့် ဆုံတွေ့ရသည်။

"ဟေ့ကောင် ရဲထူး၊ မင်း အရက်မသောက်တော့ဘူးလို့ကြားတယ်။ဝမ်းသာတယ်ကွာ"

"အေးကွ၊ ငါအရက်ပြတ်သွားပြီ"

ဦးဘဂျမ်း၏ အမေးစကားကို ပြန်ဖြေရင်း သူ၏လက်ထဲတွင်ကိုင်ထားသောစာအုပ်ကို ဦးရဲထူးက မြင်တွေ့၍ ခဏဆိုပြီးငှားလာခဲ့သည်။ အိမ်ကိုပြန်ရောက်လာသည်နှင့် စာအုပ်ကိုဖတ်နေစဉ် ဦးရဲထူး သူ၏အဖြစ်အပျက်နှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် မှတ်တမ်းရေးထားသည်ကို သတိရပြီး ပြန်လည်ရေးသား၍ သူရဿမဂ္ဂဇင်းတိုက်သို့ ပေးပို့အပ်ပါသည်။

ဦးရဲထူး၏ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

❑

ဦးရဲထူးနှင့် ဦးဘဂျမ်းတို့သည် အလုပ်ကြမ်းများကို လုပ်ကိုင်စားကြရသူများဖြစ်ကြသောကြောင့် ခန္ဓာကိုယ်နှင့် အကြောအချင်များနာကျင်ကိုက်ခဲနေကြ၏။ ထို့ကြောင့် အရက်ကို ဆေးဝါးအဖြစ် နည်းနည်းပါးပါးဆိုပြီး သောက်ကြ၏။ နောက်ပိုင်း ရက်ပေါင်းများစွာ အရက်ကိုသောက်ခဲ့ကြတော့ သောက်နေကျအတိုင်း နည်းနည်းပါးပါးမရတော့ပါ။ အလုပ်များပြီးဆုံး၍ အိမ်ကိုပြန်ကြတော့မည်ဆိုလျှင် အရက်ကိုအမူးသောက်ကြတော့၏။

တစ်နေ့ညနေ အလုပ်များပြီးဆုံး၍သောက်စားကြပြီး ယိမ်းယိမ်းယိုင်ယိုင်နှင့်စကားပြောရင်းအိမ်ကိုပြန်ခဲ့ကြရာ-

"ရဲထူးနဲ့ ဘဂျမ်းလာကြပါဦးကွ"

ခေါ်သံကြား၍ ကြည့်မိသည်။ သူတို့ကို မြင်တွေ့လိုက်တိုင်း အမြဲဆုံးမလေ့ရှိသော ဘုရားဂေါပကလူကြီးဖြစ်နေ၏။ ထို့ကြောင့် သွားရောက်တွေ့ဆုံ၍ ပြောသမျှကိုနာခံရတော့၏။

"တစ်နေ့ကုန်အောင် ပင်ပင်ပန်းပန်းနဲ့ အလုပ်တွေလုပ်ခဲ့ပြီး ရသမျှ ပိုက်ဆံကိုတော့ အရက်ဆိုင်မှာထားခဲ့ကြ မဟုတ်လား။ အိမ်ကမိသားစုစားဖို့ ဘယ်နှပြားပြန်ပါလာခဲ့ကြသလဲ"

ဦးရဲထူးတို့ စကားတစ်ခွန်းမှ ပြန်မပြောရဲကြ။

"ကုသိုလ်ရေးအတွက်ကိုလည်း တစ်ခုမှမလုပ်ခဲ့ကြဘူး။ နေ့တိုင်း အရက်သောက်ပြီးမူးနေကြတယ်။ သံဃာတော်တွေကြွလာရင် ဆွမ်းလောင်းဖို့တောင် သတိရကြရဲ့လား"

လူကြီးက စကားပြောရင်း ခေတ္တရပ်လာ၍ ခဏအနားယူပြီးမှ -

"အခု ဒီဘုရားရဲ့စေတီကို ထီးတော်ပြန်လည်တင်လှူပူဇော်တော့မယ်။ မင်းတို့နှစ်ယောက်လည်း ဘုရားကိုကြည်ညိုပြီး ကုသိုလ်ရအောင် လူအများနဲ့အတူ သန့်ရှင်းရေးလုပ်အားပေးကြပါလား"

ဦးရဲထူးတို့နှစ်ယောက် ညနေ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်တွေသိမ်းပြီး၍ ဘုရားစေတီရှိရာသို့ သူတို့နှစ်ဦး အတူထွက်ခဲ့ကြသည်။ ယမ်းလျှောက်သွားရင်း အရက်ဆိုင်ဝင်၍ သောက်ခဲ့ကြသေး၏။ ပြီးမှ ဘုရားကိုသွားကာ သန့်ရှင်းရေးလုပ်ကြသည်။ လုပ်အားပေးနေကြသူများ သူတို့၏ခန္ဓာကိုယ်မှထွက်သည့်ချွေးနံ့နှင့်အရက်နံ့များ ရှုရှိုက်မိမည်စိုး၍ ခပ်ဝေးဝေးတစ်နေရာမှ လုပ်အားပေးနေကြရ၏။

ဦးရဲထူးက -

"ဟေ့ကောင် ရဲထူး၊ ကုသိုလ်ရဖို့အတွက် ဘုရားစေတီတွေမှာ အရက်သမားတွေ သန့်ရှင်းရေးမလုပ်ရဘူးလို့ အယ်ဆရာတော်ကမှ တရားဟောတဲ့အထဲမှာထည့်မဟောဘူးကွ။ အားမငယ်နဲ့ ဆက်လုပ်" တဲ့။

ဦးဘဂျမ်းကလည်း -

"ရဲထူး မင်းမူးနေရင် အေးအေးနေ"

ပြောပြီး ရယ်နေကြတော့သည်။

နောက်တစ်နေ့တွင် ဘုရားစေတီရှိရာကို အရက်သောက်မသွားကြဘဲ လုပ်အားပေးလုပ်ကြည့်ကြ၏။ ခန္ဓာကိုယ်ခြေနှင့်လက်တို့ တုန်တုန်ယင်ယင်ဖြစ်နေ၏။

ဦးရဲထူးက -

"မသောက်ဘူးကွ၊ ငါခံနိုင်အောင်ခံမယ်။ ဘဂျမ်း မသေနိုင်ပါဘူးကွာ တောင့်ခံထားစမ်း"

အံ့ကြိတ်ပြီး ကြုံးဝါးနေတော့ သူတို့နှစ်ယောက်ကို မြင်တွေ့ရသည်မှာ သနားစရာကောင်းနေပြန်၏။ လုပ်အားပေးနေသည့်ရက်များ ရှည်ကြာလာခဲ့ရာ အရက်မသောက်ဘဲနေလို့ရသွားကြပြီ။ တစ်နေ့တစ်နေ့နှင့် လုပ်အားပေးနေကြရာ (၃) လခန့်ကြာခဲ့သည်နှင့် စေတီကြီး၏ထီးတော်ကို စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်၍ ပြီးဆုံးသွားပါတော့သည်။

ဦးရဲထူးတို့အလုပ်ဆင်းနေသော ညနေအချိန် ကုန်ပစ္စည်းများထမ်းပိုးသယ်ဆောင်နေစဉ် ကျောက်ခဲတုံးကြီးဆို ခလုတ်ဝင်တိုက်မိပြီး ဦးရဲထူး၏ခြေမကွဲသွားတော့သည်။ အနာကို ပတ်တီးစည်း၍ အလုပ်ကိုဆက်လုပ်နေရသည်။ နည်းနည်းကြာလာခဲ့သည်နှင့် ခြေမကဆိုတ်ခဲလာ၏။ အလုပ်သိမ်းသည်နှင့် အနာကို အကြောင်းပြ၍ အရက်ဆိုင်ကိုဝင်ပြီး နှစ်ယောက်သောက်ရန် မှာထား၏။ ဦးဘဂျမ်းက သူ၏မိတ်ဆွေတစ်ဦးနှင့် စကားပြောပြီးမှ ဆိုင်ထဲဝင်လာပြီး-

"ငါ မသောက်တော့ဘူး ရဲထူး၊ ပြတ်လက်စနဲ့ တစ်ခါတည်းဖြတ်ထားတာပဲကောင်းပါတယ်"

ဦးဘဂျမ်းက ငြင်းပယ်လိုက်ပြီး မသောက်ဘဲနေတော့၏။ မှာထားသည့်အရက်ကို လောဘကြီးစွာနှင့် ဦးရဲထူးက တစ်ယောက်တည်းသောက်တော့ မူးပြီပေါ့၊ အိမ်ကိုပြန်သည့်အခါ ဦးဘဂျမ်းက တွဲပြီးခေါ် ရ၏။

ဦးရဲထူးအရက်သောက်နေသည်မှာ ရက်မှလသို့ရောက်ခဲ့ပြီ။ အရင်တုန်းက သောက်ဖော်သောက်ဖက် ဦးဘဂျမ်းရှိနေသည့်အတွက် တော်သေး၏။ အခုတော့ တစ်ယောက်က လက်တွဲဖြုတ်သွားသည်နှင့် တစ်ယောက်တည်းဆိုတော့ အထိန်းအကွပ်မရှိဖြစ်နေ၏။ အမူးလွန်၍ အစားအသောက်မမှန်သည်ကများလာသဖြင့် ခန္ဓာကိုယ်အတွင်းခွန်အားများယုတ်လျော့ကျဆင်းလာ၍ ချည့်နဲ့နွံဖြစ်နေ၏။ မိုးဦးလေဦးကျကာလ သရက်သီးမှည့်များပေါ်စ ဦးရဲထူးကလည်း ကျန်းမာရေးမကောင်းဖြစ်နေချိန်၊ ကလေးများကောက်ယူခဲ့သောလေကြွေသရက်သီးမှည့်များကိုစားမိပြီး ဝမ်းများတစ်နေကုန်အောင်သွားနေ၏။ ဝေဒနာခံစားနေရသော ဦးရဲထူးကို ခရီးသွားရာမှပြန်ရောက်လာသော သမီးဖြစ်သူက -

"အလုပ်မဆင်းဘဲ ဝမ်းသွားနေတယ်လို့ လိမ်ပြောနေတာပါ"

ဟု ပြောလိုက်မိရာ အိမ်သာမှပြန်ဆင်းလာသော ဦးရဲထူးက ဒေါသကြီးစွာနှင့် သမီးဖြစ်သူကို လက်ညှိုးထိုးလိုက်ပြီး စကားပြောရန် ဟန်ပြင်နေစဉ် ရုတ်တရက် သတိလစ်မေ့မြော၍ ကြမ်းပြင်ပေါ် လဲကျသွားတော့၏။

သမီးက အလန့်တကြားဖြစ်ပြီး -

"လာကြပါဦး ဖေဖေ၊ လဲကျသွားလို့ပါ"

ပတ်ဝန်းကျင်ရှိအိမ်များကို အော်ဟစ်၍ အကူအညီတောင်းရတော့၏။ လူအများရောက်လာပြီးမှ ဆေးရုံကိုပို့ပေးကြရသည်။ ဦးရဲထူး ပြန်လည်သတိရလာပြီး စကားပြောလာနိုင်သည်နှင့် သတိမေ့နေစဉ် သူကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ကြောက်ရွံ့မှုကြီးစွာနှင့် ပြန်လည်၍ တင်ပြလိုက်ရပါသည်။

ဦးရဲထူး ကြမ်းပြင်ပေါ် လဲကျသွားပြီး သူ၏မျက်လုံးထဲကို အဖြူရောင်ကြီးကာထားသလိုမြင်နေရ၏။ တဖြည်းဖြည်း ထိုအရောင်ကြီးပျောက်ကွယ်သွားသည်နှင့်။

"အောင်မလေးဗျ - ကယ်ကြပါဦး ဘာကောင်ကြီးတွေလဲ မသိဘူး"

ကြောက်လန့်သည့်အသံကြီးနှင့် ပါးစပ်က အော်ဟစ်မိသလား မသိပါ။ သူ၏ဘေးနားတွင် ထောင်ထောင်မောင်းမောင်းနှင့် ထွားကျိုင်းလှသောပုဂ္ဂိုလ်နှစ်ဦးထိုင်လျက်ရှိနေ၏။ မည်းနက်နေသည့်အသားအရေရှိ၍ မျက်နှာကိုတော့ မမြင်ရပါ။ ညဥ့်အချိန်အခါ မသဲမကွဲမြင်တွေ့ရပုံမျိုး မဟုတ်ပါ။ နေ့ခင်းအချိန် ထင်ထင်လင်းလင်းမြင်တွေ့ရပုံမျိုး ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးက ဦးရဲထူး၏လက်ကိုကိုင်လိုက်သည့်နှင့် -

"အလို - ဒီလူမှာ သူပြုခဲ့တဲ့ကုသိုလ်ရဲ့သက်တမ်းက ကျန်ရှိနေပါသေးလား"

ကျန်ရှိနေသော ပုဂ္ဂိုလ်တစ်ဦးကလည်း -

"ဒီလိုဆိုရင်တော့ သက်သောင့်သက်သာနဲ့ နာကျင်မှုမရှိရလေအောင် ဆေးရုံကိုပို့ပေးလိုက်ကြပါ"

သနားကရုဏာရှိသော အသံအောအောကြီးနှင့် စကားပြောပြီး မြင်ကွင်းမှပျောက်ကွယ်သွားတော့၏။

ဦးရဲထူးက သူ၏သမီးကို -

"အောင်မလေး - ဘုရားရဲ့တန်ခိုးတော်ကြောင့် ငါရဲ့အသက်ကကျန်ရှိပါတော့တယ်။ သေသွားရင်လည်း ကိုယ်ပိုင်ပစ္စည်းတွေ သယ်ယူသွားစရာ ဘာတွေရှိသလဲ။ တစ်ခုမှသယ်ယူသွားလို့မရဘူး။ သယ်ယူသွားစရာဆိုလို့ ကုသိုလ်နဲ့အကုသိုလ်ပဲရှိတယ်။ သမီးကိုဒေါသဖြစ်ပြီးသေသွားရင် အပါယ်လားပြီး ငရဲအိုးထဲကို ဇောက်ထိုးဆင်းရတော့မယ်။ တော်ပြီ-ဆေးရုံကဆင်းပြီး ကျန်းမာရေးပြန်ကောင်းခဲ့ရင် အရက်မသောက်တော့ဘူး။ ငါပြုခဲ့တဲ့ကုသိုလ်ကံရဲ့အရှိန်လေးမကုန်ဆုံးသေးခင် မသေခင်အချိန်ပိုင်းကလေးမှာ တတ်နိုင်သမျှ ကုသိုလ်ရေးတွေကို အစွမ်းကုန်လုပ်ရတော့မယ်ကွ"

ပြောရင်း ဦးရဲထူး၏ မျက်ရည်များ စီးဆင်းလာသည်။ လှူဒါန်းစရာပိုက်ဆံငွေကြေးမရှိ၍ ခန္ဓာကိုယ်နှင့်အရင်းတည်၍ ဘုရားစေတီတွင် ထီးတော်ကြီးတင်လှူပူဇော်ခဲ့သော အကျိုးကျေးဇူးတွေကို ပြန်လည်မြင်ယောင်နေသည့်လူမိုက်ကြီးတစ်ယောက် နောင်တတွေအလီလီရနေပါတော့သည်။

ဇော်ရဲထူး (ညောင်တုန်း)

www.burmeseclassic.com

"မအိပ်သေးဘူးလား သူငယ်ချင်း၊ ညဉ့်နက်နေပြီ အိပ်တော့ကွာ။ မင်းရေးနေတဲ့ဝတ္ထုက ဒီညအဆုံးသတ်မှာလား"

"ဒီညတော့ ပြီးမယ်မထင်သေးဘူး။ နောက်ထပ်တစ်မျက်နှာလောက်ပြီးရင် အိပ်မှာပါကွာ"

"မနက်ဖြန်လည်း ရုံးမှာအလုပ်များဦးမယ်။ မီးလင်းနေတော့ ငါမအိပ်တတ်ဘူး"

"အေးပါ သူငယ်ချင်းရယ်။ ဒီတစ်မျက်နှာတည်းပါကွာ"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးမှာ ရုံးတစ်ရုံးတည်း၊ ဌာနတစ်ခုတည်းတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်။ဌာနမှစီစဉ်ပေးသည့်အဆောင်တွင် တစ်ခန်းတည်းအတူနေပြီး ရင်းနှီးချစ်ခင်သူများလည်း ဖြစ်ကြသည်။ ကျွန်တော်က ဝန်ထမ်းဘဝဖြင့် ဝါသနာအလျောက် ဝတ္ထု၊ ကဗျာများ ရေးသားနေသူဖြစ်ရာ အထိုက်အလျောက် နာမည်ရလာပြီ ဖြစ်သည်။ လစဉ်တိုင်းလိုလို မဂ္ဂဇင်းများတွင် ကျွန်တော့်ဝတ္ထုတို၊ ကဗျာများ ဖော်ပြခံနေရပြီ ဖြစ်သည်။ ယခုလည်း ဝတ္ထုတစ်ပုဒ်ရေးနေစဉ် အိပ်ရာဝင်ရန် သူငယ်ချင်းက သတိပေးလာခြင်း ဖြစ်သည်။ ဝတ္ထုဇာတ်လမ်းထဲ အာရုံဝင်စားနေစဉ် သူငယ်ချင်း မင်းညွန့်နိုင်၏ မွန်သံဝဲဝဲစကားသံကိုကြားရပြန်သည်။

"မင်းဒီလောက်စျာန်ဝင်ပြီးရေးနေတာ ဘာဝတ္ထုလဲ၊ ဂမ္ဘီရဝတ္ထုပဲလား"

"ဟုတ်တယ်။ ခုစာဖတ်သူတွေအဖတ်များတာက ဂမ္ဘီရဆန်ဆန်ဝတ္ထုတွေပဲ။ ကျောက်တမံလို့ နာမည်ပေးထားတဲ့ သိုက်ဇာတ်လမ်းတစ်ပုဒ်ရေးနေတာ"

"ကျောက်တမံ ဟုတ်လား၊ ဘယ်ကကျောက်တမံလဲ။ ငါကြားဖူးသလိုပဲ"

"မင်းတို့ မွန်ပြည်နယ်က ဒေသတစ်ခုပဲ။ ကိုယ်တွေ့ကြုံခဲ့ဖူးသူတစ်ဦးငါ့ကိုပြောပြလို့သိရတာ။သံဖြူဇရပ်အလွန်ဝဲကလိ၊ ဝဲလံနားက ကျောက်တမံသိုက်အကြောင်းရေးနေတာ"

"ဟိုတစ်လောကတော့ ဝိဉာဉ်အကြောင်းတွေရေးတယ်။ အခုတစ်ခါ သိုက်ဇာတ်လမ်းရေးနေပြန်ပြီလား။ဒါဆိုငါတို့ဒေသဘက်က ဘော်ငွေသိုက်အကြောင်းရေးပါလား"

"ဘာတဲ့ - ဘော်ငွေသိုက် ဟုတ်လား။ နာမည်ကြားရတာနဲ့ငါစိတ်ဝင်စားသွားပြီ။ ငါက စိတ်ကူးယဉ်တာထက် ကိုယ်တွေ့ဖြစ်ရပ်ကို အခြေခံပြီးရေးလေ့



ရှိတာ မင်းသိပါတယ်။ မင်းကြုံဖူးခဲ့တာလား"

"ငါမကြုံခဲ့ဖူးပါဘူး၊ ဒါပေမယ့် တို့ရွာမှာ ကိုယ်တွေ့ကြုံခဲ့ဖူးတဲ့ အသက်(၉၀)ကျော်ပန်းထိမ်ဆရာအဘိုးဦးကွန်ဒေ့ဆိုသူရှိတယ်။ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရတာတဲ့။ အဘိုးပြောပြထားလို့ ငါသိခဲ့ရတာ။ ငါရွာပြန်ရင် မင်းလိုက်ခဲ့ပါလား။ တို့ရွာဘုရားပွဲတော်လည်းရောက်ဖူးသွားတာပေ့ါ။ ပြီးတော့ ဝတ္ထုအတွက်လည်း ကုန်ကြမ်းရတာပေ့ါ"

"မင်းတို့ရွာဘုရားပွဲတော်က ဘယ်တော့လဲ"

"ခုလာမယ့်သီတင်းကျွတ်လပြည့်နေ့မှာစမယ်။ ငါလည်း ရွာမပြန်တာကြာပြီ။ ရန်ကုန်မှာပဲအနေကြာလာတော့ ဒီနှစ် ရွာဘုရားပွဲပြန်မယ် စိတ်ကူးထားတယ်။ တို့ရွာဘုရားပွဲက မွန်ပြည်နယ်ဘက်မှာ နာမည်ကြီးဘုရားပေ့ါ"

"ဘာဘုရားပွဲလဲ"

"ကျိုက္ကမော့တောင်ပေါ်မှာရှိတဲ့ ကျိုက္ကမော့ဘုရားပွဲတော်လေ"

"ငါကြားဖူးပါတယ်"

"ဗဟုသုတလည်းရမယ်၊ ဝတ္ထုကုန်ကြမ်းလည်းရမယ်။ မင်းလိုက်ခဲ့ပါလား သူငယ်ချင်းရယ်"

"အေး - ဒါဆိုလိုက်ခဲ့မယ်။ မင်းပြောတဲ့ အဘိုးဦးကွန်ဒေ့နဲ့တွေ့ရမှာလား"

"တွေ့ရမှာပေ့ါ။ အဘိုး ဦးကွန်ဒေ့က ငါတို့အိမ်နားမှာပဲနေတာ၊ ငါလိုက်ပို့ပါ့မယ်"

"ကောင်းပြီလေ၊ ငါလိုက်ခဲ့ မယ်"

ရုံးမှ ခွင့်ယူပြီး ကျွန်တော်နှင့် သူငယ်ချင်း မင်းညွန့်နိုင်တို့ ကျိုက္ကမော့ဘုရားပွဲတော်သွားခဲ့ကြသည်။ ရန်ကုန်မ မော်တော်ယာဉ်ဖြင့် လိုက်ခဲ့ကြသည် ကျွန်တော့်သူငယ်ချင်း မင်းညွန့်နိုင်မှာ မွန်တိုင်းရင်းသားဖြစ်ပြီး ကမာဝ ရွာဇာတိ ဖြစ်သည်။ သူတို့ဒေသကျိုက္ကမော့ တောင်ဘုရားပွဲတော်အလွန်စည်ကြော ကျွန်တော့်ကိုပြောဖူးသည်။ ကျွန်တော် တို့ စီးလာသောကားမှာ ရန်ကုန် - မုဒ် အဝေးပြေးအဲယားကွန်းလေအိတ်ကာ ကြီး ဖြစ်သည်။ ရန်ကုန်မှ ညနေ(၆)နာ သာသာတွင် စတင်ထွက်ခွာလာ နောက်တစ်နေ့ နံနက် (၅) နာရီတွ မော်လမြိုင်သို့ရောက်ခဲ့သည်။ မော် မြိုင်မှတစ်ဆင့် မုဒုံမြို့သို့ခရီးဆက်ခဲ့ သည်။ နံနက် (၇) နာရီမထိုးမီ မုဒုံမြို့သို့ ရောက်လာသည်။ မုဒုံသည် ခရီးလမ်းဆုံးဖြစ်သည်။ မုဒုံ ကမာဝ

www.burmeseclassic.com

မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)

# မြွေစောင့်သည့်ဘော်ငွေသိုက်



ရွာသို့ ဒတ်ဆန်း...
ချိန်သည်။ နံနက်...
ရွာသို့ ရောက်လာ...
တမာဝက်ရွာ...
ဘုရားပွဲတော်စသည့်နေ့...
တမာဝက်ရွာအဝင်လမ်း...
ဈေးဆိုင်ခန်း၊ ဇာတ်ပွဲရုံ...
ဖြင့် စည်ကားနေသည်ကို...
သူငယ်ချင်း မင်းညွန့်နိုင်က...
နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်...

"အမေ၊ သားနဲ့ ညီအစ်ကိုလိုချစ်...

www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့သူငယ်ချင်း။ သားပြောပြောနေတဲ့ စာရေးဆရာလေ"

"ဩော် - ဟုတ်လား၊ သားနဲ့ ဒီလောက်ရင်းနှီးတာ ခုမှတွေ့ရတော့တယ်။ ဘုရားပွဲလိုက်လာတာလား"

"ဟုတ်ကဲ့ဒေါ်ဒေါ်။ ဘုရားလည်းဖူး၊ ဝတ္ထုကုန်ကြမ်းလည်းရှာရင်းလိုက်လာတာ"

"အမေ၊ သားသူငယ်ချင်းက ဘော်ငွေသိုက်အကြောင်းရေးချင်လို့တဲ့"

"ဘော်ငွေသိုက် ဟုတ်လား။ ဒေါ်ဒေါ်တို့ငယ်ငယ်ကတည်းကကြားဖူးခဲ့ တာ။ ခုခေတ်လူလတ်ပိုင်းလောက်ထိ မသိကြတော့ဘူးကွယ့်။ အဘိုးဦးကွန်ဒေ့ကတော့ ကိုယ်တိုင်ကြုံခဲ့တဲ့သူပဲ။ သူ့ကိုမေးကြည့်ပေါ့။ ဒီနေ့ ပွဲတော်စရက်ဆိုတော့ အကျွေးအမွေးတွေနဲ့ရှုပ်နေမယ်။ မနက်ဖြန်မှသွားကြတော့။ သားတို့ ဒီည ကျိုက္ကမော့တောင်ပေါ်တက်မှာလား"

"ခရီးပန်းလာတယ်။ ပြီးတော့ ညဘက်ဆို ဘာမှမြင်ရမှာမဟုတ်ဘူး။ သူငယ်ချင်းကိုပြချင်သေးတယ်။ မနက်စောစောထပြီးမှ တောင်ပေါ်တက်တော့မယ်"

"ဒါလည်းကောင်းတာပဲ။ ခရီးပန်းလာတယ်၊ သားတို့နားလိုက်ကြဦး"

နောက်တစ်နေ့နံနက် ဝေလီဝေလင်းအချိန်တွင် ကျွန်တော်တို့နှစ်ဦး ဘုရားဖူးထွက်ခဲ့ကြသည်။ ကမာဝက်ရွာမှ တောင်ခြေသို့ နွားလှည်းဖြင့် စုပေါင်းသွားကြသည်။ တောင်ခြေရောက်မှ ခြေကျင်ခရီးဖြင့် တောင်ပေါ်တက်ကြသည်။ လမ်းတွင် လူများတိုးမပေါက်အောင် စည်ကားနေသည်ကို တွေ့ရသည်။ အားလုံးလိုလို မွန်ဘာသာစကားကိုသာပြောကြသည်။ တောင်ခြေမှ တစ်နာရီကျော်ကျော်ထပ်မံတက်တော့မှ တောင်ထိပ်ပေါ်ရှိ ကျိုက္ကမော့စေတီသို့ရောက်သည်။ မိုးစင်စင်လင်းနေပြီဖြစ်၍ ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှား မြင်တွေ့နေရသည်။ မင်းညွန့်နိုင်က ကျိုက္ကမော့စေတီရင်ပြင်ထက်မှ အရှေ့ဘက်သို့ ညွှန်ပြရင်း -

"မင်းရေးမယ်ဆိုတဲ့ ဘော်ငွေသိုက်ဟာ ဟိုတောင်တွေကြားထဲက တောထဲမှာရှိတယ်လို့ပြောကြတယ်"

ကျွန်တော် ပတ်ဝန်းကျင်ကို ငေးမောကြည့်နေမိသည်။ ကမာဝက်ရွာသည် မော်လမြိုင်-သံဖြူဇရပ်သွားကားလမ်းဘေးတွင် တည်ရှိသည်။ မွန်တိုင်းရင်းသား အများဆုံးနေထိုင်သော ရွာကြီး ဖြစ်သည်။ ကျိုက္ကမော့စေတီမှာ ရွာ၏အရှေ့ဘက် တနင်္သာရီရိုးမတောင်တန်းကြီး၏ အစွယ်အပွားတောင်ထွတ်တစ်ခုအပေါ်တွင်တည်ရှိသည်။ မရောက်ဘူးသောဒေသ၊ မမြင်ဘူးသောမြင်ကွင်းများဖြစ်၍ ကျွန်တော့်အတွက် အသစ်အဆန်းများသာဖြစ်နေသည်။ ဘုရားဖူးပြီး နေမပူမီ တောင်ပေါ်မှ ပြန်ဆင်းလာကြသည်။

"ညဘက်ဆိုရင် တိုးမပေါက်အောင်စည်တာ။ မင်းရောက်တုန်း ဓာတ်တော်တိုက်ကျောင်းဝင်ပြီး ဓာတ်တော်တွေဖူးသွားဦး ငါလိုက်ပို့မယ်။ ဗဟုသုတရတာပေါ့"

"ကောင်းတာပေါ့၊ သွားလေ"

ကမာဝတ်ရွာထဲ ပြန်ရောက်ပြီး ဓာတ်တော်တိုက်ကျောင်းဝင်းထဲတွင်ကာ ဓာတ်တော်များဖူးကြသည်။ ညဘက်တစ်ရွာလုံး ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ မျက်လှည့်ပွဲများဖြင့် အထူးစည်ကားနေသည်ကို တွေ့ရသည်။ ထိုနေ့ ညဘက်တွင် ကျွန်တော်နှင့် မင်းညွန့်နိုင်တို့ အဘိုးဦးကွန်ဒေ့နေအိမ်သို့ ထွက်လာကြသည်။ အဘိုးဦးကွန်ဒေ့ကို နေအိမ်တွင် အဆင်သင့်တွေ့ရသည်။ အဘိုးမှာ အသက် (၉၀) ကျော်ရှိပြီဟု သိရသည်။ သျှောင်ထုံးထုံးထားဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။ မင်းညွန့်နိုင်က မွန်ဘာသာဖြင့် နှုတ်ဆက်လိုက်၏။ အဘိုးက ကျွန်တော့်ကိုကြည့်ပြီး မြန်မာစကားဖြင့်ပြန်ပြောသည်။

"မင်းညွန့်နိုင်ရဲ့သူငယ်ချင်း စာရေးဆရာကိုး။ လာထိုင်ကြ၊ ပွဲတော်လာတာလား။ ခုဘာဝတ္ထုတွေရေးနေလဲ"

"အစုံပါပဲ အဘိုးရယ်။ ကျွန်တော် ဒီကိုမလာခင် ကျောက်တမံဆိုတဲ့ သိုက်ဝတ္ထုတစ်ပုဒ်ရေးနေတာ"

"ကျောက်တမံ ဟုတ်လား။ ဟို သံဖြူဇရပ်အလွန် ပင္ဍွာနားက ကျောက်တမံမဟုတ်လား"

"ဟုတ်ပါတယ် အဘိုး"

"အဘိုးဆီလာတာ တခြားဘာကိစ္စရှိလို့လဲကွယ့်"

ကျွန်တော်မဖြေမီ မင်းညွန့်နိုင်က ဝင်ဖြေလိုက်သည်။

"ကျွန်တော့်သူငယ်ချင်းက စာရေးဆရာပါ။ ဘော်ငွေသိုက်အကြောင်းသိချင်လို့လိုက်လာတာ။ အဘိုးနဲ့တွေ့ဖို့ ကျွန်တော်ခေါ်လာတာ"

"ဩော်-ဘော်ငွေသိုက်အကြောင်း သိချင်လို့လာခဲ့တာကိုး။ နှစ်တွေကကြာခဲ့ပြီကွယ်။ အဘိုးလူပျိုဘဝ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀) ကျော်ကအဖြစ်တွေပေါ့ကွယ်"

"ဟုတ်ကဲ့ အဘိုး၊ ကျွန်တော် သိချင်လို့ပါ။ ပြောပြနိုင်ရင် ပြောပြပါလား"

"မင်းညွန့်နိုင်သူငယ်ချင်းဆိုတော့ ပြောပြရမှာပေါ့။ ပြောရင်တော့ ဘယ်သူမှယုံမှာမဟုတ်ဘူး။ သိမီခဲ့တဲ့လူတွေထဲမှာလည်း အဘိုးတစ်ယောက်ပဲ ကျန်တော့တယ်။ ပတ်သက်ခဲ့တဲ့သူတွေ လောကကြီးမှာမရှိကြတော့ဘူး။ အဘိုးတစ်ယောက်ပဲ အသက်ရှင်ကျန်နေသေးတာကွယ့်။ အဘိုးအစ်ကိုဆုံးပြီးတဲ့နောက် အဲဒီဘက်ဘယ်သူမှမသွားကြတော့ဘူးကွယ့်။ တဖြည်းဖြည်းနဲ့ ဘော်ငွေသိုက်အကြောင်း တိမ်မြုပ်သွားခဲ့တယ်။ ခုဆို သက်ကြီးရွယ်အိုတွေလောက်ပဲ ကြားဖူးကြတော့တာ အဘိုးရဲ့အစ်ကိုဟာ ပယောဂဆရာဆိုလည်း ဟုတ်တယ်၊ သိုက်ဆရာဆိုလည်းဟုတ်တယ်။ ဗိန္ဒောဆရာဆိုလည်းမမှားဘူး ဒီတစ်ဝိုက်နာမည်ကြီးဆရာတစ်ယော[က်] ပေါ့။ ဟိုတုန်းကရွာမှာအိမ်ခြေဒီလော[က်] မရှိသေးဘူး။ ဒါနဲ့ မင်းတို့ ကျိုက္ကမော့ တောင်ပေါ်တက်ပြီးပြီလား"

"မနက်ကပဲရောက်ခဲ့တယ်အဘိုး"

"အဲဒီ ဘော်ငွေသိုက်ဟာ ကျိုက္က မော့တောင်ရဲ့ အရှေ့ဘက် တော[...] နက်ထဲမှာရှိတာ။ စပြီးတွေ့ခဲ့တဲ့သူ[...] အဘိုးရဲ့အစ်ကို သိုက်ဆရာပေါ့[...] သူလည်း အဲဒီသိုက်ကြောင့်ပဲထင်[...] ဆုံးပါးခဲ့ရတယ်။ ဘော်ငွေသိုက်[...] ရာဇဝင်က ဒီလိုကွယ့်"

အစချီကာ အဘိုးက ဆွေး[...] ကြေကွဲသည့်ပုံစံဖြင့် ဘော်ငွေ[...] ဇာတ်လမ်းကို ပြောပြပါသည်။

❑

"ကွန်ဒေရေ့၊ ကွန်ဒေ့ ကွန်[...] လား"

"အစ်ကိုထွန်းသောင်း ကျွန်[...] ရှိတယ်လာလေ"

ပြောပြောဆိုဆိုနှင့် [...] ထွန်းသောင်း ကျွန်တော့်အိမ်ပေါ်[...] လာသည်။ ကျွန်တော် ပန်းထိမ်[...] သော စားပွဲတွင်ပင်ဝင်ထိုင်လိုက်[...]

"ဘာကိစ္စရှိလို့လဲ အစ်ကို"

"ငါ့အိပ်မက်ကို အကောင်[...] ဖော်ချင်တယ်။ အိပ်မက်အ[...] ကြည့်ချင်လို့ မင်းဆီလာခဲ့[...]



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုအိပ်မက်လဲအစ်ကို"

"ငါ့အိပ်မက်က ဒီလိုကွ။ ကျိုက္ကမော့တောင် အရှေ့ဘက်တောထဲမှာ သိုက်တစ်ခုရှိတယ်လို့ ငါအိပ်မက်မက်ခဲ့တယ်"

"ဘာလဲ အစ်ကိုက ဘော်ငွေသိုက်ကို ပြောတာလား။ ပါးစပ်ကသာပြောပြောနေကြတာ။ ဘယ်သူမှတွေ့ဖူး၊ မြင်ဖူးကြတာမဟုတ်ဘူး။ အစ်ကိုက သိုက်ဆိုရာဆိုတော့ ကြားဖူးတာ စိတ်ထဲ စွဲပြီးမက်တဲ့အိပ်မက်ဖြစ်မယ်ထင်တယ်"

"မင်းပြောတာမှန်တယ်။ ကြားဖူးခဲ့တာကြာပြီ။ ခု ငါမက်တဲ့အိပ်မက်နဲ့ တိုက်ဆိုင်နေတယ်"

"အဲဒီ သိုက်တွေကြောင့် အစ်ကို ဒုက္ခရောက်ခဲ့ပြီးပြီ။ သံဖြူဇရပ်ဘက်က မိန်ဘလာတောင်မှာ သိုက်ရှိတယ်ဆိုပြီး အစ်ကိုသွားလုပ်တာ ကံကောင်းလို့ အသေတာ။ တခြားအလုပ်တွေပဲလုပ်ပါတော့။ သိုက်ဆရာမလုပ်ပါနဲ့တော့"

"ဆေးကုရုံသက်သက်နဲ့ ချမ်းသာပါ့မလား။ အိပ်မက်အတိုင်းသွားကြည့်ချင်တယ်၊ မင်းလိုက်ခဲ့ပါကွာ"

"ဘာဖြစ်လို့ ကျွန်တော့်ကို ဒီ လောက်ခေါ်နေရတာလဲ"

"အဲဒီဘက်သွားမယ် ဆိုတော့ တောထဲမှာ တစ်ညအိပ်ရမယ်။ အဖော်လိုတာပေါ့။ ငါသွားချင်နေတာကြာလှပြီ။ တခြားလူခေါ် သွားလို့မဖြစ်ဘူး။ နှုတ်မလုံစကားနားမထောင်ရင် ဒုက္ခဖြစ်သွားမယ်။ ဒါကြောင့် မင်းကိုခေါ်တာ"

"အစ်ကို ဒီလောက်စိတ်အားထက်သန်နေမှတော့လုပ်ကြည့်ပေါ့။ကျွန်တော်လိုက်ခဲ့မယ်။ တစ်ညအိပ်ပဲနော်"

"အေးပါ။ တစ်ညအိပ်ဆိုလုံလောက်ပါပြီ။ မနက်ဖြန်မနက် မိုးမလင်းခင် ရွာ ကထွက်မယ်။ လိုအပ်တဲ့ပစ္စည်းတွေ ငါ သယ်ခဲ့မယ်။ မင်းအဆင်သင့်ပြင်ထား ငါလာခေါ်မယ်"

နောက်တစ်နေ့ နံနက်စောစော ဆေလီဝေလင်းအချိန်တွင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦး တောလမ်းမှဖြတ်ကာ ကျိုက္ကမော့တောင်ပေါ် တက်ခဲ့ကြသည်။ တောင်ပေါ်ရောက်ပြီး ကျိုက္ကမော့စေတီကို ဖူးမြော်ပြီး ဆုတောင်းကြသေးသည်။ ထို့နောက် ကျိုက္ကမော့တောင်ပေါ်မှ ဆင်းပြီး တောထဲဝင်ခဲ့ကြ သည်။ တောင်ကုန်းငယ်နှစ်ခု ဖြတ်ကျော်ခဲ့ကြသည်။ တောင်စောင်းတစ်နေရာအရောက်တွင် ထမ်းပိုးလာသောပစ္စည်းများချပြီး ရပ်နား လိုက်သည်။

"ဒီနေရာကနေ အားလုံးကိုမြင်နေရတယ်။ ဒီမှာပဲညအိပ်ကြမယ်။ ထမင်း အရင်စားကြမယ်"

ပါလာသောထမင်းထုပ်ကိုဖြေပြီး စားကြသည်။ ထမင်းစားပြီး တဲတစ်လုံး ဆောက်သည်။ အသင့်ပါလာသော တာလပတ်ဖြင့် အမိုးအကာပြုလုပ်လိုက်သည်။ အစ်ကိုက တဲပတ်ပတ်လည်ကို ရေမန်းဖြင့်ပက်ဖျန်းလိုက်သည်။ဖယောင်းတိုင်များထွန်းပြီး နှုတ်မှလည်း တတွတ်တွတ်ရွတ်ဆိုလိုက်သေးသည်။

"မင်း ဒီတဲထဲမှာပဲစောင့်နေ။ ငါ တစ်ယောက်တည်းသွားမယ်။ မမှောင်ခင်အရောက်ပြန်လာခဲ့မယ်"

"အစ်ကို လမ်းမှတ်မိတယ်နော်။ ကျွန်တော်တစ်ယောက်တည်း"

"ပူမနေပါနဲ့။ လွန်ခဲ့တဲ့နှစ်တုန်းက ငါတစ်ခေါက်ရောက်ခဲ့ပြီးပြီ"

စကားဆုံးသည်နှင့် အစ်ကိုထွန်းသောင်း တောထဲသို့တိုးဝင်သွားပါတော့သည်။ အစ်ကို့စကား မလွန်ဆန်နိုင်၍သာ လိုက်လာခဲ့သော်လည်း ကျွန်တော် ကြောက်နေမိသည်။ ရင်ထိတ်နေမိသည်။ တောရိပ်တောင်ရိပ်ကြောင့် မှုန်းတိမ်းသည်နှင့် မှောင်စပြုလာသည်။ ကြားခဲ့ဖူးသောဘော်ငွေသိုက်အကြောင်းတွေးမိရင်း ပို၍ကြောက်လာသည်။ မှောင်တော့မှ အစ်ကိုထွန်းသောင်း ပြန်ရောက်လာသည်။

"အိပ်မက်ထဲကနေရာတွေလိုက်ကြည့်တာ ဘာမှမထူးဘူး။ နောက်ပြီး လူကြီးတွေပြောပြောနေတဲ့ဒေသတစ်ပိုက် လိုက်ကြည့်တာလည်း ထူးထူးခြားခြား မတွေ့ရပါဘူးကွာ"

"အိပ်မက်ဟာအိပ်မက်ပါပဲအစ်ကိုရာ။ ကျွန်တော်ညနေစာချက်ထားပြီးပြီ"

"ဟုတ်လား၊ ဒါဆို ညနေစာစားပြီး အိပ်ကြတာပေါ့။ မနက်စောစောမှ တစ်ခေါက်ထပ်သွားပြီးကြည့်လိုက်ဦးမယ်"

ညနေစာကို ဖြစ်သလိုစားလိုက်ကြသည်။ မအိပ်မီ အစ်ကိုက တဲပတ်ပတ်လည်ကို စည်းချပြန်သည်။ နှစ်ယောက်သား ပူးပူးကပ်ကပ်အိပ်နေကြသော်လည်း ကျွန်တော်ကြောက်နေဆဲပင် ဖြစ်နေသည်။ နွေရာသီဖြစ်သော်လည်း စောင်ကိုတင်းနေအောင်ခြုံထားလိုက်မိသည်။ အတွေးများဖြင့် အိပ်၍မပျော်ခဲ့ပါ။ ညဥ့်နက်မှ မှေးခနဲအိပ်ပျော်သွားခဲ့သည်။

"ကွန်ဒေ့ ကွန်ဒေ့ ထတော့။ မိုးလင်းတော့မယ်။ ငါဟိုဘက်တစ်ခေါက် ထပ်သွားလိုက်ဦးမယ်။ ပြင်ဖို့ပစ္စည်းတွေ သိမ်းထားလိုက်တော့"

ပြောပြောဆိုဆို အစ်ကို တောထဲ တိုးဝင်သွားသည်။ အလင်းရောင်ရစပြုနေပြီဖြစ်၍ ကျွန်တော် ကြောက်စိတ်ပြေခဲ့သည်။ ပစ္စည်းများသိမ်းဆည်းထုပ်ပိုးနေခဲ့သည်။ ပစ္စည်းများသိမ်းဆည်းပြီးချိန်တွင် အစ်ကိုထွန်းသောင်းပြန်ရောက်လာသည်။

"ဘာမှမတွေ့ပါဘူးကွာ၊ ပြန်ကြမယ်။ နေမပူခင် ကျိုက္ကမော့တောင်ပေါ် ရောက်မှဖြစ်မယ်"

ပစ္စည်းများသိမ်းဆည်းပြီးပြန်တော့မည်ဖြစ်၍ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်မိသည်။ ကျွန်တော်တို့ စခန်းချသည့်တောင်စောင်းအောက်ဘက်တွင် နေရောင်ကြောင့် တလက်လက်နှင့် တောက်ပနေသည့် အလင်းတန်းတစ်ခု တွေ့လိုက်ရသည်။

"အစ်ကို - ဟိုမှာကြည့်ပါဦး တလက်လက်နဲ့ ဟိုမှာလေ"

"ဟင် - ဟုတ်ပါရဲ့၊ ဝင်းလက်နေပါလား။ ဘာလဲမသိဘူး၊ လာ-သွားကြည့်ရအောင်"

ကျွန်တော်တို့နှစ်ယောက် ပစ္စည်းများပါ သယ်ယူပြီးအောက်ဘက်သို့ဆင်းခဲ့ကြသည်။ ရေခန်းခြောက်နေသော စမ်းချောင်းတစ်ခုအနီးရောက်လာသည်။

"ကွန်ဒေ့၊ ဟိုမှာတလက်လက်နဲ့ နည်းတဲ့အစင်းကြောင်းကြီးမဟုတ်ဘူး"

နွေရာသီ ရေခန်းနေသောစမ်းချောင်းနေရာဖြစ်သည်။ မိုးတွင်းက ရေတိုက်စားမှုကြောင့် တိမ်မြုပ်နေရာမှ ပေါ်လာသော ဘော်ရောင်အတန်းကြီးမှာ စမ်းချောင်းတစ်ခုပြည့်လုနီးပါးဖြစ်နေသည်။ ကျွန်တော်အံ့ဩတုန်လှုပ်မှုဖြင့် လက်နှင့်ပွတ်သပ်ကိုင်တွယ်ကြည့်လိုက်သည်။

"ဘာကြီးလဲ ကွန်ဒေ့၊ ဘာကြီးလဲ"

"ဘော်ချောင်းကြီးဖြစ်မယ်ထင်တယ်။ ငွေစင်စစ်စစ်လားမသိဘူး"

"ဟုတ်ရဲ့လား ကွန်ဒေ့၊ မင်းက ပန်းတိမ်လုပ်နေတော့ သိနိုင်တာပေါ့။ ဘယ်လိုလုပ်ကြမလဲ"

"သေချာအောင် နမူနာဖဲ့ယူသွားမယ်။ ရွာပြန်ရောက်မှ စစ်ကြည့်ရမယ်"

"မင်းအသာနေ၊ ငါဖဲ့ပေးမယ်"

ပါလာသောပုဆိန်ဖြင့် အစ်ကိုက အစင်းချောင်းကြီးကိုပေါက်ခဲ့လိုက်သည်။ လေး၊ ငါးချက်ဆင့်ဆင့်ပေါက်ခဲ့လိုက်မှ



www.burmeseclassic.com

www.burmeseclassic.com

လက်လေးသစ်ခန့်အပိုင်းအစပဲ့ထွက်လာသည်။ ပဲ့ထွက်လာသော အပိုင်းအစကို ကောက်ယူလိုက်သည်။

"လာ - ကွန်ဒေ့ ပြန်ကြစို့။ မမှောင်ခင် ကျိုက္ကမော့တောင်ပေါ်ရောက်အောင်သွားရမယ်။ ဒီနေရာကို အသေအချာမှတ်ထား၊ နှုတ်လုံနော်"

"စိတ်ချ အစ်ကို။ ကျွန်တော်ထင်ထားတဲ့အတိုင်း မှန်ရင်တော့ ကျွန်တော်တို့ချမ်းသာပြီ"

"ကွန်ဒေ့ အဲဒါ ဘော်ငွေသိုက်ကြီးများလား"

"ဘော်အစစ်သာဖြစ်လို့ကတော့"

ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦး ဝမ်းသာမှုများဖြင့် ပြန်လာကြသည်။ ကျိုက္ကမော့တောင်ပေါ် အရောက်တွင် ခေတ္တနားလိုက်ကြသည်။ ပြီးနောက် ခြေလှမ်းသွက်သွက်ဖြင့်ဆင်းလာကြသည်။ လောဘဇောကပ်နေ၍ မောရမှန်းပင် မသိတော့ပါ။ ထင်းခုတ်လာသောလှည်းကြုံတွေ့သော်လည်း ကွေ့ရှောင်ပြီး ပြန်လာကြသည်။ မိုးချုပ် မှောင်မှ ရွာထဲပြန်ရောက်ခဲ့ကြသည်။ အိမ်ပြန်ရောက်ရောက်ချင်းပင် ပါလာသော ဘော်စကို လုံထဲထည့်ပြီး အရည်ကျိုလိုက်သည်။ အရည်ပျော်သွားချိန်တွင် ကျွန်တော့်အတွေ့အကြုံအရ ငွေစင်စစ်စစ်ဖြစ်ကြောင်း သိလိုက်ရပါတော့သည်။

"ငွေအစစ်ပဲ အစ်ကိုရေ့၊ ဝမ်းသာလိုက်တာ။ ကျွန်တော်တို့ သူဌေးဖြစ်ပြီး ဒါနဲ့ ဘယ်လိုဆက်လုပ်ကြမလဲ"

"ခုလိုပဲ သွားတူးလာပြီး အရည်ကျိုရင် တဖြည်းဖြည်းနဲ့ လူတွေသိသွားမယ်။ ရိပ်မိသွားနိုင်တယ်။ တို့က ပင်ပင်ပန်းပန်းသွားရှာထားရတာ။ တောထဲမှာ စခန်းချပြီး ဟိုမှာပဲ အရည်ကျို၊ ပုံလောင်းပြီး သယ်ယူကြရင်ကောင်းမယ်"

"ကျွန်တော်တို့နှစ်ယောက်တည်းနဲ့ နိုင်ပါ့မလား"

"တခြားသူတွေသိသွားလို့ မဖြစ်ဘူး။ တို့အမျိုးထဲကပဲ ရွေးခေါ်သွားရမယ်။ မီးသွေး၊ မီးဖို၊ လုံတွေ၊ ပုံလောင်းမယ့် ပုံစံခွက်တွေ အလုံအလောက်သယ်ခဲ့။ တောထဲမှာပဲ ပုံလောင်းပြီး မြို့တက်ရောင်းမယ်"

"ပစ္စည်းတွေရဖို့ ကျွန်တော့်တာဝန်ထားပါ။ ဘယ်တော့အလုပ်စကြမလဲ"

"ဒီရက်အတွင်း ပစ္စည်းတွေစု။ မီးသွေးနဲ့ လုံက အဓိကနော်။ ငါလူရှာမယ်"

နောက် (၂) ရက်အကြာ အရုဏ်တက်ချိန်တွင် လှည်းတစ်စီးဖြင့် ပစ္စည်းများတင်ပြီး ကျိုက္ကမော့တောင်ခြေသို့ ထွက်လာကြသည်။ ကျွန်တော်နှင့် အစ်ကိုထွန်းသောင်းအပြင် ဆွေမျိုးရင်းချာ (၃) ဦးလည်း ပါလာသည်။ စုစုပေါင်း လူ (၅) ဦး ဖြစ်သည်။ ပစ္စည်းများက လှည်းတစ်စီးတိုက်စာဖြစ်နေ၍ လူများက လမ်းလျှောက်သွားကြရသည်။ တောင်ခြေလှည်းလမ်းဆုံးတွင် ပစ္စည်းများချသည်။ အစ်ကိုထွန်းသောင်းက လှည်းမောင်းပို့သူကို အသေအချာမှာသည်။

"အတင်၊ တို့ဘယ်ကိုသွားတယ်ဆိုတာ ဘယ်သူ့မှမပြောနဲ့ နှုတ်လုံပါစေနော်။ ကဲကဲ - ပြန်တော့"

"စိတ်ချပါ အစ်ကို ထွန်းသောင်း"

လှည်းထွက်သွားသည်နှင့် လူ(၅)ဦး အထုပ်အပိုးကိုယ်စီထမ်းပြီး တောင်ပေါ်တက်ခဲ့ကြသည်။ သွားနေကျလူသွားလမ်းမှမသွားဘဲ လူရှင်းရာဘက်မှ ခရီးဆက်ခဲ့ကြသည်။ လေးလံသောပစ္စည်းများ တနင့်တပိုးထမ်းထားကြရသဖြင့် ခရီးမတွင်လှပါ။ မကြာခဏနားကြရသည်။ ရပ်လိုက်၊ နားလိုက်ဖြင့် ခရီးဆက်ခဲ့ကြရာ ကျွန်တော်နှင့် အစ်ကိုထွန်းသောင်း ညအိပ်ခဲ့သည့်နေရာသို့ ရောက်လာသည်။ ပစ္စည်းများချပြီး ခေတ္တအမောဖြေကြသည်။ ပြီးသည်နှင့် တဲတစ်လုံးအမြန်ဆောက်ကြသည်။ တဲဆောက်ပြီးသည်နှင့် ချက်ပြုတ်ရန်စီစဉ်ရသည်။

"ကွန်ဒေ့၊ တို့ဖွဲ့ယူသွားတဲ့ဘော်တုံး ပြန်ပါလာသေးလား"

"ပါလာပါတယ် ဒီမှာလေ။ ပုံလောင်းထားပြီးပြီ"

အစ်ကိုထွန်းသောင်းက ပုံလောင်းပြီးသား ဘော်ချောင်းကို ကြည့်လိုက်သည်။

"မင်းဘယ်လိုဆက်လုပ်မှာလဲ"

"အများဆုံး တစ်ဆယ်သားအချောင်းလေးတွေရအောင် ပုံလောင်းယူမယ်"

"အင်း - ငါသိုက်ဆရာလုပ်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး။ ဒီတစ်ခါတော့ ချမ်းသာပြီကွ။ ခုတော့ မှောင်နေပြီ။ သွားလို့မဖြစ်တော့ဘူး။ မနက်ကျမှ မင်းနဲ့ ငါ နှစ်ယောက်သွားတူးမယ်။ ကျန်တဲ့သုံးယောက်က အရည်ကျိုဖို့ မီးဖိုတွေပြင်ထားပေါ့။ ဒါနဲ့ ကွန်ဒေ့"

"ဘာလဲ - အစ်ကိုပြောလေ"

"တို့တွေ့ခဲ့တဲ့ ဘော်ချောင်းကြီးဟာ တို့ကြားဖူးခဲ့တဲ့ ဘော်ငွေသိုက်ဖြစ်နေမလား"

"မိုးတွင်းမှာ တောင်ကျရေတွေ တိုက်စားလို့ သဘာဝအလျောက်ပေါ်လာတာများလား။ သိုက်ကပစ္စည်းဆိုရင် ခုလောက်ဆို အစောင့်အရှောက်တွေနဲ့ တွေ့နေလောက်ပြီ။ အခုထက်ထိတော့ ဘာအနှောင့်အယှက်မှမတွေ့ရသေးဘူး"

"ငါ့စိတ်ထဲ တစ်မျိုးကြီးဖြစ်နေ တယ်။ ကဲ - ထားပါတော့လေ။ အိပ်ကြ စို့ အားမွေးထား။ မနက်မှအလုပ်စမယ်"

နောက်တစ်နေ့ နံနက်စောစော တွင် ကျွန်တော်နှင့် အစ်ကိုထွန်းသောင်း တို့ ဘော်ချောင်းကြီးရှိရာသို့ထွက်လာ ကြသည်။ ပုဆိန်တစ်ယောက်တစ်လက် ဖြင့် ဘော်ချောင်းကြီးကိုခုတ်ဖဲ့နေကြ လောဘဇောကပ်နေသဖြင့် ပတ်ဝန်းကျင် ကိုသတိမထားနိုင်ခဲ့ကြပါ။ ခေတ္တအမော ဖြေ၍ ချွေးသုတ်လိုက်သည်။ ထိုစဉ် ကျွန်တော်တို့နောက်ဘက်မှ တော သံလိုလို၊ ခြေသံလိုလိုကြားလိုက်ရသည် ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက် သည်။

တွေ့လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော်ကြက်သီးမွေးညင်းထသွား သည်။ တုန်တုန်လှုပ်လှုပ်ဖြင့် -

"အစ်ကို ထွန်းသောင်း၊ ဟိုမှာ ကြည့်ပါဦး"

"ဘာလဲကွ ကွန်ဒေ့"

"ဟိုမှာလေ"

"ဟာ - နည်းတဲ့အကောင်ကြီး မဟုတ်ပါလား"

ကြီးမားလှသော အနက်ရောင် မြွေကြီးနှစ်ကောင်က လုံတစ်ရပ် ပါးပျဉ်းထောင်ထားပြီး ကျွန်တော်တို့ ကြည့်နေသည်ကို တွေ့လိုက်ရသည် ကျွန်တော်တို့ အံ့အားသင့်နေစဉ်မှာ မြွေကြီးနှစ်ကောင်က ပါးပျဉ်း ကျွန်တော်တို့ရှိရာထိုးလိုက်လာပါ သည်။

"ပြေးမှဖြစ်မယ် အစ်ကိုထွန်း သောင်း"

"အေး - ပြေးကြစို့"

မည်သည့်ပစ္စည်းကိုမျှမယူနိုင် ကိုယ်လွတ်ရုန်းပြီးထွက်ပြေးခဲ့ကြသည် စခန်းချရာနေရာသို့ရောက်သည်အ နောက်လှည့်မကြည့်ဘဲပြေးခဲ့ကြသ ကျွန်တော်တို့နှစ်ယောက်ပြေး ကိုတွေ့သွားသောကျန်သူ က -

"ဘာဖြစ်လို့လဲ၊ ဘာလို့ပြေး ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"နောက်မှာ မြွေကြီးနှစ်ကောင်၊ မြွေကြီးတွေလိုက်လာတယ်"

ကျွန်တော့်စကားကြောင့် ကျန်သူများ တုတ်၊ ဓားဆွဲပြီး တဲအပြင်ဘက် ထွက်လာကြသည်။ နောက်ဘက်သို့ကြည့်လိုက်ကြသည်။

"ဘယ်မှာလဲ မြွေကြီးနှစ်ကောင်၊ မတွေ့ပါလား"

"ဘာမြွေမှလဲမတွေ့ဘူး"

အကြောက်ပြေတော့မှ ကျွန်တော် နောက်သို့လှည့်လိုက်သည်။ သူတို့ပြောသည့်အတိုင်း မည်သည့်မြွေမျှ မတွေ့ရတော့ပေ။

"ထူးဆန်းလိုက်တာ၊ နောက်က လိုက်လာတာ အသေအချာတွေ့ခဲ့ရတာ"

"ဒီမှာ ကွန်ဒေ့၊ ဘာအနှောင့်အယှက်မှမတွေ့ရသေးဘူးလို့ မင်းပြောခဲ့သေးတယ်။ ခုတော့ အန္တရာယ်စတွေ့နေရပြီ။ မြွေကြီးနှစ်ကောင် မိတ်လိုက်နေတာဖြစ်မယ်ထင်တယ်"

"ကျွန်တော်ကြောက်သွားပြီ။ ဒီအလုပ်ဆက်မလုပ်တော့ရင်ကောင်းမယ်ထင်တယ်"

"မြွေနှစ်ကောင်ကို တွေ့ရတာက တိုက်ဆိုင်မှုပါကွာ။ မင်းတို့ကြောက်နေရင် ဒီနေ့ရပ်ထားမယ်။ မနက်ဖြန်မှဆက်လုပ်ကြတာပေါ့။ ဒီလောက်အဲဝေးကြီး လာခဲ့ရပြီး ပစ္စည်းတွေလည်းသယ်လာခဲ့ပြီးပြီ။ လွယ်လွယ်နဲ့ လက်မလျှော့ကြပါနဲ့။ မင်းတို့ပဲသူဌေးဖြစ်ချင်တယ်ဆို"

တိုက်ဆိုင်မှုဟုပြောခဲ့သော်လည်း ထိုညအိပ်ချိန်တွင် အစ်ကိုကတဲပတ်ပတ်လည်တွင်စည်းချလိုက်ပြန်သည်။ ပါးစပ်မှလည်း ဂါထာလိုလို၊ မန္တန်လိုလိုရွတ်ဖတ်နေသည်။

"ကဲ-စိတ်ချလက်ချအိပ်ကြတော့။ ငါစည်းချထားတယ်။ ဘာမှမကြောက်နဲ့တော့။ ဘယ်လိုအခြေအနေနဲ့ပဲကြုံကြုံ တဲအပြင်တော့မထွက်မိစေနဲ့"

အိပ်ရာထက်လှဲနေရသော်လည်း ကျွန်တော်အိပ်၍မပျော်ခဲ့ပါ။ဘော်ချောင်းကြီးအနီးတွင် တွေ့ခဲ့သောမြွေကြီးနှစ်ကောင်ကိုမြင်ယောင်နေသည်။ ဘော်ငွေသိုက်အစောင့်မြွေကြီးများပင်လော။ ကျွန်တော်တို့တွေ့ခဲ့သော ဘော်ချောင်းကြီးသည်လည်း ရှေးလူကြီးများပြောခဲ့သော ဘော်ငွေသိုက်ပင်လော စသည်ဖြင့် ကျွန်တော်တွေးနေမိသည်။ ကျန်သူများက လောဘဇောကပ်ပြီး ဆက်လုပ်ချင်နေကြသည်။ ကျွန်တော် ထိုသို့တွေးနေစဉ် ကျွန်တော့်နားထဲ တရှီးရှီးအသံများကြားလိုက်ရသည်။ ကျွန်တော်အာရုံစိုက်၍ နားထောင်လိုက်သည်။ ရှီးရှီးအသံများ ထင်ထင်ရှားရှားကြားနေရပြန်သည်။ တာလပတ်အကာကိုမ,ပြီး တဲအပြင်သို့လှမ်းကြည့်လိုက်သည်။ မလှမ်းမကမ်း အမှောင်ထဲတွင် အနီရောင်တောက်နေသောအလုံးနှစ်လုံးကို လှမ်းတွေ့လိုက်ရသည်။ ထိုအလုံးလေးနှစ်လုံးမှာ ညီညာစွာ ဘယ်ညာယိမ်းထိုးလှုပ်ရှားနေသည်။ မြည်သံများပိုမိုကျယ်လောင်လာသည်။ အခြားဘက်သို့ လှည့်ကြည့်လိုက်သည်။ အနီရောင်နှစ်လုံးတွဲများစွာ တွေ့လိုက်ရပြန်သည်။ ကြောက်စိတ်ဖြင့် အိပ်နေသူများကို ကျွန်တော်နှိုးလိုက်သည်။

"အစ်ကိုထွန်းသောင်းတို့၊ ထကြပါဦး။ တဲပတ်ပတ်လည်မှာ ရှီးရှီးမြည်သံတွေနဲ့ မြွေတွေလား မသိဘူး"

အစ်ကိုထွန်းသောင်းနိုးလာပြီး တဲအပြင်သို့လှမ်းကြည့်လိုက်သည်။ အစ်ကို့ပါးစပ်မှ ဟာခနဲ အသံထွက်သွားသည်။

"ဟာ - မြွေမျက်လုံးတွေပဲ။ တဲပတ်ပတ်လည်မှာ မြွေတွေရောက်နေတယ်။ ရှီးရှီးမြည်သံတွေက မြွေတွန်သံတွေပဲ"

"လုပ်ပါဦး အစ်ကို။ ဘယ်လိုလုပ်ကြမလဲ"

"တွန်သံတွေက တိုတိုပြတ်ပြတ်ဆိုတော့ မြွေဆိုးတွန်သံတွေပဲ။ အဆိပ်ပြင်းတဲ့မြွေတွန်သံပဲ။ ငါစည်းချထားတယ်။ တဲအပြင်ကိုမထွက်ကြနဲ့"

အစ်ကိုထွန်းသောင်းမှအပ ကျန်လူများအားလုံး ကြောက်နေကြသည်။ မြွေတွန်သံများ ကြားနေရသော်လည်း တဲအတွင်းသို့ တစ်ကောင်မျှဝင်မလာပါ။ ကျွန်တော်တို့ ဘုရားတနေမိသည်။

"ကဲ- တွေ့တယ်မဟုတ်လား။ မြွေတွေ တို့ဆီမလာနိုင်ပါဘူး။ နှောင့်ယှက်ရုံသက်သက်ပဲ"

မြွေတွန်သံများကျယ်ရာမှတဖြည်းဖြည်းအသံတိုးသွားသည်။ အသံလည်းတိတ်လာသည်။ တဲအပြင်ဘက်အမှောင်ထဲ လှမ်းကြည့်လိုက်သည်။ အနီရောင်မျက်လုံးများ မတွေ့ရတော့ပေ။ ခုမှပင် ကြောက်စိတ်ပြေကာ သက်ပြင်းချနိုင်တော့သည်။

"မြွေတွေ မရှိတော့ပါဘူးကွာ။ စိတ်ချလက်ချ ပြန်အိပ်ကြတော့"

အစ်ကို့စကားကြောင့် စိတ်သက်သာရာရခဲ့သည်။ အားလုံးပြန်အိပ်ကြသည်။ ကျွန်တော်အိပ်၍မရတော့ပါ။ အစ်ကိုတို့အိပ်ပျော်သွားကြပြီဖြစ်သည်။ ချောက်ချားဖွယ်ရာ တောကတိတ်ဆိတ်မည်းမှောင်နေသည်။ ကျွန်တော် မှေးခနဲဖြစ်သွားသည်။ မည်မျှကြာသွားသည်တို့ မသိတော့။ နံဘေးမှအစ်ကိုထွန်းသောင်းအော်သံကြောင့် အိပ်ရာမှလန့်နိုးခဲ့ရသည်။

"လုပ်ကြပါဦး၊ မြွေတွေ မြွေတွေ ငါ့ကိုပတ်ထားတယ်လုပ်ကြပါဦး"

အားလုံးအိပ်ရာမှလန့်နိုးကုန်တော့သည်။ ဖယောင်းတိုင်မီးထွန်းပြီး အစ်ကိုထွန်းသောင်းကို ကြည့်လိုက်ကြသည်။ အစ်ကိုမှာ အိပ်နေလျက်က အော်ဟစ်ရုန်းကန်နေသည်ကိုတွေ့လိုက်ကြရသည်။

"အစ်ကို အစ်ကို ထပါဦး။ ဘယ်မှာလဲ မြွေတွေ။ မြွေပတ်ထားတာလဲ မတွေ့ရဘူး။ ဘာမြွေမှလည်းမတွေ့ပါဘူး"

ကျွန်တော်တို့နှိုးလိုက်မှ အစ်ကိုနိုးလာသည်။ သူ့တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေသည်ကိုလည်းတွေ့ရသည်။

"မြွေတွေ၊ မြွေတွေ ငါ့ကိုပတ်ထားတာ"

"ဘာမြွေလဲ၊ ဘယ်မှာရှိလို့လဲ။ အစ်ကိုအိပ်မက်မက်နေတာလား"

ကျွန်တော်တို့ စကားကြောင့် အစ်ကိုထွန်းသောင်း သူ့ကိုယ်သူပြန်ကြည့်လိုက်သည်။ ချောက်ချားနေပုံလည်းရသည်။

"ဟင် - ငါအိပ်မက်မက်နေတာပဲ"

"ဘယ်လိုအိပ်မက်မက်တာလဲပြောပြပါဦး"

"အိပ်မက်က ထူးဆန်းတယ်။ လူထွားကြီးနှစ်ယောက်က တို့လုပ်နေတာတွေ ဆက်မလုပ်ဖို့ ငါ့ကိုပြောတယ်။ ငါက ဆက်လုပ်မယ်၊ မရပ်နိုင်ဘူးလို့ ပြောလိုက်တယ်။ အဲဒီတော့ လူထွားကြီးက သူ့လက်ထဲကိုင်ထားတဲ့ တင်းပုတ်လိုလို၊ တုလိုလိုဟာနဲ့ ဝှေ့ယမ်းပြလိုက်တာ မြွေတွေရောက်လာတယ်။ ငါ့ကို ပါးပျဉ်းတွေနဲ့မိုးထားကြတယ်။ ပြီးတော့ ငါ့ကိုပတ်တော့တာပဲ။ ငါလည်းရုန်းကန်ရင်း အော်လိုက်မိတယ်ထင်ပါရဲ့"

"အစ်ကို့အိပ်မက်က အဆန်းပါလား။ အစ်ကိုဘယ်လိုဆုံးဖြတ်မှာလဲ။ ခုလုပ်နေတာတွေရပ်လိုက်တော့မှာလား"

"အိပ်မက်ဟာ အိပ်မက်ပါပဲကွာ။ တကယ်မှမဟုတ်တာ။ ရတဲ့အခွင့်အရေး လက်လွှတ်ခံလို့မဖြစ်ဘူး။ သူဌေးဖြစ်တော့မှာပဲ၊ မနက်ဖြန်ဆက်လုပ်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုထွန်းသောင်းပြောတာမှန်တယ်။ အိပ်မက်ကို ဂရုစိုက်နေစရာမလိုဘူး။ ဒီလိုအခွင့်အရေးမျိုးရဖို့မဟုတ်ဘူး"

ပါလာသူ (၃) ဦးက အစ်ကိုထွန်းသောင်းကို ထောက်ခံလိုက်သည်။ သူတို့မျက်နှာတွင် လောဘအငွေ့အသက်များတွေ့နေရသည်။ ကျွန်တော်တို့စကားပြောနေစဉ်မှာပင် အရုဏ်တက်စပြုလာသည်။

"မိုးလင်းတာနဲ့ တို့အားလုံးသွားကြမယ်။ ဒါမှ ဘော်တွေများများသယ်နိုင်မယ်"

"သိပ်ကောင်းတယ်၊ ကျွန်တော်တို့လည်း ဘော်ချောင်းကြီးတွေ့ချင်တယ်"

မိုးလင်း၍ အလင်းရောင်ရသည်နှင့် အစ်ကိုထွန်းသောင်း ဦးဆောင်ပြီး ဘော်ချောင်းရှိရာသို့ဆင်းခဲ့ကြသည်။

"ညက အဖြစ်အပျက်တွေ၊ ငါ့အိပ်မက်အကြောင်းတွေ မေ့ထားလိုက်ကြ။ တစ်ကြိမ်တည်းနဲ့ များများရအောင် ဖဲ့ယူရမယ်"

ကျွန်တော်တို့အားလုံး ဘောင်ချောင်းကြီးကို ဖဲ့ယူရန် ခုတ်ထစ်နေကြသည်။ အားလုံး လောဘဇောဖြင့်အလုပ်လုပ်နေကြသည်။ ထိုအခိုက် မြွေတွန်သံများ ရုတ်တရက် ကြားလိုက်ရသည်။ ကျွန်တော် တစ်ယောက်တည်း ကြားရသည့်အသံမဟုတ်ပေ။ အားလုံးကြားကြရသည်။ မြွေတွန်သံများ နေရာအနှံ့ကြားနေရသည်။ အသံကြားရာဘက်သို့ ကြည့်လိုက်ကြသည်။

"ဟာ-အစ်ကိုထွန်းသောင်း၊ ဟိုမှာ မြွေတွေ"

"ဟာ - ဟုတ်တယ်၊ ဟိုဘက်မှာလည်း မြွေတွေ"

"လုပ်ပါဦး အစ်ကို"

မြွေကြီးများ ပါးပျဉ်ထောင်ပြီး ကျွန်တော်တို့ကိုကြည့်နေသည်။ကျွန်တော်တို့ပတ်ပတ်လည်တွင် မြွေများဝိုင်းရံနေသည်။ ကြည့်နေစဉ်မှာပင် မြွေများက ကျွန်တော်တို့ရှိရာသို့လိုက်လာကြသည်။

"မြွေတွေလာပြီ ပြေး၊ ပြေး ပြေးကြတော့"

ကျွန်တော်တို့ (၅) ဦး အသက်လုပြီး ပြေးထွက်ခဲ့ကြသည်။

"ဘာပစ္စည်းမှယူမနေနဲ့တော့ထားခဲ့။ လွတ်အောင်သာပြေး"

ကျွန်တော်တို့အားလုံး ကိုယ်လွတ်ရုန်းပြီးပြေးခဲ့ကြသည်။ မြွေများက ကျွန်တော်တို့နောက်သို့ လိုက်လာနေဆဲဖြစ်၏ ကျိုက္ကမော့တောင်ပေါ် ရောက်လာသည်။ အသက်ဝအောင်ရှူပြီးပြေးလာရာ လမ်းသို့ပြန်ကြည့်လိုက်သည်။ ကျွန်တော်တို့ပြေးထွက်လာရာလမ်းတွင် မြွေများပါးပျဉ်းထောင်ပြီး ကျွန်တော်တို့ကိုကြည့်နေသည်ကို တွေ့ရပြန်သည်။

"နောက်လှည့်ကြည့်မနေနဲ့တော့၊ လွတ်အောင်သာပြေးကြတော့"

လောဘအရှိဆုံး အစ်ကိုထွန်းသောင်းက ရှေ့ဆုံးမှပြေးနေသည်။ ကျိုက္ကမော့တောင်ခြေသို့အရောက်တွင် ရွာဘက်သို့သွားသော လမ်းပေါ် ရောက်လာသည်။

❑

အဘိုးကွန်ဒေ့ စကားပြောများသွား၍ မောသွားဟန်တူသည်။ ခေတ္တရပ်နားပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး သောက်လိုက်သည်။

"အဘိုးပြောတဲ့ဇာတ်လမ်း မဆုံးသေးဘူးလေ။ ထွက်ပြေးလာကြတာပဲရှိသေးတယ်။ ဘာတွေဆက်ဖြစ်သေးလဲ"

အဘိုးစကားပြောခေတ္တရပ်နေစဉ် သိချင်စိတ်ကြောင့် အဘိုးကိုမေးလိုက်သည်။

"မြွေကြီးတွေ့လိုက်လို့ ဘော်ချောင်းကြီးတွေ့ရက်နဲ့ ဘာမှမရဘဲ ပြန်ပြေးလာခဲ့ကြတယ်။ နဂိုကတည်းက လူမသိသူမသိသွားခဲ့ကြတော့ ပြန်ရောက်ကြတော့လည်း ဘယ်သူမှမပြောခဲ့ကြဘူး။ ပြောရင်လည်း ဘယ်သူမှယုံမှာမဟုတ်လို့ မပြောခဲ့ပါဘူး။ အဘိုးရဲ့အစ်ကိုထွန်းသောင်းလည်း ပြန်ရောက်ပြီးကတည်းက ညအိပ်တိုင်း မြွေတွေသူ့ကိုပတ်ထားတယ်လို့ အိပ်မက်မက်ပြီး လန့်အော်နေတာ။ အိပ်လိုက်တိုင်း အဲဒီအိပ်မက်ကိုပြန်မက်တော့တာပဲ။ အိပ်မက်ကလည်း တစ်ထပ်တည်းပဲ။ ကြာတော့ သူကြောက်လာတယ်။ အိပ်ရမှာကိုကြောက်လာတယ်။ ညဘက် မအိပ်ရဲတော့ဘူး။ အအိပ်ပျက်တော့ အစားပါပျက်လာတယ်။ လူလည်း ပိန်ချုံးလာတယ်။ စိတ်မမှန်တော့သလိုဖြစ်လာတယ်။ မိုးချုပ်တာနဲ့ 'မြွေတွေ မြွေတွေ' ဆိုပြီး အော်နေတော့တာပဲ။ အစာမဝင်တော့ အားအင်မရှိဖြစ်လာပြီး အိပ်ရာထဲလဲတော့တာပေါ့။ အစ်ကိုထွန်းသောင်းသတင်းက တစ်ရွာလုံးပြန့်သွားတော့တယ်။ အဘိုးနဲ့အတူသွားခဲ့တဲ့ ဟို (၃) ယောက်က ပါးစပ်မလုံဘူးလေ။ နောက်ဆုံး အစ်ကိုထွန်းသောင်း ဘော်ငွေသိုက်သွားတူးလို့ ဒုက္ခရောက်ကြောင်း တစ်ရွာလုံးသိသွားတာပေါ့"

"အဲဒီဘော်ချောင်းကြီးရှိတဲ့နေရာ ထပ်မသွားကြတော့ဘူးလား"

"နေဦး မလောနဲ့၊ ပြောပြမယ်။ အစ်ကိုထွန်းသောင်းကို (၃) လလောက်ပဲ ကုလိုက်ရတယ်။ အစာမဝင်အား... တော့ ရောဂါမျိုးစုံဖြစ်ပြီး ဆုံးပါးသွား... တယ်။ အစ်ကိုထွန်းသောင်းသေပြီး... ဘော်ငွေသိုက်သတင်းက ပိုကြီးလာ... တယ်။ သွားတူးရင် အသက်သေမယ်... တဲ့သတင်းက ပျံ့နှံ့နေတော့တယ်။ အ... က ကိုယ်တိုင်သွားခဲ့၊ ကြုံခဲ့ရသူဆိုတော့ ဘော်ချောင်းကြီးရှိတဲ့နေရာကို သိတ... လေ။ အစ်ကိုသေရတာလည်း အဲ... ဘော်ချောင်းကြီးကြောင့်ဆိုပြီး မ... နပ်ခဲ့ဘူး။ ဘော်တုံးလက်လေး... လောက်ကို အဘိုးကိုယ်တိုင် အရည်... ခဲ့တာ ငွေစင်စစ်စစ်ဖြစ်တာ အဘိုးအ... ဆုံးပေါ့။ နောက်ဆုံးဖြစ်ချင်ရာဖြစ်... ရွာကလူတွေစုပြီး ဘော်ချောင်းကြီးရှိ... ထပ်သွားကြသေးတယ်"

"အဲဒီဘော်ချောင်းကြီးတွေ့ခဲ့... လား အဘိုး။ ဘော်တွေထပ်ရခဲ့လား... မြွေကြီးတွေရော တွေ့ခဲ့သေးလား"

"ပြောပါ့မယ်။ အဲဒီကိုသွားဖို့ ... တော်တော်စုရတယ်။ သိုက်ဆရာဖြစ်... အစ်ကိုလိုလူတောင် စိတ်ဖောက်ပြီး... ခဲ့ရတာဆိုတော့ မလိုက်ရဲကြ... နောက်ဆုံး ငွေတုံးတွေရပြီး သူ့ငွေ... မယ်ပြောပြတော့မှ လိုက်ခဲ့ကြ... အဘိုးက နေရာအတိအကျသိထား... သူပဲ။ အဘိုးတို့ရောက်သွားတာ မိုးတွင်... ကာလဖြစ်နေပြီ။ ဘော်ချောင်းကြီးရှိ... နေရာမှာ ရေတွေတဝေါဝေါစီးနေ... ချောင်းတစ်ခုပဲ တွေ့ရတယ်။ ဘာ... မတွေ့ရတော့ဘူး။ ဘော်ချောင်းကြီး... လည်း ပျောက်ကွယ်သွားတယ်။ ဒါပေ... မယ့် ထူးဆန်းတာတစ်ခု ကြုံခဲ့ရသေး... တယ်"

"ဘယ်လိုအထူးအဆန်းနဲ့ ကြုံ... ရတာလဲ"

"အဘိုးတို့ ညအိပ်စတည်းချ... နေရာမှာ အဘိုးတို့ဆောက်ခဲ့တဲ့ ... ပျက်နေတာကို တွေ့ရတယ်။ အား... ပျက်စီးနေပြီ။ လုံတွေ၊ မီးသွေးတွေ ... လောင်းတဲ့ပစ္စည်းတွေအားလုံး တွေ့... တယ်။ဒါပေမယ့် ပထမဆုံးဘော်ချော... ကြီးက ဖဲ့ယူခဲ့ပြီး ပုံလောင်းထား... တုံးတစ်တုံးတော့ လုံးဝရှာမတွေ့တော့... ဘူး။ ကျန်တဲ့ပစ္စည်းတွေ ခဲတွေ...



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# သစ်ဝါးများ ပိုးမထိုးစေရန် ပြုလုပ်နည်း

မြန်မာနိုင်ငံ တစ်နံ့တစ်လျား တောရွာတွေမှာရော မြို့ပြရဲ့ဆင်ခြေဖုံး ရပ်ကွက်တွေမှာပါ အခြေအနေအရ တဲအိမ်လို့ခေါ်တဲ့ အိမ်သေးသေးလေး တွေဆောက်ပြီးနေထိုင်ကြရတာ မြန်မာ့ ထုံးစံလို့ခေါ်လို့ရပါတယ်။

ဒါက အခြေအနေပေါ် မူတည်ပြီး အိမ်ကြီးအိမ်ကောင်း ရှတ်တရက် မဆောက်နိုင်ကြတဲ့အခါ ယာယီသဘော အနေနဲ့ တဲအိမ်လေးတွေ ဆောက်ပြီး နေထိုင်ကြရခြင်းပါ။

အဲဒီလိုဆောက်ပြီဆိုတာနဲ့ အဓိက လိုအပ်တာက သစ်နူမျောတိုင်လေးတွေ ရယ်၊ ဝါးတွေရယ် လိုအပ်တာပါပဲ။ အများအားဖြင့် တိုင်ကို သစ်နူမျောတိုင် ထုံးလေးတွေသုံးတယ်။ ရက်မနဲ့ထုပ်တန်း ကိုလည်း သစ်ချောင်းလေးတွေသုံးတယ်။ ကျန်တာဝါးတွေချည်းပဲသုံးတာပါ။ အမိုး ကျတော့ တတ်နိုင်ရင် သွပ်သုံးတယ်။ မတတ်နိုင်ရင် သက်ကယ်၊ မိုးကာနီပြာ၊ ဓနိတပ်၊ ဓနိ၊ နီး၊ အင်ဖက်၊ ထန်းရွက် သည်ဖြင့်ပေါ့လေ ဒေသအလိုက်သုံး ကြရတာပါ။

ကျွန်တော် နေပြည်တော်မှာနေ မယ်ဆိုတော့ ကိုယ်တိုင်လာမဆောက်ပါ ဘူး။ ယောက်ဖဖြစ်သူကို ပိုက်ဆံတစ်သိန်း ပေးပြီး ဆောက်ခိုင်းလိုက်တာပါ။ ပြီးပြီ ဆိုမှ နေပြည်တော် ပြန်ကူပြောင်းကိုလာ ခဲ့တာပါ။ ခြေဆလုံးလောက်ရှိတဲ့ သစ်နူ မျောတိုင်ကိုးလုံးနဲ့ ဆောက်ထားတဲ့ သက်ကယ်မိုးတဲလေးပါပဲ။ တကယ့်ဖြစ် သလိုဆောက်ထားတာပါ။ မိုးကျတာနဲ့ တစ်ပြိုင်နက် သက်ကယ်က လုံးဝမိုးမလုံ တာကြောင့် မိုးကာတွေဝယ်ပြီး အိပ်မယ့် နေရာလေးပြန်မိုးရပါတယ်။ သိပ်မကြာ လိုက်ပါဘူး။ တိုင်တွေ၊ ထုပ်တန်းတွေ ဝါးတွေပိုးထိုးတာကြောင့် တဲတစ်ခုလုံး ပိုးမှုန့်တွေနဲ့ပွနေပါတယ်။

အပေါ်မှာ သစ်တွေဝါးတွေပိုးထိုး သလို မြေကြီးထဲမြှုပ်ထားတဲ့တိုင်ခြေတွေ ကို ခြကစားပြန်ပါတယ်။ တစ်နှစ်တောင် မပြည့်ချင်ပါဘူး။ တဲကယိုင်နဲ့လာတာပါ ပဲ။ ယိုင်မှာပေါ့ဗျာ။ တိုင်ခြေတွေခြစား လို့ပြတ်ကုန်ပြီလေ။ သစ်နူဆိုရင် သစ် ဖောက်ပိုးနဲ့ ခြတွေက သိပ်ကြိုက်ကြတာ ကိုးဗျ။ ကောင်းကောင်းကြီးပွဲတော်တည် ကြတာပေါ့။ ခြတွေက နယ်ကျော်ပြီး တိုင်အတိုင်းတက်လာကာ ထရံကို တောင် တက်စားကြတော့ကာ အစဉ် သတိနဲ့ကြည့်ရပါတယ်။ ခြဆိုတာ တစ် ထောင်တာဗိုလ်ထုနဲ့ချီတက်ပြီး ဖျက်ဆီး ကြတာမို့ သူ့အန္တရာယ်ကလည်း မသေး ပါဘူး။

ဒါနဲ့ တဲလေးဖျက်၊ အောက်ခြေ တွေညီအောင်ဖြတ်ပြီး ပြန်ဆောက်ပါ တယ်။ သက်ကယ်တွေက သုံးမရတာမို့ သွပ်ဝယ်ပြီး မိုးလိုက်တယ်။ မိုးတော့လုံပါ ရဲ့။ နွေရာသီဆို အလွန်ပူလို့ သစ်ရိပ်မှာ ဆင်းနေရတယ်။ ညအိပ်တာတောင် ချွေးတလုံးလုံးနဲ့ပါ။ ဒါလည်း ကြာကြာ မခံပါဘူး။ တစ်နှစ်မပြည့်မီ တိုင်ခြေတွေ ပြတ်ကုန်ပြန်ပါတယ်။ ပြတ်တဲ့တိုင်တွေ လည်း ထရံပေါက်တဲ့နေရာဖာ၊ ပိုးထိုးလို့ ဆွေးကုန်တာတွေလဲနဲ့ ပြန်ပြင်ရပြန်တာ ပါပဲ။

မောင်နှမတွေ မြေကွက်တွေ အမွေခွဲပြီးတော့ ကိုယ်ရတဲ့မြေကွက် ကလေးမှာ ရွှေ့ဆောက်ရပြန်တယ်။ မကောင်းတာတွေ အသစ်ဝယ်ထည့်ရ ပြန်တယ်။ သစ်နူနဲ့ဝါးဆိုတာကတော့ ပိုး ကောင်တွေရဲ့အကြိုက်မို့ ပိုးဒဏ်ခံနေရ ပါတယ်။ ဘာမှကိုမတတ်နိုင်တာပါ။ ဒီ လိုနဲ့ တဲအိမ်က မြောက်ဘက်ကိုစောင်း ဆင်းသွားပြန်တယ်။ အောက်ခြေတွေမရှိ တော့ ပြန်ဘူးထင်ပါရဲ့။ ဒါက တဲအိမ်ရဲ့ ဒုက္ခသံသရာပါ။

မန္တလေးသွားနေခိုက်မှာ ခြတွေက ထရံတွေတက်စားပစ်ကုန်လို့ ကြော်ငြာ ဗီနိုင်းတွေနဲ့ ပြန်ဖာထေးထားရပြန်တယ်။ တဲအိမ်က မြောက်ဘက်ကို တစ်တောင် လောက် စောင်းဆင်းသွားတော့ကာ အခြေအနေက အတော့်ကိုဆိုးလာပါပြီ။ ညအိပ်ချိန် တဲရဲ့ယိုင်နဲ့သံတဗျစ်ဗျစ်ကို ကြားနေရတော့ အိပ်ရတာတောင်မှ လိပ်ပြာမလုံသလို ခံစားလာရပါတယ်။

ဒီအခါ အိမ်နားက ကျွန်တော်နဲ့ မိသားစုလိုနေတဲ့ ကိုတင်သန်းကိုပြောပြ ရတယ်။ သူက ပညာစွယ်စုံတတ်တော့ ကာ အရာရာအားကိုးရပါတယ်။စက်ဘီး ပျက်တာကအစ သူကအမြဲပြင်ပေးလေ့ ရှိတယ်။ သူအားတဲ့နေ့မှာ အိမ်ကို ကျား ကန်ပေးမယ်ဆိုတာကြောင့် ကျွန်တော် က သစ်လုံးချောင်းအသင့်ဝယ်ထားရ တယ်။ အားတာနဲ့တစ်ပြိုင်နက် သူတို့သား အဖဟာ ကျွန်တော့်အိမ်ကိုပြန်တည့်မတ် ပြီး ကျားကန်ပေးတယ်။ ကြမ်းခင်းဆင့်

---

အစ အားလုံးပြန်တွေ့ရပေမယ့် အဲဒီ ငွေတုံးတစ်ခုသာ ပျောက်ခြင်းမလှ ပျောက်သွားတယ်”

“ထူးဆန်းလိုက်တာ အဘိုးရယ်။ သူတို့ပစ္စည်း ဆိုင်ရာတွေက ပြန်ယူသွား တာဖြစ်မယ်ထင်တယ် အဘိုး”

“အစ်ကိုထွန်းသောင်းလိုဖြစ်မှာ စိုးလို့ နောက်ပိုင်း အဲဒီဘက် ဘယ်သူမှ သွားရဲကြတော့ဘူး။ နှစ်တွေကြာခဲ့ပါပြီ ကွယ်။ ဒီဇာတ်လမ်းသိသူ အဘိုးတစ် ယောက်ပဲ အသက်ရှင်ရက်ကျန်ရစ်နေ တော့ မယုံနိုင်စရာအဖြစ်တွေပေါ့ကွယ်။ ခု မင်းညွန့်နိုင်တို့ လာမေးကြလို့သာ ပြောရတာ”

“အခုလို စိတ်ရှည်ရှည်နဲ့ ပြည့်ပြည့် စုံစုံပြောပြတာ ကျေးဇူးတင်ပါတယ် အဘိုး”

ကျွန်တော်သိချင်သောအကြောင်း အရာပြည့်စုံစွာသိခဲ့ရပြီ။ အဘိုးဦးကွန်ဒွေ ကို နှုတ်ဆက်ကန်တော့ကာ ပြန်ခဲ့ကြ သည်။ ခွင့်ရက်အနည်းငယ်သာရခဲ့ကြ သဖြင့် ကျွန်တော်တို့ ကြာကြာမနေနိုင် ခဲ့ပါ။ ပွဲတော်ပြီးသည့် နောက်တစ်နေ့မှာ ပင် ကမာဝက်ရွာမှ ရန်ကုန်သို့မော်တော် ယာဉ်ဖြင့်ပြန်ခဲ့ကြသည်။ အပြန်ခရီးတွင် အဘိုးဦးကွန်ဒွေပြောပြခဲ့သော ဂမ္ဘီရဆန် လှသည့် ဘော်ငွေသိုက်ဇာတ်ကြောင်း များက ကျွန်တော့်အတွေးထဲ စိုးမိုးနေခဲ့ သည်။ ရန်ကုန်ပြန်ရောက်ရောက်ချင်း ဝတ္ထုရေးမည်ဟု ဆုံးဖြတ်ထားသည်။ ဝတ္ထုခေါင်းစဉ်ကိုလည်း စဉ်းစားထားပြီး ဖြစ်သည်။ ဝတ္ထုခေါင်းစဉ်ကို ‘မြွေစောင့် သည့် ဘော်ငွေသိုက်’ ဟု အမည်ပေး မည် ဖြစ်သည်။

မောင်မောင်မိုးအောင်

(စာပေဗိမာန်ဆုရစာရေးဆရာ)



www.burmeseclassic.com

www.burmeseclassic.com

တွေလည်း တောင့်အောင်ပြန်လုပ်ပေးတယ်။ အတော်အဆင်ပြေသွားပါတယ်။

ဒါကလည်း အလွန်ကြီး မကြာပါဘူး။ မကြာမီမှာပဲ မြောက်ဘက်ကိုမယိုင်နိုင်တော့တာကြောင့် အနောက်ဘက်ကို ပြန်ယိုင်လာပါတယ်။ အောက်ခြေတွေ မခိုင်တော့ဘူးကိုး။ ဒီတစ်ခါတော့ ကျားမကန်တော့ပါဘူး။ အယိုင်ကို အယိုင်အတိုင်းနေပြီး နောက်ထပ်တဲအသစ်ပြန်ဆောက်ဖို့ စီမံရပါတော့တယ်။ အဲဒီမှာ ကိုတင်သန်းက လိုအပ်တဲ့ သစ်နှမျောတိုင် (၉) လုံး လိုက်ဝယ်ပေးတယ်။

သူ့အိမ်မှာ မျောတိုင်တွေချပြီး အခွံတွေခွာပစ်လိုက်တယ်။ အဲဒီမှာ ကိုတင်သန်းကပြောပြတယ်။

"မျောတိုင်တွေ ပိုးမထိုးအောင် အရင်ဆုံးသူ့အခွံတွေခွာပစ်ရတယ်ဦးရဲ့။ အခွံနဲ့ထားလို့ကတော့ ပိုးတွေအမြန်ဆုံးကျလာတော့တာပဲ။ သစ်ချောင်းကို အခွံခွာပြီး ဒီဇယ်နဲ့အင်ဂျင်ဝိုင်ပေါင်းသာသုတ်ထားလိုက်။ ဘယ်လိုပိုးမှအနားမသီနိုင်တော့ဘူး။ အခွံခွာပြီးစမှာ တစ်ခါသုတ်ဒီဇာပစ်ထားလိုက်။ နောက်တစ်ခါ အိမ်ဆောက်တော့ တစ်ခါထပ်သုတ် ပြီးပြီ။ ဘာပိုးမှမထိုးနိုင်တော့ဘူး။ အောက်ခြေ ခြမစားနိုင်အောင်ကျတော့ အခြေမှာ ကွန်ကရစ်သံဖိနပ်လေးတွေခံလိုက်ပေါ့ဗျာ။ ဒါဆို ခြရန်က လုံးဝလွတ်ပါတယ် မြေမှာ မြှုပ်လို့ကတော့ ခြမစားတောင် မြေကိုက်ပြီးဆွေးကုန်မှာသေချာတယ်။ ဒါဆို အခြေပြတ်မှာပဲလေ။ ဒီတော့ သံဖိနပ်အသေးစားလေးတွေဝယ်ပြီးခံလိုက်တာ အကောင်းဆုံးပါပဲ။ အခု ကျွန်တော့်အိမ်ဆောက်ထားတဲ့ဝါးဆိုရင် ကျွန်တော့်သမီးကြီးမွေးစကဆောက်ထားတာ ခုထိကောင်းနေဆဲပါပဲ။ ဘာပိုးမှ မထိုးဘူး။ ဝါးကို ပိုးမထိုးအောင်လည်း ကြိုတင်ပြင်ဆင်ရတယ်ဗျ။ ဝါးကို ဒီအတိုင်းဝယ်ပြီး ကောက်ဆောက်လိုက်ရင် တစ်နှစ်မကြာဘူး ပိုးတွေထိုးကုန်ကြတယ်။ ပိုးမှုန့်တဖွေးဖွေးနဲ့ ဟိုကကျိုးဒီကကျိုးနဲ့ စိတ်ပျက်ဖို့အရမ်းကောင်းတာ။ အဲဒီလိုမဖြစ်အောင် ကျွန်တော်က ဝါးတွေဝယ်ပြီးတာနဲ့ ဝါးတွေမြေထဲမြှုပ်လို့ရအောင် မြောင်းရှည်ရှည်တူးလိုက်တယ်။ အဲဒီမြောင်းထဲမှာ ဝါးတွေစီထည့်ပြီး အပေါ်ကကောက်ရိုးအုပ်တယ်။ ပြီးတာနဲ့ အဲဒီပေါ်တက်ပြီး ရေချိုး၊ အဝတ်လျှော်လုပ်တယ်။ ရေတွေခပ်လောင်းတယ်။ အဲဒီတော့ အထဲကဝါးတွေပုပ်ပြီး ချဉ်ကုန်တယ်ဗျ။ ရုတ်တရက် အနံ့အသက်တော့ မကောင်းဘူးပေါ့လေ။ အဲဒီ ပုပ်ပြီးသား ဝါးချဉ်တွေကျတော့ ဘယ်လိုပိုးမျိုးကမှမကြိုက်တော့ဘူး။ ပိုးတွေက မပုပ်တဲ့ ဝါးအစိမ်းချိုချိုကိုမှစားကြတာကိုး။ ကျွန်တော့်အိမ်က ဝါးတွေ အမိုးမှာရော၊ အခင်းမှာရော အခုထိ မာကျောနေဆဲပဲ။ သမီးကြီးအိမ်ထောင်ကျပြီးပြီဆိုတော့ နှစ်ပေါင်း (၂၀) ကျော်လာခဲ့ပြီ။ ဝါးတစ်လုံးမှမပျက်စီးဘူး။ အဲ - တစ်ခုတော့ရှိတယ်ဗျ။ မြစ်တွေချောင်းတွေမှာဖောင်ဖွဲ့ပြီး မျှောလာတဲ့ ဝါးတွေဟာလည်း ရေနဲ့ထိတွေ့တာကြာတော့ ချဉ်ကုန်တယ်။ အဲဒါမျိုးဝါးတွေ ရရင်တော့ သီးခြားအချဉ်ဖောက်စရာ မလိုတော့ပါဘူး။ ပိုးလုံးဝမစားတာမို့ ရာသက်ပန်ခိုင်တဲ့ဝါးဖြစ်ပါတယ်။ ဖောင်ဖွဲ့ပြီးမျှောလာတဲ့ဝါးမဟုတ်ဘူးဆိုရင် မိုးရာသီဆို မိုးထဲပုံပြီးအတန်ကြာပစ်ထားရပါတယ်။ မိုးရာသီမဟုတ်ရင်တော့ တွင်းတူးပြီးစီထည့်ကာ ရေလောင်းပေးရပါမယ်။ အဓိက ဝါးချဉ်သွားဖို့လိုပါတယ်။ အဲဒီလိုသာ စနစ်တကျလုပ်ရင် မကြာမကြာသစ်ဝါးဝယ်ရတဲ့ဒုက္ခကလွတ်တာပေါ့ဗျာ။ ပိုက်ဆံလည်း ထပ်မကုန်တော့ဘူးပေါ့"

လို့ ပြောပြပါတယ်။

ဒီတော့ လောကမှာကိုယ်မသိတာတွေအများကြီးပါလားလို့ သဘောပေါက်ရပါတယ်။ ကိုတင်သန်းရဲ့အိမ်ဟာ သစ်လုံးတွေနဲ့ဝါးတွေနဲ့ဆောက်ထားတဲ့ အိမ်ပေမယ့် ခုထိတိုင် တောင့်တင်းကြံ့ခိုင်နေဆဲပါ။ ဒါဟာစနစ်ကောင်းတဲ့ကြောင့် ခိုင်မာနေခြင်းပါပဲ။ ဒီအိမ်မှာ ကလေး (၈)ယောက် မွေးပြီးပြီ။ အပြိုင်းအပြိုင်း ကြီးထွားကုန်ကြပြီ။ အိမ်ထောင်တောင် သမီး (၂) ယောက်ကျပြီးသွားပြီ။ အိမ်ကတော့ တောင့်တင်းကြံ့ခိုင်နေဆဲပါပဲ။ ဒါက စနစ်ကောင်းတဲ့အတွက်ကြောင့်ပါ။ အတုယူသင့်လှပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ သစ်တွေဝါးတွေပေါတယ်ဆိုပြီး လူအများစုဟာ သစ်တွေဝါးတွေ ကြာရှည်ကြံ့ခိုင်မှုအတွက် အလေးမထားတတ်ကြပါဘူး။ ဘယ်မှာဝယ်ဝယ် ဝယ်တိုင်းလည်း ရနေတတ်တာကိုး။ ဒီတော့ အလေးထားရကောင်းမှန်းလည်း မသိကြပါဘူး။ သစ်တောဝါးတောဆိုတာ ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးနဲ့ ဆိုင်ပါတယ်။ သစ်တောဝါးတောတွေမပြုန်းတီးရလေအောင် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမှာ ကျွန်တော်တို့ အားလုံးရဲ့တာဝန်ပါ။ ဒီတော့ သစ်တောဝါးတောတွေ မပြုန်းတီး မပျက်စီးရအောင် တောထဲသွားစောင့်ရှောက်နေရမှာလားလို့မေးစရာရှိတယ်။ မဟုတ်ပါဘူး။ ကျွန်တော်တို့က သစ်တွေဝါးတွေကိုသုံးစွဲရာမှာ မပျက်စီးမဆုံးရှုံးရလေအောင်၊ နှစ်ရှည်လများ သုံးစွဲလို့ရအောင်၊ မိမိကြောင့် သစ်ပင်ဝါးပင်တွေမပျက်စီးရလေအောင် ရှိရှိသေသေသုံးစွဲမယ်ဆိုတဲ့ စိတ်ကလေးထားပြီး အထက်ပါ ကိုတင်သန်း၊ မဒိုး တို့မိသားစုလို မပျက်မစီးအောင် စောင့်ရှောက်လိုတဲ့စိတ်ကလေးထားပြီး ပြု ဆောင်ရွက်ကြမယ်ဆိုရင်ဖြင့် ကိုယ့်ကြောင့် သစ်တောဝါးတောမပျက်စီးတာမို့ သစ်တောဝါးတောတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရာမှာဖြစ်ပါတယ်။

တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်တဲ့ သစ်တောဝါးတောတွေ ကာကွယ်ထိန်းသိမ်းတာတင်မကပါဘူး။ အိမ်ဆောက်တဲ့အခါ ဝယ်ရမယ့် ငွေကြေးလည်း အကုန်အကျသက်သာပါတယ်။ တိုင်းပြည်အတွက်လည်းကောင်း၊ မိမိအတွက်လည်းကောင်းလှပါတယ်။

ကျွန်တော့်အနေနဲ့ ကံအကြောင်းမလှရင် တဲပြိုလဲပြီးပိမှာစိုးတဲ့အတွက် တဲ တစ်လုံးပြန်ဆောက်ရပါတော့မယ်။ ဒီ တစ်ခါမှာတော့ တတ်ကျွမ်းနားလည်တဲ့ ကိုတင်သန်းကိုယ်တိုင် စီမံဆောက်လုပ်ပေးမှာမို့ ရေရှည်တည်တံ့ခိုင်ခံ့လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ သူခိုင်းသလို သံဖိနပ်လေးနဲ့ဆောက်မှာပါ။

သစ်မရောက်ခင် ဝါးကလို့ဆိုထားတယ်မဟုတ်လား။ သစ်ကြီးသစ်ကောင်းနဲ့ အိမ်ကြီးအိမ်ကောင်းမဆောက်နိုင် ယာယီအိမ်အဖြစ် သစ်မျောတိုင်ဝါးအိမ်လေးတွေဆောက်ကြရပါတယ်။ ဒီအ အဲဒီယာယီအိမ်လေးများ ခဏခဏ ပြင်နေကြရတဲ့ ပိုးကိုက်ခြစားခြင်းဘေး ကင်းဝေးအောင် သစ်ချောင်းများအ သင်ပြီး ရေနံချေး၊ ဒီဇယ်၊ အင်ဂျင်ဝိုင် ပေါင်းများသုတ်လိမ်းရန် ဝါးကို အချဉ် ဖောက်ရန် အကြံပြုလိုက်ပါတယ်။

ကိုတင်သန်းသို့ကျေးဇူးတင်လျ

ချမ်းမြေ့ပါ

နေပြည်တော်-ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းမြင့်(ဘူမိ)

# တတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာနိုင်သည့်အန္တရာယ်နှင့် ကိုင်ရိုဇါပေါ်ဟာကိန်းများ

တတိယကမ္ဘာစစ် မည်သည့်အချိန် ဖြစ်မည်ကို ကျွန်ုပ်တို့မသိပါ။ သို့ရာတွင် စတုတ္ထကမ္ဘာစစ်တွင်ကား လူတို့သည် ကျောက်လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြလိမ့်မည်။

(အဲဘက်အိုင်စတိုင်း)

□

ယနေ့ ကမ္ဘာကြီးတွင် "အင်အားကြီးနိုင်ငံများကြား စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးအသာစီးရနိုင်ရန် ဒေသတွင်း ပဋိပက္ခများ၌ ပါဝင်စွက်ဖက်ဝင်ရောက်ပတ်သက်နေကြသည်။ အဓိကနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပြင်းထန်သော ပြိုင်ဆိုင်မှုများသည် ကမ္ဘာ့စစ်ပွဲကြီးများဖြစ်ပွားလာစေရန် လှုံ့ဆော်မှုပြုနေကြသည်။





**ရုရှားနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စု အားပြိုင်မှုများ**


ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့သည် စစ်အေးတိုက်ပွဲ (Cold War) လုပ်ဆောင်နေခဲ့ကြသည်။ ၁၉၉၁၊ ဒီဇင်ဘာလတွင် ဆိုဗီယက်ယူနီယံပြိုကွဲပြီး နောက်ပိုင်းတွင်လည်း ရုရှားနိုင်ငံသည် ကမ္ဘာ့အနှံ့အပြားတွင် အမေရိကန်အုပ်စုနှင့် ဆက်လက်၍ စစ်အေးတိုက်ပွဲများ ဆင်နွှဲခဲ့သည်။


လတ်တလော အခြေအနေတွင် ဆီးရီးယား ပြည်တွင်းစစ်ပွဲများ၌ အမေရိကန်နိုင်ငံက ဆီးရီးယားသူပုန်အုပ်စုကိုထောက်ခံပြီး ဆီးရီးယားသမ္မတအာ ဆတ်ဖြုတ်ချရေးကို လုပ်ဆောင်နေသည်။ ရုရှားနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် ခြေကုပ်ရရှိရေးအတွက် ဆီးရီးယားအစိုးရကို အင်တိုက်အားတိုက် အကူအညီများပေးနေခြင်းဖြင့် အမေရိကန်နှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။

ဆီးရီးယားစစ်ပွဲအရှိန်အဟုန်မြင့်နေဆဲတွင် အမေရိကန်လေတပ်က ဆီးရီးယားစစ်သားများအပေါ် ဗုံးကြဲချလိုက်သည်။ ဆီးရီးယားစစ်သား (၈၇) ယောက် သေဆုံးခဲ့သည်။ အမေရိကန်သည် မှားယွင်းမှုဟု ဖော်ပြခဲ့သော်လည်း ရုရှားနိုင်ငံဘက်မှ မကျေနပ်ခဲ့ချေ။ တစ်ဖန် ရုရှားလေတပ်မှ ကုလသမဂ္ဂထောက်ပံ့ရေးယာဉ်တန်းကို ဗုံးကြဲခဲ့ပြီး ISများ ယာဉ်တန်းတွင်ပါနေသောကြောင့် ဗုံးကြဲခဲ့သည်ဟု အကြောင်းပြခဲ့သည်။ ပြင်သစ်နိုင်ငံမှ ကုလယာဉ်တန်းကို ဗုံးကြဲခြင်းသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်ဟု စွပ်စွဲလိုက်သောအခါ ရုရှားသမ္မတ·ဗလာဒီမာပူတင်က ယမ်းပုံမီးကျဖြစ်ခဲ့သည်။ ပူတင်မှ စွပ်စွဲပြောဆိုခြင်းအကျိုးဆက်က 'တတိယကမ္ဘာစစ်ဖြစ်ရင်တောင် ရင်ဆိုင်မယ်'လို့ ထုတ်ဖော်ပြောလာခဲ့သည်။ စစ်အေးခေတ်က အခြေအနေထက်ကျော်လွန်သောအခြေအနေတစ်ခုသို့ရောက်ရှိနေပြီဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များကပြောဆိုခဲ့သည်။

အမေရိကန်သည် ဆီးရီးယားပြည်တွင်းရေးကို အလွန်အမင်း စွက်ဖက်နေသည်ဟု အကြောင်းပြကာ တစ်ခု

www.burmeseclassic.com





တည်းသော ဃာဉ်တင်သင်္ဘောနှင့် ဒုံးပျံတင်ဖရီးဂိတ်သင်္ဘော (၃) စီးအုပ်စုကို မြေထဲပင်လယ်သို့ စေလွှတ်ခဲ့သည်။ NATO အဖွဲ့ကို တုံ့ပြန်ရန်အတွက် ရုရှားသည် ဘောလတစ်ပင်လယ် ရေတပ်အင်အားကို တိုးချဲ့လာခဲ့၏။ အောက်တိုဘာ ၂၆ ရက်တွင် အုံးဖြုတ်ချက်ချပြီး ဖျက်သင်္ဘော (၂) စီးကို စေလွှတ်ခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် နောက်ထပ်(၃)စီးကို ဆက်လက်စေလွှတ်မည် ဖြစ်သည်။ ဖျက်သင်္ဘောများတွင် တာဝေးပစ်ခရုစ်ဒုံးကျည်များ တပ်ဆင်ထားပြီး နျူလက်နက်သယ်ဆောင်နိုင်သော Kalibr ဒုံးကျည်များတင်ပို့ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားကို ရုရှားသိမ်းပိုက်ပြီးနောက် NATO သည် မယုံကြည်မှုများ တိုးပွားလာခဲ့ပြီး ရုရှားအန္တရာယ်ကို ကြိုတင်ဟန့်တားနိုင်ရေးအတွက် NATO တပ်ဖွဲ့သည် စစ်သည်နှင့် စစ်လက်နက်အများအပြားကို ပေးပို့ကာ တပ်ဖြန့်လာခဲ့သည်။ ဂျာမနီနိုင်ငံတွင်လည်း အဆင့်မြင့်တင့်ကားများကို ရုရှားနယ်စပ်သို့ စေလွှတ်ခဲ့သည်ဟု ဂျာမနီကာကွယ်ရေးဌာနမှ ကြေငြာခဲ့သည်။

ရုရှားစစ်သင်္ဘောများ ဘောလတစ်ပင်လယ်အတွင်း ဝင်ရောက်လာခြင်းကြောင့် ဆွီဒင်နိုင်ငံမှာလည်း စိုးရိမ်ကြောင့်ကြလျက်ရှိနေပြီး ယင်းသို့သော လုပ်ဆောင်မှုသည် ဒေသတွင်းဖြစ်ပေါ်နေသော တင်းမာမှုများကို လျှော့ချနိုင်စေရန် အထောက်အကူပြုမည်မဟုတ်ဟု ဆွီဒင်ကာကွယ်ရေးဝန်ကြီးပြောကြားခဲ့လေသည်။ NATO တပ်ဖွဲ့သည် ရုရှားအန္တရာယ်တားဆီးရေးအတွက် ၎င်းတို့စစ်အင်အားကို ပိုလန်၊ လစ်သူယေးနီးယား၊ အက်စတိုးနီယား၊ လတ်ဗီးယားနိုင်ငံများအတွင်းပါ ဖြန့်ကြက်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ရုရှားအစိုးရသည် ပြီးခဲ့သည့်လအတွင်းက အမေရိကန်ပြည်ထောင်စုနှင့် ချမှတ်ထားခဲ့သည့်သဘောတူညီချက်တစ်ရပ်ကို ရပ်ဆိုင်းလိုက်ပြီဟု ကြေညာခဲ့သည်။ အဆိုပါသဘောတူညီချက်မှာ ရုရှားနှင့် အမေရိကန်တို့အကြား နျူကလီးယားလက်နက်လျှော့ချရေးသဘောတူညီချက်ဖြစ်ပြီး ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံစလုံးက နျူကလီးယားပုံးထောင်ပေါင်းများစွာ ထုတ်လုပ်နိုင်သည့် ပလူတိုနီယံ (၃၄) တန်ကို ဖယ်ရှားပစ်ရမည် ဖြစ်သည်။ သဘောတူညီချက်ကို ရုရှားနိုင်ငံက ရပ်ဆိုင်းလိုက်ခြင်းအပေါ် အမေရိကန်အစိုးရက ဝေဖန်ပြောကြားခဲ့သည်။ ရုရှားနိုင်ငံသည် မကြာမီက ထုတ်လုပ်ပြသခဲ့သည့် RS-28 Sarmat ဒုံးကျည်မှာ ဥရောပမှ ပြင်သစ်နိုင်ငံအရွယ်ပမာဏရှိ အစိတ်အပိုင်းကို ပျောက်ကွယ်သွား[illegible]အောင် လုပ်ဆောင်နိုင်သော စွမ်းအား[illegible]မြင့်ဒုံးကျည်များကို ထပ်မံထုတ်လုပ်[illegible]နိုင်မည် ဖြစ်သည်။

**□ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်[illegible] ပြည်သူ့သမ္မတနိုင်ငံတို့အားပြိုင်မှု**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် [illegible] တစ်ဟုန်ထိုးတိုးတက်လာသောစီးပွား[illegible] ကဏ္ဍကို ပိုင်ဆိုင်လာပြီးနောက် [illegible] ပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအဆင့် [illegible] အထိဖြစ်လာခဲ့သည်။ စီးပွားရေးတိုး[illegible] လာသည်နှင့်အမျှ ဒေသတွင်းစစ်ရေး[illegible] ရှိန်မြှင့်ရုံမက အင်အားကြီးအမေရိ[illegible] ပြည်ထောင်စုကိုလည်း သွေးတိုးစမ်း[illegible] ကိစ္စတွေကို ဆက်တိုက်ဆောင်ရွက်[illegible] သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်[illegible] ပင်လယ်အတွင်း နယ်ချဲ့လာပြီး ကျွန်း[illegible] များ တည်ဆောက်ခြင်းများ လုပ်[illegible] လာခဲ့သည်။ တောင်တရုတ်ပင်လယ်[illegible] အတွင်း စကာဘိုရော့ပင်လယ်ကျွန်း[illegible]

www.burmeseclassic.com

များပိုင်ဆိုင်မှုနှင့် အာဆီယံနိုင်ငံများ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့်လည်း ထိပ်တိုက် ရင်ဆိုင်ကြုံတွေ့နေရသည်။ အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံက တိုးချဲ့သတ်မှတ်ထားသော ရေပိုင်နက်ကို အသိအမှတ်မပြုခဲ့ပေ။ ၎င်းကို နိုင်ငံတကာရေပိုင်နက်အဖြစ် သတ်မှတ်ကာ စစ်လေယာဉ်များ ပျံသန်းခြင်း၊ စစ်သင်္ဘောများ ဖြတ်သန်းခြင်းဖြင့် တုန့်ပြန်ဆောင်ရွက်နေသည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ ထိန်းချုပ်ထားသော မလက္ကာရေလက်ကြားကို အမေရိကန်ထိန်းချုပ်မှုမရစေရန် ဖိလစ်ပိုင်သမ္မတ ဒူတာတေးကို တရုတ်နိုင်ငံသို့ ဖိတ်ခေါ်ပြီး ဖိလစ်ပိုင်နိုင်ငံကို စည်းရုံးနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏မဟာမိတ်စင်ကာပူနိုင်ငံ စီးပွားရေးကျဆင်းသွားစေရန် ရည်ရွယ်ပြီး ထိုင်းနိုင်ငံအတွက် တူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းစာချုပ်ချုပ်ဆိုခဲ့သည်။

အာရှတိုက်ဒေသတွင်း ပြင်းထန်သော ပြဿနာတစ်ခုဖြစ်သော တောင်/မြောက်ကိုရီးယားပြိုင်ဆိုင်မှုသည်လည်း မြေရှင်းရခက်ခဲသောကိစ္စဖြစ်နေသည်။ မြောက်ကိုရီးယားသည် အဏုမြူဗုံးစမ်းသပ်မှု (၅)ကြိမ်အထိပြုလုပ်ခဲ့ပြီးနောက် တင်းမာမှုအခြေအနေမှာ အမြင့်ဆုံးအခြေအနေဖြစ်လာခဲ့သည်။ မြောက်ကိုရီးယား၏ ကြိမ်ဖန်များစွာ ဒုံးကျည်စမ်းသပ်မှုတလည်း ပဋိပက္ခအရှိန်မြင့်တက်စေသည်။ တရုတ်နိုင်ငံ၏မဟာမိတ် မြောက်ကိုရီးယားခေါင်းဆောင်ဖြစ်သော ကင်ဂျုံအန်းက အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားက ဆက်လက်ခြိမ်းခြောက်နေမည်ဆိုပါက နျူကလီးယားလက်နက်များကို ထုတ်သုံးရလိမ့်မည်ဟု သတိပေးနေပြီ ဖြစ်သည်။

**တတိယကမ္ဘာစစ်နှင့် ကိုင်ရို၏ ဟောစာတမ်း**

ကမ္ဘာကျော် လက္ခဏာဆရာကြီး ကိုင်ရိုသည် ၁၉၂၅ ခုနှစ်တွင် ကမ္ဘာ့ဟောစာတမ်းစာအုပ်ကြီးကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မှ ကောက်နုတ်ဖော်ပြချက်မှာ -

၁၉၈၀ ပြည့်နှစ်တွင် အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ထင်ရှားသော နိုင်ငံကြီးတစ်ခုဖြစ်လာမည်။ အီဂျစ်နှင့် အစ္စရေးတို့ သင့်မြတ်ပြီးနောက် ရာသီဥတုကောင်းမွန်လာပြီး ကြီးပွားချမ်းသာလာမည်။ ထိုအခါ တူရကီသည် ရုရှား



**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း**

အကူအညီဖြင့် ပါလက်စတိုင်းကို တိုက်ခိုက်လိမ့်မည်။ လန်ဒန်နှင့် အရှေ့ပိုင်းရှိ မြို့ရွာများ ရုရှားလေတပ်၏ဖျက်ဆီးခြင်းခံရမည်။

အမေရိကန်သည် ချမ်းသာသော နိုင်ငံကြီးဖြစ်လာမည်။ အာဖရိကန်၊ အာရပ်၊ အိန္ဒိယနှင့် အသားဝါလူမျိုးတို့ မဟာမိတ်ဖြစ်ကာ လူတို့ကောင်းစားရေးကို မဟာမိတ်ပြုကြကာ ဦးဆောင်လိမ့်မည်။ ကမ္ဘာ့နောက်ဆုံးစစ်ပွဲကြီးမှာ ပါလစ်စတိုင်းလွင်ပြင်များဖြစ်လိမ့်မည်။ ကမ္ဘာ့အရေးအကြီးဆုံးစစ်ပွဲဖြစ်၍ နိုင်ငံတကာအတွက် သေရေးရှင်ရေးစစ်ပွဲဖြစ်မည်။ ရုရှားတပ်သည် တရုတ်၊ အီရန်၊ အီသီယိုးပီးယားနှင့် လစ်ဗျား စသော နိုင်ငံတပ်များနှင့်အတူ ပါလစ်စတိုင်းကို တိုက်လိမ့် မည်။

ပထမတွင်နိုင်သော်လည်း နောက်ဆုံးတွင် လူလူချင်း သူမနိုင်ကိုယ်မနိုင်ရှိနေကြသဖြင့် ဘုရားသခင် (ကံတရား) က ကူညီလာမည်။ မြေငလျင်လှုပ်ခြင်း၊ ရေကြီး၊ မီးလောင်၊ မီးတောင်ပေါက်ကွဲ၊ ပလိပ်ရောဂါ စသည်တို့ကြောင့် စစ်တပ်များသေကျေပျက်စီးကြလိမ့်မည်။ ယင်းစစ်မြေပြင်ကို ရန်သူတိုင်း 'သေမင်းတမန်တောင်ကြားကြီး' ဟု ခေါ်ဝေါ်ကြလိမ့်မည်။

လူသေအရိုးမြုပ်ရန်ပင် လူပေါင်းများစွာ လပေါင်းများစွာကြာလိမ့်မည်။ ထို့နောက် လူတို့သည် ဓား၊ လှံ၊ သေနတ်များကို ထွန်တုံး၊ ထယ်သွား၊ တံစဉ်များ လုပ်လျက် စိုက်ပျိုးကြလိမ့်မည်။ တစ်ပြည်နှင့်တစ်ပြည် စစ်မက်ရေးရာမရှိတော့ဘဲ တစ်ကမ္ဘာလုံးငြိမ်းချမ်းသာယာလိမ့်မည်။

ဤကား ကိုင်ရို၏ အမြင်အရ ကမ္ဘာ့နောက်ဆုံးစစ်ပွဲကြီး၏ ရှုခင်းနှင့် စစ်ဝါဒများ အကြွင်းမဲ့ ချုပ်ငြိမ်းကာ ငြိမ်းချမ်းသော အနာဂတ်ကမ္ဘာကြီး၏ သတင်းကောင်းဖြစ်သည်။

ယနေ့ချိန်ခါသည် လောင်စာပုံကြီးအပေါ်သို့ မီးပွားလေးကျရုံသာလိုတော့သည့်အခြေအနေဟုမြင်မိပါသည်။ ကျွန်ုပ်တို့၏ အသက်၊ အိုးအိမ်၊ ဥစ္စာ၊ စည်းစိမ်နှင့် ကျွန်ုပ်တို့ကမ္ဘာကြီးကို ဗလာဒီမာပူတင်ကသော် လည်းကောင်း၊ ရှီကျင့်ဖျင်ကသော် လည်းကောင်း၊ ဘားရတ်အိုဘားမားကသော် လည်းကောင်း မည်သူမျှမပိုင်ပါ။ ကျွန်ုပ်တို့ကမ္ဘာ/သားများသာ ပိုင်ဆိုင်ပါသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောကမ္ဘာကြီးအား နျူလက်နက်များသုံး၍ တိုက်ခိုက်လာမည့်ကမ္ဘာ့စစ်ကြီး ဆင်နွှဲရန် အားပြိုင်နေခြင်းကို ကျွန်ုပ်တို့က ပြင်းထန်စွာ ဆန့်ကျင်ကြပါစို့။

ဘုန်းမြင့် (ဘူမိ)

မှီငြမ်း -

၁။ Internet Sources
၂။ နေ့စဉ်ထုတ်သတင်းစာများ
၃။ ဓမ္မာစရိယဦးဌေးလှိုင်၏
 ကမ္ဘာကိုချုပ်ကိုင်မည့်သူ

www.burmeseclassic.com


www.burmeseclassic.com

ပတ္တမြားဒေဝီစောမဲကျီဆိုသည်မှာ အဘယ်သူနည်း။ သရေခေတ္တရာရာဇဝင်ထဲက ဒွတ္တဘောင်မင်း၏ စစ်နိုင်မိဖုရား ဗိဿနိုးပြည့်ရှင် ပန်ထွာဘုရင်မလို၊ ပုဂံရာဇဝင်ထဲက အနော်ရထာမင်းကြီး၏ ကြင်ရာတော် စောမွန်လှမိဖုရားတို့လို ဒဏ္ဍာရီဆန်၊ ဂန္ထာရီဆန် ဂမ္ဘီရန္တယ်ယှက်နေသော မိဖုရားတစ်ပါး ရခိုင်ရာဇဝင်ထဲမှာလည်း ပေါ်ပေါက်ခဲ့ဖူးပါသည်။ သူမကား တခြားမဟုတ်။ ၁၆ ရာစုအလယ်က ရခိုင်မြောက်ဦးရွှေပြည်ရွှေနန်းမှာ အလွန်တရာ ထင်ရှားခဲ့သော ပတ္တမြားဒေဝီ စောမဲကျီမိဖုရားပင် ဖြစ်ပါသည်။

သို့တစေ ပုဂံရာဇဝင်ကို တုတ်ထမ်းဓားထမ်းပြောခဲ့ရသလို ပတ္တမြားဒေဝီစောမဲကျီရာဇဝင်ကိုလည်း တုတ်ထမ်းဓားထမ်းပြောနေရဆဲဖြစ်သည်။ မြန်မာစာပေလောကတွင် နေတစ်ဆူလတစ်ပါးလိုထင်ရှားသောအပေါင်းဆုံးပျို့၊ လူသိအများဆုံးပျို့၊ ကာရန်သတ်ပုံမှန်ကန်သောပျို့အဖြစ် ကျော်စောသောလောကသာရပျို့ကို ဗမာစာပေသမားတို့က အင်းဝပြည့်ရှင် ထူပါရုံဒါယကာနရပတိမင်း၏သမီးတော်၊ အင်းဝဒုတိယမင်းခေါင်၏အရီးတော် စစ်ကိုင်းမင်းသမီးမင်းလှထွတ်၏ ဆရာအရှင် ကန်တော်မင်းကျောင်းဆရာတော် ရှင်မဟာကဿပ ဂုတ္တမထေရ်က ရေးသား စီကုံးသည်ဟု၊ ရခိုင်စာပေသုတေသီတို့ ဤလောကသာရပျို့ကို အင်းဝပြည့်ရှင်မင်းကြီး စွာစော်ကဲ၏ ငယ်ဆရာ ရခိုင်သူမြတ်ခေါ်၊ ရခိုင်ဆရာတော်ခေါ်၊ ရခိုင်ဘုန်းကြီးခေါ်၊ ကန်တော်မင်းကျောင်းဆရာတော် အရှင်အဂ္ဂသာရမထေရ်မှရေးသားစီကုံးသည်ဟု အကျောက်အကန် ငြင်းခုန် စာပေတိုက်ပွဲဆင်နွှဲနေကြသလိုပင်။ ရခိုင်ပြည်နယ်ဇာတိဖွား ရခိုင်စာပေသမားတို့ကြားထဲမှာလည်း ပတ္တမြားဒေဝီစောမဲကျီရာဇဝင်နှင့် ပတ်သက်၍ အကျောက်အကန် အငြင်းပွား စာပေတိုက်ပွဲဆင်နွှဲနေကြဆဲ ဖြစ်ကြပါသည်။

ဤနေရာမှာ ပတ္တမြားဒေဝီစောမဲကျီနှင့်ပတ်သက်သော စာပေတိုက်ပွဲကို မပြောကြားမီတွင် ပတ္တမြားဒေဝီစောမဲကျီ၏ ကိုယ်ရေးရာဇဝင်ကို လေ့လာစောကြောကြည့်ကြပါမည်။

ပတ္တမြားဒေဝီ စောမဲကျီသည် ရခိုင်မြောက်ဦး ရွှေပြည်ရွှေနန်းသခင် ပြည့်ရှင်မင်းတစ်ပါး၏ မိဖုရားတစ်ပါး ဖြစ်သော်ငြားလည်း မြောက်ဦးရွှေနန်းတော်၏ နန်းစဉ်နန်းဆက် မင်းမျိုးမင်းနွယ် တော်ဝင်မိသားစုဝင် မဟုတ်ပါဘဲ သာမန် တောင်သူလယ်လုပ် ဓားမခုတ်ကျေးလက်တောသူတစ်ဦးသာ ဖြစ်ပါသည်။ သို့ဖြစ်သည့်တိုင် ပတ္တမြားဒေဝီစောမဲကျီ၏ ဘဝဇာတ်ကြောင်းသည် ထူးထွေဆန်းပြားလှ၍ဝှက်နက်နဲခြင်းများ



# မင်းရှိန်အောင်

## ပတ္တမြားဒေဝီစောမဲကျီရှင်းတမ်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပြည့်နှက်နေသည်ဟုဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူမဘဝဖြစ်စဉ်ထဲ၌ ထူးဆန်းသော မနောမယပတ္တမြားတို့ ကုသိုလ်ပါရမီအလျောက် ရရှိခဲ့ပါသည်။ နောက် ရခိုင်ပြည်တစ်နံတစ်လျားတွင် အထူးသဖြင့် ရခိုင်တောင်ပိုင်းဒေသတစ်ခွင်တစ်ပြင်မှာ စေတီပုထိုးမြောက်မြားစွာ တည်ထားခြင်းဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြီး အမျိုးအစားအမျိုးအမည်တရောနှောနှော [illegible]ဖြစ်နေသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်များကို သစ္စာအဓိဋ္ဌာန်ပြုလျက် အမျိုးအစား အမျိုးအမည် သူ့နေရာနှင့်သူ ခွဲခြားပေးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ယင်းပြင် သူမသစ္စာအဓိဋ္ဌာန်ပြုခြင်းကြောင့် သူမ၏သက်မဲ့ရုပ်ကလာပ် [illegible] မြစ်ရေထဲမျှောချခံရရာတွင် ရေစုန်မျှောဘဲရေဆန်တက်ခဲ့ခြင်းပင်ဖြစ်သည်။

ဆိုခဲ့သလိုပင် ပတ္တမြားဒေဝီစောမဲကျီသည် မူလက ကျေးလက်တောသူတစ်ဦးပင် ဖြစ်သည်။ တောင်သူ[illegible]ယ်လုပ်ဓားမခုတ်များဖြစ်သော ဖခင် [illegible]သီး၊ မိခင် ဒေါ်မဲတူတို့၏ သမီးကြီး[illegible]သည်။ ပတ္တမြားဒေဝီစောမဲကျီတွင် [illegible]ကြီး စောသန္တာ၊ ညီမငယ် စောပုညို၊ [illegible]င်ငယ် ငဝါခေါင်ဟူသော မောင်နှမ [illegible] ဦးရှိပါသေးသည်။ ပတ္တမြားဒေဝီ[illegible]မဲကျီ၏ အမည်နာမရင်းမှာ မဲကျီ၊ [illegible]ကျီဖြစ်ပါသည်။ သူမ၏မူလအသား[illegible]ရောင်က ဥပ္ပလ္လဝဏ်ကြာညိုအဆင်း၊ [illegible]ပြာပြာညိုကျော့ကျော့အဆင်းရှိ[illegible]ကြောင့် မဲကျီ၊ မမဲကျီဟုမည်တွင်[illegible]သည်ဟု ဆို၏။ အရွယ်ရောက်လာ[illegible]အခါတွင် တောသူတောင်သား[illegible]သဘာဝအလျောက် တောင်ပေါ်[illegible] တောထဲဝင်၍ ထင်းခွေ၊ ဟင်းခူး၊ [illegible]ထဲချောင်းထဲအင်းထဲအိုင်ထဲဆင်းလို့ [illegible] ပုစွန်ဖမ်းကို လုပ်လေ့လုပ်ထရှိကြ[illegible] သူမအဖို့တော့ ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် ငါးပါးပဥ္စသီလကို ခါးဝတ်ပုဆိုးလို မြဲမြံစွာစောင့်ထိန်းသောကြောင့် ငါးရှာပုစွန်ဖမ်းအလုပ်ကို လုံးဝမလုပ်ဆောင်ဘဲ ထင်းခွေဟင်းခူးအလုပ်ကိုပဲ လုပ်ဆောင်မြဲ ဖြစ်သည်။

သို့သော် တစ်နေ့သ၌ သူမ၏ သူငယ်ချင်းမများ ယက်သုံဖြင့် ငါးသုံဖမ်းနေကြသော ရေအိုင်တစ်ခုဆီသို့ သူမအရောက်တွင် သူမသည် ယက်သုံဖြင့် ငါးသုံဖမ်းလိုသောဆန္ဒပြင်းပြင်းထန်ထန်ပေါ်ပေါက်လာသဖြင့် ရေအိုင်ထဲသို့ ရုတ်တရက်ဆင်းကာ သူငယ်ချင်းမတစ်ယောက်ဆီက ယက်သုံကို ဖျတ်ခနဲလုယူပြီး ငါးသုံဖမ်းလေသည်။ သူမ၏ ထူးဆန်းသောအပြုအမူကို သူမ၏ သူငယ်ချင်းမများက တအံ့တသြဖြင့် ဝိုင်းကြည့်နေကြသည်။

သူမ၏ ယက်သုံဖြင့် ဖမ်းသမျှ ငါးတစ်ကောင်မှမပါဘဲ လက်သီးဆုပ်ခန့် ကျောက်နီတုံးတစ်တုံးသာပါလာသဖြင့် ၎င်းကိုလွှင့်ပြီး ယက်သုံဖြင့်သုံပြန်သော် ကျောက်နီတုံးက ပါလာပြန်သောကြောင့် ရေထဲသို့ ပြန်လွှင့်ပစ်ပြန်သည်။ ဤသို့ အကြိမ်ကြိမ်အခါခါဖြစ်နေသဖြင့် သူမသူငယ်ချင်းတို့က ခွက်ထိုးခွက်လန်ရယ်သွမ်းသွေးကြလေသည်။ ဤသို့ဖြင့် ထိုကျောက်နီတုံးသည် သူမ၏ အိမ်သို့ ပါလာခဲ့ရလေသည်။

သူမနှင့်ပါလာသောထိုကျောက်နီတုံးသည် သာမန်မဟုတ်ကြောင်းကို ညဉ့်ရောက်မှ သိရှိရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျောက်နီတုံးသည် ညဉ့်မှောင်သည်နှင့် တစ်ခန်းလုံး တစ်အိမ်လုံးသည် အမှောင်ဖျောက်၍ အလင်းရောက်စေကာ လင်းထိန်နေသောကြောင့် ဖြစ်၏။ ထိုကျောက်နီတုံး၏ အလင်းကြောင့် အကာလညအခါတွင် ထမင်းစားနိုင်ခြင်း၊ အိမ်မှုကိစ္စဆောင်ရွက်နိုင်ခြင်း၊ ရက်ကန်းရက်နိုင်ခြင်း၊ သပေါ့ဖျာရက်နိုင်ခြင်း စသည်တို့ကို သူမတို့မိသားစု လုပ်ဆောင်နိုင်ခဲ့သည်။

ဤသတင်းသည် တစ်ရပ်လုံး၊ တစ်နယ်လုံး ကျော်ဇောသွားကာ ဘုရင့်ရွှေနန်းတော်သို့ ပေါက်ကြားသွားလေရာ နောက်ဆုံး ဘုရင့်အမိန့်ဖြင့် ထိုကျောက်နီတုံးကို အသိမ်းပိုက်ခံရကာ ရွှေနန်းတော်သို့ ယူဆောင်ခြင်းခံရလေ၏။ သို့သော် ထိုကျောက်နီတုံးသည် ရွှေနန်းတော်ဆီသို့ မရောက်ဘဲ သူမတို့အိမ်သို့သာ (ဝါ) သူမဆီသို့သာ ပြန်ရောက်လာသည်။ ထို့ကြောင့် ပြန်သိမ်းပိုက်ပြီး ပြန်ပို့ဆောင်စေပြန်ရာ ရွှေနန်းတော်သို့မရောက်ဘဲ သူမဆီသို့ပြန်ရောက်နေပြန်သည်။ သို့မှသာ ထိုကျောက်နီတုံးသည် သာမန်မဟုတ်ဘဲ မနောမယပတ္တမြားဖြစ်ကြောင်း၊ ထိုမနောမယပတ္တမြားသည် သူမ၏ ဘုန်းကံပါရမီအလျောက်ရရှိကြောင်း၊ ထိုမနောမယပတ္တမြားကိုလိုချင်လျှင် သူမကိုပါ သိမ်းပိုက်မိဖုရားမြှောက်မှ ပိုင်ဆိုင်နိုင်မည်ကို သဘောပေါက်ကြလေသည်။ ဤသို့ဖြင့် သူမသည် မနောမယပတ္တမြားကို အကြောင်းပြုလျက် တော်ကောက် မိဖုရားမြှောက်ခြင်းကိုခံရလေသည်။

ဤသို့ဖြင့် သူမ၏ ငယ်နာမည် 'မဲကျီ' ရှေ့မှာ အရှင်သခင်လို့ အဓိပ္ပာယ်ဆောင်တဲ့ 'စော' ဆိုသော ဝေါဟာရစကားလုံးကို တံခွန်တပ်လိုက်ခြင်းဖြင့် 'စောမဲကျီ' ဟူသော နာမည်ပိုင်ရှင်ဖြစ်လာခဲ့သည်။ ပြီး မနောမယပတ္တမြားနှင့် နှီးနွှယ်နေသောကြောင့် (ဝါ) မနောမယ





www.burmeseclassic.com

www.burmeseclassic.com

ပတ္တမြားကို ပိုင်ဆိုင်သောကြောင့် စောမဲကျီဟူသောအမည်သညာရှေ့မှာ ပဒ္မမြားဒေဝီဆိုသောဘွဲ့အမည်သရည် နာမဝိသေသန ချည်နှောင်လျက် ပတ္တမြားဒေဝီစောမဲကျီဟူ၍ ဖြစ်လာခဲ့ရခြင်းပင် ဖြစ်သည်။

ဤနေရာမှာပြောချင်သည့်အချက်တစ်ခုမှာ တချို့ရခိုင်ဒေသသားတို့သည် ရေးတော့အမှန် ပြောသောအသံဆိုသည်ကို လျှစ်လျူရှုကာ ပတ္တမြားဒေဝီစောမဲကျီကို ပတ္တမြားဒေဝီစိုးမဲကျီဟု ပြောဆို ရေးသားမှုကိုပင် ဖြစ်သည်။ ဦးစဏ္ဍိန္ဒ၏ဦးရာဇ်တောင်ဘုရားသမိုင်းစာအုပ်ထဲ၌ ပတ္တမြားဒေဝီစောမဲကျီကို ပဒ္မပါဝီလို ရုပ်ရည်ဆိုးပြီး အတွေ့အထိ အာရုံကောင်းလှသူ ဖြစ်သောကြောင့် ဆိုးမဲကြီးဟုခေါ်ဆိုသည်ဟု ပြဆိုထားသည်ကို တွေ့ရပေသည်။ နောက် ဂေါယာမြေစောဝင်း၏ ရခိုင်ပြည်နယ် ဗုဒ္ဓသာသနာတော်သမိုင်းစာအုပ်ထဲတွင် မြောက်ဦးခေတ် ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာမင်း၏ မိဖုရားတစ်ပါးဖြစ်သော အရှေ့ပြည်သူ စောမဲကြည်မိဖုရားဟု ဆိုထားပြန်သည်။

ဤကား ပတ္တမြားဒေဝီစောမဲကျီနှင့်စပ်လျဉ်း၍ ဝိဝါဒမူကွဲများပင်တည်း။

ဤသို့ဖြင့် ဤနေရာမှာ ပတ္တမြားဒေဝီစောမဲကျီနှင့် ပတ်သက်၍ ရခိုင်စာပေသမားတို့ကြားထဲတွင် အငြင်းပွားစာပေတိုက်ပွဲဆင်နွှဲရခြင်းအကြောင်းရင်းခံကို ဖော်ပြဖို့လိုလာပေပြီ။ ယင်းမှာ တခြားမဟုတ်။ ပတ္တမြားဒေဝီစောမဲကျီ၏ မွေးရပ်ဇာတိမြေနှင့် ပတ်သက်၍ ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်ပြည့်ရှင်မင်းကြီးနှင့်ပတ်သက်၍ ဖြစ်ခဲ့သည်။

ရခိုင်တောင်ပိုင်းစာပေသမားတို့ ပတ္တမြားဒေဝီစောမဲကျီ၏ မွေးရပ်ဇာတိမြေကို ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကန်တိုင်းတိုက်နယ် ရွာရင်းရွာဟု အခိုင်အမာပြောဆိုကြသလို ရခိုင်မြောက်ပိုင်းစာပေသမားတို့က ပတ္တမြားဒေဝီစောမဲကျီ၏ မွေးရပ်ဇာတိမြေကို စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်တော်ဘုရားအနီး ရေပေါက်ချောင်းရွာသူဟု အသေအချာပြောဆိုကြသည်။ ပြီး ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်ကို ရခိုင်မြောက်ပိုင်းစာပေသမားတို့က မြောက်ဦးပြည့်ရှင်မင်း ဖလောင်းမင်းဟု သေချာပေါက် ပြောဆိုကြသော်လည်း ရခိုင်တောင်ပိုင်းစာပေသမားများကမူ ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်သည် မြောက်ဦးပြည့်ရှင် မင်းဗာကြီးမင်းဖြစ်သည်ဟု ကျိန်းသေပေါက် ပြောဆိုကြလေသည်။

ထိုသို့ပင် ပတ္တမြားဒေဝီစောမဲကျီ၏ နောက်ဆုံးကုသိုလ်တော်ဖြစ်သော မြောက်ဦးမြို့ အံတော်သိမ်ဘုရားအနီး နှိုပုံစေတီတော်ကို မြောက်ဦးပြည့်ရှင်မင်း ခမောင်းမင်း၏ ကြင်ရာတော် မိဖုရားရှင်ထွေး၏ ကုသိုလ်တော် ရတနာပုံစေတီအဖြစ် အခိုင်အမာ ပြောဆိုနေကြသည်ဖြစ်၏။

နောက်ပြောစရာတစ်ခုက ရခိုင်ပြည်အနှံ့အပြားတွင် အထူးသဖြင့် ရခိုင်တောင်ပိုင်းမှာ ပတ္တမြားဒေဝီစောမဲကျီနှင့်နှီးနွှယ်နေသောနေရာဌာနများ၊ စေတီပုထိုးများ ဖွေးဖွေးလှုပ်တွေ့မြင်နိုင်ပေမယ့် ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ မင်စာ၊ ခေါင်းလောင်းစာ စသော ရခိုင်သမိုင်းရာဇဝင်ဆိုင်ရာ မှတ်တမ်းမှတ်ရာများတွင် ပတ္တမြားဒေဝီစောမဲကျီနှင့် စပ်လျဉ်း၍ စာတစ်ကြောင်းစာတစ်ပါဒမှ မပါမရှိသည်ကတော့ မေးခွန်းထုတ်စရာကောင်းလှသလို အတွေးနယ်ချဲ့စရာလည်း ကောင်းလှပေသည်။ သို့တစေ ရခိုင်ပြည်သူတို့ကြားထဲတွင် အထူးသဖြင့် ရခိုင်တောင်ပိုင်းပြည်သူတို့၏ ရင်တွင်းထဲမှာ ပတ္တမြားဒေဝီစောမဲကျီ၏ ဆွတ်ပျံ့လွမ်းမောဖွယ်ရာကောင်းလှသောဘဝဇာတ်ကြောင်းသည် ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက် စွဲရစ်ဝေစည်ရှင်သန်လျက်ရှိနေခဲ့၊ ရှိနေမြဖြစ်နေသည်မှာ ယခုထက်တိုင် ဖြစ်နေပါသည်။

ဤနေရာမှာ စကားချပ်အနေဖြင့် ပြောချင်နေသည့်အရာတစ်ခုမှာ လွန်ခဲ့သော နှစ် (၄၀) ကျော် (၅၀) လောက်က နိုင်ငံကျော် စာရေးဆရာကြီး ဒဂုန်ရွှေမျှားက ရှုမဝမဂ္ဂဇင်းတွင် ပတ္တမြားဒေဝီစောမဲကျီ ဘဝဇာတ်ကြောင်းကို ဝတ္ထုရှည်အဖြစ် ရေးသား တင်ပြခဲ့ဖူးသည်။ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်၊ လေးဆယ်လောက်က ထိုဆရာဒဂုန်ရွှေမျှား၏ ပတ္တမြားဒေဝီစောမဲကျီ၏ ဝတ္ထုရှည်ကို ကာတွန်းဆရာ မောင်စိန်က ပန်မဂ္ဂဇင်းတွင် ရုပ်ပြအဖြစ် အခန်းဆက်ဖော်ပြခဲ့ဖူးသည်။ အဆိုပါ ရှုမဝမဂ္ဂဇင်းနှင့် ပန်မဂ္ဂဇင်းတို့ကို တိတိကျကျမဖော်ပြနိုင်သည်က စာရေးသူ၏ အားနည်းချက်ပင်ဖြစ်၏။ နောက် စာရေးဆရာရမ်းဗြဲရွှေမောင်းကလည်း ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ပတ္တမြားဒေဝီစောမဲကျီဝတ္ထုဆောင်းပါးကို ရေးသားဖော်ပြဖူးသည်။ စာရေးဆရာ ဒဂုန်ရွှေမျှား၏သားဖြစ်သူ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင်ကလည်း ဤပတ္တမြားဒေဝီစောမဲကျီဇာတ်ကြောင်းကိုရုပ်ရှင်ရိုက်ကူးရန် အားထုတ်ခဲ့ဖူးသည်။ သို့သော် လက်တွေ့တော့ဖြစ်မလာခဲ့။ ဆရာကြီး ဒဂုန်ရွှေမျှား၏ ပတ္တမြားဒေဝီစောမဲကျီ ဝတ္ထုထဲတွင် သူမ၏ ကြင်ရာတော်က မင်းဗာကြီးမင်း၊ သူမ၏မွေးဖွားရာဇာတိမြေက ရမ်းဗြဲမြို့နယ် ကန်တိုင်းတိုက်နယ် ရွာရင်းရွာဟု ဖော်ပြထားသည်ပင်ဖြစ်၏။

ကဲ - ဤနေရာမှစပြီး ပတ္တမြားဒေဝီ စောမဲကျီနှင့်စပ်လျဉ်းသော ငြင်းခုံမှုများ၊ စာပေတိုက်ပွဲကို စ၍ပြောကြမည်။ ဤပတ္တမြားဒေဝီစောမဲကျီဆိုင်ရာ ငြင်းဆန်မှု (ဝါ) စာပေတိုက်ပွဲသည် ဘယ်နံ့ရောကာလကပင် စတင်ခဲ့သည် မသိ။ ရှိနေခဲ့သည်ကအမှန်ပင် ၂၀ ရာစု ကုန်လုလုအချိန်တွင် ပိုမိုပြင်းထန်လာခဲ့သည်။ ရခိုင်တောင်ပိုင်း စာပေသမား ဝတီဒိုင်း (ရမ္မာဝတီ) ၏ ရမ္မာဝတီမဂ္ဂဇင်း အမှတ် (၂) ပါ ပတ္တမြားဒေဝီစောမဲကျီ ဆိုင်ရာဆောင်းပါးကို ရခိုင်မြောက်ပိုင်း စာပေသမား တက်ထွန်းနီ (မြောက်ဦး) ၏ ရခိုင်ညွန့်ဖူးမဂ္ဂဇင်းပါ ပတ္တမြားဒေဝီ စောမဲကျီဆိုင်ရာဆောင်းပါးဖြင့် ထိုးနှက်တိုက်ခိုက်မှုသည် မီးလောင်ရာလေပင့်သလို၊ မြွေပူရာကင်းမှောင့်သလို ပွက်လောရိုက်စေခဲ့သည်။ ဟိုဘက်သည်ဘက် အပြန်အလှန်ငြင်းခုံရေးသားမှုတော်ရုံတန်ရုံနှင့် အဆုံးမသတ်နိုင်ဖြစ်နေခဲ့သည်။

စာရေးသူသည်လည်း ကျောက်ဖြူမြို့နယ်မဂ္ဂဇင်းကော်မတီက ၁၉၉၉ ခုနှစ်ကထုတ်ဝေသော ရွှေကျွန်းသန္တာမဂ္ဂဇင်း အမှတ်(၁)တွင် 'ပတ္တမြားဒေဝီ စောမဲကျီ အစစ်ကို တွေ့အောင် ရှာဖွေခြင်း' ခေါင်းစဉ်ဖြင့် ပတ္တမြားဒေဝီစောမဲကျီ၏ ဇာတိမြေသည် ရမ်းဗြဲမြို့နယ် ရွာရင်းရွာ၊ ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်သည် မင်းဗာကြီးမင်းဖြစ်သည်ဆိုသည်ကို သက်သေသာဓကခိုင်ခိုင်လုံလုံရှာဖွေလျက် နာသာခံခက်မချိုမမြိန်စွာ ရေးသားဖော်ပြခဲ့သည်။ ဤရေးသားချက်သည် တစ်စုံတစ်ရာအတိုင်းအတာထိရိုက်ခတ် သက်ရောက်မှုများရှိနေခဲ့သည်။

အေဒီ ၂၀၀၀ ပြည့်နှစ်တွင် ရခိုင် ဘာသာစကားဖြင့် ရေးသားဖော်ပြ သော ရခိုင်ရိုးမမဂ္ဂဇင်းတွင် စာရေးဆ

www.burmeseclassic.com

www.burmeseclassic.com

နှောင်းအေးသည် သူ၏ စာတလင်း ဆောင်းပါးထဲတွင် စာရေးသူ၏ ဆောင်းပါးကို အခြေကိုင်လျက် ပတ္တမြားဒေဝီစောမဲကျီနှင့်ပတ်သက်သော စာပေတိုက်ပွဲကိုချည်းပြုမနေကြဘဲ ကျေလည်ပြေအေးမှုပြုကာ သည့်ထက်ပိုမိုအရေးကြီးသောကိစ္စရပ်များကိုပူးပေါင်းဆောင်ရွက်ကြဖို့ကို တိုက်တွန်းအကြံပြုထားသည်ကို တွေ့ရှိရပေသည်။

တစ်ခါ မြောက်ဦးမြို့နေ ရခိုင်စာပေပညာရှင် ဆရာညေဦးကလည်း ၁၀-၄-၂၀၀၀ နေ့စွဲဖြင့် စာရေးသူဆီကို စာတစ်စောင်ရေးပို့ပါသည်။ တကယ်တော့ ထိုစာသည် ကိုယ်ရေးကိုယ်တာ အက်သက်စာသာဖြစ်ပါသည်။ သို့သော် ထိုစာထဲတွင် ပတ္တမြားဒေဝီစောမဲကျီနှင့် ပတ်သက်၍ ဤသို့ထည့်သွင်းရေးသားခဲ့ပါသည်။

လေးစားစွာဖြင့် -

ကျွန်တော်သည် ဆရာ၏ ပတ္တမြားဒေဝီကို ရွှေကျွန်းသန္တာမဂ္ဂဇင်းတွင်ဖတ်ရပါသည်။ အထောက်အထားများ တော်ရုံပြည့်စုံပါသည်။ တင်ပြပုံလည်း ကောင်းပါသည်။

ပတ္တမြားဒေဝီသည် နတ်ရှင်မယ်ကဲ့သို့ သမိုင်းကိုပြောင်းလဲစေသူတစ်ဦးဟု မမြင်ပါ။ သို့သော် အမှန်တရားကိုထိုလား၍ တင်ပြနေကြသည်ကိုတော့ အပြစ်မပြောလိုပါ။ ပုဏ္ဏားကျွန်းမြို့နယ်တွင် အထောက်အထားများပြောပလောက်အောင်မရှိဟုပြောကြပါသည်။ မည်သို့ပင်ဖြစ်စေ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ အာဃာတများမပြန့်ပွားစေရေး အဓိကဟုမြင်ပါသည်။ တောင်ပိုင်း၊ မြောက်ပိုင်း အယူအဆများ ပပျောက်ဖို့လိုပါသည်။

ဆရာညေဦးသည် ရခိုင်စာပေသမားတို့ ရိုသေလေးစားမှုကို ခံယူရသူဖြစ်သည့်အလျောက် သမာသမတ်ကျစွာ ဖျန်ဖျန်ဖြေဖြေ အကြံပြုရေးသားထားသည်ဟု ထင်ပါသည်။ တကယ့်တကယ်လည်း ရမ္မာဝတီ ရမ်းဗြဲကျွန်းပေါ်တွင်ရှိသော ရမ်းဗြဲမြို့နယ် ကန်တိုင်းတိုက်နယ်အတွင်းတွင် (ပတ္တမြားဒေဝီ စောမဲကျီဇာတိရွာ ရွာရင်းရွာပျက်သွားသဖြင့် ၎င်းအနီးမှာ အတွင်းပြင်ရွာတည်ထားသည်။) ပတ္တမြားဒေဝီစောမဲကျီ စီးတော်မူခဲ့သော ဝေါယာဉ်တော်၊ ပတ္တမြားဒေဝီစောမဲကျီ၏သချိုင်းတော်၊ ပတ္တမြားဒေဝီစောမဲကျီအိမ်တော်ရာမှာတည်ထားသော နန်းသူစေတီ၊ ပတ္တမြားဒေဝီစောမဲကျီအတွက် လွမ်းစေတီ၊ ပတ္တမြားဒေဝီစောမဲကျီဆွေတော်မျိုးတော်တို့၏ နေရာဌာနများ၊ သူတို့၏သချိုင်းတော်များ၊ ပတ္တမြားဒေဝီစောမဲကျီပတ္တမြားရထားသောရေအိုင်၊ သူမကွပ်မျက်ခံရသောအခါတွင် သက်မဲ့ရုပ်ကလာပ်ကိုရေမျှော၍ဆန်တက်သောချောင်း၊ မြောက်ဦးပြည့်ရှင်မင်းကြီးသည် ပတ္တမြားဒေဝီစောမဲကျီကို သိမ်းပိုက်ရန် အလာ တာန်းချောင်းတွင် မင်းစီလှေတော်ဆိုပ်ကပ်ရာ မင်းတက်လှေကား (ယခု ရမ်းဗြဲမြို့အတွင်း) ရမ်းဗြဲမြို့သိမ်တောင် (ရှေးက ဗိဿနိုးတောင်ဟုခေါ်) ပေါ်က ပတ္တမြားဒေဝီစောမဲကျီ၏ ညီမကြီး စောသန္တာ တည်ထားသော စောသန္တာစေတီ စသော ခိုင်မာသည့် သက်သေသာဓကများသည် (၁၂) နိုင်လုံသောဥပနိဿယနေရာဌာနများ တထင်တရှားရှိနေသည်ပင် ဖြစ်၏။

လိုရင်းကိုပြောရလျှင် နောက်ပိုင်း၌ ပတ္တမြားဒေဝီစောမဲကျီ၏ မွေးရပ်ဇာတိမြေသည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ္မာဝတီ ရမ်းဗြဲကျွန်းပေါ်က ရမ်းဗြဲမြို့နယ် ကန်တိုင်းနယ်မှ ရွာရင်းရွာ ဆိုသည်ကို ရခိုင်တောင်ပိုင်းစာပေသမားရော ရခိုင်မြောက်ပိုင်းစာပေသမားပါ မငြင်းမကွယ် တညီတညွတ်တည်း လက်ခံလာကြသည်။ သို့ဖြစ်သည့်တိုင် ပတ္တမြားဒေဝီစောမဲကျီ၏ကြင်ရာတော် ပြည့်ရှင်မင်းကြီးနှင့် စပ်လျဉ်း၍ ဝိဝါဒကွဲပြားမှုရှိနေဆဲ ဖြစ်သည်။ သဘောထားကွဲလွဲနေဆဲ ဖြစ်သည်။

ဆိုခဲ့သလိုပါပဲ ရခိုင်မြောက်ပိုင်းစာပေသမားတို့က ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်ကို သက္ကရာဇ် ၉၃၃ (၁၅၇၁) မှ ၉၅၅ (၁၅၉၃) အထိ မြောက်ဦးရွှေပြည်ရွှေနန်းကိုစိုးစံခဲ့သော မင်းဖလောင်းမင်းဖြစ်သည်ဟု အခိုင်အမာပြောဆိုကြသလို ရခိုင်တောင်ပိုင်းစာပေသမားတို့ကလည်း ပတ္တမြားဒေဝီစောမဲကျီ၏ကြင်ရာတော်သည် သက္ကရာဇ် ၈၉၃ (၁၅၃၁) မှ ၉၁၅ (၁၅၅၃) အထိ မြောက်ဦး ရွှေပြည်ရွှေနန်းကို အုပ်စိုးခဲ့သော မင်းဗာကြီးမင်းဖြစ်သည်ဟု အခိုင်အမာယူစွဲကြသည်။ တကယ်တော့ မင်းဗာကြီးမင်းနှင့် မင်းဖလောင်းမင်းတို့က သားအဖအရင်းတော်စပ်ကြသည်။ မင်းဖလောင်းမင်းသည် မင်းဗာကြီးမင်း၏ သားတော်ပင် ဖြစ်ပါသည်။

သို့ဆိုလျှင် မင်းဗာကြီးမင်းနှင့် မင်းဖလောင်းမင်းတို့တွင် အဘယ်သူက ပတ္တမြားဒေဝီစောမဲကျီ၏ တကယ့်ကြင်ရာတော်ဖြစ်နိုင်မလဲ ဆိုသူသည်ကို သက်သေသာဓကများရှာဖွေစောကြောကြည့်ကြပါမည်။

သျှင်ဥက္ကံသ၏ ပတ္တမြားဒေဝီစောမဲကျီသမိုင်းစာအုပ်ထဲတွင် ပတ္တမြားဒေဝီစောမဲကျီကို ရမ္မာဝတီ ရမ်းဗြဲကျွန်း ကန်တိုင်းနယ် ရွာရင်းရွာတွင် တောင်သူကြီး ဦးဖြူသီး၊ ဒေါ်မဲတူတို့က သက္ကရာဇ် ၈၇၅ (၁၅၁၃) ခုနှစ်မှာ မွေးဖွားခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဤဖော်ပြချက်ကိုလက်ခံရန် အခက်အခဲဖြစ်နေသူတို့အဖို့ တဲမြက်လှည်းသိမ်းပယ်ချမှုမပြုဘဲ ရေကုန်ရေခန်းလေ့လာသုတေသနပြုဖို့ အလွန်ကောင်းလှပေသည်။

ပတ္တမြားဒေဝီစောမဲကျီ၏ မွေးနှစ်သက္ကရာဇ်ကို သိရှိရလျှင် မင်းဗာကြီးမင်းနှင့် မင်းဖလောင်းမင်းတို့၏ မွေးနှစ်သက္ကရာဇ်ကို သိရှိဖို့လိုလာပေပြီ။ မင်းဗာကြီးမင်း မွေးနှစ်သက္ကရာဇ်မှာ သက္ကရာဇ် ၈၅၄ (၁၄၉၁) ဖြစ်သည်။ ဖခမည်းတော်မှာ မင်းရာဇာမင်း (၁၅၀၁ - ၁၅၀၃)နှင့် မယ်တော် စောနန္ဒိမိဖုရားတို့မှ မီးရှူးသန့်စင်ခဲ့သည်ပင် ဖြစ်၏။ မင်းဖလောင်းမင်းကို မင်းဗာကြီးမင်းနှင့် မိဖုရားစောရှင်စောတို့က သက္ကရာဇ် ၈၉၆ (၁၅၃၄) ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့သည်။ ထူးခြားချက်က ထိုသက္ကရာဇ် ၈၉၆ ခုနှစ်တွင် မင်းဗာကြီးမင်းသည် တိုင်းပြည်ကို အလစ်ဝင်တိုက်ခိုက်သိမ်းပိုက်ရန်ကြိုးစားသော ပေါ်တူဂီရေတပ်ကြီးကို ပြန်လည်ဖြိုခွင်းသုတ်သင်နိုင်ခဲ့သည်။ ထိုစဉ်က ရခိုင်တို့က ပေါ်တူဂီတို့ကိုခေါ်ဝေါ်သော နာမည်ပြောင်မှာ ဖလောင်းဟု ဆို၏။ မင်းဗာကြီး၏ငယ်မည်မှာ ဘစောသီရိဖြစ်ပြီး မင်းဖလောင်း၏ငယ်မည်မှာကား ဖွားတော်ထွေးဟုခေါ် ဆို၏။ ဖွားတော်ထွေးကို မွေးဖွားသောခုနှစ်မှာပင် ဖခမည်းတော်မင်းဗာကြီးက ပေါ်တူဂီလူမျိုးခေါ် ဖလောင်းလူမျိုးတို့ကို စစ်အောင်နိုင်ခဲ့သောကြောင့် သားတော် ဖွားတော်ထွေးကို မင်းဖလောင်းဟု နာမည်ပြောင်းလဲပေးခဲ့သည် ဖြစ်၏။

အထက်က ဖော်ပြခဲ့သလိုပင် ပတ္တမြားဒေဝီစောမဲကျီ၏ မွေးသက္ကရာဇ် ၈၇၅ (၁၅၁၃) ခုနှစ်ကို အတည်ပြုနိုင်မည်ဆိုလျှင် မင်းဗာကြီး၏ မွေးသက္ကရာဇ် ၈၅၄ (၁၄၉၁) ခုနှစ်က (၂၁) နှစ်ကြီးနေမည်ဖြစ်ပြီး မင်းဖလောင်းမင်း၏ မွေးသက္ကရာဇ် ၈၉၆ (၁၅၃၄) ခုနှစ်ဆိုလျှင် (၂၁) နှစ်ငယ်နေသည်။ ဤနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

ဝေဖန်ဖို့နှင့် အတွေးနယ်ချဲ့ဖို့ အလွန်ကောင်းလှပေသည်။

တစ်ဖန် ရှေ့ကဆိုခဲ့သလိုပင် ပတ္တမြားဒေဝီစောမဲကျီ၏ဘဝဖြစ်စဉ်၌ ထူးခြားချက် (၄) ခု ဖြစ်ထွန်းခဲ့သည်။ ပထမထူးခြားချက်က မနောမယပတ္တမြားကို ပါရမီကုသိုလ်ကံအလျောက် ရရှိခဲ့သည်။ ဒုတိယဖြစ်စဉ်မှာ အရောရော အနှောနှောဖြစ်နေသောဗုဒ္ဓသရီယဓာတ်တော်မွေတော်တို့ကို သစ္စာအဓိဋ္ဌာန်ပြုလျက် အမျိုးအစား အမျိုးအမည် တိတိကျကျ သညာတော်ခွဲဝေပေးနိုင်ခဲ့သည်။ တတိယဖြစ်စဉ်မှာ ရခိုင်ပြည် တစ်နံတစ်လျား ဗုဒ္ဓသာသနိကစေတီပုထိုးများတည်ထားသာသနာပြုကိုးကွယ်ခဲ့၏။ ပတ္တမြားဒေဝီစောမဲကျီကွပ်မျက်ခံရသောအခါ သစ္စာအဓိဋ္ဌာန်ပြုမှုကြောင့် သက်မဲ့ရုပ်ကလာပ်ကို မြစ်ရေထဲချမျှောရာ ရေစုန်မဆင်းဘဲ ရေဆန်ပြန်တက်ခဲ့သည်ဆိုသောထူးခြားချက်ပင်ဖြစ်သည်။

ဤနေရာ၌ ပတ္တမြားဒေဝီ စောမဲကျီ ဘဝဖြစ်စဉ်မှာ အထိကရသောချက်ဟု ဆိုရမည်ဖြစ်သော ဗုဒ္ဓသရီရဓာတ်တော်မွေတော်တို့အား သစ္စာအဓိဋ္ဌာန်ပြု၍ သညာတော်ခွဲပုံကို အနည်းငယ်ဝိတ္ထာရချဲ့ ဆန်းစစ်ကြည့်ကြပါမည်။ တစ်နေ့သ၌မှာ မြောက်ဦးပြည့်ရှင်မင်းကြီးသည် သူ့ထံတွင်ရှိနှင့်နေသော အမျိုးအစား အမျိုးအမည် ရောနှောနေသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်မျိုးစုံကျောက်သပိတ်တစ်သပိတ်အပြည့်မှ ဓာတ်တော်မွေတော်တစ်ဆူချင်းစီ၏ အမျိုးအမည် အမျိုးအစားကိုသိရှိလိုသဖြင့် လူပညာရှိ ရဟန်းပညာရှိတို့နှင့် တိုင်ပင်တော်မူရာ နောက်ဆုံးတွင် ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ငါးပါးပဉ္စသီလကို ခါးဝတ်ပုဆိုးလို မြဲမြံစွာစောင့်စည်းခဲ့သော ပတ္တမြားဒေဝီစောမဲကျီကို သစ္စာအဓိဋ္ဌာန်ပြုသညာတော်ခွဲစေတော်မူလျှင် သင့်မြတ်တော်မူမည်ဟူသော အဆုံးအဖြတ်ရရှိလေသည်။

ဆိုခဲ့သလိုပင် ကျောက်သပိတ်တစ်သပိတ်အပြည့်ရှိသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်တို့၌ ရွှေရောင်အဆင်းရှိပြီး ပဲနောက်လုံးအရွယ်က အကြီးဆုံး၊ ခရားစေ့အရောင်ရှိပြီး ဆန်ကွဲပမာဏအရွယ်က အလတ်စား၊ ပုလဲရောင် အဆင်းရှိပြီး မုန်ညင်းစေ့အရွယ်က အငယ်ဆုံး တရောနှောနှောပါဝင်နေသည်ဖြစ်၏။ ပြည့်ရှင်မင်းကြီး သိချင်နေသည်က ဘယ်ဟာက အံတော်ဓာတ်၊ ဘယ်ဟာက ဆံတော်ဓာတ်၊ ဘယ်ဟာက လည်ရိုးတော်ဓာတ်၊ ဘယ်ဟာက လက်ဖျံတော်ဓာတ်၊ ဘယ်ဟာကနံရိုးတော်ဓာတ်၊ ဘယ်ဟာက ခြေသန်းတော်ဓာတ် စသည်ဖြင့် တစ်ခုချင်းစီ တစ်မျိုးချင်းစီ တိတိပပ ခွဲခြမ်းစိတ်ဖြာနိုင်မလား ဟူ၍ ဖြစ်၏။

ထိုထိုသော အကြောင်းကြောင်းများကြောင့် ပတ္တမြားဒေဝီစောမဲကျီသည် ကျောက်သပိတ်အပြည့်ရှိသော ဓာတ်တော်မွေတော်အရောရောအနှောနှောတို့အား မိမိ၏ သစ္စာအဓိဋ္ဌာန်ကို အကြောင်းပြုလျက် သညာတော်ခွဲခွင့်ရခဲ့လေသည်။ ဥပုသ်ရက်ရှည်မှထွက်လာစဖြစ်သော ပတ္တမြားဒေဝီစောမဲကျီသည် နန်းရင်ပြင်အလယ်က မင်္ဂလာမဏ္ဍပ်ထဲသို့ ဝင်ရောက်လာပြီး မင်္ဂလာမဏ္ဍပ်ဦးတွင် မဟာပုရိသကြန်အင်လက္ခဏာနှင့် ပြီးပြည့်စုံစွာသော ဗုဒ္ဓဘုရားရှင်၏ ရုပ်တော်မူဟန်ရုပ်ပုံလွှာပန်းချီကားချပ်ကြီးတစ်ချပ်စံမြန်းတော်မူရာသို့ တစ်လှမ်းပြီးတစ်လှမ်းကန္နေ့ရရကြွတော်မူလေ၏။ ထိုပန်းချီကားချပ်ကြီးရှေ့တော်မှောက် တည့်တည့် ရတနာရွှေပန်းကြာကလပ်ပေါ်တွင် ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်မွေတော်တို့အပြည့်အသိပ်စံတော်မူနေသော ကျောက်သပိတ်တော်ကြီးက နေရာယူလျက်ရှိသည်။

ပတ္တမြားဒေဝီ စောမဲကျီသည် ဗုဒ္ဓဘုရားရှင်၏ ရုပ်ပုံလွှာပန်းချီကားနှင့် ဗုဒ္ဓသရီယဓာတ်တော်မွေတော်ကျောက်သပိတ်တော်ရှေ့မှောက်သို့ရောက်ရှိလျှင် ပဒုမ္မာသနတပလ္လင်တစ်ဝတ်ခွေကျုံ့ကျုံ့ ယုံ့ယုံ့လေးထိုင်တော်မူပြီး နမက္ကာရမုဒြာဖြင့် ထိခြင်းငါးဖြာ အဥ္စလီပြုဘုရားဝတ်ပြုကာ တစ်သန္တာန်လုံး စောင့်ထိန်းသီလသမာဓိပြုလုပ်ခဲ့သောဒါနတို့ကို အာရုံပြုကာ သစ္စာဆိုအဓိဋ္ဌာန်ပြုလိုက်သည်။ ထိုခဏ၌ ကျောက်သပိတ်အတွင်းတွင် အပြည့်အသိပ် စံမြန်းတော်မူနေသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်တို့သည် ကျောက်သပိတ်တော်ထဲကနေ အရောင်အလင်းတပြိုးပြက်ပြက်တရွှန်းလက်လက်နှင့် ဥပါယ်ပျံတွေ၊ ဥက္ကာပျံတွေ၊ ကြယ်ပျံတွေ တစုတဝေးတည်း ပျံထွက်သလို မနိုင်းအပ်မနိုင်းသာပြောရလျှင် လင်းခန်လက်ခန် တောက်ပနေသော ပိုးစုန်းကြူးလေးတွေ တအုံ့တမကြီး ပျံထွက်သွားသလို ပျံထွက်သွားကြပြီး မင်္ဂလာမဏ္ဍပ်တွင်း၌ ပလူဝဲ ပလူပျံ ဖြန့်ကြက်သွားကာ ဗုဒ္ဓဘုရားရှင်ရုပ်ပုံလွှာအသွင်သဏ္ဌာန်ဖြစ်ပေါ်သွားပြီးလျှင် သက်ရှိထင်ရှား ဗုဒ္ဓဘုရားရှင် ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာပြနေသည်နှင့် တထေရာတည်းဟုဆိုရမည့်အဖြစ်များ တွေ့လာရလေသည်။

သိပ်မကြာမီမှာပင် လေထဲ၌ ဖွဲ့စည်းနေသောထိုဓာတ်တော်မွေတော်တို့သည် ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော် ပန်းချီရုပ်ပုံလွှာများတွင် လှစ်ခနဲဝှစ်ခနဲသွားရောက်တွယ်ငြိသွားပုံကလည်း အံ့ဩရင်ခုန်ကြည်ညိုဖွယ်ကောင်းလွန်းလှပေသည်။ ပို၍ အံ့ချီးဖွယ်ရာကောင်းသည်က ဗုဒ္ဓဘုရားရှင်ရုပ်ပုံလွှာပေါ်တွင် ဆံတော်ဓာတ်တော်က ဆံတော်နေရာမှာ၊ အံတော်ဓာတ်တော်က အံတော်နေရာမှာ၊ နံတော်ဓာတ်တော်က နံတော်နေရာမှာ၊ လက်ညှိုးတော်ဓာတ်တော်က လက်ညှိုးတော်နေရာမှာ၊ သလုံးတော်ဓာတ်တော်က သလုံးတော်နေရာမှာ၊ မေးရိုးတော်ဓာတ်က မေးရိုးတော်နေရာမှာ၊ သွားတော်ဓာတ်တော်က သွားတော်နေရာမှာ သွားရောက်တွယ်ငြိစံပယ်နေခြင်းပင် ဖြစ်သည်။

ဤနေရာ၌ ပြောလိုရင်းက ပတ္တမြားဒေဝီစောမဲကျီသည် ပြည့်ရှင်မင်းကြီးအလိုတော်အတိုင်း ကျောက်သပိတ်တော်ထဲတွင် အပြည့်အသိပ်ရှိနှင့်နေသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်တို့အား အမျိုးအစား အမျိုးအမည်အလိုက် သညာတော်ခွဲခြားပေးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ပတ္တမြားဒေဝီစောမဲကျီ၏ အထိကရ အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်လာသည်က ကျောက်သပိတ်အပြည့်အသိပ်ရှိသော အဆိုပါ ဗုဒ္ဓသရီရဓာတ်တော်မွေတော်ကိုပိုင်ဆိုင်သော ပြည့်ရှင်မင်းသည် အဘယ်သူဖြစ်နိုင်မည်နည်း။ မင်းဗာကြီးမင်းသည် ထိုဓာတ်တော်မွေတော်ကို ပိုင်ဆိုင်ခဲ့လေသလား (သို့) မင်းဖလောင်းမင်းသည် ထိုဓာတ်တော်မွေတော်ကို ပိုင်ဆိုင်ခဲ့လေသလား။

ပထမဆုံး မင်းဗာကြီးမင်းနှင့် ပတ်သက်ဝေဖန်စောခြွာကြည့်ကြပါမည်။ ရခိုင်ရာဇဝင်သစ် ခေတ်ရာဇဝင်သစ် အပါအဝင် ရခိုင်သမိုင်းမှတ်တမ်းတို့၌ -

ပြည့်ရှင်မင်းကြီးသည် တပ်စဉ်အတိုင်းချီတော်မူ၍ ဂယာသီမြို့ (ဗုဒ္ဓဂယာ) ဗောဓိပင်ကိုရောက်တော်မူလျှင် ရွှေပန်း၊ ငွေပန်း၊ ထီး၊ တံခွန်တို့ဖြင့် ပူဇော်ကန်တော့ပြီးမှ သက်တော်စေ့ (၄၁) နှ

www.burmeseclassic.com

ကျောက်ဆင်းတုဘုရားတည်တော်မူသည်။ သက္ကရာဇ် ၈၉၄ ခုတွင် ထီးနန်းတက်တော်မူသည်။ သက္ကရာဇ် ၈၉၄ ခုနှစ် တပေါင်းလဆန်း ၁၅ ရက် နံ့တော်(စနေ) နေ့ သဘင်ကြီးစွာနှင့် ဗောဓိပင်မှာအလှူတော်ကြီးပေးကြောင်း၊ သက်မင်းစောနွယ်က ဆင်ဖြူနှစ်စီးဆက်ကြောင်း၊ ဒီလီပဆာမင်းကလည်း သမီးနန်းထက်ဖွားနံ့ဗုဒ္ဓဟူး၊ အသက်(၁၇)နှစ်အရွယ် ပဲသီဒါကိုဆက်လာသည်။ စစ်ပွဲတွင်ရသော အိမ်ရှေ့မင်းမုရသိန်၊ နံ-စနေ၊ အသက် (၃၉) နှစ်အရွယ်ကို ဘေးမဲ့ချမ်းသာပေးတော်မူ၍ အဘပဆာမင်းကို သနားကိုမူခဲ့ကြောင်းများကို သေချာစွာ ကျောက်စာထိုးတော်မူခဲ့ပြီးလျှင် သက္ကရာဇ် ၈၉၅၊ ကဆုန်လဆန်း ၂ ရက်နေ့ ဗောဓိပင်ဂယာသီမြို့ကပြန်ခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

တစ်ခါ သျှင်ဥက္ကံသ၏ ပတ္တမြားဒေဝီစောမဲကျီသမိုင်းစာအုပ်ထဲမှာ -

မဟာဗောဓိစေတီတော်ကို သွားရောက်တော်မူ၍ ကျောက်ဆင်းတုဘုရားသက်စေ့ အပါး (၄၀) ကို လှူဒါန်းပူဇော်လေသည်။ ဂယာသီသမြို့တော်အနီး၌ ကမ္ဘည်းကျောက်စာတိုင်ထိုးစိုက်တော်မူလေသည်။ ဂယာသီသမြို့တော်အနီး ဓေအချိုကြားသို့သွားရောက်ရှာဖွေသော် သီရိဓမ္မာသောကမင်းကြီးကတည်ထားခဲ့သောစေတီများထဲမှ မိစ္ဆာဒိဋ္ဌိတို့ဖျက်ဆီးသဖြင့် ပြိုကျရာအနီးအပါး၌ မြှုပ်နှံကျဲနေသော သရီရဓာတ်တော်ကြုတ်များကို တွေ့မြင်ရရှိတော်မူသည်။ ဓာတ်တော်တို့ကို ကျောက်သပိတ်မှာထည့်ထာ လုံခြုံစွာပိတ်၍ စီးတော်ဆင် ဇီဝဇိုးဦးတင်းပေါ် သို့ တင်ယူပင့်ဆောင်တော်မူ၏။ ထိုမှ သက္ကရာဇ် ၈၉၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်နေ့ မြောက်ဦးရွှေနန်းတော်သို့ရောက်တော်မူလေသည်။ ဓာတ်တော်များကို ဝါတွင်းသုံးလပတ်လုံး ရွှေနန်းတော်အတွင်း၌ ကိန်းဝပ်တော်မူ၍ ကိုးကွယ်တော်မူသည်ဟုဆိုထားလေသည်။

ထို့ပြင်တဝ အဆိုပါဓာတ်တော်မွေတော်ကိန်းဝပ်တော်မူသော ကျောက်သပိတ်တော်နှင့် မင်းဖလောင်းမင်းတို့ဆက်သက်နီးနွယ်မှုရှိသလားဆိုသည်ကို ရခိုင်သမိုင်းဆိုင်ရာမှတ်တမ်းများတွင် ရှာဖွေကြည့်ကြပါဦးမည်။ သျှင်စန္ဒာလာလင်္ကာရ၏ ရခိုင်ရာဇဝင်သစ်၊ ဦးဉာဏ၏ဓညဝတီရာဇဝင်သစ်တို့တွင် ဒုတိယသင်္ဂါယနာမတင်မီ သာသနာသက္ကရာဇ် ၂၂၂ ခုမြောက်ရောက်သောအခါ သီရိဓမ္မာသောကမင်းကြီးသည် ဇမ္ဗူဒီပါကျွန်းဝယ် ရှစ်သောင်းလေးထောင်သောမြို့ကြီးတို့၌ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော် ခုနစ်စရွတ် - တစ်ဆယ့်လေးပြည်တို့ကိုဒွာပနာသွင်း၍ စေတီတော်တည်ထားခဲ့ရာ အပါအဝင်ဖြစ်သော ငါတို့ရခိုင်ပြည်ရှိ စေတီတော်တို့ကို လည်းကောင်း၊ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်၊ နောင်တော်တို့ တည်ထား ပြုလုပ်အပ်သော သိမ်ကျောင်းဇရပ်မဏ္ဍပ်စေတီတော်တို့ကိုလည်းကောင်း ထပ်မံ၍ ပြုလုပ်တော်မူသည်။

ငါတို့ ဓညဝတီ ရခိုင်ပြည်သို့ မြတ်စွာဘုရား ကြွရောက်တော်မူလာရာ သေဂီရိကျောက်တောင်၌ သက်ဆင်းရပ်တန့်တော်မူ၍ ဗျာဒိတ်ပေးခဲ့တော်မူခဲ့သည့်အတိုင်း မနောအဓိဋ္ဌာန်ဖြင့် စီမံတော်မူခဲ့သည်ဖြစ်၍ ကြွရောက်ကိန်းဝပ်တော်မူလာသော ဓာတ်တော်မွေတော်တို့ကိုလည်း ရတော်မူလေသည်ဖြစ်၍ . . .

ဟု ဆိုထားသည်ကိုတွေ့ရှိရ၏။

သဘောက မြောက်ဦးပြည့်ရှင်မင်းဖလောင်းမင်းကိုယ်တိုင် မနောဖြင့် အဓိဋ္ဌာန်ပြုမှုကြောင့် ထိုဓာတ်တော်မွေတော်တို့ ကြွရောက် ကိန်းဝပ်တော်မူလာသည်ဟု ဆိုလိုရင်းပင် ဖြစ်သည်။ သို့ဆိုလျှင် ပတ္တမြားဒေဝီစောမဲကျီ သစ္စာပြု အဓိဋ္ဌာန်သော ဓာတ်တော်မွေတော်အပြည့်ပါ ကျောက်သပိတ်တော်ပိုင်ရှင်အဘယ်သူနည်းဆိုသည့်ကို စေ့စေ့တွေးက ရေးရေးပေါ် နိုင်မည်ထင်ပါသည်။

နောက်ပြောချင်သောအကြောင်းအရာတစ်ခုကတော့ ပတ္တမြားဒေဝီစောမဲကျီဇာတ်ကြောင်းတွင် သော့ချက်ကျ ဇာတ်ကောင်တစ်ဦးဖြစ်သော ဝိမလအမတ်နှင့် စပ်လျဉ်း၍ ဖြစ်သည်။ သျှင်ဥက္ကံသ၏ ပတ္တမြားဒေဝီစောမဲကျီသမိုင်း၊ ဒဂုန်ရွှေမျှား၏ ပတ္တမြားဒေဝီစောမဲကျီဝတ္ထုရှည်၊ ၁၉၉၂ ခုနှစ်ခန့်ကစစ်တွေမြို့ ပန်းချီမင်းညို ရိုက်ကူးသော ပတ္တမြားဒေဝီစိုးမဲကျီဗွီဒီယိုဇာတ်လမ်း (ရခိုင်စကားပြော) တို့တွင် ဝိမလအမတ်ကြီးကို အဓိကရဇာတ်ကောင်အဖြစ် အထွတ်တင်ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ ဝိမလအမတ်ကြီးက သာမန်ကျေးလက်တောသူဖြစ်သော ပတ္တမြားဒေဝီစောမဲကျီသည် ဥပလ္လဝဏ်ကြာညိုပန်းလို အသားညိုပေမယ့် သာမုဒ္ဒိကသျှုတ္တရကျမ်းလာ ခြောက်ဆယ့်လေးဖြာကောင်းခြင်းမင်္ဂလာနှင့် ပြည့်စုံသူဖြစ်သဖြင့် မိဖုရားအဖြစ် တော်ကောက်သင့်ကြောင့် ပြည့်ရှင်မင်းကြီးကို လျှောက်ခဲ့ထားသဖြင့် မိဖုရားဖြစ်လာခဲ့ရခြင်း ဖြစ်ပါသည်။ နောက် ဝိမလအမတ်ကြီးသည် ပတ္တမြားဒေဝီစောမဲကျီကို အမြဲတစေကာကွယ်စောင့်ရှောက်ခဲ့သူ ဖြစ်ပါသည်။

'ယင်းသော်အခါ ဒေလီပဆာမင်းက ဇော်ပေါက်သျှာဟူသောအမည်မင်းတံဆိပ်ပေးအပ်လာသော် မင်းဗာကြီးက အမိန့်ရှိသည်ကား . . . ရှေးမင်းတို့စိုးပိုင်သော ထုံးစံအတိုင်း နိုင်ငံတော်ကုလားဘင်္ဂါတစ်ဆယ့်နှစ်မြို့မောက်သူဇာထိ ငါသိမ်းတော်မူမည် အမိန့်တော်ရှိလျက် ကုလားပြည်သို့ ချီတော်မူမည်ကြံရာ စနည်းနာစေသော် 'ကုလားကိုနိုင်လိုစားဖို့မှာ မီးထည့်၊ ဝသဲတောင်ကို ထီးတင်၊ ကုလားကိုရှင်ပြု' ဟူ၍ သူငယ်တို့ဆိုအပ်သော တဘောင်ကိုကြားခဲ့၍ မင်းကြီးထံလျှောက်လေသော် အမတ်ပညာရှိအမျိုးအစဉ်အဆက်မှဆင်းသက်လာသူ ကောင်ကျောင်းထင်စားလျှောက်သည်ကား နိုင်ငံတော် ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကို အရှင်မင်းမြတ်လက်ထက်တွင် ရမြဲရပါမည်ဟုလျှောက်လေရာ ကောင်ကျောင်းထင်စားကို ဘီဘေးဘိုးဘတို့ပေးမြဲ ဝိမလအမည်ကိုပေးတော်မူသည်။

ယင်းသောအခါ ဇီဝဇိုး (စီးတော်ဆင်) သည် ဇာညင်သစ်တစ်ပင်ကို မာန်ဝင်တော်မူ၍ထိုးလေရာ ဇာညင်ပင်အမြစ်ကျွတ်လဲကြောင်းနှင့် ဆင်ကဲတို့လျှောက်လာသည်အတွင်း မိုယ်းစီကျွန်းသူကြီးကောင်းလှအောင်ကလည်း ငါးကျွဲတစ်ကောင် ဆက်သပါသည်။ ထိုအတိတ်နိမိတ်နှစ်ခုကို အမတ်ရှိဝိမလ (ကျော်) လျှောက်ထုံးသော်ကားဟူ၍ အမတ်ဝိမလ(ကျော်)လျှောက်လေသော် စစ်မထွက်မီကတည်းကပင် စစ်ဇာကောင်းမြို့သည် ရှေ့ဘေးတော်ဘီတော်တို့လက်ထက် အမတ်ဝိမလတို့ အမျိုးစားမိုးဖြစ်သည့်အတိုင်း အမိန့်တော်ရှိ၍ ဝိမလအမတ်ကို စစ်တကောင်းမြို့စားအရာပေး၏။

ဤကား သျှင်စန္ဒမာလာလင်္ကာရ၏ ရခိုင်ရာဇဝင်သစ်မှကောက်နုတ်ချက်ဖြစ်သည်။ နောင်တွင် မင်းဗာကြီးမင်းသည် ဝိမလအမတ်ကို မဟာပညာကျော်ဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ဤမဟာပညာကျော်အမတ်သည် မင်း (၆) ဆက်တိုင်အမှုတော်ထမ်းခဲ့ပြီး မြန်မာစာပေ



www.burmeseclassic.com

လောကထဲတွင် နေလိုလလို ထင်ရှားသော မဟာပညာကျော်လျှောက်ထုံး ပေါ်ပေါက်စေခဲ့သည် ဖြစ်၏။ ဆိုချင်သည်က ဝိမလ ဆိုသော အမတ်ကြီးသည် မင်းတကြီးမင်းလက်ထက်တွင်သာ ပေါ်ထွန်းခဲ့သူဖြစ်ပြီး မင်းဖလောင်း မင်းလက်ထက်မှာ ဝိမလအမတ် ဟူ၍ တစ်စုံတစ်ယောက်မှာ ပေါ်ထွက်ခဲ့မှုမရှိကြောင်း ပြောလိုရင်းပင် ဖြစ်သည်။ ဤနေရာမှာ ချင့်ချိန်ဆင်ခြင်သုံးသပ်စရာအလွန်ကောင်းလှပေသည်။

ပြီး - ပဟေဠိဆန်စွာနှင့် စိတ်ဝင်စားစရာကောင်းသည်က ရခိုင်မြန်မာ ပဏ္ဍိတဦးဦးသာထွန်း၏ ဦးရာဇ်တော်ဘုရားသမိုင်းနှင့် မြောက်ဦးဘုရားများသမိုင်းထဲတွင် ပတ္တမြားဒေဝီစောမဲကျီ၌ ရင်သွေးသားရတနာတစ်ပါး မွေးဖွားခဲ့ကြောင်း၊ ထိုသားရတနာသည် ဦးရာဇ်တော်ဘုရားအား ပြန်လည်ပြုပြင်မွမ်းမံနေစဉ် စတေးခံရကြောင်း၊ သို့အတွက်ကြောင့် ပတ္တမြားဒေဝီစောမဲကျီသည် ပရိဒေဝမီးတောက်လောင် ပဋာမြေလူးလူးလိမ့်ငိုကြွေးခဲ့သော ဦးရာဇ်တော်ဘုရားစေတီတော် ရင်ပြင်တစ်နေရာ မြက်လုံးဝမပေါက်ဘဲ မြေတလင်းပြင်ဖြစ်နေကြောင်း စသဖြင့် ဖော်ပြချက်ပင်ဖြစ်သည်။

သို့တစေ သျှင်စက္ကိန္ဒ၏ ဦးရာဇ်တော်ဘုရားသမိုင်းစာအုပ်ထဲတွင် စတေးသည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း၊ ပတ္တမြားဒေဝီစောမဲကျီသည် သားသမီးမရနိုင်သော အမြုံမဖြစ်သောကြောင့် ကံတရားကြောင့်ရရှိလာသော ပတ္တမြားကို သားသမီးသဖွယ် ယုယပိုက်ထွေးနေကြောင်း၊ ဘုရင့်အမိန့်ကြောင့် ထိုပတ္တမြားကို ဦးရာဇ်တော်ဘုရားစေတီ၌ဌာပနာလိုက်ရသောအခါတွင် အလွန်နှမြောတသဝမ်းနည်းကြေကွဲလွန်းသဖြင့် ဦးရာဇ်တော်ဘုရားစေတီရင်ပြင်ဝယ် ပဋာမြေလူးလူးလိမ့်ငိုကြွေးသဖြင့် နေရာတွင် မြက်မပေါက်သော မြေတလင်းဖြစ်ကျန်ရစ်ခဲ့ကြောင်းစသည့်ဖော်ပြချက်က ဝေဖန်စောကြောစရာပင်။

သာသနိကအဆောက်အအုံများတည်ဆောက်ရာတွင် စတေးသည်ဆိုခြင်းက ဖြစ်နိုင်ဖွယ်ရာမရှိဟူသည်မှာ လက်ခံနိုင်ဖွယ်ရာ ဖြစ်သည်။ သို့သော် အတွေးနယ်ချဲ့စရာတစ်ခုရှိနေသည်။ ရင်းမှာ ပတ္တမြားဒေဝီစောမဲကျီသည် ပြည့်ရှင်မင်းကြီး . တော်ကောက်သဖြင့် မိဖုရားဖြစ်လာသော်လည်း မူလက ကျေးလက်တောသူဖြစ်သည့်အလျောက် ရွှေနန်းတော်၌ရှိနှင့်နေကြပြီးဖြစ်သော တော်ဝင်မိသားစုတို့ လက်မခံနိုင်၊ သဘောမတူနိုင်ဖြစ်သော်ငြား ပြည့်ရှင်မင်းကြီးက မျက်နှာသာပေး မြှောက်စားနေသဖြင့် ချုပ်တည်းမြိုသိပ်နေရသည်။ တော်ဝင်မိသားစုတို့၏ အယူအတွေးက နဝရတ်ကိုးပါးစီခြယ်သော ဇမ္ဗူရာဇ်ရွှေစင်ဖြစ်နေပါစေ ဖိနပ်ဆိုလျှင် ခြေဖဝါးအောက်မှာပဲနေရမည်။ ကနက္ကဒဏ်ထီးဖြူဆိုလျှင် ဘယ်လောက်ပဲစုတ်ပြဲစုတ်ပြဲ၊ ဘယ်လောက်ပဲညစ်ထေးညစ်ထေး၊ ဘယ်လောက်ပဲဟောင်းနွမ်းဟောင်းနွမ်း ဦးခေါင်းပေါ်မှာပဲနေရမည်ဟူ၍ပင်ဖြစ်၏။

ထိုအထဲတွင် ပတ္တမြားဒေဝီစောမဲကျီတွင် ရင်သွေးရတနာသားငယ်တစ်ဦးဖွားလာသောအခါတွင် တော်ဝင်မိသားစုတို့အဖို့ ရင်ဝလုံစူးနေချိန်မှာ ဦးခေါင်းမီးလောင်လာသလိုဖြစ်သွားမည်က ဧကန်မလွဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပတ္တမြားဒေဝီစောမဲကျီ၏ ထိုရင်သွေးသည်းချာ သားရတနာလေးသည် အချိန်မရွေး နန်းညွန့်နန်းလျာဖြစ်နိုင်ဖွယ်ရှိနေသောကြောင့် ဖြစ်သည်။ အကြောင်းရင်းက ပြည့်ရှင်မင်းကြီးက ပတ္တမြားဒေဝီစောမဲကျီအပေါ်၌ မျက်နှာသာပေး အချစ်ပိုနေသည့်အတွက်ဟုဆိုရမည်ထင်သည်။

ဖြစ်ချင်တော့ ပြည့်ရှင်မင်းကြီး၏ ခွင့်ပြုချက်ဖြင့် ဦးရာဇ်တော်စေတီတော်ကို ပြန်လည်ပြုပြင်မွမ်းမံနေသည့်အချိန်မှာ စကားကိုရှေ့မဆက်မီ သိထားရမည့်အချက်တစ်ခုမှာ ပြည့်ရှင်မင်းကြီးက ပတ္တမြားဒေဝီစောမဲကျီကို ရမ္မာဝတီရမ်းဗြဲကျွန်း ကန်တိုင်းနယ် ရွာရင်းရွာက တော်ကောက်ယူလာသောအခါဝယ် မဆွတော်မျိုးတော်နှင့် ရပ်မျိုးရပ်ဆွေ တချို့ကိုပါ တစ်ပါတည်းခေါ်ဆောင်လာပြီ။ ဦးရာဇ်တော်စေတီတော်နှင့် မနီးမဝေး ရေပေါက်ချောင်းနယ်တွင် နေရာချရွာတွေတည်ပေးထားခဲ့ပါသည်။ ထိုရွာများအနီးတွင် ပတ္တမြားဒေဝီ စောမဲကျီသည် ကျေးလက်စံအိမ်တည်ဆောက်လျက် မကြာခဏ လာရောက်စံမြန်းနေလေ့ရှိသည်။ ထို့ကြောင့် ပတ္တမြားဒေဝီစောမဲကျီသည် ဦးရာဇ်တော်စေတီတော်ကို အနီးကပ် ပူဇော် ကြည်ညိုရလေ့ရှိသည်။

တစ်နေ့သော် ပတ္တမြားဒေဝီစောမဲကျီသည် ဦးရာဇ်တော်စေတီတော်ကို ပြန်လည် ပြုပြင် မွမ်းမံပေး
လိုအုပ်ချက်များကို တွေ့မြင်လာသ
ပြည့်ရှင်မင်းကြီးထံ ထိုသို့ပြုပြင်မွမ်းမံ
ခွင့်ပြုချက်တောင်းခံသောကြောင့် ခွင့်
ချက်ရရှိလေသည်။

သို့အတွက် ပတ္တမြားဒေဝီသည်
ဦးရာဇ်တော်စေတီတော်ကို စိတ်
ကိုယ်ပါနှစ်၍ အားတက်သရော ပြု
မွမ်းမံခြင်းအမှုကို ပြုလုပ်လေသည်
တစ်ခါတစ်ခါ မိမိ၏ရင်သွေးရတ
သားတော်ငယ်လေးကိုတောင် မေ့
နေတတ်သည်။ ထိုစဉ်တုန်းက သာ
တော်လေးကလည်း တောက်တော
လမ်းလျှောက်တတ်စအရွယ် ခုံညင်း
ကစားတတ်စအရွယ်ဖြစ်သည်။ သာ
တော်ငယ်လေးကို အထိန်းတော်တို့
ပစ်ထားခဲ့ရသည်ကများသည်။

တစ်နေ့တော့ မယ်တော် ပတ္တ
ဒေဝီစောမဲကျီ၏အလစ်၊ အထိန်းတော်
တို့၏အလစ်မှာ သားတော်ငယ်
ပျောက်ခြင်းမလှပျောက်သွားခဲ့သည်
ပျောက်နေသော သားတော်ငယ်လေး
တောနင်းရှာဖွေတော့ ဦးရာဇ်တော်စေ
တော်၏ လုပ်ငန်းခွင်တစ်နေရာမှာ သာ
တော်ငယ်လေးသည် သွေးထွက်သံ
ဥပဒ္ဒွေဒကကံနှင့် သေလွန်နေသည်
တွေ့ရှိရသည်။ ထိုအခါ ပတ္တမြားဒေ
စောမဲကျီအဖို့ သောကမီး၊ ဗျာပါဒ
ဥပါယာသမီး၊ ပရိဒေဝမီးတောက်လော
စွာဖြင့် အပူလုံးကြွ ယူကျုံးမရ လူလုံး
ပဋာမြေလူး ငိုကြွေးရလေ့တော့ ဦးရာ
တော်ဘုရားစေတီရင်ပြင်တစ်နေရာ
မြက်လုံးဝမပေါက်တော့။ တလင်း
တစ်နေရာဖြစ်ပေါ်ကျန်ရစ်ခဲ့ရပေ
သည်။

ဤနေရာ မေးစရာ၊ တွေးစ
ဖြစ်လာသည်က မိမိဝမ်းကြာတိုက်
ကိုးလလွယ် ဆယ်လဖွား သံယော
တွယ်ရစ် ချစ်ခြင်းမေတ္တာနှောင်ဖွဲ့
တကယ့်ရင်သွေးသားရတနာသေ
ပရိဒေဝမီးတောက်လောင် ပဋာမြေ
ငိုကြွေးသောကြောင့် မြေတလင်းမှာ မြ
မပေါက်ခြင်းဖြစ်ရလေသလား သို့မ
ပတ္တမြားရတနာကို အထင်အမြင်မှေ
မှားပြီး ရင်သွေးသားရတနာဖြစ်သည်
အယူမှား အယူလွဲ သက္ကာယဒိဋ္ဌိ၊ မိ
ဒိဋ္ဌိ အစွဲအလမ်းကြီးစွာဖြင့် ပဋာမြေ
ငိုကြွေးမှုကြောင့် မြက်မပေါက်
မြေသလင်းဖြစ်ခဲ့သလား ဟူ၍
နှစ်ရာကုဋေမှာတစ်ခါ
တစ်ယောက် ရနိုင်ခဲ ပိုနိုင်ခဲ တွေ့

www.burmeseclassic.com

မနောမယပတ္တမြားကို ရယူပိုင်ဆိုင်ခဲ့သောပါရမီ၊ စေတီပုထိုးမြောက်မြားစွာ တည်ထားသာသနာပြုနိုင်သော ကုသိုလ်စိတ်၊ ဓာတ်တော်မွေတော်များ သညာတော်ကွဲသွားအောင် သစ္စာဆိုအဓိဋ္ဌာန်ပြုနိုင်သော သီလ၊ သမာဓိ၊ ပညာ မိမိ၏သက်မဲ့ရုပ်ကလာပ်ကို မြစ်ရေထဲချသော်လည်း ရေစုန်မဆင်း၊ ရေဆန်တက်နိုင်အောင် သစ္စာဆို အဓိဋ္ဌာန်ပြုနိုင်သော သီလ၊ သမာဓိ၊ ပညာတို့ကို ပိုင်ဆိုင်သောသူသည် လူသားမဟုတ်သော ပတ္တမြားတစ်လုံးကို အယူလွဲစံလွဲစွာဖြင့် သားရတနာရင်သွေးဟု အထင်မှားအမြင်မှားလျက် တွယ်တာစွဲလမ်းသည်ဆိုခြင်းက ဖြစ်နိုင်ဖွယ်ရာဟုတ်ပါမလား။

ပတ္တမြားဒေဝီစောမဲကျီ၏ သားတော်ငယ်လေး ကွယ်လွန်ရခြင်းသည် တော်ဝင်မိသားစု၏ ပယောဂကင်းပါမလားဟု သံသယပွားစရာများရှိသော်လည်း ခိုင်လုံသော အထောက်အထားများမပြသနိုင်သဖြင့် တုဏှိဘာဝေဆိတ်ဆိတ်နေခဲ့ရသည်။ ဒီနောက်ပိုင်းတွင် ပတ္တမြားဒေဝီ စောမဲကျီသည် ရွှေနန်းတော်ထဲတွင် ဆက်လက်စံမြန်းလိုခြင်းမရှိတော့သဖြင့် မိမိ၏ဇာတိ မွေးရပ်မြေဘက်သို့သွားရောက်ပြီး စေတီပုထိုးတည်ဆောက် သာသနာပြုလုပ်ငန်းဆောင်ရွက်လိုသောကြောင့် ဗုဒ္ဓသရီရဓာတ်တော်မွေတော်တချို့ ပေးသနားပါရန် ပြည့်ရှင်မင်းကြီးထံတောင်းခံလေသည်။ ထိုပြည့်ရှင်မင်းကြီးသည် ကြင်နာသနား ကရုဏာသက်စွာဖြင့် ဗုဒ္ဓသရီရဓာတ်တော်မွေတော်တချို့တို့အား ပေးသနားပြီး ပတ္တမြားဒေဝီစောမဲကျီအလိုဆန္ဒအတိုင်း စေတီပုထိုးတည် သာသနာပြုရန် ခွင့်ပြုနိုင်ခဲ့လေသည်။

ထိုအခါတွင် ပတ္တမြားဒေဝီစောမဲကျီသည် ပြည့်ရှင်မင်းကြီးပေးစွန့်သော ဗုဒ္ဓသရီရဓာတ်တော်မွေတော်တို့ကို ပင့်ဆောင်ယူလျက်၊ သူမကို ချစ်ကြည်ညိုသော အခြွေအရံများကို ခေါ်ဆောင်လျက် လှေယာဉ်တော်ဖြင့် ကစ္ဆပနဒီမြစ်ဝမှ ထွက်ခွာကာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် စုန်ဆင်းလျက် ယူဆောင်လာသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်များမှ သင့်ရာသင့်ရာကိုဌာပနာသွင်းကာ သင့်ရာသင့်ရာ နေရာဌာနများ၌ စေတီပုထိုး တည်ဆောက်လျက် သာသနာပြုလုပ်ဆောင်တော်မူလေသည်။

သို့အတွက်ကြောင့် ကစ္ဆပနဒီမြစ်ဝမှစ၍ ရခိုင်တောင်ပိုင်းတစ်နံတစ်လျား၌ စောမဲကျီဆိပ်ကမ်း၊ စောမဲကျီကူးတို့ဆိပ်၊ စောမဲကျီရေကန်၊ စောမဲကျီရေပေါက်စမ်း၊ စောမဲကျီကမ်းပိုင်၊ စောမဲကျီမော်၊ စောမဲကျီစေတီ၊ စောမဲကျီဘုရားအနှံ့အပြားရှိနေသည်မှာ ယခုထက်တိုင် တွေ့မြင်နေရသေးသည်။ သက်သေသာဓကများပင် ဖြစ်သည်။

ထင်ရှားရာတစ်ခုကောက်ပြောရလျှင် ပတ္တမြားဒေဝီစောမဲကျီသည် သူမ၏ ဇာတိချက်ကြွေမွေးရပ်မြေ ရမ္မာဝတီ ရမ်းဗြဲကျွန်းတွင် သင့်ရာသင့်ရာ ဗုဒ္ဓသရီရ ဓာတ်တော်မွေတော်တစ်ဆူစီ ဌာပနာ၍ တည်ထားသော စေတီပုထိုး (၁၆) ဆူ၊ ဒွါရာဝတီ သံတွဲမြို့အပါအဝင် တောင်စဉ်ခုနစ်ခရိုင် ဒေသဝင်တချို့၌ သင့်ရာသင့်ရာ ဗုဒ္ဓသရီရဓာတ်တော်မွေတော်တစ်ဆူစီဌာပနာ၍တည်ထားသော စေတီပုထိုး (၁၁) ဆူတို့ကို တည်ထားသာသနာပြုခဲ့လေသည်။ သို့ဆိုလျှင် တောင်စဉ်ခုနစ်ခရိုင်ဟူသည် အဘယ်နည်း။

တောင်စဉ်ခုနစ်ခရိုင် ဟူသည် တခြားမဟုတ်။

၁။ အမ်းခရိုင်
၂။ စနဲခရိုင်
၃။ မအီခရိုင်
၄။ လမူးခရိုင်
၅။ တန်းရွဲ (တန်းလွဲ) ခရိုင်
၆။ တောင်ကုတ်ခရိုင်
၇။ သံတွဲ (ခူး) ခရိုင်

ဟု ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းတချို့၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

စိတ်ဝင်စားစရာတစ်ခုမှာ ထိုသို့ခရိုင်ဖွဲ့ထားပုံသည် မြစ်များ၊ ချောင်းများကိုလိုက်၍ တည်ဖွဲ့ထားခြင်း ဖြစ်သည်။ ဥပမာ အမ်းမြစ်၊ လမူးမြစ်၊ တောင်ကုတ်မြစ်၊ သံတွဲမြစ်တို့ ဖြစ်သည်။ နောက်သိထားစရာတစ်ခုမှာ တောင်စဉ်ခုနစ်ခရိုင်ထဲက လမူး၊ တန်လွဲ၊ တောင်ကုတ်၊ သံတွဲဒေသသည် ရှေးတုန်းက ဆင်အလွန်ပေါသောကြောင့် ရှေးရခိုင်မင်းတချို့သည် သူတို့ဆင်တပ်၌ အင်အားဖြည့်ရန်အတွက် ဆင်များလာရောက်ဖမ်းဆီးလေ့ရှိသည်။

ပြန်ကောက်ပြောရလျှင် ပတ္တမြားဒေဝီစောမဲကျီသည် မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေ ရမ္မာဝတီ ရမ်းဗြဲကျွန်းပေါ်တွင် ဟုန်းဝရွာ မျက်မှောင်တော်ဓာတ်စေတီ၊ သစ်ပုတ်ချိန်ရွာ ပခုံးတော်ဓာတ်စေတီ၊ ကျောက်ချောင်း ကုန်ဘောင်ရွာ ပါးတော်ဓာတ်စေတီ၊ မူရင်းရွာမုတ်တော်စေတီ၊ ထိန်ဒွေရွာ ဦးကင်းတော်ဓာတ်စေတီ၊ အတွင်းပြင်ရွာ နားမွေတော်ဓာတ်တော်စေတီ စသဖြင့် စေတီတော်ပေါင်း (၁၆) ဆူ တည်ထားသာသနာပြုခဲ့သလို ဆိုခဲ့သော တောင်စဉ်ခုနစ်ခရိုင်အဝင်ပါ မအီနယ် ခြေသန်းတော်ဓာတ်စေတီ၊ လမုနယ်က ဦးဆက်တော်ဓာတ်စေတီ၊ လမုနယ် ပေါင်တော်ဓာတ်စေတီ၊ တန်းလွဲချောင်းနယ်က သဝန်းတော်ဓာတ်စေတီ၊ တောင်ကုတ်နယ်က ဆီးရိုးတော်ဓာတ်စေတီ၊ သဲတွဲနယ်ကအံတော်ဓာတ်စေတီ၊ သံတွဲနယ် နံတော်စေတီ စသဖြင့် စေတီ (၁၁) ဆူ တည်ထား သာသနာပြုခဲ့သည်ကို ဤနေရာမှာဝေဖန်စောကြောကြည့်ကြပါမည်။

ပတ္တမြားဒေဝီစောမဲကျီသည် ရမ္မာဝတီ ရမ်းဗြဲကျွန်းနှင့် ဒွါရာဝတီ သံတွဲမြို့နှင့်အနီးအပါးက တောင်စဉ်ခုနစ်ခရိုင်အပါအဝင် နယ်များတွင် အဘယ်ကြောင့် ဗုဒ္ဓသရီရ ဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီပုထိုးကို တည်ထားသာသနာပြုခြင်းကို တကူးတကပြုခဲ့ရသနည်း။ ရမ္မာဝတီ ရမ်းဗြဲကျွန်းသည် ပတ္တမြားဒေဝီစောမဲကျီ၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သောကြောင့် စေတီပုထိုးတည်ထား သာသနာပြုခြင်းကို ပြုလုပ်သည်ဆိုခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သည်ဟု ပြောနိုင်ဖွယ်သော်လည်း ဒွါရာဝတီ သံတွဲမြို့အပါအဝင် တောင်စဉ်ခုနစ်ခရိုင်နယ် တချို့နယ်တွင် ဘယ်အတွက်ကြောင့် စေတီပုထိုးတည်ကာ သာသနာပြုခဲ့ရသနည်း။

ဤနေရာမှာ အတွေးနယ်ချဲ့စရာတစ်ခုဖြစ်လာသည်က အဆိုပါဒွါရာဝတီ သံတွဲမြို့နှင့် တောင်စဉ်ခုနစ်ခရိုင်နယ်ကို ဘစောသီရိ ငယ်မည်ရှိသော မင်းဗာကြီးမင်း ငယ်နုစဉ်ဘဝတုန်းက မြို့စားဘဝဖြင့် အုပ်ချုပ်စိုးမိုးခဲ့သောဒေသဖြစ်နေသည့်အတွက်ကြောင့် ဖြစ်၏။ ပြီး မင်းဗာကြီးမင်းသည် ဒွါရာဝတီ သံတွဲမြို့ကို ခြေကုပ်ယူလျက် တောင်စဉ်ခုနစ်ခရိုင်နယ်၊ ရမ္မာဝတီ ရမ်းဗြဲကျွန်း၊ မေဃဝတီ မာန်အောင်ကျွန်းတို့မှ စစ်သည်ဗိုလ်ပါအင်အားစုရုံးလျက် မြောက်ဦးရွှေပြည်ရွှေနန်းကို သွားရောက်စစ်ခင်းသိမ်းပိုက်ကာ 'သီရိသူရိယစန္ဒမဟာဓမ္မရာဇာ' ဘွဲ့တော်ခံယူလျက် ဒုတိယမြောက်ဦးမြို့တည်နန်းတည်မင်းအဖြစ် စိုးမိုးအုပ်ချုပ်ခံလေ၏။ တကယ်တော့ ဒွါရာဝတီ သံတွဲမြို့နှင့် တောင်စဉ်ခုနစ်ခရိုင်ဒေသသည် မင်းဗာကြီးမင်း



www.burmeseclassic.com

www.burmeseclassic.com

အထွတ်အထိပ်ရောက်ရန်အတွက် စတင်အခြေပြုသည့် အောင်မြေပင်ဖြစ်သည် မဟုတ်ပါလား။ သို့အတွက်ကြောင့် ပတ္တမြားဒေဝီစောမဲကျီက သူမ၏ကြင်ရာတော် မင်းဗာကြီးမင်းအတွက် မင်းဗာကြီးမင်း၏ အောင်မြေဖြစ်သော ဒွါရာဝတီ သံတွဲမြို့နှင့် တောင်စဉ်ခုနစ်ခရိုင်နယ်တွင် ဗုဒ္ဓသရီရဓာတ်တော်မွေတော်များ ဌာပနာကာ စေတီပုထိုးများ တည်ထား၍ ကုသိုလ်ဆက်သာသနာပြုခဲ့လေသလား။

ဤနေရာမှာ မေးခွန်းထုတ်စရာဖြစ်လာသည်က တချို့က ပတ္တမြားဒေဝီ၏ကြင်ရာတော်ကို မြောက်ဦးရွှေနန်းရှင်မင်းဖလောင်းမင်းဟု တထစ်ချအခိုင်အမာပြောဆိုကြ၏။ သို့တစေ ဖွားတော်ထွေးဟု ငယ်မည်ရှိသော မင်းဖလောင်းမင်း ငယ်နုစဉ်တုန်းက အပိုင်စားခဲ့ရသော စိုင်းတင်နယ် (ရခိုင်မြောက်ပိုင်း မယူမြစ်ဝှမ်းအထက်ပိုင်းဒေသ) တွင် ပတ္တမြားဒေဝီစောမဲကျီသည် အဘယ်အတွက်ကြောင့် စေတီပုထိုးများတည်ထား သာသနာပြုခြင်းမရှိခဲ့သနည်း။ ထိုစိုင်းတင်နယ်တွင် ပတ္တမြားဒေဝီစောမဲကျီ၏ ကုသိုလ်တော်စေတီတစ်ဆူ၊ ပုထိုးတစ်ဆူမှမရှိရခြင်း၏ အကြောင်းရင်းခံက အဘယ်များဖြစ်နိုင်သနည်း။

နောက် ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်သည် ဘယ်သူဖြစ်နိုင်ချေရှိနိုင်သနည်းဆိုသည်ကို ပတ္တမြားဒေဝီစောမဲကျီ၏ဇာတိမြေဖြစ်သော ရမ္မာဝတီရမ်းဗြဲကျွန်းမှ ရမ္မာဝတီကျေးလက်သီချင်းများထဲမှတချို့ကိုခြေရာခံ၍စူးစမ်းလေ့လာကြည့်ကြပါမည်။ (ယခုဖော်ပြမည့် ရမ္မာဝတီကျေးလက်သီချင်းများကို ဝတီဒိုင်း (ရမ္မာဝတီ) နှင့် ရမ္မာဝတီပညာစာရတို့ထံမှ ရရှိထားခြင်း ဖြစ်ပါသည်။)

- *မြောက်ဦးရွှေနန်း၊ အကြီးကျယ်ကေ*
  *မိုကြငှန်းမှာ၊ နရမပျော်*
  *ရှိစက်တော်လေ၊ ခေါ်မရကေ*
  *ဆွိသားမျိုးပေါင်း၊ ငရို့ရွာမှာ*
  *စပါးထောင်းလို့၊*
  *စပါးထောင်သောင်းသောင်းကေရာ*
  *လေ့ည်*
  *ရွာလုံးလျှံကေ၊ အသံပေါင်ကေ*
  *ပျော်ဖို့ကောင်းရေ*
  *ညမလေ . . . အီးယိုင်မေလှ*
  *ကိုယ့်ရပ်ရွာမှာ၊ နပါရလီ*
  *ဝီးကွာရပြီ၊ စောမဲကျီလေ*
  *ဆွိကိုတကေ၊ နရလီရေ့ . . .။*

(ရမ္မာဝတီပညာစာရထံမှ)

မြောက်ဦးရွှေနန်းတော်ကိုရောက်ရှိသားသော ပတ္တမြားဒေဝီစောမဲကျီကို မွေးရပ်ဇာတိမြေတွင် ကျန်ရစ်ခဲ့သော ရပ်မျိုးရပ်ဆွေတို့က လွမ်းတဆွတ်ဆွတ် ဆွေးတမြေ့မြေ့နှင့် စာနာခြင်း၊ ရင်နာခြင်းများစွာနှင့် ခံစားသီဖွဲ့ထားခြင်း ဖြစ်သည်။

- *ရွှေနန်းမြောက်ဦး၊ ကမ္ဘာမြေမာ*
  *နာနာထူးရေ*
  *နန်းဦးရာဇသခင်၊ ဗာဘုရင် လေ*
  *မေသျှင်ဆံဦး၊ အသက်ပိုင်ကေ*
  *သျှောင်တော်ထူးလို့၊*
  *နန်းဦးကေရာလေသခင်*
  *တိုင်းကားကြီးသျှင်လေ၊*
  *ပြည်ခွင်စိုးလို့*
  *အဖိုးထိုက်တန်၊*
  *အကြောင်းကေရာလေခ်လို့*
  *နန်းစံမေဖွား၊*
  *စောမဲကျီမိဖုရားလေ . . .*

(ဝတီဒိုင်း-ရမ္မာဝတီထံမှ)

ဤရမ္မာဝတီကျေးလက်သီချင်းကတော့ ပတ္တမြားဒေဝီစောမဲကျီနှင့် မင်းဗာကြီးမင်းတို့၏ဆက်နွယ်မှုကို ညွှန်းဆိုနေပြီး ပတ္တမြားဒေဝီစောမဲကျီက မင်းဗာကြီးမင်းကို ချီးမြှောက် ဂါရဝပြု ဆီဆိုဟန်ဖွဲ့သီထားခြင်း ဖြစ်သည်။

- *ခေါင်တောက်ကေရာလေသဲမြို့ ကျားမျက်ရီကေ*
  *ထိုးလေမျက်စိ၊ ဒါးနဲ့လှန်ပြန်လို့ပြီးကေ*
  *ရွှေသီးရာလေမောင်းမောင်၊ မိဖုရားခေါင်လေ*
  *ရှိတောင်ဖောက်လီ၊ တိုင်းကြီးအသခင်*
  *ဗာဘုရင်လေ၊ ဝပျိုင်တို့လို*
  *ဒဋ္ဌိပြန်လတ်၊ ဝယိုင်တောင်ကို*
  *အတူဖောက်ကေ*
  *သိမ်ဆောက်ကတ်မေ။ ။*

(ဝတီဒိုင်း-ရမ္မာဝတီထံမှ)

ပတ္တမြားဒေဝီစောမဲကျီမှာ ငယ်ချစ်ဦးရှိဖူးခဲ့သည်။ သူ့နာမည်က ငရွှေသီးဖြစ်သည်။ ပတ္တမြားဒေဝီ စောမဲကျီကို ပြည့်ရှင်မင်းကြီးက တော်ကောက်သွားသောအခါ ငရွှေသီးအဖို့ ရင်နာခြင်းများစွာ၊ ဆွေးမြည့်ခြင်းများစွာ၊ လွမ်းမောခြင်းများစွာဖြင့် ကျန်ရစ်ခဲ့ရသည်။ ယခုကျေးလက်သီချင်း၏သဘောက ဓားပြီး၊ တုတ်ပြီး၊ ဆေးထိုးပြီး ငရွှေသီးသည် မင်းဗာကြီးမင်းထံမှ ပတ္တမြားဒေဝီစောမဲကျီကို လုယူပြီး ကိုယ့်ဇာတိမြေ ဥယျာဉ်တောင်မှာ သိမ်ဆောက်ကုသိုလ်ပြုနေကြမည်ဟု ငရွှေသီးကဆို[…] သီဖွဲ့ထားခြင်း ဖြစ်သည်။ သို့ဆိုလျှ[…] ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်[…] သည် အဘယ်သူဖြစ်နိုင်ဖွယ်ရှိပါ[…] နည်း။

ဤနေရာမှာ အထူးတလည်[…] ချင်သည်က ငရွှေသီးနှင့်ပတ်သတ်[…] ဖြစ်သည်။ ဆိုခဲ့သလိုပင် ငရွှေသီးသ[…] ပတ္တမြားဒေဝီစောမဲကျီ၏ ငယ်ချစ်[…] ဖြစ်သည်။ ပတ္တမြားဒေဝီစောမဲကျီ[…] ခင် မမဲကျီဘဝတုန်းက တောင်သူလ[…] လုပ်ဓားမခုတ်ပင်ဖြစ်သည်။ ဆိုခဲ့သ[…] ကန်တိုင်းနယ် ရွာရင်းရွာသူ မမဲကျီ[…] မိသားစုတွင် ဖခင် ဦးဖြူသီး၊ မိခ[…] ဒေါ်မဲတူ၊ ညီမကြီး စောသန္တာ၊ ညီမ[…] စော်ပုညို၊ မောင်ငယ် ငဝါခေါင်၊ သူ[…] အပါအဝင် မိသားစု (၆) ဦးရှိသ[…] တစ်နေ့လုပ်မှတစ်နေ့စားရသော ဆင်[…] သောအသိုင်းအဝိုင်း တောင်သူလ[…] လုပ်ဓားမခုတ်ဆိုတော့ ဘဝကို ရေ[…] လေဆန်တက်ရသလို ရှင်သန်မှုအတွ[…] ရုန်းကန်လှုပ်ရှားရသည်က ခဲယဉ်း[…] လှပေသည်။ ထိုအထဲတွင် လှေ[…] တုန်း တက်ကျိုးဆိုသလို ဖခင်[…] ဦးဖြူသီး ရုတ်တရက် ကွယ်လွန်အ[…] ရောက်သွားရာ ဒီရေကြီးနေတု[…] တောင်ကျရေရောက်လာသလိုဖြစ်သွ[…] ခဲ့ရသည်။

ထိုသို့ ဆင်းရဲငြိုငြင်စွာ ရှင်သ[…] အတွက် လှုပ်ရှားနေရသော မမဲကျီ[…] တို့မိသားစုကို မမဲကျီ၏ငယ်ချစ်ဦး[…] ငရွှေသီးက တတ်နိုင်သလောက်၊ စွမ်း[…] သလောက် ဖေးဖေးမမ ကူညီပေး[…] ပါသည်။ တကယ်တော့ ငရွှေသီးသ[…] မမဲကျီတို့နှင့် သိပ်မခြားမနားလှ[…] သူလည်းပဲ တောင်သူလယ်လုပ်[…] ခုတ်ပါပဲ။ သို့ပေမယ့် ငရွှေသီးက ပ[…] ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်း[…] သော ပန်းပညာကို ဝါသနာထုံသ[…] (ရွှေသီး မမဲကျီတို့၏ဇာတိ ကန်တိုင်း[…] နှင့် နယ်ချင်းစပ်နေသော လေးတော[…] နယ်သည် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတ[…] ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတ[…] ပန်းပွတ်၊ ပန်းချီ စသော ပန်းပညာ[…] လုပ်စားသူတို့၏ ဘုမ္မိနက်သန်ဟု [...] မလားမသိ။ ထိုလေးတောင်နယ်[…] အိမ်ခေါင်ရှိတိုင်း ပန်းပညာသည်ရှိ[…] ဟု ဆိုထိုက်နယ်မြေပင် ဖြစ်၏။ င[…] သည် ထိုလေးတောင်နယ်သို့ [...] သွားရောက်ပြီး မိမိ[...]နာပါ[…] ပန်းပညာများကို [...]ဆည်းပူး[…]

www.burmeseclassic.com

ရှိပါသည်။ (ထိုလေးတောင်နယ်မှ ပန်းပညာသည်များသည် ယခုတိုင်ထွက်ပေါ်နေဆဲဖြစ်သည်။) သို့တစေ သိပ်ကြာကြာမနေနိုင်ပါ။ ချစ်သူမမဲကျီလေးရှိရာသို့ အပြေးလေးရောက်လာလေ့ရှိသည်။ ငရွှေသီးနှင့် မမဲကျီတို့က ချစ်သူဘာသာဘာဝဆိုတော့ လွန်းကြင်ငှက်စုံတွဲတွေလို တတွဲတွဲပေါ့။ သူငယ်ချင်းတွေက သူတို့ကို နှစ်ကိုယ့်တစ်စိတ် ရွှေဟင်္သာမောင်နှံတဲ့ နောက်ပြောင်ကျီစယ်လေ့ရှိကြပါသည်။

သို့ပေမယ့် တစ်နေ့သ၌ မမဲကျီလေးကို ရေအိုင်ထဲမှာ ယက်သုံ့နှင့်ငါးသုံ့ခြင်း မတော်တဆရရှိလာသော ပတ္တမြား ဆို အကြောင်းပြုလို့ အဲသည် ပတ္တမြား က တန်ဖိုးရှိသော မနောမယပတ္တမြား ဆိုပါလား။ အဲဒီပတ္တမြားကို အကြောင်း ပြုလို့ မြောက်ဦးရွှေပြည်ရွှေနန်းသခင် ပြည့်ရှင်မင်းကြီးက ချစ်သူ မမဲကျီကို တော်ကောက်မိဖုရားမြှောက်တော်မူသွားတော့ ငရွှေသီးအဖို့ လတ်တလောမှာ ချစ်သူလူလု ခရုဆန်ကျွတ် အူနှုကျွဲခတ် ဆိုတဲ့ရင်ကျိုးသောဝေဒနာကို ပြင်းပြင်း ထန်ထန် ရေစိုင်ဝဲလို မွှေနှောက်ခံစားခဲ့ရ သည်။

သို့သော်လည်း ငရွှေသီးသည် ဆရာကို လွမ်းစရာနှင့်ဖြေဆိုသလိုပင် ချစ်ရင်နှင့်အောင်ချစ်ရသူ မမဲကျီသည် ကြီးသခင် ပြည့်ရှင်မင်းကြီးက ဖူးဖူး မြှောက်စားခြင်းခံရသည်ဆိုသော သတင်းကြားရတော့ ငါဆိုရင် သည်လို နိုင်မှာမဟုတ်ဘူးလို့ ဖြေသိမ့်ရင်းဖြင့် မြောက်ပီတိ စိတ်နှလုံးကို ပျိုးထောင် ထားလေတော့သည်။

သည့်နောက်ပိုင်းတွင် ငရွှေသီး သည် မိမိဝါသနာပါသော ပန်းပညာကို ချလေ့လာဆည်းပူးရင်းဖြင့် ပန်း တို့မှာ ကျွမ်းကျင်လိမ္မာသော ဆရာ အဖြစ်သို့ ရောက်မှန်းမသိရောက် ခဲ့သည်။ ငရွှေသီးသည် အထူး အင်္ဂတေသရွတ်ဖြင့် ပန်းအရုပ် ခြင်းအတတ်ပညာဆိုသော ပန်း ပညာ၊ အုတ်စီသရွတ်ကိုင်အတတ် ဆိုသော ပန်းရန်အတတ်ပညာ၊ ဆစ်အတတ်ပညာဆိုသော ပန်း ပညာ၊ ကြေးသွန်းကြေးခတ် ပညာဆိုသော ပန်းတဉ်းပညာ တစ်ဖက်ကမ်းခပ်ဟု ဆိုချင်ပါ တစ်နည်းအားဖြင့်ဆိုရလျှင် ပညာသည်ဟု ပြော၍ရနိုင်မည် သည်။

ကံကြမ္မာအလှည့်အပြောင်းတစ်ခုကြောင့် ငရွှေသီးနှင့် မမဲကျီတို့သည် ဘဝတစ်ကွေ့မှာ ပြန်လည်တွေ့ဆုံရပြန်တော့သည်။ သည်တစ်ခါပြန်တွေ့တော့ မမဲကျီက ပြည့်ရှင်မင်းကြီး၏ အခဆောင်ရမိဖုရားတစ်ပါးဖြစ်သော ပတ္တမြားဒေဝီစောမဲကျီအဖြစ် ငရွှေသီးက ပန်းတဉ်းပညာ၊ ပန်းတော့ပညာ၊ ပန်းတမော့ပညာ၊ ပန်းရန်ပညာကျွမ်းကျင်သော ဗိသုကာပညာသည်အဖြစ် ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

သားတော်ငယ်လေး ဥပစ္ဆေဒကကံနှင့် သေဆုံးပြီးနောက်တွင် ပတ္တမြားဒေဝီစောမဲကျီသည် ပြည့်ရှင်မင်းကြီးထံ ဗုဒ္ဓသရီရဓာတ်တော်မွေ့တော်အနည်းငယ်တောင်းခံပြီး ရခိုင်တောင်ပိုင်းတစ်ခွင်တစ်ပြင်သို့ လှည့်လည်လျက် အဆိုပါဓာတ်တော်မွေတော်များကို မျှဝေဌာပနာပြီး စေတီပုထိုးများတည်ဆောက်ပြီး သာသနာပြုရာတွင် အကောင်အထည်ဖော်လုပ်ဆောင်ပေးရန်အတွက် ဗိသုကာပညာရှင်များ၊ ပန်းရန်ပညာရှင်များ၊ ပန်းတဉ်းပညာရှင်များ၊ ပန်းတော့ပညာရှင်များ၊ ပန်းတမော့ပညာရှင်များ စုဆောင်းရာတွင် ငရွှေသီးလည်း ပါဝင်လာခဲ့သည်။

ဤသို့ဖြင့် အတိတ်ဇာတ်ကြောင်းဘယ်လိုပဲရှိရှိ အားလုံးကို ဥပေက္ခာပြုကာ ပတ္တမြားဒေဝီစောမဲကျီနှင့် ငရွှေသီးတို့သည် အရှင်သခင်နှင့် ငယ်ကျွန်ရင်းအသွင်၊ အလုပ်အပ်နှံသူနှင့် အလုပ်လက်ခံအဖြစ်သာ ဆက်ဆံသမှုပြုခဲ့ရသည်သာ ဖြစ်၏။ ဆိုခဲ့သလိုပင် ရမ္မာဝတီ ရမ်းဗြဲကျွန်း၊ မအီနယ်၊ လမုနယ်၊ ထန်းလွှဲနယ်၊ တောင်ကုတ်နယ်ဆိုသော တောင်စဉ်ဒေသနှင့် ဒွါရာဝတီ သံတွဲနယ်တို့ကိုလှည့်ပြီး ပတ္တမြားဒေဝီစောမဲကျီသည် စေတီပုထိုးများတည်ထား သာသနာပြုခဲ့ရာတွင် ငရွှေသီးသည် မိမိအတတ်ပညာကို အကြောင်းပြုလျက် ဦးဆောင် ဆောင်ရွက်ပေးခဲ့သည်မှာ အသေအချာဖြစ်သည်။ သို့အတွက်ကြောင့် ပတ္တမြားဒေဝီစောမဲကျီနှင့် ငရွှေသီးတို့၏ ဆက်ဆံရေးသည် အလုပ်သဘောအရတော့ ထိထိတွေ့တွေ့ရှိနေမည်မှာ ဧကန်ဖြစ်သည်။

ဤသည်ကိုအကွက်ကောင်းချောင်းနေသော ရွှေနန်းတော်မှ မလိုတမာအစုအဝေးမှ အထူးသဖြင့် တော်ဝင်မိသားစုထဲမှ မလိုတမာသူတို့သည် ပြည့်ရှင်မင်းကြီး၏ ရွှေနန်းတော်သို့ရောက်အောင် ချစ်သူဟောင်းတို့ဖြစ်ကြကုန်သော ပတ္တမြားဒေဝီစောမဲကျီနှင့် ငရွှေသီးတို့ အိမ်ကြီးပေါ်မှာအိမ်ငယ်ဆောက်၊ လှေကြီးပေါ်မှာလှေငယ်တင် စေတီပုထိုးတည်ထားရေးကို အကြောင်းပြုကာ ဖောက်လွှဲဖောက်ပြန်ပြုနေကြသည်ဆိုသော သတင်းစကားရောက်အောင် တစိမ့်စိမ့်တသိမ့်သိမ့်ကြဲဖန်နေကြလေရာ အတော်ကြာတော့ ပြည့်ရှင်မင်းကြီးသည် မယုံဝါးဝါးဖြစ်လာခဲ့တော့သည်။ သို့အတွက် ပြည့်ရှင်မင်းကြီးသည် ပတ္တမြားဒေဝီစောမဲကျီကို ဥပါယ်တံမျဉ်ဖြင့် ရွှေနန်းတော်သို့ ပြန်လည်ခေါ်ဆောင်လေတော့သည်။

ဖြစ်ချင်တော့ ဗုဒ္ဓသရီရဓာတ်တော်မွေ့တော်အနည်းငယ်ကျန်နေသေးသဖြင့် ပတ္တမြားဒေဝီစောမဲကျီသည် စေတီပုထိုးတည်သောအဖွဲ့ကို ခေါ်ဆောင်လာရာတွင် အကြီးအမှူးပြုရသူငရွှေသီးလည်း ပါဝင်လာခဲ့ရသည်။ မြောက်ဦးနေပြည်တော်သို့ ပြန်ရောက်တော့ ရွှေနန်းတော်နှင့် မနီးမဝေး ထုက္ကန့်သိမ်စေတီတော်အနီးတွင် ကြွင်းကျန်နေဓာတ်တော်မွေတော်တို့အားဌာပနာသွင်း၍ စေတီတစ်ဆူတည်ဆောက်တော်မူရန် ပတ္တမြားဒေဝီစောမဲကျီက စီစဉ်လေသည်။ ဗိသုကာပညာရှင် ငရွှေသီးက အကောင်အထည်ဖော်ပေးရလေ သည်။

ထိုအခါ ချက်ကောင်းစောင့်နေသော မလိုတမာအုပ်အစုအဝေးက ပတ္တမြားဒေဝီစောမဲကျီနှင့် ငယ်ချစ်ဟောင်း ငရွှေသီးသည် ကာယကံမြောက် ဖောက်ပြားနေကြသည်။ ယခုတည်ဆောက်နေသော စေတီတော်သည် ပတ္တမြားဒေဝီစောမဲကျီ၏ ရင်သားတော်ကို ပုံစံယူတည်ဆောက်သော နို့ပုံစေတီသာဖြစ်သည်ဟု လက်ပါးစေတချို့နှင့် ဇာတ်တိုက်ကာ စွပ်စွဲအပုပ်ချပြီး ပြည့်ရှင်မင်းကြီးထံ လျှောက်တင်ကြလေသည်။

ထိုအခါ ပြည့်ရှင်မင်းကြီးသည် ယုံမှားသံသယကြီးသွားကာ အချစ်ကြီးသလောက် အရှက်ကြီး၊ အမျက်ကြီးစွာဖြင့် ပတ္တမြားဒေဝီစောမဲကျီနှင့် ငရွှေသီးတို့ကို မသေမချင်းသုတ်သင်ကွပ်မျက်ရန် ရာဇသံထုတ်ပြန်လေသည်။ ငရွှေသီးကို မြောက်ဦးရွှေပြည်က ရာဇဝတ်သားတို့စီရင်ရာ သုသာန်မှာ ကွပ်မျက်ခဲ့သော်လည်း ပတ္တမြားဒေဝီစောမဲကျီသည် အဆောင်ရ မိဖုရားတစ်ပါးဖြစ်သည့် အလျောက် နောက်ဆုံးအနေဖြင့် အလို ချင်ဆုံးဆုတစ်ခုကိုတောင်းပါဟု ပြည့်ရှင်



www.burmeseclassic.com

www.burmeseclassic.com

မင်းက မိန့်ဆိုသောအခါတွင် သူမ၏ မွေးရပ်ဇာတိမြေမှာပဲ သေဆုံးခွင့်ပြုရန် တောင်းဆိုခဲ့လေသည်။

လိုရင်းကိုပဲဆိုရလျှင် ပတ္တမြားဒေဝီစောမဲကျီသည် သူမ၏ ဇာတိမြေ ရမ္မာဝတီ ရမ်းဗြဲကျွန်း ကန်တိုင်းနယ်ရွာ ရင်းရွာအနီး စိန်တောင်ချောင်းကမ်းနံဘေး လည်မျိုကိုတုတ်တို့ဖြင့် အရိုက်ခံရခြင်း (တချို့က လည်မျိုကို ဝါးဖြင့်ညှပ်လိမ်ခံရခြင်း) ဖြင့် အကွပ်မျက်ခံသေလွန်ခဲ့ရသည်ဟု ဆိုကြပါသည်။ အရေးကြီးသည်က ထိုကဲ့သို့ ကွပ်မျက်ခံရ၍ မသေလွန်မီမှာ ပတ္တမြားဒေဝီစောမဲကျီသည် သူမ၏ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ငါးပါးပဥ္စသီလကို ခါးဝတ်ပုဆိုးလို မြဲမြံစွာ စောင့်ထိန်းခဲ့သောအကျင့်စရဏနှင့် ကြင်ရာတော် ပြည့်ရှင်မင်းကြီးအပေါ်မှာ တစ်စုံတစ်ရာပြစ်မှားခြင်း၊ လှည့်ဖြားခြင်း၊ လျှော်ကြီးပေါ်မှာလျှော်ငယ်တင် အိမ်ထောင်ရေးဖောက်ပြားမှုမရှိခြင်းဆိုသော စောင့်ထိန်းမှုအပေါ်မှာ အခြေတည်လျက် သစ္စာဆိုအဓိဋ္ဌာန်ပြုခဲ့သောကြောင့် သူမ၏သက်မဲ့ရုပ်ကလာပ်ကို စိန်တောင်ချောင်းထဲပစ်ချရေမျှောသောအခါတွင် ရေစုန်မျောပါခြင်းမရှိဘဲ တစ်ရှိန်ထိုးရေဆန်ဆန်တက်သွားသည်ကို တထူးတဆန်းတွေ့မြင်ခဲ့ရသည်ဟူ၏။ ပိုလို့ထူးဆန်းသည်က မြောက်ဦးရွှေနန်းတော်တွင် သိမ်းဆည်းထားသော ပတ္တမြားဒေဝီစောမဲကျီ၏ မနော်မယ ပတ္တမြားသည် သူမ၏အသက်ဝိညာဉ်ချုပ်ငြိမ်းသည်နှင့် အရောင်မျိုးစုံပြိုးပြက်တောက်ပကာ အသံမျိုးစုံကျယ်လောင်စွာထွက်ပေါ်လျက် မိုးကောင်းကင်ပေါ်သို့ တစ်ဟုန်ထိုး ပျံတက်သွားပြီး လုံးဝပျောက်ကွယ်သွားသည် ဟူ၏။

ပတ္တမြား အပါအဝင် ကျောက်မျက်ရတနာထွက်ပေါ်သောဒေသမဟုတ်ပေမယ့် မနော်မယပတ္တမြားကို ထူးခြားစွာ ရရှိပိုင်ဆိုင်ခြင်း၊ စေတီပုထိုးမြောက်မြားစွာတည်ဆောက်လို့ သာသနာပြုလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ အရောရော အနှော့နှော့ဖြစ်နေသော ဗုဒ္ဓသရီရဓာတ်တော်မွေတော်များကို သစ္စာဆိုအဓိဋ္ဌာန်ပြု၍ သညာတော်ခွဲပေးနိုင်ခြင်း၊ သစ္စာဆိုအဓိဋ္ဌာန်ပြုခဲ့ခြင်းကြောင့် မိမိ၏ သက်မဲ့ရုပ်ကလာပ်ကို ချောင်းရေချမျှောပစ်ခြင်းခံရသော်လည်း ရေစုန်မဆင်းဘဲ ရေဆန်တက်ခြင်းဟူသည် ဂမ္ဘီရဆန်ယယ်ယုက်လှစွာသော ပဟေဠိဝေဆာလှစွာသော ဘဝပိုင်ရှင် ပတ္တမြားဒေဝီစောမဲကျီ၏ ကိုယ်ကျင့်သိက္ခာ၊ သီလ စရဏ ပါရမီသမ္ပတ္တိသည် မည်ကာမတ္တဟုတ်ပါမလား။ ဤသို့သောဂုဏ်ရည်နှင့်ပြည့်စုံသောသူမ၏ကြင်ရာတော်သည် သမရိုးသာမည ဟုတ်ပါ့မလား။

ဤကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေသော ကျောက်ဖြူမြို့နယ်အသင်း (ရန်ကုန်) ၏ (၇၅) နှစ်မြောက် စိန်ရတုမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော ရခိုင်သမိုင်းသုတေသီ ဆရာရွှေသာခိုင်၏ မင်းဗာကြီးနှင့် ကျွန်းဦးကျောက်ဖြူဆောင်းပါးက တစ်စုံတစ်ခုသောအဖြေကို ထုတ်ဖော်ပြသပေးနိုင်လိမ့်မည်ဟုထင်သည်။ ၎င်းမှတစ်ခုကို ကောက်နုတ်ပြရလျှင် -

'ရခိုင်သမိုင်းကို လှန်လှောဖတ်ကြည့်လျှင် ပြည်စိုးကြီး ဟူသော ဝေါဟာရကို မကြာခဏ တွေ့ရမည်။ ပြည်စိုးကြီး ဆိုသည်မှာ ဘုရင်စစ်ချီထွက်သော် လည်းကောင်း၊ တိုင်းခန်းလှည့်လည်သော် လည်းကောင်း၊ ဘုရင်နန်းတော်မှ ရက်အတန်ကြာ ဝေးကွာနေလျှင် တိုင်းပြည်အာဏာကို ပြည်စိုးကြီး ထံခေတ္တအပ်ထားခဲ့ရသောကြီးမားသော ရာထူးအမည်ဖြစ်သည်။ ပြည်စိုးကြီးသည် နိုင်ငံ၏ စီးပွားရေးတာဝန်ကို အချိန်ပြည့်ယူရသည်။ တိုင်းတစ်ပါးနှင့် ရောင်းဝယ်မှုပြုပါက ပြည်စိုးကြီးတာဝန်ဖြစ်သည်။ ရခိုင်သက္ကရာဇ် (ကောဇာနှစ်) ၈၆၃ ခုနှစ်နန်းတက်သော ဣလိသျှာမင်းသည် ၈၆၃ မှ ၈၇၅ ထိ မြောက်ဦး နန်းစံသည့်အတွက် နန်းသက် (၁၂) နှစ်ရှိလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သက္ကရာဇ် ၈၇၄ ခုနှစ်လောက်တွင် အိန္ဒိယ၌ မိုးဆက်တိုက်ခေါင်သည့်အတွက် ဆန်ရေစပါးကို ရခိုင်ပြည်က ခါတိုင်းထက်ပိုဝယ်ယူရပြီး စပါးဈေးမြင့်လာသည်ဆို၏။ ဘုရင် ဣလိသျှာသည် ရခိုင်စစ်တပ်တွင် ဆင်တပ်တော်အတွက် အားဖြည့်လို၍ ယောကျ္ာမ ဆင်ကဲ အောင်ထင်နှင့် ပေါင်းပြီး ကိုယ်တိုင်ဆင်ဖမ်းထွက်တာ အချိန်အတန်ကြာသွားသည် ဆို၏။ ပြည်စိုးကြီးက ပြည်သူများထံမှ ဝမ်းစာစပါးကို ငွေဖြင့်တစ်မျိုး၊ အာဏာဖြင့် တစ်ဖုံ ဝယ်ယူပြီး အိန္ဒိယသို့ရောင်းသည် ဆိုပါသည်။ ထိုအခါ မိုးရာသီအတွင်း ဆန်ရေစပါးဈေး ရခိုင်၌ အလွန်တက်လာပြီး မငြိမ်မသက်ဖြစ်လာသည်ဟုဆိုလေသည်။ . . . . ဆန်ရေစပါးရှားပါး၍ ပြည်ဆူသောအခါ ပြည်စိုးကြီးသည် မိမိပြစ်မှုကို ဘုရင်သို့ပုံချသည်။ ဆန်ရေစပါးရှားပါးခြင်းမှာ ဘုရင်သည် အချိန်ပြည့်နီးပါး တောင်စဉ်လမူးနှင့် သံတွဲတွင် ဆင်ဖမ်းနေ၍ဖြစ်ကြောင်း ဝါဒဖြန့်ပြီး သားတော် ဂဇာပတိကို လည်းကောင်း အလိုမတူဘဲလျက် အတင်းနန်းတင်လျက် ဣလိသျှာမင်းကို ဉပါယ်တံမျဉ်ဖြင့် ကွပ်မျက်လိုက်လေသည်'

ယခု ဣလိသျှာမင်းဟု ဖော်ပြ သော မြောက်ဦးပြည့်ရှင်မင်းမှာ တခြား မဟုတ်။ ပထမမြောက်ဦးမြို့တည်နန်း တည်မင်း စောမွန်မင်းမှ (၈) ဆက် မြောက်မင်းဖြစ်သော မင်းရာဇာမင်း (၈၆၃-၈၇၅) ပင် ဖြစ်သည်။ မင်းရာဇာ မင်း၏ ကုလားဘွဲ့တံဆိပ်တော်မှာ ဣလိ သျှာမင်း ဖြစ်သည်။ မင်းရာဇာမင်းခေါ် ဣလိသျှာမင်းသည် ဆင်တပ်တော် ဆင်အင်အားဖြစ်လိုသဖြင့် ဆင်ကဲ အောင်ထင်၏ အကူညီဖြင့် တောင်စဉ် ခုနစ်ခရိုင်ဝင် (ဝါ) တောင်စဉ်ဒေသဝင် မအီ၊ လမု၊ တန်းလွဲ၊ တောင်ကုတ်၊ သံတွဲ နယ်တို့တွင် ဆင်ဖမ်းခြင်းဖြင့် အချိန်ကု နေခဲ့၏။ ဤအားနည်းချက် ပြည်စိုးကြီး အမတ် (အမတ်ချုပ်ကြီး)၏ အကောက် ကြံလုပ်ကြံခြင်းကိုခံခဲ့ရသည်။ နောက် ပြောစရာတစ်ခုက မင်းရာဇာမင်းသည် သားတော်တစ်ပါးဖြစ်သောဂဇာပတိကို အိမ်ရှေ့မင်းအရာပေးခဲ့ပြီးနောက် သား တော်တစ်ပါးဖြစ်သော မင်းဗာကြီးမင် လောင်းလျာ ဘစောသီရိကို စစ်သူကြီး အရာပေးခဲ့သည့် ဂဇာပတိက မင်းရာဇာ မင်းနှင့် စောမနော်မိဖုရားသားတော်ဖြ ပြီး ဘစောသီရိက မင်းရာဇာမင်းနှ ဆင်ကဲ အောင်ထင်၏ သမီး စောန မိဖုရားတို့၏သားတော်ဖြစ်သည်။

ဘစောသီရိသည် သူ့ခမည်းတော် မင်းရာဇာမင်းနတ်ရွာစံပြီးနောက်ပိုင်းတွင် မြောက်ဦးရွှေနန်းတော်၌နေလျှင် သူ့ အသက်အိုးအိမ်စည်းစိမ်အတွက် စိတ်ခ နိုင်ဖွယ်မရှိသဖြင့် ကစ္ဆပနဒီ (ကုလဒ္ဒာ မြစ်ဝက တောင်ရင်းကျွန်းတပ်ရာသို့ ရွှေ့ ပြောင်းနေထိုင်သည်။ မြောက်ဦးရွှေနန်း တော်ကို အဝေးသစ္စာခံ အမှုတော်ထမ်း ခြင်းသဘောပင် ဖြစ်သည်။

'ဂဇာပတိသည် ပြည်စိုးကြီး၏ ပယောဂကြောင့် နန်းတက်လာသော် လည်း ရမ်းဗြဲတောင်စဉ်လမူးသံတွဲမှ အများစုသည် ဣလိသျှာမင်းရာဇာ သာ လိုလားပြီး ဂဇာပတိကို အဖ သားဟု လက်မခံကြချေ။ အ ဣလိသျှာမင်းရာဇာ ထူ ဆင်တပ်တော်မှ ကျောက်ဖြူ မှ



www.burmeseclassic.com

www.burmeseclassic.com

သားများ၊ ကလန့်တဲ၊ ကင်း စသည့် ဆင်တပ်သားသူရဲကောင်းများ လက်မခံခြင်း ဖြစ်သည်။ ဂဇာပတိသည် ညီဝမ်းကွဲသူကိုလည်း စည်းရုံးသောအနေဖြင့် ကျောက်ဖြူကျွန်းဦး (ရမ်းဗြဲကျွန်းမြောက်ဘက်စွန်း) ကို အုပ်ချုပ်စေရာ မင်းဗာကြီးသည် ယခု ကျောက်ဖြူမင်းပြင်ရွာမှနေ၍ အုပ်ချုပ်ခဲ့သည်'

ဤကား ဆရာရွှေသာခိုင်၏ အဆိုပါ ဆောင်းပါးထဲမှ တခြား ကောက်နုတ်ချက်တစ်ခု ဖြစ်သည်။

မည်သို့ပင်ဆိုစေ မင်းဗာကြီး လောင်းလျာ ဘစောသီရိသည် ရမ္မာဝတီ ရမ်းဗြဲကျွန်းမြောက်ပိုင်းဖျားက ကျောက်ဖြူ ကျွန်းဦးနယ်တွင် ပြောင်းရွှေ့နေထိုင်ပြီး မြောက်ဦးရွှေနန်းတော်ကို အဝေးသစ္စာခံ၍ မင်းအာဏာအပြင်မှ ခစားခဲ့သည်။ ၎င်းကိုအစွဲပြု၍ မင်းပြင်၊ မင်းဘင်၊ မင်းဘင်သခီယာ၊ မင်းဗာ၊ မင်းဗာကြီး ဟူသော အမည်နာမတို့ကို ပိုင်ဆိုင်လာခဲ့သည်။ နောင်တွင် ဘစောသီရိသည် မင်းဗာကြီးအမည်ဖြင့်ထင်ရှားလာခဲ့သည်။ မင်းဗာကြီး အခြေစိုက်နေထိုင်ခဲ့သောနေရာကိုလည်း မင်းပြင်ရွာဟု ခေါ်တွင်လာခဲ့သည်။ ထိုမင်းပြင်ရွာကား တခြားမဟုတ်။ ယခု ကျောက်ဖြူမြို့နယ်ထဲက မိုးလေဝသရေဒါစခန်းရှိသော မင်းပြင်ရွာပင် ဖြစ်သည်။ ထိုကျောက်ဖြူကျွန်းဦးနယ်ကို တချို့က ကျောက်ဖြူမင်းပြင်အရပ်ဟုလည်း ခေါ်သေးသည်။

ဖခမည်းတော် မင်းရာဇာမင်း (ဣလိသျှာမင်း) နတ်ရွာစံပြီး မင်းခေါင်ရာဇာမင်း (၈၈၃-၈၉၃) သည် မင်းဗာကြီးကို မနာလိုဝန်တိုမှု အလွန်သည်းထန်လွန်းသဖြင့် မင်းဗာကြီးသည် ဤ ရမ္မာဝတီ ရမ်းဗြဲကျွန်း ကျောက်ဖြူ ကျွန်းဦးနယ် (ဝါ) ကျောက်ဖြူ မင်းပြင်အရပ်တွင် နေထိုင်ရန် မဖြစ်နိုင်တော့သည်ကို သဘောပေါက်သဖြင့် ဒွါရာဝတီ သံတွဲမြို့သို့ သွားရောက်လျက် မြို့စားအဖြစ်နှင့် အဝေးသစ္စာခံနေပြန်သည်။ သက္ကရာဇ် ၈၉၃ ခုနှစ်အရောက်ဝယ် 'ကြွက်ကားသုံးမည်၊ ရှေ့ဖျားတည်၊ ကြံစည်ကောင်းခြင်း၊ သံတွဲမင်း၊ ဖြစ်လာမည်လည်း၊ တော်သလင်း၊ သံတွဲမြေဟောက် အစွယ်ပေါက်၊ လက်ဝတ်လောက်ပြီးတကား' ဟူသောသိုက်တဘောင်တစ်ခုပေါ်ပေါက်လာသောအခါ မင်းဗာကြီးသည် ရမ္မာဝတီ ရမ်းဗြဲကျွန်း၊ လမူး တန်းလွဲ တောင်ကုတ် စသော တောင်စဉ်ဒေသ၊ ဒွါရာဝတီသံတွဲတို့မှ စစ်သည်ရဲမက်ဗိုလ်ပါတို့ကိုစုရုံးပြီး မြောက်ဦးရွှေပြည်ရွှေနန်းကို သွားရောက် သိမ်းပိုက်ပြီး သက္ကရာဇ် ၈၉၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့ မိဖုရားဖွားစောမင်းနှင့် ရွှေလက်တွဲလျက် သီရိသုရိယစန္ဒမဟာရာဇာဘွဲ့ခံလျက် မင်းပြုအုပ်စိုးနိုင်ခဲ့လေသည်။

တစ်ခါ ဆရာရွှေသာခိုင်၏ အဆိုပါ ဆောင်းပါးတစ်နေရာတွင် 'မင်းဗာကြီးသည် ခမည်းတော် ဣလိသျှာမင်းရာဇာလွန်ပြီးနောက် မင်းလေးဆက်မြောက်သောအခါ၌သာ မြောက်ဦးနန်းကို အာဏာသိမ်းတိုက်ခိုက်၍ နန်းတက်လာသူ ဖြစ်သည်။ ၎င်းကိုနန်းတက်ရန် ကူညီပေးခဲ့ကြသူများမှာ (ရမ္မာဝတီ ရမ်းဗြဲကျွန်းပေါ်မှ) မင်းပြင်၊ ကလန့်တဲ၊ မင်းရပ်၊ ကျောက်ကုလား (ကျောက်ကလေ)၊ ဇင်ချောင်းရွာသားများနှင့် တောင်စဉ်၊ လမူး၊ သံတွဲသားတို့ ဖြစ်နေသဖြင့် မင်းဗာကြီးဘုရင်တစ်ခေတ်လုံး ထိုရွာသားများမှ လက်ဝဲကိုယ်ရံမြန်၊ လက်ယာကိုယ်ရံမြန်အမတ်များ၊ ဝင်းမှူးများ စသော ရာထူးများကိုရခဲ့ကြပြီး မိဖုရားများတွင်လည်း ထီးဖြူရမိဖုရားတစ်ဦးမှာ ကျောက်ဖြူရမ်းဗြဲမှ မိဖုရားပင်ဖြစ်နေသည်'

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ဆရာရွှေသာခိုင်၏ မင်းဗာကြီးနှင့် ကျွန်းဦးကျောက်ဖြူ ဆောင်းပါး ကောက်နုတ်ချက်များကို အနှစ်ချုပ်သတ္တုချရလျှင် လမူး၊ တန်းလွဲ၊ တောင်ကုတ် စသောတောင်စဉ်ဒေသ၊ ဒွါရာဝတီ သံတွဲနယ်နှင့် ရမ္မာဝတီရမ်းဗြဲကျွန်းမှ ပြည်သူအများစုသည် မင်းရာဇာမင်းခေါ် ဣလိသျှာမင်းကိုချစ်ခင်မြတ်နိုးကြည်ညိုတောက်ခံကြသလို သူ၏ သားတော် ဆင်ကဲအောင်ထင်၏မြေး မင်းဗာကြီးခေါ် ဘစောသီရိကိုလည်း မြတ်နိုးချစ်ခင် ကြည်ညိုထောက်ခံကြမည်မှာ မလွဲဧကန်ဖြစ်သည်။ ပြီး မင်းဗာကြီးကိုယ်၌ကလည်း ရမ္မာဝတီ ရမ်းဗြဲကျွန်း၏မြောက်ဘက်ပိုင်း ကျောက်ဖြူမင်းပြင်အရပ် (ကျွန်းဦးကျောက်ဖြူ) တွင် (၂၅)နှစ်ကျော် (မင်းသုံးဆက်) နေထိုင်ခဲ့ဖူးသည်။ ကြံ့ကြိုက်တုန်း ဆက်စပ်ပြောဆိုရလျှင် ပတ္တမြားဒေဝီစောမဲကျီ၏ မွေးရပ်ဇာတိမြေ ရွာရင်းရွာတည်ရှိသော ကန်တိုင်းနယ်သည် ရမ္မာဝတီ ရမ်းဗြဲကျွန်းတောင်ဘက်ပိုင်းအဝင်အပါဖြစ်သည်က သာမန်တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ဟန်မတူပါ။ ဆိုချင်သည်က မင်းဗာကြီးနှင့် ရမ္မာဝတီရမ်းဗြဲကျွန်း ရင်းနှီးကျွမ်းဝင်မှုရှိသည်ဟူ၍ဝင်ဖြစ်၏။

မင်းဗာကြီး မြောက်ဦးရွှေပြည်ရွှေနန်းကိုရရှိရန်အတွက် ဤရမ္မာဝတီရမ်းဗြဲကျွန်းသူကျွန်းသားများက အဓိကနေရာမှ (ဝါ) ရှေ့တန်းမှ ရှပ်ရှပ်ချွံချွံပါဝင်လှုပ်ရှားခဲ့ကြသည်မှာ အသေအချာဖြစ်သည်။ ဆရာရွှေသာခိုင်၏ ဆောင်းပါးအလိုအရဆိုလျှင် ဤရမ္မာဝတီရမ်းဗြဲကျွန်းမှ ပါဝင်လှုပ်ရှားသူတချို့ကို ရွှေနန်းတော်၏ရာထူးဌာနန္တရကြီးကြီးမားမားများရရှိခဲ့သည်ကို တွေ့သိရသည်။ ပို၍အလေးဂရုပြုဖွယ်ရာတစ်ခုဖြစ်သော (မိဖုရားများတွင်လည်း ထီးဖြူရမိဖုရားတစ်ဦးမှာ ကျောက်ဖြူရမ်းဗြဲမှမိဖုရားပင်ဖြစ်နေသည်) ဟူသည့် ဆရာရွှေသာခိုင်၏ ဖော်တစ်ဝက်ဖုံးတစ်ဝက် ညွှန်းဆိုချက်ပင် ဖြစ်ပါသည်။ ဤညွှန်းဆိုချက်သည် အဘယ်သူကို ရည်ညွှန်းနေသနည်း။ ပတ္တမြားဒေဝီစောမဲကျီကို ရည်ညွှန်းခြင်းဖြစ်နေလေသလား။ ဦးအောင်ဇေယျ၏ ရက္ခပူရကြေးမုံကျမ်းထဲတွင် မင်းဗာကြီးမင်းသည် ရမ္မာဝတီ ရမ်းဗြဲကျွန်း၌ ကောင်းမှုတော်စေတီ (၂၄) ဆူ တည်ထားကုသိုလ်ပြုခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ၎င်းသည် ပတ္တမြားဒေဝီစောမဲကျီ၏ ရမ္မာဝတီကျွန်းပေါ်က ကုသိုလ်စေတီတော်များကို ဖော်ညွှန်းပြောဆိုခြင်းများနေသလား။ သို့ဆိုလျှင် ပတ္တမြားဒေဝီစောမဲကျီ၏ ကြင်ရာတော်သည် မင်းဗာကြီးမင်းဖြစ်သည်ဟု ကံသေကံမပြော၍ရနေပြီလား။

အထက်ဖော်ပြပါအားလုံးကို အနှစ်ချုပ်၍ လိုရင်းကိုကောက်ချက်ချရလျှင် နှစ်ရာကုဋေတစ်ခါ လူအသင်္ချေမှာ တစ်ယောက်ဖြစ်နိုင်ခဲ၊ ရနိုင်ခဲသော မနောမယပတ္တမြားကိုပိုင်ဆိုင်ခွင့်ရသော၊ သစ္စာဆို အဓိဋ္ဌာန်၍ ပေါက်မြောက်အောင်လုပ်ဆောင်နိုင်သော၊ စေတီပုထိုးအများအပြားတည်၍ သာသနာပြုနိုင်သော ပတ္တမြားဒေဝီစောမဲကျီ၏ကြင်ရာတော် ပြည့်ရှင်မင်းကြီးသည် ဒုတိယမြောက်ဦးမြို့တည်နန်းတည်ဘုရင်ဖြစ်သော တိုင်းပြုပြည်ပြုစစ်ဘုရင်ဖြစ်သော မင်းဗာကြီးမင်းမှတစ်ပါး တခြားမဖြစ်နိုင်ဟု အသေအချာ တင်ပြဖော်ကျူးလိုက်ရပါ၏သတည်း။

ဝင်းနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုအေးမြဇေယျ)
# မြင်ရတွေ့ရ ကြုံရဆုံရခြင်းများ

ယခု -

ဤလမှ စတင်၍ ရေးသားတင်ဆက်မည့် -

'မြင်ရတွေ့ရကြုံရဆုံရခြင်းများ'ဟု ခေါင်းစဉ်တပ်ထားသောဆောင်းပါးများသည် စတင်ဟောချိန်မှစ၍ ယခုထိ ကြုံဆုံခဲ့ရခြင်းများထဲမှ မေ့မရသော အကြောင်းအရာများကို တင်ဆက်ခြင်း ဖြစ်ပါသည်။

အခြားဆောင်းပါးများနှင့်မတူပါ။

သူရဋ္ဌပရိသတ်ကြီးဖတ်ရင်းဖတ်ရင်းနှင့် ဩော်-ဒီလိုတွေလည်းရှိကြတာကိုး၊ ဟယ် - ဒါလောက်တောင်မှပဲလား ဟူသော ခံစားမှုလေးများ ရင်ထဲရောက်သွားကြပါလိမ့်မည်။

ဤလိုမျိုး ဖတ်ဖူးချင်မှ ဖတ်ဖူးကြပါလိမ့်မည်ဟု ဦးစွာ စကားဆိုချင်ပါသည်။

ထိုစကားဆိုရခြင်းမှာ ကိုယ်တိုင်ကြုံခဲ့ရသောကိုယ်တွေ့များကြောင့် ဖြစ်ပါသည်။

ကိုယ်တွေ့များဟူသည် အမြဲတမ်းအမှတ်ရနေလောက်သည့်အကြောင်းများလည်းရှိတတ်ပါသည်။

အမြဲတမ်းကောင်းနေမည်မဟုတ်သလို -

ဟောတိုင်းမှန်ခဲ့သည်လည်းမဟုတ်ပါ။

ဓာတ်ရိုက်တိုင်းလည်း အောင်မြင်ခဲ့သည် မဟုတ်ပါ။

ဤအကြောင်းအရာများကို. . .

ပညာယူလိုကယူကြရန် -

ဗဟုသုတယူလိုကယူကြရန် -

ပြုံးလိုကပြုံးကြရန်-

'မြင်ရတွေ့ရကြုံရဆုံရခြင်းများ' အဖြစ် -

စတင်လိုက်ရမည်ရှိသော် -

❑

"ဆရာ"

"ဗျာ"

"သားအတွက်ပါ"

"ဟုတ်ကဲ့"

"သူအလုပ်တစ်ခုရချင်လို့ပါ"

"ဟုတ်ကဲ့ - ကျွန်တော်ကူညီမယ်လေ အန်တီ"

"အဲဒါလေ အဲဒါ ဆရာ့ဆီလာတာ။ ဆရာက မောင်နှမရင်းချာလိုခင်နေတော့ ဆရာ့ကိုလာအပ်တာ"

"ဟုတ်ကဲ့ - အစွမ်းကုန်ကူညီပါ့မယ် အန်တီ။ ဘာလုပ်ပေးရမလဲခင်ဗျာ"

"သားအလုပ်တစ်ခုအတွက် အင်တာဗျူးဖြေရမယ်"

"ကောင်းတယ်လေ"

"ဖြေရမှာက ငါးဆင့်လောက်ရှိတယ်နော် ဆရာ"

"ဟုတ်လား - များလှချည်လား"

"သူလုပ်ချင်တဲ့အလုပ်က စည်းကမ်းကြီးတယ်။ စစ်ဆေးတာလည်း သေချာတယ်။ အဲဒါ မနက်ဖြန် အင်တာဗျူးအတွက်"

"ဟုတ်ကဲ့ - ဒီလိုလုပ်၊ သူ့ခုနစ်သက္ကရာဇ်ပြော"

. . . . .

"ဒီလိုလုပ် အန်တီ၊ ပန်း (၇) မျိုး ဘုရားပူဇော်ရမယ်။ တစ်မျိုးကို နှစ်ခ[illegible] စီလောက်ဆိုရတယ်။ ပြီးရင် စနေနံ[illegible] တော်ကပ်"

"ထန်းလျက်ဆိုရလား ဆရာ"

"ရတယ် အန်တီ"

အခါမှာ အင်္ဂါအခါဖြစ်၍ စနေ[illegible] ကို အမိက ဘုရားပူဇော်စေခဲ့ခြင်း ဖြ[illegible] သည်။ အန်တီသည် ကျွန်ုပ်ထံသို့ [illegible] မကရောက်ဖူးပြီး ညီအစ်ကိုမောင်နှ[illegible] ဖြစ်နေ၍ ဝမ်းသာအားရပြန်သွား[illegible] တော့သည်။

တစ်ပတ်ခန့်အကြာ -

"အောင်သွားပြီ ဆရာ"

"ဟာ - ဝမ်းသာတာပေါ့"

"ကျေးဇူးတင်ပါတယ် ဆရ[illegible] ခုလူတွေ့မေးတော့မှာ"

အခါမှာ သောကြာအခါဖြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အန်တီသည် ကျွန်ုပ်အတွက် စိမ်းစားဥ တစ်တွဲဝယ်လာလေရာ နိမိတ်အရကိုက အင်္ဂါနံနဝင်းဖြစ်နေချေပြီ။

"ဒီလိုလုပ် အန်တီ"

"ဟုတ်ကဲ့"

"သူ့ကို လူတွေ့မေးမယ့်နေကျ ဘုရားရှင်ကို ဆွမ်းတော်ပွဲ သုံးပွဲကပ်လှူ"

"ဘာနဲ့လဲ ဆရာ"

"ဘာနဲ့ဖြစ်ဖြစ်ရတယ်။ ကျွန်တော့် သဘောက ဒိပြင်ဟင်းတွေနဲ့ ဆွမ်းတော်ပွဲကပ်လှူ။ ပြီးရင် စိမ်းစားဥကိုသေချာအခွံခွာ အစိတ်လေးတွေလုပ်ပြီး ဘုရားဆွမ်းတော်ကပ် သူသေချာပေါက်ပါမယ်"

"ဟုတ်လား ဆရာ၊ ဝမ်းသာလိုက်တာ"

အဒေါ်သည် ဖြူဖြူနွဲ့နွဲ့လေးဖြစ်၏။ သူ၏တစ်ဦးတည်းသောသားလေးကို အလွန်ဖြစ်စေချင်၏။ ငွေကြေးလည်း ပြည့်စုံ၏။ ကျွန်ုပ်သည် သူ့သားကိုမမြင်ဘူးပါ။ သို့သော် သူ့သားအကြောင်းပြော၍ နာမည်စမေးလိုက်သည်နှင့် ဒီပုဂ္ဂိုလ်သည် အလွန်မှ ဆောင့်ကြွားကြွားနိုင်လောက်သည်ကို စိတ်ထဲမှကြိုတွေးထားလိုက်၏။ အဒေါ်လာတိုင်း သူ့ကျန်းမာရေး၊ သူ့စီးပွားရေး၊ ရပ်ဝေးမှနေသော သူ့အစ်မကျန်းမာရေး ဒါများသာမေး၏။ ယခုမှသာ သူ့သားအကြောင်းမေးဖြစ်တော့၏။

"အောင်သွားပြန်ပြီ ဆရာရေ"

"ဟာ - ဟုတ်လား၊ ဝမ်းသာလိုက်တာ"

"ဒီအဆင့်မှာပြုတ်ကျန်ခဲ့တဲ့ကလေးတွေအများကြီးပဲ။ အဲဒါ ဆရာ့ကျေးဇူး။ ဆရာ့ကို အရမ်းကိုကျေးဇူးတင်ပါတယ်"

"ရပါတယ်ခင်ဗျာ၊ မောင်နှမချင်းတွေပဲ။ ကျွန်တော်တတ်နိုင်တဲ့တစ်ထောင့်တစ်နေရာလေးကနေကူညီတာပါ"

"ဟုတ်ပါတယ် ဆရာရယ်။ အန်တီကတော့ ဒါလောက် ခဲရာခဲဆစ်တွေကို ဖြတ်ကျော်နိုင်လာတော့ ကျေးဇူးတင်ရတာပေါ့ ဆရာရယ်"

"အခြေအနေက အတော်ဟုတ်သွားပြီပေါ့"

"ကျန်သေးတယ် ဆရာ၊ သူတို့စစ်ဦးမယ်နဲ့တူတယ်။ မျက်လုံးတို့ဘာတို့ဆေးစစ်တာတို့"

"အောင်မြင်မှာပါ ကျွန်တော်ပြော



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီလိုလုပ်၊ အန်တီ့သားအင်္ကျီကို အန်တီ့ရင်ခွင်မှာ ညာဘက်လက်နဲ့ကိုင်ထိထား၊ ပြီးရင် ပဋ္ဌာန်းရွတ်ပေး"

"၂၄-ပစ္စည်းလား ဆရာ"

"အကျယ်ရောရွတ်ပေ့ါ။ ရွတ်ပြီးရင် ဝင်လေထွက်လေမှတ်ပြီး ငါးမိနစ်လောက် အန်တီ့သားကို မေတ္တာပို့။ မျက်လုံးမှိတ်ထား။ မျက်လုံးထဲပေါ် အာရုံစူးစိုက်ပြီးပို့ ရပြီ"

စိတ်အထင် ရက်ပေါင်းနှစ်ဆယ် ပင်မပြည့်လောက် -

"ဟော - လာ အန်တီ"

"လူမရှင်းသေးလို့ ခဏစောင့်နေတာ။ အန်တီရောက်နေတာ နာရီဝက်လောက်ရှိပြီ။ ဒါသားလေ"

ကျွန်ုပ်ထင်သည့်အတိုင်းပင် ဖြစ်၏။ မျက်နှာကြောခပ်တင်းတင်းနှင့် ဟိုကြည့်ဒီကြည့်ကြည့်ရင်း ကျွန်ုပ်ကိုလှမ်းကြည့်နေ၏။ ကျွန်ုပ်သည် ချမ်းသာသူမဟုတ်ပါ။ အမြင့်(၂)ပေ၊ အရှည်(၄)ပေခန့်ရှိသောခုံလေးကို အမြင်မတော်သောတပည့်များက သစ်သားဝယ်၍ရိုက်ပေးထားသောကြောင့် ဟောစရာခုံရှိခြင်းဖြစ်၏။ ဟောခါစက အမေ့သနပ်ခါးခုံလေးချဟောရ၏။ ခုံမရှိ။

ဤခုံသည်ပင် အခင်းလှန်ကြည့်ပါက ရွှေဘော်ထိုးမထားသောကြောင့် သစ်စများနှင့် ဖွာလန်ကြနေသောခုံဖြစ်မှန်းသိသွားကြမည်ဖြစ်၏။ ထိုဖွာလန်ကြကို လူမမြင်အောင် သူများဝယ်လာပေးသောပလတ်စတစ်တစ်ခုခင်းထားရ၏။

အန်တီ့သားသည် ခုံကိုကြည့်၍ ကျွန်ုပ်ဘက်သို့တောင် မျက်နှာမလှည့်တော့။ ကျွန်ုပ်ကသာ အန်တီ့ကိုခင်သည့်စိတ်ကြောင့် သူ့ကိုလှည့်လှည့်ကြည့်မိ၏။

"ကဲ - ဆရာ၊ ဒါသားလေ"

"ဟုတ်ကဲ့ - အန်တီ"

"ဆရာရေ၊ အခုလာတာက သားတို့ နောက်ဆုံး ဇကာတင်ပဲ။ ဒီတစ်ခါအောင်ရင်ပါပြီဆရာ။ အရွေးခံရပြီးသင်တန်းတက်ရပြီ။ ဆရာလုပ်ပေးပါနော်။ ဆရာ့ကိုအားကိုးပါတယ်"

တစ်ချိန်လုံး မျက်နှာကြောတင်းတင်းနှင့်ငြိမ်နေသော အန်တီ့သားသည် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး အားရပါးရရယ်ရင်း -

"အမေ၊ အမေ ဘာဖြစ်နေလဲ။ ဆရာက အလုပ်ပေးနိုင်တဲ့ ညွှန်ချုပ်လည်းမဟုတ်၊ အလုပ်သမားဝန်ကြီးလည်းမဟုတ်။ ဆရာနဲ့ဘာဆိုင်လို့လဲ"

အန်တီ့မျက်နှာချက်ချင်းပျက်သွား၏။ သူ့သားကို ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး -

"ဟဲ့ - နင်ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ၊ ဆရာကဘာလုပ်ပေးနိုင်မှာမို့လို့လဲ။ အမေတို့ဟာက ခပ်ကြောင်ကြောင်တွေဖြစ်နေပြီ"

"ဟဲ့"

"ဟုတ်ပါတယ် အန်တီ၊ သူပြောတာ. . ."

"ဆရာ အဲလိုမပြောပါနဲ့။ ကျွန်မတောင်းပန်ပါတယ်"

အန်တီ့သားသည် အန်တီ့ကိုကြည့်ရင်း မျက်ခုံးရှုံ့လိုက်ပြီး ပါးစပ်က 'ကျွတ်' ဟူသောအသံကိုပြုလိုက်ပြီး -

"အမေတော်တော်ခက်ပါလား။ ကျွန်တော်အလုပ်ရဖို့ဆိုတာ ကျွန်တော့်ဟာကျွန်တော်ကြိုးစားမှရမှာပေ့ါ အမေရ၊ ဆရာက ဟင်း ဟင်း ဘာလုပ်ပေးနိုင်မှာမို့လို့လဲ"

"မှန်တယ် အန်တီ၊ သူပြောတာ"

"မဟုတ်ဘူးလားဆရာ၊ ကျွန်တော်ပြောတာ။ ဆရာက ဝန်ကြီးလည်းမဟုတ်၊ ညွှန်ချုပ်လည်းမဟုတ်၊ ကုမ္ပဏီပိုင်ရှင်လည်းမဟုတ် ဘာလုပ်ပေးနိုင်မှာမို့လို့လဲ။ ဆရာကဗေဒင်ပဲဟောတတ်မှာပေ့ါ။ အမေကဗျာ ဟား-ကြောင်တောင်တောင်တွေဖြစ်ကုန်ပါပြီ။ ကျွန်တော်ပြောတာမဟုတ်လို့လား ဆရာ၊ ပြောစမ်းပါဦး"

"ဟုတ်တယ်၊ သိပ်မှန်တာပဲ"

"ဟယ် - ဆရာ့ကိုကြည့်စမ်း နင်"

"သူပြောတာ အရမ်းမှန်တယ် အန်တီ။ ကျွန်တော်ကအလုပ်ပေးနိုင်တဲ့သူမှမဟုတ်တာ။ မှန်တယ်၊ သူကိုယ်တိုင်ကြိုးစားမှ သူရမှာ။ ကျွန်တော်ဘာမှလုပ်မပေးနိုင်ဘူး"

အန်တီသည် ပါးပြင်ပေါ်သို့ မျက်ရည်များလိမ့်ဆင်းလာပြီး ခေါင်းကိုတွင်တွင်ခါယမ်းရင်း -

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်မသိနေတယ်၊ ဆရာ့ကိုကျွန်မသိနေတယ်။ ကျွန်မ တောင်းပန်ပါတယ် ဆရာရယ်။ ဆရာဥပေက္ခာမပြုလိုက်ပါနဲ့နော်။ ကျွန်မတောင်းပန်. . ."

"ဟာဗျာ- အမေကလည်း ရှောဘိသာပြေးလိုက်ချင်တော့တယ်၊ ဘာတွေပြောနေမှန်းမသိဘူး။ အမေကဘာတွေမှားနေလို့ ဘာတွေတောင်းပန်နေရတာလဲ။ ဟား - ဘာတွေဖြစ်နေလဲ"

ကျွန်ုပ်သည် သားအမိနှစ်ယောက်ပြောကြဆိုကြဖြစ်နေသည်ကို ပြုံးရင်းကြည့်နေလိုက်၏။

"ဆရာ့စိတ်ဓာတ်ကို ကျွန်မ သူ... ထက်သိတယ်ဆရာ။ ကျွန်မတာကယ်စိတ်... မကောင်းဘူး"

"ဘာဖြစ်လို့လဲအန်တီ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး။ သူပြောတာမှန်တယ်လေ"

အန်တီသည် ပါးစပ်ကိုတင်းတင်း... စေ့လိုက်ပြီး ငို၍ မျက်နှာငုံ့လိုက်ရင်း ခေါင်းတွင်တွင်ခါနေ၏။

"တစ်ခုခုလေးတော့ လုပ်ပေး... ဆရာရယ်။ ကျွန်မ မေတ္တာရပ်ခံပါတယ်"

"ကျွန်တော်လုပ်ပေးလို့မှမရ... အန်တီရယ်။ သူကိုယ်တိုင်ကြိုးစားမှ... ရမှာချည်းပဲ။ ကျွန်တော်မလုပ်တတ်ဘူး"

အန်တီသည် အားရအောင်ငို... ၏။ သူ့သားက ဘေးမှသူ့အမေကိုကြ... ရင်း ခေါင်းတခါခါလုပ်လိုက်၊ မထေ့... ပြုံးကြည့်နေလိုက်နှင့် အလုပ်ရှုပ်နေ... တစ်အောင့်လောက်အကြာတွင် အန်... သည် ကျွန်ုပ်ကို တောင်းပန်ရင်း သူ့... ကိုခေါ်၍ ထပြန်သွားပါတော့သည်။

နောက်ဆယ်ရက်ခန့်အကြာ... အန်တီ၏ မောင်တစ်ဝမ်းကွဲတော်... ရောက်လာပါသည်။ မျက်နှာမကော... ပါ။

အန်တီက လွှတ်လိုက်လို့ မ... ပါ။ သူသည် အကြောင်းအရာအ... အန်တီပြောပြ၍သိထားနေပုံရ၏။

"မပါတော့ဘူး ဆရာ။ နော... ဆင့်မှာပြုတ်ကျန်ခဲ့ပြီ။ စွမ်းရည်... ရွေးပွဲမှာ သူတို့သတ်မှတ်ထား... စံချိန်က ခုနစ်မိနစ်နဲ့ ဆယ်စက္ကန့်။ ... ခုနစ်မိနစ်နဲ့စက္ကန့်ငါးဆယ်ဖြစ်သွား... စက္ကန့်လေးဆယ်ကွာသွားတယ်။ ... လိုက်တာ အရမ်းပဲ။ သူ့အမေဆို ... တောင်မစားနိုင်ဘူး။ နောက်... ထပ်လျှောက်လို့လည်း မရတော့... အသက်ကျော်သွားပြီ"

ကျွန်ုပ်နားထောင်နေလိုက်... စိတ်မကောင်းပါ။

အိမ်အပြင်သို့လှမ်းကြည့်... ပြာလဲ့လဲ့ကောင်းကင်ပြင်ကြီး... ငေးနေလိုက်မိပါတော့သည်။

အကျိုးတရား ဟူသည် -

အကြောင်းတရားပေါင်း... ပေါင်းဆုံမှသာလျှင်. . .။

ဆရာဦးဒေါင်... 

(ရော်ကိုအေးမြ...

www.burmeseclassic.com

# ခွေးလေးယားစေ့အနက် ဆေးစွမ်းထက်သည်ဆိုသော်လည်း

ဉာဏ်လွင်မြင့်



ဤစာရေးသူသည် မြန်မာ့သံတော်ဆင့်ဂျာနယ်ကို အပတ်တိုင်း ဖတ်သည်။ မြန်မာ့သံတော်ဆင့်ကိုဖတ်ရင်း ဓမ္မသံတော်ဆင့်ထွက်လာပြန်သဖြင့် ဓမ္မသံတော်ဆင့်ဂျာနယ်ကို အပတ်တိုင်း ဖတ်ရပြန်သည်။ ထိုဓမ္မသံတော်ဆင့် ဂျာနယ် အမှတ် (၄၅)၊ ၁၆-၁၀-၂၀၁၆၊ ၂၂-၁၀-၂၀၁၆ နေ့ထုတ် စာမျက်နှာ (၁၀) ၌ 'ကိုယ့်အကြောင်းကိုယ်သိ' ဆိုသည့် လမင်းသာ ရေးသည့် ဆောင်းပါး တစ်ပုဒ် အပတ်စဉ်တိုင်းပါရှိလေ့ရှိပါသည်။

ထိုဆောင်းပါး၌ 'ယောကျ်ားများ အကြောသန်သည်ဘာညာကောင်းသည် ဆိုပြီး ခွေးလေးယားစေ့အနက်လှော်ပြီး စားသူများ တစ်ချိန်လုံးလည် ချောင်းနာသည်၊ တစ်ချိန်လုံးအန်သည်၊ အသက်ရှူကျပ်နေသည်'ဆိုပြီး ရေးသားထားသည်ကို ဖတ်ရသည်။ ထို့ပြင် ထန်းလျက်ခဲနှင့်စားပါ၊ ကန်စွန်းရွက်ကိုထောင်းပြီး အရည်ညစ်၊ အကြမ်းပန်းကန်တစ်လုံးစာ ရအောင်သောက် (ခွေးလေးယားသီး အဆိပ်မဖြစ်အောင် နွားနို့နှင့်ပြုတ်ပြီး လှော်စားရသည်။ (၃)၊ (၄) စေ့ထက် စားရ) ဟူ၍လည်း တစ်ဆက်တည်း ဖော်ပြထားသည်ကို တွေ့ရသည်။

ဤကား ဓမ္မသံတော်ဆင့်ပါ ဆောင်းပါး၌ ဖော်ပြချက်၊ သတိပေးချက် ဖြစ်ပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ စာရေးသူ ကိုယ်တိုင်အဖြစ်အပျက်ကို သူရဿမဂ္ဂဇင်း ဖတ်ပရိသတ်တို့အား တင်ပြလိုပါသည်။

မိမိသည် နွေရာသီ၌ အပူဒဏ်ကြောင့် ရင်း ပြင်ဦးလွင်သို့ သွားရောက် နေထိုင်လေ့ရှိပါသည်။ ပြင်ဦးလွင်၌ မိတ်ဆွေရင်းချားဖြစ်သူတစ်ဦးက ခွေးလေး ယားပင်များစိုက်ပျိုးထားရာ အသီးအစေ့ (၁) ပြည်ခန့်ရကြောင်း၊ တစ်ပြည်ကို (၂၀၀၀၀) နှင့်ရောင်းရကြောင်း အားလုံး (၂) သိန်းခန့် သုံးစွဲလိုက်ရကြောင်း ပြောပါသည်။

"ဘာအသုံးရှိလို့ဝယ်ကြတာလဲ" ဟု မသိ၍မေးရာ ဆေးဝါးဖော်စပ်ကြကြောင်း၊ တရုတ်လူမျိုးများက ဝယ်ယူကြကြောင်း၊ ခွေးလေးယားစေ့ အနက်ကိုလှော်ပြီးစားလျှင် အာယုဒီယ ဆေးဖြစ်ကြောင်း၊ ကာမကိုအားပေးကြောင်း၊ သို့ကြောင့် ယခုအခါ ခွေးလေး ယားအနက်စေ့ပင်များကို တော်တော်များ စီးပွားဖြစ်စိုက်ပျိုးနေကြောင်း၊ ခွေးလေး ယားစေ့အနက်(၁)ပြည် (၂၀၀၀၀)ကျပ် ဖြင့်ဝယ်ယူနေကြောင်း၊ နို့ဆီဘူး(၁)ဘူး ကို ငွေ (၃၀၀၀) နှင့်ရောင်းရကြောင်း ပြောပြ၍ သိရှိရပါသည်။

ဤသို့ စကားစပ်မိကြရင်း -

"ဒီလိုဆိုရင်ဗျာ ကျွန်တော်လည်း စိုက်ချင်ပါရဲ့။ မျိုးစေ့ရှိရင်မျှပါ၊ မန္တလေး နေအိမ်ရောက်ရင် စိုက်ချင်ပါတယ်"

ဆိုပြီး မျိုးစေ့တောင်းရာ သူ့ထံမှ မျိုးစေ့ရရှိခဲ့သည်ဆိုပါတော့။

မျိုးစေ့ကို မန္တလေးနေအိမ်စိုက် ပျိုးရာ အပင်ကောင်းကောင်းမဖြစ်။ စိုက် တာကလည်းတစ်ပင်ဆိုတော့ အသီးများ များမရ။ နို့ဆီဘူး (၂) လုံးလောက်ရရှိပါ သည်။ ထိုအထဲမှ နို့ဆီဘူးတစ်ဝက်ခန့် ကိုပြုတ်ပြီး ဆီဆမ်းဆားဖြူး၍ ထမင်းပွဲ မှာ စားလိုက်ပါသည်။ အိမ်သားများ လည်း နည်းနည်းစီစားကြသည်။ မိမိ ကား အာယုဒီယဆေးဝါးဆိုပြီး သူများ ထက်စားတာများသွားဟန်တူပါသည်။

သိပ်မကြာလိုက်ပါ။ ဆောင်းတွင်း ကြီးဖြစ်ပါသည်။ မှတ်မှတ်ရရ ပြာသိုလ ထဲမှာအေး၍ ရေမှန်မှန်မချိုးနိုင်တာရယ်၊ ခွေးလေးယားစေ့ပြုတ်ကို သူများထက် များများစားမိထားတာရယ်ကြောင့် အပူ လွန်ကဲပြီး အပူဖုများဘယ်ဘက်ချိုင်း အောက်မှာထွက်လာပါတော့သည်။

သို့ကြောင့် မြို့တော်ဆေးရုံသွား၍ အထွေထွေကုသမားတော်ထံ ပြသရာ အားနည်းပြီး အပူလွန်ကဲ၍ ရေယုန် ပေါက်တာဟုပြောပြီး ဆေး (၁) လစာ ပေး၍ ပြန်လွှတ်လိုက်ပါသည်။

သမားတော်ကြီးပေးလိုက်သည့် စားဆေးနှင့် လိမ်းဆေးများကိုလိမ်းရပါ သည်။ ရေယုန်နာအပူဖုများကို လိမ်းဆေးလိမ်းရသည်။ မလိမ်းဘဲမနေနိုင်။ အလွန်ပူပါသည်။ သူများတကာပေါက် သည့်ရေယုန်က မနာမကျင်ပါ။ မပူပါ။ ယား၍ ကုတ်ရဖွဲ့ရသည်ဟု ကြားဖူးပါ သည်။ ယခု မိမိတွင်ပေါက်သည့်ရေယုန် ကား မနေနိုင်မထိုင်နိုင်အောင်ပူပါသည်။ အလိုလေး အမလေးတလောက်အောင် ပူပါသည်။ သမားတော်ပေးလိုက်သည့် စားဆေးနှင့် လိမ်းဆေးများကို တစ်လ တိတိ မှိုဝဲစားသုံးလိမ်းပြီး ထပ်မံ၍ သမား တော်ထံပြသရပါသည်။

တစ်လကြာ၍ သမားတော်ထံ သွားပြသောအချိန်၌ ရေယုန်များ အဖတ်လိုက်ကွာသွားပြီးပျောက်သွားပါ ပြီ။ အနာရွတ်ပင်မကျန်ရစ်ပါ။ သို့သော် ရေယုန်ပေါက်သည့် ဘယ်ဘက်ချိုင်း အောက်၊ ဘေးတစ်ခြမ်းမှာ ယခုတိုင် ပူလျက်ရှိနေပါသည်။ အလွန်ဆိုးဝါး သည့်ရောဂါဖြစ်ကြောင်း ပြောလိုပါ သည်။

သို့ပါ၍ အာယုဒီယဆေး/ ကာမ အားတိုးဆေးဆိုရုံမျှဖြင့် မဆင်မခြင် အရမ်းမသုံးစွဲမိကြရန် မိမိကိုယ်တွေ့ ဖြစ်ရပ်မှန်ကို တင်ပြရခြင်း ဖြစ်ပါသည်။ အကယ်၍ ခွေးလေးယားစေ့အနက်ကို မှီဝဲသုံးစွဲမည်ဆိုပါက ခွေးလေးယားစေ့ ကို ရေစိမ်ပါ။ ပွလာမှ ဆယ်ယူပြီး နွားနို့ နှင့် ရေခန်းပြုတ်ပါ။ ပြုတ်ပြီးသားကို ထောပတ်နှင့်ကြော်ပါ။ (၃)၊ (၄)စေ့ထက် ပိုမစားရပါ။ ဝမ်းမှန်ဖို့လိုပါသည်။ ရေမှန် မှန်ချိုးဖို့လည်းလိုပါသည် ခင်ဗျား။

ပုဘာတု တေ အာယုဝဍ္ဍန်

ဉာဏ်လွင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ကြို့ပင်ကောက်မြို့နယ်တွင် ကုန်သွယ်/လယ်ယာဌာန၌တာဝန်ထမ်းဆောင်စဉ် သရက်ကုန်းရွာကလေးသို့ရောက်ခဲ့ဖူးကြောင်း ပြန်လည်သတိရမိပါသည်။

မည်သည့်ကိစ္စဖြင့်သွားကြောင်း ပြန်လည်စဉ်းစားရာတွင် မဲရုံမှူးတာဝန်ထမ်းဆောင်ရန် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲတွင် ရပ်ကွက်/ကျေးရွာပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ရန်အတွက် သရက်ကုန်းရွာတွင် မဲရုံမှူးတာဝန် သွားရောက် ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်ရပါသည်။

မဲရုံမှူးတာဝန်ထမ်းဆောင်ရမည်မှာ တစ်ခုသောတနင်္ဂနွေနေ့တွင် ဖြစ်လျက် စနေနေ့နံနက်တွင် ကျွန်ုပ်သည် မိကျောင်းစက်ဘီးကလေးဖြင့် သရက်ကုန်းရွာသို့ ထွက်လာခဲ့ပါသည်။

ကျွန်ုပ်၏ ခရီးသွားဖော်များမှာ ကိုအေးဝင်း (ဒိုင်မှူး) နှင့် ကိုခင်မြင့် (ဒိုင်မှူး) တို့ ဖြစ်ပါသည်။ သူတို့လည်း ကျွန်ုပ်တာဝန်ကျသော သရက်ကုန်းရွာနှင့် မနီးမဝေးရှိကျေးရွာများတွင် မဲရုံမှူးတာဝန် ထမ်းဆောင်ရန်သွားရောက်ကြခြင်း ဖြစ်လေသည်။

သရက်ကုန်းရွာသည် ကိုခင်မြင့် ဒိုင်မှူးတာဝန်ကျခဲ့သော အလယ်ကုန်းရွာနှင့် မလှမ်းမကမ်းတွင်ရှိကာ ထိုနယ်တစ်ဝိုက်တွင် ကိုခင်မြင့်သည် သွားရေးလာရေးမှစ၍ ကျွမ်းကျင်ပြီး ဒေသခံများနှင့် အသိအကျွမ်းဖြစ်မှုများပြားသောကြောင့် ခရီးတွင်အလွန်အားကိုးရသောသူတစ်ဦး ဖြစ်ပါပေသည်။

ကျွန်ုပ်တို့ စက်ဘီးတစ်ယောက်တစ်စီးဖြင့် ခရီးထွက်လာကြရာ လမ်းတွင် ခေတ္တနားသောနေရာများရှိကာ ထိုနားသောနေရာများတွင် ကိုခင်မြင့်နှင့် သိကျွမ်းရင်းနှီးသူများက ခင်ခင်မင်မင်ဖြင့် ကြိုဆိုကြသည်သာ ဖြစ်လေသည်။

သရက်ကုန်းရွာသို့ မရောက်မီလမ်းတွင်နားကြသောရွာများအနက် ကျွန်ုပ်အမည်မမှတ်မိသော ရွာတစ်ရွာတွင် ခေတ္တနားကြပါသေးသည်။

ကိုခင်မြင့်သည် ထိုရွာတွင် ရင်းနှီးနေသော ဒေါ်ဉာဏ်၏အိမ်သို့တန်းသွားပါသည်။ ဒေါ်ဉာဏ်သည် ထိုရွာတွင် နတ်ထိန်းနတ်ကတော်အဖြစ်နေထိုင်သူတစ်ဦးဖြစ်ပါသည်။ သူမသည် ကိုခင်မြင့်ကိုမြင်လိုက်ရသည်တွင် ဆွေမျိုးတစ်ဦးကို မြင်လိုက်ရသည့်အလား ဝမ်းပန်းတသာဖြင့် -

"ဟယ် - ကိုဝင်းမြင့်တို့ပါလား။ အကြောင်းမကြားဘာမကြားနဲ့ လာကြ အိမ်ပေါ်ကို တက်ကြပါ"

ဒေါ်ဉာဏ်နေထိုင်သောအိမ်... (၄) ပင် ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုး... ဖြစ်ပြီး ထိုအိမ်တွင် ဒေါ်ဉာဏ်နှင့်... တူမကလေးနှစ်ဦး၊ တူကလေးတစ်... နှင့်အတူနေထိုင်လေသည်။ ဒေါ်ဉာ... သည် အပျိုကြီးဖြစ်ကြောင်း နောင်... သိရပါသည်။

ကျွန်ုပ်တို့ အိမ်ပေါ်တက်ပြီး... မိကြသောအခါ တူမကလေးမျာ... ရေနွေးကြမ်း၊ ထန်းလျက်ခဲ ... စားဖွယ်သောက်ဖွယ်များဖြင့် ဧည့်... ပါသည်။

ခေါင်းရင်းတွင် ကြီးမား... ဘုရားခန်းတစ်ခုရှိပြီး ဘုရား၏အော... ခြေတွင် နတ်ရုပ်များထားရှိသော... တစ်ခုရှိပါသည်။ နတ်ရုပ်များကို ... ရေတွက်ကြည့်ရာ (၁၇) ရုပ်ရှိပြီး ... ရှေ့တွင် အုန်းပွဲ၊ ငှက်ပျောပွဲမျာ... ထိုပွဲများတွင် အမွှေးနံ့သာများ... ထားကြောင်း တွေ့ရပါသည်။

နတ်ရုပ်(၁၇)ရုပ်မှာ အရေး... ကိုးကွယ်မှုများပြားသောနတ်ရုပ်မျာ... ကြောင်း ဒေါ်ဉာဏ်ကပြောပါသ...



www.burmeseclassic.com

www.burmeseclassic.com



# မင်းသန့်ကျော်

(ဦးကုန်း)

## တွင်းအောင်းကျတ်

www.burmeseclassic.com

www.burmeseclassic.com

"ကိုအေးဝင်းနဲ့ ကိုခင်မြင့်တို့က တော့ သိဟောင်းကျွမ်းဟောင်းတွေပဲ။ နောက်ညွှေ့သည်တစ်ယောက်နဲ့လည်း မိတ်ဆက်ပေးပါဦး"

ကိုခင်မြင့်က -

"ဩော် - ဟုတ်သားပဲ၊ သူက ဇီးကကုန်းကရွှေ့လာတက်တာ။ ဒီဘက်ရွာ တွေကိုမရောက်ဘူးသေးလို့ ကျွန်တော် တို့နဲ့လိုက်လာတာပါ"

"ဩော်ဩော် - ဘယ်ရွာကိုသွားရ မှာလဲ"

"သူက သရက်ကုန်းရွာကိုပါ ခင်ဗျာ"

"အေးလေ၊ နောက်ကိုလည်း ခင်ခင်မင်မင်နဲ့ဝင်ပါထွက်ပါနော်။ အခု လည်း သွားလမ်းလာလမ်းဖြောင့်အောင် အရှင်သခင်တွေကို အပ်ပေးလိုက်မယ် ခဏစောင့်နော်"

ဒေါ်ညာဏ်သည် ပြောပြောဆိုဆို နှင့် နေရာမှထသွားပြီး နတ်တစ်ဦး၏ အဝတ်အစား၊ အသုံးအဆောင်များကို ဆင်မြန်းလိုက်ပြီး နတ်ကိုပင့်လိုက်ပါ သည်။

"ကဲ - ဒီကညီတော်လေးတွေ ကျုပ်ကတော့ ပခန်းကိုကြီးကျော်ပဲ။ ညီတော်နှစ်ယောက်သွားမယ့်ရွာတွေမှာ တော့ ဘာမှအနှောင့်အယှက်မတွေ့ရ ဘူး။ သွားလမ်းလာလမ်းဖြောင့်ပါတယ်။ အဲ့နောက်ညီတော်တစ်ယောက်သွားမယ့် ရွာမှာတော့ နည်းနည်းအနှောင့်အယှက် ရှိနေတယ်"

"ဘယ်လိုအနှောင့်အယှက်မျိုးလဲ ခင်ဗျာ"

"ညီတော်နဲ့တော့ မဆိုင်ပါဘူး။ ရွာသားတစ်ယောက်ကို နှောင့်ယှက် ထားတာပါ။ ဒီပြဿနာကို ညီတော်ဖြေ ရှင်းရလိမ့်မယ်"

"ကျွန်တော်ဖြေရှင်းရမယ်ဆိုရင် ဖြေရှင်းနိုင်အောင် ကူညီပေးစေလိုပါ တယ်"

"ကူညီမယ်၊ ကူညီမယ်။ ကဲ-ကိုယ် တော်ပြန်ကြွမယ်"

နတ်ထွက်သွားသောအခါတွင် ဒေါ်ညာဏ်က -

"ကိုကြီးကျော် ပြောရင်တော့ မှန်တတ်တယ်နော်။ အနှောင့်အယှက်က တော့နည်းနည်းလို့ပြောတာပဲ။ ဂရုစိုက် ပေါ့ရှင်"

❑

ဒေါ်ညာဏ်၏အိမ်တွင် ခဏနေပြီး သောအခါ ကျွန်ုပ်တို့လည်း ဆက်လက် ထွက်ခွာလာခဲ့ကြလေသည်။ မကြာမီ တွင် သရက်ကုန်းရွာကို လှမ်းမြင်နေရပြီ ဖြစ်လေသည်။

ကိုခင်မြင့်က -

"ဟိုဟာ သရက်ကုန်းရွာပဲ။ စက်ဘီး စီးပြီးတော့ ရွာထဲကိုသာဝင်သွားပေ တော့ အဆင်ပြေပါလိမ့်မယ်။ ကဲ - ကျွန်တော်တို့လည်းသွားပြီဗျို့"

ကျွန်ုပ်အားထားခဲ့သောနေရာတွင် လမ်းခွဲကလေးနှစ်ခုရှိရာ ဘယ်ဘက်သို့ သွားပါက ကိုအေးဝင်း တာဝန်ထမ်း ဆောင်ရမည့်ရွာသို့ ရောက်မည်ဖြစ်ပြီး ညာဘက်သို့သွားပါက ကိုခင်မြင့်တာဝန် ထမ်းဆောင်ရမည့်ရွာသို့ရောက်မည် ဖြစ် ပါသည်။ ထိုလမ်းခွဲကလေးမှ သူတို့သည် အသီးသီးထွက်ခွာသွားကြလေသည်။

ကျွန်ုပ်သည် စက်ဘီးကလေးစီး ကာ သရက်ကုန်းရွာအတွင်းသို့ ဝင်လာ ပါသည်။ ရွာထဲမှ လူများသည် ကျွန်ုပ် အားကြည့်နေကြသည်ကိုတွေ့ရပါသည်။ ရွာလယ်တွင် မဲရုံအဆောက်အအုံကို တွေ့ရပြီး စာသင်ကျောင်းကိုပြုပြင်ကာ မဲရုံအဖြစ် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

မဲရုံအတွင်း ကျွန်ုပ်ဝင်ကြည့်ရာ ထောက်ခံမဲပုံး၊ ကန့်ကွက်မဲပုံးမှအစ ပြင်ဆင်ထားရှိပြီး မဲရုံမှူးထိုင်မည့်နေရာ၊ မဲရုံစာရေးများနေရာ စသည်ဖြင့် အစုံ အလင်ပြင်ဆင်ထားရှိသည်ကို တွေ့ရပါ သည်။

ထိုအချိန်တွင် ကျွန်ုပ်ထံသို့ လူတစ်ဦးရောက်ရှိလာပြီး -

"မဲရုံမှူးတာဝန်ကျတဲ့မြို့ကဝန်ထမ်း နဲ့တူတယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကျွန်တော်ကတော့ မဲရုံစောင့်ပါ။ ပြင်ဆင်ထားတာတွေ ပြည့်စုံပါရဲ့လား"

ရွာလူကြီးအိမ်ရောက်သောအခါ ရွာလူကြီးက -

"ကျွန်တော်ကတော့ ဒီရွာက လောလောဆယ် ရွာလူကြီးပါ၊ အရွေးခံ မယ့်လူက ရွာအရှေ့ပိုင်းက ဦးရွှေလို့ခေါ် ပါတယ်။ သူကမဲအရွေးခံမယ့်ရက်နီးကပ် ကာမှ တော်တော်ကလေးဖျားနေတယ် ကြားရတယ်။ မနက်ကို လာမှလာနိုင်ပါ့ မလားမသိဘူး"

"ဟုတ်လား၊ တော်တော်ဖျား သလား"

"မနက်ကတော့ အကောင်းပဲဗျာ။ သူ့ရိုးထဲမှာ နွားတွေသွားကျောင်းသေး တယ်။ ပြန်လာပြီးကတည်းက ဖျားတော့ တာပဲ။ ခက်တာက သူ့ကိုတစ်ရွာလုံး သဘောကျပြီး ရွေးလိုက်တာပါ။ သူ တော့ လူကြီးမလုပ်ချင်ဘူးချည်းပြော တယ်။ သူ့အချိန်မီ နေကောင်းပါစေ ဆုတောင်းရတာပဲ"

"အဲဒီဦးရွှေအိမ်ကိုသွားရအောင် ဗျာ"

"သွားလေ"

ကျွန်ုပ်တို့ ဦးရွှေအိမ်ရောက်သော အခါ ဦးရွှေသည် အိပ်ရာထဲတွင်လဲ ပြီး နှုတ်မှလည်း မည်သည့်အကြော အရာများကို ပြောဆိုနေသည် အဆက်မပြတ်ပြောနေပြီး ကျွန်ုပ် ရွာလူကြီးကိုလည်း သိပုံမရချေ။

ကျွန်ုပ်က ရွာလူကြီးအား -

"ရိုးရိုးဖျားတာမဟုတ်ဘူးနဲ့တူ အပတွေဘာတွေများမှီနေသလား"

"မပြောတတ်ပါဘူးဗျာ။ မန တော့ ရိုးကလေးကိုသွားပြီးနွားကျော တယ်ပြောတာပဲ"

"အဲဒီရိုးကလေးကိုသွားချင် ဗျာ"

ရွာလူကြီးသည် မနက်က ဦ နွားကျောင်းသွားစဉ်က အတူလို သွားသောဦးရွှေ၏တူလေး မောင်လှ ကိုပါ တစ်ပါတည်းခေါ်ပြီး ကျွန်ုပ် ရိုးကလေးသို့ လိုက်ပို့လေသည်။

ရိုးလေးသည် ရေစပ်စပ် ရှိနေပြီး ရေထဲတွင် ကန်စွန်းရွက် အလေ့ကျပေါက်နေသည်ကို တွေ့ သည်။ ရိုးကလေးလွန်သော် တော မို့မို့လေးတစ်လုံးတွေ့ရပြီး သစ်ပင် များဖြင့် ဖုံးအုပ်လျက်ရှိကြောင်း တွေ့ရပါသည်။

ရွာလူကြီးက -

"ရှေးတုန်းက စေတီ တစ်ဆူလို့ပြောကြတာပဲ။ ဘယ် တည်ခဲ့တာလဲ မသိပါဘူး"

"စေတီဟောင်းမှန်းတော့ သိလောက်ပါတယ်နော်။ ဒီအနီးအနားမှာ အပေါ့အလေ တယ်ဆိုရင် အပြစ်ဖြစ်နိုင်တယ်"

"ဘာပြုလို့လဲဗျာ"

"ရှေးဟောင်းဘုရားဆို ကတည်းက တန်ခိုးကြီးပြီး အစောင့်အရှောက်တွေဘာတွေ ပေါ့။ သူတို့မကြိုက်ရင် တစ်ခုခု တာပဲ"

ထိုအခါ မောင်လှဝင်း

"ဦးပြောတာဟုတ်သ ဦးရွှေရယ် မနက်က

www.burmeseclassic.com

မှာ အပေါ့သွားသေးတယ်"

"ဟုတ်လား၊ အပေါ့မသွားခင် ဆိုင်ရာပိုင်ရာတွေကို ခွင့်တောင်းတာတို့ ဘာတို့မလုပ်ဘူးလား"

"မကြားမိဘူးခင်ဗျ"

ဦးရွှေအပေါ့သွားမိသည်ဆိုသော နေရာအနီးတွင် တောင်ပို့ကလေးတစ်ခု ရှိပြီး တောင်ပို့ထိပ်ဝတွင် မီးတောင်များ ကဲ့သို့ တွင်းဝကလေးဖြစ်နေသည်ကို တွေ့ရ၏။

ထိုတွင်းကလေးကို မြင်လိုက်ရာမှ ကျွန်ုပ်သည် လွန်ခဲ့သောနှစ်က ကိုယ်တိုင် ကြုံတွေ့ခဲ့သောအကြောင်းအရာတစ်ခု ကို ချက်ချင်းသတိရလိုက်လေသည်။

❑

ပြီးခဲ့သောနှစ်က နွေရာသီတွင် ဖြစ်၏။

ကျွန်ုပ်သည် ကွင်းဆင်းသောကိစ္စ တစ်ခုဖြင့် ရွာတစ်ရွာသို့ရောက်ခဲ့စဉ်က ဖြစ်၏။

ကျွန်ုပ်တို့ ကွင်းဆင်း ဆောင်ရွက် သော လယ်သမား၏ လယ်ထဲတွင် လယ်ကန်သင်းထောင့်ဆုံသည့်နေရာ၌ မြေကမူလေးတစ်ခုရှိလေသည်။ ထိပ်ဝ တွင် မီးတောက်အဝများကဲ့သို့ ကတော့ သဏ္ဌာန် တွင်းကလေးတစ်ခု ဖြစ်နေ သည်ကို တွေ့ရ၏။

လယ်သမား၏လယ်မှာ မြေရိုင်း ကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးသော မြေဖြစ်ပြီး ယခုနှစ်မှ ခုတ်ထွင်ရှင်းလင်းရ သည့်အတွက် ထိုမြေကမူလေးအကြောင်း ကို မသိသေးချေ။

လယ်သမား၏သူရင်းငှားကလေး သည် အိမ်သို့ပြန်ရောက်လျှင်ရောက်ချင်း တောက်ရသလိုဖျားလေတော့၏။ အဖျား တျသည်ဟူ၍မရှိဘဲ တိုး၍တိုး၍သာလာ လေသည်။

ရွာတွင် ဆေးဆရာ အသင့်မရှိ သဖြင့် အခြားရွာသို့ဆေးဆရာသွားခေါ် ရာ အခြားရွာမှ ဆေးဆရာမှာလည်း ခရီးလွန်နေသည်ကို စောင့်ခေါ်ရ၍ ခရီး မှပြန်ရောက်လျှင်ရောက်ချင်း ချက်ချင်း လိုက်လာခဲ့ပါသော်လည်း ဆေးဆရာ ရောက်သောအချိန်မှာ နေဝင်ပြီးစအချိန် ဖြစ်လေသည်။

လယ်သမားကလေးမှာ အဖျား တိုး၍တိုး၍လာပြီး နေဝင်စအချိန်တွင် ဆေးများခိုင်လာကာ ရုတ်တရက် ကွယ် လွန်သွားလေသည်။

သူရင်းငှားကလေးကွယ်လွန်သွား သည့်ကိစ္စကို တစ်ရွာလုံး မည်သူမျှ စိတ်မကောင်းကြချေ။ တစ်စုံတစ်ဦး၏ ပယောဂကြောင့် သေဆုံးရခြင်းဟုတ်၊ မဟုတ်ကိုလည်း စူးစမ်းကြ၏။ ထို့ကြောင့် သူရင်းငှားကလေး အပေါ့သွားခဲ့သည့် နေရာကို ရွာသားအများစုဝေး၍ ည တွင်းချင်း မီးတုတ်ကြီးများကိုင်ဆောင် ကာ သွားရောက်ခဲ့ကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ သူရင်းငှားကလေး အပေါ့သွားခဲ့သည့် နေရာနှင့် ခြေရာများကို တွေ့ရလေ သည်။ ထိုအချိန် ရွာသားများထဲတွင် ပါလာသူတစ်ယောက်ကို နာနာဘာဝ ပူးကပ်ပါလေတော့သည်။

"သူကဒါနေတဲ့အိမ်အဝမှာလာပြီး အပေါ့စွန့်တာကိုး။ ငါမကျေနပ်ဘူး။ ပြီးတော့ ငါတို့က နေမဝင်ခင်မှာ အစာ စားရတာ။ စားပြီးအိမ်ထဲအမြန်ပြန်ဝင်ရ တာ။ နေမဝင်ခင် ငါ့ကိုဘာမှလာမကျွေး ဘူး။ အဲဒီတော့ မှတ်လောက်သား လောက်အောင် ဆုံးမလိုက်ရတာပဲ"

ဝင်ပူးကပ်သော နာနာဘာဝ ထွက်သွားသောအခါ -

"ဒီဟာ ဘာနာနာဘာဝပါလိမ့်။ နေမဝင်အစာကျွေးရတယ်ဆိုတာ ဘာပါ လိမ့်"

ညတွင် ရေနွေးကြမ်းဝိုင်း၌ရွာထဲမှ ရှေးမီနောက်မီလူကြီးတစ်ဦးက ပြောပြ တော့မှ အားလုံးသိရပါတော့သည်။

"အဲဒါတကယ်တော့ကျတ်တစ်မျိုး ပဲ။ သေပြီးတဲ့နောက် ပရလောကသား အဖြစ်နဲ့ ဘဝတစ်ခုကို ဆောက်တည်နေ ရတာဖြစ်တယ်။ အများအားဖြင့်တော့ ကောင်းတဲ့ကျတ်ကများပါတယ်။ လယ် စောင့်ကျတ်ဆိုရင် လူတွေကို အကျိုးပြု နေတာပဲ။ လူသားတွေကို အန္တရာယ် မပေးတတ်ပါဘူး။ ပျော်ရွှင်အောင် ဖန်ဆင်းပြတာတွေလည်းရှိတယ်။ ဥပမာ ကျတ်တွေပွဲကတယ်ဆိုတာ ကြားဖူးမှာ ပေါ့။ အခုဟာကတော့ ရှားရှားပါးပါး မကောင်းတဲ့ကျတ်မျိုးဖြစ်တယ်။ စိတ် လည်းကြီးကြတယ်။ လူကိုထိခိုက်အောင် လုပ်တတ်ကြတယ်။ နေမဝင်ခင် တွင်းထဲ ပြန်ဝင်သွားကြတယ်။ အဲ - ပြုစားခံရတဲ့ လူဟာ သူတို့ပြုစားတယ်ဆိုတာသိလျှင် သိချင်း ညစာအဖြစ် ထမင်းတို့၊ ကြက် သားဟင်းတို့၊ အရက်တို့ စတာတွေကို နေမဝင်ခင် ကျွေးမွေးပသပြီးတောင်းပန် ရတယ်။ အဲဒီအခါမှာ သူတို့က ခွင့်လွှတ် တယ်ဆိုရင် ပြုစားခံရတဲ့လူကကောင်း သွားတာပဲ။ ခုဖြစ်တာက တွင်းအောင်း ကျတ်ရှိတယ်ဆိုတာကိုလည်းမသိ၊ သူတို့ ပြုစားတယ်ဆိုတာလည်းမသိလို့ ဘာမှ မပသလိုက်ရတာဘဲ။ ဒါကြောင့်အသက် သေရတာပဲ"

❑

ဤကဲ့သို့ တွင်းအောင်းကျတ် အကြောင်းကို သိထားသော ကျွန်ုပ်က ဦးရွှေဖြစ်သောကိစ္စသည် တွင်းအောင်း ကျတ်ပြုစားတာပဲဖြစ်မှာပါဟု ဆုံးဖြတ် လိုက်ပြီး နာရီကိုကြည့်လိုက်သောအခါ ညနေ (၅) နာရီထိုးနေပြီ ဖြစ်လေသည်။ မကြာမီ နေဝင်ပေတော့မည်။

ဤကိစ္စကို ယခုချက်ချင်း အရေး ယူ ဆောင်ရွက်မှဖြစ်မည်ကိုသိသော ကျွန်ုပ်က မောင်လုဝင်းအား -

"ကဲ - မောင်လုဝင်း၊ အခု(၅)နာရီ ထိုးပြီ။ မကြာခင် နေဝင်တော့မယ်။ နေ မဝင်ခင် တွင်းအောင်းကျတ်ကို အစာ ကျွေးပြီး ပ,သကြရအောင်။ ခုဟာ တွင်း အောင်းကျတ်ဖမ်းစားတာပဲ။ ငါတွေ့ဖူး တယ်။ အဲဒီတော့ ကြက်သားဟင်းချက် ကွာ၊ မြန်မြန်လုပ်နော်။ ပြီးတော့ ဦးရွှေ ရဲ့မွေးနေ့လည်းမေးခဲ့ဦး"

မောင်လုဝင်းသည် အိမ်သို့ အမြန် ပြန်ကာ ကြက်သားဟင်းချက်ကာ အရက် ဝယ်ခြင်း၊ ထမင်းတစ်အိုးချက်ခြင်းတို့ကို ပြုလုပ်လေသည်။ ဦးရွှေ၏ တူမဖြစ်သူ မစန်းမြင့်ကကူညီလေသည်။

အားလုံး အသင့်ဖြစ်သောအခါ စကောထဲတွင် အင်ဖက်တစ်ရွက်ခင်း လိုက်ပြီး ထမင်းတစ်ပုံ၊ ကြက်သားဟင်း တစ်ပုံပုံပြီး တောအရက်တစ်ပုလင်းကို ယူကာ ကျွန်ုပ်က ဦးဆောင်ပြီး တွင်း အောင်းကျတ်နေထိုင်ရာ ကမူကလေးသို့ လာခဲ့ကြပါသည်။

လမ်းတွင် မောင်လုဝင်းက -

"ဦးရွှေက ဗုဒ္ဓဟူးသားလို့ ပြော လိုက်တယ် ဦးလေး"

"အေးအေး"

ထိုနေရာသို့ရောက်သောအခါ၌ စားဖွယ်သောက်ဖွယ်များထည့်ထားသော ဆန်ကောကိုချပြီး အရက်ပုလင်းထောင် ကာ တွင်းအောင်းကျတ်အား ပ,သလိုက် ပါသည်။ ထိုအချိန်တွင် နေဝင်တော့မည် ဖြစ်ပါသည်။

"ဒီမှာနေထိုင်တဲ့ ကျတ်မင်းခင်ဗျာ၊ ကျတ်မင်းတို့မိသားစားသုံးရန် ညစာကို ဗုဒ္ဓဟူးသားက ကျွေးမွေးပ,သလိုက်ပါ တယ်။ ပျော်ပျော်ကြီးစားသောက်ကြပါ တော့။ ပြီးတော့ ကျတ်မင်းတို့ပြုစား



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အရပ်တစ်ပါးသွားသူ ပြန်လာစေဖို့ ပဋ္ဌာန်းပွတ်ဓာတ်ဆောင်စို့

တနင်္ဂနွေသားအတွက် ကြာသပတေးနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း ပေါက်ရွက်မှာ တနင်္ဂနွေသား၏ အမည်ကို ပြောင်းပြန်ရေးပြီး တနင်္ဂနွေနံ အပင်မှာ (အုန်းပင်)၊ ဖောက်ထိုးဆွဲ၊ ၎င်းအမည်ဖြင့် မြန်မြန်ပြန်လာဟုခေါ် ပါ။

တနင်္လာသားအတွက် သောကြာနေ့ နံနက် (၆)နာရီမှ (၇) နာရီခွဲအတွင်း သီဟိုဠ်ရွက် သို့မဟုတ် သင်ရွက်တွင် တနင်္လာသား၏အမည်ကိုပြောင်းပြန်ရေး၊ တနင်္လာနံ ကုက္ကိုပင်/ ကံ့ကော်ပင် တစ်ပင်ပင်မှာ ဖောက်ထိုးဆွဲထားပြီး တနင်္လာသားအမည်ကိုခေါ်၍ အမြန်ပြန်လာပါဟုခေါ် ပါ။

၃။ အင်္ဂါသားအတွက် စနေနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း ထန်းရွက်၊ ဓနိရွက်တစ်ခုခုတွင် အင်္ဂါသား၏အမည်ကို ပြောင်းပြန်ရေးပြီး ဆီးပင်၊ ညောင်ပင်တစ်ပင်ပင်မှာ ဖောက်ထိုးဆွဲထားပြီး ၎င်း၏အမည်ဖြင့် မြန်မြန်ပြန်လာဟုခေါ် ပါ။

ဗုဒ္ဓဟူးသားအတွက် တနင်္ဂနွေနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်းမှာ အုန်းရွက်တွင် အမည်ကိုပြောင်းပြန်ရေးပြီး ဝါးပင်မှာ ဖောက်ထိုးဆွဲထား၍ သူ့အမည်ကိုခေါ် မြန်မြန်ပြန်လာဟု ခေါ်လေ။

ကြာသပတေးသားသမီးအတွက် တနင်္လာနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း ကြံရွက်မှာ အမည်ကိုပြောင်းပြန်ရေး၍ ပေါက်ပန်းဖြူပင်မှာ ဖောက်ထိုးဆွဲထားပြီး သူ့နာမည်ဖြင့်ခေါ် အမြန်ပြန်လာဟုခေါ် ပါ။

သောကြာသားအတွက် အင်္ဂါနေ့နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်းမှာ ညောင်ရွက်မှာ အမည်ကိုပြောင်းပြန်ရေးပြီး သံသတ်ပင်၊ သင်ပင်၊ သီဟိုဠ်ပင် တစ်ပင်ပင်မှာ ဖောက်ထိုးဆွဲထား၍ သူ့အမည်ခေါ် အမြန်ပြန်လာဟုခေါ် ပါ။

စနေသားအတွက် ဗုဒ္ဓဟူးနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအချိန် အတွင်းမှာ ဝါးရွက်မှာ သူ့အမည်ကို ပြောင်းပြန်ရေး၍ ဓနိပင်၊ ထန်းပင် တစ်ပင်ပင်တွင် ဖောက်ထိုးဆွဲထားပြီး သူ့အမည်ခေါ် အမြန်ပြန်လာဟုခေါ် ပါ။

(နေ့၊ အချိန်အခါ၊ အရွက်အခက် အပင်၊ မှန်ကန်တိကျပါစေ။)

*လိုရာဆန္ဒပြည့်ဝချမ်းသာကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

ထားတာတွေကိုလည်း တစ်ခုမကျန်ပြန်နုတ်ပေးပါလို့ ကျွန်ုပ်က တောင်းပန်ပါတယ်"

တွင်းအောင်ကျော်အား ထမင်းကြက်သားဟင်း၊ အရက်တို့ဖြင့် ပ,သပြီးသောအခါ နေသည် တဖြည်းဖြည်းဝင်သွားပါသည်။

ကျွန်ုပ်တို့လည်း အိမ်သို့ပြန်လာခဲ့ကြပါသည်။

အိမ်သို့ရောက်သောအခါ ဦးရွှေသည် ရွှင်ရွှင်လန်းလန်းဖြင့် ထထိုင်လျက်ရှိပြီး ကျွန်ုပ်တို့အားကြည့်နေပါသည်။

ရွာလူကြီးက -

"ဦးရွှေနေကောင်းသွားပြီ ဆရာလေးရေ။ တကယ်တော့ ဆရာလေး ကျေးဇူးပါပဲ။ အဲဒါကျေးဇူးဆပ်တဲ့အနေနဲ့။ ဦးရွှေရဲ့တူ၊ တူမတွေဖြစ်တဲ့ကိုဝင်းရွှေ မစန်းမြင့်တို့က ခုညစာကျွေးပါရစေတဲ့ဗျာ"

ကိုဝင်းရွှေဆိုသူမှာ ဦးရွှေ၏တူဖြစ်ပြီး ဦးရွှေအိမ်နှင့်ကပ်လျက်နေထိုင်ကြပါသည်။ ထိုအိမ်တွင် ညစာစားကြရာ ဟင်းများကို ကျွန်ုပ် ယခုအထိမှတ်မိနေပါသည်။

မစန်းမြင့်မှာ ချည့်ဝတ်ကျေပွန်သော အိမ်ရှင်မတစ်ဦး ဖြစ်ပါသည်။ ကြက်ဟင်းခါးသီးကို လေးစိတ်ကွဲအောင်ခွဲထားပြီး ဆီအနည်းငယ်ဖြင့် အချိုမှုန့်မပါ အခြားဟင်းစတ်ပစ္စည်းများမပါဘဲ ချက်ထားသည့်ဟင်းက တစ်ခွက်ဖြစ်ပြီး ဘူးရွက်ဟင်းချိုနှင့် သံပရာရည်ညှစ်ထားသော ငါးပိထောင်းတို့က တစ်ခွက်ဖြစ်လေသည်။ထမင်းစားအလွန်မြိန်ကြောင်း ကျွန်ုပ်ယခုတိုင် မှတ်မိနေပါသည်။

ညတွင်လည်း မဲရုံ၌ တာဝန်ထမ်းဆောင်မည့်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ထိုအိမ်မှာပင် ညအိပ်လိုက်ပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်ုပ်သည် တာဝန်ကျရာမဲရုံသို့ သွားရာလမ်းတွင် ကိုယ်စားလှယ်ဦးရွှေကို ကျန်းမာရေးကောင်းမွန်စွာဖြင့် မဲရုံသို့ သွားနေသည်ကို တွေ့ရပြီး မဲရုံစဖွင့်လျှင်ဖွင့်ချင်း တစ်ရွာလုံးရှိ မဲပေးခွင့်ရှိသူအားလုံး တစ်ခဲနက် လာရောက်၍မဲပေးသည်ကို အားတက်ဖွယ်တွေ့ရပါသည်။

သရက်ကုန်းရွာတွင် မဲရုံမှူးတာဝန်ပြီးဆုံးသောအခါ ကျွန်ုပ်သည် မဲပုံးများကို မြို့နယ်ကော်မရှင်အဖွဲ့သို့ တင်ပြရန်အတွက်ပြန်လာခဲ့ရာ လမ်း၌ ကိုအေးဝင်း ကိုခင်မြင့်တို့နှင့် တွေ့ဆုံပြီး စက်ဘီးတစ်ယောက်တစ်စီးဖြင့် မြို့သို့ပြန်လာခဲ့ကြလေသည်။

ကျွန်ုပ်သည် လမ်းတွင် ကျွန်ုပ်ဆောင်ရွက်ခဲ့သော တွင်းအောင်ကျော်ကိစ္စကို ကိုအေးဝင်းနှင့် ကိုခင်မြင့်တို့အား ပြောပြလျက်ရှိပါသည်။ ထို့ပြင် အလာလမ်းတွင် ဒေါ်ညဏ်ပြောပြလိုက်သောအခါ အနှောင့်အယှက်ကို ပြေလည်စွာဖြေရှင်းပေးလိုက်ပြီဖြစ်ကြောင်း နောင်တွင် ဒေါ်ညဏ်ကိုတွေ့ပါက ပြောပြပေးရန် သူတို့အားမှာလိုက်လေသည်။

မင်းသန့်ကျော် (ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

### သန်းလှိုင်ထွဏ်း-အမြင့်

# ဘယ်လောက်ထိ သွေးတိုးနေမှာလဲ

မအူ ပရိမ္မသာရွာသို့ အလည်တစ်ခေါက်ရောက်သွားပါသည်။ သူငယ်ချင်းနှင့်မတွေ့တာလည်းကြာ၊ လုပ်ငန်းတွေက ကိုယ့်အလုပ်နှင့်ကိုယ်ဖြစ်နေကြတော့ မဆုံဖြစ်မတွေ့ဖြစ်ကြပါ။ ဟိုတုန်းက (မော်တော်သားလောက) အညာဒေသအခေါ် အောက်ပိုင်းဒေသအခေါ် သင်္ဘောသားပေါ့ဗျာ။

ကျွန်တော်သူငယ်ချင်းက ပရိမ္မသာရွာသားပါ။ သူ့ရာထူးက (ဆလင်ကြီး) ရေယာဉ်အုပ်ပေါ့ဗျာ။ ဟိုတုန်းက အသားခွန်ဗျ။ အခုခေတ်ကတော့ သံခွန်ခေတ်ရောက်သွားတော့ သစ်မော်တော်တွေ ရေထဲမှာ ပျောက်ကုန်ကြပြီ။

"ဟေ့- အိမ်ရှင်တို့ တင်ဝင်းရှိလားဟေ့"

လမ်းပေါ်မှ တင်ဝင်းအိမ်ကို လှမ်းကြည့်ပြီးခေါ်ပါသည်။

တင်ဝင်းမှာ တန်းလျားပေါ်ထိုင်ရင်း စားပွဲပေါ် မျက်နှာမှောက်ထားပါသည်။ တင်ဝင်းက အသံကြားရာမှန်းပြီး အသံမပေးဘဲ လက်ပြပြီး သူ့ဆီလာရန် အချက်ပြပါသည်။ တင်ဝင်းအနားရောက်သွားတော့ ကျွန်တော့်နာမည်ကို မခေါ်နိုင်သေးဘဲ ကျွန်တော့်ကို မော့ကြည့်လိုက်ပါသည်။

ဟာ - မြတ်ဘုရားကယ်တော်မူပါ။ တင်ဝင်းမျက်နှာဘယ်လိုဖြစ်သွားတယ်မသိဘူးဗျို့။ နဂိုက အသားကဖြူမှ အခုကြည့်လိုက်တော့ မျက်နှာတစ်ခုလုံး ရဲရဲတောက်ပြီး မျက်နှာကြီးအမ်းပြီး ကြောက်စရာမျက်နှာကြီးဗျ။ သူ့ဘေးမှာ ကျွန်တော်ဝင်ထိုင်ပြီး ခဏအကြာမှာ -

"ဟ - ရဲဘော်သန်းလှိုင်၊ ဘယ်ကများမှတ်စီလည်လာတုံး။ ငါ့ဆီအလည်သက်သက်ပဲလား"

"အေး-ဟုတ်တယ်၊ မရောက်တာကြာလို့လာခဲ့တာပဲ။ အခုနက စားပွဲပေါ်မျက်နှာမှောက်ပြီး ဘာတွေဖြစ်နေတာတုံးကွ"

"သွေးတိုးနေတာလေ"

ဟု တင်ဝင်းဖြေပါသည်။

"ဘယ်လောက်ထိ သွေးကတိုးနေလဲကွ"

"သွေးတိုး (၄၅၀) ရှိတယ်"

"အို - မြတ်စွာဘုရား ကယ်တော်မူပါ"

အဲဒီလောက် သွေးတိုးတာ ငါဖြင့် ကြားတောင်မကြားဖူးဘူးကွ။ ငါ့မှာလည်း သွေးတိုးရှိတယ်။ (၁၄၅-၁၅၀) သွေးတိုးပြီဆိုရင် မနေနိုင်တော့ဘူး။ ဆေးခန်းအမြန်ပြေးရတယ်။ အကြောတွေ တစ်ကိုယ်လုံးတက်နေတာကွ။ မင်းဟာက ဟုတ်မှဟုတ်ရဲ့လားကွ။ တော်ကြာ ဦးနှောက်ကြောပြတ်ရင်ပြတ် ဒါမှမဟုတ်ရင်လည်း လေဖြတ်နိုင်တယ်။ ချက်ချင်း မင်းအသက်ပါသွားနိုင်တယ်"

"ဘာမှမဖြစ်ဘူး သူငယ်ချင်းရေ။ ခဏတော့ခံရတာပေါ့ကွာ။ ဆေးစား၊ ဆေးထိုးလိုက်သက်သာသွားတယ်။ အဲဒီလို ခဏခဏဖြစ်ရင်တော့ သင်္ဘောက ဆင်းပြီး တစ်လ၊ နှစ်လလောက်နားလိုက်တယ်။ သက်သာပြီဆိုမှ သင်္ဘောပြန်တက်တယ်။ သိပ်ပြီးမပူနဲ့။ ဖြစ်နေကျဆိုတော့ မဆန်းတော့ဘူး"

"ပေါ့ပေါ့ဆဆမပြောပါနဲ့ကွာ။ အဲဒီလောက် သွေးတိုးနေရင် တစ်နေ့မင်းဒုက္ခရောက်တော့မှာ။ ငါ့မှာသွေးချိန် (၁၄၅) လောက်ဆိုရင်ကို ချာပတ်လည်နေပြီး ဆေးခန်းကိုအမြန်ပြေးရတယ်။ အခု မင်းမျက်နှာကြည့်ရတာ လူ့မျက်နှာနဲ့မတူဘူးကွ။ မလုံးတင်လည်းမလာသေးထင်တယ်။ အချိန်မရှိလို့ ငါပြန်တော့မယ် သူငယ်ချင်း"

နောက် (၃) လလောက် အကြာမှာ မုံရွာဆိပ်ကမ်းမှာ သူလိုက်သောသင်္ဘောပေါ်က တင်ဝင်းဆင်းလာပြီး ကျွန်တော့်ကိုမြင်တော့ နှုတ်ဆက်သည်။

"ဟာ - အခြေနေကောင်းသွားပါပြီလားကွ။ ဟိုတုန်းက မျက်နှာကြီးနဲ့သွေးတိုးက ဘယ်ရောက်သွားတုံးကွ"

"အေး- အဲဒါ သွေးတိုးနိုင်တဲ့ဆေး ငါ့မှာတွေ့ထားပြီကွ။ မင်းကို ပြောပြချင်တာနဲ့ အတော်ပဲ ကိုယ့်လူရေ။ ပိုက်ဆံလည်း မကုန်၊ ဆရာဝန်လဲပြစရာမလိုတဲ့ ဆေးနည်းပဲကွ။ သေသေချာချာရေးပြီး မှတ်ထားစမ်းပါ"

"အေးပါ၊ ပြောပြထားတော့ သေချာမှတ်ထားပါ့မယ်"

ပထမ (ဗမာ) သံပရာသီးစစ်စစ် (၁၅) လုံးကို ဒန်အိုးထဲထည့်ပြီး ရေခန်းပြုတ်ပါ။ သံပုရာသီးနပ်ပြီးအိနေအောင်ပြုတ်ပါ။ နပ်သွားရင် မီးဖိုပေါ်မှချပြီး သံပုရာသီးအညှာများကို ဖယ်ပစ်ပါ။ သေချာစွာလက်နှင့်ခြေပါ။ အညှာဖယ်ခြင်းမှလွဲပြီး အားလုံး ပဥ္စင်းပါး အစေ့၊ အခွံ လုံးဝမဖယ်ရပါ။ အားလုံးထည့်ရပါမည်။

ဒုတိယအလုပ်က ပျားရည်စစ်စစ် (၁၅)ကျပ်သားနှင့်ရောပြီး မီးအေးအေးပေါ်တင်ပြီး မွှေပေးပါ။ ဝါးယောက်မ၊ သစ်သားယောက်မဖြင့်မွှေပေးပါ။ (မည်သည့်ဇွန်းနှင့်မျှမမွှေပါနှင့်)။ ရောသမအောင်မွှေပြီး မီးဖိုပေါ်မှချလိုက်ပါ။ အေးခဲသွားချိန် မွှေပေးပါ။ အမွှေမနှာ၊ အမွှေလိုနေလျှင် မှိုတက်တတ်ပါသည်။

တတိယအလုပ်က မိုးလင်း မျက်နှာသစ်ပြီးလျှင် ဘာအစားမှမစားမီ (စတီးမြင်းခေါင်းဇွန်း) တစ်ဇွန်းစားပြီး ရေဝအောင်သောက်လိုက်ပါ။ တစ်နေ့ တစ်ကြိမ်သာသောက်ပါ။

နှစ်ကြိမ်လောက် အများဆုံးဖော်စားခြင်းဖြင့် သင့်မှာတိုးနေသောသွေး ဘယ်ဆီဘယ်ကမ်းရောက်သွားပြီလဲလို့ မေးရမလိုဖြစ်ပြီး ပျောက်ကင်းသွားပါမည်။

ကျွန်တော်လည်း (၂)ကြိမ်လောက် ဖော်စားခြင်းဖြင့် ယနေ့အချိန်အထိ သွေးတိုးပြန်ပြီးမပေါ်တော့ပါ။ ခက်ခဲသောဖော်စပ်နည်းများ မဟုတ်တော့ပါ။ ခက်ခဲသောဖော်စပ်နည်းများ မဟုတ်ပါ။ မြန်မာ့တိုင်းရင်းဆေးများအစွမ်းအလွန်ထက်ပါသည်။ မိုးလင်းတာနှင့် ဘာအစားမှမစားဘဲ မျက်နှာသစ်ပြီးလျှင် ဆေးတစ်ဇွန်း ပုံမှန်စားခြင်းဖြင့် မိတ်ဆွေ၏ သွေးတိုးရောဂါ ပျောက်ကင်းသွားပါမည်။

ကျွန်တော့်ကို ဆေးနည်းပေးသော သူငယ်ချင်း ကိုတင်ဝင်းမှာ ယနေ့အချိန် မန္တလေးမြို့ ဂေါဝိန်ဆိပ်မှာ နိုင်ငံခြားသား တိုးရစ်များကို ပို့ဆောင်ပေးနေသော သင်္ဘောမာလိန်မှူး (ရေယာဉ်အုပ်) အဖြစ် ထမ်းဆောင်လျက်ရှိပါသည်။

သန်းလှိုင်ထွဏ်း-အမြင့်

www.burmeseclassic.com

www.burmeseclassic.com

# လှမြင့်

(ရန်ကုန်တက္ကသိုလ်)

# ကိုလိုနီခေတ် ဂျူဗလီဟောခန်းမတွင်ပြုလုပ်ခဲ့သော ပရဟိတကိုးဒါနအလှူပွဲ



ကိုလိုနီခေတ်တွင် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ခဲ့ကြသော အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုဖြင့် ခရစ်နှစ် ၁၉၃၁ခုနှင့် ၁၉၃၂ ခုနှစ်များတွင် ရန်ကုန်ဂျူဗလီဟောခန်းမကြီး၌ ပရဟိတကိုးဒါနအလှူပွဲကြီးကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယင်းပရဟိတကိုးဒါနအလှူပွဲသည် ခရစ်နှစ် သပိတ်ဆရာတော်ပုံကို အကြောင်းရင်းခံပြုလျက် ပေါ်ထွက်လာသော အမျိုးသားကျောင်းများ၏ ရန်ပုံငွေရှာဖွေခဲ့မှုပွဲတော်များမှ စတင်အခြေခံမျိုးစေ့ချခဲ့သည်ဟု ဆိုနိုင်ပေသည်။

ခရစ်နှစ် ၁၉၂၂ ခုနှစ် ပထမဒိုင်ယာခီရွေးကောက်ပွဲများပြုလုပ်ခဲ့ပြီး ဒိုင်ယာခီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနေချိန်တွင် အမျိုးသားပညာရေးကောင်စီ၏ ဥက္ကဋ္ဌနှင့် ပညာရေးဝန်ကြီးဖြစ်သော အမ်အေဦးမောင်ကြီးသည် အမျိုးသားကောလိပ်ကျောင်းသားများကို ရန်ကုန်ယူနီဗာစီတီသို့ ဂုဏ်ထူးမပျက်ပြောင်းဝင်နိုင်ရန်ဟူသော အကြောင်းပြချက်ဖြင့် အမျိုးသားကျောင်းများကို ဗြိတိသျှအစိုးရကထောက်ပံ့မှုပြုရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် အမျိုးသားကျောင်းများတွင် ဗြိတိသျှအစိုးရအထောက်အပံ့ခံ အမျိုးသားကျောင်းများနှင့် အထောက်အပံ့မခံယူသော အမျိုးသားကျောင်းများဟူ၍ နှစ်ပိုင်းကွဲသွားခဲ့သည်။ စင်စစ်အားဖြင့် ဗြိတိသျှအစိုးရသည် အမျိုးသားကျောင်းများကို ထောက်ပံ့ကြေးပေးသည်ဆိုသော်လည်း ပြည့်ပြည့်စုံစုံ ထောက်ပံ့မှုမျိုးမဟုတ်ပေ။ ကိုယ်ပိုင်ကျောင်းအဆောက်အအုံဟူ၍ မည်မည်ရရမရှိ။ ဆရာနှင့် ပစ္စည်းပစ္စယများလည်း စုံစုံလင်လင် မရှိကြပေ။ ထို့ကြောင့် မြို့မယောကျ်ားလေးကျောင်း၊ မြို့မမိန်းကလေးကျောင်း ကြည့်မြင်တိုင် ဒေါ်ကြီးကြီး မိန်းကလေးကျောင်း စသည်တို့သည် ကျောင်းရန်ပုံငွေ ရရှိစေရန် ခရစ်နှစ် ၁၉၂၃ ခုနှစ်ကတည်းကပင် နှစ်စဉ် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကိုယ်တိုင် ပါဝင်ကြသော ကျောင်းရန်ပုံငွေပွဲများကို ဂျူဗလီဟောခန်းမကြီး၌ စတင်ကျင်းပပြုလုပ် ရန်ပုံငွေရှာခဲ့ကြသည်။

ခရစ်နှစ် ၁၉၂၃ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်များအထိ နှစ်စဉ်လိုလိုပင် အမျိုးသားကျောင်းရန်ပုံငွေကပွဲများကို ဂျူဗလီဟောခန်းမကြီး၌ ရန်ကုန်မြို့ အစိုးရအထောက်အပံ့ခံ မြို့မတိုင်းရင်းသူအထက်တန်းကျောင်းကြီးရန်ပုံငွေအလှူပွဲ (ကပွဲသဘင်) ကို ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလတွင် လည်းကောင်း၊ ကြည့်မြင်တိုင် ဒေါ်ကြီးကြီးမိန်းကလေးကျောင်း၏ ရန်ပုံငွေကပွဲသဘင်ကို ၁၉၃၈ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်နှင့် နိုဝင်ဘာ ၁ ရက်နေ့တွင် လည်းကောင်း၊ မြို့မဦးဘလွင် ဦးစီးဖွင့်လှစ်ခဲ့သော မြို့မအမျိုးသားကျောင်း၏ ရန်ပုံငွေကပွဲသဘင်ကို ၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်နေ့များတွင် လည်းကောင်း ပြုလုပ်ကျင်းပ ရန်ပုံငွေရှာဖွေခဲ့ကြသည်။

ခရစ်နှစ် ၁၉၃၁ ခုနှစ် အောက်တိုဘာလ ၂၉၊ ၃၀၊ ၃၁ ရက်နေ့များ ဥပဒေပြုကောင်စီအတွင်းဝန် ဝတ်လုံဦးဘဒွန်း မြူနီစီပယ်ဥက္ကဋ္ဌ ကပ္ပတိန်ရပ်ရှော (Capt. R.B Rushall) ဇာတ်ဆရာကြီး ဦးဘိုးစိန် စသူတို့ ကြီးမှူးလျက် ကိုးဒါနအလှူကျင်းပရေးကော်မတီကို ဖွဲ့စည်းလျက် ဂျူဗလီဟောခန်းမကြီး၌ ပြုလုပ်ကျင်းပသည်။ ရန်ပုံငွေကပွဲမှရရှိသောငွေများကို ရန်ကုန်တက္ကသိုလ်ဓမ္မာရုံတည်ဆောက်ရေး၊ မြို့မအမျိုးသားကျောင်းတည်ဆောက်ရေး၊ မြို့မအမျိုးသမီးကျောင်းတည်ဆောက်ရေး၊ ကြည့်မြင်တိုင်ဒေါ်ကြီးကြီးမိန်းကလေးကျောင်းရန်ပုံငွေ မြန်မာနိုင်ငံငတ်မွတ်သူတို့အားလှူဒါန်းရေး စသော ကိုးနေရာတွင် အလှူဒါနပြုရန် ရည်စူးခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့ ဂျူဗလီဟောခန်းမတွင် ကိုးဌာနပရဟိတအလှူပွဲရန်ပုံငွေရှာဖွေမှုပွဲတော်ကြီးကို ၁၉၃၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့၌ စတင်၍ အောက်တိုဘာလ ၃၁ ရက်နေ့အထိ (၃) ရက်တိုင်တိုင် စတင်ကျင်းပခဲ့သည်။ ယင်းရန်ပုံငွေကပြပွဲတွင် ဇာတ်မင်းသားကြီးဦးဖိုးစိန်၊ ဥက္ကလာပ(ရန်ကုန်)ရာဇဝင်ဇာတ်ကြီးဖြင့် (၃) ရက်တိုင်တိုင် ကပြခဲ့သည်။ နောက်ပိုင်းတွင်လည်း ဂျူဗလီဟောခန်းမ၌ ကိုးဌာနရန်ပုံငွေပရဟိတကပွဲများကို ဆက်တိုက် ကျင်းပခဲ့ကြသည်။

၁၉၃၁ ခုနှစ်အချိန်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ဂျပ်ဆင်ကောလိပ်၌ နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းအဆောက်အအုံရှိနေခဲ့၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တက္ကသိုလ်ကောလိပ်ကျောင်းသားကျောင်းသူများက ရန်ကုန်တက္ကသိုလ်နယ်မြေ၌ တက္ကသိုလ်ဓမ္မာရုံအဆောက်အအုံကို တည်ဆောက်နိုင်ရန် ကြိုးပမ်းကြသည်။ သို့သော် ရန်ပုံငွေမပြည့်သောကြောင့် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံတည်ဆောက်ရေးရန်ပုံငွေကပွဲအစီရပ်ကို ဗုဒ္ဓဘာသာ

www.burmeseclassic.com

ခင် တက္ကသိုလ်ကောလိပ်ကျောင်းသူ ကျောင်းသားများ ဦးဆောင်၍ ၁၉၃၁ ခု၊ ဇင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်နေ့ည များတွင် ဂျူဗလီဟောခန်းမကြီး၌ မ်နား သိုက်မြိုက် စည်ကားစွာ ကျင်းပ ခဲ့သည်။

တက္ကသိုလ်ဓမ္မာရုံတည်ဆောက် ရေးရန်ပုံငွေကပွဲကြီးတွင် ဂျပ်ဆင် ကောလိပ်၊ ဆရာဖြစ်သင်ကောလိပ်၊ ယူနီဗာစီတီကောလိပ် (တက္ကသိုလ် ကျောင်းတိုက်) များမှ ကျောင်းသူကျောင်း သားကိုယ်တိုင် ပါဝင်သရုပ်ဆောင်ကပြ ခဲ့ကြသည်။ ပုဏ္ဏားယိမ်း၊ ဒေါင်းယိမ်း၊ မ်းမားယိမ်း၊ သုဝဏ္ဏသာမဇာတ်တော် ကြီး ရေသည်ဇာတ်၊ ကုသဇာတ်၊ မနော် ဟရီဇာတ် စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်ကပြဖျော်ဖြေခဲ့သည်။ ယင်း ဇာတ်များအနက် အထူးသဖြင့် ကုသ ဇာတ်သည် အထူးထင်ရှားလူကြိုက်များ ခဲ့သည်။ ကုသဇာတ်တော်တွင် ဘုရား အလောင်းတော်မင်း ကုသဖြစ် သရုပ် ဆောင်ခဲ့သော တက္ကသိုလ်ကောလိပ် ကျောင်းသား ကိုတိုးအောင်သည် သရုပ် ဆောင်အလွန်ကောင်းသောကြောင့် ပြင်ပ လောက၌ပင် ကုသ ဟူ၍ အမည်တွင်ခဲ့ သည်။ ထို့ကြောင့် ထိုခေတ်ဝန်းကျင် ဘုတ် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ခေတ်စမ်း အပေဝတ္ထုတိုများ၊ ကဗျာများရေးသား ရာတွင် ကိုတိုးအောင်သည် ကုသ ဟူသော ကလောင်အမည်ကို အသုံးပြု ခဲ့သည်။ ထင်ရှားကျော်ကြားခဲ့သည်။

ထိုနည်းတူ ခရစ်နှစ် ၁၉၃၀ ပြည့်နှစ် အောက်တိုဘာလ ၃၀ ရက်နှင့်နိုဝင်ဘာ ၁ ရက်နေ့များတွင် ဂျူဗလီဟောခန်းမ၌ မြို့အမျိုးသားကျောင်းတည်ဆောက်ရေး ရန်ပုံငွေကပွဲကို ကျင်းပခဲ့ပြီး ရရှိသော ရန်ပုံငွေများဖြင့် မြို့မအမျိုးသား ကျောင်းကြီးကို တည်ဆောက်ခဲ့ရာတွင် လိုအပ်သောရန်ပုံငွေများကို ထပ်မံရှာဖွေ ရန် ကိုးဒါနအလှူပွဲကြီးကို ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ ၁၃ ရက်နေ့များ၌ ဂျူဗလီဟောခန်းမကြီး၌ ထပ်မံ၍ ရန်ပုံငွေ ကပွဲကြီးတစ်ရပ် ပြုလုပ်ခဲ့ပြန်သည်။

ယင်းကိုးဒါနပရဟိတအလှူပွဲကြီး တွင် အနောက်တိုင်းတူရိယာတီးမှုတ် ဖျော်ဖြေပွဲ၊ မြန်မာ့ရိုးရာမဟာဂီတဖျော် ဖြေပွဲ၊ ယိမ်းအက၊ နှစ်ပါးသွားအက၊ ဟာသပြောပွဲ၊ ကာတွန်းပြပွဲ စသည်တို့ဖြင့် ညတစ်ခုံအောင် မြိုင်မြိုင်ဆိုင်ဆိုင် ပြုလုပ် ကျင်းပခဲ့သည်။ အနောက်တိုင်းတူရိယာ တီးမှုတ်ဖျော်ဖြေပွဲတွင် အရှေ့တိုင်း အသေပါမောက္ခ ဦးဖေမောင်တင်က ဂီတပညာရှင်အဖြစ် ပါဝင်လက်စွမ်းပြ ခဲ့သည်။ ဆရာကြီး ဒီးဒုတ်ဦးဘချို့နှင့် သချာပါမောက္ခ ဦးအောင်လှတို့က စောင်းများတီးခတ်၍ ရန်ကုန်ပညာရေး အဖွဲ့ဝင် ဦးဘရင်၏ဇနီး ဒေါ်ခင်ညွန့်က ပန်းမြိုင်လယ်ယိုးဒယားသီးချင်းကြီးကို သီဆို၍ မြန်မာ့ရိုးရာမဟာဂီတဖျော်ဖြေ ပွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့၏။ မင်းတိုင်ပင် အမတ် ဦးစိန်ဘနှင့် မြို့မကျောင်းဆရာ ဦးတင့်ဆွေတို့က အများပြည်သူများအား မဟာဂီတ၏ အဆိုမှုမှန်အနှစ်သာရကို သိရှိခံစားနိုင်စေရန် တစ်ဦးက အဲ-ထူး၍ တစ်ဦးက ရကန်သီဆိုဖျော်ဖြေမှုပြုခဲ့ကြ သည်။ အမျိုးသားပညာဝန် ဦးဖိုးကျား ကလည်း ရှေးခေတ်ဟောင်းအောက်မေ့ ဖွယ် ဟူသောခေါင်းစဉ်ဖြင့် မြန်မာ့ရှေးရိုး ယဉ်ကျေးမှုအကြောင်းကို စိတ်ဝင်စား ဖွယ် သရုပ်ပြဟောပြောခဲ့သည်။

မြို့မကျောင်းသားဟောင်းဖြစ်သော ဦးဘညွန့်(ချစ်ဒုက္ခဦးဘညွန့်)နှင့်ဆရာဝန် ကြီး ဦးဘခက်၏သမီး မီနီဘခက် (ဒေါ်နှင်းရီ) တို့က အဆိုနှင့် အကကို တွဲဖက်ဖျော်ဖြေခဲ့သည်။ပထမကောလိပ် ကျောင်းသားသပိတ်ကာလ ၁၉၂၀ပြည့်နှစ် ဝန်းကျင်တွင် အကပညာ၌ နာမည်ကျော် ခဲ့ပြီး ဒဂုန်ပရုပ်ရှင်လုပ်ငန်းကို ဦးဆောင် လုပ်ကိုင်နေရသည့် ဒဂုန်ပဦးဘတင်နှင့် ဇာတ်မင်းသားကြီး ဦးဖိုးစိန်၊ ဇာတ် မင်းသမီးကြီး ဒေါ်မြညွန့်တို့၏ နှစ်ပါး သွားနှင့် မြိုင်ထကို လည်းကောင်း၊ ဝတ်လုံ ဦးဘဒွန်၊ မြို့မကျောင်းဆရာကြီး ဦးဘလွင်၊ မြူနီစီပယ်ပညာရေးအရာရှိ ဦးထွန်းညိုတို့က ပရိသတ်အကြိုက် ဇာတ်သိမ်းကို ဦးဆောင်ကပြ တင်ဆက် ခဲ့ကြသည်။

ထို့ပြင် နာမည်ကျော် ကာတွန်း ဆရာကြီးရွှေတလေးအမည်ခံ ဦးဘက လေးကလည်း ကျန်စစ်သားနိပါတ်ဇာတ် လမ်းကာတွန်းဆွဲစည့်ခံပွဲဖြင့် ဖျော်ဖြေခဲ့ လည်း ကျန်စစ်သားနိပါတ်ဇာတ်ကွက် တွင် ဆရာဝန်ကြီး ဦးဘခက်၏ သမီး မီနီဘခက် (ဒေါ်နှင်းရီ) က ကျန်စစ်သား ဖြစ်လည်းကောင်း၊ ဗိသုကာဦးအုံးသန်း ၏ ဇနီး ဒေါ်တင်မောင်က မဏိစန္ဒာ မင်းသမီးအဖြစ်လည်းကောင်း၊ ဒေါ်မမခင် က အနော်ရထာမင်းအဖြစ် လည်းကောင်း ပါဝင်အသုံးတော်ခံခဲ့သည်။

နာမည်ကျော်ကာတွန်းဆရာကြီး ရွှေတလေး ဦးဘကလေး၏ တစ်ကိုယ် တော် ပန်းချီစွမ်းရည်ပညာကိုလည်း တင်ဆက်ပြသခဲ့သည်။ ပန်းချီဆရာကြီး ရွှေတလေး(ဦးဘကလေး)သည် ဦးရွှေရိုး ဟန်ပန်ဝတ်စားဆင်ယင်ပွဲထုတ်၍ မြို့မ (MyoMa) ကျောင်း ဟူသော အင်္ဂလိပ် စာလုံးပုံမှ မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်၏ပုံအဖြစ် လည်းကောင်း၊ ဟာသရုပ်ရှင်မင်းသားကြီး ဗြိတိသျှ ချာလင်ချက်ပလင်စီးသည့် အရုပ်ဘိုင် စကယ်(စက်ဘီး)ပုံမှ သာယာဝတီဦးပု၏ ပုံအဖြစ် လည်းကောင်း၊ ၅၀၀၀ ဟူသော ကိန်းဂဏန်းမှ သူရိယဦးဘဖေ၏ပုံအဖြစ် လည်းကောင်း၊ ရေပန်းပုံမှ ကောလိပ် ကျောင်းသူချောချောတစ်ဦး၏ပုံအဖြစ် လည်းကောင်း ကျောက်သင်ပုန်းထက်၌ ကာတွန်းလက်စွမ်းပြရေးဆွဲတင်ပြလျက် ပရိသတ်၏ဟာသနှင့် ဩဘာပေးမှုကို ရရှိခဲ့သော ပြကွက်၊ ရေကွက်များဖြင့် တင်ဆက်ခဲ့သည်။

၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် နှင့် ၁၃ ရက်နေ့များတွင် ရန်ကုန် ဂျူဗလီ ဟောခန်းမ၌ ပြုလုပ်ကျင်းပခဲ့သော မြို့မအမျိုးသားကျောင်းရန်ပုံငွေကပွဲဖြစ် သည့် ကိုးဒါနပရဟိတအလှူပွဲသည် အထူးအောင်မြင်မှုများ၊ လူကြိုက်များခဲ့ သည်အတွက် ဩဂုတ်လ ၁၄ ရက်နေ့ တွင် တစ်ရက်တိုး၍ပြသဖျော်ဖြေမှုပြုခဲ့ ရသည်။ ထိုသို့ ပရိသတ်နှစ်သက်အားပေး လက်ခံ၍ ရန်ပုံငွေအမြောက်မြားရရှိခဲ့ သော မြို့မအမျိုးသားကျောင်း၏ရန်ပုံငွေ ကပွဲ (ကိုးဌာနပရဟိတအလှူပွဲ) ၏ အောင်ပွဲဂုဏ်သတင်းကို ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့၌ ထုတ်ဝေခဲ့ သော ဗန္ဓုလဂျာနယ်တွင် ဤသို့ဖော်ပြ မှတ်တမ်းတင်ခဲ့သည်။

'မြို့မကပွဲကြီး၌ ကျွန်ုပ်တို့ဗန္ဓုလ တိုက်ကလည်း တိုက်ရှင်အိမ်သားတစ်စု နှင့် အယ်ဒီတာများ လက်မှတ်ဝယ်၍ သွားရောက် ကူညီကြည့်ရှုအားပေးခဲ့ကြ ကြောင်း'

ကိုလိုနီခေတ်၏ဂျူဗလီဟောခန်းမ တွင် ပြုလုပ်ခဲ့သော ပရဟိတကိုးဒါန အလှူပွဲများမှ ပြည်သူအပေါင်းတို့ ထည့်ဝင်သည့် အလှူငွေများနှင့် ဒါန ပါရမီ၏ လက်ငင်းအကျိုးဆက်အဖြစ် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီး၊ မြို့မ ကျောင်း စသည့် သမိုင်းဝင်အဆောက် အအုံများ ပေါ်ထွက်စေခဲ့သည်။ အကျိုး ကျေးဇူးများကို မျက်မှောက်တော်တိုင် အောင် မျက်ဝါးထင်ထင် တွေ့မြင်ရ လျက်ရှိပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ဂျူဗလီဟောမြင်ကွင်း(တိုက်စိုး)

၂။ မြန်မာသတင်းစာအများထဲမှ သမိုင်း ဆိုင်ရာဆောင်းပါးများ (တင်နိုင်တိုး)



www.burmeseclassic.com

www.burmeseclassic.com



လမိုင်း၏ အဓိပ္ပာယ်အား မြန်မာ အဘိဓာန်တွင် လယ်ယာထွန်ယက်စိုက် ပျိုးရာမြေဟု အဓိပ္ပာယ်ဖွင့်ဆိုသကဲ့သို့ လယ်ယာသီးနှံများအား ဖွံ့ဖြိုးစေရန် အတွက် ပသရလေ့ရှိသောနတ်ဟုဆိုပြန် ပါသည်။

ဥပမာ ပုန်းမကြည်နတ် (ခေါ်) ပုဗ္ဗကြယ်နတ်အား ကောက်သစ်ပေါ်စ တွင် လယ်ယာလုပ်သားများ ကောက်ပဲ သီးနှံဖွံ့ဖြိုးစေရန် တင်မြှောက်ပသရ သည့် လယ်ယာဆိုင်ရာနတ်ဟု ဆိုကြပါ သည်။ ထိုရိုးရာဓလေ့များကား မြန်မာ့ တောင်သူလယ်သမားများလယ်ယာကွင်း များတွင်ပူဇော်ပသကြသည့် လမိုင်းနတ် များ ဖြစ်သည်။

ရှေးလူကြီးများက ပြောပြဖူးသည် မှာ လမိုင်း ဆိုသည်မှာ မိမိဆိုင်ရာဆိုင် နေရာဒေသကား စွဲလမ်းပြီး မကျွတ် မလွတ်ဘဲအမှီပြုနေကြသည့် ဝေမာနိက ပြိတ္တာတစ်မျိုးဟုဆိုကြသည်။ တစ်နည်း အားဖြင့် တချို့ဒေသတွင် ဘုရားရှိခိုးပြီး ပါက အမျှဝေရာတွင် တောလမိုင်း၊ တောင်လမိုင်း၊ မြို့လမိုင်း၊ ရွာလမိုင်း စသည်ဖြင့် မကျွတ်မလွတ်သေးသူများ အားထည့်သွင်းပြီး အမျှဝေလေ့ရှိသည်။

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး အစရှိသည့် ခေတ်မီမြို့ကြီး များမှာ ကျင်းပသော၊ ဥပမာ ဗြည်သူ့ ရင်ပြင်မှာကျင်းပသော ခေတ်ပေါ် တီးဝိုင်းများမှာပင် နားလည်လည်၊ မလည်လည် ကန်တော့ပွဲပေးနေကြ သည်ကို တွေ့ရ၏။ မည်သူ့ကိုရည်စူးပြီး ပူဇော်ပသနေကြပါသနည်း။

တစ်နည်းအားဖြင့် ဆိုင်ရာလမိုင်း နတ်ကို ပူဇော်ပသပြီး ပွဲမပျက်စေရန် အတွက် တင်မြှောက်ပသခြင်း ဖြစ်သည်။ နောက်ဆုံး တောရွာများ၊ မြို့များတွင် အလှူအတန်းလုပ်ရာ၌ အသံချဲ့စက်ဖွင့် လျှင်ပင် စက်အပေါ်၌ လက်ဖက် တစ်ပန်းကန်၊ ဖယောင်းတိုင်မီးလေးထွန်း ထားတတ်ကြသည်။

**□ ကျွန်ုပ်တွေ့ဖူးသော လမိုင်းအား မကြောက်သူ**

ကျွန်ုပ်ရေးသော ဝတ္ထုများတွင် စမတောင်မှ ဘသုံသည် မပါမဖြစ်ဇာတ် ကောင်ဖြစ်သည်။ သူသည် ဘဝစုံသလို အတွေ့အကြုံလည်း အလွန်များ၏။ သတ္တိကောင်းသလို အဘိုးလူက ချစ် သောကြောင့် ပညာသည်များနှင့် မကောင်းဆိုးဝါး ဖုတ်၊ ပြိတ္တာများက သူ့ကို မထိရဲ ကြ။ ပြီးတော့ လူက သိပ်ပြီး သတ္တိကောင်းလာ လျှင် ထိုမမြင်အပ် သောပုဂ္ဂိုလ်များက ရှို့ကြောက်ကြသည် မဟုတ်လော။

ဘသုံပြောပြသည့် ဇာတ်လမ်းက ဤသို့ဖြစ် သည်။

ဘသုံ အသက် အစိတ် ခန့်က လူပျိုလူလွတ်ကလည်း ဖြစ်၊ လက်ရဲဇက်ရဲကလည်းရှိ၍ တော်ရုံလူသည် ဘသုံနှင့်ရန်မဖြစ်ရဲ သလို စမတောင်စေတီတည်နေစဉ် တောရှင်းခုတ်ထွင်ရှင်းလင်းရသည့်အခါ တချို့အပင်ကြီးများအား ခုတ်လှဲ၍မရ လျှင် ဘသုံသည် ပုဆိန်၊ ရဲတင်း၊ တော ခုတ်ဓားမဆွဲပြီး 'မင်းလားကွ ခုတ်လို့မရ တဲ့သစ်ပင်' ဆိုပြီး တစ်ပင်လုံး အကိုင်း များချိုင်၍ ပင်စည်လှဲပြီး အမြစ်တွေပါ တူးမီးရှို့သူ ဖြစ်သည်။ မမြင်အပ်သည့် ပုဂ္ဂိုလ်တွေက အဘိုးလူထံသွားကြပြီး -

"ဆရာကြီးရယ်၊ ဆရာကြီးမြေးကို ပြောပါဦး။ သူတို့နေစရာမရှိဖြစ်နေပါပြီ။ နေရာလေးပေးပါဦး"

ဆိုပြီး တောင်းပန်ရသည်အထိ ဖြစ်ခဲ့ရဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com




ဘသုံ၌ နားကုတ် ဆိုသော ခွေးတစ်ကောင်ရှိသည်။ ထိုခွေးသည် ကျင်းခွေးစပ်ပြီး နားရွက်နှစ်ဖက်က အမြဲတမ်းကုပ်နေတတ်၏။ ခွေးကြီးက လေးဖက်ကျထွားကျိုင်းပြီး အစွယ်ဖြဲပြလျှင် တော်ရုံလူအနားမကပ်ရဲကြ။ ဘသုံက ဟေ့ကောင်ဆိုလျှင် အမြီးကုပ်သွားပြီး ဘသုံဘေးမှာ ခွေပြီးအိပ်နေတတ်သည်။

တစ်နေ့ ဘသုံနှင့် နားကုတ်တို့



www.burmeseclassic.com

www.burmeseclassic.com

တောင်ဖူးကွဲမှာ ယုန်သွားလိုက်ကြသည်။ ဘသုံးမှာက တောခုတ်ဓားနှင့်လေးခွပါ သည်။ နားကုတ်သည် တော်ရှုံ သမင်၊ ချေပေါက်လောက်ကတော့ အတင်းဝင် ဆွဲပြီး အသေကိုက်သတ်တတ်သည့်အမဲ လိုက်ခွေးကြီး ဖြစ်သည်။

တောင်ဖူးကွဲ ဆိုသည့်နေရာက လည်း စမတောင်စေတီတည်တော့ သစ်ပင်များရှင်းပြီး မမြင်အပ်သည့် ပုဂ္ဂိုလ်များအား အဘိုးလူအမိန့်အရ တောင်ဖူးကွဲမှာနေကြဆိုပြီး အမိန့်ပေး နေရာချထားခြင်းဖြစ်၍ နယ်ကြမ်းတော ကြမ်းဖြစ်သည်။ သစ်ပင်ကြီးတွေကိုရှင်း တော့ ဘသုံးက လူကြမ်းမင်းသားဆိုတော့ အခဲမကျေသည့်ပုဂ္ဂိုလ်တွေသည် ဘသုံး တို့ ဆရာတပည့် ထိုဒေသသို့ရောက်လာ သောအခါ ပညာပြကြပါတော့သည်။

ယုန်ရှာရင်းမောလာ၍ သစ်ပကန် ပင်ကြီးအောက်မှာခဏနားနေစဉ် အပင် ပေါ်မှ ခေါင်းတုံးကြီးနှင့် လူမည်းကြီး တစ်ကောင်ဆင်းလာပါတော့သည်။

"ဟေ့ကောင် ငသုံး၊ မင်းက စမ တောင်မှာ လူစွာပဲ။ ဒါပေမယ့် ဒါ မင်း နေရာမဟုတ်ဘူး၊ တောင်ဖူးကွဲ ငါတို့ နေရာ။ ငါတို့ပိုင်နက်ထဲကို မင်းရောက် လာပြီ မင်းသတ္တိရှိရင် ငါနဲ့ချမလား"

ဘသုံး ထိုအကောင်ကြီးအား သေသေချာချာစိုက်ကြည့်သည်။ နည်း တဲ့ကောင်ကြီးမဟုတ်။ ဒါပေမယ့် ဘသုံး က မကြောက်။

"မင်းတင်မကဘူး မင်းအဖော်တွေ ကိုပါခေါ်လိုက်။ ငါတစ်ယောက်တည်းနဲ့ ချမယ်"

ပြောပြောဆိုဆိုဖြင့် ပုဆိုးအား ခါးတောင်းကျိုက်လိုက်ပြီး တောခုတ်ဓားမ အားကိုင်ထားလိုက်သည်။ တောတက် ရာမှာသုံးသည့် ဓားမများသည် အသွား ရှည်ပြီး မြည့်နေအောင်ထက်ကြသည်။ လည်ပင်းတစ်ချက်ထိသည်နှင့် ထက်ပိုင်း ပြတ်သည်ကများ၏။

အကောင်ကြီးက ဘသုံးရှိရာသို့ တစ်လှမ်းချင်းတိုးဝင်လာသည်။ ထိုအချိန် မှာ ခွေးကြီးနားကုတ်ကလည်း သွားအဖြဲ သားဖြင့် အကောင်ကြီးအနောက်မှနေ ၍ အလစ်ဝင်ဆွဲရန် မာန်ဖီနေ၏။ အကောင်ကြီးက လက်နှစ်ဖက်ဆန့်တန်း ပြီး ဘသုံးရှိသို့အဝင် ဘသုံးလက်ထဲမှ တောခုတ်ထားသည် ဝှီးခနဲမြည်သွား၏။

"ဝှိုး. . . ဒုတ်. . . ဖုတ်"

ဓားမကြီးက လေကိုခုတ်ရသကဲ့ သို့ဖြစ်သွားသောအခါ ဘသုံးသည် နောက်သို့ခုန်ဆုတ်လိုက်သည်။ ထိုအခါ ခွေးကြီးနားကုတ်က ထိုလူမဲကြီး၏ပေါင် အားဝင်ခဲပါတော့သည်။ လူမဲကြီးက ခွေးအားလှည့်ပြီးအကန် နားကုတ်က ခုန်ရှောင်သွားသည်။ ဘသုံးက နောက်မှ နေ၍ လူမည်းကြီး၏ဖက်ကိုပိုင်းချလိုက် ပြန် သည်။

"ဒုတ်. . . ဘုတ်"

ဖွဲအိတ်ကြီးအားခုတ်ရသကဲ့သို့ဖြစ် နေစဉ် လူမည်းကြီးက နားကုတ်အား ပိတ်ကန်လိုက်ရာ ခွေးမှာ ခပ်လှမ်းလှမ်း သို့လွင့်သွား၏။

"ကိန်. . . ကိန်"

လူမည်းကြီးက ဘသုံး၏ဓားမကြီး အားဂရုမစိုက်ဘဲ အတင်းဝင်လုံးပါတော့ သည်။ ဘသုံးနှင့် လူမည်းကြီးတို့ သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးနေကြစဉ် လူမည်းကြီးက ဘာမှမဖြစ်သော်လည်း ဘသုံးမှာ အီစိမ့်နေလေပြီတည်း။

ဒီအချိန်မှာ ဘသုံး တစ်စုံတစ်ရာ အား သတိရလိုက်သည်။ သူ့ကိုယ်မှာ စလွယ်သိုင်းထားသည့် ကျွန်းကုန်းမှ ဆရာ ဦးအောင်တင် ပြုလုပ်ပေးထား သော စမစလွယ်ကြိုးအား ဖျတ်ခနဲချွတ် ပြီး လူမည်းကြီး၏ခေါင်းပေါ်မှစွပ်ချလိုက် ပါတော့သည်။

"အား. . . အား. . . ဖုတ်. . . ဖုတ်. . . ဘုတ်. . . ဘုတ်"

လူမည်းကြီးမှာ လူသေးသေး လေးဖြစ်သွားပြီး ချောင်းချောက်အတိုင်း ထွက်ပြေးပါတော့သည်။ နားကုတ်ကြီး က ထိုလူသေးသေးလေးနောက်သို့ သဲကြီးမဲကြီးလိုက်၏။ ဘသုံးကလည်း ဓားမ ခါးကြားထိုးပြီး ကျောက်ခဲလုံးများ နှင့် မနားတမ်းပစ်သည်။ ထိုလူမည်း သေးသေးလေးသည် ချောင်းကမ်းပါးလျှို အကွဲလေးကြားထဲ တိုးဝင်ပြီးပျောက် သွားပါ၏။ ဘသုံးတို့ ဆရာတပည့်က သူတို့ကိုလာစမ်းသဖြင့် အခဲမကျေဘဲ ထိုလျှိုအကွဲကြောင်းအား ဓားမဖြင့်တူး ဆွ၏။ ခွေးကြီးကလည်း ရှေ့လက်များ ဖြင့် မနားတမ်းယက်ထုတ်ရာ မကြာခင် ဖွတ်မည်းကြီးတစ်ကောင် တခွီးခွီးဖြင့် ထွက်လာ၏။ ဘသုံးဘာမှမလုပ်ရသေး ခင်မှာဘဲ နားကုတ်ကြီးက ဖွတ်ကြီး၏ ကုတ်ကိုခဲပြီး ဆွဲခါပစ်နေပါသည်။

"နားကုတ် နောက်ဆုတ် ငါလုပ် မယ်"

သခင်၏အမိန့်ကို နားလည်သည့် အလား နားကုတ်နောက်ဆုတ်သွား၏။ ဘသုံး၏လက်မှ တောခုတ်ဓားသည် ဝင်းခနဲဖြစ်သွားပြီး ဖွတ်ကြီးခေါင်းပြတ် ထွက်သွားပါတော့သည်။ ထိုညက ဆရာ တပည့် ဖွတ်သားဟင်းဖြင့် ထမင်းမြိန် လိုက်ကြသည့်ဖြစ်ခြင်း။ စားပြီး၍ တောင်ပေါ်တက်လာတော့ -

"ဟေ့ကောင် လူမိုက်၊ ဖွတ်သား တော်တော်ကောင်းလား။ သူဒီမှာမနေ ရဲတော့ပါဘူးဆိုပြီး ပေါင်းလောင်းအရှေ့ ဘက် တောင်ဖီလာကိုထွက်သွားပြီ။ မင်း တောင်ဖီလာကိုဆက်လာရင် ရှမ်းရိုးမ ဘက်ထွက်ပြေးမယ်လို့ ဘိုးလေးကိုတိုင် သွားတယ်။ သွား၊ တောင်ပေါ်ကရေကန် မှာ ရေအပြည့်ဖြည့်။ ဒဏ်ပေးရမယ်"

အဘိုးလူ၏ ဒဏ်ပေးမှုကြောင့် ဘသုံးမှာ လျှာထွက်မတတ်ရေခပ်ခဲ့ရ၏။ နားကုတ်ကြီးကတော့ ဖွတ်သားဟင်းစား ပြီး လေးဖက်စင်းကာအိပ်ပျော်နေလေ ရဲ့ဗျာ။

▫ အင်းလပိုင်း

မန္တလေးတိုင်းဒေသကြီး၏မတ္တရာ နှင့် စဉ့်ကူးနယ်စပ် ဧရာဝတီမြစ်နံဘေး တွင် အင်းပေါင်းမြောက်မြားစွာရှိသည်။ ဝါဆို၊ ဝါခေါင်မြစ်ရေကြီးလျှင် ထိုဒေသ သည် ရေပင်လယ်ကြီးဖြစ်သွားသော် လည်း သီတင်းကျွတ်၊ တန်ဆောင်မုန်း ရေပြန်ကျလျှင် ရေနက်ပိုင်းတွင် အင်းကြီး များအဖြစ်ကျန်ရစ်ခဲ့ကြသည်။ နာမည် ကြီးအင်းတွေက ပတ်လည်အင်း၊ စောလူ အင်း၊ သုံးတီးအင်း၊ နဂါးတန်းအင်း၊ သဗျောအင်းခွလဲ၊ လက်ရန်းအင်း၊ ကြေးစည်အင်း၊ ခေါ်မကြားအင်း၊ မောင်းမကန်အင်း၊ ကက္ကူအင်း၊ တံဆိပ် ပေးအင်း၊ ကိုင်းချောင်းအင်း၊ ဆိတ်တုတ် အင်း၊ အင်းပြား စသည့် အင်းကြီးများ အပြင် အင်းလက်တက်၊ ချောင်းလက် တက်လေးများစွာရှိ၏။

ထိုအင်းများကို အမှီပြု၍ ရေ လုပ်ငန်းလုပ်ကိုင်ရသော အင်းသူကြီး၊ အင်းလုပ်သား၊ တံငါသည်များသည် အင်းလုပ်ငန်းမစမီ ဘိုးတုံးနာနတ်အား ပူဇော်ပသကြရသည်။ သို့မှသာ အင်း လုပ်ငန်းအောင်မြင်ပြီး ငါးအရများခြင်း ရေကြီးရေလျှံ၍ အင်းကျိုးပေါက်ခြင်းမှ အကာအကွယ်ရကြလေသည်။

ပူဇော်ပသပုံမှာ အင်းစပ်မြေပြင်၌ ဝါးဖြင့်လေးတိုင်စင်ပြုလုပ်ပြီး ကြက်သား ကာလသားချက်၊ ငါးကင်တစ်ကောင် ထမင်းဖြူတစ်ပန်းကန်နှင့် ချက်အရက် တစ်လုံး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းပြီး အင်းရေပြင်ဘက်သို့လှည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com

"အဘဘိုးတုံးနာနတ် ခင်ဗျာ။ အဘ စားဖို့သောက်ဖို့ သားတော်၊ သမီးတော်တို့က တင်မြှောက်ပါတယ်။ ကြွရောက်ပြီးစားလှည့်သောက်လှည့်ပါ"

ဟု အသံအကျယ်ကြီးအော်ကြရသည်။ အဘယ်ကြောင့်ဆိုသော် ဘိုးတုံးနာနတ်သည် လူ့ဘဝက နားလေးသည်ဖြစ်၍ ကျယ်ကျယ်ပြောမှကြားရသည်ဖြစ်သောကြောင့်တည်း။

ဘိုးတုံးနာနတ်သည် လူ့ဘဝက ထိုဒေသမှ အင်းသူကြီးဖြစ်ခဲ့လေသည်။ အင်းအကြောင်းဘယ်လောက်နားလည်သနည်းဆိုသော် အင်းရေပြင်အားကြည့်ပြီး ဘယ်ငါးအမျိုးအစားက အချိန်ဘယ်လောက်၊ ဘယ်ငါးတွေဘယ်နေရာမှာရှိနေသည်အထိ အင်းရေပြင်အားကြည့်ပြီး အတပ်ပြောနိုင်သူ ဖြစ်သည်။ ဒါတော့ တစ်ပွဲစားကြီးဖြစ်လာလေသည်။ သေသော်အခါ အင်းစောင့်နတ်ကြီးဖြစ်သွားသည်ဟု ထိုအရပ်က ဆိုကြသည်။

စင်စစ် သူသည်လည်း အင်းလမိုင်းပင်တည်း။

**□ စတိတ်ရှိုးလမိုင်း**

၁၉၈၂ ခုနှစ်ခန့်က ဖြစ်ပါသည်။ ထိုခေတ်ကာလက လူငယ်များသည် ဂစ်တာတီး၊ သီချင်းဆိုဝါသနာပါကြရာ ကိုယ်သန်ရာသန်ရာ လေ့ကျင့်ကြပြီး တီးဝိုင်းဖွဲ့ကြ၏။ တစ်နေ့တော့ ကျွန်ုပ်တို့ လူငယ်တစ်စုသည် လျှပ်စစ်ဂစ်တာသုံးလုံး ဒရမ်စက်တစ်လုံး၊ အော်ဂင်တစ်လုံး၊ အသံချဲ့စက်နှစ်စုံငှားရမ်းကာ သီချင်းဆိုဝါသနာပါသူ၊ အသံကောင်းသူဆယ်ယောက်ခန့်နှင့် ရပ်ကွက်စတိတ်ရှိုးလုပ်ကြ၏။ တချို့အဆိုတော်ကောင်မလေးများနှင့် ဂစ်တာတီးသူတချို့သည် ယနေ့အခါမှာ နာမည်ကြီးအဆိုတော်များပင်ဖြစ်နေကြလေပြီ။

တီးဝိုင်းကျင်းပသည့် နေရာက တာမွေမြို့နယ် ဗိုလ်စိန်မှန်ကွင်းမှာဖြစ်၏။ ထိုင်ခုံလက်မှတ်တွေက တစ်ဆယ်၊ ငါးကျပ်၊ သုံးကျပ်ဖြစ်သည်။ ငှားသည့် အသံချဲ့စက်တွေကလည်း အကောင်းစားထုတ်တောင် အလယ်အလတ်တန်းစားများဖြစ်သည်။ ကြည့်မြင်တိုင် အိုးဘိုရပ်ကွက်မှ နာမည်ကြီးစက်ငှားသူ၏စက်အလုံးဖြစ်သည်။ ည (၉) နာရီထိုးတော့ တီးဝိုင်းအဖွဲ့သားများ လူစုံပေပြီ။ ပရိသတ်ကလည်းကွင်းအပြည့်။ ဂစ်တာသမားများညှိကြပြီးပမာကာ တီးလုံးတီးသည်အထိအဆင်ပြေနေပါသည်။ ပထမဆုံး အဆိုတော်မလေးစဆိုတော့ ပြဿနာကစပြီ။ ကောင်မလေး၏နှုတ်ခမ်းနှင့် မိုက်ခရိုဖုန်းကထိလို့မရ။ ထိသည်နှင့် ဓာတ်လိုက်နေ၍ ကောင်မလေးသီချင်းကောင်းကောင်းဆိုလို့မရပါ။ ထို့ထက် ပိုဆိုးသည်က ဂစ်တာသမားများတီးလိုက်သည်နှင့် ဓာတ်လိုက်နေကြခြင်းပင်တည်း။ နောက်ဆုံးဆက်တီးလို့မရ၍ ပွဲကိုခေတ္တခဏရပ်လိုက်ရသည်။

ပရိသတ်ကြီးက ပိုက်ဆံပေးပြီး ကြည့်ကြရာ စက်စုတ်ကြီးဟုအော်ဟစ်အားပေးကြ၏။ စက်ဆရာက နောက်တစ်စက်အရန်သင့်ရှိ၍ ဝါယာကြိုးများပြောင်းတပ်ပြီးတီးစေပြန်ရာ ဓာတ်လိုက်နေပြန်သည်။ ပွဲစသည်မှာလည်း ဆယ်နာရီထိုးပြီ ပရိသတ်ကား ထိန်းမနိုင်ဖြစ်လာ၏။ စက်ဆရာလည်း ဇောချွေးတွေပြန်နေပြီ။ သူ့စက်တွေကိုဘာလုပ်ရမှန်းမသိ။

ကျွန်ုပ်အိမ်သို့ အဆိုတော်ကြိုသည့်ကားရောက်လာပြီး ကျွန်ုပ်လိုက်သွား၍ ဗိုလ်စိန်မှန်ကွင်းရောက်သော် ပွဲခင်းမှာဆူပွက်နေ၏။ တီးဝိုင်းအဖွဲ့သားတွေကလည်း တီးမရခတ်မရသည့်စက်မို့ပိုက်ဆံမပေးဟု ကြိမ်းဝါးနေကြသည်။

ထိုအခိုက် ကျွန်ုပ်သူငယ်ချင်းအဆိုတော်နှင့် စက်ဆရာက -

"သန့်ဇင်၊ ငါတို့ဘာဖြစ်နေတာလဲ မင်းကြည့်ပါဦး"

သူတို့ပြောမှ ကျွန်ုပ်စတိတ်ရှိုးစင်အားပတ်ချာလည်လေ့လာကြည့်မိသည်။

လားလား - အဖြစ်ကိုသွားတွေ့၏။ စတိတ်စင်အောက် စက်ပစ္စည်းများထည့်သော သေတ္တာများထားသည့်နေရာတွင် ကန်တော့ပွဲတစ်ပွဲသည် မီးမှိတ်တုတ်ချောင်ကုပ်နေရှာသည်။

"မင်းတို့တစ်တွေငါပြောတဲ့အတိုင်းလုပ်။ ရပ်ကွက်ထဲမှာ အသက်ကြီးကြီး အဘွားအိုတစ်ယောက်ကိုရှာ၊ လက်ဖက်အစုံတစ်ပန်းကန်ကိုင်ပြီး ရှေ့ကတက်၊ စက်ဆရာဝဏ္ဏက ကန်တော့ပွဲပေါ်မှာ ဖယောင်းတိုင်ထွန်း၊ ပွဲရှေ့မှာ အမွှေးတိုင်ထွန်းဖို့လုပ်၊ စတိတ်ရှိုးရဲ့ညာဘက်ထောင့် စင်ပေါ်မှာ စားပွဲတစ်လုံး ပိတ်ဖြူခင်းပြီး အပေါ်မှာ ကန်တော့ပွဲကိုတင်၊ လက်ဖက်ပန်းကန်တင်ပြီး ဖယောင်းတိုင်မီးမပြတ်စေနဲ့။ အဘွားကြီးကို အမိုက်အမဲလေးတွေကိုမို့ ဗွေမယူပါနဲ့လို့ပြော အဲဒီအတိုင်းလုပ်"

အဘွားကြီးက လက်ဖက်ပန်းကန်ကိုင်ပြီး စင်ပေါ်တက်လာသည်။ စက်ဆရာဝဏ္ဏက ကန်တော့ပွဲရွက်ပြီး ဖယောင်းတိုင်ထွန်းလိုက်သောအခါတွင် ပရိတ်သတ်က -

"ကန်တော့ပွဲ၊ ကန်တော့ပွဲ"

ဟု လှောင်ပြောင်အားပေးကြပါသည်။ သို့သော် ထူးဆန်းသည်မှာ စားပွဲခုံပေါ် ထိုပစ္စည်းများရောက်သွားသည်နှင့် ဂစ်တာသံများတဂွီဂွီနှင့်အသံတွေထွက်လာသည်။ ဂစ်တာသမားများ ဓာတ်လိုက်ခြင်းမရှိတော့။ အစီအစဉ်ကြေညာသူလည်း မိုက်ခရိုဖုန်းက ဓာတ်လိုက်ခြင်းမရှိတော့။

ဒီတော့မှ တီးဝိုင်းသမားများ လက်စွမ်းပြပြီး သီချင်းအဆိုကောင်းသည့်မိန်းကလေး (ယခုတော့ အဆိုတော်ကော်နီဖြစ်နေပါပြီ) အား အသားကုန်ဟစ်ခိုင်းပါတော့သည်။ ကျွန်ုပ်အားလည်း လမိုင်းဆရာကြီးဟုဝိုင်းပြီး ကင်ပွန်းတပ်ကြပါတော့သည်။

ဒါက စတိတ်ရှိုးတွေမှာ တွေ့ရတတ်သည့်လမိုင်းနတ် ဖြစ်ပါသည်။

**□ အလွန်သတိထားရသည့် ရာမ၊ သက္ကထာ လမိုင်း**

ကျွန်ုပ်တို့လမ်း၊ ရပ်ကွက်သည် သီတင်းကျွတ်လျှင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် မီးထွန်းပွဲတော်ကျင်းပသည်။ ကြည့်မြင်တိုင်၊ လှည်းတန်းနှင့် ရေကျော်သည်အမြိုင်ဖြစ်သည်။ ကြည့်မြင်တိုင်မြို့နယ်က ကျွန်ုပ်တို့လမ်းသည် သူများလမ်းများနှင့်မတူ။ အလှူအတန်းကလည်း ရက်ရောသည်။ ပြီးတော့ မီးထွန်းပွဲတော်လာ ပရိသတ်အား ဖြည့်ခံဖျော်ဖြေရေးကလည်း ဇာတ်ဆရာအဘိုးနှင့် အဘိုးလေးဖြစ်သူ ယဉ်ကျေးမှုဌာနက ဇာတ်ဌာနခွဲက အကြံပေးအရာရှိဖြစ်နေ၍ သူများလမ်းများကယှဉ်လို့မရ။ ဇာတ်ပွဲတစ်ပွဲကဖို့ ပစ္စည်းများကလည်း အဆင်သင့်။

ဝါခေါင်လဆိုလျှင် စည်းဝေးပွဲကျင်းပပြီး ဇာတ်လမ်းရွေးလေပြီ။ အဘိုးက ဇာတ်လမ်းရေး၍ အဘိုးလေးက ဇာတ်တာဝန်ခံပြီးတော့ လမ်းထဲမှလူငယ်များအား ဒိုင်ခံအကသင်ပေး၏။ ဇာတ်မင်းသားဖြစ်လာခဲ့သော အဘိုးလေးသည် ယဉ်ကျေးမှုဌာနမှာလည်း ဆရာတစ်ဆူဖြစ်၍ ကဇာတ်မှာ စည်းစနစ်ကျ၏။ အဘိုးလေးသင်ပေး၍ ကျွန်ုပ်တို့လမ်းမှကလေးများ မကတတ်သူမရှိ။ အဖေက မီးထွန်းပွဲတော်ကျင်းပရေးဥက္ကဋ္ဌဖြစ်သည်။ ရှင်းရှင်းပြောရလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့မိသားစုသည် မီးထွန်းပွဲတော်ဖြစ်မြောက်ရေးမှာ အခရာဖြစ်၏။ ပိုက်ဆံရှိသူများက ငွေစိုက်ထုတ်ပြီး အကုန်ခံသည်။ ဒီနှစ် ကပြမည့်ဇာတ်က ရာမ၊ လက္ခဏဇာတ်နှင့် ရွှေထီးရှင်ပြဇာတ်ပြီးတော့ နောက်ပိုင်း လူရွှင်တော် နှစ်ပါးသွား ည (၈) နာရီမှကလျှင် အနည်းဆုံး ညဦး (၂) နာရီမှပြီးမည် ဖြစ်သည်။ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့၌ လမ်းထိပ်မှာ ခွပြီးပိတ်ထိုးထားသော အမြင့်ဆယ်ပေရှိ ဇာတ်စင်ကြီး။ ပြီးတော့ စင်၏ညာဘက်တွင် ရွာစားကျော်၏ ငါးပေမြင့်ဆိုင်းဝိုင်းကြီးဖြင့်ဟီးထနေပါတော့သည်။

ကျွန်တော်တို့လမ်းအား အခြားလမ်းများမှမယှဉ်နိုင်ခြင်းမှာ ကျွန်ုပ်တို့မိသားစုနှင့် အဘိုးလေးတို့မိသားစုသည် ဇာတ်သဘင်လောက၊ အနုပညာလောကမှဖြစ်သည့်အပြင် ယဉ်ကျေးမှုကဇာတ်မှာပါ အဘိုးလေးက အကြံပေးအဖြစ်တာဝန်ထမ်းဆောင်နေ၍လည်းကောင်း၊ ဇာတ်စင်မီးအပြင်အဆင်၊ လူရွှင်တော်မှအစ ယဉ်ကျေးမှုဌာနမှ ဝန်ထမ်းဆွေမျိုးမကင်းသူက အဘိုးလေး၏ အိမ်မှာနေသည်။ ဦးကုလားက လိုအပ်သည့် နဂါး၊ ဂဠုန်အရုပ်၊ ဘီလူးအရုပ်များနှင့် ရာမ၊ လက္ခဏ၊ ဟာနုမာန်အရုပ်ခေါင်းစွပ်များအား သူမတူအောင် ပြုလုပ်တတ်ပြီး အခြားသူများကလည်း ဇာတ်စင်မီးအလင်းအရောင်လေးမှအစ ကျွမ်းကျင်သူများဖြစ်နေ၍ဖြစ်သည်။

ပင်မစင်ကြီးအား ဆယ်ပေအမြင့်ထိုးထားပြီး ဝဲ၊ ယာနှစ်ဖက်အား ရှစ်ပေအမြင့်၊ ငါးပေအကျယ်ကပ်လျက် ကမည့်ကလေးငယ်များ၊ မီးဆရာ၊ ကားဆွဲဆက်တင်အပြင်အဆင်ပြုလုပ်မည့်သူများအတွက် ပြုလုပ်ထားသေးသည်။

လဆန်း ၁၃ ရက်မှာ ဝတ်စုံပြည့်အစမ်းရိဟာဇယ်ကပြကြသည်။ လမ်းတိုင်း လမ်းတိုင်း မီးရောင်စုံများထွန်းညှိကြသည်။ သူများလမ်းတွေက တေးသရုပ်ဖော်၊ အလှဖန်တီးရှင်များ၏တစ်ခန်းရပ်သရုပ်ဖော်၊ ရုပ်ရှင်တို့ဖြင့် ဖျော်ဖြေနေချိန် ကျွန်ုပ်တို့လမ်းကဇာတ်စင်ကြီးဟီးထနေ၍ ပရိသတ်မှာ ကွင်းအပြည့်ဖြစ်နေသည်။

ပထမည . အစမ်းကပြတော့ အားလုံးအဆင်ပြေသည်။ အဘိုးလေးအိမ်မှာ ပွဲတွေအပြည့်ထိုးထားရသည်။ ကန်တော့ပွဲတွေက ဘယ်ညာရောလို့မရ။ ရာမ၊ လက္ခဏ၊ မယ်သီတာ၊ ရသေ့ဘိုးတော်၊ ဟာနုမာန်မျောက်မင်းကန်တော့ပွဲများထိုးရသလို တခြားတစ်ဖက်တွင် ဒဿဂီရိ၊ ဂမ္ဘီပွဲများအပြင် လမိုင်းပွဲပါထိုးရ၏။

**ဒ သီတင်းကျွတ်လဆန်း ၁၄ ရက် ပထမနေ့ည**

မယ်သီတာလုပ်မည့်မိန်းကလေးက ကျွန်ုပ်၏ညီမအရင်း။ ရာမမင်းသားကမည့်မိန်းကလေးက ခေါင်းရင်းအိမ်ကမိန်းကလေးဖြစ်သည်။ ညနေငါးနာရီထိုးတော့ အားလုံး မိတ်ကပ်လိမ်းခြယ်ပြင်ဆင်တော့ ရာမမင်းသားကမည့်မိန်းကလေးကိုရှာမရတော့။ အိပ်ပျော်နေသည်။ နောက်ဆုံး ရေလောင်းချပြီးနှိုးလိုက်မှ အချိုရည်ထဲအရက်ထည့်တိုက်သွားပြီး အမဲသားဟင်းတွေကျွေးသွားမှန်းသိရသည်။

အဘိုးလေးသည် . ဇာတ်စီးဖြစ်သောကြောင့် အခြေအနေအား အကဲခတ်မိသွားသည်။ ရာမ၊ လက္ခဏ၊ မယ်သီတာ၊ ရသေ့ဘိုးတော်တို့၏ ပွဲများရှေ့တွင် ဖယောင်းတိုင်မီးများထွန်းညှိပြီး တတွတ်တွတ်တောင်းပန်နေရှာသည်။ ဘယ်သူကဒီမိန်းကလေးအားကိုက်ကျွေးသွားမှန်း တရားခံလက်သည်ရှာလို့မရပါ။

မိန်းကလေးအား အမူးပြေအောင် ရေအမြန်ချိုးစေပြီး မိတ်ကပ်လိမ်းခိုင်းရသည်။ ညခုနှစ်နာရီခွဲတွင် ပွဲစထွက်ပါသည်။ အဖေလည်း ပြဇာတ်ဒါရိုက်တာပီပီ ဇာတ်စင်ပေါ်တွင်အလုပ်ရှုပ်နေ၏။ ကျွန်ုပ်တို့ရာမအုပ်စုက ဇာတ်စင်ဝဲဘက်တွင်နေရာယူပြီး ဒဿဂီရိ၊ ဂမ္ဘီအစရှိသူတွေက စင်၏ညာဘက်တွင် နေရာယူရသည်။ ဟိုဘက်သည်ဘက်ကူး၍မရပါ။ စည်းကမ်းတင်းကျပ်ထား၏။

သိယ်းခိုပြည်ကြီးမှာ ဘီလူးယိမ်းစထွက်သည်။ ပြီးတော့ မယ်သီတာ၏ ရုပ်ပုံလွှာအား ခုနစ်ပြည်ထောင်မင်းအပေါင်းသိအောင်ကြေညာသည့်အခန်း၊ ဒဿဂီရိက မယ်သီတာ၏ရုပ်ပုံလွှာအားမြင်ပြီး မိတ္ထီလာပြည်သို့လာခန်း၊ အစစအရာရာ အဆင်ချောမွေ့နေ၏။

ရာမမင်းသားလေးတော်တင်ခန်းသို့ရောက်ပါပြီ။ မိန်းကလေးသည် အဘိုးလေးသင်ပေးထားသည့်အတိုင်းလေးကောက်ကိုကိုင်ပြီး ကပြနေရာ ပရိသတ်မှာ အသက်ဆယ့်သုံးလေးနှစ်အရွယ်ကလေးတွေ သည်လောက်ပညာရှင်ကြီးတွေလိုကပြနေ၍ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် အားပေးနေ...

သည်။

"ဝုန်း . . . ဂျွတ် . . . ဂျွတ် . . . ဖြန်း"

ကျွန်ုပ်တို့ထိုင်နေသည့် ဝဲဘက်... မှာ ရုတ်တရက်ပြိုကျသွားပါတော့... မယ်သီတာ၊ လက္ခဏ၊ ဟာနုမာန်... တို့နှင့် ကျွန်ုပ်တို့အုပ်စုပါ ဇာတ်... စီးရသလို ထိုင်လျက်သား စင်လိုက်... မြေကြီးပေါ်သို့ပြုတ်ကျသွားခြင်း... သည်။ ပရိသတ်မှာ ဟာခနဲ... ဇာတ်စင်အောက်သို့ပြေးလာကြ... ကလေးတွေဘာဖြစ်သွားလဲ တ... မေးသံတွေ၊ လန့်ပြီးအော်ငိုသံတွေ... သွား၏။

ထိုစဉ် -

"ဂျွတ် . . . ဂျွတ် . . . ဝုန်း . . . ဒိုင်း . . . ဂလုန်း . . . ဂလုန်း"

သွားပါပြီ။ ဇာတ်စင်ကြီး၏ ... ဘက်ဆိုင်းဝိုင်းကြီးသည် ခါးလယ်... ချိုးလိုက်သလို ထက်ပိုင်းကြီးက... သွား၏။ ရွာစားကျော်၏ ပတ်ဝိုင်းကြီး... နှစ်ခြမ်းကွဲကာ ဆိုင်းစင်အကျိုးနှစ်ခု... မှာညပ်နေသည်။ ပတ်မကြီး၏ ... ရုပ်ကြီး မြေကြီးမှာအစီအရီ၊ ကြေးနောင်... ဝိုင်းမှာ ရစရာမရှိတော့။

ပရိသတ်မှာထိန်းလို့မရတော့... ပြေးကြလွှားကြ၊ အရန်မီးသတ်နှင့် ပွဲခင်း... လုံခြုံရေးရဲတွေအားလုံး ရောက်လာ... တော့သည်။

ထိုညပွဲပျက်သွား၏။ ဆက်... မရတော့။ ပြိုကျသွားသည့်ဇာတ်... ကျိုးကျသည့်ဇာတ်စင်အား ပြုပြင်... မည်။ အဖေက ဒေါ်သထိန်းနိုင်... လည်း အဘိုးလေးနှင့်လူငယ်တစ်... ဒေါသမထိန်းနိုင်ဘဲ ပွဲပျက်အောင်... ခဲ့သူအား ငှက်ကြီးတောင်ဓားများ... ပြီးလိုက်ရှာကြသည်။ ထိုသူက... အိမ်မှာမရှိတော့ လစ်သွားပြီဖြစ်၏။

ရာမ၊ လက္ခဏဇာတ်တော် ... လျှင် အလွန်နတ်ကြီး၏အမှားမခံ။ ... ထားနေရင်းကဖြစ်သွား၍ အဘိုး... အဘိုးလေးပါ စိတ်မကောင်း... ထိုအခိုက်တွင် ရာမမင်းသားက... မိန်းကလေးအား ဝင်ပူးပါတော့သည်...

"ငါမကြိုက်တဲ့ အရက်နဲ့အမဲသား... စားတယ်။ အားလုံးသတ်သတ်လွ... စားပါဆိုတာသိရက်နဲ့ ဝင်ပြီးနှောင့်... တယ်၊ နောက်တစ်ခါဆိုရင်အား... သေကုန်မယ်"

မိန်းကလေးက အသံအော...



www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့်ပြောပြီးမေ့သွားသည်။

နောက်နေ့မှာတော့ အဘိုးလေး တ နေ့ခင်းကတည်းက ကပြမည့်သူများ အားလုံး သူ့အိမ်ခေါ်ပြီး ကြိမ်လုံးတစ် ချောင်းဖြင့် ကြီးကြပ်နေပါတော့သည်။ ဆိုင်းစင်၊ ဇာတ်စင်လည်းပြန်ပြင်ပြီးသွား ပြီ။ ကပြမည့်ကလေးတွေအိမ်တွေက လည်း အရိပ်တကြည့်ကြည့်နေနေရ သည်။ လပြည့်ညမှာတော့ ပရိသတ်က ဗိုပြီး စိတ်ဝင်စားလာ၍ ပွဲခင်းထဲ၌လူများ အပြည့်။

ထိုညက ဘာမှမဖြစ်လိုက်ပါ။ ပွဲပြီးဆုံးသည့် ညဥ့်နှစ်နာရီထိုးတော့မှ အားလုံးရင်အေးသွားကြသည်။ အဘိုး လေး၏ ရာမ သမင်လိုက်ခန်းမှာ အလွန် နာမည်ကြီးသွားသည်။

လမိုင်းသည် ဇာတ်ပွဲတွေမှာ ထိုမျှ နတ်ကြီးပါသည်။ အဘိုးတို့၊ အဖေတို့ ပြောပြသည်မှာ သံစွာမေတ္တာရွှေမန်း သဘင်ကြီးဇာတ်ရုံမီးလောင်တာ လမိုင်း များ၍ဖြစ်သည်ဟုဆိုကြသည်။

**ပသီမောင်နှမလမိုင်း**

မော်ဘီမြို့နယ်တွင် မြဝတီရုပ်မြင် သံကြားလွှင့်ရုံကြီးရှိသည်။ တပ်မတော် မှ ကြီးမှူးသော ရုပ်သံလွှင့် ဖြစ်သည်။ နှစ်ပတ်လည်နေ့တိုင်း ခမ်းခမ်းနားနား ကျင်းပပြီး ဧည့်ခံဖျော်ဖြေရေးပွဲများ ပြုလုပ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး တစ်ယောက် မိန့်ခွန်းပြောသည်။ မြဝတီ အဖွဲ့သားများက ဧည့်ခံဖျော်ဖြေသည်။ ပြီးတော့ ဆုပေးပွဲကျင်းပ၏။ ကျွန်ုပ်တို့ စာရေးဆရာများအားလည်း ဖိတ်ကြား သည်။ ဖိတ်ကြားရေးကို ရေနံမြေ မောင်မောင်ကြည်အား တာဝန်ပေးထား သည်။ ဆရာကြည်သည် ကျွန်ုပ်နှင့် ညီအစ်ကိုတမျှ ရင်းနှီးသည်ဖြစ်ရာ ထိုပွဲ သို့ ကျွန်ုပ်အား တက်ဖြစ်အောင်တက် ခိုင်းသည်။ အခမ်းအနားစင်မြင့်၏ ညာ ဘက်မြက်ခင်းပြင်မှာ ကျွန်ုပ်တို့စာရေး ဆရာတွေအတွက် တစ်ဝိုင်းသီးသန့်ပြင် ပေးသည်။ ဗိုလ်ကြီးတို့က စာရေးဆရာ တွေအထာကိုသိနေ၍ စားပွဲအောက်မှာ ပုလင်းများလာချပေးထားသည်။ ဆရာ တို့ ရုပ်မပျက်အောင်သောက်ကြပါဟု ဆို သည်။ ဗိုလ်ချုပ်ကြီးရောက်လာပြီး မိန့်ခွန်း ပြောဆုပေးပွဲပြီးမှ အစားအသောက်များ နှင့်ဧည့်ခံမှ လွတ်လွတ်လပ်လပ် စားကြ သောက်ကြပါဟုဆိုသည်။ ကျွန်ုပ်တို့က လည်း ပုလင်းကို စားပွဲအောက်မှာထား ပြီး အချိုရည်လိုလိုဖြင့် ခွက်ပုံးခုတ်ကြ သည်။

မြဝတီရုပ်သံဝင်းကြီးသည် တစ်ခု တော့ ထူးဆန်းသည်။ တစ်ဝင်းလုံး အိမ်ထောင်သည်လိုင်း၊ လူပျိုလိုင်း၊ အိမ်ခန်းလိုင်းများ၊ ဝန်ထမ်းတပ်မတော် သားများဝင်းထဲမှာ ဝက်သားခိုးချက်စား သော မြဝတီရုပ်သံသည် ပြသနေရင်း ဘာဖြစ်မှန်းမသိ စက်တွေချို့ယွင်းလာ တတ်သည်။ ခဏခဏဖြစ်လာတော့ တပ်မှူးနှင့်အရာရှိများခေါင်းကိုက်ကြရ သည်။အဖြေရှာကြည့်တော့ ထိုဝင်းသည် မြဝတီရုပ်သံလိုင်းစက်ရုံကြီးမတည်ခင် ကတည်းက ပသီမောင်နှမနတ်ရှိသည် တဲ့။ သူတို့က ဝက်သားစားသည်ကို မကြိုက်ဟုဆို၏။ ထို့ကြောင့် နောက်ဆုံး ဝက်သားမစားရအမိန့်ထုတ်လိုက်တော့မှ အားလုံးအဆင်ပြေသွားသည်။

တစ်ခါက မြဝတီရုပ်သံနှစ်ပတ် လည်နေ့ကျင်းပတော့ ကျွန်ုပ်တို့စာရေး ဆရာတွေလည်း တက်ရောက်ကြသည်။ ထုံးစံအတိုင်း အရက်၊ ဘီယာ၊ စားစရာ အလျှံပယ်ဖြင့် ဗိုလ်ကြီးတွေက တာဝန် ကျကြသည်။ စာရေးဆရာတွေမို့ ခင် လည်းခင်ကြသည်။ ဘယ်လောက်မူးမူး ခွင့်လွှတ်သည်းခံသည်။ ပြန်လျှင် ထပ် သောက်ဖို့ ရေနံမြေမောင်မောင်ကြည် အား အရက်သုံးပုလင်း လွယ်အိတ်ထဲမှာ ထည့်ပေးလိုက်သေးသည်။ ကျွန်ုပ်က ထိုနေ့က မသောက်ဖြစ်ပါ။ အရက်ရှောင် ထားသည်မှာ ကြာပြီဖြစ်၍ အစားကို သာစားပြီး ကိုယ့်အပေါင်းအသင်းတွေ ကိုဂရုစိုက်နေရသည်။

ပွဲပြီးတော့ ဆရာကြည်တို့၊ ဆရာ စိုးလွင်ဦးတို့ မူးနေကြလေပြီ။ အရမ်းမူး နေသော ဆရာကြည်သည် ဘယ်သော အခါမှ စကားမများပါ။ အလွန်ချစ်စရာ ကောင်း၍ စာရေးဆရာများက သူ့ကို ချစ်ကြ၏။ သယ်န်းကျွန်းမြို့နယ် စာရေး ဆရာအသင်းဥက္ကဋ္ဌလည်း ဖြစ်သည်။ မြဝတီမဂ္ဂဇင်းမှာလည်း အယ်ဒီတာလုပ် ခဲ့ဖူးပြီး ပင်စင်ယူခဲ့သူဖြစ်သည်။ ထိုညက တော့ သူမူးနေပါပြီ။

"ဘာပသီမောင်နှမလဲ ငါမသိဘူး။ အရက်ကိုကြိုက်လို့သောက်တာ ဘာဖြစ် လဲ။ ဟား. . . ဟား"

"ဆရာကြည်၊ အရမ်းမူးနေရင် ကျွန်တော့်ကိုတွဲထားပါလား"

"ဟား. . . ဟား. . . ရပါတယ် ဆရာဦးသန့်ဇင်။ မောင်မောင်ကြည်တို့ က ဒါလောက်နဲ့ ဘာမှမဖြစ်ပါဘူး"

မူးပြီးပြောနေစဉ်မှာပင် သူလွယ် ထားသော လွယ်အိတ်အား တစ်စုံ တစ်ယောက်က ဘေးမှတုတ်နှင့်ရိုက်လိုက် သလိုဖြစ်သွားသည်ကို ကျွန်ုပ်တွေ့လိုက် ရသည်။ ကျွန်ုပ်က သောက်မှ မသောက် ထားတာ သတိရှိနေသည်။

"ခွပ်. . . ခွပ်. . . ဂွမ်း"

"ဟာ - ကွဲကုန်ပြီ၊ လုပ်ကြပါဦး အရက်ပုလင်းတွေ"

ဆရာကြည်၏ လွယ်အိတ်ထဲမှာ စာအုပ်များနှင့် တိုက်ပုံအကျီကြားမှာ ညှပ်ထားသော အရက်ပုလင်းသုံးလုံး သည် ဘယ်သူ့ပယောဂမှန်းမသိ တစ်စစီ ကွဲကြေသွားလေပြီတည်း။ ဆရာကြည် အမူးပြေသွားပါတော့သည်။ သူသည် မြဝတီရုပ်သံဝင်းကားလမ်းမှာ ငုတ်တုတ် ထိုင်ချလိုက်ပြီး -

"အမလေး - အစ်မတော်တို့ပသီ မောင်နှမရဲ့၊ ညီတော်လေး ပြောမှားဆို မှားရှိသွားတာ ခွင့်လွှတ်ပါဗျာ တောင်း ပန်ပါတယ်။ နောက်မပြောတော့ပါဘူး။ အမိုက်အမဲလေးတွေမို့ ခွင့်လွှတ်ပါဗျာ"

ဆရာကြည်ဆောင့်ကြောင့်ထိုင်ပြီး တောင်းပန်နေသည်ကို ကျွန်ုပ်အသာဆွဲ ထူပြီး -

"တိုက်ဆိုင်တာနေမှာပါဗျာ။ ထပါ ဆရာကြည်ရယ်။ လွယ်အိတ်ထဲမှာ ဆိုတော့ ပုလင်းချင်းထိမိပြီးကွဲတာနေ မှာပေါ့"

"မဟုတ်ဘူး ဆရာသန့်။ ပုလင်း တွေကတစ်စစီကွဲကုန်တာ ကျွန်တော် သိတယ်။ မြဝတီဝင်းက ပသီမောင်နှမ ကှ မလွယ်ဘူး"

ဤသို့ဖြင့် လွယ်အိတ်ထဲမှ ပုလင်း ကွဲတွေကို လမ်းဘေးမြက်တောထဲမှာ သွားပစ်တော့ တကယ့်ကို တစ်စစီဖြစ် နေသည်ကို တွေ့လိုက်ရပါသည်။

ဆရာကြည်သည် ထိုအချိန်မှစ၍ မြဝတီနှစ်ပတ်လည်ပွဲလုပ်တိုင်း ပသီ မောင်နှမအား ပမာမခန့်မပြောရဲတော့ ပါ။ အတော်လည်း နတ်ကြီးသည့် ပသီ မောင်နှမလမိုင်းပါပေတည်း။

လမိုင်း ဆိုတာ ဝေမာနိကနတ် တစ်မျိုးဖြစ်ပြီး တန်ခိုးသတ္တိအနည်းငယ် ရှိသည်။ လူတွေကို ဒုက္ခပေးတတ်သလို သူတို့အား ရိုသေသမှုပြုပြီး ပသလျှင် လူတွေကိုပြန်ပြီးတော့အကျိုးပြုပါသည် ဟု သက်ကြီးဝါကြီးသိက္ခာကြီးဆရာတော် ကြီးတစ်ပါးမိန့်ကြားခဲ့ဖူးသည်ကို ကျွန်ုပ် ပြန်လည် အမှတ်ရမိပါတော့သည်။

သန့်ဇင်

www.burmeseclassic.com



မြန်မာ့ရိုးရာနတ်ယုံကြည်မှုဝေဆာ

# မောင်သန်းဆွေ (ထားဝယ်)

၈၆

## မွန်တို့၏မိရိုးဖလာနတ်ယုံကြည်မှု

မြန်မာတို့က အောက်တလိုင်း (မွန်) နတ်များအဖြစ် နံ့ကာရိုင်းမယ်တော်နှင့် အောင်နိုင်နတ်၊ ရေနံပိုင် ဦးရှင်ကြီး၊ မနှင်းဘိုးတော်နှင့် အမိလေးသခင်မ၊ တလိုင်းကျော်၊ ရွှေဖရုံမယ်တော်၊ အာသကုမ္မာမင်းသား စသည်တို့ကို စာရင်းသွင်းထားသည်။ တလိုင်းကျော်၏ နန်းရင်းသည် တွံ့တေးအပိုင် 'လာကပုံ' ကျေးရွာ၌ရှိ၍ အောက်ပြည်အောက်ရွာဟု ဆိုရမည်ဖြစ်သော်လည်း နတ်သမိုင်းအရ တလိုင်းကျော်နတ်ဟုဆိုသူသည် မြန်မာမင်းသား မင်းရဲကျော်စွာ ဖြစ်နေသည်။

အပြင် (၃၇) မင်းအဝင်ဖြစ်သော အမေ သုံးပန်လှနတ်နှင့် သခင်မ မမနဲ့ နတ်တို့တွင် သုံးပန်လှ၏ခင်ပွန်းမှာ သမိန်ထောရာမဖြစ်ကြောင်းဆိုသဖြင့် အစပထမတွင် မွန်တိုင်းရင်းသား အမျိုးသမီးများတင်မြှောက်ပသခဲ့သည့် နတ်တစ်ပါးဖြစ်ခဲ့ဖူးသည်ဟုဆိုသည်။ သုံးပန်လှအတွက် နတ်ချော့ရာတွင် မွန်သံဖြင့် လက်ကို မွန်ကကြိုးအတိုင်းကရပြီး တုတ်(၂)ချောင်းကိုကိုင်ကာ ကစား၍ တုတ်တုတ်ချင်းရိုက်ရသည်။ ဤသို့ကခြင်းကို တလိုင်းတုတ်ရိုက်သည်ဟု ခေါ်သည်။ သုံးပန်လှချော့သည့်အခါ ဆိုင်းက တလိုင်းသံတီးပေးရသည်။ ယခုအခါ လက်ညှိုးနှစ်ချောင်းနှင့်သာ တုတ်ရိုက်ခြင်းကို စတိရိုက်၍ ချော့တော့သည်။

ဝန်ကြီးပဒေသရာဇာ၏ သုံးပန်လှနတ်သံမှ ထူးခြားချက်တစ်ရပ်မှာ မွန်ဝေါဟာရများကို အများအပြား သုံးစွဲထားမှုဖြစ်သည်။ 'ယက်ပန္နန်' 'ဒ္ဒမ်စွား' 'မတာထဘီ' စသည့်ဝေါဟာရများမှာ မွန်ဝေါဟာရဖြစ်သည်။

စာရေးသူသည် ၂၀၀၆ ခုနှစ် အမျိုးသားညီလာခံ ကျင်းပနေစဉ် တိုင်းရင်းသားကိုယ်စားလှယ်ဖြစ်သဖြင့် တိုင်းရင်းသားကိုယ်စားလှယ်အချင်းချင်း မော်လမြိုင်မှ ဦးသိုက် (နိုင်သိုက်) အသက် (၇၄) နှစ်၊ ကုန်သွယ်ရေး (အငြိမ်းစား)၊ ဇာတိ၊ မုဒုံ (ထုံမန်ရွာ) အား မွန်တို့၏ရိုးရာဓလေ့နတ်အကြောင်းကို ၁၅-၁၁-၂၀၀၆ နေ့က မေးမြန်းခဲ့ပါသည်။ ဦးသိုက် (နိုင်သိုက်) ၏ပြောပြချက်အရ သူတို့မွန်ထုံးစံအရ မည်သည့်ရိုးရာနတ်မဆို အိမ်မ၏ အရှေ့တောင်ထောင့်တွင်သာထားရသည်ဆို၏။ မွန် (၃) မျိုးရှိပါသည်။ ပုသိမ်မွန်၊ ပဲခူးမွန်၊ မုတ္တမမွန်ဟူ၍ဖြစ်၏။ မွန်တောင်း၊ မွန်ဒ၊ မွန်ည ဟူ၍လည်း ခေါ်သည်။ မွန်တို့က အိမ်တွင် နတ်အုန်းသီးမဆွဲဘဲ အုန်းသီးတစ်လုံးအား မြင့်မြတ်သည့်နေရာတွင် တင်ထားလိုက်သည်။ နံ့ကာရိုင်းမယ်တော်၊ ငါးရံ့ဖားထိုးအကကိုလည်း က[illegible] သည်။ ကသည့် အဝတ်အစားသ[illegible] နတ်တင်ပြီးမှသာ ဝတ်၍က[illegible] ယောကျ်ားအဝတ်၊ မိန်းမအ[illegible]ဟူ၍ ခွဲခြားထားသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) က နိုင်ငံခြားသားများရေးသည်

www.burmeseclassic.com



မှာ မွန်တို့တွင် ယုံကြည်မှု (၂) မျိုးသာ ရှိကြောင်း -

၁။ ဗုဒ္ဓဘာသာနှင့်

၂။ နတ်ကိုးကွယ်မှုတို့ဖြစ်သည်။

အဝတ်အစားနတ် ဟူ၍လည်းရှိသည်။ ထိုနတ်ဝတ်နတ်စားကို အခြားလူမကိုင်ရ။ ဆက်ခံသူသာကိုင်ရသည်ဟုဆိုသည်။ အမျိုးသားဆိုင်ရာအဝတ်အစားနတ်ကို ကပြီးမှ အမျိုးသမီးဆိုင်ရာက လိုက်ကရသည်။ ဆွေမျိုးကုန်ကရန်မရှိလျှင် နတ်ကတော်ငှားကရသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်။ လူဖျားနာ၍ နတ်ကရသည်ဟု မရှိပေ။ နတ်ရာသီဟူ၍လည်း မရှိပေ။ အခွင့်သာ၍ အချိန်မရွေးနတ်ကရသည်။

မွန်ရိုးရာအဝတ်အစားမှာ လုံချည် အနီကွက်မှအကွက်သည် မူလက အမည်းဖြစ်၍ ယခုအဖြူဖြစ်နေသည်။

ရှေးက ကရင်များတောင်ပေါ်မှာ နေ၍ မြစ်ဝကျွန်းပေါ်တွင် မွန်များနေသည်။ အလောင်းမင်းတရားကြီးလာ၍ တိုက်သဖြင့် မွန်တို့ ယိုးဒယားသို့ပြေးရသည်။ သို့ကြောင့် မြစ်ဝကျွန်းပေါ်သို့ ကရင်များ တောင်ပေါ်မှ ရောက်လာခြင်းဖြစ်သည်။

မွန်ကလျှင် -

၁။ (နွေးနွေးကွေးကွေး)နှင့် လိပ်အက

၂။ ကြက်တည်င်အက

မွန်ကဘယ်ခြေ၊ ဘယ်လက်၊ ညာခြေ၊ ညာလက်ဖြင့်ကသည်။

ချောင်းဆုံတွင် မိန်းမများလင်ယူလျှင် နတ်ကရပြီး၊ ယောကျ်ားနတ်ဘက်သို့ ဝင်တော့မည်ဟု ခွင့်တောင်းရသည်။

ဖားအောက်တွင်လည်း အထက်ပါအတိုင်းပင် ဖြစ်သည်။ ထို့အပြင် ရွာစောင့်နတ်ကိုလည်း ခွင့်တောင်းရသည်ဆို၏။

အထက်ပါ အကြောင်းအရာများသည် ဦးသိုက် (နိုင်သိုက်) ပြောပြသွားသော မွန်တို့၏ မိရိုးဖလာနတ်ယုံကြည်မှုများဖြစ်သည်။


အချို့ မွန်များပြောနေကြသည်မှာ မွန်တို့တွင် မိရိုးဖလာနတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လယ်ယာစောင့်နတ် စသည်ဖြင့် အမျိုးမျိုးရှိသည်ဆိုပါသည်။ မိသားစုများ ကိုးကွယ်မှုအမွေကို သားအကြီးဆုံးကသာ ဆက်ခံရသည်။ သမီးမိန်းကလေးများ ဆက်ခံနိုင်ခွင့်မရှိပါ။ သားအကြီးဆုံးမရှိတော့လျှင် ထိုသားအကြီးဆုံး၏ သားအကြီးဆုံးက ဆက်ခံရသည်။ မိသားစုနတ်ချင်းတူညီကြသူများလက်မထပ်ရ။ တင်းတင်းကျပ်ကျပ်တားမြစ်ထားသည်။

အိမ်စောင့်နတ်ကို မွန်လို'ကလုတ်ဓနိ' ဟု ခေါ်သည်။ ယင်းနတ်ကို မွန်တို့ အိမ်ဆောက်စဉ်ကပင် ကိုးကွယ်ထားကြသည်။

ရွာစောင့်နတ်ကိုပင် 'ဘဲဂျူ' ဟု ခေါ်သည်။ ရွာထဲ၌ နတ်ကွန်းဆောက်၍ ကိုးကွယ်သည်။ ရွာတွင် ကပ်ရောဂါ တစ်ခုကျရောက်လျှင် ရွာစောင့်နတ်



နောင်တော် ရွှေထေးရှင်



ညီတော် ရွှေကညင်

မကြိုက်၍ဟုယူဆသည်။ အမျိုးသမီးငယ်တစ်ဦး လက်မထပ်ရသေးဘဲ ကိုယ်ဝန်ရှိလျှင် ရွာစောင့်နတ်မကြိုက်ဟု ဆိုသည်။ အပြစ်ကိုဝန်ခံ၍ ပူဇော်ပ,သရသည်။

မွန်ရိုးရာအုန်းသီးနတ်နှင့် ဝတ်စုံနတ်တို့အကြောင်းကို ဦးသိုက် (နိုင်သိုက်) ပြောပြချက်တွင် ပါပြီးပါပြီ။ကျည်တောက်နတ်ဟူ၍ရှိသေးသည်။ဝါးကျည်တောက်ထဲ၌ နတ်ပန်းညိုကိုထည့်၍တင်ရသည်။ ဝါးကျည်တောက် (၅) ခုဖြစ်စေ၊ (၇) ခုဖြစ်စေ၊ (၉) ခုဖြစ်စေ တိုင်တွင်ချိတ်ဆွဲထားရသည်။ အိမ်သားတစ်ဦးဦး ဖျားနာလျှင် ဝါးကျည်တောက်အသစ်လဲရသည်။ ဝါးကျည်တောက်ထဲတွင် ကင်ပွန်းရည်၊ အမွှေးနံ့သာရည်များ လောင်းထည့်ရသည်။ ကျည်တောက်နတ်ကို ပ,သသောအခါ အနားဆုံးအုန်းသီး (၅၀)၊ ငှက်ပျောအဖီး (၁၀၀)၊ မုန့်ဆီကြော်၊ ကောက်ညှင်း၊ ထမင်းဖြူ၊ အရက်၊ ကြက်ဖို၊ ကြက်မ၊ ကြက်ပြုတ်၊ ကြက်ဖအရှင် (၂)ကောင်၊ ငါးရံ့နဖားထိုး (၂) ကောင်၊ သခွားသီး၊ သဘော်သီးများ ပါဝင်ရ၏။

မိဘရှိနေစဉ်ပင် ကျည်တောက်နတ်ကို အစ်ကိုအကြီးဆုံး သို့မဟုတ် အထွေးဆုံးသားက နတ်ခွဲယူနိုင်သည်။

## ၁ ရွှေလေးရင်နှင့်ရွှေကညင်

အချို့ မွန်တိုင်းရင်းသားများနှင့် မွန်အဆက်အနွယ်များ အိမ်ဦးခန်းတွင် ရွှေလေးနှစ်လက်နှင့် မြားကျည်တောက်နှစ်ခုတွင် မြား (၅) စင်းစီထက်မနည်းထည့်၍ ချိတ်ဆွဲဆက်သထားပြီး အချိန်အခါနှင့်လိုက်၍ ဝတ်လဲတော်များကိုလည်း အသစ်လဲ၍ မပြတ်မလပ်ဆက်သကြသည်။ နှစ်စဉ်အမြဲ တင်မြှောက်ပ... ချိန်တွင်သေရေသေရက်နှင့် သက်သ... လွတ်ကင်းသောပွဲများနှင့် တင်ဆ... ပ,သကြပြီး အထူးကိစ္စရှိသောအခ... ပွဲကနားဆက်၍ကကြသည်။မွန်တိုင်း... သားရိုးရာနတ်ဟုလည်း ပြောကြသည်... မွန်တိုင်းရင်းသားများ အိမ်တွင်းန... 'ရွှေလေးရင်နှင့်ရွှေကညင်နတ်' ညီနောင်... နှစ်ပါးဟုလည်းပြောကြသည်။ ဖြစ်... သမိုင်းကိုစုံစမ်း၍မရ။ ဆရာမင်းမော... မောင်နိုင် (ရာမည)၏ 'မွန်တိုင်းရင်းသား... ရိုးရာနတ်များ' ဆောင်းပါးတွင် ဖော်... ထားသည်မှာ ပို၍အသေးစိတ်ကျသည်...

မွန်တိုင်းရင်းသားတို့၌ တစ်နှ... လျှင်တစ်ကြိမ် မိသားစုဆွေမျိုးများ... ပေါင်းစုကာ နတ်ကနားပေးပြီးကိုယ်တို... လည်း ဝင်ကလေ့ရှိသည်ဆို၏။

အချို့မှာ ရိုးရာအစဉ်အလာ... ပယ်ရှားလာကြ၏။ အချို့ကလည်း မိ... ဖလာမို့ ဆက်လက်လုပ်ဆောင်နေ... ဆဲဖြစ်၏။ အများအားဖြင့် ယောကျ်... များထက် အမျိုးသမီးများက ပို၍ယုံကြ... လက်ခံကာ အစွဲအလမ်းလည်းကြီး... သည်။

မည်သို့ဆိုစေ မွန်တိုင်းရင်းသား... တို့အနေဖြင့် နတ်ကသောအခါ ဆွေမျိုး... မိတ်သင်္ဂဟများ၊ ရိုးရာနတ်အဆ... အနွယ်ရှိသောဖူများ စုဝေးရောက်... လာကြသဖြင့် တွေ့ဆုံနိုင်ခွင့်ရခြင်းသည်... ပင်လျှင် အကျိုးတစ်ရပ်ဟုဆိုရမည်။

မွန်တိုင်းရင်းသားတို့ နေထိုင်ရာ... ဒေသကွဲပြားမှုကြောင့် ရိုးရာနတ်ကိုးကွယ်... မှုများမှာလည်း အနည်းငယ်ကွဲပြား... ကိုတွေ့ရသည်။ မည်သို့ဆိုစေ ... မှာ တူညီကြ၏။

www.burmeseclassic.com

ဃ အနည်းငယ်ကွဲပြားမှုများ

၁။ အုန်းသီးနတ်ကိုးကွယ်သော မွန်ဒိုင်တစ်မျိုး

၂။ နတ်အဝတ်အစားကို ကိုးကွယ်သော မွန်ဒတစ်မျိုး

၃။ ဝါးကျည်တောက်နတ် ကိုးကွယ်သော မွန်ညတစ်မျိုးဟူ၍ (၃) မျိုး တွေ့ရပါသည်။

ထို့အပြင် ဦးရှင်ကြီးနတ်အား ကိုးကွယ်သူလည်းရှိ၏။ ပုသိမ်ဘက်ရှိ မွန်အဆက်အနွယ်များက ဦးရှင်ကြီးနတ်ကို ကိုးကွယ်သူများသည်။

မွန်တို့သည် ထိုင်းနိုင်ငံမှာ အနေကြာသောအခါ မွန်တို့၏ ရိုးရာနတ်ကို (ထိုင်း) နတ်ဟုလည်း ခေါ်ဆိုသေးသည်။ ဦးရှင်ကြီးနတ်ကိုးကွယ်မှုမှာ မြန်မာနိုင်ငံတွင်သာမက ထိုင်းနိုင်ငံ၌လည်းကိုးကွယ်ကြသည်ဟုဆို၏။

ဤတွင် မွန်ရိုးရာနတ်ဆင်းသက်မှု၌ မွန်တိုင်းသုံးရပ်ဟုဆိုလိုရင်းဖြစ်သည်။ ပုသိမ် (၃၂) မြို့မှ မွန်ဒများသည် မိမိတို့၏ ရိုးရာနတ်အဝတ်အစား ကိုးကွယ်၏။ ယခုတိုင် ယင်းအဆက်အနွယ်များသည် မွန်စကားမတတ်တော့သော်လည်း ဤအယူအဆရှိနေသေးကြောင်း တွေ့ရ၏။

မွန်ဒိုင်တို့၏ (၃၂) မြို့တွင်မူ အုန်းသီးနတ်ကိုးကွယ်၏။

မုတ္တမ (၃၂) မြို့၌ မွန်ညအနွယ်တို့ကမူ ဝါးကျည်တောက်နတ် ကိုးကွယ်သည်။

မွန်တိုင်း ပဲခူး (၃၂) မြို့၌လည်း မွန်ညအနွယ်တို့က ဝါးကျည်တောက်နတ်အား ကိုးကွယ်ကြသည်။ မွန်တိုင်း (၃) ရပ်အနက် ပဲခူး (၃၂) မြို့၌ ရိုးရာနတ်တစ်မျိုးလည်းရှိသေးသည်။ ၎င်းမှာ ပဲခူးနတ်ဟုလည်း ခေါ်သည်။ ကွမ်းအပ်သားမင်းနတ် ဟူ၍ လည်းကောင်း၊ ငါးရံ့နဖားထိုးနတ်ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ဆိုကြသည်။

ဤသို့ အနည်းငယ်စီ ကွဲပြားမှုရှိ၏။ ပဲခူးနတ်ကိုးကွယ်ကြသော မွန်တိုင်းရင်းသားများမှာ အုန်းသီးအရင့်အမာတစ်လုံး၊ ကြွက်မြီးအပြည့်အစုံပါရမည်။ အဝတ်အဖြူအနီဖြင့် နဖူးစည်းပြီး ဆိုင်းတွင်ဆွဲကာ နတ်တိုင်၌ ချည်နှောင်ထားရသည်။ အကယ်၍ အုန်းသီးအရည်ခြောက်လျှင်သော် လည်းကောင်း၊အညှာပေါက်လျှင်သော် လည်းကောင်း၊ ကြွက်မြီးပြတ်လျှင်သော် လည်းကောင်း အုန်းသီးအသစ်ပြန်လဲရသည်။

ရိုးရာနတ်အဝတ်အစား ကိုးကွယ်ကြသော ပုသိမ်အဆက်အနွယ်များမှာ ရိုးရာနတ်အဝတ်အစားကို ကောင်းမွန်စွာသိမ်းဆည်းရသည်။ အဝတ်အနီအဖြူ (၃) တောင်ခန့်ကို သေချာစွာသိမ်းဆည်းရသည်။ အကယ်၍ ပိုးထိုးကြွက်ကိုက်လျှင်သော်လည်းကောင်း၊ စုတ်ပြဲလျှင်သော်လည်းကောင်း၊ စွန်းထင်းသွားလျှင်သော်လည်းကောင်း၊ အဝတ်သစ် ပြန်လဲလှယ်ပေးရသည်။

ဝါးကျည်တောက်နတ်ကို လက်ခံထားသော မုတ္တမ (၃၂) မြို့ဘက်မှ အဆက်အနွယ်များသည် ဝါးကျည်တောက်များကို အိမ်၏ အရှေ့တောင်အရပ်တွင် သီးသန့်နတ်ကွန်း (ဝါ) နတ်အိမ်ကိုဆောက်ထားရသည်။

ဤဓလေ့ကို ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာတွင် ယခုတိုင်မြင်တွေ့နိုင်၏။ ရေးနယ်ဘက်တွင် ဝါးကျည်တောက်ငယ်ငါးတောက်အရှည်တစ်ထွာစီခန့်ကို ပူးတွဲ၍ ကြိုးအဖြူနှင့်ချည်ရသည်။ ထိုအထဲတွင် နတ်ပန်းညိုကိုင်းသုံး၊ လေးထိုးထားသည်။ ၎င်းဝါးကျည်တောက်ကို ခြင်းငယ်တစ်ခုတွင်ထည့်ပြီး နတ်တိုင်၌ ချည်နှောင်ထားရသည်။

ဝါစ်ချိက မိုးဦးကျတစ်ကြိမ်၊ နွေပေါက်သောအခါတစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ်လဲပေးတတ်ကြ၏။

ရိုးရာနတ်ခွဲထုတ်ခြင်းနှင့်ပတ်သက်၍ သားယောကျ်ားများသာ ဆက်ခံလုပ်ကိုင်နိုင်သည်။ မိမိ၏ ရိုးရာအမွေကို လက်ခံခြင်းဖြစ်၍ ရိုးရာနတ်အရင်းအမြစ်ဟုလည်း ခေါ်၏။ အကယ်၍ သမီးသည် အိမ်ထောင်မကျသေးပါက အဖ၏ရိုးရာနတ်ကိုလိုက်ရသည်။ အိမ်ထောင်ကျပြီးပါက လင်ယောကျ်ား၏ ရိုးရာနတ်ဘက်လိုက်ရတော့၏။

အကယ်၍ အမျိုးသမီးသည် အိမ်ထောင်မပြုသေးခင် ဖခင်သေဆုံးပါက အစ်ကိုကြီး၏ ရိုးရာနတ်ကိုလိုက်ရသည်။ ထို့ကြောင့် ယင်းအမျိုးသမီးကို မွန်ဘာသာဖြင့် လူတာ (ခေါ်) ရိုးရာနတ်လက်ခံသူဟု ခေါ်ဆိုကြသည်။

အိမ်ထောင်ပြုသော သားအဖို့ ရိုးရာနတ်ခွဲထုတ်ခွင့်ရှိသည်။

ခွဲထုတ်ရန် နတ်ပူဇော်ပ,သသော အခါ ရိုးရာနတ်နှင့်ပတ်သက်သောပစ္စည်းအားလုံးကိုယူလာရသည်။ ပန်းကန်တစ်ခုစီတွင် ငှက်ပျောသီး (၉) လုံး၊ အုန်းသီးတစ်လုံးဖြင့် ပန်းကန်ပြင်ရသည်။ အိမ်ဦးနတ်အတွက် ငှက်ပျောသီးတစ်ဖီး၊ အုန်းသီးတစ်လုံးကို ဇလုံတစ်လုံး၌ ထည့်ပြင်ထားရမည်။

ထို့အပြင် ကွမ်းအစ်ဖုံး သို့မဟုတ် နီးဖြင့်ရက်ထားသော တောင်းငယ်သုံးလုံး ထဲမှ ပထမတစ်လုံးတွင် ငှက်ပျောသီး (၉) လုံး၊ ဒုတိယတောင်းတွင် ငှက်ပျောသီး (၇) လုံး၊ တတိယတောင်းတွင် ငှက်ပျောသီး (၅)လုံး ပြင်ထားရသည်။

ထို့နောက် ကွမ်းအစ်ဖုံး (ဝါ) နီးခွက်ငယ် (၃) လုံးထပ်ယူကာ ပထမခွက်၌ ကွမ်းသီး (၉) လုံး၊ ကွမ်းရွက် (၉)ရွက်၊ ဒုတိယခွက်ထဲ၌ ကွမ်းသီး (၇)လုံး၊ ကွမ်း (၇) ရွက်၊ တတိယခွက်ထဲတွင် ကွမ်းသီး (၅) လုံး၊ ကွမ်း (၅) ရွက် ထည့်ရ၏။ ဤသို့ ကျွေးမွေးပြီးနောက် ရိုးရာနတ်ပစ္စည်းကိုခွဲထုတ်ကာ မိမိအိမ်သို့ သယ်သွားနိုင်သည်။ ထိုသို့သယ်ဆောင်သွားရာ၌ မည်သည့်နေရာမျှမဝင်ရ။ မချရပါ။ မိမိအိမ်ရောက်မှချရပါသည်။

အခြားနည်းတစ်နည်း ရိုးရာနတ်ခွဲထုတ်ပုံမှာ ရိုးရာကနားကနေစဉ်လည်း ရိုးရာနတ်အား ခွဲထုတ်နိုင်သည်။ အကယ်၍ နတ်ကနားပွဲ၌ အိမ်ထောင်ကျသောသားကြီးက ရိုးရာနတ်ကို ခွဲထုတ်လိုလျှင် ရိုးရာနတ်ပစ္စည်းများကို လင်ပန်းကြီးထဲ၌ ထည့်ပြီးသားအားလုံးကို ကနားအတွင်းသို့ ခေါ်သွင်းစုဝေးကြသည်။

ထိုအချိန်တွင် နတ်ကတော်သည် ရိုးရာနတ်ပစ္စည်း ထည့်ထားသော လင်ပန်းမှာတင်ပြီး ဦးစွာ ဖခင်၏နဖူးကို ဦးတိုက်ရသည်။ နောက် သားများကြီးစဉ်ငယ်လိုက်ဦးတိုက်ရသည်။ နောက်ဆုံး ရိုးရာနတ်ခွဲလိုသော သားကြီး၏ နဖူးကို ဦးတိုက်ရပြန်သည်။ ဤနည်းဖြင့် ရိုးရာနတ်ကိုလည်း ခွဲထုတ်နိုင်သည်။

နတ်ကနားဆောက်လုပ်ပုံနှင့်စီစဉ်ပုံ၊ ကပုံမှာ အနည်းငယ်ကွဲပြားမှုရှိသည်။

အလယ်တိုင်အတွက် (၁၀)တောင်ရှိသော တိုင် (၆) တိုင်ကို (၃) တိုင်တစ်တန်းတူးရသည်။ ဘေးတိုင်၏ အရှည်မှာ (၈)တောင်ရှိပြီး တစ်ခါတူးလျှင် (၃) တိုင်ရှိ၍ အားလုံးပေါင်း (၆) တိုင်ဖြစ်သည်။

အမိုးမှာ ဖက် (၃) ပျစ်မိုးရသည်။ မျက်နှာကိုအနောက်ဘက်အရပ်သို့လှည့်ရသည်။ ကနား၏အရှေ့ဘက်အရပ်၌ စင်တစ်ခုထိုးရသည်။ ရိုးရာနတ်ပစ္စည်းများကို ထိုစင်၌တင်ရ၏။ အမြင့်မှာ သင့်တော်သောအနေအထားဖြစ်ရမည်။

စင်သည် အလျား (၄) တောင်၊ အနံ (၂) တောင်ရှိရမည်။ ထိုစင်ပေါ်၌ ဇောက်နက်ပန်းကန် (၅) လုံး၊ ထမင်းပန်းကန်(၁၀)လုံး၊ ဟင်းပန်းကန် (၅)လုံး

www.burmeseclassic.com

တင်ထားရမည်။ ဇောက်နက်ဇလုံ၌ အုန်းသီးတစ်လုံးစီ တင်ထားရမည်။ အုန်းသီးအခွံကိုခွာထားရသည်။ ငှက်ပျောသီးတစ်ဖီးစီကိုထည့်ရသည်။

ထမင်းပန်းကန် (၁၀) လုံး၌ အုန်းသီးတစ်ခြမ်းစီထည့်ရသည်။ ငှက်ပျောသီးအမှည့် (၆) လုံးစီ ထည့်ရသည်။ ဟင်းပန်းကန် (၁၅) လုံးတွင် ငှက်ပျောသီးမှည့်တစ်လုံးစီထည့်ရ၏။

မုန့်ဆီကြော်၊ မုန့်ဗိုင်းထောင့်၊ မုန့်ပိန္နဲစေ့၊ မုန့်ဖက်ထုပ်၊ အုန်းသီးရောထားသော ကောက်ညှင်းပေါင်းကိုထည့်ရမည်။ သင့်တော်သလိုထည့်ကာ စင်ပေါ်၌တင်ထားရမည်။

တူရိယာပစ္စည်းအဖြစ် ပတ်မကြီးတစ်လုံး၊ ခွက်၊ ဗုံ၊ နှဲ၊ လင်းကွင်း၊ စည်းဝါး၊ လခြမ်းကြေးနောင်ဝိုင်းတို့ ဖြစ်သည်။ ငှက်ပျောပင်နှစ်ပင်ကို အနောက်ဘက်အရပ်တွင်လှည့်ထားသော ဘဝတိုင်၌ တစ်ပင်စီ ချည်ထားရမည်။

ရိုးရာနတ်ကို အိမ်ပေါ်မှသယ်သောအခါ မူရင်းရိုးရာနတ်ရှိသူက နတ်ပစ္စည်းအားလုံး လင်ပန်းတွင်ထည့်ပြီး ကနားသို့ ယူဆောင်လာရသည်။

'ကျွန်ုပ်တို့နှင့် သက်ဆိုင်သော အဆက်အနွယ်များ ကျွန်ုပ်၏ ကနားသို့ ကြွမြန်းပါ' ဟု ပင့်ဖိတ်ပြီး နတ်ကို သယ်ဆောင်ရသည်။ အကယ်၍ မူရင်းရိုးရာနတ်ရှိသူအိမ်မှ ဝေးကွာနေလျှင် ရိုးရာနတ်နှင့် သက်ဆိုင်သူများက ထိုအတိုင်း ပြောဆိုသယ်ဆောင်ရပြီး ကိစ္စပြီးမြောက်ပါက ထိုသူကပင် ပြန်ပို့ရသည်။

ထိုသို့သယ်ဆောင်လာပြီးနောက် ကနားစကနိုင်ရန် ကနား၏ ညာဘက်ကို (၃) ပတ် ပတ်ရသည်။

ဤသို့ပတ်ရာ၌ ရိုးရာနတ်ပစ္စည်းများကို လင်ပန်းတစ်ခုဖြင့် ရွက်ပြီး နတ်သဏ္ဍာန်ဝတ်ဆင်ကာ တစ်ဖက်ကို သိုင်းဝတ်ထားသော အမျိုးသမီးတစ်ဦး၊ အဝတ်အစားဆင်တူဝတ်ထားပြီး ဝါးကျည်တောက်ကိုင်ထားသောအမျိုးသမီး (၅) ယောက် သို့မဟုတ် (၇) ယောက် နဖူးတွင် အဝတ်နီစည်းပြီး ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ယောက်သည် အဝတ်ဆင်တူဝတ်ပြီး တစ်လက်စီကိုင်ကာ တစ်ဖက်တွင် အလံနီအဝတ်တစ်ခုကို ကိုင်ထားရသည်။

ထိုအခါ တီးဝိုင်းမှ တီးချက်သည် မြိုင်ဆိုင်စွာထွက်ပေါ်လာပြီး အလံကိုင်သူသည် ရှေ့ဆုံးမှသွားရ၏။ နောက်တွင် နဖူးစည်းထားသော အမျိုးသမီး၊ နတ်အဝတ်အစား မ,သယ်ထားသူ၊ ဝါးကျည်တောက်ကိုင်ထားသူတို့က လိုက်ရသည်။

မွန်တိုင်းရင်းသားတို့၏ ရိုးရာအတီးအမှုတ်ဖြင့် ကနားကို ပတ်၍ ကကြရသည်။ နတ်ကနားကို သုံးပတ်ပတ်ပြီးနောက် အနောက်ဘက်အဝင်မှ ဝင်ရသည်။ အလံနီ (၂) ခုကို အဝင်ဝ ငှက်ပျောပင် (၂) ပင်စီတွင် စိုက်ထားကြရသည်။ ကနား၏အနောက်တက်အရပ်တွင် သပြေပင်နှစ်ပင်စိုက်ထားသည်။ ဤတွင် စတီသဘောဖြင့် စိုက်ထားသည့် အပင်ရင်း၌ ရေအင်တုံတစ်လုံးချထားပြီး ရေဖြည့်ထားရသည်။ နတ်အဝတ်အစားများကို စင်ပေါ်တွင်တင်ထားပြီး နတ်ကနားကသောအခါ ထိုအဝတ်အစားကို ဝတ်ပြီးကကြရသည်။

တချို့မွန်ဒေသတွင် ရှေးဦးစွာ ရှာစောင့်နတ်ကိုကရသည်။ နောက်မှ သမီးပျိုမရှိပါက မိမိတို့၏ မွန်ရိုးရာအဆက်အနွယ်ထဲမှ သမီးပျိုတစ်ဦးကို က၍လည်းရသည်။ အချို့ဒေသ၌ ကနားကခြင်းကို အိမ်ပေါ်၌ကသည်လည်းရှိ၏။

ရိုးရာနတ်အဝတ်အစားနှင့် ကနားကသောအဝတ်အစားတို့ တူပင်တူသော်လည်း အသုံးပြုသည့်နေရာ၌မတူပါ။

ကနေစဉ် ယောကျ်ားနတ် ကရမည်ဆိုလျှင် ယောကျ်ားအဝတ်ကို ဝတ်နေသည်။ မိန်းမနတ်ကရမည်ဆိုလျှင် မိန်းမအဝတ်ကိုဝတ်သည်။ အဝတ်ကို အဆင်သင့်ဖြစ်ရန် စင်ပေါ်တင်ထားရပါသည်။

အကယ်၍ မားအခန်းသို့ရောက်



လျှင် ကနားကရာ၌ လူနှစ်ယော[က်]
မားနှစ်လက်ကိုင်၍ကရသည်။ နော[က်]
လိုက် သိုင်းအကရောက်သောအခါ
ငါးယောက် တုတ်ငါးချောင်းကိုင်[၍]
ကရသည်။ တုတ်ကို တစ်တောင်[နှ]
တစ်ထွာယူရသည်။ အရင်းနှင့်အဖျား
ညီစေရမည်။ ဤသို့ တုတ်ကိုင်အ[က]
အလွယ်တကူကနိုင်ရန် အလယ်တွင်
ကိုင်ရလွယ်အောင် စီမံထားရသည်။

ကသောနှစ်ဦးတွင် သပြေခက်
နှစ်စီးကိုင်၍ ကရသည်။ ထိုသူသည်
မား၊ တုတ်တို့ကို မကိုင်ရတော့ပါ။ တုတ်
အကကသူမှာ အများဆုံး (၅) ယောက်
မားအကကသူသည် အများဆုံး (၂)
ယောက်ရှိသည်။ ကနားစတင်ကရမည့်
အချိန်မှာ နံနက်ပိုင်း ထမင်းမစားမီ
စသည်။ စောစီးစွာပြီးသည် မပြီးသည်မှာ
နတ်ကတော်နှင့် ကာယကံရှင်အပေါ်၌
မူတည်သည်။

အချို့မှာ ကနားစင်မြင့်၌တင်ထား
သော ကန်တော့ပွဲအရေအတွက်အတိုင်း
ကရသည်။ နတ်ကနားကရာ၌ မွန်တိုင်း
ရင်းသားတို့၏ ရိုးရာနတ်တို့မှာ အမျိုးမျိုး
ရှိသည့်အလျောက် ကရသောကကွက်
မှာလည်း အမျိုးမျိုးရှိ၏။ အဆုံး၌ ဆင်
ဖမ်းခြင်းအကဖြင့်သာ အဆုံးသတ်ကြ
သည်ကများ၏။

ယောကျ်ားကြီးတစ်ယောက်သည်
ဆင်သဏ္ဍာန်လုပ်ရ၏။ အမျိုးသမီးကြီး
နှစ်ယောက်သည် ပဝါနီဖြင့်ကြိုးလုပ်ပြီး
ဆင်ဖမ်းရပါသည်။ အကယ်၍ ဆင်
ဖမ်းနိုင်ပါက ကနားပွဲလည်း ပြီးမြောက်
သည်။

ပွဲသိမ်းပုံမှာ -

'ကျွန်ုပ်တို့နှင့် သက်ဆိုင်သော
ဘိုး၊ ဘွား၊ ဘီ၊ ဘင် ဆွေစဉ်မျိုးဆက်
များ ကျွန်ုပ်တို့ ကတိပေးထားသည့်
အတိုင်း ယခုကိစ္စပြီးမြောက်အောင်မြင်
ပြုလုပ်ပြီးစီးပြီးဖြစ်ပါသည်' ဟု ဆို
ယူလာသော နတ်ပစ္စည်းတို့ကို မူလ
နေရာသို့ ပြန်ထားရပါသည်။ ဤရိုးရာ
ကနားပွဲသည် အများအားဖြင့် နတ်
ကတော်ပေါ်၌ များစွာတည်ပါသည်။

□ **ကန်တော့ပွဲပြင်သောအစီအစဉ်**

၁။ **ရှာစောင့်နတ်။** ။ ငှက်ပျော
နှစ်ဖီး၊ အုန်းသီးတစ်လုံး၊ မုန့်ဆီကြော်
ကောက်ညှင်းပေါင်းဆုပ်။

၂။ **ရစ်ပတ်ဝိုင်းအကနတ်။** ။
ငှက်ပျောနှစ်ဖီး၊ အုန်းသီးတစ်လုံး၊ မုန့်ဆီ
ကြော်၊ ကောက်ညှင်းပေါင်းဆုပ်။

www.burmeseclassic.com

www.burmeseclassic.com

၃။ **အိမ်ရှင်နတ်**။ ။ ငှက်ပျော နှစ်ဖီး၊ အုန်းသီးတစ်လုံး၊ မုန့်ဆီကြော်၊ ကောက်ညှင်းပေါင်းဆုပ်။

၄။ **မဟာဂီရိနတ်**။ ။ ငှက်ပျော နှစ်ဖီး၊ အုန်းသီးတစ်လုံး၊ မုန့်ဆီကြော်၊ ကောက်ညှင်းပေါင်းဆုပ်။

၅။ **ငှက်ပျောပင်သတ်နတ်**။ ။ ငှက်ပျောနှစ်ဖီး၊ အုန်းသီးတစ်လုံး၊ မုန့်ဆီကြော်၊ ကောက်ညှင်းပေါင်းဆုပ်။

၆။ **ရေရှုပ်နတ်**။ ။ ငှက်ပျောနှစ်ဖီး၊ အုန်းသီးတစ်လုံး၊ မုန့်ဆီကြော်၊ ကောက်ညှင်းပေါင်းဆုပ်။

၇။ **ဥစ္စာကန်တော့နတ်** ။ ။ ကွမ်းယာ၊ ကွမ်းယာတစ်ဗန်း။

၈။ **မိန်းမနတ်** ။ ။ ကွမ်းယာ၊ ကွမ်းယာတစ်ဗန်း။

၉။ **မြောက်အရပ်နတ်**။ ။ငှက်ပျော နှစ်ဖီး။

၁၀။ **ကြိုးဆွဲနတ်အကာ** ။ ။ ငှက်ပျောတစ်ဖီး။

၁၁။ **ကိုက်နတ်** ။ ။ ငှက်ပျောသီး တစ်လုံးကို ကြိုးတစ်ချောင်းဖြင့်ချည်ထားသော ငှက်ပျောသီးသုံးလုံး။

၁၂။ **ကိုယ်ရင်လေးယောက်နတ်**။ ။ ငှက်ပျောသီးတစ်လုံးကို ကြိုးတစ်ချောင်းဖြင့် ချည်ထားသောငှက်ပျောသီးသုံးလုံး။

၁၃။ **ကောက်ညှင်းထုပ်စားနတ်အကာ**။ ။ ငှက်ပျောသုံးဖီး။

၁၄။ **လက်ဆောင်ကမ်းနတ်**။ ။ ငှက်ပျောသီးသုံးဖီး၊ အုန်းသီးတစ်ခြမ်းတို့ကိုတင်ရသည့် ပန်းကန်တွင်ထည့်ပြီး တင်ရသည်။

၁၅။ **ထမင်းစားနတ်**။ ။ ထမင်း သက်သက်။

၁၆။ **မြို့စောင့်နတ်**။ ။ ငှက်ပျော တစ်ဖီး၊ အုန်းသီးတစ်ခြမ်း၊ မုန့်ဆီကြော် (၉) ခြမ်း။

၁၇။ **သရဲလိုက်နတ်** ။ ။ ငှက်ပျော တစ်ဖီး၊ အုန်းသီးတစ်ခြမ်း၊ မုန့်ဆီကြော် (၉) ခြမ်း။

၁၈။ **နှစ်ဆစားနတ်**။ ။ ကြက်ဥ သုံးလုံး။

၁၉။ **အိမ်စောင့်နတ်**။ ။ ခွှေထားသော ငှက်ပျောသီးတစ်ပန်းကန်၊ အုန်းသီးတစ်ခြမ်း၊ ကောက်ညှင်းပေါင်း။

၂၀။ **အရှေ့တိုင်နတ်**။ ။ ဆေးလိပ် သုံးလိပ်၊ ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီး တစ်ခြမ်း။

၂၁။ **ဇာသပြင်နတ်**။ ။ ငှက်ပျော သီးနှစ်လုံး၊ အုန်းသီးတစ်ခြမ်း၊ မုန့်ဖက်ထုပ် (၆) ခု။

၂၂။ **မင်းနှစ်ပါးနတ်**။ ။ ငှက်ပျော သီးနှစ်ဖီး၊ အုန်းသီးတစ်ခြမ်း။

၂၃။ **မင်းသုံးပါးနတ်**။ ။ ငှက်ပျော သီးနှစ်ဖီး၊ အုန်းသီးတစ်ခြမ်း။

၂၄။ **မင်းသမီးနတ်** ။ ။ လိပ် အကျက်တစ်ကောင်၊ ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီးတစ်ခြမ်း။

၂၅။ **နိုင်ထောနတ်** ။ ။ ကြက်ဥ သုံးလုံး၊ ငှက်ပျောသီးနှစ်ဖီး။

၂၆။ **ကဒူနတ်**။ ။ လိပ်အကျက် တစ်ကောင်။

၂၇။ **နိုင်ဗင်နတ်**။ ။ ငါးကင်၊ လွှေးထားသည့် ငါးကင်တစ်ကောင် ကနားတွင်ချိတ်ထားရမည်။

၂၈။ **မြောက်အရပ်နတ်**။ ။ ငှက် ပျောသီးနှစ်ဖီးကို ထမ်းပိုးတွင်ထမ်းရမည်။

၂၉။ **ငှက်နတ်**။ ။ ငှက်ပျောသီး နှစ်ဖီး၊ အုန်းသီးတစ်လုံး။

၃၀။ **ထုံးနတ်**။ ။ ငှက်ပျောသီး နှစ်ဖီး၊ အုန်းသီးတစ်လုံး။

၃၁။ **ကလော်ဇက်ကိုင်နတ်** ။ ။ ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီးတစ်လုံး။

ကသည့်အစီအစဉ်မှာ အမှတ်စဉ် (၁) မှ အမှတ်စဉ် (၃၁) အထိသည် မိမိတို့နှစ်သက်သလို အစီအစဉ်ဖြင့် ကြိုက်သလို ကနိုင်သည်။ အစီအစဉ်ပြီးသော အခါ ရိုးရာနတ်ကျွေး၍ ပူဇော်ပ,သကြသည်။

**□နတ်ကသောအစီအစဉ်**

ကသောအစီအစဉ်များမှာ -

၁။ နတ်ကတော်က နတ်များကို ပင့်ဖိတ်ကခြင်း။
   က။ စစ်ဆေးခြင်း။
   ခ။ ရေလောင်းခြင်း။
၂။ ရိုးရာနတ်သယ်ချခြင်း။
၃။ ဦးစွာ ဒုတိယမင်းသမီးအဖြစ် အမျိုးသမီးအငယ်ကရခြင်း။
၄။ ရိုးရာနတ်ကိုလှောင်ဖမ်းခြင်း၊
၅။ နတ်ကတော်ဖြစ်က ကစားရန် ကခြင်း။
၆။ ငှက်ပျောပင်ဖြတ်၍ကခြင်း။
၇။ သားစဉ်မြေးဆက်အား ရေလောင်း၍ကခြင်း။
   က။ သားစဉ်မြေးဆက်များကို ရေလောင်းခြင်း။
   ခ။ သစ်သီးဝလံများကို ရေလောင်းခြင်း။
၈။ မင်းသမီးကြီး ဒုတိယအကြိမ် ကခြင်း။
၉။ ရိုးရာနတ်ကခြင်း။
၁၀။ ကိုယ်ရင်လေးနတ်ကခြင်း။
၁၁။ သက်သေအဖြစ် ဖယောင်းတိုင် ထွန်း၍ကခြင်း။
၁၂။ ရိုးရာနတ်ကို ဓားဖြင့်ကခြင်း။
၁၃။ အမျိုးသမီးနှစ်ယောက် ယောကျ်ားသဏ္ဍာန်ကခြင်း။
၁၄။ အမျိုးသမီးသုံးယောက်ကခြင်း။
၁၅။ အမျိုးသမီးနှစ်ယောက်ကခြင်း။
၁၆။ အမျိုးသမီးတစ်ယောက်ကခြင်း။
၁၇။ ငါးကိုင်၍ကခြင်း။
၁၈။ ကုလားမင်းသားအက ကခြင်း။
၁၉။ ငါးစား၍ကခြင်း၊ ပြီးလျှင် ခေတ္တ ရပ်နားသည်။
၂၀။ နတ်ကောက်ညှင်းထုပ်စား၍ ကခြင်း။
၂၁။ ထားဝယ်နတ်ကခြင်း။
၂၂။ ကရင်နတ်ကခြင်း။
၂၃။ အိမ်စောင့်နတ်ကခြင်း။
၂၄။ ကြက်တိုက်ခြင်းအက ကခြင်း၊ ဆင်ဖမ်းခြင်းအက ကခြင်း။
၂၅။ မြောက်အရပ်နတ်ကခြင်း။
၂၆။ လိပ်စား၍ကခြင်း။
၂၇။ အိမ်စောင့်နတ်ကခြင်း။
၂၈။ ကြိုးရုပ်ခြင်း။
၂၉။ အုန်းသီးခွဲခြင်း။
၃၀။ ရွာစောင့်နတ်ကခြင်း။
၃၁။ လှေလှော်၍ကခြင်း။
၃၂။ ဆွေမျိုးဆက်များစုခြင်းတို့ ဖြစ်ပါသည်။

ဤသို့ မွန်တိုင်းရင်းသား ရိုးရာနတ်ကနားပွဲ၌ ဆီးယို၊ မုန့်ဖက်ထုပ်နှင့် ထမင်းဟင်းလည်း ကျွေးတတ်ပါသေးသည်။

တစ်နည်းအားဖြင့်ဆိုသော် ပျော်ရွှင်စရာလည်းကောင်း၏။ အလှူဒါနပြုရာလည်းရောက်၏။ ဆွေမျိုးစုဆုံရာလည်း ဖြစ်၏။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက်**


၁။ ဦးသိုက် (နိုင်သိုက်) ၂၀၀၆ ခုနှစ်၊ အမျိုးသားညီလာခံတိုင်းရင်းသား ကိုယ်စားလှယ်၏ ပြောပြချက်များ။
၂။ မင်းမောင်မောင်နိုင် (ရာမည) 'မွန်တိုင်းရင်းသား ရိုးရာနတ်များ' ၁၉၉၆ ခုနှစ်၊ အမှတ် (၁၁) လပြည့်ဝန်းမဂ္ဂဇင်း။




www.burmeseclassic.com

www.burmeseclassic.com

မိုးစက်ဆိုတာ လူနာမည်တော့ မဟုတ်ပါဘူး။ အိမ်မွေးခွေးတစ်ကောင်ရဲ့နာမည်ပါ။ လူတွေက တိရစ္ဆာန်ဆိုရင် အိပ်၊ စား၊ ကာမပဲသိတဲ့ သတ္တဝါလို့ပြောကြမှာပါ။ တိရစ္ဆာန်တွေထဲက တချို့ဆိုရင် ဒီ (၃) ချက်ထက် ပိုပြီးသိတာလည်း ရှိပါသေးတယ်။ ဥပမာ ပုရွက်ဆိတ်တွေဟာ နိမ့်ရာအရပ်က မြင့်ရာအရပ်ကို အုံလိုက်ပြောင်းကြပြီးဆိုရင် ဒီနှစ် ရေကြီးတော့မယ်လို့ လူတွေက ပုရွက်ဆိတ်နောက်မှသိကြတာ မဟုတ်လား။

ပရလောကသား သရဲ၊ တစ္ဆေ၊ တဘက်တွေကို လူတွေကမမြင်ရပါဘူး။ ဒါပေမယ့် ခွေးဆိုတဲ့သတ္တဝါကတော့မြင် ပြီး ဟောင်လိုက်အူလိုက်နဲ့ တော် တန်ရုံနဲ့မရပ်တာကို မြင်ဘူးကြားဘူးကြ ပါလိမ့်မယ်။ ဒီလိုပဲ ဝက်တွေ၊ နွားတွေ ဆိုရင်လည်း သူတို့ကိုသတ်မယ်ဆိုတာ သိနေကြပါတယ်။ နွားကြီးမျက်ရည်ကျ တာတော့ မြင်ဖူးကြမှာပါ။ သတ်မယ့် ဆဲဆဲ ကျွဲကြီးကထိုင်ပြီးရှိခိုးလိုက်တာ ကြောင့် မသတ်ဖြစ်ဘဲ ဘေးမဲ့လွှတ်ခဲ့တဲ့ ဇာတ်လမ်းကိုတော့ ပုသိမ်တစ်မြို့လုံးမှာ ဟိုလေးတကျော်ကျော်ဖြစ်ခဲ့ပါတယ်။

မျက်နှာမှာ ပျားသကာလိုချို အောင် ပြုံးချိုနေပြီး အတွင်းစိတ်ထ အကောက်ကြံနေတဲ့ ဧည့်သည်ရဲ့အဖြ ကို လူသားဖြစ်တဲ့အိမ်ရှင်တောင်မသိဘဲ





www.burmeseclassic.com

www.burmeseclassic.com

မိုးစက်ကတော့ ဒီငြည့်သည်ရဲ့ အတွင်းစိတ်ကို သေသေချာချာသိနေတဲ့ပုံပါပဲ။ ဒါကြောင့် ဒီလူကို အလွတ်မပေးဘဲ ဗူးစူးရဲရဲလိုက်ကြည့်နေလိုက်ဟောင်လိုက်နဲ့ နောက်ဆုံး ခြံနောက်ဘက်မောင်းလွှတ်ရတဲ့အထိ အိမ်ရှင်တွေမှာအလုပ်ရှုပ်သွားရပါတယ်။ ကျွန်တော် ဒီခွေးအကြောင်းကို တင်ပြတော့မှာပါ။

ကျွန်တော်က ဆန်ဝယ်ရင် နီကြောလမ်းက ဆန်ဆိုင်မှာ ဝယ်နေကျ။ ကျွန်တော်ဝယ်ချိန်မှာ ဆိုင်ရှင်ဒေါ်ခင်သိန်းက သူ့အိမ်ဖော်လေးကို ထမင်းချက်ဖို့ ဆန်ခြင်ပေးနေတယ်။ အိုးကြီးထဲကို ရွှေသွယ်လေး နို့ဆီဘူး (၆) လုံးထည့်ပြီး အိုးသေးသေးလေးဆိုတော့ ပေါ်ဆန်း (၂) လုံးထည့်နေတယ်။ ကျွန်တော်က ဒီနှစ်လုံးချက်အိုးက ဘယ်သူ့အတွက်ချက်တာလဲဆိုတော့ သူ့အိမ်က မိုးစက်ဆိုတဲ့ခွေးကို ကျွေးဖို့လို့ အဖြေပေးပါတယ်။ ဒီတော့မှ ကျွန်တော်က အခုလို ခွေးကို ပေါ်ဆန်းထမင်းနဲ့ ကျွေးရတဲ့အကြောင်းကို ရှင်းပြပါဦးဆိုတာနဲ့ လူရဲ့အတွင်းအရှုတ္တကိုသိတဲ့ မိုးစက်အကြောင်းကို ဒီလိုပြောပြခဲ့ပါတယ်။

"ကျွန်မအိမ်မှာ အစက အိမ်ထဲမှာ နေခွင့်ပေးတဲ့ ခွေးမျိုးကိုမမွေးပါဘူး။ ထင်းကျန်ထမင်းကျန်ဆိုလည်း ခြံပြင်မှာ ပဲသွားထားတယ်။ စားချင်တဲ့ခွေးစားစေပေါ့။ ဒီလိုနဲ့ မိုးဦးစမှာ ခွေးတစ်ကောင်ရောက်လာတယ်။ ကျွန်မတွေ့တော့ ဒီခွေးက ကျွန်မတို့ခြံထဲမှာ။ အပြင်မှာ (၄)၊ (၅) ကောင်လောက်က ဟောင်လို့။ ခြံတံခါးကပိတ်ထားတယ်။ ပိတ်ထားလို့ တော်တာပေါ့။ ဖွင့်သာထားရင် ခြံထဲကအကောင်က တစ်ကောင်တည်း။ ဘယ်လာနိုင်ပါမလဲ။

ခြံထဲမှာ ဘယ်သူကျွေးတာလဲလို့မေးတော့ ကျွန်မသမီးလေးက ဒီခွေးကို သဘောကျပြီး ခြံထဲမှာခေါ်ကျွေးတာတဲ့။ ဒီပြင် ခွေးတွေမဝင်အောင် သူပဲတံခါးပိတ်ထားတာလို့ ပြောပါတယ်။ သမီးက မိုးစက်တင်လေဆိုတဲ့ လွမ်းမိုးသီချင်းဖွင့်နေတုန်း ဒီခွေးရောက်လာလို့ မိုးစက်လို့ အမည်ပေးမယ် မေမေ ဆိုပြီး ရောက်တဲ့နေ့ကတည်းက ခေါ်တော့တာပါပဲ။ ဒါနဲ့ပဲ ဒီခွေးကို မိုးစက်လို့ နောက်ပိုင်းမှာ တစ်အိမ်လုံးနှုတ်ကျိုးသွားကြတယ်။

မိုးစက်မှာ ကောင်းတဲ့အချက်တွေ အားကြီးပါပဲ။ ဒီကောင်ရောက်တာ မိုးဦးစဖြစ်လို့ အိမ်ရဲ့အဝင်တံခါးမကြီးဘေးမှာ ပထမအိပ်တယ်။ ရောက်တဲ့ညမှာပဲ မိုးက မသည်းစဖူးသည်းတယ်။ ကျွန်မတို့ဖိနပ်ချွတ်က အပေါ်မှာအမိုးမရှိဘူး။ မိုးပက်ပြီဆိုရင် ဖိနပ်ချွတ်တစ်ခုလုံးစိုတော့တာပါပဲ။ ဒီကောင်လည်း ရောက်စညမှာ တစ်ကိုယ်လုံးရွှဲနေတယ်။ မိုးရည်စိုရင် ခါထုတ်လိုက်၊ ဝတ်နေလိုက်၊ ထပ်စိုရင် ထပ်ခါလိုက်နဲ့ ဘယ်မှမသွားဘူး။ အဝင်တံခါးမကြီးက သံစကာတံခါးဆိုတော့ မီးရောင်နဲ့ ဒီကောင်ဒုက္ခခံနေတာကို မြင်နေကြတာပေါ့။

နောက်တော့ သမီးလေးကလည်း မိုးစက်ကို အတွင်းထဲမှာအိပ်ပါစေမေမေလို့ တောင်းဆိုတာနဲ့ ည (၉) နာရီလောက်မှာ အတွင်းကို ဝင်ခွင့်ပေးလိုက်ရတယ်။ အဲဒီအချိန်ကစပြီး မိုးစက်က အိမ်အတွင်းမွေးတဲ့တိရစ္ဆာန်ဖြစ်တော့တာပါပဲ။ မိုးစက်က သူ့ကိုကျွေးတဲ့အရာကလွဲလို့ အိမ်ရှင်တွေရဲ့ထမင်းဟင်းကို နည်းနည်းမှမထိဘူး။ ဟင်းကို ပန်းကန်နဲ့ခပ်၊ စားပွဲပေါ်တင်ထား။ လူကမေ့ချင်ယောင်ဆောင်နေလိုက်။ နေသာကုန်သွားမယ်။ မိုးစက်က စားတာမျိုးလုံးဝမရှိဘူး။ အိမ်ခေါင်းရင်းမှာ ဘယ်တော့မှ အညစ်အကြေးမစွန့်ဘူး။ အထူးသဖြင့် ခြံနောက်ဘက်မှာပဲသွားပါတယ်။

ဒီကောင်က ခြံတော်တော်လုံတာပဲ။ မိုးစက်ရေစက်တဲ့နေ့ကစပြီး ခြံတံခါးဖွင့်ထားလည်း ဘယ်လူစိမ်းမှ ဒီကောင်က အဝင်မခံဘူး။



# မောင်မောင်သန်းထွန်း

## အရှုတ္တကိုသိသည့် မိုးစက်



www.burmeseclassic.com

www.burmeseclassic.com

ဟဲ့ - မိုးစက်၊ ဒါဧည့်သည်လို့ ဆိုလိုက်တာနဲ့ ဟောင်တာကို ချက်ချင်း ရပ်ပစ်တယ်။ လူရိပ်လူကဲကို နားလည်တာပဲဖြစ်မယ်။ ပြီးတော့ ကျွန်မတို့အိမ်ရောက်တဲ့နေ့ကစပြီး အပြင်ကို မထွက်သလောက်ပါပဲ။ သူမထွက်သလို ဘယ်ခွေးမှလည်း အဝင်မခံဘူး။ ပလတ်စတစ်ကောက်တဲ့လူတွေဆို ခြံဝမှာတောင် အရပ်မခံပါဘူး။

ဒီအချက်တွေက သိပ်ပြီးမဆန်းလှပါဘူး။ ဒီပြင်ခွေးတွေလည်း ဒီလောက်တော့ စွမ်းဆောင်နိုင်ကြပါလိမ့်မယ်။ ကျွန်မပြောချင်တဲ့အချက်က မိုးစက်ဟာ ကျွန်မတို့မိသားစုစည်းစိမ်ကို ဘယ်လိုစောင့်ရှောက်ခဲ့တယ်ဆိုတဲ့ အကြောင်းကို ပြောပြမှာပါ။ ဒီအကြောင်းပြောတော့မယ်ဆိုရင် ကျွန်မဆန်ရောင်းဝယ်ရေးလုပ်ငန်းကို အရင်ရှင်းပြမှ ပြည့်စုံသွားပါလိမ့်မယ်။

ကျွန်မတို့ ဆန်ကုန်သည်တွေဆိုတာ တောကလယ်သမားတွေ၊ အဝယ်ကိုယ်စားလှယ်တွေကို ဆက်ထားရတဲ့ အလုပ်မျိုးမဟုတ်လား။ ဒီလို တောနဲ့ဆက်မှ တောဈေးနဲ့ရပြီး မြို့ပေါ်မှာ သူများဆိုင်ထက် လျှော့ရောင်းတော့ ကျွန်မဆိုင်မှာ ဝယ်သူတွေများတော့တာပေါ့။ ဒီလို တောနဲ့ဆက်သွယ်တဲ့အခါ ကျွန်မမှာ အဝယ်ကိုယ်စားလှယ် (၃) ဦးလည်းရှိပါတယ်။ သူတို့က ကိုအောင်ဒင်၊ ကိုခင်လှနဲ့ ကိုသိန်းဟန်တို့ပါပဲ။ ကျွန်မနဲ့လက်တွဲလုပ်တာ (၅) နှစ်ကျော်လောက်ရှိပါပြီ။

အဲဒီ အဝယ်တော် (၃) ယောက်ဟာ အတိတ်ကံပဲ မကောင်းတာလား၊ အသုံးအဖြုန်းပဲ မတတ်တာလားတော့ မသိဘူး။ အလုပ်လုပ်နေရင်း စီးပွားမဖြစ်ဖြစ်နေတယ်။ လယ်သမားနဲ့ကျွန်မကြားမှာ အရောင်းအဝယ်ဖြစ်သွားပြီဆိုရင် သူတို့က ပွဲခနှုန်းဖက်စားရတဲ့လူတွေလေ။ အခုလို ပွဲခမြက်မြက်ကလေးရလာပြီဆိုရင် သူတို့ကလေးကနေမကောင်းလိုက်၊ မိန်းမကဖျားလိုက်တာနဲ့ ဆေးဖိုးထဲကို ငွေတွေရောက်သွားတယ်။

ကျွန်မတို့ကတော့ သူတို့နဲ့အလုပ်လုပ်တာ လုပ်သလောက်အဖတ်နှုတာကို သူတို့မြင်နေတော့ ကျွန်မတို့အပေါ်မှာ မစ္ဆရိယစိတ်တွေဝင်လာကြတယ်။ ဒီလူတွေကြီးပွားတယ်ဆိုတာ ငါတို့ရှာပေးလို့ရထားတာတွေပါ။ တို့မှာတော့ ငါးပိတောင်နပ်မမှန်ဘူး။ သူတို့ကတော့ အသားဟင်းထည်လဲနဲ့။ သူတို့မှာရှိတဲ့ TVတွေ၊အောက်စက်တွေရေခဲသေတ္တာတွေဆိုတာလည်း တို့ရှာပေးလို့ ဒီလိုဖြစ်လာတဲ့ပစ္စည်းတွေပဲ၊ ဒါကြောင့် သူတို့ရဲ့စည်းစိမ်တစ်ဝက်လောက်ကိုတော့ တို့ပိုင်သင့်တာပေါ့လို့ ကျွန်မတို့အိမ်ကိုမလာခင် တိုင်ပင်ကြတယ်လေ။

ဒီအကြောင်းတွေက ကိုအောင်ဒင်ပုသိမ်ဆေးရုံကြီးတက်ချိန်ရောက်မှ သူဖွင့်ပြောလို့သိတာပါ။ ဒီလူတွေက ဘယ်လိုတိုင်ပင်သလဲဆိုရင် ပထမအစီအစဉ်က အိပ်မွေ့ချပြီးခိုးမယ်။ ခိုးနေတုန်း လူမိသွားရင်တော့ မလွဲသာမရှောင်သာရှင်းရမယ်။ ဒီလိုစီစဉ်ပြီး ဓားမြှောင်တွေကိုဂုဏ်ပြီးယူလာကြတယ်။ ဒီလူ (၃) ယောက်က တကယ်ဆိုရင် ကျွန်မရဲ့လူရင်းတွေပါပဲ။ (၃) ယောက်စလုံး အပြောချိုသလို မျက်နှာကလည်း ဘယ်တော့မှ အပြုံးမပျက်ဘူး။

ကျွန်မခြံထဲကို ဝင်တယ်ဆိုတာနဲ့ ပြဿနာကစတော့တာပါပဲ။ မိုးစက်က ဒီ (၃) ယောက်ကို မြင်တယ်ဆိုတာနဲ့ စူးစူးရဲရဲကိုဟောင်တော့တယ်။

ဟဲ့ - ဒါငါ့ဧည့်သည်တွေဆိုလည်း ဟောင်တာကိုရပ်မသွားဘူး။(၃)ယောက်စလုံး ခြေလှမ်းတွေတုံ့သွားတယ်။ အိမ်ထဲဝင်ဖို့နေနေသာသာ ခြံဝမှာတစ်လှမ်းမှရှေ့ကိုမတိုးရဲဘူး။ နောက်ဆုံး ကျွန်မက မိုးစက်ကို ကြိုးချည်ပြီးမှ သူတို့ကိုဝင်ခိုင်းရတယ်။ ဒါတောင် ကြိုးချည်ရက်က ဟောင်နေတုန်းပါပဲ။အိမ်ထဲရောက်တော့ တောအကြောင်း၊ စပါးအကြောင်း၊ ဆန်အကြောင်းတွေ ပြောကြတယ်။ သူတို့ (၃) ယောက်က မနက်ဖြန်မှာ ဟင်္သာတကိုသွားမှာဖြစ်လို့ ကျွန်မအိမ်မှာ ဒီညအိပ်မယ်လို့ခွင့်တောင်းတယ်။ သူတို့က အရင်ကလည်း အထက်ပိုင်းသွားရင်အိပ်နေကျဖြစ်လို့ ကျွန်မက ရှင်တို့ကလည်း ဒီကိစ္စလောက်ကို ခွင့်တောင်းနေရသလားလို့တောင်အပြစ်တင်လိုက်ပါသေးတယ်။ မိုးစက်ကိုချည်ထားတဲ့ကြိုးပြတ်သွားတာဖြစ်မယ်ထင်တယ်။ မိုးစက်က အိမ်အပေါက်ဝကနေ ဒီ (၃)ယောက်ကိုထပ်ပြီးဟောင်ပြန်တယ်။ကျွန်မက ဧည့်သည်တွေကို အားနာလို့ ရေနဲ့လှမ်းပက်ကြည့်တယ်။ မရဘူး၊ ဟောင်နေတုန်းပါပဲ။

ခွေးဆိုတာ ရေနဲ့ပက်ရင်ကြောက်ကြတယ်မဟုတ်လား။ မိုးစက်က ရေနဲ့ပက်တာကိုထွက်မပြေးဘဲ ဟောင်နေလို့ ကျွန်မတောင် ဒီ (၃) ယောက်ဆီမှာ သရဲပဲကပ်ပါလာလို့ဟောင်တာလားလို့ သံသယတောင်ဖြစ်နေတာပေါ့။ ဟောင်လို့မောလည်းသွားရော အဝင်ဝ အလယ်မှာ ငုတ်တုတ်ထိုင်ပြီး ဒီလူ (၃ ယောက်ကို စူးစူးစိုက်စိုက်ကြည့်နေ တယ်။

ဒါနဲ့ ညနေမှာ ဒီ (၃) ယောက် ခရီးသွားရင်သုံးဖို့ အိတ်လိုတာနဲ့ ဝယ်တယ်။ အထွက်မှာလည်း မိုးစက် ကြိုးပြန်ချည်ရပြန်တယ်။ မိုးစက်က ကြိုးတန်းလန်းနဲ့ကို ဟောင်နေတာ ဒီလူတွေက မိုးစက်နဲ့ရင်းနှီးအောင် အပြန်ကျရင် မင်းအတွက် ကိုရီးယား ကြက်ကင်ဝယ်လာမယ်။ မဟောင် ကွာလို့ပြုံးပြီး မျက်နှာချိုသွေးတာ အလကားပါပဲ။ မိုးစက်ကတော့ သဲ ကို ဟောင်နေတာပါပဲ။

ဒီလိုနဲ့ ဒီ (၃) ယောက်ပြန် တော့ ကျောပိုးအိတ်ကြီး (၂) လုံး လာတယ်။ ခြံရောက်တဲ့အခါ ခွေး ပါဦးဗျို့လို့ အသံပေးပါတယ်။ ကျွန် ထုံးစံအတိုင်း မိုးစက်ကိုကြိုးချည် သူတို့ကို အိမ်ထဲမြန်မြန်ဝင်ဖို့ပြော ပေါ့။ ကိုအောင်ဒင်က ကတိအ မိုးစက်ရှေ့မှာ ကိုရီးယားကြက်က ချကျွေးတယ်။ မိုးစက်က ဟိုနမ်းဒီနမ်း လုံးဝမစားဘူး။ ကျွန်မတောင် ဒီယော ကောင်းတဲ့အစာကို ဘာဖြစ်လို့မစား လဲဆိုပြီး ကိုအောင်ဒင်ကို မယုံသ ဖြစ်လိုက်ပါသေးတယ်။ နောက် ငါ့ရဲ့စီးပွားဖက်တွေပဲဆိုတဲ့အသိနဲ့ သက်ဖြစ်တာကိုဖျောက်လိုက်ပါတ

အဲဒီညမှာ သူတို့ကလုပ်ငန်း မှာကိုး။ မိုးစက်က ညနေပိုင်းမှာ တာကိုမလုပ်တော့ဘဲ သူတို့သွားတဲ့နေ ကိုလိုက်ကြည့်နေတာ တော်တော် သာတာပဲ။ သူတို့တောင် ရယ်ကျဲ တို့ကို မိုးစက်ကမကြည့်ဖြစ်နေတယ် မင်းထမင်းလျက်ချကျွေးကြည့်ပါလား ပြောပြီး ကိုခင်လှက ထမင်းလျက်ချ ကြည့်တယ်။ မိုးစက်က နမ်းရှုံ သူတို့ကျွေးတဲ့ထမင်းလျက်ကို မစားပါ

ည (၉) နာရီလောက်မှာ ကျွ က ဘုရားခန်းမှာသူတို့အိပ်ဖို့ အိပ် ပြင်ပေးတယ်။ မအိပ်ခင် ကိုအောင် က ခြင်ဆေးခွေလိုအခွေမျိုးတော့မ ဘူး။ အမွှေးတိုင်လို ခပ်တုတ်တု အချောင်းကြီးကို မီးရှို့နေတယ်။ အ စိမ်းရွှေရွှေနဲ့ ကျွန်မတို့က အခန်းထဲ အိပ်ပါတယ်။ အခန်းက အဲယ အခန်းဖြစ်လို့ ပြင်ပလေတွေမ ဒါကြောင့် ကိုအောင်ဒင်ရှို့ထား မယ့် ပထမ ကျွန်မအနံ့မရဘူး။ ညဘ



www.burmeseclassic.com

www.burmeseclassic.com

မှာ မိုးစက်က ပြန်ပြီးဟောင်နေတာနဲ့ ...တာဖြစ်ပါလိမ့်ဆိုပြီး အခန်းပြင်ထွက် ကြည့်တာနဲ့ သူတို့မီးရှို့ထားတဲ့အချောင်း ကြီးကို တွေ့တာပါ။

မိုးစက်က အဲဒီခြင်ဆေးတိုင်ကို ကြည့်ပြီး ဟောင်နေတာကိုး။ ကျွန်မ လည်း ဒီလိုစိမ်းရွှေရွှေအနံ့ကြီးကိုမကြိုက် တာနဲ့ -

ကိုအောင်ဒင်၊ ရှင်က ခြင်ပြေး အောင်ရှို့ပေမယ့် ကျွန်မဒီအနံ့ကိုလုံးဝ ခံနိုင်ဘူး။ မီးသတ်လိုက်ပါ။ ကျွန်မခြင် ဆေးခွေပေးပါမယ်။ ခြင်မလာတဲ့ မီးလုံး လည်း ရှင်တို့အိပ်ရာဘေးမှာ နှစ်လုံး ထောင်ထွန်းပေးထားတယ်။ စိတ်ချ တစ်ကောင်မှ မလာစေရဘူး ပြောပြီး ...နံ့တာတွေ ဂိတ်ဆုံးထိတင်လိုက်တယ်။

ထူးခြားတာက အဲဒီခြင်ဆေးတိုင် ...ကို ကိုအောင်ဒင်ငြိမ်းပြီးတာနဲ့ မိုးစက်က ...မဟောင်တော့ဘူး။ ဒါပေမယ့် အဲဒီနေ့ ...မှာ မိုးစက်က ဖိနပ်ချွတ်မှာမအိပ်ဘဲ ...ကျွန်မတို့အခန်းဝမှာဝပ်ပြီး သူတို့ကိုပဲ ကြည့်နေတယ်။ ကြည့်တယ်ဆိုတာ ချစ် ...လို့ကြည့်တာမဟုတ်ဘဲ ရန်သူကိုကြည့် ...သလိုကြည့်နေတာကြောင့် ငါ့ခွေးဟာ ...နေ့ တယ်ပြီးထူးခြားပါလားလို့ တွေး ...တော့ တွေးမိသား။

နောက် ကျွန်မက အခန်းထဲပြန် ...ဝင်သွားတယ်။ ကျွန်မ အမေရှိစဉ်က ...အိပ်ခန်းထဲမှာ သံပုရာသီး (၃)၊ (၄) လုံး ...အမြဲဆောင်ထားဆိုလို့ အိပ်ရာထဲမှာ ...တစ်လုံး၊ တန်းတွေပေါ်မှာ ဟိုတစ်လုံး ...တစ်လုံးထားတယ်။ အဲဒီလို သံပုရာသီး ...ရှင် ရှေးလူကြီးတွေက အိပ်မွေ့ချလို့မရ ...ဘူးတဲ့။ ဒါကြောင့်ဖြစ်မယ်ထင်တယ်။ ...ဒီညက ကျွန်မကအိပ်မပျော်တဲ့အပြင် ...ခဏခဏအပြင်ထွက်နေရတယ်။ ကျွန်မ ...အိမ်သာသွားရင် မိုးစက်က ဘေးက ...လိုက်တယ်ရှင့်။ ဒါဟာ ကျွန်မကိုစောင့် ...ရှောက်ဖို့လိုက်နေတာကို အစကမရိပ်မိ ...

ကျွန်မတို့အိမ်ရဲ့ မီးခလုတ်တွေကို ...ကျွန်မအိပ်ခန်းထဲမှာထားတယ်။ ဒါမှ ...ရေးအကြောင်းဆိုရင် အိပ်ခန်းထဲက ...ခလုတ်ဖွင့်လို့ရအောင်တပ်ထားတာ ... အဲဒီညက တစ်ညလုံးမီးစုံထွန်းထား ...တယ်။ နောက် ကျွန်မအိပ်ခန်းက ပြင်ပ ...မဝင်နိုင်အောင် လုပ်ထားတယ်။ ...လုံးမှ အဲယားကွန်းက လွှတ်လို့ရမယ်။ ...ကြောင့် အပြင်က စိမ်းရွှေရွှေနံ့က ...ကျွန်မတို့အခန်းထဲကို မရောက်ပါဘူး။ ...ရာသီးတွေဆောင်ထားလို့ အိပ်မွေ့

ချမရတာလည်း ဖြစ်လိမ့်မယ်။ ဒီကြားထဲ ချိုးခနဲချွတ်ခနဲအသံမြည်တာနဲ့ မိုးစက်က ထပြီးဟောင်တော့တာပါပဲ။ ဧည့်သည် (၃) ယောက်ဆိုတာ အိမ်သာတောင် မသွားရဲဘူးလို့ နောက်ပိုင်း သူတို့ပြန်ပြော လို့သိရတာပါ။

ဒီလိုနဲ့ အစီအစဉ်တွေဖျက်ပြီး ခိုးမယ့်ကိစ္စမဆောင်ရွက်ဖြစ်တော့ဘူး။ မနက်ပိုင်းမှာ ဟံသာဝတီမြို့သွားမယ်ဆို ပြီး ကျွန်မတို့ကိုနှုတ်ဆက်ပြီးထွက်သွား လိုက်တာ တကယ်သွား၊ မသွားလည်း ကျွန်မကဘယ်လာသိပါမလဲ။ နောက် (၂) လလောက်အကြာမှာ ကိုအောင်ဒင် မိန်းမက မျက်စိပျက်မျက်နှာပျက်နဲ့ အိမ်ကိုရောက်လာတယ်။ ကိုအောင်ဒင် ရှိုးမင့်ဖျားမိပြီး ပုသိမ်ဆေးရုံကြီးတင် ထားရလို့ ကူညီပါဦးလို့ ငိုပြီးပြောလာ တယ်။

ကျွန်မက -

ကိုယ်ရဲ့ စပါးအဝယ်တော်တွေ ဖြစ်ခဲ့သူတွေဆိုတော့ ပစ်မထားပါဘူး။ သူ့ခန်းကိုလည်း အိမ်မှာ ထမင်းကျွေး၊ ဆေးရုံကိုလည်း ကျွန်မကိုယ်တိုင်သွား၊ ဆေးတွေလည်း လိုသလောက်ဝယ်ပေး သွေးလည်းရှာပေးနဲ့ သေတွင်းကလွတ် အောင် မနည်းကြီးကုယူရတယ်။ (၁၀) ရက်ကျော်လောက်မှာ ငှက်ဖျားရောဂါ က အပြီးပျောက်သွားပါတယ်။ ဆေးရုံ ကဆင်းခင်မှာ ကိုအောင်ဒင်က စကား အထူးအဆန်းနဲ့ ကျွန်မကို ပြောလာ တယ်။

"ကျွန်တော်အမှန်အတိုင်း ပြောပါ ရစေ။ ရင်ထဲမှာမပြောဘဲမနေနိုင်ဖြစ်နေ တယ်။ ပြီးတော့ ကျွန်တော် ငှက်ဖျား ရောဂါဖြစ်နေချိန်မှာ အစ်မကြီးတို့က လူအားငွေအားနဲ့ အကူအညီပေးခဲ့တာ ကြောင့် ကျွန်တော့်ရဲ့ကျေးဇူးရှင်တွေပါ။



ကျွန်တော်က ကျေးဇူးရှင်တွေအပေါ်မှာ အမှားကြီးမှားခဲ့တဲ့သူပါ။ ဒါကြောင့် ဒီ အပြစ်တွေကျေအောင် ကျွန်တော်အမှန် အတိုင်း ဖွင့်ပြောပါတော့မယ်။ ဒီလို ဖွင့် ပြောလိုက်မှ ကျွန်တော်အပြစ်တွေပေါ့ သွားလိမ့်မယ်လို့ ကျွန်တော်ထင်ရတယ်။

ကျွန်တော်တို့မိသားစုတွေက ကံ အကျိုးပေးမကောင်းလို့ စီးပွားမဖြစ်ဘဲ အစ်မကြီးတို့က စီးပွားရေးဖြစ်နေတော့ လူ့သဘာဝအရ မနာလိုဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ (၃) ယောက် ပထမတစ် ခေါက်လာတုန်းက ဆန်ရောင်းဖို့ရှိုးသား တဲ့စိတ်နဲ့ လာတဲ့အခါ အစ်မကြီးတို့ခွေး မိုးစက်က ပထမဟောင်ပြီး ငါ့ဧည့်သည် တွေဟဲ့လို့ တစ်ခွန်းပြောလိုက်တာနဲ့ ဆက်မဟောင်တော့ဘူး။ အိမ်ထဲဝင်ချင် သလိုဝင် ထွက်ချင်သလိုထွက်ပေမယ့် မိုးစက်က လှည့်တောင်မကြည့်တော့ ဘူး။ ဒုတိယတစ်ခေါက်လာတော့ ပထမ လာသလို ဆန်ရောင်းဖို့လာတာ မဟုတ် ပါဘူး။ ကျွန်တော်တို့သုံးဦး အတွင်း ပစ္စည်းတွေတစ်ဝက်လောက်ခိုးရင်ခိုးမယ်။ အခြေအနေမဟန်ရင် အနုကြမ်းစီးသင့် ရင်လည်းစီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အိမ်ထဲဝင်ဖို့လာခဲ့တာပါ။ အဲဒီအခေါက် လည်းကျရော အစ်မကြီးတို့ကမသိဘူး၊ မိုးစက်သိပြီး ထိန်းမရသိမ်းမရ ဟောင် တော့တာပါပဲ။

ကျွန်တော်တို့တောင် ခြံထဲဝင်ဖို့ ခြေလှမ်းတုံ့သွားတယ်။ နောက် အစ်မ ကြီးက မိုးစက်ကိုကြိုးချည်ပေးတော့မှ ကျွန်တော်တို့အိမ်ထဲရောက်တာပါ။ အိမ် ထဲရောက်လို့ ဧည့်ခန်းမှာလည်းထိုင်ရော ကြိုးပြုတ်သွားတဲ့ မိုးစက်ဟာ အဝင် တံခါးမှာရပ်ပြီး ကျွန်တော်တို့ကို စား မတတ်ဝါးမတတ်မျက်လုံးနဲ့ ကြည့်နေ တယ်။ ကျွန်တော်တို့က ပတ်ဝန်းကျင် ကို အမြဲအကဲခတ်နေရတာကိုး။ ဒီခွေး ဟာ တို့တွေအကြံအစည်ကို သိနေပါ လားလို့ လန့်နေတာပေါ့။

အစ်မကြီးတို့အိမ်ကနေ ပစ္စည်း ဝယ်ထွက်မယ်ဆိုပြီး ပြန်ထွက်တော့ ဒီ ကောင်ကြီးက မဟောင်ဘူး။ ပြန်ထွက် တာကိုတော့ ဒီကောင်ကြီးက သဘော ကျတာဖြစ်မှာပေါ့။ အစ်မကြီးတို့အိမ်ကို နောက်တစ်ခေါက် ပြန်ဝင်လာတော့ မိုးစက်ကို အပြတ်ရှင်းဖို့ ကိုနီးယားကြက် ကင်ဝယ်ပြီးအဆိပ်တွေသုတ်လိုက်တယ်။ ဒီကောင်ကိုကျွေးတော့ ပထမ နမ်းကြည့် ပါသေးတယ်။ နောက်မစားဘူး။ ... စရာပဲ။ ဒီလိုအဆိပ်ဆေးတွေ...ထား

www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရာသီစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) ၂၂

၁.မိုးကာလ ရာသီစာ ငါးကလေး ပင်စိမ်းအိုးကပ်ချက်

မိုးဦးကာလ ရာသီအချိန်များတွင် တောင်သူလယ်လုပ်တောသူတောင်သားများကတော့ လယ်ယာလုပ်ငန်းခွင်ဝင်ကြရပြီး လယ်ထဲကိုင်းထဲမှာပင် မိသားစု၏ဝမ်းအာဟာရဖြည့်တင်းရေးအတွက် ဟင်းစားကျွေးစားလေးများကို ရှာဖွေဖမ်းဆီးပြီး တောခလေ့ ရာသီစာဟင်းလျာလေးများကိုသာ အားထားလို့သာ ဝမ်းအာဟာရဖြည့်ကြရပေသည်။

သည့်လိုအချိန်မျိုးမှာ လယ်ကွင်းများထဲတွင် ငါးသားပေါက်၊ ကဏန်းသားပေါက်လေးများကို ယက်သဲ့ဖြင့် ရှာဖွေဖမ်းဆီးကြပြီး ငါးသားပေါက် ကဏန်းသားပေါက် ပင်စိမ်းအိုးကပ်ချ... ဟင်းတစ်မယ်ဟာဆိုလျှင်တော့ တော... တောင်သားများ၏ နတ်သုဒ္ဓါအာဟာ... ဟင်းတစ်ခွက် ဖြစ်ပေသည်။

မြို့ပြမှာနေထိုင်ကြသူများ စား... သောဟင်းလျာဖြစ်ပေသည်။ အရသာ...

---

တာကို တော်ရုံခွေးတွေဘယ်လာသိပါမလဲ။

ပြီးတော့လည်း အိမ်ကိုပြန်ဝင်တာနဲ့ ဟောင်တော့တာပါပဲ။ အစ်မကြီးက ကျွန်တော်တို့ကို တွဲခေါ်သွားလို့သာ ဒီကောင်ကြီးကမကိုက်တာ။ တော်တော်လေးမကျေမနပ်နဲ့ ဟောင်နေတာကိုတော့ ကျွန်တော်တို့က အလိုလိုသိနေပါတယ်။ ဧည့်ခန်းခုံမှာထိုင်ကြတော့ မိုးစက်ကို ထန်းလျက်ကျွေးသေးတယ်။ ထန်းလျက်မှာလည်း မစားပြန်ဘူး။ သူကြည့်နေတဲ့ပုံက 'နင်တို့အကြောင်း ငါသိတယ်။ နင်တို့ဒုက္ခပေးခဲ့ရင် ငါကတော့ ငါ့သခင်တွေအတွက် အသေခံပြီးကိုက်မယ်၊ ခိုးရဲခိုးကြည့်လိုက်ပေါ့ဆိုတဲ့မျက်နှာပေးမျိုးနဲ့ အစ်မကြီးရဲ့။

ဒါနဲ့ ညအိပ်ခါနီးမှာ ခြင်ဆေးခွေထွန်းသလိုဘာလိုနဲ့ အိပ်မွှေ့ချတဲ့ဆေးတံကြီးကို ကျွန်တော်ကမီးရှို့တယ်။ အဲဒီမှာ မိုးစက်က ဈူးဈူးရဲရဲကိုဟောင်တော့တာပါပဲ။ အဲဒီဆေးတံကို ထူးထူးဆန်းဆန်းကြည့်ဟောင်နေတာ အစ်မကြီးရဲ့၊ အစ်မကြီးက ခွေးဟောင်လွန်းလို့ အခန်းထဲက ထွက်လာပြီး ခြင်ကိုက်ရင် ဒိပြင် ခြင်ဆေးခွေပေးမယ်။ ဒီအနံ့ကို ကျွန်မမခံနိုင်ဘူးဆိုပြီး ငြိမ်းခိုင်းလိုက်တယ်မဟုတ်လား။

ပြီးတော့ အစ်မကြီးက ပန့်ကာတွေအကုန်ဖွင့်ပြီး စိမ်းရွှေရွှေအနံ့ပျောက်အောင် တံခါးပေါက်တွေပါ ဖွင့်လိုက်တယ်။ ဒီလိုလုပ်နေတာကျတော့ မိုးစက်ကမဟောင်တော့ဘူး။ အစ်မကြီးအသစ်ပေးတဲ့ ခြင်ဆေးခွေကိုမီးရှို့တာကျတော့ မိုးစက်က လှည့်တောင်မကြည့်ဘူး။ ဒီအိပ်မွှေ့ချဆေးအနံ့ကို အစ်မကြီးတို့က အိပ်ချင်စိတ်မပေါ်ဘူးလားလို့ ကျွန်တော်တို့အံ့ဩနေတာဗျ။

နောက် အိမ်ထဲကိုဆန်းစစ်ကြည့်လိုက်တော့ ဘုရားကျောင်းဆောင်မှာ သံပုရာသီးသုံးလုံး၊ တံခါးပေါင်တွေပေါ်မှာလည်း တစ်လုံး၊ နှစ်လုံးရှိနေတယ်။ ဒီအိပ်မွှေ့ချဆေးက သံပုရာသီးဆောင်တဲ့အိမ်ဆိုရင် ဆေးစွမ်းမပြဘူးလို့ပြောဖူးတယ်။ ပြီးတော့ အစ်မကြီးတို့က အဲယားကွန်းအခန်းဖြစ်လို့ အိမ်ထဲက လေနဲ့မဆက်စပ်ဘူး။ ကျွန်တော်တို့ အိပ်မွှေ့ချဆေးနံ့ဟာ အစ်မကြီးအခန်းကို ရောက်ဖို့လည်းမလွယ်ပါဘူး။ အိပ်ခန်းထဲမှာလည်း သံပရာသီးတွေရှိမယ်ဆိုတာ ကျွန်တော် ကျိန်းသေပြောရဲပါတယ်။

ဒီအိပ်မွှေ့ချဆေးနံ့ကို မိုးစက်လည်း ဘယ်လိုမှမနေဘူး။

ဒီမိုးစက်ဟာ အဆိပ်ဆေးထည့်ထားတဲ့ကြက်ပေါင်ကြီးကိုလည်း သိနေတာဖြစ်မယ်။ ဒီကောင်ကြီးအိပ်ရင်အစစအဆင်ပြေနိုင်သေးတယ်။ ခုတော့ ချိုးခနဲချွတ်ခနဲဆိုတာနဲ့ မဟောင်ဘဲ အသင့်အနေအထားနဲ့ ကျွန်တော်တို့ကိုကြည့်နေတယ်။ အပေါ့အပါးတောင် ဒီကောင်ကြီး ခေါင်းထောင်ကြည့်နေတာကြောင့် မသွားရဲတော့ပါဘူး။ မိုးစက်ဟာ တစ်ညလုံးမအိပ်ဘဲ အစ်မကြီးအခန်းဝမှာ ဝပ်ပြီးကိုစောင့်နေတာဗျ။

မိုးစက်ကြောင့် ကျွန်တော်တို့အစီအစဉ်တွေပျက်တာပါပဲ။ ကျွန်တော်တို့ (၃) ယောက်ဆိုတာ ခေါင်းရင်ခန်းကနေ တစ်ဖဝါးမှမရွေ့ရဲတဲ့အဖြစ်ဘဲ အစ်မကြီးရဲ့။ မိုးစက်ဟာ တကယ်ကို အသက်ပေးပြီး အစ်မကြီးတို့ရဲ့စည်းစိမ်ကို စောင့်ရှောက်တာ မျက်ဝါးထင်ထင်ပါပဲ။ အစ်မကြီးတို့အနေနဲ့ အိမ်ပေါ်မှာ မွေးရ... တကယ်နပ်တယ်။ ဒီမိုးစက်ကြောင့် ... မယ်ကိစ္စတွေ၊ အနုကြမ်းစီးမယ့်ကိစ္စ... အကုန်ပျက်တော့တာပေါ့။ အခု... ကျွန်တော်ကို သေတွင်းကနေလွတ်အောင် ငွေအား၊ လူအားနဲ့ အကူအညီအ... ပေးတဲ့ အစ်မကြီးတို့ကိုတော့ ကျွန်တော်... မိုက်ပြစ်တွေ ဝန်ချတောင်းပန်ချင်တာ... အဖြစ်မှန်အတိုင်း ပြောပြပြ... အစ်မကြီးတို့ကြိုက်သလို အပြစ်ပေး... ကျွန်တော်ကျေကျေနပ်နပ်ခံပါ့မယ်"

ကျွန်မက သူ့ကိုခွင့်လွှတ်လိုက်... တယ်။ ကိုအောင်ဒင်တို့က စိတ်နဲ့ပြစ်... တာပဲရှိပါသေးတယ်။ ကျွန်မပစ္စည်း... လည်း မဲ့တစ်ပေါက်စွန်းတာမရှိ... အထူးသဖြင့် သူရှင်းပြတော့မှ ကျွန်မ... အိမ်ကခွေးဟာ တကယ်ကိုတန်ဖိုးရှိ... ခွေးပါလားလို့သိခဲ့တာပါ။ ဒါကြောင့်... ကိုအသက်နဲ့လဲပြီးစောင့်ခဲ့တဲ့မိုးစက်... ကျွန်မတို့က စေတနာတွေပိုပြီး ပေါ်... ကျွေးရတာကို ရှင်းပါတယ်နော်"

ကျွန်တော်က ဆန်းသွားဝယ်... ကျိုးနပ်သွားပါပြီ။ စာရေးသူဆို... မျက်စိတွေနားတွေဖွင့်ပြီး စာပေ... ကြမ်းကို အမြဲတမ်းရှာနေတဲ့သူ... မဟုတ်ပါလား။ အခုလို လူသားတွေ... အတွင်းစိတ်ကို ထွင်းဖောက်ပြီးသိ... မိုးစက်အကြောင်းကိုတော့ မ... ဘယ်လာနေပါမလဲ။ စာပေကုန်... အဖြစ် စာဖတ်သူတွေကို အခုလို... လိုက်တာပေါ့။

မောင်အောင်သန်း...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်လှသလို ငါးလေးပေါက်၊ ကဏန်းသားပေါက်လေးများတွင် ပါဝင်နေသော အာဟာရဓာတ်တန်ဖိုးကလည်း ပြည့်စုံကောင်းမွန်လှပါသည်။

သဘာဝသြဂဲနစ် ကယ်လ်စီယမ်ဓာတ်၏အရင်းအမြစ်ဟုခေါ် ဆိုရလောက်သည့် ကယ်လ်စီယမ်ဓာတ် ပါဝင်မှုနှုန်းက ကြွယ်ဝလှပါသည်။ငါးကလေးပေါက်များမှာ ပါဝင်နေတဲ့ သဘာဝကယ်လ်စီယမ်က အရိုးပွရောဂါနှင့် အရိုးပါးရောဂါကို ထိရောက်စွာ ကာကွယ်မှုပေးသလို ကလေးငယ်များကြီးထွားဖွံ့ဖြိုးမှုအတွက်လည်း လွန်စွာ အရေးပါလှပါသည်။

အသက် (၄၀) ကျော် ကျား၊ မ မရွေး အရိုးပါး၊ အရိုးပွရောဂါ မဖြစ်ရလေအောင် ကြိုတင်ကာကွယ်သည့် အနေဖြင့် ငါးကလေးပေါက်များကို အထူးစားသုံးပေးသင့်ပါသည်။

ဒ့ါပြင် ငါးကလေးများတွင် အမိုင်နိုအက်စစ်ဓာတ်မျိုးစုံနဲ့ ပရိုတင်းဓာတ်ကလည်း ကြွယ်ဝစွာ ပါဝင်နေပြီး အခြားဖော့စ်ဖရပ်ခေါ် တဲ့မီးစုန်းဓာတ်၊ သံဓာတ်၊ Vit-$B_1$,$B_2$ နှင့် Vit-A ဓာတ်ကလည်း ပါဝင်နေပါသေးသည်။

ငါးလေးပေါက်၊ဂဏန်းသားပေါက်လေးများတွင် ကိုလာဂျင် (Collagen) ဓာတ်တစ်မျိုးကလည်း ပါဝင်နေသည့်အတွက် အရွယ်တင်နုပျိုမှုကိုအထောက်အကူပေးစေပါသည်။ နောက်ကောင်းတဲ့အချက်တစ်ခုက ငါးကလေးပေါက်လေးများသည် အလွယ်တကူ ဝါးစားနိုင်ပြီး နူးညံ့စွာကြေညက်ပြီး ဝမ်းမီးကကောင်းစွာ ခြေချက်နိုင်ခြင်းကြောင့် စားပြီးတာနှင့် အစာအိမ်အူလမ်းကြောင်းမှ ၎င်းတို့မှာ ပါဝင်နေကြတဲ့ အာဟာရဓာတ်များကို အပြည့်အဝ စုပ်ယူနိုင်ခြင်းကြောင့် အားအင်ကို အမြန်ဆုံးပေးစွမ်းနိုင်ပါသည်။

ဒါကြောင့် သက်ကြီးရွယ်အိုနှင့် တလေးသူငယ်များအတွက် အထူးသင့်လျော်တဲ့ဟင်းလျာ ဖြစ်ပါသည်။ ငါးတလေးအိုးကပ်ဟင်းလျာစာရင်းတွင် ငါးသားပေါက်မျိုးစုံနှင့်ကဏန်းသားပေါက်လေးများ အထူးသဖြင့် ငါးသလဲထိုးနှင့် ရွှေစရေးခေါ်သည့် ငါးသလဲထိုးနှင့် ဆင်တူသည့် ငါးငယ်လေးများအားလုံး ပါဝင်နေပါသည်။

ဒ့ါအပြင် ၎င်းတို့နှင့်တွဲဖက်ပြီး ဟင်းခတ်အမွှေးအကြိုင်အနေနှင့်တွဲစပ်ပြီး အသုံးပြုကြတဲ့ ပင်စိမ်း (သို့) ရှမ်းနံနံအရွက်တို့ဟာလည်း ကျန်းမာရေးအတွက် အစွမ်းထက်သည့် အင်တီအောက်စီဒင့်ဓာတ်များ ကြွယ်ဝစွာပါဝင်နေပြီး Vit-A နှင့် Vit-C ဓာတ်တို့လည်း ထူးခြားစွာ ပါဝင်နေသည့် ဟင်းရွက်များဖြစ်ကြပါသည်။

ပင်စိမ်းပင် တစ်မျိုးတည်းနှင့်ကို ကျန်းမာရေးအတွက် အနာရောဂါများကို ကာကွယ် ကုသပေးနိုင်တဲ့ အစွမ်းထက် ဆေးဖက်ဝင် ဟင်းရွက်မျိုးဖြစ်နေပါသည်။ အဆိပ်အတောက်များကို နိုင်နင်းစွာပြေစေပါသည်။

တောမလေ့ဟင်းလျာအနေဖြင့် ငါးကလေးအိုးကပ်ချက်ရာတွင် ပင်စိမ်းရွက်(သို့) ရှမ်းနံနံအရွက်တို့ကို မဖြစ်မနေတွဲစပ်၍ ချက် (အုပ်) ကြပါသည်။

မြန်မာမလေ့ ရှေးပညာရှိများဆိုစကားထားခဲ့သည်။ 'အိမ်နောက်ဖေး



ဈေးဆိုင်တည်၊ ခေါင်းတစ်ရာသားနေ့စဉ်စားပါ' ဟု ဆိုစကားထားခဲ့ရသည်က ငါးကလေးအိုးကပ်ဟင်းကို ညွှန်းဆိုထားခြင်းဟု ဆိုရပေမည်။

**❑ ငါးကလေးပေါက်၊ ကဏန်းသားပေါက် ပင်စိမ်းအိုးကပ်ဟင်းလျာ**

**စီမံချက်ပြုတ်နည်း**

ကျန်းမာရေးအတွက် အထူးသင့်တော်သလို နှုတ်ခံတွင်းအရသာလည်း အလွန်ကောင်းမွန်လှတဲ့ 'ငါးလေးပင်စိမ်းအိုးကပ်' ဟင်းကို စီမံချက်ပြုတ်တော့မည်ဆိုလျှင် -

**ပါဝင်ပစ္စည်းများ**

၁။ ငါးကလေးပေါက်၊ ကဏန်းသားပေါက် (သို့) ငါးသလဲထိုး (သို့) ရွှေစရေးငါးလေးပေါက် (ကြိုက်နှစ်သက်ရာသုံးပါ။)
၂။ မန်ကျည်းသီးနှစ် (သို့) ဗီနီကာရည်
၃။ ကြက်သားမှုန့်
၄။ ငံပြာရည်
၅။ ဆားသင့်ရုံ
၆။ ဆီ (ပဲဆီ)
၇။ ကြက်သွန်ဖြူ နီ
၈။ ပင်စိမ်းရွက် (သို့) ရှမ်းနံနံ
၉။ ချင်းအနည်းငယ်

**စီမံချက်ပြုတ်နည်း**

ငါးကလေးများကို ရေဖြင့် (၃/၄) ကြိမ်ဆေးကြောပြီး မန်ကျည်းနှစ်ရည်ဖျော်ပြီး (သို့) ဗီနီကာရည်ဖြင့် နယ်၍ဆေးပါ။ အချဉ်၊ အနံ့ပျောက်သွားအောင် ရေဖြင့်ထပ်၍ စင်အောင်ဆေးပြီး ရေစစ်ထားပါ။

၎င်းကို အရသာမှုန့်၊ ဆား၊ ငံပြာရည်တို့ဖြင့် အနေတော်သင့်ရုံနယ်ပြီး အရသာသွင်း၍ (၁၅) မိနစ်ခန့် နှပ်ထားပါ။ ချက်မည့်ဒယ်အိုးသည် အိုးမကပ်သည့် Non-Stick ဒယ်အိုးမျိုးဆိုလျှင် ဆီကိုလျှော့ပြီးသုံးနိုင်ပါသည်။

ရိုးရိုးဒယ်အိုးဆိုလျှင်တော့ ဆီကိုပို၍ထည့်ပေးရပါမည်။ ဒါမှ အိုးမကပ်မတူးမှာပါ။ ဒယ်အိုးမှာ ဆီထည့်ပြီး ဆီပူလာတဲ့အခါမှာ ကြက်သွန်ဖြူ နီ၊ ချင်းထောင်းထားတာထည့်ပြီး ဆီသတ်ပေးပြီး ကြက်သွန်များလိပ်၍လာတဲ့အခါမှာ အရသာသွင်းပြီး နှပ်ထားတဲ့ ငါးကလေးများကို အိုးထဲသို့ဖြန့်၍ထည့်ပြီး မီးလျှော့ကာ မီးအေးအေးနှင့် စိတ်ရှည်ရှည်လေး ချက်ပေးရပါမည်။

ဒီနေရာမှာ ဆီနည်းနေမယ်ဆိုလျှင် ဆီထပ်ထည့်ပေးပါ။ တစ်ဖက်ရပြီးမှ နောက်တစ်ဖက်ကို အသာဖြည်းဖြည်းလှန်ပေးပြီး ဆီပြန်အိုးကပ်ပြီးခြောက်နေအောင်ချက်ပေးရပါသည်။

အားလုံးရပြီဆိုမှ အိုးချခါနီးမှာ ပင်စိမ်းရွက် (သို့) ရှမ်းနံနံ ပါးပါးလှီး၍ ထည့်မွှေပြီး မီးဖိုပေါ် မှချလိုက်လျှင်-

အင်မတန်တိုမှ မွှေးကြိုင်နေပြီး စားချင့်စဖွယ် ငါးတလေးပင်စိမ်းအိုးကပ်ဟင်းလျာကိုရပါပြီ။

*သတ္တဝါများ စားသမျှအားဖြစ်၍ ကျန်းမာကြပါစေ*

ရွှေနဝင်း(ဗိုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

နိဒါန်း

ကျွန်မ တခြားအချိန်တွေမှာ သူ့ကို မေ့ထားနိုင်ပေမယ့် တီဗွီရှေ့ထိုင်တဲ့ အချိန်နဲ့ ထမင်းစားတဲ့အချိန်တွေမှာ သူ့ကိုသတိရပြီး မျက်ရည်ကျမိပါတယ်။ မီးငယ်လေးကို မမေ့နိုင်ပါဘူး။

❑

ကျွန်မတို့အိမ်က ထမင်းစားတဲ့ အချိန်လည်းမမှန်သလို မိသားစုအလိုက် လည်းစုမစားကြပါဘူး။ အလုပ်ချိန်မတူကြလို့ ညဆိုင်းဆင်းတဲ့သူက မနက် စောစောပြန်လာရင် လက်ဖက်ရည် ကနေ နန်းကြီးသုပ်တို့၊ ဆီချက်ခေါက်ဆွဲ တို့စား၊ လက်ဖက်ရည်သောက်ပြီးတော့ တစ်နေ့လုံးအိပ်လို့ အိမ်မှာညစာပဲစားကြ တာပါ။ ဒုတိယအဆိုင်းဆင်းရတဲ့အချိန် ဆိုလည်း ည (၁၂) နာရီနီးပါးမှပြန်လာရလို့ ထမင်းချိုင့်ထည့်သွားကြပါတယ်။

အစက ထမင်းစားရင် မြန်မာ ထမင်းစားပွဲနဲ့ အောက်မှာပဲထိုင်စားကြ တာပါ။ ထမင်းစားပွဲကနိမ့်တော့ စားပွဲ ပေါ် အထိ တက်ဆော့ကြ၊ ပေါင်ပေါ် တက်ကြနဲ့မို့ စားပွဲအမြင့်ပေါ် ပြောင်းစား ကြရပါတယ်။ သူတို့လက်ကလေးတွေနဲ့ ပုတ်ပုတ်တောင်းတတ်ပြီး ဘယ်လောက် ကျွေးထားထား စားတဲ့အချိန်ဆိုရောက် လာပြီးရှုပ်တော့တာပါပဲ။ မနက်လေး နာရီလောက်ဆိုနိုးနေတတ်ကြပြီး ပြေး လွှားဆော့နေကြလို့ သူတို့ကြောင့် လန့် နိုးရသလို စောစောလည်း အစာတောင်း ကြပါတယ်။ သူတို့ဆာရင် စားဖို့ ထမင်း ပန်းကန်လေးတွေထဲမှာ ထမင်းထည့်၊ သောက်ရေခွက်လည်း အဆင်သင့်လုပ် ပေးထားရပါတယ်။

မီးငယ်လေး နှောင့်ယှက်တာကို ကျွန်မအများဆုံးခံရတာပါပဲ။ ကျွန်မ ညစာစားတဲ့အချိန်က ည(၇)နာရီလော ပါ။ တခြားအိမ်သားတွေ လက်ဖက်ရ ဆိုင်ထွက်တဲ့အချိန်၊ အိမ်လည်ကြ အချိန်မို့ အိမ်မလည်တတ်တဲ့ ကျွ တစ်ယောက်တည်းကျန်ခဲ့တာ နေ့စဉ် ပါပဲ။ ထမင်းစားရင် ထမင်းစားပွဲမှာ မစားဘဲ တီဗွီရှေ့ထိုင်စားတတ်တာ ခုံအသေးလေးပေါ်မှာ ချဉ်ရည်ဟ ပန်းကန်တို့၊ ဟင်းချိုပန်းကန်တို့တင်ထား ရင် စားပွဲလေးပေါ် တက်ဖို့ ကြိုးစား ပါပဲ။ သူရှုပ်လွန်းလို့ ထမင်းပေါ်မှာ ရော အရည်ဟင်းရောပုံစားလိုက် ပေါင်ပေါ် အထိ သူ့လက်လေးတင် လိုက်ရှုပ်တတ်ပါတယ်။

"ထမင်းစားပွဲပေါ်မှာမှ မစား လိုက်ရှုပ်တော့မှာပေါ့။ ထမင်းစား အချိန်လေးမှာ တီဗွီမကြည့်နဲ့ပေါ့"

တစ်နေ့ကုန် အလုပ်နဲ့မအား ညဘက်လေးမှ တီဗွီကြည့်ဖြစ်တာ သူ ကို ရှုပ်တာ။ မီးဖိုခန်းမှာခေါ် ထား တံခါးစေ့ထားလိုက်။ ဘယ်လောက် ထားထား ဧည့်ခန်းထဲကိုရောက်အော ဝင်တတ်တာကလည်း သူ့အရည်အချ ပါပဲ။ တစ်နေ့က ကြက်ရင်အုပ်တွေ ပြုတ်ကြော်လုပ်ထားတဲ့အိုး စင်ပေါ် ထားတာကို ရအောင်ယူစားသွား ကျော်ကျော်ကလိုက်ရိုက်တော့ ပတ်ပြေ နေတာ။ အဲဒီနေ့ တစ်နေ့ကုန် သူတို့



# တောဝိသွင် (ရန်ကုန်)

# ဘဝတစ်ခုက လွှတ်မြောက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ပါဘူး။ ဘယ်သွားပုန်းနေလဲမသိ။ ဟင်းအိုး၊ ဒယ်အိုးတွေကို ခတ်တဲ့ဇွန်း မဖယ်ဘဲ ဒန်အိုးဖုံးနဲ့အုပ်ထားတတ်တော့ အိုးအဖုံးကဟာနေတာပေါ့။ ဘယ်လောက် ပြောပြော ဒီလိုထားခဲ့တတ်တာမို့ သူတို့ အပြစ်လို့ဘဲ ပြောလို့မရပါဘူး။ သူခိုးမခိုး နိုင်အောင် ခြံတံခါးသော့ခတ်ပိတ်။ ကိုယ့် အိမ်ကိုသော့ခတ်။ လူဝင်ရင်မြင်ရအောင် ခြံထဲမီးဖွင့်ပြီးစောင့်ရှောက်ရသလို ဟင်း မခိုးအောင် သေချာဖုံးဖို့၊ ကြောင်အိမ်ထဲ ထည့် ဒါမှမဟုတ် ငရုတ်ကျည်ပွေ့နဲ့ဖိ ထားရမှာပေါ့။

ငရုတ်ကျည်ပွေ့နဲ့ ဖိထားဆိုလို့ ဘယ်လောက် ငရုတ်ကျည်ပွေ့နဲ့ဖိထား ထား အိုးဖွင့်တတ်တဲ့ဉာဏ်ရည်မြင့်တဲ့ လယ်ကြွက်ကြီးတွေကို တွေ့ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက အေလာ့သတ္တုဗေဒ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း မှာ အလုပ်လုပ်တဲ့အချိန်ကပါ။ စီမံကိန်း အစမို့ လူလည်းနည်းပါတယ်။ အိမ်ငါး အိမ်လောက်ရယ်၊ ဝိုင်ယာလက်အော်ပ ရေတာနဲ့စီမံကိန်းကို စောင့်ရှောက်တဲ့ မှူးမနားတပ်က စစ်သားနဲ့ တပ်ကြပ် နှစ်ယောက်လောက်နေတဲ့အိမ်ရယ်၊ ဂျပန် တွေနေတဲ့ တိုက်ခန်းနှစ်ခန်းပဲရှိပါသေး တယ်။

လယ်ကွင်းတွေနဲ့လည်းကပ်နေလို့ လယ်ကြွက်ကြီးတွေလည်း အိမ်ထဲကိုဝင် ပါတယ်။ အိမ်ကြီးတွေကကြီးပြီး ထမင်း ချက်ခန်းကသတ်သတ် အောက်မှာမို့ ညဘက်ဆို ထမင်းအိုး၊ ဟင်းအိုးတွေကို အိမ်ပေါ်တင်ထားရပါတယ်။ဘယ်လောက် အိုးတွေကိုဖိထားထား မနက်ဆို ဟင်းအိုး တွေပွင့်ပြီး ဟင်းတွေမရှိတော့ပါ။ စောင့် ကြည့်တော့မှ ကြွက်အကြီးကြီးတွေက ဖိထားတဲ့ဟင်းအိုးကို လက်နဲ့ဖွင့်ပြီး ဟင်း တွေယူစားကြတာပါ။ ကိုယ်တွေ့မို့လို့ ဘာယုံရတယ်။ အသိဉာဏ်ကတော့ မြင့်ပါတယ်။

ကြက်တင်းထဲက ကြက်ဥတွေကို လည်းခိုးကြပါသေးတယ်။ ကြက်ဥကို ချီယူသွားပြီး ဖောက်သောက်ကြတာ ပါ။ ကြက်ပေါက်စလေးတွေကို ဝင်ဝင်ဆွဲ လို့ အိမ်ပေါ်တင်စက္ကူပုံးကြီးထဲထည့် ထားတာကို ဝင်ကိုက်ကြတယ်။ ကြက်မ ကြီးကအော်လို့ ထကြည့်တော့ ကြက် လေးကိုထားခဲ့တာ ခြေထောက်လေး ပြတ်လို့။ ကြက်လေးကိုလည်း သနား၊ စိတ်လည်းအရမ်းတိုလို့သတ်မိတော့မယ် လို့တော့ ကြိမ်းမိပါတယ်။ ဗုဒ္ဓဘာသာမှာ သူများအသက်ကိုတစ်ခါသတ်ရင်၊ ဆိတ် တစ်ကောင်ကို လည်ဖြတ်သတ်ရင်တောင် ဆိတ်မွေးနဲ့အမျှ ဘဝတိုင်း လည်ဖြတ် အသတ်ခံရတယ်ဆိုတာ ဖတ်ဖူးတော့ ကြွက်တွေကို အဆိပ်ချသတ်ဖို့လန့်တွန့် မိပါတယ်။ ကြက်တွေကိုသတ်စား၊ ဥစား တာမဟုတ်ဘဲ ဒီအတိုင်း မွေးထားတာ။ မွေးမြူရေးကြက်ဥမဟုတ်ဘဲဝပ်တဲ့ကြက်မ ဥကိုစားရင်လည်း ငရဲကြီးတယ်ဆိုတော့ ဆောင်းတွင်းမှာ ကြက်နာကျတဲ့အခါ အကုန်ပြုတ်သွားတော့ ဆက်မမွေးတော့ ပါဘူး။

အဲဒီကြွက်လေးတွေလိုပဲ အသိ ဉာဏ်မြင့်တဲ့အကောင်လေးတွေ ကျွန်မ အိမ်မှာရှိနေကြပါတယ်။ မနက်စောစော ဆို အိမ်ရှေ့ဧည့်ခန်းမှာ လိုက်တမ်းပြေး တမ်းဆော့ကစားနေကြတဲ့သူတို့ရဲ့ခြေသံ လေးတွေကဆူညံနေပါတယ်။ အောက် စက်လည်းမနေရ၊ စကိုင်းနက်စက်ပေါ် လည်းမနေရ တက်ပြီးဆော့တတ်ကြပါ တယ်။ ဖုန်းအားသွင်းတဲ့ကြိုးတန်းလန်း ချထားတာကိုလည်း လက်လေးနဲ့လှမ်း ဆွဲပြီးဆော့ပါတယ်။ ပလတ်စတစ်ကြိုး လေးတစ်ချောင်းရလာရင်တောင်မြှောက် လိုက်ချလိုက်နဲ့ဆော့တတ်ကြပါတယ်။

ကြောင်အိမ်အောက် ခင်းကျင်းပြီး ထားတဲ့ ကြက်သွန်ဖြူလုံးလေးတွေလည်း မနေရ။ လက်လေးနဲ့ပုတ်ပုတ်ဆော့ကြ တယ်။ ခြေသုတ်ဖို့ချထားတဲ့ပုဆိုးစလည်း မနေရ။ ညဘက် ပုဆိုးစက ဧည့်ခန်းထဲ မှာ ရွေ့နေတာမြင်ရတော့ လန့်မိသေး တယ်။ အကောင်လေးသေးတော့ ဆွဲတဲ့ သူကိုမမြင်ရလို့ သူတို့ပါးစပ်လေးနဲ့ကိုက် ပြီးဆွဲဆော့တာ တစ်ခန်းလုံးအစကပတ် ပါသွားတာကို နောက်မှတွေ့ရတာပါ။

ရေစက်ရှိလာရင် သူ့အလိုလို ရောက်လာကြတာပါပဲ။ ကိုယ်မမွေးဘဲ သူများအိမ်ကနေ ကိုယ့်အိမ်လာမွေး တော့ လက်ခံထားလိုက်ရတာ အခုဆို ခုနစ်ကောင်တောင်ဖြစ်နေပါပြီ။ အဲဒါ တောင် မယ်သီလရှင်ကြီးက မွေးချင် တယ်ဆိုလို့ သုံးကောင်ပေးလိုက်တာ သူ့ ကျောင်းမှာ အခုကိုးကောင်ဖြစ်နေပြီတဲ့ လေ။ သူတို့ကိုသာမပေးရင် ခုဆို (၁၅) ကောင်လောက်များဖြစ်နေမလားဘဲ။

"သူတို့ကိုတောင်းတဲ့လူရှိပါတယ်။ လှူလည်းလှူတာကို။ ဘေဘီကိုတောင် သူများခိုးသွားတာ ပြန်တောင်းလို့မရလို့ လက်လျှော့လိုက်ရတာ"

"ဒါဆိုလည်း ပေးလိုက်ရောပေါ့ ဆရာကြီးရယ်။ ကိုးကောင်ဆိုတာမနည်း ပါဘူး။ ကျောင်းခန်းလေးက ကျဉ်းကျဉ်း နဲ့ ဆရာကြီးဝန်တက်နေမှာပေါ့"

"မပေးပါဘူးကွယ်၊ ကိုယ်တောင် (၁၀) သမီးအရွယ်ကတည်းကနဲ့ မိဘနဲ့ ခွဲနေရ၊ မောင်နှမတစ်တွေ တကွဲတပြား နဲ့ တစ်ယောက်တစ်မြို့စီနေကြရတာ ဘယ်နှကောင်ပွားပွား မဝေးနိုင်ဘူး။ ကိုယ့်မကျွေးနိုင်တော့ရင် သူတို့ဘာသာ ရှာစားကြလိမ့်မယ်။ မိတကွဲမောင်နှမ တကွဲတော့မလုပ်ချင်ဘူး"

ဟုတ်တော့လည်း ဟုတ်ပါတယ် လေ။ ကိုယ်တောင် မူလတန်းကျောင်းသူ ဘဝက အဒေါ်တွေ၊ အဘွားတွေနဲ့နေ ရလို့ မိဘနဲ့မခွာမခွဲနေရပါစေ။ ဘယ်တော့ မှ မိတကွဲဖတကွဲမနေရပါစေနဲ့။ မောင် လေးတွေနဲ့မခွဲမခွာနေရပါစေလို့ မြတ်စွာ ဘုရားကို နားပူအောင် ဆုတောင်းမိခဲ့ တာပဲ။

ကျွန်မအိမ်မှာ တိရစ္ဆာန်လာဖြစ်ရ တာ ကံကောင်းပါတယ်။ တစ်နေ့ကို တောင်းတိုင်းကျွေးနေတာပါပဲ။ အိမ် တစ်အိမ်ကကောင်တွေကတော့ ကံဆိုး တာလား၊ ကံကောင်းတာလား မသိပါ ဘူး။ ကျွေးလည်းကျွေးပါတယ်၊ ချစ် လည်းချစ်တတ်ကြပါတယ်။ သူ့အိမ်က အကောင်လေးတွေကို ဘယ်သူ့ကိုမှမပေး လို့ အခုဆိုအကောင်(၃၀)ကျော်လောက် ဖြစ်လာတော့ အိမ်သေးလေးတစ်လုံး ဆောက်ပြီး သံစကာကွက်လေးနဲ့ ဘေး တွေကိုကာထားလို့ သူတို့ကို အပြင်က နေမြင်ရတယ်။ ပျဉ်ပြားကြီးတွေနဲ့ စင်တွေရိုက်ထားတာ သုံးဆင့်စလုံးမှာ အကောင်တွေအပြည့် ညီညီညာညာ စီအိပ်နေကြတယ်။ ဆိုးတဲ့အကောင်ကို တော့ တောင်းနဲ့အုပ်ထားတယ်။ နေ့လယ် ခင်းလည်း အပြင်မထွက်ကြရပါဘူး။ သူတို့လည်း ထောင်ကျနေသလိုပါပဲ။ လွတ်လွတ်လပ်လပ်မနေကြရပါဘူး။

လွတ်လွတ်လပ်လပ်နေရတဲ့အိမ် က အကောင်လေးတွေကတော့လာလာ ရှုပ်တတ်လို့စိတ်ညစ်ရတယ်။ မီးငယ်ဆို တဲ့ဟာမလေးက (၄) နှစ်သမီးပဲရှိပါသေး တယ်။နှစ်သားကျပြီးပါပြီ။ ပထမတလေး တုန်းက မွေးမွေးချင်း တစ်ကောင်သေပြီး နှစ်ကောင်ကျန်တာ တစ်ကောင်ကို(၁၀) ရက်သားလေးနဲ့ ကြောင်စုန်းဝင်ကိုက်လို့ သေသွားပါတယ်။ အဲဒီအကောင်လေး က ကြောင်ဝါအထီးလေး။ မွေးမွေးချင်း ကို နှစ်လသားအရွယ်လောက် ထင်ရ တယ်။ သူ့အဖေက တရုတ်ကြောင်ကြီး မျက်နှာဝိုင်းဝိုင်း၊ နှာခေါင်းပြားပြားနဲ့ ရွှေဝါရောင်အမွေးဖွားတွေနဲ့ ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

အကောင်ကြီး။ ငယ်ငယ်တုန်းကတောင် (၈၀၀၀၀) ဈေးရှိပြီး ကြီးရင် (၁၀၀၀၀၀) ကျော်တယ်တဲ့။ ဝမ်ပေါင်က တရုတ်မက လက်ဆောင်ပေးထားလို့ တရုတ်ကြောင်ပေါ့။

တိရစ္ဆာန်တွေကို အသိဉာဏ်မရှိဘူးလို့ လူတွေကထင်ကြတယ်။ လူအချင်းချင်း နာအောင်ပြောရင် တိရစ္ဆာန်ကောင်တို့၊ ခွေးကောင်တို့ပြောတတ်ကြတယ်။ တကယ်တော့ တိရစ္ဆာန်တွေလည်း အသိဉာဏ်ရှိပြီး သားသမီးကို ကြင်နာတတ်စောင့်ရှောက်တတ်ကြတယ်။ အထူးသဖြင့် ကြောင်မ၊ ခွေးမလေးတွေဟာ အဖေအနားမှာမရှိဘဲ အဖေစောင့်ရှောက်မှုမရှိတဲ့ သားသမီးလေးတွေကို နို့ချိုတိုက်ကျွေးမွေးမြူပေးကြရှာတယ်။ ကြောင်မ၊ ခွေးမတွေကို ဘယ်သူကမှ မလိုချင်ကြပါဘူး။ လောကမှာ ဆိတ်မ၊ နွားမကမှ နို့ရလို့ ရောင်းစားရလို့ လိုချင်ကြသေးတယ်။ သူတို့လေးတွေကိုတော့ မလိုချင်ကြဘဲ ပြုစုတတ်ကြပါတယ်။ တကယ်တော့ သန္ဓေသားဘဝကတည်းက ဖျက်ဆီးရက်ကြတယ်။ မွေးပြီးမှ စွန့်ပစ်ရက်ကြတယ်။

မီးငယ်မလေးကတော့ သူ့သားလေးသေသွားလို့ သေမှန်းမသိဘဲ အစာမစားဘဲလိုက်ရှာတယ်။ နံရံတွေကိုတွယ်တက်ပြီးအော်နေတတ်တယ်။ သူတို့အိပ်တဲ့နေရာလေးဖြစ်တဲ့ စဲကျွပ်ပုံးနောက်တွေကိုလည်း ဝင်ကြည့်ရှာတယ်။ တစ်ပတ်လောက်ကိုလိုက်ရှာပြီး အော်နေတတ်တဲ့သူ့ကိုကြည့်ပြီး မိဘမေတ္တာကြီးမားတဲ့သူ့ကို သနားရတယ်။ ကျန်ခဲ့တဲ့ သူ့သားအမည်းကလေးကိုလည်း ဂရုစိုက်ပြီး တော်တော်ကြီးတဲ့အထိ နို့တိုက်တာ။ ကံကောင်းလို့ နာမည်ပေးထားတဲ့ ကြောင်ထီးလေးနောက် ကြောင်လေး (၄) ကောင်ပေါက်တာတောင် ကံကောင်းက တစ်နှစ်သားကျော်နေတာတောင် ကြောင်သေးလေးတွေကို တွန်းပစ်ပြီး နို့လုလုစို့ပါတယ်။

ဒီနှစ် ရာသီဥတုက သိပ်အေးပါတယ်။ ကြောင်လေးတွေလည်း နှာစေးပြီးချေကြပါတယ်။ ဂရုစိုက်ပြီးအားဆေးတွေတိုက်နေတဲ့ကြားက မီးငယ်မက နေမကောင်းဖြစ်ပါလေရော။ ကြောင်လေးတွေနို့စို့တာနဲ့ အားပါနည်းနေလားမသိပါ။ အစာမစားရက်နဲ့ ကလေးတွေကို နို့တိုက်ရှာပါတယ်။ အရင်က သူသိပ်ကြိုက်တဲ့ ကြက်ကြော်လည်း မစားတော့ပါဘူး။ ကျွန်မက ကြက်သားကလွဲရင် ဘာသားမှမစားလို့ ကျွန်မထမင်းစားရင် ကြက်သားကြော်ကို လာတောင်းတတ်ပါတယ်။ တစ်ကောင်ကိုကျွေးရင်နောက် အကောင်တွေပါဝိုင်းလာတတ်လို့ ထမင်းစားပြီးမှ ညီညီမျှမျှဖဲ့ကျွေးပါတယ်။ မကျွေးမချင်း လက်ကလေးနှစ်ဖက်ကို ကျွန်မပေါင်ပေါ် လာတင်ပြီး ရပ်တောင်းနေတတ်တယ်။

အိမ်က ခြံထဲမှာ ကင်းမြီးကောက်တွေ သိပ်ပေါပေမယ့် မီးငယ်တို့လက်ချက်နဲ့ မနက်ဆို ကင်းမြီးကောက်အသေတွေတွေ့ရတတ်ပါတယ်။ မီးငယ်မတို့ သားအမိတွေ တစ်ခုခုကိုဆွဲလွဲနေတာမြင်ရရင် ချက်ချင်းပြေးမောင်းရတယ်။ သူတို့ မြွေကိုတွေ့လို့ ဖမ်းနေကြတာပါ။ ခြံထဲမှာ ရေကန်လေးရှိလို့ ရေမြွေလည်း ရှိတယ်။ လင်းမြွေအဝါကြီးတစ်ကောင်နဲ့ အမည်းကြီးတစ်ကောင်လည်းရှိပါတယ်။ မြွေတွေ အိမ်ပေါ်တက်လာရင်လည်း မောင်းချလိုက်တာပါပဲ၊ အိမ်ပေါ်ကိုမြွေတက်တဲ့နေ့မှာ ငွေဝင်တတ်တာကတော့ အသေအချာပါပဲ။ မြွေကိုဘယ်တော့မှ မသတ်ပါဘူး။ ကြောင်လေးတွေကတော့ မြွေမြင်ရင် လက်နဲ့ပုတ်ဆော့ပြီး ကိုက်သတ်ကြလို့ သတိထားမောင်းမောင်းပေးနေရပါတယ်။

အိမ်မှာ ကြောင်လေးတွေရှိတာ တစ်ခုတော့ကောင်းပါတယ်။ မြွေရန်ကကာကွယ်ပေးတာပါပဲ။ သူတို့ငြိမ်ပြီး တစ်ခုခုကိုချောင်းနေပြီဆိုရင် သတိထားပြီးလိုက်ကြည့်ရင် မြွေဖြစ်နေတာများပါတယ်။ ကျွန်မတို့နေတဲ့နယ်မြေမှာ အခုကတော့ တောတွေတောင်တွေ၊ ချောင်တွေ၊ ရွှေသမင်တို့၊ ယုန်တို့၊ ဖွတ်တို့က အစရှိပါတယ်။ တိရစ္ဆာန်လေးတွေ ငှက်ကလေးတွေလည်း အစုံရှိပါတယ်။ အရင်ကဆို ကျားတောင်ရှိခဲ့ဖူးလို့ ကျားတွင်းတောင်လို့ခေါ်တဲ့တောင်တစ်တောင် ရှိခဲ့ပါတယ်။ တောတွေတောင်တွေ၊ ရေကန်တွေလည်း ကြေးထုတ်တာနဲ့၊ ခုတ်ထွင်ပြီး ဆဲလ်လိုင်းတွေလုပ်တာနဲ့မရှိတော့လို့ တောတောင်တွေပြုန်းလို့ မြွေတွေလည်း မြို့ထဲကိုဝင်လာပါတယ်။ အိမ်အောက်ကို ကြောင်ကချောင်းနေလို့ ကြည့်လိုက်တော့ ငန်းစောင်းမြွေကြီးဖြစ်နေပါတယ်။ မသတ်ချင်လို့ တုတ်ချောင်းနဲ့ထိုးပြီး မောင်းထုတ်လည်းမသွားဘဲ တုတ်ကို ဘေးတိုက်လိုက်ပေါက်ပြီး သူသွားတာကလည်း တုတ်ချောင်းနဲ့ထိုးပြီး မောင်းထုတ်လည်းမသွားဘဲ တုတ်ကို ဘေးတိုက်လိုက်ပေါက်ပြီး သူသွားတာကလည်း ဘေးတိုက်ပါ။ ရပ်ကွက် မြွေဆိုးမို့ ဝိုင်းသတ်လိုက်ကြလို့ သွားရှာပါတယ်။ သူ့သဘောင်းလို့ မြေရင် သေမှာမဟုတ်ပါဘူး။ မြွေ တွေက လူမောင်းလိုက်တာနဲ့ လင်း တွေဆို ရှူးလို့အသံမြည်ပြီး ထွက် တတ်ကြပြီး မြွေဆိုးကတော့ အ ငယ်လေးတွေကအစ ထွက်မ ရန်ပြန်လုပ်တတ်ပါတယ်။

မီးငယ်က စာကလေးအိမ် ပေးထားတဲ့ စက္ကူအိမ်လေးထဲအ သရက်ပင်ကနေတက်ပြီး စာကလေး ပါတယ်။ လိပ်ပြာဖမ်း၊ ခားခုတ်ကောင် ဖမ်းသတ်စားနဲ့ သူတို့နှိပ်စက်တာအ ဆုံးက အိမ်မြှောင်တွေပါပဲ။ အိမ်မြှောင် လေးတွေကို ခုပ်ဖမ်းပြီးစားကြတ ဖားလည်းမနေရ၊ ကဏန်းလုံးလည် ရ ဖမ်းဆော့သတ်ကြတယ်။

"မီးငယ်ရယ် သမီး ဒီဘဝတော တိရစ္ဆာန်ဖြစ်နေရတာ နောင်ဘဝ ဒီထက်ဆိုးတဲ့ဘဝကိုရောက်သွားနေ မယ်။ အကောင်လေးတွေဖမ်းမစား ဒီလောက်ကျွေးမွေးနေတာကို။ ည ကလေးတွေကျ သိပ်ချစ်တယ်မဟု လား။ သူများ ကလေးတွေကိုလ မနှိပ်စက်ပါနဲ့"

ဒီလိုပြောရင် မျက်လုံးလေး ဝိုင်းဝိုင်းလေးနဲ့မော့ကြည့်နေတတ်တ တိရစ္ဆာန်တွေ လူစကားနားမလည်ဘူး ပြောကြပေမယ့် အိမ်ကကြောင် တွေကတော့ နားလည်ပါတယ်။ သူ ကို အစာကျွေးတဲ့၊ ချစ်တဲ့သူနောက် အလည်သွားတဲ့အိမ်အထိ နောက် လိုက်တတ်တယ်။ ဈေးဝယ်သွား လည်း ဈေးဆိုင်အထိလိုက်သွားတ တာ ခွေးလေးတွေလိုပါပဲ။ ဘေးအိမ် ကြောင်လေးတွေဆို အဲဒီအိမ်က သ လေး ကျူရှင်သွားရင်လည်း ခြံဝအ လိုက်ပို့၊ ပြန်လာရင်တော့ ကြိုတတ် တယ်။

ကျွန်မတို့အိမ်က မီးငယ် ကလေးတွေကတော့ ငါးသည်က ငါးလို့အော်တဲ့အသံကြားရင် ဝယ်နေ ငါးသည်အသံကို မှတ်မိတယ်။

"အစ်မရေ ငါးယူဦးမလား"

လို့ ဆိုသူတို့က ရွှေ့ကရောက် ကြပြီး ခေါင်းလေးတွေမော့လို့ အစာ ဖို့ စောင့်နေကြတယ်။ ကြက်သ ရင်လည်း ဒီလိုပဲ။ စံစံရေလိုအော် တာနဲ့ ပြေးသွားကြတယ်။ ကြက် ရင်း ခေါင်းတို့၊ အရိုးတို့ ဈေးသည်

www.burmeseclassic.com

## လှုမ်ိုး(ပညာရေး)

# ပြတိုက်မှူး၏သည်းထိတ်ရင်ဖို

နွေဦးရာသီတွင် မန်ချက်စတာမြို့ရှိ အမျိုးသားပြတိုက်ကြီးသည် အလှတစ်မျိုးဆင်လျက်ရှိသည်။ ဝက်သစ်ချပင်စိမ်းလဲ့လဲ့များကြားမှ အုတ်နီရောင်မှိုင်းလျက်ရှိသောပြတိုက်ကြီးမှာ ပန်းချီကျော်တစ်ဦးရေးဆွဲထားသော ပန်းချီကားဆန်ဆန်ဖြစ်သည်ဟု မြင်ရသူများကပြောကြသည်။ ကမ္ဘာ့အကြီးဆုံးပြတိုက်ကြီးများဖြစ်သော လန်ဒန်မြို့မှ ဗြိတိသျှပြတိုက်ကြီး၊ ပြင်သစ်နိုင်ငံ ပါရီမြို့မှ လူဗွားပြတိုက်ကြီး၊ စပိန်နိုင်ငံမှ ပရာဒိုပြတိုက်ကြီးနှင့် ရုရှားနိုင်ငံမှ ဟာမတ်တေ့(ဂျ်)ပြတိုက်ကြီးများထက် လူသိများသည်။ အထူးသဖြင့် အီဂျစ်ရှေးဟောင်းပစ္စည်းများကို စုဆောင်းထားရှိမှုမှာ စုံလင်လှသဖြင့် နိုင်ငံတကာမှ အင်္ဂလန်နိုင်ငံသို့ လာရောက်ကြသော အီဂျစ်ရှေးဟောင်း ယဉ်ကျေးမှု သုတေသီများ၊ သမိုင်းသုတေသီများနှင့် ကမ္ဘာလှည့်ခရီးသည်များသည် အင်္ဂလန်နိုင်ငံရောက်သည်နှင့် မန်ချက်စတာပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းသို့ သွားရောက် လေ့လာ ကြည့်ရှုလေ့ရှိကြ၏။

လူသိများသောလန်ဒန်မြို့ဗြိတိသျှပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းထက် ရှေးကျသော အီဂျစ်ရှေးဟောင်းပစ္စည်းများ၊ မံမီရုပ်အလောင်းများ၊ အီဂျစ်လူမျိုးတို့၏ အင်းအိုင်ခါးလှည့်အဆောင်လက်ဖွဲ့များ၊ ရှေးဟောင်းခေါင်းတလားများရှိသည်ဟု နာမည်ကျော်ခဲ့၏။

မန်ချက်စတာ ပြတိုက်ကြီးတွင် ပြသရာ ဌာနကြီးပေါင်း (၇) ခုရှိသည်။ ထိုပြခန်းများအနက် ကမ္ဘာအရပ်ရပ်မှ ကမ္ဘာလှည့်ခရီးသည်များနှင့် သုတေသီအများ စိတ်ဝင်စားဆုံးပြခန်းမှာ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်း ဖြစ်သည်။ ပြတိုက်မှ တာဝန်ရှိသူများကလည်း ပြတိုက်ကြီး၏အဝင်ဝ လူအများမြင်သာသောနေရာတွင် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းသည် မည်သည့်အထပ်မှာရှိကြောင်း၊ မည်သို့သွားရမည်ဖြစ်ကြောင်း လမ်းညွှန်ဆိုင်းဘုတ်များဖြင့် လမ်းညွှန်ပေးထားသည်။

အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းအား အခန်းကြီး (၆) ခန်းဖြင့် ပြသထားသည်။ ထိုပြခန်းမှ ထုတ်ဝေသောလမ်းညွှန်စာစောင်တွင်လည်း ပြသထားသည်။ ပစ္စည်းများနှင့်ပတ်သက်သောနောက်ခံသမိုင်း၊ ထိုပစ္စည်းများကို မည်သည့်သုတေသနပညာရှင်က အီဂျစ်နိုင်ငံ မည်သည့်နေရာတွင် တူးဖော်တွေ့ရှိခြင်း ဖြစ်သည် စသဖြင့် လမ်းညွှန်

ကျွေးလို့၊ ငါးဆိုလည်း ခေါင်းတို့ ပါးဟက်ဘိုကအစစားကြရတာကို ဂုတ်ခါတလေအိမ်မှာ ဟင်းတွေရှိလို့ မဝယ်ဖြစ်ရင်သူတို့ကအသံကြားတာနဲ့ ခြံရှေ့ရောက်နေရာက သနားစရာမျှော်ပြီးကျန်ခဲ့တတ်ကြတယ်။ ဝယ်နေကျအသည်မဟုတ်တဲ့ ဈေးသည် ငါးသည်လို့အော်ရင် အရေးတောင်မလုပ်ပါဘူး။

မှတ်မှတ်ရရ သူနေမကောင်းမဖြစ်ခင် တစ်ရက်က ကြက်ကြော်တွေဝယ်လာတာ လူလည်းစားကြောင်လည်းစားပေါ့၊ နောက်နေ့တွေမှာ ထမင်းကောင်းကောင်းမစားဘဲ သုံးရက်လောက်နေလို့ ဆေးရုံပန်ခေါ်ပြတော့ အရိုးလည်းမစူးဘူး။ ဖျားလည်းမဖျားဘူး အားနည်းတာဆိုပြီး ဆေးထိုးပေးသွားပါတယ်။ ဆေးတိုက်၊ ရေတိုက်၊ နို့တိုက်လို့ ထင်ပါ[illegible]သူများအိမ်က ထင်းပုံပေါ် သွားအိပ်မနေလို့ ညနေဆို အိမ်ဘက်ကို ချီခေါ် လာရတယ်။ သူ့ဘာသာသွားနိုင်လာနိုင်ပါသေးတယ်။ ကလေးတွေကိုလည်း နေမကောင်းရက်နဲ့လည်း နို့တိုက်ရှာပါတယ်။ သူ့ဘာသာသွားနိုင်လာနိုင်ပါသေးတယ်။ ကလေးတွေကိုလည်း နေမကောင်းရက်နဲ့လည်း နို့တိုက်ရှာပါတယ်။ သူမသေခင်မှာ နှစ်လသားကျော်လောက်သာရှိသေးတဲ့ကြောင်လေးတွေ အနားလာတော့ စကားလှမ်းပြောနေပါသေးတယ်။ ဘဝကူးကောင်းအောင် တရားခွေတွေ၊ ပရိတ်ကြီးဆယ့်တစ်သုတ်အခွေတွေကိုဖွင့်ပေးထားပြီး ကြောင်လေးတွေအနားမှာရှိနေရင် စိတ်မဖြောင့်မှာစိုးလို့ တခြားကိုပို့ထားရပါတယ်။

အသက်တစ်ခုထွက်ဖို့ရာ ဘယ်လောက် ခက်ခဲတယ်ဆိုတာ အခုမှ လက်တွေ့မြင်ရလို့ စိတ်မကောင်းဖြစ်ရပါတယ်။ နာရီဝက်လောက် အကြောဆွဲနေပြီး သွားတွေစေ့နေတာတောင် ထလျှောက်ပေမယ့် လဲကျသွားရှာပါတယ်။ သူ့ဘဝလေးကို သူခုံမင်နေ သားသမီးလေးတွေကိုစိတ်မချလို့လားတော့မသိ အသက်တော်တော်နဲ့မထွက်နိုင်ရှာပါဘူး။ နေမကောင်းပြီး ခြောက်ရက်မြောက်နေ့မှာ သေသွားရှာပါတယ်။

❑

ကျွန်မ တခြားအချိန်တွေမှာ သူ့ကိုမေ့ထားနိုင်ပေမယ့် တီဗွီရှေ့ထိုင်တဲ့အချိန်၊ ထမင်းစားတဲ့အချိန်တွေမှာ သူ့ကိုသတိရပြီး မျက်ရည်ကျမိပါတယ်။ ကျွန်မထမင်းစားလို့ သူလာရှုပ်တိုင်း ပေါင်ပေါ်ခုန်တက်လို့ ထမင်းပန်းကန်မှောက်တိုင်း -

“နင်မရှိမှဘဲအေးမယ်။ နင်တစ်ယောက်နဲ့ ဒုက္ခပေးနေတယ်။ အိမ်မှာလည်း နင့်ကလေးတွေအများကြီးနဲ့ ကြောင်ဂေဟာဖြစ်တော့မယ်”

လို့ ပြောမိခဲ့လို့ ပိုပြီးစိတ်မကောင်းဖြစ်ရပါတယ်။

“မီးငယ်လေးရေ နောင်ဘဝတွေမှာ တိရစ္ဆာန်မဖြစ်ဘဲ လူ့ဘဝဖြစ်ဖြစ် ကောင်းရာမွန်ရာဘဝဖြစ်ဖြစ် ရောက်ပါစေ”

လို့ ဆုတောင်းပေး၊ အမျှဝေပေးရုံကလွဲလို့ ဒီဘဝကထွက်သွားရတဲ့အခါ ဘယ်ဘဝကိုများရောက်သွားရှာသလဲဆိုတာကို မသိနိုင်တော့ပါဘူးလေ။

စောမိသွင်(ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

စာတန်းများလည်း အသေးစိတ်ရေးသား ဖော်ပြထား၏။ ကမ္ဘာလှည့်ခရီးသည်၊ ဧည့်လမ်းညွှန်များကလည်း မန်ချက်စတာအမျိုးသားပြတိုက်ကြီးသည် အဘယ်ကြောင့် အခြားကမ္ဘာကျော်ပြတိုက်ကြီးများထက် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့်ပတ်သက်သော အမွေအနှစ်ပစ္စည်းများစုံလင်ရခြင်းအကြောင်းကို အထောက်အထား စုံစုံလင်လင်နှင့်ရှင်းပြလေ့ရှိ၏။ သုတေသီများနှင့် ကမ္ဘာ့လှည့်ခရီးသည်များသည် အထက်ဖော်ပြပါ ပြခန်းကြီး (၆) ခန်းအနက် အီဂျစ်ရှေးဟောင်းဂမ္ဘီရပညာပြခန်းနှင့် အီဂျစ်လူမျိုးတို့၏ကိုးကွယ်မှုနှင့်ပတ်သက်သော ဓလေ့ထုံးစံများနှင့် အသုံးအဆောင်ပစ္စည်းများကို ပြသထားသည့်အခန်းများကိုစိတ်ဝင်စားကြသည်။

မှတ်တမ်းများအရ အင်္ဂလန်နိုင်ငံသို့ နှစ်စဉ်လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များ၏ (၆၀) ရာခိုင်နှုန်းသည် မန်ချက်စတာမြို့သို့ လာရောက်ကြပြီး မန်ချက်စတာပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းပြခန်းများကို လာရောက်ကြည့်ရှု လေ့လာကြသည်ဟု သိရ၏။ မှန်ပါသည်။ မန်ချက်စတာပြတိုက်ကြီးသည် ယခုအခါ နှစ်ပေါင်း (၂၀၀) ကျော်ပြီဖြစ်သည်။ ထိုပြတိုက်ကြီးစတင်တည်ထောင်၍ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများစုဆောင်းရပုံမှာ ဒဏ္ဍာရီဆန်လှသည်။ မန်ချက်စတာမြို့သည် အင်္ဂလန်နိုင်ငံအတွင်း စက်မှုလက်မှုထွန်းကားသော မြို့ကြီးတစ်မြို့ဖြစ်ရကား သန်းကြွယ်၊ ပညာတတ်၊ သူဌေးများလည်း လက်ဆစ်ချိုး၍ ရေတွက်မရအောင် ပေါများလှသည်။ ထိုပညာတတ်သန်းကြွယ်သူဌေးအများသည် ၁၉ ရာစုနှစ်ဦးပိုင်းတွင် သဘာဝသမိုင်းလေ့လာရေးအသင်း ဟူသောအသင်း တည်ထောင်ခဲ့ကြသည်။

သို့သော်လည်း ထိုအသင်းကြီးမှာ အကြောင်းအမျိုးမျိုးကြောင့် ဖျက်သိမ်းခံရသောအခါ ထိုအသင်းကြီးမှစုဆောင်းထားသော သဘာဝသမိုင်းနှင့်ပတ်သက်သောပစ္စည်းများ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို မန်ချက်စတာတက္ကသိုလ်ကျောင်းတိုက်ကြီးမှ အာဏာပိုင်များသည် အထက်ဖော်ပြပါ ပစ္စည်းများကို ကျောင်းသားများနှင့် ပြည်သူအများကြည့်ရှုနိုင်ရန် ပြတိုက်ဖွင့်ရန်ရည်ရွယ်၍ ခရစ်နှစ် ၁၈၂၁ ခုနှစ်တွင် ဤပြတိုက်ကြီးကို စတင်ဖွင့်လှစ်ခဲ့သည်။ သန်းကြွယ်သူဌေးများ၏ ပံ့ပိုးကူညီမှုကြောင့် လက်ရှိပြတိုက်အဆောက်အအုံအသစ်ကြီးကိုလည်း တည်ဆောက်နိုင်ခဲ့တော့၏။

ဤသို့ဖြင့် ပြတိုက်ကြီးအဖို့ အီဂျစ်ရှေးဟောင်းပစ္စည်းများ ပြသနိုင်သည့် နာမည်ကျော်ပြခန်းကြီးပေါ်ပေါက်လာရန် အကြောင်းဖန်လာသည်။ မန်ချက်စတာမြို့သား သန်းကြွယ်သူဌေးများစာရင်းတွင် ထိပ်ဆုံးမှနေရာယူထားသော စက်မှုလက်မှုလုပ်ငန်းပိုင်ရှင် ဒေါက်တာဂျက်စီဟာဝါ(ဒ်)သည် ငယ်စဉ်ကပင် Egyptology ခေါ် ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုကို အောင်မြင်ပေါက်ရောက်အောင် လေ့လာခဲ့သည်သာမက ထိုယဉ်ကျေးမှုနှင့် ပတ်သက်သော ပစ္စည်းများကို တစိုက်မတ်မတ် စုဆောင်းခဲ့သူဖြစ်၏။ သူ၏ဇနီးဖြစ်သူမှာလည်း သူနှင့်စိတ်တူကိုယ်တူ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအား စိတ်ဝင်စားသူ ဖြစ်၏။

သူတို့ဇနီးမောင်နှံသည် အီဂျစ်နိုင်ငံသို့ အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး အီဂျစ်ရှေးဟောင်းပစ္စည်းများကို ရှာဖွေဝယ်ယူစုဆောင်းခဲ့သည်။ မန်ချက်စတာရှိ သူ၏နေအိမ်တွင် အီဂျစ်ရှေးဟောင်းပစ္စည်းများ ပြခန်းတစ်ခန်းကိုဖွင့်ထား၍ စိတ်ဝင်စားသော ပြည်သူများအား လေ့လာခွင့်ပြု၏။ ဒေါက်တာဂျက်စီဟာဝါ(ဒ်) သည် အီဂျစ်နိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး အီဂျစ်ရှေးဟောင်းယဉ်ကျေးမှု သုတေသနပြုလုပ်ခဲ့သူနှင့် အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းတစ်နံတလျား ရှေးဟောင်းအီဂျစ်မြို့တော်များဖြစ်သော သီဘက်(စ်)မြို့ဟောင်း၊ လူဇာမြို့ဟောင်းများတွင် အီဂျစ်ရှေးဟောင်းသမိုင်းဌာန။ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဌာနတို့နှင့် ပူးတွဲ၍ ရှေးဟောင်းပစ္စည်းတူးဖော်ရေးကို ဆောင်ရွက်နေသော ဗြိတိသျှသမိုင်းသုတေသီနှင့် အီဂျစ်ရှေးဟောင်းသမိုင်းပညာရှင်ပါမောက္ခ၊ ဆာဝီလျံဖလန်ဒါနှင့် ထူးထူးခြားခြား ခင်မင်သူဖြစ်၏။ သူ၏အကူအညီနှင့်ပင် ဒေါက်တာဂျက်စီဟာဝါ(ဒ်) တို့ဇနီးမောင်နှံသည် အီဂျစ်နိုင်ငံမှ အီဂျစ်ရှေးဟောင်းပစ္စည်းများ ဝယ်ယူစုဆောင်းနိုင်ခဲ့၏။ ခရစ်နှစ် ၁၈၈၇ ခုနှစ်တွင်မူ ဒေါက်တာဂျက်စီဟာဝါ(ဒ်)သည် ပါမောက္ခ ဆာဝီလျံဖလန်ဒါအား အီဂျစ်နိုင်ငံ ရှေးမြို့ဟောင်းများတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတူးဖော်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန်အတွက် ငွေလုံးငွေရင်းအမြောက်အမြား ထောက်ပံ့ခဲ့သည်။ ပါမောက္ခ ဆာဝီလျံဖလန်ဒါကလည်း သူတူးဖော်ရာတွင် တွေ့ရှိရသော ရှားပါးသည့် အီဂျစ်ရှေးဟောင်းပစ္စည်းများကို ဒေါက်တာဂျက်စီဟာဝါ(ဒ်) ၏ ကိုယ်ပိုင်ပြတိုက်သို့ လှူဒါန်းခဲ့၏။

အီဂျစ်အစိုးရ၏ရှေးဟောင်းသမိုင်းနှင့် ယဉ်ကျေးမှုဌာနမှလည်း ဒေါက်တာဂျက်စီဟာဝါ(ဒ်)၏ ကိုယ်ပိုင်အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သို့ ရှားပါးသောအီဂျစ်ပေပုရပိုက်များ ရှေးဟောင်းပစ္စည်းများ လှူဒါန်းခဲ့သည်ဟု သိရ၏။ အထူးသဖြင့် ကာနက်နတ်ဘုရားကျောင်းမှတူးဖော်ရရှိသောမံမီရုပ်အလောင်းများ ခေါင်းတလားများ၊ အီဂျစ်နတ်ဘုရားရုပ်တုများပါဝင်သည်ဟုလည်းသိရ၏။ သို့ဖြစ်၍ ဒေါက်တာဂျက်စီဟာဝါ(ဒ်)၏ ကိုယ်ပိုင်ပြတိုက်သည် အီဂျစ်ရှေးဟောင်းသမိုင်းအမွေအနှစ်နှင့် ပတ်သက်၍ အစုံလင်ဆုံးဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအသီးသီးမှ အီဂျစ်ရှေးဟောင်းသမိုင်းသုတေသီများက တညီတညွတ်တည်း ဆိုကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံ ပါရီမြို့ လော်ဗ်ရူးပြတိုက်ကြီးများကပင် ဒေါက်တာဂျက်စီဟာဝါ(ဒ်) စုဆောင်းထားသော အီဂျစ်ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများကို ငှားရမ်း၍ ပြပွဲများပြုလုပ်လေ့ရှိသည်ဟု သတင်းများက ဖော်ပြခဲ့၏။ ခရစ်နှစ် ၁၈၂၁ ခုနှစ်တွင် မန်ချက်စတာသဘာဝသမိုင်းလေ့လာရေးအသင်းနှင့် မန်ချက်စတာတက္ကသိုလ်ကျောင်းတိုက်ကြီးမှ ပညာရှင်များသည် မန်ချက်စတာပြတိုက်ကြီးကို တည်ထောင်ခဲ့ကြတော့သည်။ ဤတွင် သန်းကြွယ်သူဌေး ဒေါက်တာဂျက်စီဟာဝါ (ဒ်) သည် သူ၏ကိုယ်ပိုင်အီဂျစ်ရှေးဟောင်းသမိုင်းပြတိုက်အား မန်ချက်စတာပြတိုက်ကြီးသို့ လှူဒါန်းခဲ့သည်သာမက ပြတိုက်ကြီးအတွက် လိုအပ်သောငွေကြေးများကို လှူဒါန်းပေးခဲ့သည်။ သူ၏သေတမ်းစာတွင်လည်း သူစုဆောင်းထားသည့်ငွေကြေးများအနက် သုံးပုံတစ်ပုံကို မန်ချက်စတာပြတိုက်ကြီးသို့ လှူဒါန်းခဲ့ရာ ပြတိုက်ကြီးမှာ ငွေကြေးတောင့်တင်းဆုံးပြတိုက်ကြီးဖြစ်လာခဲ့ပြီး ယခင်ပြတိုက်၏ အီဂျစ်ရှေးဟောင်းပစ္စည်းပြခန်းမှာ ဟိုးဟိုးကျော်ခဲ့သဖြင့် နိုင်ငံတကာမှ ပြတိုက်ကြီးအတွက် လိုအပ်သော၊ ငွေကြေးများကို လှူဒါန်းပေးခဲ့သည်။ သူ့သေတမ်းစာတွင်လည်း သူစုဆောင်းထားသည့်ငွေကြေးများအနက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံတစ်ပုံကို မန်ချက်စတာပြတိုက်ကြီး သို့လှူဒါန်းခဲ့ရာ ပြတိုက်ကြီးမှာ ငွေကြေး တောင့်တင်းဆုံးပြတိုက်ကြီးဖြစ်လာခဲ့ပြီး ခင်ပြတိုက်၏အီဂျစ်ရှေးဟောင်းပစ္စည်း ပြခန်းမှာ ဟိုးဟိုးကျော်ခဲ့သဖြင့် နိုင်ငံ တကာမှပြတိုက်ကြီးများက မော့ကြည့်ရ သောပြတိုက် ဖြစ်သည်။

မန်ချက်စတာပြတိုက်၏ အီဂျစ် လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုပြ ခန်းမှ ပြခန်းတာဝန်ခံ မစ္စဝင်ဖရက်ကရွှန် တန်သည် ၁၉၂၅ ခုနှစ်၊ မေလ ၁၇ ရက် နေ့ နံနက်စောစောကပင် သူ့ပြခန်းသို့ ရောက်ရှိနေသည်။ သူ ဤကဲ့သို့ နံနက် စောစော ပြခန်းသို့ရောက်ရှိလာရခြင်းမှာ အကြောင်းရှိပါသည်။ သူသည် အလွန် သတ္တိရှိသူအမျိုးသမီးတစ်ယောက်မဟုတ် သော်လည်း အကြောင်းမဲ့ကြောက်တတ် သူမဟုတ်ပါ။ အထူးသဖြင့် သူပြော ကိုယ်ပြော အီဂျစ်မမ်မီအလောင်းများ၊ အီဂျစ်ရှေးဟောင်းလက်ဖွဲ့အဆောင် ပစ္စည်းများ၏ကျိန်စာ သို့မဟုတ် လောကီ လွန်ဖြစ်ရပ်များနှင့် ပတ်သက်သော သူပြောကိုယ်ပြော ပါးစပ်ပြော ထူးခြား ဖြစ်စဉ်များသည် ကောလာဟလယုံတမ်း စကားများ သို့မဟုတ် လူအများထိတ်လန့် အောက်ချားအောင် မဟုတ်မမှန်လုပ်ကြံ ပြောဆိုသော ပါးစပ်ဂေဇက်များဟု မှတ်ယူထားသည်။ သူသည် မန်ချက် စတာပြတိုက်ကြီး၏ အီဂျစ်ရှေးဟောင်း ပြခန်းတွင် ပြခန်းတာဝန်ခံအဖြစ် အမှု ထမ်းခဲ့သည်မှာ (၁၅) နှစ် ပြည့်ခဲ့ပြီ ဖြစ် ၏။ ဤ (၁၅) နှစ်အတွင်း မည်သည့် ထူးခြားဖြစ်စဉ်မျှမတွေ့ခဲ့ရ။

သူသည် လန်ဒန်မြို့ ဗြိတိသျှ ပြတိုက်ကြီး၏ အီဂျစ်သမိုင်းပြခန်းနှင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အမျိုးသားပြတိုက် ကြီးတွင် လေ့လာသူအဖြစ် လပေါင်း များစွာ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ အီဂျစ်နိုင်ငံ တစ်နံတစ်လျားတွင် ဗြိတိသျှ ရှေးဟောင်းသုတေသနကျောင်းမှ တာဝန် ရှိသူများနှင့်တွဲဖက်၍ နတ်ဘုရားကျောင်း များ ဖေရိုဘုရင်တို့၏ သင်္ချိုင်းဂူများ၊ နန်းတော်ဟောင်းကြီးများရှိ အဆောက် အအုံများကို ပြုပြင်ထိန်းသိမ်းရေးနှင့် လေ့လာရေးများကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ သို့ဖြစ်၍ ပြတိုက်ကျိန်စာ၊ ရှေးဟောင်းအီဂျစ် လူမျိုးတို့၏ လက်ဖွဲ့အဆောင်ပစ္စည်း များ၏ လောကီလွန်ဖြစ်ရပ်များဆိုသည် မှာ လူအများ၏အမြင်၊ အကြား၊ အာရုံ လွဲမှားမှုများဟု ယူဆထား၏။

သူတာဝန်ယူထားရသော အီဂျစ် ရှေးဟောင်းသမိုင်းပြခန်းသို့ လွန်ခဲ့သော ရက်သတ္တပတ် နှစ်ပတ်က အီဂျစ်နိုင်ငံ ကာနက်ဘုရားကျောင်းပရဝဏ်မှတူးဖော် ရရှိသည်ဟုဆိုသော ကြောင်နက်တစ် ကောင်ရုပ်တုတစ်ခု ရောက်ရှိလာသည် မှစ၍ အီဂျစ်ပြခန်းတာဝန်ယူရသော အစောင့်များ၊ သန့်ရှင်းရေးလုပ်သားများ ထံမှ သည်းထိတ်ရင်ဖိုဖွယ်ရာ တီထွင် သတင်းများထွက်လာသည်။ ထို့ကြောင့် နတ်ရုပ်တုထားသည့်ပြခန်းမှန်ဗီရိုအနီးမှ ကြောင်တစ်ကောင်၏အော်သံ၊ ကြောင် နက်ကြီးတစ်ကောင် ပြခန်းမှန်ဗီရိုများ အနီး ပြေးလွှားနေသည်ကိုမြင်ရသည်ဟု ဆိုသောသတင်းများထွက်ပေါ်လာသည် သာမက ထိုသတင်းကို လန်ဒန်မြို့မှ ထုတ်ဝေသော စိတ်စွမ်းအင်သတင်းစာ တွင် အကျယ်တဝင့် ရေးသား ဖော်ပြ ထားသဖြင့် ထိုကြောင်နက်ရုပ်တုမှာ ဟိုးဟိုးကျော်ခဲ့ရသည်။

မှန်သည်။ အီဂျစ်တို့၏ အိမ်မွေး သတ္တဝါများအနက် ကြောင်သည် ထူးခြားဆန်းကြယ်သောစွမ်းအင်ရှိသဖြင့် အလေးအမြတ်ထားခဲ့ကြသည်။ ကြောင် ရုပ်တုများကို လည်းကောင်း၊ ဆေးစီရင် ထားသော ကြောင်အလောင်းကောင် များကို လည်းကောင်း အီဂျစ်ဖေရိုဘုရင် များ၏ သင်္ချိုင်းဂူများကိုတူးဖော်ရာတွင် တွေ့ရှိကြရသည်။ အီဂျစ်နတ်ဘုရား အိုးဆီရစ်၏ရုပ်တု (ခရုစုပ်ငှက်ဦးခေါင်း နှင့် လူကိုယ်ခန္ဓာရုပ်တု) များအနီးတွင် ကြောင်ရုပ်တုများကို တွေ့ကြုံရ၏။ အီဂျစ်သမိုင်းတမ်းများအရ အီဂျစ်ဖေရို ဘုရင်များ၏လက်ထက်တော်ကြီးအခါ ကမူ ကြောင်များကို နှိပ်စက်ညှဉ်းပန်းသူ များကို သေဒဏ်စီရင်သည်ဟုသိရ၏။

အီဂျစ်လူမျိုးတို့၏ ယုံကြည်ချက် မှာ ကြောင်များသည် ဘဝကိုးဘဝကူး နိုင်သည်ဟုဆိုသည်။ သို့ဖြစ်၍ ကြောင် များသေဆုံးသည်နှင့် ထိုကြောင်များ၏ အလောင်းကို မံမီအလောင်းအဖြစ် ဆေး စီရင်၍ သင်္ဂြိုဟ်သည်ဟုသိရ၏။ အထူး သဖြင့် ကြောင်နက်များသည် လူတို့အား ဘေးအန္တရာယ်မှ ကာကွယ်ပေးသည် သာမက လာဘ်လာဘရရှိစေသည်ဟု လည်း ယုံကြည်ထားကြ၏။ ဤထူးထွေ ဆန်းပြားသော အစွဲအလမ်းကြောင့် အီဂျစ်ဖေရိုဘုရင်များ၏ သင်္ချိုင်းဂူများ ကို တူးဖော်ကြသောအခါ ကြောင်မံမီ အလောင်းများ၊ ကြောင်ရုပ်တုများကို တွေ့ရခြင်း ဖြစ်၏။

မစ္စဝင်ဖရက်သည် သူ၏ အီဂျစ် ရှေးဟောင်းယဉ်ကျေးမှုပြခန်းဝင်လိုက် သည်နှင့် ရုတ်တရက် ထူးခြားအေးစိမ့် သော လေတစ်ချက်ဝှေ့လိုက်သည်ဟု ထင်မိ၏။ သို့သော် လူအများ၏ပါးစပ် ဂေဇက်များ သူ့အပေါ် ကိုင်းညွတ်နေ သဖြင့် ဤကဲ့သို့ဖြစ်ရခြင်း ဖြစ်သည်ဟု ထင်မိသည်။ အချိန်စောနေသဖြင့် ပြခန်းစောင့်များ၊ သန်းရှင်းရေးဝန်ထမ်း များလည်း ရောက်မလာသေးပေ။ မစ္စ ဝင်ဖရက်စိတ်တွင်မူ တစ်ဦးတစ်ယောက် သို့မဟုတ် သတ္တဝါတစ်ကောင်သည် ပြခန်းအတွင်းရှိ အီဂျစ်အဆောင်ပစ္စည်း များ ရုပ်တုများထားသော မှန်ဗီရိုကြီး အနီးတွင်ရှိနေသည်ဟု ထင်မိပြန်၏။

ဤသို့အတွင်း ကြောင်ကြီးတစ် ကောင်၏အော်သံကြားရသည်ဟုထင်ရ သည်။ မစ္စဝင်ဖရက်သည် သူ့စိတ်အထင် လား သို့မဟုတ် သူပြောကိုယ်ပြော ပါးစပ်ဂေဇက်သတင်းများကြောင့် (သူ ၏စိတ်အာရုံ လွဲမှားထင်ခြင်းကြောင့်) ကြားရခြင်းလော ဝေခွဲမရ။ သူသည် သူ့နားထင်ကြောများတင်းလာသည်အထိ နားစွင့်မိပြန်သည်။ ကြောင်တစ်ကောင် အော်သံဖြစ်သည်ကား သေချာသည်။

သူ့စိတ်ကိုတင်း၍ အရဲစွန့်ကာ ကာနက်နတ်ဘုရားကျောင်းအတွင်းမှရရှိ လာသော ကြောင်ရုပ်ကြီးထည့်ထား သည့်မှန်ဗီရိုဆီသို့လျှောက်လာခဲ့သည် နှင့် ကြက်သီးမွေးညင်းများထလာသကဲ့ သို့ ခံစားလာရသည်။ မှန်ဗီရိုနှင့် လေး၊ ငါးပေခန့်အနီးရောက်သည်နှင့် ကြောင် နက်ကြီးတစ်ကောင်သည် သူ့အနားမှ ရုတ်တရက်ဖြတ်သွားသည်ကို မျက်ဝါး ထင်ထင် တွေ့လိုက်ရသည်။ သူ့မြင်ရ သည့်မြင်ကွင်းမှာ စက္ကန့်ပိုင်းအတွင်း ဖြစ်သော်လည်း ထိုကြောင်နက်၏ မျက်လုံးများကို သတိထားလိုက်မိ၏။ ထိုမျက်လုံးများသည် မှန်ဗီရိုအတွင်းရှိ ကြောင်ရုပ်၏မျက်လုံးနှင့် ထပ်တူဖြစ်နေ သည်ကို အံ့သြဖွယ်တွေ့ရတော့၏။

ရက်သတ္တတစ်ပတ်ခန့်ရှိသောအခါ မန်ချက်စတာပြတိုက်အာဏာပိုင်အဖွဲ့ သည် ယင်းကြောင်ရုပ်တုကြီးကို လန်ဒန် ပြတိုက်ကြီးသို့ လှူဒါန်းခဲ့သည်ဟု သိရှိ ရပါကြောင်း။

သုမိုး (ပညာရေး)

ကျမ်းကိုး -

*Secrets of Ancient Egypt.*

www.burmeseclassic.com



(ယခင်လမှအဆက်)

"ဟော့ကောင် ဘုလေး၊ အဲဒါ ဗွေဆော်ဦးတုန်းက မင်းတွေ့တဲ့ လူမိုက်ကြီးမဟုတ်ဘူး။ ဒါ မြို့သားကွ"

"အေးဆောင်၊ ငါ့ကိုဘာလို့ပြောတာလဲ"

"ခင်ဗျားဆံပင်ကြီးက လွှတ်ရှည်နေတော့. . ."

ရွာတန်းရွာလေးကို ဖြတ်ကျော်၍ တမာကုန်းရွာလေးဆီသို့ ဦးတည်နေကြပါပြီ။ အေးဆောင်သည် ဟိုဝိုင်းကိုလှမ်းနှုတ်ဆက်၊ ဒီဝိုင်းကိုလှမ်းနှုတ်ဆက်၊ ကျွန်ုပ်ကိုလက်ညှိုးထိုးပြလိုက်နှင့်အတော်အလုပ်ရှုပ်နေ၏။ လူတွေကလည်း ခြံဝိုင်းရှေ့သို့အပြေးထွက်ထွက်လာပြီးကြည့်ကြ၏။ ကျွန်ုပ်၏ပုံစံကိုကြည့်ကာ သူတို့အချင်းချင်း ပြန်လှည့်ကြည့်ပြီး ကုပ်ပိုးကိုလက်နှင့်သပ်ပြကြ၏။ ဆံပင်ရှည်နေပုံကိုပြောကြဟန်တူ၏။

ရွာအစပ်သို့ရောက်သည်နှင့် -

အင်း- ဆရာကြီးဦးခင်သောင်း ငါ့ကိုသင်ပေးထားတာရှိတယ်။ အေးဆောင်ကလည်း သူတို့ဆီမှာ နည်းနည်းလေးမှ မတရားလာမလုပ်နဲ့ သေဖို့သာပြင်ဆိုပြီး ပြောထားတယ်။ ဒီတော့ ဘာပဲဖြစ်ဖြစ် အဟန့်တော့ငါလုပ်မှဟု တွေးလိုက်ပြီး ဘယ်ဘက် လက်ကောက်ဝတ်ပေါ်ကို ညာဘက်လက်ညှိုးနှင့် 'ဧသာဥတ္တိ' ဟု ရေးလိုက်ပြီး လက်ကောက်ဝတ်ဆီမှ တံတောင်ဆစ်ဆီသို့ ညာလက်ဝါးနှင့်ပွတ်သပ်လိုက်ပါသည်။ ဤသည်မှာ ပညာသိမ်းလိုက်ခြင်းဟု ဆရာကြီးဦးခင်သောင်း သင်ပေးဖူး၏။သူနှင့်သွားအတူလာအတူရှိခဲ့စဉ်ကလည်း သူဤအတိုင်းလုပ်သည်ကို မျက်စိနှင့်မြင်ထား၏။ ဟုတ်တော့လည်းဟုတ်၏။ သူရောက်လေရာနေရာတိုင်းတွင် မျက်နှာပုံစံမျိုးစုံနှင့်အမျိုးသမီးများ သူ့အား လာရောက် ကန်တော့ကြသည်ကို တွေ့ဖူး၏။ တချို့ ယောကျ်ားများလည်းပါ၏။ ယခု ကျွန်ုပ် ပညာသိမ်းလိုက်ပါပြီ။ အင်း - ဒီရွာတွေမှာ အေးဆောင်ပြောသလိုများ ပညာတတ်တဲ့သူတွေရှိခဲ့ရင် ငါ့ကိုဘာမှမလုပ်နိုင်တော့ဘူးဟု စိတ်ချလက်ချဖြစ်သွားတော့၏။

တမာကုန်းရွာလေးသည် -

အလွန် အေးချမ်းလှပါသည်။ ရက်ကန်းခတ်သံလေးများသာ ဟိုတစ်စ ဒီတစ်စကြားနေရ၏။ တိတ်ဆိတ်လှသည်။

အေးဆောင်တို့အစ်မ မကြီးအုံးကြည်တို့အိမ်လေးကိုရောက်သည်နှင့် ဗိုက်ကအလွန်ဆာနေချေပြီ။ အလွန်ဖြူစင်ရိုးသားပွင့်လင်းလွန်းသော မကြီးအုံးကြည်သည် ချက်ချင်း စီစဉ်၏။ ရှမ်းဆန်နှင့်ကျွေး၏။ ပဲခြမ်းကြော်ကြီးများကို ကြက်သွန်နီနှင့် မွှေးကြိုင်လှသောဆီရွှဲနေသည့်ပန်းကန်အားကြည့်ပြီး ဣန္ဒြေမဆည်နိုင်တော့။ ထမင်းသုံးပန်းကန်တိတိကုန်သွားပါတော့သည်။ အေးဆောင်ကပြုံးနေ၏။

"မင်းနာမည်ဘယ်သူ အစ်မကြီးသား"

"ကျုပ် ဘုကြီး"

"အေး - ဘုကြီး၊ ငါအိမ်သာသွားချင်လို့ကွာ။ ဟဲဟဲ - စားလို့ကောင်းကောင်းနဲ့ တအားစားလိုက်တာ ဗိုက်က"

ဘုကြီးသည် ခပ်လှမ်းလှမ်းထွက်သွားပြီး တစ်တောင်ခန့်ဝါးခြမ်းပြားလေးတစ်ခုယူလာပေး၏။ အင်း - အိမ်သာတံခါးပျက်နေလို့ ပတ္တာကိုတုတ်နှင့်ထိုးရမည်ထင်သည်ဟုတွေးရင်း ဘုကြီးလက်ညှိုးလှမ်းထိုးရာ ကွင်းဘက်ဆီ[illegible] သုတ်ခြေတင်ရပါတော့သည်။ ဘာ[illegible] မတွေ့။ ကန္တာရဆူးချုံများသာ ဟိုတ[illegible] ဒီတစ်စု ရှာမရ၍ ပြန်လာလိုက်၏။

"ဘုကြီး အိမ်သာကွာ အိမ်သာ"

"ဟိုမှာလေဗျို"

လက်ညှိုးမှာ ခုနဘက်သို့သာ[illegible] ပြန်၏။ ကျွန်ုပ်လည်း သုတ်ခြေတင်[illegible] ၏။ ဘာမှမတွေ့။ အတော်ကိုသည်[illegible] ပြီး ပြန်လာရ၏။ အေးဆောင်ကလည်း[illegible] ဘယ်ထွက်သွားမှန်းမသိ။

"ဟော့ကောင် ဘုကြီး ညီ[illegible] နောက်မနေနဲ့။ မနည်းအောင့်ထား[illegible] တယ်။ အိမ်သာပြပါဟ။ မင်းတို့ဘယ်[illegible] သွားလဲ"

"အဲဒီမှာပဲ ထိုင်လိုက်လေ[illegible] ခင်ဗျားကလည်း၊ ဒီလိုပဲ ကိုယ်တိုင်ထိုင်[illegible] ကြည့်သွားပေါ့ဗျ။ ခင်ဗျားကိုပေး[illegible] သားပဲ"





www.burmeseclassic.com

www.burmeseclassic.com



ဘုကြီးပြောမှ လက်ထဲတွင်ကိုင်ထားသော ဝါးခြမ်းပြားအရေးပါပုံကို သိသွားပါတော့သည်။ နေရင်းထိုင်ရင်း မော်လမြိုင်ခေါင်းဆေးကျွန်းကိုမြင်နေရသော မီးလောင်ပြင်ရပ်ကွက်တွင်နေခဲ့စဉ်က တမ်းနားတော့ာက်ဆောင်များကို ပြေးသတိရမိတော့၏။

ညနေ နေဝင်ရီတရောအချိန် -

"မြို့က ဧည့်သည်လာတယ်ဆိုတော်"

အသက်လေးဆယ့်ငါးနှစ်လောက်ရှိမည်ထင်ရသော အဒေါ်ကြီးတစ်ဦး အိမ်ပေါ်တက်လာ၏။ မကြီးအုံးကြည်က သဲချောင်းသွားသည်။ အေးဆောင်တမန်ကျည်းရွက်သွားခူးနေသည်။

"ဟုတ်ကဲ့ ကျွန်တော်ပါ အဒေါ်"

ထိုအဒေါ်ကြီးသည် ကျွန်ုပ်ကိုစိုက်ကြည့်၍ တစ်ချက်ပြုံးလိုက်ပြီး -

"မင်းသက်သတ်လွတ်စားတယ်ဆိုအေးဆောင်ပြောလို့"

"ဟုတ်ကဲ့"

ကျွန်ုပ်ကို ခပ်စွေစွေမျက်စောင်းထိုးပုံစံကြည့်လိုက်ပြီး -

"မီးလွတ်တွေဘာတွေကော"

"စားတယ်၊ သကြံန်တွင်းတိုင်းမီးလွတ်အဓိဋ္ဌာန်ဝင်တယ်"

"အေး - သက်သတ်လွတ်တွေစား၊ မီးလွတ်တွေစားတာတော့ ဟုတ်ပါရဲ့။ ကောင်းကင်ထပျံနိုင်ရဲ့လား"

"ဗျာ"

"ဩော် - ကောင်းကင်ထပျံနိုင်ရဲ့လားလို့"

အားရပါးရရယ်လိုက်ပြီး မေးနေသော်လည်း စကားသံမှာတစ်မျိုး။

"ကျွန်တော်. . . ကျွန်တော် မပျံနိုင်ပါဘူး"

# ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြဲစေသား)

## ပညာရှင်
(အင်္ဂလိပ္ပ္ဂာကျမ္ဘီရအဘိဓာန်သက်ဝတ္တုရှည်)

www.burmeseclassic.com

"အေး - ဒါဖြင့်အေးဆေးနေ၊ ကောင်းကောင်းနေ။ ကောင်းတာတွေ၊ မကောင်းတာတွေအပထား ကောင်းကင်တက်နိုင်တဲ့သူတွေရှိတယ်။ မီးလွတ်တွေ၊ သစ်သီးတွေတော့ မစားကြပါဘူး။ ဒါပေမယ့် ကောင်းကင်တက်နိုင်ကြတယ်။ အဲလိုပျံနိုင်ပါ့မလား"

"မပျံနိုင်ပါဘူး"

"အေး- မပျံနိုင်ရင်သိပ်လှုစွာမလုပ်နဲ့။ မင်းရွာကိုဗွေဆော်ဦးဝင်လာတော့ ဘာလုပ်ခဲ့လဲ မင်းဟာမင်းသိလိမ့်မယ် မောင်ပု မှတ်မိလား"

ဧသာဥတ္တိကို သပ်လိုက်မှန်း ပြန်သတိရသွား၏။ အေးဆောင်များပြောလိုက်လေသလား။

"ဩော် - ဟုတ်ကဲ့"

"အေး-ကိုယ်တိုင်ကိုယ်အေးအေးနေ။ တို့ရွာက ကြိုက်တဲ့အိမ် ထမင်းတက်စားလို့ရတယ်။ ဘယ်သူမှမတွန့်တိုဘူး။ ဧည့်သည်ကိုကျွေးချင်ကြတာ၊ တို့ရွာရဲ့ စေတနာကောင်းချက်ကတော့။ အေး- ဒါပေမယ့် ပညာမတောက်တခေါက်နဲ့တော့ ဟိုစမ်းဒီစမ်းမစမ်းလေနဲ့။ အရီးလေးက စေတနာနဲ့မောင်ပုကိုပြောသာ"

"ဩော်. . ."

"ပညာပိုင်းကို စကားထဲထည့်မပြောဘူးနော်။ သူဟာနဲ့သူတော့ရှိကြမှာပဲ။ အရီးလေးက စေတနာနဲ့ပြောသာ"

ကျွန်ုပ် အမှန်ကိုဝန်ခံရလျှင် ထိုအဒေါ်သည် ခင်ခင်မင်မင် ပြုံးပြုံးရွှင်ရွှင်နှင့် ကျွန်ုပ်ကိုစကားပြောနေသော်လည်း ကျွန်ုပ်ခေါင်းမှာ အကြီးကြီးဖြစ်သွားပြီး ကြက်သီးတဖြန်းဖြန်းနှင့်ဖြစ်နေတော့၏။ သူ့အပြုံးကိုပင် ရင်ဆိုင်ကြည့်ရန် ကျွန်ုပ် ဘာကြောင့် ကတုန်ကယင်ဖြစ်နေမှန်း မသိပါ။

"ကျွန်တော်. . . ကျွန်တော် မှားသွားပါတယ် အဒေါ်။ စိတ်မဆိုးပါနဲ့။ ဒါကလည်း ဆရာကြီးတစ်ယောက်ပေးထားတဲ့နည်းကို လက်တွေ့သိချင်လို့ လုပ်လိုက်မိတာပါ။ ပညာရှင်တွေကို စော်ကားချင်လို့မဟုတ်ပါဘူး အဒေါ်။ ကျွန်တော် တောင်းပန်ပါတယ်"

"အေး-နည်းနည်းပါးပါးတတ်ကြတဲ့သူတွေတော့ ရှိရင်လည်းရှိမှာပေါ့လေ။ ရှိချင်မှလည်းရှိမှာပေါ့။ ဒါအတပ်ပြောလို့မရဘူး။ တစ်ယောက်တလေတော့ရှိချင်လည်းရှိမှာပေါ့။ ကျုပ်တို့လည်းကြားဖူးလို့ပါ။ မောင်ပုအတွက် အန္တရာယ်များသွားမှာစိုးလို့ အရီးလေးက သတိပေးသာ"

"ဟုတ်ကဲ့ပါ အဒေါ်။ ကျွန်တော် အဲဒီလိုတတ်ထားတဲ့သူတွေကို သွားတောင်းပန်ရင်ရမလားဟင်"

"ဘယ်သိပ့်မလဲ မောင်ပုရယ်။ ဘယ်သူတတ်လို့တတ်တယ်ဆိုတာဘယ်လိုလုပ်သိနိုင်ပ့်မတုံး။ ဒါမျိုးက လပြည့်၊ လကွယ်ဆိုရင် ကောင်းကင်မှာ ဝင်းဝင်းတောက်နေတာတွေတော့ အများကြီး။ ဒါကြောင့် မောင်ပုကို စိတ်ပူလို့ အရီးလေးပြောသာဆို"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ခင်ဗျာ"

လူမှန်းသိတတ်သည့် (၁၇)၊ (၁၈) နှစ်သားလောက်ကပင် စတင်၍ ကိုယ်ခံပညာရှင်ကြီးများကြားတွင် ကျင်လည်ခဲ့ရပြီး အသတ်အပုတ်ကိုဝါသနာထုံခဲ့သူဖြစ်၏။ ကြောက်စိတ် ဟူသည် ဘယ်အရာကိုခေါ် မှန်းပင်မသိလောက်အောင် ခက်ထန်မာကျောကြမ်းတမ်းခဲ့၏။ လူမိုက်ဘဝတွင် ကျင်လည်ခဲ့ဖူးသလို လက်မရွံ့အပေါင်းအသင်းများလည်း မနည်းလှ။ ရန်ပွဲများမရေတွက်နိုင်သလို လက်ဝှေ့ကြိုးဝိုင်းအတွင်းတွင်လည်း (၁၄) ပွဲ၊ (၁၅) ပွဲထိုးသတ်ခဲ့ဖူး၏။ ကိုယ်ခံပညာရှင်ချင်းသတ်ပုတ်တမ်းကစားသည့် ပွဲပေါင်းမှာကား မရေတွက်နိုင်တော့ပြီ။ ဘယ်နေရာသွားသွား တစ်ယောက်ထဲပင် ဖြစ်၏။ အဖော်ခေါ်လေ့မရှိ။ အဖော်ကိုင့်ရသောကြောင့် အရိုက်ခံ၊ အထိုးခံရသည့်ပွဲများ၊ အသက်လုပြေးရသည့်ပွဲများရှိခဲ့ဖူးသောကြောင့် နောက်ပိုင်း အဖော်ခေါ်လေ့မရှိ။ မည်မျှနယ်မြေစိမ်းစေကာမူ ဘာကိုမှဂရုမစိုက်တတ်။

သို့သော် -

ယခု ဧည့်ဝတ်ကျေပွန်စွာ ဖော်ဖော်ရွေရွေ လာရောက်စကားပြောနေသော အဒေါ် ၏ပြုံးပြုံးရွှင်ရွှင်ရယ်ရယ်မောမော အားရပါးရပြောနေသည့်စကားလုံးများနှင့် သူ့မျက်နှာအား ကြည့်ရင်းကြည့်ရင်း ကျွန်ုပ် ဘာကိုကြောက်ရွံ့လာမှန်းမသိ။ သူက လေအေးအေးနှင့်ပြောနေသော်လည်း ကျွန်ုပ်မှာ ဘာကိုတုန်လှုပ်နေမှန်း မသိ။ အေးဆောင်နှင့် မကြီးအုံးကြည်ကိုသာမျှော်နေမိ၏။

ထိုည -

အိပ်မပျော်ပါ။ ဘာကြောင့်မှန်းတော့မသိ။ မကြီးအုံးကြည်တို့ခြံထဲတွင် မီးရောင်များ လက်ခနဲလက်ခနဲဖြစ်ဖြစ်သွားသည်ကို ထရံကြားမှဝင်လာသော အလင်းရောင်ကြောင့်သိနေ၏။ တစ်ခါတစ်ခါ ခေါင်မိုးပေါ် တွင်လင်းသွားသလို ခံစားရ၏။

"ဘယ့်နှယ် ငါ့မောင် ညက အိပ်ပျော်လားဟဲ့"

"ဟာ. . . မကြီး မျက်လုံးကြောင်နေတယ်။ ပြီးတော့ ဘာကိုလန့်နေမှန်း မသိဘူး"

"နင် မနေ့က အရီးလေးလှငွေပြောသွားတာတွေကြောင့်နဲ့ တူတယ်။ ဘာမှမစိုးရိမ်ပါနဲ့ဟယ်။ တို့နယ်ဘက်တွေက ရိုးချက်ကတော့ပြောမနေနဲ့။ လူလာရင် လာဧည့်ခံကြတယ်။ အစားအသောက်တွေလာပေးကြတယ်။ ထမင်းစားဖိတ်ကြတယ်။ ဒါ တို့နယ်ဘက်ထစိတ်ထားလေးတွေပဲ။ ကိုယ်တိုင်ကိုယ်မနေကြဘူး။ လွတ်ဖော်ရွေကြတာ။ ပြီးတော့ အရီးလေးကလေ ဟုတ်တောင်ဘက်သွားရင်းဝင်လာတာနဲ့ တူတယ်။ နောက်နားတုန်းကလည်း ဒီလိုပဲ။ သူ့ထအာပေါင်အာရင်းသန်သန်ပြောတတ်တယ်။ ရိုးချက်ကတော့မပြောနဲ့"

"ပညာသည်တွေအကြောင်းတော့"

"အိုး - တော်ပြောတာ တကယ်မရှိဘူး။ မကြီးတို့ဆို ဒီမှာမွေးဒီမှာကြီးတာ။ ဘာမှမရှိဘူး၊ ကြားတာပဲရှိတယ်။ သေချာမေးရင် ဘာမှမဟုတ်တော့ဘူး တော်ပြောတာ။ သူကြားဖူးတာသူလျှောက်ပြောတာနေမှာပါ အဲဂလိုနဲ့တူပါတယ်။ ဟုတ်ဗွေရင်တုန်းကတော့ သိုက်တူးတယ်ဆိုလား လာလာလုပ်ကြတာတွေရှိတယ်။ လူတွေကလာလိုက်ရင် သစ္စာမဲ့ချက်ကတော့ ရက်စက်တယ်။ မိန်းကလေးတွေကို သိပ်မရှောင်ချင်ဘူး။ အဲဂလိုဆိုတော့လည်း ဗွေရင်တုန်းကတော့ ရှိချင်ရှိခဲ့မှာပေါ့။ နောက်နားကျတော့ မကြားမိပါဘူးဟယ်"

"ဟာ - ဟုတ်ရဲ့လား မကြီး"

"ဩော် - ဟုတ်ပါတယ်ဆို၊ မိုးကြီးပစ်စီ"

"မဟုတ်ဘူးနော်၊ မကြီး မသိနိုင်သေးတာတွေရှိနေတယ်ဆိုတာ ကျွန်တော်သိနေသလိုပဲ"

"အလိုတော် - ဂလောက်ကြီးတောင်ဖြစ်နေရအောင် တော်ကဘာဖြစ်နေလို့လဲ"

"အင်းပါလေ - ဘာမှမဖြစ်ပါဘူး"

အေးဆောင်ကိုခေါ်၍ ဟိုလျှောက်ကြည့်ဒီလျှောက်ကြည့်ကြည့်ရင်း လည်လျှောက်နေသော်လည်း မပျော်ရွှင်ပါ။ ဆပ်ပြာမြုပ်လေးများသီးနေသောသော သဲချောင်းသို့လည်းသွားကြည့်၏။ လွန်ခဲ့သော (၃) နှစ်ခန့်ကပင် ပစ္စည်းငှား၍

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ဟုပြောသောကြောင့် 'ရှင်ဖင်ရာ' ဘုရားဟု ခပ်မြန်မြန်ခေါ်ကြသောဘုရားသို့လည်း သွားဖူးဖြစ်၏။ ထုံးဖြူစေတီတစ်ဝဂ္ဂဘုရားကဲ့သို့ဖြစ်ပြီး နေထန်းတစ်ဖျားခန့်ရောက်လျှင် ထိုဘုရားဘေးတွင် အမျိုးသမီးတစ်ဦး အလွန်ရှည်လျားသောဆံပင်ကြီးကိုဖြန့်ချပြီး ခေါင်းဖြီးလေ့ရှိသည်ဟုဆိုကြ၏။ 'အစ်မရေတော် အလျှုသွားချင်လို့ ဆွဲကြိုးတွေ၊ လက်ကောက်တွေ ခဏငှားပါ' ဆိုလျှင် အသင့်တင်ထားသည်ကိုတွေ့ရသည်ဆို၏။ နောက်နေ့တတိတည်စွာပြန်ထားရ၏။ ပြန်မထားလျှင် အသက်ပါ ပါသွားကြောင်းပြောပြကြ၏။

ကိုင်းကွက်ကြီးတစ်ခုဆိုလျှင် ဘေးနားပတ်ချာလည်၌ ရွှံ့စေးများလိုမြေပျော့နေ၏။ရေမြောင်းလိုပတ်ချာလည်ဖြစ်နေ၏။ အပေါ်တွင် မြေပဲခင်းစိုက်ထား၏။ တစ်ထောင့်မှ တစ်ယောက်ယောက်တက်ခုန်လျှင် ထိုကိုင်းကွက်ကြီးမှာတစ်ဖက်မြင့်တစ်ဖက်နိမ့်လှုပ်နေတော့၏။ ပွဲမသွားပါ။ ၎င်းကိုင်းကွက်အပေါ်ရှိ မြေပဲခင်းကို နွားမစားရဲဟုဆို ကြ၏။

ရေတွင်းလေးတစ်တွင်းဆိုလျှင် ကြိုက်သလောက်ခပ်သုံး ရေကထွက်နေ၏။ ရေမှာ ဗွက်ရေလိုမျိုးဖြစ်နေသော်လည်း ရန်ကုန်ရေအရသာမျိုး ဖြစ်၏။ ထိုရေနှင့် ရေနွေးကျိုသောက်လျှင် ရန်ကုန်ရေအတိုင်း ဖြစ်၏။ ကျွန်ုပ်မှာ အိမ်တစ်အိမ်က စဉ့်ခံစဉ့်က ရေနွေးငှဲ့လိုက် ရွှံ့ရည်တွေပါလားဆိုပြီး သွန်ပစ်လိုက်နှင့် တစ်အိုးလုံးကုန်သွား၏။ ရွှံ့ရည်တွေထဲမှာ လက်ဖက်ခြောက်ဖတ်တွေ ရောက်နေသလို ခံစားရ၏။ ပိုင်ရှင်က အိမ်ထဲမှ မြေပဲပန်းကန်ကိုင်၍ ထွက်လာပြီး -

"ဟင် - အခါးရည်တွေကော"

ဟု ဆိုရာ ကျွန်ုပ်က -

"ရွှံ့ရည်တွေဝင်နေလို့ သွန်ပလိုက်ပြီ"

ဟု ပြန်ပြောလိုက်၏။

"ဟောတော့ - သွားပါပြီ။ အဲဒီရေ အဖိုးတန်ချက်ကတော့တော်. . ."

ဟု ဆို၏။

(၃) ရက်မြောက်နေ့တွင် ကလေးလေးတစ်ယောက် ကိုယ်အတော်ပူနေ၍ အွမ်းရွက်ရှိလားလာမေးရာ ကျွန်ုပ်တလည်း ထရာဖာဆာဖာ၊ ကိုဒါနင်၊ အေပီစီဆေးပြားများပါလာ၍လိုက်သွားလိုက်၏။ လက်လုပ်လက်စားမိသားစုဖြစ်သော်လည်း ဝိုင်းမှာ သန့်ပြန့်လှ၏။ နေမကောင်းဟုဆိုသော ကလေးမှာ လှဲနေရင်းမှ လေးဖက်ကုန်းကြီးလုပ်လိုက်ပြီး ခေါင်းငုံ့ကာ ကျွန်ုပ်ကိုမျက်လုံးလှန်ကြည့်၍ပြုံးနေ၏။ ထိုကလေးအကြည့်ကို မြင်ရသည်မှာ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ၊ ဘေးနားမှ အေးဆောင်ကိုပင် လှမ်းကြည့်မိ၏။

"ခင်ဗျား မောင်ပုက နေဆိုးနေတယ်သာပြောသာ မြို့သားကိုကြည့်ပုံကြီးက ရဲချက်ဗျာ။ ဂလိုပုံကြီးက ကျုပ်တောင်နေဆိုးချင်လာတယ်"

ကလေး၏ထူးဆန်းသောအမူအရာများကြောင့် ကျွန်ုပ်ခေါင်းညိတ်ခေါ်လိုက်၏။ ကျွန်ုပ်ရှေ့တွင် လာရောက်ထိုင်ချလိုက်ပြီး ကျွန်ုပ်ကိုမျက်တောင်မခတ်ပြုံးကြည့်နေ၏။ ကျွန်ုပ်က ကလေးကိုကြည့်နေရင်း ဘာဖြစ်သွားမှန်းမသိ၊ သူ့ခေါင်းလေးကိုကိုင်ပြီး မာရဏပရိတ်ရွတ်လိုက်ရာ ခေါင်းလေးစိုက်ကျသွားပြီး တရှုတ်ရှုတ်ငိုနေတော့၏။ သူ့ကိုကိုင်ရွတ်နေသော ကျွန်ုပ်၏ညာဘက်လက်မှာ တုန်နေပြီး ကြက်သီးတဖြန်းဖြန်းဖြစ်နေ၏။

"တုန်ချက်ဗျာ တောက်လျှောက်ကြီးပါလား"

"အေးဆောင်၊ ငါ့ကိုအပ်ချည်သွားဝယ်ပေးစမ်း"

"အေးဆောင်၊ မြောက်ဘက်ကစားပွဲအံထိုးထဲမှာရှိတယ်။ ယူလိုက်ချေဘုတ်အုတ်ပေါ်မှာ"

"မရဘူး အေးဆောင်၊ အသစ်သာသွားဝယ်ကွာ"

အပ်ချည်ကို ကျွန်ုပ်လက်နှင့် တစ်လံတိုင်းဖြတ်လိုက်ပြီး ကလေးနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်၏။ တစ်စကို ကလေးပါးစပ်တွင် ကိုက်ခိုင်းထားပြီး တစ်ဖက်စကို ကျွန်ုပ်ကကိုက်ထား၏။ ရှိသမျှတံခါး အကုန်ဖွင့်ထားရန် ပြောလိုက်၍ ကဲလားများ အကုန်တုတ်ထောက်ဖွင့်လိုက်ကြ၏။

"ပွင့်တော်မူပြီးကြကုန်သော (၇)ဆူကုန်သော ဘုရားရှင်တို့အား ဦးထိပ်ပန်ဆင် ရိုကျိုး ရှိခိုးကန်တော့ပါသည်ဘုရား. . .။ ကျွန်ုပ်သည် ဤနယ်မြေကို စတင်ရောက်ရှိသည့်နေ့မှစ၍ နွားသားလုံးဝမစားပါ။ ဤမှန်သောသစ္စာစကားကိုဆိုပါသည်။

ဤမှန်သောသစ္စာစကားကို ဝိဇ္ဇာရှစ်သောင်း ရသေ့အပေါင်းနှင့် မဟ္ဂဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ရသေ့ဝိဇ္ဇာ၊ လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ ဝိဇ္ဇာအပေါင်းတို့ သိပါစေ မြင်ပါစေ ကြားပါစေ။ သာသနာတော်ကိုစောင့်ကြသော သာသနာတော်စောင့်နတ်ကြီးများ၊ သဗ္ဗဒေဝါအလုံးစုံသောနတ်ကြီးများနှင့် အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း တစ်မင်းမကျန်သိပါစေ မြင်ပါစေ ကြားပါစေ။

ဤသစ္စာမှန်ကန်ခဲ့ပါက ဤသားလေး၏ရင်ထဲဝမ်းထဲမှ ရောဂါဟူသမျှ ကျွန်ုပ်ထံသို့ရောက်ရှိပါစေ။ ဤကလေးကျန်းမာခြင်းနှင့်ပြည့်စုံပါစေ၊ အကောင်းပကတိဖြစ်ပါစေ။ ဤကလေး၏ကိုယ်စား ကျွန်ုပ်ခံရပါစေ"

ဟု သစ္စာပြုလိုက်ပြီး တတ်သမျှမှတ်သမျှ ဂါထာမန္တန်အကုန်ရွတ်တော့၏။ ရွတ်လိုက် လျှာနှင့်သပ်ယူလိုက်ယူလိုက်ပြီး ကျွန်ုပ်ထံရောက်လာသော အပ်ချည်အားလုံးကို ပါးစပ်တွင်း၌ပင်လုံး၍ မျိုချလိုက်တော့၏။ ကလေးမှာ သူ၏ပါးစပ်မှ အပ်ချည်စလေးလွတ်ထွက်သွားချိန်မှစပြီး ပြုံးရွှင်စွာနှင့်ဆော့နေတော့၏။ ဘာမှမဖြစ်တော့။

ကျွန်ုပ်ဝမ်းသာပါသည်။

ကလေးတစ်ယောက်ကို ချက်ချင်းကျန်းမာအောင်လုပ်ပေးလိုက်နိုင်သည့်အတွက် ပီတိဖြစ်ရပါသည်။

ထိုသတင်းမှာ တစ်မုဟုတ်ချင်းပျံ့နှံ့သွားပြီး ကျွန်ုပ်ကို တဖွဲဖွဲလာကြည့်ကြ၏။ ကျွန်ုပ်က မကြီးအုံးကြည်တို့နှင့် စကားပြောမပျက်။

နောက်နေ့တွင် ပြန်တော့မည်ဖြစ်ရာ မြေပဲတစ်ပြည်၊ ကောက်ညှင်းတစ်ပြည်၊ ရှမ်းဆန် အိတ်လေးများနှင့် လက်ဆောင်လာပေးကြ၏။ ကျွန်ုပ်က ကျေးဇူးတင်ကြောင်းပြောနေရ၏။

ညဉ့်နက်သည်ထိ မကြီးအုံးကြည်တို့နှင့် စကားထိုင်ပြောရင်း ခဏလေးသာမှေးလိုက်ပြီး နံနက် (၄) နာရီခွဲတွင် ခြံရှေ့ လှည်းလာရပ်သံကြားပြီဖြစ်၍ အေးဆောင်နှင့် ကပျာကယာ အထုပ်လေးများ လှည်းပေါ်တင်ရင်း လှည်းနောက်က လမ်းလျှောက်လိုက်ကြ၏။ လိုက်ပို့ကြသူမှာ (၅) ဦးဖြစ်ပြီး မကြီးအုံးကြည်၏ ဆွေမျိုးများလည်းပါ၏။ ကြယ်ရောင်လေးများ မှိတ်တုတ်မှိတ်တုတ်နှင့် လှည်းလမ်းကြောင်းအတိုင်း တအိအိသွားနေသော လှည်းနောက်မှ လမ်းလျှောက်လိုက်ကြရင်း ရွာပြင်မှအထွက် ကွင်းကြီးကိုအဖြတ် စကားတပြောပြောလျှောက်နေကြရင်း -

နောက်မှ လူလေးငါးယောက်နှင့် အော်ဟစ်ပြေးလိုက်လာသံများ နားထဲ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းသားကြား၍ နောက်ဘက်ပြန်လှည့်ကြည့်လိုက်ရာ -

"ဟော့လူ ဟော့လူ"

"ဟဲ့ ငါ့မောင် ငါ့မောင် မောင်ပု ငါ့မောင်"

"ဟင်"

"သတိရပြီလား"

ကျွန်ုပ် သတိထားလိုက်မိချိန်မှာ အေးဆောင်၏ ရင်ခွင်ထဲသို့ ကျွန်ုပ်ရောက်နေပြီ ဖြစ်၏။

"ဟာ - အေးဆောင်"

"အေး - သတိရပြီလား"

"အအ - ဗိုက်ထဲမှာလိပ်လိပ်အောင့်တယ်။ ငါဘာဖြစ်သွားတာလဲ"

"ခင်ဗျားလဲကျသွားတာ ခွေ့ခနဲပဲ။ ကျုပ်တို့ဝိုင်းပြီးနှိပ်ကြတာဗျို့"

"ဟင် - ဟုတ်လား၊ အေးဆောင် လှည်းကိုနောက်ကြောင်းပြန်လှည့်ခိုင်းလိုက်။ ငါပြန်လိုက်မယ် ရှေ့ဆက်မသွားဘူး"

"အဲဂလိုလား"

"မင်းကြီးသိန်း၊ လှည်းလှည့်ဗျာ ရွာပြန်မယ်"

လှည်းမောင်းလာသော မင်းကြီးသိန်းက လှည်းကိုလှည့်လိုက်သည်နှင့် မကြီးအုံးကြည်က ကျွန်ုပ်ကို လှည်းပေါ်တက်ထိုင်ခိုင်းလိုက်ပြီး သူတို့ပါတက်ထိုင်ကြ၏။ ကျွန်ုပ်ဘာဖြစ်သွားမှန်းမသိပုံကို တစ်ယောက်တစ်ပေါက်ပြောလာကြ၏။ အလင်းရောင်ပင်ပျို့စဲပြုလာချေပြီ။

"ဟဲ့ ငါ့မောင်၊ နင်နေဆိုးနေတယ်မို့လား"

"ဘာမှမဖြစ်ဘူး မကြီး"

"နင်ပြန်လို့ဖြစ်မလား၊ အေးဆောင်ပါ မြို့ခေါ်သွားလေ။ သူကသွားနေကျ။ ဗွေရင်ထဲက သူကမြို့ကိုတောက်လျှောက်"

"ဟုတ်ကဲ့ မကြီး ခေါ်သွားမယ်။ ကဲ - အေးဆောင် ငါ အမှန်က ဒီမှာ တစ်လလောက်နေမလို့ကွ။ ငါအလိုလို ပြန်ချင်လာတယ်။ အထည်ရောင်းထားတဲ့ပိုက်ဆံတွေအတွက် နောက်တစ်ခေါက် ထပ်တက်လာမှပဲသိမ်းတော့မယ်။ ငါ ဘယ်လိုကြီးဖြစ်နေမှန်းမသိဘူး၊ မနေချင်တော့လို့"

"ခင်ဗျားကလည်းဗျာ၊ ဗွေရင်တုန်းကလိုပဲ ပျော်ပျော်နေလေ"

"အေး - နေတာပဲ၊ ဘာဖြစ်သွားမှန်းမသိဘူး။ ငါရန်ကုန်ချက်ချင်းပြန်ချင်နေတယ်။ ပြန်တက်လာကြတာပေါ့ကွာ။ မနက် (၅) နာရီမှ သွားကြမယ်။ ငါ တစ်နေကုန် ပုတီးစိပ်လိုက်ဦးမယ်"

❑

"မောင်ဟိုနင်းလေးထိလာပါရောလား"

ဆရာအရှင်သူမြတ်အား ခရီးရောက်မဆိုက် သွားရောက်ကန်တော့ရာ ဆရာအရှင်မှ လှမ်းကြည့်လိုက်ပြီး ပြုံး၍ ပြောလိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ဦး (၃) ကြိမ်ဝတ်ပြုရင်း အင်း - ငါ့ဆရာတော့သိသွားပြီဟု စိတ်အေးသွား၏။ မထူးဆန်းပါ။ ကျွန်ုပ်ပြုလုပ်သမျှ ဆရာအရှင်၏ရှေ့သို့ရောက်လျှင် အကုန်ပေါ်တတ်စမြဲဖြစ်၏။ ယခုလည်း ဆရာသည် ရွှေရောင်ဝင်းနေသော ခတ်လုံးနှင့် ငွေရောင်ဝင်းနေသော ခတ်လုံးနှစ်လုံးကို ရေနွေးအဖြူနှင့်စိမ်ပြီးတိုက်လိုက်ပါသည်။ ပြီးမှ ကျွန်ုပ်၏ဦးခေါင်းကို (၃)ချက်ပုတ်လိုက်၏။

"မင်းက ကိုယ့်ဟာကိုယ်မှမနေဘဲကိုး။ မေတ္တာခတ်မပြည့်ဝသေးဘဲ သူများစည်းကိုသွားကျော်သလိုဖြစ်သွားခဲ့ရတာကွယ့်။ ဘယ်တော့မှမလုပ်ရဘူး။ မင်းလည်း ဘာပညာမှမယ်မယ်ရရယူထားတာမှမရှိသေးဘဲ ဟေ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် မှတ်သွားပါပြီ"

"အေးအေး"

ဆရာသည် ပြုံး၍ ခေါင်းလေးညိတ်လိုက်ပြီး မျက်စိမှိတ်သွား၏။ မမြင်ရသောစွမ်းအားတစ်ခုသည် ကျွန်ုပ်၏ နှလုံးသားကိုလာဆုပ်ကိုင်လိုက်သည်သို့နှယ်ဖြစ်သွားပြီး ကျွန်ုပ်မှာ ကတုန်ကယင်ဖြစ်လာ၏။ သိလိုက်ပါသည်။ ဆရာအရှင်သည် ကျွန်ုပ်ထံမှ မကောင်းသော အကြွင်းအကျန်များကို စိတ်စွမ်းအားနှင့် ဖယ်ရှားပေးနေပြီဟု။

ထိုနေ့တွင်ပင် -

ဆရာ၏တပည့် ဆရာဆန်းနှင့် ဆုံပြန်၏။

"ဘယ့်နှယ် ငါ့ကောင် တော်တော်ခံလိုက်ရလား"

"ဗျာ"

"ဆရာဆန်းသည် ပြုံးရင်းမေးနေ၏"

"ဟုတ်ကဲ့"

"မင်းက ကလေးတစ်ယောက်ကို ဘာ-သွားပြီးဘာလုပ်တာလဲ"

"ကျွန်တော်သွားကယ်လိုက်တာ ကလေးကိုသနားလို့"

"အေး - တို့ဆရာဆုံးမသလိုပေါ့ကွယ်။ တစ်ဖက်မှာ သောင်ထွန်းရှင် တစ်ဖက်မှာကမ်းပြိုတတ်တယ်။ မင်းသွားကယ်တဲ့ကလေးမိဘတွေက အင်း- တစ်ဖက်သားကို စော်ကားမော်ကား မခံချင်အောင်ပြောလိုက်ကြပုံရပါတယ်။ တစ်ဖက်ကလည်း အရှက်ကွဲသွားတော့ အင်း - ပညာပေးလိုက်တာပါ။ အသေ တော့မဟုတ်ပါဘူး။ ဒါကို မင်းက လူစွမ်းကောင်းသွားလုပ်တော့ မင်းဘယ် သက်သာမလဲ"

"ဟုတ်ကဲ့၊ ဒါလောက်နဲ့ပြီးပြီပေါ့ နော် ဆရာဆန်း"

"ပြီးပါပြီ ပြီးပါပြီ။ အေး-ဒါပေမယ့် ငါတို့ဆရာအရှင်သူမြတ် ငါတို့ကိုအမြဲ သင်ကြားဆုံးမသလို သူ့နယ်ကို ကိုယ် ရောက်ရင် သူ့ဆိုင်ရာပိုင်ရာကိုခွင့်တောင်းတာမျိုးတို့၊ မေတ္တာပို့အမျှဝေပေးတာမျိုး တို့၊ တော်တော်လေးကြမ်းတဲ့နေရာမျိုး ဆို သူတို့အတွက် ကိုယ်က သရဏဂုံ ဂုဏ်တော်ပုတီးစိပ်ပေးတာမျိုးတို့ မမေ့ ရဘူး။ သူတို့အတွက် အလုပ်လုပ်ပေး ရမယ်။ မေတ္တာကို နိုင်နိုင်ပို့ပေးရမယ်။ ရင်နဲ့အမျှ မေတ္တာပွားနေရမယ်။ အမျှ များများဝေပေးရမယ်။ ဒါမှလည်း မင်း ဘာလုပ်လုပ်အဆင်ပြေတော့မပေါ့"

"ဟုတ်ကဲ့ ဆရာဆန်း၊ ကျွန်တော် သူ့ဆိုင်ရာပိုင်ရာ နယ်တော်ရှင်တွေ ရွာတော်ရှင်တွေ၊ ကွင်းပိုင်တွေကို သတိ မထားခဲ့မိဘူး။ ဂရုမစိုက်သလိုဖြစ်သွား တယ်။ ကျွန်တော် တော်တော်မှားသွား ပါတယ်။ ခံခဲ့ရတာနည်းတောင်နည်း သေးတယ်။ မှတ်လည်းမှတ်သွားပါပြီ"

"အေး - မင်းအဲဒီကိုထပ်ရောက် ဦးမှာပါ"

"ဟုတ်တယ်၊ အစီအစဉ်ရှိတယ် ဆရာဆန်း"

"မေတ္တာသုတ်အမြဲရွတ်ဝင်လေကွယ် သွားသာသွား ဘာမှမဖြစ်ဘူး။ ဒါပေမယ့် ငါတွေ့နေတာတစ်ခုရှိတယ်။ မင်းဟာ ရှမ်းပြည်ဘက်ကို ခရီးထွက်ဖြစ်လိမ့်မယ် အဲဒီမှာဆရာကြီးတစ်ယောက်နဲ့တွေ့ပြီး မင်းအဖိုးမဖြတ်နိုင်တဲ့ပညာတစ်ခုရခဲ့လိမ့် မယ်"

"ဟာ - ဟုတ်ပြီ။ ရက္ခစိုးမော်ချင် ချင်တာနဲ့ အတော်ပဲ"

ဆရာဆန်း၏ အလွန်ထူးဆန်း သောဟောကိန်းကိုကြားရပြီး (၂) ရက် အကြာတွင် ကျွန်ုပ်၏ဦးလေးအရင်း အတူနေထိုင်ခဲ့ဖူးသော ဦးငွေဦးတင် ရောက်လာ၏။ ဟိုအကြောင်းပြော ဒီ အကြောင်းပြောပြောကြရင်း သူနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်ဘက်တွင်ခင်ခဲ့ဖူးသော ဆရာကြီးတစ်ဦးအကြောင်းပြောပါတော့သည်။ သူ၌ာန ဆိုင်ရာတာဝန်နှင့် ရှမ်းပြည်တွင် တာဝန်ထမ်းဆောင်စဉ်က သူတို့အား အစစအရာရာညွှန်ကြားခဲ့ရသည့်ပုဂ္ဂိုလ်ဟု ဆို၏။ ရှမ်းပြည်နယ်၏ လူကြီးတစ်ယောက်လည်းဖြစ်သည်ဟု ဆို၏။

သူသည် အာရုံပြုလိုက်ပါက အားလုံးကိုပြောပြနိုင်စွမ်းသည်ဟု ဆို၏။ စကားထိုင်ပြောနေရင်း လက်ထဲတွင် အားဦးချွန်လေးနှင့်ခဏထုလိုက်သည်နှင့် ဘုရားပုံတော်ဖြစ်သွားပြီး တစ်ဖက်သားကို အဆောင်ပေးလေ့ရှိသည်ဟု ဆို၏။ မသိနိုင်မမြင်နိုင်စွမ်းသောပညာရပ်ပေါင်းများစွာကို တတ်ကျွမ်းထားသော ပုဂ္ဂိုလ်ဖြစ်ရုံမက အလွန်ပုတီးစိပ်၊ အလွန်တရားထိုင်သောပုဂ္ဂိုလ်ဖြစ်ကြောင်းလည်းပြောပြ၏။ အကြောင်းမရှိလျှင် လုံးဝစကားမပြောဟု ဆို၏။

ကျွန်ုပ် တစ်ထိုင်တည်း စဉ်းစားလိုက်၏။

အင်း - ဆရာဆန်းဟောကိန်းကြောက်စရာကောင်းအောင်မှန်နေပါရောလား။ သူဟောစဉ်က ရှမ်းပြည်နှင့် ဗတ်သက်၍ ဘယ်အဆက်အသွယ်မှ မရှိခဲ့။ သူဟောပြီး (၂) ရက်အကြာတွင် ဦးလေးဦးတင်ဦးရောက်လာပြီး ရှမ်းပြည်ဘက်သွားဖို့ ဖြစ်ပေါ်လာခဲ့ရသည်။ ဆရာဆန်းဟောသလိုဆို ဦးလေးပြောသောဆရာကြီးနှင့်တွေ့ပြီး ရုက္ခစိုးမှော်ပညာရဖို့ သေချာသလောက်ရှိသွားပြီဟု ယုံကြည်စွာဖြင့် ဝမ်းသာနေတော့၏။

"လူလေး၊ အေးဆောင်နဲ့ဖြစ်ပါ့မလား"

"အမေရယ် ဖြစ်ပါတယ်။ တောင်ကြီးကမှ မိတ္ထီလာကိုပြန်ဝင်မယ်။ အထည်ဖိုးတွေပြန်သိမ်းမယ်"

"ခရီးတော်တော်ဝေးတယ်နော်၊ ရှမ်းပြည်က"

"ရပါတယ်အမေရယ်။ သားကိုယ်သားယုံပါတယ်။ သားလည်း ဘုရား၊ တရား၊ သံဃာ ဦးထိပ်ထားတဲ့သူပဲ။ အမေဗေဒင်လေးဘာလေးကြည့်ကြည့်ပါဦး။ အမေ့မြေးမဖြစ်လာမယ့်သူက ရှမ်းမလေးများလားလို့"

"အမယ် - ဒီကောင်လေး"

အမေ သူ့လက်ကလေးနှင့် ကျွန်ုပ်၏ခေါင်းကို ချစ်စနိုးခေါက်လိုက်ပြီး ရယ်နေ၏။ ကျွန်ုပ်ကလည်း အမေရယ်သွင် လိုက်ရယ်ပြီး အမေ့ခါးကိုဖက်ကာ အမေ့ပခုံးသားများကို အားရပါးရနမ်းတတ်၏။

"အေးဆောင်"

"ဗျို့"

"တို့ တောင်ကြီးသွားကြမယ်"

"ဟား - ကောင်းချက်"

"အေး - တောင်ကြီးမှာ နှစ်ရက်၊ သုံးရက်လည်ပြီးမှ မိတ္ထီလာသွားကြမယ်"

"ဟုတ်ချက်ဗျာ - ရက်စက်တယ်"

❑

တောင်ကြီး။

အိပ်မက်ပင် မမက်ခဲ့ဘူးသော နေရာ။

အလွန်လှပသောတောင်ပေါ်မြို့။

ရောက်ရပါပြီ။

ကျွန်ုပ်၏ စိတ်ထဲတွင် နိုင်ငံခြားများရောက်သွားသလားဟု ထင်မိ၏။ အလွန်ခိုက်ခိုက်တုန်အောင်ချမ်းလှပြီး ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီများနှင့် အလွန်မှ ခေတ်ဆန်စွာ လှလှပပဝတ်ကြသောမြို့ ဖြစ်၏။ မည်သည့်နေရာကြည့်လိုက်ကြည့်လိုက် အလွန်သပ်ရပ်သန့်ရှင်း၏။ ဘုရားစေတီပုထိုးများတွင်လည်း ကုသိုလ်ပြုကြသူများလှ၏။ ကျွန်ုပ်သဘောအကျဆုံးမှာ မနက်ပိုင်း ကုန်စိမ်းအသီးအနှံ သားငါးမျိုးစုံအောင်ရောင်းသောဈေးကွက်ကြီးသည် နေ့ခင်း(၂)နာရီခန့်ရောက်သည်နှင့် အမှိုက်များရှင်း၊ တံမြက်စည်းလှည်းကြပြီး ဒေါက်များ၊ ဗန်းများနှင့်ခင်းရောင်းသောအဝတ်အထည်လူသုံးကုန်ပစ္စည်းဈေးကြီးဖြစ်သွားခြင်းပင် ဖြစ်၏။ ဈေးတာဝန်ရှိသူများ၊ ဈေးသူဈေးသားများ မပျင်းမရိ မခိုမကတ်တက်ညီလက်ညီသန့်ရှင်းကြသောဈေးဖြစ်၍ အလွန်သဘောကျပြီး ရပ်ပင်ကြည့်နေမိ၏။

ခနုတိုင်းရင်းသားများ၏ နေအိမ်တွင် သူငယ်ချင်းနှစ်ယောက်တည်းခိုဖြစ်၏။ ရောက်ပြီးနောက်နေ့ မြစိမ်းတောင်သို့သွားဘုရားဖူးကြ၏။ စမုန်စပါးအရသာကဲ့သို့ရှိသော အပင်လေးများကို လက်နှင့်ဆိတ်၍မြုံပြီးစားကြည့်ကြ၏။ တရားထိုင်၊ ပုတီးစိပ်ရန်ချထားပေးသောအခင်းမှာ ဘာအခွေမှန်းတော့မသိ၊ ထိုင်လို့အလွန်ကောင်း၏။

မြစိမ်းတောင်တွင် အတော်ကြာအောင်နေပြီးမှ ဦးလေးဦးတင်ဦးနှင့်ခင်ခဲ့ဖူးသော ဘဘဦးကျော်အေးထံထွက်လာခဲ့ပါတော့သည်။

အောက်ပြည်တွင်မမြင်ဘူးသော ခရမ်းရောင်ပန်းအလှများဝေနေသည့်အပင်အောက်တွင် သဘောကျလွန်း၍ အတန်ကြာအောင်ထိုင်နေမိ၏။

ပြီးမှ လျှောက်ရင်းလျှောက်ရင်း အလွန်ဆိတ်ငြိမ်လှသော ရပ်ကွက်ကြီးတွင်နေထိုင်သည့် ဘဘဦးကျော်အေးထံရောက်လာပါတော့သည်။ ဘဘသည် ပြည်နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌဖြစ်၍ သူ့ထံဝင်ထွက်ဖို့မလွယ်မှန်းသိသိနှင့် အရဲစွန့်ကာသွားရခြင်း ဖြစ်ပါသည်။

ပြည်နယ်ကောင်စီဥက္ကဋ္ဌကြီးအိမ်ပြီးသည်နှင့် နောက်ထပ်အကြီးအကဲတစ်ဦး၏အိမ်။ ပြီးမှဘဘ၏အိမ်။ သုံးအိမ်မြောက်သည် ဘဘ၏အိမ်ဖြစ်၍ အံ့ရဲစွန့်ကာ ခြံဝရှေ့ရပ်လိုက်ပါသည်။

ခြံဝမှ လုံခြုံရေးများကို အကျိုးအကြောင်းပြောပြ မေတ္တာရပ်ခံနေစဉ်၊ သူတို့မေးသည်ကိုဖြေနေစဉ် ခြံထဲ အိမ်ရှေ့ဆီတွင် ဘဘကို လှမ်းမြင်လိုက်ပါသည်။ လုံခြုံရေးကို 'ဘယ်ကလဲဟေ့' ဟု လှမ်းမေးလိုက်ရာ လုံခြုံရေးက 'ရန်ကုန်ကပါ အဘ' ဟု ဆိုသည်နှင့် အကဲခတ်ကြည့်လိုက်ရင်း လှမ်းခေါ်လိုက်၏။ ကျွန်ုပ်မှာ ရင်တထိတ်ထိတ်နှင့်။

ရာထူးအရှိန်အဝါအလွန်ကြီးမားလှသော အကြီးအကဲတစ်ဦး၏အိမ်သို့ ရောက်ဖူးခြင်းမှာ ဘဝတွင် ပထမဆုံးဖြစ်၏။

ဘဘမေး၍ ပြန်ဖြေရလျှင် စကားလုံးများမမှားအောင်အတော်စဉ်းစားနေရ၏။ ဘဘကစကားပြောခွင့်ပေးလိုက်သည်နှင့် ဘဘနှင့် ဦးလေးဆုံခဲ့ဖူးပုံများအား ဦးလေးပြောပြခဲ့သည့်အတိုင်း ပြန်ပြောပြရ၏။ ဘဘသည် တစ်ချက်ပြုံးကြည့်လိုက်ပြီး အိမ်ထဲခေါ်သွားပါသည်။ ဦးလေးနေကောင်းလားဟု တစ်ခွန်းတလေမေးပြီးသည်နှင့် လာရင်းကိစ္စကိုမေးရာ -

"ဘဘဆီမှာ ရုက္ခစိုးမှော်ပညာရှိတယ်လို့ ဦးလေးကပြောလို့ပါ ဘဘ။ သား အဲဒီပညာကိုလိုချင်လွန်းလို့ ရန်ကုန်က တကူးတကလာခဲ့တာပါ။ ဘဘခိုင်းတဲ့အတိုင်းလုပ်ပါ့မယ်။ ဘဘခိုင်းချင်ရာခိုင်းပါ။ ဒီပညာနဲ့ ပတ်သက်လာရင် ခိုင်းတဲ့အတိုင်းလုပ်ပါ့မယ် ခင်ဗျာ"

အရပ်အနည်းငယ်ပုသော်လည်း အလွန်ဝင့်ထည်ခံ့ညားစွာထိုင်နေသော ဘဘသည် တစ်ချက်ပြုံးလိုက်ပြီး ကျွန်ုပ်ကိုလှမ်းကြည့်၏။ သူ့အကြည့်မှာ တစ်စုံတစ်ခုကိုသိနေသလိုဖြစ်နေ၏။

"မင်းတစ်ယောက်ထဲမဟုတ်ဘူး နောက်တစ်ယောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"အဲဒီကောင်နဲ့ မင်းနဲ့ ရန်ကုန်က လာခဲ့ပေမယ့် အဲဒီကောင်က အောက်ပြည်ကမဟုတ်ဘူး"

"ဟုတ်ကဲ့ - မိတ္ထီလာကပါ ဘဘ"

"ဒီကောင်လမ်းမှာနေခဲ့တယ်"

"ဟုတ်ကဲ့ - ဘဘဆီမလိုက်ရဲလို့ သစ်တောရပ်ကွက်ထိပ် နားမှာနေခဲ့ပါတယ်"

"မင်းပြောတာဟုတ်ပါတယ်။ မင်းတောင်ကြီးကိုလာတာ ဘဘအကြောင်းမှ မယ်မယ်ရရမရှိပါဘူး။ အဓိက ငါ့ဆီလာချင်လို့ပဲ၊ ဟုတ်တယ် ငါသိတယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"အေး - ကဲ - မင်းရှက္ခစိုးမှော် ဘာလိုလဲပြောစမ်း လိုသေးလား"

ကျွန်ုပ်မှာ သဘောကျလွန်း၍ ပါးစပ်မှာမစိတော့။ လူငယ်ဖြစ်၍ လေထဲက ဟိုဟာယူပြ ဒီဟာယူပြ ပြနိုင်သော ရှက္ခစိုးမှော်ပညာကိုတော့ လိုချင်ပါသေးသည်။ သို့သော် အရှိန်အဝါကြီးမားသော ဘဘရှေ့တွင် ရှိသေလေးစားမှုဖြင့် -

"ဟုတ်ကဲ့ ဘဘ၊ မလိုတော့ပါဘူး ခင်ဗျာ"

"အေး - အဲဒီလိုပြောနိုင်အောင် ငါပေးလိုက်မယ်၊ မင်းမှတ်သွား အဲဒါ သရဏဂုံ - ၃၀ ပဲ"

"ဗျာ"

"သရဏဂုံ - ၃၀"

"သရဏဂုံကို အခေါက်(၃၀)ရွတ်တာလား အဘ"

"သရဏဂုံ - ၃၀ ဆိုတာ ဇာတိပရိယန္တဗုဒ္ဓံသရဏံဂစ္ဆာမိက စတာကွာ။ အဲဒါကို မင်းပုတီးစိပ်ပေတော့။ (၅) ပတ်ပြည့်မှ နိဗ္ဗာနကာလပရိယန္တံသံဃံသရဏံဂစ္ဆာမိနဲ့ဆုံးတယ်။ (၁၀) ပတ်၊ အပတ် (၂၀)၊ (၃၀) ရသလိုစိပ်ကွာ။ မင်းလိုချင်တာတွေဖြစ်လာလိမ့်မယ်။

အကြားတွေအမြင်တွေရချင်ဇောနဲ့တော့မစိပ်နဲ့။ ရတနာမြတ် (၃) ပါးကို မင်းအသက်ရှည်သမျှကာလပတ်လုံး အမြဲတမ်း ကြည်ညိုပါတယ်၊ ကိုးကွယ်ဆည်းကပ်ပါတယ်၊ ဘယ်တော့မှမမေ့လျော့ပါဘူးဆိုတဲ့စိတ်နဲ့စိပ်ပေတော့။ ဘာကိုမှ မတောင့်တနဲ့။ တောင့်တရင် မရတတ်ဘူးမှတ်။ ကြည်ညိုစိတ်နဲ့စိပ်။ ဒီနေ့စိပ်လိုက်မယ် အပတ် (၂၀) လောက်။ နောက်နေ့ မစိပ်ဖြစ်ဘူး။ နောက်မှ ပေါင်းစိပ်မယ်ဆိုလို့မရဘူး။ လုပ်မယ်ဆို စွဲစွဲမြဲမြဲလုပ်၊ ဝီရိယရှိရှိနဲ့လုပ်၊ နေ့စဉ်မှန်မှန် စိပ်သွား"

ဘဘသည် သရဏဂုံ - ၃၀ ကို ပါဠိရွတ်ပြပြီး အဓိပ္ပာယ်တစ်ခုချင်းပြောပြ၏။ ရတနာ (၃) ပါးကို မမေ့ဖို့၊ ငါးပါးသီလမြဲဖို့၊ စိတ်ကောင်းကောင်းထားဖို့ကို တွင်တွင်ဆုံးမ၏။ မေတ္တာများများပွားဖို့ လမ်းညွှန်၏။

"အေး - ငါဟာ သရဏဂုံ - ၃၀ ကိုပဲ တစိုက်မတ်မတ်စိပ်လာခဲ့တာ သာမန်စာရေးလေးဘဝကနေ ဒီဘဝ ရောက်လာတာပဲ။ ငါတအားစိပ်နေတဲ့ အချိန်တွေများဆိုရင် ငါဟာ ကောင်းကင်ကို ဒူးနဲ့တက်တိုက်ရင်တောင် ရလောက်မယ်ဆိုတဲ့စိတ်တွေဖြစ်ရတယ်။တော်တော်လေးကို အရေးတကြီးကိစ္စလည်းရှိ၊ မိုးကလည်းတအားဖြစ်နေတဲ့အခါမျိုးဆို ကောင်းကင်ကိုတစ်ချက်မော့ကြည့်လိုက်ရင် ရွာတဲ့မိုးဟာ မြင်းဇက်ကြိုးဆွဲလိုက်သလိုပဲ တိတ်သွားတယ်"

"ဟာ"

"ဒါပေမယ့် မင်းသိထားဖို့က ငါက ဒါတွေဖြစ်လာအောင်စိပ်တာမဟုတ်ဘူး စိပ်ရင်းနဲ့ဖြစ်လာတာ။ ငါက ဘာကိုမှ စိတ်မဝင်စားဘူး။ ငါ ရတနာ (၃) ပါးကို ကြည်ညိုနေရရင်ကျေနပ်ပီတိဖြစ်နေတယ်။ ငါပုတီးနဲ့လက်မပြတ်ဘူး။ အမြဲတမ်း သတိတရားရှိတယ်။ တရားရှုတယ် ဒါပဲ။ သီလအမြဲဆောက်တည်တယ်။ သမာဓိဖြစ်အောင်နေတာယ်"

"ဟုတ်ကဲ့ အဘ၊ ဦးလေးကပြောဖူးတယ်။ ဘဘဟာ စကားတပြောပြောနဲ့ တစ်ထိုင်ထဲ လက်မအရွယ်ရုပ်ပွားတော်လေးတစ်ဆူထုပြီးသူ့ကိုပေးခဲ့ဖူးတယ်တဲ့"

"ဟုတ်လား၊ ငါတောင်မမှတ်မိတော့ဘူး"

"ဟုတ်ကဲ့ - ဘဘရဲ့သမာဓိစွမ်းအားတွေကို ဦးလေးက အင်မတန်မှ သဘောကျပြီး ပြောပြောပြတယ်။ ဒီပြင်စွမ်းအားတွေလည်းမနည်းဘူးဆိုတာပြောပြောပြတယ်။ ဘဘအကြောင်း သူပြောပြရင် ကျွန်တော်တို့ဆို ထမင်းမေ့ဟင်းမေ့နားထောင်ရတယ်။ ဘဘကြီးပြောရင် ဘယ်တော့မှမလွဲဘူးဆိုတာတွေပြောပြောပြတယ်။ ဒီပြင်ပညာရပ်တွေဆို ကျွန်တော် အရမ်းတတ်ချင်သင်ချင်လို့ အခု ဒီကိုရောက်အောင်ကို လာခဲ့တာပါ ဘဘ"

"အေးပေါ့လေ။ ဒီလိုတွေသိတယ်ဆိုတာကလည်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ရဲ့ ကျေးဇူးတွေပေါ့ကွယ်"

ပြုံးလိုက်လျှင်ရဲနေသောပါးစုန့်လေးများနှင့် ကော့တက်နေသောနှုတ်ခမ်း... နှင့် အလွန်ချောမောသောဘဘ ဖြစ်... သည်။ မျက်နှာမှာ ပြည့်ဖြိုးနေ... အလွန်မှ ဥပဓိရုပ်တည်ကြည်ခံ့ညား... ၏။

သြော် - အကြီးအကဲဖြစ်လာ... သူများမှာ အကြီးအကဲဖြစ်လောက်... ဥပဓိ၊ ကြည့်ပုံ၊ ပြောဟန်ဆိုဟန်အ... အထားများ၊ စကားလုံးတိုင်းအဓိပ္ပာယ်... ပုံများ ပြည့်နှက်နေပါလားဟု စိတ်ထဲ... တွေးနေမိ၏။ ဘဘမျက်နှာကိုကြ... လျှင် တစိမ့်စိမ့်ကြည့်ချင်နေ၏။ ဘ... စကားပြောလျှင် နားထောင်၍မဝ။ ... သည်ပင်လျှင် ဘဘ၏ မေတ္တာဓာ... ကြီးမားခြင်း ဖြစ်၏။မျက်လုံးမှာ အ... မည်သူနှင့်မျှမတူပါ။ သူငယ်အိမ်... မျက်သားအဖြူမှာ ခပ်ရဲရဲနှင့် သွေး... လေးများနီနေသလိုဖြစ်နေ၏။ စူးစို... ကြည့်လျှင် ငြိမ်သက်ပြီးမျက်တောင်... မခတ်။ ဘဘနှင့်ယှဉ်မကြည့်နိုင်... ကျွန်ုပ်မှာ အကြိမ်ကြိမ်မျက်တောင်... ပြီး ခေါင်းငုံ့ထားရ၏။ ခမ်းနားထည်ဝါ... သော ဘဘ၏ ဧည့်ခန်းတွင်ထိုင်... ဘဘမိသားစု တည်ခင်းဧည့်ခံသော... ကော်ဖီကိုသောက်လိုက်ရပါသည်။

ဘဘသည် စကားကိုလိုရင်းမျ... သာ့ပြောပြီး သရဏဂုံ-၃၀ကို နှုတ်တို... ခေါ်ပေး၏။ ကျွန်ုပ်ကလိုက်ရေးမှတ်... ဘဘက အဓိပ္ပာယ်ပါပြန်ပြ၏။ ပြီးသွ... သည်နှင့် အကြီးအကဲတစ်ဦး၏အ... လည်းဖြစ်၊ သီလ၊ သမာဓိ၊ ပညာအ... ကြီးလှသောပုဂ္ဂိုလ်လည်းဖြစ်၍ ကျွ... က အလိုက်သိစွာ ပြန်ရန်ပြင်ဆင်... ဘဘကို ရိုသေစွာ ထိုင်ကန်တော့လို... ပါသည်။ ကြာရှည်စွာအာလာပသလ္လာ... ပြောရန်မသင့်ပါ။ ပြည်နယ်၏အ... အကဲတစ်ဦးဖြစ်ရာ ကျွန်ုပ်က အလိုက်... စွာ ရိုကျိုးစွာ ပြန်ခွင့်တောင်း၍ ပြန်ထွ... လာလိုက်ပါတော့သည်။ ဘဘ... ဆုတောင်းမေတ္တာပို့သရင်း ထိုင်ကျန်... ခဲ့၏။

ဘာမှမဟုတ်သောသာမန်လူ... တစ်ဦးကိုအိမ်ထဲခေါ်ပြီး ဖော်ဖော်ရွေ... ဆက်ဆံစကားပြောရင်း ကျင့်စဉ်တ... ချီးမြှင့်ခဲ့သောဘဘကို ကျွန်ုပ်ရိုသေ... ၍ ခြံဝရောက်သည့်ထိ လက်အ... ခေါင်းငုံ့ရင်း ပြန်ထွက်လာလိုက်ပါ...

ကျွန်ုပ်သည် သရဏဂုံ ၃၀ ... စတင်ရရှိခဲ့သည့်နေ့မှစ၍ ကြည်ညို... ယုံကြည်လွန်းသောစိတ်ဖြင့် အရ... လေရာ (၁) နာရီမပြည့် ခေါင်း...



www.burmeseclassic.com

www.burmeseclassic.com

ပြေးရရှိသွားတော့၏။ နေ့စဉ်မပြတ် ကြာမြင့်စွာ ပုတီးစစိပ်ပါတော့သည်။ နာရီမှတ်မထားပါ။ နှုတ်မှတိုးတိုးရွတ်ဆိုရင်း စိပ်လေရာ တစ်ခါတစ်ခါ (၃) နာရီခန့် ကြာမြင့်သွား၏။ တိတ်ဆိတ်လွန်း၍ စိတ်ငြိမ်လွန်းလျှင် စိတ်နှင့်ရွတ်ဆိုစိပ်၏။ စိတ်နှင့်ရွတ်ရလျှင် အလွန်ကြာသော်လည်း အလွန်မှတည်ငြိမ်သောအရသာကို ခံစားရပါသည်။ သရဏဂုံ -၃၀ရွတ်ဆိုခါနီးတိုင်း ကျေးဇူးရှင် ဘဘဦးကျော်အေးကို ကန်တော့ပြီးမှစိပ်၏။

သရဏဂုံ - ၃၀ ၏ ထူးခြားမှုများမှာ မြန်ဆန်လွန်းလှပါသည်။ တစ်နေ့လျှင် (၃) နာရီဝန်းကျင် ကြာမြင့်စွာစိပ်လာသည့်ရက်များဆိုလျှင် ဘယ်ကဘယ်လို ကြားနေရမှန်းမသိသောအသံများ ကြားကြားနေရ၏။ မိန်းမ၊ ယောကျ်ား အသံရောထွေးနေ၏။ တစ်ခါတစ်ခါ ရယ်သံများကြားရ၏။

တစ်ခါတစ်ခါ ထိုင်နေရင်းနှင့် အနံ့ပေါင်းစုံရ၏။ အလွန်မွှေးကြိုင်သောရနံ့များမှာ နံနက် (၃) နာရီကျော်လျှင် ရတတ်၏။ မနက် (၃) နာရီထ ပုတီးစိပ်မည်ဟု အားခဲထားလျှင် မနက် (၃)နာရီထိုးသည်နှင့် ခြေထောက်ကအလိုလိုလှုပ်ပြီး နိုးသွားတတ်၏။ နာရီကြည့်လျှင် (၃) နာရီမလွဲ။

ပုတီးစိပ်နေစဉ် လူတစ်ယောက်ကို ထူးထူးခြားခြား မျက်လုံးထဲပေါ်လာလျှင်၊ မြင်လျှင် ထိုသူ နောက်နေ့ (သို့) မကြာခင်ရက်အတွင်း ရောက်ရောက်လာတတ်၏။ မမြင်ရသောပုဂ္ဂိုလ်များ၏ အသံများ အန်းကပ်ကြားရခြင်း၊ ဆုံးပြီးသွားသူများ ဖျတ်ခနဲ ဖျတ်ခနဲ မျက်လုံးထဲပေါ်ပေါ်လာခြင်းတို့ကြောင့် ကျွန်ုပ်မှာ သရဏဂုံ -၃၀ စိပ်နေသည့်ရက်များမှာ ငိုင်နေမိပါသည်။ ဘယ်သူနှင့်မှ စကားမပြောချင်သလိုကြီးဖြစ်နေ၏။ ဘယ်ကိုမှမကြည့်ချင်ဖြစ်နေ၏။ ဘုရားစင်ရှေ့မှာ အချိန်ပြည့်ထိုင်နေချင်စိတ်သာပေါက်နေ၏။

'ဒုတိယအကြိမ် အညာဒေသခရီး'။

"အေးဆောင်"

"ဗျို"

"ခုနေ ငါ့ကိုသွားပါဆိုရင်ငါမသွားတတ်ဘူး"

"ခင်ဗျားကလည်း 'အ' ချက်ဗျာ"

ရွာမှလူများသည် ကျွန်ုပ်ကို အလွန်ခင်ကြသည်ဖြစ်ရာ ရောက်လာပြီ ကြားသည်နှင့် ဝိုင်းအုံနေတော့၏။ စားစရာများယူလာကြ၏။

မကြီးအုံးကြည်တို့ခြံသည် အလွန်ကျယ်လေရာ မနက်မိုးမလင်းခင် ခြံကျယ်ကြီးထဲပတ်ပြေးရင်း ကရာတေးလေ့ကျင့်ရသည်မှာ ပျော်စရာကောင်းလှ၏။

မန်ကျည်းပင်ပေါက်လေးများရှိ၍ မန်ကျည်းရွက်သုပ် နေ့တိုင်းစားဖြစ်၏။ နေ့ခင်းရောက်လျှင် မကြီးအုံးကြည်အိမ်မှ ဝါးပက်လက်ကုလားထိုင်ခနော်ခနဲ့လေးတွင်ထိုင်ပြီး စာဖတ်လေ့ရှိပါသည်။ တွေ့သမျှစာအကုန်ဖတ်၏။

စာဖတ်တိုင်း စာဖတ်တိုင်း ကျွန်ုပ်ခေါင်းပြုရာ နောက်ဘက်နားဆီမှ တရှုးရှူးနှာမှုတ်သံကြီးကို အတိုင်းသားကြားနေရ၏။ ဘာမှန်းတော့မသိ။

တစ်ရက် -

နှစ်ရက် -

သုံးရက်မြောက်နေ့ -

"ဒုန်း"

ခွေးဟောင်သံ ဆက်တိုက်ကြားနေရာက ဒုန်းခနဲအသံကြောင့် စာဖတ်နေရင်း ခေါင်းထောင်ပြီး နောက်လှည့်ကြည့်မိ၏။ ဝိုင်းဘေးကပ်ရက်တွင်နေထိုင်သော ကျောင်းဆရာဦးအောင်သန်း၏ သားလေးသုံးယောက်သည် တစ်စုံတစ်ရာကို ဝိုင်းကြည့်နေ၍ ပြေးသွားလိုက်၏။

တွဲဖက်အထကကျောင်းသစ်သားနံရံတွင် မှိန်းတန်လန်းနှင့် ပါးပျဉ်းကြီးဘယ်ညာယမ်းနေသော မြွေဟောက်ကြီးဖြစ်၏။ ခါးလယ်မှစ၍ မြွေပွေးကွက်ဖြစ်ပြီး ပါးပျဉ်းမှာ တစ်ထွာကျော်လောက်၏။ အလုံးမှာ လက်ကောက်ဝတ်ထက်ပင်ကြီးလှပြီး မှိန်းကိုပြန်ပတ်လိမ်ထား၏။ ပါးပျဉ်းနားကပ်ရက်လည်ပင်းကို ထုတ်ချင်းဖောက်ပြီး မှိန်းကထရံမှာ စိုက်ဝင်နေ၏။

"အစ်ကို အနားမကပ်နဲ့ အစပ်ကြီးမာန်ဖီတုန်း"

"အေးအေး - ဟာ - အကြီးကြီးပဲ၊ အမလေး"

အနားမကပ်ရဲပါ။ တရှူးရှူးနှင့် ပါးပျဉ်းက ဟောင်လှည့်မြောက်လှည့် လှည့်ကြည့်နေ၏။ ခပ်လှမ်းလှမ်းမှကြည့်နေရင်းမှ (၅) မိနစ်ကျော်သာသာလောက်တွင် ခေါင်းငိုက်စိုက်ကျသွားတော့၏။ အရှည်မှာ ပြောစမှတ်ဖြစ်လောက်အောင် သိပ်မရှည်လှပါ။ လုံးပတ်သာကြီး၏။

"ဒီကောင်ကြီး အစ်ကို့တည့်တည့်ကိုလာနေတာ။ သူ့လမ်းကြောင်းကဒီမှာ"

အကြီးကောင်လေးက လက်ထဲမှ မှိန်းတံနှင့် မြွေကြီးသွားထားသောလမ်းကြောင်းကို လှမ်းပြနေ၏။ ညီအစ်ကိုနှစ်ယောက်မှိန်းတစ်ယောက်တစ်ချောင်းနှင့်။ အငယ်လေးက မှိန်းမနိုင်သေးသောအရွယ်။

"ဟာ - ငါနဲ့သိပ်တောင်မဝေးတော့ပါလား"

"နောက် (၃) မိနစ်တောင်မကြာဘူး။ အစ်ကို့ဆီရောက်ပြီ။ ကံကောင်းလို့နော် အစ်ကို"

"အေးကွာ ညီလေးတို့ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိတော့ဘူး။ အစ်ကို့အသက်ကို မင်းတို့ကယ်လိုက်တာပဲ တကယ်ပါ။ ထိလိုက်ရင်တော့လား။ အင်း - ငါ့အမေဆီ ငါပြန်မရောက်နိုင်တော့ဘူးဖြစ်သွားမယ်"

"ဟာ - ဆေးမမီဘူး။ ဒီကောင်မျိုးတွေထိလိုက်ရင် နွားတွေ၊ ကျွဲတွေတောင် ဗိုးခနဲပဲ။ ကြည့်လေ အစပ်ကြီး။ ဗိုက်ကညိုမှောင်နေတာပဲ။ အဆိပ်ဘယ်လောက်ပြင်းလိုက်မလဲလို့။ ဒီကျောင်းထောင့်ချိုးရောက်ရင် ဝိုင်းစပ်ပဲ။ ဝိုင်းစပ်ရောက်ရင် အစ်ကို့ဝါးကုလားထိုင်နဲ့ကပ်နေပြီ"

"အမလေး-ကြက်သီးတဖြန်းဖြန်းပဲ"

ညီအစ်ကို (၃) ယောက်သည် ထိုမြွေအသေကြီးကိုကလော်၍ ကျောင်းအိမ်သာကျင်းထဲပစ်ချထားလိုက်ကြ၏။ သွေ့လည်ပင်းမှကျသောသွေးကွက်များကို ခွေးဖြူလေးတစ်ကောင်လာနမ်းကြည့်ပြီး ငယ်သံပါအောင်အော်ရင်း နောက်ပြန်ခုန်ဆုတ်သွားရာ ကျွမ်းထိုးမှောက်ခုံပင်လဲ၏။ နောက်နေ့ ထိုခွေးလေးသေသွားပါတော့သည်။

"မောင်ဘု"

"ဗျို"

"မင်းတို့ဝိုင်းစပ်က ကန္တာရဆူးချုံပုတ်ကြီး ငါရှင်းချင်တယ်ကွာ၊ မင်းအမေပြောလိုက်။ ငါစာထိုင်ဖတ်ရင် အဲဒီထဲကနှာမှုတ်သံကြားတယ် တရှူးရှူးနဲ့။ မနေ့ကလည်းကြည့်စမ်း ကံကောင်းလို့။ ဒီချုံပုတ်ကြီး ငါကြောက်လာပြီ"

"ခင်ဗျားရှင်းချင်ရှင်း၊ ကျုပ်လည်း ဝိုင်းရှင်းပေးမယ်လေ။ အမေကလည်း ရှင်းခိုင်းနေတာ ဟိုးတွေ့ရင်ထဲက"

"အေး-တူးရွှင်းပြားရှိလား မနိုး ခဏသွားငှားကွာ။ မင်းအမေထင်ရှိတုံ့ မားမတိုကြီးသွားယူချေ"

www.burmeseclassic.com

ချုံများကို အလွန်တိုးသေးသေးမ တိုနှင့် နှစ်ယောက်သား သတိကြီးစွာ ထားရင်းခုတ်နေစဉ် အေးဆောင်ရောက် လာပြီးဝိုင်းရှင်း၏။ အတော်သတိထား ရပါသည်။ ကန္တာရဆူးကို ထိုနယ်မှ လူများပင် ကြောက်ကြ၏။ အလွန်ဆူး ဆိပ်ပြင်း၏။

ချုံကြီးတစ်ဝက်လောက်ရှင်းသွား သောအခါ ကန္တာရဆူးချုံကိုင်းတစ်ခုတွင် ထူးဆန်းသောအရာတစ်ခုကိုသွားတွေ့ ပါတော့သည်။ ၎င်းအရာကြီးကို ခွေးတွေ က လှမ်းဟောင်၏။ ပထမ အပင်ကြား မှောင်ထဲဖြစ်နေ၍ ဘာကြီးမှန်း သဲသဲ ကွဲကွဲမသိသော်လည်း သူ့ရှေ့မှအကိုင်း နှစ်ကိုင်းလောက်ခုတ်လိုက်သောအခါ ထိုအရာမှာ အိမ်တွင်းအုန်းမှာ ချည်ရ သော လျှပ်ပန်းနွယ်ဖြူ နီစနှစ်ခုကို မြွေသဏ္ဌာန်လိမ်ကျစ်၍ ပါးပျဉ်းပုံစံလုပ် ထားပြီး ပါးပျဉ်းကို ကျွန်ုပ်စာဖတ်နေကျ ဘက်သို့ လှည့်ထောင်ထား၏။ အဝတ်စ များမှာ မင်ဆွေးသေးပါ။ ဖြူ နီစနှစ်မျိုးကို နှစ်ခုဆက်ပြီးထားသောကြောင့် သဏ္ဌာန် မှာ အတော်ရှည်၏။

"ဟာ - မြွေလိုပါပဲလား"

"အေးဆောင်နေ၊ မောင်ဘုဖယ်။ ငါ့ကိုအဲဒီဝါးလုံးပေးစမ်း၊ ငါယူပြီးသွားပစ် မယ်။ မင်းတို့နောက်ကသာလိုက်"

ကျွန်ုပ်၊ အေးဆောင်၊ မောင်ဘု အပြင် နီးရာဝိုင်းမှကလေးများပါ လိုက် လာကြ၍ ရွာလမ်းမှာ စည်ကားနေ၏။ ဝါးလုံးနှင့် ၎င်းအစကြီးကိုမ,သွားရင်း သဲချောင်းရှိရာသို့အရောက် လွှင့်ပစ် လိုက်ရာ ကျပုံမှာ အဝတ်စကျပုံမျိုး မဟုတ်။ မြွေတစ်ကောင်လေထဲဝဲပျံသလို ဝဲပျံပြီးကျသွား၏။ ကျွန်ုပ်လည်း လှည့် မကြည့်ရဲတော့။

"အေးဆောင်ရေ၊ ငါတော့ ကြက်သီးတဖြန်းဖြန်းပဲ"

"ခင်ဗျားကလည်းဗျာ ကံကလွတ် ကောင်းနေတော့ သက်ရှိမြွေရော သက်မဲ့မြွေရော တွေ့တော့တာပေါ့။ ကြက်သီးထချက်ဗျာ"

"အေးလေ - ငါလည်းလန့်ရော"

"ခင်ဗျား ပုတီးစိပ်နေတာ ဗွေရင် တုန်းကလိုမဟုတ်ဘူး၊ ပွစိပွစိနဲ့လွှတ်ကြာ တယ်။ ခုနောက်နားမှာတောက်လျှောက် ပဲ။ အဲသာကြောင့် ခင်ဗျားကံလွှတ်ကောင်း နေတာ။ ဗွေဆော်ဦးတုန်းက ဒီမျိုးတွေ ကျုပ်သိပ်မတွေ့ဖူးဘူး"

"အေး"

"ဝိုင်းကြီးတွေကလည်းကျယ်၊ မကြီး ဝိုင်းဆို ခင်ဗျားအမြင်ပဲ ရှင်းနေတာပဲ။ ကန္တာရဆူးချုံနည်းနည်းရှိတာကို အထဲ ရောက်နေတယ်။ လုပ်ချက်ဗျာ ရက်စက် တယ်။ လူတောင်နေဆိုးချင်လာတယ်"

"အေးဆောင်ရာ၊ ဘာမှမဖြစ်ပါ ဘူး။ ငါအမြဲတမ်းပုတီးစိပ်၊ မေတ္တာပို့နေ တာပဲဟာ။ မင်းတို့လည်းမဖြစ်စေရဘူး စိတ်ချပါ။ ငါ ဟိုတစ်ခါလိုဖြစ်မှာကို မင်း စိတ်ပူနေပုံရတယ်။ မဖြစ်ဘူး စိတ်ချ။ ဒီ တစ်ခေါက်တော့ ငါအကုန်လုံးကိုမေတ္တာ ပို့၊ အမျှဝေ၊ တောင်းပန်ပြီးမှလာတာကွ။ အဲဒီတုန်းကလည်း မရောက်ဘူးတဲ့ မင်း တို့ဒေသလေးမှာ နှစ်ရက်၊ သုံးရက်လေး ပျော်ပြီး ညဘက်မအိပ်ချင်လို့ ထိုင်ထိုင် နေခဲ့တာလည်းပါတယ်။ အိပ်ရေးတွေ တအားပျက်သွားလို့ ခေါင်းမူးသွားတာ ကွ"

"ခင်ဗျားအဲဂလိုဖြစ်သွားတုန်းက မင်းကြီးအေးကြည်ဆို ပျာနေတာပဲ။ တောင်လုပ်မြောက်လုပ်နဲ့ ပူချက်က တော့"

"အေးပါကွာ၊ မင်းတို့ရွာသူရွာသား တွေ ငါ့ကိုအဲဒီလိုတအားခင်ကြတာသိ လေ ငါဒီရွာလေးမှာပျော်လေပဲ။ ငါ့အမေ ကိုလည်း ငါပြောပြတာ မင်းအကြားပဲ"

မည်သူ့ကိုမျှ ပြောမပြဖြစ်ခဲ့ပါ။

သို့သော် -

သရက္ကဂုံ-၃၀တန်ခိုးကို ကြက်သီး တဖြန်းဖြန်းနှင့်ကြုံခဲ့ပြီးသည့်နောက်ပိုင်း ကျွန်ုပ်ကိုကယ်လိုက်သောပုတီးစိပ်အဖြစ် ကျွန်ုပ်အချိန်ရှိသရွေ့ စိပ်လေတော့၏။ ထမင်းစားချိန်၊ စကားပြောချိန်သာနားပြီး အားလျှင်အားသလို ပုတီးကိုင်၍ တတွတ်တွတ်ရွတ်ရင်းစိပ်၏။ မကြီး အုံးကြည်က ခပ်လှမ်းလှမ်းမှ လှမ်းလှမ်း ကြည့်တတ်ပြီး ပြုံး၍ခေါင်းညိတ်ညိတ်ပြ တတ်၏။ ကောင်းတယ် မောင်လေး၊ ဆက်စိပ် စိပ်သာစိပ် ဟူသောသဘောမျိုး ဆောင်၏။

တမာပင်နှင့် မန်ကျည်းပင်ပေါ သောဒေသဖြစ်၏။ မန်ကျည်းရွက်သုပ် နေ့စဉ် ဆီရွှဲရွှဲနှင့်စားရ၏။ တမာပင်များ ကိုဖြတ်တိုက်လေ့ရှိသောလေများကိုရှုကြ ရသောကြောင့်လားမသိ တမာကုန်း ရွာသူရွာသားများ အလွန်ကျန်းမာကြပါ သည်။ ဖျားခြင်းနာခြင်းသိပ်မတွေ့ရ။ သွက်လက်နေကြ၏။

စကားပြောလျှင် အလွန်ချစ်စရာ ကောင်း၏။ အားရပါးရ တုတ်ထိုးအိုး ပေါက်ပြော၏။ ပွင့်ပွင့်လင်းလင်းပြော ၏။ ကောက်ကျစ်ခြင်းမျိုးမတွေ့ရ။ မကြိုက်လျှင် မကြိုက်ကြောင်း ချက်ချင်း ပြောတတ်၏။ ဟန်မဆောင်တတ်။ ကျွေးစရာရှိလျှင် အကုန်ချကျွေး၏။ ဧည့်သည်ကို ဧည့်ဝတ်ပြုနေရလျှင်ပင် သူတို့ပြုံးပျော်နေကြ၏။ အပေးအယူ စိတ်ဓာတ်မျိုးမတွေ့ရ။ သူတို့က ဘယ်လို ကျွေးလို့ အကျီတစ်ထည်လောက် လက်ဆောင်ပြန်ပေးပါဟူသည့်မျိုး လုံးဝ မရှိ။ ရောင်းသောအကျီများကို တန်ရာ တန်ကြေးပေးဝယ်၏။ အခွင့်အရေးမယူ တတ်ကြ။ ဤသို့ ပွင့်လင်းရိုးသားလွန်းသူ များကို တွေ့ရသည့်အခါ ကျွန်ုပ်မှာ သူတို့ကို လေးစား၍မဆုံးတော့၊ ခင်၍ မဆုံးတော့။

တစ်ဦးအိမ်မှာ . လိုအပ်သော အသီးအနှံရှိလျှင် တစ်ဦးက လာပေး တတ်ကြ၏။ တစ်အိမ်နှင့်တစ်အိမ် ဆွေမျိုးများလား အောက်မေ့ရအောင် ခင်ခင်မင်မင် ကူးလူးယှက်သွယ်နေထိုင် တတ်ကြ၏။ အလွန်ကြည်နူးစရာ ကောင်းလှသောဓလေ့ပါပေ။

ရင်းနှီးနှီး၊ မရင်းနှီးနှီး လူတွေ့လျှင် ရေနွေးကြမ်းသောက်ခေါ်၏။ လက်ဖက် ရည်သောက်ဦး၊ ရေနွေးသောက်ဦးဟု ခေါ်တတ်ကြ၏။ မရှိရှိတာနှင့်ဧည့်ခံ၏။ နာမည်အခေါ် လေးများမှာလည်း ချစ်စရာ ကောင်း၏။ ကျွန်ုပ်ကိုခင်၍ သွားလေရာ လျှောက်လိုက်ကြသူများထဲတွင် ဂွတို့၊ မကြွက်၊ ဂေါက်တေးတို့ပါ၏။ ဂေါက်တေး က အေးဆောင်တူမ ဖြစ်၏။

အလွန်အလုပ်လုပ်ကြသော တမာ ကုန်းဖြစ်၏။

မနက်မိုးမလင်းခင်ပင် လုပ်ငန်းခွင် ဝင်၍သွားကြ၏။ မိုးမလင်းတလင်းတ တည်းကပင် ရက်ကန်းခတ်သံလေးများ ဟိုတစ်နေရာဒီတစ်နေရာကြားနေရ၏။ ကျန်သောအသံများ ဘာမှမရှိ၍ အလွန် ဆိတ်ငြိမ် ငြိမ်းချမ်းလှသောရွာလေး ဖြစ် ၏။

ရေတော့ရှား၏။ နွားလှည်းဖြင့် တွင် ရေစည်တင်၍ရေခပ်ကြ၏။ အမိုး သမီးငယ်များကရွက်၏။ ထမ်းသူလည်း ရှိ၏။ ရွာထိပ်တွင် ရေတွင်းများရှိ၏။ သောက်ရေတွင်းကသတ်သတ်၊ ချိုးရေ တွင်းကသတ်သတ်သုံးကြ၏။ စည်းကမ်း ရှိကြပါပေသည်။

ကျွန်ုပ်သည် -

အေးဆောင်နှင့် ဘုကြီးကိုခေါ် ၍ လေဘာတီမမြရင်တို့ရွာဖြစ်သော ရွှေဖလားကန်ရွာ(ရွှေပန်းကန်)သို့လည်း သွားလည်၏။ သွားသည့်နေ့က လှည်း



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# နားထဲ ပိုးကောင်ဝင်ခဲ့ပါက

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ လူမှန်သမျှ ဆေးရွက်ကြီးကို အသိများပါတယ်။ ဘာလို့လဲဆိုတော့ ဆေးရွက်ကြီးကို တောင်ပေါ်မှာနေတဲ့လူတွေရော မြေပြန့်မှာနေတဲ့လူတွေကပါ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်သုံးခြင်း၊ ဆေးငုံခြင်းတို့ကြောင့် ရင်းနှီးကာ သိကျွမ်းနေခြင်းဖြစ်ကြပါတယ်။

ဆေးရွက်ကြီးကိုသုံးတယ်ဆိုကြရာမှာ ဆေးရွက်ကြီးမှာပါတဲ့၊ မူးယစ်စေတဲ့ နီကိုတင်းဓာတ်ကို စွဲလမ်းနှစ်ခြိုက်မက်မောနေကြလို့သာ သုံးစွဲနေကြခြင်း ဖြစ်ပါတယ်။ ဆေးရွက်ကြီးဟာ မူးယစ်ဆေးအသေးစားပါပဲ။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်းကြောင့်ဖြစ်ပေါ်နိုင်တဲ့ သွားနဲ့ပတ်သက်တဲ့ရောဂါတွေ လျှာကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အရိုးကင်ဆာ စတဲ့များပြားလှတဲ့ ကင်ဆာရောဂါများအပြင် ဆီးနဲ့ပတ်သက်ရင်လည်း ဆီးကျိတ်ကင်ဆာ၊ ဆီးလမ်းကြောင်းကျောက်တည်၊ ကျောက်ကပ်ကျောက်တည်ခြင်းဆိုတဲ့ ဝေဒနာတွေလည်းဖြစ်နိုင်ပါတယ်။

ဒီလိုဖြစ်တဲ့ဝေဒနာသည်တွေကို ကြည့်ရင် အများအားဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးကြီးငုံခြင်းတို့ကြောင့် ဖြစ်ကြရသူတွေများတာကို တွေ့ရမှာဖြစ်ပါတယ်။

ကျေးလက်နဲ့ မြို့ပြလေးတွေ၊ ရပ်ကွက်တွေကိုလေ့လာရင် အများဆုံးတွေ့ရမှာက ကွမ်းယာဆိုင်များပဲဖြစ်ပါတယ်။ ကွမ်းယာဆိုင်တွေမှာ ဆေးလိပ်၊ စီးကရက်တွေပါ ပူးတွဲရောင်းချလေ့ရှိတယ်။

ကွမ်းယာဆိုင်ဖွင့်တယ်ဆိုရာမှာ အချက်နှစ်ချက်ရှိတယ်။ အဲဒါက အရင်းနည်းပြီး အမြတ်များတာရယ်၊ ကွမ်းနဲ့ဆေးလိပ်စားသုံးသူများတာရယ်ကြောင့်ဖြစ်ပါတယ်။ ဆိုင်တစ်ဆိုင်ရပ်တည်နိုင်တယ်ဆိုတာ အားပေးတဲ့ဝယ်ယူသူရှိမှ ရပ်တည်နိုင်တာပါ။ ရွာနဲ့ရပ်နဲ့မမျှမိုလိုပေါတဲ့ကွမ်းယာဆိုင်တွေ ရပ်တည်နိုင်တယ်ဆိုကတည်းက စားသုံးသူမည်မျှများတယ်ဆိုတာ ပြောစရာမလိုတဲ့ပြယုဂ်တစ်ခုဖြစ်ပါတယ်။

ဆေးရွက်ကြီးကို အခြေခံပြုပြင်စီမံထားတဲ့ ဆေးမျိုးစုံတွေကလည်း ကွမ်းစားသူတွေကို စပါးကြီးညို့သလိုအညို့ခံထားကြရပါတယ်။ ကွမ်းစားသူတွေဟာ နှပ်ဆေး၊ ဆေးပေါင်း၊ နိုင်တီတူး စတဲ့ ပြည်ပကလာတဲ့ဆေးတွေကို တမက်တမောစားသုံးနေကြတာပါ။ ဆေးတွေနာမည်များလွန်းတာကြောင့် အစုံအစေ့တောင်သိကြမှာမဟုတ်ပါဘူး။

ကွမ်းစားရာမှာ ကွမ်း၊ ကွမ်းသီး၊ ထုံး ဒီ (၃) မျိုးကိုသာ စားကြမယ်ဆိုရင်တော့ ကင်ဆာရောဂါအဖြစ်နည်းနိုင်ပါတယ်။ ဒါတောင်မှ ကွမ်းသီးဆိုတာ မူးစေတဲ့အဆိပ်တစ်မျိုးပါ။ ထုံးကလည်း ကျောက်တည်စေနိုင်တယ်။ အန္တရာယ်ကတော့မကင်းပါဘူး။ တကယ်တော့ ကွမ်းစားခြင်းဟာ ဆေးရွက်ကြီးကိုငုံခြင်းကြောင့် ဖြစ်ရတာပါ။ ဆေးရွက်ကြီးမပါဘဲ ဘယ်သူမှစားနိုင်မှာမဟုတ်ပါဘူး။ စရိတ်စကအကျဉ်းဆုံးနဲ့ ဆေးရွက်ကြီးအရသာခံသူတွေကတော့ ဆေးငုံကြသူတွေပါပဲ။ သူတို့အနေနဲ့ ဆေးရွက်ပါရင် ပြည့်စုံတယ်။

ဆေးငုံသူတွေကို ဘာအရသာရှိလဲလို့ မေးကြည့်ဖူးတယ်။ ချိုတယ်လို့ ပြောကြပါတယ်။ သူတို့ဟာ ငုံစကတစ်ကြိမ်၊ နှစ်ကြိမ်လောက်သာထွေးပြီး နောက်ထွက်လာတဲ့အရည်ကို မျိုချကြတာပါ။ အများအားဖြင့် တောင်ပေါ်တိုင်းရင်းသားတွေ ငုံကြလေ့ရှိတယ်။ အချို့ တောင်ပေါ်အိမ်တွေမှာ ဗာဂျီးနီးယားလို့ခေါ်တဲ့ စီးကရက်လိပ်တဲ့ ဆေးရွက်ပင်တွေစိုက်ထားပြီး အဲဒီဗာဂျီးနီးယားဆေးရွက်ပဲငုံကြတယ်။ သူက ဆေးရွက်ကြီးငုံတာထက် စရိတ်ကျဉ်းတယ်။ တစ်ပြားမှကို မကုန်တော့တာ။ သို့သော်လည်း ဆေးရွက်ကြီးစိုက်တာတော့ တစ်ခါမှမတွေ့ဖူးပါဘူး။ ဗာဂျီးနီးယားပဲ စိုက်ကြလေ့ရှိတယ်။

ဆေးရွက်ဆိုရာမှာ စီးကရက်လိပ်တဲ့ ဗာဂျီးနီးယားဆေးရွက်ပင်ရှိတယ်။ ဆေးပေါ့လိပ်လိပ်တဲ့ဆေးရွက်ကြီးပင်ရှိ

---

ထမ်းကြောင်းဘေးရှိ မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် ထမင်း၊ ဟင်းနှီးများ၊ မုန့်များ ဖက်ခွက်တစ်ခုနှင့်ထည့်၍ မားတစ်ချောင်း သစ်ပင်ကို မှီထောင်ထားသည်ကို တွေ့လိုက်၏။ သွားနင်းတွေ့၍ စိတ်ဝင်စားသော်လည်း ပ်စုံခဲ့ပါ။ အကြံအစည်တစ်ခုခုကြောင့် သည်ကိုတော့ သိ၏။

လျှော်ပင်၊ ဇဂျန်းကုန်း၊ ဂုံကွေ့၊ တန်း၊ ဆည်ရွာ စသည့် ရွာများဆီချင်လျှောက်လည်ကြည့်၏။ သဘာဝများကို သဘောကျလွန်း၍ တမင်ချင်သွားခြင်း ဖြစ်ပါသည်။ လေကောင်းလေသန့်အလွန်ရ၏။

ရွာတိုင်းလိုလိုရှိ ရွာသူရွာသားများမှာ အလွန်မှ ဖော်ရွေကြ၊ ပွင့်လင်းကြ၊ ဧည့်ခံကြ၏။ အေးဆောင်ဆိုလျှင် ထိုရွာများထဲဝင်ပြီဆိုသည်နှင့် ဘယ်သူရေ ဘယ်ဝါရေဟု အော်အော်ပြီးနှုတ်ဆက်၏။ သူမသိသူမရှိသလောက်ပင်။

"အေးဆောင်၊ ဟိုးရွာတစ်ရွာနဲ့ တစ်ရွာကြား ကွင်းကြီးတွေကိုဖြတ်တော့ မန်ကျည်းပင်ကြီးတစ်ပင်အောက်မှာ"

"ဪ - ဓားထောင်ထားတာလား"

"အေးအေး - ဟုတ်တယ်၊ ငါခုမှ မေးတာပါ"

"အဲဒါ သူတို့တစ်နေရာကိုသွားပြီး တစ်ခုခုအကြံအစည်လုပ်ဖို့ဗျ။ ကျုပ်လည်း အဲဂလောက်ပဲပြောချင်တယ်"

"ဪ - ငါသဘောပေါက်ပြီ"

ထူးထူးဆန်းဆန်းဖြစ်၍ သတိထားမိလိုက်သည်မှာ အငါ်အခါဖြစ်နေပါသည်။ စနေနဝင်းကြီးနှင့်ဖြစ်၏။ ထိုအကြောင်းကို ဆက်မပြောဖြစ်တော့ပါ။

(ဆက်ရန်)

ဆရာဦးမောင်မောင်နုန်း

(ရင်ကိုအေးမြသောသား)



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆေးရွက်ကြီးဟာ အင်ဖက်လောက် ကြီးတယ်။ *တကျိုးနီးယားက* ရွက်ချွန်း ဖြစ်ပြီးသေးတယ်။ အပင်မြင့်တယ်။ သူ့အရွက်တွေခူးပြီး သီတံနဲ့သီကာ ဆေးပေါင်းရုံမှာပေါင်းရတယ်။ ဆေးရွက်တွေကို ဧရာဝတီမြစ်ရိုးတစ်လျှောက် မြစ်ရေကျချိန်မှာ မြင်းခြံ၊ ပခုက္ကူ စတဲ့ဝန်းကျင်တွေမှာ စိုက်ပျိုးထုတ်လုပ်ကြတယ်။ ဆေးရွက်တွေကို အမှိုပြုပြီး စီးပွားရှာသူတွေဆိုတာ အများအပြားပါ။

ဒီတော့ကာ ဆေးရွက်တွေဟာ လူ့ခန္ဓာကိုယ်ကို ဘာတွေများကောင်းကျိုးပြုသလဲလို့မေးရင် ဖြေရမှာခက်လှပါတယ်။ စကားနိုင်လုပြီး အပိန်းပြောပြောရင်တော့ ရနိုင်တာပေါ့လေ။ သို့သော်လည်း ဆေးရွက်ကြီးကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ဘာကောင်းကျိုးမှရမယ်မထင်ပါဘူး။ ဒါပေမယ့်လည်း အသုံးကျတာတွေတော့ရှိတယ်။ အဲဒါကို ပြောပြချင်တာပါ။

ကျွန်တော် မိုင်းရှူးမှာ ဖက်စပ်မန်နေဂျာတာဝန်ထမ်းဆောင်နေချိန်မှာ တွင်းသားတွေရဲ့ကျန်းမာရေးကို ဆေးမှူးမနိုင်တဲ့ရောဂါဆိုရင် ကျွန်တော်ကကုပေးတယ်။ တွင်းသားတစ်ဦးဟာ အရေပြားမှာဝဲတွေစွဲနေတယ်။ တစ်ကိုယ်လုံးပါပဲ။ ဆေးမှူးရဲ့ လိမ်းဆေး၊ စားဆေးတွေလက်လျှော့ပါပြီ။ ဒါနဲ့ ကျွန်တော့်ကိုလာတင်ပြတယ်။ ကျွန်တော်လည်း ဆေးရွက်ကြီးကိုပြုတ်ချိုးပါလို့ပြောလိုက်တယ်။ အဲဒီမောင်လည်း သူများတွေမထမီ မနက်စောစောမှာ လေးထောင့်ပုံးနဲ့ စားဖိုဆောင်မှာ ဆေးရွက်ကြီးတွေပြုတ်ပြီးချိုးပါတယ်။ သိပ်မကြာလိုက်ပါဘူး။ တစ်ကိုယ်လုံး ဒုက္ခပေးနေတဲ့ ဝဲခြောက်တွေပျောက်ကင်းသွားခဲ့တယ်။ ဆေးရွက်ကြီးအဆိပ်က ဝဲပိုးလောက်တော့အပျော့ပါ။ နှင်းခူလိုဟာမျိုးတော့ မရလောက်ဘူးထင်ပါရဲ့။

မှတ်မှတ်ရရ ကျွန်တော် မိုးကုတ်ကျောက်ဖျာမှာနေစဉ်က ဆေးရွက်ကြီးအသုံးဝင်ပုံကို ကြုံဖူးတယ်။ ကိုဘစိုး မတင်ကြည်တို့ရဲ့သမီး ငယ်ငယ်စိုးဟာ အရွယ်ငယ်ပါသေးတယ်။ ပြေးတတ်လွှားတတ်၊ ဆော့ကစားတဏ်တဲ့အရွယ်ပါ။ ကျွန်တော်က မယ်ပြုံးလို့ ချစ်စနိုးခေါ်ပါတယ်။

အဲဒီကလေးဟာ တစ်နေ့မှာ နားထဲကနာတယ်လို့ သူ့မိဘတွေကိုပြောပါတယ်။ အဲဒီမှာ မတင်ကြည်က နားထဲကို ဓာတ်မီးနဲ့ထိုးကြည့်တယ်။ နားထဲမှာ မွှားဝင်တွယ်နေတာကိုတွေ့ရပြီး မွှားဟာသွေးစုပ်ပြီးအတော်တောင်ကြီးနေပါပြီ။ အဲဒါကြောင့်မြင်ရခြင်းပါ။

မွှားဆိုတဲ့အမျိုးဟာ ခြေကုပ်လက်ကုပ်မြဲသလို သွေးစုပ်တဲ့ပြွန်ကိုလည်း မွေးညင်းပေါက်ကနေ အထဲကိုထိုးထည့်ထားတာကြောင့် တွယ်ကပ်နေရင် အလွန်မြဲမြံတဲ့သတ္တဝါမျိုးပါ။ သူတို့ဆန္ဒပြည့်ဝမှ အစွယ်ကိုနုတ်ပြီးခွာချသွားတဲ့ သွေးစုပ်သတ္တဝါမျိုးဖြစ်ပါတယ်။ ခွေးတွေ၊ ကျွဲ၊ နွား၊ မြင်းတွေမှာတွယ်ကပ်နေရင် မနည်းဆွဲဖြုတ်ပါမှပြုတ်ပါတယ်။ သွေးဝရင် သူ့ပမာဏဟာ လက်သန်းဖျားခန့်အထိကြီးတယ်။ တကယ်တော့ သွေးလုံးကြီးဖြစ်နေတာပါပဲ။ ရွံစရာကောင်းတဲ့သဏ္ဌာန်ပါ။

ငယ်ငယ်စိုးရဲ့နားထဲ ဒီအကောင်ရောက်နေတော့ ဆွဲနုတ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒီကောင်တွေရဲ့ ခြေထောက်တွေက နူးညံ့တော့ကာ ဝင်ချိန်မသိလိုက်ခြင်းပါဘဲ။ ကျွတ်တို့၊ မျှော့တို့လိုသွေးစုပ်သတ္တဝါတွေလည်း ခန္ဓာကိုယ်လိုတွယ်ကပ်ရင် နူးညံ့လို့မသိကြတာများတယ်။ သွေးစုပ်လို့ စပ်ဖျင်းဖျင်းဖြစ်မှ သိကြတယ်။

လူကြီးသူမတွေက ပိုးကောင်ထွက်အောင် ဆေးရွက်ကြီးရေစိမ်ပြီး နားထဲ ကြက်တောင်နဲ့ကျပ်ပေးရင်ထွက်တယ်လို့ဆိုတာကြောင့် ဒေါ်တင်ကြည်က ဆေးရွက်ကြီးရေစိမ်ပြီး ကြက်တောင်နဲ့ခပ်ရွှဲရွှဲကျပ်ပေးပါတယ်။ အဲဒီမွှားဟာ ဆေးရွက်ကြီးဒဏ်မခံနိုင်ဘဲ တစ်ခဏအတွင်းမှာပဲ သူ့သွေးစုပ်ပြွန်ဆွဲနုတ်ပြီး တရွေ့ရွေ့နဲ့ အပြင်ပြန်ထွက်လာတာတွေ့ရတာပါပဲ။ အကောင်က စားတော်ပဲလုံးလောက်ရှိနေပါပြီ။ ဒါမျိုးတွေက ဖြစ်တောင့်ဖြစ်ခဲပေမယ့် မွှားတွေ၊ ကျွတ်တွေ၊ မျှော့တွေပေါတဲ့ တောအရပ်တွေမှာ ကြုံတတ်ပါတယ်။ ဆေးရွက်ကြီးအရည်ဟာ မျှော့တွေ၊ ကျွတ်တွေဆိုရင် အရည်တောင်ပျော်သွားလောက်အောင် ပြင်းထန်တဲ့အဆိပ်ပါ။ သူ့အာနိသင်က စပ်ပြီး အနံ့ပြင်းတာကြောင့် ပိုးကောင်တွေ ခံနိုင်ရည်မရှိကြပါဘူး။ ဆေးရွက်ကြီးအသုံးဝင်တာ အဲဒါတွေ ကိုယ်တွေ့ကြုံခဲ့ဖူးတယ်။ သုံးတတ်ရင်ဆေးပေမယ့် မသုံးတတ်ရင်ဘေးပါ။ ဆေးရွက်ကြီးပြာချပြီး အုန်းဆီနဲ့ဖော်လိမ်းရင် အတော်အတန် အရေပြားနာလောက်တော့ ပျောက်ပါတယ်။

ကျွန်တော့်မိတ်ဆွေ ကိုတင်ထွန်း (မိဘမေတ္တာမုန့်ဆိုင်) ဆိုရင် ကွမ်း၊ *ဆေးလိပ်၊ စီးကရက်၊ ဘီယာ၊ အရက်ကို* ငယ်ငယ်ကတည်းက သုံးစွဲလာခဲ့ပြီး မခွဲနိုင်မခွာရက်ဖြစ်နေသူပါ။ ဘယ်လိုပြောပြော ဘယ်လိုဟောဟော ဘယ်လိုချွတ်ချွတ်လုံးဝမကျွတ်ခဲ့ပါဘူး။ အရိုးစွဲအောင် ကြိုက်နေတာကိုး။

ဒါပေမယ့် သူ့အသက် (၅၅) နှစ်မှာ သေဘေးက ဖြန့်းခနဲခြောက်လှန့်လိုက်တော့ အကြိုက်ကြောင့် အသတ်ပေးရတော့မယ့်အရေးမှာ သေရမှာကြောက်တာကြောင့် သူ့အလွန်မတ်မောတွယ်တာခဲ့တဲ့ ကွမ်း၊ ဆေးလိပ်၊ စီးကရက်၊ ဘီယာ၊ အရက်ဆိုတဲ့ မူးယစ်စေတဲ့အရာတွေကို ယတိပြတ် စွန့်လွှတ်နိုင်ခဲ့ပါတယ်။ ကိုတင်ထွန်း မူးယစ်ဆေးကင်းစင်သွားပါပြီ။ ဒါပေမယ့် ပကတိအသည်း၊ အဆုတ်တွေပြန်ဖြစ်အောင် (၁၀) နှစ်မျှကြာအောင် ခန္ဓာကိုယ်ရဲ့ စီ... ပစ္စည်းတွေက ပြုပြင်ဆေးကြောပေးရမှာပါ။ ဒါကလည်း သေဘေးနဲ့ချွတ်လို့ ကျွတ်သွားရခြင်းပါ။

စီးကရက်တစ်လိပ်သောက်တိုင်း အလွန်သေးငယ်တဲ့ သွေးကြောမျှင်လေး... တွေ (၂၀၅) မိနစ်တိတိရပ်ဆိုင်းသွား... တယ်။ အဆက်မပြတ်သောက်နေ... မယ်ဆိုရင် သွေးကြောလေးတွေသေသွား... ပြီး ခြေဖျား၊ လက်ဖျားတွေစပြီးပုပ်လာ... တတ်တာပါပဲ။ ဒါဆိုရင် ခြေလက်... ဖြတ်ပြီးကုရပါတယ်။ ဒါဟာ အရင်း... တော့ အမြစ်မြေကဆိုတာလို ဆေးရွက်... တွေက အရင်းအမြစ်တရားခံပါ။

ဆေးရုံကြီးတွေမှာ ဆေးလိပ်... စီးကရက်ကြောင့် ခြေလက်ဖြတ်ထား... တဲ့လူနာတွေ တန်းစီနေလေ့ရှိတယ်... သူတို့တွေနောင်တရကောင်းကြမှာ... ရတယ်ဆိုရင်တောင်မှ ခြေလက်အ... ပေးဆပ်ခဲ့ရပြီးပါပြီ။

ကွမ်းစားခြင်း၊ ဆေးလိပ်သော... ခြင်းဆိုရာမှာ ဆေးရွက်ကို အခြေ... စွဲမက်ခြင်းဖြစ်ကြပါတယ်။ ဆေးရွက်... သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး... ဖြစ်တယ်လို့ ထပ်မံဆိုလိုက်ပါရစေ။

(ဤစာစုဖြင့် ကိုတင်ထွန်း (မိ... မေတ္တာ) သို့ ဂုဏ်ပြုပါသည်။)

ချမ်းမြေ့ကြ...

နေပြည်တော်ဗျာ်ကျော...



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အလုပ်အတွက် စိတ်မပျက်နှင့်

မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိနေသော မြို့ရွာအသီးသီးမှ ကျား၊ မ မရွေး လူငယ်လူရွယ်တော်တော်များများသည် မိမိတို့မိသားစုများ၏ စားဝတ်နေရေးအတွက် မြို့ကြီးများသို့ တက်ရောက်ပြီး အလုပ်အကိုင်များရှာဖွေကြရသည်။

မြို့ကြီးများတွင်ရှိသော စက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီကြီးများ၊ ဆောက်လုပ်ရေးဌာနများ၊ ဟိုတယ်များ၊ စတိုးဆိုင်ကြီးများ၊ စားသောက်ဆိုင်များ၊ ဆေးခန်းများ စသော လုပ်ငန်းမျိုးစုံတို့တွင် ကာယလုပ်သား၊ ဉာဏလုပ်သားများအဖြစ် အလုပ်လျှောက်ထားကြရသည်။ အချို့မှာ အဆင်ပြေချောမွေ့စွာ အလုပ်အကိုင်ရရှိကြသလို အချို့သောသူများမှာ အလုပ်မရသေးဘဲ တစ်နေ့ရှိန်းရှိန်းနှင့် စရိတ်ကုန်၊ လူပင်ပန်း စိတ်ညှိုးနွမ်းကြရသည်။

ယခု ဖော်ပြ ရေးသားထားသော အလုပ်ရရန်နည်းမှာ ရှေးပညာရှိကြီးများ၏ အင်္ဂဝိဇ္ဇာပညာရပ်များနှင့် ယတြာများကို ပေါင်းစပ်စီစဉ်ထားခြင်း ဖြစ်၏။

ထိုနည်းဖြင့် ပြုလုပ်မည့်သူသည် အောက်ပါအတိုင်း သေချာစွာ တိတိကျကျပြုလုပ်ပါရန် စေတနာမွန်ဖြင့် မှာကြားလိုပါသည်။

**ပြုလုပ်ရန်အစီအစဉ်များ (၁)**

**၁။ တနင်္ဂနွေသားသမီးများအတွက်** မိမိမွေးနေ့တွင် နံနက်(၉)နာရီအရောက် ဘုရားစေတီသို့သွား၍ မိမိမွေးနံ၏ဂြိုဟ်တိုင်တွင်ရှိသောရုပ်ပွားတော်အား သပြေ(၉)ခက်၊ ကံ့ကော်ညွန့်(၉)ညွန့် လှူဒါန်းပူဇော်၍ မိမိလိုရာဆုတောင်းပါ။ မိမိမွေးနေ့ နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်းလှူပါ။

**၂။ တနင်္လာသားသမီးများအတွက်** မိမိမွေးနံဂြိုဟ်တိုင်ရှိ ရုပ်ပွားတော်အား ဆီးညွန့်၊ သီဟိုဠ်ညွန့်၊ ထန်းညွန့်(၉)ညွန့်စီ မိမိမွေးနေ့ နံနက် (၉)နာရီမှ (၁၀)နာရီခွဲ လှူပါ။

**၃။ အင်္ဂါနေ့သားသမီးများအတွက်** မိမိမွေးနံဂြိုဟ်ရှိရာ အင်္ဂါထောင့်မှ ရုပ်ပွားတော်အား အုန်းညွန့်၊ ဒေါ်န သို့မဟုတ် ထန်းညွန့်၊ ရွက်လှ (၉) ညွန့်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

**၄။ ဗုဒ္ဓဟူးသားသမီးများအတွက်** ဗုဒ္ဓဟူးဂြိုဟ်တိုင်ရှိ ရုပ်ပွားတော်အား နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း အုန်းညွန့်၊ ကံ့ကော်၊ မေမြို့ပန်း (၉)ခက်စီ လှူ၍ ဆုတောင်းပါ။

**၅။ ကြာသပတေးသားသမီးများအတွက်** မိမိမွေးနံဂြိုဟ်တိုင်မှ ရုပ်ပွားတော်အား ကံ့ကော်၊ သီဟိုဠ်ညွန့်၊ ဆီးညွန့် (၉) ညွန့်စီ မိမိမွေးနေ့ (၉)နာရီနှင့် (၁၀) နာရီခွဲကြား ဆုတောင်းလှူပါ။

**၆။ သောကြာသားသမီးများအတွက်** မိမိမွေးနံ ဂြိုဟ်တိုင်မှ ရုပ်ပွားတော်ကို ရွက်လှ၊ ဆီးညွန့်၊ ထန်းညွန့် (၉)ညွန့်စီ နံနက် (၉) နာရီမှ (၁၀) နာရီအတွင်း လှူပါ။

**၇။ စနေသားသမီးများအတွက်** မိမိမွေးနံဂြိုဟ်တိုင်မှာ ရွက်လှ၊ အုန်းညွန့်၊ မေမြို့ပန်း (၉) ညွန့်စီလှူပြီး ဆုတောင်းပါ။

**ပြုလုပ်ရန်အစီအစဉ် (၂)**

အလုပ်ရရန်အစီအစဉ် (၂) မှာ (၉) ရက်တိတိ ပြုလုပ်ရပါမည်။

အလုပ်အတွက် အင်တာဗျူးခေါ်လျှင် -

၁။ အိမ်မှမထွက်မီ ဘုရားကို သရဏဂုံသုံးပါးနှင့် (၉) ခေါက် ပူဇော်ကန်တော့ပါ။ ထို့နောက် အနန္တောအနန္တငါးပါးကိုလည်း ကန်တော့ပါ။

၂။ အင်တာဗျူးသွားရန် အိမ်မှအထွက် အောက်ပါ ဂါထာတော်ကို (၃၈) ခေါက် ရွတ်သွားပါ။

▫ ဉုံ ကိန္နမော အာစရိယော သိဒ္ဓိ ဝုဍ္ဎ သွာ ဟာ ယ ကပ်။ ။

**ဂါထာအသံထွက်ရွတ်ရန်**

ကိန်နမော အာစရိယော သိဒ္ဓိ ဂုလာ သွာ ဟာ ယ ကပ်။ ။

သိဒ္ဓိဟုရွတ်ပါ။ သိဒ္ဓိ မရွတ်ပါနှင့်။ 'သွာ' ဟု ရွတ်ပါ။ 'သွားဟာ' ဟု မရွတ်ပါနှင့်။

အလုပ်အကိုင်ကောင်းများ
မြန်မြန်ထက်ထက်ရကြပါစေ

**ဆရာဦးစိန်လှိုင် (ကျိုက်လတ်)**

| နေ့သား | ထမင်းထိုင်စားရန်-အရွက် | ထမင်းထိုင်စားသော အရွက်စွန့်ရန်အရပ် |
|---|---|---|
| တနင်္ဂနွေသား | သီဟိုဠ်တစ်ရွက်ပေါ်မှာ ထိုင်စားပါ။ | တောင်အရပ်သို့စွန့်ပါ။ |
| တနင်္လာသား | တမာရွက်(၃)ရွက်အပေါ်မှာ ထိုင်စားပါ | အနောက်တောင်အရပ် သို့ စွန့်ပါ။ |
| အင်္ဂါသား | အုန်းရွက်လက်သုံးသစ်ခန့် အပေါ်မှာထိုင်စားပါ | အနောက်အရပ်တည့် တည့်သို့စွန့်ပါ။ |
| ဗုဒ္ဓဟူးသား | ကံ့ကော်ရွက်ပေါ်မှာထိုင် စားပါ။ | အနောက်မြောက်အရပ် သို့ စွန့်ပါ။ |
| ကြာသပတေး | ဇော်စိမ်းရွက် သို့မဟုတ် ဆီးရွက်ပေါ်မှာထိုင်စားပါ။ | အရှေ့မြောက်အရပ်သို့ စွန့်ပါ။ |
| သောကြာသား | ရွက်လှပေါ်မှာထိုင်စားပါ။ | အရှေ့တောင်အရပ်သို့ စွန့်ပါ။ |
| စနေသား | ပျဉ်းမရွက်၊ ငှက်ပျောရွက် ထိုင်စားပါ။ | မြောက်အရပ်သို့စွန့်ပါ။ |



www.burmeseclassic.com

www.burmeseclassic.com

# ကြည်လွှင်
# အကြောင်းအရာကိုလိုက်၍ တံဆိပ်ခေါင်းစုဆောင်းခြင်း

တံဆိပ်ခေါင်းတီထွင်ပြီး မကြာမီမှာပင် တံဆိပ်ခေါင်းစုဆောင်းသည့် ဝါသနာမှာလည်း ပေါ်ပေါက်လာခဲ့သည်။ ၂၀ ရာစု ခေတ်ဦးပိုင်းမှစ၍ ဤဝါသနာကို လူကြိုက်များလာခဲ့သည်။ အခြားသောဝါသနာရပ်များနှင့်ယှဉ်၍ မရလောက်အောင် ဤဝါသနာရပ်မှာ တိုးတက် ဖွံ့ဖြိုး ပျံ့နှံ့လာခဲ့လေသည်။ ထိုခေတ်ဦးပိုင်း၌ နိုင်ငံတကာမှ တံဆိပ်ခေါင်းများကို နိုင်ငံအလိုက် စုဆောင်းကြသည်။ ဗြိတိန်၊ ဂျပန်၊ ဟန်ဂေရီ၊ ဩစတြေးလျ စသည်ဖြင့် မိမိတို့ စိတ်ဝင်စား စုဆောင်းလိုသည့် နိုင်ငံတစ်ခု သို့မဟုတ် သုံး၊ လေးခုကို ရွေးချယ်၍ ထိုနိုင်ငံများမှ တံဆိပ်ခေါင်းများကို ဝါသနာရှင်တို့က ပြည့်စုံအောင် စုဆောင်းကြသည်။ ထိုကဲ့သို့ စုဆောင်းခြင်းကို ဝါသနာရှင်တို့က 'သမားရိုးကျစုဆောင်းနည်း' (Traditional Collecting) ဟုခေါ်ဝေါ်ကြသည်။ ယခုတင်ပြမည့် တံဆိပ်ခေါင်းစုဆောင်းနည်းမှာ 'အကြောင်းအရာကိုလိုက်၍ စုဆောင်းနည်း' (Thematic Collecting)ဖြစ်သည်။




**တရုတ်နှစ်သစ်ကူး (နွားနှစ်) တံဆိပ်ခေါင်း မှတ်တမ်းလွှာ**

## ◻ သမားရိုးကျစုဆောင်းနည်းမှသည်

ကမ္ဘာပေါ်၌ ပထမဆုံး ထုတ်ဝေသည့်တံဆိပ်ခေါင်းပေါ်တွင် ဗြိတိန်နိုင်ငံ၏ ဝိတိုရိယဘုရင်မကြီးရုပ်ပုံဒီဇိုင်းပုံနှိပ်ခဲ့သည်။ ထို့အတူ ရှေးခေတ်ဦးပိုင်း၌ ကျန်နိုင်ငံများမှ ထုတ်ဝေသော တံဆိပ်ခေါင်းများပေါ်တွင် သက်ဆိုင်ရာနိုင်ငံ၏ ဦးသျှောင်များဖြစ်သည့် ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ် စသည့်ပုဂ္ဂိုလ်များ၏ ဒီဇိုင်းပုံများကို ပုံနှိပ်ဖော်ပြခဲ့ကြ၏။ ထို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများ၏ အဆောင်အယောင်၊ အမှတ်တံဆိပ် (Coat of Arms) ပုံများဖြင့်လည်း တံဆိပ်ခေါင်း ထုတ်ဝေလာကြသည်။ ဤသို့ဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေး ထုတ်ကုန်၊ ထွက်ကုန်၊ အောင်မြင်မှု၊ ကျော်ကြားမှုများကို ဂုဏ်ဖော်သည့် ဒီဇိုင်းပုံများဖြင့် တံဆိပ်ခေါင်းများ အသီးသီးထုတ်ဝေလာကြသည်။ မြန်မာနိုင်ငံ၏ ခေတ်ဦးပိုင်း တံဆိပ်ခေါင်းများမှာ ဆန်စပါးလုပ်ငန်း၊ သစ်ထုတ်လုပ်ရေးလုပ်ငန်း စသည်တို့ကို ဖော်ကျူးသည့်ဒီဇိုင်းများကို အသုံးပြု ထုတ်ဝေခဲ့သည်ကို သတိပြုမိကြလိမ့်မည်ဖြစ်သည်။ နိုင်ငံ၏ထုတ်ကုန်ပစ္စည်းများကိုသာမက မိမိတို့နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာ စသည်တို့ကိုလည်း တံဆိပ်ခေါင်းများပေါ်၌ ဖော်ပြလာကြသည်။ ဤသို့ဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ အင်ကာဝပ်ကျောင်းတော်ကြီး၊ အင်ဒိုနီးရှားနိုင်ငံမှ ဗောရောဗုဓောစေတီတော်ကြီး၊ ပြင်သစ်နိုင်ငံမှ အီဖယ်မျှော်စင် . . . အမေရိကန်နိုင်ငံမှလီဗာတီကြေးရုပ် စသည်တို့မှာ တံဆိပ်ခေါင်းဒီဇိုင်းများအဖြစ် ပေါ်ထွက်လာကြ၏။ ဆက်လက်၍ တရုတ်နှစ်သစ်ကူး၊ ခရစ္စမတ်၊ ဝိဆက် . . . ပွဲတော်စသည့်ရိုးရာပွဲများ၊ ဖြေဖျော်ပစ်၊ ရေကူး၊ လက်ဝှေ့၊ ဘတ်စကက်ဘော . . . စသည့် အားကစားများ၊ ဝီလျံရှိတ်စပီးယား၊ ဝေါ့ဒစ္စနေ၊ မာရီကျူရီ . . . စသည့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များတို့မှာလည်း တံဆိပ်ခေါင်းဒီဇိုင်းဖြစ်လာကြရသည်။ ဤသို့ဖြင့် အကြောင်းအရာမျိုးမျိုး၊ ဖြစ်ရပ်အဖုံဖုံတို့ကို တံဆိပ်ခေါင်းများပေါ်၌တွေ့နိုင်လာကြရာ ၂၀ ရာစုခေတ်လယ်လောက်၌ ဝါသနာရှင်အချို့တို့က သမားရိုးကျနည်းဖြင့် တံဆိပ်ခေါင်းစုဆောင်းခြင်းမှ သွေဖည်လျက် 'နိုင်ငံအလိုက်' တံဆိပ်ခေါင်းမဟုတ်တော့ဘဲ 'အကြောင်းအရာ' ကိုလိုက်၍




**ရှေးဟောင်းမော်တော်ကားတံဆိပ်ခေါင်းတွေစုမလား**



www.burmeseclassic.com

www.burmeseclassic.com




'ငါး' ပုံ တံဆိပ်ခေါင်းတွေ စုမလား




မြန်မာကြောင် အပါအဝင် ကြောင်ပုံတံဆိပ်ခေါင်းတွေ စုမလား




'သွား'ပေါ်အောင် သီချင်းဆိုနေသော အဲလ်ဗစ်ပရက်စလေ




သစ်ခွပန်းတံဆိပ်ခေါင်းတွေ စုမလား

တံဆိပ်ခေါင်းစုဆောင်းကြရန် စမ်းသပ်လုပ်ကိုင်လာကြတော့သည်။

**၁ သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းနည်း**

တံဆိပ်ခေါင်းဝါသနာရှင်အတော်များများက နိုင်ငံတစ်နိုင်ငံကိုသတ်မှတ်၍ ထိုနိုင်ငံတံဆိပ်ခေါင်းများကို စုဆောင်းမည့်အစား အကြောင်းအရာတစ်ခုကို သတ်မှတ်ပြီး ထိုအကြောင်းအရာနှင့် ဝတ်သက်သောဒီဇိုင်းပုံပါရှိသည့် တံဆိပ်ခေါင်းများကို ရှာဖွေစုဆောင်းကြလာသည်။ ဤကဲ့သို့ နိုင်ငံအပေါ်တွင်အခြေမပြုဘဲ အကြောင်းအရာပေါ်တွင်မှီတည်၍ တံဆိပ်ခေါင်းစုဆောင်းသောနည်းကို 'အကြောင်းအရာအလိုက် တံဆိပ်ခေါင်းစုဆောင်းနည်း' ဟူ၍ မြန်မာတံဆိပ်ခေါင်းဝေါဟာရတစ်ခုအနေဖြင့်ခေါ်ဆိုလိုသည်။ သို့ရာတွင် မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းဝါသနာရှင်တို့က အကြောင်းအရာလိုက် တံဆိပ်ခေါင်းစုဆောင်းနည်းကို အင်္ဂလိပ်အခေါ်ဝေါ်အတိုင်း 'သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းနည်း' (Thematic Stamp Collecting) ဟုသာ ခေါ်ကြသည်။ အကြောင်းအရာနှင့် သက်ဆိုင်သော တံဆိပ်ခေါင်းများကို 'သီမက်တစ်တံဆိပ်ခေါင်းများ' (Thematics) ဟုခေါ်ကြပြန်သည်။ 'သီမက်တစ်' ဟူသည့်စကားလုံးမှာ မြန်မာပါးစပ်ဖြင့်ခေါ်ဆိုရလွယ်ကူပြီး နှစ်လိုဖွယ်ရာအသံလည်းဖြစ်၍ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့က ဤသို့ခေါ်ဆိုနေကြသည်ကို လက်ခံကြရမည်ဖြစ်သည်။ အကြောင်းအရာလိုက်တံဆိပ်ခေါင်းစုဆောင်းနည်းဟုဆိုလျှင် အသံထွက်ရသည်မှာထောက်နေသယောင်ဖြစ်ပြီး ရှည်လွန်းလှ၍ မည်သူကမျှ ခေါ်ဆိုလိုကြမည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ဤအသုံးအနှုန်းကို မြန်မာတံဆိပ်ခေါင်းဝေါဟာရတစ်ခုနှင့်တော့ ထိန်းသိမ်းထားရှိအပ်ပေသည်။

သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းနည်းကို မည်ကဲ့သို့ချဉ်းကပ်လုပ်ဆောင်နိုင်ပါသနည်း။ ပထမဦးစွာ မိမိအထူးပြု၍ စုဆောင်းလိုသော အကြောင်းတစ်ခုကို ရွေးချယ်ပါလေ။ မိမိကဘောလုံးတန်သူတစ်ယောက် သို့မဟုတ် ဘောလုံးအားကစားကိုဝါသနာပါသူတစ်ယောက်ဖြစ်ပါက နိုင်ငံတကာမှ ဘောလုံးပွဲဆိုင်ရာတံဆိပ်ခေါင်းများကို ရွေးချယ်ရှာဖွေစုဆောင်းရပါမည်။ကမ္ဘာ့ဖလားဘောလုံးပွဲ၊ ဖီဖာရာပြည့် (FIFA Centenarary)၊ ယူရိုဖလားဘောလုံးပွဲ စသည့် တံဆိပ်ခေါင်းများစွာ ထုတ်ဝေထားရာ စုဆောင်းရန် တံဆိပ်ခေါင်းအမယ်များစွာ ရရှိစုဆောင်းနိုင်ပေသည်။ ဤသို့မဟုတ်ဘဲ သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းလိုသူမှာ အင်ဂျင်နီယာ သို့မဟုတ် ဗိသုကာတစ်ဦးဖြစ်ပါက နိုင်ငံတကာမှထုတ်ဝေသော တိုက်တာအဆောက်အအုံပုံဒီဇိုင်း၊ လမ်းတံတားပုံဒီဇိုင်းများ ပါရှိသော တံဆိပ်ခေါင်းများကို စုဆောင်းနိုင်သည်။ ထို့အတူ တက္ကသိုလ်မှ သတ္တဗေဒကျောင်းသူက 'တိရစ္ဆာန်ပုံတံဆိပ်ခေါင်းများ'၊ဆေးတက္ကသိုလ်ကျောင်းသားမှ 'ဆေးပညာတံဆိပ်ခေါင်းများ' ကို စုဆောင်းနိုင်ပေသည်။ ဤကဲ့သို့သောဥပမာများပေးနေပါ၍ သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းလိုပါက 'တက္ကသိုလ်ပညာရပ်' (Academic Subject) တစ်ခုခု တတ်မြောက်ဆည်းပူးထားသူဖြစ်ရမည်ဟူ၍မဆိုလိုပေ။ စင်စစ်သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းနည်းမှာ လွန်စွာ ကျယ်ပြန့်၍ အနှောင်အဖွဲ့ကင်းလွတ်ပြီး လွတ်လပ်ပေါ့ပါးစွာဖြင့် မိမိစိတ်ကူးတည့်ရာ ပျော်ရွှင်ကြည်နူးစေမည့် အကြောင်းအရာကို ရွေးချယ်စုဆောင်းနိုင်သော ဝါသနာရပ်ဖြစ်လေသည်။ သီမက်တစ်တံဆိပ်ခေါင်းများ ရှာဖွေစုဆောင်းရန် ပညာရှင်သာ

www.burmeseclassic.com

မဟုတ် စိတ်ကြိုက်အကြောင်းအရာတစ်ခုခုကို နှစ်သက်သလိုရွေးချယ်နိုင်ရာ မှတ်ဆိတ် ဟူသောခေါင်းစဉ်ဖြင့်လည်း ကြံဖန်ပြီး စုဆောင်းနိုင်သည်။ နိုင်ငံစုံမှထုတ်ဝေသည့် လူပုဂ္ဂိုလ်ပုံတံဆိပ်ခေါင်းများအနက်မှ မှတ်ဆိတ်ပါသည့် လူပုံတံဆိပ်ခေါင်းများကို ရွေးချယ်စုဆောင်းခြင်းမျိုး ဖြစ်သည်။ ဤသို့ ရွေးချယ်စုဆောင်းခြင်းဖြင့် မည်သည့်အဟန့်အတား ထိန်းချုပ်မှုမျှရှိမည် မဟုတ်ပေ။

အမေရိကန်နိုင်ငံမှ သွားဆရာဝန်တစ်ဦးမှာ သူ၏အသက်မွေးဝမ်းကျောင်းဘာသာရပ်နှင့်ဆက်နွယ်သောသွားပုံပါသည့် တံဆိပ်ခေါင်းများကိုသာ ရွေးချယ်စုဆောင်းခဲ့သည်။ သွားပုံစုဆောင်းရန်အတွက် တံဆိပ်ခေါင်းပေါ်မှ လူပုံမှာ ရယ်ပြုံးနေမှသာ သွားပုံပေါ်မည် ဖြစ်သည်။ သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းခြင်းရည်ရွယ်ချက်မှာ ဗဟုသုတတိုးပွားပြီး စိတ်ချမ်းမြေ့ နှစ်သိမ့်မှုလည်းရစေကာ အပန်းဖြေစရာ ဝါသနာတစ်ရပ်အဖြစ် ရည်ရွယ်ခြင်း ဖြစ်၏။ ထို့ကြောင့် ယခု ဤစာဖတ်နေသော မိတ်ဆွေအနေဖြင့် နက္ခတ္တဗေဒ၊ ရှေးဟောင်းသုတေသန၊ သမုဒ္ဒရာကြီးများ၊ ဒိုင်နိုဆောသတ္တဝါကြီးများ. . . စသည့်အကြောင်းအရာများကိုစုမည်လား သို့တည်းမဟုတ်ပါက ဆပ်ကပ်၊ ပီကာဆို ပန်းချီကားများ၊ စိုက်ပျိုးရေး၊ ကာတွန်း၊ ပုံပြင်များကိုစုမည်လား သို့မဟုတ် မိမိစိတ်ကူးတည့်ရာခေါင်းစဉ်တစ်ခုခုကိုစုမည်လား တံဆိပ်ခေါင်းများပေါ်၌ သက်ဆိုင်ရာဒီဇိုင်းပုံများကို ရှာတွေ့နိုင်မည်သာ ဖြစ်သည်။ ရွေးချယ်သည့် ခေါင်းစဉ်ကိုလိုက်၍ တံဆိပ်ခေါင်းအနည်းအများသာကွာခြားပါလိမ့်မည်။

**□ အကြောင်းအရာလော၊ ခေါင်းစဉ်လော**

နိုင်ငံတကာမှ တံဆိပ်ခေါင်းစာပေများကို လေ့လာ ဆည်းပူးကြည့်ပါက အချို့သောနိုင်ငံများ၌ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များ၏ လျှာဖျားတွင်စွဲနေသော သီမက်တစ် ဟူသည့် စာလုံးကို မတွေ့ကြရဘဲ ထိုစာလုံးအစား 'တော့ပီကယ်' (Topical) ဟူသောစာလုံးကိုသာ တွေ့ကြရမည် ဖြစ်သည်။ တော့ပီကယ် ဟူသည်မှာ ခေါင်းစဉ် Topic ဟူသည့် စာလုံး၏အနွယ်ဖြစ်ပြီး ခေါင်းစဉ်အလိုက်ဟု အဓိပ္ပါယ်ရရှိသည်။ ၁၉၆၀ ပြည့်ဝန်းကျင်မှစ၍ အကြောင်းအရာလိုက်၍ တံဆိပ်ခေါင်းစုဆောင်းခြင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီး၌ တဖြည်းဖြည်းချင်း ခေတ်စားလာခဲ့သော်လည်း အခြေခံအသုံးအနှုန်းကွဲပြားခဲ့လေသည်။ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဥရောပနိုင်ငံများက သီမက်တစ်ဟုသုံးနှုန်းပြီး အမေရိကန်၊ ကနေဒါနှင့် တောင်အမေရိကတိုက်နိုင်ငံများက 'တော့ပီကယ်' ဟူ၍ ခေါ်ဆိုကြသည်။ အမေရိကန်နိုင်ငံမှ အချို့သောဝါသနာရှင်တို့မှာ 'သီမက်တစ်' ဟူ၍ သုံးကြသည်ကို ကြားတောင်မကြားဘူးကြပေ။ တစ်ချိန်၌ (၁၉၈၀ ပြည့်နှစ်ကျော်ဝန်းကျင်) ဥရောပတိုက်နှင့် အမေရိကတိုက်မှ တံဆိပ်ခေါင်းဝါသနာရှင်များမှာ ထိုဝေါဟာရနှင့်ပတ်သက်၍ အထင်ကရတံဆိပ်ခေါင်းဂျာနယ်ကြီးမှ တစ်ဆင့် သူမှန်ကိုယ်မှန်အငြင်းပွားခဲ့ကြသည်။ အကြောင်းအရာတစ်ခုကို အခြေပြု၍ စုဆောင်းရသောကြောင့် သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းနည်းဟု ခေါ်သင့်သည်ဟူ၍ ဥရောပတိုက်မှ ဝါသနာရှင်များက ထောက်ပြကြသည်။ အခြားတစ်ဖက်၌ ခေါင်းစဉ်ကို အဓိကထား၍ စုဆောင်းကြရသောကြောင့် 'တော့ပီကယ် တံဆိပ်ခေါင်းစုဆောင်းနည်း' ဟုသာ ဖြစ်သင့်သည်ဟု အမေရိကတိုက်မှ ဝါသနာရှင်များက ငြင်းဆိုကြသည်။ နောက်ဆုံး၌ မည်သည့်အဖြေက မှန်ကန်သည်ဟူ၍ ဆုံးဖြတ်ချက်မချနိုင်ဘဲ ဂျာနယ်၏ အယ်ဒီတာချုပ်က ဤအငြင်းပွားမှုနှင့် ပတ်သက်၍ ဖော်ပြခြင်းမပြုတော့ဘဲ ရပ်ဆိုင်းခဲ့ရသည်။ အကြောင်းအရာဟု ခေါ်ဆိုခြင်းက မှန်ကန်ပါသလား။ ဤသို့မဟုတ်ပါက ခေါင်းစဉ်ဟု မှည့်ခေါ်ခြင်းက မှန်ကန်သည်ဟု ထင်ပါသလား။

အင်္ဂလိပ်စာလုံးများဖြစ်ကြသည့် Theme, Thematic, Topic နှင့် Topical တို့၏ အဓိပ္ပာယ်ကို ရှင်းလင်းကျနစွာသိရှိနိုင်ရန် မြန်မာစာအဖွဲ့ဦးစီးဌာနမှ ထုတ်ဝေသော အင်္ဂလိပ်-မြန်မာအဘိဓာန်၌ ရှာဖွေကြည့်ရာ Theme, Thematic အဓိကဆိုလိုရင်း၊ အာဘော်၊ အကြောင်းအရာ၊ ခေါင်းစဉ် စသည်ဖြင့် ဖော်ပြထားပြီး၊ Topic, Topical အကြောင်းအရာ၊ ခေါင်းစဉ်၊ ရေပန်းစားသော စသည်ဖြင့် အဓိပ္ပာယ်ဖော် ရှင်းလင်းထားသည်ကို တွေ့ရှိရသည်။အမှန်စင်စစ် 'သီမက်တစ်' နှင့် 'တော့ပီကယ်' စာလုံးနှစ်မျိုးစလုံးမှာ 'ခေါင်းစဉ်' ဟု အဓိပ္ပာယ်ရသလို 'အကြောင်းအရာ' ဟူ၍လည်းအဓိပ္ပာယ်ရှိနေပေသည်။ ထို့ကြောင့် ဤကဲ့သို့ တံဆိပ်ခေါင်းစုဆောင်းနည်းမျိုးအတွက် ထိုဝေါဟာရနှစ်မျိုးစလုံးကို အသုံးပြုနိုင်သည်ဟုဆိုရမည် ဖြစ်သည်။ အသေးစိတ်အဓိပ္ပာယ်အနည်းငယ်သာ ကွာခြားပေမည်။ လက်တွေ့ဥပမာများဖြင့် တင်ပြရမည်ဆိုပါက ဝါသနာရှင်တစ်ယောက်ထံ၌ ဗိုလ်ချုပ်အောင်ဆန်းပုံတံဆိပ်ခေါင်းများရှိသည်။ နောက်တစ်ဦးထံ၌လည်း ထိုသူထံ၌ရှိသော ဗိုလ်ချုပ်အောင်ဆန်းပုံ တံဆိပ်ခေါင်းများအရေအတွက်နှင့်အမျိုးအစား အတူတူပင်ရှိနေသည်။ ပထမဝါသနာရှင်က 'ဗိုလ်ချုပ်အောင်ဆန်း တံဆိပ်ခေါင်းများ' ဟူ၍ သူ၏စုဆောင်းမှုကို တင်ပြလာသည်။ ဤသည်ကို 'အကြောင်းအရာလိုက် တံဆိပ်ခေါင်း စုဆောင်းခြင်း' ဟု ခေါ်ဆိုနိုင်သည်။ သို့ရာတွင် နောက်ဝါသနာရှင်က ထိုမျိုးတူတံဆိပ်ခေါင်းများဖြင့်ပင် 'ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု' ဟူသောခေါင်းစဉ်ဖြင့် တင်ပြလာသည်။ ဤပုံစံမျိုးဖြင့် တင်ပြလာခြင်းမျိုးကို 'ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းစုဆောင်းခြင်း' ဟု ခေါ်ဆိုနိုင်ပါသည်။ အကြောင်းအရာနှင့်ခေါင်းစဉ်ကို တိတိကျကျ ခွဲခြား၍ရနိုင်မည်တော့မဟုတ်ပေ။

**□ မည်သည့်ခေါင်းစဉ်ကိုရွေးချယ်မည်နည်း**

အမေရိကန်နိုင်ငံ၌ ၁၉၆၀ ပြည့် ဝန်းကျင်မှစ၍ 'ခေါင်းစဉ်လိုက် တံဆိပ် ခေါင်းစုဆောင်းနည်း' မှာ ခေတ်စား ခဲ့သော်လည်း ထိုအထူးပြုသည့် ဝါသနာ အတွက် အသင်းအဖွဲ့ဟူ၍ မရှိသေး ထို့ကြောင့် မြို့ငယ်လေးတစ်မြို့မှ အသက် (၁၇)နှစ်သာရှိသေးသော ဂျရုမ်ဟူး (Jerome Husak) ဆိုသူ လူငယ်လေး ပထမဆုံးသော ခေါင်းစဉ်လိုက် တံ ခေါင်းအသင်းကို တည်ထောင်လို သည်။ ဟူးဆပ်က သူ၏ အသင်း 'အမေရိကန် ခေါင်းစဉ်လိုက်တံဆိပ်ခေ အသင်း' (American Topical Asso tion-ATA) ဟု ခေါ်တွင်လိုက်သ ATA အသင်းမှာများ မကြာမီပင် အ သားများစွာဖြင့် အထင်ကရ တံ ခေါင်းအသင်းကြီးအဖြစ်သို့ ရော သွားခဲ့ သည်။ နောင် အ ATA အသင်း ကြီး ပိုမိုတိုးတက်အောင် စွမ်းဆောင် နိုင် အုပ်ချုပ်ရေးအဖွဲ့သို့ လ ပေးလိုက်ရပြီးနောက် ATA အကြီးဆုံး ခေါင်းစဉ်လိုက် ဆိပ်ခေ

www.burmeseclassic.com

အသင်းကြီးဖြစ်လာတော့သည်။ ယခုအခါ၌ ATA မှာ ကမ္ဘာတစ်လွှားမှ အသင်းသားပေါင်း သိန်းချီ၍ရှိနေပြီဖြစ်ပြီး ပြင်ပနိုင်ငံများ၌ အသင်းခွဲများ၊ ခေါင်းစဉ်လိုက် သုတေသနယူနစ်များ၊ ကျွမ်းကျင်မှုကော်မတီများ၊ ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းညီလာခံများ၊ ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းပြပွဲများ စသည်ဖြင့် ကမ္ဘာပေါ်ရှိ ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းဝါသနာရှင်များ၏ အားကိုးအားထားရာ ဗဟိုချက်မဌာနချုပ်ကြီးသဖွယ်ဖြစ်နေပေပြီ။ ATA မှ နှစ်လလျှင် တစ်ကြိမ်ထုတ်ဝေသည့် Topical Time ဂျာနယ်၊ အသင်းသားများလမ်းညွှန်စာအုပ်၊ ခေါင်းစဉ်လိုက်တံဆိပ်ခေါင်းလက်စွဲစာအုပ်များ စသည်ဖြင့် တံဆိပ်ခေါင်းစာပေများလည်း ထုတ်ဝေလျက်ရှိနေပြီ ဖြစ်သည်။

ဝါသနာရှင်တို့က မည်သည့်ခေါင်းစဉ်ကို အများဆုံးစုဆောင်းကြသနည်း။ မည်သည့်ခေါင်းစဉ်ကိုအကြိုက်ဆုံးဖြစ်မည်နည်း။ ဤမေးခွန်းများအတွက် အဖြေရနိုင်ရန် ATA မှ ကြီးမှူး၍ နှစ်စဉ် စစ်တမ်းများကောက်ယူထုတ်ပြန်လေ့ရှိ၏။ ဝါသနာရှင်တို့၏အကြိုက်မှာ နှစ်စဉ်ပြောင်းလဲလေ့ရှိသည်။ ပုံစံအနေဖြင့် ၁၉၇၀ ပြည့်နှစ်က ATA ၏ စစ်တမ်းကို ဖော်ပြရသော် လူကြိုက်အများဆုံးခေါင်းစဉ်များမှာ (၁) အာကာသစူးစမ်းလေ့လာမှု၊ (၂) တိရစ္ဆာန်များ (ငှက်မပါ)၊ (၃) အနုပညာ (ပန်းချီကားများ)၊ (၄) သင်္ဘောများ (၅) ပန်းများ၊ (၆) ကင်းထောက်လူငယ်၊ (၇) အားကစား၊ (၈) မီးရထား၊ (၉) ဂီတနှင့် (၁၀) ကုလသမဂ္ဂ ဟူ၍ ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ကာလမှာ လကမ္ဘာပေါ်သို့ လူရောက်ပြီးနောက်တစ်နှစ်ဖြစ်ရာ အချိန်ကာလနှင့် ဖြစ်ရပ်အခြေအနေပေါ် လိုက်၍ အာကာသစူးစမ်းမှုက ထိပ်ဆုံးရောက်ခဲ့ခြင်း ဖြစ်သည်။ မကြာမီနှစ်များက ကျောင်းသားလူငယ်များကြား၌ 'ဟယ်ရီပေါ်တာ' ဇာတ်လမ်းများက လူကြိုက်များခဲ့ရာ ဟယ်ရီပေါ်တာတံဆိပ်ခေါင်းများလည်း ခေတ်စားခဲ့သေးသည်။

ရန်ကုန်တံဆိပ်ခေါင်းဈေးကွက်မှ နှံ့စပ်သူတို့၏အဆိုအရ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များကြားတွင် အဝယ်လိုက်သောခေါင်းစဉ်များမှာ(၁)တိရစ္ဆာန်များ၊ (၂) ကမ္ဘာ့ဖလားဘောလုံးပွဲများ၊ (၃) ဗုဒ္ဓသာသနာ၊ (၄) မြန်မာ့အငွေ့အသက်တံဆိပ်ခေါင်းများ၊ (၅) မီးရထားများ ဟူ၍ ဖြစ်သည်။ ဤသို့ဆိုလျှင် ကမ္ဘာ့လူကြိုက်အများဆုံးနှင့် မြန်မာ့လူကြိုက်အများဆုံး ခေါင်းစဉ်များကို သိရှိပြီးနောက် ဤစာဖတ်သူမိတ်ဆွေအနေဖြင့် မည်သည့်ခေါင်းစဉ်ကို စုဆောင်းလိုပါသလဲ။ လူကြိုက်များသည့်ခေါင်းစဉ်ကိုရွေးမည်လား။ အများနှင့်မတူအောင် ဆန်းသစ်ပြီး မထင်မှတ်သည့် ခေါင်းစဉ်တစ်ခုခုကိုရွေးမည်လား။ စိတ်ကြိုက်ရွေးချယ်ပါလေ။

**□ ရွေးချယ်စရာ စုံလင်စွာ**

ရွေးချယ်စရာဟု ဆိုရာတွင် ရွေးချယ်ရန် အပိုင်းနှစ်ပိုင်းရှိပါသည်။ ပထမအပိုင်းမှာ အကြောင်းအရာ သို့မဟုတ် ခေါင်းစဉ် ဖြစ်သည်။ မိမိကိုယ်တိုင် စိတ်ဆုံးဖြတ်ပြီး အကြောင်းအရာ သို့မဟုတ် ခေါင်းစဉ်တစ်ခုခုကို သင့်တော်သလို ရွေးချယ်ရန် ဖြစ်သည်။ နောက်ရွေးချယ်ရန်အပိုင်းမှာ တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းပိုင်း ဖြစ်သည်။ ဤဆောင်းပါးတစ်ခုလုံးတွင် တံဆိပ်ခေါင်းဟူ၍ လွယ်လွယ်သုံးစွဲထားသော်လည်း စင်စစ် တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ဆိုလိုပါသည်။ အမှန်တကယ် လက်တွေ့စုဆောင်းရာ၌ မိမိရွေးချယ်ထားသည့် အကြောင်းအရာနှင့် သက်ဆိုင်သည့် တံဆိပ်ခေါင်းများသာမက တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကိုလည်း ထည့်သွင်းစုဆောင်းရမည် ဖြစ်သည်။ တံဆိပ်ခေါင်းပစ္စည်းဆိုရာတွင် ပထမနေ့ တံဆိပ်ခေါင်းကပ်စာအိတ် (FDC)၊ စာပို့အမှတ်အသား(Postmark)၊ စာပို့စာရေးကိရိယာ (Postal Stationery)၊ မက်ဆီမန်ကတ် (Max Card) စသည့်ပစ္စည်းများ ပါဝင်သည်။

ခေါင်းစဉ်ရွေးချယ်ရာ၌ မိမိလေ့လာသိရှိပြီးသော အကြောင်းအရာနှင့် သက်ဆိုင်သော တံဆိပ်ခေါင်းများကို စုဆောင်းနိုင်သလို မိမိမလေ့လာဖူးသော အကြောင်းအရာနှင့် သက်ဆိုင်သော တံဆိပ်ခေါင်းများကို စုဆောင်းရင်းလည်း ထိုအကြောင်းအရာကို လေ့လာနိုင်မေသည်။ 'စုဆောင်းရင်းလေ့လာ၊ လေ့လာရင်းစုဆောင်း'ဟု ဆိုနိုင်သည်။ ဖြစ်ရပ်မှန် ဥပမာတစ်ခုပြ၍ ရှင်းလင်းလိုပါသည်။ ၁၉၇၀ ပြည့်နှစ်က အမေရိကန်နိုင်ငံမှ ဂျိုဘလိကလီ (Jo Bleakley) ဟု ခေါ်သော ကလေး(၃)ယောက်မိခင် အိမ်ရှင်မတစ်ဦးမှာ စုဆောင်းရမည့် ခေါင်းစဉ်မည်မည်ရရရှာမတွေ့၍ စဉ်းစားရကျပ်နေစဉ်တွင် ဖားပြုပ်ပုံတံဆိပ်ခေါင်းတစ်လုံးကိုရုတ်တရက်တွေ့လိုက်ရသည်။ မျက်လုံးပြူးပြူးဖြင့်ပြုတ်ထနေသောကျောကုန်းပိုင်ရှင်ဖားပြုပ်ကိုကြည့်ပြီး ရယ်ချလိုက်ရင်း ဖားတံဆိပ်ခေါင်းများစုဆောင်းရန် ဆုံးဖြတ်လိုက်သည်။ သို့သော် သူမမှာ ဇီဝဗေဒလည်းမသိ၊ ဖားအကြောင်းလည်း ဘာမှမသိပေ။ ထိုအခါကျမှ ဖားနှင့်သက်ဆိုင်သောစာအုပ်များကို ရှာဖွေဖတ်ရှုရတော့သည်။ သူမမှာ ၁၉၈၁ခုနှစ်၌ သူမ၏ ဖားတံဆိပ်ခေါင်းများဖြင့် တံဆိပ်ခေါင်းပြိုင်ပွဲဝင်ခဲ့ရာ ဒုတိယငွေတံဆိပ်ဆုကိုရရှိခဲ့သည်။ ဘလိကလီမှာ ထိုမျှနှင့် မကျေနပ်သေးဘဲ ဖားနှင့်ပတ်သက်သော စာပေ၊ သီပွဲ၊ သမိုင်း၊ အနုပညာ စသည်တို့ကို ဆက်လက်လေ့လာ၍ ဖားတံဆိပ်ခေါင်းများဖြင့် ပြိုင်ပွဲကြီးတွင် တင်ပြခဲ့သည်။ အကဲဖြတ်လူစုကြီးတစ်ဦးမှာ သူမ၏ဖားပြုပ်ကိုလျှာနှင့်လျက်' (TOADSUCK) ဟု အမီပွာယ်ရသည့် စာပို့အမှတ်အသားကိုကြည့်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ရယ်မောခဲ့ရသည်။ သူမ၏ ဖားတံဆိပ်ခေါင်းများမှာလည်း တစ်နိုင်ငံလုံးဆိုင်ရာ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့လေသည်။ ဤသည်မှာ စုဆောင်းရင်း လေ့လာခြင်း၏ ရလဒ်ပေတည်း။

ရွေးချယ်စရာ သီမက်တစ်တံဆိပ်ခေါင်းများများစွာရှိပါသည်။ သီမက်တစ်တံဆိပ်ခေါင်းများ အထူးပြုရောင်းဝယ်ရေးကုမ္ပဏီတစ်ခု၏ ထောင်ဂဏန်းနှင့်ချီသောခေါင်းစဉ်ကြော်ငြာများမှခေါင်းစဉ်အချို့ကို အနည်းငယ် သဘောပေါက်ရန်ဖော်ပြရပါက (၁) မိကျောင်းပုံတံဆိပ်ခေါင်းများ၊ (၂) ဗုဒ္ဓသာသနာတံဆိပ်ခေါင်းများ၊ (၃) တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (WWF)၊ (၄) မြားပစ်ခြင်း၊ (၅) ကမ္ဘာ့အံ့ဖွယ်များ၊ (၆) စကြာဝဠာ၊ (၇) မိုးနေး (Monet) ၏ ပန်းချီကားများ၊ (၈) ပန်းပုပညာ၊ (၉) ခေတ်ဟောင်းမော်တော်ကားများ၊ (၁၀) လေယာဉ်နှင့်လေကြောင်း၊ (၁၁) လေသင်္ဘောများ၊ (၁၂) ညင်းနှီး၊ (၁၃) စက်ဘီး၊ (၁၄) မှို၊ (၁၅) ကွန်ပျူတာ၊ (၁၆) မီးနှင့်မီးသတ်၊ (၁၇) လက်ထွေ၊ (၁၈) စွန့်စားရှာဖွေသူများ (၁၉) မြေပုံများ၊ (၂၀) ရုပ်ရှင်နှင့် ရုပ်ရှင်သရုပ်ဆောင်များ ဟူ၍ ရှိသည်။

**□ အရေးပါလာသည့် သီမက်တစ်တံဆိပ်ခေါင်းများ**

လူ့သဘာဝမှာ တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com

အသစ်အဆန်းကို ရှုတ်တရက်လက်ခံရန် တွန့်ဆုတ်နေတတ်သည်။ ကမ္ဘာ့တံဆိပ်ခေါင်းလောကသည်လည်း သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းခြင်းကို ကနဦးတွင် လက်ခံရန် တွံ့နှေးနေခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ ၊ တံဆိပ်ခေါင်းများကို လေ့လာခြင်းကသည်သာ တံဆိပ်ခေါင်းပညာစစ်စစ်ဟူ၍ ခုခံပြောဆိုကြသည်။ သို့ရာတွင် သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းသည့် ဝါသနာရှင်ဦးရေမှာ များသည်ထက်များလာခဲ့ရာ သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းခြင်းကို ကမ္ဘာ့တံဆိပ်ခေါင်းလောကမှ နောက်ဆုံး၌ လက်ခံလာကြရသည်။ ယခုအခါ၌ သီမက်တစ်တံဆိပ်ခေါင်းအသင်း၊ သီမက်တစ်တံဆိပ်ခေါင်းဂျာနယ်၊ သီမက်တစ်တံဆိပ်ခေါင်းကက်တလောက်၊ သီမက်တစ်တံဆိပ်ခေါင်းပြပွဲကြီးများ စသည်ဖြင့် သီမက်တစ်တံဆိပ်ခေါင်းစုဝါသနာမှာ ကမ္ဘာ့တံဆိပ်ခေါင်းလောကကြီး၏ သုံးပုံတစ်ပုံခန့်ကို လွှမ်းမိုးထားနိုင်ပြီ ဖြစ်သည်။ ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ကလည်း အပြည်ပြည်ဆိုင်ရာတံဆိပ်ခေါင်းပြပွဲ၊ ပြိုင်ပွဲကြီးများ၌ သီမက်တစ်တံဆိပ်ခေါင်းများယှဉ်ပြိုင်နိုင်ရန် သီးခြားအတန်းအစားတစ်ရပ် ထည့်သွင်းခဲ့ရသည်။ သီမက်တစ်တံဆိပ်ခေါင်းများယှဉ်ပြိုင်ရာ၌ ယှဉ်ပြိုင်သောခေါင်းစဉ်ကို တံဆိပ်ခေါင်းဘောင်(Frame) အလိုက် တင်ပြယှဉ်ပြိုင်ရသည်။ဘောင်ဟူသည်မှာ တံဆိပ်ခေါင်းများစီရီကပ်ထားသော စာမျက်နှာ (A4 အရွယ်) (၁၆) မျက်နှာကို (၁) ဘောင်ဟု သတ်မှတ်သည်။ အပြည်ပြည်ဆိုင်ရာပြပွဲ၊ ပြိုင်ပွဲကြီးများ၌ ဘောင်တန်းလွတ် (Multiple Frames) ယှဉ်ပြိုင်နိုင်သည်။ တံဆိပ်ခေါင်းအကဲဖြတ်လူကြီးများက သီမက်တစ်တံဆိပ်ခေါင်းများ၏ (၁) တင်ပြနိုင်မှုပုံစံ (Presentation) တံဆိပ်ခေါင်းများကို အကြောင်းအရာနှင့်လိုက်၍ ယှဉ်ပြိုင်ပြသသည့်အနေအထား၊ (၂) တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ (Philatelic Materials) ယှဉ်ပြိုင်ပြသသည့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ၊ (၃) ရှုမြင်သုံးသပ်ပုံ (Philatelic Treatment) ပြသထားသော တံဆိပ်ခေါင်းများနှင့် ယှဉ်တွဲသုံးသပ်ရေးသားပုံနှင့် (၄) တံဆိပ်ခေါင်းဗဟုသုတ (Philatelic Knowledge) တံဆိပ်ခေါင်းဆိုင်ရာ ဗဟုသုတကြွယ်ဝမှု စသည့်အချက်များအပေါ်တွင် အမှတ်ပေး ဆုံးဖြတ်ကြသည်။

မည်ကဲ့သို့သော ခေါင်းစဉ်များဖြင့် သီမက်တစ်တံဆိပ်ခေါင်းပြပွဲကြီးများတွင် ယှဉ်ပြိုင်ကြပါသနည်း။ ဤစာရေးသူ နောက်ဆုံးထိတွေ့ခဲ့ရသော ဖီလာကိုးရီးယား (Philakorea 2014) အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီး၏ သီမက်တစ်တံဆိပ်ခေါင်းပြိုင်ပွဲမှခေါင်းစဉ်အချို့ကို ထုတ်နုတ် ပြသလိုပါသည်။ သီမက်တစ်တံဆိပ်ခေါင်းပြိုင်ပွဲယှဉ်ပြိုင်သူများမှာ လွန်စွာများပြားလှရာ ကဏ္ဍ (၃)ပိုင်း ခွဲခြား၍ ပြိုင်ပွဲဝင်ကြရသည်။ ထို (၃) ပိုင်းမှာ (က) သဘာဝ၊ (ခ) ယဉ်ကျေးမှုနှင့် (ဂ) သိပ္ပံဆိုင်ရာတံဆိပ်ခေါင်းကဏ္ဍများ ဖြစ်သည်။ ဖီလာကိုးရီးယား ၂၀၁၄ ပြပွဲကြီးတွင်ယှဉ်ပြိုင်ခဲ့သော ခေါင်းစဉ်များကိုကြည့်ရှုရုံမျှဖြင့် ပြိုင်ပွဲပြကွက်များမှာ မည်မျှအဆင့်အတန်းမြင့်သည်၊ မည်မျှနက်နဲသည်ကို သိသာနိုင်ပါသည်။ ပြပွဲကြီး၌ယှဉ်ပြိုင်ခဲ့သူများ၏ မိခင်ရင်းနိုင်ငံအမည်ကို ကွင်းစ၊ ကွင်းပိတ်ဖြင့် ဖော်ပြထားသည်။ (က) သဘာဝကဏ္ဍ၊ (၁) (ကျူးဘား) 'လူသား၏ရှုထောင့်မှ ငှက်များကို လေ့လာခြင်း'၊ (၂) (ကိုရီးယား) 'ရေဆိုသည်မှာ ဇီဝအသက်'၊ (၃) (ကိုရီးယား) ကျွန်ုပ် သစ်ခွပန်းမှ နှုတ်ခွန်းဆက်ပါသည်။ (ခ) ယဉ်ကျေးမှုကဏ္ဍ (၁) (ဘရာဇီး) 'ပင်လယ်ကမ်းစပ်မှသဲသောင်ပြင်များ'၊ (၂) (ဩစတြေးလျ) 'ဘုရားသခင်၏ နတ်မိမယ်များ'၊ (၃) (စပိန်) 'မိုးကုပ်စက်ဝိုင်းကိုအောင်နိုင် ခြင်း'၊ (ဂ) သိပ္ပံကဏ္ဍ။ (၁) (ဘယ်လ်ဂျီယမ်) 'တရုတ်ပေသီးမှသည် လက်(ပ်)တော့ကွန်ပျူတာသို့' (၂) (မွန်ဂိုလီးယား) 'ကမ္ဘာ့အင်ပါယာကြီးများ၏ အာကာသအပေါ် အောင်နိုင်မှု' (၃) (ဘရာဇီး) 'ရေဂုပ်သဘော်' စသည်တို့ဖြစ်သည်။

## ၁ မြန်မာနှင့် သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းခြင်း

မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်းဝါသနာရှင်များမှာလည်း သီမက်တစ်တံဆိပ်ခေါင်းများကို ခံ့မင်စွာ စုဆောင်းကြသည်ကို တွေ့ရှိရသည်။ အချို့မှာ နိုင်ငံအလိုက် စုဆောင်းကြသော်လည်း အရန်စုဆောင်းမှု (Sideline) အဖြစ် သီမက်တစ်တံဆိပ်ခေါင်းအနည်းအကျဉ်းကို မိမိတို့စိတ်ဝင်စားသည့်အလျောက် စုဆောင်းကြသည်။အချို့သော တံဆိပ်ခေါင်းဝါသနာရှင်များထံ၌ 'ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီး'၊ 'ဗြိတိသျှတော်ဝင်မိသားစု' စသည့် တံဆိပ်ခေါင်းမြောက်မြားစွာ စုဆောင်းထားရှိနိုင်ကြသော်လည်း ပြိုင်ပွဲဝင်ရန် စီစဉ်ထားရှိမှုများရှိလိမ့်မည်မထင်ပေ။ ပြိုင်ပွဲဝင်ရန်အတွက်ဆိုပါမူ ခေါင်းစဉ်တစ်ခုအပေါ်တွင် သီမက်တစ်တံဆိပ်ခေါင်းများကို အမျိုးအမည်စုံလင်စွာဖြင့် အချိတ်အဆက်မိမိဖြင့် ကျစ်လျစ်ပီပြင်စွာတင်ပြနိုင်ရမည်ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များမှာ နိုင်ငံတကာမှသတ်မှတ်ထားသောပုံစံဖြင့် သီမက်တစ်တံဆိပ်ခေါင်းများကို တင်ပြယှဉ်ပြိုင်နိုင်ရန် အဆင့်မီကြပြီဟု မဆိုနိုင်ပေ။

ဤနိုင်ငံ၌ သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းခြင်းကို ဝါသနာရှင်မဟုတ်သူများလည်း စိတ်ဝင်စားလာစေရန် မြှုဆွယ်ပျိုးထောင်ပေးသင့်ပေသည်။ သီမက်တစ်တံဆိပ်ခေါင်းများမှာ သာမန်လူပုဂ္ဂိုလ်တို့ကို တံဆိပ်ခေါင်းစုဆောင်းလာစေရန် ဆွဲဆောင်နိုင်သောကြောင့် ဖြစ်လေသည်။ ဤစာရေးသူမှာ ထိုအချက်ကို ယုံကြည်သိရှိထားပြီး သီမက်တစ်တံဆိပ်ခေါင်းစုဆောင်းနည်းကို ဖြန့်ဝေပေးလျက်ရှိ၏။ နိုင်ငံရပ်ခြားရှိ သီမက်တစ်တံဆိပ်ခေါင်းအသင်းများတွင် ပါဝင်၍ ကိုယ်တိုင် သီမက်တစ်တံဆိပ်ခေါင်း ဗဟုသုတကြွယ်ဝရန် ပထမဦးစွာ ကြိုးစားခဲ့ရသည်။ ဩစတြေးလျ (TSA) နယူးဇီလန် (NZTA) နှင့် အိန္ဒိယ (ITS) ရှိ သီမက်တစ်အသင်းများတွင် အသင်းဝင်အဖြစ် ပါဝင်ခဲ့ပြီး ဩစတြေးလျ THEMES ဂျာနယ်နှင့် အိန္ဒိယမှ ITS Newsletter တို့တွင် သီမက်တစ်ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ကိုယ်ပိုင်စုဆောင်းမှုများအနေဖြင့် 'ငှက်များ'၊ 'ဗုဒ္ဓသာသနာ'၊ 'အဲလဗစ် ပရက်စလေ' (Elvis Presley)၊ 'လူ့အခွင့်အရေး'၊ 'မဟတ္တမဂန္ဒီ' စသည့် ခေါင်းစဉ်များကို စုဆောင်းခဲ့သည်။ မြန်မာမဂ္ဂဇင်းဂျာနယ်များ၌လည်း သီမက်တစ်တံဆိပ်ခေါင်းဆိုင်ရာ ဆောင်းပါးများရေးသားခဲ့လေရာ ဤသူရဋ္ဌမဂ္ဂဇင်းတွင်လည်း သီမက်တစ်တံဆိပ်ခေါင်းဆောင်းပါးများဖြစ်သော 'အီစွတ်ပုံပြင်တံဆိပ်ခေါင်းများ' 'ဟောရေဗုဓောစေတီတော်ကြီးဆိုင်ရာ တံဆိပ်ခေါင်းများ' နှင့် 'ရွှေတိဂုံစေတီတော်ကြီးဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းများ' ကို ရေးသားခဲ့သည်။ တံဆိပ်ခေါင်းပြပွဲများတွင် ဤစာရေးသူမှ 'ငှက်တံဆိပ်ခေါင်းများ' နှင့် သဘာဝဝန်းကျင်ဆိုင်ရာတံဆိပ်ခေါင်းများ' ဟူသည့် သီမက်တစ်ပြကွက်များကို ပြသခဲ့ဖူးသည်။သီမက်တစ်တံဆိပ်ခေါင်း



www.burmeseclassic.com

များမှာ တံဆိပ်ခေါင်းစတင်စုဆောင်း လာစေရန်စေ့ဆော်နိုင်သောတံဆိပ်ခေါင်း များဖြစ်ပေသည်။


မြန်မာနိုင်ငံမှ သီမက်တစ်တံဆိပ် ခေါင်းစုဆောင်းရန် ဟူ၍ ရည်ရွယ်ပြီး တစ်ကြိမ်တစ်ခါမျှ တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့ခြင်းမရှိပေ။ သီမက်တစ် တံဆိပ်ခေါင်းစုဆောင်းနည်းဟူသည်မှာ ဒီဇိုင်းပုံအသေးအကြီးကိုပဓာနမထားဘဲ ရွေးချယ်စုဆောင်းကြရရာ မြန်မာတံဆိပ် ခေါင်းများပေါ်မှ သီမက်တစ်ခေါင်းစဉ် အတွက် ထည့်သွင်းစုဆောင်းနိုင်သည့် 'အကြောင်းအရာ' အချို့ပါရှိနေပါသည်။ ယခုဖော်ပြမည့်ဒီဇိုင်းပုံများမှာ မည်သည့် မြန်မာတံဆိပ်ခေါင်းများပေါ်တွင် ပါရှိ သည်ကို ဖော်ထုတ်နိုင်ပါမည်လား။ (၁) နို့မှုန့်သောက်သုံးနေပုံ၊ (၂) တယ်လီဖုန်း၊ (၃) ကွန်ပျူတာ၊ (၄) လှေနှလုံးသား၊ (၅) ခြင်းလုံးကစားခြင်း၊ (၆) ဘွတ်ကလုံငှက်၊ (၇) ဆက်သွယ်ရေးဂြိုဟ်တု၊ (၈) ရေကူး သမား၊ (၉) ပြောင်းဖူး၊ (၁၀) လောက နတ်ရုပ်၊ (၁၁) ရွက်လှေ၊ (၁၂) မြန်မာ့ ရုပ်သေးရုပ်တို့ပါရှိသည်မှာ မည်သည့် တံဆိပ်ခေါင်းများနည်း။ ရန်ကုန်မြို့ရှိ တံဆိပ်ခေါင်းဝါသနာရှင်အချို့က ပြော ဆိုနေကြသည်မှာ မြန်မာ့တံဆိပ်ခေါင်း ဝါသနာကျဆင်းနေပြီဖြစ်သည့်အကြောင်း ဖြစ်သည်။ ဤသို့ ကျဆင်းနေသည်ကို တုစားနိုင်မည့်အချက်များစွာထဲမှ အချက် တစ်ချက်မှာ သီမက်တစ်တံဆိပ်ခေါင်း များ ဖြစ်သည်။ ယခုအခါ နှစ်လည်ပြည့် မြောက်ပြီးဖြစ်သော မြန်မာ့စာတိုက် လုပ်ငန်းမှ သီမက်တစ်တံဆိပ်ခေါင်း များကို (၄)၊ (၅) မျိုးလျှင် တစ်စုံနှုန်းဖြင့် တစ်နှစ် လျှင် (၅)၊ (၆)ကြိမ်ခန့် (ဥပမာ သစ်ဆွဲဆင်၊ မြစ်ကူးတံတားကြီးများ၊ သစ်သီးဝလံများ စသည့် တံဆိပ်ခေါင်း ဒီဇိုင်းများဖြင့်) ထုတ်ဝေနိုင်မည်ဆိုပါက မြန်မာ့တံဆိပ်ခေါင်းများနှင့်တံဆိပ်ခေါင်း ဝါသနာဦးမော့ရှင်သန်လာမည်မှာ မြေကြီး လက်ခတ်မလွဲသေချာလှပေသည်။

ကြည်လွင်


ကိုးကားမှုများ -

၁။ M.Morris (1977) Thematic Stamp Collecting. SG Publications Ltd., London.

၂။ J.Watson (1990) Stamp Collecting : Collecting by Theme. SG Publications. London.

## ဆရာဦးဇောင်ဇောင်သန်း

(ရှင်နှင်းခေး မြေဝေသား)

(၁၃၆) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

အတိတ်ကောင်း၊ နိမိတ်ကောင်း များစွာပေါ်ထွန်းရင်း ချမ်းသာကြွယ်ဝကြ တော့မည့်ပုဂ္ဂိုလ်များကို ဂုဏ်ယူစွာဖြင့်-

**တနင်္ဂနွေသားသမီးများ**

ဒီဇင်ဘာလ ၆-၁၄-၁၇-၂၁ ရက် များမှာ ထီထိုးပါ။ ဘုရားရှင်ကို မုန့်လုံး ရေပေါ် ဆွမ်း နေ့စဉ်ကပ်လှူပြီး သရဏဂုံ ပုတီးစိပ်ပါ။ အနည်းဆုံး (၉) ရက်ပြုလုပ် ပါ။ ပြည့်ပြီးမှ ထီထိုးပါ။

ဇန်နဝါရီလတွင် ၆ - ၅ - ၄ - ၈ ဂဏန်းများ ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဒီဇင်ဘာလ ၆ - ၈ - ၁၄ - ၁၈ - ၂၁ ရက်များမှာ ထီထိုးပါ။

တစ်နေ့ထဲဘုရားငါးဆူပြည့်အောင် သွားဖူးပါ။ ဘုရားတိုင်းမှာ ရုပ်ပွားတော် တစ်ဆူဆူရှေ့မှာ ပန်းပေါင်းစုံ (၅) မျိုးစီ လှူပါ။ ပြီးမှ သရဏဂုံကို ဘုရားတိုင်းမှာ အကြိမ် (၃၀) စီရွတ်ပါ။

ဇန်နဝါရီလတွင် ၄ - ၈ - ၆ - ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဒီဇင်ဘာလ ၆ - ၉ - ၁၅ - ၁၉ - ၂၃ ရက်များမှာ ထီထိုးပါ။

အင်္ဂါနံတွဲ့အမည်ရှိသော ဘုရား တစ်ဆူဆူသို့သွားပါ။ ရုပ်ပွားတော် တစ်ဆူဆူရှေ့တွင် ဆွမ်း (၃) ပွဲကပ်လှူ ပူဇော်ပြီး သရဏဂုံကို အချိန်ယူ၍ ရွတ် ပါ။ (သို့) ဘုရားတစ်ဆူဆူ၏ ကြာသပ တေးထောင့်တွင် ဆွမ်း (၃) ပွဲလှူ၊ သရဏဂုံရွတ်ပါ။ အပြန်မှာထီထိုးပါ။

ဇန်နဝါရီလမှာ ၆ - ၄ - ၈ - ၂ - ၉ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဒီဇင်ဘာလ ၆ - ၁၆ - ၂၄ - ၂၃ ရက်များမှာ ထီထိုးပါ။

ဖြစ်နိုင်ရင် ဓာတ်ကြီးလေးပါးဆွမ်း တော်ကပ်လှူပါ။ အခက်အခဲရှိနေရင် မွန်းမတည့်ခင် တစ်ရက်ထဲ ဘုရား လေးဆူလှည့်လည်ဖူးပါ။ ဘုရားတိုင်း၏ ကြာသပတေးထောင့်တိုင်းမှ ရုပ်ပွား တော်များ၏လက်တော်များတွင် စံပယ် ပန်းကုံးများ အနည်းဆုံး အကုံး (၃၀) လှူဒါန်းပါ။ အပြန်မှာထီထိုးပါ။

ဇန်နဝါရီလမှာ ၄ - ၈ - ၆ - ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဒီဇင်ဘာလ ၆ - ၇ - ၁၀ - ၁၇- ၁၈ - ၂၁ ရက်များမှာ ထီထိုးပါ။

တစ်နေ့ထဲ မွန်းမလွဲခင် ဘုရား (၆) ဆူပြည့်အောင်လှည့်ဖူးပါ။ ဘုရား တိုင်း၏ ရုပ်ပွားတော်တစ်ဆူဆူရှေ့တိုင်း တွင် ဖယောင်းတိုင် (၆) တိုင်စီထွန်းပါ။ အပြန်မှာထီထိုးပါ။

ဇန်နဝါရီလတွင် ၄ - ၈ - ၅ - ၆ ဂဏန်းများနှင့် ကံစပ်သည်။

**သောကြာသားသမီးများ**

ဒီဇင်ဘာလ ၆-၁၁-၁၈-၂၅ ရက် များမှာ ထီထိုးပါ။ ဘုရားရှင်အား စံပယ် ပန်းများနှင့်ဝေနေအောင်ပူဇော်ပါ။ ဆွမ်း (၃) ပွဲနှင့်ပူဇော်ပါ။ နေ့စဉ်ပူဇော်ပြီးလျှင် အဓိဋ္ဌာန် (၉) ရက်ဝင်ပါ။ (၉) ရက်ဝင် သောအဓိဋ္ဌာန်သည် ကိုယ့်စိတ်ကိုယ့် သဘောနှင့် ဂုဏ်တော်စိပ်စိပ်၊ သရဏဂုံ စိပ်စိပ်ရပါသည်။ ပြီးမှ ထီထိုးပါ။

ဇန်နဝါရီလ ၂ - ၉ - ၄ - ၈ - ၆ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

ဒီဇင်ဘာလ ၆ - ၉ - ၁၂ - ၁၆ - ၂၀ ရက်များမှာ ထီထိုးပါ။

မနီးအဝေးနေရာဒေသတစ်ခုခုကို တစ်နေ့ ဘုရားဖူးခရီးထွက်လိုက်ပါ။ ဘုရားများရောက်တိုင်း ရုပ်ပွားတော် များမှာ ဖယောင်းတိုင်သုံးတိုင်စီထွန်းပါ။ အပြန်မှာထီထိုးပါ။

ဇန်နဝါရီလ ၇ - ၈ - ၆ - ၄ ဂဏန်းများကံစပ်ပါသည်။

**ဒီဇင်ဘာလတွင်-**

၆-၁၂-၂၀၁၆ အင်္ဂါနေ့နှင့်-

၁၉-၁၂-၂၀၁၆ ကြာသပတေးနေ့ များတွင် (၇) ရက်သားသမီး မည်သူမဆို ထီထိုးပါလေ။

ဆရာဦးဇောင်ဇောင်သန်း
(ရှင်တိုင်းအောင်မြေသား)




www.burmeseclassic.com

www.burmeseclassic.com



# ဘသုန်
# ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်

**စိတ်ဖိစီးမှုရောဂါဝေဒနာ ခံစားခဲ့ရသည့် အန်တိုနီရာ၏ (လွန်ခဲ့သောနှစ်အနည်းငယ်က) လက်ဝါးပြင်နမူနာအား လေ့လာခြင်း**

**လက်ဝါးပြင်၏အဓိကကျသော ကြန်အင်လက္ခဏာများ**

အန်တိုနီရာ၏ လက်ဝါးတည်ဆောက်ပုံအနေအထားက ရေဓာတ်ကိုကိုယ်စားပြုသည်။ ယင်းမှာ သူမ၏ ဆတ်ဆတ်ထိမခံနိုင်သော စိတ်ခံစားမှု၊ လက်ခံရန် ဝန်မလေးတတ်သော စိတ်အခြေအနေတို့ကို ဖော်ပြသည်။ ရေဓာတ်ကိုယ်စားပြု လက်အမျိုးအစားသည် အခြားဓာတ်ကိုယ်စားပြုလက်အမျိုးအစားများထက် စိတ်နူးညံ့တတ်ကြသည်။

အန်တိုနီရာ၏ အင်္ဂါဂြိုဟ်လမ်းကြောင်းက ထင်ရှားပြီး အသက်လမ်းကြောင်းက ငှက်မွှေးပုံစံပွရောင်းနေတတ်သည်။ ဒေါသထွက်လွယ်၍ စိတ်ဖိစီးမှုများသော အခြေအနေအမျိုးမျိုးနှင့် ရင်ဆိုင်ရတတ်သည့် လက္ခဏာအဖြစ် ဖော်ပြသည်။

သူမ၏လက်ညှိုးတည်ဆောက်ပုံ ရှည်လျားနေခြင်းက မာနကြီးခြင်း၊ မိမိကိုယ်မိမိယုံကြည်ခြင်း၊ ရည်မှန်းချက်ကြီးခြင်းတို့ကိုကိုယ်စားပြုပြီး ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းကြောင့် မိမိကိုယ်မိမိ သံသယများသူ၊ သေချာရေရာမှုမရှိသူအဖြစ် ဖော်ပြနေပါသည်။ မည်သို့ပင်ဖြစ်စေ ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံအရ သူမက ဉာဏ်ရည်ထက်မြက်သူတစ်ဦးပင် ဖြစ်သည်။

အန်တိုနီရာ၏ တစ်ခုပေါ်တစ်ခု ထပ်နေဟန်ရှိသော ဦးခေါင်းလမ်းကြောင်းအနေအထားသည် အသက် (27) နှင့် (31) ကြား၌ အိမ်ထောင်ကွဲခဲ့ဖူးကြောင်း၊ ထိုကာလနောက်ပိုင်း သူမ၏ ရည်မှန်းချက်များ ပိုမိုအားကောင်းလာကြောင်း ဖော်ပြနေပါသည်။

သူမ၏ ကံလမ်းကြောင်းအနေအထားသည် အသက် (၃၁)နှင့် (၃၃) ကြားကာလ၌ ဒုတိယကံလမ်းကြောင်းတစ်ခုအဖြစ် လက်ညှိုးဆီသို့ ဦးတည်သွားသည်ကို တွေ့ရသည်။ ထိုနှစ်အပိုင်းအခြားအတွင်း သူမ၏လုပ်ငန်းတွင် စီနီယာဖြစ်သူ အနားယူသွားခြင်းကြောင့် သူမကိုယ်တိုင် (စီနီယာအဖြစ်) ဦးဆောင်နိုင်ခဲ့သည်။

အန်တိုနီရာ၏ ကံလမ်းကြောင်း များစွာသောလမ်းကြောင်းခွဲများပါရှိခြင်းကြောင့် အသက်(၂၈)တွင် အိမ်ထောင်ကွဲ၍ အသက် (၂၉) နှစ်၌ ဘဝသစ်တစ်ခု ပြန်လည် စတင်ခဲ့သည်။ ကံလမ်းကြောင်းခွဲတစ်ခုက လက်သူကြွယ်ဆီသို့ ဦးတည်နေခြင်းကြောင့် လိုအင်ဆန္ဒပြည့်မှုများရရှိခဲ့သည်။ အသက် (၃၀) နှစ်တွင် အိမ်ရာရွှေ့ပြောင်းခဲ့ပြီး ကုမ္ပဏီ၏ကြီးလေးသောတာဝန်များစွာအား ရယူခဲ့သည်။


**အန်တိုနီရာ၏ ဦးခေါင်းလမ်းကြောင်း အနေအထား**

သူမဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ချိတ်ဆက် ကပ်ခြင်းမရှိဘဲ (ဦးခေါင်းလမ်းကြော နှင့် အသက်လမ်းကြောင်း) သီးသန့် လွတ်လပ်စွာအစပြုထားသည်ကို တွေ့ ပါမည်။ ဦးခေါင်းလမ်းကြောင်းဖြော တန်းစွာရှိနေခြင်းကြောင့် အဆင့်အ မြင့်ခြင်း၊ ထင်မြင်ယူဆချက်ခိုင်မာခြ လက်တွေ့ကျခြင်းလုပ်ငန်း၌ တိကျ ခြင်းတို့ကို ဖော်ပြပါသည်။

ဦးခေါင်းလမ်းကြောင်းများဖြ

**အန်တိုနီရာ၏ နမူနာလက်ဝါးပုံစံ**



www.burmeseclassic.com

တောက်၍ တစ်ခုပေါ် တစ်ခုထပ်နေခြင်းကြောင့် တွဲဆိုင်းကြောက်ရွံ့တတ်ခြင်း၊ ဆုံးဖြတ်ချက်မချနိုင်ခြင်းတို့ကို ဖော်ပြသည်။


ကျွန်းများပါဝင်နေခြင်းက စိတ်ဖိစီးမှုများခြင်းသဘောကို ဖော်ပြသည်။ ဦးခေါင်းလမ်းကြောင်းခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေခြင်းက အမြော်အမြင်ကြီးသူ၊ ဉာဏ်ရည်ထက်မြက်သူအဖြစ် ကိုယ်စားပြုသည်။

**ပြောဆိုဆက်ဆံရေးကိုယ်စားပြုလမ်းကြောင်းများ**

PSY Lines - လက်ဝါးပြင်

Diagram 10:

**Types of Relationship Line**




အစွန်းပေါ်ရှိ အလျားလိုက်လမ်းကြောင်းများကို gypsy lines ဟု ခေါ်သည်။ ၎င်းလမ်းကြောင်းများသည် လက်သန်းအောက်ခြေနှင့်နှလုံးလမ်းကြောင်းအပေါ်ဘက်နေရာတို့တွင်ရှိပြီး လက်ဝါးအပြင်ဘက်အစွန်းမှ အတွင်းဘက်သို့ ဝင်ရောက်နေကြသည်။

**ထောက်နက်ထင်ရှားသော (အပေါ်ဆုံးလမ်းကြောင်း)**

စိတ်ခံစားမှုအပိုင်းကို ကိုယ်စားပြုသည်။

**ရှည်လျားဖြောင့်တန်းသောလမ်းကြောင်း**

အရေးပါခြင်း၊ ခိုင်မာခြင်းသဘောကို ဖော်ပြသည်။

**ထူထဲသောလမ်းကြောင်း**

ဘဝတစ်သက်တာအတွင်း ထိခိုက်နစ်နာစေမည့်အရာများရှိ မရှိ ကိုယ်စားပြုဖော်ပြသည်။

**ပါးလွှာသေးမျှင်သောလမ်းကြောင်း**

စိတ်ပိုင်းဆိုင်ရာနှင့် မပတ်သက်သောဆက်ဆံရေးပြလမ်းကြောင်းအဖြစ် ကိုယ်စားပြုသည်။

**တစ်ကြောင်းတည်းသောလမ်းကြောင်း**

အချစ်ရေးကိစ္စထက် အခြားသောကိစ္စများဖြင့် ပတ်သက် ဆက်ဆံတတ်သည့်သဘောကိုပြသည်။

**ခက်ရင်းခွပုံစံဖြင့်အစပြုသောလမ်းကြောင်း**

ခက်ရင်းခွပုံစံဖြင့်အစပြုသောလမ်းကြောင်းတို့ (၂) ခုက ဆက်ဆံရေးအစပိုင်းအခြေအနေကိုဖော်ပြသည်။

**ခက်ရင်းခွဖြင့် အဆုံးသတ်သောလမ်းကြောင်း**

ကွာရှင်းပြတ်စဲခြင်း၊ လမ်းခွဲခြင်းစသည့်ဆက်ဆံရေးပျက်ပြားမှုကိုဖော်ပြသည်။

**ဆင်ခြေလျှောပုံစံ နိမ့်ဆင်းခြင်း (သို့) ကြက်ခြေခတ်ပုံစံဖြင့်အဆုံးသတ်ခြင်း**




Diagram 11:

**Types of Gypsy Line**

အချစ်ရေး၌ လက်လွတ်ဆုံးရှုံးရခြင်းသဘောကိုရည်ညွှန်းသည်။

**ကြားဖြတ်လိုင်းများပါရှိခြင်း**

ဆက်ဆံရေးကာလအတွင်းတွင် အနှောင့်အယှက် အတားအဆီးများကြားဝင်တတ်သည့်သဘောကို ဖော်ပြသည်။

**အစပိုင်း၌ (လက်ဝါးစွန်း၌) ကြားဖြတ်လိုင်းပုံစံရှိနေခြင်း**


ဆက်ဆံရေးတာရှည် (မတည်မြဲ)ဘဲ ကာလတိုအတွင်း ပျက်ပြားရခြင်းသဘောကို ဖော်ပြသည်။

**လမ်းကြောင်းအဆုံး၌ ကြားဖြတ်လိုင်းရှိနေခြင်း**

ရုတ်တရက် ဆက်ဆံရေးပျက်ပြားခြင်း၊ လက်တွဲဖော်နှင့်ခွဲခွာရခြင်းသဘောကို ကိုယ်စားပြုသည်။

**အသက်လမ်းကြောင်းကိုဖြတ်လျက် နှလုံးလမ်းကြောင်းဆီသို့ ဦးတည်သွားသောလမ်းကြောင်း**

အထက်ပါလမ်းကြောင်းထင်ရှားမှုမရှိဘဲ ပြတ်တောက်နေပါက ချစ်သူကြင်သူ (သို့) မိတ်ဆွေကောင်းများနှင့် ခွဲခွာရခြင်းရှိပါမည်။



**Palm Print 32**

**A Relationship Line**

This shows an important relationship that begins at age 28 (using the Life Line timing gauge).



www.burmeseclassic.com

www.burmeseclassic.com

**အသက်လမ်းကြောင်းအတွင်းသို့ နီးကပ်စွာဝင်ရောက်နေသည့်လမ်းကြောင်းငယ်**

ငှင်းလမ်းကြောင်းငယ်အား အင်္ဂါဂြိုဟ်လမ်းကြောင်းနှင့် မမှားယွင်းရန် သတိပြုရပါမည်။ ငှင်းလမ်းကြောင်းငယ်သည် ချစ်သူများဖြစ်လာနိုင်ခြင်း အခြေအနေရှိကြောင်း ကိုယ်စားပြုသည်။

**ကံလမ်းကြောင်းအားဆက်နေသည့်လမ်းကြောင်း**

ကံလမ်းကြောင်းအားဆက်နေသည့် လမ်းကြောင်းသည် ဆက်ဆံရေးဆိုင်ရာလမ်းကြောင်းဖြစ်ပါက ဘဝတစ်သက်တာအတွင်း မိမိလက်တွဲဖော်အပေါ် ဩဇာသက်ရောက်သူဖြစ်ပါမည်။

**အသက်လမ်းကြောင်းအတွင်းသို့ ကွေးဝင်သွားသည့်လမ်းကြောင်း**

သားသမီးရရှိနိုင်မည့်အရွယ်တွင် ပေါ်ပေါက်သောလမ်းကြောင်းဖြစ်ခြင်းကြောင့် ၎င်းအား childran Line ဟုခေါ်တွင်ပါသည်။ လက်ဝါးပြင်တွင် chindren Line ပေါ်ပေါက်လာပါက မကြာမီကာလ၌ အိမ်ထောင်သားမွေးခြင်း၊ (သို့) မွေးစားသားသမီးရရှိခြင်း၊ တူ-တူမ စသည်ဖြင့် မိမိတာဝန်ယူရန် အလိုလိုအကြောင်းပေါ်လာမည့်ကိစ္စများရှိနေပါမည်။

**ဉာဏ်စမ်းမေးခွန်း 4**

လက်ဝါးပြင်ပါ အောက်ပါ မကောင်းသည့် အချက်အလက်များအား မည်သည့်လမ်းကြောင်းများက ကိုယ်စားပြုသနည်း။

1. အလုပ်လက်မဲ့ဖြစ်ခြင်း၊ အလုပ်ခွင်၌ ကသောင်းကနင်းဖြစ်ခြင်း။

**အဖြေ** - ကံလမ်းကြောင်းသည် နှလုံးလမ်းကြောင်းအောက်ဘက်၌ ရုတ်တရက်အဆုံးသတ်သွားခြင်းကြောင့် ဖြစ်သည်။

2. လွတ်လပ်မှု လိုအပ်နေသည့် အခြေအနေ။

**အဖြေ**- အသက်လမ်းကြောင်းမှ လက်ညှိုးဆီသို့ထောင်တက်သွားသော လမ်းကြောင်းခွဲတစ်ခုက ကိုယ်စားပြုဖော်ပြသည်။

3. ငွေကြေးလုံခြုံစိတ်ချမှုနှင့် ငွေရှာနိုင်ရေးအတွက် စိတ်အစွဲအလမ်းကြီးခြင်း။

**အဖြေ** - ဦးခေါင်းလမ်းကြောင်းမှ လက်သန်းဆီသို့သွားနေသော လမ်းကြောင်းခွဲများ။

4. ကျန်းမာရေးမကောင်းသော အနေအထားတွင်ရှိနေခြင်း။

**အဖြေ** - အသက်လမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းက ကိုယ်စားပြုဖော်ပြသည်။

5. စိတ်ဖိစီးမှုခံစားနေရသော အနေအထား။

**အဖြေ** - ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းက ဖော်ပြသည်။

## Part - 3

### အချစ်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း

အချစ်ရေး (သို့) မေတ္တာရေးလမ်းကြောင်းဆိုရာ၌ ချစ်သူအပါအဝင်၊ မိတ်ဆွေအပေါင်းအဖော်၊ မိသားစုအတွင်း ချစ်ခြင်း-မေတ္တာထားရှိမှုအခြေအနေကို ကိုယ်စားပြုသောလမ်းကြောင်းများကို ဆိုလိုသည်။

**ရက်ရောစွာ ပေးကမ်း စွန့်ကြဲတတ်ခြင်း၊ နွေးထွေး ပွင့်လင်းစွာ ဆက်ဆံတတ်ခြင်းတို့ကိုဖော်ပြသောလက္ခဏာများ**

ငွေကြေးသုံးစွဲမှု၌ စနစ်တကျစိတ် သုံးစွဲတတ်သော်လည်း ပေးကမ်းစွန့်ကြဲ မှု၌ ရက်ရောတတ်သည့် စိတ်သဘော ထားရှိသူကို ဆိုလိုပါသည်။ လက်ချောင်း တစ်ခုနှင့်တစ်ခုအကြား အကွာအဝေး ကျယ်ပြန့်နေခြင်းကြောင့် စိတ်သဘော ထားကြီးခြင်း၊ မြင့်မြတ်စိတ်ထားရှိတတ် ခြင်း၊ ရိုးသား ပွင့်လင်းခြင်းသဘော တွေ့ရပါသည်။


နှလုံးလမ်းကြောင်းအကွေးပုံစံ နေခြင်းက နွေးထွေးပျူငှာ ဖော်ရွေ ကြောင်း ရည်ညွှန်းသည်။

လက်မတည်ဆောက်ပုံအနေအ ထားသည် လက်ဝါးပြင်နှင့်ဝေးကွာ နေခြင်းကြောင့် ပွင့်လင်းသော လက္ခဏာရှိကြောင်း တွေ့ရပါမည်။

လက်မထိပ်ဖျားသည် သဘာ အရ အနောက်သို့ကော့နေခြင်းကြော လက်ဖွာတတ်ခြင်း၊ ရက်ရောစွာပေးကမ်း စွန့်ကြဲတတ်ခြင်းကို ကိုယ်စားပြုသည်။

သောကြာဂြိုဟ်ခုံကြီးမားကျယ် ခြင်းကြောင့် နွေးထွေးလိုက်လျော ကြောင်း ဖော်ပြပါသည်။

**Diagram 12:**
**Signs of generosity, warmth and openness**




www.burmeseclassic.com

www.burmeseclassic.com

အသက်လမ်းကြောင်းအနီး(ပုံတွင်ပြထားသည့်အတိုင်း) လမ်းကြောင်းတိုများက မိတ်ဆွေပေါင်းသင်းဆက်ဆံရေး အခြေအနေကို ရည်ညွှန်းဖော်ပြသည်။

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့၏ကြား အကွာအဝေး ကျယ်ပြန့်ခြင်းကြောင့် ပွင့်လင်းသော စရိုက်နှင့်သဘောထားကြီးမှုကို ကိုယ်စားပြုဖော်ပြသည်။

၎င်းအပြင် လက်သည်းခွံတည်ဆောက်ပုံများ ကျယ်ပြန့်နေခြင်းက တမ်းလုမ်းချက်မှန်သမျှအား အပြုသဘောအရ (လိုလားစွာ) လက်ခံခြင်း၊ ပွင့်လင်းစွာ ဆက်ဆံတတ်ခြင်းကို ဖော်ပြသည်။

လက်အရောင်အသွေးပန်းရောင် သန်းနေခြင်းကြောင့် နွေးထွေးပျူငှာ တတ်သည့်သဘောကို သိသာစေပါသည်။

**တစ်သီးပုဂ္ဂလဆန်ခြင်းနှင့် သိုသိုသိပ်သိပ် နေတတ်ခြင်းသဘောကို ဖော်ပြသော လက္ခဏာအနေအထား**

လက်သူကြွယ်တိုတောင်းခြင်း၊

လက်ချောင်းများတစ်ချောင်းနှင့် တစ်ချောင်း နီးကပ်စွာရှိနေခြင်း။

လက်မသည် လက်ဝါးပြင်နှင့် နီးကပ်နေခြင်း။

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်း နီးကပ်စွာရှိနေခြင်း။

ဦးခေါင်းလမ်းကြောင်း (သို့) နှလုံးလမ်းကြောင်းဖြောင့်တန်းရှည်လျားခြင်း။

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း နီးကပ်စွာရှိခြင်း စသည့် အရည်အသွေးများပါရှိပါသည်။


**စာနာနားလည်တတ်ခြင်း၊ မိမိကိုယ်မိမိ နားလည်ခြင်း၊ ခံစားတတ်ခြင်း**

- နမူနာလက်ဝါးပြင်ပုံပါ a, b, c ကိုယ်စားပြုအမှတ်လက္ခဏာများအရ -

**a. လက်ညှိုးနှင့်လက်ခလယ်(၂)ခု အကြားမှ အောက်သို့ဆင်းလာဟန်ပြနေသည့်လမ်းကြောင်းတို** - လက္ခဏာပညာအရ ခွဲခြမ်းစိတ်ဖြာလေ့လာပါက စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ မိမိကိုယ်မိမိ နားလည်နိုင်စွမ်းရှိခြင်းကို ညွှန်ပြကြောင်း ဖော်ပြထုတ်နိုင်ပါသည်။

**b. ဆေးဝါးကုသမှုအရ (ခွဲစိတ်ခံရ၍) ကျန်ရစ်သော အမာရွတ်ပုံစံအမှတ်အသား** - ၎င်းအမှတ်အသားပါရှိပါက တစ်ဖက်သားအပေါ် ပြုစုစောင့်ရှောက်တတ်ခြင်း၊ တစ်ဖက်လူမှုရင်တွင်းခံစား

**Diagram 13:**
**Signs of empathy, self-understanding and sensitivity**




**Other signs:**
• Sensitivity Pads (raised mounds of flesh on the fingertips): tactile; attuned to atmospheres and others' emotions; a love for the feel of textures too
• Girdle of Venus (see page 145): heightened sensitivity, empathy and near-telepathic abilities

ချက်ကို စိတ်ရှည်စွာ နားထောင်၍ အားပေးတတ်ခြင်း စသည့်သဘာဝများ ပိုင်ဆိုင်ကြောင်း ဖော်ပြသည်။

**c. ဆော်လမွန်လက်စွပ်** - တစ်ဖက်သား၏ စိတ်ပိုင်းဆိုင်ရာ ခံစားဖြစ်ပျက်မှုများအား တီးခေါက်ပြောဆိုမေးမြန်း၍ အစအဆုံး ဖော်ထုတ် သိရှိနိုင်စွမ်းရှိခြင်းကို ဖော်ပြသည်။ ဆော်လမွန်လက်စွပ်သည် မိမိဘဝအတွေ့အကြုံအပေါ် မူတည်၍ ပညာရှိဆန်ဆန်ရင့်ကျက်တတ်သည့်သဘောကိုပြသည်။ ဆော်လမွန်လက်စွပ်သည် နှလုံးလမ်းကြောင်းနှင့် ဆက်သွယ်နေပါက လူသားချင်းစာနာထောက်ထားစိတ်ကြီးသူ၊ စိတ်ရင်းစေတနာအရင်းခံဖြင့် တစ်ဖက်သားအပေါ် ကူညီစောင့်ရှောက်တတ်သူ ဖြစ်ပါမည်။

Diagram - 13 ပါ လက်ဝါးပြင်အားလေ့လာပါက -

**လက်သန်းတိုတောင်းခြင်း**-ကလေးငယ်များအပေါ် စာနာသနားကြင်နာတတ်ခြင်း၊ မူကြိုဆရာမ၊ ကျောင်းဆရာမများအဖြစ် တွေ့ရတတ်ခြင်းရှိပါမည်။

**နှလုံးလမ်းကြောင်းမှ အသက်လမ်းကြောင်းဆီသို့ ဆင်ခြေလျှောသဏ္ဌာန် ဆင်းသွားသည့်လမ်းကြောင်းခွဲပါရှိနေခြင်း**- ဆတ်ဆတ်ထိမခံနိုင်လောက်အောင်စိတ်ခံစားမှုပြင်းထန်ခြင်း၊ စိတ်နု၍ ကရုဏာစိတ်ကြီးခြင်း၊ ဝေဖန်တတ်ခြင်း၊ ပယ်ချတတ်ခြင်း စသည့်သဘာဝများရှိကြောင်း ဖော်ပြပါသည်။

**သောကြာဂြိုဟ်ခုံကြီးမားကျယ်ပြန့်ခြင်း** - ချစ်ခြင်းမေတ္တာကြီးမားခြင်း၊ ပေးကမ်းစွန့်ကြဲတတ်ခြင်းသဘောများရှိကြောင်းဖော်ပြပါသည်။

**အခြားလက္ခဏာများ**- လက်ချောင်းထိပ်ဖျားပေါ်ရှိအသားမှုန်များ မို့အောက်မြင့်တက်နေခြင်းသည် အတွေ့အထိဖြင့်သိနားလည်ခြင်း၊ တစ်ဖက်သား၏ စိတ်ခံစားမှုကို နားလည်ခြင်းသဘောကို ဖော်ပြပါသည်။

**သောကြာခါးပတ်ပါရှိခြင်း** - စာနာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြီးမားခြင်း၊ စိတ်နူးညံ့ခြင်းသဘော များကို ရည်ညွှန်းဖော်ပြသည်။ သောကြာခုံးပတ်ပါရှိခြင်းနှင့် ပတ်သက်၍ ရှေးဟောင်းလက္ခဏာကျမ်းများ၌ လိင်မှုကိစ္စတွင် မတင်းတိမ်မရောင့်ရဲတတ်သူ၊ သူတကာနှင့်သောင်းပြောင်းလိင်ဆက်ဆံတတ်သူအဖြစ်ဖော်ပြထားဖူးသော်လည်း ခေတ်မီသောလေ့လာတွေ့ရှိမှုများအရ စိတ်ပိုင်းဆိုင်ရာ၌ လိုသည်ထက် ပိုမိုခံစားတတ်သည့်သဘော၊ တုံ့ပြန်မှုပြင်းထန်သည့်သဘောရှိသူအဖြစ်သာ ဖော်ပြနိုင်ပါသည်။

**ရှုပ်ထွေးသောဆက်ဆံရေးပုံစံကို ဖော်ပြသည့်လက္ခဏာပုံစံ**

နမူနာပြလက်ဝါးပြင်အား လေ့လာပါက -

**a. နှလုံးလမ်းကြောင်းမှ အောက်သို့ဆင်ခြေလျှောပုံစံဆင်းလာသည့် လမ်းကြောင်းတိုများ**

၎င်းလမ်းကြောင်းတိုများ ပါရှိပါက အချစ်ရေးကို စိတ်ကုန် စိတ်ပျက်နေသူဖြစ်ကြောင်း ဖော်ပြပါသည်။

**B. နှလုံးလမ်းကြောင်းမှ အသက်လမ်းကြောင်းသို့ ဆင်ခြေလျှောပုံစံဆင်းသွားသည့်တစ်ခုတည်း (ထင်ရှားသော) လမ်းကြောင်း**

၎င်းလမ်းကြောင်းတို ပါရှိပါက အခြားသူအပေါ် မယုံကြည်ရသည့်စိတ်ရှိကြောင်း ဖော်ပြသည်။

**c.လက်ညှိုးအောက်ခြေ၌ ကြက်ခြေခတ်ပုံစံပါရှိခြင်း**

ပျော်ရွှင်ခြင်း၊ ချစ်ကြည်စည်းလုံးခြင်းကာလများ တာရှည်တည်တံ့မည့်သဘောကိုဖော်ပြသည်။

လက်ခလယ်တိုတောင်းနေပါက- ပေးထားပြီးသော ကတိမတည်ခြင်းကို ဖော်ပြသည်။

နှလုံးလမ်းကြောင်းသည် လက်ခလယ်အောက်တွင် ကွေးညွတ်လျက် အဆုံးသတ်ပါက စိတ်ခံစားမှု၌ မလေးနက်ကြောင်း ဖော်ပြသည်။

လက်သန်းသည် လက်ဝါးပြင်မှ ငေါ်ထွက်နေပါက စိတ်တည်ငြိမ်မှုမရှိကြောင်းဖော်ပြသည်။

ဝဲဘက်လက်သန်းပေါ်၌ ကွင်းတစ်ခုပါရှိပါက ချစ်ခင်ရင်းနှီးသူ၊ အနီးကပ်မိတ်ဆွေတစ်ယောက်ယောက်နှင့် ယာယီပြဿနာဖြစ်ရတတ်ကြောင်းဖော်ပြပါသည်။

လက်ညှိုးသိသိသာသာရှည်ခြင်း (သို့) တိုခြင်းရှိနေပါက - တစ်ဦးတစ်ယောက်၏ လွှမ်းမိုးမှုကိုခံရမည်ဖြစ်ကြောင်းဖော်ပြပါသည်။

အသက်လမ်းကြောင်းနှင့်ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံမြင့်နေပြီး နှလုံးလမ်းကြောင်းက လက်ညှိုးအောက်ခြေ၌ ကွေးလျက် အဆုံးသတ်နေသည့်အပြင် လက်ချောင်းများရှည်လျားနေပြီး Simian Line တစ်လိုင်း ပါရှိနေခြင်းရှိပါက လူနေမှုအဆင့်အတန်းမြင့်မားသည့်လက္ခဏာရှိကြောင်း ဖော်ပြပါသည်။

**လက်သန်းလက်ချောင်းရိုး (အောက်ခြေပိုင်း) ၌ အစုအခံများသည့်ပုံရှိနေခြင်း**

သောကြာဂြိုဟ်ခုံ၏အောက်ပိုင်း၌ အလျားလိုက်မျဉ်းကြောင်းများဖြတ်သန်းလျက်ရှိနေခြင်း၊ လက်ချောင်းများရှည်လျားခြင်းရှိနေပါက စိတ်သာယာမှုတတ်ခြင်း၊ ချစ်ရေးချစ်ရာကိစ္စ၌ လွန်ခြင်းရှိတတ်ကြောင်း ဖော်ပြပါသည်။

လက်ညှိုးသည် လက်သူကြွယ်ထက် ရှည်လျားပါက စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုရှိသော လက်တွဲဖော်နှင့် တွေ့ရမည့်သဘော ဖော်ပြပါသည်။

လက်ညှိုးထက် လက်သူကြွယ် ရှည်လျားနေပါက မိမိထက်ငယ်ရွယ် လက်တွဲဖော်ရှာလိုသူဖြစ်ကြောင်းဖော်ပြပါသည်။


လက်ဝါးပြင်မှ ဝေးကွာနေသော လက်မတည်ဆောက်ပုံပါရှိခြင်း၊ နှလုံးလမ်းကြောင်းကွေးညွတ်ခြင်းနှင့်ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ကြားနေရာ ကျယ်ပြန့်ခြင်းရှိနေသည့် အပြင် လက်ချောင်းများ ရှည်လျား လက်သန်းထိပ်ဖျား၌ အလိပ်လိုက် နှင့် လက်ဝါးပြင်၌ သောကြာခုံးပတ် ရှိနေပါက ပင်ကိုသဘာဝအရ ချစ် ချစ်ရာကျွမ်းကျင်သူဖြစ်ပါမည်။

**ရှီ(စ်)လင်း၏လက်ဝါးပြင်(နမူနာပုံ) လေ့လာခြင်း**

ရှီ(စ်)လင်းသည် အော ကျော်ကြားသော အမေရိကန် တစ်ဦး ဖြစ်သည်။ သူမ၏လက် နမူနာအား လေ့လာရာ၌ အော မှတ်သားဖွယ်အချက်များကို တွေ့ရှိရသည်။

နှလုံးလမ်းကြောင်းနှင့် ဦး လမ်းကြောင်း ရှည်လျားပြီး ညင် ကွေးညွတ်သွားသည့်အနေအထား ပြဿနာအရှုပ်အထွေးဟူသမျှ အောင်မြင်စွာကိုင်တွယ်ဖြေရှင်း စိုးရိမ်ကြောင့်ကြကင်းစွာဖြင့် အလုပ်လုပ်နိုင်ကြောင်း၊ ထိ ရင်ဆိုင်တိုက်ခိုက်မှုများကို စိတ်တည်ငြိမ်အေးဆေးစွာဖြင့် ကြောင်း ဖော်ပြနေပြီး လက်ညှိ


**Diagram-14:**
**Signs of complex relationship needs and sexual tendencies**





www.burmeseclassic.com

www.burmeseclassic.com




အလိပ်လိုက်ဖွဲ့ပါရှိခြင်းက တည်ကြည်ခြင်း၊ ဂုဏ်သိက္ခာကြီးခြင်းသဘောကို ဖော်ပြနေပါသည်။

နှလုံးလမ်းကြောင်း အဆုံးသတ်က အသက်လမ်းကြောင်းဆီသို့ လမ်းခွဲအဖြစ်ဆင်းလာပြီး လေးထောင့် (စတုရန်းကွက်) ပုံစံရှိနေခြင်းက အခြားသူတစ်ဦးတစ်ယောက်၏ စိုးရိမ်ပူပန်မှုများအား နားလည်နိုင်စွမ်းရှိကြောင်းကို ဖော်ပြပါသည်။

ဦးခေါင်းလမ်းကြောင်းတွင် ကျွန်းများပါရှိနေပြီး လမ်းကြောင်းခွဲများအဖြစ်ရှိနေခြင်းက သက်မွေးဝမ်းကျောင်းအလုပ်နှင့်ဆိုင်သော စိတ်ဖိစီးစရာများရှိနေပြီး မိမိကိုယ်မိမိယုံကြည်မှုလျော့ကျနေကြောင်း ဖော်ပြပါသည်။ အသက် (၃၀) နှစ်ဝန်းကျင်၌ လက်ဝါးပြင်တွင်ပါရှိသော ငှက်မွေးသဏ္ဌာန်လမ်းကြောင်းများနှင့် အသက် (၁၈)နှစ်နှင့် (၂၁) နှစ်ကြားကာလ၌ ကျွန်းများပါရှိနေခြင်း အနေအထားသည် အခက်အခဲအတားအဆီးများအားကြုံကြုံခံရင်ဆိုင်နေရသည့်ကာလဖြစ်ကြောင်း ဖော်ပြသည်။ သူမ၏ ဝဲဘက်လက်ဝါးပြင်၌ ကြီးမားသောကျွန်းများပါရှိနေခြင်းကြောင့် ငယ်စဉ်ကတည်းက အခက်အခဲ အတားအဆီးမျိုးစုံနှင့် ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြနေပါသည်။

ရှီ(စ်)လင်း၏ ဦးခေါင်းလမ်းကြောင်းအဆုံးက မျက်လုံးတည်ဆောက်ပုံအနေအထားမကောင်းကြောင်းဖော်ပြပါသည်။ သူမအနေဖြင့် ဘယ်၊ ညာမျက်လုံးအစုံအား ခွဲစိတ်ကုသခံထားရပြီး ဖြစ်သည်။


## အတိတ်ကာလမှကြေကွဲဝမ်းနည်းစရာများကိုကိုယ်စားပြုသော Heartbreak Line

အစရှိလမ်းကြောင်းတိုတစ်ခုအား Palm Print-33 တွင်ပါရှိသည့်အတိုင်း သောကြာဂြိုဟ်ခုံပေါ်၌ တွေ့ရှိရသည်။ အတိတ်ကာလမှ ဝမ်းနည်းကြေကွဲစရာများက ယနေ့ထိတိုင် ရစ်ပတ်ခံစားနေရဆဲဖြစ်ကြောင်း ကိုယ်စားပြုဖော်ပြသည်။ အထူးသဖြင့် ချစ်သူနှင့်ခွဲခွာပြတ်စဲရခြင်း၊ မိတ်ဆွေများနှင့်ဆက်ဆံရေးအဆုံးသတ်ခြင်း၊ မိခင် ဖခင်တစ်ဦးဦးကွယ်လွန်ခဲ့ရခြင်း(သို့)ပျောက်ဆုံးခြင်း စသည့်ကိစ္စများ၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုကိုဖော်ပြသည်။

နမူနာပြ လက်ဝါးပုံစံသည် အသက် (၃၀) ကျော်အရွယ်အတွင်း စေ့စပ်ကြောင်းလမ်းခြင်းကိစ္စပျက်ပြားခဲ့ရသည့် (စိတ်နှလုံးကြေကွဲရသူ) အမေရိကန်အမျိုးသမီးတစ်ဦး၏လက်ဝါးပုံစံဖြစ်သည်။


သူမ၏လက်ခလယ်နှင့် လက်သူကြွယ်တို့ နီးကပ်စွာရှိနေခြင်း၊ ဦးခေါင်းလမ်းကြောင်းနှင့်ကံလမ်းကြောင်းတို့ပေါ်၌ အဖျက်သဘောဆောင်လမ်းကြောင်းများရှိနေခြင်း၊ ဦးခေါင်းလမ်းကြောင်းက လက်ဝါးပြင်အတွင်းသို့ဆင်းနေခြင်း၊ ကံလမ်းကြောင်းက ဦးခေါင်းလမ်းကြောင်းအတွင်းသို့တက်လာခြင်းတို့က ဘဝတစ်သက်တာအတွင်း ရုတ်ခြည်းပြောင်းလဲမှုဖြစ်စဉ်များရှိနေကြောင်းဖော်ပြပါသည်။

ဘသုန်



"Palm Print-33"

www.burmeseclassic.com



(မန္တလေး)

# ခင်မောင်အေး

## မှော်ဆရာကြီးအယူကင်နှင့် မှော်ဝင်ပိကျောင်း

(တစ်)

ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်သည့် ကျွန်တော်သည် Grand Land International သတ္တုတူးဖော်ရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်သည်။ လုပ်ငန်းတာဝန်တစ်ရပ်ဖြင့် အနောက်အာဖရိကတိုက် အေလိုရင်းပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခဲ့ရပါသည်။ ယင်းဒေသသည် နိုင်ကာမြစ်ဘေးတွင်တည်ရှိသည်။ အနိမ့်ပိုင်းဖြစ်သောကြောင့် ရေကြီးတတ်ပြီး မြစ်ရေလျှံတတ်သည်။ ထိုဒေသတွင် မြစ်များ၊ ချောင်းများပေါလျက် ရွှံ့နွံတွေထူထပ်လှ၏။ မိုးရာသီအခါသမယဆိုလျှင် ဒေသတစ်ခွင်လုံး ရေပြင်ဖွေးဖွေးဖြစ်နေတတ်ပေသည်။

ထိုဒေသတွင် နေထိုင်ကြသည့် လူမျိုးစုသည် ယာဂွါရှိလူမျိုးစု ဖြစ်၏။ ယာဂွါရှိ ဟူသော တိုင်းရင်းဘာသာစကား၏ အဓိပ္ပာယ်မှာ ချုံပုတ်ခိုသူဟု အဓိပ္ပာယ်ရသည်။ ယိုရူဘာလူမျိုးကြီးတစ်ခု၏အဆက်အနွယ်လူမျိုးငယ်တစ်ခုက ကိုယ့်အစုနှင့်ကိုယ် ကိုယ့်အသိုင်းအဝိုင်းနှင့်ကိုယ် သီးသီးသန့်သန့် သိုသိုသိပ်သိပ် ဘာသိဘာသာနေထိုင်လျက်ရှိကြ၏။ ငါးဖမ်းခြင်း၊ နုန်းတင်မြေနုကျွန်းပေါ်လာသည့်အချိန်တွင် စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ အမဲလိုက်ခြင်းများပြုလုပ်ကာ သက်မွေးဝမ်းကျောင်းပြုကြသည်။ ဘာသိဘာသာနေထိုင်ကြ၍ ယဉ်ကျေးခြင်းလည်းမရှိ တိုးတက်မှုလည်းမရှိပေ။ ကျေးရွာ၏ အကြီးအကဲရှိနေစေကာမူ ဂျူဂျူခေါ် နတ်ဆရာကသာလျှင် လူမျိုးစုအပေါ် ဩဇာကြီးမားသည်။ ရွာသားအားလုံးက ရိုသေလေးစား ကြောက်ရွံ့ကြရသည်ကား အမှန်ပင် ဖြစ်ပါသည်။

ကျွန်တော်၏ လုပ်ကွက်သည် ယင်းဒေသတွင် တည်ရှိနေသည်ဖြစ်ရကား ယာဂွါရှိရွာတစ်ရွာအနီးတွင် စခန်းချလျက်နေရသည်။ ကျွန်တော့်အဖို့ အဆင်မပြေမှုများနှင့် ခက်ခဲမှုများကို ရင်ဆိုင်နေရလေသည်။ ဦးစွာကြုံတွေ့ရသည့်ခက်ခဲမှုကား အထမ်းသမားကိစ္စ ဖြစ်သည်။ ကနဦးမှပါလာခဲ့သောအထမ်းသမားများသည် ဟော်စာလူမျိုးစုမှ အစ္စလန်လူမျိုးများဖြစ်ခြင်းကြောင့် မြောက်ပိုင်းရှိ ယာဂွါရှိလူမျိုးများနေထိုင်သည့်ဒေသသို့ မလိုက်လိုကြချေ။

သို့ဖြစ်၍ ကျွန်တော်က မူလရှိနှင့်ပြီး လက်တစ်ဆုပ်စာလုပ်သားများကို သိမ်းသွင်းပြီး ရှေ့ခရီးကိုဆက်ရပါသည်။ နယ်ခံလူမျိုးစုများကိုအားကိုးကာ အရဲစွန့်ရသည်။ ရိက္ခာနှင့် အလုပ်သမား… ဖို့ ရွာလူကြီးထံချဉ်းကပ်မိသည်။ ဒါသည်… ပင် ကျွန်တော်၏အမှားဖြစ်သွားရ… စင်စစ် ရွာလူကြီးတွင် မည်သည့်ဩဇာ… အာဏာမျှမရှိပေ။ အမှန်တကယ်ဩဇာ… အာဏာရှိသည့်သူသည် အယူကင်… အမည်ရှိသော ဂျူဂျူမှော်ဆရာသာ… လျှင် ဖြစ်ပါချေသည်။ အယူသီးလှသ… လူမျိုးစုတို့က ယင်းမှော်ဆရာအား ဖိ… တုန်အောင် ကြောက်ရွံ့ကြရလေသည်…

အယူကင်သည် နတ်ဆ… ပီပီသသ တစ်ကိုယ်လုံးမှာ အရိုးခေါ… များ၊ ကျားစွယ်၊ ဝက်စွယ်များကို ပု… ပုတီးသဖွယ် လည်တွင်ဆွဲထားသည… သူ၏အသက်ကို မည်သူမျှခန့်မှန်းနိုင်… မရှိကြ။ နတ်ဆရာသည် အိုမင်းရင့်… လှပါပြီ။ သို့တစေ ကျန်းမာသန်စွမ်… ထွားကျိုင်းတုတ်ခိုင်လှသည်။ မျက်… အကျည်းတန် အရုပ်ဆိုးပြီး … ကြောင်များ တစ်ကိုယ်လုံး… သဖြင့် နတ်ဆရာအား မြ…လိုက်… ချောက်ချား ကြောက်…နံ့သွား…

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်ကမူ သင်းကို တစ်စက်ကလေးမှ ကြောက်ရွံ့စိတ်မဝင်။ မေတ္တာလည်းကင်းမဲ့၊ မြင်ပြင်းလည်းကတ်၊ ကြည့်လို့ပင်မရသည်က အမှန်ပင်။

အမှန်စင်စစ် ကနဦး ကျွန်တော်တို့ရောက်ရှိစအချိန်ကတည်းက သူ့အားရေလိုက်ငါးလိုက်ဆက်ဆံပြောဆိုပြုမူခဲ့မည်ဆိုပါမူ အစစအရာရာ ပြေလည်သွားနိုင်ပါသည်။ ယခု ကျွန်တော်က အဖြူနှင့်အမည်းဆိုသလို ကဏ္ဍကောစလုပ်ခဲ့မိသည်ဖြစ်ရကား ပဋိပက္ခအသွင်သို့ အမှတ်မထင်ဘဲ ပြောင်းလဲသွားခဲ့ရခြင်း ဖြစ်၏။

သတ္တုရိုင်းများမှုချတူးဖော်ရရှိနိုင်ခြည့်နေရာတစ်နေရာကို ကျွန်တော်တွေ့ရှိထားသည်။ ခပ်မြင့်မြင့်ကုန်းမြေတစ်ခုဖြစ်သည်။ လုပ်ငန်းစတင်မည်ဆိုသည်နှင့် ဌာနေတိုင်းရင်းသား ယာဂွာရှိလူမျိုးများနှင့်ကျွန်တော်နှင့်အတူပါလာခဲ့သည့် ဟော်စာအလုပ်သမားများက ယင်းကုန်းမြင့်နေရာတွင် စမ်းသပ်တူးဖော်ရန်ကိုမူ ခါးခါးသီးသီး အကျောက်အကန် ငြင်းဆိုကြ၏။ အကြောင်းရင်းကား နတ်ဆရာကြီး၏မှော်ပညာစမ်းသပ်ပြုလုပ်ရာနေရာဖြစ်သောကြောင့်တည်း။ ယင်းအပြင်ထိုနေရာတစ်ဝိုက် မည်သူမျှ လာရောက်စိုက်ပျိုးလုပ်ကိုင်ခွင့်မပြု။ ယုတ်စွအဆုံး ဖြတ်သန်းသွားလာခွင့်ပင် ပိတ်ပင်ထားခဲ့၏။

ကျွန်တော်ကမူ တာဝန်ရှိသည့်အားလျော်စွာ ယင်းကုန်းမြင့်နေရာသို့ တစ်ကိုယ်တည်း သွားရောက်ကာ လေ့လာကြည့်ရှုမိပါသည်။ (၁၀)မိနစ်ခန့်ကြာသောအခါတွင် မြစ်ကမ်းနံဘေးမှ (၁၀)ကိုက်ခန့်အကွာ ရေပြင်တစ်နေရာ၌ လှုပ်ရှားမှုတစ်ခုကို တွေ့မြင်လိုက်ရလေသည်။ ရုတ်တရက်ချက်ချင်း ရေပြင်ထက်သို့ ကြီးမားလှသည့် မိကျောင်းကြီးတစ်ကောင်ပေါ်လာနေသည်။ သစ်တုံးတစ်တုံးအလား မလှုပ်မယှက်ငြိမ်သက်နေရာမှ တဖြည်းဖြည်း ကူးခပ်ရွေ့လျားသွားသည်။ ကမ်းနံဘေးတွင် လူသားတစ်ဦးရှိနေသည်ကို အမှုမထား ဂရုပြုမိပုံပင်မရ။ ကြောက်လန့်ခြင်းမရှိ မြစ်အထက်ဘက်သို့ တရွေ့ရွေ့ကူးခပ်ဆန်တက်သွားလေသည်။

ကျွန်တော်သည်လည်း အဆိုပါ မိကျောင်းကြီးအား လျစ်လျူရှုကာ မြေပြင်အနေအထားကိုသာ ဆက်လက်လေ့လာကြည့်ရှုနေလိုက်မိ၏။ ကျေနပ်ဖွယ်ရာကောင်းလှပါသည်။ သည်နေရာမှာ စမ်းသပ်တူးဖော်ဖို့ ပိုမိုစိတ်အားထက်သန်သွားမိသည်က အမှန်ပင်။ စခန်းသို့ပြန်သွားခဲ့ပြီး အလုပ်သမားများအား လိုက်လံ စည်းရုံး လှုံ့ဆော်ကာ လုပ်ခလစာကို သုံးပုံတစ်ပုံတိုးပေးမည့်အကြောင်း ဦးစွာအသိပေးလိုက်ပြီး ယာဂွါရှိနတ်ဆရာအား ဂရုစိုက်ရန်မလို



www.burmeseclassic.com

www.burmeseclassic.com

ဘဲ မိမိအလုပ် မိမိတို့လုပ်ကြရန် အားပေး တိုက်တွန်း ပြောကြားခဲ့၏။ သို့တစေ အလုပ်သမားများက ကျွန်တော်၏ ဖျောင်းဖျချက်ကို လိုက်နာမည်ပုံမပေါ်ချေ။ စင်စစ် သူတို့က လူကောင်းများ ဖြစ်ကြသည်။ ကျွန်တော့်ကို ဆန့်ကျင်ကာ ကလန်ကဆန်လုပ်ကြမည် မဟုတ်ပါ။

သူတို့အထဲမှ ဝီယာဆိုသည့် လူငယ်တစ်ယောက်သည် ကျွန်တော့်ကို အလွန်လေးစားသည်။ သစ္စာလည်းရှိ၏။ သည့်အပြင် ကျွန်တော့်အား ခင်မင်တွယ်တာနေပြန်လေသည်။ ဝီယာအား ခေါ် ယူလျက် အကျိုးအကြောင်းကို စုံစမ်းကြည့်လိုက်ရာတွင် ဂျူးဂျူးနတ်ဆရာအား သူတို့က အလွန်ကြောက်ရွံ့နေကြကြောင်း၊ အဘယ်ကြောင့်ဟူမူ မြစ်တွင်းရှိ မိကျောင်းကြီးသည် သာမန်မိကျောင်း မဟုတ်ဘဲ မှော်အတတ်ဖြင့်စီရင်ထားသည့် မှော်ဝင်မိကျောင်းဖြစ်အကြောင်း၊ ထူးထူးခြားခြားပေါ်လာသလို ထူးဆန်းစွာ ပျောက်ကွယ်သွားတတ်ကြောင်း ပြောပြ၏။ သည့်အပြင် မိကျောင်းကြီး သွားလာတတ်သော နေရာများသည် ကျိန်စာသင့်နေသောနေရာများဖြစ်ကြပြီး သွားလာရောက်ရှိကျူးကျော်ကြသူများ ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ရတတ်သည့်အကြောင်းပြောပြလေသည်။

"ဝီကာ၊ မင်းတို့အာဖရိကမှာ မြစ်တွေချောင်းတွေကအများကြီး။ ဒီလို မြစ်ကမ်းနံဘေးကကျေးရွာတွေမှာ ခုလိုပဲ မိကျောင်းတွေကို အထွတ်အမြတ်ထားပြီး ဘေးမဲ့ပေးထားခဲ့ကြတာပဲမဟုတ်လား။ ပြီးတော့လည်း တိရစ္ဆာန်အရှင်တွေကိုကျွေးကြတာ သူတို့ရဲ့ထုံးစံပဲလေ"

"မဟုတ်ဘူး သခင်။ မိကျောင်းက ရိုးရိုးမိကျောင်းမဟုတ်ဘူး။ ဟိုနတ်ဆရာကြီး အယူကင်က မှော်အတတ်နဲ့ဖန်တီးပြီး စောင့်ရှောက်ထားတဲ့မိကျောင်းကြီး။ တစ်နည်းတစ်ဖုံပြောမယ်ဆိုရင် နတ်ဆရာကြီးရဲ့ကိုယ်ပွားပဲ။ သူကိုယ်တိုင်ပါပဲ။ နတ်ဆရာကြီးက မိကျောင်းအဖြစ် ပြောင်းနိုင်တယ် သခင်"

ဝီယာပြောပြသည်ကို ကျွန်တော် နားထောင်ပြီး ကျွန်တော် တော်တော်စိတ်ပျက်သွားမိ၏။ အာဖရိကဒေသရှိ လူမျိုးစုများအားလုံးလိုလို ယင်းသို့သောပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို အကြောင်းအရာများကို ယုံကြည်သက်ဝင်ပြီး အယူသီးတတ်သည်။ သင်းတို့၏အစွဲလမ်းကို တစ်နည်းတစ်ဖုံ ပြေပျောက်စေရန် ဆောင်ရွက်ပေးဖို့လို၏။ သူတို့ယုံကြည်သလို မှန်ကန်ခြင်းမရှိဟု သိရလျှင် ကျွန်တော်၏လုပ်ငန်း အောင်မြင်နိုင်ပါလိမ့်မည်။

"ကိုင်း - ဝီယာ ဒီမှာ၊ ငါ မင်းတို့ရဲ့ မှော်ဝင်မိကျောင်းကြီးလို့ယုံကြည်နေတဲ့ သတ္တဝါကြီးကို သေနတ်နဲ့ပစ်သတ်ပြမယ်ဆိုရင်ကော။ အယူကင်ရဲ့မိကျောင်း ကပဲစွမ်းသလား၊ ငါ့သေနတ်ကပဲစွမ်းသလား မင်းတို့စောင့်ကြည့်။ ငါအရင်တုန်းက မိကျောင်းတွေအများကြီးပစ်လာခဲ့တာ မင်းတို့အမြင်ပဲ မဟုတ်လား"

"မလုပ်နဲ့ သခင်။ ဒီအရပ်ဒေသက လူတွေအကြားမှာ ကျွန်တော်တို့က လူစိမ်းတွေ။ ဟိုမြောက်ပိုင်းကလို မယဉ်ကျေးကြဘူး။ ပြီးတော့လည်း အယူကင်တို့လို မှော်ဆရာတွေက သိပ်စွမ်းတယ်။ တိုင်းရင်းသားတွေကလည်း အရမ်းယုံကြည်ကြတယ်။ သူတို့ပညာကိုစော်ကားတယ်လို့ထင်သွားရင်၊ မှော်ဝင်မိကျောင်းကြီးကိုပစ်သတ်လိုက်ရင် တအားစိတ်ဆိုးပြီး ကျွန်တော်တို့ အန္တရာယ်အကြီးကြီး ကျရောက်လိမ့်မယ်။တကယ်တမ်း သခင်ပစ်သတ်ဖို့ကောင်းတာက အယူကင်ပဲ သခင်"

ကျွန်တော် သည်တစ်ခါမှာတော့ ဝီယာ၏အကြံပြုချက်ကို အလေးအနက် စဉ်းစားသင့်သည်ဟု သဘောထားမိပါသည်။ ဤအရပ်ဒေသသို့ မလာရောက်သေးမီ ကျွန်တော်၏ အထက်အရာရှိများက တိုင်းရင်းသား လူမျိုးစုများ၏ အကြည်ညိုမပျက်ရအောင် သူတို့နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းများကို ရှောင်ရှားကြရန်၊ လူဖြူတစ်ယောက်အနေဖြင့် ဆောင်ရန်၊ ရှောင်ရန်များကို သေသေချာချာ တိတိကျကျ လမ်းညွှန်မှာကြားလိုက်ပါသည်။

သို့ဖြစ်၍ ကျွန်တော့်အနေဖြင့် ဆောင်ရွက်ရမည့်အစီအစဉ်ကို အတော်ပင် စဉ်းစားသုံးသပ်ရသည်။ နတ်ဆရာ အယူကင်အား တိုင်းရင်းသားများက အယုံအကြည်ကင်းမဲ့သွားရလေအောင် မှော်ဝင်မိကျောင်းကြီးကို ပစ်သတ်လိုက်ပြီဆိုပြန်လျှင် မည်သည့်ပြဿနာမျှ မပေါ်ပေါက်လာလျှင် တော်ပါရဲ့။ဒေသအတွင်း ကပ်ဘေးတစ်ခုခု ပမာအားဖြင့် ရေကြီးလာလျှင်၊ ကောက်ပဲသီးနှံတွေ အထွက်လျော့လျှင်၊ ရောဂါဘယတစ်စုံတစ်ခုဖြစ်ပွားလျှင် တရားခံသည် ကျွန်တော်မှချဖြစ်သွားနိုင်သည်။ သို့ဖြစ်သောကြောင့် သိုသိုသိပ်သိပ် ပိပိရိရိ သိမ်သိမ်မွေ့မွေ့နှင့် တိုင်းရင်းသားတို့ အရိုးစွဲနေသည့်အယူအဆကို ဖြိုဖျက်တိုက်ထုတ်ပစ်ဖို့ နည်းလမ်းတစ်ခုကို ကျွန်တော်ရှာကြံရပါလိမ့်မည်။

(နှစ်)

သည်ကနေ့က ဈေးနေ့ဖြစ်၏။ ရက်သတ္တပတ်တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်ကြသည့်ဈေးနေ့ ဖြစ်သည်။ လူအများအပြားလာရောက်ကြသဖြင့် စည်ကားလှပါသည်။ မှော်ဆရာကြီး အယူကင်နှင့် အမှတ်မထင်ဆုံမိသည့်ဟန် ကျွန်တော် ဖန်တီးလိုက်သည်။ ပြီးတော့ လူအများကြားသိစေအောင် အသံကျယ်ကျယ်ဖြင့် အော်ဟစ်ကာ ကြိမ်းဝါးပြလိုက်၏။

"တကယ်ကတော့ အလကားပါ။ မြစ်ထဲကမိကျောင်းကြီးကို ကျုပ်တွေ့ပြီးပါပြီ။ ဘယ်ကလာမှော်ဝင်မိကျောင်းဖြစ်နိုင်မှာလဲ။ ဘာဝိဇ္ဇာဥ်မှလည်းဝင်မနေပါဘူး။ လူတွေအထင်ကြီးအောင်သတင်းလွှင့်ထားတာ။ ဒီမှော်ဝင်မိကျောင်းဆိုတဲ့ တိရစ္ဆာန်ကြီးကို ကျုပ်မတွေ့တွေ့အောင်ကိုလိုက်ရှာပြီးပစ်သတ်ပြမယ်။ စောင့်သာကြည့်ထားကြ"

ကျွန်တော်၏ ဆင်ကွက်ထဲသို့ အယူကင်က တည့်တည့်ကြီးတိုးဝင်လာခဲ့ပါသည်။ ပြီးနောက် ကျွန်တော်၏ ယင်းသို့စိန်ခေါ်ခြင်းကို တော်တော်ကြီး စိတ်ဆိုးဒေါသထွက်သွားပုံရ၏။ မြေကြီးကို ရုတ်တရက် ဖနောင့်နှင့်ပေါက်လိုက်ပြီး ထွီခနဲတံတွေးထွေးလိုက်၏။ ပြီးတော့ နှုတ်မှလည်း ကျိန်ဆဲရေရွတ်လိုက်ပြန်သည်။

"သည်လူဖြူက ကျုပ်မှော်ပညာနဲ့ စီရင်ထားတဲ့မိကျောင်းကြီးကိုသတ်မယ်လို့ပြောနေတယ်။ စမ်းကြည့်ပါ။ မိကျောင်းကြီးဆီမှာ ကျုပ်ဝိဇ္ဇာဥ်ကိုသွင်းထားတယ်။ လူဖြူကစွမ်းတယ်ဆိုရင် မှော်ဝင်မိကျောင်းကြီးကိုလိုက်ရှာပြီးသတ်ပါ။ လူဖြူနဲ့အတူ ကျုပ်ကလည်း တစ်ပါတည်းလိုက်လာမယ်"

ကျွန်တော့်အား အယူကင်က စိန်ခေါ် လိုက်လေသည်။ ကျွန်တော်က လည်း နတ်ဆရာအယူကင်က သူ့သိက္ခာ သူဆယ်သည့်အနေနှင့် ကြိမ်းဝါးခြင်းဖြစ် သည်ဟု ခပ်ပေါ့ပေါ့ပင်တွေးလိုက်မိ၏။ သို့ဖြစ်၍ လိုက်လိုလျှင်လိုက်ပါနိုင် သည်ဟု ခွင့်ပြုလိုက်သည်။

ထို့နောက် ကျွန်တော်သည် အယူကင်နှင့်အတူ ခုနှစ်ရက်မျှကြာ



www.burmeseclassic.com

www.burmeseclassic.com

သည့်တိုင် မှော်ဝင်မိကျောင်းကြီးကို အရှာထွက်ခဲ့ကြ၏။ တိုင်းရင်းသားနှစ်ဦး အား ကန္နူးလှေကို လှော်ခတ်စေပြီး ချောင်ကြိုချောင်ကြားချောင်းလက်တက် တွေပါမကျန် ဟိုအဝေးချောင်းဖျားသို့ ရောက်သည်အထိ ပြုပြစင်မျှ လိုက်လံ ရှာဖွေကြသည်။ တစ်နေ့ပြီးတစ်နေ့သာ ကုန်ဆုံးသွား၏။ မိကျောင်းကြီးကို အစ အနပင် ရှာဖွေမတွေ့ရပါချေ။

အချိန်ကုန်လူပန်းခြင်းသာအဖတ် တင်သည်။ ကိုယ်ရောစိတ်ပါ ပင်ပန်းကြီး စွာ ပြန်လာခဲ့ကြရ၏။ အိမ်အပြန် ညနေ ချိန်ရောက်သည့်အခါတိုင်း နတ်ဆရာ အယူကင်က အားရကျေနပ်မဆုံး တပြုံး ပြုံးနှင့် ကျွန်တော်တို့အား လှောင်ပြုံးပြုံး လျက် ပြန်လည်လိုက်ပါလာတတ်သည်။ ကျွန်တော့်အနေနှင့် တိုင်းရင်းသား ရွာသားတို့၏ ယုံကြည်ကိုးစားခြင်းခံရ ဖို့မဆိုထားဘိ သေနတ်တစ်ချက်မျှပင် မပစ်လိုက်ရ မောဟိုက်ပင်ပန်းစွာ ပြန် လာခဲ့ရသည့်အဖြစ်က လှောင်ရယ်စရာ ဟာသဖြစ်ရပ်တစ်ခုပမာဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် ဝီယာက ကျွန်တော့် အား အကြံတစ်ခုပေး၏။

"သခင့်ကို ကျွန်တော်အကြံတစ်ခု ပြောချင်ပါတယ်။ ယုံချင်မှလည်းယုံပါ။ ရွာသားတွေပြောနေကြတာ ကြားခဲ့ရ တယ်။ နတ်ဆရာအယူကင်က သူ့ခန္ဓာ ကိုယ်ကို မိကျောင်းဖြစ်အောင်လုပ်ပြီးမှ မိကျောင်းဖြစ်သွားတာတဲ့။ အခု သခင် က သူနဲ့အတူ သူ့အနားမှာရှိနေတာ ကြောင့် သူ့ကိုခေါ်ခေါ်ပြီးသွားနေတာမို့ မိကျောင်းကို ဘယ်ရှာလို့တွေ့နိုင်မှာလဲ တဲ့။ အဲဒီလိုပြောပြီးဝိုင်းရယ်ကြတယ်။ ဒီတစ်ခါ မိကျောင်းကို ကျွန်တော့်တို့ လိုက်ရှာကြရင် သူ့ကိုမခေါ်ဘဲ ကျွန်တော် တို့ချည်းသွားမယ်။ သူမိကျောင်းဖြစ် အောင်ပြောင်းပြီးမှ ကျွန်တော်တို့လိုက် ခမ်းရင် မကောင်းဘူးလား"

ဝီယာ၏အကြံမှာ ယုတ္တိမရှိလှ။ စဉ်းစားကြည့်က ရယ်စရာပင်ကောင်း နေသေး၏။ သို့ပေမယ့် နတ်ဆရာ၏ ပုံသဏ္ဌာန်သည် ကလိန်ကကျစ်ဉာဏ် များပြီး စဉ်းလဲမည့်ပုံပေါက်သည်။ ဝီယာ ပြောသည်ကို စမ်းသပ်ကြည့်ဖို့တော့ ကောင်းလိမ့်မည်။ သို့ဖြစ်၍ နှစ်ရက် သောက်အကြာ တစ်နေ့သော်ညနေခင်း တစ်ခုတွင် ကျွန်တော်သည် ဝီယာကို ခေါ်ဆောင်လျက် ဝါးရုံတောထူထပ် သည့် မြစ်ကမ်းနံဘေးတစ်လျှောက် မိကျောင်းခိုအောင်းတတ်သော နေရာ

အနှံ့အပြားမှာ လိုက်လံရှာဖွေကြည့်ရှုကြ သည်။ အချိန်သာကုန်ဆုံးသွား၏။ အကျိုးမထူးချေ။ သို့ဖြစ်သောကြောင့် ထိုလုပ်ရပ်အား လက်စသတ်လိုက်ရ ပြန်ပါသည်။

ထို့နောက် တစ်ညနေ ဝီယာသည် ရွာတွင်းမှ ယာဂွါရှိလူမျိုးတစ်ဦးကို ကျွန်တော့်ထံသို့ ခေါ်ဆောင်လာလေ သည်။ ထိုရွာသားက စိတ်လှုပ်ရှားနေ ကာ မငြိမ်မသက်ဖြစ်နေ၏။ ကျွန်တော့် ထံမှ ဆုလာဘ်ငွေကြေးလည်း မျှော်လင့် ပုံရသည်။ နတ်ဆရာက သူ့အား စိတ်ခု ပြီး တစ်စုံတစ်ခုပြုလုပ်မှာကိုလည်း စိုးရွံ့ နေသည်။ နောက်ဆုံးတွင်မှ ဝီယာက ချော့ချော့မော့မော့နှင့် တိုက်တွန်းလွန်း မကတိုက်တွန်းတော့မှ သူသိရှိထားသည့် မှော်ဝင်မိကျောင်းကြီး ခိုအောင်းလေ့ရှိ သောနေရာကို သူသိရှိထားသည့် အကြောင်း ဖွင့်ဟပြောပြလေသည်။

ရွာသားပြောပြချက်အရ မြစ် အတွင်းသို့စီးဝင်သည့် ချောင်းလက်တက် တစ်ခု၏ အထက်တစ်နေရာတွင် တစ်ရွာလုံးက အထွတ်အမြတ်ထားကာ အယူကင်ကိုယ်တိုင်ကပင် ရှိသေသမှုပြု လျက် လေးလေးစားစား သဘောထား သည့် ရေအိုင်တစ်ခုရှိသည်ဟုဆိုသည်။ ရွာသူရွာသားများက ထိုရေအိုင်အတွင်း သို့ စားသောက်ဖွယ်ရာများကို ပစ်ချ ကျွေးမွေးကြကြောင်းသိရှိရ၏။ ရေအိုင် ၏အနီး ကမ်းနဖူးတွင် ကောက်ရိုးတဲ တစ်လုံးရှိနေပြီး ယင်းတဲအတွင်းတွင် မှော်ဆရာအယူကင်က မှော်အတတ် ဆိုင်ရာ မန်းမှုတ်ခြင်း၊ ဂါထာမန္တရားများ ရွတ်ဖတ်ခြင်းများ ပြုလုပ်သည်ဟု ဆိုသည်။ မိကျောင်းအသွင်ဖန်တီးသည့် အချိန်များတွင် ထိုတဲလေးမှာလာရောက် နေထိုင်တတ်သည်ဟု ဆိုပါသည်။

ယာဂွါရှိလူမျိုး ရွာသားက ယင်း ရေအိုင်သို့မှု သူလိုက်ပါပို့ခြင်းမရှိသည့် အကြောင်း အကျောက်အကန်ငြင်းဆန် ကာ နေရစ်သည်။ နတ်ဆရာ အယူကင် သာ သိရှိသွားပါက သူ့အနေဖြင့် မှော် ပညာဖြင့်ပြုစားခံရတော့မည်ဖြစ်ကာ ယင်းကဲ့သို့ ပြုစားခြင်းခံရပါမူ ကြီးမား သော ဝေဒနာတစ်ခုခုခံစားရမည်ဖြစ်ပြီး တဖြည်းဖြည်းနှင့် သေဆုံးရမည်မှာ မုချ သေချာလှသဖြင့် လွန်စွာကြောက်ရွံ့ခြင်း ဖြစ်ပါကြောင်း ပြောပြ၏။

သို့ပင်ဖြစ်စေကာမူ ယာဂွါရှိလူမျိုး ရွာသားက ကျွန်တော်တို့အား ရေအိုင် ကို လွယ်လွယ်ကူကူ သွားရောက်ရှာဖွေ နိုင်ရန်အတွက် တိတိကျကျ သေသေ ချာချာ လမ်းညွှန်ပြီး ပြောပြခဲ့ပါသည်။ ကျွန်တော်က ထိုရွာသားအား ဆုလာဘ် အဖြစ် ယင်းဒေသတွင် လွန်စွာတန်ဖိုးရှိ လှသည့် ဆားအများအပြား၊ ဆေးတံ သောက်ဆေးနှစ်ဘူး၊ အပ်နှင့်အပ်ချည် လုံးများအပြင် ကြွေပုတီးစေ့ရောင်စုံများ နှင့် တိုင်းရင်းသားများ အလွန်နှစ်ခြိုက် ကြသော သမင်ချိုအရိုးတပ်ဆင်ထား သည့် အမဲလိုက်ဓားမြှောင်တစ်လက်တို့ ကို လက်ဆောင်ပေးအပ်လိုက်ပါသည်။

(သုံး)

သည့်နောက် ကျွန်တော်သည် ဝီယာကို အဖော်ပြုလျက် ယာဂွါရှိလူမျိုး လမ်းညွှန်ခဲ့သော ရေအိုင်ရှိရာဆီသို့ တိတ်တဆိတ် ထွက်ခွာလာခဲ့ကြ၏။ ရွာသား၏ လမ်းညွှန်ချက်က တိကျ သေချာလှပါသည်။ အခက်အခဲမရှိ ရေအိုင်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာခဲ့သည်။ ကျွန်တော်နှင့်အတူ ကျွန်တော်၏ ခွေးကလေး မိုက်ကယ် လည်း ပါလာသည်ဖြစ်ရာ မိုက်ကယ် သည် ပျော်ရွှင်မြူးထူးစွာ ဟိုဟိုဒီဒီပြေး လွှားလျက် အနံ့ခံလိုက်၊ သခင်ထံသို့ပြန် လာလိုက်လုပ်နေလေသည်။ ကျွန်တော် တို့ ခေတ္တရပ်တန့်နေသည့်နေရာသည် ရေအိုင်အစပ်ဖြစ်ပြီး အမြင့်ပိုင်းတွင်ရှိ သဖြင့် အပေါ်စီးမှနေပြီး ကောင်းစွာမြင် တွေ့ရပေသည်။ သို့သော် မြင့်မားရှည် လျားလှသည့် ကိုင်းပင်များကြောင့် မြင်ကွင်းက ကောင်းစွာ သဲသဲကွဲကွဲမရှိ ချေ။ ရေအိုင်သည် လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်လျက်ရှိ၏။ ရေဘဲတစ်ကောင် သာလျှင် ရေထဲငုပ်လိုက်၊ အတောင် တဖြန်းဖြန်းခတ်လိုက်လုပ်နေသည်။

ဝီယာက ကျွန်တော့်လက်မောင်း ကို ရုတ်တရက် လှမ်းဆုပ်လျက် တစ်နေ ရာသို့လက်ညှိုးထိုးပြသည်။ သူလက်ညှိုး ထိုးပြသောနေရာသို့ ကျွန်တော်လှမ်း ကြည့်လိုက်ရာတွင် ကိုင်းပင်များအကြား တိုးဝှေ့ဖြိုးလျှောက်လာသည့် နတ်ဆရာ အယူကင်ကို မြင်လိုက်ရ၏။ အယူကင် ၏ ပခုံးထက်တွင် ဗုံကလေးတစ်လုံးနှင့် အထုပ်တစ်ထုပ်ကိုလွယ်လာ၏။ ကျွန်တော် တို့က မလှုပ်မရှားဘဲ ငြိမ်သက်နေကြ သဖြင့် သူကမမြင်ချေ။ ခဏမျှအကြာ တွင် ကိုင်းပင်တွေကြားမှာ ပျောက်ကွယ် သွားသည်။

ဝန်းကျင်ပတ်ချာတစ်ခွင်လုံးသည် လောလောဆယ်တွင် ငြိမ်သက်နေဆဲရှိ

www.burmeseclassic.com

၏။ မကြာမီ စည်းချက်မှန်မှန်တီးခတ်နေသောဗုံသံကို ကြားလိုက်ရ၏။ ဗုံသံကို ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် ရေအိုင်တစ်ဖက်ကမ်းဆီမှ ရေပြင်သည် ရုတ်တရက် ချက်ချင်းလှိုင်းဂယက်များထပြီး လှုပ်ရှားလာသည်။ ကျွန်တော်တို့က မမှိတ်မသုန်ကြည့်နေရင်းက မျက်စိအောက်တွင်ပင် မိကျောင်းကြီးတစ်ကောင်က ရေပြင်ထက်သို့ ဘွားခနဲပေါ် ထွက်လာလေသည်။ ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမျှတွေ့မြင်ဖူးခြင်းမရှိသော မှော်ဝင်မိကျောင်းကြီး ဖြစ်လေသည်။ ခပ်စောစောက ကျွန်တော်တို့ အယူကင်အား မြင်တွေ့လိုက်ရသည့်နေရာဆီသို့ တဖြည်းဖြည်းကူးခပ်ရွေ့လျားသွားသည်။ ယင်းနောက် ဗုံသံက ယတိပြတ်ပျောက်ကွယ်သွားလေသည်။

ကျွန်တော်သည် ဝီယာနှင့်အတူ ကိုင်းတောအတွင်း ခက်ခက်ခဲခဲတိုးဝင်သွားပြီး ဟိုဟိုဒီဒီရှာကြည့်၏။ ခဏမျှ အကြာတွင် လေ့ပုံသဏ္ဌာန်ဆောက်လုပ်ထားသော ကောက်ရိုးတဲတစ်လုံးရှိရာသို့ ရောက်ရှိလာလေသည်။ ငါးသေကောင်အပုပ်နံ့က ပတ်ဝန်းကျင်တွင်လှိုင်နေအောင်နံလှသည်။ တဲကလေးက ခိုင်ခိုင်ခံ့ခံ့မဟုတ်သော်လည်း အတော်အသင့်ကောင်းမွန်သည်။ ဖြစ်ကတတ်ဆန်းတော့မဟုတ်ချေ။ ကျွန်တော်သည် ဝီယာလွယ်လာခဲ့သော အမဲပစ်ရိုင်ဖယ်ကိုလှမ်းယူလျက် တဲအပေါက်ဝကို ကာရံထားသည့် ကြိမ်ဖြင့်ရက်ကာ ပြုလုပ်ထားသည့် ကန့်လန့်ကာကို သေနတ်ဖြင့်ထိုးလှန်ဖွင့်လိုက်သည်။ မိုက်ကယ်က တစ်မုဟုတ်ချင်း ခုန်ဝင်သွားသည်။ တဲအတွင်းမှာကြမ်းခင်းရှိမနေပေ။ ခွေးလေးသည် ရေထဲသို့ စွပ်ခနဲထိုးကျသွားသည်။ ပလုံခနဲပင် အသံကြားလိုက်ရ၏။ ခဏမျှပင် မကြာပေ။

ရေပြင်တွင်ဝဲဂယက်များထလာပြီး မိုက်ကယ်ကို တစ်စုံတစ်ဦးကဆွဲချသွားသလို စုပ်ခနဲမြုပ်သွား၏။ မိကျောင်းကြီးက ဆွဲယူသွားခြင်း ဖြစ်လေသည်။ ကျွန်တော်တလည်း လက်နှေးမနေ။ မိကျောင်း၏ဦးခေါင်းပိုင်းရှိမည့်နေရာသို့ မှန်းချိန်ကာ သေနတ်ဖြင့် ကျည်တစ်ကတ်ကုန်သည်အထိ ပစ်ထည့်လိုက်လေသည်။ သို့သော်လည်း မိကျောင်းကြီးသည် ဘာမှမဖြစ်သလို အဝေးသို့ လျင်မြန်လှသော အရှိန်အဟုန်ဖြင့် ကူးခပ်ငုပ်လျှိုးသွားသည်။ တစ်ခဏအတွင်း မိုက်ကယ်ရော မိကျောင်းကြီးပါ အစအနပင်မမြင်ရတော့။ အနီးအနားမှာ မှော်ဆရာကို လိုက်လံရှာဖွေကြည့်သော်လည်း အမဲသားထုပ်တစ်ထုပ်မှလွဲ၍ မည်သည့်အရာကိုမျှ မတွေ့ရတော့ပေ။ မှော်ဆရာက ကျွန်တော်နှင့်ဝီယာ ကိုင်းတောကိုတိုးကာဝင်လာကြသည့်ခြေသံများကိုကြားသွားသဖြင့် ခြေရာဖျောက်သွားခြင်းဖြစ်ဟန်တူပါသည်။

ဝီယာကမူ မှော်ဆရာ အယူကင် မိကျောင်းအသွင်ပြောင်းကာ ထွက်ပြေးသွားခြင်းဖြစ်နိုင်သည်ဟု ယုံကြည်နေပေသည်။ ယင်းသို့ပြောရင်းက ဝီယာသည် ကြောက်ရွံ့တုန်လှုပ်လျက်ရှိနေလေသည်။ သည်တစ်ကြိမ်မှာလည်း ကျွန်တော်တို့ အရှုံးဖြင့်သာပြန်ခဲ့ရပြီ ဖြစ်ပါသည်။ ကျွန်တော်က စခန်းသို့ပြန်ရောက်ပြီး နဖူးထက်လက်တင်ကာ ပြန်လှန်စဉ်းစားကြည့်မိသည့်အခါ အယူကင်က ယဉ်ပါးပြီးဖြစ်သောမိကျောင်းကြီးကို ဗုံသံပေးလျက်ခေါ် ယူ၍ အစာကျွေးခြင်းသာဖြစ်နိုင်သည်ဟု ကောက်ချက်ချလိုက်သည်။

မည်သို့ဆိုစေ ကျွန်တော်သည် ခက်ခက်ခဲခဲရှာဖွေတွေ့ရှိနေပြီဖြစ်သော မိကျောင်းကြီးကို မရမနေချေမှုန်းသုတ်သင်တော့မည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပါသည်။ သို့မှသာ တိုင်းရင်းသားတို့၏ အယူသီးလှသည့်အစွဲအလမ်းအား ချွတ်ပစ်နိုင်မည် မဟုတ်ပါလား။

တောင်တောင်ဤဤ ဟိုရောက် ဒီရောက်စဉ်းစားရင်းက ဦးခေါင်းထဲသို့ အကြံတစ်ခုလက်ခနဲဝင်လာခဲ့ပါသည်။ မြောက်ပိုင်းတစ်နေရာတွင်ကြုံခဲ့ဖူးသည့် ဖြစ်စဉ်တစ်ခု။ ဖရီးတောင်းဟုအမည်ရှိသည့် ဆိပ်ကမ်းတစ်ခုတွင် ဖြစ်၏။ ယင်းနေရာတစ်ဝိုက်တွင် ငါးမန်းဖြူတွေ ကြောက်စရာကောင်းလောက်အောင် ဆိုးရွားသောင်းကျန်းလျက်ရှိပါသည်။ ထိုငါးမန်းများကို ဝက်ခြေထောက်ဆားရေစိမ်ထဲတွင် ယမ်းစိမ်းမှုန့်များထည့်သွင်းလျက် အစာအဖြစ် မျှားခေါ်ကျွေးမွေးကာ သုတ်သင် သတ်ဖြတ်ခဲ့ခြင်းကို အမှတ်ရမိ၏။ ဟုတ်ပြီ။ ဝက်ငယ်တစ်ကောင်နှင့် ယမ်းမှုန့်ဆယ်ပေါင်။ အင်မတန်လိုက်ဖက်သောအဆိပ်ဖြစ်နိုင်ပါသည်။ ကျွန်တော်က သည်သီအိုရီကို စမ်းသပ်ကြည့်မည်။ ကံအားလျော်စွာ ကျွန်တော့်ထံ၌ ယမ်းမှုန့်ပေါင်ငါးဆယ်ခန့် ပါလာခဲ့သည်။

နှစ်ညဥ့်၊ သုံးညဥ့်မျှ ကုန်ဆုံးသွား၏။ လက ထိန်ထိန်သာလျက်ရှိသည်။ ကျွန်တော်နှင့် ဝီယာတို့သည် မှော်ဝင်မိကျောင်းကြီး ခိုအောင်းကျက်စားတ[...] သည့်ရေအိုင်ရှိရာသို့ ရောက်လာ[...] သည်။ အလုပ်သမား လေး၊ ငါးဆ[...] ယောက်နှင့် စိတ်ပါဝင်စားသည့် ရွာသ[...] တချို့ပါလိုက်ပါလာကြ၏။ ကျွန်တေ[...] ကိုယ်တိုင် သိမ်းသွင်းစည်းရုံးခြင်း မ[...] ဘဲ သူတို့ဆန္ဒနှင့်သူတို့ လိုက်ပါလာခြ[...] ဖြစ်၏။

ရေအိုင်သို့ ရောက်ကြသည့်အခ[...] တစ်ဦးနှင့်တစ်ဦးတိုင်ပင်ထားခြင်းမရှိ[...] ဘဲနှင့် စကားသံမကြားရအောင် တိုး[...] တီးတိုးပြောဆိုနေကြသည်။ စိတ်မသ[...] မသာတော့ဖြစ်နေကြပုံပင်။ ကျွန်တေ[...] တို့အား လက်ခံယုံကြည်ဟန် မရှိ[...] မှော်ဆရာ အယူကင် ဆေးစီရင်ပြီး [...] ရားများမန်းမှုတ်သည့် တဲအပေါက်ဝ[...] ဝီယာသည် ရွာအတွင်းမှ သူငှား[...] ယူဆောင်လာသောဗုံတစ်လုံးကို စ[...] ချက် မှန်မှန်တီးခတ်နေလိုက်လေသ[...] မကြာမီပင် ကျွန်တော်တို့မျှော်လင့်[...] သည့်အတိုင်း မိကျောင်းကြီးက ရေ[...] ထက်သို့ ဘွားခနဲ ပေါ်ထွက်လာခဲ့[...] သည်။

ကျွန်တော်တို့ကလည်း ကြို[...] တိုင်ပင်စီစဉ်ထားပြီးဖြစ်သည့်အတို[...] ရွာတွင်းမှဝယ်ယူထားသော ဝက်င[...] တစ်ကောင်ကို ရေထဲသို့ကြိုးတစ်ချေ[...] နှင့်ချည်နှောင်ကာ အစာအဖြစ်မျှား[...] ထားခဲ့သည်။ဝက်ငယ်၏ဝမ်းဗိုက်အတွ[...] တွင် ကော်ဖီမှုန့်ဘူးနှင့်အပြည့် ယမ်း[...] များကို ထည့်သွင်းထားပြီး ဖြစ်၏။ [...] ငယ်၏ဝမ်းဗိုက်ကိုလည်း သေသပ်စွာ[...] လည်ချုပ်ထားပြီး ဖြစ်ပါသည်။ ကော်[...] မှုန့်ဘူးကိုလည်း အလုံပိတ်ထားသ[...] တိုင် ဘူးပတ်လည်တွင် သံဖြင့် အပေါ[...] များ အနှံ့အပြားဖောက်ထား ခဲ့၏။ [...] အောက်ရောက်က အစိုဓာတ်မြ[...] ဆန်ဆန်ပြန်အောင်ပြုလုပ်ထားခြင်း [...] ပါသည်။ ကျွန်တော်တို့ ဝိုင်းဝန်းကြ[...] နေစဉ်အခိုက်မှာပင် မိကျောင်းကြ[...] ဝက်ငယ်အသေကောင်ကို ဝုန်းခနဲ[...] ဟပ်ပြီး ရေအောက်သို့ချက်ချင်းပြန်[...] ငုပ်လျှိုးသွားလေသည်။

ကျွန်တော်တို့ကမူ အသက်[...] ရဲရဲမရှူဝံ့ကြတော့ဘဲ နောက်ဖြစ်[...] လာမည့်ရလဒ်ကိုသာ စောင့်ဆိုင်း[...] ကြပါသည်။ အားလုံးလိုလို ရင်[...] တဒိန်းဒိန်းခုန်ကာ မျက်စိကိုပ[...] အားဘဲ စောင့်ကြည့်နေမိကြ[...] ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အထ[...] ထူးမလာသေးချေ။ မိနစ်နှစ်[...]



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေစင်)ချောက်

# မြန်မာ့ရိုးရာအိမ်တစ်လုံးဆောက်လုပ်ခြင်း

ရှေးအခါက အမျိုးသား၊ အမျိုးသမီးတို့သည် အိမ်ထောင်ကျသွားသော်လည်း မိဘအိမ်ပေါ်မှမဆင်းသေးဘဲ မိဘအိမ်တွင် အဖီကလေးဆွဲ၍နေကြသည်။ အိမ်ဆောက်ရန် ငွေစုကြသည်။ ကောင်းကောင်းမွန်မွန် အိမ်တစ်လုံးဆောက်နိုင်ပြီးဖြစ်ပါက အိမ်ဆောက်ရန် မိဘ၊ ယောက္ခမတို့ကို တိုင်ပင်သည်။ အကြံဉာဏ်တောင်းသည်။

ဤအခါတွင် သစ်၊ ဝါးဝယ်ယူရန် နှစ်မျိုးဖော်လာသည့် သစ်၊ ဝါးပေါသောအရပ်မှရောင်းချသောသစ်များကိုဝယ်ယူခြင်းနှင့် သစ်တောမှကိုယ်တိုင်ခုတ်ယူ၍ ဆောက်လုပ်ခြင်းတို့ဖြစ်သည်။ သစ်များကို ဝယ်ယူလာသည်ဖြစ်စေ၊ တောထဲက ခုတ်ယူလာသည်ဖြစ်စေ ရပ်ရွာက ပိုင်းဝန်းကြိုဆိုကြသည်။ ဤသည်ကို သစ်ကြိုသည်ဟုခေါ်သည်။

သစ်ကြိုခြင်းဓလေ့သည် မြန်မာတို့၏ဖြူစင်မြင့်မြတ်မှုကို ထင်ထင်ရှားရှား ဖော်ပြနေပါသည်။

ငါတို့ရပ်ငါတို့ရွာတွင် အိမ်တစ်လုံးတိုးပွားလာတော့မှာပါလားဟု ဝမ်းမြောက်စွာ မုဒိတာစိတ်ဖြင့် ကြိုဆိုကြသည်။

အိမ်သစ်ဆောက်မည့်သစ်များကို သယ်ဆောင်လာသောလှည်းများမှ နွားများ၏ချိုဖျားတွင် သပြေပန်းကို ချည်နှောင်ထားသည်။ သပြေပန်းချည်နှောင်ထားခြင်းမှာ အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း ဟူသည့် တေးသီချင်းအရ အောင်တိတ်နှင့် အောင်နိမိတ်ကိုဆောင်ခြင်း ဖြစ်၏။ လှည်း၌ မောင်းတစ်လုံးလည်းချိတ်ထား၍ တီးလာ၏။

အိမ်ဆောက်မည့်ရွာသို့ရောက်လျှင် လှည်းမှမောင်းသံကိုကြားလျှင် သစ်ကြိုမည့်သူများသည် အိမ်ရှေ့သို့ထွက်၍ အသင့်ကြိုနေကြ၏။ အိမ်ရှင်မကား ရွာဦးမှစောင့်ကာ နံ့သာရည်များကို သပြေခက်နှင့်နွားကိုဖျန်းသည်။ လှည်းသမား

---

ကျွန်တော်တို့ကြိုတင်တွက်ဆထားသည့် ထူးခြားမှုက အကောင်အထည်ပေါ် လာခဲ့ပြီ ဖြစ်သည်။ ရေပြင်တွင် လှိုင်းလက်များ ဝုန်းဒိုင်းကြွသွား၍ လှုပ်လှုပ်ရှားရှား ခလောက်ဆန်သွားသည်။ ကျောင်းကြီးသည် ရေပြင်ပေါ်သို့ပေါ် လာပြီး ခန္ဓာကိုယ်တစ်ခုလုံး တပြောင်းပြန် လူးကာလွန့်ကာ ဗရချာယမ်းနေလေသည်။

အမြီးကြီးကို တဖြန်းဖြန်းရိုက်ခတ်လျက် ပါးစောင်ကို အစွမ်းကုန်ဖွင့်လိုက်ခြင်ရာမြင့်ရာထိုးဟပ်လိုက်နှင့် မရပ်မနား တရစပ်လှုပ်ရှားလျက်ရှိနေသည်။ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ကြာမျှ နာမငြိမ်နိုင်အောင် ဦးစောက်ကျွမ်းပြန်ယ်လူးညာလှိမ့်ကပြောင်းကပြန်ဖြစ်နေရာက ရုတ်တရက်ငြိမ်သက်သွားပြီး ကြာအကြာတွင် ငှက်ပျောတုံးတစ်တုံးလား ပေါလောကြီးပေါ်လာလေသည်။ မော်ဝင်မိကျောင်းကြီး အဆိပ်မိကာ သေဆုံးသွားရပါပြီ။ ရွာသားများ ယုံနိုင်ဘ်ရှုမော မယုံနိုင်အောင် တအံ့တသြဖြစ်နေကြသည်။ သည်အခါမတော့ တီးတိုးတီးတိုး သဖန်းပိုးလုပ်မနေကြတော့။ တစ်ယောက်နှင့်တစ်ယောက် ကျယ်ကျယ်လောင်လောင် ငြင်းကြခုံကြ အားအချေအတင်များကြလုပ်နေကြ၏။

သည်အခါတွင်မှ ကျွန်တော်က အောင်နိုင်သူတစ်ဦးပမာ ဝင့်ကြွားကာ ယခုမှပင် ရွာသားများကို အကျိုးအကြောင်း ပြည့်ပြည့်စုံစုံပြောပြနိုင်ခဲ့၏။ စင်စစ် မိကျောင်းကြီးကား သူတို့မှုလက ယုံကြည်ခဲ့ကြသလို မော်ဝင်မိကျောင်းကြီးမဟုတ်ဘဲ အယူကင်က မှော်အတတ်ဖြင့်ဖန်တီးထားခြင်းမဟုတ်။ အယူကင်၏ ဝိညာဉ်ဝင်စားခြင်းလည်းမဟုတ်၊ သာမန် ရိုးရိုးမိကျောင်းတစ်ကောင်သာဖြစ်သည့်အကြောင်း၊ ခုတော့ အားလုံးက အကြောင်းမဲ့ကြောက်ရွံ့နေကြသော တိရစ္ဆာန်ကြီးသေသွားပြီဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့ရ၏။

သည့်နောက် ကျွန်တော်သည် ရွာသားတစ်ဦးအား မှော်ဆရာကြီးအယူကင်ထံသို့စေလွှတ်ပြီး သူဝါကြွားလုပ်ကြံပြောကြားထားသည့် မော်ဝင်မိကျောင်းကြီးသေသွားပြီဟု ပြောကြားခိုင်းလိုက်၏။ မှော်ဆရာကြီး၏အိမ်သို့ သတင်းစကား သွားရောက် ပြောကြားခဲ့သည့် ရွာသားပြန်ရောက်သည့်အခါ မှော်ဆရာကြီး အိမ်တွင်မရှိဘဲ သူ၏ဇနီးများက မှော်ဆရာကြီးနေထိုင်မကောင်းသဖြင့် တောတွင်းသို့ သွားရောက်လျက် ဆေးမြစ်တူးဖို့ ထွက်ခွာသွားသည်ဟု ပြောပြကြကြောင်း ပြန်လည်ပြောပြ၏။

နှစ်နာရီမျှအကြာမှာ ဆေးမြစ်သွားတူးသော မှော်ဆရာကြီး ပြန်လည်မရောက်ရှိသဖြင့် မှော်ဆရာကြီးကို လိုက်လံ ရှာဖွေကြသည့် ရွာသားများက ရွာအပြင် လမ်းဘေးတစ်နေရာတွင် မှော်ဆရာကြီးလဲကျသေဆုံးနေသည်ကို တွေ့ရှိကြရလေသည်။ မှော်ဆရာကြီး၏ အလောင်းကို စစ်ဆေးကြည့်ရှုကြရာတွင် ပါးစပ်မှအမြှုပ်များတစီစီထွက်လျက်ရှိနေဆဲဖြစ်ပြီး ဝမ်းဗိုက်ကြီးရောင်ကိုင်းလျက်ရှိတာ ကြည့်ရှု၍ မကောင်းအောင် ပုပ်ပွလျက်ပင်ရှိနေပြီ ဖြစ်ပေသည်။

ပြင်းထန်သောအဆိပ်မိပြီး သေဆုံးခြင်းဖြစ်နိုင်ပါသည်။ ကျွန်တော့်အနေနှင့်မူ မော်ဝင်မိကျောင်းကြီးအဆိပ်သင့်သေဆုံးရခြင်းနှင့် မှော်ဆရာကြီးသေဆုံးရပုံမှာ တိုက်ဆိုင်မှုသက်သက်မျှသာ ဖြစ်နိုင်ပါလိမ့်မည်။ မှော်ဆရာကြီးနှင့် ရန်ငြိုးရန်စရှိခဲ့သူတစ်ဦးဦးက အခွင့်အရေးရခဲ့သည့်အခိုက် လုပ်ကြံသတ်ဖြတ်လိုက်ပုံရသည်ဟု ကောက်ချက်ချမိပါ၏။

ယာဂွါရှိလူမျိုးများနှင့် ရွာသားများကမူ မော်ဝင်မိကျောင်းကြီးနှင့် မှော်ဆရာကြီးအယူကင်တို့သည် ဝိညာဉ်ချင်းအတူတူသာဖြစ်ကြသဖြင့် ကံကြမ္မာဆုံစည်းစွာ သေခြင်းတရားကို အတူတကွ ရင်ဆိုင်ကြရသည်ဟု ယုံကြည်လျက်ရှိနေကြပေသတည်း။

**ခင်မောင်အေး (မန္တလေး)**

**(၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလထုတ် WIDE WORLDမဂ္ဂဇင်းမှ AYUKIN JU ကို ဆီလျော်အောင်ပြန်ဆိုပါသည်။)**

www.burmeseclassic.com

ကိုပက်သည်။ သစ်လုံးစေ့ပက်ဖျန်းသည်။

**က။ အိမ်ဆောက်မည့်သစ်**

အိမ်သစ်ဆောက်လုပ်မည့်သူသည် အဖော်အပေါင်းလှည်းများနှင့် တောသို့ဝင်ကာ သစ်ခုတ်လျှင် အောက်ပါ သစ်အမျိုးမျိုးကို ရှောင်လွှဲလေ့ရှိသည်။

၁။ အခေါင်းပါသောသစ်
၂။ အမျက်ပါသောသစ်
၃။ တံတားခင်း
၄။ ကျီးအာ
၅။ နတ်သတ်
၆။ ကော်လဲ
၇။ ပုခက်လွှဲ
၈။ သိကြားထိုင်
၉။ လင်းတနား
၁၀။ ဖွဲ့ချ (ဆွဲချ) သစ်
၁၁။ သစ်တွဲလဲ
၁၂။ သစ်ကြိုတ်

၁။ အခေါင်းရှိသောသစ်ပင်ကို အိမ်တိုင်အတွက်မခုတ်လှဲပါ။ လေဝင်နေ အစိတ်အပိုင်းအချို့ဆွေးမြည့်နေ၍ဖြစ်သည်။

၂။ အမျက်ပါသောသစ်ကို အိမ်တိုင်မှာသာမက အခြားပစ္စည်းများမှာပါ ရှောင်ကြဉ်သည်။ ရှောင်ကြဉ်၍မရသည့်အဆုံးတွင် တစ်ခုလုံးအမျက်ဖုံးနေသည့် ဆူးပါသောသစ်ပင်ကို အသုံးပြုကြသည်။

၃။ သစ်ပင်လှဲတော့မည်ဆိုကတည်းက ဤအပင်သည် မည်သည့်ဘက်သို့လဲကျမည်နည်း ကြိုတင်ကြည့်ရ၏။ သစ်ပင်လဲကျရာတွင် အကြောင်းသုံးပါးရှိသည်။ ယင်းတို့မှာ အကိုင်းအခက်၊ မြေမျက်နှာပြင်နှင့် ပင်စည် ဖြစ်ပေသည်။

က။ သစ်ပင်တစ်ပင်၏အကိုင်းအခက်များသည် အရပ်မျက်နှာသုံးဖက်၌ ညီမျှနေသည်။ တစ်ဖက်တွင်သာများနေသည်။ သို့ဆိုလျှင် လေပြင်းမတိုက်၊ ကြိုးမဆွဲပါက များသည့်ဘက်ကိုလဲကျသည်။

ခ။ မြေမျက်နှာပြင် မညီညွတ်လျှင်လည်း နိမ့်သည့်ဘက်သို့သာ လဲတတ်၏။

ဂ။ ပင်စည်အရင်းမှ ခွဆုံအထိသည် မည်သည့်ဘက်သို့ယိုင်သနည်း။ ယိုင်သည့်ဘက်သို့ လဲကျလေ့ရှိသည်။

သို့အတွက် ချောက်ကမ်းပါးနှင့်နီးသော သစ်ပင် သို့မဟုတ် ချောက်ကမ်းပါးဘက်သို့ထဲကျရန်သေချာသော သစ်ပင်ကို မခုတ်လှဲချေ။ ချောက်ကမ်းပါးဘက်သို့ လဲရန်အကြောင်းမရှိသဖြင့် ခုတ်လှဲမိသောသစ်ပင်တစ်ပင်သည် အခန့်မသင့်၍ ချောက်ဘက်သို့လဲကျသည်။ ထို့နောက်ချောက်ကမ်းပါး၏ တစ်ဖက်ထိပ်တွင်တင်နေ၏။ တံတားခင်းသစ်ပင်တည်း။ မယူခဲ့ရ မသယ်ခဲ့ရ။

၄။ သစ်ပင်၏ခွဆုံမှတက်သွားသော အခက်နှစ်ခက်သည် ညီညာနေရမည်။
တစ်ခုကို တစ်ခုရှည်နေပါက မယူရချေ။

၅။ သူ့အလိုအလျောက် ခြောက်သွေ့ကာ မတ်တတ်သေနေသော သစ်ပင်မှာ နတ်သတ်ဖြစ်သဖြင့် ရှောင်ရသည်။

၆။ သူ့အလိုအလျောက် အမြစ်မှကော်ပြီး လဲနှင့်နေသည့်သစ်ကိုလည်းမယူရပေ။

၇။ သစ်ပင်သည် ခွဆုံမှသာ အကိုင်းများ၊ အခက်များတက်ဖြာလေ့ရှိသည်။ ထိုခွဆုံအောက်မှာအခက်ထွက်နေလျှင် ပုခက်လွှဲခေါ်သည်၊ ပယ်ရမည်။

၈။ ခွဆုံမှတက်သွားသော အကိုင်းကြီးသည် သုံးခုရှိနေလျှင် သိကြားထိုင်ဖြစ်သဖြင့် ပယ်သည်။

၉။ အိမ်တိုင်ခုတ်ရန် သစ်ပင်များကို လိုက်လံကြည့်ရှုနေစဉ် လင်းတနားနေသောသစ်ပင်ကို တွေ့အံ့။ မခုတ်ရပေ။

၁၀။ တတိယအချက်ပါ အခြေအနေအရ လွတ်မည်ထင်သဖြင့် ခုတ်လှဲလိုက်သောသစ်ပင်သည် ချောက်ထဲသို့ ထိုးကျသွား၏။ အဖျားကအောက်၊ အရင်းကပေါ် ဇောက်ထိုးဖြစ်နေ၏။ ပင်ပန်းကြီးစွာခုတ်လှဲပြီးဖြစ်ငြား ပယ်ရပါမည်။ ဖွဲ့ချသစ်ဖြစ်သောကြောင့်ပါပေ။ မှုကွဲအယူအဆတစ်ခုမှာမူ ဤသစ်ကို ဖွဲ့ချသစ်မခေါ်၊ သစ်ပင်ကြီးမှတန်းလန်းကျနေသောသစ်ကိုသာ ဖွဲ့ကျသစ်ခေါ်သည်ဆို၏။

၁၁။ ခုတ်လှဲလိုက်သောသစ်ပင်သည် လဲ၍ကား ကျပါ၏။ မြေပေါ်သို့မရောက်။ အခြားသစ်ပင်နှင့်ငြိပြီး တန်းလန်းဖြစ်နေသည်။ အခြားသစ်ပင်ကခံနေသဖြင့် မြေသို့မကျ၊ ပယ်ပါလေ။

၁၂။ မိမိ၏ ကိုင်းအချင်းချင်းဖြစ်စေ အခြားသစ်ပင်၏ အကိုင်းဖြင့်ပင်ဖြစ်စေ ပွတ်တိုက်နေပါက ထို သစ်ပင်ကိုလည်းပယ်သည်။

ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်း၊ စာမျက်နှာ (၃) တွင်လည်း ရှောင်ရမည့်သစ်ပင်အမျိုးအမည်များကို ဖော်ပြထား၏။

ဤသည်တို့မှာ -
၁။ မအူ
၂။ မိကျောင်း
၃။ သခွတ်
၄။ ညောင်
၅။ သျှစ်သျှား
၆။ ဆီး
၇။ သပြေ
၈။ သစ်ဆိမ့်
၉။ ရေယက်
၁၀။ ကလောနှင့်
၁၁။ လက်ပံတို့ ဖြစ်ကြပေ၏။

သစ်ကြိုခြင်းကိုပြန်ကောက်ပါ[illegible]

အိမ်ဆောက်မည့်သစ်များသ[illegible] ဆောင်လာသည့်လှည်းများကို [illegible] ကြော်၊ ပေါက်ပေါက်ဆုပ်၊ အနှ[illegible] ထန်းလျက်၊ ကရေကရာ၊ ဆေး[illegible] စသည်များ ဆီးကြိုကမ်းလှမ်းကြသည်[illegible]

ကမ်းလှမ်းသည့်အိမ်တိုင်းက -
"ဘာတွေပါလာတုံး"
မေးသည်။
လှည်းသမားများက -
"ရွှေတွေပါကွယ်တို့။ ကျော[illegible] ပတ္တမြားတွေပါဟာ"
ဟု ဖြေကြားသည်။

**□ နဂါးလှည့်ရွေးခြင်း**

အလုပ်တစ်ခု စတင် ဆောင်[illegible] တော့မည်ရှိသောအခါ ရက်ရာဇာ[illegible] ရက်' ကို ရွေးချယ်ကြသည်။ [illegible] သုံးစွဲသည့်ခေတ်သို့ရောက်ရှိသော[illegible] ပြက္ခဒိန်နေရာလွတ်များတွင် ဖြ[illegible] ရက်ရာဇာ၊ နဂါးလှည့်ထည့်ပေးကြ[illegible] ပြက္ခဒိန်မရှိသေးသည့်ခေတ်ကာ[illegible] ကား အာဂုံဆောင်ထားကြရ၏။

ကျက်မှတ်ရလွယ်ကူစေရန် [illegible] ဖွဲ့ထားသည်။

ဤသည်မှာ -

'တန်ခူး သာလု၊ ထွန်းပေါ်[illegible] နယုန် ညွန့်ပ၊ အောင်လှ ဝါ[illegible] ဝါခေါင်၊ မြတောင် တော်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျွတ် ဆီ၊ သောရီ တန်ဆောင်မုန်း၊ ချမ်းတုန်း နတ်တော်၊ မိနေ့် ပြာသို၊ မိညို့ တပို့တွဲ၊ အဲဝင်-တပေါင်း’ တို့ပင်တည်း။

အဓိပ္ပာယ်မှာ -

‘တန်ခူးလတွင် သောကြာနေ့နှင့် ဗုဒ္ဓဟူးနေ့တို့သည် ရက်ကောင်းရက်မြတ် ဖြစ်သည်’။

ဆက်လက် ဖော်ပြပါဦးမည်။

သည်’ အဓိပ္ပာယ်ထွက်၏။

‘နယုန်ဝါဆို၊ ဝါခေါင်ကိုလျှင်၊ တောင်တွင်မြီးဖျား၊ ကျောကား အနောက်၊ မြောက်သို့ခေါင်းရင်း’

□ **အတိုကျက်မှတ်ရန်**

ယုန်-ဝါ-ဝါ-မြောက်

နယုန်ဝါဆို-ဝါခေါင်လများတွင် နဂါးဦးခေါင်းမြောက်သို့လှည့်။

| | | | |
|---|---|---|---|
| ၁။ | တန်ခူးလ | သောကြာ | ဗုဒ္ဓဟူး |
| ၂။ | ကဆုန် | စနေ | ကြာသပတေး |
| ၃။ | နယုန် | အင်္ဂါ | ကြာသပတေး |
| ၄။ | ဝါဆို | တနင်္ဂနွေ | ဗုဒ္ဓဟူး |
| ၅။ | ဝါခေါင် | သောကြာ | ဗုဒ္ဓဟူး |
| ၆။ | တော်သလင်း | ကြာသပတေး | စနေ |
| ၇။ | သီတင်းကျွတ် | အင်္ဂါ | |
| ၈။ | တန်ဆောင်းမုန်း | သောကြာ | ရာဟု |
| ၉။ | နတ်တော် | တနင်္လာ | စနေ |
| ၁၀။ | ပြာသို | ကြာသပတေး | စနေ |
| ၁၁။ | တပို့တွဲ | ကြာသပတေး | အင်္ဂါ |
| ၁၂။ | တပေါင်း | တနင်္ဂနွေ | ဗုဒ္ဓဟူး |

(နေ့ခုနစ်နေ့တွင် ရာဟုနေ့ ဟူ၍ မပါရှိပေ။ သို့အတွက် ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂) နာရီ၏ နောက်ပိုင်းကာလကို ရာဟုအဖြစ် နားလည်လက်ခံကြ၏။)

ထိုနည်းဖြင့် ရွေးချယ်ရရှိသည့်နေ့တွင် ဆောင်ရွက်မည်ဖြစ်သော်လည်း နဂါးလှည့်ရွေးရသေး ဟူ၏။ နဂါးသည် ပါးစပ်ဟပြီးနေ၏။ ထိုပါးစပ်တွင်းသို့ မဝင်ရောက်ရ။ ‘အမြီးကလျှောက် ခေါင်းကိုဖောက်’ ရမည်။ သို့သော် ‘ထုတ်ချောက်ခံတွင်း မဝင်လျှင်း’ ရဟူ၍ အယူရှိ၏။

‘တပေါင်းတန်ခူး၊ ဆန်းထူးမာသ၊ ကဆုန်လခါ၊ မြောက်မှာဝမ်းပြင်၊ တောင်တွင်ကျောထား၊ မြီးဖျားအရှေ့၊ နေပြီး၍တုံ’

□ **အတိုကျက်မှတ်ရန်**

ပေါင်း-ကူး-ဆုန်-နောက်။

တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လများတွင် နဂါးဦးခေါင်းအနောက်သို့ လှည့်သည်။

ထိုသုံးလတွင် နဂါးခေါင်းသည် အနောက်သို့လှည့်သည်ဟု လင်္ကာက မဆိုငြား ‘အရှေ့တွင် အမြီးရှိသည်’ ပါသည့်အတွက် ‘အနောက်သို့လှည့်

‘တော်သလင်းနှင့်၊ သီတင်းကျွတ်ဆုံ၊ တန်ဆောင်မုန်းကား၊ ရှေ့ဖျားဦးခေါင်း၊ မြောက်စောင်းကျောထား၊ တောင်ကဝမ်းပေါ်၊ နေပြီးသော်မှ’

□ **အတိုကျက်မှတ်ရန်**

တော်-ကျွတ်-မုန်း-ရှေ့

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် နဂါးဦးခေါင်း အရှေ့သို့လှည့်။

‘နတ်တော်ပြာသို၊ နှင်းစိုချမ်းမြ၊ တပို့တွဲကား၊ မလွဲသိသာ၊ ဒက္ခိဏာတည့်’

□ **အတိုကျက်မှတ်ရန်**

နတ်-ပြာ-တွဲ-တောင်

နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နဂါးဦးခေါင်း တောင်သို့လှည့်။

ပထမသုံးလတွင် နဂါးဦးခေါင်း အနောက်သို့လှည့်၏။ ဒုတိယသုံးလပတ်မှာ နဂါးဦးခေါင်းသည် မြောက်အရပ်သို့ လှည့်၏။ တတိယသုံးလပတ်သော်ကား နဂါးဦးခေါင်းအရှေ့သို့လှည့်၍ စတုတ္ထသုံးလပတ်မူ တောင်အရပ်သို့လှည့်၏။

ရွှေဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းတွင်ကား ‘ကန်တူဗြိစ္ဆာသုံးရာသီ၌ အရှေ့မြောက်သို့ ဥကွောင်းမူ၏’ ပါရှိသဖြင့် တတိယသုံးလပတ် နဂါးခေါင်း အရှေ့မြောက်သို့လှည့်သည်ဟု သဘောရောက်၏။

မည်သည့်လတွင် ညဥ့်နေခရီးသွားသည်ဖြစ်စေ နဂါးဦးခေါင်းနှင့် ဆန့်ကျင်၍ မသွားရ။ မသွားလျှင် မဖြစ်ပါက ကန့်လန့်ဖြစ်၍ ဝမ်းကိုဖောက်သည့် အနေအထားဖြစ်အောင် သွားရမည်။ ထို့နောက် နဂါး၏အကြေးခွံကို လှန်ရာရောက်အောင် အမြီးဖျားကိုနင်း၍ခေါင်းဘက်သို့သွားရမည်ဟု သတ်မှတ်ကြလေသည်။

□ **မြေခံရက်ရွေးနည်း**

နေအိမ်ဆောက်လုပ်ရန်သင့်လျော်သောလများမှ ‘တန်ခူး၊ ကဆုန်၊ ဝါခေါင်၊ နတ်တော်၊ ပြာသို၊ တပေါင်းလ’ တို့ ဖြစ်ကြပေ၏။ ထိုသို့ လလည်းရွေးပြီးပြီ။ မျက်နှာမူရမည့်အရပ်လည်း ရွေးပြီးပြီ၊ အိမ်ဆောက်ရန် ပန္နက်ရိုက်နိုင်ပြီလော။ မရိုက်နိုင်သေး၊ မြေခံရွေးရပါဦးမည်။

ဆရာကြီးရွှေဝယ်စော၏ဆောင်းပါးတွင် လဆန်း ၅ ရက်၊ ၁၅ ရက်နှင့် လပြည့်ကျော် ၁၀ ရက်တို့တွင် မြေခံဗြိဟ်မှာ တနင်္ဂနွေဖြစ်သဖြင့် ဥစ္စာပျက်သည်ဟု ပါရှိ၏။ ရွှေဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းတွင်ကား ‘လဆန်း ၅ ရက် ဂဠုန်ခံ၊ ငြိမ်းချမ်းအံ့။ ၁၅ ရက်ကား ဂဠုန်ခံ၏။ နှလုံးချမ်းသာရအံ့။ လဆုတ် ၁၀ ရက်ကား ခွေးခံ၊ ပျက်စီးအံ့’ ဟူ၍ ပါရှိလေ၏။

မြေခံကောင်း မြေခံညံ့ရက်များကို ဆက်လက် ဖော်ပြပါဦးမည်။

လဆန်း ၄ ရက်၊ ၁၄ ရက်နှင့် လပြည့်ကျော် ၈ ရက်တို့တွင် ခြင်္သေ့ခံသည်။ ထိုနေ့ရက်များတွင် ဆောင်ရွက်ပါက အိမ်ရှင်မှာ ရောဂါရနိုင်သည်။

လဆန်း ၂ ရက်၊ ၁၂ ရက်နှင့် လပြည့်ကျော် ၇ ရက်တို့တွင် ဆင်ခံသည်။ ငြိမ်းချမ်းအံ့။

လဆန်း ၁ ရက်၊ ၁၁ ရက်နှင့် လပြည့်ကျော် ၆ ရက်တို့တွင် ကြွက်ခံ။ အောင်မြင်မည်။

လဆန်း ၁၀ ရက်နှင့် လပြည့်ကျော် ၅ ရက်၊ ၁၅ ရက်တို့တွင် ပူးခံသည်။ လာဘ်ရမည်။

လဆန်း ၉ ရက်နှင့် လပြည့်ကျော် ၄ ရက်၊ ၁၄ ရက်တို့တွင် နဂါးခံ၏။ ဆင်းရဲအံ့။

လဆန်း ၈ ရက်နှင့် လပြည့်ကျော် ၃ ရက်၊ ၁၃ ရက်တို့တွင် ဟိုင်းခံ၍ အချုပ်အနှောင်အဖမ်းအဆီးခံရနိုင်သည်။

လဆန်း ၇ ရက်နှင့် လပြည့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

၂ ရက်၊ ၁၂ ရက်များမှာ အေးချမ်းမည်။ အကြောင်းသော်ကား 'ကိတ်ပြိုဟ်'ခံသောကြောင့် ဖြစ်၏။ သိကြားပြဟ္မာဟု အချို့ယူမှတ်၏။

လဆန်း ၆ ရက်နှင့် လပြည့်ကျော် ၁ ရက်၊ ၁၁ ရက်တို့တွင် ပန္နက်သော် အမှုများမည်၊ မိတ္တုခံသောကြောင့် ဖြစ်၏။

အိမ်ဆောက်ရန်အတွက် အိမ်နေရာ ပန္နက်သောနေ့တွင် ရပ်ရွာထဲရှိ ယောက်ျားတွေလာကြသည်။ သစ်ကြိုစဉ်က မိန်းမတွေ၊ ယခုယောက်ျားတွေ။ ဤတွင် မြန်မာတို့၏ စိတ်နေစိတ်ထား မြင့်မြတ်ကြီးကျယ် ဖြူစင်ပုံကို အထင်းသားတွေ့ရတော့သည်။

ယောက်ျားများသည် အိမ်ဆောက်မည့်သူကို ငွေကြေးများကူညီရန် ရောက်လာကြခြင်းဖြစ်၏။ မိဘ၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးထွေး၊ မိကြီး၊ မိထွေး၊ အစ်ကို၊ အစ်မ၊ ယောက်မ၊ ယောက်ဖတို့က ကူညီသည့်နည်းတူ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများကပါကူညီကြသည်။ ရပ်ထဲရွာထဲရှိ ရင်းရင်းနှီးနှီးမရှိသူများကလည်း လာရောက်ကူညီကြသည်။

ငါးဆယ်၊ တစ်ရာကျပ် ကူညီသူရှိ၏။ ငါးကျပ်၊ တစ်ဆယ် ကူညီသူလည်းရှိ၏။ တစ်ပြားတစ်ကျပ်မှမကူညီနိုင်သူက 'ငါတော့ လာဘ်လာဘဆွဲ့သဟ၊ စပါးတစ်ဆွဲပဲတတ်နိုင်တယ်' ဆိုကာ စပါးကိုပုံ၏။ 'တို့ကတော့ဟေ့ ငွေမလွယ်တာနဲ့ ကြက်သွန်ပဲပါတယ်ဟေ့' ကြက်သွန်တွေပုံ၏။ ဤသို့ဖြင့် ငရုတ်၊ ပဲ၊ ပြောင်း၊ ဆေးလိပ်လိပ်သောက်သည့် ဖက်ထုပ်စသည်၊ သနပ်ခါးတုံး စသည်များပါ စုပုံနေလေတော့၏။

သူ့မှာရှိလို့ သူအိမ်ဆောက်တာ ဘာကူစရာရှိသလဲ ဟူသည့် မနာလိုစိတ်ကင်းစင်ပုံမှာ အံ့ဩစရာ၊ ဝမ်းသာစရာ၊ ကြည်နူးစရာကောင်းလှချေ၏။

□ **အိမ်အမြင့်ထားနည်း**

အိမ်မြေဝင်အဆုံးမှ အဖျားထိ မိုက်ဖွဲ့ ခုနစ်ခုစား။

(၁) ကြွင်းမူ ဆင်းရဲ၏။
(၂) ကြွင်းမူ အပူဇော်ခံရ၏။
(၃) ကြွင်းမူ ဘေးဒဏ်သင့်၏။
(၄) ကြွင်းမူ လာဘ်ပေါ်၏။
(၅) ကြွင်းမူ သေကျေပျက်စီးတတ်၏။
(၆) ကြွင်းမူ စီးပွားတတ်၏။
(၀) ကြွင်းမူ ရန်ပွား၏။

□ **အိမ်အဝန်းထားနည်း**

ထုပ်၊ လျှောက်အရှည်အရ အဝန်းပတ်လည်ကို အတောင်ဖွဲ့။ အတောင်ကိုမိုက်ဖွဲ့။ ရှစ်ခုစား။

(၁) ကြွင်းက ကုန်သည်နေရပ် တံခွန်သင့်၏။
(၂) ကြွင်းက ရဟန်းနေရပ် အခိုးအလျှံသင့်၏။
(၃) ကြွင်းက မင်းနှင့်ဖူးဖတ်နေရပ် ခြသေ့်သင့်၏။
(၄) ကြွင်းက မုဆိုးနှင့် တံငါနေရပ် ခွေးသင့်၏။
(၅) ကြွင်းက ဆင်းရဲသားနေရပ် နွားသင့်၏။
(၆) ကြွင်းက သူဌေးသူကြွယ်နေရပ် မြင်းသင့်၏။
(၇) ကြွင်းက စစ်ဗိုလ်၊ စစ်သားနေရပ် ဆင်သင့်၏။
(၈) ကြွင်းက ပြည်တန်ဆာမနေရပ် ကျီးကန်းသင့်၏။

□ **ပန္နက်တင်အခမ်းအနား**

ပန္နက်မင်္ဂလာမစမီကပင် ပန္နက်သည် ငုတ်က ကလေးများကို နေ့သားအလိုက် လက်သမားဆရာက အသင့်စီစဉ်ထားသည်။

ပန္နက်သဲဟူသမျှ အမြစ်နံသင့်ကိုဟူ၍ ပန်းဆွဲဟူသမျှ အညွှန့်နံကိုယူပါ။

ပန္နက်ငုတ်ကို ပန္နက်သဲဟုခေါ်၍ ပန္နက်ရိုက်ရာတွင် တိုင်းတာသောကြိုးကို 'တံမျဉ်းကြိုး' ဟုခေါ်သည်။

ကြိုးကိုင်ပန္နက်ရိုက်မည့်သူများကို အိမ်ရှင်မွေးနေ့အလိုက် အောက်ပါအတိုင်းစီစဉ်ရမည်။

အင်္ဂဝိဇ္ဇာပညာအရ ကြိုးရင်းကို အိမ်ရှင်၏ ပဥ္စပွတ်နံကကိုင်၍ ကြိုးဖျားကို ဆပွတ်နံကကိုင်ရမည်။ ပန္နက်ရိုက်သူသည် အိမ်ရှင်၏အမြစ်နံပြင်ရမည်။

တနင်္ဂနွေသားကို ဥပမာပြပါမည်။

၅ ပဥ္စပွတ် - ကြိုးရင်းကိုင်သူ
၂
၆ ဆပွတ် - ကြိုးဖျားကိုင်သူ
(၁)
၄
၀ အမြစ် ပန္နက်ရိုက်သူ
၃

သာမန်လူများနားလည်ရန် အိမ်ရှင်မွေးနေ့အလိုက် ကြိုးကိုင် ပန္နက်ရိုက်သူများကို ဇယားဖြင့်ဖော်ပြပါ။

အိမ်ရှင်မွေးနေ့အလိုက် ပန္နက်နှင့် ပန်းဆွဲအစီအရင်

| မွေးနေ့ | ပန္နက် | ပန်းဆွဲ |
|---|---|---|
| တနင်္ဂနွေ | ထိမ်သား | ကံ့ကော်ညွှန့် |
| တနင်္လာ | အင်သား | ငှက်ညွှန့် |
| အင်္ဂါ | ကျည်းသား | ရွက်လှ |
| ဗုဒ္ဓဟူး | ဆီးသား | ပေါက်ညွှန့် |
| ကြာသပတေး | ဝါးသား | သီးညွှန့် |
| သောကြာ | ပေါက်သား | ဒါန်းညွှန့် |
| စနေ | သီးသား | အုန်းညွှန့် |

အိမ်ရှင်မွေးနေ့အလိုက် ကြိုးကိုင်ပန္နက်ရိုက်သူများ

| မွေးနံ | ကြိုးရင်းကိုင် | ကြိုးဖျားကိုင် | ပန္နက်ရိုက်မည့်သူ |
|---|---|---|---|
| တနင်္ဂနွေ | ကြာသပတေး | သောကြာ | စနေ |
| တနင်္လာ | သောကြာ | စနေ | တနင်္ဂနွေ |
| အင်္ဂါ | စနေ | တနင်္ဂနွေ | တနင်္လာ |
| ဗုဒ္ဓဟူး | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| ကြာသပတေး | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး |
| သောကြာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး |
| စနေ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |



www.burmeseclassic.com

www.burmeseclassic.com

**□ တိုင်သိပ်၊ ပရိတ်ရွတ်၊ တိုင်သူ**

ကောင်းမွန်စွာရှင်းလင်းသုတ်သင်ပြီးသည့် အိမ်ရာမြေကွက်တွင် မြေခံရက်ရွေးပြီးလျှင် အထက်ပါ ပန္နက်မင်္ဂလာနည်းဖြင့် ပန္နက်ချသည်။ အိမ်မြေရာတွင် ပန္နက်မချမီ အချို့သည် မြေကြီးကို ထွန်ယက်ပစ်သည်။ စုန်းတိုက်၊ နဝင်းတိုက် နာမ်မြုပ်အင်းမြုပ်များရှိပါက ပေါ်ပေါက်လွင့်ပြယ်စေရန် ဖြစ်ပေသည်။

ထိုထူမည့်နေ့ရက်ကို ရွေးချယ်သတ်မှတ်ပြီးသွားလျှင် တိုင်များကို ဂရုပြုလာရသည်။ အသင့်ဖြစ်စေရန် တညီတညွတ်တည်းဖြစ်အောင် စီစဉ်ထားသည်။ ထိုသို့ထားခြင်းကို တိုင်သိပ်သည် ခေါ်၏။

ထိုတိုင်များပေါ်တွင် ကပ်များ၊ ဖျာများခင်းကာ သံဃာတော်များကို ပင့်ဖိတ်ကာ ပရိတ်ရွတ်သည်။ ကမ္မဝါဖတ်သည်။ ထို့နောက်တွင်ကား ထိုတိုင်များကို လုံခြုံအောင် ကာရံထားလိုက်တော့သည်။ အကြောင်းသော်ကား သိပ်ထားသည့်တိုင်များပေါ်သို့ ခွေးမတက်စေရန် ပေတည်း။

တိုင်ထူတော့မည်။ တိုင်ထူလိုပါက တွင်းတူးရပါဦးမည်။

တွင်းတူးသောအခါ နဂါးလှည့်ပါလာတော့သည်။ နဂါးလှည့်အတွက် အမှတ်မမှားရန် အရေးကြီးသည်။

သိရော ခဏတိ နာဂါန်၊
မာတာပိတာစ မရက္ခ။
နဂ္ဂုဋ္ဌ ပုတ္တဒါရဿ။
အတ္တာန ပိဋ္ဌိမေ စေဝ။
ကုစ္ဆိမှိဝိပုလံ သုခံ။ ။

အဓိပ္ပာယ်မှာ နဂါး၏ ဦးခေါင်းပေါ်တွင် အိမ်တိုင်စိုက်ရန် တွင်းတူးမိပါက အိမ်ရှင်၏မိဘများ သေဆုံးလိမ့်မည်။ အမြီးနေရာတွင်တူးမိပါမူ သားမယားတို့သေမည်။ နဂါးကျောကုန်းပေါ်တွင် တူးမိချေလျှင် အိမ်ရှင် ယောကျ်ားကိုယ်တိုင်သေလိမ့်မည်။ ထို့ကြောင့် ချမ်းစိမ့်ချမ်းသာတိုးပွားရေး၊ အစာရေစာပေါများရေးအတွက် နဂါး၏ဝမ်းဗိုက်နေရာကိုသာတူးရမည်ဟူ၍ ဆိုရိုးရှိသည်ဟူပေ၏။

သို့အတွက် မိဿရာသီဖြစ်သော တန်ခူးလ၊ ပြိဿရာသီဖြစ်သော ကဆုန်လတို့တွင် အိမ်တိုင်တူးပါက 'မြောက်ဘက်တွင် ဝမ်း၊ တောင်ဘက်တွင်ကျော၊ အမြီးသည် အရှေ့အရပ်၊ ခေါင်းသည် အနောက်အရပ်' ဟု၍ရှိကြောင်း သေချာစွာသိနေရမည်။

သို့ဖြစ်လျှင် ဝမ်းနေရာကိုသာ တူးမိစေရန် မည်သို့လုပ်မည်နည်း။ အလွန်ကြီးမားသော နဂါးကြီးဖြစ်သည့်အတွက် ဤအိမ်နေရာမှာ အကြေးခွံတစ်ဖက်စာမျှသာရှိသည်ဟု သဘောထားကာ ဝမ်းအမှတ်ဖြင့် ဝမ်းဗိုက်ဟု သဘောထားကာ တူးဆွရသည်။

အခြားနည်းတစ်နည်းရှိသေး၏။ ဤသည်မှာ 'ဉခေါင်းကို ဂဠုန်သုတ်စေ၊ ဝမ်းကို ကြွက်သောက်စေ၊ အမြီးကို ဆင်နင်းစေ' ဟူသည် အညွှန်း ဖြစ်၏။ ဆောင်ရွက်ပုံမှာ တနင်္ဂနွေသားသည် အရှေ့အရပ်က၊ ကြာသပတေးသားသည် ဝမ်းဗိုက်ရှိရာအရပ်က၊ ဗုဒ္ဓဟူးသားသည် အမြီးရှိရာအရပ်က တူးကြရမည်။

တွင်းတူးနည်းကို သိပါပြီ။

မည်သည့်တိုင်ကို ဦးစွာတူးရမည်နည်း။ ဥရုတိုင်ကို ဦးစွာစတင်တူးဆွရပါမည်။ ဥရုတိုင် ဟူသည် အဘယ်နည်း။ အိမ်၏ခေါင်းရင်းခေါင်တိုင်လော၊ ခြေရင်းခေါင်တိုင်လော၊ ဤသို့မဟုတ်ပါ။ အရပ်မျက်နှာအရသာသတ်မှတ်သားပါသည်။ အိမ်၏ မျက်နှာလှည့်ရာအရပ်ကိုလိုက်၍ ကျောဘက်ကတိုင်၊ မျက်နှာစာဘက်ကတိုင် ကွဲပြားဖြစ်တည်သွားလိမ့်မည်။

သုတသန္တိစယမှုကျမ်းအရ တိုင်ခြောက်လုံးရှိသည်။ ယင်းတို့မှာ-

၁။ ဥရုတိုင် အရှေ့တောင်အရပ်
၂။ ကြင့်နှန်းတိုင် အရှေ့မြောက်
၃။ ညောင်ရမ်းတိုင် အနောက်တောင်
၄။ သပြေတိုင် အနောက်မြောက်
၅။ ရဝေတိုင် တောင်ဘက်
၆။ ကုဗ္ဗိုးတိုင် မြောက်ဘက်ရှိတိုင်တို့ ဖြစ်ကြပေသည်။

မနုကျယ်မွေ့သုတ်တွင်မူ 'ဥရုတိုင်၊ ကြင့်နှန်းတိုင်၊ သပြေတိုင်၊ ကုတ်ကိုတိုင်နှင့် မဟာဂီရိတိုင်' ဟူ၍ တိုင်(၅)လုံးရှိသည်ဟူ၏။ အရပ်မျက်နှာကား မပါရှိပြန်ပေ။

တိုင်ထူရန်အတွက် တွင်းများတူးပြီးပါပြီ။ မည်သည့်တိုင်က စတင်စိုက်ထူရမည်နည်း။ ဥရုတိုင်က စတင်ပါမည်။ သို့သော် မထူပါနှင့်ဦး။ ကြံရွက်၊ သပြေပန်း၊ နေစာမြက်၊ ဇေရာဇ်ရွက်များကို တိုင်တိုင်းစေ့၏ထိပ်ဖျားတွင် ချည်နှောင်ရပါသေးသည်။ ဥရုတိုင်ကား သူ့တစ်ပါးထက်ထူးပြီး အုန်းသီးနှင့် ငှက်ပျောဖီးဆိုင်ကိုပါ ချိတ်ဆွဲရပါသေးသည်။

ချည်ပြီးသော်လည်း အလုအယက် မထူရပါ။ သစ်ထူရာတွင် စည်မတီးစေနှင့် ပညတ်ချက်ရှိသဖြင့် တိုင်ချင်းမထိမိရ၊ အသံမမြည်ရပါ။ ဦးစွာ ဥရုတိုင်မှ စတင်ပြီး ထူမတ်ပါ။ မည်သည့်ဘက်သို့မျှ မယိမ်းပါစေနှင့်။ မယိုင်ပါစေနှင့်။ ထူမတ်ပြီးမှ လဲကျလျှင် သစ်တစ်လုံးပယ်ပစ်ရသဖြင့် ဆုံးရှုံးရပါလိမ့်မည်။ တိုင်ကြီးကြီးမားမားသောကြောင့် ကြိုးကူရလျှင်လည်း ကြိုးမပြတ်ပါစေနှင့်။

ဥရုတိုင်ထူပြီးလျှင် သေချာစွာ တည့်မတ်ပြီးသည့်နောက် ညောင်ရမ်း၊ ကြင့်နှန်းနှင့် သပြေတိုင်များကိုအစဉ်လိုက် စိုက်ထူသည်။ နောက်ဆုံးတိုင်မှာ ရဝေနှင့် ကုဗ္ဗိုးတိုင်ဖြစ်သည်။

နောက်ဆုံးတွင် ကုဗ္ဗိုးတိုင်သာ ကျန်တော့သည်။ တိုင်ထူသူများ ထိုင်နေကြ၏။ အိမ်ရှင်က -

"ကျန်သေးတယ်၊ ဘာလုပ်နေကြသလဲ"

ဟု မေးလျှင်-

"တိုင်လေးလို့"

ဟု ဖြေကြ၏။

ထိုအခါ အိမ်ရှင်က တိုင်ဖိုးဆိုတာ တတ်စွမ်းသမျှ တိုင်ပေါ်သို့လာရောက် တင်ထားမှ -

"ခုမှ တိုင်ပေါ့သွားတယ်၊ ထကြ ထကြ"

အော်ကာဟစ်ကာ စိုက်ထူကြတော့သည်။

အိမ်ရှင်ပေးသော တိုင်ဖိုးသည် အိမ်ရှင်၏စီးပွားအခြေအနေနှင့် ကိုက်ညီ၏။ စားစရာအစသောက်စရာ အလယ်၊ ငွေကြေးအဆုံးဖြစ်သည်။ အချို့သော ငွေကြေးကြွယ်ဝသူများမှ တိုင်ဖိုးအဖြစ် အငြိမ့်တစ်ညခံပေးပါမည်။ မည်သည့်ဆိုင်းကိုတစ်ညငှားပေးပါမည်၊ မည်သည့်ဇာတ် တစ်ညကပေးပါမည် ဟူ၍ပင် ကတိပေးကြ၏။ ကတိအတိုင်းလည်း ဆောင်ရွက်ပေးကြသည်ဟူ၍ ရှိပေ၏။

**□ အိမ်စည်းကမ်းနှင့် လောကထုံးတမ်း**

အိမ်တိုင်ထူပြီးနောက် လိုက်နာရန် သတ်မှတ်ထားသောအချက်များရှိသေးသည်။

- ထီးမဆောင်းစေနှင့်
- မီးမပေါက်စေနှင့်
- စို့မရိုက်စေနှင့်
- လျှာမထွက်စေနှင့်
- ရင်မခွဲစေနှင့်
- ကျိုးမနားစေနှင့်
- ထုပ်မစွပ်ခင် မရက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပေါ်တွင် စွပ်သောတင်သော ထုပ် (သို့) လျှောက်၏ ဖြက် (အကျယ်) သည် တိုင်ထက်ကြီးလျှင် ထိုးဆောင်းသည်။ ထို့ကြောင့် မကြီးစေရပေ။

အိမ်အခင်း၏အောက်တွင် ဆင့်ရှိသည်။ပို၍တောင့်တင်းခိုင်စေရန် ဒေါက်ထောက်သည်။ ထိုဒေါက်သည် ကြမ်းပြင်ပေါ်သို့ ငေါငေါကြီးဖောက်ထွက်နေခြင်းကို 'မှို့မပေါက်စေနှင့်' ခေါ်၏။

ပန်းခုံ၊ သစ်ပင် စသည်တို့ကို အိမ်၏ကြမ်းပြင်ကိုဖောက်ပြီးထားတတ်သည့်အတွက် မထားကောင်းသည်ကို 'စို့မရိုက်စေနှင့်' ဆိုသည်။

အိမ်တွင် အခန်းများဖွဲ့သည်။ ခန်းဆီးဖြင့်ကာရံသည်။ ထိုခန်းဆီးသည် ထုပ်ဆီးထက်ရှည်ထွက်မနေဋစေရ။ ရှည်ထွက်လျှင် လျှာထွက်သည်ခေါ်၏။

အိမ်၏ ခေါင်းလျှောက်အတိုင်း တစ်လျှောက်တည်း ခန်းဆီးမကာရ။ ထိုသို့ မကာရသည်ကို 'ရင်မခွဲစေနှင့်' ဆိုကြခြင်း ဖြစ်ပေသည်။

'ကြိုးမနားစေနှင့်' ဟူသည်မှာ အိမ်သစ်တက်မင်္ဂလာမပြုလုပ်မီ အိမ်ရှင်ပင် အိမ်ပေါ်မှာမနေရသေးမီ အခြားသူများလာပြီး ကာယသံသဂ္ဂမပြုရဆိုခြင်းဖြစ်၏။

ထုပ်မစွပ်မီ ရက်မ မတင်ကောင်း မှာကား ရှင်းရန်မလိုချေ။

ရှေးအိမ်များမှာ ငှက်ကြီးတောင်ခေါင်၊ မဒရင်ခေါင်နှင့် အိမ်တော်ရာခေါင်ဟူ၍ ခေါင်မိုးထားပုံ ကွဲပြားမှုပေါ်မူတည်ပြီး အိမ်သုံးမျိုး ခွဲခြားထားပေသည်။

အိမ်တစ်လုံး၏ အစိတ်အပိုင်းများမှာ ခွေးကတက်လှေကား၊ လှေကားဆန်၊ ခါးပန်း၊ ရက်မ၊ ပေါင်းကွပ်၊ ဝဲတိုင် သို့မဟုတ် အုန်းလက်တိုင်၊ မြင်းမိုရ်ပိတ်၊ အိမ်လျှာ၊ ဆီပူးစွဲ၊ အိမ်အူ၊ အခြင်၊ ထုပ်၊ လျှောက်၊ ကြွက်လျှောက်၊ ပန်းဆွဲ၊ သက်ငယ်မိုးဖြစ်ပါက လေဒဏ်ဖြင့် မလွင့်စေရန်အုပ်ရသည့် ကြက်နင်း သို့မဟုတ် ကျစ်နင်း။

ဝမ်းဘဲတောင်၊ ခေါင်အုပ်၊ မျက်နှာကြက်၊ သဘော်ကြမ်း၊ ခိုပြီး ကျပ်ခိုးစင်၊ လက်ရန်း၊ ဝဲလင်း၊ ဝရန်တာ၊ ဆောင်ပန်း၊ လက်တီး၊ ဆင်ဝင်၊ ဆင်ကပ်၊ သားချီ၊ မင်းတုပ်၊ တျည်းရှင်၊ ကျီးအက်၊ ကဲလား၊ ပြတင်း၊ တံခါးတို့ ဖြစ်ကြပေ၏။

အိမ်သည် အရေးကြီးသကဲ့သို့ ထိုအိမ်ပေါ်သို့တက်ရာ၊ ထိုအိမ်ပေါ်မှ ဆင်းရာဖြစ်သောလှေကားသည်လည်း အရေးကြီး၏။ လှေကားကို မည်သို့လုပ်ရမည်၊ မည်သို့တပ်ဆင်ဆုတောင်းရမည်ဟူ၍ သတ်မှတ်ချက်ရှိ၏။

အိမ်၏အမြင့်သည် (၆) ပေရှိပါက လှေကားသည် 'အိမ်ရပ်၏ တစ်ပြန်ခွဲ' (၉) ပေရှည်ရသည်။ လှေကားထစ်များသည် ခုနစ်ထစ်၊ ကိုးထစ်၊ ဆယ့်တစ်ထစ်စသည်ဖြင့် မ,ဂဏန်းအရေအတွက်သာရှိရသည်။ လှေကားထစ်များ၏ အောက်တွင် အပိတ်တပ်ထားရသည်။ လှေကားကို အသုံးပြုသော မိန်းမသားများ၏ ခြေသလုံးသားများကို အိမ်အောက်ရှိ ယောကျ်ားသားများ မမြင်ရစေရန်ဖြစ်သည်။

လှေကားလုပ်၍ မပြီးသေးမီ တော်မံတော်၊ အဆင်ပြေမပြေသိရန် လှေကားကို အိမ်တွင်ထောင်မကြည့်ရ၊ ကပ်မကြည့်ရပါ။ အလုံးစုံပြီးမှ ကပ်ထောင်ရသည်။ထောင်ပြီးသောလှေကားမှ လူတက်မသွားမီ၊ ထောင်ပြီးသောလှေကားဖြင့် လူဆင်းမလာမီ ပရိတ်ရည်ကို အိုးသစ်ဖြင့်ထည့်ကာ အပေါ်သို့ပင့်လှန်ပက်ဖျန်းရ၏။

ထို့နောက် -

'အိုနှစ်ထောင်ရပ်ဝန်း၊ လေးမည်ကျွန်းတွင်၊ ထူးဆန်းလှစွာ၊ မြကျွန်းသာထက်၊ တေဇာတန်ခိုး၊ ဖြိုးဖြိုးမောက်မောက်၊ ရွှေနောက်ပတ်လည်၊ ရပ်ဆယ်မည်တွင်၊ မည်သည့်ရေမြေ၊ မွှေမွှေညက်ညက်၊ ညှံ့သက်ကွေ့နွေ၊ ရွှေငွေဝင်းဝါ၊ နတ်ကလျာဟု၊ မေတ္တာတိုးပွား၊ လူအများကို၊ စီးပွားဆော်ဆော်၊ မကောင်းမြော်က၊ မပေါ်မလွှား၊ မ,စေသားဟု၊ လှေကားဦးမှာ-နတ်ဒေဝါ'

'ချမ်းသာသုခ၊ နေ့တိုင်းရ၍၊ သောကကွာလန်၊ မဆက်ဆံသား၊ ဘေးဒဏ်ရန်မတ်၊ ပယ်ပျက်စင်ကြယ်၊ ပြည်မလယ်၌၊ လနှယ်ပေါ်ထွန်း၊ နေ့တိုင်းသန်းလျက်၊ ဘုန်းတန်းတေဇာ၊ လန်းလန်းဖြာ၍၊ ချမ်းသာရိပ်ငြိမ်း၊ စည်းစိမ်မြင့်မြတ်စေသတည်း'

ဟူ၍ အိမ်တိုင်ဆုတောင်း ပန္နက်ရိုက် ဆုတောင်းများနည်းတူပင် ကန်တော့ပွဲဖြင့် ဆုတောင်းသည်။ လှေကားလက်ရန်းတွင် သပြေခက်ချည်နှောင်သည်။ လှေကားထစ်များကို နံ့သာရည်ပက်ဖျန်းရသည်။ ထိုသို့ပြုပြီးမှသာ အတက်အဆင်းလုပ်နိုင်သည်။

အိမ်ဆောက်၍ပြီးပြီ။ အိမ်သစ်တက်မင်္ဂလာပြုမည်ရှိသောအခါ အိမ်ပေါ်တွင် စပါးတောင်း၊ ငါးပိအိုး၊ မီးခွက်တို့ကို အသင့်တင်ထားပြီးလျှင် လင်စုံမယားဖက် လေးစုံတွဲကို ဖိတ်ကြားရသည်။ ဖိတ်ကြားခံရသူများထဲမှတစ်ဦးက အိမ်ရောင်းဖို့ရှိလား မေးရသည်။ အိမ်ရှင်က သရဏဂုံသုံးပါးကိုရည်၍ သုံးထောင်၊ ငါးပါးသီလကိုရည်၍ ငါးရာ၊ ရတနာခုနစ်ပါးကိုရည်၍ ခုနစ်ဆယ်၊ ဂုဏ်တော်ကိုးပါးကိုရည်၍ ကိုးကျပ်၊ စုစုပေါင်း ၃၅၇၉ ကျပ်ဖြင့် ရောင်းမည်ဟု ဖြေလေသည်။

ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်းထွက် 'အိမ်တက်သိမ်းပစ္စည်း' များမှာမူ ပို၍ စနစ်တကျရှိသည်။

အိမ်ဆောက်လုပ်ပြီး၍ အိမ်တက်သိမ်းသည်ကာလ ထားရာသည်ကား အရှေ့မြောက်ထောင့်တွင် ရေပြည့်အိုး အရှေ့အရပ်တွင် တောင်းနှင့်ဆန်အပြည့်၊ မီးမယ်ဖျူး၊ အရှေ့တောင်ထောင့်တွင် ထီးနှင့်လေးမြား၊ တောင်အရပ်တွင် ကျောက်ပျဉ်ကျောက်သွေး။ အနောက်တောင်ထောင့်အရပ်တွင် ကော်ဇော ကမ္ဗလာ၊ အနောက်အရပ်တွင် သမီး ကညာ၊ အနောက်မြောက်ထောင့်အရပ်တွင် ထမင်းပွဲစုံ၊ မြောက်အရပ်တွင် ခရုသင်း၊ နွားနို့အိုးနှင့် အလယ်တွင် ရွှေငွေဥစ္စာထားပြီးလျှင် ပရိတ်တော်မွမ်း၍ တက်သိမ်းနေရသည်။

အိမ်သစ်တက်သောအခါ သံဃာတော်များကို ပင့်ဖိတ်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်သည်။ ကမ္မဝါဖတ်သည်။ ငွေကြေးနှင့် ဆန်ပန်းပေါက်ပေါက်ကြဲသည်။ ဤသို့လျှင် မြန်မာများသည် အိမ်တစ်လုံးဆောက်ရာက အစလှေကား မကျန် စေ့စပ်သေချာစွာ ဆောင်ရွက်သည့်ဓလေ့ရှိခဲ့ကြဖူးပါသည်။

'ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမလွယ်နဲ့' ဆိုသော ရှေးစကားအရ စာရေးသူသည် ကျမ်းစာအဆောင်ဆောင်မှ ထုတ်နုတ်၍ အိမ်ဆောက်အစီအစဉ်များကို ရေးသားခဲ့ပြီး ဖြစ်သည်။

စာဖတ်သူတို့သည် အိမ်ဆောက်သောအခါ ဤအစီအစဉ်အတိုင်း ဆောက်လုပ်၍ ကျန်းမာချမ်းသာစွာ ထိုင်နိုင်ကြပါစေဟု ဆန္ဒပြုလုပ်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)



www.burmeseclassic.com

www.burmeseclassic.com

# ဈေးခေါ် လာဘ်ခေါ် ကောင်းလိုသော်

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် စီးပွားရေးလုပ်ကိုင်နေကြသောပုဂ္ဂိုလ်အားလုံးတို့အား ကြီးပွားချမ်းသာကြစေလိုသော စေတနာမေတ္တာဖြင့် ဈေးပညာရှင်များ စီရင်ခဲ့သော ဈေးခေါ် လာဘ်ခေါ်ကောင်းစေသော စီရင်နည်းတစ်ခုကို သုရဿမဂ္ဂဇင်းမှတစ်ဆင့် ရေးသားမျှဝေလိုက်ပါသည်။ မိမိတို့စီးပွားရေးအတွက် ဖွင့်လှစ်ထားသောဈေးဆိုင်များ၊ ဥပမာ စားသောက်ဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ အဖျော်ယမကာဆိုင်များ၊ အိမ်သုံးပစ္စည်းမျိုးစုံရောင်းချသောဆိုင်များ အပါအဝင် ဈေးအရောင်းအဝယ်ပြုလုပ်ကြသောလုပ်ငန်းမှန်သမျှ ဈေးခေါ် လာဘ်ခေါ်ကောင်းစေရန် စီမံဆောင်ရွက်ရသော အစီအရင်တစ်ခုဖြစ်ပါသည်။

အဓိကအချက်မှာ ဖွင့်လှစ်ထားသောမည်သည့်ဆိုင်ဖြစ်ပါစေ ဆိုင်၏အမည်ရှိဖို့လိုအပ်ပါသည်။

'ရွှေအိမ်စည်ကဖီး' ဆိုပါစို့။

ဆိုင်အမည်ကို အလျားလိုက်တည်ကိန်းပြု၍ (၇) နှင့်စားပါ။ အကြွင်းကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။

ဥပမာ-

(ရွှေ အိမ် စည် က ဖီး)
(၈ ၁ ၃ ၂ ၅)
(၈၁၃၂၅÷၇) = (၆) ကြွင်း၏။

အကြွင်း (၆)ကို အင်္ဂဝိဇ္ဇာတိုင်ထူလျှင်-

၃
၀
၄
အကြွင်း- ၆
၂
၅
၁

### ရွှေအိမ်စည်ကဖီးအတွက် ဆိုင်မှာပြုလုပ်ရန်

အသီး ၃ ဆီးသီးသုံးလုံး ဆိုင်ဘုရားဌ နံနက်ခုနစ်နာရီကပ်လှူ။
အပွင့် ၀ နှင်းဆီခုနစ်ပွင့် ဆိုင်ဘုရားဌ နံနက်ရှစ်နာရီလှူ။
အရွက် ၄ ရွက်လှလေးခက် ဆိုင်ဘုရားဌ နံနက်ကိုးနာရီလှူ။
၆ - (၆ ကြွင်း)
၂
၅
၁

လှူပြီးလျှင် မိမိလိုရာဆုတောင်းပါ။ နေ့စဉ်ပြုလုပ်ရပါမည်။

### အင်္ဂဝိဇ္ဇာတိုင် (၇)တိုင်

ဆိုင်အမည်များကို အလျားလိုက်တည်ကိန်းပြု၍ (၇) နှင့်စားပြီး အကြွင်းကို အင်္ဂဝိဇ္ဇာတိုင်ထူပါက ရရှိမည့် အင်္ဂဝိဇ္ဇာတိုင်များနှင့် လှူရန်ပစ္စည်းများ၊ အသီး၊ အပွင့်၊ အရွက်များ၊ လှူရန်အချိန်နာရီများ၊ ဆိုင်မှာ ဘုရားဆောင်ရှိပါစေ။ ထိုဘုရားဆောင်မှာ (၃)ကြိမ်လှူရမည်။ မိမိလိုရာဆုတောင်းပါ။

### အင်္ဂဝိဇ္ဇာ (၁)ကြွင်းတိုင်

၅ ပန်းသီး (၅)လုံး နံနက် (၇)နာရီ
၂ ကံ့ကော် (၂)ပွင့်၊ နံနက် (၈)နာရီ
၆ သရက် (၆)ညွန့်၊ နံနက် (၉)နာရီ။
၁ - ကြွင်း (ဘုရားလှူဆုတောင်းပါ)
၄
၀
၃

### အင်္ဂဝိဇ္ဇာ (၂)ကြွင်းတိုင်

၆ သရက်သီး(၆)လုံး နံနက် (၇)နာရီ
၃ စံပယ်(၃)ပွင့်၊ ငွန်း နံနက် (၈)နာရီ
၀ ထန်း (၇)ညွန့်၊ နံနက် (၉)နာရီ။
၂ - ကြွင်း (ဘုရားလှူဆုတောင်းပါ)
၅
၁
၄

### အင်္ဂဝိဇ္ဇာ (၃)ကြွင်းတိုင်

၀ နာနတ်သီး(၇)စိတ်၊ နံနက်(၇)နာရီလှူ။
၄ ရွှေပန်း(၄)ခက်၊ နံနက်(၈)နာရီလှူ။
၁ အုန်း(၁)ညွန့်၊ နံနက်(၉)နာရီလှူပါ။
၃ - ကြွင်း(ဘုရားလှူဆုတောင်းပါ။)
၆
၂
၅

### အင်္ဂဝိဇ္ဇာ (၄)ကြွင်းတိုင်

၁ အုန်းသီး(၁)စိတ်၊ နံနက် (၇)နာရီလှူ။
၅ မေမြို့(၅)ပွင့်၊ နံနက် (၈)နာရီလှူ။
၂ ကံ့ကော်ညွန့်(၂)ညွန့်၊ နံနက်(၉)နာရီလှူ။
၄ - ကြွင်း (ဘုရားလှူဆုတောင်းပါ)
၀
၃
၆

### အင်္ဂဝိဇ္ဇာ (၅)ကြွင်းတိုင်

၂ ကျွဲကောသီး(၂)စိတ်၊ နံနက်(၇)နာရီလှူ။
၆ (သင်ပွင့်)သီဟိုဠ်ပွင့်(၆)ပွင့်၊ နံနက်(၈)နာရီလှူ။
၃ ဇော်စိမ်း(၃)ခက် နံနက်(၉)နာရီ လှူပါ။
၅ - ကြွင်း(ဘုရားလှူဆုတောင်း)
၁
၄
၀

### အင်္ဂဝိဇ္ဇာ (၆)ကြွင်းတိုင်

၃ ဆီးသီး(၃)လုံး(ဖွဲ့ပလွန်သီး) နံနက်(၇)နာရီလှူ။
၀ နှင်းဆီ(၇)ပွင့်၊ (နှင်းပန်း) နံနက်(၈)နာရီလှူ။
၄ ရွက်လှ(၄)ခက်၊ နံနက် (၉)နာရီမှာလှူ။
၆ - ကြွင်း(ဘုရားလှူဆုတောင်းပါ)
၂
၅
၁

### အင်္ဂဝိဇ္ဇာ (၀) ကြွင်းတိုင်

၄ လိမ္မော်(၄)လုံး (အသီး)၊ နံနက်(၇)နာရီလှူ။
၁ အုန်းပန်း(၁)ခက်(အပွင့်) နံနက်(၈)နာရီလှူ။
၅ ပိန်းညွန့်(၅)ညွန့်(အရွက်)နံနက်(၉)နာရီလှူ။
၀ - ကြွင်း (ဘုရားလှူဆုတောင်းပါ။)
၃
၆
၂

### ဈေးခေါ်လာဘ်ခေါ်မန္တန်

- *အရဟံ+အ-ရဟံ၊ အရ-ဟံ။*
*ဦ အရဟတ္တ ဂုဏောဏာ၊ ဦရတန တ္တယ၊ ဂုဏောဏာ။*
*တေဇေန ဗလေန အာနုဘာဝေန၊ နေ့စဉ်ဝင်ငွေပေါင်း။*
*ထောင် သောင်း သိန်း သန်းမက ဝင်လာမစဲ တသဲသဲ။*
*ဝင် ဆရာ ဝင်၊ လာ ဆရာ လာ။*

(ဆရာကြီးရန်ကုန်ဦးကျော်ရင်၏ လက်စွဲမန္တန်)

အထက်ဖော်ပြပါအတိုင်း စိတ်ရှည်စွာပြုလုပ်ပါ။ ရေးထားသည့်အတိုင်း အချိန်နာရီ ပစ္စည်းများ (အသီး၊ အပွင့်၊ အရွက်များ) ကို မှန်ကန်အောင်ရှာဖွေ၍ တိတိကျကျ ပြုလုပ်ဆောင်ရွက်ပါလျှင် လိုရာဆန္ဒပြည့်စုံပြီး ကြီးပွားတိုးတက်အောင်မြင်ပါလိမ့်မည်။

ဆရာဦးစိန်လှိုင် (ကျိုက်ခေတ်)



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ပြေသိမ်းချစ်

## စိတ်လိပ်ပြာ...နှစ်ကိုယ်ခွဲ



### အခန်း (၁)
### ဘုရားဌာပနာခိုးသူများ

နေပူပူထဲ ကိုခင်မောင်နှင့် ကိုဖဲညွန့်တို့နှစ်ဦးသား တီးတိုးတီးတိုးစကားပြောနေသည်ကို သတိပြုမိ၍ ကျွန်တော် မနီးမဝေးမှ နားစွင့်နေမိပါသည်။ သူတို့မျက်နှာများကလည်း အလွန်အရေးကြီးသောကိစ္စကြောင့်ဖြစ်ပုံရပါမည်။ နှစ်ဦးစလုံး သိသိသာသာ မျက်နှာပျက်နေမှန်းထင်ရှားနေပါသည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင် ကိုခင်မောင်ကို မေးကြည့်မိပါတော့သည်။

"အစ်ကိုတို့နှစ်ယောက်ပုံစံကြည့်ရတာ နေပူပူမှ အပြင်ထွက်ရမယ့် အရေးတကြီးကိစ္စထင်တယ်။ ရွာမှာအရေးပေါ်ဘာကိစ္စများဖြစ်နေလို့ ကိုဖဲညွန့်သတင်းလာပေးရတာပါလဲခင်ဗျာ။ နောက်ပြီး အစ်ကိုတို့မျက်နှာတွေလည်းသိပ်မကောင်းဘူး"

ကိုခင်မောင်က ကျွန်တော့်ကိုပြုံးကြည့်ကာ -

"မောင်နိုင်ရေ ရွာမြောက်ဘက်က ဘုရားစေတီတစ်ဆူ ဌာပနာဖောက်ပြီးခိုးသွားကြလို့ ညီလေးရ။ အဲဒါ အစ်ကိုတို့သွားကြည့်မလို့ကွ။ ညီလေးလည်း ရွာကို အလည်ရောက်တုန်းရောက်ခိုက် ဗဟုသုတအနေနဲ့ လိုက်ကြည့်ဦးမလား"

ကျွန်တော် ခေါင်းညိတ်၍ သုံးဦးသား နေပူပူထဲ၌ တွင်းရွာအုပ်စု အရှေ့လျှော်ဖြူကုန်းကျေးရွာ (ပျော်ဘွယ်မြို့နယ်) ရှိ ရွာ၏မြောက်ဘက် တော်တော်ဝေးဝေးနေရာ၌ လယ်ကွင်းအတွင်းရှိ ခပ်လှမ်းလှမ်းမှာထည့်ထားသော ဌာပနာအဖောက်ခံရာစေတီဘက်သို့သွားကြည့်ကြပါသည်။ လမ်း၌ ဌာပနာအဖောက်ခံရသောဘုရားဘက်မှ ပြန်လာကြသော ရွာသူရွာသားများနှင့် ဘုရားရှိရာသို့သွားနေကြသူ ရွာသူရွာသားများ တော်တော်များများတွေ့ရပါသည်။ ရွာလုံးကျွတ်နီးပါး လာကြည့်ကြပုံရပါသည်။

ဌာပနာဖောက်ခံရသော စေတီတော်ယောင်းသို့ မကြာခင် ကျွန်တော်တို့ရောက်သွားကြပါသည်။ စေတီအိုစေတီဆွေးတစ်ဆူဖြစ်ပုံရသည်။ ဖောင်းရစ်မှအထက်ထီးတော်ပင်မရှိတော့ပါ။ ပစ္စယံနှင့်ခေါင်းလောင်းအထိသာရှိကာ အပေါ်အင်္ဂတေသရွတ်များမရှိတော့ဘဲ ရှေးဟောင်းအုတ်နီချပ်များက ဟာသည့်နေရာဟာ၊ လှပ်သည့်နေရာလှပ်၊ ပွဲသည့်နေရာပွဲနေပါသည်။ အနောက်ဘက်မှ ဖောက်ထားသောနေရာ လူနှစ်ကိုယ်၊ သုံးကိုယ်စာအပေါက်မှ ရွာသူရွာသားများ စေတီလိုဏ်ထဲသို့ ဝင်ကြည့်ကြ၊ ပြန်ထွက်ကြနှင့် အလှည့်ကျဝင်ကြည့်နေကြပါသည်။ အမျိုးသမီးများက ဘုရားစေတီဌာပနာလိုဏ်ဖြစ်သည့်အားလျော်စွာ သာသနရှုပ္ပဖြစ်မှာစိုးရွံ့၍လားမသိပါ။ မနီးမဝေးရှိ ထနောင်းပင်ရိပ်များအောက်မှရပ်ကြည့်ကာ ကျွက်စီကျွတ်စီစကားပြောနေကြပါသည်။

ကျွန်တော်တို့ ဝင်ကြည့်ရမည့်အလှည့်ရောက်သောအခါ ကိုခင်မောင်၊ ကိုဖဲညွန့်အနောက်မှ ကျွန်တော်ဝင်ကြည့်ပါသည်။ သုံးဦး၊ လေးဦးထက် စေတီအတွင်းလိုဏ်တော်ကမဆံ့ပါ။ စေတီလိုဏ်တော်အတွင်းသို့ရောက်သောအခါ အတွင်းညီညာပြန့်ပြူးသောအခင်းတော်နေရာ၌ ဘာမှမရှိတော့ဘဲ ပြောင်သလင်းခါနေပါတော့သည်။ ထိုအချိန်၌ ကျွန်တော့်နောက်ကျောကပ်ထားသော အုတ်နံရံအချပ်လွှာများကြားမှ တစ်စုံတစ်ရာ ဘာမှမရှိဘဲ နောက်ကျောသို့ အေးခနဲ လေဟပ်သလိုခံစားရ၍ ခန္ဓာကိုယ်ကို အုတ်နံရံများဘက်သို့လှည့်တာ အုတ်တစ်လွှာချင်း၊ အုတ်တစ်ခဲချင်းကြား၌ကန့်ထားသော သရွတ်များပါမကျန် သေသေချာချာ ... ပါက်ပေါင်အလင်းရောင်အားနည်းနည်းကိုရရှိ... တော့ဘဲ မျက်လုံးအားကို အစွမ်း... အသုံးပြုကာ လိုက်ကြည့်မိပါ... သည်။

စိတ်ထဲကလည်း -

'သည်လေအေးက အနော... ဘက်အပေါက်ကလာ...လေမှ မဟုတ်...



www.burmeseclassic.com

www.burmeseclassic.com

တာ။ အရှေ့ဘက်အပေါက်မရှိတဲ့ အုတ်နံရံဘက်ကလာတာပါလား။ ထူးထူးဆန်းဆန်းပဲ'

သေသေချာချာ အသေးစိတ်ရှာဖွေပါသည်။ အပေါ်ရှိ အုတ်ချပ်များ၊ အောက်ခြေနားကပ်နေသောအုတ်ချပ်များ၊ အလယ်အုတ်ချပ်များအားလုံး အုတ်တစ်ကန့်ချင်းအုတ်တစ်ခဲချင်းရှာနေရာမှ အုတ်တစ်ချပ်နှင့်တစ်ချပ်ကြား ကျွန်တော်ရပ်နေခဲ့ရာ နောက်ကျောတည့်တည့်နေရာတွင် တစ်စုံတစ်ခုကို အုတ်နှစ်ချပ်ကြား သရွတ်သရိုးမရှိသော နေရာ၌ အလွှားလိုက် တောင်ဘက်ဦးခေါင်းပြု၍ တွေ့လိုက်ရပါတော့သည်။ ဘာများလဲ။ ထိုသို့ စိတ်ထဲကတွေးပြီး ကျွန်တော် လက်ညှိုးနှင့်လက်သန်းနှစ်ချောင်းအားပြု၍ ခြောက်ဘက်မှနေ၍ ချဖြည်းဖြည်းဖိုးဖော်ကြည့်သောအခါ ညိုညိုညစ်ညစ်အရောင် လက်ညှိုးခန့်ရှိသော ရုပ်တော်မူရုပ်ပွားတော်လေးတစ်ဆူကို ဖူးတွေ့လိုက်ရပါတော့သည်။ ရုပ်ပွားတော်မှုန်း သိကွဲသွားသောအခါ ကျွန်တော့်ဘယ်ဘက်လက်ဝါးခံ၍ ရိုသေစွာပင့်ယူလိုက်ပါတော့သည်။

သုံးဦးသား စေတီလိုဏ်ဂူထဲမှ ထွက်၍ ဝင်ကြည့်ရန် အလှည့်စောင့်နေသောရွာသားများနားမှဖြတ်လျှောက်ကာ ကိုခင်မောင်နှင့် ကိုဖဲညွန့်ကို လက်တို့ခေါ်ယူကာ ထနောင်းပင်အရိပ်သို့ ကျွန်တော်ကပဲ ဦးဆောင်ထွက်လာခဲ့ပါသည်။ ထနောင်းရိပ်သို့ရောက်သောအခါ ညာဘက်ရင်ဘတ်အပေါ်အထိ ဆွဲတင်၍ဆုပ်ယူခဲ့သော ညာလက်သီးဆုပ်ကို ကိုခင်မောင်၏ရှေ့၌ဖွင့်ပြကာ ကိုခင်မောင်၏ ညာလက်ကိုဆွဲယူ၍ [illegible] လက်ဖဝါး ထဲသို့ ရုပ်တော်မူ ရုပ်ပွားတော်ငယ်ကို ရိုရိုသေသေ ထည့်ပေးလိုက်ပါတော့သည်။

"အစ်ကိုတို့ရဲ့၊ လေမတိုက်ဘဲ ကျွန်တော့်နောက်ကျောအေးခနဲဖြစ်သွားလို့ နောက်ကအုတ်ချပ်ကြား သေသေချာချာ ဂရုတစိုက်ရှာကြည့်တော့မှ တောင်ဘက်ဦးခေါင်းပြု ဒီရုပ်ပွားတော်ကို ကျွန်တော့်ရင်ညွန့်တည့်တည့်လောက်မှာ အလွှားလိုက်ဖူးတွေ့လိုက်ရတာပဲ။ ဘုရားဌာပနာသူခိုးတွေက ကသောကမျောခိုးရတာဆိုတော့ ဘယ်လွယ်လွယ်ရှာတွေ့နိုင်မှာလဲ။ သူတို့က စေတီလိုဏ်ကြမ်းပြင်ပေါ်ကိုပဲ ဂရုစိုက်မှာကိုး။ ဒါကြောင့် သူတို့တွေ့မသွားနိုင်တာ။ ဘုရားသူခိုးတွေပင့်ရာမကြွတဲ့ ရုပ်ပွားတော်နော်။ တန်ခိုးထက်မယ့်ပုံပဲဗျ။ ကျွန်တော့်နောက်ကျော စိမ့်ခနဲ အအေးဓာတ်လေဟပ်သွားတာ"

ကို[illegible]ခင်မောင်နှင့် ကိုဖဲညွန့်တို့နှစ်ဦး [illegible]က်ကိုကြည့်၍ ပါးစပ် [illegible]ဖြစ်နေပါတော့သည်။



www.burmeseclassic.com

ရွာသူရွာသားအားလုံး သည်လောက် ဘုရားစေတီလိုဏ်ထဲသို့ ခြေချင်းထပ်၊ လူချင်းထပ်မျှ ဝင်ကြည့်ခဲ့တာတောင် မည်သူမျှမဖူးတွေ့ရတဲ့ ကျွန်တော် တစ်ယောက်တည်းသာ ရုပ်ပွားတော်ရှာ တွေ့ခဲ့၍ မယုံနိုင်သောမျက်နှာများဖြင့် ကျွန်တော့်ကို သေသေချာချာကြည့်နေပါတော့သည်။ ကိုခင်မောင်က ကိုဖဲညွှန့်ကို ရုပ်ပွားတော်ငယ်အား လက်ဆင့်ကမ်းပေးလိုက်ပြီး -

"ရွှေလား၊ ကြေးလား ကြေးချွတ်ကြည့်မှသိရတော့မယ့်ပုံစံဗျ ကိုဖဲရဲ့။ ခင်ဗျားပဲ ရွာဘက်ခဏပြန်ပြီး ရွာဦးဆရာတော်ဆီဝင်ကပ်ခဲ့ဗျာ။ ပျဉ်းမနားက ဒေ့သည်ကို တစ်ယောက်တည်း ထူးထူးခြားခြားသတိပေးပြီး ဘုရားခိုးတွေပင့်ရာကို မကြွတဲ့ဘုရားလို့ပြောပြီး လျှောက်ခဲ့ဗျာ။ကျွန်တော်နဲ့မောင်နိုင်က အရိပ်ခိုပြီး မောင်ရွှေနဲ့မောင်သိန်းတို့ကို စောင့်လိုက်ဦးမယ်။ သူတို့လည်း ဘုရားဘက်လိုက်ခဲ့မယ်ပြောတယ်ဗျ"

ကိုဖဲညွှန့်တစ်ယောက် ဘုရားပင့်ပြီး နေပူပူထဲ ရွာဘက်ပြန်သွားပါတော့၏။ ထနောင်းပင်ရိပ်၌ သီးခြားစုစုရုံးရုံးရှိနေသော ရွာသားအုပ်စုဘက်ဆီသို့ ကျွန်တော့်ကို လက်ညှိုးညွှန်ပြပြီး ကိုခင်မောင်က စိုးရိမ်ပူပန်စွာပြောလိုက်ပါတော့သည်။

"မောင်နိုင်၊ ညီလေးတစ်ယောက်တည်း မောင်ရွှေတို့၊ မောင်သိန်းတို့ကို စောင့်လိုက်ဦး။ အစ်ကိုတော့ ရွာသားတွေစုမိတုန်း နောက်ကျန်နေတဲ့စေတီအိုတွေ ထပ်အဖောက်မခံရအောင် ကင်းစောင့်တန်စောင့်ဖို့သွားပြီးညှိနှိုင်းလိုက်ဦးမယ်ကွယ်။ ဒီလိုအဖြစ်မျိုး အစ်ကိုတို့ရွာမှာ တစ်ခါမှဖြစ်မှမဖြစ်ဘူးတာ"

စုစုရှိနေသောရွာသားအုပ်စုရှိရာ ကိုခင်မောင်ထွက်သွားပါတော့သည်။

ထနောင်းပင်ရိပ်အေးအောက်သို့ ကျွန်တော်ဝင်ခို၍ မြေပြင်ပေါ် ဖိနပ်ခုကာ ထိုင်နေပါတော့သည်။ ထိုအချိန်၌ ရွာဘက်မှလာသော ကိုရွှေနှင့်ကိုသိန်းကို လှမ်းတွေ့လိုက်ရ၍ မတ်တတ်ထရပ်ကာ လက်မြှောက်၍ သူတို့ကြားရုံလောက် အော်ပြောလိုက်ပါတော့သည်။

"ကိုရွှေနဲ့ကိုသိန်းတို့ရေ ကျွန်တော်တို့တော့ စေတီလိုဏ်ထဲဝင်ကြည့်ပြီးပြီ။ အစ်ကိုတို့ဝင်ကြည့်ပြီး နေချိုမှ ရွာကို အတူတူပြန်ကြတာပေါ့။အစ်ကိုခင်မောင်ရယ် ရွာသားတွေဘက်သွားပြီး နောက်စေတီအိုတွေအဖောက်မခံရဖို့ ကင်းစောင့်တန်စောင့်ရအောင် သွားညှိနှိုင်းနေတယ်ဗျို့"

သူတို့နှစ်ဦးစလုံး ကျွန်တော်ပြောတာ ကြားပုံရပါသည်။ နှစ်ဦးစလုံး ခေါင်းညိတ်၍ စေတီဟောင်းဘက်ဦးတည်သွားနေပါတော့သည်။ ထိုအချိန်၌ တောင်ဘက်မှ လတ်ဆတ်သော လေပြည်အေးအေးလေးက တသုန်သုန်တိုက်ခတ်လာပါတော့သည်။ထိုလေအေးအေးလေးတိုက်ခတ်လာသောဘက်သို့ ခန္ဓာကိုယ်ကိုလှည့်ကာ နွေနေအပူသက်သာရန် အပေါ်ရုပ်အကျႌ ကြယ်သီးတစ်လုံးဖြုတ်၍ အကျႌထဲလေပိုဝင်ရန် လက်ဖြင့်အကျႌစကိုင်၍ ရင်ဘတ်နှင့်ကပ်လိုက်ခွာလိုက် တော်တော်ကြာလုပ်နေပါတော့သည်။ ထိုအခါ ကျွန်တော်စေတီဘက်လာတုန်းက သတိမမူခဲ့မိသော ဌာပနာအဖောက်ခံရာစေတီနှင့် အသံတစ်ခေါ်စာရှိသောအရပ်ဖြစ်သော အရှေ့တောင်၌ ကုန်းမြင့်မို့မို့လေးတစ်ခုကို တွေ့လိုက်ရပါတော့သည်။ ပိုထူးခြားနေသည်မှာ ထိုကုန်းမြင့်လေးပေါ် ရှိ မိုးတိုးမတ်တတ်နိုင်လှသော သစ်သားတိုင်ကြီးလေးတိုင်ကို မှုန်ပျပျမြင်နေရခြင်းက ကျွန်တော့်စိတ်ကို ပို၍စူးစမ်းချင်စိတ်ပေါ် သွားပါတော့သည်။

"ဒါကဘာလဲ။ ဘုရားစေတီနဲ့လည်း သိပ်မဝေးလှဘူး။ ကွင်းပြောင်ပြောင် တောင်ကုန်းမို့မို့လေးပေါ် မှာရှိနေတာ။ နောက်ပြီး ဒီအရပ်က ထင်းဝါးသိပ်ရှားတာ၊ ရေကအစသိပ်ရှားတာ။ နှာခေါင်းပေါက်ကန်အထိ ရေစည်နဲ့ရေသွားတိုက်ရတာ။ နှာခေါင်းပေါက်ကန်မှာ ရေမရှိတော့ရင် စမုံမြစ်ထိ ရေစည်သွားတိုက်ရတာ။ ကိုရွှေ ရေစည်တိုက်ကြုံလို့ တစ်ခါလိုက်သွားဖူးပါတယ်။ ကန်နံဘေးမှာ ရေမြွေတွေက မနည်းမနော။ ရာသီနည်းနည်းမပူလိုက်နဲ့ အိမ်က အောက်ခံအုတ်နံရံပေါ် မှာ ကင်းမြီးကောက်တွေ ဘယ်ကဘယ်လိုတရွေ့ရွေ့တက်လာသလဲမသိဘူး။ သူတို့ကတော့ အနေကြာလို့လားတော့မသိဘူး။ မြွေမကြောက်၊ ကင်းမြီးကောက်မကြောက်"

နှုတ်မှတိုးတိုးလေးပြောရင်း ထိုင်ရာမှထကာ ဖိနပ်စီး၍ နေပူပူထဲမှာပင် ထိုကုန်းမြင့်မို့မို့လေးနှင့်တိုင်လေးတိုင်ရှိရာ စူးစမ်းချင်သောစိတ်ကြောင့်ထွက်သွားပါတော့သည်။ ကျွန်တော်ထနောင်းရိပ်အေးအေးမှမထွက်ဘဲထိုင်နေခဲ့ပါလျှင် ဤရပ်ဤရွာ၏ ယခုအခြေအနေဆိုးက တစ်မျိုးတစ်ဖုံမပြောင်းလဲဘဲ မူရင်းအခြေအနေဆိုးအတိုင်းရှိနေလိမ့်မည်ကို မသိခဲ့ပါ။ ကျွန်တော့်ဘဝအတွက်လည်း အသက်ကိုလုယူရသည်အထိ အခြေအနေဆိုးကြီးတစ်ခုနှင့် ကြုံကြိုက်ခဲ့ရလိမ့်မည်ဟု စိုးစဉ်းမျှမသိခဲ့ပါ။

## အခန်း (၂)

## ပရိတ်ကြိုး သို့မဟုတ် မီးတောက်မီးလျှံ

တဖြည်းဖြည်းနှင့် ကုန်းမြင့်မို့မို့လေးပေါ် တက်လာသောအခါ အဝေးမှမြင်ရသောတိုင်လေးတိုင်သည် ကနဦးမှုန်ပျပျစလှမ်းမြင်ခဲ့ရသလို သေးသေးကွေးကွေးမဟုတ်ဘဲ ခြောက်ပတ်လည်သစ်သားတိုင်အမည်းကြီးများ ဖြစ်နေပါသည်။ အောက်ကလည်း အုတ်ဖိနပ်ခံထားပါသည်။ ခေါင်မိုး၊ ထုပ်၊ လျှောက်ဒိုင်း၊ မြား၊ တန်းများတော့မရှိတော့ပါ။ တိုင်တချို့၌ ဓားနှင့်ခုတ်ထစ်ရာ၊ တိုင်တချို့၌ ဟိုတစ်ကွက်သည်တစ်ကွက် မီးသင့်ဒဏ်ရာများနှင့် တိုင်ဟောင်းလေးတိုင်ဖြစ်နေမှန်း မြင်ကွင်းထဲ သဲကွဲသွားရပါသည်။

"ဒါက ဒါက ဇရပ်ဟောင်းလေးတစ်ခုပါလား"

နှုတ်မှမြည်တမ်းရင်း အနီးကပ်ကြမှ ထူးထူးဆန်းဆန်းမြင်ကွင်းတစ်ခုကို တွေ့လိုက်ရရာ ပါးစပ်ဟောင်းလောင်းဖြစ်သွားရပါသည်။ တိုင်လေးတိုင်၏ ခါးလယ်နေရာလောက်မှ တိုင်လေးတိုင်၏ အပြင်ဘက်မှဝိုင်းပတ်၍ ချည်နှောင်ထားသော သစ်လွင်လတ်ဆတ်သည့် အပ်ချည်ကြိုးအဖြူရောင်ကြိုးတန်းကို တွေ့လိုက်ရပါတော့သည်။ ကျွန်တော့်စိတ်ထဲ တော်တော်ကြီး လက်တွေ့နှင့်ကင်းကွာသောမြင်ကွင်းကြောင့် နားမလည်လည်းဖြစ်သွားရပါတော့သည်။အပ်ချည်ကြိုးများက အသစ်စက်စက်မှ အသစ်စက်စက်။ လောလောလတ်လတ်ချည်ထားသောကြိုးမှန်းလည်း ခန့်မှန်းမိပါတော့သည်။

"ဘယ်သူကများ ဘာအတွက်ကြောင့် ဒီအပ်ချည်ကို အသစ်စက်စက်ကို တိုင်လေးတိုင်ခါးလယ်လောက်ထအပြင်ကနေပြီး ခါးပန်းချည်ထားရတာလဲ။ ရွာနဲ့ယ[illegible]ဝေးမှဝေး၊ ဒါပေမယ့် ဘုရားစေ[illegible]ဟောင်းနဲ့တော့ အနီးလေး"

ထိုသို့တီးတိုးဆိုရင်း တိုင်နှစ်တိုင်ကြား အလယ်တည့်တည့် ကျွန်တော်ရပ်နေရာနှင့်အနီးစပ်ဆုံး အပ်ချည်ကြိုးလေးကိုခေါင်းငုံ့ကာ ခါးကိုင်း၍ စူးစမ်းနေပါတော့သည်။ ကျွန်တော်ခန္ဓာကိုယ်အနေအထားက အရှေ့တောင်ဘက်မျက်နှာလှည့်၍ ဌာပနာအဖောက်ခံရသော စေတီဟောင်းလေးနှင့် စေတီနား [illegible] ဝေးရှိနေသော လူစုစုရှိရာ [illegible] နောက် ကျောပေးအနေအထားဖြစ်ပါသည်။

ထိုအချိန်၌ -



www.burmeseclassic.com

www.burmeseclassic.com

အလွန်အရှိန်အဟုန်ကြီးမားသော စိတ်၏တိုက်တွန်းချက်တစ်ခုက စိတ်ထဲဝင်ရောက်လာပါတော့သည်။ ထို့ကြောင့် နှုတ်က တီးတိုးပြောရင်း -

"ဘာမှန်းညာမှန်းမသိ အကောင်းဆိုရင် အကြောင်းမဟုတ်ပါဘူး။ အဆိုးဆိုရင် ဘယ်သူ့နစ်နာမလဲ။ ခြေရာလက်ရာကြည့်ရတာ ကလေးသူငယ်တွေဆော့ထားကစားတာ မဖြစ်နိုင်လောက်ဘူး။ ဒီလောက် ရွာဝေးဝေးနေရာ၊ ကလေးတွေ၊ နွားကျောင်းသားတွေ လာဆော့စရာနေရာလည်းမဟုတ်ဘူး။ ခေါင်မိုးမရှိဘာမရှိ အပြင်က ခါးပန်းပြီးပတ်ထားတာတောင် တစ်တိုင်ချင်း အခိုင်အမာပတ်ပြီးမှ လေးပတ်လည်ဖြစ်အောင် လေးထောင့်ကျကျ ပတ်လည်ကျကျ တင်းတင်းချည်နှောင်ထားတာ။ အပ်ချည်ကြိုးအတွင်းလေးထောင့်ထဲမဝင်စေချင်တဲ့သဘောကြီးမှစစ်စစ်ပဲ။ ကဲ - ဘာပဲဖြစ်ဖြစ် အပ်ချည်ကြိုးအောက်ကငုံ့ပြီး အတွင်းထဲရောက်အောင်ငုံ့ဝင်ကြည့်တာပဲကောင်းပါတယ်"

အပ်ချည်ကြိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ခေါင်းငုံ့၍ တိုင်လေးတိုင်အတွင်းဝင်မည်ကြံထော့မှ ကျွန်တော်ကိုင်ဆုပ်လိုက်သော အပ်ချည်ကြိုးဖြူဖြူလေးသည် . . . အပ်ချည်ကြိုးဖြူဖြူလေးသည် . . .

ကျွန်တော့်ကို အကြီးအကျယ်ထိတ်လန့်သွားအောင် အပ်ချည်ကြိုးအဖြူသေးသေးသွယ်သွယ် မည်ကာမတ္တမဟုတ်တော့ဘဲ အလျှံတညီးညီးတောက်လောင်နေသော လေးထောင့်စပ်စပ် မီးတောက်အတန်းကြီးအဖြစ် မြင်ကွင်း၌ တစ်မုဟုတ်ချင်း ပြောင်းလဲသွားပါတော့သည်။

"မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ကယ်မတော်မူပါ။ ဒါ ဒါ အစီအရင်ကြီးအစီအရင်ကြီးကြီးပါလား။ သာမညအစီအရင်မှမဟုတ်တာ။ ငါ ငါတော့ အကြီးအကျယ်မှားသွားပြီပဲ"

ထိုသို့ ချက်ချင်းသိလိုက်သည်နှင့် လက်ဝါးနှစ်ဖက်ကိုပါ ကူးစက်လောင်ကျွမ်းနေသော မီးတောက်ကြီးကို လက်နှစ်ဖက်ဆုပ်ကိုင်ထားရာမှ ချက်ချင်း လက်ဝါးဖြန့်၍လွှတ်လိုက်ရန်ကြံရွယ်ပါသော်လည်း မရတော့ပါ။ လက်ဝါးနှစ်ဖက်က ဆုပ်ကိုင်ရက်တန်းလန်း မီးတောက်ကြီးနှင့်အတူ စွဲငြိကပ်၍ လောင်မြိုက်နေပါတော့သည်တကား။

ထိုအချိန်၌ -

မီးတောက်ကြီးကို အတင်းရုန်းကန်၍ အားနှင့်ရုန်းထွက်ရန်ကြံနေသော ကျွန်တော့်အဖို့ မီးတောက်မီးလျှံကြီးထက် ပို၍ အံ့ဩစရာကောင်းသော မီးတောက်မီးလျှံအတွင်းမှ ကယ်ပါယူပါ တစာစာအော်ဟစ်နေကြသောယောက်ျား၊ လူမိန်းမအစုအဝေးကြီးတစ်ခုကို ဝိုဝိုပြင်ပြင် ကွက်ကွက်ကွင်းကွင်းမြင်လိုက်ရ၍ ပါးစပ်ဟောင်းလောင်းဖြစ်သွားရပါတော့သည်။

ထိုထက်ပို၍ -

မီးတောက်မီးလျှံနားကြီးစားပမ်းစားကပ်လာသောအပူချိန်ကို အံခဲရင်ဆိုင်၍ ကျွန်တော်နှင့် နီးစပ်အောင် ကပ်လာသော သန့်ရှင်းစင်ကြယ်တည်ကြည်သည့် ရှမ်းရိုးရာ ပင်နီအထက်အောက်ဝတ်စုံဝတ်ထားပြီး ပင်နီရှမ်းခေါင်းပေါင်းဖြင့် ရှမ်းတိုင်းရင်းသား အမျိုးသားတစ်ဦးကို တွေ့လိုက်ရပါတော့သည်။

သူက အသံဝဲဝဲဖြင့် -

"မောင်ရင်လေး၊ ဒီကြိုးက ဘုရားနှုတ်ကပါဌ်တော် ပရိတ်ကြိုးကွယ်။ တို့ဘုရားဖော်ပုဂ္ဂိုလ်တွေအလစ်ခိုရလိုက်တာပဲ။ ဒီကြိုးစည်းထဲမှာ တို့ကိုပိတ်လှောင်ပြီး ဘုရားဌာပနာတော်တွေ ဖောက်ခိုးယူသွားကြတာ။ ငါတို့အားလုံး ပိတ်လှောင်ခံထားရလို့ ဒီအတွင်းစည်းထဲမှာ ဘာမှမလုပ်နိုင်ဘူးထင့်ပုံရတာ၊ သူတို့အမှားပဲ။ ကျေးဇူးပြုပြီး မောင်ရင်လေးက အပြင်စည်းကနေ အတိုင်းအတာတစ်ခုထိလွှတ်နေတော့ ဘုရားသူခိုးတွေ ဘုရားဌာပနာတွေစုထည့်ပြီးထုပ်ပိုးထားတဲ့အထုပ်သုံးထုပ်နဲ့ ရွာအနောက်ဘက်ရွာစည်းရိုးအပြင်က မန်ကျည်းပင်ရိပ်မှာ ခိုပြီး ဌာပနာထုပ်တင်ဖို့ လှည်းအလာစောင့်နေတယ်။ အချိန်မီပါသေးတယ်။ အမြန်အမြန် ရွာသားတွေကိုဆော်ဩပြီး ဝိုင်းဖမ်းပေးပါလား"

ကျွန်တော် အကြောင်းစုံကို ခရေစေ့တွင်းကျ လိပ်ပတ်လည်အောင် ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းနားလည်သဘောပေါက်သွားရပါတော့သည်။ ထို့ကြောင့် မီးတောက်မီးလျှံဆုပ်ကိုင်တန်းလန်းက ဘုရားစေတီနား စုစုဝေးဝေးရှိနေသော ရွာသူရွာသားများဘက်သို့ ကုန်းမို့မို့အမြင့်မှမျက်နှာလှည့်၍ အသံကုန်အားမြှင့်ကာ အော်ပြောလိုက်ပါတော့သည်။ ထိုသို့ မအော်လို့လည်း မရပါ။ ကျွန်တော့်မှာလည်း မီးတောက်ကြီးနှင့်စွဲငြိကာ လွှတ်ချ၍မရနိုင်အောင် အခက်အခဲကြီးကြီးမားမားကြီးကရှိနေပါသည်။

"ဘာလုပ်နေကြတာလဲဟေး . . . ။ ဘုရားသူခိုးတွေက ဌာပနာထုပ်သုံးထုပ်နဲ့ ရွာအနောက်ဘက်ခရိုးမှာ လှည်းစောင့်နေကြတယ်။ လူစုပြီးဝိုင်းဖမ်းပါတော့လား"

ကျွန်တော်က ကုန်းအမြင့်မှဖြစ်ပါသည်။ ရွာသားများက အနိမ့်ပိုင်းမှဖြစ်ပါသည်။ အသံတို့၏သဘာဝအရ အမြင့်မှအော်လျှင် အနိမ့်သို့စိုက်ဆင်း၍ကြားရမှန်းလည်းသိပါသည်။ သို့သော် မသဲကွဲမှာစိုး၍ ဒုတိယ၊ တတိယ အကြိမ်များစွာထိုစကားအတိုင်းအသံမြှင့်၍ သူတို့ဘက်လှည့်အော်မိပါတော့သည်။ ပထမတော့ သူတို့ နားစေတီမ်တောင်ဖြစ်ကာ ကျွန်တော်ရှိရာ အမြင့်ဘက်သို့ လှည့်စူးစမ်းကာ ဘာကိုအော်နေတာလဲ နားထောင်နေပုံရသည်။ နောက်မှ သဲသဲကွဲကွဲ နားလည်သွားပုံရပါသဖြင့် ရရာလက်နက်စွဲကိုင်၍ ရွာအနောက်ဘက်သို့ ရွာသားအားလုံးအလျင်အမြန်ပြေးထွက်သွားကုန်ကြပါတော့သည်။ တစ်စုံတစ်ဦး တစ်ယောက်မျှ ကျွန်တော်ရှိနေရာ ကုန်းမြင့်အက်သို့ စူးစမ်းစိတ်ဖြင့်ပြေးမလာကြတော့ပါ။ ဘုရားဌာပနာကိုစွဲစိတ်အေး သွားသည်နှင့်တစ်ပြိုင်နက်။

## အခန်း (၃)

### သစ္စာမှတစ်ပါးအားကိုးစရာမရှိ

ကျွန်တော် မျက်လုံးတင်းတင်းစုံမှိတ်၍ စိတ်နှလုံးင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယုံယုံကြည်ကြည် အာရုံယူဝင်စား၍ ဦးခေါင်းတော်ပေါ် သို့ သီတင်းသုံးရာ ပလ္လင်အမှတ်ဖြင့် ပင့်ဖိတ်၍ ပူဇော်လိုက်ပါတော့၏။ မြင့်မြတ်သော ဘုရားရှင်သည် ကျွန်တော့်ဦးခေါင်းပေါ်၌ စံပယ်နေပြီ။ ရောင်ခြည်တော် ခြောက်သွယ်လွှတ်တော်မူနေပြီး ဘုရားရှင်၏ အေးငြိမ်းသော မေတ္တာသည် ကျွန်တော်တစ်ကိုယ်လုံးသာမက၊ ဤဧရိယာဝယ်သာမက စကြဝဠာတစ်ခုလုံးဖြန့်ကြက်နေပြီဟု စိတ်ကိုညွှတ်ထားမိပါတော့သည်။ ထိုသို့ ပူဇော်ပြီးသည်နှင့် သစ္စာစကားမှတစ်ပါး အားကိုးစရာမရှိသော ဤအခြေအနေ၌ အလွန်လေးနက်စွာ သစ္စာစကားဆိုပါတော့သည်။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီးဘုရား။ ဘုရားအမိန့်၊ တရားအမိန့်၊ သံဃာအမိန့်ကို မည်သူမျှမလွန်ဆန်ကြပါဘုရား။ တပည့်တော်လည်း မလွန်ဆန်ပါဘုရား။ မသူတော်တို့၏ တလွဲသုံးသော ဘုရားအမည်ခံ၊ တရားအမည်ခံ၊ သံဃာအမည်ခံ အယောင်ဆောင်အဆိပ်လူးအမိန့်ထက် ဘုရားစစ်ဘုရားမှန်၏အမိန့်၊ တရားစစ်တရားမှန်၏အမိန့်၊ သံဃာစစ်သံဃာမှန်၏အမိန့်တော်ကသာ သာလွန်ကြောင်း . . .

www.burmeseclassic.com

စင်ကြယ်ပါသည်ဘုရား။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်နှင့် အတူ အတွင်းရှိပုဂ္ဂိုလ်အားလုံး ဤ အခက်အခဲမှပြေရပါလို၏ ရှင်တော် ဘုရား"

ပထမအကြိမ် ရှိသမျှအားသုံးပြီး မီးတောက်ကြီးကိုခွဲဖြတ်ပါ၏။ မရသေး ပါ။ ဒုတိယအကြိမ် ထိုအတိုင်း သစ္စာပြု ၍ ရှိသမျှအားသုံးပြီး မီးတောက်ကြီးကို ထပ်ကာခွဲဖြတ်ပါ၏။ မထူးခြားသေးပါ။ တတိယအကြိမ် သစ္စာပြုပြီးသည်နှင့် ဘုရားဌာပနာဒိုးသူများမတွေ့ဘဲကျန်နေ ခဲ့သော ရုပ်ပွားတော်ငယ်ကို ထိုးကော် ယူခဲ့သော ညာလက်ညှိုးနှင့်ညာလက် သန်းနေရာမှ စတင်၍ အလွန်လည်း တက်ကြွသော၊ ပို၍လည်း လန်းဆန်း သော၊ သာလွန်၍အေးမြသော၊ ပို၍ လည်း အားကောင်းသော အင်အား ကောင်းအင်အားမြတ်တို့သည် ဘယ်က ဘယ်သို့ရောက်လာမှန်းမသိဘဲ ခန္ဓာ ကိုယ်တစ်ခုလုံး အချိုးညီညီစီးဝင်လာ သည်နှင့်တစ်ပြိုင်နက်၊ ကျွန်တော်၏ နဂို မူလအခံအားနှင့် အချိုးညီညီပေါင်းစပ် သွားသည်နှင့်တစ်ပြိုင်နက် အသံကုန် မာန်သွင်းကာ လက်ဖဝါးနှစ်ဖက်တွင် ပူးကပ်နေသော မီးတောက်ကြီးအား ဆုပ်ကိုင်အားပြုလျက် အင်အားကုန်ခွဲ ဖြတ်ပစ်လိုက်ပါတော့သည်။

"ကျား"

"တောက်"

မီးတောက်ကြီးသည် ကျွန်တော့် ရင်ဘတ်ရှေ့မှ ထောက်ခနဲပြတ်ထွက် သွားပါတော့သည်။ သို့သော် . . . သို့သော် လက်ဖဝါးအပြင်စွန်းနှစ်ဖက်ရှိ မီးတောက်ကြီးကမပြတ်သေးဘဲ ဇရပ် ပတ်ပတ်လည် လောင်မြိုက်နေတုန်းရှိ နေပါသည်။ ကျွန်တော့်ရင်ဘတ်ရှေ့မှာ မီးတောက်မရှိတော့ပါ။ ထိုအခါ အတွင်း ထဲမှ မိန်းမသား၊ ယောကျ်ားသားအား လုံးသည် ကျွန်တော့်ကို တစ်ဦးချင်းစီ မတ်တတ်ရပ်လက်အုပ်ချီပုံသဏ္ဌာန်များ ဖြင့် ဦးခေါင်းညွှတ်အရိုအသေပြုကာ -

"ကန်တော့ပါရှင့်၊ မောင်ရင်လေး ခွင့်ပြုပေးပါ"

"ကန်တော့ပါခင်ဗျ၊ မောင်ရင် လေး ခွင့်ပြုပေးပါ"

ရှမ်းသံစကားဝဲဝဲများကိုယ်စီပြော ကာ ကျွန်တော့်ရင်ဘတ်ရှေ့မှ မှန်မှန်ဝါး ဝါးနှင့်ဖောက်ဝင်ကာ ကျွန်တော့်နောက် ကျောမှ ဇရပ်အပြင်သို့ လွတ်မြောက် ထွက်သွားကြပါတော့သည်။ နောက်ဆုံး ကျန်ခဲ့သော အလွန်ရည်မွန်သန့်ရှင်း သော ခေါင်းဆောင်က လက်အုပ်ချီ ခေါင်းညွှတ်၍ ရှမ်းသံဝဲဝဲဖြင့် -

"မောင်ရင်လေးရဲ့ကျေးဇူး ငါတို့ အားလုံးပေါ်မှာတင်သွားပြီ။ ပြန်ဆပ်နိုင် ခွင့်ကြုံပါစေ"

ပြောပြီးသည်နှင့် မှုန်ဝါးဝါးအသွင် ဖြစ်သွားကာ ရင်ဘတ်ရှေ့မှဝင်လာသည် နှင့်တစ်ပြိုင်နက် ကျွန်တော့်ခေါင်းထဲ မိုက်ခနဲဖြစ်သွားကာ အလွန်နက်ရှိုင်း လွန်းသော အမှောင်ထုကြီးထဲသို့ နစ်ဝင် သွားပါတော့သည်။

## အခန်း (၄)

### သိုက်နန်းရှင်တို့ကန့်သတ်ထားသော အရံအတားစည်း၏အပြင်ဘက်မှာ

နွားလှည်းက ရွာပျက်လူမနေ သော ရွာဆိုးကုန်းသို့ နံဘေးမှပန်း၍ ဖြတ်ဝင်လာပါတော့သည်။ ထိုအချိန်ကျ မှ ကျွန်တော့်ခန္ဓာကိုယ်ထဲမှအရှိန်အဟုန် တစ်ခုနှင့်ပြေးနေသော စိတ်အလျဉ် သီးခြားတစ်ခုကို အခြားကွဲကွာနေသော သိစိတ်အလျဉ်သီးခြားတစ်ခုက နှစ်ခုကွဲ နေသော အခြေအနေတစ်ခုကို တစ်ခု တည်းဖြစ်အောင် အမီလိုက်နေရာမှ မီသွားကာ မူလမွေးရာပါ မှုမှန်စိတ်ကြီး အဖြစ်ပူးပေါင်းကာ အပြစ်ကင်းသော၊ အဆန်းစစ်ခံနိုင်သော၊ ထုသားပေသား ကျပြီးသော လူသားတစ်ဦး၏ မိခင်က မွေးဖွားရာတွင် လက်ဆောင်ပေးခဲ့သော စိတ်တစ်ခုတည်းအဖြစ် ပိုင်ပိုင်နိုင်နိုင် ရရှိ ခဲ့ပါတော့၏။ ကျွန်တော့်ကိုယ်ကျွန်တော် အတွက်လည်း ယခုမှ စိတ်အေးလက် အေးဖြစ်ကာ သက်ပြင်းရှဲရှဲကို ပိုင်ပိုင်နိုင် နိုင်ချမိ၍ ရင်ထဲမှစိုးရိမ်သောကလေးပူမှု တို့ကို မှုတ်ထုတ်မိပါတော့သည်။

"ဟူး"

မျက်တောင်ကိုလည်း အကြိမ် ကြိမ်ခတ်မိပါတော့သည်။ ကျွန်တော့် သက်ပြင်းချသံနှင့် မျက်တောင်ခတ်နေ သောအမူအရာကို လှည်းပေါ်ပါလာသူ (ကျွန်တော်မှအပ) လူငါးဦးလုံးသတိပြုမိ သွား၍ ကျွန်တော့်ဘက် အားလုံးမျက်နှာ မူလှည့်ကြည့်ကြပါတော့သည်။ လှည်း မောင်းရင်း နွားများကိုစုတ်သပ်ချော့ကာ နွားကိုင်ကြိုးကိုလည်း တင်းတင်းဆွဲ၍ ကိုဖဲညွှန့်လည်း လှည်းလမ်းပေါ် အရှေး ပေါ် ရပ်တန့်လိုက်ပါတော့သည်။

ကျွန်တော်က ကိုဖဲညွှန့်ကို ပြုံးပြ လိုက်ပြီး -

"ကိုဖဲညွှန့်ရေ၊ ရှေ့လမ်းနံဘေး ထနောင်းရိပ်မှာထိုးပြီးရပ်လိုက်ပါဦး။ တကတဲ အစ်ကိုလည်းမောင်းနေပုံက နောက်ကကျားလိုက်လာတဲ့ပုံမျိုး။ လူ တွေလည်း စကောဇန်းထဲက ဆီးဖြူသီး လိုဖြစ်နေပြီ။ ကျွန်တော်က ငယ်ရွယ်သူ မို့အပန်းမကြီးဘူး။ ကျွန်တဲ့အစ်ကိုတွေ က မောင်နိုင်-လျှော်ဖြူကုန်းအရှေ့ရွာကို တစ်ခါအလည်လိုက်ပါတယ်၊ တစ်ရွာလုံး လှုပ်လှုပ်ဖြစ်ကရော ပြောစမှတ်ဖြစ်နေ ပါဦးမယ်"

ကိုဖဲညွှန့်က လှည်းလမ်းနံဘေးရှိ ထနောင်းပင်ရိပ်အေးအေးသို့ အတန် ငယ်ဆက်မောင်းပြီး နွားများစုတ်သပ်၍ လှည်းရပ်ကာ ကျွန်တော့်ဘက် ဝမ်းသာ အားရ ကသောကမျော မေးလာပါတော့ သည်။

"ညီလေးမောင်နိုင်၊ မင်း မင်း အ[illegible] အားလုံးကိုသတိရလာပြီလားဟင်။ ငါတို့ အားလုံး မစိုးရိမ်ခံနိုင်ပါ့မလား ကော[illegible] ကလေးရေ မင်းကို ဇရပ်ပျက်မှာ အပ[illegible] ချည်ကြိုးလက်ကဆုပ်လျက်ကိုင်ကြိုးတ[illegible] လန်းနဲ့ မျက်စိပွင့်ပြီးမေ့နေတာလေကွ[illegible] ရွာအထိ မင်းကို လှည်းနဲ့အရေးတကြီး ပြန်တိုက်ယူလာရတာကိုးကွ။ မပူခံနိုင် ရိုးလား။ တစ်ညနေလုံး၊ တစ်ညလုံး တစ်မနက်လုံး အခု လှည်းပေါ်အထိ နေ့တစ်ဝက်ဆိုတော့ နှစ်ရက်နီးပါး လေ"

ကျွန်တော်နှင့်အတူ ပျဉ်းမနား[illegible] ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်း ကျေးရွာသို့ အလည်ခေါ်လာသော ကိုသိန်းအောင်က ယခုမှ စိတ်အေးသွား ပုံဖြင့် သက်ပြင်းချကာ -

"ငါကွာ ခေါင်းနားပန်းကိုကြီး[illegible] လေ။ မင်းကိုအလည်ခေါ်လာတာ[illegible] အခုဆိုကြည့်ဦးလေ။ ကိုရင်ခင်မော[illegible] ရော၊ ကိုရင်ကိုရွှေရော မင်း ဒီ[illegible] ချက်ချင်းပျောက်ဖို့ မင်းအုပ်ထိန်းသူ[illegible] တွေကိုပါ အနုအညွတ်တောင်း[illegible] ရွာဦးဆရာတော်က ပျဉ်းမနားထိ[illegible] လိုက်ပါဖို့ အမိန့်ပေးလိုက်တာ[illegible] ကောင်ကလေးရ၊ ငါတို့အားလုံး မ[illegible] ခံနိုင်ပါ့မလား။ မင်း တစ်ညနေနဲ့ တ[illegible] လုံးမေ့နေတာဟ။ မနက်ခင်းကျမှ [illegible] ဘုန်းကြီးကျောင်းမှာ မင်းကို အလ[illegible] ထားပြီး သံဃာတော်အရှင်သူမြတ်[illegible] ဝိုင်းကြီးပတ်ပတ်နဲ့ ပရိတ်တွေရွတ်[illegible] ပဲလေကွာ။ မင်းကိုပရိတ်တော်[illegible] ပရိတ်တော်ရေတွေကို သစ်ရွက်သ[illegible] နဲ့ပက်တော့မှ တောက်လျှောက် [illegible] ပွင့်ကြီးနဲ့ စကားစပြောတာလေ[illegible] ပြောတဲ့စကားကလည်း မပြောချင်[illegible] ချင်နဲ့ စကားကို တစ်လုံးချင်း [illegible] ပင်ပင်ပြောတာလေကွာ။ [illegible] မေးမေး ဘယ်သူမေးမေး ဒီ[illegible] တစ်လုံးချင်း ဘာကွာ၊ မင်း[illegible] စကားက ကျွန်တော့်စိတ်တွေ[illegible]

www.burmeseclassic.com

တယ်။ နောက်ကအမီလိုက်ဖမ်းနေရတယ်။ မရသေးဘူး။ မမီသေးဘူး၊ ပြေးနေတုန်းပဲ၊ ပြေးနေတုန်းပဲ’။ တကတဲကွာ တက်ဆက်ထဲအသံသွင်းပြီး ပြန်ဖွင့်သလို ဒါပဲဒါပဲ။ ဒါကလွဲလို့ ကျန်တဲ့စကား မင်းမှမပြောတာ။ လက်ဖဝါးနှစ်ဖက်ကို မယုံကြည်သလို ခဏခဏပြန်ကြည့်လိုက်၊ တောင်ဘက်လှည့်လှည့်ပြီး ဒီစကားပဲ ပြောလိုက်၊ ဒါပဲလုပ်နေတာ”

ကျွန်တော်ကိုယ်တိုင် သူတို့၏ စေတနာတရားကြောင့် တော်တော်ကြီး စိတ်မကောင်းကြီးစွာဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ကိုခင်မောင်နှင့် ကိုရွှေကို ရှင်းရှင်းလင်းလင်း နေကောင်းသွားပြီဖြစ်ကြောင်း၊ စိုးရိမ်စရာလုံးဝမရှိပါတော့ကြောင်း ရှင်းရှင်းလင်းလင်းပြောပြရပါတော့သည်။

“ဒီလို အစ်ကိုတို့ရဲ့ ဖြစ်ပုံပျက်ပုံကို ကျွန်တော်ရှင်းပြရင် အစ်ကိုတို့နားလည်မှာပါ။ နားလည်သွားရင် အစ်ကိုတို့စိုးရိမ်စိတ်နဲ့ ပျဉ်းမနားအထိလိုက်ပို့တော့မှာ မဟုတ်ပါဘူး။ ဆရာတော်တွေ သစ်ခက်နဲ့ပရိတ်ရေမပက်ခင်လေးတင် ပရိတ်မွမ်းဆုံးပြီးပြီးချင်း ကျွန်တော် ရှင်းရှင်းလင်းလင်းကြီး သတိရပါပြီ။ ဌာပနာထုပ်သုံးထုပ်လုံး အစ်ကိုတို့ရွာသားတွေ အချိန်မီအုပ်စီးမိခဲ့လို့ ပြန်ရပြီဆိုတာ ရွာဦးကျောင်းဘုရားဆောင်ရှေ့ စားပွဲခုံတန်းလေးခုနဲ့ အစီအရင်တင်ထားလို့တွေ့တာနဲ့တစ်ပြိုင်နက် ဘုရားဌာပနာကိစ္စအတွက် လုံးဝသောကမဖြစ်တော့ပါဘူး။ ဘုရားခိုးသူတွေ အချိန်မီရှောင်တိမ်းသွားလို့ ဖမ်းမမိဘူးဆိုတာလည်း သူပြောငါပြောနဲ့ကြားခဲ့ပြီးပါပြီ”

ကျွန်တော်၏ စကားကြောင့် ကိုခင်မောင် အံ့သြသွားပါတော့သည်။ သို့သော် နားမလည်သောကိစ္စတစ်ခုက ကျန်နေသေး၍ -

“နေ့ - နေပါဦး ညီလေးရဲ့ ဆရာတော်တွေရှေ့မှာပဲ မောင်သိန်းက မင်းကိုလှုပ်ခါပြီးမေးတော့ သည်မျက်လုံးဖွင့်ကြီးတန်းလန်းနဲ့ပဲ ကျွန်တော့်စိတ်တွေပြေးနေတယ်၊ စိတ်တွေဖမ်းမရဘူး ဆိုတဲ့စကားကို ဘယ်သူမေးမေး အပ်ကြောင်းထပ်အောင်ပြောနေရတာလဲ။ အစ်ကိုတို့တစ်ရွာလုံးက မင်းစကားပြောတော့ ဝမ်းသာလိုက်တာ ဘယ်ပြောကောင်းမလဲကွ။ တစ်ရွာလုံးကလည်း ဒီရွာဦးကျောင်းက ငါ့ညီသတင်းကိုပဲ အရေးတကြီးနားစွင့်နေကြတာကွ။ ဒါပေမယ့် တို့တစ်ရွာလုံးအော်ပျော်က ခဏပဲခံတယ်လေကွာ။ ငါ့ညီပြောတဲ့စကားက ဘယ်သူမေးမေး၊ ဆရာတော်မေးလည်း ဒါပဲ၊ မောင်သိန်းမေးလည်း ဒါပဲချည်း အပ်ကြောင်းထပ်နေတော့ ဘယ်ပျော်တော့မှာလဲကွ။ ဆရာတော်ကြီးက မင်းကို ဇရပ်ပျက်မှာ အပ်ချည်ကြိုးအတန်းလိုက်အပြတ်ကြီးကိုင်ပြီး မေ့နေကတည်းက ရိပ်မိလိုက်တာကွ။ ‘အာဂ ဒကာလေးတဲ့။ ဒီဒကာ သူ့အသက်နဲ့ရင်းပြီး ဘုရားဌာပနာတွေပြန်ရအောင် ဆော်သြလည်းပေးနိုင်တယ်။ ဘုရားသိုက်က ဒကာတွေ၊ ဒကာမတွေ လွတ်မြောက်ဖို့လည်း ကြံ့စည်ကြိုးပမ်းပါလိမ့်မယ်တဲ့။ တော်ရုံနဲ့ ပရိတ်ကြိုးအရံအတားကို ထိုးဖောက်ကယ်တင်ဖို့ဆိုတာ သာမန်လူ မကြိုးပမ်းနိုင်တဲ့အလုပ်တဲ့။ ဟုတ်သလား မောင်နိုင်။ ငါ့ညီ ဥစ္စာစောင့်တွေကို တကယ်ပဲကယ်တင်နိုင်ခဲ့တာပေါ့နော်”

ကျွန်တော် ခေါင်းသာညိတ်ပြလိုက်ပါတော့သည်။ ဇရပ်ပျက်၌ကြုံတွေ့ခဲ့ရသော အသေးစိတ်အကြောင်းကိုတော့ မပြောပြချင်တော့ပါ။ ပြောပြလျှင် သူတို့အားလုံး လိပ်ပြာစဉ်မတတ်လန့်သွားနိုင်သောကြောင့်လည်းဖြစ်ပါသည်။

ထို့ကြောင့် -

“ဒီအကြောင်းတော့ အစ်ကိုတို့မမေးပါနဲ့တော့ဗျာ။ ပြောပြရင် ဒီဘုရားဘက်ကိုရော ဇရပ်ပျက်ဘက်ကိုရော ရွာသူရွာသားတွေ သွားဖို့လာဖို့ တော်တော်ကြီး ခြေလှမ်းတွန့်ကုန်တော့မှာ အမှန်မို့ မပြောပါရစေနဲ့”

အားလုံးကလည်း ဆရာတော်မိန့်ခဲ့သောအကြောင်းကြောင့် တွေးဆထောက်ချင့်ကာ နားလည်လက်ခံသွားကြပါသည်။ ကိုသိန်းအောင်က ဝေခွဲမရပုံဖြင့် -

“အစ်ကိုစဉ်းစားရခက်နေတာကွ မောင်နိုင်။ ကျောင်းမှာကတည်းက မင်းသတိရပြီလို့လည်းပြောသေးတယ်။ ဒီပြင်စကားလည်း ပြောနိုင်တာပဲလေကွာ။ ဘာကြောင့် အစ်ကိုတို့ရော ဘယ်သူမေးမေး စကားတစ်ခွန်းတည်း တစ်မျိုးတည်းပြောနေတော့ ပူပင်နေရတဲ့လူအားလုံး ဘယ်ရဲရဲသက်ပြင်းချနိုင်ပါ့မလဲ”

ကျွန်တော် ခေါင်းညိတ်ရင်း ရွာဆိုးကုန်းဘက်သို့ လက်ညှိုးညွှန်ကာ-

“ဒီဘုရားစောင့်ပုဂ္ဂိုလ်အားလုံးက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သားတော် သံဃာတော်တွေရဲ့ ပရိတ်ကြိုးအမိန့်တော်ပြဋ္ဌာန်းမှာ သူတို့အသက်တွေ၊ ဘဝတွေ၊ ရည်ရွယ်ချက်တွေ အသေသာခံမယ်၊ အပျက်သာခံမယ့် ပုဂ္ဂိုလ်တွေချည်းပဲ ငါ့အစ်ကိုတို့ရဲ့။ သူတို့တန်ခိုး အာဏာစက်နဲ့ သူတို့စည်းက ဒီရွာဆိုးကုန်းရွာပျက်ထိ အကျုံးဝင်ပုံရပါလိမ့်မယ်။ ဒါကြောင့် သူတို့စည်းကျော်တာနဲ့လွတ်တာနဲ့တစ်ပြိုင်နက် ကျွန်တော်မှမှန်စိတ်ကို ပိုင်ပိုင်နိုင်နိုင်ပြန်ရတာဖြစ်နိုင်ပါလိမ့်မယ်”

ကျွန်တော်မှအပ ကျန်လူများအားလုံး ရွာဆိုးကုန်းရွာပျက်ဘက်လှမ်းကြည့်ကာ မျက်နှာပျက်သူပျက်၊ ပခုံးတွန့်သူတွန့်၊ ခေါင်းခါသူခါ၊ သက်ပြင်းလေးလေးချကာ ကိုရွှေက -

“ဘုရားဘုရား-စေတီနဲ့ဇရပ်ပျက်ကနေ ဒီရွာဆိုးကုန်းထိ သူတို့ပိုင်စိုးတဲ့နယ်မြေက အကျယ်ကြီးပါလားဟ။ ဘုရားအမိန့်၊ တရားအမိန့်၊ သံဃာအမိန့်ကြောင့်သာ သူတို့သည်းခံမယ်။ ကျန်တဲ့တို့လူသားတွေဆို သူတို့နည်းနည်းမှသည်းခံမှာမဟုတ်ပါလား ကိုဖဲရ။ မမှားနဲ့ မှားသာနဲ့ တစ်ပြိုင်နက် အသက်တန်းနုတ်မယ့်ပုဂ္ဂိုလ်တွေပါလား”

## အခန်း (၅)

### - စိတ်လိပ်ပြာနှစ်ကိုယ်ခွဲ

ကျွန်တော်ကိုယ်တိုင် လှည်းပေါ်ပါလာသူအားလုံး၏ တင်းကျပ်နေသော၊ ချောက်ချားနေသောစိတ်ကိုဖြေပေးရပါမည်။ သူတို့သိလိုချင်သည့်အခြေအနေ၏ဗဟိုချက်ကို မရောက်သေးသရွေ့ ရှင်းလင်းနားလည်လွယ်အောင်ပြောပြဖို့ ဝတ္တရားလည်းရှိနေပါသည်။ တာဝန်တစ်ခုတော့မဟုတ်ပါ။ မပြောချင်လည်းနေနိုင်ပါသည်။ မပြောလျှင် မိတ်ဆွေစည်းကို သွေဖည်ရာရောက်နေပါသည်။ ကျွန်တော်ကိုယ်တိုင်ရှင်းပြမှ လိပ်ပတ်လည်မည့်ကိစ္စလည်း ဖြစ်နေပါသည်။ ထဲထဲဝင်ဝင် ထိုကိစ္စနှင့်ပတ်သက်ခဲ့သူက ကျွန်တော်တစ်ယောက်တည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်ကပြုံးရင်း အထက်တန်းကျောင်းအထိ ပညာသင်ကြားလာသော ကိုရွှေနှင့်ကိုသိန်းအောင်ကို ဦးတည်လိုက်ကာ -

“ကိုရွှေနဲ့ကိုသိန်းက ရူပဗေဒပညာသင်ခဲ့ရတော့ ကျွန်တော်ပြောတာကို ပိုသဘောပေါက်လိမ့်မယ်။ ကိုခင်မောင်နဲ့ ကိုဖဲအတွက်တော့ နားလည်လွယ်အောင်ပဲ ရိုးရိုးတုတ်ထိုးအိုးပေါက်ပြောပြမှ သင့်မယ်ထင်တယ် အစ်ကိုတို့[illegible] ဒီလိုး . . ဒီလိုဗျာ၊ ရုပ်တစ်ခုက [illegible] တစ်ခုက အရှိန်နဲ့အားနဲ့တိုက်လိုက်တဲ့အခါ အတိုက်ခံရတဲ့ [illegible] ရွေ့သွားတဲ့သဘော၊ [illegible] ဖြစ်သွားတဲ့သဘောနဲ့ [illegible] အတိုင်းပါပဲ၊ ရုပ်[illegible] က အရွေ့အလှုပ်ကို [illegible] နာမည်တပ်ထား[illegible]



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကိုဖဲတို့ရေ။ အခုဟာက ပြောင်းပြန်ကြီးခင်ဗျ။ ရုပ်ကို ရုပ်နဲ့အတိုက်ခံရတာမဟုတ်ဘူး။ ကျွန်တော့်ရဲ့ မူမှန်စိတ်ကို အပြင်က အရှိန်အဟုန်နဲ့လာတဲ့ သူတစ်ပါးတို့ရဲ့ စုပေါင်းစပ်ပေါင်း စိတ်ကြီးကြီးတစ်ခုက အင်နဲ့အားနဲ့ အရှိန်နဲ့အတိုက်ခံလိုက်ရတာမျိုးဗျ"

ကိုခင်မောင်ရော ကိုဖဲညွန့်ပါ သူတို့ကိုဦးတည်၍ ရှင်းပြစကားပြောလာတော့ ကျွန်တော့်ပြောစကားကို စိတ်ဝင်စားလာပုံရပါသည်။

ကိုခင်မောင်က -

"ရွာဦးကျောင်းဆရာတော်လည်း သီတင်းဥပုသ်နေ့တရားပေးရင် မကြာခဏထည့်ထည့်ဟောပြောပေးဖူးတယ် မောင်နိုင်။ စိတ်ဆိုတာ အတွင်းစိတ်၊ အပြင်စိတ်ဆိုပြီး အနုနဲ့အကြမ်း နှစ်လွှာတောင်ရှိတယ်ဆိုပဲ။ စိတ်ဆိုတဲ့အတိုင်း ခွဲခြမ်းစိတ်ဖြာလို့ကတော့ စိတ်ပေါင်း မနည်းဘူးဆိုပဲ ငါ့ညီရ။ ဒီသဘောမျိုးလား ငါ့ညီကြုံခဲ့ပုံကြီးက"

ကျွန်တော်က ခေါင်းညိတ်ပြရင်း ကျွန်တော် ဆရာတော်များ ပရိတ်မွမ်းပြီး သတိလည်လာလာခြင်းမှအစပြု၍ ဖြစ်ပျက်ခဲ့ရသောအခြေအနေကို အားလုံးနားလည်လွယ်အောင် ရှင်းပြရပါတော့သည်။

"ဒီလိုဗျ အစ်ကိုတို့ရေ၊ ပရိတ်ရေမျက်နှာလာစဉ်တော့ ကျွန်တော်ကိုယ်တိုင်ရော ပတ်ဝန်းကျင်ကိုရော အားလုံးသတိရနေပြီ၊ မှတ်မိသိနေပြီပဲ ဆိုပါတော့။ ဒါပေမယ့် အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ရဲ့သေရေးရှင်ရေးကလည်း လုံးဝအမှားမခံနိုင်တဲ့ အလွန်နက်ရှိုင်းလွန်းတဲ့ ချောက်ကမ်းပါးကြီးထဲပြုတ်ကျဖို့တဲတဲလေးအခြေအနေရောက်နေရတာအမှန်ပဲဗျို့။ ဘာဖြစ်လို့လဲဆိုတော့ မရည်ရွယ်ဘဲဖြစ်သွားတာမှန်ပေမယ့် ကျွန်တော့်စိတ်က တစ်ခုတည်းမဟုတ်ဘဲ နှစ်ခုကြီးဖြစ်နေတာ အစ်ကိုတို့ရေ။ စိတ်တစ်ခုက အရှိန်ဟုန်ကောင်းကောင်းနဲ့ အပြင်ကရိုက်ခတ်လာတဲ့ အားပေါင်းစုံအရှိန်ကြီးကြောင့် တောင်ဘက်အရပ်ကိုဦးတည်ပြီး အလွန်လျင်မြန်တဲ့အရှိန်ကြီးနဲ့ပြေးနေတာဗျ။ အဲဒီစိတ်တစ်ခုပြေးနေတာကို နောက်မှာ ပတ်ဝန်းကျင်ကိုလည်းမှတ်မိနေတဲ့ သိနေတဲ့ကျန်ခဲ့တဲ့သီးခြားစိတ်အကျန်ထစ်ခုက 'မပြေးနဲ့ မပြေးပါနဲ့၊ ငါ့ကိုစောင့်ခေါ်ပါဦး၊ မင်းနဲ့ငါက ကွဲလို့မရဘူး၊ ခွဲလို့မရဘူး။ တွဲနေမှရမယ့်အမျိုးအစားဟ' ဆိုပြီး ရှေ့ကပြေးနေတဲ့စိတ်ကို နောက်ကကျန်နေတဲ့စိတ်က ပြန်ပူးပေါင်းဖို့ အမီလိုက်ကြိုးစားနေရတဲ့ အချိန်ကောင်း၊ အချိန်အရေးကြီး၊ အချိန်သေရေးရှင်ရေးဖြစ်နေချိန်ဗျ"

အားလုံး(ကျွန်တော်မှအပ)ဘုရားဘုရားတကျန်ပါတော့သည်။ ကျွန်တော်က ဘာကြောင့် စကားတစ်မျိုးတည်းပဲ ပြောနေရခြင်းကိုပါ ဆက်ရှင်းပြပါတော့သည်။

"ရှေ့ကစိတ်ကလေးကလည်းပြေးချင်လို့ပြေးနေရတာမဟုတ်ဘူး အစ်ကိုတို့ရေ။ သူ့ထက်အားကောင်းလွန်းတဲ့ ဘေးက စုပေါင်းစပ်ပေါင်းစိတ်ကြီးက တိုက်လိုက်လို့၊ တစ်ခုတည်းစိတ်က နှစ်ခုကွဲပြီး အရှိန်နဲ့ရိုက်ခတ်မှုကြောင့်ပြေးရတာ။ မျက်လုံးထဲ မြင်လွယ်အောင် ရှေ့ကလှိုင်းကို နောက်ကလှိုင်းကရိုက်လိုက်လို့ ရွေ့သွားပုံမျိုးဗျာ။ ကဲ - ပြောပါဦး။ ကျွန်တော်မှအရေးမကြီးဘယ်သူအရေးကြီးပါ့မလဲ"

ကိုသိန်းအောင်က ထိုအခြေအနေကို သူအလိုက်မသိဘဲ၊ မရိပ်စားမိဘဲ ကျွန်တော့်ခန္ဓာကိုယ်ကိုလှုပ်၍ စကားမေးခဲ့မိခြင်းကို အကြီးအကျယ်နောင်တရသွားပုံဖြင့် -

"ဘုရားဘုရား - ဒါဆိုတော့ ဒါဆိုတော့ ရှေ့ကပြေးနေတဲ့စိတ်ကို နောက်ကအမီလိုက်ဖမ်းနေရတဲ့စိတ်က ဖမ်းမမိဘူး၊ မပေါင်းနိုင်ဘူးဆိုရင် နောက်ကကျန်နေတဲ့ရုပ်ကိုလည်း အဲဒီစိတ်နှစ်ခုက ပြန်မှမပေါင်းနိုင်တော့ဘာဘဲ မောင်နိုင်ညီလေးရေ။ ရုပ်ကွာနာမ်ကွာပြီဆိုမှတော့ မင်း. . . မင်း သေသွားနိုင်တာပါလား။ ဒီလောက် သေရေးရှင်ရေးအချိန်ကြီးမှာ ကွာ မင်းမှိုလို့ ဘယ်သူဘာမေးမေး လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေကို နားလည်အောင် ငဲ့ပြီးပြန်ပြောနေရသေးလားကွ။ တကယ်ပဲ အာဂကောင်ပဲ။ လက်လန်ပါတယ်ကွာ။ ပျဉ်းမနားသားချင်းအတူတူ ဒီတစ်ချက်တည်းနဲ့တင် အားကျလေးစားမိသလို ရှေ့ဆက်ပေါင်းသင်းရမှာတောင် ခပ်ကြောက်ကြောက်ဖြစ်လာပြီ"

ကိုသိန်းအောင်၏ စကားကြောင့် ကျွန်တော်ကအစ လှည်းပေါ်ပါလာသူအားလုံး ပွဲကျအောင်ရယ်မောကုန်ကြပါတော့သည်။ ရယ်သံများစဲတော့မှ ကျွန်တော်က -

"ပျော်ဘွယ်ကို ကျွန်တော်တို့နှစ်ယောက်အတူတူအလည်လာကြတာလေအစ်ကိုရေ။ အစ်ကိုမှမစိုးရိမ် ဘယ်သူပိုစိုးရိမ်ပါ့မလဲ။ ဒါကြောင့် အစ်ကို့စကားမေးတော့ အစ်ကို့ကိုဦးစားပေးပြောရတာလေ။ ဆရာတော်ကအစ မစိုးရိမ်ရအောင် ဘယ်သူဘာမေးမေး ဒီစကား[...] လွဲလို့ ကျန်တဲ့စကားပြောဖို့ကို အချိန်[...] မရတာ။ ဒါတောင် အချိန်လုပြီး မစိုးရိမ်[...] ရအောင် ဒီစကားချည်း ထပ်ကာထပ်[...] ကာမမှားအောင်ပြောနေရတာ။ ကျွန်[...] တော်တစ်ယောက်တည်း စိတ်အလုပ်[...] သုံးမျိုးသုံးစားခွဲပြီး ကြိုးစားထိန်းချုပ်ပြီး ပြောနေရတာအစ်ကိုတို့ရေ။ သေသေချာ[...] ချာစဉ်းစားကြည့်၊ အဲဒီအချိန်မှာ စကား[...] ပါလုပြောနေရတာဆိုတော့ ကျွန်တော်[...] ခမျာ ဘယ်လောက်ပင်ပန်းမလဲတွေး[...] သာကြည့်ပေတော့။ ပင်ပန်းတာကထား[...] ပါ၊ ကျွန်တော်စကားပြန်ပြောနေချိန်တာ[...] ကျွန်တော့်အတွက် ဘယ်လောက်အန္တ[...] ရာယ်ကြီးသလဲစဉ်းစားကြည့်သိနိုင်တာ[...] ပဲလေ။ စက္ကန့်၊ မိနစ်နဲ့အမျှ အမှားမခံနိုင်[...] တဲ့အချိန်ထဲကိုရောက်နေတာ အစ်ကိုတို့[...] ရေ။ မှားသွားလို့မရဘူး၊ အမှားခံလို့မဖြစ်[...] ဘူး။ခွဲစိတ်ခန်းထဲဝင်ပြီး လူနာရဲ့အသက်[...] ကို အချိန်နဲ့ဆက်ပြီးလုနေရတဲ့ ဆရာဝန်[...] တစ်ယောက်ရဲ့ ခွဲစိတ်ခန်းထဲက ကြိုးစား[...] ပမ်းစား အားထုတ်မှုလိုပဲ။ ဒီလိုအချိန်[...] တွေကို (အဖြူရောင်ဖြစ်သွားတဲ့နာရီ)[...] ကို တင်စားခဲ့ရတာလေဗျာ။ တချို့ပါ[...] ရှင်တွေဆို အချိန်တစ်ခုတည်းမှာ ဒီ[...] စိတ်တစ်ခုကို နှစ်ခုခွဲပြီး နှစ်မျိုးနှစ်စား[...] အလုပ်၊ သုံးမျိုးသုံးစားအလုပ်ကို လွယ်[...] လွယ်ကူကူလုပ်နိုင်ခဲ့တာ ကြာပဲကြာပေါ့[...] မတူညီတဲ့အကြောင်း၊ မတူညီတဲ့အ[...] ဖွာယ်နှစ်မျိုးကို ညာလက်နဲ့ဘယ်လက်[...] ဘောလ်ပင်နှစ်လက်ကို တစ်ပြိုင်နက်[...] ကိုင်ပြီး စာရေးတာမျိုးဗျာ။ ကဲ - ဒါ[...] ကျွန်တော့်ကို အစ်ကိုတို့ရှင်းလောက်[...] ပြီ။ ကျွန်တော့်အပေါ် လည်း နားလည်[...] လောက်ပါပြီ။ ရွာက ကျွန်တော့်အပေါ်[...] အားလုံးဝိုင်းပြီး ဂရုစိုက်တယ်၊ စေတနာ[...] ထားတယ်ဆိုတာ ကျွန်တော်မှမသိ[...] ဘယ်သူသိပါ့မလဲဗျာ"

ကိုဖဲညွန့်က နွားတို့ကိုကြိမ်တို့[...] ပျော်ဘွယ်မြို့ဘက်သို့ နွားလှည်းဆ[...] မောင်းလာပါတော့သည်။ နွားလှည်း[...] ပျော်ဘွယ်မြို့သချိုင်းနံဘေးမှဖြတ်[...] ပျော်ဘွယ်မြို့ထဲဝင်လာပါတော့သည်[...] ကျွန်တော့် ကျန်းမာရေးအခြေအနေ[...] စိတ်ချသွား၍ ကိုခင်မောင်နှင့် ကို[...] လည်း ပျဉ်းမနားမြို့အထိမလိုက်တော့[...] ဘဲ ပျော်ဘွယ်မြို့၌ ရွာကို ကိုဖဲညွန့်[...] နှင့်ပြန်လိုက်သွားရန်နေခဲ့ပါတော့သည်[...] ကိုသိန်းအောင်နှင့်ကျွန်တော်က ပျဉ်း[...] မြို့သို့ ဆက်လက် ခရီးထွက်ရန် ပျော်[...] ကားဂိတ်ဆီသို့။

နိုင်ပြည်သိမ်[...]



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး
# တားရော့ဖြန့်ခင်းပုံနည်းစနစ်

**မေးခွန်း (၉)**

စိတ်တူကိုယ်တူအဖော်အားချစ်ခင်လက်ခံရန် ဘာလုပ်ရမည်လဲ။

**အဖြေ**

Ten of wands ပြောင်းပြန် - Meredith က သူမဘဝအား အပြောင်းအလဲလုပ်ပေးရပါမည်။ သူမအတွက် မျှော်လင့်ချက်ကောင်းများ ထားရှိပြီး စိတ်တူကိုယ်တူအဖော်အား လက်ခံရန် အရန်သင့်ရှိနေသင့်ပါသည်။

**မေးခွန်း (၁၀)**

စိတ်တူကိုယ်တူအဖော်အားစောင့်နေစဉ်ဘာပြောင်းလဲမှုတွေလုပ်ပေးရမလဲ။

**အဖြေ**

King of Pentacles ပြောင်းပြန် - တစ်ကိုယ်ကောင်းဆန်ခြင်း၊ ပျင်းရိခြင်း၊ လက်တွေ့မကျခြင်း ဟူသည့် မကောင်းသောလက္ခဏာများကို Meredith ကိုယ်တိုင်ပြုပြင်ပြောင်းလဲပေးရန် လိုအပ်ပါသည်။ ယခင်ထက် ပိုမိုရိုးသားစိတ်မွေးခြင်း၊ ခေါင်းမာမှုကိုလျှော့ခြင်း၊ ယခင်ထက်ပို၍ ချစ်ခင်ကြင်နာတတ်ခြင်း။ မိမိကိုယ်ကိုယုံကြည်ခြင်းတို့ဖြင့် စိတ်တူကိုယ်တူအဖော်အား စောင့်မျှော်နေရပါမည်။

**မေးခွန်း (၁၁)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**

Eight of wands - Meredith ၌ ကိစ္စရပ်တိုင်းအတွက် လုပ်ရည်ကိုင်ရည်ရှိပါသည်။ သို့မှသာ စိတ်တူကိုယ်တူမိတ်ဆွေနှင့် ဆက်ဆံရေးအဆင်ပြေပါမည်။ သူမစိတ်ကူးတွင် ရင်းမိတ်ဆွေအား တမ်းတလိုက်သည်နှင့် အလျင်အမြန်ရောက်ရှိလာမည်သာ ဖြစ်သည်။


**Commentrs (ထင်မြင်ယူဆချက်များ)**

Meredith ၏ တစ်သက်တာအတွင်း သူမ၏စိတ်တူကိုယ်တူမိတ်ဆွေနှင့် ပတ်သက်၍ အလေးအနက်ထားခဲ့ပါသည်။ ကာယကံရှင်ဘက်မှလည်း စိတ်တည်ငြိမ်စွာဖြင့် ဖန်တီးနိုင်စွမ်းရှိရပါမည်။

## 9. Just for Fun

ဤအခန်းတွင် အောက်ပါအကြောင်းအရာများပါဝင်ပါသည်။

Wish, Yes or No, Magical Lorrery, Through, The week.




**Wish (ဆန္ဒ)**

၁။ ကျွန်ုပ်၏လိုအင်ဆန္ဒဘာလဲ။
၂။ ကျွန်ုပ်လိုချင်တာနှင့် ထိုက်တန်ရဲ့လား။
၃။ ကျွန်ုပ်ဆန္ဒကို ဆန့်ကျင်တာတွေက ဘာလဲ။
၄။ ကျွန်ုပ်ဆန္ဒကို ကူညီဖြည့်ဆည်းရန် ဘာကလုပ်ပေးပါသလဲ။
၅။ ကျွန်ုပ်ဆန္ဒပြည့်အောင် ဘာတွေအပြောင်းအလဲလုပ်ပေးရမလဲ။
၆။ ဒီဆန္ဒက ကျွန်ုပ်အတွက်အကောင်းဆုံးအကျိုးအမြတ်လား။
၇။ အကျိုးရလဒ်ကဘာလဲ။

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ကျွန်ုပ်၏ လိုအင်ဆန္ဒက ဘာလဲ။

**အဖြေ**

Ace of Pentacles ပြောင်းပြန် - Lorna က သူမ၏အိမ်နီးချင်းအစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်သောကရောက်နေပါသည်။ သူမပါဝင်သော အိမ်နီးချင်းဘဝရပ်/သံအစီအစဉ်အား သူမကိုယ်တိုင်သဘောမတွေ့ပါ။ ထို့အတွက် နေရာပြောင်းရွှေ့လုပ်ကိုင်ရန် စိတ်ကူးမိပါသည်။ သို့သော်လည်း ယွန်းခုကားချပ်မှ ပြောကြားချက်အရ ငွေကြေးကုန်ကျမည့်ကိစ္စအသစ်မစတင်သင့်ကြောင်း၊ နေရာဌာနအသစ်သို့ ပြောင်းရွှေ့ရန်လည်း မဖြစ်နိုင်သေးကြောင်း သိရပါမည်။

**မေးခွန်း (၂)**

ကျွန်ုပ်လိုချင်တာနှင့်ထိုက်တန်ရဲ့လား။

**အဖြေ**

The Fool - Lorna ၌ (၁၄) နှစ်သားအရွယ် သားတစ်ဦးရှိပြီး သူမက အချိန်ပြည့် အလုပ်တစ်ခုလုပ်ပါသည်။ Loms အနေဖြင့် သူမလုပ်ကိုင်စွမ်းဆောင်နိုင်သမျှ တခြားသူများကိုလည်း ပါဝင်လုပ်ကိုင်စေလိုသည်။ သို့သော်လည်း မျှော်လင့်သလိုဖြစ်မလာခဲ့ပါ။ သူမက ပတ်ဝန်းကျင်ပြည်သူများ၏ ပံ့ပိုးမှုကိုရလိုပါသည်။

**Lorna အတွက် လိုအင်ဆန္ဒကိုမေးမြန်းခြင်း**

| ဖြန့်ခင်းထားသောကားချပ်များ | |
|---|---|
| ကားချပ်-၁ | ငါးမြောင့်ကြယ် (၁) ခု ကားချပ် (ပြောင်းပြန်) |
| ကားချပ်-၂ | သူရူးကားချပ် |
| ကားချပ်-၃ | ဖောက်ထိုးဆွဲခံထားရသူကားချပ် |
| ကားချပ်-၄ | ငါးမြောင့်ကြယ်(၂) ခုကားချပ် (ပြောင်းပြန်) |
| ကားချပ်-၅ | စကြာဝဠာကားချပ်(ပြောင်းပြန်) |
| ကားချပ်-၆ | ဓား (၇) လက်ကားချပ် |
| ကားချပ်-၇ | ရဟန်းမင်းကြီးကားချပ် (ပြောင်းပြန်) |



www.burmeseclassic.com

www.burmeseclassic.com

**မေးခွန်း (၃)**

ကျွန်ုပ်ဆန္ဒကိုဆန့်ကျင်ဖျာတွေကဘာလဲ။

**အဖြေ**

The Hanged Man - Lorna က သူမ၏အချိန်အတော်များများကို အလုပ်အကိုင်နှင့် မပတ်သက်သောအစည်းအဝေးများ၌ (စိတ်ရောကိုယ်ပါ) မြှုပ်နှံထားသည်။ Lorna မှ တစ်ဖက်သားအပေါ် ကိုယ်စိတ်နှစ်ပါးဖြင့် အနစ်နာခံကူညီလွန်းခြင်းကြောင့် နာမကျန်းဖြစ်ခဲ့ရသည်။ သူမအဖို့ စိတ်ခံစားမှုနှင့် ကျန်းမာရေးကို မျှတစွာ ရှိစေရန် စိတ်တည်ငြိမ်အောင်ကြိုးစား၍ ထိန်းချုပ်နိုင်ရပါမည်။

**မေးခွန်း (၄)**

ကျွန်ုပ်ဆန္ဒကိုကူညီဖြည့်ဆည်းရန် ဘာကလုပ်ပေးပါသလဲ။

**အဖြေ**

Two of Pentacles ပြောင်းပြန် - ထိုကာလအတွင်း ငွေကြေးအခြေအနေအကျပ်အတည်းတွေ့နိုင်ပါသည်။ငွေကြေးသုံးစွဲမှုအား မည်သို့ကန့်သတ်ရမည်ကို မသိကြောင်း။ Lorna က ငွေသုံးဖြုန်းခဲ့ပါက ခင်ပွန်းဖြစ်သူမှ ကိုင်တွယ်ထိန်းသိမ်းပေးရန်လိုကြောင်း ဤကားချပ်က ဖော်ပြသည်။ မိမိဆန္ဒများ ပြည့်ဝလာစေရန် ဦးစွာပထမငွေကြေးအခက်ခဲနှင့် ကျန်းမာရေးပြဿနာကို မျှတစွာဖြေရှင်းပေးရပါမည်။

**မေးခွန်း (၅)**

ဆန္ဒပြည့်ဝစေရန် ဘာတွေအပြောင်းအလဲလုပ်ပေးရမလဲ။

**အဖြေ**

The Emperor ပြောင်းပြန် - ခေါင်းဆောင်တစ်ဦးဖြစ်ရခြင်းက သူမအတွက် အကောင်းဆုံးရွေးချယ်မှု ဖြစ်သည်ဟု Corma သဘောပေါက်သည်။ Lorna အနေဖြင့် ကြောက်ရွံ့ခြင်း၊ မကျေနပ်ခြင်း၊ မရင့်ကျက်ခြင်း ဟူသည့် မကောင်းသော စရိုက်လက္ခဏာများ ပြောင်းလဲဖျောက်ဖျက်၍ သူမ၏ဝန်းကျင်မှ လူအများအား အစီအစဉ်တွေ ပါဝင်လာစေရန် ဆွဲဆောင်နိုင်ရပါမည်။ သို့မှသာ သူမအတွက် အဓိကကျသောအခန်းကဏ္ဍ၌ ရပ်တည်နိုင်မည် ဖြစ်သည်။

**မေးခွန်း (၆)**

ဒီဆန္ဒက ကျွန်ုပ်အတွက် အကောင်းဆုံးအကျိုးရလဒ်လား။

**အဖြေ**

Seven of swords - Lorno ကိုယ်တိုင်ဖန်တီးခဲ့သော ပြဿနာဒုက္ခအဝဝသည် ယာယီမျှသာဖြစ်နိုင်ကြောင်း ဤကားချပ်က ဖော်ပြသည်။ Lorna နေထိုင်ရာအိမ်က (၂) ကြိမ်တိတိ ဖောက်ထွင်းခံရပြီးဖြစ်၍ သူမဘယ်နေရာသွားသွား စိတ်လေးလံသောကရောက်နေရတတ်သည်။ မည်သို့ပင် စိတ်မချမ်းမသာဖြစ်နေသော်လည်း အိမ်နီးချင်း ဘဝ ရုပ်/သံအစီအစဉ်၌ အစီအစဉ်မှူးအဖြစ် မပျက်မကွက် သရုပ်ဆောင်ပြောဆိုနိုင်ခဲ့သည်။ မည်သို့သောအခက်အခဲများပင်ရှိစေသော်လည်း သူမ၏လုပ်ငန်းတူအုပ်စုနှင့် တွဲဖက်လုပ်ကိုင်နေရခြင်းကပင်. သူမအတွက် အကောင်းဆုံး အကျိုးရလဒ်တစ်ခုအဖြစ်ရှိနေပါသည်။

**မေးခွန်း (၇)**

နောက်ဆုံးအကျိုးရလဒ်က ဘာလဲ။

**အဖြေ**

The Hierophant ပြောင်းပြန် - Lorna သည် ကရကဋ်ရာသီဖွားဖြစ်ပြီး လုံခြုံစိတ်ချမှုနှင့် ဘေးအန္တရာယ်မှ လွတ်မြောက်ခြင်းသဘောကို ကိုယ်စားပြုနေပါသည်။

**Commentrs (ထင်မြင်ယူဆချက်များ)**

Lorna က စိတ်ပညာဆရာတစ်ဦးဖြစ်ပြီး ခင်ပွန်း၊ သားတစ်ဦးနှင့်အတူနေထိုင်ပါသည်။ သူမအနေဖြင့် အလုပ်အဆင်မပြေမှုများစွာကြောင့် ပြောင်းရွှေ့လိုခဲ့ကြောင်း ယခုဖြန့်ခင်းထားသည့် အဓိက ကားချပ် (၄) ချပ်အရ သိရှိနိုင်ပါသည်။ ဤအဓိကကားချပ် (၄) ချပ်သည် ထိုကာလအတောအတွင်း Lorna ဘဝ၌ တစ်မျိုးစီ အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းပြနေပါသည်။

**Fred အတွက် လိုအင်ဆန္ဒ ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ကျွန်ုပ်၏လိုအင်ဆန္ဒကဘာလဲ။

**အဖြေ**

Four of cups-စိတ်ခံစားမှုအနေအထားမျှတမှုရှိရန်လိုကြောင်း Fred က ကိုယ်တိုင်နားလည်ထားသည်။ သူသည် ဗြိစ္ဆာရာသီဖွား (Scorpio) ဖြစ်ပြီး ရေအမှတ်လက္ခဏာကို ကိုယ်စားပြုသည်။ ပြင်းထန်သောစိတ်ဆန္ဒရှိသူ ဖြစ်သည်။ သုံ့မိသားစုနှင့် စီးပွားရေးလုပ်ငန်းအကြား ဗရုတ်သုတ်ခဖြစ်နေခဲ့သည်။ Fres အနေဖြင့် ပြီးခဲ့သော မကောင်းသည့်အတွေ့ကြုံသည်များအား ဆက်လက်ကိုင်တွယ်ထားပုံရနေသည်။ ဆန္ဒမှန်အနေဖြင့် အရာရာတိုင်း၌ မျှတမှုရှိစေချင်ပါသည်။

**မေးခွန်း (၂)**

ကျွန်ုပ်လိုချင်တာ (ဆန္ဒ) နှင့်ထိုက်တန်ရဲ့လား။

**အဖြေ**

Two of wands - Fred က တစ်လောကလုံးကို လက်ဝယ်ပိုင်စိုးထားလိုသည်။ သူသည် ဇနီးဖြစ်သူနှင့် အမေဖြစ်သူတို့၏ကူညီပံ့ပိုးမှုဖြင့် အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ကံကောင်းခြင်းဟူသမျှ သူနှင့်ထိုက်တန်သည်ဟု ယူဆထားသူ ဖြစ်သည်။

**မေးခွန်း (၃)**

ကျွန်ုပ်ဆန္ဒကို ဆန့်ကျင်တာတွေက ဘာလဲ။

**အဖြေ**

The Moon - Fred၏ဘဝအတွင်း အဓိကပါဝင်နေသည့် ဇနီးဖြစ်သူနှင့်

**Fred အတွက် လိုအင်ဆန္ဒ**

**ဖြန့်ခင်းထားသောကားချပ်များ**

| | |
|---|---|
| ကားချပ်-၁ | ဖလား(၄) လုံးကားချပ် |
| ကားချပ်-၂ | တောင်ဝှေး (၂) ချောင်းကားချပ် |
| ကားချပ်-၃ | လမင်းစန္ဒာကားချပ် |
| ကားချပ်-၄ | ဖလား (၁) လုံးကားချပ် (ပြောင်းပြန်) |
| ကားချပ်-၅ | ဖလား (၃) လုံးကားချပ် (ပြောင်းပြန်) |
| ကားချပ်-၆ | ဖလား (၇) လုံးကားချပ် |
| ကားချပ်-၇ | တောင်ဝှေး (၇) ချောင်းကားချပ် |



www.burmeseclassic.com

www.burmeseclassic.com

အမေဖြစ်သူတို့နှစ်ဦးမှ မိမိလုပ်ငန်းအား ဟန့်ချက်ညီစွာ ထိန်းသိမ်းထားနိုင်စေရန်မှာ Fred ၏ ထိုပုဂ္ဂိုလ်နှစ်ဦးအပေါ် ကိုင်တွယ်ပုံ၌ မူတည်နေပါသည်။ လမင်းစန္ဒာကားချပ်သည် Fred ၏ မိခင်အား ရည်ညွှန်းဖော်ပြသည်။ Fred နှင့်သူ၏ အစ်မဖြစ်သူတို့ ငယ်ရွယ်စဉ်အချိန်အခါကပင် မိခင်ဆုံးရှုံးခဲ့ရသည်။ ထို့နောက်ပိုင်း မောင်နှမနှစ်ဦးတို့ ငယ်ရွယ်စဉ်အချိန်အခါကပင် အခက်အခဲများစွာ ကျော်ဖြတ်ခဲ့ကြရသည်။ အစ်မဖြစ်သူနှင့် ဇနီးဖြစ်သူတို့က Fred၏ ထားရှိသော သံယောဇဉ်၌ အပြိုင်အဆိုင်ပုံစံဖြစ်နေကြသည်။ ယင်းက Fred ၏ အလိုဆန္ဒအား ဆန့်ကျင်သောအရာများပင် ဖြစ်သည်။

**မေးခွန်း (၄)**

ကျွန်ုပ်ဆန္ဒကို ကူညီဖြည့်ဆည်းရန် ဘာကလုပ်ပေးပါသလဲ။

**အဖြေ**

Ace of cups ပြောင်းပြန် - Fred အနေဖြင့် စိတ်ဖိစီးမှုဖြစ်နေသောကာလဖြစ်သည်။ သို့သော်လည်း စီးပွားရေးလုပ်ငန်းက ပို၍ပို၍အောင်မြင်သော အခြေအနေရောက်လာခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာတိုက်တွန်းမှုအမျိုးမျိုးက သူ့အား အောင်မြင်သောဘဝကို ပေးစွမ်းနိုင်ခဲ့သည်။

**မေးခွန်း (၅)**

ဆန္ဒပြည့်ဝအောင် ဘာတွေအပြောင်းအလဲလုပ်ပေးရမလဲ။

**အဖြေ**

Three of cups ပြောင်းပြန်- Fred က သူ့ကိုယ်သူ ပျော်ရွှင်အောင်မလုပ်နိုင်သူအဖြစ် ဤကားချပ်က ဖော်ပြပါသည်။ မိသားစုပြဿနာကြောင့် စိတ်ခံစားမှုလွန်ကဲခြင်း၊ စိတ်ဓာတ်ကျခြင်းများဖြစ်နေပါမည်။

သူ့ဘဝအတွင်းအဓိကအခန်းကဏ္ဍက ပါဝင်နေသော ဇနီး၊ အမေ၊ အမျိုးသမီးနှစ်ဦး၏မကျေနပ်ချက်များ၊ မနာလိုဝန်တိုခြင်းများ၊ ပြိုင်ဆိုင်မှုများအား Fred မပါဝင်ဘဲ ဖြေရှင်း၍မရနိုင်ချေ။

**မေးခွန်း (၆)**

ဒီဆန္ဒက ကျွန်ုပ်အတွက် အကောင်းဆုံးရလဒ်လား။

**အဖြေ**

Seven of cups - Fred အနေဖြင့် စိတ်ခံစားမှုအပိုင်းကို နိုင်နင်းစွာထိန်းထားနိုင်လျှင် လတ်တလောပေါ်ပေါက်လာသည့် ပြဿနာအရပ်ရပ်အား အလွယ်တကူဖြေရှင်းပေးနိုင်ပါမည်။ မိမိကိုယ်တိုင် အောင်မြင်မှုရခြင်းက မိမိအပေါ် မှီခိုပတ်သက်နေသော အမျိုးသမီးနှစ်ဦးအတွက်ပါအကျိုးသက်ရောက်မှုရှိပါမည်။ နေ့စဉ် တရားထိုင်ကာ စိတ်တည်ငြိမ်မှုရစေခြင်းဖြင့် Fred နှင့် အထက်ပါအမျိုးသမီးနှစ်ဦးတို့အတွက် အရာရာအေးချမ်းနေစေပါမည်။

**မေးခွန်း (၇)**

နောက်ဆုံးအကျိုးရလဒ်ကဘာလဲ။

**အဖြေ**


Seven of wands - Fred က မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်ကိုသာ အကောင်းဆုံးရွေးချယ်အားကိုးရပါမည်။ အကြီးအကဲအနေအထားဖြင့် မိမိအတွက်သာ ဦးစားမပေးပါက စိတ်ပိုင်းရုပ်ပိုင်းနှစ်ရပ်လုံးအား တည်ငြိမ်စွာထိန်းချုပ်သွားနိုင်မည် ဖြစ်သည်။

**Comments (ထင်မြင်ယူဆချက်များ)**

Fred က သူ၏စီးပွားရေးလုပ်ငန်း အောင်မြင်အောင် အလွန်ကြိုးစားသည့်အလျောက် သူ၏ဇနီးနှင့် အမေတို့ကလည်း အကူအပံ့များအဖြစ် များစွာထောက်ခံရပ်တည်ပေးပါသည်။ မျှတသောဆက်ဆံရေးပုံစံဖြင့် နေထိုင်သွားနိုင်ခြင်းဖြင့် ၎င်းတို့ သုံးဦးကြား ပြဿနာများလျော့နည်းပပျောက်သွားပါမည်။

**Yes or No**

၁။ မေးခွန်းကဘာလဲ။
၂။ ကျွန်ုပ်ကို ဘယ်လိုထိခိုက်စေသလဲ။
၃။ ကျော်ဖြတ်ရမယ့်အခက်အခဲတွေကဘာလဲ။




၄။ မေးခွန်းနဲ့ ပတ်သက်ပြီး ယခင်အတွေ့အကြုံတွေကဘာလဲ။
၅။ မေးခွန်းနဲ့ပတ်သက်ပြီး လောလောဆယ်တွေ့ထင်တာကဘာလဲ။
၆။ အနာဂတ် (နောက်ပိုင်းမှာ) ဘာတွေဖြစ်လာမှာလဲ။
၇။ အကြံဉာဏ်လိုအပ်မည်လား။
၈။ အကျိုးရလဒ်ကဘာလဲ။

**Polly အတွက် Yes or No**

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

မေးခွန်းကဘာလဲ။

**အဖြေ**

Nine of cups - အတည့်အနေအထားကျပြီး အလိုဆန္ဒကို ကိုယ်စားပြုသောကားချပ် ဖြစ်သည်။ အတည့်ကျခြင်းကြောင့် Polly ၏ဆန္ဒပြည့်ဝမည်ဟု ရည်ညွှန်းသည်။ Polly က အမျိုးသမီးအဖော်တစ်ဦးနှင့်အလုပ်လုပ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း တစ်ကြိမ်တစ်ခါမှ မအောင်မြင်ခဲ့ပါ။ ယင်းမှာ သူ့မိခင်၏ ပြဿနာကြောင့် အဓိကဖြစ်ကြောင်း နားလည်ထားသည်။ သူမအတွက် အမျိုးသားအဖော်တစ်ဦးရှာရန် လိုအပ်ကြောင်း စိတ်ကူးထားသည်။

**မေးခွန်း (၂)**

ကျွန်ုပ်ကို ဘယ်လိုထိခိုက်စေပါသလဲ။

**Polly အတွက် Yes or No**

**ပြန့်ခင်းသောကားချပ်များ**

| | |
|---|---|
| ကားချပ်-၁ | ဖလား (၉) လုံးကားချပ် |
| ကားချပ်-၂ | တောင်ဝှေး(၅)ချောင်းကားချပ် |
| ကားချပ်-၃ | ရဟန်းမင်းကြီးကားချပ် (ပြောင်းပြန်) |
| ကားချပ်-၄ | ကံကြမ္မာလှည့်ဘီးကားချပ်(ပြောင်းပြန်) |
| ကားချပ်-၅ | ဓား (၄) လက်ကားချပ် |
| ကားချပ်-၆ | ငါးမြောင့်ကြယ် (၇) ခုကားချပ် |
| ကားချပ်-၇ | မိဖုရားတောင်ဝှေးကားချပ် |
| ကားချပ်-၈ | သီလရှင်ချုပ်ကားချပ် |



www.burmeseclassic.com

www.burmeseclassic.com

**အဖြေ**

Five of wands - Polly နှင့် သူမ သူငယ်ချင်းက စွန့်စားလုပ်ကိုင်လိုကြသည်။ အလုပ်ကိုအကောင်းဆုံးဖြစ်အောင် ကြိုးစားရင်းက တစ်ဦးနှင့်တစ်ဦး အားပြိုင်လာသည့်အခြေအနေကိုဖန်တီးခဲ့မိကြသည်။ ယင်းက ကောင်းသောလက္ခဏာ မဟုတ်ပေ။

**မေးခွန်း(၃)**

ကျော်ဖြတ်ရမယ့်အခက်အခဲတွေကဘာလဲ။

**အဖြေ**

The Hierophant ပြောင်းပြန်။ အရဲစွန့်လုပ်ကိုင်ရသောလုပ်ငန်း၌ စည်းမျဉ်းစည်းကမ်းများအား Polly ကမလိုက်နာလိုပေ။မိမိသဘောဆန္ဒဖြင့်အကောင်းဆုံးဖြစ်အောင် သူမဘာသာစွမ်းဆောင်လိုသည်။ အများနှင့်ဆန့်ကျင်သောသူအဖြစ် အထင်ခံရတတ်သည်။

**မေးခွန်း (၄)**

မေးခွန်းနဲ့ပတ်သက်ပြီး ယခင်အတွေ့အကြုံတွေကဘာလဲ။

**အဖြေ**

The wheel of fortune ပြောင်းပြန်။ ယခင်ကအဖော်မွန်ကောင်းတစ်ဦးရှိခဲ့ပြီး လက်တွဲစွန့်စားလုပ်ကိုင်ခဲ့ဖူးသည်။ တွေ့ရာလူတစ်ယောက်ဖြင့် လက်တွဲလုပ်ကိုင်ရန် Polly ၌အစီအစဉ်မရှိပေ။

**မေးခွန်း (၅)**

မေးခွန်းနဲ့ပတ်သက်ပြီး လောလောဆယ်ဆယ်တွေးထင်တာကဘာလဲ။

**အဖြေ**

Four of swords သူမပြဿနာအဝဝကို ဖြေရှင်းရန် ဦးစွာပထမစိတ်တည်ငြိမ်မှုရှိရန် လိုအပ်ကြောင်း၊ မရင့်ကျက်သေးသောအပြုအမူ အနေအထိုင်နှင့် မထိန်းချုပ်နိုင်သော အတ္တလိုအပ်ချက်များအား ပြုပြင်ပြောင်းလဲရန်လိုကြောင်း သူမကိုယ်တိုင်တွေးထင်ထားသည်။

**မေးခွန်း (၆)**

နောက်ပိုင်းမှာ ဘာတွေဖြစ်လာမှာလဲ။

**အဖြေ**

Seven of Pentacles-နောက်ပိုင်းဘာဆက်လုပ်သင့်သည်ကို အခိုင်အမာဆုံးဖြတ်ရန်လိုကြောင်း ဤကားက ဖော်ပြသည်။ ရုတ်တရက်ဆိုသလို ငွေကြေးအမြောက်အမြားဝင်ရောက်လာပြီး လုပ်ငန်းကိုစွာအကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်နိုင်ပါမည်။

**မေးခွန်း (၇)**

အကြံဉာဏ်လိုအပ်မည်လား။

**အဖြေ**

Queen of wands - Polly က အလုပ်ကိုစွမ်းသမျှ တစ်ဦးတည်းလုပ်ကိုင်ဖြေရှင်းလိုသည်။ သူမထုတ်ကုန်ပစ္စည်းနှင့် သူမကိုယ်တိုင်အတွက် အကာအကွယ်ရလိုလျှင် တရားဝင် (ဥပဒေနှင့်အညီ)ဆောင်ရွက်ရန်သာရှိသည်။ Polly က အများသူငါကြား ထင်ပေါ်ကျော်ကြားလိုသည်။ အားပေးထောက်ခံမှုကိုလိုလားသည်။ ယခုကားချပ်က Polly ၏ Partner ကိုကိုယ်စားပြုလျှင် သတိဖြင့် ခရီးဆက်ရပေမည်။

**မေးခွန်း (၈)**

နောက်ဆုံးရလဒ်ကဘာလဲ။


**အဖြေ**

High Priestess-ဤကားချပ်သည် Polly ၏ထက်မြက်သောစွမ်းဆောင်မှုဖြင့် လုပ်ငန်းကျိန်းသေအောင်မြင်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားနေပါသည်။

**Commentrs (ထင်မြင်ယူဆချက်များ)**

Pollyက သူမ အလုပ်အကိုင်ပြောင်းရန် အစီအစဉ်ရှိသည်။ သူမ၏ လုပ်ငန်းသစ်က အလားအလာကောင်းနေခြင်းကြောင့် အောင်မြင်နိုင်မည်ဟု ယုံကြည်ထားသည်။ အကယ်၍ သူမက သူပုန်တစ်ဦးဖြစ်နေသည့်တိုင် သူမ၏ အနာဂတ်က ဆက်လက်ထွန်းတောက်နေဦးမည်သာ ဖြစ်သည်။

Magical Lottery




A. ဒီနေ့က ထီထိုးဖို့ အကောင်းဆုံးနေ့လား။

B. ကျော်လွှားရမယ့် အတားအဆီးတွေက ဘာလဲ။

C.ထီပေါက်ဖို့ ဘယ်လိုနေထိုင်ရမှာလဲ။

ကားချပ် (၁) မှ (၆) အထိ ထီထိုးရာတွင်ပါဝင်ရမည့်နံပါတ်များကိုကိုယ်စားပြုပါသည်။

**Arlene အတွက် Magical Lottery**

**ဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ဒီနေ့က ထီထိုးဖို့အကောင်းဆုံးနေ့လား။

**အဖြေ**

The Devil ပြောင်းပြန် - Arlene အနေဖြင့် ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှု အတွက် လောကဘကြီးခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းမရှိတတ်ပေ။ လောဘစိတ်နည်းပါးခြင်းကြောင့် ထီထိုးထီပေါက်ရန် အခြေအနေပေးမည် မဟုတ်ပေ။

**မေးခွန်း(၂)**

ကျော်လွှားရမယ့် အတားအဆီးတွေကဘာလဲ။

**အဖြေ**

The Sun ပြောင်းပြန် - Ariene က သတ္တိနှင့်ယုံကြည်မှုနည်းပါးသူ ဖြစ်သည်။ သူမအနေဖြင့် တစ်ဖက်သားအပေါ် ရိုးသားပွင့်လင်းစွာ ဆက်ဆံ၍ အကူအညီပေးလိုစိတ်သာရှိနေသည်။ သူမအပေါ် အားကိုးယုံကြည်လေးစားမှုကိုသာ လိုလားသူ ဖြစ်သည်။ ထိုခံယူချက်များကို ခေတ္တဘေးဖယ်လျက် မိမိကိုယ်မိမိ ဦးစွာချစ်ခင်မှသာလျှင် ထီထိုးရန်ကိစ္စရှိနိုင်ပါမည်။

**မေးခွန်း(၃)**

ထီပေါက်ဖို့ဘယ်လိုပြုမူနေထိုင်ရမလဲ။

**အဖြေ**

The Fool ပြောင်းပြန် - Arlene အနေဖြင့် သူမ၏စိတ်ခံစားမှုနှင့် အပြုအမူများအား မှုတစေပြီး မိမိကိုယ်ကိုယုံကြည်မှုရှိစေရပါမည်။သူမအဖို့ ထီပေါက်ခြင်းနှင့်မသိက်တုန်ဟု ခံယူထားပါက ဘယ်သောအခါမှ ထီထိုးလိမ့်မည်မဟုတ်ပေ။

**ကားချပ်ဖြန့်ခင်းပုံ**

အဓိကကားချပ် (၂၂) ချပ်ကိုသာ အသုံးပြုရပါမည်။ကားချပ်ထုပ်အဓိကကားချပ် (၂၂) ချပ်ကို သီးခြားရွေးထုတ်



www.burmeseclassic.com

www.burmeseclassic.com

## Arlene အတွက် Magical Lottery

**ဖြန့်ခင်းထားသောကားချပ်များ**

| | | | |
|---|---|---|---|
| ကားချပ်A - | မိစ္ဆာ The Devil | | (ပြောင်းပြန်) |
| ကားချပ်B - | သူရိယ The Sun | | (ပြောင်းပြန်) |
| ကားချပ်C - | သူရူး The Fool | | (ပြောင်းပြန်) |
| ကားချပ်-၁ | ကံကြမ္မာလှည့်ဘီးကားချပ် | ၁၀ | ဆိုင်ရာနံပါတ်များ |
| | မရဏမင်းကားချပ် | ၁၃ | |
| | သီလရှင်ချုပ်ကားချပ် | ၂ | |
| ကားချပ်-၂ | မျှော်စင်ကားချပ် | ၁၆ | |
| | စီရင်ချက်ကားချပ် | ၂၀ | |
| | စစ်ရထားကားချပ် | ၇ | |
| ကားချပ်-၃ | မှော်ဆရာကားချပ် | ၁ | |
| | ရဟန်းမင်းကြီး | ၅ | |
| | ကမ္ဘာလောကကားချပ် | ၂၁ | |
| ကားချပ်-၄ | ဇောက်ထိုးဆွဲခံထားရသူကားချပ် | ၁၂ | |
| | ဧကရီကားချပ် | ၃ | |
| | ဧကရာဇ်ကားချပ် | ၄ | |
| ကားချပ်-၅ | ချစ်သူများကားချပ် | ၆ | |
| | စောင့်ထိန်းခြင်း(သီလ)ကားချပ် | ၁၄ | |
| | လမင်းစန္ဒာကားချပ် | ၁၈ | |
| ကားချပ်-၆ | ရသေ့ကားချပ် | ၉ | |
| | ခွန်အားကြယ်ကားချပ် | ၁၇ | |
| | တရားသူကြီးကားချပ် | ၁၁ | |
| နောက်ဆုံးကားချပ်စွမ်းအားရှင်ကားချပ် | | ၈ | |

ပြီး ကုလားဖန်ထိုးပါ။ ပုံတွင်ပါရှိသည့်အတိုင်း Position A, B,C အလိုက် တစ်ချပ်ချင်းစီကို ပက်လက်လှန်၍ ဖြန့်ခင်းပါ။ အကယ်၍ တစ်ခုခုက ပြောင်းပြန်အနေအထားကျလျှင် ထိုသို့ကျသည့်အတိုင်း ဖတ်ကြားပါ။ ကားချပ်က မကောင်းသော အခြေအနေကိုပြလျှင် ထိုနေ့ ထိုနေရာမှာတင် အဆုံးသတ်၍ နောက်တစ်နေ့မှ ပြန်လည်ကြိုးစားပါ။ အကယ်၍ ကားချပ်က အခြေအနေကောင်းသည်ကိုပြလျှင် ဟောကြားခြင်းဆက်လက်ပြုလုပ်ပါ။

A,B,C ကားချပ် (၃) ချပ်အားနေရာချပြီးနောက် ကားချပ် (၁) မှ (၆) အထိ ပက်လက်လှန်ဖြန့်ခင်းပါ။ ၎င်းကားချပ်များက ထီနံပါတ်များကိုကိုယ်စားပြုရည်ညွှန်းပါသည်။ ယခုအခါ Position အလိုက်ပါရှိသောကားချပ်များတန်ဖိုးဂဏန်းများကို မလျှော့ချပေးရပါ။

တန်ဖိုးဂဏန်းများကို ပေါင်း၍ရသောကိန်းဂဏန်းသည် ထီထိုးရာတွင်ပါဝင်ရမည့် ကန့်သတ်ဂဏန်းများပင်ဖြစ်သည်။ စုစုပေါင်းခြင်းကိန်းက အကန့်အသတ်ထက် ကျော်လွန်သွားပါက ဖတ်ကြားခြင်းကို ရပ်တန့်၍ နောက်တစ်ကြိမ် (နောက်တစ်နေ့မှသာ) ထပ်မံကြိုးစားရပါမည်။

ဥပမာ Position 1 တွင် Moon, Hierophant နှင့် Justice တို့ပါဝင်သည်ဆိုပါစို့။

| | |
|---|---|
| The Moon | 18 |
| The Hierophanl | 5 |
| Justice | 11 |
| | 34 |

ဟူ၍ ရပါမည်။

ဤပေါင်းခြင်းပမာဏအတိုင်း ထီလက်မှတ်တွင်ပါရှိရပါမည်။ Position (၆) ခုစလုံး၏ တစ်ခုချင်းစီအလိုက် ထီလက်မှတ်တွင်ပါရှိသော ကိန်းဂဏန်းများကို ကန့်သတ်ရွေးချယ်ရပါမည်။

ကားချပ် (၁) မှ (၆) အထိ အတည့်ဖြစ်စေ၊ ပြောင်းပြန်ဖြစ်စေ အရေးမကြီး ပေ။ ကားချပ် A,B,C တွင်လည်း အတည့်ဖြစ်စေ၊ ပြောင်းပြန်ဖြစ်စေတွေ့ရှိသည့်အတိုင်း ဖတ်ကြားရပါမည်။



**Throught The Week**

**ရက်သတ္တပတ်တစ်လျှောက်လုံးအတွက် မေးမြန်းခြင်း**

| | | |
|---|---|---|
| | 7 | |
| 6 | 5 | 4 |
| 3 | 2 | 1 |

၁။ ထိုနေ့အတွက် ဘယ်လိုအစီအစဉ်သစ်တွေလုပ်နိုင်မလဲ။
၂။ ကျွန်ုပ်အစီအစဉ်မှာ အခြားတစ်ယောက်ပါသေးလား။
၃။ ဒီနေ့မှာပျော်ရမည်လား။
၄။ ယနေ့အလုပ်ကောင်းကောင်းလုပ်ဖြစ်မည်လား။
၅။ အတွေ့အကြုံ အပြောင်းအလဲသစ်တွေကဘာလဲ။
၆။ မိသားစုပြဿနာ တာဝန်ယူမှုအသစ်တွေ ယနေ့ကြုံတွေ့ရမည်လား။
၇။ အနားယူရမည့်နေ့ဖြစ်မည်လား၊

မေးခွန်းတစ်ခုချင်းစီက ကားချပ်အမှတ်စဉ်တစ်ခုချင်းစီလိုက်ကိုယ်စားပြုသည်။

ပြီးပါပြီ၊

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ အတွေ့အကြုံရသော် လည်းကောင်း၊ လူကြီးသူမများ၏ပြောပြ ချက်အရသော် လည်းကောင်း ကျား ဆိုသောသတ္တဝါမှာ အသားစားသော သတ္တဝါဖြစ်လင့်ကစား လူသားများကို တော့ ရန်မူခြင်းမရှိကြပါ။ ရန်မမူသည့် အပြင် လူသားများနှင့်ယှဉ်ပြိုင်လာလျှင် သူတို့ကပင် အရှုံးပေးတတ်ကြပါသေး သည်။

ဆိုပါစို့။ တောထဲတောင်ထဲတွင် သားကောင်တစ်ကောင်တည်းကို မုဆိုး က ချောင်းမြောင်းနေသလို ကျားက လည်း ချောင်းမြောင်းနေ၏။ ထိုအခါ ထိုသားကောင်ကို လူသားမုဆိုးတစ်ဦး ချောင်းမြောင်းနေမှန်းသိသွားလျှင် ကျား သည် ထိုသားကောင်ကိုဆက်လက်ပြီး မချောင်းမြောင်းတော့ပါ။ လူသားမုဆိုး ပစ်ပါစေဟု ရှောင်ထွက်သွားတတ်သော ရှိပါသည်။ ဆိုလိုသည်မှာ လူသားများ နှင့် ယှဉ်ပြိုင်ရင်ဆိုင်ပြီး မပြုလုပ်လိုကြ



www.burmeseclassic.com

www.burmeseclassic.com

အရှုံးပေးခြင်းသဘောဟု ပြောသော်ရ၏။

နောက်တစ်ကြောင်းက ကျားဆိုသောသတ္တဝါများသည် လူသားတို့၏ အတွေ့ကိုမခံလိုကြပါ။ ထိုကဲ့သို့ လူသားများက သူတို့ကိုတွေ့မိသွားသော် သူတို့အနေဖြင့် (၇)ရက်(၇)လီအထိ အစာရှာမရဖြစ်တတ်သည်ဟုဆိုပါသည်။ လာဘ်တိတ်သွားရသည့်သဘောပင် ဖြစ်သည်။ သို့ဖြစ်၍ လူသားများကို ရန်ရှာဖို့မဆိုထားဘိ အတွေ့ပင်မခံလိုကြသော သတ္တဝါများပင် ဖြစ်သည်။

သို့ဆိုလျှင် လူသားများအပေါ် ကျားသတ္တဝါများက ကိုက်သတ်ခြင်းမရှိဘဲလေရော့သလားဟု မေးလာခဲ့သည်ရှိသော် ရှိသည်ဟု ကျွန်ုပ်က ပြန်ဖြေရမည်သာ ဖြစ်သည်။ သို့သော် အဆိုပါ လူသားများကိုကိုက်ရခြင်း၏အကြောင်းရင်းများကရှိပါသည်။ သူတို့အားသွားပြီး ရန်မူတိုက်ခိုက်လျှင်သော် လည်းကောင်း သူတို့၏အစာရေစာကိုသွားယူမိလျှင်သော် လည်းကောင်း၊ သူတို့၏ သားသမီးကို သွားဖမ်းခဲ့မိလျှင်သော် လည်းကောင်း ထိုအခါမျိုးတွင် အငြိုးအတေးကြီးစွာဖြင့် ကလဲ့စားချေကာ ပြန်လည်တိုက်ခိုက်လာတတ်ပါသည်။

ထိုကဲ့သို့ လူသားတစ်ယောက်အပေါ် သတ်ဖြတ်စားသောက်မိပြီဆိုသည်နှင့် လူသား၏အရသာကို သိရှိသွားရပြီး အစရှိအနောင်နောင်ဆိုသည့်အတိုင်း လူသားများကို စဉ်ဆက်မပြတ် ကိုက်သတ်စားသောက်တတ်သောဘဝကို ရောက်ရှိသွားရသည်လည်းရှိ၏။အခြေခံကိုပြန်ကြည့်သော် သူတို့ကစပြီး လူသားများကို မတိုက်ခိုက်တတ်။ သူတို့အပေါ် လူသားများ၏ နိုင်လိုမင်းထက်ပြုမှုမိရာကနေ စတင်ခဲ့ခြင်းသာဖြစ်ကြောင်း ထင်ရှား၏။

နောက်တစ်ကြောင်းမှာ အိုမင်းမစွမ်းဖြစ်လာသောကျားများအနေဖြင့် တောတွင်းတိရစ္ဆာန်များကို ခုန်ပြန်ကျော်လွှားပြီး ဖမ်းဆီးဖို့ဆိုသည်မှာ မလွယ်ကူတော့ပါ ။ ထိုအခါ ဖမ်းဆီးရလွယ်ကူသောလူသားများအပေါ် လှည့်လာတတ်သည်။ ဤသည်မှာလည်း လွန်စွာမှနည်းပါးလွန်းလှပါသည်။ သမားရိုးကျအားဖြင့်မူ တင်ပြခဲ့သည့်အတိုင်း လူသားများအပေါ် ရန်ရှာဖို့မဆိုထားဘိ။ မြင်လာလျှင် အရှုံးပေးတတ်သည့်အမြင်အတွေ့ပင်မခံလိုကြသောသတ္တဝါများပင် ဖြစ်သည်။

သူတို့ကိုသွားပြီးစမိလျှင်တော့ကား မီးခိုးမဆုံးမိုးမဆုံးဖြစ်ရတတ်သည်။

ယခုတင်ပြမည့်အကြောင်းအရာသည် ကျွန်ုပ်နှင့်အတူ တပ်ရင်းထဲတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ဖူးသော တပ်ခွဲတပ်ကြပ်ကြီး ဖိုးသောင်း၏ ပြန်လည် ပြောပြချက်ကို အခြေခံပြီး တင်ပြသွားမည် ဖြစ်ပါသည်။ သူသည် တစ်ချိန်တစ်ခါက KNU အကြမ်းဖက်သောင်းကျန်းသူတို့၏အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ နောင်သောအခါ အလင်းဝင်ပြီး တပ်မတော်ထဲသို့ဝင်ရောက်ခဲ့သူ ဖြစ်ပါသည်။

သူနှင့်ကျွန်ုပ်တွေ့ဆုံခဲ့ရစဉ်အခါက သူသည် တပ်ခွဲတပ်ကြပ်ကြီးအဆင့်သို့

# ချစ်ဆိုင်

## ဖိုးသောင်းနှင့် ကိုးလောင်းကျော် ကျားကြီး





www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိနေပြီ ဖြစ်သည်။ ကျွန်ုပ်မှာတော့ သင်တန်းဆင်းလာခါစ တပ်သားသစ်အဆင့်မျှသာရှိပါသေးသည်။ သူနှင့်တွေ့ဆုံခဲ့ရစဉ်အခါက ၁၉၈၀ ပြည့်နှစ်လောက်က ဖြစ်သည်။ သူ၏အတွေ့အကြုံမှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀) လောက်ကဖြစ်၍ ၁၉၆၀ ပြည့်နှစ်က ဖြစ်စဉ်ဖြစ်ရပ်ဟုပြော်သော်ရ၏။

သူသည် သူ၏သောင်းကျန်းသူဘဝအတွေ့အကြုံများကိုလည်း ပြောပြတတ်ပါသေးသည်။

"ငါတို့ကကွာ အဲဒီစစ်တပ်ကစစ်သဘော်ကြီးတွေကို ငါတို့ဆီကပါလာတဲ့ သေနတ်နဲ့လှမ်းပြီးပစ်ထည့်လိုက်ရင် သဘော်ဝမ်းဗိုက်ကြီးပေါက်ပြီး ရေထဲနစ်မြုပ်သွားမယ်လို့ထင်ခဲ့တာကိုး။ အဲဒါနဲ့ တစ်နေ့မှာပေါ့ကွာ။ ဘားအံကနေ ရွှေဂွန်းဘက်ကို သံလွင်မြစ်ကြောင်းအတိုင်း ဆန်တက်လာတဲ့ စစ်သဘော်ကြီးကို တွေ့မိကြပါလေရော့လား။ ဒီအခါ ငါတို့က ရွာပျက်တစ်နေရာကနေပြီး အဲဒီစစ်သဘော်ကြီးကို သွားပစ်လိုက်တာမှာ သဘော်ကြီးက မြုပ်မသွားဘဲ အဲဒီစစ်သဘော်မှာပါလာတဲ့ ပြောင်းရှည်ရှည်အမြောက်သေနတ်ကြီးက ငါတို့ဘက်ကိုလှည့်လာပြီး ပစ်ထည့်လိုက်တာမှာ ငါတို့က ခွေးပြေးဝက်ပြေးကိုပြေးခဲ့ကြရတယ်။ ကံကောင်းလို့မသေ သံချောင်းတို့အဖေဆိုသလိုပေါ့။ အဲဒီအမြောက်သေနတ်က စက်သေနတ်ဆွဲသလို အတွဲလိုက်ပစ်လို့ရတာကိုး။ ပြေးထွက်လာတဲ့ဖုံးသီးတွေဟာ သစ်ပင်သစ်ကိုင်းတွေအုန်းပင်၊ ကွမ်းပင်တွေကိုလာမှန်ပြီး ပြတ်ကျလာတဲ့ အဲဒီသစ်ကိုင်း၊ သစ်ခက်တွေ အုန်းပင်၊ ကွမ်းပင်တွေဟာ ငါတို့အပေါ် မိုးသီးမိုးပေါက်ကျသလိုလိုလာနေတော့တာ။ ငါတို့မှာကတော့ ကျည်ဆန်ထိပ်ဖူးမှန်မှာကို မကြောက်ရဘူး။ အဲဒီအကိုင်းအခက်တွေပိကျပြီး သေမှာကိုပဲကြောက်နေရတယ်။ ဒါကြောင့် ခွေးပြေးဝက်ပြေးနဲ့ကိုပြေးကြရတာပေါ့"

ဟု ပြောပြသေး၏။

ဤသည်ကို ကျွန်ုပ်စိတ်မဝင်စားပါ။ ကျွန်ုပ် စိတ်ဝင်စားသည်ကတော့ သည်းထိတ်ရင်ဖိုဖွယ် ရာကောင်းသော သူနှင့် ကိုးလောင်းကျော် ကျားကြီးတို့၏ အကြောင်းပင် ဖြစ်သည်။

ထိုအကြောင်းကို တင်ပြရသော်-

❑

တပ်သား ဖိုးသောင်းသည် ယခင်အခါက KNU အကြမ်းဖက်သောင်းကျန်းသူဖြစ်ခဲ့၏။ နောင်သောအခါ အလင်းဝင်လာပြီ။ တပ်မတော်ထဲကိုရောက်ခဲ့သူဖြစ်သည်။ တပ်မတော်ထဲရောက်ပြီး ရှေ့တန်းထွက်လာရသောအခါ ကရင်ပြည်နယ် သံလွင်မြစ်၏ အရှေ့ခြမ်းတစ်လျှောက်တွင် လှုပ်ရှားတပ်ခွဲအဖြစ် တာဝန်ထမ်းဆောင်ရ၏။ ရွှေဂွန်းဇရိယာမှ အထက်ဘက်က မော့လယ်ရွာအထိ စုန်ချည်ဆန်ချည်ဖြင့် သွားလာလှုပ်ရှားနေရ၏။

ထိုနေရာတစ်လျှောက်တွင် သူတောခိုဘဝသို့ရောက်ခဲ့ရစဉ်အခါကပင် သွားလာလှုပ်ရှားခဲ့ဖူး၏။ သို့ဖြစ်၍ သူကနယ်မြေကျွမ်းကျင်သည်။ ပြီးတော့ တောလိုက်အမဲလိုက်ကလည်း ဝါသနာပါ၏။

သို့ဖြင့် တစ်နေ့သောအခါ သူတို့၏လှုပ်ရှားတပ်ခွဲမှာ သံလွင်မြစ်နှင့်သိပ်မဝေးလှသောတောတွင်းတစ်နေရာတွင် စခန်းချလိုက်ကြသည်။ အချိန်ကလည်း ရှိနေသေးသည်ဖြစ်၍ သူက တပ်ခွဲရုံးတွင်ရှိနေသော ဒုအရာခံဗိုလ် ဆရာကြီးထွန်းရှိန်အား အမဲသွားပစ်ရန်ခွင့်တောင်း၏။ ဆရာကြီးကလည်း ခွင့်ပြုသည်။ သူ့အနေဖြင့် နယ်မြေကျွမ်းသဖြင့် မျက်စိလည် လမ်းမှားစရာမရှိသည်ကလည်းပါ၏။ ပြီးတော့ သားကောင်လည်းရ၏။ သို့ဖြစ်၍ ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။ သို့သော် အဖော်အဖြစ် ဆရာမောင်ကြီးကိုပါထည့်ပေးလိုက်၏။

ဒီလိုနှင့် နှစ်ယောက်သားထွက်လာကြပြီး သားကောင်များကိုချောင်းမြောင်းပြီး ရှာဖွေလာခဲ့ကြသည်မှာ နေပင်အတော်လေးစောင်းလာပြီ ဖြစ်သည်။ ပစ်ခတ်လိုသော သားကောင်များကို အခုအထိရှာမတွေ့သေး။ တောကြက်၊ ရစ်ငှက်နှင့် မျောက်များကိုတော့တွေ့ရ၏။ သို့သော် သူကမပစ်လိုပါ။ ပစ်၍ထွက်ပေါ်လာသောသေနတ်သံနှင့် ရရှိမည့်အကောင်သည်မတန်ဟု သူကခံယူထားသည်။

အကြောင်းမူ လက်နက်ကိုင်အဖွဲ့အစည်းဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတ်ဖြတ်ရန် ချောင်းမြောင်းနေကြသည်သာ ဖြစ်သည်။ ထိုအခါ မိမိတို့ရှိရာအရပ်ဆီကို မည်သူ့ကိုမျှ မသိစေလိုပါ။ အကယ်၍ သေနတ်သံတစ်ချက်ထွက်သွားပြီဆိုသည်နှင့် မိမိရှိရာအရပ်ဆီကို ရန်သူက အသိပေးလိုက်သကဲ့သို့ဖြစ်သွားရ၍ ဖြစ်၏။ သားကောင်ခပ်ကြီးကြီးတွေ့၍ပစ်ရလျှင်အနည်းငယ်မျှတော်သေးသည်ဟု ဖြေတွေးတွေးလျှင်ရ၏။ သို့ဖြင့် သူကမပစ်။

သို့ဖြင့် တပ်စခန်းရှိရာဘက်ဆီသို့ ပြန်လှည့်ရန်တွေးမိအခိုက် နှာခေါင်းထဲတွင် အသားညှီနံ့တစ်ခုလိုရတော့သည်။ ထိုအခါ နှစ်ယောက်သားလှည့်ပတ်ပြီးရှာမိသော် ချုံပုတ်တစ်ခုအတွင်း၌ ချေသေတစ်ကောင်ကိုသွားပြီးတွေ့ကြရတော့၏။ ချေမှာ မပုပ်မသိုး အကောင်းပကတိလတ်လတ်ဆတ်ဆတ်ပင်ရှိနေသေး၏။ ဗိုက်ပွင့်ပြီး ဝမ်းတွင်းကလီစာများတမရှိတော့ပါ။ ကိုက်သတ်သွားသောအကောင်က ဝမ်းတွင်းကလီစာများကို အရင်ဦးစွာဖောက်ပြီးစားသွားဟန်ရှိ၏။

တပ်သား ဖိုးသောင်းက -

"ဆရာရေ သေနတ်သံတစ်ချက်မှမထွက်လိုက်ရဘဲ အခုလို သားကောင်တစ်ကောင်ရလိုက်တယ်ဆိုတော့ ပိုပြီးကောင်းသွားတာပေါ့နော"

ဟု ပြောလိုက်ရာ ဆရာမောင်ကြီးက -

"ဒါပေါ့ကွာ၊ ငါတို့စခန်းကိုပြန်ရောက်ရင် သူတို့အံ့သြသွားမှာအမှန်ပဲ။ သေနတ်သံမကြားရဘဲ အကောင်ထမ်းပြီးပြန်လာတာမို့လေ"

နှစ်ယောက်သား ပျော်ရွှင်စွာနှင့် ချေသေကို တစ်ယောက်တစ်လှည့်ထမ်းပြီးပြန်လာခဲ့ကြသည်။

ဆရာမောင်ကြီးက -

"ဒီကောင်ကို ကျားကိုက်သတ်ထားတာလားမသိဘူး"

ဟု ပြောလိုက်ရာ -

"ဟိုတုန်းကတော့ ဒီတစ်လျှောက်မှာ ကျားမရှိဘူးဗျ။ ခုမှရောက်လာရင်တော့ မပြောတတ်ဘူး။ တောခွေးတွေကိုက်သတ်ထားတာလည်းဖြစ်နိုင်တယ်"

ဟု ပြန်ပြောလိုက်သည်။

ဆရာမောင်ကြီးက -

"ကျားကိုက်သတ်ထားတဲ့ကောင်ဆိုရင် ငါတို့မှာအန္တရာယ်များတယ်ကွ။ လိုက်ပြီးရန်ရှာတတ်တယ်လို့ကြားဖူးတယ်"

"ဆရာကလည်းဗျာ၊ ကျွန်တော်တို့မှာ ဘာကိုင်ထားလဲ။ သေနတ်တွေကိုင်ထားတာလေ။ လိုက်လာလို့ကတော့ သူ့ပါခေါ်သွားမှာပေါ့။ ဒါပေမယ့်ဗျာ ဒီတစ်လျှောက်မှာ ကျားတွေမရှိခဲ့ပါဘူး"

ပြောရင်းဆိုရင်း ပြန်လာကြရာ နေဝင်ရီတရောအချိန်လောက်တွင် စခန်းချထားရာသို့ ပြန်ရောက်ခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်သည် တပ်ခွဲရုံး တွင်နေကြသူများဖြစ်၍ သားကောင်ကို တပ်ခွဲရုံးတွင်ခုတ်ထစ်ကြသည်။ ရရှိလာသော အသားများကိုလည်း တပ်ခွဲရှိ စစ်သည်များအားဝေငပေး၏။

ယမကာကြိုက်သူအဖို့ကတော့ တကယ့်အမြည်းကောင်းပင် ဖြစ်သည်။ တပ်ခွဲတွင် ယမကာမကြိုက်သူခပ်ရှားရှား ပင် ဖြစ်သည်။ လုပ်ရှားသွားလာရ၍ ပင်ပန်းသည်ကတစ်ကြောင်း၊ မကြာခဏဆိုသလို တိုက်ပွဲဖြစ်၍ ထိခိုက်ဒဏ်ရာရကြရသည်က တစ်ဖုံဆိုတော့ စစ်သည်အများစုမှာ သေထူးနေမထူး ဖြစ်ကြရတော့သည်။ ရောက်သည့် အရပ်တွင် ရသည့်နည်းဖြင့်ရှာကြသည်။ ရှာရောက်လျှင် ဂါလန်ပုံးဖြင့်သယ်လာ တတ်ကြသည်။

ယနေ့ညမှာတော့ အမြည်းကောင်းကောင်းဖြင့် သောက်ကြစားကြသည်။ ညအိပ်သောအခါ တပ်တို့၏ ထုံးစံအတိုင်း မိမိတို့၏ တပ်စုလိုက်၊ တပ်စိတ်လိုက် ကင်းကိုစနစ်တကျချပြီး အိပ်ကြသည်။ တပ်ခွဲရုံးမှာ အလယ်တွင် နေရသည်ဆိုလင့်ကစား သူ့တွင်လည်း ကင်းချထားရစမြဲ ဖြစ်သည်။

❑

ခေါင်းဝင်ခါစ အခါသမယ ငွေနှင်းမှုန်တို့ကလည်း တစ်တောလုံး တစ်တောင်လုံးဖြန့်ကြက်၍ ဝေ့ဝဲနေကြသည်။ လမင်းအလင်းရောင်ကမရှိတော့ပေမယ့် ကြယ်ရောင်တို့ကရှိနေကြဆဲ။ နှင်းရည်စက်တို့က တဖြောက်ဖြောက်နှင့် ကျနေ၏။

အအေးဓာတ်က စိမ့်ဝင်လာ၍ တပ်ခွဲရုံးမှ ကင်းစောင့်စစ်သည်တပ်သား ခင်မြင့်က သူ၏စောင်ကြားခပ်ပါးပါးကို ဆွဲခြုံထားရသည်။ တောကြက်တွန်သံ အချို့ထွက်ပေါ်လာပြီဖြစ်၍ သန်းခေါင် ကျော်ခဲ့ပြီဖြစ်မှန်းသိရ၏။

ထိုစဉ် -

"ဂွမ်. . . ဂလွမ်. . . ဂလွမ်"

မီးဖိုဘက်က ဒန်အိုး၊ ဒန်ခွက်တွေကို ထိခိုက်မိသည့်အသံ ဖြစ်သည်။

"ချပ်. . . ချပ်. . . ချပ်"

ဖြည်းဖြည်းချင်းလမ်းလျှောက်နေသံ ဖြစ်သည်။

ရန်သူများလား။ ဒါကတော့မဖြစ်နိုင်။ တပ်ခွဲရုံး၏ပတ်လည်တွင် တပ်စု တပ်စိတ်များက ဝိုင်းရံထားပြီးသားပါ။ သို့ဆိုလျှင် စစ်သည်တစ်ဦးဦးက ထမင်းဆာသဖြင့် အိုးခွက်များကို လှန်လှောပြီး နှိုက်စားနေလေရော့သလား။ ဘာပဲဖြစ်ဖြစ်သွားကြည့်ဦးမှဟုဆိုပြီး မီးဖိုရှိရာဘက်ဆီသို့သွားကြည့်ရာ ရှည်မျောမျော သတ္တဝါတစ်ကောင်က ဟိုးတိုးဒီတိုးလုပ်နေခြင်းဖြစ်ကြောင်းသိသွားရလေတော့သည်။

သို့ဖြင့် သူက -

"ဟေ့ဟေ့ - ဒီမှာဘာကောင်ကြီးလဲမသိဘူး။ ထကြပါဦး"

ဟု အသံကုန်အော်ဟစ်လိုက်ရာ ထိုအကောင်ကြီးက -

"ဝေါင်း. . ."

အော်ဟစ်လိုက်သံနှင့်အတူ နောက်ကျွမ်းပစ်ပြီး ခုန်ထွက်သွားရာ ဝါးတစ်ပျံမက အဝေးသို့ပင်ရောက်သွား၏။

ထိုအခါ သူကလည်း -

"ကျား. . . ကျားဗျ။ ကျားကြီးတစ်ကောင်ရောက်နေတယ်ဗျို့"

ကြောက်အားလန့်အားဖြင့်အော်လိုက်ရာ တပ်ခွဲရုံးရှိစစ်သည်များသာမက အခြားသော တပ်စုတပ်စိတ်များအထိပါ ကြားသွားကြရလေတော့၏။ ထိုအခါတွင် တပ်ခွဲတစ်ခွဲလုံးရှိ စစ်သည်များမှာ အုတ်အော်သောင်းနင်းဖြင့် သေနတ်တွေကိုဆွဲပြီး အသင့်အနေအထားဖြင့် စောင့်ကြည့်နေကြရတော့သည်။

စစ်သည်များသည် ကျားဆိုသော သတ္တဝါကိုကြောက်ကြရကောင်းမှန်းသာ သိကြ၏။ မည်ကဲ့သို့ ခုခံကာကွယ်ရမည် ဆိုသည်ကိုတော့ မသိကြပါ။ ကျားတစ်ကောင်ကို လွယ်လွယ်ကူကူဖြင့် ပစ်ခတ်၍ရဖို့ဆိုသည်မှာ မလွယ်ကူလှပါ။ ကျားမှာ လျင်မြန်၏။ ဖျတ်လတ်၏။ ခုန်ပျံကျော်လွှားနိုင်၏။ ခွန်အားကလည်း ကြီး၏။



စစ်သည်များမှာတော့ ကျားတစ်ကောင်ရောက်လာပြီဆိုသောအသိကလေးရသွားသည်နှင့်ပင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားကြရတော့သည်။ သတ္တိရှိရှိဖြင့် ချိန်ရွယ်ပြီး ပစ်ခတ်ဖို့အသာထားဦး။ ယခုပင်လျှင် အကြောက်လွန်ကြီးကာ ခွေယိုင်မလိုဖြစ်နေကြရပြီ။

ဆရာမောင်ကြီးနှင့် တပ်သားဖိုးသောင်းတို့မှာ ကြောက်ဒူးတုန်ပြီး မျက်နှာများလည်း ဖြူဖပ်ဖြူရော်ဖြစ်နေကြသည်။ အကြောင်းမူ ယခုရောက်လာသောကျားမှာ မနေ့ညနေက သူတို့သွားယူခဲ့သော ချေပေါက်တစ်ကောင်၏ကိစ္စဖြစ်ကြောင်း သူတို့ကောင်းစွာရိပ်မိလိုက်ကြ၍ ဖြစ်သည်။

ထိုကျားသည် အခြားသူများကို အဓိကထားပြီး ရန်ရှာမည်မဟုတ်။ သူ့အစာအားသွားယူခဲ့မိသော သူတို့နှစ်ယောက်ကိုသာ အဓိကထားပြီး တိုက်ခိုက်လာမည်ကို သိနေရလေလေ ပို၍ပို၍ ရင်တုန်ပန်းတုန်ဖြစ်ရလေဖြစ်နေရတော့သည်။ ကြောက်လွန်းအားကြီးသဖြင့် ဒူးများပင်ညွတ်ကျမတတ်ဖြစ်နေကြရသည်။

ထို႔ ဉ် စစ်သည်များကလည်း တစ်ယော က်တစ်ပေါက်ဆိုသလို မြင်မိလိုက်ရသည်နှင့် ပစ်ခတ်ကြတော့သည်။ တပ်ခွဲမှူးဗိုလ်ကြီးချစ်ခင်ဆိုသူမှာလည်း မြို့သားဘဝကနေ စစ်ဗိုလ်ဖြစ်လာသူဖြစ်၏။ တောတောင်ထဲမှ သားကောင်တွေ၏အလေ့အထ အစွမ်းအစကိုမသိ။ သို့ဖြစ်၍ သူကလည်းဘာမှမပြောတတ်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် မထိမှန်အောင်ပစ်ဖို့ကို ပြော၏။

"ဝေါင်း. . . ဝေါင်း"

စစ်သည်များ တဒိုင်းဒိုင်းဖြင့် ပစ်ခတ်နေသော်လည်း ကျားကတော့ အဝေးတစ်နေရာဆီသို့ထွက်ပြေးမသွား။ တပ်ခွဲရုံးတစ်ဝိုက်တွင်သာ လှည့်ပတ်ပြီး ပြေးလွှားနေ၏။ သူ့အနေဖြင့် သူ့အစာကို လာယူသွားသော စစ်သည်အား [illegible]

www.burmeseclassic.com

ကျော်ဖြတ်လာရခြင်း ဖြစ်၏။ သို့ဆိုလျှင် ထိုကျားကြီးအနေဖြင့် သူ့အစာအား လာယူသွားသောသူအား မည်မျှအထိ သတ်ဖြတ်လိုသည်မှာ သိသာ၏။

"ဒိုင်း"

"ဒိုင်း"

မြင်ရသောစစ်သည်များကလည်း ဟိုမှဒီမှပစ်ခတ်ကြ၏။ သို့သော် ကျားက တော့ သေနေ့မစေ့သေး၍လားမသိ။ ယခုချိန်ထိ တစ်ချက်မျှထိပုံမပေါ်သေး။ ဟိုပြေးဒီပြေးဖြင့် တိုက်ခိုက်ရန် ကြိုးစားနေဆဲ ဖြစ်သည်။

"ဝေါင်း"

"ဖရော. . . ဖရော"

"ဝေါ. . . ဝေါ"

တပ်ခွဲရုံးပတ်လည်တွင် သူပြေးလွှားလှုပ်ရှားနေမှုများမှာ လွန်စွာမှ လျင်မြန်လွန်းလှပါသည်။ သေနတ်ဖြင့်ကောင်းစွာ ချိန်၍မရကြ။

သို့ဖြင့် နံနက် (၄) နာရီသို့ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ထိုအခါ ဆက်သွယ်ရေးတပ်သားများကလည်း ဆက်သွယ်ရေးစက်ဖွင့်၍ အထက်ဌာနများနှင့် ဆက်သွယ်မှုကိုယူကြရပြီ ဖြစ်သည်။

တပ်ခွဲအနေဖြင့် တပ်ရင်းမှူးစစ်ကြောင်းရှိရာဆီသို့ ဆက်သွယ်မှုရသောအခါ ၎င်းတို့အနေဖြင့် ကျားတစ်ကောင်၏ ရန်မူခြင်းကိုခံနေရကြောင်း တင်ပြလိုက်သောအခါ တပ်ရင်းမှူးက -

"အေး - ငါကလည်း မင်းတို့ကို ဒီနေ့မနက်မှပဲ ကြေးနန်းထွက်ပေးတော့မလို့ပါပဲ။ အခုမင်းတို့ဆီကိုရောက်လာတဲ့ ကျားက ကိုးလောင်းကျော်လို့ နာမည်ပေးထားတဲ့ကျားပါပဲ။ ငါ့ကိုလည်း မနေ့ညကမှ ဗျူဟာဆီက ကြေးနန်းဝင်လာတာ။ အချိန်မရှိတော့တာနဲ့ ဒီနေ့မနက်မှပဲ မင်းတို့ဆီကို ကြေးနန်းထွက်ဖို့ စီစဉ်ထားတာပါ။

ဒီကျားရဲ့နာမည်က ကိုးလောင်းကျော်လို့ဘာကြောင့်ခေါ်ရသလဲဆိုတော့ အဲဒီကျားက လူဆယ်ယောက်ကို ကိုက်သတ်ခဲ့ပြီးပြီ။ ကိုးယောက်က သူစားသွားပြီး ကျန်တစ်ယောက်ကတော့တော့ ကိုက်သတ်ပြီး တောထဲမှာထားခဲ့တယ်။ နောက်မှလာစားမယ်ဆိုတဲ့သဘောနေမှာပေါ့။ ဒါကို တောတက်တဲ့လူတစ်စုက တွေ့ပြီးပြန်ကယ်လာနိုင်တယ်။ အဲဒါကြောင့် ကိုးယောက်မက ဆယ်ယောက်မကျကိုက်ဖြတ်ခဲ့ဖူးလို့ ကိုးလောင်းကျော်လို့ နာမည်ပေးထားတာဖြစ်တယ်။ ဒီကျားက အစကဒီဘက်ကမဟုတ်ဘူး။



ဟိုးနယ်စပ်ဘက်မှာရှိခဲ့တာပါ။ တစ်နေ့မှာတော့ ဒေသခံတွေထောင်ထားတဲ့ သုတ်ကိုင်းကိုသွားမိတယ်။ သုတ်ကိုင်းမှာမိထားတော့ ရွာသားတွေက ဝိုင်းသတ်ကြတာပေ့ါ။ ဝိုင်းသတ်တော့ သူက ရုန်းထွက်လွတ်မြောက်လာခဲ့ရတယ်။ အဲဒီနောက်ပိုင်း စိတ်ရိုင်းတွေဝင်လာပြီး မြင်မြင်ရသမျှလူတွေကိုပါ ရန်ရှာလာတော့တာပဲ။ ဘာပဲဖြစ်ဖြစ်သတိထားပြီးပစ်ခတ်ပါ။ ကျည်ဆန်မနှမြောပါနဲ့ ရထားလား"

"ရထားပါ အဘ"

"အေးအေး-ကောင်းပြီ ဆက်လုပ်ပါ။ ဒါပဲ"

"ရထားပါ အဘ။ ၅၆၊ ၉၆ပါ။ ဒါပဲ"

သူတို့လည်း ထိုအခါကျမှသာ အဆိုပါ ကျားကြီးမှာ ကိုးလောင်းကျော်ဟု အမည်ပေးခြင်းခံထားရသော ကျားကြီးဖြစ်မှန်းသိရလေတော့သည်။လူသား၏အရသာကိုသိထားသောကျား၊ လူသားစားချင်နေသောကျားဖြစ်၍ ပိုပြီးကြောက်စရာကောင်းလှပါတော့သည်။

စစ်သည်များကလည်း မြင်ရသူက မြင်ရသလို ပစ်ခတ်နေကြသည်။ အချို့က တုံးခေါက်ဝါးခေါက်ဖြင့် မောင်းထုတ်နေကြ၏။ သို့သော် ကျားကတော့ထွက်မသွား လှည့်ပတ်ကာ ပြေးလွှားနေ၏။ အဆိုပါ ကျားကြီးသည် သူတို့တပ်ခွဲအတွက်ကတော့ တကယ့်ကို သေမင်းတမန်ကြီးအလားဖြစ်နေကြရတော့သည်။ သည်းထိတ်ရင်ဖိုဖွယ်ရာလည်းကောင်းလှပါသည်။ ဘယ်အချိန်ဘယ်အခါတွင် ဘယ်စစ်သည်ကိုတက်ဖြီးဆွဲသွားလေမလဲဟု မျက်ကလူးဆန်ပျာဖြစ်နေကြရသည်။

ကြာသောအခါ စစ်သည်များက စိတ်မရှည်တော့။ မြင်ရပြီဆိုသည်နှင့် တစ်တောင့်ချင်း ပစ်ခတ်သူရှိသလို အချို့စစ်သည်များက အတွဲလိုက်ပစ်သူလည်း ပစ်ကြ၏။ တစ်တောင့်မထိ တစ်တောင့်ထိသဘောမျိုးဖြင့်ပစ်ကြရတော့သည်။ တစ်ချိန်တွင်မူ စစ်သည်တစ်ယောက်ပစ်ခတ်လိုက်သောကျည်ဆန်တစ်တောင့်က သေသေချာချာ သွားရောက်ထိမှန်သွားသည်ထင်ရ၏။

ဝေါင်းခနဲအော်ပြီး နောက်ကျွမ်းပစ်ကာ မြေပေါ်ပြန်အကျတွင်မူ လုံးဝပကတိတိတ်ဆိတ်၍ ငြိမ်သက်သွားခဲ့ပါတော့သည်။ ကျား၏လှုပ်ရှားမှုကို ဆတ်ပြီးမကြားကြရတော့ပါ။

မိုးလင်းလာသောအခါ ထိုနေရာအား သတိဝီရိယကြီးစွာထားပြီးသွားကြည့်ကြရာ အမှန်တကယ်ပင် သေနေပြီဖြစ်ကြောင်း တွေ့ရှိကြရလေတော့သည်။ ထိုအခါကျမှ စစ်သည်များတလည်း အသက်ကိုဖက်နှင့်ထုပ်ထားရသည့် ဘဝကလွန်မြောက်ရပြီဖြစ်၍ စိတ်အေးကြရတော့သည်။

စစ်သည်များကတော့ ကျား၏အစာဖြစ်သော ချေပေါက်တစ်ကောင်ကိုစားခဲ့ကြရသည့်အပြင် ယခုကျားသားကိုထပ်ပြီးစားရတော့မည်ဖြစ်၍ အလင်းဝင်စစ်သည် တပ်သား ဖိုးသောင်းကိုကျေးဇူးတင်နေကြ၏။တပ်သားဖိုးသောင်းမှာတော့ တစ်ညလုံး အကြောက်လွန်ပြီး သေနတ်တစ်ချက်မှမဖောက်ဖြစ်ခဲ့ပါ။

ထိုနည်းတူ တစ်ရွာဝင်တစ်ရွာထွက်ဖြင့် သွားလာလှုပ်ရှားနေရလေရာ အချို့သောရွာသားများက တပ်သားဖိုးသောင်းကို ကျေးဇူးတင်နေကြသည်။ သူတို့အနေဖြင့် ကျွဲပါလိုက်နွားပါလိုက်ဖြစ်ခဲ့ကြရ၍ ဖြစ်သည်။

အမှန်စင်စစ် ကျားကိုပစ်သတ်လိုက်သောသူမှာ တပ်သားဖိုးသောင်းမဟုတ်ပါ။ သို့ပါသော်လည်း ကျား၏အစာကို တပ်သားဖိုးသောင်းသွားယူမိရာက ကျားသည် သူတို့ဆီလိုက်လာရ၏။ လိုက်လာပြီးသောအခါ စစ်သည်များ ဝိုင်းပစ်၍ သေသွားရ၏။ ထိုသို့သေသွားရခြင်း၏အကြောင်းရင်းဇစ်မြစ်မှာ တပ်သားဖိုးသောင်းကြောင့်ဖြစ်သည်ဟုဆိုကာ တပ်သားဖိုးသောင်းအား ကျေးဇူးတင်မဆုံးဖြစ်နေခဲ့ကြရပါ တော့သတည်း။


ရွှင်လန်းချမ်းမြေ

www.burmeseclassic.com


၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




(၁-၁-၂၀၁၇) နေ့ သာယနဇာတာ




(၁၁-၁-၂၀၁၇) နေ့ သာယနဇာတာ




(၂၁-၁-၂၀၁၇) နေ့ သာယနဇာတာ

ပထမဆယ်ရက်ကာလတွင် ရွှေဈေးအတက်အကျပြောင်းဆန်နေမည်။ ငွေကြေးဈေးကွက်ပြုတ်ကျလိုက်ထောင်တက်လိုက်ရှိနေမည်။ ကျောက်မျက်ဈေးကွက် အတက်အကျမငြိမ်မသက်ဖြစ်နေမည်။ အစုရှယ်ယာစတော့ဈေးကွက်ကျရိပ်များသော်လည်း တက်ဈေးမိတတ်မည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ စာနယ်ဇင်း၊ မီဒီယာဆိုင်ရာ ဈေးကွက်မငြိမ်သော်လည်း အမြင့်ဈေးရှိသည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးလုပ်ငန်း၊ သယ်ယူပို့ဆောင်၊ ယာဉ်ရောင်းဝယ်ရေးဆိုင်ရာတို့ ကျရိပ်ရှိသော်လည်း တက်ရိပ်ကြီးတတ်မည်။ သတ္တုနှင့်ဆက်စပ်ပစ္စည်းများဈေးကွက်ကမောက်ကမဖြစ်နေပါမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ ပုံမှန်မဟုတ် မှန်းဆရခက်နေမည်။ အိမ်ခြံမြေဈေးကွက်ကျရိပ်များသော်လည်း အမြင့်ဈေးရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်း ဖောက်ပြန်သော်လည်း ဈေးကောင်းမိမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းကပြောင်းကပြန်ရှိနေမည်။ ရေလုပ်ငန်းဆိုင်ရာ ထိုးတက်ထိုးကျတတ်မည်။ စိုက်ပျိုး၊ မွေးမြူရေး ပုံမှန်မဟုတ်သော်လည်း တက်ဈေးတွေ့တတ်မည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်ကပြောင်းကပြန်ဖြစ်နေမည်။ ငွေကြေးဈေးကွက်ကျရိပ်များသော်လည်း အမြင့်ဈေးခုန်တက်တတ်မည်။ ကျောက်မျက်ဈေးကွက်ငြိမ်သော်လည်း ဦးမော့နိုင်သည်။ စတော့ရှယ်ယာဈေးကွက်တောင်တက်တတ်မည်။သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း သတ္တုနှင့်ဆက်စပ်ပစ္စည်း ကျရိပ်တက်ရိပ်ရှုပ်ထွေးနေမည်။ အီလက်ထရွန်နစ်၊ လျှပ်စစ်၊ ရေဒီယိုဆိုင်ရာပစ္စည်းများ ဈေးကွက်ကမောက်ကမဖြစ်တတ်မည်။ ကုန်မာပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးမငြိမ်မသက်ဖြစ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးလုပ်ငန်း၊ အနုပညာဆိုင်ရာ၊ ယာဉ်စက်ဆိုင်ရာဈေးကွက်များ တည်ငြိမ်ရှိသော်လည်း အမြင့်ဈေးရှိသည်။ ဖုန်းနှင့်ဆက်သွယ်ရေး၊ စာနယ်ဇင်းနှင့် မီဒီယာလောကဆိုင်ရာဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက်ကျရိပ်ရှိသော်လည်းတက်ရိပ်ရှိမည်။ စိုက်ပျိုးမွေးမြူဆိုင်ရာဈေးကောင်းသော်လည်း သိပ်စိတ်မချရ။ အိမ်ခြံမြေဈေးကွက် ပုံမှန်မဟုတ် ခန့်မှန်းရခက်မည်။ ဆောက်လုပ်ရေးလုပ်ငန်းအခြေအနေမကောင်းသော်လည်း တက်ရိပ်တွေ့ရတတ်မည်။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ငွေကြေးဈေးကွက်အတက်အကျနှေးကွေးနေမည်။ ကျောက်မျက်ဈေးကွက်ငြိမ်သော်လည်း အမြင့်ဈေးမျှော်နိုင်သည်။စတော့ရှယ်ယာဈေးကွက်ပုံမှန်မဟုတ် မှန်းဆရခက်နေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာပစ္စည်းဈေးကွက်ကပြောင်းကပြန်ဖြစ်နေမည်။ သံနှင့်ဆက်စပ်ပစ္စည်း၊ စက်နှင့်ဆက်စပ်ပစ္စည်း၊ သတ္တုနှင့်ဆက်စပ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများ ဈေးကွက်ဖောက်လွဲဖောက်ပြန် ခန့်မှန်းရခက်နေမည်။ ဖက်ရှင်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ ယာဉ်စက်ဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဈေးကွက်ငြိမ်သက်သော်လည်း တက်ဈေးမိတတ်မည်။ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ စာနယ်ဇင်းနှင့် မီဒီယာဆိုင်ရာဈေးကွက်မတည်မငြိမ်ဖြစ်မည်။ အိမ်ခြံမြေဈေးကွက် အတက်အကျမြန်ဆန်မည်။ ဆောက်လုပ်ရေးလုပ်ငန်းတည်ငြိမ်သော်လည်းရုတ်တရက်တက်ဈေးရှိသည်။ ရေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဈေးကွက်မှန်းဆရမလွယ်ဖြစ်နေမည်။

မင်းရှိန်အောင်

www.burmeseclassic.com

မဲကုန်းကျေးရွာသို့ သွားစရာရှိ၍ ဆိုင်ကယ်လေးကိုဆွဲထုတ်ပြီး အိမ်ဝင်းထဲမှ ကျွန်တော်စီးထွက်လိုက်သည်။

ကျွန်တော်အိမ်သည် စစ်ကိုင်း - ရွှေဘိုကားလမ်းကြီး၏ အရှေ့ဘက်တွင်ရှိ၏။ မျက်နှာချင်းဆိုင် ကားလမ်းအနောက်ဘက်က ရဲစခန်းဖြစ်သည်။

တောင်တည့်တည့် ရဲစခန်းရှေ့ကို ဖြတ်လာသည်။ ကျွန်တော်နောက်မှ ကုန်တင်ကားကြီးတစ်စီးက ဟွန်းတီးလျက် ကျွန်တော့်ကိုကျော်သည်။

ကျွန်တော်က ကားလမ်းဘေးမြေမှ ဖြည်းဖြည်းမှန်မှန်စီးလာပါသည်။ ရှေ့မှာ တစ်ဆစ်ချိုးအကွေ့လေးရှိသည်။ ထိုတစ်ဆစ်ချိုးအကွေ့လေးကို ကုန်တင်ကားကြီးကွေ့ပြီးချိန် ကားကြီးသည် အရှိန်လျှော့ ဘရိတ်ပြင်းပြင်းနင်းလျက် လမ်းဘေးမှာထိုးရပ်သွား၏။ ကားကြီးပေါ်မှ ယာဉ်မောင်းက ကားတံခါးကို ဖွင့်ပြီးဆင်းလာပါ၏။

ယာဉ်မောင်းကြီး၏မျက်နှာတစ်ခုလုံး ချွေးများဖြင့်ရွှဲနစ်လျက် စိုးရိမ်ဖွယ်မှုကြီးနေပုံမျိုးရှိ၏။ ကိုယ်မှဝတ်ထားသော စွပ်ကျယ်အင်္ကျီအောက်ပိုင်းကိုဆွဲယူပြီး မျက်နှာကိုသုတ်နေသည်။

ကားကြီးက လမ်းအနောက်ဘက်ခြမ်းရပ်ထားသည်။

ကားကြီးနောက်မှ စပယ်ယာလေး ခုန်ဆင်းပြီး ယာဉ်မောင်းကြီးရှိရာ လျှောက်လာခဲ့၏။

"ဆရာ၊ ကားကဘာဖြစ်လို့လဲ"

ဟု မေး၏။

ယာဉ်မောင်းကြီးက စပယ်ယာလေးအမေးကို ပြန်မဖြေပါ။ ကမ်းဟိုဘက်သည်ဘက်မှ ရွာသူရွာသားလေး၊ ငါးယောက်ရှိပါ၏။ နှမ်းရိတ်ထွက်လာသူများ ဖြစ်၏။ အချိန်တန် နံနက်ခင်း (၆) နာရီမထိုးမီလေး ဖြစ်သည်။

ကျွန်တော် ဆိုင်ကယ်လေးကို စက်ရှိန်လျှော့ရပ်လိုက်ပါသည်။ ကားကြီး မည်သို့ဖြစ်သည်ကိုသိလို၏။ အကူအညီလိုအပ်ပါကပေးနိုင်ရန် စိတ်ကူးထားပါသည်။

"ကိုရင်လေးဗျာ ကိုရင်လေး ကားရှေ့ကဖြတ်ပြေးလို့ ထိန်းရင်းဆွဲချလိုက်ရတာဗျာ၊ ကိုရင်လေးဘာဖြစ်သွားသေးတုံး။ ကိုရင်လေးဘယ်ရောက်သွားပြီတုံး။ ကားကြီးနဲ့မတိုက်မိပါဘူးဗျနော်။ ကားလမ်းအရှေ့ဘက်ကနေ အနောက်ဘက်ဖြတ်ပြေးသဗျာ။ တိုက်ပြီးလွင့်စဉ်သွားသလိုလည်းမြင်လိုက်ရလို့ပါ"

ဟု ကျွန်တော်နှင့်ရွာသူရွာသားများကို ယာဉ်မှူးကြီးကမေးပြီး ယာဉ်မှူးကြီး လမ်းဘေးနေရာများကို စိုးရိမ်ကြီးစွာကြည့်နေရှာနေပုံမျိုး ဖြစ်သည်။

ရွာသူရွာသားများက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ၏။ အံ့သြထိတ်လန့်သွားသလိုမျိုးဖြစ်ပါ၏။

ကျွန်တော်သည်ပင် ယာဉ်မှူးကြီး၏အမေးစကားကြောင့် ကြက်သီးမွေးညင်းများထသွားသည်။

"ဟုတ်တယ်၊ ကိုရင်လေးဖြတ်ပြေးတာ ကားပေါ်ကမြင်လိုက်ရတယ်။ တိုက်မိ မတိုက်မိတော့မသိလိုက်ရဘူး။ ကားက ရုတ်တရက် ဆွဲချပြီးရပ်လိုက်တော့ လွင့်စဉ်မကျအောင် သံကိုင်းဆွဲထားရလို့။ အခုကိုရင်လေးဘာဖြစ်သွားသေးတုံး။ ကိုရင်လေးကဘယ်မှာတုံး"

ဟု စပယ်ယာလေးက မေးပြန်ပါသည်။

တစ်ဆစ်ချိုးအကွေ့ကလေး၏ တောင်ဘက်မလှမ်းမကမ်းမှာ ရွှေလုံးတော်ဘုရားနှင့် ဆန်စက်ကြီးများရှိသည်။ ကားလမ်းအရှေ့ဘက်မှာတော့ ကျီးကန်မြောက်ရွာရှိ၏။

ကျီးကန်မြောက်ရွာသား နှမ်းရိတ်ထွက်လာသူများထဲမှတစ်ဦးက ယာဉ်မှူးကြီးနှင့် စပယ်ယာလေးအမေးကို ဖြေပါသည်။

"ကျုပ်တို့ကတော့ ကားကြီးဆွဲချထိုးရပ်သွားတာပဲ တွေ့လိုက်ရတယ်။ ကိုရင်လေးကိုတော့ မမြင်ပါဘူး။ ကိုရင်လေးလည်း ဒီနေရာမှာမရှိပါဘူးဗျာ။ ခင်ဗျားတို့အမြင်မှားတာဖြစ်မှာပါ။ ကားခဏနားပြီး ဆက်ထွက်ပေတော့"

ဟု ဖြစ်၏။

ရွာသူရွာသားများ နှမ်းခင်းများရှိရာဆီဆင်းသွားကြသကဲ့သို့ ကျွန်တော်လည်း ဆိုင်ကယ်လေးကိုစက်နှိုးပြီးထွက်လိုက်ပါသည်။

ဝ (လူထော) ကိုဇော်ဝင်း

# ကားရှေ့က ဖြတ်ဖြတ်ပြေးနေသော ကိုရင်လေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မှူးကြီးနှင့် စပယ်ယာလေး အံ့အားအသင့်ကြီးသင့်လျက် ရပ်နေခဲ့ပါသည်။

ကျီးကန်မြောက်ရွာမှ ကားလမ်းအနောက်ဘက် ကျီးကန်တောင်ရွာကို လွန်လာ၏။ မိုင်ဝက်မျှဆက်စီးရမည်။ ကားလမ်းအနောက်ဘက် (၁)မိုင်အကွာမှာ မဲကုန်းရွာရှိသည်။

မြေသားကျောက်ချောလမ်းလေး ဖြစ်ပါ၏။

ကျွန်တော် ဆိုင်ကယ်လေးဖြည်းဖြည်းမှန်မှန်စီးလာရာ မဲကုန်းရွာမြေသားကျောက်ချောလမ်းကို မဝင်ရသေးခင် စောစောက ကုန်တင်ကားကြီးသည် ဟွန်းနှစ်ချက်တီးလျက် ကျော်ပါသည်။ ကားစပယ်ယာလေးက ကျွန်တော့်ကို ကားပေါ်မှပင် လက်ပြနှုတ်ဆက်သွားပါသေးသည်။

မဲကုန်းရွာအဝင်လမ်း အရှေ့ဘက်ရွာဦးမှာ ကျွန်တော့်မိတ်ဆွေအိမ်ရှိသည်။ မိတ်ဆွေက အိမ်ရှေ့မှာ အသင့်ရှိနေသည်။ နံနက်စောစော မထင်မှတ်ဘဲ ကျွန်တော်ရောက်လာသည့်အတွက် အံ့ဩနေပါ၏။

ကျွန်တော်လာရင်းကိစ္စမပြောနိုင်သေး၊ မပြောဖြစ်သေး။ ဆိုင်ကယ်ပေါ်မှဆင်းပြီး အိမ်ရှေ့ရေအိုးစင်မှာ ရှေ့ဆင့်နောက်ဆင့် ရေနှစ်ခွက်တစ်ခွက်ပြီးတစ်



www.burmeseclassic.com

www.burmeseclassic.com

ခွက်ခပ်သောက်လို့နေသည်။

ကျွန်တော် ကြက်သီးမွေးညင်းထနေခြင်းက ကောင်းစွာမပြေသေး။ စိတ်များကမငြိမ်သေး။ လှုပ်လှုပ်ခတ်ခတ်ဖြစ်နေဆဲ။

ကုန်တင်ကားကြီးရှေ့ကဖြတ်ပြေးသွားသည်ဆိုသော ကိုရင်ကလေး။ ကုန်တင်ကားကြီးနှင့်တိုက်မိမလို့ဖြစ်ပြီး လမ်းဘေးထိုးရပ်လိုက်ရသောအဖြစ်။

ယာဉ်မောင်းကြီး အမြင်မှားခြင်းမဟုတ်။

ကိုရင်လေးက ကုန်တင်ကားကြီးရှေ့မှဖြတ်ပြေးသည်မှာ အမှန်ပင်ဖြစ်ပါ၏။

ကျီးကန်မြောက်ရွာရွာသားတစ်ဦးက -

"ကိုရင်လေးကိုတော့မမြင်ပါဘူး၊ ကိုရင်လေး ဒီနေရာမှာမရှိပါဘူး"

ဟု ပြောခြင်းသည်လည်း မမှားပါ။

ကျွန်တော် ဆိုင်ကယ်ပေါ်မှ ကုန်တင်ကားကြီး လမ်းဘေးဆွဲချသွားသည်ကိုသာ တွေ့ရပါ၏။

ကုန်တင်ကားကြီးရှေ့ အရှေ့ဘက်မှ အနောက်ဘက်သို့ ကိုရင်လေးဖြတ်ပြေးသွားသည်ကိုလည်း မမြင်ရမတွေ့ရပါ။

သို့တစေ ဖြစ်စဉ်လေးက မကြာခဏဖြစ်နေသည်။ နံနက်စောစော ဝက်လက်မြို့မှထွက်လာသောဈေးကားများရှေ့က ကိုရင်လေးဖြတ်ပြေးသောအဖြစ်။ ရွှေဘိုကားများ၊ မန္တလေးကားများ၊ မုံရွာကားများရှေ့ကလည်း ဖြတ်ပြေးနေ၏။ ယာဉ်မောင်းတော်တော်များတွေ့ရ၏။ ပြောခဲ့ကြသည်။

ကိုရင်လေးကို ကျွန်တော်သိသည်။ အဖြစ်အပျက်ကို ကျွန်တော်သိသည်။ မကြာသေး၊ ရက်ပိုင်းမှလပိုင်းမျှသာကြာသေး၏။

❑

လူစီးသီးသန့်မှန်လုံကားနှင့်လိုက်ပါလာသည်။

နံနက် (၉း၃၀) အထွက်ကားဖြစ်သည်။ ဆိုင်အတွက် မန္တလေးမှာကုန်ဝယ်ရမည်။ ကျွန်တော့်အတွက်ရသောခုံနံပါတ်က (၃) ဖြစ်ပါ၏။ ယာဉ်မောင်းနောက်တည့်တည့်မှာရှိသောနေရာဖြစ်ပါသည်။ တစ်လလျှင် အနည်းဆုံး သုံးခေါက်၊လေးခေါက်သွားနေကျဖြစ်သဖြင့် ယာဉ်မောင်း၊ယာဉ်လိုက်တော်တော်များများနှင့် မျက်မှန်းတန်းမိလို့နေပါ၏။ တချို့နှင့် ရင်းနှီးခင်မင်ပါသည်။

ယခုကားမောင်းသူနှင့်က မရင်းနှီးပါ။ မျက်မှန်းတန်းမိရုံမျှသာဖြစ်ပါသည်။ ကျွန်တော်သည် ယာဉ်လိုင်းတစ်လိုင်းတည်းကိုသာ ရွေးပြီးသွားနေပါသဲ့သည်။ စီးနင်းနေကျဖြစ်သည်ဟု ဆိုရပါချိမ့်မည်။

ကျွန်တော့်ဘေး ခုံနံပါတ်(၄)မှ လိုက်ပါလာသူက အမျိုးသမီးဖြစ်ပြီး အိပ်ငိုက်နေသည်။

လက်ထဲမှာ စာအုပ်တစ်အုပ်ပါလာငြား ဖတ်ချင်စိတ်မရှိပါသဖြင့် ကွမ်းဘူးကိုဖွင့်လျက် ကွမ်းတစ်ယာထုတ်ဝါးသည်။

ရှေ့အပေါက်မှစပယ်ယာလေးက အလိုက်သိစွာ ကျွတ်ကျွတ်အိတ်သေးသေးတစ်လုံးလှမ်းပေးသဖြင့်ယူလိုက်ရသည်။

ခရီးသွားချိန် ကွမ်းဝါးရသည်မှာ အခက်အခဲများရှိ၏။ ယခု ခုံနံပါတ်(၃)မှ လိုက်ခဲ့ရသောကျွန်တော့်အတွက် ကွမ်းထွေးရန် ပို၍ခက်ခဲပါသည်။

ကွမ်းဝယ်ကွမ်းထုပ်ရခြင်းအတွက် အချိန်ပေးရသည်။ ကွမ်းထွေးရန် နေရာရှာရသည်။ အထူးသဖြင့် ကွမ်းစားခြင်းသည် ပါးစပ်များညစ်ပတ်သည်။ သွားများ အညိုအမည်းစွဲပြီး မလှမပဖြစ်သည်။ မကြာခဏ အင်္ကျီများကွမ်းသွေးစွန်းပေပါသောကြောင့် အိမ်သူနှင့်စကားများရသည်။

ကွမ်းစားခြင်းကိုဖြတ်ချင်ပါသည်၊ ဖြတ်မရ။ အထူးသဖြင့် ထမင်းစားပြီးချိန်၊ လက်ဖက်ရည်သောက်ပြီးချိန်၊ အလုပ်မှအနားယူချိန် ကွမ်းစားချင်သည်။

ကျွတ်ကျွတ်အိတ်လာပေးပါသော စပယ်ယာလေးကို ကျေးဇူးတင်စွာကြည့်နေမိသည်။

လူစီးသီးသန့်ကားက မှန်မှန်ပြေးနေသည်။ လှတော်မှတစ်ဆစ်ချိုးအကွေ့လေးကိုကျော်လာ၏။ ကျီးကန်မြောက်ရွာ ဆန်စက်များရှေ့ကိုဝင်လာပြီ။

ကျွန်တော်သည် ကွမ်းဝါးရင်း မျက်လုံးအစုံကိုမှိတ်လျက် ဝယ်ရမည့်ပစ္စည်းစာရင်းကို စိတ်တွက်တွက်နေသည်။

မကြာပါ။ ကျွန်တော့်ရှေ့ယာဉ်မောင်းထံမှစကားကြောင့် ကျွန်တော်မျက်စိများဖွင့်လိုက်ရသည်။ ကျွန်တော်အံ့ဩသွားပါသည်။

ယာဉ်မောင်းက ကျွန်တော်အပါအဝင် ရှေ့ပိုင်းမှလာပါသောခရီးသည်များအားလုံးကိုပြောခြင်း ဖြစ်သည်။

"မနက်ပိုင်း ရွှေဘိုကကားထွက်ရလို့ဖြစ်ဖြစ် ညနေပိုင်း မန္တလေးက နောက်ဆုံးကားထွက်ခဲ့ပြီး ဝင်ချိန်ဖြစ်ဖြစ် စောစောပိုင်းကဖြတ်ခဲ့တဲ့ တစ်ဆစ်ချိုးအကွေ့လေးကိုမရောက်ခင် ယောက်ျားမိန်းမ ခရီးသည်ဆယ့်လေးငါးယောက်က ကားကိုတားတယ်။ အနီးကိုရောက်လို့ ကားရပ်ပေးဖို့လုပ်တဲ့အခါ အဲသည့်ကားတားတဲ့ခရီးသည်တွေက ပျောက်ခြင်းမလှပျောက်ကုန်တယ်။ အနီးအပါးမှာလည်းမရှိဘူး၊ မတွေ့ရဘူး။ အဲသည့်အဖြစ်က စစ်ကိုင်း-ရွှေဘိုလမ်းသွားတဲ့ကားသမားတိုင်းကြုံခဲ့ကြရတာ။ အဲတာထက်ပိုဆိုးတာက ကိုရင်လေးတစ်ပါးများ ပလတ်စတစ်ခြင်းကလေးဆွဲပြီး ကားရှေ့ကဖြတ်ပြီးပြေးတယ်။ လမ်းဘေးဆွဲချပြီး မတိုက်မိအောင်ထိန်းပေးကြတယ်။ ဒါပေမယ့် ကားရပ်ပြီး ကိုရင်လေးဘာဖြစ်သွားသေးသလဲ၊ တိုက်မိသွားသလားလို့ကြည့်တော့လည်း ကားရှေ့မှာရော လမ်းပေါ်မှာပါ ကိုရင်လေးကမရှိတော့ဘူး။ ငှက်ပျောဖက်တွေတင်လာတဲ့ကုန်တင်ဒိုင်နာကားက တစ်ဆစ်ချိုးကွေ့တံတားဘေးကိုဝင်တိုက်မိတယ်။ ယာဉ်မောင်းနေရာက ကြည့်မကောင်းအောင်ချိုင့်ဝင်ပျက်စီးသွားတယ်။ ယာဉ်မောင်းကို ခက်ခက်ခဲခဲဆွဲထုတ်ရတယ်။ ညာဘက်လက်လည်းကျိုးသွားတယ်။ ယာဉ်မောင်း ဒီလောက်ဖြစ်နေတဲ့ကြားက ကိုရင်လေးကိုမတိုက်မိဘူးမဟုတ်လား။ ကိုရင်လေးဖြတ်ပြေးလို့ ရှောင်လိုက်တဲ့အတွက် ဒီလိုဖြစ်သွားရတာပါလို့ပြောပါတယ်။ ကိုယ်တိုင်လည်း ညနေပိုင်းမှာတစ်ခါကြုံဖူးပါရဲ့ဗျာ"

ယာဉ်မောင်းက ရှည်လျားစွာပြောပြီး အဆုံးသတ်သွားခဲ့ပါ၏။

ယာဉ်မောင်းစကားကြားကြရပြီး ခရီးသည်များ စိတ်ဝင်စားကြပါ၏။ ဂရုစိုက်ပြီးနားထောင်ကြတာကိုလည်း မြင်ရပါ၏။ ကျွန်တော် စကားအနည်းငယ်ပြောရန်ပြင်မိပါ၏။

သို့သော် ကျွန်တော်မပြောဖြစ်ပါ။ ကျွန်တော့်ရင်သည်ခုန်နေ၏။ စိတ်မသက်မသာလည်းဖြစ်နေပါသည်။

ပြောလျှင်လည်း နည်းနည်းဖြင့်မရ၊ များများပြောရမည်။ ကျွန်တော်သိသမျှကြားရသမျှပြောရမည်။

ယုံချင်မှယုံကြမည်။ ယုံချင်သူလည်း ယုံချင်ယုံပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မပြောဖြစ်တော့။

ကွမ်းဘူးထဲမှ နောက်ထပ်ကွမ်း တစ်ယာကိုယူပြီး ကျွန်တော်ဝါးသည်။ ကျွန်တော်မျက်ဝန်းအစုံကိုလည်း ပိတ်လိုက်ပါသည်။

ကျွန်တော့်ဘေး ခုံနံပါတ် (၄) မှ အမျိုးသမီးလည်း ယာဉ်မောင်းကြီး စကားကြောင့် အံ့သြထိတ်လန့်စွာ၊ စိတ်ဝင်စားစွာကြည့်နေပြီး နောက်ပြန်လည် အိပ်ငိုက်လို့သွားပြန်ပါသည်။

ကားကြီးက ဖြည်းဖြည်းမှန်မှန် ပြေးနေဆဲ။ ရွာသာကြီးလမ်းဆုံကိုဖြတ်တော့မည်။

❑

ညနေပိုင်းဆိုင်ပိတ်ပြီး အိမ်ရှေ့မှာ ထန်းပလပ်ကုလားထိုင်တစ်လုံးဖြင့် ကျွန်တော် သတင်းစာတစ်စောင်ဖတ်နေမိ၏။

အိမ်ဝိုင်းထဲကို တူညီဝတ်စုံဖြင့် မိန်းကလေးငယ်ငယ်သုံး၊ လေးယောက် ငွေဖလားကိုယ်စီဖြင့်ဝင်လာကြသည်။

လူမှုကူညီရေးအသင်းမှဖြစ်ပါ၏။

တစ်လတစ်ခါ အသင်းအတွက် ရန်ပုံငွေအလှူခံ၏။ လစဉ် ကျွန်တော် လှူပါသည်။

ယခုလအတွက် ကျွန်တော်ထည့်ဝင်ပြီးဖြစ်၏။ အလှူခံပြီးသည်ကလည်း ရက်ပိုင်းမျှသာရှိသေး၏။

ကျွန်တော် အံ့သြစွာကြည့်နေပါသည်။

မိန်းကလေးငယ်ငယ်ကလေးများ ယဉ်ကျေးစွာ ကျွန်တော့်ရှေ့မှာလာရပ်ပါသည်။

ခေါင်းဆောင်မိန်းကလေး၏စကားကြောင့် ကျွန်တော် အံ့သြသမှုပျောက်သွားပြီး ကျွန်တော့်ရင်တစ်ခုလုံး ကြည်ကြည်နူးနူးဖြစ်သွားခဲ့ရပါ၏။

"ဦးရေ၊ အခုတစ်လော တစ်ဆစ်ချိုးအကွေ့လေးမှာ ထိခိုက်မိတာတွေ များနေတယ်။ ဦးလည်းကြားပြီးသိပြီး ဖြစ်ပါတယ်။ အဲတာ ဆရာတော်အပါး (၂၀) ပင့်ပြီးတော့ အန္တရာယ်ကင်းပရိတ် တစ်ဆစ်ချိုးအကွေ့လေးမှာရွတ်ချင်လို့ ဆရာတော်တွေအတွက်လှူဖို့ရယ်၊ ပရိတ်နာလာကြမယ့်သူတွေအတွက် လက်ဖက်ရည်တိုက်ချင်လို့ရယ်၊ အသံချဲ့စက်စရိတ်ရယ် အလှူခံပါတယ်။ နောက်နေ့ ညနေ (၄)နာရီခွဲမှာလုပ်မှာပါ။ ဦးရေအန်တီပါ ကြွခဲ့ကြပါဦးနော်"

ဟု ဖြစ်ပါ၏။

ကျွန်တော် ဖတ်လက်စ သတင်းစာကိုချပြီး အိတ်ထောင်ထဲမှ ငွေစက္ကူနှစ်ရွက်ထုတ်လှူလိုက်ပါသည်။

ကျွန်တော့်အိမ်သူလည်း မီးဖိုဆောင်မှထွက်လာပါ၏။ အလှူခံခေါင်းဆောင်မိန်းကလေးနှင့် ကျွန်တော့်အိမ်သူက တရင်းတနှီးခင်မင်ကြသူများဖြစ်ပါ၏။

စကားအနည်းငယ်ပြောဆိုကြလျက် အလှူခံအဖွဲ့က နှုတ်ဆက်ပြီး ဆက်လက် ထွက်သွားကြပါသည်။

တစ်အိမ်တက်တစ်အိမ်ဆင်းအလှူခံကြဦးမည်။

လတ်တလော ကားရှေ့မှဖြတ်ဖြတ်ပြေးနေသော ကိုရင်လေးသတင်းသည် ဈေးထဲမှာ၊ လက်ဖက်ရည်ဆိုင်များမှာ လမ်းဆုံလမ်းမ ကားဂိတ်များမှာ ရပ်ရွာများအတွင်းမှာ မွှေးနေသည်။

သတင်းစာကို ဆက်မဖတ်ဖြစ်တော့ပါ။

ကျွန်တော့်အကြည့်က အိမ်ရှေ့လမ်းမကိုရောက်သည်။ မျက်နှာချင်းဆိုင်ကားလမ်းအနောက်ဘက်က ရဲစခန်းကို ရောက်သည်။

ရဲစခန်းအဝင်ပေါက်မြောက်ဘက် ကားလမ်းအနောက်ဘက်မှာ သစ်လုံးတင်သစ်ကားကြီးတစ်စီးရပ်ထားသည်။

သစ်လုံးတင်ကားကြီးနှင့် စစ်ကိုင်းရွှေဘိုကားလမ်းမခြားလျက် အရှေ့ဘက်မှာ လူစီးသီးသန့်မှန်လုံကားကြီးတစ်စီးလုံး မိုးကာအုပ်လျက်ရပ်ထားသည်။

လူစီးသီးသန့် မှန်လုံကားကြီးက ရွှေဘို - မန္တလေး အချိန်မှန်နေ့စဉ်ပြေးဆွဲနေပါသောယာဉ်လိုင်းကြီးတစ်ခုမှဖြစ်ပါ၏။

အဆိုပါမှန်လုံကားကြီးဘယ်ဘက်ခြမ်း ရှေ့ပိုင်းတစ်ခုလုံး ပျက်စီးကြေမွနေသည်။



တစ်ဆစ်ချိုးအကွေ့ကလေးမှာ မန္တလေးမှထွက်လာသောခရီးသည်များ တင်ဆောင်လာသည့် လူစီးသီးသန့်မှန်လုံကားကြီးနှင့် ရွှေဘိုဘက်မှထွက်လာသော သစ်လုံးတင်ကားကြီးတို့ လှတော တစ်ဆစ်ချိုးအကွေ့လေးမှာ အရှိန်ပြင်းစွာ တိုက်မိကြ[illegible]

လူစီးသီးသန့်မှန်လုံကားကြီးနှင့် ခရီးသည်များအထိနာ[illegible]သည်။ ရှေ့ဆုံးခုံများမှ နေတော်ဆုံးခုံများအ[illegible]ပ်သွားသည်။

ခရီးသည်များကို ဆွဲထုတ်ကြရသည်။

ရှေ့ပိုင်းတစ်ခုလုံး ကြေမွသည်။ ရှေ့ပိုင်းစပယ်ယာရပ်နေသောနေရာမှ တစ်ပိုင်းလုံးတိုက်မိခဲ့ပါ၏။

စပယ်ယာလေး ကံကောင်းသွားခြင်းက လှတောလမ်းဆုံမှာ ဆင်းကြမည့်ခရီးသည်များမှပါသော ကုန်ပစ္စည်းအထုပ်များကို နောက်ပိုင်းလာပြီးရွှေ့ထုတ်ယူနေသောကြောင့်ဖြစ်ပါ၏။

ခရီးသည် ယောကျ်ား၊ မိန်းမ (၁၆) ဦး ပြင်းထန်စွာဒဏ်ရာရသည်။

ရှေ့အဝင်ပေါက်အနီး ပလတ်စတစ်ခုံဝိုင်းလေးပေါ် ထိုင်လျက်လိုက်ပါလာသောကိုရင်လေးဒဏ်ရာက ပိုကြီးသည်။

လူမှုကူညီရေးအသင်းပိုင် လူနာတင်ကားများဖြင့် အချိန်မီ မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ လူနာများပို့ပေးခဲ့ကြသည်။

ဆေးရုံကြီးမှာ ကိုရင်လေး ပျံလွန်တော်မူ၏။

ထိုကိုရင်လေး လှတောတစ်ဆစ်ချိုးအကွေ့ ရွှေဘိုစစ်ကိုင်းကားလမ်းမပေါ် နံနက်ခင်းများ၊ ညနေခင်းများတွင် ကားအရှေ့မှဖြတ်ဖြတ်ပြေးနေသည်ကို ယာဉ်မောင်း၊ ယာဉ်လိုက်များ၊ ခရီးသွားများက မြင်တွေ့ခဲ့ကြသည်။

နောက်နေ့ညနေ အန္တရာယ်ကင်းပရိတ်နာရန် ကျွန်တော်နှင့်အိမ်သူတို့ တစ်ဆစ်ချိုးအကွေ့ကလေးကိုသွားကြပါမည်။ တရားနာကြပါမည်။ အမျှအတန်းပေးဝေကြဦးမည်။ မကျွတ်မလွတ်ကြသူများ ကျွတ်လွတ်ကြလျက် ကောင်းမြတ်သောခရီးကိုဆက်နိုင်ကြပါစေသတည်း။

ထို့အတူ -

ကိုရင်လေးသည်လည်း . . .

မေတ္တာရည်[illegible]တ်

ကိုဇော်ဝင်း (လှတော)

www.burmeseclassic.com



# ရဲဘော်သုံးကျိပ်

| | | | | |
|---|---|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | (ဗိုလ်တေဇ) | (၁၉၁၅-၁၉၄၇) | နတ်မောက်မြို့ |
| ၂။ | ဗိုလ်ထွန်းအုပ် | | (၁၉၀၇-၁၉၇၀) | သဲကုန်း |
| ၃။ | ဗိုလ်ချုပ်နေဝင်း | (သခင်ရှုမောင်) | (၁၉၁၀-၂၀၀၂) | ပေါင်းတလည် |
| ၄။ | ဗိုလ်မှူးအောင် | (သခင်စံလှိုင်) | (၁၉၁၀-၂၀၀၄) | ကျောက်တံခါး |
| ၅။ | ဗိုလ်ကြီးတောက်ထိန် | (သခင်စံမြ) | (၁၉၁၀-၁၉၉၆) | ပျဉ်းမနားမြို့ |
| ၆။ | ဗိုလ်မှူးကြီးမြင့်ဆွေ | (သခင်ထွန်းခင်) | (၁၉၁၁-၁၉၇၃) | သဲကုန်း |
| ၇။ | ဗိုလ်မှူးကြီးလရောင် | (သခင်ဗဂျမ်း) | (၁၉၁၁-၁၉၆၉) | မင်းဘူးမြို့ |
| ၈။ | ဗိုလ်မှူးချုပ်လက်ျာ | (သခင်လှဖေ) | (၁၉၁၁-၁၉၇၈) | ပျဉ်းမနားမြို့ |
| ၉။ | ဗိုလ်မှူးကြီးဇေယျ | (ကိုလှမောင်) | (၁၉၁၃-၁၉၆၈) | အလုံ |
| ၁၀။ | ဗိုလ်စောအောင် | (သခင်ငွေ) | (၁၉၁၄-၁၉၄၂) | ကမာရွတ် |
| ၁၁။ | ဗိုလ်ထိန်ဝင်း | (ကိုဆောင်း) | (၁၉၁၄-၁၉၄၅) | ရွှေကျင်မြို့ |
| ၁၂။ | ဗိုလ်ကြီးညဏ | (သခင်မောင်မောင်) | (၁၉၁၄-၁၉၄၂) | ဖြူးမြို့ |
| ၁၃။ | ဗိုလ်မှူးကြီးစကြာ | (သခင်အောင်သန်း) | (၁၉၁၅-၁၉၆၉) | ရန်ကုန်မြို့ |
| ၁၄။ | ဗိုလ်ကြီးရန်အောင် | (သခင်လှမြိုင်) | (၁၉၁၇-၁၉၆၇) | လှည်းကူးမြို့ |
| ၁၅။ | ဗိုလ်ကြီးဗလ | (သခင်ထွန်းလွင်) | (၁၉၁၇-၁၉၉၈) | မော်လမြိုင်ကျွန်း |
| ၁၆။ | ဗိုလ်ကြီးမင်းရောင် | (သခင်လှ) | (၁၉၁၇-၁၉၈၈) | ပုဇွန်တောင် |
| ၁၇။ | ဗိုလ်မိုးညို | (သခင်ကျော်စိန်) | (၁၉၁၇-၁၉၆၀) | ကမာရွတ် |
| ၁၈။ | ဗိုလ်ကြီးလင်းယုန် | (သခင်ထွန်းရွှေ) | (၁၉၁၇-၁၉၇၄) | တောင်ငူမြို့ |
| ၁၉။ | ဗိုလ်ကြီးမြင့်အောင် | (သခင်စိုး) | (၁၉၁၇-၁၉၄၅) | ပန်းတောင်း |
| ၂၀။ | ဗိုလ်မိုး | (သခင်ခအေးမောင်) | (၁၉၁၈-၁၉၄၂) | ရန်ကုန် |
| ၂၁။ | ဗိုလ်ရန်နိုင် | (သခင်ထွန်းရှိန်) | (၁၉၁၈-၁၉၈၉) | အောင်လံမြို့ |
| ၂၂။ | ဗိုလ်မှူးချုပ်ကျော်ဇော | (ကိုရွှေ) | (၁၉၁၈-၂၀၁၂) | သုံးဆယ်မြို့ |
| ၂၃။ | ဗိုလ်ကြီးဇင်ယော် | (သခင်သန်းညွန့်) | (၁၉၁၈-၁၉၉၃) | ခရမ်းမြို့ |
| ၂၄။ | ဗိုလ်ကြီးတာရာ | (သခင်ခင်မောင်ဦး) | (၁၉၁၉-၁၉၉၃) | ပျဉ်းမနားမြို့ |
| ၂၅။ | ဗိုလ်ကြီးဘုန်းမြင့် | (သခင်တင်အေး) | (၁၉၂၀-၁၉၈၉) | လက်ပံတန်းမြို့ |
| ၂၆။ | သခင်သန်းတင် (၁) | | (၁၉၂၀-၁၉၄၁) | မော်လမြိုင်မြို့ |
| ၂၇။ | ဗိုလ်မှူးစောနောင် | (သခင်သစ်) | (၁၉၂၀-၁၉၇၆) | ကမာရွတ် |
| ၂၈။ | ဗိုလ်မှူးမင်းခေါင် | (သခင်စောလွင်) | (၁၉၂၀-၁၉၈၃) | ကြို့ပင်ကောက်မြို့ |
| ၂၉။ | ဗိုလ်မြဒင် | (သခင်သန်းတင်-၂) | (၁၉၂၀-၁၉၄၂) | အုတ်ဖိုမြို့ |
| ၃၀။ | ဗိုလ်ရဲထွဋ် | (ကိုအောင်သိန်း) | (၁၉၂၂-၂၀၁၅) | တာမွေ၊ ရန်ကုန် |

အထက်ဖော်ပြပါ ရဲဘော်သုံးကျိပ်တို့မှာ နိုင်ငံနှင့် လူမျိုးအတွက် အသက်ကို သေသည်အထိ စွန့်လွှတ်ခဲ့ကြသည်။ သူတို့စတင်ဖွဲ့ပေးခဲ့သော B.I.A မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ နောက်အမည်ပြောင်းခဲ့သည့် B.D.A မြန်မာ့ကာကွယ်ရေးတပ်မတော်၊ ယနေ့ မြန်မာ့တပ်မတော် မြန်မာနိုင်ငံတော်၏တပ်မတော်သည် တိုင်းပြည်၏ ကျေးဇူးရှင်ကြီးများဖြစ်သော၊ တပ်မတော်၏ အမြဲတေ ဘိုးအေကြီးများကို သတိမှုရကြပါလေစ။ ဗိုလ်ချုပ်ရှိစဉ်က တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက်၊ တပ်မတော်က ပြည်သူလူထုမှ ပေါက်ဖွားလာ၍ ပြည်သူသာ 'အမိ-အဖ' ဟု မိန့်ကြားခဲ့သည်။ ယနေ့ ပြည်သူတွေကြားရသည်မှာ တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဖြစ်နေ၏။ ကြားနေရ... မည်သို့ပင်ဆိုနေစေကာမူ ရဲဘော်သုံးကျိပ်တို့ ဦးဆောင်ပြီး တစ်ပြည်... အသက်အိုးအိမ်တွေဆုံးရှုံးအနစ်နာ... ရယူခဲ့ရသော တိုင်းပြည်၏ ... ရေးကို မဆုံးရအောင် ထိန်းသိမ်း... ရှောက်ကြရန်၊ ကာကွယ်ကြရန် တိုင်း...



www.burmeseclassic.com

www.burmeseclassic.com

သားအားလုံးနှင့်တကွ တပ်မတော်သား အားလုံးမှာ သမိုင်းပေးတာဝန်ရှိသည်။

ရဲဘော်သုံးကျိပ်ရှိသည့်အနက် နိုင်ငံတော် လွတ်လပ်ရေးရချိန်အတွင်း (၈)ဦး အသက်ပေးလှူသွားခဲ့ကြပြီး (၂၂) ဦးသာ ကျန်ရှိနေသည်။ ဗိုလ်ညာဏသည် ၄-၂-၄၂ ရက်နေ့တွင် ကရင်လက်နက်ကိုင်များ၏ ချုံခိုတိုက်ခိုက်မှုကိုခံရ၍ လည်းကောင်း၊ ဗိုလ်စောအောင်သည် ၂၆-၂-၄၂ နေ့ ရွှေကျင်မြို့သိမ်းတိုက်ပွဲ၌ လည်းကောင်း၊ ဗိုလ်မိုးသည် ၈-၃-၄၂ နေ့ ဖူးကြီးတိုက်ပွဲ၌လည်းကောင်း ကျဆုံးခဲ့ကြပြီးလျှင် ဗိုလ်မြင့်အောင်သည် ၂၄-၆-၄၅ နေ့တွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉-၇-၄၇ နေ့တွင် လုပ်ကြံခံရ၍ လည်းကောင်း၊ ဗိုလ်ရန်အောင်သည် ၂၆-၁၂-၆၇ နေ့တွင် ဗကပ၏ ဖြုတ်-ထုတ်-သတ်လမ်းစဉ်အရ အသတ်ခံရ၍ လည်းကောင်း၊ ဗိုလ်ဇေယျသည် ၁၆-၄-၆၈ နေ့ တပ်မတော်က ဗကပ ဌာနချုပ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်စဉ်က လည်းကောင်း၊ ဗိုလ်လကျ်ာသည် ၂၇-၁၁-၁၉၇၈ နေ့တွင် ကေအင်န်ယူ ရွှေဆိုင်းတပ်နှင့် တိုက်ပွဲဖြစ်ပွားစဉ် လည်းကောင်း ကျဆုံးခဲ့ကြပြီး ကျန်ပုဂ္ဂိုလ်များမှာ (၉၆) ပါးသောရောဂါများဖြင့် ကွယ်လွန်ခဲ့ကြသည်။

ဗိုလ်မှူးချုပ်ကျော်ဇေမှာ တရုတ်ပြည်မှာနေထိုင်ရင်း မြန်မာပြည်သို့ပြန်လာမည်၊ ရွှေတိဂုံစေတီတော်ကိုလည်း ဖူးမြော်ကန်တော့ချင်သည်ဟု ဆန္ဒရှိသော်လည်း မြန်မာပြည်သို့လာမည့်နှစ် ၂၀၁၂ ခုနှစ်မှာ တရုတ်ပြည်မှာပင် ကွယ်လွန်သွားခဲ့သည်။

ရဲဘော်သုံးကျိပ်ထဲမှ နောက်ဆုံးကျန်ရှိနေသော ကိုအောင်သိန်း (ခေါ်) ဗိုလ်ရဲထွဋ်မှာ ရန်ကုန်မြို့ တာမွေတွင်နေထိုင်သည်။ ၁၉၂၂ ခုနှစ်ဖွား၍ ၂၀၁၅ ခုနှစ်က တာမွေ ရန်ကုန်မှာပင် ကွယ်လွန်သွားပြီဟု (သတင်းစကား) ကြားသိရပါသည်။ သူ၏သားသမီးများ ကျန်ရှိနေသေးသည်ဟု ကြားသိရပါသည်။ တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက်၊ ရဲရဲဝံ့ဝံ့ အသက်စွန့်ခဲ့ကြသော သားကောင်းရတနာများ (သုံးကျိပ်) တို့သည် တိုင်းပြည်အတွက်၊ လူမျိုးအတွက် အသက်ပေးလှူသွားကြသည်။ နိုင်ငံတော်ကို အုပ်ချုပ်သွားခဲ့ကြသော လွတ်လပ်ရေးရပြီး အချိန်မှစ၍ ယနေ့အထိ ခေတ်အဆက်ဆက်က ပုဂ္ဂိုလ်ကြီးများရှိခဲ့ကြပါသည်။

ကျွန်ဘဝမှ လွတ်မြောက်ရန်၊ နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်၊ ဖက်ဆစ်ဂျပန်ကိုတော်လှန်၊ တိုက်ပွဲအဆင့်ဆင့်ရယူခဲ့ကြသော တိုင်းပြည်၏ အဖိုးတန်သားကောင်းရတနာများကို သတိတရသော် လည်းကောင်း၊ ကျေးဇူးဆပ်ခြင်းများဖြင့် လည်းကောင်း၊ ကမ္ပည်းမော်ကွန်းစိုက်ထူထားခြင်းများဖြင့် လည်းကောင်း၊ သမိုင်းမှတ်တမ်းများပြုလုပ်ထားခြင်းဖြင့် လည်းကောင်း၊ စစ်သမိုင်းပြတိုက်တွင် ဓာတ်ပုံကားချပ်များနှင့် ပုံဖော်ထားကာ သူတို့ကို ကျေးဇူးဆပ်သင့်ပါသည်။ မမေ့သင့်ပါ။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့၏ အသက်သွေးချွေးတို့ဖြင့် တည်ဆောက်ခဲ့ရသော နိုင်ငံတော်၊ တပ်မတော်တို့သည် ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးနှင့် ဂုဏ်သရေရှိရှိ ကူးလူးဆက်ဆံနိုင်ခဲ့ပြီ ဖြစ်သည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံကို အုပ်ချုပ်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများသည် ရဲဘော်သုံးကျိပ်ကိုလည်း ယနေ့အထိ သတိမရကြ။ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုမှတ်ထားသောအာဇာနည်နေ့မှာပင် အလံမထူရ။ ကောင်းမှုကုသိုလ်အဖြစ် သံဃာတော်များကိုပင် ဆွမ်းမကပ်ရဟူ၍ ယခင်ခေတ်က ရာဇပလ္လင်ပေါ်မှ ပုဂ္ဂိုလ်ကြီးများက အမိန့်ထုတ် ညွှန်ကြားခဲ့ဖူးသည်။ မြန်မာ့သမိုင်းကို ဖျောက်ဖျက်ချင်သော၊ ကျေးဇူးတရားမသိသော အတ္တသမားများ ယနေ့အထိ သက်ရှိရှိနေကြသေးသည်။ ဗိုလ်ချုပ်နှင့်တကွ ရဲဘော်သုံးကျိပ်တို့ အာဇာနည်ခေါင်းဆောင်ကြီးများ အသက်စတေးပြီးရယူခဲ့သော လွတ်လပ်ရေး၏ အရသာများကို နှစ်ရှည်လများ ခံစား စံစားကြသူများသည် ယခုအချိန်အထိ ပန်းပန်လျက်ရှိနေ၏။

မြန်မာ့တပ်မတော်အစ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်က စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်၏။ စတင်ဖွဲ့စည်းစဉ်အခါက B.LA မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ မကြာမီ B.D.A မြန်မာ့ကာကွယ်ရေးတပ်မတော်ဟု ခေါ်ဝေါ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း စတင်တည်ထောင်ခဲ့သော တပ်မတော်သားများသည် ယနေ့အထိ 'ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့တပ်မတော်အတွက်၊ ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏' ဟူသော သစ္စာအဓိဋ္ဌာန်ပြုသံများကို မှတ်မိသေး၏။ ကြားယောင်မိသည်။ မြန်မာ့တပ်မတော်ကြီး၏သူရဲကောင်းများဖြစ်ကြသော အောင်ဆန်းသူရိယဘွဲ့ရ ပုဂ္ဂိုလ် (၆) ဦးအတွက် မှတ်မှတ်ရရ မြန်မာ့တပ်မတော်မှ အကြီးအကဲပုဂ္ဂိုလ်ကြီးများက တပ်မတော်ကြီးအဖို့ အမြဲ ဂုဏ်ယူဖွယ်ရာ သူရဲကောင်း (၆) ဦးအတွက် အမှတ်တရ အဆောက်အအုံဖြစ်စေ၊ ရုပ်တုပြတိုက်ဖြစ်စေ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးကျူးသင့်ပါ၏။ သူတို့၏ ကျန်ရစ်သူမျိုးဆက်များအား နိုင်ငံတော်မှသင့်တော်သလို ထောက်ပံ့သင့်ပါ၏။

**အောင်ဆန်းသူရိယ ဘွဲ့ရ**
**မြန်မာသူရဲကောင်း (၆) ဦး**

၁။ ဗိုလ်မှူးအေးချို
(၁၂၇၉ - ၁၃၀၀)
တွံ့တေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဗိုလ်ကြီးတိုက်ချွန်း
(၁၂၈၅ - ၁၃၄၉)
မတူပီမြို့၊ ချင်းပြည်နယ်။

၃။ တပ်သားလှသောင်း
မင်္ဂလာဒုံတွင် အောင်ဆန်းသူရိယ လှသောင်းကျောင်းရှိ၏။

၄။ တပ်သားစောမြင့်

၅။ တပ်သား ဆစ်ခ်ဗဟာဒူးရှိုင်း

၆။ တပ်သား စောဘရီ

အောင်ဆန်းသူရိယဘွဲ့သည်သူရသတ္တိဆိုင်ရာ ဘွဲ့တံဆိပ်များထဲ၌ အမြင့်ဆုံးဘွဲ့ဖြစ်သည်။ အောင်ဆန်းသူရိယ (၆) ဦးအနက် ဗိုလ်ကြီးတိုက်ချွန်းတစ်ဦးသာ သက်ရှိထင်ရှားရှိစဉ်က ထိုဘွဲ့ကိုရခဲ့ပြီး ကျန်ပုဂ္ဂိုလ် (၅) ဦးမှာ ကျဆုံးပြီးမှသာ ဘွဲ့ရခဲ့ကြသည်။ လူဦးရေသန်းချီရှိသော တိုင်းပြည်တွင် သူရသတ္တိဘွဲ့ရရှိသူ (၆) ဦးမှာ လက်ချိုးရေတွက်၍ ရ၏။ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ခဲ့သောသူများကို သတိမရကြ။ ကျောင်းတစ်ကျောင်းမှာ နာမည်တပ်ထားပြီး အောင်ဆန်းသူရိယလှသောင်းကျောင်း ဟူသတည်း။

**ဆရာဦးစိန်လှိုင်(ကျိုက်သဝတ်)**

**ကျမ်းကိုး -**

ရွှေရတု တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလဗုဒ္ဓါဘိဝံသ၏ 'ဘဝနှင့်မှတ်တမ်းများ' မှ



www.burmeseclassic.com

www.burmeseclassic.com

(မင်းဘူး)

# ထက်ကောင်းလတ်

## နဂါးသိုက်စေတီ နဂါးသိုက်တောင်

(၁)

ကျွန်တော့်မိတ်ဆွေကြီး ဦးနှင်းစံ (ဆရာနှင်း) နှင့် တွေ့ဆုံခဲ့ပြီး ဆရာနှင်း အတွေ့အမြင်ကြုံခဲ့ရမှု၊ နဂါးသိုက်နန်းရှင် အကြောင်းပြောပြမှုကို နားထောင်ခဲ့ရသည်။ ဆရာနှင်းထံမှ ပြန်လာပြီးသည့် နောက်ပိုင်းမှ စတင်၍ ကျွန်တော့်ရင်ထဲ စိတ်ဝင်စားဖွယ် နဂါးသိုက်နန်းရှင် အကြောင်း ကိန်းအောင်းခဲ့ရသည်။ ထို့အတူ လွန်ခဲ့သော နှစ်ပေါင်း(၃၀)က ကျွန်တော့်မိတ်ဆွေကြီးလည်းဖြစ်၊ သိုင်းသင်တန်းဆရာလည်းဖြစ်သော 'ကျားသစ်နက်သိုင်း'သင်တန်းနည်းပြဆရာ၊ တိုင်းရင်းဆေးဆရာ၊ ဘုရားစေတီများတည်၊ ထီးတော်တင်၊ ဘာသာသာသနာအလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေသော ဆရာဦးကျော်သန်း ကျွန်တော့်ကိုပြောပြခဲ့ဖူးသည့် နဂါးသိုက်နန်းနှင့် ကျောက်မဲတောင်၊ နဂါးပွက်တောင်အကြောင်း အချို့ကို ကျွန်တော် အမှတ်ရမိလိုက်သည်။ ထိုစဉ်က ဆရာဦးကျော်သန်း ကျောက်မဲတောင် နဂါးသိုက်စေတီ တည်နေစဉ်ကဖြစ်သည်။ ဆရာဦးကျော်သန်းနှင့် ကျွန်တော်သည် ယခင်ကပင် ရင်းနှီးခဲ့သူများဖြစ်သည့်အပြင် ဆရာ၏ ကျားသစ်နက်သိုင်းတစ်လသင်တန်းကို ကျွန်တော်သင်ကြားခဲ့၏။ ထို့ကြောင့် မိတ်ဆွေလည်းဖြစ်၊ ဆရာလည်းဖြစ်ပါသည်။ အသက်အရွယ်မတိမ်းမယိမ်းဖြစ်သော်လည်း သင်ကြားခဲ့ဖူးသောအတတ်ပညာအရ ဆရာဦးကျော်သန်းကို လေးစား ခင်မင်ရပါသည်။ ဆရာဦးကျော်သန်းကလည်း ကျွန်တော့်ကို တပည့်အနေမဟုတ်၊ သူငယ်ချင်းအရင်းအဖြစ် သတ်မှတ် ဆက်ဆံ လေးစားပါသည်။စကားပြောသည့်အခါ ကျွန်တော်၊ ခင်ဗျာဖြင့် နှစ်ဦးလုံးပြောဆိုကြပါသည်။

ဆရာဦးကျော်သန်းမှာ မင်းဘူးမြို့တောင်ပိုင်း အမှတ် (၁) နယ်မြေ နဂါးပွတ်တောင်အရှေ့ဘက် တမာတန်းရပ်ကွက်တွင်နေသည်။ အရှေ့တောင်ဘက်တွင် အနောက်ရိုးမမှစီးဆင်းလာသောကြည်လင်အေးမြသည့်မန်းချောင်း သဖွယ် ချောင်းကျယ်ကြီးရှိသည်။ ၎င်းကို ရှေးယခင်က တောင်ညိုချောင်း ဆားပွက်ချောင်းမှ ယခု နဂါးပွက်ချောင်း ဟုခေါ်သောချောင်းရှိသည်။ ကျွန်တော်က မြို့မြောက်ပိုင်းတွင်နေထိုင်ပါသည်။

ဆရာဦးကျော်သန်း၏ ကျားသစ်နက်သိုင်းသင်တန်းပြီးမြောက်သည့်နောက် ဆရာနှင့် ကျွန်တော်တို့ မတွေ့ဖြစ်ကြ။ ကျွန်တော်သည်လည်း ဘဝရုန်းကန်လှုပ်ရှားမှု၊ အတွေ့ပရဆောင်ရွက်မှုများဖြင့် မအားလပ်။ ဆရာသည်လည်း ဘာသာသာသနာဆေးကုသမှု၊ လူမှုဆောင်ရွက်နေမှုများဖြင့် အနယ်နယ်အရပ်ရပ်သို့ သွားလာဆောင်ရွက်နေရသဖြင့် မအားမလပ်ဖြစ်ကြသည်။ ဤသို့ဖြင့် လူချင်းမတွေ့ဆုံကြရသော်လည်း ကျွန်တော့်အနေနှင့် ဆရာကို မိတ်ဆွေရင်းဆရာတစ်ယောက်အဖြစ်နှင့် မမေ့ဘဲ အမြဲမေတ္တာပို့သပါသည်။

လူချင်းမတွေ့ကြသော်လည်းဆရာဦးကျော်သန်း၏ သတင်းစကားကိုတော့ တစ်ဆင့်ကြားသိနေရပါသည်။ ၁၉၈၀ ပြည့်နှစ်ခန့်လောက်ကဟု ထင်ပါသည်။ တစ်နေ့ ဆရာဦးကျော်သန်းအိမ် သွားရောက်ခဲ့သည်။ အဆင်ပြေသွားသည်ဟု ပြောရပါမည်။ ကျွန်တော်သွားရောက်ချိန် ဆရာဦးကျော်သန်း ခရီးမထွက်သည့်အချိန်အခါ အဆင်သင့်တွေ့ရ၍ ဖြစ်ပါသည်။ ဆရာဦးကျော်သန်းကို တွေ့လိုက်ရ၍ ကျွန်တော်ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို ဆရာမှာလည်း ကျွန်တော့်ကို တွေ့လိုက်၍ ဝမ်းသာအားရဖြစ်သွားပါသည်။ ကျွန်တော်က နှုတ်ဆက်စကားပြောရင်း ဆရာ့ရှေ့ ခုံတန်းလျားပေါ် ဝင်ထိုင်လိုက်ပါသည်။ ဆရာဦးကျော်သန်းက ဝမ်းသာအားရဖြင့် -

"ကိုလတ်ရေ ကျွန်တော်တို့ မတွေ့တာကြာပြီနော်။ ကျန်းကျန်းမာမာနဲ့ဆိုတော့ ဝမ်းသာတယ်ဗျာ"

ပြောလိုက်သည်။

"ဟုတ်ကဲ့ - တစ်မြို့တည်းတောင်ပိုင်း၊ မြောက်ပိုင်း သိပ်မဝေးဘဲနေကြပေမယ့် တစ်ယောက်စီရဲ့ အခြေအနေတွေကြောင့် မတွေ့ဖြစ်ကြတာပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ဆရာရဲ့အကျိုးပြု ဘာသာ သာသနာ လူမှုရေးတွေ ဆောင်ရွက်နေတာတွေ ကြားသိနေရလို့ မေတ္တာပို့ ဝမ်းသာနေ ရပါတယ် ဆရာရယ်"

ကျွန်တော် ပြန်ပြောလိုက်သော



www.burmeseclassic.com

စကားတွင် ဆရာဆိုသော အသုံးပါသွားသဖြင့် ဆရာဦးကျော်သန်းက လက်ကာပြရင်း-

"ဟာဗျာ၊ ကိုလတ်ကလည်း ကျွန်တော့်ကို ဆရာတွေဘာတွေခေါ်မနေပါနဲ့။ ကျွန်တော်တို့က ဟိုးအရင်ကတည်းက ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေရင်းတွေပါ။ ကိုကျော်သန်းလို့ပဲခေါ်စမ်းပါဗျာ"

ဟု ပြောလေသည်။

ကျွန်တော်က ပြုံးရွှင်လိုက်လှဲစွာ-

"မိတ်ဆွေရင်းတွေမှန်ပေမယ့် သင်ကြားခဲ့ရတဲ့ အတတ်ပညာ၊ ဆရာ့ဂုဏ်ကိုတော့ ပစ်ပယ်လို့မရဘူး။ ဒါကြောင့် လေးစားဂါရဝအရ ဆရာလို့ခေါ်တာကိုတော့ ခွင့်ပြုပါဗျာ"

ပြောလိုက်ရသည်။

ကျွန်တော့်စကားအရ ဆရာဦးကျော်သန်းက -

"ကဲပါဗျာ ခေါ်ချင်သလိုခေါ်ပါ၊ ခေါ်ပါဗျာ။ တကယ်တော့ ဆရာလို့အခေါ်ခံရတဲ့ပုဂ္ဂိုလ်အနေကတော့ ဆရာဆိုတဲ့ဂုဏ်အင်္ဂါရပ်နဲ့ပြည့်စုံမှ ဖြစ်မှာဗျ။ ကျွန်တော်ကတော့ ဆရာလို့အခေါ်ခံရတိုင်း ကိုယ့်ကိုယ်ကိုယ် အမြဲပြန်သုံးသပ်နေမိတယ်ဗျ။ ကဲ - အဲဒါထားဗျာ။ အခုလာတာ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဆုံကြတာကြာလို့သက်သက်လာတာလား၊ တခြားအထူးအထွေကိစ္စများ ရှောပါသေးလား။ ကျွန်တော်က အားနေတော့ အေးအေးဆေးဆေးပြောလို့ရတယ်နော်"

ဆရာဦးကျော်သန်းက ကျွန်တော့်ကို အကဲခတ်ကြည့်ရင်းပြောလိုက်သည်။

ကျွန်တော်က ပြုံးရွှင်စွာဖြင့် -

"ဟုတ်ကဲ့-မတွေ့တာကြာအမှတ်ရလို့ရယ်၊ နောက်တစ်ချက်က ဆရာတည်ခဲ့တဲ့ ကျောက်မဲတောင်နဂါးသိုက်စေတီနဲ့ နဂါးပွက်တောင်အကြောင်းကို သိချင်လို့ပါ"

ပြန်ဖြေလိုက်သည်။

ဆရာဦးကျော်သန်းက ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်ရင်းပြောလိုက်သည်။


"ကိုလတ်ကမမေ့သေးဘဲ အမှတ်ရနေတုန်းပါလား။ ကျွန်တော် ကျောက်မဲတောင်နဂါးသိုက်စေတီတည်နေတုန်းက ကိုလတ်တို့ လုပ်အားပူဇော်လှူကြတယ်။ အဲဒီတုန်းက ကိုလတ်က ကျောက်မဲတောင်နဂါးသိုက်စေတီအကြောင်းမေးခဲ့တယ်။ အချိန်လည်းမရတော့ အိပ်မက်အရနဲ့ ကျွန်တော့်ဆရာသခင်မိန့်မှာချက်အရ မကျွတ်လွတ်ကြသေးသော နဂါးပဋ္ဌာန်းဆက်များ ကျွတ်လွတ်ကြဖို့ရယ်၊ ဘုရားရှင်ရတနာသိုက်ရှိတဲ့ ဒီကျောက်မဲတောင်နားမှာ နဂါးသိုက်စေတီတည်ထားတာဖြစ်တယ်လို့ အတိုပဲပြောခဲ့တယ်။ အင်း - ဒါကို အကျယ်သိချင်တာလား။ ခင်ဗျားကိုချီးကျူးပါတယ်ဗျာ။ နှစ်ပေါင်း (၃၀) လောက်ကြာခဲ့တာတောင်ခင်ဗျားမမေ့ဘဲ အမှတ်ရလာမေးတာ ကျွန်တော့်အထင်တော့ ခင်ဗျားမှာ အကြောင်းအဆက်တစ်ခုခုတော့ရှိရမယ်။ ဟုတ်ရဲ့လားဗျ"

ဆရာ၏ အပြောစကားမှ အမေး စကားကြားလိုက်ရ၍ ကျွန်တော် ဆရာဦးကျော်သန်းကို လေးစားစွာကြည့်ရင်း မှတ်ဉာဏ်ကောင်းလှသော ဆရာ့ကိုစိတ်ထဲမှကျိတ်ချီးကျူးမိလိုက်သည်။

"ဟုတ်ပါတယ် ဆရာ။ အဲဒီတုန်းက နဂါးသိုက်နန်းရှိရာ ကျောက်မဲတောင်အနီး နဂါးသိုက်စေတီနဲ့ ကျွတ်လွတ်မှုတွေအတွက်




www.burmeseclassic.com



ဆရာဦးကျော်သန်း၏ ဆရာသခင် အိပ်မက်ထဲမှ ညွှန်ကြားခဲ့သော
အလှူရှင် နဂါးပဌာန်းများနှင့် တည်ခဲ့သည့် နဂါးသိုက်စေတီတော်



နဂါးသိုက်စေတီတော်အနောက်တောင်ဘက်
ရင်ပြင်တွင် တည်ထားသော
နဂါးပလ္လင်ရစ်ခွေ ဦးခေါင်းနဂါးမောက်ဖြင့်
မိုးအုပ် ပူဇော်ထားသော
မြတ်စွာဘုရားရုပ်ပွားတော်ဖြင့် နဂါးရုံဘုရား



ရှေးက တောင်ညိုတောအုပ်ရှိ တောင်ညိုတောင် (ယခု နဂါးဖွတ်တောင်) ပိုင် အစ်မတော်၊
မောင်တော်တို့ ပိုင်ဆိုင်စောင့်ရှောက်သည့် တောင်တော်နှင့် တောင်ခြေ၌ တောင်ပိုင် အစ်မတော်၊
မောင်တော်နှင့် အစောင့်အရှောက်နဂါးများ၊ နတ်နန်း ပြတိုက် အဆောက်အအုံများ

ရည်စူးတည်ခြင်းဆိုတာလောက်ပဲပြောခဲ့တာ။ ဒီနဂါးသိုက်ဖြစ်လာရခြင်း အကြောင်း ပြည့်ပြည့်စုံစုံလေးသိချင်တာရယ်၊ နောက်တစ်ချက်က ဆရာအထင်နဲ့ မှန်းပြောလိုက်တဲ့ အကြောင်းအဆက် တစ်ခုခုတော့ ရှိရမယ်ဆိုတာမှန်ပါတယ်။ ကျွန်တော်က ဒါကို ကြိုထည့်မပြောမိခဲ့ဘူး"

ကျွန်တော် ဝန်ခံစကားပြောလိုက်ရပါသည်။

"ဒါဖြင့်ပြောပြပါဦးဗျာ။ ဒါမှလည်း ပိုဆက်နွယ်နိုင်မှုများရှိနိုင်တာပေါ့"

ဆရာက စိတ်ဝင်စားစွာမေးလေသည်။

"ဟုတ်ကဲ့ - ဒီလိုပါ ဆရာ"

အစချီလျက် လွန်ခဲ့သော(၂)လခန့်က ကျွန်တော့်မိတ်ဆွေကြီး ဆရာနှင်း (ဦးနှင်းစံ) ကိုယ်တွေ့မြင်သိ နဂါးသိုက်နန်းရှင်အကြောင်းကိုအသေးစိတ်ပြောပြလိုက်ပါသည်။

## (၂)
## နဂါးသိုက်နန်းရှင်

ကျွန်တော်ပြောပြပြီးဆုံးသွားသည့်အခါ ငြိမ်၍စူးစိုက်နားထောင်နေသော ဆရာဦးကျော်သန်းက စိတ်ဝင်စားမှုနှင့်အတူ စကားစလိုက်သည်။

"အင်းဗျ - အဲဒါဆက်လောက်တယ်။ ဘာပြုလို့လဲဆိုတော့ နဂါးသိုက်နန်းက ကျွန်တော့်အိပ်မက်အရ ဆရာသခင် မိန့်မှာညွှန်ပြခဲ့လို့ ကျောက်မဲတောင်အနီးမှာတည်ခဲ့တဲ့ နဂါးသိုက်စေတီဟာ မကျွတ်လွတ်ကြသေးတဲ့ နဂါးဆက်များအတွက် နဂါးပဌာန်းဆက်ရှိသူများ အလှူ့ဒါနနဲ့-တည်-ကျွတ်လွတ်စေဖို့ ကုသိုလ်ပြုတာရယ် ကျောက်မဲတောင်ဘုရားရတနာသိုက်ကို နဂါးသိုက်နန်းရှင်များ စောင့်ရှောက်နိုင်ဖို့ရယ် ရည်ရွယ်ခဲ့တာ။ ဒီနေရာမှာ နဂါးသိုက်စောင့်နဲ့ ပတ်သက်လို့ ဆက်နွယ်ခဲ့တာရှိခဲ့တယ်ဗျ။ အဲဒါက မြတ်စွာဘုရားရှင်လက်ထက်တော်ကပဲ ဗုဒ္ဓရှေးသမိုင်းကျောင်းတော်ရာနဲ့ ရွှေစက်တော်ကစရမှာပါ"

"ဟုတ်ကဲ့ - ဆရာ၊ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဆက်ပြောပြပါ ဆရာ"

ကျွန်တော်က အမှန်တကယ်စိတ်ဝင်စားစွာ တောင်းဆိုလိုက်ပါသည်။

"ဗုဒ္ဓဘုရားရှင်သမိုင်းမှာ မြတ်စွာဘုရားရှင် အိန္ဒိယပြည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးလျက် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ကို တရားရေအေးတိုက်ကျွေးပြီး ကျွတ်လွတ်နိုင်ကြမှုအတွက် တရားများဟောကြားနေပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ မြန်မာပြည် သုနာပရန္တတိုင်းခေါ် (ယခု မင်းဘူးမြို့ မြောက်ပိုင်း မိုင် ၂၀ ... အကွာမှာရှိတဲ့ လယ်ကိုင်းကျောင်း... ရာ) အရပ်က ကုန်သည်ညီနောင် မ... ပုဏ္ဏ၊ စူဠပုဏ္ဏနဲ့ ကုန်သည်လှည်း... ငါးရာတို့ ကုန်းကြောင်းခရီးနဲ့ အိန္ဒိယ... ပြည် သာဝတ္ထိမြို့ကို ရောက်ကြ... နောင်တော် မဟာပုဏ္ဏဟာ မြတ်... ဘုရားရှင်ကို ဖူးမြင်ရပြီး ကြည်... လို့ ဘုရားရှင်ထံခွင့်ပန် ရဟန်းပြုခဲ့တ... နောင်တော် မဟာပုဏ္ဏမြတ်စွာဘု...



www.burmeseclassic.com

www.burmeseclassic.com

ရှင်ထံမှောက် တရားကျင့်ကြံအားထုတ်ခဲ့ရာမှ ပထမမဟာပုဏ္ဏမထေရ် နောက် မြင့်မြတ်သော မဟာပုဏ္ဏရဟန္တာအဖြစ် ရရှိခဲ့တယ်။ (ရဟန္တာအဖြစ်ကို မဟာပုဏ္ဏ နေရင်းဒေသဖြစ်သည့် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ လယ်ကိုင်း ယခု ကျောင်းတော်ရာ စန္ဒကူးစေတီတည်ရာနေရာတွင် ရရှိတော်မူခဲ့တယ်။) အဲဒီအချိန်မှာ ညီတော်စူဠပုဏ္ဏနဲ့ ကုန်သည်တို့သယ်ဆောင်လာတဲ့ စန္ဒကူးသားတွေကို နောင်တော် မဟာပုဏ္ဏရဟန်း၏ စီမံမှုဖြင့် ကျောင်းတော်ရာ ယခု စန္ဒကူးစေတီနေရာမှ စန္ဒကူးကျောင်းတော်ကြီးဆောက်လုပ်ပြီး ဘုရားရှင်ကို လျှောက်ထားလှူတယ်။ ဘုရားရှင်ဟာ ဒီစန္ဒကူးကျောင်းတော်ကြီးအကြောင်းပြုပြီး ကျွန်တော်တို့ တိုင်းပြည် သုနာပရန္တတိုင်း ကျောင်းတော်ရာကိုကြွရောက်ပြီး စန္ဒကူးကျောင်းတော်ကြီးကိုအလှူခံ၊ သီတင်းသုံး၊ တရားရေအေးတိုက်ကျွေးတယ်။ ဘုရားရှင်ကျောင်းတော်ရာ စန္ဒကူးကျောင်းတော်ကနေ အနောက်ဘက် သစ္စဗန္ဓတောင် (ယခု ရွှေစက်တော် အထက်စက်တော်ရာ) သို့ကြွတော်မူတယ်။ သစ္စဗန္ဓတောင်ခြေ နမ္မဒါမြစ်အရောက် နမ္မဒါနဂါးမင်းက တောင်းပန်လျှောက်ထားအသနားခံလို့ နမ္မဒါအနောက်ဘက် ကျောက်ကမ်းပါးပေါ်မှာ ခြေတော်ရာတစ်ဆူနဲ့ သစ္စဗန္ဓတောင်ပေါ် သစ္စဗန္ဓရသေ့ လျှောက်ထား တောင်းပန်သဖြင့် သစ္စဗန္ဓတောင်ကျောက်ပေါ်မှာ ခြေတော်ရာတစ်ဆူချထားပေးခဲ့တယ်။ မြတ်စွာဘုရား သစ္စဗန္ဓတောင်နဲ့ နမ္မဒါမြစ်ကနေအပြန် ကေလာသဖ (ယခု ရှင်ပင်စက္ကိန္တိ) တောင်ကို ကောင်းကင်ခရီးကနေ ကြွလာတော့ နမ္မဒါမြစ်တွင်းက နဂါးတွေဟာ ဘုရားရှင်ကို ဖူးမြော်ကြည်ညိုဂုဏ်ဖြစ်လို့ အောက်မြေပြင်ကနေ လိုက်ပါဖူးကြတယ်။ လမ်းတစ်ဝက်ရောက်မှ ဂဠုန်များက အစာနဂါးများကို လိုက်လံဖမ်းဆီးတော့ လွတ်ရာထွက်ပြေးကြတယ်။ အဲဒီနဂါးတွေဟာ ကျောက်မဲတောင်လိုဏ်များနဲ့ တောင်ဘက် တောင်ညိုတောချောင်းထဲ အဲဒီကနေ အခု နဂါးပွက်တောင်တစ်ဝိုက်မှာ ပုန်းခိုရင်း ကေလာသဖတောင်ပေါ် သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားရှင်ကို လှမ်းမြော်ဖူးကြတယ်။ မြတ်စွာဘုရားရှင် အိန္ဒိယပြည် သာဝတ္ထိဇေတဝန်ကျောင်းတော်ကို ပြန်ကြွသွားသော်လည်း နဂါးများကနေရင်း နမ္မဒါမြစ် (ရွှေစက်တော်) ကို မပြန်ကြဘဲ တောင်ညိုတောချောင်း (နဂါးပွက်ချောင်း) နဲ့ တောင် (နဂါးပွက်တောင်)၊ ကျောက်မဲတောင်လိုဏ်တွေမှာနေကြတယ်။ ကျောက်မဲတောင်က ဘုရားသိုက်ရှိတော့ ဘုရားရတနာသိုက်ကို စောင့်ရှောက်နေကြတယ်ဗျ။ နဂါးပွက်တောင်နဲ့ အရှေ့ဘက်ချောင်းနယ်မြေကိုလည်း နဂါးတွေ စောင့်ရှောက်ကြတယ်လို့ဆိုတယ်။ ဒါ့ကြောင့် ကိုလတ် မိတ်ဆွေ ဆရာနှင်းရဲ့ကိုယ်တွေ့နဲ့ အိပ်မက်အရ နဂါးသိုက်နန်းရှင်နဲ့ ဆက်နွယ်မိလိမ့်မယ်"

ဆရာဦးကျော်သန်းက ဘုရားရှင်ကြွတော်မူလာခြင်းမှစ၍ နမ္မဒါမြစ်မှ နဂါးများရောက်ရှိလာပုံ ကျောက်မဲတောင်နဂါးသိုက်ရှိပုံတို့ကို ပြောပြသည်။ ဆရာဦးကျော်သန်းကဆက်၍ -

"အေးဗျ - တစ်ခုတော့ရှိတယ်။ ခင်ဗျားလာတာရယ်၊ အထူးအဆန်းတွေ အတွေ့အကြုံတွေမေးတာရယ်ကို ကျွန်တော် ဝမ်းသာပါတယ်။ ယုံတာမယုံတာထား ကိုယ်တကယ်တွေ့ကြုံခဲ့တာကို ဝါသနာပါ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေ ပြောပြရတာ ပီတိတစ်မျိုးဖြစ်ရတယ်ဗျ။ အားလုံးကိုသိစေချင်ပါတယ်။ ဒါမှလည်း လောကမှာ ဒီလို အံ့ဩဖွယ် ဆန်းကြယ်ပုံတွေရှိနေတာ သိကြရမယ်ပေါ့။ စီးပွားရေးအတွက်မဟုတ်ဘူး။ လိမ်ညာလှည့်စား နာမည်ကြီးစေတဲ့ အတွက်မဟုတ်ဘူး။ ဒါမျိုးကို ဘာသာသာသနာလူမှုအကျိုးပြုလုပ်နေတဲ့ ဆရာ ဆိုတဲ့ ပုဂ္ဂိုလ်တွေက လုံးဝရှောင်ရှားကြရပါမယ်။ ကျွန်တော်ကတော့ အဲသလို ခံယူပါတယ်"

ရှင်းပြသည်။

"ကျွန်တော်က ဆရာ့ကိုယုံကြည်ပါတယ် ဆရာ။ ဆရာ့အတွေ့အကြုံကို စိတ်ဝင်စားတယ် ဆရာ"

ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

"အင်း - တစ်ခုတော့ရှိပါတယ်။ ကျွန်တော်တို့ မသိမမီတဲ့ ရှေးကရာဇဝင်သမိုင်းကြောင်းတွေ၊ ပါးစပ်တစ်ဆင့်ပြောတွေပါတယ်။ဘုရားရှင်လက်ထက်တော်ကဆိုတာတွေ၊ ရှင်ဘုရင်တွေလက်ထက်က နဂါး၊ ဂဠုန်ဆိုတာတွေဟာ ဗုဒ္ဓသမိုင်းကြောင်းကရယ် တစ်ဆင့်ဆင့်ပြောကြားသိခဲ့တာတွေ ဆက်စပ်မှုအရ၊ ဆက်နွယ်မှုအရဆိုတော့ အဟုတ်အမှန်အတည်ပါလို့ ကျွန်တော်မပြောလိုပါဘူး။ ချင့်ချိန်ယုံကြပေါ့ဗျာ"

ဆရာဦးကျော်သန်းက ထပ်မံရှင်းပြသည်။

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်က တိုတိုပဲပြန်ဖြေလိုက်သည်။ အမှန်တော့ ဆရာ့အတွေ့အကြုံဆက်ပြောဖို့ စိတ်ကရောက်နေသည်။

"အင်း - ကိုလတ်က အတော်စိတ်ဝင်စားနေတော့ တခြားစကားတွေသိုင်းဝိုင်းမနေတော့ပါဘူး။ ကျွန်တော့်ကိုယ်တွေ့အကြောင်းကို ပြောပါတော့မယ်။ စပြောရမှာက ဒီလိုဗျ"

(၃)

"ငါ့တပည့် - ထစမ်း"

တည်ကြည်ခံ့ညားလှသောအသံကြောင့် ဦးကျော်သန်း အိပ်ပျော်နေရာမှ ဖျတ်ခနဲနိုး၍ အသံလာရာဆီ မှန်းဆကြည့်လိုက်သည်။ မြင်ကွင်းက အထက်ကောင်းကင်အမြင့်ဆီမှ ဝတ်ဖြူစင်ကြယ်နှင့် တည်ကြည်ခံ့ညားသော သူတော်စင်ပုဂ္ဂိုလ်ကို ကောင်းကင်လေထဲရပ်လျက် မိမိကိုစူးစိုက်ကြည့်နေသည်ကို မြင်တွေ့လိုက်ရသည်။ ဦးကျော်သန်း သူတော်စင်ပုဂ္ဂိုလ်အား ဇဝေဇဝါလှမ်းကြည့်ရင်း သူ့ကိုယ်ခန္ဓာသည် တငြိမ့်ငြိမ့်နှင့် လေထဲမျောပါနေသလိုခံစားရ၏။ သူတော်စင်အောက်နား လေထဲတွင်ရောက်သည့်အခါ ရပ်တန့်သွားသလို သူတော်စင်ကို သေချာမြင်တွေ့လိုက်ရသည့်အခါ မိမိ၏ဆရာသခင်တစ်ပါးဖြစ်ကြောင်း သိလိုက်ရသည်။ ဦးကျော်သန်း သူတော်စင်ဆရာအား လက်အုပ်ချီကန်တော့လိုက်သည်။

"ငါ့တပည့် မင်းရဲ့ကျင့်ကြံအားထုတ်ဆောင်ရွက်မှုတွေဟာ ဖြူစင်မွန်မြတ်လှပါတယ်။ အခု ငါလာခြင်းသည် ငါ့တပည့်ကို ဆောင်ရွက်စေမှုတစ်ခုအတွက် ဖြစ်တယ်"

ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ဆရာက ဦးကျော်သန်းကို ပြောလိုက်သည်။

"ဟုတ်ကဲ့-ဆရာသခင်၊ အမိန့်ရှိပါ။ တပည့်အစွမ်းရှိသမျှဆောင်ရွက်ပါမည်"

ဦးကျော်သန်းက ပြန်လည် ဖြေကြားလိုက်သည်။ ဝတ်ဖြူစင်ကြယ်နှင့်ဆရာသခင်က အောက်မြေပြင်ဆီကို လက်ဆန့်တန်း လက်ညှိုးညွှန်ပြရင်း ပြောသံပေါ်လာသည်။

"ငါ့တပည့်၊ မင်းရဲ့အောက်မြေပြင်ဆီ ငုံ့ကြည့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်သန်း ဆရာသခင်အမိန့် အတိုင်း မိမိအောက်ဘက် မြေပြင်ဆီ ငုံ့ကြည့်လိုက်သည်။ အောက်မြေပြင်ဆီ မြင်ကွင်း ပိုးတဝါးရှုပ်သွင်များ မမြင်ရသော်လည်း နာကျင်ဆို့နင့်သောညည်းသံ နှေအော်သံဗလုံးဗထွေးများကြားရသည်။ ကယ်ကြပါ၊ ကယ်ကြပါ အစုအဝေးနှင့် အော်ဟစ်ညည်းသံများကြောင့် ဦးကျော်သန်း တုန်လှုပ်တွေဝေသွားသည်။ ထိုစဉ် ကောင်းကင်ပေါ်မှ သူတော်စင်ဆရာ၏ စကားသံ ပေါ်ထွက်လာပြန်သည်။

"ငါ့တပည့်၊ မြေအောက်က အော်ညည်းသံတွေဟာ နဂါးပဋ္ဌာန်းဆက်နဲ့ မကျွတ်လွတ်ကြသေးတဲ့လူတွေပဲ။ အဲဒီလူတွေ ကျွတ်လွတ်ဖို့အတွက် ငါ့တပည့်က ကယ်ဆယ်ဆောင်ရွက်ရမယ်"

သူတော်စင်ဆရာစကားဆုံးခဲ့တွင် ပျက်သွား၏။ ဦးကျော်သန်း ကောင်းကင်အမြင့်နေရာမှ အောက်ဘက်သို့ မှန်းဆကြည့်လိုက်သည်။ သို့သော် မည်သည့်နေရာဟု မခန့်မှန်းနိုင်သေး။ ထပ်မံ၍ သေချာစူးစိုက်ကြည့်ပြန်သည်။ ထိုအခါ မှုန်ဝါးဝါးအောက်မြင်ကွင်းကြား တောင်မြင့်မြင့် မှုန်ဝါးဝါး မည်းမည်းနှင့် တောချုံရှုပ်ထွေးထွေးကွင်းပြင်ကိုပါ ရေးရေးမြင်ရသည်။ ထိုနေရာမြေအောက်နားဆီမှ အော်ညည်းသံများလည်း တဝေါဝေါ ရောထွေးကြားနေရလေသည်။ ထိုစဉ် သူတော်စင်ဆရာထံမှ စကားသံပေါ် ထွက် လာပြန်သည်။

"ငါ့တပည့်၊ အခု မင်းအောက်မြေပြင်အောက်ဆီက ခပ်မည်းမည်းတောင်ဟာ ကျောက်မဲတောင်ပဲ။ အဲဒီမှာ ရှေးကတိုင် ဘုရားရတနာသိုက်ရှိတယ်။ အဲဒီသိုက်မှာ နဂါးများစောင့်ရှောက်တယ်။ နဂါးသိုက်လို့ခေါ်တယ်။ အဲဒီအနီး မြေပြင်အောက်မှာမကျွတ်လွတ်ကြသေးတဲ့ နဂါးပဋ္ဌာန်းဆက်တွေရှိတယ်။ သူတို့ကျွတ်လွတ်ဖို့အတွက် အဲဒီနေရာ စေတီကြီးတစ်ဆူတည်ဖို့ငါ့တပည့် ဆောင်ရွက်ရမယ်။ အဲဒီစေတီကို ပဋ္ဌာန်းဆက်ရှိကြတဲ့ ပုဂ္ဂိုလ်တွေလှူဒါန်းတဲ့ ကောင်းမှုနဲ့တည်ရမယ်။ အဲဒီစေတီကို နဂါးသိုက်စေတီလို့ခေါ်တွင်မယ်။ စေတီကြီးပြီးရင် ရေစက်ချအမျှအတန်းပေးဝေတဲ့အခါ မကျွတ်လွတ်ကြသေးတဲ့ နဂါးဆက်နွယ်တွေ ကျွတ်လွတ်သွားကြလိမ့်မယ် ငါ့တပည့်။ အဲဒီနေရာမှာ အဓိဋ္ဌာန် (၄၅) ရက်ဝင်ပြီးအောင်မြင်အောင် ဆောင်ရွက်ပေတော့"

စကားသံအဆုံးတွင် သူတော်စင်ပုဂ္ဂိုလ်သည် မြင်ကွင်းမှ မြူငွေ့များသန်းသလိုဖြစ်ပြီး ပျောက်ကွယ်သွားလေသည်။ ဦးကျော်သန်း အံ့ဩစိတ်နှင့် ဖျတ်ခနဲ သတိရလျက် အိပ်နေရာမှနိုးလာသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ မိမိအိပ်ခန်းတွင်း အိပ်ရာပေါ်မှာရှိနေသည်။ အိပ်မက်မက်နေတာပါလားဟု ဦးကျော်သန်း အသိပေါ်လာသည်။ အိပ်ရာပေါ်မှ ချက်ချင်းမထသေးဘဲ ထူးဆန်းသောအိပ်မက်အကြောင်းကို ပြန်တွေးကြည့်လိုက်သည်။ အိပ်မက်ထဲမှ မိမိကိုညွှန်ပြသော သူတော်စင်ပုဂ္ဂိုလ်ဆရာသည် မိမိ စကြံတောင်၊ မြတ်စွာဘုရား စင်္ကြံလျှောက်တော်မူခဲ့သည့် ရုပ်တုတော်များတည်စဉ်ကနှင့် ပုပ္ပားတောင်မကြီးတွင် တရားထိုင် အဓိဋ္ဌာန်ဝင်စဉ် ဖလံရုံတောင်တော်ကြီး (မင်းဘူးမြို့နှင့် ၇-မိုင်ကွာ ဖလံရုံတောင်တော်ကြီး) ပေါ် အဓိဋ္ဌာန်ဝင်စဉ်နှင့် ပွင့်ဖြူ မြကျိုင်းတောင်၊ ရွှေစက်တော် အဓိဋ္ဌာန်ဝင်စဉ်က သူတော်စင်ဆရာသခင်၏ လမ်းညွှန်အကူအညီများ ရခဲ့သော မိမိဆရာသခင်ဖြစ်ခဲ့သည်။ မိမိ ဘုရားတည်ခြင်း၊ ထီးတော်တင်ခြင်းများ၌ ဆရာသခင်၏ ညွှန်ပြမှုများဖြင့် ချောမောအောင်မြင်ခဲ့ရသည်။ ဦးကျော်သန်း တွေးရင်း ဆရာသခင်၏ ယခု အိပ်မက်ဖြင့် တာဝန်ပေး လမ်းညွှန်မှုအတိုင်း မပျက်မကွက် အောင်မြင်အောင် ဆောင်ရွက်ရပေတော့မည်။

(၄)

ဦးကျော်သန်း ပထမဆုံး အိပ်မက်ထဲမှ ဆရာသခင် ညွှန်ပြခဲ့သည့် ကျောက်မဲတောင်ဝန်းကျင်ဆီသွားရောက်လေ့လာကြည့်သည်။ မီးခိုးရောင်မှိုင်းနက်နက်ဖြင့် ကျောက်မဲတောင်ကြီးသည် မြို့နှင့် (၅) မိုင်ကွာဝေး အမြင့်ပေ (၅၀၀) နီးပါးရှိမည်။ နှစ်ပေါင်းများစွာကပင် မြင့်မြင့်မားမားတည်ရှိခဲ့သည့်တောင် ဖြစ်သည်။ တောင်၏ရှေ့အခြေတွင် တောင်နှင့်မြောက်သည် ကျယ်ပြန့်သော မြေပြင်ရှိပြီး တောင်အနောက်ဘက်မှာ ကျောက်ဆောင်နှင့် ကုန်းကမူများ၊ တောချုံများ၊ သစ်ပင်ကြီးအချို့တို့သည် အနောက်ဘက်တစ်လျှောက် လှမ်းမျှော်ကြည့်လျှင် ဟိုးအဝေးဆီ၌ မှိုင်းပြာမှုန်မှုန်မြင်ရသော အနောက်ရိုးမတောင်ဆွယ်တောင်တန်းကြီးသည် မိုးကုပ်စက်ဝိုင်းတောင်မြောက်၌ ထီးစပ်ကာဆီးသလို မြင်ကြရသည်။ တောင်ဆွယ်အဆင့်ဆင့် တောအထပ်ထပ်တို့သည် မြန်မာနိုင်ငံ၏ အဆီးအတားထုံတိုင်းကြီးများအသွင်မှာည်ရာ သဘာဝတောတောင်ရေမြေအလှနှင့် အဖိုးထိုက်တန်စွာရှိနေသည်။ မြန်မာနိုင်ငံတော်အတွင်းမှ သဘာဝတောတောင်၊ ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် ပဒေသာပင်သဖွယ် အဖိုးထိုက်ရတနာများ ပြည့်လျှမ်းလျက်ရှိနေလေသည်။

ဦးကျော်သန်းသည် ကျောက်မဲတောင်ကြီးကိုကြည့်ပြီး မှိုင်းပျပျမြင်းကွင်းဆီလှမ်းမျှော်ကြည့်ပြီး အတွေးအမျှင်များတန်းနေမိသည်။ လာရင်းအကြောင်းကိုပင် ခေတ္တမေ့သွားရာမှ ပြန်သတိရပြီး အိပ်မက်အရ မိမိလာရောက်လေ့လာကြည့်သော ကျောက်မဲတောင်ကြီးနှင့် တောင်ခြေရှေ့ မြေပြင်ကျယ်ကြီးကို လှည့်ပတ်ကြည့်လိုက်သည်။ တောင်ကြီးမှာ နက်ပြာဖျော့ဖျော့မှိုင်းမှိုင်း အထူးသဖြင့် ကျောက်သားဖုံးလွှမ်းမှုများသော တောင်ကြီးဖြစ်လေသည်။ ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိနေသော တောင်ဖြစ်သည်။ ဤတောင်ကြီးကိုကြည့်ခြင်းအားဖြင့် မိမိအိပ်မက်ထဲ ဆရာသခင်ပြောသွားသော နဂါးစောင့်သိုက်ရှိနိုင်ဖွယ်တည်း။ ဆရာသခင်သည် အိပ်မက်ထဲမှ ဤတောင်ခြေမြေအောက်ထဲ ကောင်းကင်အပေါ်စီးမှ မိမိအားငုံ့ကြည့်ခိုင်းပြီး မြေအောက်တွင်းမှ မကျွတ်မလွတ်ခံစားနေကြရသော နဂါးပဋ္ဌာန်းဆက်များ ကျွတ်လွတ်ဖို့ ၎င်းနေရာတွင် နဂါးသိုက်စောင့်စေတီတည်ထားရန် နဂါးသိုက်စေတီအတွက် လှူဒါန်းကြတွင် နဂါးပဋ္ဌာန်းဆက်ရှိသူများ ပါဝင်လှူဒါန်းကုသိုလ်ပြုကြမည်။ ဖြစ်မြောက်အောင် ဆောင်ရွက်သွားရန် ညွှန်ကြားလေသည်။ မိမိသည် မဖြစ်မနေဆောင်ရွက်ရတော့မည်။ မိမိကိုယ်ပိုင် ငွေကြေးလုံလောက်မှုတော့မရှိပေ။ သို့သော် အိပ်မက်ထဲမှ ဆရာသခင်က နဂါးပဋ္ဌာန်းဆက်ရှိသူများလှူဒါန်းကြမည် မိန့်ကြားခဲ့သည်။ ပထမဆုံး မိမိလု မည်က စေတီတည်မည့်နေရာ အဓိဋ္ဌာန် (၄၅) ရက်ဝင်ရမည်။ သစ္စာ၊ သ ခိုင်ကြည်ဖို့များစွာလိုသည်။ ဆရာသ မိန့်ကြားခဲ့သော နဂါးနှင့်ပတ်သက်သ တို့ကို လေ့လာကြည့်သည့်အခါ မြတ်စွာဘုရားရှင်လက်ထက်တော် ဘုရားရှင် သုနာပရန္တတိုင်း ကြ တော်မူလာရာကနေ သစ္စဗ (ရွှေ တော်)တောင် နမ္မဒါမြစ်နဂါးများ

www.burmeseclassic.com

နွယ်မိသည်။ ပို၍ ဆက်နွယ်ရသည်က နမ္မဒါနဂါးများ မြတ်စွာဘုရားရှင်အား ဖူးမြော်မဝ ကြည်ညိုလွန်းပြီး ခြေစက်တော် သစ္စဗန္ဓတောင် နမ္မဒါမြစ်မှပြန်အကြွ ကေလာသဖတောင် ရှင်ပင်စက္ကိန္ဒတောင်တော် ကြွရောက်လာစဉ် နဂါးများ မြေအောက်မှ လိုက်ပါဖူးမြော်ရင်း အခုကျောက်မဲတောင်နှင့် ရှေးယခင်က ကေလာသဖတောင် အနောက်ဘက်ရှိ သာယာလှသောတောင်ညိုတောင်တောနှင့် ချောင်းတွင်နေခဲ့ကြသည်။ မြတ်စွာဘုရားရှင် အိန္ဒိယပြည် သာဝတ္ထိသို့ပြန်ကြွသွားသော်လည်း နဂါးများသည် မူလနမ္မဒါမြစ်သို့ မပြန်ကြတော့ဘဲ တောင်ညို၊ ချောင်း၊ တောင်ညိုတောင် (နဂါးပွက်တောင်) နှင့် ကျောက်မဲတောင်တွင် နေခဲ့ကြသည်။ ကျောက်မဲတောင်မှာ ဘုရားရတနာသိုက်ရှိသဖြင့် နဂါးများစောင့်ရှောက်နေသည်။တောင်ညိုတောင်တွင်မူ တောင်ညိုတောတောင်ပိုင် အစ်မတော်၊ မောင်တော်တို့၏တောင် (နဂါးဗွက်တောင်) တွင် စောင့်ရှောက်နေကြသည်ကို ဦးကျော်သန်း ဖတ်ဖူးကြားဖူးသမျှကို ပြန်တွေးမိသည်။ နှစ်ပေါင်းရှည်ကြာလာခဲ့သော နဂါးဆက်နဂါးသိုက်နန်းနှင့်မကျွတ်လွတ်ကြသောနဂါးပဋ္ဌာန်းဆက်များအတွက် နဂါးသိုက်စေတီတော်အတွက် မိမိလုပ်ငန်း စတင်ရပေတော့မည်။

(၅)

တစ်ပတ်အတွင်း အဓိဋ္ဌာန် (၄၅) ရက်ဝင်ရန် ကျောက်မဲတောင်ရှေ့ ကိုက် (၅၀) ခန့်အကွာ ကွင်းပြင်၌ မြေစိုက်တဲတစ်လုံးဆောက်သည်။ ဦးကျော်သန်းနှင့်တွဲ၍ ဘာသာသာသနာအကျိုးဆောင်အဖွဲ့ရှိသည်။ အားလုံးညီသည်။ ဦးကျော်သန်း ညွှန်ပြကြီးကြပ်မှုနှင့် လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ကြသည်။ တစ်ပတ်အတွင်း အဓိဋ္ဌာန်ပြီးမြောက်ပြီး (၉) ရက်မြောက်နေ့ နံနက်(၆)နာရီတိတိအချိန်ကိုက် ဝါး၊ နှီး၊ သက်ကယ်အမိုးအကာအခင်းပေါ်မှ အရှေ့ဘက်လှည့်ထိုင်လျက် ဦးကျော်သန်း အဓိဋ္ဌာန်စတင်ဝင်လေသည်။ အဓိဋ္ဌာန်တဲတောင်ဘက်ခပ်လှမ်းလှမ်းတွင် တောရဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ဘုန်းတော်ကြီးကျောင်းမှာ လျှပ်စစ်မီးသွယ်တန်းရရှိထား၍ ဦးကျော်သန်းအဓိဋ္ဌာန်တဲကိုလည်း ဘုန်းတော်ကြီးကျောင်းမှ လျှပ်စစ်မီးလိုင်းဆွဲ၍ လမ်းတစ်လျှောက်ပါ ထွန်းလင်းရရှိသည်။ ဦးကျော်သန်းတပည့်များသည် ထိုဘုန်းကြီးကျောင်းအောက်တွင် နေကြပြီး စားသောက်ရေး ဦးကျော်သန်းအတွက် ဝေယျာဝစ္စဆောင်ရွက်ကြရန်ဖြစ်သည်။ ဦးကျော်သန်း အဓိဋ္ဌာန်ဝင်ညနေ(၆)နာရီခွဲတွင် တောင်ရိပ်တောရိပ်အမှောင်ကြောင့် လျှပ်စစ်မီးများဖွင့်ထားကြသည်။လျှပ်စစ်မီးပွင့်မီးချောင်းအလင်းများဖြင့် အဓိဋ္ဌာန်တဲတစ်ဝိုက် လင်းထိန်သွားသည်။ ဝန်းကျင်မှာ ငြိမ်သက်တိတ်ဆိတ်လျက်။ လျှပ်စစ်မီးများလင်းပြီး ည (၇) နာရီတိတိအချိန် ရုတ်တရက်လင်းလက်နေသော လျှပ်စစ်မီးများသည် ဖျတ်ခနဲ ငြိမ်းကျအမှောင်ဖုံးသွားသည်။ လျှပ်စစ်မီးများမှာ အဓိဋ္ဌာန်တဲနှင့် လမ်းတစ်လျှောက် သွယ်တန်းယူသော ဘုန်းကြီးကျောင်းရှိ လျှပ်စစ်မီးအားလုံးငြိမ်းအမှောင်ကျသွားလေသည်။

"ဟာ - မီးတွေပိတ်သွားပြီဟေ့။ ဖယောင်းတိုင်ရှာမီးထွန်းကြ။ အဓိဋ္ဌာန်တဲမှာလည်းမှောင်သွားပြီ"

အကျိုးဆောင်အဖွဲ့ဝင်များအသံပေါ်လာသည်။ အဖွဲ့ဝင်များ ဖယောင်းတိုင်ရှာ မီးခြစ်ရှာနေကြစဉ် တောရဘုန်းကြီးကျောင်းတောင်ဘက်ဆီမှ ဝေါခနဲ မြည်သံကြီးနှင့် အမြင့်လက်တစ်ဖောင်ကျော်ကျော်မှ ထန်းသီးလုံးခန့်ရှိ နီရဲရဲမီးလုံးကြီးတစ်လုံး ကျောင်းဝိုင်းထဲမှဖြတ်လျက် အရှိန်ပြင်းပြင်းဖြင့် အဓိဋ္ဌာန်တဲဆီဦးတည်သွားသည်။

"ဟဲ့ဟဲ့ - ဟို ဟိုမှာ မီးနီလုံးကြီး မီးနီလုံးကြီး။ အဓိဋ္ဌာန်တဲဆီသွားနေပြီဟေ့။ ဘာတွေဖြစ်ကုန်တာလဲမသိဘူး"

အကျိုးဆောင်အဖွဲ့ဝင်များအားလုံး တစ်ယောက်တစ်ပေါက်ပြောနေကြသည်။ အဓိဋ္ဌာန်တဲဆီ ဦးတည်သွားနေသော နီရဲရဲမီးလုံးကြီးသည် အဓိဋ္ဌာန်တဲရှေ့မှ မြောက်ဘက်သို့ ဝှီးခနဲဖြတ်ပျောက်ကွယ်သွားလေသည်။ တစ်ချိန်တည်းမှာပင် လျှပ်စစ်မီးများပြန်လင်းလာ၏။ အပြင်ဘက်တွင်ဖြစ်နေသည်များ ဦးကျော်သန်း သိမည်မထင်။ တင်ပျဉ်ခွေထိုင်၊ ခါးမတ်ဆန့်၊ မျက်စိမှိတ်၊ လက်ဝါးနှစ်ဖက်ထပ်လျက် တည်ငြိမ်စွာအဓိဋ္ဌာန်ဝင်နေသော ဦးကျော်သန်းအာရုံသည် မပျံ့လွင့်၍ဖြစ်သည်။ ဤလိုထူးခြားမှု အံ့ဩဖွယ်ရာမျိုး မရှိခဲ့၊ မတွေ့ခဲ့ဘူးကြောင်း တောရကျောင်းဆရာတော်က မိန့်ကြားသည်။ ဤသို့ ထူးခြားမှုဖြစ်ပြီး နောက်ထပ်ဘာမှဖြစ်ခြင်းမရှိသော်လည်း အဓိဋ္ဌာန်ပြည့်ရန် (၅) ရက်အလို နံနက် (၅) နာရီ ဦးကျော်သန်း နံနက်စာ စားသောက်နေစဉ် ဦးကျော်သန်း၏ အကျိုးဆောင်အဖွဲ့ဝင်များထဲမှတစ်ယောက် အံ့ဩသံနှင့်ပြောသံထွက်လာသည်။

"ဟာဟာ - ဆရာ. . . ဆရာ အဓိဋ္ဌာန်ထိုင်တဲ့တဲအမိုးအောက်က ဝါးလုံးတန်းမှာ ဘာကြီးလဲမသိဘူး တွယ်ကပ်နေတယ်ဗျ"

ထိုအသံကြောင့် ဦးကျော်သန်းနှင့်အနီးရှိ တပည့်အကျိုးဆောင်များ တဲမိုးအောက်ခံဖါးလုံးဆီ မော့ကြည့်လိုက်ကြသည်။

"ဟာ"

"ဟယ်"

"အို"

"ထူးဆန်းတယ် ကြည့်စမ်း၊ မြွေကိုယ်လုံးနဲ့ နဂါးလိုအမောက်ပါတဲ့ခေါင်းနဲ့ကွ"

ဟူသော. အံ့ဩသံများလွှမ်းသွားပြန်သည်။ တကယ်ထူးဆန်းလှ၏။ ကျပ်လုံးခန့်အတုတ်၊ အရှည် တစ်တောင်ခန့်၊ မြွေကိုယ်လုံးနှင့် ဦးခေါင်းနဂါးကဲ့သို့အမောက်ပါမြွေဟုခေါ်ရမည်လား၊ နဂါးမြွေဟုခေါ်ရမည်လား။ ထိုအကောင်သည် ပ ၊ ၁တိ ငြိမ်သက်စွာဖြင့် အမိုးအောက် ါးလုံးတန်းပေါ် တွယ်ကပ်နေလေသည်။

"ကြည့်စမ်း -အဓိဋ္ဌာန်ဝင်ထိုင်တဲ့ဆရာဦးကျော်သန်းခေါင်းပေါ် တည့်တည့်နေရာပဲ။ ဆရာ့အတွက် အန္တရာယ်များဖြစ်နေမလားပဲ"

တပည့်တစ်ယောက်က စိုးရိမ်စွာပြောလိုက်သည်။

ထိုအခါမှ ဦးကျော်သန်းက တည်ငြိမ်အေးချမ်းသောအသံဖြင့် -

"သူ့ဟာသူနေပါစေ၊ ဘာမှမလုပ်ကြပါနဲ့။ မေတ္တာသာပို့ကြပါ။ ဆရာ့အတွက် မစိုးရိမ်ကြနဲ့"

ဟု ပြောလိုက်သည်။

ဦးကျော်သန်း၏ ပြောသံကြောင့် အားလုံးမှာ ဘာမှမလုပ်ကြဘဲ ကိုယ်ဆောင်ရွက်စရာဆောင်ရွက်နေကြသည်။ သို့သော် စိတ်တွေထဲမှာတော့ ထူးဆန်းမှုကို အံ့ဩနေသလို ဦးကျော်သန်းနှင့် (၅) ပေအကွာ အမြင့်နေရာတွယ်ကပ်နေသော မြွေနဂါးလိုအကောင်အတွက် စိုးရိမ်စရာဖြစ်နေကြသည်။ ဦးကျော်သန်းကတော့ သတ်မှတ်အချိန် အတိအကျ မူလနေရာမှာပင်ထိုင်လျက် တည်ငြိမ်စွာ အဓိဋ္ဌာန်ဝင်လေသည်။ ဦးကျော်သန်း၏ တပည့်များမှာ ဆရာ့အတွက်

www.burmeseclassic.com

စိုးရိမ်စိတ်ရှိနေသေး၍ အချို့မှာ အဓိဋ္ဌာန်တဲ့အပြင် မနီးမဝေးနေရာ စုဝေးငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။ အချို့ကတောရဘုန်းကြီးကျောင်း အောက်တွင် စုဝေးပြီး ထူးဆန်းသောဖြစ်ရပ်တို့ကို ပြောနေကြသည်။ အဖွဲ့ဝင် ကိုဘသန်းက -

"အတော် ထူးဆန်းတယ်ကွ။ ဒီလို မြွေကိုယ်လုံးနဂါးအမောက်ခေါင်းနဲ့ အကောင်ခုမှမြင်ဖူးတယ်"

ပြောလိုက်သည်။

ဘေးနားက အဖွဲ့ဝင်ကိုရွှေက -

"မင်းကွာ ထူးဆန်းတာ ဒါတစ်ခုတည်းလားကွ။ တို့ဆရာ အဓိဋ္ဌာန်စဝင်နေ့ မီးလုံးနီနီကြီး တောင်ဘက်ကနေ လက်တစ်ဖက်ကျော်ကျော်အမြင့်နဲ့ တဝေါဝေါမြည်သံနဲ့ အဓိဋ္ဌာန်တဲရှေ့ကနေ မြောက်ဘက်ဖြတ်သွားတာရယ်၊ အဲဒီအရင် လျှပ်စစ်မီးတွေ ရုတ်တရက်ငြိမ်းသွားတာ။ မီးလုံးကြီးလည်းပျောက်သွားရော လျှပ်စစ်မီးတွေ ပြန်လင်းလာတာရော မထူးဆန်းဘူးလားကွ"

ပြောလိုက်သည်။

"အေး - အဓိဋ္ဌာန်ရက် (၅) ရက်မပြည့်ခင် နောက်ထပ်ဘာတွေများဖြစ်ဦးမလဲ။ အခုတော့ ဆရာ့ခေါင်းပေါ် သိဂ်မဝေးတဲ့အမိုးမှာ တွယ်ကပ်နေတဲ့ အကောင်က ဘယ်လိုဖြစ်ဦးမလဲမသိဘူး။ တို့ကသာစိုးရိမ်နေတာ ဆရာကတော့ တည်ငြိမ်အေးဆေးပဲကွ"

ဘေးနားက ကိုကျော်က စိုးရိမ်သံနှင့်ပြောလိုက်သည်။

"အင်း - ဂရုစိုက်စောင့်ကြည့်ကြရမှာပေါ့ကွာ"

အဖွဲ့ဝင် ကိုဘသန်းက ပြောလိုက်၍ အားလုံးတွေးကိုယ်စီနှင့် ငြိမ်သက်သွားလေသည်။

စိတ်တွေထဲမှာတော့ -

"သူဟာသူနေပါစေ၊ ဘာမှမလုပ်ကြပါနဲ့။ မေတ္တာသာပို့ကြ။ ဆရာ့အတွက်လည်း ဘာမှမစိုးရိမ်ကြပါနဲ့"

ဟု ပြောခြင်းသည် ဆရာ့၌ အကြောင်းတစ်ခုခုရှိ၍သာ ပြောခြင်းသာဖြစ်မည်ဟု တွေးမိကြသည်။

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက် (၄) ရက်နေ့ရောက်ခဲ့သည်။ အဓိဋ္ဌာန်ပြီးဆုံးရန် တစ်ရက်သာလိုတော့သည်။ (၄) ရက်လုံးလုံး နဂါးအမောက်နှင့်မြွေသည် အုံ့ဩဖွယ်ကောင်းလွန်းအောင် ထိုနေရာမှ လုံးဝလှုပ်ရှားမှုမရှိ။ ထိုနေရာမှာပင် ငြိမ်သက်စွာမလှုပ်မရှားရှိနေလေသည်။ အဓိဋ္ဌာန်ဝင်နေသော ဦးကျော်သန်းမှာ ထိုနဂါးမောက်နှင့်မြွေကြောင့် ဘာမှအနှောင့်အယှက်မရှိ။ တည်တည်ငြိမ်ငြိမ်ပင်။ နောက်ဆုံးအဓိဋ္ဌာန်ရက်နေ့ (အဓိဋ္ဌာန် ၅ ရက်ပြည့်နေ့) ညနေ (၆) နာရီထိုးရန် (၁) မိနစ်သာလိုတော့သည်။ အဓိဋ္ဌာန်နောက်ဆုံးရက်ဖြစ်၍ ဆရာဦးကျော်သန်း၏ အကျိုးဆောင်အဖွဲ့ဝင်များ စုံစုံညီ အဓိဋ္ဌာန်တဲအနီး ငြိမ်သက်စွာထိုင်နေကြသည်။ ညနေ (၅) နာရီကျော်ကျော်ကတည်းက ဖွင့်ထားသော လျှပ်စစ်မီးအလင်းများမှာ တဲအတွင်းနှင့် လမ်းတိုင်များ တောရကျောင်းအတွင်းပါ လင်းထိန်နေသည်။ အကျိုးဆောင်အဖွဲ့ဝင်များမှာ သည့်အရင်ရက်က ထူးဆန်းမှုများ ထပ်မံဖြစ်ပေါ်လာလေမလားဟု အကဲခတ်သတိထား စောင့်ကြည့်နေကြသော်လည်း ဘာမှထူးခြားမှုမရှိခဲ့ပေ။ သို့သော် ဆရာဦးကျော်သန်း အဓိဋ္ဌာန်ဝင်တဲအပေါ်မှ နဂါးမြွေရှိနေသေး၍ စိတ်မဖြောင့်သေး။ ဤသို့ ငြိမ်ပြီးအတွေးကိုယ်စီနှင့်ရှိနေစဉ် စက္ကန့်ပိုင်းအတွင်း မမျှော်လင့်ဘဲ လျှပ်စစ်မီးသည် ရုတ်တရက် ဖျတ်ခနဲပိတ်ငြိမ်းသွားလေသည်။ အဓိဋ္ဌာန်တဲနှင့်လမ်းတစ်လျှောက် တောင်ဘက်တောရကျောင်းအားလုံး လျှပ်စစ်မီးများမလင်းတော့။

"ဟာ - လျှပ်စစ်မီးပိတ်သွားပြီ။ မီးခြစ်နဲ့ ဖယောင်းတိုင်ထုတ် မီးထွန်းကြဟေ့"

အဖွဲ့ဝင်များထဲမှ အသံအကျယ်ဆုံး ကိုကျော်အေးက အသံထိန်း၍ ပြောလိုက်သည်။ ခဏအကြာ လျှပ်စစ်မီးများ ဖျတ်ခနဲ ပြန်လင်းလာလေသည်။ တစ်ချိန်တည်းမှာပင် (၆) နာရီတိတိနှင့် အဓိဋ္ဌာန်စခန်းအောင်မြင်စွာပြီးဆုံးသွားခဲ့သည်။ အဓိဋ္ဌာန်ထိုင်နေရာမှ ဆရာဦးကျော်သန်းမျက်စိဖွင့် ကိုယ်ခန္ဓာဖြေလျှော့လိုက်ရင်း ခပ်ကျယ်ကျယ်အသံဖြင့် အားလုံးကို မေတ္တာပို့ပြီး မတ်တတ်ရပ်လိုက်သည်။ အနီးမှ တပည့်အဖွဲ့ဝင်များက ဆရာဦးကျော်သန်း မတ်တတ်ရပ်လိုက်သဖြင့် မော့ကြည့်လိုက်ရာမှ တဲအမိုးအောက် နဂါးအမောက်နှင့်မြွေ တွယ်ကပ်နေရာ ဝါးလုံးတန်းကိုကြည့်လိုက်မိကြသည်။

"ဟာ - ဟို ဟို မြွေနဂါး မြွေနဂါး မရှိ . . . မရှိတော့ဘူး"

အသံကျယ် ကိုကျော်အေးကပင် အလန့်တကြား အော်ပြောလိုက်သံပေါ်လာသည်။

"အေး - ဟုတ်တယ်ဟေ့ မြွေနဂါး မရှိတော့ဘူး။ စောစောက လျှပ်စစ်မီး တွေမပိတ်ခင်က ထင်ထင်ရှားရှားရှိတယ် ကွ။ အခု မီးတွေပြန်လင်းတော့မရှိ ဆန်းတယ်။ နေဦးကွ တခြားနေရာ ရောက်နေတာလား၊ အောက်ခုန်ဆင်း သွားတာလား ရှာကြအောင်"

ကိုရွှေက ပြောလိုက်သဖြင့် အဖွဲ့ သားများ လျှောက်ပတ်ရှာကြသည်။ အဖွဲ့သားတပည့်များ လှုပ်လှုပ်ရှားရှား နေသည်ကို ဆရာဦးကျော်သန်းက -

"ကဲကဲ - ရှာမနေကြပါနဲ့။ သူ လည်း သူ့အဓိဋ္ဌာန်ပြည့်လို့သွားတာ မှာပါ။ မေတ္တာသာပို့ကြ။ လုပ်စရာရှိတာ ဆက်လုပ်ကြပါ"

အေးဆေးတည်ငြိမ်စွာပြောလိုက် သဖြင့် အားလုံးနားထောင်လိုက်ကြ သည်။ တကယ်တော့ ခေါင်မိုးမှာ မြေပြင်မှာရော (၅) ရက်လုံးလုံး အ ဝါးလုံးတန်းတွင် ငြိမ်သက်စွာတွယ် နေသော နဂါးအမောက်ခေါင်းနှင့်မြွေ လုံးဝရှာမတွေ့ကြ။ နောက်ဆုံး ဆ ဦးကျော်သန်းပြောသကဲ့သို့ပင် ဖြစ် ဟု တွေးထားလိုက်ကြတော့၏။ ဆော ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီး အ ယူထိုင်နေကြစဉ် ကိုကျော်အေး ဆရာဦးကျော်သန်းကို မေးကြည့်သ

"ဆရာ့ကို မေးကြည့်ချင်လို့ ဆရာ"

"ဘာများမေးချင်လို့ပါလဲ၊ မေး ဗျာမေးပါ။ သိသလောက်ဖြေပါ့မယ် ကိုကျော်အေးရာ"

ဆရာဦးကျော်သန်းက ပြုံး ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ - ဆရာအဓိဋ္ဌာန်ဝင် ပြည့်ဖို့ (၅) ရက်အလိုမှာ ဆရာအဓိ ဝင် ထိုင်နေတဲ့ အပေါ်တဲဝါးလုံးတ ထူးထူးဆန်း နဂါးမောက်နဲ့မြွေရော တွယ်ကပ်နေတာထူးဆန်းလို့ပါ။ဘ များရောက်လာတာလဲမသိဘူး။ ဘယ်လိုများထင်လဲဆရာ"

ကိုကျော်အေးက မေးလိုက်

"အင်း-တိုက်ဆိုင်တယ်လို့ လည်းရမယ်။ ဒါမှမဟုတ် ဒီတော တောင်နဂါးသိုက်စေတီတည်ဖို့ အ ဝင်တာကို ပါဝင်ကူညီတဲ့ နဂါး ဆက်အနေဖြစ်ချင်ဖြစ်မယ်။ အေ စေမယ့် အထိမ်းအမှတ်တစ်ခု မလားပဲ"

ဆရာဦးကျော်သန်းက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ဆရာ့အဓိဋ္ဌာန်ဝင်တဲ့နေ့ ညနေပိုင်းက အဓိဋ္ဌာန်စတဲ့အချိန်မှာ အဓိဋ္ဌာန်တဲ့တောင်ဘက်တောရကျောင်း တောင်ဘက်ကနေ ထန်းသီးလုံးလောက် မီးလုံးကြီးဝင်လာပြီး အဓိဋ္ဌာန်တဲ့ရှေ့က နေ မြောက်ဘက်ဖြတ်ကျော်ပျောက် သွားတယ်။ အဲဒီအချိန်မှာ လျှပ်စစ်မီး တွေအားလုံးလိုလို ငြိမ်းပိတ်ကုန်တယ်။ ပြီးမှ မိနစ်ပိုင်းလေးအတွင်းမှာပဲ လျှပ်စစ် မီးတွေပြန်လင်းလာတယ်။ အဲဒါကကော ဆရာ"

ဘေးနားထိုင်စိတ်ဝင်စားနေသော ကိုကျော်က မေးလိုက်ပြန်သည်။

"အင်းအင်း - အဓိဋ္ဌာန်စတဲ့နေ့ ကိုကျော်ပြောသလိုဖြစ်ခဲ့တယ်။ ဒါက နဂါးသိုက်စေတီအတွက် အဓိဋ္ဌာန်ဝင် တာကို သိုက်စောင့်တွေ အထိမ်းအမှတ် ပြပေးတာဖြစ်မယ်။ အဲသလိုတွေးပြောရ ခြင်းက အခုအဓိဋ္ဌာန်ပြီးခါနီးချိန် နဂါး အမောက်နဲ့မြွေပေါ် လာခြင်း၊ မရွေ့မလျား ငြိမ်သက်ပြီး (၅) ရက်လုံးလုံးနေပြီး အဓိဋ္ဌာန်ပြီးဖို့ မိနစ်ပိုင်းမှာ လျှပ်စစ်မီးတွေ ငြိမ်း၊ ပြန်လင်းလာတော့ (၅) ရက်လုံးငြိမ် ကပ်နေတဲ့ မြွေနဂါးပျောက်သွားတယ် မရှိတော့ဘူး။ အဲဒါကို ဆက်စပ်ပြီးပြော ရ၊ ယူဆရတာပါ"

ဆရာဦးကျော်သန်းက ပြန်ပြောပြ လိုက်သည်။ အဖွဲ့ဝင်အားလုံး စိတ်ဝင် စားနားထောင်နေကြသည်။

ဆရာဦးကျော်သန်းကဆက်၍ -

"အားလုံးခြုံပြောရရင် ဒီနဂါး သိုက်စေတီတည်ဖို့ နဂါးပဋ္ဌာန်းဆက် မကျွတ်လွတ်ကြသူများကျွတ်လွတ်စေဖို့ ဆရာသခင် အိပ်မက်ကနေ ညွှန်ပြမှု အောင်မြင်ဖို့ နိမိတ်တွေ ဖြစ်ရပ်တွေပါပဲ။ အထူးသဖြင့် ဒီနေရာမှာ နဂါးသိုက်ရှိနေ တယ်ဆိုတာ အထောက်အထားတွေပါ"

ရှင်းပြသည်။

"ဒါဖြင့်ဆရာ ဒီနေရာဝန်းကျင်မှာ ဟိုးရှေးက နဂါးတွေရှိခဲ့တယ်။ ဒီ ကျောက်မဲတောင်နဲ့ တောင်ဘက်က နဂါးပွက်တောင်မှာလည်း နဂါးရှိခဲ့တယ် ဆိုတာ သေချာတာပေါ့"

ကိုကျော်အေး ထပ်မေးလိုက်ပြန် သည်။

"ရှေးကစကားသမိုင်းအဆင့်ဆင့် ပြောခဲ့တာအရ ရွှေစက်တော်နမ္မဒါမြစ် နဂါးများ မြတ်စွာဘုရားရှင်အား ဖူးမြော် လိုက်ပါရင်းက ဒီနေရာတွေရောက် ခိုအောင်းနေခဲ့ကြတယ်။ ကျောက်မဲ တောင်က ရတနာသိုက်ကို နဂါးတွေ



စောင့်ရှောက်နေခဲ့ကြသလို တောင်ဘက် က အခု နဂါးပွက်တောင်ခေါ်တဲ့ တောင်ညိုတော၊ တောင်ညိုချောင်း၊ တောင်ညိုတောင်ကို ဒွတ္တဘောင်မင်း ကြီး သမီးတော်ကြီးနဲ့ သားတော် မောင် နှမနှစ်ဦး အဲဒီနေရာမှာ သူပုန်လက်ချက် နဲ့ ကွယ်လွန်ခဲ့ရာမှ အပိုင်းစားပေး ရရှိ ခဲ့လို့ အစ်မတော်၊ မောင်တော်တို့ရဲ့ တောင်ညိုတောတောင်ညိုတောင်ပိုင် ဆိုင်မှုအရှင်သခင်တွေဖြစ်ခဲ့တယ်။ အဲဒီ တောင်ညိုတောင် (နဂါးပွက်တောင်) အစ်မတော်နဲ့ မောင်တော်ကို နဂါးတွေ စောင့်ရှောက်ကြတယ်။ အဲဒါကြောင့် တောင်ညိုတောင် (နဂါးပွက်တောင်) ပေါ်မှာ မြေအောက်ကနေ တွန်းကန် ပွက်ထလာတဲ့ ရွှံ့နှစ်တွေဟာ နဂါးတွေ ပွက်ပြခြင်းဖြစ်တယ်လို့ အယူအစွဲရှိကြ တယ်။

ဒါကြောင့် နဂါးပွက်တောင်ခြေ မှာ အရင်က နတ်ကွန်းငယ်လေးရှိရာက ယုံကြည်ပ,သသူတို့က နတ်ကနားပေး ခြင်း၊ အစ်မတော်၊ မောင်တော်နဲ့ နဂါး တွေအတွက် အခုတော့ တောင်ခြေမှာ ခမ်းခမ်းနားနား တိုကီနတ်ကွန်းကြီးတွေ၊ ပြတိုက်တွေ တောင်ပေါ်တက် စောင်း တန်းတွေနဲ့ နဂါးရုပ်တုတွေနဲ့ အကြီး အမားဖြစ်နေတာ အားလုံးအမြင်ပဲ။ စီးပွားရေး၊ လူမှုရေးတွေအတွက် တောင် တော်အစ်မတော်၊ မောင်တော်တို့မ,စလို့ ထူးထူးကဲကဲကြေသူတွေက လစဉ်နှစ်စဉ် ပ,သမှုအကြီးအကျယ်လုပ်ကြတယ်။ မရှိ မသေမလေးမစားမလုပ်ရကြ ဘူးမဟုတ် လား"

ဆရာဦးကျော်သန်းက ထပ်ရှင်းပြ သည်။

"ဒါဖြင့် အခု ဆရာအဓိဋ္ဌာန်ပြီး မြောက်လို့ ဒီနေရာမှာ နဂါးသိုက်စေတီ တည်ရတော့မှာပေါ့ ဆရာ"

ကိုကျော်အေး [illegible]

"အမှန်ပေါ့ဗျာ။ [illegible] တောင်ကြီးရှေ့ အခုအဓိဋ္ဌာန်ဝင်ခဲ့တဲ့ နေရာမှာပဲ နဂါးသိုက်စေတီတည်မှာ နဂါးသိုက်စေတီတော်အတွက် ပဋ္ဌာန်း ဆက်ရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ အလှူနဲ့ အောင် မြင်အောင်တည်မှာပါ"

ဆရာဦးကျော်သန်းက ရှင်းပြ သည်။

"ဒါနဲ့ ဆရာ နဂါးသိုက်စေတီဆို တော့ နဂါးရုပ်တုတွေပါ ပါရမှာပေါ့နော်"

အဖွဲ့ဝင် ကိုအေးသန်းက မေး သည်။

"ပါရမှာပေါ့ဗျာ။ စေတီပြီးတဲ့အခါ စေတီရင်ပြင်သတ်မှတ်နေရာမှာ နဂါးခွေ ပလ္လင်နဲ့ မြတ်စွာဘုရားရုပ်ပွားတော်ကို အပေါ်မှ အုပ်မိုးပူဇော် ပုံတော်နဂါးရဲ့ ဘုရား တည်ထားပူဇော်ရမယ်ဗျ"

ဆရာဦးကျော်သန်းက ရှင်းပြ သည်။

"ကဲကဲ - အားလုံးပဲအခုနဂါးသိုက် စေတီအတွက် အဓိဋ္ဌာန်ဝင်ပထမအောင် မြင်ခဲ့လို့ ဟောဒီဝန်းကျင်အားလုံးမေတ္တာ ပို့ကြပါစို့"

ဆရာဦးကျော်သန်းနှင့် အဖွဲ့ဝင် တပည့်များမေတ္တာပို့သကြည်လင်အေးမြ သံသည် ကျောက်နက်တောင်တစ်ဝှမ်း လွှမ်းခြုံသွားလေတော့သည်။

(၆)

"အဲဒါ ကိုလတ်သိချင်တဲ့ နဂါး သိုက်စေတီ၊ နဂါးသိုက်အကြောင်းပါပဲ ဗျာ"

ဆရာဦးကျော်သန်းက ကျွန်တော် သိချင်သော နဂါးသိုက်စေတီ၊ နဂါးသိုက် နန်းအကြောင်း အသေးစိတ်ပြောပြ သည်။ ဆရာသည် အသက်အရွယ်ရ လာသော်လည်း ယခုလို စကားအရှည် အလျားပြော၍မမော။ ပိုရှိတတ်ကြ သောအသံများဖြင့် ရွှင်လန်းနေသည်။ ကျွန်တော် ဆရာကိုအားနာသော်လည်း သိချင်သည်များရှိသေး၍ ဆက်မေး ကြည့်လိုက်ပြန်သည်။

"ဟုတ်ကဲ့ - ဆရာ၊ စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။ ဒါနဲ့ ဆရာ နဂါး သိုက်စေတီတည်တဲ့ အချိန်အတွင်းမှာ ကော ဘယ်လိုထူးခြားမှုတွေတွေ့ရသေး လဲဆရာ ပြောပြပါဦး"

ကျွန်တော့အမေးကို ဆရာက -

"အင်းအင်း - ဟုတ်တယ်ထူးခြား တယ်။ ဘယ်လိုထူးခြားသလဲဆိုရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်အဓိဋ္ဌာန်ဝင်ပြီး နဂါးသိုက်စေတီတည်ဖို့ စလိုက်တဲ့အချိန်မှာပဲ ပဋ္ဌာန်းဆက်ရှိတဲ့ အလှူရှင်တွေအတော်များများ လာလှူဒါန်းကြတယ်။ ပြင်ပထွက်အလှူခံစရာမလိုအောင် ပြည့်စုံခဲ့တယ်။ အဲ - ပိုပြီးထူးခြားတာက အသက် (၂၀) ကျော်ကျော်လောက်ရှိမယ့် အတော်လှပချော့မောတဲ့ အစိမ်းနုရောင်ဖက်ရှင်ဝတ်ဆင်တဲ့ မိန်းမပျိုလေးတစ်ယောက်ဟာ တစ်ပတ်တစ်ကြိမ်လာလာအလှူငွေလှူတယ်။ လာလှူတဲ့အချိန်တိုင်း အဲဒီအစိမ်းနုရောင်ဖက်ရှင်လေး ဝတ်ဆင်ထားတာတွေ့ရတယ်။ အမည်၊ အရပ်ဒေသမေးတော့လည်း ကျွန်မက နဂါးဗွက်တောင်နားမှာနေပါတယ်။ အမည်ရေးမနေပါနဲ့။ အမည်က အဓိကမဟုတ်ပါဘူး။ အဓိကက စေတနာသဒ္ဓါတရားဖြူစင်ဖို့ပါ။ ကျွန်မကတော့ နဂါးသိုက်စေတီတော်ကြီးအောင်မြင်ပြီးမြောက်သည်အထိ တတ်စွမ်းသမျှ မပျက်မကွက်ငွေအား၊ လူအား ပါဝင် လှူဒါန်းပါ့မယ်လို့ ရှင်ရှင်လန်းလန်းလေး ပြောသွားတယ်ဗျ။ နာမည်မပြောပြလို့ ဆက်မေးမနေပါဘူး။ တစ်ပတ်တစ်ကြိမ်လာလာလှူဒါန်းတော့လည်း အစိမ်းနုရောင်ထက်အောက်တစ်စုံလေးနဲ့ပဲ လာလှူလို့ မြစိမ်းရောင်မလေးလို့တောင် အလှူခံအကျိုးဆောင်အဖွဲ့ဝင်တွေကအမည်ပေးထားကြတယ်။ ဒီနဂါးဗွက်တောင်ဝန်းကျင်တစ်ဝိုက်မှာ ကျွန်တော် မသိတာနည်းပါတယ်။ ကျွန်တော်နေတဲ့နေရာနဲ့လည်း အရှေ့အနောက်သိပ်မဝေးပါဘူး။ ဒါပေမယ့် အဲဒီမိန်းမချောလေးကိုတော့ မမြင်ဘူး၊ မတွေ့ဖူးဘူးဗျ။ ရပ်ရည်ကသန့်စင်ရှန်းစိုလှပတယ်။ စကားအပြောအဆို သိမ်မွေ့တယ်။ နဂါးဗွက်တောင်အနီးအနားက ကျွန်တော့်မိတ်ဆွေတွေမေးကြည့်တော့လည်း သူတို့လည်းမသိကြဘူး။ ဒါပေမယ့် ဒီလို အစိမ်းနုရောင်ဝတ်စုံနဲ့ ချောချောလှလှမိန်းမပျိုလေး နဂါးဗွက်တောင်နတ်နန်းဆီ မကြာမကြာလာတာ တွေ့မြင်ဖူးတယ်လို့ ပြောကြတယ်။ အများနဲ့ရောထွေးနေတော့ အလေးအနက်ပြောကြဆိုကြမေးကြတာတွေမရှိဘူးတဲ့ဗျ။ အေးဗျ၊ တစ်ခုတော့ တွေးပြီးဆက်စပ်ကြည့်မိတယ်။ ကိုလတ်မိတ်ဆွေကြီး ဆရာနှင်းတွေ့မြင်ကြုံတွေ့ခဲ့တဲ့ အစိမ်းရောင်နန်းဝတ်နန်းစားနဲ့ မိန်းမချောနဂါးသိုက်နန်းရှင်ဆိုတာများ ဖြစ်နေမလားဘဲ။ ဘာပြုလို့လဲဆိုတော့ ဆရာနှင်းတာဝန်ကျတဲ့ဌာနနဲ့ နဂါးဗွက်တောင်က အကွာအဝေးက ပေ (၅၀၀) လောက်ပဲဝေးတာ။ အခုကျောက်မဲတောင်နဂါးသိုက်နေရာကလည်း သိပ်မဝေးလှဘူးဆိုတော့ ဆက်စပ်မှုတော့ရှိနိုင်တယ်ဗျ"

ဆရာဦးကျော်သန်းက ကျွန်တော်ပြောခဲ့သော ကျွန်တော့်မိတ်ဆွေ ဆရာနှင်း၏ စုပေါင်းဌာနရုံး ဆီစက်ရုံအတွင်းခန်းကနေ ရုတ်တရက်ထွက်လာသော နန်းဝတ်နန်းစားအစိမ်းနုရောင်ထက်အောက်ဝတ်စုံ၊ အစိမ်းနုရောင်ပဝါလေးခြုံထားသည့် အလွန်လှပချောမောသော အသက် (၂၀) ခန့် မိန်းမချောလေးသည် ဆရာနှင်းအလုပ်စားပွဲရှေ့မှ ကြော့ကြော့လေးဖြတ်သွားပြီး သော့ခတ်ထားသော ဆီစက်ရုံအရှေ့ဘက် အတွင်းတံခါးက ထွက်ကာပျောက်သွားခဲ့သည့်ဖြစ်ရပ်ကို ရည်ညွှန်းပြောခြင်း ဖြစ်သည်။

ဆရာဦးကျော်သန်း စကားခဏအဖြတ် ကျွန်တော်က မေးကြည့်လိုက်သည်။

"ဒါနဲ့ဆရာ နဂါးဗွက်တောင်နားမှာ အစိမ်းနုရောင်ဖက်ရှင်ဝတ်စုံနဲ့ တွေ့တွေ့နေကြတယ်ဆိုတဲ့ မိန်းမချောလေးနဲ့ ဆရာ နဂါးသိုက်စေတီတည်ဖို့အလှူငွေ တစ်ပတ်တစ်ကြိမ်လာလှူတယ်ဆိုတဲ့ အစိမ်းနုရောင်ဖက်ရှင်လေးနဲ့ မိန်းမချောငလေးတို့ဟာ ကျွန်တော့်မိတ်ဆွေ ဆရာနှင်းတွေ့မြင်ခဲ့တဲ့ အစိမ်းနုရောင်ဆင်တူ နန်းဝတ်နန်းစား ဝတ်ဆင်ထားတဲ့ မိန်းမချောလေး ဝတ်ဆင်ထားပုံ အတူတူပဲလား ဆရာ"

ဆရာဦးကျော်သန်းက ပြန်ဖြေသည်။

"မတူဘူးဗျ။ နဂါးပွက်တောင်နားမှာတွေ့တဲ့ မိန်းမချောလေးနဲ့ ကျွန်တော့်အလှူခံဌာနမှာတွေ့ရတဲ့ မိန်းမချောလေးနှစ်ယောက် ဝတ်ဆင်ပုံက အစိမ်းနုရောင်ဖက်ရှင်နဲ့ရိုးရိုးပဲ။ နန်းဝတ်နန်းစားနဲ့တော့ မဟုတ်ဘူးဗျ"

"ဒါဖြင့် . ရုပ်ရည်ချင်းကကော ဆရာ။ တစ်ဦးတည်းဖြစ်နေမလားလို့ မေးကြည့်တာပါ"

ကျွန်တော်မေးကြည့်လိုက်ပြန်၏။

"အဲဒါတော့ ကျွန်တော်က ကျွန်တော့်အလှူခံဌာနလာလှူတဲ့ မိန်းမချောလေးကိုပဲ မြင်ဖူးတာ။ နဂါးဗွက်တောင်မှာ တွေ့တွေ့နေရတယ်ဆိုတဲ့ မိန်းမချောလေးတော့မမြင်ဘူးလို့ တခြားမြင်တွေ့လူတွေအပြောအရပြောရတာပါ"

ဆရာဦးကျော်သန်းက ပြန်ဖြေရင်း အမှတ်ရသွားပုံဖြင့် -

"နေဦးဗျ၊ ထူးခြားတာနဲ့ ခင်ဗျားမေးတဲ့ တစ်ဦးတည်းဖြစ်နေမလားလို့ ဆိုတဲ့အမေးအရ ဖြစ်နိုင်စရာမြင်တွေ့ပုံပြောရဦးမယ်။ ကျွန်တော်တို့ နဂါးသိုက်စေတီတော်တည်ပြီး ဆရာတော်သံဃာတော်များ –အနေကဇာတင် ရွတ်ဖတ်သရဇ္ဈာယ် အားလုံး အလှူရှင်များကိုယ်စား ရေစက်ချအမျှပေးဝေခေါင်းလောင်းထိုးတဲ့အခါ တခြားလူတွေတော့မသိဘူး။ ကျွန်တော့်နားထဲမှာတော့ ခပ်ဝေးဝေးဆီကလာတဲ့ အသံခပ်ဝါးဝါးသာဓုခေါ်သံတွေ ကြားရတယ်ဗျာ။ အဲ-ပြောဖို့ကျန်ခဲ့သေးတယ်။ တရားနာဖို့လာကြတဲ့အလှူရှင်တွေက (၅၀၀) လောက်ရှိမယ်။ ကျွန်တော်က ပရိသတ်တွေဆီ မဏ္ဍပ်အတွင်းဘက်အကဲခတ်ကြည့်လိုက်တော့ ပရိသတ်တွေအလယ်လောက်မှာ အစိမ်းနုရောင်ဖက်ရှင်ဝတ်စုံရိုးရိုးလေးနဲ့ အစိမ်းနုရောင်ပဝါလေး လွှမ်းခြုံဝတ်ဆင်ထားတဲ့ မိန်းမချောလေးကို လှမ်းမြင်လိုက်ရတယ်။ ခါတိုင်းလို ဝတ်ဆင်ထားတာထက် အခုအစိမ်းနုရောင်ပဝါလေးကပိုလာတယ်။ ပရိသတ်အလယ်မှာ အစိမ်းရောင်အလှမယ်လေးကို ထူးထူးခြားခြားတွေ့ကြရတယ်ဗျာ။ ဒါနဲ့ ရေစက်ချအမျှပေးဝေပြီး ညနေပိုင်းမှာ ပရိသတ်တွေပြန်သွားကြတယ်။ ဘုရားဝိုင်းထဲရှင်းသွားတယ်။ ကျွန်တော်နဲ့ အကျိုးဆောင်အဖွဲ့သားတွေကတော့ ဆောင်ရွက်စရာတွေ ဆက်လက်ဆောင်ရွက်နေကြတယ်။ နေကဝင်စ ကျွန်တော်ကအမှတ်ရပြီး အစိမ်းရောင်အလှမယ်လေးရှိသေးလားဆိုပြီး လှည့်ပတ်ကြည့်တော့ မမြင်မတွေ့ရတော့ဘူး။ ဒါနဲ့ ကျွန်တော်တစ်ယောက်တည်း နဂါးသိုက်စေတီအနောက်တောင်ဘက်ထောင့် ရင်ပြင်ဘေးနားမှာ နဂါးသိုက်ဘုရား အမှတ်ပြုတည်ထားတဲ့ နဂါးရစ်ခွေပလ္လင်နဲ့ နဂါးရုံဘုရားရုပ်တုတော်ရှေ့မှာထိုင်၊ ဘုရားကန်တော့၊ တရားထိုင်၊ မေတ္တာပို့ခြင်းတွေ အမျှပေးဝေခြင်းတွေလုပ်တယ်။ နေကလည်းဝင်သွားပြီး အမှောင်ပျိုးစစေတီတော် လျှပ်စစ်မီးတွေပူဇော်လို့ ဝန်းကျင်အလင်းက ဖြန့်ကြက်လင်းလာတယ်။ ကျွန်တော် အမျှပေးဝေပြီးတော့ ကျွန်တော့်နားထဲ ကြားလိုက်ရတဲ့ သာဓုခေါ်သံတွေဟာ စောစောက ထူးနေတဲ့ အမျှပေးဝေ သာဓုခေါ်သံဝါးဝါးမျိုးမဟုတ်ဘဲ ပီပီကြည်ကြည်အသံတွေကြား



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတယ်။ ကျွန်တော်စိမ့်ခနဲပီတိဖြစ်ရတယ်။ ကျွန်တော့်အိပ်မက်ထဲက ဆရာသခင်ညွှန်ပြဆောင်ရွက်စေတဲ့ နဂါးသိုက်စေတီတည်ထားပြီး မကျွတ်မလွတ်ကြသေးတဲ့နဂါးပဋ္ဌာန်းဆက်များကျွတ်လွတ်စေဖို့ ဆောင်ရွက်မှုအောင်မြင်ခဲ့ပြီကို သိလိုက်ရလို့ပဲဗျ။ ကျွန်တော့်ဝန်းကျင်မှာ ဘယ်သူမှမရှိကြဘူး။ တိတ်ဆိတ်ငြိမ်သက်လို့ ခပ်လှမ်းလှမ်းက ပရစ်သံတဂျီဂျီက တိတ်ဆိတ်မှုနဲ့ အမှောင်ကိုအန်တုနေသံကြားရတယ်။ နဂါးရုံဘုရားရုပ်ပွားတော်ကို ရှိခိုးဦးခိုက်ပြီး နဂါးသိုက်စေတီရင်ပြင်ကို တစ်ပတ်ပတ်ဖို့ ထိုင်ရာမှထပြီးသွားဖို့ပြင်လိုက်ချိန် ဖျတ်ခနဲ မြင်တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် ကျွန်တော် တအံ့တသြနဲ့ကြောင်ကြည့်နေမိတယ်ဗျ။ အဲဒါက နဂါးရစ်ခွေအုပ်မိုးထားတဲ့ နဂါးရုံဘုရားနောက်ကျောဘက်ကနေ အစိမ်းနုရောင်ပဝါလေး လွှမ်းခြုံထားတဲ့ မိန်းမချောလေးဟာ ကျွန်တော့်ကို ကြည်နူးမှုအပြုံးလေးနဲ့ လှစ်ခနဲကြည့်ပြီး အမှောင်ထဲဝင် ပျောက်ကွယ်သွားတယ်။ စေတီတော်ပူဇော်ထားတဲ့ လျှပ်စစ်မီးရောင်ပျပျနဲ့ သေချာမြင်တွေ့လိုက်ရတာပါပဲ။ အံ့တော်ထူးဆန်းတယ်ဗျာ။ အတော်လည်း အံ့သြရတယ်။ အဲဒီနောက်မှာတော့ အစိမ်းနုရောင်ဝတ်စုံလေးနဲ့ မိန်းမချောလေးကို မတွေ့မမြင်မိတော့ဘူး။ ကျွန်တော် ဆက်စပ်တွေးကြည့်တော့ ဒီမိန်းမချောလေးဟာ နဂါးသိုက်နန်းက လာတာပဲဖြစ်မယ်လို့ ထင်မြင်ထားမိတယ်ဗျ။ အဲဒါတွေဟာ ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ ထူးခြားမှုတွေပါပဲဗျာ"

ဆရာဦးကျော်သန်းက တွေ့ကြုံမှုအားလုံးကို ရှည်လျားစွာပြောပြခဲ့သည်။

"ကျေးဇူးတင်ပါတယ်ဆရာ။ အခုလို မမောမပန်းရှင်းပြလို့ အလွန်စိတ်ဝင်စားစရာ အထူးအဆန်းတွေ ကြားသိရပါတယ်။ အခု ဆရာရဲ့ ထူးဆန်းအတွေ့အကြုံနဲ့ ကျွန်တော့် မိတ်ဆွေကြီးဆရာနှင်းရဲ့ တွေ့ကြုံမှုပေါင်းစပ်ဆက်ကြည့်ရင် ကျောက်မဲတောင်နဂါးသိုက်၊ နဂါးပွက်တောင်ညိုတောင်ပိုင် အစ်မတော်မောင်တော်နဲ့ အစောင့်အရှောက် နဂါးအစောင့်ရှိတယ်ဆိုတာမှန်လောက်တယ်လို့ ယူဆမိတယ် ဆရာ"

ကျွန်တော်က ကျေးဇူးစကားနှင့် ထင်မြင်အယူအဆကို ပြောပြလိုက်သည်။

"အင်းပေါ့ဗျာ၊ ကျွန်တော်ပြောခဲ့သလို ဘုရားရှင်လက်ထက်တော်က



နဂါးဆက်ဟာ ဒီကျောက်မဲတောင်နဲ့ နဂါးပွက်တောင်ဝန်းကျင်တစ်ဝိုက်မှာ ရောက်ရှိခဲ့တော့ ခုအဖြစ်အပျက်အတွေ့အကြုံတွေဟာ ဆက်နွယ်နေမှုတွေလို့ ဆိုရမှာပေါ့ဗျာ"

ဆရာဦးကျော်သန်း မှတ်ချက်ပြုလိုက်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာ။ ဆရာ့ကို အားလည်းနာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်။ ဆရာလိုပုဂ္ဂိုလ်တွေ့ကြုံခဲ့တဲ့ ထူးဆန်းအံ့သြဖွယ်တွေကို နားထောင်ကြားသိရလို့ အလွန်စိတ်ဝင်စားဝမ်းသာရပါတယ်။ နောင်များ ကြုံကြိုက်တဲ့အခါ ပြောပြပါ ဆရာ။ ကျွန်တော့်ဆီက အကူအညီလိုရင် လှမ်းမှာလိုက်ပါ ဆရာ။ ကျွန်တော်လည်း မကြာမကြာလာခဲ့ပါမယ်ဆရာ"

ကျွန်တော်က ကျေးဇူးတင်စကားထပ်မံပြောလိုက်ပါသည်။

"လာပါဗျာ လာပါ။ ဒီလိုမိတ်ဆွေရင်းတွေနဲ့ မကြာမကြာတွေ့ဆုံစကားပြောရတာ တကယ်ဝမ်းသာကြည်နူးရပါတယ်။ ကျွန်တော့်ကိုယ်တွေ့ ထူးဆန်းအံ့သြဖွယ်တွေ အတွေ့အကြုံတွေ ပြန်ပြောဖြန့်ဝေရလို့လည်း ဝမ်းသာအားရဖြစ်ရပါတယ်။ အင်း - ကျွန်တော်ကခရီးမကြာမကြာထွက်ရလေတော့ ကိုလတ်လာတဲ့အခါ ကျွန်တော့်ကိုမတွေ့ရင်စိတ်မပျက်ပါနဲ့။ ကျွန်တော်လည်း မြို့ထဲရောက်တဲ့အခါ ကိုလတ်အိမ်ဝင်ခဲ့ပါ့မယ်။ ဟိုး နှစ်ပေါင်း (၃၀) လောက်က ကျွန်တော်တို့ 'ကျားသစ်နက်သိုင်းအဖွဲ့' သင်တန်းလေးလုပ်ခဲ့တဲ့ ကိုလတ်အိမ်မြောက်ဘက်ကွက်လပ်ကလေးကိုကြည့်ရင်း အတိတ်ငယ်စဉ်ကအကြောင်းလေးတွေ မြင်ယောင် ကြည်နူးရအောင်ပေါ့ဗျာ"

ဆရာဦးကျော်သန်း အမှတ်တရ ပြောလိုက်သည်။

"ဆရာတမမေ့ပါလား။ ကျွန်တော်လည်း အမှတ်ရပါတယ်၊ သူငယ်ချင်းတွေ ပြန်တွေ့ရင် အမှတ်တရပြန်ပြောမိကြပါတယ် ဆရာ၊ ဆရာအတိတ်ကို အမှတ်တရမြင်လွမ်းချင်တဲ့ ဆရာရဲ့ ကျားသစ်နက်သိုင်းသင်တန်းဆင်းမြေကွက်လပ်လေးက အခုတော့ တိုးချဲ့ အိမ်အဆောက်အအုံနေရာလေးဖြစ်သွားပါပြီ။ ဒါပေမယ့် ကျွန်တော့်ဆီမှာ အလွမ်းပြေကြည်နူးအမှတ်ရဖို့ ဆရာ့ကျားသစ်နက်သိုင်းသင်တန်းတုတ်သိုင်းအတွက် ရွှေစက်တော်ထွက် ဝါးသဲတုတ်ရှည် (၆) ချောင်းနဲ့ ဓားသိုင်းအတွက် ငှက်ကြီးတောင်ဓားရှည်တစ်ချောင်း၊ သင်တန်းဆင်း ရှမ်းဘောင်းဘီလိုပွပွဝတ်စုံတစ်ထည် ဆရာ့ထံက သင်ယူခဲ့တဲ့ ကိုယ်ခံအတတ်ပညာနည်းနည်းတော့ရှိပါသေးတယ်။ ဆရာ့ကျေးဇူးကို ဂုဏ်ပြုထားခြင်းပါဆရာ"

ကျွန်တော်ကလည်း အမှတ်တရနှင့် ကျေးဇူးဂုဏ်ပြုစကားကို ပြန်လည်ပြောလိုက်ပါသည်။

ဆရာသည် ကျွန်တော့် မျက်နှာကို ရွှန်းရွှန်းစားစား လေးလေးစားစား ကြည့်ရင်း အားရဝမ်းသာပြန်ပြောသည်။

"ကောင်းပါတယ် ကောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘုရား တရား သံဃာကိုမမေ့ခြင်း၊ မိဘ ဆရာကို မမေ့ခြင်း၊ ကျေးဇူးရှင်တို့ကိုမမေ့ခြင်း၊ ဆွေမျိုးသားချင်းကိုမမေ့ခြင်း၊ မိတ်ဆွေအပေါင်းအသင်းကိုမမေ့ခြင်း၊ အတိတ်ကိုမမေ့ခြင်း၊ မိမိပြုနိုင်သမျှ ကုသိုလ်ဆောင်ရွက်မှုတို့ကို ဖြူစင်ကောင်းမွန်ရိုးသားမေတ္တာရှေ့ထားခြင်းများသည် ခုဘဝ ရှေ့ဘဝများအတွက် မွန်မြတ်ခြင်းအကျိုးကျေးဇူးများ ရရှိခံစားကြရမှာပါဗျာ။ အားလုံးကျန်းမာချမ်းသာကြပါစေ"

ဆရာဦးကျော်သန်း မှတ်ချက်ပြုဆုတောင်း မေတ္တာပို့သပေးလေသည်။

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်။ ဆရာလည်း ကျန်းမာချမ်းသာပြီး အကျိုးပြုများ ထာဝရဆောင်ရွက်နိုင်ပါစေဆရာ"

ဆရာ့ကို မေတ္တာပို့ နှုတ်ဆက်ပြီး ပြန်ခဲ့ပါတော့သည်။

ထက်ကောင်းသင့်(ခင်ဘု)



www.burmeseclassic.com

www.burmeseclassic.com



မကွေးဝင်းမြင့်

# အသီးအရွက်စားလျှင် ဝမ်းပျက်တဲ့ ကလေးမ

ဆေးဆရာဆို၍ ကျွန်တော့်မိတ်ဆွေ ရုပ်ပြောင်ကာတွန်းဆရာ မောင်ဝဏ္ဏ (သမိန်ပေါသွပ်) က နရသုခ မဂ္ဂဇင်းမှာ ရေးလိုက်သော ရုပ်ပြောင်ကာတွန်းတစ်ခုကို ပြေးအမှတ်ရ၏။

ခေါင်းစဉ်က ဆေးဆရာနှင့်လူနာတဲ့။

ဆေးဆရာက လူနာကိုမေးတယ်။

"ကျုပ်တို့ဆေးဆရာတွေအပေါ် ဘယ်လိုသဘောထားပါသလဲ"

လူနာက -

"ဗိုက်နာတဲ့အခါ ဆရာ့ကို သတိရပါတယ်။ ဗိုက်မနာတဲ့အချိန် သတိမရဘူးဗျ"

ဆေးဆရာက လူနာဖြေတာကို သဘောကျကာ နားထောင်နေသည်။ သို့သော် လူနာနောက်ဆုံးပြောလိုက်သော စကားကြောင့် ဆေးဆရာပက်လက်လန်သွား၏။

လူနာ နောက်ဆုံး ဖြေလိုက်တာက -

"အဲဒါကြောင့် အိမ်သာလို သဘောထားပါတယ်"

ဟူ၏။

ထိုရုပ်ပြောင်ကလေး ပြေးအမှတ်ရမိတိုင်း ကျွန်တော် ပြုံးမိပါသည်။ ကျွန်တော်တို့ ဆေးဆရာများကတော့ လူအများက ဘယ်လိုပဲသဘောထားထား မိမိမိတ်ဆွေများ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် တွေ့မြင်ရလျှင် အလိုလိုဝမ်းသာနေသူများ ဖြစ်ပါသည်။ များသောအားဖြင့် ကျွန်တော်တို့ တစ်တွေသည် စီးပွားရေး၊ လူမှုရေး သားရေးသမီးရေးတွေနှင့် နေ့စဉ်ဆိုသလို ထွေးလုံးရစ်ပတ်နေကြရပြီး ကျန်းမာရေး ကိစ္စကို မေ့ပျောက်ထားကြသည်။

ရက်ပေါင်းများစွာ၊ လပေါင်းများစွာမေ့လျော့ပြီး စားချင်သလိုစား၊ နေချင်သလိုနေလာပြီး ဆီးချိုရောဂါ၊ သွေးတိုးရောဂါများရှိလာကြောင်း ဆစ်ဆေးတွေ့ရမှ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ကြ၏။

မိမိဘယ်လိုအစားတွေစားရမည် ဘယ်လိုအနေအထိုင်မျိုးနေရမည်စသည်တို့ကို မူလကတိုင်းသိထားသင့်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့်မိတ်ဆွေများနှင့်ကြုံတိုင်း တစ်လုံးစေ့လုံးစဆိုသလို ကျန်းမာရေးအကြောင်း သိကောင်းစရာကလေးများကို သူတို့အချိန်ပေးလျှင်ပေးသလိုပြောရပါသည်။ ရောဂါဖြစ်မှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံး ဖြ

(၁)

ဤလောကမြေမဟီ၌ အဖြစ်ဆန်းတွေက အများသား။ ကြားရလျှင် ယုံနိုင်စရာမရှိပေ။ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ဆိုလျှင် ကြက်ဥလုံးဝစားမရ။ ကြက်ဥစားလိုက်လျှင် ဝမ်းပျက်ဝမ်းလျှောတော့၏။

ကြက်ဥအနည်းငယ်မျှထည့်၍ပြုလုပ်သော ပေါင်မုန့်၊ ကိတ်မုန့်များစားလျှင်လည်း ဝမ်းလျှော၏။ ကြက်ဥပါသောပစ္စည်း သူ့အစာအိမ်က လုံးဝလက်မခံပါ။

ခုလည်း အပျိုအရွယ် မိန်းကလေးတစ်ဦး တွေ့ရ၏။ ဟင်းသီးဟင်းရွက်စားလိုက်လျှင် ဝမ်းလျှောဝမ်းပျက်၏။ အသီးအရွက်ဆိုလျှင် ဟင်းသောက်ဇွန်းတစ်ဇွန်းမျှပင်လက်မခံပါ။ သူမ အသက် (၂၂) နှစ်မျှရှိပါပြီ။ သူမအကြောင်းကို တင်ပြအစီရင်ခံရသော် -

(၂)

ကျွန်တော်သည် မကွေးမှ ရန်ကုန်သို့ တစ်လလျှင် တစ်ခေါက်၊ နှစ်ခေါက်ဆိုသလို ရောက်၏။ မိမိရန်ကုန်ရောက်လျှင် မိတ်ဆွေများထံ အိမ်ပေါက်စေ့လိုလို ရောက်၏။ ကျန်းခံ့သာလို့မာပါစ၊ စားရေးသောက်ရေး၊ ရောင်းရေးဝယ်ရေး ကောင်းကြပါရဲ့လား စသည်ဖြင့် မေးရ၏။

ယခုလည်း ကျွန်တော်သည် အမှတ် ( )၊ (၃၇) လမ်း (အပေါ်ဆုံးထပ်) ဒေါ်ရင်မေအိမ်သို့ ရောက်သွားသည်။ ဒေါ်ရင်မေ၏ သားဖြစ်သူ ကိုတင်အောင်သည် ထီစာအုပ်များ လက်လီလက်ကားရောင်းခြင်းအလုပ်ဖြင့် မိခင်နှင့်ညီမလေးများကို လုပ်ကျွေးနေသူ ဖြစ်သည်။ ဒေါ်ရင်မေတို့မိသားစုသည် ရိုးသားယဉ်ကျေးကြပြီး သူတော်ကောင်းတရား ကျင့်ကြံအားထုတ်နေကြသူများ ဖြစ်ပါသည်။

သူတို့မိသားစုသည် ဆေးဆရာကျွန်တော်ရောက်လာလျှင် ဝမ်းမြောက်ဝမ်းသာရှိကြ၏။ ဤလ ဤရာသီ စားရမည့်ဓာတ်စာများလည်း မေးကြမြန်းကြ၏။

ဆေးဆရာဆိုတာ နေထိုင်မကောင်းမှ ဆက်ဆံရသည် ဟူသော အယူအဆ သူတို့မှာ မရှိကြပါ။

ဆေးဆရာနှင့် အမြဲတမ်းမဟုတ်တောင် မကြာခဏ တွေ့ဆုံလျှင် အရှုံးမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

"ကျွန်မတို့ကတော့ မစားရင် အလျှင်း။ စားပြီဟော့ဆိုရင်တော့ ဒူးရင်းသီး၊ တညင်းသီးတွေကို တဝကြီးစားပစ်လိုက်တာ ဆရာရဲ့"

ထိုအစ်မကြီး၏ စကားကြောင့် ကျွန်တော့်ရင်ထဲထိတ်ခနဲဖြစ်သွား၏။

ထိုကဲ့သို့ တဝကြီးမစားရပါ။ မည်သည့်အစားအစာကိုမဆို တဝတပြကြီး စားခွင့်မပြုပါ။

ထို့ကြောင့် ရှေးက ဆေးပညာရှင်ကြီးများက လူအများ ကျန်းမာရေး၊ အနာရောဂါကင်းဝေးရေးအတွက် -

အတိုဆုံး၊ အရှင်းဆုံးသော ကျန်းမာရေးပညာပေးဆောင်ပုဒ်တစ်ခု ထားရစ်ခဲ့ပါသည်။

တန်ဆေး၊ လွန်ဘေး ဟူ၏။

(၃)

(၃၇) လမ်းရှိ အဒေါ် ဒေါ်ရင်မေတို့ကို နှုတ်ဆက်ပြီး ပြန်ရန်ထလိုက်သောအခါ -

"ဆရာအချိန်ရသေးလား"

အဒေါ် ဒေါ်ရင်မေက မေး၏။

"ရပါတယ် ခင်ဗျ"

"ဒီနားတွင်ပါ ဆရာရယ်။ တူမလေးတစ်ယောက်ပဲ၊ ဆရာဦးဝင်းမြင့်လာရင် သူ့ရောဂါပြချင်လို့ပါတဲ့"

"ဟဲ့- သမီး၊ ဆရာ့ကို မ(xxx)အိမ်လိုက်ပို့လိုက်ပါဟဲ့"

ဒေါ်ရင်မေ့သမီးအငယ်ဆုံးမလေးက လိုက်ပို့ပါသည်။

ရန်ကုန်ပုံစံအတိုင်း ပိတ်ထားသောတံခါးကိုခေါက်လိုက်၏။ခဏအကြာ တံခါးဖွင့်ပေး၏။

"ဆရာဦးဝင်းမြင့်"

ဒေါ်ရင်မေ၏ သမီးလေးက မိတ်ဆက်ပေး၏။

"ဩော်-ဆရာလား ကြွပါ၊ ကြွပါ"

အိမ်သူအိမ်သားများက ဝမ်းသာအယ်လည်း နေရာပေး၏။ ဧည့်ခန်းမှာ ထိုင်လိုက်ရ၏။ ဘယ်အချိန်ဘယ်လိုဖျော်လိုက်မှန်းမသိ ကော်ဖီနှင့် မုန့်များ ရောက်လာသည်။

"သုံးဆောင်ပါ ဆရာ"

"ခုပဲ အဒေါ် ဒေါ်ရင်မေတို့အိမ်က စားခဲ့ပါပြီဗျာ"

"သုံးဆောင်ပါဦး ဆရာရယ်"

သူတို့ကျေနပ်အောင် ကော်ဖီသောက်လိုက်ရ၏။

မိခင်ဖြစ်သူက သမီးဖြစ်သူကို လှမ်းခေါ်၏။

"သမီးရေ လာဟော့"

"ဟုတ်ကဲ့ - အမေ"

"သူပဲ ဆရာ၊ အသီးအရွက်စားရင် ဝမ်းပျက်ပျက်နေတယ် ဆရာရဲ့"

မိန်းမပျိုလေးတစ်ဦး ကျွန်တော်နှင့် မလှမ်းမကမ်း ကုလားထိုင်၌ မဝ့ံမရဲကလေးထိုင်နေ၏။

"အဲဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ကြာပြီ ဆရာ၊ ကျွန်မစိတ်အထင်တော့ (၃) နှစ်ကျော်ရှော့မယ်။ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ အသီးအရွက်ဆိုရင် ဟင်းရည်လေးတစ်ဇွန်းတောင်စားမရဘူးဆရာ။ တန်းဝမ်းလျှောဝမ်းပျက်တော့တာပဲ"

"မီးယပ်ဝမ်းများလား"

"မဟုတ်ဘူး ဆရာ"

"အင်း"

ကျွန်တော်စဉ်းစားရကျပ်သွား၏။ သူ့ဝဋ်ဒုက္ခကလည်း တစ်မျိုးပါပဲလားဟု တွေးမိ၏။

"အသားငါးစားရင် ဘာမှမဖြစ်ဘူးပေါ့"

"ဟုတ်ကဲ့"

"အင်း"

စဉ်းစားရပါပြီ။ ကျွန်တော်ဆေးကုသက်တမ်းတစ်လျှောက် ထိုကဲ့သို့ ဝေဒနာရှင်မျိုး မတွေ့ဘူးပါ။ မီးယပ်ဝမ်းပျက်ကိုတော့ မကြာခဏ ကြုံတွေ့ရ၏။ မီးယပ်ဝမ်းပျက်လျှင် ကြောင်ပန်းရွက်ပြုတ်ရည်နှင့် လက်စွမ်းပြရလေ့ရှိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကြောင်ပန်းရွက်နှင့် လက်စွမ်းပြရချေတော့မည်။

"ကဲ - တူမလေး ဘာမှမပူနဲ့။ ကြောင်ပန်းရွက်သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

အမေဖြစ်သူက ဝင်ပြော၏။

"အဲဒီကြောင်ပန်းရွက်လက်တစ်ဆုပ်စာလောက်ကိုယူ၊ အိုးသစ်ကလေးနဲ့ပြုတ်၊ ထန်းလျက်လေးနည်းနည်းထည့်၊ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ (၂) ကြိမ်သောက်ပေတော့"

"တစ်ကြိမ်သောက်ရင် ဘယ်လောက်သောက်ရမှာလဲ ဆရာ"

"ဩော်-ဟုတ်သားပဲ။ လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်လောက်သောက်၊ များလည်းမမှားဘူး"

"အဲဒါသောက်ရင် ပျောက်မှာလား ဆရာ"

"အင်း - ပျောက်ပါတယ်"

"ကျွန်မတို့ ဆေးတွေစုံနေပြီဆရာ။ ဆရာဝန်ပေါင်းလည်း မနည်းတော့ဘူး။ ဆရာပြောတဲ့ ကြောင်ပန်းရွက်ကိုတော့ မသောက်ဖူးသေးဘူး"

"သောက်လိုက်စမ်းပါ ပျောက်ပါတယ်"

"ဟုတ်ကဲ့ - သောက်ပါ့မယ်"

(၄)

ကျွန်တော်သည် အသီးအရွက်စားလျှင် ဝမ်းပျက်ဝမ်းလျှောသော ထိုမိန်းကလေးကို မေ့မေ့လျော့လျော့နေခဲ့ပါသည်။

တစ်နေ့က ရန်ကုန်ရောက်၏။ ထုံးစံအတိုင်း (၃၇) လမ်း ဒေါ်ရင်မေတို့အိမ်ရောက်၏။ ထိုနေ့က ဘုန်းကြီးဆွမ်းကပ်လှူသည့်အခမ်းအနား တွေ့ရ၏။ ဘုန်းကြီးသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ကျွန်တော်တို့အလှည့်။ ထမင်းဝိုင်းမှာ ထိုင်လိုက်သောအခါ သားငါးပုစွန်ဟင်းလျာများအပြင် အသီးအရွက်အတော်များများဖွယ်ဖွယ်ရာရာချက်ပြုတ်ထားသည်ကို တွေ့လိုက်ရ၏။

"ဆရာရယ် ကျွန်မလေ အသီးအရွက် ဟင်းသီးဟင်းရွက် သိပ်စားချင်တာပဲ ဆရာရယ်။ မနေနိုင်လို့ ဟင်းရည်တစ်ဇွန်းလောက်သောက်လိုက်မိရင် ဝမ်းလျှောဝမ်းပျက်တော့တာပဲ၊ ပျောက်အောင်ကုပေးပါဆရာရယ်"

လွန်ခဲ့သော တစ်နှစ်ခွဲလောက်က အသီးအရွက်စားလျှင် ဝမ်းပျက်သောကလေးမလေးကို သတိရလိုက်မိသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်တို့တစ်တွေ မြိန်ရေရှက်ရေ စားသောက်နေသည်ကို ကုလားထိုင်တစ်လုံးပေါ်မှ ဝမ်းမြောက်ဝမ်းသာ ပီတိလွှမ်းသော မျက်လုံးဖြင့်ကြည့်နေသော အလှူရှင် ဒေါ်ရင်မေကို ကျွန်တော်က လှမ်းမေးလိုက်မိပါသည်။

"အသီးအရွက်စားရင် ဝမ်းပျက်တဲ့ ကောင်မလေး ဘယ့်နှယ်နေသေးသဲ ပျောက်ပြီ မဟုတ်လား"

"ကြောင်ပန်းရွက်အစွမ်းနဲ့ အဲဒီကောင်မလေး ဟန်ကျသွားပြီ ဆရာ၊ ဟင်းသီးဟင်းရွက်တွေစားချင်သလိုစားလို့ရသွားပြီ။ အဲ - ယောက်ျားတောင်ရလို့ ကလေးတောင် (၆) လရှိပြီ"

ဟူ၏။

မောင်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# (မိုးကုတ်) ရွှေပြည်စိုး

## ရေငုပ်တွင်း

□ ရေငုပ်တွင်းအစ

ကျောက်မျက်ရတနာလောက၌ ရေငုပ်တွင်း ဟူသည် ဦးစွာပထမ ဖားကန့်ကျောက်စိမ်းမှော်များမှ စတင်ခဲ့သည်ဟု ဆိုရပေမည်။

ဖားကန့်ရတနာမြေ၌ ကွေ့ကောက်စီးဆင်းနေသော ဥရုချောင်းခေါ် ဥရုမြစ်ငယ်သည် သလ္လာဝတီခေါ် ချင်းတွင်းမြစ်၌ သွားရောက် ပေါင်းဆုံ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ခရီးလမ်းပန်းကြမ်းတမ်းခက်ခဲ၍ ဖားကန့်ကျောက်မှော်များသို့ခြေကျင်သွားရသောခေတ်ဝယ် အချို့သည် လမ်းသင့်ရာ ချင်းတွင်းမြစ်၏ မြစ်လက်တက်ဖြစ်သော ဉရုမြစ်ငယ်မှ စက်တပ်လှေငယ်များဖြင့်သွားကြလေ့ရှိသည်။ ဖားကန့်မှော်မြေ၏ရိက္ခာအတွက် ရောင်းဝယ်ဖောက်ကားရန်လည်း စက်လှေငယ်တို့ကိုသာ အားကိုးအားထားပြုခဲ့ရပေ၏။

ထိုအချိန်ထိုကာလဝယ် ဖားကန့်သွားကားလမ်းမပေါက်သေးရာ ကုန်စည်ဈေးနှုန်းမြင့်မားခဲ့လေ၏။ ဒေသခံရွာများအနေနှင့်မူ ရာသီပေါ်သီးနှံများကိုသာ စိုက်ပျိုးရောင်းချနိုင်ကြလေ၏။ ထိုအခါ အမာခံစားကုန်တို့အား ချင်းတွင်းမြစ်ဝှမ်းမှသည် ဉရုမြစ်ငယ်သို့ဝင်ရောက်လျက် လှေငယ်များဖြင့် သယ်ဆောင်ကြရ၏။ မော်လူးစသောဒေသမှလည်း ပခုံးထမ်းတို့ဖြင့် ဝင်ရောက်၏။

ဉရုမြစ်ရေသည် ကြည်၍စိမ်းနေလေရာ မြစ်ငယ်တစ်လျှောက်ရှုခင်းများသည် နေရာတိုင်းဒေသတိုင်း၌ စိမ်းစိုတောက်ပကာ လွန်စွာကျက်သရေရှိလှပေ၏။ သလ္လာဝတီမြို့တော်ဖြစ်သော မုံရွာမှ ကုန်စည်တင်၍ ချီတက်သော် အလွန်ပင်အလှမ်းဝေးလေ၏။ ဟုမ္မလင်းအထိ ချီတက်ရမည်ဖြစ်ရာ လမ်းတွင်လေး၊ ငါးညအိပ်လောက်ကြာနိုင်၏။ ဉရုမြစ်ငယ်သည် ဟုမ္မလင်းအောက်နား၌ ချင်းတွင်းမြစ်သို့ လာရောက်စီးဝင်ရာ ကုန်ရောင်းဝယ်သူတို့သည် ဟုမ္မလင်းမှသာ သွားရောက်လေ့ရှိကြ၏။ ဟုမ္မလင်းကား ဖားကန့်ကျောက်စိမ်းမှော်သို့သွားရာ ရေလမ်းကြောင်းတံခါးဝမြို့ဖြစ်သဖြင့် အထိုက်အလျောက် စည်ကားပါသည်။

အချို့ကျောက်စိမ်းမှောင်ခိုကူးလိုသူတို့သည်လည်း ထိုဉရုမြစ်ရေကြောင်းခရီးဖြင့်သွားလာသူတို့ရှိကြ၏။ ရေလမ်းခရီးကား လမ်းတာရှည်သော်လည်း သက်သောင့်သက်သာရှိကြပါသည်။ ထိုဉရုမြစ်ငယ်သည် ဖားကန့်ကျောက်စိမ်းမြေ၌ မြစ်ဖျားခံကာ ကချင်ပြည်နယ်မှသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်သို့စီးဝင်ခြင်း ဖြစ်သည်။ ထို ချင်းတွင်းမြစ်ဖျား၏ ချောင်းအသွယ်သွယ်၊ စိမ့်စမ်းအသွယ်သွယ်တို့သည်လည်း ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအထက်ဘက်မှစုပေါင်းစီးဆင်းကာ ချင်းတွင်းခေါ် သလ္လာဝတီမြစ်ကို မွေးဖွားခြင်းဖြစ်ပေ၏။

ဟုမ္မလင်းမှ စက်လှေဖြင့်ချီတတ်သော ချင်းတွင်းမြစ်၏ အောက်ဘက်ရေစုန်ခရီးကိုပြန်စုန်ပြီး ဉရုမြစ်ဝနှင့်လက်ဝဲဘက်သို့ဝင်ရပါသည်၊ အောက်ဘက်မှ ဆန်တက်လာသော် လက်ယာဘက်သို့ဝင်ရပါသည်၊ ထိုသို့ဝင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

ချောင်းကြီးရှာမရောက်မီ မြစ်သည် ဘယ်၊ ညာနှစ်ဖက်ကွဲထွက်သွားလေ၏။ ဖားကန့်သွားရာလမ်းသည် လက်ဝဲဘက်မြစ်အတိုင်းလိုက်ရပါသည်။ လမ်းခရီးတစ်လျှောက်တွင် ချောင်းငယ်မြောင်းငယ်တို့များစွာစီးဝင်ကြသည်။ မြစ်ကမ်း၏ဝဲယာတစ်လျှောက်၌ စိမ်းစိုသောသစ်တောဝါးတောကြီးများဖြင့် ဖုံးအုပ်လျက်ရှိပြီး ရှုစည်ရှုဆက်လွန်စွာကျဲပါးလေ၏။ ထိုကွေ့ကွေ့ကောက်ကောက်ဖြင့် စီးဆင်းလာသောဥရုမြစ်၏မြစ်ဖျားသည် ကျောက်စိမ်းရတနာသိုက်တို့ဖြင့်အတိပြီးလေ၏။

ဤမြင်ကွင်းသည် ယခုခေတ်မဟုတ်ပေ။ တော်လှန်ရေးအစိုးရမှ ဖားကန့်ကျောက်စိမ်းမြေကို ပြည်သူပိုင်သိမ်းထားသောခေတ်ဖြစ်၏။ စွန့်စား၍ ဖြတ်လမ်းမှ သူဌေးဖြစ်လိုသူတို့သည် ထိုခက်ခဲကြမ်းတမ်းလှသော ဖားကန့်ကျောက်စိမ်းမှော်များသို့ မိုးကောင်း၊ နမ္မတီး၊ အင်းတော်၊ ဟိုပင် စသောလမ်းများမှ ခြေကျင်ခရီးဖြင့် လည်းကောင်း၊ ဥရုမြစ်တစ်လျှောက်မှ ရေလမ်းခရီးဖြင့် လည်းကောင်း သွားရောက် လုပ်ကိုင်ကြရာ ဖားကန့်ဝန်းကျင် ကျောက်စိမ်းမှော်တို့ အထိုက်အလျောက် စည်ကား၍နေပေ၏။

မှော်ခိုခေတ်ဖြစ်ရာ စက်ကိုသုံးခွင့်မရှိသဖြင့် လက်ဖြင့်သာလုပ်ကြရသောခေတ် ဖြစ်ပေ၏။ တွင်ကျယ်ခြင်းမရှိသော်လည်း လူတို့၏ကုသိုလ်ကံအလျောက် ကျောက်တို့ရကြပါသည်။

နှောင်သောအခါ လူတို့သည် ကျောက်စိမ်းမှော်အတွင်း ကွေ့ကောက်စီးဆင်းနေသော ဥရုမြစ်၏အောက်ခြေဝမ်းဗိုက်ထဲတွင် သဘာဝအလျောက် ကျောက်စိမ်းတို့ရှိရပေမည်ဟု တွေးမိခြင်း ဖြစ်လေ၏။ နှစ်သန်းပေါင်းများစွာ ကာလရှည်လျားစွာ စီးဆင်းနေခဲ့သော ဥရုမြစ်ငယ်သည် ၎င်း၏ဝမ်းဗိုက်ထဲ၌ အမှန်လည်း ကျောက်စိမ်းတို့တည်ရှိနေခဲ့ပါသည်။

ထိုမှော်ခိုခေတ်မှာပင် လူတို့သည် ဥရုမြစ်အောက်ခြေ၌ ကျောက်စိမ်းစတင်ရှာကြလေ၏။ ထိုသို့ရှာခြင်းကို ရေငုပ်တွင်းဟုခေါ်ကြပါသည်။ ထိုအလုပ်အား ရေငုပ်ကျွမ်းကျင်သူတို့သာ လုပ်ဆောင်နိုင်ပါသည်။

ဦးစွာ ရေငုပ်တွင်းလုပ်မည့်လှေသည် မြစ်လယ်တစ်နေရာ၌ ကျောက်ချရပ်နားထားရလေ၏။ သို့မဟုတ် ကမ်းနီးရာအပင်တို့၌ ကြိုးချည်ကာ ငြိမ်သက်အောင်ပြုရ၏။ အောက်သို့ဆင်းသူသည် အောက်ခြေ၌ ခဲကြီးများအား လှန်လှောနိုင်ရန်အတွက် သံချောင်းနှစ်တောင်ခန့်တစ်ချောင်းပါရ၏။ လေပိုက်ကို ပါးစပ်ဖြင့်ငုံထားပြီး လေကိုမျိုချကာအသက်ရှူရ၏။ အထက်မှ လေထိုးတံ (၃) ခုကို ပေါင်းချည်ကာ မနားတမ်းလေထိုးပေးနေရ၏။ လူတစ်ယောက်၏ လေရှူနှုန်းကား နည်းနည်းနောနောမဟုတ်ပေ။ လေဘူးပါသော လေထိုးသံ (၃) ခုအား မနားတမ်း ချွေးပြန်အောင် လက်အံသေအောင်ထိုးနေရပေ၏။ ကြာသော် အလွန်ပင်ပန်းလာလေ၏။ လေးလည်းအလွန်လေးလေ၏။

အောက်ထဲသို့ဆင်းသောသူသည် ခေတ်မီရေငုပ်ကိရိယာများပါသူမဟုတ်ပါ။ ကျင့်သားရသောမျက်စိတို့ကိုအသုံးပြုပြီး သံချောင်းဖြင့် ခဲကြီးခဲငယ်တို့ အထဲ၌ လှန်လှောကာ ကျောက်စိမ်းကိုရှာရခြင်း ဖြစ်သည်။ ကျောက်စိမ်းတို့သည်လည်း သာမန်ကျောက်တုံးကျောက်ခဲများသို့ရှိရာ သံချောင်း၏ထိုးချက်တုံ့ပြန်မှုဖြင့်ပင် ထိုကျောက်တုံးသည် ကျောက်စိမ်းတုံးဟုတ်၊ မဟုတ် သဘာဝကပေးသောအသိဖြင့်သိကြ၏။ ရိုးရာအလုပ်ဖြစ်ရာ သီးခြားသင်နေစရာမလိုသော အတတ်ပညာဖြစ်လေ၏။

(မိုးကုတ်ပတ္တမြားမြေ၌နေထိုင်သူအားလုံးတို့သည် ပတ္တမြားဟုတ်၊ မဟုတ် ကလေးဘဝမှသည် အလိုလိုအကြားအမြင်ဖြင့်သိကြ၏။ သင်ယူနေရသော ပညာမဟုတ်ပေ။ မိုးကုတ်အခေါ် အမာနှင့် အညံ့ ဟူ၍ ခွဲခြား၍ခေါ်၏။ အမာကား တန်ဖိုးရှိပတ္တမြားဖြစ်ပြီး အညံ့ကား တန်ဖိုးနည်းပတ္တမြားဖြစ်သည်။ ပတ္တမြားကား အမာလည်း အနီဖြစ်၍ အညံ့လည်း အနီများရှိရာ အနီချင်းတူသော်လည်း အရည်အသားကိုကြည့်၍ အမာ၊ အညံ့ အားလုံးသိကြခြင်းဖြစ်သည်။)

သံချောင်းဖြင့် ဆောင့်ကြည့်ရုံမျှဖြင့် ကျောက်စိမ်းတုံးမှန်းသိရာ ထိုကျောက်စိမ်းတုံးအား ပါလာသော ကြိုးဖြင့် ချည်နှောင်ကာ ကြိုးကိုဆွဲဆောင့်၍ အချက်ပေးလိုက်၏။ ထိုအခါ လှေပေါ်မှ လူကကြိုးကို ဆွဲတင်လျက် ကျောက်စိမ်းတုံးကိုယူရ၏။

ရေထဲ၌ လူတစ်ယောက်သည် ကြီးမားသော ကျောက်တုံးကြီးများကို အလွယ်တကူပင် ရွှေ့ပြောင်းနိုင်သဖြင့် တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်း၍ ရှာနိုင်ပါသည်။ ရေအောက်ထဲမှရသော ကျောက်စိမ်းတုံးတို့သည် အများအားဖြင့် အောင်တတ်ကြရာ တစ်ယောက်ကတစ်ရာဟူဘိသို့ ရေငုပ်တွင်းလုပ်သူတို့ များပြားခဲ့လေ၏။ ဥရုမြစ်တစ်လျှောက်ဝယ် ရေငုပ်တွင်းတို့ခေတ်စားကာ ထိုရေငုပ်တွင်းသတင်းသည် ပတ္တမြားတို့ထွက်ရှိရာ မိုးကုတ်သို့တိုင် ကျော်ကြားခဲ့ပါသည်။ ထို့ကြောင့် ရေငုပ်တွင်းအစ ဖားကန့်ကဟု ဆိုရမည်ဖြစ်ပါသည်။

**□ မိုးကုတ်မြို့လယ်မှအင်းကြီး**

မိုးကုတ်မြို့သည်ကား မန္တလေးမှသည် ယခင်လမ်းဟောင်းအတိုင်းဆိုပါက (၁၂၆) မိုင်ဝေးပါသည်။ ယခုသော် ပြင်ဦးလွင်နှင့် မိုးကုတ်လမ်းပေါက်နေပြီဖြစ်သည်။

မိုးကုတ်မြို့၏မြို့လယ်၌ အင်းကြီးတစ်ခုဖြစ်ပေါ်၍နေ၏။ ထိုအင်းကြီးသည် သဘာဝအင်းမဟုတ်။ အင်္ဂလိပ်လက်ထက်၌ အင်္ဂလိပ်တို့ ကျောက်တွင်းတူးခဲ့သောအင်းကြီး ဖြစ်သည်။

ထိုနေရာဝန်းကျင်သည် ရှေးယခင်က မိုးကုတ်၌ အခြေချနေထိုင်သော လူတို့လယ်ကွင်းများ ဖြစ်သည်။ တောင်ပတ်ပတ်လည်ဝိုင်းထားသောမြေပြန့်သည် အတော်ပင်ကျယ်ဝန်းကာ ရှေးမိုးကုတ်နေလူတို့အတွက် ဝမ်းစာစပါးအားထားရာ လယ်ကွင်းတို့ဖြစ်ခဲ့၏။ လူတို့သည် လယ်တည်၍မရသောကုန်းစောင်းများပေါ်တွင် နေထိုင်ကြ၏။

ကာလကြာသော် လူနေထူထပ်သောအခါ ပြန့်မြေသည် လူနေအိမ်သို့ဖြစ်လာခဲ့သည်။ အင်္ဂလိပ်တို့ အုပ်ချုပ်သောအခါ လူနေအိမ်တို့ကိုဖယ်၍ ပြန့်ကြီးအား ကျောက်တွင်းတူးလေ၏။

ထိုနေရာသည် သဘာဝစိမ့်ထွက်စမ်းချောင်းကြီးရှိနေရာ ထိုရေအား စက်ဖြင့်ခုတ်ထုတ်၍မနိုင်ပေ။ ထို့ကြောင့် မိုးကုတ်မှစီးဆင်းသော ကျောက်ထပ်ကြီးချောင်းမှသည် ဥမင်လိုဏ်ခေါင်းဖောက်ကာ ထွက်သမျှတို့ကို ထိုဥမင်မှထုတ်သဖြင့် ရေနိုင်သွားလေတော့၏။

ရေထွက်ပေါက်ရသောအခါ [illegible] မြေတို့ကို မျှောစနစ်ဖြင့်မျှောတိုက်[illegible]၏။ ထွက်လာသောကျောက်ဖြူန်း[illegible] အား အရှေ့ဘက်တောင်ချိုင့်ဝှမ်းထဲ[illegible] ပစ်၏။ ထိုရပ်ကွက်အား အခုထိ[illegible] ကျောက်ဖြူန်းတောင်ဟု ခေါ်တွင်[illegible]၏။ ရပ်ကွက်တစ်ခုလုံး ကျောက်[illegible] အတိပြီး၏။



www.burmeseclassic.com

www.burmeseclassic.com

တောင်တို့ဝန်းရံထားသောမိုးကုတ်မြို့လယ်မှထွက်သော ပတ္တမြားတို့သည် လုံးဝန်းချောမွတ်ပြီး အရည်၊ အသား ပြောစရာမလိုအောင် လှပကြလေ၏။ ပထမတန်းပတ္တမြားတို့ဟု ဆိုရပါမည်။

တွင်းတည်နေပုံမှာ အောက်ခြေစကျင်ကျောက်နံရံများဖြင့် ဖွဲ့စည်းထားသဖြင့် နံရံတို့ကတောင့်ခံထားလေရာ လှူနေရပ်ကွက်များ တောင်အောက်ခြေပြတ်၍ ပြိုမဆင်းနိုင်ခြင်း ဖြစ်သည်။ သာမန်ဖြုန်းမြေသက်သက်ရှိနေခဲ့သော် ဝန်းကျင်ရှိတောင်တို့သည် အောက်ခြေဒေါက်ဖြုတ်ချသကဲ့သို့ဖြစ်ကာ တောင်များပြုတ်၍ ချိုင့်ဝှမ်းထဲစီးဝင်မည်ဖြစ်သည်။ သဘာဝ၏ စကျင်ကျောက်နံရံများထိန်းထားသဖြင့်သာ တောင်စောင်းရှိရပ်ကွက်များ အင်းထဲသို့ပြုတ်မကျနိုင်ခြင်း ဖြစ်သည်။

ထိုအင်းထဲတွင် သဘာဝစကျင်ကျောက်ဆောင်နှစ်ခုရှိ၏။ ထိုကျောက်ဆောင်နှစ်ခုသည် ကြီးမားနက်ရှိုင်းသောမျှောတိုက်ရာအင်းကြီးအမနောက်တောင်ထောင့်အရပ်၌ ထီးထီးတည်ရှိနေခဲ့ပါသည်။ ထိုစကျင်ကျောက်ဆောင်ကြီးနှစ်ခု၏ဝမ်းပိုက်ထဲတွင် လက်ကြားဖြုန်းများ ကျန်ရှိနေလေ၏။ ထိုခေတ်ထိုအခါသည် ဖြုန်းအလွန်ပေါ်ရာ ထိုကျောက်ဆောင်နှစ်ခုအကြားမှ ဖြုန်းမြေတို့ကို အပင်ပန်းခံ၍မယူကြပေ။

ထိုအင်းအောက်ခြေသည် အလွန်နက်ရှိုင်းရာ အပေါ်မှကြည့်သော် လူတို့သည် သေးသေးမျှသာ မြင်ရလေ၏။ ကျောက်ဖြုန်းတို့ကိုလည်း စက်သီးဝင့်ကြီးများဖြင့် ဝေးလံသော အရှေ့ဘက်တောင်ကြားသို့ပစ်ရာ စနစ်တကျရှိလှပေ၏။

ကျောက်ခိုးလိုသောတွင်းသားတို့သည် စိတ်ကြိုက်ကျောက်တွေ့ပါက ခြေထောက်ကို ပေါက်ပြားဖြင့် ခုတ်မိချင်ယောင်ပြုကာ သွေးထွက်အောင်လုပ်၍ ကျောက်အား ဒဏ်ရာစည်းသောအဝတ်ထဲတွင်ထည့်ကာ စည်းနှောင်၍ခိုးထုတ်ကြသည်ဟုကြားဖူးသည်။ ဘတ်ကျောက်ဟုခေါ်သော ခိုးကျောက်စနစ်သည် ဘုံလုပ်ငန်း တည်ဟူသော လူအများလုပ်ကိုင်ရာ တွင်းတို့၌ ရှေးယခင်ကပင် ရှိခဲ့ကြောင်းဆိုရပေမည် ဖြစ်သည်။ ယခုခေတ် ကျောက်မျက်ဖက်စပ်တို့၌ ကျောက်ခိုးကြသည်မှာ အဆန်းတကြယ်မဟုတ်ပေ။

အင်္ဂလိပ်တို့သည် ရေမနိုင်သောနေရာအား ရေနိုင်အောင် မြေအောက်ဥမင်လိုဏ်ခေါင်းတူး၍ စနစ်တကျ လုပ်ကိုင်ခဲ့ရာ ရေထွက်ပေါက်ရှိနေသဖြင့် မိုးကုတ်မြို့၏ဝမ်းပိုက်ဖြစ်သောနေရာတို့အား စိတ်တိုင်းကျလုပ်ကိုင်ကြလေ၏။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ထိုကုမ္ပဏီသည် ကျောက်မျက်တူးဖော်ခြင်းများ ရပ်ဆိုင်း၍ အရပ်သားတွင်းသမားတို့အား မြင်ပ၌ လုပ်ပိုင်ခွင့်လိုင်စင်များချပေးပြီး အစုစားစနစ်ဖြင့် အစုကောက်စားနေလေ၏။ မိုးကုတ်အရှေ့ပိုင်းအနောက်ပိုင်းမှ တွင်းသမားတို့သည် လွတ်လပ်စွာလုပ်ပိုင်ခွင့်ရကြပါသည်။ ရလာသော ကျောက်အားလည်း ကုမ္ပဏီသို့ပြကာ အင်္ဂလိပ်ကျောက်ကုန်သည်တို့အား ရောင်း၍ ရလာသောငွေတို့ကို ကုမ္ပဏီစုကျေကျေနပ်နပ်ပေးကြ၏။

ဒုတိယကမ္ဘာစစ်ဖြစ်၍ မြန်မာနိုင်ငံရှိ အင်္ဂလိပ်တို့ကို ဂျပန်မှဝင်တိုက်သောအခါ မိုးကုတ်ရှိ အင်္ဂလိပ်တပ်တို့လည်း ဆုတ်ခွာရသလို ကျောက်မျက်ကုမ္ပဏီ အင်္ဂလိပ်အရပ်သားတို့သည်လည်း အတူပူးပေါင်းကာ ရောဝတီမြစ်ကို ဖြတ်ကျော်လျက် အင်္ဂလိပ်တို့အခြေစိုက်ရာ အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာသွားရပါသည်။

သို့သော် အကြောင်းမဲ့ဆုတ်ခွာသွားသည်မဟုတ်ပါ။ သူတို့ဖောက်လုပ်ခဲ့သော ရေထုတ်ဥမင်လိုဏ်ခေါင်းကြီးအား မိုင်းဖြင့်ခွဲကာ ဖျက်ဆီးပစ်ခဲ့လေ၏။ ဥမင်ကြီးပြိုကျပိတ်ဆို့သွားသည်နှင့် ထွက်ပေါက်မရှိသောရေတို့သည် တဖြည်းဖြည်းနှင့် မြင့်တက်လာကာ အင်းကြီးဖြစ်လျက် သဘာဝစမ်းရေထွက်ချောင်းသည် နဂိုမူလအတိုင်း ယခုမြို့လယ်ရပ်ကွက်၏ အနောက်ဘက်မှထွက်ကာ ရေနီချောင်း၌ သွားရောက်ပေါင်းဆုံလေ၏။

ထိုအခါ မိုးကုတ်မြို့၏ အလယ်ဝမ်းပိုက်တွင် လှပသောအင်းကြီးဖြစ်ပေါ်လာလျက် စကျင်ကျောက်ဆောင်နှစ်ခုမှာ အင်းလယ်မှ ကျွန်းနှစ်ကျွန်းအဖြစ် လှပစွာရပ်တည်နေခဲ့ပါသည်။ မိုးကုတ်၌ ကျောက်တွင်းတူးရာမှ ဖြစ်ပေါ်လာသောအင်းကြီးကား အတော်ပင် ကြီးမားလှပေ၏။ မည်သို့ဆိုစေ ထိုအင်းကြီးသည် မိုးကုတ်၏အလှကျက်သရေတစ်ခုဖြစ်ခဲ့လေ၏။

**၁ တံငါလှေများ**

တော်လှန်ရေးအစိုးရတက်လာခါစ ၁၉၆၇ ခုနှစ်တွင် ကျွန်ုပ်သည် သူငယ်ချင်းတစ်ဦးနှင့်အတူ မိုးကုတ်သို့ရောက်ပါသည်။ စာပေတို့ဖတ်ရှုမှုကြောင့် မိုးကုတ်သည် ကျွန်ုပ်နှင့်မစိမ်းလှပါ။ မြို့လယ်တွင် ကျယ်ဝန်းသောအင်းကြီးတည်ရှိနေသောပုံများသည် ကျွန်ုပ်၏မျက်ဝန်းထဲတွင် ကြိုတင်စွဲထင်နေသောကြောင့် ဖြစ်၏။

အမှန်သော် ထိုအင်းကြီးသည် အင်္ဂလိပ်တို့၏ဆိုးမွေရုပ်ကြွင်းတစ်ခုဖြစ်သည်။ မိုးကုတ်ထွက်ပတ္တမြားများတွင် အကောင်းဆုံးပတ္တမြားတို့ထွက်ရှိရာဟု ယေဘုယျအားဖြင့် ယူဆရသောနေရာတို့ကို ပြောင်သလင်းခါလုနီးအျှ ထုတ်ယူသွား၍ဖြစ်ပေ၏။

ထိုအင်းကြီး၏ အရှေ့ဘက်ခြမ်းတွင် ရေနီချောင်းရှိရာ ဥမင်ကြီးမဖောက်မီက ထွက်သမျှရေတို့ကို စုပ်ထုတ်၍ ရေနီချောင်းထဲသို့ထည့်သော ဓရစုပ်ခရုကြီးများသည် အင်းအရှေ့ဘက်နှုတ်ခမ်းတွင် လေး၊ ငါးခုမျှတွေ့ရ၏။ ကာလအတန်ကြာသည့်တိုင် ထိုအင်္ဂလိပ်တို့၏ ရုပ်ကြွင်းထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ထိုရေစုပ်ခရုကြီးတို့ကို မြင်တွေ့နေရသော်လည်း နောင်တွင်မတွေ့ရတော့ပါ။

ဆောင်းရာသီသို့ရောက်ပြီဆိုပါက အင်းကြီးသည် ဆောင်းနှင်းမှုန်များ၊ ရေငွေ့များကြောင့် နံနက်ပိုင်းတွင်ရှုမဝသောအလှတစ်ပါးဖြစ်ချေ၏။ နေခြည်နုနုအောက်ဝယ် မှုန်ဝါးဝါးမြင်ကွင်း၌ မပီဝိုးတဝါးတံငါလှေလေးများ သွားလာလှုပ်ရှားနေကြသည်ကို နေ့စဉ်မြင်တွေ့ရပါသည်။

ကျယ်ဝန်းသောအင်းကြီး၌ ကာလကြာသော် ငါးမျိုးစုံတို့ရောက်ရှိကျက်စားပေါက်ပွားလာသဖြင့် အောက်ရပ်အောက်မြေမှလာရောက်အခြေချနေထိုင်ကြသည့် တံငါဝါသနာပါသူတို့သည် ထိုအင်းကြီး၌ တံငါလုပ်ကာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ များများတော့မဟုတ်ပါ။ လေးငါးဦးမျှသာရှိပါသည်။

ထိုတံငါလှေငယ်ကလေးများသွားလာ လှုပ်ရှားနေပုံများသည်ပင် သဘာဝ၏အလှတစ်ခုကို ဖန်တီးသကဲ့သို့ရှိနေချေ၏။ မိုးကုတ်အင်းအလှကို ခံစားရိုက်သူတို့သည် တံငါလှေငယ်လေးများပါအောင် စောင့်၍ရိုက်ယူတတ်ကြ၏။ ထွက်လာသောပုံအလှတို့တွင် တံငါလှေငယ်လေးပါတတ်၏။ မိုးကုတ်[illegible] သည် ရေတွင်စွန်း[illegible]


www.burmeseclassic.com

www.burmeseclassic.com

ပင် ကျက်သရေရှိလှပေ၏။

၁၉၇၃ ခုနှစ်တွင် မိုးကုတ်၌ မိုးများ လွန်းသဖြင့် ရေနီမြောင်းလျှံကျရာမှ အင်းထဲသို့ကျိုးပေါက်သွားသဖြင့် ရေနီမြောင်းမှ သဲမှုန်များ၊ ကနယ် (ခေါ်) ရွှံ့ရည်များ ကာလအတန်ကြာရောက်ကုန်သဖြင့် ဧကအတော်များများ သဲပြန့်ကြီးဖြစ်ပေါ်သွားလေ၏။ အင်းကြီး၏အရှေ့မြောက်ထောင့်တွင် အလှပျက်စီးသွားခဲ့ပါသည်။

ရေနီမြောင်းအား အမြန်ပြန်၍ပြုပြင်ပါသော်လည်း ဝင်ရောက်ကုန်သောမှုန်ထုမှာ ပမာဏကြီးမားလှပေသည်။ နောင်မြေသားမာကျောသောအခါတွင် ထိုအင်းစောင်းပြန့်၌ မိုးကုတ်မိုတယ်ကြီးကို နိုင်ငံတော်က ဆောက်လုပ်လေ၏။ လစ်ဟာသွားသောအလှနေရာ၌ အလှတစ်ပါး ပြန်၍ဖန်တီးလိုက်ခြင်းဖြစ်ပေ၏။ ထိုမှုန်ပြန့်ကြီးတွင် ပြည်သူများအပန်းဖြေရာ ပန်းဥယျာဉ်ကြီးတည်ဆောက်ပေးမည်ဆိုပါက ဆုံးရှုံးသွားသော အလှတရားအား အစားထိုးသည်မည်ပါမည်။ မိုးကုတ်၌ ကျယ်ဝန်းလှပသော ပန်းဥယျာဉ်မရှိရာ မိုးကုတ်ပတ္တမြားမြေသို့ လာရောက် လည်ပတ်သော ဧည့်သည်များအတွက်လည်း အဆင်ပြေပါမည်။

မိုးကုတ် ဟူသည် အလွန်အေးမြသောရာသီဥတုရှိ၏။ကမ္ဘာကျော်ပတ္တမြားတို့ထွက်ရှိ၏။ အလွန်လှပသောရှုခင်းတို့ရှိ၏။ မြို့၏တည်နေပုံမှာလည်း အလွန်လှပ၏။ ဒေသခံတို့မှာလည်း သဘောမနော်ဖြူစင်လှ၏။ ယခုထိတိုင် တံငါလှေလေးများသွားလာလှုပ်ရှားနေသောပုံရိပ်တို့ကို မြင်တွေ့နိုင်သေး၏။

မိုးကုတ်ပတ္တမြားမြေတွင် ရှေးကရေငုပ်တွင်းဟူ၍မရှိခဲ့။ ဖားကန့်ကျောက်စိမ်းမြေ၌ လှေကိုအရင်းတည်၍ ရေငုပ်တွင်းများလုပ်ကြသောအခါ မိုးကုတ်ပတ္တမြားမြေ၌လည်း တံငါလှေလေးများအမှီပြု၍ ရေငုပ်တွင်းစတင်ပေါ်ပေါက်လာပုံကို ဖော်ပြမည်ဖြစ်သည်။

## ◻ မိုးကုတ်ရေငုပ်တွင်း

ထိုအင်းကြီးအလယ်၌ စကျင်ကျောက်ဆောင်ကြီးများ ကျန်ရှိခဲ့ရာမှ ကျောက်ဆောင်ကြီးနှစ်ခုမှသည် အင်းကြီးဖြစ်ပေါ်သောအခါ ကျွန်းနှစ်ကျွန်းအဖြစ် ရပ်တည်နေခဲ့ပါသည်။ ထိုကျွန်းနှစ်ကျွန်းပေါ်တွင် တံငါတို့တည်းခိုသော တဲငယ်လေးတစ်ခုနှစ်ခုမျှသာရှိပြီး ကိုင်းပင်များသာ ပေါက်ရောက်၍နေပါသည်။

ထိုကျွန်းနှစ်ကျွန်းသည် ကျွန်းပ်နေထိုင်ရာ မြို့လယ်ရပ်ကွက်နှင့်နီးပါသည်။ ထိုကျွန်းနှစ်ကျွန်းသို့ ပျော်ပွဲစားသွားလိုသူတို့သည် မြို့လယ်ရပ်ကွက်အင်းစောင်း၌ရပ်ထားသောတံငါလှေတို့ကိုငှားစီး၍သွားကြရ၏။ လှေမှာများများစားစားရှိသည်မဟုတ်ပါ။ လေး၊ငါးစင်းမျှသာရှိပါသည်။

၁၉၆၉ ခုနှစ်လောက်တွင် မိုးကုတ်ပတ္တမြားမြေကို တော်လှန်ရေးအစိုးရမှ ပြည်သူပိုင်သိမ်းထားရာတွင် လုပ်ပိုင်ခွင့်မရှိတော့ပေ။ နိုင်ငံတော်မှသာ ကျောက်တွင်းအနည်းငယ်လုပ်ကိုင်နေချိန် ဖြစ်သည်။ ကျွန်ုပ်တို့မိုးကုတ်နေလူတို့သည် ရိုးရာအလုပ်ဖြစ်သော ကျောက်တွင်းအလုပ်ကို ခိုး၍လုပ်ကိုင်ကြရသည်။ ထို့ကြောင့် ခိုးတွင်းဟုလည်းခေါ်၏။ မှောင်ခိုတွင်းဟူ၍လည်း ခေါ်ကြပါသည်။

မိုးကုတ်မြို့နယ်တစ်ခုလုံး အများအားဖြင့် ကျောက်တွင်းလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြရာ အရင်းရှင်ခေတ်ပျောက်၍ ပြည်သူပိုင်ခေတ်ရောက်ခဲ့ရာ ကြိုက်ရာနေရာတို့၌ စိတ်တိုင်း ကျရောက်ကိုင်ခွင့်ရကြ၍ လူတိုင်းနီးပါးအဆင်ပြေကြသောခေတ်ဖြစ်လေ၏။ အိမ်တွေဆောက်ကြ၏၊ တိုက်တွေတည်ကြ၏။ ကားတွေဝယ်ကြ၏။ သို့သော် လွတ်လွတ်လပ်လပ် မဟုတ်ပေ။ ညောင်သီးလည်းစား၊လေးသံလည်းနားစွင့်ကြရသောငှက်တို့ပမာ ခိုးတွင်းလုပ်သူတို့အား လိုက်လံဖမ်းဆီးသော ကျောက်မျက်ထိန်းသိမ်းရေးတာဝန်ရှိသူတို့ကို အစဉ်အမြဲသတိပြုနေရပါသည်။

လက်ခေါက်မှုတ်သံ၊ အုန်းမောင်းသို့မဟုတ် ဝါးကလတက်ခေါက်သံစသဖြင့် အန္တရာယ်၏ သင်္ကေတသံတစ်ခုခုကြားသော် ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင်ပြေးကြရလေ၏။ကံမကောင်းအကြောင်းမလှ၍ အဖမ်းခံရသော် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် ထောင်(၉) လကျခံရမည် ဖြစ်သည်။

မိုးကုတ်၌ ကျောက်တွင်းတူး၍၊ ကျောက်ရိုင်းလက်ဝယ်ထားရှိ၍၊ တွင်းသုံးပစ္စည်းများ ကျောက်သွေးပစ္စည်းများလက်ဝယ်ထားရှိ၍၊ တည်ဆဲဥပဒေအရဖမ်းမိ၍ ထောင်ကျခဲ့သော ပြစ်ဒဏ်ကျေ၍ ထောင်မှလွတ်ခဲ့ပါက ထိုသူအား ဘယ်သူကမှ ထောင်ထွက်ဟူ၍ မသတ်မှတ်ပါ။ ဂုဏ်လည်းမငယ်ပါ။ သမ္မာအာဇီဝကျစွာလုပ်ကိုင်စားသောက်ရာမှ ပြည်သူပိုင်တည်းဟူသောဥပဒေကြီးပေါ်လာသဖြင့်သာ ကံမကောင်း၍ထောင်ကျကြရသည်ဟု သတိမှတ်ကြလေသည်။ ခိုးဆိုးတိုက်ခိုက်မှုသာ ဂုဏ်ငယ်ပါသည်။

သူတို့သည် ကျောက်တူးကြ၏၊ ကျောက်ရောင်းဝယ်မှုပြုကြ၏။ ကျောက်သွေးကြ၏။ ကျောက်ပွဲစားလုပ်ကြ၏၊ လူအများမုန်းသည့်ခိုးဆိုးတိုက်ခိုက်ခြင်းမရှိကြပါ။ သမ္မာအာဇီဝကျစွာ အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြသည်။

ပြည်သူပိုင်သိမ်းပြီးနောက် နှစ်အနည်းငယ်အကြာ၌ ဘော်ဗဒန်းဒေသ စကျင်ကျောက်တောင်များ၌ ကျောက်ရှိမှန်းသိသွားကြပြီး ခဲကြောများ စတင်ပေါ်ပေါက်၏။ အစဉ်အလာအားဖြင့် မြေကြီးမှသာ ကျောက်ထွက်ခဲ့ရာ စကျင်ကျောက်တောင်များ၏ ဝမ်းဗိုက်ထဲ၌ ကျောက်ထွက်များရှိနေသည်ကို မသိခဲ့ကြပေ။

နှစ်အတန်ကြာသဖြင့် ဖားကန့်၌ ရေငုပ်တွင်းများလုပ်သည်ဟူသောသတင်းနှင့်လုပ်ပုံကိုင်ပုံတို့ကို သိရသောအခါ မိုးကုတ်အင်းကြီးရှိ စကျင်ကျောက်ဆောင်နှစ်ခုကြောင့် ဖြစ်ပေါ်နေသော ကျွန်းနှစ်ကျွန်းကို အတွင်းသိအစဉ်းသိ မိုးကုတ်သားတို့က မျက်စိကျကာ ကျွန်းမျက်နှာပြင်ပေါ်၌ လေးပင်ကျင်းဖောက်ခြင်း၊ ကျွန်းအောက်ခြေတို့၌ ရေငုပ်တွင်းလုပ်ခြင်းတို့ ခေတ်စားလာခဲ့လေ၏။

သူတို့သည် တံငါလှေလေးများကိုငှားရမ်း၍အသုံးပြုကြရလေ၏။ အချို့ကလည်း ကိုယ်ပိုင်လှေလေးများ ပြုလုပ်အသုံးပြုကြ၏။ အချို့က ကားကြီးကျွတ်များကို လေထိုးကာ ဘောကွင်းပြုပြီး ပျဉ်ချပ်လေးခင်းကာ လှော်တက်ဖြင့်ထိုး ကြ၏။ ကားကြီးကျွတ်သည် လူတစ်ယောက်ကိုခံနိုင်ရည်ရှိသည်။

စကျင်ကျောက်ဆောင် ဟူသည် သဘာဝလက်ကြားတို့ရှိပါသည်။ နှစ်ရှိုင်းသောအောက်ခြေဝယ် လက်ကြားဖြုန်းတို့ကျန်ရှိနေပါသည်။ ထုထည်ကြီးသောဖြုန်းတိုက်ကြီးများကိုသာ မျက်စိကျခဲ့သောအင်္ဂလိပ်တို့သည် အနည်းငယ်သောလက်ကြားဖြုန်းတို့ကို အာရုံမထားခဲ့ပေ။ ဤသည်ကို ဒေသခံမိုးကုတ်သားတို့ကသိနေကြပါသည်။

ဖားကန့်ရေငုပ်တွင်းလုပ်သည့်ပင် ရေအောက်၌ငုပ်ရသောတွင်းသည် လေပိုက်ကိုင်ကာ အောက်သို့ ရပါသည်။ အပေါ်မှလေထိုးတံသုံးခု တွဲကာ အောက်မှလူလေပွက် မနား



www.burmeseclassic.com

www.burmeseclassic.com

လေထိုးပေးနေရပါသည်။ ဖြုန်းတင်ရန်ကြိုးနှင့်အိတ်လည်းပါသွားရသည်။

ကျွန်းနှစ်ကျွန်းသည် မြို့လယ်ရပ်ကွက်သို့ဝင်ရာ အင်းပတ်လမ်းနှင့်အတန်ငယ်နီးသဖြင့် နေ့လယ်နေ့ခင်းတွင်ဆင်း၍မရဘဲ အမှောင်ကြီးစိုးသော ညအခါရောက်မှသာဆင်းကြရပါသည်။ ဖောက်ထွင်းတို့သည် ကိုင်းပင်ပတ်ပတ်လည်ကို အကာအကွယ်ယူထားသော်လည်း ရေငုပ်တွင်းတို့မှာ လေ့ပေါ်မှသာ ငုပ်ရသဖြင့် ရေပေါ်တွင်ရှိနေပါသည်။ မီးမထွန်းရဲကြပါ။ မြို့၏မီးအလင်းကိုသာ အပေါ်တွင်အားပြုရလေသည်။ ရေငုပ်သော တွင်းဆရာမှာမူ နဖူးစည်းရေလုံမီးပါသဖြင့် အဆင်ပြေလေ၏။

အင်းလယ်ဖြုန်းသည် များများစားစားရစရာမလိုပေ။ အနည်းငယ်ရလျှင်ပင် နေ့တွက်ကိုက်ကြ၏။ ကံကောင်းပါက အဆင့်မြင့်ပတ္တမြားတို့ပါတတ်ပါ၏။ ဖြုန်းတစ်အိတ်ရခဲ့သော် ထိုဖြုန်းတစ်အိတ်သည် အနည်းဆုံးထောင်ကျောက်၊ သောင်းကျောက်လောက်တော့ပါ၏။ ကျောက်အလွန်စိပ်သောလုပ်ကွက်ဖြစ်သည်။ ထို့ကြောင့် လူမြင်ကွင်းတွင်သက်စွန့်ကြိုးပမ်းလုပ်ကိုင်ကြခြင်းဖြစ်ပေ၏။ အမှန်သော် ထောင်စော်နံသောလုပ်ကွက်ဖြစ်သည်။လူဟူသည် လောဘသားများဖြစ်ရာ ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်ဟူသောစိတ်ဖြင့်စွန့်စားလုပ်ကိုင်ကြခြင်း ဖြစ်သည်။

**□ အင်းလယ်တွင်းဖမ်းပြီ**

ကျောက်မျှော်ရွာမှ ကျွန်ုပ်မိုးကုတ်ရောက်နေခိုက်ဝယ် ညက အင်းလယ်တွင် လုပ်ကိုင်နေသောတွင်းသမားတို့ကို ဖမ်းရာ မိသူမိ၍ လွတ်သူလွတ်ကာ ရေငုပ်တွင်းလုပ်နေသော တွင်းသမားတစ်ယောက်ပျောက်ဆုံးနေကြောင်း ထိုပျောက်ဆုံးနေသူအား ကာယကံရှင်တို့နှင့် တာဝန်ရှိသူတို့က ရေငုပ်ကာရှာဖွေနေကြကြောင်းကြား၍ သွားကြည့်မိပါသည်။

တာဝန်ရှိသူတို့သည် တံငါလှေအချို့ကိုအသုံးပြုကာ ညအချိန်၌ အင်းလယ်ကျွန်းပေါ်နှင့် ကျွန်းနံဘေး၌ ရေငုပ်တွင်းလုပ်နေကြသူတို့ကို ဖမ်းဆီးခြင်းဖြစ်သည်။ ရေကူးကျွမ်းသူတို့သည် ရေကူးရင်းရေငုပ်ရင်း လွတ်အောင်ကူးပြေးနိုင်ကြသော်လည်း ရေမကူးတတ်ကြသူတို့မှာမူ ပြေးစရာမြေမရှိသဖြင့် အဖမ်းခံကြရလေ၏။ ပြေးစရာမြေမရှိ ဟူသောစကားသည် ထိုရေလယ်ကျွန်း၌ ခိုးတွင်းလုပ်သူတို့အတွက် အမှန်ဆုံးစကားဖြစ်သည်။

ကျွန်းတို့သည် အလွန်ကြီးမကျယ်ဝန်းရာ ပြေးစရာရေသာရှိပါသည်။ ရေငုပ်တွင်းလုပ်သူတို့မှာမူ ရေထဲလုပ်ရသဖြင့် အမှန်ပင်ရေကူးတတ်ပါမှ အဆင်ပြေလေ၏။ အမှန်သော် ထိုစကားပုံသည် မကောင်းမှုပြုသူတို့အတွက် ရာဇဝတ်ဘေးပြေးမလွတ်ဟူသောစကားအတိုင်း ပြေးစရာမြေမရှိခြင်း ဖြစ်သည်။ သို့သော် ရေလယ်ကျွန်း၌ မှောင်ခိုတွင်းလုပ်သူတို့အတွက်မှာမူ တိုက်ရိုက်သက်ဆိုင်နေသောစကားပုံ ဖြစ်သည်။

သို့သော် ကံမကောင်းအကြောင်းမလှသဖြင့် လှေပေါ်မှဖြုန်းအိတ်စောင့်ဆွဲသူ အေးမောင်တစ်ယောက် ရေကူးပြေးရာမှပျောက်ဆုံးသွားခြင်း ဖြစ်ပေ၏။ ထိုကျောက်မျက်လုပ်ငန်းလုပ်ကိုင်သူတို့အား သတင်းကြားရုံမျှဖြင့် ဖမ်း၍မရပါ။ လက်ပူးလက်ကြပ်တွင်းလုပ်နေစဉ်မိပါမှ အမှုမြောက်ပါသည်။ သတင်းကြားရုံဖြင့် ဖမ်းမည်ဆိုပါက ကျောက်မျက်လုပ်ငန်းဖြင့် အသက်မွေးကြသဖြင့် တစ်မြို့လုံးနီးပါးအဖမ်းခံရမည်ဖြစ်သည်။ ပြေးနိုင်မှလွတ်သောအလုပ်ဖြစ်ရာ အပြေးလျင်ဖို့အထူးလိုအပ်ကြပါသည်။ ရေတွင်လုပ်ပါက ရေကူးကျွမ်းမှလွတ်လမ်းမြင်ပါသည်။ သို့သော်လည်း အေးမောင်တစ်ယောက်ပျောက်ချက်သားကောင်းနေလေသည်။ အဖမ်းခံရသူစာရင်းတွင် အေးမောင်မပါပါ။ ကာယကံရှင်တို့ အပူမီးတောက်ကြရလေပြီ။

ရေငုပ်ကျွမ်းသူတို့ အေးမောင်တို့ရေငုပ်တွင်းလုပ်ရာဝန်းကျင်၌ ရေငုပ်၍ရှာဖွေနေကြလေ၏။ မြို့လယ်အင်းပတ်ကတ္တရာလမ်းနံဘေးမှ ကြည့်နေသူတို့လည်း အများအပြားရှိနေကြပါသည်။ အေးမောင်အတွက် စိုတ်တသဝ်သဝ်ရှိနေကြလေ၏။ အင်းအောက်ခြေ၌ ရေမှော်ပင်များရှည်လျားစွာရှိရာ ရေမှော်ပင်များနှင့် ငြိနေလေသလား သို့မဟုတ် တရွေ့ရွေ့လေတိုက်ရာမျောပါနေတတ်သော ဗေဒါဒိုက်အောက်၌ ငြိနေလေသလားဟူ၍ အမျိုးမျိုးထင်ကြေးပေးနေကြလေ၏။

နေ့လယ်ပိုင်းလောက်တွင်မှ ဗေဒါဒိုက်ပြင်ကြီးအောက်၌ မျောက်လျက်သေနေသော အေးမောင်၏ အလောင်းကိုရှာဖွေတွေ့ရှိလျက် ဆွဲထုတ်နိုင်ကြလေ၏။ အေးစက်တောင့်တင်းလျက်ရှိနေလေပြီ။ အနီးရှိဆေးရုံသို့သယ်သွားသည်ကို မြင်လိုက်ကြရလေ၏။ ထိုအခါ လူအုပ်ကြီးလည်း ကွဲသွားတော့၏။

အမှန်သော် ရေငုပ်၍ပြေးရင်း ကြီးမားသော ဗေဒါဒိုက်ပြင်ကြီးအောက် ရောက်သွားကာ ပြန်မထွက်နိုင်တော့ဘဲ အသက်ဆုံးရှုံးသွားခြင်း ဖြစ်ပါသည်။ ညအချိန် ကြောက်ကြောက်လန့်လန့်ဖြင့် ကူးရင်းရေငုပ်ပြေးရင်း ကံဆိုးစွာအသက်စွန့်သွားရခြင်းဖြစ်သည်။ ထိုသို့ ပတ္တမြား တည်းဟူသောကျောက်အတွက် အသက်စွန့်လွှတ်သွားရသူတို့သည် မိုးကုတ်ပတ္တမြားမြေ၌ များစွာရှိခဲ့ကြရပါသည်။ ကျောက်သည် ကြောက်စရာကောင်းလှပေ၏။

ထိုသို့ လူ့အသက်ဆုံးရှုံးဖူးသဖြင့် လုပ်ရဲသူမရှိတော့ဖူးလားဟု မေးလျှင်ရှိသည်ဟု ဆိုရပါမည်။ တစ်ဖွဲ့မလုပ်သော် တစ်ဖွဲ့ကလုပ်ပါသည်။ လုပ်တိုင်းလည်း မသေပါ။ သေသည့်ကိုလည်း အဆန်းတကြယ်လုပ်မနေကြပါ။ လုပ်ရိုးလုပ်စဉ်သေရိုးသေစဉ်သာဖြစ်ပါသည်။

**□ ကျွန်ုပ်နှင့်ရေငုပ်တွင်း**

ကျွန်ုပ်သည် ရေတွင် ပါရမီမရှိပါ။ ဧရာဝတီမြစ်၌ လည်းကောင်း၊ ရေကူးကန်၌ လည်းကောင်း အချိန်အတန်ကြာရေကူးသင်ဖူးလေ၏။ ရေကူးကား လုံးဝမတတ်ပါ။ လက်ကယက်သော် ခြေကမေ့နေ၏။ ခြေကယက်သော လက်ကမေ့နေ၏။ ကိုးရိုးကားရားဖြင့် ဘယ်လိုသင်၍မှမတတ်သောအခါ ရေကူးခြင်းအတတ်ကို လက်လျှော့လိုက်တော့၏။ ရေဖြင့် သေကံရှိသော် ရေဖြင့်သေပေမည်ဟုတွေးမိသော်လည်း ကျွန်ုပ်နေသောအရပ်တို့သည် ရေလမ်းခရီးဖြင့်သွားရသောအရပ်တို့မဟုတ်သဖြင့် ရေမကူးတတ်သော်လည်း ပြေပြေစရာရှိပါသည်။ သို့သော်လည်း ရေဖြင့်အကြောင်းဖန်လာလေ၏။

ထိုသည်မှာ အရေးအခင်းဖြစ်ပြီးနောက် ဒီမိုကရေစီလမ်းစဉ်စတင်သောအခါ ကျောက်မျက်တူးဖော်ခွင့်လိုင်စင်များချပေးလိုက်သဖြင့် ပိုက်ဆံချမ်းသာသူဒေသအသီးသီးမှလူတို့သည် မိုးကုတ်လုပ်ကွက်အသီးသီး၌ ဖက်စပ်များလာ၍ဆွဲကုန်ကြတော့၏။ ဒေသခံဇာက်လုပ်လက်စားတွင်းသမားတို့ လုပ်စားစရာလုပ်ကွက်မရှိတော့ပေ။ ထိုအထဲတွင် ကျွန်ုပ်လည်း အပါအဝင် ဖြစ်သည်။ လုပ်စရာလုပ်ကွက်မရှိသောအခါ ကျွန်ုပ်

www.burmeseclassic.com

၏ တွင်းသားများလည်းပြန်ကုန်သဖြင့် တစ်ကိုယ်တည်း ဟိုယောင်ယောင် ဒီယောင်ယောင်ဖြစ်နေသောအချိန် ဖြစ်ပေ၏။

ထိုအချိန်တွင် လူတွေက -

"ကိုကျော်စိုး၊ ဦးပိုင်ရဲ့ ရေထွက်မြီးကျမှာ အိုင်ကြီးဖြစ်နေတယ်။ အဲဒီအိုင်ကြီးထဲကျလာတဲ့သဲတွေကို ရေငုပ်ပြီး ယူရတယ်။ လူတိုင်း ထောင်ကျောက်၊ သောင်းကျောက် နေ့တိုင်းရနေကြသတဲ့ဗျ။ ခင်ဗျားအလကားထိုင်နေမယ့်အတူတူ ရေသွားငုပ်ပါလား။ ထောင်ကျောက်လောက်ရရင်နည်းသလားဗျာ"

ဟု တိုက်တွန်းကြလေ၏။

ထိုအခါ ကျွန်ုပ်လည်း အင်း - ဟုတ်ပေသားပဲ။ အလကားထိုင်နေလို့ အကျိုးမရှိပေဘူးဟုတွေးကာ နောက်နေ့တွင် ရတနာကုမ္ပဏီကုမ္ပဏီဦးပိုင်ကုမ္ပဏီလီမိတက်၏ ရေထွက်ရှိရာ အထက်အင်းပြုလုပ်ကွက်သို့လာခဲ့ပါသည်။

ဦးစွာ ကျောက်ပြဿဒ်အနောက်ရွာမှ ဦးပိုင်ဝင်းလမ်းမကြီးအတိုင်းဆင်း၍ အထက်အင်းပြုလုပ်ကွက်သို့ဆင်းရသည်။ အထက်အင်းပြုမှ သည်ရေထွက်ဥမင်ကြီးဖောက်ကာ ရှေးအခေါ် လုပ်ခက်ပြန့်၌ မျှောတိုက်နေခြင်း ဖြစ်သည်။ ရေထွက်ကြမ်းလွန်းရာ လုပ်၍အလွန်ခက်သဖြင့် လုပ်ခက်ရပ်ကွက်ဟု အမည်တွင်၏။ ဦးနုခေတ် ပါလီမန်ဒီမိုကရေစီခေတ်ဝယ် ဦးချစ်လှမှ စက်တွင်းကြီးတည်ထောင်ထားပြီး အကြီးအကျယ်လုပ်ကိုင်ခဲ့ရာ တော်လှန်ရေးအစိုးရခေတ်တွင် ပြည်သူပိုင်သိမ်းလိုက်သဖြင့် နှစ်ပေါင်းဆယ်စုနှစ်ခုကျော် အင်းကြီးအဖြစ်တည်ရှိနေခဲ့၏။ ထိုအင်းကြီးအား လုပ်ခက်အင်းဟု ခေါ်ကြ၏။ ကျောက်ပြဿဒ်ရှိကလေးတို့ ရေကူးဆော့ကစားစရာအင်းကြီးဖြစ်ခဲ့၏။ ရေနစ်၍သေသောကလေးတို့လည်းရှိခဲ့၏။ အင်းကြီး၏ မြောက်ဘက်ခြမ်း မုန်ပြန့်ကြီးအား ဘောလုံးကွင်းလုပ်ထားကြ၏။ ထိုကွင်း၌ ဘောလုံးချိန်းကန်တတ်ကြသည်။ ကျောက်ပြဿဒ်ဘောလုံးအသင်းကားနာမည်ကြီး၏။

ဦးပိုင်မှလုပ်မည်ဆိုသောအခါတွင် ဦးစွာ နက်ရှိုင်းသောအထက်အင်းပြလျှိုထဲမှ ဥမင်ကြီးဖောက်ကာ ရေထွက်လမ်းလုပ်၏။ ထွက်ရေကား အုန်းပင်လုံးမျှကြီးမားလှပါသည်။ ထိုရေထွက်လမ်းအား သိပ္ပံနည်းကျ စနစ်တကျ သစ်သားထုထည်တို့ဖြင့်ပြုလုပ်ထားရာ ခိုင်ခံ့လှပေ၏။ ထိုရေထွက်မြီးသည် ပျဉ်တံလျှောက်ကြီးမှ အောက်သို့ကျရာ ရေကျအမြင့်သည် (၁၀) ပေမျှ မြင့်မားပြီးရေကျအိုင်ကြီးမှာ အတန်ပင် ကျယ်ဝန်းပြီး တဝုန်းဝုန်းဖြင့် ဆူညံနေလေ၏။

သဲငုပ်သူတို့သည် ရေထဲ၌တန်းစီ၍စောင့်နေကြရ၏။ တစ်ဦးငုပ်သော် နောက်မှလူက ထိုလူကို ခါးအား ဖိနှိပ်၍ ရေပေါ်ပြန်မပေါ်နိုင်အောင်ကူညီပေး၏။ ရေငုပ်သူက ရေကျအိုင်ထဲမှ သဲစစ်သဲလေးကိုရအောင် တာယာပုံးဖြင့်ကော်ခပ်၍ တစ်ပုံးရလျှင်ထွက်ရ၏။ နောက်တစ်ယောက်က ဆက်ငုပ်၍ကော်၏။ ရလာသောသဲကို ပြန်ဝိုင်းရန် သင့်သောနေရာ၌ပုံထားရ၏။

လူ (၂၀) ခန့်သည် နီရဲပျစ်ခဲနေသော ရေနီနီထဲ၌ အလှည့်ကျငုပ်ကာ ဦးပိုင်အလုပ်နားချိန် (၄) နာရီအထိငုပ်ကြ၏။ သဲပုံအတော်ကြီးကြီးရကြသည်။ ထိုသဲကို ဝိုင်း၍ ကျောက်ရွေးပြီးသော် နေဝင်ဖျိုးဖျ အိမ်ပြန်ချိန်ရောက်ပေပြီ။ ထိုအလုပ်အားအချို့က တစ်ယောက်တည်းလုပ်၏။ အချို့က အဖော်နှင့်လုပ်၏။ လုပ်နေကြသောသူတို့မှာ ကျွန်ုပ်တို့ ကျောက်ဖျာရွာမှ တစ်ယောက်မှမပါပါ။ ကျောက်ပြဿဒ်သားတို့ချည်းသာ ဖြစ်သည်။ အားလုံးနီးပါး အသိတွေမို့ နောက်နေ့လာလုပ်ပါ။ပျော်စရာအတော်ကောင်းဟု ဆိုကြ၏။ အမှန်လည်း ပျော်စရာကြီးဖြစ်သည်။ ထို့ကြောင့် နောက်နေ့လာလုပ်မည်ဟုပြောခဲ့လေ၏။ရေငုပ်ဖူးသည်ရှိအောင်ငုပ်ရပေဦးမည်။

**□ အဖော်နှင့်အတူ**

"ဝင်းမေရေ"

"ရှင်"

"မင်း ဦးပိုင်ရေမြီးက ရေငုပ်တွင်း အကြောင်းကြားတယ် မဟုတ်လား"

"ကြားတယ်လေ၊ ရကြတယ်ပြောတာပဲ။ ဘာလုပ်မလို့လဲ"

"ငါအဲဒီမှာရေငုပ်တွင်းဆင်းမလို့။ အဲဒါအဖော်လိုလို့ မင်းကိုပြောတာ။ ငါက ငုပ်မယ်။ မင်းက အပေါ်ကနေသဲပုံပေးပြီးတော့ သဲလှည့်ပေါ့ကွာ။ အဲဒါ မင်းလိုက်နိုင်မလား"

"လိုက်နိုင်ပါတယ်၊ ဘယ်တော့ဆင်းမှာလဲ"

"မနက်ဖြန်လေ"

"ထမင်းထည့်ဦးမှာလား"

"မထည့်တော့ပါဘူးကွာ။ ထမင်းချိုင့်နဲ့ဆို အလုပ်ရှုပ်ပါတယ်။ မနက် (၉) နာရီလောက် အပေါ်ရွာတက်ခဲ့နော်။ ငါစောင့်နေမယ်"

"အင်းပါ"

"ကဲ - ဒါဆိုအဖော်ရပြီ၊ ငါသွားမယ်နော်"

"ဟုတ်ကဲ့"

ကျွန်ုပ်သည် နောက်လိုက်အဖော်ရပြီမို့ စိတ်လက်ပေါ့ပါးစွာ ကျောက်ဖျာအောက်ရွာမှ အပေါ်ရွာသို့ပြန်တက်ခဲ့၏။ အောက်ရွာသည် အောက်ပြန့်၌တည်ရှိပြီး အပေါ်ရွာကား အပေါ်ပြန့်၌တည်ရှိရာ ကျောက်ဖျာ၌ အောက်ရွာ၊ အပေါ်ရွာဟု ခွဲခြားခေါ်ခြင်းဖြစ်သော်လည်း တစ်ဆက်တည်းသော ရွာငယ်လေးဖြစ်သည်။ မဝင်းမေကား သဘောမနောကောင်းသူ ကျွန်ုပ်၏ငယ်သူငယ်ချင်းများတဲ့သို့ ရင်းနှီးပါသည်။ သူညီမ မလွမ်းအိမ်မှာ ကျောက်ကုန်သည်လုပ်၏။

နောက်နေ့တွင်မူ ကျွန်ုပ်နှင့် မဝင်းမေတို့သည် ရေငုပ်တွင်းရှိရာသို့ ချီတက်ခဲ့ကြလေ၏။ များများစားစား ယူစရာမလိုပါ။ တွင်းဝတ်တစ်စုံ၊ တာယာပုံးတစ်လုံး၊ ဇကာတစ်ချပ်သာလိုရာ ဝန်ကျဉ်းလှပါသည်။

ကျွန်ုပ်တို့ရောက်သော် ဦးပိုင်မှ တွင်းဆင်းနေပြီဖြစ်ရာ ရေမျှောသဲတို့ မျှောပါလာနေပြီ ဖြစ်သည်။ အမှန်သော် ဤအလုပ်မှာ ကနယ်ဆေးသောအလုပ်သာဖြစ်ချေ၏။ သို့သော် ဤရေကျအိုင်ကြီးဝယ် အမျိုးသမီးတို့လုပ်နိုင်စွမ်းမရှိပေ။ အိုင်ကြီးအတွင်း မိန်းမများငုပ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။ ရတနာကုမ္ပဏီ ဦးပိုင်လုပ်ခက်တွင်းကြီးသည် ကျောက် အလွန်ပေါသဖြင့်သာ ယခုကဲ့သို့ ကျောက် မှုန်ကျောက်မွှားများမျောပါခြင်း ဖြစ် သည်။

တွင်းဝတ်များလဲပြီးသည်နှင့် ခါး နက်သော ရေအိုင်ကြီးထဲဆင်း အလှည့်ကျငုပ်ရန်ဝင်၍တန်းစီလိုက် သည်။ အများလုပ်သကဲ့သို့ နား ကနယ်ခေါ်ရွှံ့များမဝင်စေရန် သစ်နုံ များခူး၍ နားနှစ်ဖက်ထဲထိုးသွင်းပြီး ဆို့ထားရပါသည်။

အုန်းလုံးမျှသော ရေနီပျစ်ပျစ် တဝုန်းဝုန်းကျနေလေသည်။ ရေ ပွက်ပွက်ထနေ၏။ သဲကျုံးသူသည် ထဲ၌ငုပ်၍ ခေတ္တပျောက်ကွက်သွား သဲပုံးဆွဲကာ ဘွားကနဲပေါ်၍တစ် တက်သွားပြီး သဲကိုသတ်မှတ် သွားပုံ၏။ ရေအနက်သည်လူတ သာရှိပါသည်။ သဲကျုံးနေ၌




www.burmeseclassic.com

www.burmeseclassic.com

ပျောက်သွားခြင်း ဖြစ်၏။ သဲသွားပုံပြီးသည်နှင့် ရေထဲဆင်းကာ ပြန်၍တန်းစီးရ၏။ နဂိုကမှ အေးသောမိုးကုတ်ဝယ် ရေထဲစိမ်နေရသောအခါ အတော်ပင် အေးသည်ကိုတွေ့ရ၏။

တစ်ယောက်ပြီးတစ်ယောက် ရေငုပ်ကြသည်ကိုကြည့်၍ အတုယူရ၏။ ကျွန်ုပ်ရှေ့မှလူကို ကျွန်ုပ်က ကျောကိုဖိထားပေးရ၏။ သူအလှည့်ပြီးသော် ကျွန်ုပ်အလှည့်ရောက်ပေပြီ။

ကျွန်ုပ်သည် အသက်ကိုဝအောင် ရှူသွင်းကာ ပုံးကိုင်၍ ရေပွက်ဆဲဝင်ငုပ်လိုက်၏။ နောက်လူက ရေပေါ်ပြန်မပေါ်အောင် ကျောကိုဖိထားပေးသော်လည်း ပွက်လောရိုက်နေသောသဲတို့ကို အတင်းထိုးကော်၍ကျုံးရ၏။ သို့သော် အောက်ခြေသဲလေးသဲစစ်ကိုကော်၍မရနိုင်အောင်ရှိရ၏။ အသက်ကလည်း ကြာကြာအောင့်နိုင်စွမ်းမရှိရာ ရသည့်သဲကို ပုံးအပြည့်ကော်ပြီး ရေပေါ်ပြန်တက်လိုက်ရ၏။

အသင့်စောင့်နေသော မဝင်းမေက ကျွန်ုပ်တို့သတ်မှတ်ထားသောသဲဖတ်ခုံနေရာ၌ သွားပုံ၏။ တစ်ကိုယ်လုံးရွှံ့ရည်တို့ဖြင့်ရွှဲရွှဲနစ်ကာ တခိုက်ခိုက်တုန်အောင် ချမ်း၏။ ထို့ကြောင့် ခါးမျှနက်သောရေထဲ မည်သူမျှငြိမ်မနေကြဘဲ တလှုပ်လှုပ်တရွရွနှင့် တစ်နေကုန်နီးပါးငုပ်ကြသော အခါ သဲအတော်များများရ၏။ ရေငုပ်မကျွမ်းသော ကျွန်ုပ်မှာ အများအားဖြင့် သဲပေါ့များသာရပါသည်။ သဲလေးသဲစစ်ကို စောင့်၍မကော်နိုင်ပါ။ ကြာကြာငုပ်နိုင်စွမ်းလည်းမရှိပါ။

မဝင်းမေက သဲလှည့်ပြီး ဆန်ခါမှောက်၏။ ကျွန်ုပ်က သဲရွှေးဖြီးကျောက်ရှာ၏။ ရောင်းစားစရာကျောက်ကောင်းမပါဘဲ အမှုန်အညာကျောက်တို့သာပါပါသည်။ နေ့တွက်လုံးဝမကိုက်ပါ။ ရသောကျောက်တို့ကို မဝင်းမေဆီထည့်ပေးလိုက်၏။ ထိုနေ့သည် လူတစ်ကိုယ်လုံးရွှံ့ပေပြီး ချမ်းတာသာ အဖတ်တင်၏။ အိမ်ရောက်၍ ရေမည်မျှချိုးပါသော်လည်း အရေပြားများက နယ်တိုက်သဖြင့်တင်းနေပြီး စပ်ဖျဉ်းဖျဉ်းခံစားရလေ၏။

နောက်နေ့လည်း ပျော်စရာကောင်းသော ရေငုပ်တွင်းဆင်းပြန်၏။ ရေမကျွမ်းကျင်သောကျွန်ုပ်သည် ရေအောက်ထဲ၌ သဲစစ်ကိုရအောင်ယူနိုင်စွမ်းမရှိသဖြင့် ကျောက်ကောင်းမရပါ။



ထို့ကြောင့် နှစ်ဦးသဘောတူ ရေငုပ်တွင်းအလုပ်အားရပ်နားလိုက်တော့၏။

□ မိုင်းရှူးမှရေငုပ်တွင်း

မိုင်းရှူးပတ္တမြားမြေတွင် ခဲတွင်း၊ ဖောက်တွင်း၊ မျှောတွင်း၊ လူးတွင်းဟူ၍ ရှိပြီး ခဲတွင်းမှာ စကျင်ကျောက်သားတို့ကို ယမ်းခွဲ၍ရှာရသောတွင်းဖြစ်ကာ ဖောက်တွင်း၊ မျှောတွင်း၊ လူးတွင်းတို့မှာမူ မြစ်တွင်းများသာ ဖြစ်ကြလေ၏။

မြေအောက်ကမ္ဘာခေါ် ကျယ်ပြန့်ရှုပ်ထွေးလှသောလူးတွင်းများထဲ၌ အချို့သောလူးတို့တွင် ကြီးမားကျယ်ဝန်းသော ရေအိုင်ကြီးများရှိတတ်ကြသည်။ အချို့မှာ ရေဝင်ရေထွက်မရှိသော ရေသေအိုင်ကြီးများဖြစ်ကာ အချို့မှာ ရေတံခွန်ရေကျရှိပြီး ထွက်ရေစီးကြောင်းများလည်း ရှိနေတတ်ကြလေ၏။

သပွတ်အူပမာ စကျင်ထုံးကျောက်တို့ဖြင့် ခက်ဖြာဖွဲ့စည်းဖြစ်တည်နေသော မိုင်းရှူးရတနာမြေ၏လူးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ဖြစ်တည်၍နေကြခြင်း ဖြစ်ပြီး ရေကြည်ထွက်စိမ့်စမ်းရေတံခွန်၊ ရေနောက်ချောင်းများအပြင် ထိုရေထွက်မှန်သမျှ သွားရောက် ပေါင်းဆုံရာ ချောင်းမကြီးများလည်း ဖြစ်တည်နေကြပါသည်။ ထိုချောင်းမကြီးများသည် တောင်ကြောမှဖောက်ထွက်ကာ ပြန့်တွင်စီး၍ သံလွင်မြစ်ထဲသို့ သွားရောက် ပေါင်းဆုံကြလေ၏။

မိုင်းရှူးတွင် သီးခြားရေငုပ်တွင်းဟူ၍မရှိ။ ဆန်းဆန်းကြယ်ကြယ် တွင်းခိုးလုပ်သူတို့မှ စမ်းသပ်ကြည့်သဖြင့်သာ ရေငုပ်တွင်းအကြောင်းရေးပြနိုင်ခြင်း ဖြစ်ပေ၏။ ထိုသည်မှာ ဂမ္ဘီရဆန်သောအဖြစ်တစ်ခုကို မောင်ပြုံးဟူသောလူရှုပ်တစ်ဦးမှပြောပြခြင်း ဖြစ်ပါသည်။

□ ဂိတ်စောင့်နှင့်တွင်းသူခိုးများ

မိုင်းရှူးပတ္တမြားမြေပေါ်စ၌ ဝေးလံခေါင်သီသောဒေသဖြစ်ရာ လူတို့သည် စွန့်စွန့်စားစားဖြင့် သွားရောက်လုပ်ကိုင်ကြသဖြင့် ကြိတ်ကြိတ်တိုးစည်ကားသလို လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံတို့ကလည်း လာရောက် လုပ်ကိုင်ကြလေ၏။ ထိုအခါ ဥပဒေလက်တံမမီဖြစ်ကာ ကြီးနိုင်ငယ်ညှဉ်းလေ့တို့ ဖြစ်ပေါ်နေလေ၏။ နိုင်သူစားစတမ်းဟု ဆိုရပေမည်။

နောင်ကာလအတန်ကြာလာသော် မြန်မာ့တပ်မတော်မှဝင်ရောက်ထိန်းသိမ်းကာ ဥပဒေစိုးမိုးအောင်ဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်မှ ဖက်စပ်များချပေးလေ၏။ ထိုအခါ ဖက်စပ်တို့ စတင်ကာ အသက်ဝင်လှုပ်ရှားလေ၏။ သို့သော် နောင်တစ်ခေတ်ကဲ့သို့ ဆယ်ပေသွပ်များဖြင့် ထောင်ကဲ့သို့အလုံကာသောခေတ်မဟုတ်သေးပါ။ ဖက်စပ်တစ်ခု၏အတိုင်းအတာစည်းသဲဘောသာကာကြချိန်ဖြစ်သည်။

မိုးကုတ်တွင် ဥပုသ်နေ့၌ တွင်းနားကြသကဲ့သို့ မိုင်းရှူး၌လည်း ဥပုသ်နေ့နားသောဓလေ့ရှိရာ အဖိတ်နေ့ညနေသို့ရောက်သော် အပြင်ထွက်ကုန်ကြပါသည်။ အပြင်၌ သဲကြကဲကြနှင့်ပျော်ဖို့အလွန်ကောင်းလေ၏။ အဝင်ဂိတ်စောင့်လောက်သာကျန်ရစ်ပါသည်။

လူးတွင်းများအနေနှင့်ကလည်း ဖောက်ထွင်းဖောက်သောလူးတွင်းများမဟုတ်သေးဘဲ ကမ္ဘာဦးတည်သည်မှသည် ဖြစ်ပေါ်နေသော သဘာဝလူးဝင်ပေါက်တို့ကိုသာ အသုံးပြု၍ဝင်ကြသောခေတ် ဖြစ်၏။ အမှန်သော လုပ်လက်စလူးတို့ကိုဖက်စပ်ဆွဲလိုက်ခြင်းဖြစ်ပေ၏။

ထိုသို့သောခေတ်ဝယ် ဘယ်လူးက ဘယ်လိုကျောက်ကျတာ ဘယ်သူဖြင့် ဘယ်လိုရသွားတာ၊ လုပ်ကြတဲ့လူတွေတိုင်း စရိတ်တော့ အလွယ်တကူရတာ၊ လုပ်စရာနေရာတွေကလည်း လူးထဲမှာပေါမှပေါ၊ လူထောင်ချီလုပ်တောင်ရနိုင်တယ်၊ ဖက်စပ်ဆွဲမယ်ဆိုရင်တော့ လောပန်ကြီးကိုဖြစ်သွားမှာ စသည့် နတ်လမ်းညွှန်ပါးစပ်ပွဲစားတွေကလည်း ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ ပိုက်ဆံချမ်းသာသည့် တရုတ်လောပန်တွေဆီမှာသွား၍ မက်လုံးပေးကာ မြူဆွယ်ကြပါသည်။ ဖက်စပ်ဆွဲဖြစ်သော် ပွဲခကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

ရလေ၏။

ဖက်စပ်တစ်ခုကို တည်ထောင်ရာ၌ သိန်းရာထောင်ချီ၍ စွန့်လွှတ်လုပ်ကိုင်ကြရသောလုပ်ငန်းကြီးများဖြစ်လေရာ အတော်အတန်လောပန်တို့သည် မရေရာမသေချာသော ကျောက်တွင်းလုပ်ငန်း၌ မစွန့်စားရဲကြပေ။ အမြင်အထင်လာ၍ ပြသောကျောက်တို့ကိုသာ ဝယ်ကြပါသည်။

စွန့်လွှတ်စွန့်စားလိုစိတ်ရှိသော လောပန်တို့မှာမူ တုံးတိုက်တိုက်ကျားကိုက်ကိုက်ဟူသောစိတ်ဖြင့် နတ်လမ်းညွှန် ပါးစပ်ပွဲစားတို့စကားကိုယုံကာ သူတို့လက်ညှိုးထိုးပြသောနေရာ၌ မိုက်မိုက်ကန်းကန်းဖက်စပ်ဆွဲကာလုပ်ကိုင်တတ်ကြ၏။

ခဲတောင်တန်းကြီး၏ အနောက်မြောက်ယွန်းယွန်းတစ်နေရာတွင်ရှိသော ကုန်းကမူစောင်းရှိ သဘာဝ လူးပေါက်တစ်ခုအား တရုတ်လောပန်တစ်ဦးမှ ဖက်စပ်ဆွဲကာလုပ်ကိုင်နေချိန်ဖြစ်သည်။ ထိုဖက်စပ်သည် ဖွလ ( ) ဖြစ်သည်။

အဖိတ်နေ့ညဖြစ်သဖြင့် လူးတွင်းလုပ်သားများအားလုံး မြို့ထဲထွက်၍ လည်ပတ်လျှက်ရှိ၏။ အချို့ ဖက်စပ်သို့ပြန်၍အိပ်သလို အချို့မြို့ထဲရှိတည်းခိုခန်းများ၊ အသိအိမ်များ၌အိပ်ကြ၏။ ဖက်စပ်ဂိတ်ဝတွင်မူ ဂိတ်စောင့် ဦးသာတူးသာရှိလေ၏။

ဦးသာတူးသည် အသက် (၄၀) မျှသာရှိသော အရပ်ပုပု၊ ဂင်တိုတိုနှင့် ပြောပေါက်ဆိုပေါက်ဆိုးသောဂိတ်စောင့်ဖြစ်သည်။ ည (၇) နာရီခန့်တွင် ဂိတ်ဝသို့ လူ(၂)ယောက်ရောက်လာကာ ဦးသာတူးချက်ချင်းသိသည်။ ပြင်ပလောက၌ သူနှင့်လုပ်ဖော်ကိုင်ဖက် ပွေးထူနှင့် မောင်ပုဖြစ်သည်။ သူတို့သည် (၃၀) ဝန်းကျင်လုပ်ငန်းကျွမ်းကျင်သူတွေ ဖြစ်သည်။ ယခုလည်း သူနှင့်ပူးတွဲနေဆဲ ဖြစ်၏။

"ဦးသာတူး"

"တံခါးတွန်းဖွင့်ပြီးဝင်လာခဲ့လေ။ သော့ခတ်မထားဘူး"

ပွေးထူနှင့် မောင်ပုတို့သည် တံခါးတွန်းဖွင့်ကာဝင်လာကြ၏။

"အခြေအနေဘယ်လိုလဲ"

"အိုကေတယ်၊ ဟော့ကောင်တွေ မင်းတို့တွင်းတွေထဲကပစ္စည်းတွေဘာမှသွားမကိုင်မိစေနဲ့နော်။ ပစ္စည်းတွေနေရာရွှေ့နေရင် သံသယဖြစ်ကုန်မယ်"

"အင်းပါ ဦးသာတူးရာ၊ ဒါအရင် ဥပုသ်နေ့တုန်းကရောင်းတဲ့ဟာ။ ဦးသာတူးအတွက် ဝေစု"

ဟု ပြောပြီး (၁၀၀၀) တန်ငွေစက္ကူတစ်ထပ်ကိုပေးလိုက်သည်။ ဦးသာတူးသည် ရေတွက်မနေဘဲ အိတ်ကပ်ထဲထိုးထည့်လိုက်၏။

"ကဲကဲ-ဝင်တော့၊ ဟော့ကောင်တွေ ထွက်ချိန်နောက်မကျစေနဲ့နော်"

"စိတ်ချပါ ဦးသာတူးရဲ့။ ပွေးထူတို့ မောင်ပုတို့အကြောင်းလည်း ဦးသာတူး အသိသားနဲ့"

ဟု ပြောကာ တောင်ကမူစောင်းရှိကျောက်လှုပ်အုံမှ လူးပေါက်ထဲသို့ဝင်ကာ တန့်ကူထောက်များဆွဲ၍ တဖြည်းဖြည်းဆင်းခဲ့ကြပါသည်။ သူတို့ခေါင်းပေါ်တွင် နှစ်ခဲထိုးဓာတ်မီးပါ၏။ ပုဆိုးဖြင့် ဝိုင်းဇကာတစ်ချပ်သိုင်းထားသည်။ တစ်ဦးက စားစရာမုန့်များနှင့် ဓာတ်ခဲ၊ ဖယောင်းတိုင်တို့ကို လွယ်ထား၏။ သံချောင်းတိုတစ်ချောင်းလည်းပါသည်။ လိုရမည်ရ ဓားမြှောင်ကိုယ်စီ ခါးတွင်ချည်ထားကြပါသည်။

အဖိတ်နေ့ည၊ ဥပုသ်နေ့နှင့် ဥပုသ်ညတွင် တွင်းထဲ၌ လူမရှိပေ။ တွင်းသမားအားလုံးတို့သည် ပြင်ပ၌ပျော်နေကြချိန်ဖြစ်သည်။ ထိုအချိန်ကို အခွင့်ကောင်းယူ၍ ဦးသာတူးသည် သူ့လူနှစ်ယောက်ကို လူးထဲသို့ဝင်ခိုးစေခြင်း ဖြစ်သည်။ ထိုသို့ပြုခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်များဖြစ်သော ပွေးထူနှင့် မောင်ပုတို့ကလည်း ဝေစုကို မှန်မှန်ကန်ကန်ရှင်းပေးသော အဖော်ကောင်းများဖြစ်သည်။ သူတို့နှစ်ဦးကြောင့် ဦးသာတူး အပိုဝင်ငွေရရှိနေခြင်း ဖြစ်၏။

## ❑ လပြည့်ညနှင့်လူးလမ်းကြောင်းသစ်

ပွေးထူနှင့်မောင်ပုတို့သည် ကြိုက်ရာတွင်းသို့ဆင်းကာ ဖြုန်းတင်၍ဆေးကြည့်ကြသည်။ ကျောက်ကျသောတွင်းနှင့် ကျောက်မကျသောတွင်းတို့အား တစ်စကာဆေးကြည့်ရုံမျှဖြင့် သိကြပါသည်။

သူတို့နှစ်ယောက်သည် တွင်းတိုင်းသို့ဆင်းကာ ဖြုန်းတင်၍ဆေးကြသော်လည်း စိတ်တိုင်းမကျအောင်ရှိနေပါသည်။ သူတို့ထားခဲ့သောပစ္စည်းများ လက်ရာမပျက်အောင်လည်း အထူးဂရုစိုက်ကြရ၏။ တွင်းတိုင်း၌ သံချောင်းတို၊ ပေါက်ပြားတို၊ ပေါက်ပြားရှည်၊ လူးစကာ၊ တူကြီးတူသေး စသည်ဖြင့် စုံလင်စွာရှိကြပြီး သူ့နေရာနှင့်သူ စနစ်တကျထားလေ့ရှိကြသည်။ ယူသုံးခဲ့သော်မှ စနစ်တကျပြန်ထားခဲ့ရသည်။ သို့မဟုတ်ပါက လူဝင်ခိုးသည်ကိုသိကြပေမည်။

"ဟော့ကောင်မောင်ပု၊ ဘယ်နှနာရီရှိပြီလဲ"

မောင်ပုသည် နာရီကိုဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဥပုသ်နေ့ည (၈) နာရီတောင်ရှိပြီဟ"

"လုပ်လိုက်ရတာကွာ ဖတ်ဖတ်ကိုမောရော။ ကျောက်ကြီးကျောက်ကောင်းကောင်းတောင်မရသေးဘူး။ တက်ဖို့အချိန်တောင်နီးလာပြီနော်"

"အင်းလေ - မနက် (၃) နာရီမှာ တက်မှအချိန်တော်ပဲ"

"လုပ်ချိန်သိပ်မရှိတော့ဘူး။အဲဒါဘယ်တွင်းထဲက တင်ဆေးရင်ကောင်းမလဲ"

"ငါဖြင့် ဆင်းရမှာတောင် ပျင်းလာပြီ ပွေးထူရာ"

"ဘာလဲ မင်းက တက်ချင်ပြီလား"

"မဟုတ်ဘူးကွ၊ ငါက ဒီလူးထဲအနှံ့လိုက်လည်ချင်တာ။ ဒီလူးလုပ်ကွက်တွေရဲ့ အပြင်ဘက်လွတ်ရာလူးခန်းတွေလိုက်ကြည့်ချင်တယ်ကွာ"

"လူးများကွာ အဆန်းလုပ်လို့။ မတော်လို့ အထဲမှာ မျက်စိလည်နေရင်ဒုက္ခ"

"သံချောင်းတိုပါပါတယ်ဟာ။ နံရံတွေ၊ ကျောက်တက်တွေ၊ ကျောက်ပန်းဆွဲတွေ၊ ကျောက်နို့ချောင်းတွေ၊ ကျောက်ငုတ်တွေမှာ သံချောင်းနဲ့ရိုက်ဖဲ့ရိုက်ချိုးသွားရင် မျက်စိမလည်နိုင်ပါဘူးဟာ။ လိုက်ကြည့်ရအောင်ပါ"

"အေး - ဒါဆိုလည်းသွားလေ။ ဒါပေမယ့် ဒီအတိုင်းသွားလို့မဖြစ်ဘူး။ ဟောဒီတွင်းက စက်ဘီးကြိုးခွေဖြုတ်ခဲ့ရအောင် ဒါမှလိုရင်သုံးလို့ရမှာ"

"အေး - ဟုတ်တယ်"

ဟု နှစ်ဦးသဘောညီလျက် ကြိုးကိုဖြုတ်ကာ ခွေ၍ စလွယ်သိုင်းလိုက်ပြီး လုပ်ကွက်အစွန်သို့လာခဲ့ကြသည်။ အစွန်မှ ထွက်ပေါက်ကြည့်ရာ ကျောက်နံရံထိပ်တစ်နေရာတွင် အပေါက်ငယ်တစ်ခုတွေ့သဖြင့် နံရံကျောက်တက်များဆွဲ၍ အပေါက်ထဲသို့ခက်ခဲစွာဝင်ခဲ့ရပါသည်။

လူတစ်ကိုယ်လေးဖက်တွားသွားရသောအနေအထားဖြင့် ရှည်လျားစွာသွားခဲ့ရပြီး အသင့်အတင့်ကျယ်သောဂူလိုဏ်တစ်ခုသို့ရောက်ပါသည်။ တော်



www.burmeseclassic.com

www.burmeseclassic.com

သေး၏။ ကျောက်ဆူးတောများမတွေ့သည်မှာ ကံကောင်းလှပါသည်။ ကျောက်ဆူးတောများမတွေ့သည်မှာ ကံကောင်းလှပါသည်။ ကျောက်ဆူးစူးသော် ဆူးဖျားမှာ ကျိုးကျန်စမြဲဖြစ်ရာ မျက်တက်မျက်တက်နှင့် အလွန်နာကျင်လှသည်။ ထို့ကြောင့် ကျောက်ဆူးတောတွေ့ပါက အကုန်ရိုက်ခြေ၍ သွားရ၏။ ခြေလောက်မှာမူ ပွိုင့်ဖိနပ်စီးမြဲဖြစ်၍ စူးရန် ခက်ခဲလှပါသည်။

ဂူလိုဏ်ထဲမှသည် ရှေ့က ရေစီးခဲ့ဟန်တူသော စီးကြောင်းလက်ကြားတစ်ခုစိုက်ဆင်းသွားရာ လူတစ်ကိုယ်စာအတော်ဖြစ်သဖြင့် နံရံကျောက်တက်များ ရိုက်ချိုးရင်း တဖြည်းဖြည်းဆင်းခဲ့ကြပြန်ပါသည်။

"မောင်ပု၊ သင်္ကေတတွေလုပ်နော်။ တော်ကြာ ပြန်မထွက်နိုင်ဘဲနေမယ်"

"အေးပါဟာ၊ ငါမှတ်မိပါတယ် မပူစမ်းပါနဲ့"

မောင်ပုသည်ရှေ့မှ ဦးဆောင်ကာသွားနေပြီး သံချောင်းတို့ဖြင့်နံရံကျောက်တက်များအား ရိုက်ချိုးကာ တရွေ့ရွေ့သွားနေပါသည်။

"ဟောဗျာ"

"ဘာလဲ ဟေ့ကောင်"

"ရှေ့မှာ ဟောလ်ခန်းကြီးကွ"

ဟု ပြောပြီး ဟောလ်ခန်းမကြီးထဲ၌ ခြေချလိုက်ပြီး ပတ်ဝန်းကျင်ကိုလိုက်ကြည့်သည်။ ကောင်းကင်မျက်နှာကြက်၌ သလင်းကျောက်ပန်းဆွဲတို့ဖြင့်ဖွေးဖွေးလှုပ်ကာလက်လက်ထနေကြ၏။လှလိုက်သည်မှာလည်း နတ်ပင် ထိုမျှလောက်မဖန်ဆင်းနိုင်ဟုထင်ရလောက်သည်။

"သွပ်သွပ် - လှလိုက်တာကွာ။ ရက်ရက်စက်စက်ပဲ"

"အေးကွာ-လှလိုက်တာ။ လူတွေကိုပြောပြရင်တောင် ယုံကြမှာမဟုတ်ဘူးကွ"

"လူးက ကျောက်စက်ရေရှိတော့ လူးစိုကွ။ လူးခြောက်မဟုတ်ဘူး။ ဒီမှာအခြေချတွင်းတွေလုပ်လို့ရနိုင်တယ်"

"အေး - ဟုတ်တယ်၊ အကျယ်ကြီးပဲကွ။ ဒါပေမယ့် စမ်းချောင်းမရှိတော့ ဆေးဖို့ရေအခက်အခဲရှိတယ်"

"အေးကွ - ဒါလည်းဟုတ်တာပဲ။ ကဲ - လိုက်ကြည့်ကြစို့ကွာ"

နှစ်ယောက်သား ပတ်ဝန်းကျင်ကို ဓာတ်မီးဖြင့်ထိုး၍လိုက်ကြည့်ကြသည်။ ထိုခန်းမကြီးထဲသို့စီးဝင်ရာလမ်းကြောင်းတို့အတော်များများတွေ့ရ၏။ သို့သော် ဘေးသို့ထွက်ရာစီးကြောင်းလမ်းမှာမူ တစ်ခုတည်းသာတွေ့ရပါသည်။

"လိုက်ကြည့်မလား ဟေ့ကောင်"

ပွေးထူက မေး၏။

"လိုက်ကြည့်ကြတာပေါ့ကွာ"

"ဒါဆိုသွားမယ်"

ဟုပြောကာ မောင်ပုက ရှေ့မှ ဦးဆောင်၍ဝင်၏။ လမ်းကြောင်းသည် လူတစ်ရပ်ကျော်ကျော်ရှိကာ အောက်ခြေသည် ကျောက်စရစ်နှင့် ကျောက်ချေးခေါ် ရသေ့အံကျောက်တို့ဖြင့်ခင်းထားသကဲ့သို့ရှိပြီး မာကျောကျစ်လျစ်နေ၏။

"ပွေးထူ၊ဟောဒီအောက်ခြေအခင်းကိုတူးဆေးရင် ကျောက်ဘယ်လောက်ပေါလိုက်မလဲကွာ။ ကျောက်ချေးရတွေကိုမည်းနေတာပဲ"

"အေး - ဟုတ်တယ်ဟ၊ ရေရှိရင် အတော်ကိုက်မှာ"

"ဒါဟာ စီးကြောင်းကြီးကွ။ ရှေ့မှာအိုင်ရှိရင် အဲဒီအိုင်ကျောက်အတော်ကျမှာ"

"ဒီလမ်းဆုံးရင် တွေ့နိုင်ပါတယ်ကွာ။ လမ်းက အခြောက်မှမဟုတ်တာအစိုကွ။ ဒါဟာ ရေနဲ့နီးတဲ့လက္ခဏာပဲ သွက်သွက်သွားကွ။ သိပ်အချိန်မရှိတော့ဘူး"

မောင်ပုသည် ဓာတ်မီးငွေ့ပတ်ထိုးကာ ရှေ့မှသွားနေလေ၏။ ပွေးထူကလည်း နောက်မှထပ်ကြပ်မကွာလိုက်နေပါသည်။ လမ်းကြောင်းသည် ကြာလေကျယ်လေကျယ်လိုက်လာပြီး နာရီဝက်ခန့်ကြာသော် အလွန်ကျယ်ဝန်းသောဟောလ်ခန်းကြီးတစ်ခုသို့ အခြေချမိကြပါတော့သည်။

"ဟာ. . . အံ့ဩစရာဟာ၊ ရေအိုင်ကြီးနည်းတာမဟုတ်ဘူးဟ"

"အေး-ဟုတ်တယ်နော်။ လူးထဲမှာ ဒီလောက်ကြီးတဲ့ရေအိုင်ရှိနိုင်မယ်တောင် မထင်ဘူး။ ရေအိုင်ကြီးပတ်ပတ်လည် လိုက်ကြည့်ကြရအောင်"

ဟု ပြောပြီး ရေအိုင်ကြီးပတ်ပတ်လည်လိုက်ကြည့်ကြသည်။ လူတို့အလှဖန်းတီးထားသကဲ့သို့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ရေအိုင်ကြီးပတ်ပတ်လည်တွင် ပြန့်ပြူးသောလူလျှောက်လမ်းသည် မုန်နနတို့ဖြင့်တည်ရှိပြီး အကျယ်မှာ (၁၀) ပေခန့်ရှိသည်။ ရေအိုင်မှာမူ စကျင်ကျောက်သားများ၊ စကျင်ကျောက်ငုတ်များကို နံရံပြုကာ လှပစွာဖြစ်ပေါ်နေပြီး ရေအိုင်၏ ဟိုဘက်ကမ်းဒီဘက်ကမ်းအကွာအဝေးသည် ပေ (၁၀၀၀) ခန့်ရှိမည်ထင်သည်။ ထို့ပြင် ထိုရေအိုင်ကြီးသည် စက်ဝိုင်းသဏ္ဍာန်သပ်ရပ်စွာ တည်ရှိပြီး ရေသားပြင်သည် လေတိုက်မှုကင်းသဖြင့် မှန်သားကဲ့သို့ ညီညာချောမွတ်၍နေသည်။ လူးခန်း၏မျက်နှာကြက်အား ဓာတ်မီးဖြင့်ထိုးကြည့်ရာ မြင့်မားလွန်းသဖြင့် ရေးရေးသာမြင်ရပြီး အလွန်မြင့်မားကြောင်း တွေ့ရှိရပါသည်။

"ဟေ့ကောင် မောင်ပု၊ ဒီရေအိုင်ကြီးများ တို့တုန်းပေါ်မှာဆိုရင် ဘယ်လောက်တန်ဖိုးကြီးလိုက်မလဲကွာ။လှချက်တော့ ကမ်းကုန်တယ်နော်။ ဒီအလှကိုလူတွေကိုခေါ်ပြချင်လိုက်တာကွာ"

"အင်း - ဒီနေရာကို မင်းနဲ့ ငါတောင် စွတ်ရွတ်ပြီးရောက်လာတာကွ။ ဟေ့ကောင်တို့ ဝင်လမ်းတစ်လျှောက်မှာ ကျောက်ချေးစီးကြောင်း ဒီအထဲ စီးဆင်းလာတော့ ဒီအိုင်ကြီးထဲမှာ ကျောက်တွေရှိနိုင်တယ်ကွ"

"ဟာ - ရှိနိုင်တာပေါ့ဟ။ ဘာလဲ ငုပ်ကြည့်ကြမလား"

"ရေဘယ်လောက်နက်မှန်းမှမသိတာ"

"ဒါများကွာ ကြိုးချကြည့်သိတာပဲလေ စမ်းကြည့်ကြတာပေါ့။ မောင်ပုမင်းရေငုပ်ကျွမ်းလား"

"ရပါတယ် ငါငုပ်ပါ့မယ်။ နာရီကြည့်လိုက်ဦး ဟေ့ကောင်။ တော်ကြာအတက်နောက်ကျနေဦးမယ်"

"ဟာ - (၁၂) နာရီတောင်ထိုးခါနီးပြီဟ။ ကဲကဲ-လုပ်လုပ်။ ရေဘယ်လောက်နက်လဲစမ်းကြည့်ရအောင်"

ဟု ပြောကာ အနီးရှိ စကျင်ကျောက်ချွန်ငယ်တစ်ခုအား သံချောင်းဖြင့်ရိုက်ချိုးကာ ကြိုးချည်၍ ရေထဲသို့ချကြည့်လေ၏။ ပေ (၂၀) ခန့်အရောက်တွင် အောက်ခြေကိုထိဖိကာ ကြိုးရပ်တန့်သွားခဲ့၏။ ကြိုးကိုအမှတ်ပြုလျက်ပြန်ဆွဲတင်ကာ တိုင်းတာကြည့်သည်။ မှန်ပါသည်။ ပေ (၂၀) ခန့်ရှိပါသည်။ မောင်ပုသည် ရေငုပ်ရန် တွင်းဝတ်တို့ချွတ်နေ၏။ ပွေးထူမှာမူ ကြိုးစအဖျားကိုကျောက်ငုတ်တွင်ရစ်ပတ်၍ ချည်နေ၏။

(ဆက်ရန်)

ရွှေပြည်စိုး(ကြိုဘုတ်)



www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း. . . ဒုန်း. . . ဒုန်း"
"ချမ်း. . . ချမ်း. . . ချမ်း"

ဘင်သံက ပြင်းထန်သလို လင်းကွင်းသံကလည်းမြိုင်နေသည်။ ဘင်သံက ရင်ဝကိုလာဆောင့်သလို လင်းကွင်းသံက နားကိုဆွဲဆောင်မှုရှိပါသည်။ ဘင်သံနှင့် လင်းကွင်းသံတို့မှာ လူခေါ် လူစုခြင်းအခါပွာယ်ကို သက်ရောက်စေပါသည်။ ရုတ်တရက် ဘင်သံနှင့် လင်းကွင်းသံများထွက်ပေါ်လာသဖြင့် ထိုနေရာသို့ ချက်ချင်း ကလေးများစုံပြုံရောက်ရှိလာကြသည်။ ကလေးများရှိရာသို့ လူကြီးများပါ ရောက်လာကြသည်။ ဘောလုံးကွင်းတွင် မျက်လှည့်အဖွဲ့ရောက်နေကြောင်း သတင်းပြန့်သွားပါသည်။ မျက်လှည့်ဆိုသည်နှင့် ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ အစုံလာရောက်ကြသဖြင့် စည်ကားသောလူအုပ်ကြီး ဖြစ်သွားပါသည်။

"ဆရာကြီး မင်းရဲဒိဗ္ဗ၏ တပည့်၊ ဆရာမင်းရဲသီဟမျက်လှည့်ပြပွဲ' ဟူသောစာတန်းကို ချိတ်ဆွဲထား၍ မျက်လှည့်ကြည့်ရတော့မည်ဟူသောတစ်ဆင့်စကားဖြင့် လူများ များသည်ထက်များလျက်ရှိ၏။ ဆရာကြီးမင်းရဲဒိဗ္ဗကို ခေတ်လူငယ်များမသိရှိသော်လည်း အသက် (၆၀) အထက်လူကြီးများ ကောင်းကောင်းသိကြသည်။ ၁၉၆၀ ပြည့်နှစ်မတိုင်မီက မြန်မာညီနောင်မျက်လှည့်အဖွဲ့ အလွန်နာမည်ကြီးခဲ့သည်။ မြန်မာညီနောင်ပြီးနောက် မင်းရဲဒိဗ္ဗပေါ်လာပြီးကျော်ကြားခဲ့ပါသည်။ မြန်မာညီနောင်မျက်လှည့်အဖွဲ့နှင့် မင်းရဲဒိဗ္ဗအဖွဲ့များကို ကြည့်ဖူးသူများသည် နောက်ပိုင်းနှပေါ်ထွက်လာသော မျက်လှည့်အဖွဲ့များကို လုံးဝသဘောတွေ့ခြင်းမရှိတော့ပါ။ မင်းရဲဒိဗ္ဗတို့ကဲ့သို့ မျက်လှည့်ပြပွဲမျိုးကို နောင်တွင်တွေ့ခွင့်၊ မြင်ခွင့်ရတော့မည် မဟုတ်ကြောင်း မှတ်ချက်ပြုခဲ့ကြသည်။ ယခုအစ်ဖန် မင်းရဲဒိဗ္ဗအမည်ကို ပြန်လည်ကြားရခြင်း ဖြစ်သည်။

လူများလာပြီဖြစ်သဖြင့် မျက်လှည့်သမားများ လှုပ်လှုပ်ရှရှဖြစ်လာသည်။ သေတ္တာကြီးထဲက မြွေကြီးနှစ်ကောင်ကို ထုတ်လိုက်သည်။ မြွေကြီးနှစ်ကောင်မှာ



# ကောင်းသော

## မျက်လှည့်ဆရာ၊ လူတစ်ယောက်နှင့် ခိုပြုတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

ပေါင်လုံးခန့်ရှိပါသည်။ စပါးကြီးနှင့် စပါးအုံးမြွေများ ဖြစ်၏။ မြွေနှစ်ကောင်ကို ထုတ်ပြလိုက်သည်နှင့် ရှေ့သို့တိုးနေကြသောကလေးများ အနောက်သို့ပြန်ဆုတ်သွားကြသည်။ မြွေနှစ်ကောင်မှာ မြေပြင်ပေါ်တွင် ငြိမ်သက်လျက်ရှိ၏။ နောက်ထပ် မြွေပွေးနှင့် မြွေဟောက်တစ်ကောင်စီကို ပါးပြဲဖြင့်ပြထားသည်။ ဘင်တီးသည့်လူရွယ်က ရှေ့သို့ထက်လာပြီး မိုက်ကိုကိုင်ကာ မျက်လှည့်ပွဲစတင်တော့မည်ဖြစ်ကြောင်း ပြောလိုက်သည်။

"ကြွရောက်လာကြသော ဧည့်ပရိသတ်များခင်ဗျား။ မကြာခင်အချိန်အတွင်း ဆရာမင်းရဲသီဟက မျက်လှည့်ပြကွက်များဖြင့် တင်ဆက်ဖျော်ဖြေပါတော့မယ်"

ထိုလူရွယ်သည် မိုက်ကိုချကာ ဘင်ဆီသို့ပြန်သွားပြီး ဘင်ကိုအဆက်မပြတ်တီးနေပါသည်။ သူ၏ဘင်သံရပ်နားလိုက်မှ ဘောင်းဘီအနက် ဂျာကင်အနက်ဝတ်ဆင်ထားသည့် အသက်(၃၀)ခန့်မျက်လှည့်ဆရာ မင်းရဲသီဟ စည်းဝိုင်းအတွင်းသို့ ဝင်လာပြီး မိုက်ခွက်ကိုကိုင်လိုက်သည်။ ခေတ်မီသော မျက်လှည့်ဆရာပီပီ ရုပ်ရှင်မင်းသားတစ်ဦးပမာ စတိုင်ကျကျလျှောက်လာပြီး စကားစတင်ပြောပါသည်။

"ကျွန်တော်ကတော့ အများသိကြတဲ့ ဆရာကြီးမင်းရဲဗိုလ်ရဲ့ တပည့်ရင်း မင်းရဲသီဟဖြစ်ပါတယ်။ နယ်တကာလှည့်ပြီး မျက်လှည့်ပြနေတာ ရောက်တဲ့ အရပ်တိုင်း ရုံပြည့်ရုံလျှံအားပေးခြင်းခံရတဲ့ တိုင်းသိပြည်သိ မျက်လှည့်ဆရာပါ။ ဒီမြို့ အောင်မင်္ဂလာရုံမှာ သုံးညပြခဲ့ရာ အထူးအားပေးကြတဲ့ ပရိသတ်များကို ကျေးဇူးတင်ကြောင်း ပဏာမပြောပါရစေ။ ဒီမြို့ကိုရောက်ခိုက် မြွေဆေးရောင်းရင်း မျက်လှည့်ပြသွားပါမယ်။ ဒီမှာကြည့်ပါ။ မြွေပွေး၊ မြွေဟောက်က အစ စပါးကြီး၊ စပါးအုံးအထိ အစုံအလင်ပါလာပါတယ်။ ဆေးမရောင်းခင် မြွေကိုက်ခံရတဲ့လူကို လက်တွေ့ပြချင်လို့ပါ။ ကဲ - ကူညီမယ့်သတ္တိရှင် ဒီစည်းဝိုင်းထဲဝင်ခဲ့ပါ။ အန္တရာယ်မရှိစေရပါဘူး။ ကျေးဇူးပြုပြီးကူညီပါ"

မျက်လှည့်ဆရာ စကားဆုံးသည်


www.burmeseclassic.com

www.burmeseclassic.com

နှင့် ဘင်သံကထွက်ပေါ်လာပါသည်။ ဘင်သံရပ်သည်အထိ မည်သူမျှ ထွက်ပေါ်မလာသဖြင့် မျက်လှည့်ဆရာက ပြောလိုက်သည်။

"ကဲ - ကူညီမယ့်လူမရှိရင်တော့ ကျွန်တော်တို့လူနဲ့ပဲ ပြသပါ့မယ်။ မောင်မောင်လေး လာပါဦးကွယ်"

အသက် (၂၀) အရွယ် ချောမောလှပသည့် လူရွယ်တစ်ဦး ရောက်လာသည်။

"သူဟာ ကျွန်တော့်ရဲ့ညီအငယ်ဆုံး မောင်မောင်လေးပါ။ သူ့ကို မြွေပေါက်ခံပြပါ့မယ်။ အားလုံးကြည့်ကြပါ။ မောင်မောင်လေးရဲ့လက်ကို မြွေဆေးလိမ်းပေးနေပါပြီ။ ကဲ-ဆေးလိမ်းပြီးရင် ဟိုပါးခြုပ်ထဲက ဒေါသကြီးပြီး ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်ကြီးဆီကိုသွားပါ။ ဟုတ်ပြီ - မောင်မောင်လေး မြွေကြီးရှေ့ရောက်ပါပြီ။ ဒေါသကြီးနေတဲ့ မြွေကြီးကိုကြည့်ကြပါ။ မောင်မောင်လေး သူ့ခေါင်းကို လက်နဲ့ပုတ်ရင် သူကပြန်ပေါက်မှာပါ။ ကဲ - မောင်မောင်လေး၊ မြွေကြီးကို စ,လိုက်ပါ။ ဟော-ဖမြွေကြီးက ပေါက်လိုက်ပြီခင်ဗျ။ ကြောက်စရာမြင်ကွင်းပါ ခင်ဗျ။ သာမန်လူတစ်ဦးကိုသာ ပေါက်မိရင် ဒီနေရာမှာ ပွဲချင်းပြီးပဲ။ ဒါပေမယ့် မောင်မောင်လေး ဘာမှမဖြစ်ပါဘူး။ အပြုံးမပျက်ပါဘဲ။ အဲဒါဟာ မြွေဆေးရဲ့ အစွမ်းပေါ့ ခင်ဗျာ။ ဆေးလိမ်းထားလို့ ဘာမှမဖြစ်တာပါ။ ဒီဆေးရှိနေရင် ဘာမြွေကိုမှ ကြောက်စရာမလိုဘူး။ မြွေပေါက်ပြီးမှ ဒီဆေးကို လိမ်းရင်လည်း ချက်ချင်းအဆိပ်ပြေတယ်။ ဒါကြောင့် ဒီဆေးကို ဆောင်ထားသင့်ကြောင်း လက်တွေ့ပြတာပါ။ တစ်ခါလိမ်း ဆေးပုလင်းက တစ်ပုလင်းကို ခုအချိန်မှာ ဝယ်ရင် (၅၀၀) ကျပ်တည်းနဲ့ ရောင်းပေးပါတယ်။ နောင်မှဝယ်ရင် (၅၀၀၀) ကျပ်ပေးရင်တောင် ရချင်မှရမယ်။ ကဲ-ဝယ်ယူအားပေးကြပါစို့"

မျက်လှည့်ဆရာ၏ စကားဆုံးသည်နှင့် မောင်မောင်လေးနှင့် လူငယ် (၃) ဦးက မြွေဆေးပုလင်းသေးသေးလေးများကို ပရိသတ်ထဲ လှည့်လည်ရောင်းချပါသည်။ ပရိသတ်များမှာ ဖိုဘက်ကခေါ်၊ သည်ဘက်ကအော်နှင့် အလုအယက်ဝယ်ယူကြပါသည်။ ရောင်းရသမျှငွေများကို စည်းဝိုင်းအတွင်းရှိ ပလတ်စတစ်ခြင်းတွင် ထည့်ထားရာ ခြင်းမှာ မောက်၍မောက်၍လာသည်ကို မြင်နေရပါသည်။ မိနစ်လေးဆယ်ခန့် ရောင်းချပြီးသည်နှင့် အဝယ်နည်းသွား၍ ပထမအကြိမ် ဆေးရောင်းခြင်းကို ရပ်နားလိုက်ပါသည်။ မျက်လှည့်ဆရာသည် မျက်လှည့်ပြရန် ပြင်ဆင်လျက်ရှိပါသည်။

မင်းရဲသီဟသည် တစ်ပေပတ်လည်ခန့် အနီရောင်သစ်သားပုံကလေး တစ်ပုံးကိုယူသည်။ ပုံးထဲသို့ တုတ်နှင့်မွှေပြသည်။ ပရိသတ်ဘက်သို့ ပုံးအပေါက်ဝကို လှည့်ပြသည်။ ပုံးထဲတွင် ဘာပစ္စည်းမှမရှိကြောင်း ပရိသတ်သိအောင် ပြသပါသည်။ ပရိသတ်ယုံကြည်မှုရှိနေသည်။ အနီရောင်သစ်သားပုံးကလေးကို စားပွဲပေါ်တင်၍ အနက်ရောင်အဝတ်စဖြင့်အုပ်လိုက်လေသည်၊ မျက်လှည့်ဆရာက ပြောလိုက်သည်။

"ဒီပုံးထဲမှာ ဘာမှမရှိဘူးဆိုတာ အားလုံးမြင်ပြီးပါပြီ။ ကောင်းကင်မှာ ပျံသန်းလာတဲ့ငှက်တစ်ကောင်ကို၊ ဒီပုံးအပေါ်တည့်တည့် ဖြတ်မိတဲ့ ငှက်ကိုရအောင် ဖမ်းပြီးထည့်ပြပါ့မယ်။ အားလုံးရှုစားကြပါ"

မျက်လှည့်ဆရာက အမူအရာကောင်းကောင်းနှင့် လက်စွဲတုတ်ကို ကောင်းကင်သို့ထောင်ပြီးခေါ်လိုက်ဟန်၊ အနီရောင်ပုံးထဲသို့ဝင်စေရန် တုတ်ဖြင့်ညွှန်ပြလိုက် လုပ်ပြနေပါသည်။ ထိုသို့ (၃) ကြိမ် ညွှန်ပြပြီးသည်နှင့် အနီရောင်ပုံးကို ခေါက်လိုက်သည်။ ထိုစဉ် ဘင်သံက ပြင်းထန်စွာ ထွက်လာပါသည်။ ဘင်သံတိတ်သွားသည်နှင့် မျက်လှည့်ဆရာ၏အသံပေါ်ထွက်လာသည်။

"ကောင်းကင်က ဖြတ်သန်းပျံလာတဲ့ ငှက်တစ်ကောင်ကို ဖမ်းနိုင်ခဲ့ပါပြီ။ ကဲ - ဖမ်းလို့ရတဲ့ငှက်ကို ထုတ်ပြီးပြပါတော့မယ်"

မျက်လှည့်ဆရာက အမူအရာပီပြင်စွာဖြင့် အပေါ်ကအုပ်ထားသော အနက်ရောင်အဝတ်စကို ဖယ်ရှားလိုက်သည်။ သစ်သားပုံးအနီထဲသို့ လက်ဖြင့် အသာအယာနှိုက်လိုက်သည်။ သူ၏လက်ပြန်ထုတ်လိုက်သောအခါ ခိုဖြူတစ်ကောင်ပါလာသည်ကို ပရိသတ်အားပြလိုက်ရာ လက်ခုပ်သြဘာသံများဆူညံသွားပါသည်။ ပရိသတ်အားလုံးမြင်သာအောင် ခိုဖြူကို လှည့်လည်ပြသပါသည်။ ပြသပြီးသည့်အခါ ခိုဖြူကိုအနီရောင်ပုံးထဲသို့ထည့်၍ ပြန်ပိတ်ထားပါသည်။ မျက်လှည့်ဆရာက သူ၏ပညာကို ဂုဏ်ယူဝင့်ကြွားစွာပြောလိုက်သည်။

"အဲဒီခိုဖြူလေးကို ကောင်းကင်ပြန်ပို့တဲ့ပြကွက်ကို ပြပါ့မယ်။ ဒါပေမယ့် ပရိသတ်အများ မျှော်လင့်နေကြတဲ့ ပြကွက်တစ်ခုကိုပြချင်ပါတယ်။ ဒီပြကွက်ကပြသတဲ့နေရာတိုင်းမှာ ပရိသတ်တောင်းဆိုမှုအများဆုံး ဖြစ်ပါတယ်။ လူကို သေတ္တာထဲမှာထည့်ပြီး သော့ခတ်တယ်။ သေတ္တာဖွင့်ပြတော့ အဲဒီလူမရှိတော့ဘူး။ အဲဒီလူကိုပဲ သေတ္တာထဲပြန်ရောက်နေအောင် ပြန်ခေါ်ယူတဲ့ပြကွက်ပါ။ ကဲ - ပြလိုက်ကြရအောင်"

တပည့်တစ်ဦးက လူတစ်ယောက်ဝင်နိုင်သည့် ကျွန်းသေတ္တာကြီးတစ်လုံးကို ယူလာသည်။ မျက်လှည့်ဆရာက သေတ္တာကြီးကို မှောက်ပြ၊ လှန်ပြအမျိုးမျိုးပြသပါသည်။ သေတ္တာထဲတွင် ဘာမှမရှိကြောင်း ခိုင်လုံအောင် ပြသပြီးမှ မောင်မောင်လေးကို သေတ္တာထဲသို့ ထည့်လိုက်ပြီးသော့ခတ်သည်။ ထို့နောက် သေတ္တာကို အဝတ်နက်ကြီးအုပ်လိုက်သည်။ ဘင်သံခပ်ပြင်းပြင်းတီးနေစဉ် မျက်လှည့်ဆရာက လက်စွဲတော်တုတ်နှင့် သေတ္တာကိုခေါက်လိုက်၊ ကောင်းကင်သို့ မော့ကြည့်လိုက်နှင့် အမျိုးမျိုးဟန်ရေးပြလျက်ရှိပါသည်။

ထိုစဉ် ဟိုင်းလပ်ကားတစ်စီးက ဘောလုံးကွင်းထဲဝင်လာ၏။ မျက်လှည့်ကြည့်နေသူများကို ရှောင်တိမ်းကျော်လွှားပြီး မျက်လှည့်စည်းဝိုင်းအထိ ဝင်ရောက်လာပါသည်။ ပွဲကြည့်သူများ အနက် ကားနှင့်မလွတ်သူများက နေရာဖယ်ပေးရရှောင်တိမ်းခဲ့ရသဖြင့် ရုတ်ရုတ်သဲသဲဖြစ်နေကြပါသည်။ ပရိသတ်မှာ သေတ္တာထဲကလူဆီ စိတ်ကရောက်နေသဖြင့် ကားသမားကို ဂရုမစိုက်ဘဲ မျက်လှည့်ဆရာကို အော်ပြောနေပါသည်။

"သေတ္တာကိုဖွင့်ပြပါတော့ဗျို့"

ကားသမားနှင့် စကားများနေသော ပရိသတ်မှာ ပိုမိုတင်းမာလျက်ရှိနေကြသည်။ မျက်လှည့်ဆရာမှာလည်း သူ့ကိုစော်ကားရာရောက်သဖြင့် ဒေါသထွက်လျက်ရှိပါသည်။ ကားရပ်လိုက်သည်နှင့် ကားမောင်းလာသူက ကားထဲကထွက်လာပါသည်။ အရပ်ရှည်ရှည် အသားဖြူဖြူ၊ မုတ်ဆိတ်မွေးအဖြူနှင့် လူကြီးက မျက်လှည့်စည်းဝိုင်းအနီးသို့ ကပ်လာပြီး မေးလိုက်သည်။

"မျက်လှည့်ဆရာ မင်းရဲသီဟဆို တာ ဘယ်သူလဲ"

ပရိသတ်မှာ မျက်လှည့်[illegible] ခန်းရောက်နေစဉ် အနှောင့်အယှက်[illegible] လာ၍ စိတ်ပျက်နေကြသည်။ မျက်လှည့် ဆရာကလည်း သူ့ပွဲကိုအနှောင့်အယှက် ပေးသူကို ရဲရဲရင်ဆိုင်ရန် အော်[illegible]

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါ၏။

"မင်းရဲ့သီဟပါ၊ ဘာကိစ္စရှိပါသလဲ။ ပွဲကိုနှောင့်ယှက်ရအောင်လာတာလား"

"မင်းက မျက်လှည့်ပညာကို ဘယ်ဆရာနဲ့သင်ယူခဲ့တာလဲ"

"ဒီမှာ ဆိုင်းဘုတ်ရှိတာ ခင်ဗျားမမြင်ဘူးလား။ ဆရာကြီးမင်းရဲဒိဗ္ဗထံမှာ တပည့်ခံပြီး ပညာစုံမှ မျက်လှည့်ပြစားခဲ့တာ။ ဘာလဲ - ခင်ဗျားက ကျွန်တော်နဲ့ ပညာပြိုင်ချင်လို့လား။ ပညာချင်းပြိုင်ချင်ရင်ရတယ်။ ဒီမြို့ကိုရောက်ကတည်းက နှောင့်ယှက်မယ့်ပညာသည်ကို ကျုပ်ကစိန်ခေါ်ခဲ့ပြီးသားပါ။ အောက်လမ်းဆရာ၊ ရှာသူ၊ စုန်းမ၊ မောက်လုံးမောက်ပြားကအစ ကဝေမအထိ ကြိုက်တဲ့အချိန် ပြိုင်ဆိုင်ဖို့အသင့်ပဲ။ ကိုယ့်အသက်ကို ကိုယ်မနှမြောရင် အချိန်မရွေး ပညာချင်းပြိုင်နိုင်တယ်၊ ခင်ဗျားက ပြိုင်ချင်လို့လား"

"မင်းပြတဲ့ ပြကွက်လောက်ကို ပညာလို့မခေါ်နိုင်သေးပါဘူးကွာ။ မင်းဟာ ကျုပ်နဲ့ပြိုင်လောက်တဲ့အဆင့် မရှိသေးပါဘူး။ ဆရာကြီးမင်းရဲဒိဗ္ဗဆိုတာတို့အလွန်လေးစားရတဲ့ ဆရာကြီးပါ။ ဆရာကြီးရဲ့ မျက်လှည့်ပွဲဆို မလွတ်တမ်းကြည့်ခဲ့တာပဲ။ အဲဒီဆရာရဲ့ ပညာမျိုး ဒီဘက်ခေတ်မှာ မတွေ့ရတော့ဘူး။ မင်းရဲ့ပြကွက်ကို မြင်လိုက်တာနဲ့ ဆရာကြီးရဲ့ပညာနဲ့ ဘာမှမဆိုင်တာသိလိုက်ရလို့ မင်းကိုပညာပေးဖို့လာခဲ့တာပဲ"

"ခင်ဗျားက ပညာပေးချင်လို့ဟုတ်လား၊ ပေးစမ်းပါဗျာ"

မျက်လှည့်ပြကွက်ကို မကြည့်ရ၍ မကျေမနပ်ဖြစ်နေသော ပရိသတ်မှာ မျက်လှည့်ထက်ကောင်းသည့် ပညာပြိုင်ပွဲကိုကြည့်ရတော့မည်ဖြစ်၍ အားလုံး ဝမ်းသာနေကြသည်။ သူတို့နှစ်ဦး၏ အချေအတင်ပြောစကားများကို မကြားလိုက်ရမည်စိုး၍ အားလုံးငြိမ်နေကြသည်။

ငြိမ်သက်ခြင်းကို မင်းရဲ့သီဟက စတင်ဖြိုခွင်းလိုက်သည်။

"ခင်ဗျားပညာပေးချင်တာစိန်ခေါ်လိုက်တာလား၊ ကြိုက်သလိုစိန်ခေါ်ခွင့်ရှိတာပဲ။ အလောင်းအစားချင်းလဲရတာပဲ"

"မောင်ရင် ဘယ်လောက်ပြနိုင်သလဲဆိုတာ ကြည့်ချင်တယ်"

"ကျွန်တော် ဒီနေရာမှာ ပြကွက်နှစ်ကွက်ပြဖို့ရှိတယ်။ ပြကွက်တစ်ကွက်က ပြသပြီးပေမယ့် ပြကွက်တစ်ကွက်ကကျန်နေသေးတယ်။ ပထမပြကွက်က ကောင်းကင်မှာ ပျံသန်းနေတဲ့ ငှက်တစ်ကောင်ကိုဖမ်းပြီး ဒီပုံးထဲထည့်ထားတယ်။ အဲဒီငှက်ဟာ အခု ဒီပုံးထဲမှာ ရှိနေပါတယ်"

"ကောင်းပြီ၊ နောက်ပြကွက်ကကော"

"နောက်ပြကွက်က ဟောဒီကျွန်းသေတ္တာကြီးထဲမှာ လူတစ်ယောက်ကိုထည့်ပြီး သော့ခတ်ထားတယ်။ အဲဒီလူကိုဖျောက်ပြီး သူမရှိတော့ကြောင်း သေတ္တာဖွင့်ပြမယ်။ နောက်ပြီး ပျောက်သွားတဲ့လူကို ပြန်ခေါ်ပြီး သေတ္တာဖွင့်ပြီး သူပြန်ရောက်နေတဲ့ပြမယ့် ပြကွက်ကို ပြသဖို့ စီစဉ်ထားပါတယ်"

"မောင်ရင် ဒီပြကွက်နှစ်ကွက်ကို တကယ်ပြနိုင်ရဲ့လား"

"ဒါ ကျွန်တော် ညစဉ်ပြနေတဲ့ ပြကွက်တွေပါ"

"ကျုပ်စကားများများမပြောဘူး။ မောင်ရင်က အဲဒီပြကွက်နှစ်ကွက်ကို ပြနိုင်ရင် မောင်ရင့်ကိုကျုပ်အနိုင်ပေးမယ်"

"ဒါဆိုရင် မပြခင်ကတည်းက ကျွန်တော်နိုင်ပြီပဲ။ ဒါပေမယ့် အနိုင်ဆိုတာ စကားအဖြစ်ပဲရှိတာ။ အကျိုးအမြတ်မှမဟုတ်တာ။ အကျိုးအမြတ်မရှိရင် မပြနိုင်ဘူး"

"ကောင်းပြီလေ၊ ကျုပ်ရှင်းအောင်ပြန်ပြောမယ်။ ပထမဒီပုံးထဲမှာ ငှက်တစ်ကောင်ရှိတယ်ဆိုတာ ထုတ်ပြပါ။ ဒုတိယသေတ္တာထဲမှာရှိတယ်ဆိုတဲ့လူကို ထုတ်ပြပါ။ အဲဒီနှစ်ကွက်ပြနိုင်ရင် မောင်ရင်ကိုအနိုင်ပေးမယ်"

"ဒီပြကွက်တွေက ကျွန်တော့်အတွက် ကလေးကွက်ပဲရှိတယ်။ ထမင်းစားရေသောက်ပြကွက်ပဲ။ အဲဒီပြကွက်နှစ်ကွက်ပြနိုင်ရင် အနိုင်ရတာက ဟုတ်ပါပြီ။ နိုင်ရင်အကျိုးအမြတ်က ဘာရမှာလဲ"

"ငွေ ကျပ် (၁) သိန်းပေးမယ်"

"ကြိုက်တယ်ဗျာ၊ သဘောတူတယ်"

"နေဦးလေ၊ အကယ်၍ မောင်ရင်မပြနိုင်ရင်ကော"

"ကျွန်တော်က ဒီပြကွက်ကို အမြဲပြနေတာ။ မပြနိုင်စရာမရှိပါဘူး"

"ဒါပေမယ့် အနိုင်၊ အရှုံးဆိုတာရှိတယ်လေ။ မောင်ရင်ရှုံးရင် ဘာပြန်ပေးမလဲ"

"ခင်ဗျားတောင်းဆိုသမျှ အကုန်ပေးမယ်ဗျာ"

"ဟုတ်ပြီ၊ ကျုပ်က များများမတောင်းဆိုပါဘူး။ မောင်ရင်ရှုံးရင် နောင်ကိုလိမ်ညာတဲ့အလုပ်ကိုမလုပ်တော့ပါဘူးလို့ ကတိပေးရမယ်"

"ကျွန်တော်ကဘာလိမ်လို့လဲ"

"ဒါဆို ကတိပေးလေ"

"ပေးတယ်ဗျာ၊ ကျွန်တော် ကတိပေးပါတယ်"

"ဒါဆို ကျုပ်တို့နှစ်ယောက်ရဲ့ အလောင်းအစား ဖြစ်မြောက်သွားပြီ"

ထိုလူကြီးသည် စကားကိုရပ်လိုက်ပြီး ပရိသတ်ဘက်သို့လှည့်ပြီးပြောလိုက်ပါသည်။

"ပရိသတ်ကြီးခင်ဗျား၊ ကျုပ်ဟာ မျက်လှည့်ဝါသနာရှင်တစ်ယောက်ပါ။ မျက်လှည့်ပွဲတိုင်း မလွတ်တမ်းကြည့်ခဲ့တာပါ။ နောက်ပိုင်းလူငယ်တွေရဲ့ပြကွက်တွေကိုတော့ အားမရပါဘူး။ ဟိုတုန်းက မြန်မာညီနောင်တို့၊ မင်းရဲဒိဗ္ဗတို့လိုကောင်းတဲ့ပွဲမျိုး နောက်ပိုင်းမကြည့်ရတော့ပါဘူး။ ကျုပ်က အိန္ဒိယတို့၊ ထိုင်းတို့ကိုတောင် မျက်လှည့်သွားကြည့်တဲ့လူပါ။ အခုမင်းရဲ့သီဟနဲ့ အလောင်းကစားလုပ်တယ်ဆိုတာကလည်း သူ့ကို ပညာပေးရုံသက်သက်ပါ။ မြန်မာ့မျက်လှည့်တိုးတက်စေချင်တဲ့ဆန္ဒကြောင့်ပါ။ သူပြမယ့် ပြကွက်တွေက သူ့အပိုင်နိုင်ဆုံးပြကွက်တွေလို့ပြောပါတယ်။ သူကတော့ သူနိုင်မယ်လို့ပြောနေပေမယ့် သူ့မှာဘာလိုအပ်ချက်တွေရှိနေသေးတယ်ဆိုတာ ပရိသတ်ကြီး မကြာခင်တွေ့မြင်ရတော့မှာပါ"

ထိုလူကြီး၏စကားဆုံးသည်နှင့် ပရိသတ်များ ဝေခွဲမရအောင်ဖြစ်သွားပါသည်။ မင်းရဲ့သီဟကို ကြည့်ဖူးသူများက မင်းရဲ့သီဟကို ယုံကြည်ကြပြီး ထိုလူကြီးရှုံးတော့မည်၊ ငွေတစ်သိန်းဆုံးပြီဟု ထင်ကြသည်။ မည်သို့ဖြစ်စေကာမူ မမျှော်လင့်ထားသောဖြစ်ရပ်များကို တွေ့မြင်ကြရတော့မည်ကို သိနေကြသဖြင့် လူတိုင်း ရင်ခုန်ရှုပ်ရှားလျက်ရှိကြပါသည်။ အားလုံးငြိမ်နေကြစဉ် ထိုလူကြီးသည် မင်းရဲ့သီဟဘက်သို့လှည့်ပြီး ပြောလိုက်သည်။

"ကဲ - မောင်ရင်ရဲ့ပထမပြကွက်ကို ပြပါတော့"

မင်းရဲ့သီဟသည် ဝင့်ကြွားစွာ လှုပ်ရှားလိုက်သည်။ သစ်သားပုံးထဲတွင် ရှိနေသော ခိုဖြူတစ်ကောင်ကိုထုတ်ရန် တုတ်ဖြင့် ပုံးကိုခေါက်လိုက်၊ နောက် ဆုတ်လိုက်၊ ကောင်းကင်ကိုမော့ကြည့်လိုက်နှင့် ဟန်ရေးပြနေပါသည်။ ခဏအကြာတွင် အပေါ်မှအောက်သို့ဆင်းလာသော




www.burmeseclassic.com

www.burmeseclassic.com

အနက်ရောင်အဝတ်ကို တုတ်နှင့်ကော်ပြီး ဖယ်ရှားလိုက်သည်။ သစ်သားပုံးကို မ,လိုက်ပြီး ဟန်ပါပါနှင့် လှုပ်နှိုက်လိုက်သည်။ သူ၏ လက်ပြန်ထုတ်ပါက လက်ထဲတွင် ခိုဖြူတစ်ကောင်ပါလာတော့မည်ကို ပရိသတ်က ယုံကြည်နေကြသည်။ သို့သော် အထင်နှင့်အမြင် မတူခဲ့ပါချေ။ မင်းရဲသီဟသည် ပုံးထဲသို့ အကြိမ်ကြိမ်နှိုက်သော်လည်း ဘာမှ ပါမလာဘဲ လက်ချည်းသက်သက်ပေါ်လာသည်။ နောက်ဆုံး သစ်သားပုံးကို မှောက်ချလိုက်ပါသည်။ တုတ်နှင့်ထိုးပြသော်လည်း ဘာမှမတွေ့သဖြင့် ချွေးများပြန်လျက်ရှိနေပါသည်။ ပရိသတ်ကြီးမှာလည်း အံ့သြမဆုံးအောင်ရှိနေကြပါသည်။

ထိုအချိန် လူကြီးက မင်းရဲသီဟကို စူးစိုက်ကြည့်ရင်း အေးဆေးစွာပြောလိုက်သည်။

"ပထမပြကွက် မအောင်မြင်ပေမယ့် မောင်ရင်မရှုံးသေးပါဘူး။ ဒုတိယပြကွက်ပြသဖို့ အခွင့်အရေးရှိနေပါသေးတယ်။ ကဲ-သေတ္တာထဲမှာ ထည့်ထားတဲ့ လူကို ထုတ်ပြပါတော့"

ထိုလူကြီးက သူမရှုံးသေးပါဟု အားပေးစကားပြောလိုက်သည့်အတွက် မင်းရဲသီဟ အားတက်သွားပါသည်။ တုတ်နှင့်ဝင့်ကာ ဝဲကာသွားပြီး သေတ္တာပေါ်တွင်အုပ်ထားသော အဝတ်နက်ကို ဖယ်ရှားလိုက်၏။ သေတ္တာတွင်ခတ်ထားသောသော့ကိုဖွင့်လိုက်သည်။ သော့ပွင့်သည်နှင့် သေတ္တာအဖုံးကို ဆွဲဖွင့်လိုက်သည်။ သေတ္တာထဲက မောင်မောင်လေး ထွက်လာလိမ့်မည်ဟု အားလုံးထင်မှတ်ထားကြသော်လည်း မောင်မောင်လေး ထွက်မလာပါ။

မင်းရဲသီဟသည် အားပြတ်မောပန်းနေသည့်ဟန် သေတ္တာအဖုံးကိုဆွဲဖွင့်လိုက်ပြီး ပရိသတ်ဘက်သို့ လှည့်ပြလိုက်သည်။

"သေတ္တာထဲကိုကြည့်ကြပါ"

ထိုလူကြီးအသံက ပိန်းပြီးထွက်လာသည်။

"ဟာ"

ပရိသတ်များမှာလည်း သေတ္တာထဲတွင် ဘာမှမရှိသည်ကို မြင်လိုက်ရ၍ အံ့သြလျက်ရှိကြပါသည်။ သေတ္တာထဲတွင် ဘာဆိုဘာမှမရှိ။ သေတ္တာဟောင်းလောင်းဖြစ်နေသည်။ ထိုလူကြီးသည် သေတ္တာကြီးကို လေထဲတွင် ဆွဲမလိုက်ပြီး အထဲတွင် ဘာမှမရှိကြောင်းသိစေရန် လှည့်လည်ပြလိုက်သည်။ ထို့နောက် ပရိသတ်ဘက်သို့ လှည့်၍ပြောလိုက်သည်။

"အားလုံးမြင်တဲ့အတိုင်း သေတ္တာထဲမှာ လူမရှိဘူး။ မျက်လှည့်ဆရာဟာ ပြကွက်နှစ်ခုလုံး မပြနိုင်တဲ့အတွက် အားလုံးမြင်ကြတဲ့အတိုင်း ယောဒိပွဲမှာ မျက်လှည့်ဆရာရှုံးသွားပါတယ်။ ကျုပ်ငွေတစ်သိန်းပေးစရာမလိုတော့ဘူး။ ကဲ- မျက်လှည့်ဆရာ မောင်ရင်ဟာ ပရိသတ်ရဲ့ရှေ့မှာပေးထားတဲ့ကတိကို တည်ပါစေ။ ကဲ - ကျုပ်လည်း သွားစရာရှိလို့ သွားပြီ"

လူကြီးက အားလုံးကိုနှုတ်ဆက်ပြီး ခရီးဆက်ရန် သူ၏ကားရှိရာသို့ လျှောက်သွားနေပါသည်။ မျက်လှည့်ဆရာမှာ ငိုင်နေရာမှ သတိဝင်လာပြီး ထိုလူကြီး၏နောက်သို့ အပြေးလိုက်သွားပါသည်။

"ဆရာကြီး ခဏနေပါဦး ဆရာကြီး"

မျက်လှည့်ဆရာ၏ခေါ်သံကြောင့် ကားအနီးသို့ရောက်နေသော လူကြီးက နောက်လှည့်ကြည့်ပြီး ပြောလိုက်သည်။

"ဘာလဲ ခိုကလေးနဲ့ သေတ္တာထဲကလူ ဘယ်ရောက်နေသလဲဆိုတာမေးမလို့မဟုတ်လား။ သူတို့တစ်နေရာမှာ အတူရှိနေပါတယ်"

"နေပါဦး ဆရာကြီး"

ကားတံခါးဖွင့်နေသော ဆရာကြီးအနီးသို့ကပ်ပြီး တောင်းပန်ချင်သည့် အမူအရာနှင့် ကြည့်နေပါသည်။

"ဘာလဲ၊ မင်းက ခိုတစ်ကောင်နဲ့ လူတစ်ယောက်ကို ပြန်လိုချင်လို့လား"

"ဟုတ်ပါတယ် ဆရာကြီး၊ သူတို့ကိုပြန်ပေးခဲ့ပါ"

"အေး-ဒါဆို မင်း ငါ့ကားနောက်ကလိုက်ခဲ့။ ဒီကနေ မြေဖြူတောင်ကို တစ်မိုင်တောင်မဝေးဘူး။ သူတို့ အဲဒီမှာရှိနေတယ်။ သူဟို့ကို ပြန်လိုချင်ရင် ကားနောက်ကအပြေးလိုက်ခဲ့"

စကားဆုံးသည်နှင့် ထိုလူကြီးသည် ကားပေါ်တက်ကာ ကားမောင်းပြီးထွက်သွားပါတော့သည်။ မျက်လှည့်ဆရာသည် ကားနောက်က အပြေးလိုက်သွားပါသည်။ ကားမှာ မျက်လှည့်ဆရာနှင့် ကိုက်တစ်ရာခန့်အကွာအဝေးမှ မှန်မှန်မောင်းသွားနေပါသည်။ ပရိသတ်ကြီးမှာ တအံ့တသြ ငေးမောကြည့်ရင်း ပြိုင်ပွဲမပြီးဆုံးသေးကြောင်း သိနေကြသည်။ နောက်ဆုံးဘာဖြစ်မည်ကို သိချင်နေကြသည်။ မည်သူမျှမပြန်ကြသေးဘဲ မျက်လှည့်ဆရာ ပြန်လာသည်အထိ စောင့်ကြည့်ကြရန် မတိုင်ပင်ဘဲ စိတ်ကူးချင်းတူနေကြသည်။ ကားက ရှေ့က မှန်မှန်ပြေးနေသလို မျက်လှည့်ဆရာက နောက်ကလိုက်နေသည်။ မြေဖြူတောင်သည် သိပ်ဝေးလှသည်မဟုတ်ပါ။ မိနစ်နှစ်ဆယ်အကြာ မြေဖြူတောင်သို့ ကားရောက်သွားသည်။ လူကြီးသည် သပြေပင်ရိပ်တွင် ကားကိုရပ်လိုက်ကာ ကားပေါ်ကဆင်းပြီး မျက်လှည့်ဆရာကို သပြေရိပ်မှ ကြိုဆိုနေခဲ့သည်။ မကြာမီ မျက်လှည့်ဆရာ မောမောနှင့်ရောက်လာသည်။

"မောသွားလား၊ ဒါမောင်ရင့်ကို အပြစ်ပေးလိုက်တာပါ။ မောင်ရင်ရဲ့ ခိုတစ်ကောင်နဲ့ လူတစ်ယောက်ဟာ ကျုပ်ကားထဲမှာရှိနေပါတယ်။ သူတို့ကို မောင်ရင်ပြန်ခေါ် သွားနိုင်တယ်"

"ဆရာကြီးကို တောင်းပန်ပါတယ်။ ကျွန်တော့်ကို မျက်လှည့်ပြခွင့်တော့ပေးပါ"

"နောင်မလိမ်မညာတော့ပါဘူးဆိုတဲ့၊ ကတိပေးရင် မျက်လှည့်ပြခွင့်ပြုမယ်"

"ဆရာကြီးရယ်၊ မျက်လှည့်ဆိုတာ လှည့်စားပြီးပြရတဲ့ အတတ်ပညာဆိုတော့ လိမ်ညာမှုကင်းနိုင်ပါ့မလား"

"ကျုပ်ပြောချင်တာ အဲဒီပညာနဲ့ မဆိုင်ဘူး။ ကျော်ကြားချင်တာနဲ့ နာမည်ကျော် ဆရာကြီး မင်းရဲဒိဗ္ဗရဲ့တပည့်ပါလို့ ကြော်ငြာတဲ့ကိစ္စ၊ ဆရာကြီးမင်းရဲဒိဗ္ဗရဲ့ တပည့်ဆိုတဲ့စာတန်းကို ချက်ချင်းဖျက်လိုက်ပါ"

"ဟုတ်ကဲ့-အမြန်ဆုံးဖျက်ပါ့မယ်။ ကျွန်တော် မင်းရဲဒိဗ္ဗရဲ့တပည့်မဟုတ်ကြောင်း ဆရာကြီးဘယ်လိုသိတယ်ဆိုတာ ပြောခဲ့ပါဦး"

"ကျုပ်တပည့်တွေထဲမှာ မောင်ရင်မပါလို့ပေါ့"

"ဒါ. . . ဒါဆို ဆရာကြီးဟာ"

"ဟုတ်တယ် ကျုပ် မင်းရဲဒိဗ္ဗပဲ"

ထိုအချိန် မောင်မောင်လေးသည် ခိုဖြူလေးကို ရင်ဝယ်ပိုက်လျက် သူတို့အနီးသို့ လျှောက်လာနေသည်ကို မြင်လိုက်ရသည်။ မောင်မောင်လေးက မင်းရဲသီဟ၏အနီးသို့ရောက်ချိန် ဆရာကြီးသည် ကားကို အပြင်းမောင်းထွက်သွားပါတော့သည်။ သပြေရိပ်တွင် မျက်လှည့်ဆရာ၊ လူတစ်ယောက်နှင့် ခိုဖြူလေးတစ်ကောင်သာ ကျန်ခဲ့ပါတော့သည်။

ကောင်းဆေသ

www.burmeseclassic.com

မြို့ပြနိုင်ငံ ဆိုသည်မှာ မြို့ကို အခြေပြု၍ ပတ်ဝန်းကျင်ဒေသများကို စိုးပိုင်သောနိုင်ငံဖြစ်လေသည်။ ထင်ရှားသော မြို့ပြနိုင်ငံများမှာ တကောင်း၊ မိုင်းမော၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ သုဝဏ္ဏဘူမိနှင့် ဝေသာလီတို့ဖြစ်၏။

ရှေးဟောင်း မြို့ပြနိုင်ငံများ အကြောင်းကို ကျက်မှတ်နေသော (၉) တန်းကျောင်းသူ သမီးဖူးလိုင်ထွန်းက စာဖတ်ခြင်းကိုခဏရပ်ပြီး စာရေးသူကို လှမ်းမေးလိုက်သည်။

"ဖေဖေ၊ သမိုင်းဆရာမကပြောတယ်။ အခုဆောက်နေကြတဲ့ ဟိုတယ်တွေအောက်မှာ ဘုရားရုပ်တုတွေ တွေ့(ရှိ)တယ်လို့ ပြောတယ်။ အဲဒါဟုတ်ပါ့မလား"

"ဟုတ်တာပေါ့ သမီးရဲ့၊ ရှေးဟောင်းမြို့တွေတူးဖော်ကြတော့ ဗုဒ္ဓဆင်းတုတော်တွေ အမျိုးမျိုးနဲ့ ရှေးဟောင်းပစ္စည်းတွေတွေ့ရတဲ့အကြောင်း စာတွေထဲမှာ ပါတယ်လေ။

ရှေးနှစ်ပေါင်း သန်း (၄၀) ကျော်က ကျောက်ဖြစ်ရုပ်ကြွင်းတွေ မြန်မာနိုင်ငံမှာ တွေ့ခဲ့ရတယ်လေ။ တကယ်တော့ နှစ်သန်းပေါင်း (၄၀)၊ (၅၀) ဆိုတာ နည်းသေးတာပေါ့။ မြတ်စွာဘုရားရှင်က ဘုရားတစ်ဆူနဲ့တစ်ဆူကြားမှာ ကမ္ဘာမြေကြီးက တစ်ယူဇနာ (၁၃) မိုင်ခန့်လောက်မြင့်တက်လာ ာယ်လို့ ဟောထားတယ်။

အဲဒီတော့ မြို့ပြတွေ စေတီပုထိုးတွေ ရှိရှိသမျှအဆောက်အအုံတွေဟာ မြေအောက်ရောက်ကုန်တာပေါ့။ ဒါကြောင့် အိမ်ဆောက်တဲ့အခါ တစ်ချိန်က သိမ်တွေ၊ ကျောင်းတွေ၊ ဘုရားတွေရှိခဲ့ရင် လွတ်အောင်လို့ သိမ်နုတ်တယ်ဆိုတာ လုပ်ရတယ်လေ။

သိမ်တည့်တည့်ပေါ် ဒါမှမဟုတ် သိမ်သမုတ်ခဲ့တဲ့နေရာတွေမှာ အိမ်ဆောက်မိခဲ့ရင် စီးပွားပျက်ခြင်း၊ ဘေးဒုက္ခအမျိုးမျိုး ကျရောက်တတ်ခြင်းတို့ မဖြစ်အောင် သိမ်နုတ်ရခြင်းပေါ့။ သိမ်မြေတွေပေါ်မှာ အိမ်ဆောက်မိလို့ဒုက္ခမျိုးစုံရောက်ရတဲ့အကြောင်းတွေ ဘာသာရေးမဂ္ဂဇင်းတွေထဲမှာ သမီးဖတ်ရမှာပေါ့။

ထို့အတူပဲ သချိုင်းမြေတွေလည်း မြို့ပြကျေးရွာတွေဖြစ်သွားကြလို့ တချို့ဆို သူနေတဲ့နေရာအပေါ် အိမ်ဆောက်မိလို့ ဒုက္ခပေးတဲ့ဇာတ်လမ်းတွေစုံလို့ပါ သမီးရယ်။ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ကြံတောသချိုင်းကြီးတောင် ပြောင်းလဲသွားခဲ့ပြီလေ။ နောင်နှစ်ပေါင်းလေး၊ ငါးဆယ်ကြာရင် တစ်ချိန်က ဒီနေရာဟာ ရန်ကုန်တစ်မြို့လုံးချခဲ့တဲ့သချိုင်းကုန်းလို့ ပြောရင်တောင် ဘယ်သူမှယုံမှာမဟုတ်တော့ဘူး။

အခု မြန်အောင်က ရန်နိုင်အေးရပ်ကွက်ကလည်း ရပ်ကွက်တည်တော့ သရက်နှစ်ပင်သချိုင်းတစ်ပိုင်းပါတယ်။

(မြန်အောင်)

## စိုးလင်းအောင်

## ရှေးဟောင်းပစ္စည်းများနှင့် ထိုက်တန်လျှင်



နောက်ပိုင်းကျတော့ လူတွေကသချိုင်းဆိုတာ မေ့သွားပြီပေါ့။

မြတ်စွာဘုရားသခင်လက်ထက်က ပုဏ္ဏားကြီးတစ်ယောက်ဟာ သူသေရင် ဘယ်သူမှ မမြှုပ်နှံရသေးတဲ့နေရာမှာ မြှုပ်နှံဖို့ နေရာလိုက်ပြတဲ့အခါ ဘုရားရှင်နဲ့တွေ့ပြီး ဘုရားရှင်က ပုဏ္ဏားကြီး ဤနေရာမှာပင် ဤနာမည်နှင့် ဘဝပေါင်းသောင်းလေးထောင် မြှုပ်နှံခဲ့ပြီဆိုတဲ့ တရားတော်အရ နေရာတိုင်းမှာလည်း သချိုင်းမြေဖြစ်ခဲ့မှာပဲ။

www.burmeseclassic.com

တစ်ကမ္ဘာရဲ့သက်တမ်းကလည်း သိပ္ပံပညာရှင်တွေမတွက်ချက်နိုင်လောက်အောင် ရှည်လျားတယ် သမီး။ ဥပမာ ဥပမေယျနဲ့ဆိုရရင် (၁၃) မိုင်ပတ်လည်လောက်ရှိတဲ့ တွင်း (ကျင်း) ကြီးထဲကို နှစ် (၁၀၀) မှ တစ်ခါ မုန့်ညင်းစေ့ (နှမ်းစေ့လောက်ခန့်) တစ်စေ့သွားထည့်၊ တွင်းကြီးပြည့်တဲ့အချိန်ဟာ တစ်ကမ္ဘာရဲ့သက်တမ်းခန့်ရှိတယ်လို့ တရားတော်တွေထဲမှာတွေ့ရတယ်။

အဲဒီလောက် ရှည်ကြာခဲ့လို့ အရာရာဟာ ပြောင်းလဲခဲ့တာပေါ့။ ဟိုခေတ်ကဆို မီးခံသေတ္တာတို့၊ ဘဏ်တို့က မရှိသေးဘူး။ လူတွေဟာ ရွှေတို့ ငွေစကို မြေကြီးထဲမှာ မြှုပ်နှံထားကြရတယ်။ မြှုပ်နှံခဲ့တဲ့လူက မပြောခဲ့မိတာတို့၊ မပြောဖြစ်ခဲ့တာတို့ရှိခဲ့ရင် အဲဒီပစ္စည်းတွေဟာ မြေကြီးထဲမှာ အလဟဿဖြစ်ကုန်ရော။ တချို့လည်း ပြန်ရအောင် ဗေဒင်တွေမေးကြ၊ ဂမ္ဘီရပညာရှင်တွေနဲ့ ရှာဖွေကြ။ ဥပမာ ကြို့ပင်ကောက်က နတ်လေချွန်လို နေရာမျိုးမှာ မေးကြည့်လို့ ပြန်ရကြတယ်။ ပစ္စည်းစွဲပြီး (မောဟများလို့) မြွေဖြစ်တဲ့လူကဖြစ် (လောဘများပြီး) သိုက်စောင့် (ဥစ္စာစောင့်) တို့ဘာတို့ဖြစ်ကုန်တာတွေလည်း ရှိတယ်။ တချို့လည်း သိပ္ပံနည်းနဲ့ရှာဖွေလို့ တွေ့ကြတဲ့လူတွေလည်းရှိကြတယ်။ ကဲကဲ - သမီးစာကြည့်။ နောက်မှ ဖေဖေမြှုပ်နေတဲ့ပစ္စည်းတွေ တူးဖော်လို့ရတဲ့အကြောင်းပြောပြမယ်"

❑

ဧရာဝတီတိုင်းဒေသကြီးနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် ဥမ္မာဒန္တီမင်းသမီးတည်ထားခဲ့သောဘုရားများစွာရှိပါသည်။

မြန်အောင်မြို့ ပတ်ဝန်းကျင်တွင် သမုဒ္ဒဃောသနှင့် မိဖုရားဥမ္မာဒန္တီတို့ တည်ခဲ့သော ဘုရားများရှိ၏။ တစ်ဖန် ဧရာဝတီမြစ်၏အရှေ့ဘက် မိုးညိုမြို့နယ် ရေကင်းမြို့အနီး (ကမ်းပြိုသွားသည့်) သံပရာခုံရွာဟောင်းတောင်ကျောင်းတွင် စေတီတစ်ဆူ၌ ကျောက်စာတစ်ချပ်ဖတ်ခဲ့ရသည်။ ထိုကျောက်စာတွင် ဤစေတီကို ပုသိမ်မင်းကြီး၏သမီး ဥမ္မာဒန္တီတည်ခဲ့သည်ဟု ရေးထိုးထား၏။

ကမ်းပြိုခါနီးတွင် စေတီတော်ကို ပြောင်းရွှေ့ပို့ရန် ဌာပနာကိုဖောက်ကြရာ (၇) ကျပ်ခွဲသားစီရှိသော ရွှေငါးကြင်း (ရုပ်) တစ်ကောင်နှင့် ကျောက်ငါးကြင်း (ရုပ်) တစ်ကောင်ကို တွေ့ကြရသည်။

သံပရာခုံရွာတောင်ဘက် ကိုင်းမြေများ ကမ်းပြိုရင်းက သစ်လုံးထွင်းလောင်းလှေရှည်ကြီးတစ်စင်းကို တွေ့ရှိရပြန်သည်။ လောင်းလှေကြီးကို ရွာသားများက ဝိုင်းဝန်း၍တူးဖော်ထားကြသည်။ တချို့ ရှေးမီနောက်မီလူကြီးများက ဥမ္မာဒန္တီမင်းသမီးသည် ထိုလောင်းလှေဖြင့် ပြေးရင်းလွှားရင်း ရောက်ရာအရပ်ဖြင့် ဘုရားတည်ခဲ့ပုံရသည်ဟုယူဆရကြောင်း ပြောပြကြပါသည်။

❑

ငယ်ငယ်က မောင်စိတ္တ၏ 'ကျွန်တော့်ချစ်သူ မြကြာဖြူ' စင်တင်ပြဇာတ်ကို ကြည့်ဖူးခဲ့သလို ရာဇဝင်ဇာတ်ကြောင်းများကိုလည်း ဖတ်ဖူးခဲ့သည်။

တိုင်းပြည်တစ်ပြည်တွင် ရှင်ဘုရင်ကြီး၏ မိဖုရားကြီး နတ်ရွာစံကံတော်ကုန်သွားသည်။ ထို့ကြောင့် မင်းချင်းတို့အား လက်စွပ်တစ်ကွင်းပေးလိုက်ပြီး လက်စွပ်နှင့်တော်သူကို မိဖုရားမြှောက်ရန်အတွက် အရှာအဖွေထွက်စေခဲ့၏။ တိုင်းပြည်သာခံ့ခဲ့သည်။ လက်စွပ်နှင့်တော်သူကိုမတွေ့ခဲ့ရ။

နန်းတော်သို့ပြန်ရောက်သောအခါ ဘုရင်၏ သမီးတော်က လက်စွပ်ကိုစွပ်ကြည့်လိုက်ရာ သမီးတော်နှင့်လက်စွပ်ကတော်နေသည်။ ထို့ကြောင့် သမီးတော်ကို မိဖုရားမြှောက်အကြောင်းရှိနေသည်။ သို့သော် သမီးတော်ကိုတော့ မိဖုရားမမြှောက်ပါ။

တိုင်းပြည်တွင် မိုးတွေခေါင်သောကြောင့် ပြည်သူတွေငတ်မွတ်ခေါင်းပါးပြီး ဘေးဒုက္ခဆိုက်ရောက်ကုန်သည်။ ထို့ကြောင့် ပြည်သူပြည်သားတို့က ဟစ်တိုင်မှတက်၍ -

"အရှင်မင်းကြီး၊ လက်စွပ်နဲ့တော်တဲ့သူကို မိဖုရားမြှောက်မယ်ဆိုတဲ့ ကတိသစ္စာအတိုင်း မိဖုရားမြှောက်ပါ။ အရှင်မင်းကြီးကတိသစ္စာပျက်ခဲ့လို့ မိုးတွေခေါင်ပြီး တိုင်းသူပြည်သားတွေဒုက္ခရောက်ကုန်ပါပြီ။ ကတိသစ္စာအတိုင်း လက်စွပ်နဲ့တော်တဲ့သမီးတော်ကို မိဖုရားမြှောက်ပါ"

ဟု အော်ဟစ်တောင်းဆိုလာကြသည်။

ရှင်ဘုရင်ကြီး အခက်ကြုံနေချိန်တွင် သမီးတော်က သူ့ချစ်သူမင်းသားတစ်ပါးနှင့်အတူ နန်းတော်နှင့်ဝေးရာသို့ လှေဖြင့်ထွက်ခွာသွားကြသည်။

ဇာတ်လမ်းများကို ဆက်စပ်ကြည့်သော် သံပရာခုံရွာမှာဘုရားတည်ခဲ့သော ဥမ္မာဒန္တီမင်းသမီးသည် မြန်အောင်မြို့ ပတ်ဝန်းကျင်တွင် ဘုရားတည်ခဲ့သော သမုဒ္ဒဃောသ၏မိဖုရား ဥမ္မာဒန္တီနှင့် အတူတူလော။ လှေနှင့်ထွက်ပြေးသော မင်းသမီးမှာ ဥမ္မာဒန္တီပင်ဖြစ်သလော၊ တစ်ဦးစီလော တွေးတောစရာဖြစ်လာသည်။

❑

ဦးနေဝင်းလက်ထက် (ပါတီကောင်စီခေတ်) က ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့မြောက်ဘက် ဖိုးသိန်းတန်ကုန်း (ကျေးရွာ) တွင် မင်းမြောက်တန်ဆာများနှင့် ဆင်ထူးခတ်သော ရွှေကြိုး (အတောင် ၄၀) ရရှိခဲ့သည်။

စာရေးသူသည် ၁၉၈၄ ခုနှစ်တွင် ထန်းတပင်ရေနံမြေအလုပ်မှထွက်လာပြီး ကျွန်းကြီးရွာတွင် မိဘများနှင့်အတူ ကိုင်းပြန်လုပ်သည်။ ထိုစဉ်က ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် လှေများဖြင့်ထက်အောက်စုန်ဆန်သွားလာနေကြသော ရွှေကျင်သူများရှိသည်။ (စက်များဖြင့် မကျင်ကြသေးပါ။) စာရေးသူကလည်း ကိုင်းတစ်ဖက်လုပ်ရင်း လှေတစ်စီးဖြင့်ပြည်၊ ဟင်္သာတကြားတွင် ရွှေကျင်ခဲ့ရသည်။

ရွှေလောကတွင် နေရာပေါင်းစုံမှ လူများ၊ ဘဝမျိုးစုံကျင်လည်ခဲ့ရသူများ၊ အထည်ကြီးပျက်များ၊ ထောင်ထွက်လူမိုက်များ၊ သူခိုး၊ ဓားပြ၊ ဝရမ်းပြေးများ စသည်ဖြင့် နေရာပေါင်းစုံတွင် လူပေါင်းစုံနှင့် တွေ့ခဲ့ရပေါင်းခဲ့ရသည်။

ထိုသို့ ထက်အောက်စုန်ဆန်သွားလာရွှေကျင်ရင်းက ပြည်မြို့အောက်ဘက် နွားမယံကျေးရွာမှ ကိုလှမြင့်ဆိုသူနှင့်တွေ့ဆုံကာ ဖိုးသိန်းတန်ကုန်းမှာ ရွှေရခဲ့သူများအကြောင်းကို အောက်ပါအတိုင်း ပြောပြပါသည်။

❑

ရွှေတောင်မြို့၏ မြောက်ဘက် (၂) မိုင်ခန့်အကွာတွင် ဖိုးသိန်းတန်ကုန်း ဟူသောရွာလေးတစ်ရွာရှိ၏။ ဖိုးသိန်းတန်ကုန်းဟုသာခေါ် သော်လည်း တစ်ရွာလုံး မှ (၇) အိမ်သာရှိပြီး တစ်ရွာလုံးဆင်းဆင်းရဲရဲနှင့် ဖားရှာ၊ ငါးရှာ၊ ကြွက်ထိုး၊ လိုက် (တူး) စသည်ဖြင့် ကြုံရာ လုပ်ကိုင်စားသောက်နေကြရသည်။

ဖိုးမောင်၊ ဖိုးအောင်နှင့် အဖွဲ့မှာ နှစ်စဉ် တောင်ယာလေး မြေတူးနေကျ ဖြစ်၏။ ဒီနှစ်

www.burmeseclassic.com

ထိုတောင်ပို့ထဲသို့ မြွေဝင်သွားတာမြင်သဖြင့် မြွေတူးကြပြန်သည်။

ပေါက်တူးဖြင့် အချက် (၂၀) ခန့် ပေါက်လိုက်သောအခါ သေတ္တာလေးတစ်လုံးပေါ်လာသည်။ ထိုသေတ္တာလေးကိုဖွင့်ကြည့်လိုက်သော် ရွှေရောင်တောက်နေသော မင်းမြောက်တန်ဆာများတွေ့ရှိရ၍ ဖိုးမောင်တို့အဖွဲ့ အားရဝမ်းသာစွာဖြင့် အော်ဟစ်ဆူညံပျော်ရွှင်နေကြသည်။

ထိုအခါ ကျောင်းမှဘုန်းတော်ကြီးသိ၍ လာရောက်ကြည့်ရှုပြီး ဆက်လက်တူးစေရာ ဆင်ကိုထုံးခတ်သော ရွှေကြိုးအတောင် (၄၀) ဆယ်လံခန့်နှင့် အခြားမမြင်ဘူးသော ရှေးဟောင်းရွှေထည်ပစ္စည်းများစွာ တွေ့ရသည်။ သတင်းကတဖြည်းဖြည်းပျံ့နှံ့သွားရင်း အခြားရွာမှလူများပါဝိုင်းအုံလာသည်။

"ဖိုးမောင်၊ ငါ့နည်းနည်းပေးဦး"

ဟု အသိတစ်ယောက်ကတောင်းလျှင် ရွှေကြိုးကြီးကို သစ်တုံးပေါ်တင်၍ ဓားမကြီးနှင့် လက်လေးသစ်ခန့်ကို ဒေါက်ခနဲဖြတ်၍ပေးလိုက်သည်။

နောက်တစ်ယောက်က ဖိုးထွေး ငါ့လည်းပေးပါဦးဆိုလျှင် တောင်းသမျှလူများကို လက်လေးသစ်ခန့် ဓားမကြီးနှင့်ဖြတ်၍ပေးနေကြသည်။

ထို့နောက် သူတို့အဖွဲ့ မှန်း၍ဝေစုခွဲကာ ပြည်မြို့သို့ရွှေရောင်းထွက်ခဲ့ကြ၏။ ပြည်မြို့ရွှေဆိုင်များကလည်း လုပ်ပုံတွေကိုကြည့်၍ (ရွှေချိန်သည့် အလေးမဟုတ်သည့်) ဓာတ်ခဲ (၅) ကျပ်သားအလေးများနှင့် ရွှေကိုချိန်၍ဝယ်ယူကြသည်။

ဤလိုနှင့်လုပ်ပုံတွေက ဆင်းဆင်းရဲရဲ ညစ်ညစ်ထပ်ထပ် စုတ်စုတ်ပြတ်ပြတ်ပုံတွေဖြစ်သော်လည်း တကယ့်အဖိုးတန်ပစ္စည်းများကို မနိုင်မနင်း တပွေ့တပိုက်ကြီးသယ်ယူနေကြသည်မှာ ပတ်ဝန်းကျင်က မသင်္ကာစရာဖြစ်လာ၏။ဆိုက်ကားခများကို (၁၀) ကျပ်တန်သည့်လမ်းကို (၁၀၀) ကျပ်တန်ပေး၍ ပြန်မအမ်းနှင့်ဟုဆိုကာ ဗရမ်းဗတာသုံးစွဲနေကြသည်။ (ထိုစဉ်က (၁၀) ကျပ်သည် တန်ဖိုးရှိသေး၏။ ရွှေတစ်ကျပ်သား (၆၀၀၀) ကျပ်လောက်ကဖြစ်သည်။)

ထိုမြင်ကွင်းကို မသင်္ကာသဖြင့် ထောက်လှမ်းရေးအဖွဲ့က ဖမ်းစစ်သောအခါ ရွှေအတော်များများလက်လွန်ကုန်ပြီဖြစ်၏။ အဖိုးမပြတ်နိုင်သည့်ရှေးဟောင်းလက်ရာများကိုလည်း ဖျက်ဆီးပစ်လိုက်ကြသည်။ ဘုရင့်စလွယ်အလယ်တည့်တည့်မှ ကျောက်တစ်လုံးက အဖိုးများစွာထိုက်သော်လည်း သူတို့ကို ဟင်းရွက်ကန်စွန်းဖိုးလောက်သာပေး၍ ဝယ်ယူသွားသည်။ ထိုကျောက်ကလည်း ထိုင်းနယ်စပ်သို့ရောက်သွားပြီး အစပျောက်သွားသည်။

ထိုအခါမှ နိုင်ငံတော်က ဥပဒေအမိန့်ထုတ်ပြန်သည်။ မည်သူမဆို ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက အထည်ပုံစံရှေးဟောင်းလက်ရာများကို ဖျက်ဆီးမပစ်ရ။ နိုင်ငံတော်အစိုးရကို တင်ပြ (ရောင်းချ) ရမည်။ နိုင်ငံတော်မှ ခေတ်ကာလရွှေဈေး (ပေါက်ဈေး) တန်ဖိုးနှင့် လက်ရာအမွေအနှစ်တန်ဖိုးတို့ပါ ပေးမည်ဖြစ်သည်။

နောက်ဆုံးတွင် ဖိုးမောင်တို့အဖွဲ့မှာ သူခိုးနွားကောင်းမသိဆိုသလိုဖြစ်ကြသည်။ နိုင်ငံတော်မှ လူတစ်ယောက်ကို တိုက်တစ်လုံး၊ ကားတစ်စီးနှင့်သိန်းဘယ်လောက်ပေးမည်လိုလိုသတင်းကြားပြီး ယခုလက်ရှိမှာ ဟိုတုန်းကကဲ့သို့ ငါးရှာ၊ ဖားရိုက်၊ ကွက်လိုက်၊ မြွေတူးနှင့် ကြုံရာလုပ်ကိုင်စားသောက်နေရသော ဘဝဟောင်းသို့ ပြန်ရောက်သွားကြသည်။

(နောင်အလျဉ်းသင့်ပါက ဤရွှေရသူများနှင့် ရွှေဝယ်သူ ရွှေဆိုင်များအကြောင်းကို ရေးသားပါဦးမည်။ သူတို့နှင့်မထိုက်တန်၍သာ ဒီလိုပြန်၍ဆင်းရဲရတာဟု ပြောဆိုနေကြသည်။)

စာရေးသူ ရွှေတောင်ရောက်ခဲ့စဉ်က ဖိုးသိန်းတန်ကုန်းရွာကလေးကို လှမ်းမောတသစွာလှမ်း၍ကြည့်မိသည်။ ရန်ကုန်-ပြည်ကားလမ်းနှင့် သိပ်မဝေးသော်လည်း ရွှေများစွာတွေ့ခဲ့ရသော ဤရွာကလေးသို့ သွား၍မကြည့်ဖြစ်ခဲ့ပါ။

ရွှေတောင်တွင် ဤအကြောင်းများကို ပြောဖြစ်ကြ၏။ တချို့က ရှင်ဘုရင်တစ်ပါး ပြေးရင်းလွှားရင်း လွတ်ပုံမပေါ်သဖြင့် မြှုပ်နှံခဲ့တာဟုဆို၏။ တချို့ကလည်း ဥမ္မာဒန္တီမင်းသမီးလှေနှင့်ပြေးရင်းက နောက်မှ(တိုင်းပြည်)လိုက်လာ၍ မြှုပ်နှံခဲ့သလိုလိုပြောနေကြသည်။

မည်သို့ဖြစ်စေ, ရှင်ဘုရင်တွေ၊ မင်းညီမင်းသားတွေသွားလျှင် နောက်လိုက်နောက်ပါတွေပါမှာပဲ။ အဲဒီတော့ နောက်လိုက်တွေ၏ ပစ္စည်းတွေလည်း ဒီပတ်ဝန်းကျင်မှာ ရှိနိုင်တယ်လို့ ဆိုသူကဆိုပြန်သည်။

စာရေးသူကတော့ ဤရွှေတွေ တစ်ပုံတစ်ပင်ကြီးတွေ့ခဲ့သောနေရာ၏ သွား၍ အံ့သြစိတ် ရှာဖွေ (ရွှေကျင်) ချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည် (သရေခေတ္တရာ) မြို့ဟောင်းနန်းတော်နေရာတွင် ရှေးဟောင်းပစ္စည်းများနှင့် ရွှေတိုငွေစများတွေ့၍ ရွှေကျင်ကြရာ တာဝန်ရှိသူများက ရွှေမကျင်ရဟု ပိတ်ပင်ထားသည်။ ၈၈ ခုနှစ်တွင် တားမရဆီးမနိုင်ဖြစ်ပြီး ပိတ်ပင်ထားသော နန်းတော်ဟောင်းနေရာကို အလုအယက် ရွှေကျင်ကြရာ ရှေးဟောင်းပစ္စည်းများနှင့် ရွှေထည်ပစ္စည်းအမြောက်အမြား ရကြသည်။

နန်းတော်ဟောင်းနေရာက ရွှေရတာ သဘာဝကျပါသည်။ ဖိုးသိန်းတန်ကုန်းမှာ ရွှေရှာ (ရွှေကျင်) လျှင် ငါးပွက်ရာငါးစာချသည့်ပမာဖြစ်နေမည်လား။ သို့မဟုတ် ရွှေရှာ (ရွှေကျင်) မည့်သူများကို ရှူးနေသည်ဟုဆိုကြလေမလား။

အားလုံး ဇာတ်ပေါင်းသောအခါ မြန်မာပြည်သည် မြေကြီးက ရွှေသီးသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သယံဇာတပေါကြွယ်လှပါသည်။

ဖခင်၏ရန်ကိုကြောက်၍ ပြေးရင်းသေဆုံးသွားရသော ချစ်သူနှစ်ဦး၏ ပစ္စည်းများဖြစ်စေ၊ ဥမ္မာဒန္တီမင်းသမီး၏ ပစ္စည်းများဖြစ်စေ၊ သမုဒ္ဒဃောသမင်းနှင့် ဥမ္မာဒန္တီမင်းသမီးတို့၏ ပစ္စည်းဖြစ်စေ၊ နောက်ဆုံး ဝန်ကြီးမှူးမတ်ကြီးများ၏ လက်ဝတ်တန်ဆာများဖြစ်စေ တန်ဖိုးရှိသောပစ္စည်းများ မြန်မာနိုင်ငံအနှံ့အပြားမှာရှိပါသောကြောင့် ရထိုက်သူများတွေ့နိုင်ကြပါကြောင်းနှင့် တွေ့ပါ (ရပါ) သော်လည်း ကိုယ်နှင့်မထိုက်လျှင် မစံစားမခံစားရပါကြောင်း သင်ခန်းစာရစေရန် ရေးသားလိုက်ရပါသည်။

(ဝန်ခံချက် - နွားမယံကျေးရွာမှ ကိုလှမြင့်၏ ပြောပြချက်ကို နာမည်များလွှဲ၍တင်ပြလိုက်ပါကြောင်း)

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

**စိုးလင်းအောင် (မြန်အောင်)**

**ကိုးကား -**

နဝမတန်းကျောင်းသုံးသမိုင်းစာအုပ်
ကူထွတ်၊ လွန်ဆေး၊ မြန်အောင် - မြို့သမိုင်းပြုစုရေးအဖွဲ့
ဆရာတော်ဦးဃောသိတ၏ တရားခွေများ



www.burmeseclassic.com

www.burmeseclassic.com

အဘအောင်မင်းခေါင်သည် အရိယာဝိဇ္ဇာနှင့် စူဠဂန္ဓာရီဝိဇ္ဇာအမျိုးအစားတွင် ပါဝင်ပါသည်။ စာရေးသူသည် ရှေးဟောင်းကျမ်းစာတို့၌ တွေ့ရှိမှုကို အကိုးအကားနှင့် တင်ပြထားပါသည်။ အဓိက လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းလာအရ လည်းကောင်း၊ ထိုမှ နဂါးရစ်တော်သမိုင်းစာပြုစုသော အရှင်ဇောတိပါလစာအုပ်မှ လည်းကောင်း ကိုးကားထားပါသည်။

ထိုဝိဇ္ဇာပုဂ္ဂိုလ်ကြီးများအကြောင်းကို စာရေးသူအား ရေးသားပေးပါရန် အမျိုးမျိုးတောင်းဆိုထားပါသော အနယ်နယ်အရပ်ရပ်မှ ချစ်စွာသော စာဖတ်ပရိသတ်အား အထူးတင်ပြအပ်ပါသည်။

ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ၏ အကြောင်းကို စာဖတ်သူတို့ ခြားနားစွာသိရန် မိမိ ရေးသားအပ်ပါသည်။

ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ် (၅) မျိုးရှိပါသည်။

၎င်း (၅) မျိုးမှာ -

၁။ ဗေဒဝိဇ္ဇာ၊
၂။ မန္တဝိဇ္ဇာ၊
၃။ ဂန္ဓာရီဝိဇ္ဇာ၊
၄။ လောကီယဝိဇ္ဇာ၊
၅။ အရိယဝိဇ္ဇာဟူ

(၅) မျိုး (၅) ပြားရှိပါသည်။

ထို (၅) မျိုးထဲမှ -

၁။ ဗေဒင်သုံးပုံ၊ ဗေဒင်လေးပုံ၊ ကျမ်းအစုံကို အာဂုံမိမိ တစ်ဖက်ကမ်းအရောက် ပေါက်မြောက်သောသူကို ဗေဒဝိဇ္ဇာဟု ခေါ်သည်။

၂။ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်းအိုင်၊ လက်ဖွဲ့၊ ခါးလှည့်၊ မန္တန်နှင့်တကွ အမျိုးမျိုးသောလက္ခဏာကျမ်း၊ အမျိုးမျိုးသော နိမိတ်ကျမ်း စသော လောကီအတတ်ပညာတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်သောသူကို မန္တဝိဇ္ဇာဟု ခေါ်သည်။

အထက်ပါ ဝိဇ္ဇာနှစ်မျိုးသည် ကမ္မဝယတနသိပ္ပံ၊ ယဘာနဝိဇ္ဇာဌာနေသုဟူသော ဉာဏဝိဘင်းပါဠိတော်လာသည့်အတိုင်းပင် ဖြစ်ပေသည်။

၃။ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူ၍ ဝိဇ္ဇာဓရကျမ်း၌လာသော ဓနသိဒ္ဓိ၊ ဝီယသိဒ္ဓိ၊ စိန္တာ•ယသိဒ္ဓိမျိုး၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ်သိကြားတို့၏ တန်ခိုး၊ အဘိညာဉ်တန်ခိုးနှင့် အလားတူ တတ်စွမ်းနိုင်သော ဝိဇ္ဇာမျိုးဟူသမျှသည် ဂန္ဓာရီဝိဇ္ဇာဟု ခေါ်ပေသည်။

ဤဂန္ဓာရဝိဇ္ဇာလမ်းကို အားထုတ်လိုကြသော သူမြတ်သည် ရတနာသုံးပါး၏ဂုဏ်ကို မိမိကိုယ်၌အမြဲထုံစေလျက် တန်ခိုးကြီးသော တောစောင့်နတ်၊



# မနှင်းပွင့် (ပြည်)

## အဘအောင်မင်းခေါင်သည် မည်သည့်ဝိဇ္ဇာအမျိုးတွင်ပါဝင်သနည်းနှင့် ဝိဇ္ဇာတို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com






တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ ပဗ္ဗတစိုးနတ်တို့ကို လည်းကောင်း၊ မန္တရား၊ အင်းအိုင်မျိုးကို အုပ်စိုးသော ဝိဇ္ဇာဒေဝနတ်တို့ကို လည်းကောင်း၊ သိုက်သမိုင်း ဆေးပင်မျိုး ကျောက်ဓာတ်တို့ကို အုပ်စိုးသော ဩသဓိဒေဝနတ်တို့ကို လည်းကောင်း ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းဝင်လေးမြတ်အောင် မိတ်သဟာယပြု၍ထားနိုင်ပါမှ မိမိ၏ အကြံအစည်ထမြောက်အောင်မြင်ရာဟု ဝိဇ္ဇာဝင်သမိုင်းမှ ဆိုထားပါသည်။

မှတ်ချက် - ဤဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကမ္မဇိဒ္ဓိတန်ခိုးကို လွှမ်းမိုးနိုင်ပါသောကြောင့် တချို့နတ်တို့၏ မနာလိုရှိတတ်ပါသည်။ တစ်ခါတစ်ရံ ဤဂန္ဓာရီဝိဇ္ဇာကျင့်သူကို အသက်အန္တရာယ်ဖြစ်လေအောင် နှောင့်ယှက်ဖျက်ဆီးတတ်ပေသည်။ ရသာယနဓာတ်ပြာဆေးကို ပေါက်ရောက်ဖော်ပြီးပါက အသက်ကို ရှည်မြင့်စွာသော ကာလပတ်လုံး တည်တံ့စေခြင်းငှာ စွမ်းဆောင်နိုင်ပေသည်။

၄။ လောကီယဝိဇ္ဇာ ဆိုသည်မှာကား သာသနာပအခါကာလ၌ ရသေ့ဆရာကြီးတို့သည် ကသိုဏ်း၊ ဈာန်တို့ကို ရရှိပြီး ၎င်းတို့အားထုတ်၍ရအပ်သော ဒိဗ္ဗစက္ခု၊ ဣဒ္ဓိဝိဓအဘိညာ၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မူပဂ၊ အနာဂတံသ၊ အဘိညာ ဟူသော အဘိညာဉ်ဝိဇ္ဇာမျိုးကို ဆိုသည်ဟု ထိုစာအုပ်မှ စာရေးသူသည် မှတ်တမ်းများအရ တင်ပြရပါသည်။ ထို့အပြင် ထိုလောကီအဘိညာဉ်ဝိဇ္ဇာတို့သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့နှင့် ဆက်ဆံကုန်၏။ ဘုရားတရားကိုလည်း အထူးယုံကြည်လေးစားကြကုန်၏။

၅။ အရိယာဝိဇ္ဇာဆိုသည်ကား ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့ကို ယထာဘူတ ကျနန မှန်ကန်စွာ သိမြင်ပေါက်ရောက်၍ မဂ္ဂဉာဏ်လေးယောက်၊ ဖလဉာဏ်လေး ယောက်ဟုဆိုသော ရှစ်ယောက်သော ပုဂ္ဂိုလ်တို့ကို အရိယာဝိဇ္ဇာဟု ခေါ်ပါသည်။

ဤသို့အားဖြင့်လည်း လယ်တီဆရာတော်ဘုရားရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ ငါးပါးသော ဝိဇ္ဇာအပြားကို ခွဲခြားရှင်းလင်း၍ ပြထားပါသည်။

ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကြီးတွင် ဖော်ပြထားသည်မှာ ဂန္ဓာရီဝိဇ္ဇာသည် စူဠဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာဟူ၍ နှစ်မျိုးနှစ်စားရှိကြပြန်ပါသည်။ ထိုနှစ်မျိုးထဲမှ စူဠဂန္ဓာရီဝိဇ္ဇာသည် မိမိတို့ရရှိထားသော တတ်မြောက်အပ်သော အတတ်ပညာဖြင့် သူတစ်ပါးအား နှိပ်စက်ညှဉ်းပန်း၍ အနိုင်အထက်ကျင့်ခြင်း၊ သူတစ်ပါး၏ သားမယားအိုးအိမ်ရာကို ပြစ်မှားကျူးလွန်ခြင်း စသော မကောင်းမှုတို့ကို ပြုမူအားထုတ်တတ်လေသည်။

တစ်ခါက ဟာရာဏသီဘုရင်ကြီး၏ မိဖုရားကြီးကို ညဉ့်သန်းခေါင်းယံအချိန်၌ဝင်၍ ကြာခိုပြစ်မှားသော ဝါယုပက္ကဝိဇ္ဇာမျိုး၊ တာနေဒယက္ခဘီလူး၏ ကြင်ရာတော်မင်းသမီးအား ကြုတ်အတွင်းသို့ ဖွတ်အတင်းဝင်ကာ ကြာခိုသော အင်မည်သောဝိဇ္ဇာမျိုးကို စူဠဂန္ဓာရီဝိဇ္ဇာဟူ၍ ခေါ်ဆိုပါသည်။

မိမိနှင့်တကွ လူအများသိနေကြသောအဘအောင်မင်းခေါင်သည် မဟာဂန္ဓာရီသမဏဝိဇ္ဇာမျိုးနှင့် အရိယာဝိဇ္ဇာမျိုးသာ ဖြစ်ပါသည်။

ယခုခေတ်သည်ကား တေဝိဇ္ဇာရဟန္တာခေတ် ဖြစ်ပေသည်။ ထို့ကြောင့်လည်း အချို့သူများသည် အရိယာဝိဇ္ဇာပုဂ္ဂိုလ်များမရှိဟု တထစ်ချ မှတ်ယူ၍ထားကြပေသည်။

ဘုရားရှင်သခင်ကိုယ်တော်မြတ်ကြီးသည် ဟောကြားသော၊ နည်းလမ်းပြထားသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟုဆိုအပ်သော အဆုံးအမ ဒေသနာတော် မကွယ်ပျောက်သမျှကာလပတ်လုံး သောတာပန်၊ သကဒါဂါမ် စသော အရိယာပုဂ္ဂိုလ်များ မဆိတ်သုဉ်းပေ။ ယခုခေတ်သည် တေဝိဇ္ဇာရဟန္တာခေတ်ဖြစ်၍ အရိယာပုဂ္ဂိုလ်များရှိသင့်ရှိထိုက်ရှိအပ်သောခေတ်ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါသည်။

www.burmeseclassic.com



၂၀၀၅ ခုနှစ် ပွင့်လင်းရာသီ နေ့တစ်နေ့ရဲ့ အရုဏ်ဦးအချိန် အရှေ့အရပ်မှ ရောင်နီဦးတို့ယှက်သန်းလာသည်။ မကြာမီ နေမင်းကြီး တိမ်ညိုတိမ်တိုက်တွေကြားက မိုးကောင်းကင်သို့ ထိုးဖောက်၍ တစ်စထက်တစ်စ မြင့်တက်လာတော့မည်။ တစ်နေ့တာ ကုန်ဆုံးခါနီးအချိန် အနောက်ဘက် မိုးကုပ်စက်ဝိုင်းကြီးထဲ ငုပ်လျှိုးပျောက်ကွယ်သွားပေဦးမည်။ အမှောင်နှင့် အလင်း၊ အပူနှင့် အအေး၊ ဒုက္ခနှင့် သုခ၊ ဓမ္မနှင့် အဓမ္မ ဆန့်ကျင်ဘက်နိယာမတို့ကို လူသားအားလုံး မလွဲမရှောင်သာ ရင်ဆိုင်ရမြဲ၊ တွေ့ကြုံရမြဲ။ တစ်နွေလုံး ပူပြင်းသော ရာသီဥတုဒဏ်ကို အလူးအလဲခံခဲ့ရပြီး နွေရာသီသည် တစ်နှစ်ထက်တစ်နှစ် ပိုပူလာသလိုခံစားနေရသည်။ မေလရက် ၂၀ ကျော်လောက်မှာမှ မုတ်သုံလေစတင်ဝင်ရောက်လာသဖြင့် မိုးအနည်းငယ်ရွာသွန်းစပြုလာပြီ။ ယခုမှ အပူဒဏ်သက်သာသွားသလိုရှိသည်။ တောင်ယာသမားတို့ ပဲမျိုးစုံစိုက်ရန် ထွန်းရေးငင်နေကြပြီး ရာသီစက်ဝန်းတို့က နွေ၊ မိုး၊ ဆောင်းမှန်မှန် လည်ပတ်လျက်ရှိသည်။

လူသားအားလုံးကတော့ ဘဝဝမ်းရေးအတွက် မိုးကောင်းကင်ကြီးရဲ့ တစ်မိုးအောက်မှာ ရုန်းကန်လှုပ်ရှားလျက်။ ဒါပေမယ့် တစ်ယောက်နှင့်တစ်ယောက် စိတ်ဓာတ်မတူ၊ ဝမ်းစာရှာဖွေနေကြတာချင်းလည်း မတူညီကြ။ ဘဝမျိုးစုံအဖြစ်မျိုးစုံလှသည်။ ပူပြင်းသောရာသီ၊ အလုပ်တာဝန်များပြားမှုကြောင့် အိပ်ရေးပျက်ခဲ့တဲ့ညတွေများလှသည်။ ခုမှ မိုးစက်ကလေးတွေနှင့်အတူ လေနုအေးလေးတွေဝင်ရောက်လာလို့ ပတ်ဝန်းကျင်အားလုံး စိမ်းလန်းလာသလို စိတ်တွေလည်း ပေါ့ပါးလန်းဆန်းလာသည်။

"ကလင် ကလင် ကလင်"

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ပြည်သူ့ဝန်ထမ်းတစ်ဦး ရဲမှူးဇော်မိုး ဖုန်းသံကြောင့် လန့်နိုးလာပြီး ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို အမိန့်ရှိပါ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးပါ"

"ဟဲလို . . . ကျွန်တော်သရက်မြို့နယ်မှူး တင်ထွန်းပါ။ ညက သရက်မြို့မရပ်ကွက် ရတီရွှေဆိုင်ကို ဖောက်ထွင်းသွားလို့ပါ။ သိန်းသုံးရာဖိုးလောက်ပါသွားပါတယ်"

ရဲမှူးဇော်မိုးစိတ်ညစ်သွားသည်။ မိမိနယ်မြေထဲမှာ ခုတစ်လော ဖောက်ထွင်းမှုတွေ ဆက်တိုက်ဆိုသလိုဖြစ်နေသည်။ မြို့နယ်မှူး အပြည့်အစုံ တင်ပြချက်အရ ဖောက်ထွင်းမှုအားလုံးက ဖြစ်စဉ်တူညီနေသလိုရှိသည်။ ယခုဖြစ်စဉ်တွင်လည်း ဖောက်ထွင်းသမားသည် အိမ်နောက်ဘက် တံခါးမကြီးအထက်က သံဆန်ခါကို ကတ်ကြေးနှင့်ဖြတ်သည်။ တံခါးမင်းတုပ်ဖြုတ်သည်။ အိမ်မကြီးအောက်ထပ် ဧည့်ခန်းသို့ဝင်သော သော့ခလောက်ကိုဖျက်သည်။ ဧည့်ခန်းထဲဝင်လာပြီး ဧည့်ခန်းထဲ၌ထားသော Show Case ထဲမှ ရွှေငွေများယူသွားသည်။ ထူးဆန်းတာက ရွှေငွေအားလုံးမယူ တစ်ဝက်ခန့်ချန်ထားခဲ့သည်။ အိမ်နောက်ဘက် တံခါးမကြီးအနီး၌ မစင်ပုံတစ်ပုံတွေ့ရသည်။ ဖောက်ထွင်းသမား



www.burmeseclassic.com

www.burmeseclassic.com



(ရွှေမိုးညို)

# မောင်စိန်ဝင်း

# ကျားကြီးသောင်းမြင့်နဲ့ ပိုလီယိုအချစ်

ဥဒေါင်း
သူရဿမဂ္ဂဇင်း
၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ အတွဲ(၁၅)အမှတ်(၁)

www.burmeseclassic.com

www.burmeseclassic.com

အတင့်ရဲသထက်ရဲလာလို့ တရားဥပဒေစိုးမိုးရေးကို ပိုမိုထိခိုက်လာနိုင်သည်။ မှုခင်းများကို မရမနေဖော်ထုတ်မှရမည်ဟု စဉ်းစားရင်း ရဲမှူးဇော်မိုး -

"မြို့နယ်မှူး၊ ကျွန်တော်ခုချက်ချင်း အခင်းဖြစ်အရပ်ကိုလာခဲ့မယ်စောင့်နေပါ။ အားလုံးခြေရာလက်ရာမပျက်ထိန်းသိမ်းထားပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မြို့နယ်မှူး ဖုန်းချသွားသည်။ ရဲမှူးဇော်မိုး လိုအပ်သည်များ ပြင်ဆင်ပြီး အခင်းဖြစ်အရပ်သို့ ချက်ချင်းထွက်ခွာလာခဲ့သည်။

(၂)

ရဲမှူးဇော်မိုးက ရဲအရာရှိစစ်စစ်တစ်ဦး။ မှုခင်းဖြစ်ရပ်ကို ချက်ချင်းရောက်ရှိခြင်းဖြင့် အမှုမှသဲလွန်စများကို အချိန်မီရရှိခြင်း၊ သက်သေများ ပြင်ပ ပယောဂမဝင်မီ မှန်ကန်စွာ ထွက်ဆိုတတ်ကြ၍ အမှုမှန်ကို ဖော်ထုတ်နိုင်ခြင်း စသည့် များစွာသော အကျိုးကျေးဇူးများ ရတတ်သည်ကို သင်တန်း၌ သင်ကြားခဲ့ရသလို ကိုယ်တွေ့အတွေ့အကြုံများလည်း ရှိခဲ့သည်။ ယခုအခင်းဖြစ်ရပ်နေရာရောက်တော့ မြို့နယ်မှူး တင်ပြထားသော အချက်အလက်အားလုံး မှန်ကန်နေသည်။ မြို့နယ်မှူးနှင့်အတူ စခန်းမှူး ရဲအုပ်အေးလွင်ကို အသင့်တွေ့ရသည်။ ထပ်မံ ထူးခြားစွာ တွေ့လိုက်ရတာက ဖောက်ထွင်းသမားသည် Show Case ကိုဖြုတ်၍ ရွှေနှင့်ငွေတွေယူစဉ် မှန်ချပ်များ၌ လက်ဗွေရာများ ထင်ရှားစွာ စွန်းထင်းကျန်နေခဲ့ခြင်း ဖြစ်သည်။

လက်ဗွေများသည် မာကျောသောအရာဝတ္ထုများထက် မျက်နှာပြင်ပြောင်ချောသောနေရာများတွင် ပိုမိုစွန်းထင်းတတ်သည်။ခိုင်မာအားကောင်းလှသော သက်မဲ့သက်သေခံချက်တစ်ခုတော့တွေ့နေရပြီ။ လက်ဗွေကိုရအောင်ဖော်ရမည်။ လက်ဗွေကို ဒီအတိုင်းဖော်လို့မရ။ မှန်ချပ်ပေါ်တွင် နိုင်ငံခြားမှလာသော သီးသန့်ထုတ်လုပ်ထားသည့် လက်ဗွေဖော်ပေါင်ဒါမှုန့်ပါးပါးကလေး မှန်ချပ်ပေါ်ဖြူးပေးရသည်။ ၎င်းနောက် သီးခြားထုတ်လုပ်ထားသော ဝက်မှင်ဘီးလေးဖြင့် ပါးပါးကလေးဖြီးပေးရသည်။ ပါးစပ်မှ လေပါးပါးလေးမှုတ်လိုက်တော့ လက်ပုံစံလေးများပေါ်လာ၏။ ပေါ်လာသောလက်ပုံစံကို စွမ်းအားမြင့်သီးခြား မှန်ဘီလူးကင်မရာတွင် တပ်ဆင်ပြီး သုံးချောင်းထောက်ချိန်စင် (Tri Pod) ဖြင့် အနီးကပ်ပုံ (Close up view) ရိုက်ယူရသည်။ များသောအားဖြင့် မြို့နယ်ရဲစခန်းများတွင် လက်ပုံစံဖော် ခေတ်မီပစ္စည်းကိရိယာများ မပြည့်မစုံရှိတတ်ကြသည်။ သရက်ရဲစခန်း၌ ကံအားလျော်စွာရှိနေတာတွေ့ရသည်။

အလျဉ်းသင့်၍ ဗဟုသုတအလို့ငှာ လက်ဗွေအကြောင်း တင်ပြပါမည်။ ကမ္ဘာပေါ်တွင် နိုင်ငံများစွာ၊ လူမျိုးပေါင်းများစွာ၊ လူဦးရေသန်းပေါင်းများစွာရှိကြသည်။ မိခင်တစ်ဦးတည်းမှ မွေးဖွားလာသော အမြွှာညီအစ်ကို၊ အမြွှာညီအစ်မ၊ ဆံပင်မှသည် ခြေသည်းလက်သည်းထိ မိခင်ရင်းကိုယ်တိုင်ခွဲမရလောက်အောင် တစ်ထပ်တည်းတူချင်တူမည်။ လက်ဗွေကတော့မတူပါ။ တိကျစွာဆိုရလျှင် ကမ္ဘာပေါ်တွင် လက်ဗွေတစ်ထပ်တည်းတူညီသည့် လူသားနှစ်ဦးမရှိပါ။ ဤသည်မှာ လက်ဗွေ၏ ထူးခြားချက်ဖြစ်သည်။ လက်ဗွေတွင် ဗွေတဲ၊ ကုန်းဗွေ၊ ခရုပတ်ဗွေ စသည်ရှိရာ ရာဇဝတ်ကြီးဥပဒေ (ပြစ်မှုဆိုင်ရာဥပဒေ) အခန်း (၁၂)၊ အခန်း (၁၇) ကျူးလွန်သူများကို ပြစ်ဒဏ်ကျခံရပြီးနောက် လက်ပုံစံနှိပ်၍ အပြစ်ကျကတ်များရေးဖွင့်သက်ဆိုင်ရာများ၌ မှတ်တမ်းထိန်းစနစ်ထားရှိသည်။ မှုခင်းများဖော်ထုတ်ရာတွင် များစွာအထောက်အကူဖြစ်စေသည်။

အမှုတိုင်းကို လက်ပုံစံမရယူဘဲ အခန်း (၁၂) တံဆိပ်ခေါင်း၊ ဒင်္ဂါးငွေကြေးအတုပြုလုပ်သူများနှင့် အခန်း (၇) ခိုးမှု၊ လုယက်မှု၊ ဓားပြမှု စသည့် အကျင့်စာရိတ္တနှင့်ဆိုင်သည့်ပစ္စည်းကို ထိခိုက်နစ်နာစေသော မှုခင်းများကိုသာ မှတ်တမ်းထိန်းထားခြင်း ဖြစ်သည်။ ရာဇဝတ်မှုများ၏သဘောတွင် လူသစ်ထက်လူဟောင်းများက ၎င်းတို့၏အမှုအကျင့်အတိုင်း ပြစ်မှုများကို ပြန်လည်ကျူးလွန်တတ်တာ အများဆုံးတွေ့ရှိရသည်။ ရဲမှူးဇော်မိုး အိမ်ရှင်နှင့် သက်သေအချို့ကို စစ်မေးပြီးနောက် -

"ကဲ - စခန်းမှူးရေ၊ လက်ဗွေမှတ်တမ်းတွေ စနစ်တကျရအောင်ယူပေတော့"

စခန်းမှူး ရဲအုပ်အေးလွင်အား မှန်ချပ်များပေါ်တွင် စွန်းထင်းနေသော လက်ဗွေများကို စနစ်တကျ ရယူစေသည်။ လက်ပုံစံများမပျက်ရန် သေသပ်စွာ စနစ်တကျထုပ်ပိုးသည်။ ၎င်းနောက် ရန်ကုန်မြို့ အင်းစိန်မှုခင်းတပ်ဖွဲ့ C.I.D လက်ပုံစံဌာနသို့ လူဆိုးမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပေးပါရန် လူလွှတ်ပေးပို့လိုက်သည်။ အင်းစိန်မှုခင်းတပ်ဖွဲ့၌ လက်ပုံစံများကို ပုံကြီးချဲ့သော ခေတ်မီစက်ကြီးများရှိသည်။ ရဲမှူးဇော်မိုး အခင်းဖြစ်နေရာကို သေချာစွာ ထပ်မံကြည့်ရှုစစ်ဆေးပြန်သည်။ ဖောက်ထွင်းသမားက ကတ်ကြေးအသုံးပြုသွားတာသေချာသည်။ ဘာလို့ငွေနှင့်ရွှေထည်ပစ္စည်းအားလုံးယူမသွားရတာလဲ။ မစင်ပုံက ဘာကြောင့်တွေ့နေရတာလဲ။ အိပ်မွေ့ချသွားတာများလား။ လားပေါင်းများစွာ၊ အတွေးပေါင်းများစွာဖြင့် ခရိုင်ရုံးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

(၃)

သရက်ခရိုင်ထဲက မင်းတုန်းအောင်လံမြို့နယ်တွင်းမှ ယခုလိုဖောက်ထွင်းမှုတွေ ဆက်တိုက်ဆိုသလိုဖြစ်နေသည်။ အဖောက်ခံရသည့် အိမ်များက ရွှေဆိုင်နှင့် ပိုက်ဆံချမ်းသာသူများ၊ နောက်ဖေးဘက်က ဝင်ရောက်ခြင်း၊ သံဆန်ခါကို ကတ်ကြေးနှင့်ဖြတ်ခြင်း၊ ပစ္စည်းများကိုတစ်ဝက်သာယူသွားခြင်း၊ မစင်ပုံတွေ့ရှိရခြင်း စသည့်အချက်များက အတော် ထူးဆန်းနေသည်။ ဘာပဲဖြစ်ဖြစ် ရဲတပ်ဖွဲ့၏လုပ်ငန်းစဉ်ကုန်စင်အောင်တော့လုပ်ရမည်။ ဖောက်ထွင်းသမားနောက်ပါသွားသော ရွှေထည်ပစ္စည်းများ၏ အမျိုးအစားပုံသဏ္ဌာန်၊ အမှတ်အသား၊ အလေးချိန်၊ မှုခင်းဖြစ်စဉ် ထူးခြားချက်များ ပါဝင်သည့် ပစ္စည်းပျောက်ကြော်ငြာများကို ပြည်နယ်တိုင်း ရဲစခန်းအသီးသီးသို့ ကူညီစုံစမ်းဖော်ထုတ်ပေးပါရန်ပေးပို့လိုက်သည်။

ခရိုင်ရုံးရှိ မှုခင်းမှတ်တမ်းဌာန၌ ရှိသော အပြစ်ကျကတ်များကို ပြန်လည်ရှာဖွေစီစဉ်သည်။ အပြစ်ကျကတ်များ၌ လူဆိုးများ ကျူးလွန်တတ်သော ပြစ်မှု အမျိုးအစားအလိုက်၊ လူဆိုး၏အမည် အက္ခရာအစဉ်လိုက် အရောင်များဖြင့် မှတ်တမ်းတင် ထိန်းသိမ်းထားရှိသည်။ 'စိမ်းဆယ်၊ ပြာဆိုး၊ နီမျိုးဓားပြ၊ ဝါတား ဖောက်ထွင်း၊ ညိုခြင်းနွားမှာ မည်းမှာ လက်ခံ၊ ဖြူပြန်သဘော' ဟူ၍မှတ်သား လွယ်ကူအောင် လင်္ကာလေးပြုလုပ်ထား သည်။ အကျဉ်းအားဖြင့် အနီရောင် ကတ်ဆိုလျှင် ဓားပြတိုက်တတ်သော လူဆိုး၊ အဝါရောင်ဆိုလျှင် ဖောက်ထွင်း သမား၊ အမည်းရောင်ဆို ဒုစရိုက်မှုများ ရရှိလာသောပစ္စည်းများကို လက်ခံ

www.burmeseclassic.com

ထုခွဲရောင်းချပေးလေ့ရှိသူ၊ အညိုရောင်ဆို နှုတ်ခမ်းမွှေးတက်သူ စသည်ဖြင့် လူဆိုးအကြောင်းကိုသိမှ လူဆိုးနောက်လိုက်၍ရမည်။ လူဆိုးအကြောင်းမသိဘဲ လူဆိုးနောက်လိုက်နေလျှင် ပင်လယ်ထဲလက်ပစ်ကူးသလိုဖြစ်မည်။ အလွန်ကောင်းမွန်သောစနစ်တစ်ခုဖြစ်သည်။

ယခုဖောက်ထွင်းမှုများဆိုတော့ အဝါရောင်ကတ်များကိုကြည့်ရပေမည်။ ခရိုင်ရုံးမှတ်တမ်းထိန်းဌာန၌ ထိန်းသိမ်းထားသော အဝါရောင်လူဆိုးကတ်များကို ခွဲထုတ်ပြီးစိစစ်သည်။ သံဆန်ခါကို ကတ်ကြေးနှင့်ဖြတ်ပြီးဖောက်ထွင်းတတ်တာ ဘယ်သူတွေရှိခဲ့သလဲ။ ဖောက်ထွင်းမှုနှင့် အပြစ်ကျခဲ့တဲ့သူတွေတွေ့ရပေမယ့် ကတ်ကြေးသမားတစ်ယောက်မျှ မတွေ့ရှိရ။ မကွေးတိုင်းဒေသကြီး မကွေးခရိုင်၊ ပခုက္ကူခရိုင်နှင့် မန္တလေးတိုင်းဒေသကြီး မြို့နယ်များမှာ အလားတူ ဖောက်ထွင်းမှုဖြစ်စဉ်တွေ ဆက်တိုက်ဆိုသလို ဖြစ်ပွားလာသည်။ ရဲစခန်းများအချင်းချင်းဆက်သွယ်သောပစ္စည်းများ၊ ကြော်ငြာများ ရောက်ရှိလာကြသည်။ ထူးဆန်းလှသော ဖောက်ထွင်းဝိဇ္ဇာကို မန္တလေးတိုင်းဒေသကြီး မြန်မာပြည်အထက်ပိုင်း မှုခင်းတပ်ဖွဲ့ C.I.D နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖော်ထုတ်ရန်အတွက် မြန်မာပြည်အထက်ပိုင်းမှုခင်းတပ်ဖွဲ့မှ ဒု-ရဲမှူး မိုးဝေဦးစီးသော အထူးအဖွဲ့တစ်ဖွဲ့ သရက်မြို့သို့ရောက်ရှိလာပြီး မကွေးမြို့သို့ဆက်လက်ထွက်ခွာသွားသည်။

(၄)

မကွေးတိုင်းရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများအားလုံး အရေးပေါ်အစည်းအဝေးခေါ်၍ ရောက်ရှိနေကြသည်။ မှုခင်းတပ်ဖွဲ့မှ ဒု-ရဲမှူးမိုးဝေနှင့်အဖွဲ့လည်းရောက်ရှိနေသည်။

တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက -

"အခုတစ်လော မကွေးတိုင်း၊ မန္တလေးတိုင်းမှာ ဖောက်ထွင်းမှုတွေ ဆက်တိုက်ဖြစ်ပွားနေတာ အားလုံးအသိပဲ။ မှုခင်းဖြစ်စဉ်နဲ့ ထူးခြားချက်တွေ သိပြီးဖြစ်တယ်။ ဖောက်ထွင်းရေးသမားဟာ ကတ်ကြေးအသုံးပြုတတ်တဲ့အလေ့အထရှိတာကြောင့် ကျွန်တော်တို့မှုခင်းမှတ်တမ်းကတ်တွေ ပြန်စစ်တဲ့အခါမှာ ရေနံချောင်းမြို့နယ်မှာ ကတ်ကြေးအသုံးပြုခဲ့တဲ့ ဖောက်ထွင်းမှုတစ်မှုရှိခဲ့တယ်။ ခြေရာလက်ရာတအစ အားလုံးတူညီနေတယ်။ လူဆိုးအမည်က သောင်းမြင့်။ ဖြစ်မှုနဲ့ မန္တလေးမှာ ထောင်ကျသွားပြီး နှစ်စေ့လို့ လွတ်မြောက်သွားတယ်လို့ သိရတယ်။ သောင်းမြင့်ရဲ့ ကိုယ်ပုံသဏ္ဌာန်၊ ထင်ရှားတဲ့ အမှတ်အသားမှုခင်းဖြစ်စဉ်၊ ကျူးလွန်တတ်တဲ့အလေ့အထ၊ ဓာတ်ပုံမှတ်တမ်းတွေပါ ကျွန်တော်တို့ရထားတယ်။ မိတ္တူဆွဲပြီး အားလုံးကိုဖြန့်ဝေပေးထားပါတယ်။ သောင်းမြင့်ရဲ့ဓာတ်ပုံကို အသုံးပြုပြီး မိမိနယ်မြေထဲမှာ ရှိ မရှိနဲ့ ထူးခြားမှုတွေကို စုံစမ်းတင်ပြရန်ဖြစ်ပါတယ်။ မရှင်းတာများ တင်ပြနိုင်ပါတယ်"

ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်မှူးများမှ တင်ပြရန်ရှိသည်များကို တင်ပြကြပြီး အရေးပေါ်အစည်းဝေး ပြီးဆုံးသွားသည်။ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုး သရက်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

(၅)

ရဲမှူးဇော်မိုး သရက်မြို့ ရတီရွှေဆိုင်အဖောက်ခံရစဉ်က သက်သေများ၏ ထွက်ဆိုချက်ကို ပြန်လည်စဉ်းစားနေသည်။ အခင်းဖြစ် ညဉ့်သန်းခေါင်ကျော်ချိန်တွင် မော်တော်ဆိုင်ကယ်အသံများကြားနေရကြောင်း သက်သေများထွက်ဆိုချက်ရှိသည်။ဒီလိုဆိုလျှင် ဖောက်ထွင်းသမားက အဝေးတစ်နေရာမှ ဆိုင်ကယ်နှင့်လာခဲ့တာဖြစ်မည်။ ဆိုင်ကယ်နှင့်လာခဲ့လျှင် ရောဝတီမြစ်ကြီးခြားနေသည့် အရှေ့ဘက်ကမ်း အောင်လံမြို့ကလာတာမဖြစ်နိုင်၊ အနောက်ဘက်ကမ်း သရက်နှင့် မိုင် (၄၀) ခန့်ကွာဝေးသည့် မင်းတုန်း-သရက်ကားလမ်းအတိုင်းလာတာဖြစ်ရမည်။ ဟုတ်ပြီ။ တိုင်းရဲတပ်ဖွဲ့မှူးချပြလိုက်သည့် ဖောက်ထွင်းသမား သောင်းမြင့်ဓာတ်ပုံကို သရက်-မင်းတုန်းကားလမ်းတစ်လျှောက်ရှိသော ရွာတွေ၊ စားသောက်ဆိုင်တွေကိုပြကြည့်ရမည်။

ရဲမှူးဇော်မိုး ခရိုင်ရုံး ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ကိုခေါ်ပြီး သရက်-မင်းတုန်းကားလမ်းတစ်လျှောက်ရှိ ပိတောက်ပင်၊ ရေမျက်၊ ကျောက်ကြီး၊ အလယ်ချောင်းစသည့် ရွာများသို့ ရောက်ရှိလာသည်။ ပုသိမ်-မုံရွာ အဝေးပြေးကားလမ်းမကြီးသည် မင်းတုန်းမြို့အနီးမှ ဖြတ်သည်။ မင်းတုန်းမြို့အနီး ညောင်ကြပ်ရွာမှ အရှေ့သို့ချိုးပြီး ကားနှင့်မောင်းလျှင် မိုင် (၄၀) ကျော်ခန့်မှာ သရက်မြို့သို့ရောက်ရှိသည်။ သရက် - မင်းတုန်းကားလမ်းတစ်လျှောက် အလယ်ချောင်းရွာသည် အစည်ကားဆုံးဖြစ်သည်။ ရဲစခန်း၊ အလယ်တန်းကျောင်း၊ ဆေးပေးခန်းများရှိသည်။ အလယ်ချောင်းရွာတွင် စားသောက်ဆိုင်များရှိ၍ မော်တော်ကား၊ ဆိုင်ကယ်သမားများ တစ်ထောက်ရပ်နားစားသောက်လေ့ရှိသည်။ ရဲမှူးဇော်မိုးနှင့်အဖွဲ့ ကားလမ်းတစ်လျှောက်ရွာများတွင် သောင်းမြင့်၏ ဓာတ်ပုံကိုပြကြည့်သည်။ သတင်းထူးမရ။ အလယ်ချောင်းရွာရောက်လာပြီး ခင်မင်ရင်းနှီးစွဲရှိသော 'သိန်း' စားသောက်ဆိုင်ပိုင်ရှင် ဦးသိန်းကို အသင့်တွေ့ရသည်။

ရဲမှူးဇော်မိုး -

"ဗိုလ်ကြီး ဦးသိန်း၊ နေကောင်းရဲ့လား၊ ဈေးရောင်းကောင်းရဲ့လား၊ ကျွန်တော်လည်း ဒီဘက်မရောက်တာကြာသွားပြီ"

"နေကောင်းပါတယ် ဗိုလ်ကြီး၊ ဈေးရောင်းကောင်းပါတယ်။ ဒါထက် ဗိုလ်ကြီးတို့ဘယ်သွားကြမလို့လဲ။ တစ်ခုခုသုံးဆောင်ပါဦး"

"မစားတော့ပါဘူးဗျာ ကျေးဇူးတင်ပါတယ်။ ဒါထက် ဦးသိန်းကို အကူအညီတစ်ခုတောင်းချင်ပါတယ်"

ရဲမှူးဇော်မိုး နှုတ်ဆက်စကားဆိုရင်း အကူအညီတောင်းလိုက်သည်။ ဒီဘက်နယ်တွေက ရဲအရာရှိများကို ဗိုလ်ကြီးဟုခေါ်သောဓလေ့ရှိသည်။ ရဲမှူးဇော်မိုး ဦးသိန်းကို ဆိုင်အတွင်းမှ လက်တို့ခေါ်ခဲ့ပြီး ကားလမ်းဘေးချောင်ကျသောတစ်နေရာတွင် ဖောက်ထွင်းသမား သောင်းမြင့်၏ဓာတ်ပုံကို ထုတ်ပြလိုက်သည်။

"ဒီဓာတ်ပုံထဲကလူကိုမြင်ဖူးလား"

ဦးသိန်းတွေဝေသလို စဉ်းစားနေရာက မှတ်မိသွားဟန်ဖြင့် -

"ဗိုလ်ကြီး၊ ကျွန်တော်ကောင်းကောင်းမှတ်မိပြီ။ ဒီလူ လွန်ခဲ့တဲ့ တစ်လလောက်က နေဝင်ခါနီးအချိန် ကျွန်တော့်ဆိုင်ကို ဆိုင်ကယ်နဲ့ရောက်လာပြီး စားသောက်သွားတယ်"

"ဘယ်အရွယ်လောက်ရှိလဲ၊ ကိုယ်လုံးကိုယ်ပေါက်ကကော"

"အသက် (၄၅) လောက်၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်၊ အရပ်မြင့်တယ်။ (၅) ပေ (၈) လက်မလောက်ရှိမယ်"

"ဒီပြင်ဘာထူးခြားတာရှိလဲ"

"ထူးခြားတယ် ဗိုလ်ကြီး၊ အဲဒီထူးခြားမှုကြောင့်မှတ်မိတာ။ ဒီလူနဲ့အတူ အသက် (၁၀) နှစ်လောက် ကောင်ကလေး

www.burmeseclassic.com

လေးတစ်ယောက်ပါတယ်။ ကလေးက သူနဲ့ဘာတော်လဲမသိဘူး။ အတော်ချစ်ပုံရတယ်။ အဲဒီကလေးက လမ်းကောင်းကောင်းမလျှောက်နိုင်ဘူး၊ လမ်းသွားရင် လိမ်ဖယ်လိမ်ဖယ်နဲ့ ပိုလီယိုစွဲနေသလားမသိဘူး"

"ဟုတ်ပြီ ဦးသိန်းရေ၊ အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ထပ် သတင်းထူးလေးများရရင် ပြောပါဦး။ ကျန်းမာချမ်းသာပါစေဗျာ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

တာဝန်သိတတ်တဲ့ ပြည်သူတစ်ဦးရဲ့ သတင်းပေးမှုကြောင့် မှုခင်းကွင်းဆက်ရခဲ့ပြီး ခရိုင်ရုံးသို့ ပြန်လည်ရောက်ရှိပြီး ရရှိလာသော သတင်းများကို တိုင်းရဲတပ်ဖွဲ့မှူးထံ တင်ပြအစီရင်ခံလိုက်သည်။ ဖောက်ထွင်းသမားသောင်းမြင့်၏ ကိုယ်ပုံသဏ္ဌာန်၊ ၎င်းသွားလာတတ်သည့်နေရာများတွင် အသက် (၁၀) နှစ်ခန့် ပိုလီယိုစွဲနေသော ယောကျ်ားလေးတစ်ဦးအမြဲပါတတ်ကြောင်း၊ အထူးဂရုပြုစောင့်ကြည့်စစ်ဆေးဖမ်းဆီးရန် မြို့နယ်ရဲစခန်းများအားလုံးသို့ သတင်းများဆက်လက်ဖြန့်ဝေရောက်ရှိသွားသည်။

(၆)

ဖောက်ထွင်းသမားသောင်းမြင့်၏ ကိုယ်ပုံသဏ္ဌာန်နှင့်ပတ်သက်ပြီး မှုခင်းတပ်ဖွဲ့မှ ထပ်မံထောက်လှမ်းရရှိလာသည့်သတင်းအရ လက်မောင်းနှစ်ဖက်စလုံးမှာ ကျားရုပ်တစ်ရုပ်စီ ဆေးမင်ကြောင်ထိုးထားကြောင်း၊ ဒုစရိုက်သမားများလောကမှာ သောင်းမြင့်ကို ကျားကြီးသောင်းမြင့်ဟုခေါ်ကြောင်း၊ သောင်းမြင့်နှင့် အမြဲပါလာတတ်သည့် ကလေးမှာ ၎င်း၏သားဖြစ်ကြောင်း သတင်းရရှိသည်။ ဒုစရိုက်သမားများအတွက် နေရာမရှိစေရ။ ကျားကြီးသောင်းမြင့်ကို ဖမ်းဆီးရမိရေးစီမံချက်ရေးဆွဲ၍ ပိုက်စိပ်တိုက်ရှာဖွေကြသည်။

ကျားကြီးသောင်းမြင့်၏ပုံသဏ္ဌာန် အထူးသဖြင့် ပိုလီယိုစွဲနေသော (၁၀) နှစ်ခန့် ယောကျ်ားလေးတစ်ဦးပါလာပါက ရဲစခန်းသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရန် စားသောက်ဆိုင်၊ တည်းခိုခန်းအားလုံးသို့ ဓာတ်ပုံမိတ္တူများဖြန့်ဝေ မှာကြားထားသည်။ ကျားကြီးသောင်းမြင့်ရေ ရာဇဝတ်ဘေး ပြေးမလွတ်တဲ့။ ကျားကြီးသောင်းမြင့်ကို မန္တလေးမြို့ပေါ်က တည်းခိုခန်းတစ်ခုမှာ ၎င်း၏ပိုလီယိုစွဲနေသောသားငယ်လေးနှင့်အတူ ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း၊ ကျားကြီးသောင်းမြင့်ကို စစ်ကြောရေးဝင်နေကြောင်း၊ ၎င်းကျူးလွန်ခဲ့သော ဖောက်ထွင်းမှုအားလုံးကို မြန်မာပြည်အထက်ပိုင်း မန္တလေးတရားရုံးတစ်ခုမှာ တစ်ပေါင်းတည်း စစ်ဆေးသွားရန် အစီအစဉ်ရှိကြောင်း၊ မိမိနယ်မြေအတွင်း ဖြစ်ပွားခဲ့သော အမှုတွဲအားလုံးကို မန္တလေးသို့ပို့ပေးရန်ဖြစ်ကြောင်း အထက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ C.I.D မှ ဆက်သွယ်ကာ အကြောင်းကြားလာသည်။ ကျားကြီးသောင်းမြင့်၏ လက်ဗွေများအား နှိုင်းယှဉ်ပြီး အခင်းဖြစ်ရပ်များရှိ မှန်ချပ်ပေါ်တွင် စွန်းထင်းနေသော လက်ဗွေရာများနှင့် တိုက်ဆိုင် စစ်ဆေးခဲ့ရာ မှုခင်းတပ်ဖွဲ့မှ သောင်းမြင့်တစ်ဦးတည်း၏ လက်ဗွေရာများဖြစ်ကြောင်း တစ်ထပ်တည်းတူညီနေကြောင်းပြန်ကြားချက်ရရှိသည်။

ခိုးယူဖောက်ထွင်းသည့်နေရာမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်လှသည့် ဖောက်ထွင်းဝိဇ္ဇာကျားကြီးသောင်းမြင့်၊ ဖောက်ထွင်းသည့်နေရာမှာ ကျွမ်းကျင်ပေမယ့် ၎င်း၏အားနည်းချို့ယွင်းချက်ကို သတိမပြုမိ။ ၎င်းချစ်လှတဲ့ ပိုလီယိုစွဲနေသော သားငယ်လေးကို အကြောင်းပြု၍ ဥပဒေဘက်တော်သားများလက်ဝယ် လက်မြှောက်အရှုံးပေး ဖမ်းဆီးခြင်းခံလိုက်ရ လေပြီ။

အထက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ စစ်ကြောရေးရုံးခန်း၌ ကျားကြီးသောင်းမြင့် ရောက်ရှိနေသည်။ မှုခင်းတပ်ဖွဲ့ အထူးအမှုစစ်အဖွဲ့ခေါင်းဆောင် ဒု-ရဲမှူးမိုးဝေက -

"ကဲ - ကျားကြီးသောင်းမြင့်ရေ၊ ဖောက်ထွင်းတဲ့နေရာမှာ ကျန်ခဲ့တဲ့ လက်ဗွေမှတ်တမ်းတွေဟာ မင်းရဲ့လက်ဗွေတွေဖြစ်တယ်လို့ တို့စစ်ဆေးတွေ့ထားရပြီ။ မင်းဘာမှငြင်းကွယ်နေဖို့ မကြိုးစားနဲ့။ မင်းကျူးလွန်ခဲ့တဲ့ အမှုတွေအားလုံးကို ပြောပြပေတော့"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ ကျွန်တော် မငြင်းတော့ပါဘူး။ အားလုံးအမှန်အကန် ပြောပြပါ့မယ်"

ကျားကြီးသောင်းမြင့်က လုပ်ရဲရင်ခံရဲတယ်ဆိုတဲ့သတ္တိရှိသူဖြစ်သည်။ ၎င်းကျူးလွန်ခဲ့သော အမှုအားလုံးကို မခြွင်းမချန်ဖော်တော့သည်။

ဒု-ရဲမှူးမိုးဝေက -

"မင်း ခုလို အားလုံး ပြောပြဝန်ခံတာ ချီးကျူးပါတယ်။ ဒါ့ထက် မင်းကို မေးချင်တာရှိတယ်။ မင်းဖောက်ထွင်းခဲ့တဲ့အမှုအားလုံးမှာ အိမ်ရှင်တွေလုံးဝမနိုးဘူး။ အိမ်နောက်ဖေးဘက်မှာ မစင်ပုံတွေ့ရတယ်။ မင်းလက်မောင်းနှစ်ဖက်မှာ ကျားရုပ်တွေလည်းရှိတယ်။ ဘယ်လိုဆက်စပ်မှုရှိတယ်ဆိုတာ ပြောပြပါလား"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး။ ကျွန်တော် အရင်က ဖောက်ထွင်းသမားသက်သက်မဟုတ်ပါဘူး။ ကျွန်တော့်ကို တစ်ခုတော့ ကူညီပါ၊ ကျွန်တော့်သားလေးကို စောင့်ရှောက်ပေးပါ"

"အေးပါကွာ၊ မင်းသားလေးကို တို့ကူညီစောင့်ရှောက်ပေးပါ့မယ် စိတ်သာချ"

ကျားကြီးသောင်းမြင့် ၎င်း၏ဘဝဇာတ်ကြောင်းကို ပြန်လည်လည်ပြောပြတော့သည်။

(၇)

ဒုစရိုက်လောကထဲ ငယ်ရွယ်စဉ်ကပင် ရောက်ရှိလာတဲ့ သောင်းမြင့် ပိုက်ဆံသာရမယ်ဆိုလျှင် အမှုမျိုးစုံကျူးလွန်သည်။ ဖောက်ထွင်းမှုကို အများဆုံးလုပ်လေ့ရှိသည်။ လွယ်လွယ်နှင့်ရခဲ့တာလည်းရှိသည်။ အသက်လု၍ ပြေးခဲ့ရတာလည်းရှိသည်။ တစ်ခါတစ်ရံ ဒုစရိုက်မှုတွေမလုပ်တော့ဘဲ ဘဝကို လူကောင်းသူကောင်းတစ်ယောက်အဖြစ် နေသွားရင်ကောင်းမလားတွေးမိသည်။ မန္တလေးတိုင်းဒေသသားဖြစ်သည့် သောင်းမြင့် ပိုက်ဆံရဖို့ နွားနှင့်ဖက် ရုန်းကန်ရပြီး ဝင်ပန်းဆင်းရဲလှတဲ့ဘဝကိုတော့ မသွားချင်။ ပိုက်ဆံလွယ်လွယ်ရသည့် ဒုစရိုက်အလုပ်နွံထဲမှာ ရုန်းမထွက်နိုင်အောင်ဖြစ်နေသည်။ ရေနံချောင်းမြို့နယ်က ဖောက်ထွင်းမှုတစ်ခုမှာ အဖမ်းခံရပြီး မန္တလေးထောင်မှာ ပြစ်ဒဏ်ကျခံခဲ့ရသည်။ ထောင်မှလွတ်မြောက်ပြီးနောက် ရဲတပ်ဖွဲ့က စောင့်ကြည့်ခံနေရလို့ မိခင်ဘက်က ဆွေမျိုးသားချင်းများရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ပေါ်က ဦးကြီးတော်စပ်သူနေအိမ်သို့ ရောက်ရှိနေသည်။ ယာသမားဦးကြီးကလည်း သောင်းမြင့် ပျော်သလောက်နေ[illegible] ခွင့်ပြုထားသည်။

လှပတဲ့ တောင်ကုန်းတောင်တန်း သဘာဝရှုခင်းတွေ၊ အေးမြတဲ့ရာသီဥတု ကြောင့် သောင်းမြင့် စိတ်တွေ[illegible] လန်းဆန်းလာသလိုရှိသည်။ [illegible] သည့်တော်ပေါ် သားတွေ ဝမ်းစာ[illegible] အတွက် အမျိုးသမီးများပါမ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပေါက်တူး၊ ပေါက်ပြားထမ်းပြီး လုပ်ငန်းခွင်ရှိရာသို့ သွားလာလှုပ်ရှားရှုန်းကန်နေတာကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ရှက်မိလာသလို အနေလေးကြာလာတော့ တစ်ရပ်ကွက်တည်းအတူနေ မနန်းထွေးနှင့် မေတ္တာမျှပြီး အကျဉ်းရုံးလက်ထပ်လိုက်ကြသည်။ ဘဝဟောင်းပြန်သွားမလား။ မနန်းထွေးနှင့် ဒိုးတူပေါင်ဖက်ရိုးသားစွာ လုပ်ကိုင်စားသောက်မလား။ စိတ်တွေချီတုံချတုံရှိနေရာက မနန်းထွေးကိုယ်ဝန်ရှိလာသည်။ မိုးတွေသည်းတဲ့ တစ်နေ့ နံနက် (၇) နာရီခန့် သောင်းမြင့်၏အသည်းနှလုံးကို ကိုင်လှုပ်နိုင်တဲ့သူလေးတစ်ဦးပေါ်လာသည်။

"အုဝဲ အုဝဲ အုဝဲ"

"သောင်းမြင့်နဲ့ နန်းထွေးရေ ယောကျ်ားလေးဟေ့။ ချစ်စရာလေး ဖြူဖြူဖွေးဖွေးလေး"

ရှမ်းသွေးပါတဲ့သားလေးကိုကြည့်ပြီး သောင်းမြင့်ရင်တွေတလှပ်လှပ်။ ဖခင်တစ်ဦး၏မေတ္တာကို ခံစားနေရသည်။ ဝမ်းသာခြင်းနှင့်အတူ ဝမ်းနည်းဖွယ်ကြုံရပြန်သည်။ မနန်းထွေး သားလေးကို မီးဖွားရင်း မီးတွင်းမှာဆုံးသွားသည်။

"နန်းထွေးရေ ငါ့ကို သားလေးနဲ့ အတူ ထားခဲ့ပြီလား ဟီး ဟီး ဟီး"

သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျအောင် ဒုစရိုက်မှုမျိုးစုံ ကျူးလွန်ခဲ့တဲ့သောင်းမြင့်။ လူဆိုးလူမိုက်ဘဝမှာ ပထမဆုံးအကြိမ် ငိုကြွေးဖူးခြင်းဖြစ်သည်။ လူဆိုးလူမိုက်မှာလည်း နှလုံးသားရှိသည်။ ပျော်တတ်ရွှင်တတ်၊ ရယ်တတ်၊ ငိုတတ်သည်။ ဘဝမှာ ခုမှကိုယ်ချင်းစာလာတတ်သလို၊ အမိမဲ့သား ရေနည်းငါးဖြစ်နေရှာတဲ့ သားလေးကို မိခင်မေတ္တာပါပေါင်းပြီးချစ်ရသည်။ မိုးသည်းတဲ့နေ့မွေးပြီး အသည်းနှလုံးနှင့်ထပ်တူချစ်ရလွန်းလို့ မိခင်အမည်ပါအောင် နန်းသဲလို့ အမည်ပေးလိုက်သည်။ သားလေးက စကားပြောတတ်စအရွယ် ရောက်လာပေမယ့် လမ်းကောင်းကောင်းမလျှောက်နိုင်။ ပိုလီယိုစွဲသလိုဖြစ်နေသည်။ ဝဋ်လည်လာများလား။ သောင်းမြင့် သားလေးကို ငဲ့ညှာပြီး မိမိဘဝကို ဇာတ်မြှုပ်ရင်း အနေကြာလာခဲ့သည်။

(၈)

သားလေး နန်းသဲက ဝက်သားပေါက်စီကြိုက်သည်။ သားလေးပူဆာသဖြင့် လားရှိုးမြို့ထဲက ကောင်းကြိုက်စားတော်ဆက်ကို သောင်းမြင့် ရောက်ရှိသွားသည်။ စားတော်ဆက်ထဲ၌ စားသုံးသူတွေပြည့်ကျပ်လျှက်။

"ဝက်သားပေါက်စီ (၅) လုံးပေးပါ"

ဝက်သားပေါက်စီယယ်ပြီး ဆိုင်ထဲက ပြန်ထွက်မယ်အလုပ် -

"ဝုန်း ဝုန်း"

လဲပြိုကျသွားသော အသံများကြားလိုက်ရသည်။

"ဟဲ့ဟဲ့ - လုပ်ကြပါဦး၊ လူတစ်ယောက်မူးလဲသွားလို့"

စားပွဲခုံတစ်ခုအနီးလူတစ်ယောက်လဲကျနေတာ တွေ့ရသည်။ သောင်းမြင့်ချက်ချင်းရောက်သွားပြီး ဆွဲထူပေးလိုက်သည်။ လဲကျသူက ရှမ်းဝတ်စုံနှင့်အသားဖြူဖြူ ဥပဓိရုပ်ကောင်းကောင်း အသက် (၇၅) နှစ်ခန့် ရှမ်းအဘိုးအိုတစ်ဦး။ လက်မောင်းလက်ဖျံတွေမှာ ဆေးမင်ကြောင်အင်းကွက်တွေကို အနှံ့ထိုးထားသည်။ သောင်းမြင့်က လူဆိုးလူမိုက်တစ်ဦးပေမယ့် သက်ကြီးရွယ်အိုများကို သနားငဲ့ညှာစိတ်ရှိသည်။

အဘိုးအိုကို အမူးအမော်ပြေစေရန် နိုဝ်နယ်ပေးရင်း ဆိုင်အပြင်သို့ တွဲခေါ်ခဲ့သည်။ အဘိုးအိုအခြေအနေက ချက်ချင်းမကောင်းနိုင်။ အနားယူဆေးကုသမှုရမည်။ အဘိုးအိုကို အိမ်သို့ခေါ်လာခဲ့သည်။ အဘိုးအို ဆေးဝါးကုသမှုခံယူရင်း နှစ်ရက်၊ သုံးရက်ရှိလာတော့ ကျန်းမာရေးကောင်းစပြုလာလေသည်။ သောင်းမြင့်နှင့်လည်း ခင်မင်ရင်းနှီးလာသည်။ တစ်ယောက်အကြောင်း တစ်ယောက်သိလာကြသည်။ သောင်းမြင့်မိမိဘဝအမှန်ကို ပွင့်လင်းစွာပြောပြလိုက်သည်။ အဘိုးအို စဉ်းစားသလိုရှိနေရာက-

"လူလေး၊ မင်းဟာ လူဆိုးလူမိုက်တစ်ယောက်ပေမယ့် စိတ်ကောင်း နှလုံးကောင်းရှိသူတစ်ယောက်ပါ။ အဘက ရှမ်းအမျိုးသားလူသားတစ်ယောက်ဖြစ်လို့ ဦးစိုင်းလူ။ သံသရာခရီးကိုသွားနေတဲ့ ဧည့်သည်လို့ပဲ မှတ်သားထားလိုက်ပါ။ လုယက်ခိုးပြတိုက်ဆိုတာ အန္တရာယ်များတယ်။ မင်းအားသန်တဲ့ဖောက်ထွင်းတာကတော့ အန္တရာယ်နည်းတယ်ပြောရမယ်။ အဘအပေါ် မင်းရဲ့ကျေးဇူးလည်းရှိတော့ မင်းကို ကျေးဇူးဆပ်ချင်တယ်။ ဖောက်ထွင်းတဲ့နေရာမှာ အသုံးဝင်တဲ့ဆေးမင်ကြောင်အရုပ်ထိုးပေးမယ်။ ဒါပေမယ့် မင်းကတိ (၅) ချက်ပေးရမယ်"

"ဟုတ်ကဲ့ - ပြောပါ အဘ"

"၁။ မင်းဖောက်မယ့်အိမ်က ပိုက်ဆံချမ်းသာသူဖြစ်ရမယ်။

၂။ ပစ္စည်းကို တစ်ဝက်ပဲယူရမယ်။

၃။ အိမ်ရှင်ကို ဘယ်လိုနည်းနဲ့မှ ဘေးအန္တရာယ်မပြုရဘူး။

၄။ ရရှိတဲ့ပစ္စည်းထဲက မင်းရဲ့ကွယ်လွန်သွားသူ မိဘများကို ရည်မှန်းပြီး လစဉ်ကုသိုလ်ဒါနတစ်ခုပြုရမယ်။

၅။ သူတစ်ပါးအိမ်ရာကို မကျူးလွန်ရဘူး။

ဘယ့်နှယ်လဲလိုက်နာနိုင်ပါ့မလား"

"ဟုတ်ကဲ့ - အဘ၊ ကျွန်တော်လိုက်နာနိုင်ပါတယ်"

"လူလေးအချို့က ပေါ်ပါးရအောင်ဆေးမင်ကြောင်ကြောင်ရုပ်ထိုးကြတယ်။ ကြောက်ထက်ကျားတလျှင်မြန်မှုအစွမ်းသတ္တိ၊ ခွန်အား၊ ဖွဲ၊ လုံ့လကြီးမားတယ်။ ကျားက ပိုမကောင်းဘူးလား"

"ကောင်းပါတယ် အဘ"

"ခုန်အုပ်တော့မယ့် ကျားရုပ်ကို မင်းရဲ့ပုခုံးအောက် လက်မောင်းနှစ်ဖက်မှာ တစ်ဖက်တစ်ရုပ်စီထိုးရမယ်။ မင်းအကြိုက်ရှည်တော့ ဂရုပြုဝတ်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘ"

"အေး-ဖောက်ထွင်းရမယ့်အချိန်သင့်ရင် တစ်ပတ်ခန့် ကျားရုပ်နှစ်ဖက်စလုံး ယားယံလာလိမ့်မယ်။ အထူးသဖြင့် ကျားတွေရဲ့မျက်လုံးတွေနီလာမယ်။ ဒီလိုဆို လက်ခမောင်းသုံးကြိမ်သာခတ်လိုက်၊ အယားပျောက်သွားမယ်။ ပြီးရင်တော့ ဖောက်ထွင်းရမယ့်နေရာရှာပေတော့ပေါ့"

"ဟုတ်ကဲ့ပါ အဘ"

"ဖောက်ထွင်းရမယ့် နေရာရောက်သွားလို့ အချိန်ကျလာရှင် မင်းမနေနိုင်လောက်အောင် ဝမ်းသွားချင်စိတ်ပေါ်လာမယ်။ ဝမ်းသာသွားလိုက်၊ ပြီးရင် အိမ်ရှင်ကိုရည်မှန်းပြီး ဂါထာ (၃) ခေါက်ရွတ်ပါ။

ဉ-မစင်အနံ့ရှြားအုံ၊ သတိလစ်သူ မေ့မြောသူသို့ အိပ်ပျော်နေကြား သေသည်လားသို့ ရှိပါစေသတည်း၊ ရှိစေသတည်း။

မင်းကိစ္စတွေ မပြီးမချင်း အိမ်ရှင်တွေ လုံးဝမနိုးဘူး။ မ,ဆိုတာ မသိတာ၊ နားမလည်တာ၊ မနိုးတာ၊ မမြင်တာ မကောင်းတာများတယ်။ မစင်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

မ,အကျွရာတက်ယူထားတာ။ ပညာရပ်အားလုံး ယူပြီးဖော်စပ်ထားတဲ့ဆေးပဲ။ ဆေးအကြောင်း ကျယ်ကျယ်ပြန့်ပြန့် မင်းသိဖို့မလိုတော့ မပြောတော့ဘူး။ ကတိကိုသာ စွဲစွဲမြဲမြဲလိုက်နာစောင့်ထိန်းပါ"

"ဟုတ်ကဲ့ပါ အဘ"

ရှမ်းအဘိုးအို ဦးစိုင်းလူ ယောဂီလွယ်အိတ်ကြီးထဲက ထုတ်လိုက်တော့ စုတ်တံ၊ ဆေးပစ္စည်းမျိုးစုံ ထွက်လာသည်။ သောင်းမြင့် ကြိတ်မှိတ်အနာခံပြီး လက်မောင်းမှာ ကျားရုပ်နှစ်ရုပ်ထိုးလိုက်သည်။

"ကဲ ဆေးတော့ထိုးပြီးပြီ။ မင်းကို ပြောဖို့ တစ်ခုကျန်နေတာရှိတယ်။ မင်း ဒုစရိုက်အလုပ်တွေ စိတ်ကုန်လို့ လုံးဝစွန့်လွှတ်မယ်ဆိုရင် ဘုရားရှေ့မှာ သရဏဂုံ (၃) ခေါက်ရွတ်ဆိုပြီး အမိဋ္ဌာန်ပြု သစ္စာဆို စွန့်လွှတ်လိုက်ပါ၊ ဒါဆိုရပြီ။ ဒါပေမယ့် စိတ်ခိုင်မာဖို့လိုတယ်။ ပြန်လုပ်ရင် ဘေးအန္တရာယ် မုချတွေ့ပြီး အသက်ပါ ဆုံးရှုံးလိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘ"

ဒုစရိုက်မှုမျိုးစုံလုပ်ခဲ့တဲ့ ဒုစရိုက်သမား သောင်းမြင့်၊ ဒီနေ့ကစပြီးဖောက်ထွင်းမှုသက်သက်ကိုသာလုပ်တော့မယ့် ဖောက်ထွင်းဝိဇ္ဇာ ကျားကြီးသောင်းမြင့် ဖြစ်သွားပြီ။ သောင်းမြင့် အဘိုးအိုအား လက်အုပ်ချီကန်တော့လိုက်သည်။

"အေး-လူလေး၊ ဘေးမသီရန်မခဘဲ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေ။ အဘလည်းသွားတော့မယ်"

ကျားကြီးသောင်းမြင့်ကိုနှုတ်ဆက်၊ လွယ်အိတ်ကလေးလွယ်၊ တောင်ဝှေးလေးအားပြုရင်း နှင်းမှုန်တွေကြားမှာ ကျောခိုင်းထွက်ခွာသွားတဲ့ အဘဦးစိုင်းလူကို ကျားကြီးသောင်းမြင့် မျက်စိတစ်ဆုံးကြည့်ရင်း ကျန်နေခဲ့သည်။ အဘဦးစိုင်းလူဆေးအားကိုးနှင့်ဒုစရိုက်လောကပြန်ဝင်ပြီး ဖောက်ထွင်းမှုများကိုသာလုပ်ရန် ဆုံးဖြတ်လိုက်သည်။

"ကဲ - ဗိုလ်ကြီး၊ ကျွန်တော့်ဘဝဇာတ်ကြောင်းစုံကတော့ ဒါပါပဲခင်ဗျာ။ ဆေးအားကိုးနဲ့ ဖောက်ထွင်းမှုမျိုးစုံ ကျူးလွန်ခဲ့ပါတယ်။ အဘဦးစိုင်းလူနဲ့လည်း ပြန်မတွေ့တော့ပါဘူး။ အမှုအကြောင်းတွေကတော့ ဗိုလ်ကြီးတို့သိထားတဲ့အတိုင်းပါပဲ"

ကျားကြီးသောင်းမြင့် ၎င်း၏ဘဝဇာတ်ကြောင်းကို နိဂုံးချုပ်ပြောပြလိုက်သည်။



(၉)

ကျားကြီးသောင်းမြင့်ရဲ့ ဖော်ထုတ်အစစ်ခံချက်အရ ကျူးလွန်ခဲ့သော ဖောက်ထွင်းမှု (၁၁) ခုရှိသည်။ ဖောက်ထွင်းမှုများမှ ထုခွဲရောင်းချထားသော ရွှေငွေလက်ဝတ်ရတနာမျိုးစုံတို့ကို မြို့နယ်အနှံ့လိုက်လံသိမ်းဆည်းခဲ့ရာ ခေတ်ကာလတန်ဖိုး သိန်းပေါင်းတစ်သောင်းကျော် သိမ်းဆည်းရမိခဲ့သည်။ အမှုအားလုံးကို ပြစ်မှုစတင်ဖြစ်ပွားသော ဒေသတွင်မစစ်ဘဲ အမှုတွဲအားလုံးအား မြန်မာပြည်အထက်ပိုင်း မန္တလေးမှုခင်းတပ်ဖွဲ့သို့ပို့ပေးရသည်။ အမှုစစ်အဖွဲ့မှ သက်ရှိ၊ သက်မဲ့ သက်သေခံချက်လက်စွဲများပါ အားလုံး ရုံးတော်သို့ တင်ပြတရားစွဲဆိုခဲ့သည်။ ရုံးတော်မှ အမှုများကို တစ်ပေါင်းတည်း စစ်ဆေးခဲ့သည်။ ကျားကြီးသောင်းမြင့် ပြစ်မှုအားလုံးအတွက် နှစ်ရှည်ထောင်ဒဏ်များ ကျခံသွားခဲ့ရလေပြီ။

လူဆိုးလူမိုက်တို့တွင် အားနည်းချို့ယွင်းချက်ရှိတတ်ကြသည်။ ကျားကြီးသောင်းမြင့် ၎င်းအလွန်ချစ်သော ပိုလီယိုစွဲနေသည့် သားငယ်လေးကြောင့် ရဲတပ်ဖွဲ့မှ ခြေရာခံမိပြီး ဖမ်းဆီးခြင်းခံလိုက်ရသည်။ မန္တလေးအကျဉ်းထောင်ထဲ ပြန်လည်ရောက်ရှိနေတဲ့ ကျားကြီးသောင်းမြင့်၊ ထောင်နံရံအုတ်ရိုးတွေကို ကျော်ပြီး စိတ်အာရုံတွေ အဝေးတစ်နေရာသို့ ပျံ့လွင့်နေသည်။ သားလေး နန်းသဲကို သတိရနေသည်။ သားလေး ဘယ်လိုနေ၊ ဘယ်လိုစားပါလိမ့်။ ငါ သူတစ်ပါးတွေကို မျက်ရည်ကျအောင် အကြိမ်ကြိမ်လုပ်ခဲ့လို့ ငါ့အလှည့်ရောက်လာတာလား။ စိတ်တွေထွေပြားနေသည်။ ဖြူစင်သန့်ရှင်းသောစိတ်က ကောင်းကျိုး ချမ်းသာများကိုရနိုင်ပြီး စိတ်ညစ်နွမ်းနေလျှင် အခြေအနေဆိုးတွေနှင့် ကြုံတွေ့ရနိုင်သည်။ တစ်ခုပြီးမှ တစ်ခုဖြစ်ပေါ်တဲ့စိတ်၊ မကောင်းမှုများမှာ မွေ့လျော်တတ်တဲ့စိတ်၊ မကောင်းမှုတွေနှင့်အတွဲများတတ်တဲ့စိတ်၊ မကောင်းတဲ့စိတ်၊ မကောင်းတဲ့အာရုံ၊ မကောင်းမှုတွေ နောက်ဆုတ်သွားရလေအောင် စိတ်ကို ဗဟိုပြုဆုံးမနေရမယ့်အစား စိတ်ကို လွှတ်ထားခဲ့လျှင် စိတ်သည် ရှိုင်းချင်တိုင်းရိုင်းသွားတတ်သည်။ အလင်းလာလျှင် အမှောင်ပျောက်သွားရသလို ညစ်နွမ်းသောစိတ်တွေကို အမှန်အကန်သိတဲ့ပညာနှင့် နှိပ်ကွပ်ဆုံးမနေမှ ယဉ်ကျေးသည့်စိတ်ဖြစ်ပေါ်လာပြီး ဘဝအမှောင်များက လွတ်မြောက်ချမ်းသာသုခများကို ရစေနိုင်မည်။ ဒီလိုတော့ စိတ်ရဲ့သဘောကို ကျားကြီးသောင်းမြင့် သေချာစွာ နားမလည်။ ဝဋ်ဆိုတာ လုံးခြင်း၊ လည်ခြင်း၊ ဝိုင်းခြင်းသဘော၊ သတ္တဝါတွေကို ပင်ပန်းဆင်းရဲမှုတွေ၊ အမှုကိစ္စတွေလုံးလည်လိုက်နေတဲ့သဘော၊ အကျိုးပေးနေတဲ့သဘောလို့ ကျားကြီးသောင်းမြင့် ကျယ်ကျယ်ပြန့်ပြန့်မသိ၊ မကောင်းမှုတွေလုပ်ခဲ့လို့ မကောင်းသောအကျိုးပေးပြီး ဝဋ်လိုက်တယ်လို့ပဲ နားလည်နေသည်။

ထောင်ကလွတ်လျှင် ဒုစရိုက်မှုတွေကို ထာဝရစွန့်လွှတ်တော့မည်။ ရိုးသားစွာ ရှာဖွေလုပ်ကိုင်စားသောက်ရင်း သားလေးနန်းသဲကို ဖခင်ကောင်းတစ်ယောက် ပီသအောင် ထာဝရစောင့်ရှောက်သွားမည်။ ပုံသဏ္ဌာန်အနေနှင့် ဖော်လို့မရသည့်စိတ်၊ စွမ်းအင်တန်ခိုးရှိလှတဲ့စိတ်၊ ဘယ်လောက်ဝေးဝေး ဟိုးအဝေးတနေရာကို အလျင်အမြန်သွားရောက်နိုင်တဲ့စိတ်နဲ့ ကျားကြီးသောင်းမြင့် သားလေးနန်းသဲရှိရာ အရောက်ပြေးသွားရင်း တကြော်ကြော်အော်ခေါ်လိုက်သည်။

"သားလေးရေ နန်းသဲ နန်းသဲ"

သားလေးကပြန်မထူး။ စိတ်အာရုံတို့ ပြေးလွှားနေရာက ပြန်လည်စုစည်းမိပြန်သည်။ အဝေးခရီးက အပြေးပြန်လာရသလို ကျားကြီးသောင်းမြင့်၏ရင်တွေ လှိုက်ဖိုပြီး မောဟိုက်နေသည်။ မျက်ဝန်းအစုံမှာတော့ မျက်ရည်စတွေ ရစ်ဝဲဝေ့သီလျက်။

ချမ်းမြေ့ကြပါစေ

မောင်စိန်ဝင်း(ရွှေမိုးညို)

မှတ်ချက် -

ဖြစ်ရပ်မှန် ဇာတ်လမ်းလေးအား ပြုပြင်ရေးဖွဲ့ထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နာမည် အောင်ဇော်မိုး ပါ။ အသက် (၄၀) ရှိပါပြီ။ အများက တော့ ကျွန်တော့်ကို မိုးကောင်းလို့ပဲခေါ် ကြပါတယ်။ ကျွန်တော်မွေးတုန်းက မိုးတအားရွာပြီးမိုးတွေကောင်းနေလို့ပါ။

ကျွန်တော့်အဖေနဲ့ အမေက ဦးကျော်ငြိမ်းနဲ့ ဒေါ်လှအုန်းပါ။ ကျွန်တော့်ကို ပဲနွယ်ကုန်းမြို့အနောက် ဘက် လေးအိမ်စုရွာမှာမွေးခဲ့ပါတယ်။ ကျွန်တော် အသက် (၁၇) နှစ်မှာ ပဲနွယ် ကုန်းမြို့ သံမဏိရပ်ကွက်က မကြည်အေး နဲ့ အိမ်ထောင်ကျပြီး သမီး(၃)ယောက်ရ ခဲ့ပါတယ်။

မှတ်မှတ်ရရ ကျွန်တော့်အသက် (၂၄)နှစ်မှာဖြစ်ပါတယ်။ အနန်းဘော်ရွာ က ဦးမုက အနောက်တောင်ပေါ်တက် ဖို့ လာခေါ်ပါတယ်။ သစ်မျှောဖို့ပါ။ ခုတ် ပြီးသားသစ်တွေကိုဖောင်ဖွဲ့ပြီး တုံကန် ချောင်းအငိုင်းမျှောလာဖို့ပါ။ တုံကန် ချောင်းက နွေရာသီမှာရေနည်းပါတယ်။ မိုးတွင်း ရေများချိန်မှာမှ သစ်တွေမျှော လို့ရပါတယ်။ ရေကြီးပြီး လှိုင်းထန်တတ် ပါတယ်။

ကျွန်တော့်မှာ အတွေ့အကြုံက လည်းမရှိ ရေကလည်းမကူးတတ်တော့ သစ်ဖောင်စီးရတာ ကြောက်ပါတယ်။ လမ်းမှာ ရေလှိုင်းတွေနဲ့တွေ့ရင် တအား လန့်တာပဲ။ အဲဒီလိုနဲ့ ကျွန်တော်တို့ သစ်ဖောင် သံပုရာခုံရွာကို ရောက်လာပါ တယ်။

သံပုရာခုံရွာရောက်တော့ အပေါ့ သွားချင်တာနဲ့ ချောင်းကမ်းပါးနားမှာရှိ တဲ့ဘုရားကုန်းလေးပေါ် ကိုသွားပါတယ်။ အဲဒီနေရာဟာ အပေါ့မသွားကောင်းတဲ့ နေရာပါ။ ကျွန်တော်မသိဘူး။ အပေါ့ သွားမလို့လည်းလုပ်ရော အိပ်ချင်သလို ဖြစ်ပြီး ငိုက်လည်းသွားပါတယ်။

ကျွန်တော့်ကို တစ်ယောက် ယောက်က ကုပ်ကိုကိုင်တွန်းထားသလိုပဲ မြင်လည်းမမြင်ရဘူး။ ကျွန်တော်လေး ဖက်ကုန်းကြီးဖြစ်နေပါတယ်။

အဲဒီအချိန်မှာ သံပုရာခုံရွာက လူနှစ်ယောက် လမ်းပေါ်ကဖြတ်သွား တာတွေ့လို့ -

"ဟေ့လူတွေ ဟေ့လူတွေ"

လို့ ကျွန်တော် လှမ်းခေါ်တယ်။

သူတို့က ကျွန်တော့်ခေါ်သံကြား တော့ ရပ်ပြီးကြည့်နေကြတယ်။

ကျွန်တော်ကလည်း ကျွန်တော့် နောက်ကအကောင်ကို လက်နောက်ပြန် ပြန်ရိုက်နေတယ်။ အကောင်ကိုတော့ မမြင်ရဘူး။ လမ်းပေါ်က လူ(၂)ယောက် ကလည်း ကျွန်တော်ရိုက်နေတာသာမြင် ပြီး အကောင်မမြင်ရတော့ ကျွန်တော့်ကို ပိုးလောင်း (တောင်ပေါ်ရှိ ပိုးကောင် တစ်မျိုး) ကိုက်လို့ ပိုးလောင်းကိုရိုက်နေ တာလို့ထင်ပြီး မလာဘဲရပ်ကြည့်နေကြ တယ်။

အမှန်က ကျွန်တော့်မှာ မမြင်ရတဲ့ အကောင်နဲ့ ရိုက်နှက်ရုန်းကန်နေရတာ၊ ကျွန်တော်လည်း ဟိုဆွဲဒီဆွဲနဲ့လိုက်ဆွဲ တာ အကောင့်ရဲ့ခြေသလုံးကိုစမ်းမိ တယ်။ သူကတော့ အကြည့်မခံဘူး။ သူ့ ခြေသလုံးကို ကျွန်တော်ဆွဲပြီးကိုက်ထည့် လိုက်တယ်။

ကျွန်တော်လည်းကိုက်ထည့်လိုက် ရော သူက ကျွန်တော့်ကို ကုပ်ကကိုင်ပြီး မြေကြီးပေါ်ပစ်ချလိုက်တယ်။ ကျွန်တော် မြေကြီးပေါ် ကျပြီး ပြန်သတိရလာတယ်။

ကျွန်တော်က လမ်းပေါ်ကလူနှစ် ယောက်ကို -

"ခင်ဗျားတို့ ဘာလို့မလာတာလဲ"

"မင်းပိုးလောင်းရိုက်နေတယ်ထင် လို့"

"ကျွန်တော် ပိုးလောင်းရိုက်နေ တာမဟုတ်ဘူး။ သရဲနဲ့နပန်းချနေတာ"

ကျွန်တော်လန့်ပြီးကတုန်ကယင် ဖြစ်နေတာတွေ့လို့ အဲဒီလူနှစ်ယောက် ကသနားပြီး ကျွန်တော့်ကို ကုန်းလမ်းက နေပြီး လေးအိမ်စုကို လိုက်ပို့ပေးကြ တယ်။ လေးအိမ်စု အဖေတို့အိမ်ရောက် ပြီး နောက်တစ်နေ့မှာ ကျွန်တော့်အကြီး အကျယ်ဖျားပါတယ်။ (၁၀) ရက်ကို အဖျားလုံးဝမကျဘူး။ (၁၀) ရက်ကြာ တော့ ကျွန်တော် မုန့်ဟင်းခါးစားချင် လာတယ်။ အဖေတို့ကို မုန့်ဟင်းခါးစား

# မြတ်သောင်း (ပဲနွယ်ကုန်း)

## တကယ်ကြုံခဲ့တာပါ





www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# မဟာပုရိသလက္ခဏာတော်အင်းဖြင့် သိဒ္ဓိမျိုးစုံယူလိုလျှင်

ကျွန်ုပ်တို့လူမျိုးသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ သုံးလောကသခင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်အား ကြည်ညို၍ မကုန်နိုင်အောင် အထူးထူးသော ဂုဏ်တော်တို့ကို ထုံမွမ်း၍ -

မြတ်သောစကားကိုဟောတော်မူတတ်ထသော၊ ညစ်ညမ်းယုတ်မာ ကိလေသာကိုဖယ်ခွာတော်မူပြီးထသော၊ လူနတ်ပြဟ္မာသတ္တဝါတို့၏ မွေ့လျော်ရာ ဖြစ်တော်မူထသော၊ ရဟန်းတကာတို့ကို အစိုးရတော်မူထသော ထိုမြတ်စွာဘုရားကို အကျွန်ုပ်သည် ရိုသေစွာ ရှိခိုးပါ၏ဟု ဖူး၍မဝ ကန်တော့ကြပါကုန်၏။

စကြာမင်းမြတ်တို့ ရအပ်သော မဟာပုရိသလက္ခဏာတော် (၃၂) ပါးကို အထွတ်ထား၍ ယခုမျက်မှောက်လောက၌ ရှုန်းကန်လှုပ်ရှားနေကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများကို မေတ္တာထား၍ အထက်တွင်ဖော်ပြခဲ့သော မဟာပုရိသလက္ခဏာတော် (၃၂) ပါးကို ညွှန်းပြသည့်အင်းဖြင့် အကူအညီပေးလိုသည့်ဆန္ဒဖြင့် ဤစာစုကိုရေးသားလိုက်ခြင်း ဖြစ်ပါသည်။

စာချစ်သူများအနေဖြင့် စကြဝဋေးမင်းများနှင့် သုံးလောကမင်းများ၏ အထွတ်ဖြစ်သော မြတ်စွာဘုရားရှင်တို့သာလျှင် ရရှိအပ်သော လက္ခဏာတော်ကြီး(၃၂)ပါးနှင့်လက္ခဏာတော်ငယ်(၈၀) တို့ကို စာချစ်သူမိတ်ဆွေများအနေဖြင့် နားရည်ဝပြီးသိရှိပြီးဖြစ်ကြပါသည်။

ယခု မဟာပုရိသလက္ခဏာတော်အင်းမြတ်သည် မေတ္တာအရာလွှမ်းကဲစွာဖြင့် ခုနစ်နေ့သားခုနစ်နေ့သမီးတို့၏ အကျိုးကိုရှေးရှု၍ ဆရာသခင်များ စီမံထားရှိခဲ့သောအင်းကို အနည်းငယ်မျှ

ချင်တယ်ပြောတော့ မုန့်ဟင်းခါးဝယ်ပြီး ကျွန်တော့်ကိုလာကျွေးတယ်။ စားမလို့ မုန့်ဟင်းခါးပန်းကန်လည်းကိုင်လိုက်ရော ကျွန်တော်သတိလစ်သွားတယ်။

ကျွန်တော်သတိလစ်နေတဲ့အချိန်မှာ တစ်ယောက်တည်း တစ်ရွာပြီးတစ်ရွာ အလုပ်လိုက်ရှာနေတယ်။ ရွာတစ်ရွာရောက်တော့ အသက် (၄၀) ကျော်လောက်ရှိတဲ့ အမျိုးသမီးတစ်ဦးနဲ့ (၂၅) နှစ်လောက်ရှိတဲ့ အမျိုးသမီးတစ်ဦးတို့ သန်းရှာနေကြတာကိုတွေ့ရတယ်။

ကျွန်တော် ရေငတ်နေတာနဲ့ -

"ကျွန်တော့်ကို ရေတစ်ခွက်လောက်"

"ရေမရှိဘူး သွား၊ သွား"

ဆိုပြီး ကျွန်တော့်ကို နှင်လွှတ်တယ်။

ကျွန်တော်ကဆက်ပြီး -

"အလုပ်ရှိရင်လည်း အလုပ်ပေးပါဗျာ၊ ကျွန်တော်ဘာရရလုပ်ပါ့မယ်"

"အလုပ်လည်းမရှိဘူး၊ ရေလည်းမရှိဘူး သွား သွား"

ကျွန်တော့်ကိုအတင်းနှင်လွှတ်တာနဲ့ စိတ်ညစ်ညစ်နဲ့ ပြန်ထွက်လာခဲ့တယ်။ လမ်းမှာ မြစ်တစ်စင်းတွေ့တယ်။ မြစ်ထဲမှာ ဖောင်တစ်စီးမျှောလာတာတွေ့တာနဲ့ ဖောင်ပေါ်လိုက်ခဲ့တယ်။

ဖောင်ဟာ လမ်းမှာလှိုင်းမိပြီး မြုပ်ခါနီးဖြစ်သွားတယ်။ အဲဒီအချိန်မှာ ဘုန်းတော်ကြီးတစ်ပါး လှေနဲ့ရောက်လာတယ်။ ဘုန်းတော်ကြီးက ကျွန်တော့်ကို သူ့လှေပေါ်ဆွဲတင်တယ်။ လှေပေါ်ရောက်တော့ ဘုန်းတော်ကြီးက -

"မင်းဘယ်သွားမှာတုံး"

လို့ မေးတယ်။

"တပည့်တော် မျက်စိလည်နေလို့ပါဘုရား"

ဘုန်းတော်ကြီးက -

"ဟိုဟာ မင်းတို့လေးအိမ်စုရွာလေ"

လို့ ပြောတယ်။

ကျွန်တော်က -

"ရှိမြို ဘုရား၊ ရှိမြို ဘုရား"

လို့ လျှောက်ပြီးပြန်ခဲ့တယ်။

ကျွန်တော်သတိရလာတော့ အိမ်မှာ လူတွေအများကြီးပဲ။ ကျွန်တော့်ကို သေပြီထင်ပြီး အသုဘချဖို့တိုင်ပင်နေကြတာတဲ့။ ကျွန်တော်မေ့နေတာလည်း လေးရက်တောင်ရှိနေပြီပဲ။ လေးရက်မြောက်နေ့မှ ၁ ရွာမဘုန်းတော်ကြီးက စပါးကြီးမြွေသည်းခြေနှမ်းစေ့လောက်ခွဲပေးတယ်လို့ပြောတယ်။ သည်းခြေခွဲပြီး ကျွန်တော်သတိရလာတာပဲ။

ကျွန်တော် သတိရလာတော့ ကျွန်တော်စားမယ့်မုန့်ဟင်းခါးပန်းကန်ကို မေးတယ်။

အဖေက -

"မင်း မုန့်ဟင်းခါးပန်းကန်ရှိရင်ပုပ်တောင်နေပြီ"

လို့ ပြောတယ်။

ကျွန်တော်ကတော့ မေ့သွားတာ တစ်နာရီလောက်ပဲလို့ ထင်တာကိုး။ ကျွန်တော် ရေတောင်းသောက်တယ်။

အမေရဲ့အစ်မကြီးဒေါ်ပေါက်စနဲ့ ဒေါ်ပြုံးရီတို့က ကျွန်တော့်ကို -

"နင်ငါတို့ကိုသိလား"

လို့ မေးတယ်။

ကျွန်တော်က ကောင်းကောင်းသတိရနေလို့ -

"သိတာပေါ့"

လို့ ပြောလိုက်တယ်။

ကျွန်တော့်ကိုကျွန်တော် သန်သန်မာမာကြီးထင်ပြီး ကုန်းထလိုက်တယ်။ အရိုးပေါ်အရေတင်နေတာတွေ့တာနဲ့ အားလျော့ပြီး ပြန်လှဲချလိုက်တယ်။ နောက်မှ တဖြည်းဖြည်းကျန်းမာလာတယ်။

ဒီအဖြစ်အပျက်တွေက ကျွန်တော့်တစ်သက်တာမှာ အမြဲတမ်းသတိရနေတဲ့အဖြစ်အပျက်တွေပါ။ တကယ်ဖြစ်ခဲ့တာပါ။

(အဖြစ်အပျက်များပြောပြသော မောင်မိုးကောင်းအား ကျေးဇူးတင်ပါသည်။)

မြတ်သောင်း (ပဲခွယ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြလိုပါသည်။


မဟာပုရိသလက္ခဏာတော်အင်းကို (၃၂) ကွက်ပါရှိသော ခိုနန်းချိုးအင်းပေါင်ဖြင့်စီမံထားရှိပါသည်။ မဟာပုရိသလက္ခဏာတော်များကို စာ၊ ဗျည်းအက္ခရာများဖြင့် ရေးသွင်းရန် မလျှောက်ပတ်သဖြင့် အင်းစမပညာ၏သဘောတရားများအတိုင်း သင်္ချာဂဏန်းများဖြင့် စီမံအပ်သောအင်းအဖြစ် အင်းဆန်များကို ရေးသွင်းပြထားပါသည်။

ခိုနန်းချိုးအင်းကွက်ဖြစ်နေသဖြင့် ထောင့်လေးထောင့်တွင် တစ်ကွက်စီချန်လှပ်ထားရပါသည်။ ထိုချန်လှပ်ထားသည့် ထောင့်ချိုးများတွင် စဓဗဝ စမကြီးလေးလုံးဖြင့် လက်ယာရစ်ဖြည့်စွက်စီမံထားသည်ကိုလည်း တွေ့ရပါသည်။

မဟာပုရိသလက္ခဏာတော်(၃၂) ပါးကို အင်းဆန်ဖြည့်သွင်း၍ ထောင့်ချိုးလေးခုတွင် စဓဗဝစမလေးလုံးဖြင့် ထောင့်ချုပ်ထားသည်မှာ စိတ်လိုအင်ဆန္ဒများအတိုင်း ပြည့်ပြည့်စုံစုံ၍ ချမ်းသာမှုကိုရစေနိုင်ကြောင်း ညွှန်းဆိုထားခြင်းဖြစ်ပါသည်။

ယောကျ်ားမြတ်တို့ ရရှိအပ်သော (၃၂) ပါးသော လက္ခဏာတော်တို့ကို စာချစ်သူများအတွက် အလေးထားကြည့်ညှိနိုင်ကြစေရန် အောက်တွင် ဖော်ပြလိုက်ပါသည်။ မြတ်စွာဘုရားနှင့် စကြဝတေးမင်းကဲ့သို့ ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးများမှာ -

၁။ ပြည့်ဖြိုးညီညာသောခြေဖဝါး၊
၂။ (၁၀၈) ကွက် စက်လက္ခဏာတော်အစုံပါသော ခြေဖဝါး၊
၃။ သူတစ်ပါးတို့ထက် လုံးဝန်းရှည်သောဖနောင့်၊
၄။ ရင်းတုတ်ဖျားသွယ်ရှည်လျားညီညာသောခြေချောင်းလက်ချောင်း၊
၅။ ဖွားစအခါကဲ့သို့ အမြဲနုနယ်သောလက်ခြေများ၊
၆။ အတိုအရှည်မရှိညီညာသောလက်ချောင်းခြေချောင်း၊
၇။ မြင့်တက်သောဖမျက်၊
၈။ ခြေသလုံး၏ ရှေ့နောက်နံပါးအသားစိုင်များမှာ သစလေးစပါးနှင့်တူခြင်း၊
၉။ ကိုယ်ခန္ဓာအဖြောင့်ထား၍ ဒူးဆစ်ထိရှည်သောလက်၊
၁၀။ အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်၊
၁၁။ ရွှေအဆင်းကဲ့သို့ဝါဝင်းပြီး လုံးကျစ်သောကိုယ်၊
၁၂။ နုနယ်သောအရေအသား၊
၁၃။ မွေးညင်းတစ်တွင်း၌ တစ်ပင်စီသာပေါက်ခြင်း၊
၁၄။ ထိုမွေးညင်းတို့သည် လက်ယာရစ်လှည့်၍ အဖျားကော့တက်ပြီး မျက်စဉ်းညိုရောင်ရှိခြင်း၊
၁၅။ ဖြောင့်စင်းသောကိုယ်ခန္ဓာ၊
၁၆။ လက်ဖမိုး၊ ခြေဖမိုး၊ ပခုံးစွန်း၊ လည်ကုပ်ပြည့်ဖြိုးခြင်း၊
၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကဲ့သို့ ရှေ့နောက်အောက်ထက်ပြည့်စုံသောကိုယ်၊
၁၈။ လက်ပြင်ရိုးနှစ်ခုကြား ပြည့်ဖြိုးသောအသား၊
၁၉။ အလံနှင့်အရပ်ညီမျှစွာရှိခြင်း၊
၂၀။ အညီအမျှ လုံး၍လှပသော ပခုံး၊ လည်ပင်း၊
၂၁။ အရသာကို ဆောင်ယူနိုင်သောအကြောကောင်းများ၊
၂၂။ ခြင်္သေ့၏အောက်မေးကဲ့သို့ပြည့်ဖြိုးသော အထက်မေး၊ အောက်မေး၊
၂၃။ သွားပေါင်းလေးဆယ်ရှိခြင်း၊
၂၄။ ညီညာတိကျသောသွားရှိခြင်း၊
၂၅။ ကျိုးကြဲမရှိစေသောသွားရှိခြင်း၊
၂၆။ ထင်ရှားသောသွားစွယ်ရှိခြင်း၊
၂၇။ ရှည်ပြန့်သောလျှာရှိခြင်း၊
၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာချိုမြိန်သောအသံ၊ ကရဝိက်သံရှိခြင်း၊
၂၉။ ညိုသင့်ရာအရပ်၌ အလွန်ညိုသောမျက်လုံး၊
၃၀။ ဖွားသစ်စ နွားငယ်၏ မျက်လုံးအိမ်ကဲ့သို့ မျက်လုံးအိမ်ရှိခြင်း၊
၃၁။ မျက်ခုံးနှစ်သွယ်အလယ်တည့်တည့်၌ ဥဏ္ဏလုံမွေးရှင်ရှိခြင်း၊
၃၂။ နဖူးသင်းကျစ်ရှိခြင်း တို့ ဖြစ်ပါသည်။


မဟာပုရိသလက္ခဏာတော်အင်း

ထိုလက္ခဏာတော် (၃၂) ပါးကို ထောင့်ချုပ်ထားသည့် စဓဗဝစမလေးလုံးသည် စဓဗဝဂါထာတော်ဖြင့်ချုပ်ထားခြင်း ဖြစ်ပါသည်။ ထိုစမဂါထာတော်ဖြင့် ချုပ်ထားခြင်းဖြစ်ပါသည်။ ထိုစမဂါထာတော်ကို စာချစ်သူများအတွက် အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

- စက္ခု မာစရံ မာစိဏ္ဏော၊
  ဓမ္မည ဓမ္မည ဓမ္မသမိကော။
  ဗလူပေတော ဗလဓရော။
  ဝရဒေါ ဒေဟုမေ ဓေယျံ။ ။

ထိုအခြင်းအရာတို့ကို လေ့လာကြည့်ရှုလျှင် အမျိုးကောင်းသား အမျိုးကောင်းသမီးများအနေဖြင့် [illegible] တောင့်တအပ်သော [illegible] ကို အောင်မြင်စေနိုင်[illegible]

www.burmeseclassic.com

ဝိဇ္ဇာဓရပဂ္ဂိုလ်ပညာနယ်ပယ်ထဲသို့ ထဲထဲဝင်ဝင် လျှောက်လှမ်းလိုသည့် အမျိုးကောင်းသားများလည်း အထူးလိုလားအပ်၊ ဆောင်ယူအပ်သော လက္ခဏာတော်အင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုတင်ပြထားသည့် မဟာပုရိသလက္ခဏာတော်အင်းသည် သုံးလောကထွဋ်ထားရှင်တော်မြတ်ဘုရားတို့၏ ဂုဏ်ကျေးဇူးတော် တစ်ဆယ့်ရှစ်ပါးသော (ဗုဒ္ဓ၊ ဓမ္မ ၁၈ ပါး) တို့ဖြင့် ပြီးပြည့်စုံနိုင်သကဲ့သို့ မဟာဂန္ဓာရီလမ်းကို လျှောက်လှမ်းလိုသူများအတွက် သိဒ္ဓိပေါက်၍ အောင်မြင်နိုင်ကြမည် ဖြစ်ပါသည်။

စာချစ်သူ မိတ်ဆွေများအတွက် ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ကျေးဇူးတော် တစ်ဆယ့်ရှစ်ပါးကို မြန်မာပြန်သက်သက်ဖြင့် အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

**□ ကျေးဇူးတော်တစ်ဆယ့်ရှစ်ပါး**

၁။ အတိတ်၊
၂။ အနာဂတ်၊
၃။ ပစ္စုပ္ပန်တို့၌ မပိတ်ပင် မတားဆီးနိုင်သော(အပဋိဟတ)ဉာဏ်တော်သုံးပါး၊
၄။ ကာယကံ၊
၅။ ဝစီကံ၊
၆။ မနောကံတို့၌ ဉာဏ်ရှေ့သွားရှိသောဉာဏ်သို့အစဉ်လိုက်၍ဖြစ်သော (ဉာဏပုဗ္ဗင်္ဂမ၊ ဉာဏာနုပရိဝတ္တ) ဂုဏ်တော်သုံးပါး၊
၇။ ဆန္ဒ၊
၈။ ဝီရိယ၊
၉။ သတိ၊
၁၀။ သမာဓိ၊
၁၁။ ပညာ၊
၁၂။ ဝိမုတ္တိတို့၏ ဆုတ်ယုတ်ခြင်းမရှိသော ဂုဏ်တော်ခြောက်ပါး၊
၁၃။ မြူးထူးခြင်းမရှိ၊
၁၄။ မြူးထူးလိုသောစကားမရှိ၊
၁၅။ ချွတ်ယွင်းခြင်းမရှိ၊
၁၆။ အမှုကို အဆောတလျင် ပြုခြင်းမရှိ၊
၁၇။ ကြောင့်ကြမှုခြင်းမရှိ၊
၁၈။ မစုံစမ်း မဆင်ခြင်၍ ပြုခြင်းမရှိ ဟူသောဝ်။

ထိုအင်းကိုစီမံရန်အတွက် စီမံရပုံနည်းလမ်းအပြည့်အစုံကိုလည်းရေးသားဖော်ပြထားပါသည်။ ယခု စီမံရမည့် မဟာပုရိသလက္ခဏာတော်အင်းကို စီမံရာတွင် တစ်ပါးသူ၏အကူအညီကိုမယူဘဲ မိမိကိုယ်တိုင် ဆောင်ရွက်ခြင်းက ပိုမိုသင့်လျော်မည်ဖြစ်ပါသည်။ မဟာပုရိသလက္ခဏာတော်အင်းကိုလည်းပဲ မိမိကိုယ်တိုင်ဆောင်ရွက်ခြင်းကကောင်းပါသည်။ အကြောင်းမညီညွတ်မှုများရှိနေပါက ဤစာစုတွင်ပါသောအင်းကို မိတ္တူကူး၍ သုံးစွဲရန်ဖြစ်ပါသည်။

ဤမဟာပုရိသလက္ခဏာတော်အင်းကိုစီမံရာတွင် ကိုယ်နှင့်မကွာ ဆောင်ယူထားနိုင်ရန်အတွက် အောက်ပါအတိုင်း အဓိဋ္ဌာန်ကာလကို ရက် (၉ ရက်)သတ်မှတ်၍ အဓိဋ္ဌာန်ဝင်ရောက်၍ပြီးမြောက်သည့်နေ့မှစပြီး ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ကြပြီ ဖြစ်ပါသည်။

**□ အဓိဋ္ဌာန်ဝင်ရောက်ခြင်း**

**၁။ ရက်ရွေးချယ်ခြင်းနှင့် ကာလသတ်မှတ်ခြင်း**

(က) စတင်ရမည့်ရက်ကို လဆန်း ၉ ရက်၊ လဆန်း ၁၅ ရက် (လပြည့်) နေ့တို့တွင် စတင်ပါ။
(ခ) ကာလသတ်မှတ်ရက်မှာ ကိုးရက်ဖြစ်ပါသည်။

**၂။ ရှေးဦးပြုဖွယ်များ**

(က) မဟာပုရိသလက္ခဏာတော်အင်းကို ကြိုတင်စီမံထားခြင်း။
(ခ) ဆွမ်းဆန်တော် (၁၀) ဘူးကပ်လှူထားခြင်း။

**၃။ နေ့စဉ်ပြုဖွယ်များ**

(က) ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်တို့ကပ်လှူရခြင်း။
(ခ) စတုလောကပါလနတ်မင်းကြီးလေးပါးနှင့် သိဒ္ဓိရှင်ဆရာတော်သခင်တို့အား အတူတကွ လာရောက်ချီးမြှင့်ရန် ဖိတ်ကြားခြင်း။
(ဂ) ဘုရားရှိခိုး၊ သီလခံယူ၊ ဆုမွန်တောင်းခံ၊ မေတ္တာပို့သ၊ ကုသိုလ်အမျှပေးဝေခြင်းတို့ ပြုလုပ်ပါ။
(ဃ) အောက်ပါအတိုင်း ဖော်ပြထားသည့်ဂုဏ်တော်တို့ကို တစ်နေ့လျှင် (၁၀၈) လုံး ဂုဏ်တော်ပုတီးဖြင့် ဂုဏ်တော်တစ်ပါး ပုတီးတစ်ပတ်စိပ်ရန်ဖြစ်သည်။

**ဂုဏ်တော် (၉) ပါး**

□ သောဘဂဝါဣတိပိအရဟံ ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိသမ္မာသမ္ဗုဒ္ဓေါ ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိဝိဇ္ဇာစရဏသမ္ပန္နော ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိသုဂတော ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိလောကဝိဒူ ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိအနုတ္တရောပုရိသဒမ္မသာရထိ ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိသတ္ထာဒေဝမနုဿာနံ ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိဗုဒ္ဓေါ ပုတီး(၁)ပတ်
□ သောဘဂဝါဣတိပိဘဂဝါ ပုတီး(၁)ပတ်

**၄။ မိမိပြုခဲ့သော ကုသိုလ်အစုစုကို သစ္စာပြု၍ မိမိလိုလားသောဆုကို ထပ်မံတောင်းဆိုပါ။**

စတင်တောင်းဆိုသည့်နေ့မှ စတင်၍ အဓိဋ္ဌာန် (၉) ရက်ကာလလုံးတွင် တောင်းဆိုသောဆု တစ်ထပ်တည်းဖြစ်ရန်လိုပါသည်။

**၅။ မိမိဖိတ်ကြားထားသူများကို နေရပ်ဌာနသို့ ပြန်လည်ပို့ရန်ဖြစ်ပါသည်။**

အဓိဋ္ဌာန်ရက်သတ်မှတ်ထားသည့်အတိုင်း (၉) ရက်ပြည့်မြောက်သောနေ့တွင် ဆွမ်းဆန်စိမ်းအဖြစ် လှူဒါန်းခဲ့သော ဆွမ်းဆန်အား သီလရှင်တစ်ပါးကိုဖြစ်စေ၊ သီလရှင်ကျောင်းတိုက်တို့ဖြစ်စေ လှူဒါန်းပါ။ ဤသို့ ပြီးမြောက်သည်နှင့် မဟာပုရိသလက္ခဏာတော်အင်းကို မိမိနှင့်အတူ ဆောင်ထားနိုင်ကြပြီ ဖြစ်ပါသည်။

မိမိ တောင်းခံထားသည့်အတိုင်း အောင်မြင်မှုရရှိကြသော မိတ်ဆွေတို့အနေဖြင့် မိမိသဒ္ဓါဆန္ဒအတိုင်း ဘိုးဘွားဂေဟာသို့ လှူဒါန်းကြပါရန် အကြံပြုပါသည်။ မိမိတို့ကြံစည်သမျှအောင်မြင်ပြီးမြောက်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

*ပညာစတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းခေါင်

ကျမ်းကိုး –
ကျိုးသဲလေးထပ်ဆရာတော်ကြီး
အစိန္တေယျဘုရားရှိခိုးကြီး
သိဒ္ဓိရာဇာဆရာအောင်
အင်းစမကျမ်းများ[illegible]ရေးမူ



www.burmeseclassic.com


www.burmeseclassic.com

မင်းရှိန်အောင်

ပြည်မြန်မာ၏ ၂၀၁၇ ခုနှစ် မကာရရာသီပြောင်း

# မန်ဒိုင်းဇာတာဟောကိန်း

(၁၄-၁-၂၀၁၇) နေ့မှ (၁၁-၂-၂၀၁၇) နေ့အထိကာလ




အနောက်တိုင်းသာယနစနစ်ဇာတာခွင်

၁၄-၁-၂၀၁၇ ရက်နေ့ နံနက် (၈း၂၈း၁၇) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် ဓနုရာသီမှ မကာရရာသီသို့ ကူးပြောင်းဝင်ရောက်လာချိန်၌ ဥဒယလဂ်သည် ကုံရာသီ (၂၂) ဒီဂရီ (၁၁) မိနစ်တွင် ထွက်ပေါ်သည်။ ၎င်းကို ၂၀၁၇ ခုနှစ် မကာရရာသီစူဠသင်္ကြန်ဇာတာခွင်ဟုလည်း ခေါ်ဆိုနိုင်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ကိတ်ဂြိုဟ်နှင့် (၇) ဒီဂရီအတွင်း ပူးယှဉ်နေသော နက်ပကျွန်းဂြိုဟ်သည် ကြာသပတေးဂြိုဟ်နှင့် (၁၈၀) ဒီဂရီအမြင်ရှိနေသော ယူရေးနပ်ဂြိုဟ်နှင့် ဂြိုဟ်ပြိုင်ဖြစ်နေသည်။ ယူရေးနပ်ဂြိုဟ်ကို စနေဂြိုဟ်က (၁၂၀) ဒီဂရီအမြင်၊ တနင်္ဂနွေဂြိုဟ်နှင့် (၇) ဒီဂရီအတွင်း ပူးယှဉ်နေသော ပလူတိုဂြိုဟ်က (၉၀) ဒီဂရီအမြင်ဖြင့် မြင်နေကြသည်။ ထို့ပြင် တနင်္လာဂြိုဟ်နှင့် သောကြာဂြိုဟ်က (၁၈၀) ဒီဂရီအမြင်၊ တနင်္လာဂြိုဟ်က စနေဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ရာဟုဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ဥဒယလဂ်ကို (၁၂၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၉၀) ဒီဂရီအမြင်တို့ဖြင့် မြင်နေရကြသည်ဖြစ်၏။

အဆိုပါတို့ကိုအနှစ်ချုပ်၍ လိုရင်းကို ကောက်ချက်ချရလျှင် အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပရဟိတအဖွဲ့၊ NGO အဖွဲ့၊ NGO အဖွဲ့ဒုက္ခသည်စခန်း၊ ရွှေ့ပြောင်းနေထိုင်သူများ၊ နယ်စပ်ရေးရာကိစ္စ၊ ဘာသာရေးကိစ္စ၊ အမျိုးသားရေးကိစ္စ၊ ပဋိပက္ခကိစ္စ၊ အကြမ်းဖက်ကိစ္စများနှင့်ပတ်သက်၍ ပြစ်တင်ဝေဖန်မှု၊ ထိုးနှက်တိုက်ခိုက်မှု၊ အပုပ်ချမှုများ ပြင်းထန်လာလိမ့်မည်။ နိုင်ငံတကာရေးရာနှင့် ယှက်နွယ်နေလျှင် ပို၍ဆိုးတတ်မည်။

နယ်စပ်ရေးရာနှင့် လုံခြုံရေးကိစ္စ၊ အကြမ်းဖက်နှင့် ပဋိပက္ခကိစ္စ၊ မြေယာသုံးစွဲမှုကိစ္စ၊ ကျန်းမာရေးကိစ္စ၊ စားဝတ်နေရေးကိစ္စ၊ လူမှုရေးကိစ္စ၊ အခွင့်ရေးကိစ္စ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စ၊ တိုင်းရင်းသားရေးရာကိစ္စတို့နှင့်ပတ်သက်၍ အလုပ်သမား၊ လယ်သမားများအပါအဝင် အခြေခံ လူတန်းစားများ၊ တိုင်းရင်းသားများ၊ အတိုက်အခံများ၊ တိုင်းသူပြည်သားများတို့၏ ဖြစ်ချင်သည်နှင့် ဖြစ်လာသည်တို့ ထပ်တူမကြနိုင်မှုကြောင့် တောင်းဆိုမှုများ၊ တက်ကြွလှုပ်ရှားမှုများ အားကြီးလာမည်။ ပြည်ပအဖွဲ့အစည်းတချို့ကို ပြည်ပအရပ်ဘက်လူမှုအဖွဲ့အစည်းတချို့ကို မနှစ်မြို့က်သော တုံ့ပြန်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာမည်။

နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးတို့နှင့် နှီးနွယ်နေသော စီးပွားရေး၊ ငွေရေးကြေးရေး၊ စာချုပ်စာတမ်း၊ စီမံကိန်းစီမံချက် စသည်တို့နှင့်ပတ်သက်၍ အကျောက်အကန် အငြင်းပွားရမှုများ၊ တုံ့လှုယ်တက်ကြွလှုပ်ရှားမှုများ မငြိမ်းအေးနိုင်ဘဲရှိနေဦးမည်။

အခွန်အကောက်၊ အာမခံငွေ၊ ချေးငွေ၊ ငွေကြေးစီမံခန့်ခွဲမှု၊ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်၊ ဘတ်ဂျက်နှင့် ရငွေသုံးငွေ၊ စီမံကိန်း၊ စီမံချက်၊ စာချုပ်စာတမ်း စသည်တို့နှင့် ဆက်နွယ်နေသော ငွေရေးကြေးရေး အရှုပ်အထွေး၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုတို့နှင့် စပ်လျဉ်း၍ အကျယ်အကျယ် မငြိမ်းဖွယ်ကိစ္စရပ်များ ဖြစ်ပေါ်တတ်မည်။ ယင်းတို့သည် နိုင်ငံတကာနှင့် စပ်ယှက်နေလျှင် ပိုမိုကျယ်လောင်တတ်မည်။

အစိုးရဆိုင်ရာနှင့် လွှတ်တော်ဆိုင်ရာတို့၌ ပြုပြင်ပြောင်းလဲမှုတချို့ရှိမည်။ ပုံရိပ်ကောင်းတချို့ ဖြစ်ပေါ်တတ်ပြီး နိုင်ငံတကာ၌ မျက်နှာပန်းလှတတ်မည်။ သို့သော် စီမံခန့်ခွဲရေးကိစ္စ၊ ဥပဒေပြုရေးကိစ္စ၊ တရားစီရင်ရေးကိစ္စတို့၌ ခက်ထန်သောစိန်ခေါ်မှု၊ ပြင်းထန်သော ရိုက်ခတ်မှုများရှိမည်။ ဝေဖန်တိုက်ခိုက်ခံရမှုများရှိမည်။ ထိပ်သီးပုဂ္ဂိုလ်တချို့အတွက် စိတ်မကောင်းဖြစ်ရမည်။

အမျိုးသမီး၊ ကလေးသူငယ်နှင့် ဆက်နွယ်နေသော ရာဇဝတ်မှုခင်းများ ပိုမိုရှိနေဦးမည်။ ကျန်းမာရေးဆိုင်ရာ ဥပဒေသများအတွက် တောင်းဆိုမှုများ ရှိလာမည်။

ရာသီဥတုက ကောင်းကြီးမဟုတ်သော်လည်း အဆိုးကြီးမဟုတ်ပါ။ မြေငြိမ်မှု၊ တောင်ပြိုမှု၊ မြေငလျင်လှုပ်ရှားမှုများ ရှိနိုင်သေးသည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ဖိုးကျော့

## ဟူးကောင်းကျား

*(ယခင်လမှအဆက်)*

ဖီလာတောင်ခြောက်ပွဲက လွှန်ပီး ဖြစ်လာသော ခွန်လွှေသည် အကြီး အကျယ်စိတ်ကြီးဝင်လာ၏။သူမျှော်မှန်း ထားခဲ့သောပန်းတိုင်သည် သူ့အတွက် လက်တစ်ကမ်းသာလိုတော့၏။ ဆင်ကို လည်းကောင်း၊ ပြောင်ကိုလည်းကောင်း၊ စိုင်ကိုလည်းကောင်း တစ်ကောင်ကောင် ကို သူသတ်နိုင်လျှင် ဤနယ်တစ်ဝိုက် တွင် ဤအသက်အရွယ်နှင့် တစ်ဦးတစ် ယောက်မှ မပေါ်ပေါက်ခဲ့ဘူးသော သိက္ခာရမုဆိုးကျော်ကြီးဖြစ်ပြီ။ နယ်ခြား ဝန်၏ဂုဏ်ပြုမှုကိုခံရပြီ။ယခု သားကောင် ထဲတွင် ဒုတိယတန်းစားဟု မုဆိုးများ သတ်မှတ်ထားကြသော ကျားသစ်ကို သူပစ်သတ်အောင်မြင်လာခဲ့ပြီ။ ပထမ တန်းစား တောတိရစ္ဆာန်တစ်ကောင် ကောင်ကို ဤနှစ်တွင်သတ်နိုင်ဖို့သာ လိုတော့သည်။

သို့သော် ပထမတန်းစား တော တိရစ္ဆာန်တစ်ကောင်ကောင်ကိုသတ်ပြီး သိက္ခာထပ်ရန်ထက် သူ့အဘိုးလက်ထက် ကတင်ထားခဲ့သောအကြွေးကို သူ့အဖေ မပေးဆပ်ခဲ့သဖြင့် သူ့လက်ထက်မှာ ဆပ်ကိုဆပ်ရတော့မည်။ သာမန်မုဆိုး တစ်ယောက်မဟုတ်သောသူသည် ဤ အကြွေးကိုမပေးမဆပ်နိုင်ခဲ့လျှင် လူများ ကဲ့ရဲ့သဂြိုဟ်စကားဆိုစရာဖြစ်လိမ့်မည်။ အလကားမုဆိုးဟုအပြောခံရတော့မည်။ သူ့အဖေအပေါ်တွင် တင်ထားခဲ့သော သွေးကြွေးသည် သူ့သားလက်ထက်ထိ ကျန်နေခဲ့မည်။ လွှန်ပီးတစ်ယောက် အနေနှင့် ကြွေးတင်မခံနိုင်။ ထို့ကြောင့် လျှံနေအစ်ကို လျှံထောင်ကို သူသတ်ကို သတ်ရတော့မည်။

လျှံထောင်ကို သူသတ်လိုက်လျှင် လျှံနေနှင့်တော့ သူဝေးရတော့မည်။ ဝေးခါမှဝေးရော့ လျှံထောင်ကိုတော့ သူသတ်ကိုသတ်မည်ဟု စိတ်ကြီးဝင်နေ ၏။ ထို့ကြောင့် ဖီလာရွာကပြန်လာပြီး မိမိအိမ်တွင် တစ်ရက်သာနေပြီး ရလာ



www.burmeseclassic.com

www.burmeseclassic.com



သောကျားသစ်ရေကို သူ့အမေရှေ့ပစ်ချထားခဲ့ပြီး တိန်ခါရွာက သူ့ဘကြီးတော် ထန်ဗူးဆီကို ဖရာနာန်မေးရန် ထွက်လာလေသည်။

ဤအချိန်တွင် ခွန်လှေသည် သူ့အမေစကားကိုလည်း နားမဝင်။ လျှံနေ၏ ငိုယိုတောင်းပန်ခဲ့သော စကားကိုလည်း သတိမရတော့။ ပြောင်းခင်း၊ တောင်ယာ၊ ကောက်သစ်စားပွဲ၊ ဘုရားသခင်မွေးနေ့၊ ခရစ္စမတ် စသည့် အားလုံးကို ဥပေက္ခာပြုပြီး ဖရာနာန်ရရေး၊ လျှံထောင်ကိုသတ်နိုင်ရေးသာ တစ်ချိန်လုံးတွေးပြီး သူ့ဘကြီးတော်ရှိရာ တိန်ခါရွာဘက်ထွက်လာလေသည်။

ယခုအခါ သူ့တွင် နွားလေး၊ ဆောင်မား၊ လေး၊ မြား၊ လှံတို့အပြင် ဆာဒိုက်ဂုဏ်ပြုပွဲက ကုပ်ချိုးသေနတ်တစ်လက်ကိုလည်း ပိုင်ဆိုင်ထားပြီ။ မည်သူ့ကိုမျှ ဂရုစိုက်စရာမလို။ သူလုပ်ချင်ရာလုပ်တော့မည်ဟု ဆုံးဖြတ်ထားသည်။ တိန်ခါရွာကိုလာရာလမ်းတွင် တစ်ညအိပ်၊ နှစ်ညအိပ်ခရီး၌လည်း မည်သည့်အန္တရာယ်ကိုမျှ သူမမှုတော့။ သူ့ကုပ်ချိုးသေနတ်သည် မား၊ လှံ၊ လေး၊ မြားတို့ထက် အစွမ်းထက်လှသို့လည်း

www.burmeseclassic.com

ဆလိုင်းကြီးဗွန်သွမ်ကိုယ်တိုင် သင်ပြပစ်ခတ်ပြလိုက်ပြီ။ သူလေ့ကျင့်ခဲ့ပြီ၊ ပစ်တတ်ခဲ့ပြီ။ ဤတောဤတောင်ဤနယ်တစ်ဝိုက်တွင် မည်သူ့ကိုမျှမှုစရာမလိုတော့။

ဤစိတ်ကူးနှင့် တိန်ခါရွာသို့ ဖရာနာန်မေးရန်လာသောခွန်လေ့သည် လမ်းခရီး၌ တစ်ညအိပ်ပြီး ဘကြီးတော်ရှိရာ တိန်ခါရွာဘက်ဆက်ထွက်လာသည်။ ချောင်းရေစမ်းပေါက်တို့ကြောင့် လမ်းပျောက်သွားလျှင် သစ်ပင်ပေါ်က တက်ကြည့်ရ၏။ မီးခိုးတလူလူမြင်နေရသောနေရာသည် တိန်ခါရွာ သို့မဟုတ် တိန်ခါရွာသားတို့၏ တောင်ယာတဲဆိုသည်ကိုတော့ ဒေသအသိနှင့်မေးစရာပင်မလိုပေ။ တောင်ယာတဲကိုတွေ့ရလျှင် တိန်ခါရွာကိုရောက်နိုင်သလို မီးခိုးငွေ့များ သုံး၊ လေးခု အပေါ်လွင့်တက်နေသောနေရာဆိုလျှင် တိန်ခါရွာပင်။

သူတို့ရွာဘက်နှင့်စာလျှင် တိန်ခါရွာဘက်က ပို၍တောနက်၏။ တောင်မြင့်၏။ ချိုင့်ဝှမ်းလျှိုမြောင်ပေါသည်။ ထို့ကြောင့်ပင်ထင်၏။ စမ်းချောင်းနားတစ်နေရာအရောက်တွင် ပြောင်ဩသံတစ်ခုကို သူအဆက်မပြတ်ကြားနေရ၏။ ခွန်လေ့အလွန်ဝမ်းသာသွားသည်။ သူ့အား သိကြားမင်းဆိုးကြီးတစ်ယောက်ဖြစ်လာအောင် တောစောင့်တောင်စောင့်၊ နတ်ဒေဝတာများကပင် တမင်ဖန်တီးပေးလေပလားဟု စိတ်ကြီးဝင်သွားပြန်သည်။

ထို့ကြောင့် ယခုသူကြားနေရသောအသံမှာ ပြောင်ဩသံဟုတ်၊ မဟုတ် သူနားစွင့်လိုက်၏။

"တူ. . . တူ"

"တူ. . . တူ"

ပြောင်ဩနေသံ သေချာသွားပြီ။

ခွန်လေ့သည် ပြောင်ဩသံကြားရာဘက်ဆက်လိုက်လာသည်။ ဖရာနာန်မေးရန် ဒေါသတကြီးလာနေသောခွန်လေ့သည် ချက်ချင်းမုဆိုးစိတ်ဝင်သွားကာ လျှံထောင်ကိုသတ်ရန်နှင့် ဖရာနာန်မေးရန်ကိုပင် တဒင်္ဂမေ့သွားပြန်သည်။ ထို့ကြောင့်လည်း ခွန်လေ့သည် ပြောင်ဩသံနောက် အလျင်အမြန်ပင်လိုက်ချလာ၏။ မကြာမီမှာပင် ပြောင်ဩသံနှင့်အခြားသောတော တိရစ္ဆာန်များ၏အသံက တောင်ချိုင့်ကို ပဲ့တင်ရိုက်ကာ အသံချင်း ရောထွေးသွားသည်။

"ညွှ. . . ခွဲ. . . ခွဲ"

"ညွှ. . . ခွဲ. . . ခွဲ"

ရုတ်တရက်မူ အသံတွေကရောနှောသွားသဖြင့် မည်သည့်ဘက်ကိုလိုက်ရမှန်းမသိဖြစ်သွား၏။ ထိုအခါ အသံကြားရာဘက်ဆီပြေးလိုက်လာပြီး ခြေရာကောက်ရ၏။ အတွေ့အကြုံအရ ခွန်လေ့က အသံနှင့်ခြေရာကို ချက်ချင်းခွဲခြားလိုက်သည်။ ထိုအခါ သူ့စိတ်ပုံရိပ်တွင် အကောင်အထည်နှင့် မြည်သံရှင်၊ ခွာရာရှင်များကိုထင်လိုက်ပြီ။

စိုင်၊ တောနွား၊ ပြောင်၊ တောကျွဲတို့မှာ သာမန်လူများအတွက် ခွာရာခြေရာတွေကို တွေ့ရုံမြင်ရုံနှင့် ခွဲခြားတတ်ဖို့ခက်သည်။ စိုင်၏ခြေရာသည် သာမန်ကြည့်လျှင် တောနွား၊ နွားနောက်တို့ခြေရာနှင့် တော်တော်တူသည်။ ပြောင်ကမူ ကျွဲနှင့်ကွာခြားချက်အများကြီးရှိသည်။ ကျွဲရိုင်းကြီးတွေမှာ ခြောက်ပေလောက်မြင့်သော ကျွဲရိုင်းကြီးများ အလွန်ရှား၏။ ပြောင်ကမူ ရှစ်ပေလောက်ထိမြင့်သော တောစိုးပြောင်၊ တောင်စိုး၊ ချောင်းစိုး၊ အိုင်စိုးပြောင်ရိုင်းကြီးများရှိသည်။ ကျွဲက ခါးကော့သည်။ ပြောင်ကမူ သူ့ကျောရိုးပေါ်တွင် ဝါးဆူတောင်လို ကြက်မောက်ရိုး သို့မဟုတ် ဘီးချပ်ရိုးရှိခြင်းကြောင့် သူ့ခါးမှာ ကုန်းကုန်းကြီးဖြစ်နေသည်။ ကျွဲရိုင်းပုံက ပြာနှမ်းနှမ်း မွဲခြောက်ခြောက်၊ ပြောင်ကတော့ ပြောင်ဆိုသည့်အတိုင်း တစ်ကိုယ်လုံး ချောပြောင်နေသည်။ ဆောင်းနှင့် နွေကာလတွင် သူ့ကိုယ်၌ ရေနံချေးတွေလို အဆီတွေပြန်နေတတ်၏။

ဒူးဆစ်အောက် ခွာလေးဖက်စလုံးကလည်း ဖြူနေသည်။ မျက်လုံးအထက်ကစ၍ ထိပ်ပြင်တစ်ခုလုံးမှာလည်း ဖြူနေသည်။ ပြောင်သည် အကောင်အထည်အရရော ပုံသဏ္ဌာန်အရပါ ကျွဲရိုင်း၊ တောကျွဲများနှင့် ကွာခြားသည်။ ဦးချိုမှာလည်း ပြောင်ချိုနှင့် ကျွဲချိုမှာမတူပေ။ ကျွဲချိုမှာ အပြားနှင့် သုံးထောင့်သာရှိပြီး ချိုပေါ်တွင် အရစ်အရစ်ရှိသည်။ အထဲတွင် အခေါင်းရှိသည်။ ပြောင်ချိုကမူ လုံးချောဖြစ်သည်။ စိုင်ချိုကဲ့သို့ပင်ဖြစ်၏။ ခွာမှာလည်း အကောင်အထည်နှင့်စာလျှင် ကျွဲခွာထက် ပြောင်ခွာကသေးသည်။ ကျွဲခွာမှာဝိုင်းနေပြီး ပြောင်ခွာမှာ ခပ်ချွန်းချွန်းဖြစ်သည်။ ထို့ကြောင့် မုဆိုးသည် ခြေရာခွာရာကိုကြည့်၍ ခွဲခြားတတ်ကြ၏။

ပြောင်အနံ့နှင့် ကျွဲအနံ့မှာ အနံ့ချင်းဆင်ဆင်ဖြစ်သော်လည်း ပြောင်နံ့က ပို၍စူးရှသည်။ နှာမှုတ်သံချင်းလည်းကျွဲပြား၏။ ကျွဲနှာမှုတ်သံက ရှူးခနဲမြည်သည်။ ပြောင်ကမူ အမနှာမှုတ်သံကပင် ဘူးခနဲမြည်၏။ ပြောင်ပေါက်တစ်ကောင်၏နှာမှုတ်သံမှာ တစ်ခါတလေ ဗုံးခနဲပေါက်ကွဲသံလိုထွက်တတ်သည်။ ကျွဲက ညွှဲညွှဲဟုမြည်တတ်သော်လည်း ပြောင်သည် မိတ်ဖက်ရှာသောအခါ တံပိုးမှုတ်သံအတိုင်း သံရှည်ဆွဲ၍ တူ တူ တူ တူဟု မြည်တတ်၏။ ဤသည်ကို မုဆိုးများက ပြောင်ဩသည်ဟု သူတို့ဝေါဟာရနှင့် သူတို့ဆိုသည်။

ထို့ကြောင့် ခွန်လေ့သည် ခြေရာနှင့်ပြောင်ဩသံဘက်ကိုသာဆက်လိုက်လာ၏။ တူတူတူတူမြည်သွားနေသောအသံကြားရာနောက် နားစွင့်လိုက်လာရသလို ပြောင်တို့တိုက်သွားသောတောချုံ သစ်ပင်များကိုလည်းလှမ်းကြည့်၍ နောက်ကလိုက်လာရ၏။ ဤပြောင်မှာ စမ်းရေသောက်ပြီး စမ်းဖျားသို့တက်သွားသည်မှာသေချာသဖြင့် ရှေ့ကပတ်ဆီးကာ ခွန်လေ့က နေရာဦးယူထားလိုက်သည်။

ပြောင်ကိုပစ်လျှင် ယမ်းနံ့မီးခိုးအတိုင်း တစ်ဟုန်ထိုးပြေးလိုက်လာပြီး လူကိုဝင်ခွေ့ဝင်တိုက်တတ်၏။ လျင်မြန်နှုန်းမှာလည်း ကျည်ဆန်ပမာဟု ဆလိုင်းကြီးဗွန်သွမ်းပြောသည်ကိုအမှတ်ရသဖြင့် ခွန်လေ့က သစ်ပင်ကြီးကြီးတစ်ပင်ကို ကျောမှီ၍ မုဆိုးဒူးထောက်ထိုင်ကာ ပြောင်အလာကို ကြိုစောင့်နေလိုက်သည်။

အကယ်၍ ပြောင်ကို သူက ကုပ်ချိုးသေနတ်နှင့်ပစ်လိုက်လျှင် ယမ်းနံ့အတိုင်း ပြောင်ကပြေးတိုက်ရန်လာသည်နှင့် သစ်ပင်ကြီးနောက်ကို လူက ချက်ချင်းရောက်နေရမည်။ သို့မဟုတ်ပါက ပြောင်ခေါင်းနှင့်သစ်ပင်ကြားတွင် လူကပြားချပ်ပြီး ချက်ချင်း အသက်ပျောက်သွားနိုင်သည်။ ပြောင်တိုက်ပြောင်အောင်းခံရလျှင် ပြောင်နှင့်အလုံးအရပ်တူသောစိုင်များပင် ချက်ချင်းပါးစပ်၊ နှာခေါင်း၊ နားတို့က သွေးထွက်သွေးအန်၍သေသည်။ ထို့ကြောင့် ပြောင်ကိုပစ်သည့်အခါမှာ ကျားကိုပစ်သည်ထက် သတိထားရသည်။

သံသောင်အတိုင်း တူ တူ တူ တူ မြည်ပြီးလျှောက်လာနေသောပြောင်ကို ခွန်လေ့ လှမ်းမြင်လိုက်ရ၏။ သူက တောချုံထဲဝင်လိမ့်မည်ထင်သော ပြောင်က တောချုံထဲမဝင်ဘဲ တတူတူမြည်လိုက်၊ အနံ့ခံလိုက်၊ အသံနားစွင့်လိုက်နှင့် ဖြည်းဖြည်းသာလာနေ၏။ ထို့ကြောင့်

www.burmeseclassic.com

ခွန်လွေက နေရာပြောင်းယူလိုက်ရသည်။ ရှေ့ကို ကုပ်ချောင်းကုပ်ချောင်း ပြေးသွား၏။ ကျောက်တုံးကြီးတစ်တုံးကို အကာအကွယ်ယူသည်။ သေနတ်ချိန်၍ စောင့်နေလိုက်၏။ အစကမူ ကိုယ်လုံး၏ အောက်ပိုင်းကိုသာမြင်ခဲ့ရသည်။ ယခု မြင်လိုက်ရသောအခါ လန့်စရာပင် ကောင်းနေ၏။

ပြောင်ကြီး၏ဘီးချပ်ရိုးကျောကုန်း အထိဆိုလျှင် လူတစ်ရပ်ထက်ပင်မြင့်၏။ နည်းနည်းနောနော ပြောင်ပေါက်ကြီး မဟုတ်။ တူ တူ တူ တူအသံပေးပြီးစုံရပ်ကာ ပြောင်ကြီးက အသံကိုနားစွင့်စဉ် ခွန်လွေ ခွေ့ရှိပြောင်ကြီးကိုပစ်ထည့် လိုက်သည်။

"ဒိုင်း"

ဟူသော သေနတ်သံနှင့်အတူ ပြောင်ကြီးသည် ဆလိုင်းဗွမ်သွမ် ပြေးသလို ယမ်းနံ့ခံ၍ ပြေးလိုက်လာ၏။ မြန်လိုက်သည်မှာ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် ယမ်းနံ့ဆုံးနေရာကိုရောက်လာသည်။

သို့သော် ပစ်တုန်းကပင် ရှေ့ဆိုင်တည့်တည့်မဟုတ်သဖြင့် ခွန်လွေနှင့် နှစ်လံကျော်ကျော်အဝေးက သစ်ပင်ငယ်ချုံပုတ်များကိုသာ ပြေးအောင်းပြီး သွေးရူးသွေးတန်းနှင့် ပြေးလွှားသွားသံကို ကြားလိုက်ရသည်။ တဘိုးကြီးတွင်းဟု ခေါ်သော လည်တံရှင်းကိုပစ်ထည့်လိုက်ရသဖြင့် ပြောင်ကြီး၏ပြေးရာနောက်မှာ သွေးကွက်ကြီးတွေ ထင်ကျန်ခဲ့သည်။ ခွန်လွေသည် သွေးကွက်ထဲ အမြှုပ်ပါ၊ မပါ ငုံ့ကြည့်ရသည်။ သွေးရောင်ချောချော မှန်သလား၊ ရှပ်မှန်သလား၊ တဘိုးကြီးတွင်းသို့တည့်တည့်မှန်တာလား စိစစ်ကာ သွေးကိုကြည့်၏။ ရှပ်မှန်တာဆိုလျှင် တော်တော်နှင့် မသေနိုင်။ အသားကို ရှပ်မှန်၍ထွက်သောသွေးက အညိုဖြစ်သည်။ အမြှုပ်လည်းမပါ။ ယခု ခွန်လွေ မြင်နေရသောသွေးမှာ အမြှုပ်ပလုံလေးတွေနှင့် အဆုတ်ကလာသောသွေးမှန်း ခွေကန်သိလိုက်သည်။ ဤပြောင်ပြေးနိုင်မှ မှုဆိုးတစ်ထောက်သာ။ ထို့ကြောင့် အမြန်ပင်ပြေးလိုက်လာ၏။

မကြာပါချေ။ ခွန်လွေထင်သလိုပင် စမ်းဖျားနားက ကျူတောကိုဝင်တိုးပြီးသေနေသည်ကို တွေ့ရ၏။ ပြောင်ကြီးသည် တဘိုးကြီးတွင်းကိုကျည်ထိခံလိုက်ရသော်လည်း မုဆိုးတစ်ထောက်အထိတော့ ပြေးသွားနိုင်ခဲ့၏။ စိုင်တို့ ဆတ်တို့သာဆိုလျှင် တဘိုးကြီးတွင်း သို့မဟုတ် လက်ရှပ်ကြားကိုထိပါက ခြေလှမ်းတစ်ဆယ်မပြည့်မီ လည်အိုးကျ ကျွမ်းစိုက်ကာ ပစ်လိုက်သောယမ်းနံ့မပြေမီ သေကြသည်သာ။

ခွန်လွေသည် အမြီး၊ နှာဖျား၊ နားရွက်ဖျားတို့ကိုလှီးဖြတ်ကာ မုဆိုးတို့ ထုံးစံအတိုင်း ချက်ချင်းတောတင်လိုက်သည်။ ပြီးတော့ အနားရှိ သစ်ရွက်ခြောက်၊ ကျူရိုး၊ သစ်ခက်ခြောက်တို့ကို ပြောင်ကြီးကိုယ်ပေါ်ပုံတင်ပြီး မီးရှို့လိုက်သည်။

ထို့နောက် တောထဲတောင်ထဲတွင် ဘုရင်တစ်ဆူလို မင်းမူနေကြသော သားစားကြူးတောခွေးတို့ရန်ကိုလည်းကြောက်ရသဖြင့် သစ်ရွက်သစ်ခက်၊ ကျူရိုးများ အပြင် ထင်းချောင်းတွေကိုပါ ပြောင်ကြီးကိုယ်ပေါ်တင်၍ မီးဖုတ်လိုက်သည်။ တူးခြစ်သွားသောပြောင်ကြီး၏ အပေါ် တင်ပဆုံသားတစ်တုံးကို လှီးဖြတ်စားရသည်။ ပြီးမှ သစ်ပင်ပေါ် တက်ကာ စောစောက မီးခိုးတလူလူမြင်ခဲ့ရသော တိန်ခါရွာဘက်ကို လှမ်းကြည့်ရသည်။ မီးခိုးတလူလူ မိုးပေါ် လွင့်တက်နေသော တိန်ခါရွာကိုမြင်မှ သစ်ပင်ပေါ်ကဆင်းလာသည်။ တောခွေးတို့ကို စိတ်မချသေးသဖြင့် ပြောင်ကိုယ်ပေါ် မီးထပ်တင်ကာ တိန်ခါရွာဘက်ထွက်လာသည်။

ပြောင်ကြီး ဖောကပ်နေသဖြင့် ယခုမှ မိုးပေါ် လှမ်းကြည့်မိရာ မွန်းတိမ်းခါးသာရှိသေး၏။ လျှံထောင်အတွက် ယခင်က လျှံနေ ချစ်ခဲ့ရသူ အစ်ကို အတွက် ဖရာနာန်လုပ်ရမည်ကို ယခု တွေးမိလိုက်သောအခါ ခွန်လွေ၏ မုဆိုး ခြေထောက်မှာ မြေပြင်ကိုမှကျပါရဲ့လား ဟုပင်ထင်ရလေသည်။

❑

ခွန်လွေ အိမ်တစ်အိမ်ရှေ့ရောက်သည်နှင့် ခွေးတစ်ကောင်က ထိုးဟောင်သည်။

"အီးကျောင်း၊ စုတ်စုတ်၊ အွီးကျေယင်း"

ဟူသော ခွန်လွေ၏ခွေးမောင်းသံ မဆုံးမီမှာပင် ဂျပ်ခုတ်ရက်နေသော အမျိုးသမီးကြီးတစ်ယောက်က အိမ်ရှေ့ထွက်လာ၏။ လူစိမ်းကိုမြင်သည်နှင့် မိန်းမကြီးက -

"အီးယား. . . ၊ ဘာလဲ"

ဟု လှမ်းမေး၏။

ခွန်လွေ့ ကိုယ်ပေါ် ကသေနတ်ကို မြင်သောအခါ လန့်သွားပုံလည်းရသည်။

"ဆလိုင်းထန်ဗူးအိမ် ဘယ်အိမ်လဲ"

"ဟိမကသိပ်ခါ၊ ဟို ဟိုဘက်က အိမ်ပ။ အိမ်ရှေ့မှာ ပြောင်းဖူးပင်နဲ့ကြိမ်ပုတ်လည်းရှိပကော"

ထိုမိန်းမကြီး လက်ညှိုးညွှန်ပြလိုက်သော တောင်ကမူဘက် ခွန်လွေ ချက်ချင်းထွက်လာသည်။ အိမ်ရှေ့တွင် ပြောင်းဖူးပင်နှင့် ကြိမ်ပုတ်ရှိသည်ဆိုသဖြင့် မှားစရာမရှိတော့။

အိမ်ရှေ့ရောက်သည်နှင့် ခွေးဟောင်ပြန်သည်။ ကလေးသုံး၊ လေးယောက်က ပြေးလာထွက်ကြည့်ကြ၏။

"တနိမ်း၊ ဘကြီးထန်ဗူးရှိလား"

အိမ်ရှေ့တွင်ရပ်၍မေးရ၏။

ကြောင်ကြည့်နေကြသောကလေးများထဲက အကြီးဆုံးကောင်လေးသည် အိမ်အောက်ဝင်ပြေးသွား၏။ ကလေးက တစ်စုံတစ်ယောက်ကို ပြောနေသံကြားလိုက်ရ၏။ ထိုကလေးနှင့်အတူ ခါးကုန်းနေသောအဘိုးကြီးတစ်ယောက်ပါလာသည်။ သူ့ကို အကဲခတ်ကြည့်ပြီး -

"အဝဲ့ယား၊ ဘယ်လူလဲ၊ ဘာကိစ္စလဲ"

ဟု မေး၏။

"တနိမ်းလား၊ ငါ ကူပွန်ရွာက ပေါလွေ့သား ခွန်လွေပါ"

"ဩော်-အင်း၊ ဩော် - နင့်အမေ သေလို့လာပြောတာလား။ အိမ်ထဲဝင်လေ"

"အမေမသေပါဘူး၊ ကိုပတ်လထု၊ အရေးတကြီးကိစ္စရှိလို့"

"ကိုပတ်လထု"

အဘိုးကြီးက အံ့ဩသွားပုံရ၏။-

"ဘာအရေးကြီးကိစ္စလဲ"

"ကိစ္စနောက်မှပြောမယ် တနိမ်း၊ အခုလောလောဆယ် ငါပြောင်ကြီးတစ်ကောင်ကို ဟိုဘက်စမ်းဖျားအိုင်နားမှာ ပစ်သတ်ထားခဲ့တယ်။ မီးလမ်းလည်းပြထားခဲ့တယ်။ အဲဒါ တနိမ်းတို့ရွာသားတွေကိုပြောပြီး မြန်မြန်သွားယူခိုင်းလိုက်မှနေဘ်"

"ဟေး-အရှားပါး၊အာဂအကောင်ပဲ။ နင့်မှာသေနတ်ကြီးလည်းပါတာကိုး"

အဘိုးကြီး ယခုမှ သူ့ကိုစေ့စေ့စိုက်ကြည့်ပြီး အံ့ဩသွားသံနှင့်ပြောလာသည်။

"ဖိလာတောခြောက်ပွဲကရလာတာ တနိမ်း"

ခွန်လွေက မာန်တက်သံနှင့်ပြောလိုက်၏။

www.burmeseclassic.com

"ဒါဆို အမျိုးအတွက် ဒီမှာလည်း ဆာအိုက်ပွဲလုပ်ပေးရမှာပေ့ါ။ ငါအားလုံး စီစဉ်လိုက်မယ် လူလေး"

အဘိုးကြီးက သူ့မြေးကြီးတစ်ယောက်ကိုခေါ်ပြောပြီး ရွာလူကြီးအိမ်ကို အပြောလွှတ်လိုက်၏။ ကောင်လေးထွက်သွားပြီး ဘယ်လောက်မှမကြာ။ တိန်ခါရွာလူကြီးအိမ်က မောင်းထုသံကြားရသည်။

ဟိုအိမ်သည်အိမ်ကကျွဲချိုမှုတ်သံ၊ ကျွဲချိုခေါက်သံတွေကိုကြားလိုက်ရသည်။ ဤသည်မှာ ခွန်လွေ့ပစ်သတ်ထားခဲ့သော ပြောင်သေကြီးကို မီးလမ်းကြည့်၍သွားယူကြရန် အချက်ပေး လူစုကြခြင်းဖြစ်သည်။

တောင်ယာနီးသူတွေက လူကြီးအိမ်သို့ စောစောရောက်လာကြလိမ့်မည်။ ဝေးသူတွေကမူ ကြားရာအရပ်က ကျွဲချိုမှုတ်၊ ဝါးတက်ခေါက်၍ သူတို့ကြားပါသည်၊ လာနေပါပြီဟု အသံပေး အချက်ပြုကြသည်။

ဤသည်မှာ သူကြီးအိမ်ကမောင်းသံ၏သင်္ကေတကိုနားစွင့်၍ အရေးကြီးလျှင်ကြီးသလို အပြေးလာကြရမည်။ အရေးမကြီးသောမောင်းထုသံဆိုလျှင် ဖြည်းဖြည်းလာ၍ရ၏။ ရွာထဲရှိ ရွာသူရွာသားတစ်ယောက်ယောက် သေွးနှင့်ဆိုင်သလား၊ ချွေးနှင့်ဆိုင်သလား၊ မင်္ဂလာမောင်းလား အမင်္ဂလာမောင်းလား ဆိုသည်ကို သူတို့သင်္ကေတနှင့် သူတို့သိကြသည်။

လူကြီးအိမ်က အဆက်မပြတ် အလျင်စလို တဒူဒူထုနေသောမောင်းသံသည် အရေးပေါ်အရေးတကြီးခေါ်သောအသံ။ ရပ်သူရွာသားတစ်ယောက်ယောက် ကျားကိုက်၊ ဝံကိုက်၊ ဝက်ပက်၊ ဆင်နင်းသေ၍ သေွးထွက်သံယိုဆိုလျှင် သူကြီးအိမ်ကမောင်းသည် ထုချက်မခြားဘဲ ဆက်တိုက်မြည်သည်။ ထုသည်။ လေးလေးမှန်မှန် တစ်ချက်ချင်းထုသောမောင်းသံမှာ မင်္ဂလာသတင်းပေးမည့်မောင်းသံ၊ တောင်ယာသိမ်း၍ ညနေမှ သွားလျှင်လည်းရသည်။

ဒူဒူဒူဒူဟု လေးလေးမှန်မှန် နှစ်ချက်ကို တစ်ချက်သင်္ကေတဖြင့်ထုနေသောမောင်းသံက အလျင်အမြန်ဆောင်ရွက်ကြရန်မဟုတ်သော ရပ်ရေး၊ ရွာရေးကိစ္စကို အသိပေးပြောကြားလို၍ ညနေတောင်ယာပြန် ထမင်းစားပြီးမှ လူကြီးအိမ်သို့လာ၍စုဝေးကြရန်ဖြစ်သည်။

"မင်းသတ်ထားခဲ့တဲ့ ပြောင်ကို မီးလမ်းကြည့်ပြီး သူတို့သွားထမ်းကြလိမ့်မယ်။ ထိုင်ထိုင်၊ မင်းအမျိုးတွေအတော်ကြာမှ တောင်ယာကပြန်လာကြလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း သူကြီးအိမ်ကလူတွေနဲ့ ပြောင်သေသွားယူကြပြီးမှ ပြန်လာကြလိမ့်မယ်"

အဘိုးကြီးထန်ဖူးနှင့်ခွန်လွေ့တို့က အိမ်အောက်မီးဖိုနားတွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

သူပစ်သတ်ထားခဲ့သောပြောင်သေကြီးကို သူတို့သွားယူကြရန်မှာ မခဲယဉ်းဆိုသည်ကို ခွန်လွေ့သိသည်။ သူမီးလမ်းပြထားခဲ့သောနေရာသည် တောင်ယာတဲမဟုတ်။ အိမ်သစ်ယာသစ်နေရာမဟုတ်။ အလိုအလျောက် တောမီးလောင်နေသောနေရာလည်းမဟုတ်။ စမ်းဖျားနေရာသစ်က မီးခိုးတလူလူထွက်နေလျှင် ထိုမီးလမ်းသစ်နေရာသည် ခွန်လွေ့သတ်ထားခဲ့သောပြောင်သေရှိရာဆိုသည်ကို သူတို့အတပ်သိကြသည်။ ဘယ်နေရာတွင် ဘယ်သူ့အိမ်၊ ဘယ်သူ့တောင်ယာရှိသည်ကိုလည်း သူတို့သိပြီးသားဖြစ်ကြသဖြင့် မီးလမ်းအသစ်နေရာဆီလိုက်သွားကြလျှင် မြေကြီးလက်ခတ်မလွဲ ခွန်လွေ့ပစ်သတ်ထားခဲ့သော ပြောင်သေကြီးကို မုချတွေ့ကြရမည်သာ။

"ကဲ- ဆိုစမ်းပါဦး။ မင်းအရေးကြီးတဲ့ကိစ္စ။ ငါကမင်းအမေသေလို့လာပြောတယ်ထင်ပြီး စိတ်ထဲတစ်မျိုးကြီးတောင်ဖြစ်သွားတယ်"

"အမေ ကျန်းမာပါတယ် ကနိမ်း၊ ကိစ္စအရေးက ကနိမ်းကို ဖရနာန်လာမေးတာ"

"ဟင် - ဘယ်သူ့အတွက်လဲ၊ ဖရနာန်ရမယ့်သူက. . ."

အဘိုးကြီးက သူ့မျက်နှာကိုစိုက်ကြည့်ပြီး အံ့သြတကြီးနှင့်စကားရပ်သွားသည်။

"ငါက အအီအတွက်ပေးဆပ်ရမှာ။ ကနိမ်းဘကြီးတို့ရဲ့ဘကြီး ငါ့အဘိုးအတွက် အဖေ အူယိုးမဆပ်ခဲ့လို့ ခု ငါဆပ်ဖို့ ကနိမ်းကို ဖရနာန်လာမေးရတာ"

"ငါမင်းစကားကိုနားမရှင်းဘူး။ ငါ့ဘကြီး မင်းအဘိုးကို ဘယ်သူဖရနာန်လုပ်သတ်ခဲ့လို့လဲ။ ငါတစ်သက်လည်း မကြားမိ. . ."

"ငါ့အအီးကို လျှံထောင်တို့အဘိုး ဦးဒိန်လျှံသတ်တာ မဟုတ်လား။ ငါ ကျောပိုးထိုးဘက်က ဦးလေးကောထန်ဆီရောက်ပြီးပြီ။ ငါ့ကို ဝက်ကလေးတစ်ကောင်ရတောင်ပေးလိုက်တယ်။ အဘိုးကို သတ်တဲ့ ဖရနာန်လက်နက် အဘိုးပဲသိမယ်ပြောလို့ ငါ ခု ဘကြီးကို ဖရနာန်မေးဖို့လာတာ၊ မြောင်ပစ်လာတာမဟုတ်ဘူး။ လမ်းကြုံလို့ပစ်ထားခဲ့တာပါ"

"ဟ - လူလေး၊ မင်းအဘိုး ငါ့ဘကြီး အဲ တစ်ကြိမ် နှစ်ကြိမ် ကန်တော့ပါရဲ့။ ထောင်လွှေကို ဘယ်သူမှမသတ်ရပါလား။ အေး - တစ်ခုတော့ရှိတယ်ကွယ့်။ ဝရမ်းအုခလိုင်းအကြွေပွဲပထမအကြိမ်မှာတော့ ဦးဒိန်လျှံဦးဆောင်တာပဲငါသိတယ်။ အဲဒါလည်း တို့ငယ်ငယ်တုန်းက မြောက်ပိုင်းသားတွေထုံးစံဆိုတော့ အဲဒီကိစ္စ ဖရနာန်ရှာဖို့မှမလိုတာ လုပ်ရိုးလုပ်စဉ်ပဲ။ အစဉ်အလာအပျော်သဘောလုပ်ကြတာလဲ။ ဦးဆောင်လုပ်တဲ့လူကိုတောင် ကျန်ရစ်သူသားသမီးမြေးမြစ်တွေက ကျေးဇူးတင်ကြတာ လူလေးမသိလို့ဖြစ်ပါလိမ့်မယ်"

အဘိုးကြီးစကားကို ခွန်လွေ့ ခဏငြိမ်၍နားထောင်နေ၏။ ပြီးတော့မှ-

"ဝရမ်းအုခလိုင်း အမှည့်ခြွေပွဲ အကြွေပွဲက ငါတို့ခေတ်မရှိတော့ ငါတို့လည်းမသိဘူး။ ဒါပေမယ့် ငါသိချင်တယ် ကနိနိမ်း။ အဲဒီတုန်းက ငါ့အဘိုးကို လျှံထောင်တို့အဘိုး ဦးဒိန်လျှံ ဘယ်လို ဝရမ်းအုခအမှည့်ခြွေပွဲလုပ်ခဲ့လဲ။ အဲဒီအမှည့်ခြွေပွဲမှာ ဖရနာန် ဘာလဲသိချင်တယ်"

"ခက်လိုက်တာ၊ အမှည့်ခြွေပွဲမှာ ဖရနာန်မှမလိုတာ။ မှည့်နေတဲ့အသီးကို ဘယ်သူမှမခူးရင်လည်း သူ့အလိုလိုကြွေကျသေရတာပဲမဟုတ်လား။ အဲဒီတော့ စောစောကြွေကျတာနဲ့ နောက်မှကြွေကျတာ အတူတူပဲ။ စောစောကြွေကျရင် အလျင်ကြွေကျသွားတဲ့လူတွေနဲ့ စောစောတွေ့ရမယ်။ ကိုယ့်မိကိုယ့်ဖ ကိုယ့်မောင်နှမကိုယ့်အမျိုးကိုယ့်ရွာသားတွေနဲ့ စောစောတွေ့ရရင် ပိုမကောင်းဘူးလား။ ပြီးတော့ ငါတို့အမျိုးတွေက သေရမှာကြောက်ဟဲ့အမျိုးတွေမှမဟုတ်တာ။ ဒီတော့ ဂျုံအမှည့်ခြွေပွဲလုပ်ကြ အကြွေပွဲဆင်နွှဲ. . ."

"ကနိမ်းကိုငါမေးနေတာက ငါ့အဘိုး ကနိမ်းဘကြီး အမှည့်ခြွေပွဲကို ဦးဒိန်လျှံ ဘယ်လိုဦးဆောင်ပြီးလုပ်ခဲ့လဲ။ အဲဒါပဲ ငါသိချင်တယ် ကနိမ်း"

ရယ်ရယ်မောမောနှင့် စကားရှည်နေသော သူ့ဘကြီး ကနိမ်းကို စိတ်ရှည်ချင်တော့သဖြင့် ခွန်လွေ့က ခပ်ဆတ်ဆတ်မေးလိုက်၏။

"အေးပါ အေးပါ မင်းဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

သိချင်ရင် ငါပြောပြပါ့မယ်။ အဲဒီတုန်းက ငါ မင်းထက်ငယ်သေးတယ်။ ဆယ့်သုံးနှစ်သားအရွယ်ပဲ"

ဟု အစချီကာ ဦးထန်ဗူးက ခွန်လှေကို သူ့အဘိုး သူ့ဘကြီးဦးထောင်လှေအား အမှည့်ခြွေပွဲ အကြွေချနည်းကျင်းပကြပုံကို ပြောပြလေသည်။

❏

ထိုနေ့က ခွန်လှေအဘိုးထောင်လှေသည် အိမ်အောက်မီးဖိုနား၌ ပြောင်းဖူးဖုတ်စားနေသည်။ ထိုအချိန်မှာ မခေါ်ပင့်ချေ လျှံဆောင်တို့အဘိုး ဦးဒိန်လျှံ ရောက်လာသည်။ ဦးဒိန်လျှံမှာရွာလူကြီးဖြစ်သည်။ သို့သော် ဒုရေး၊ သုရေး၊ သာရေး နာရေးကိစ္စတစ်စုံတစ်ရာမရှိဘဲ အိမ်လည်အိမ်လာရောက်လာတတ်သူမဟုတ်။ မြောက်ပိုင်းသားသွေးပါသူဖြစ်သဖြင့် အတည်အတံ့နေတတ်သည်။

ထို့ကြောင့် အိမ်အောက်ဝင်လာပြီး သူ့ရှေ့လာရပ်သူ ဦးဒိန်လျှံ ရွာလူကြီးကို ဆလိုင်းကြီးထောင်လှေက အံ့ဩတကြီး ဘာကိစ္စပါလိမ့်ဟု မော့ကြည့်သည်။ ဦးဒိန်လျှံက သူ့ကိုငုံ့ကြည့်ပြီး

"ဆလိုင်းကြီးထောင်လည်း မတောင်ယာတောင်မတက်နိုင်တော့ဘူးထင်ပ"

ဟု ဦးဆုံးစကားကိုဆိုသည်။

"ငါ တက်နိုင်ပါတယ် ဆလိုင်းဒိန်"

"ငါ့အမြင်တော့ ထောင်လှေကြီး တောင်ယာမတက်နိုင်တာ လနဲ့ချီနေပြီ။ မကက်နိုင်တော့လို့ မတက်တာဘဲထင်ပြီး ငါလာကြည့်တာ"

ရွာလူကြီးဦးဒိန်လျှံစကားကို ခုမှ ဆလိုင်းကြီးထောင်လှေက ရိပ်မိလိုက်သည်။ ဒါကြောင့် ငါ့ကိုလာကြည့်တာကိုးဟုလည်း စိတ်ထဲကတွေးလိုက်၏။ ထို့ကြောင့် ဆလိုင်းကြီးထောင်လှေက အထိတ်တလန့်နှင့် -

"ငါ တောင်ယာတက်နိုင်ပါသေးတယ်။ သားသမီး. . ."

"ဒါဆို ခင်ဗျား တောင်ယာတက်နိုင်ရဲ့သားနဲ့ ဘာလို့မတက်လဲ"

ဦးဒိန်လျှံ၏အသံက ချက်ချင်းတင်းမာလာသည်။ သူ့စကားကိုပင်ဆုံးအောင်မစောင့်ဘဲ အသံမာမာနှင့်မေး၏။

ဆလိုင်းကြီးထောင်လှေ ဒေါသထွက်သွားသည်။ ဤရွာတွင် သူအသက်အကြီးဆုံး။ဦးဒိန်လျှံထက်လည်း အသက် (၁၀) နှစ်ကျော်ကြီးသည်။ ဤသည်ကို သူက ရွာလူကြီးဟူသောအရှိန်အဝါနှင့် သူ့ကို ခင်ဗျားလုံးရိုက်၍ စိမ်းစိမ်းကားကားပြောလာသည်။

"ငါတောင်ယာမတက်တာက အဲ-ငါတောင်ယာတက်နေရင် ငါ့သားသမီးတွေက ဒီအဘိုးကြီး တောင်ယာတက်နေတာပဲဆိုပြီး တောင်ယာကိုဂရုမစိုက်ကြမှာစိုးလို့ ငါတောင်ယာမတက်တာပါ။ ငါသာ တောင်ယာ. . ."

"ဟဲဟဲ - ဒါ ခင်ဗျားအကြောင်းပြချက်ပေါ့ ဟုတ်လား။ ဒီရွာမှာ ခင်ဗျားအသက်အကြီးဆုံးနော် ဆလိုင်းကြီး၊ ဟုတ်တယ်မှုတ်လား"

"ဟုတ်တယ်၊ ဒီရွာမှာ ငါအသက်အကြီးဆုံး၊ မင်းအစ်ကိုကြီးဒိန်ရထန်ထက်လည်း ငါကြီးတယ်။ ခု ငါ့အသက် (၇၅) နှစ်ရှိပြီ။ အဲဒါ ဘာဖြစ်လဲ"

ဦးဒိန်လျှံက စိမ်းစိမ်းမာမာပြောလာသဖြင့် သူကလည်း ဦးဒိန်လျှံကို မင်းနှင့်ငါနှင့် ပြန်ပြောလိုက်၏။

"ဆလိုင်းကြီး၊ ကျုပ်ကို စိတ်ဆိုးလား။ ဒါ ကျုပ်တို့အစဉ်အလာနော်။ စိတ်မဆိုးကောင်းဘူး။ ရပ်ရွာစည်းကမ်းအရ မိရိုးဖလာအစဉ်အလာအရ ကျုပ်က တာဝန်ရှိသူတစ်ယောက်အနေနဲ့ လာကြည့်တာ။ ကျုပ်တစ်ယောက်တည်းသဘောမဟုတ်ဘူး။ ဒါအများသဘော၊ ဆလိုင်းကြီးသဘောပါ"

ဤသို့ပြောပြီး ရွာလူကြီး ဦးဒိန်လျှံ သူ့အိမ်အောက်ကထွက်သွားသည်။

ရွာလူကြီးဖြစ်သူဦးဒိန်လျှံသည် သူ့ကို ချော့တစ်လှည့်ခြောက်တစ်လှည့်နှင့် သူ့ဆန္ဒကိုစကားလာနိုက်ခြင်းဖြစ်သည်။ သူက ဆလိုင်းကြီးစိတ်ဆိုးလားဟု ဆိုစကားကိုတော့ ဆလိုင်းကြီးထောင်လှေ ပခုံးတွန့်မိသွားသည်။ ထိုအခါမှ ဤကိစ္စအတွက် စိတ်မဆိုးရ၊ စိတ်မဆိုးကောင်းသည်ကို သတိရသွားသည်။ ထို့ကြောင့် ဦးဒိန်လျှံကိုပြောရာ၌ စိတ်ကိုထိန်းရ၏။ သတိအထူးထားရ၏။ တချို့ဆိုလျှင် ဤကိစ္စအတွက် ကာယကံရှင်ကိုယ်တိုင်ကပင် 'ငါ့ကို ဝရမ်းအုခလှိုင်းပွဲလုပ်ကြပါတော့၊ ငါမနေချင်တော့ဘူး။ ငါ့ကို ငါ့မိငါ့ဖတို့ကမျှော်နေကြပြီ။ ဝရမ်းအုခလှိုင်း မြန်မြန်လုပ်ကြပါတော့။ ငါသေချင်ပြီ' ဟု အတိအလင်း နှုတ်ကဖွင့်ပြော၍ တောင်းဆိုလာသူရှိ၏။ အမှန်က ဤသည်မှာ အိုမင်းမစွမ်းဖြစ်ခြင်း၊ သားထောက်သမီးခံ ကောင်းကောင်းမွန်မွန်မရှိခြင်း၊ ရှိသောသားသမီးများကလည်း မိဘကို အလေးထား ဂရုမစိုက်ကြခြင်း၊ ရောဂါဝေဒနာထူပြောခြင်းတို့ကြောင့် တောက်တီးတောက်တက်ပြောပြီး သေမင်းကိုစိန်ခေါ်နေခြင်းလည်းဖြစ်နိုင်၏။ ထိုသို့သေခြင်းအား မိမိဆန္ဒအရတောင်းဆိုလာသူကိုတော့ ခုနစ်ရက်အတွင်း ပွဲလမ်းသဘင်စီစဉ်ပြီး အမှည့်ခြွေပွဲ ဝရမ်းအုခလှိုင်းလုပ်ပစ်လိုက်ကြသည်။

ထိုပုဂ္ဂိုလ်မျိုးကို သားသမီးများကလည်း ကျေကျေနပ်နပ်ခံယူကြ၏။ သူတို့အနေမှာလည်း အိုမင်းမစွမ်းဖြစ်ပြီး လူပိုတစ်ယောက်ကို အိမ်၌မထားချင်ကြသော သားသမီးများရှိသလို အချို့ မိဘကိုချစ်သောသားသမီးများကတော့ ငါတို့အဖမအိုသေးပါဘူး၊ မလုပ်သင့်သေးပါဘူးဟု တားမြစ်စကားဆိုကြသည်။

ထိုအခါ အဖဖြစ်သူ ကာယကံရှင်ကပါ -

"ဘာမအိုသေးတာလဲ။ မင်းတို့သူများမိဘပွဲတုန်းကတော့ တက်တက်ကြွကြွတောင်းဆိုကြပြီး ခုကိုယ့်မိကိုယ့်ဖအလှည့်ကျမှ မအိုသေးမနာသေးလုပ်မနေကြနဲ့။ ပွဲမြန်မြန်လုပ်ကြ။ ငါက ငါ့မိငါ့ဖ ငါ့ဆွေမျိုးတွေနဲ့ မရဏနိုင်ငံမှာ မြန်မြန်တွေ့ချင်လှပြီ။ ပွဲမြန်မြန်လုပ်ကြစမ်းပါ"

ဟူသော စကားနှင့် သေခြင်းကို တောင်းဆိုတတ်သည်။

သူတို့လူမျိုးတွေကား သူတို့အယူအဆအရ သေရမှာကို နည်းနည်းမှ ကြောက်ကြသူများ မဟုတ်ကြ။ မြန်မြန်သေရင် မြန်မြန် မရဏနိုင်ငံရှိ မိဘဆွေမျိုးများနှင့် မြန်မြန်တွေ့ရမည်ဟု ယုံကြည်ကြသူများဖြစ်သည်။

ထို့ကြောင့်လည်း ရှေးရှေးပဝေသဏီကပင် တစ်မျိုးနှင့်တစ်မျိုး၊ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ရွာနှင့်တစ်ရွာ ဖမ်းဆီးသတ်ဖြတ်ပွဲပန်းယက်(စ်) လုပ်ခဲ့ကြသည်။ကလဲ့စားချေခဲ့ကြသည်။ ထိုအစဉ်အလာထဲက တစ်ခုဖြစ်သော အမှည့်ခြွေပွဲကိုပြုလုပ်ရန် ရွာလူကြီး ဦးဒိန်လျှံက ယခုဆလိုင်းကြီးထောင်လှေကို အို၊ မအို ပွဲလုပ်ချိန်ရောက်၊ မရောက် သင့်၊ မသင့်၊ တော်၊ မတော်လာကြည့်သွားခြင်း ဖြစ်သည်။

သားသမီးများ တောင်ယာတပြန်လာကြသည်။ ဦးဒိန်လျှံ သူ့ကိုလာကြည့်သွားကြောင်း ဆလိုင်းကြီးထောင်လှေက သားသမီးများကို ပြောပြလိုက်၏။ သားသမီးများက -

"အဖ မအိုသေးပါဘူး ငါတို့နဲ့နေနေပါဦး။ အဘိုးအဘွားအဘိအဘင်တို့ဆီလိုက်မသွားပါနဲ့ဦး"

ဟု တားမြစ်စကားဆိုကြသည်။

www.burmeseclassic.com

သို့သော် ညနေ၌ အေးအေးလူလူ မိသားစုတိုင်ပင်နေကြချိန်မှာပင် မီးတုတ်ကိုယ်စီနှင့် ရွာဆယ်အိမ်ခေါင်းဦးဆောင်သောပါလေရာတို့အဖွဲ့ ရောက်လာကြ၏။

ဆလိုင်းကြီးထောင်လွှေကို အခြွေပွဲဝင်ရန်ဆန္ဒပြုဖို့ အမျိုးမျိုး ချော့တစ်ခါခြောက်တစ်လှည့်လာပြောကြသည်။

"ဆလိုင်းကြီးဟာ ငါတို့ရွာမှာ အသက်အကြီးဆုံးပဲ။ အခြွေပွဲအတွက် ဂုဏ်ယူသင့်တယ်"

"ဆလိုင်းကြီးရဲ့ အမေ၊အဖေ၊အဘိုးအဘွားနဲ့ ဆွေမျိုးအားလုံး၊ ကိုယ့်ရွာသူကိုယ့်ရွာသား၊ သွားလေသူများက ဆလိုင်းကြီးကို စောင့်မျှော်နေကြမှာပါ။ ခု ခုနစ်ဆယ့်ငါးနှစ်ဆိုတဲ့အသက်အရွယ်က အချိန်မရွေး သေသွားနိုင်တယ်။ ဆလိုင်းကြီး ရောဂါဘယတစ်ခုခုနဲ့ပဲဖြစ်ဖြစ်၊ သားရဲတိရစ္ဆာန်တစ်ကောင်ကောင်ကိုက်သတ်လို့ပဲဖြစ်ဖြစ် သေသွားရင် အဲဒီလူကို အကြွေပွဲ၊အမှည့်ခြွေပွဲမလုပ်ခဲ့ မလုပ်ဝံ့ဘဲ မရဏနိုင်ငံကိုလာရမလားလို့ မရဏနိုင်ငံကလူတွေ ဘယ်လိုဆက်ဆံကြမလဲဆိုတာ ဆလိုင်းကြီး ကျွန်တော်တို့ထက်ပိုသိပါတယ်။ ဆလိုင်းကြီးလို ရွာမှာ အသက်အကြီးဆုံး လူတစ်ယောက်က အကြွေအခြွေပွဲကိုမခံယူဘဲသေသွားရင် ကျုပ်တို့ရွာအတွက် နှမြောစရာဘယ်လောက်ကောင်းလိုက်မလဲ။ တခြားရွာတွေဆီမှာလည်း ကဲ့ရဲ့စရာဖြစ်ပါလိမ့်မယ်။ ကျန်ရစ်ခဲ့ကြတဲ့သားသမီးတွေကကော အစဉ်အဆက် မျက်နှာငယ်ကျန်နေခဲ့ကြရမယ်။ ဟိုနိုင်ငံရောက်နေကြတဲ့ အမိအဖဆွေမျိုးများကလည်း သရဲဘောကြောင်ပြီး အမှည့်ခြွေပွဲမလုပ်ခဲ့သူကို ဘယ်လိုဒဏ်ပေးကြမယ်။ အရာမသွင်းဘဲ နှစ်ပေါင်းဘယ်လောက်အထီးကျန်ထားမယ်ဆိုတာတော့ ဆလိုင်းကြီးက ပိုသိပါတယ်လေ။ဒါကြောင့် ဆလိုင်းကြီးအနေနဲ့ အခြွေအကြွေပွဲကိုလုပ်ကြမှာကို ဆန္ဒပြုလိုက်ပါနော် ဆလိုင်းကြီး။ ဒါမှ မိဘဘိုးဘွားတွေနဲ့လည်း မြန်မြန်တွေ့ရ. . ."

"ငါ မအိုသေး၊ မိဘဘိုးဘွားဆွေမျိုးများနဲ့လည်း ငါမတွေ့ချင်သေး။ ဒီမှာ ငါ့သား ငါ့သမီး မြေးမြစ်များနဲ့ ငါ အတူနေချင်သေးတယ်။ တောင်ယာလည်း ငါတက်နိုင်သေးတယ်"

ပါလေရာတို့အဖွဲ့ စကားမဆုံးမီပင် အဘိုးကြီးက သူ့ဆန္ဒကို ခိုင်ခိုင်မာမာ ဖွင့်ဟလိုက်သည်။

"ဆလိုင်းကြီးက မအိုသေးတာပြချင်လို့ တောင်ယာသွားတက်ရင်းမတော်တဆသေသွားရင်ကော"

"ဟုတ်တာပ၊ ဆလိုင်းကြီးက မအိုသေးဘူးဆိုတာပြချင်တာနဲ့ သားကောင်သွားလိုက်ရင် ဝံကုတ်၊ ဝက်ပတ်လို့သေသွားရင်ကော ဆလိုင်းကြီးကို ဘယ်လူက ဂုဏ်ပြုမှာလဲ။ သားကောင်သွားလိုက်ရင်လည်း ယုန်လေး၊ ချေလေးကလွဲပြီး ဆလိုင်းကြီးစွမ်းနိုင်ဦးမယ်ထင်လို့လား။ ကျုပ်တို့လာပြီးတောင်းပန်နေကြချိန်မှာ ဂုဏ်ရှိရှိ ဆလိုင်းကြီးလက်ခံသင့်တယ်နော်။ ခုထိ ဆလိုင်းကြီးခေါင်းမမာသင့်ဘူး။ ဦးဒိန်လျှံလူကြီးကလည်း ရအောင်ပြောကြဖို့ ကျုပ်တို့ကို တာဝန်ပေးလိုက်တယ်"

ဦးဒိန်လျှံ ဟူသောစကားကိုကြားလိုက်ရသည်နှင့် ဆလိုင်ထောင်လွှေကြီး ဒေါသအိုးပေါက်ကွဲသွားသည်။

ထို့ကြောင့် -

"ဩော် - အေး အေး၊ မင်းတို့ ဒီလောက်တောင်အမှည့်ခြွေပွဲအကြွေပွဲ လုပ်ချင်နေကြရင် ကဲ- ငါဆန္ဒပြုတယ် လုပ်ကြကွာ။ အေး - ငါအိုပလား၊ မအိုသေးဘူးလားဆိုတာကတော့ ကြည့်ကြသေးတာပေါ့"

ဟု စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်သည်။

"ဟေးဟေး-အမှည့်ခြွေပွဲရပြီဗျို့ ရပြီ ရပြီ။ ဆလိုင်းကြီးက ဆန္ဒပြုလိုက်ပြီ။ အကြွေပွဲ ဝရမ်းအုခလှိုင်း၊ ဝရမ်းအုခလှိုင်း အကြွေပွဲအမှည့်ခြွေပွဲလုပ်လို့ရပြီ။ ဟေး . . . ဟေး"

ဆလိုင်းထောင်လွှေစကားအဆုံးမှာ ပါလေရာတို့အဖွဲ့က ဝမ်းသာအားရ မီးတုတ်တွေကိုကိုင်မြှောက်ဝှေ့ယမ်းကာ အသံကုန်အော်ဟစ်ပြီး ကခုန်ထွက်သွားကြသည်။

ဆလိုင်းကြီး၏ သားသမီးများကမူ အဖကိုချစ်သည့်စိတ်နှင့် မျက်နှာငယ်လေးဖြစ်ကာ ကျန်နေခဲ့ကြသည်။

အစဉ်အလာထုံးစံကြောင့် ကာယကံရှင်ကိုယ်တိုင်က ဆန္ဒပြုပြီးသားစကားကို သူတို့မှာ ပြောဆိုဝေဖန်မှုမလုပ်ရ။ အဖအဘိုးကို မည်မျှချစ်သည်ဖြစ်စေ သူတို့မှာ ရေငုံနှုတ်ပိတ်ကာနေနေကြရ၏။ အဖကလည်း ဆန္ဒပေးလိုက်ပြီးဖြစ်သဖြင့် မလွဲမသွေ သူ့အဖကို အကြွေပွဲ အမှည့်ခြွေပွဲလုပ်ကြတော့မည်ကိုတော့ စိတ်မကောင်းဖြစ်နေကြရှာသ။

သားသမီးမြေးတွေကသာ စိတ်မကောင်းဖြစ်နေကြသော်လည်း သွေးမတော်သားမစပ်သူတွေကတော့ ပါလေရာတို့အဖွဲ့ အော်ဟစ်ကြွေးကြော်လာကြသံကိုကြားကတည်းက ဝမ်းသာပျော်ရွှင်နေကြသည်။ ထိုညကပင် ကျွဲချိုမှုတ်၍ ဝါးဆစ်ခေါင်း၍ ဆလိုင်းကြီးထောင်လွှေကို ဂုဏ်ပြုသံတွေကဆူညံသွားသည်။

သူတို့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးမကြုံကြဘူးသူများကလည်း ဆလိုင်းကြီးထောင်လွှေ၏ အမှည့်မခြွေပွဲ၊ အကြွေချပွဲကို မြင်ချင်ကြည့်ချင်နေကြသည်။သူတို့တောင်ပေါ်ဒေသတွင် ပွဲလမ်းသဘင်ရှားပါးသဖြင့် ကချင်ခုန်ချင်နေကြသော ကာလသားကာလသမီးများကလည်း ဤညကပင် ခြေတကြွကြွဖြစ်နေကြသည်။

ဆလိုင်းထောင်လွှေ၏ အကြွေခြွေပွဲ၊ အမှည့်ခြွေပွဲအတွက် ဂုဏ်အယူဆုံးဖြစ်နေသူမှာ ရွာလူကြီးဦးဒိန်လျှံဖြစ်သည်။ သူသွားပြောစဉ်က လက်မခံသောထောင်လွှေကြီးကို ဒီကောင်တွေ ဘယ်လိုများ ဖျောင်းဖျနားသွင်းလာကြပါလိမ့်ဟုလည်း ပါလေရာတို့အဖွဲ့ကို ချီးကျူးစကားဆိုသည်။

ထိုညကစ၍ တစ်ရွာလုံးမှာ ဂုဏ်ပြုမင်္ဂလာမောင်းသံ၊ ကျွဲချိုမှုတ်သံ၊ တံပိုးမှုတ်သံတို့နှင့် ဆူညံနေ၏။ ထောင်လွှေကြီးကို ယခုကပင် ဂုဏ်ပြုနေလိုက်ကြသည်မှာ တစ်ရွာလုံး သောသောညံနေ၏။ ဘယ်သွားသွားဘယ်လာလာလူချင်းတွေ့ကြသည်နှင့် ထောင်လွှေကြီးအမှည့်ခြွေပွဲအကြောင်းသာ ပြောဆိုနေကြ၏။

ထို့ကြောင့်လည်း မိုးလင်းသည်နှင့် ပျော်ပျော်ပါးပါး ဂုဏ်ပြုလက်ဆောင်တွေလာပို့ကြသည်။ ပျားရည်ကျည်တောက်၊ ပိန်းဥ၊ မျောက်ဥ၊ ပေါက်ပေါက်ဆုပ်၊ ဖရုံသီး၊ သခွားသီး၊ ပြောင်းဖူးနှင့် ရွာတွင် လူချမ်းသာ၊ ကြေးရတတ်ဟု သတ်မှတ်ထားသူတွေကတော့ ဂျပ်စောင်၊ ခေါင်းပေါင်း၊ ပုဆိုး၊ အင်္ကျီကအစ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနှင့်အညီ လာပေးကြသည်မှာ ဆလိုင်းကြီးထောင်လွှေအိမ်တွင် ခန်းလုံးပြည့်မျှဖြစ်နေသည်။

သားသမီးများကမူ ဤပစ္စည်းတွေကိုမြင်တိုင်း စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲချင်နေကြ၏။ သူတို့မှာ ဤအဖကို ယခင်ယခင်က အမှည့်ခြွေပွဲလုပ်ခြင်းခံသွားကြရသောမိဘအားလို အိမ်မှာ လူဗိုတစ်ယောက် ဝန်ထုပ်ဝန်ပိုးတစ်ခု၊ မိမိအတွက်၊ သားမြေးအတွက်၊ ရွာသူရွာသားများအတွက် ဘာအကျိုးမှ

www.burmeseclassic.com

www.burmeseclassic.com

မပြုနိုင်တော့သော လူပိုလူလျှံကြီးတစ်ယောက်၊ သေသင့်သူတစ်ယောက်ဟုလည်း သဘောမထားနိုင်ကြသေး။ အဖသည် အသက် (၇၀) ကျော်ဆိုသော်လည်း တောင်ယာလည်းတက်နိုင်သေးသည်။ အိမ်ဗာဟီရလည်းလုပ်နိုင်သေးသည်။ နောက်ဆုံး ဘာမှမလုပ်ပေးနိုင်သည့်တောင် အိမ်တွင် ကျီးကြည့်ကြက်နှင်တော့ ဤအဖလုပ်နိုင်သေးသည်ဟု ဝမ်းနည်းနေကြ၏။

ဤသည်တို့ကို ရိပ်မိနေသော အဘိုးကြီးထောင်လွှေကမူ တပြုံးပြုံးနှင့်-

"အားလုံး ရွာလူကြီး၊ ဆယ်အိမ်စုတို့ဆန္ဒနဲ့ အဘကို အမှည့်ခြွေပွဲလုပ်ကြမှာ ငါ့သား၊ ငါ့သမီးများ ဘာမှဝမ်းနည်းမနေကြနဲ့။ ငါ့အသက် (၇၀) ကျော်ဆိုတာ သူတို့ပြောသလို အမှည့်ခြွေပွဲလုပ်ရမည့်အရွယ်ပဲ။ လုပ်သင့်လုပ်ထိုက်တဲ့အရွယ်ပဲ။ အဲဒါကြောင့် အဘဆန္ဒပြုလိုက်တယ်။ မင်းတို့လည်း ဒိန်လျှံ ငါ့အရွယ်ရောက်တဲ့အခါ သူ့ကို ငါ့လိုပဲ အမှည့်ခြွေပွဲလုပ်ကြ။ အဘမှာချင်တာ အဲဒီအကြွေးပဲဆပ်ကြ။ အဘလိုပဲ ဒိန်လျှံလည်း တစ်နေ့ အမှည့်ခြွေပွဲအလုပ်ခံရမှာပဲ။ ကြွေးဆပ်ပြီးဂုဏ်ယူကြ။ ပြီးတော့ ငါတို့ရွာမှာ ငါ့လိုအသက်ရှည်တဲ့သူတစ်ယောက်မှမရှိခဲ့ဘူး၊ ငါ့လိုမသန်မာကြတော့ အမှည့်ခြွေပွဲမတိုင်မီ ရောဂါနဲ့၊ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့အန္တရာယ်နဲ့ သေသွားကြသူတွေချည်းပဲ။ အဲဒါကြောင့် အမှည့်ခြွေပွဲကို မင်းတို့ မမြင်ဘူးကြသေးတာပ။ ခု ငါ့ကြောင့် မင်းတို့ မြင်ကြရ ပါဝင်ကြရမယ်။ ဘယ်လောက်ဂုဏ်ယူစရာကောင်းလဲ။ တို့ရွာမှာ တို့အဖတစ်ယောက်ပဲ အမှည့်ခြွေဂုဏ်ပြုပွဲကို ခံယူသွားတာရှိတယ်လို့ သားစဉ်မြေးဆက်ဂုဏ်ယူလိုက်ကြပါ"

ဟု ဆိုသည်။

အမှန်လည်းဟုတ်၏။ ဤရွာတွင် ဆလိုင်းကြီးထောင်လွှေလို မည်သူမျှ အသက်မရှည်ခဲ့ကြ။ ရောဂါတစ်ခုခုနှင့် သို့မဟုတ် တောတိရစ္ဆာန်တစ်ကောင်ကောင်၏ အန္တရာယ်ကြောင့် အသက် (၆၀)ကျော်အရွယ်၌ သေသွားကြသူတွေချည်းသာ။ ထိုသို့သေသွားကြသူများကို မည်သူကမျှ ဂုဏ်မပြု။ ပွဲမလုပ်ကြ။ သူ့တစ်သက်မှာပင် သူ့လိုဂုဏ်ပြုခံရသူကို တစ်ယောက်မှ သူမမြင်ဘူးခဲ့။ သားသမီးမြေးမြစ်တို့ကား ဝေလာဝေးပင်။

ထို့ကြောင့်လည်း ဆလိုင်းကြီးထောင်လွှေအား အမှည့်ခြွေပွဲအလုပ်ခံရမည်ကို ကျေကျေနပ်နပ်ပျော်ပျော်ပါးပါး ခံယူနေသည်ဟု အများကမြင်ကြသည်။ ဂုဏ်ပြုလက်ဆောင်နေ့စဉ်လာပေးသူများ၏အစားအစာနှင့်အဝတ်အထည်များကို တစ်နေ့တစ်မျိုးလှလှပပသစ်သစ်လွင်လွင် ဝတ်ဆင်ကာ ဂုဏ်ယူဝင့်ကြွားစွာ ရွာရိုးကိုးပေါက်ပင်လျှောက်သွား၍ကြွားပြနေလိုက်သည်။ သူသွားရာနေရာတိုင်းတွင် လူကြီး၊ လူငယ်၊ ကလေးသူငယ်များကလည်း လက်ခုပ်ဩဘာပေး၍တရှုန်းရှုန်းဖြစ်နေကြသည်။

❑

ထိုအချိန်ထိုကာလတွင် အဘိုးကြီးထောင်လွှေ၏ အမှည့်ခြွေပွဲအတွက် ရွာလူကြီး ဦးဒိန်လျှံနှင့် ဆယ်အိမ်ခေါင်း၊ ဆယ်အိမ်မှူးတို့ကတော့ အလုပ်ရှုပ်နေကြ၏။ သူတို့ရွာ၏ ပထမဦးဆုံး အမှည့်ခြွေပွဲအတွက် ဆလိုင်းထောင်လွှေကြွေကျနိုင်သော တောင်ထန်းပင် အမြင့်ဆုံးတစ်ပင်ကို ရွာပတ်ဝန်းကျင်မှာ လိုက်ရှာကြရသည်။ ဤအဘိုးကြီးထောင်လွှေမှာ အသက် (၇၀) ကျော်ဟုဆိုသော်လည်း သန်မာသေး၏။ ထို့ကြောင့် တော်တော်တန်တန် အမြင့်ရှိရုံနှင့် မဖြစ်နိုင်။

တောင်ထန်းပင်မှာ ပင်စည်သေးသေးနှင့် ဖျောင်းတံရှည်နိုင်သမျှ ရှည်ရှည်မြင့်မြင့်တက်နေသော အပင်မှဖြစ်မည်။ ထို့ကြောင့် အမြင့်ဆုံးအပင်ကိုလိုက်ရှာနေကြရ၏။ အကယ်၍ ခုနစ်ရက်အတွင်း ထိုအပင်မျိုးကိုရှာမရလျှင် တစ်ရွာလုံး နတ်ခိုက်ဟတ်သည်။ ရသည့်အပင်နိမ့်နိမ့်လေးနှင့် ဖြစ်သလိုလုပ်လိုက်ကြ၍ အမှည့်ခြွေခံနေရသူ ကြွေကျမလာလျှင် ထိုသူ၏ တစ်သက်တာ စား၊ဝတ်နေရေးကို ဦးဆောင်ဦးရွက်လုပ်ကြသူများက တာဝန်ယူရမည်။ ထို့ကြောင့် အစဉ်အလာအရ ကြွေမကျနိုင်သူများကို မသေချာဘဲမလုပ်စံ့ကြ။

ယခု သူတို့ရွာတွင် ဤမျှအသက်ကြီးသူမရှိဘူးသဖြင့် ဤအဘိုးကြီးထောင်လွှေမှာ သစ်ပင်ပေါ် ရောက်သွားသည်နှင့် အမောဆို့ပြီး သို့မဟုတ် အမြင့်ကြီးကနေ အောက်ကိုငုံ့ကြည့်ရုံနှင့် မူးမိုက်ပြီးကျလာနိုင်သည်။ သို့မဟုတ် ပင်စည်ကို လူအများက ဝိုင်းကိုင်အော်ဟစ်လှုပ်လိုက်ကြသည်နှင့် အလိုလိုကြွေကျလာလိမ့်မည်ဟု မှုချတွက်၍ တောင်ထန်းပင်မြင့်မြင့်ကြီးကို လိုက်ရှာနေကြခြင်း ဖြစ်၏။

ကံအားလျော်စွာပင် ကုန်းတန်းတစ်ခု၌ လက်တောင်သုံးလေးဆယ်မြင့်သော တောင်ထန်းပင်ဖျောင်းတံကြီး တစ်ပင်ကို ရှာတွေ့သွားကြ၏။ အမှန်ကတော့ ကံအားလျော်စွာမဟုတ်။ သူတို့တောင်ပေါ်ဒေသတွင် တောင်ထန်းပင်တွေက အလွန်ပေါသည်။ ထိုတောင်ထန်းပင်အရုံအပုတ်ထဲက အမြင့်ဆုံးအပင်တစ်ပင်ကိုသာချန်ထားပြီး အပင်နိမ့်အပင်ငယ်အပင်သိမ်တွေကို အားလုံးခုတ်ပစ်လိုက်ကြသည်။

တောင်ထန်းပင်ရှာသော အဖွဲ့ခေါင်းဆောင် ရွာလူကြီးဦးဒိန်လျှံသည် တစ်ပင်တည်းသာ ထီးထီးကျန်နေသော တောင်ထန်းပင်ပေါ် မော့ကြည့်ကာ -

"ဒီအဘိုးကြီးတော့ အပင်ဖျားမရောက်မီ တောင်ကြွေကျလာနိုင်တယ်ကွ။ တို့ဝိုင်းကိုင်လှုပ်ချကြစရာတောင် လိုမယ်မထင်ဘူးဟ"

ဟု ဝမ်းသာအားရ သူ့အဖွဲ့သားများကိုပြောလိုက်သည်။ သူ့စကားကို သူ့အဖွဲ့သားအားလုံးကလည်း သံပြိုင်ဟစ်ကြွေးပြီး ထောက်ခံလိုက်ကြသည်။

အဘိုးကြီး ဆလိုင်းထောင်လွှေ ဆန္ဒပြုထားပြီး (၃) ရက်မြောက်နေ့မှာ တောင်ထန်းပင်ပတ်ဝန်းကျင်ကို ခုတ်ထွင်ရှင်းလင်းကြသည်။ (၄) ရက်မြောက်သောနေ့မနက်တွင် အကအခုန်အတီးအမှုတ်တွေနှင့် ဆလိုင်းကြီးထောင်လွှေကို ရေချိုးပေးကြသည်။ သူတို့တစ်ရွာလုံးက ဂုဏ်ပြုလာပေးထားကြသော အဝတ်အထည်များထဲက အကောင်းဆုံးအဆင် အလှဆုံးအဝတ်အထည်ကိုရွေးဆင်ပြီး ဝတ်ပေးကြသည်။ ပြီးတော့ မရဏနိုင်ငံသို့သွားတော့မည့် ဆလိုင်းကြီးထောင်လွှေကို စေတမန်အသိအမှတ်ပြု ပန်းနီရဲရဲတစ်ဆုပ်တစ်ခဲကို ခေါင်းတွင်ပန်ပေးကြသည်။

ထိုသို့အပြီးတွင် မရဏနိုင်ငံသို့ ဆလိုင်းကြီးထောင်လွှေထက် စောစီးစွာရောက်သွားကြသော မိဘညီအစ်ကိုမောင်နှမဆွေမျိုးများဆီ ကျန်ရစ်သူများက ပြောလိုရာ၊ မှာလိုရာတို့ တစ်ယောက်ပြီးတစ်ယောက်လာပြောလာမှာကြသည်။ ထိုအချိန်၌ ဆလိုင်းကြီးထောင်လွှေ၏ အိမ်ပတ်ဝန်းကျင်၌ ကာလသားကာလသမီးများက အကအခုန်အဆိုအတီးတွေနှင့် ဆလိုင်းကြီးကို နှုတ်ဆက်ဂုဏ်ပြုကြသည်။ ပွဲမှာ အမှည့်ခြွေခံရမည့်သူနှင့် မိသားစုများ ... စရာ၊ ဂုဏ်ယူစရာဟုထင်မှတ်သွားကြလေအောင် အဆိုအပြောအတီးအမှုတ်

www.burmeseclassic.com

တွေနှင့် ဂုဏ်ပြုနေလိုက်ကြသည်မှာ တစ်နာရီကျော်ကျော်ကြာသွားသည်။

ထိုတိစ္ဆပြီးသောအခါ နတ်ဆရာ ဦးဆောင်၍ ဆလိုင်းထောင်လွှကို မပင်မပန်းရအောင် ကြိုတင်ရှာဖွေထားသော အမှည့်ခြွေ၊ အမှည့်ကြွေမည့် တောင်ထန်းပင်ရှိရာ ပန်းတိုင်ကို ထမ်းခေါ်လာကြသည်။ ကာလသား၊ ကာလသမီးများနှင့် ကချင်ခုန်ချင်သူတို့က ရိုးရာတူရိယာများ တီးမှုတ်၍ မင်္ဂလာမောင်ကြီး တဒူဒူထရိုက်ကာ ဂုဏ်ပြုတေးသီဆိုပြီး ဆလိုင်းကြီး၏မိသားစုများနှင့် အတူ အားလုံးနောက်ကလိုက်ပါလာကြသည်။

တောင်ထန်းပင်ခြေရင်းကိုရောက်သောအခါ နတ်ဆရာက အချက်ပေးလိုက်၏။ အားလုံး အတီးအမှုတ် အဆိုအကရပ်၍ တောင်ထန်းပင်ကို ဝိုင်းပတ်ကာ ငြိမ်နေကြသည်။ နတ်ဆရာက တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် အမှည့်ခြွေအပင်နတ်ကို ရွတ်ဖတ်ပူဇော်၍ ကန်တော့ခန်းယူသည်။

နတ်ဆရာ ကန်တော့ခန်းယူပြီးသည်နှင့် အတီးအမှုတ် အကအခုန်တွေကို ပြန်စကြသည်။

"ကဲ - မရဏနိုင်ငံကို ရွာသူရွာသားဆွေမျိုးများအားလုံးကိုယ်စား စေတမန်အဖြစ်သွားမည့် ဦးသစ်သီးလုံးကြီး အပင်ပေါ်ကို ထိပ်နားအရောက် ရွက်ခြောက်နားထိ ကြွရောက်တော်မူပါ"

ဟုပြောပြီး ဆလိုင်းထောင်လွှကို နတ်ဆရာက တောင်ထန်းပင်ပေါ်တက်ခိုင်းလိုက်သည်။

နတ်ဆရာ စေခိုင်းလိုက်သည့်အတိုင်း ဆလိုင်းထောင်လွှကြီးသည် ဝတ်စုံအပြည့်၊ ဇွတ်ရုံထည်အပြည့်၊ အားမာန်အပြည့်နှင့် တောင်ထန်းပင်ပေါ် ပေါင်းတံထိုးတက်သွားသည်။ အတီးအမှုတ်အကအခုန်တွေက ပိုပြီးမြိုင်ဆိုင်လာသည်။ ဆလိုင်းထောင်လွှကြီး ပေါင်းတံထိုးတက်သွားလိုက်သည်မှာလည်း တောင်ထန်းပင်၏အောက်ဆုံးအခက်အလက်နားထိရောက်သွားသည်။ ထိုနေရာအရောက်တွင် ဆလိုင်းကြီးထောင်လွှ အောက်သို့တစ်ချက်ငုံ့ကြည့်လိုက်သည်။

သဘောမှာ သူသည် ဤအပင်ပေါ်က မှည့်ရွှမ်းနေသောအသီးတစ်လုံးဖြစ်သွားပြီ။ ဖင်စည်ကိုကိုင်လှုပ်၍ အမှည့်ခြွေကြပါတော့ဟု ဆိုလိုခြင်းဖြစ်သည်။

ထိုအခါ ဆလိုင်းကြီး၏သားကြီးသမီးကြီးဖြစ်သူတွေက တောင်ထန်းပင်၏ပင်စည်ကို စတိစတင်ကိုင်လှုပ်ကြရသည်။ ပင်စည်လုံးပတ် လူကြီးပေါင်လုံးလောက်ရှိသော တောင်ထန်းပင်သည် တစ်ယောက်နှစ်ယောက်ကိုင်လှုပ်ရုံနှင့် နွဲ့ပင်မနွဲ့သေး။ ထိုအခါ အားကောင်းမောင်းသန် မင်းယောကျ်ားများက ဝိုင်းကိုင်လှုပ်ကြတော့သည်။ သီချင်းဆို၍ ကခုန်ကာ အော်ဟစ်အားပေးကြသည်။ အမှည့်ခြွေပွဲသို့ လာလာသမျှ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါမကျန် ဆလိုင်းကြီးထောင်လွှ တက်ရောက်ဖက်တွယ်ထားသော တောင်ထန်းပင်ကို ဝိုင်းပတ်ကခုန်သီဆိုနေကြသည်။

သီချင်းဆိုသူကဆို၊ ကသူကက၊ တောင်ထန်းပင်ထက်က ဆလိုင်းကြီးထောင်လွှပြုတ်ကျလာအောင် ဝိုင်းလှုပ်သူကလှုပ်နှင့် ရုတ်ရုတ်သဲသဲ ပွဲကြီးကစည်ကားနေသည်။ နတ်ဆရာနှင့် ရွာလူကြီး ဦးဒိန်လျှံတို့က တောင်ထန်းပင်ပေါ် မော့ကြည့်နေကြသည်။ လူဆယ်ယောက်၊ အယောက်နှစ်ဆယ်၊ သုံးဆယ်ခန့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ မနားတမ်းကိုင်လှုပ်နေကြခြင်းကိုခံနေရသော တောင်ထန်းပင်ဖျောင်းတံရှည်ကြီးမှာ တစ်ချက်တစ်ချက် မြေပြင်ကိုပင်ညွတ်ကျလာတော့မလားထင်ရလောက်အောင် ယိမ်းလှုပ်ညွတ်ယမ်းနေသည်။

"အသီးကြွေမည့်အပင်ထက်ကကျတော့မယ်။ လှုပ်လှုပ်၊ အားစိုက်လှုပ်ကြ။ အသီးကြွေမှည့်ကျတော့မယ်။ ကြွေကျတော့မယ်။ လှုပ်လှုပ်အားစိုက်လှုပ်ကြ"

နတ်ဆရာနှင့်ရွာလူကြီးဦးဒိန်လျှံတို့မှာ တောင်ထန်းပင်ပေါ်က ဆလိုင်းကြီးထောင်လွှ၏ အနေအထား၊ အခြေအနေကိုမော့ကြည့်ကာ အားပေးအော်ဟစ်နေကြရသည်။ သို့သော် သူတို့နှစ်ယောက်၏အသံက ကခုန်တီးမှုတ်သီဆိုနေကြသော လူအုပ်ကြီး၏အသံကိုတိုးမပေါက်မကြားနိုင်ဖြစ်နေ၏။

သို့သော် နတ်ဆရာနှင့် ဦးဒိန်လျှံတို့ကား တောင်ထန်းပင်ကို ကိုင်လှုပ်နေကြသောလူအုပ်ကြီးကို အော်ဟစ်အားပေးလျက်ပင်။

"သစ်သီးရွှမှည့် အပင်ထက်ကကြွေကျတော့မယ်။ လှုပ်ကြလှုပ်ကြ၊ မြန်မြန်ကြွေကျအောင် နာနာလှုပ်ကြ၊ အားစိုက်လှုပ်ကြ။ ဆလိုင်းကြီးရွှမှည့် သစ်ပင်ပေါ်ကကျတော့မယ်။ လှုပ်ကြလှုပ်ကြ"

ဟု မရပ်မနားအားပေးအော်ဟစ်၍ တောင်ထန်းပင်ကို ကိုင်လှုပ်နေကြသူများကို အားပေးအော်ဟစ် မရပ်မနားအမိန့်ပေးနေသည်။

"သစ်သီးရွှမှည့်အပင်ပေါ်ကကျလာတော့မယ်။ လှုပ်လှုပ်၊ နာနာလှုပ်ကြပါဟ။ ဟုတ်ပြီ - ယိုင်လာပြီ၊ ယိမ်းလာပြီ၊ လှုပ်လှုပ်နာနာလှုပ်ကြ၊ အားစိုက်လှုပ်ကြ"

ဆလိုင်းကြီး တောင်ထန်းပင်ပေါ်က တော်တော်နှင့်ပြုတ်ကျမလာသောအခါ ဘယ်လူဝင်ဘယ်သူထွက်ဘယ်လိုလှုပ်နှင့် ကခုန်နေကြသူများထဲက အားကောင်းမောင်းသန်တွေကို လှမ်းဆွဲဖမ်းထုတ်၍ သွားစမ်း၊ ဝင်စမ်း၊ နာနာကိုင်လှုပ်စမ်းဟုလည်း တွန်းထိုးပို့နေရသည်။

ကခုန် သီဆိုနေကြသူများကမူ ဆလိုင်းကြီး တောင်ထန်းပင်ပေါ်က မြန်မြန်ပြုတ်ကျလာလျှင် အကအခုန် အတီးအမှုတ်တွေကို တစ်ခဏရပ်ကြရမည်ဖြစ်သဖြင့် ဆလိုင်းကြီးထောင်လွှ ခပ်မြန်မြန်ပြုတ်ကျမလာပါစေနှင့်ဟုပင် ဆုတောင်းကောင်းဆုတောင်းနေကြလိမ့်မည်ထင်သည်။ သူတို့အနေမှာ တစ်သက်နှင့်တစ်ကိုယ် ဤလိုပွဲမျိုးကို ကြုံခဲ့ဆုံခဲ့ကခုန်သီဆိုခဲ့ကြရမည်မှာ ဤတစ်ခါသာ ကြုံဖူးကြသည် မဟုတ်ပါလား။

အားကောင်းမောင်းသန် လူဆယ်ယောက်၊ ကိုးယောက် အလှည့်ကျကိုင်လှုပ်နေကြသော လက်တောင်သုံးလေးဆယ်ရှိတောင်ထန်းပင်သည် တစ်ချက်တစ်ချက်၌ ဆလိုင်းကြီးထောင်လွှ ဖက်တွယ်ထားသော အပင်ဖျားမှာ လူတစ်ရပ်နီးပါးအနိမ့်ထိ ညွတ်ကျယိမ်းလှုပ်လာသည်။ သို့သော် တောင်ထန်းပင်ဖျားကိုဖက်တွယ်ထားသော ဆလိုင်းကြီးကား ပွေးမေ့ကာ ယခုထိ မြေပြင်ပေါ်သို့ ပြုတ်ကျကြွေကျမလာသေး။ မသေချင်သေးသော ဆလိုင်းကြီးက ကြောက်ကြောက်နှင့် တောင်ထန်းပင်ဖျားကို အားရှိသလောက် ဖက်တွယ်ထားပုံရ၏။

ဆလိုင်းအိုကြီးက ထိုသို့ဖက်တွယ်ထားလေ အောက်ကကိုင်းလှုပ်နေကြသူတွေကလည်း ဩသံပေးကာဝိုင်းလှုပ်နေကြလေနှင့် တောင်ထန်းပင်ဖျားမှာ လေမုန်တိုင်းကြီး အတိုက်ခံနေရသလို ယိမ်းညွတ်သွားလိုက်၊ အရှိန်နှင့်ပြန်ထောင်လိုက်နှင့် လှုပ်ခါနေသည်မှာ အဘိုးအိုကြီးကိုမဆိုထားနှင့် အားကောင်းမောင်းသန်မင်းယောကျ်ားတယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင်ပင် ထန်းပင်ပေါ်ကလွင့်စဉ်ကျလာသင့်ပြီ။

သို့သော် အသက် (၇၀) ကျော် ဆလိုင်းအိုကြီး ထောင်ခလွှကား ယခုထိ ထန်းပင်ဖျားက ပြုတ်ကြွေကျမလာသေး။ နတ်ဆရာနှင့် ရွာလူကြီးဦးဒိန်လျှံတို့မှာ ရင်တထိတ်ထိတ်ဖြစ်လာနေကြပြီ။ အကယ်၍ ဤပွဲသာ မအောင်မြင်လျှင် နတ်ဆရာလည်း နာမည်ပျက်မည်။ ရွာလူကြီးဦးဒိန်လျှံမှာလည်း ဆလိုင်းအိုကြီးထောင်လွှေဆီမှာ တစ်သက်ကျွန်လို အခိုင်းခံရတော့မည်။

ထို့ကြောင့် ဦးဒိန်လျှံမှာ အားသွန်ခွန်စိုက် တောင်ထန်းပင်ကို ကိုင်လှုပ်နေကြသူများထက်ပင် ချွေးပြန်နေလေပြီ။ ထိုသို့ သူချွေးပြန်လာလေ ထန်းပင်အားကိုင်လှုပ်နေကြသူများကို ဒေါနှင့်မောနှင့် အော်ဟစ်ကာ ဆလိုင်းအိုကြီး ထန်းပင်ပေါ်က မြန်မြန်ပြုတ်ကြွေလွင့်စဉ်ကျလာအောင် ကြိမ်းမောင်းအော်ဟစ်၍ လှုပ်ခိုင်းလာသည်။

အမှန်ကတော့ ရွာလူကြီး ဦးဒိန်လျှံသာမဟုတ်။ ဘာမှမလုပ်ရမကိုင်ရ မတ်တတ်ရပ်လျက် မန်းမှုတ်နေရာက နတ်ဆရာပင် ချွေးပြန်လာပြီ။ အရှေ့ဘက် တောင်တန်းပေါ်ကို ကျော်တက်လာသောနေဝန်းကြီးကလည်း မကြာမီမှာ ထန်းပင်ထိပ်ဖျားပေါ်မရောက်လာတော့မည်။ အကယ်၍ နေလုံးကြီးသာ ဆလိုင်းအိုကြီး ဖက်တွယ်ထားသော တောင်ထန်းပင်ပေါ် ကျော်သွားလျှင်လည်း ဆလိုင်းအိုကြီး တောင်ထန်းပင်ထက်က ကြွေပြုတ်ကျမလာပါက နတ်ဆရာမှာ အကြီးအကျယ် နာမည်ပျက် အပြစ်ပြောခံရတော့မည်။ တစ်သက်လုံး မည်သူမျှ အယုံအကြည်မရှိဖြစ်သွားကာ နတ်ဆရာဘဝက စုတိစိတ်ကျရပေတော့မည်။ သူများလူငါလို တောင်ယာတက်၍ ပင်ပင်ပန်းပန်း လုပ်ကိုင်စားရတော့မည်။ နတ်ဆရာဟူသော ဟိတ်တစ်လုံးဟန်တစ်လုံးနှင့် လူတကာလာပသပေးကမ်းကြသော အစားအစာ၊ အဝတ်အထည်၊ လာဘ်လာဘကိုလည်းရတော့မည်မဟုတ်တော့။ နတ်ဆရာခမျာမှ ဦးဒိန်လျှံတည်းဟူသော ငရုတ်သီးနှင့်ပေါင်းမိ၍ ရောအထောင်းခံရသော ကြက်သွန်လိုဖြစ်တော့မည်။

ထိုအခါ နတ်ဆရာက တောစောင့်နတ် တောင်စောင့်နတ်များကို အော်ကြီးဟစ်ကျယ် ရွတ်ဖတ်တောင်းပန်နေရသလို ရွာလူကြီး ဦးဒိန်လျှံမှာလည်း သူကိုယ်တိုင်ပင် ချွေးတလုံးလုံးနှင့် ထန်းပင်စည်ကို ဝိုင်းကိုင်လှုပ်ခါနေကြသောအဖွဲ့ထဲ ပါဝင်အားပေးလှုပ်ကိုင်နေရသောအခြေအနေသို့ ဆိုက်ရောက်လာသည်။

သို့သော် နတ်ဆရာအမိန့်အတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို ဇွဲ၍ဝိုက်၍ ဆတ်ဆတ်ခါသွားအောင် ဝိုင်းကိုင်လှုပ်ယမ်းနေကြသော်လည်း ဆလိုင်းအိုကြီး ထောင်လွှေကား တောင်ထန်းပင်ဖျားက ပြုတ်ကြွေမကျအောင် ဖက်တွယ်မြဲဖက်တွယ်ထားနေနိုင်တုန်း။

"လှုပ်ကြပါဟ မြန်မြန်လှုပ်ကြပါ။ အတော်ကြာ နေထိပ်ရောက်လာတော့မယ်။ လှုပ်ကြဟ၊ လှုပ်ကြပါ။ မြန်မြန်ကြွေကျလာအောင် အားစိုက်လှုပ်ကြစမ်းပါ။ ဟိုလူတွေ မောတယ်ဆိုပြီးထိုင်မနေကြနဲ့။ မြန်မြန်လာဝိုင်းကူလှုပ်ကြစမ်းပါဟ"

တစ်ဆိုင်း၊ နှစ်ဆိုင်း တစ်လှည့်၊ နှစ်လှည့်၊ လေး၊ ငါးလှည့်ဝင်ကာ တစ်နာရီ၊ နှစ်နာရီကြာ ကိုင်လှုပ်ခဲ့ကြသော်လည်း တောင်ထန်းပင်ထက်မှ အသီးအရွက် အကိုင်းအခက်တို့သာ တဖြုတ်ဖြုတ်ကြွေကျလာပြီး ဆလိုင်းအိုကြီးကား ယခုထိ ကြွေကျမလာသေးသောအခါ စောစောကကိုင်လှုပ်ခဲ့ကြသူတွေမှာလည်း မောမောပန်းပန်းနှင့် စိတ်ပျက်လက်ပျက် မြေကြီးပေါ် ဖင်ချထိုင်နားနေကြတော့သည်။ ဤသည်ကို ကြည့်မရသေ ရွာလူကြီး ဦးဒိန်လျှံက အော်ငေါက်ဟစ်ခေါ်ကာ အတင်းဝင်ပါခိုင်းနေပြန်သည်။

တချို့ကမူ နတ်ဆရာ၏ တစ်စုံတစ်ရာအမှားအယွင်းကြောင့် ဆလိုင်းအိုကြီးသည် တောင်ထန်းပင်ပေါ်၌ပင် အသက်ထွက်သွားပြီး ဆလိုင်းအိုကြီး၏ ကိုယ်ခန္ဓာရုပ်အလောင်းကို နတ်ဒေဝတာတစ်ဦးဦးကများ ဝင်ရောက် နေရာယူထားပြီးလား။ ထို့ကြောင့်သာ ဤမျှအားကောင်းမောင်းသန် လူအယောက် (၁၀)၊ (၂၀)၊ (၃၀) တို့ တစ်မနက်လုံး ကိုင်းလှုပ် ခါပစ် ယမ်းလိုက် နောက်ပြန် အတန်တန် ဇွဲဝိုက်လှုပ်ယမ်းကြသော်လည်း အသက် (၇၀) ကျော် ဆလိုင်းအိုကြီး ခေါင်းမူး၍အားကုန်၍ ယခုထိကြွေကျမလာသေးသည်မှာ နတ်ဆရာ၏တစ်ခုခု အမှားအယွင်းကြောင့်သာ ဖြစ်ရမည်ဟု မောပန်းလွန်း၍ မြေပြင်ပေါ် ထိုင်နားနေကြသောအဖွဲ့ထဲမှ နတ်ဆရာကို မကြားတကြား ပွစိပွစိလုပ်လာကြသည်။

တချို့ကလည်း ဤအဘိုးကြီး သန်သန်မာမာပင်ရှိနေသေးသည်ကိုမြင်လျက် တွေ့လျက်နှင့် သူတို့နှာခေါင်းရရန် ရွာလူကြီး ဦးဒိန်လျှံနှင့် ပါလေရာတို့အဖွဲ့က အခြေပွဲကြွေပွဲလုပ်ရန် သူတို့ကိုပါ အဆစ်ထည့်ဆင့်ခေါ် လုပ်ခိုင်းရပါမည်လားဟု မကျေမနပ်ဖြစ်လာကြပြန်သည်။ ဤရွာလူကြီး ဦးဒိန်လျှံနှင့် နတ်ဆရာတို့သည် ဤနယ်တစ်ဝိုက်တွင် မည်သည့်ရွာမျှမဖြစ်ဘူးသေးသော အကြွေပွဲအခြေပွဲကိုလုပ်ပြီး ဂုဏ်ယူရန် လုပ်သည့်အထဲ သူတို့၏ပိန်းဥ၊ မျောက်ဥ၊ ပြောင်းဖူး၊ ပျားရည်၊ အဝတ်အထည်တွေကို ဆလိုင်းထောင်လွှေအား ဂုဏ်ပြုပေးခဲ့ကြရသည်မှာ ဆလိုင်းကြီးတို့ မိသားစု တစ်နွေတစ်မိုး အငြိမ့်သားထိုင်စားကြဖို့ပင် တမင်လုပ်ပေးလိုက်သလိုဖြစ်သွားကြပြီဟုလည်း မကျေနပ်သူတွေက တီးတိုးဝေဖန်သံတွေပင်ထွက်လာနေကြပြီ။

ထိုစဉ်မှာပင် -

"ဟေ့ဟေ့ - ဆလိုင်းကြီး ခြေထောက်တစ်ဖက်ပြုတ်ကျသွားပြီ။ ကြွေတော့မယ် ကြွေတော့မယ်။ လှုပ်ကြ၊ လှုပ်ကြ။ နာနာကိုင်လှုပ်ကြ၊ တအားလှုပ်ကြ"

တစ်မနက်လုံး လူသုံး၊ လေးဆယ် အဆိုင်းဆိုင်းအလှည့်လှည့်လှုပ်ခဲ့ကြသော်လည်း ယခုအထိကြွေကျမလာသော ဆလိုင်းအိုကြီးကို အချိန်ပြည့်မော့ကြည့်နေသော ဦးဒိန်လျှံက ဤတစ်ခါတော့ အားတက်သရောအော်ပြောလိုက်တော့သည်။

ထိုအခါ စောစောက အမျိုးမျိုးဝေဖန်မိကပြုပြီး မောပန်းနွမ်းနေကြသော အားကောင်းမောင်းသန် မင်းယောကျ်ားများမှာ ထိုင်နားနေရာက ချက်ချင်းခုန်ထလာကြပြီး ယိမ်းယိုင်လှုပ်ခါနေသော တောင်ထန်းပင်ကို စစ်ကူပြေးလာကြပြီး အများအားနှင့် ဝိုင်းကူကိုင်လှုပ်လိုက်ကြပြန်ရာ လူကြီးပေါင်လုံးခန့်ရှိ တောင်ထန်းပင်မှာ တစ်ချက်တစ်ချက် ဆလိုင်းကြီးဖက်တွယ်ထားသော အဖျားပိုင်းပင် မြေကြီးနှင့်များလာရိုက်တော့မလားထင်ရလောက်အောင် ညွတ်ကျယိမ်းလှုပ်လာသည်။

ရွာလူကြီးဦးဒိန်လျှံအော်ပြောလိုက်သလို တကယ်လည်း တောင်ထန်းပင်ဖျားကို ဆလိုင်းကြီး၏လက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com

အသက်လုဖက်ထားသလို ခြေထောက်နှစ်ချောင်းကလည်း တောင်ထန်းပင်၏ ပင်စည်ကို ခြေလိမ်ကျစ်ထားသော ဆလိုင်းကြီးမှာ ယခုအချိန်မှာမခံနိုင်တော့သဖြင့် ခြေထောက်တစ်ဖက်မှသည် နှစ်ဖက်စလုံးပင် ပြုတ်ထွက်သွားကာ မကြာမီ လက်နှစ်ဖက်ပါပြုတ်ကာ အောက်ကိုကြွေကျလာတော့မည်။

ထို့ကြောင့်လည်း အောက်ကနေပြီး တောင်ထန်းပင်ကို ကိုင်လှုပ်နေကြသောလူတွေမှာ ပိုပြီးချက်ချင်းအားတက်သွားကြကာ ရှိသမျှခွန်အားကိုညှစ်ထုတ်ပြီး အစွမ်းကုန်ကိုင်လှုပ်ကြတော့သည်။ ထိုအခါ နတ်ဆရာနှင့် ဦးဒိန်လျှံတို့ကလည်း အားတက်သွားကြပြီး-

"အသီးရွဲမှည့်အပင်တက်ကကျတော့မယ်။ လှုပ်လှုပ်အားစိုက်လှုပ်ကြ။ ခြေထောက်နှစ်ဖက်စလုံးလွတ်သွားပြီ။ လှုပ်ကြဟ လှုပ်ကြ"

ဟူသော ဦးဒိန်လျှံနှင့်နတ်ဆရာတို့အသံက ပိုကျယ်လာသည်။

နတ်ဆရာနှင့်ဦးဒိန်လျှံတို့အသံက ပိုကျယ်လာသောအခါ ကခုန်သီဆိုနေကြသောလူတွေအသံကလည်း ပိုကျယ်လာသည်။ အတီးအမှုတ်သံတို့ကမူ တောင်ချိုင့်ကြီးတောင်ချိုင်ကြားများကပင် ပဲ့တင်ပြန်လာနေသည်။

အကယ်၍ ဆလိုင်းအိုကြီး အပင်ပေါ်ကပြုတ်ကျလာလျှင် ဆလိုင်းထောင်လွှေကြီးကို သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ပြေးကောက်ထမ်း၍ တစ်ယောက်တစ်လှည့် မသေမရှင်အော်ဟစ်ဂုဏ်ပြုကခုန်ကြရဦးမည်။ အကယ်၍ ဆလိုင်းအိုကြီး သစ်ပင်ပေါ်ကကျ၍ မသေလျှင်လည်း အဦးဆုံးပြေးကောက်သူဆီက ဆလိုင်းကြီးကို နောက်လူ၊ နောက်လူတွေ တစ်ယောက်ပြီးတစ်ယောက် လုပြေးထမ်းကောက်၍ ကခုန်ကြဦးမည်။

ထိုသို့ လုယက်ကခုန်ကြရင်း သေသွားတော့မှ သုသာန်သင်္ချိုင်းရှိရာသို့ လုယက်ထမ်းပြေးရင်း ယူဆောင်သွားကြမည်။

ထိုသူများနောက်ကို အတီးအမှုတ်အကအခုန်တွေနှင့် ပျော်ပျော်ပါးပါး အသုဘလိုက်ပို့ကြရမည်။ ဆလိုင်းကြီးအား ခေါင်းသွင်းပြီးသောအခါမှာလည်း အသွားတုန်းကလို အတီးအမှုတ်အကအခုန်တွေနှင့် ဂုဏ်ပြုတေးဆိုကာ ရွာသို့ပြန်လာကြရမည်။

မသာပို့သူများ ထိုသို့ပြန်လာကြသံကိုကြားသည်နှင့် ရွာရှိ အိမ်ထောင်သည်မိန်းမများက ခေါင်ရည်အိုးကိုယ်စီပိုက်၍ စောင့်ကြိုနေကြရမည်။ ဝရမ်းအုခလိုင်းအမှည့် ခြေပွဲ့အောင်မြင်၍ ပြန်လာကြသူများသည် မိန်းမသူများ၏လက်ထဲက ခေါင်ရည်အိုးတွေကို အမူးအရူး ယူသောက်ကာ မိမိတို့အိမ်၌ရှိကြသော ကြက်၊ ဝက်တို့ကိုသတ်ပြီး ညဥ့်လည်း တပျော်တပါး စားသောက်အောင် ပွဲခံကခုန်ကြဦးမည်။ ထိုပွဲ၌မူ ပျို၊ အိုမရွေး ကလေးသူငယ်များပါ ပါဝင်ကြဦးမည်။ အောင်အတိတ်၊ အောင်နိမိတ် အဆိုအကတွေနှင့် မမောမချင်း ကကြခုန်ကြဦးမည်။

ထို့ကြောင့်လည်း ယခုခြေထောက်နှစ်ဖက်တွဲလောင်းကြီးကျကာ ထန်းပင်များယိမ်းလှုပ်ရာအတိုင်း ဆောက်တည်ရာမရပြုတ်ကျသွားပါသောခြေနှစ်ချောင်းကိုလည်း ထန်းပင်ဖျားပြန်မချိတ်နိုင်။ ခြေကုပ်ပြန်မရနိုင်သော ဆလိုင်းအိုကြီးမှာ လေထဲ၌ စွန်ဝဲသလိုဝဲ၍ တောင်ထန်းပင်ယိမ်းရာတိုင်းသို့ပါနေရသည်။

ဤသည်ကိုမြင်ကြရလေ ထန်းပင်ကိုကိုင်လှုပ်နေကြသူတွေက အားတက်ပြီး ပိုလှုပ်ပိုယမ်းကြလေပင်။ နတ်ဆရာကလည်း ဆလိုင်းအိုကြီးလက်နှစ်ဖက်ပါ မြန်မြန်ပြုတ်ကျလာအောင် နတ်မန္တရားတွေကို ကျယ်ကျယ်လောင်လောင် အော်ဟစ် ရွတ်ဆိုလာလေသည်။

ဆလိုင်းကြီးသည် မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ပြုတ်ကြွေလာတော့မည့်အငင်နှင့် အော်ဟစ်ငါ ကခုန်နေကြသူများ၏အသံဗလံများကကာည်း ပြန်ပြီး တိုးညင်းသွားကြသလို တောင်ထန်းပင်ကို ကိုင်လှုပ်နေကြသောသူများ၏ လှုပ်ယမ်းအားမှာလည်း တဖြည်းဖြည်း ယုတ်လျော့သွားကြပြန်သည်။ ဆလိုင်းအိုကြီးကား ခြေနှစ်ချောင်းသာပြုတ်ကျပြီး လက်နှစ်ဖက်ကမူ ယခုထိပြုတ်မကျနိုင်သေး။

သူတို့မည်မျှကိုင်လှုပ်ကြကိုင်လှုပ်ကြ ဆလိုင်းအိုကြီးကား တောင်ထန်းပင်ဖျားပေါ်က ဘယ်တော့မှကြွေကျလာမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မသေချင်သေး မရဏာနိုင်ငံတော်ကို ရွာသူရွာသားများ၏ စေတမန်အဖြစ် မသွားရောက်ချင်သေးသောဆလိုင်းကြီးထောင်လွှေသည် ထန်းပင်အဖျားကိုရောက်သွားသည်နှင့် သူ့လက်အား အထွတ်အမြတ် အသစ်ကျပ်ချွတ်ခြုံ၍ပေးလိုက်ကြသော ကိုယ်ရုံအစွန်းနှစ်ဖက်ကို စောစောကပင် တောင်ထန်းပင်၏ ပင်စည်နှင့်ကပ်ချည်ကာ လက်နှစ်ဖက်ကိုပါ ကိုယ်ရုံထဲသွင်းထားလိုက်သဖြင့်ဖြစ်၏။

ထိုအခါ အောက်ကလူများမည်မျှကိုင်လှုပ်ကိုင်လှုပ် သူ့ကိုယ်မှာ ထန်းပင်ဖျားကို တောက်တဲ့ကပ်ကပ်ထားပြီး ဘယ်လိုလှုပ်လှုပ်ဘယ်လိုခါခါပြုတ်မကျဖြစ်နေ၏။ ဆလိုင်းကြီး၏ခြေထောက်နှစ်ချောင်းမှာ ဘယ်လိုမှမဟန်နိုင်သဖြင့် ပြုတ်ကျသည်ဟု အောက်ကလူများ အထင်မှာလည်း ပါစင်အောင်လွဲနေသည်။

အမှန်မှာ ဆလိုင်းအိုကြီးသည် ခြေထောက်ညောင်းလာ၍ အညောင်းဆန့်ခြေတွဲလောင်းချကာ အညောင်းဖြေနေခြင်းသာ။ တကယ်တမ်းမူ ခြေထောက်နှစ်ဖက်ကိုသာမဟုတ်။ ပင်စည်ကိုဖက်ထားသော လက်နှစ်ဖက်ကိုဖြုတ်ပစ်လိုက်သော်လည်း သူ့ကိုယ်ရုံအစွန်းနှစ်ဖက်ကို ပင်စည်နှင့်တင်းတင်းရင်းရင်းချည်ထားသောဆလိုင်းကြီးမှာ ထန်းပင်သာကျိုးကျချင်ကျိုးကျမည် သူ့ကိုယ်ကမူ ထန်းပင်၏ပင်စည်မှ ဘယ်လိုမှကွာမကျနိုင်တော့ပေ။

ထို့ကြောင့်လည်း သူတို့လူအားနှင့် မည်မျှကိုင်လှုပ်ကြကိုင်လှုပ်ကြ နေလုံးကသာ ထန်းပင်ထိပ်ဖျားကျော်တက်သွားသည်။ ဆလိုင်းကြီးကိုကား ဘယ်လိုလှုပ်ကြလှုပ်ကြ ထန်းပင်ဖျားကပြုတ်ကြွေကျမလာတော့ပေ။ ထိုအခါ အဖကိုချစ်သော ဆလိုင်းထောင်လွှေ၏ သားတစ်ယောက်က -

"ထန်းပင်ဖျားကို နေကျော်သွားပြီ၊ နေမွန်းတိမ်းသွားပြီ။ တော်ကြပါတော့"

ဟု အော်ဟစ်လိုက်သည်။

ထိုအခါ နေလုံးနေဝန်းကိုသတိမထားမိကြ အတိုးအိုကြီးကျလာနိုးကျလာနိုးနှင့်သာ တောင်ထန်းပင်ကို အားသွန်ခွန်စိုက်ကိုင်လှုပ်နေကြသူအားလုံးက အထိတ်အလန့်နှင့် မိုးပေါ်မော့ကြည့်မိလိုက်ကြသည်။

မှန်၏။ နေမွန်းစောင်းသွားပြီ။ ထုံးတမ်းစဉ်လာအရ နေမွန်းတိမ်း၍မှ ထန်းပင်ဖျားပေါ်ကကြွေကျမလာသူကို ဆက်လက်၍ ကျမလာမချင်း ကိုင်လှုပ်ပိုင်ခွင့်မရှိကြတော့။ ထို့ကြောင့်လည်း နေမွန်းစောင်းသွားပြီဟု တစ်စုံတစ်ယောက်အော်ဟစ်လိုက်သံကို ကြား

www.burmeseclassic.com

လိုက်ကြရသည်နှင့် ထန်းပင်ကို ကိုင်လှုပ်နေကြသောလက်များအားလုံး တစ်ပြိုင်နက် ချက်ချင်းရပ်သွားကြသည်။

ထိုသို့ ရုတ်တရက် ပြိုင်တူရပ်သွားကြရသည်မှာလည်း သူတို့၏သတ်မှတ်ထားသော ထုံးတမ်းစဉ်လာကို ဖောက်ဖျက်သူ၊ မနာယူသူတို့ကို တောပိုင်တောင်ပိုင်နတ်တို့က စိတ်ဆိုးဒေါသထွက်ပြီး ကျားနှင့်လည်းကောင်း၊ ဆင်နှင့်လည်းကောင်း အသေဆိုးနှင့်တိုက်သတ်တတ်သည်ဟု ယုံကြည်ထားကြသဖြင့် ကြောက်ကြောက်နှင့် ကိုင်လှုပ်ခါယမ်းနေကြသောလက်များ တိုင်ပင်ထားသလိုပင် တစ်ချိန်တည်း၊ တစ်ခါတည်း ရပ်တန့်သွားကြလေ၏။

ထိုအချိန်မှာပင် ဆလိုင်းကြီးထောင်လေ့ွက သက်သောင့်သက်သာ အပင်အောက်ကို ငုံ့ကြည့်လိုက်ပြီး -

"ဟား ဟား ဟား - ဘယ်နှယ့်လဲ ဒိန်လျှံ၊ ငါမအိုသေးဘူးဆိုတာ ခုလောက်ဆို မင်းသိသွားပြီပေါ့နော်"

ဟု တဟားဟားရယ်ပြီးမေးလိုက်သည်။

ဆလိုင်းကြီးထောင်လေ့ွ၏အော်မေးလိုက်သံကြောင့် ဦးဒိန်လျှံနှင့် နတ်ဆရာ၊ ဆယ်အိမ်စု၊ ဆယ်အိမ်ခေါင်းတို့မှာ ထန်းပင်ဖျားရှိ ဆလိုင်းကြီးကို မော့ကြည့်ကာ ကြက်သေသေသွားကြသည်။

"ဒိန်လျှံဘယ်နှယ့်လဲ။ ငါမအိုသေးဘူးဆိုတာ မင်းခုယုံပလား။ နတ်ဆရာကြီး ဘယ်နှယ့်လဲ။ ခင်ဗျားလည်း ယုံပြီဆိုရင် ကျုပ်ထန်းပင်ပေါ်ကဆင်းရတော့မလား"

ဆလိုင်းကြီးက ဒုတိယမ္ပိမေးလိုက်ပြန်၏။

"ဆ. . . ဆလိုင်းကြီးဆင်းလာလို့ရပါပြီ။ ကျုပ်တို့ယုံပါပြီ။ နေလည်းမွန်းစောင်းသွားပါပြီ။ အမှန်တကယ် ဆလိုင်းကြီး မအိုသေးပါဘူး၊ မမှည့်သေးပါဘူး။ ဆင်းလာလို့ရပါပြီ"

နတ်ဆရာက တုန်တုန်ယင်ယင်နှင့် ထန်းပင်ဖျားရှိ ဆလိုင်းထောင်လေ့ွဆီ ညှိုးညှိုးငယ်ငယ်နှင့် ငေးကြည့်၍ ပြောလိုက်၏။

ဦးဒိန်လျှံ၊ နတ်ဆရာနှင့် အောက်တလူများ ဘယ်လိုမှမမြင်နိုင်အောင် လျှင်လျှင်မြန်မြန် ပတ်ချည်ထားခဲ့သော စောင်စနုစ်ဖက်ကိုလည်း ဖြေဖြုတ်ပြီးသားဖြစ်နေသော ဆလိုင်းကြီးထောင်လေ့ွသည် လက်တောင်သုံး၊ လေးဆယ်မြင့်သော တောထန်းပင်အဖျားကနေ သက်သောင့်သက်သာလျှောချဆင်းလာလေသည်။

တောင်ထန်းပင်ခြေရင်းတွင် ရွာလူကြီးဦးဒိန်လျှံနှင့် နတ်ဆရာတို့ကို သရော်ပြုံးပြုံးကာ မတ်တတ်ရပ်လိုက်သော ဆလိုင်းကြီးထောင်လေ့ွကို အားလုံးက အတီးအမှုတ်အကအခုန်ရပ်ကာ ဝိုင်းကြည့်နေကြသလို ဦးဒိန်လျှံနှင့်နတ်ဆရာတို့မှာလည်း မျက်နှာသေလေးနှင့်ကြောင်စီစီငေးကြည့်နေကြသည်။

"ကဲ - နတ်ဆရာကြီးခင်ဗျား၊ ကျွန်တော်မျိုး တစ်မနက်လုံး ထန်းပင်ပေါ် နေခဲ့ရတာ မောလှပါပြီ။ အဲဒီတော့ တောနတ်တောင်နတ်မင်းကြီးတို့အလိုကျ ထုံးတမ်းစဉ်လာအရ ကျုပ် အိမ်ကို ခြေကျင်မပြန်နိုင်တော့ပါဘူး။ မြင်းနဲ့ပြန်ချင်ပါတယ်၊ ခွင့်ပြုပါ"

ဆလိုင်းကြီး၏ စကားအဆုံးမှာ ဦးဒိန်လျှံ၏မျက်နှာမှာ ချက်ချင်းသွေးဆုတ်သွားသည်။

"ဆလိုင်းကြီး တောင်းဆိုတဲ့ မြင်း . . . မြင်းက ကျုပ်တို့ရွာမှာ မရှိပါဘူး။ နတ်ဆရာကြီး အဆုံးအဖြတ်ပေးပါ။ ကျုပ်တို့ ဆလိုင်းကြီးကို ဝရမ်းအုခလိုင်းလုပ်ဖို့ခေါ် လာတုန်းကအတိုင်း လူထမ်းပြီးပို့ပါရစေ"

ဦးဒိန်လျှံ ဒုက္ခလှလှကြီးရောက်တော့မည်ကို အတပ်သိသော ဦးဒိန်လျှံ၏ ဘက်တော်သား ပါလေရာတစ်ဦးက မျက်နှာလိုမျက်နှာရပြောလိုက်၏။

ဤသည်ကို နောက်ရွာသားတစ်ယောက်က ဦးဒိန်လျှံနှင့်ပါလေရာတို့အဖွဲ့က အဘိုးကြီး သန်သန်မာမာကို အမှည့်ခြွေပွဲလုပ်မည်ဆိုသဖြင့် သူ့အိမ်က ပိန်း၊ မျောက်ဉ၊ ပျားရည်တစ်ကျည်တောက်နှင့် သူ့မိန်းမပင်ပင်ပန်းပန်းခုတ်ရက်ထားသော ဂျပ်ခုတ်စောင်အသစ်ကျပ်ချွတ်တစ်ထည်ကိုပင် ပေးလိုက်ရ၍ ယခုမှ ပိုပြီး မကျေမနပ်ဖြစ်နေသူ ကောထန်ကြီးက အခွင့်တိုက်ပြီး -

"မှည့်ရွှမ်းနေတဲ့ သစ်သီးလုံးကြီး ဆလိုင်းထောင်လေ့ွက ဘယ်လိုလုပ်သူ့အိမ်ဆီလူတွေကခုန်ပြေးလျှောက်ထမ်းခေါ်သွားတာကိုခံနိုင်တော့မလဲ။ မှည့်ရွှဲနေတဲ့သစ်သီးက လမ်းမှာပေါက်ကျပျော့ကျသေရင် မင်းတို့တာဝန်ယူမလား။ အစဉ်အလာအရပဲ အမှည့်ခြွေလို့မကြွေရင် သူတောင်းဆိုတာကို ဦးစီးခေါင်းဆောင်လုပ်သူကဖြည့်ဆည်းပေးရမယ်လို့ဥပဒေရှိပါတယ်။ ဒီတော့ ကျုပ်တို့ရွာမှာ မြင်းမရှိတဲ့အတွက် မြင်းကိုယ်စား ရွာရဲ့အကြီးအမှူးဖြစ်သူ ဦးဒိန်လျှံက မြင်းအဖြစ်နဲ့ ဆလိုင်းအိုကြီးကို အိမ်အရောက်လိုက်ပို့မှ တောနတ်တောင်နတ်တို့ အလိုကျဖြစ်တော့မပေါ့နော်။ နတ်ဆရာကြီး ခုဝရမ်းအုခလိုင်းပွဲမအောင်မြင်လို့ နတ်တွေစိတ်ဆိုးပြီး ရွာမှာတစ်ခုခုအန္တရာယ်ကျရောက်လာရင် ဘယ်နှယ့်လုပ်မလဲ။ အဲဒါကြောင့် ခုဆလိုင်းကြီးတောင်းဆိုသလို ရွာလူကြီးက မြင်းလုပ်ပြီးပို့မှဖြစ်တော့မပေါ့။ ကျုပ်ပြောတာဟုတ်တယ်မှတ်လား နတ်ဆရာကြီး"

ဟု ဦးဒိန်လျှံကို အမြင်ကတ်ကတ်နှင့်ပြောလိုက်၏။

သူပြောသည်မှာလည်း အမှန်ပင်။ အစဉ်အလာအရ အမှည့်ခြွေ၍ မကြွေသောသူကို သူ၏ဆန္ဒအတိုင်း ရွာဦးဆောင်ရပ်ဦးဆောင်ကလုပ်ပေးရမည်။ ထို့ကြောင့်လည်း မျက်နှာသေလေးနှင့် ဘာပြော၍ဘာလုပ်ရမှန်းမသိဖြစ်သွားသောနတ်ဆရာကြီးက ယောင်ယောင်ယမ်းယမ်းနှင့် ဟုတ်ပါတယ်ဟုကယောင်ချောက်ချားစကားထွက်သွားရာ စောစောကရွာသားကဲ့သို့ပင် သူတို့အမှည့်ခြွေပွဲလုပ်ကြရာ၌ ဟိုဟာပေးရသည်ဟာပေးရ၍ မကျေမနပ်ဖြစ်နေကြသူတွေကလည်း -

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျုပ်တို့ရွာ အန္တရာယ်ကင်း ဘေးရှင်းအောင် တောနတ်တောင်နတ်တို့အလိုကျ ရွာလူကြီးက မြင်းလုပ်ပြီး ဆလိုင်းအိုကြီးသစ်သီးမှည့်ကို အိမ်အရောက်လိုက်ပို့ပါဗျို့"

ဟု သရော်မော်ကား ဝိုင်းအော်တောင်းဆိုလိုက်ကြရာ ဦးဒိန်လျှံမှာ ဆလိုင်းထောင်လေ့ွရှေ့ မြင်းလုပ်ရန် လေးဖက်ကုန်းရတော့သည်။

ထိုအခါ ဤလူကြီးမဆင်မခြင်လုပ်၍ ငါတို့မှာ ဆလိုင်းကြီးမိသားစုကို လုပ်ကျွေးလိုက်သလိုဖြစ်ရသည်ဟု ဒေါသထွက်နေကြသူအချို့က ချက်ချင်းပင် -

"ကဲ - အဘစီးချင်တဲ့မြင်းက ရှေ့တော်မှောက်ရောက်လာပါပြီ။ တက်တော့လေ၊ မြင်းပေါ် ကိုတက်တော့"

ဟု ဝိုင်းအော်ကြသော စကားမဆုံးမီပင် ဆလိုင်းကြီးထောင်လေ့ွတလည်း ဦးဒိန်လျှံကျောပေါ် ရောက်သွားလေသည်။ ဦးဒိန်လျှံကျောပေါ် ဆလိုင်းကြီးထောင်လေ့ွ ရောက်သွားသည်နှင့် ဦးဒိန်လျှံကကုန်းထလိုက်၏။

ဤသည်ကိုပင် ယခုထိ မကျေမနပ်ဖြစ်နေသူ ကောထန်ကြီးက—



www.burmeseclassic.com

www.burmeseclassic.com

"ဘယ့်နှယ်ဘယ့်နှယ်-မြင်းဆိုတာ လေးချောင်းထောက်သွားရတာဗျ။ ခုက ဘယ်လိုလဲ ကုန်းပိုးထားသလိုဖြစ်နေပါလား"

ဟု အော်ပြောလိုက်ပြန်၏။

"ဟေးလူ - ဒါတောင်ပေါ်မြင်းဗျ။ မြေပြန့်မြင်းမဟုတ်ဘူး။ ခြေထောက်လေးချောင်းနဲ့သွားသွား၊ တစ်ချောင်းတည်းနဲ့ပဲသွားသွား မင်းပြောစရာမဟုတ်ဘူး။ ငါက နတ်ဆရာ၊ ငါသွားခိုင်းချင်တာနဲ့သွားခိုင်းမယ်။ မင်းဘာသိလို့လဲ။ ဒီလောက်တောတောင်အဆင်းအတက်ခရီးကို ဘယ်လိုလုပ် လေးဖက်ထောက်သွားလို့ရမလဲ။ ကဲကဲ- ဦးဒိန်လျှံ သွားတော့ သွားတော့"

နတ်ဆရာက ရပ်မှာရွာမှာအလွန်စကားရှည်တတ်သောကောလာကြီးကို အော်ငေါက်ပစ်လိုက်သည်။ အမှန်မှာ သူ့လူ ဦးဒိန်လျှံ ဒုက္ခရောက်တော့မှာသိ၍ ဝင်ပြောလိုက်ခြင်းသာ ဖြစ်သည်။

ထိုအခါ ဦးဒိန်လျှံက နတ်ဆရာကြီးကို ကျေးဇူးတင်သောအကြည့်နှင့် တစ်ချက်လှည့်ကြည့်ပြီး ဆလိုင်းကြီးထောင်လွှေကို -ကုန်းပိုးကာ စထွက်တော့သည်။

ထိုအခါ ဆလိုင်းကြီး ထောင်လွှေမှာလည်း ဇက်ကြိုးမပါသောတောင်မြင်း၏ သျှောင်ထုံးကြီးကို ဆောင့်ဆွဲလိုက်ကာ -

"ဟဲ့ - တောင်မြင်း သွားစမ်း မြန်မြန် ငါမောနေပြီ။ အိမ်မြန်မြန်ရောက်ဖို့လိုတယ်။ သွားစမ်း၊ သွားစမ်း"

ဟု ကြိမ်းဝါးလိုက်ကာ ဦးဒိန်လျှံ၏ဆံပင်အုပ်ကို မြင်းဇက်ကြိုးအဖြစ်နှင့် ဆောင့်ဆွဲလိုက်၊ ပြန်လျှော့လိုက်၊ ပြန်ဆောင့်ဆွဲလိုက်နှင့်လိုက်ပါလာသည်။

"တောင်မြင်းကြီးခြေထောက်နှစ်ဖက်နဲ့ ကဆုန်ပေါက်ပြေးလာနေတယ်။ ပြေးလာနေတယ်။ ကလေးသူငယ်များနင်းမိတိုက်မိမယ်။ လမ်းဖယ်ကြ၊ လမ်းဖယ်ကြ၊ ခြေထောက်နှစ်ချောင်းပဲပါတဲ့ တောင်မြင်းကြီးကို ထူးထူးဆန်းဆန်း မမြင်ဘူးသူတွေထွက်ကြည့်ကြ၊ ထွက်ကြည့်ကြ။ ခြေထောက်နှစ်ချောင်းပဲပါတဲ့ တောင်မြင်းကြီး ကဆုန်ပေါက်ပြေးလာနေပြီ။ ကြည့်ကြ ကြည့်ကြ"

ရပ်မှာရွာမှာ အလွန်အရွှမ်းအနောက်ပြောတတ်ပြီး လူတကာကို အချိန်နှင့်မတတ်သော ဗန်မနာကြီးကလည်း ကောလာကြီးကဲ့သို့ပင် သူ့အိမ်ကခွဲတမ်းကျ ပိန်းဥ၊ မျောက်ဥပေးထားရသည်ကို အငြိုးနှင့် ဦးဒိန်လျှံအား ရှေ့ကရွာဆော်သလို အော်ဟစ်လာသည်။

ဗန်နောကြီးက ထိုသို့ အော်ဟစ်လာသောအခါ ကလေးသူငယ်များမှာလည်း ဗန်နောကြီးလေသံကိုလိုက်ကာ-

"တောင်မြင်းကြီးတဲ့ဗျို့၊ တောင်မြင်းကြီး၊ တောင်မြင်းကြီး ခြေထောက်နှစ်ဖက်နဲ့ပြေးလာနေတဲ့ တောင်မြင်းကြီး"

ဟု အော်ဟစ်ကာ ဆလိုင်းကြီးထောင်လွှေမြင်းစီးပါလာသော ဦးဒိန်လျှံနောက်ကို ဝိုင်းအော်လိုက်လာကြပြန်၏။

သူ့လက်ထက်တွင် မကြုံစဖူး အမှည့်ခြွေပွဲလုပ်မိများသော ဦးဒိန်လျှံ ရွာလူကြီးမျောမှာမူ ရှက်လွန်း၍ မည်သူ့ကိုမျှမကြည့်ရဲဖြစ်ကာ ဆလိုင်းကြီးအိမ်ကို မြန်မြန်ရောက်ရန်သာ ကလေးတွေ အော်ဟစ်နေကြသလို ကဆုန်ပေါက် မပြေးရုံတစ်မည်လာနေရသည်။

ယခုအခါမှာတော့ အကအခုန်အတီးအမှုတ်သီချင်းသံတွေလည်း တစ်ရွာလုံးတိတ်ဆိတ်သွားကာ ကလေးတစ်အုပ်ကလွဲပြီး ဗန်နောတို့၊ ကောလာကြီးတို့အချွန်သမားတွေလည်းပါမလာကြတော့။

တစ်ရွာလုံးမှာ တစ်မျိုးတိတ်ဆိတ်သွားပြီး ရွာလူကြီး ဦးဒိန်လျှံ၊ နတ်ဆရာနှင့် ဆယ်အိမ်ခေါင်း၊ အစုမှူး ပါလေရာတို့အဖွဲ့အား ဝရမ်းအုခလှိုင်းပွဲမမြောက်ဘဲ ဆလိုင်းကြီးတို့မိသားစုအား ပိန်းဥ၊ မျောက်ဥ၊ ပြောင်းပေါက်ပေါက်၊ ပျားရည်ကျည်တောက်နှင့် အဝတ်အထည်ပေးလိုက်ကြရသည်ကို နှမြောတသဖြစ်ကာ ကျိန်ဆဲမဆုံးရှိနေကြသည်။

အမှည့်ခြွေပွဲလုပ်ရာ ရွာပြင်က ဆလိုင်းထောင်လွှေအိမ်ရှေ့ မြင်းလုပ်ထမ်းပိုးလာရသဖြင့် ဟောဟဲဆိုက်မောပန်းလာသော ဦးဒိန်လျှံသည် ဆလိုင်းကြီးအိမ်ရှေ့အရောက်မှာ ခြေစုံရပ်လိုက်၏။ ပြီးတော့ မောဟိုက်သံကြီးနှင့် -

"ဆလိုင်းကြီး၊ ဆင်းတော့လေဗျာ။ ခင်ဗျားအိမ်ရှေ့ရောက်နေပြီပဲ"

ဟု ပြောလိုက်၏။

ဆလိုင်းကြီးထောင်လွှေက ချက်ချင်းမဆင်းသေးဘဲ-

"အေး-ငါကမဆင်းချင်သေးဘူး။ မြင်းစီးပြီး ရွာတစ်ပတ်လှည့်ဦးမယ်ဆိုတော့လည်း မင်းက ငါ့ကိုလှည့်ပြရဦးမယ် မဟုတ်လား။ ဒါပေမယ့် မင်းကိုသနားလို့ ခုတော့ ငါဆင်းလိုက်တော့မယ်။ တစ်ခုတော့ မင်းမှတ်ထား။ ငါတို့အမျိုးက မသေချင်သေးဘူးဆိုရင် သေကိုမသေဘူး။ အေး - မင်းဒီလောက်တောင် ငါ့ကိုအမှည့်ခြွေပွဲလုပ်ချင်နေရင် ငါ သေချင်တဲ့တစ်နေ့ မင်းကိုအကြောင်းကြားမယ်။ အဲဒီအခါမှ မင်း အမှည့်ခြွေပွဲလာလုပ်နော် ဒိန်လျှံ"

တစ်လုံးချင်းပြောနေသောဆလိုင်းအိုကြီးစကားမဆုံးမီပင် ဦးဒိန်လျှံက -

"ဟို နတ်ဆရာငကန်းပြောစကားကျုပ်ယုံမိတာနဲ့မှားသွားပါတယ် ဆလိုင်းကြီး။ ကျုပ်နောက်ကိုဘယ်တော့မှဝရမ်းအုခလှိုင်းမလုပ်တော့ပါဘူးဗျာ။ တောင်းပန်ပါတယ်"

ဟု ပြောပြီး ဦးဒိန်လျှံ ပြန်မည်အလုပ်မှာ ဆလိုင်းထောင်လွှေက -

"အေးအေး - မင်းလုပ်တာ၊ မလုပ်တာကတော့ မင်းအပိုင်းပဲ။ ခု ငါသိပ်ပင်ပန်းသွားပြီ။ ဒီတော့ ညနေကျရင် ငါ ဝက်ကလေးကင်စားချင်တယ်။ မင်းအိမ်အောက်ကဝက်ကလေးတစ်ကောင်ကင်ပြီး နှစ်ချို့ခေါင်ရည်တစ်အိုးကို ညနေလာပို့"

ဟု ပြောလိုက်၏။

အစဉ်အလာအရ မပို့ဘဲနေ၍မရသူ ဦးဒိန်လျှံကလည်း ထိုနေ့ညနေမှာ သူ့အိမ်အောက်ရှိ ဝက်လေးတစ်ကောင်ကို သတ်ကင်ပြီး နှစ်ချို့ခေါင်ရည်တစ်အိုးကိုလာပို့ရသည်။

ထိုသို့လာပို့ပြီး ဦးဒိန်လျှံပြန်ခါနီးတွင် ဆလိုင်းထောင်လွှေက -

"မနက်ဖြန်တော့ ငါ ချေသားစားချင်တယ်နော် ဒိန်လျှံ"

ဟု ပြောလိုက်သောအခါ ဦးဒိန်လျှံမှာ ခေါင်းကုတ်ပြန်သွားသည်။

ဝရမ်းအုခလှိုင်း၏ ဥပဒေအရ သူသည် ဆလိုင်းထောင်လွှေကြီး၏ အစေအပါးဖြစ်သွားရပြီမို့ နောက်တစ်နေ့မနက်မှာပင် ဆလိုင်းထောင်လွှေစားချင်သော ချေသားရရန် ရွာမုဆိုးများရှိမည်သူ၏ ထောင်ချောက်တွင် ချေမိသည်ကို စုံစမ်းကာ ချေသားတစ်တွဲကို ဆလိုင်းထောင်လွှေ၏အိမ်ကိုပို့ပေးရပြန်သည်။

သူ့အား ချေသားလာပို့ပြီးပြန်မည်လုပ်သော ဦးဒိန်လျှံအား ဆလိုင်းထောင်လွှေက -

"မနက်ဖြန်တော့ ငါဆတ်သားစားမယ်ကွနော် ဒိန်လျှံ"

ဟု ပြောပြန်သည်။

ထိုအခါ ထိုနေ့မနက်၌ သူတို့ရွာရှိ ဘယ်မုဆိုးကမှ ဆတ်မရကြသောအခါ ဦးဒိန်လျှံမှာ ပါလေရာတို့အဖွဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com

# နေအောင်လင်း(စလေ)

# ပေါင်းကူးမြစ်ဆေးအသုံးပြုနည်း

မြန်မာစကားတွင် အဓိပ္ပာယ်ချင်း အတူတူဖြစ်သော်လည်း အခေါ်အဝေါ် ဝေါဟာရက အမျိုးမျိုးကွဲပြားလျက်တွေ့ရသည်။ ဥပမာ သချိုင်း ဟူသော စကားမှာပင် အခေါ်အဝေါ်က ကွဲပြားလျက်တွေ့ရသည်။

သချိုင်းကုန်း၊ သုသာန်၊ တစ်စပြင် ဟူ၍ သချိုင်းကိုပင် အမျိုးမျိုးခေါ်တွင်လျက်တွေ့ရသည်။ လူသေတို့အား မြေမြှုပ်ခြင်းမပြုဘဲ မီးရှို့သင်္ဂြိုဟ်သည့်နေရာအား သချိုင်းကုန်းဟုခေါ်လေ့ရှိသည်။

လူသေတို့အား မြေတွင် ကျင်းတူးမြှုပ်နှံ၍ သင်္ဂြိုဟ်သည့်နေရာအား သုသာန်ဟုခေါ်ကြသည်။ သချိုင်းကုန်းမြေနှင့် အဓိပ္ပာယ်ချင်းတူသယောင်ရှိသော်လည်း သုသာန်ကား သချိုင်းကုန်းကဲ့သို့ လူသေအား မီးရှို့ခြင်းမပြုဘဲ မြေတွင်းတူးမြှုပ်လေ့ရှိခြင်းဖြစ်သည်။

တစ်စပြင်ဆိုသည်ကလည်း သချိုင်းကုန်းသုသာန်တို့နှင့်တူသော်လည်း မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ လူသေအလောင်းတို့အား စစ်ဘေးစစ်ဒဏ်သင့်ချိန်၊ ရောဂါဘယကပ်ဘေးတို့ကြုံတွေ့ရချိန် သေပျောက်သူများကဲ့သို့ မည်သူကမျှ မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ သူသေကောင်တို့အား ခွေးစားစားလင်းတစားစား စွန့်ပစ်ထားသည့်နေရာတို့အား ခေါ်ဆိုခြင်းဖြစ်သည်။

သချိုင်းကုန်းမြေနေရာချင်းတူပါသော်လည်း သုသာန်မြေကလွဲလျှင်တော့ ယခုရေးသားဖော်ပြမည့်ဆေးမြစ်တို့အား ရှာဖွေတွေ့ရှိရလိမ့်မည် မဟုတ်ပေ။ အများအားဖြင့် မြေနေရာအားဖြင့်လည်း ကျယ်ဝန်းသည့် ကျေးလက်တောရွာတို့တွင် လူတို့သေဆုံးသည့်အခါ မီးသင်္ဂြိုဟ်ခြင်းနည်းကြသလို စစ်တွင်းကာလ၊ ရောဂါဘယဘေးကပ်ဘေးကျရောက်သည့်အချိန်ကာလလိုလည်း သေဆုံးသူတို့အား ခွေးစားစားကျီးစားစား စွန့်ပစ်ထားလေ့မရှိကြသလို မီးသင်္ဂြိုဟ်ခြင်းလည်းမပြုသည့်သုသာန်မြေတို့တွင် တွေ့ရှိရရှိနိုင်ပါသည်။

လူသေတို့အား မြှုပ်နှံမည်ဟု မြေကျင်းတူးသည့်အခါ ရ၍လာသည့် မည်သည့်သစ်မြစ်ကိုမဆိုလို။ ကျင်းတူးနေစဉ်အခါ မြေကျင်း၏ကန့်လန့်ဖြတ်အနေအထားတွင်တွေ့ရှိရသည့် သစ်မြစ်တို့အား ဆေးဖက်ဝင် အသုံးပြု၍ရပါသည်။ ထိုသစ်မြစ်အား လူကြီးသူမတို့က ပေါင်းကူးမြစ်ဟုခေါ်ပါသည်။ လူသေ၍ မြေကျင်းတူးသည့်အခါတိုင်းတွင် ပေါင်းကူးမြစ်တွေ့ရမည်တော့မဟုတ်ပါ။ တွေ့ရှိရလျှင်လည်း မည်သည့်သစ်မြစ်မဆို လက်ညှိုး၊ လက်မ၊ လူလက်ကောက်ဝတ်အရွယ်အစားတွေ့ရလျှင် ဆေးဖက်ဝင်ပါသည်။ ထိုသို့တွေ့ရှိရလျှင်လည်း သေသူမှာ ဘဝကူးကောင်းသူ ဖြစ်ကြောင်း၊ နောက်တစ်ဘဝကူးမြန်၍ နာနာဘာဝ ဝိနာဘာဝဘဝတွင် ကြာကြာမနေရဘဲ လူဖြစ်လျှင်လည်း လူ့ဘဝ၊ နတ်ဖြစ်လျှင်လည်း နတ်ဘဝ၊ လျှင်လျှင်မြန်မြန်ကူးပြောင်းရတတ်သည့်နိမိတ်သင်္ကေတဟုလည်း ပြောဆိုကြပါသည်။ တစ်ဘဝနှင့်တစ်ဘဝ ပေါင်းကူးဆက်သွယ်ပေးသည့်နိမိတ်ဟု ဆိုကြပါသည်။

ပေါင်းကူးမြစ်အား တွေ့ရှိပါက ဆေးဖက်ဝင် အသုံးပြုနိုင်ပါသည်။ ပျောက်ကင်းနိုင်သည့်ရောဂါဝေဒနာတို့မှာ ကလေးငယ်များတွင် မွေးရာပါလာသည့် သဂ္ဂျန်းနာ (သားကျုံ့နာ) ရောဂါ၊ အနာပေါက်၊ ကလေးငယ်တို့ ဦးခေါင်းတွင်ပေါက်တတ်သည့် ဝဲ၊ ဒက်တို့အား သွေးလိမ်းပေးလျှင် အနာနုလျှင်ပိန်၊ မှည့်လျှင် ပြည်ပေါက် အမြန်ပျောက်ကင်းနိုင်ကြောင်း လူကြီးသူမတို့၏ လက်တွေ့ကုသပျောက်ကင်းသည့် ပေါင်းကူးမြစ်ဆေးနည်းအား ဖော်ပြလိုက်ရပါသည်။

နေအောင်လင်း(စလေ)

---

တိုင်ပင်ပြီး ဆလိုင်းထောင်လွှကြီး စားချင်သော ဆတ်သားရရန် သူကိုယ်တိုင် ဆတ်လိုက်ဆတ်ရှာထွက်ကြရပြန်သည်။

ကံအားလျော်စွာ ဆတ်တစ်ကောင်ကိုရလာရာ ဆလိုင်းထောင်လွှအိမ်ကို ဆတ်သားတစ်တွဲသွားပို့ရပြန်၏။

ထိုအခါ ဆလိုင်းထောင်လွှက -

"အိမ်းအိမ်း- မနက်ဖြန်တော့ ငါ့ကို တောဝက်သားလာပို့ပါဦးကွ"

ဟု ဆိုလာပြန်၏။

သူ့မှာနှစ်ပတ်လည်မရောက်မချင်း တစ်နှစ်လုံးလုံး ဆလိုင်းကြီးကို အလုပ်အကျွေးပြုရမည်ဟု ဥပဒေသကရှိရာ ထိုသည်ကိုဖျက်ကွက်ပါက သားစဉ်မြေးဆက် ကြွေးစကားအပြောခံရတော့မည်ကိုလည်း မလိုလားသော ဦးဒိန်လျှံမှာ ဤနေ့လည်း ဆလိုင်းကြီးထောင်လွှစားချင်သော တောဝက်သားကို ရှာရပြန်ဦးမည်။

ဦးဒိန်လျှံ သိပါသည်။ မနက်ဖြန်သူ တောဝက်သားသွားပို့လျှင် နောက်တစ်နေ့မှာ စိုင်သားသာစားချင်သည်ဟု ပြောပြန်ဦးမည်။ စိုင်သားသွားပို့ပြန်တော့ ပြောင်သားစားချင်သည်ဟုပြောဦးမည်။ ပြောင်သားပို့ပြန်တော့ ဆင်သားသာလာပေးပါဟု ပြောပြန်ဦးမည်။

အမှန်ကတော့ ဆလိုင်းထောင်လွှသည် သူ့အား ဆင်နင်း၊ ပြောင်တိုက်၊ ဝက်ဖက်၊ ဝံကိုက် မသေမချင်း ဤသို့ သေတွင်းကိုပို့ချင်၍ တမင်လုပ်လာပြီးဆိုသည်ကို ဦးဒိန်လျှံ အတပ်သိသွားသည်။ ထိုအခါ ဦးဒိန်လျှံမှာ သူ့အား ဝရမ်းအုခလှိုင်းပွဲလုပ်သောနှစ်ပတ်လည်မရောက်မီ ဤရွာကထွက်ပြေးမှဖြစ်တော့မည်ဟု အတွေးပေါက်လာ၏။ သို့သော် လောလောဆယ်မှာတော့ သူသည် ဆလိုင်းကြီးထောင်လွှစားချင်သော အသားများကို ရွာမုဆိုးများနှင့်လည်းကောင်း၊ ကိုယ်တိုင်ထွက်လိုက်၍လည်းကောင်း ရှာပေးနေရသည်။ ဤအဘိုးကြီးသည် သူ့အား အမြဲထားပြီး တစ်နေ့ကျလျှင် ကျွားသားများစားချင်ပါသည်ဟု ပြောလာလျှင်. . .။

(ဆက်ရန်)

ပိုးကျော့

www.burmeseclassic.com



ကျွန်ုပ်၏ အဘဆရာကြီးကို မေးကြည့်မိပါသည်။

"အဘ(၃၇)မင်းနတ်တွေကို ပယ်ထားတာကောင်းပါသလား။ ပယ်သင့်ပါသလား"

လို့ မေးမိပါသည်။

အဘက -

"(၃၇)မင်းနတ်တွေထဲမှာ ညည်းရဲ့ အဖေ၊ အမေ၊ အစ်ကို၊ အစ်မမွေးချင်း ဆွေမျိုးတော်ခဲ့တဲ့နတ်တွေပါခဲ့ရင် ဘဝဟောင်းက အဖေ၊ အမေတွေကို ပစ်ပယ်တာပေါ့တဲ့။ ဆွေမျိုးတွေကဖြင့် မားထမ်းပြီး ညည်းနောက်တကောက်ကောက် လိုက်စောင့်ရှောက်နေကြတာတွေ့မိတယ် သမီးတဲ့။ သမီးပစ်ပယ်ထားလို့ကောင်းပါ့မလား။ သူတို့ကို မေတ္တာပို့၊ အမျှဝေပေးတာကြိုက်တာပေါ့။ဗလီနတ်စာကျွေးတာလည်း ကျေနပ်တာပေါ့ သမီးရယ်"

"ရိုးရာမကျေဘူးဆိုတာ ဘာကိုခေါ်ပါသလဲ အဘ"

"ညည်းတို့ငါတို့ အမိ၊ အဖ၊ အဘိုး၊ အဘွား ဆွေစဉ်မျိုးဆက် ကိုးကွယ်ပသခဲ့ကြတဲ့ ရိုးရာဆိုင်ရာနတ်ဆိုတာရှိတယ်။ နယ်မြေဒေသလိုက်ပြီး ကိုးကွယ်ပသမှု အမျိုးမျိုးရှိကြတယ်။ ကုလားနတ်၊ တရုတ်နတ်၊ မိဘမျိုးရိုးလိုက်ပြီး မြင်းဖြူရှင်၊ ကိုးမြို့ရှင်၊ ဦးရှင်ကြီး၊ တလိုင်းနတ်စသဖြင့်ရှိကြတယ်"

ကျွန်ုပ်သည် အညာသူစစ်စစ်ဖြစ်ပြီး မြင်းဖြူရှင်နတ်သည် အမိအဖအဘိုးအဘွားရိုးရာနတ်ဖြစ်ပါသည်။ ဝါကျွတ်လျှင် ကန်တော့ပွဲနှင့်ကန်တော့လေ့ရှိပါသည်။ ဝါကျွတ်လျှင် အိမ်တွင်းနတ်ကိုလည်း ကန်တော့ပွဲတစ်ပွဲဖြင့် ကန်တော့ပြီး အုန်းတော်အသစ်လဲပါသည်။ ဗလီနတ်စာကိုတော့ တတ်နိုင်လျှင် မုန့်ဖြူမုန့်နီ၊ ငါးကြော်၊ လက်ဖက်၊ ကွမ်းယာ၊ အောင်ဗညပြေပုန်း စုံလင်စွာဖြင့်ပသပါသည်။နတ်ကတော်နှင့်မတင်ပါ။ မတတ်နိုင်လျှင် လက်ဖက်ဆီဆမ်းသုံးပွဲဖြင့် တောင်းပန်ပြီးတင်ပါသည်။

ကျွန်ုပ်သည် နေ့စဉ် တန်းဆွမ်း သံဃာတော်အပါး (၂၀) ခန့်ကို နေ့စဉ်ဆွမ်းချက်ပြီးလောင်းပါတယ်။ အဲဒီကုသိုလ်ကို ဆွမ်းတန်းလောင်းပြီးတာနှင့် တစ်ပြိုင်နက် အိမ်ထဲမဝင်မီ(၃၁)ဘုံသားတွေကို မေတ္တာပို့အမျှဝေသည်။ (၃၁)ဘုံသားတွေကို နေ့စဉ်အမျှဝေမေတ္တာပို့နေသူမို့ (၃၇) မင်းနတ်၊ ရိုးရာနတ်၊ သမ္မာဒေဝနတ်၊ သာသနာစောင့်နတ်များ၊ လောကပါလနတ်မင်းကြီးများ အားလုံးပါဝင်ပါသည်။

ကျွန်ုပ်ကို ရှင်ဘုရင်နှင့်ပတ်သက်သော မင်းမျိုးမင်းနွယ်နတ်များက ပိုပြီးစောင့်ရှောက်ကြသည်ဟု ထင်ပါသည်။ မင်းကြီး၊ မင်းကလေးအစစ်နတ်ဝင်နေလျှင် ကျွန်ုပ်ကို သူတို့သေဆုံးရသည့် အကြောင်းကို ပြောပြောပြီးငိုပါသည်။ နှစ်ကြိမ်လောက်ကြုံဖူးပါသည်။

မယ်ဝဏ္ဏကိုလည်း နှင်းဆီပန်း အပွင့်(၄၀)လောက်စည်းပြီး ပန်းဆက်ဖူးပါသည်။ နတ်ပင့်ပေးသူက နတ်ကတော်မဟုတ်ပါ။ ယောကျ်ားကြီးတစ်ဦးပါ။ အခြောက်မဟုတ်ပါ။ နှင်းဆီပန်းတွေကို အစည်းလိုက် အပွင့် (၄၀) လုံး စားပစ်တာတွေ့ရပါသည်။ အမေပန်းတွေစားရတာဝပြီတဲ့။ နောက်ပြီး ကျွန်ုပ် ရုံးတွင်းမှာ ကြုံတွေ့နေရတဲ့ အခက်အခဲအားလုံးကို ကူညီပြောဆိုမိန့်ကြားပါသည်။

ကျွန်ုပ်အလုပ်ပြုတ်ပြီးသားဖြစ်ပေမယ့် ဘယ်ရုံးကိုစာတင်၊ ဘယ်လူကြီးကို သွားတွေ့ပါ။ ကူညီမည့်လူကြီးက ကျွန်ုပ်ကို အဆင်သင့်ထိုင်စောင့်နေသည်တဲ့။ အတိအကျပြောပါသည်။

အထက်အဆင့်ဆင့် VIP ပုဂ္ဂိုလ်ကြီးများထံ ကျွန်ုပ်မှာ လုပ်ငန်းနှင့်ပတ်သက်၍ အမှားမရှိကြောင်း တင်ပြစာ အရစစ်ဆေးရေးအဖွဲ့၏ ဖြစ်ကြောင်းသိ



www.burmeseclassic.com

www.burmeseclassic.com



# ရေနံ့သာ-ခင်လေး

## လူမစွမ်း၍ နတ်မ,ခြင်းလား

ရှိရပြီး အလုပ်ပြန်ခန့်ရန် သဘောထား မှတ်ချက်ချခံရဖြီး ကျွန်ုပ်ကိုပြန်ခန့်ပြီးပြီ လားလို့ တိုင်းမှူးရုံးကို ဖုန်းဖြင့်ခဏခဏ မေးကြောင်းကိုလည်း ကျွန်ုပ်ကြားသိနေ ရပါသည်။ ကျွန်ုပ်ကိုပြန်ပြောပြမည့်သူ ကအဆင်သင့်ပါပဲ။ ကျွန်ုပ်ကို မကောင်း ကြံလျှင်လည်း တစ်နည်းနည်းနှင့်သိရပါ သည်။ လူမစွမ်းနတ်မခြင်းပဲဟု ယုံကြည် ပါသည်။

တစ်ခါက ရုံးထဲမှာ ညနေ(၄)နာရီ ထိုးခါနီးမှ ဝန်ထမ်းတချို့မှာ လက်ဖက် သုပ်နေပါသည်။ ဗိုက်ကလည်းဆာနေ တော့ အဲဒီလက်ဖက်သုပ်ကိုစားချင်နေ ပါသည်။ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ သံပုရာသီး၊ ကြက်သွန်ဖြူနံ့လေးလည်း ရနေသည်။ ထိုအခိုက်မှာပဲ ခဝတရုံးက ဗိုလ်မှူးခင်ဝင်း (ခေါင်းဖြူ) က ရုံးကို ချက်ချင်းလာခဲ့ပါဟု ဖုန်းဆက်ခေါ်ပါ သည်။ ညနေ (၄) နာရီထိုးတော့မှာမို့ ရုံးအပြီးဆင်းလာပြီး ခဝတရုံးကိုသွားပါ သည်။

ခဝတရုံးရောက်တော့ -

"ဗိုလ်မှူး၊ ဘာကိစ္စရှိလို့လဲ"

ဆိုတော့ -

"ဘာကိစ္စမှမရှိဘူး။ အစ်မဘာတွေ လုပ်နေလဲသိချင်လို့ သတိရလို့ဖုန်းဆက် လိုက်တာ။ အစ်မဘာစားမလဲ"

ဆိုပြီး ကော်ဖီနှင့် ပေါင်မုန့် ထောပတ်သုပ်မှာလိုက်ပါသည်။ ကျွန်မ ဗိုက်ဆာနေတာကို သိသလိုပဲ -

"အစ်မစား" တဲ့။

ကျွန်ုပ်က ရုံးလုပ်ငန်းတွေနှင့် ပတ်သက်လျှင် ကောင်းသည့်အကြံဉာဏ် တွေပေးတတ်သူ၊ အတိုးအကြောင်းများ ပြတတ်သူမို့ ကျွန်ုပ်တိုခင်မင်ကြသူများ ပါသည်။ အကြံအဖန်ထည့်ချင်သူတွေက တော့ ကျွန်ုပ်တိုမလိုလားကြ။

ကော်ဖီနှင့် မုန့်စားပြီး အလာပ သလ္လာပစကားတွေပြောပြီး ဆင်းချိန်



www.burmeseclassic.com

www.burmeseclassic.com

မှာ အိမ်ပြန်ခဲ့ပါတော့သည်။ ၏

တစ်ချိန်မှာ မင်းကြီး၊ မင်းကလေး နတ်ပေဟာတဲ့ အမျိုးသမီးက ကျွန်ုပ်ကို ကြည့်ပြီး မမေးဘဲနှင့် ရုံးထဲကလက်ဖက် သုပ်ကိုမစားမိရအောင် သူတို့လုပ်လိုက် ကြောင်း၊ အဲဒီလက်ဖက်သုပ်က အစိ အရင်လက်ဖက်သုပ်ဖြစ်ကြောင်းပြောရာ ကျွန်ုပ် အရမ်းပင် အံ့ဩသွားမိပါသည်။ အဲဒီလက်ဖက်သုပ်ကို ဗိုက်ဆာနေသည့် အချိန်မို့ အရမ်းပင်စားချင်နေမိတာကို ပြန်မှတ်မိလာပြီး မကောင်းတဲ့ လက်ဖက် သုပ်မို့ ဖယ်လိုက်တာ ထင်ရှားပါသည်။ ဗိုလ်မှူးခင်ဝင်း(ခေါင်းဖြူ)ကိုလည်းကျေးဇူး တင်မိပါသည်။ ကျွန်ုပ်အလုပ်ပြန်ဝင်ရ တော့ ဗိုလ်မှူးက မောင်တောဘက်ကို ပြောင်းသွားရတယ်ထင်ပါသည်။ TVမှာ တွေ့လိုက်ရသည်။ ဒီကိစ္စလည်း လူမစွမ်း ၍ နတ်မသည်ပေါ့နော်။

❑

ကျန်စစ်သားကို မင်းမဟာဂီရိနတ် က နှစ်ကြိမ်တောင်မှ မစခဲ့ဖူးသည်ဟု မှတ်သားမိခဲ့ပါသည်။ မှတ်မှတ်ရရ တစ်ကြိမ်ကတော့ မဏိစန္ဒာမင်းသမီးနှင့် ပတ်သက်ပြီး ရာဇဝတ်သင့်လို့နှောင်ကြိုး တုပ်ထားတာကို အနော်ရထာဘုရင်က အရိန္ဒမာလှံဖြင့် လှမ်းပစ်လိုက်ရာမှ နှောင်ကြိုးကို ထိမှန်၍ ကြိုးပြေပြီး လှံကောက်ထွက်ပြေးခွင့်ရသွားဖူးသည်။ အဲဒါလည်း လူမစွမ်း၍ နတ်မခံခဲ့ရခြင်း ပါပဲ။

ကျွန်ုပ် သုံးနှစ်သမီးအရွယ် ၁၉၅၁ လောက်ကပေါ့။ ကျွန်ုပ်တို့အိမ်ကို ခါးပြ ငါးယောက်လာတိုက်ပါသည်။အမြဲတမ်း အိမ်အောက်က ထင်းပုံနားမှာထားတဲ့ ဓားမကြီးဟာ အဲဒီနေ့ညနေမှ အမေက ဒီနေ့စိတ်လေးလေးကြီးမို့ ထင်းခုတ်တဲ့ ဓားမကြီးကို အဖေ့ခေါင်း အုံးအောက်မှာ ယူပြီးထားလိုက်ပါသည်။ ည(၁၂)နာရီ ကျော်ကျော်လောက်မှ အိမ်အောက်ထပ် က စစ်ဖိနပ်သံတဂွပ်ဂွပ်နှင့်ခါးပြတွေ ရောက်လာပါသည်။ အဖေက ခေါင်းအုံး အောက်က ဓားမကြီးကိုယူပြီး အသင့် စောင့်နေသည်။ အိမ်ပေါ် တစ်ယောက် ပြီးတစ်ယောက်ရောက်လာတဲ့ခါးပြတွေ ကို ဓားမကြီးနှင့်ခုတ်လွှတ်တာ ခါးပြတွေ ဆီက ခြောက်လုံးပြူ (၃၈ဘို့) သေနတ် အိမ်ကြမ်းပြင်ပေါ်မှာ ကျကျန်ခဲ့ပြီး ခါးပြတွေအားလုံး ခွေးပြေးဝက်ပြေးပြေး ကြရသည်။ အဖေက ဓားမကြီးကိုကိုင် လိုက်ကတည်းက အဘမြင်းဖြူရှင် ဝင်ပူး ပြီး ဓားနှင့်မွှေ့ယမ်းနေတာတဲ့။ အဖေ့ကို ပစ်ဖို့ချိန်သည့်ခြောက်လုံးပြူးလည်း အဖေ့ ခေါင်းပေါ်- နားရွက်ဘေးနှစ်ဖက်နားက သုံးချက်လောက် ကျည်ဆန်ထွက်သွား ပေမယ့် အဖေ့ကိုမထိဘဲ အဖေ့ရဲ့ဓားဖျား မှာခတ်မိပြီး ခါးပြလက်က ခြောက်လုံး ပြူးလွတ်ကျသွားတာပါပဲ။ အမေ့ရဲ့ရွှေ တွေပါမသွားတဲ့အပြင် ခါးပြဆီက ခြောက်လုံးပြူးကို ရဲစခန်းမှာ အပ်နှံနိုင် ခဲ့တာမို့ အဖေရာထူးတစ်ဆင့်လည်းတိုး ပြီး အစိုးရကအဖေ့ကိုသေနတ်တစ်လက် ကိုင်ဆောင်ခွင့်ဆုချခံခဲ့ရပါသည်။ အဲဒါ ကလည်း ရိုးရာနတ်ရဲ့စောင့်ရှောက်ခြင်း ပါပဲ။ အကယ်၍သာ ဖေဖေက ခါးပြ တွေကိုမနိုင်လို့ ဖေဖေအသတ်ခံရလျှင် ကျွန်ုပ်တို့မိသားစုကိုလည်း ချမ်းသာပေး မည်မထင်မိပါ။ တော်ပါသေးသည်။ လူအစွမ်း၍ နတ်မသည်မို့ပေလား။

❑

ကျွန်ုပ် ရေမကူးတတ်ပါ။ မြစ် အနောက်ဘက်သို့ စက်လှေဖြင့်ကူးခဲ့ရာ မမျှော်လင့်ဘဲ လေမုန်တိုင်းကြောင့် မြစ် ထဲမှာပဲ ဘဝဆုံးပြီဟုထင်ခဲ့မိပါသည်။ ကြတိပိသောရွှတ်တာ သမ္ဗုဒ္ဓေရောက်၊ သမ္ဗုဒ္ဓေရွှတ်တာ ကြတိပိသောရောက် နှင့် မြစ်လယ်က ကျွန်းနားမှာ ခဏနား ပြီးမှ ဆက်ထွက်ရသည်။ ကျွန်ုပ်က ရေနံ ချောင်းသူဆိုတော့ ရေနံချောင်းဘိုးဘိုး ကြီးခေါ် ရေကြောင်းက လှေလောင်း ဘိုးဘိုးကြီးတဲ့။ တစ်ခါတစ်ရံ မိကျောင်း ကြီးလည်းစီးတယ်တဲ့။ ရေနံချောင်း ဘိုးဘိုးကြီးကယ်လိုက်တာတဲ့။ တစ်ချိန် မှာပြန်ပြီးကြားသိရသည်။ အမှတ်မထင် အကြားအမြင်ဆရာများက ပြောပြတတ် ကြသည်။ လူမစွမ်းလျှင် နတ်ကကြံဖန်ပြီး မစစောင့်ရှောက်တတ်၏။ (၃၇)မင်းနတ် တွေ၊ ရိုးရာနတ်တွေကို ကျွန်ုပ်မေတ္တာပို့၊ အမျှဝေပါသည်။ နေ့စဉ် (၃၁) ဘုံကို မေတ္တာပို့၊ အမျှဝေနေသူမို့လားပဲ တစ်ခါ တစ်ရံတွင် ဘဝဟောင်းက မိဟောင်း ဖဟောင်း၊ ဆွေမျိုးမောင်နှမအပေါင်းတို့ ကိုလည်း မေတ္တာပို့၊ အမျှဝေမိပါသည်။

ကျွန်ုပ်သည်(၃၁)ဘုံသားတွေကို နေ့စဉ် အမျှဝေ၊ မေတ္တာပို့နေသူမို့ ထင်ပါ သည်။ ကျွန်ုပ် ဖောင်ကြီးတွင် ဆ/မ သင်တန်းတက်စဉ်က ကျွန်ုပ်၏အမျှကို လိုချင်သဖြင့် ကျွန်ုပ်ရဲ့အဆောင်ရှေ့နား မှာ ကျွန်ုပ်ရဲ့ကျေးကျွန်များလို့သိရတဲ့။ အင်းဝဟံသာဝတီစစ်ပွဲမှာ တိုက်ပွဲကျတဲ့ အင်းဝက ဆင်တပ်၊ မြင်းတပ်၊ ခြေလျင် တပ်က မကျွတ်လွတ်သေးသောစစ်သား တွေ ကျွန်ုပ် နေ့စဉ် တရားထိုင်သည့် အဆောင်ရှေ့မှာ လာစောင့်နေကြတာ ကို အာရုံထဲမှာ တွေ့မြင်နေရပါသည်။ (၁၀) ရက်တိတိအမျှဝေတာကိုစောင့်နေ ကြသည်။ (၁၀) ရက်ပြည့်တဲ့နေ့မှာ ရွှေတိဂုံဘုရားမှာ စနေ၊ တနင်္ဂနွေပိတ် ရက်သွားပြီး ထားဝယ် လောင်းလုံက မန်နေဂျာခင်စန်းမြင့်နှင့်အတူ စနေ ထောင့်မှာ ပုတီးစိပ်၊ ပန်း၊ ရေချမ်းကပ် လှူဒါန်းတဲ့ကုသိုလ်တွေကို ညအဆောင် ရောက်တော့ ဘုရားရှိခိုးတရားထိုင်ပြီး အမျှဝေ၊ မေတ္တာပို့တဲ့အထဲမှာ တပည့် သားမြေး ကျေးကျွန်အပေါင်းကိုလည်း အမျှဝေမိပါသည်။ နေ့စဉ်တော့ (၃၁)ဘုံ သားအားလုံးဆိုလျှင် ဘယ်သူမှမကျန် နိုင်တော့ဘူးထင်ပါသည်။ ကြံကြံဖန်ဖန် ကျွန်ုပ်ဆီကိုမှလာပြီးအမျှတောင်းသည်။

ကျွန်ုပ် နေ့စဉ် သရဏဂုံပုတီး (၉) ပတ်၊ ဂုဏ်တော်ပုတီး (၁၀) ပတ် နေ့စဉ်စိပ်ပြီး နေ့စဉ် ငါးပါးသီလခံယူပြီး ညမှာ တစ်အာရုံတိုင် နိုင်သလောက် တရားမှတ်ပါသည်။ နေ့စဉ် တန်းဆွမ်း သံဃာအပါး(၂၀)လောက်ကို ဆွမ်းချက် လောင်းသည့် ကုသိုလ်တို့ကပဲ လူမစွမ်း ၍ နတ်မခြင်းခံရတာလားမသိတော့ပါ။

ကျွန်မကို စုန်းမတွေ၊ ကဝေမတွေ က သူ့ကို လုပ်လို့မရဘူးတဲ့။ စုန်းမဝင်ပူး နေသူက ဒီလိုလုပ်တယ်ဆိုပြီး ပုတီးစိပ် ပြဟန်လုပ်ပြပါသည်။ လစ်တဲ့တစ်နေ့ လုပ်မည်တဲ့။ ကျွန်မဘယ်အလစ်ပေးလိမ့် မလဲ။ နေ့စဉ် သရဏဂုံပုတီး (၉) ပတ်၊ ဂုဏ်တော် (၁၀) ပတ်၊ ဘဂဝါပြီးလျှင် အရဟံတစ်ပတ်ပိုစိပ်သည်။ ဂုဏ်တော် (၁၀၀၀) ပြည့်အောင်လို့ပါ။ စိပ်တာ ဘုရားကျောင်းဆောင်ရှေ့မှာမဟုတ်ပါ။ ညစာထမင်းစားပြီး ည (၇) နာရီခန့် TV ကြည့်ရင်း ပက်လက်ကုလားထိုင်နှင့် ပုတီး (၁၉) ပတ်စိပ်နေကျဖြစ်ပါသည်။ နေ့စဉ် ပြုနေကျမို့ထင်ပါသည်။ စုန်းမတွေက ကျွန်ုပ်ကိုလုပ်လျှင် သူတို့ပဲပြန်ပြီးခံရသည် ပြန်ပြောကြားရပါသည်။

လူမစွမ်း၍နတ်မခြင်းခံရတာပေ လားမသိတော့ပါ။ (၃၇) မင်းနတ်တွေ တင်မကဘဲ လောကပါလနတ်မင်းကြီး များ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ် များနှင့်တကွ သာသနာစောင့်နတ်ကြီး များကပါ စောင့်ရှောက်ကြသည်ဟု ထင် မြင်ယူဆမိပါတော့သည်။

ရေနံ့သာ-ခင်လေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရား. . .

သူရဇ္ဇမဂ္ဂဇင်းမှာ ဆရာတော်ရေးသားသည့် ပန်းပေါင်းတစ်ထောင် သိဒ္ဓိဝင် ပျားရည်ဆောင်းပါးများကို ဘုရားတပည့်တော်ဖတ်ရပါသည်ဘုရား။

တပည့်တော်သည် တက္ကသိုလ်စာမေးပွဲအောင်မြင်ပြီး ပညာရေးတက္ကသိုလ်မှာ ဒုတိယနှစ် တက်ရောက်သင်ကြားနေသည့်ကျောင်းသူတစ်ဦးဖြစ်ပါသည် ဘုရား။

ဆရာတော်ဘုရား တပည့်တော်မသည် (၁၆)နှစ်သမီးအရွယ်က ဝမ်းကိုက်ရောဂါ (DYSENTRY) ဖြစ်ဖူးပါသည်ဘုရား။

(DIARRHOE) ဒိုင်ရီယာခေါ် ဝမ်းပျက်ရောဂါနှင့်မတူဘဲ အလွန်ခံစားရပါသည်ဘုရား။

ဝမ်းတွေက နှပ်တွေလိုပဲတစစ်စစ်ခဏခဏသွားပါသည်ဘုရား။ သွားရပါများတော့ လူမှာလည်းအားနည်းလာပြီး လမ်းတောင်မလျှောက်ချင်တော့ပါဘူး ဘုရား။

တပည့်တော်မ၏ အစ်ကိုအကြီးဆုံးက M.B.B.S ဘွဲ့ရရှိထားတဲ့ ဆရာဝန်တစ်ယောက်ပါဘုရား။

အစ်ကိုက ဝမ်းကိုက်ရောဂါ (DY-SENTR) ဟာ အစားအသောက် ဒါမှမဟုတ် မသန့်ရှင်းတဲ့ရောဂါပိုးပါဝင်နေတဲ့ရေကိုသောက်မိလို့ဖြစ်ကြောင်း ရှင်းပြပါတယ်ဘုရား။

တပည့်တော် မှတ်မှတ်ရရတော့ ရှိပါတယ်ဘုရား။ စာသင်ကျောင်းမှာ ရောင်းချတဲ့တို့ဟူးသုပ်တစ်ပန်းကန်တော့ ဝယ်စားမိပါတယ်ဘုရား။

နောက်ပြီးတော့ တပည့်တော်မမှာ သီးသန့် သောက်ရေဘူးမပါသွားမိပါလို့ စာသင်ကျောင်းမှာ အများသောက်သုံးတဲ့ရေကိုတော့ သောက်မိပါတယ်ဘုရား။ အထက်တန်းကျောင်းသူဘဝကပါဘုရား။

သောက်ရေမှာ ရောဂါပိုးမွှားပါ၊ မပါကို မသိတာတော့ အမှန်ပါပဲဘုရား။ အများသုံးတဲ့သောက်ရေဆိုတော့လည်း ပါချင်လည်းပါနိုင်ပါတယ်ဘုရား။

အစ်ကိုဆရာဝန်က ကန်တော့ပါရဲ့ဘုရား။ ဘုရားတပည့်တော်မရဲ့ Stoll ခေါ် မစင်ကို ရေဆွေးပွက်ပွက်ဆူဆူနဲ့ ပြုတ်ပြီး ပိုးသတ်ထားတဲ့ ပုလင်းလေးထဲမှာထည့်ခိုင်းပါတယ် ဘုရား။

ပြီးတော့ အစ်ကိုဆရာဝန်ကိုယ်တိုင် ဓာတ်ခွဲခန်းကို Stoll ခေါ် မစင်ပုလင်းလေးကိုယူသွားပြီး ဓာတ်ခွဲစမ်းသပ်ပါတယ်ဘုရား။

# အရှင်သုဓမ္မသာရ
## ပန်းပေါင်းတစ်ထောင် သိဒ္ဓိဝင်ပျားရည်
## (နောက်ဆက်တွဲဆောင်းပါး)



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ကျတော့ ဓာတ်ခွဲခန်းမှ စာရွက်လေးတစ်ရွက်ရပါသတယ်ဘုရား။

(AMEBA, POSATIVE+++) လို့ ရေးထားပါတယ်ဘုရား။ မစင်ထဲမှာ ဝမ်းကိုက်စေတဲ့ကပ်ပါးပိုးရှိကြောင်း သိရပါတယ်ဘုရား။

အစ်ကိုဆရာဝန်က (METRONIDAZOL) ဝမ်းကိုက်ပျောက်ဆေးပြားကို တစ်နေ့ (၃)ကြိမ် (၇)ရက်တိတိသောက်ခိုင်းပါတယ်ဘုရား။ စုစုပေါင်း ဆေးပြား (၂၁) ပြားသောက်ရပါတယ်ဘုရား။

ဆေးပြားကို (၃) ရက်လောက်သောက်ပြီးတော့ ဝမ်းကိုက်တာလည်း ပျောက်သွားပါတယ်ဘုရား။

အစ်ကိုဆရာဝန်က ဆေးပြားကို (၇)ရက်ပြည့်အောင်သောက်ခိုင်းပါတယ်ဘုရား။ သက်သာရုံနဲ့ ဆေးကိုမရပ်ထားရဘူးလို့ ပြောပါတယ် ဘုရား။

ဆေးသောက်ပြီး (၇) ရက်ပြည့်တော့ အခင်ကအတိုင်းပဲ တပည့်တော်မရဲ့ Stoll ခေါ် မစင်ကို ပုလင်းသန့်သန့်နဲ့ ယူသွားပြီး ဓာတ်ခွဲပါသည်ဘုရား။

ဓာတ်ခွဲခန်းမှ ပြန်လာတဲ့ ဆေးစာရွက်လေးမှာတော့ -

(AMEBR NEGATIVE) တခြားသောအမည်တွေလည်းပါသေးပါတယ်။ ကျန်တာတော့ တပည့်တော်မလည်း မလျှောက်ထတ်ပါဘုရား။

ဝမ်းကိုက်ရောဂါက ယူပစ်သလိုပဲ ပျောက်သွားပါတယ် ဘုရား။

ယခုတစ်ခါ အသက်(၂၀)ကျော် တက္ကသိုလ်ကျောင်းသူဘဝမှာ ဒီဝမ်းကိုက်ရောဂါက တစ်ခါထပ်ဖြစ်ပါတယ်ဘုရား။

အခံရခက်တဲ့ဝေဒနာပါပဲ ဘုရား။ တစ်ကိုယ်သန့်ရှင်းရေးလည်း အမြဲလုပ်ပါတယ်ဘုရား။

ဒီတစ်ခါတော့ အစ်ကိုဆရာဝန်ကလည်း အိမ်မှာ မရှိတော့ပါ။ အလုပ်တာဝန်နဲ့ နယ်ဆေးရုံမှာလက်ထောက်ဆရာဝန်အဖြစ် ပြောင်းရွှေ့သွားရပါပြီဘုရား။

ဒါနဲ့ သူငယ်ချင်း ကျောင်းနေဖက် တစ်ဦး မခင်ဆွေဦးက တပည့်တော်မအား တိုင်းရင်းဆေးခန်းတစ်ခုကိုခေါ်သွားတယ်ဘုရား။ တိုင်းရင်းသမားတော်ကလည်း သဘောကောင်းလှပါတယ်ဘုရား။

တိုင်းရင်းသမားတော်က ပေးတဲ့ဆေးနည်းကတော့ -

၁။ ဆန်အနည်းငယ်လှော်ပါ။ ပြီးတော့ ရေနွေးနဲ့ ဆန်လှော်ကိုစိမ်ထားပါ။

၂။ သွေးဆေးလိုလိုပါပဲ ဆေး(၃)ရက်စာပေးပါတယ်။

၃။ ဆန်လှော်ရည်နဲ့ ဆေးမှုန့်ကိုသောက်ရပါတယ်။

နည်းနည်းပဲ သက်သာပါတယ်ဘုရား။ လုံးဝတော့မပျောက်ပါဘုရား။

တပည့်တော်မတို့အိမ်ကို ဆွမ်းခံကြွတော်မူတဲ့ ရဟန်းတော်ကြီးတစ်ပါး ဆေးနည်းပေးပြန်ပါတယ်ဘုရား။

ရဟန်းတော်ကြီးပေးတဲ့ဆေးနည်းကတော့ ပျားရည်လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ သံပရာရည်လက်ဖက်ရည်ဇွန်း နှစ်ဇွန်းရောပြီး တစ်နေ့သုံးကြိမ်သောက်ခိုင်းပါတယ်ဘုရား။

ပျားရည်ကတော့ တပည့်တော်မမှာမရှိတဲ့အတွက် ဆွမ်းခံကြွတော်မူတဲ့ ရဟန်းတော်ကြီးကပဲစွန့်ပါတယ်ဘုရား။

ရဟန်းတော်ကြီးကလည်း ပြောပြပါတယ်ဘုရား။

မဒေါက်မြို့ အောင်စကြာကျောင်း ဘုန်းတော်ကြီး ဦးသုမေဓသာရထံမှအလှူခံရရှိထားတဲ့ သိဒ္ဓိဝင်ပျားရည်လို့ ပြောပါတယ်ဘုရား။

သိဒ္ဓိဝင်ပျားရည် ဆိုပါသဖြင့် တပည့်တော်မ ပို၍စိတ်ဝင်စားရပါတယ်။ သူရဋ္ဌမဂ္ဂဇင်းမှာလည်း ပန်းပေါင်းတစ်ထောင် သိဒ္ဓိဝင်ပျားရည်ဆောင်းပါးများကို ဖတ်မိထားရပါသဖြင့် ပို၍ စိတ်ဝင်စားရပါတယ်ဘုရား။ အားလည်းတက်မိပါတယ်ဘုရား။ ဝမ်းမြောက်ဝမ်းသာလည်းဖြစ်မိပါတယ်ဘုရား။

သိဒ္ဓိဝင်ပျားရည်နဲ့ သံပရာရည်ရောပြီး (၃) ရက်လောက်သောက်တော့ ဝမ်းကိုက်တာ နည်းနည်းသက်သာပါတယ်ဘုရား။

ဆွမ်းခံကြွတဲ့ ရဟန်းတော်ကြီးက (၇)ရက်ပြည့်အောင်သောက်ခိုင်းပါတယ်ဘုရား။

ပြီးတော့ ကြက်သွန်ဖြူကိုမီးဖုတ်ပြီးစားခိုင်းပါတယ်ဘုရား။

အားနည်းနေပါသဖြင့် ငှက်ပျောသီးဖီးကြမ်းကိုလည်း မီးဖုတ်ပြီး စားခိုင်းပါတယ်ဘုရား။

ဆွမ်းခံကြွတဲ့ ရဟန်းတော်ကြီး စေခိုင်းတဲ့အတိုင်း၊ ညွှန်ကြားတဲ့အတိုင်း-

၁။ သိဒ္ဓိဝင်ပျားရည် လက်ဖက်ရည်ဇွန်း (၁) ဇွန်း၊

၂။ သံပရာရည်လက်ဖက်ရည်ဇွန်း(၂)ဇွန်း (၇) ရက်တိတိ သောက်ပါတယ်။

၃။ ကြက်သွန်ဖြူတစ်လုံးကို မီးဖုတ်ပြီး တစ်နေ့ (၃) ကြိမ်စားပါတယ်။

၄။ ငှက်ပျောသီးဖီးကြမ်းကိုတော့ မီးဖုတ်ပြီး ခဏခဏစားမိပါတယ်ဘုရား။

ကန်တော့ပါဘုရား။ ဦးတင်ပါ၏ဘုရား။ ဝမ်းကိုက်ရောဂါပျောက်ကင်းပြီး လေတွေလည်းမကြာမကြာလည်ပါတော့တယ်ဘုရား။

မိခင်က အစ်ကိုကြီး ဆရာဝန်ဆီ ဖုန်းဆက်ပြီး တပည့်တော်မရဲ့ ဝမ်းကိုက်ရောဂါအကြောင်းကို ပြောပြပါတယ်ဘုရား။

အစ်ကိုကြီးရဲ့ ညွှန်ပြချက်အတိုင်း ပုလင်းသန့်သန့်လေးမှာ (Stoll) ခေါ် မစင် (တိုင်းရင်းဆေးစကားနဲ့ဆိုရင်တော့ မလကြီး) ကိုယူပြီး ဓာတ်ခွဲခန်းကိုပို့ရပါတယ်ဘုရား။

ဓာတ်ခွဲခန်းမှ စာမှာတော့ ဝမ်းကိုက်ပိုး မတွေ့ရကြောင်း ပါရှိပါတယ်ဘုရား။

ဝမ်းကိုက်ရတဲ့အကြောင်း၊ တိုင်းရင်းဆေးနဲ့ကုသတဲ့အကြောင်း၊ သိဒ္ဓိဝင်ပျားရည်သောက်တဲ့အကြောင်းတို့ကို ဘုရားတပည့်တော်အား ပညာသင်ပေးတဲ့ လက်ထောက်ကထိကဆရာမတစ်ဦးကို ပြောပြမိပါတယ်ဘုရား။

တပည့်တော်တို့ ပညာရေးတက္ကသိုလ်မှ လက်ထောက်ကထိကဆရာမလည်း ပြောပြပါတယ်ဘုရား။

ဆရာမကလည်းပဲ သူရဋ္ဌမဂ္ဂဇင်းမှာ ဆရာတော်အရှင်သုမေဓာသာရရေးသားတဲ့ဆောင်းပါးကို ဖတ်မိပြီး ဆရာမတို့ တစ်အိမ်သားလုံး သိဒ္ဓိဝင်ပျားရည်ကို သောက်ကြတယ်လို့ပြောပြပါတယ်ဘုရား။

ဘုရားတပည့်တော်မ သိဒ္ဓိဝင်ပျားရည်နဲ့ ဝမ်းကိုက်ရောဂါပျောက်ကင်းရပါသဖြင့် အရှင်ဘုရားထံ စာရေးသားရခြင်း ဖြစ်ပါတယ်ဘုရား။

ဆရာတော် သက်တော်ရာကျော် ရှည်ပါစေ။ လူသားအကျိုးပြု ပရအကျိုးပါသောစာများကိုလည်း များများရေးသားနိုင်ပါစေဘုရား။

ဆရာတော်အကြောင်းကိုစွဲ၍ ရန်ကုန်သို့ကြွလာပါလျှင် ဘုရားတပည့်တော်အိမ်ကိုလည်း ကြွတော်မူနိုင်ပါကြောင်း ရိုရိုသေသေ လေးလေးစားစား လျှောက်လှဲပျူငှာစွာ ပင့်လျှောက်ပါသည်ဘုရား။

အောင်ကြည်

အရှင်သုမေဓာသာရ

အငြိမ်းစားကျန်းမာရေးမှူး

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိန်သူ (B.Sc)

**ဇန်နဝါရီလ ၁ ရက်၊ တနင်္ဂနွေနေ့-** သာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၆)။ သာဘ်နေအရပ်က အရှေ့မြောက်။ သာဘ်အရောင်က ပန်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၃ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉)ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၅ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သားက တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၆ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးသောနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၇ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၈ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၉ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၀ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၂ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၃ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့



www.burmeseclassic.com

www.burmeseclassic.com

လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၆ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၇ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့် အရဟံ အောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၁၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၂ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၃ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၄ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်ရန် အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၆ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာအရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၇ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၈ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၂၉ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)၊ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇန်နဝါရီလ ၃၀ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဇန်နဝါရီလ ၃၁ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ

ဒေါ်ခင်စံသူ (B.S

www.burmeseclassic.com

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အငါးနှံအသီး၊ အညွန့် ပန်းများကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးသုံးပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ အင်္ဂါနာမည်ရှင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကိုလက်နှင့်ထိ၍ ဒိဝါပတိဂါထာမကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့အဓိဋ္ဌာန်ပုတီးများ မကြာမကြာသွားစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အင်းပျက်၊ အဆောင်ပျက်များ၊ အိတ်အဟောင်း၊ အစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်နှင့်အနီးဆုံးဘုရားစေတီသို့ လမ်းလျှောက်၍မကြာခဏသွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - မိခင်အရွယ် နွမ်းပါးသူများတွေ့လျှင် ဆေး၊ ငွေကြေးများနိုင်သရွေ့လှူပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်၊ ကားတို့နှင့်ရောင်းသော ထီသည်များနှင့်တွေ့လျှင် (၇၊ ၃၊ ၄၊ ၈) ဂဏန်းများနှင့်စသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီး တဟီး အစချီသောဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ငှက်ကလေးများကို အစာကျွေးပါ။ တတ်နိုင်သမျှ ဇီဝိတဒါန လွှတ်ပေးပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို ဆေး၊ ငွေလှူဒါန်းနိုင်လှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီကားများနှင့်ဆုံပါက (၅၊ ၁၊ ၂၉) ဂဏန်းများပါသော ထီလက်မှတ်လေးများရွေးချယ်ကံစမ်းပါ။

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်လှဆင်ပစ္စည်းများဟောင်းနွမ်းနေပါက စွန့်ပစ်၍ အသစ်လဲအလှဆင်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း တံမြက်လှည်းပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ငါးလေးများကို သို့မဟုတ် ငှက်ကလေးများကိုအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာ ထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ကံကောင်းတတ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** -စနေနေ့တွင် ချွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်သက်အလိုက် ဂြိုဟ်တိုင်များကိုရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ မကြာမကြာသွား၍ တံမြက်စည်းလှည်းပါ။ ပြီးလျှင် လက်ဆေးပြီး သမ္ဗုဒ္ဓေ (၁၀၈) ခေါက် ရွတ်ဖတ်ပူဇော်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို ဆေးလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာဝါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းအရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ရှေ့မျက်နှာစာတွင် ဆီးညွန့် (၈) ညွန့်ကိုကြိုးနှင့်ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် စနေနံပစ္စည်းအဟောင်းများကို ရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီ၏ ရင်ပြင်တော်အား မကြာမကြာတံမြက်စည်းသွားလှည်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအရောင်ရင့်ရောင်လေးများ ဝတ် မသွားပါနှင့်။
**ကျန်းမာရေး**- ရေသတ္တဝါများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်ကားများနှင့်ရောင်းသောထီသည်များနှင့် ကြုံလျှင် (၃)ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့အသီး၊ အညွှန့် ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှည့်နှံလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာခဏသွား၍ ဓမ္မ စကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူ များမှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲတစ်နိုင်ဝယ်ပြီးဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ယခုတစ်လလုံး ဘုရားရှင်အား ကြာသပတေးနံအသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရှက်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာ သွား၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကျောင်းဝင်းအတွင်း တံမြက်လှည်း၊ ကုဋီများရေဆေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အခြားသူနှင့် သဝန်တိုခြင်းများ၊ အခြားသူများနှင့် နှိုင်း၍ပြောခြင်းများရှောင်ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကိုအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာကြုံသောထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေး ချယ်ကံစမ်းထားလိုက်ပါ။

> ယခုလတွင်-
> တနင်္ဂနွေ စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွှတ်ခင် ကျင့်ကြံခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
> ဥပမာ-အိမ့်တင်-အုံးထိန်-အုံ့နိုင်။

မိမိအောင်[illegible]
ဆုတောင်း[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ ဆောင်းပါး

# ကျားမှန်လျှင် အားသန်ရမည်



**အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုး) ဖြစ်တတ်သူများမှာ–**

၁။ မေထုန်မှု လွန်ကဲသူများ။
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ။
၃။ ကုန်ခန်းသွားသော သုက်၏ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူ များ။
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ။
၇။ အခုဟ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ။
၉။ ဆီးချို သွေးချိုရောဂါ ရှိသူများ။
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ။
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများ ကတော့

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း၊
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း၊
၆။ ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း
၈။ စကားမပီသခြင်း၊
၉။ စသံ၊ နသံ မကွဲပြားခြင်း၊
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီး ပြတ်တောက် ပြတ်တောက် သွားခြင်းစတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာ လက္ခဏာများ ဖြစ်ပါတယ်၊

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့ အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ် (၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်၊

**ပန်းသေရောဂါ အဆင့် ရောက်ပြီဆိုရင် ....**

၁။ ဝေးတစ်လုံးတက်ခြင်း။
၂။ ကာမရာဂစိတ်ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများခြောက်ခြင်း။
၅။ သလိပ်အုပ်စုခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း။
၇။ အားအင်ကုန်ခန်းခြင်း၊

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်းလက္ခဏာ(၁၁)ချက်ကို တွေ့ထိ ခံစားနေရပြီဆိုရင် မေ့လျော့ ပေါ့ဆမနေပါနဲ့။ 'ပြည်စိုး' အထူးကုတိုင်းရင်းဆေးခန်းကို အမြန် အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁) တို့က အမျိုးသားအားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နှလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ နှကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါ များကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့်ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

**တွေ့ဆုံဆက်သွယ်နိုင်သည့်လိပ်စာ**

မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့်နှင့်
သား ဦးစိုးမော်
ပြည်စိုးအထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်၊
ကျိုက္ကဆံဘုရားဝင်း၊ သယ်ာန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09 31054631, 09 251031871**

www.burmeseclassic.com


www.burmeseclassic.com

# ရတနာဒေဝီ

ဆင်ဝင်စားသူ

ကမ္ဘာအရပ်ရပ်၌ လူဝင်စားဆိုသည်ကို စိတ်ဝင်စားကြ၍ လူဝင်စားသုတေသနလုပ်ကြသည့်အသင်းအဖွဲ့များ ရှိကြောင်း သိထားပါသည်။ ဝင်စားလာကြသူတိုင်း အတိတ်ဘဝကို ပြန်ပြောနိုင်ကြသူများမဟုတ်ကြပါ။ ပြောနိုင်သူရှိသလို မပြောပြနိုင်တော့သည့်သူများလည်း များစွာရှိနေပါသည်။ စာရေးသူတို့မြို့၌ ကပ္ပလီစစ်သားဝင်စားလာသည့် မိန်းကလေးမှာ အသားမည်းမည်း၊ နှုတ်ခမ်းကထူထူ၊ ဆံပင်လည်းကောက်နေပါသည်။ သူ့ဘဝဟောင်းကို ပြန်ပြောနိုင်ခြင်းမရှိပါ။ မိဘက မြန်မာစစ်စစ်များဖြစ်သော်လည်း ထိုမိန်းကလေးက ပီပီကပ္ပလီတစ်ဦးပုံစံဖြစ်နေသည်ကို ဖုံးကွယ်၍မရနိုင်ပါ။ အင်္ဂလိပ်စစ်သားဝင်စားသူ ရှမ်းလေးက ဖြူစပ်စပ်အသား၊ မျက်လုံးပြာပြာနှင့် မြင်ရုံဖြင့် လူဝင်စားမှန်းသိသာနေပါသည်။ မျက်လုံးက နေရောင်ဒဏ်ကိုမခံနိုင်ပါ။ နေစူးလျှင် မျက်စိမှိတ်တုတ်မှိတ်တုတ်ဖြစ်နေတတ်ပါ၏။

စာရေးသူ၏ ကလေးများတွင် ဝင်စားလာသူမှာ ငယ်စဉ်က ချချာလှပါသည်။ မိကြီးများကမေး၍ သဘော်နစ်ပြီး ကွယ်လွန်ခဲ့ကြောင်း တပ်မှအရာရှိကြီးတစ်ဦးဖြစ်ကာ ဝင်ဒါမီယာတွင် မိသားစုရှိကြောင်း အမေရိကန်နိုင်ငံမှ သင်တန်းတက်ပြီးအပြန် သေဆုံးခဲ့သည်ဟု ပြောပြပါ၏။ နေညိုချိန်ညနေစောင်းလျှင် မိသားစုကို အမှတ်ရသည်ဟု





www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်ကျတတ်ပါသည်။

မိကြီးက ပဲကြီးစေ့(အပင်မပေါက်နိုင်တော့သည့်စုန်းပြူး) လေးစေ့ကို မီးဖိုလေးထောင့်၌မြှုပ်ထားပြီး သည်ပဲအပင်ပေါက်မှပြန်ရမည်ဟု သားကိုပြောပါသည်။ ရှေးလူကြီးတို့၏ ယတြာကပင်စွမ်းလေရှော့သလားမသိပါ။ ထိုနေ့မှစ၍ ဝင်ဒါမီယာအိမ်အကြောင်း လုံးဝမပြောတော့ပါ။

ငယ်စဉ်က ဇနီးကို ရှက်ဒေါသနှင့် သတ်မိလိုက်၍ ကြိုးကျခဲ့သူ လူဝင်စားကိုလည်း မြင်ဖူးခဲ့ပါသည်။ အသားညိုပြီး စိတ်မမှန်ရှာပါ။ လူကြီးများက ဟိုဘဝက ရုပ်ရည်အတိုင်းပဲဟုပြောကြပါသည်။ သဘောကောင်းပြီး လည်ပင်း၌ရှိနေသော ကြိုးဒဏ်ကိုပြ၍ ယခင်ဘဝက ကြိုးဒဏ်ရာဟု ပြောပြတတ်ပါ၏။ မဂ္ဂဇင်းများ၌လည်း လူဝင်စားများအကြောင်း ဓာတ်ပုံနှင့်တကွ ဖော်ပြကြ၍ သိမှတ်ရပါသည်။ ယခင်ဘဝက ယောကျ်ားဖြစ်ပြီး ပြန်ဝင်စားလာသောအခါ မိန်းမဖြစ်နေရ၍ ယခင်ဘဝကို ပြန်မရနိုင်ကြပါ။

ကျွန်မငယ်စဉ် (၁၀) တန်းနှစ်က ငယ်သူငယ်ချင်းပြောပြ၍ အစ်ကိုဝမ်းကွဲမှာ ဆင်သေ၍ လူပြန်ဝင်စားလာကြောင်းသိရပါသည်။ ကျွန်မတို့ ကလေးဘဝက မသိခဲ့ကြရပါ။ (၁၀)တန်းရောက်မှသိတာတောင် သူများပြောပြ၍ သိရခြင်း ဖြစ်ပါသည်။

တစ်ရက် ကျွန်မနှင့် အစ်ကိုဖြစ်သူ လမ်း၌ မျက်နှာချင်းဆိုင်တွေ့ကြပါ၏။

"ဟေး-ဆင်ကြီးပါလား။ ဘယ်က ပြန်လာတာလဲ"

ဟု နှုတ်ဆက်တော့ မျက်နှာကြီး တည်သွားပါတော့သည်။

"လုပ်မနေနဲ့၊ လှသိန်းပြောပြလို့ တို့သိပြီးပြီ။ တို့ကျတော့ ဘာလို့ပြောမပြတာလဲ ဆင်ကြီးရဲ့"

သည်တော့မှ လိမ်ပြော၍မရတော့မှန်းသိကာ ရယ်ကျဲကျဲမျက်နှာနှင့်-

"နင့်ကိုပြောရင် နင်က ငါ့ကိုစမှာလေ။ နင့်ကိုကြောက်လို့မပြောပြတာ။ ငါက နင်တို့အိမ်က ဆင်ကြီးစွယ်စုံလာဝင်စားတာ"

"ငါတို့စွယ်စုံကြီးဟုတ်လား။ ဒါဆို နင်က ငါ့ဆင်ကြီးပေါ့"

"ပြောရင်းက စနေပြီ"

"အေးပါဟာ။ အမေကြီးတို့ပြောပြလို့ စွယ်စုံကြီးသေသွားတာ ငါသိပါတယ်။ နင်ဘယ်လိုသေခဲ့တာလဲ"

ကျွန်မက ပိုသေချာအောင် သေခဲ့ရပုံကို မေးကြည့်ပါသည်။

"ဆေးရုံရှေ့က သိမ်ကြီးဆောက်တော့ ငါက သိမ်တိုင်ကြီးတွေကိုဆွဲပေးရတယ်လေ"

"အေး - သိမ်တိုင်ကြီးတွေက ယောကျ်ားလက်နှစ်ဖက်စာရှိတာ။ နင်ဆွဲနိုင်တယ်နော်"

"ဆင်ဆိုတာ အားကောင်းတာကိုးဟဲ့။ ဒါပေမယ့် မိုးတွေရွာတရက်ရွာတဲ့နေ့က မိုးရေထဲမှာ သစ်တွေကို အပြီးဆွဲချရတယ်လေ။ ပန်းဖျားဖျားတော့တာ။ ဒါနဲ့ပဲ ငါသေသွားတာလေ။ သစ်စခန်းက ဆင်သမားနောက်လိုက်လာရင်း အမေ့ကိုတွေ့တော့လိုက်သွားပြီး ဝင်စားခဲ့တာ။ လူဖြစ်လာတာပေါ့ဟယ်"

"ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်အတွက် လုပ်အားပေးရတာ ကုသိုလ်ထူးတယ်လို့ လူကြီးတွေပြောတာ ကြားနေရတာ။ နင်လည်း သိမ်ဆောက်ဖို့ လုပ်အားပေးခဲ့တာကိုး။ ကုသိုလ်ထူးတဲ့ အလုပ်လုပ်ရင်း သေခဲ့ရတော့ လူဝင်စားဖြစ်ခဲ့တာပေါ့နော်"

"လူတွေနဲ့ အနီးစပ်ဆုံးသတ္တဝါက ဆင်တဲ့။ ဆင်က လူစကားလည်းနားလည်တယ်လို့ လူကြီးတွေပြောကြတာပဲဟာ"

"အေး - နင်ပြောသလိုပဲ ဆင်တွေဟာ လူစကားနားလည်ကြတယ်။ ငါ စွယ်စုံကြီးဖြစ်တုန်းကလေ ဆင်ဦးစီးကို သိပ်ကြောက်တာ။ လူရဲ့အုန်းကံဟာ ကြီးမားလွန်းလှတယ်။ ဆင်ဦးစီးကိုင်တဲ့ ချွန်းကို တို့မျက်လုံးထဲမှာ ငှက်ပျောဖက်လောက်ကြီးကိုမြင်နေတာ။ ဆင်ဦးစီးက သူကိုင်တဲ့ချွန်းကို မ,လိုက်တာနဲ့ ငါ့လည်ပင်းကို ဖြတ်ချလိုက်တော့မလားဆိုပြီး ကြောက်နေတာ။ ငါ့ကို အလစ်မှာပိုင်းချလိုက်မှာကို စိတ်ပူပြီးနေရတာလေ။ လူရဲ့ဘုန်းကံကြောင့် လူကလည်းအကြီးကြီးပဲ။ လူထွားကြီးက ချွန်းမြှောက်တာကို ရင်ထိတ်နေရတာ။ ဆင်ဦးစီးတွေဟာ ပင်ပန်းကြရှာတယ်။ တို့ကိုအစာကျွေး၊ ရေချိုးပေး၊ လွှတ်ကျောင်းထားရင် ပြန်ကောက်ပြီး စခန်းပြန်ရတာ။ သူများမိန်းမပြစ်မှားတာတို့လို ကံကြီးပြစ်မှားမိရင်တော့ အဲဒီလူဟာ ငါတို့ရှေ့မှာ ကြွက်ကလေးလောက်ပဲမြင်တော့တယ်။ ရှေ့လက်နဲ့ ဖိနင်းလိုက်ရမလားလို့ လက်ကို ခဏခဏမြှောက်မိတယ်။ ဒါပေမယ့် တို့ကို သားသမီးအရင်းလို ချစ်ခင်တာ အမှတ်ရတော့ မနင်းခြေဖြစ်တော့ဘူး။ ကံနိမ့်လာရင်တော့ မျက်စိထဲမှာ ကြွက်လေးလိုဖြစ်နေတော့တာ"

"ကြောက်စရာကြီးပါလားဟယ်။ ဆင်နင်းခံရတဲ့ ဆင်သမားတွေဟာ ကံငါးပါးထဲက အပြစ်ကြီးတစ်ခုခုကို ကျူးလွန်မိလို့ပေါ့။ ဒါကြောင့် အဘွားတို့က ဆင်သမားတွေ တောတက်ခါနီး ဦးဒိန်နတ်ကို ပွဲဖွင့်ရတယ်။ ဦးဒိန်နတ်ရဲ့ဆင်ကိုလည်း ဆင်စာကျွေးရတယ်။ နတ်ပွဲက ဗောင်းတော်အဖြူ အနီကို ဆင်ဦးစီးက ဆောင်ထားတာ။ တောမှာအပြောအဆိုမမှားဖို့၊ ရတနာသုံးပါးမမေ့ကြဖို့၊ ဆင်ဦးစီးနဲ့ ဆင်နောက်လိုက်တွေကို သတိပေးတယ်လေ။ အေးပါဟာ၊ နင်သေတော့ နင့်အစွယ်တစ်စုံကို မန္တလေးမဟာမြတ်မုနိရုပ်ရှင်တော်မှာ လှူလိုက်တာ နင်သိတယ်မဟုတ်လား"

"အေး - သိတယ်"

"နင်နားရွက်လှုပ်ပြတတ်တယ်ဆို ငါ့ကိုလှုပ်ပြ"

"အင်း - စလာပြီ"

"လုပ်ပါဟာ နင်ကလည်း၊ မောင်နှမချင်းပဲဟာကို"

ကျွန်မအစ်ကိုက ပါးစပ်ကိုဟပြီး ပိတ်လိုက်ဟလိုက်လုပ်တော့ နားရွက်ကလေးတွေဟာ တကယ့်ဆင်နားရွက်ခတ်သလို ဖျတ်ဖျတ်ဖျတ်လှုပ်နေကြတော့တာပါပဲ။

"အေးဟယ်-.ထူးဆန်းလိုက်တာ။ ငါ့ပါးစပ်လည်းလှုပ်ကြည့်ဦးမယ်။ နင့်လို နားရွက်လှုပ်မလားလို့"

"လှုပ်ပါလိမ့်မယ် အားကြီးကြီး။ နင်ကဆင်မို့လား"

"ဟုတ်တယ်နော်။ ငါက လူပြန်ဝင်စားတာပဲဟာ။ နင့်လို တိရစ္ဆာန် အဲ. . . စွယ်စုံကြီးမှမဟုတ်တာ"

"နင်၊ နာတော့မယ်နော်"

အစ်ကိုက လက်တရွယ်ရွယ်နှင့် ရိုက်မည့်ဟန်လုပ်ပါတော့သည်။

"စွယ်စုံနော် စွယ်စုံ၊ ငါ နင့်သခင်။ နင်သေချင်လို့လား"

ပါးစပ်ကလည်းပြော၊ လူကလည်း လစ်ခနဲနေအောင် ပြေးထွက်လာခဲ့ပါတော့သည်။ အစ်ကိုဆင်ဝင်စားကြီးကတော့ လိုက်မလာဘဲ ပြုံးရင်းကျန်နေခဲ့ရှာပါ၏။ တကယ်လိုက်ရိုက်လျှင် ပြေးမလွတ်နိုင်ပါ။ အစ်ကိုက တာဝေးချန်ပီယံလေ။

ဇာတိမြေမှ ဆင်ဝင်စားအစ်ကိုအား ဤစာစုဖြင့် ဂါရဝပြုလိုက်ပါ၏။

*ငါ၏စွယ်စုံကြီးကျန်းမာချမ်းသာပါစေ*

ရတနာဒေဝီ

www.burmeseclassic.com

ဝိဇ္ဇာဓရဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)
**တိုင်းရင်းဆေးကုဌာန**

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

**ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံးအကျိတ်၊အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။**

ဆေးခန်းဖွင့်ချိန် -
နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ
တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

☎ ၀၉ ၄၃၁၉၅၅၄၃၉

အမှတ်-၂၅၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎ - ၅၇၇၄၄၃၊ ☎ ၀၉ ၅၁၃၁၁၈၈

မဟာဗုဒ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

**ဆရာ ဦးခင်ဇော်**

**ဆရာ ဦးခင်ဇော်**

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်အသက်သေရင်သေပေ့စေ၊ ကျွန်တော့်အမေရှင်ရင်ပြီးတာပဲ။ ကျွန်တော့်အသက်ပေးရဲတယ်၊ လဲရဲတယ်"

"မင်းအဲဒီလောက်ပြင်းထန်တဲ့စိတ်ဓာတ်ကြောင့် မင်းအမေမသေစေရဘူးကွာ ငါပြောတယ်။ အခု ဆေးကုနေရင်း၊ ကုနေရင်းနဲ့ သတိတွေပြန်လည်ပြီး လူကောင်းပကတိဖြစ်လာလိမ့်မယ်။ မင်း ဒီအာရုံပဲစိုက်ထား"

❑

"ဆရာ၊ သမီးလေ အမေ့ကိုအရမ်းချစ်လွန်းလို့ အမေမကြိုက်တဲ့ ချစ်သူကိုတောင် အသည်းနင့်အောင်ချစ်ရက်နဲ့ လက်မထပ်ခဲ့ဘဲ လမ်းခွဲခဲ့တယ် ဆရာ။ တကယ်ပါ။ အမေစိတ်ချမ်းသာရင်ပြီးရောဆိုတဲ့စိတ်ကလွဲရင် သမီးမှာ ဘာမှ

# ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုအေးမြေဝဿစး)
## မိဘများအတွက် သုရင္ဘလက်ဆောင်



မရှိဘူး သစ္စာဆိုရဲတယ်။ အမေနဲ့ပဲ သားအမိနှစ်ယောက်စိတ်ရှိတယ်၊ ကျန်တာမရှိတော့ပါဘူး"

"အေး - သမီးသစ္စာတန်ခိုးနဲ့ သမီးအမေနေကောင်းသွားတာပဲမဟုတ်လား။ အဲဒါ သစ္စာမှန်ရုံတင်မကဘူး။ အမေကို အရမ်းကျန်းမာစေ့ချင်လွန်းတဲ့ မေတ္တာတရားလေ။ ဘာနဲ့မှအစားထိုးလို့မရတဲ့ မေတ္တာတရား။ အဲဒီစိတ်ပဲသမီးမှာပြည့်နေတာကိုး"

❑

"ဦး၊ သမီးအဖေနေကောင်းသွားပြီ။ လမ်းလည်းသူ့ဟာသူလျှောက်နိုင်ပြီ"

"ဟုတ်လား၊ ဟာ-ဝမ်းသာစရာပဲ"

"ဦးခိုင်းသလိုပဲ သမီးရွတ်ဖတ်လုပ်စရာတွေလုပ်ပေးရင်း သမီးစိတ်ထဲမှာတစ်ခုပေါ် လာတယ်။ အဲဒါကတော့ သမီး အသက်ရှင်သမျှ ကာလပတ်လုံး ခြေလေးချောင်းသတ္တဝါတို့ရဲ့ အသားကို မစားတော့ပါဘူး။ ဒီသစ္စာကိုစထိန်းတဲ့နေ့ကစပြီး အဖေ့ရောဂါတွေစတင်ကျဆင်းလာပါစေ၊ ရောဂါနဲ့ဆေးတွေ့ပါစေ ဆိုပြီး သစ္စာဆိုလိုက်တယ်ဦး"

www.burmeseclassic.com

www.burmeseclassic.com

"ရှောင်ရပြီပေါ့၊ ခြေလေးချောင်း"

"ဟုတ်"

"ဘယ်လောက်ကောင်းလဲကြည့်စမ်း၊ မြတ်လိုက်တာ။ မိဘအတွက်ပေးဆပ်ထဲ့လိုက်တာကြည့်စမ်း။ ကိုယ့်အတွက်မကြည့်တော့ဘဲ ဖခင်အတွက်တစ်ခုထဲကိုပဲကြည့်လိုက်တာ အင်း. . ."

❑

"ဆရာ၊ ကျွန်တော့်အမေ တော်တော့်ကိုကောင်းသွားပြီ ဆရာ"

"ဟုတ်လား"

"ဟုတ်ကဲ့ - အဲဒါ ဆရာကလာပြောဆိုလို့လာပြောတာ"

"မင်းသစ္စာဆိုလိုက်တာလား။ သစ္စာတစ်ခုခုပြုမယ်ဆိုပြီး ငါ့ကိုပြောသွားလို့"

"သစ္စာပြုတယ်ပဲပြောရတော့မှာပေါ့ဆရာ။ အမှန်က ကျွန်တော်အဓိဋ္ဌာန်ဝင်လိုက်တာ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကိုတစ်နေ့ (၉) ကြိမ်၊ (၉) ရက်တိတိ ရွတ်ဖတ်ပူဇော်ပါ့မယ်။ ဒီလိုပူဇော်တဲ့ရက်ထဲမှာ သူများအသားကိုမစားပါဘူးဆိုပြီးသစ္စာပြုလိုက်တာပဲပေါ့ ဆရာ။ အဲဒါအမေ့အကျီကို ကျွန်တော့်ခေါင်းပေါ်မှာခေါက်တင်ထားပြီး (၉) ကြိမ်ရအောင်ရွတ်တာ။ စရွတ်ပြီး (၃) ရက်မြောက်ကစပြီး အမေ့မျက်လုံးလေးတွေပွင့်လာတော့တာပါပဲ။ (၄) ရက်မြောက်မှာတစ်ခွန်းပြောနှစ်ခွန်းပြောနဲ့ စကားစပြောပါတယ်။ ခုတော်တော်ကောင်းသွားပြီ။ ပုံမှန်ပြန်ဖြစ်သွားပြီ ဆရာ"

❑

အင်မတန်မှ -

မင်္ဂလာကျက်သရေအပေါင်းတို့နဲ့ ပြည့်စုံလွန်းလှတဲ့ စကားသံတွေပါပဲ။ ဒီစကားသံတွေဟာ တစ်ခါတစ်ခါမှာကြားနေရပေမယ့် ရှားပါတယ်။

ဘာလို့ရှားလဲဆိုတော့ လူတိုင်းမလုပ်နိုင်တဲ့အလုပ်ကို သူတို့လုပ်နိုင်ခဲ့ကြလို့ပါပဲ။ ဒါကိုကရှားနေတာပါ။

မှန်ပါတယ်။ လူတိုင်းမလုပ်နိုင်ပါဘူး။

သစ္စာပြုတယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ဟုတ်တိုင်းမှန်ရာကိုဆိုရတာပါ။ မမှန်ရင် ဘယ်လောက်တိုင်တည်ပြီးဆိုနေဆိုနေ ဘာမှထူးလာမှာမဟုတ်ပါဘူး။

ဒါကို သူတို့လုပ်နိုင်ခဲ့ကြတယ်ဆိုတာ သူတို့မှန်လို့ပေါ့။

သူတို့ဘာလို့မှန်လဲ၊ မှန်တာပြောရဲလဲ။ သူတို့မိဘတွေကို သူတို့အသက်ထက် ပိုချစ်လို့ပေါ့။ ဒါကြောင့် သူတို့မှန်တာ။

ဒီလိုပုဂ္ဂိုလ်တွေကို ချီးကျူးတဲ့အဆင့်မကဘူး။

တကယ့်ကို လှိုက်လှိုက်လှဲလှဲလေးစားပါတယ်။

မိဘမှ မိဘဆိုတဲ့ ပုဂ္ဂိုလ်တွေပါ။

သူတို့တွေကိုကြည့်လိုက်ရင်လည်းအနန္တောအနန္တငါးပါးဂုဏ်ကျေးဇူးတော်ကြောင့်လားမသိဘူး။ ရုပ်ရည်၊ စီးပွားအရည်အချင်း၊ ခပ်နိမ့်နိမ့်ထဲက တစ်ယောက်မှမပါဘူး။

နာမည်ကျော်ကြားလှတဲ့ ကုမ္ပဏီကြီးတွေမှာ မြင့်မားတဲ့ရာထူးရှိထားကြသူတွေတောင်ပါပါတယ်။

မိဘရဲ့ကျန်းမာရေးကို သူတို့ရဲ့အသက်ထက်တောင် ပိုပြီးတန်ဖိုးထားကြတဲ့သူတွေပါ။

တချို့သစ္စာပြုကြပုံဆိုရင် ကြား



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့တောင် ကြက်သီးဖြန်းဖြန်းထလောက်အောင်ကြုံခဲ့ရဖူးပါတယ်။ သူတို့အသက်ကိုသူတို့ပဓာနမထားဘဲ သတ္တဝါရှိရှိပေးဆပ်ရဲကြတဲ့ . . . မိဘအတွက်ဆိုရင် သတ္တိရှိရှိပေးဆပ်ရဲကြတဲ့ သတ္တိရှင်တွေပါ။

ဒီလိုပုဂ္ဂိုလ်တွေနဲ့ ကြုံလာရတဲ့အခါတိုင်း လေးလေးစားစားနဲ့ ကူညီရပါတယ်။

သူတို့ဟာ ဘာနဲ့တူနေလဲဆိုတော့ ခရီးတစ်ခုကိုရောက်ခါနီးလေးမှာ ကပ်ပြီး လမ်းပြပေးလိုက်ရတဲ့သူတွေလိုပါပဲ။

သူတို့ဟာသူတို့လျှောက်ရင်း ခရီးကရောက်လုလုမှာ အသာလေးလမ်းပြလိုက်ရသလိုပါပဲ။

သူတို့ဟာသူတို့လျှောက်ရင်း ခရီးကရောက်လုလုဆိုတာ သူတို့ရဲ့မကြောက်မရွံ့ မတုန်မလှုပ် သတ္တိရှိရှိဆိုရဲတဲ့ သူတို့ရဲ့သစ္စာပြုကြပုံကို ဆိုလိုတာပါ။ ဘာပညာမှမပါပါဘူး။ သူတို့ဆိုတတ်ကြသလိုဆိုကြတာပါ။

ဒီလိုလေးစားလောက်တဲ့ ပုဂ္ဂိုလ်တွေကို မြင်ရတွေ့ရတော့ ဒီလိုပုဂ္ဂိုလ်မျိုးတွေ၊ ဒီလိုစိတ်ဓာတ်ရှင်တွေ၊ ဒီလိုမေတ္တာရှင်တွေရှိနေကြဦးမယ်ဆိုတာ ယုံကြည်လိုက်ပါတယ်။

ရှိနေကြပေမယ့် တကယ်လို့များ အကြောင်းမညီညွတ်လို့ ရန်ကုန်ကို မလာနိုင်ကြသေးရင်၊ မလာအားကြသေးရင်၊ မလာဖြစ်ခင်မှာများအကူအညီလိုခဲ့ရင် ဆိုတဲ့ အတွေးပေါင်းများစွာ တန်းစီပြီးဝင်လာပါတော့တယ်။

ဒီလိုတွေးရာကနေ -

ဒီလအတွက် သူရဇ္ဇလက်ဆောင် ဒီလိုဖြစ်လာရပါတယ်။

မကျန်းမာတော့မှ ဘာလုပ်ပေးရမလဲဆိုပြီး အမြေးအလွှား ဟိုမေးဒီစမ်း လျှောက်လုပ်နေကြမယ့်အစား -

ကျန်းမာနေတုန်းကထဲက တတ်နိုင်သလောက် စောင့်ရှောက်ပေးခြင်းဖြင့် ကုသိုလ်များစွာကို ရယူလိုက်ပါလို့ ဦးဆုံး အကြံပြုချင်ပါတယ်။

ဒါကြောင့် -

ကိုယ့်မိဘ နေထိုင်ကောင်းတုန်း ကိုယ်ကပြုလုပ်ပေးပါ။

ဒီသူရဇ္ဇလက်ဆောင်ဟာ အသက်အရွယ်အရဖြစ်ဖြစ်၊ ကျန်းမာရေးအရဖြစ်ဖြစ် အပြင်ကိုအသွားအလာမရှိကြသူမိဘများအတွက်ကို ပိုပြီးညွှန်းပါရစေ။

သွားနိုင်လာနိုင်ကြသူများဆိုရင် သူတို့ဟာသူတို့ ဘုရားစေတီပုထိုးများဆီသွားရောက်ဖူးမြော်လှူဒါန်းနိုင်ကြသူတွေ ချည်းမို့ သိပ်ပြဿနာမရှိပါဘူး။

မသွားနိုင်မလာနိုင်တဲ့ မိဘတွေအတွက် -

လုပ်နိုင်တဲ့ ဘယ်သားသမီးကဖြစ်ဖြစ် ပြုလုပ်ပေးလိုက်ပါ။

နွေ့သားတွေ၊ ရက်သားတွေ ရွေးနေစရာမလိုပါဘူး။

ဒါဖြင့် -

**တနင်္ဂနွေသားသမီး**တစ်ဦးဦး မမာမကျန်းဖြစ်နေပြီဆိုပါစို့။

ဘုရားကိုသွားပါ။

ကိုယ့်အမေဟာ တနင်္ဂနွေသမီး၊ ဒါမှမဟုတ် ကိုယ့်အဖေဟာ တနင်္ဂနွေသားဖြစ်နေပြီဆိုရင် -

မူလတနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် (၉) တိုင်ထွန်းပြီး ဘုရားရှင်ကို ပူဇော်ပါ။ ဓာရဏပရိတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပရိမိတ္တဇာလသုတ် အဆင်ပြေသလို ရွတ်ဖတ်ပါ။ မရရင် သရဏဂုံကို အာရုံစူးစိုက်ပြီးရွတ်ပါ။ ပြီးရင် ကိုယ့်မိဘကို မျက်လုံးထဲပုံဖော်ပြီး အဖေ (xxx) ဒါမှမဟုတ် အမေ(xxx)ဘယ်သူ၏ကိုယ်စား ဘုရားရှင်ကို အလင်းတိုင်များဖွင့်၍ ပူဇော်ပါသည်ဘုရား ဆိုပြီး ပူဇော်ပါ။ မိဘက ပူဇော်နေသလို ပုံဖော်ပြီး ပူဇော်ပါ။

ပြီးရင် တနင်္လာဂြိုဟ်ထောင့်ကို သွားပါ။ စောစောကအတိုင်း ဖယောင်းတိုင်ထွန်း ရွတ်ဖတ် အာရုံပြုပြီးပူဇော်ပါ။ ဒါဟာ သူ့ရဲ့အာယုဂြိုဟ်ထောင့် ဖြစ်ပါတယ်။ အသက်နဲ့ဆိုင်တဲ့ ဂြိုဟ်ထောင့်ဖြစ်ပါတယ်။ သေချာအာရုံစူးစိုက်ပူဇော်ပါ။

ပြီးရင် စနေဂြိုဟ်ထောင့်ကိုသွားပါ။ အဲဒီဂြိုဟ်ထောင့်ကနေပြီး ဘုရားရှင်ကို ခုနအတိုင်းပူဇော်ပါ။ အာရုံပြုပါ။ ဒါကတော့ သူ့ရဲ့ကျန်းမာရေးနဲ့ဆိုင်တဲ့ ဓာတ်ဂြိုဟ်ထောင့် ဖြစ်ပါတယ်။ သူ့ရဲ့ကျန်းမာရေးကို အများကြီး အထောက်အကူဖြစ်လာစေမယ့် ဂြိုဟ်ထောင့်ပဲဖြစ်ပါတယ်။

ဒီဂြိုဟ်ထောင့်သုံးထောင့်ကို စပြီး မပူဇော်ခင်မှာ -

ဘာသစ်သီးဖြစ်ဖြစ်စတီစားလိုက်ပါ။ သကြားနည်းနည်းစားလိုက်ရင်လည်း ရပါတယ်။ စားဖို့အခက်အခဲရှိနေရင် သမ္ဗုဒ္ဓေဂါထာတော် (၆) ခေါက် ဦးဆုံး ရွတ်ပြီးမှ စတင်လိုက်ပါ။

ကိုယ့်မိဘဟာ **တနင်္လာ**ဖြစ်နေရင် -

ဦးဆုံး နှမ်းလေးဖြစ်ဖြစ် စတီစားလိုက်ပါ။ မရရင် နမော (၅) ချက်ကို (၇) ခေါက်ရွတ်ပြီးမှ စတင်ပါ။

- ပထမ - တနင်္လာထောင့်မှာထွန်းပါ။
- ဒုတိယ - သူ့ရဲ့ အာယုဂြိုဟ်ထောင့် အင်္ဂါဂြိုဟ်ထောင့်မှာထွန်းပါ။
- တတိယ - သူ့ရဲ့ ဓာတ်ဂြိုဟ်ထောင့် ကြာသပတေးဂြိုဟ်ထောင့်မှာထွန်းပါ။

ကိုယ့်မိဘဟာ **အင်္ဂါ**ဖြစ်နေရင် -

ဦးဆုံး အုန်းသီးစိတ်လေးစတီစားလိုက်ပါ။ အခက်အခဲရှိရင် အရဟံဂုဏ်တော်ကို သက်စေ့ရွတ်ဘုရားရှိခိုးလိုက်ပါ။ ပြီးမှ စပါ။

- ပထမ - အင်္ဂါထောင့်မှာထွန်းပါ။
- ဒုတိယ - ဗုဒ္ဓဟူးထောင့်မှာထွန်းပါ။
- တတိယ - သူ့ရဲ့ ဓာတ်ဂြိုဟ် ရာဟုထောင့်မှာထွန်းပါ။

ကိုယ့်မိဘဟာ **ဗုဒ္ဓဟူး**ဖြစ်နေရင် -

ဦးဆုံး ကြံစတီစားပါ။ မရရင် ကော်ဖီ၊ ကိတ် စတီစားပါ။ ခက်ခဲရင် ဂုဏ်တော် (၉) ပါးကို (၉) ကြိမ်ရွတ်ပါ။ ပြီးမှ စတင်ပါ။

- ပထမ - ဗုဒ္ဓဟူးထောင့်မှာထွန်းပါ။
- ဒုတိယ - စနေထောင့်မှာထွန်းပါ။
- တတိယ - သူ့ရဲ့ ဓာတ်ဂြိုဟ်ထောင့် သောကြာထောင့်မှာထွန်းပါ။

ကိုယ့်မိဘဟာ **ကြာသပတေး**ဖြစ်နေရင် -

ဦးဆုံး စမူဆာတစ်ခုစားလိုက်ပါ။ မရရင် ဆန်စတီ နှစ်စေ့၊ သုံးစေ့ဝါးစားပါ။ အခက်အခဲဖြစ်နေရင် သရဏဂုံကို အကြိမ် (၁၀) ရွတ်၊ ဘုရားဝတ်ပြုပြီးမှ စတင်ပါ။

- ပထမ - ကြာသပတေးထောင့်မှာထွန်းပါ။
- ဒုတိယ - သူ့ရဲ့ အာယုဂြိုဟ်ထောင့်ဖြစ်တဲ့ ရာဟုထောင့်မှာထွန်းပါ။
- တတိယ - သူ့ရဲ့ ဓာတ်ဂြိုဟ်ထောင့် တနင်္လာထောင့်မှာထွန်းပါ။

ကိုယ့်မိဘဟာ **သောကြာ**ဖြစ်နေရင် -

ဦးဆုံး ရေတစ်ခွက်သောက်ပြီးမှ စတင်ပါ။ ခက်နေပါသေးတယ်ဆိုရင် ဝစကြာဂါထာကို အခေါက် (၄၀) ရွတ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဝတ်ပြုပြီးမှစတင်ပါ။

ပထမ - သောကြာထောင့်မှာထွန်းပါ။

ဒုတိယ - သူ့ရဲ့ အာယုဂြိုဟ်ထောင့် တနင်္ဂနွေထောင့်မှာထွန်းပါ။

တတိယ - သူ့ရဲ့ ဓာတ်ဂြိုဟ်ထောင့် ဗုဒ္ဓဟူးထောင့်မှာထွန်းပါ။

ကိုယ့်မိဘဟာ **စနေ**ဖြစ်နေရင် - ဦးဆုံး ပေါင်မုန့်၊ ပေါက်ပေါက် ရရာကို စတီးစားလိုက်ပါ။ ခက်နေသေးရင် ဗုဒ္ဓါဂုဏ်တော်ကို သက်စေ့ရွတ်ပြီး ဘုရားရှိခိုးပါ။ ပြီးမှ စတင်ပါ။

ပထမ - စနေထောင့်မှာထွန်းပါ။

ဒုတိယ - သူ့ရဲ့ အာယုဂြိုဟ်ထောင့် ဖြစ်တဲ့ ကြာသပတေးထောင့်မှာထွန်းပါ။

တတိယ - သူ့ရဲ့ ဓာတ်ဂြိုဟ်ထောင့် တနင်္ဂနွေထောင့်မှာထွန်းပါ။

တစ်ကြိမ်မက အကြိမ်ကြိမ်ပြုလုပ်ပါ။

ကောင်းနေစဉ်မှာဆို တစ်လ တစ်ကြိမ် သူတို့ရဲ့ မွေးနေ့မှာ သွားပူဇော်ပေးလိုက်ပါ။ မွေးနေ့ဆိုတာ ဥပမာ ၂၀ ရက်၊ ၅ လ၊ ၁၉၆၀ ပြည့်ဖွားဆိုရင် လစဉ် ၂၀ ရက်နေ့တိုင်း သွားပူဇော်ပေးလိုက်ပါ။ မမေ့ပါနဲ့။ ဘယ်အရပ်ရောက်ရောက်၊ ဘယ်ဘုရားစေတီမှာဖြစ်ဖြစ် ပူဇော်ပေးလိုက်ပါ။

တကယ်လို့များ -

ကျန်းမာရေးအတွက် လိုအပ်နေပြီဆိုရင် နေ့စဉ် ဒါမှမဟုတ် တစ်ရက်ခြား သွားပူဇော်ပေးလိုက်ပါ။ ဆက်ဆိုက်အာရုံစူးစိုက်ထားပြီး ပူဇော်ပေးပါ။

သူနဲ့သက်ဆိုင်တဲ့ အင်္ကျီတစ်ထည် ယူသွားပြီး ပခုံးပေါ်မှာတင်ပူဇော်ပေးရင်ရသလို ဘာမှမပါရင်လည်း မျက်လုံးထဲမှာပုံဖော် အာရုံစူးစိုက်ပြီး ပူဇော်ပေးရင်လည်းရပါတယ်။

အရေးကြီးတာက 'ဝေဒနာခံစားနေရတာလေး မျက်စိထဲကမထွက်ဘူး ဆိုတာမျိုးမလုပ်ပါနဲ့'။ ဒါဆို အခုအစီအရင်နဲ့ ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်သွားပါလိမ့်မယ်။

အာရုံစူးစိုက်ထားရမှာက ကိုယ့်မိဘဟာ ဝေဒနာတွေလျော့ကျပျောက်ကင်းချမ်းသာခြင်းသို့ရောက်နေပြီဆိုတဲ့ မြင်ကွင်းကို ပုံဖော်ထားရမှာဖြစ်ပါတယ်။



သူ့ရဲ့ပြုံးရွှင်ရယ်မောနေပုံ၊ အားရပါးရ စကားပြောနေပုံ၊ အားရပါးရလမ်းလျှောက်နေပုံတွေ ပုံဖော်ထားရမှာဖြစ်ပါတယ်။

အဲဒီလို ပုံဖော်တာကို (၅) မိနစ်လောက် အာရုံစူးစိုက်ပုံဖော်လိုက်ပြီဆိုတာနဲ့ ကိုယ့်ရင်ထဲမှာ အေးချမ်းပြီး ကိုယ့်မျက်နှာပါ အလိုလိုပြုံး၊ အလိုလိုကြည်နူးလာတာ လက်တွေ့ ကြုံရပါလိမ့်မယ်။

အဲဒီအချိန်မှာ ကိုယ့်ရဲ့ရင်ထဲမှာ အေးချမ်းနေပါပြီ။ ပူဇော်ခြင်းကို စတင်ဖို့ အကောင်းဆုံးအချိန်ရောက်ပါပြီ။ ပူဇော်ဖို့ စတင်ပါလေ။

ကိုယ့်မိဘအတွက် အကောင်းဆုံးဖြစ်အောင် ပြုလုပ်ပေးနေတဲ့ကာလအတွင်းမှာ 'အမင်္ဂလာတွေ'ရှောင်ထားပေါ့။ 'အမင်္ဂလာစကားတွေလည်းရှောင်ထားပေါ့။ နိမိတ်ဆိုးတွေမယူနဲ့ပေါ့။

ဒါလေးတော့ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းတွေ ခဏဘေးချိတ်ထား။ မိဘအတွက်တော့ ကောင်းခြင်းတွေ လိုက်နာပါ။

လောလောဆယ် အရေးကြီးတာ
မိဘကျန်းမာဖို့ -
မိဘအသက်ရှည်ဖို့ -
ဒါပဲ ခေါင်းထဲထည့်ထားရပါလိမ့်မယ်။

ဒီပြင် အယူများ၊ အတွေးများ၊ အမှတ်များတွေဖယ်ထားပါ။

ပြီးတော့ ယုံကြည်ပါ။

ကိုယ့်ရဲ့ကြည်ညိုစိတ်နဲ့ ကိုယ့်မိဘအတွက် ဘုရားပူဇော်နေတာထက် ပိုကောင်းတာ ဘာမှမရှိပါဘူး။

ငါ့ရဲ့ကြည်ညိုစိတ်အားတွေကြောင့်၊ ယုံကြည်ချက်အားတွေကြောင့် ငါ့အမေ ဒါမှမဟုတ် ငါ့အဖေ ကျန်းမာနေပါလားဆိုတဲ့ စိတ်အားကိုအပြည့်ထည့်ထားပါ။

မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်တာနဲ့ အဲဒီစိတ်ကိုအပြည့်ထည့်ထားပါ။ မျက်လုံးထဲမှာ အမေ ဒါမှမဟုတ် အဖေဟာ ကျန်းမာပျော်ရွှင်နေတဲ့ပုံ ထင်းခနဲလင်းခနဲပေါ်နေပါစေ။ ဘေးနားမှာရှိနေပေမယ့် လှဲအိပ်နေတာဖြစ်ပါစေ။ ကိုယ့်မျက်လုံးထဲမှာ ကိုယ့်ဟာကိုယ်ပုံဖော်ပါ။ အာရုံစူးစိုက်ပြီးဖန်တီးပါ။ ဖြစ်နိုင်ရင် စိတ်နဲ့ပါပြောပါ။ အမေနေကောင်းနေပါလားဆိုပြီးပြောပါ။

တစ်ရက်ထက်တစ်ရက် လက်တွေ့နေကောင်းလာတာကိုကြုံရပြီး အားလုံး စိတ်ချမ်းသာသွားပါလိမ့်မယ်။

လွန်ခဲ့တဲ့ (၅) နှစ်ကျော်ကျော်လောက်က -

လူတစ်ယောက်ဟာ သူ့အမေ နေမကောင်းလို့လာမေးရင်းနဲ့ ငိုတယ်။ သူငိုပြီးအောင်စောင့်ပေးလိုက်တယ်။ ဒါ သူ့မေတ္တာလေ။ သူ့အမေကိုရှိသေလွန်း၊ ချစ်လွန်းတဲ့မေတ္တာ၊ ရှားပါးမေတ္တာ သားသမီးတိုင်းမှာ ရှိတော့ရှိနေကြပါလိမ့်မယ်။ ဒါပေမယ့် သူကတော့ လက်တွေ့။

ငိုလို့အားရမှ သူ့အမေလေထိသွားတာပြောတယ်။ သတိကမရဘူး။ ဆေးရုံကြီးမှာ။

သူက စကားတစ်ခွန်းပြောလာတယ်။ ဆရာ၊ ကျွန်တော့်အမေအတွက်ဆို ကျွန်တော့်အသက်ပေးရမယ်ဆို အခုသေပေးရဲတယ်ဆရာ။ ကျွန်တော့်အမေနေကောင်းဖို့ ကျွန်တော် အချိန်မရွေးသေရဲတယ် ဆိုပြီး အသံကတိမ်သွားရင်းငိုတယ်။

ဒါကြောင့် ခင်ဗျားမသေနဲ့။ သေလို့မရသေးဘူး။ ခင်ဗျားအမေအတွက် ခင်ဗျားလုပ်ရမှာတွေရှိတယ်ဆိုပြီး အခုသူ့ရှင့်လက်ဆောင်ပေးတဲ့ ကုသိုလ်ပြုအစီအရင်တွေကိုပြောပြလိုက်ရပါတယ်။

အံ့ဩဖွယ်ရာ။

ဒီလူဟာ နောက်နေ့ ချက်ချင်း နဝင်္ဂသီလစောင့်ထိန်းပြီး သူ့အမေအတွက် သူစလုပ်တယ်။

လာပြောတော့ (၂) ရက်ရှိပြီး

"ဥပုသ်စောင့်စရာမလိုပါဘူး။ ဒီတိုင်းသွားထွန်းပါ"

ဆိုတော့ ခေါင်းယမ်းတယ်။

"ကျွန်တော် ဒီ (၅၀) ကျော်ကြီး ရောက်လာတဲ့အထိ အမေမွေးခဲ့လို့ ကြီးပြင်းလာခဲ့ရတာ။ အမေ့အတွက် ဘာမှမပေးဆပ်နိုင်သေးဘူး။ အခုပေးဆပ်ခွင့်ရအောင် လမ်းပြပေးလိုက်တဲ့ဆရာ့ကို သိပ်ကို ပြောမပြနိုင်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတင်ပါတယ်။ ကျွန်တော် အမေ့အတွက် ပေးဆပ်ပါရစေ ဆရာ" တဲ့။

သူက သူ့အမေအတွက် သူ့အသက်တောင်ပေးဖို့ဝန်မလေးတဲ့သူဆိုတော့ ခုလို ဥပုသ်စောင့်ပြီး သူ့အမေအတွက် စလုပ်ပေးပြီဆိုတာကို မတားရက်တော့ပါဘူး။

နောက်တစ်ပတ်လောက်ကြာတော့ သူ့အမေသတိကောင်းကောင်းရသွားပါပြီ။ အခန်းတောင်ပြောင်းထားရပါပြီ။ အရေးကြီးအခန်း မဟုတ်တော့ပါဘူး။ အဲဒီလူဟာ သူ့အမေနားမှာ နေ့တစ်ယောက်၊ ညတစ်ယောက် လူငှားငှားထားပြီး သူက ပိုက်ဆံရှာ၊ နေ့တိုင်းဘုရားသွား၊ တကယ်ကြိုးစားတဲ့လူ။

ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးကို ဘယ်ရောဂါတွေခံနိုင်မှာလဲ။

မိခင်အင်္ကျီလေးကို လွယ်အိတ်ထဲထည့်ပြီး နေ့စဉ်မပြတ် ဘုရားသွား၊ ကုသိုလ်ပြုခဲ့တဲ့သူ။ သူ့အမေ ဆေးရုံက ဆင်းပြီးတဲ့နောက်ပိုင်း လာတွေ့ပါတယ်။

ဒီတစ်ခါလာတော့လည်း သူ့မျက်ဝန်းမှာ မျက်ရည်စတွေနဲ့။ လူက တော့ပြုံးလို့။

ဒီတစ်ခါကျတဲ့ မျက်ရည်က အောင်မြင်သူတို့ကျတတ်တဲ့မျက်ရည်။ ဝမ်းသာလွန်းသူတို့ကျတတ်တဲ့မျက်ရည်။

လုံးဝ လေးစားစွာနဲ့ အသိအမှတ်ပြုလိုက်ပါတယ်။

"ခင်ဗျားအမေလုံးဝကောင်းသွားတာဟာ ခင်ဗျားအမေကို နေကောင်းစေချင်လွန်းတဲ့ ခင်ဗျားရဲ့မေတ္တာတန်ခိုး၊ စိတ်တန်ခိုးကြောင့်ပဲ"

လို့ ပြောပြလိုက်ပါတယ်။

မှန်ပါတယ်။

သူ့ရဲ့ ကောင်းစေချင်တဲ့စိတ်ဟာ ပြင်းထန်လွန်းတော့ သူ့အမေ လုံးဝကောင်းသွားခဲ့ရပါတယ်။

ဒါဟာ သူကိုယ်တိုင်တောင်မသိခဲ့တဲ့ သူ့ရဲ့အတွင်းစိတ်က 'အား'တွေပါပဲ။ မိခင်ကိုချစ်လွန်း၊ ရှိသေလွန်းတော့ အဲဒီမမြင်နိုင်တဲ့အတွင်းစိတ်က'အား'တွေ ထွက်ပေါ်လာခဲ့ရတာ ဖြစ်ပါတယ်။ ကာယကံရှင်ကိုယ်တိုင်တောင် မသိခဲ့ပါဘူး။

အဲဒီလို မေတ္တာရှင်တွေအတွက် -

အခုလို သူ့ရဲ့လက်ဆောင်ဖြစ်ပေါ်လာခဲ့ရတာ ဖြစ်ပါတယ်။

ဒီသူရဲ့လက်ဆောင်ကို ခုထိဖတ်လာပြီးတာနဲ့ ရင်ထဲမှာ အေးချမ်းပြီးကြည်နူးသွားကြမှာ ဖြစ်ပါတယ်။

ဒီကြည်နူးတဲ့စိတ်ဖြစ်လာပြီဆိုတာကိုက ကိုယ့်မိဘအတွက် ကိုယ်တိုင်ကုသိုလ်ကံဆက်ပေးချင်စိတ်၊ မေတ္တာတရားတွေစဝင်လာတာဖြစ်ပါတယ်။

ဒီစိတ်ဓာတ်ကြောင့်ပဲ စိတ်ချမ်းသာမှုတွေ ဆင့်ကဲဆင့်ကဲပွားလာတော့မှာပါ။

ယုံကြည်ပါ။

ရတနာမြတ် (၃) ပါးကို ယုံကြည်ပါ။

အနန္တောအနန္တ (၅) ပါးကို ဦးထိပ်ပန်ဆင်ပါ။

ပြီးတော့ ကိုယ့်ကိုယ်ကိုယ်ယုံပါ။

မိဘအတွက်အချိန်ပေးပြီးကုသိုလ်ဆက်ပြီဆိုကတည်းက ကိုယ်ဟာ နှယ်နှယ်ရရလူတစ်ယောက်မဟုတ်ဘူးဆိုတာသိထားလိုက်ပါ။

ငါ့ရဲ့ ကုသိုလ်အား၊ မေတ္တာအားတွေဟာ ငါ့မိဘဆီ ရောဂါတွေမလာနိုင်လောက်အောင်ကို စွမ်းလှချည်လား၊ တံတိုင်းကြီးလိုကာထားနိုင်ပါလား ဆိုတဲ့စိတ်နဲ့ အားရပါးရပြုံးလိုက်ပါ။

လက်တွေ့အောင်မြင်မှုကို ပြီးမှအံ့ဩပါ။

BURMESE CLASSIC

နယ်မှာနေတဲ့ ဖခင်အတွက် ကျန်းမာရေးမပူရအောင် ရန်ကုန်မှာ လစဉ်ပြုလုပ်ပေးနေတဲ့ ကလေးမလေးတစ်ယောက်ကို မလေးစားဘဲမနေနိုင်ပါဘူး။ သူဟာ လုပ်ငန်းကြီးတစ်ခုမှာ တော်တော်အရေးပါတဲ့သူပါ။ အသက် (၃၀) ဝန်းကျင်ပါ။ လစဉ် နေပူပူ၊ မိုးရွာရွာ သူ့အဖေမွေးနေ့တိုင်း ဘုရားမှာ ကုသိုလ်ပြု၊ အဓိဋ္ဌာန်ပုတီးတွေစိပ်၊ သစ္စာဆို ဘယ်တော့မှမပျက်ဘူး။

သူနဲ့စကားစပ်တော့ သူ့အမြဲတမ်းကိုင်တဲ့ပိုက်ဆံအိတ်လေးထဲမှာထည့်ထားတဲ့ သူ့အဖေဓာတ်ပုံလေးထုတ်ပြတယ်။

သူ့အဖေက အနေ့ယာဉ်လုပ်သား။ ဆိုက်ကားဘေးနားမှာရပ်ပြီး စွပ်ကျယ်လက်စက်နဲ့။ ပခုံးပေါ် တဘက်လေးတင်ထားပြီး ဆိုက်ကားကိုကိုင်ထားတယ်။ ခေါင်းမှာ ထန်းခမောက်ဦးထုပ်လေးနဲ့။ သူက ဘေးနားမှာ ဘွဲ့ဝတ်စုံနဲ့။

ဒါမျိုးမမြင်ဘူးတော့ တကယ်အံ့ဩသွားပြီး တစ်ကိုယ်လုံးပီတိတွေပြန့်သွားသလို ကြက်သီးတွေထသွားတယ်။

"သမီးဘွဲ့ယူတဲ့နေ့က အိမ်ပြန်ရောက်တော့ အဖေ့ကို သူ့အလုပ်ဆင်းနေကျအတိုင်းပြန်ဝတ်ခိုင်းပြီး သူ့လုပ်ငန်းခွင်ပုံစံအတိုင်း ဆိုက်ကားနဲ့ တမင်ရိုက်တာတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သမီးဘယ်တော့မှ ဘဝမမေ့အောင်လို့တဲ့။ ပြီးတော့. . . ပြီးတော့ ဖေဖေ့ကျေးဇူး . . ."

ဆိုပြီး အဲဒီနေရာမှာ အံကိုကြိတ်နှုတ်ခမ်းတင်းတင်းစေ့ထားပြီး ခေါင်းငုံ့သွားပါတယ်။ အသံနှစ်ချက်၊ သုံးချက် တုန်သွားပါတယ်။

"ဖေဖေ့ကျေးဇူးဘယ်လောက်ကြီးမားတယ်ဆိုတာ သမီးပြောမပြနိုင်လွန်းလို့ နေ့တိုင်း ဒီဓာတ်ပုံလေးကိုကြည့်ပြီး ဖေဖေ့ကို မေတ္တာပို့ချင်လို့တဲ့။ ဒီပြင်ပုံစံနဲ့ရိုက်ထားတဲ့ပုံတွေရှိပေမယ့် တမင် ဒီပုံကိုရွေးရိုက်တာတဲ့။ သမီးနေတဲ့အခန်းမှာ ခေါင်းရင်းဘုရားစင်အောက် ဘေးဘက်မှာ ဒီပုံကို မှန်ဘောင်သွင်းပြီးချိတ်ထားတယ်တဲ့။

ဖေဖေဟာ ဒီဆိုက်ကားနဲ့ပဲ သမီးကို ပညာတတ်ကြီးဖြစ်လာအောင် တွန်းတင်မြှောက်စားပေးခဲ့တာတဲ့။ သမီး ဒီဓာတ်ပုံလေးကိုကြည့်မိတိုင်းကြည့်မိတိုင်း ဖေဖေ့အတွက် အရမ်းဂုဏ်ယူရတာ အမောပဲတဲ့။ သူငယ်ချင်းတွေကို ဖေဖေ့သတ္တိတွေကြွားရတာအမောပဲတဲ့။ ပုံကြီးချဲ့ပြီးချိတ်ထားတော့ သူငယ်ချင်းတွေက မြင်တယ်။ မြင်တိုင်း ဖေဖေ့ကို လေးစားကြတယ်တဲ့။ သူတို့လေးစားမှုကို ဖေဖေ ခံယူရတိုင်း သမီးလက်မထောင်မိတယ်တဲ့။ ဒါမှ ငါ့အဖေဆိုပြီး ကြုံးဝါးမိတာ အမောပါပဲတဲ့။

ဒီသမီးလိုသားသမီးတွေ -

လောကမှာ အများကြီး အများကြီးရှိနေကြမယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါ နီးစပ်တဲ့ သမီးတစ်ယောက်ကိုပဲ ဥပမာပေးခဲ့တာပါ။ သူ့လိုလူတွေရှိကောင်းရှိကြပါလိမ့်မယ်။

ဒီလိုသားသမီးတွေကို လေးလေးစားစားနဲ့ -

'မိဘများအတွက်' လို့ ခေါင်းစဉ်လေးတပ်ပေးလိုက်ရင်း -

သူ့ရဲ့လက်ဆောင်ပေးလိုက်ရပါတယ်။


သူတို့လေးတွေရဲ့မိဘများအတွက် သူတို့ရဲ့ပီတိလေးတွေဟာ၊ သူတို့ရဲ့ ကုသိုလ်ဆက်ကောင်းခြင်းတွေဟာ -

စကြဝဠာအနှံ့ပျံ့နှံ့သွားပါစေလို့ မေတ္တာပို့ရင်း -

ဆရာဦးဖေမောင်သန်း
(ရင်ဖိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်

ဆရာဦးမောင်မောင်သန်း

( ရင်ကိုအေးမြစေသော )

# ခုနှစ်ရက်သားသမီး

## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများတွင် အကောင်းဆုံးအကျိုးပေးသော နာမည်ရှင်များမှာ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်းအကျိုးမပေး၍ရှောင်လိုက်ပါ။ စက်ပစ္စည်းဝင်လာမည်။ ငွေမပြသောကာလဖြစ်၍ ရွှေဝယ်ထားပါ။ လုပ်ငန်းခွင်အတွင်း မမျှော်လင့်ဘဲ အတိုက်အခံကိစ္စများပေါ်တတ်ပါသည်။ စကားပြောမှားတတ်ပါသည်။ အလောတကြီးမပြောပါနှင့်။ ငွေကြေးကိစ္စအရှုပ်အရှင်းမဖြစ်စေရန် စာရင်းဇယားများနှင့်သေချာစွာ ဆောင်ရွက်ပါ။ အငြင်းပွားရတတ်ပါသည်။ အိမ်တွင်ရေး၊ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရှိစေရန် ကိုယ်ကလျှော့ပါ။ ကျန်းမာရေးကောင်းမည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ အလေးအပင်များမမ,မပါနှင့်။ ဒူးနာ၊ ခါးနာဖြစ်တတ်ပါသည်။ ပညာရေးကောင်းနေပါသည်။ နေ့စဉ်ဖတ်မှတ်ထားသော စာအုပ်တစ်အုပ်စီ ခေါင်းအုံးအောက်မှာထားပြီးအိပ်ပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ငယ်ရွယ်သူများ၏ချစ်ရေးချစ်ရာကိစ္စများ သဘောထားမတိုက်ဆိုင်မှုများကြောင့် စိတ်ကသိကအောက်ဖြစ်မည်။ ခိုလေးများကို အစာကျွေးပါ။ ထီပေါက်ကိန်းရှိပါသည်။ အင်္ဂါနံထီဆိုင်တွင် (၄၊ ၈၊ ၃၊ ၇) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်တစ်ခုခုပြုပေးပါ။ အညံ့များလျော့နည်းသွားပါလိမ့်မည်။

ယတြာ ။ ။ *ဦးခေါင်းကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများတွင် အကောင်းဆုံးအကျိုးပေးသော နာမည်ရှင်များမှာ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အဘက်ဘက်မှငွေဝင်လာမည်။ ကုန်ကျကိစ္စများလျော့နည်းသွားစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။ စပ်တူလုပ်ငန်းများအကျိုးမပေးပါ။ အတိုက်အခံရန်များနေပါက အိမ်နှင့်အနီးဆုံးဘုရားစေတီများသို့ ခြေကျင်လျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အဆင်ပြေသွားပါလိမ့်မည်။ အိမ်တွင်းရေးများစိတ်ချမ်းသာမှုရှိစေရန် နားလည်မှုပေးပါ။ စကားပြောလျှော့ပါ။ အိမ်ပူအိမ်ဆူအောင် မဖြစ်ပါစေနှင့်။ လာဘ်ပိတ်တတ်ပါသည်။ ကျန်းမာရေးကောင်းပါမည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လေအောင့်စေသော အစာများရှောင်ပါ။ ပညာသင်နေသူများ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ အပျော်အပါးမမက်ပါနှင့်။ ချစ်တတ်သူများ မျက်နှာပွင့်လန်းနေမည်။ သစ္စာရှိဖို့လိုပါသည်။ ကိုယ့်ချစ်သူကိုသံသယဖြစ်ပါစေနှင့်။ ထိဝါသနာရှင်များ ကြာသပတေးနံထီဆိုင်တွင် (၅ အစ၊ ၁ အဆုံး) ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။ အိုးပြောင်းအိမ်ပြောင်း၊ အလုပ်ပြောင်းများ ကြုံရတတ်ပါသည်။ ပို၍ကောင်းသောပြောင်းလဲခြင်းများဖြစ်နေပါလိမ့်မည်။

*ယတြာ ။ ။ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများ၊ ကျန်းမာရေးအရ အာဟာရချို့တဲ့သူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများတွင် အကောင်းဆုံးအကျိုးပေးသော နာမည်ရှင်များ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းအကျိုးမပေး၍ ရှောင်ပါ။ ခရီးယာယီကံရှိပါသည်။ လူမျိုးကွဲအကျိုးပေးမည်။ ထိုက်ကောင်းမည်။ လာဘ်လာဘအတွက်ငွေဝင်စေသောဂါထာများကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ စက်ပစ္စည်းအသစ်ဝင်လာမည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများ သာယာနေမည်။ ကျန်းမာရေးလိုအပ်ပါက လမ်းများများလျှောက်ပေးပါ။ အငန်များလျှော့စားပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ရေသတ္တဝါလေးများကို မကြာမကြာ အစာကျွေးပါ။ ပညာရေးကောင်းမည်။ အပျော်အပါးလျှော့ပြီး စာပိုလုပ်ပါ။ အခက်အခဲများကျော်လွှားပြီး အောင်မြင်သွားမည်။ ချစ်တတ်သူများအတွက် ဇာတ်လမ်းဟောင်းများပြန်ပြောပြီး ချစ်သူကို မကျီစယ်ပါနှင့်။ စိတ်ဆိုးပြီး ဖြေရှင်းရခက်သွားတတ်ပါသည်။ ထီထိုးရန်အတွက် အလုပ်ကိစ္စနှင့်ခရီးသွားရင်း လမ်းမှာကြုံသည့်ထီဆိုင်တွင် (၆) ဂဏန်းနှင့်စသော ထီလက်မှတ်များကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

BURMESE CLASSIC

*ယတြာ ။ ။ လေရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများတွင် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်းအကျိုးမပေး၍ ရှောင်ရပါမည်။ အလုပ်များတစ်ခုမပြီးခင်တစ်ခုပေါ်လာတတ်၍ စိတ်ဖိစီးမှုများနေတတ်ပါသည်။ ငွေဝင်နေမည်။ အကုန်အကျများသောကာလဖြစ်ပါသည်။ အမျိုးနှင့်ဆိုင်သော ငွေကြေးကိစ္စများ အရှုပ်အရှင်းမကြာခဏပေါ်တတ်ပါသည်။ စာရင်းဇယားများနှင့် ဆောင်ရွက်ထားပါ။ အတိုက်အခံရန်များနေလျှင် ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ကုဋီများကို ရေဆေး၊ ရေဖြည့်ခြင်းကုသိုလ်များ မကြာမကြာပြုလုပ်ပါ။ အိမ်တွင်းရေးများသာယာနေစေရန် စကားများများမပြောပါနှင့်။ အိမ်ပူအိမ်ဆူသည်အထိဖြစ်လျှင် လာဘ်တိတ်တတ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များရှောင်ပါ။ စပ်ဆေးများမသောက်ပါနှင့်။ သွေးသားနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပါ။ ဖုဿသဂါထာကိုပုတီးစိပ်ပါ။ ပညာရေးအထူးကောင်းနေပါသည်။ ချစ်တတ်သူများအပြန်အလှန်သစ္စာရှိရန် အရေးကြီးပါသည်။ ခိုစာမကြာခဏကျွေးပါ။ ထီထိုးရန်အတွက် ကြာသပတေးနံ၊ ဗုဒ္ဓဟူးနံထီဆိုင်များတွင် (၅၊ ၄၊ ၈၊ ၁) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားပါ။

*ယတြာ ။ ။ ခါး၊ ခြေမကောင်းသောအသက်အရွယ်ကြီးသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများတွင် အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ (၇) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ စက်ပစ္စည်းအသစ်ဝင်လာမည်။ လုပ်ငန်းခွင်တွင် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ အလုပ်များအလွဲလွဲအချော်ချော်ဖြစ်နေလျှင် စိတ်အေးအေးထားပြီး ဆောင်ရွက်ပါ။ အလောတကြီးလုပ်ပါက အမှားအယွင်းဖြစ်တတ်ပါသည်။ အိမ်တွင်းရေးများသာယာလာမည်။ နားလည်မှုလွဲမှားနေသည့်ကိစ္စများပြေလည်သွားမည်။ ကျန်းမာရေးကောင်းသည်ဆိုပြီး မပေါ့ပါနှင့်။ အာရုံကြောများအနားပေးပါ။ တောင်စဉ်ရေမရအတွေးများကြောင့် လွန်စွာအိပ်ရေးပျက်တတ်ပါသည်။ စိတ်နှင့်ကိုယ်နှင့်မကပ်ဖြစ်နေခြင်းများ သတိထားပါ။ ရေသတ္တဝါလေးများအစာကျွေးပါ။ ပညာရေးကောင်းနေပါသည်။ စာကိုအာရုံစိုက်ပါ။ အပျော်အပါးလျှော့ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ ချစ်တတ်သူများ ကိုယ့်ချစ်သူကိုသူတစ်ပါးနှင့်နှိုင်းယှဉ်ပြီး စကားမပြောမိပါစေနှင့်။ အပြန်အလှန်သစ္စာရှိနေသည်ဟု ယုံကြည်ထားပါ ထီထိုးရန်အတွက် စက်ဘီး၊ သုံးဘီးဆိုင်ကယ်စသည်တို့နှင့် လှည့်ရောင်းနေသော ထီသည်ထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

**ယတြာ ။ ။** ***သတ်အံ့ဆဲဆဲ ငါးများ ကထာန်းများကို တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသောစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများတွင် အင်္ဂါနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ (၅) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ သူတစ်ပါး၏ငွေကြေးကိစ္စများကိုလည်း လုံးဝအာမမခံပါနှင့်။ အတိုက်အခံများရှိသော်လည်း တဖြည်းဖြည်းအဆင်ပြေသွားပါလိမ့်မည်။ အိမ်တွင်းရေးများသာယာပါမည်။ စကားများဆင်ခြင်ပြောပါ။ နားလည်မှုရရှိပါလိမ့်မည်။ ကျန်းမာရေးကောင်းစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားရှောင်လိုက်ပါ။ စိတ်ဖိစီးမှုများလျှော့ချပါ။ အာနာပါနကို နေ့စဉ်အချိန်ယူပြီး ရှုမှတ်ပါ။ ဘာသာရေးများပိုလုပ်ပေးခြင်းဖြင့် စိတ်ချမ်းသာမှုရှိလာပါမည်။ ပညာရေးကောင်းနေပါသည်။ ကြိုးစားရင်း အဖျားမရှုးပါစေနှင့်။ ချစ်တတ်သူများအတွက် စကားများများပြောမိတိုင်း အမှားပါနေတတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ ထီကံကောင်းသောကာလဖြစ်ပါသည်။ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် စပ်တူရှယ်ယာထိုးထားပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

**ယတြာ ။ ။** ***ဗိုက်ကျန်းမာရေးမကောင်းသူများ အသက်အရွယ်ကြီးသူများကို ဆေး ငွေ၊ အာဟာရလှူပါ။***

BURMESE CLASSIC

## စနေသားသမီးများ

အောင်မြင်လိုသောစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းအကျိုးမပေး၍ ရှောင်လိုက်ပါ။ ငွေဝင်သော်လည်း မစုမိဘဲဖြစ်နေပါမည်။ သူတစ်ပါးကို အာမခံရမည့်ကိစ္စများရှောင်ပါ။ လောင်းကစားကိစ္စများအကျိုးမပေး၍ အထူးဆင်ခြင်ပါ။ အတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာနေစေရန် နှစ်ဖက်ညီအစ်ကိုမောင်နှမများ၏စကားကို အထအနမကောက်ပါနှင့်။ နားလည်မှုရှိရန်လိုပါသည်။ ကျန်းမာရေးလိုအပ်ပါက ပရိမိတ္တဇာလသုတ်၊ ဖုဋ္ဌသဂါထာတို့ကို အမြဲဒွန်ဖြင့်ရွတ်ပါ။ ဆေးလှူပါ။ ပညာရေးကံများကောင်းနေပါသည်။ စိတ်အလိုမလိုက်ပါနှင့်။ အပေါင်းအသင်း၊ အပျော်အပါးများလျှော့ပါ။ ကြိုးစားပါ။ အဖျားမရှုးပါစေနှင့်။ ချစ်တတ်သူတို့၏နှလုံးသားရေးရာများ သာယာပျော်ရွှင်မှုများရရှိနေပါလိမ့်မည်။ ငှက်ကလေးများကိုသာ မကြာမကြာအစာကျွေးပါ။ မမျှော်လင့်ဘဲ ခရီးထွက်ဖြစ်မည်။ ခရီးထွက်ဖြစ်ပါက လမ်းမှာတွေ့သော ထီဆိုင်တွင်ဂဏန်းများမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

**ယတြာ ။ ။** ***စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး ငွေ၊ အာဟာရလှူပါ။***

ရ င်. ကို ေ အ း မြ ေ စ ာ ရ

**ဆရာဦးမောင်မောင်ဘုန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက် [illegible]



www.burmeseclassic.com